www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးဆောင်းပါးများ

၅ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၂၂)
ကံဝင်း

၁၀ ရေစကြိုမြို့
ဂူဖြူတောရဆရာတော်ဘုရားကြီး
အမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၁၃ ကျွန်တော်သိသောမေတ္တာတရား
ချစ်ဖို(မော်ကွန်း)

၁၇ မုံရွာမြို့နယ် သာစည်ရွာ
ပုလဲတောင်တော်ဆုတောင်းပြည့်
စေတီမဟာကရုဏာမြတ်စွာဘုရား
ပူဇော်မှုခရီး
မောင်ရေချမ်း(မြောင်)

၂၂ သဘာဝဓမ္မ
ချောင်းဆုံအုန်းသွင်

၂၄ ပရိတ်တရားတော်မြတ်ရွတ်ပွား
ပါရမီဆယ်ပါးဖြည့်ဆည်းထား
ဒေယျာထက်

၂၆ စမလေးလုံးဂါထာ
သုခစုစံ

၂၇ ဗုဒ္ဓဘာသာအပေါ်
ကမ္ဘာကျော်လူပုဂ္ဂိုလ်များ၏
အတွေးအမြင်နှင့်မှတ်ချက်များ
ဇြိမ်းဆုသျှင်

၂၉ နဂါးရုံဘုရားတည်စေလိုသော
နတ်နဂါးတို့၏ရှေ့ပြေးနိမိတ်
အောင်မြင့်ထွန်း(မသုံးလုံး)

၃၈ တကယ်လုပ်အဟုတ်တွေ့ရမည့်
အငြိမ်းဓာတ်
မောင်မောင်အောင်မင်း(ဒဿနိက)

၄၁ စူဠဇာတိုလောကချမ်းသာစေတီတော်
နိုင်မင်းညို

၄၅ ဆံတော်ရှင်
မြတ်မော်တင်စေတီတော်၏
အံ့ဖွယ်(၁၈)ပါး
ကိုရွှေမြသန်း(သမိုင်း)

၄၇ ပြာသည့်ကောင်မှူ
တောင်းဆုအထွေထွေ
ဦးဉာဏ်တော်
(သာမဏေကျော်၊မွော်စရိယ၊ M.A)

၄၉ ဘေးရန်အန္တရာယ်အသွယ်သွယ်
သမ္မာဒဋ္ဌနှင့်ကင်းစေကွယ်
မျိုးအောင်(အောင်မြေ)

၅၃ စကုမြို့ ထောင်ပြည့်ဘုရားများ
တက္ကသိုလ်မောင်မြသီ(စကု)

၅၆ အကျိုးပေးထက်သန်
ပထဝီဇယမန္တန်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၆၃ ထားဝယ်ရှင်ကိုးရှင်
ရှင်တောက်ထိန်ပေါ်တော်မူ
ရှပ်ရှင်တော်မြတ်
တန်ခိုးပြာဋိဟာပြတော်မူ
မောင်စိမ်းထွေး(ထားဝယ်)

၆၉ နံနက်ကိုးခေါက်၊ ညကိုးခေါက်
အောင်မြင်ချမ်းသာရောက်
နတ်မောက်မင်းချစ်နှေး

၇၀ ရွှေစာရံပွဲ
ဦးစန္ဒိမာ(စလင်း)

၇၃ သမိုင်းဝင်
ရွှေရုန်မြတ်စွာဘုရားတည်ရာ
ကျောက္ကာရွာ
အောင်သာကျော်

၇၈ ဖြတ်ပြီဆိုပြတ်နိုင်ပါမှ
ခဲမြတ်တင်
(အမျိုးသားစာပေဆုရ)

၈၃ မပြီးသေးသောပန်းချီကားတစ်ချပ်
(သို့) ရွှေက်ကူမိသားစုမှ
ဒုတိယမြောက်
တည်ထားကိုးကွယ်မည့်
ရွှေက်ကူဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြဒါးရှင်ဆုတောင်းပြည့်စေတီတော်
ဘိုဘို(ရွှေက်ကူ)

၁၀၁ ကျပ်ထိုးရွာ
ရွှေမြင်းတင်မြတ်စွာဘုရား
ကျော်လင်း(မြစ်ခြေ)

၁၀၇ ယင်္ကေသိ၏ကိုယ်တွေ့အောင်မြင်ပုံ
ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံးဘို

၁၁၈ သုံးပါးသရဏဂုဏ်တော်အစွမ်း
ပဋ္ဌာန်းတန်ခိုး အကျိုးများစွာ
မောင်စိမ့်စမ်း(သဲကုန်း)

၁၂၁ ဝိဇ္ဇာရေထူးခြားလှသည့်
ရန်ကုန်(ဂ)မိုင်
ပေါက်စေတီကျောင်းတိုက်မှ
ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်
ရွှေချိုအောင်(ငပလီ)

၁၄၁ အံ့ဖွယ်ထူးခြားကင်းဘုရား
မျိုးဝင်း(ပြည်)

၁၅၁ အံ့ဖွယ်ထူးခြား ကျွန်းသစ်လုံးကြီး
ထုထွင်း ဗုဒ္ဓရုပ်ပွားတော်
(ရွှေရုပ်တော်ဘုရားကြီး)
စိုးရာဇာကျော်

သုတရသဆောင်းပါး

၅၉ ရေးဟောင်းလက်ရာ ပလွင်တံကဲ
ခြသေ့နှစ်စီးနှင့်ဥက္ကာခဲ
တိုက်ကြည့်(စဉ့်ကိုင်)

၆၅ မင်းရွာမြောက်ကျောင်းမှ
သက်တမ်း(၇၉)နှစ်ရှိ
ဗုဒ္ဓဝင်ပန်းချီကားများ
သပြေညွှန့်

၁၀၄ အာဏာစက်သည် မမွှစက်ထက်
ခရီးရောက်စေသလား
ပန်းမော်ညီညီသူ

၁၁၁ ဇရပ်တော၊ ဇရပ်ကတုံးနှင့်
ရေချမ်းစင်တည် မြန်မာ့စိတ်ရင်း
ချစ်ဆန်းသစ်

၁၃၅ မနေရလို့သေကြသောအခါ
ကျော့နှစ်သုခေ

၁၃၉ ရေစကြိုမြို့က
ဂုဏ်ယူစရာ
ဦးချင်းကျောင်းတော်ကြီး
ကိုတင်လှိုင်(မိတ္ထီလာ)

၁၄၄ ခုနစ်ရက်သားသမီးများ
အားလုံးအတွက်
ရှားရှားပါးပါး
အဖိုးတန်စာပေဆောင်းပါးတစ်ပုဒ်
ဆရာဦးစိန်လှိုင်
(ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

ထေရဝါဒဗုဒ္ဓဘာသာ လူမှုရေးရာထဲက ကြောက်စရာစိမ်းရေသင့်မှု
ရာမည-သွေးမွန်
ကံ-ဥာဏ်-ဝီရိယ
ချောင်းဆုံအုန်းသွင်
ခင်ပွန်းကြီး(၁၀)ပါးကို ပြစ်မှားမိလေသလား
နေပြည်တော်ကျော်ကျော်စိုး
ထင်းယဉ်ရွာသူမစောဦး
စစ်ကိုင်း နှစ်(၇၀၀)
အဋ္ဌနှ(မန္တလေး)
ကမ္ဘာဦးကျောက်ဖြစ်ရပ်ကြွင်းများကို လေ့လာခြင်း
ဝိုးထွန်း(ဥပဒေ)
ဘာယာဝတီမြို့ဟောင်း
ဘဒ္ဒေတစောင်း
ခင်ရွှိန်အောင်
မိုးရာသီအဝတ်များခြောက်သွေ့စေရန်
နေပြည်တော်ကျော်ကျော်စိုး
အသစ်တွေ့ရှိသော ကျောက်စာတစ်ချပ်
သန်းချိုထူးလှ
(ရွှေဟောင်းသုတေသန)
နှာသားစရာကွမ်းတစ်ရာနှင့် ကျွန်တော်၏အတွားချစ်သော စစ်ပင်ရွာ
ရာမြေကျော်ဝေ
ဦးသန်းမယ်တော်၏ အတိတ်နိမိတ်ပြုပုဒ္ဓနိမိတ်များ
ဘလေး-ဝင်းသူ
အရက်သမား
အကောင်းတစ်ဆာ
အများအနှစ် (၂)
အောင်စကြာ-
အရှင်သုမဂ္ဂသာရ(ဥပစာ-ဝိဇ္ဇာ)
အငြိမ်းစားကျန်းမာရေးမှူး
ဟောင်းပြောင်းထွေလာသိစရာ
ဦးဟုတ် ကျွန်ုပ်သိသမျှ
ပြန်လည်ဖောက်သည်ချခြင်း(၁)
သခင်ရဗုဒ္ဓသား
ကြူဦး
ချစ်ဦး
အဖော်လေးယောက်နှင့်ခရီးသွားခြင်း
ဆာတိမ်ကျော်(မအူပင်)
ဦးသစ္စာဝိုးတွေရွာ
ခြင်း(ဒဿန)
ဆာဝတီမြစ်နံဘေးက
ဦးဟုတ် မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်း
ခင်ခန့်ကိုကို(RUBYLAND)

၂၀၁ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊ လျှာလည်လောက်သည့် ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၂၀)
ရွှေနဝင်း(ပုသိမ်)
၂၂၀ မျက်မှန်ကြည်လင်စေဖို့
နတ်မောက်မင်းသန့်နိုင်
၂၀၈ သွေးတိုးသူများအတွက်
စလောင်သောင်း(သုံးဆယ်)
၂၀၉ မှိုဆိပ်သင့်လျှင်
ဓာတ်ပုံ-မောင်မောင်အေး
၂၉၃ သွေးတိုးအတွက်
ဘေးဆိုးမရောက်စေရန်
နိုင်သစ္စာ(နတ်မောက်)
၃၁၃ ဒေးစွန်ပါက ရသေ့ကြီးပြောသော အာဟာရသိဒ္ဓိပြီးတဲ့ဆေးမြင်းခွာ
မျိုးတင့်(ညောင်လေးပင်)
၃၂၃ ပြုံးပါပျော်ပါ ကျန်းမာမှာ
ဒေါ်နေနေနိုင်ရည်
(တိုင်းရင်းဆေးပညာ)

သူရဖွဝတ္ထုတို

၁၈၆ လရောင်မြူးတဲ့ယုန် ကန္တီရဆန်သောညဉ
သန့်ဝင်
၁၉၈ ဗိုလ်ပု
ဝိုးလင်းအောင်(မြန်အောင်)
၂၀၃ ဘုန်းကြီးရှူးနှင့်လေလူး
အောင်သိန်းဝင်း(ပွင့်ဖြူ)
၂၂၂ စွန့်စံသူ၏ မြင့်မြတ်နလုံးသားမော်ကွန်း
မောင်လွမ်းမိုး(ချောင်းဆုံ)
၂၃၄ ငှက်ကျိန်စာကြမ္မာသင့်
ဝိုးကျော့
၂၄၀ အချစ်ကိုမီသောသောကဝေဒနာ
ဘုန်းမြင့်မောင်မောင်
(ရန်ကြီးအောင်)
၂၄၆ လူနီလေးနှင့်တောဝက်ကြီး
ထွန်းတောက်
၂၅၄ ဆရာမလေး သောကအေးပြီ
ငြိမ်းဝေ(ပြည်)
၂၅၈ ဘဝခြားနေတဲ့ညီမလေး
မင်းသန့်ကျော်(ဒီးကုန်း)
၂၇၈ ခပ်ညည့်ညည့်ဆေးတွေဆိုး သိုက်မြေပေါ်နေ
ဒုက္ခလုလုတွေ့တဲ့မိသားစု
ဝိုးမင်း(မြောက်စည်း-ရွာသစ်)
၂၉၄ ညီမငှက်သောလောင်ပေါ်လမ်း
ကိုချမ်း(ဆေး-၂)

www.burmeseclassic.com

www.burmeseclassic.com



၃၀၂ ခြဲပိုင်ရှင်အသစ်နှင့်ကျတ်တောင်ပို့
တင့်ထူး(ဒေယျဝတီ)

၃၀၉ လက်ဆယ်ဖြာမိုးရိုဒိုးလျက်ပါဆရာ
ပန်းပြိုင်လယ်-စိန်ဝင်း

၃၂၆ ပြကျောက်(၁၇)
နေပြည်တော်ကျော်ကျော်စိုး

၃၄၂ ခုနစ်ရွာသူကြီးဦးဘိုးဒင်နှင့်
သူတပည့်လက်ဝါးကြီး
ကိုတော်ဝင်း(ထုတော)

၃၆၆ ဂျမ်းမုဆိုးဦးရင်ကြီး
သပိတ်ကျင်း-ကျော်ကျော်ထွန်း

၃၇၆ သူစိတ်ဓာတ်မျိုးအတုခိုး
မြင့်သာ-သောင်းတင်

၃၉၀ ပြည်ထွက်ကြေးအလောင်းအစား
မောင်မောင်သန်းထွန်း

၃၉၄ ဝဉ်ကြွေးတုံ့တင်ကျေစေချင်
မြတ်သက်ကျော်

၄၀၆ အကျွတ်အလွတ်ပွဲမှ
ထူးခြားဆန်းကြယ်မှုများ
ရီရီဌေး

သူရဿအခန်းဆက်ဝတ္ထုရှည်

၃၅၄ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

သူရဿ ပညာရပ်

၁၇၀ ဒွေဝင်လာဘ်ရှင်
သမ္မဇယမင်္ဂလာအင်းအစီအရင်
ဘြိုရတနာ-ဆရာဇေယျာသင်း
(ကတ္တီပါဖိနပ်စီးရွှေထီးဆောင်း)

၂၉၀ အရှင်ဓာတ်
မင်းပြည့်

၃၁၉ ဝိဇ္ဇာဓရမြန်မာ့အငွိုရတ်ပညာ(၇၇)
ဆရာဦးဆက်ထွန်းသင်း
(အာယုဗ္ဗေဒ)

၃၃၄ ပေတကင်းသင်းကို
ခြေရာကောက်သော်
မျိုးအောင်(အောင်မြေ)

၃၃၈ လိုအပ်သူများအတွက်သာ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၄၉ နေ့စဉ်သုံးလက္ခဏာပညာ
ဦးအောင်မင်း

၃၆၄ သွပ်သေတစ်ပဲ ရွှေတစ်လုည်း
ဖမ်းတိုင်းမရလွန်ခက်လုဏ်(၄)
မင်းချမ်းမြေ(ပုသိမ်)

၃၈၃ ဘယ်သက်ရောက်လျှင်အမှန်
သူငြေးဖြစ်ဖို့အချိန်တန်
ထင်ကျော်စွာ(ဂန္ဓိရရွာစု)

သူရဿ အထွေထွေ

၂၇၇ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၀၁ ၂၀၁၇ ခုနှစ်၊ သြဂုတ်လအတွင်း
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂန္ဓိရ)

၃၁၈ စည်းစိမ်ချမ်းသာကို ရစေတည်စေ
အင်းတော်စီရင်နည်း
နိုင်သစ္စာ(နတ်မောက်)

၃၆၃ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ သိဟ်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရိန်အောင်

၃၉၉ ၂၀၁၇ခုနှစ်၊သြဂုတ်လအတွက်
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယ
ဦးအောင်စောလှိုင်(ပုသိမ်)

၄၀၅ ၂၀၁၇ ခုနှစ်၊ သြဂုတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရိန်အောင်

၄၁၂ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဓေါ်ခင်စံသူ(B.Sc)

၄၁၄ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၁၈ ဖြူစင်စွာနွေးထွေးသင့်သော
သူရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၂၃ ၂၀၁၇ ခုနှစ်၊ သြဂုတ်လအတွင်း
ခုနှစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဓေါ်သန်းသန်း(ခ)
ဓေါ်ချောသီရိခိုင်
စာတည်းအဖွဲ့
ကျော်မင်းတွင့်
ဝေလုံလုံတွတ်၊

ကွန်ပြူတာစာစီ
စုစုလိုင်၊ ချမ်းမြေကျော်၊
အိမွန်ထွန်း နင်းသန္တာကျော်၊
ဆန်းထွန်းမြင့်၊
မုံအဖွဲ့
အေးအေးစန်း စုမွန်၊ တွေ့စေခွာ
ဗိုးစုစံ၊ နန္ဒ၊ သင်ဦး မြတ်စုမွန်၊ သုံစုမွန်
ပြန်ခိုရေးမှူး
အောင်မြင့်သန်း
စာတည်းအဖွဲ့ခွဲခန့်နှင့်ပြန်ခိုရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၁၉၂) ပန်းဆိုးတန်းသင်း
ကျောက်တံတားမြို့နယ်ရန်ကုန်၊
ပြန်ခိုရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၀၀၇၁၀

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
ဗိုးအောင်
သူရဿစာဖုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းအထည်
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဆင်းအောင် (၀၀၀၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၁၄၀၆) လမ်း(၅၁)
ပုန္နကောင်ပြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၇၆၇၄

မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေပြည်တော်မြို့မနား-
သော်တာစန်း သရဖူ ရွှေရည်ဝင်း
မော်ထမြိုင်-ကျော်ကျော်စာပေ
ရွှေးတောင်ကယား-ဂိန်နဒီ မိတ်ဖွဲ့
ပဲခူး- သင်းစာပေ
ဟသံတ-တာလေးမောင်၊ ရွှေမောင်း
မကွေး-ရွှေပြည်ဦး
တောင်ငူ-ဦးထွန်း ဦးလှမောင်
မြန်အောင်-သူထုမေတ္တာ
အုပ်ရေ ၁၀၀၀
ယာဉ်ကားခြင်းဈေး (၃၅၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

"တိုက်တိုက်ဆိုင်ဆိုင်ဟာ ကျွန်တော်တို့ကလည်း ဘုရားရှေ့ရောက်ရင် နေ့နေ့ညည လက်အုပ်ချီလိုက်ရမှ သဘောကျနေကြဟာ။ အဲဒီနေ့ညည မီးဒုံးလမ်းက ကိုဘလုတို့အိမ်မှာ စကားကောင်းနေလို့ အိမ်ပြန်နောက်ကျသွားတာ ညသန်းခေါင်ယံလောက်ရှိရောပေါ့။ မြို့ဦးဘုရားမှခ်ရှေ့ရောက်ပြီး တာလမ်းပေါ် ကလှမ်းဖူးဖြစ်တာ ဝါ။ စိမ်း၊ နီအရောင်တွေပါတယ်။ စိမ်းဖန့်ဖန့်အရောင်က ပိုများသလိုဟာ တစ်မိနစ်လောက်မျှကြာတယ်"

ရန်ကုန်သစ်ရပ်ကွက်ထဲက အလှူတစ်ခုမှာ စာရေးသူနှင့် ကပ်ရက်ဝိုင်းမှ လူရွယ်တစ်ဦးက အာပေါင်အာရင်းသန်သန်ဖြင့် ရောင်ခြည်တော်ဖူးရပုံသူအတွေ့အကြုံများကိုဝေငှ၍ ပြောပြပြောဆိုနေကြသည်ကို ကြားခဲ့ရ၏။ အပြန်တွင် မြို့ဦးစေတီဝင်၍ဖူးဖြစ်ဖူးမည်ဟု စိတ်ဆုံးဖြတ်လိုက်၏။ သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်သည် ရန်ကုန်တိုင်းဒေသကြီး သဃ်နှ်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် အရှေ့ဘက် ကမာကြည်လမ်းမကြီး၏ မြောက်ဘက်တွင်တည်ရှိပါသည်။ မြို့ဦးဆုတောင်းပြည့်စေတီတော်မှခ်ဦးမှ ကားကလေးဖြင့် ဝင်ရောက် ဦးတိုက်ဦးခိုက်ကာဖြင့် (၃) ကြိမ် ဦးစွာကန်တော့ပြီးမှ

ကံဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

ရောင်ခြည်တော်သတင်းထူးများနှင့် သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်



သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်

ဂေါပကအဖွဲ့မှ ရောင်ခြည်တော်ပုံတော်ကို ပြန်လည်ကူးယူထားသောပုံတော်



ရင်ပြင်တော်မှာရှိ ဗုဒ္ဓဂယာလေ

www.burmeseclassic.com

www.burmeseclassic.com

သုဝဏ္ဏမြိုဦးဆုတောင်းပြည့်ရင်ပြင်တော်မှ ဆုတောင်းပြည့်သည်ဟု ကျော်ကြားတော်မူသော ဗုဒ္ဓမြတ်ရုပ်ပွားတော်

ရင်ပြင်တော်မှ တံခွန်တိုင်

ဗုဒ္ဓမြတ် စကြံလျှောက်ကြွတော်မူစဉ်

သုဝဏ္ဏမြိုဦးဆုတောင်းပြည့်စေတီတော်သို့ ဘုရားအမှူးပြု ရဟန္တာငါးရာ ကြွတော်မူနေဟန်



ရင်ပြင်တော်မှ ရွှင်ဥပဂုတ္တမထေရ်

ဘုရားရင်ပြင်တော်သို့တက်ခဲ့သည်။

ဦးစွာပထမ ဖြူစင်စွာရလာသော ဝတ္ထုငွေကြေးလေးများဖြင့် ဘက်စုံပြုပြင်ရန်အလှူငွေပုံး' ထဲသို့ ထည့်ဝင်လှူဒါန်းပြီးနောက် ဆုတောင်းလိုက်ပါသည်။ 'ဤကုသိုလ်ကြောင့် ဘက်စုံထောင့်စုံထူးချွန်ထက်မြက် အောင်ပွဲဆက်ရပါလို၏၊ ဘုရား' ဆယ်ဖြာလက်အစုံ ကြာပဒုံဖြင့် ရိုသေစွာကန်တော့ပြီးနောက် အသင့်ပါလာသော ကင်မရာများဖြင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးနေခဲ့ပါသည်။

ထိုစဉ်တွင် အာရုံခံတန်ဆောင်းတွင် အသားညိုတိုတိုနှင့် အသက်(၄၀) ကျော်ဝန်းကျင်ရှိ လူတစ်ယောက်နှင့် လုံခြုံရေးရုံးခန်းရှေ့တွင်တွေ့၍မိတ်ဆက်ရာ ထိုသူသည် မြို့ဦးစေတီတော်၏ လုံခြုံရေးမှူးဖြစ်နေလေ၏။ လုံခြုံရေးမှူးအမည်က ဦးအေးချိုဟု ခေါ်ပါသည်။ လုံခြုံရေးယူနီဖောင်း ဘာလို့မဝတ်သလဲဟုမေးသောအခါ ညက ဂျူတီကျပြီး ယနေ့မနက်ပိုင်း ဂျူတီထွက်၍ အရပ်ဝတ်နှင့်နေကြောင်းပြောပါသည်။ စာရေးသူလည်း ဘုရားမှဝန်ထမ်းတစ်ဦး၊ လုံခြုံရေးဝန်ထမ်းတစ်ဦးဖြစ်သူ ဦးအေးချိုနှင့် တွေ့ခွင့်ရ၍ ဦးစွာပထမ သိလိုလှသည့် သုဝဏ္ဏမြို့ဦးစေတီတော်ရောင်ခြည်တော်

www.burmeseclassic.com

သုဝဏ္ဏမြိုဦးဆုတောင်းပြည့်စေတီအဝင်မုခ်ဦး

စေတီတော်သမိုင်းကမ္ဘည်းမော်ကွန်း

တယ်။ ဘုရားလည်းဖူး၊ အလှူငွေတွေ လည်းထည့်ပြီးပြန်သွားကြပါတယ်။ အဲဒီလို ရောင်ခြည်တော်သတင်းတွေနဲ့မကြာမကြာလာဖူးကြတဲ့ ဘုရားဖူးတွေလည်း တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ရောင်ခြည်တော်ဖူးချင်လှပါတယ်။ ဖူးခွင့်မကြုံသေးပါဘူး။ ရောင်ခြည်တော်ဆိုတာကလည်း ဖူးခွင့်ကြုံမှ ဖူးရတာလို့တော့ သိထားပါတယ်"

စသည်ဖြင့် လုံခြုံရေးမှူးဦးအေးချို မှ သူ၏အတွေ့အကြုံများကို စာရေးသူအား ပြောပြပေးခဲ့ခြင်း ဖြစ်ပါသည်။ ဆက်လက်ပြီး ဂေါပကရုံးသို့သွားရောက်သောအခါ ရုံးအဖွဲ့မှူး ဦးကျော်ညွှန့်ကို တွေ့ဆုံမေးမြန်းနိုင်ခွင့်ရရှိခဲ့ပါသည်။ စာရေးသူအား ရုံးအဖွဲ့မှူးဦးကျော်ညွှန့်မှ သုဝဏ္ဏမြိုဦးဆုတောင်းပြည့်စေတီတော်မှာ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း မှတ်မှတ်ရရထူးထူးခြားခြားတွေ့သည်များရှိခဲ့သော် ကျေးဇူးပြုပြီးပြောပြပေးရန် မေတ္တာရပ်ခံသောအခါ ဂေါပကဥက္ကဋ္ဌ ဦးတင်ရွှေ၊ အတွင်းရေးမှူး ဦးဇော်ဝင်းနှင့် ဂေါပကလူကြီးများ စုံညီစွာရှိနေကြသောအချိန် ထီးတော်ကြီးမှ ရောင်တော်လှျံရောင်ခြည်လင်းလက်သွားသည်ကို ဖူးတွေ့ရဖူးကြောင်း၊ ထိုပုံတော်ကို ဂေါပကရုံးတွင် မှတ်တမ်းတင်ရိုက်ကူးထားရှိကြောင်း ပြောပြ၍ စာရေးသူမှ ကူးယူခဲ့ပါသည်။

တစ်ခါသော် ရုံးအဖွဲ့မှူး ဦးကျော်ညွှန့်ထံ လူငယ်တစ်ဦး ရောက်ရှိလာ၍ သူ့အနေဖြင့် သုဝဏ္ဏမြိုဦးဆုတောင်းပြည့်စေတီတော်တွင် အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ရာ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ယွတ်တော်မူသည်များသိပါသလားမေးသောအခါ ပထမစတွေ့စဉ်က မှုန်သုန်သုန် ညကလုံခြုံရေးကြောင့် အိပ်ရေးမဝသော ပုံသဏ္ဌာန်မှ တစ်မူဟုတ်ချင်း မျက်နှာမှာ ဝင်းမှည့်လာပြီးနောက် ဝမ်းသာသော လေသံဝမ်းခေါင်းသံဖြင့် ဖြေကြားပါသည်။

"မနေ့ကပေါ့ဗျာ ကားတစ်စီးနဲ့ လူတစ်စုရောက်လာတယ်ဗျ။ SSC ဆေးရုံကလို့ပြောပါတယ်။ ညက ဆေးရုံပေါ် ဆုံးကနေ ရောင်ခြည်တော်တွေ့လွှတ်နေတာဖူးတွေ့ရကြောင်း ပြောပြကြပါ

www.burmeseclassic.com

ပါသဖြင့် သာသနာတော်ကန်တော့ပွဲ ကပ်လှူဒါန်းခြင်းနှင့် အလှူတော်ငွေများ ထည့်ဝင်လိုပါကြောင်း ပြောပြလျက် အလှူတော်ငွေ ငါးသောင်းကျပ်တိတိ လှူဒါန်းခြင်း၊ သာသနာတော်ပွဲကပ်လှူ ခြင်းများပြုသွားပါကြောင်း၊ ထိုလူငယ် ကလေးသည် သုဝဏ္ဏမြို့ဦးစေတီတော် သို့ လာရောက် ဖူးမြော်ခြင်းမရှိပါဘဲ ကားဖြင့်သာ ဖြတ်သွားဖြတ်လာဖူးခဲ့ဖူး ပါကြောင်း၊ တစ်နေ့တွင် ငွေရေးကြေး ရေးပြတ်လပ်အခက်အခဲတစ်ရပ်နှင့် ကြုံ တွေ့နေရသည့်အပြင် မိန်းမဖြစ်သူမှာ လည်း ကိုယ်ဝန်နှင့် မီးဖွားစရိတ်အရေး ကြီးနေသည့်အချိန်၊ သုဝဏ္ဏမြို့ဦးစေတီ ကိုကားစီးရင်း ကားပေါ်မှ လှမ်းဖူးပြီး အဓိဋ္ဌာန်ဖြင့် လက်အုပ်ချီ ဆယ်ဖြာ လက်အစုံကြာပဒုံဖြင့် ရှိခိုးဦးတင်၍ 'တပည့်တော်အကျပ်အတည်းဖြစ်နေပါ သည်ဘုရား။ ရစရာရှိသောငွေ ယခု သွားတောင်းပါမည်ဘုရား။သွားတောင်း ၍ရခဲ့သော် တပည့်တော် ဘုရားကြီးသို့ ကိုယ်တိုင်လာပြီး ပွဲလှူပွဲကပ်ကျေးဇူးဆပ် ၍ အလှူငွေများလည်းထည့်ဝင်လှူဒါန်း ပါမည်ဘုရား' စသည်ဖြင့် အဓိဋ္ဌာန်ပြု ဆုတောင်းပြီး သာကေတသို့သွားသော အခါ သူထံမှငွေချေးထားရစရာရှိသော လူနှင့် လမ်းတွင်တည့်တည့်တိုးပြီး တစ်ပါ တည်းအိမ်သို့ခေါ်သွားပြီးနောက် ကြွေး တွေအကုန်ပေးချေလိုက်သဖြင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး နောက်ရက် တွင် သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီ တော်ဆီသို့ ရောက်လာပြီး ပွဲလှူပွဲကပ် ကျေးဇူးဆပ်ပါသည်။ ဂေါပကရုံး ရုံးအဖွဲ့ မှူးထံ အလှူငွေငါးသောင်းကျပ်ကို သဒ္ဓါ ကြည်ဖြူ လာရောက် လှူဒါန်းသွားပါ ကြောင်း ရုံးအဖွဲ့မှူး ဦးကျော်ညွှန့်မှ စာရေးသူအား ပြောပြခဲ့ပါသည်။

❑ စေတီတော်သမိုင်းအကျဉ်း

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုး ကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ် ရပ်ကွက်အရှေ့ဘက် ကမာကြည်လမ်းမ ကြီး၏မြောက်ဘက်တွင် (၉. ၀၀၂) ဧက ကျယ်ဝန်းသောမြေကွက်ကို စေတီတော် မြတ်ကြီးတည်ထားရန်အတွက် မြေနေရာ သတ်မှတ်ပြီး စေတီတော်မြတ်ကြီး၏ ဘွဲ့အမည်တော်ကိုလည်း 'သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့်စေတီတော်' ဟူ၍ ဘွဲ့ အမည်တော်သမုတ်ပြီး ရွှေတိဂုံစေတီ တော်မြတ်ကြီး၏ လေးအချိုးတစ် အချိုး အစားဖြင့် ရွှေတိဂုံစေတီတော်ကြီး၏ပုံစံ

သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီရင်ပြင်မှ ဓမ္မစေတီကျောက်စာတော်



ရုံးအဖွဲ့မှူး ဦးကျော်ညွှန့်နှင့် တွေ့ဆုံမေးမြန်းနေသော စာရေးသူ

အတိုင်း ဥဏ်တော် (၉၀ ပေ) အမြင့် တည်ဆောက်ရန် သတ်မှတ်ခဲ့ပါသည်။

စေတီတော်မြတ်ကြီး တည်ထား ကိုးကွယ်ရန် ၂၇-၂-၁၉၉၁ ရက်နေ့တွင် မြေသန့်မင်္ဂလာကျင်းပခြင်း၊ ၂၇-၃-၁၉၉၁ ရက်နေ့တွင် ပန္နက်တင်မင်္ဂလာကျင်းပခြင်း၊ ၇-၄-၁၉၉၁ ရက်နေ့တွင် အုတ်မြစ်စီမင်္ဂ လာကျင်းပခြင်း၊ ၂၆-၆-၁၉၉၁ ရက်နေ့ တွင် အောက်ဌာပနာသွင်းမင်္ဂလာကျင်းပ ခြင်း၊ ၂၀-၁၁-၉၃ ရက်နေ့တွင် ပန်းလည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုထားပီးထွန်း ဆိုထားပြားများ သိန်း (၃၀) အကုန်အကျခံ၍ နေ့စဉ် ဘုရားပီးပူတော်

တိုင်မင်္ဂလာကျင်းပခြင်း၊ ၂၄-၁၂-၁၉၉၃ ရက်နေ့တွင် ရှင်(၄)ပါးဌာပနာသွင်းမင်္ဂလာကျင်းပခြင်း၊ ၃-၄-၁၉၉၄ ရက်နေ့တွင် ရွှေထီးတော်၊ ငွက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူခြင်း၊ ပုဒ္ဓါဘိသေက ဗုဒ္ဓအနေကဇာတင်မင်္ဂလာများ ဆင်ယင်ကျင်းပခြင်းနှင့် ၁၁-၄-၁၉၉၄ ရက်နေ့တွင် အရံစေတီတော်(၈)ဆူကို ထီးတော်တင်မင်္ဂလာ ဆင်ယင်ကျင်းပခဲ့ပါသည်။

❑ စေတီတော်ကြီး၏ထူးခြားချက်

သုဝဏ္ဏဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ထူးခြားမှုတစ်ခုမှာ နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း စေတီတော်ဝင်းအတွင်းမှာရှိ မဟာဗောဓိပင်သို့ ကဆုန်ညောင်ရေသွန်းလောင်းကြ၏။ ကဆုန်ညောင်ရေသွန်းပွဲတွင် သုဝဏ္ဏဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ ဓမ္မပူဇာအနေဖြင့် စေတီတော်ကြီးအား ပူဇော်ကြသောအခါ ထူးခြားစွာမိုးရွာသွန်းလေ့ရှိခြင်းသည် သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ လွန်စွာထူးခြားသော ထူးခြားချက်ဖြစ်တော်မူပါသည်။

❑ အဓိဋ္ဌာန်ဆုတောင်းပြည့်စေတီ

ထူးထူးခြားခြား ရောင်ခြည်တော်သတင်းများနှင့်ထင်ရှားကျော်ကြားတော်မူသော သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးသူများဖြင့်စည်ကားနေပါသည်။ အထူးသဖြင့် ညနေပိုင်းတွင် ဘုရားဖူးများ ပိုမိုများပြားသည်ကို လေ့လာတွေ့ရှိရပါသည်။

စာရေးသူအနေဖြင့်လည်း ဂေါပက ရုံးမှ သိလိုသည်များကို မေးမြန်းစုံစမ်းမှတ်တမ်းတင်ပြီးနောက် စေတီတော်မြတ်ကြီးအား မှတ်တမ်းဓာတ်ပုံများရိုက်ကူးရန် ရင်ပြင်တော်သို့ ထွက်ခွာလာခဲ့ပါသည်။ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဓာတ်ပုံရိုက်ရင်း အနောက်ဘက် အာရုံခံတန်ဆောင်းသို့ရောက်ခါအခါ ဘုရားပေါင်းစုံ လှည့်လည်၍ အဓိဋ္ဌာန်ဝင်နေသော ယောဂီဝတ်စုံဝတ်ဆင်ထား ဘိုးချမ်းမြဟုခေါ်သော ယောဂီအဘိုးတစ်ဦးနှင့်ဆုံတွေ့ရာ မိတ်ဆက်ရင်း အဘိုးအမည်ကို သိခဲ့ရပါသည်။ အဘိုး၏ အဓိဋ္ဌာန်ကျင့်စဉ်ကိုလည်း အလျဉ်းသင့်၍ မေးစမ်းမိခဲ့ပါ သည်။ အဘိုးက အထက်လမ်း(ထွက်ရပ်လမ်း)ဖြစ်သဖြင့် ကျင့်စဉ်အသေးစိတ်ကိုတော့မပြောပြခဲ့ပါ။ သို့သော်လည်း သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်လာဖူး အဓိဋ္ဌာန်ဝင်လို သူများအတွက်ဟုဆိုကာ အောက်ပါ ကျင့်စဉ်တို့ဖြင့် ခိုးမြင့်ခဲ့ပါသည်။

❑ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် အထွေထွေသောကိစ္စရပ်များအတွက် အဆင့်ပြေချောမွေ့အောင်ဆုနှင့်တွေ့စေသောအဓိဋ္ဌာန်ကျင့်စဉ်

၁။ မည်သည့်နေ့နံသားဖြစ်စေ သောကြာနေ့မှစတင်ပါ။

၂။ (၉) ရက်အဓိဋ္ဌာန်ဝင်ရမည်။
(မိမိမွေးနံ့ထောင့်)

၃။ သစ်သီးဆွမ်းကပ်ပါ။
(၉-မျိုးလည်းရ)
မှတ်ချက်။ ။ သစ်သီးကို အခွံခွာ၊ စိပ်ပြီး အသင့်အနေအထားကပ်ပါ။

၄။ ဦးစွာ မိမိမွေးနံ့ထောင့်၊ မိုးရွာလျှင် အနီးဆုံး အာရုံခံတန်ဆောင်းမှနေ၍ ဘုရားရှိခိုးနှစ်သက်ရာသီလယူပါ။ လိုသောဆုတစ်ခုတည်းတောင်းပါ။
ဥပမာ - ထီပေါက်ပါစေ။
မေတ္တာများများပို့ပြီးလျှင် ဂုဏ်တော်ပုတီးစိပ်ပါ။

၅။ ပုတီးစိပ်ပြီးပါက မေတ္တာထပ်ပို့ပါ။

၆။ ပြုပြုသမျှ ကုသိုလ်အဖို့ဘဂဝတ်ကို (၇) ရက်သားသမီးများနှင့် (၃၁) ဘုံသားဝေနေယျတို့အား အမျှဝေ။

၇။ တစ်နေ့တာအောင်မြင်ပါပြီ။ အသင်၏ဆုတောင်း မကြာမီ သေချာပေါက်ပြည့်လာပါလိမ့်မည်။

မှတ်ချက်။ ။ နံနက်ပိုင်းမအား ညနေပိုင်းဆိုပါက သစ်သီးဖျော်ရည် ကပ်နိုင်ပါသည်။

ဘိုးချမ်းမြ၏ လောကီလူသားတို့အတွက် အဓိဋ္ဌာန်ကျင့်စဉ်ဟု ခေါ်ဆိုပါသည်။ အဓိဋ္ဌာန်ပြီးမြောက်၍ ခရီးရောက်အောင် အောင်မြင်ပါလျှင် ဘုရားကြီးဘက်စုံအလှူငွေထည့်ဝင်လှူဒါန်းပါရန် မမေ့ပါနှင့်။

စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် မကြာခဏရောင်ခြည်တော်များလွှတ်၍ ထူးခြားထင်ရှား ကျော်ကြားလှပါသော သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်သို့တစ်ခါတစ်ခေါက်ရောက်အောင်သွား၍ စိတ်ကြံသမှုအဓိဋ္ဌာန်ပြကြည့်ကြပါ။ လိုရာပြီးမြောက် ခရီးရောက်မှာအမှန်ဖြစ်ပါကြောင်း နိဗ္ဗာန်ကိုအကျိုးမျှော်ကာ နှိုးဆော်ရေးသားအပ်ပါသည်။

မေတ္တာများစွာဖြင့်

ဂဝံဝင်း

www.burmeseclassic.com

www.burmeseclassic.com

တင်ဇေအောင် (စက်မှုတက္ကသိုလ်)

ရေစကြိုမြို့ ဂူဖြူတောရဆရာတော်ဘုရားကြီး

ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီးအရှင်ဦးသီလအကြောင်း အရာထေရပွတ္တိက မြန်မာပြည်နယ်နိမိတ်ကို ကျော်လွန်၍ ကမ္ဘာအထိသိပြီးဖြစ်လေသည်။ ဘုန်းတော်ကြီးဦးသီလသည် မြန်မာ့သာသနာကို ကမ္ဘာ့သာသနာဖြစ်အောင် ပို့ဆောင်တော်မူသော ရဟန္တာ မထေရ်မြတ်ကြီးဖြစ်လေသည်။ (ဦးသီလ၏ မဟာထေရပွတ္တိကို မြန်မာ့စွယ်စုံကျမ်း အတွဲ- ၁၃၊ စာ ၁၃၂- ၁၃၄ တွင် ဖတ်ရှုနိုင်ပါသည်။)

ရဟန္တာ ဘုန်းတော်ကြီး ဦးသီလကိုယ်တိုင်က 'ဂူဖြူတောရဆရာတော်ဘုရားကြီးဟာ တို့ထက်သာသည်' ဟု မိန့်ကြားတော်မူခဲ့ကြောင်းသိရလေသည်။ (ယင်းအချက်ကို စစ်ကိုင်းတောင်ရိုးရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတ မထေရ်စိရင်ရေးသားအပ်သော ရွှေကျင်နိကာယသာသနာဝင်အကျဉ်းနှင့်ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများစာအုပ် ၁၉၈၈ ခုနှစ်ထုတ်တွေ့ရှိ၍ လှနိလ္လောရှာဖွေရာ စာမျက်နှာ (၃၂၄) တွင် တွေ့ရလေသည်။)

□ မွေးဖွားရာဇာတိ

ဂူဖြူတောရဆရာတော်ကြီးသည် ရေစကြိုမြို့ အနောက်မြောက်ဘက် (၃) မိုင်ခန့်ကွာဝေးသော သာစည်ရွာတွင် အဘ ဦးထပ်၊ အမိ ဒေါ်မယ်ငိုတို့မှ ဖွားမြင်တော်မူ၏။ ရွှေကျင်ဆရာတော်ကြီးအောက် (၆) ဝါမျှ ငယ်သည်ဖြစ်၍ အေဒီ ၁၈၂၈ ခု (ဖွားသက္ကရာဇ်မှာ ၁၁၉၀ပြည့်နှစ်)ဖြစ်ပေသည်။ ငယ်နာမည်မှာကား ဦးကျော်ရွှဲဖြစ်ပြီး ရှင်ရဟန်းဘွဲ့တော်မှာ ဦးမောဖြစ်လေသည်။

□ ကျန်စစ်သား၏ချက်မြှုပ်ရာ

ငယ်စဉ်က ရေစကြိုမြို့နယ်တွင် ကျန်စစ်သား၏ဇာတိချက်မြှုပ်ဖြစ်သော ကျောက်ခတ်ရွာ သရက်တောဆရာတော်အထံတွင် ပညာသင်ကြားခဲ့ရလေသည်။

ရဟန်းဖြစ်ပြီးသောအခါ ရေစကြိုနှင့် အလွန်ထင်ရှားသော ဆရာတော် ဦးဝရသမွေဘိထံ၌ စာပေဆက်လက်သင်ကြားရ၏။ ဆရာတော်ဦးဝရသမွေဘိသည် ကျမ်းပေါင်းများစွာကို ရေးသားတော်မူသော စာတတ်အကျော်ဆရာတော်တစ်ပါးဖြစ်လေသည်။

ထို့နောက် အရှင်မေဓာသည် အင်းဝမြို့ ဗားကရာဆရာတော်ဘုရားကြီးအထံ၌ ကာလအတော်ရှည်ကြာစွာ ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်အောင်သင်ကြားတော်မူသည်။ ဗားကရာတိုက်၌နေစဉ် ရဟန်းသိက္ခာ (၁၁)ဝါရလျှင် သံဃာတော်များက အရှင်မေဓာကို ဆရာတော်ပဲ့ပင်ခေါ်ကြသည်။

အရှင်မေဓာသည် သင်ရိုးပါဠိ၊ အဋ္ဌကထာ ပြီးဆုံးအောင် သင်ကြားပြီးသော်လည်း စာမကြည့်တတ်သေးသကဲ့သို့ဖြစ်နေသောကြောင့် ကစ္စည်း၊ သဒ္ဒါကြီးနိဿယကိုရေးသော နန်းကျောင်းဆရာတော်ထံ ဆည်းကပ်၍ ပါဠိတော်နှင့်တွဲ၍ အဋ္ဌကထာကျမ်းကို အထွက်အတက်စုံဒဲ့စောဒနာ စသော သဒ္ဒါရေးအစုံအလင်ဖြင့် တစ်ဝါမျှပြန်၍ လေ့လာသောအခါမှ စာကြည့်တတ်တော့သည်ဟုအမိန့်ရှိဖူးလေသည်ဟူ၍ ဂူဖြူတောရဆရာတော်ဘုရားကြီး၏ တပည့်ရင်းသက်တော် (၉၁) နှစ်ရှိ ကျောက်ခတ်ဆရာတော်ဘုရားကြီးက မိန့်တော်မူလေသည်။

ဂူဖြူတောရဆရာတော်ဘုရားကြီးသည် အရှင်မေဓာသည် သုတ္တန်၊ ဝိနည်း၊

www.burmeseclassic.com

www.burmeseclassic.com

အဘိဓမ္မာ၊ ပိဋကတ်သုံးရပ်လုံးကိုပင် ထိုးဖောက်တတ်မြောက်အောင်လေ့လာသင်ကြားတော်မူခဲ့လေသည်။

ဆရာတော်ကြီးသည် ဝိနည်းပိဋကတ်၌သာ၍ စိတ်ဓာတ်ထက်သန်အောင်တော်မူသည်ဖြစ်ရာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အပါအဝင် ဝိနည်းငါးပါးကျမ်းပါဠိတော်ကို အဋ္ဌကထာနှင့်တွဲ၍ အခေါက်ပေါင်း (၅၂) ခေါက် သင်ကြားပို့ချတော်မူခဲ့လေသည်။ (၅၂) ခေါက်လုံးနီးသယဖလွတ်၊ ကြောင်းကြောင်းပြေးပို့ချတော်မူခဲ့လေသည်။ ပဋိပတ်၌လည်း အထုံဝါသနာပါတော်မူသဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကိုလည်း အကြိမ်များစွာ ပို့ချတော်မူခဲ့လေသည်။

ဂူဖြူတောရဆရာတော်ဘုရားကြီး အကြောင်းကို အတိသုဒ္ဓါရုံဆရာတော်ဘုရားက အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။

"ဂူဖြူတောရဆရာတော်ကြီးသည် ထီးမဆောင်း၊ ယပ်မဆောင်းဘဲ ထန်းရွက်အတိုင်းသာ ကိုင်ကောင်းရုံပြုပြင်၍ ကိုင်တော်မူသည်။ ဆွမ်းခံရာမှ၀သော ဆွမ်းဆန်ကို သံဃာတော်များအားကျွေး၍ မိမိမှာပြောင်းဆန်ဆွမ်းကို သုံးဆောင်တော်မူသည်"

ဟု အတိသုဒ္ဓါရုံဆရာတော်က မိန့်ကြားတော်မူခဲ့လေသည်။

ကျန်စစ်သား၏ ဇာတိရွာအစစ်အမှန်

ကျန်စစ်သား မွေးဖွားရာ ဇာတိအစစ်အမှန်မှာ ရေစကြိုမြို့နယ် ကျောက်ခတ်ရွာဇာတိဖြစ်ကြောင်း သိရပါသည်။ ကျန်စစ်သား ကျောက်ခတ်ရွာတွင် မွေးဖွားပြီးနောက်မှသာ ပရိမ္မအရပ်သို့ ပြောင်းရွှေ့သည်ဟု ကျောက်ခတ်ဆရာတော်ကြီးအမိန့်ရှိခဲ့သည်။ ထို့ကျောက်ခတ်ရွာ၌ပင် ဂူဖြူဆရာတော်သည် ပညာသင်ကြားခဲ့ပါသည်။

မိုးညှင်းဆရာတော်၏ဆရာဖြစ်ခဲ့ခြင်း

ရေစကြိုမြို့ ဂူဖြူတောရဆရာတော်ကြီးနှင့်စပ်လျဉ်း၍ ထူးခြားမှုများစွာအနက် တပည့်ကောင်းပန်းပန်ဟူသောစကားကဲ့သို့ ထူးကဲသောတပည့်ကြီးများအနက်တွင် တစ်ပါးသောတပည့်မှာ ပဏ္ဍိတထူး မိုးညှင်းတောရဆရာတော်ကြီးသာမန်ဖြစ်ပေသည်ဟု ဆိုရပါမည်။

မိုးညှင်းတောရဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရာမှာ ရေစကြို ဂူဖြူတောရဆရာတော်ကြီးထံမှ နည်းယူခဲ့ကြောင်းသိရပါသည်။ မိုးညှင်းတောရဆရာတော်ဘုရားကြီးနှင့် စပ်လျဉ်း၍ ဆရာ(၃)ပါးရှိကြောင်းသိရပါသည်။ အနေနှမှာ သုံးဂိုဏ်းချုပ်၊ အလုပ်မှာ ဂူဖြူ တရားကို လယ်တီနည်း ဟူ၍ ဆိုကြပါသည်။

ဝိနည်းအရာ၊ နေနည်းထိုင်နည်း၊ ဆက်ဆံနည်းကို ခင်မွန်ဘေမိတောရသုံးဂိုဏ်းချုပ်ဆရာတော်ထံမှ နည်းယူခဲ့ကြောင်းသိရပါသည်။ ကမ္မဋ္ဌာန်းအလုပ်ကို ရေစကြို ဂူဖြူတောရဆရာတော်ဘုရားကြီးထံမှနည်းယူခဲ့ကြောင်း သိရပါသည်။ လက်တွေ့ပွားများအားထုတ်ရာ ပဋိပတ်တရားနည်းကို လယ်တီဆရာတော်ဘုရားကြီးထံမှ နည်းယူခဲ့ကြောင်း သိရပါသည်။

မိုးညှင်းဆရာတော်မထေရ်မြတ်သည် ခင်မွန်ဘေမိတောရသုံးဂိုဏ်းချုပ်ဆရာတော်ကြီးထံမှ ကျင့်သုံးဖွယ်အသွယ်သွယ်တို့ကို နည်းယူမှတ်သားပြီးသောအခါ မုံရွာမြို့သို့ ခရီးတစ်ထောက်လှမ်းခဲ့ပြန်သည်။ မုံရွာမြို့မှတစ်ဖန် အနီးရှိ ဂူဖြူတောရဆရာတော်ဘုရားကြီးထံသို့ ချဉ်းကပ်ရန် လှေကြီးစီးပြီး ခရီးဆက်ပြန်သည်။

ရေစကြို ဂူဖြူတောရဆရာတော်ဘုရားကြီးကား အကျင့်အရာတွင် အလွန်ကျော်ကြားသောဆရာတော်ကြီးဖြစ်ပါသည်။ ဝိနယဓရ ဇဝဏ်ရေစသည့် ဂုဏ်အင်ဖြင့် အလွန်ထူးချွန်ထင်ရှားသဖြင့် အလွန်လေးစားထိုက်သောရွှေကျင်နိကာယဝင်၊ ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်လေသည်။

ပဋိပတ်အကျင့်မြတ်ကို နေ့ ည မပြတ် တရစပ်အားထုတ်လေသည်။ လူတွေ့မခံ စကားမပြောဘဲ အလုပ်လုပ်သည်။ အထူးသဖြင့် ကျောင်းနံရံတိုဘက်သည်ဘက်ကြီးတန်းထားပြီးလျှင် ထိုကြီးတန်း၌ ဝါးလုံးဖောက်ဆွဲကာ ထိုဝါးလုံးကိုလက်ကိုင်ပြု၍ စကြိသွားရင်းပင် အိပ်ပျော်သွားတတ်သည်။ ထိုအခါ ဒိုင်းခနဲ တစ်ဖက်နံရံကိုတိုက်မိမှ သြော်-ဒုက္ခ ဒုက္ခ၊ ထိနမိဒ္ဓက ဟကယ်နိုပ်စက်လှပါကားဟု ညည်းထွားကာ စကြိပြန်လျှောက်သည်။ ဤသို့ဖြင့် အရုဏ်တက်သည်အထိ အားထုတ်လေသည်။

ထိုသို့ အားထုတ်လှသောကြောင့် တစ်နယ်လုံးရှိ ရဟန်းရှင်လူအပေါင်းတို့က ဂူဖြူဆရာတော်ကြီးကို ရဟန္တာကိုယ်တော်ကြီးဟု ခီးကျူးသမုတ်ကြသည်။ မိုးညှင်းမထေရ်မြတ်သည် ထို့ဂူဖြူဆရာတော်ကြီးအထံ၌ သုံးလတိတိနည်းခံ၍ အားထုတ်လေသည်။

မိုးညှင်းထေရာပဒါန်(၈၃)၌နေရင်း ဆရာတော်ဦးကောဝိဒက အောက်ပါအတိုင်းရေးသားထားသည်။ အားထုတ်ပုံပြင်းထန်လွန်း၍ ဂူဖြူဆရာတော်ကြီးကို ရေစကြိုတစ်နယ်လုံးက ရဟန္တာဟုသမုတ်ကြလေသည်။ ဤသည်ကို အကြောင်းပြု၍ ကြည်ညိုလှသဖြင့် ကျွန်ုပ်တို့ကလည်း ရေစကြိုမြို့ ဂူဖြူတောရဆရာတော်ဘုရားကြီးအား ရဟန္တာကိုယ်တော်ကြီးဟု ပူဇော်လိုက်ပါသည်။

ဂူဖြူဆရာတော်ကြီးနှင့် ရဟန္တာတုန်းတော်ကြီးဦးသီလတွေ့ဆုံကြပုံ

ဂူဖြူဆရာတော်ကြီး ပဲခူးသို့ကြွလာပုံ၊ ရဟန္တာဘုန်းတော်ကြီးဦးသီလတို့နှင့်တွေ့ဆုံပုံတို့မှာ သာသနာ့သမိုင်းဝင်မှတ်တိုင်ကြီး ဖြစ်ပါသည်။

ဂူဖြူဆရာတော်ကြီးသည် အင်းဝမြို့ ဗားကရာတိုက်တွင်နေစဉ် ပဲခူးတောရဆရာတော်ဦးသီလနှင့် အတူတကွ သီတင်းသုံးတော်မူခဲ့ကြပါသည်။ ဂူဖြူဆရာတော်ကြီး သက်တော်ရှည်စွာရှိတော်မူသေးသည်ကို တောရဆရာတော်ဦးသီလသိရှိ၍ ပဲခူးသို့ပင်ဖိတ်ကြားသည်။ ပဲခူး၌ မဏ္ဍပ်ကနားထိုး၍ ကြိုဆိုကြသည်။

ထိုကာလတွင် ရဟန္တာဘုန်းတော်ကြီးဦးသီလကိုယ်တိုင်က 'ဂူဖြူတောရဆရာတော်ဘုရားကြီးသည် တို့ထက်သည်သည်' ဟု မိန့်ကြားတော်မူခဲ့လေသည်။

ဘုန်းတော်ကြီး ဦးသီလ ပဲခူးလိပ်ပြာကန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရေစကြိုနယ် ဂူဖြူတောရဆရာတော်ကြီး (ပခန်းဆရာတော်ကြီး) သည် ရေလမ်းဖြင့် ရှန်ကုန်မှလှည့်၍ ပဲခူးဈေးရောက်လာသည်။ ဘုန်းတော်ကြီးထံ သုံးဝါကြီးသည်။ အချင်းချင်းလည်း သတင်းစကားကြောင့် ရှေးကတည်းက အလေးပြုကြသည်။

အမှန်မှာ သိဟောင်းကျမ်းဟောင်းလည်းဖြစ်၊ အယူသီလတူမျှသူချင်းလည်းဖြစ်၍ ဘုန်းတော်ကြီးဦးသီလက ပင့်သောကြောင့် ပဲခူးသို့ မီးရထားမစီးဘဲလှေဖြင့်ကြွလာလေသည်။

ဘုန်းတော်ကြီးဦးသီလ မီးရထားစီးသည်နှင့်စပ်လျဉ်း၍ ပခန်းဆရာတော်ကမိန့်တော်မူပုံမှာ အံ့သြကြည်ညိုဖွယ်ရာဖြစ်ပါသည်။ ပခန်းဆရာတော်ကြီးက ဘုန်းတော်ကြီးဦးသီလအား

"မီးရထားစီးသည်ဟုကြားရသည်၊

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်လေသလား"

ဟု အပြစ်တင်စကား မိန့်ကြားတော်မူလေသည်။

"အုတ်တွင်းသိမ့်သမုတ်သွားရာမှ စ၍ စီးမိပါပြီ။ ဆုံးမတော်မူပါ၊ နာခံပါမည်"

လက်အုပ်ချီလျက် ဝန်ခံတော်မူသည်။

"မကျန်းမမာ ဂိလာနဖြစ်လျှင် အပြစ်မဆိုသာပေဘူး။ တပည့်တော်ဖြင့် ကျန်းမာပါသေး၏"

ဟု မိန့်လေသည်။

ဘုန်းတော်ကြီးကိုခင်လျက် အပြစ်တင်စကား ရဲငံ့စွာမိန့်ကြားသော ပခန်းဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ ဂုဏ်တော်တို့ကိုလည်း သောင်းသောင်းဖြဖြ ချီးမွမ်းအံ့သြ ကြည်ညိုမြတ်နိုးသံသည် တစ်ခဲနက်ပဲတင်ထပ်မျှရှိသည်ဟူ၍ ဖတ်ခဲ့ရပါသည်။

ဂူဖြူဆရာတော်ဘုရားကြီးသည် ရွှေကျင်ဂိုဏ်း၌ ရှေးကျကျမထေရ်ကြီးများတွင် မသိသူမရှိသလောက် ထင်ရှားသော ဝိနယဓရအရည၀ါသီဆရာတော်ကြီးတစ်ပါးဖြစ်တော်မူသည်ဟု မှတ်တမ်းရှိပါသည်။

ခင်မွန်ဆရာတော်ကြီးကဲ့သို့ပင် သိက္ခာကာမ လဇ္ဇီပေသလစာတတ်ဖြစ်တော်မူသည်။ ဓုတင်ဓရဂုဏ်၌ ဂူဖြူဆရာတော်ကြီးကပင် သာလွန်တော်မူသည်ဟုသိရပါသည်။

ဂူဖြူဆရာတော်ကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီးအောက် (၆) ဝါမျှ သာငယ်၍ ခင်မွန်ဆရာတော်ကြီးနှင့် သက်တူရွယ်တူပင် ဖြစ်တော်မူသည်။ ထိုစဉ်အခါက ပခန်းဂိုဏ်း၊ ခင်မွန်ဂိုဏ်း၊ ဗဂျိဂိုဏ်းဟူ၍ ဂိုဏ်းအသီးသီးရှိကြရာ ဂူဖြူဆရာတော်ကြီးသည် ပခန်းဂိုဏ်း၏ အကြီးအမှူးဖြစ်တော်မူလေသည်။ ဤဂိုဏ်းတို့သည် နောင်အခါ ရွှေကျင်ဂိုဏ်းဟု အမည်တစ်မျိုးတည်းဖြစ်သွားကြလေသည်။

ရွှေကျင်ဂိုဏ်းအနေဖြင့် မထင်ရှားသေးမီအတွင်း၌ သမ္မာဝါဒီအဖြစ် အယူ၊ သီလထူမျှကြလျက် ရွှေကျင်ဆရာတော်ကြီးနှင့်အတူတကွပူးပေါင်း၍ သာသနာတော်၌ သီလ၊ သိက္ခာသန့်ရှင်းစင်ကြယ်သောသံဃာတစ်ရပ်ဖြစ်အောင်အားထုတ်လာခဲ့ကြသော ဆရာတော်များတွင် ဂူဖြူတောရဆရာတော်ကြီးသည် တစ်ပါးအပါအဝင်ဖြစ်တော်မူလေသည်။

ဂူဖြူတောရဆရာတော်ဘုရားကြီး

သည် ဝိဇ္ဇာပါတ်၊ တိစီဝရိတ်၊ အာရညကင်၊ သပဒါနစာရိက စသည့် ဓူတင်တို့ကိုလည်း အမြဲဆောက်တည်တော်မူသည်။ သက်တော် (၉၁)၊ ရဟန်းသိက္ခာ ဝါတော် (၇၂) ဝါ ပျံလွန်တော်မူခါနီး (၁၁) ရက်မျှသာ ဝိဇ္ဇာပါတ်ဓူတင်ပျက်တော်မူသည်ဟု သိရပါသည်။

ဆရာတော်ကြီးသည် သက်တော် (၉၁)နှစ်၊ အေဒီ ၁၉၁၉ ခုနှစ် (၁၂၈၁ ခုနှစ်) တွင် ပျံလွန်တော်မူသည်။ (ဆရာတော်ရေးသားပြုစုခဲ့သောကျမ်းနှစ်ကျမ်းရှိပေသည်။ လွန်ခဲ့သော အနှစ် (၆၀) ခန့်က မန္တလေး ဓားတန်းဂုဏာဝတီပုံနှိပ်တိုက်မှ (၁) ကြိမ်၊ ၁၉၂၂ ခုနှစ်က သုဓမ္မဝတီပုံနှိပ်တိုက်မှ (၁)ကြိမ်ရိုက်ဖူးသည်။ ဒုတိယအကြိမ်ကား ရန်ကုန် ရွှေကြက်ယက်ကျောင်းဆရာတော်ကြီး ဦးဝိသုဒ္ဓ (ဂူဖြူဆရာတော်ဘုရားကြီး၏ မြေးတော်) က ရိုက်နှိပ်လှူဒါန်းရာ ဓာတ်ပုံကိုပါဖူးတွေ့ရသည်။ကျမ်းအမည်များမှာ ဒီဌိဝိစ္ဆေဒပကာသနီနှင့် ဓာတုဘေဒဝိနိစ္ဆယကျမ်းများဖြစ်သည်ဟု ဆရာဦးဌေးလိုင် မှတ်တမ်းတင်ထားပါသည်။)

(ဤဆောင်းပါးဖြင့် ရေစကြို ဂူဖြူဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင် (စက်မူတက္ကသိုလ်)

ကျမ်းကိုး -

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၃) (စာပေဗိမာန်မှ ထုတ်ဝေသည်)

၂။ ရွှေကျင်နိကာယသာသနာဝင် အကျဉ်း (စစ်ကိုင်း ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတမထေရ် ပြုစုသည်)

၃။ မိုးညှင်းသမ္ဘဒ္ဓေစေတီယကထာ (အရှင်သုမန ဓမ္မာစရိယ ပြုစုသည်၊ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ထုတ်)

၄။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများပထမတွဲ - (မောင်ပန်းမွေး ပြုစုသည်)

၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးထက် စီစဉ်၍ ရန်အောင် စာပေမှ ထုတ်ဝေသည်)

www.burmeseclassic.com

www.burmeseclassic.com

ချစ်ပို့ (မော်ကျွန်း)
ကျွန်တော်သိသော မေတ္တာတရား

မေတ္တာ ဆိုတာ ဘာလဲ၊ မေတ္တာ၏သဘော ကဘယ်လိုလဲ စတဲ့ မေးခွန်းများ ကို ငယ်ရွယ်စဉ်ကတည်းက မေးမြန်း ဖူးစမ်းခဲ့မိပါတယ်။ မေတ္တာကို ချစ်တာ လို့ပဲ သိထားခဲ့ပါတယ်။ သီချင်း၊ စာပေ၊ ကဗျာတွေမှာလည်း မေတ္တာအကြောင်း ဆိုကြရေးကြဖွဲ့သီကြပါတယ်။ သံယာ တော်အရှင်မြတ်များရဲ့ မေတ္တာသုတ် ဓရိတ်တရားတော်များ၊ မေတ္တာတရားနဲ့ ဆိုင်တဲ့သြဝါဒများ၊ မေတ္တာပို့များကို အကြိမ်ကြိမ်နာကြားခဲ့ရပါတယ်။မေတ္တာ အကြောင်းသိသလိုလိုအထင်ရှိခဲ့ပေမယ့် အမှန်တကယ် မသိခဲ့ပါ။ အမှန်ဝန်ခံရပါ က မေတ္တာသဘော၊ မေတ္တာအကြောင်း ကို အခုအချိန်အထိ ပြည့်စုံစွာ မသိရှိ သေးပါ။ နားလည် သဘောပေါက်ဖို့ရန် ခက်ခဲတဲ့ မေတ္တာအကြောင်းကို စွမ်းနိုင် သမျှ ကြိုးစားလေ့လာနေဆဲသာ ဖြစ်ပါ တယ်။ မေတ္တာအကြောင်း စုံစေ့စွာမသိရ သေးသော်လည်း ပုတီးစိပ်၊ သက်သတ် လွတ်စား၊ ဥပုသ်စောင့်ပြီး အဓိဋ္ဌာန်စခန်းဝင်ခဲ့စဉ်က မေတ္တာအကျိုး အချို့ကို ကိုယ်တွေ့ကြုံခဲ့လို့ မေတ္တာ နဲ့ ပတ်သက်ပြီး စိတ်ဝင် တစားရှိခဲ့ရပါတယ်။

စာရေးသူဟာ သမထ ကျင့်စဉ်များနဲ့အချိန်ကုန်လွန်ခဲ့ပြီး အသက်အရွယ်နဲ့အတွေ့အကြုံများ ရရှိလာကာ ဆရာသမားကောင်း များထံ မှီခိုဆည်းကပ်ခွင့်ရရှိခဲ့သဖြင့် ဝိပဿနာတရားအလုပ်ကို အားထုတ် ခွင့်ရရှိခဲ့ပါတယ်။ အထူးသဖြင့် မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ဥပနိဿယကို ခံယူခဲ့ပါတယ်။ စရိုက်ဝါသနာနဲ့ကိုက်ညီ ခဲ့လို့ ထိုက်သင့်တဲ့ တရားအသိများ အတန်အသင့်ကိန်းလာတော့မှ မေတ္တာ ရဲ့သဘောကို စိုးစဉ်မျှ ရိပ်စားမိလာပါ တယ်။

နှုတ်တက်အာဝုံဆောင်ရွတ်ဖတ် နေခဲ့တဲ့ မေတ္တာသုတ်ရဲ့ အနက်အဓိပ္ပာယ် များကို စေ့စပ်စွာ လေ့လာမိတဲ့အခါ မေတ္တာသုတ်ကို ရွတ်ဖတ်နေရုံဖြင့် မလုံ လောက်ဘူးဆိုတာ သိလာခဲ့ပါတယ်။ မေတ္တာဟာ ရွတ်ဖတ်ရမယ့်တရားမဟုတ် ဘူး။ ပွားများရမယ့်တရား ဖြစ်တယ်။ မေတ္တာဟာ ကမ္မဋ္ဌာန်းပဲ။ မေတ္တာပို့၊ မေတ္တာပွားနေတာလည်း သမထကမ္မဋ္ဌာန်း ထဲမှာပါတယ်။ မေတ္တာသုတ်ကို နေ့စဉ် ရွတ်ဖတ်လို့ရှိရင် အန္တရာယ်ကင်းတယ်၊ နာရင် အန္တရာယ်ကင်းတယ်လို့ မေတ္တာ သုတ်ထဲမှာ ပြဆိုထားတဲ့ စကားတစ်လုံး မှမပါဘူး။ မိုးကုတ်ဆရာတော်ဘုရားကြီး ပြောသလို-

"တို့လူတွေက သောက်ဆေးကို လိမ်းဆေးလုပ်နေကြတယ်။ သောက်ရ မှာကို မသောက်ဘဲ လိမ်းဆေးအဖြစ် အသုံးပြုနေရင် အကျိုးသက်ရောက်မှု အားနည်းမှာပေါ့။ သောက်ရမယ့်ဆေး ကိုသောက်မှ အကျိုးသက်ရောက်မှာဖြစ် တယ်။ ဒါကြောင့် မေတ္တာဆိုတာ ဘာဝနာ တရားဖြစ်လို့ ပွားများကြရမယ်"

ဆရာတော်ဘုရားကြီးရဲ့ဩဝါဒကို မှတ်သားခဲ့ရပါတယ်။

မေတ္တာမှာ ကာယကံမေတ္တာ၊ ဝစီ ကံမေတ္တာနဲ့ မနောကံမေတ္တာလို့ သုံးမျိုး ရှိရာမှာ ကာယကံမေတ္တာဆိုတာ တစ်ပါး သူဒုက္ခမရောက်အောင်၊ ချမ်းသာအောင် ကိုယ်အမူအရာဖြင့် အကျိုးဆောင်ပေး ခြင်းပါ။ ဥပမာအားဖြင့် လမ်းပေါ်မှာရှိတဲ့ အမှိုက်သရိုက်၊ ဆူးငြောင့်ခလုတ်တွေ ကို ဖယ်ရှားတာ၊ တံခြမ်စည်းလှည်းတာ စသည်တို့ဟာ မေတ္တာစိတ်ကို ရှေ့ထား ပြီး ကိုယ်အမူအရာဖြင့် အကျိုးဆောင် ပေးခြင်း ဖြစ်ပါတယ်။ ဝစီကံမေတ္တာ ဆိုတာ သတ္တဝါတွေကျန်းမာချမ်းသာစေ ဖို့ ရင်ထဲကလာတဲ့မေတ္တာစိတ်ကိုအခြေခံ ပြီး နှုတ်မှရွတ်ဆိုပွားများနေတာ ဖြစ်ပါ တယ်။ ပိုပြီးအကျိုးရှိထိရောက်တဲ့ ဝစီ ကံမေတ္တာကတော့ ဝစီဒုစရိုက်လေးပါး ကို ရှောင်ကြဉ်ပြီး ကောင်းတဲ့ အကြံ ကောင်းဥာဏ်ကောင်းတွေကို ပြောတာ၊ နည်းလမ်းကောင်းတွေကို ညွှန်ပြတာ ဝစီကံမေတ္တာကိုဖော်ပြရာရောက်ပါတယ်။ မနောကံမေတ္တာကတော့ သတ္တဝါတွေ အပေါ် ကောင်းကျိုးလိုလားတဲ့စိတ်ဖြင့် နှလုံးသွင်းဆင်ခြင်တဲ့ ဘာဝနာအလုပ် ပွားများအားထုတ်ခြင်း ဖြစ်ပါတယ်။

မေတ္တာဘာဝနာပွားများခြင်းဖြင့် ရရှိလာမယ့်အကျိုးတွေကို ယဿာနုဘာ ဝတောယက္ခာ . . . အစပြုတဲ့ဂါထာ ဖြင့် ဖွင့်ဆိုထားပါတယ်။ အဂုံတို့ရှိ ပါဠိတော်မှာ မေတ္တာအကျိုးပြအဖြစ် ချမ်းသာအိပ်စက်၊ ချမ်းသာလျက်နိုး၊ အိပ်မက်ဆိုးကင်း၊ စောင့်ခြင်းနတ်များ၊ လူသားလည်းချစ်၊ နတ်လည်းချစ်လျက်၊ လက်နက်ဆိပ်မီး၊ ပြီးသည်တစ်ဖြာ၊ မျက်နှာရွှင်ကြည်၊ တည်ကြည်နှလုံး၊ သေဆုံးမတွေ့၊ သေလွန်ပြဟ္မာ၊ ဖြစ်တတ် စွာတည်း၊ မေတ္တာအကျိုး ဆယ့်တစ်မျိုး လို့ ဟောကြားထားပါတယ်။

မေတ္တာသုတ်ကို ရွတ်ဖတ်တဲ့အခါ အဓိပ္ပာယ်နားလည်သလို လိုက်နာကျင့် သုံးဖို့ အထူးလိုအပ်လှပါတယ်။ အလွတ် အာရုံရလို့ ရွတ်ဖတ်ခြင်းထက် နှလုံး သားထဲမှာ မေတ္တာကိန်းဖို့ အရေးကြီးပါ တယ်။ မေတ္တာဘာဝနာပွားမယ်ဆိုရင် ရှိအပ်တဲ့ အရည်အချင်း (၁၅) ချက်ကို 'ကရဏီယ. . .' အစချီဂါထာနဲ့ သန္တ သဿကောစ အစချီသော ဂါထာများဖြင့် ဟောကြားထားပါတယ်။

ဆက်လက်ပြီး 'နစုဒ္ဓဿ. . .' အစ

www.burmeseclassic.com

www.burmeseclassic.com

ပြုတဲ့ဂါထာမှာ မလုပ်ရမယ့်အလုပ်၊ အပြစ်မကင်းတဲ့အလုပ်တွေကို မလုပ်မိဖို့နှင့် သူများတွေက အပြစ်တင်ပြီး မေးငေါ့စရာအပြုမူတွေကို အသေးအဖွဲ့ကစပြီးမလုပ်မိစေဖို့ သတိပေးထားပါတယ်။ မေတ္တာပို့မယ်ဆိုရင် 'သုခိနောဝ . . . ' အစချီပြီး သတ္တဝါမှန်သမျှ ချမ်းသာစေဖို့၊ ဘေးကင်းစေဖို့၊ ရန်ကင်းစေဖို့၊ မေတ္တာပွားရုံပွားနည်းများကို ဆက်လက်ဟောကြားထားပါတယ်။ အဲဒီလိုမေတ္တာစိတ်အမြဲမပြတ်ဖြစ်ပေါ်နေအောင်ပွားများနေတာကို မေတ္တာဘာဝနာလို့ခေါ်ပါတယ်။ မေတ္တာပွားရာမှာ မုန်းတဲ့သူ၊ အလွန်ချစ်ရတဲ့သူ၊ သူစိမ်းတစ်ရံဆံ့နဲ့ ရန်သူတို့ကို စပြီးမပွားသင့်ကြောင်းနဲ့ လိုင်မတူသူနဲ့ ကွယ်လွန်ပြီးသူတို့တော့ သီးသန့်မေတ္တာမပွားသင့်ကြောင်းကိုလည်း သတိပေးဟောကြားထားပါတယ်။

ရှေးဦးစွာမေတ္တာပွားရမည့်ပုဂ္ဂိုလ်မှာ မိမိကိုယ်ကိုဖြစ်ပါတယ်။ မိမိကိုယ်ကို ဦးစွာမေတ္တာပွားရခြင်းမှာ ကုသိုလ်ရရန် မဟုတ်သလို သမာဓိရရန်လည်း မဟုတ်ပါ။ ကိုယ်ချင်းစာစိတ်ထားတတ်ရန် ဖြစ်ပါတယ်။ မိမိကိုယ်ကိုမှမေတ္တာမထားရင် သူတစ်ပါးကို မေတ္တာထားဖို့ မလွယ်ကူပါ။ အမှတ်တမဲ့ဆိုရင် လူတွေဟာ မိမိကိုယ်ကို မေတ္တာထားတယ်။ ချစ်တယ်လို့ အထင်ရှိတတ်ကြပါတယ်။ ငါကောင်းကောင်းစားချင်တယ်၊ ဝတ်ချင်တယ်၊ မြင်ချင်တယ်၊ ကြားချင်တယ် စတာတွေဟာ မိမိကိုယ်ကိုချစ်တာ မဟုတ်ပါ။ အာရုံငါးပါးကိုချစ်တာပါ။ အာရုံအပေါ်မှာ တပ်မက်တဲ့လောဘစိတ်ဖြစ်ပါတယ်။

မေတ္တာကို ချစ်ခြင်းလို့ ဘာသာပြန်တာ မပြည့်စုံပါ။ စကားတစ်လုံးကို နောက်စကားတစ်လုံးနဲ့ပြောင်းပြီးတော့ ဖလှယ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ မေတ္တာဆိုတာ အကျိုးကိုလိုလားခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ အကျိုးဆိုတဲ့နေရာမှာ ကျန်းမာစေဖို့၊ အသက်ရှည်စေဖို့၊ ကြီးပွားချမ်းသာစေဖို့၊ ပညာတတ်စေဖို့ စတာတွေဟာ ကောင်းကျိုးတွေပါပဲ။ တကယ်ရောင်းကျိုးဆိုတာ အသိဉာဏ်ကမှ စွမ်းနိုင်ပါတယ်။ ကောင်းဆိုးနှစ်တန်ကြောင်းကျိုးမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့ အသိဉာဏ်က အခြေခံပါတယ်။ စိတ်ဓာတ်နဲ့ အသိဉာဏ်ပညာတိုးတက်အောင်၊ ရင့်ကျက်အောင်၊ မြင့်မြတ်အောင် အထောက်အကူပေးနိုင်မှသာ အဆင့်မြင့်သောမေတ္တာ ဖြစ်ပါတယ်။

တရားအားထုတ်လို့ စိတ်ကြည်လင်အေးချမ်းပြီး ချမ်းသာနေတဲ့အခါ သူတစ်ပါးကိုလည်း မိမိလိုချမ်းသာစေချင်လိုက်တာ၊ မိမိသိသလို သိစေချင်လိုက်တာဆိုတဲ့ စေတနာမေတ္တာမျိုးပေါ်လာတတ်ပါတယ်။ တစ်ဦးတစ်ယောက် စိတ်ဆင်းရဲနေတာ မြင်တွေ့ရရင်လည်း အဲဒီဆင်းရဲမှုမျိုးကိုယ်တိုင်မကြုံချင်သလို သူ့ကိုလည်း ဒီဆင်းရဲမှုမှသက်သာစေလိုတဲ့ မေတ္တာတရားဟာ ဖန်တီးယူတာ မဟုတ်ဘဲ အလိုလိုပေါ်လာတတ်ပါတယ်။ မေတ္တာတရားနဲ့အတူ မေတ္တာရဲ့အပေါင်းအသင်းများဖြစ်ကြတဲ့ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာသဘောတွေကိုလည်း ရိပ်စားသိမြင်လာပါတယ်။

ကရုဏာဆိုတာ တစ်ဦးတစ်ယောက် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်ခြင်းမှ လွတ်မြောက်စေလိုတဲ့ စေတနာဆန္ဒဖြစ်ပါတယ်။ သူတစ်ပါးရဲ့ခံစားချက်ကို နားလည်ပေးပြီး သနားကြင်နာစိတ်၊ ကူညီလိုစိတ်နှင့်လက်တွေ့ကူညီခြင်းတို့ဟာ ကရုဏာတရားရဲ့ပြယုဂ်များဖြစ်ကြပါတယ်။ သူတစ်ပါးကိုလည်း သနားလိုက်တာဆိုပြီး မိမိပါရောပြီး ငိုကြွေးပူဆွေးခြင်း၊ မကြည့်ရက်သဖြင့် ရှောင်ထွက်သွားခြင်း၊ စိတ်ယောက်ယက်ခတ်ပြီးမှ ဘာမှမကူညီလိုက်နိုင်ခြင်းတို့ဟာ ဉာဏ်ပညာကင်းမဲ့တဲ့ အရူးသဘောကြင်နာမှုမျိုး ဖြစ်ပါတယ်။ ကရုဏာလို့ မခေါ်ဆိုထိုက်ပါ။ ပညာဉာဏ်ဖြင့် အရာရာကိုချင့်ချိန်ပြီး နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းပြုနိုင်မှသာ ဉာဏ်နဲ့ယှဉ်တဲ့ကြင်နာမှု (၀၀) ကရုဏာတရားလို့ ခေါ်ဆိုထိုက်ပါတယ်။

မရှိဆင်းရဲသူများ၊ ကိုယ်လက်မသန်စွမ်းသူများအပေါ်သာ ကရုဏာတရားထားသင့်တယ်။ ကြွယ်ဝပြည့်စုံသူများအပေါ် ထားရန်မလိုဟုတစ်ဖက်သတ်မယူဆသင့်ပါ။ သူတို့တစ်တွေမှာလည်း စိုးရိမ်သောကဖြစ်မှု၊ နာမကျန်းမှု၊ ပြဿနာပေါင်းစုံနှင့်ရင်ဆိုင်ရမှု စသည်ဖြင့်ရှိကြမှာဖြစ်လို့ ဆင်းရဲချမ်းသာမခွဲခြားဘဲ အားလုံးအပေါ် ကရုဏာထားရပါမယ်။ ကရုဏာတရားရှိလာရင် နှိပ်စက်ညှဉ်းပန်းမှုလည်းမပြုဖြစ်တော့ပေ။ မလိုစောင်မြောင်းသူ ရန်ပြုသူများကိုပင် သည်းခံခွင့်လွှတ်နိုင်ခြင်းသည် ကရုဏာတရားကြောင့် ဖြစ်ပါတယ်။ ရန်အမျိုးမျိုးကို အောင်မြင်တော်မူခဲ့သောဗုဒ္ဓရှင်တော်ရဲ့ ကရုဏာတရားဟာ မဟာကရုဏာတော် ဖြစ်ပါတယ်။ ခရစ်တော်သည်လည်း သူ့ကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်သူများအပေါ် ကရုဏာဖြင့်သည်းခံခွင့်လွှတ်ခဲ့ပါတယ်။ မဟတ္တမဂန္ဓီဟာ အိန္ဒိယပြည်လွတ်လပ်ရေးအတွက် ကရုဏာတရားရှေ့ထားပြီး အကြမ်းမဖက်သောနည်းဖြင့် ရယူနိုင်ခဲ့ပါတယ်။

မုဒိတာဆိုတာ တစ်ဦးတစ်ယောက်ရဲ့အောင်မြင်မှုများ၊ အရည်အချင်းကောင်းများ၊ အပြုအမူကောင်းများ အပေါ် ကြည်နူးဝမ်းမြောက်ခြင်း ဖြစ်ပါတယ်။ လူတိုင်းဝမ်းမြောက်တတ်ကြသော်လည်း မုဒိတာစိတ်ဖြင့်ဝမ်းမြောက်တတ်ရန် မလွယ်ကူပါပေ။ ချမ်းသာသုခနဲ့ပြည့်စုံနေသူကိုတွေ့မြင်ရင် သူတို့နဲ့ထပ်တူ ဝမ်းမြောက်နိုင်ရပါ့မယ်။

"ဩော် - သူတို့ကုသိုလ်ကံများကောင်းလိုက်တာ။ ကြဲသမျှအောင်၊ လုပ်သမျှဖြစ်၊ ပြောသမျှပြီးတိုးသမျှပြည့်ပါလား။ ဝမ်းသာစရာကောင်းလိုက်တာ ကြီးပွားပါစေ၊ ချမ်းသာပါစေ၊ ကြီးပွားချမ်းသာခြင်းမှ မဆုတ်ယုတ်ကြပါစေနှင့် စသည်ဖြင့် တွေးတောဆင်ခြင်ကာ မုဒိတာစိတ်ထားရပါ့မယ်။ မုဒိတာတရားဟာ မနာလိုဝန်တိုစိတ်ရဲ့ဖြေဆေးကောင်းတစ်ခွက်ဖြစ်ပါတယ်။ မနာလိုဝန်တိုမှုဟာ နှလုံးသားကိုနာကျင်စေပြီး ပျော်ရွှင်မှုကိုပျက်စီးစေပါတယ်။ မုဒိတာကတော့ သူတစ်ဝါးပျော်ရွှင်မှုကို မျှဝေခံစားပြီး မိမိပါပျော်ရွှင်စေပါတယ်။

ဥပေက္ခာဆိုတာကတော့ သတ္တဝါတွေအပေါ် အချစ်၊ အမုန်းမရှိ တစ်ပြေးညီထားနိုင်တဲ့စိတ်ထားလို့ ယေဘုယ္ယသတ်မှတ်ပါတယ်။ လုံးဝဂရုစိုက်တော့ဘဲ ပစ်စလက်ခတ်ဖြစ်ချင်ရာဖြစ်လွတ်ထားလိုက်ခြင်းကို မဆိုလိုပါ။ မသိနားမလည်မှုအဝိဇ္ဇာနဲ့ယှဉ်တဲ့အတွက်ကြောင့် အကုသိုလ်ဥပေက္ခာလို့ ဆိုနိုင်ပါတယ်။ ဥပမာအားဖြင့်ဓာတ္၊ သမင်တစ်ကောင်ဟာ ပတ္တမြားမျက်ရှင်ကိုတွေ့မြင်သော်လည်း ဝမ်းသာဝမ်းနည်းမဖြစ်ခြင်းဟာ ဉာဏ်မယှဉ်တဲ့အတွက် အကုသိုလ်ဥပေက္ခာဝေဒနာလို့ ခေါ်ပါတယ်။ ဒါနဲ့သီလဘာဝနာကုသိုလ်များ ပြုလုပ်ရာမှာ ဖြစ်လေ့ရှိတဲ့ ကုသိုလ်စိတ်နှင့်ယှဉ်တွဲတဲ့ဥပေက္ခာကိုတော့ ကုသိုလ်ဥပေက္ခာလို့ ခေါ်ပြီး ဥပေက္ခာ (၁၀) မျိုးရှိကြောင်း ဟောကြားထားပါတယ်။

ဥပေက္ခာတရားထားနိုင်ဖို့အတွက် ချစ်ခင်တွယ်တာစွဲလမ်းမှုကို ကျော်လွှားနိုင်ရပါမယ်။ မည်သူ့ကိုမျှမေတ္တာမထားရဘူး၊ မချစ်ရစေဘူးလို့ဆိုလိုတာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါ။ အရာခပ်သိမ်းဟာ မတည်မြဲတဲ့ အနိစ္စသဘော သေကွဲ၊ ရှင်ကွဲဆိုတဲ့ ဖြစ်တတ်တဲ့သဘောကို နှလုံးသွင်းထားရပါမယ်။ သံသရာခရီးတစ်လျှောက်တွေ့ဆုံခိုက်မှာ ဂရုစိုက်စောင့်ရှောက်ဖို့ လိုအပ်သလို လှုပ်ခွဲရတဲ့အခါဝမ်းမနည်း ဖို့လည်း အထူးလိုအပ်ပါတယ်။

ခင်မင်နှစ်သက်သူနဲ့ မလိုမုန်းတီးတဲ့သူတွေအပေါ် ဂရုစိုက်မိကြပေမယ့် အခြားသူစိမ်းများအပေါ် တွင်တော့ဖြင့် ဂရုစိုက်ခြင်းကင်းမဲ့တတ်ကြပါတယ်။ မည်သူ့အပေါ်ပဲဖြစ်စေ အလေးထား ဂရုစိုက်ရမှာပါ။ အခြားသူဆိုတာမရှိခဲ့ရင် မိမိတစ်ယောက်တည်း လောကအလယ်မှာ ရပ်တည်လို့မရနိုင်ပါ။ စားစရာ၊ ဝတ်စရာ၊ နေစရာ အသုံးပြုစရာ ဘာမှဖြစ်လာနိုင်မှာမဟုတ်သလို မိမိရဲ့ကိုယ်ကျင့်တရား၊ စေတနာသဒ္ဓါတရား၊ သည်းခံမှုတရား စတဲ့ စိတ်ကောင်းတွေထူထောင်ရာမှာလည်း ပြည့်ဝမှာမဟုတ်ပါ။ ယခုဘဝမှာသာ သူစိမ်းတွေဖြစ်ကြပေမယ့် ရှည်လျားလွန်းတဲ့ သံသရာခရီးမှာ ဆွေမျိုးမတော်ဘူးတဲ့သူမရှိလို့ ဘုဒ္ဓရှင်တော်ဟောကြားခဲ့တာကို သတိပြုရမှာပါ။

ပြဟ္မဟိုရ်တရားလေးပါးအနက် ပါရမီမြောက်တဲ့ဥပေက္ခာစိတ်ထားဖို့ရန် ပိုလို့ခက်ခဲပါတယ်။ ဥပေက္ခာရဲ့သဘောမှာ အာရုံမပြု၊ ဂရုမစိုက်၊ စွန့်ပစ်ရတဲ့သဘောမျိုးမဟုတ်ပါ။ ငါနှင့်တကွ သတ္တဝါအားလုံး၏ ချမ်းသာမှု၊ ဆင်းရဲမှုဟာ မိမိတို့ရဲ့ကံတရားနဲ့သာ သက်ဆိုင်ပါတယ်။ တစ်စုံတစ်ရာစိုးရိမ်ကြောင့်ကြမှုမပြုရတဲ့အတွက် ဥပေက္ခာတရားလက်ကိုင်ထားသဖြင့် စိတ်ပူပင်မှုကင်းဝေးစေတာကတော့ မိမိကိုယ်တိုင်ဖြစ်ပါတယ်။ အပူအပင်ကင်းပြီး ကိုယ်တိုင်ဓိတ်ချမ်းသာဖို့ဆိုရင် ပိယသနာတရားအလုပ်အားထုတ်ပြီး သမ္မာဒိဋ္ဌိဉာဏ်ရင်မှာကိန်းလာမှသာ ကိန်းလာတဲ့အဆင့်နဲ့ လိုက်လျောတဲ့ချမ်းသာမှုကို ရရှိမှာဖြစ်ပါတယ်။ ကာယ်စစ်မှန်တဲ့မေတ္တာဆိုတာ ပေးလိုက်ရလို့ လျော့သွားတယ်၊ ကုန်သွားတယ်ဆိုပါ။ အလိုလိုပြန်ပြီးပြည့်မြဲပြည့်လျက်ပါ။ သူတစ်ပါးကိုပေးလေ ကိုယ့်မှာပိုပြီးပြည့်လေ၊ ပိုပြီးအားကြီးလာလေဖြစ်ပါတယ်။ ဒီအခါမှာ ပိုပြီးပေးလိုနိုင်တဲ့အတွက် မခန်းခြောက်သော မေတ္တာရေစင်လို့ ဆိုနိုင်ပါတယ်။

သဘာဝတရားမှန်သမျှမှာ ထူးခြားဆုံးဖက်သတ္တိနဲ့ အရည်အချင်းတွေကိုယ်စီရှိကြပါတယ်။ သဘာဝတရားတစ်ခုဖြစ်တဲ့ မေတ္တာသဘောကလည်း အင်မတန် လေးနက်ပါတယ်။ ကြီးကျယ်ပါထွယ်။ အပြည့်အဝနားလည်နိုင်ဖို့ ဖော်ပြနိုင်ဖို့ မလွယ်ကူပါ။ စကားလုံးရဲ့ဘောင်အပြင်ဘက်ကိုရောက်နေလို့ပြောဖြစ်ရုံလောက်ပြောနေရခြင်းသာ ဖြစ်ပါတယ်။ မေတ္တာအကြောင်းပြည့်စုံအောင်သိနိုင်ဖို့၊ ဖော်ပြနိုင်ဖို့ဆိုတာ ဘုဒ္ဓမှလွဲပြီး သာမန်လူသားတစ်ဦးအနေဖြင့် ရာခိုင်နှုန်းပြည့်မစွမ်းနိုင်ပါပေ။

မေတ္တာမှာ မျက်နှာစာတွေအမျိုးမျိုးရှိကြပါတယ်။ မိဘနဲ့သားသမီး၊ မောင်နဲ့ နမ၊ လင်နဲ့ မယား၊ ဆရာနဲ့တပည့်၊ မိတ်ဆွေသူငယ်ချင်း စသည်ဖြင့် ဆက်ဆံရေးပုံစံအမျိုးမျိုးပေါ် မူတည်ပြီး အဓိပ္ပာယ်အမျိုးမျိုး ဖော်ဆောင်ကြပါတယ်။ မည်သို့ပင် ပုံစံတွေကွဲပြားသော်လည်း တူညီတဲ့အချက်ကတော့ ကောင်းမြတ်တဲ့အကျိုးကို လိုလားခြင်းဆိုတဲ့အချက်ဖြစ်ပါတယ်။ ပိုပြီးသိစေချင်တတ်စေချင်တယ်။ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နိုင်စေချင်တယ်။ ချုပ်ချယ်မှု၊ ကန့်သတ်မှု၊ အနှောင်အဖွဲ့ကင်းမှုနဲ့အတူ အမှီခိုကင်းပြီး လွတ်လပ်သွားစေချင်တယ်။ ဒါတွေဟာ မေတ္တာရဲ့သင်္ကေတ အချို့ဖြစ်ပါတယ်။

မေတ္တာရဲ့အာရုံမှာ သက်ရှိသတ္တဝါဖြစ်လို့ သတ္တဝါအမျိုးအစားကိုပိုင်းခြားကန့်သတ်ခြင်းမရှိဘဲ သာမညပို့သောအနှောခံသမေတ္တာငါးမျိုးနဲ့ မိန်းမ၊ ယောကျ်ား စသည်အားဖြင့် ရည်ညွှန်းပိုင်းခြားကန့်သတ်ထားသော ဩဒိသမေတ္တာခုနစ်မျိုးပေါင်းရင် မေတ္တာ(၁၂)မျိုး ရရှိပါတယ်။ ယင်း (၁၂) မျိုးအပေါ် မေတ္တာပို့ပုံအခြင်းအရာ(၄)မျိုးနဲ့မြှောက်ပွားပါက မူလအခြေခံမေတ္တာ (၄၈) မျိုး ရပါတယ်။ အရပ် (၁၀) မျက်နှာနဲ့ထပ်ပွားရင် ဒိသာဖရဏာမေတ္တာ (၄၈၀) ရပြီး မူလအခြေခံ (၄၈) ပါးနဲ့ ပေါင်းရင် (၄၈၀ + ၄၈ = ၅၂၈) ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာကိုရရှိပါတယ်။

တစ်ထောင့်ငါးရာကိလေသာကတော့ 'ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွားရသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်'ဟူသော လက်ာအရ နာမ်ရုပ် (၇၅) ပါးကို ကိလေသာ (၁၀) ပါးနဲ့ မြှောက်သော် (၇၅၀) ရရှိပြီး မိမိနဲ့ သူတစ်ပါးသန္တာန် (၂) ရပ်မှာဖြစ်ပေါ်နိုင်သဖြင့် နှစ်ဆပွားပါက (၇၅၀ × ၂ = ၁၅၀၀) ကိလေသာ ရရှိပါတယ်။ တစ်ဦးတစ်ယောက်အပေါ် ဖော်ပြပါ မေတ္တာများ၊ ကိလေသာများ အားလုံးနဲ့ ချစ်တယ်ဆိုတာ မဖြစ်နိုင်ပါ။

တစ်ဦးတစ်ယောက်ပေါ် ချစ်တယ်ဆိုတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အခါ ကိုယ့်မှာ ကောင်းတဲ့ခံစားမှုမျိုး ဖြစ်လာပါတယ်။ သူ့ကိုမြင်ရရင်ပျော်တယ်။ ကျေနပ်တယ်။ သူ့ကိုကောင်းစေချင်တယ်။ သူ့ကိစ္စတွေ အခက်အခဲတွေကို ဆောင်ရွက်ပေးချင်တယ်။ အနစ်နာခံချင်တယ်။ ဒါလည်း မေတ္တာရဲ့အသွင်သဏ္ဌာန်လို့ မှတ်ယူနိုင်ပါတယ်။ များသောအားဖြင့် ငါဆိုတဲ့အတ္တဒိဋ္ဌိမကင်းတဲ့အတွက် မေတ္တာဟန်ဆောင်လာတဲ့ကိလေသာလည်းဖြစ်တတ်ပါတယ်။ မေတ္တာဟာ အမြင့်ဆုံးအဆင့်ကို ရောက်သွားရင် ခံစားမှုမရှိတော့ပါ။ အသိဉာဏ်နဲ့ နားလည်ပြီး အကောင်းဆုံးဖြစ်အောင်၊ အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းသာ ဖြစ်ပါတယ်။ ငါ့အတွက်ဆိုတာမရှိတော့ပါ။ အဲဒီလိုအသိမျိုးနဲ့ မေတ္တာထားနိုင်လာရင် မြတ်ဘုဒ္ဓရဲ့အနှိုင်းမဲ့မေတ္တာသဘောကို မှန်းဆကြည်ညိုခွင့်ရရှိနိုင်ပါတယ်။

မြတ်ဘုဒ္ဓက မေတ္တာရဲ့သဘာဝကို 'မာတာ ယထာ နိယံပုတ္တ. . . ' အစချီတဲ့ ဂါထာနဲ့ ဟောကြားထားပါတယ်။ သားသမီးတစ်ယောက်တည်း ထွန်းကားတဲ့မိခင်ဟာ သားသမီးကိုအသက်ပေးပြီး စောင့်ရှောက်သလို သတ္တဝါတွေအပေါ်မှာ အဲဒီမိခင်ရဲ့မေတ္တာမျိုးထားနိုင်ဖို့ ဟောကြားထားပါတယ်။ သာမန်လူများအနေဖြင့် ဤမျှလောက်မေတ္တာထားနိုင်ဖို့ မလွယ်ကူပါ။ အရိယာသူတော်စင်သူတော်ကောင်းများ၊ အာဇာနည်ပုဂ္ဂိုလ်များသာ စွမ်းဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

လောကရှိလူသားတိုင်း ဘေးရန်ကင်းလိုကြပါတယ်။ အဓိကဘေးရန်ဆိုတာ အပြင်ကပုဂ္ဂိုလ်ရန်သူမဟုတ်ပါ။ အပြင်ရန်သူက ကိုယ့်ကိုဒုက္ခပေးချင်မှပေးနိုင်မှာပါ။ ကိုယ့်ကိုအန္တရာယ်ပေးစေဦး၊ ဒီဘဝဒီတစ်သက်ပဲ အန္တရာယ်ပေးလို့ရနိုင်ပါတယ်။ အမှန်တကယ်ကြောက်စရာကောင်းတဲ့ရန်က ရင်ထဲနှလုံးထဲမှာ ကိန်းနေတဲ့ အမုန်းတရားဆိုတဲ့ဒေါသရန်သူဖြစ်ပါတယ်။ ချစ်ခင်နေသူနှစ်ဦးကို အပြင်ရန်သူက မချစ်ခင်အောင်မလုပ်နိုင်ပါ။ အမုန်းရန်ကသာလုပ်နိုင်ပါတယ်။ မုန်းတီးခြင်းဒေါသကို ရန်သူလို့မထင်မှတ်ဘဲ မိတ်ဆွေပမာသဘောထားပြီး သိမ်းပိုက်ထားလေ့ပင်ရှိတတ်ပါတယ်။

www.burmeseclassic.com

ငါကစိတ်တိုတယ်။ ငါ့စိတ်ကိုဒီလိုစမ်းလို့ဘယ်ရမလဲဆိုပြီး ဒေါသကို ချိုးမွှမ်းစကားတောင်ဆိုကြပါတယ်။ ဒီဒေါသကမှ တကယ့်ရန်သူအစစ်ပါ။ ဒေါသရန်ကို ပယ်ရှားပြီး ဘေးရန်ကင်းစေဖို့ မေတ္တာဘာဝနာပွားရမှာ ဖြစ်ပါတယ်။

သတ္တဝါတွေ ဘေးရန်ကင်းစေဖို့ ကျန်းမာချမ်းသာစေဖို့အပြင် တစ်ဦးနဲ့တစ်ဦးလှည့်ပတ်ခြင်း၊ လိမ်ညာခြင်း၊ အထင်သေးခြင်း၊ ဆင်းရဲစေလိုခြင်းကင်းကြဖို့လည်း မေတ္တာပွားရပါမယ်။ မုန်းတီးစိတ်တဲ့နဲ့ တစ်ဦးတစ်ယောက်ဒုက္ခရောက်အောင်လုပ်လိုက်မယ်ဆိုတဲ့ စိတ်ဟာ အင်မတန် ယုတ်ညံ့တဲ့စိတ်ဖြစ်ပါတယ်။ ယခုခေတ် အကြမ်းဖက်ဝါဒဆိုတာ လူတွေ ဒုက္ခရောက်အောင် ဘယ်သူသေသေဆိုပြီးလုပ်နေကြတာ။ အဲဒီလူတွေရဲ့ စိတ်ထဲမှာ မေတ္တာဓာတ်လုံးဝခန်းခြောက်နေပါတယ်။ ဗဟိဒ္ဓလောကကြီးဖြစ်တဲ့ကမ္ဘာကြီး ယခင်ကထက်ပိုပြီး အပူရှိန်မြင့်တက်လာတာကို ဖြေရှင်းဖို့လုပ်နေကြတယ်။ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် အိုဇုန်းလွှာပေါက်ပြီး ကမ္ဘာကြီးပူနွေးလာတာလို့ သိပ္ပံပညာရှင်တွေက ထုတ်ပြန်ပါတယ်။ အရင်းခံအကြောင်းကတော့ လူတွေရဲ့သန္တာန်မှာ မေတ္တာဓာတ်တွေ ခန်းခြောက်ပြီး လောဘ၊ ဒေါသတရားဆိုးတွေ မထိန်းနိုင်လို့ ရင်ထဲနှလုံးထဲကစပြီး မီးတောက်လောင်နေကြခြင်း ဖြစ်ပါတယ်။ ဒီမီးကစပြီး စစ်မီးတွေဆက်ပြီး တောက်လောက်ကြရပါတယ်။ မီးတွေအေးငြိမ်းစေဖို့ တစ်ခုတည်းသောလက်နက်မှာ မေတ္တာလက်နက်မှတစ်ပါး အခြားမရှိတော့ပါ။

မေတ္တာပွားရမယ့်အချိန်ကိုတော့ 'တိဋ္ဌဝရဲ့ နိသိန္နော၀. . . ' ဂါထာနဲ့ဆက်ပြီး ဟောကြားထားပါတယ်။ လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုတ်လေးပါး စလုံး မိမိစိတ်မှာ ဖြစ်ပွားနေအောင် ကြိုးစားရပါမယ်။ ထမင်းဟင်းချက်ရင်း ဖြစ်စေ၊ အလုပ်လုပ်နေရင်းဖြစ်စေ၊ မေတ္တာစိတ်နဲ့အမြဲနေပါလို့ မှာကြားခဲ့ပါတယ်။ ယင်းကဲ့သို့နေခြင်းဟာ မေတ္တာကမ္မဋ္ဌာန်းအားထုတ်နေခြင်းဖြစ်လို့ မြတ်သောနေခြင်း ဖြစ်ပါတယ်။

မေတ္တာဆိုတာ ကိုယ်ကပေးလို့ရပါတယ်။ တစ်ပါးသူထံကတောင်းခံလို့မရပါ။ သူသဘောဆန္ဒအရ နှစ်နှစ်ကာကာပေးမှရနိုင်ပါတယ်။ သူ့ဆီကမေတ္တာကိုလိုချင်လို့ မျှော်လင့်ချက်နဲ့ ကိုယ်ကဆောင်ရွက်ပေးတယ်ဆိုရင် နှောင်ကြိုးရှိနေတဲ့အတွက် မေတ္တာအစစ်မဟုတ်တော့ပါ။ နှောင်ကြိုးရှိနေရင် ပေးသူလည်း မလွတ်လပ်၊ ရသူလည်း မလွတ်လပ်ပါ။ ရသူက အကြွေးတင်နေရသလို ခံစားရပြီး ပေးသူကလည်း အကြွေးရရန်ရှိသလို မျှော်လင့်နေတတ်လို့ လွန်စွာအခံရခက်စေပါတယ်။ အဲဒါကြောင့် ထကယ်မေတ္တာထားတယ်ဆိုရင် သူ့ဘက်က တုံ့ပြန်သည်ဖြစ်စေ၊ မတုံ့ပြန်သည်ဖြစ်စေ ကိုယ်စွမ်းနိုင်သမျှကို လွတ်လွတ်ကျွတ်ကျွတ်ပေးနိုင်ရပါမယ်။ မေတ္တာကိုပေးပြီးမှ ရုတ်သိမ်းလို့မရပါ။ မေတ္တာဆိုတာ ခွင့်လွှတ်ခြင်း၊ စွန့်လွှတ်ခြင်းနဲ့ အနစ်နာခံခြင်းလို့ တေးသီချင်းများတွင် ဖွဲ့ဆိုခဲ့ကြပါတယ်။

မေတ္တာမှာ အကြောင်းပြချက်မရှိပါ။ ငါ့အကြိုက်၊ ငါ့အလိုအတိုင်းမလုပ်ရင် မချစ်တော့ဘူးဆိုတာ မေတ္တာရဲ့ဆန့်ကျင်ဘက်ပါ။ မည်သူမျှ မည်သူတစ်ဦးတစ်ယောက်ရဲ့အကြိုက်ကို ရာဒိဉ်နှုန်းပြည့်မလိုက်လျောနိုင်ပါ။ မေတ္တာကြီးမားလာရင် ကိုယ့်အကျိုးကို လုံးဝမငဲ့ကွက်တော့ဘဲ သူတစ်ပါးအကျိုးအတွက်သာ အာရုံစိုက်ထားနိုင်ပါတယ်။

မေတ္တာတရားကြီးမားသူဖြစ်ဖို့ဆိုတာ သုတမယဉာဏ်၊ စိန္တာမယဉာဏ်မှုနဲ့ မလုံလောက်ဘဲ ဘာဝနာမယဉာဏ်နဲ့ ပွားများအားထုတ်မှသာ မေတ္တာရဲ့သဘောကို နားလည်ပြီး လိုက်နာကျင့်သုံးနိုင်မှာဖြစ်ပါတယ်။ မေတ္တာဘာဝနာပွားတယ်ဆိုတာ သမာဓိရစေဖို့ သီလကို အခြေခံတဲ့ကမ္မဋ္ဌာန်းကျင့်စဉ်တစ်ရပ်ဖြစ်ပါတယ်။ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ပညတ်ကို အာရုံပြုရခြင်းဖြစ်လို့ ဈာန်တရားများ ရရှိပြီး ဈာန်စိတ်နဲ့ယှဉ်လျက် စုတိပါဂကြုဟာဘုံသို့ရောက်ရှိနိုင်ပါတယ်။ မေတ္တာဘာဝနာကို အခြေခံပြီး ဝိပဿနာဘက်ကို ကူးပြောင်းမယ်ဆိုရင် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ မရှိပညတ်အမြင်ကို ဖျောက်ပြီး ရုပ်နာမ်ဆိုတဲ့ ရှိပရမတ်သဘောကို အာရုံပြုရမှာဖြစ်တယ်။ 'ဒိဋ္ဌဉ္စ အနုပဂ္ဂမ္မ . . . ဆိုတဲ့ မှားယွင်းတဲ့အယူကို မရောက်စေဖို့ အတ္တဒိဋ္ဌိကိုပယ်ခွာလိုက်ခြင်းဖြစ်ပါတယ်။ မိမိလည်း ရုပ်နာမ်နှစ်ပါး၊ သူတစ်ပါးလည်း -ရုပ်နာမ်နှစ်ပါးဆိုတဲ့သဘောကို မြင်အောင်ကြိုးစားရပါမယ်။ ဤကဲ့သို့ ကြိုးစားအားထုတ်ရင်း သီလ၊ သမာဓိ ပြည့်စုံလာတဲ့အခါ စိတ်ကြည်နူးလာတယ်။ ဝမ်းသာလာတယ်။ ကိုယ်စိတ်နှစ်ပါးတို့ ငြိမ်အေးပြီး ချမ်းသာလာတယ်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဆိုတဲ့ ရုပ်နာမ်တို့ရဲ့သဘာဝသည် မြဲမြံခြင်းမရှိဖောက်ပြန် ပြောင်းလဲ ပျက်စီးတတ်တဲ့သဘောရှိပါလားဆိုပြီး မှန်ကန်စွာဆုံးဖြတ်နိုင်တဲ့ သမ္မာဒိဋ္ဌိဉာဏ် (၀၂) ဝိပဿနာဉာဏ်ကိန်းလာတဲ့အတွက် မေတ္တာဓာတ်တွေ အထိုက်အလျောက် ကြီးမားလာပါတယ်။

မေတ္တာဓာတ်တွေ ခန်းခြောက်ပြီး ဆင်းရဲဒုက္ခရောက်နေကြတဲ့ လောကသားတွေ ချမ်းသာရစေဖို့ မြတ်ဗုဒ္ဓက နည်းလမ်းပြခဲ့ပါတယ်။ သဘာဝတရားအရှိကိုအရှိအတိုင်း ကြည့်တတ်၊ မြင်တတ်၊ ရှုပွားတတ်ပြီး လိုရာခရီးပန်းတိုင် ရောက်စေဖို့ ဉာဏ်မျက်စိဖွင့်ပေးခဲ့ပါတယ်။ ဗုဒ္ဓဘုရားရှင်သည် အနှိုင်းမဲ့မေတ္တာရှင်၊ မဟာကရုဏာတော်ရှင်ဖြစ်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပွေ့ချီကယ်မခြင်းမပြုခဲ့ပါ။ သားတော် ရာဟုလာကိုပင် နည်းလမ်းညွှန်ပြကာ ကိုယ်တိုင်အားထုတ်စေခဲ့ပြီး လောကမှလွတ်မြောက်စေခဲ့ပါတယ်။ အများသတ္တဝါတွေအပေါ် တွင်လည်း သားတော်နှင့်မခြား အလားတူ မေတ္တာထားခဲ့ပါတယ်။ မြတ်ဗုဒ္ဓ၏မေတ္တာကို လောကသုံးပါးတွင် မည်သူတစ်ဦးတစ်ယောက်မျှမယှဉ်နိုင်တဲ့အတွက် အနှိုင်းမဲ့မေတ္တာရှင်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ မြတ်ဗုဒ္ဓရဲ့ မေတ္တာတော်ကြီးမားကျယ်ပြန့်သလို သတ္တဝါအားလုံးအပေါ် ထားရှိသောသနားကြင်နာမှုကရုဏာလည်း အတိုင်းအဆမရှိအောင် အလွန်ကြီးမားပါတယ်။ ကရုဏာစိတ်ဟာ ဈာန်သမာဓိအဆင့်သို့ရောက်နေသဖြင့် လေးနက် တည်ငြိမ်ခိုင်မာတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ သနားကြင်နာခြင်းကရုဏာကို မဟာကရုဏာတော်လို့ သုံးနှုန်းရပါတယ်။

မိမိတို့အနေဖြင့်လည်း မြတ်ဗုဒ္ဓရဲ့ အနှိုင်းမဲ့မေတ္တာတော်နဲ့ မဟာကရုဏာတော်တို့ကိုလှမ်းမြော်ကြည်ညိုပြီး စွမ်းနိုင်သမျှ တစ်ပိုင်တစ်နိုင် မေတ္တာဘာဝနာပွားများကာ ပြဟ္မစိုရ်တရားလေးပါးလက်ကိုင်ထားခြင်းဖြင့် မိမိနဲ့ပတ်ဝန်းကျင်ကို အပူဓာတ်အလောင်ဓာတ်လေ နည်းစေပြီး အေးချမ်းသာယာစေဖို့ ကြိုးစားအားထုတ်ကြပါစို့ဟု ဆန္ဒပြုလိုက်ရပေသည်။

သတ္တဝါအားလုံး အစာဝ၊
အနာဂင်း၊ ဘယာရှင်းကြပါစေ

ချစ်ဖို(မော်ကွန်း)

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ရွာသည် ကားလမ်းဖြင့် မုံရွာမြို့မှ (၁၃) မိုင်ဝေးသည်။ သာစည်ရွာကြီးသည် လယ်ယာမြေကောင်း၍ ဆည်ရေဖြင့်စပါးသီးနှံများစိုက်ပျိုးနိုင်ပါသည်။ မုံရွာမြို့နယ် သာစည်ရွာမှာ ကျေးရွာခွဲ(၅)ရွာ၊ အိမ်ထောင်စု(၅၈၃)စု၊ လူဦးရေ (၂၆၀၇) ဦး မှီတင်းနေထိုင်ကြလေသည်။ ကျေးရွာစိုက်ပျိုးမြေရိယာ (၃၇၈၅) ဧက၊ ဆည်ရေသောက်ရိယာ (၉၉၉) ဧကနှင့် စပါးစိုက်ဧက (၁၇၀) ရှိပါသည်။

ယခုအခါ မုံရွာမြို့နယ် မဇ္ဈိမာရုံကျောင်းတိုက် (သာစည်ရွာ) ၏ မြောက်ဘက်မှ မုံရွာ၊ အရာတော်၊ ရွှေဘို ဖြတ်လမ်းဖောက်လုပ်လျက်ရှိရာ ကားသွားကားလာတို့ များပြားလျက်ရှိသည်။ ရွှေဘိုဖြတ်လမ်းတွင် မုံရွာမြို့နယ် သာစည်ရွာ အရာတော်မြို့နယ် နောင်ကြီးအိုင်၊ ဝါးတောမရွာများကို ဖြတ်သန်းလျက် ရွှေဘိုမြို့အထိ ဖြတ်လမ်းဖောက်ထားပါသည်။

သာစည်ရွာ မဇ္ဈိမာရုံကျောင်းတိုက်မြောက်ဘက် ကားလမ်းကိုဖြတ်လျက် ဖြတ်လမ်းမှ ပုလဲတောင်ကုန်းပေါ်သို့ မဇ္ဈိမာရုံဆရာတော်ဦးစရိတလိုက်ပါလျက် ဆုတောင်းပြည့်ဘုရားစေတီကြီးသို့ ပထမဆုံး သွားရောက် ဖူးမြော်ကြပါသည်။

မုံရွာမြို့နယ် သာစည်ရွာ ပုလဲတောင်တော်ဆုတောင်းပြည့်စေတီ မဟာကရုဏာမြတ်စွာဘုရားပူဇော်မှုခရီး

မောင်ရေမှိမ်း(မြောင်)

ခြေသုံးနှစ်ကောင်နှင့် ဆုတောင်းပြည့်စေတီအဝင်နှင့်ကပ်လျက် မဟာကရုဏာရုပ်ပွားတော်မြတ် သီတင်းသုံးရာစေတီ

ဆုတောင်းပြည့်စေတီပရဝုဏ်မှ ရှေ့ဟောင်းပြာသာဒ်တစ်ဆောင်

တံတိုင်းလေးဖက်၊ မုခ်လေးမုခ်ပါ ထွမ်းစေတီ

ရွှေဆုံးစေတီမှာ ဝိဇ္ဇာရှင်စေတီ

www.burmeseclassic.com

www.burmeseclassic.com

မဟာကရုဏာရုပ်ပွားတော်မြတ်ကို
စေတီလိုဏ်အတွင်းမှာ ဖူးတွေ့ရစဉ်



သိုက်နန်းရွှင်ဘုရား

ဆင်မြင်စေတီ

သိုက်နန်းရွှင်စေတီအတွင်းမှကြေးဆင်းတုတော်နှင့်
အထက်ပတ်ပတ်လည်မှ
နန်းကျိပ်ရွှစ်ဆူကြေးဆင်းတုတော်များ

ကိုးနဝင်းကပ်ကျော်အေးစေတီ

ရွှေဆုံးမှ လောကချမ်းသာအောင်သိမ်မြို့ သိမ်မြို့ရှင်ဘုရား

❑ ပုလဲတောင်ပေါ်မှာ ကြည်ညိုဖွယ်ရာ

ဆုတောင်းပြည့်ဘုရားကြီး၏အဝင်တောင်ဘက်မှခဝမှာ ခြင်္သေ့နှစ်ကောင်ရံလျက် အဝင်လမ်းမမှာ အုတ်သားများကိုခင်းထားပြီး ဘုရားအဝင်မုခ်တံတိုင်းအထိ ဒူးတိုက်ဒူးကာအုတ်သားနံရံဖြင့် ကာရံထားပါသည်။

ခြင်္သေ့နှစ်ကောင်မုခ်ဝအရှေ့ဘက်တွင် ကျွန်းလုံးတိုင်၊ ကျွန်းခင်း၊ ကျွန်းကာသွပ်မိုးနှင့် ရေးဟောင်းဇရပ်များကို လှပစွာ ယနေ့တိုင် တွေ့မြင်အသုံးပြုလျက်ရှိပါသည်။

❑ ဆုတောင်းပြည့်စေတီကမ္ဘည်းမှတ်တမ်း

ဆုတောင်းပြည့်စေတီဉာဏ်တော်အမြင့် (၈၈ ပေ) ၈၈ တောင် ၁ ထွာ၊ ထီးတော်အဝန်း ၁၁ (၁၁ တောင်)၊ ဆည်းလည်းပေါင်း (၈၁) လုံး၊ မြန်မာနှစ် ၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်တွင် ထီးတော်တင်ပြီး ၏။

၁၃၅၂ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့ ကြာသာပတေးနေ့ ရေစက်ချသည့် ဆရာတော်ဦးဇောတိက မဇ္ဈိမာရုံကျောင်းတိုက်ဟူသော ကျောက်သား

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်ဘုရားအတွင်းမှ ရှေးဟောင်းဓမ္မာရုံ

အေးစေတီအဝင်ကမ္ဘည်းမုတ်တမ်း



ဆုတောင်းပြည့်ဘုရားအတွင်း စနေထောင့်မှ ရှေးဟောင်းတရုတ်စံကားပင်

ဆုတောင်းပြည့်စေတီအရှေ့ဘက်မှ ကမ္ဘည်းမုတ်တမ်းကျောက်စာ



တရုတ်စံကားပင်ဝည် အနီးကပ်တွေ့ရစဉ်

ကမ္ဘည်းမုတ်တမ်းရေးသားထားသည်ကို တွေ့မြင်နိုင်ပါသည်။

ဆုတောင်းပြည့် စေတီတော်မြတ်ကြီးကို မဟာစေတီလှဘုရားဒါယကာ နရပတိစည်သူမင်းကြီးတည်ထားသည်ဟု သိရသည်။

ဆုတောင်းပြည့်စေတီ၏တောင်ဘက်အဝင် မဟာရံတံတိုင်းနှင့်ကပ်လျက် မုံရွာမြို့ ဦးဌေးရွှေ၊ ဒေါ်ကေသွယ်မြင့် CANရေသန့်စက်လီတာ (၁၀၀၀) ဆုံကို ဘုရားဖူးလာ ရဟန်းရှင်လူများသောက်သုံးနိုင်ရန် မုံရွာဟိုတယ်မှ လှူဒါန်းထားသည်ကိုလည်း ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုကာ တွေ့မြင်ခဲ့ရပေသည်။

ဘုရားကြီး၏ ပရိဝုဏ်အတွင်းမှာ ရှေးဟောင်းဇရပ်ကြီးများ ကျွန်းလိုင်လုံး

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်ဘုရား အဓိဌာန်ပြုရာနေရာမှ စာရေးသူ

ယောကချမ်းသာအောင်သီဒို့မင်္ဂလာကန်တော် (၁၃၇၁) မှခဲဉီး

ဆုတောင်းပြည့်ဘုရားအနီးမှ ရွေးဟောင်းဇရပ်တစ်ဆောင်



ဆုတောင်းပြည့်ဘုရားမှ ရေသန့်စင်နှင့် ဇရပ်ကြီးများ

များ၊ ကျွန်းသားခင်း၊ ကျွန်းလက်ရန်း၊ သွပ်မိုးများဖြင့် ရွှေဟောင်းဇရပ်တန်ဆောင်းဓမ္မာရုံများကို မဇ္ဈိမာရုံကျောင်းတိုက်ဆရာတော်အစဉ်အဆက် မွမ်းမံထိန်းသိမ်းထားရှိသဖြင့် ယနေ့အထိ ရွှေဟောင်းအမွေအနှစ်များကို တွေ့မြင်နိုင်ပါသည်။

❑ သက်တမ်းရင့်ရွေးတရုတ်စံကားပင်

ဆုတောင်းပြည့်စေတီတော်ကြီး၏ မဟာရံတံတိုင်းအတွင်း စနေထောင့်မှာ အရွက်များစိမ်းစိမ်းစိုစိုရွက်ဖားဖားဖြင့် အပွင့်မှာ အဝါရောင်အနားကွပ်ပွင့်ဖြူဖြူလေးများပွင့်နေသော တရုတ်စံကားပင်နှစ်ပင်ကို အုတ်ခဲပတ်ဝိုင်းလျက် တွေ့မြင်ရသည်။ တရုတ်စံကားပင်၏ပင်စည်မှာ သုံးတောင်ကျော်ကျော်ရှိသည်ကို တွေ့ရသည်။

ဆုတောင်းပြည့်စေတီဘုရားပွဲမှာ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့ ဆွမ်းလောင်းလှူပွဲ ကျင်းပပါသည်။ ဝါတွင်းဘုရားပွဲများအပြီးမှာ ကျင်းပသောဘုရားပွဲဖြစ်သဖြင့် ဒေသအခေါ် 'ဝတ်ထွက်ကြီးဘုရားပွဲ'ဟုလည်း ခေါ်ကြပါသည်။

❑ မဟာကရဏာရုပ်ပွားတော် ကြွသည်ဟု သော်

ဆုတောင်းပြည့် စေတီတော်နှင့် ကပ်လျက် မဟာကရုဏာစေတီတော်ကို ဗိုလ်မှူးရွှေမော်မိသားစုမှ ထပ်မံမွမ်းမံကုသိုလ်ပြုထားပြီး ကွန်ကရစ်တိုင်၊ ကွန်ကရစ်မိုးကျောက်ဇရပ်ကို ဦးဘငြိမ်းမိသားစုမှ ဆောက်လုပ် လှူဒါန်းထားသည်ကို တွေ့မြင်ရပါသည်။

မဟာကရုဏာရုပ်ပွားတော်မြတ်သည် ဆုတောင်းပြည့်သည်၊ သားသမီးရလိုသူများ ဆုတောင်းသဖြင့် ဆုတောင်းပြည့်ဝသည်ဟု သိရသည်။

စေတီအများစုမှာ ရွှေဟောင်းပွတ်စေတီများ ဖြစ်ပါသည်။ နရဏဇ စည်သူမင်းကြီးဘုရားတည်ရန် ခင်းတော်ကို အဓိဌာန်လွှတ်ရာ ဆင့်ပြုတော်ကို စမြင်ရသောနေရာကို 'ဆင်မြင်စေတီ'

www.burmeseclassic.com

www.burmeseclassic.com

တည်ခဲ့သည်ဟု သိရပါသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ လာရောက် အလုပ်လုပ်ကြသောနေရာဖြစ်သဖြင့် ဝိဇ္ဇာရှင်စေတီကို တည်ထားခဲ့ပါသည်။

ရှေးက သာစည်ရွာမှ ဦးချစ်တိုးသည် ပုလဲတောင်ကုန်းမှာ သက်သတ်လွတ်စား၊ တရားထိုင်၊ ပုတီးစိပ်၊ ဘုရားပြင်သည်။ တစ်ခါတစ်ရံ ပန်းပွင့်များစား ဘုရားပြင်သည်။ ဘုရားမီးများကို ဟွန်ဒါလက်ဆွဲမီးစက်ဖြင့် မီးပူဇော်တတ်ပါသည်။ အချို့က သိုက်နန်းရှင်များက တူညီ၍ ဘုရားပြင်သည်ဟု ဆိုပါသည်။

စာရေးသူသည် ညနေဆည်းဆာ အချိန် ပုလဲတောင်ကုန်းပေါ်မှ စေတီရုပ်ပွားတော်များအား လှည့်လည်ပူဇော်ပြီး မိမိပြုလုပ်သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များအား အမျှဝေ သာဓုခေါ်ဆိုရာ ထူးခြားသောပန်းရနံ့များရသည်။ အိမ်မြှောင်စုတ်ထိုးသံညံစီလျက် ဇရပ်တဆောင်းမရှိဘဲ ကြားခဲ့ရပါသည်။

ပုလဲတောင်ကုန်းပေါ်မှ အနောက်ကိုမျှော်ကြည့်လိုက်လျှင် ချင်းတွင်းမြစ် အနောက်ဘက်မှ ကြေးစင်တောင်၊ စယ်တောင်များကို လှမ်းမြင်ရသည်။ ခဏတန်ဖောဓိတစ်ထောင်မြေမှရပ်တော်ဘုရားကြီးကိုလည်း ဖူးမြော်နိုင်သည်။

❑ လောကချမ်းသာစေတီအနောက်မှာ အေးစေတီ ဇိန သာသနံ စိရံ တိဋ္ဌတု ကိုနဝင်းကပ်ကျော် အေးစေတီသမိုင်း

အနောက်ဘက်စေတီတော်ကောဇာ ခန့် ၁၂၉၂ ကောလိဓာတ်ကျောသောနှစ်တွင် တည်ထားပြီးစီးသည်။ တည်ထားရသည်အကြောင်းရင်းကား မြန်မာနိုင်ငံအနှံ့အပြား ပလိပ်ရောဂါဖြစ်သဖြင့် လူဦးရေအများအပြား သေကျေပျက်စီးကြရသည်။ သာစည်ရွာတွင်လည်း ပလိပ်ရောဂါကြောင့် အသေအပျောက်များပြီး အထိတ်တလန့်ဖြစ်ကာ ရွာသူရွာသားအားလုံး မိမိတို့အိမ်ကိုပစ်၍ဘေးကင်းရာအရပ်တစ်ဝိုက်တို၌ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။ ပေါက်တော၊ ငါးလျှင်ကုန်း၊ ပြင်းတောင်ရပ်ကွက်သုံးခု မီးလောင်ခဲ့ရသည်။ ဗေဒင်၊ ဓာတ်ကျမ်းကျွမ်းကျင်သောပုဂ္ဂိုလ်ကြီးများ၏ အစီအမံဖြင့် ထိုကြီးသုံးပါးမှကျော်လွှားနိုင်ရန် ဤအေးစေတီကိုတောင်ပြည့်စေတီကိုတည်ထားခြင်း ဖြစ်ပါသည်။

ထိုစဉ်က -

'ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်၊ ငယ်သာငယ်ကဲယ်ဆယ်မည့် ဘုရား၊ ဓာတ်ကောလီ သုံးဆယ်ပြည့်အောင် ဖူးကြအများ'

ဟူသော တဘောင်ပေါ် ပေါက်ခဲ့ရာ ဘုရားပွဲတော်ကို အေးမြသာယာသော ပြာသိုလပြည့်တွင် နှစ်စဉ်ပြုလုပ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဘုရားပွဲတော်မကျင်းပနိုင်ခဲ့သဖြင့် ပလိပ်ရောဂါတစ်ကြိမ်ပေါ် ပေါက်လာခဲ့သည်။ ဘုရားပွဲတော်ပြန်လည်ကျင်းပသည့်အခါမှစ၍ ကပ်ရောဂါပပျောက်သွားခဲ့သည်။ အရှေ့ဘက်စေတီမှာ ၁၂၇၁ ခုနှစ် ပလိပ်ရောဂါကြီးဖြစ်ပြီး နောက်တစ်နှစ်ကောလီဓာတ်ကျသော ၁၂၇၂ ခုနှစ်တွင် တည်ထားဟန်ရှိသည်။ ဘေးရန်ကင်းကွာချမ်းသာကြပါစေ။

ဦးကိုမောင်၊ ဒေါ်ခင်ခင် မိသားစုကောင်းမှုသမိုင်းမှတ်တမ်းကို အေးစေတီအဝင်တံတိုင်းမုခ်မှာရေးသားထားသည်ကို တွေ့မြင်ရပါသည်။

❑ သာစည်ရွာ လစဉ်ဘုရားပွဲ လောင်းလှူကြမစဲ

သာစည်ရွာဘုရားစေတီလှဘုရားကြီးဂေါဓရဂံ(၆၄)ရွာမှာ မဟာစေတီလှဘုရားပွဲများနှင့်တိုက်ဆိုင်၍ မည်သည့်ပွဲများမျှမလုပ်ရ။ တိုက်ဆိုင်လုပ်သည့်ရွာမှာ ဘေးဥပဒ်အန္တရာယ်ဖြစ်တတ်သည်ဟု ယုံကြည်ကြ၍ တိုက်ဆိုင်မလုပ်ကြသော ထူးခြားချက်ကို စာရေးသူ သိရှိခဲ့ရပါသည်။

၁။ သာစည်ရွာဘုရားများထဲမှာ ပထမဦးဆုံး လစဉ်ဘုရားပွဲများတွင် တော်သလင်းလဆန်း ၅ ရက်နေ့မှာ ရွှေမြင်တင်ဘုရားပွဲ (မုခ်ဝမှာ ဘီလူးရုပ်နှစ်ရုပ်ပါ၍ ဘီလူးဘုရားပွဲဟုလည်းခေါ်ကြသည်။)

၂။ တော်သလင်းလဆန်း ၁၃ ရက် ကျောင်းမကျောင်းဘုရားပွဲ။

၃။ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့မှာ ရွှေထွန်းဦးဘုရားပွဲ။

၄။ သီတင်းကျွတ်လဆန်း ၅ ရက် ဆင်မြင်ကုန်းဘုရားပွဲ။

၅။ သီတင်းကျွတ်လဆန်း ၁၂ ရက် ရွေဦးတိုက်အောင်ချမ်းသာဘုရား။

၆။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ သာစည်မဟာစေတီလှဘုရား။ (ဝတ်ထွက်ကြီးဆွမ်းလောင်းပွဲ)

၇။ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ဆုတောင်းပြည့်ဘုရား (ဝတ်ထွက်ကြီးဆွမ်းလောင်းပွဲ)

၈။ တန်ဆောင်မုန်းလကထိန်ပွဲများ။

၉။ နတ်တော်လ အလယ်ကျောင်းဘုရား။

၁၀။ ပြာသိုလပြည့် အေးစေတီဘုရား။

၁၁။ တပို့တွဲ တောင်ဖီလာဘုရား။

၁၂။ တပေါင်းလပြည့် ဆည်တော်မြင် (တဝဂူဘုရား)

၁၃။ တန်ခူးလသကြိန်ဘုရား။

၁၄။ ကဆုန်လပြည့် မဟာစေတီလှဆွမ်းဆန်စိမ်းလောင်းလှူပွဲ။

သံဃာတစ်ပါးလျှင် အနည်းဆုံးဆန် (၂) တင်းခွဲခန့် ရရှိတတ်ပါသည်။ ဘုရားပွဲမတိုင်ခင် အဘိဓမ္မာ (၇) ကျမ်းရွတ်ဖတ်ပူဇော်ပွဲကို ကဆုန်လဆန်း ၄ ရက်မှ ၁၃ ရက်အထိ ရွတ်ဖတ်ပူဇော်ပွဲကျင်းပသည်မှာ (၂၈) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရပါသည်။

၁၅။ နယုန်လ အခြားရွာဘုရားပွဲများ။

၁၆။ ဝါတွင်းသုံးလ မဟာစေတီလှဘုရား သည် လပြည့်၊ လကွယ်တိုင်း ဆွမ်း၊ မုန့်လောင်းလှူပွဲ။

ပုလဲတောင်မှ ဦးချစ်တိုးသည် ဆင်မြင်စဘုရားမှ စတင်မွမ်းမံပြင်ဆင်ခဲ့ပါသည်။ သာစည်ရွာ ပုလဲတောင်ပေါ်မှစေတီများကို မဏ္ဍိမာရုံဆရာတော် ဦးဇောတိကမှမွမ်းမံပြင်ဆင်စောင့်ရှောက်ခဲ့၏။ ယခုအခါ ဆရာတော် ဦးစရိတမှ ဆရာစကား အစဉ်လေးထားလျက် ဆက်လက် စောင့်ရှောက် မွမ်းမံမှုပြုနေပါသည်။ စေတီတော်အများစုမှာ ရှေးဟောင်းပွတ်စေတီတော်များဖြစ်ပြီး ရှေးဟောင်းသာဂုလာရံဇရပ်များမှာလည်း ရှေးမူမမျှက် တည်ရှိနေသဖြင့် ကြည်ညိုဖွယ်ရာနေရာထူးတစ်ခုဖြစ်၍ တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုထဲမှ ထူးခြားသောဒေသဖြစ်ကြောင်း ရေးသားပူဇော်လိုက်ရပါသည်။

မောင်ရေခြမ်း(ရွှေဝင်)

www.burmeseclassic.com

ချောင်းဆိုးအုန်းသွင်

သဘာဝမွေ့ သူဌေးကမ္ဘာများလှစွာ

"မြတ်စွာဘုရားအလောင်းတော်ဟာ ဘုရားဖြစ်ဖို့အတွက် ကမ္ဘာပေါင်းအသင်္ချေနှစ်ဆယ်နဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့ရတယ်ဆိုတဲ့အကြောင်း မနေ့ကပြောဖို့ စကားနိဒါန်းပျိုးလိုက်တာသုံးဆယ့်တစ်ဘုံနဲ့အချိန်ကုန်သွားတယ်။ ဒီကနေ့မှပြောရမယ်"

စကားဝိုင်းစလျှင်စချင်း ကိုအုန်းစိန်က အထက်ပါအတိုင်း နိဒါန်းပျိုးပြန်ပါသည်။ ပြီးတော့ ဆက်ပြီး -

"လွန်ခဲ့တဲ့ အသင်္ချေနှစ်ဆယ်နဲ့ကမ္ဘာတစ်သိန်းအထက်က ငြဟ္မာကြီးတစ်ပါးဟာ လူပြည်ကိုကြည့်ပြီးတော့ တစ်ကမ္ဘာပြီးတစ်ကမ္ဘာ လူပြည်လူရွာမှာ ဘုရားမပွင့်ဘဲ ကုန်လွန်သွားခဲ့တယ်။ ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေများလွန်းလှတယ်။ ဒါဟာ ဘုရားဆုပန်သူနည်းပါးပြီး ဘုရားဖြစ်ဖို့ ဇွဲလုံ့လနဲ့ပါရမီဖြည့်နိုင်သူရှားပါးလွန်းလို့ပဲ။ ဘုရားဖြစ်တဲ့အထိ ပါရမီဖြည့်နိုင်တဲ့ ဇွဲလုံ့လရှိနိုင်သူကိုကြည့်ပြီး တွေ့ရင် သူ့ကို ဘုရားဖြစ်လိုစိတ်၊ ဘုရားဆုပန်ပြီး ပါရမီဖြည့်လိုစိတ်သွင်းပေးမှပဲလို့ အကြံဖြစ်သတဲ့။ အဲဒီအကြံနဲ့ လူပြည်ကိုကြည့်သတဲ့။

အဲဒီအချိန်မှာ -

လုလင်တစ်ဦးဟာ မျက်မမြင်အမေအိုကြီးကိုထမ်းပြီး ချောင်းတစ်ခုကို ဖြတ်ကူးနေတယ်။ ချောင်းက ရေပေါင်လယ်လောက်ပဲရှိပြီး ရေတိမ်ပါတယ်။ ကျယ်တော့နည်းနည်းကျယ်ထယ်။ ရေစီးလည်း မသန်တဲ့အတွက် လူအများဟာ ဒီအတိုင်း အလွယ်တကူပဲ ဖြတ်ကူးနိုင်ကြတယ်။ ငြဟ္မာကြီးဟာ အဲဒီလုလင်ကို တွေ့သွားတယ်။ လုလင်ရဲ့စိတ်ဓာတ်ဟာ ခိုင်မာတဲ့စိတ်ဓာတ်ဖြစ်တာကို သိရတော့ ငြဟ္မာကြီးဟာ အားတက်သွားပြီး အဲဒီလုလင်ကို ဘုရားဖြစ်လိုစိတ်၊ ဘုရားဆုပန်လိုစိတ်သွင်းပေးလိုက်တယ်။ အဲဒီတော့ လုလင်က ဒီချောင်းဟာ တိမ်တိမ်လေးပဲ။ မျက်စိကောင်းတဲ့လူတွေဆို ဒီချောင်းကို အလွယ်တကူဖြတ်ကူးနိုင်တယ်။ ငါ့အမေက မျက်မမြင်ဖြစ်တော့ သူမကူးနိုင်ဘူး။ သူ့ကိုလွှတ်ပေးလိုက်ရင် လိုရာအရပ်ဖြစ်တဲ့ တစ်ဖက်ကမ်းကို မရောက်ဘဲ ချောင်းထဲမှာတဝဲလည်လည် ဖြစ်နေမယ်။

ဒီချောင်းကိုသမုဒ္ဒရာလို့ထားလိုက်ရင် သတ္တဝါတွေဟာ ပုထုဇဉ်သားတွေမို့ အားလုံး ငါ့အမေလိုမျက်ကန်းတွေချည်းပဲ။ သူတို့ဟာ သမုဒ္ဒရာဆိုတဲ့ သံသရာကြီးထဲမှာ တစ်ဖက်ကမ်းဆိုတဲ့နိဗ္ဗာန်ကို ရောက်အောင်မကူးနိုင်ကြဘူး။ ဘုရားပွင့်မှသာ ငါက ငါ့အမေမျက်ကန်းကို ထမ်းပြီး ချောင်းတစ်ဖက်ကမ်းကိုပို့သလို ဘုရားက သတ္တဝါမျက်ကန်းတွေ နိဗ္ဗာန်တစ်ဖက်ကမ်းရောက်အောင်ပို့ဆောင်နိုင်တာ။ ငါဘုရားဖြစ်ရင်ကောင်းမယ်။ ခုငါ့အမေမျက်ကန်းကိုထမ်းပြီး ချောင်းတစ်ဖက်ကမ်းကိုပို့သလို သတ္တဝါမျက်ကန်းတွေ သံသရာဝဲထဲက ကယ်မပြီး နိဗ္ဗာန်ကို ပို့ပေးမယ်လို့ ငြဟ္မာကြီးသွင်းပေးတဲ့ စိတ်ဓာတ်နဲ့ အကြံဖြစ်ပေါ်တယ်။

အဲဒီလုလင်ဟာ ငါတို့ရဲ့ဂေါတမဘုရားအလောင်းပဲ။ ဘုရားဖြစ်ချင်တဲ့ အကြံဖြစ်တော့ ဘုရားဖြစ်ကြောင်း စိတ်ကူးရသလောက်၊ ကြားဖူးနားဝရှိသလောက်၊ အများကောင်းကျိုးကို တတ်နိုင်သလောက် သယ်ပိုးဆောင်ရွက်တာမို့ ဘဝတိုင်းမှာ ဒီစိတ်ဓာတ်ဟာ ပျောက်မသွားဘဲ ဒီအကြံနဲ့ ဒီလိုဆောင်ရွက်ခဲ့တာပဲ။

အဲဒီနောက် ကမ္ဘာတစ်ခုမှာ ပေါရာဏဒီပင်္ကာရာဆိုတဲ့ဘုရားပွင့်တော်မူတယ်။ ခမည်းတော်က ဧကရာဇ်မင်းတစ်ပါးပဲ။ ဒီပင်္ကာရာဆိုတာ ဆီမီးအလင်းရောင်လို့ အဓိပ္ပာယ်ရပြီး ပေါရာဏဆိုတာ ရှေးကျခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဂေါတမဘုရားအလောင်းဟာ ဒီပင်္ကာရာမြတ်စွာဘုရားဆီက ဗျာဒိတ်ရတယ်ဆိုတော့ ဒီပင်္ကာရာချင်းရောမှာစိုးတဲ့အတွက် အခုဒီပင်္ကာရာကို ပေါရာဏလို့ ဝိသေသတပ်ထားတာ။ နောက် ဒီပင်္ကာရာနဲ့ ကမ္ဘာပေါင်း (၉) အသင်္ချေကွာတယ်။

အဲဒီပေါရာဏဒီပင်္ကာရာမြတ်စွာဘုရားမှာ နှမတော်တစ်ယောက်ရှိတယ်။ နှမတော်ဟာ တစ်ပင်တိုင်မြနန်းနဲ့နေတယ်။ တစ်နေ့ ညနေမှာ ရဟန်းတော်တစ်ပါးဟာ သပိတ်ပိုက်ပြီး မင်းသမီးနန်းရှေ့ကကြွသွားတာကို တွေ့တော့ မင်းသမီးက မင်းချင်းတွေနဲ့ ရဟန်းတော်ကို ပင့်ခိုင်းလိုက်တယ်။ ရဟန်းတော် ရောက်လာတော့ မင်းသမီးက -

အရှင်ဘုရား၊ ညနေဘက် သပိတ်ပိုက်ပြီး ဆွမ်းခံကြွလာတာ ညနေဆွမ်းဘုဉ်းပေးဖို့အတွက်လားလို့မေးလျှောက်တယ်။ ဒီတော့ ရဟန်းတော်က ဆွမ်းခံထွက်တာမဟုတ်ပါဘူး။ မြတ်စွာဘုရားနဲ့ သံဃာတော်များ ညဘက်လင်းလင်းချင်းချင်းနဲ့ အန္တရာယ်ကင်းကင်းနေနိုင်ရန်အတွက် ဆီမီးထွန်းပေးဖို့ မုန့်ညင်းဆီအလှူခံထွက်တာပါလို့ ပြန်ဖြေတယ်။

ဒီလိုဆိုရင် တပည့်တော်ကပဲ သပိတ်အပြည့်လောင်းလှူလိုက်ပါမယ် ဘုရားလို့ ပြန်လည် လျှောက်ထားပြီး မုန့်ညင်းဆီသပိတ်အပြည့်လောင်းလှူလိုက်တယ်။

ပြီးတော့ မင်းသမီးက အရှင်ဘုရား ဘာဆုပန်ပါသလဲလို့မေးလျှောက်တယ်။

ရဟန်းတော်က ဘုရားဆုပန်ပါတယ်လို့ပြန်ဖြေတယ်။ ဒီတော့ မင်းသမီးက တပည့်တော်လည်း ဤကုသိုလ်ကောင်းမှုကြောင့် နောင်အခါ ဘုရားဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ရပါလိုဇ်၏လို့ ဆုတောင်းပါတယ်။ ဒီလို ဆုတောင်းကြောင်းကို မြတ်စွာဘုရားရှင် အား လျှောက်ထားပေးပါလို့လည်း လျှောက်ထားတယ်။

ရဟန်းတော်က ကောင်းပါပြီလို့ မိန့်ကြားပြီး ကျောင်းကိုပြန်ကြွသွားတယ်။ ကျောင်းပြန်ရောက်တော့ ရဟန်းတော်က မြတ်စွာဘုရားကို အလုံးစုံ ပြန်လည် လျှောက်ထားတယ်။

ဒီအခါ ပေါရာဏဒီပင်္ဂရာ မြတ်စွာဘုရားက -

အမျိုးသမီးဘဝနဲ့ ဘုရားဆုပန်လို့ မရဘူး။ ရှေးဦးစွာ ယောကျ်ားဘဝကို ဆုတောင်းရတယ်။ ယောကျ်ားဘဝကိုရပြီးမှ ဘုရားဆုကိုတောင်းရတယ်လို့မိန့်ကြားတော်မူပါတယ်။

ရဟန်းတော်အား ပေါရာဏဒီပင်္ဂရာမြတ်စွာဘုရားထံမှာ ဘုရားအဖြစ်ကို ဆုတောင်းပြီး ဗျာဒိတ်ခံတယ်။ ပေါရာဏဒီပင်္ဂရာမြတ်စွာဘုရားရှင်က အနာဂတ်တံသာဉာဏ်တော်နဲ့ အနာဂတ်ကို ဆင်ခြင်တော်မူရာ ရဟန်းတော်ရဲ့ဘုရား ဖြစ်မယ့်အကြောင်းကို မြင်တော်မူတဲ့ အတွက် နောင်တစ်ဆယ့်ခြောက်သချေ နဲ့ ကမ္ဘာတစ်သိန်းလွန်တဲ့အခါ ဒီပင်္ဂရာ ဘဲ့ အမည်နဲ့ ဝိရိယဃာဓိကဘုရားအဖြစ် ကိုရရှိမယ်လို့ ဗျာဒိတ်ပေးတော်မူတယ်။ ဘုရားသုံးမျိုးရှိတယ်။ အဲဒါတွေကတော့ (၁) ပညာဃာဓိက၊ (၂) သဒ္ဓါဃာဓိက၊ (၃) ဝိရိယဃာဓိကရယ်လို့ ဖြစ်တယ်။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အစဉ်အလိုက် ပါရမီဖြည့်ရတယ်။ အဲဒီ ရဟန်းတော် ဒီပင်္ဂရာဘုရားဖြစ်တော့ ငါတို့ဂေါတမအလောင်း မင်းသမီးဟာ သုမေဓာရသေ့ဘဝနဲ့ အဲဒီ ဒီပင်္ဂရာ မြတ်စွာဘုရားထံမှာ ဗျာဒိတ်ရတယ်။

စောစောကစကား ပြန်ဆက်ကြရ အောင်။

ရဟန်းတော်ဟာ မင်းသမီးဆီပြန် လာပြီး ပေါရာဏဒီပင်္ဂရာမြတ်စွာဘုရား ရဲ့ကြားတော်မူတဲ့အတိုင်း ပြန်လည်ပြော ပြတယ်။ ဒီတော့ မင်းသမီးက မုန့်ညင်း ဆီတစ်သပိတ်ထပ်လျှမ်းပြီး နောက်ဘဝမှ စ၍ ဖြစ်လေရာဘဝတိုင်းမှာ ယောကျ်ား ဖြစ်ရပါလို့၏လို့ဆုတောင်းတယ်။ နောက် ဘဝကစပြီးတော့ ဆုတောင်းတဲ့အတိုင်း ယောကျ်ားဘဝကို ရရှိတယ်။ အဲဒီမှာ ဘုရားဖြစ်ချင်တဲ့ဆန္ဒက ပျောက်ပျက် သွားဘဲ ကိန်းအောင်းလာတဲ့အတွက် စိတ်နဲ့ပဲဘုရားဖြစ်ဖို့ဆုတောင်းပြီး ရဟန်း တော်ပြောခဲ့တဲ့အတိုင်း ဒါနအမှု၊ သီလ အမှုနဲ့ အများကောင်းကျိုးကို တတ်အား သရွေ့ပြုခဲ့တယ်။

အဲဒီလိုစိတ်နဲ့ ဆုတောင်းတာ ကမ္ဘာပေါင်းခုနစ်အသင်္ချေကြာသွားတယ်။ အဲဒီမှာ ဘုရားပေါင်း (၁၂၅,၀၀၀) ပွင့်ခဲ့ တယ်။

နောက်တော့ နှုတ်နဲ့ဖွင့်ဟပြီးတော့ ဘုရားအဖြစ်ကို ဆုတောင်းတယ်။ ဒါန သီလနဲ့ အများကောင်းကျိုးကိုလည်း အစွမ်းကုန်ပြုခဲ့တယ်။ အဲဒီလို နှုတ်နဲ့ ဖွင့်ဟဆုတောင်းပြီး ပါရမီဖြည့်ခဲ့တာ ကမ္ဘာပေါင်းကိုးအသင်္ချေကြာသွားတယ်။ အဲဒီမှာ ဘုရားပေါင်း (၃၈၇,၀၀၀) ပွင့်ခဲ့ တယ်။ နှစ်ရပ်ပေါင်း ဘုရားပေါင်း (၅၁,၀၀၀) ပွင့်ခဲ့တယ်။

ဂေါတမဘုရားအလောင်းတော်ဟာ ကမ္ဘာပေါင်း ကိုးအသင်္ချေ နှုတ်ကဖွင့်ဟ ဆုတောင်းပြီး ပါရမီဖြည့်လာတာ ဗျာဒိတ်ရမယ့် ဒီပင်္ဂရာမြတ်စွာဘုရား လက်ထက်ကျတော့ အလွန်တရာကြွယ်ဝ ချမ်းသာတဲ့ သုမေဓာသူဌေးသားဖြစ်လာ တယ်။ မိဘနှစ်ပါးကွယ်လွန်သွားပြီးတဲ့ နောက်မှာ ထားခဲ့တဲ့ပစ္စည်းဥစ္စာ၊ ရတနာ ရွှေငွေတွေကိုကြည့်ပြီး -

ဒီပစ္စည်းဥစ္စာရတနာရွှေငွေတွေ ဟာ ငါ့ရဲ့ဘိုးစဉ်ဘောင်ဆက် အဆက် ဆက်က ရှာဖွေစုဆောင်းခဲ့ကြတာပဲ။ သူတို့တစ်တွေ တစ်ဆက်ပြီးတစ်ဆက် သေသွားခဲ့ကြပေမယ့် ဒီပစ္စည်းတွေကို ဘာမှယူမသွားခဲ့နိုင်ကြဘူး။ လက်ဗလာ နဲ့ လူ့ရွာကထွက်သွားခဲ့ကြတယ်။ ငါက တော့ သူတို့လိုလက်ဗလာနဲ့ထွက်မသွား ဘူး၊ ပါလာနိုင်သလောက် ပါအောင်ယူ မယ်။ ဒီပစ္စည်းဥစ္စာတွေကို အကုန်လှူပြီး အဲဒီအတွက် ကုသိုလ်ရအောင် အကုန် ယူမယ်လို့တွေးပြီး ဘဏ္ဍာတိုက်ကိုဖွင့်ပြီး အခြေအရံအလုပ်သမားတွေကို အကုန် မျှဝေပေးလိုက်တယ်။ ကိုယ်တိုင်က တောထွက်ပြီး ရသေ့ဝတ်နဲ့ တရားရှာမီး တယ်။ ဉာဏ်ရည်ထက်မြက်သူဖြစ်လို့ စွာန်အဘိညာဉ်ရတဲ့အထိပေါက်မြောက် တယ်။ အဲဒီအချိန်မှာ ဒီပင်္ဂရာမြတ်စွာ ဘုရားဟာ သူတို့တက်ကို ဒေသစာရီ ကြွချီမယ့်သတင်းရလို့ ရွာသူရွာသားများ က ဘုရားကြွလာမယ့်လမ်းကို ကိုယ့်ငန်း ကိုယ့်တာအသီးသီးတာဝန်ယူဖြိုကြတယ်။ အဲဒီမှာ သုမေဓာရှင်ရသေ့ကလည်း ငန်းတာ(ဆောင်ရွက်ရန်တာဝန်ကျသော လုပ်ခင်းလုပ်ကွက်) တစ်ခု တာဝန်ယူပြီး ကိုယ်တိုင် မြေပေါက်ဖို့ပါတယ်။ စွာန် အဘိညာဉ်တန်ခိုးနဲ့မလုပ်ဘူး။ နောက်ပါ သံဃာငါးရာနဲ့ ဘုရားရှင်ကြွလာချိန်မှာ သုမေဓာဟာ မပြီးသေးတဲ့အတွက် ကျန် တဲ့နေရာကို ဘုရားရှင်နဲ့ သံဃာငါးရာ လျှောက်ဖို့ ကိုယ်ကိုဝမ်းလျားမှောက်ခင်း ပေးလိုက်ပါတယ်။ သေနိုင်တာကိုသိပေ မယ့် သေချင်သေပါစေဆိုတဲ့ စေတနာနဲ့ နောက်တွန့်ခြင်းမရှိဘဲ ဝမ်းလျားမှောက် ခင်းပေးလိုက်တယ်။

ပြီးတော့ သုမေဓာရှင်ရသေ့ဟာ ဒီပင်္ဂရာမြတ်စွာဘုရားထံမှာ ဘုရားဆု ကိုပန်တယ်။ ဒီပင်္ဂရာမြတ်စွာဘုရားက ပစ္စုပ္ပန်အခြေအနေနဲ့ အနာဂတ်အခြေ အနေကို ရှုကြည့်ဆင်ခြင်တော်မူတယ်။ ပစ္စုပ္ပန်အခြေအနေဆိုတာ ဘုရားဆုပန် သူအတွက် အရည်အချင်း (၈) ရပ်နဲ့ ပြည့်စုံရတယ်။

အဲဒါတွေက -

၁။ လူသားစစ်စစ်ဖြစ်ရပါတယ်။ လူဘဝအမြတ်ဆုံးဆိုတာ အဲဒါကြောင့် ပြောတာ။ လူသားစစ်စစ်မဟုတ်ရင် ဘုရားဆုပန်ခွင့်၊ ဘုရားဖြစ်ခွင့်မရှိဘူး။

၂။ ယောကျ်ားစစ်စစ်ဖြစ်ရတယ်။ ယောကျ်ားစစ်စစ်မဟုတ်ရင် ဘုရားဖြစ် ခွင့်မရှိဘူး။

၃။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရပါတယ်။ ပုဂ္ဂိုလ် (၃) မျိုးရှိတယ်။ အဲဒါတွေက (က) တိဟိတ်ပုဂ္ဂိုလ်၊ (ခ) ဒွိဟိတ်ပုဂ္ဂိုလ်၊ (ဂ) အဟိတ်ပုဂ္ဂိုလ်တို့ဖြစ်တယ်။ ဉာဏ် ရည်ဉာဏ်သွေးအရခွဲထားခြင်းဖြစ်တယ်။ တိဟိတ်ပုဂ္ဂိုလ်က အထက်မြက်ဆုံး၊ ဒွိဟိတ်က မထက်မြက်ဘူး၊ အဟိတ်က အပွါယ်ဘုံသားတွေကိုပြောတာ။

(၄) ဘုရားနဲ့တွေ့ပြီးဖူးရသူဖြစ်ရ မယ်။

(၅) ရသေ့ရဟန်းဖြစ်ရမယ်။

(၆) စွာန်ရသူဖြစ်ရမယ်။

(၇) ဘုရားဆုကိုတောင်းရသူဖြစ် ရ မယ်။

(၈) ဘုရားဖြစ်လိုတဲ့ဆန္ဒ အလွန် အမင်းပြင်းပြနေရမယ်။

အဲဒီအချိန်မှာ သုမေဓာရှင်ရသေ့ ရဲ့စိတ်ထဲမှာ ဘုရားသာဖြစ်မယ်ဆိုရင် သမုဒ္ဒရာလောက်ကျယ်တဲ့ မြေပြင်ကြီး မှာ မီးကျီးခဲတွေအပြည့်ခင်းထားလည်း နောက်မတွန့်ဘဲ ဖြတ်နင်းသွားမယ်။ သုမေဓာမှာ (၈) ချက်လုံးနဲ့ ပြည့်စုံနေ တယ်။ အနာဂတ်ကို ရှုဆင်ခြင်လိုက်တော့ ဘုရားဖြစ်မှာမြင်တဲ့အတွက် ဒီပင်္ဂရာမြတ်စွာဘုရားက -

နောင်လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ရောက်တဲ့အခါ ဂေါတမပွင့်တဲ့ဘုရား အဖြစ်ကို ရောက်ရှိလိုက်မယ်လို့ ဗျာဒိတ် ပေးတော်မူတယ်။

ကဲ - ဒီနေ့တော့ ဒီလောက်နဲ့နားကြည်းစို့။

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

ဇေယျာထက်

ပရိတ်တရားတော်မြတ်ရွတ်များ ပါရမီဆယ်ပါး ဖြည့်ဆည်းထား

ပါရမီဆိုသည်မှာ နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်းအကျင့်ကောင်းအကျင့်မှန်သမျှကို ခေါ်ဆိုရပေသည်။ အကျင့်ကောင်းအကျင့်မြတ်မှန်သမျှကို သူတော်သူမြတ်အပေါင်းတို့သည် နေ့စဉ်ကျင့်ဝတ်မပျက် ကြိုးစားဖြည့်ဆည်းလုပ်ဆောင်နေကြလေ့ရှိသည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရေးသားစီရင်အပ်သော ဥတ္တမပုရိသဒီပနီကျမ်းတွင် အလောင်းတော် မျောက်မင်းက ချောက်ထဲတွင် ကျရောက်နေသော ပုဏ္ဏားကြီးအား ကယ်ဆယ်ရာတွင် ပါရမီ (၁၀) ပါး ဖြည့်ဆည်းလျက်သားရှိနေကြသည်ကို ဆင်ခြင်ကြည့်မည်ဆိုပါက ဆက်နွယ်မှုများရှိနေသည်ကို မြင်တွေ့ရမည်ပင် ဖြစ်သည်။

လောကီ၊ လောကုတ္တရာအကျိုးကို အရင်းခံမျှော်ကိုး၍ ပေးလှူသော ပုညဝိသယဒါနသည် ဒါနပါရမီနှင့် သက်ဆိုင်သည်။ ချစ်ခင်ချစ်ကြိုက်၍ပေး

ပရိတ်တရားတော်မြတ်များတို့ကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်မြတ်တို့ကို ဖြည့်ဆည်းလေ့ကျင့်တော်မူပြီး ရရှိလာခဲ့သော သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားတော်မူသည့်ရွေးနှုတ်တော်ထွက် ဓမ္မစက်များဖြစ်သောကြောင့် ပစ္စေကဗုဒ္ဓဘုရားငယ်များပင် မဟောကြားနိုင်ခဲ့ကြပေ။ ထို့သို့ များပြားကျယ်ပြန့်နေသော ဓမ္မစက်ပရိတ်တော်မြတ်များကို ပညာရှိရှင်ရဟန်းတော်များက စုစည်းပေးထားခဲ့သဖြင့် ရရှိလာသော အလွန်တန်ဖိုးအနုပ္ပတ္တိုက်သည့် မြတ်ဗုဒ္ဓ၏ သာသနာ့အမွေပင်ဖြစ်ပေသည်။

ကျွန်တော်တို့သည် အလွန်ရခဲလှစွာသောလူဘဝကြီးကိုရရှိလာခဲ့ကြသည်တွင် မြတ်စွာဘုရားရှင်၏ အဆုံးအမဒေသနာတော်များကို အမှီသဟဲပြုနေထိုင်ကြရပြီး ပရိတ်တော်မြတ်များကို နေ့စဉ်ကျင့်ဝတ်သဖွယ် ထားရှိ ရွတ်ဖတ်နာကြားနေကြရပေသည်။

ပရိတ်တော်မြတ်တို့ကို ရွတ်ဖတ်ပူဇော်နာကြားနေကြသူအပေါင်းတို့မှာ ရောဂါဘေးရန်အန္တရာယ်အမျိုးမျိုးတို့မှ ကင်းဝေးနိုင်ကြစေကာ ကောင်းကျိုးမင်္ဂလာကျက်သရေချမ်းသာအဖြာဖြာတို့ကို ရစေနိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူ့ခြင်း၊ တစ်ပါးသူတစ်ဦးတစ်ယောက်ကို ကြောက်ရွံ့၍ပေးလှူသော လောကဝိသယဒါနများသည် ဒါနပါရမီနှင့် မသက်ဆိုင်ပေ။ ထို့ကြောင့် သဒ္ဓါအရင်းခံပြီးလောကီ၊ လောကုတ္တရာအကျိုးမျှော်ကာ လှူဒါန်းခြင်းကြောင့် ဒါနပါရမီကိုရသည်။

သူတစ်ပါးတို့အား တရားဟောစေခြင်း၊ မိမိကိုယ်တိုင်နာကြားခြင်း၊ သူတစ်ပါးတို့အားလည်း ကြားနာစေခြင်းတို့သည် ဓမ္မဒါနဖြစ်သည်။ ဓမ္မဒါနသည် ဒါနတကာတို့တွင် အဖိုးတန်အမြင့်မြတ်ဆုံး ဖြစ်ပါသည်။ ပရိတ်တော်၊ တရားတော်များကို ရွတ်ဖတ်ကြားနာခြင်းသည် သဒ္ဓါတရားကို အရင်းခံ၊ မေတ္တာထားပေးလှူနေခြင်းမျိုးဖြစ်သောကြောင့် ပုညဝိသယဒါနဖြစ်သောကြောင့် ဒါနပါရမီဖြစ်ရသည်ဟု ဆိုနိုင်သည်။

ကောင်းမွန်မြင့်မြတ်သော အလှေအကျင့်မှန်သမျှကို သီလဟု ခေါ်သည်။ ကာယကံမှု၊ ဝစီကံမှုတို့ကို ဖြစ်ချင်သလို ဖြစ်အောင်လွှတ်မထားဘဲ ငြိမ်သက်တည်ကြည်အောင် စိတ်ဖြင့်ကောင်းစွာထိန်းထားမှုပင် ဖြစ်သည်။

အားလုံးသော သတ္တဝါတို့ကို ရောဂါဘေးအန္တရာယ်အသွယ်သွယ်တို့မှကာကွယ် စောင့်ရှောက်ပေးလိုသူများသည် ပရိတ်တော်များကို ရွတ်ဖတ်ကြရာ ရွတ်ဖတ်ခြင်းသည် သီလကုသိုလ်မျိုးဖြစ်၏။ ပရိတ်တရားထဲတွင်သာ စိတ်ကို ငြိမ်သက်တည်ကြည်စွာစောင့်ထိန်းရခြင်းကြောင့် မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဆိုသည့် ဝစီဒုစရိုက် (၄)ပါးရှောင်ပြီး သုဘာသိတဝါစာဖြစ်သောကြောင့် အာဇီဝဋ္ဌမကသီလဖြစ်ပြန်၏။

ဒါနပါရမီနှင့် သီလပါရမီဖြစ်သည်ဆိုလျှင် ကြွင်းသော ပါရမီ (၈) ပါးတို့သည် ယင်းပါရမီ(၂)ပါးအတွင်းသို့ ဝင်ကြရသည်ဟု ထေရဂါထာအဋ္ဌကထာတွင် ဖွင့်ဆိုပြသည်။ ထို့ကြောင့် သီလပါရမီဖြစ်သည်ဟု ဆိုနိုင်သည်။

နေက္ခမပါရမီ ဆိုသည်ကား ထွက်မြောက်ခြင်းဟု သဘောရှိသည်။ ထွက်မြောက်သူ၏အဖြစ်ကိုဆိုပါသည်။

ထွက်မြောက်ခြင်းတွင် -

၁။ သံသရာဘဝမှထွက်မြောက်ခြင်း၊

၂။ ဘာဝမှထွက်မြောက်ခြင်း

ဟူ၍ (၂) မျိုးရှိပြန်၏။

ထို ကာမမှလွတ်မြောက်ခြင်းကို ပြည့်ကျင့်နိုင်မှ သံသရာမှထွက်မြောက်နိုင်မည်ဖြစ်ဖြင့် ကာမမှထွက်မြောက်နိုင်ခြင်းသည်သာ အရင်းခံဖြစ်သည်။

လူသူမနီးသော တောရပ်မြို့ကြီးထဲသို့ထွက်သွားမှ နေက္ခပါရမီဖြစ်သည်ဟု ယူဆ၍မရနိုင်ပါ။ ကိလေသာကာမကျက်စားရာနယ်ပယ်မှ အပြီးစွန့်ခွာပြီး ကာမလွတ်ကင်းရာ သင့်တော်သော နေရာတွင် ကျင့်ကြံအားထုတ်ခြင်းသည် နေက္ခမပါရမီဖြစ်ပေသည်။

ပရိတ်တော်များရွတ်ဖတ်ကြားနာဆဲကာလ၌ ရာဂမီး၊ ဒေါသမီး၊ မောဟမီးစသော ကိလေသာကာမတို့မှကင်းစင်နေပြီး ပရိတ်တရားတော်ထဲတွင်သာ အာရုံစွဲကပ်နေသဖြင့် ကာမမှလွတ်မြောက်ကြောင်းအလုပ်ဖြစ်နေခြင်းကြောင့်လည်း နေက္ခမပါရမီဖြည့်ကျင့်နေသည်ဟု ဆိုနိုင်ပေသည်။

မှန်ကန်သောသစ္စာလေးပါးတရားတော်တို့ကို ထိုးထွင်း၍သိတတ်သော ဉာဏ်ကို ပညာဟုခေါ်သည်။

ပညာ၌ -

၁။ စိန္တာမယပညာ၊

၂။ သုတမယပညာ၊

၃။ ဘာဝနာမယပညာ

ဟူ၍ (၃) မျိုး ရှိနေပါသည်။

ဓမ္မတာသဘာဝအရ ဖြစ်ပေါ်နေသော သင်္ခေါတရားတို့ကို အလိုအလျောက် တွေးတောကြံစည်၍ သိမြင်လာနိုင်သောပညာကို စိန္တမယပညာဟု ခေါ်သည်။

ပညာရှိပုဂ္ဂိုလ်များထံမှ နည်းနာခံယူသင်ယူမေးမြန်း၍ဖြစ်စေ၊ ကြားနာမှတ်သားရ၍ဖြစ်စေ သိရှိနားလည်၍ဖြစ်ပေါ်လာရသောပညာမျိုးကို သုတမယပညာဟု ခေါ်သည်။

ဘာဝနာကမ္မဋ္ဌာန်း ပွားများရင်းအလိုလိုသိမြင်လာသောပညာမျိုးကိုကား ဘာဝနာမယပညာဟု ခေါ်သည်။

သမ္မာညုတညာဏ်တော်ရ ဗုဒ္ဓမြတ်စွာ ဟောကြားအပ်သော ပရိတ်တရားတော်တို့ကို ရွတ်ဖတ်ကြားနာနေသူတို့မှာ ရွတ်ဖတ်ကြားနာနေရင်းက အသိဉာဏ်ပညာများထိုးပွားဖြစ်နေသည်မှာ ထင်ရှားပါသည်။ ဉာဏ်ပညာများ တိုးပွားလာရခြင်းသည် ဘုရားရှင်ဟောကြားအပ်သော ပရိတ်ဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ရွတ်ဖတ်သူ ပုဂ္ဂိုလ်များထံမှ နာယူမှတ်သားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော သုတမယပညာမျိုးဖြစ်ခြင်းကြောင့် ပုညပါရမီဖြစ်စေသည်မှာ ထင်ရှားလှပါသည်။

ကိုယ်စိတ်နှစ်ပါးပင်ပန်းနွမ်းနယ်နေသည်ကို ဂရုမထားဘဲ အရိုးကြေကြေအရေခန်းခန်းဟူသောဇွဲသတ္တိဖြင့် မဖြစ်မနေ ပြီးမြောက်အောင်ကြိုးစားအားထုတ်ခြင်းကို ဝိရိယဟု ခေါ်သည်။

မကောင်းသော နေရာမျိုးဌ အားထုတ်သောဝိရိယမျိုးကို မိစ္ဆာဝါယမဟုခေါ်သည်။ သူတော်ကောင်းတို့၏ အလှေအထဖြစ်သော အပြစ်ကင်းသည့် ဒါန၊ သီလအစရှိသော ကုသိုလ်များတွင်သာ ကြိုးစားအားထုတ်သောဝိရိယမျိုးသည် သမ္မာဝါယမဖြစ်သဖြင့် ဝိရိယပါရမီဌအကျိုးဝင်ရာ ပရိတ်တရားတော်များကို လုံ့လ၊ ဝီရိယစိုက်ထုတ်ရွတ်ဖတ်ခြင်း၊ ကြားနာခြင်းတို့သည် ကုသိုလ်တိုးပွားစေသောဝိရိယဖြစ်သဖြင့် ဝိရိယပါရမီ ဖြည့်ဆည်းရာရောက်သည်ဟု ဆိုနိုင်ပါသည်။

ပါရမီ(၁၀)ပါးတို့တွင် ဖြည့်ကျင့်ရန် အခက်အခဲဆုံးမှာ သည်းခံခြင်း(ခန္တီ)ဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက သည်းခံခြင်းထက် လွန်ကဲသောတရားသည် မရှိဟု ဟောတော်မူခဲ့သည်။ ပရိတ်တရားတော်တို့ကို အာရုံစူးစိုက်၍ရွတ်ဖတ်ကြားနာနေသူတို့မှာ မှတ်၊ ခြင်း၊ ယင်စသည်တို့ ကိုက်ခဲနေခြင်းကို လည်းကောင်း၊ ကိုယ်လက်အင်္ဂါတို့မှ ညောင်းညာနေသည်ကို သည်းခံနေရသဖြင့် ခန္တီပါရမီဖြည့်ကျင့်ရာရောက်ပါသည်။

မှန်သောစကားတစ်မျိုးတည်းသာ ပြောဆိုခြင်းကို သစ္စာဟု ခေါ်သည်။ မြတ်စွာဘုရားရှင်တို့၏ စကားဟူသမျှသည် နှစ်ခွနှစ်မျိုးမရှိဘဲ တိကျမှန်ကန်မှုရှိသည်သာ အမြဲဖြစ်သည်။

သို့ဖြစ်ရာ ပရိတ်တရားတော်တို့ကို ရွတ်ဖတ်နာကြားနေသူတို့မှာ အလိုလို့နေရင်းက သစ္စာပါရမီဖြည့်ဆည်းမှုကျင့်ကြံရာရောက်နေသည်။

ကောင်းစွာ ခိုင်မြဲအောင် စိုက်ထူထားသောကျောက်တိုင်ကြီးသည် ပြင်းထန်စွာတိုက်ခိုက်လာသောလေတို့တွင် မတုန်မလှုပ်ဖြစ်နေသကဲ့သို့ အနှောင့်အယှက်အမျိုးမျိုးတွေ့သော်လည်း မတုန်မလှုပ်ဘဲ ခိုင်မြဲအောင် ဆောက်တည်ထားခြင်းကို အဓိဋ္ဌာန်ဟု ခေါ်သည်။

အဓိဋ္ဌာန်တို့တွင် -

၁။ ဗုဒ္ဓနိမိတ္တအဓိဋ္ဌာန်သည် အဆိုး၊ အကောင်းကိုပြုရန်အတွက် စိတ်ကို ဆောက်တည်ထားခြင်း၊

၂။ အသိသဘဓိဋ္ဌာန်သည် မိမိအလိုရှိရာကို တောင့်တ၍ စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com

သုခစုံ
စမလေးလုံးဂါထာ

❑ စက္ခုမာ စရ မာစိဇ္ဇော
ခမ္မညူ ခမ္မ သာမိကော။
ဗလူပေတော ဗလဒရော
ဝရဒေါ ဒေတု မေ ဝရံ။ ။

အနက်

စက္ခုမာ - လောကသုံးခွင် ဘုံအပြင်ဝယ် ကုန်စင်ခပင်း မကျန်ကြွင်းအောင် လင်းလင်းထင်ပေါ် သိမြင်တော်မူပေထသော၊ **စရမာစိဇ္ဇော** - သီလ သမာပညာ စသား ကျင့်တရားတို့ကို မနားမနေပရိယေဖြင့် ဘဝနေပွား လုံ့လထား၍ ကြိုးစားတော်မူပေထသော၊ **ခမ္မညူ** - လောကုတ်လောကီ နှစ်လီနှစ်ဝ မြတ်ခမ္မကို ကျနကုန်စင် သိမြင်တော်မူပေထသော၊ **ခမ္မသာမိကော** - သောင်းထိုက်ဗိုလ်ခြေ များဝေနေတို့၏ ကိုးကွယ်ရာ အစစ် ခမ္မရာဇ်တစ်ဆူ သယမ္ဘုမှန်ကင်း တရားမင်းကြီးဖြစ်တော်မူပေထသော၊ **ဗလူပေတော** - ကာယ ဉာဏ နှစ်မည်ရလျက် ဗလနှစ်သွယ် အံ့ဩဖွယ်ဟူကြီးကျယ်ခမ်းနား စွမ်းပကားဖြင့် ဆယ်ပါးသောအားတော်ရှိတော်မူပေထသော၊ **ဗလဒရော** - မြင်းမိုရ်မေရု နှိုင်းတုမမီ ဂုဏ်ထက်သန် မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိအားတော်လည်းရှိတော်မူပေထသော၊ **ဝရဒေါ** - လတ်တလောလက်ငင်း ချက်ချင်းခဏ ချမ်းသာရအောင် မုချထင်လင်း ဆင်းရဲကင်း၍ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် ဗလဆတက်လွန်ကျူးနိဗ္ဗာန်တည်းဟူသော ဆုထူးဆုမြတ်ကြီးလည်း ပေးသနားတော်မူနိုင်ပေထသော၊ **ဗုဒ္ဓေါ** - ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂသည် လေးသစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အမှန်ထိထိ မိမိအလိုကို ကိုယ်တိုင်သာလျှင် သိမြင်တော်မူပေထသော သုံးလူထွက်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **မေ** - ခန္ဓာငါးဝရုပ်နာမ်ခမ္မတည်းဟူသော အနိစ္စ ဒုက္ခ အနတ္တ တရားအစုမျှသာဖြစ်သည့် တပည့်တော်အား ၊ **ဝရံ** - အောင်ဘေရီဆော် အောင်မောင်းကျော်၍ အောင်တော်မူမြဲ အောင်စစ်ပွဲ၌ အောင်မြဲမင်္ဂလာ အောင်ရာနာဖြင့် အောင်ချမ်းသာဟူသမျှ အောင်သုခကို၊ **ဒေတု** - သားရာဟုလာ ကဲ့ပမာသို့ ကရုဏာပွားများမေတ္တာထား၍ ကယ်မပေးသနားတော်မူလှည့်ပါ အသရေမဆုံးနိုင်တဲ့ ရွှေဘုန်းရှင်တော် အရှင်မြတ်ကြီးဘုရား။

ကောင်းမှုအကြောင်းပြု
တောင်းဆုပြည့်ပါစေ

သုခစုံ

ဆောက်တည်ထားခြင်း၊
၃။ ဝတအဓိဋ္ဌာန်သည် မိမိ၏ကျင့်ဝတ်များကို မယုက်ကွက်ရန် စိတ်ကို ဆောက်တည်ထားခြင်း
ဟူ၍ (၃) မျိုးရှိပါသည်။

ပရိတ်တရားတော်တို့ကို ရွတ်ဖတ်ပူဇော်ကြားနာနေခြင်းသည် ကျင့်ဝတ်အတိုင်း မယုက်မကွက် ရွတ်ဖတ်ပူဇော်နေခြင်းမျိုးဖြစ်သဖြင့် ဝတအဓိဋ္ဌာန်မျိုး၌ ပါဝင်နေခြင်းပင်ဖြစ်လေရာ ဖြည့်ဆည်းကျင့်ကြံရာရောက်နေသည်။

မေတ္တာသည် ရေနှင့်တူ၍ အယုတ်အလတ်အမြတ်မရွေး သူတို့၏ အညစ်အကြေးတို့ကို ရေသည် ကင်းစင်အောင် ဆေးကြော်သုတ်သင်ပေးနိုင်စွမ်းရှိသည်။

ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ အညီအမျှထား၍ ချစ်ခင်ခြင်းသည် မေတ္တာဖြစ်သည်။

ပရိတ်တရားတော်များကိုရွတ်ဖတ်မည်ဟုကြံစည်စဉ်ကပင် ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ သတ္တဝါအပေါင်းချမ်းသာစေကြောင်း ရွတ်ဖတ်ပူဇော်နေရသောကြောင့် မေတ္တာပါရမီဖြည့်ဆည်းကျင့်ကြံရာရောက်နေပါသည်။

အာရုံမပြု ကရုဏာစိုက် စွန့်ပစ်ထားခြင်းမျိုးကို ဥပေက္ခာဟု ထင်မှတ်မှားနေကြသည်။

စင်စစ်မှာ ဆင်းရဲသောအာရုံကို တွေ့ကြုံသည်ဖြစ်စေ၊ ချမ်းသာသောအာရုံနှင့်တွေ့ကြုံသည်ဖြစ်စေ၊ အကောင်းအဆိုးအလိုက် အာရုံနှင့်တွေ့ကြုံသည်ဖြစ်စေ၊ အကောင်းအဆိုးအလိုက်အာရုံကို ပြောင်းလွဲခြင်းမရှိဘဲ ချိန်ခွင်လျှာကဲ့သို့ အလယ်တည့်တည့်၌သာရှုဆောတတ်သည်ကို ဥပက္ခာဟုခေါ်သည်။ ပရိတ်တရားတို့ကိုရွတ်ဖတ်ပူဇော်ကြားနာသူတို့မှာ ရှုမြင်သိကြားနေရသောအာရုံအမျိုးမျိုးတို့၏ အဆိုး၊ အကောင်းများနောက်သို့မလိုက်ဘဲ ပရိတ်တရားတော်ထဲ၌သာ စွဲစွဲမြဲမြဲရောက်နေသဖြင့် ဥပေက္ခာပါရမီကိုဖြည့်ဆည်းကျင့်ကြံရာရောက်ပါသည်။

အထက်ပါ အနှစ်သာရများကို ကြည့်ခြင်းအားဖြင့် ပရိတ်တရားတော်များကို ရွတ်ဖတ်ကြားနာနေသူတို့မှာ ပါရမီ (၁၀) ပါးနှင့် ဆက်နွယ်နေသော ကုသိုလ်ထူးများ ဖြစ်ပွားနေကြောင်းမှာ ထင်ရှားနေသည်။ ယနေ့ ကမ္ဘာကြီးတွင် လူသားအချင်းချင်း မေတ္တာစိတ်ကင်းမဲ့ကာ သတ်ဖြတ်ညှဉ်းဆဲခြင်းနှင့် တရားတော်နှင့်မလျော်မညီပြုမူဆောင်ရွက်နေခြင်းတို့ကြောင့် လူတို့၌ ကိုယ်စိတ်ဆင်းရဲဒုက္ခအမျိုးမျိုးတို့ ကျရောက်နေလျက်ရှိကြသည်။ အဆိုပါ ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်စောင့်ရှောက်နိုင်သော အရံအတားဆေးဝါးမန္တန်ကောင်းနှင့်တူသည့်ပရိတ်တော်များကို လှည့်နေလှေ့အောင်းမြဲဇော်ပူဇော်မကျွန် ရွတ်ဖတ်ပူဇော်နေကြမည်ဆိုလျှင် ယနေ့ ကမ္ဘာကြီးသည် အေးငြိမ်းချမ်းသာလာသည်မှာ မုချဖြစ်ပေလိမ့်မည်။

ထို့အတူ ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြားနာနေသူများအနေဖြင့် ပါရမီ (၁၀) ပါးကို ဖြည့်ကျင့်နေကြရာရောက်သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

ကျင့်ကြံပွားများနိုင်ပါစေ

ဇေယျာထက်

ကိုးကြမ်းစာ

- ဓမ္မာစရိယ ဦးတင်မြင့် (ပရိယာယ်ကြီး ပါဠိမြန်မာပြန် ၁၉၆၀)
- မြဟန်သိန်း (လုပ်သားကောလိပ်)

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းသျှင်
ပုဒ္ဓဘာသာအပေါ်
ကမ္ဘာကျော်လူပုဂ္ဂိုလ်များ၏
အတွေးအမြင်နှင့်
မှတ်ချက်များ

ပုဒ္ဓဘာသာကို မြန်မာလူမျိုးတစ်ယောက်၊ မွေးရာပါ ပုဒ္ဓဘာသာ တစ်ယောက်က ဝေဖန်ခြင်းထက် လူမျိုးခြား၊ ဘာသာခြားတစ်ယောက်၏အပြုသဘောဆောင်ဝေဖန်ခြင်းက ပို၍မှန်ကန်ပါလိမ့်မည်။

အပြုသဘောဆောင်ခြင်းသည် လောကကြီးကို တိုးတက်စေသည်။ အပျက်သဘောဆောင် ဝေဖန်ခြင်းက လောကကြီးကို ပျက်စီးစေသည်။

ဤတွင် လောကကြီးကို တိုးတက်စေသည့် ပုဒ္ဓဘာသာအပေါ် ကမ္ဘာကျော်လူပုဂ္ဂိုလ်များ၏အတွေးအမြင်နှင့်မှတ်ချက်များကို ပုဒ္ဓအနုပညာပြခန်းစာအုပ်နှင့် ဘာသာရေးပညာပေးစာစဉ်စာအုပ်တို့မှ ပြန်လည် ကောက်နုတ် ရေးသားတင်ပြလိုက်ပါ၏။

သို့ဖြစ်ပါ၍ ပုဒ္ဓဘာသာအပေါ် ကမ္ဘာကျော်လူပုဂ္ဂိုလ်များ၏ အတွေးအမြင်နှင့် မှတ်ချက်တို့သည်ကား -

❑

❑ ပုဒ္ဓဘာသာဟာ လူသားတိုင်းအတွက်ဖြစ်ပေမယ့် လူသားအားလုံးဟာ ပုဒ္ဓဘာသာမဖြစ်ခဲ့ကြဘူး။

(အိုင်စတိုင်းလ်)

❑ အကယ်၍ ခေတ်သစ်သိပ္ပံပညာ လိုအပ်ချက်များနှင့် ဘက်ပြိုင်နိုင်သည့် ဘာသာရေးတစ်ခုရှိခဲ့သည်ဆိုလျှင် ၎င်းဘာသာသည် ပုဒ္ဓဘာသာဖြစ်ပေလိမ့်မည်။

(အိုင်စတိုင်းလ်)

❑ အနာဂတ်မှာ ဘာသာရေးတစ်ခုက သဘာဝလောကဓာတ် တစ်ခွင်လုံးအတွက် အဖြေပေးစွမ်းနိုင်သော အယူဝါဒတစ်ရပ်သာ ဖြစ်ရလိမ့်မည်။ အနှီဘာသာသည် ပုဂ္ဂလအဓိဋ္ဌာန်အယူအဆဖြင့် ဖန်တီးတိုထွင်ထားသော ဖန်ဆင်းရှင်နှင့် မသက်ဆိုင်သင့်။ တစ်ယူသန်အစွဲအလမ်းများနှင့် ယင်းတို့မှ ပေါက်ဖွားခဲ့သော အကျိုးအကြောင်းဆက်ပညာကိုလည်း ကျော်လွှားလွန်မြောက်ရလိမ့်မည်။ ထိုဘာသာတရားသည် သဘာဝလောကဓာတ်(ရုပ်တရား)နှင့်တကွ နာမ်တရားများကိုလွှမ်းခြုံ၍ ဒိဋ္ဌမွေ့ဖြင့်အဓိပ္ပာယ်ပြည့်ဝသော ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်စွမ်းရှိရပေလိမ့်မည်။

ပုဒ္ဓဘာသာသည် ထိုအရည်အချင်းများနှင့် ပြည့်စုံသည်ကို တွေ့ရ၏။ မျက်မှောက်ခေတ်သိပ္ပံပညာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းသော ဘာသာတရားတစ်ခုရှိသည်ဆိုပါလျှင် ထိုဘာသာတရားက ပုဒ္ဓဘာသာဖြစ်လိမ့်မည်။

(အိုင်စတိုင်းလ်)

❑ မြတ်ဗုဒ္ဓသည် ဘာသာပြောင်းသူများကိုအနိုင်ယူရန် တရားဟောခြင်း မဟုတ်ဘဲ တပည့်သာဝကတို့ကို အသိဉာဏ်အလင်းရရှိစေရန် တရားဟောခြင်း ဖြစ်သည်။

(စာရေးဆရာတစ်ဦး)

❑ ဗုဒ္ဓနှင့် သာမန်လူသားတစ်ဦး၏ကွဲပြားချက်မှာ လူကောင်းနှင့် အရူးကွဲပြားသကဲ့သို့ပင်ဖြစ်သည်။

(စာရေးဆရာတစ်ဦး)

❑ ခန္ဓာကိုယ်ကို သတ်ပစ်ခြင်းသည် အကျိုးမရှိပါ။ ခန္ဓာကိုယ်က အပြစ်ကျူးလွန်ခြင်းကိစ္စမှာ တာဝန်မရှိပါ။ မသိမှိုက်မဲသောစိတ်ကသာ အပြစ်ကိုကျူးလွန်၍ တာဝန်ရှိသူဖြစ်သည်။ မသိမှိုက်မဲမှုသည်သာ လူသတ်သမားအစစ်ဖြစ်ပါသည်။ ဒါကြောင့် မသိမှိုက်မဲမှုကိုသာသတ်ပစ်ရမည်။ ကြိုးပေးရမည်။ ဘယ်လိုသတ်ဖြတ်ကြိုးပေးရမလဲ။ လူသတ်သမားကို သစ္စာ၊ ပညာ၊ ဗုဒ္ဓဒေသနာတရားများ ဟောကြားပြီး မိုက်မဲမှု၊ မသိမှုကို ပယ်သတ်ပစ်နိုင်တယ်။

(မဟာတ္တမဂန္ဒီ)

❑ ဗုဒ္ဓ၏ကြီးမားသော အနစ်နာခံမှု၊ စွန့်လွှတ်မှုနှင့် ဘဝ၏ သန့်ရှင်းစင်ကြယ်မှုတို့ဖြင့် ဟိန္ဒူဝါဒအပေါ်တွင် မပျက်ပြယ်နိုင်သည့် အမှတ်တံဆိပ်တစ်ခုကိုထားရစ်ခဲ့ပြီး ဟိန္ဒူဝါဒသည် ထိုမြတ်သောဆရာအား အနန္တကျေးဇူးကြွေးများ ပေးဆပ်ရန်ရှိနေပေသည်။

(မဟာတ္တမဂန္ဒီ)

❑ ဗုဒ္ဓ၏ အဆုံးအမများသည် ဟိန္ဒူဝါဒတွင် တစ်စိတ်တစ်ဒေသအား ဖြင့် ပါဝင်အကျုံးဝင်နေသည်ဟု ကျွန်ုပ်ဆင်ခြင်ယူဆမိပါသည်။ အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဝါဒအပေါ် ဂေါတမဗုဒ္ဓက မည်ကဲ့သို့ ကြီးမားစွာပြောင်းလဲ၏စေခဲ့သည်ကို မည်သို့မျှ ပြန်လည်စူးစမ်းရှာဖွေရန်မဖြစ်နိုင်တော့ချေ။

(မဟာတ္တမဂန္ဒီ)

❑ ကမ္ဘာပေါ်တွင် မည်သည့်ဘာသာသည် ကြီးကျယ်မြင့်မြတ်သော ဘာသာဖြစ်သည်ဆိုခြင်းကို မပြောလျှင် မဖြစ် ပြောပါဟု သင်က ကျွန်ုပ်အား တိုက်တွန်းခဲ့သော် ကျွန်ုပ်စိတ်ပါလက်ပါ ထောက်ထားသောအားဖြင့် 'ဗုဒ္ဓဘာသာသည် ကြီးကျယ်မြင့်မြတ်သော ဘာသာဖြစ်သည်' ဟု မဆိုင်းမတွ အဖြေပေးမည်ဖြစ်ပါသည်။

(ရာဘင်ဒြာနတ်ဂိုး)

www.burmeseclassic.com

www.burmeseclassic.com

❑ အကယ်၍ ပြဿနာတစ်ခုခု ဖြေရှင်းဖွယ်ရာရှိခဲ့လျှင် ဗုဒ္ဓဟောကြားခဲ့သည့်လမ်းစဉ်ဖြင့် ငြိမ်းချမ်းစွာ ဒီမိုကရေစီကျကျ စဉ်းစားဆင်ခြင်ရပေသည်။

(နေရူး)

❑ ဗုဒ္ဓ၏ တရားတော်သည် ကမ္ဘာပေါ် ဝယ် အဏုမြူဗုံးများ၊ ဟိုက်ဒရိုဂျင်ဗုံးများရှိနေသည်ထက် ပို၍ လိုအပ်သောအချိန် ဖြစ်သည်။

(နေရူး)

❑ လူမှုဒုက္ခသုက္ခ အရှုပ်အထွေးများအတွက် ဗုဒ္ဓ၏ငြိမ်းချမ်းရေးတရားဒေသနာတော်သည် အတိတ်ကထက် ယနေ့တွင် ပို၍လိုအပ်ပေသည်။

(နေရူး)

❑ သန့်ရှင်းသောနည်းနာနှိုသယနှင့် မြင့်မြတ်သော သင်ကြားမှုများမှာ တစ်စုံတစ်ခုသော အယူဝါဒကြီးတစ်ခုက မှ အလွမ်းသင့်အောင် ဆောင်ရွက်နိုင်စွမ်းသဖြင့် (ဆောင်ရွက်ပေးနိုင်သော) ဗုဒ္ဓဘာသာမှ ကူးယူကြရပေသည်။

(အိပ်ချ်ဂျီဝဲလ်
ဗြိတိသျှသမိုင်းပညာရှင်)

❑ ရှင်တော်ဗုဒ္ဓ၊ အရှင်ဘုရား ဟောကြားတဲ့ ဒေသနာမှာရှိတဲ့ တခြား အရာတွေထက် အကြောင်းအရာတစ်ခုအတွက်နဲ့ပဲ တပည့်တော် အရှင်ဘုရားရဲ့တရားဒေသနာတော်ကို လေးစားမြတ်နိုးလှပါတယ်။ အဲဒီအကြောင်းအရာဟာ ဘာလဲ ဆိုရင် တရားဒေသနာမှာပါတဲ့ 'အရာ အားလုံးဟာ ပြတ်သားနေခြင်း ဖြစ်ပါ တယ်။ သူ့အလို လိုပင် ထင်ရှားနေခြင်း ဖြစ်ပါတယ်'။

ဟာမန်ဟက်စ် (၁၈၈၇-၁၉၆၂)

❑ ပြစ်မှုကျူးလွန်သူသည် ဘုရားသခင်ထံ တောင်းပန် အသနားခံရန် ဆုတောင်းဝတ်ပြုမှုတို့ဖြင့် အကုသိုလ်ဆိုးကျိုးမှ လွတ်မြောက်နိုင်သည်ဟု ဗုဒ္ဓဝါဒီတို့က မယုံကြည်ချေ။

(ဂျွန်ဝေါလ်တားစ်)

❑ ကျွန်ုပ်တို့အားလုံးသည် ရုပ်ဝတ္ထုကြွယ်ဝမှု ဝိုင်းဝိုင်းလည်နေသည့်ကြားတွင် စိတ်ဓာတ်ရေးရာအားဖြင့် ချွတ်ခြုံကျနေကြရပါသည်။ ရုပ်ဝတ္ထုကြွယ်ဝပါသော်လည်း စိတ်ချမ်းသာမှုကင်းသော အခြေအနေတွင် စိတ်၏ချမ်းသာမှုအမှန်တကယ်ရရန်အတွက် ဗုဒ္ဓ၏ကျင့်စဉ်ကို ကျင့်ကြံအားထုတ်ကြည့်ဖို့သင့်လှပါသည်။ ဗုဒ္ဓကျင့်စဉ်သည် စိတ်ချမ်းသာမှုကို အမှန်တကယ်ဖြစ်စေနိုင်သည်။

(ဂျွန်ဝေါလ်တားစ်)

❑ သက်ရှိသတ္တဝါများကို ညှဉ်းဆဲရန် နတ်ဘုရားများထံဝယ် ဆုတောင်းပတ္ထနာပြုခြင်း၊ ဘုန်းတော်တွဲ့များရွတ်ဆိုခြင်း၊ ယဇ်ပူဇော်ခြင်းများကို မပြုလုပ်ရန် ဗုဒ္ဓသည် လူသမိုင်းတွင် အဦးဆုံး အပြစ်ပြု၍ ဆုံးမပဲ့ပြင်ခဲ့သည်။

(ပါမောက္ခရီးစ်ဒေးဗစ်)

❑ ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် အခြားဘာသာဝင်များကို ညှဉ်းပန်းနှိပ်စက်မှုဟူသော မှတ်တမ်းမှတ်ရာတစ်စုံတစ်ရာမျှမရှိပေ။

(ပါမောက္ခရီးစ်ဒေးဗစ်)

❑ ကမ္ဘာပေါ်ရှိ ဘာသာတရားတိုထွင်သူ ခေါင်းဆောင်အများစုမှာ မဟာခရီးသည်များ ဖြစ်ကြသည်။ ဘာသာတရားခေါင်းဆောင် ဓမ္မနာယကများထဲတွင် အကျင့်သိက္ခာ၊ ပညာဉာဏ်၊ စဉ်းစားဉာဏ်၊ စိတ်နေသဘောထား အရာတို့၌ အငြင်းပွါးဆုံးဖြစ်သည့် ဗုဒ္ဓသည် ခရီးသည်ဘုရင် ဖြစ်သည်။

(ရာဟုလာသံကစ္စည်း)

❑ ဗုဒ္ဓမြတ်စွာတွင် ဒေါသအလျှံထွက်သောအခါဟူ၍ မည်သည့်အခါမျှ မရှိချေ။ ဗုဒ္ဓဘုရားရှင်၏ နှုတ်တော်မှ အကြင်နာမဲ့သောစကားထွက်ပေါ်လာသည်ဟူ၍ မည်သည့်အခါမျှမရှိချေ။

(ဒေါက်တာအက်စ်ရာဓခရစ်ရှနားန်)

❑ ခရစ်ယာန်ဘာသာကို ကျွန်ုပ် လက်ခံနိုင်ခြင်းမရှိပါ။ သို့သော် ကမ္ဘာ့ဘာသာကြီးများအနက် တစ်စုံတစ်ခုသော ဘာသာကိုလက်ခံရန်အကြောင်းများပေါ် ပေါက်လာခဲ့ပါသော် ကျွန်ုပ် လက်ခံနိုင်မည့်ဘာသာတရားမှာ ဗုဒ္ဓဘာသာဖြစ်ပါသည်။

(ဘာထရန်ရပ်ဆယ်)

❑ ဗုဒ္ဓဝါဒသည် ယုံကြည်မှုထက် (အမှန်အတိုင်း) သိမှုနှင့် ရှုမြင်မှုကိုသာ အဓိကထားသည်။ ဗုဒ္ဓ၏သွန်သင်ဆုံးမမှု (တရားတော်) များသည် 'ဟေ့ပဿိကော - လာလော့ ကြည့်ရှုပါလော့' ဟု ဖိတ်ခေါ်ခြင်းကိုသာပြု၍ 'လာပြီး ယုံကြည်လော့' တု မဆိုပေ။

(ဆရာတော်
ဒေါက်တာဝါပိုလာရာဟုလာ)

❑ ဗုဒ္ဓဝါဒသည် လောကနှင့် ဘဝ၏ တကယ်ပကတိအဖြစ်မှန်ကိုသာ ဆင်ခြင်သုံးသပ်ရကား သဘာဝဓမ္မအတိုင်း ရှုမြင်သောဝါဒဟု ဆိုရပေမည်။

(ဆရာတော်
ဒေါက်တာဝါပိုလာရာဟုလာ)

❑ ဗုဒ္ဓသည် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဆိုင်ရာ ဘုရားသခင် (သို့) နတ်ဘုရားများ၏ကူညီမှု မြှုတစ်စိမ့်မပါဘဲ လူတိုင်းကိုယ်တိုင်ရယူနိုင်သည့် လွတ်မြောက်ရေးကို ကမ္ဘာ့သမိုင်းတွင် အဦးဆုံးထုတ်ဖော်ကြေညာခဲ့သည်။

(ပါမောက္ခအီလွန်)

❑ နှလုံးသားမှာ ချမ်းသာစေတဲ့ တရားမရှိလျှင် စည်းစိမ်ဥစ္စာ မည်မျှပြည့်စုံစေကာမူ ချမ်းသာနိုင်မည်မဟုတ်ပေ။

(ဒလိုင်းလားမား)

❑ လွတ်လပ်မှု မပေးစွမ်းနိုင်တဲ့ အမိန့်ဟာ ညှဉ်းဆဲနှိပ်စက်မှုဖြစ်သွားနိုင်တယ်။ အမိန့်မပါတဲ့ လွတ်လပ်မှုဟာလည်း ဖရိုဖရဲဖြစ်သွားနိုင်တာပဲ။ ဒါကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လွတ်လပ်မှုကိုလည်း ပေးစွမ်းနိုင်ရမယ်။ ဖရိုဖရဲဖြစ်မှုကိုလည်း ကာကွယ်နိုင်စွမ်းရှိရမယ်။

(ဒလိုင်းလားမား)

❑ ဤအရာ လူသားသစ်ပင်မှာ နှစ်ပေါင်းကုဋေကျော်ပွင့်ခဲ့တာ ပညာရှိနဲ့ ပျားရည်စက်များလောကကိုပြည့်ဝစေတာ လူသားပန်းတစ်ပွင့်ပါ။ ။

(ဆာဒက်ဒွင်အာနိုး)

❑ ဗုဒ္ဓဘာသာနှင့် ခေတ်သစ်သိပ္ပံပညာသည် အသိပညာဆိုင်ရာ အလွှန်နီးကပ် ဆက်စပ်စွာတည်ရှိနေကြောင်း ကျွန်ုပ် မကြာမကြာဆိုခဲ့ပြီး ထပ်ခါတလဲလဲ ပြောဆိုပါဦးမည်။

(ဆာဒက်ဒွင်အာနိုး)

❑ များသောအားဖြင့် ဘာသာရေးဆရာများသည် ၎င်းတို့၏တပည့်များကို အခြားဘာသာများနှင့်စပ်ဆိုင်သည့်ကျမ်းစာများ၊ အယူဝါဒများ၊ စာပေများကို ဖတ်ရှုလေ့လာခွင့်မပြုဘဲ တားမြစ်ကြသည်။ ဗုဒ္ဓဝါဒတွင် ဤအဖြစ်မျိုး လွန်စွာနည်းပါးပေသည်။

(ဖရခန်လ်ပါလော)

❑ စွမ်းရည်သတ္တိ ဘယ်လောက်သိမ်ဖျင်းသူဖြစ်ပါစေ တရားတော်ရဲ့ တန်ခိုးကြောင့် သတ္တိဗျတ္တိပြည့်ဝလာစေပါတယ်။ အညံ့စားလူတစ်ဦးကို အတော်ဆုံးဖြစ်လာစေတာဟာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ။

(ဂိုအင်ဂါ)

စသည်တို့သာ ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ပါသည်။

ငြိမ်းဆုသူငှာ

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင့်ထွန်း(မသုံးလုံး) နဂါးရုံဘုရားတည်စေလိုသော နတ်နဂါးတို့၏ရေ့ေပြးနံမိတ်

ယနေ့ ၅-၄-၂၀၁၆ နေ့လယ်ပိုင်းတွင် ကျွန်ုပ်၏နေအိမ်သို့ မိတ်ဆွေကိုကိုနိုင်(စာတိုက်)ရောက်ရှိလာခဲ့ပါ၏။ ထူးခြားမှုအသွင်သဏ္ဌာန်နှင့်ရှိနေသည့် နာနတ်သီး၏ဓာတ်ပုံကို အိမ်နီးချင်းတစ်ယောက်၏ဖုန်းတွင် တွေ့မြင်ခဲ့ရကြောင်း ဝမ်းမြောက်ဝမ်းသာသတင်းပေးလာ၏။ မြောင်းမြမြို့နယ် ဘုရားနီကျေးရွာ ဘုန်းတော်ကြီးကျောင်းမြေရှိ နာနတ်ပင်တွင်သီးနေခြင်း ဖြစ်ပါသည်။ ယခုလက်ရှိအပင်တွင်တွေ့မြင်နိုင်သည်။ သွားရောက်ကြည့်ရှုပါက အကျိုးထူးမည်။ သွားလိုသည့်ဆန္ဒရှိပါက သူကူညီပေးဖြစ်ကြောင်း အားတက်သရောပြောလေ၏။ သူရဇမဂ္ဂဇင်းတွင် စာမူရေးသားနေသူ ကျွန်ုပ်အဖို့ ရေတိတ်တုန်း ရေတွင်းထဲကျဆိုသလို သူ့အား ကျေးဇူးတင်ဝမ်းမြောက်မိပါတော့၏။

အယ်နီညီရာသီဥတုအပူရှိန်မြင့်မားနေခြိန် ဖြစ်သည်။ နေ့လယ်ပိုင်းခရီးထွက်ရန် ရှောင်ရပေမည်။ ကျွန်ုပ်တို့နှစ်ဦး ခရီးထွက်ရန် ချိန်းဆိုလိုက်ကြသည့်အချိန်ညနေ (၃) နာရီ။

❑

မြောင်းမြ-လပွတ္တာကတ္တရာလမ်းမပေါ်မှာ ကိုကိုနိုင်(စာတိုက်)၏ ဆိုင်ကယ်သည် လေကိုခွင်းသည့်မြားတစ်စင်းပမာ တရိပ်ရိပ်ပြေးလွှားလျက်။ အချိန်အားဖြင့် ညနေ (၃း၁၀) နာရီ။ ကျွန်ုပ်သည် Canon Camera ကို ယူဆောင်ခဲ့ပါသည်။ ဆောင်းပါးနှင့်သက်ဆိုင်သည့် မှတ်တမ်းဓာတ်ပုံများ မှတ်တမ်းတင်ကာ တင်ပြပေးရမည်။ ဂုန်နီစက်ရုံကျော်လွန်သော် တာထိပ်မှသည် ဘုရားငုတ်ရှုမ်းစုသို့ ရောက်ပါသည်။ ကတ္တရာလမ်းမကြီး၏ လက်ယာဘက်တွင် သစ်တောဝိုင်းဥယျာဉ်တည်ရှိ၏။

ကတ္တရာလမ်းမကြီး၏လက်ဝဲဘက်မြေနိုးလမ်းအတိုင်းခရီးကွေ့ဝင်ခဲ့ပါသည်။ ထိုမြေနိုလမ်းကား ဘုရားငုတ်ရှုမ်းစုမှ နေ၍ မြစိမ်းရောင်တောင်တော်အထိ ပေါက်ရောက်သောလမ်း ဖြစ်ပါသည်။ ကျွန်ုပ်တို့မြေနိုလမ်းအတိုင်းဝင်လာခဲ့ရာ နတ်ချင်းကုန်းကိုကျော်ဖြတ်လာခဲ့ကြ၏။ သိပ်မဝေးပါ။ အရှေ့တွင်လမ်းခွဆုံတစ်ခုသို့ ရောက်လာသည်။ ထိုလမ်းခွဆုံတွင် လမ်းညွှန်ဆိုင်းဘုတ်တစ်ခု ထင်ရှားစွာထောင်ထားလေ၏။ ညာဘက်လမ်းခွသည် 'တောင်သာယာသို့' ဟုညွှန်ပြထားသည်။ ဘယ်ဘက်လမ်းခွသည် 'ဘုရားနီ၊ မြစိမ်းရောင်သို့' ခရီးပေါက်၏။

လမ်းညွှန်ဆိုင်းဘုတ်ညွှန်ပြထားသည့် ဘယ်ဘက်သို့ ရွေးချယ်မောင်းနှင်ခဲ့ကြသည်။ အချိန်အနည်းငယ်အတွင်း ဘုရားနီကုန်းသို့ (၄း၁၅)နာရီတွင်ရောက်ရှိကြလေသတည်း။

ဓမ္မဝိသုဒ္ဓိကျောင်းဟူသော မုခ်ဦးဆိုင်းဘုတ်ကြီးက ကျွန်ုပ်တို့ကို ကြိုဆိုနေပါသည်။

ဘုန်းကြီးကျောင်း၏အရှေ့အရိပ်ကောင်းသော တိတ်ဆိတ်ရာအရပ်၌



စေတီဟောင်းငုတ်တိုပေါ်က ယခုတည်ထားသည့် ဘုရားနီစေတီ (အောက်ခြေဖောင်ဒေးရှင်းမရှိ)

ဆောင်ပင်ထဲသည့်နေရာ တည်ထားကိုးကွယ်သည့် တင်ပျဉ်ခွေကိုယ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တင်ပျဉ်ခွေကိုယ်တော်ဘုရားကျောင်းဆောင်နှင့် ဘုရားနီစေတီ



ဘုရားနီစေတီခြေတော်ရင်းရှိ ရွှင်ဥပဂုတ္တကိုယ်တော်

ထူးခြားစွာ ရောင်စုံအလင်းရောင်များနှင့် တင်ပျဉ်ခွေကိုယ်တော် (ယခင်ဓာတ်ပုံ)

ကျောင်းထိုင်ဆရာတော်ကို ဖူးတွေ့ရလေ၏။ ကိုကိုနိုင်နှင့် ကျွန်ုပ်တို့သည် ဆရာတော်ကို လက်အုပ်ချီမိုးရှိုးဂါရဝပြုလိုက်ကြပါသည်။

ဆရာတော်က -

"ဘယ်ကလာကြတာလဲ"

"တပည့်တော်တို့ မြောင်းမြမြို့ထဲကပါဘုရား။ အရှင်ဘုရားကျောင်းမှာ ထူးဆန်းတဲ့ နာနတ်သီးသီးနေတယ် သတင်းကြားလို့ ဗဟုသုတအလို့ငှာ ဆောင်းပါးရေးချင်လို့ ခွင့်ပြုတော်မူပါ အရှင်ဘုရား"

"ဟုတ်ပါတယ် ဒကာ၊ ထူးခြားတဲ့ နာနတ်သီးပါ။ ဒီနာနတ်သီးဖြစ်ပေါ်လာပုံကတော့ သာမန်မဟုတ်ပေဘူးကွယ့် ဒကာရဲ့။ သာသနာ့တော်နဲ့ပတ်သက်နေတာကလား"

"ဟုတ်လားအရှင်ဘုရား။ သာမန်မဟုတ်ဘဲ သာသနာတော်နဲ့ ပတ်သက်နေတယ်ဆိုတော့ ကျိန်းသေထူးခြားဖြစ်စဉ်ရှိနေမှာပဲ။ ဘယ်လိုထူးခြားမှုမျိုးရှိနေပါသလဲ အရှင်ဘုရား"

"ဒကာဆောင်းပါးရေးမယ်ဆိုတော့ ဒီနယ်မှာသာသနာတော်စည်ပင်ပြန့်ပွားဖို့ဖြစ်လာတဲ့ ဦးပဉ္စင်းရဲ့ဘဝဖြစ်စဉ်အတိုချုပ်ပြောပြပါ့မယ်။ ဦးပဉ္စင်းက တောထွက်ကြီးပါ။ လူ့ဘဝတုန်းက အိမ်ထောင်ကျခဲ့ဖူးပါတယ်"

ဆရာတော်က သာသနာပြုရန် အကြောင်းဖန်လာပုံကို ရှင်းပြပါသည်။ လူ့ဘဝတွင် အိမ်ထောင်သည်ဖြစ်လေရာ အိမ်ထောင်ရေး၊ စီးပွားရေး၊ သားသမီးရေးတို့၌သာ လုံးပန်းနေလျက်ရှိရာ သာသနာတော်နှင့်ကင်းကွာနေခဲ့ပါသည်။ ဘယ်လိုပင်ကင်းကွာကင်းကွာနေခဲ့ရပါသော်ငြား သာသနာ့ဘောင်အတွင်းသို့ အချိန်တန်သည်နှင့်ဝင်ရောက်ခဲ့ရပါတော့သည်။ သာသနာပြုရန် အကြောင်းဖန်လာပုံ၊ သာသနာတော်အကျိုးပေးလာပုံတို့ကို ဆရာတော်က အောက်ပါအတိုင်း ရှင်းလင်းမိန့်ကြားပေးပါသဖြင့် ကျေးဇူးဥပကာရတင်ရှိရပေသည်။

❑

ဆရာတော်၏ဘွဲ့အမည် ဦးဝိလာသဖြစ်ပါ၏။

လူအမည် ကိုလှဝင်း ဖြစ်သည်။ မြောင်းမြမြို့နယ် တစ်ပင်ချောင်းကျေးရွာသား ဖြစ်၏။ ကိုလှဝင်းသည် ပုထုဇဉ်ဖြစ်၍ အိမ်ထောင်ပြုရန် ဆန္ဒရှိလေသည်။ အချိန်တန်အရွယ်ရောက်သော်ကရင်မ

www.burmeseclassic.com

www.burmeseclassic.com

လေး နန့်ဝင်းကြိုင်နှင့်အိမ်ထောင်ကျခဲ့ပါသည်။ သားသမီးရတနာနှင့်လည်း သူတို့ပြည့်စုံကြပါသည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားလေ၏။ ကိုလှဝင်းလည်း သားသမီးရတနာထွန်းကားသလို ဥစ္စာစီးပွားဖြစ်ထွန်းကာ တိုးတက်ကြီးပွားလာပါသည်။

အဘက်ဘက်ကပြည့်စုံလာသဖြင့် ကိုလှဝင်းတို့မိသားစု ခေတ်မီမီနေထိုင်ကြရန်အတွက် တိုက်ဆောက်ရန်စီစဉ်ပါသည်။

သူတို့မိသားစု စီးပွားတက်သည့် ဒဏ်မခံနိုင်လေသလော သို့တည်းမဟုတ် ကိုလှဝင်းအား သာသနာတော်အကျိုးထမ်းရွက်ရန်လမ်းကြောင်းလွဲပြောင်းပေးလိုက်လေသလော။ မိသားစုအနေဖြင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်ဖြစ်ပေါ် လာ၏။ ကိုလှဝင်းတို့မိသားစု ပျော်ရွှင်နေကြရာမှ နန့်ဝင်းကြိုင်ရုတ်တရက်ဆုံးပါးရှာသည်။ ဘဝ၏အပြောင်းအလဲကြောင့် ကိုလှဝင်းသည် မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်တွင် နေထိုင်လာရာ (၁၀) နှစ်ခန့်ရှိလာ၏။

ထိုအချိန်၌ ကိုလှဝင်း၏နားထဲသို့ တစ်ဦးတစ်ယောက်မှ ပြောကြားသည့် စကားသံကို မကြာမကြာကြားလာခဲ့ရလေ၏။

သူ၏နားထဲတွင် -

"ကိုယ့်အလုပ်ကိုယ်လုပ်လေ၊ ကိုယ့်လမ်းကိုယ်လျှောက်တော့"

မည်သူကမည်သို့လာရောက်ပြောကြားလေသနည်း၊ ဘာကြောင့်ပြောလေသနည်း၊ ဘယ်လိုရည်ရွယ်၍ပြောသည့် စကားအဓိပ္ပာယ်ဖြစ်လေသနည်းဆိုသည်ကို ကိုလှဝင်းတစ်ယောက် သဘောပေါက်ချေ။ စကား၏အဓိပ္ပာယ်ကို သည်းမခံနိုင်ဖြစ်ရချေ၏။ ကိုလှဝင်း ဘာလုပ်ရမည်နည်း။ထူးခြားသောစကားသံကတော့ ကိုလှဝင်းအနီးရစ်ဝဲလျက်။

ထူးခြားသည့်စကားသံကြားရသည့်နည်းတူ ကိုလှဝင်းနှင့်ဆုံသည့် ဆရာတော်ကြီးများကလည်း သူ့အားသက်နှံးဆီးရန် အားပေးတိုက်တွန်းလာကြ၏။ အဓိမ့်သားနှင့်သမီးတို့၏အရေးက ကိုလှဝင်းအား ချုပ်ကိုင်ထားလေရာ ဆရာတော်ကြီးများနှင့်မတွေ့မိအောင်ရှောင်နေမိပါတော့၏။ ဆရာတော်ကြီးများကိုရှောင်၍ရသော်လည်း 'ကိုယ့်အလုပ်ကိုယ်လုပ်လေ၊ ကိုယ့်လမ်းကိုယ်လျှောက်တော့' ဟူသောအသံကိုတော့ ကိုလှဝင်းရှောင်၍ရနိုင်ပါ။ ကြားမြဲကြားနေဆဲ။ သူကို

တင်ပျဉ်ခွေဆင်းတုဘုရားကျောင်းဆောင်နှင့် ဘုရားနီစေတီ

မဖွဝိသုဒ္ဓိကျောင်းသိမ်တော်

ဆရာတော် ဦးဝိလာသ ထက်ရှိတရားကျင့်ကြံအားထုတ်ရာ သီးသန့်နေရာ

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဝိဇယမွာရံတော်ကြီး (အတွင်း)

ဘုရားပွဲအုန်းသီးတွင် ဘုရားပုံတော်ပေါ်နေပုံ

နဂါးရစ်ခွေသဏ္ဌာန်မှာနတ်သီး (အပေါ်ဝီးမှပြင်ရပုံ)

တိုက်တွန်းနေသောစကားသံက အမြဲတိုက်တွန်းနေဆဲ။

ကိုလှဝင်းသည် သားနှင့်သမီးအရေးကိုသာ ဦးစားပေးထားလေရာ တခြားသောအရေးကို မစဉ်းစားနိုင်သေးပါ။ မြောင်းမြနယ်ထဲတွင် ဆက်လက်နေထိုင်ပါက အထက်ပါအတိုင်း တိုက်တွန်းခံနေရမည်။ သည်နယ်မှ လွတ်အောင် ဝေးရာကိုရှောင်မှသင့်မည်ဟု ကိုလှဝင်း စိတ်ကူးမိလေ၏။ ကိုလှဝင်း ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်သည်။ သူရန်ကုန်သို့တက်လာခဲ့တော့သည်။ အကြောင်းအားလျော်စွာ လောပန်သင်္ဘောတစ်စီးတွင် သင်္ဘောသားအလုပ်ကို ရရှိလိုက်ပါ၏။ ကိုလှဝင်းသည် ရေကြောင်းပျော်သင်္ဘောသားဖြစ်လာခဲ့ပါသည်။ ထိုသင်္ဘောဖြင့်ရေကြောင်းခရီးတွင်တွင်နှင်ခဲ့သည်။

ရေယာဉ်သည် မြစ်ပြင်ကြောဝယ် မှန်မှန်ခုတ်မောင်းနေသည်။

ညဉ့်လယ်ယံသို့ရောက်ခဲ့ပြီ။ ညဉ့် (၁၂) နာရီတိတိတွင် ကိုလှဝင်းအနားယူချိန်ရလေ၏။ တာဝန်ကျသင်္ဘောသားနှင့် ကိုလှဝင်း ဂျူတီချိန်းလိုက်ပါ၏။ သူ၏ဂျူတီချိန်ကုန်၍ အနားယူအိပ်စက်ရပေတော့မည်။ အေးချမ်းသာယာသောသည်ခရီးတစ်ခေါက်မှာတော့ ကိုလှဝင်း စိတ်လွတ်ကိုယ်လွတ်နှင့် အိပ်စက်ခွင့်ရပါသည်။ ရေယာဉ်သည် မြစ်ပြင်တစ်လွှားတွင် တာဝန်မပျက် သင်္ဘောမှ ရေပန်းများ ဖွာခနဲဖွာခနဲပက်ဖျန်းစေခဲ့သည်။ သင်္ဘောသားအခန်းထဲတွင် တစ်ကိုယ်တည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသော ကိုလှဝင်းတစ်ယောက် မမျှော်လင့်သော ဖြစ်ရပ်နှင့်ရင်ဆိုင်ရလေ၏။

"ဖြောက်"

"အား"

အခြားသင်္ဘောသားများ သက်ဆိုင်ရာဂျူတီအသီးသီးတို့တွင် တာဝန်ကျပွန်လျက်ရှိကြသည်။ ကိုလှဝင်းအနီးမှာတစ်ယောက်မှမရှိပါ။ တံခါးကိုလုံခြုံစွာချက်ချထားပြီးမှ အိပ်စက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ကိုလှဝင်း၏ညာဘက်ခြေမကို မည်သူချိုးလိုက်လေသနည်း။ သွင်သွင်ကျိုးခဲ့လေပြီကော။ သည်းအူခိုက်မှ နာကျင်ခံစက်အနေရဆိုးလေ၏။ ထိုဒဏ်ရာကြောင့် ကိုလှဝင်း မအိပ်နိုင်မစားနိုင် တမှိုင်မှိုင်ခံစားနေရရှာ၏။ အခံရခက်သောဝေဒနာဆိုးကြီးနှင့် ရင်ဆိုင်ရလေ၏။ ကိုလှဝင်းတစ်ယောက်လောပန်သင်္ဘောတွင် ဆက်လက်တာဝန်မထမ်း

www.burmeseclassic.com

www.burmeseclassic.com

မွေဝိဇယမဟာရုံတော်ကြီး (အပြင်)

ရွှေကျောင်း (ဆရာတော်သီတင်းသုံးခဲ့သည့်ကျောင်းဟောင်း)

ဘုရားနီကုန်း မွေဝိသုနိဓေကျောင်းထိုင်ဆရာတော် ဦးဗိသာသ

ညောင်ပင်အောက်၌ဆရာတော်ဦးဗိသာသပဝိသမနာကမ္မဋ္ဌာန်းကျင့်နေပုံ

မွေဝိသုနိဓေကျောင်းဘုရားဆောင်အောက် နဂါးပုံပေါ်နေသည့် တောင်ပို့

ရွှေကျောင်းအောက်ရှိ အတက်များနှင့် တောင်ပို့

ဆောင်နိုင်တော့ပါ။ မြောင်းမြမြို့သို့ပြန်ခဲ့ရလေသည်။

သူ၏ ကျိုးနေသောခြေမကို သမားတော်အမျိုးမျိုးနှင့် ကုသခဲ့ပါ၏။ ဒဏ်ရာအားလည်းမပျောက်။ နာကျင်ကိုက်ခဲမှုတွေနာ စူးစူးရှရှ နေ့၊ ညခံစားရလျက်ပါသည်။ ဆိုးရွားသည့်ဝေဒနာဖိစီးတော်မူဒဏ်ကို အလူးအလဲခံရရှာ၏။ သူ၏ဝဋ်ကြွေးမကုန်သေးပါ။ ကျောင်းဆရာတော်ဦးမြမောင်အား သူ၏ဝေဒနာကို တုသပေးတော်မူပါရန် နားခံ လျှောက်ထားမိသည်အထိ သူကြိုးပမ်းခဲ့ပါသေးသည်။

ဆရာတော် ဦးမြမောင်က -

"ဒကာတော်ရဲ့ဝဋ်ကြွေးက မကုန်သေးဘူး။ ဆေးကုသလို့မပျောက်နိုင်ပေဘူး။ ဒကာတော်ရဲ့ဝေဒနာပျောက်ဖို့ အချိန်နီးပါပြီ။ ခေတ္တစောင့်ဆိုင်းသည်းခံလိုက်ပါ ဒကာတော်"

ကိုလှဝင်း ခြေမကျိုးနေသည်မှာ (၈) လခန့်ကြာသွားလေ၏။ ဒုက္ခဆင်းရဲကြီးစွာခံစားနေရရှာပါသည်။ ဒီရောဂါဘယ်လိုနည်းဖြင့် ပျောက်ကင်းလေမလဲ။ ကိုလှဝင်း ပူပန်သောကများနှင့် နပန်းလုံးနေရ၏။ သူ၏ခြေမကျိုးလေးက ပန်းပန်ဆဲ။ သူ၏ခြေမဝေဒနာပျောက်ခြင်္ကန်တန်လေသော် ရောဂါပျောက်ကင်းသွားပုံကား ဤသို့တည်း။

ကိုလှဝင်း မြို့ဟောင်းကျေးရွာသို့ ရောက်ရှိလာ၏။ သာသနာတော်စောင့်နတ်ကောင်းနတ်မြတ်တို့က ကိုလှဝင်းကို တိုက်တွန်းလေသလော။ ကိုလှဝင်းသည် မြို့ဟောင်းကျေးရွာရှိ ရွှေစည်းခုံကျောင်း ဆရာတော်ခြေရင်းသို့ ဦးခိုက်ရောက်ရှိခဲ့ရပါပြီ။ ဆရာတော်ကြီးက ဒကာလေး ကိုရင်ဆီးပါဟု တိုက်တွန်းပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုလှဝင်း၏ စိတ်ထဲမှ ငြင်းရန်မဝံ့ချေ။ ဆရာတော်ကြီးစကားကို မြေဝယ်မကျ နားထောင်လိုစိတ်ရှိလာသည်။ ကိုလှဝင်း ကိုရင်စဝတ်သည်။ သာသနာ့ဘောင်သို့ ရောက်လေ၏။

ထိုနေ့ည ထူးခြားမှုဖြစ်ပေါ်ခဲ့ပါ၏။ ညညလုံးဝမအိပ်နိုင်သော ကိုလှဝင်း တစ်ဖြစ်လဲ ကိုရင်အား နံနက်အရုဏ်တက်ချိန်တွင် ဆရာတော်ကြီးနှိုးမှ နိုးခဲ့ရသည်အထိဖြစ်ပါတော့သည်။ ထိုအခါမှ ကိုရင်လှဝင်းသည် သာသနာတော်၏ အကျိုးကို စတင်ခံစားလိုက်ရပါတော့၏။ သာသနာ၏အရှိန်အဝါထုံမွမ်းနေပြီ ဖြစ်သောကိုရင်ကို ဆရာတော်ကြီးက ပဋ္ဌင်းတက်ပေးရန် စီစဉ်ပေးပါသည်။ နာကျင်မှုလျော့ပါးသွားသော ကိုရင်၏ ခြေမဒဏ်ရာမပျောက်သေးပါ။

သာသနာနှစ် ၂၅၆၄ ခုနှစ်၊ ကောဇာနှစ် ၁၃၆၅ ခု၊ ဝါဆိုလဆန်း ၁၄ ရက်၊ စနေနေ့ ဂိမန္တ၊ မြောင်းမြို့နယ် ကုန်းသာကျေးရွာအုပ်စု၊ မြို့ဟောင်းကျေးရွာ၊ ဓရွစည်းခုံကျောင်း ခဏ္ဍသိမ်တော်၌ ဆရာတော်ဦးလာဘအား ကျောက်ထီးတန္တဥပဇ္ဈာယ်ပြုလျက် (ရှင်ဝိလာသသည်) ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ယခုအခါ ရွှေစည်းခုံကျောင်းဆရာတော် ဦးလာဘ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဖြစ်ပါသည်။

ရှင်ဝိလာသအား သိမ်ထဲ၌ ကမ္မဝါစဖတ်သည်နှင့် ခြေမဒဏ်ရာပျောက်ကင်းသွား၏။ ဦးလှဝင်းတစ်ဖြစ်လဲ ဦးဝိလာသသည် သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး အသက်ထက်ဆုံး ထမ်းဆောင်တော့မည်ဟု ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်ပါတော့၏။ ဦးဝိလာသ ရပ်ထဲရွာထဲ



ဘုရားပွဲအုန်းသီးတွင် ဘုရားပုံတော်ပေါ်နေပုံ (ယခင်တတ်ပုံ)



ဓမ္မဝိသုဒ္ဓိကျောင်းနှင့်ဘုရားနီစေတီ



နဂါးရစ်ခွေသဏ္ဌာန်နာနတ်သီး (အရွေ့ဘက်မှမြင်ရပုံ)



နာနတ်ပင်နှစ်ပင်(နဂါးရစ်ခွေသဏ္ဌာန်နာနတ်သီးပင်နှင့်မိုးမို့နာနတ်သီးပင်)



ဆရာတော်ဦးဝိလာသ ရောက်ခါစ သီတင်းသုံးသည့် တဲကျောင်း



ညောင်ပင်ကြီးထဲရာတွင် တရားထိုင်ခုံ မကျိုးမပဲ့ တည်မြဲနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ရိုက်ကူးထားသော နဂါးရစ်ခွေနာနတ်သီးပုံ

မမွှေသုန်ကျော်ကျက်သရေခန်းအောက်ရှိ အတက်များနှင့်တောင်ပို့



နဂါးရစ်ခွေသဏ္ဌာန်နာနတ်သီး (အေးတိုက်မြင်ရပုံ)



ဘုရားနီစေတီအောက်ခြေပရဝုဏ်တွင် ပေါက်ရောက်ခဲ့သောမှို (ယခင်အတိုင်း)

မနေလိုတော့ပြီ။ သာသနာတော်ချို့တဲ့သည့်အရပ်ဒေသတွင် သာသနာတော်ပြန့်ပွားစေရန်ဆန္ဒရှိပါ၏။ ၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့ ရဟန်းဘဝ ရောက်ရောက်ချင်း မြို့ဟောင်းကျေးရွာမှ တောထွက်လာခဲ့ပါသည်။ ဆရာတော် ဦးဝိလာသ ဘုရားနီကုန်းသို့ ရောက်ရှိသည်။

❑

ယခုသာသနာပြုနေသောဘုရားနီကုန်းသည် ထိုအချိန်က တောနက်ကြီးဖြစ်လေသည်။ သစ်ပင်ကြီးငယ်တို့ကြီးစိုးကာ - တောကောင်ငယ်လေးများခိုအောင်းကျက်စားနေထိုင်ရာအရပ်ဖြစ်သည်။ ဦးဝိလာသသည် ညောင်ပင်ကြီးတစ်ပင်ကို အမှီပြုကာ တဲကျောင်းလေးဆောက်လုပ် သီတင်းသုံးနေထိုင်၏။ တရားဘာဝနာများ ရှုမှတ်ပွားများ၏။ ဘုန်းကြီးရဟန်းတွေ့မြင်သွားသူ ဒကာအချို့ အားရဝမ်းသာစွာ ဆည်းကပ်ပူဇော်ကြကုန်၏။ ကျောင်းသံခ်မ်းအနီး ချိန္ဒယ်ပိတ်ပေါင်းများကို ရှင်းလင်းသုတ်သင်ပေးကြပါသည်။ ညောင်ပင်ကြီး၏ အနီးတွင် ချိန္ဒယ်များရှင်းလင်းရာမှ စေတီပျက်ငုတ်တိုကြီးတစ်ခုပေါ် လာ၏။ သူတို့သည် ရှိသမျှအင်အားဖြင့် သစ်မြစ်ဆုံကြီးများကို ပင်ပန်းကြီးစွာ တူးဖော်ပေးကြကုန်၏။ ညောင်ပင်ကြီးကား ကျေးငှက်သရကာငှက်ပေါင်းစုံတို့ ကွန်းခိုကျက်စားရာ အေးရိပ်သာကြီးဖြစ်နေ၏။

ထိုစဉ်က ဘုရားနီကုန်၌ ကင်းခြေများနှင့် ကြပ်ပင့်ကူများစွာပေါများသော နေရာဖြစ်ပါသည်။ အချို့သော ဒကာများသည် အဆိပ်ရှိသောသတ္တဝါများကို ကြောက်ရွံ့သည့်စိတ်ဖြင့် ရန်သတ္တရပြုလိုကြသည်။ ဆရာတော်က သတ္တဝါတို့အား သနားကရုဏာထားကြရန်၊ မေတ္တာပို့ကြရန် သင်ကြားပြသပေးပါသည်။ ဆရာတော်၏မေတ္တာပို့သပေးမှုကြောင့် အဆိပ်ရှိသတ္တဝါများကို ယခင်ကလို အလွယ်တကူ မမြင်မတွေ့ရတော့ပါ။ အဆိပ်ရှိသတ္တဝါများကလည်း လူတို့ကိုရန်မူခြင်းမရှိတော့ချေတကား။

ကျောင်းမြေဟူ၍ပေါ် ပေါက်လာတော့၏။ သာသနာ့နယ်မြေရှိ စေတီပျက်ကုန်းမို့မို့ကြီးပေါ်တွင် ဘုရားနီစေတီတော်တည်ထားကိုးကွယ်လိုက်ပါသည်။ ထိုဘုရားနီစေတီကား အောက်ခြေဖောင်ဒေးရှင်းမရှိချေ။ စေတီပျက်ငုတ်တိုကြီးပေါ်တွင် တင်ထားခဲ့မျှသာဖြစ်လေ၏။ သို့ပါသော်လည်း လေတိုက်နှုန်းလွန်စွာ

www.burmeseclassic.com

www.burmeseclassic.com

ပြင်းထန်သည့် မုန်တိုင်းကြီးဒဏ်ခံရဖူးသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြီးပင်ဖြစ်တော့၏။ မုန်တိုင်းထဲမှ ဘုရားနီစေတီတော်ကား လှုပ်ရှားယိမ်းယိုင်ခြင်းအလျှင်းမရှိခဲ့ပေတကား။ ထိုဖြစ်ရပ်သည် အံ့ဖွယ်တစ်ရပ်ဖြစ်ခဲ့ရပါ၏။

ညောင်ပင်အိုကြီးကား ဇရာထောင်းခဲ့လေပြီ။ သဘာဝဘေးဒဏ်မခံစားနိုင်သည့်အခြေအနေသို့ဆိုက်ရောက်လာခဲ့ပါသည်။ သို့သော် သဘာဝဘေးဒဏ်မခံစားလိုသည့်အလား နာဂစ်မုန်တိုင်းမတိုက်ခတ်မီ တစ်ရက်အလိုတွင် လေမတိုက်မိုးမရွာဘဲ အလိုအလျောက်လဲကျခဲ့ပါသည်။

ဆရာတော် ဦးဝိလာသသည် ညောင်ပင်ရင်းတွင် တရားထိုင်လေ့ရှိ၏။ ညောင်ပင်ခြေရင်းတွင် တရားထိုင်ရန် ခုံတစ်လုံးစီမံထားသည်။ ညောင်ပင်လဲရာတွင် ညောင်ပင်လဲရာတွင် ညောင်ပင်နှင့်အတူ တရားထိုင်ခုံပါသွားလေ၏။ တရားထိုင်ခုံသည် ညောင်မြစ်ပေါ်တွင် တင်နေကာ လုံးဝကျိုးပဲ့ခြင်းမရှိခဲ့ချေ။ ဓာတ်ပုံမှတ်တမ်းတွင် တွေ့မြင်နိုင်ပါ၏။ ဆရာတော်ဦးဝိလာသသည် ညောင်ပင်လဲသွားပြီး သူ၏နားထဲတွင် ကြားလိုက်ရသည်မှာ အရိပ်ကိုခွဲလျှင် အခက်မခဲ့ပါနှင့်တူ၍ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ညောင်ပင်ကြီး၏ အရိပ်ကိုခွဲ၍ တရားအားထုတ်ခဲ့သော နေရာတွင် ကျေးဇူးရှင်ဗောဓိညောင်ပင်ကြီးအား ကျေးဇူးတင်ပြန်ရမည်ဖြစ်ပါ၏။ ဦးဝိလာသမည်သို့ကျေးဇူးဆပ်လေမည်နည်း။ ထို့ကြောင့် ဆရာတော်ဦးဝိလာသသည် ညောင်ပင်ကြီးပေါက်ရောက်ခဲ့သောနေရာတည့်တည့်၌ တင်ပျဉ်ခွေကိုယ်တော်ကြီးတစ်ဆူတည်ထားကိုးကွယ်လျက် ကျေးဇူးဆပ်သမျှပြုလေ၏။ ထိုတင်ပျဉ်ခွေကိုယ်တော်ကြီးအား ညပိုင်းတွင် စပရိန်မီးသီးတစ်လုံးဖြင့်သာ မီးပူဇော်ထားလေ့ရှိပါသည်။ ဒကာတစ်ဦးက မီးလုံးရောင်ဖြင့် ပူဇော်ထားပုံကို ကိုးကွယ်ပူဇော်လို၍ ဓာတ်ပုံရိုက်ယူပါသည်။ ဓာတ်ပုံထွက်လာသောအခါ ရောင်စုံမီးများဖြင့် ပူဇော်ထားသည့်ပုံကို ထူးခြားစွာ ဖူးမြော်ရပါတော့သည်။

ထိုဓာတ်ပုံကို ရိုက်ကူးပြီး စာရွှေသူတို့ ကြည်ညိုနိုင်စေရန် ဖော်ပြအပ်ပါသည်။

ဆရာတော်၏ တဲကျောင်းငယ်လေးအစား ဆရာတော် သီတင်းသုံးရန် ကျောင်းသစ်မံတစ်ခုဆောက်လုပ်ထားရှိ၏။ ထိုကျောင်းကို ရွှေကျောင်းဟုခေါ်လေ၏။ မကြာမီ တစ်ချိန်သောကာလမှာ ဆရာတော်သီတင်းသုံးရန် ဒကာဒကာမများက ကျောင်းတစ်ဆောင်ဆောက်လုပ်လှူဒါန်းကြတုန်း၏။ ယခုအခါ ယခင်ကျောင်းဟောင်း(ရွှေကျောင်း)ကို ဆရာတော်သည် တရားထိုင်ရန်၊ အနားယူရန်သာ အသုံးပြုပါသည်။ (ထိုရွှေကျောင်းကို ဖျက်၍ သပ်ရပ်သောကျောင်းကြီးတစ်ဆောင်ဆောက်လုပ်လှူဒါန်းလိုသူ ဒကာရှိပါသော်လည်း ဆရာတော်လက်မခံခဲ့ပါ။)

ဆရာတော်ပြောပြသည်မှာ တစ်ခုသော တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့တွင် ဘုရားနီစေတီတော်မြတ်ကြီးကို ရောင်စုံလိပ်ပြာမျိုးစုံ ပြတ်ကျပ်သိပ်အုံခဲကာ လာရောက် ပူဇော်ခဲ့ဖူးကြောင်း ပြောပြသိရှိခဲ့ရပါသည်။ ဘုရားနီစေတီတော်၏အောက်ခြေပစ္စယံတွင် မှိုပွင့်ကြီးကိုးပွင့်တွယ်ကပ်ပေါက်ရောက်ခဲ့ဖူးသည့် မှတ်တမ်းဓာတ်ပုံကို ကျွန်ုပ်အားပြသပေးပါသည်။ အောက်ခြေပစ္စယံတွင် ကပ်ရောက်သည့် မှိုကိုးပွင့်ကို ဓာတ်ပုံရိုက်ယူခဲ့စဉ်က ဓာတ်ပုံထဲတွင် ခုနစ်ပွင့်သာပေါ် ခဲ့ကြောင်းသိရသည်။ ထိုဓာတ်ပုံကို ရိုက်ကူး၍ ဖော်ပြလိုက်ပါသည်။

ထို့နောက် ဘုရားကျောင်းဆောင်တွင် ဘုရားပွဲပေးထားသည့်အုန်းသီးတွင် ဘုရားပုံပေါ် နေသည်ကိုပြသ၍မှတ်တမ်းဓာတ်ပုံရိုက်ယူခဲ့သည်။ အချိန်ကြာ ညောင်းခဲ့ပြီဖြစ်သော မူရင်းအုန်းသီးပေါ်တွင်ပေါ် နေသော ဘုရားပုံမထင်ရှားပါ။ အုန်းသီးပေါ်တွင် ဘုရားပုံပေါ် ခါစက ရိုက်ယူထားသောဓာတ်ပုံကို Cannon Camera ဖြင့် ထပ်မံရိုက်ကူးတင်ပြလိုက်ပါသည်။ ဆရာစောစေတီတည်ခါနီး၊ တင်ပျဉ်ခွေကိုယ်တော်တည်ခါနီးတို့တွင် ကျောင်း၌ပျားစွဲခြင်း၊ ဓမ္မာရုံတွင် ပျားစွဲသည့်နိမိတ်များ အမြဲပေါ် ပေါက်လေ့ရှိကြောင်းကိုလည်း မှတ်သားခဲ့ရပါသည်။

ဘုရားနီကုန်းတွင် ဘုန်းတော်ကြီးကျောင်း၊ စေတီတော်ကြီး၊ တင်ပျဉ်ခွေကိုယ်တော်၊ သိမ်၊ ဓမ္မာရုံ အစရှိသည့် သာသနာ့နုဂ္ဂဟအဆောင်အယောင်တို့ဖြင့်သာသနာရောင်လွှမ်းခြုံသွားခဲ့ပါတော့သည်။

❑

ရွှေကျောင်းခေါင်းရင်းအောက်တွင် အတက်များထွက်နေသောတောင်ပို့၊ ဆရာတော် ယခုသီတင်းသုံးရာကျောင်း၏ ကျက်သရေခန်းတွင် အတက်များထွက်နေသောတောင်ပို့၊ အထက်ပါကျောင်းဘုရားခန်းအောက်တွင်ရှိ နဂါးအမောက်ထောင်နေသောတောင်ပို့ အစရှိသည့် တောင်ပို့သုံးလုံးတို့မှာ ထူးခြားစွာဖြစ်ပေါ် လာ၏။

ဆရာတော်ဦးဝိလာသပြောပြချက်အရ ဘုန်းကြီးကျောင်းခြံဝင်းအတွင်း၌ နာနတ်ခင်းကြီးစိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။ သာသနာ့အဆောက်အအုံများလည်းထွန်းကားလာလေရာ နာနတ်ခင်းကြီးအား ဖယ်ရှားရှင်းလင်းရန် လိုအပ်လာ၏။ နာနတ်ခင်းမှာလည်း နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ အပင်ကျသည့်အခိုင်အသို့ရောက်ရှိလာတော့သည်။ နာနတ်ခင်းအား ဒကာ၊ ဒကာမများက စည်းလုံးညီညွတ်စွာဖြင့် ကျောင်းဝင်းသန့်ရှင်းရေးအတွက် သုတ်သင်ဖယ်ရှားပစ်လိုက်ကြပါသည်။ တောထနေသော နာနတ်ခင်းကြီးအား ဖယ်ရှားလိုက်နိုင်ပါသော်လည်း နာနတ်ပင်နှစ်ပင်ကျန်နေပါသေးသည်။ နောက်ရက်တွင် ထိုနာနတ်ပင်အကုန်လုံးနှင့် အမှိုက်သရိုက်များကို နောက်ဆုံးရှင်းလင်းရန် အကျန်ရှိပါတော့သည်။

ယနေ့ ကျောင်းဝင်းသန့်ရှင်းရေးအပြီးလုပ်ဆောင်ကြမည် ဖြစ်ပါသည်။ အမှိုက်သရိုက်များက ကင်းစင်သွား၍ ကျောင်းဝင်းကြီးကား သန့်ရှင်းသပ်ရပ်သွားလေ၏။ သန့်ရှင်းရေးလုပ်အားပေးများ အပန်းဖြေအနားယူကြရှင်း ယနေ့အဖို့ အချိန်ကုန်သွားလေ၏။ ဆရာတော်ဦးဝိလာသ ဖယ်ရှားရန် ဆန္ဒရှိနေသည့် နာနတ်နှစ်ပင်မှာကျန်ရှိဆဲ။ ဒကာ၊ ဒကာမတို့သည် တောသူတောင်သားများဖြစ်ကြကုန်၏။ ဝမ်းရေးအတွက် နေ့စဉ်လှုပ်ရှားရုန်းကန်နေကြရသည်။ အချို့က တောင်ယာလုပ်ငန်းခွင်ဝင်ကြရသလို တောတိုး၊ ထင်းခွေ၊ ဟင်းရွက်ခူးကြရသူများဖြစ်ကြ၏။ ဘုန်းကြီးကျောင်းတွင် အမြဲမနေနိုင်။ မိမိတို့ဝမ်းရေးအတွက် မိမိတို့လုပ်ငန်းခွင်သို့ ပြန်ကြလေပြီ။

နာနတ်ပင်နှစ်ပင်ကိုမရှင်းဖြစ်ခဲ့။

နာနတ်ခင်းကြီးတစ်ခုလုံးကို ရှင်းလင်းလိုသဖြင့် ကျန်နေသော နှစ်ပင်ကို ဖယ်ရှားရန် ဒကာတစ်ဦးအား စေခိုင်းလိုက်၏။ ထိုဒကာ နာနတ်ပင်သို့မရောက်မီ အရေးတကြီးကိစ္စပေါ် ပေါက်လာကာ မရှင်းဖြစ်ဘဲပြန်သွားရသည်။ ထိုနည်းဘဝဘယ်ဒကာကိုခိုင်းခိုင်း အလွဲအချော်များဖြင့်သာ နာနတ်ပင်အနီးသို့မသိနိုင်ခဲ့

www.burmeseclassic.com

တကား။ ထို့ကြောင့် ဆရာတော် ဦးဝိလာသ နာနတ်နှစ်ပင်ဖယ်ရှားရန် မေ့မေ့ပျော်ပျော်ဖြစ်လာခြင်း။

ကျောင်းအောက်ရှိ တောင်ပို့များကလည်း အတက်အခက်များထွက်လာ၏။အခြို့တောင်ပို့ဆိုလျှင်နဂါးပုံသဏ္ဌာန်ပင်ပေါ်လာသည်။ ဦးဝိလာသ၏အတွေးစိတ်ဝယ်ပေါ်လာသည်မှာ ငါလည်း ဒီသာသနာနယ်မြေမှာ စေတီ၊ ဘုရားတည်၊ ဝိဿနာတရားအားထုတ်၊ မေတ္တာပွားနေလာခဲ့တာ ယခုအခါ တောင်ပို့များက နဂါးပုံသဏ္ဌာန်ပေါ် ပေါက်လာပြီ။ ဆိုလိုရင်းက အထက်ပုဂ္ဂိုလ်များက နဂါးရဲ့ဘုရားတည်ရန်တိုက်တွန်းနှိုးဆော်လေသလော။

ဤသာသနာနယ်မြေတွင် နဂါးရဲ့ဘုရားမရှိသေးချေ။ ဆရာတော် နဂါးရဲ့ဘုရားတည်ရန် ဆန္ဒပြင်းပြလေ၏။ သို့သော်လည်း တောထဲ၌တရားကျင့်ကြံသီတင်းသုံးနေထိုင်သောပုဂ္ဂိုလ်အတွက် အလျှရှင်ပေါ် ပေါက်ရန်ခဲယဉ်းပါသည်။ ဦးဝိလာသ အထူးသတိပြုမိသည့်အချက်မှာ ဘယ်သာသနာပြုလုပ်ငန်းလုပ်လုပ် အစပျိုးရန်သာ လိုအပ်သည်။ အစပျိုးသိုက်သည်နှင့် လုပ်ငန်းပြီးမြောက်စေသောအလျှရှင် (တာဝန်ယူသူ) ပေါ်လာမြဲ။ ရှေးယခင်အဆက်ဆက်ကလည်း သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်မှာ ဤနည်းနှင့်နှင့်။

ယနေ့ ဆရာတော် ဦးဝိလာသ နဂါးရဲ့ဘုရားတည်မည်ဟု စိတ်ဆုံးဖြတ်ချက်ချ၏။

နောက်တစ်နေ့အရုဏ်ကျင်းသော် ဆရာတော်ဦးဝိလာသသည် ဘုရားရှိခိုး၊ ဘုရားဘဝနာ အားထုတ်ပြီးနောက် ကျောင်းမုခ်ဦးအရှေ့လမ်းကလေးတွင် ကြိုလျှောက်လိုက်၏။ ဆရာတော်သည် ကျောင်းမုခ်ဦးအရှေ့ဘက်သို့ ဦးတည်လိုက်ပါ၏။ ယခုလျှောက်သွားလိုသောအရပ်သို့ မိမိဆန္ဒရှိသည်ထက် တစ်စုံတစ်ဦးစေညွှန်နေသည့်အလားတိုက်တွန်းခြင်းကို ခံစားနေရသည့်သဖွယ် ဖြစ်နေ၏။ ကျောင်းမုခ်ဦးအရှေ့တွင် စကြီလျှောက်ရင်း သူမေ့ထားသောကိစ္စသို့မဟုတ် ဖယ်ရှားရန် အတန်တန်ကြီးစားသော်ငြား ခိုင်မြဲစွာတည်ရှိနေသည့် နာနတ်ပင်နှစ်ပင်အနီးသို့ ရောက်လာသော် -

ဆရာတော်သည် နာနတ်ပင်ကို ကြည့်ရှုရသည်အထိ စိတ်ပါလာစေမိလေတော့၏။ ဘယ်လိုမှဖယ်ရှားမရနိုင်ခဲ့သော နာနတ်ပင်နှစ်ပင်က ဆရာတော်ကို အံ့အားသင့်စေခဲ့ပါ၏။ နာနတ်ပင်တစ်ပင်မှ နာနတ်သီးကို ယခုမှ သေချာစွာကြည့်ရှုမိပါ၏။ နာနတ်သီးသီးနေပုံမှာ နဂါးတစ်ကောင်ရစ်ခွေနေသည့်အလား။ ကျန်သောနာနတ်ပင်တစ်ပင်က သဘာဝအတိုင်းအသီးလုံးလုံးမိုးပေါ်ထောင်သီးနေသည်။ နာနတ်ပင်နှစ်ပင်တို့က အသီးသီးပုံချင်းဆရာတော်ကိုယ့်ဥပြုပေးသကဲ့သို့ ဖြစ်နေပါတော့၏။ ထူးခြားသော နာနတ်ပင်၏နာနတ်သီးမှာ သဘာဝအတိုင်းမဟုတ်မူဘဲ နဂါးတစ်ကောင်ဖန်ဆင်းပြနေသည်က ဆရာတော်ကို နဂါးရဲ့ဘုရားတည်စေလိုရင်းဖြစ်တော့သည်။

❑

လောက၏အဖြစ်အပျက်များစွာတို့သည် သဘာဝယုတ္တိနှင့် အာဂမယုတ္တိဟူ၍ ရှိလေ၏။ သဘာဝယုတ္တိဆိုသည်မှာ အဖြစ်အပျက်တစ်ခုသည် လောကဓမ္မတာ လွန်ဆန်မှုမရှိ။ အခြေခံသဘာဝကျကျဖြစ်ပျက်ခြင်းသည် သဘာဝယုတ္တိမည်၏။

ယခုဘုရားနိကုန်းတွင် တောင်ပို့များမှ နဂါးအသွင်ပေါ်လာခြင်း၊ နာနတ်သီးသည် နဂါးတစ်ကောင်ရစ်ခွေနေသလို ပုံစံဖြစ်တည်လာမှုတို့က နဂါးတို့သည်လည်း ဗုဒ္ဓသာသနာကိုကြည်ညိုကြသူများအဖြစ် ဘုရားကျမ်းဂန်လာဟောပြောမှုများမှ ကြားသိခဲ့ရဖူးသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်တွင် သရဏဂုံကိုပီသအောင်ရွတ်ဆိုနိုင်သော အရွယ် (၇) နှစ်၊ (၁၀)နှစ် စသည့်အရွယ်တို့မှစ၍ ရှင်သာမဏေပြုကြကုန်၏။ လူသားတို့ ရဟန်းပြုကြသလို နတ်နဂါးတို့သည်လည်း ဗုဒ္ဓသာသနာတော်ကို အလွန်ကြည်ညိုကြကုန်၏။ သူတို့သည်လည်း သာသနာပြုလိုကြသည်။ ရဟန်းပြုလိုကြပါသည်။ ဤတွင် နတ်နဂါးတို့ လူယောင်ဖန်ဆင်းကြပါတော့သည်။ လူအများနှင့် ရောနှောဝင်ရောက်ကာ သိမ်တက်၍ ရဟန်းဘောင်သို့ဝင်ရောက်ကြပါတော့သည်။

ရဟန်းသံဃာအပေါင်းတို့ ညဥ့်အိပ်ချိန်တန်သော် အားလုံးအိပ်မောကျလေသည်။ ထိုအခါ လူယောင်ဖန်ဆင်းထားသော နဂါး၏ကိုယ်လုံးကိုယ်ထည်မူရင်းအတိုင်း ပေါ်လာပါတော့သည်။ နဂါးကြီး၏ ကိုယ်လုံးကိုယ်ထည်ကြီးကို မြင်လိုက်ကြရကုန်သော ရဟန်းအားလုံးတို့သည် ကြောက်လန့်တကြား ပြေးလွှားကြကုန်၏။ ရဟန်းတို့စုရုံး၍ ဗုဒ္ဓမြတ်စွာဘုရားရှင်ကို အကျိုးအကြောင်းလျှောက်ထားကြလေသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကပညတ်ချက်ထုတ်ပြန်ပါသည်။ သိမ်ဝင်လာသောပုဂ္ဂိုလ်အား လူသားစင်စစ်ဟုတ်ပါ၏လောဟု စစ်ကြောမေးမြန်းရမည်။ ဟုတ်ပါသည်ဟု ဖြေဆိုနိုင်မှသာလျှင် ရဟန်းပြုခွင့်ပေးပါတော့သည်။

အထက်ပါ ဗုဒ္ဓကျမ်းစာအကိုးအကားကို ထောက်ချင့်၍ နတ်နဂါးများကဤနေရာတွင် သာသနာပြုဆရာတော်ကို နိမိတ်သဏ္ဌာန်အမျိုးမျိုးပြကာ နှိုးဆော်လာကြသည်မှာ အာဂမယုတ္တိကျကျ ခိုင်မာစွာ ယုံကြည်လိုက်ပါတော့၏။ နဂါးရဲ့ဘုရားတည်မည့်နေရာကို ၁၃၇၇ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့တွင် ပန္နက်ရိုက်မည်ဟုသိရှိခဲ့ရပါသည်။ ဆရာတော်ဦးဝိလာသသည် သာသနာတော်အကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်လာခဲ့ပါသည်။ ယခု ဝါတော် (၁၃) ဝါရရှိပြီးသည်အထိ ရှင်ပြုရဟန်းခံမပြုလုပ်နိုင်သူတို့ကို အခါကြီးရက်ကြီးတို့တွင် ရှင်သာမဏေအဖြစ် သွက်သွင်းခြင်း၊ ရဟန်းဘောင်သို့ တက်ရောက်ပေးခြင်းတို့ကို နှစ်စဉ်ပြုလုပ်ပေးခဲ့ရာ (၂၄) ကြိမ်တိတိရှိခဲ့ပြီ ဖြစ်ပါသည်။

ရှင်ပြုရဟန်းခံမပြုလုပ်နိုင်သူများမည်သူမဆို ဘုရားနီကျောရွာ ဓမ္မဝိသုဒ္ဓကျောင်းဆရာတော် ဦးဝိလာသနှင့် ဆက်သွယ်၍ သာသနာဘောင်သို့ ဝင်ရောက်နိုင်ပါကြောင်း သာသနာတော်အကျိုးလိုလားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

ဆောင်းပါးမှတ်တမ်းဓာတ်ပုံရိုက်ကူးရာတွင် ကူညီပေးပါသော ကိုအောင်အောင်ကို ကျေးဇူးတင် မှတ်တမ်းပြုလိုသည်။ ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အကြံပြုသတင်းပေးကာ အာဘ်ဘက်မှပိုင်ဝန်းကူညီပေးခဲ့သည့် ကိုကိုနိုင်(စာတိုက်)အား အထူးကျေးဇူးတင်ရှိပါသည်။ ကျေးဇူးတင်ထိုက်သူများဖြင့် ဤသာသနာတော်စည်ပင်ပြန့်ပွားရေးဆောင်းပါးကို သာဓုမြိုင်မြိုင်ခေါ်ဆိုနိုင်ကြစေရန်အတွက် စာရှုသူတို့ထံသို့ အရောက် တင်ပြပေးလိုက်နိုင်ပြီ ဖြစ်ပါ၏။

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

အောင်မြင့်ထွန်း (မသုံးသုံး)

www.burmeseclassic.com

တကား။ ထို့ကြောင့် ဆရာတော် ဦးဝိလာသ နာနတ်နှစ်ပင်ဖယ်ရှားရန် မေ့မေ့ပျော်ပျော်ဖြစ်လာခြိန်။

ကျောင်းအောက်ရှိ တောင်ပို့များကလည်း အတက်အခက်များထွက်လာ၏။အချို့တောင်ပို့ဆိုလျှင်နဂါးပုံသဏ္ဌာန်ပင်ပေါ်လာသည်။ ဦးဝိလာသ၏အတွေးစိတ်ဝယ်ပေါ်လာသည်မှာ ငါလည်း ဒီသာသနာနယ်မြေမှာ စေတီ၊ ဘုရားတည်၊ ဝိဿနာတရားအားထုတ်၊ မေတ္တာပွားနေလာခဲ့တာ ယခုအခါ တောင်ပို့များက နဂါးပုံသဏ္ဌာန်ပေါ် ပေါက်လာပြီ။ ဆိုလိုရင်းက အထက်ပုဂ္ဂိုလ်များက နဂါးရုံဘုရားတည်ရန်တိုက်တွန်းနှိုးဆော်လေသလော။

ဤသာသနာနယ်မြေတွင် နဂါးရုံဘုရားမရှိသေးချေ။ ဆရာတော် နဂါးရုံဘုရားတည်ရန် ဆန္ဒပြင်းပြလေ၏။ သို့သော်လည်း တောထဲ၌တရားကျင့်ကြံသီတင်းသုံးနေထိုင်သောပုဂ္ဂိုလ်အတွက် အလှူရှင်ပေါ် ပေါက်ရန်ခဲယဉ်းပါသည်။ ဦးဝိလာသ အထူးသတိပြုမိသည့်အချက်ကား ဘယ်သာသနာပြုလုပ်ငန်းလုပ်လုပ် အစပျိုးရန်သာ လိုအပ်သည်။ အစပျိုးလိုက်သည်နှင့် လုပ်ငန်းပြီးမြောက်စေသောအလှူရှင် (တာဝန်ယူသူ) ပေါ် လာမြဲ။ ရွေးယခင်အဆက်ဆက်ကလည်း သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်မှာ ဤနည်းနှင့်နှင့်။

ယနေ့ ဆရာတော့် ဦးဝိလာသ နဂါးရုံဘုရားတည်မည်ဟု စိတ်ဆုံးဖြတ်ချက်ချ၏။

နောက်တစ်နေ့အရုဏ်ကျင်းသော် ဆရာတော်ဦးဝိလာသသည် ဘုရားရှိခိုး၊ ဘုရားဘဝနာ အားထုတ်ပြီးနောက် ကျောင်းမုခ်ဦးအရှေ့လမ်းကလေးတွင် စင်္ကြံလျှောက်လို၏။ ဆရာတော်သည် ကျောင်းမုခ်ဦးအရှေ့ဘက်သို့ ဦးတည်လိုက်ပါ၏။ ယခုလျှောက်သွားလိုသောအရပ်သို့ မိမိဆန္ဒရှိသည်ထက် တစ်စုံတစ်ဦးစေ့ဆွန်နေသည့်အလားတိုက်တွန်းခြင်းကို ခံစားနေရသည့်သဖွယ် ဖြစ်နေတော့၏။ ကျောင်းမုခ်ဦးအရှေ့တွင် စင်္ကြံလျှောက်ရင်း သူမေ့ထားသောကိစ္စတစ်ခုတုတ် ဖယ်ရှားရန် အတန်တန်ကြီးစားသော်ငြား ခိုင်မြဲစွာတည်ရှိနေသည့် နာနတ်ပင်နှစ်ပင်အနီးသို့ ရောက်လာသော -

ဆရာတော်သည် နာနတ်ပင်ကို ကြည့်ရှုရသည်အထိ စိတ်ပါကြီးစားမိလေတော့၏။ ဘယ်လိုမှဖယ်ရှားမရနိုင်ခဲ့သော နာနတ်ပင်နှစ်ပင်က ဆရာတော်ကို အံ့အားသင့်စေခဲ့ပါ၏။ နာနတ်ပင်တစ်ပင်မှ နာနတ်သီးကို ယခုမှ သေချာစွာကြည့်ရှုမိပါ၏။ နာနတ်သီးသီးနေပုံမှာ နဂါးတစ်ကောင်ရစ်ခွေနေသည့်အလား။ ကျန်သောနာနတ်ပင်တစ်ပင်က သဘာဝအတိုင်းအသီးလုံးလုံးမိုးပေါ်ထောင်သီးနေသည်။ နာနတ်ပင်နှစ်ပင်တို့က အသီးသီးပုံချင်းဆရာတော်ကိုယှဉ်ပြပေးသကဲ့သို့ ဖြစ်နေပါတော့၏။ ထူးခြားသော နာနတ်ပင်၏နာနတ်သီးမှာ သဘာဝအတိုင်းမဟုတ်မူဘဲ နဂါးတစ်ကောင်ဖန်ဆင်းပြနေသည်က ဆရာတော်ကို နဂါးရုံဘုရားတည်စေလိုရင်းဖြစ်တော့သည်။

❑

လောက၏အဖြစ်အပျက်များစွာတို့သည် သဘာဝယုတ္တိနှင့် အာဂမယုတ္တိဟူ၍ရှိလေ၏။ သဘာဝယုတ္တိဆိုသည်မှာ အဖြစ်အပျက်တစ်ခုသည် လောကဓမ္မတာ လွန်ဆန်မှုမရှိ။ အခြေခံသဘာဝကျကျဖြစ်ပျက်ခြင်းသည် သဘာဝယုတ္တိမည်၏။

ယခုဘုရားနိကုန်းတွင် တောင်ပို့များမှ နဂါးအသွင်ပေါ် လာခြင်း၊ နာနတ်သီးသည် နဂါးတစ်ကောင်ရစ်ခွေနေသလို ပုံစံဖြစ်တည်လာမှုတို့က နဂါးတို့သည်လည်း ဗုဒ္ဓသာသနာကိုကြည်ညိုကြသူများအဖြစ် ဘုရားကျမ်းဂန်လာဟောပြောမှုများမှ ကြားသိခဲ့ရဖူးသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်တွင် သရဏဂုံကိုပီသအောင်ရွတ်ဆိုနိုင်သောအရွယ် (၇) နှစ်၊ (၁၀)နှစ် စသည့်အရွယ်တို့မှစ၍ ရှင်သာမဏေပြုကြကုန်၏။ လူသားတို့ ရဟန်းပြုကြသလို နတ်နဂါးတို့သည်လည်း ဗုဒ္ဓသာသနာတော်ကို အလွန်ကြည်ညိုကြကုန်၏။ သူတို့သည်လည်း သာသနာပြုလိုကြသည်။ ရဟန်းပြုလိုကြပါသည်။ ဤတွင် နတ်နဂါးတို့ လူယောင်ဖန်ဆင်းကြပါတော့သည်။ လူအများနှင့် ရောနှောဝင်ရောက်ကာ သိမ်တက်၍ ရဟန်းဘောင်သို့ဝင်ရောက်ကြပါတော့သည်။

ရဟန်းသံဃာအပေါင်းတို့ ညဦးအိပ်ချိန်တန်သော် အားလုံးအိပ်မောကျလေသည်။ ထိုအခါ လူယောင်ဖန်ဆင်းထားသော နဂါး၏ကိုယ်လုံးကိုယ်ထည်မူရင်းအတိုင်း ပေါ် လာပါတော့သည်။ နဂါးကြီး၏ ကိုယ်လုံးကိုယ်ထည်ကြီးကို မြင်လိုက်ကြရကုန်သော ရဟန်းအားလုံးတို့သည် ကြောက်လန့်တကြား ပြေးလွှားကြကုန်၏။ ရဟန်းတို့စုရုံး၍ ဗုဒ္ဓမြတ်စွာဘုရားရှင်ကို အကျိုးအကြောင်းလျှောက်ထားကြလေသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပညတ်ချက်ထုတ်ပြန်ပါသည်။ သိမ်ဝင်လာသောပုဂ္ဂိုလ်အား လူသားစင်စစ်ဟုတ်ပါ၏လောဟု စစ်ကြောမေးမြန်းရမည်။ ဟုတ်ပါသည်ဟု ဖြေဆိုနိုင်မှသာလျှင် ရဟန်းပြုခွင့်ပေးပါတော့သည်။

အထက်ပါ ဗုဒ္ဓကျမ်းစာအကိုးအကားကို ထောက်ချင့်၍ နတ်နဂါးများက ဤနေရာတွင် သာသနာပြုဆရာတော်ကို နိမိတ်သဏ္ဌာန်အမျိုးမျိုးပြကာ နှိုးဆော်လာကြသည်မှာ အာဂမ္မယုတ္တိကျကျဦးမာစွာ ယုံကြည်လိုက်ပါတော့၏။ နဂါးရုံဘုရားတည်မည့်နေရာကို ၁၃၇၇ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့တွင် ပန္နက်ရိုက်မည်ဟုသိရှိခဲ့ရပါသည်။ ဆရာတော်ဦးဝိလာသသည် သာသနာတော် အကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်လာခဲ့ပါသည်။ ယခု ဝါတော် (၁၃) ဝါရရှိပြီးသည်အထိ ရှင်ပြုရဟန်းခံမပြုလုပ်နိုင်သူတို့ကို အခါကြီးရက်ကြီးတို့တွင် ရှင်သာမဏေအဖြစ် သွက်သွင်းခြင်း၊ ရဟန်းဘောင်သို့ တက်ရောက်ပေးခြင်းတို့ကို နှစ်စဉ်ပြုလုပ်ပေးခဲ့ရာ (၂၄) ကြိမ်တိတိရှိခဲ့ပြီ ဖြစ်ပါသည်။

ရှင်ပြုရဟန်းခံမပြုလုပ်နိုင်သူများမည်သူမဆို ဘုရားနိကျောင်းရွာ ဓမ္မဝိသုဒ္ဓကျောင်းဆရာတော် ဦးဝိလာသနှင့် ဆက်သွယ်၍ သာသနာဘောင်သို့ ဝင်ရောက်နိုင်ပါကြောင်း သာသနာတော်အကျိုးလိုလားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

ဆောင်းပါးမှတ်တမ်းဓာတ်ပုံရိုက်ကူးရာတွင် ကူညီပေးပါသော ကိုအောင်အောင်ကို ကျေးဇူးတင် မှတ်တမ်းပြုလိုသည်။ ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အကြံပြုသတင်းပေးကာ အာဘ်ဘက်မှပိုင်းဝန်းကျည်ပေးခဲ့သည့် ကိုကိုနိုင်(စာတိုက်)အား အထူးကျေးဇူးတင်ရှိပါသည်။ ကျေးဇူးတင်ထိုက်သူများဖြင့် ဤသာသနာတော်စည်ပင်ပြန့်ပွားရေးဆောင်းပါးကို သာဓုမြိုင်မြိုင်ခေါ် ဆိုနိုင်ကြစေရန်အတွက် စာရှုသူတို့ထံသို့ အရောက် တင်ပြပေးလိုက်နိုင်ပြီ ဖြစ်ပါ၏။

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

အောင်မြင့်ထွန်း (မလုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

(ဒဏ္ဍာရီကဗျာ)
မောင်မောင်အောင်မင်း
တကယ်လုပ် အပျက်တွေ့ရမည့် အငြိမ်းစာတ်

လေး ခုနစ်လသားအရွယ်၌ သားလတ် ဖြစ်သူမှာ ရောဂါတစ်ခုရပြီး ရန်ကုန်တွင် သမားတော်နှင့်ကုသသော်လည်း အခြေအနေမကောင်းကြောင်း ရန်ကုန်တွင်နေသော သားကြီးဖြစ်သူ ကိုသက်တင်ဦးက အမေဖြစ်သူ ထံဖုန်းဆက်ပြောသဖြင့် ကျွန်ုပ်၏ဇနီးက ချက်ချင်းလိုက်သွားပါသည်။ သားလတ်က သူ့ရောဂါကိုသူသိသည်။ အမေနှင့် သူတို့မိသားစု အားလုံးမကွေးသို့ လိုက်ကြမည်ဖြစ်ကြောင်း ပြောသဖြင့် ခွင့်ကြီးတစ်လတင်ပြီးခေါ်ခဲ့ပါသည်။

လွန်ခဲ့သော (၁၈) နှစ်ခန့်က ကျွန်ုပ်၏သားအလတ် ကိုကျော်မင်းအောင် တစ်ယောက် ရန်ကုန်တွင် အစိုးရဌာနတစ်ခု၌ အလုပ်လုပ်နေပါသည်။ အလုပ်တစ်ဖက်နှင့် တက္ကသိုလ်စာပေးစာယူနောက်ဆုံးနှစ်တက်နေသူလည်း ဖြစ်ပါသည်။ ရန်ကုန်တွင် အိမ်ထောင်ကျပြီး သားဦးလေးပင်ရနေပြီ ဖြစ်ပါသည်။ ထိုသားဦးလေးမွေးခါနီးတော့ ကျွန်ုပ်မိသားစုရှိရာ မကွေးမြို့၌ မွေးလိုကြောင်း ပြောသဖြင့် ကျွန်ုပ်၏ဇနီးက သွားရောက်ခေါ်ခဲ့ပါသည်။ သမီးခွေးမ၌ မိဘများမရှိကြတော့။ မကွေးပြည်သူ ဆေးရုံကြီး၌ ဝိုက်ခွဲမွေးခဲ့ရပါသည်။

ကလေးမွေးပြီး နှစ်လခန့်အကြာ ခွေးမနှင့် မြေးလေးကို ကျွန်ုပ်၏ဇနီးမှ ရန်ကုန်မြို့သို့ လိုက်ပို့ခဲ့ရပါသည်။ မြေးလေး ခုနစ်လသားအရွယ်၌ သားလတ် ဖြစ်သူမှာ ရောဂါတစ်ခုရပြီး ရန်ကုန်တွင် သမားတော်နှင့်ကုသသော်လည်း အခြေအနေမကောင်းကြောင်း ရန်ကုန်တွင်နေသော သားကြီးဖြစ်သူ ကိုသက်တင်ဦးက အမေဖြစ်သူ ထံဖုန်းဆက်ပြောသဖြင့် ကျွန်ုပ်၏ဇနီးက ချက်ချင်းလိုက်သွားပါသည်။ သားလတ်က သူ့ရောဂါကိုသူသိသည်။ အမေနှင့် သူတို့မိသားစု အားလုံးမကွေးသို့ လိုက်ကြမည်ဖြစ်ကြောင်း ပြောသဖြင့် ခွင့်ကြီးတစ်လတင်ပြီးခေါ်ခဲ့ပါသည်။

မကွေး၌ သက်ဆိုင်ရာဆရာဝန်များနှင့်ကုသသော်လည်း ရောဂါကကျွမ်းနေကြောင်းသိရပါသည်။ သားလတ်က အရက်သောက်သည်။ စီးကရက်သောက်သည်။ အပေါင်းအသင်းစုံသည်။ မကွေး၌ တစ်လခန့်ကုသသော်လည်း ရောဂါအခြေအနေက ပိုမိုဆိုးလာသည်။ ထို့ကြောင့် ကျွန်ုပ်က ရန်ကုန်သွားပြီး သားလတ်၏အလုပ်ဌာနမှ လူကြီးနှင့် သွားတွေ့သည်။ ထိုလူကြီးမှာလည်း စာရေးသူ၏ ဆရာအရင်းဖြစ်ပါသည်။ လူနာ၏အခြေအနေအားလုံးကို ပြောပြအသိပေးခဲ့ပါသည်။

ရန်ကုန်သို့သွားနေစဉ်အချိန်မှာပင် မကွေးအိမ်မှ ကျွန်ုပ်အား ချက်ချင်းပြန်လာရန် ဖုန်းဆက်အကြောင်းကြားပါသည်။ ကျွန်ုပ်လည်း ကနဦးသွားစဉ်က တည်းက ရန်ကုန်သို့ ခံနက်ရောက်၊ လူကြီးနှင့်ရုံးချိန်းတွေ့၊ ညနေမှာ ချက်ချင်းမကွေးပြန်ရန် စီစဉ်ပြီးဖြစ်ပါသည်။ အချိန်ရသည်နှင့် သားကြီးအိမ်သို့သွားခဲ့ပါသည်။ သားကြီးဖြစ်သူမှာ အစိုးရဝန်ကြီးရုံးတစ်ခုမှာ ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် အလုပ်လုပ်နေသူဖြစ်ပါသည်။ သားကြီးတွင် သားသမီးသုံးဦးရှိပါသည်။ စီးပွားရေးလည်း အဆင်ပြေနေသူဖြစ်ပါသည်။

ကျွန်ုပ်က သားလတ်၏ရောဂါအခြေအနေကိုပြောရင်း မျက်ရည်ကျခဲ့ရပါသည်။ ဘယ်လိုမှပြန်လည်ကျန်းမာလာရန် မျှော်လင့်ချက်မရှိနိုင်တော့ကြောင်း၊ ကျွန်ုပ်မှာလည်း အလုပ်မှသက်ပြည့်အငြိမ်းစားယူရန် သုံးနှစ်ခန့်သာလိုတော့ကြောင်း စသဖြင့်ပြောခဲ့ပါသည်။

"သားကြီး၊ အဖေ မင်းကို ကြိုပြီး အခုကတည်းကပြောထားချင်တယ်ကွာ။ အဖေလည်း ဝင်စင်ယူဖို့က သုံးနှစ်လောက်ပဲလိုတော့တယ်။ မင်းရဲ့ညီမ၌တော့ရင် ဒီကလေးနောင်ရေးက ဘယ်လိုမှကောင်းနိုင်စရာမရှိဘူး။ ခွေးမကလည်း ငယ်သေးတော့ ဒီကလေးကို လူတစ်လုံးသူတစ်လုံးဖြစ်အောင်ထားနိုင်မယ်မထင်ဘူး။ ဒီတော့ မင်းရဲ့တူလေးကို သားကြီးကပဲ တတ်နိုင်သလောက် တာဝန်ယူစောင့်ရှောက်ပေးစေချင်တယ်"

"စိတ်ချပါ အဖေရယ်။ အဲဒီအတွက် အဖေသောကတွေမရောက်နေပါနဲ့။ ကျွန်တော် တတ်နိုင်သလောက် တာဝန်ယူစောင့်ရှောက်သွားမှာပါ"

ကျွန်ုပ်လည်း သားကြီးရဲ့ကားသံကိုကြားရတော့ မြေးလေးအတွက်

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာပီတိဖြစ်ခဲ့မိပါသည်။ သို့သော် မျက်ရည်က ဘယ်လိုမှထိန်းလို့မရခဲ့ပါ။ ရင်တွင်းက အပူလောင်ဆုံးဖြစ်သည့် သောကပရိဒေဝမီးကို ဘဝမှာ ပထမဦးဆုံးအကြိမ်ခံစားခဲ့မိခြင်းပါပဲ။ ကျွန်ုပ်လည်း ညနေပိုင်းမှာ ရန်ကုန်မှ မကွေးသို့ပြန်ခဲ့ပါသည်။

ကျွန်ုပ် မကွေးပြန်ရောက်ပြီး ဆယ်ရက်ခန့်အကြာမှာတော့ သားလတ်တစ်ယောက် သူ၏ချစ်လှစွာသောဇနီးနှင့် ချစ်လသားအရွယ် ချစ်စွာသောလူမမည်သားလေးကို ထားရစ်ပြီး လူလောကကြီးမှ အပြီးထွက်ခွာသွားပါတော့သည်။ ကျွန်ုပ်နေသည့် လူမမည်မြေးလေး၏ အနာဂတ်ဘဝကိုတွေးပြီး ကျွန်ုပ်အလွန်မှ ရင်လေးခဲ့မိပါသည်။ အိပ်လို့လည်း မပျော်၊စားလို့လည်းမဝင်။ မြေးလေးအိပ်နေသောပုခက်ကိုလွှဲရင်း အကြိမ်ကြိမ် အံခါခါ မျက်ရည်ကျခဲ့ရပါသည်။ ချွေးမကလည်း ငယ်ရွယ်သူမို့ ခယောင်းတောလမ်းကို သူမ၏သားလေးနှင့် ဘယ်လိုမှ ရုန်းကန်လျှောက်လှမ်းနိုင်စွမ်းမရှိပါ။ ချွေးမ၏ကျန်းမာရေးဘလည်း သိပ်ပြီးမကောင်းလှသဖြင့် မိခင်ရို့ဖြတ်စေပြီး ခို့ဘူးတိုက်မွေးခဲ့ရပါသည်။

ကျွန်ုပ်၏မိသားစုကလည်း ကျွန်ုပ်တစ်ယောက်တည်း၏လုပ်စာကို မှီခိုစားသောက်နေရသဖြင့် စီးပွားရေးက အဆင်ပြေလှသည်မဟုတ်။ မကြာမီကာလအတွင်း သက်ပြည့်အငြိမ်းစားယူရန်ကလည်း ဘာမှမလိုတော့သည့်အခြေအနေ။ သားကြီးနှင့်မြေးလေးနောင်ရေးကိစ္စ စကားပြောခဲ့ရသော်လည်း သားကြီး၏ မိသားစုကလည်း သားကြီးအပေါ် မှီခိုနေရသည်။ သားကြီး၏ကလေးသုံးယောက်ပညာရေးကလည်း ခို့နေသည်။ ထို့အပြင် ချွေးမ၏သဘောထားကလည်းရှိနေပြန်သည်။ ကျွန်ုပ်ကတော့ ရေနစ်သူကဲ့သို့ ကမ်းနားသစ်ပင်နှင့်တူသောသားကြီးကို လှမ်းဆွဲထားလိုက်ခြင်း ဖြစ်ပါသည်။

ကံကြမ္မာဆိုသည်က ကြိုတင်မြင်ရသည်မဟုတ်။ ကျောချမှ ဓားပြမှန်းသိရသည့်အဖြစ်မျိုး။ အဆိုးကံကြမ္မာလာတော့ အဆိုးလောကဓံကိုကြုံရသည်။ အကောင်းကံကြမ္မာလာတော့ အကောင်းလောကဓံကိုကြုံရသည်။ ကျွန်ုပ်က ၂၀၁၃ ခုနှစ်၊ မတ်လတွင် သက်ပြည့်အငြိမ်းစားယူလိုက်ပါသည်။ ချွေးမဖြစ်သူက သူမရဲ့သားလေးကို ကျွန်ုပ်တို့ထံထားရစ်ပြီး စိတ်ပြေလက်ပျောက် အစ်မများရှိရာ ရန်ကုန်မြို့သို့ ပြန်သွားခဲ့ပါသည်။ သားလတ်ကွယ်လွန်သည့်နေ့က သူ့သားလေးကို လိပ်ပြာခွဲတော့ အချိန်အတော်ကြာစဉ်းစားပြီးမှ ကျွန်ုပ်တို့ကို ပေးအပ်ခဲ့သည်။ချွေးမဖြစ်သူမှ အစ်ကို့ကျော်မင်းအောင် အဖေတို့အမေတို့ကို ဘာ သားလေးကို စိတ်ချလက်ချပေးခဲ့ပါ' ဟုဝင်ပြောခဲ့သည်။

ရန်ကုန်ရောက်တော့ ကျန်းမာရေးမကောင်းလို့ ဆေးကုသနေရကြောင်း ချွေးမဖြစ်သူက ဖုန်းဆက်အကြောင်းကြားသည်။ မြေးလေးကို ၂၀၀၄ - ၂၀၀၅ ခုနှစ် ပညာသင်နှစ်မှာ မူကြိုထားခဲ့ပါသည်။ ကျွန်ုပ် ၂၀၀၄ ခုနှစ် အောက်တိုဘာလ ရန်ကုန်မြို့သို့ဆေးသွားကုတော့ ချွေးမကို ကိုယ့်ရဲ့သားလေးနှင့် မကွေးပြန်နေ၊ မကွေးမှာလည်း ဆေးကုလို့ရတာပဲဟုပြောပြီး ခေါ်ခဲ့ပါသည်။ မကွေး၌ သုံးလခွဲလောက် ဆရာဝန်များနှင့် ကုသခဲ့သော်လည်း ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှာ သူမရဲ့သားလေးကို ခွဲသွားခဲ့ပြန်ပါသည်။ မြေးလေးက ငါးနှစ်သားမို့ သူ့ရဲ့မိခင်ကို ထိုင်ပြီးကန်တော့ခဲ့ပါသည်။ ထိုမြင်ကွင်းကို တွေ့ရတော့ ကျွန်ုပ်မျက်ရည်ကျခဲ့ရပြန်ပါလေသည်။ မျက်ရည်ကျရသည့်အကြောင်းက မြေးလေးက သူ့အမေကို မြင်လည်းမြင်လိုက်ရ၊ ကန်တော့လည်းကန်တော့ခဲ့ခိုင်သည်။ ငါက အမေ့ကို တွေ့လည်း မတွေ့လိုက်ရ၊ ကန်တော့လည်းမကန်တော့လိုက်ရလို့တွေးပြီး မျက်ရည်ကျခဲ့မိခြင်း ဖြစ်ပါသည်။

အဲဖေ၊ အမေမရှိတော့သည့် မြေးလေးမောင်ရဲအောင်၏အနာဂတ်ဘဝကတွေးကြည့်လေ ရင်လေးမိလေဖြစ်ရပါသည်။ ကျွန်ုပ်၏မိခင်က ကျွန်ုပ်တစ်နှစ်သားအရွယ်မှာ ကွယ်လွန်သွားခဲ့သည်။ မိဆွေးနှင့်နေခဲ့ရသည်။ မြေးလေးက အဖေလည်းမရှိ၊ အမေလည်းမရှိ၊ ကျွန်ုပ်ဘဝထက် အဆပေါင်းများစွာဆိုးလွန်းလှလေသည်။ ဒီမြေးလေးကိုပညာတတ်တစ်ယောက်ဖြစ်အောင်၊ လူတစ်လုံးသူတစ်လုံးဖြစ်အောင်ထားနိုင်ပါ့မလဲဟုတွေးပြီး အိပ်မပျော်ခဲ့သည့်ညပေါင်းတွေများခဲ့ရပါသည်။ ထိုအချိန်က အသက် (၆၀) ကျော် ပင်စင်စားတစ်ဦးဖြစ်သည့် ကျွန်ုပ်သည် စိတ်ဓာတ်ကျပြီး ယိုင်လဲမသွားတာဘဲ ကံကောင်းသည်ဟုထင်ခဲ့မိသည်။ မြေးလေးအနာဂတ်ဘဝအတွက် ကျွန်ုပ် အသက်ရှင်ရပ်တည်ပေးနေရဦးမည်။ ကျန်းမာပေးနေရဦးမည်။ ကျွန်ုပ် အသက်ရှည်ပြီးကျန်းမာမှ မြေးလေးကို ပညာတတ်တစ်ယောက်ဖြစ်အောင် လမ်းပြဖော်ဆောင်ပေးနိုင်မည်။ ဒါက ကျွန်ုပ်၏ သံမဏိစိတ်ဓာတ်ဖြစ်သည်။

သို့သော် ကျွန်ုပ်သည် အနိစ္စကို အနိစ္စလို့ပဲမြင်သည်။ သေခြင်းတရားကို ဘယ်သူမှ ကြိုမြင်ကြသည်မှမဟုတ်ဘဲ။ သေနေ့စေ့လျှင် မလွဲမသွေသေရမည်၊ ရှောင်လွှဲလို့မရ။ ယခုလောက် အသက် (၇၀)ကျော်အောင်နေလာခဲ့နိုင်ခြင်းကလည်း နေတတ်အောင်နေထိုင်ခဲ့သောကြောင့်ပင်ဖြစ်သည်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစားခဲ့သည့် အကျိုးကို ခံစားရသည်ဟု ဆိုရပါမည်။

လူဘဝဆိုသည်က အံကုသိုလ် ဝင်လျှင် အဖော်အပေါင်းနှင့်လာတတ်သည်။ကုသိုလ်မပြုထားလျှင် အကုသိုလ်ကနိုင်သွားတတ်သည်။ ထို့ကြောင့် ရတနာသုံးပါးနှင့် မိဘ၊ဆရာသမားတို့ကို အမြဲတမ်း ဆည်းကပ်ကိုးကွယ်အားထားရန်လိုပါသည်။ ကုသိုလ်တရားရှိထားလျှင် ထိုဝင်လာသည့်အကုသိုလ်က တစ်ကြိမ်တစ်ခါတည်းနှင့် ပြီးသွားတတ်သည်။တစ်ခါတစ်ရံတော့လည်း နှစ်ကြိမ်လောက်နှင့်ပြီးသွားတတ်သည်။ ယခုသားလတ်ကွယ်လွန်ပြီးနေနာက် ရန်ကုန်တွင်နေသော သားကြီးက သူ့အလုပ်ဌာနမှာ ပြဿနာပေါ်သည်။ နိုင်ငံတော်ပိုင်ပစ္စည်းများ လျော့နည်းကွာခြားမှုကြောင့် အနေးယူခံရပြီး အလုပ်မှထွက်ခဲ့ရသည်။ ကျွန်ုပ် အားကိုးပြီး မြေးလေးနောင်ရေးကို တတ်နိုင်သမျှကူညီရန်ပြောခဲ့မိသည့် သားကြီး အလုပ်ကထုတ်ပယ်ခံခဲ့ရသဖြင့် ကျွန်ုပ်၏အပူသောကတွေက ရင်ထဲသို့ နေခုနစ်စင်းအထိုးခံထားရသည့်နှယ်ဖြစ်ခဲ့မိသည်။

ကွယ်လွန်သူ စာရေးဆရာကြီး မောင်သာရရေးသကဲ့သို့ 'နောက်ဆုံးတော့ ကျော်ဟိန်းဟာ ကျော်ဟိန်းပါပဲ' လို့ပြောရမည့် ကျွန်ုပ်ဘဝ။ မြေးလေး၏အနာဂတ်အရေးကို ကျွန်ုပ်ကပင်လုံးလုံးလျားလျား တာဝန်ယူခဲ့ရပါတော့သည်။ သားကြီးအဖို့တော့ 'တောင်မင်းကို မြောက်မင်းမကယ်နိုင်သည့်ဘဝ'။ သူ့ရဲ့မိသားစုပင် ရွှေတောင်ကြီးပြုခဲ့ရလို့ ယိမ်းယိုင်နေရလေသည်။ ဒါကလည်း သူ့ဘဝဝဋ်ကြွေးပါလာခဲ့လို့ပဲ တချို့က ကျွန်ုပ်ကို အားပေးစကားပြောခဲ့ကြသည်။ ကျွန်ုပ်ကတော့ ထိုကိစ္စကို အလေးအနက်ထားပြီး စဉ်းစားခဲ့မိပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ မိဘကိုလုပ်ကျွေးခဲ့လို့ အလုပ်ပြုတ်ထောင်ကျခဲ့ရသောဖြစ်ရပ်များ ကျွန်ုပ်ဘဝသက်တမ်းတစ်လျှောက် မတွေ့မကြုံခဲ့မိပါ။ အိမ်ထောင်ဦးစီးလုပ်သူက မိမိ၏သားမယားကို ထောင်နှုတ်ခမ်းနင်းရှာကျွေးခဲ့ကြသည့် လောဘသားတွေသာလျှင် များသောအားဖြင့် ထောင်ကျခဲ့ရ၊ အလုပ်ပြုတ်ခဲ့ရသည့်သာဓကများသာတွေ့ခဲ့ရလေသည်။ ကျွန်ုပ်ပင်လျှင် ဝန်ထမ်းဘဝက လောဘတဏှာဖြင့် မိသားစုကို ထောင်နှုတ်ခမ်းနင်းရှာကျွေးခဲ့မိပါသည်။ သို့သော် ကျွန်ုပ်ဘဝ၌ ကုသိုလ်တွေကများခဲ့လို့လား၊ ကံကောင်းခဲ့လို့ပဲလား၊ အတိတ်ဘဝဝဋ်ကြွေးမပါခဲ့လို့ပဲလားမသိ ကျွန်ုပ်လုပ်သက်နှစ်ပေါင်းလေးဆယ့်တစ်နှစ်ဖြင့် သက်ပြည့်အငြိမ်းစားရယူခဲ့နိုင်ပါသည်။ တရားသဘောဖြင့်ကြည့်လျှင်တော့ ကျွန်ုပ်တို့ဘဝတွေက ဖြစ်ခိုနိုတန်ဖြစ်ကြရပြီး ပျက်ခိုနိုတန်လျှင်ပျက်ခဲ့ရသည်သာပဲမဟုတ်ပါလား။

ဗုဒ္ဓက သတ္တဝါဓိဋ္ဌာန်ကိစ္စာဟောခဲ့သည်ဖဲ့။ အနိစ္စသဒ္ဓါရတနာရားကို နှလုံးသွင်းဆင်ခြင်နိုင်လျှင် စိတ်အေးချမ်းသာယာမှုတို့ ရရှိသည်မှန်သော်လည်း တကယ့်လက်တွေ့မှာ မလုပ်နိုင်သူက အများအပြားရှိနေသည်။ ပုထုဇဉ်များပီပီလောဘ၊ ဒေါသ၊ မောဟများဖြင့်သာဘဝကို အလိုမကျဖြစ်နေကြပါသည်။ သို့သော် ဝိပဿနာတရားကို အားထုတ်ကြီးပမ်းနေကြသည့်ယောဂီများကတော့ သစ္စာဉာဏ်ဖြင့် ထိုးဖောက်မြင်နိုင်စွမ်းရှိ၏။ ထိုတရားသဘောကို နှလုံးသွင်းဆင်ခြင်လိုက်လျှင် စိတ်၏ ငြိမ်းအေးမှုကို အမှန်တကယ်ရရှိသွားကြရပါသည်။

ကျွန်ုပ်၏ရင်ထဲမှ ထိုသောကအပူများကို ဗုဒ္ဓ၏တရားဓမ္မဖြင့်သာငြိမ်းအေးနိုင်မည်ဟုယုံကြည်ခဲ့မိပါသည်။ထို့ကြောင့် တရားစခန်းဝင်ပြီး ဝိပဿနာတရားအလုပ်ကို လုပ်ကိုင်လျက်ရှိသည်မှာ ဆယ်နှစ်ဝန်းကျင်သို့ရောက်ခဲ့ပါပြီ။ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်တွေကိုလည်း အသင့်အတင့် နားလည်ခဲ့မိပါသည်။ သားအလတ်က ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်၊ သားကြီးက အိုးရအလုပ်မှ ထုတ်ပယ်ခံရ၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဟုပဲဆိုရမလားမသိ။ သားနှစ်ယောက်၏ အပူဒဏ်က ကျွန်ုပ်ကို လာရောက်ဟပ်ခဲ့ရပါသည်။ တကယ်တော့ ယခုဖြစ်ရပ်များက ဒုက္ခများပဲဖြစ်ပါသည်။ ထိုဒုက္ခတွေကို ကျွန်ုပ်တို့ အားလုံး အတိတ်ဘဝက အဝိဇ္ဇာ၊ သင်္ခါရတွေနှင့် သမုဒယသစ္စာနယ်ထဲမှ မရုန်းထွက်ခဲ့နိုင်ကြလို့ ဒုက္ခဒန္ဓာကြီးကိုရပြီး ဒုက္ခသစ္စာနယ်ထဲမှာနေနေကြရခြင်း ဖြစ်ပါသည်။ ဒီဒုက္ခနယ်ထဲမှ အမြတမ်းထွက်နိုင်ဖို့ကတော့ မဂ္ဂင်လမ်းကြောင်းပေါ် ရောက်အောင် ကြိုးစားကြရပါမည်။ သို့မှသာလျှင် ငြိမ်းအေးသောနိဗ္ဗာန်ချမ်းသာကိုရရှိကြပါမည်။ မဂ္ဂင်လမ်းကြောင်းဆိုသည်က ဝိပဿနာဘာဝနာအလုပ်ကိုလုပ်မှသာလျှင် ထိုလမ်းကြောင်းမှန်ပေါ် ရောက်ပါမည်။

ကျွန်ုပ်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်နေ့က နေအိမ်၌ မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားထားသည့် သစ္စာတရားတစ်ပုဒ်ကို နာယူမှတ်သားခဲ့မိပါသည်။ တရားထဲ၌ လောကတွင် သားသမီးက မိဘကို အားကိုး၊ မိဘက သားသမီးကို အားကိုး၊ နောက်ဆုံးတော့ သားသမီးတွေက မိဘကိုစွန့်လွှတ်ခဲ့ကြရ၊ မိဘတွေက သားသမီးတွေကို စွန့်လွှတ်ခဲ့ကြရကြောင်း၊ အနိစ္စကို အနိစ္စမှန်းမသိ၊ ဒုက္ခကို ဒုက္ခမှန်းမသိ၊ အနတ္တကို အနတ္တမှန်းမသိလို့ အားကိုးမှားနေကြကြောင်း၊ ရေနစ်ဒုက္ခရောက်နေသူတစ်ယောက်ဟာ ကမ်းနားသစ်ပင်ကို အနိစ္စမှန်းမသိလို့ လက်ဖြင့်သွားဆွဲတော့ ထိုကမ်းနားသစ်ပင်က ဆွဲသူအပေါ် သို့ အမြစ်မှကျွတ်ပြီး ပိကျလို့ ရေထဲမျောပါသေဆုံးခဲ့ရသည့်ဖြစ်စဉ်ကို ဥပမာပေး ဟောကြားထားသည့်တရားဖြစ်ပါသည်။ ကိုယ့်ခန္ဓာကလည်း အနိစ္စ၊ ကမ်းနားသစ်ပင်ကလည်း အနိစ္စမှန်းမသိ။

ထိုတရားနာကြားရတော့ ကျွန်ုပ်လည်း လွန်ခဲ့သော ဆယ့်ရှစ်နှစ်လောက်က မြေးလေး၏နောင်ရေးကိစ္စကို သားကြီးအား တတ်နိုင်သမျှ ကူညီထောက်ပံ့ရန် အားကိုးပြောခဲ့မိသည်ကို သွားသတိရခဲ့မိပါသည်။ အဲဒီအချိန်က ကျွန်ုပ်လည်း အနိစ္စကိုမသိခဲ့လို့ နိစ္စထင်ခဲ့မိပြီး အားကိုး အကူအညီတောင်းခဲ့မိပေါ့ဟု အသိဉာဏ်ရခဲ့မိပါသည်။

မြေးလေးသည် စာမေးပွဲများကို နှစ်စဉ်အောင်မြင်ခဲ့သည့်အပြင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဆုများရရှိခဲ့ပါသည်။ ယခု ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကိုလည်း နှစ်ချင်းပေါက်အောင်မြင်ခဲ့ပါသည်။ ကျောင်းသား (၁၀) ယောက် စာသင်ပိုင်းထား၍ အောင်ခဲ့ခြင်း ဖြစ်ပါသည်။ မြေးလေး ဆယ်တန်းအောင်သွားသဖြင့် ကျွန်ုပ်၏ရင်ထဲမှ အပူသောကတွေလျော့သင့်သလောက် လျော့သွားခဲ့ပါသည်။ မြေးလေး ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်ရန် ရုန်းကန်ကြိုးစားထားပေးရပါဦးမည်။ မြေးလေးတက္ကသိုလ်ကဘွဲ့ရပြီးချိန်တော့ ကျွန်ုပ်၏ရင်ထဲကိန်းအောင်းနေသည့် ကိလေသာမီးလည်း ငြိမ်းသွားလိမ့်မည်ဟုထင်သည်။ မငြိမ်းငြိမ်းအောင် ကြိုးစားရမည်က ကျွန်ုပ်၏တာဝန်ဟု ခံယူထားသည်။ ထိုကိလေသာအပူမီးတွေကို တမလွန်ဘဝသို့ ကျွန်ုပ်ယူမသွားချင်။ ယူမသွားချင်လျှင် ဝိပဿနာတရားအလုပ်ကို များများကြိုးစားအားထုတ်ပြီး ရုပ်နာမ်ဓမ္မသဒ္ဓါရကို ဉာဏ်အမြင်ဖြင့်မြင်နိုင်အောင် ကြိုးစားရဦးမည်ဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်ုပ်သည် အညာဒေသ၏ နွေရာသီအပူဒဏ်ကို ကျွန်ုပ်၏ရင်ထဲရှိနေသောအပူနှင့် နှိုင်းယှဉ်ခံစားကြည့်မိသည်။ နွေရာသီအပူဒဏ်ကယပ်တောင်လေးဒဂံလိုက်လျှင် ခန္ဓာကိုယ်ကြီးငြိမ်းအေးသွားသလိုခံစားရပြီး ရင်တွင်းအပူက ဘယ်ယပ်တောင်နှင့်မှ ခတ်လို့ မအေးနိုင်ပါ့လားဆိုသည့်ဉာဏ်အမြင်ကိုရမိသည်။ ထိုအခါ နာတူမှတ်သားခဲ့ရသော ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများ နှလုံးသွင်းဆင်ခြင်လိုက်မှသာ ငြိမ်းအေးသွားခဲ့သည်ကို တွေ့ရပါသည်။ ရင်ထဲရှိနေသည့် သောကအပူက ဗုဒ္ဓဟောကြားထားခဲ့သည့် ဓမ္မရေဖြင့်ဖျန်းမှသာ ငြိမ်းအေးခဲ့ပါလားဆိုသည့် သစ္စာသို့ကိုလည်း သိခဲ့မိပါသည်။

တကယ်တော့ ကျွန်ုပ်တို့အားလုံး ပုထုဇဉ်များပီပီ ကိုယ်လည်း ကိုယ့်အပူနှင့်ကိုယ်၊ သူလည်း သူ့အပူနှင့်သူရှိနေကြပါမည်။ ထိုအပူက ချမ်းသာ၊ ဆင်းရဲ မရွေး လူတိုင်း၏ရင်ထဲရှိနေကြပါမည်။ ထိုအပူတွေငြိမ်းအေးရပါလို့၏ဟု ဗုဒ္ဓထံဆုတောင်း တောင်းပန် လျှောက်ထားသော်လည်း ဗုဒ္ဓက ကယ်တင်တော်မူနိုင်မည်မဟုတ်ပါ။ ဗုဒ္ဓဟောကြားထားသည့် သစ္စာတရားများကို နာကြားပြီး ဝိပဿနာဉာဏ်နှင့် ထိုးထွင်းသိမြင်ဆင်ခြင်နိုင်မှသာလျှင် ကျွန်ုပ်တို့၏ရင်တွင်းရှိနေသည့် အပူများ ငြိမ်းအေးသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာတရားအလုပ်ဖြစ်သည့် မဂ္ဂင်အလုပ်ကို တကယ်လက်တွေ့လုပ်ကြည့်ပါ။ တကယ်လုပ် အဟုတ်တွေ့ရမည့်အငြိမ်းဓာတ်ပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

မောင်မောင်အောင်မင်း(ဒဿနိက)

www.burmeseclassic.com

www.burmeseclassic.com

စူဠာမုနိ လောကချမ်းသာစေတီတော် နိဒါန်း

ရှမ်းပြည်နယ်တောင်ပိုင်း၏မြို့တော်တောင်ကြီးသည် ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်း (၄၇၁၂) ပေ မြင့်သောတောင်ထိပ်တွင်တည်ရှိပါသည်။ တောင်ကြီးမြို့စတင်ဖြစ်တည်လာသောသမိုင်းအကျဉ်းမှာ ယခင်ကျနေရာသည် တောင်ကြီးမြို့ဟူ၍ မဖြစ်ပေါ်သေးပေ။ မြန်မာနှစ် ၁၂၀၀ ပြည့်နှစ်ခန့်က တည်ရှိနေခဲ့သော ပအို့ဝ်ရွာကလေးတစ်ရွာသာရှိပါသည်။ ထိုရွာ၏အမည်မှာ ပအို့ဝ်ဘာသာစကားဖြင့် ဒုံတောင်ကျည်ဟုခေါ်ပါသည်။ ရှမ်းအသံဖြင့် တွံတီးဟုခေါ်၏။ ထိုတောင်ကျည်း၊ တွံတီးကို မြန်မာအသံဖြင့် တောင်ကြီးဟူသည်မှာ သစ်ပင်တစ်မျိုး၏အမည်ဖြစ်၍ တည်ပင်နှင့်တူသောအပင်တစ်မျိုး ဖြစ်ပါသည်။ အချို့အရပ်တွင် 'ကတည်ပင်' ဟု ခေါ်သည်။ ၎င်းအပင်ပေါက်ရာရွာဟုဆိုလိုသည်။ ထိုရွာနှင့်အနီးတစ်ဝိုက်တွင် ပင်လုံရွာ၊ ရှမ်းရွာ၊ မုံခရိန်ရွာနှင့် ဝါးပြားရွာများမျိုး ရေကန် (၄) ကန်နှင့် အင်းကြီးတစ်အင်းပါရှိသည်ဟု ဆိုသည်။

အင်္ဂလိပ်အစိုးရလက်ထက်အခါက သောင်ရွှေမြို့နယ်ရှိ မိုင်းသောက်တွင် (၄) နှစ်မှ (၅) နှစ်ခန့် အခြေချရုံးစိုက်နေထိုင်ရာမှ အသွားအလာအခက်အခဲရှိခြင်းနှင့် ကျန်းမာရေးထိခိုက်ဖွယ်ရာများရှိခြင်းအကြောင်းများကြောင့် မြို့နေရာအသစ်ကိုဖွေရှာရာမှ ဖော်ပြပါ ဒုံတောင်ကြီးရွာကို တွေ့ရှိခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနှစ် ၁၂၅၃ ခုနှစ်၊ ခရစ်နှစ် ၁၈၉၀ ပြည့်နှစ်နှင့် ထပ်တူကျသည့် အချိန်ကာလသမယနှင့်လည်းတိုက်ဆိုင်နေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ထူးထူးခြားခြား ဆိုက်ဆိုင်မှုမှာ တောင်ကြီးမြို့တော်ရှိ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ချိန်သည် ဆိုက်တိုက်ဆိုင်ဆိုင် တောင်ကြီးမြို့နှစ် (၁၀၀) ပြည့်သည့်နှစ် ကောဇာနှစ် ၁၂၅၃၊ ခရစ် ၁၈၉၀ ပြည့်နှစ်နှင့် ထပ်တူကျသည့်အချိန်ကာလသမယနှင့်လည်း ဘုရားကြီးအကြောင်းကို ဗဟုသုတရရှိကြစေရန်အလို့ငှာ မှတ်သားသိရှိရသမျှကို လေ့လာ ရေးသား တင်ပြလိုက်ရပါသည်။

တောင်ကြီးမြို့၏ တောင်ဘက်နာမည်ကျော်ကြားလှပြီး တစ်တိုင်းပြည်လုံးရှိ ပြည်သူအများအကြား အထူးရေပန်းစားနေသည့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပွဲတော်ကျင်းပရာကွင်းကြီးဆီသို့မရောက်မီ ဟိုပုံးသို့သွားသည့် ပြည်ထောင်စုလမ်းမကြီး၏ အရှေ့ဘက်ရှိ မြင့်မားလှသော သီရိပုဗ္ဗဝဂုန

ဟိုပုံးဘက်-တောင်ကြီးမြို့တောင်ဘက်မှ ဖူးမြော်ရသည့်မြင်ကွင်း

အနုစိတ် ဘုရားကြီး၏ သမ္မာယမှု

www.burmeseclassic.com

ဘုရားကြီးသပွာယ်မှု

ဘုရားကြီးအား အနောက်ဘက်အဝေးမှ ဖူးမြော်ရသည့်မြင်ကွင်း



ဘုရားကြီးစံသပွာယ်မှု

ကုန်းတော်ကြီးပေါ်တွင် ကြည်ညိုသပွာယ်စွာ ဖူးတွေ့ရမည်ဖြစ်ပါသည်။

ဘုရားကြီးပေါ်သို့ တက်ရောက်ဖူးမြော်ရန် လမ်းနှစ်လမ်းရှိပြီး မော်တော်ဆိုင်ကယ်များနှင့်တက်ရောက်မည်ဆိုပါက လွိုင်လင်၊ ဟိုပုံးမြို့များမှ လာရောက်လျှင် တောင်ဘက်လမ်းမကြီးရှိမည်ဖြစ်ပြီး ဘုရားကြီးတည်ထားရာ ကုန်းမြေ၏ အောက်ဘက်တွင် ယာဉ်အန္တရာယ်များကင်းဝေးစေရန် အဝင်လမ်း၊ အထွက်လမ်းဟု ပိုင်းခြားထားပါသည်။ အထွက်လမ်း၏ လက်ယာဘက်၌ ဘုရားဖူးဧည့်သည်များ နားနေစားသောက်အပန်းဖြေနိုင်ရန် ဒေသခံတိုင်းရင်းသားများ၏ စားသောက်ဆိုင်များရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ကားလမ်းနံဘေးအတိုင်း ခြေကျင်တက်မည်ဆိုပါက အနောက်ဘက်တွင် စောင်းတန်းပါလေ့ကားထစ်များရှိပါသည်။

ဘုရားကြီးပေါ်ရောက်ရှိသွားပါက မြောက်ဘက်နှင့်အနောက်မြောက်ဘက်တွင် သာယာလှပသော တောင်ကြီးမြို့၏မြို့ပြရှုခင်းကို ကြည်နူးပျော်ရွှင်ဖွယ်ရာတွေ့မြင်ရမည် ဖြစ်ပါသည်။ အရှေ့တောင်ဘက် တောင်တန်းကြီးပေါ်တွင် တောင်ကြီးမြို့ထက် ပေ (၈၈၈) ပိုမိုမြင့်မားသော တောင်ချွန်းစေတီတည်ရှိရာ တောင်ချွန်းတောင်တန်းကြီး၊ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေပေါင်း (၅၆၀၀) ရှိပြီး အရှေ့ဘက်စူးစူးတောင်တန်းပေါ်တွင်မူ ရွှေဘုန်းပွင့်ဆုတောင်းပြည့်စေတီတော်ကြီးကို လှမ်းကြည့်ဖူးမြော်နိုင်ပါသည်။

ဘုရားကြီး၏ ပရိဝုဏ်အတွင်း အရှေ့မြောက်ဘက်တွင် နှစ်ကျိပ်ရှစ်ဆူသောဘုရားများစံပယ်ရာ စံကျောင်းတော်ကြီးကိုဖူးရမည်ဖြစ်ပြီး စံကျောင်းတော်အရှေ့ထိပ်တည့်တည့်တွင် ရှင်သီဝလိမထေရ်မြတ်ကြီးကို ဖူးတွေ့နိုင်ပြီး အရှေ့ဘက် ဗောဓိညောင်ပင်အောက်တွင် ပဉ္စဝဂ္ဂိငါးဦးကို တရားဦးဟောနေသော ဗုဒ္ဓမြတ်စွာဘုရားသခင်၏ တင့်တယ်အသက်ဝင်လှသော ရုပ်ပွားတော်ကြီးကို ဖူးတွေ့ရမည်ဖြစ်ပါသည်။ တောင်ဘက်တွင်မူ ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးကို စံကျောင်းတော်အတွင်းတွင် ဖူးတွေ့နိုင်ပါသည်။

တောင်ဘက်မုခ်မှ ဝင်ရောက်ဖူးမြော်လိုက်ပါက ဝင်ဝင်ချင်း လက်ယာဘက်နှင့် လက်ဝဲဘက်တွင် ဗုဒ္ဓမြတ်စွာဘုရားကြီး၏ ခြေတော်ရာပွားများကို

www.burmeseclassic.com

www.burmeseclassic.com

ဘုရားထဲရှိ ဗုဒ္ဓခြေတော်ရာ အဝင်လက်ပံဘက်
(တောင်ဘက်မုခ်အဝင်)



ဘုရားကြီးအရှေ့ဘက်ရှိ တောင်ဆွန်းတောင်တန်းအလှ

လက်ယာဘက်ရှိ ခြေတော်ရာ
(တောင်ဘက်မုခ်အဝင်)

ဘုရားကြီးအရှေ့ဘက်ရှိ မြတ်စွာဘုရားသခင် ပဌဝတ္တိဂါးဦးအား တရားဦးဟောကြားနေစဉ်

သပ္ပာယ်စွာ ဖူးမြော်နိုင်ပါသည်။ တစ်ဖန် ထိပေါက်၏အနောက်ဘက်နံရံပေါ်တွင် ဘုရားခြေတော်ရာပါဒစေတီပုံတော်ကို မှတ်တွေ့ရမည် ဖြစ်ပါသည်။

ဆောင်ကြီးမြို့၏ကျက်သရေဆောင်

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လယ်ရေမျက်နှာပြင်အထက်(၄၇၁၂)ပေတွင် တည်ရှိသော မြို့တော် တောင်ကြီးမြို့၏ အရှေ့တောင်အရပ် (အင်္ဂါထောင့်) ၌ အကျယ်အဝန်း (၁၁. ၈၂၂)ကေ၊ အမြင့် (၃၀၀) ကျော်တွင် သီရိပုဗ္ဗဝဂုန တန်းတော်တည်ရှိပါသည်။ သီရိပုဗ္ဗဝဂုန တည်သည့်အနက်မှာ ကျက်သရေမင်္ဂလာ အောင်းတို့နှင့်ပြည့်စုံ၍ ကုသိုလ်ကောင်း မှုအောင်မြင်မှုတို့တိုးပွားရာကုန်းတော်မှု ဖြစ်ပါသည်။

ဘုရားကြီးအရှေ့ဘက်ရှိ နှစ်ကျိပ်ရှစ်ဆုစံကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးအရှေ့ဘက်ရှိ
ဆြဲပါဒပါတိမောက် ဓမ္မစေတီကျောက်စာတိုင်



အရှေ့ဘက်နံရံရှိ
ဗုဒ္ဓခြေတော်ရာ ပါဒစေတီ



သုံးနှစ်တစ်ကြိမ် ဘုရားဖူးလာသည့် ဆင်ထိပ်ပြာကြီးများ (၁ ပေခန့် ရှိပါသည်)

ထိုကုန်းတော်ပေါ်တွင် ရဟန်းရှင်လူပြည်သူအများ ကြည်ညိုသဒ္ဓါပွားနိုင်သည့် တောင်ကြီးမြို့၏ဂုဏ်ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးကို ဖူးတွေ့နိုင်ကြမည် ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင် 'အမြင့် သဇ္ဇည၊ ထု ဓမ္မယံ၊ အနု စူဠာမုနိ' ဟူ၍ အဆိုအမိန့်ရှိခဲ့ပါသည်။ ထိုသို့ရှိခဲ့သည့်အဆိုအမိန့်နှင့်အညီ တောင်ကြီးမြို့၌ တည်ထား ကိုးကွယ်ခဲ့သော စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးကိုလည်း မြန်မာနိုင်ငံတွင် ကမ္ဘာကျော်ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော ပုဂံမြို့ဟောင်းရှိ မင်းကြီးကျန်စစ် (မြန်မာသက္ကရာဇ် ၄၂၆ - ၄၄၆) တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် အာနန္ဒာစေတီတော်နှင့် ထပ်တူထပ်မျှ ပုံစံယူတည်ထားကိုးကွယ်သည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်။

❑ ရှားပါးသည့်ပုံစံတူ

ထိုကဲ့သို့ မြန်မာနိုင်ငံ၌ အာနန္ဒာဘုရားကြီးကဲ့သို့ ပုံစံတူတည်ထားကိုးကွယ်သော စေတီပုထိုးကြီး (၂) ဆူ ရှိပါသည်။ ထိုစေတီဘုရားများမှာ သီပေါမြို့နယ် ဘော်ကြို့ကျေးရွာအနီးရှိ ဘော်ကြို့ မဒ္ဒေစေတီတော်မြတ်ကြီးနှင့် တောင်ကြီးမြို့ သီရိပုဗ္ဗဝဂုနကုန်းတော်ရှိ စူဠမုနိလောကချမ်းသာစေတီတော်မြတ်ကြီးတို့ ဖြစ်ပါသည်။

ဘုရားကြီးကို အာနန္ဒာစေတီတော်အတိုင်း မုခ်လေးဖက်ပါ ကွန်းတောင်ပေါက်ဝဘုရားပုံစံအဖြစ် ထပ်တူယူခဲ့သော်လည်း လိုဏ်ပတ်လမ်းမှာ နှစ်ထပ်ဖြစ်သော်လည်း တောင်ကြီးမြို့ရှိ စူဠာမုနိလောကချမ်းသာစေတီတော်မှာမူ တစ်ပတ်နှင့်သာ တည်ထားသည်ကို ဖူးတွေ့ရပါသည်။

စူဠာမုနိလောကချမ်းသာစေတီကြီး၏မုခ်လေးခုတွင် ပုဂံအာနန္ဒာစေတီကဲ့သို့ ဤဘဒ္ဒကမ္ပာ၌ ပွင့်တော်မူပြီးခဲ့သော ဘုရား (၄) ဆူကို ရည်ညွှန်း၍ အရှေ့ဘက်မုခ်တွင် ကောဏာဂုံ၊ အနောက်မုခ်တွင် ဂေါတမ၊ တောင်ဘက်မုခ်တွင် ကဿပနှင့် မြောက်ဘက်မုခ်တွင် ကကုသန်မြတ်စွာဘုရား မတ်ရပ်ကြွေးသွန်းကိုယ်စားတော်ကြီးများပူဇော်ထားရှိသည်ကို ဖူးတွေ့ရမည်ဖြစ်ပါသည်။

စူဠာမုနိလောကချမ်းသာဘုရား၏ကွမ်းတောင်အထက်တွင် အထွတ်စေတီ (၁)တည်ရှိထားပြီး စေတီတော်၏ထောင့်လေးထောင့်တွင် ကွန်တောင်အရန်စေတီ (၄)ဆူ၊ တိုက်မထောင့်လေးထောင့်တွင် တိုက်မအရန်စေတီ (၄) ဆူနှင့် မုခ်ဦးစေတီ (၈) ဆူတို့ အပါအဝင် ဗိသုကာကျမ်းနှင့်သတ္တုရူပကဝိလာသနီကျမ်းများ၏ အဆိုအမိန့်များနှင့်အညီ တည်ထားကိုးကွယ်ခဲ့ပါသည်။

❑ စေတီတော်ကြီး၏ဥာဏ်တော်

စေတီတော်၏ ဥာဏ်တော်အမြင့်မှာ (၁၀၈) ပေ၊ အထွတ်စေတီအမြင့် (၂၀) ပေ၊ ကွန်းတောင်အမြင့် (၂၄) ပေ၊ အာရုံခံတိုက်မအမြင့် (၂၆) ပေ၊ အာရုံခံတိုက်အကျယ် (၁၁၃) ပေ၊ လိုဏ်ပတ်လမ်းတစ်ဖက် (၈၈) ပေ၊ ဖိနပ်တော်အလျား (၁၇၇) ပေတို့ ဖြစ်ပါသည်။

❑ အံ့ဖွယ်ထူးခြားဖြစ်စဉ်များ

စေတီတော်ကြီးတည်ဆောက်နေစဉ်ကာလအတွင်း ထူးခြားသောဝိသေသများကိုလည်း ကြုံတွေ့ကြရပါသည်။ ၁၂-၇-၁၉၉၅ ရက်နေ့တွင် စေတီတော်၏ ကုန်းတော်ပေါ်တွင် စိုက်ထားသော ဒွက်ပျော်ပင်မှဒွက်ပျော်နှစ်ဖူးထွက်လာခဲ့ပါသည်။ ၉-၁၁-၁၉၉၅ ရက်နေ့၌ စေတီတော်တည်နေသော စနေထောင့် အာရုံစိုသံချည်သံကွေးတိုင်တွင် ပျားကြီးများစွဲခဲ့ပါသည်။

၁၆-၁၁-၁၉၉၆ ရက်နေ့တွင် စေတီတော်တည်ရာ တတိယပစ္စယာအရောက်တွင် စေတီတော်ရင်ပြင် အင်္ဂါထောင့်မှ ထင်ရှားလှစွာသော နဂါးငွေ့တန်းကြီး တစ်ခုထွက်ပေါ်လာခဲ့သည်ကို အများပြည်သူ တွေ့မြင်ခဲ့ကြရပါသည်။

စေတီတော်ကြီးတည်တံးအပြီး စေတီတော်ကွန်းတောင်ကြီးအား ကြေးပြားများကပ်၍ ရွှေချနေဆဲ ၁၇-၆-၁၉၉၆

www.burmeseclassic.com

ကိုရွှေမြဿန်း(သမိုင်း)
ဆိတော်ရှင်မြတ်မော်တင်စေတီတော်၏
အုံဖွယ်(၁၈)ပါး

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တန်ခိုးကြီး သမိုင်းဝင် ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကြီးမြတ်ကြီး၏ အုံဖွယ် (၁၈) ပါးတို့ လေ့လာမှတ်သား ထားသည်များထဲမှ ပြန်လည်ကောက်နုတ် ရေးသား ဖော်ပြလိုက်ပါ၏။။

မြတ်မော်တင်စေတီတော်မြတ်ကြီး၏ အုံဖွယ် (၁၈) ပါးမှာ -

၁။ ညအခါတွင် စေတီတော်မြတ်အား တစ်ယောက်တည်း အဓိဋ္ဌာန်၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံငွေသံ ကြားရ၏။

၂။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် အင်္ဂလိပ်များက အမြောက်မိုး၊ လက်နက်မိုး၊ ဗုံးမိုးရွာသော်လည်း ကျည်ဆန်တစ်ဆန်မျှမခြင်း။

၃။ လပြည့်၊ လကွယ် ရောင်ခြည်တော် လွှတ်လေ့ရှိခြင်း။

၄။ စေတီကုန်းနှင့် ပရိဝုဏ်တစ်ဝိုက်တွင် ရာသီပန်းများမပြတ်ပွင့်ခြင်း။

၅။ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့လှိုင်ခြင်း။

၆။ ခေါင်းလောင်းများ လူမတီးဘဲ မြည်တတ်ခြင်း။

၇။ ယခုထက်တိုင်ပင် ရံဖန်ရံခါ ဆွမ်းများဦးအောင်မတင်နိုင်ခြင်း။

၈။ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ဖြစ်သော်လည်း ခိုက်ရန်ဖြစ်ပွားသော ဘေးအန္တရာယ်မရှိခြင်း။

၉။ နတ်ကျား၊ နဂါးတို့ ဘုရားဖူးလာသော်လည်း လူတို့အား ဒုက္ခမပေးခြင်း။

၁၀။ လပြည့်၊ လကွယ်တွင် စေတီကုန်းတော်မှ မြောင်းသံ၊ ဗုံသံ စသော တူရိယာအမျိုးမျိုးတို့၏ အသံကို အရှက်ဦးယံတွင် ကြားရတတ်ခြင်း။

၁၁။ ဘေးအန္တရာယ်များကျရောက်ပါက စေတီတော်ကြီးအား အာရုံပြု၍ ရှိခိုးဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်မှကင်းဝေးခြင်း။

၁၂။ တပေါင်းလ ဘုရားပွဲတော်ကြီး ဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသောငှက်ကြီးများ တောင်တော်နှင့် စေတီတော်ကို ရစ်ပတ်ပျံဝဲကြခြင်း။

၁၃။ ဘုရားပွဲတော်ကြီးတွင် လူသိန်းသန်းချီ၍ လာရောက်သော် လည်း သောက်ရေကန်မှရေများမလျော့ခြင်း။

ရက်နေ့တွင် စေတီတော်၏ တတိယပစ္စယအဂိါထောင့်၌ရှိသော နတ်ရုပ်များအား ပျားများစွဲခဲ့ပါသည်။ ၂၁-၆-၁၉၉၇ ရက်နေ့တွင် ၎င်းနတ်ရုပ်များတွင်စွဲနေသောပျားများသည် စေတီတော်၏ တောင်ဘက် လင်းပေါက်မုခ်ဦးစေတီသို့ ပြောင်းရွှေ့သွားခဲ့ပါသည်။ ၂၂-၂-၁၉၉၈ ရက်နေ့တွင် စေတီတော်ကြီး၏ တိုက်မတန်ဂေထောင့်စေတီတွင်ပျားများစွဲနေသည်မှာ (၇)လခန့်အထိ ကြာမြင့်ကြောင်း ထူးခြားဖြစ်စဉ်များကို ကြားသိရသည်။

ပိုထူးခြားသောဖြစ်စဉ်မှာ ဘုရားကြီးတည်ပြီးနောက် သုံးနှစ်တစ်ကြိမ် အရွှေဘက် မြစိမ်းတောင်ဘက်ဆီမှ ဆင်လိပ်ပြာကြီးများလာရောက်၍ဘုရားဖူးကြခြင်း ဖြစ်ပါသည်။ အရွယ်အစားများမှာ (၈)လက်မနှင့် (၁)ပေခန့်အထိကြီးသည်ကို တွေ့ရှိရပါသည်။ ထိုဆင်လိပ်ပြာကြီးများမှာ မည်သည့်နေရာ၊ မည်သည့်အရပ်မှ ရောက်လာကြောင်း ကို မပြောနိုင်ကြပါ။ မြစိမ်းတောင်ဘက်သို့သာ ညွှန်ပြကြပါသည်။ စာရေးသူကံကောင်း၍သာ ထိုလိပ်ပြာကြီးများ ,လာရောက်သည့်နှစ်နှင့်တိုက်ဆိုင်သဖြင့် ဓာတ်ပုံရိုက်ယူနိုင်ခဲ့ပါသည်။

❑ အောင်အတိတ် အောင်နိမိတ်ဖြင့် ထီးတော်တင်

နိဂုံးချုပ်အားဖြင့်ဆိုရသော် -

ကောဇာနှစ် ၁၃၅၈၊ တန်ဆောင်မုန်းလပြည့် တနင်္လာနေ့ (၁၅-၁၁-၁၉၉၆) ရက်နေ့တွင် တောင်ကြီးမြို့ သိရိုးညဝဂုန ကုန်းတော်မြတ်၌ ရှမ်းပြည်နယ်မြို့တော်တောင်ကြီးမြို့၏ ကျက်သရေဆောင် သာသနာထွန်းလင်းပြောင်စေမည့် စူဠဥမုနိလောကချမ်းသာစေတီတော်မြတ်ကြီးကို စိန်ဖူးတော်တင်၊ ငွက်မြတ်နားတော်၊ ရွှေထီးတော်ဘင်လျှပ်ကြိုးနှင့်ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကြီး ကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ကောဇာနှစ် ၁၃၆၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် (၁၆-၅-၁၉၉၈) ရက် စနေနေ့ (ဧည့်၃၀) အချိန်၌ စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် မုခ်လေးမုခ်တွင် ပွင့်လေတော်မူပြီးသော ဘုရားလေးဆူကိုယ်စားတော်ကြေးသွန်း ရွှေချရုပ်ပွားတော်ကြီးများအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲအခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်းကို မြန်မာနိုင်ငံတွင်းရှိ မဖူးမြော်ရသေးသော ရဟန်းရှင်လူပြည်သူပြည်သားအပေါင်း ကြည်ညိုသဒ္ဓါပွားနိုင်စေရန်နှင့် နေ့စဉ်ဘုရားဖူးလည်သည်များဖြင့် အထူးပင် စည်ကားလျက်ရှိနေကြောင်းကို သူရဇ္ဈမဂ္ဂဇင်းကြီးမှတစ်ဆင့် ရေးသား တင်ပြလိုက်ပါသည်။

နိုင်မင်းညို

ကျမ်းကိုး -

စူဠဥမုနိလောကချမ်းသာဘုရား သမိုင်း၊ တောင်ကြီး ၃၁-၅-၁၉၆၅ ခုနှစ်၊ အရှင် တိလောကသာရ-ကမ္ဘာအေး

ကိုယ်တွေ့အချက်အလက်များ

www.burmeseclassic.com

www.burmeseclassic.com



၁၄။ ဘုရားပွဲတော်တွင် ဆွမ်းတော်တင်မှား တောင်ပုံရာပုံစွန့်ပစ်ထားသော်လည်း ကျီးတစ်ကောင်မျှလာရောက်စားသောက်မှုမရှိခြင်း

၁၅။ ဘုရားပွဲတော်တွင် လူပေါင်းသိန်းချီ၍ ရောက်ရှိသော်လည်း တောင်တော်တွင် လူပြည့်သည်ဟုမရှိခြင်း။

၁၆။ စေတီတော်ကြီးရင်ပြင်တော်တွင် ယုံကြည်စွာနှင့်သစ္စာအဓိဋ္ဌာန်ပုဂ္ဂိုဒ်ပါက ရင်ပြင်တော်မှမြေဟုည်းသံကြားရတတ်ခြင်း။

၁၇။ နှစ်စဉ် တပေါင်းလတိုင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဘုရားပွဲတော်မကျင်းပနိုင်ပါက တောင်တော်မြေဟုည်းခြင်း။

၁၈။ စေတီတော်ကို အဝေးမှမြင်ရလျှင်သော်လည်းကောင်း၊ စေတီတော်ပရိဝုဏ်သို့ကြည်ညိုစိတ်ဖြင့်ရောက်မိသည်နှင့် လည်းကောင်း၊ ဖူးမြော်ဦးတိုက်လျှင် လည်းကောင်း ကာယသုခ၊ စိတ္တသုခနှစ်ပါးခွမ်းမြေရခြင်း။

စသည့် အံ့ဖွယ် (၁၈) ပါးနှင့် ပြည့်စုံတော်မူသော စေတီတော်မြတ်ဖြစ်ခြင်းကြောင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများသွားရောက်ဖူးမြော်ကြပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးဘုရားများရှိသည့်အနက် ဆံတော်ရှင်မြတ်မော်တင်စေတီတော်သည် ဗုဒ္ဓဘာသာဝင်တို့ အထွက်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော် ဖြစ်သည်။

နွေယခင်က ပွင့်ခဲ့သောဘုရားရှင်တို့၏ဓာတ်တော်၊ မွေတော်များတည်နေကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါကပေးခဲ့သော ဆံတော်ရှင် ကိန်းဝပ်တော်မူရာ စေတီတော်မြတ် ဖြစ်လေသည်။

မြတ်မော်တင်စေတီတော်မြတ်သို့ ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် နှစ်ကြိမ်ကြွရောက်ရာဌာနဖြစ်ကြောင်း သမိုင်းအစဉ်အလာရှိနေသဖြင့် မြတ်မော်တင်စေတီတော်သည် မြန်မာနိုင်ငံ၏ အထင်ကရစေတီတော်တစ်ဆူဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်ကိုရ၍ လင်းလွန်းပင်ရင်း၌ စံပယ်တော်မူစဉ် တပုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့အား သရဏဂုံတည်စေ၍ မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဆံတော်မြတ်ရှစ်ဆူကို ပေးသနားတော်မူခဲ့သည်။ ညီနောင်တို့ ဆံတော်ပင့်လာသည့် အပြန်ခရီးတွင် အဇ္ဈတ္တနာဂရမြို့သို့ ဆိုက်ရောက်ရာ ကုသိမနာဂရ(ပုသိမ်)တောင်ပိုင်း၊ နာဂရစ်မှော် (၀၊) သရနတောင်စွန်း (၀၊) မော်တင်စွန်းအရောက်တွင် ဇေယျသေနနဂါးမင်းက ဆံတော်နှစ်ဆူကိုရယူ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ပင်လယ်အတွင်းမှရရှိသည့် မြသားဖြင့် စိုင်တမော့အရွယ်စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။

ကောဇာသက္ကရာဇ် ၄၅၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် အမြင့်သံတောင် (၂၅) ရှိ စေတီတော်အဖြစ် အလောင်းစည်သူမင်းကြီးက မွမ်းမံတည်ထားခဲ့သည်။ ယခု အမြင့်သံတောင် (၈၈) နှင့် အဝန်းသံတော် (၁၃၆) ရှိသည်။ မဟာမကုဋရံသီဟူသည်မှာ ကြီးမြတ်တော်မူသောမော်တင်အစွန်း၌ တောက်ပသောရောင်ခြည်ဖြင့် ကြည်ညိုဖွယ်အဆင်းရှိသောစေတီဟု ဘွဲ့တော်ရှိပါသည်။

သို့ဖြစ်ပါ၍ -

မြတ်မော်တင်စေတီတော်ဆီသို့ မြန်မာနိုင်ငံအရပ်ရပ်မှ မော်တော်ကားများဖြင့် အလွယ်တကူ သွားရောက်ဖူးမြော်နိုင်သလို ရေလမ်းခရီးဖြင့်လည်း ပုသိမ်မြို့မှ နှစ်ထပ်ရေယာဉ်များဖြင့် စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်နိုင်ကြောင်း။

ကိုရွှေမြေသန့်း (သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

(သမဝေဒကျော်၊ မဟာဝရိယ၊ M.A)

ဦးဘကော်လော်
ပြုသည်ကောင်းမှု တောင်းဆုအတွေ့တွေ့ (၄)

၁။ လယ်တီဆရာတော်ကြီး၏ဆုတောင်း

ကြီးကျယ်လှသော၊ ပရိယတ္တိ၊ ပဋိပတ္တိစွမ်းအားတို့ကြောင့် မြန်မာပြည်တွင်သာမက ကမ္ဘာအရပ်ရပ်တိုင်အောင် ဂုဏ်သတင်းကျော်စောတော်မူလှသော လယ်တီဆရာတော်ကြီးသည် ပါရမီဒီပနီစသော ကျမ်းပေါင်း(၁၀၀)ကျော်ကို ပြုစုတော်မူခဲ့သည်။ ဆရာတော်ကြီးသည် ရှင်လူရဟန်း၊ ပညာရှိသူ၊ ပညာနည်းသူ စသည့် လူတန်းစားမရွေး ဖတ်ရှုနားလည်နိုင်စေရန် ကျမ်းစာများကို အမျိုးအစားစုံလင်အောင်၊ ထောင့်စေ့အောင် ပြုစုတော်မူခဲ့သည်။

ဆရာတော်ကြီးရေးသားသမျှကျမ်းစာများသည် ရှင်းလင်းသည်၊ ပြတ်သားသည်၊ တိကျသည်၊ နားလည်လွယ်သည်။ ဆရာတော်ကြီးမရေးသားဘဲချန်ခဲ့သော အကြောင်းအရာမရှိဟုပင် ဆိုနိုင်သည်။ ဆရာတော်ကြီး၏ မေတ္တာတော်၊ ကရုဏာတော်နှင့် ဂုဏ်ရည်များကို အထူးတလည် မည္ဆန်းဆိုတော့ဘဲ ကျမ်းပြုပုံ ထူးခြားချက် တစ်ခုကိုသာထုတ်ဖော်ပြလိုပါသည်။

အခြေခံအဘိဓမ္မာကိုလေ့လာလိုသူများအတွက် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အခြေပြု၍ ပရမတ္ထသံခိပ်ကျမ်းကို ရေးသားပြီး အဆင့်မြင့်အဘိဓမ္မာကိုလေ့လာလိုသူများအတွက် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုပင် အခြေပြု၍ ပါဠိဘာသာဖြင့် ပရမတ္ထဒီပနီဋီကာကို ရေးသားဖွင့်ဆိုခဲ့သည်။ အခြေခံပါဠိစာသင်သားများအတွက် မောဂ္ဂလာနသဒ္ဒါကျမ်းကိုအခြေခံ၍ သဒ္ဒသံခိပကျမ်းကို ရေးသားပြီး အဆင့်မြင့်ပါဠိစာသင်သားများအတွက်

မူ မောဂ္ဂလာနသဒ္ဒါကျမ်းကိုပင် အခြေပြု၍ ပါဠိဘာသာဖြင့် နိရုတ္တိဒီပနီကို ရေးသားဖွင့်ဆိုပေးခဲ့သည်။ ထူးခြားသည်မှာ အခြေခံဝိနည်း ကျင့်ဝတ်များကို သိရှိနိုင်ကြရန် ဝိနယသံခိပ်ကျမ်းကို ရေးသားခဲ့ပြီး ဝိနည်းကို အကျယ်တဝင့် သိရှိနိုင်အတွက် ဝိနယဒီပနီကိုမူ ဆက်လက်ရေးသားဖွင့်ဆိုခြင်း မရှိခဲ့ပေ။ တောင်ဖိလာဆရာတော်ကြီး ရေးသားစီရင်ထားသော ဝိနယာလင်္ကာရဋီကာ ရှိနှင့်ပြီးဖြစ်သောကြောင့် ဝိနယဒီပနီကိုမရေးသားတော့ဘဲ လက်ရှောင်ခဲ့သည်ဟု ယူဆရပေသည်။

ဆရာတော်ကြီးပြုစုသော ကျမ်းစာအများစုတွင် ကျမ်းပြီးမှတ်တမ်းနှင့် ဆုတောင်းများ ပါဝင်လေ့ရှိသည်။ ကျမ်းပြီးမှတ်တမ်းအမျိုးမျိုးကွဲပြားကြသော်လည်း ဆုတောင်းများမှာ အတူတူပင်ဖြစ်သည်။ ပါဠိဘာသာကျမ်းများတွင် ပါဠိဂါထာများဖြင့် ပြဆိုသကဲ့သို့ ကဗျာကျမ်းများတွင်လည်း ကဗျာများဖြင့်ပင် ပြဆိုထားပါသည်။ ပရမတ္ထသံခိပ်ကျမ်း၊ သဒ္ဒသံခိပ်ကျမ်း၊ ဝိနယသံခိပ်ကျမ်းများတွင်ပြဆိုသော ဆရာတော်ကြီး၏ ဆန္ဒတော်များကို ဖော်ပြလိုက်ပါသည်။

(၁) ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ အလွန်

www.burmeseclassic.com

www.burmeseclassic.com

ခွပ်သိမ်း၊ ငြိမ်းစေခလို့၊ ဆုပန်ဆို့၊ ဝိုလ်လူသတ္တဝါ။

(၂) အနာမျိုးကင်း၊ မိုးမင်းသည်းထန်၊ နိုင်ငံခပ်သိမ်း၊ တရားထိန်း၊ ငြိမ်းစေ အဖြာဖြာ။

(၃) ရှစ်သောင်းလေးထောင်၊ တရားရောင်လည်း၊ မိုက်မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေသာသနာ။

□ ပဉ္စမသင်္ဂါယနာဦးသျှောင် ဘုရားကြီးဆရာတော်ကြီး၏ဆုတောင်း

မင်းတုန်းမင်းကြီး ဒါယကာအဖြစ် ခံယူ၍ သံဃာတော် (၂၄၀၀) တို့ ပါဝင်ကျင်းပအပ်သောပဉ္စမသင်္ဂါယနာပွဲတော်ကြီးတွင် ဒက္ခိဏာရာမဘုရားကြီးဆရာတော်သည် အကြီးအမှူး ဖြစ်သည်။ ဘုရားကြီးဆရာတော်သည် ပုဂံမင်းဆက်ကပ်သော ဇဂရာဘိဇေမဟာဓမ္မရာဇာဓိရာဇဂုရုတွဲ့တံဆိပ်၊ မင်းတုန်းမင်းဆက်ကပ်သော ဇဂရာဘိဇေသီရိပဝရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရုတွဲ့တံဆိပ်နှင့် ဇဂရာဘိဝံသတိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရုတွဲ့တံဆိပ်အား ဖြင့် ရာဇဂုရုသုံးထပ်ဆက်ကပ်ခံထားရသည့်အပြင် ပါစိတ္တာဒိယောဇနာ၊ ဂန္ဆာဘရဏဒီကာ၊ အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိ၊ အဘိဓမ္မတ္ထသင်္ဂဟယောဇနာ၊ သံဝေဂဝတ္ထုဒီပနီ စသောကျမ်းပေါင်း(၁၇)ကျမ်းကို ပြုစုရေးသားတော်မူသော စာချဆရာ တော်လည်းဖြစ်သည်။

ဘုရားကြီးဆရာတော်ကြီး ရယူလိုသောဆန္ဒများကို ကျမ်းစာအသီးသီး၏ နိဂုံးပါဂါထာများအရ သိရှိခွင့်ရရှိကြပေသည်။ ဆရာတော်ကြီးတောင်းဆိုလေ့ရှိသောဆုများမှာ -

□ *ဤကျမ်းကို ရေးသားပြုစုရသော ကောင်းမှုအစွမ်းကြောင့် ဖြစ်လေရာဘဝတိုင်း၌ ဝိဇ္ဇာသုံးပုံကိုဆောင်နိုင်သူ၊ ပရိယတ်ပဋိပတ်နှစ်ဌာနလုံး၌ ကျွမ်းကျင်သူ၊ ပရိသတ်၌ ရဲရင့်ဝင့်ဆံ့သူဖြစ်ရပါလို၏။ ငါနှင့်သတ္တဝါများ အားလုံးတို့အား ကောင်းမြတ်သော အကြံအစည်များပြည့်စုံပါစေ။ စိတ်ဖိုးအခိုန်အမိ မိုးရာသီလည်းရှိပါစေ။ မင်းသည်လည်း ပြည်သူများကို ရင်ဝယ်သားပမာ စောင့်ရှောက်နိုင်ပါစေ. . .*

ဟူ၍ ဖြစ်သည်။

□ ညောင်ရမ်းတိုက်အုပ်ဆရာတော်ကြီး၏ ဆုတောင်း

ညောင်ရမ်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တလက္ခဏာဘိဝံသသည် ဆရာဖြစ်သူ ရာဇဂုရုညောင်ရမ်းဆရာတော်ကြီး ပြုစုခဲ့သော နမက္ကာရဋ္ဌီကာ၏နိဿယကို ရေးသားခဲ့ရာ ၁၃၂၁ ခုနှစ်တွင် ပြီးစီးအောင်မြင်ပါသည်။ ကျမ်းပြုဆရာဘဒ္ဒန္တ လက္ခဏာဘိဝံသည် နမက္ကာရဋ္ဌီကာနိဿယ၏နိဂုံး၌ ကျမ်းပြီးမှတ်တမ်းနှင့် ဆရာဖြစ်သူ ရာဇဂုရုညောင်ရမ်းဆရာတော်ကြီး၏ဂုဏ်ရည်များကို ဖော်ပြထားသည့်အပြင် နောက်ဆုံးဂါထာတစ်ပုဒ်ဖြင့် -

□ *ဤနမက္ကာရဋ္ဌီကာနိဿယကျမ်းကို ရေးသားပြုစု ဤကောင်းမှုကြောင့် ပုဒ်အာနုဘော်ပြည့်စုံရပါလို၏။ တဏှာ၏ကုန်ရာဖြစ်သောနိဗ္ဗာန်သို့လျင်မြန်စွာ ရောက်ရပါလို၏။ မြန်မာပြည်သူပြည်သားတို့သည် လည်းကောင်း၊ ကမ္ဘာသူကမ္ဘာသားတို့သည် လည်းကောင်း ငြဟ္ဘုစိုရ်တရားလေးပါးတို့နှင့် ပြည့်စုံကြပါစေ. . .*

ဟူ၍ လိုလားသောဆန္ဒတော်များကို ထုတ်ဖော်ခဲ့သည်။ တိုတိုနှင့်ထိမိလွန်းသောဆရာတော်၏ ဆုတောင်းများကို အတုယူသင့်လှပေသည်။

□ သာသနာပိုင်မောင်းထောင်ဆရာတော်ကြီး၏ဆုတောင်း

ဘိုးတော်မင်းတရားလက်ထက် ဘဒ္ဒန္တဉာဏာဘိဝံသအမည်တော်ရှိသော သာသနာပိုင်မောင်းထောင်ဆရာတော်ကြီးသည် မြန်မာပြည်ဖွားတပည့်များကို သာမက သီဟိုဠ်ကျွန်းမှလာရောက်ကြသော ရဟန်းတော်များကိုပါ စာပေပို့ချပေးသည့်အပြင် နေတိုဠီကာသစ်၊ သဒ္ဒနီတိဋီကာ၊ သီလက္ခန်ဓိကာသစ် စသော ကျမ်းပေါင်းများစွာကိုရေးသားပြုစုတော်မူခဲ့သည်။ မောင်းထောင်ဆရာတော်ကြီး ကျမ်းစာများတွင် နာမည်ကျော်ကြားဆုံးဖြစ်သော သီလက္ခန်ဓိကာသစ်၏နိဂုံး၌ ဂါထာလေးပုဒ်ဖြင့် ဖော်ညွှန်းထားသော ဆန္ဒတော်များကို အားကျ ကြည်ညိုစွာဖြင့် ဖော်ပြပေးလိုက်ပါသည်။

ဂါထာနံပါတ်(၁၊ ၂) ။ ။ ပေဋကာလင်္ကာရဟု ခေါ်ဝေါ်အပ်သော နေတိဋီကာသစ်၊ သာဓုဝိလာသိနီ မည်သော သီလက္ခန်ဓိကာသစ်တို့ကို ပြုစုရသော ကောင်းမှုနှင့် အခြားခြားသောကောင်းမှုတို့ကြောင့် မြတ်သောအရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်သို့ ရောက်ရှိ၍ သတ္တဝါအပေါင်းတို့ကို သံသရာဝဋ်မှ ထုတ်ဆယ်ကယ်တင်သော ကာမရူပ အရူပဟူသော ဘဝအနှောင်အဖွဲ့မှ လွတ်မြောက်စေရပါလို၏။ (သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ရပါလို၏ဟု ဆိုလိုသည်)

ဂါထာနံပါတ် (၃၊ ၄) ။ ။ မင်းတို့သည် သတ္တဝါအပေါင်းကို တရားသဖြင့် အမြဲမပြတ် စောင့်ရှောက်ကြပါစေ။ ကုသိုလ်ကောင်းမှုဌ အမြဲမပြတ်မွေ့လျော်နိုင်ကြပါစေ။ မြတ်ဘုရားသာသနာကို နေရောင်လရောင်ကဲ့သို့ ထွန်းပြောင်တောက်ပအောင် ပြုစုနိုင်ကြပါစေ။ အားလုံးသော သတ္တဝါအပေါင်းတို့ အခါခပ်သိမ်း ဘေးရန်ကင်းကြပါစေ။ အကြံအစည်ကောင်းများ အမြဲမပြတ်ရရှိကြပါစေ။ သေခြင်းကင်းရာ နိဗ္ဗာန်ရွာသို့ ရောက်နိုင်ကြပါစေ။

□ ဝိမတိနောဒနီဋီကာနိဿယဆရာတော်ကြီး၏ဆုတောင်း

ဝိနည်းအရာ အရေးပါလှသော ဝိမတိဝိနောဒနီဋီကာကြီး၏ နိဿယကို ပြုစုတော်မူသော မင်ဝံတောင်ရိုးတော ကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တဉာဏိန္ဒာသဘမထေရ်၏ဆုတောင်းများသည်လည်း ပြည့်စုံကောင်းမွန်လှပေသည်။ ဂါထာလေးပုဒ်ခွဲဖြင့် ဖော်ပြခဲ့သော နိဿယဆရာတော်ကြီး၏ဆန္ဒတော်များကို အားကျကြည်ညိုစွာဖြင့် ဖော်ပြလိုက်ပါသည်။

□ *ဤသို့ ယခုကျမ်းပြုရသော ကောင်းမှုကြောင့် သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ မင်းတို့သည် လဇီအသင်းအပင်းကို ချီးမြှောက်ကုန်၍ တရားကိုကျင့်ကြပါစေ။ ငါတမူကား အသက်ထက်ဆုံးသီလစင်ကြယ်သူဖြစ်၍ ဖြစ်လေရာဘဝတိုင်း၌ တိဟိတ်ဥတ္တုဇ် မြတ်သောပဋိသန္ဓေကို ရရှိရပါလို၏။ ကာမဂုဏ်တို့၌အလိုနည်းသူ၊ ဒေါသနည်းသူ၊ သူတော်ကောင်းတို့ မြတ်နိုးခံရသူ၊ ပညာရှိသူ၊ ကိုယ်နှုတ်နှလုံးယဉ်ကျေးသူ၊ သာသနာပြုနိုင်သူ ဖြစ်ရပါလို၏။ သာသနာ့ကွယ်သည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ပူဇော်ရပါလို၏။ အထူးအားဖြင့် အရိမေတ္တေယျဘုရားရှင်လက်ထက်၌ အဘိညာဏ်ခြောက်ပါးရှိသော တန်ခိုးကြီးသော ဇဟိဘိက္ခုရဟန္တာ ဖြစ်ရပါလို၏။*

ဦးဘုဇင်္ဂ

(သာမဏေကျော်၊ မွန်စစ်ဆိုင်ရာ M.A)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် တန်ခိုးသိဒ္ဓိရှိသော ဂါထာတော်များကို နှုတ်တက်မဆောင်နိုင်စေကာမူ ဩကာသကန်တော့ချီးနှင့်သမ္မဒ္ဓေဂါထာတော်တို့ကို သူတို့၏ မိဘ၊ ဆရာသမားများက ငယ်စဉ်တောင်ကျေးကလေးဘဝတည်းကပင်အရ အာရုံဆောင်နိုင်ရန် သင်ကြား ပြသပေးခဲ့ကြပေလိမ့်မည်။ ထို့ကြောင့် သမ္မဒ္ဓေဂါထာတော်ဟုပြောဆိုလိုက်လျှင် ကြားရသူအပေါင်းတို့က ဘေးရန်အန္တရာယ်အသွယ်သွယ်တို့မှနေ လွတ်မြောက်ကင်းဝေးခဲ့ကြသောဖြစ်ရပ်မှန်စုံတို့ကို ဖွင့်ဟထုတ်ဖော်ကြပေလိမ့်မည်။

သို့သော်လည်း ဘေးရန်အန္တရာယ်အပေါင်းတို့မှ ကင်းဝေးစေနိုင်သော၊ ဗုဒ္ဓဘာသာဝင်တို့နှင့်အလွန်ရင်းနှီးကျွမ်းဝင်လှသော သမ္မဒ္ဓေဂါထာတော်ကို ဂန္ဓိရဒီဇာမယပညာရပ်နယ်ပယ်တွင် အင်းဘစ်ကွက်အဖြစ် တွေ့ရှိရမှုမှာ နည်းပါးလှပေသည်။

ပဋ္ဌမသင်္ဂီယနာတင် မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး၏ မန္တလေးမြို့ လေးပြင်လေးရပ်တွင် မြှုပ်နှံထားခဲ့သော သမ္မဒ္ဓေအင်းတော်ကိုသာစာရေးသူအနေဖြင့် တွေ့ရှိခဲ့ဖူးသည်။ ထိုအင်းတော်မှာလည်း အသုံးပြုမည့်နေ့နံသားတို့အတွက် အလယ်(နံ့)ကွက်မပါရှိသော (သို့) နေ့နံသားအလိုက်ခွဲခြားစိတ်ဖြာ၍ အသုံးမပြုနိုင်သော၊ ယေဘုယျဆန်သောအင်းတစ်ကွက်သာ ဖြစ်ပေသည်။ (ပုံ-ကကို ကြည့်ပါ။)

သို့သော်လည်း ဆရာကြည်ရေးသားခဲ့သော လက်တွေ့ရတနာဒီပ်ယကြာဓာတ်ရိုက်ကျမ်းစာမျက်နှာ(၁၁၁) တွင်ပါရှိသော ဘုယသိဒ္ဓိမီးထွန်းအင်းဟူသော အစီအရင်တစ်ရပ်သည် သမ္မဒ္ဓေဂါထာတော်ကို အင်းဆန်အဖြစ် အသုံးပြုထားသည်ကို တွေ့ရှိရသည်။ (ပုံ-ခကိုကြည့်ပါ။)

ဃ သမ္မဒ္ဓေ အဒ္ဓဝိသဒ္ဓါ၊ ဒွါဒသဒ္ဓါ သဟဿကေ၊
ပဋ္ဌသတ သဟဿာနိ၊ နမာမိ သိရသာမဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ။ အနန္တာ နိဗ္ဗုတ္တာ ဇိနာ၊
တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ၊
နမက္ကာရာ နုဘာဝေန၊ ဟိတ္တာ သတ္ဘေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊ ဝိနာသန္တု အသေသတော။ ။

အဒ္ဓဝိသံ-နှစ်ကုဋေရှစ်ဆူကုန်သော၊ **ဒွါဒသဒ္ဓ သဟဿကေ** - တစ်သောင်းနှစ်ထောင်ကုန်သော၊ **ပဋ္ဌသတသဟဿာနိ**-ငါးသိန်းကုန်သော၊ **သမ္မဒ္ဓေစ** - သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင် အမှန်ထိုးထွင်းသိမြင်တော်မူပေထသော မြတ်စွာဘုရားရှင်တို့ကို၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ** - ဦးခေါင်းရတနာမြတ်အဂါဖြင့်၊ **နမာမိ** - ရှိသေ မြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။

(ဒေါင်ဒြေ)

မျိုးဒေါင်

ဘေးရန်အန္တရာယ်အသွယ်သွယ် သမ္မဒ္ဓေနှင့်ကင်းဝေကွယ်

www.burmeseclassic.com

www.burmeseclassic.com

သမ္မာဒ္ဒေအင်းတော် (ပုံ-က)



ဘယသိဒ္ဓိမီးထွန်းအင်း (ပုံ-ခ)
(ရာဟုပါပကြိုဟ် သက်ရောက်နှစ်အတွက်)



တေသံ - ထိုင်းသိန်းတစ်သောင်းနှစ်ထောင်နှစ်ကိုပြုပြီရှစ်ဆူကုန်သော မရေမတွက်နိုင်အောင် များပြားလှတော်မူသော ဘုရားရှင်တို့၏။ **ဓမ္မဒ္ဓ** - တရားတော်မြတ်တို့ကို လည်းကောင်း။ **သံဃဒ္ဓ**- တပည့်သား သံဃာတော်မြတ်တို့ကို လည်းကောင်း၊ **အဟံ** - အကျွန်ုပ်သည်၊ **ဒီအာဒရေန** - ရှိသေမြတ်နိုးစွာဖြင့်၊ **နမာမိ**- ရှိခိုးကန်တော့ပါ၏။။

နမက္ကာရ နုဘာဝေန - ဤကဲ့သို့ ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာကြောင့်၊ **သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**- ဘေးရန်တို့ကို၊ **ဟိတ္ဝာ** - ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာဝိ** - များပြားလှစွာသော အန္တရာယ်အသွယ်သွယ်တို့သည်လည်း၊ **အသေသတော**- အကြွင်းအကျန်မရှိစွာဖြင့်၊ **ဝိနာသန္တု** - ပျောက်ပျက်ကြပါစေ ကုန်သတည်း။

ထိုဘယသိဒ္ဓိအင်းသည် နေ့နံ့သားအလိုက်အသုံးပြုနိုင်အောင် (နံ့) ကို အင်းကွက်အလယ်တွင် ထည့်သွင်းထားသော-(၉)×(၉)-(၈၁)ကွက်ပါ လက်တွေ့အသုံးပြုနိုင်သောသမ္မဒ္ဒေအင်းတစ်ကွက် ဖြစ်သည်။

ဆရာကြည်သည် -
'အကျိုးကား ငြိုဟ်စိုးပြိုဟ်နင်း

www.burmeseclassic.com

www.burmeseclassic.com

(ပုံ-ဂ)

တနင်္ဂနွေ ၁	တနလာ ၂	အင်္ဂါ ၃
သောကြာ ၆		ပူဒ္ဓဟူး ၄
ရာဟု ၈	ကြာသပတေး ၅	စနေ ၀

ဒသာကံကြမ္မာ၊ ဘြင်းနဝင်း၊ စန်းပြတ်လွန်းပြတ်၊ ဓာတ်ပျက်၊ ဓာတ်ဆုံးမခိုင်ဖွတ်ပြားသော်၊ တိတ်နိမိတ်မကောင်းသော်၊ သူပြု၊ လူပြု၊ နတ်တိုက်၊ စုန်းတိုက်မှုစ၍ ဘေးအမျိုးမျိုးပျောက်ကင်းပါသည်'

ဟု အင်း၏အကျိုးကို ပြဆိုထားသည်။

အသုံးပြုပုံမှာ -

ဂင်းအင်မိုင်းကိုင်စက္ကူတွင် အလယ်ကွက်လပ်မှာ မီးထွန်းသူနေ့နံထည့်၊ ချည်ချွင်သက်စေ့ထည့်၊ မိမိအသက်ထက်ပို၍ တစ်ပင်ပိုထည့်ပြီး ပျားဖယောင်း (၅) ကျပ်သားနှင့် မီးတိုင်လုပ်၍ သမ္မဒ္ဓေဂါထာနှင့် (၃၇) အုပ်စုတ်။ မိမိ 'ဂဟပတိအရပ်'ကို မျက်နှာမူ၍ မီးထွန်းလေ။ မီးတိုင်ကုန်လျှင် မိမိ 'ဘုမ္မိအရပ်' စွန့်ပါလေ။ ၎င်း ပါရှိပါသည်။

ဘလသိဒ္ဓိအင်း၏ထူးခြားချက်မှာ ဂြိုဟ် (၈) လုံးကို အင်း၏အလယ်တွင် ဆည့်သွင်း အသုံးချထားခြင်း ဖြစ်သည်။ ဤသို့စီရင်ရာတွင် ပါဝဂြိုဟ် (၄) လုံးဖြစ်သော တနင်္ဂနွေ၊ အင်္ဂါ၊ စနေနှင့် ရာဟုဂြိုဟ်များကို နေ့နံသားရှိရာ အလယ်ကွက်၏အပြင်ဘက်တွင်လည်းကောင်း၊ သောမဂြိုဟ် (၄)လုံးဖြစ်သော တနလာ၊ ပူဒ္ဓဟူး၊ ကြာသပတေးနှင့်သောကြာဂြိုဟ်များကို အတွင်းဘက်တွင်လည်းကောင်း နံ့ရ၍ ဂြိုဟ်ခွင်အလိုက်နေရာချထားခြင်းကို တွေ့ရမည်ဖြစ်သည်။ (ပုံ-ဂကို ကြည့်ပါ။)

ထို့အတွက်ကြောင့် အသုံးပြုမည့် နေ့နံသားကို အဖေးဂြိုဟ်များက အတွင်းတံတိုင်းသဖွယ် ဝန်းရံထားသောကြောင့် အပြင်ဘက်ရှိ အပူဂြိုဟ်များ၏ အကျိုးပေးနိုင်သော ဘေးအန္တရာယ်ကို

ဂြိုဟ်ခွင်ဇယား

		၇၅			၇၇			
				၇၆				
			၇၄	နံ	၇၈			
				၈၀				
		၁				၇၉		

(ပုံ-ဃ)

တနင်္ဂနွေပါဝဂြိုဟ်သက်ရောက်နှစ်အတွက် ဘယသိဒ္ဓိမီးထွန်းအင်း

ကွာ	ဒ	ဆွ	နိ	အ	ဆွ	ဃ	မာ	ဒ္ဒ
မွ	ဿာ	မ	သ	သံ	န	ဝေ	သ	ဆွ
ဒ္ဒါ	ရာ	သ	ဆ္ဆ	ယာ	နေ	ဒွေ	ပ	မိ
ဟ	ဓ	ရာ	နံ	မွ	အ	ဝိ	အာ	တ
နံ	ဆွ	ဿ	တော		အ	ကာ	သိ	ဥ
သံ	သ	ဟ်	ဆ္ဆ	ဝိ	ဝိ	သေ	ဿ	ဒ
မ	ဘာ	သ	နံ	သ	အ	ဌ	ဗွေ	ရ
တ	တေ	နံ	နံ	ဆွ	မ	တွာ	ရေ	ကေ
ဇေ	မာ	သ	ဟ်	ဟိ	နံ	ပ	ဿာ	သ

ကင်းဝေးစေသော အစီအရင်ဖြစ်ပေသည်။ ထို့အပြင် အကာဂါထာတော်ဖြစ်သည့် သမ္မဒ္ဓေဂါထာတော်၏ အစွမ်းကို အားယူ အသုံးချထားသော စွမ်းအင်ရှိသည့်အစီအရင်ကောင်းတစ်ခုလည်းဖြစ်ပါသည်။

မူလအင်းအစီအရင်တွင် ရာဟုဂြိုဟ်ထောင့်မှ စတင်စီရင်ထားသည်ကို ထူးခြားချက်အနေဖြင့် တွေ့ရှိရမည်။ ထို့ကြောင့် အဆိုးအားပြင်းထန်သော ပါပဂြိုဟ်တစ်ခုဖြစ်သည့် ရာဟုသက်ရောက်နှစ်အတွင်း ဘေးရန်အန္တရာယ်များကင်းဝေးစေရန် စီရင်ထားခြင်း ဖြစ်ပါသည်။

မူလအင်း၏အကွက်နံပါတ် (၇၅) တွင် အင်းဆန်စတင်ထည့်သွင်းလိုက်ပါက အကွက်နံပါတ် (၇၄) တွင် အဆုံးသတ်မည်ဖြစ်ပြီး တနင်္ဂနွေပါဝဂြိုဟ်အတွက် အစီအရင်တစ်ခုဖြစ်လာပေလိမ့်မည်။ (ပုံ-ဃကို ကြည့်ပါ။)

မူလအင်း၏အကွက်နံပါတ် (၇၉) တွင် အင်းဆန်စတင်ထည့်သွင်းလိုက်ပါက အကွက်နံပါတ် (၇၈) ဧွင် အဆုံးသတ်မည်ဖြစ်ပြီး စနေပါဝဂြိုဟ်အတွက် အစီအရင်တစ်ခုဖြစ်လာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါပါပကြီးဟ်သက်ရောက်နှစ်အတွက် ဘယသိဒ္ဓိမီးထွန်းအင်း

နှ	ဆ္ဆ	ဓ	ဟ	ဒ္ဒ	ဒ	ဆ္ဆ	နိ	ဥ
သံ	သ	ဟံ	ဒ္ဓါ	မ္ဘ	ဿာ	ဖ	သ	သံ
သ	မ	သ	န	ဏ္ဍ	ဝေ	သ	ဗွေ	နှ
တ	တေ	အ	မ	တော	ဿ	ရာ	ဃ	ဆ္ဆ
ဣ	ဝီ	ဝိ	သေ		မ္ဘ	အ	မာ	သ
ဟံ	သ	မာ	ကာ	အ	ယာ	ဏ္ဍ	သ	ဆ္ဆ
နှ	ရာ	ဌ	ဝီ	အ	နေ	ဒ္ဓေ	တွာ	မီ
ဆ္ဆ	မ	ဘာ	ရေ	ကေ	ရ	နှ	အာ	ဟ
နှ	နှ	ပ	သာ	ဝေ	ဒ	ဿ	သိ	ဟိ

စနေပါပကြီးဟ်သက်ရောက်နှစ်အတွက် ဘယသိဒ္ဓိမီးထွန်းအင်း

မ	ဝီ	တေ	တ	ဥ	ဆ္ဆ	ဓ	ဟ	သ
ဟံ	သ	မာ	သ	သံ	သ	ဗွေ	ဒ္ဓါ	မ္ဘ
ဌ	ဟံ	အ	ဝိ	ကာ	ပ	သ	တွာ	ဿာ
ဆ္ဆ	မ	နေ	နှ	သေ	ဝီ	အ	ဆ္ဆ	ဒ
နှ	အ	ယာ	ဏ္ဍ		တော	ဒ္ဒ	နိ	ဟိ
သာ	ပ	နှ	အ	မ္ဘ	ဏ္ဍ	နှ	သ	သံ
ရေ	မ	ဒ္ဓေ	ရာ	ဿ	ဝေ	သ	နှ	နှ
ကေ	ရ	ရာ	အာ	ဟ	မီ	ဘာ	ဃ	ဆ္ဆ
ဣ	ဒ	ဿ	သိ	နှ	ဆ္ဆ	သ	မာ	ဝေ

(ပုံ-ဃကိုကြည့်ပါ)

ထိုအချက်များကို ဆရာကြည့်ကထုတ်ဖော်မပြသခဲ့သော်လည်း ရာဟုထောင့်(ရာဟုကြိုဟ်ခွင်)မှစတင်၍ အင်းဆန်ထည့်သွင်းခဲ့ခြင်းဖြင့် သိသူဖော်စားမသိသူကျော်လွှားစေမည့် ပညာခန်းတစ်ခုကို ထည့်သွင်းထားခြင်းဖြစ်မည်ဟုယူဆရပါသည်။

စာရေးသူအနေဖြင့် ဘယသိဒ္ဓိမီးထွန်းအင်း(သမ္ဘဒ္ဓေအင်း)ကို လက်တွေ့အသုံးဝင်စေမည့် ပညာခန်းတစ်ရပ်ကို ဖော်ထုတ်ရေးသားလိုက်ပါသည်။ ဂဏိဝါဠသဲစုမကပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်တို့၏ မေတ္တာတော်၊ ကရုဏာတော်၊ ပါရမီတော်တို့ကြောင့် (၇) ရက်သားသမီးများ ကြုံတွေ့နေရသော ဒုက္ခဆင်းရဲခြင်းဒုက္ခ ဘေးရန်အန္တရာယ်အပေါင်းကင်းဝေးစေရန်အတွက် သမ္ဘဒ္ဓေအင်း(တစ်နည်းအားဖြင့်) ဘယသိဒ္ဓိမီးထွန်းအင်းကို အသုံးပြုနိုင်ကြစေရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားပါသည်။

မျိုးအောင်(အောင်မြေ)

ကိုးကားစာအုပ်များ

၁။ လက်တွေ့ရတနာဒီပဲယတြာဟောင်
ရိုက်ကျမ်း၊ ဆရာကြည့်၊ ကျားပိုင်ကာ
စာအုပ်တိုက်၊ တ-ကြိမ်၊ ၁၃
ခုနှစ်။

၂။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်
သာသနာတော်ထွန်းကားပြန့်ပွား
ဦးစီးဌာန၊ ၁၉၉၄ခုနှစ်။

၃။ ဇော်ဂျီ၊ နန်းမြို့တော်နှင့် သမ္ဘဒ္ဓေ
အင်း၊ မန်းရာပြည့်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်မောင်မြသီ(စက)

စကုမြို့ ထောင်ပြည့်ဘုရားများ

ထောင်ပြည့်ဘုရားများကို မကွေးတိုင်းဒေသကြီး စကုမြို့၏တောင်ဘက်၌ ယခင်က ဝါကြိတ်စက်ရုံတည်ရှိခဲ့ပါသည်။ ထိုဝါကြိတ်စက်ရုံနှင့်ကပ်လျက် မြောက်ဘက်တွင် ဤဘုရားသုံးဆူကို စီတန်းလျက် တည်ထား ကိုးကွယ်မှုပြုခဲ့ကြပါသည်။

ဤဘုရားသုံးဆူ၏ အကြောင်းသမိုင်းစုံမှာ ဤသို့ဖြစ်ခဲ့ကြပါသည်။

စကုမြို့မှာ 'ကြာသီးနုစကုတည်' ဆိုသော စာသားအရ သက္ကရာဇ် ၂၆၇၃ တွင် စကုမြို့ တည်ခဲ့၏။ ထိုသက္ကရာဇ်နှင့်ဆက်နွယ်၍ ရှေးအခါက ပုဂံမင်းနေပြည်တော်ကြီးတွင်ဖြစ်တည်နေပုံမှာ သက္ကရာဇ် ၂၆၆ ခုနှစ်တွင် ပိုက်သေဉ်လည်၏ သားတော်ဖြစ်သူ သေဉ်လည်ကြောင်မင်းသားလေးသည် အုပ်ချုပ်မင်းအဖြစ် စိုးစံတော်မူခဲ့ပါသည်။ ထိုမင်းလက်ထက်တော်အခါက ရွာစုတစ်ဆယ့်ကိုးရွာကို စုပေါင်း၍ လောကနန္ဒာအရပ်၌ မြို့တည်ဆောက်၍နေခဲ့လေသည်။ ထိုမြို့ကလေးကို သီရိပစ္စယာဟုအမည်မှည့်ခေါ်ခဲ့လေသည်။ မင်းသားလေးမှာ မင်းကျင့်တရားဆယ်ပါးတို့ပြည့်စုံစွာဖြင့် အုပ်ချုပ်ခဲ့သည်။ ပြည်သူလူရဟန်းတို့အားလည်း သနားကြင်နာတော်မူခဲ့လေသည်။ မှူးမတ်၊ ကလန်၊ သံဖျင် အစရှိသော ပြည်သူအပေါင်းကလည်း နှစ်လိုဖွယ်ဖြစ်ခဲ့ပါသည်။ထိုမင်းလက်ထက်တွင် ရတနာမိုးသုံးကြိမ်ရွာသွန်းခဲ့ပါသည်။

[မှန်နန်းရာဇဝင်တော်ကြီး၊
စာမျက်နှာ - ၂၀၈]

စကုမြို့ ရွှေကျမ်းတိုက်သစ်ဆရာတော် ဦးနန္ဒမာလာ၏ ပေပုရပိုက်ပါ မှတ်တမ်းများအရ ပုဂံမင်းနေပြည်တော်တွင် သေဉ်လည်ကြောင်မင်းသားအုပ်စိုးလျက်ရှိခဲ့ပါသည်။ ထိုမင်းတွင် သားတော်အကြီး၊ အငယ် (၂) ပါးနှင့် သမီးတော်သမ္မာဒီပ ဟူ၍ ရှိခဲ့ကြပါသည်။ သမ္မာဒီပသမီးတော်မှာ အလတ်ဖြစ်ခဲ့ပါသည်။ သမီးတော်လေးအရွယ်ရောက်သောအခါ သမီးကညာ အချိန်အခါမလင့်နှင့် ဆိုသောစကားအတိုင်း မင်းညီမင်းသား တစ်ပါးပါးနှင့် လက်ဆက်ရန် ဖခင်ဘုရင်ကြီးက စကားကြောင်းလမ်းစီမံခဲ့တော်မူလေသည်။ သို့သော် သမီးတော်လေးမှာမူ ပဉ္စလက်၊ နဝလက်၊ ဂန္ဓာရီ အစရှိသော အတတ်ပညာရပ်များ၌ မွေ့လျော်ပျော်ပိုက်နေတော်မူသည်။ အိမ်ရာပြုမူကို မလိုလားသော သမီးတော်လေးမှာ အာဏာဖီဆန်သောကြောင့် ဘုရင်ကြီးက ရာဇမာန်ရှကာ မောင်းမမိသံ ရံရွေတော်များအပြင် စစ်သည်တော်များပါ ထည့်လျက် ပုဂံထီးနန်း၏ ဩဇာလွတ်ကင်းရာအရပ်သို့ နှင်ထုတ်တော်မူခဲ့လေသည်။ ပုဂံမင်းနေပြည်တော်နှင့် ဝေးကွာလာသောအခါ သမီးတော်လေးမှာ သုနာပရန္တတိုင်း စကုမြို့ရှိ သမထီးရွာ၌ သီတင်းသုံးနေထိုင်တော်မူသောထွက်ရပ်ပေါက်ပုဂ္ဂိုလ် ရှင်မထီးဆရာတော်နှင့် တွေ့ရှိပြီး ဂန္ဓာရီဝိဇ္ဇာအတတ်ပညာရပ်များကို သင်ယူဆည်းပူးလေ့လာခဲ့လေသည်။

လအလိုလိုရွေ့၍ နှစ်သို့ပြောင်းကြာညောင်းလာသောအခါ လမွဝတီ

အလယ်ဘုရား
စတုမုခလေးမျက်နှာ နမတော်ဘုရား
အရှေ့ဘက်ရုပ်ပွားတော်

အလယ်ဘုရား
စတုမုခလေးမျက်နှာ နမတော်ဘုရား
အနောက်ဘက်ရုပ်ပွားတော်

အလယ်ဘုရား
စတုမုခ လေးမျက်နှာနမတော်ဘုရား
တောင်ဘက်ရုပ်ပွားတော်

အလယ်ဘုရား
စတုမုခလေးမျက်နှာ နမတော်ဘုရား
မြောက်ဘက်ရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com

သားတော်အကြီးဘုရား
(မြောက်ဘက်ဘုရားတွင်း)

သားတော်အငယ်ဘုရား
(တောင်ဘက်ဘုရားတွင်း)

ဘုန်းကြီးကျောင်းရှိ
ရုပ်ပွားတော်

ထောင်ပြည့်ဘုရားများ

ဒါယကာကြီး ဦးမြင့်စိုး မိသားစု၏
အလှူတော်ယပ်တောင်

(ခေါ်) ပုဂံမင်းနေပြည်တော်မှ ဘုရင်ကြီးသည် သမီးတော်လေး သမ္မာဒီပကို လွမ်းဆွတ်တော်မူလာခဲ့လေ၏။ ထို့ကြောင့် သားတော်နှစ်ပါးကို ညီလာခံသို့ခေါ်ယူ၍ နှမတော်ကိုရှာဖွေရန် စေလွှတ်ခဲ့လေသည်။ မင်းသားများသည် သုနာပရန္တတိုင်း စကုမြို့ရောက်သောအခါ နှမတော်ရှိမည့်နေရာကို စုံစမ်းတော်မူခဲ့လေသည်။ မောင်နှမများတွေ့ဆုံသောအခါ မင်းသမီးက မောင်တော်များအား ဤအရပ်သည် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများပျော်မြူးကြသောအရပ်ဒေသဖြစ်သည့်အပြင် လျှို့ဝှက်ဆန်းကြယ်သော ဂန္ဓာရီအတတ်ပညာရပ်များကို အေးဆေးစွာသင်ယူနိုင်သောအရပ်၊ တရားဓမ္မလမ်း၊ စရဏအလုပ်စခန်းများကို ပြီးပြည့်စုံစွာလုပ်ဆောင်နိုင်သောအရပ်ဒေသဟုပြောဆိုလျက် အခြေပြု အတူတကွ နေထိုင်ကြတော့သည်။ ဘုန်းရိပ်ကံရိပ်ကလည်း ပုဂံမင်းနေပြည်တော်နှင့်ဝေးကွာသဖြင့် အေးဆေးစွာဖြင့် နေထိုင်ကြတော့သည်။

ပုဂံမင်းနေပြည်တော်ရှိ ဘုရင်ကြီးမှာ သားတော်များလည်း မရောက်ရှိ၊ စာလည်းမရောက်၍ စိတ်ပူစိုးရိမ်စိတ်များဖိစီးလာသဖြင့် မိမိကိုယ်ရံတော်တပ်မှ စိတ်ချရသော စစ်သည်ရဲမက်များကို ခေါ်၍ သားတော်၊ သမီးတော်တို့အား သူ၏ဘုန်းရိပ်ကို ပြန်လည်ခိုလှုံရန်နှင့် မိမိ၏ အမိန့်ကိုမလိုက်နာကြပါက အရှင်လတ်လတ် မြေကျင်းခတ်သတ်ကြရန် ပြောဆိုပြီး စေလွှတ်လိုက်လေသည်။ မင်းသား၊ မင်းသမီးများနှင့် သကုဏာတောအုပ်ကြီးတွင် တွေ့ကြသောအခါ ပြန်လည်မလိုက်လိုကြောင်း ငြင်းဆန်ကြလေသည်။ ဤကိစ္စပြဿနာတို့ကို ရှင်မထီးဆရာတော်အား ပြန်လည်လျှောက်ထားမှုကိုပြုကြကုန်၏။ ဆရာတော်က တရားဓမ္မဖြင့် တိုက်ကွေးပြီး ဆိုဆုံးမပါသော်လည်း မရရှိကြပေ။ ထို့ကြောင့် ဆရာတော်အနေဖြင့် ဆေးလုံး (၃)လုံးကိုစီရင်၍ပေးလိုက်လေသည်။ ထိုဆေးလုံးမှာ (၇)ရက်အိပ်ပျော်စေသော ဆေးလုံးတစ်လုံးစီသာဖြစ်လေတော့သည်။ မောင်နှမ (၃) ဦးစလုံးမှာ ထိုဆေးလုံးများကိုစားသုံးခဲ့ကြလေ၏။

စစ်သည်ရဲမက်များတို့ကလည်း ဘုရင်ထီးဘုရားကြီး၏ အမိန့်အာဏာအတိုင်း သကုဏာတောအုပ်ကြီး၏အရှေ့တောင်အရပ်၌ မောင်နှမ (၃)ဦးတို့အား အရှင်လတ်လတ် မြေကျင်းတူး၍သတ်ခဲ့ကြတော့သည်။

အသက်အရွယ်ကြီးရင့်လာလေသော သေဉ်လည်ကြောင်မင်းတရားကြီးသည် သံဝေဂသတိတရားများရရှိလာ မင်းနေ

www.burmeseclassic.com

www.burmeseclassic.com

ပြည်တော်မှတစ်ဆင့် သကုဏ (ခေါ်) စကုမြို့သို့ စစ်သည်အလုံးအရင်းနှင့် ရောက်ရှိလာခဲ့ပါသည်။ ရွှေဟောင်း စေတီတော်မြတ်တွင် သီတင်းသုံး တရားကျင့်နေသည့် ရှင်မထီးဆရာတော်နှင့် တွေ့ဆုံပြီးနောက် သားတော်၊ သမီးတော်တို့အား စတေးခဲ့သောနေရာတို့ကို ညွှန်ပြစေခဲ့ပါသည်။ ၎င်းနေရာများတွင် တောင်မြောက်တန်းလျက် စေတီ(၃)ဆူ တည်ထားတော်မူခဲ့ပါသည်။ အလယ် စေတီ စတုမုခလေးမျက်နှာလိုက်စေတီမှာ သမ္မာဒီပမင်းသမီးကလေးအတွက် ရည်စူး၍လည်းကောင်း၊ တောင်ဘက်နှင့် မြောက်ဘက် ဘုရားနှစ်ဆူမှာမူ သားတော်အငယ်နှင့် သားတော်အကြီး အတွက် ရည်စူးပြီး တည်ထားတော်မူခဲ့လေသည်။ အမျှအတန်းများကိုလည်း ပေးတော်မူခဲ့ပါသည်။

ရွှေမြန်မာမင်းများလက်ထက်က တည်းက တည်ထောင် စိုးစံနေထိုင်ခဲ့သော ရွှေဟောင်းသမိုင်းဝင်မြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။ ထင်ရှားသော သမိုင်းဝင် သတ်သေအထောက်အထားများမှာကား လေးဖက်လေးတန် အုတ်မြို့ရိုးများရှိသည်။ တစ်ထောင့်စီ၌ နတ်စင် (၄) ခုရှိနေပါသည်။ တောင်ဘက်မြို့ရိုးထောင့်ပေါ်တွင် ရွှေပြည်တောင်ဘိုးဘိုးနတ်စင်၊ မြောက်ဘက် မြို့ရိုးထောင့်ပေါ်တွင် နေကူးနတ်စင်၊ အရှေ့ဘက်မြို့ရိုးထောင့်ပေါ်တွင် မြင်းဖြူရှင်နတ်စင်နှင့် အနောက်ဘက်မြို့ရိုးထောင့်တွင် သျှမ်းမောင့်နှမနတ်စင်တို့ ဖြစ်ကြသည်။ အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် မင်္ဂလာတံခါး၊ တောင်ဘက်တွင် တောင်တံခါး၊ အနောက်ဘက်တွင် အမင်္ဂလာတံခါး ဟူ၍ ဖြစ်သည်။ သက္ကရာဇ် တစ်ထောင်ပြည့်နှစ်တွင် မြို့ပြုပြည်ရွာလည်း စည်ကားလာခဲ့သည်။ ဘုရားများကိုလည်း ထောင်ပြည့်ဘုရားများအဖြစ် အသိအမှတ်ပြုကာ နယ်သူနယ်သားများကိုးကွယ်ပူဇော်ကြလေသည်။

ဇလိတောင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ်တစ်ထောင်ပြည့်ဘုရားများတွင် တရားဓမ္မများကျင့်ကြံအားထုတ်ကြသည်ဟုပြောကြ၍ သိရပါသည်။ ထိုဘုရားများ ထင်ရှားကျော်ကြားသောအဘိသိက်ဆရာကြီးဦးအိ၏ပြောပြချက်များအရ လပြည့်လကွယ်နေ့များ၏ အခါများတွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်သော ရှင်မထီးဆရာတော်သည် ထိုတည်ထားပြည့်ဘုရားများ၌ တရားဓမ္မကျင့်ကြံအားထုတ်မှုပြုရန်လာကြသော ခုနစ်ရက်သားသမီးတို့၏စိတ်များကို ရဟန်းအသွင် ကိုယ်ထင်ပြကာ လာရောက်စောင့်ရှောက်သည်ဟု ပြောကြသည်။

နှစ်တွေကြာညောင်းလာပြီး ရာသီတွေလည်း အလိလီပြောင်းလာသည်နှင့် အမျှ ထောင်ပြည့်ဘုရားများမှာလည်း ယိုယွင်းကာပျက်စီးလာခဲ့ပေတော့သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးတွင် ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက် ဖုံးလွှမ်းလာခဲ့ပေသည်။ စာရေးသူအနေဖြင့် ငယ်ရွယ်စဉ်အခါက ကြားဖူးနားဝ သမိုင်းကြောင်းများအရ အနီးတစ်ဝိုက်သို့ သွားလာဝံ့ခြင်းမရှိခဲ့ကြပါပေ။ ၎င်းဘုရားသုံးဆူနှင့် စကုမြို့၏ သမိုင်းဝင်နေရာတစ်နေရာဖြစ်သော ကန်ပေါက်ကြီးလျောင်းတော်မူဘုရားသည် တစ်မိုးချောင်းသာခြားလျက် တည်ရှိခဲ့ပါသည်။

သခ်ါရသဘောတရားများအရ ထောင်ပြည့်ဘုရားသုံးဆူမှာ တိမ်မြုပ် ပျောက်ကွယ်ပြီး ချုံနွယ်များပိတ်ဖုံးနေသော်လည်း ဘုန်းတန်ခိုးတော့ပွင့်လင်းလာခဲ့သော အခြေအနေကောင်းများပေါ် ပေါက်လာခဲ့ပါသည်။ထိုအခြေအနေကောင်းများမှာမူ အခြားမဟုတ်ပါပေ။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေဦးမြင့်စိုးမှာ အိပ်နေစဉ် အိပ်မက်များမြင်မက်ခဲ့ပါသည်။ ဘုရားသုံးဆူကို အမြဲမြင်မက်ခဲ့ပါသည်။ ဘယ်အရပ်ဒေသကမှန်း အစကမသိရှိခဲ့ပေ။ ပဌာန်းဆက်ဟုပြောပါရစေလား။ ထိုအခြေအနေဖြစ်ပေါ်နေစဉ် ဦးမြင့်စိုးနှင့် ခင်မင်ရင်းစွဲရှိသူ ဗိုလ်မှူးကြီးအောင်မြင့်သူ (အထူးအရာရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန) (ငြိမ်း) က ဘုရားစေတီတော်တစ်ဆူကို ပြုပြင်ပေးပါရန် မေတ္တာရပ်ခံချက်အရ အစပြုခဲ့သည်ဟုဆိုရပါမည်။မကွေးတိုင်းဒေသကြီးအတွင်းရှိ စကုမြို့တောင်ဘက်အရပ်တွင် ဘုရားစေတီသုံးဆူကို ဦးမြင့်စိုးက တွေ့ရှိသွားခဲ့၏။ အိပ်မက်အတိုင်း ဘုရားသုံးဆူပင်ဖြစ်ပေတော့သည်။

ဘုရားဒါယကာကြီး ဦးမြင့်စိုးမှာ ထောင်ပြည့်စေတီဘုရားများတွင် ပုတီးစိပ်အဓိဋ္ဌာန်ယူခဲ့သည်မှာ ထူးခြားသော အာရုံများရရှိခံစားရလေသည်။ ထူးခြားသည့်အာရုံများစေ့ဆော်မှုအရ ဘုရားတစ်ဆူလျှင် ကျပ် (၂၀) သိန်းဟု ခန့်မှန်းပြုပြင်ခဲ့သော်လည်း တစ်ဆူလျှင် ကျပ် (၆၀)သိန်းခန့်ကုန်ကျခဲ့၏။ တည်ထားခဲ့သောဘုရားများလည်း ရွှေပုဂံခေတ် လက်ရာများအတိုင်း တည်ထားခဲ့ပေသည်။ ဘုရားအနီး ဘုန်းတော်ကြီးကျောင်းတစ်ခုတည်ဆောက်ခဲ့ပါသည်။ ထိုကျောင်းတွင် ဆရာတော်ဦးပဏ္ဏိတသီတင်းသုံးတော်မူခဲ့၏။ ဖခမည်းတော်မှာ ဦးမောင်လေးဖြစ်ပြီး မယ်တော်ကြီးမှာ ဒေါ်လှမြင့်တို့ဖြစ်ကြ၏။သက်တော် (၄၉) နှစ်ရှိခဲ့ပြီး ဝါတော်မှာ (၁၇) ဝါရှိခဲ့ပါပြီ။ ဦးအေးကြူ-ဒေါ်ခင်တို့လှူဒါန်းသော ဆင်းတုတော်ရှိသည်။

ထိုထောင်ပြည့်ဘုရားသုံးဆူတို့မှာ ဓာတ်ပုံတွင်ပါရှိသည့်အတိုင်း တင့်တယ်သပ္ပာယ်စွာဖြင့် မြို့၏ ကျက်သရေကို ဆောင်လျက်ရှိပေတော့သည်။ စကုမြို့၏တောင်ဘက်အထွက် ဝါကြိတ်စက်ရုံအနီးတွင် မြောက်မှတောင်သို့တန်းလျက် ဆင်ခေါင်းရွာသို့သွားသောကတ္တရာလမ်းအနီးတွင် တည်ရှိရာ ကြည်ညိုသပ္ပာယ်စွာ ဖူးမြင်နိုင်ပါသည်။ ဘုရားများ၏ ထီးတော်တင် မင်္ဂလာအခမ်းအနားကို ၁၃၆၆ ခု သင်္ကြန်အကြို (၁၃-၄-၂၀၁၅) ဗုဒ္ဓဟူးနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ထောင်ပြည့်ဘုရားများ၏ကောင်းမှုကုသိုလ်အဆက်များဟုဆိုရမည်ထင်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နေ့စွဲအနေဖြင့် အမိန့်စာပြန်တမ်း ထုတ်ပြန်ခဲ့ပါသည်။ သာသနာ့ဒါယကာကြီးဖြစ်သောဦးမြင့်စိုးအား သီရိသုဓမ္မမဏိဇောတရဇွဲတံဆိပ် ချီးမြှင့်ကြောင်းအမိန့်ပြန်တမ်းပင်ဖြစ်ပေတော့သည်။

ကုသိုလ်ပေါ် ကုသိုလ်ဆင့်လောင်းသကဲ့သို့ သာသနာ့ဒါယကာကြီး ဦးမြင့်စိုး-ဒေါ်မြမြစိုးတို့ မိသားစုတို့အနေဖြင့် စကုမြို့ မဟာဓမ္မိကာရာမစာသင်တိုက်ဆရာတော် မဟာဂန္ဓဝါစကပဏ္ဏိတကို အမှူးပြု၍ ဒုလ္လဘရဟန်း (၃၅) ပါး၊ ရှင်သာမဏေ (၁၀၈) ပါး၊ သီလရှင် (၁) ပါးတို့ကို သံ့သနာဘောင်သို့ ချီးမြှင့်ပွဲအလှူတော်မင်္ဂလာကိုပြုလုပ်ခဲ့ပါသည်။ ထောင်ပြည့်ဘုရားများကိုလည်း ဘက်စုံပြုပြင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။

အထက်ပါဆောင်းပါးကို ဓမ္မကုသိုလ်အဖြစ် ရေးသားပူဇော်အပ်ပါသည်။

(နှစ်ဖက်မိဘများနှင့် အစ်ကိုအား ဤဆောင်းပါးဖြင့် ကန်တော့အပ်ပါသည်။)

တက္ကသိုလ်မောင်မြသီ (ကာ)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လိုင်(ကျိုက်လတ်) ကောင်းကျိုးပေးထက်သန် ပထဝီဇယမန္တန်

၂၀၁၄ ခုနှစ်၊ မေလ ၂ ရက်နေ့ တပည့်ကြီးဖြစ်သူ ဦးအောင်ညွန့် (၀၀၄ သစ်စက်ပိုင်ရှင်) ဘိုကလေးမြို့ ကွယ်လွန်သည့် (၆) နှစ်မြောက် သတိတရ သံဃာတော်အပါး(၇၀)ကျော်ကို ဆွမ်းကပ်လှူပူဇော်ပြီး ဒါတဗ္ဘဝတ္ထုပစ္စည်းများကပ်လှူသော သူ၏မိသားစုများနှင့်အတူ အမျှအတန်းဝေသည့်ကုသိုလ်ပွဲတွင် ပါဝင်၍ ကျိုက်လတ်မြို့သို့မပြန်မီ ဘုရားခန်းထဲတွင် နံနက်ပိုင်း ဘုရားကန်တော့ အမျှအတန်းဝေ ညအိပ်ရာဝင် ဘုရားရှိခိုးရ၏။

ဘိုကလေးမြို့ သူတို့တိုက်မှာပင် (၄)ရက်ကြာခဲ့သည်။ ကျိုက်လတ်မြို့သို့ ပြန်မည့်နေ့မတိုင်မီညက ဘုရားဝတ်ပြုပြီး သူ့အား အမျှအတန်းပေးဝေ၍ အိပ်ရာသို့ဝင်ခဲ့သည်။ ထိုညက တစ်နာရီခန့် အချိန်တွင် အိပ်မက်မက်သည်။ ထူးထူးခြားခြား အိပ်မက်ထဲတွင် အသက် (၉၀) ခန့် အသားညိုညို၊ ခပ်ဝဝဘုန်းတော်ကြီးသည် ကျွန်ုပ်၏ခေါင်းရင်းမှနေ၍ -

"ဒကာကြီး၊ ကျုပ်ကိုသေသေချာချာကြည့်စမ်း သိလား"

ဟုမေး၏။

ကျွန်ုပ်က -

"တပည့်တော် ဇဝေဇဝါဖြစ်နေပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်သည်။

ဘုန်းတော်ကြီးက ကျွန်ုပ်အား -

"အို - ဒကာကြီးကတယ်မေ့တတ်ထာကိုး၊ သေသေချာချာကြည့်စမ်းပါဦး"

ဟု မိန့်တော်မူလိုက်ရာ ကျွန်ုပ်သည် ဘုန်းတော်ကြီး၏ မျက်နှာတော်ကို စူးစူးစိုက်စိုက်ကြည့်ပြီးမှ -

"ဆရာတော်ဦးကေတုပါဘုရား"

ဟုလျှောက်ထားလိုက်သည့်အခါ ဆရာတော်ကြီးက -

"အင်း - ဒကာကြီးကမှတ်မိသေးသားပဲ"

ဟု ပြန်မိန့်တော်မူလိုက်၏။

ကျွန်ုပ်က -

"ဆရာတော်ဘုရား၊ အကြောင်းကိစ္စရှိလို့ တပည့်တော်ထံကြွလာတာလားဘုရား"

ဟုလျှောက်လိုက်ရာ ဆရာတော်ကြီးက-

"အင်း - ဒကာကြီးရဲ့၊ တပည့်ကြီးကျုပ်ရဲ့ဒကာ သူတော်ကောင်းကြီးဆုံးပါးသွားတာ ဘုရားသာသနာတော်အတွက် သာသနာပြုပုဂ္ဂိုလ်တစ်ဦးဆုံးရှုံးသွားရတာနှမြောစရာပါပဲ။ သခ်ၤါရတရားတွေပေါ့လေ"

"မှန်ပါဘုရား၊ အခုဆရာတော်ကြီး တပည့်တော်ထံ ကြွတော်မူလာတာကို အမိန့်ရှိတော်မူပါ ဘုရား"

ဟု လျှောက်လိုက်ရာ ဆရာတော်ကြီးက -

"ဒကာကြီးကို သတိပေးမလို့။ ဒကာကြီးအရင်ကအပြဲရွတ်နေကျဂါထာကို ဘာဖြစ်လို့မရွတ်တော့တာလဲ"

ကျွန်ုပ်က ဆရာတော်ကြီးအား ပြန်မေးလိုက်သည်။

"ဘယ်ဂါထာပါလဲဘုရား၊ တပည့်တော် ပရိတ်ကြီး(၁၁)သုတ်နဲ့ဒီဝါတပတိဂါထာ၊ ဝေဒဗ္ဗမန္တန်၊ ပဋ္ဌာန်းနဲ့ဂုဏ်တော်ကိုးပါးတို့ကို နေ့စဉ်ရွတ်ဆိုပူဇော်နေပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးက -

"အင်း-ဟုတ်ပါပြီလေ၊ ဒါပေမယ့် တစ်ခုကျန်သေးတယ်၊ အရင်ကရွတ်ပြီး အခုမရွတ်တော့တဲ့ ပထဝီဇယမန္တန်ပေါ့"

ကျွန်ုပ်သတိရသွား၏။ ဟုတ်ပါ၊ ယခင်က ကျွန်ုပ်သည် ပထဝီဇယမန္တန်ကိုရွတ်ခဲ့ဖူးသည်။ ယခု မရွတ်တာကြာ၍ အချို့စာပိုဒ်များမေ့နေသောကြောင့် မရွတ်ဖြစ်တော့။ ထို့ကြောင့် ဆရာတော်ကြီးကို ပြန်လျှောက်မိ၏။

"မှန်ပါဘုရား၊ တပည့်တော်မရွတ်တာကြာပါပြီဘုရား"

"အင်းအင်း - ကျုပ်ဒကာကြီးကို လာသတိပေးတာပါ။ ဒကာက ကျုပ်ထံက ပညာအချို့ရထားပြီး အကူအညီလိုသူများကို စေတနာနဲ့အကူအညီပေးခဲ့တယ်။ ဒီနှစ်ထဲမှာဒကာကြီးညံ့နေတယ်။ ကျန်းမာရေးကအစ နေရေးထိုင်ရေးတွေ

ပါ။ ကျုပ်ပေးခဲ့တဲ့ အဓိကဂါထာ ဒကာကြီးက တစ်နေ့ (၇) ကြိမ်ရွတ်ရမယ့် ပထဝီဇယမန္တန်ကိုမရွတ်ဘူး။ ပြန်ရွတ်ပါ။ ဒကာကြီးမှာညံ့နေတဲ့ ကျန်းမာရေး၊ စီးပွားရေး၊ နေထိုင်ရေးတွေအတွက် ပြန်ရွတ်လိုက်ပါ။ ဒကာကြီးကျန်းမာရေးညံ့လို့ အသက်အန္တရာယ်ကသီသီလေးလွတ်လာတာသိတယ်မဟုတ်လား"

"မှန်ပါဘုရား၊ ပြီးခဲ့တဲ့နှစ်တစ်နှစ်ပတ်လုံး ကျန်းမာရေးမကောင်းဆေးရုံတက်ရတဲ့ မတ်လတစ်လလုံး ကျန်းမာရေးညံ့ပြီး မျက်စိခွဲရပြန်ပါတယ် တပည့်တော်ရဲ့ အသက်ရှစ်ဆယ်အတစ်သက်တာမှာ ဘာမှမဖြစ်ဘူးဝေဒနာတွေကို တစ်ခုပြီးတစ်ခုဖြစ်လာတယ်ဘုရား။ တပည့်တော် ဆရာတော်မိန့်တော်မူတဲ့အတိုင်း လိုက်နာပြုလုပ်မယ်ဘုရား"

ဟု ပြန်လျှောက်လိုက်ရာ ဆရာတော်ကြီးသည် -

"အေး- သာဓု၊သာဓု၊သာဓုပါဟု"

ဟု ဆိုဇျက်ပင် ကျွန်ုပ်လည်ဖျတ်ခနဲ နိုးသွားပါတော့သည်။

ကျွန်ုပ် ဘိုကလေးမြို့မှပြန်လာ ပထဝီဇယမန္တန်ကို ပြန်ရွတ်ပါတော့၏ ဆရာတော်ကြီး မိန့်မှာသလို ကျွန်ုပ်အား ကျန်းမာရေးများတစ်ခုပြီးတစ်ခုပြေသည်များ၊ နေထိုင်ရေးအဆင်မပြေမှုများ သိသိသာသာအဆင်ပြေချောမွေ့လာသည်။

ထိုဆရာတော်ကြီးမှာ မော်လမြိုင် ကျွန်းမြို့နယ် ကျုံလတာချောင်းလေးအိမ်တန်း လေကြီးစု ပန်းခေတိုက်မှ သက်တော် (၉၅) နှစ်တာ နတ်ထံပျံလွန်တော်မူသွားခဲ့သော ဆရ

www.burmeseclassic.com

www.burmeseclassic.com

ပထဝီဇယမန္တန်ပါဠိ

(၁) ပထဝီ ဇယံ သဗ္ဗံ၊ အနေကအန္တရာယိကံ၊
ဇယံ ပစ္စေကပုဒ္ဓါစ၊ ဇယံ ပရိ မဟေသယော။

(၂) ဇယံ ဟရော ဟရိဒေဝေါ၊ ဇယံ ဗြဟ္မာ ဓတရဋ္ဌော၊
ဇယံ နာဂေါ စ ဝိရူဠ္ဟော၊ ဝိရူပက္ခော စ စန္ဒိမာ။

(၃) ဝိဂ္ဂန္ဒွော ဝေနတေယျော၏၊ ကုဝေရော ဝရုဏော ပိစ။
အဂ္ဂိဝါရဏော ပဇ္ဇုန္ဒော၊ ကုမာရော စတုပါလကော။

(၄) အဋ္ဌာရသ မဟာဒေဝါ၊ သုခီတာစ ပသိဒ္ဓိယော၊
အသီတိ မဟာသာဝကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။

(၅) ဇေယျော ဓမ္မော စ သံယော စ၊ ဒသဗလော စ ဇေယျကော။
ဧတေန သစ္စဝဇ္ဇေန၊ ဇေယျာ သုခီ ဘဝန္တု မေ။

(၆) နရဒေဝါ စ ဗြဟ္မာနော၊ ယက္ခာ နာဂါစ ဂရုဠာ၊
ဗော ဝိ ဒိသ္ဝာ ပိယာ မယ္ဟံ ပတ္ထံ့ မမေဝ သိနေဟာ။

(၇) ပုဒ္ဓါ ပစ္စေကပုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ၊
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္တကေ။

(၈) တေသံ မေတ္တာနုဘာဝေန သဗ္ဗေရောဂါ သုသီတလာ၊
သဗ္ဗေဘယာ ဝိနသ္သန္တု၊ သဗ္ဗေ နသ္သန္တု ပဒ္ဒဝါ။

(၉) ဣမသ္မိံ စက္ကဝါဠေစ ဗဟူ အနန္တပါဏိနော၊
အနန္တစက္ခုဝါဠေစ၊ ဗဟုအနန္တပါဏိနော။

(၁၀) ဣမေ သတ္တာ အဝေရာ စ၊ အဗျာပဇ္ဇာ ဝိဇ်ာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊ အဗျာပဇ္ဇာ သုခါဟောန္တု။

(၁၁) နေရယိကာ တိရစ္ဆာနာ ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္ထကာ။

(၁၂) ဒသကောဋိ ဒဂဇာစ၊ ထလဇာ နဝကောဋိယော။
သံသေဒဇော ပဝါတိကာ၊ ဒီဃာယုကာ ဘဝန္တုတေ။

(၁၃) ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓောယာဝ အဝီစိတော။
သမန္တာ စတ္တာဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

(၁၄) သဗ္ဗေသတ္တာ အဝေရာ စ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။ ။

ဆောက်ကြီး ဦးကေတု ဖြစ်ပါသည်။

ပထဝီဇယမန္တန်၏ဂါထာ(၁၄)ပုဒ်ပါဠိနှင့်တကွ အနက်အဓိပ္ပာယ်များကိုလည်း လိုအပ်သူများအားလုံးအတွက် ရရှေ့ရလွယ်ကူစေရန် ရေးသားဖော်ပြထားပါသည်။ မိမိတို့လိုရာသမ္မာဆန္ဒများ ပြည့်စုံလုံရရှိကြပါစေ။

❑

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ရသေ့ဘဝနှင့် ဟိမဝန္တာတောင်တွင် သီတင်းသုံးနေတော်မူစဉ်အခါ အမြဲခစားသော သဗ္ဗဒါဠိကအမည်ရှိ ယက္ခာဒိပတိမင်းသည် အလောင်းတော်ရသေ့ထံ ပထဝီဇယမန္တန်တော်ကို သင်ယူ၍ အမြဲမပြတ် ရိုသေစွာရွတ်ဖတ်သရဇ္ဈာယ်ပြုလျှင် တောနေသတ္တဝါများက ဝန်းရံကာကြကုန်သည်။ မြွေခွေးအား အမြဲရန်မူသတ်ဖြတ်လေ့ရှိသော သစ်ဆင်၊ ခြင်္သေ့ စသည်တို့ကပါ ဝိုင်းအုံ မြောက်ပင့်၍ တောဘုရင်အဖြစ် တင်မြှောက်ခံရခြင်းကို အစွဲပြု၍ ပထဝီဇယမန္တန်တော် ဖြစ်ပေါ် ရွတ်ဆိုပွားများခဲ့ကြ ပါသည်။

ဂါထာတော်အနက်ပြန်

(၁) **အနေကအန္တရာယိကံ** - တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော၊ **ပထဝီဇယံသဗ္ဗံ**-မြေအပြင်၌ အောင်မြင်ဖွယ်ဟူသမျှ တစ်စမကြွင်း ရန်ဝင်းကို။ **ဩ** - ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက်အောင် မျက်မှောက်ထင်ထင် အောင်မြင်ပါစေသတည်း။ **ပစ္စေကပုဒ္ဓါ စ** - ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း၊ **မေ** - အကျွန်ုပ်အား။ (**နော** - အကျွန်ုပ်တို့အား) **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးတော်မူပါစေကုန်သတည်း။ **မဟောသဓောစ** - မြတ်သော သိလက္ခန္ဓ စသည်ကို ရှာတော်မူကုန်ကြီးသော၊ **ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိက** - ဘုရားသခင်၊ အရှင်အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာမြတ်တို့သည်လည်း၊ **ပရိ** - ထက်ဝန်းကျင် အကြွင်းမရှိသောအားဖြင့်၊ **မေ**-အကျွန်ုပ်အား။ (**နော** - အကျွန်ုပ်တို့အား) **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးတော်မူကြပါစေကုန်သတည်း။ ။

(၂) **ဟရော** - ဟရမည်သောနတ်သည်လည်းကောင်း၊ **ဟရိဒေဝေါ** - ဟရိမည်သောနတ်သည်လည်းကောင်း၊ **မေ**-အကျွန်ုပ်အား။ (**နော**-အကျွန်ုပ်တို့အား) **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု**- ပေးတော်မူကြပါစေကုန်သတည်း။ **ဗြဟ္မာ** - ဗြဟ္မာသည် လည်းကောင်း၊ **ဓတရဋ္ဌော**- ဓတရဋ္ဌနတ်မင်းသည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား (**နော**-အကျွန်ုပ်တို့အား) **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးကြပါစေကုန်သတည်း။ **နဂေါစ** - မဟာနာဂနတ်မင်းသည် လည်းကောင်း၊ **ဝိရူဠ္ဟောစ**- ဝိရူဠ္ဟကနတ်မင်းသည် လည်းကောင်း၊ **ဝိရူပက္ခောစ** - ဝိရူပက္ခနတ်မင်းသည် လည်းကောင်း၊ **စန္ဒိမာပိ** - လဲနတ်သားသည် လည်းကောင်း။

(၃) **ဝိဂ္ဂန္ဒွော စ** - အထူးထူးသော နတ်တို့ကိုအစိုးရသော သိကြားမင်းသည် လည်းကောင်း၊ **ဝေနတေယျော စ** - ဝိနတာအမည်ရှိသော နတ်သမီး၏သား ဖြစ်သော နတ်မင်းသည် လည်းကောင်း၊ **ကုဝေရော စ** - ကုဝေရနတ်မင်းသည် လည်းကောင်း၊ **ဝရုဏောပိ စ** - ဝရုဏနတ်မင်းသည် လည်းကောင်း၊ **အဂ္ဂိ စ** - မီးနတ်သားသည်လည်းကောင်း၊ **ပဇ္ဇုန္ဒော စ** - မိုးနတ်သားသည် လည်းကောင်း၊ **စတုလောကပါလောစ** - လောကပါလနတ်သားလေးပါးသည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ (**နော**- အကျွန်ုပ်တို့အား) **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးကြပါစေကုန်သတည်း။

(၄) **သုခီတာ** - ချမ်းသာအောင်ဆောင်နိုင်ကုန်သော၊ **အဋ္ဌာရသ မဟာဒေဝါ** - တစ်ဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည် လည်းကောင်း၊ **ပသိဒ္ဓိယော** - အထူးထူးအပြားပြားစီးပွားချမ်းသာကိုပြီးစေတတ်ကုန်သော၊ **အသီတိ မဟာသာဝကာ စ** - ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာအရှင်မြတ်တို့သည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ (**နော** - အကျွန်ုပ်တို့အား)၊ **သဗ္ဗံ ဇယံ** - အောင်ဆုဟူသမျှကို၊ **ဒဒန္တု**-ပေးတော်မူကြပါစေကုန်သတည်း။

(၅) **ဓမ္မော စ** - ဆယ်ပါးသော

www.burmeseclassic.com

တရားတော်သည်လည်းကောင်း၊ **သံယောစ** - သမုတိ ပရမတ် နှစ်ရပ်သော သံယာသည် လည်းကောင်း၊ **ဇေယျော** - ရန်ဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။ **ဒသဗလော စ** - ကာယဘာဏ်တော် အားဆယ်ဖော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်လည်း၊ **ဇေယျောကော** - ရန်မျိုးဥသုံ အလုံးစုံကို ချက်ကုန်မကြွင်း၊ ခုတ်စဉ်းဖျက်ခြွေ၊ အထူးအောင်မြင်တော်မူပေ၏။ **ဇေတေန သစ္စ ဝဇ္ဇေန** - ဤသို့ဆိုငြား မှန်ကန်သော သစ္စာစကား ကြောင့်၊ **ဇေယျော** - ရန်အပေါင်းကို အထူးအောင်မြင်ကုန်သည် လည်းကောင်း၊ **သုခီ** - ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ (**နော** - အကျွန်ုပ်တို့အား)၊ **ဘဝန္တု** - ဖြစ်ပါစေသတည်း။

(၆) **နရာ စ** - လူတို့သည် လည်းကောင်း၊ **ဒေဝါစ** - နတ်တို့သည် လည်းကောင်း၊ ပြဟ္မာတို့သည် လည်းကောင်း၊ **ယက္ခာစ**-ဘီလူးတို့သည် လည်းကောင်း၊ **နာဂါစ** - နဂါးတို့သည် လည်းကောင်း၊ **ဂရုဠာစ** - ဂဠုန်တို့သည် လည်းကောင်း၊ **တေပိ** - ထို လူ၊ နတ်၊ ပြဟ္မာ၊ ဘီလူး၊ နဂါး၊ ဂဠုန်တို့သည် လည်း၊ **ဒိသွာ** - မြင်သည်ရှိသော်၊ **မယံ** - အကျွန်ုပ်အား (**နော** - အကျွန်ုပ်တို့အား) **ဝိယ** - မြတ်နိုးချစ်ခင်ကြကုန်သည်၊ **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း။

ပုတ္တံ - မိမိတို့၏သားကို၊ **သိနေဟ ဣဝ** - ချစ်ခင်ကြကုန်သကဲ့သို့၊ **မမ** - အကျွန်ုပ်အား၊ (**နော-အကျွန်ုပ်တို့အား**) **ဝိယ** - မြတ်နိုးချစ်ခင်ကြကုန်သည်၊ **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း။

(၇) **ဗုဒ္ဓါစ** - မြတ်စွာဘုရားတို့သည် လည်းကောင်း၊ **ပစ္စေကဗုဒ္ဓါစ** - ပစ္စေကဗုဒ္ဓတို့သည် လည်းကောင်း၊ **အရဟာစ** - ရဟန္တာတို့သည် လည်းကောင်း၊ **အဂ္ဂသာဝကာစ** - အဂ္ဂသာဝကတို့သည် လည်းကောင်း၊ **သဗ္ဗေ**-အလုံးစုံကုန်သော ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာသာဝကတို့သည်၊ **မေ** - အကျွန်ုပ်တို့အား၊ (**နော** - အကျွန်ုပ်တို့အား)၊ **မေတ္တံ**-ချစ်ခြင်းမေတ္တာကို၊ **ကရောန္တု** - ပြုတော်မူကြပါစေကုန်သတည်း။ **သဗ္ဗေ** - အလုံးစုံကုန်သော် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကတို့သည်၊ **မေ**- အကျွန်ုပ်အား၊ (**နော** - အကျွန်ုပ်တို့အား)၊ **မေတ္တံ** - ချစ်ခြင်းမေတ္တာကို၊ **ကရောန္တု** - ပြုတော်မူကြပါစေကုန်သတည်း။ **သဗ္ဗေ** - အလုံးစုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့သည်၊ **မေ** - အကျွန်ုပ်၏ (**နော** - အကျွန်ုပ်တို့၏)၊ **မတ္တကေ** - ဦးခေါင်းထက်၌၊ **တိဋ္ဌန္တု** - ရပ်တည်တော်မူပါစေကုန်သတည်း။

(၈) **တေသံ** - ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့၏၊ **မေတ္တာနုဘာဝေန** - မေတ္တာ၏အာနုဘော်တော်ကြောင့်၊ **သဗ္ဗေ** - အလုံးစုံကုန်သော ရောဂါကိုးဆယ့်ခြောက်ဖြာအနာရောဂါတို့သည်၊ **သုသိတလာ** - အလွန်ငြိမ်းအေးကြကုန်သည်၊ **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း။ **သဗ္ဗေ** - အလုံးစုံကုန်သော၊ **ဘယာ** - ကြောက်မက်ဖွယ်ဘေးတို့သည်၊ **ဝိနဿန္တု** - ပျောက်ကွယ်ကြပါစေကုန်သတည်း။ **သဗ္ဗေ** - အလုံးစုံကုန်သော၊ **ဥပဒ္ဒဝါ** - ကပ်၍နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်၊ **နဿန္တု** - ပျက်စီးကြပါစေကုန်သတည်း။

(၉) **ဣမသ္မိံ** - စက္ကဝဠာဋ္ဌေ ဤစကြဝဠာ၌၊ **ဗဟူ** - များစွာကုန်သော်၊ **အနန္တာပါထိနော စ** - အဆုံးအပိုင်းအခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **အနန္တစက္ကဝါဠေ** - အဆုံးအပိုင်းအခြားမရှိသော စကြဝဠာတိုက်အပေါင်း၌၊ **ဗဟူ** - များစွာကုန်သော၊ **အနန္တပါထိနော စ** - အဆုံးအပိုင်းအခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။

(၁၀) **ဣမေ သတ္တာ** - ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **အညမညံ**-အချင်းချင်းတစ်ယောက်သည် တစ်ယောက်အား၊ **အဝေရာ** - ရန်မရှိကြကုန်သည်ဖြစ်၍၊ **ဝိယာစ** - မြတ်နိုးချစ်ခင်ကြကုန်သည်လည်း၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။ **ဣမေသတ္တာ**- ဤဆိုအပ်ပြီးသောသတ္တဝါအပေါင်းတို့သည်၊ **အညမညံ** - အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား၊ **အဝေရာ** - ရန်မရှိကြကုန်သည်ဖြစ်၍၊ **သုခါစ**-ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။

(၁၁) **နေရယိကာစ** - ငရဲသားတို့သည်လည်းကောင်း၊ **တိရစ္ဆာနာစ** - တိရစ္ဆာန်တို့သည်လည်းကောင်း၊ **ပေတာစ**- ပြိတ္တာတို့သည် လည်းကောင်း၊ **အသုရကာစ**-အသူရကာယ်တို့သည်လည်းကောင်း၊ **ယမာစ** - ငရဲသနင်း ယမမင်းတို့သည် လည်းကောင်း၊ **ယထာ** - အကြင်သို့သော အခြင်းအရာအားဖြင့်၊ **ဇာတာ** - ဖြစ်ကုန်သော၊ **သဗ္ဗေ**-အလုံးစုံကုန်သော၊ **ဣမေသတ္တာ** - ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **သန္တိ** - ရှိကြကုန်၏။ **တတ္ထကာ** - ထိုမျှလောက်ကုန်သော သတ္တဝါအပေါင်းတို့သည်၊ **ခက္ခာ**-ဆင်းရဲအပေါင်းမှ၊ **မုစ္စန္တု**- ကင်းလွတ်ကြပါစေကုန်သတည်း။

(၁၂) **ဒသကောဋိ ဒကဇာစ** - ရေနေဆယ်ကုဋေသောသတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ **ထလဇာနဥကော ဋိယောစ**- ကုန်းနေကိုးကုဋေသောသတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ **သံသေဒဇော ပပါတိကာ စ** - အညှိခြဖြစ်သော သတ္တဝါကိုယ်ထင်ရှားဖြစ်သောသတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ ထိုဆို အပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **ဒီဃာယုကာ** - အသက်ရှည်ကြကုန်သည်**ဘဝန္တု**-ဖြစ်ပါစေကုန်သတည်း။

(၁၃) **သမန္တာ** - ထက်ဝန်းကျင် အရပ်မှ၊ **စက္ကဝါဠေသု** - အဆုံးအပိုင်းအခြားမရှိကုန်သော စကြဝဠာတိုက်အပေါင်းတို့၌၊ **ဥဋ္ဌေ** - အထက်၌၊ **ယာဝ ဘဝဂ္ဂါစ** - နောဝသညာနာသညာ ယတနဘဝဂ်ဘုံတိုင်အောင် လည်းကောင်း **အဓေ**- အောက်၌၊ **ယာဝအဝီစိတောစ**- အဝီစိငရဲဘုံတိုင်အောင် လည်းကောင်း **ယေ သတ္တာ** - အကြင်သတ္တဝါအပေါင်းတို့သည်၊ **ပထဝီစရာ**- မြေရေနှစ်မြှောထက်ကောင်းကင်၌ ကျင်လည်လှည့်သွားကျက်စားကြကုန်၏။

သဗ္ဗေ-အလုံးစုံသော၊ **တေ သတ္တာ**-ထိုသတ္တဝါအပေါင်းတို့သည်၊ **သဗ္ဗေဟိ**-အလုံးစုံကုန်သော၊ **ဉာတိဘိ**-အဆွေအမျိုးတို့နှင့်၊ **သဟ**-တကွ၊ **အဗျာပဇ္ဇာစ**- ပြစ်ရှိကြောင့်ကြမရှိကြကုန်သည်လည်းကောင်း **နိဒ္ဒုက္ခာ စ** - အပရန်မရှိကြသည် လည်းကောင်း၊ **အနုပဒ္ဒဝါစ** - ဥပဒ္ဒဝေါမရှိကြကုန်သည် လည်းကောင်း၊ **အဝေရာစ**- အတွင်းရန်မရှိကြကုန်သည်လည်းကောင်း **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း။

ပထဝီဇယမန္တန်တော်ရွတ်ဆိုရခြင်း၏ အကျိုးကျေးဇူးများ

ပထဝီဇယမန္တန်တော်ကို အမြဲမပြတ်ရွတ်ဆိုရခြင်းဖြင့် မရသေးသော စည်းစိမ်များရတတ်ခြင်း၊ မြေယာတိုက်တာအိမ်များဖြစ်ထွန်းခြင်း၊ သြဇာအာဏာကြီးမားခြင်းအကျိုးများကို ခံစားဖြစ်ထွန်းစေပါသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

တိုက်ကြည်(စဉ်ကိုင်) ရွှေလောင်းလက်ရာ ပလ္လင်တိုက်၊ ခြသေ့နှစ်ဦးနှင့်ဥက္ကာခဲ

ခေါင်းစဉ်ကို ဖတ်လိုက်ခဲ့ရုံမျှဖြင့် စာဖတ်သူအတွက် အဆန်းတကြယ် ဖြစ်နေမည် ဖြစ်ပါသည်။ အကြောင်းမှာ ရွှေဟောင်းလက်ရာ ပလ္လင်တံကဲနှင့် ခြသေ့တို့သည် မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့် သွေဖည်ခြင်းမရှိသော်လည်း ဥက္ကာခဲအမည်ကိုပါ ခေါင်းစဉ်ဖြင့် ထည့်သွင်းရေးသားထားခြင်းကြောင့် ဖြစ်ပါသည်။ မည်သို့ဆိုစေ အခုတင်ပြမည့် အကြောင်းအရာသည် ယဉ်ကျေးမှုအသိ အပြင် သိပ္ပံဆိုင်ရာဗဟုသုတကိုပါပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အခြေခံအုတ်မြစ်သည် ယဉ်ကျေးမှုနှင့် အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။ ရှေးမြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မာရေးအတွက် ကြိုးပမ်းခဲ့ကြသည်များရှိသကဲ့သို့ အနာဂတ်မျိုးဆက်သစ်လူငယ်များသည်လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မာရေးနှင့်မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်လှပေသည်။ စာရေးသူဖတ်ရှုမှတ်သားဖူးသည့် စာပိုဒ်တစ်ပိုဒ်အား စာရှုသူများသို့ တစ်ဆင့်ပြန်လည် ဖောက်သည်ချပါအံ့။

အတိတ်ကာလမှ အကောင်းဆုံး သော်ဝတ္ထုပစ္စည်းများသည် ပစ္စုပ္ပန်ကာလ အထိတိုင် အကောင်းဆုံး၊ အနှောင်းဆုံး တို့အဖြစ် ကျန်ရစ်တည်ရှိနေခဲ့ကြသည်။ ပစ္စုပ္ပန်ကာလမှ အသစ်သစ်တို့သည် အနှစ်သာရအပြည့်ဖြင့် အနာဂတ်သို့ ချီတက်ရန် အားယူနေကြပါသည်။

ထို့ကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် အတိတ်နှင့် အနာဂတ်တို့အား ပစ္စုပ္ပန်အတွက် ပေါင်းကူးသွယ်ဆက်ကာပေးထားသော ပေါင်းကူးတံတားများပင် ဖြစ်လေသည်။ ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ၊ ပစ္စည်းများအား ရှာဖွေဖော်ထုတ်ခြင်း၊ လေ့လာခြင်း၊ သိမ်းဆည်းခြင်းများပြုလုပ်ရန် အထူးလိုအပ်လှသည်။ ရှေးဟောင်းပစ္စည်းများကို လေ့လာခြင်းဖြင့် မိမိတို့၏ ဘိုးဘွားယဉ်ကျေးမှု မြန်မာ့အမွေအနှစ်များကို တန်ဖိုးထားတတ်လာပါမည်။ ဘိုးဘွားအမွေအနှစ်များအားတန်ဖိုးထားတတ်လာခြင်းကြောင့် မိမိလူမျိုး၊ မိမိနိုင်ငံအတွက် ဂုဏ်ယူတတ်လာမည်။ ချစ်ခင်တန်ဖိုးထားတတ်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းလက်ရာပစ္စည်းများတို့သည်

ရွှေတန်တစ်သရက္ခန်ဘုရားနှင့် မြန်မာ့အနုစိတ်ထက်ရာ တံကဲတော်

မြိုင်မြိုနှယ်အတွင်း တွန့်ခဲ့သည့် (၃၇) နှစ်က ကျရောက်ခဲ့သည့် ဥက္ကာခဲအား ရွှေတန်တစ်သရက္ခန်ဘုရားပြတိုက်၌ ပြသထားစဉ်

www.burmeseclassic.com

www.burmeseclassic.com

ရွှေတန်းတစ်သရက္ခန်ဘုရားတောင်ဘက်မုခ်ရှိ ပခန်းထက်ရာနှင့် မဏ္ဍလေးလက်ရာ ကြီးမားသည့် ခြင်္သေ့နှစ်ကောင်

သမိုင်းဝင် ရွှေတန်းတစ်မြတ်စွာဘုရားအား စာရေးသူမှ ပင့်ဆောင်ပူဇော်စဉ်

လည်း တိုင်းပြည်၏အခြေခံအုတ်မြစ်တစ်ခုသာပင် ဖြစ်ပါသည်။

❑ သမိုင်းရာဇဝင်နဲ့မြို့

မြစ်ဧရာအနောက်ခြမ်း ပခုက္ကူမြို့သည် နွေဟောင်းယဉ်ကျေးမှုဇုန်(ပထမမြန်မာနိုင်ငံတော်ပုဂံနေပြည်)နှင့်မလှမ်းမကွာတွင်တည်ရှိပြီး နွေဟောင်းသမိုင်းယဉ်ကျေးမှုရနံ့များ၊ လေ့လာဖွယ်များဖြင့် ပြည့်နှက်လျက်ရှိသည့်နယ်မြေဖြစ်သည်။ စီးပွားရေးမြို့တော်အဖြစ် လည်းကောင်း၊ ယဉ်ကျေးမှုမြို့တော်အဖြစ်လည်းကောင်း၊ စာပေဖွံ့ဖြိုးတိုးတက်မှုနှင့်ဘာသာသာသနာအရေးအတွက် တာဝန်ကျေပွန်လျက် အဘက်ဘက်မှ ပြည့်စုံနေသည့် နယ်မြေဒေသတစ်ခုဖြစ်သည်ဟုပင် တင်စားခေါ်ဝေါ်နိုင်သည့် သမိုင်းတာဝန်ကျေပွန်နေသောနယ်မြေဒေသ ဖြစ်ပါသည်။

❑ သမိုင်းဝင် ရွှေတန်းတစ် သရက္ခန်ဘုရား

သမိုင်းဝင် နွေဟောင်း ရွှေတန်းတစ် သရက္ခန်ဘုရားသည် ပခုက္ကူမြို့နယ် ရွှေတန်းတစ်ကျေးရွာတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ သိကြား၊ ဝိသကြံ့နတ်တို့မှ တန်ခိုးတော်အာနုဘော်တို့ဖြင့် ထုလုပ်ပူဇော်၍ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးအား ဆက်ကပ်လှူဒါန်းသော ရုပ်ပွားတော်တစ်ဆူ ဖြစ်ပါသည်။ ဂေါတမမြတ်စွာဘုရား၏ ရုပ်ပွားဆင်းတုတော် ရှင်ဖြူရှင်လှသရက္ခန် ငါးဆူမြတ်ပေါင်း မဋ္ဌရုပ်ပွားတော်ရှစ်ဆူတို့အား အလောင်းစည်သူမင်းကြီးသို့ အပ်နှင်းဆက်သတော်မူသည့် ဆင်းတုတော်များ အနက်တစ်ဆူ ဖြစ်ပါသည်။ (သရက္ခန်ဘုရားများကို သမိုင်းစာအုပ်များတွင် အကျယ် လေ့လာနိုင်ပါသည်။)

လူမင်း ဘုန်းကြီး နတ်မင်းမနေနိုင် ဟူသကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်အား စောင့်ရှောက်တော်မူသော သိကြားမင်းသည် သာသနာပြုမင်းကောင်းမင်းမြတ်တို့အား ကူညီမစေလေ့ရှိကြောင်း မြန်မာ့သမိုင်းတွင် များစွာရှိခဲ့လေသည်။ ထိုနည်းတူစွာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည်လည်း ဗုဒ္ဓသာသနာအဓွန့်ရှည်စွာဆောင်ရွက်တော်မူသော မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည်နှင့် အညီ သိကြားမင်းမှ ကူညီစောင့်ရှောက်အံ့ဟု ကြံရွယ်ပြီးလျှင် အဝန်းဆယ်ယူဇနာတိုင်တိုင်မွေးကြိုင်သော သရက္ခန်သားကိုဖြတ်၍ ရုပ်တုငါးဆူထုလုပ်ပူဇော်ရန် ပေးအပ်လိုက်၏။ ထို့နောက် သီလဓာတ်တော် (၆) ဆူ၊ သီးခြာဓာတ်တော် (၁) ဆူ၊ လက်ယာလက်မောင်းတော် (၁) ဆူ၊ နှလုံးတော် (၁) ဆူ၊ လက်ယာနားမွေးတော်(၁)ဆူ၊ ကျောက်ကပ်တော် (၁) ဆူ၊ သရီရဓာတ်တော် (၁) ဆူ၊ စုစုပေါင်း ဓာတ်တော် (၁၂)ဆူသော ဓာတ်တော်တို့အား ပေးအပ်လေ၏။ အလောင်းစည်သူမင်းလည်း သေးငယ်သည့် သရက္ခန်သားဖြင့် ဆင်းတုတော် (၅) ဆူထုလုပ်ပူဇော်ရန် အခက်အခဲဖြစ်နေသဖြင့် သိကြားမင်းမှ လက်လေးသစ်ခန့် ရုပ်ပွားတော်များ ထုလုပ်ပူဇော်ရာ ရုပ်ပွားတော် (၆) ဆူ ရရှိလေသည်။ အလောင်းစည်သူမင်းသည် ရုပ်ပွားဆင်းတုတော် (၆) ဆူအား လက်ခံရရှိပြီး ပလ္လင်တော်နိမ့်သည်ဖြစ်၍ ဆင်ရုပ်ပလ္လင်ခံစေရန် မိန့်တော်မူလေသည်။ ထိုပလ္လင်ခံရန်ထုလုပ်သည့် သစ်သားခြောက်စအားလည်း နတ်ဒေဝါတို့မှ ပို့အပ်လေသည်။ ထိုသို့ နတ်များပေးအပ်သည့် သစ်သားခြောက်စဖြင့် သရက္ခန်ဘုရား (၆) ဆူအား ဆင်ပလ္လင်ခံ၍ ထုလုပ်ပူဇော်လေသည်။ သရက္ခန်ဘုရားများအား ကြည်ညိုပူဇော်ရာတွင် သေးငယ်သဖြင့် ဇမ္ဗူသပြေသားကို ဆင်းတုတော်ကြီးခြောက်ဆုထုလုပ်၍ သရက္ခန်ခြောက်ဆုကို ဓာတ်တော်မွေတော်များဖြင့် ထည့်သွင်းဌာပနာ၍ ပူဇော်ထားရှိလေသည်။ ဤသည်မှာ ရွှေတန်းတစ်ဘုရားသမိုင်းအကျဉ်း ဖြစ်၏။

❑ သမိုင်းဝင် ရွှေတန်းတစ်ဘုရားမှ မြန်မာ့လက်ရာတံကဲတော်

သမိုင်းဝင်နွေဟောင်းရွှေတန်းတစ် သရက္ခန်ဘုရားတွင် နွေဟောင်းမြန်မာ့သမိုင်းဝင် တံကဲတော်ကြီးတစ်ခုရှိလေသည်။ မြန်မာ့မှုအနုစိတ်လက်ရာများဖြင့် ပြည့်စုံနေပြီး တွေ့မြင်လေ့လာနိုင်ရန် ရှားပါးသည့် နွေဟောင်းတံကဲတစ်ခု ဖြစ်ပါသည်။ တံကဲသည် အမှီသဟဲ ယှဉ်ကာတွဲ တံကဲရွှေမျက် (ကဝိလက္ခဏာဒီပနီ ၉) ဟု လည်းကောင်း၊ မြန်မာ့အဘိဓာန်တွင် တံကဲ/ဒဂဲ/န - ပလ္လင်နောက်မှီဟု လည်းကောင်း လေ့လာမှတ်သားရသည်။ ထို့ကြောင့် တံကဲဟူသည် ပလ္လင်နှင့် ခံထောက်မှီကပ်သောအဆင်တန်ဆာဖြစ်၍ ပလ္လင်တံကဲ မုခ်နှင့်ကပ်လျက်ရှိ၍ မုခ်တံကဲဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

နွေမြန်မာမင်းများလက်ထက်ကရာဇဝတ္ထုလွှင်၊ ဘုရားစေတီရှိ ဗုဒ္ဓဆင်းတုတော်များခံသော အမှီပြုရာ ပလ္လင်တံကဲများ၊ အဆောက်အအုံများတွင် ပလ္လင်တံကဲ၊ မုခ်တံကဲများကို အမျိုးမျိုးတွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ပန်းဆယ်မှိုးအနက်

www.burmeseclassic.com

www.burmeseclassic.com

ပန်းပု၊ ပန်းချီ၊ ပန်းတမော့၊ ပန်းရန်လုပ်ငန်းများသည် ပန်းချီအနုပညာနှင့် ကင်းကွာ၍ မရချေ။ ပန်းချီအား အခြေခံလျက် ထုဆစ်ပုံဖော်လုပ်ကိုင်ဆောင်ရွက်ရခြင်း ဖြစ်လေသည်။ ပန်းပုပညာရပ်တွင် ရုပ်လုံးရုပ်ကြွ၊ ရုပ်ခုံးဟူ၍ ရှိလေသည်။ ရုပ်လုံးမှာ ဒြပ်ထုဖြစ်ပြီး ရုပ်ခုံးမှာ မျက်နှာတစ်ဖက်ကိုသာပေါ်စေသည်။ ရုပ်ကြွမှာ ရုပ်လုံးနီးပါးမျှပေါ်လွင်ထင်ရှားအောင် ပြုလုပ်ထားသော ပန်းပုပညာရပ်ဖြစ်လေသည်။

ရွှေတန်တစ် သရက္ခန်ဘုရားရှိ တံကဲတော်မှာ သစ်သားတံကဲတော် ဖြစ်ပြီး ခြုံးကနုတ်၊ ပန်းနွယ်၊ ကြာရိုး ကြာနွယ် အခွေအလိပ်၊ အတွန့်အတက်၊ အကွေ့အကောက်၊ ပန်းဆွဲပန်းရွဲအချွန်များတွင် ရုပ်လုံးကြွပုံများဖြင့် မြန်မာ့ပန်းပုလက်ရာ၏ အနုစိတ်လက်ရာအား တွေ့မြင်လေ့လာနိုင်မည်ဖြစ်သော တံကဲတော် ဖြစ်ပါသည်။ တံကဲတော်၏အမြင့်မှာ (၁၃)ပေ (၃) လက်မ၊ အနံမှာ (၁၀)ပေ၊ ဒုံ(ထု)မှာ (၄) လက်မ ဖြစ်ပါသည်။ တန်း၊ ယမနေသားဖြင့် ထုလုပ်ထားသည့်တံကဲတော် ဖြစ်ပါသည်။ သစ်တုံးရေ (၁၃) တုံး ပါဝင်သည်။ တံကဲတော်ကြီးအား ကောဇာနှစ် ၁၂၅၇ ခုနှစ်၊ တန်ဆူးလဆန်း ၅ ရက်နေ့တွင် စတင်ထုလုပ်ခဲ့ကြောင်း သိမှတ်ရပါသည်။ တံကဲတော်ကြီးအား (၃) နှစ် (၂) လနှင့် (၁၀) ရက်အကြာဖြစ်သော ၁၂၆၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်နေ့တွင် ပြီးမြောက်အောင်မြင်ခဲ့လေသည်။ တံကဲတော်ကြီး၏ ကောင်းမှုကုသိုလ်ရှင်မှာ ပခုက္ကူမြို့နယ် ရွှေတန်တစ်ကျေးရွာနေ ဦးနှင့်ဒေါ်အို၊ သားဦးဖေနှင့်ဒေါ်ဘွင့်၊ မြေးကိုငွေ့ဇံ၊ မမြတ်ဖြစ်သည်။ ထုလုပ်သည့်မြန်မာမှုပညာရှင်များသည် ရွှေတန်တစ်ရွာမှ ဆရာကြီးဦးချမ်းသာ၊ ပခုက္ကူမန်ကောက်ရပ်မှ ဆရာကြီးဦးအေး(ဇ) တို့ ဖြစ်ပါသည်။

တံကဲတော်ကြီးတွင် ဇာတ်ဝင်ခန်း (၁၃) ခန်းဖြင့် သရုပ်ဖော်ထားလေသည်။ ရုပ်ကြွ၊ ရုပ်လုံး၊ ရုပ်ခုံးအပြောက်အမွမ်းအလက်အနွယ်များဖြင့် အံ့ဖွယ်ထုဆစ်ထားသော ရှေးဟောင်းမြန်မာမှုလက်ရာ တံကဲတော်တစ်ခုပင် ဖြစ်ပါသည်။ ဝိဓူရဇာတ်တော်ကြီးပါ ဇာတ်ခန်း (၁၃) ခန်းကို ထုဆစ်ပုံဖော်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် တံကဲတော်တွင် တောတောင်အရေခြေသဘာဝအလှများ၊ ကျေးငှက်သတ်သမင်၊ ပန်းမန်အလှများဖြင့် ပုံဖော်ထားသောကြောင့်လည်းကောင်း၊ တံကဲတော်မှာ ပိုမို၍ ရုပ်ကြွလှုပ်ရှားမှုများဖြစ်သည့် ပလ္လင်တံကဲတော်များအား ပခုက္ကူသီဟိုဠ်ရှင် ဘုရားတွင် လည်းကောင်း၊ ရွှေဂူဘုရားတွင် လည်းကောင်း၊ ဆုတောင်းပြည့် ဆင်ကြိုသရက္ခန်ဘုရား၌ လည်းကောင်း တွေ့မြင်လေ့လာနိုင်မည် ဖြစ်ပါသည်။ အဆိုပါ တံကဲတော်မှာ ယခုအခါတွင် နှစ်ပေါင်း (၁၁၈) နှစ်ကြာမြင့်နေပြီးဖြစ်သော ရှေးဟောင်းမြန်မာ့ပန်းပုလက်ရာ အမွေအနှစ်တစ်ခုပင် ဖြစ်ပါသည်။

❑ ကြီးမားခဲ့ညားသည့် ခြင်္သေ့နှစ်စီး

သမိုင်းဝင်ရှေးဟောင်းရွှေတန်တစ်ဘုရားတောင်ဘက်မုခ်အဝင်တွင် ကြီးမားသည့် ရှေးဟောင်းလက်ရာ ခြင်္သေ့နှစ်စီးအား မာန်ဟုန်အပြည့်ဖြင့်ဆောင့်ကြောင့် ထိုင်လျက် တွေ့မြင်လေ့လာနိုင်မည်ဖြစ်ပါသည်။ ခြင်္သေ့နှစ်စီးမှာ အမှတ်မထင်ကြည့်ရုပါက တူသယောင်ယောင်ရှိသော်လည်း စေ့စပ်စွာကြည့်ရှုလျှင် တူညီခြင်းမရှိချေ။ ခြင်္သေ့နှစ်စီးမှာ ပခန်းလက်ရာနှင့် မန္တလေးလက်ရာတို့ ဖြစ်ကြပါသည်။ မူလတွင် အတောင် (၅၀) ခန့်ရှိသော ခြင်္သေ့တစ်ကောင်သာရှိကြောင်း၊ ပြိုကျပျက်စီးခဲ့သဖြင့် နှစ်ကောင်ခွဲ၍ တည်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ပခန်းလက်ရာဖြစ်သည့် အရှေ့ဘက်ခြင်္သေ့သည် (၃၇) တောင် (၂)မိုက်မြင့်၍ မန္တလေးလက်ရာဖြစ်သော အနောက်ဘက်ခြင်္သေ့သည် (၄၅) တောင်အမြင့်ရှိသည်။ အဆိုပါ ခြင်္သေ့ကြီးနှစ်ကောင်ကို ၁၁၈၂ ခုနှစ်တွင် တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ ဧရာဝတီမြစ်အတွင်းမှပင် တွေ့မြင်နိုင်သော ကြီးမားသည့် ရှေးဟောင်း ခြင်္သေ့ကြီး ဖြစ်ပါသည်။ မြစ်အတွင်း သွားလာသည့် သင်္ဘော၊ သမ္ဗန်၊ လှေအစရှိသည်တို့သည် ခြင်္သေ့နှစ်ကောင်အား မြစ်အတွင်းမှ တွေ့မြင်သည့်အခါ ပခုက္ကူ(ရွှေတန်တစ်)သို့ရောက်ရှိကြောင်း သိမြင်နိုင်သည့် အမှတ်အသားတစ်ခုဖြစ်ကြောင်း ပြောဆိုမှတ်သားသည်ဟု သိရှိရပါသည်။

❑ ရွှေတန်တစ်ဘုရားမှ လေ့လာနိုင်သည့် သိပ္ပံဖြစ်ထုဥက္ကာခဲ

ရွှေတန်တစ် သရက္ခန်ဘုရား ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်အတွင်း လွန်ခဲ့သည့် ရှေးနှစ်ပေါင်း (၁၅၀၀) ခန့်ကဟု ယူဆရသည့် ဥက္ကာခဲတစ်ခုအား လည်း တွေ့မြင်လေ့လာနိုင်မည် ဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်၊ ဩဂုတ် ၁၄ရက်၊ည (၁၀) နာရီ၊ (၅) မိနစ်အချိန်တွင် ပခုက္ကူခရိုင် မြိုင်မြို့နယ်သို့ ပြင်းထန်သောပေါက်ကွဲသံများနှင့် အလင်းရောင်များဖြာထွက်၍ ဥက္ကာခဲများကျရောက်ခဲ့လေသည်။ မြိုင်မြို့နယ်အတွင်းရှိ မန်ကျည်းစုကျေးရွာနှင့် ဝါးကန်ကျေးရွာအကြား ယမ်းတိုက်ရွာ၊ သနပ်ရင်းရွာ၊ ဂျုတ်ကုန်ရွာများအတွင်းနှင့် သံမြေကုန်းရွာ၊ အင်းရောင်းရွာအနီးတွင် ဥက္ကာခဲများကျခဲ့ခြင်း ဖြစ်ပါသည်။ လွန်ခဲ့သည့် (၃၇) နှစ်လောက်က ကျရောက်ခဲ့သော တကယ့်အဖြစ်အပျက်ဖြစ်ပါသည်။ မြိုင်မြို့နယ်အတွင်း ကျရောက်ခဲ့သော ဥက္ကာခဲများ၏ အလေးချိန်မှာ (၇၅)ကျပ်သား၊ (၈) ပိဿာခန့်နှင့် (၁၀) ပိဿာ၊ ပိဿာ (၁၀၀) ခန့်ရှိ ဥက္ကာတုံးများကျရောက်ခဲ့ခြင်းဖြစ်ပါသည်။

ရွှေတန်တစ်ဘုရားအတွင်းအများ လေ့လာနိုင်ရန်ပြသထားသည့် ဥက္ကာခဲသည် ခွန်ဒရိုက် (Chondrites) အမျိုးအစား ဥက္ကာခဲဖြစ်ကြောင်းသိရပါသည်။ ဥက္ကာခဲအတွင်းပါဝင်သောဖြပ်ဝတ္ထုပစ္စည်းများမှာ -

Olivine (Mg Fe)$_2$ Si O_4 40%
Pyroxens (Mg Fe) Si O_3 30%
Nickel (Fe Ni) 5. 20%
Plagiociase (Na, Ca, AI Si) O_8 10%

တို့ဖြစ်ပါသည်။

နှစ်ပေါင်း (၄၅၀၀) ခန့်ရှိ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြိုးမှပဲ့ထွက်လာသော ဂြိုဟ်ပဲ့တစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် ရွှေတန်တစ် ရှေးဟောင်း သမိုင်းဝင် ဆင်းတုတော်အား ဖူးမြော်ကြည်ညိုကာ မြန်မာမှုအနုစိတ်လက်ရာများဖြစ်သည့် တံကဲတော်၊ ခြင်္သေ့နှင့် ဥက္ကာခဲတို့အား တစ်နေရာတည်း လေ့လာနိုင်ကြောင်း ဖိတ်ခေါ်ရေးသား တင်ပြလိုက်ရပါတော့သည်။

တိုက်ကြည် (စဉ့်ကိုင်)

ကိုးကား -

၁။ အရှင်ပညာဝံသ၊ ပခုက္ကူရွှေတန်တစ် ဘုရားသမိုင်း
၂။ လှိုင်ဝင်းဆွေ၊ ပလ္လင်တံကဲ ၂၀၁၂ခုနှစ်၊ စာပေဗိမာန်စာမူဆု
၃။ ကိုယ်ပိုင်မှတ်စုများ

www.burmeseclassic.com

www.burmeseclassic.com

ခိုးမင်း(မြောက်စည်း-ရွာသစ်)

အကြောနာ၊ အကြောကိုက်၊ အကြောထုံသူများအတွက် ဆေးကောင်း ကျွဲတွေ၊ နွားတွေ ဒေါင့်သန်းရောဂါရလျှင်

မိန်းမမှာမီး၊ ယောကျ်ားမှာဆီးဟု ဆိုရိုးစကားရှိ၏။ အမျိုးသမီးများသည် အိမ်ထောင်သားမွေးပြုကြရ၍ မီးယပ်ဝေဒနာများခံစားရလေ့ရှိပါသည်။

ထိုဝေဒနာများထဲမှ တချို့အကြောကိုက်သူ၊ အကြောတွေနာသူ၊ အကြောအေး၊ အကြောထုံသူများအတွက် ဆေးနည်းညွှန်ပြပါမည်။ ဒီဆေးနည်းပေးသူက ကလေး-ဂန့်ဂေါကားလမ်းဘေးကျော်ရွာကျေးရွာမှ အစ်ကိုကြီးတစ်ဦးဖြစ်လေ၏။

စာရေးသူ ကြောင်ပန်းမျိုးသွားတောင်းစဉ် ပြောပြခဲ့သော ဆေးနည်းဖြစ်၏။

ထိုအစ်ကိုကြီးပြောပြသည်မှာ -

"ဆည်တောရွာက ချင်းအမျိုးသားတွေလာလာတောင်းတာ။ တို့ဗမာတွေဆေးသုံးမသိဘူးကွ။ တစ်ယောက်ပြီးတစ်ယောက်လာတာ။ သူတို့မိန်းမတွေ ကလေးငယ်ပြီး အကြောတွေကိုက်လို့ နာလို့ထုံလို့ကျဉ်လို့လာတောင်းတာ။ ငါကလည်းနှမြောတဲ့သူမဟုတ်လဲတော့ လာတိုင်းပေးလိုက်တာ တစ်ပတ်၊ ဆယ်ရက်ပြုတ်သောက်မှပျောက်တာ"

"မင်းကဘာအတွက်သုံးမှာလဲ"

"ဗျန်တော်မျိုးလိုချင်လို့ပါ။ နည်းနည်းလောက်မျှပါဦး အစ်ကိုကြီး"

"မင်းလို့သလောက်ခုတ်ယူသွား။ ရော့ - ဓားမ"

ခြေမသာသာကိုင်းကြီးတစ်ကိုင်းခုတ်ယူလိုက်၏။ ကိုင်းထိုးစိုက်မှာဖြစ်၍ ကိုင်းကြီးကြီးခုတ်ဖို့ သေချာမှာရင်းဆေးနည်းထပ်၍ပြောပြန်၏။

"မင်းကဘယ်ရွာကလဲ"

"ကျွန်တော် မြောက်စည်းရွာသစ်ကပါ"

"တောင်သူဆိုရင် ဆေးနည်းပေးလိုက်ဦးမယ်ကွ"

"ကျွဲတွေ၊ နွားတွေမှာ ဒေါင့်သန်းရောဂါဆိုတာရှိတယ်။ အဲဒီရောဂါဖြစ်ရင် ဒီကြောင်ပန်းက အသေနိုင်တယ်။ ကြောင်ပန်းကိုင်းနဲ့ ကျွဲတွေ၊ နွားတွေကို အသက်အောင့် (၇) ချက် စတီသဘောရိုက်၊ ပျောက်တယ်။

တချို့က ကြိုးတန်းလန်းနဲ့တောကို ကြောင်ပန်းကိုင်းနဲ့ ရိုက်မောင်းသွားတာ ကြိုက်တဲ့ပုံစံလုပ် တစ်ခါတည်းပျောက် တယ်"

"ဟုတ်ကဲ့ - ခုလိုဆေးနည်းပြောတာ ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

ထိုအစ်ကိုကြီးထံမှ ကြောင်ပန်းကိုင်အား လေးပင်ပွား၍ အနက်တစ်ခေါင့်ဖိသိပ်စိုက်ထားရာ ယခု စာရေးခို်အရွက်များဝေနေပါပြီ။

မီးယပ်ကြောင့် အကြောနာ၊ အကြောကိုက်၊ အကြောအေးကိုက်ထသူများသည် ကြောင်ပန်းကိုင်းကြီးလွှင်လက်လေးသစ်၊ သေးလွှင် တစ်ထွာခန့်ရေ (၃)ခွက်(၁)ခွက်ကျိကာ အအေးခံ၍ မနက် အခါးပန်းကန်တစ်လုံး၊ ညအခါးပန်းကန်တစ်လုံးတစ်ဝတ် ဆယ်ရက်ခန့်သောက်လျှင် ရောဂါကင်းစင်ပါသည်။

ယခုဆေးနည်းသည် ကိုင်းကိုသာအသုံးပြုပါသည်။ အကယ်၍ ကြောင်ပန်းကိုင်းရှာမရလျှင် ကလေးမြို့နယ် မြောက်စည်းရွာသစ် စာရေးသူထံ ရောက်အောင်လာပါ မေတ္တာရေးဖြင့် မရရအောင် အကျိုးဆောင်ပေးပါမည်။

ကြောင်ပန်းရွက်သည် 'အနည်းငယ်ခါး၍ စပ်ရှားရှားအရသာရှိပါသည်။ ဝါခေါင်၊ တော်သလင်းတွင် အပွင့်များစေ၍ အပင်နားရောက်လျှင် နွှင်းနဲ့သင်းသင်းအနံ့ရှိပါသည်။ ပုံပါ ကြောင်ပန်းပင်သည် ကိုင်းကူးထားသောအပင် ဖြစ်၏။ အပင်လတ်မျိုးဖြစ်၍ ချုံပုတ်သဏ္ဌာန် အမြင့်လက်ခုပ်တစ်ဖောင်သာသာရှိ၏။ ဆေးအသုံးလိုသူမှ ၀၉-၉၇၉၄၁၂၉၃ သို့ ဆက်သွယ်ပါ။ အခကြေးငွေမယူသာကူညီပေးပါမည်။

ခိုးမင်း(မြောက်စည်း-ရွာသစ်)



စာရေးသူမှ အလကားပေးချင်သော ဇရုတ်ခါး (ခေါ်) ဆေးခါးကြီးပင်များ

ယခုနှစ် ကိုင်းထိုးစိုက်ထားသော ကြောင်ပန်းပင်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ခုနှစ် ဧပြီလ အတွဲ (၁၇) အမှတ် (၄) သူရဇ္ဈမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော စာရေးသူ၏ ထူးထူးခြားခြား ရှေးဟောင်း သမိုင်းဝင် ရှင်တောက်ထိန်ပေါ်တော်မူမတ်ဘုရားကြီးဘာသာရေးဆောင်ပါဦ့ သမိုင်းဝင် ရှင်တောက်ထိန်ဘုရားထူးခြားချက်များကို ယခုလိုဖော်ပြခဲ့ပါတယ်။

၁။ ပေါ်တော်မူ(မြေပေါက်)ရှေးဟောင်းဘုရားဖြစ်သည်။

၂။ တရွေ့ရွေ့ကြီးထွားလာသောဓာတ်ဘုရား (ရှပ်ရှင်တော်) ဖြစ်သည်။

၃။ မျက်တောင်ခတ်ခြင်း၊ ပြုံးတော်မူခြင်းတန်ခိုးပြာဋိဟာပြသည်။

၄။ ဦးခေါင်းတော်၏လက်ဝဲဘက်တွင် ပေါက်တူးရာထင်ထင်ရှားရှားရှိသည်။

၅။ ဝိဇ္ဇာများလာရောက်ဖူးမြော်သည်။

၆။ ရှင်ကိုးရှင်သမိုင်းဝင်ဘုရား အမှတ်စဉ်(၅) အဓိကအလယ်ကျသည်။

၇။ အဓိဋ္ဌာန်စဝင်ပြီး အဆုံးသတ်အဓိဋ္ဌာန်ရပ်စခန်း ဖြစ်သည်။

၈။ စနေနှစ်လုံးထပ်အကျိုးပေးထူးသည်။

၉။ ထွက်ရပ်လမ်းစဉ်ပါရမီရှင်များတို့လျှို့ဝှက်ထွက်နေရာဖြစ်သည်။

မဂ္ဂဇင်းမှာ ဆောင်းပါးပါရှိသောလနဲ့ တိုက်တိုက်ဆိုင်ဆိုင် ၃-၄-၂၀၁၇ ရက်နေ့မှာ ရှင်တောက်ထိန်ဘုရားကြီးမျက်တောင်တော်ခတ်ခြင်း၊ မျက်လုံးတော် အလင်းတန်းရောင်ခြည်လွှတ်ခြင်း တန်ခိုးပြာဋိဟာပြတော်မူပါတယ်။ ဤကဲ့သို့ ထူးထူးခြားခြား တန်ခိုးပြာဋိဟာပြတော်မူတဲ့ တန်ခိုးတော်ကြီးမား ရှင်တောက်ထိန်ဘုရားအား သူရဇ္ဈမဂ္ဂဇင်းစာဖတ်ပရိသတ်များ ဆထက်ထမ်းပိုးကြည်ညိုထက်သန် သဒ္ဓါပွားစိတ် တဖွားဖွားကိုင်းညွှတ်စေရန် စေတနာမွန်ဖြင့် သူရဇ္ဈမဂ္ဂဇင်းကြီးမှ တင်ပြလိုက်ပါတယ်။

မြန်မာနှစ် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက်။

ခရစ်နှစ် ၂၀၁၇ခုနှစ် ဧပြီ ၃ ရက်။

တနလ်္ဂာနေ့ မွန်းလွဲ (၂း၁၀) ခန့် ရှင်တောက်ထိန် ရှပ်ပွားတော်မြတ်ကိန်းဝပ်စံပျော် ဂန္ဓာကုဋိအတွင်း သူသူငါငါ ဘုရားဖူးအများရှိခိုးပူဇော်ဖူးမြော်ကန်တော့လျက်ရှိစဉ် -

"ဘုရား. . . ဘုရားမျက်လုံးတော် မျက်လုံးတော် . . . . အလင်းတန်း အလင်းတန်း"

ထိတ်ထိတ်ပျာပျာ အထစ်ထစ် အငေါ့ငေါ့ထအော်လိုက်တဲ့ အမျိုးသမီးတစ်ဦးရဲ့ စူးစူးရှရှအသံလွှမ်းသွားပြီး တစ်မုဟုတ်ချင်း တိုးတိတ်ဆိတ်ဆိတ်ဖြစ်သွားတယ်။ ဒီနောက်မှာတော့ ဂေါပကများ ဘုရားဖူးညှော့်သည်များ အနီးအနားရှိသူများ ယောက်ယက်ခတ်လှုပ်ရှား အသံဗလံနဲ့အတူ အမျိုးသမီးကိုဝိုင်းအုံပြီး -

ထေရဝါဒ ရှင်ကိုးရှင် ရှင်တောက်ထိန်ပေါ်တော်မူရှပ်ရှင်တော်မြတ် တန်ခိုးပြာဋိဟာပြတော်မူ

ဖောက်သိမ်းတွေ့(ထားတယ်)

ရှင်တောက်ထိန်ဘုရား ရောင်ခြည်တော်မတ္တတ်မီ ဖူးတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com

ရှင်တောက်ထိန်ဘုရား ရောင်ခြည်တော်လွှတ်ပြီး ဖူးတွေ့ရပုံ (ညာဘက်မျက်လုံးတော်ထူးခြား)

"ဘာလဲ ဘာဖြစ်တာလဲ ဘာတွေ့လို့လဲ"

ဟူသော သူတစ်ခွန်းငါတစ်ခွန်း ဒရောသောပါးမေးမြန်းသံတွေ ဘုရားပရိဝုဏ်တစ်ခုလုံး ဝေဝေစည်သွားပါလေရော။

ထိုအမျိုးသမီးမှာ ရုပ်ပွားတော်ရှေ့တည့်တည့် လက်အုပ်ချီမိုးထိုင်ကန်တော့ရှိခိုးရင်း စူးစိုက်ငေးကြောင်ကြည့်နေသလို ရုတ်တရက်ပြန်မဖြေနိုင်။ အတန်ကြာ နှုတ်ဆိတ်နေရာမှ လေးတွဲ့တွဲ့သက်ပြင်းချပြီး စိတ်သက်သာရသွားဟန်ကူပါတယ်။

ဘုရားကန်တော့ဦးချပြီး အမှတ်မထင် မျက်နှာတော်အားမော့ဖူးလိုက်စဉ်ခဏ မျက်တောင်တော်ခတ်သည်ကို ရှေးဦးမြင်ရကြောင်း၊ ထို့နောက် ညာဘက်မျက်လုံးတော် တဖြည်းဖြည်း စိုရွှန်းကာ ကျယ်လာပြီး အလင်းရောင်တန်းများ မျက်လုံးတော်မှ လျှံထွက်လာတာဆို ထင်ထင်ရှားရှား တွေ့မြင်ရကြောင်း၊ အဖြူရောင်အလင်းတန်းဖြစ်ကြောင်း၊ ထူးထူးဆန်းဆန်း အံ့ဩဘနန်း မိမိဖူးမြင်ရသလို တခြားသူများကိုပါ ဖူးမြင်စေလိုသဖြင့် ယခုကဲ့သို့ အော်သံပြုကြောင်း၊ မိမိအော်သံမဆုံးခင် အလင်းတန်းများ ဖျတ်ခနဲစုသွားပြီး မျက်လုံးတော်ကစုပ်ယူသွားကြောင်း တစ်လုံးချင်း ဖြည်းဖြည်းညင်းညင်းပြောပြပါတယ်။ အမျိုးသမီးမှာ ဒေသခံမဟုတ်ပါ။ အထက်မြို့မှကိုယ်ပိုင်ကားနဲ့ဘုရားဖူးလာတဲ့ ခရီးသွားတစ်ဦးလို့ဆိုပါတယ်။

မိနစ်ပိုင်းအတွင်းမှာပဲ ရှင်တောက်ထိန်ဘုရားမျက်နှာတော်၊ မျက်လုံးတော် အနီးကပ်ရိုက်ချက်နဲ့အတူ သတင်းတွေဖေ့စ်ဘွတ်ပေါ် ပလူပျံအောင်တက်လာပါတယ်။ ရုပ်ပွားတော်ရဲ့ညာဘက်မျက်လုံးတော်မျက်ဝန်း ထူးကဲစွာကျယ်နေပြီး မျက်ဆန်တော်၌ အဖြူရောင်စက်ဝိုင်းသဏ္ဌာန်ကို ရှင်းရှင်းလင်းလင်းတွေ့မြင်ကြရတယ်။ တွေ့မြင်ရသူတိုင်းလည်း အကြီးအကျယ် အံ့အားသင့်ကုန်တယ်။ အံ့အားသင့်လောက်အောင်ပဲ ထူးခြားနေတာကိုး။

ပူဇော်ထားတဲ့ လျှပ်စစ်မီးကြောင့်လား သို့တည်းမဟုတ် နေရောင်ထိုးတာကြောင့်လား သို့တည်းမဟုတ် မှန်စီကွက်အလင်းပြန်ဟပ်တာကြောင့်လား။ လားပေါင်းများစွာ တွေးတောစရာကောင်းနေလို့ ဂေါပကအဖွဲ့က မီးမှိတ်ပြီး အပြန်ပြန်ထောင့်စေ့စူးစမ်းခဲ့ပါတယ်။ ဒါပေမယ့် ညာဘက်မျက်လုံးတော်ကို ထင်ဟပ်ပြောင်းလဲစေတာမျိုးမတွေ့ရှိရဘူးလို့သိရပါတယ်။ တာဝန်ရှိသူတစ်ဦးနှစ်ဦးလည်းရောက်လာပြီး ကြည့်ရှုသွားတယ်လို့လည်းဆိုတယ်။

❑

ကျွန်တော်တို့(၁၀)နှစ်သားအရွယ် ဒီဘုရားအနီးပြေးလွှားဆော့ကစားတုန်းကနဲ့မတူတာတော့ သေချာတယ်။အခုဆိုရင် ဉာဏ်တော်ရောကိုယ်လုံးတော်ပါ သိသိသာသာကြီးလာလိုက်တာ အထင်ကရပါပဲ။ အရင်ကလည်း ဒီလိုမျက်တောင်တော်ခတ်တာ၊ ပြုံးတော်မူတာ ဖူးတွေ့ရတဲ့သူတွေရှိပါတယ်။ အများထဲက တစ်ယောက်မြင်တာမျိုးက ဆန်းတယ်။ မျက်လုံးတော်ကနေပြီး အလင်းတန်းရောင်ခြည်လွှတ်တာကတော့ ဒါပထမဆုံးကြားတာပဲပဲ့ကမြောရွာဇာတိဦးလှကြည်က စာရေးသူကိုပြောပါတယ်။

ရှင်တောက်ထိန်ပေါ် တော်မူရုပ်ရှင်တော်မြတ်ဓာတ်ဘုရားကြီး ထူးကဲစွာတန်ဒိုးပြဋ္ဌိဟာပြတော်မူစဉ်အခိုက် ဖူးမြင်ကြံကြိုက်လိုက်ရသူ ဘုရားဖူးခွေ့သည့်အမျိုးသမီးကား ကံထူးကံထိုက်သူတစ်ဦးဖြစ်ပါပေတယ်။

ယခုအခါ တန်ခိုးတော်ကြီးမား ထူးထူးခြားခြား ရှင်တောက်ထိန်ဘုရား ရုပ်ရှင်တော်မြတ်အား ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူခပင်း အုတ်အော်သောင်းတင်း ကြိတ်ကြိတ်တိုး လာရောက်ဖူးမြော်ကြည်ညိုသဒ္ဓါပွားလျက်ရှိကြောင်းပါ။

ကျန်းမာချမ်းသာကြပါစေ

မောင်စိမ်းထွေး(ကလေးဝယ်)

www.burmeseclassic.com

www.burmeseclassic.com

မင်းရွာမြောက်ကျောင်း
သက်တမ်း(၇၉)နှစ်ရှိ ပုဒ္ဓဝင်ပန်းချီကားများ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ရေဦးမြို့နယ် အင်တော-ဆပ်သေ ကားရွာရှိ မင်းရွာမြောက်ကျောင်းသို့ ဦးကျော်လှိုင်(ရွှေဘုံရွှေနန်း)၏ သက်ကြီးရွယ်အို၊ ရဟန်းသံဃာတော်များကျန်းမာရေးကူညီစောင့်ရှောက်မှုလုပ်ငန်းစဉ်ဖြင့် ရောက်ရှိခဲ့သည်။မင်းရွာမြောက်ကျောင်းသည် ကုန်းဘောင်ခေတ် သာသနာရေးရာတွင် ထင်ရှားကျော်စောသည့် ဆရာတော် ဘဒ္ဒန္တဉာဏာမဏ္ဍ၏ ဘူမိနက်သန်းရာမှန်ဖြစ်သည်။ ကုန်းဘောင်ခေတ်၏ သာသနာ့သမိုင်းတစ်စိတ်တစ်ဒေသကို ဖော်ညွှန်းကာ ကမ္ဘည်းထိုးထားသည့် ခေါင်းလောင်းတစ်လုံးကိုလည်း မင်းရွာမြောက်ကျောင်းအတွင်းတွေ့ရှိခဲ့ရသည်။ ဆောင်းဝင်း၏အရှေ့တောင်ထောင့်တွင် စီရခိုတည်ထားသော စေတီငယ်(၂၇)ဆူကိုလည်း ဖူးတွေ့ခဲ့ရသည်။

မင်းရွာမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ သက်တော် (၉၃) နှစ်၊ ဝါတော် (၇၃) ဝါ သီတင်းသုံးသော ကျောင်းတော်မှာ (၃)ခန်း×(၄)ခန်း အုတ်တိုက်ဖြစ်ပြီး အနောက်တိုင်းဆန်သော ဗိသုကာလက်ရာ ဖြစ်ပါသည်။ အထက်တွင် လသာဆောင်အဖြစ် အင်္ဂတေတုတ်လုံးတိုင်များ၊ ကနုတ်ပန်းခက်များ၊ ပန်းစိုက်အိုးများဖြင့် တန်ဆာဆင်ထားသည်။ ကျောင်းတော်၏မျက်နှာစာဘက် လသာဆောင်အလယ်ပိုင်းတွင် အင်္ဂတေဆောင်းကြွကဒေါင်းရုပ်နှင့် မှတ်တမ်းတမှည့်းတစ်ခုကို တွေ့ရှိရာ -

"၁၂၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်နေ့ အင်ဇောရွာနေ အဠ္ဍကာင်းဒါယကာ အထူးအာဇာရသူကြီးမင်း ဦးစံလှ၊ ဇနီး မရှင်၊ သား အင်စပိတွော်မင်း ကိုသူရ၊ ဇနီး နုနု၊ သားစာရေးကြီး ကိုဒေဝ၊ ဇနီး မရင်၊ သား ကိုထွန်းအောင် ဇနီး မဗေး၊ သား ကိုမောင် ကိုရောင် သားသမီးတစ်စုတို့ ကျောင်းမှုနိဗ္ဗာန်ဆု သာဓုနတ်လူခေါ် စေသော်"

ဟု ရေးထိုးထားရာ ကျောင်းဆောင်၏သက်တမ်းမှာ (၉၃) နှစ်ကြာ ပြီဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

၄ ဘုရားလောင်း တောထွက်တော်မူလာရာလမ်း ခရီးတွင် မာရ်နတ်တားဆီးဟန်။

၅ ဘုရားလောင်း သည် ဆံတော်ကိုယ်ပြီး ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူဟန်။

မြတ်စွာဘုရား သခင်သည်-သတ္တဝါသတ္တဝတ္ထုဟုခံခဲ့နေတော်မူစဉ်-မာရ်နတ်ဗိသို့များ ကပြော ယောင်ဟန်။

ဘုရားလောင်း ဆံတော်ကိုယ်ပြီး ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူဟန်။

ဆရာတော်ဦးဥတ္တမသီတင်းသုံးရာ အုတ်တိုက်အတွင်းသို့ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် နံရံလေးဖက်ပတ်လည်တွင် ပန်းချီကားများကို တွေ့မြင်ရသည်။ (၆ ပေ × ၃ ပေ) အရွယ်အစားရှိ သွပ်ပြားကို သစ်သားပေါင်ခတ်ပြီး သင်္ဘော ဆေးဖြင့် ရေးခြယ်ထားသော ဗုဒ္ဓဝင် ဆိုင်ရာ ပန်းချီကား (၁၂) ချပ်၊ ငရဲခန်း ပန်းချီကား (၄) ချပ်ကို တွေ့ရှိရသည်။ ပန်းချီလက်ရာရှင်မှာ နိုပါတ်တော်ဆိုင်ရာ ပန်းချီသရုပ်ဖော်မှုတွင် အထူးကျွမ်းကျင်လက်ရာမြောက်သည့် ဦးချစ်မြ (၁၉၀၃-၁၉၇၆) ဖြစ်သည်။

ဗုဒ္ဓဝင် ပန်းချီကားတစ်ချပ်စီ၏ အောက်ခြေ၌ အဓိပ္ပာယ်ဖွင့်ဆိုသည့် စာတန်းပါရှိရာ -

၁။ လုမ္ဗနီအင်ကြင်းတော၌ မဟာမာယာဒေဝီမိဖုရားကြီး အလောင်းတော် သိဒ္ဓတ္ထကုမာရကို ဖွားမြင်တော်မူဟဲ့။

၂။ သဒ္ဓိတ္ထမင်းသား ဥယျာဉ်တော်သို့ ထွက်တော်မူလာရာ နတ်တို့ပြအပ်သော နိမိတ်ကြီးလေးပါးကို မြင်တော်မူဟဲ့။

၃။ ဘုရားအလောင်းသည် တောထွက်မည်ဟု ယသော်ဓရာအဆောင်သို့ ဝင်ပြီးလျှင် သားတော်ရာဟုလာကို နောက်ဆုံးကြည့်တော်မူဟဲ့။

၄။ ဘုရားအလောင်း တောထွက်တော်မူလာရာ လမ်းခရီးတွင် မာရ်နတ်တားဆီးဟန်။

၅။ မြတ်စွာဘုရားသခင်သည် ဆံတော်ကိုပယ်ပြီး ရာဇဂြိုဟ်ပြည်သို့ဆွမ်းခံဝင်တော်မူဟန်။

၆။ မြတ်စွာဘုရားသခင်သည် သတ္တာဟတ္ထဟစ်နေတော်မူစဉ် မာရ်နတ်၏သမီးများက ဖြားယောင်းဟန်။

၇။ မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂီတို့နှင့်တကွ နတ်ပြဟ္မာအပေါင်းတို့အား ဓမ္မစကြာတရားဟောတော်မူဟန်။

၈။ မြတ်စွာဘုရားသခင်သည် ကဿပလဝတ်ပြည်သို့ ဆွမ်းခံဝင်တော်မူဟန်။

၉။ ယသော်ဓရာအဆောင်သို့ဝင်တော်မူရာ ယသော်ဓရာဒေဝီက ဆံပင်ဖြင့် မောင်ဘုရား၏ ခြေထောက်တော်အား ပွတ်သပ်ရှိခိုးဟန်။

၁၀။ မြတ်စွာဘုရားသခင်သည် မယ်တော်နတ်သားကို တရားဟောပြီး၍ တာဝတိံသာမှ သိင်္ဃနဂိုပြည်သို့ ဆင်းတော်မူလာဟန်။

၁၁။ မြတ်စွာဘုရားသခင်သည် မလ္လာမင်းတို့၏ဥယျာဉ် ပရိပ်နိဗ္ဗာန်ပြုတော်မူဟန်။

၁၂။ မြတ်စွာဘုရားသခင်သည် ပရိပ်နိဗ္ဗာန်ပြုပြီး၍ ဒုနှစ်ပြည်ထောင်သောမင်းတို့အား ဓာတ်တော်ကို ဝေနေဟန်။

ဟု တွေ့မြင်ဖတ်ရှုရပြီး ဥယျာဉ်ရက်ငရဲခန်းပန်းချီကား (၄) ချပ်တွင် ငရဲခန်းနှစ်မျိုးကို သွပ်ပြားတစ်ချပ်တည်းတွင် တစ်ဝက်စီခြားရေးသားခြင်း

www.burmeseclassic.com

ဖြစ်ပြီး အောက်ခြေစာတန်းများတွင်-
၁။ ဥဿဒရတ်ငရဲခန်း၊
၂။ လက်ပံတောင်ငရဲခန်း၊
၃။ သဇောတိဥဿဒရက်ငရဲခန်း၊
၄။ အဂ်ီရကာသုဥဿဒရက်ငရဲခန်း၊
၅။ စေတရဏီကြိမ်ပိုက်ချောင်းငရဲခန်း၊
၆။ သုနက္ခဥဿဒရက်ငရဲခန်း
စသည်ဖြင့် ရေးထိုးထားသည်။

ထို့ပြင် -

'ဆပ်သေရွာဘုရားတကာ ဦးကာနှင့် သားသမီးတစ်စု ကောင်းမှုစာတမ်း' ကို ပန်းချီကားချပ်အားလုံးတွင် မှတ်တမ်းတင် ရေးထိုးထားသည်။

'၁၃၀၀ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက် ပြီးသည်'

'ပန်းချီကား (၁၂) ချပ် အဘိုးငွေ (၃၀၀/-) ကျပ်'

'မောင်ချစ်မြဲ ပန်းချီဆရာ
၄၂ လမ်း၊ မန္တလေး'

(မှတ်ချက် - စာတမ်းများကို မူရင်းသတ်ပုံအတိုင်း ဖော်ပြပါသည်။)

အထက်ပါ ပန်းချီကားများကို ပန်းချီဆရာ ဦးချစ်မြဲ (၃၅) နှစ်အရွယ်တွင် ရေးဆွဲခဲ့ကြောင်း သိရှိရပြီး ပန်းချီကားများ၏ သက်တမ်းမှာ နှစ်ပေါင်း (၈၀) နီးပါးကြာခဲ့ပြီ ဖြစ်သည်။

ပန်းချီပညာရှင် ဦးချစ်မြရေးဆွဲခဲ့သော ဗုဒ္ဓဝင်နိပါတ်တော်ကားများအားလေ့လာတွေ့ရှိချက်ကို သုံးသပ်တင်ပြပါသည်။ ပန်းချီကားတစ်ချပ်စီ၏ အဓိပ္ပာယ် အကြောင်းအရာ ဖွင့်ဆိုချက်ကို သက်ဝင်လှုပ်ရှားကြွေတက်လာအောင် အလင်းအမှောင်၊ အနီးအဝေး၊ အနိမ့်အမြင့်၊ အရောင်အနုအရင့်၊ ရုပ်ပုံလွှာများအထားအသိုတို့ကို ပညာရှင်ပီပီ ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဆွဲထားသည်။ ကမ်းပြတ်ပင်၊ ဘုရင်၊ မိဖုရား၊ မှူးမတ်၊ သေနာပတိ၊ နှန်းတွင်းသူနှန်းတွင်းသားသည်တို့၏အမူအရာပြောဟန်ဆိုဟန်၊ ရာနှာသွင်ပြင်အနေအထား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ နန်းတော်အတွင်းအင်းအကျင်း အဆောင်အယောင် အနေအထားများကို ကောက်ကြောင်းအဆူအပါးဖြင့် လိုက်လျောညီထွေသော အရောင်များဖြင့် ကွဲပြားခြားနားသော စိတ်ခံစားချက်လက်ရာများကို တွေ့ရသည်။ ဆိတ်တော်တွင် ပါဝင်ရေးသားသင့်သည့် နန်းမြို့ရိုး၊ ကျုံး၊ ပြာသာဒ်၊ သစ်ပင်၊ ကမ်းမန်၊ တိရိစ္ဆာန် စသည်တို့ကိုလည်း အလိုအလျောက်ရှိ ထည့်သွင်းရေးဆွဲထား၏။

တ်စွာဘုရားသခင်သည်..ကပ္ပိလဝတ်ပြည်သို့ ဆွမ်းခံဝင်တော်မူဟုခဲ့ ဆပ်သေရွာ ဘုရားတကာ

ထူးခြားသောရေးကွက်များတွေ့ရှိရာ အလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်ခန်းတွင် မိဖုရားကြီးမဟာမာယာဒေဝီ၏ မလွိကာတန်ဆာဝတ်ရုံ၊ အင်ကြင်းပန်းများ၊ ဖွားမြင်သောနေရာအား တင်းထိမ်ဖြင့်ကာရံထားခြင်းတို့မှာ ပန်းချီဆရာ ဦးချစ်မြ၏ ထူးခြားသည့် သရုပ်ဖော်ရေးကွက်ဖြစ်သည်။

ထို့အပြင် မြတ်စွာဘုရားသခင်သည်-

၁။ ပရာဇိတပလ္လင်တော်
၂။ အနိမိသဒ္ဓာန
၃။ ရတနာစင်္ကြံတော်
၄။ ရတနာဃရခေါ် ရွှေအိမ်တော်
၅။ အဇပါလခေါ် ဆိတ်ကျောင်း
ညောင်ပင်
၆။ မုစလိန္ဒာအိုင်အနီး ကျည်းပင်
၇။ လင်းလွန်းပင်

စသည့် သတ္တဌာန (၇) ရပ်အား ပန်းချီကားတစ်ချပ်တည်း၌ အကန့်လိုက် ပိုင်းခြားရေးဆွဲထားသည်။ အပရာဇိတပလ္လင်တော်အနီး မြတ်စွာဘုရားသခင်အား မာရ်နတ်၏သမီးများက ကိုယ်နှုတ်အမူအရာမာယာပရိယာယ်များတို့ဖြင့် ဖြားယောင်း သွေးဆောင် မြှူဆွယ်ပုံမှာ သက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်ဖြစ်ပါသည်။

မြတ်စွာဘုရားသခင် ကပ္ပိလဝတ်ပြည်သို့ ဆွမ်းခံကြွသည့် ပန်းချီကားနှင့် ယသော်ဓရာအဆောင်တော်သို့ဝင်သည့်

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီကား(၂)ချပ်တွင် သားတော်ရာဟုလာ၏မျက်နှာအမူအရာ၊ဝတ်စားဆင်ယင်မှုတို့ကို အထူးရေးကွက်အဖြစ် သရုပ်ဖော်ထားသည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူခဏ်းပန်းချီကားတွင် မလွာမင်းတို့၏ဥယျာဉ်အဖြစ် သရုပ်ဖော်ရေးခြယ်ရာတွင် သစ်ပင်ပန်းမန်များအရောင်မှိုးစုံတို့ဖြင့်ဖူးပွင့်နေပုံ၊ မြတ်စွာဘုရားသခင် လဲလျောင်းနေသည့် သလွန်ဦးတောင်းခေါင်းရင်းဘက်တွင် ရဟန်းသံဃာတော်များနေရာယူထားပုံ၊ ခြေရင်းဘက်တွင် နတ်ပြည်မှာ မှူးမတ် လူထုပရိသတ်များတို့ကို နေရာပိုင်းခြားရေးဆွဲထားသည်။ အဆိုပါ ပန်းချီကားတွင် အခြားသော နိပါတ်တော်ရေးပန်းချီဆရာများထည့်သွင်းရေးဆွဲခြင်းမရှိဟု ယူဆရသော သမားတော်ကြီးဇီဝကသည် ကျောက်ပျဉ်ထက်တွင် ဆေးဝါးများစီရင်နေပုံမှာလည်း တစ်မူထူးခြားသောရေးကွက် ဖြစ်သည်။

ငရဲခန်းပန်းချီကား (၄) ချပ်ကို လေ့လာရာတွင် ခွန်အားကြီးမားသော ခွေးဖြူ ခွေးနက် ခွေးကြားများနှင့် ငှက်ကြီးများက ငရဲသားများအား ဆွဲဖဲ့ကိုက်ခဲနေပုံ၊ သံခဲသံလုံးကြီးများဖြင့် အဖန်ဖန် လှိမ့်မွေ့ကြိတ်ခြေညှဉ်းဆဲခြင်းခံရပုံ၊ ခွန်ထက်သောလက်ပံဆူးများစူးခြင်းခံရပုံ၊ ပူပြင်းသောမီးလျှံကျင်းအတွင်းမီးရှို့ခံရပုံ၊ မီးပြင်းထိုးသော ကြေးနီအရည်ဒယ်အိုးအတွင်းမှ ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးနေပုံ၊ သံတံကျင်ဖြင့် ထိုးဖောက်ခံရပုံ၊ ဓားမကြီးဖြင့်ခုတ်ဖြတ်ခံနေရပုံတို့နှင့် ယမမင်း၏ အခိုင်းအစေများ၏ ခွန်အား ဗလသတ္တိများဖြင့် ရက်စက်ကြမ်းကြုတ်စွာ လုပ်ကိုင်ဆောင်ရွက်နေသည့်အနေအထားကို ပေါ်လွင်ထင်ရှားစေရန် အရောင်များဖြင့် သရုပ်ဖော်ရေးဆွဲထားသည်။ ငရဲခန်းပန်းချီကားများသည် ကာယကံ၊ ဝစီကံ၊ မနောကံ မကောင်းမှုဒုစရိုက် (၁၀) ပါးကို မကျူးလွန်ကြစေရန် အသိနှင့်သတိပေးသောပန်းချီကားများဖြစ်သည်ကိုလည်း သုံးသပ်ယူဆသည်။

အဆိုပါ ပန်းချီကားများနှင့်ပတ်သက်၍ မင်းရွာ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမမှ -

"ပန်းချီကားတော်ကြီး နှစ်ပေါင်း (၈၀) လောက်ရှိပြီဆိုပေမဲ့ ဆေးရောင်တွေကမှိန်လာတယ်။ သစ်သားပေါင်တချို့ကလည်း ခြစား၊ ကြွက်ကိုက်ခံရပြီး ပျက်စီးနေတယ်။ ပိုးဟပ်၊ ကင်း၊ ပိန့်ညောင် (အိမ်မြှောင်)၊ တောက်တဲ့တွေရဲ့အညှစ်အကြေးတွေ၊ ဖုန်မှုန့်တွေကလည်း ပန်းချီကားတွေပေါ်မှာ ပွစာတက်နေတယ်။ ဆေးတွေကွာကျမှာစိုးလို့ ကြက်မွေးနဲ့ အပေါ်ယံသာသန့်ရှင်းရေးလုပ်ရတယ်။ ဒီပန်းချီကားတွေရေရှည်တည်တံ့အောင် ကျွမ်းကျင်တဲ့သူတွေနဲ့တိုင်ပင်ပြီး ဆောင်ရွက်ပေးကြမယ်ဆိုရင် အကောင်းဆုံးပါပဲ"

ဟု ဆရာတော်မိန့်ကြားချက်၏ အနုပညာကို အမြတ်တနိုးတန်ဖိုးထားသူများက ဝိုင်းဝန်း ကူညီကြရန် လိုအပ်နေကြောင်း တင်ပြရပါသည်။

သပြေညွန့်



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းချစ်နော်

နံနက်ကိုးခေါက်၊ ညကိုးခေါက် အောင်မြင်ချမ်းသာရောက်

ကျွန်ုပ်၏မိတ်ဆွေ ဦးထွေးဘို သားစုမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စီးပွားရေး ဆိုသလို ပြောဆိုစရာမရှိ သောက်အောင်ပင် အေးချမ်းပြည့်စုံသူပါသည်။ တိုက်တွေ၊ ကားတွေ၊ စိန်၊ ရွှေရတနာတွေများစွာမရှိသော်လည်း ပြည့်စုံလုံလောက်သောစီးပွားဥစ္စာနှင့် ပေါင်းစုံကမ်းနိုင်လှုနိုင်တန်းနိုင်ပြီး သာယာသောအေးငြိမ်းချမ်းသာသောဘဝလေး ဖြစ်၏။ သားသမီးငါးဦးမှာလည်း ပညာတတ်ဘွဲ့ရတွေချည်းဖြစ်ပြီး ကျက်သရေရှိလာပြည့်ဝလှသည်။ အရာရှိအရာခံ ဝန်ထမ်းတွေဖြစ်ပြီး စိတ်မှန်လူမှုမှန် ကြောင့်တန်းအေးချမ်းသူများ ဖြစ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မဖြစ်မနေ တစ်ရပ်လုံး တစ်မြို့လုံး ရောဂါကာကွယ် ဆေးထိုးရသည့်အခါတွင်သာ ဆေးထိုးခံ ဖူး ဆေးရုံဆေးခန်းသို့ပင် မရောက်ဘူး ကြ။ လူမှုရေးအနေဖြင့်လည်း ရပ်ကွက် သာရေးအဖွဲ့၊ နာရေးအဖွဲ့တွင် အသီးသီး အသက်အသက ပါဝင်ဆောင်ရွက်ကြပြီး တစ်ရပ်ကွက်လုံးက လေးစားအားထား အားကိုးရသော မိသားစုဖြစ်နေပြန်ပါ သည်။ သူတို့မိသားစု၏ အေးငြိမ်းသာယာ မှုအပြည့်စုံမှုမှာ အတုယူအားကျ သောက်ပါသည်။ညစဉ်နှင့်နံနက်အရုဏ် အခါနှိန်အခါလိုမျိုးတိုင်း သာယာအေး မြသည့်ဘုရားရှိခိုး၊ အမျှဝေ၊ မေတ္တာ ဘာဝနာ ပြောစည်သံလွင်လွင်လေးကို ၎င်း မိသားစုနေအိမ်မှ အမြဲလိုကြားရ၏။ ကြားရသူတိုင်း စိတ်နှလုံးချမ်းမြေ့အေး မြလှပါသည်။ မိသားစုဝင်များ တစ်ဦးနှင့် တစ်ဦး ချစ်ခင်ကြင်နာစည်းလုံးကြပြီး နှင်ပဲငါပဲနှင့် ဆူဆူညံညံ မောက်မောက် မာမာ ပြောဆိုဆက်ဆံတစ်ခါဖူးမျှမကြား ရဘူးပါ။ စံပြအတုယူဖွယ်ရာကောင်းလှ သည်။

သူ၏မိသားစုလေးကိုသူလမ်းညွှန် သင်ပြခဲ့သည်ကို ဦးထွေးဘိုမှ ကျွန်ုပ်ကို ပြောပြဖူးရာ စာစီပြုရေးချယ်တင်ပြအပ် ပါသည်။

"ဒီလိုဗျ ဦးချစ်ရ၊ ကျွန်တော့်သား သမီးတွေကို နှစ်တန်း၊ သုံးတန်းအရွယ် ကတည်းက သရဏဂုံသုံးပါး၊ ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ ဂုဏ်တော်တွေ၊ ဘုရားရှိခိုးတွေကို နှုတ် တိုက်သင်ကြား ရွတ်ပွားတတ်အောင် လမ်းပြညွှန်ခဲ့တာဗျ။ - နည်းနည်းကြီး လာတော့ ဂုဏ်တော်ကိုးပါး၊ သမ္မဒေ အစရှိတဲ့ဂါထာတွေကို နေ့စဉ်ရွတ်ပွားဖို့ သင်ပြပေးခဲ့တယ်။ ရှစ်ရက်သီတင်း လပြည့်၊ လကွယ်ဥပုသ်နေ့တွေမှာလည်း ဘုန်းတော်ကြီးကျောင်းသွားပြီး ငါးပါး သီလ၊ ရှစ်ပါးသီလ ခံယူစောင့်ထိန်းတတ် အောင် လေ့ကျင့်ပေးခဲ့တယ်။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ရဲ့အေးမြမှုကို သိ နိုင်အောင်၊ မြင်အောင် ပြသပေးခဲ့တယ်။ တရားအရိပ်၊ မင်းအရိပ်၊ မိဘအရိပ်ဆိုတဲ့ အရိပ်သုံးပါးသိနားလည်အောင်လည်း ညွှန်ပြဆုံးမခဲ့တယ်။ ဒီတော့ လိမ္မာယဉ် ကျေးသိမ်မွေ့ပြီး မေတ္တာဓာတ်လွှမ်း အေးချမ်းသာယာပြီပေါ့ဗျာ။

အခု အရွယ်တွေ့ပြည့်မြောက် လူလားမြောက် လူရာဝင်လာတော့ အစစ အရာရာ အောင်မြင်ပေါက်မြောက် ချမ်းသာရောက်ဖို့ နေ့စဉ် ည၀စဉ် ဒီဂါထာ ပရိတ်တွေကို (၉) ခေါက်စီ ရွတ်ပွားခိုင်း တယ်။ ဒီဂါထာပရိတ(၉)ခေါက်ရွတ်ပြီး အိပ်ရာထ၊ အိပ်ရာဝင်ပြုရမယ်။ ကျန်းမာ သည်ဖြစ်စေ၊ မကျန်းမာသည်ဖြစ်စေ၊ အလုပ်ရှုပ်နေသည်ဖြစ်စေ ဘာပဲဖြစ်စေ ဖြစ်စေ မပျက်မကွက် ကိုးခေါက်ရွတ်ရ မယ်လို့ အလေ့အကျင့်လုပ်ပြီးသင်ပေး ခဲ့တယ်။ အကျင့်များတော့ အထုံရသွား တာပေါ့။ ဒါကို ကိုးခေါက်မရွတ်ပွားရရင် ကို တစ်မျိုးမျိုးလိုနေသလို ဟာတာတာ ကြီးဖြစ်နေကြပြီး မပျက်မကွက်ရွတ်ပွား ပူဇော်ကြပါတယ်။ ရွတ်ပွားရမယ့်ဂါထာ က လွယ်ပါတယ်။

- ဇယစက္ကော ဇယန္တောယော၊
  ဇယိတဇွေ ဇယာသနေ၊
  ဇယာပေသိ ဇယေသိန်၊
  ဇယံ ဒေတု ဇယုတ္တရော။ ။
- ဇယန္တော ဗောဓိယာ မူလေ၊
  သက္ယာနံ နန္ဒိဝဍ္ဎနော၊
  ဧဝမေဝ ဇယော ဟောတု၊
  ဇယဿု ဇယမင်္ဂလေ။ ။
- အု, ပရာဇိတပလ္လင်္ကော၊
  သီသေပထု ဝိ, ပုက္ခလေ။
  အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
  အဂ္ဂ, ပတ္တော ပမောဒတိ။ ။

ကိုးခေါက်ရွတ်ပွားတာ ဆယ်မိနစ် ထက် အချိန်ပိုမကြာပါဘူး ကိုချစ်။ အကျိုးကျေးဇူးအလွန်များပါတယ်ဗျာ"

ဦးထွေးဘို၏ လက်တွေ့ပြောပြ ရှင်းပြချက်ကို စာစီပြုရေးခြယ်တင်ပြခြင်း ဖြစ်ပါသည်။

လူတိုင်းလူတိုင်း မပင်မပန်း ရွင်လန်းချမ်းသာစွာရွတ်ပွား၍ ချမ်းသာ ထိပေါက်နိုင်ပွာန်ရောက်သည်အထိ အကျိုး ထူးစာရေးမှားရရှိနိုင်ကြပါစေဟုရည်ရွယ် ၍ ရေးသား တင်ပြလိုက်ရပါသည်။

လိုအင်ဆန္ဒ
တစ်လုံးတစ်ပြည့်ဝကြပါစေ

နတ်မောက်မင်းချစ်နော်

www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမာ(စလင်း) ရွှေစာရံပွဲ

❑ မြို့ခြေတွေဆိုင်း ရင်လိုင်းထလျက်
သစ်ရွက်ရော်ရီ၊ ကွန္ဒန်နှင့်
ဖူးဆင့်ပုရစ်၊ အသစ်သစ်တို့
ငုံဆစ်သစ်ဆန်း၊ ရော်မြန်းရွက်ကြင်
ညိုလွင်မောင်းမြွေ၊ လွမ်းစိတ်ဝေသည်
မိန္ဒေတပေါင်းရတုပေကိုး။

တပေါင်းလသည် နေ့မှာပူပြီး ည၌နက်တော့အေးသည်။နံနက်စောစော မြူတွေဆိုင်းနေပုံက ရင်လိုင်းကိုလှုပ်ခတ်စေပါသည်။ သစ်ရွက်တွေကြွေနေပုံက လွမ်းစရာ၊ ပုရစ်ဖူးသစ်လေးတွေဖူးသစ်နေပုံကလည်း တပေါင်းလ၏အလှတရားပင် ဖြစ်သည်။ သရဖီနှဲ့၊ သရက်ဖူးနှဲ့များ၊ သင်းပျံ့လျက်ရှိသည်။ တမာရွက်တွေစိမ်းညို့၍နေလေပြီ။ သူအလုပ်က သင်္ကန်းကိုကြိုဆိုဖို့ အငုံအဖူးတို့အားယူနေပါပြီ။ ခရေပင်တွေလည်း အဖူးဖူးရန် ပြူတစ်ပြူတစ် ထုဆစ်ပုံဖော်ရန် ကြိုးစားလျက်

ညောင်ပင်ကြီးတွေက ဝတ်လစ်စလစ်ခေါ်ချနေသည်။ ညောင်ပင်မျိုးစိတ်ထဲက ညောင်မုတ် ဆိတ်ပင်ကြီးကတော့ဖြင့် ဖြည်းဖြည်းချင်းရွက်ကြွေနေသလို အစ်ရင်ရင့်အညိုဆင့်ပြီး တည်ငြိမ်လျက်သာ။ ညောင်မုတ်ဆိတ်တို့မည်သည် သူအရွက်တွေကို ငြွေမပစ် တစ်ရစ်ပြီးတစ်ရစ်အလှဆင်သောအမျိုးပင်တည်း။ ညောင်ခွရွက်လိုတော့ သူအရွက်က ရေနွေးကြော်ပြီး တို့စားသုပ်စားလို့မရ။ အကျော်ပင်တရုတ်စံကားပင်တွေကတော့ မင်းမူဝိုင်းအဖူးအပွင့်တွေတိုးဝှေ့ လေနှင်ရာလိုက်ပါရွှေ့ပြီး ရနံ့တွေဝေနေပါတော့သည်။

အပူ၊ အအေးမျှသည့်တပေါင်းလကား ခရီးသွားဖို့ကောင်းလ၏။ သင်္ကြန်နားနီးပါက ကားလက်မှတ်၊ ရထားလက်မှတ်မလွယ်။ သည့်ထက်နှောက်ကျလျှင် အပူကဲလာပြီး ခရီးပန်းမည်။ မိုးရွာလာပြီဆိုလျှင်လည်း ပိုလို့ပင်ခရီးမတွင်ချင်။ သို့သော် မိမိအဖို့ တပေါင်းလတွင် ခရီးသွားဖို့မလွယ်။ ရှင်ပြု၊ နားသဒ္ဓါတွေနှင့်ကြုံရလို့ပင် ဖြစ်သည်။ သို့တိုင်အောင် ခရီးသွားချင်စိတ်က အထိန်းမခက်လှသည်။ ခရီးသွားချင်သည်မှာ အခြားကိစ္စနှင့်မဟုတ်။ ဒေသန္တရဟုသုတနှင့် ဘုရားပွဲများ လေ့လာချင်၍ ဖြစ်သည်။ နေချင်းပြန်နိုင်သွားနိုင်သည့်ရွှေစက်တော်ကိုတော့ တပို့တွဲလပွဲဦးထွက်ရောက်ဖြစ်သည်ချည်းဖြစ်သည်။ နှစ်တိုင်းရောက်နေကြပင်ဖြစ်လင့်ကား ရောက်မြဲရောက်နေသည်သာ။ ပြာသိုလအာနန္ဒာပွဲဆိုလည်း ထိုနည်းတူစွာပင်။

မန္တလေးမြို့အနီး ပုသိမ်ကြီးမြို့နယ်အတွင်းက ရွှေစာရံဘုရားပွဲတော်ကလည်း စိတ်ကရောက်ချင်နေတာကြာပြီ။ (၄) နှစ်လောက်တောင်ရှိနေပါပြီ။ သည်နှစ်တော့သွားဖြစ်အောင်သွားမည်ဟု ဆုံးဖြတ်ထားပါသည်။ ရည်မှန်းပြီးမရောက်ဖြစ်သည်မှာ အခြားမဟုတ်။ ရှင်ပြုအလှူပွဲချိန်ပို့ပင် ဖြစ်လေသည်။ ဘယ်သူတော့ဖြင့်ရင်းနှီးလို့ ဘယ်သူတော့ဖြင့် ဆွေမျိုးမွေးချင်းတော်လို့၊ ဘယ်သူတော့ဖြင့်မတော်လို့၊ ဘယ်သူတော့ဖြင့် မျက်နှာလွဲလို့မကောင်းဆိုပြီး ငဲ့နေရလို့ဖြစ်သည်။ ကဲ - ဒီနှစ်တော့ဖြင့် ရောက်ပြီပေါ့ဆိုပြီး သန္နိဋ္ဌာန်ချထားလိုက်သည်။ တချို့ရှင်ပြုအလှူတွေမျက်နှာလွဲထားလိုက်၏။ သို့တိုင်အောင် မယ်တော်ကြီးနှစ်ပတ်လည်အလှူလုပ်ဖို့ ရက်ကန်းနေပါပြီ။ အရေးထဲ ဒရိုင်ဘာကျွတ်မရဖြစ်နေသည်။ ရွှေစက်တော်ဘုရားပွဲချိန်ဆို

www.burmeseclassic.com

www.burmeseclassic.com

တော့ ဘုရားဖူးတွေက များလှသကိုး။ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉) တန်းတွေလည်း စာမေးပွဲတွေဖြေပြီးကြပြီမဟုတ်ပါလား။ စာရေးသူတို့နယ်က ရွှေစက်တော် တစ်နှစ်တစ်ခေါက် မရောက်ရလျှင် တစ်ခုခုလိုနေသလို ခံစားကြရသည်။ တချို့ကဆို နှစ်ခေါက်၊ သုံးခေါက်။

နောက်ဆုံးတော့ ရွာတစ်ရွာက ဒရိုင်ဘာတစ်ယောက်နှင့်အဆင်ပြေသွား၏။ နဂိုကတိုင် သိဟောင်းကျွမ်းဟောင်းဆိုတော့ အဆင်ပြေသည်။ သူက ကားမောင်းလည်း ကျွမ်းကျင်သည်။ ထိုနေ့က နံနက်စောစောခရီးထွက်ဖြစ်လေသည်။ အရုဏ်ဆွမ်းကို ဆွမ်းပူပူဆီဆမ်း၊ ငါးရံခြောက်ဖုတ်နှင့် တဝကြီးစားလိုက်သည်။ သို့မှသာ လမ်းမှာအဆာခံနိုင်မည် ဖြစ်သည်။ လမ်းဆိုတာ အဆင်ပြေချင်မှပြေမည်။ ထမင်းဆိုင်တွေက မသန့်ရှင်းတာ၊ ဟင်းမကောင်း၊ အချက်အပြုတ်မကောင်းတာတွေကများသည်။ စလင်းနှင့် မန္တလေး သိပ်ဝေးလှသည်ကတော့မဟုတ်။ (၆)နာရီပဲမောင်းရသည်။မန္တလေးရောက်တော့ မထမဦးဆုံး အထူးကုဆေးရုံကြီးတစ်ခုမှာ သမားတော်နှစ်ဦးနှင့် ဆေးစစ်ခြင်းအလုပ်လုပ်ပါသည်။ ညနေ(၅)နာရီခွဲလောက်မှ သမားတော်နှင့်တွေ့ရသည်။ စောင့်ရတာကြာသော်ငြား သမားတော်နှင့် (၁၀)မိနစ်ပင်ကြာအောင် မတွေ့ရမပြောရပါ။ သူတို့အချိန်ကျတော့ သိပ်တန်ဖိုးကြီးပါလားဟု တွေးနေမိသည်။ တည်းခိုသည့်ကျောင်းကို ည (၉) နာရီမှ ပြန်ရောက်သည်။

နောက်နေ့နံနက် (၃)နေရာလောက် အရောက်သွားပြီး ဆီး၊ သွေးစစ်ရသည်။ အီးစီဂျီ၊ အာထရာဆောင်း၊ ဓာတ်မှန်ရိုက်ရသည်။ ငွေကုန်တာကိစ္စမရှိ။ အချိန်ကုန်တာများလွန်းလှသည်။ သမားတော်နှင့်တွေ့ဆုံချိန်က နည်းလွန်းလှသည်။ တန်မှတန်ပါရဲ့လား။ ထို့နေ့ နေ့လယ် အချိန်ရထားနှင့် ရွှေစာရံဘုရားပွဲခရီးစဉ်လိုက်သည်။ ပုသိမ်ကြီးက ဘိသိက်ဆရာမင်းမင်းဆီ၊ ရန်ကင်းတောင်ဘက်က ကျော်မင်းထွန်းဆီ ဖုန်းဆက်အကြောင်းပြုရသည်။ သူတို့နှင့်အချိန်းအဆက်လုပ်ထားသည် မဟုတ်ပါလား။ မောရိယကိုပါ အဖော်ခေါ်သွားရသည်။ တော်ပါသေးရဲ့။ လူစည်ရက်မဟုတ်လို့ လူစည်ရက်ဆိုလျှင် ခြေကျင်အဝေးကြီးလျှောက်ရပါသတဲ့။ မင်းမင်း(ဘိသိက်)ဆရာလေး

www.burmeseclassic.com

www.burmeseclassic.com

လည်း ဆိုင်ကယ်နှင့်လိုက်လာသည်။ သူက နယ်မြေကျွမ်းကျင်သူမို့ Guideလုပ်ပေးသည်။ ရွှေစာရံဘုရားသည် မန္တလေးမြို့နှင့် (၁၃) မိုင်သာဝေးပြီး ကားနှင့် (၃၅)မိနစ်သာမောင်းရသည်။ ဟိုတုန်းကတော့ မိုင် (၂၀) ဝေးပါသဲ့တဲ့။ ရွှေစာရံဘုရားမှခဲ့ဦးကြီးကိုက ဝါခမ်းတနားကြီးပါ။ အရှင်ခံတန်ဆောင်းကြီးတွေကလည်းဟီးလို့။ အုတ်တိုက်တွေ၊ စေတီကြီးကလည်း ထုထည်ကောင်းလှပြီး ရွှေရောင်တဝင်းဝင်းနှင့် ရုပ်ပွားတော်ကလည်း သပ္ပာယ်တင့်တယ်လှပေသည်။နတ်ရုတ်တွေကိုပါတွေ့ရသည်။ ရှေးတုန်းကတော့ သူတို့ချစ်ခင်တဲ့လူသေလျှင် နတ်အဖြစ်သတ်မှတ်လိုက်သည်ပင်ဖြစ်သည်။

ရွှေစာရံဘုရားတည်သူမှာ ရှင်းအမျိုးနွယ် အနော်ရထာမင်းကြီးမိဖုရားတစ်ပါး စောမွန်လှပင်တည်း။

'စစ်မွမ်းလှ' 'စောမွမ်းလှ' - အလှဂုဏ်ကြွယ်၍ တင့်တယ်သူဟုအဓိပ္ပာယ်ရပါသည်။ နောက်မှ စောမွန်လှ၊ စောမွန်လဟု ပုဂံရောက်သွားမှသာတွင်ခဲ့ခြင်း ဖြစ်သည်။ စောမွန်လှ ရွှေစာရံဘုရားတည်ကြောင်း အနော်ရထာမင်းကြီးကြားရသည့်အခါတွင် သက္ကရာဇ် ၄၁၆ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ၁၀ ရက်နေ့တွင် ရွှေစာရံဘုရာဝန်းကျင်မြေတာ (၁၀၀၈) ကျော်ကို လှူတော်မူပါသည်။ မြေးတော် အလောင်းစည်သူမင်းလက်ထက် သက္ကရာဇ် ၄၈၅ ခုနှစ် သမ္ဘရာခြောင်း၊ မြစ်ငယ်မြစ်၊ ပန်းခြောင်း၊ ယင်းမာပင်၊ နဘဲ့ခြောင်း၊ နဘဲ့တောင်ကျွန်းသီးတော်အိမ်ခြေ (၅၀၀)ကို လှူတော်မူသည်။

မိုးညှင်းမင်းတရားလက်ထက်တွင် ရွှေစာရံဘုရားကို ဉာဏ်တော်သံတောင် (၃၀)အမြင့် တိုးမြှင့်လှူဒါန်းသလို စဉ့်ကူးမင်းလက်ထက် မယ်တော်မိဖုရားခေါင်ကြီးကောင်းမှု ရွှေထီးတော်တင်လှူကာ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပါသည်။ ရသေ့ကြီးဦးခန္ဓိကလည်း ရွှေစာရံဘုရားကို သံတောင်(၉၀)အထိ တိုးမြှင့်လှူဒါန်းသလို (၄) မျက်နှာရင်ပြင်အုတ်အာရုံခံတန်ဆောင်းကြီးနှင့် ၁၂၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်၊ အင်္ဂါနေ့တွင် ကြေးဝိဿာ (၂၀၀၀) ဖြင့် သွန်းလောင်းပြီး ဉာဏ်တော် (၁၈) ပေ၊ ပခုံးတော် (၈)ပေ၊ ဒူးတော် (၁၀) ပေ (၂) လက်မရှိသည့် မဟာမုနိရုပ်ပွားတော်ကြီးတစ်ဆူ အကျိုးဆောင်လှူဒါန်းခဲ့ပါသည်။ နှစ်စဉ် ပွဲတော်ကျင်းပချိန်မှာ တပေါင်းလပြည့်နေ့မှ လပြည့်ကျော် (၉) ရက်နေ့အထိ ပင် ဖြစ်သည်။

□ *ကိုယ်မလိုက်ချင်ရင်နေပါလား ရှင် xxx သတင်းစာဖတ်ကာ xxx အိမ်မှာ စောင့်လို့ xxx ငွေမြို့ငမလာခင် နေရစ် ရှင် xxx အိုးပုတ်နဲ့ချိုးရုပ်ဝယ်ခဲ့မယ်ရှင် အထူးပင်xxxငိုးတင်xxx*

ပထမရွှေစာရံသီချင်း
မြခြေကျင်းမငွေပြိုင်

□

□ ရွှေစာရံပျို့ဘုရားxxx မြို့သားနဲ့ တောသူပီပီ xxx မှန်ထူထူလိမ်းပါလို့ xxx စက်ဘီးနဲ့လာ xxx နားတောင်းကျ ရေသီတဲ့xxx"

ဒုတိယရွှေစာရသီချင်း
ဩဘာသောင်း

□

□ နွားကြန်စုံ. . . ခြေကုန်မောင်းတော့ xxx မြေတုန်စောင်းအောင်လှည်းဘီးကလေးက ချာချာလည် xxx မောင့်သူငယ်ချင်းတွေ အလွန်ပင်စတဲ့ xxx ရှင့်မွန်လှရဲ့ နားတောင်းကျချောင်း အတက်ဝယ် xxx ခရီးသွားတော့ သမီးရည်းစားဘဝ ဘာလိုလိုကွယ် xxx အသက်မကြီးသေးပါမောင်ရှယ် xxx ထန်းရွက်ပုတီးလေးဆွဲလို့ xxx ရွှေစာရံကိုအရောက်သွားလို့လည်xxx

တတိယရွှေစာရံသီချင်း
ညီညီဆန်း

□

ဆရာကြီးရွှေဒေါင်းတို့ငယ်စဉ်ကတော့ မန္တလေးကနေ ရွှေစာရံဘုရားပွဲတော်ကို နံနက်အစောကြီး လှည်းနဲ့သွားကြပါသတဲ့။ သစ်ပင်ကြီးတွေလည်းပေါပါသတဲ့။ လယ်ကိုင်းကျောင်းတော်ရာဘုရားက မြန်မာပြည်မှာ ဇရပ်အပေါများဆုံး၊ မန္တလေး ပုသိမ်ကြီးဘက်က ရွှေစာရံဘုရားက ဆည်းလည်းအပေါများဆုံးဖြစ်သည်။ ပွဲစေးလျှောက်ရင်း မောင်ယဉ်အောင် 'ကိုးဆယ်ဆသာလိမ့်မယ်' ပြဇာတ်ထဲက ချင်းစိမ်းကို သတိရမိလိုက်သည်။ သူ့အစ်ကိုက သူပါးရိုက်လို့ နားလေးသွားသည့်အခန်းတွင် ဓာတ်ကူးပြီးကိုယ်ပါမျက်ရည်ကျခဲ့ဖူးသည်။ ကျွဲနဖားတောင်တန်းနှင့်လက်ပံပွင့်နီနီရဲရဲတွေကလည်း လွမ်းစရာ။

ဘုရားပွဲကား လွန်စွာစည်ကားလှပေသည်။ ဗမာတိုင်းရင်းသားတွေသာမက ရှမ်းတိုင်းရင်းသားတွေကိုပါတွေ့နေရသည်။ နယ်ရွာတွေကလည်း လာရောက်ကြသလို မန္တလေး၊ စစ်ကိုင်း၊ အင်းဝ အမရပူရ၊ ပြင်ဦးလွင်၊ တောင်ကြီးလားရှိုးနယ်စုံကလည်း လာကြသည်။ ရွှေစာရံဘုရားပွဲမှာ ထန်းရွက်ပုတီး၊ ထန်းရွက်ရွေးဂါးရုပ်တွေက ကျော်ဆည်ညောင်ဝန်းရွာထွက် နာမည်ကြီးတွေပင်ဖြစ်သည်။ လက်ရာကလည်းမြောက်လှသည်။ မြင်လျှင်လိုချင်စရာ။ ထန်းရွက်ပုတီး၊ ထန်းရွက်ငါးများသည် ရွှေစာရံသက်တော်တွေဖြစ်ပြီး မွဲတော်ပြန်တိုင်း ဝယ်ကြသည်ချည်း ဖြစ်သည်။ နဂါးဘုရားဖူးအသွားအပြန် ဒုဋ္ဌဝတီမြစ်ထစက်လေစီးသူတွေလည်းများလှသည်။ အသွား (၅၀၀)၊ အပြန် (၅၀၀)။ ပွဲရောလည်ရင်း ဧည့်ကမေးဖြစ်သည်။ ပုစွန်ခပေါင်းကြော်(၅၀၀)၊အကောင်ကြီးလှော်(၁၀၀၀)၊ ပုစွန်လုံးကြော်ကြီးတွေ (၁၀၀၀) အနီရောင်ဆေးတွေဆိုးထားသည်။ ထန်းရွက်ငါးရုပ်တွေ အကြီး (၇၀၀)၊ အသေး (၂၀၀)၊ မျှစ်ချဉ်တစ်ပိဿာ (၁၅၀၀)၊ မွှေးခြောက် (၁၀၀၀၀)၊ လောက်သေးတစ်တောင်လောက်အစီးတစ်စီး (၅၀၀) ကင်ပွန်းသီး (၂၅၀၀)၊ ကင်ပွန်းသီးအသေး (၁၅၀၀)၊ နန္တင်းမုန့် (၁၀၀၀၀)၊ ချင်း(၈၀၀) မိသွယ်လင် (၅၀၀)၊ ကြက်သွန်မြိတ် (၃၅၀၀)၊ နန္တင်းတက်အဝါ (၅၀၀၀)၊ ဝိုင်း (၃၀၀၀)၊ မလိုင်ကရေကရာ (၅၀၀၀) စလူမုန့် (၄၀၀၀)၊ ဝါးတောင်ဝေ့း (၅၀၀) ဆေးမြစ်စုံ (၉) တုံးပါ တစ်စီး (၁၀၀၀) ဆင်တုံးမန္တယ် (၅) ချောင်းပါ တစ်စီး (၅၀၀) ဟု ဆိုသည်။

ချင်း၊ မိသွယ်လင်၊ ဆေးမြစ်စုံ၊ နန္တင်းတက်တန်းကတစ်နေတည်းတန်းစီလှူတွေ့ရပါသည်။ ရွှေစာရံဘုရားပတ်လည်ဆိုင်ခန်းတွေများလွန်းလှသည်။ သံကုန်ကြေးကုန်ဆိုင်၊ အထည်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေကိုလည်း တွေ့ရသည်။ ဘုရားပွဲတချို့သိပ်စည်ကားတာတွေ့ရတိုင်း ဘာကြောင့်စည်ကားသလဲဆိုတာတွေးလိုက်မိသည်။ မိမိအထင်တော့ လွတ်လပ်လို့၊ ပျော်ရွှင်ရလို့ စိတ်ထွက်ပေါက်ပေးလို့ဟု ကောက်ချက်ချလိုက်မိသည်။ လူတွေမှာ မွန်းကျပ်ဖိစီးတွေကများလှသည်မဟုတ်ပါလား။ ထွက်ပေါက်တွေက နည်းလှသည်မဟုတ်လား။

ဦးစန္ဒိမာ (ဝင်း

www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်
သမိုင်းဝင် ရွှေဂူနီမြတ်စွာဘုရားတည်ရာ ကျောက္ကာရွာ

ယခုတစ်ခေါက် မန္တလေးသို့ ထွက်လာဖြစ်သည့်ခရီးစဉ်က စာရေးသူအတွက် စိတ်လှုပ်ရှားမိဖြစ်ရသည့် ခရီးစဉ်ပင် ဖြစ်သည်။ မန္တလေးရောက်သည်အထိ မီးရထားဖြင့်လာဖြစ်ခဲ့ရာ တစ်လမ်းလုံးလိုလို အဘိုးဉီးဒိဋ္ဌနှင့် စကားလက်ဆုံကျမိဖြစ်သည်။ အဘိုးဒိဋ္ဌက ဝိဇ္ဇာလမ်းလျှောက်လှမ်နေမှုအတွက် ကျင့်ကြံပွားများ အားထုတ်သမှုပြုနေသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ဦးပင် ဖြစ်သည်။ မြန်မာပြည်တစ်နံတစ်လျားရှိ အောင်မြေမှန်ရာနေရာများသို့အရောက် သွားကာ အဓိဌာန်ဝင်လေ့ရှိသူတစ်ဦး ဖြစ်သည်။ ဘုရားသမိုင်းကြောင်းများ အား အများသူငါ သွားရောက် ဖူးမြော်ကြည်ညိုလိုစိတ်ပေါ် လာအောင်ရေးသား တင်ပြနေသူတစ်ဦးဖြစ်လေရာ မထင်မှတ်ဘဲ ဗိုလ်တထောင်ဘုရားတွင် ဆုံမိဖြစ်ရာက တစ်ဦးအကြောင်းတစ်ဦးသိခွင့် ရခဲ့ကြသည်။ အဘိုးဉီးဒိဋ္ဌက စာရေးသူအား မုံရွာမြို့နယ် ကျောက္ကာ ရွှေဂူနီဘုရားသို့လိုက်ခဲ့ပါရန် ကမ်းလှမ်းလာသဖြင့် ရေးဖော်ရေးဖက်တစ်ဦးဖြစ်သူ ဆရာဇေယျာထက်နှင့်အတူလိုက်ပါလာမိခဲ့ခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း တည်တော်မူသည့် ကျောက္ကာရွှေဂူနီဘုရားသည် ရှေးမြန်မာမင်းများ ခေတ်အဆက်ဆက်ဝယ် အထင်အရှား သိသူများလှသည့် စေတီတော်မြတ်ပင် ဖြစ်သည်။ စေတီတော်မြတ်ကား ပုဂံခေတ်မှ မန္တလေးခေတ်အထိ ထင်ရှားသော ဧရာဝတီမြစ်အနောက်ဘက်ကမ်း စစ်ကိုင်းမြို့နှင့် ပဒုံမြို့ (အလုံမြို့နယ်) ဆက်သွယ်သောလမ်း၏ ခရီးစခန်းနေရာတွင် တည်ရှိပါသည်။ ထိုခရီးစခန်းကား အရှေ့ဘက်၌ ရေဝေတောင်တန်း၊ တောင်ဘက်၌ ကျောက္ကာတောင်တန်း၊ ရွှေမြင့်တင်တောင်တန်းတို့ရှိနေပြီး



www.burmeseclassic.com

www.burmeseclassic.com

ရွှေဂုန်ရုပ်ပွားတော်မြတ် အနီးကပ်ဖူးတွေ့ရစဉ်

ရွှေဂုန်ရုပ်ပွားတော်မြတ် အနီးကပ်ဖူးတွေ့ရစဉ်

ကျောင်းတော်အတွင်း ရုပ်ပွားတော်များ

ရွှေဂုန်ရုပ်ပွားတော်မြတ် အနီးကပ်ဖူးတွေ့ရစဉ်

မြောက်ဘက်တွင် သာစည်တောင်တန်း၊ အင်တိုင်းသစ်တောစသည်တို့ဝိုင်းရံလျက်ရှိသောနေရာပင် ဖြစ်သည်။ အရှေ့မှ အနောက် ခရီးမိုင် (၇၀)၊ တောင်မှ မြောက် မိုင် (၁၅) မိုင်ကျယ်ဝန်းသော သစ်တောကြီး၏ အနောက်ဘက်အဝင် အဝ၌ တစ်ထောက်နားနိုင်ရန် ခရီးစခန်းကြီးတစ်ခုတည်ရှိခဲ့သည်။ ထိုစခန်းကြီးသည် ပဒုံမြို့နယ်မှ စစ်ကိုင်းသို့သွားသော လှည်းကုန်သည်များ၊ မြင်းစီးခရီးသွားများမှာ ထိုစခန်းမှာပင် ရပ်နားလေ့ရှိခဲ့ကြသည်။ ထိုစခန်းနှင့် စစ်ကိုင်းမြို့ကြားတွင် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော သစ်တောဝါးတောကြီးများရှိနေသောကြောင့် ဆင်များ၊ ကျားများ ကျင်လည်ကျက်စားရာတောအုပ်ကြီးတစ်ခုအဖြစ်အထင်အရှားရှိနေခဲ့သည်။ တိရစ္ဆာန်အန္တရာယ်စိုးရိမ်ကြရသဖြင့် ခရီးသွားများ တသီးတသန့် မသွားလာရဲကြဘဲ အုပ်စုဖွဲ့ကာသွားလာခဲ့ကြရသည်။

ထိုသို့ ခရီးသွားများစုဝေးမိရန် စောင့်ဆိုင်းကာ စခန်းချကြလေ့ရှိသော ထိုစခန်းကို ရွှေဂုနိဘုရားမတည်မီက ကျောက္ကာရွာကြီး၏အနီး၌ တည်ရှိခဲ့သောကြောင့် ကျောက္ကာလှည်းစခန်းဟု အမည်တွင်ခဲ့သည်။ ထိုရွာကို အုပ်ချုပ်သော ကျောက္ကာရွာနယ်အုပ်မင်းအား အညီကိုယူကာ တောအုပ်ကိုဖြတ်သန်းသွားလာခဲ့ကြရပြီး ကျောက္ကာနယ်အုပ်မင်းတစ်ပါးက ရွှေဂုနီစေတီတော်မြတ်ကို တည်ထားခဲ့ကြောင်း အဘိုးဒီဗွမြောင်သမျှ နားထောင်နေမိသည်။ ရထားလည်း ယခင်ကလို လှိုင်းမထကြော့အရှိန်မြန်နှုန်းမြင့်မောင်းနေသောလည်း လှုပ်ခါယမ်းခြင်းမရှိသည့်အတွက် အိပ်ပျော်ညက်ညောစွာ စီးနင်းခွင့်ရနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဂူနီရပ်ပွားတော်မြတ်ကျောင်းတော်အဝင်



ကျောက်စာတော်



ပတ်ဝန်းကျင်ရှုခင်းအချို့



ဆင်ဖြူတော်ရုပ်တု (သာလွန်မင်းလက်ထက်တော်)

အဘိုးဒိဗ္ဗ၏ ပြောစကားများကလည်း စိတ်ဆင်စားစရာကောင်းလွန်းနေခဲ့သည်။ ဆရာဇေယျာထက်ကတော့ ခေါင်းလေးတည်တည်တဲ့ဖြင့် အဘိုးဒိဗ္ဗ ပြောပြနေသည့် ရွှေဂူနီစေတီတော်မြတ်တည်ရာ အောင်မြေ၏အခြေခံသမိုင်းကို စိတ်ဝင်စားစား နားထောင်နေရသည်။

ကျောက္ကာရွှေဂူနီစေတီတော်ကြီးကို မြန်မာသက္ကရာဇ် တစ်ထောင်ပြည့်နှစ်တွင် သာလွန်မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သည့်စေတီတော်မြတ်ပင်ဖြစ်သည်။ စေတီတော်မြတ်တည်ထားကိုးကွယ်ခဲ့သည့်နောက်တွင် ဖြတ်သန်းသွားလာကာ လှည်းစခန်းချရပ်နားကြသူတို့က ကျောက္ကာရွှေဂူနီခရီးစခန်းဟု သတ်မှတ်ခေါ်တွင်သမှုပြုခဲ့ကြလေသည်။ ကျောက္ကာရွှေဂူနီခရီးစခန်းမှာ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည်သာမက စိမ်းလန်းစိုပြည်ကာ အေးချမ်းသာယာမှုအပြည့်အဝရှိနေခဲ့သည်။ စမ်းရေထွက်သောသဲဖြူချောင်ရိုးနှင့် ထန်းဇလုတ်မှ စီးဆင်းသော ယမားချောင်းတို့နှင့် နီးကပ်လျက်ရှိနေခဲ့သောကြောင့် ရပ်နားတည်းခိုသမှုပြုကြရာ လှည်းစခန်းအတွက် သောက်ရေသုံးရေအဆင်ပြေခဲ့သည်။ ရှေးမြန်မာဘုရင်သည် ရွှေဂူနီလှည်းစခန်း၌ တစ်ထောင်စားခိုရုံး ကုသိုလ်ကောင်းမှုပြုလေ့ရှိခဲ့ကြလေသည်။ ရွှေဂူနီစေတီတော်မြတ်သည် ကျောက္ကာရွာသား မောင်ဆုအောင်အား သိကြားမင်း ဝင်ရောက် ပူးကပ်ကာ အသောကစေတီတော်ဟောင်းကို ဖော်ထုတ်ညွှန်ပြပြီး တည်ထားသမှုပြုခဲ့သော စေတီတော် ဖြစ်သည်။

ရွှေဂူနီစေတီတော်မြတ်ကြီးအား ဘုဉ် ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး မြန်မာနှစ် ၁၀၀၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့တွင် ထီးတော်တင်နိုင်ခဲ့သည့်စေတီတော်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် ကျောက္ကာရွှေဂူနီစေတီတော်မြတ်ကြီး၏ ပုဒ္ဓဗုဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်ကျော် ၅ ရက်နေ့မှစတင်ကာ (၅) ရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပလေ့ရှိခဲ့ခြင်းပင် ဖြစ်သည်။ ရွှေဂူနီစေတီတော်သည် သိကြားမင်းညွှန်ပြ၍ အသောကမင်းကြီးတည်ထားခဲ့သော စေတီတော်ဟောင်းကို အခြေပြုပြီး ပြန်လည်တည်ထားခြင်းဖြစ်ရာ အုတ်မြစ်မချမီကပင် နေပြည်တော် သာလွန်မင်းတရားရွှေနားတော်ပေါက်ကြားခဲ့ရပြီး ထင်ရှားကျော်ကြားလာခဲ့ရသည့် စေတီတော်ပင်ဖြစ်သည်။ သိကြားမင်းညွှန်ပြ အသောကစေတီ ဌာပနာငုံ ရွှေဂူနီစေတီတော်ဟု လည်းကောင်း၊ ကျောက္ကာရွှေဂူနီ လှည်းစခန်း ဆုတောင်းပြည့် တန်ခိုးကြီး ရွှေဂူနီစေတီတော်ဟု မြန်မာနိုင်ငံရှိ စေတီတော်များသမိုင်းတွင် အထင်ကရရှိနေခဲ့သည်။

သီရိခမ္မာသောကမင်း (စဂ၀၀၀) သော စေတီတော်များတည်ထားသော အချိန်သည် မြန်မာနိုင်ငံတွင် သရေခေတ္တရာမင်းဆက်များ စိုးစံနေသောအချိန်ကာလဖြစ်ရာ ထိုအချိန်၌ ယခု ကျောက္ကာမြောက်ရွာ၏ အနောက်ဘက် မြေပြန့်အရပ်၌ ကျောက်သံမြို့ဟုထင်ရှားသော မြို့တစ်မြို့တည်ရှိခဲ့သည်။ ကျောက်သံမြို့သည် ရောဝတီသလွှာဝတီအကြား မြို့ရွာများစွာ၏အရှေ့အနောက်ဖြတ်သန်းသွားလာသောလမ်းမကြီးတွင် တည်ရှိသည့် ခရီးသွားများခေတ္တနားနေရာစခန်းမြို့ ဖြစ်သည်။ ကျောက်သံမြို့၏ အရှေ့ဘက် သဲဖြူချောင်းအနီးတွင် အသောကစေတီတော်နှင့် အသောကကျောင်းတို့ အထင်အရှားရှိခဲ့သည်။ သာသနာနှစ် ၃၆၀ ခုနှစ်တွင် အသောကအနုသံဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သော မောရိယမင်းဆက်ပျက်သည်းသွား ရလေရာ မင်းအဆက်ဆက် ထိန်းသိမ်းလာခဲ့ကြသည့် ကုသိုလ်တော်များဖြစ်သော ကျောင်းတော်စေတီတော်တို့လည်း ယိုယွင်းပြိုပျက်ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့တော့သည်။

ကျောက်သံမြို့သည်လည်း သရေခေတ္တရာမင်းဆက် (၂၅) ဆက်၊ ပုဂံမင်းဆက် (၄၂) ဆက်မြောက် စုတ္တတေးမင်းတို့အကြားကာလတွင် ကစဉ့်ကလျားဖြစ်ကာ တိမ်းပါးပျက်စီးသွားခဲ့ရသည်။ အသောကစေတီတော်သည်ကား သဲဖြူခြောင်းကမ်းပြိုဖုံးအုပ်ကာ တောင်ကုန်းတစ်ခုအဖြစ်သာ တည်ကျန်ရစ်ခဲ့သည်။ ဤသို့ဖြင့် ကျောက်သံမြို့တွင်တည်ထားခဲ့သော အသောကစေတီတော်၏ ပင်မအခြေခံအကြောင်းရင်းပင် ဖြစ်သည်။ ကျောက်သံမြို့ ပျက်စီးသောအခါ ကျောက်သံမြို့သူမြို့သားအများသည် ကျောက်သံမြို့အရှေ့အရပ်၌ ရွာတည်ထောင်ကြသည်။ ရွာသည် တောင်ကုန်းများ ဝိုင်းရံတည်ရှိနေပြီး ရွာကိုကျောက်တိုင်၊ ကျောက်ပြားကြီးများ စိုက်ထူကာ စည်းရိုးအဖြစ် သတ်မှတ်ထားခဲ့ကြသည့် ရွာပင် ဖြစ်လေသည်။

ထိုသို့ ကျောက်များ စည်ရိုးအဖြစ် ကာရံကာတည်ဖြစ်ခဲ့ကြသဖြင့် ကျောက်ကာ(ကျောက္ကာ)ရွာဟု အမည်တွင်ခဲ့ခြင်းပင်ဖြစ်၏။ သရေခေတ္တရာလက်ထက်ကပင်တည်ရှိနေခဲ့သော ကျောက္ကာရွာမှာ စစ်မက်ကင်းရှင်းရာနေရာတစ်နေရာဖြစ်ခဲ့သောကြောင့် အချို့မြို့ရွာများပျက်စီးပြောင်းလဲခြင်းများ ဖြစ်ကြသော်လည်း ခေတ်အဆက်ဆက် အေးချမ်းစွာ ယိုယွင်းပျက်စီးမှုမရှိဘဲ ခိုင်မာစွာရပ်တည်နိုင်ခဲ့သည့်ရွာပင်ဖြစ်သည်။ ရွာအုပ်စု၏ အကြီးအကဲအရာရှိကိုလည်း ကျောက္ကာရွာမှာ ထားရှိခဲ့လေရာ ကျောက္ကာရွှေဂူနီဘုရားကျောက်စာ၌ ကျောက္ကာမင်းဟု သုံးနှုန်းထားသည်ကို တွေ့ရသည်။ ကျောက္ကာရွာသည် သရေခေတ္တရာခေတ်နောက်ပိုင်းတွင် အညတရရွာငယ်အဖြစ်သာ တည်ရှိခဲ့သော်လည်း သာသနာတော်နှစ် ၁၅၆၆၊ ကောဇာနှစ် ၃၆၄ ခုနှစ် ပုဂံပြည့်ရှင် အနော်ရထာမင်းလက်ထက်၌တွင်းကား ထင်ရှားသော ရွာတစ်ရွာအဖြစ် ရပ်တည်လာခဲ့သည်။

သာသနာနှစ် ၁၉၄၇၊ ကောဇာသက္ကရာဇ် ၇၆၂ ပထမအင်းဝမင်းဆက် (၄) ဆက်မြောက် ဘုရင်မင်းခေါင်ကြီး ထီးနန်းတက်ခဲ့သည်။ ထိုမင်းလက်ထက်တွင် ကျောက္ကာရွာကို ရှေးကကဲ့သို့ ကျေးရွာအုပ်စု၏ ပဓာနရွာအဖြစ် သတ်မှတ်ကာ အုပ်ချုပ်သူအဖြစ် ကျောက္ကာမင်းကိုလည်း ထားရှိခဲ့သည်။ ထိုအချိန်ကပင် ကျောက္ကာမင်းသည် အသောကစေတီကုန်းကို ရှင်းလင်းတာတစ်ဝလိုက်ဂူဖြင့် စေတီတော်တည်ထားခဲ့သည်။ စေတီတော်ကို ကျောက္ကာရွှေဂူနီဘုရားဟုဘွဲ့တော်တွင်စေခဲ့သည်။ စေတီတော် တည်ထား ကိုးကွယ်နေခဲ့ကြာမှ နှစ်ပေါင်း ၁၃၂ နှစ်ကြာသည်တွင် သိုဟန်သွားမင်းတက်လာသည်တွင်

ရင်ပြင်တော်မြင်ကွင်းတချို့

ရွှေကျောက်စာအဝိုင်းအစများ

အဓိဋ္ဌာန်ပြုရာကျောက်တုံးများ

www.burmeseclassic.com

www.burmeseclassic.com

ပြည်ရွာပျက်စီးကာ သာသနာတော်ညီးနွှမ်းမှေးမှိန်သွားခဲ့ရာ ကျောက်ကွာရွှေဂူနီစေတီတော်သည်လည်း ပြိုပျက်ကာ ညောင်နပဲသစ်ပင်များအကြားညှပ်လျက်သားရှိနေခဲ့တော့သည်။

သက္ကရာဇ် ၉၉၈ ခုနှစ်တွင်တော့ ကျောက်ကွာရွာ၌ ထူးခြားဆန်းကြယ်လှသည်ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ ကျောက်ကွာရွာတွင်နေသည့် နွားကျောင်းသား မောင်ဆုအောင်အား သိကြားမင်းက ဝင်ရောက်ပူးကပ်ကာ အံ့ဖွယ်ကောင်းသောစကားပြောကြားခဲ့လေရာ ဘုရင့်နှုန်းတော်ပေါက်ကြားသွားခဲ့သည်။ ကျောက်ကွာရွာရှိ ဆရာတော်သံဃာတော်များ ရပ်ရွာသူရွာသားများ နွားကျောင်းသားမောင်ဆုအောင် ပြောပြချက်အတိုင်း ရှာဖွေကြရာ ပြိုပျက်နေသည့် စေတီတော်အဟောင်းကို တွေ့ကြရသည်။ ပြန်လည်တည်ထားပြီးနောက် ရွှေဂူနီဘုရားတော်ပေးရခြင်းမှာ လိုဏ်ဂူပါသောကြောင့် ရွှေကပ်၍ ရွှေဂူနီဘုရားဟုခေါ်ဝှေ်ခြင်းပင် ဖြစ်သည်။ ရွှေဂူနီစေတီတော်မြတ်ကြီးကို ဂန္ဓမာနတောင်၌ ပစ္စကဗုဒ္ဓါအရှင်သူမြတ်တို့ သီတင်းသုံးတော်မူရာ ပတ္တမြားဂူတောင်ရှည်ရွှမ်း၍ ဟသ်ပဒါးသုတ်ရာဖြစ်၍နေသောကြောင့် ရွှေဂူနီဟူ၍ တွင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ထိုင်းကြီးငါးပါး စဉ်ဆက်မပြတ် ရောက်လျက်ရှိနေသောကြောင့် ကျောက်တန်ခိုးကြီးလှပါသည်ဟု ရွေးမြို့များနှင့် ဝိဇ္ဇာလမ်းလျှောက်လှမ်းသော အနယ်နယ်အရပ်ရပ်ရှိ စေတီတော်ဖူးထံပါးသို့ အရောက်သွားကာ အမြဲတန်ဝင်နေကြသည့် သူတော်စင်ကြီးလောင်းအပေါင်းတို့ ပြောစကားများအရ သိရပါသည်။

မြန်မာနှစ် ၁၂၆၀ ပြည့်နှစ်တွင် ပြင်းထန်လှသော လျော်ဒဏ်ကြောင့် စေတီတော်မြတ်ကြီး ထီးတော်ပြတ်ကျခဲ့သည်။ ထီးတော်သည် ချရားသီးကစတင်ကာ ကွဲအက်ပျက်စီးသွားခဲ့ခြင်းပင်ဖြစ်သည်။ ထိုအချိန်မှာပင် ကျောက်ကွာတောင်ဖီလာဆရာတော်နှင့် လူကြီးများဖြစ်ကြသည့် ဦးစံရှိန်၊ ဦးပြန့်တို့အား ညတွင်းချင်း တစ်ချိန်တည်းမှာပင် စေတီတော်မြတ်ကြီးက အိပ်မက်ပေးခဲ့သည်။ အိပ်မက်က ထူးခြားလှသဖြင့် တအံ့တသြဖြစ်မိကြကာ စေတီတော်မြတ်ကြီးပေးသည့်အိပ်မက်အတိုင်းပင် ပြန်လည်မွမ်းမံတည်ထားဖြစ်ကြသည်။ အိပ်မက်မှာ ပြင်လျှင် ဖောင်းရစ်အထိသာဖျက်၊ သပိတ်မှောက်မဖျက်နှင့်ဟူ၍ပင် ဖြစ်သည်။ စေတီတော်မြတ်၏ ဘုဒ္ဓပူဇနိယပွဲတော်ကိုမူ သာလွန်မင်းတရားကြီး လက်ထက်တော်ကစခဲ့သည့် ကဆုန်လပြည့်ကျော် ၁ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ကြသည်။

ရွှေဂူနီစေတီတော်မြတ်ကြီးသည် အံ့ဖွယ်ကိုးပါးနှင့်ပြည့်စုံသည်။ စေတီတော်သည် မြေပြင်မှ စိန်ဖူးတော်အထိ (၇၂)တောင်အမြင့်ဆောင့်လျက် တည်ရှိနေသော်လည်း ဖူးမြင်ရသူတို့အမြင်တွင် နိမ့်နိမ့်လေးပါးပါးဟု ထင်မြင်ရကြသည်။ ရွေးမင်းအဆက်ဆက် စဉ်ဆက်မပြတ် ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ စေတီတော်မြတ်ဖြစ်သည့်အပြင် လာရောက်အဓိဌာန်ဝင်ကြသူအပေါင်း အဓိဌာန်အောင်မြင်ကြသူများလှသဖြင့် စေတီတော်မြတ်အတွင်း သီတင်းသုံးနေတော်မူသည့် ဆင်းတုတော်မြတ်ကြီးသည် ရွှေသားအတိဖြစ်နေပြီပင်ဖြစ်သည်။ ရွေးမင်းအဆက်ဆက်နှင့် အဓိဌာန်အောင်မြင်သူများက ရွှေဆိုင်းရွှေသက်နန်းများ ဆက်ကပ်သမ္မုပြုကြခြင်းကြောင့်ပင် ဖြစ်သည်။ စေတီတော်မြတ် ရင်ပြင်တော်လှည့်ပတ်ကြည်ညိုနေမိစဉ်မှာပင် ဆရာဇေယျာထက်က မှတ်တမ်းရေးထိုးထားသည့်နေရာကို လက်ညှိုးညွှန်ပြသဖြင့် ကြည့်မိဖြစ်သည်။ ရွှေဂူနီစေတီတော်မြတ်မှာ ဖိနပ်တော် (၃၄)တောင်၊ အမြင့် ချရားသီးအထိ (၅၁) တောင်၊ ထီးတော်စိန်ဖူးတော်အထိ (၂၁) တောင်ဖြင့် စုစုပေါင်း (၇၂) တောင် ဘဏ်တော်မြင့်ရှိသည် ဟူသည့် မှတ်တမ်းပင်ဖြစ်သည်။

စေတီတော်မှ အပြန်ခရီးကိုမူ မုံရွာမြို့ ကျောက်ကွာလမ်းအတိုင်း ပြန်လာမိဖြစ်သည်။ အပြန်ခရီးတွင် ထနောင်းဝန်းရွာရှိ လူသိများနေသည့်ရှေးကျသောသစ်ပင်ကြီးထံ ဝင်ရောက် လေ့လာရင်းခရီးတစ်ထောက်နားဖြစ်သည်။ ထိုသစ်ပင်ကြီးမှာ ဂန္ဓိရဆန်သောသစ်ပင်ကြီးတစ်ပင်ဖြစ်သည်ဟု အနီးပတ်ဝန်းကျင်ရွာရှိ ရွာသူရွာသားများသိထားခဲ့ကြသည့် ရှေးဟောင်းသစ်ပင်ကြီးပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ သိကြားညွှန်ပြ၍ ပေါ်ထွန်းဖြစ်တည်လာခဲ့သည့်ရွှေဂူနီမြတ်စွာဘုရားထံတော်ပါး အရောက်သွားကာ ဖူးမြော်ရင်း လိုရာဆုပန်ကြမည်ဆိုပါက လွန်စွာဆုတောင်းပြည့်ဝသည်ဟုသိခွင့်ရခဲ့ပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်ကွာရွာတွင် တည်တော်မူသည့် ရွှေဂူနီမြတ်စွာဘုရားထံပါးအရောက်သွားကာ ဆုဖန်ခိုင်ကြစေရန် ရည်သန်ကာ ရေးသား တင်ပြလိုက်ရခြင်း ဖြစ်သည်။

မြတ်ဗုဒ္ဓသာသနာ
ရောင်ဝါနေသို့လင်းစေသော်

အောင်သာကျော်

www.burmeseclassic.com

www.burmeseclassic.com

ရဲမြတ်တင်
(အမျိုးသားစာပေဆု)

ဖြတ်ပြီဆို ပြတ်နိုင်ပါမှ

'ကမောင်း' တောင်တန်းက ရိုးမ အရှေ့ဖျားတွင် တည်ရှိသည်။ ထိုတောင်ကိုပင် အချို့က 'စောညီတောင်' ဟုလည်း ခေါ်ကြသေးသည်။ ထိုတောင်တန်း၏အခြေတွင် ကျယ်ဝန်းပြန့်ပြူးသောချိုင့်ဝှမ်းလွင်ပြင်ကြီးရှိသည်။ မြေဩဇာထက်သန်ပြီး စိမ်းလန်းသော ထိုဒေသကိုအမှီပြု၍ များစွာသောကျေးရွာများက ဖွဲ့စည်းလျက်ရှိသည်။ ယင်းတို့အနက် တောင်ဝဲလှနှင့် မြောက်ဝဲလှ အမည်ရှိ ကျေးရွာကြီးနှစ်ရွာမှာ ထင်ရှားသည်။ တစ်ချိန်က မြေပိုင်ရှင်များကြီးစိုးခဲ့ရာဒေသဖြစ်ပြီး လက်ရှိတွင်လည်း ထိပ်တန်းတောင်သူကြီးများ၊ စက်ပိုင်ရှင်များ၊ ပွဲစားကြီးများ အစရှိသည့် ချမ်းသာကြွယ်ဝသူတို့ အများအပြား အခြေချနေထိုင်လျက်ရှိသည့် ရပ်ဝန်းတစ်ခုဖြစ်သည်။

ဦးအုန်းသော်နှင့်ဒေါ်ခင်လှ။

သူတို့က တောင်ဝဲလှ၏ ထိပ်တန်းလူကုံထံများဖြစ်ကြသည်။လယ်မြေချည်းဧက (၃၀၀) လောက် ပိုင်ဆိုင်သည်။ လယ်ထွန်စက်ကဲ့သို့ ခေတ်မီစက်ကိရိယာပေါင်းများစွာ၊ ကွဲ့။ နွားနှင့်သီးနှံသိုလှောင်ရုံပေါင်းများစွာ၊ လက်ရုံးလုပ်သားပေါင်းများစွာကိုလည်း ပိုင်ဆိုင်သည်။ သူတို့တွင် သားသမီး (၆) ယောက်ရှိသည်။ အားလုံးဘွဲ့ရပညာတတ်တွေဖြစ်ကုန်ကြပြီ။ ပြီးတော့ အိမ်ထောင်တွေလည်း အားလုံးကျကုန်ကြပြီ။ ကြီးမားသော တိုက်အိမ်ကြီးတွင် သူတို့လင်ကိုယ်မယား နှစ်ယောက်သာလျှင် တစိမ်းတရံဆံများကို အခြွေအရံပြုလျက် နေထိုင်နေကြသည်။

တစ်ခါတစ်ရံတော့လည်း သူတို့လင်မယားက လောကီအာရုံများများစားစား ငြီးငွေ့မိကြသည်။ သူတို့အမစားဘူးတာ၊ မဝတ်ဘူးတာ၊ မခံစားသုံးတာဟူ၍ဘာမှမရှိတော့။ ပူပန်ကြောင့်ကြစရာဟူ၍လည်း လတ်တလောဘာမှမရှိ။ ရှေ့ကိုလည်းရှိလာဖို့မမြင်။ အားလုံးပြည့်စုံလျက်ရှိသည်။ စင်စစ် ထိုပြည့်စုံနေခြင်းကပင် လောကီအရသာမှန်

www.burmeseclassic.com

www.burmeseclassic.com

သမျှ ကုန်ခန်းသွားခြင်းဖြစ်ရာ ထိုကွက်လပ်၌ ငြီးငွေ့မှုက နေရာဝင်ယူလာခဲ့ခြင်းပင် ဖြစ်တော့သည်။

လူဘဝ၏အဓိပ္ပာယ်သည် ဤမျှ သာလော။

သူတို့အတွက် အလိုအလျောက် ပေါ်ပေါက်လာသောမေးခွန်း ဖြစ်သည်။ သို့သော်ငြား သူတို့ကလည်း ခေသူများတော့ ဟုတ်ကြပါ။ ထိုမေးခွန်း၏ အဖြေကို သိတန်သလောက် သိရှိကြပြီးဖြစ်သည်။ လူစည်းစိမ်ထက် နတ်စည်းစိမ်က ပိုမိုသည်။ နတ်ချမ်းသာထက် ဗြဟ္မာ့ချမ်းသာက ပိုမိုသည်။ ချမ်းသာအားလုံးထက် တရားဓမ္မချမ်းသာက ပိုမိုသည်၊ သာလွန်သည်။ ဒါကို သူတို့သိပြီးသားဖြစ်သည်။ ခက်နေသည်မှာ အသိရှိသလောက် တကယ်မလုပ်နိုင်၊ မကျင့်နိုင်သေးခြင်းပင် ဖြစ်သည်။ သူတို့က အကြောင်းအမျိုးမျိုးဖြင့် သိရုံသက်သက်ထက် မပိုနိုင်ဘဲဖြစ်နေ၏။ တစ်နည်းအားဖြင့် ငြီးငွေ့မှုကို ပြေပျောက်စေနိုင်သော 'အရသာသစ်' ကို မရှာဖွေနိုင်ဘဲဖြစ်နေသည်။

တစ်နေ့မှာတော့ ငြီးငွေ့မှုကို သည်းမခံနိုင်တော့သည့်အဆုံး လင်မယားစုံယောက် ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ခဲကြသည်။ သူတို့အတွက် အလှူကြီးအတန်းကြီးတွေကိုလည်း များစွာပြုဖူးခဲ့ကြပြီ။ သီတင်းသီလကိုလည်း အကြိမ်ပေါင်းမရေတွက်နိုင်အောင်ဆောက်တည်ခဲ့ဖူးပြီ။ သို့ငြား ဤခေတ်က ဝိပဿနာခေတ်ဖြစ်၏။ဝိပဿနာအသံ၊ ဝိပဿနာလှုပ်ရှားမှုများကို နေရာတကာမှာ ကြားနေမြင်နေရသည်။ ဤဝိပဿနာရေးကြောင်းကြီးအတွင်း ပါဝင်စီးမျှောရခြင်းဖြင့် မည်သူအကျိုးရှိသွားကြသည်ကိုတော့ သူတို့မသိ။ သို့သော် ကိုယ်တိုင်စမ်းလိုက်ရဘဲ၊ ကိုယ်မပါလိုက်ရဘဲ ဘေးရောက်နေရသည့်အဖြစ်ကတော့ လားလားမှမဖြစ်သင့်ဟု သူတို့တွက်ဆသည်။

အဆိုပါအချက်က ယေဘုယျအကြောင်းပြချက်မျှသာ ဖြစ်သည်။ ပရောနအချက်မှာ သူတို့မြည်းစမ်းလိုသည့် 'ချမ်းသာသစ်' ကို ရရှိရေးပင် ဖြစ်ဆဲဖြစ်သည်။ ဤအချက် မလွယ်ကူမှုနှင့်၊ ခက်ခဲမှုနှင့်ပင် သူတို့က သိထားပြီးဖြစ်ပြန်သည်။ တော်ရိလျော်ရိအားထုတ်ရုံနှင့် တရားတွေ့ဖို့မလွယ်၊ ဖိဖိစီးစီးအားထုတ်နိုင်ပါမှ အောင်ပွဲနှင့် နီးစပ်နိုင်မှန်း သူတို့သိပြီးဖြစ်သည်။

ဤမှာပင် လင်မယားနှစ်ယောက်တိုင်ပင်ခန်းက ဝေဝေဖါးဖါးဖြစ်စရာတွေ ဆုံးဖြတ်ချက်ချဖို့ ခက်ခဲတာတွေနှင့် ကြုံလာရတော့သည်။ တရားကို ထိထိရောက်ရောက် အားထုတ်ချင်တာတော့ မှန်သည်။ တကယ်ထိရောက်အောင် မည်သည့်ပုံစံဖြင့် အားထုတ်မည်နည်း၊ မည်သို့အားထုတ်ခြင်းက ပိုထိရောက်သနည်း စသဖြင့် လျှောက်သင့်သည့်လမ်းကို မရွေးချယ်နိုင်ဘဲဖြစ်နေကြသည်။ သို့လောသို့လောဖြင့် ဒွိဟတွေဖြစ်နေကြသည်။

သို့နှင့် လင်မယားနှစ်ယောက်ကကမောင်းတောင်ခြေရှိ သူတို့ကိုးကွယ်သည့် တောရဆရာတော် ဦးကုဏ္ဍလထံသို့ ရောက်ရှိသွားကြသည်။ ဤတစ်ကြိမ် ဆရာတော့်ရှေ့မှောက်ဝင်ရောက်ရခြင်းမှာ ယခင်အခါများကလို ဒါနမှု၊ သီလမှု မျှမဟုတ်ဘဲ ထို့ထက်အရေးကြီးသော ဘာဝနာအမှုဖြစ်နေသည်ကို အထူးဆိုဖွယ်မလိုတော့ပါ။

❑

ဆရာတော်ဦးကုဏ္ဍလက တောရသမားပီပီ ပဋိပတ္တိဘက်ကိုသာ အလေးပေးပြီး ဖြည့်ကျင့်နေသူ ဖြစ်သည်။ ပြီးတော့ ဦးကုဏ္ဍလက သဘောသဏ္ဌာရကောင်းမွန်သည်၊ ဘာမဆို စိတ်ရှည်သည်၊ ပျော့ပျောင်းသည်။ ဤအချက်များကို နှစ်သက်၍လည်း ဦးအုန်းသော်တို့က ဆရာတော့်ကို ကံထပ်မင်္ဂလာပြုပေးပြီး ပစ္စည်းလေးပါးဒါယကာများအဖြစ် ခံယူထားခဲ့ကြခြင်း ဖြစ်သည်။

ဦးအုန်းသော်က ဆရာတော့်အားစိတ်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်းပင် လျှောက်ထားလိုက်သည်။ ဒေါ်ခင်လှကလည်း တစ်ချက်တစ်ချက်တွင်ဝင်ရောက်လျှောက်ထားသည်။ ဆရာတော်က ဂရုတစိုက်နားထောင်သည်။ သူတို့လိုလားချက်များ အကြမ်းဖျင်းခြုံငုံမိအောင် လျှောက်ထားပြီးပြီဆိုတော့မှ ဆရာတော်က စတင်မိန့်ကြားသည်။

"ဩော် - ခုလိုလျှောက်ထားချက်အရဆိုရင်တော့ ဒကာကြီးတို့က တရားအလုပ်ကို တကယ်ဇောက်ချပြီးလုပ်တော့မယ်လို့ ဆုံးဖြတ်ထားတဲ့သဘောပေါ့။ ဟုတ်လား ဒကာကြီး"

"မှန်ပါ ဘုရား၊ ဒီအတိုင်းပါပဲ။ နှစ်ယောက်စလုံး အဲဒီအတိုင်း ဆုံးဖြတ်ထားကြပါတယ်။ ဒါကြောင့် လုပ်မယ့်လုပ်လည်း သူများယောင်လို့ ကိုယ်လိုက်ယောင်တာမျိုး မဖြစ်ကြရလေအောင်၊ တကယ်အကျိုးရှိအောင် လုပ်ချင်တယ်ဘုရား။ ဒါနဲ့ သင့်လျော်မယ့် အကြံဉာဏ်ကို ဆရာတော့်ဆီမှာ တောင်းခံဖို့ တပည့်တော်တို့ထွက်လာခဲ့ကြတာဘုရာ"

ဆရာတော်က ပြန်နှုတ်ဆိတ်သွားသည်။ မျက်လုံးကိုမှိတ်၍ စဉ်းစားဟန်ပြုသည်။ ပြီးတော့မှ -

"အင်း-တကယ်ထိရောက်အောင် အားထုတ်ချင်တယ်ဆိုတော့ တကယ်ထိရောက်တဲ့နည်းလမ်းကိုပဲ ညွှန်ပြရမှာပေါ့လေ။ တိုတိုပဲပြောလိုက်မယ်ဗျာ။ တရားကိုမှ တကယ်လိုချင်တယ်ဆိုရင် အဟုတ်လုပ်မှဖြစ်မယ်။ ဒီတော့ ဘယ်လိုလုပ်ရမလဲဆိုတော့ ဖြတ်စရာရှိတာကို အကုန်လုံးဖြတ်ရမယ်။ စည်းစိမ်ဥစ္စာတို့၊ သားသမီးတို့၊ ဆွေမျိုးသားချင်းတို့ အစရှိတဲ့ တွယ်တာတတ်တဲ့ အရာမှန်သမျှ အကုန်လုံး ဖြတ်တောက်ပစ်ရမယ်။ နောက်ဆုံး လင်မယားသံယောဇဉ်ကိုဖါ အပြီးဖြတ်တောက်ပြီး ဒကာကြီးတို့ သီးခြားစီအားထုတ်ရမယ်။ ကိုင်း - ဒီလို ဆိုရင် ဒကာကြီးတို့လုပ်နိုင်ပါ့မလား"

ဆရာတော့် မေးခွန်းအဆုံးတွင် ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ပြီးတော့မှ ဒေါ်ခင်လှက တွေးတွေးဆဆဖြင့် လျှောက်ထားလိုက်သည်။

"အဲဒီ သံယောဇဉ်တွေ ဖြတ်ရေးမဖြတ်ရေးနဲ့ပတ်သက်လို့ပဲ တပည့်တော် လျှောက်ထားချင်ပါတယ်ဘုရား။ တပည့်တော့်ကြားဖူးပါတယ်။ ဟိုတုံးက သာဝတ္ထိပြည်မှာ တချို့က ထမင်းချက်ရင်း၊ တချို့က ပုခက်လွဲရင်း၊ တချို့က ဇာဟိရလုပ်ကိုင်ရင်း မင်္ဂဗာဇ်ဖိုလ်ဘာဇ်ရသွားကြတဲ့သူတွေ မနည်းပါဘူးတဲ့။ ဒါကြောင့် အဲဒီဥပမာကိုယူပြီး ဆရာတော်တချို့ကလည်း ဟောထားတာတွေရှိပါတယ်။ တရားဆိုတာ တောထွက်ပြီး အားထုတ်နိုင်မှမဟုတ်ဘူး။ ကိုယ့်အိမ်မှာပဲ ပုံမှန်အတိုင်း နေရင်းထိုင်ရင်း၊ လုပ်ရင်းကိုင်ရင်းနဲ့ တရားကို နှလုံးသွင်းသွားရင်လည်းဖြစ်တာပါပဲတဲ့။ တပည့်တော် အဲဒါကို လျှောက်ထားချင်တာပါဘုရာ"

ဒေါ်ခင်လှ၏ စကားဆုံးဆုံးချင်း ဦးအုန်းသော်က ခပ်သွက်သွက်လျှောက်ထားလိုက်ပြန်သည်။

တပည့်တော်ကိုလည်း ဓမ္မမိတ်ဆွေတချို့က ပြောကြတယ်ဘုရာ။ တရားဆိုတာ တစ်ခါတည်း ဖောင်ဖွာပြီး တရစပ်တွန်းအားထုတ်မှမဟုတ်ပါ

www.burmeseclassic.com

ဘူးတဲ့။ နေ့စဉ်ပုံမှန်အတိုင်း အားထုတ်ပြီး ဖြည့်ဆည်းသွားလည်း တစ်နေ့မှာတော့ ပြည့်ဝတဲ့အဆင့်ကို ရောက်သွားနိုင်တာပါပဲတဲ့။ ဥပမာအားဖြင့် လယ်ကွက်တွေထဲကို ရေသွင်းသလိုပေါ့တဲ့။ တစ်နေ့ကို လယ်တစ်ကွက်နှုန်းနဲ့ မှန်မှန်ရေသွင်းသွားရင် လယ်ကွက်တစ်ရာပဲရှိပါစေ၊ ရက်တစ်ရာပြည့်တာနဲ့ အားလုံးရေသွင်းပြီးသား ဖြစ်သွားမှာပေါ့တဲ့ဘုရာ့"

သမီးခင်ပွန်းနှစ်ဦးတို့၏ လျှောက်ထားချက်များ ပြီးဆုံးသည်နှင့် ဆရာတော်က သဘောကျစွာပြုံးလိုက်သည်။

"အင်း- ဒကာကြီးတို့က တကယ် အလုပ်လုပ်ချင်တယ်လို့လည်းပြောတယ်။ လမ်းမှန်ကို ညွှန်ပြပေးပြန်တော့ စွေးကဆစ်ချင်လာကြပြန်တယ်နဲ့တူတယ်။ အေးလေ-တကယ်ရိုးရိုးသားသားသိချင်စိတ်နဲ့ မေးလျှောက်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒီတော့ ကျွပ်ကတိတိကျကျ ခွဲခြားပြီး ရှင်းပြပေးပါ့မယ်။ ဒကာကြီးတို့က သေသေချာချာနားစိုက်ကြပေါ့။ ပြီးတော့ ကျွပ်ပြောတဲ့အတိုင်း ယူတာ၊ မယူတာကလည်း ဒကာကြီးတို့အပိုင်းပေါ့ဗျာ။

အဟမ်း-ဒီလိုဗျ။ မည်သူတမ်းပြောကြကြေးဆိုရင် စောစောက ဒကာကြီးတို့ပြောခဲ့တဲ့စကားတွေဟာ တရားနဲ့ပတ်သက်ပြီး ဆင်ခြေဆင်လက်များတဲ့သူတွေ၊ စွေးဆစ်ချင်တဲ့သူတွေရဲ့ လက်သုံးစကားမျိုးသာဖြစ်တယ်ဗျ။ ဘာကြောင့် ကျွပ်က ဒီလိုပြောရသလဲဆိုရင် ခေတ်တွေကပြောင်းခဲ့ကုန်ပြီဗျ။ သစ္စာ၊ မေတ္တာတွေ အစွမ်းကုန်ထွန်းကားတဲ့ ဗုဒ္ဓလက်ထက်တော်တုန်းကတော့ ဒကာမကြီးဒေါ်ခင်လှပြောသလို ပုခက်လွှဲရင်း၊ ထမင်းချက်ရင်း တရားထူးရသွားတဲ့သူတွေ အများကြီးရှိနိုင်တာပေါ့ဗျာ။ သူတို့က ဗုဒ္ဓရဲ့ဝေနေယျတွေကိုး။ ကျွတ်တမ်းဝင်ဖို့အတွက်ကို ဇမ္ဗူဒီပ်မှာလာပြီးစုဝေးနေကြတဲ့သူတွေကိုး။ ဒီတော့ သူတို့က ရင့်မှည့်နေတဲ့သစ်သီးလိုပေါ့။ တို့လိုက်ထိလိုက်တာနဲ့ကြွေတော့တာပေါ့။ တရားကို ဘယ်ပုံဘယ်နည်းနဲ့ပဲအားထုတ်ထုတ် တန်းပြီးမင်္ဂဆိုက်သွားကြတော့တာပေါ့။

အဲဒီခေတ်ကကုန်သွားတာကြာပြီဗျ။ အခုခေတ်က အဲဒီခေတ်မဟုတ်တော့ဘူး။ တော်ရုံတန်ရုံအားထုတ်ရုံနဲ့ တရားရနိုင်တဲ့ခေတ် မဟုတ်တော့ဘူး။ အခုခေတ်က နေယျခေတ်။ တစ်ခါနေယျခေတ်မှာမှ ဒုက္ခပဋိပဒာဒန္ဓာဘိညာဆိုတဲ့ ပုဂ္ဂိုလ်တွေပဲများတယ်။ သူကဒုက္ခဝေဒနာ

နဲ့ရင်းပြီး ပင်ပင်ပန်းပန်းလည်းကျင့်ရတယ်။ မဂ်ဉာဏ်ကိုလည်း လွယ်လွယ်နဲ့ မရနိုင်၊ မရောက်နိုင်ဘူး။ ဒီတော့ ဒကာမကြီးဒေါ်ခင်လှအနေနဲ့ မိမိအယူကို စွန့်လွှတ်လိုက်ပါလို့ပဲ ကျွပ်က တည့်တည့်ပြောချင်တယ်။

နောက်တစ်ခါ ဒကာကြီးရဲ့အယူကလည်းမှားနေပြန်တာပဲ။ တရားဆိုတာ စုဘူးထဲမှာ ပိုက်ဆံထည့်စုသလိုမျိုး နည်းနည်းချင်းစုသွားလို့ရတာမျိုးမှမဟုတ်ဘဲဗျ။ တစ်နေ့ကို မနက် (၁) နာရီ၊ ည (၁) နာရီအားထုတ်မယ်။ (၁၀) ရက်ဆိုရင် နာရီ (၂၀)၊ ရက်(၁၀၀)ဆိုရင် နာရီ (၂၀၀) စသဖြင့် အားထုတ်ချိန်တွေများလာတာနဲ့အမျှ တရားကလည်းပြည့်ဝလာလိမ့်မယ်လို့ ဘယ်ဆိုနိုင်ပါ့မလဲ။ တရားထူးရချင်လာပြီဆိုရင် သံဝေဂဉာဏ်က အခိုက်အတန့်တစ်ခုအတွင်းမှာပဲ တရကြမ်းလှုံ့ဆော်လာတတ်တာပဲ။ အဲဒီလှုံ့ဆော်လာတဲ့ အခိုက်အတန့်ကို လက်လွတ်မခံဘဲ အပူတပြင်းကြိုးစားရအားထုတ်ရတဲ့သဘောပဲ။ သံဝေဂဉာဏ်ဆိုတာ ဘယ်ကလာအကြောကြီးတည်တဲ့နေလိမ့်မလဲ။ သူပေါ်လာတဲ့အခိုက်မှာ မိအောင်ရိုက်ဖို့က ယောဂီရဲ့တာဝန်ပေါ့။ တချို့များ အရဟတ္တဖိုလ်ရောက်နိုင်တဲ့ ဥပနိဿရည်းနဲ့ ပြည့်စုံပါလျက် အားမထုတ်လိုက်မိလို့ ပုထုဇဉ်ဘဝနဲ့သာ ဇာတ်သိမ်းသွားရတဲ့ရာဇဝင်တွေ ဒကာကြီးမကြားဖူးဘူးလား။

ဒီတော့ ဒကာကြီးသိအောင် ကျွပ်ပြောလိုက်မယ်။ ဒီဘဝ ပါရမီဖြည့်ရဲ့သက်သက်ပဲဆိုရင်တော့ မပြောလိုဘူး၊ တစ်ခါတည်း ပုထုဇဉ်ကြီးဖြတ်ပြီး ပကတ်သာဝကအဖြစ်နဲ့ ကျွတ်တမ်းဝင်ချင်တယ်ဆိုရင်တော့ စောစောက ဒကာကြီးပြောသလို တရားကိုအချိန်ဆွဲပြီးနည်းနည်းချင်း၊ ဖြည်းဖြည်းချင်းလုပ်နေလို့ မဖြစ်ဘူးဆိုတာဘဲ။ အဲဒါသာမှတ်လိုက်ပေတော့"

ဆရာတော်စကားဆုံးသွားသည်နှင့် ဦးအုန်းသော်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ ဒေါ်လှခင်ကတော့ အသံတိတ်ပြီးငြိမ်နေသည်။ တစ်အောင့်လောက်ကြာတော့မှ ဦးအုန်းသော်က ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် -

"ဒါဆို အဖြေက ရှင်းနေပါပြီဘုရာ့။ တကယ် တရားလိုချင်ရင် တရားကလွဲပြီး ဘယ်အာရုံမှမရှိရဘူး။ တရားအာရုံကိုသာ ဒီဘဝနဲ့ ဒီအလုပ် ငုတ်ရိုက်ထားသလိုစွဲစွဲမြဲမြဲစူးစိုက်နေရမယ်။ အလိုစူးစိုက်နိုင်အောင်လည်း တွယ်ငြိတတ်တဲ့ သံယောဇဉ်မှန်သမျှကို အပြတ်ဖြတ်ထားခဲ့ရမယ်လို့ဆိုလိုလိုက်တဲ့သဘောပဲ"

"အမှန်ပေါ့ဗျာ၊ ဥပမာအားဖြင့် အာဇာနည်ရဟန်းတော်တချို့ကိုကြည့်ပါ။ ကိုယ်ပိုင်ပစ္စည်းရယ်လို့ သပိတ်တစ်လုံးနဲ့ သင်္ကန်းသုံးထည်လောက်ကိုသာ အပ်ယူပြီး တောထွက်သွားလိုက်ကြတာ။ ရောက်တဲ့နေရာဆွမ်းခံစား တွေ့တဲ့သစ်ပင်အောက် တရားထိုင်ပြီး ဓုတင်ဆိုတဲ့ခက်ခဲတဲ့ အကျင့်မြတ်တွေကိုပါ ပူးတွဲပြီး ကျင့်ဆောင်နေလိုက်ကြတာ တယ်ကြည့်ကြိုစရာကောင်းတာပဲ။ ပလိဘောဆိုတာ နည်းလေကောင်းလေပဲဗျ။ လုံးလုံးမရှိလေ ပိုကောင်းလေပဲ။ ပြောရရင် ရဟန်းမှမဟုတ်ဘူး။ လူတွေကိုပါ သွားလေရာလိုက်ခိုပ်စက်နေတာ အဲဒီပလိဘောတွေပဲ။ ကျွပ်ပြောပြပါဦးမယ်။ ရှိသမျှပလိဘောတွေကိုဖြတ်ပြီးတော့ တကယ် တရားရချင်လို့ တောထွက်သွားကြတဲ့ လင်မယားနှစ်ယောက်ရဲ့အကြောင်းကို"

ဆရာတော်က ထွေးခဲယူပြီးထွေးသည်။ ဦးအုန်းသော်တို့က ဆရာတော့်စကားကို ပိုမိုနားစိုက်ထားလိုက်ကြသည်။

"တစ်ခါတုန်းက ဆိုပါတော့။ သူကြွယ်ဇနီးမောင်နှံနှစ်ယောက်တို့ဟာ အချိန်ကစ္ဆေဆော်လာတာနဲ့အမျှ တရားကို ပြင်းပြင်းထန်ထန်အားထုတ်ချင်တဲ့ စိတ်တွေဖြစ်ပေါ်လာကြသတဲ့။ အဲဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com

လင်မယားနှစ်ယောက် တိုင်ပင်ကြတယ်။ တို့တရားအားထုတ်ကြမယ်။ တောထွက်ပြီးအားထုတ်ကြမယ်။ ဒီလိုအားထုတ်နိုင်အောင် ရှိရှိသမျှလောကီစည်းစိမ်တွေအားလုံးကို စွန့်လွှတ်လိုက်ကြမယ်ဆိုပြီး နှစ်ဦးသဘောတူ တိုင်ပင်ဆုံးဖြတ်လိုက်ကြသတဲ့။ ဒါနဲ့ သူတို့မှာရှိတဲ့ ရွှေ၊ ငွေ၊ ဝယ်ယာမိုးမြေ အစရှိတဲ့ ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို သားသမီးတွေ၊ ဆွေမျိုးသားချင်းတွေအပြင် သူတို့ရဲ့ အခွေအရံတွေကိုပါမကျန် သင့်ရာသင့်ရာခွဲဝေပြီးစွန့်ကြဲပေးကမ်းလိုက်တာဟာ ဘာဆိုဘာမှမကျန်အောင်ဘဲတဲ့။

အဲသလို စွန့်ကြဲပြီးတာနဲ့ သူတို့လင်မယားလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုစီနဲ့ တစ်ခါတည်းတော့ထွက်လာခဲ့ကြသတဲ့။ ဒါနဲ့ နေအတော်မြင့်တော့ သစ်ပင်တစ်ပင်အောက်မှာနားပြီး ထမင်းစားဖို့လုပ်ကြတယ်။ အဲဒီမှာပဲ ယောကျ်ားလုပ်တဲ့သူက လွယ်အိတ်ထဲက ထမင်းထုပ်ကို လှမ်းနှိုက်လိုက်တဲ့အချိန်မှာ ထမင်းထုပ်နဲ့အတူ အခြားအထုပ်တစ်ထုပ်ကိုပါ လက်နဲ့စမ်းမိသွားတယ်။ ဘာများပါလိမ့်ဆိုပြီးထုတ်ကြည့်လိုက်တော့ စိန်ထုပ်တစ်ထုပ်ဖြစ်နေတယ်။ ဒီသမျှပစ္စည်းတွေကို အကုန်လုံး ခွဲဝေစွန့်ကြဲလိုက်တဲ့နေရာမှာ ဒီစိန်ထုပ်က ဘယ်လိုများ ကျန်နေခဲ့ရတာပါလိမ့်လို့ သူတို့စဉ်းစားမရအောင်ဖြစ်နေကြတယ်။

ဒါနဲ့ စိန်ထုပ်ကိုဘေးချပြီး သူတို့ထမင်းစားကြတယ်။စားပြီးလို့တစ်အောင့်နားပြီးတာနဲ့ ခရီးဆက်ဖို့လုပ်တယ်။ လင်မယားနှစ်ယောက် လမ်းပေါ် ရောက်တာနဲ့ဆိုရင်ပဲ 'ဤပစ္စည်းကို ထိုက်သူယူပါစေ' ဆိုပြီး အဓိဋ္ဌာန်ပြီးတော့ လက်ထဲက စိန်ထုပ်ကို နောက်ပြန်ပစ်ချထားခဲ့တယ်။ ဒီနောက် တစ်ချက်မှ နောက်ကြောင်းကိုပြန်မကြည့်တော့ဘဲ ရှေ့ခရီးကိုဆက်သွားကြတယ်။ မကြာမီ လမ်းဆုံတစ်ခုနားကို ရောက်သွားကြတယ်။ လမ်းဆုံမှာပဲ သူတို့ချင်း အပြီးလမ်းခွဲကြတယ်။ ယောကျ်ားက တောရရဟန်းတွေရှိတဲ့ဘက်ကို ထွက်သွားလိုက်သလို မိန်းမကလည်း သီလရှင်တွေတရားအားထုတ်နေတဲ့ကျောင်းသခ်ိမ်းဘက်ကိုထွက်သွားလိုက်တယ်တဲ့။ ကဲ - အဲဒီ သူကြွယ်မောင်နှံရဲ့အဖြစ်ဟာ ဘယ်လောက်မှတ်သားစရာကောင်းထားလဲ"

"မှန်ပါ ဘုရား။ အတော်ရှားပါးတဲ့ဖြစ်ရပ်ပဲ။ ပြုနိုင်ခဲတာကို ပြုသွားကြတဲ့ လင်မယားပဲ။ ဒါနဲ့ သူတို့က တရားထူးကော်ရသွားကြသတဲ့လားဘုရာ့"

"ဘယ်မရဘဲနေလိမ့်မလဲ ဒကာကြီးရဲ့။ ရတာပေါ့ဗျာ။ ဆန္ဒဒို့ဖါဒိဆိုတဲ့ ဆန္ဒကသိပ်အားကြီးနေမှတော့ သူတို့အတွက်က မဖြစ်နိုင်တာရယ်လို့ ဘာမှကိုမရှိတော့ဘူး။ စောစောက စကားအတိုင်းပြန်ကောက်ရရင် ဒါလည်း သံဝေဂဉာဏ်ဆီကိုပဲ ပြန်ဆိုက်တာပဲ။ သံဝေဂဉာဏ်အားကြီးတော့ တကယ် ကျွတ်ချင်လွတ်ချင်လာတယ်။ တကယ် ကျွတ်ချင်လွတ်ချင်တော့ တကယ်အားထုတ်တယ်။ တကယ်အားထုတ်တော့ တကယ်ပေါက်မြောက်သွားတယ်ပေါ့ဗျာ။ အမယ်- ဒီနေရာမှာသံဝေဂဉာဏ်လိုလို ဘာလိုလိုနဲ့ ခေါင်းမီးခြုံပြီး အယောင်ဆောင်လာတတ်တာမျိုးလည်း ရှိတတ်သေးသဗျ။

အဲဒါကလည်း မသိရင် အတော်လေးမျက်စိလည်တတ်တယ်။ ဒါကြောင့် မိမိခန္ဓာမှာ ဖြစ်ပေါ် နေတာဟာ သံဝေဂဉာဏ်အစစ်လား၊ အတုလားဆိုတာကို လည်း ခွဲခြားပြီး သိထားဖို့လိုသေးတယ်။ ရိုးရိုးစိတ်ညစ်တာမျိုး၊ စိတ်ဆင်းရဲတာမျိုး၊ ငြီးငွေ့တာမျိုးကလည်း သံဝေဂဉာဏ်လိုလိုဘာလိုလိုနဲ့ ပုံမှားဝင်ရိုက်သွားတတ်တယ်။ ဒီနေရာမှာ နောက်ထပ်မှတ်သားစရာလူတစ်ယောက်အကြောင်းကိုလည်း ကျုပ်ပြောပြဦးမယ်"

"ပြောပြပါဦး ဘုရား။ နားထောင်ချင်ပါတယ်"

ဦးအုန်းသော်က စိတ်လိုလက်ရ ဝင်ထောက်ပေးလိုက်သည်။ ထို့ကြောင့် ဆရာတော်က သူ့စကားကိုဆက်သည်။

"အဟမ်း - ဒီလိုဗျ။ တစ်ခါတော့ လူတစ်ယောက်ဟာ လောကကြီးကို စိတ်ကုန်တယ်၊ ငြီးငွေ့တယ်ဆိုပြီး ရဟန်းဝတ်ဖို့ကြံသတဲ့။ သူ့အကြံက ရဟန်းအဖြစ်နဲ့ တစ်ခါတည်း အရဟတ္တဖိုလ် ရောက်အောင် အပြတ်အားထုတ်မယ်ဆိုတဲ့အကြံနဲ့ပေါ့။ ဒါနဲ့ သူ့အကြံအတိုင်း စီစဉ်တယ်။ မိန်းမကို ခွင့်တောင်းတယ်။ မိန်းမကခွင့်ပြုတယ်။ ဒါပေမယ့် မိန်းမကိုက ဒီအတိုင်းပစ်ထားခဲ့လို့မဖြစ်ဘူး။ ကလေးတွေက ငယ်သေးတယ်။ ဒီပြင် ကျွဲတွေ၊ နွားတွေ၊ လယ် တွေ၊ ယာတွေနဲ့ လုပ်စရာကိုင်စရာတွေကလည်း တို့လို့ တန်းလန်းရှယ်။

ဒီတော့ သူက သူ့အိမ်မှာ သူရင်းငှားလုပ်နေတဲ့ အရွယ်ခပ်ငယ်ငယ် ယောကျ်ားတစ်ယောက်နဲ့ သူ့မိန်းမကို ပေးစားတယ်။ ပြီးတော့ မှာစရာရှိတာ မှာတယ်။ ငါ့မိန်းမကိုလည်းယူ၊ ငါ့ပိုင်ဆိုင်တာတွေကိုလည်းယူ၊ ပြီးတော့ ငါ့သား သမီးတွေကိုလည်း ကောင်းကောင်း မွန်မွန် ကျွေးမွေးစောင့်ရှောက်ပါကွာလို့ မှာထားခဲ့တယ်။ အဲသလို ပြည့်စုံအောင် နေရာချပြီးတာနဲ့ သူက ရဟန်းဘောင် တက်တယ်။ တက်ပြီး တောထွက်တရား အားထုတ်တယ်။

အဲဒီမှာ ဘယ်လိုဖြစ်လာသလဲဆိုတော့ ပထမပိုင်းလောက်မှာတော့ သူက ဟုတ်တုတ်တုတ်ပဲ။ ဒါပေမယ့် မကြာခင်မှာပဲ ဇာတိပြလာတယ်။ ဆက်အားထုတ်လို့မရတော့ဘူး။ အားထုတ်ချင်စိတ်လည်းမရှိတော့ဘူး။ ဝီရိယလည်း ကုန်၊ သမာဓိကလည်းခန်းဆိုသလိုဖြစ်လာတယ်။ ဒါက ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ သူ့အနေနဲ့ သံဝေဂဉာဏ် အစစ်ကိုမရခဲ့လို့ဘဲ။ သူ့မှာ လုပ်တိုင်းမဖြစ်၊ ကြံတိုင်းမအောင်၊ အဆင်မပြေတာတွေနဲ့ချည်း ကြုံခဲ့ရတယ်။ လေမိုးက မမှန်၊ သီးနှံကမရ၊ မိသားစုက ကျန်းမာရေးချို့ယွင်း၊ အမှုအခင်းတွေနဲ့ကြုံရ စသဖြင့် စိတ်ညစ်စရာတွေနဲ့ချည်းကြုံခဲ့ရတယ်။ ဒီတော့ သူက လောကထဲမှာ မပျော်ပိုက်ဘူး၊ ငြီးငွေ့တယ်။ ဒီလိုနဲ့ပဲ လောကီကို စွန့်တော့မဟုတ်ဆိုတဲ့အကြံတွေပေါ် လာရခြင်းပဲဖြစ်တယ်။ဒကာကြီး စဉ်းစားကြည့်။ သံဝေဂဉာဏ်အစစ်မဟုတ်တဲ့ သာမန်အထင်အမြင်တွေက ဘယ်လောက်တောင် လှည့်စားတတ်၊ အယောင်ဆောင်တတ်သလဲဆိုတာကို။

ဒါနဲ့ တိုတိုပြောကြပါစို့။ အဲဒီလူက ရဟန်းဝတ်လို့ ဘာမှမကြာသေးခင်မှာပဲ လူစိတ်၊ လောကီစိတ်တွေပြန်ပေါ် လာတယ်၊ ပြန်သောင်းကျန်းလာတယ်။ မိန်းမနဲ့ ကလေးတွေဆီကို စိတ်က တစ်ပတ်ပြန်လည်လာတယ်။ ခက်တာက သူ့မှာ လက်လွန်ပြီးနေပြီ။ ခရီးလွန်ပြီးနေပြီ။ ဒီတော့ သူ့မှာ မချနိုင် မကယ်နိုင်ကြီး ဖြစ်နေရရော။ ဒါပေမယ့် သူက တရားလည်းဆက်အားထုတ်လို့ မရတော့တာမို့ သက်နှံကြီးတဖားဖားနဲ့ပဲ သူ့အိမ်ဟောင်းကိုချည်း တဝဲလည်လည်နဲ့ ပြန်လုပ်နေတယ်။ မျက်စိထဲက အမြင်မတော်တာတွေကိုလည်း ပစိပစပ် လျှောက်ပြောနေတယ်။ နွားတွေကို ဘယ်လိုအစာကျွေးမှပေါ့။ ထယ်တူးတွေ၊ ထွန်ကိုင်းတွေကို ဘယ်လိုထားမှပေါ့ စသဖြင့် ဝင်ဝင်ပြောနေတယ်။

တဖြည်းဖြည်းနဲ့ ပိုဆိုးလာတယ်။ သူ့ကိုယ်သူ ဘယ်လိုမှမချုပ်တည်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး။ သူလူထွက်ချင်တယ်၊ မိန်းမ
ကိုလည်းပြန်ရချင်တယ်။ အဲဒီမှာတင်
သူက ဟန်တောင်မဆောင်နိုင်တော့ဘူး။
ဒီနေရာမှာ တချို့က ဟန်တော့ဆောင်
တတ်သေးတယ်လေ။ လူထွက်ချင်လာ
ရင် ဦးပဉ္စင်းက သက်နဲ့မတည့်ဘူးဗျ။
ယားတတ်တယ်တို့၊ ဦးပဉ္စင်းက ကျနော်မာ
ရေးမကောင်းဘူး လေနာရှိတယ်။ အဲဒါ
ကြောင့် ဝိနည်းနဲ့မကိုက်ဘူးတို့ဘာတို့
အစရှိတဲ့ ဆင်ခြေတွေပေးပြီးအကြောင်း
ပြတတ်ကြတယ်။ အဲ- အခုကျွပ်ပြောတဲ့
လူကတော့ ဟန်တောင်မဆောင်နိုင်
တော့ဘူး။ သူက သူ့မိန်းမယောကျ်ား
သူရင်ငှားဟောင်းကို မင်းတော်ပါတော့
ကွာ။ ငါ့မိန်းမနဲ့ ငါကလေးတွေ ငါ့ကို
ပြန်ပေးပါတော့ဆိုပြီး ငိုကြီးချက်မနဲ့
ပြန်တောင်းယူသတဲ့။ ဟိုလင်ငယ်လုပ်တဲ့
သူကလည်း သဘောကောင်းတော့ ပြန်
ယူချင်သပဆိုရင် ပြန်ယူပါလို့ပြောသတဲ့။
ဒါနဲ့ သူကလူထွက်၊ မိန်းမနဲ့ပြန်ပေါင်း၊
ဟိုသူရင်ငှားကိုတော့ ကျေနပ်လောက်
အောင်ပေးကမ်းပြီး ကျေအေးလိုက်ရ
သတဲ့။ ကဲ - အဲဒီလူအကြောင်းကလည်း
မှတ်သားစရာမကောင်းပေဘူးလားဗျာ"

ဆရာတော်၏ စကားအဆုံးတွင်
ဒေါ်ခင်လှက ဝင်ရောက် လျှောက်ထား
လိုက်ပြန်သည်။

"မှန်ပါ ဘုရာ့။ ဒီဥပမာကလည်း
အတော်သဘောကျစရာကောင်းပါတယ်။
တစ်ခုတော့ ထပ်ပြီးလျှောက်ထားပါရ
စေဦး။ ဒီဘက်ခေတ်မှာ ရိပ်သာတွေ
အများကြီးပေါ်လာပါတယ်။အဲဒီရိပ်သာ
တွေမှာ ဝင်ပြီးအားထုတ်ရင်ရော တရား
ထူးရနိုင်ပါသလား ဘုရာ့"

"မေးသင့်မေးထိုက်တဲ့မေးခွန်းပဲ။
ရနိုင်တာပေါ့ဗျာ။ တရာထူးရနိုင်တာ
ပေါ့။ ဒီဘက်ခေတ်မှာ တောထွက်နေ
စရာမလိုတော့ပါဘူး။ ဆရာတော်သမား
တော်ကြီးတွေက နည်းမှန်လမ်းမှန်နဲ့
ညွှန်ကြားပြသပေးနေတဲ့ ကမ္မဋ္ဌာန်း
ရိပ်သာတွေ အများကြီး ပေါ်ပေါက်နေ
ပါပြီ။ ရိပ်သာတွေမှာတင် သောတာပန်၊
သကဒါဂါမ် စသည်ဖြင့် တရားထူးရသွား
တဲ့ ပုဂ္ဂိုလ်တွေလည်း မြေကြီးလက်ခတ်
မလွဲရှိနေမှာပါပဲ။

ဒါပေမယ့် တစ်ခုတော့ သတိထား
နော် ဒကာမကြီး။ တကယ်တရားထူးရ
သွားတဲ့ပုဂ္ဂိုလ်တွေကို လိုက်ကြည့်ရင်
သူတို့မှာ အခြေခံအားဖြင့် တူညီတဲ့
အချက်တွေရှိနေတာကို တွေ့ရလိမ့်မယ်။
အဲဒါကတော့ တရားအားထုတ်နေတဲ့

အချိန်မှာ သူတို့ပလီဟောခအားလုံးကို
ဖြတ်ထားတယ်။ သူတို့မှာ 'သေဘေး'
ကနေ လွတ်အောင်ရုန်းတော့မဟဲ့ဆိုတဲ့
အာရုံတစ်ခုကိုပဲ စူးစိုက်ထားတယ်။ အဲဒီ
အချက်မှာ အားလုံးတူညီနေတယ်"

ဦးအုန်းသော်က ဝင်ပြောပြန်
သည်။

"ဒါဖြင့် တရားအားထုတ်နေဆဲ
ကာလအတွင်းမှာ ပလီဟောခတွေကို
'အသိ' နဲ့ ဖြတ်ထားတာမျိုးကောလုပ်လို့
မရဘူးလားဘုရာ့။ ဥပမာ မိမိစည်းစိမ်
ဥစ္စာ၊ သံယောဇဉ်တွေကို အပြီးစွန့်လွှတ်
လိုက်တာမျိုးမဟုတ်ဘဲနဲ့ပေါ့"

"အင်း- ဒါက တစ်ပတ်ပြန်လည်
လာတဲ့မေးခွန်းပဲ။ ဒီလိုရှိတယ်ဒကာကြီး။
ဒကာကြီးတို့က အကောင်းဆုံးနည်းကို
ပေးပါဆိုလို့ ကျွပ်ကလည်း တကယ့်
အကောင်းဆုံးနည်းကို ပေးလိုက်တာပဲ
လေ။ ဟို စိန်ထုပ်ကို နောက်ပြန်ပစ်ပြီး
တောထွက်သွားတဲ့လင်မယားကိုရော၊
တိုကိုယ့်မယားကိုယ်ပြန်တောင်းတဲ့ပုဂ္ဂိုလ်
ကိုရော ကျွပ်က အကောင်းဆုံးနမူနာ
အဖြစ်နဲ့ပြလိုက်တာလေ။ ကျွပ်ကစကား
ခင်းခဲ့ပြီးသားပဲ။ တရားကိုထိရောက်
အောင် အားထုတ်ချင်ရင် အားလုံးကို
ဖြတ်နိုင်ရမယ်။ စည်းစိမ်ဥစ္စာ၊ သားသမီး၊
ဆွေမျိုးသားချင်း၊ လင်မယားသံယောဇဉ်
အစရှိတဲ့ကြိုးတွေအားလုံးကိုဖြတ်နိုင်ရ
မယ်။ ဒီလိုပြောခဲ့တယ် မဟုတ်လား။

ဒါက တရားအားမထုတ်ခင်
ရှိသမျှပိုင်ဆိုင်မှုတွေကို စွန့်လွှတ်ထားခဲ့
မယ်၊ ပစ်ခွာထားခဲ့ရမယ်လို့ တရားဟော
ဆိုလိုတဲ့စကားမဟုတ်ဘူး။ ဒီတော့
ဒကာကြီးမေးခွန်းအတိုင်း ပြန်ဖြေရရင်
'အသိနဲ့ဖြတ်'၊ 'အသိနဲ့ခွာ' ဆိုတာတွေ
ကာယကံရှင်ပုဂ္ဂိုလ်နဲ့ပဲ သက်ဆိုင်တယ်
လို့ ဆိုရလိမ့်မယ်။. ကိုယ့်စိတ်ကိုနိုင်ရင်
ပိုင်လိမ့်မယ်။ ကိုယ့်စိတ်ကိုမနိုင်ရင် မပိုင်
ဘူး။ ကျွပ်ပြောတာ သဘောပေါက်ကြ
ရဲ့လား"

"မှန်ပါ ဘုရား၊ သဘောပေါက်ပါ
တယ်။ ဆရာတော်မိန့်ကြားသမျှ အတို
အကြောင်းဆီလျော်သလို ညီညွတ်မှု
မှုလည်းရှိပါတယ်ဘုရား။ ခုလို စိတ်ရှည်
လက်ရှည်ရှင်းပြပေးတဲ့အတွက်လည်း
ကျေးဇူးတင်ပါတယ်ဘုရား"

ဦးအုန်းသော်ကပြန်လည်လျှောက်
ထားလိုက်သည်။ သည့်နောက် လင်
မယားနှစ်ယောက် တစ်ယောက်မျက်နှာ
ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။
အဓိပ္ပာယ်က ဆရာတော်နှင့် ပြော
ဆွေးနွေးစရာကုန်ပြီ၊ အိမ်ပြန်ရုံရှိတော့
သည်ဆိုသည့်သဘောမျိုးပင်။ အမှန်
တကယ်လည်း ဆရာတော့်ကို နှုတ်ဆက်
စကားပြောကာ လင်မယားနှစ်ယောက်
ပြိုင်တူဦးချလိုက်ကြသည်။ ဆရာတော်
က ပြန်လည်၍ သူတို့ကို ဆုမွန်ချီ
သည်။

အပြန်လမ်းတစ်လျှောက် လင်
မယားနှစ်ယောက်စလုံး တိတ်ဆိတ်နေ
ကြသည်။ သို့ငြား တွေးစရာအတွေးတော့
ကတော့ ကိုယ်စီ၌ တစ်ပါတည်းလိုပင်
ပါလာသည်။ ဆရာတော့်အဖြေက ရှင်း
သည်။ သူတို့စိတ်ထဲ ဝေဝေဝါးဝါးဖြစ်နေ
သမျှ တိတိကျကျ ကွဲကွဲပြားပြား
သွားအောင် ညွှန်ပြပေးလိုက်သည်
အချုပ်အားဖြင့် သူတို့အတွက် ခံယူစ
ဟူ၍ အချက်တစ်ခုသာရှိပါမလားသည်
တကယ်အကျိုးရှိအောင် အလုပ်လုပ်
သည်ဆိုပါက လောကီအာရုံမှန်သမျှ
ဖြတ်နိုင်မှဖြစ်မည်။ သာမန်ဖြတ်ရုံနှင့်
တကယ်ပြတ်အောင် ဖြတ်နိုင်မှဖြစ်
အဖြေကိုတော့ရခဲ့ပြီ။ ဆရာတော်
အညွှန်းအတိုင်း လုပ်နိုင်မလုပ်နိုင်၊ ထ
ဖြစ်မလုပ်ဖြစ်ကတော့ မိမိတို့ဘာသာ
ဝေဖန်သုံးသပ်ဆင်ခြင်တိုင်းထွာပြီးဆုံးဖြ
ရန်သာရှိတော့သည်ဟု တွေးတော
လင်မယားနှစ်ယောက်က တိတ်ဆိတ်
လျှောက်လှမ်းနေကြလေသည်။

ခဲမြတ်တင်(အရှိုးသားစာပေဆု

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့ 'သင်းရုံ' မိသားစုနေအိမ်၌ ပင့်ဆောင်ပူဇော်စဉ် ရုပ်ရှင်တော်မြတ် ပြုံးတော်မူပုံ

ရွှေကံကူမိသားစုမှ တောင်ကြီးမြို့နယ် ထန်းဂုဘုရားပရဝုဏ်အတွင်းရှိ ပြုပြင်ပြီးစီးသွားသော ရွှေဟောင်းစေတီတော်

၂၀၁၆ ခုနှစ် စင်ကာပူခရီးစဉ်၌ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရပုံ

ဘိုတို(ရွှေကံကူ) မပြီးသေးသောပန်းချီကားတစ်ချပ် (သို့) ရွှေကံကူမိသားစုမှ နှတိယမြောက် တည်ထားကိုးကွယ်မည့် ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ဘုရားကြီးပြည့်စေတီတော်

(ယခင်လမှအဆက်)

မန္တလေးမြို့နှင့် တစ်ဆက်တည်း ဖြစ်သော အမရပူရမြို့သို့ မန္တလေးမှ သာခဲ့ပါ။ ရထားနှင့်ဂုဏ်တာရထားလမ်းကူး အနီးရောက်ရှိလျှင် ဘယ်ဘက်သို့ကြည့် လိုက်ပါ။ သို့မဟုတ် အနီးရှိ တွေ့ရာဆိုင် တစ်ဆိုင်ကို မေးမြန်းလိုက်ပါ။ မဲ့ဖျက် သော ဆရာကြီးထံသွားလိုကြောင်းပြော လိုက်လျှင် လမ်းညွှန်ပါလိမ့်မည်။ လမ်း ညွှန်ဆိုင်းဘုတ်ငယ်လေးကိုလည်း တွေ့ရှိ ရပါမည်။

ဆရာကြီးသည် ဖျက်လိုသောမဲ့ကို မပူမစပ် မနာမကျင်သော ဆေးကလေး တို့ပေးလိုက်လိမ့်မည်။ လူတစ်ဦးတွင် မဲ့မည်မျှကိုပဲဖျက်ဖျက် (၅၀၀၀) ကျပ် သာ (တစ်လုံး ၅၀၀၀ ကျပ်မဟုတ်) ကန်တော့ရပါသည်။ ထိုဆေးသည် ထူးဆန်းလှသည်။ အသားကောင်းနေရာ ကို တို့မိလျှင်လည်း မည်သည့်ထိခိုက်မှုမျှ မရှိပါ။ မဲ့ကိုတို့မှသာ ဆေးစွမ်းပြပါသည်။ ဆေးတို့ပြီးလျှင် ယားကိုကိုတော့ခံစားရ မည်။ တစ်ပတ်ခန့်အကြာတွင်တော့ ထိုမဲ့ သည် ခြောက်၍ကြွေကျသွားပါသည်။ ထိုအကြောင်းအရာတို့ကို နောက်တော့ မှ စာရေးသူတို့သိရှိရခြင်း ဖြစ်သည်။

အမေတွင် အောက်မျက်ခမ်းအစ တွင် ပထမမိတ်ဖုခန့်သာရှိသော မဲ့လုံး ကလေးပေါ်ထွက်လာသည်။ ထိုမဲ့လုံး ကလေး တဖြည်းဖြည်းကြီးလာသော အခါမှ မျက်စိဆေးရုံသို့သွားရောက်ပြသ သည်။ မျက်စိဆေးရုံက မန္တလေးဆေးရုံ ကြီးအရေပြားဌာနသို့ ထပ်မံစေလွှတ် သည်။ မဲ့မှတစ်ဆင့် အရေပြားကင်ဆာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပွားနေပြီဟုသိရပြီး ခွဲစိတ်ကုသပေးသည်။ သို့သော် မျက်လုံးနှင့်ကပ်နေ၍ ကင်ဆာအမြစ်တို့ကို ကုန်စင်အောင် ခွဲစိတ်ထုတ်ပယ်၍ မရဘဲရှိသည်။ သို့ဖြင့် ဆေးရုံမှဆင်းခဲ့ရသည်။ ကင်ဆာအမြစ်များကျန်ရှိနေ၍ မကြာမီ ထိုအမြစ်တို့က လှိုက်စားသွားကာ မျက်စိသည် တည်စရာမရှိတော့ဘဲကျွတ်ထွက်သွားရသည်။ သို့သော် အနာသည် ပျောက်မသွားပါ။ နေ့စဉ်ဆေးထည့်ပေးရသည်။ ထိုသို့စတင်ဖြစ်ပွားခဲ့ကြ်မှာ စာရေးသူ စဉ်ကိုင်မှထွက်ခွာသွားပြီး အုန်းတကူးတွင် ရောက်ရှိနေသောနှစ်ကာလများအတွင်းကဖြစ်ပါ၏။

အမေ့အနာကို ဆေးထည့်ပေးပြီးလျှင် စာရေးသူသည် ဘုရားခန်းသို့ ထွက်ခဲ့ပြီး ပရိတ်ကြီး (၁၁) သုတ်နှင့် ပဌာန်းတို့ကို ပူဇော်သည်။ ပြီးလျှင် စာရေးသူသည် ဘယ်မှမသွားတော့ပါ။ အမေ့ဘေးမှာပင် လဲလျောင်း၍ နေပြီး အမေ့ကို အဖော်ပြုပေးပါသည်။ အမေသည် စိပ်ပုတီးအမြဲစိပ်ပါသည်။ ဆရာကြီးမင်းသိခ်ံထံမှ သိရှိခဲ့ရသော ပုတီးစိပ်နည်းကို စာရေးသူက ပြသပေးထားခြင်းဖြစ်သည်။ ပုတီးစိပ်နည်းမှာ လွယ်ကူပါသည်။ အရဟံဂုဏ်တော်ကို အဓိဋ္ဌာန်ပြုသော နေ့ရက်မှစ၍ အရဟံဂုဏ်တော်ပုတီးတစ်ပတ်အနည်းဆုံးထားပြီး အပတ်ရေရသရွေ့ စိပ်ရမည်။ နေ့စဉ်အပတ်ရေပုံမှန်ဖြစ်ရန်မလိုပါ။ အချိန်ရလျှင်ရသလို၊ စိပ်နိုင်လျှင် စိပ်နိုင်သလို အပတ်ရေရသလောက်စိပ်နိုင်ပါသည်။ လုံးဝမအားလပ်လျှင်တော့ တစ်နေ့လျှင် တစ်ပတ်တော့ရအောင်စိပ်ရမည်။ တစ်ရက်လျှင် တစ်ပတ်မျှ မစိပ်လိုက်မိလျှင်တော့ အဓိဋ္ဌာန်ပြန်စရမည် ဖြစ်သည်။ နေ့စဉ်မိမိစိပ်သောပုတီးပတ်ရေကို ကတ်ပြားသို့မဟုတ် စာအုပ်တွင် နေ့စွဲနှင့်တကွ ရေးမှတ်ထားရမည် ဖြစ်သည်။ ပုတီးတစ်ပတ်ရလျှင် ဂုဏ်တော် (၁၀၈) ပါး အရေအတွက်ရပြီဖြစ်သည်။ တစ်နေ့ (၁၀) ပတ်စိပ်လျှင် ဂုဏ်တော် (၁၀၈၀) ပတ်၊ (၁၀၀) ပတ်စိပ်လျှင် (၁၀၈၀၀) ရမည်ဖြစ်သည်။ ရက်ပေါင်း (၃၀၀၀) (၈) နှစ်ခွဲမျှစိပ်လျှင် အရဟံ (၃) ကုဋေရရှိမည် ဖြစ်သည်။ ထိုသို့ အဓိဋ္ဌာန်ပြီးမြောက်သွားလျှင် လိုတရပုဂ္ဂိုလ်ဖြစ်မည်။

အမေသည် စာရေးသူပြောပြသော နေ့ရက်မှစ၍ အရဟံဂုဏ်တော်ပုတီး အဓိဋ္ဌာန်ပြု၍ စိပ်ခဲ့သည်။

ထိုသို့ ပုံမှန်ပုတီးစိပ်လာခဲ့ရာ အမေ၏ အရေပြားကင်ဆာ အနာကြီးလည်း သက်သာလာခဲ့သည်။ ထူးဆန်းသော အမြင်အာရုံတို့လည်း ရရှိလာခဲ့သည်။ စာရေးသူသည် ဝေယျာဝစ္စနှင့် ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ပြီးသည်နှင့် အမေ့အနားမှာပင်နေပေးပါသည်။ အမေပျင်းရိငြီးငွေ့နေမည်စိုး၍ အမေ့ကို စကားပြောပေးရပါသည်။ အမေတို့ခေတ်ကလူများ၊ အမေတို့ခေတ်က အကြောင်းအရာများကို စကားစဖော်ပေးလိုက်လျှင် အမေသည် စိတ်အားထက်သန်စွာ ပြန်ပြောင်းပြောပြပါတော့

အမတော်၏အာရုံညှိနှိုင်းမှုဖြင့် ရွှေငုက်ပျော၊ ငွေငုက်ပျောတို့ကို အလှည့်ကျ ထမ်းကြပုံ

အမတော်၏အာရုံညှိနှိုင်းမှုဖြင့် ရွှေငုက်ပျော၊ ငွေငုက်ပျောတို့ကို အလှည့်ကျ ထမ်းကြပုံ

နေပြည်တော် လှေခွင်းတောင်ရှိ ရွှေကံကူကျောက်တော်ကြီးစေတီတွင် သာသနာ့အောင်လံလွှင့်ထူစဉ်

နေပြည်တော် လှေခွင်းတောင်ရှိ ရွှေကံကူကျောက်တော်ကြီးစေတီတွင် သာသနာ့အောင်လံလွှင့်ထူစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပုဂံမြို့ရှင်အဓွေဂေါဏဘုရားတွင်
သာသနာ့အလံ သွားရောက်လွှင့်ထူစဉ်

တောင်ကြီးမြို့နယ် ထန်းပူဘုရားတွင်
သာသနာ့အလံ သွားရောက်လွှင့်ထူစဉ်

ဆရာတိုက်နှင့် မန္တလေးမှ သာဝကတစ်ဦး
တကောင်းမြို့သို့ သာသနာ့အောင်လံ
သွားရောက်လွှင့်ထူစဉ်

ဆရာတိုက်နှင့် ပေါ်တော်မူဘုရားဒါယကာ
ဆည်ရွာစီပိုသားသို့
သာသနာ့ဓရီးသွားရောက်စဉ်

နေပြည်တော် လေခွင်းတောင်ရှိ ချောက်ကူကျောက်တော်ကြီးစေတီတွင်
သာသနာ့အောင်လံလွှင့်ထူစဉ်

သည်။ ထိုအခါ အမေသည် ပြန်လည်နုပျိုသွားသကဲ့သို့ထင်ရပြီး လတ်တလော ခံစားနေရသော ရောဂါဝေဒနာများ၊ ဦးငွေ့မူများကို မေ့ပျောက်သွားသလို ပျော်ရွှင်လန်းဆန်းလျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုသို့ အမေစိတ်ပြောင်းသွားသောအခါတွင် စာရေးသူက အမေ့ကို တရားစာများ၊ ရွက်ဖတ်သင်ကြားပေးပါသည်။ အမေသည် အမြင်အာရုံချို့တဲ့သောအခါ အကြားအာရုံထက်မြက်လာပြီး မှတ်ဉာဏ်များလည်းပို၍ကောင်းလာပါသည်။ စာရေးသူပေးသော တရားစာတို့ကို ရက်အနည်းငယ်အတွင်းမှာပင် အလွယ်ရရှိသွားပါသည်။

ထိုအချိန်တွင် ရန်ကုန်ခရီးစဉ် စတင်နေပြီဖြစ်၍ မယ်တော်ကြီးတို့ ရန်ကုန်မှ ပြန်ကြွလာသောအခါမှသာ မယ်တော်ကြီးတို့အိမ်တွင်ရှိသောရက်များတွင် စာရေးသူ အုန်းတကူးသို့သွားရပါသည်။ စာရေးသူ အုန်းတကူးသို့ မသွားရောက်သည့်ရက်တို့ ကြာမြင့်လာလျှင် စာရေးသူတို့အိမ်တွင် မြွေရောက်လာပါတော့သည်။ ထို့အတူပင် စာရေးသူ အုန်းတကူးသို့ ရောက်လာတော့မည်ဆိုလျှင်လည်း အုန်းတကူးရွာတွင် မြွေတွေ့ပါတော့သည်။ ထိုအခါ ရွာသူရွာသားများနှင့် တပည့်များက -

"ဆရာလာတော့မယ်ဟေ့"

ဟု ပြောစမှတ်ဖြစ်လာခဲ့ပါတော့သည်။

အချိန်တို့သည်လည်း တရွေ့ရွေ့ကုန်ဆုံးလာခဲ့တော့၏။ ၂၀၀၄ ခုနှစ်တွင် အမေကွယ်လွန်အနှစ်ရောက်ပါသည်။ စက်တင်ဘာလဆန်းပိုင်းတွင် ကွယ်လွန်ခြင်းဖြစ်ပါသည်။ ဇူလိုင်လထဲတွင် စာရေးသူသည် ရုပ်ရှင်တော်မြတ်နှင့်အတူ လားရှိုးမြို့သို့ လိုက်ပါသွားခဲ့ပါသည်။ အမေသည် ကျန်းမာရေးချို့ချာစပြုနေပြီဖြစ်၍ အန်တီအေးနှင့်မယ်တော်ကြီးတို့က စာရေးသူအား ရုပ်ရှင်တော်မြတ်နှင့်အတူ လိုက်ပါသွားစေခြင်းဖြစ်ပါသည်။ စာရေးသူသည် လားရှိုးမြို့ကိုလည်း မရောက်ဘူးပါ။ လာရောက်ပင့်ဆောင်သူများကိုလည်း မသိပါ။ သို့သော် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ယုံကြည်အားကိုးစွာဖြင့်ပင် လိုက်ပါသွားခဲ့ပါသည်။ ပင့်ဆောင်ပူဇော်စဉ်က (၃) ဦး၊ (၃) ဌာနမျှသာဖြစ်၍ တစ်ပတ်ခန့်သာ ကြာမြင့်မည်ဖြစ်သော်လည်း လားရှိုးမြို့သို့ ရောက်သောအခါ ပင့်ဆောင်သူတို့ တိုးပွား၍လာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရွှမ်းပြည်နယ်တောင်ပိုင်း ဟိုပန်မြို့သို့ သာသနာ့အောင်လံ သွားရောက်သွင့်ထူစဉ်

တောင်ကြီးမြို့နယ် ထန်းပုတုရားတွင် သာသနာ့အလံသွားရောက်သွင့်ထူစဉ်

ရွှေကံကူမိသားစုမှ သာသနာပြုလုပ်ငန်းများအတွက် 'ရွှေစာရံ' စေတီတွင် ပွဲလှူဒါနဆုတောင်းစဉ်

ကျောက်ဆည်မြို့နယ် ရေပြစ်ရွာရှိ ရွှေဟောင်းစေတီပြည်ရန်ဝကမ္မဝါဒိန်းစဉ်

ရွှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့တွင် သာသနာ့အောင်လံ သွားရောက်သွင့်ထူစဉ်

ရက်ပေါင်း (၂၀) ကျော် ကြာမြင့်ခဲ့ရပါသည်။ ထိုကာလအတွင်း အမေကျန်းမာရေးအခြေအနေမကောင်းဟု ဖုန်းလာပါသည်။ စာရေးသူသည် အိမ်ရှင်တို့ထံ အကျိုးအကြောင်းပြောပြီး ပြန်ရမလိုဖြစ်နေပါသည်။ စာရေးသူသည် အမေကျန်းမာပါစေရန် ရှုပ်ရှင်တော်မြတ်ထံ ဆုတောင်းရပါသည်။

"ဤခရီးစဉ် ချောချောမောမော ပြီးဆုံးပါစေ"

ဟု တောင်းဆုပြုရပါသည်။

ထိုရက်က ရှုပ်ရှင်တော်မြတ်သည် လားရှိုးမြို့ (၁၂) ရပ်ကွက်ရှိ စန္ဒာရတနာရွှေရတနာရောင်းဝယ်ရေးမိသားစုနေအိမ်တွင် ကြွမြန်းလျက်ရှိချိန် ဖြစ်ပါသည်။ ထိုမိသားစုနေအိမ်သည် တောင်စောင်းကုန်းမြင့်ထက်တွင်တည်ရှိပြီး နှစ်ထပ်တိုက်ဝရန်တာမှ လားရှိုးမြို့ကို အပေါ်စီးကမြင်နေရပါသည်။ ညနေစောင်းအချိန်တွင် စာရေးသူသည် လားရှိုးမြို့ရှုခင်းကို တိုက်အပေါ် ထပ်မှ စီးကြည့်လျက် မြို့သူမြို့သားတို့ကို မေတ္တာပို့သကာ အမေနေကောင်းပါစေဟု ဆုတောင်းလျက်ရှိနေပြီး ညနေဆည်းဆာချိန်ဖြစ်၍ အိမ်ကို လွမ်းသော၊ အမေ့အတွက်စိတ်ပူသောစိုးရိမ်စိတ်တို့ဖြင့် စာရေးသူသည် ဝမ်းနည်းလျက် မျက်ရည်များဝဲနေမိပါသည်။

ထိုသို့ရှိစဉ် စန္ဒာရတနာ ဝိဒ္ဒိယိမှတ်တမ်းတင်ရိုက်ကူးရေး၏ ပင်တိုင်ကင်မရာမင်းဖြစ်သော မောင်ဘတင်က အမိအရရိုက်ကူးယူလိုက်ပြီး စန္ဒရတနာမိသားစုမှ ရှုပ်ရှင်တော်မြတ်ပင့်ဆောင်ပူဇော်ခြင်းမှတ်တမ်းခွေတွင် ထည့်သွင်းပေးခဲ့ပါသည်။ ထိုရိုက်ချက်မှာ သရုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ စာရေးသူ၏ ပကတိခံစားချက်ရှုပ်သွင်ဖြစ်၍ သဘာဝကျလှ၍ နောင်တွင် ရွှေကံကူရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းအခွေတင်ဆက်လာသောအခါတွင် ထိုအခြေအနေသည် ပြန်လည်ကောင်းမွန်သွားသဖြင့် စာရေးသူသည်လည်း ခရီးဆက်ပြီးဆုံးသောအခါမှ စဉ့်ကိုင်သို့ပြန်ခဲ့သည်။

အမေ၏ကျန်းမာရေးမှာ တဖြည်းဖြည်း ဆုတ်ယုတ်လာနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းရောက်သောအခါ အမေသည် သားမှကောင်းကောင်းမစားမသောက်နိုင်တော့။ သို့ဖြင့် စက်တင်ဘာ ၃ ရက်နေ့ သို့ရောက်သောအခါ ထိုနေ့နံနက်ပိုင်း၊ စာရေးသူနှင့် ကိုဝင်းကိုတို့ မန္တလေးသို့သွားခဲ့ကြသည်။ ဆက်သွယ်ရေးတိုင်းနှင့် ကြိုးဖုန်းလျှောက်လွှာတင်ရန် ဖြစ်သည်။ ထိုစဉ်အချိန်က ဆက်သွယ်ရေးတိုင်းမှန်နေဂျာမှာ ဗိုလ်ကြီးမောင်ဝင်း ဖြစ်ပါသည်။ နယကရုံးသည် ရန်ကုန်မြို့ပတ်ရှိသေးပြီး နယကရုံးမှ ဒုဦးစီးအရာရှိ ဦးအောင်မြိုင်မှ မှတ်ချက်ရေးသားလိုက်သဖြင့် ဗိုလ်ကြီးမောင်ဝင်းက အရေးတယူ ကူညီဆောင်ရွက်ပေးပါသည်။ ထို့ကြောင့် စာရေးသူတို့ ကြိုးဖုန်းတစ်လုံး ရရှိလိုက်ပါသည်။

ထို့နောက် မန္တလေးမြို့မှ ပြန်ခဲ့ကြသည်။ ထိုရက်မတိုင်မီက စာရေးသူတို့အား အမေနှင့်ပတ်သက်ပြီး မယ်တော်ကြီးက ကြုတင်ဟောကိန်းထုတ်ထားသည်မှာ အမေသည် (၃) ရက်သာ လူလောကတွင်ရှိတော့မည်ဟူ၍ ဖြစ်ပါသည်။ ဤနေ့သည်ကား မယ်တော်ကြီး ဟောကိန်းထုတ်ခဲ့သည့် (၃)ရက်မြောက် သောနေ့ပင် ဖြစ်ပါသည်။ ထို့ကြောင့် အော်လိုက်မြို့တွင်နေသော အစ်ကိုကြီး ဦးမောင်မောင်၊ ပျော်ဘွယ်မြို့တွင် နေထိုင်သော အစ်မကြီးဒေါ်နွဲ့ ရီလည်း ရောက်ရှိနေကြပြီ ဖြစ်သည်။ နံနက်ပိုင်း စာရေးသူတို့ မန္တလေးသို့မသွားမီက အမေ၏အခြေအနေမှာ အကောင်းကြီး ရှိနေသေးပြီး စာရေးသူတို့ပြန်ရောက်သောအခါ အမောဖောက်စပြုနေပြီ ဖြစ်ပါသည်။ အမောဖောက်နေပြီဟု စာရေးသူတို့ သိရှိယူဆရခြင်းသာ ဖြစ်ပါသည်။ အမေကတော့ ဝေဒနာဆိုးရွား ခံစားရပါ။ ဓလူပ်မယှက်နိုင်၊ စကား ပြောနိုင်ခြင်းသာရှိပါသည်။ မြင်ရသူတို့ မြေခွန်းမြေဖွယ် အမောဆိုက်နေခြင်း ဖြစ်မှုပါ။ မယ်တော်ကြီးက ပြောရှု အမောဆိုက်နေပြီဖြစ်ကြောင်းသိ ခြင်း ဖြစ်ပါသည်။

မယ်တော်ကြီးက အမေအမော ဆိုက်နေပြီ။ မကြာခင်ဆုံးပါးတော့မည် ဟုပြောရာ အစ်မကြီးနှင့်အစ်ကိုကြီးတို့ ရှိရှ မယ်တော်ကြီးက အပြင်သို့ထွက် သွားသည်။ မယ်တော်ကြီးနှင့်စာရေးသူ အမေ့အနားတွင် ကျန်ရစ်ပါသည်။ မယ်တော်ကြီးသည် အမေ့နားနားကပ်ပြီး နားစာများကို မနားတမ်းရွတ်ဖတ်ပေးနေသည်။ အမေသည် မည်သည့် ဝေဒနာမျှ ခံစားရပုံမရှိပါ။ လူးလွန့်ရုန်းကန်ခြင်း၊ အော်ဟစ်ခြင်း၊ မျက်နှာရှုံ့မဲ့ခြင်းမရှိပါ။ ပကတိငြိမ်သက်စွာ အသက်ကိုမှန်မှန်ရှူလျက် ပုတီးစိပ်၍သာနေ၏။ တဖြည်းဖြည်းနှင့် ခြေဖျားတို့အေးစက်တောင့်တင်းရှလာသည်။ တဖြည်းဖြည်း အပေါ် သို့ ရောက်ရှိလာသည်။ ထိုသို့ဖြင့် ဝမ်းဗိုက်သည် အေးစက်တောင့်တင်းသွားပြီး ငြိမ်သက်သွားသည်။ ထို့နောက် ရင်ခေါင်း၊ ထို့နောက်တော့ လည်ပင်း၊ အောက်မေးသို့ ရောက်ရှိလာပြီးနောက် ညည်ညင်သာသာပင် အမေအသက်ကုန်သွားပါသည်။ အစ်ကိုကြီး၊ အစ်မကြီးနှင့် ကိုဝင်းကိုတို့ သည်းထန်စွာငိုကြွေးကြပါသည်။ စာရေးသူ၊ မယ်တော်ကြီးနှင့် အစ်မအေးတို့သည်လည်း ပုထုဇဉ်များသာဖြစ်ကြ၍ ထိုက်သင့်သလောက်တော့ ငိုကြပါသည်။ အမေသည် အသက် (၈၃) နှစ်ထဲတွင် ကွယ်လွန်ခြင်း ဖြစ်ပါသည်။

အမေအိပ်သောခုတင်ပေါ် မှာပင် အမေ့ကို ပြင်ဆင်ထားရှိပါသည်။ မမြသောသခ်ါရသဘောတရားတို့ပင်တည်း။ သေခြင်းတရားဟူသည် အရှိတရားဖြစ်ကြောင်း စာရေးသူတို့အား ဖခင်ကြီး အဖေဝင်းမှ လည်းကောင်း၊ မိခင်ကြီး အမေကောင်းမှ လည်းကောင်း လက်တွေ့ပြသသွားပြီဖြစ်ပါ၍ သတိသံဝေဂရယူမိပါ၏။ စာရေးသူတို့လည်း စာရေးသူတို့ အတွက် ကျန်ရှိသော ဘဝသက်တမ်းနေ့ရက်များ ကုန်လွန်သွားလျှင် သေဆုံးကြရမည်သာဖြစ်ပါသည်။ စာရေးသူတို့ ဘဝသံသရာတစ်လျှောက်တွင် ချစ်သူ ခင်သူတို့နှင့် သေကွဲရှင်ကွဲကွဲခဲ့ရသော အကြိမ်တို့သည် ရေတွက်နိုင်မည်မဟုတ်တော့ပါ။ မိမိအား ခွဲခွာသွားခြင်း၊ မိမိ ကခွဲခွာခဲ့ရခြင်းတို့သည် မရှိနိုင်သော၊ အပ်ကြောင်းထပ်နေပြီဖြစ်သောဓာတ်ပြား ဟောင်းကြီးတစ်ချပ်သဖွယ်ဖြစ်နေပြီဖြစ်၍ ကွယ်လွန်သေဆုံးသွားသူတို့အတွက် ဝမ်းနည်းပူဆွေးပြီး နေရန်မသင့်။ ထိုသူတို့အတွက် ဒါနပြုပေးပြီး အမျှပေးဝေခြင်းသည်သာ မှန်ကန်သောလွမ်းဆွတ်ခြင်းဖြစ်ပေသည်ဟု စာရေးသူတို့ဖြေသိမ့်လိုက်ပါသည်။

အမေသည် လာခြင်းကောင်းစွာဖြင့် လူလောကကြီးအတွင်းသို့ ရောက်ရှိလာခဲ့ပြီး နေခြင်းကောင်းစွာဖြင့် နေထိုင်သွားခဲ့၍ သေခြင်းကောင်းစွာဖြင့်သေဆုံးသွားခဲ့ပြီဖြစ်ရာ ကောင်းသောလားရာအဖြစ် သုဂတိဘုံဘဝတစ်ခုသို့ ရောက်ရှိသွားပြီမှာ သေချာပါသည်။ အဲ့ဩဖွယ်ကောင်းလှသည်မှာ နာဇာရှည်လူမမာလည်းဖြစ်၊ အနာအိုအနာဆွေးလည်းရှိသူတို့ကွယ်လွန်အနိစ္စရောက်လျှင် မခံမရပ်နိုင်အောင် ဆိုးဝါးသော အနုံအသက်တို့ပေါ် ထွက်တက်သည်ဟု ကြားဖူးပါသည်။ ယခုအမေဆုံးပါးသွားသောအခါ အနာမှာ ခြောက်သွေ့သွားပြီး မည်သည့် နေရာကမျှ မည်သည့်အနုံအသက်မျှ ထွက်ပေါ်ခြင်းမရှိပါ။

အမေ့အား ပြင်ဆင်ထားပြီးခါနိုင်တွင် ဘုရားဖူးပည့်သည်များကလည်း အဆက်မပြတ် လာရောက်နေကြပါသည်။ အိမ်ရှေ့တွင်လည်း ကနားဖျင်းထိုးမထားပါ။ အမေ့ကို အခန်းထဲမှာသာ ပြင်ဆင်ထားခြင်းဖြစ်၍ ဧည့်သည်များ မဆိုရှိကြပါ။ စာရေးသူတို့ အိမ်မှာလည်း နာရေးကိစ္စဖြစ်နေသည့်အိမ်ဟု မသိရပါ။ စာရေးသူတို့သည် တည်ငြိမ်စွာပင် ဧည့်သည်များကို ဧည့်ခံစကားပြော လျက်ရှိနေကြပြီး စကားစပ်မိမှ ယနေ့ အမေဆုံးသွားကြောင်း ပြောပြရာ -

"အခုလေးတင် အမေဆုံးထားတာကို ဣန္ဒြေမပျက်ကြဘူး၊ တကယ့်ကို တရားပြည့်ဝတဲ့ပုဂ္ဂိုလ်တွေပါပဲ၊ လေးစားလိုက်တာ"

ဟု ပြောကြပါသည်။

ထိုညက စာရေးသူနှင့် မယ်တော်ကြီးတို့သည် အသက်မရှိတော့ပြီဖြစ်သောအမေ့ကို တစ်ယောက်တည်း မထားလို၍ အမေ၏ တစ်ဖက်တစ်ချက်မှ အိပ်ကြပါသည်။ မယ်တော်ကြီးသည်လည်းကောင်း၊ စာရေးသူသည်လည်းကောင်း အမေ့အား သက်ရှိထင်ရှားရှိစဉ်က အစွမ်းကုန်ပြုစုခဲ့ကြပြီ ဖြစ်ပါသည်။ မယ်တော်ကြီးနှင့် နှိုင်းစာလျှင်တော့ စာရေးသူ၏အမေ့အပေါ် တာဝန်ကျေပွန်မှုမှာ မပြောပလောက်သောပမာဏသာ ရှိသော်လည်း စာရေးသူအဖို့ရာတော့ ကိုယ့်ကိုယ်ကိုယ်ကျေနပ်အားရမိသည်။

စာရေးသူတို့ အဖြစ်သည်ကား မြတ်စွာဘုရားရှင် အလောင်းတော် ဘဝဇာတ်များစွာတွင် ပါရမီဖြည့်ခံရသည့်အတိုင်း မျက်မမြင်ဒုက္ခိတမိခင်အို ကြီးကို ပြုစုစောင့်ရှောက်ကြရခြင်းဖြစ်သည့်အတွက် အမေ့အဖို့ရာတွင်တော့ ဆင်းရဲဝင်ပန်းရသည်ဖြစ်သော်လည်း စာရေးသူတို့အဖို့ရာတွင်တော့ ကြီးမားသော ကုသိုလ်အကျိုးတရားတို့ရရှိရန် အတွက် အမေက ပါရမီဖြည့်ကုသိုလ်ပေးနေသကဲ့သို့ ဖြစ်ပါသည်။ ယခုကဲ့သို့ စာရေးသူတို့သည် အမေသေဆုံးခြင်း

www.burmeseclassic.com

www.burmeseclassic.com

အတွက် ဝမ်းနည်းပူဆွေး ငိုကြွေးနေကြခြင်းမဟုတ်ကြပါ။ သို့သော် အမေ၏ ရုပ်ကလာပ်ကို စောင့်ရှောက်သည့်အနေဖြင့် အမေ့ဘေးမှအိပ်စက်ကြခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် မနက်မိုးလင်းခဲ့ရပါသည်။

ညနေ (၃) နာရီတွင် အမေ့ကို သင်္ဂြိဟ်မည်ဖြစ်ပါသည်။ ထိုအချိန်က ကားသာမက ဆိုင်ကယ်များပါ ရှားပါးလှသေး၍ စဉ့်ကိုင်တွင် နားနေပို့သည့် ကားမရှိသေး။ ကားဖြင့်နာရေးပို့ဆောင်သူတို့လည်း ရှားပါးပါသေးသည်။ အမေ့ကို မန္တလေးမြို့မှ ပြဟ္မစိုရ်ကားဖြင့် စီစဉ်ပါသည်။ ထိုစဉ်က စာရေးသူတို့တွင် အမာခံသာဝကလည်း နည်းပါးပါသေးသည်။ သို့သော် အမေ၏သီလတန်ခိုးဖြင့် ကား (၅) စီးဖြင့် ပို့ဆောင်နိုင်ပြီး စည်ကားသိုက်မြိုက်ခဲ့ပါသည်။ အမေ့ကို သရဏဂုံတင်ပြီးသောအခါ မီးသင်္ဂြိဟ်ရန်အတွက် သချိုင်းစောင့် ကိုမျိုးညွန့်က ခါးလယ်မှပွေ့ချီလိုက်ရာ ဒူးတို့ကွေးကျသွားပြီး လက်များလည်း လျှော၍ တန်းလန်းကျရာ ကိုမျိုးညွန့်က -

"ခင်ဗျားတို့အမေ တကယ်သေတာမှဟုတ်ရဲ့လားဗျာ စစ်ကြည့်ပါဦး"

ဟု ပြောပါသည်။

အမေဆုံးခဲ့သည်မှာ (၂၄) နာရီ ကျော်နေပြီဖြစ်သော်လည်း အမေသည် လူကောင်းကဲ့သို့ ပျော့ပျောင်းလျက်ရှိနေပါသေးသည်။

မီးသင်္ဂြိဟ်သော ကျောက်ခုံပေါ်တွင် စက်ဘီးတာယာဟောင်းများထပ်၍ ထားပါသည်။ အမေ့ကို ထိုတာယာများပေါ်တင်၍ မီးရှို့ခြင်းဖြစ်ပါသည်။ ထိုအချိန်တွင်လည်း ထူးခြားမှုဖြစ်ပေါ်ပါသေးသည်။ ရော်ဘာတာယာများဖြစ်၍ မီးခိုးတို့သည် မည်းမှောင်နေရမည်ဖြစ်သော်လည်း မီးခိုးတို့သည် လိမ္မော်ရောင်နှင့်အဖြူရောင်တို့သာထွက်ပေါ်ပါသည်။ လူတစ်ယောက်၏ဘဝသည်ကား နာရီဝက်၊ တစ်နာရီအတွင်း ပြာအဖြစ်၊ မီးခိုးအဖြစ် လွင့်ပျောက်ပျယ်သွားရပြီး ဘယ်မှာမှရှာ၍ မရနိုင်တော့ပါကလားဟုတွေးမိကာ ဘဝသံသရာကြီးကို ကြောက်ရွံမိပါတော့သည်။ စာရေးသူတို့၏ အမေနှင့်အဖေ၏ ရုပ်ကလာပ်တို့သည်ကား စဉ့်ကိုင်မြို့၏ အနောက်တောင်ထောင့်တွင်ရှိသော မောင်ရင်မောင့်ကုန်းသချိုင်းမြေတွင် ကွယ်ပျောက်ခဲ့ကြရပြီ ဖြစ်ပါ၏။

ထိုရက်များက ရုပ်ရှင်တော်မြတ်သည် စာရေးသူတို့မိသားစု၏ ပူပင်သောကတို့ကို မကြည့်ရက်သည့်အလား ဘေးတစ်ဖက်သို့ လှည့်၍နေတော်မူပါသည်။ အမေရက်လည်ပြီးသောအခါမှသာ ရှေ့တည့်တည့်သို့ မျက်နှာတော်၊ ကိုယ်တော် ပြန်လှည့်တော်မူလာခဲ့ပါသည်။

စာရေးသူတို့တွင် အားကိုးစရာ အားထားစရာ၊ ကုသိုလ်ယူစရာ မိဘနှစ်ပါးစလုံး မရှိတော့ပြီဖြစ်ပါ၏။ အမေသည် အိုမင်းမစွမ်းနာတာရှည်မျက်မမြင် ဒုက္ခိတတစ်ဦးသာဖြစ်သော်လည်း အမေရှိနေသောအခါ စာရေးသူတို့ဘဝသည် လုံခြုံအေးချမ်းလျက် အားကိုးအားထားရှိသကဲ့သို့ အရိပ်ကြီးလှပါ၏။ ရက်လည်ပြီးသောအခါ အစ်ကိုကြီးဦးမောင်မောင်သည် လည်းကောင်း၊ အစ်မကြီးဒေါ်နွဲ့ရီသည် လည်းကောင်း၊ ၎င်းတို့နေထိုင်ရာ မြို့ရွာများသို့ ပြန်သွားကုန်ကြပြီဖြစ်၍ အိမ်တွင် စာရေးသူ၊ မယ်တော်ကြီးနှင့် အန်တီအေးတို့ မောင်နှမ (၃) ဦးသာ ကျန်ရစ်ပါသည်။ အမေမရှိတော့သောအခါတွင် စာရေးသူတို့၏ နေအိမ်သည် ခြောက်သွေ့လျက်ရှိသကဲ့သို့ ခံစားရပါသည်။ အမေဆုံးပြီး၍ တစ်လတိတိပြည့်သောနေ့တွင် ရုပ်ရှင်တော်မြတ်ဒေသစာရီပြန်လည်ကြွမြန်းရာ အိမ်တွင် စာရေးသူတစ်ယောက်တည်းသာကျန်ရစ်ပါသည်။

ထိုစဉ်က နေ့ခင်းတွင် ဘုရားဖူးဧည့်သည်တစ်ဖွဲ့စနှစ်ဖွဲ့စသာလာရောက်တတ်လေ့ရှိပြီး များသောအားဖြင့် စာရေးသူတစ်ယောက်တည်းသာ နေရသောအချိန်တို့သာများပါ၏။ စာရေးသူတွင် ယခုကဲ့သို့ တပည့်များလည်းမရှိ၍ ညဘက်တွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှမလာကြပါ။ စိပ်ပြတွင်နေသောကိုဝင်းကိုသည်လည်း နံနက်ပိုင်းသော်မှ နေ့စဉ်ရောက်လာလေ့မရှိပါ။ ပထမဦးဆုံး အိမ်တွင် တစ်ယောက်တည်းအိပ်ရသောညက စာရေးသူသည် အမေနှင့်နေ့စဉ်အတူနေအတူအိပ်ရသည်ဖြစ်ရာ အမေ့ကို သတိရမြင်ယောင်ကာ စိတ်ချောက်ချားသလိုဖြစ်နေခဲ့သည်။ သို့သော် နောက်ညများမှစ၍ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ စာရေးသူတို့တွင် အားကိုးစရာ၊ အားထားစရာ မိဘနှစ်ပါးတို့မရှိပြီ။ ကုသိုလ်ယူဝေယျာဝစ္စဆောင်ရွက်ရန်၊ ပြုစုရန် မိဘနှစ်ပါးတို့မရှိပြီဖြစ်၍ ရွှေကံကူရုပ်ရှင်တော်မြတ်ကြီးကိုသာ အဓိကအဖဖယ် အားကိုးအားထားပြုကာ ရွှေကံကူရုပ်ရှင်တော်မြတ်ကြီးအား ဝေယျာဝစ္စဆောင်ရွက်ပြီး ကုသိုလ်ယူရတော့မည်ဟု တွေးမိလိုက်သောအခါ စာရေးသူတို့၏ဘဝသည် လုံခြုံအေးချမ်း၍ သွားပါတော့သည်။

အမေဆုံးပြီးသည့်နောက်ပိုင်းတွင် ရွှေကံကူလေပျံသင်တော်ရုပ်ရှင်တော်မြတ်ကြီး၏ တန်ခိုးတော်တို့မှာလည်း ပို၍ကြီးမားကျယ်ပြန့်လာ၍ ဒေသစာရီကြွချိန်ရသောရက်တို့ စိပ်၍လာခဲ့ပါသည်။ ၂၀၀၅ ခုနှစ် နွေရာသီတွင်လည်း ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ဒေသစာရီကြွချီတော်မူရာ၌ (၃) လတိတိကြာမြင့်ပါသည်။ မယ်တော်ကြီးတို့သည် ဇွန်လဆန်းထဲတွင် ပြန်လည်ရောက်ရှိလာ၏။ ထိုအချိန်တွင် အုန်းတကူးအိပ်မက်လာပြန်ပြီး ခြံစည်းရိုးအနောက်တောင်ထောင့်တွင် မြွေစိမ်းကလေးရောက်လာပြန်သည်။ ယခင်ရောက်လာနေကျ မြွေစိမ်းကလေးပင်ဖြစ်သည်။

ထိုမြွေစိမ်းလေးသည် စာရေးသူအား လူအကြည့်မျိုးဖြင့်ဝင်လိုက်ကြည့်နေပါသည်။ အနောက်ထိပ်မှအရှေ့ထိပ်သို့ရောက်ရှိလာပြီး ပျောက်ကွယ်သွားပါသည်။ မယ်တော်ကြီးတို့လည်း ထိုမြွေကို တွေ့မြင်သည်ဖြစ်၍ စာရေးသူအား အုန်းတကူးသို့သွားရန် စေလွှတ်ပါသည်။ စာရေးသူလည်း ရှေးအခေါက်မှ နည်းတူ (၁၂) လမ်းကျဲထောင့်မှပင် ကားစောင့်ရင်း စတိုးဆိုင်လေးသို့သွားရောက်ပြီး အစ်မတော်အတွက် အလှအပ အလှပြင်ပစ္စည်းများ ဝယ်ယူပါသည်။

ထို့နောက် အုန်းတကူးသို့ လာခဲ့သည်။ စာရေးသူသည် အုန်းတကူးသို့ မကြာမကြာလာနေကျဖြစ်၍ အုန်းတကူးမြေသည်လည်းကောင်း၊ ရွာသူရွာသားတို့သည်လည်းကောင်း၊ တပည့်များသည်လည်းကောင်း စာရေးသူနှင့် မစိမ်းပါ။ အုန်းတကူးတွင် နေထိုင်စဉ်ကကဲ့သို့ တစ်သားတည်းကျနေပါ၏။ ဆရာတော်ကလည်း ထုံးစံအတိုင်း မနက်ခင်းပိုင်း ကျောင်းပိတ်ပေးသည်။ ကျောင်းတွင် ယခင်အခေါက်က ကျောင်းဆရာများ မဟုတ်ကြတော့ပါ။ နောင်ချို့မြို့မှရောက်ရှိလာသော ဆရာမကလေးဖြစ်နေပြီး စာရေးသူ၏အုန်းတကူးတောင်တော်နှင့် ပတ်သက်ပုံများကို ကလေးများထံမှသိထား၍ ဆရာမလေးသည်လည်း အုန်းတကူးတောင်တော်သခင်မကို စိတ်ဝင်စားနေပြီး စာရေးသူတို့တောင်ပေါ်တက်သောအခါ ကလေးများနှင့်အတူလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်။

ထုံးစံအတိုင်းပင် အတက်တစ်လမ်း၊ အဆင်းတစ်လမ်းတက်သည့်အခါသည်း ယခင်အခေါက်တက်သောလမ်းဟုတ် တွေ့ရာကြဲရာမှတက်ခဲ့ကြခြင်းပင် ဖြစ်သည်။ တောင်ပေါ် သို့တက်ခဲ့သည့်အကြိမ်လည်း မနည်းတော့ပြီဖြစ်၍ တောင်တက်ရသည်မှာ ပင်ပန်းသည်ဟု မထင်တော့ပါ။

ဤဆရာမလေးနှင့် စာရေးသူမှာ ယခုတစ်ကြိမ်သည် ပထမဆုံးတွေ့ဆုံဖူးခြင်း ဖြစ်ပါသည်။ သို့သော် စာရေးသူသည် အခြားကျောင်းဆရာများနှင့်အတူ ခရမ်ဆင်းအင်္ဂါ အသားအရေ ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံမှအစထူးခြားနေသူ၊ ပေါ်လွင်ဆင်ရွှားနေသူဖြစ်ပြီး မြင်သူတို့၏စိတ်တွင် ထူးထူးခြားခြားခံစားမှု စိတ်ဝင်စားမှုဖြစ်စေသောအသွင်ဖြစ်နေသည့်အပြင် စာရေးသူ ဤရွာလေးကို ရောက်ရှိလာပုံမှာလည်း အခြားကျောင်းဆရာများ ရောက်လာသကဲ့သို့မဟုတ်၊ ထူးခြားနေ၏။ ထို့ပြင် ကျောင်းသူကျောင်းသားများ၊ ရွာသူရွာသားများနှင့်ခင်မင်ရင်းနှီးသံယောဇဉ်ကြီးမားမှုမှာလည်း အခြားဆရာမျာ်းနှင့်မတူ ထူးထူးခြားခြား ခင်မင်ရင်းနှီးမှုဖြစ်နေပြန်၏။ ထို့ပြင် ရောက်လာပုံဆန်းကြယ်ခြင်းထက် ပြန်လည်ထွက်ခွာပုံမှာ ပို၍ထူးခြားလှပါ၏။ နေအိမ်တွင် ကိုးကွယ်ပူဇော်ထားရှိသော ရုပ်ပွားတော်တစ်ဆူကြီးဘုရားအဖြစ် ပွင့်ထွန်းတော်မူလာ၍ ကျောင်းဆရာဆက်လက်မလုပ်နိုင်တော့ဘဲ အိမ်သို့ပြန်ရပါသည်ဆိုခြင်းမှာ ဘယ်တုံးကမှ မကြားဘူးသောပုံစံဖြစ်နေသောကြောင့်ပင်။

ထို့ပြင် ကျောင်းဆရာအားလုံးတို့သည် ဤရွာမှထွက်ခွာသွားလျှင် ဤရွာသို့ အချို့တစ်ခေါက်မျှ၊ အချို့နှစ်ခေါက်မျှ အချို့သုံးခေါက်မျှ ပြန်လည်ရောက်လာတတ်ပြီးသည့်နောက် လုံးဝပျောက်ကွယ်သွားကြသည်သာ ဖြစ်သော်လည်း စာရေးသူကတော့ ဤရွာကလေးသို့ ရောဆက်မပြတ် လာရောက်နေသည်မှာသည်း ထူးခြားမှုဖြစ်နေပြန်ပြီး စာရေးသူ့အိမ်မှ ဘုရားသည်လည်း တန်ခိုးတော်ညှိမှန်သွားပြီဟုမရိပဲ တစ်စထက်တစ်စ တန်ခိုးတော်တို့ ပိုမိုကြီးမား၍လာကာ ကိုးကွယ် ယုံကြည်သူတို့လည်း ပို၍များသည်ထက်များလာခြင်းဖြစ်ရာ အုန်းတကူးသွားမှလူတို့သည် စာရေးသူအား ပို၍ပို၍ စိတ်ဝင်စားကာ ချစ်ခင်လေးစား၍နေကြသည်ဖြစ်သောကြောင့် စာရေးသူ၏ အကြောင်းကို ရွာသူရွာသားများကလည်းပြောကြမည်၊ တပည့်များကလည်း ပြောကြမည် ဖြစ်၏။ ထို့ကြောင့် ဆရာမလေးသည် စာရေးသူကို ခင်မင်ရင်းနှီးနေပုံရပါ၏။ ယခုမှတွေ့သော်လည်း ရင်းနှီးကျွမ်းဝင်သူသို့ စာရေးသူကို ပြောဆိုဆက်ဆံလျက်ရှိပါ၏။

စာရေးသူ အုန်းတကူးသို့ လာရောက်ခြင်းမှာ အခြားသောအကြောင်းကိစ္စမပါရှိပါ။ သခင်မတောင်တော်ပေါ်သို့ တက်ရောက်ရန်အတွက် သက်သက်လာရောက်ခြင်းဖြစ်၍ စာရေးသူတို့ ဖြည်းဖြည်းဆေးဆေး နားနားနေနေသာ တက်ကြပါသည်။ ဝါးတစ်ပြန်ခန့်သွားပြီးလျှင် တစ်ထောက်နား၏။ ထို့ကြောင့် မမောမပန်းဘဲ တောင်ပေါ်သို့ ရောက်ရှိခဲ့ကြသည်။ ဆောင်းလယ်ရာသီဖြစ်၍ တောင်ကြား၊ လျှိုမြောင်အနိမ့်ပိုင်းတို့တွင်သာ သစ်ပင်တို့ မြက်တို့စိမ်းနေကြသေးပြီး တောင်ပေါ်တွင် မြက်ပင်တို့လည်း ခြောက်လျက်ရှိပြီ၊ သစ်ရွက်တို့လည်း ရင့်ရော်ဝါရွှေလျက် မြောက်ပြန်လေတစ်ချက်မျှ ဝှေ့ဝဲတိုက်ခတ်လိုက်လျှင် သစ်ရွက်တို့ကြွေကျတုန်၏။ သခင်မတောင်တော်သည် မြေပြန့်မှပထမဦးဆုံးတွေ့ရသော တောင်ကြောငယ်လေးဖြစ်ပြီး ဤတောင်တော်၏အရှေ့ဘက်တွင်တော့ မြေပြန့်လွင်ပြင်တောင်ကြားလွင်ပြင်ချိုင့်ဝှမ်းဟူ၍ မရှိတော့ပါ။ တောင်စဉ်တောင်တန်းကြီးတို့သည်ဆက်ကာဆက်ကာဆင့်ကာဆင့်ကာဖြင့် မိုးကုပ်စက်ဝိုင်းအခြေထိတိုင်ဖြစ်ပါ၏။

ထိုတောင်တန်းကြီးတို့သည်ကား မိုးကုတ်ဒေသနှင့် တစ်ဆက်တည်းတည်ရှိပြီး ထိုမှဆက်၍ အရှေ့သို့လိုက်သွားမည်ဆိုလျှင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မြောက်သို့လိုက်လျှင် ရှမ်းပြည်မြောက်ပိုင်းမှသည် ကချင်ပြည်နယ်၊ တောင်သို့လိုက်သွားမည်ဆိုလျှင်လည်း ပြင်ဦးလွင်ဒေသမှသည် ရှမ်းပြည်နယ်တောင်ပိုင်းထိတိုင် တစ်ဆက်တည်းတည်ရှိနေသော တောင်တန်းများ ဖြစ်ပေ၏။

နံနက် (၁၀) နာရီခွဲခန့်ရှိနေပြီဖြစ်ပြီး နေသာခိုးခိုက်ဖြစ်သည့်တိုင် နေရောင်သည် မပူပြင်းဘဲ တောင်ပေါ်လေအေးများတိုက်ခတ်နေပါသည်။ တောင်စဉ်တောင်တန်းကြီးများကိုလည်း ကြည်လင်ပြတ်သားစွာ မမြင်ရပါ။ နှင်းနှင့်မြူတို့ ရောထွေးရစ်ဆိုင်းလွှမ်းခြုံလျက်ရှိပါ၍ မှိုင်းမှုန်ပြာဝေလျက်ရှိပါသည်။ စာရေးသူတို့ စေတီသုဏ္ဏာန်ကျောက်ခဲပုံကြီးနားဆီသို့ သွားရောက်ကြပြီးနောက် ထုံးစံအတိုင်း အမွေးတိုင်များကို ထွန်းညှိစေပါသည်။ ထို့နောက် စာရေးသူလည်း အသင့်ယူဆောင်လာသော ရှမ်းဝတ်စုံကို လဲလှယ်ဝတ်ဆင်လိုက်၏။ စာရေးသူ စိတ်အာရုံတွင် မည်သို့ဆန္ဒဖြစ်ပေါ်ခဲ့သည်မသိပါ။ ဤတောင်ပေါ်သို့ ဒုတိယအကြိမ်တက်ရောက်စဉ်မှစ၍ တောင်ပေါ်ကို ရှမ်းဝတ်စုံယူဆောင်သွား၏။ ဘုရားကန်တော့ခါနီး ရှမ်းဝတ်စုံကို ဝတ်ဆင်လေ့ရှိပြီး တောင်ပေါ်မှပြန်ဆင်းခါနီး သောအခါမှ ရှမ်းဝတ်စုံကို လဲလှယ်သိမ်းဆည်းတတ်ပါသည်။

စာရေးသူတွင် ရှမ်းဝတ်စုံကိုယ်ပိုင်မရှိသေး၍ စာရေးသူတို့နေအိမ်ရှိ ခွန်းချို ခွန်းသာနန်းမှ ခေတ္တငှားရမ်းယူဆောင်ခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူ ရှမ်းဝတ်စုံ လဲလှယ်ဝတ်ဆင်ပြီးသောအခါ ဆရာမလေး၏ မျက်နှာအမူအရာတို့ ပြောင်းလဲသွားပါသည်။ ဝမ်းနည်းကြေကွဲဟန် လက္ခဏာတို့ပေါ် ပေါက်နေပြီး သက်ပြင်းကိုလည်းချ၏။ တဝါးဝါးလည်း သမ်းဝေလျက်ရှိနေ၍ မျက်ရည်တို့လည်းစို့လျက်ရှိပါသည်။ ဘာရယ်မှန်းမသိ စာရေးသူလည်း ဆရာမလေး၏ ထူးခြားသော အမူအရာတို့ကို မြင်တွေ့လိုက်ရသော အခါ ဝမ်းနည်းသလိုဖြစ်ပေါ်၍လာမိပါ၏။ ဆရာမလေးသည် နောင်ချို့မြို့သူဟု သိရသည့်အပြင် ရှမ်းမလေးမဟုတ်သော်မှ ရှမ်းအနွယ်ဖြစ်မည်မှာကတော့ သေချာပါ၏။ စာရေးသူကို ရှမ်းဝတ်စုံနှင့် မြင်ရသောအခါ ငင်း၏ဒေသမြို့ရွာတို့ကို ပြန်လည်သတိရလွမ်းဆွတ်လာ၍ ယခုကဲ့သို့ ဝမ်းနည်းစိတ်ဖြစ်ပေါ်လာပုံရပါ၏။

တကယ်တော့ စာရေးသူကိုယ်တိုင်လည်း ဤတောင်ပေါ်သို့ ဘာကြောင့်လာနေရသည်၊ စာရေးသူအုန်းတကူးသို့ မသွားတာကြာလျှင် အိပ်မက်ထဲတွင် မြွေတို့ဘာကြောင့်မြင်မက်ရသည်၊ စာရေးသူ၏နေအိမ်သို့ မြွေများဘာကြောင့် ရောက်လာရသည် စသော အကြောင်းတို့ကို စာရေးသူသည် လုံးဝသိရှိခြင်းမရှိ။ မည်သူကမျှလမ်းညွှန်စေခိုင်းမှုမရှိပါဘဲ ဤရွာကလေးကို ရောက်ရှိ လာရသည်၊ (၄) နှစ်တိတိနေထိုင်ခဲ့ရသည်၊ ဤရွာလေးတွင် ရောက်ရှိနေထိုင်ခဲ့စဉ်ကာလများတွင်လည်း အဘယ်ကြောင့် မြွေအိပ်မက်များ၊ ထူးထူးခြားခြား မြွေများကို ထွေ့ရှိရသည်။ ဘာကြောင့်လည်း၊ ဘာမှမသိရှိခဲ့ပါ။ ဆံပင်နုတ်ခံရသည်ကို

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြုပြီး ဤတောင်ပေါ်တွင် တောင်စောင့်နတ် အစ်မတော်ရှိသည်။ ထိုအစ်မတော်၏ ဆန္ဒကြောင့် စာရေးသူ ဤရွာလေးသို့ လာရောက်ပြီး ဤတောင်ပေါ်သို့ တက်ရောက်ရသည်ဟုသာ သိထားပါသည်။

အစ်မတော်သည် အဘယ်ဘုံဘဝ လောကသားပါနည်း။ အစ်မတော်နှင့် စာရေးသူသည် အတိတ်ဘဝများက မည်သို့ ပတ်သက်ဆက်နွယ်ခဲ့ပါသနည်း။ စာရေးသူ ဘာမှမသိပါ။ နောက်ထပ် ဆပင်နှတ်ခြင်းကဲ့သို့ တစ်ခုခုပြုမည်စိုး သောကြောင့်သာမကြာမကြာလာရောက် နေရခြင်းဖြစ်ပါ၏။ ထိုအခါ ဆရာမလေး၏ အမူအရာဟန်ပန်တို့ ရုတ်တရက် ပြောင်းလဲသွားသည်ကို မည်သို့စာရေးသူ သိရှိပါမည်နည်း။

အမွေးတိုင်များမီးထွန်းညှိပြီးစီး သောအခါတွင် စာရေးသူတို့အားလုံး ဩကာသကန်တော့ချိုးဖြင့် ဘုရားကန်တော့ကြပါသည်။ ထို့နောက်တော့ ကျောက်ပုံစေတီ၏အရှေ့ဘက်အောက် ခြေနားရှိ ကျောက်တုံးကြီးအကြားတွင် အစ်မတော်အတွက် နှုတ်ခမ်းနီ၊ မိတ်ကပ်၊ ဆံညှပ်၊ လက်သည်းနီ၊ မှန်၊ ဘီး စသည်တို့ထည့်သွင်းလိုက်ပြီး တိုင်တည်ရည်မှန်းလျှဒါန်းလိုက်ပါသည်။ ကျောက်ပုံစေတီတောင်ကုန်းလေးတစ်ခုလုံး အမွေးတိုင်အများအပြား ထွန်းညှိထား၍ နေရာအနှံ့မှ မီးခိုးပြာပြာကလေးများ တအူအူရှိနေသည်မှာ ကြည့်ကောင်းလှပါသည်။ ထူးဆန်းလှပါ၏။ ထိုမီးခိုးပြာပြာများကြားမှာပင် ပျားနှင့်လိပ်ပြာတို့ပျံဝဲလျက်ရှိပါ၏။ ပျားနှင့်လိပ်ပြာတို့သည် မီးခိုးကို မနှစ်သက်ပါ။ ပျားအုံတွေ့လျှင် ဆေးလိပ်ဖွာ၍ ဆေးလိပ်မီးခိုးနှင့်မှုတ်လျှင်ပင် ပျားတို့ပျံပြေးကြလေ့ရှိပါ၏။ မီးခိုးရှိရာသို့ ပျားကောင်တို့လာလေ့မရှိပါ။ အမွေးတိုင်မီးခိုးသည် မွေးရန့်ပါရှိသည်ဟုဆိုသော်လည်း ပျားများအဖို့ ဆေးလိပ်မီးခိုးထက် ပိုဆိုးပါသည်။ သို့သော် ဤတောင်ပေါ်တွင်တော့ အမွေးတိုင်ထွန်းညှိသည့်အခါတိုင်း ထိုမီးခိုးများအကြားတွင် ပျားတို့လှည့်လည်ပျံဝဲနေမြဲဖြစ်နေသည်ကတော့ ထူးခြားလှပါ၏။

ဘုရားကန်တော့ပြီးသည့်နောက် မေတ္တာပို့ အမျှဝေ၏။ ထိုသို့ ကန်တော့ပြီးသည်နှင့် စာရေးသူလည်း ထိုကျောက်ပုံစေတီနှင့်အနီးတစ်ဝိုက်သို့ လှည့်လည်ကြည့်ရှုပါသည်။ ဤတောင်ပေါ်သို့ စာရေးသူလည်း အကြိမ်ကြိမ်ရောက်ဖူးခဲ့ပြီဖြစ်သော်လည်း တောင်ပေါ်ရှုခင်း၊ တောင်ပေါ်မှကျောက်တုံးကျောက်ဆောင်များ၊ သစ်ပင်များသည် အမြဲတမ်းဆန်းသစ်လှပနေမြဲသာဖြစ်၍ ကြည့်မဝနိုင်အောင်ရှိပါသည်။ ဆရာမလေးရောကလေးများပါ စာရေးသူသွားရာသို့ လိုက်ပါလျက်ရှိနေကြပြီး ဆရာမလေးက -

ဆရာ၊ ခုနတုန်းက ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ရှက်လိုက်တာ"

ဟု ပြောပါသည်။

တောင်ပေါ်တွင် အချိန်အတော်ကြာနေခဲ့ကြပြီးနောက် စာရေးသူတို့လည်း တောင်ပေါ်မှဆင်းခဲ့ကြပါသည်။ ထို့နောက်ရက်တွင်တော့ စာရေးသူလည်း စဉ့်ကိုင်သို့ပြန်ခဲ့ပါသည်။

စဉ့်ကိုင်ပြန်ရောက်ပြီး (၃) လခန့်အကြာတွင်တော့ စာရေးသူထူးဆန်းသောအိပ်မက်ကို မြင်မက်ပါသည်။ အိပ်မက်ထဲတွင် စာရေးသူသည် အုန်းတကူးမှ စာရေးသူ၏ တပည့်မလေးများဖြစ်သော အိဖြူ၊ တင်တင်ဦး၊ တို့နှစ်ဦးနှင့် စဉ့်ကိုင်မြို့မှ မိန်းကလေးတစ်ဦးတို့ ရောဝတီကဲ့သို့မြစ်ကြီးတစ်ခု၏ မြစ်ကွေ့နေရာတွင်ရေချိုးနေကြခြင်းဖြစ်ပါသည်။ ရေချိုးသည်ဟုသာဆိုသော်လည်း အပျော်သဘောမျိုး ရေကစားနေခြင်းသာဖြစ်ပါ၏။ မြစ်ရေသည် ကြည်စိမ်းလျက်ရှိနေပြီး မြို့နား၊ ရွာနားတွင်မဟုတ်။ လူသူရောက်ပေါက်မှုမရှိသော တောကြီးတစ်နေရာပုံစံမျိုးဖြစ်ပါသည်။ မြစ်ကမ်းပါးတွင် စိမ်းစိုသောချုံများ၊ သစ်ပင်များ ပေါက်ရောက်နေလျက် မြစ်ကမ်းပါး၏ နောက်ဘက်တွင်တော့ သစ်တောကြီးများ၊ တောင်တန်းကြီးများ ဖြစ်ပါ၏။

စာရေးသူတို့ (၄) ဦးသား မြစ်ကမ်းပါးတစ်ဝိုက်တွင် လှည့်လည်၍ ရေကူးနေကြပါ၏။ မြစ်လယ်အထိပင် မရောက်ပါ။ ထိုစဉ် အတောင် သုံးလေးဆယ်ခန့်ရှည်လျားသော ကျပ်လုံးခန့် တုတ်သော ကြိုး (၃) ချောင်း မျောလာပါသည်။ ဝါဂွမ်းချည်ဖြင့်ကျစ်ထားပြီး အနီရောင်ဆိုးထားရာ ကြိုးများမှာ အသစ်များဖြစ်သည့်အပြင် ရေထဲတွင် ရေစိမ်ဝံနေသဖြင့် နီရဲလျက်လှပလွန်းပါသည်။ စာရေးသူသည် အိပ်မက်ထဲတွင် အရာရာပြည့်စုံလျက် ဘာမှမလိုအပ်သော ဘဝအခြေအနေ ဖြစ်ပါသည်။ သို့သော် စာရေးသူသည် ထိုကြိုးများကို လိုချင်စိတ်ကြောင့်တော့မဟုတ်။ အလဟဿ ရေထဲတွင်နစ်မြုပ်ဆွေးမြည့်ပျက်စီးသွားမည်ကို နှမြောစိတ်ဖြစ်ပေါ်လာမိ၍ ထိုကြိုးတို့ကို လိုက်လံဆယ်ယူရာ ကြိုးနှစ်ချောင်းကိုရရှိလိုက်ပြီး ကျန်သောကြိုးတစ်ချောင်းမှာမူ မြစ်လယ်အထိရောက်ရှိပြီး ရေအောက်သို့ရောက်ရှိနစ်မြုပ်သွားသဖြင့် မဆယ်ယူနိုင်တော့ဘဲ နှမြောတသစွာဖြင့် လက်လျှော့လိုက်ရပါသည်။

အိပ်မက်မှာ ထိုမျှနှင့်ပြီးဆုံးသွားပါသည်။ ထိုအိပ်မက်သည် သာမန်အိပ်မက်ဖြစ်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအိပ်မက်ကို မည်သည့်အခါတွင် ပြန်စဉ်းစားသည်ဖြစ်စေ အိပ်မက်ဖြစ်စဉ်တို့ကို အစမှအဆုံးတိုင် ပြန်လည် မြင်တွေ့ရသောကြောင့် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည်လည်း ဒေသစာရီခရီးများ ဆက်လက်ကြွမြန်းတော်မူလျက်ရှိသကဲ့သို့ စာရေးသူသည်လည်း စွေးသို့ နေ့စဉ်ဘုရားပန်းဝယ်သည်။ ရက်ခြားသစ်သီးဆွမ်းတော်ဝယ်ယူသည်။ ရက်ခြားကန်တော့ပွဲဝယ်ယူသည်။ အိမ်ပြန်ရောက်လျှင် ပန်းများ ပွဲများ လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေးပြုလုပ်သည်။ ထို့နောက် ထမင်းဟင်းချက်သည်။ ထို့နောက် ရေချိုး ထမင်းစား၊ ဘုရားကန်တော့၊ ပုတီးပွတ်ဟူသော တစ်နေ့တာလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ပါ၏။ ထိုသို့ဖြင့် (၃) လဟူသောအချိန်တို့ ထပ်မံကုန်လွန်ခဲ့ရပြန်ပါ၏။ ထိုအခါ မွေ့အိပ်မက်တို့လည်း ပြန်လည်မြင်မက်လာခဲ့ပြန်ပြီး စာရေးသူတို့ နေအိမ်တွင် မွေ့တို့ပြန်လည်တွေ့ရလာပြန်ပါ၏။ ထိုအခါ စာရေးသူသည် အုန်းတကူးသို့ တစ်ခေါက်သွားရောက်ရပြန်ပါတော့၏။

နေ့လယ် (၂) နာရီခန့်တွင် အုန်းတကူးရွာထိပ်သို့ ရထနာပုံလိုင်းကားကြီး ဆိုက်ပါသည်။ စာရေးသူ ကားပေါ်ထဆင်းလိုက်သည်နှင့် ကိုတင်ဝင်းလက်ဖက်ရည်ဆိုင်မှလူများကကျွန်တော့်ကိုမြင်ကြရသည်ဖြစ်၍ ကိုတင်ဝင်းက -

ဆရာလာပြီဟေ့၊ ဆရာလာပြီ

ဟု အော်လိုက်ရာ ကိုတင်ဝင်း၏ သားများဖြစ်သော တာတီးနှင့်ကုလားပြေးလာကြပြီး စာရေးသူ၏ ခရီးဆောင်အိတ်ကို ကူသယ်ကြ၏။ ဆိုင်ထဲတွင် ကိုမြင့်ဦးနှင့်ကိုတင်မောင်ဝင်း၊ ကိုအောင်ဝင်းလေး၊ ကိုမြင့်ဆွေ၊ ကိုကျော်အောင်တို့လည်းရှိနေကြပြီး ရွာသားအားလုံးသည် အရင်အခေါက်များကဲ့သို့ ရင်ခုန်ပျာပျာ သွက်သွက်လက်လက် နှုတ်ဆက်ကြခြင်းမရှိကြ၍ ဘယ်လိုပါလိမ့်မတွေးတတ်အောင် ဖြစ်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုမြင့်ဦးကသာ -

"ဆရာ ဒီတစ်ခေါက် တော်တော် ကြာသွားတယ်"

ဟု ပြောပါသည်။

ထိုအခါ စာရေးသူက -

"ဟုတ်တယ် ကိုမြင့်ဦး၊ (၆) လ ကျော်သွားတယ်။ ဒါထက် ကျွန်တော် မလာခင်ကြားကာလမှာဘာတွေထူးခြား သေးသလဲ"

ဟု မေးလိုက်ရာ အလွန်ရွှင်သော ကိုမြင့်ဦးသည်ပင် မျက်နှာမကောင်းပါ။

"ဟော- ဟိုမှာ ဘုတ်အီးမလာပြီ။ ဆရာ့ကို သူကပဲပြောပြပါလိမ့်မယ်"

ဟု ဆိုသဖြင့် စာရေးသူသည်လည်း ဆိုင်ရှေ့ဆီသို့ကြည့်လိုက်ရာ ဘုတ်အီးသည် ပုဆိုးအသစ်ပါကင်ပိတ် တစ်ထည်ကို ခေါင်းပေါ် ရွက်လျက် ဝင်းခနဲ့ခနဲ့ ရောက်ရှိလာပါတော့၏။

"ဆရာတပည့် တင်တင်ဦး မရှိတော့ဘူးဆရာရဲ့ အီး. . . ဟီး. . ဟီး"

ဟု ငိုပါတော့သည်။ အတန်ကြာ ငိုနောက်မှ ၎င်းစိတ်ကိုချုပ်တည်းလိုက်ပြီးနောက် ရင်နင့်ဖွယ်ကောင်းလှသော စာရေးသူ၏ တပည့်မလေး တင်တင်ဦး အဖြစ်ကို ဤသို့ပြောပြပါတော့၏။

အုန်းတကူးရွာတွင် စာရေးသူရှိစဉ် အခါက စာရေးသူ သင်ကြားပေးခဲ့သော ကျောင်းသူကျောင်းသားများထဲက သာလွန်၍ စာပေတတ်မြောက်သော ရွာသူရွာသားဟူ၍ မရှိပါ။ စာရေးသူ၏ တပည့်များမှပင် အလယ်တန်း၊ အထက်တန်း ယခု(၂၀၁၆)ဆိုလျှင် တက္ကသိုလ် အောင်ပင်တက်လှမ်းသွားကြခြင်းဖြစ်၍ ထိုရွာကလေး၏ ပညာရေးကို စာရေးသူ၏လက်ထက်မှပင် လမ်းဖွင့်ပေးခဲ့ခြင်း ဖြစ်သည်။ စာရေးသူ မရောက်မီက ရွာမှကလေးများသည် စတုတ္ထ အုန်းအထိရောက်ရှိအောင်ပင် ကျောင်း သက်တမ်းကမရှည်သဖြင့် ပညာရေး တစ်တက်တစ်ပျက်နှင့်ပင် ကျောင်းဆရာ ကိုတော့၍ ကျောင်းပိတ်သွားပြန်ရာ ဘောရေးတစ်ပိုင်းတစ်စနှင့် ကျောင်း ဆရာကိုစောင့်ရင်း အရွယ်လွန်သွားကြ ဖြင့် ပညာရေးဆုံးခန်းတိုင်သွားရာ အလယ်တန်းသို့ တက်လှမ်းနိုင်သူတို့ မေပါက်နိုင်ဘဲရှိသည်။ စာရေးသူ သက်ထက်မှသာ စတုတ္ထတန်းအောင် သည်အထိ သင်ကြားပေးနိုင်ခဲ့၍ အလယ်တန်းသို့ တက်ရောက်နိုင်ကြကာ ရွာလေးတွင် ပညာတတ်သူတို့ပေါ် ပေါ်လာခြင်း ဖြစ်သည်။ ထိုကလေး များ၊ အရင်ရွာသူရွာသားများမှာ မြန်မာ စာကို ရေးတတ်ဖတ်တတ်ခဲ့ရှိသူတို့ပင် နည်းပါးပြီး စာမတတ်ကြသူတို့ပင်ရှိပါ၏။

ထိုအခါ ရွာသူရွာသားတို့သည် တောင်ယာလုပ်မည်၊ အမဲလိုက်မည်၊ သစ်ခုတ်မည်၊ ဝါးခုတ်မည်၊ မီးသွေးဖုတ်မည်၊ (၁၅) နှစ်ကျော်သည်နှင့် အိမ်ထောင်ပြုကြမည်ဟူသောအသိသာရှိကြသည်ဖြစ်ရာ ပညာရေးဗဟုသုတလည်း မရှိသကဲ့သို့ ဘာသာရေးအသိလည်းမရှိကြပါ။ အရက်သောက်သူတို့ပေါများ၏။ အုန်းတကူးရွာတွင် နေ့စဉ် ဖဲဝိုင်းရှိ၏။ ကြက်ဝိုင်းများလည်းရှိသည်။ ဆင်ဝိုင်းလည်းရှိ၍ ဘိန်းလည်းရှိ၏။ ဘာသာရေး အလင်းရောင်အားနည်းလှရာ လူတို့သည် အမှိုက်အမှောင်တွင် ပျော်မွေ့လျက်ရှိကြပါ၏။

တင်တင်ဦးသည် ကိုမြင့်ဆွေ၊ မဘုတ်အီးတို့က ငွေကြေးတတ်နိုင်သော်လည်း စတုတ္ထတန်းအောင်မြင်ပြီးနောက်တွင် ကျောင်းဆက်မတက်တော့ဘဲ မိခင်၏အိမ်စျေးဆိုင်လေးကို စျေးကူရောင်းသည်။ သို့ဖြင့် ကိုမြင့်ဦး၏ ယောက်ဖ အငယ်ဆုံး မောင်ချိုနှင့် ရည်ငံမိကြ၏။ တောရွာသဘာဝ အိမ်ထောင်ပြုရန်စောသေးသည်ဟု တားမြစ်မည့်သူမရှိပါ။ အားလုံးက ကျေနပ်ကြည်ဖြူစွာ မင်္ဂလာဆောင်ပေးလိုက်ကြ၏။ မင်္ဂလာဆောင်ပြီးစဖြစ်သော်လည်း လေး၊ ငါး ရက်သာ ရွာတွင်နေရပြီး မောင်ချိုလည်း လုပ်ဖော်ကိုင်ဖက်များဖြင့် သစ်ခုတ်ထွက်ရပါသည်။ အုန်းတကူးရွာသာမက ထိုဒေသရှိ ရွာတိုင်း သစ်ခုတ်ကြသည်ဖြစ်ရာ ယနေ့ အချိန်၌ ရွာ၏အနီးအနားတွင် ခုတ်စရာ သစ်တို့မရှိတော့ပါ။ ဝေးလံသောနေရာများသို့ ညဉ့်အိပ်ညဉ့်နေ တစ်ပတ်တန်သည်ကြာမြင့်သည်၊ တစ်ဆယ့်ငါးရက်တန်သည်အထိကြာမြင့်တတ်၍ စားအိုးစားခွက်၊ ဆန်၊ ဆီရိက္ခာအပြည့်အစုံနှင့် တောတက်ကြရခြင်း ဖြစ်သည်။

တစ်ပတ်စာသစ်ခုတ်နိုင်မည့်နေရာ၊ ရေနီးသောနေရာတွင် တဲထိုးစခန်းချပြီး နေကြရခြင်း ဖြစ်သည်။ ထိုဒေသ၏ တောတောင်မလေ့ထုံးစံတို့ကိုလည်းသိရှိထားကြပြီးဖြစ်ရာ ခေါင်းဆောင်လုပ်သူမှ တောပိုင်တောင်ပိုင်တို့ကို ပူဇော်ပသပြီး အရှိအသေပေး၏။ လိုက်ပါလာသောအဖွဲ့သားတို့ကိုလည်း အနေအထိုင် အပြောအဆို အပေါ့အလေးသွားသည်မှအစ မမှားမယွင်းအောင် ဆင်ခြင်ကြရန် အမြဲသတိပေးလျက်နေရပါသည်။

ပထမဆုံးစရောက်သည့်နေ့တွင် တဲထိုး၊ တဲဝန်းကျင်သန့်ရှင်းရေးပြုလုပ်၊ ထင်းစုဆောင်း၊ သစ်ပင်များလိုက်လံကြည့်ရှုမှတ်သားဖြင့် အချိန်ရသည်ဖြစ်စေ၊ အချိန်မရသည်ဖြစ်စေ ထိုနေ့ကို တော့ အလုပ်မဆင်းကြ။ ညနေစောစော ထမင်းဟင်းချက်ပြုတ်ကြပြီး အရက်ဝိုင်းဖွဲ့ကြပါသည်။ ထို့နောက် စောစောစီးစီး အိပ်ရာဝင်ကြ၏။ မောင်ချိုသည်လည်း အသက်ငယ်ရွယ်သေးသည့်တိုင် သစ်ခုတ်လိုက်နေသည်မှာ ကြာပြီဖြစ်၍ တော ဓလေ့၊ တောစရိုက်တို့ကိုလည်း သိရှိထားပြီဖြစ်ပြီး တောထဲတွင် တစ်ယောက်တည်းလည်းသွားရဲ၏။ တစ်ယောက်တည်းလည်းအိပ်ရဲ၏။ ကြောက်တတ်သူမဟုတ်ပါ။ ထိုညက ၎င်းတို့လည်း နောက်နေ့ မနက်စောစော လုပ်ငန်းဆင်းကြရမည်ဖြစ်၍ အရက်ပိုင်းစောစောသိမ်းပြီး ထမင်းစားကြကာ စောစောအိပ်ရာဝင်လိုက်ကြသည်။

ညတစ်ရေးနိုးတွင် မောင်ချိုသည် တဲအပြင်ထွက်၍ အခင်းလေးသွားပါသည်။ ထိုစဉ် မဖြစ်စဖူး ကြက်သီးတို့ထကာ ကျောချမ်းလာမိ၏။ ထို့ကြောင့် အလျင်အမြန် အိပ်ရာသို့ ပြန်ဝင်လိုက်၏။ အိပ်ပျော်သွားသောအခါတွင်လည်း ချောက်ချား ထိတ်လန့်ဖွယ်ရာ အိပ်မက်ဆိုးတို့မြင်မက်လေ၏။ အိပ်မက်ထဲတွင် မည်းမည်းသဏ္ဌာဝါကြီးမှ တင်းပုတ်ကြီးနှင့် မိမိနောက်သို့လိုက်နေ၏။ အမောဆို့ အောင်ပြေးနေရသည်။

နောက်နေ့ မနက်လင်းသောအခါ အိပ်မက်ကိုတွေးတိုင်း ထိတ်လန့်နေမိပြီး စိတ်တို့လည်းလေးနေပါသည်။ သို့သော် အဖွဲ့သားများကို ပြောလိုက်လျှင် ၎င်းတို့ အလုပ်စဆင်းခါနီး စိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ မပြောတော့ဘဲနေလိုက်သည်။ အိပ်ရာထ နံနက်စာစားကြပြီး နောက် သုံးယောက်တစ်ဆိုင်း၊ လူနှစ်ဆိုင်းခွဲကာ တစ်နေရာစီ သစ်များခုတ်လုပ်ကြပါသည်။ မောင်ချိုတို့အဖွဲ့မှာ တောင်ကမ်းပါးစောင်းတစ်နေရာရှိ ဖြူးဖြောင့်ခြောမောလှသောကျွန်းပင်ကြီးကိုလုံးကြသည်။ ထိုအခါ ကျွန်းပင်ကြီးသည် လေမတိုက်ပါဘဲ ကိုင်းညွတ်ရာဘက်သို့မလဲ၊ မထင်မှတ်သောဘက်ဆီသို့လဲကျလေရာ မောင်ချို၏ခါးတည့်တည့်ပေါ်မှ ဖြတ်ကျ၏။ မောင်ချိုသည် အမြန်ခုန်ထွက်လိုက်သော်လည်း ပေါင်တစ်ဖက်မှာတော့ သစ်လုံးကြီးပိသွားသည်။ မောင်ချို၏

www.burmeseclassic.com

www.burmeseclassic.com

'အောင်မယ်လေးဗျ' ဟူသော ငယ်သံပါ အောင်အော်လိုက်သည့်အသံမှာ တော ထဲတွင် ပဲ့တင်ထပ်သွားပါ၏။

ကံကောင်းသည်မှာ သစ်ပင်ကြီး သည် လဲကျသွားသော်လည်းတိခနဲပြတ် သွားခြင်းမရှိဘဲ ပင်စည်တွင် အခေါက် နှင့်ဆက်ကျန်နေသေးသဖြင့် မောင်ချို၏ ပေါင်မှာ စိစိညက်ညက်ကြေမသွားခြင်း ဖြစ်သည်။ သို့သော် ပေါင်ရိုးကျိုးသွားပြီး ပေါင်အရေအသားတို့စုတ်ပြဲကာ ဒဏ်ရာ ပြင်းထန်စွာဖြင့် သွေးတို့မြင်မကောင်း အောင်ထွက်ရှိနေပါသည်။ မောင်ချို သည် ကြောက်လန့်ခြင်း၊ ဒဏ်ရာပြင်း ခြင်းတို့ကြောင့် ထိုနေရာမှာပင် သတိ လစ်မေ့မြော်သွားပါသည်။ ၎င်းတို့အဖွဲ့ လည်း အနီးအနားရှိ အခြားသော သစ် ခုတ်အဖွဲ့များတို့ပါ အကူအညီခေါ်ယူပြီး မောင်ချိုအပေါ် ကိုပိနေသောသစ်လုံးကြီး အား ခက်ခက်ခဲခဲဖယ်ရှား၍ထုတ်ယူကြ ရပါသည်။

တောထဲမှ ရွာအရောက် စောင့် ပုခက်ဖြင့်ထမ်းလာကြရပြီး ရွာမှာတစ်ဆင့် ထော်လာဂျီဖြင့် သပိတ်ကျင်းဆေးရုံသို့ ပို့ကြရသည်။ မောင်ချိုသည် ကံကြီးလှပါ ၏။ ဆေးရုံတွင် သွေးသွင်းကုသလိုက် သောအခါ သတိပြန်ရလာပြီး အသက် အန္တရာယ်မရှိတော့ပြီဖြစ်ကာ ပေါင်မှ ဒဏ်ရာပျောက်ကင်းသက်သာသွားလျှင် ပေါင်ရိုးကျိုးခြင်းကို ဆက်လက် ကုသရ မည် ဖြစ်သည်။ အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့သော်လည်း ဒဏ်ရာနှင့် ပေါင်ရိုးမှ မခံရပ်နိုင်အောင် နာကျင် ကိုက်ခဲသောဝေဒနာကို ခံစားနေရသည် ဖြစ်၍ မောင်ချိုသည် တစ်ခါတည်း သေ သွားတာကမှ ကောင်းဦးမည်၊ အနာ ပျောက်ကင်းသွားရင်လည်း မိမိသည် ဒုက္ခိတဘဝနှင့်သာနေရတော့မည်ဟုတွေး ကာ ဝမ်းနည်းနေမိပြီး မိမိကိုယ်ကို သေကြောင်းကြံလိုစိတ်တို့ ဖြစ်ပေါ် လာမိ ၏။ သို့သော် မိမိအပေါ် လိုလေသေး မရှိအောင်ဝတ္ထရားကျေလှသည့်ဇနီးနှင့် ယောကျ္ဃမတို့ကြောင့် ဝေဒနာကို အောင့်အည်းသည်းခံ၍ စိတ်ကိုဖြေသိမ့် နေရပါသည်။

တင်တင်ဦးသည်လည်း မောင်ချို အနား နေ့မအိပ်ညမအိပ် ပြုစုနေရ၏။ (၅) ရက်အကြာတွင်တော့ အိပ်နေးပျက် ခြင်း၊ အစားပျက်ခြင်း၊ ပင်ပန်းခြင်းတို့ ကြောင့် ခေါင်းမူးနောက်လာ၏။ သို့သော် ကြိုးစားအားတင်းပြီး မောင်ချို ကို ပြုစုလျက်သာနေ၏။ ထိုညတွင် မောင်ချိုသည် အိပ်ပျော်သည်ဟုမရှိ၊ အနာကိုက်ခဲသဖြင့် တညည်းညည်း တညူညူနှင့်ရှိနေရာ တင်တင်ဦးမှာ လည်း တစ်ရေးမှမအိပ်ရပါ။ မနက် (၄)နာရီ ခန့်တွင်တော့ တင်တင်ဦးသည် တရိပ်ရိပ်မူးလာပြီး မျက်စိတို့လည်း ဝေဝါး၍လာ၏။ ထို့နောက် 'မူးတယ်၊ မူးတယ်' ဟု ဆိုကာ လဲကျသွားပြီး သတိလစ်မေ့မြော်သွားပါတော့သည်။

မြို့နယ်ဆရာဝန်ဖြစ်သူက တင်တင်ဦး အား အစွမ်းကုန်ကယ်တင်ကုသပါ၏။ သို့သော် တင်တင်ဦးသည် လဲကျသွား ချိန်မှစ၍ သတိပြန်လည်ရရှိလာခြင်းမရှိ တော့ပါ။ (၅) ရက်မြောက်နေ့တွင်တော့ ဆရာဝန်ကြီးသည် တင်တင်ဦးအား စမ်းသပ်ကြည့်ပြီးနောက် အမူအရာပျက် သွားပြီး ထပ်မံစမ်းသပ်ကြည့်ပြန်သည်။ ထို့နောက် စိုးရိမ်တကြီးနှင့် ဆရာဝန်ကြီး ၏မျက်နှာကို မျက်တောင်မခတ်စိုက် ကြည့်နေသည့် မဘုတ်အီးအား ခေါင်းခါ ပြလိုက်ပြီးလျှင် ဆေးရုံတွင် သေဆုံးလျှင် ဒုက္ခများမည်စိုး၍ အချိန်မီ ရွာသို့ပြန် ခေါ် သွားပါဟုဆိုသောကြောင့် ကိုမြင့်ဆွေ နှင့် မဘုတ်အီးတို့သည် ရွာမှလူများကို မှာကြားခေါ်ယူပြီး ထော်လာဂျီဖြင့် တင်တင်ဦးကို ရွာသို့ပြန်လည်သယ် ဆောင်ကြခဲ့သောအခါ ထော်လာဂျီပေါ် မှ အိမ်အတွင်းသို့ရွှေ့ပြောင်းစဉ်မှာပင် ကွယ်လွန်အနိစ္စရောက်၏။ အချိန်မှာ ညနေ (၃) နာရီသာ ရှိပါသေးသည်။

မဘုတ်အီးသည် ထိုအကြောင်း အရာတို့ကို ပြောပြနေရင်း မျက်ရည်တို့ ကျလျက်ရှိပါသည်။ ခေတ္တနားပြီးသော အခါမှ-

"ဆရာရယ်၊ မင်္ဂလာဆောင်တုန်း ကလည်း ဆရာ့ကိုဖိတ်ဖို့ရာပဲလေ။ဆရာ လည်းလာနိုင်မှာမဟုတ်ဘဲ အားနာနေရ မှာမို့ မဖိတ်ဖြစ်တာ။ ဒါပေမယ့် ဆရာ လာလေ့ရှိတဲ့ လပြည့်နေ့ကို မင်္ဂလာ ဆောင်ပေးလိုက်တာ။ တကယ်လို့ဆရာ လာခဲ့ရင် ဆရာကိုကန်တော့ဖို့ရာ ဒီပုဆိုး ဝယ်ထားတာ။ အခုတော့ တင်တင်ဦး ကိုယ်စား ကျွန်မကပဲကန်တော့ပါတယ်"

ဟုဆိုကာ စာရေးသူကို ပုဆိုးပေး ပါသည်။

ဘေးမှလူတို့သည်လည်း ပြီးခဲ့ သော အကြောင်းအရာတို့ ပြန်လည် အသစ်ဖြစ်ရပြီး အားလုံးစိတ်မကောင်း ဖြစ်နေကြပါသည်။ တိုက်ဆိုင်လှသည်မှာ ဤယနေ့သည် တင်တင်ဦးကွယ်လွန် ခြင်း တစ်လပြည့်ဆွမ်းကပ်ခြင်း ဖြစ် ကြောင်း၊ စာရေးသူကိုလည်း စောင့်မျော် နေကြကြောင်းသိရပါသည်။ မောင်ချို သည်လည်း ဇနီးသည်၏နာရေးကို လိုက် ပါပို့ဆောင်နိုင်ခြင်းမရှိသည့်အပြင် ယ တိုင် ဆေးရုံမှမဆင်းရသေးဟု သိရ သည်။

စာရေးသူလည်း ထိုအခါ အိပ်မက်ထဲကကြိုးသုံးချောင်းကို သတိ ပြီးအဓိပ္ပာယ်ကိုဖော်ထုတ်နိုင်ပါတော့၏ ထိုကြိုး (၃)ချောင်းမှာ တင်တင်ဦး၊ အိုး နှင့် စဉ့်ကိုင်မှမိန်းကလေးတို့၏ အသက် ကြိုး သို့မဟုတ် သိုက်ကြိုးများ ဖြစ်ရ ပါ၏။ အိမ်မက်ထဲတွင် စာရေးသူသည် ထိုကြိုးများကို အသက်ကြိုးများဟုမသိ သော်လည်း ကြိုးများမှာ သစ်လွင်လှ နေ၍ နှမြောစိတ်ဖြစ်ပေါ်ပြီး လိုက်ဖ ဆယ်ယူရာ (၂) ချောင်းကိုသာရရှိပြီး (၁) ချောင်းမှာ ရေအောက်သို့ နစ်မြှ သွားခဲ့ပါသည်။ ထိုကြိုးသည် တင်တင်ဦး၏ အသက်ကြိုးဖြစ်နေပြီး တင်တင်ဦး သေဆုံးတော့မည်ကို အိပ်မက်ဖြင့်ပြသ ခြင်း ဖြစ်ပါ၏။

ထိုသို့ဆိုလျှင် ထိုအိပ်မက်သည် သာမန်အိပ်မက်မဟုတ်တော့ပါ။တကယ် ဖြစ်လာမည့်အကြောင်းအရာကို ကြိုတင် ပြသခြင်း ဖြစ်ပါသည်။ ထိုအိပ်မက် မည်သည့်ပုဂ္ဂိုလ်က မည်သို့သော အကြောင်းဖြင့် စာရေးသူကိုပေးခဲ့ခြင်း ဖြစ်ပါသနည်း။ စာရေးသူနှင့် အိပ်မက် ထဲတွင်ပါရှိသူ မိန်းကလေး(၃)ဦးတို့သည် ယခုဘဝတော်သက်မှသာမက အတိတ် ဘဝတွင်လည်း ပတ်သက်မှုများရှိနေ ခြင်းကြောင့်လော။ အုန်းတကူးတောင် တော်သခင်မနှင့်ကောပတ်သက်နေလေ သလော။

တစ်ဖန် မနေ့က စာရေးသူ တပည့်မလေး သိန်းသန်းစိုးအိပ်မက် သည်မှာ အိပ်မက်ထဲတွင် တင်တင်ဦး သည် အုန်းတကူးတောင်ခြေတောအ ထဲတွင် ပန်းများချိုးနေ၏။ သိန်းသန်း ကလှမ်းခေါ် လိုက်သောအခါ တင်တင်ဦး က ပြန်မထူးဘဲ သိန်းသန်းစိုးကို စိန်းစိန် ကြည့်လိုက်ရာ သိန်းသန်းစိုးသည် ကြက်သီးများထလာပြီး တင်တင်ဦးကွယ် လွန်သွားပြီဆိုသည်ကို သတိရသွားပြီး ကြောက်ရွံ့၍နေစဉ် တင်တင်ဦးသည် လှုန့်ရုပ်စာမျှမြင့်သော တောင်ပို့ကြီးပေ နောက်သို့ ဝင်ရောက်ပြီး ပျောက်ကွယ် သွားသည်ဟု ဆို၏။

ထိုသို့ဆိုလျှင် တောင်ပို့ဟူသည် မြေတို့နေထိုင်ရာအသိုက်အမြုံနေရာပြ

www.burmeseclassic.com

-www.burmeseclassic.com

ပါ၏။ ဖြေဟူသည် နဂါးကို ကိုယ်စားပြုပါသည်။ ထိုသို့ဆိုလျှင် တင်တင်ဦးသည် နဂါးသိုက်မှလာသူ နဂါးသိုက်နန်းရှင်တစ်ဦးဖြစ်ပေမည်။ အုန်းတကူးတောင်ပေါ် သို့မဟုတ်မီ တောင်ခြေမြေပြန့်နေရာတွင် အပြင်တွင်လည်း သာမန်တောင်ပို့များရှိပါသည်။ တောလည်းထူပါ၏။ မြေပြန့်ဆိုသော်လည်း ညီညာပြန့်ပြူးနေသည်တော့မဟုတ်ပါ။ အတန်ငယ် ကမ္ဘ ဆင်ခြေလျှောကလေးများ၊ ခင်တန်းငယ်၊ လျှိုမြောင်ငယ်များသာ ဖြစ်ပါ၏။

တင်တင်ဦးသည် သိုက်နန်းရှင်ဖြစ်၍ သိုက်နန်းရှင်တို့သည် သိုက်မှ လူပြည်သို့ မလာရောက်မီ အချို့လူပြည်တွင် အိမ်ထောင်မပြုပါ။ အိမ်ထောင်ပြုလျှင် သိုက်နန်းသို့ ပြန်လာပါမည်ဟု ဘတိခံကြရပါ၏။ တင်တင်ဦးသည် အိမ်ထောင်ပြုလိုက်သောကြောင့် သိုက်နန်းမှ ပြန်လည်ခေါ်ယူခံရခြင်း ဖြစ်ပေလိမ့်မည်။ တင်တင်ဦးသည် နဂါးဘဝမှ လာသူ၊ နဂါးသိုက်နန်းရှင်ဆိုသည်မှာ ဖြစ်နိုင်ပါ၏။ တင်တင်ဦး၏ မျက်လုံးတို့သည် အရောင်တဖျပ်ဖျပ်လက်နေတတ်ပြီး တင်တင်ဦးသည် ရေကြိုက်၏။ အအေးကြိုက်၏။ တင်တင်ဦးရှိစဉ်က ဦး၏မိဘများသည် စီးပွားတက်သဖြင့် တင်တင်ဦးသည် လိုချင်တာမှန်သမျှ တောင့်တခဲ့ရ၊ အားလုံးပြည့်ပြည့်စုံစုံ နေထိုင်ခဲ့ရပါသည်။ ကိုမြင့်ဆွေသည် ဝင်လည်ဘူးနယ်မှ ကုဋ္ဌးကနန်းတိုင်းရင်းသားဖြစ်ပြီး အရက်သောက်သည်။ ခဲခိုက်သည်။ ချဲထိုးသည်။ နည်းနည်းဟုတ်၊ အကြီးအကျယ်ကစားခြင်းဖြစ်သည်။ ရှုံးသောအခါလည်းသိန်းချီရှုံး၏။ သို့သော် စီးပွားကျမသွားခဲ့ပါ။ (တင်တင်ဦးကွယ်လွန်ပြီးနောက်တွင် ကိုမြင့်ဆွေ ဘုတ်အီးတို့ တဖြည်းဖြည်းစီးပွားကျသာသည်မှာ ယခု ၂၀၁၆ တိုင် ဖြစ်ပါသည်။)

တင်တင်ဦး၏ ဖြစ်ရပ်ကို စံထားသော် အိဖြူနှင့် စဉ့်ကိုင်မြို့မှ မိန်းကလေးတစ်ဦးတို့သည်လည်း သိုက်နန်းရှင်တို့နှင့်ပတ်သက်နိုင်၍ ၎င်းတို့သည်လည်း တင်တင်ဦးနှင့် သိုက်နန်းတစ်ခုတည်း ဖြစ်မည်လော။ စာရေးသူကကော ၎င်းတို့နှင့် မည်သို့ပတ်သက်ပါသနည်း၊ တင်တင်ဦးသည် တောင်ခြေတွင်နေရသည်ဆိုလျှင် အုန်းတကူးတောင်တော်ရှိ ဆောင်တော်သခင်မ၏ အရံသိုက်နန်း တစ်ခုမှဖြစ်နေခြင်းလော မပြောတတ်။ လောကကြီးသည်ကား ဆန်းကြယ်လွန်းလှပြီး မမြင်နိုင်၊ မသိနိုင်၊ မယုံနိုင်သောအကြောင်းအရာတို့ များစွာရှိနေ၏။ ထိုအကြောင်းအရာတို့ တကယ် ဖြစ်လာသောအခါ အံ့ဩမဆုံးဖြစ်ရပါသည်။ စာရေးသူလည်း မဘုတ်အီးကို နှစ်သိမ့်စကားပြောကြားရပါသည်။အိဖြူနှင့် မိုးနိုင်တို့လည်း ဘယ်အချိန်က ရောက်ရှိနေကြသည်မသိပါ။ ၎င်းတို့အိမ်သို့ ခေါ်ယူနေပြီဖြစ်၍ စာရေးသူလည်း ကိုမြင့်ဦးတို့နေအိမ်သို့ လိုက်ပါသွားခဲ့ပါသည်။

ထိုအခေါက်က စာရေးသူတို့ တောင်ပေါ်သို့ တက်ခဲ့ကြသေးသော်လည်း တင်တင်ဦး၏အကြောင်းကိစ္စတို့ ခေါင်းထဲတွင် ဝင်ရောက်နေသဖြင့် ခါတိုင်းကဲ့သို့ မပျော်ရွှင်ဘဲရှိပါသည်။

ဤသို့ဖြင့် ၂၀၀၈ ခုနှစ်သို့ ရောက်ရှိသောအခါတွင်တော့ အုန်းတကူးနယ် မြေတစ်ဝိုက်တွင် တပ်ရင်းများရောက်ရှိလာပြီး တပ်သစ်များတည်ကြပါတော့၏။ စာရေးသူရှိစဉ်က (၇) မိုင် သစ်တက္ကင်းလမ်းဆုံတွင် (၁၂) တော်တော်ယာဉ် တပ်ဆွယ်တစ်ခုသာရှိပြီး ထို့နောက်တွင် ထိုတပ်ဆွယ်သည် တကောင်းမြို့ အထက်ဘက် ငါးအိုးသို့ပြောင်းရွှေ့သွားပြီး ထိုနေရာတွင် လေ့ကျင့်ရေးတပ်ရောက်ရှိလာသည်။ ထိုတပ်ကိုကျော်လွန်၍ အုန်းတကူး၏တောင်ဘက် ကြာအင်းရွာ (တဲစုကလေးမျှသာ) အနီးတွင် တပ်မတော်ဆေးရုံရောက်လာ၏။ အုန်းတကူးမြောက်ဘက် တစ်မိုင်မရှိတရှိနေရာတွင် သုတေသနတပ် ရောက်ရှိလာသည်။ ထိုတပ်သည် သာမန်တပ်ရင်း (၃) ရင်းစာမျှ လူအင်အားများသဖြင့် တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီးအဆင့် မဟုတ်ပါ။ ဗိုလ်မှူးကြီးအဆင့်ရှိသူက အုပ်ချုပ်ခြင်းဖြစ်ပါသည်။

တိုတပ်မှ ဗိုလ်မှူးကျော်စွာဝင့်မှာ ကျောက်ဆည်သား ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် စာရေးသူသည် ဘုရားသမိုင်းအခွေ ဒုတိယအကြိမ် ပြန်လည်စီစဉ်တည်းဖြတ်သောအခါ၌ ကျောက်ဆည်မြို့ရှိ ပင်နီကယ်လ်ဗွီဒီယိုရိုက်ကူးရေးသို့ ရောက်ရှိသွားပြီး အောင်မိုးခိုင်နှင့် တွေ့ရှိသည်။ အကျိုးအကြောင်းပြောပြ၍ အလုပ်အပ်နှံလိုက်ပါသည်။ ထိုအခါ စာရေးသူသည် ပင်နီကယ်လ်သို့ ညစဉ်သွားရောက်ပြီး ခွေတည်းဖြတ်ခြင်းတို့ လုပ်ဆောင်ရသည်။ ၎င်းတို့ဆိုင်တွင် ဗိုလ်ကြီးတစ်ယောက်၏ ဓာတ်ပုံချိတ်ထား၏။ ယခု ဗိုလ်မှူးရာထူးအဆင့်သို့ တိုးမြှင့်ရောက်ရှိတော့မည်ဟု သိရှိရပြီး အောင်မိုးခိုင်ဇနီး၏အစ်ကို ကိုကျော်စွာဖြစ်သည်ဟု သိရပါသည်။ စာရေးသူ၎င်းတို့ဆိုင်သို့ရောက်ရှိပြီး တစ်ပတ်ခန့် အကြာတွင်တော့ ဗိုလ်မှူးကိုကျော်စွာဝင့် ရောက်ရှိလာပါသည်။ ကိုကျော်စွာသည် စာရေးသူကို စတင်တွေ့ရှိချိန်မှာပင် ဖော်ရွေလိုက်လဲစွာ ဆက်ဆံပြီး ခင်မင်ရင်းနှီးသွားခဲ့ပါသည်။

ကိုကျော်စွာသည် အောင်မိုးခိုင်အား ဘုရားသမိုင်းခွေကိုလည်း စိတ်တိုင်းကျ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါ။ အခကြေးငွေမယူဘဲ ပညာဒါနအဖြစ်လုပ်ပေးပါဟု မှာကြားပါသည်။ ကိုကျော်စွာသည် တပ်အလုပ်ကိစ္စတို့ဖြင့် ပြင်ဦးလွင်နှင့်နေပြည်တော်သို့ မကြာမကြာလာရောက်ရသည်ဖြစ်၍ ၎င်း၏ဇနီးနှင့် မိသားစုရှိရာ ကျောက်ဆည်သို့ မကြာမကြာရောက်ရှိ၍လာပါသည်။ စာရေးသူလည်း ဗိုလ်မှူးကျော်စွာဝင့်နှင့် မကြာမကြာဆုံဖြစ်ပါသည်။ ကိုကျော်စွာဝင့်သည် ခွေဆက်၊ တည်းဖြတ်ခြင်းကို ထိုင်ကြည့်နေရာမှ ရုပ်ရှင်တော်မြတ်၏ ထူးခြားသောတန်ဖိုးတော်များနှင့် ထူးခြားသောသမိုင်းကြောင်းတို့ကို သိရှိသွားခဲ့သည်။ ထို အကြောင်းအရာတို့ကို ၎င်းတို့၏တပ်မှူး ဗိုလ်မှူးကြီးသောင်းရွှေ၏ ဇနီးဖြစ်သူ အန်တီနန်း (ဒေါ်နန်းခင်အုန်း)ကိုပြောပြ၏။ ထိုအခါ အဘ(ဗိုလ်မှူးကြီးသောင်းရွှေ) နှင့် အန်တီနန်း(ဒေါ်နန်းခင်အုန်း) တို့သည် ရုပ်ရှင်တော်မြတ်အားကြည်ညိုသွားကြသည်။ထို့နောက် ကိုကျော်စွာဝင့်မှတစ်ဆင့် ရုပ်ရှင်တော်မြတ်ကို တပ်သို့ပင့်ဆောင်ပူဇော်လိုပါကြောင်း လျှောက်ထားခဲ့ကြပါသည်။ အဘတို့ပင့်မည့် တပ်မှာ တခြားနေရာတွင် မဟုတ်ပါ။ အုန်းတကူးနှင့် မိုင်ဝက်ခန့်သာ ကွာဝေးသော သုတေသနတပ်ဖြစ်နေပါသည်။ ထိုသို့ အကြောင်းအကျိုးတို့ ဆက်စပ်၍ ဖြစ်ပေါ်လာသည်မှာ အုန်းတကူးတောင်တော်သခင်မသည် စာရေးသူ၏ဘုရားကို ဖူးမြော်လို၍ အုန်းတကူးနှင့် အနီးဆုံးနေရာ၌ ရုပ်ရှင်တော်မြတ်အား ပြည့်စုံကောင်းမွန်စွာ ပင့်ဆောင်ပူဇော်စေခြင်းဖြစ်မည်ထင်ပါ၏။

ထိုစဉ်က ထိုတပ်သည် တပ်သစ်တည်စဖြစ်၍ ဓမ္မာရုံလည်း ဆောက်လုပ်ပြီးစီးခါစဖြစ်ပြီး ဂျိုတ်ပြေနာမ်ပြေဘုရားထွင်လည်း ဗောဓိပင်မရှိသေးဘဲနှင့် ရုပ်ရှင်တော်မြတ်နှင့်အတူ လွှဲက်ကူ

www.burmeseclassic.com

www.burmeseclassic.com

အောင်မြေမှ အလိုအလျောက် ပေါက်ရောက်သော ဗောဓိပင်တစ်ဆူကိုလည်း ပင့်ဆောင်သွားခဲ့ပြီး ထိုဗောဓိပင်ကို အခမ်းအနားပြင်ဆင်၍ မယ်တော်ကြီးမှ ဦးဆောင်ပြီး အောင်ဝါထားများနှင့် ရွှတ်ဖတ်ပူဇော်ကာ ဝိုလ်မှူးကြီးသောင်းရွှေနှင့်တပ်မှအရာရှိကြီးများတ မြေချစိုက်ပျိုးခဲ့ကြပါသည်။ ယနေ့အချိန်တွင် ဗောဓိပင်ကြီးမှာ ရှင်သန်ကြီးထွားလျက်ရှိနေပြီးဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူသောညက တပ်ထဲမှ လိုင်းခန်းတစ်ခု၏ လေ့ကားထိပ်တွင်ကြီးမားလှသော မြွေကြီးတစ်ကောင်ရောက်ရှိ၍ နေခဲ့ပါသည်။

ထိုအခေါက်က တပ်ထဲသို့ အုန်းတကူးမှ ကိုမြင့်ဦးနှင့် ရွာသူရွာသားအချို့ ရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ခဲ့ကြပြီး ထိုအကြောင်းကို ဆရာတော်ဦးသုမင်္ဂလအား လျှောက်ထားရာ ဆရာတော်မှ တပ်မှ ပြန်လည်ကြွမြန်းတော်မူလျှင် ကျောင်းသို့ နာရီပိုင်းမျှ ကြွရောက် အပူဇော်ခံပေးပါရန် မယ်တော်ကြီးအား ပြောကြားစေသဖြင့် ရုပ်ရှင်တော်မြတ်သည် အုန်းတကူး ရန်အောင်မြင့်ဘုန်းတော်ကြီးကျောင်းသို့ ခေတ္တမျှကြွရောက်တော်မူပေးခဲ့ပါသေးသည်။ တောင်တော်သခင်မ၏ ပင့်ဆောင်မှုပင်ဖြစ်ပေလိမ့်မည်။

(၅) လခန့်ကြာသောအခါတွင် ထိုတပ်မှပင် ဒုတိယအကြိမ်ပင့်ဆောင်ပါသည်။ ထိုအခါ အန်တီနန်းတို့နှင့်လည်း ရင်းနှီးနေပြီဖြစ်၍ မယ်တော်ကြီးနှင့် အန်တီအေးတို့ မလိုက်ပါတော့ဘဲ အုန်းတကူးသို့လည်း တကူးတကသွားစရာမလိုအောင် စာရေးသူကို ထည့်လိုက်ပါသည်။ ထိုအခါ စာရေးသူသည် ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်ပြီးသည်နှင့် ကိုကျော်စွာဝင့်နှင့် ချောင်းကြီးဇရပ်ကွင်း (၇) မိုင်တို့သို့လည်း သွားရောက်လည်ပတ်သည်။ အုန်းတကူးသို့လည်း သွားရောက်လည်ပတ်သည်။ ထိုအခါ ကိုကျော်စွာဝင့်သည်ပင် ကိုမြင့်ဦးတို့နှင့် ခင်မင်၍နေပါတော့သည်။

(၃) လခန့် အကြာတွင်တော့ အန်တီနန်းသည် မြင့်ဦးလွှင်မှအပြန် အောင်မြေသို့ ကူးပြောင်းလာသည်။ ထိုအခါ ရုပ်ရှင်တော်မြတ်သည်လည်း အောင်မြေသားပင် ဖြစ်တော်မူလျှက် ရှိပါသည်။ အဲဒီအခါတော်မှလျှက် ရှိပါသည်။ အဲဒီအခါတွင် အန်တီနန်းက –

ဆရာ အုန်းတကူးလည်း ရောက်ပြီးတဲ့အကြာ ကျွန်တော်တို့ အလည်လိုက်ခဲ့ပါလား"

ဟု ခေါ်ပါသည်။

မယ်တော်ကြီးတို့ကလည်း -

"လိုက်ချင်လိုက်သွားလေ"

ဟု ဆိုသဖြင့် စာရေးသူလည်း အန်တီနန်းတို့နှင့်လိုက်သွားခဲ့ပါသည်။ ထိုအခေါက်က လွတ်လွတ်လပ်လပ်ရှိစေရန် အဘတို့အိမ်တွင် ထမင်းသာစားပြီး ကိုကျော်စွာဝင့်တိုက်ခန်းမှာပင်သွားရောက်အိပ်စက်ပါသည်။ ထိုအခေါက်က ဝိုလ်မှူးကြီးသောင်းရွှေ ကျန်းမာရေးမကောင်းပါ။ ထို့ကြောင့် စာရေးသူသည် ဝိုလ်မှူးကြီးကို သစ္စာရွေဖြင့် ဆေးကုပေးပြီး အခြားဓာတ်ယာတြာများလည်း ပြုလုပ်ပေးပါသည်။ နေ့ခင်းဘက်တွင်တော့ အပြင်ထွက်လည်ကြသည်။ စာရေးသူသည် ဝိုလ်မှူးကြီး၏ ဧည့်သည်ဖြစ်ခြင်းကြောင့် ကိုကျော်စွာဝင့်နှင့် ကား တစ်စီးပေးထားသည်။ သွားလိုရာသို့ ကိုကျော်စွာဝင့်က လိုက်ပို့ပေးသည်။

အုန်းတကူးသည် တပ်နှင့်လည်း နီးသဖြင့် တစ်နေ့တစ်ခေါက်မျှသွားဖြစ်သည်။ ကိုမြင့်ဦးတို့အိမ်သို့ရောက်သော အခါ ကိုမြင့်ဦး၏ဇနီး မမာစိန်က –

"ဆရာ (၁၀) ရက်လောက်ပဲ နောက်ကျသွားတယ်။ အိုဖြူမင်္ဂလာဆောင်တာလေ။ ဒီရွာမှတော့ အကြီးကျယ်ဆုံးပါပဲ။ အကုန်လုံး အပဲစားချည့်ပဲ။ ကောင်လေးက ဇရပ်ကွင်းနားလေးတွင် လမ်းလယ်ကျစ်ရွာကပါပဲ။ ဒါပေမယ့် ရမည်းသင်းဘက် ရွှေသွားလုပ်တာ အင်းအောင်ပြီး ချမ်းသာသွားတာလေ။ အခုလည်း မင်္ဂလာဆောင်ပြီး (၃) ရက်လောက်ပဲနေနိုင်တယ်၊ ရမည်းသင်းကို ပြန်သွားကြပြီ။ အင်းက ရွှေတွေကျနေလို့တဲ့။ ဆရာစာပည့်ကတော့ ချမ်းသာနေပြီ"

ဟု ပြောပါသည်။

မမျှော်လင့်ဘဲ ထိုသို့ကြားသိလိုက်ရသောအခါ စိတ်ထဲတွင်တော့ အနည်းငယ်ထင့်သွားမိသေး၏။ အဘယ်ကြောင့်ဆိုသော် အိုဖြူသည် တင်တင်ဦးနှင့် အတူ သိုက်ဆက်တစ်ဦးပင်ဖြစ်နေခြင်းကြောင့် အိမ်ထောင်ပြုလိုဖြစ်ပါမလား ဟု ဧတဒေသောကြောင့် ဖြစ်ပါသည်။ သို့သော် အိမ်ထောင်တွင် ကြုံ (၃) ခေါက်မှာ (၃) ခေါက်သာလျှင် လွတ်သည်ဖြစ်သည်ဖြစ်ရာ အိုဖြူတွင်တော့ အသက် အနှစ်ပေါင်းများစွာကပင် အိမ်ထောင်ပြုလိုဖြစ်ပါမလား ဟု ဧတဒေသောကြောင့် ဖြစ်ပါသည်။ သို့သော် အိမ်ထောင်တွင် ကြုံ (၃) ခေါက်မှာ (၃) ခေါက်သာလျှင် လွတ်သည်ဖြစ်သည်ဖြစ်ရာ အိုဖြူတွင်တော့ အသက် အနှစ်ပေါင်းများစွာကပင် အိမ်ထောင်ပြုလိုဖြစ်ပါမလား ဟု ဧတဒေသောကြောင့် ဖြစ်ပါသည်။

အဆင်ပြေနေသည်ဆို၍ ဝမ်းသာသည်။ ကောင်လေးကလည်း အိုဖြူအလိုလိုက်သည်။ ယောကျ်ားမများလည်း အလိုလိုက်သဖြင့် အားလုံး အိုဖြူသဘောအလိုအတိုင်း ဖြစ်ကြရသည်ဆို၍ အိုဖြူအတွက် ပို၍ စိတ်အေးရသည်။

စာရေးသူ အိုဖြူအတွက် စိတ်ပူခြင်းမှာ သိုက်ဆက်တို့သည် အိမ်ထောင်ပြုပါက အိမ်ထောင်သည်မမြဲ။ သော်သော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း ကွဲရတတ်သည်။ အိမ်ထောင်လျှင်လည်း စီးပွားမဖြစ်။ စီးပွားဖြစ်သော်လည်း အိမ်ထောင်ရေးသာယာမှော့ရှုမှုမရရှိနိုင်ဘဲ အမြဲတမ်း တစ်မျိုးမျိုးသောပုပ်သောကတို့ဖြင့် စိတ်ဆင်းရဲကိုဆင်းရဲနေကြရသည်ဟု - ကြားဖူးထားသောကြောင့်ဖြစ်ပါသည်။ ယခုမူ အိုဖြူသည် ထိုသို့မဟုတ် အားလုံးအဆင်ပြေကောင်းမွန်နေသည်ဟုသိရှိရ၍ ဝမ်းသာရပါသည်။ ထိုတစ်ခေါက်က စာရေးသူ ဝိုလ်မှူးကျော်စွာဝင့်တို့တပ်တွင် (၃) ညအိပ်နေခဲ့ပါသည်။ ဝိုလ်မှူးကြီးသောင်းရွှေနှင့် အန်တီအုန်းတို့ကလည်း လိုသေးမရှိ ဧည့်ဝတ်ကျေပွန်သည့်အပြင် ဝိုလ်မှူးကိုကျော်စွာကပါ လိုလေသေးမရှိ ဧည့်ဝတ်ကျေပွန်ပါသည်။

ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်တို့သည်လည်း ဆက်တိုက်ဆိုသလို ပေါ်ပေါက်၍လာနေပြီ ဖြစ်ပါသည်။ ထိုနှစ် ဝါဆိုလရှင်မထီးဆရာတော်ကြီး၏မိန့်ကြားချက်အရ မန္တလေးတိုင်းဒေသကြီး အမရပူမြို့နယ် ရွှေဟောင်းသမိုင်းဝင် ရွှေကြာယက်တောင်တော်တွင် ဒုလ္လဘရဟန်းဝတ်ခဲ့ရပုံ၊ ပဉ္စလောဟာဆေးဘုရားရုပ်ပွားတော်ထံမှ ဆေးမှုန့်များရပြီး ထူးဆန်းသောအိပ်မက်တို့မြင်မက်ပြီး ပုဂံခေတ် အတိတ်ဘဝ ဇာတ်ကြောင်းကိုသိရှိရပုံ၊ အိပ်မက်ထဲတွင် စဉ့်ကိုင်မြို့နယ် ရွာဟောင်းကုန်းကျေးရွာမှ ပေါ်ပေါက်လာသော ဘုရားဒါယကာ ကိုခင်မောင်ဦးဆင်တုံးမန္တယ်မြစ် လာရောက် ပေးအပ်ပုံ၊ နောင် (၃) နှစ်ခန့်ကြာသောအခါ ကိုခင်မောင်ဦးသည် စာရေးသူ၏ အိပ်မက်ထဲ သိရှိပေးသော ရွာလယ်ဆရာတော်ကြီးမှ ဆရာတော်ဘုရားကြီးများ ဆွမ်းတော်ဖြင့် နွားနို့အမြှေးတော်များ ဆောင်ယူပေးပုံ၊ ဆရာတော်ဘုရားကြီးများ ဆွမ်းတော်ဖြင့် နွားနို့အမြှေးတော်များ ဆောင်ယူပေးပုံ၊ နောင် (၃) နှစ်ခန့်ကြာသောအခါ ကိုခင်မောင်ဦးသည် စာရေးသူ၏ အိပ်မက်ထဲ သိရှိပေးသော ရွာလယ်ဆရာတော်ကြီးများ ဆွမ်းတော်ဖြင့် နွားနို့အမြှေးတော်များ ဆောင်ယူပေးပုံ၊ ဆရာတော်ဘုရားကြီးများ ဆွမ်းတော်ဖြင့် နွားနို့အမြှေးတော်များ ဆောင်ယူပေးပုံ၊

www.burmeseclassic.com

www.burmeseclassic.com

သူကို ဆေးကုသနည်းသင်ကြားပေးပုံ၊ သိကဲ့သို့ ထူးဆန်းသောအကြောင်းအရာများနှင့် အတိတ်ဘဝ၏အကြောင်းဆက်သွယ်ကြောင့် ရွှေကြက်ယက်တောင်ပေါ်တွင် ၂၀၁၆ ခုနှစ်၌ စေတီတော်လုံးပတ်ရှိ ရွှေသင်္ကန်းအစစ်ကပ်လှူရန် ခမ်းနားသော 'ရွှေကံကူဆံတော်ရှင်စွယ်တော်နှင့် ပြဒါးရှင် တြိဖလစေတီတော်' ကို အသစ်ထားကိုးကွယ်နိုင်ခဲ့ပြီး ၈-၆-၂၀၁၆ ရက်နေ့ ထီးဖာငွေပွဲတွင် ရွှေ (၅)ကျပ်သား ရွှေဒင်္ဂါး ထီးတင်ပွဲအထိမ်းအမှတ် အဆိုခတ်နှိပ်၍ (၂၃) ပြားသွန်းလုပ်ပြီး ကြွခဲ့နိုင်ခဲ့ပုံတို့ကို သူရဇ္ဈမဂ္ဂဇင်းကြီး၌ ၂၁ ခုနှစ်တွင် ဆေးသိဒ္ဓိသစ္စာရေဆောင်းပါး၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ခုနှစ်တို့တွင် 'ရွှေကံကူတြိဖလစေတီတော်' အခန်းဆက်ဆောင်းပါးများတွင် ဖော်ပြထားရှိခဲ့ပြီးဖြစ်သဖြင့် ထိုအကြောင်းတို့ကို ဤနေရာတွင် ချန်လှပ်ထားရှိခဲ့ပြီး အုန်းတကူးနှင့်ပတ်သက်သော အကြောင်းအရာတို့ကိုသာ ဆက်လက်ရေးသွားပါမည်။

ကိုကျော်စွာသည် စနေနေ့တိုင်း သိုလို ကျောက်ဆည်သို့ ဆိုင်ကယ်နှင့်ပြန်သွားလေ့ရှိ၏။ စဉ့်ကိုင်မဝင်မီ တိုးဂိတ်သို့ ရောက်လျှင် စာရေးသူကို ဖုန်းဆက်၏။ ထိုအခါ စာရေးသူက ရန်ကုန်-မန္တလေးပေါ်တွင်ရှိ စဉ့်ကိုင်မြို့မှ ထွန်းနှင့် ချဉ်းကပ်စင်လက်ဖက်ရည်ဆိုင်တို့မှထွက်၍ စောင့်သည်။ လက်ဖက်ရည်သောက်ကြသည်။ အုန်းတကူးရွာသို့မှာရန်ရှိကြောင်းရန်ပြောသည်။ စာရေးသူက ဘယ်နေ့ဘယ်ရက် အုန်းတကူးသို့လာခဲ့မည်ဟုပြောလျှင် ကိုကျော်စွာကအပြန်တွင် အုန်းတကူးသို့ဝင်ပြီး ကိုမြင့်ဦးတို့အား စာရေးသူ ဘယ်နေ့ဘယ်ရက်ရောက်လာမည်ဟု သတင်းပို့ပေးသည်။ ထိုအခါ ကိုမြင့်ဦးတို့က ထိုနေ့ထိုရက်ကိုစောင့်ကြိုကြသည်။

ကိုကျော်စွာသည် ကျောက်ဆည်တွင် ဆုံလျှင်လည်း သူတာဝန်၊ တပ်တွင် ဆုံလျှင်လည်း သူတာဝန်၊ စဉ့်ကိုင်တွင် ဆုံလျှင်လည်း သူတာဝန်ဟုသာ ခံယူထားသူဖြစ်သဖြင့် လက်ဖက်ရည်ဖိုးကို စာရေးသူအား မည်သည့်အခါမျှ မရှင်းဆရာ။ တစ်ခါကလည်း အသံဖမ်းစက်များ ယူဆောင်လာပြီး တပည့်ငါးဦးခန့်နှင့် မယ်တော်ကြီးနှင့် အန်တီအေးတို့၏ ဆွေစဉ်ကို အသံသွင်းပါသည်။တစ်ည အလင်းပေါက်အသံဖမ်းရခြင်းဖြစ်သည်တွင်အသံသွင်းခြင်း ခေတ္တရပ်နား၍ လက်ဖက်ရည်ဆိုင်သို့ သွားသောအခါ မယ်တော်ကြီးတို့က လက်ဖက်ရည်ဖိုး ပေးသော်လည်းလက်မခံပါ။ ကိုကျော်စွာမှပင် ထိုညက သူ၏ညီတပည့်များကို လက်ဖက်ရည်တိုက်၊ မုန့်ကျွေးပြုလုပ်ပြီး စာရေးသူတို့အတွက်ပင် ပါဆယ်များ ဝယ်လာခဲ့ပါသေးသည်။

သို့ဖြင့် ပြာသိုလထဲသို့ရောက်ရှိလာပါသည်။ ယခုနှစ် ဆောင်းသည် အအေးပိုလှပါသည်။အုန်းတကူးဆောင်းဆိုလျှင်တော့ မည်မျှအေးလိုက်ပါမည်နည်း။ တစ်နေ့တွင် ကိုကျော်စွာထံမှ ဖုန်းလာ၏။ တိုးဂိတ်သို့ ရောက်ရှိနေပြီဟုဆို၍ စာရေးသူလည်း ထွန်းကဖေးသို့ ထွက်လာခဲ့သည်။ မကြာမီ ကိုကျော်စွာ ရောက်လာပါသည်။ လက်ဖက်ရည်သောက်ကြရင်း စကားပြောကြသောအခါ ပြာသိုလပြည့်နေ့တွင် စာရေးသူ အုန်းတကူးသို့ လာမည်ဖြစ်ကြောင်း ကိုမြင့်ဦးတို့ကို ပြောကြားထားနှင့်ရန် ကိုကျော်စွာကို မှာကြားလိုက်ပါသည်။ ထို့နောက် အတန်ကြာ ရောက်တတ်ရာရာစကားတို့ပြောကြပြီးနောက် လူချင်းခွဲကြရာ ကိုကျော်စွာသည် ကျောက်ဆည်သို့ ဆက်လက် ထွက်ခွာသွားတော့၏။

ကိုကျော်စွာသည် မနက်ဖြန်ညနေတွင် တပ်သို့ပြန်မည်ဖြစ်ကာ ထိုလမ်းပေါ်မှာပင်ရှိနေသော ကားလမ်းနှင့်လည်း မဝေးလှသော အုန်းတကူးရွာထဲမှ ကိုမြင့်ဦး၏ အိမ်သို့ သွားရောက်ပြောကြားပေးမည်ဖြစ်ပါ၏။

လပြည့်ရက်နီးလာသောအခါတွင် စာရေးသူသည် အုန်းတကူးသို့သွားရန် ပြင်ဆင်ပါသည်။ ထိုရက်များ၏ ပြာသိုလပြည့်ခိုနီးကပ်သည်ကတစ်ကြောင်း၊ အအေးလိုင်းဖြတ်ခြင်းကတစ်ကြောင်းတို့ကြောင့် ပြာသိုလပြည့်နံနက်၌ အအေးလွန်ကဲလျက်ရှိပါသည်။ ထိုအခါ ရာသီဥတုအေးလှသောကြောင့် ဤယနေ့တွင် အုန်းတကူးသို့မသွားသေး၊ နောက်ရက်မှသွားတော့မည်။ ချမ်းချမ်းအေးအေးဖြင့် အိပ်ရာစောစောမထလိုခြင်း၊ ပျင်းသည့်သဘောပင်ဖြစ်ပါ၏။ ထို့အပြင် စာရေးသူသည် အုန်းတကူးသို့ သွားရောက်ခြင်းမှာ အစိုးရတာဝန်မဟုတ်။ မိမိသွားလိုသောရက်သွားနိုင်သောအနေအထားဖြစ်၍ မသွားချင်သည်နှင့် အလွယ်တကူပင် ရက်ရွှေ့လိုက်ခြင်း ဖြစ်ပါသည်။

ထိုညက စာရေးသူသည် အေးလွန်းလှ၍ စောစောအိပ်ရာဝင်ခဲ့သည်။ အပြင်တွင်တော့ နှင်းမှုန်များထက်တွင် စိမ်းမြသောလပြည့်ဝန်းကြီးကထွက်ပေါ်လျက်ရှိပါသည်။ ထိုသို့ဖြင့် ညဉ့်(၂)နာရီခန့်တွင် စာရေးသူ အိပ်ရာမှနိုးလာသည်။ ထိုအခါ အပေါ့အပါးသွားရန် အိပ်ရာမှထမည်ပြု၍ ခန္ဓာကိုယ်ကိုလှုပ်လိုက်ရာ ခုတင်ကြီးမှာ ချာချာလည်သွားပါသည်။ ဘေးတိုက်လည်သည်မဟုတ်။ အထက်အောက် ရဟတ်ကဲ့သို့လည်ခြင်းဖြစ်ရာ ခုတင်ပေါ်မှ ပြုတ်ကျသွားမည်ကဲ့သို့ ထိတ်လန့်မိပါ၏။ အသာလေးငြိမ်ပြီး နေလိုက်သောအခါမှ၊ အတန်ကြာမှ သက်သာသွားပါသည်။ သို့သော် လှုပ်၍မရ ချာချာလည်အောင်မူး၏။ ထို့ကြောင့် ညောင်းညာလှသော်လည်း တစ်ဖက်စောင်းကွေးနေသည့်အတိုင်း မလှုပ်မယှက် ငြိမ်နေရပါသည်။ ခြေထောက်ဖျားမှသည်း မလှုပ်ရဲ၊ မပြင်ရဲ၊ လက်လည်းမလှုပ်ရဲ၊ မပြင်ရဲ၊ ညောင်းညာလှသော်လည်း ပေ၍သာနေရ၏။

နံနက်လင်းသောအခါ စာရေးသူ အိပ်ရာထနောက်ကျသဖြင့် မယ်တော်ကြီးတို့ စာရေးသူအား လာရောက်မှီးကြရာမှ အကြောင်းစုံသိရှိသွားသောအခါ -

"နတ်နှင့်နဂါးဆိုတာ မလှည့်စားရဘူးကွ။ မင်းက မနေ့က အုန်းတကူးသွားမယ်လို့ ကိုကျော်စွာကို ပြောလိုက်တာကိုးကွ"

အစ်မအေးကလည်း -

"မင်း အစ်မတော်ကို တောင်းပန်လိုက်ပေါ့။ အစ်မတော်ကြောင့်ဖြစ်ရတယ်ဆိုရင် ဒီဝေဒနာအမြန်ဆုံးပျောက်အောင်လုပ်ပေးပါ။ သက်သာတာနဲ့ အစ်မတော်ဆီလာခဲ့ပါမယ်လို့ပြောလိုက်"

ထို့ကြောင့် စာရေးသူလည်း ထိုအတိုင်း ပြောလိုက်ပါသည်။ ထူးဆန်းလှပါသည်။ ခဏအကြာတွင် စာရေးသူ ခေါင်းမူးသက်သာသွားပါသည်။ ညနေ (၃) နာရီခန့်တွင် ကိုဝင်းကို ရောက်ရှိလာသဖြင့် ဆေးရုံသို့လိုက်ပို့စေပါသည်။ မြို့နယ်ဆရာဝန်မကြီးသည် ဆေးရုံဝင်းထဲမှာသာနေပြီး နေအိမ်တွင် ဆေးခန်းဖွင့်ထားပါသည်။ ဆရာဝန်မကြီးက စာရေးသူအား သွေးပေါင်ချိန်၊ အဖျားတိုင်းပြီးနောက် သွေးတိုးသွေးကျမဟုတ်ပါ။ မည်သည့်ရောဂါမျှလည်းမဟုတ်ပါ။ အိပ်ရေးပျက်ပြီး အားနည်းနေခြင်းတွင် ရာသီဥတုအအေးလွန်ကဲသဖြင့် ဤသို့မူးဝေခြင်းဖြစ်သည်ဟုဆိုကာ အားဆေးထိုးပေးပြီး သောက်ဆေးအနည်းငယ်ပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုညတွင်လည်း ထူးဆန်းသော အိပ်မက်မြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် စာရေးသူသည် အိမ်ရှေ့ဝင်းတံခါးကြီးအနီးရှိ ကျောက်စည်တွင် ဘုရားပန်းအိုးများ ရေလဲနေခြင်း ဖြစ်ပါသည်။ စာရေးသူသည် ရေလဲပြီးသော ပန်းအိုးကြီးနှစ်လုံးကို ဘုရားခန်းအတွင်းသို့ ပို့ရန်ကောက်ယူလိုက်သည်။ ထိုစဉ် အိမ်ရှေ့ရေမြောင်း (ရေမရှိ) အတိုင်း မြောက်မှတောင်သို့ မြွေတစ်ကောင်လာနေပါသည်။ ထိုမြွေ၏ ပုံသဏ္ဌာန်မှာ အပြင်မှာတွေ့လျှင်တော့ ထူးဆန်းနေမည် ဖြစ်သော်လည်း အိပ်မက်ထဲတွင်တော့ ထူးဆန်းသည်ဟုမထင်မိပါ။ မြွေ၏ကိုယ်လုံးလုံးပတ်မှာ နှစ်လက်မခန့်သာ ရှိမည်ဖြစ်သော်လည်း အလျားမှာ ပေ (၄၀) မျှရှိ၍ ကြိုးကဲ့သို့၊ ရေပိုက်ကဲ့သို့ ဖြစ်နေပါသည်။

စာရေးသူသည် အိပ်မက်ထဲတွင် ထိုမြွေကို မြွေဟု မခြင်း၊ မြွေဟုလည်း မအောက်မေ့၊ ကြောက်ခြင်း၊ ရွံ့ခြင်း၊ ရွံရှာခြင်းလည်းမရှိဘဲ အသိမိတ်ဆွေတစ်ဦးလာနေသည်သို့ ခံစားရပါသည်။ သို့သော် လက်ထဲတွင် ပန်းအိုးကြီးများကို ကိုင်ထားပြီးဖြစ်၍ ပန်းအိုးများကို ဘုရားဆောင်သို့သွားထားလိုက်ဦးမည်။ ချက်ချင်းပြန်ထွက်လာပြီးမှ မြွေကြီးကို နှုတ်ဆက်တွေ့ဆုံတော့မည်ဟုတွေးလိုက်ပြီး အိမ်ထဲသို့အလျင်အမြန်ပြေးဝင်လိုက်သည်။ ဘုရားဆောင်ပေါ် သို့ ပန်းအိုးကို တင်လိုက်သည်။ ပြီးမှ ဘုရားကန်တော့ပြီး ပန်းများကပ်တော့မည်ဟု စိတ်ကူးကာ အပြင်သို့ ချက်ချင်းပြန်ထွက်လာခဲ့သည်။ သို့သော် မြွေကြီးသည် စာရေးသူက ၎င်းကိုမတွေ့ဆုံလို၍ အိမ်ထဲသို့ဝင်ပြေးသွားသည်ဟုထင်ကာ စိတ်မကောင်းဖြစ်ပြီး နောက်သို့ပြန်လှည့်ကာ ထွက်ခွာနေပြီဖြစ်ပါ၏။

မြွေကြီးသည် အလျားရှည်လှသောကြောင့် ဦးခေါင်းမှာ စာရေးသူတို့ ဝင်းတံခါးပေါက်နှင့် ပေ (၃၀) ခန့်အထိ ရောက်ရှိသွားပြီဖြစ်သော်လည်း ကွေ့၍လိုက်နေသော ကိုယ်လုံးအလျားမှာ (၁၀) ပေခန့်ကျန်နေပါသေးသည်။ မြွေကြီးသည် စာရေးသူထွက်လာသည်ကို မသိရှိတော့ပါ။ စာရေးသူက-အော်ခေါ်သော်လည်း မကြားပါ။ ဝမ်းနည်းကြောင့်ကွဲစွာဖြင့် ဖြည်းဖြည်းချင်း ထွက်ခွာသွားပါသည်။ စာရေးသူသည် မြွေကြီးကိုလိုက်ခေါ်လျှင် မိနိုင်သော်လည်း ဘာကြောင့်ရယ်မသိ ထိုစိတ်ကူးမပေါ်ပေါက်ခဲ့ပါပေ။ စိတ်မကောင်းခြင်းကြီးစွာဖြင့်သာ ထူးဆန်းသောမြွေကြီးမြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ နေရာမရွှေ့ရပ်ကြည့်နေမိပါသည်။ အိပ်မက်မှာ ထိုမျှသာဖြစ်သော်လည်း နံနက်အိပ်ရာမှနိုးထလာသည့်တိုင် အိပ်မက်သည် မျက်စိထဲတွင် စွဲမြဲနေပြီး စိတ်ထဲတွင်လည်း ဝမ်းနည်းနေမိပါသည်။

သုံးရက်အကြာတွင်တော့ စာရေးသူလည်း အကောင်းပကတိဖြစ်သွားပြီးဖြစ်၍ ကတိပြုခဲ့သည့်အတိုင်း အုန်းတကူးသို့ သွားရောက်ခဲ့ပါသည်။ ရွာသူရွာသားတို့သည် လပြည့်နေ့က စာရေးသူရောက်ရှိမည်ဟု ကြိုတင်သိရှိထားကြသည်ဖြစ်၍ လပြည့်နေ့ကလည်း မျှော်နေကြပေလိမ့်မည်။ လပြည့်နေ့က မရောက်လာသောအခါ နောက်ရက်များတွင်လည်း ဆက်၍စောင့်နေကြမည်ဖြစ်သည့်အတိုင်း ယခု စာရေးသူရောက်လာသောအခါ အသင့်ပင် စောင့်ကြိုနေကြသည်ဖြစ်၍ ကိုတင်ဝင်း၏ လက်ဖက်ရည်ဆိုင်တွင် ကိုမြင့်ဦး၊ ကိုမြင့်ဆွေ၊ ကိုတင်မောင်ဝင်း၊ ဦးသန်းဆောင်၊ မခင်စန်းမြင့်၊ မဘုတ်အီး တို့ လူစုံတက်စုံရှိနေကြပါ၏။

စာရေးသူ ကားပေါ်မှဆင်းလိုက်သောအခါ ထုံးစံအတိုင်း ကိုတင်ဝင်းက ပင် ဆိုင်ထဲမှလူများကို အော်ပြောလိုက်လျှင် ကုလားနှင့် ဒီဖိုး၊ အောင်မိုးခိုင်တို့ ပြေးလာကြ၏။ စာရေးသူ၏ခရီးဆောင်အိတ်ကို သယ်ယူကြပြီး -

"ဆရာလာမယ်ဆိုလို့ ကျွန်တော်တို့ နေ့တိုင်းမျှော်နေကြတာ"

ဟုပြောပါသည်။

လက်ဖက်ရည်ဆိုင်ထဲသို့ရောက်သောအခါ အားလုံးက ပိုင်း၍နှုတ်ဆက်ကြသဖြင့် စာရေးသူလည်း အားလုံးကိုခြုံ၍သာပြုံးပြလိုက်ပါသည်။ ကိုတင်ဝင်းက လက်ဖက်ရည်ခွက်လာချ၏။

စာရေးသူက အားလုံးကိုခြုံ၍ပင်-

"ဒီတစ်ခေါက် ကျွန်တော်မလာခင် ဒီမှာဘာတွေထူးသေးသလဲဗျာ"

ဟု မေးလိုက်ပါသည်။

ထိုအခါ ၎င်းတို့သည် ဘာမှမပြောကြသေးဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသဖြင့် စာရေးသူလည်း စိတ်မကောင်းစရာသတင်းတစ်ခုခုကြားရတော့မည်ဟု စိတ်တွင်ထင့်သွားမိသည်။ ထိုအခါ ကိုမြင့်ဦးကပင် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး-

"ဆရာရယ်၊ ဒီတစ်ခါကြုံရတာက ခက်တော့ ထူးလည်းထူး၊ ဆန်းလည်းဆန်းပြီး ကျွန်တော်တို့အားလုံး ယူကျုံးမရနိုင်အောင်ဖြစ်ရပါတယ်"

ဟု အစချီပြီး အောက်ပါအတိုင်း ပြောပြပါတော့သည်။

ပြာသိုလမပြည့်မီတစ်ရက်တုန်းက ဗိုလ်မှူးကိုကျော်စွာ ကိုမြင့်ဦးအိမ်သို့ဝင်လာ၏။ ဆရာဘိုဘိုနှင့် တွေ့ခဲ့သည်မှာ ပြာသိုလပြည့်နေ့လာလိမ့်မည်ဟုပြောသွားသည်။ ထိုအခါ အိုဖြူ၊ မိုးခိုင်၊ မိုးနီတို့မှတစ်ဆင့် တစ်ရွာလုံးပျံ့နှံ့သွားသည်နောက်ရက်တွင် စာသင်ကျောင်းထဲ စပါးကြီးမြွေကြီးရောက်ရှိလာခဲ့သည် (၂) ရက်ခန့်အထိလာနေ၍ အိုဖြူ၊ မိုးနိုင်တို့က စပါးကြီးမြွေကြီးအား 'တောင်ပေါ်က အစ်မတော်ဆိုရင် ဆရာ့ကြောင်လာတော့မှာပါ။ ဒီမှာမနေနှင့်။ အန္တရာယ်များပါသည်' ဟု ပြောလိုက်ရာ စပါးကြီးမြွေကြီးသည် လူစကားကို နားလည်သည့်အလား ထို့နေ့ည၌ပင် ကျောင်းထဲမှပျောက်ကွယ်သွားသည်။ ရွာသူရွာသားနှင့်ကလေးများက ဆရာဘိုဘိုလာတော့မည်ဟုပြောနေသံကို တောင်တော်သခင်မကြားသိလာရောက်စောင့်ကြိုနေဟန်တူပါသည်။

ပြာသိုလပြည့်နေ့သို့ ရောက်ခဲ့သောအခါ ရွာမှကလေးများက ဆရာဘိုဘို ရောက်လာမည်ဟု သိရှိထားစောင့်မျှော်နေကြပါသည်။ ထို့နေ့ နေဝင်မိုးချုပ်၍ နောက်ဆုံးဂိတ်ထွက်သောကားများပင် ကုန်သွားပါသည်။ ဆရာဘိုဘိုကတော့ဖြင့် အုန်းတကူးရောက်မလာခဲ့ပါ။

ထိုညက လပြည့်နေ့ညဖြစ်၍ လမင်းကြီးသည် စိမ်းမြကြည်လင်လှသော အစွမ်းကုန်ထွန်းလင်းတောက်ပလှုံ့ပါသည်။ ခါတိုင်းညများထက် အဆေ၏။ ရွာသူရွာသားများအားလုံး (၉) နောက်ပိုင်းတွင် လူတိုင်း အိပ်ရာသွားကြတော့၏။ လျှပ်စစ်မီးမရှိ၍ တိုင်း အမှောင်ချထားကြပြီး အပြင်လမင်းကြီးသာထိန်ထိန်သာနေ၏။ (၁၀) နာရီကျော်သောအခါတွင် တစ်ရွာလုံး အိပ်မောကျသွားပြီဖြစ်တိတ်ဆိတ်လျက်ရှိပါ၏။

ထိုသို့ဖြင့် ည၌(၁)နာရီသို့ရောက်လာသောအခါ ရွာစည်းရိုးအတွင်း စပါးကြီးမြွေကြီးထွက်လာ၏။ အိမ်သို့ဦးတည်ကာ တရွေ့ရွေ့ထွက်လာ၏။ သစ်ပင်ရိပ်မှာကင်းလွတ်

www.burmeseclassic.com

www.burmeseclassic.com

လရောင်အပြည့်အဝရောက်ရှိသောနေရာတို့တွင် မွေကြီးမှာ အရောင်တဖိတ်ဖိတ်ထွက်ပေါ် လျက်ရှိ၏။ ကိုမြင့်ဦးတို့အိမ်သည် ခြံစည်းရိုးကပ်လျက် မဟုတ်ပါ။ အခြားအိမ်ဝင်းတို့ခြားနေသေး၏။ ထိုအိမ်တွင် သြဇာပင်များရှိပြီး သြဇာပင်များပေါ် တွင် ကြက်များအိပ်တန်းတက်လျက်ရှိကြ၏။ မွေကြီးသည် သြဇာပင်များအောက်မှဖြတ်သန်း၍ လာရာ သစ်ရွက်ခြောက်တို့အားတိုးသောအသံသည်လည်းကောင်း၊ မြေကြီးကို ကုတ်၍တွားသွားသောအသံသည် လည်းကောင်း တိတ်ဆိတ်လှသော ညဉ့်သန်းခေါင်ယံအချိန်၌ ရှော... ရှော... ရှော... ချွတ်... ချွတ်... ချွတ်ဟူသောအသံတို့မှာ ကျယ်လောင်စွာ ထွက်ပေါ် လျက်ရှိ၏။

ကြက်တို့သည် ကြက်အိပ်ကြက်နိုးဆိုသည့်အတိုင်း အိပ်ရေးဆတ်လှသည်ဖြစ်ရာ ထိုအသံတို့ထွက်ပေါ် လာသည်နှင့် ကြက်တို့လန့်နိုးလာ၏ ။ မွေကြီးသည် ကြက်များအိပ်နေသော သြဇာပင်များအောက် ရောက်ရှိနေသည့်အပြင် မွေ၏အနံ့တို့ကိုလည်းရရှိကြ၍ ၎င်းတို့အား အန္တရာယ်ပြုရန် လာရောက်သည်ဆင်ကြပြီး အော်မြည်ကြကာ ပျံထွက်ကုန်ကြ၏။ မွေကြီးသည် ကြက်များကို လှမ်းမိုက်ပါ။ သြဇာပင်များအောက်မှဖြတ်သန်းပြီး ကိုမြင့်ဦးအိမ်ဘက်သို့သာ ဦးတည်ကာ ထွက်ခွာလျက်ရှိပါသည်။ တိတ်ဆိတ်သောညဉ့်ယံတွင် ကြက်တို့၏ လန့်အော်ပျံထွက်သောအသံမှာ ကျယ်လောင် လွန်းလှသည်ဖြစ်ရာ အိမ်ရှင်နိုးသာပြီး တုတ်မီးနှင့် ဓား၊ လုံကိုဆွဲကာ အိမ်ထဲမှထွက်လာပြီး ကြက်အိပ်တန်းဆီသို့ ပြေးလာသည်။ ကြက်များသည် ဥာဉ်ရာပြေးသွားကြပြီဖြစ်သော်လည်း မည်သည့်အန္တရာယ်မျှ မကျရောက်ပါ။

သို့သော် စပါးကြီးမွေကြီးထွက်သွားသည်ကို တွေ့မြင်ရ၍ ကြက်များ လန့်ပြေးခြင်းသည် မွေကြီးမှလာဆွဲခြင်းဖြစ်မည်ဟု သိရှိလိုက်၍ နောက်မှပြေးလိုက်ပြီး မွေကြီး၏ဇက်ပိုးကို ဓားလုံနှင့် အားကုန်ထိုးစိုက်ချလိုက်သည်။ ညအချိန်မော် မိမိတစ်ဦးတည်းသာ ဖြစ်နေ၍ မွေကြီးကိုအသေသတ်ရန်လည်း မဝံ့ရဲ။ စပါးကြီးသည်းခြေသည် နေရာပြောင်းရွှေ့၍နေတတ်သည်။ အသက်ထွက်သောအချိန်မှာ နံနက်ဖြစ်လျှင် ဦးခေါင်းနေရာ၊ နေ့ခင်းဖြစ်လျှင် ခါးလယ်နေရာ၊ ညနေဖြစ်လျှင် အမြီးနေရာတို့တွင် ရောက်ရှိနေသည်ဟုအဆိုရှိသည်။ ညဉ့်သန်းခေါင်အချိန်ဆိုလျှင်တော့ သည်းခြေသည် မည်သည့်နေရာတွင် ရောက်ရှိနေပါမည်နည်း။ ရှာဖွေရခက်ပေလိမ့်မည်။ ထို့ကြောင့် မနက်မှ အသေသတ်တော့မည်ဆုံးဖြတ်ပြီး မွေကြီးထွက်မပြေးနိုင်စေရန် ဓားလုံကို မြေကြီးအတွင်းသို့ တစ်တောင်ခန့်အထိ ရိုက်သွင်းလိုက်ပါသည်။ မွေကြီးသည် နာကျင်လှသောကြောင့် ဓားလုံရိုးကို ရစ်ပတ်၍ လူးလွန့်လျက်ရှိပါ၏။ မွေကြီးသည် တစ်ည၌ နာကျင်သောဝေဒနာကို သနားစဖွယ် ခံစားနေရရှာပါသည်။

အိမ်နီးချင်းတို့လည်း အကြောင်းစုံကို မသိရှိသော်လည်း ညက ကြက်များ လန့်ပျံသံ၊ မွေကြီး၏ ရုန်းကန်လှုပ်ရှားသံတို့ကို မသဲမကွဲကြားလိုက်ကြသည်သာ ဖြစ်ပါ၏။ ထို့ကြောင့် နံနက်လင်းသောအခါ စပါးကြီးမွေကြီး၏ သတင်းမှာ တစ်ရွာလုံးပျံ့နှံ့သွားပါတော့၏။ ထိုအခါ ကလေးများက ရွာဦးဆရာတော်ထံသွား ရောက်လျှောက်ထားကြ၏။ ဆရာတော်က ချက်ချင်းပင် ကိုရင်လေးကို စေလွှတ်ပြီး ထိုရွာသားကိုခေါ် စေ၏။ ထိုရွာသား ရောက်ရှိလာသောအခါ စပါးကြီးမွေဟူသည်မှာ နတ်မွေဖြစ်ကြောင်း၊ စပါးကြီးမွေကိုသတ်လျှင် မိုးခေါင်တတ်သည်။ ရွာမီးလောင်တတ်သည်။ ကြမ္မာဆိုးများ ကျရောက်တတ်သည်ဟု အဆိုရှိသည်။ စပါးကြီးမွေကြီး၏ အသက်ကို အလျှံခံသည်။ မွေကြီးကိုကျောင်းသို့လာပို့ပါဟု မိန့်ကြားတော်မူပါသည်။ ရွာသားလည်း မွေကြီးကိုမသတ်ရဲတော့ဘဲ တောင်းကြီးထဲတွင်ထည့်ပြီး ကျောင်းသို့ လာရောက်ပို့ဆောင်ပေးရသည်။

ရွာသူရွာသားများက မွေကြီးကို လာရောက်ကြည့်ရှုကြပြီး စုတ်တသပ်သပ်ဖြင့်သနားနေကြ၏။ မွေကြီး၏ ကုပ်ပိုးတွင် ဓားလုံချက်မှာပြင်းထန်လှ၍ မွေကြီးသည် ခေါင်းမထောင်နိုင်။ ဆရာတော်က ကြက်ဥများခွဲ့ကျွေးစေသော်လည်း မျိုမချနိုင်ပါ။ ရေတိုက်သော်လည်း ရေမျိုမချနိုင်ပါ။ ဒဏ်ရာမှသွေးစများကို ပုရွက်ဆိတ်တို့အုံခဲနေကြ၏။ ကိုရင်လေးများက ဒဏ်ရာကို ဓာတ်ဆီလောင်းပေးမှ ပုရွက်ဆိတ်နှင့် ယင်တို့မလာတော့ဘဲရှိ၏။ စပါးကြီးမွေကြီးသည် ဆရာလေးကို စောင့်နေခြင်း ဖြစ်သည်။

"ဆရာလေး မြန်မြန်ရောက်လာရင်ကောင်းမှာပဲ။ ဆရာလေးရောက်လာရင်တော့ မွေကြီးပြန်ရှင်ချင်ရှင်ဦးမယ်"

ဟု ပြောနေပါသည်။

ထို့ကြောင့် ရွာသူရွာသားတို့လည်း မွေကြီးကိုကူ၍ ဆရာဘိုဘိုကို မျှော်ပေးနေကြ၏။ သို့သော် ဆရာဘိုဘိုသည် တစ်ရက်လည်းမပေါ် လာ၊ နှစ်ရက်လည်းမပေါ် လာခဲ့။ သုံးရက်မြောက်နံနက်တွင်တော့ မွေကြီးသည် အားတင်းနိုင်စွမ်းမရှိတော့ပါ။ ခေါင်းမထောင်နိုင်၊ လည်ပင်းကို မဖြောင့်နိုင်တော့သော်လည်း ဦးခေါင်းတစောင်းဖြင့် မြေတွင်တရွတ်တိုက်လျက်ပင် တရွေ့ရွေ့ဖြင့် အုန်းတကူးတောင်တော်ရှိရာဆီသို့ ဦးတည်လျက် ထွက်ခွာသွားပါတော့သည်။ တစ်တောင့်တစ်ထွာခန့်ရွေ့ရန်ပင် အချိန်အတော်ယူရ၏။ ဘုန်းတော်ကြီး ကျောင်းစည်းကိုကျော်သောအခါ လှည်းလမ်းကိုဖြတ်ရ၏။ လှည်းလမ်းမှာ (၁၀) ပေမျှသာ ကျယ်သော်လည်း လှည်းလမ်းကို ဖြတ်ကူးနေသည်မှာပင် (၁၅)မိနစ်ခန့်ကြာမြင့်သည်။ ကိုရင်ကျောင်းသားများက နွားများ၊ နွားလှည်းများကို တားပေးထားရ၏။ ထို့နောက် ထွန်ရေးမှုန်းထားသော ယာပြင် ကို ဖြတ် သန်းရပြန် ၏။ ထိုယာပြင်တွင်တော့ ကျီးများ၊ ဆက်ရက်ငှက်များက တလွှန့်လွှန့်တလူးလူး တရွေ့ရွေ့သွားနေသော မွေကြီးကို ထိုးဆိတ်ကြသည်။ ထိုအခါ ကိုရင်များ၊ ကျောင်းသားများက ကျီးများ၊ ဆက်ရက်များကို ဝါးရိုးတုတ်များဖြင့် ကာကွယ်ခြောက်လှန့်ပေးကြရ၏။

ထိုသို့ဖြင့် ဘုန်းတော်ကြီးကျောင်းနှင့် တောင်ခြေအကြား တစ်ဖာလုံမျှသာရှိသော အကွာအဝေးကို အချိန်ကြာမြင့် ချိန် (၃)နာရီမျှရှိမှ ရောက်ရှိတော့သည်။ ကျောက်ဆောင်ကြီးတစ်ခု၏ အခြေသို့ ရောက်သောအခါ မွေကြီးသည် တောင်ပေါ် သို့ဆက်၍တက်နိုင်စွမ်းမရှိတော့ပါ။ ဒဏ်ရာပြင်းထန်ခြင်း၊ မောပန်းခြင်း၊ အစာရေစာငတ်မွတ်ခြင်းတို့ကြောင့် ဖုတ်လိုက်ဖုတ်လိုက်ဖြင့် အသက်ရှူနေရရှာပြီး တဖြည်းဖြည်း ခွေသွားပါတော့သည်။ ထိုသို့ ခွေပြီးသည်နှင့် ဘာမျှမကြာလိုက်ပါ အသက်ဇီဝိန်ချုပ်ငြိမ်းသွားပါတော့သည်။ ရွာသူရွာသားများအားလုံး လာရောက်ကြည့်ရှုကြပြီး စိတ်မခိုင်သူ အမျိုးသမီးများနှင့် မိန်းကလေးများ ငိုကြွေးကြသည်။

ဆရာတော်ဦးသုမင်္ဂလက စပါးကြီးမွေကြီးကို ကရုဏာသက်တော်မူလှသဖြင့် တစ်အိမ်လျှင် ဆွမ်းတစ်နှုတ်

www.burmeseclassic.com

www.burmeseclassic.com

ပို့ရမည်။ မြွေကြီးအတွက် သက်ပျောက်ဆွမ်းကပ်ရမည်။ မြွေကြီးအား သည်းခြေမထုတ်ရ၊ အရေခွံမခွာရ၊ လုံးဝမထိရ၊ ကောင်းမွန်စွာ မီးသင်္ဂြိုလ်မည်ဟု အမိန့်ထုတ်တော်မူ၏။ ရွာသူရွာသားတို့မှာလည်း ရွာဦးဆရာတော်အား လေးစားကြောက်ရွံ့ကြသည်က တစ်ကြောင်း၊ မြွေကြီး၏ဖြစ်အင်ကို တွေ့မြင်ကြရပြီး စိတ်မကောင်းဖြစ်ကြရသည်လည်းဖြစ်၍ ဆရာတော် မိန့်ကြားသည့်အတိုင်း ရှိသေလေးစားစွာ လိုက်နာဆောင်ရွက်ကြ၏။ ထို့နောက် မြွေကြီးကို မီးသင်္ဂြိုလ်ရာမှ ရရှိသောပြာတို့ကို အိုးတစ်လုံးတွင် ထည့်စေပြီး ဆရာလေး (စာရေးသူ) လာသောအခါမှသာ ဆန္ဒရှိသလိုဆောင်ရွက်ပါစေဟု မှာကြားတော်မူ၏။ ဤယနေ့ နေ့လယ် (၁) နာရီကမှ မြွေကြီးကို မီးသင်္ဂြိုလ်ပြီးစီးသွားပါသည်ဟု ကိုမြင့်ဦးက ရှည်လျားစွာရှင်းပြပါသည်။

ထိုအခါ စာရေးသူလည်း စိတ်မကောင်းကြီးစွာဖြစ်ရသည်။ တောင်တော်သခင်မသည် အနုံးတကူးရွာလေးသို့ စာရေးသူ ကျောင်းဆရာအဖြစ်နှင့် ရှိနေစဉ်က နတ်တို့၏တန်ခိုးဖြင့် စာရေးသူကို တွေ့မြင်နိုင်ပြီး စာရေးသူအား ခင်မင်၍ သံယောဇဉ်ဖြစ်နေခြင်းလော။ ထိုသို့ တွေ့မြင်ကာမျှဖြင့် စာရေးသူအပေါ် ဤမျှအထိ သံယောဇဉ်ဖြစ်ပေါ်မည်မဟုတ်။ စာရေးသူနှင့် တောင်တော်သခင်မတို့သည် အတိတ်ဘဝတစ်ခုတွင် ကြီးမားသောပဋ္ဌာန်း၊ ကြီးမားသောအကြောင်းဆက်၊ ကြီးမားသောပတ်သက်မှုတို့ ရှိခဲ့ခြင်းကြောင့်သာ ဤမျှအထိ သံယောဇဉ်ကြီးမားနေခြင်းဖြစ်ပေလိမ့်မည်။

သို့သော် စာရေးသူသည်အတိတ်ဘဝများကို ပြန်လည်မြင်နိုင်စွမ်း မရှိသောကြောင့် တောင်တော်သခင်မနှင့် ပတ်သက်၍ ဘာဆိုဘာမျှမသိရှိပါ။ ယုတ်စွအဆုံး တောင်တော်သခင်မသည် အဘယ်ကဲ့သို့သောဘုံဘဝလောကသားဟူ၍ပင်မသိပါ။ မည်သို့ပင်ဖြစ်စေ စာရေးသူအပေါ် ဤမျှအထိ သံယောဇဉ်ကြီးမားလှသောအဖြစ်ကို သိရှိလိုက်ရသောအခါတွင်တော့ စာရေးသူသည် တောင်တော်သခင်မအတွက်လည်း စိတ်မကောင်းလည်းဖြစ်ရသည့်အပြင် တောင်တော်သခင်မ၏ မေတ္တာတရားကို အလေးအနက် ထားရှိမိပါတော့သည်။

ထို့နောက်တွင်တော့ စာရေးသူတို့အားလုံး ကိုယ်စိတ်အတွေးများဖြင့် ငြိမ်သက်သွားကြပြီး စကားဝိုင်းမှာ တိတ်ဆိတ်သွားပါသည်။ ထိုအချိန်တွင် အိဖြူရောက်ရှိလာပြီး -

"ဆရာ၊ အိမ်သွားကြစို့"

ဟု ပြောသဖြင့် ကိုမြင့်ဦးနှင့်အတူ အိဖြူတို့အိမ်သို့ထွက်ခဲ့ကြပါသည်။

အိဖြူသည် ရမည်းသင်း ရွှေတောတွင်နေသည်ဆိုပြီး ယခုရောက်ရှိနေသဖြင့် လမ်းတွင်မေးကြည့်ရာ မင်္ဂလာဆောင်ပြီးနောက် အိဖြူတို့ ရမည်းသင်းသို့ပြန်သွားခဲ့ကြသည်။ ရွှေအင်းလုပ်ငန်းပြန်လည်လုပ်ကိုင်ကြပါသည်။ သို့သော်ကံကြမ္မာသည် အပြောင်းအလဲမြန်လှသည်။ အိမ်ထောင်မပျူမီက အိဖြူသည် အဒေါ်၊ ဦးလေးတို့နှင့် ရမည်းသင်းသို့ လိုက်သွားခဲ့သည်။ အိဖြူ၏ အဒေါ်နှင့် ဦးလေးတို့သည် အနုံးတကူးတွင်လုပ်စားကိုင်စားအဆင်မပြေသောကြောင့် လမ်းစားရိတ်မျှပင် အနိုင်နိုင်ဖြင့် ရမည်းသင်း ရွှေတောသို့ စွန့်စားထွက်ခွာခဲ့ကြခြင်းဖြစ်သည်။

ရမည်းသင်းရွှေတောသည် အိဖြူတို့နှင့် အကျိုးပေးသည်ဟု ဆိုရမည်။ အိဖြူတို့ ရမည်းသင်းကို ရောက်ရှိပြီး ဘာမှမကြာလိုက် ရွှေနှင့်ငွေနှင့်ဖြစ်လာ၏။ ထို့နောက် အတော်အသင့် ငွေကြေးစုဆောင်းမိသည်။ ထိုအချိန်မှာပင် အိဖြူကို ကြိုက်နှစ်သက်သော ကောင်လေးပေါ် ပေါက်လာသည်။ ထိုကောင်လေးကလည်း တစ်နယ်တစ်ကျေးကအကြောင်းမသိ ဇာစ်မြစ်မသိသူလည်းမဟုတ်။ ဇရပ်ကွင်းအနီးလမ်းလယ်ကျေစ်ရွာမှဖြစ်သည်။ လမ်းလယ်ကျေစ်ရွာသည် အနုံးတကူးနှင့် (၇) မိုင်မျှသာ ကွာဝေးသည်။ ထိုကောင်လေးမိဘများစုသည်လည်း ရမည်းသင်း ရွှေတောရောက်မှ အလုပ်အကိုင်များ အဆင်ပြေကြရပြီး အတော်အသင့် ငွေကြေးအင်အား ပြည့်စုံလျက်ရှိ၏။ အိဖြူကိုမြတ်နိုးပြီး နိုးနိုးအေးအေးဖြစ်ရာ အဒေါ်နှင့် ဦးလေးတို့ကလည်း သဘောတူတိုက်တွန်းသည်။ ကောင်လေး၏မိဘများကလည်း အိဖြူကိုချစ်ကြသည်။ ထို့ကြောင့် ထိုကောင်လေးကို လက်ထပ်လိုက်ခြင်း ဖြစ်သည်။

မင်္ဂလာဆောင်ပြီးနောက် အလုပ်အကိုင်အဆင်မပြေဖြစ်လာပြီး နောက်ဆုံးတွင် အိဖြူ၏ဦးလေး (အဒေါ်ဖြစ်သူ၏ ယောကျ်ား) ခုတ်တရက် ဆုံးပါးသွား၏။ စီးပွားရေးဆက်ထိုက်ကျဆင်းလာသည်။ ကောင်လေးမိဘများလည်း ကံတူအကျိုးပေးပင် စီးပွားပျက်သွားပြီး နောက်ဆုံးတွင်တော့ နေစားအလုပ်သမားများဘဝသို့ ရောက်ရှိကုန်တော့၏။ ထိုသို့ ခွဲခြင်းကြီးစားလုပ်ကိုင်ကြသော်လည်း ရမည်းသင်းတွင် ဆက်လက်ရပ်တည်နေနိုင်ရေ ပင်ခက်ခဲလာသဖြင့် ယခုကဲ့သို့ အနုံးတကူးသို့ ပြန်ရောက်လာခြင်း ဖြစ်သည်။ ယခု အိဖြူကောင်လေးနှင့် ဖိုးနိုင်တို့သည် ကုမ္ပဏီရွှေတွင်းတွင် တစ်နေ့ (၇၀၀) ကျပ်နှုန်းနှင့် နေ့စားဆင်းနေကြရသည်ဟု အိဖြူကပြောပြရာ စိတ်မကောင်းဖြစ်ရပြန်ပါ၏။

ဟိုတစ်ခေါက်က အိဖြူ၏အမေ မမာစိန်မှ အိဖြူတို့မင်္ဂလာဆောင်ဓာတ်ပုံများကို ပြသစဉ် ဆရာ့အပည့်ကို လမ်းမှာတွေ့ရင် ဆရာမှတ်မိတော့မှာမဟုတ်ဘူး။ ဖြူနုဝဖြိုးပြီး ရှမ်းတရုတ်မကြီးကဲ့နေတာပဲဟု ပြောခဲ့ဖူးပါသည်။ မှန်ပါသည်။ ဓာတ်ပုံထဲတွင် အိဖြူသည် တစ်သွေးတစ်မွေး သူငယ်သမီးပုံစံဖြစ်ပါသည်။ ယခုမူ အိဖြူသည် နေ့စဉ်ခါးတွင် သွားလာလှုပ်ရှားနေရသော နေလောင်ပြီး အသားမည်းနေပါ၏။ ကိုယ်ရည်လည်းစစ်သွား၏။ လက်ထပ်လက်စားဆို၍ နားကပ်ပင်မပါရှိသည်ကို စိတ်မကောင်းဖွယ် သတိပြုလိုက်မိသေး၏။ အိဖြူ အိမ်ထောင်ပြုပြီးခါမှ ဤသို့အဆင်မပြေဖြစ်သွားရသည်မှာ တစ်ခုံက စာရေးသူ တွေးထင်ထားခဲ့ဖူးသလို သိုက်မှလာသူသိုက်နန်းရှင်တစ်ဦးဖြစ်နေခြင်းကြောင့်ပေလော။ အိဖြူတို့လင်မောင်နှံနှင့်မိသားစုတို့တွင် အခြားသောဘေးအန္တရာယ်များ ထပ်မံမရောက်ရှိလာပါစေနှင့်ဟု စာရေးသူ ဆုတောင်းမိပါ၏။

အိဖြူကတော့ ဘာမှမသိသူပါ။ အတန်ကြာကွဲကွာနေသောစာရေးသူနှင့် ပြန်တွေ့ရသဖြင့် အရင်တုန်းကလိုပင် ပျော်ရွှင်လျက်ရှိပါ၏။

"ဆရာ၊ သမီးတို့အိမ်က ဟင်းလက်ရာတွေ မမွှေးသွားပြီလား။ အရင်းစားနိုင်ပါဦးမလား"

ဟု မေးနေပါ၏။

မမာစိန်က -

"ကောင်မလေးကတော့ဟေ့ အရင်လို ကလေးများမှတ်နေလားမသိပါဘူး။ ဆရာ့ကိုပြောချင်ရာတွေပြောနေတယ်"

ဟု ဟန့်လိုက်ပြီးနောက် အိဖြူကောင်လေးကို -

"အဲဒါ ငါတို့ပြောပြောနေတဲ့ဆရာ့တို့ရဲ့ဆရာပဲ။ ကြည့်စမ်း၊ တပည့်တွေကြမ်းကြမ်းတမ်းတမ်းပြောလိုနေထိုင်

www.burmeseclassic.com

www.burmeseclassic.com

ထယ်။ ဆရာကတော့ သိမ်မွေ့လိုက်တာ။ စကားတောင်မှကျယ်ကျယ်မပြောဘူး"

ဟု ပြောင်။

ထို့နောက် စာရေးသူလည်း ခေတ္တမျှနားလိုက်သည်။ ထို့နောက် ခြေထက်၊ မျက်နှာဆေးကြောသန့်ရှင်းသည်။ ညနေ (၃) နာရီမှ၌ပြီးဖြစ်၍ အအေးဘတ်တို့လွှမ်းခြုံစပြုပြီ။ ဤအချိန်တွင် တခွတ်ဆိုင်ကယ်များ ပေါများလာပြီဖြစ်ရာ အိုဖြူတို့၏အိမ်တွင်လည်း လိုင်စင်မဲ့ဆိုင်ကယ်ဟောင်းလေးတစ်စီးရှိနေပြီဖြစ်သည်။ ထိုဆိုင်ကယ်ဖြင့်ပင် စာရေးသူ ဒေါ်မူးကျော်စွာဝင့်ထံသွားရောက်ရာ-

"ဆရာ့အတွက်ဘော်ဒီဂတ်သမီးလိုက်မယ်"

ဟုဆိုကာ အိုဖြူသည် စာရေးသူနှင့် တပ်သို့လိုက်ပါလာခဲ့ပါသေးသည်။

စာရေးသူလည်း ကိုကျော်စွာဝင့်ကို ခေတ္တခဏမျှနှုတ်ဆက်ပြီး နေ့တာတိုတောင်းသည်ဖြစ်၍ အုန်းတကူးသို့ပြန်ခဲ့ပါသည်။

အေးမိုးတို့အိမ်နှင့် မိုးချစ်တို့အိမ်များတွင်လည်း ခဏမျှသာဝင်ခဲ့ပြီး နောက် စာရေးသူ ဆရာတော်ထံ ရောက်ခဲ့ပါသည်။ ဆရာတော်သည် နှုတ်စိအတော်ကိုမှန်ဝါးနေပြီဖြစ်ပါ၏။ စာရေးသူရောက်ရှိနေကြောင်း အိုဖြူမှ သွားတိုက်ထားပေးသောအခါမှ စာရေးသူ ရောက်နေမှန်း သိရှိရှာပါတော့၏။

"ဆရာလေးရာ၊ အလာကောင်းသေမယ့် အခါနှောင်းခဲ့ပါပေါ့ဗျာ"

ဟုဆိုကာ သနားစဖွယ်ဘဝတစ်ခုကို ပြိုမိုးသွားခဲ့ရသော စပါးကြီးမြေကြီး၏အဖြစ်ကိုပြန်လည်ပြောပြပါ၏။

"ဆရာလေးရွာကိုရောက်လာပုံကလည်း ဆန်းကြယ်တယ်။ ဆရာလေးမှာရှိနေစဉ်ကလည်း ထူးဆန်းမှုတွေ ဖန်ခဲ့တယ်။ ဆရာလေးရွာကနေပြန်သွားပုံကလည်း ဆန်းကြယ်သလို ဆရာလေး ရွာကနေပြန်သွားပြီးတဲ့နေ့နောက်မှာလည်း ဆန်းကြယ်မှုတွေဟာဆက်ပြီးဖြစ်နေခဲ့တယ်။ အဲဒီအဆဲကမှ အခုအဖြစ်အပျက်ဟာ အဆန်းကြယ်ဆုံးပါပဲ။ ဒီကိုလည်း ဘယ်လိုဆန်းကြယ်တဲ့အဖြစ်ထပ်ပြီးကြုံတွေ့ရဦးမလဲမပြောနိုင်ဘူး ဘယ်တော့ စပါးကြီးမြေကြီးဟာ ဘယ်လိုဒဏ်ရာန်မြေအစစ်ပါ။ အဲဒီမြေအစစ်ကို တောင်တော်သခင်မတဝင်းက ဒီအတိုင်းလာလို့မရဘူးလား ရတယ်။ ဒါပေမယ့် သူတို့က ဆရာလေးဆီ သူတို့လာတယ်ဆိုတာသိစေချင်တာလေ။ သူတို့ဘယ်လိုပဲကိုယ်ထင်ပြပြ မြင်အောင်ပြဖို့ရာ တော်တော်မလွယ်တာ။ အိပ်မက်ပေးဖို့ရာဆိုတာလည်း အဲဒီလိုပဲ။ နယ်စောင့်နတ်တွေ အဆင့်ဆင့်ရှိနေတော့ အခွင့်သာတဲ့အခါမှ အိပ်မက်ပေးလို့ရနိုင်တာ။ အဲဒီတော့ သူတို့ ဆရာလေးဆီကိုလာတယ်ဆိုတာ သိအောင်လုပ်ဖို့မလွယ်ဘူး။ အလွယ်ဆုံးကတော့ တိရစ္ဆာန်တစ်ကောင်ကိုစီးတဲ့နည်းက အလွယ်ဆုံးပဲ။ ဒီအထဲမှာမှ မြွေသတ္တဝါဟာ နဂါးတွေ၊ နာမ်လောကသားတွေနဲ့ ဆက်နွယ်နေတဲ့အပြင် သိသာထင်ရှားတဲ့သတ္တဝါလည်းဖြစ်တယ်။ အဲဒီထဲမှာမှ စပါးကြီးမြွေဟာ ပိုပြီးအထင်ရှားဆုံးဖြစ်တာမို့ အခုလို စပါးကြီးမြွေတိုင်း လာခဲ့တာပေါ့။ ဓားလှံနဲ့အထိုးခံလိုက်ရတဲ့အချိန်မှာ သခင်မရဲ့နာမ်ကထွက်လို့ မရတော့ဘူးလေ။ နာမ်လောကသားတွေဟာ သူတို့ရဲ့ကျွတ်တမ်းဝင်ဖို့ အချိန်မတန်သေးခဏ်မှာ အသက်သေတယ်လို့ မရှိပေမယ့် နာကျင်မှုတော့ခံစားရတယ်။ ဒါကြောင့် မြွေကြီးကို ဓားလှံနဲ့အထိုးခံလိုက်ရချိန်မှာ သခင်မလည်းနာကျင်နေမှာပဲ။ မြွေအသံက်မသေသရွေ့လည်း သူ့နာမ်ကခွာလို့မရဘူး။ ဒါကြောင့် မြွေအသက်ထွက်ခါနီးမှာ တောင်ခြေကို ထွက်သွားတာပေါ့"

ဟု ဆရာတော်မှရှင်းပြပါသည်။

"ဆရာလေးလည်း တောင်တော်သခင်မရဲ့ သံယောဇဉ်ကို သိနေမှတော့ ရွာကိုမကြာမကြာလာပေးဖို့ကျုပ်မေတ္တာရပ်ခံပါတယ်။ မြွေရဲ့ပြာတွေကိုတော့ ဆရာလေးနှစ်သက်သလိုဆောင်ရွက်ပါ"

ဟု ဆက်၍ မိန့်ကြားပါသည်။

စာရေးသူလည်း ဆရာတော်နှင့် အတန်ကြာစကားပြောပြီး ရွာထဲသို့ပြန်ခဲ့ပါသည်။

ထိုညသည်လည်း အအေးပိုလှပါသည်။ ညဉ့်ဦးပိုင်းတွင် စာရေးသူလည်း မီးလှုံရင်း ကိုမြင့်ဦးတို့မိသားစုနှင့် စကားများပြောကြသည်။ ည (၉) နာရီကျော်တွင် အိပ်ရာဝင်ကြပါသည်။ ထူးခြားသောအိပ်မက်တို့မြင်မက်လိမ့်ဦးမည်ဟု ထင်ထားသော်လည်း မည်သည့်အိပ်မက်မျှ မမြင်မက်ပါ။ အစ်မတော်သည် စာရေးသူတို့ စိတ်ဆိုးသွားပြီလား၊ စိတ်နာသွားပြီလား သို့မဟုတ် ဒေါ်ဆာဇေါ်နာကျင်မှုခြောင့် မလှုပ်မရှားနိုင်ဖြစ်နေခဲ့လား သို့မဟုတ် ဆရာတော်မိန့်ကြားသကဲ့သို့ အိပ်မက်ပေးခြင်းမပြုခြင်းကြောင့်လားမသိပါ။

နောက်တစ်နေ့နံနက်စောင် စာရေးသူတို့ တောင်ပေါ်သို့တက်ခဲ့ကြသည်။ (၈) နာရီကျော်ပြီဖြစ်သော်လည်း မြက်များနှင့် သစ်ရွက်၊ ဝါးရွက်၊ ချဉ်နွယ်များပေါ်တွင် နှင်းတို့ကရွဲလျက်ရှိနေပါသေးသည်။ တောင်ပေါ်သို့ ရောက်ရှိသောအခါတွင်တော့ ထုံးစံအတိုင်း စာရေးသူတို့ ကျောက်ပုံစေတီတွင် အမွှေးတိုင်များ ပူဇော်ကြသည်။ ဘုရားကန်တော့ကြသည်။ ယခုတစ်ခေါက် တောင်ပေါ်လာရသည်မှာ ခါတိုင်းအခေါက်များကဲ့သို့ မဟုတ်။ စိတ်လက်ပေါ့ပါးရွှင်လန်းခြင်းမရှိပါ။ လေးလံထိုင်းမှိုင်းလျက် ဝမ်းနည်းပူဆွေးသလို ခံစားနေရပါသည်။

ထိုအချိန်တွင် တောင်ခြေတွင် နွားကျောင်းလေ့ရှိသော ဦးမြင့်ငး၏ဇနီး ဒေါ်ရှမ်းမ (အမည်ရင်းမသိကြပါ၊ ရှမ်းတိုင်းရင်းသားဖြစ်၍ အလွယ်ခေါ်တွင် နေကြခြင်း ဖြစ်သည်။) ဘယ်လိုက ဘယ်လို ရောက်ရှိလာသည်မသိပါ။ စာရေးသူ၏ နံဘေးတွင် ရောက်ရှိလာပြီး ဘုရားကန်တော့ပါသည်။ မြန်မာလို မဟုတ်ပါ။ ရှမ်းဘာသာနှင့် ဖြစ်ပါသည်။ ဘုရားကန်တော့ခြင်းနှင့်တစ်ဆက်တည်းမှာပင် ရှမ်းသီချင်းလိုလို ဝိုချင်းလိုလို သံရှည်ဆွဲ၍ ဆိုပါတော့သည်။ စာရေးသူသည် အစတွင်တော့ မည်သို့မျှမဖြစ်သော်လည်း အတန်ကြာသောအခါတွင်တော့ ခေါင်းတို့ မူးနောက်၍လာပါတော့သည်။ ထို့နောက်တွင်တော့ အိပ်မွေ့ချုံရသူကဲ့သို့ လက်ရှိပကတိအခြေအနေတို့ ဝေဝါး၍လာပါတော့သည်။ ထို့နောက် စာရေးသူသည် အိပ်ပျော်သွားသကဲ့သို့ ဖြစ်ပြီး အိပ်မက်အဖြစ်လော၊ တကယ်ပကတိအနေနှင့်လော မသိပါ။ ထူးဆန်းသောမြင်ကွင်းတို့ကို မြင်ရပါ၏။

ထိုအကြောင်းအရာတို့သည်ကား စာရေးသူ အုန်းတကူးရွာနှင့်အတိတ်ဘဝက ပတ်သက်ခဲ့မှု၊ တောင်တော်သခင်မနှင့် စာရေးသူတို့ ပတ်သက်ဆက်နွယ်မှုတို့ကို ထင်ဟပ်ပြသသော စာရေးသူ၏ အတိတ်ဘဝပုံရိပ်တို့ပင် ဖြစ်နေပါ၏။

ထိုအကြောင်းအရာတို့ကို 'မြိုးသေးသောပန်းချီကား' အမည်နှင့် ဝတ္ထုရှည်ရေးသားထားရှိပြီးဖြစ်ပါသည်။

ဦးဘို(ချောက်ကူ)

www.burmeseclassic.com

www.burmeseclassic.com

မိုးနောင်(ကောလင်း)
သံချေးတက်သံမဏိလူသားနှင့် မြင်းခွာရွက်အစွမ်းတန်ခိုး

ဤစာရေးသူသည် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် အသက် (၆၈) နှစ်ပြည့်တော့မည်ဖြစ်သည်။ ငယ်စဉ်က ပျင်းရိထိုင်းမှိုင်းတွေဝေနေတတ်ပါသည်။ အသက် (၂၀) ကျော်စအရွယ် စာပေ နယ်ရောက်၊ ဒုက္ခဆင်းရဲခံရ၊ ပင်ပန်းခဲ့ရပြီး နယ်ပြန်ရောက် အပယ်ခံ၊ အနှိမ်ခံ ဘဝများစွာကြုံရ၊ အဆင့်ဆင့်တက်ခဲ့ရပြီး သစ်ကုန်သည်ဘဝရောက် လျှမ်းလျှမ်းတောက်အောင်မြင်၊ ပြန်ကျနှင့် ဘဝလွှာအမျိုးမျိုး ထိတွေ့ကျင်လည်ကြုံဆုံခဲ့ရပါသည်။ ယခင်က တစ်ခါတစ်ရံ အရက်သောက်၊ ကွမ်းစားခဲ့သော်လည်း အသက် (၅၀) ကျော်သော် လုံးဝဖြတ်တောက်ခဲ့ပါသည်။ ဘဝနာဒုပေနာပေခံခဲ့ရသောကြောင့်လည်း အာလာပသလ္လာပပြောနေခဲ့သည်က သိပ်မရှိပါ။ အချိန်ကို အလကားမထားခဲ့သည်ကများပါသည်။ စား၀တ်၊ နေမှု၊ စာပေ၊ တရား စသည်အကျိုးရှိရာများကိုသာ အဓိကထားပြီး ဘဝတွင် သံဏီစိတ်ဓာတ်၊ သံဏီစည်းမျဉ်းချပြီး သံမဏီလူသားလို ကျင့်သုံးနေထိုင်ခဲ့ပါသည်။

အနှစ်ချုပ်ရပါသော် ကွယ်လွန်ပြီးသော ယောကျ္ဃမကြီးက -

"မောင်နီ၊ နားပါဦးတော့။ သန်းအေး နှင့်ယောကျ်ားက ဆင်းရဲဇာတာ၊မွဲဇာတာပါတယ်ထင်တယ်။ လုပ်သမျှ မနားတမ်းဘဲ"

ဟူ၍ သူသမီး စာရေးသူဇနီး မသန်းသန်းအေးကိုပြောပါသည်။

တိုင်းရင်းဆေးဆရာကိုထိန်လင်းကလည်း-

"ဆရာဇော်ဂျီရဲ့ လာစမ်းဟဲ့ အမေ့သား၊ အမယ်မင်းထွားလိုက်တာ၊ ပခုံးနဲ့လက်ပြင်၊ ကြောခြင်ကသံချောင်းဆိုတဲ့ကဗျာက ဆရာနီကိုပြောတာထင်တယ်ဗျ"

ဟူ၍ မကြာခဏပင် ထောမနာခီးမွမ်းလာပါ၏။

မြို့ထဲမှာ ကွမ်းယာရောင်းသောဂျာကြီးကလည်း -

"အန်တီယောကျ်ားကတော့ (၁၆) နှစ်သားလေးပဲဗျ"

ဟူ၍ ဇနီးသည်အား ပြောပြဖူး၏။

စာရေးသူဤကဲ့သို့ လုပ်ကိုင်ခဲ့သည်ကို ရပ်ကွက်သူရပ်ကွက်သားများကလည်း သိနေကြပေသည်။ ထို့အပြင် စာရေးသူတွင် ဆီးချို၊ သွေးတိုးများရှိနေခဲ့သော်လည်း ပြင်းထန်စွာ သိပ်မဖြစ်သေး။ ဆရာဝန်သုံးဦး မကြာခဏစမ်းသပ်ပေးခဲ့ရာ ဆီးချိုမရှိဟူ၍ သိခဲ့ရပြန်၏။ စာရေးသူက အသေးအမွှားရောဂါများကိုမူ လုံးဝအကပ်မခံခဲ့ပေ။ နေ့ချင်းညချင်းပျောက်အောင် ကုသလိုက်၏။

သို့သော် တစ်နေ့တွင် သံမဏီလူသားသည် သံချေးတက်သည့်ကိန်းကြုံလာရ၏။အကြောင်းမှာ အလုပ်လုပ်ရင်း မကြာခဏခြေမျက်စိများရောင်လာတတ်၏။ အမှတ်ရမိသည်မှာ (၆)တန်းကျောင်းသားဘဝတွင် ဘောလုံးကန်ရာ ညာဘက်ခြေသပွတ်တိုင်လည်ဖူးသည်။ တစ်နှစ်ကျော်က အိမ်သာမိုးတက်မိုးရာလှေကားပေါ် မှချော်ကျသဖြင့် ဘယ်ခြေထောက်နာဖူး၏။ မိမိခြံမြေအတွက် မြေကျောက်ထမ်းသယ်မှုများများလုပ်ခဲ့၏။ ကြာသော် ဤဒဏ်များပိခဲ့လေသည်။ ထို့ကြောင့် အကြောပြင်ဆရာထံမှာ အကြောပြင်၏။မကြာခဏအကြောပြင်ခဲ့၏။ ပျောက်ကင်းမှုကား မရှိခဲ့ပေ။

ဆေးခန်းဆရာဝန်ထံပြသသည်။ မကြာခဏပြ၍ ဆေးဝါးကုသခဲ့၏။ ပျောက်ကင်းမှုကား မရှိခဲ့ပေ။ ဒူးလည်းနာတတ်ပါ၏။

ထို့ကြောင့် ယခင်သောက်သုံးခဲ့ဖူးသော မြင်းခွာရွက်ကိုအမှတ်ရလာ၏။ သတင်းစာဆောင်းပါးအချို့နှင့် ဆေးဆောင်းပါးအချို့ကို ပြန်ဖတ်ရ၏။ မိမိ၏အဓိကဆေးဝါးအဖြစ် မြင်းခွာရွက်အနှစ် (စွေးထဲတွင်ရောင်းသော အတို့အမြှုပ်လုပ်စားသည့်မြင်းခွာရွက်) ပဋ္ဌင်းပါး ရေစင်စင်ဆေး၍ ရေခဲသေတ္တာထဲထည့်ထား၏။ လိုသလောက်ကို နေ့စဉ်သုံး၏။ သို့မဟုတ် ရေစင်စင်ဆေး၍ အသင်မပြယ်အောင် အရိပ်ထဲမှာလှန်းပြီး ကြောင်အိမ်ထဲတွင် လုံခြုံစွာသိုထား၏။

နေ့စဉ်ပင် ဓာတ်ဘူးတစ်ဘူး မြင်းခွာရွက်ပဋ္ဌင်းပါး (အမြစ်ပါမပါ ထည့်၍ ရေနွေးပူပူဖြင့်ထည့်သောက်ပါသည်။ နေ့စဉ်သောက်ပါသည်။ သည်က ခြေနှစ်ဖက်လေးဖက်နာကို ထိုမြင်းခွာရွက်ရေနွေးကိုလည်းသောရာ ဇနီးသည်လည်း အတော်သက်ပါ၏။ တစ်ခါတစ်ရံ ဝမ်းချုပ်လျှင် အနည်းငယ်မျှထည့်သောက်ရပါသည်။

စာရေးသူမှာ မြင်းခွာရွက်ရေကို နေ့စဉ်သောက်သုံးမှုကြောင့် ယနှစ်များမှသည် ယနေ့ထက်တိုင် ခြေနာများ လုံးဝဥဿုံပျောက်ကင်း သံချေးတက်နေသော သံမဏီလူဘဝမှသည် ကျန်းမာရေးကောင်းမွန်ပြန်လည်ကျန်းမာသန်စွမ်းလျက်ရှိသည်။ စာရေးသူလက်တွေ့မျက်မြင်ဖြစ်ပါသည်။ မြင်းခွာရွက်ငါးပါး (အပါမကျန်တစ်ပင်လုံး) ၏ အစွမ်းတန်ဖြစ်ပါသည်။

(မှတ်ချက် - မြင်းခွာရွက် ခြေသေ၊ လက်သေဝေဒနာ၊ ခြေအကြောပြတ်ဝေဒနာ စသည့်ရောဂါပျောက်ကင်းပြီး မြင်းခွာရွက်အစွမ်း (၂၀) ကျော်ရှိပါသည်။)

မိုးနောင်(ကောလင်း)

www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့တော်အစတွင် ရွှေဖြင့်ဝိသေသ ပြုထားသည့် ဘုရားစေတီများအမြောက် အများပင် မြန်မာနိုင်ငံတွင်ရှိနေသည်။ ဥပမာ ရွှေတိဂုံဘုရား၊ ရွှေမော်ဓော ဘုရား၊ ရွှေဆံတော်ဘုရား အစရှိသည် ဖြင့်ရှိနေကြသည်။

ရွှေဖြင့်စသည့်ဘွဲ့တော်အများဆုံး ခံသည့်ဘုရားမှာ သီရိခမ္မာသောကမင်း ကြီးတည်ထားခဲ့သည့်ဆိုသော ရွှေမုဋ္ဌော ဘုရားများပင် ဖြစ်သည်။ မြန်မာနိုင်ငံ အရပ်ရပ်မြို့ကြီး၊ မြို့ငယ်၊ ရွာကြီး၊ ရွာ ငယ်အတော်များများ၌ ရွှေမုဋ္ဌောဘွဲ့ တော်ခံသည့် ဘုရားစေတီများရှိကြပါ သည်။ ဘုရားသမိုင်းများတွင် ထိုဘုရား စေတီများမှာ ရေတွင်းပေါင်း(၈၄၀၀၀)၊ ရေကန်ပေါင်း (၈၄၀၀၀)တို့၏ဒါယကာ မင်္ဂလိပုတ်ပြည့်ရှင် သီရိခမ္မာသောက မင်းစတင်တည်ထားခဲ့သည်။ သာသနာ ကို ကြည်ညိုကြကုန်သော မင်းနှင့်ပြည်သူ များနှင့်ရှင်လူတို့က စောင့်ရှောက်၍ ပြို ပျက်သည်များကို ပြန်လည်မွမ်းမံတည် ထားကိုးကွယ်ခြင်းတို့ကြောင့် မျက်မြင် ကာလအထိ အများအပြားရှိနေဆဲဖြစ် သည်။

ဒုတိယ အများဆုံးဖြစ်သည့် ရွှေဖြင့်ဝိသေသအစပြုသည့်ဘုရားတို့မှာ မြန်မာနှစ် ၁၁၄၃ခုနှစ်က နန်းတက်ခဲ့ သည့် အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်ဘုရား၏ ရွှေဂူဘုရားများဖြစ် သည်။ ဘိုးတော်ဘုရားက သီရိခမ္မာ သောကမင်းကြီးကိုအားကျသည့်အလား မြန်မာနိုင်ငံအရပ်ရပ်၌ ရွှေဂူဘုရားပေါင်း (၂၃၀) ကို တည်ထားခဲ့သည်။

တတိယ ရွှေဖြင့် အစပြုသည့်ဘွဲ့ တော်ရှိသည့်ဘုရားစေတီတို့မှာ ရွှေမြင် တင်ဟူသောဘွဲ့တော်နှင့် ဘုရားများဖြစ် ကြသည်။ မြန်မာနိုင်ငံအရပ်ဒေသတော် တော်များများတို့၌ရှိကြသည်။ အထင် အရှားဆုံးသော ရွှေမြင်တင်ဘုရားမှာ ရမည်းသင်းမြို့အနီး ရွှေမြင်တင်တောင် ပေါ်ရှိ ရွှေမြင်တင်ဘုရားပင် ဖြစ်သည်။ ကံမမြို့၌လည်း ရွှေမြင်တင်၊ ရွှေမြင်မိ စသည့်ဘုရားများရှိကြသည်။ အလားတူ အခြားမြို့ရွာအတော်များများ၌လည်းရှိ ကြသည်။ ထိုဘုရားအတော်များများ၏ သမိုင်းတွင် ဘုရားဒါယကာမှာ ပန်းတနော် မြို့ရှိ ရွှေမြင့်တင်ဘုရားမှလွဲ၍ အားလုံး လိုလိုပင် သီရိခမ္မာသောကမင်းကြီး၏ ကောင်းမှုဟု အဆိုရှိကြသည်။

ရွှေမြင်တင်ဘုရားများရှိကြသလို ပင် ဆင်တူရိုးမှားဖြစ်သော ရွှေမြင်းတင် ဘုရားဟူ၍လည်း ရှိနေပါသေးသည်။ စာရေးသူ သိသမျှသော ရွှေမြင်းတင် ဘုရားပေါင်း ယခုတင်ပြမည့် ကျပ်တိုးရွာ ရွှေမြင်းတင်ဘုရား အပါအဝင် လေးဆူ ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့တွင်တစ်ဆူ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင် မြို့၌တစ်ဆူ၊ ထုံးဘို အကောက်တောင် ပေါ် တွင် တစ်ဆူတို့ ဖြစ်ကြပါသည်။

ကျပ်ထိုးရွာ ရွှေမြင်းတင်မြတ်စွာဘုရား

ကျော်လင်း(မြစ်ခြေ)



ရွှေမြင်းတင်စေတီတော်

ရွှေမြင်းတင်ဘုရားဝင်းမှဆုတောင်းပြည့်စေတီ

www.burmeseclassic.com

www.burmeseclassic.com



ရွှေမြင်းတင်စေတီ အဝေးမြင်ကွင်း



ရှင်ပင်မွှင့်ထင်းဘုရား



ပြိုပျက်နေသော စစ်ကဲကြီးဘုရား

ငပုတောမြို့ရှိ ရွှေမြင်းတင်ဘုရား၏ သမိုင်းကိုမူ မည်သည့်အတွက်ကြောင့် ဤဘွဲ့မျိုးဖြစ်နေသည်ကို စာရေးသူမသိပါ။ ကျန်ဘုရားသုံးဆူဖြစ်ကြသော ကျပ်ထိုးရွာရွှေမြင်းတင်ဘုရား၊ မြိုင်မြို့မှ ရွှေမြင်းတင်ဘုရား၊ ထုံးဘို အကောက်တောင်ပေါ်ရှိ ရွှေမြင်းတင်ဘုရားတို့၏ သမိုင်းများတွင် ဘုရားဌာ ဌာပနာရန်ရှိသော ဘုရားရှင်၏ဓာတ်တော်မွေတော်၊ ရတနာအစရှိသည်တို့ကို မြင်းထက်တွင်တင်၍ သယ်ဆောင်လာပြီး ထိုဓာတ်တော်မွေတော်တို့ကို ဌာပနာ၍ ဘုရားတည်ခဲ့ခြင်းကို အကြောင်းပြု၍ ရွှေမြင်းတင်ဘုရားဟု ဘွဲ့မည်တော်သမုတ်ကြောင်း မှတ်သားရပါသည်။

❑ ကျပ်ထိုးရွာ

ကျပ်ထိုးရွာ ဆိုတာ မြစ်ခြေကနေ ပေါက်မြို့ကိုသွားတဲ့ ကတ္တရာလမ်းပေါ် မြစ်ခြေကနေ (၆) မိုင်အကွာ၊ ကမ္ဘမြို့ကလေးကနေ (၃) မိုင်အကွာမှာရှိတဲ့ ကျပ်ဆယ်ရွာ အပါအဝင် ရွာတစ်ရွာ ဖြစ်ပါတယ်။ ကျပ်ဆယ်ရွာလို့ အနီးတစ်ဝိုက်မှာ လူသိများတဲ့ရွာတွေကတော့ ကျပ်(ကျပ်ပြည့်)၊ ကျပ်တိုး၊ ချိုင်ရကြေးမြေနီတွင်း စတဲ့ရွာစုပါ။ ဟိုတစ်ခုနီးရဲဘော်ဖြူ။ ရဲဘော်ဝါ တိုင်းပြည်မြင်မသက်ဖြစ်ခဲ့စဉ်က အောက်ပြည်အောင်ရွာတွေနှင့် အဆက်အသွယ်ခက်ခဲစဉ်က ကျပ်ဆားဆိုတာလည်း ဒေသအတွင်းနာမည်ရပါသည်။ ဆားပွင့်ကြီးပြီး အငန်ဓာတ်ပေါ်သည်။ ဒါပေမယ့် သူလည်း မြစ်ခြေဈေးထဲက ကုန်ခြောဆိုင်တွေမှာ ရောင်းကုန်တစ်ခုအဖြစ် ရောင်းတမ်းဝင်ခဲ့ပါသည်။ ကျပ် ယခုအခေါ် ကျပ်ပြည့်ရွာတစ်ဝိုက်ကမြေကြီးက ဆားမြေတွေ။ အဲဒီမြေတွေကိုကုန်ရေနှင့်ချက်လိုက်လို့ရေခန်းလျှင် ဆားတွေတက်လာတာပါ။

ကျပ်ထိုးရွာကားလမ်းပေါ်မှာ လမ်းရဲ့အနောက်ဘက်မှာရွာ၊ အရှေ့ဘက်မှာ ရွှေမြင်းတင်ဘုရားဝင်းနှင့်ဘုန်းတော်ကြီးကျောင်းရှိပါသည်။ ရွှေမြင်းတင်ဘုရားဟာ ဥကၠဋ္ဌတော်သိပ်မမြင့်လှပါ။ အရှေ့ဘက်လှည့်တစ်ဝက်ဖြစ်သည်။ တစ်ဝက်အတွက်မှာတော့ ဥကၠဋ္ဌတော် (၅) ပေလောက်ရှိတဲ့ ဘူမိဖသမုဒ္ဒြာနဲ့ သီတင်းသုံးနေရုပ်ပွားတော်တစ်ဆူရှိပါသည်။

ဒီဘုရားကို အနော်ရထာဘုရားသဏ္ဌာပြည်က ပိဋကတ်သုံးပုံနှင့်ထာဝတ်တော်မွေတော်တွေရလာတဲ့အခါ ကတချို့ကို ပုဂံတစ်ဖက်ကမ်းအရပ်သာသနာပြုဖို့ ကာကုဏ္ဍဆိုတဲ့အမတ်စေလွှတ်လိုက်သည်ဟု ဆိုပါသည်။ ကာကုဏ္ဍအမတ်ကလည်း ဓာတ်တော်မွေတော်တွေကို ရတနာပန်းတောင်ထည့်ပြီး မြင်းယာဉ်တော်ပေါ်မှာတင်လျက် ဘုရားရှင်ရဲ့ဓာတ်တော်များကို ဝပ်သင့်တဲ့နေရာမှာ မြင်းယာဉ်ရပ်ပါစေသားဆိုတဲ့ အဓိဋ္ဌာန်ပြုပြီး မြင်းယာဉ်တော်နောက်ကလိုက်လာခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com

ရွှေမြင်းတင်ဘုရားဝင်းမှ စက်တော်ရာ (၂) ဆူ

ပါသည်။ မြင်းယာဉ်တော်ဟာ ယခုရွှေမြင်းတင်ဘုရားတည်ရာ ကျပ်ထိုးရွာဦးက သာယာပြန့်ပြူးတဲ့နေရာမှာ ရှေ့ဆက်သွားတော့တဲ့ ရပ်တန့်နေသည့်အတွက် ကာကွယ်အမတ်က ဤနေရာ ဤအရပ်သည်ကား ဘုရားရှင်၏ ဓာတ်တော်မွေတော်တို့အမှန်ပင် ဘီန်းဝပ်လိုသော နေရာမှန်ဖြစ်ပေမည်ဟု တွေးတောကြံဆပြီး ဤရွှေမြင်းတင်ဘုရားကိုတည်ထားသည်ဟု အဆိုရှိပါသည်။

ရွှေမြင်းတင်ဘုရား၏ အရှေ့ဘက်၌ အာရုံခံတန်ဆောင်းတစ်ခုရှိပါသည်။ နံရံများမှာမှန်စီထားပါသည်။ အလယ်ဝင်ပေါက်၏အထက်တည့်တည့် မြင်းယာဉ်တော်တစ်စီး၏ ကျောပေါ်ယာ ဖန်ပေါင်းချောင်ဖြင့်အုပ်ထားသည့် ဆောင်ခြည်တော်များ ကွန်မြူးလျက်ရှိသောဓာတ်တော်များကို ပုံဖော်ထားပါသည်။

ဘုရား၏ အနောက်ဘက် အုတ်ဘုတ်ဝင်ပေါက်မှစပြီး ဘုရားစေတီရှိရာအထိ စောင်းတန်းများသွယ်ဆောက်ထားပါသည်။ ရွှေမြင်းတင်ဘုရားဝင်းထဲတွင် အခြားဘုရားစေတီပေါင်း (၇)ဆူတို့သည်း ရှိကြသည်။

၎င်းတို့မှာ -

၁။ စစ်ကဲကြီးဘုရား၊
၂။ ရှင်ပင်ပွင့်လင်းဘုရား၊
၃။ ရွှေဘုံသာဆုတောင်းပြည့်ဘုရား
၄။ ဥက္ကံကျော်ဇော(ခေါ်)အံ့ကျော်ဇော ဘုရား
၅။ ရွှေတောင်ဦးဘုရား
၆။ ရှစ်မျက်နှာဘုရား
၇။ တောင်ဦးကျောက်ကို ထုဆစ်ထားသည့်စေတီတို့ ဖြစ်ကြသည်။

ထိုဘုရားစေတီတော်များအနက် အမှတ်စဉ် (၁) မှ (၄) အထိ ဘုရားများ၏ လိုဏ်အတွင်းတို့၌ ဆေးရေးပန်းချီများရှိကြပါသည်။ အမှတ်စဉ် (၄) ဖြစ်သည့်အံ့ကျော်ဇော်ဘုရားမှာ ရွှေမင်ရေးပန်းချီများ ဖြစ်သည်။

ကျန်ဘုရား (၃) ဆူတို့တွင်ကား အစိုးရောင်၊ အညိုရောင်၊ အနက်ရောင်တို့ကို အခြေခံထားသည့် ဆေးရေးပန်းချီများ ဖြစ်သည်။

စစ်ကဲကြီးဘုရားမှာ ၁၉၇၅ ခုနှစ်လျှင်လှူပွဲစဉ်အခါက အထက်ပိုင်းတစ်ပိုင်းလုံး ပြိုကျပျက်စီးသွားသော်လည်း ယခုထက်တိုင် ပြန်လည်ပြင်ဆင်ထည့် ဒကာ၊ ဒကာမမပေါ် ပေါက်သည့်အတွက် အုတ်ပုံဘဝသို့ရောက်ရှိတော့မည့်အခြေအနေတွင်ရှိနေ၏။ စာရေးသူအနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုကျော်က ထိုဘုရားများသို့သွားရောက်ဖူးမြော်ဖူးပါသည်။ ထိုစဉ်က စစ်ကဲကြီးဘုရားအတွင်းမှ ထုတ်ယူထားသော ဥာဏ်တော် (၉) ပေခန့်ရှိ ရုပ်ပွားတော်တစ်ဆူကို အနီးရှိဘုန်းတော်ကြီးကျောင်းပေါ်တွင် ခြေတော်အား သံကြိုးဖြင့် ချည်နှောင်ပြီး သော့ခတ်ထားသည်ကို တွေ့ခဲ့ရသည်။ ဘုန်းတော်ကြီးအား မည်သည့်အတွက်ကြောင့် ယခုလိုလုပ်ထားသည်ကို မေးမြန်းလျှောက်ထားရာ ဘုရားသူဦးများ၏ရန်ကို ကာကွယ်ရန် အလွယ်တကူ ဦးမသွားနိုင်အောင်လုပ်ထားရသည်ဖြစ်ကြောင်း သိခဲ့ရပါသည်။

စစ်ကဲကြီးဘုရားမှာ အလယ်မဏ္ဍိုင်ကိုကျောပြုထားသည့် ရပ်တော်မူရုပ်ပွားတော်ကြီး (၄) ဆူ မူလကရှိခဲ့ပါသော်လည်း ထိုအနှစ် (၂၀)ကျော်ကာလတွင် အထက်ဖော်ပြပါ တစ်ဆူသာလျှင် ကျန်တော့ကြောင်းသိရပါသည်။ကျောင်းပေါ် ရွှေပြောင်းထားသည့် ရွှေသင်္ကန်းတဝင်းဝင်းရုပ်တော်မူဘုရားရုပ်ပွားတော်ကြီးကိုပင် လွန်ခဲ့သည့်နှစ်များက ခြေကို ဖြတ်၍ ဦးယူခံလိုက်ရကြောင်းကြားသိလိုက်ရသည်။ ပြိုပျက်နေသော ထိုစစ်ကဲကြီးဘုရား၏လိုဏ်အတွင်းရှိ ဆေးရေးပန်းချီများမှာ အရောင်စိုလွင်သော အစိမ်းရောင်၊ နီညိုရောင်၊ အနက်ရောင်တို့ဖြင့် ဝေဿန္တရာဇာတ်တော်၊ နှစ်ကျိပ်ရှစ်ဆူဘုရားများဖြစ်ကြသည်။

ဥက္ကံကျော်ဇော(ခေါ်)အံ့ကျော်ဇော ဘုရားကို ဘုရားအမဒေါ်ဂေါင်းကတည်ခဲ့သည်ဟု သိရပါသည်။ ပထမအခေါက်သွားစဉ်အခါက အလွန်တရာလက်ရာမြောက်သည့် ရတနာပုံခေတ်လက်ရာရွှေမင်ရေးပန်းချီများကို စာရေးသူကိုယ်တွေ့ မြင်တွေ့ခဲ့ရပါသော်လည်း နောက် (၂) နှစ်ကျော်လောက်က သွားရောက်သည့်အခါ ထုံးသင်္ကန်းများကပ်လှူထားခြင်းကြောင့် ရွှေမင်ရေးပန်းချီများကွယ်ပျောက်သွားသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

ဆေးရေးပန်းချီရှိသည့် အခြားဘုရားနှစ်ဆူဖြစ်ကြသည့် ရှင်ပင်ပွင့်လင်းဘုရားနှင့် ရွှေတောင်ဦးဆုတောင်းပြည့်ဘုရားတို့၏ လိုဏ်အတွင်းနံရံတို့၌မူ ထုံးသင်္ကန်းတစ်ဝက်တစ်ပျက်တို့ကြားမှ ဆေးရေးပန်းချီအချို့ကို တွေ့မြင်နိုင်သေးသည်။

ရွှေမြင်းတင်ဘုရားမှာ ကျပ်ဘယ်ရွာမှ ကိုးကွယ်ပူဇော်ထားသည့်ဘုရားဖြစ်သည့်အတွက် ဇရပ်၊ တန်ဆောင်း၊ ခေါင်းလောင်း၊ စောင်းတန်း စသည်ဖြင့် ဝေဝေဆာဆာရှိလှပါသည်။ ဘုရားရှင်၏ခြေတော်ရာနှစ်ဆူကိုလည်း ထုဆစ်ထားပြီး သံတိုင်များဖြင့် သီးသန့်ကာရံထားပါသည်။ ထိုဘုရားမှာ ရွာများနှင့် တသီးတသန့် တည်ရှိနေသည့်အတွက် သူဦးသူဝှက်တို့ မကြာခဏ လာရောက်ဦးယူတတ်သည့်အတွက် လက်ရှိကျောင်းထိုင်ဆရာတော်က ရွာခံမဟုတ်သည့် လူစိမ်းသူစိမ်းတို့ကို အလွယ်တကူဝင်ရောက်သည်ကို မနှစ်မြို့ပါ။

မည်သို့ဆိုစေ မြစ်ခြေ-ကမ္မသွားကားလမ်း၏ (၆) မိုင်အကွာ၌ ရွှေမြင်းတင်ဘုရားကို သီးသန့်အုတ်တံတိုင်းဖြင့် လှုပသော အဝေးရှုမျှော်ခင်းဖြစ်သည့် စိမ်းစိမ်းစိုစိုသစ်ပင်တန်းပင်တို့၏နောက်ခံဖြင့် လှုပသောပန်းခိုးကားတစ်ချပ်သဖွယ် တွေ့မြင်ဖူးမြော်နိုင်ပါသည်။

အုတ်တံတိုင်းဝင်ပေါက်၏လက်ဝဲဘက်ဘေးတွင်လည်း မြင်းစီးလျက်ရှိသော စစ်ကဲကြီးဘုရား၏ ဒါယကာ စစ်ကဲကြီးရပ်တုက ခုံညားထည်ဝါစွာဖြင့် ဘုရားဖူးလာရောက်ကြသူများအား ဖိတ်ခေါ်နေသယောင် ဆီးကြိုလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ကျော်လင်း (မြစ်ခြေ)

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတော့ ဆရာတော်ကြီး ဦးစိန္ဓာနဲ့ ရဟန်သံဃာများဟာ စစ်ပြေးရာမှ ပန်းမော်မြို့ လေးထပ်ကျောင်းဆီ ပြန်ခဲ့ကြပါတယ်။ လေးထပ်ကျောင်းကြီးဟာ စစ်ဘေးစစ်ဒဏ်ကြောင့် မီးလောင်ပြီးပြာကျနေခဲ့ပါတယ်။ ဒါကြောင့် ရဟန်းသံဃာများဟာ ရွာများဆီသွားပြီး ရွာသားများနဲ့ တိုင်ခုတ်၊ ဝါးခုတ်ကြရပါတယ်။ ရွာသားများအကူအညီနဲ့ တိုင်များ၊ ဝါးများကိုသယ်လာပြီး နေစရာဝါးတဲကျောင်းလေးများဆောက်ကြပါတယ်။ ဒီလိုကျောင်းဆောက်ရာမှာ တစ်ကျောင်းတည်းမဟုတ်ဘူး၊ နှစ်ကျောင်းဆောက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာတော်ကြီး ဦးစိန္ဓာရဲ့အစ်ကို တော် ဦးပဉ္စင်းကြီးဦးပဏ္ဍိအတွက်ဆောက်ရခြင်းဖြစ်ပါတယ်။ ဦးပဉ္စင်းကြီးဟာ မျက်စိမမြင်ရှာဘူး။ မန္တလေးမှ စာသင်ပြီးအပြန် လေးထပ်ကျောင်းမှာ ခေတ္တတည်းခိုနေစဉ် အပြင်းဖျားရာမှ မျက်စိကွယ်သွားခြင်းဖြစ်ပါတယ်။ ဦးပဉ္စင်းကြီးဟာ ညီဖြစ်တဲ့ လေးထပ်ကျောင်းဆရာတော်ဟာ အစ်ကိုဖြစ်တဲ့ ဦးပဏ္ဍိကို ကျောင်းဝင်းအရှေ့ဘက်မှာ ကျောင်းလေးဆောက်ပြီးထားခဲ့ပါတယ်။ ဦးပဏ္ဍိဟာ သူ့ဘဝကို အလကားမထား။ လေးထပ်ကျောင်းမှာရှိတဲ့ ဦးပဉ္စင်းများ၊ ကိုရင်များနဲ့ ကျောင်းသားများကို စာသင်ပေးခဲ့ပါတယ်။

မျက်စိမမြင်ဘဲနဲ့ ဘယ်လိုစာသင်သလဲလို့ မေးကြပေလိမ့်မယ်။ သူသင်ပြပုံက တစ်မျိုးဖြစ်တယ်။ စာသင်သားတွေ သင်ထားတဲ့စာများကို ပြန်ဆိုခိုင်းတယ်။ သူပါလိုက်ဆိုတယ်။ ပါဠိပါဠိသား၊ ဌာန်ကရိဏ်းမကျတာကို သူနှုတ်ကပြင်ပေးတယ်။ သင်ပေးတယ်။

"ပါဠိစာပေဆိုတာ အင်မတန် အရေးကြီးတယ်။ ရေးတော့အမှန်၊ ဖတ်တော့အသံဆိုတဲ့ မြန်မာစာလိုမဟုတ်ဘူး။ ပါဠိဆိုတာ ရေးထားတဲ့အတိုင်း ဌာန်၊ ကရိဏ်းကျကျဖတ်ရတယ်။ အဲဒါကြောင့် မင်းတို့ဖတ်တတ်အောင် သင်ပေးတာ"

ဆိုတာ လေးထပ်ဆရာတော်ရဲ့ ဂေါရဝဖြစ်တော့ လေးထပ်ဆရာတော်ကြီးအစ ဦးပဉ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားလေးများကို ဘာမှလိုလေသေးမရှိအောင် ရွာကစောင့်ရှောက်ကြပါတယ်။ (၂) နှစ်ကြာတော့ ဒုတိယကမ္ဘာစစ်ကြီးပြီးပြီလေ။ ဒါကြောင့် အထက်မှာပြောခဲ့သလို လေးထပ်ကျောင်းဆရာတော်ဟာ တပည့်များနဲ့အတူ မြေနုရပ်လေးထပ်ကျောင်းကို ပြန်ရောက်လာကြပါတယ်။ ကျောင်းမရှိတော့ ယာယီကျောင်းနှစ်ကျောင်းဆောက်ပြီး သီတင်းသုံးနေကြတာပေါ့။

မကြာလိုက်ဘူး၊ လေးထပ်ကျောင်းကြီးဆောက်ပေးမယ့်ဒကာပေါ် လာတယ်။ နောက်ပြီး ဦးပဉ္စင်းဦးပဏ္ဍိသီတင်းသုံးခဲ့တဲ့ တဲကျောင်းနေရာမှာလည်း ဘုရားကျောင်းဆောင်ဆောက်ဖို့ ဒကာပေးလာပြန်တယ်။ လေးထပ်ကျောင်းဆောင်

ပန်းမော်ညိုသူ

အာဏာစက်သည် ဓမ္မစက်ထက် ခရီးရောက်စေသလား

တော် ဦးစိန္ဓာဆီမှာ ဟိုတုန်းက သီတင်းမသုံးပါဘူး။ ပန်းမော် စီစဉ်ကျောင်းမှာ ခန်းနေဦးပဉ္စင်းအဖြစ် သီတင်းသုံးနေတဲ့သူဖြစ်ပါတယ်။ စာတတ်ပုဂ္ဂိုလ်ဖြစ်ချင်လွန်းလို့ မန္တလေးမစိုးရိမ်ကျောင်းတိုက်မှာ စာသင်သားအဖြစ် သွားရောက်ပညာသင်ကြားနေတာဟာ (၅) နှစ်ကြာခဲ့ပါတယ်။ ပထမကြီးတန်းအောင်ပြီးနောက် ပန်းမော်ကို ခေတ္တကိုပြန်လာစဉ် လေးထပ် ကျောင်းမှာ တည်းခိုစဉ်အခိုက် မျက်စိကွယ်သွားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် လေးထပ်ဆရာတော် ဦးစိန္ဓာဟာ အစ်ကိုကြီးဖြစ်တဲ့ ဦးပဏ္ဍိကို စီဟဲကျောင်းသို့ ပြန်မပို့တော့ဘဲ သူနဲ့အတူ လေးထပ်ကျောင်းမှာပဲ သီတင်းသုံးနေစေခဲ့ပါတယ်။ လေးထပ်ဆရာ

ဦးပဉ္စင်းကြီး ဦးပဏ္ဍိဟာ စာသင်သားအားလုံးကို ပါဠိနဲ့ပတ်သက်ပြီးပြောပြတတ်ပါတယ်။ နောက်ပြီး ရှေးဆရာတော်များရဲ့လက်ာများ၊ ကဗျာများကိုလည်း ရွတ်ပြတတ်ပါတယ်။ နီတိများကိုလည်း ပုံပြင်လေးများနဲ့ ပြောပြတတ်ပါတယ်။ မျက်စိမမြင်ပေမယ့် စာသင်သားများရဲ့ချစ်ခင်မှု၊ လေးစားမှုကိုရရှိထားသူဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ လေးထပ်ဆရာတော်နဲ့အတူ အားလုံးသော စာသင်သားများဟာ သပြေကုန်းရွာကို စစ်ရှောင်ပြေးခဲ့ကြရပါတယ်။ ဆရာတော်ဟာ ဦးပဏ္ဍိလည်းပါလာပါတယ်။ သပြေကုန်းရွာ ဘုန်းကြီးကျောင်းမှာပဲနေကြရပါတယ်။ သပြေကုန်းရွာ

ပြီးချိန်မှာပဲ ဘုရားကျောင်းဆောင်လည်း ဆောက်ပြီးသွားပါတယ်။ ဘုရားကျောင်းဆောင်မှာပဲ ဦးပဉ္စင်းဦးပဏ္ဍိကို ဦးစန္ဓာဘွဲ့ဆက်ထားခဲ့ပါတယ်။ ဦးပဏ္ဍိဟာ ယခင်ကာလကအတိုင်း စာသင်သားများကို စာသင်ကြားပေးခဲ့ပါတယ်။ ဦးပဉ္စင်းနှုတ်ထွက်စကားများဟာ နားဝင်ဖွယ်လှပါတယ်။ စာသင်သားအားလုံးလည်း ပျော်ရွှင်မဆုံးဖြစ်နေကြပါတယ်။ ချစ်လည်းချစ်ကြပါတယ်။

တစ်ရက်မှာ ဦးပဉ္စင်းဦးပဏ္ဍိဟာ ငါးခေါင်းမျှစ်ချဉ်ဟင်းနဲ့ဆွမ်းဘုဉ်းပေးတယ်။ အဲဒီနောက် ဖရဲသီးကို ဘုဉ်းပေးပါတယ်။ နေ့လယ်မှာ ဒကာတစ်ဦးဟာ ရောက်ကပ်တဲ့ မန်ကျည်းဖျော်ရည်ကို ဘုဉ်းပေးပါတယ်။ ညဘက်ချိန်းစက်ခါနီး

www.burmeseclassic.com

ကို လေပုပ်ထုတ်လျက်ဆားကိုလျက်
ကိုနှိုးပါတယ်။ ညဥ့်(၁)နာရီလောက်
ဦးပဉ္စင်းဟာ ဝမ်းမခိုင်တော့ဘူး။ ဝမ်း
သာတ်လာတယ်။ ကျောင်းနဲ့ ကုဋီ၊ ကုဋီ
ကျောင်းကို ပြေးလွှားနေရပါတယ်။
သာတ်ဆုံးမှာ ကုဋီနဲ့ ကျောင်းကြားမှာ
သူကိုယ်ကိုမနိုင်တော့ဘဲလဲတော့တယ်။
သူကို လိုက်ကူညီနေကြတဲ့ ဦးပဉ္စင်းများနဲ့
ကိုရင်များက သူ့ကိုမချိပြီး သယ်ယူကာ
သန့်စင်ပေးပြီးနောက် အိပ်ရာပေါ် တင်
ပေးကြပါတယ်။ ဒါပေမယ့် ဝမ်းကား
မပြတ်သွားနေပါတယ်။ ဆရာတော်
ဦးစိန္ဓာရောက်လာပြီး ဒေါက်တာ
တန်ကြည်လင့်ကို ခေါ်ခိုင်းပါတယ်။
ဒေါက်တာတန်ကြည်လင့်ဟာ ဆရာတော်
ဦးစိန္ဓာကို အလွန်ကြည်ညိုတဲ့အတွက်
ချက်ချင်းလိုက်လာပါတယ်။ ဦးပဉ္စင်းကို
စမ်းသပ်ပြီး ဆေးထိုးပေးပါတယ်။
သောက်ဆေးများပေးပြီး ပြန်သွားပါ
တယ်။ ခဏတစ်ဖြုတ်တော့ မှိန်းပြီးတော့
အိပ်ပျော်သွားပါတယ်။ ဒါပေမယ့် ဝမ်း
သွားနေတာကတော့မရပ်ပါဘူး။ မိုးလင်း
ပြီး (၈) နာရီလောက်မှာ ပုံလွန်တော်မူ
သွားခဲ့ပါတယ်။ ကျောင်းမှာ(၂)ရက်တည်း
ထားပြီး သချိုင်းမှာ မီးသင်္ဂြိုဟ်လိုက်ကြ
ပါတယ်။ နောက်တစ်ရက်မှာ ဆွမ်းကျွေး
ပြီး အမျှဝေပေးပါတယ်။ ကမ္မဝါလည်း
ညှပ်ကြတယ်။ ကိစ္စပြီးတော့ ဆရာတော်
ဦးစိန္ဓာဟာ ဦးပဉ္စင်း (၃) ပါး၊ ကိုရင်
(၃) ပါး၊ ကျောင်းသား (၃) ယောက်ကို
ဦးပဏ္ဍိနေသွားတဲ့ ကျောင်းဆောင်မှာ
အိပ်စေပါတယ်။ ဦးပဏ္ဍိဟာ သူတို့ရဲ့
ဆရာဖြစ်ပေမယ့် အိပ်ရမှာကိုတော့
ကြောက်ကြတယ်။ ဒါပေမယ့် ဆရာ
တော်ကြီးရဲ့အမိန့်ကို မလွန်ဆန်နိုင်လို့
အိပ်ကြရပါတယ်။ ညသန်းခေါင်ရောက်
တဲ့အချိန်မှာတော့ ညည်းသံကြားရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုရင်တစ်ပါးက ကြောက်ပါတယ် ဘုရား၊ ကြောက်ပါတယ်ဘုရားလို့ အော်လိုက်တော့ အဲဒီညည်းသံဟာရပ်သွားတယ်။ ဦးပဉ္စင်းတွေကထပြီး ဖယောင်းတိုင်မီးထွန်းကြတယ်။ မီးအလင်းရောင်မှာ မည်းမည်းကြီး၊ အရပ်ရှည်ရှည်ကြီး ကိုမြင်ရပြီး ဖယောင်းတိုင်မီးတွေ အကုန်ငြိမ်းသွားတယ်။ ဦးပဉ္စင်းတွေလည်း ကြောက်ပြီး စောင်ခြေင်းမြီးခြုံပြီးအိပ်ကြပြန်ပါတယ်။ ညည်းသံကြီးကိုပိုပြီးတော့ ကျယ်လောင်စွာ ကြားကြရပြန်တယ်။ အိပ်တဲ့သူအားလုံး အလွန်ကြောက်သွားပြီး ကျောင်းကြီးပေါ် ကိုပြေးကြတယ်။ ဆရာတော်ကိုလျှောက်တော့ -

"မင်းတို့ကြောက်စိတ်ကြောင့်ဖြစ်တာပါ။ ဦးပဉ္စင်းကမရှိတော့ဘူး။ ပျံလွန်တော်မူသွားပြီလေ။ မီးတောင်ရှို့ပြီးပြီ။ မင်းတို့စိတ်က မင်းတို့ကိုခြောက်နေတာ"

ဆရာတော်ကို ဦးပဉ္စင်းများက ဘယ်လိုလျှောက်ပေမယ့် လုံးဝလက်မခံခဲ့ဘူး။ ဒါကြောင့် ဦးပဉ္စင်းစာစ်ပါးက အရေစွန့်ပြီးလျှောက်လိုက်ပါတယ်။

"တပည့်တော် မအိပ်ရဲတော့ဘူး ဘုရား။ ကျောင်းကြီးပေါ်မှာပဲအိပ်ပါရစေဘုရား"

ဒီလို လျှောက်လိုက်သံကို ကြားရတော့ ဘုရားကျောင်းဆောင်မှာ သွားအိပ်ကြတဲ့ ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားအားလုံးကလည်း -

"တပည့်တော်တို့လည်း မအိပ်ပါရစေနဲ့ဘုရား"

လို့ အားလုံးဝိုင်းလျှောက်ကြတယ်။ ဆရာတော်ဟာ သူတို့အားလုံးရဲ့လျှောက်သံကိုကြားတော့ ဆရာတော်အတော် စဉ်းစားသွားတယ်။

"ကဲ - ဒီလိုဆို ဖိုးလင်းရင် ရပ်ကွက်ထဲကို ပြန်ရောက်နေပြီဖြစ်တဲ့ ဦးဘလှိုင်ကို ဦးပဉ္စင်းတစ်ပါးကသွားခေါ်ပါ။ ဦးဘလှိုင်ရောက်တဲ့အခါ ဒကာကြီးတို့ လူကြီး (၅) ယောက် ဒီဘုရားကျောင်းပေါ်မှာအိပ်ပေးပါ။ ကလေးတွေက ကြောက်လို့မအိပ်ရဲဘူးတဲ့"

ဒါကြောင့် ဦးဘလှိုင်နဲ့ ရပ်ကွက်လူကြီး (၅) ယောက်ဟာ စောင်များ၊ ခေါင်းအုံးများနဲ့ ညမိုးချုပ်တဲ့အချိန်မှာ ဘုရားကျောင်းကိုရောက်လာကြပါတယ်။ ည(၉)နာရီလောက်အထိ စကားပြောပြီး အိပ်ကြပါတယ်။ အိပ်မပျော်ခင် (၁၀) နာရီလောက်မှာ သွပ်မိုးပေါ် ကို တစ်ခုခုကျတဲ့အသံကြီးကို ကြားလိုက်ကြတယ်။ မနေ့ညနှောင်းအချိန်မှာပဲ ညည်းသံကြီးပေါ်လာပါတယ်။ လူကြီး (၅) ဦးဟာ ဖယောင်းတိုင်ထွန်းပြီးကြည့်လိုက်တော့ ဦးပဉ္စင်းကြီးအိပ်သွားတဲ့ ခုတင်ပေါ်မှာ မည်းမည်းကြီးငုတ်တုတ်ထိုင်နေတာကို မြင်လိုက်ကြတယ်။ မကြာလိုက်ဘူး။ သူ့ထိုထွန်းညှိထားတဲ့ ဖယောင်းတိုင်များဟာ ဝုတ်ခနဲအသံနဲ့တစ်ပြိုင်နက်ငြိမ်းသွားတယ်။ တရှပ်ရှပ်နဲ့ လမ်းလျှောက်သံကိုလည်းကြားကြတယ်။

"အဲဒါတစ္ဆေခြောက်တာဗျ"

လို့ ဦးဘလှိုင်က သူလူများကို ပြောလိုက်ပါတယ်။

လူကြီးများဖြစ်ပေမယ့် တစ္ဆေကြောက်တဲ့သူများသာဖြစ်လို့ ခွေးပြန်နေကြပါတယ်။ တံခါးပေါက်များကလည်း တဂိုမ်းဂိုမ်းနဲ့ဖွင့်ပိတ်သံများကိုတစ်လှည့်စီကြားနေရပြန်ပါတယ်။ ဦးဘလှိုင်နဲ့ ညစောင့်များဟာ ကျောင်းကြီးပေါ်ကို တစ်ချီးတည်းပြေးကြပြီး ဆရာတော်ကို နှိုးကြပါတယ်။

"ဘာဖြစ်ကြတာလဲ ဒကာကြီး ဦးဘလှိုင်"

ဆရာတော်ဟာ တံခါးဖွင့်ဖွင့်ချင်းပဲ မေးလိုက်ပါတယ်။

"တစ္ဆေဘုရား တစ္ဆေ၊ ဦးပဉ္စင်းတဟာ မကျွတ်လွတ်သေးဘူးဘုရား။ တပည့်တော်တို့ကို အမျိုးမျိုးခြောက်လှန့်လို့ပြေးခဲ့တာပါ"

အမောတကောနဲ့ ပြောနေတဲ့ ဦးဘလှိုင်ကိုကြည့်ပြီး ဆရာတော် ဘာပြောရမှန်းမသိအောင်ဖြစ်သွားပါတယ်။ မနေ့ကလည်း ဦးပဉ္စင်းတို့၊ ကိုရင်တို့၊ ကျောင်းသားတို့က တပည့်တော်တို့ မအိပ်ရဲတော့ဘူးဘုရား။ အိမ်ပြန်တော့မယ်ဘုရားဟုဆိုပြီး ဆရာတော်ကို ကန်တော့ပြီး ပြန်သွားကြပါတယ်။

ဆရာတော် စဉ်းစားလိုက်ပြီ။ အစ်ကိုဖြစ်သူ ဦးပဉ္စင်းဦးပဏ္ဍိဟာ မကျွတ်လွတ်သေးဘဲ တစ္ဆေ ဒါမှမဟုတ် သရဲဖြစ်နေတာကတော့ သေချာပြီ။ သူအတွက် ဆွမ်းလည်းပြင်ပြီးပြီ။ ရေစက်ချအမျှလည်းဝေပြီးပြီ။ ဘာကြောင့် မကျွတ်သေးတာလဲ။ ဦးပဏ္ဍိဟာ သူ့ကျောင်းကို သိပ်စွဲလမ်းသွားတာနဲ့တူတယ်။နောက်တစ်ခုကြားဖူးတာကတော့ ဘုန်းကြီးတစ္ဆေများဟာ ဘယ်လောက်ပဲ ကမ္မဝါညပ်ညပ် မကျွတ်လွတ်ဘူးလို့ ပြောကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လည်း ကမ္မဝါညပ်တတ်လို့ ပြန်ညပ်ပြီး လက်တုံ့ပြန်တယ်လို့ပြောကြတယ်။ ဒါကြောင့် သရဲတစ္ဆေဖြစ်နေတဲ့ ဦးပဏ္ဍိကို ခမ္မစက်နဲ့လုပ်လို့ရမှာမဟုတ်ဘူး။ အာဏာစက်နဲ့သုံးမှ ဖြစ်တော့မယ်လို့ ဆရာတော်ဆုံးဖြတ်လိုက်ပါတယ်။

နောက်တစ်နေ့မနက်ရောက်တဲ့အခါ ဆရာတော်ဟာ ရပ်ကွက်လူကြီးအားလုံးကိုခေါ်ပါတယ်။ အနီးရှိကျောင်းတိုက်များမှ ဆရာတော်များကို ပင့်ပါတယ်။ အားလုံးစုံတဲ့အခါ ဦးပဏ္ဍိနေခဲ့တဲ့ ဘုရားကျောင်းဆောင်ကိုသွားပြီး ဆရာတော်ဟာ စာရွက်တစ်ခုပေါ်မှာရေးထားတဲ့စာကို ဖတ်ပြပါတယ်။

"အရှင်ပဏ္ဍိ၊ သေချာစွာနားခံပါ။ အရှင်သည် ၁၃၁၂ ခုနှစ်၊ တပို့တွဲလတာဝနတ်ထံပို့လွန်တော်မူခဲ့ပြီးဖြစ်သည်။ ဤဘုရားကျောင်းသည် အရှင်နှင့်လုံးဝမသက်ဆိုင်ပါ။ ဤလေးထပ်ကျောင်းကြီးသည်လည်း အရှင်နှင့်လုံးဝမပတ်သက်ပါ။ ဤလေးထပ်ကျောင်းမြေအဆောက်အအုံအားလုံးသည် သံယိကပိုင်ဖြစ်သော်လည်း ကျွန်ုပ်စောင့်ရှောက်နေရ၏။ ထိန်းသိမ်းနေရ၏။ ကျွန်ုပ်ပိုင်ဖြစ်နေပါ၏။

သို့ပါ၍ အရှင်သည် ဤလေးထပ်ကျောင်းနှင့် ဆက်စပ်မှုမရှိခဲ့၍ ဤကျောင်းဝင်းအတွင်း အနှောင့်အယှက်ပြုလုပ်ခြင်းများ၊ သူတစ်ပါးအားခြောက်လှန့်ခြင်းများကိုရုတ်ဆိမ်း၍ ဤကျောင်းဝင်းအတွင်းမှ အမြန်ဆုံးထွက်ခွာရန် ကျွန်ုပ်အမိန့်ထုတ်လိုက်ပါသည်။

ဦးစိန္ဓာ၊ လေးထပ်ဆရာတော်ကြီး
မြေနုရပ်၊ ဗန်းမော်

ဆရာတော်ကြီးလည်း သူ့အစ်ကို အတွက် အမိန့်စာဖတ်ပြီးနောက် မျက်ရည်မကောင်းတော့ပါ။စာရွက်ကလေးခေါက်ပြီး အပြင်ထွက်လာပါတယ်။ အဲဒီနေ့ အဲဒီအချိန်ကစပြီး ဘုရားကျောင်းဆောင်မှာ ဘာမှမဖြစ်တော့ပါ။ အေးအေးချမ်းချမ်းဖြစ်လာတာဟာ ဒီနေ့အထိ အထိဖြစ်ပါတယ်။

ဗန်းမော်ညီငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကဆုတ်(၁၂)၊ ထိုးဆို
ယင္ရေသိ၏ကိုယ်တွေ့အောင်မြင်ပုံ

ယင္ရေသိ ယ္ရေသိ
ကိ ကာရဏာ ယင္ရေသိ
အဟံပိတ် ဇာနာမိ ဇာနာမိ။

တွံ - သင်သည်၊ **ယင္ရေသိ** - ချစ်ချယ်ပြစ်မှားဘိ၏။ **ယင္ရေသိ** - ချစ်ချယ်ပြစ်မှားဘိ၏။ **ကိ ကာရဏာ** - အဘယ်အကြောင်းကြောင့်၊ **ယင္ရေသိ** - ချစ်ချယ်ပြစ်မှားဘိလေသနည်း၊ **အဟံပိ** - သည်လည်း၊ **တံ ကာရဏာ** - ထိုအကြောင်း ကို **ဇာနာမိ** - သိ၏၊ **ဇာနာမိ** - သိ၏။

❑

စာရေးသူ ယခု ရေးသား တင်ပြသည့် ဂါထာသည် စာရှုသူတို့အနေဖြင့် ဂါထာတော်ကြောင့် အခက်အခဲအမျိုးမျိုးအောင်မြင်လာရပုံအကြောင်းတို့ကို ဖြစ်သည်ဟု စာရေးသူအနေဖြင့် ထပ်ဆင့်ရေးသားတင်ပြလိုပါသည်။

❑

စာရေးသူသည် စာရေးဆရာတစ်ယောက်ဖြစ်သည့်အားလျော်စွာပင် ထူးခြားမှုတို့တွေ့ရှိလာတိုင်း ဒိုင်ယာရီတွင် ရေးသွင်းမှတ်သားထားတတ်သည့် အလေ့အကျင့်ရှိသောကြောင့် နေ့စွဲနှင့်တကွ ရေးသား တင်ပြရလျှင် ၃-၉-၂၀၀၆ ခု၊ တနင်္ဂနွေနေ့ ဆယ်နာရီခန့်တွင် စာရေးသူ၏အိမ်ရှေ့တွင် မလုပ်တာကြာပြီဖြစ်သော စာရေးသူ၏ဆိုင်ကယ်အား သန့်ရှင်းရေးမှုန်းပြုလုပ်နေစဉ် ဦးမြဟန်ဆိုသူ စာရေးသူထံ ရောက်ရှိလာပါသည်။

မတွေ့ရတာ ကြာလှပြီဖြစ်သော ဦးမြဟန်အား စာရေးသူမှ -

"ဟာ-ဦးမြဟန်ကြီးပါလား၊ မတွေ့ရတာကြာပြီနော်။ လာ - ဦးမြဟန်၊ အိမ်ပေါ် သွားရအောင်"

ဟူနှုတ်ခွန်းဆက်ရင်း ဆီကြေးများပေနေသော စာရေးသူ၏ လက်အား အဝတ်စုတ်နှင့်သုတ်လိုက်ကာ အိမ်ပေါ်သို့သွားရန် ဖိတ်ခေါ်လိုက်ပါသည်။

ထိုအခါ ဦးမြဟန်မှ ခေါင်းခါယမ်းရင်း စာရေးသူအား -

"နေပါစေ ဘရားသား၊ ဒီမှာပဲ လွတ်လွတ်လပ်လပ်ထိုင်ပြီးစကားပြောကြရအောင်ပါ"

ဟု ပြောဆိုကာ စာရေးသူနှင့် မလှမ်းမကမ်းတွင် ထိုင်ချလိုက်ပါသည်။

ဦးမြဟန်ဆိုသူမှာ (၂) မတယ၊ လုံခြုံရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော စက်ရုံ၏လုံခြုံရေးဝန်ထမ်းကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးဖြစ်ပြီး စာရေးသူတို့နေသော အေးချမ်းသာယာ (၁) ရပ်ကွက်နှင့်နီးကပ်စွာရှိနေသည့် အေးချမ်းသာယာ (၂) ရပ်ကွက်တွင်နေထိုင်သူဖြစ်၍ စာရေးသူနှင့် အင်မတန်မှ ရင်းနှီးခင်မင်သူဖြစ်ကာ စာရေးသူကိုလည်း ဘရားသားဟူသော အသုံးအနှုန်းဖြင့်ခေါ် ဆိုနေသူဖြစ်ပါသည်။

"ဘရားသားရေ၊ ဘရားသားဆီ လာချင်နေတာကြာပါပြီ။ အလုပ်မအား တာနဲ့ ခုမှပဲလာဖြစ်တော့တယ်။ မဂ္ဂဇင်းတွေမှာ ဘရားသားဝတ္ထုတွေ၊ ဆောင်းပါးတွေ အမြဲမပြတ်ဖတ်နေရတယ်လေ။ ကိုယ့်အရပ်ဒေသက စာရေးဆရာမို့ ပိုပြီးအလေးထားဖတ်ပါတယ်။

ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်ကိုယ်တွေ့ကြုံခဲ့ရလို့ အောင်မြင်ခဲ့တဲ့ အဖြစ်အပျက်ကို ဘရားသားကိုပြောပြပြီး ဘရားသားက သူရဇ္ဈမဂ္ဂဇင်းကြီးမှ တစ်ဆင့် အများပြည်သူတွေ အားကိုး စရာလက်နက်ကောင်းတစ်ခုကိုဖြန့်ဝေပေးစေချင်လွန်းလို့ ဘရားသားဆီ မရောက်ရောက်အောင် တမင်အချိန်ယူပြီးကိုလာခဲ့ရတာပါ"

ဟု ဦးမြဟန်မှ အစချီကာ စာရေးသူအား ဖြစ်ကြောင်းကုန်စင်တို့ကိုပြောပြခဲ့ပါလေသည်။

ဦးမြဟန်သည် စာရေးသူထံ တကူးတက တလေးတစားဖြင့် ရောက်ရှိလာကာ သူတွေ့ခဲ့ရသော အောင်မြင်ခဲ့သလိုမျိုး လူအများ ကိုယ်တွေ့ကြုံလာသည့်အခါ အောင်မြင်မှုတွေရရှိကြစေရန် ထက်သန်သည့် စေတနာရှင်တစ်ဦးဖြစ်သဖြင့် ဦးမြဟန်၏စိတ်ရင်းစေတနာတို့အား လေးစားဂုဏ်ယူထိုက်သူတစ်ဦးဟု စာရေးသူ ယုံကြည်မိပါသည်။

❑

ဃဋ္ဌေသိဂါထာကို ဦးမြဟန်သည် အိပ်ရာဝင်၊ အိပ်ရာထတို့တွင် အရေအတွက်မည်၍မည်မျှရွတ်ရမည်ဟု ကန့်သတ်ချက်မထားဘဲ အချိန်ပေးနိုင်သရွေ့ကို ရွတ်ဆိုနေသူဖြစ်ပြီး သူ၏အသက်ထက်မကလည်း တန်ဖိုးထားနေသူတစ်ဦးဖြစ်ပါပေသည်။

ဤဂါထာကို လမ်းသွားလမ်းလာရှိခဲ့ပါလျှင်လည်း ရွတ်ဖတ်ပြီးနေတတ်သလို ညဘက်စက်ရုံလုံခြုံရေးကင်းစောင့်သွားလျှင်သော် လည်းကောင်း၊ ကင်းစောင့်နေစဉ်သော် လည်းကောင်း ရွတ်ဖတ်နေသူတစ်ဦးဖြစ်ပါသည်။

ဦးမြဟန်မှာ ဝန်ထမ်းလစာတစ်ခုတည်းဖြင့် သူ၏မိသားစုကိုရိုးသားစွာဖြင့် ရှာဖွေကျွေးမွေးနေသူ ဖြစ်ပါသည်။

ဇနီးဖြစ်သူကလည်း ဦးမြဟန်၏ လစာကိုချည်းထိုင်စားမနေဘဲ မိမိတို့ မိသားစု တစ်ဖက်တစ်လမ်းမှ မီးဖိုချောင်စုရိတ်ကာစေရန် ဗမာကြက်မွေးမြူမှုအလုပ်ကို ပြုလုပ်ပါသည်။

တစ်နေ့သ၌ -

မွေးထားသော ကြက်များထဲမှ ကြက်မကြီးတစ်ကောင် သား(၅)ကောင်ပေါက်သဖြင့် ဦးမြဟန်၏ ဇနီးသည် ကြက်မကြီးနှင့် ကြက်ကလေးများအား ခွေးမဆွဲစေရန် ခြင်းကြားကြီးနှင့်အုပ်၍ ညသိပ်လေ့ရှိပါသည်။

ထိုသို့ နေ့စဉ် ညသိပ်နေရင်းက ဦးမြဟန်ကင်းနားရက်ရသည့်ညတစ်ည တွင် ဦးမြဟန်တို့မိသားစု တစ်နေကုန် အိမ်မှုကိစ္စများပြုလုပ်ကြရသဖြင့် ပင်ပန်းနွမ်းနယ်ကာ ညဘက်တွင် ဆင်အော်လို့ တောင်မနိုးဆိုသလို မိသားစုအားလုံး အိပ်မောကျသွားခဲ့လေသည်။

မိုးစင်စင်ကြီးလင်းမှနိုးပြီး ကြက်မကြီးနှင့် ကြက်ကလေးများ ခြင်းကြားအောက်မှလွတ်ပေးရန် ဇနီးဖြစ်သူမှသွားသောအခါ ကြက်မကြီးနှင့်ကြက်ကလေးများ ခြင်းကြားကြီးအောက်တွင်မရှိတော့သဖြင့် ကြက်မကြီးမှ လှလွတ်ပေးမှ နောက်ကျသဖြင့် အတင်းတိုးထွက်သွားသလားဟု တွေးထင်ကာ ဇနီးဖြစ်သူမှ ဦးမြဟန်အား -

"ကိုမြဟန်ရေ ခြင်းကြားအောက်က ကြက်မကြီးနဲ့ ကြက်ကလေးတွေတိုးထွက်သွားသလားမသိဘူး။ ခြင်းကြားအောက်မှာမရှိကြတော့ဘူး"

ဟု လှမ်းအော်ပြောလိုက်လေသည်။

ထို့ကြောင့် ဦးမြဟန်အပါအဝင် မိသားစုအားလုံး နေရာအနှံ့လိုက်လံရှာဖွေကြပါလေသည်။ ရှာမတွေ့ကြသည့် အဆုံး၌ ဇနီးဖြစ်သူက -

"ဒါ ကြက်တွေကို ညတုန်းကခိုးသွားကြတာပဲဖြစ်မယ်"

ဟု ပြောဆိုကာ ဒေါသဖြစ်ဖြစ်နှင့် တဖျစ်တောက်တောက်နှင့်ဆူပူကာပြောဆိုနေပါတော့သည်။

ဇနီးဖြစ်သူ စိတ်မကောင်းခြင်းများစွာဖြင့်ပြောဆိုနေမှုတို့ကို ဦးမြဟန်မှ မပြောဆိုတော့ရန် ဖျောင်းဖျပြောဆိုလိုက်ပြီး သူယုံကြည်အားထားသော ဃဋ္ဌေသိဂါထာအား ကြက်ခိုးသူကို စိတ်နှင့်ရည်မှန်းကာ အာရုံပြု၍ ရွတ်ဆိုနေလေတော့သည်။

ထိုသို့ရွတ်ဆိုနေသည်မှာ သုံးရက်တိတိကြာသွားခဲ့ပါပြီ။ ဦးမြဟန်သည် အခိုးခံရသောကြက်များအား နှမြောတသောသဘောမျိုးနှင့် ရွတ်ဆိုနေခြင်းမဟုတ်ဘဲ ကျန်ရှိနေသေးသောကြက်များ ထပ်မံမခိုးယူနိုင်စေရန်ရည်ရွယ်၍ ကြိုးသူခိုးအား အာရုံပြုပြီး ရွတ်ဆိုနေခြင်းဖြစ်ပါသည်။

သုံးရက်မြောက်ညနေတွင်မတော် အမျိုးသမီးတစ်ဦး တံတိုက်ကရှိတဲ့ ဦးမြဟန်၏အိမ်ထဲသို့ဝင်ရောက်လာသည်ကို ဦးမြဟန် တွေ့မြင်လိုက်ရပါသည်။

ထိုအမျိုးသမီးသည် ဦးမြဟန်ရှေ့တွင် ကျိုးကျဲလေးဝင်ထိုင်လိုက်ပြီး -

"ထောင်းပန်ရအောင်လာတာ ဦးမြဟန်ရယ်"

ဟု စတင်စကားဆိုလာသဖြင့် ဦးမြဟန် မျက်ခုံးနှစ်ဖက်အပေါ် ပင့်တက်အံ့သြစွာဖြင့် -

"ဘာကိုတောင်းပန်မှာလဲ မအေရဲ့။ ခင်ဗျားစကားက ဘာပြောနေမှန်းမသိဘဲနဲ့"

ဟု ဦးမြဟန်မှ မေးခွန်းပြန်ထုတ်လိုက်ပါသည်။

စကားချပ်။ ။ မအေဝါဟုသုံးနှုန်းလိုက်ရခြင်းသည် တစ်ဖက်လူ၏ သိက္ခာကိုငဲ့ကွက်စွာဖြင့် နာမ်စားအသုံးပြုပြခြင်းဖြစ်ပါသည်။

အမျိုးသမီးသည် စကားကို မရဲဖြင့် ချီတုံချတုံ ဘယ်ကစပြောရမှန်းမသိဖြစ်နေသည်ကို ဦးမြဟန် သဘောပေါက်မတွေ့ဖြစ်ရကာ -

"ဒီမှာ မအေ၇၊ ကျွပ်က ထူးထူးခြားခြားတည့်ပြောမှကြိုက်တာ။ သွယ်ဝိုက်မနေနဲ့ အားနာမနေနဲ့။ ခင်ဗျားပြောဖို့ရှိတာ သာရဲရဲပြော"

ဟု ထပ်ဆင့်ပြောလိုက်သဖြင့် အမျိုးသမီးသည် တံတွေးကိုတစ်ခဲမျိုချလိုက်ပြီး -

"ဒီလိုပါ ဦးမြဟန်ရယ်၊ ကျွန်မသားတွေ ဦးမြဟန်အိမ်ကကြက်မကြီးဟိုနေ့ညကခိုးပြီးချက်စားကြပါတယ်။ ကျွန်မလည်း သားတွေကို ဒီကြက်သားကရလဲမေးတော့မပြောလို့ ကျွန်မတောင် နဲ့ရိုက်ပြီးစစ်ပါတယ်။ အဲဒီခါကျမှ ဦးမြဟန်အိမ်ကကြက်မကြီးလို့ပြောပါတယ်။ ကျွန်မလည်း စိတ်တွေဆိုး၊ ဒေါသလည်းဖြစ်၊ ရိုက်လည်းရိုက်၊ ဆဲလည်းဆဲမပေါ့။ ဦးမြဟန်ကိုလည်း ဘယ်တောင်းပန်ရမှန်းမသိဖြစ်နေရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ည်းစားနေတာတင် သုံးရက်ကြာသွားပါတယ်။ အခု ရှက်ရှက်နဲ့ပဲ အရဲစွန့် ပြီး ဘာတောင်းပန်ရင်း ကြက်မကြီးနဲ့ ကြက်လေးတွေရဲ့တန်ဖိုးငွေ လာပေးလျော်ဘာပါရှင်။ တောင်းလည်းတောင်းပန်ပါတယ်။ ကျေလည်းကျေနပ်ပါ"

ဟု ရှိုင်းလုမတတ် ပြောဆိုတောင်းပန်နေလေသည်။

ဦးမြဟန်ဆိုသူကလည်း သဘောပြည့်သူဖြစ်သဖြင့် ရန်သူတောင်မှ တက်နက်ချရင်ကျေနပ်ရသေးတာကြောင့် ယောကျ်ားငွေအားလက်ခံကာ နောက်ဆောင်မလုပ်ကြစေရန်ပြောဆို၍ပြန်လွှတ်ပိုက်ပါလေသည်။

ဦးမြဟန်၏ စိတ်ထဲတွင်မတော့ သွေ့သိကတော့ အဖြေရှိလိုက်ပြီ' ဟု ဝမ်းရင်း ကြက်လျော်ကြေးငွေရလို့ ပျော်သင့်သည့်အပျော်မျိုးမဟုတ်သည့်ပိတိများက သူ၏ရင်ကို ရိုက်ခတ်လွှမ်းမိုးသွားစေပါတော့သည်။

စဉ်းစားတွေးတောကြည့်မည်ဆိုလည်း ယခုကဲ့သို့ လက်စပျောက်ကြိုးခံရသောအိမ်တို့သည် ဘယ်အခါမှ ပြန်ရရိုးထုံးစံမရှိသလို ကြက်သူဦးကလည်း သူဦးပါတယ်ဟု ရောက်တောင်းပန်ခြင်းမျိုးလည်းမရှိပေ။

ဤကဲ့သို့သောအခြေအနေမျိုးတွင် အတ်မထင်ကြုံတွေ့လာရသည့်အဖြစ်အတွက် ဦးမြဟန်မှာ ထူးခြားမှုအား 'ဂါထာ၏ အစွမ်းသတ္တိတို့ဟာ လည်းပြောင်မြောက်ပါကလား' ဟု တွေးတောပြီး ပိတိလွှမ်းခြုံခြင်းသာဖြစ်ပေသည်။

❑

ဦးမြဟန်သည် ကြက်အဦးခံရတဲ့စွပ်ပေါ် လွှင့်ခဲ့ပြီးနောက် (၁) နှစ်ကြာတွင် စက်ရုံလုံခြုံရေးဝန်ထမ်းသည့်အတွက် စက်ရုံ၏လုံခြုံရေးဝန်ထမ်းဆောင်ရန် နေ့တစ်နေ့၏ အလုပ်ချိန်တွင် ကင်းစောင့်ရန်သွားရသည်။

(၂) မတယစက်ရုံများမှာလည်း တောင်ကြီးများအလယ်တွင် တည်ရှိသောကြောင့် အထူးသတိ၊ ဝီရိယ ကင်းစောင့်ရလေသည်။

လုံခြုံရေးဝန်ထမ်းများသည် ကင်းစောင့်ရာမှာလည်း စက်ရုံတစ်ရုံတည်းကို ကင်းစောင့်ခြံစောင့်နေရတာမျိုးမဟုတ်ဘဲ ကုမ္ပဏီတစ်ခုလုံး တစ်စက်ရုံအနေအထားဖြင့် ပြောင်းရွှေ့ကင်းစောင့်ရပါသည်။

ဒီကနေ့ည မှာဖြင့် ဦးမြဟန်သည် စက်ရုံကင်းများစောင့်ပြီးခဲ့ပြီဖြစ်သဖြင့် MAIN STORE ကြီးတွင် လုံခြုံရေးကင်းစောင့်ရန် တာဝန်ကျလေသည်။

ဒီကနေ့ည အဖို့ ညကင်းစောင့်ရမည်မှာ ဦးမြဟန်တစ်ယောက် အိမ်ကစတင်ထွက်လာကတည်းကိုက ခေါင်းထဲတွင် လေးလေးကြီးဖြစ်နေ၍ ဘာကြောင့်မျှားပါလိမ့်ဟု စိတ်ထဲတွင် တွေးတောကာနေပါလေသည်။

ထို့အတွက်ကြောင့်လည်း ကင်းစောင့်ရာတွင် လုံခြုံရေးဝန်ထမ်းနှစ်ဦးစောင့်ရသောကင်းဖြစ်သဖြင့် ဦးမြဟန်မှ အတူကင်းစောင့်ရသောကင်းသမားအားယနေ့သည် မိမိ၏စိတ်ထဲတွင် လေးတေးတေးကြီးလိုခံစားနေရသဖြင့် သတိ၊ ဝီရိယနှင့် နီးနီးကြားကြားကင်းစောင့်ရန် သတိပေးထားလိုက်ပါသည်။

ယနေ့ညသည်ကား လမိုက်ညလည်းဖြစ်လို့နေပါသည်။

ဦးမြဟန်သည် သူ့ရွာတ်ဆိုနေကျ ယွေ့သိဂါထာအား စိတ်ထဲမှ တဖွဖွရွတ်ရင်း MAIN STORE ကြီးအားလည်း စိတ်ဖြင့်စည်းချလိုက်ပါသည်။

ပြီးနောက် MAIN STORE ကြီး၏ အဝန်းအဝိုင်းအား သူကိုယ်တိုင်ပတ်ကြည့်လိုက်၊ ကင်းတဲနံဘေး ဟိုဟိုဒီဒီ လမ်းလျှောက်လိုက်လုပ်ရင်း ဘေးဘီဟိုဒီတို့ကိုလည်းကြည့်ကာ ဂါထာကိုလည်း အဆက်မပြတ် ဦးမြဟန် ရွတ်ဖတ်နေပါသည်။

ဒီလိုနှင့် ဦးမြဟန်သည် လက်မှနာရီကိုငဲ့ကြည့်လိုက်ရာ ည(၁၂)နာရီထိုးသဖြင့် ကင်းတဲရှိရာသို့ပြန်ရင်း ကင်းတဲပေါ်တွင်ထိုင်ကာ ဆေးလိပ်အား မီးညှိရှိက်ဖွာရင်း အတွေးရေလျှဉ်ကြောဝယ် နစ်မျောနေမိလေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သလိုရှိနေပေမင့် ပုရစ်တို့က တစ်ချက်တစ်ချက်ဝိုင်းဖွဲ့၍ အော်သံတို့ထွက်လာသလို ကင်းတဲနှင့် အလှမ်းကွာသော နတ်တောင်ဘက်ဆီက ချေဖောက်သံကြီးကလည်း ရံဖန်ရံခါပေါ် ထွက်လာသဖြင့် တိတ်ဆိတ်ငြိမ်သက်နေမှုကို ဖြိုခွင်းသွားသလိုတော့ရှိနေပါသည်။

ထိုစဉ် MAIN STORE ကြီးအတွင်းမှ ဒုန်း ဟူသောအသံတစ်ခုပေါ် ထွက်လာသဖြင့် ဦးမြဟန်ခေါင်းနည်းနည်းကြီးသွားပါသည်။

သို့နှင့် ဦးမြဟန်သည် ကင်းအတူစောင့် ကင်းသမားက တုံးလုံးလှဲနေသောကြောင့် လက်ဖြင့်တို့၍ ထခိုင်းလိုက်ပြီး-

"စတိုကြီးထဲက အသံကြားတယ်။ မင်းကောကြားလား"

ဟု လေသံတိုးတိုးနှင့် မေးလိုက်ရာ အတူစောင့်ကင်းသမားက ကြားကြောင်း ခေါင်းညိတ်ပြလိုက်သည်။

နောက်ထပ်ဘာများကြားရဦးမလဲဟု နှစ်ယောက်သား နားစွင့်၍နေကြပါသည်။ (၁၅) မိနစ်အချိန်မျှကြာသည့်အထိ ဘာမှထပ်မကြားရတော့သဖြင့် ဦးမြဟန်မှာ စိတ်ထဲတွင် သံသယမကင်းဖြစ်နေသဖြင့် ဓာတ်မီးကိုဆွဲထုတ်ကာ အတူစောင့်ကင်းသမားအားခေါ်၍ တုတ်၊ ဓားတို့အား ကိုင်ဆောင်လျက် MAIN STORE ကြီးအားပတ်၍စစ်ဆေးကြလေတော့သည်။

ဓာတ်မီးထိုး၍ MAIN STORE ကြီးအားပတ်စစ်လာရင်းက ထောင့်တစ်ထောင့်တစ်နေရာသို့ရောက်သောအခါ 'ဟာ' ဟုပြိုင်တူအသံထွက်ကာ ဦးမြဟန်တို့နှစ်ယောက် အံ့သြသွားကြလေသည်။

အကြောင်းမှာ လူတစ်ကိုယ်စာခန့်အပေါက်တစ်ခုကို သွားတွေ့ရသောကြောင့်ဖြစ်ပေသည်။

ဦးမြဟန် MAIN STORE ကြီးအားကင်းပတ်စစ်ဆေးစဉ်က ဒီအပေါက်မရှိခဲ့မှရှိနေတာဖြစ်သဖြင့် ဦးမြဟန်က -

"အထဲမှာသူခိုးရှိနိုင်တယ်။ ငါဒီမှာစောင့်နေမယ်။ မင်းလုံခြုံရေးဂိတ်ကြီးက တာဝန်မှူးဆီသတင်းပို့ပြီး လုံခြုံရေးအဖွဲ့တွေသွားခေါ် ခေ"

ဟုပြောဆိုကာ ဓားရှည်ကို သေချာစွာဆုပ်ကိုင်ထားရင်း အတူစောင့်ကင်းသမားအား စေခိုင်းလိုက်လေသည်။

များမကြာမီ သက်ဆိုင်ရာတာဝန်မှူး၊ တာဝန်ကြပ်နှင့် လုံခြုံရေးအဖွဲ့သားများရောက်ရှိလာပြီး MAIN STORE ကြီးအားပတ်ပိုင်း၍ MAIN STORE ကြီး၏ တံခါးမကြီးကိုဖွင့်၍ စစ်ဆေးရာ သူခိုးနှစ်ဦးအား အထုပ်အပိုးများနှင့်အတူ လက် ရဖမ်းဆီးရရှိလေသည်။

❑

ဦးမြဟန်တစ်ယောက် ကံကောင်းသွားသည်ဟု ဆိုရမှာဖြစ်ပါသည်။

သူခိုးမဓိက ဦးမြဟန်အလုပ်ပြုတ်ရုံမက ထောင်ပင်ကျသွားနိုင်သည်ဖြစ်ပါသည်။

ယခုဆိုလျှင်တော့ ထိုသို့မဟုတ်တော့ဘဲ ဖောက်ထွင်းသူခိုးတို့အား

www.burmeseclassic.com

www.burmeseclassic.com

ဘန်ပွေးခေါက်နှင့်ရဲယိုရွက် ကလေးသူငယ်အတွက်ဆေးစွမ်းထက်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းကြီးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် စောစီးစွာဦးစွာဖတ်ရှုရရှိ၍ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပီတိဖြစ်မိသလို စာတည်းချုပ်ဆရာ ဦးအောင်မြတ်နှင့် အယ်ဒီတာအဖွဲ့၊ မဂ္ဂဇင်းဝိုင်းတော်သားများအားလုံးကိုလည်း အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြား(ရေးသား)အပ်ပါသည်။

ထို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာမျက်နှာ (၂၂၅) တွင် ဆရာရန်မျိုးအောင် (ရတနာမြေ-ချောင်းကြီး) ရေးသားသည့် 'ရဲယိုရွက် အစွမ်း လက်တွေ့စမ်း' ဆောင်းပါးကို ဖတ်ရှုရသဖြင့် ကျွန်တော့်လို ဆေးသမား ဓါတုနာရှင်အတွက် များစွာအသိဗဟုသုတတိုးရသလို လက်တွေ့လည်း အသုံးပြုခဲ့သည်။ ဘန်ပွေးခေါက်နှင့် ရဲယိုရွက်၏ ကလေးသူငယ်များအတွက် ဆေးစွမ်းထက်ပုံကို ရေးသားတင်ပြလိုသောဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လာသည့်အတွက် ရေးသားတင်ပြအပ်ပါသည်။

အညာဒေသနှင့် မြေလတ်ပိုင်းတောထဲတွင် ဘန်ပွေးပင်ဟူသည့်အပင်ကြီးမျိုးများ အလေ့ကျပေါများစွာပေါက်ရောက်ပါသည်။ ကလေးသူငယ်များ မွေးဖွားလာလျှင် အမိဝမ်းတွင်းနေစဉ်က အမိဖြစ်သူ၏ အစားမှားမှု အနေအထိုင်မှားယွင်းမှုအချို့ကြောင့် ရောဂါပါလာတတ်ပါသည်။ ကလေးတိုင်း အနည်းနှင့် အများဆိုသလိုပါတတ်ပါသည်။ သူငယ်နာဟုဆိုပါသည်။ သူငယ်နာကျဗဟုံးဟု ခေါ်သည့် အနာဖုများလည်း ဦးခေါင်းမှ ပြည်ဖုကြီးများ ကွမ်းသီးလုံးခန့်အထိ ထွက်တတ်ပါသည်။ ထိုသို့သောကလေးသူငယ်များ သူငယ်နာကင်းစင်စေရန် အတွက် ဘန်ပွေးပင်မှအခေါက်ကိုခွာယူပြီး ပါးပါးအလွှာကလေးများလွှာယူပါ။ အခေါက်အတွင်းသားအလွှာလေးများမှာ ဖြူဖွေးနေပါသည်။ ၎င်းဘန်ပွေးခေါက်အလွှာပါးပါးလေးများကို ဖြန့်ခင်းပြီး အပေါ်မှအိပ်ရာခင်းအဝတ်မထူလွန်းမပါးလွန်းခင်း၍ ကလေးကို သိပ်စေအိပ်စေရပါသည်။ နောက်တစ်နေ့နံနက်တွင် ဘန်ပွေးအလွှာပါးဖြူဖြူလေးများတွင် အကွက်ကြောက်အနက်အစက်အပြောက်များပြည့်နေပါမည်။ ကလေးငယ်၏ခန္ဓာတစ်ကိုယ်လုံးမှ သူငယ်နာရောဂါမှန်သမျှကို ဖယ်ရှားစုပ်ယူသွားခြင်း ဖြစ်ပါသည်။ ထိုသို့ ကလေးသူငယ်ကို ဘန်ပွေးအလွှာပါးအသစ်လဲ၍ သုံးရက်ဆက်တိုက်သုံးပေးလျှင် သူငယ်နာရောဂါမှန်သမျှ ကင်းရှင်းသွားပြီး ထိုကလေးသည် ကျန်းမာလန်းဖြာနေပါမည်။ လက်ရှိစွဲရှာစွဲရပ်ခလေ့ရှာ ခလေ့ဆေးအဖြစ်ပါသည်။

အလားတူပင် ကလေးသူငယ်များ ချွဲကျပ်နေလျှင် ရဲယိုရွက်ကို ကလေးအိပ်ရာအောက်ခင်းပြီး ငါးရက်ခန့်သုံးပေးပါ။ နို့တိုက်သောမိခင်မှလည်း ရဲရွက်ကို ဆားမီးဖုတ်မန်ကျည်းစေ့ခန့်ကွမ်းယာစားသလိုဝါးကာ အရည်မျိုချပေးပြီး ကလေးကိုနို့တိုက်တစ်ပတ်အတွင်း ကလေးသူငယ်သည် ချွဲကင်းစင်သွားပြီး ကျန်းမာသွားပါသည်။ ရဲယိုရွက်မှာ ဆေးစွမ်းထက်လွန်းသည့် ကလေးသူငယ်ကို တိုက်ရိုက်သတ္တဝါပြုလုပ်မတိုက်သင့်ပါ။ မိခင်မှတစ်ဆင့် စားဝါးပြီး ကလေးကို နို့တိုက်ခြင်း၊ နို့ရည်မှတစ်ဆင့် ဆေးဓာတ်ရရှိစေခြင်းသာ အကောင်းဆုံး နည်းလမ်းမှန်ပြီးသည်။

အညာဒေသနှင့်မြေလတ်ပိုင်းတွင် ယနေ့အထိအသုံးပြုနေသည့် ဘန်ပွေးခေါက်နှင့် ရဲယိုရွက် ကလေးသူငယ်များအတွက် ဆေးစွမ်းထက်ပုံ လက်တွေ့ရေးသား တင်ပြလိုက်ပါသည်။

နတ်မောက်မင်းသမီး

အချိန်မီ ဖမ်းဆီးပေးနိုင်သည့်အတွက် စက်ရုံ၏အကြီးအကဲမှ လုံခြုံရေးတာဝန်ကျပွန်မှူ ဆုတော်ငွေချီးမြှင့်ခြင်းကိုပင် ရရှိခံစားခဲ့ရလေသည်။

ဒါသည်ပင်လည်း ယင္ဆေသိဂါထာ၏အစွမ်းဟု ဦးမြဟန် ယုံကြည်ထားပါသည်။ အဘယ်ကြောင့်နည်းဟုဆိုပါလျှင် ခါတိုင်း ကင်းစောင့်ခဲ့ရသောညများတွင် ကင်းသမားနှစ်ဦးသည် တစ်ယောက်အိပ်၊ တစ်ယောက်ကင်းစောင့်လုပ်ခဲ့ကြပါသော်လည်း ထိုညတွင်မတော့ နှစ်ဦးစလုံး မအိပ်ဖြစ်ဘဲနေခြင်း။

ဦးမြဟန်၏စိတ်တို့သည် ဘာများဖြစ်ချင်လို့ပါလိမ့် ဟူသောစိတ်တို့ဖြင့် စိတ်ကိုလေးလံနေစေခြင်း (တစ်နည်းအားဖြင့် စိတ်ကိုနှိုးဆော်ပေးနေခြင်း)၊ အတူတူကင်းစောင့်ရသောကင်းသမားအား သတိပေးမှုအထူးပြုလုပ်ပေးမိနေခြင်း၊ ညဉ့်နက်လာသည့်တိုင် သမ်းဝေခြင်းနှင့် အိပ်ချင်စိတ်မရှိခြင်းတို့သည် ဦးမြဟန်အတွက် ကင်းစောင့်သက်တမ်းတွင် သူမကြုံစဖူး ထူးခြားသောအဖြစ်ဟု စာရေးသူအား ပြောပြပါသည်။

ထိုသို့အခြေအနေမျိုးတွင် ဖမ်းဆီးမှုသူလုပ်မပေးနိုင်ဘဲ အခိုးခံခဲ့ရပါလျှင် သူမိသားစု၏ဘဝသည် ဦးမြဟန်တို့သားကိုးအားထားပြုနေရသည်ဖြစ်ပါ၍ မတွေးရဲစရာအဖြစ်မျိုးနှင့် ကြုံရမည့် အနေအထားအား ဤဂါထာတော်မြတ်မှ ကယ်တင်စောင့်မလိုက်သည့်အတွက် သူမိသားစု၏ ထမင်းအိုးကြီးမကွဲရကြောင်းကိုပါ ထပ်လောင်းကာ ရှင်းလင်းပြောဆိုခဲ့ပါသည်။

သို့ပါသောကြောင့် ဦးမြဟန်၏ သဘောမနောဖြူစင်စွာစေတနာအပြည့်နှင့်ပြောပြသော သူကိုယ်တွေ့ ဖြစ်ရပ်မှန် ဤဇာတ်လမ်းတို့ကို စာရေးသူအနေဖြင့်လည်း စာရွှသူအပေါင်းတို့ ဤဂါထာတော်အပေါ် ဝယ် ဘယ်လိုအစွမ်းသတ္တိမူရှိပါလိမ့်ဟူသော စမ်းတဝါးဝါးများဖြစ်မနေကြဘဲ 'ညြော် - ဒီလိုအစွမ်းထက်ပါကလား' ဆိုသော စိတ်နှင့် ယုံကြည်လေးနက်စွာ ရွတ်သရဇ္ဈာယ်နိုင်ကြပါရန် ဆီလျော်အောင် ရေးသား၍ တင်ဆက်လိုက်ရပါသတည်း။

(အမည်မှန်၊ နေရပ်မှန်တို့ကို ရေးသားဖော်ပြထားပါသည်။)

ဦးမြဟန်(ငြိမ်း...
ကျေးလူးတင်...
သူရဇ္ဇမဂ္ဂဇင်းကြီးနှ...
စာဖတ်ပရိသတ်...
အစဉ်လေးစား...

ဦးကိုကိုကြီး (စစ်ကား...
ကစစ (ဒ...

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဆန်းသစ်
ဇရပ်တော၊ ဇရပ်ကတိုးနှင့်
ရေချမ်းစင်တည် မြန်မာ့စိတ်ရင်း

မွန်ပြည်နယ်နှင့် မြေလတ်ပိုင်း တောင်၊ မြောက် ဆန့်ကျင်ဘက်ခရီးနှစ်ခုကို ၂၀၁၅ နှစ်ဆန်းပိုင်း ဇန်နဝါရီလကုန် နောက်များတွင် စတင်ခဲ့သည်။ ခရမ်းလွန်ဆောင်ခြည်များ လွန်ကဲနေချိန် ကျိုက္ခမီ၊ တော်စဲ၊ သံဖြူဇရပ်များသို့သွားရမည်ဖြစ်၍ တစ်နည်းအားဖြင့်တော့ စိတ်သက်သာရာရမိသည်။ ရန်ကုန်မှ ည(၈)နာရီ ထွက် အဝေးပြေးမှန်လုံအဆင့်မြင့်ကားကြီးသည် ကျိုက္ခမီသို့ မိုးမလင်းမီ(၅)နာရီခန့်ရောက်သွားသည်။

ကျိုက္ခမီ၌ တစ်မနက်ခင်းအတွင်း လုပ်ငန်းများ အပြီးသတ်လျက် အချိန်လုပြီး ရေလယ်ဘုရားဖူးရသည်။ ကျိုက္ခမီသည် ရေလုပ်သားအများစု ပင်လယ်ထွက်ကြ၊ မြို့ပေါ်ရပ်ကွက်များတွင် ငါးခြောက်လုပ်ငန်းနှင့် ဆက်စပ်သောကလေးလူကြီး၊ ပျိုပျိုအိုအို ငါးရွေး၊ ငါးခြောက်လှန်း၊ ငါးရောင်း၊ အချို့မိသားစုမှာ ကျောက်ပွင့်နုတ်၊ ရောင်း စသည့် ဆက်စပ်မိရာလုပ်ကိုင်ကြသည်။ မိုးအခါလှိုင်းလေထန်ခိုက်ရက်များ အားလုံးလိုလို အလုပ်ပါးကြသည်။ အားသည်နှင့် ကူးစက်ရောဂါ (သူတို့အပြော) လောင်းကစားဝိုင်းများ သေးသေးလေးမှကြီး၍ လာသည်ဟု ဆိုကြသည်။ မိဘများလောင်းကစားဝိုင်းထိုင်သည်နှင့် ကလေးများ ပညာပါရမီနိမ့်ဆင်းလာကြရကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိခဲ့၏။ ဖြူစင်ရိုးသားသောဒေသတွင် လွယ်လွယ်ရနိုး အချောင်မတော်လောဘစိတ်လွှမ်းလာခြင်းကြောင့် ရိုးသားဖြူစင်သောဒေသ၌ အရောင်တွေ့စွန်းနေကြပြီ။ ရပ်မိရပ်ဖတို့လမ်းဖြောင့်ပေးရန် ကြီးစွာအားထုတ်ကြရပေဦးမည်။

ကျိုက္ခမီရေလယ်နဂါးရုံဘုရားကြီး

ကျိုက္ခမီနယ်ကား ခေတ်အဆက်ဆက်အနိမ့်အမြင့်စုံလှ၏။ရေလယ်ဘုရားတည်ထားရာ ကျိုက္ခမီတောင်ဆွယ်၊ ယခုကျောက်ဆောင်ကြီးနှင့် ကျောက်ဂူတို့သည် ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ယောနကတိုင်း ကြင်မိုင်းမြို့ (ယခု ပေါင်နှင့် မြဝတီ အကြားဟုခန့်မှန်းကြ) သို့ ဒေသစာရီကြွချီရာမှ ခရီးခေတ္တာနားနေသန့်စင်ခဲ့သောနေရာထူးဖြစ်ကြောင်း၊ ကျိုက္ခမီသည် တုံဇောင်ဝိ (ပင်လယ်ကမ်းခြေရွာ) အဖြစ် ထိုစဉ်က ပင်ရှိနေပြီဟုဆိုသည်။

ကျိုက္ခမီတောင်ဆွယ်နေ ရသေ့ကြီးအစိရဂဟအား ဘုရားရှင်က ဆံတော်ချီးမြှင့်မည်ဟု မိန့်မှာခဲ့သော်လည်း အခါမသင့်သေး၍ မရမီကာလ ရသေ့ကြီးမှာဆံတော်ကို တင့်လင့်လင့်မျှော်ခဲ့ရသည်။ ယင်းဖြစ်စဉ်ကြောင့် မွန်ဘာသာဖြင့် 'ကျောဟမီ'(ဘုရားမျှော်မြို့) ထိုမှ ကျိုက္ခမီမြို့တွင်လာကြောင်းလည်း အမှတ်အသားရှိခဲ့သည်။

ကောဇာ ၂၃၇ ခုတွင် သီဟိုဠ်

www.burmeseclassic.com

www.burmeseclassic.com

'တုဖာဓမ္မရံ' ဓမ္မရံဘုရားကြီး (ဂဝံမြေနီအုတ်များဖြင့် ခုနှစ်ထပ်ကိုယ်)

ဗီးမလောင်းကျောင်းအနီး မြန်မာမှု ဇရပ်ကတုံးနှင့် ရေချမ်းစင် (ဟုံမြို့ဟောင်း)

ဒေဝါနံပိယတိဿမင်းက ၎င်းအား သိကြားမင်းဆက်သည့် ဘုရားရှင်ဓာတ်တော်နှစ်ဆူစီပါ စန္ဒကူးသားရုပ်ပွားတော်အား ထိုက်သည့်အရပ်တွင် တန်ခေနရန် အဓိဋ္ဌာန်ပြုရမ္မောခဲ့ရာ ရုပ်ပွားတော်မြတ်သည် ယခု ကျောက်ဆောင်ကြီးနှင့် အလံ(၅၀)ကွာ၌ တံ့ရပ်စံနေ၏။ မည်သူတစ်ဦးမှပင့်မရစဉ် အကျင့်သီလပြည့်စုံသော မုဆိုးမကြီးတစ်ဦးက မိမိပြုခဲ့ဖူးသောကုသိုလ်အမှုကို သစ္စာအဓိဋ္ဌာန်ပြု၍ ရက်ကန်းချည်ခင်နှင့် ဆွဲငင်ပင့်ယူမှ အလိုက်သင့်ကြလာသည်။ အဘွားအိုဇ၏ ဂုဏ်သတင်းကြောင့် မုဆိုးမရွာဟုခေါ်ကြရာ ရွာအဆင့်သာရှိကြောင်း သိနိုင်ပြန်ပါသည်။

ပထမအင်္ဂလိပ်-မြန်မာစစ်အပြီး တိုင်းမင်းကြီးရုံးစိုက်ရာတိုင်းမြို့၊ ထိုမှ ဆက်သွယ်ရေးကောင်းပြီး မြို့ပြအင်္ဂါရပ်ပြည့်စုံသည့် မော်လမြိုင်ကို တိုင်းမြို့သတ်မှတ်သည့်အခါ ကျိုက္ခမီသည် ရွာမကမြို့မကျ၊ တစ်ဖန် ၁၉၀၂ ၌ မြို့ပိုင်ရုံးစိုက်ရာမြို့ဖြစ်လာပြန်သည်။ ပြီတိသျှအုပ်ချုပ်မှုကာလ စစ်တွေကို အကျိကရပ် (Akyalo)၊ ကျိုက္ခမီကို အိန္ဒိယဘုရင်ခံချုပ်အားဂုဏ်ပြုသည့်အမည် အမ်းမှာ (AMHERST) ဟုတွင်ခဲ့၏။ ၁၉၆၄ စနစ်သစ်အုပ်ချုပ်ရေးအရ အဓိုးရကအုပ်ချုပ်ရေးနယ်မြေများ ပြုပြင်သတ်မှတ်ရာ ကျိုက္ခမီမြို့နယ်ရုံးများကို ဆက်သွယ်ရေးပိုမိုအချက်အချာကျသည့် သံဖြူဇရပ်ကြောင်းရွှေ့ရာမှ ကျိုက္ခမီသည် သံဖြူဇရပ်မြို့နယ် လက်အောက်မြို့အဖြစ် ယခုတိုင်ဖြစ်သည်။

နွေလယ်ပိုင်းတွင် စာရေးသူတို့ကွင်းဆင်းလုပ်ငန်းအဖွဲ့သည် ညအိပ်စခန်းမည့် စက်စဲသို့ထွက်ခဲ့သည်။ စက်စဲကမ်းခြေမှ Paradise Hotel သည် ရေကူးကန်၊ ပန်းခြံ၊ ကမ်းခြေလျှောက်လမ်း၊ ပင်လယ်ရှုခင်းကြည့်စားသောက်ဆောင်၊ အခန်းအတွင်း ရေပူရေအေးစလောင်းတပ်တီဗွီတို့ဖြင့်သန့်ရှင်းသပ်ရပ်လှသည်။ အထူးသတိပြုမိသည်မှာ ဧည့်နယ်ထွက် ဂဝံကျောက်သားတို့ဖြင့် အဆင်ပညာမြောက် ဖန်တီးထုဆစ်ထားသော မီးတိုင်ပုငယ်ငယ်လေးများ(ဒေသအဆိုရလျှင် မီးတိုင်သားလေးများ) သည် စိတ်ဝင်စားဖွယ်ဖြစ်၏။ မွန်ပြည်နယ်၏အဓိကထုတ်ကုန်မှာ ရော်ဘာ(လေးရှူးရင်းသီး၊ ကြက်မောက်သီးနှင့် ခြောက်၊ ငါးပိ စသည်ဖြစ်ပါသည်လေး ဂဝံကျောက်ရိုင်းအဆင့်အား အနုပညာ ဖန်တီးမှုဖြင့်ထုတ်လုပ်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်၊ ခေါင်းပြတ် ဂျပန်စစ်သားရုပ်တု

စစ်ကာသသုံးစက်ခေါင်းအမှတ် C.0522

သေမင်းတမန်ရထားလမ်းအစ (သံဖြူဇရပ်)

ထုတ်ကုန်တစ်ခုဖြစ်လာပါတော့သည်။ ခေါင်းဂဝံကျောက်ရိုင်းအဆင့်မှလက်မှုပညာနှင့်ပေါင်းစပ်သည့်အခါ ကြယ်အဆင့်ရှိ ဟိုတယ်ကြီး၌ နေရာယူနိုင်သည်။ ကမ္ဘာကျော် မြန်မာ့အဖိုးတန်ကျောက်မျက်များအား အလားတူလက်မှုပညာပေါင်းစပ်ကာ ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနိုင်လျှင်...။

အချို့သော မြန်မာ့တွင်းထွက်အဆင့်ကျောက်များသည် ဥရောပ အနောက်နိုင်ငံသားတို့အတွက် တန်ကျောက်ဖြစ်နေတတ်ပါသည်။ ခန့်က စာရေးသူအလုပ်ဌာနသို့ ရောက်သည့် ချက်ကိုစလိုဗက်နိုင်ငံ ဘူတာဘရက်ဂျန်စ်ဆိုသူ ကြွေထည်၊ ထည်လုပ်ငန်းကျွမ်းကျင်ပညာရှင်အား ငန်းများ ကူညီဆောင်ရွက်ပေးရန် ကားရေးမှူးချုပ်က တာဝန်ပေးပါ ၎င်းအား သမ္မတဟိုတယ်မှဝင် ဒညင်းကုန်း အုတ်နှင့်အုတ်ကြွပ် သော်ပန်းကန်စက်၊ နဂါးဖန်မြေ များသို့ လိုက်ပို့ရသည်။ လမ်းတွင် မြည်ပြောကြရင်းသိရသည်မှာ သည် အတန်းပညာအနေနှင့် လက်မှုအထက်တန်းကျောင်းဆင်း ရာအဆင့်သာဖြစ်သော်လည်း မြေထည်လုပ်ငန်းလက်တွေ့ ကွင်မှုအဖြစ် ကြွေမြေစက်ရုံပိုင် ၏(၇)ဆက်မြောက်ဟုဆိုသည်။ လိုသည်မှာ လုပ်ငန်းများအပြီး အချိန်ရရင် လက်ဝတ်ရတနာ အချောထည်ဆိုင်ကိုပို့ပေးပါရန် ဆိုပါသည်။

စာရေးသူက ဗိုလ်ချုပ်စေး အလယ်တန်းက ဆိုင်တစ်ဆိုင်ကိုလိုက်ပို့ ၏။ ၎င်းက ဆိုင်ရှင်အား ပြောင်ခေါင်း စိမ်းအလုံးချောများလိုချင်ကြောင်းပြော သည်။ ဆိုင်ရှင်ကထုတ်ပြရင်း မိမိအား သူတို့ဆီက မိန်းကလေးများ ပြောင်ခေါင်း စိမ်းကို အလွန်တန်ဖိုးထားနှစ်သက်ကြ ကြောင်း ရှင်းပြသည်။ ဆိုင်ရှင်မှာ လေး ငါးလုံးရောင်းရာ စိတ်ကြိုက်စေးရ အလုပ်ဖြစ်သွားပုံရသည်။ လိုက်ပို့သော စာရေးသူမှာ လက်ဖက်ရည်ရှယ်တစ်ခွက် တော့ သောက်လိုက်ရပါသည်။

ဂဝံကျောက်ကို အပူပိုင်းမိုးများ ရပ်ဝန်း အိကွေတာတစ်ဝိုက် တွေ့နိုင်ပါ သည်။ မူရင်းမီးသင့်ကျောက်အား ရေ လေ၊ မိုး စသည် တိုက်စားရာက သြဇာ ဓာတ်နည်းသောမြေနီပွအဖြစ်၊ ထိုမှ ကြေသွားရင် မြေနီစေးအဖြစ် တွေ့နိုင်ပါ သည်။ အလူမီနီယမ်နှင့် သံဓာတ်တွေ များစွာ ပေါင်းစပ်ပါဝင်နေတာကြောင့် အဲဒီမြေနီစေးနဲ့ဖုတ်တဲ့ အုတ်နီခဲတာ အဆောက်အအုံတွေဆောက်လုပ်ရာမှာ အလွန်ကောင်းမွန်ခိုင်ခံ့တာပဲပေါ့။ ဂဝံ မြေရှိတဲ့ အိန္ဒိယ၊ ယိုးဒယား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗျာဗား (အင်ဒို နီးရှား) စတဲ့ နိုင်ငံတွေမှာ သာသနိက အဆောက်အအုံကြီးတွေ ယခုတိုင်ခိုင်ခံ့စွာ မျက်မြင်ထင်ရှား နှစ်ရှည်ကြာတွေ့ မြင်နေကြရခြင်း ဖြစ်ပါတယ်။ ဂဝံကို အုတ်ကွက်ဖော်ပြီး သူ့အတိုင်း အလှ ဆောက်ထားတဲ့ နမူနာအဖြစ် ရန်ကုန် မီးရထားရုံးနီကြီးကို ရှေ့ပေါင်းတန်ဖိုး တစ်ခုအဖြစ် တွေ့နိုင်ပါတယ်။

ဆရာကြီး ဒေါက်တာ သန်းထွန်း ဘာသာပြန် 'The Mon Period in Siam the Culture of SEA' (by Reginald le May) ဆောင်းပါးမှာ ယိုးဒယားမြေမှ ရှေးအကျန်ဆိုးပစ္စည်း (အဆောက်အအုံ)

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ကျောင်းတော်ကြီးတစ်ခု၏ ရှေ့လေ့ကား၊ အခြားအဆောက်အအုံအချို့၏အုတ်ခုံများကို ဂဝံကျောက်နှင့်ပြုလုပ်ထားတာတွေ့ရကြောင်း၊ နေရာကဘန်ကောက်ရထားလမ်းတောင်ဘက်ဗန်ပေါင်မှ ကန့်ပရီသွား ဖော်တုတ်ရွာမှာ ၁၉.၂၉ က တွေ့ရကြောင်း ပါရှိပါတယ်။ ဒါကိုကြည့်လျှင် ဂဝံကျောက်အရေးပါအသုံးဝင်မှုကို ရှေးအခါကပဲ သိရှိအသုံးချခဲ့တယ်ဆိုတဲ့ အထောက်အထားတစ်ခုအဖြစ် ဖော်ပြလိုခြင်း ဖြစ်ပါတယ်။

စာရေးသူတို့ နောက်တစ်ရက်ခရီးက စက်စဲမှ သံဖြူဇရပ်ဖြစ်တယ်။ လမ်းတစ်လျှောက် ရော်ဘာပင်တန်းများ ဝဲယာမျက်စိတစ်ဆုံး မျက်စိမျဉ်းတစ်ပြေးတည်းကြည့်ကြည့်၊ အချိုးအကွေ့များမှာ ထောင့်ချိုးအမိုးမျိုးနှင့်ကြည့်ကြည့် အပင်ချင်းအကွာအဝေး၊ အတန်းချင်းညီနေကြလို့ အငြင်အာရုံအချိုးညီကာရန်ကိုက်နေကြသည်။ အလှတရားတစ်ခုလို ခံစားရသည်။ တစ်ခါတစ်ရံ လမ်းဘေးဝဲ၊ ယာရွာထိပ် ရင်ကွဲဇရပ်ကလေးများ တွေ့ရသည်။ကားပေါ် ပါလာသည့်အဖွဲ့ (ဒေသခံများ) အား မြန်မာ့ယဉ်ကျေးမှုဓလေ့ဇရပ်များနှင့် ရေအိုးစင်များ၊ မွန်ဒေသရှိ ရင်ကွဲဇရပ်များအကြောင်းရေးရန် စုစည်းနေကြောင်း စကားစပ်ပြောပြရာ မွန်လူငယ်များသည် သူတို့ဒေသက ရင်ကွဲဇရပ်ဆိုလိုက်ခြင်းအပေါ် နားကြားဆန်းနေကြသည်။ မိုးဆက်သစ်တို့မှာ တိုးတက်သောကမ္ဘာကြီးအား အမီလိုက်နေကြရ၍ နိုးရာယဉ်ကျေးမှုဓလေ့စရိုက်ဝေါဟာရတို့နှင့် တဖြည်းဖြည်းကွာဟလာသည်ကို ရိပ်စားမိလိုက်ပါသည်။

ရွာအဝင်လမ်း သို့မဟုတ် ရွာလယ်လမ်းကိုခွလျက် ဘေးနှစ်ဖက်တွင် ခရီးသွားများ တအောင့်တနားအပန်းဖြေရန် ကုသိုလ်အဖြစ်ဆောက်ထားသောခုံတန်းရှည်၊ အပေါ်မှာ မိုးလုံရန် အမိုးမိုးထားသည်။ ခုံရှည်ထိပ်တွင် ရေအိုးစင်

ဂဝံအနုလက်ရာ ပီးတိုင်ပုထေးများနှင့် စက်စဲကမ်းခြေအလှ

မွန်ပြည်နယ် ရွာလယ် ရင်ကွဲဇရပ်တစ်ခု

လေးများလည်း ထားတတ်ကြသည်။ ဤကဲ့သို့ အဆောက်အအုံလေးများကို ရှေးဘိုးဘွားတို့ ရင်ကွဲဇရပ်ဟုခေါ်ခဲ့ကြောင်း ရှင်းပြရသည်။ ဇရပ်ဆိုသည်မှာ မွန်စကား ဇြပ်မှလာ၍ မြန်မာ့ဇရပ်ဖြစ်လာကြောင်းလည်း ဇာစ်မြစ်ပြောပြသည်။

ဆရာဦးသိန်းဖေမြင့်သည် ၁၉၇၀ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွေ မရှင်အဖွဲ့ဝင်အဖြစ် မွန်ပြည်နယ်ကို ရောက်ခဲ့သည်။ ယင်းခရီးအပြီးတွင် 'ကျွန်တော်တို့မွန်မြန်မာ' ဟူသောစာအုပ် ထွက်လာသည်။

ယင်းစာအုပ်တွင် ဆရာက -

ဘယ်နေရာသွားသွား မွန်လူမျိုးသို့မဟုတ် မြန်မာလူထုနေထိုင်သော အရပ်ဖြစ်ခဲ့လျှင် ယဉ်ကျေးမှုထုံးစံတစ်ခုကို တွေ့မြင်နိုင်သည်။ ခရီးသည်များအတွက် ရေအိုးစင်နှင့် ဇရပ်တည်ထားခြင်း ဖြစ်၏။ နေပူကြီးထဲ ခရီးသွားနေသူအဖို့ ရေအိုးစင်မှ ရေကြည်တစ်ခွက်နှင့် ဇရပ်၏အရိပ်အာဝါသသည် တကယ်ကြီးလှသည်။ တစ်လျှောက်လုံး မိုးလေကြီးထဲ ခရီးသွားနေရသူအဖို့လည်း တစ်ထောက်တစ်စခန်း ကွန်းခိုနားနေရာ ဇရပ်၏ အမိုးနှင့်အကာတို့သည် တကယ်ရှိလှပေသည်ဟု ရေးသား ဖော်ပြထားသည်။

မွန်ပြည်နယ်တွင် ရွာကြီးရွာငယ်တိုင်းလိုလိုမှာ ရင်ကွဲဇရပ်များရှိသည့်နည်းတူ အညာဘက်တွင်လည်း ဘုန်းတော်ကြီးကျောင်းများနှင့်တွဲလျက် ကုသိုလ်တော်ဇရပ်၊ ဥပုသ်ဇရပ်၊ သာလာယံဇရပ်၊ ဘုရားတန်ဆောင်းတစ်ဖက်တစ်ချက် (တောင်ပေါ်ကုန်းဘုရား၊ စေတီများ အတက်အဆင်းတန်ဆောင်းစကြီဇရပ်များကို အရှေ့ရှုခင်းကြည့်ရှုခံစားရန် အမောဖြေကောင်းလေသန့်ရှူရှိုက်ရန် အလားမျှား ကုသိုလ်ယူကြသည်။ ရေတွင်း (ယခု ရေပူ၊ ရေအေးရေသန့်စက်များ) တွဲလျက်တွေ့ရမည်။ နမူနာအားဖြင့် မန္တလေးတောင်၊ ရန်ကင်းတောင်၊ တကတောင်၊ တူးရှင်းတောင်၊ ပယွားတောင်တို့ကဲ့သို့ စောင်းတန်းဇရပ်များ ချောင်းဖြတ်အင်းဖြတ်တံတားများလျက် (ဥပမာ ဦးပိန်တံတား) တည်ရှိခဲ့ဝဲ၊ ယာအပန်းဖြေဇရပ်များ ဆောက်လုပ်တွေ့ရမည်။

စာရေးသူ ပုဂံမြို့ဟောင်း

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကျခဲ့သည့် ၁၉၈၆ - ၈၉ ကာလ အပူလွန်ကဲသောနှစ်များအဖြစ်ကြုံခဲ့၏။ ၁၉၈၇ ထိုနှစ်အပူမှာ (၁၁၃) ဒီဂရီ ဖာရင်ဟိုက်အညာနွေပူပြင်းခြောက်သွေ့မှုဒဏ်ကို လူးလိမ့်ခံခဲ့ရ၏။ ပုဂံ-ညောင်ဦးနှင့် ပခုက္ကူတို့တွင် တစ်ရက်လျှင် လူအစိတ် (၂၅) ဦးခန့်စီ ဖိတ်စဉ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ပုဂံမြို့ဟောင်းတွင် ဘုရားအိုဘုရားပျက်များ၏ အဝင်မုခ်လိုဏ်အတွင်း လူကြီးလူငယ်တို့ မြေသလင်းပြောင်အောင်သန့်၊ ပခုံးပေါက လုံချည်ပိုင်း၊ အဝတ်ပိုင်းလေးဖြန့်ခင်း (ရေဆွတ်လိုက်သေးသည်) အိပ်စက်နားနေကြ၏။ လေငွေ့အပူငွေ့အပေါ် အောက်ဘပ်ကာ ထာဝရအနားယူမှုဖြစ်သွားကြသည်။

အချို့က ဧရာဝတီမြစ်ရေမှာဆင်းမိ၊ အလာတုန်းကလည်း နေပူပူဖြတ်သား ရေစိမ်ပြီးတော့လည်း ရေစို့အဝတ်များနှင့် နေပူကျဲကျဲပဲဖြတ်ပြန်၊ အိမ်ရောက်ချက်ပင်မဆိုင်း အပူဟပ်ကာ အသက်ပါသွားတတ်ကြသည်။ မြို့နယ်ကောင်စီ (ကောင်စီခေတ်) က ဌာနဆိုင်ရာအကြီးအကဲများစည်းဝေးခေါ်၊ ဝန်ထမ်းမိသားစုများအား ပညာပေး၊ သတိပေးရန်ညွှန်၊ ဆေးရုံဆေးရာပိုက်ကောင်စီအဆင့်ဆင့်သို့လည်း မနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း မြစ်ဆိပ်ဆင်းရေချိုး၊ အဝတ်လျှော်လုပ်ရန် ဆင်းလျှင်ဖမ်းမည်။ ဧရာဝတီမြစ်နားတစ်လျှောက် ရဲ အရပ်လုံခြုံရေးဝန်ထမ်းများခု၊ ရေချိုး၊ အဝတ်လျှော်ကြမ်း စသည့် ဓာတ်တင်းကျပ်ကျပ်ဖြစ်ဆောင်ရွက်ခဲ့ရသည်။

စာရေးသူနှင့် ညီအစ်ကိုသဖွယ်ခင်ကြသည့် လက်ထောက်တာဝန်ခံ ဆင်းတိုင်ပင်၍ ဇလဆိပ်ဆင်းသည့် မိမိကျောင်း (ယွန်းပညာအတတ်ကျောင်း) ရှေ့ တမာ၊ ကုက္ကိုစသည့် ဝန်ထမ်းတန်းကြီးများရှိရာ အရိပ်အောက် ရေအိုးစင်ဆောက်၊ အလှည့်ကျ ရေအိုးအောက်တွင် သဲဖြူခဲ၊ ရေတလေးများကြဲချထားရာ အစို၊ အောက်ဖြင့် စပါးပင်စိမ်းစိမ်းအရွက်ဆောင်လေးများ ရက်ပိုင်းအတွင်း လှောသည်။ အိုးကရေလည်းအေး သည်နှင့် သောက်ချင့်စဖွယ် ယွန်းလက်ကိုင်အရိုးတံကလေးတွင် ဆွဲပန်းပုလက်ရာနှင့် (အညာထားရာ မိမိတို့ အလှူရှင်များသည်လို ရေဖြည့်တိုင်း လူ၊ နတ် ဘဏ္ဍာအပေါင်း ရေလိုအေးကြပါစေ' ဟု အနောမိသမေတ္တာလည်းပို့ဖြစ်ကြသည်။

မနက်အရုဏ်မကျင်းမီ တစ်ည မိုးချုပ်တိုင် ဇလဆိပ်လှေဆိပ်အဆင်း အတက်သွားရာလမ်းကလေးမှာ လူစည်လှ၏။ တစ်ဖက်ဧရာအနောက်ကမ်းရိုတန့်ကြည့်၊ ကျွန်းချောင်း စသည့် ချမ်းသာကြီး၊ ယုန်လွှတ်၊ ဇီးကုန်းလေး စသည်ကျွန်းများ၊ ဟင်္သာဖိုမများပျော်မြူးကြသည့် သဲသောင်များသို့ ဘုရားဖူး၊ အလုပ်သွားအလုပ်ပြန်ခဲ့စဉ်သွားလာနေကြသည်။ နေ့လယ်နေ့ခင်း မိမိတို့တည်ထားသည့် ရေအိုးစင်ရှိရာ သစ်ပင်ရိပ်၌ တစ်ထောက်နား၊ နဖူးကချွေးဒီးဒီးနှင့် ဘိုးဘွားတို့ပါလာသည့်တဘက်လေးနှင့် ချွေးသုတ်၊ ရေအိုးစင်မှ ရေတဝေါကော်၊ ရင်ထဲကိုအေးသွားတာပဲတော်၊ မောင်မင်းကြီးသား ရေအလှူရှင်တွေ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ဘေးဘယာဝေးကွာပြီး ရေလိုအေး၊ ပန်းလိုလန်းကြပါစေ' စတဲ့ မဆုံးနိုင်သောဆုပေးသံများကြားရမည်။

စာရေးသူ ပုဂံရောက်စ ရန်ကုန်ကမိသားစုနဲ့ခွဲလာရတော့ တစ်ဦးတည်း အချိန်ပြည့်အလုပ်ပဲအာရုံစိုက်နေမိ၏။ အားရက်များတွင် ဝန်ထမ်းတွေကိုခေါ်၊ ကျောင်ဝင်းအတွင်းခဲ့တွေ့ရှင်း၊ စောင်ချမ်းပင်အုပ်များရှိရာနေရာတို့တွင် ပင်ခြေကို တန်းခုံတန်းလေးတွေရိုက်၊ ဆေးဖြူသုတ်၊ လုပ်အားပေးပြီးလျှင် မဟာဗောဓိဘုရားရှေ့တွင်ဖွင့်ထားသော မုန့်စုံရသည့် နေပြည်တော်လက်ဖက်ရည်ဆိုင်ဆီသို့ အုပ်စုလိုက်သွားကြနှင့် ကိုယ့်ဘာသာတော့ မျှားစွာကျေနပ်နေသည်။ သို့ရာတွင် ဌာနေဝန်ထမ်းတို့မှာ အားရက်လေးတွင်မှ ကိုယ်ပိုင်အိမ် စီးပွားရေးအလုပ်လေးများကို အချိန်လုလုပ်ကြရသည်ကို မိမိထည့်မတွက်ခဲ့မိပါ။ မိမိနေအိမ်ရှေ့ရှိ ဇောင်ချမ်းပင်အိုကြီးသည် ဖြတ်လမ်းလေးဘေးတွင်ရှိ၍ ပင်စည်ကိုပတ်သည့် ခုံဝိုင်းတစ်ခုလုပ်ပေးရန် လက်သမားနည်းပြဆရာကြီးကို (အပို) တာဝန်ပေးလိုက်မိသေးသည်။

စိတ်ကူးတည့်ရာခိုင်းစေနေသော စာရေးသူအား ဆရာကြီး စိတ်တိုဒေါသဖောင်းလာပုံရသည်။ စောင်ချမ်းပင်အိုကြီးကိုပတ် ရှစ်မြောင့်ခုံအကြီးကြီးကို စာရေးသူအိမ်အောက် (စတို)ရှိ သစ်တွေအကုန်သုံးပြီး ရိုက်ပစ်လိုက်သည်။ (သစ်တွေမြန်မြန်ကုန်ရင်အေးရောဆိုတဲ့ သဘောပေါ့) ပြီးပြီဆိုကာ ခေါ်၍ကြည့်လိုက်တော့ သစ်တွေကုန်၊ ခုံကလည်း အကြီးကြီး။

စာရေးသူက -

"စိန်ကြီး၊ ခုံကကြီးလှချေလား။ သစ်တွေလည်းကုန်ပါရော့ဗျာ"

(စိန်ကြီးဆိုတာက သူ့ကိုအားလုံးက ချစ်စနိုးနဲ့ခေါ်တဲ့နာမည်တို့) ပြောလိုက်တော့ သူက စာရေးသူကို ပြုံးပြုံးကြီးကြည့်ရင်း -

"ဆရာကလည်းဗျာ၊ ကောင်းအောင်လည်းလုပ်ပေးရသေးတယ်။ ခုံကြီးတော့ ဆရာရော လာနားတဲ့သူတွေပါ မှောက်လိမ့်မောက်၊ လှန်လိုလှန် စိတ်တိုင်းကျအိပ်ရတာပေါ့ဗျာ။ သစ်တွေလည်းကုန်ဘာဖြစ်တုံး၊ ရှိပူရသေး ကုန်မှအေးဆိုမဟုတ်လားဗျာ" တဲ့။

စာရေးသူကတော့ သူ့အပေါ် စိတ်မဆိုးတဲ့အပြင် သူ့ရဲ့ရိုးရိုးစင်းစင်းမဟုတ်မခံချင်သည့်သတ္တိနှင့်ခပ်ထေ့ထေ့ပြောနေပုံကြီးကို ကျိတ်ပြီးသဘောကျနေမိသည်။ စိန်ကြီးက သူစိတ်လိုတဲ့အခါငယ်စဉ်က စွန့်စားခန်းတွေပြောပြတတ်သည်။ သူကာလသားအရွယ်တုန်းက သူငယ်ချင်းတွေစုစုပြီး လသာညတွေမှာ ကာလသားဟင်းချက်စားလေ့ရှိတယ်တဲ့။ တစ်ည လကသာ ဟင်းချက်စားဖို့ အိတ်တွေစစ်တော့ တစ်ယောက်ဆီမှာမှ ခြဲစားတစ်ပြားမပါဘူးတဲ့။ ဒါနဲ့ ဒီညတော့ ခိုသားဟင်းပဲစားကြတာပေါ့ဆို လက်နှိပ်မီးလေးတွေယူ ဓမ္မရံကြီးဘက်ခြီတက်ကြတယ်တဲ့။

ဓမ္မရံကြီးဘုရားကြီးက မြို့ (ပုဂံမြို့ဟောင်း) နဲ့ နည်းနည်းကြမ်းတယ်။ ထူမှာ ဓမ္မရံဆိုတဲ့အတိုင်း ပုဂံဘုရားတွေမှာ ထုထည်အကြီးဆုံး ပစ္စယံအဆင့်ဆင့်က အလင်းပေါက်၊ လေပေါက်တွေမှာ ခိုတွေအပြည့်မို့ ခိုနို့က်သူတွေပြုတ်ကျသူ၊ သရဲတစ္ဆေဖြစ်နေသူတွေရှိ၊ သရဲခြောက်တယ်လို့ နာမည်ကြီးတယ်။ စိန်ကြီးတို့အုပ်စုအထက်ပစ္စယံတွေထိတက် လူခွဲပြီး အိပ်နေတဲ့ခိုတွေကို အလစ်နို့က်ကြတယ်။ အဲဒီညက စိန်ကြီး သရဲနဲ့တွေ့ နပန်းလုံးပါးစပ်ကလည်း နင်ပဲငဆဲဆဲဆို၊ သူငယ်ချင်းတွေစုလာ၊ စိန်ကြီး ဝူးဝူးဝါးဝါးနဲ့ နပန်းလုံးနေတာတွေ့တော့ သူလက်ကို အတင်းဆွဲခေါ်ပြေးခဲ့ကြရသတဲ့။ နောက်နေ့မနက် ပုဂံဈေးထဲမှာ သတင်းတွေပြန့်။

'ညက စိန်ကြီးတစ်ယောက် ဓမ္မရံကြီးမှာ သရဲနဲ့နပန်းလုံးလို့တဲ့ဟေ့။ မနေ့ကောင်းမပျောက်ကောင်းကွာ။ အံမယ်ဘုရာ'

www.burmeseclassic.com

www.burmeseclassic.com

ဆို နာမည်ကြီးသွားတာပေါ့။ စိန်ကြီးက သတ္တိကောင်း၊ ဒေါသကြီးပေမယ့် သူ့သစ်ထွင်းပန်းပုတွေက လက်ရာမြောက်သည်။ အနု၊ အကြမ်းအစုံရသူဖြစ်၏။ ဟင်းချက်လည်းဝါသနာပါ၏။ အားရက်တွေ့ သူစိတ်လိုရင် စာရေးသူကို အိမ်လည်ဖိတ်၊ တစ်ခုခုလုပ်ကျွေးတတ်သည်။ 'ဆရာ နက်ဖြန် အိမ်လာခဲ့ပါ။ ချပါတီနဲ့ ကြက်သား ကျွန်တော့်လက်ရာ လာအားပေးစမ်းပါ' ဆို သူ့အိမ်သွားရင် ချပါတီလုပ်ထား၊ ကြက်သားချက်တာ သူ့ဇနီးအဘွားကြီးကို မီးဖိုအဝင်မခံ။ သူကိုယ်တိုင်လုပ်ရမှာ ကျေနပ်သည်။ ဟင်းအိုးဆူနေကတည်းက မွှေးပြီးဝိုက်ဆာလာတော့သည်။ အလုပ်မှာအားထားရသော ချစ်ခင်လေးစားရသော စိန်ကြီးကား မရှိရှာတော့ပါ။

ရုံးပိတ်ရက်တစ်မနက် စာရေးသူက ပျင်းပျင်းနှင့် ဝရန်တာမှာ စာဖတ်နေတုန်း ခုံဝိုင်းလေးမှာ လူတစ်ယောက် သီချင်းတအေးအေးနှင့်တွေ့လိုက်၏။

"သုမနကျောမှာဒဏ်ရာတွေနဲ့ဟဲ့။ ဟယ်-နင့်ဘူးဘယ်သူ့ခွဲ့ ပြောဟဲ့ဗေဒါ ဗေဒါ ရေအိုအိုအို စိန်ခြူးရယ်တဲ့မှ ကြာညောင်ကြာညောင်"

အသံပျောက်သွားလို့ကြည့်လိုက်တော့ မြစ်ဆိပ်က လျှော်လာတဲ့ သူလုံချည်၊ အင်္ကျီအဟောင်းလေးတွေကို သီးသန့်မွေးထားတဲ့ မြက်ခင်းနေပူပူမှာ သွားလှန်းနေလေရဲ့။ စာရေးသူလည်း အသိတစ်ယောက်ယောက်များဖြစ်နေမလားဆို ဆင်းပြီးသွားကြည့် အနားရောက်တော့ -

"ကျောင်းဒကာကြီး၊ အလှူက ဘယ်အချိန်ရေစက်ချမှာလဲ။ စားစရာလေးဘာလေးလုပ်ပါဗျာ"

လို့ လှမ်းပြောတယ်။

သိပြီ။ စိတ်ဝေဒနာသည်တစ်ယောက်ကိုး။

ခဏကြာတော့ စာရေးသူ အိမ်နောက်ဘက် ခြံစည်းရိုးနှင့်ကပ်လျက် ဘူးဘုရားသွားဖြတ်လမ်းကလေးပေါ်က ဝိုင်းတစ်ဝိုင်းနေ အရပ်လက်သမား ဦးကျော် ရောက်လာတယ်။ သူက စာရေးသူကို လှမ်းတွေ့နှုတ်ဆက်ပြီး တူရွက်သစ္စာရှင်စေတီကို ရပ်လျက်က လက်အုပ်ချီရှိခိုးပြီးမှ -

"ဆရာ့ဇရပ်ကတုံးလေးကကောင်းချက်တော့ဗျာ၊ အေးအေးချမ်းချမ်းရှိပါ့"

ဆို သူ့စကားရပ်ထားတယ်။

စာရေးသူက သူ့စကားကို သိပ်နားမလည်လိုက်ပါ။

"ဘာဗျ-ဘိုးကျော်၊ ဇရပ်ကတုံးဟုတ်လား။ ဘာပြောတာတုံးဗျာ" မေး-

ဘိုးကျော်က -

"အရပ်ရှှစ်မျက်နှာက လူတွေ့လည်းနားနေကြ၊ ရဟန်းရှင်လူအယုတ်အလတ်အမြတ်မရွေး၊ ခိုကိုးရာမဲ့ အရှူးသူတောင်းစား အကုန်လာ၊ နားလိုနား၊ အိပ်လိုအိပ်၊ ဒါ - ဇရပ်ပေါ့။ အမိုးမပါလို့ ဇရပ်ကတုံးလေး။ ဒါကြောင့် ကျုပ်တို့ အညာမယ် ဒါမျိုး ဇရပ်ကတုံးပဲခေါ်ကြတာဗျ" တဲ့။

"ဟုတ်လိုက်လေ ဘိုးကျော်ရာ၊ စိန်ကြီးက ကျွန်တော့်ကိုဒါလေးဆောက်ပေးပြီး ဘယ်လိုတယ်ဆိုတာပြောမသွားဘူး။ အခု ဘိုးကျော်နဲ့တွေ့မှ အညာဝေါဟာရတစ်ခုတိုးတော့တယ်ဗျာ"

'အင်း - ဇရပ်ဆိုတော့အရှူးလည်းလာမှာပေါ့'

ဟု တွေးမိသည်။

စာရေးသူ မိသားစုနှင့် ပုဂံဘုရားဖူး မနှစ်ကရောက်တော့ မီးမလောင်ကျောင်းအနီးမှာ ထနောင်းပင်ကြီးတစ်ပင်ကိုပတ်ဆောက်ထားသည့် ဇရပ်ကတုံးနှင့် အနီးက ရေချမ်းစင်တစ်ခုကပ်လျက်တွေ့သဖြင့် ဓာတ်ပုံမှတ်တမ်းယူလိုက်မိသည်။ ရေချမ်းစင်လေးမှာ အုတ်ဖိနပ်ခံလျက် အမိုးကို အပူခံနိုင်ရန် ဘုံနှစ်ဆင့် မြန်မာဆန်စွာ ဆောက်ထားပါသည်။ ကောင်းပေစွ၊ သာဓုခေါ်မိ၏။

၁၉၈၈၊ ဝါဆိုလပြည့်မတိုင်ခင် အဖိတ်နေ့ညနေပိုင်းမှာ နောက်နေ့သီလယူရန် ဘယ်ကျောင်းသွားရကောင်းနိုး စဉ်းစားနေစဉ် ပန်းပုနည်းပြဆရာကြီး ဦးဝင်း (ဝင်းဘရားသားအစ်ကိုကြီး) စက်ဘီးနှင့် အိမ်ရှေ့ရောက်လာသည်။

ဦးဝင်းက -

"ဗျို့ - ဆရာကြီး၊ နက်ဖြန် ဥပုသ်စောင့်မှာလား"

"စောင့်ရမှာပေါ့ဗျာ၊ဘယ်ကျောင်းသွားရမလဲ။ ကမ်းနားကျောင်း၊ မြို့တောင်ကျောင်း၊ သပ္ပညူကျောင်း တစ်ကျောင်းကျောင်းသွားမလားလို့"

"ကျွန်တော်တို့တစ်အိမ်လုံး ဇရပ်တောသွားမလို့လိုက်ခဲ့ဗျာ၊ ထမင်းချိုင့်ပို ထည့်ခဲ့မယ်။ မနက် (၈) နာရီသာသာလောက် အိမ်လာခဲ့၊ စောင့်နေမယ်"

"ကာရန်သင့်လို့ကလေဗျာ၊ မနက် စောင့်နေ လာခဲ့မယ်"

စာရေးသူက ဇရပ်ဟောဆိုတော့ ဇရပ်တောရွာတစ်ရွာက ဘုန်းကြီးကျောင်းဖြစ်မှာပဲ။ မရောက်ဘူးတဲ့နေရာရောက် လေ့လာရတာပေါ့ဟုတွက်ထား၏။

နောက်နေ့ မှာတဲ့အချိန် ဆရာဝင်အိမ်ရောက်၊ မိသားစုကသွားနှင့် နှစ်ယောက်သားထွက်လာကြ။ သရဏိတ် (တံခါး) ကျော်တော့ အာနန္ဒာဘုရားဆင်း မြေနီလမ်းကဇရပ်တွေဆီသွားကြီးလှည့်ကျော်ဇရပ်ဆိုတာ ရောက်တော့အပေါ် တက်၊ ယေကားက ဆေးလိပ်ကြီးတွေ ဆီးကမ်း၏။

စာရေးသူက -

"ဝင်းလေး၊ ဇရပ်တောသွားမယ်ဆို၊ မသွားတော့ဘူးလား"

မေးတော့ -

သူက -

"ဆရာကြီး ဒါ ဇရပ်တောပေါ့"

ဟု ပြန်ပြောသည်။

ဆရာဝင်းရွှင်ပြသည်မှာ အာနန္ဒာဘုရားကြီးပွဲတော်(ပြာသိုပွဲ)အခါ ရွာပေါင်းစုံမှ လှည်းတန်းကြီးများနှင့်၊ ကားများနှင့်၊ လှေသမွန်များနှင့် ဘုရားဖူးအလာတို့လာကြရာ ယာဉ်ပေါ် အိပ်သူအိပ်နီးရာဇရပ်များမှာအိပ်သူအိပ်၊ လှည်းများ ဘေးမြေကွက်လပ်နှင့် ဇရပ်ပေါ် တို့တွင် ချက်ပြုတ်စားသောက်ကြ၊ စျေးဝယ်ထွက်ကြနှင့် နေရာမလပ်တိုးမပေါက်အောင် စည်ကားသည်။ ထိုဘုရားဖူးရပ်ဝေးသားများအတွက် အဓိကရည်ရွယ်ပြီး အရှင်များက ဘုရားကြီးမြောက်ဘက် ဇရပ်များတန်းစီဆောက်လှူခဲ့ကြ၊ စဉ်မြေးဆက်ပြုပြင်မွမ်းမံတိုးချဲ့ကြသည်ယင်းကို အညာယဉ်ကျေးမှုအညာစကားဖြင့် 'ဇရပ်တော' ဟု ခေါ်လိုက်ကြသည်။ ကုသိုလ်အမှု မြန်မာ့စိတ်ရင်းနှင့် ကုသိုလ်အမှု မြန်မာ့ရှုခင်းတို့ တွဲယှဉ်ပေးမြင်ရသည့်ဇရပ်တောဖြစ်သည်။

ထိုဇရပ်များသည် အခါကြီးရက်ကြီးများနှင့် ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်းဆောက်တည်ရာ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဃာဟစုဝေး တရားနာနွေးရာနေရာများ ဖြစ်လာသည်။ ဇရပ်ဒကာသည် မိမိဇရပ်အား ဦးတည်လာသူအပေါင်းကို ဆေးလိပ်၊ ကွမ်း၊ လက်ဖက်ခြောက်သုပ်၊ အချိုရည် စသည် ဧည့်ခံသည်တစ်ခါတစ်ရံ ဒကာမိသားစု သို့မဟုတ် အလှူရှင်တစ်ဦးဦး၏ နေ့ဆွမ်းအလှူခံတော်သည်။ သာမန်အားဖြင့် ထမင်းသော ဆွမ်းအုပ်၊ ထမင်းချိုင့်များမှ ပေးကိုယ်တော်အားကပ်မည့်ဘဏ်ဒါန်းဟင်းကို ဦးချဖယ်၊ ကျန်ဟင်းခွက်များ

www.burmeseclassic.com

www.burmeseclassic.com

နှင့် နေ့လယ်စာဝိုင်းဖွဲ့စားသောက်ကြသည်။

ဇရပ်တောတွင် သီလဖေးသည်များ စနစ်ရှိသည်။ ကျောင်းတိုက်အသီးသီးမှ ဇရပ်တော၊ ဇရပ်အသီးသီးသို့ သီလပေးရန်ကြွရောက်မည့် ဆရာတော်သို့မဟုတ် အလှည့်ကျသံဃာတော်များအား မဲစနစ်ဖြင့် ကျရာဇရပ်သို့ကြွကာ သီလပေး ရေစက်ချ တရားနာကိစ္စများ ဆောင်ရွက်ရသည်။ ဇရပ်များအား ဦးဒကာ၏အမည် 'ဦးလှကျော်ဇရပ်' ခေါ် မြေဇရပ်စသည့် အလှူရှင်အမည် တပ်ခေါ်ကြသည်။ ယင်းဇရပ်တို့သည် အလှူအတန်းအတွက် သာမဟုတ်ဘဲ တစ်ခါတစ်ရံ ဖြစ်တောင့်ဖြစ်ခဲ့ အသုဘရှေ့ သွေ့ခဲ့ဇရပ်အဖြစ်လည်း သုံးနိုင်သည်။ ရွာလေ့ ပြင်ပ သို့မဟုတ် လမ်းတွင် ရွာမှတစ်ဦးဦး နာရေးကြုံသည့်အခါ ရွာအဝင်မခံ အခက်တွေ့လျှင် ဇရပ်ဒကာအားတောင်းပန်၍ ဤဇရပ်များကိုအသုံးပြုရသည်။ ဇရပ်တော၏ အကျိုးတရားများကြီးလှသည်။ ယခု ထိုဇရပ်တောင်းအား အစုလိုက်မရှိကြတော့ကြောင်းသိရ၏။ အဟောင်းစနစ်တွေအစား အသစ်အသစ်တွေပြောင်းသည်မှာ မမှတ်သာဖြစ်တော့၏။

မွန်ယဉ်ကျေးမှုနှင့် မွန်ခရီးစဉ် ကြောင်းမှ အညာဒေလ့သို့ဆက်သွားသည်။ စာရေးသူနှင့် ကွင်းဆင်းအဖွဲ့ဝင်ယနေ့ လမ်းဆုံရွာမှာ သံဖြူဇရပ်မြို့နယ် တောင်ဘက်ဆုံး ရေးရထားလမ်းဘေး ကရင်ရွာကြီးတစ်ရွာ ဖြစ်သည်။ ယူနီခဲ့သော နှစ်(၁၀၀)ကျော်က ဘုန်းကြီးကျောင်းတစ်ကျောင်း၊ အိမ်တစ်အိမ်ဖြင့် စတင်ခဲ့ရှိသည့် 'ကျောင်းရွာ' အမည်တွင်ရွာကြီးသည် ယခုတော့ မျိုးဆက်သစ်ကလေးသူငယ်များလှသဖြင့် မူကြိုပင် နှစ်ကျောင်းတိုးထားရသည်။ ရွာလူကြီးများသည် ရာစုနှစ်သစ်ကူးပွဲတော် (ပြာသိုလဆန်းပုရာ) အခါ ပတ်ဝန်းကျင်ရွာ (၅၄)ရွာ၏ စင်တာ(ဗဟို) အိမ်ရှင်အဖြစ် ဧည့်ခံကျင်းပပြီးခါစဖြစ်၍ ပင်ပန်းနေကြခိုန်ဖြစ်သည်။ (၅၄)ရွာကိုယ်စားလှယ်ဧည့်သည်များ၊ ဒုံးယိမ်းအတီးအမှုတ်ပြိုင်ပွဲဝင်အဖွဲ့များအား အိမ်ရှင်ရွာခံများက မိမိအိမ်အသီးသီးတွင် ခွဲဝေလက်ခံတာဝန်ယူခဲ့ရကြောင်းသိရသည်။ နောက်တစ်နေ့ သွားရောက်လည်ရွာသည်လည်း ရာစုရွာပင်ဖြစ်၏။ ထိုရွာသည် နယ်မြေအခြေအနေအရ ရွှေ့ပြောင်းတည်ထားသည့်ရွာဖြစ်သည်။ ထိုနေ့က ရွာခံလေ့အလှည့်ကျ ထမနဲအလှူရှင်မှာ မူကြိုကျောင်းဆရာမလေးအိမ်ဖြစ်သဖြင့် လုပ်အားပေးများ တပျော်တပါး လှူဒါရှားနေကြသည်မှာ ကြည်နူးဖွယ်ဖြစ်သည်။

သံဖြူဇရပ် တောင်ပိုင်းရွာများမှ အပြန်တွင် နာမည်ကြီး သေမင်းတမန်ရထားလမ်းအစနေရာအားခေတ္တကားရပ်မှတ်တမ်းယူသည်။ မြို့အထွက်ကလေးတွင်ပင်ဖြစ်၏။ အင်တေကျောက်ပြားချပ်ကြီးပေါ်တွင် စာလုံးမည်းကြီးများထွင်းထားသည်။

မြန်မာ-ယိုးဒယားသေမင်းတမန်
ဂျပန်မီးရထားလမ်း
ဤနေရာမှစသည်။

MYANMAR THAILAND JAPANESE
DEATH RAILWAY LINE
STARTS HERE 1942 - 1943

ယင်းပွိုင့်နေရာအနီး၌ ရထားခေါင်းတွဲ အမှတ် (C0522) စက်ခေါင်းအား သံလမ်းပေါ်တွင်သံတန်းများကာရံလျက်ပြထားသည်။ ခေါင်းပြတ်နေသော ဂျပန်စစ်ဝတ်စုံနှင့် စစ်သားမုဲ့လည်းအုတ်ခဲ့လေးနှင့်တွေ့ရသည်။ သမိုင်းနောက်ခံမှာ ဒုတိယကမ္ဘာစစ်အတွင်း (၁၉၄၂ နိုဝင်ဘာလတွင်) ဂျပန်တပ်မတော်က ထိုင်းနိုင်ငံ ဘန်ပေါင်မှ ဘုရားသုံးဆူတောင်ကြားကိုဖြတ်လျက် မြန်မာနိုင်ငံအောက်ပိုင်း သံဖြူဇရပ်အထိ (၁၇၅) မိုင်ရှည် ရထားလမ်းဖောက်ရာ မြန်မာ- ထိုင်း ချွေးတပ်သား (၂၇၀၀၀) နှင့် မဟာမိတ်စစ်သုံ့ပန်း (၆၁၀၀၀) ဖြင့် အဓမ္မညှဉ်းပန်းကာဖောက်လုပ်ခဲ့သည်။ တောနက်ခြင်း၊ အစာရေစာရှားပါးခြင်း၊ ဝမ်းရောဂါ၊ ငှက်ဖျားနှင့် အူရောင်ငန်းဖျား၊ အာဟာရချို့တဲ့မှုကြောင့်ဖြစ်သော ကိုယ်ရေပြားရောဂါ စသည့် ဖိစီးမှုများကြောင့် ချွေးတပ်သား (ဒေသခံ) (၈၀၀-၀၀) ကျော်၊ စစ်သုံ့ပန်း (၁၃၅၀၀) ကျော် သေဆုံးခဲ့ရသည်။ ဤသို့ အသေအပျောက်များလွန်းသောစီမံကိန်းဖြစ်၍ သေမင်းတမန်လမ်းဟုတွင်သည်။ လမ်းကြောအတွင်းရှိ ကွေးမြစ်ကိုဖြတ်ကာ တည်ဆောက်သောတံတားနောက်ခံရိုက်ကူးသည့် The Bridge On The River Kwai ရုပ်ရှင်သည်လည်း ကမ္ဘာကျော်ခဲ့သည်။

စာရေးသူတို့အဖွဲ့ကားလေး မြို့တွင်းဝင်လာစဉ် တစ်ဦးက ဆရာပြောတဲ့ဇရပ်ဟု လက်ညှိုးပြသဖြင့် ဇရပ်ဖြူလေးတစ်ခု အလယ်တိုင်နှင့်ထောက်တိုင်လေး (၈) ခုနှင့် ပန်းခြံငယ်တစ်ခုအတွင်းတွေ့လိုက်သည်။ ကားဖြတ်လာ၍ သာမန်သာလှမ်းကြည့်မိသည်။ ရန်ကုန်ပြန်ရန် ကားဂိတ်ဆင်းခါနီး အဆာပြေလက်ဖက်ရည်ဆိုင်ထိုင်ရင်း သတိတစ်ခုဝင်လာ၍ အတူပါရွာခံတစ်ဦးအား -

"ဒါနဲ့ သံဖြူဇရပ်ဆိုတာ ခုရှိသေးလား"

ဟု မေးလိုက်၏။

သူက -

"လမ်းမှာ ဆရာ့ကိုပြတဲ့ ဇရပ်ဖြူလေးဟာ သံဖြူဇရပ်ပေါ့"

ဟုဖြေသည်။

အချိန်မရတော့လို့ နောက်တစ်ခေါက်မှ သေချာလေ့လာရတော့မည်ဟု တေးထားခဲ့ရ၏။

သံဖြူဇရပ်ကလေးကို ၁၈၇၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြောင်းသိရ၍ ယခုဆို နှစ် (၁၃၀) ရှိခဲ့ပါပြီ။ ဝါဂေရူဆိုသောရွာမှ မွန်သူဌေးကြီးဦးမျိုး၊ ဇနီးဒေါ်မွန်တို့က အလယ်တိုင်တစ်လုံးကို မဏ္ဍိုင်ပြု အရပ်ရှစ်မျက်နှာမှရောက်လာသူများနားခိုရန်အဖြစ် ရှစ်မြောင့်ဇရပ်တစ်ဆောင်အား ဖက်ရွက်မိုးကာဆောက်လုပ်လှူဒါန်းခဲ့သည်။ သမီး ဒေါ်ဂီယုဂ် (ဒေါ်ယုဂ်)လက်ထက်ရောက်သည့်အခါ အင်္ဂလိပ်ကုန်သည်များထံမှ သွပ်ပြားဝယ်ပြီး မိဘ၏ကုသိုလ်တော်ဇရပ်အား ဖက်အစား သွပ်မိုးမိုးပေးလိုက်သည်။ မွန်စကားသံဖြင့် ဇဝု (ဖြပ်)၊ (ဇဝု-ဇရပ်ဖြူ) မြန်မာသံဖလှယ်ရာတွင် သံဖြူဇရပ်တွင်သည်။

အပြန်ခရီး သံဖြူဇရပ် - ရန်ကုန် အဝေးပြေးညကားစီးခဲ့ကြသည်။ မုံ့ - မော်လမြိုင်မြို့များကိုဖြတ်ရာ လမ်းဘေးဝယာ ရွာ၊ ရပ်ကွက်တို့တွင်နေရာစိပ်စိပ်၊ မွန်ပြည်နယ်နေ့အကြိုဟောပြောပွဲ၊ မွန်အငြိမ့်၊ ဇာတ်ပွဲများ၊ မွန်ဓိုရာ စတုဒိသာအစားအစာကျွေးမွေးဧည့်ခံမှုများနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပနေသည်ကိုတွေ့ရ၍ သူတို့နှင့်ထပ်တူ ပျော်ရွှင်လန်းဆန်းတက်ကြွလာရပါတော့သည်။

ချစ်ဆန်းသစ်

ကိုးကား -

ကျွန်တော်တို့မွန်မြန်မာ
(ဆရာ)သိန်းဖေမြင့်၊ ၇၅/ဩဂုတ်
ကျိုက္ခမီရေလယ်ဘုရားကြီးသို့ခရီး၊
ဂေါပကအဖွဲ့၊ ၂၀၀၇/ဖေဖော်ဝါရီ

www.burmeseclassic.com

(သဲကုန်း) မောင်စိမ့်စမ်း သုံးပါးသရဏာကို ဂုဏ်တော်အစွမ်း ပဌာန်းတန်ခိုး အကျိုးများစွာ

❑ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

အထက်ပါ သရဏဂုံ (၃) ပါးကို လူတိုင်းသိပြီး ဖြစ်ပါသည်။ ဒုတိယမှိ၊ တတိယမှိ ဟူ၍ ထပ်ကျော့ရွတ်ပွားမည် ဆိုပါက 'သဝေမပါကိုးဂါထာ' ဟုဆိုကြပြန်၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၏ အဓိပ္ပာယ်မှာ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဖြစ်ကြောင်း၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၏ အဓိပ္ပာယ်မှာ တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏ဖြစ်ကြောင်းနှင့် သံဃံ သရဏံ ဂစ္ဆာမိ၏ အဓိပ္ပာယ်မှာ သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဖြစ်ကြောင်းကိုလည်း သိကြပြီးဖြစ်ပါသည်။

သရဏဂုံ၏အစွမ်း၊ သရဏဂုံရွတ်ပွားရသဖြင့် ရရှိမည့်အကျိုးတို့ကိုလည်း သိကြပါသည်။ အများသိပြီးဖြစ်သည့်သာဓကတစ်ခုအားတင်ပြရပါလျှင် ထင်းခွေသားအဖဇာတကလေးပင် ဖြစ်လိမ့်မည်ထင်ပါသည်။တရားဓမ္မ၏အဆီအနှစ်အနက်အဓိပ္ပာယ်ကိုမျှ မသိပါဘဲ မိဘနှုတ်တိုက်ချပေးထားသည်ကို ရွတ်ရုံနှင့်ပင်ဘီလူးအစားခံရမည့်အသက်အေးမှလွတ်ကင်းခဲ့ရသည့်ပုံပြင်လေး ဖြစ်၏။

❑ အရဟံ
သမ္မာသမ္ဗုဒ္ဓေါ
ဝိဇ္ဇာစရဏသမ္ပန္နော
သုဂတော
လောကဝိဒူ
အနုတ္တရော ပုရိသ ဒမ္မသာရထိ
သတ္ထာဒေဝမနုဿာနံ
ဗုဒ္ဓေါ
ဘဂဝါ

အထက်ပါ ဘုရားဂုဏ်တော်(၉)ပါးကိုလည်း လူတိုင်းသိရှိကြပြီး ဖတ်မှတ်ရွတ်ပွားလျက်လည်းရှိကြပါလေသည်။

အရဟံဂုဏ်တော်မှာ ကိလေသာကင်းစင်တော်မူသောကြောင့် လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ပူဇော်အထူးကိုခံယူတော်မူထိုက်သောမြတ်စွာဘုရား။

သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်မှာကား သိစရာအားလုံးတို့ကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသောမြတ်စွာဘုရား။ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်မှာ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား။ သုဂတော ဂုဏ်တော်မှာ ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရား။ လောကဝိဒူဂုဏ်တော်ကား သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟူဆိုအပ်သော လောကသုံးပါးကိုသိတော်မူသော မြတ်စွာဘုရား။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်မှာ ဆုံးမထိုက်သော သတ္တဝါတို့ကို ဖမ်းကျေးအောင် အတုမရှိဆုံးမတော်မူတတ်သော မြတ်စွာဘုရား။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်မှာ နတ်၊ လူတို့၏ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။ ဗုဒ္ဓေါဂုဏ်တော်မှာ သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိတော်မူ၊ သူတစ်ပါးတို့ကိုလည်း သိအောင်ဟောတော်မူသောမြတ်စွာဘုရား။ ဘဂဝါဂုဏ်တော်မှာ ဘုန်းတော် (၆) ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား စသည်ဖြင့် အဓိပ္ပာယ်ရှိပါသည်။

ဗုဒ္ဓ၏ သားတော် သံဃာတော် အရှင်သူမြတ်တို့ကလည်း ပါဋိကို ရွတ်သည့်အခါ အနက်ကို အာရုံတွင်ထင်မြင်လာအောင် အသိတွင်သတိကပ်၍ ရွတ်ဖတ်ပွားများသင့်ပါကြောင်း အလျဉ်းသင့်သည့်အခါတိုင်း ထည့်သွင်းဟောပြောမှာကြားသည်ကိုလည်း ကြားနာမှတ်သားရပါသည်။

ဖော်ပြပါ ဘုရားဂုဏ်တော်(၉)ပါး၏ အကျိုးကား အနမတဂ္ဂပင်ဖြစ်လိမ့်မည်ထင်၏။ ထိုဂုဏ်တော်များကိုလည်း အမျိုးမျိုးသောနည်းများကိုသုံး၍ ခဲ့ထွင်ကာ ရွတ်ပွားမည်ဆိုပါက (၃၀မာ အနုလုံ၊ ပဋိလုံ၊ ဂုဏ်တော်ကွန်ချာ စသည်ဖြင့်) ပို၍ထူးသော အကျိုးတရားများကို ရနိုင်သည်ဟု ဆိုပါသည်။

တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ၏ တရားတစ်ခုတွင် စွေးရောင်းကောင်းလို့ စွေးသည်မကြီးတစ်ဦး ဂုဏ်တော်ကွန်ချာရွတ်ဖတ်၍ စွေးရောင်းကောင်းခဲ့ဂုဏ်တော်ကွန်ချာရွတ်သည့်အမျိုးသမီးကြီးတစ်ဦးအား လမ်းမှဖြတ်၍ ဓားပြတိုက်ရန်စောင့်နေကြသည့်လူဆိုးသူခိုးများဘေးမှ အစောင့်အရှောက်၊ အခြားပုလိပ်များ (ထိုခေတ်ကအခေါ် အေးပါးလာသည်ထင်မှတ်မှားလောက်အောလုံခြုံမှုပေးပုံတို့အား နာကြားဖူးကြပါမည်။

❑ ဟေတုပစ္စယော၊ အာ[illegible]
ပစ္စယော၊ အဓိပတိပစ္စ[illegible]
အနန္တရပစ္စယော၊ သမ[illegible]
ပစ္စယော၊ သဟဇာတပစ္စ[illegible]
အညမညပစ္စယော၊ နိဿယပစ္စ[illegible]
ဥပနိဿယပစ္စယော၊ ပုရေ[illegible]
ပစ္စယော၊ ပစ္ဆာဇာတပစ္စ[illegible]
အာသေဝနပစ္စယော၊ ကမ္မပစ္စ[illegible]
ဝိပါကပစ္စယော၊ အာဟာရပစ္စ[illegible]
ဣန္ဒြိယပစ္စယော၊ ဈာနပစ္စ[illegible]
မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စ[illegible]
ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စ[illegible]
နတ္ထိပစ္စယော၊ ဝိဂတပစ္စ[illegible]
အဝိဂတပစ္စယော။ ။

ပဌာန်းပစ္စယုဒ္ဒေသ ၂၄-[illegible]
ပဌာန်းဒေသနာတော်မြတ်ကြီး [illegible]
အကျယ်ကိုမရသော်မှ အကျဉ်း[illegible]
လူတိုင်းနီးပါး ရကြမည်ဖြစ်ပါ[illegible]
အခါ၌ကား ရရုံမျှမက ရွတ်ပွားသူ[illegible]
လျက်လည်းရှိကြပါသည်။ အဋ္ဌ[illegible]
အာဂုံဆောင်မရသော်လည်း ဓမ္မ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကြီးများကိုကြည့်ရှုတ်ရှုတ်ကာ ကုသိုလ်သူနေကြ ကုသိုလ်ယူနိုင်ကြမည် ဖြစ်ပါသည်။

ထိုသို့ အကျဉ်းကိုဖြစ်စေ၊ အကျယ်ကိုဖြစ်စေ မည်သည်ကိုပင်ရွတ်ရွတ်၊ ရွတ်သည့်ပါဠိ၏အဓိပ္ပာယ်ကို အနည်းအကျဉ်းမသိမည်ဆိုလျှင် ပို၍ အကျိုးထူးမည်ဟုထင်ပါသည်။

၁။ ဟေတုပစ္စယော-အကုသိုလ်ကင်း၍ကုသိုလ်နှင့်ယှဉ်တွဲရပါစေသား။

၂။ အာရမ္မဏပစ္စယော - မျက်စိနှင့် နားသည် နိဗ္ဗာန်သို့မျက်မှောက်ပြုရပါစေသား။

၃။ အဓိပတိပစ္စယော-ရုပ်နာမ်နှစ်ပါးကို စောင့်ရှောက်ထိန်းသိမ်းရပါစေသား။

၄။ အနန္တရပစ္စယော-များလှစွာသော ကုသိုလ်တရားများကိုမျက်မှောက်ပြုရပါစေသား။

၅။ သမနန္တရပစ္စယော - ရုပ်နှင့်နာမ် အတူရှိသောတရားကိုမျက်မှောက်ပြုရပါစေသား။

၆။ သဟဇာတပစ္စယော-ရုပ်ရုပ်ချင်း၊ နာမ်နာမ်ချင်း ကင်းရှင်းစွာ သိရပါစေသား။

၇။ အညမညပစ္စယော- ရုပ်မှနာမ်သို့ နာမ်မှရုပ်သို့ ပြောင်းလဲ၍သိရပါစေသား။

၈။ နိဿယပစ္စယော - ရုပ်နာမ်နှစ်ပါးတို့၏တည်ရာကိုသိရပါစေသား။

၉။ ဥပနိဿယပစ္စယော-ရတနာသုံးပါးကို ဦးထိပ်ထားရပါစေသား။

၁၀။ ပုရေဇာတပစ္စယော - ရှေးကဖြစ်သော အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၁။ ပစ္ဆာဇာတပစ္စယော-နောက်မှဖြစ်သောအကုသိုလ်ကိုပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၂။ အာသေဝနပစ္စယော - လိုရာဆန္ဒ မရှိအောင် ပြည့်စုံရပါစေသား။

၁၃။ ကမ္မပစ္စယော - ကံသုံးပါးတို့ကို ထိန်းသိမ်းနိုင်ရပါစေသား။

၁၄။ ဝိပါကပစ္စယော - ဝဋ်ကြွေးသုံးပါးကို ပယ်ဖျောက်နိုင်ရပါစေသား။

၁၅။ အာဟာရပစ္စယော-လိုရာဆန္ဒကို ပြည့်စုံစွာ ထောက်ပံ့နိုင်ရပါစေသား။

၁၆။ ဣန္ဒြိယပစ္စယော-နာမ်ရုပ်ကိုထိန်းသိမ်းတတ်သောပညာနှင့်ပြည့်စုံရပါစေသား။

၁၇။ ဈာနပစ္စယော - သူတော်ကောင်းတရား(၇)ပါး၊ ဈာန်စဉ် (၅) ပါး နှင့်ပြည့်စုံရပါစေသား။

၁၈။ မဂ္ဂပစ္စယော - ဘာဝနာ (၂) ပါး အပေါင်းကို အာရုံပြု၍ အထွတ်အထိပ်ပညာကိုရပါစေသား။

၁၉။ သမ္ပယုတ္တပစ္စယော - သူတော်ကောင်းတို့နှင့်ပေါင်း၍ (၇) ဖြာသောတရားနှင့်တွေ့ရပါစေသား။

၂၀။ ဝိပ္ပယုတ္တပစ္စယော - သူယုတ်မာနှင့်ဝေး၍ အကုသိုလ်ကင်းရှင်းရပါစေသား။

၂၁။ အတ္ထိပစ္စယော - သမုတိနတ်၏ အရှိုက်ကို ဟုတ်မှန်စွာ သိရှိရပါစေသား။

၂၂။ နတ္ထိပစ္စယော - ပရမတ္ထ မရှိတရား၏အသိကို မျက်မှောက်ပြုရပါစေသား။

၂၃။ ဝိဂတပစ္စယော - ရေးဦးပွင့်ကုန်သောဘုရားတို့ကို မြတ်မှောက်ပြုရပါစေသား။

၂၄။ အဝိဂတပစ္စယော-ပွင့်လတ္တံ့သော ဘုရားတို့ကိုရှိခိုးရပါစေသား။

ဗုဒ္ဓ၏ဓမ္မတို့ကား ပါဠိကိုရွတ်နေရုံသက်သက်နှင့်မူ ကုသိုလ်မရမဟုတ်၊ အကျိုးမရှိမဟုတ်ပါ။ ရသင့်သလောက် ရ၍ ရှိသင့်သလောက်တော့ ရှိကြမည်သာ ဖြစ်ပါသည်။ သို့သော် အထက်တွင် ဖော်ပြထားသည့်အနက်သဘောများကို ပါဠိရွတ်ရင်း ဆင်ခြင်ပွားများသွားမည်ဆိုပါက ပို၍ပို၍ထူးကဲသော အကျိုးတရားများကို ရရှိနိုင်လိမ့်မည်ဟု ထင်ပါသည်။

ပဌာန်းတန်ခိုး အကျိုးများပုံတင်ပြရလျှင် ဆုံးအံ့မထင်ပါ။ ယနေ့မြန်မာပြည်တစ်နံတစ်လျားတွင် အသံမစဲမဟာဌာန်းရွတ်ဖတ်ပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲမျှ ကျင်းပနေကြခြင်းက ထင်ရှားသော သာဓကတစ်ခုဖြစ်၍ နေချေပြီ။

မင်းကွန်းတိပိဋကဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ပဌာန်းတရားခွေတွင် သီတိုင်ဘုရားဖူးအဖွဲ့တစ်ဖွဲ့ ပင်လယ်သမုဒ္ဒရာအတွင်း မုန်တိုင်းနှင့် ပက်ပင်းတိုးခဲ့သော်လည်း ထိုမုန်တိုင်း ဘေးကြောင့် သေရမည့်အရေးမှ လွတ်မြောက်ခဲ့ကြသည်မှာ ပဌာန်းတန်ခိုး အကျိုးကျေးဇူးပင်ဖြစ်ကြောင်း၊ မိုးလေဝသနှင့်ဇလဒေဒဉီးစီးဌာနမှ နောက်တစ်နာရီအတွင်း ရန်ကုန်မြို့သို့ မုန်တိုင်းအန္တရာယ်ရောက်ရှိလာတော့မည်ဟူ၍ ကြေညာခဲ့သော်လည်း ဆရာတော်ကြီးများ ရွတ်ဖွားသရဇ္ဈာယ်နေသည့် ပဌာန်းတန်ခိုးကြောင့်ပင် မုန်တိုင်းအန္တရာယ် စိုးရိမ်စရာမရှိတော့ကြောင်းနှင့် အခြားတစ်ဖက်သို့ ဦးလှည့်သွားပြီဖြစ်ကြောင်း ထပ်မံကြေညာခဲ့ရကြောင်း နာကြားကြရသည်တို့မှာ ပဌာန်းတန်ခိုး၏တိုင်းသိပြည်သိ အကျိုးတရားများပင်ဖြစ်ပါသည်။

စာရေးသူ တင်ပြထိုသော အဓိက အချက်ကိုဖော်ပြပါမည်။ အခြားမဟုတ်ပါ။

ဤ၌ဤမျှ တန်ခိုးကြွယ်အကျိုးတကယ်များလှစွာသော သရဏဂုံ(၃)ပါး၊ ဂုဏ်တော်(၉)ပါးနှင့် ပဌာန်း၂၄-ပစ္စည်းတို့အား သုံးမျိုးပေါင်း၍ တစ်ပါးတစ်လုံးကျနှင့် ပုတီးစိပ်သည်ရှိသော် တစ်ခေါက်ရွတ်လျှင် ပုတီး (၃၆) လုံးနှင့် သုံးခေါက်ရွတ်သော် ပုတီး (၁၀၈) လုံး (၁) ပတ်ရမည်ဖြစ်သည်။

သို့ပါ၍ (၂၇) ခေါက်ရွတ်သော် ပုတီး (၉) ပတ်ရပါမည်။

စာရေးသူ တစ်ခါတစ်ရံ အထက်ပါပုတီးစိပ်နည်းကိုသုံး၍ အဓိဋ္ဌာန်ပုတီးစိပ်လေ့ရှိပါသည်။ ဗုဒ္ဓ၏အကောင်းဆုံးသော ဓမ္မ(၃)မျိုးကို ပေါင်းစပ်ထားသော ပုတီးစိပ်နည်းဖြစ်ပါသဖြင့် အထူးခြားဆုံးသော အကျိုးထူးတရားများကို ကိုယ်တွေ့ခံစားခဲ့ရသည်မှာ ယနေ့ စာရေးသူ၏ အသက် (၆၅) နှစ်ကျော်၍ (၆၆) နှစ်သို့ပင် ရောက်ခဲ့ပါပြီ။

တစ်ခုမှာလိုသည်မှာ ဂုဏ်တော် (၉) ပါးကို ရွတ်ဆို၍ ပုတီးစိပ်ရာ၌ အရဟံအစ ဘဂဝါအဆုံး (၉) ပါးသော ဂုဏ်တော်တို့၏ရှေ့မှ 'သော ဘဂဝါ ဣတိပိ' ဟူသော ပါဠိကိုထည့်၍ 'သော ဘဂဝါ ဣတိပိ အရဟံ၊ 'သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ' စသည်ဖြင့် ရွတ်ပွားပြီး ပုတီးတစ်လုံးတစ်လုံးချသွားရမည် ဖြစ်ပါသည်။

သရဏဂုံ၊ ဂုဏ်တော်၊ ပဌာန်း အဓိဋ္ဌာန်ပုတီးစိပ်နည်းဟု ဆိုပါသည်။ စာရေးသူဘာသာ စာရေးသူထွင်၍ စိပ်သောပုတီးစိပ်နည်းမဟုတ်ပါ။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုဝန်းကျင်လောက်က ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် ငါးမျက်နှာဘုရားအခြေမှ ဘုန်းကြီးကျောင်းဝင်းအတွင်း သီတင်းသုံးနေထိုင်ခဲ့သော ရခိုင်သီလရှင်ဆရာလေး ဒေါ်ဝိရိယသိဒ္ဓိမှ စာရေးသူအား ချီးမြှင့်ခဲ့သော ပုတီးစိပ်နည်းလေးပင်ဖြစ်ပါသည်။

ဤပုတီးစိပ်နည်းအား ယုံကြည်စွာအသုံးချ၍ အဓိဋ္ဌာန်ဝင်ရင်း လိုအင်ဆန္ဒကြံသမျှ ပြည့်ဝကြပါစေဟု ဆန္ဒပြုဆုတောင်းအပ်ပါသတည်း။

ဆရာလေးဒေါ်ဝိရိယသိဒ္ဓိအား
အမှတ်တရ
မောင်စိမ့်စမ်း(သကုန်း)

www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း-ရွာသစ်)
ဝက်ရူးပြန်သူ၊ အုကျသူများအတွက် ဆေးတစ်လက်

ဆင်ချောင်းတောတိုက်ရောက်တာ (၃) ရက်ရှိပြီ။ ဒီနေ့ နတ်တော်လပြည့်ကျော် ၁၀ ရက်။ ညနေစောင်းနဂျောင်းထဲ ရေချိုးပြီး တဲပေါ် ရောက်တော့ အရှေ့တဲက မိတ်ဆွေကိုဝင်းရဲ့သမီးငယ်က သူ့အဖေရှိရာ တဲဘက်လှည့်လို့ 'အဖေရေ မြန်မြန်လာ တောဝက် တောဝက်' နှင့် တကြော်ကြော်အော်နေလေ၏။

ဒီကောင်မလေးက အိမ်ထောင်သည်။ သူ့အဖေ၊ အမေ ကူပေးနေတာ။ ချွေပြီးသား ပဲတီစိမ်းအိတ်တွေသိမ်းနေတာ ဖြစ်၏။ သူတို့အခင်း တောစပ်မှာ သူတို့ခွေးတွေ ဆူဆူညံညံဟောင်နေ၏။ ကနဦးက မျောက်ထင်နေရာမှ သူ့ခွေးတွေအကိုက်ခံရသည့်အသံကိုလည်း အတိုင်းသားကြားရ၏။

စာရေးသူတို့တဲနဲ့ဂေါက်နှစ်ကျင်းစာလောက်မှာ နီးနီးလေး။ ဒီအချိန်တဲပေါ်က ကြည်အေးမသား နီဂတိုးက စားမကိုင်ပြေးသွား၏။ ချေ့သည် တစ်ယောက်လည်းလိုက်ပြေးသွား၏။ အရှေ့တဲက ကိုဝင်းတို့မိသားစုနှင့် နီးရာငါးတဲကလူတွေ ခွေးတွေဆီ ဒုန်းပြေးကြသည်။

မိမိက တဲပေါ်မှာ တစ်ယောက်တည်း ထိုင်ချည်ထချည်နှင့် လိုက်လည်းမကြည့်ရဲ။ မကြည့်ဆို သူများအသက်သတ်မှာ ကိုယ်က အားပေးသလိုဖြစ်ခဲ့လျှင် အလိုလိုငရဲရမည်။ ဒါသိလို့မလိုက်ခြင်း ဖြစ်သည်။ တောဝက်ကို မေတ္တာတောင်ပို့မိသေး၏။

ခွေးဟောင်သံတွေ၊ လူအော်သံတွေဆူညံသွားသည်။ (၁၅) မိနစ်ခန့်လောက်ကြာတော့ အသံတွေတိတ်သွား၏။ သွားပြီ - ဝက်သေပြီဆိုတာ မိမိသိလိုက်၏။ ကိုဝင်းရဲ့ ခွေး (၅) ကောင်က တကယ့်တောလိုက်ဆရာကြီးတွေ။ သူတို့က သိုလေးမွှာ၊ မြွေဟောက်တွေတောင် ချမ်းသာမပေးချေ။

လူနှစ်ယောက် ဒယီးဒယိုင် ဝက်ထမ်းလာတာ တဲပေါ်ကအထင်းသား။ ဒီဝက်သေပါစေဆန္ဒ မိမိတွင်မရှိ။ ဝက်သေပြီဆိုတော့ လိုချင်တာတောင်းဖို့ အရှေ့တဲလိုက်သွားကြည့်တော့ မိမိပင်

တောဝက်မေရိုးနှင့်တောဝက်စွယ်

မျက်လုံးပြူး၍ အံ့သြရလေ၏။

တောဝက်ကြီးမှာ အချိန် (၅၀) နီးပါး အထီးကြီး။ ကြီးလှ၏။ ဒဏ်ရာဗရပွနှင့်သေနေ၏။ ဒါနှင့် မိတ်ဆွေကိုဝင်းအား ဝက်စွယ်နှင့်သည်းခြေပေးဖို့ တောင်းတော့ ကြည်ဖြူစွာပေးမည်ပြော၍ ဝမ်းသာမိ၏။

ဝက်မကိုင်ခင် အရင်ဆုံး ခွေးတွေဆေးထည့်ရမည်။ ခွေးလေးကောင်မှာ ဓားနှင့်လှီးထားသလို ဒဏ်ရာဗရပွနှင့် သွေးရဲရဲသံရဲရဲ ခွေးတွေအသံပင်မထွက်နိုင်ပေ။ ခွေးအတွက် ဘေးကမရှိ။ ဒါနှင့် မိမိက ခွေးမြေသင်း၊ ကြောင်နွှင်း သတိရတော့ အုတ်ခဲကျိုးအရင်ရှာ။ တောထဲဘယ်ကလာ အုတ်ခဲကျိုးရှိမည်နည်း။ ရေအိုးကွဲရှာတော့ရ၏။ အမှန့်ထောင်းခွေးတွေအား အမှန့်နှင့်သိပ်ရလေ၏။

ည (၉) နာရီကျော်ပြီ။ တောဝက်အမွေးကမာတော့ ကြာ၏။ အမွေးတွေပြောင်တော့ ဝိုက်ခွဲကလီစာတွေထုတ်တော့ ကိုင်တဲ့သူမသေသပ်၍ သည်းခြေအိတ်မရလိုက်။ တောဝက်သည်းခြေဟာ အလွန်အစွမ်းထက်ကြောင်း မိတ်ဆွေဖိုးစိုးမင်းပြောထားလို့ သိထားလေ၏။

ဝက်သည်းခြေနှင့် ရှိန်းခဲကို ကြိတ်၊ ပဲတီစိမ်းအရွယ်လုံး၊ အခြောက်လှန်း၊ တစ်ခါသောက် လေး၊ ငါးလုံး။ သွေးတိုး၊ ဆီးချိုအတွက်ကောင်းလှ၏။ တောဝက်သည်းခြေနှင့် ရှိန်းခဲအား အထုက်ပါအတိုင်း သောက်ရလျှင် တစ်ခါတည်းအမြစ်ပြတ်ကြောင်း ပြောပြဖူးလေ၏။

သူအဘွားကြီးရောဂါသူကုနေသက်သာလှပြီ၊ ပျောက်သလောက်အခုလည်း သူအဘွားကြီးအတွက် မေတ္တာလက်ဆောင်ပေးဖို့ မရလိုက်လေ။

ဒီနေ့ည ဝက်ဝမ်းတွင်းသားခဲနှင့် တဲပေါင်းစုံကအဖွဲ့တွေ တစ်ထပ်တည်းကုန်သွားသည်။ ဝက်ခေါင်းမနက်မှကိုင်မှာဆိုတော့ ပြန်ခဲ့ရသည်လင်းလို့ (၈) နာရီလောက်သွားတော့ ဝက်စွယ်ကမရှိတော့ဘူးတဲ့။ ကိုင်တဲ့သူကမသိလို့ ခွေးကျွေးလိုက်ပြီတဲ့။ ရလိုချင်သေးတော့ ခွေးတွေဆီပြေးကြည့်ရာ တစ်ကောင်နှင့်တစ်ကောင် ဝက်မြီးတွေလုနေ၏။ ခွေးတွေမောင်းလွှတ်၏။

ဝက်စွယ်နှစ်ချောင်းကကျိုးနေပြီးမေးရိုးတော့ ယူခဲ့ရသေး၏။ (၇) ရက်သားသမီးအတွက် အရေးကြုံရင်သုံးပေါ့။

ယောကျ်ားတွေအုကျရောဂါမြင်လျှင် တောဝက်အရိုးအစွယ်သွေးလိမ်း၊ သွေး၍သောက်ပါ။ ရက်အတွင်းသိသာပါသည်။ မပျောက်မချင်းလိမ်းရပါသည်။

တောဝက်အရိုး၊ အစွယ်အစအစား အပေါက်ဖောက်၊ လည်မှာ၊ လက်ကောက်ဝတ်၊ ခါးပန်းအဖြစ် ဝတ်ထားပေးပါ။ ဓာတ်ဆေးသည်။

ဝက်ရူးပြန်ရောဂါရှိသူများအစွမ်းထက်လှပါသည်။ အရိုး၊ အစားအား လက်ဖက်စားလွန်းခန့်သွေးသောပါ။ အစွယ်နှင့် အရိုးအတိုအစအပေါက်ဖောက် ဆွဲကြိုးဝတ်ထားဓာတ်မိပါသည်။ ဝက်ရူးပြန်သူအလိုလိုကင်းစင်သွားပါမည်။

ဆေးသုံးလိုသူက တောဝက်မေးရိုးနှင့် အစွယ်ကို လိုရာဖြတ်ယူစာရေးသူထံရှိပါသည်။ ခွေးလက်ဆောင်ပေးပါမည်။

စိုးမင်း(မြောက်စည်း-ရွာသစ်)

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဒရ ထူးခြားလှသည့် ရန်ကုန် (ဂ) မိုင် ပေါက်စေတီကျောင်းတိုက်မှ ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်

ရွှေချိုအောင် (ပလီ)

စာရေးသူသည် ရန်ကုန်မြို့မှ ရုပ်သေးပညာရှင်ကြီးအဘစိန်ထွန်းကြည်နှင့် အလွန်ပင်ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။ အဘစိန်ထွန်းကြည်သည် နိုင်ငံတကာ ရုပ်သေးပွဲတော်တွင် ဆုတံဆိပ်များ အကြိမ်ကြိမ်ရရှိထားပြီး မြန်မာ့ရုပ်သေးပညာဂုဏ်ထူးအောင်ပုဂ္ဂိုလ်ကြီးလည်း ဖြစ်သည်။ အဘသည် ငပလီကမ်းခြေသို့ နှစ်စဉ်ဆိုသလို ရောက်ရှိလေ့ရှိပါသည်။ အကြောင်းမှာ ငပလီကမ်းခြေဟိုတယ်များ၏ ဖိတ်ကြားချက်အရ ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်အခါ သမယ၌ ရုပ်သေးပွဲများကပြတင်ဆက်ရခြင်းကြောင့် ဖြစ်ပါသည်။ တစ်နေ့တွင် စာရေးသူအိမ်သို့ ရောက်ရှိလာရာ ဘုရားကန်တော့ပြီးနောက် ဝိဇ္ဇာခန်းရှိ ဆရာတော်ကြီးဘိုးပေါက်ဆိန်ဓာတ်ပုံကို သူလို ချင်ကြောင်းနှင့် ဘိုးပေါက်ဆိန်အကြောင်းနှင့်ပတ်သက်၍ စာရေးသူ သိရှိသမျှကို ပြောပြပါရန် တောင်းဆိုသဖြင့် စာရေးသူက ဆရာတော်ကြီး ဘိုးပေါက်ဆိန်နှင့်ပတ်သက်၍ သိရှိသမျှတို့ကို ပြန်ပြောပြလိုက်ပြီး ဆရာတော်ကြီး၏ ပုံတော်ကို ကွန်ပျူတာဓာတ်ပုံကူးဆိုင်သွား၍ ကူးယူကာ ပလတ်စတစ်လောင်း၍ မေတ္တာလက်ဆောင်ပေးလိုက်ပါသည်။

တစ်နေ့တွင် ဂျိတ္တောကျေးရွာမှ ရွှေတိုးစတိုးဆိုင်ပိုင်ရှင် မောင်သူရအောင်နှင့် မလှိုင်တို့မှ အဘကိုတွေ့ချင်သည်ဆို၍ စာရေးသူက မလှိုင်တို့၏နေအိမ်သို့ အဘစိန်ထွန်းကြည်ကိုခေါ် သွားခဲ့သည်။ ထိုအချိန်က မလှိုင်၊ မောင်သူရအောင်၊ ကိုနိုင်ကြွေတို့မှာ ပုလဲကျွန်းအရှေ့ဘက်



ပေါက်စေတီတော်အား ဖူးမြော်တွေ့ရစဉ်



ရွှေထီးတော်အနီးကပ်မြင်ကွင်း

အလိုတော်ပေါက်ဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com

သမ္မာယ်လုသော ကြေးဆင်းတုတော်

ကျောက်သလင်းဆင်းတုတော်

ဆင်ဖြူထက်မှ ဓာတ်တော်စေတီတော်


ကမ္ဘာလုံးတံခွန်တိုင်တော်

မြဘုရားရွေ့မှ ဆင်စွယ်ကြီး

ကြေးခေါင်းထောင်းတော်

ကမ်းခြေအနီးရှိ ကျောက်ဆောင်ကြီးပေါ်တွင် မြသိန်းတန်ဆုတောင်းပြည့် နဂါးရုံဘုရားကို ပြင်ဦးလွင်မြို့ရှိ ဒေါ်ရီမာ၊ ဒေါ်ချောငယ်နှင့် ဒေါ်ချောစုအပါအဝင် ခုနစ်ရက်သားသမီးများက စုပေါင်းလှူဒါန်းခြင်း ဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့၌ ဒေါ်ရီမာနှင့် ဒေါ်ချောစုတို့ ပေးပို့သည့် နဂါးရုံဘုရားပလ္လင်တော်အတွင်း ထည့်သွင်းပူဇော်မည့် ကြေးသွန်းရုပ်တုဌာပနာ၊ ရုပ်တုများ၊ ရတနာပစ္စည်းအမျိုးမျိုးနှင့်ကျောက်အမျိုးမျိုး၊ ကျောက်ဆင်းတုတော်အမျိုးမျိုးတို့ကို ပေးပို့ရောက်ရှိနေချိန် ဖြစ်ပါသည်။

ကိုသူရအောင်နှင့် မလိုင်တို့ကို ဌာပနာပစ္စည်းများကိုထားရှိရန် ဘုရားကျောင်းအနီးဝန်းကျင်ရှိ နေရာများကို သန့်ရှင်းရေးပြုလုပ်ရာ ကြေးဖြင့်ပြုလုပ်ထားသည့် ကြေးပုဆိန်တစ်လက်တွေ့ရှိရ၏။ ထိုပုဆိန်ကိုမြင်သည်နှင့် စာရေးသူက ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်ဦးဝိဇ္ဇာဓရ၏ပုဆိန်ဖြစ်ကြောင်း သိရှိလိုက်ပါသည်။ မလိုင်အား ဤပုဆိန် မည်သို့ရရှိသည်ကို မေးမြန်းသည့်အခါ မောင်သူရ၏မိခင်ဒေါ်ကြူကြူလွင်သည် ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့ရာ သူမိခင်အား ရည်စူး၍ မရမ်းကုန်းမြို့နယ် (၈) မိုင်ရှိ ဆရာတော်ကြီးဘိုးပေါက်ဆိန်၏ပေါက်စေတီကျောင်းတိုက်တွင် ဆွမ်းကျွေးအလှူဒါနပြုလုပ်ရာ ဆရာတော်ကြီး၏ အထိမ်းအမှတ်ပွဲကျင်းပပြုလုပ်သည့်အခါနှင့်တိုက်ဆိုင်နေသဖြင့် လက်ရှိကျောင်းထိုင်ဆရာတော်မှ ကိုသူရ၏ဇနီးမလိုင်အား ဝိဇ္ဇာဓရကြေးပေါက်ဆိန်အားပေးလိုက်လေသည်။ မလိုင်တို့မှာ ကြေးပေါက်ဆိန်၏အစွမ်းကို သိရှိနားလည်းခြင်းမရှိသဖြင့် ဘုရားကျောင်းဆောင်တွင် သိမ်းဆည်းထားခြင်း ဖြစ်သည်။

ရန်ကုန်မြို့မှ ရုပ်သေးဆရာကြီး အဘစိန်ထွန်းကြည်မှ သေချာစွာကြည့်ရှုစစ်ဆေးနေစဉ် ပိုင်ရှင် မလိုင်မှ 'အဘ အနေနဲ့ အသုံးတည့်ရင် ကျွန်မ အဘကို ပေးလှူပါတယ်' ဟု ဆိုသဖြင့် အဘ စိန်ထွန်းကြည်က ထိုဝိဇ္ဇာဓရလက်ကို ကျင့်ကြံအားထုတ်နေသူဖြစ်လေ ထိုပေါက်ဆိန်၏အသုံးကိုသိနေသ ကဏ္ဍာသယကြေးပေါက်ဆိန်ဖြစ်ကြော သိဒ္ဓိဝင်ပစ္စည်းဖြစ်ကြောင်း၊ ဇီဝိတ ဆေးကုသရာတွင်အလွန်သုံးဝင်ကြော ပြောပြပါသည်။ ထို့ပြင် မရမ်း မြို့နယ် Junction-8 အနီးတွင်ရှိသော ရန်ကုန်မြို့သို့ရောက်ရှိလျှင် ပေါက် ကျောင်းတိုက်သို့ သွားရောက်၍ အောင်ဖူးမြော်မည်ဟု အားခဲ သည်။ ဤသို့ဖြင့် ၂၀၁၆၊ ဖေဖော်ဝါ တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မရမ်းခြံ အ-ထ-က (-) တွင် ကျောင်းပြင်ပကလေးများပညာသင် ရေးကိစ္စဖြင့် သင်တန်းတက်ရန် အရေးကြုံလာပါသည်။

သင်တန်းပြီးသည်နှင့် လိုင်မြို့ ဦးကျော်ဝင်းကြည်အိမ်သို့ သွားခဲ့ပါသည်။ အကြောင်းကိစ္စမှာ ၏လက်စွဲတော်ကင်မရာမှ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်စေတီကျောင်းတိုက်မုခ်ဦး

ဝိဇ္ဇာရောဂိုးပေါက်ဆိပ်ရုပ်တုတော်

သံဃာကျောင်းဆောင်များ

ကျောက်မျက်စီဆရာတော်ကြီးဆင်ပုံ

ဆောင်နန်းရိပ်သာကျောင်းဆောင်

ပြောပွဲခရီးစဉ်သွားရောက်စဉ် ကမ်းခြေဒေသများသို့ လှေဖြင့်သွားရောက်ရလေရာ ကင်မရာ ရေထဲသို့ကျ၍ ပျက်စီးသွားလေသည်။ ထို့ကြောင့် စာရေးသူ၏သားမောင်ချမ်းမြေ့သူက သူ့သားကို ကင်မရာတစ်လုံး လက်ဆောင်ပေးထားရာ သုံး၊ မသုံးဖုန်းဆက်၍ မေးသည့်အခါ ဖုန်းကင်မရာခေတ်ဖြစ်၍ မသုံးတော့ကြောင်း၊ လိုအပ်ပါက လာယူစေလိုကြောင်းပြန်ရာ ခွေးမဖြစ်သူ မသက်သက်နိုင်၊ မြေးမောင်စည်သူတို့နှင့်အတူ လှိုင်တွင်ကင်မရာသွားယူ၍ လှိုင်မှ တက္ကစီငှားကာ ပေါက်စေတီကျောင်းတိုက်သို့သွားရောက်ခဲ့ပါသည်။ ကားဒရိုင်ဘာကကျောင်းမှား၍ပို့သဖြင့် အဆင့်ဆင့်မေးမြန်းစုံစမ်းကာ ပေါက်စေတီကျောင်းသို့ လမ်းသွယ်ကလေးအတိုင်းအထဲသို့ဝင်ရောက်သွားကြရပါသည်။ စာရေးသူလည်း ချက်ချင်းပင် ကင်မရာဖြင့် မှတ်တမ်းဓာတ်ပုံများကို မနားတမ်းရိုက်ယူခဲ့ပါသည်။ ဝိဇ္ဇာဓရတိုးပေါက်ဆိန်

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ရှိ ဓာတ်နန်းရှိရာကျောင်း ဆောင်သို့ သွားရောက်၍ တွေ့ရှိသည့် ဦးပဉ္စင်းအား မိမိအမည်ကို မိတ်ဆက်ကာ လိပ်စာကတ်လေးပေး၍ ငပလီမှ ဖြစ်ကြောင်း စာရေးသူကလောင်အမည်ကိုပြောပြ၍ မှတ်တမ်းဓာတ်ပုံရိုက်ကူးခွင့်နှင့် သူရဇမဂ္ဂဇင်းတွင် ဆောင်းပါးရေးသားခွင့်တောင်းခံခဲ့ရာ ဦးပဉ္စင်းက ခွင့်ပြုတော်မူပါသည်။ ဦးပဉ္စင်းထံမှလည်း ဘုန်းဘုရားကြီးနှင့် ပတ်သက်သော စာအုပ်တစ်အုပ်ဝယ်ယူခဲ့သည်။

စာရေးသူသည် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်၏ကျက်ကသရေတိုက်ခန်း ဓာတ်နန်းအတွင်းသို့ ဝင်ရောက်ကာ ဆရာတော်ကြီး၏ ရုပ်တုတော်အား ဖူးမြော်ကန်တော့ပါသည်။ ထို့နောက် ဆရာတော်ကြီးရုပ်တုတော်အားအလှူငွေ ဆက်ကပ်လှူဒါန်းပါသည်။ ဆရာတော်ကြီး၏ ရုပ်တုတော်မှာ အလွန်တရာ အသက်ဝင်လှရာ သက်တော်ထင်ရှားရှိစဉ်အခါကကဲ့သို့ ဖူးတွေ့ရပါသည်။



ဆွမ်းသပိတ်တော် ယပ်နှင့် ပန်းအလှုများ

ဘုန်းဘုရားကြီးဘုရားခန်း

အောင်မြင်ခြင်း။ အန္တရာယ်ကင်းသစ်ကွင်း

ကမ္ဘာလုံးပေါ်ရှိ ပုဆိန်နှင့်တော်ကျိရုပ်



ဆရာတော်ကြီး၏အိပ်ရာဆောင်

www.burmeseclassic.com

www.burmeseclassic.com

အောင်မောင်းတော်ကြီး

ကန်တော့ပွဲနှင့် ဒဋ္ဌပန်းပိုင်များ လှူဒါန်းထားစဉ်

စာရေးသူ ပုဂံနေစဉ်



ပေါက်စေတီမှ အောင်မောင်းတော်



ဓာတ်နန်းအတွင်းရှိ ဆင်းတုတော်များ

ထုလုပ်သည့် ပညာရှင်ကလည်း အံ့သြဖွယ်ရာကောင်းလောက်အောင် အနုစိတ်ထုဆစ်ပုံဖော်ထားသည်ကို ဝမ်းမြောက်ဝမ်းသာခံခေါ်ဆိုမိပါသည်။ ခွေးမဖြစ်သူ မသက်သက်နိုင်နှင့် မြေးလေးမောင်စည်သူတို့အား ဆရာတော်ကြီးကို ဦးချပူဇော်စေပါသည်။ ထို့နောက် ဆရာတော်ကြီး၏ဘုရားခန်း၊ ဆရာတော်ကြီးကျိန်းစက်ရာအိပ်ရာသလွန်ဆောင်စောင်း၊ ပြည်လုံးချမ်းသာမာတ်နန်းရှိ လှူဒါန်းထားရှိသည့် ပစ္စည်းအမျိုးမျိုးတို့ကိုလည်း လေ့လာ၍ မှတ်တမ်းတင်ခဲ့ပါသည်။ ဆရာတော်ကြီး၏ ကျောင်းတိုက်နှင့် ဓာတ်နန်းအတွင်းတွေ့ရှိရသည့် ဘုရားဆင်းတုတော်များ၊ မောင်း၊ ဆင်ဖြူတော်ရုပ်နှင့် အခြားသောဂန္ဓိရပစ္စည်းများမှာ စာရေးသူအဖို့ တစ်ခါမှမမြင်ဘူး၊ မတွေ့ဘူးသော ထူးဆန်းအံ့သြဖွယ်ရာဖြစ်နေပါသည်။ ထို့နောက် ပေါက်စေတီတော်တည်ရှိရာ ကျောင်းတော်အတွင်းရှိ ပေါက်စေတီတော်မြတ်နှင့်ဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူထက်မှ ဓာတ်တော်စေတီတော်

ရုပ်တုတော်အနီးကပ်ပူးပြေရင်ဆို



ပေါက်စေတီမဟာရဲ



ကြေးဆင်းရုတော်ငယ်များ

ပေါက်စေတီအဝင်ဝ ရွေ့ပန်ကာစာ

၏ရုပ်တုတော်၊ ဓာတ်ပုံတော်၊ ဘုရားဆင်းတုတော်အမျိုးမျိုး၊ ကြေးဆင်းတုတော်၊ ကျောက်သလင်းဆင်းတုတော်၊ အန္တရာယ်ကင်းအောင်မြင်ခြင်းသစ်ကွင်း၊ အဖေကြီးဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်ရုပ်တုများ၊ ထွက်ရပ်ပေါက်ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ရုပ်တုများ၊ ကျောက်စိမ်းဆင်းတုတော်နှင့် အလွန်ကြီးမားသည့် ဆင်စွယ်ဖြူဖြူဖွေးဖွေးကြီးများ၊ ကြေးခေါင်းလောင်းကြီးနှင့် လူဖွယ်ဝတ္ထုများ ကပ်လှူပူဇော်ထားသည့် ပန်းအမျိုးမျိုးတို့ကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ပါသည်။

ပေါက်စေတီတော်တွင် ပုတီးစိပ်အဓိဋ္ဌာန်ဝင်နေသူများ၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ အုန်းနှံ့သာများလာရောက် လှူဒါန်းသူများကိုလည်း တွေ့ရှိရပါသည်။ပေါက်စေတီတော်တွင်အဓိဋ္ဌာန်ပြုဆုတောင်း၍ ဆုတောင်းပြည့်သဖြင့် လာရောက် လှူဒါန်းသူများကိုလည်း တွေ့ရှိရပါသည်။ ပေါက်စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီး၏ကျောင်းဆောင်ကြီးအတွင်း ဘယ် လျှပ်စစ်မီးတထိန်ထိန်ဖြင့် တိတ်ဆိတ် ငြိမ်သက်အေးချမ်းလှပေရာ ပုတီးစိပ် အဓိဋ္ဌာန်ဝင်လိုသူများ၊ တရားရှုမှတ်သူ များအဖို့ အလွန်သင့်တော်ကောင်းမြတ် သည့်နေရာတစ်ခု ဖြစ်ပါသည်။ ပေါက် စေတီတော်ကျောင်းတိုက်အဝင်ဝတွင် ဗိသုခရေပေါက်ဆိန်နှစ်လက်ပုံတော်ကို သွင်းထုဆေားခြယ်ထားပေရာ အလွန် ဘုရားမှကျက်သရေရှိလှပါသည်။ ပေါက် စေတီအဝင်ဝရှိလက်ဝဲဘက်နှင့်လက်ယာ ဘက်အုတ်နံရံတွင် အလွန်လှပသော ဆွဲရောင်ဆေးရေးကနုတ်ပန်းများနှင့် ဆီးလှပ်သည့်ခြင်္သေ့ရုပ်တုကြီးများမှာ ဆွဲဆွဲစွဖွယ်ဖြစ်ပါသည်။ ပေါက်စေတီ ဆောက်ကျောင်းဆောင်၏ လက်ယာဘက် ခွင် ကမ္ဘာလုံးကြီးအပြာရောင်ပေါ်တွင် စံမတ်ဆိပ်တော် ခတ်နှိပ်ထားသည့်၊ အရဟံဂုဏ်တော်ကို ထွင်းထုထားသည့် ရွှေရောင်ကြက်ခြေခတ်ပုဆိန်ကြီးနှစ်လက် မှာ ခုံညားထည်ဝါလှပါသည်။ ကမ္ဘာလုံး ပေါ်ရှိ တံခွန်တိုင်ခြေရင်းတွင် ဇော်ဂျီရုပ် လေးရုပ်ကို ထုလုပ်ထားပေးရာ လက်ရာ မြောက်၍ ဝိပြင်သေသပ်လှပါသည်။ ပေါက်စေတီကျောင်းတိုက်ဝင်းအတွင်း ဆောက်လုပ်ဆဲသာသနာ့ပိဓာန်တော်ကြီး နှင့် တရားစခန်းဖွင့်လှစ်သည့် ယောဂီ ဆောင်များရှိကာ ပေါက်စေတီတွင် နှစ်စဉ် တရားစခန်းလေးကြိမ်ဖွင့်လှစ်ကာ ဓမ္မဒူတဆရာတော်များ အလှည့်ကျ ကြွရောက် တရားဟောခြင်း၊ တရားပေး ခြင်းများ ပြုလုပ်ကြောင်း သိရှိရပါသည်။ သင်္ကြန်အထူးတရားပွဲ၌ နှစ်စဉ်စုပေါင်း ရဟန်းခံရှင်ပြုဒုလ္လဘအပါး (၃၅၀)ကျော် နှင့် သီလရှင် (၁၀၀) ကျော် ပါဝင်၍ ယောဂီစုစုပေါင်း (၁၅၀၀) ကျော် တရား အားထုတ်သည်ဟုလည်း သိရှိရပါသည်။

ထို့ပြင် ပေါက်စေတီတော်တွင် နှစ်စဉ်နှစ်တိုင်း ဘုန်းဘုရားထွက်ရပ် လမ်းစံအထိမ်းအမှတ်ပွဲကို ကျင်းပရာ

ဘုန်းဘုရားကြီးပန်းချီပုံတော်

ဘုန်းဘုရားကြီးငယ်စဉ်ကပုံ

ဘုန်းဘုရားကြီးထိုင်တော်မူရုပ်တုတော်

ဘုန်းဘုရားကြီးနှင့်ဦးသုမိတ္တ

ဆရာတော်ဦးသုမိတ္တ

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဝိဇ္ဇာနှင့် ထူဝိဇ္ဇာရုပ်တုများ

ဝိဇ္ဇာနှင့် ဝိဇ္ဇာမိုရ်ရဟန်းများ

ဘုန်းဘုရားကြီးဈာတ်နန်းဆောင်

ဘဝိုးမင်းခေါင်ရုပ်တု

ဘိုးဘိုးအောင်ရုပ်တု

နယ်အသီးသီးမှ ဘုန်းဘုရားကြီး
တပည့်သံဃာတော်များကြွရောက်လာ
လေ့ရှိရာ နှစ်စဉ် ပြာသိုလဆန်း ၁၃
တွင် သံဃာတော်များအား ဝတ္ထုဒွေ
စာရေးတံမဲများကို ကပ်လှူ၍ နွေ
ဆက် ကပ်လှူဒါန်းသည်ဟုလည်း သိ
ပါသည်။ နှစ်စဉ် ပြာသိုလဆန်း ၁၃
၁၅ ရက်များတွင် ဘုန်းဘုရားထွက်
ဗုဒ္ဓပူဇနီယပွဲတော်ကို ပြုလုပ်ကျင်း
ရှိပါသည်။ ဗုဒ္ဓပူဇနီယပွဲနှင့်ဘုန်း
ထွက်ပွဲမရောက်မီ တစ်ပတ်အလို
၍ အသံမစဲပဋ္ဌာန်းဂါရုက်ဆက်
ပူဇော်ကြပါသည်။ ပြာသိုလဆန်း
နွေနံနက်တွင် ဘုန်းဘုရားကြီးအား
ထားပြီး နယ်သံဃာတော်(၃၀)ဖြင့်
အနေကဇာတင်ပွဲ ကျင်းပကာ
မေတ္တာစေတီတွင် ပန်း၊ ဆီမီး
များ ဆက်ကပ်လှူဒါန်းပြီး ပွဲ
စည်ကားသိုက်မြိုက်စည်ကားလှ
သိရှိရပါသည်။

ဘုန်းဘုရားကြီးဘိုးပေါက်

www.burmeseclassic.com

www.burmeseclassic.com

ကပ်လူးထားသည့် ကန်တော့ပွဲ



ပြည်လုံးချမ်းသာဇာတ်နှုန်း

ဆောက်မည့် ပေါက်စေတီကျောင်းတိုက်

ရွှေခြေသုံ့ရုပ်ကြွပုံ

ပေါက်စေတီအား ဖူးမြော်နေကြသူများ

ထိုင်ကျစ်လျစ်လွန်းသဖြင့် တော်ရုံတန်ရုံဖြင့် အနီးကပ်နေကြသူများပင် မသိရှိနိုင်ပဲရှိကြလေသည်။ ထို့ပြင် ဘွဲ့အမည်ကိုသာမက သက်တော်ဝါတော်ကိုပင် သိရှိသူမရှိကြချေ။ ဘုန်းဘုရားကြီးက သူတပည့်များကို ဧည့်ဟောင်းနှောင်းဖြစ်များပြောနေရင်း ရံဖန်ရံခါ အမှုမဲ့အမှတ်မဲ့လှစ်ခနဲမိန့်ကြားလိုက်သည်ကို သတိထားမိသူများက ဘုန်းဘုရားကြီး၏သက်တော်ဝါတော်ကို ရိပ်ဖမ်းသံဖမ်းမှန်းဆ၍ရနိုင်သည်ဟု ဆိုကြပါသည်။ ဘုန်းဘုရားကြီးသည် စကားပြောနေရင်းမှ တစ်ခါတစ်ရံ ကုန်းဘောင်ခေတ် နန်းတွင်းရေးရာများ၊ သီပေါမင်းအကြောင်းနှင့် ပထမဘိုးဘိုးအောင်အကြောင်းပြောလေ့ရှိတတ်သည်။

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်၏ တပည့်ရင်းဖြစ်သော ဦးဘရိုက ဘုန်းဘုရားကြီးနှင့်ပတ်သက်၍ နေ့စဉ်မှတ်တမ်းတွင် ဘုန်းဘုရားကြီး၏မွေးနေ့ဆွမ်းကပ်သည့်အကြောင်းမှတ်တမ်းတင်ထားသည်။ ဦးဘရို၏ နေ့စဉ်မှတ်တမ်းအရ ဘုန်းဘုရားကြီးသည် ၁၃၂၅ ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်၊ ၃၀-၉-၁၉၆၄ နေ့တွင် ဘုန်းဘုရားကြီး၏မွေးနေ့အလှူအဖြစ် နာဂလိုဏ်ဂူသစ္စာဝါဒီဘိုးရသေ့ကြီးကျောင်း၌ ဘုရားကြီးဆွမ်းတော်ကပ်ပြီး မုန့်ဟင်းခါးကျွေးကြောင်း၊ သစ္စာဝါဒီကျောင်းသို့ ဟင်းလေးအိုးပေးပို့လှူဒါန်းကြောင်း မှတ်တမ်းတင်ထားချက်အရ ဘုန်းဘုရားကြီး၏မွေးနေ့သည် တော်သလင်းလဆုတ်၉ရက်ဖြစ်ကြောင်း ရိပ်စားသိရှိကြပါသည်။

ဘုန်းဘုရားကြီးကိုလာဖူးကြသည့် မုံရွာနယ်ဘက်မှ လူတစ်စုသည် သူတို့

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုရေဒွမျှား ကပ်လှူထားစဉ်



မဟာရံအတွင်းမှ ရေစင်ရေသန့်ထိုးကြိုး

ရောက်ရှိချိန်၌ ဘုန်းဘုရားကြီးမှာ ဧည့်သည်များနှင့် စကားပြောခြင်းနှင့်ကြုံကြိုက်နေသဖြင့် လူအုပ်အတွင်းဝင်ထိုင်နေကြသည်။ ဧည့်သည်များစွာသည်နှင့် ဘုန်းဘုရားကြီး၏ ခြေတော်အစုံကို ဖက်၍ငိုကြွေးလေတော့သည်။ သူတို့၏ ဝမ်းနည်းစွာငိုကြွေးမှုမှာ ဘုန်းဘုရားကြီးသည် သူတို့ဆီတွင် ပုံလွန်တော်မူခဲ့ပြီး နောက် ယခု ဤနေ့ရောသို့ရောက်ရှိနေသည်ကိုမသိရကြောင်း၊ ဘုန်းဘုရားကြီးသည် ဟင်္သာတ၊ မရမ်းကုလားရွာနှင့် ရန်ကုန်မြို့ အောင်မင်္ဂလာသီဒိုကျောင်းတွင် သီတင်းမသုံးမီက မုံရွာကြေးမုံနယ် တစ်ဝိုက်တွင် သီတင်းသုံးနေတော်မူခဲ့ကာ ပုံလွန်တော်မူခဲ့ကြောင်း၊ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို တပည့်ဒါယကာများက မီးသင်္ဂြိုဟ်ခဲ့ကြောင်း ပြောသည့်အခါတွင်မှ ဘုန်းဘုရားကြီးက ထိုအရပ်ဒေသတွင် ဘယ်သူတွေ ဘယ်ဝါတွေရှိကြသေးရဲ့လား။ သူတို့မိဘ ဘိုးဘွားတွေကောရှိသေးရဲ့လား စသည်ဖြင့် သွယ်ဝိုက်သော စကားနည်းလမ်းဖြင့် ထိုဖြစ်ရပ်မှန်ကန်ကြောင်း အာရိပ်အမြွက်ပြသခြင်းပင် ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က လည်း ဘုန်းဘုရားကြီးနှင့် ပတ်သက်၍ ဆူးဆန်းသော အကြောင်းအရာတစ်ခု ပေါ် ပေါက်ခဲ့သေးသည်။ ဘုန်းဘုရားကြီးသည် ဧည့်သည်များနှင့်စကားပြောနေခိုက် ရှမ်းအမျိုးသားအဘိုးအိုတစ်ဦး ရောက်ရှိလာ၏။ သူက ခပ်လှမ်းလှမ်းရှိ လူအုပ်ထဲ ဝင်ထိုင်လိုက်ပြီး ခဏအကြာတွင် ဘေးဘီနားမှလူအချို့ကို ခပ်တိုး ပြောသည်ဟုဆိုပါသည်။ ထိုသို့ တိုး ပြောဆိုသောအကြောင်းအရာမှာ အသ (၉၀) ကျော်ပြီးဖြစ်သည့် ရှမ်းအဘိုးအို သူသည် ရှမ်းပြည်နယ် သိန်ခီနယ်မှ ပြီး ဘုန်းဘုရားကြီး၏ တပည့်နော လိုက်ကျောင်းသားကလေးဖြစ်ကြော တစ်နေ့တွင် သူတို့ ကျောင်းထိုင်ဆ တော်မှာ ပျောက်ခြင်းမလှပျောက်သွ ခဲ့ရာ မြန်မာပြည်အနှံ့ရှာဖွေခဲ့ကြကြော နောက်ဆုံးတွင် ရန်ကုန်မြို့ အောင်မင် သီဒိုကျောင်းတွင်ရှိနေသည်ဟု သတ ကြားမိသဖြင့် ယခုကဲ့သို့ လာရောက ကြောင်း၊ ဆရာတော်ကို ပြန်လည် ဆောင်သွားရန်ဖြစ်ကြောင်းပြောပြသ ဟု သိရှိရပါသည်။ ထိုအကြောင် အချို့က စိတ်ဝင်စား၍ မေးမြန်းကြ ဆရာတော်က ရိပ်စားသိရှိသွားပြီး ရှမ်းအဘိုးအိုကိုအတင်းနှင်ထုတ်ကြော ရှမ်းအဘိုးအိုမှာလည်း ငယ်ကြော ဖြစ်ခဲ့ပုံနှင့် ဘာတစ်ခွန်းမှပြန်မပြော တုန်ကန်ယင်ယင်နှင့်ပြန်သွားရှာကြော သိရှိရပါသည်။

ဟာမြို့ငြိပြန်ကုသရိယဘိုးတော ဦးထွန်းကြည်မှတ်တမ်းတွင် ဦးထွန်းကြ သည် ရသေ့ကြီးဦးသုစန္ဒီ၏ တပည့်ရ ဖြစ်သည်ဟု ဆိုပါသည်။ ရသေ့ကြီ ဘိုးသုစန္ဒီမှာ မူလက ရဟန်းတစ်ပါး ကြောင်း၊ နောက်မှ ရသေ့ဘဝသို့ပြော ကာကျင့်ကြံအားထုတ်ခဲ့ကြောင်း၊ ပထ ဆံရှည်ဆရာတော်ဦးကောဏ္ဍညထံတ ပညာသင်ကြားခဲ့စဉ်အခါက ရသေ့ကြီ ဘိုးသုစန္ဒီ၏ပညာသင်ဖက်မှာ ဦးဝိဇ္ဇာ ခေါ် ဘုန်းဘုရားကြီးဘိုးပေါက်ဆိန် သည်ဟု သိရှိရပါသည်။ ရသေ့ကြီ ဘိုးသုစန္ဒီ၏ မွေးသက္ကရာဇ်နှင့် ပ သင်ဖက်ဆိုသည့်အချက်များကို သုံး မည်ဆိုပါက ဘုန်းဘုရားကြီး ဘိုးပေါ် ဆိန်၏ သက်တော်ဝါတော်တို့မှာ မှား ခန့်မှန်းရခက်ပြီး ထူခြားအံ့ဩဖွယ် လွန်းလှပါပေသည်။

ဘုန်းဘုရားကြီး၏ ဘွဲ့တော် ဦးဝိဇ္ဇာဓရဖြစ်ပါသည်။ သို့သော် ရာ ရှင်လူတပုဂ္ဂိုလ် ဒါယကာအများတို့က ဘုန်းဘုရားကြီး ဟူ၍ လည်းကောင် ဘိုးပေါက်ဆိန် ဟူ၍ လည်းကောင် ခေါ် ဆိုကြပါသည်။ ဘုန်းဘုရားကြီး အမှတ်တံဆိပ်သင်္ကေတမှာ ပုဆိန် လက်ဖြစ်ပါသည်။ ဘုန်းဘုရား ဘိုးပေါက်ဆိန်၏ပုဆိန်မှာ အခြားပုဆ များနှင့်မတူဘဲ မေတ္တာပုဆိန်ဖြစ်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

ဘိုးပေါက်ဆိန်၊ ပေါက်ဆိန်ကိုယ်တော်၊ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန် စသည့် အမည်ကိုခေါ် ဝေါ်ကြခြင်းကား ထူးခြားချက်ရှိပါသည်။ သာမညမဟုတ်သလို ထူးခြားချက်တစ်ရပ်ရှိနေသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဘုန်းဘုရားကြီးသည် ရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ရေမဲ်းရွာတွင် သီတင်းသုံးနေထိုင်ခဲ့လေသည်။ တစ်နေ့သောအခါ တောထဲတွင် ဘုန်းဘုရားကြီးတရားကျင့်နေချိန် ဖြစ်ပါသည်။ ထိုအချိန်က ဟင်္သာတနယ်ထဲဝန်းကျင်ဒေသတွင် အကြမ်းဖက်သူများရှိနေကြပါသည်။ တောထဲတွင် တရားကျင့်နေသော ဘုန်းဘုရားကြီးကို ဆွဲသည့်အခါ ရဟန်းသံဃာဟုမထင် ကဲဘဲ သူတို့ကိုထောက်လှမ်းစုံစမ်းနေသဟု အထင်မှားကာ လူမိုက်တို့သဘာဝ စိတ်ဆိုးဒေါသထွက်ကာ ဆဲရေးတိုင်းထွာပြောဆိုနေသဖြင့် စိတ်ဆိုးဒေါသထွက်ကာ ဆဲဆိုဖြင့် ဆရာတော်ကြီးကို ထပ်၍ ထပ်၍ထုရိုက်ကြလေသည်။ လက်နက်ကိုင်လူတချို့ထဲမှ စိတ်ဆတ်ဆတ်မိုက်ခိုးရိုင်းလူငယ်တစ်ယောက်က သေနတ်ဖြင့် ဘုန်းဘုရားကြီးကို ပစ်ခတ်ပါသည်။ သို့ရာတွင် သေနတ်မှာ ကျည်ဆန်မထွက်ဘဲ တချောက်ချောက်မြည်နေပါသည်။ သားဖက်ကိုလွှဲဖယ်ပစ်ကြည့်သည့်အခါတွင် ကျည်ဆန်ထွက်ပါသည်။

ထိုအချိန်တွင် ဘုန်းဘုရားကြီးက-

"ဟေ့လူတွေ-လုပ်ကြလေ၊ ငါ့ကို လုပ်ကြစမ်း၊ မင်းတို့အလှည့်ပြီးပြီလားကွ။ ကဲ-မင်းတို့အလှည့်ပြီးရင် ငါ့အလှည့်ကွ"

ဟု ဆိုကာ အနီးရှိပေါက်ဆိန်ကိုဆွဲ၍ လူမိုက်တစ်စုကိုလိုက်ပြီးပေါက်လေတော့သည်။ ဘိုးပေါက်ဆိန်ဆရာတော်ကြီး၏ ခြောက်လှန့်ပြောဆိုကာ ပုဆိန်ဖြင့်ပေါက်ဟန်ပြုသည့်အခါတွင် လူဆိုးလူမိုက်တစ်စုသည် ခြေဖဝါးနှင့် တင်ပါး တစ်သားတည်းကျအောင်ပြေးကြလေတော့သည်။ ထိုအချိန်မှစတင်၍ ဆရာတော်ကြီးဦးဝိဇ္ဇာဓရကို ပေါက်ဆိန်ကိုယ်တော်၊ ဘိုးပေါက်ဆိန်၊ ဘုန်းဘုရား ဘိုးပေါက်ဆိန်စသည်ဖြင့် ကြည်ညိုသလို ခေါ်ဆိုကြလေတော့သည်။

ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ရောက်ရှိပြီးနောက် အောင်မင်္ဂလာသီဒို့ကျောင်းတိုက်ကို တည်ထောင်ပြီးလျှင် မွန်မာစရိယစာချဆရာတော်တို့ဖြင့် ပရိယတ္တိသာသနာတော်ကြီးကို အားပေးတော်မူခဲ့လေသည်။ ဆရာတော်ကြီး၏ ကျေးဇူးကြောင့် မွန်မာစရိယသံဃာတော်များ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့လေသည်။ ထို့ပြင် စာသင်သားရဟန်းတော်အများအပြားတို့ မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူ စသည့် ပရိယတ္တိထွန်းကားရာ ဒေသများသို့ လည်းကောင်း၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းအစရှိသည့်နိုင်ငံများသို့ ထွင်းတပည့်သံဃာတော်များကို စေလွှတ်ခဲ့သည်။ ပညာထူးချွန်သည့် တပည့်သံဃာများတို့လည်း ရဟန်းထပ်ခံကာ ပစ္စည်းလေးပါးထောက်ပံ့ချီးမြှင့်ခဲ့သည်။ ဘုန်းဘုရားကြီးသည် ပါဠိပထမပြန်စာမေးပွဲ၊ မွန်မာစရိယစာချတန်းစာမေးပွဲများ၊ တိပိဋကဓရဆွေးချေယ်ပွဲအစရှိသည့် ပရိယတ္တိလုပ်ငန်းများကို အားပေးတော်မူခဲ့သည်။

ဘုန်းဘုရားကြီးသည် သာသနာပြုလုပ်ငန်းများနှင့်ပတ်သက်၍ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုည်ရှင်နှင့် ပတ်သက်များစေတီတို့ကို ဖူးချင်စဖွယ်တင့်တယ်အောင် ပြုပြင်မွမ်းမံခဲ့လေသည်။ ဧနဖြူချောင်မုခဲ့ဦးပြာသာဒ်၊ နန်းဦးတိုက်၊ အုတ်မဟာရံတံတိုင်းသည်လည်းကောင်း၊ ဘုန်းဘုရား၏လမ်းညွှန်ချက်ဖြင့် ပေါ်ထွက်တည်ရှိလာခြင်း ဖြစ်လေသည်။ ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးများသွားလာရေးလွယ်ကူစေရန် တောင်ကလပ်မှ ပုပ္ပားရွှေဂူချောင်အထိ အလှူးတစ်မိုင်ခွဲရှည်လှားသော လမ်းသစ်ကြီးကို တပည့်ဦးဝရမဝဏ္ဏသိဒ္ဓိအား တာဝန်ပေးဖောက်လုပ်စေခဲ့၏။ ထို့ပြင် မော်တော်ဝုတ်တုတ်တောင်စေတီ၊ မုန့်ပြတောင်စေတီတို့ကို အသစ်တစ်ဖန် မွမ်းမံပြန်လည်တည်ခဲ့လေသည်။ ရွှေဂူချောင်တွင်လည်း ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်၊ ရေတန်နှင့် သိမ်တိုက်တို့ကိုလည်း တည်ဆောက်၍ သံလျက်ကားအသစ်တပ်ဆင်ပေးခဲ့လေသည်။

ပုဂံရှိ အာနန္ဒာဘုရားကြီး၊ ဖူးဘုရား၊ မင်္ဂလာရာဇာဘုရားတို့ကိုလည်း ဘုန်းဘုရားကြီးကိုယ်တော်တိုင် ကြီးကြပ်၍ ရွှေထီးတော်နှင့် စိန်ဖူးတော်တင်လှူခဲ့သည်။ တောင်တွင်းကြီးရှိ မြို့တော်ဟောင်းအနီးတွင် ပထမဘိုးဘိုးအောင်ထွက်ရပ်လုပ်ငန်းကြိုးပမ်းခဲ့သည့်ဂူတို့ဝန်းရံတည်ရှိနေသော ရွှေရောင်တော်စေတီကိုလည်း စိန်ဖူးတော်နှင့်တကွ ထီးတော်တင်ပွဲကျင်းပပေးခဲ့လေသည်။ အောင်လံမြို့ကိုးသိန်းတောင်တွင်လည်း သက်တော်ရှည်ဘုရား၊ လွမ်းစေတီဘုရား၊ ဆုတောင်းပြည့်စေတီတော်တို့ကိုလည်း ပြန်လည်မွမ်းမံပြုပြင်ပေးခဲ့သည်။ ပြည်ရွှေဆံတော်ဘုရားတွင် ဓာတ်လေ့ကားတပ်ဆင်၍ ပွင့်လှသိမ်ကုန်းကျောင်းတိုက်တွင်လည်း ကျောင်းတိုက်သစ်တစ်ဆောင်နှင့် မွမ်ခရုံကို တည်ဆောက်ပေးခဲ့သည်။

ရန်ကုန်မြို့ နာဂလိုဏ်ဂုကုန်းမြေရှိ သစ္စာဝါဒီဘိုးဘိုးကြီး၏ထွက်ရပ်စခန်းရှိ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကို ဂန္ဓကုဋိတိုက်ကြီးကို ကြီးမှူးတည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့ တောင်ဥက္ကလာပ (၅) ရပ်ကွက်ရှိ (၆) နံပတ် မြို့ဦးကျောင်းတိုက်တွင်လည်း ဝိဇ္ဇာဓရဓာသင်တိုက်ကို တည်ထောင် ဖန်တီးတည်ဆောက်ပေးခဲ့သည်။ ထို့ကြောင့် ဘုန်းဘုရားကြီး၏ အနယ်နယ်အရပ်ရပ်တွင် သာသနာပြုမှုတို့အား အံ့သြဖွယ်ရာပင် ဖြစ်ခဲ့သည်။ ဘုန်းဘုရားကြီးသည် စစ်ပြီးခေတ် ၁၃၁၂ ခုနှစ်တွင် ဟင်္သာတမြို့ မရမ်းကုန်းရွာမှ ရန်ကုန်မြို့သို့ကြွရောက်တော်မူလာပြီးနောက် စမ်းချောင်းမြို့နယ် ရွှမ်းလမ်းရှိ အောင်မင်္ဂလာသီဒို့စာသင်တိုက်ကြီးကို ထူထောင်ခြင်းဖြင့် ကျမ်းတတ်အကျော် မွန်မာစရိယစာချဆရာတော်များ များစွာပေါ်ထွက်ခဲ့ပါသည်။

ဘုန်းဘုရားကြီးသည် တပည့် ဒါယကာများ ပြဿနာအခက်အခဲနှင့် ကြုံတွေ့နေပါက အခြေအနေအချိန်အခါကိုလိုက်၍ ၎င်းနှင့်သင့်တော်မည့် အင်းပြားနှင့် အဆောင်တို့ကို ချီးမြှင့်လေ့ရှိပါသည်။ ဘုန်းဘုရားကြီးထံလာရောက် ပူဇော်သူများကိုလည်း ဣန္ဒာသယဆေးလုံးဓာတ်ပြာတို့ကို အနှံ့အနားရှိလူများအား ဝေငှပေးလေ့ရှိပါသည်။ ပေးသည့် လက်ဖွဲ့လိပ်ကလေးများကို ချီးမြှင့်ရာတွင် ဖွင့်မကြည့်ရန်နှင့် ဖွင့်ကြည့်မိက အာနိသင်ပျက်ပြယ်သွားနိုင်ကြောင်း မှာကြားလေ့ရှိပါသည်။ ဘုန်းဘုရားကြီးသည် တပည့်များ၏ အခြေအနေလိုအပ်ချက်ကိုလိုက်၍ မီးထွန်းအင်းနှင့် စကြာအင်းတို့ကို ချီးမြှင့်လေ့ရှိပါသည်။ ဣန္ဒာသယဆေးလုံးနှင့် ဓာတ်ပြာတို့မှာ အာယုဝဍ္ဎနသဘောဆောင်၍ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းတို့ကို အထောက်အပံ့ပြုသဖြင့် ကြုံလျှင်ကြုံသလို ရက်ဆက်ဆာ ချီးမြှင့်လေ့ရှိတတ်ကြောင်းလည်း သိရှိရ

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ဘုန်းဘုရားကြီး၏အရုဏ်နှင့်နဘယ်စာလုံးများ ရေးထွင်းထားသည့် ပုဆိန်မှာ ဘုန်းဘုရားကြီး၏ အမှတ်သင်္ကေတတစ်ခုဖြစ်ပါသည်။ ဆရာတော်ကြီး၏ သင်္ကေတပုံနိမိတ်မှာ သာမန်မဟုတ်ပါ။ အရဟံသည် ပုဒ္ဓ၏ ဂုဏ်တော်ကိုးပါး အနက် ထိပ်ဆုံးမှ ပထမဦးဂုဏ်တော်ဖြစ်သဖြင့် အတိုင်းမသိသော သိဒ္ဓိထူးတွေ့ရှိတယ်။ နဘယံမှာ ဘေးအန္တရာယ်မရှိခြင်းကြောင့် လိုရာသုံးနိုင်သည့် ဂ္ဂန္ဓာသဃပစ္စည်းဖြစ်သည်ဟု ဆရာတော်ဦးသုမိတ္တာဘိဝံသက ဖွင့်ဆိုမိန့်ကြားခဲ့ပါသည်။ ပုဆိန်ဆိုသည်မှာ သတ္တဗိသကျေသည်ဟုလည်းဆိုပါသည်။ နဝင်းလည်းကျေပါသည်။ ကြာသပတေးဂြိုဟ်သက်မှာ (၁၉)နှစ်၊ အင်္ဂါဂြိုဟ်သက် (၈) နှစ် နှစ်ခုပေါင်း (၂၇) ရပါသည်။ နက္ခတ် (၂၇)လုံးတစ်ပတ်ဆိုသည့် သိဒ္ဓိထူးလည်း ရှိပါသည်။ (၂) နှင့် (၇) ကို ပေါင်းက (၉) ရရှိ၍ (၉) မှာ နဝင်းဓာတ်ကိန်းပါသည်။ နဝင်းဓာတ်သည် ထာဝရရှင်သန်နေသောသတ္တိထူးရှိသည်ဟု ဘုန်းဘုရားကြီးက မိန့်မှာတော်မူကြောင်းလည်းသိရှိရပါသည်။

ဘုန်းဘုရားကြီး၏ နောက်ထပ် စိတ်ဝင်စားဖွယ်တစ်ခုမှာ ဝိဇ္ဇာဇော်ဂို ပစ်တိုင်းထောင်စုဘူးပင် ဖြစ်ပါသည်။ စုဘူး၏ပုံသဏ္ဌာန်မှာ ပစ်တိုင်းထောင် ပုံစံပင် ဖြစ်ပါသည်။ သို့ရာတွင် ဇော်ဂို ဝိဇ္ဇာကဲ့သို့ ဦးဆောင်း၊ အကျိုးနှင့်နီရဲသော အရောင်ရှိသည့် ပစ်တိုင်းထောင်ရုပ်ဖြစ်ပါသည်။ ဦးခေါင်းပိုင်းတွင် ပိုက်ဆံထည့်ရန် စုဘူးအပေါက်ပါရှိပါသည်။ တစ်ဖန် အရဟံနှင့်နဘယံရေးထားသည့် ပုဆိန်နှစ်လက်က အချင်းချင်း ကြက်ခြေခတ်လျက်ရှိပါသည်။ ပုဆိန်နှစ်လက်ကြားတွင် စကြာပုံတစ်ခုနှင့် ဝိဇ္ဇာဘဏ်ဟူသည့် စာတန်းရေးထိုးထားပါသည်။ ဝိဇ္ဇာပစ်တိုင်းထောင်စုဘူးဟု ခေါ်ဆိုပြီး ဘုန်းဘုရားကြီးက အမြော်အမြင်ကြီးစွာဖြင့် တပည့်ဒါယကာ၊ ဒါယကာမများ နေ့စဉ်ကုသိုလ်ယဖြစ်အောင် ကြဲဆပြုလုပ်ထားခြင်းဖြစ်သည်ဟုဆိုပါသည်။ ဇော်ဂို၏လက်နှစ်ဖက်တွင်ကိုင်ထားသည်မှာ လက်ယာလက်ထဲတွင် လိုတရသိဒ္ဓိရှင် တောင်ဝှေးဖြစ်၍ လက်ဝဲဘက်လယ်ထဲတွင် ပြဒါးရှင်ဆေးလုံးကို ကိုင်ဆောင်ထားသည်ဟု သိရှိရပါသည်။

စုဘူးလေးကိုစတင်၍စုသည်နှင့် ငါးပါးပဉ္စသီလုံခြုံရမည် ဖြစ်ပါသည်။ တစ်နေ့တာအသားတင်ငွေထဲမှ ဆယ်ပုံတစ်ပုံမှန်မှန်စုရမည်ဟုလည်း သိရှိရပါသည်၊ ထိုစုငွေဖြင့် ကောင်းမှုကုသိုလ်တစ်ခုခုဖြည့်လုပ်ဖို့ အဓိဋ္ဌာန်ရသည်ဟုဆိုပါသည်။ ကိုယ်သတ်မှတ်ထားသည့် ငွေကြေးအတိုင်းအတာရလျှင် ပထမအဓိဋ္ဌာန်ကြောင့် ပုဒ္ဓစေတနာဖြစ်ပေါ်ပြီး အလှူပြုလုပ်သည့်အခါ မဉ္စစေတနာဖြစ်ပေါ်ကာ အလှူအတွက်ပိတိဖြစ်ပေါ်က ပရစေတနာစိတ်ဖြစ်ပေါ်စေသဖြင့် အလွန်မွန်မြတ်ထူးခြားလှပေသည့်အစီအစဉ်အဆောင်တစ်ခုပင် ဖြစ်ပါသည်။

ရန်ကုန်မြို့ မြောက်ဥက္ကလာပမှ ဗဟိုစာရင်းအင်းအဖွဲ့ ဖွား/သေဌာနစိတ်၊ ဒုစာရင်းစာရင်းအင်းမှူး ဦးလှရွှေသည် ဘုန်းဘုရားကြီး၏ အနီးနေတပည့်တစ်ဦးဖြစ်ရာ ဘုန်းဘုရားကြီးကြွချီရာသို့ တကောက်ကောက်လိုက်ပါခဲ့ရဖူးသူဖြစ်ပါသည်။ တစ်ညတွင် ဦးလှရွှေ၏တူလေးသည် ယခင်က ညတွင် ငိုဖူးလေ့မရှိဘဲ ထိုညတလန့်၍ငိုကြွေးနေပါသည်။ ကိုလှရွှေက ဘုန်းဘုရားကြီး၏အမှတ်အသားတံဆိပ်ပါ ပုဆိန်ငယ်ကလေးကို ဘုရားသောက်တော်ရေခွက်တွင်ထည့်၍ ရေစိမ်ကာ ထိုရေဖြင့်ကလေးကိုပက်ဖျန်းပေးလိုက်သဖြင့် ကလေးမှာအငိုတိတ်၍ ကြောက်လန့်ခြင်းမရှိတော့ဟုသိရပါသည်။ ထို့ပြင် ကိုလှရွှေ၏အစ်မများ နေထိုင်သည့် မြောက်ဥက္ကလာပ ကျောက်ရေတွင်းရပ်ကွက်နေ ကိုကျော်ဆွေ-မခင်ဆွေဆွေဝင်းတို့၏ လေးနှစ်သမီးငယ်သည် ညရောက်လျှင်ငိုလေ့ရှိကာ ခဏာတာသာအိပ်၍ ဆက်ငိုလေ့ရှိသည်။ အစားအစာကျွေးသော်လည်းမစားဘဲ ကလေးငယ်မှာ ပိန်ချုံးလာခဲ့လေသည်။ မိဘများက စိုးရိမ်လာပြီး မြန်မာသမားတော်များ၊ ခေတ်မီဆေးဝါးပါရဂူတို့နှင့် ပြသစမ်းသပ်သော်လည်း ထူးခြားမှုမရှိဘဲ ညစဉ်ဆက်တိုက် ငိုနေလေ့ရှိပါသည်။ ထို့ကြောင့် ကိုလှရွှေထံတွင်ရှိနေသော ပုဆိန်လေးကို ခေတ္တငှားယူကာ ရေစိမ်တိုက်ခြင်း၊ ပုဆိန်လေးကို ပရိတ်ချည်ဖြင့်ဆွဲထားရာ သမီးငယ်ကလေးမှာ ညအခါတွင် လန့်၍မငိုခြင်း၊ နှစ်ခြိုက်စွာ အိပ်ပျော်ခြင်း၊ အစားအသောက်ပြန်စားခြင်းတို့ဖြင့် ကောင်းမွန်သွားသည်ဟု သိရှိရပါသည်။

ဘုန်းဘုရားကြီး၏အမှတ်သင်္ကေတ ပုဆိန်လေးနှင့်ပတ်သက်၍ ပေါက်စေတီဆရာတော်ဦးသုမိတ္တာဘိဝံသက အတွေ့အကြုံများကို မိန့်ကြားရာတွင် တစ်ခါက ပေါက်စေတီကျောင်းတိုက်သို့ ဒကာတစ်ဦး ကားဖြင့်ရောက်ရှိလာခဲ့သည် အပြန်တွင် ကားသော့မှာ ရှာမရ ပျောက်သွားလေသည်။ ထိုအခါ သူသည် ဘုန်းဘုရားကြီးကို အာရုံပြု ပုဆိန်လေးဖြင့် သုံးချက်တိတိပေါက် စက်နှိုးလိုက်သည့်အခါ ကားစက် အလွယ်တကူနိုးသွားကြောင်း တွေ့ သည်ဟုဆိုသည်။ ထို့ပြင် စက်မှုတက္ကသိုလ် အင်ဂျင်းစားမော်ကွန်းထိန်းဆရာကြီးတစ် သည် မြေနီကုန်း ဆန်းသီရိရုပ်ရှင်ရုံ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်သောက်နေစဉ် ပြည်လမ်းပေါ်မှ ကုန်ကား ကြီးဖြတ်သွားစဉ် ဘီးတစ်ဖက်ပြုတ်ထွက်၍ ဆရာကြီးကိုလာထိုမှန်း ဆရာကြီးမှာ သတိလစ်သွားလေသည်။ သတိပြန်ရလာသော်လည်း စကားမပြောနိုင်သဖြင့် ဦးနှောက်နှင့်အကြောတွင် ကုသသော်လည်း ထူးခြား မရှိချေ။ ဆရာကြီး၏မိတ်ဆွေ ဦးမောင်မောင်ညွှန့် (စိတ်ကိုစိတ်ဟောမည်ဗေဒင်) က ယုံကြည်လျှက် ဘုန်းဘုရား၏ ဣန္ဒာသယပုဆိန်ကို ရေစိမ်သောက်ကြည့်ပါဟု အကြံပေး ခဲ့လေသည်။ အကြံပေးသည့်အတိုင်း စမ်းသပ်သောက်ကြည့်ရာ တစ်ပတ် အတွင်း စကားပြန်ပြောလာနိုင်သည်လည်း သိရှိရပါသည်။

ဘုန်းဘုရားကြီးသည် မည်သည့် နေရာသို့ကြွကြွ လွယ်အိတ်တစ်လုံး လေ့ရှိသည်။ လွယ်အိတ်ထဲတွင် ဝတ္ထု ကြေးတစ်စုံတစ်ရာမပါရှိဘဲ ဆေးပြင်းလိပ်များသာပါလေ့ရှိသည်ဟုဆိုပါသည်။ ဘုန်းဘုရားကြီး ဘယ်နေရာကြွကြွ ငွေမပါသော်လည်း အားလုံးအဆင်ပြေ ချောမွေ့သည်ဟုဆိုကြ၏။ ကမာရွတ် ဦးဘသွန်းနေအိမ်တွင် ခေတ္တယာယီ တင်းသုံးနေစဉ် ထူးခြားသောပြဿနာ တစ်ခုရှိခဲ့ဖူးပါသည်။ ဦးဘသွန်းက ကိုတင်ထူးဆိုသည့် သားတစ်ယောက် ပါသည်။ ဘုန်းဘုရားကြီးနှင့်လည်း အလွန် ရင်းနှီးကျွမ်းဝင်ပါသည်။ ကိုတင်ထူး သည် ရေဒီယိုလိုချင်သဖြင့် မိဘများက ပူဆာရာ မအောင်မြင်သဖြင့် ဘုန်းဘုရား ကြီးကို အပူကပ်တော့သည်။ အကြိမ်ပူဆာနေသဖြင့် ဘုန်းဘုရားကြီး မနေသာတော့ဘဲ ရေဒီယိုဝယ်ရန် ဘော်လော်ကျသလဲဟု မေးပါသည်။ ကိုတင်ထူးက ကျပ်ငါးရာနီးပါးကုန် မည်ဟုပြောပါသည်။ ဘုန်းဘုရားကြီး သူ့တွင်ငွေဘယ်လောက်ရှိသလဲဟေ့ ကိုတင်ထူးက သုံးရာဘဂ္ဂရှိသည်ဟု ထ

www.burmeseclassic.com

www.burmeseclassic.com

လျှောက်လေသည်။ ဘုန်းဘုရားကြီးက သတင်းစာနှစ်ရွက်ကိုထပ်ကာ ၎င်းအပေါ်တွင် ငွေတစ်ရာတန်သုံးရွက်ကိုထပ်၍ တတ်ကြွေးဖြင့် တည်ပြီတည်းဖြစ်အောင် သုပ်ခိုင်းလိုက်သည်။ ဘုန်းဘုရားကြီးက သုပ်ပြီးသားငွေစက္ကူသုံးရွက်နှင့်သတင်းစာနှစ်ရွက်ပါအထပ်ကို လက်ဝါးဖြင့် ချောင်းခနဲမြည်အောင်ညှပ်ရိုက်လိုက်ပါသည်။ ထို့နောက် ထိုငွေစက္ကူများကို ရေဒီယိုသွားဝယ်စေပါသည်။ သူကိုယ်တိုင်မဝယ်ရဲ၍ အဖော်ဖြစ်သူကို ဝယ်ခိုင်းတာရာ အဆင်ပြေချောမွေ့စွာ ရေဒီယိုသယ်ယူရရှိခဲ့သည်ဟု သိရှိရလေသည်။

ဘုန်းဘုရားကြီးသည် ပုပ္ပားနှင့် မြင်းခြံကြားရှိ ဝဲလောင်ကျောက်ကာရွာတွင် မြင်းခြံဆီစက်သူဌေးကြီး ဦးကြွက်သည်ခဲ့သောဘုရားကိုထီးတင်ရန် ဆရာတော်ဦးသုမိတ္တာနှင့်အတူ ကြွရောက်ခဲ့လေသည်။ ထိုစေတီကို ဦးကြွက်နှင့်သားများ အစဉ်အဆက် ထီးတင်ရန်ကြိုးပမ်းမအောင်မြင်ခဲ့ချေ။ ထို့ကြောင့် ဘုန်းဘုရားကြီးထံ အပ်နှံအကူအညီတောင်းလေသည်။ ဘုန်းဘုရားကြီးက နေ့ရက်အချိန်ရွေးတာ စေတီဒေါတ်မုခ်းမုခ်တွင် ထန်းလက်မဏ္ဍပ်ထိုးစေခဲ့သည်။ ထန်းလက်ထဲမှာ ဓာတ်သဘောအရ ကိန်းဆင်ခြင်းပင် ဖြစ်သည်။ ထီးတော်တင်လျှရာ၌ မန္တလေး မာန်အောင်ဆရာတော်ဦးနန္ဒိလအားတင်ခိုင်းရာ ဆရာတော်နှစ်ဆင့်တင်စဉ် ကြိုးပြတ်ကာ ရန်ကုန်ကြီးသည် ဘုန်းဘုရားကြီး၏ ထန်းလက်ပေါ်သို့ ပြုတ်ကျလေသည်။ ဘုန်းဘုရားကြီးက ပန်းရထားကြိုးကိုပြန်ဆက်၍ ထီးတော်ကိုဆက်၍တင်စေရာ အောင်မြင်ပြီးစီးဒတ်မူခဲ့ပါလေသည်။ နေ့ည (၄) နာရီခန့်တွင် စနေအရပ်မှ လေနီကြမ်းပြင်းထန်စွာ တိုက်ခတ်ခဲ့သဖြင့် ဘုန်းဘုရားကြီးစံမြန်းသည့် ထန်းလက်တဲမဏ္ဍပ်များအား အနှောင့်အစောင်ပါပျက်စီးကုန်လေသည်။ မိတ္ထာက ဆရာတော်ကိုလျှောက်ထားထီးခိုင်းမခိုင်စမ်းကြည့်ခြင်းဖြစ်သည်ဆိုခဲ့ရှိလေသည်။ ယခင်ကထီးတော်တင်၍မရသည်မှာ စေတီအောက်ခြေတည့်တွင် ဘီလူးစောင့်နေရာ ထိုးကြိုက်သဖြင့် ထီးတော်မတင်ဖြစ်ခြင်းဖြစ်၏။ ဘုန်းဘုရားမေတ္တာဓာတ်ပို့လွှတ်၍ နေရာပြောင်းပေးလိုက်ခြင်း ဖြစ်သည်။

ဤသို့ဖြင့် ဘုန်းဘုရားကြီးဆိုခဲ့ (ခေါ်) ဦးဝိဇ္ဇာဓရအရှင်သူမြတ်သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသနာတည်ဟူသောသာသနာသုံးရပ်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပြီးနောက် ၁၃၂၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်နေ့ နံနက် (၁၁) နာရီ (၂၀) မိနစ်တွင် ထွက်ရပ်လမ်းသို့ စံမြန်းတော်မူသွားလေသည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်တွင် (၄၅) ရက်ထားကာ ခုနစ်ရက်သာသမီးများ၏ အပူဇော်ခံကို ထားရှိလေသည်။ ထိုကာလများအတွင်း ဘုန်းဘုရားကြီး၏တပည့်ဒါယကာ ဒါယကာမများမှာ ဘုန်းဘုရားကြီးရုပ်ကလာပ်မြေချမည့်ကိစ္စနှင့် ပတ်သက်၍ အကြိတ်အနယ်အငြင်းအခုံအချေအတင်ဖြစ်ခဲ့ကြလေသည်။ ကျားပျံမိသားစုက ဘုန်းဘုရားရုပ်ကလာပ်တော်ကို ပွင့်လှသိမ်ကုန်း၊ အောင်လံကိုးသိန်းတော်၊ တော်တွင်းကြီးရွှေရောင်တော်ဘုရားမှတစ်ဆင့် ပုပ္ပားသို့ပင့်ဆောင်ကာ ပုပ္ပားတောင်တွင် ဘုန်းဘုရားကြီးရုပ်ကလာပ်တော်ကို မြေချမည်ဟုအစီအစဉ်ရေးဆွဲထားရှိခဲ့သည်။ ထိုအစီအစဉ်ကို ရန်ကုန်မှဒကာ၊ ဒကာမများက ကန့်ကွက်ကြသဖြင့် တစ်ဖက်နှင့်တစ်ဖက် မကျေမနပ်ဖြစ်ကြလေသည်။ ဤသည်ကိုသိရှိသည့် ကြည့်မြင်တိုင် သဘာဝဓမ္မကျောင်းတိုက်ဆရာတော်ကြီး ဦးစိန္ဓာက ဘုန်းဘုရားကြီးအောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်တွင် (၁၆) နှစ်ကြာသီတင်းသုံးခဲ့သောကြောင့် ရန်ကုန်နေတပည့်များပေါများခြင်း၊ ရန်ကုန်မြို့တော်သည် သွားလာဆယ်သွယ်ရေးလွယ်ကူခြင်း စသည်တို့ကြောင့် ရန်ကုန်မြို့တော်မှာပင် ရုပ်ကလာပ်ကို မြေချရန် ဆုံးဖြတ်တော်မူလေသည်။

ဘုန်းဘုရားကြီး ရုပ်ကလာပ်တော် မြေချရေးအတွက်နေရာရှာကြသည့်အခါ ယခု ပေါက်စေတီတည်ထားမည့် မြေနေရာကို စုံစမ်းတွေ့ရှိခဲ့ကြလေသည်။ မြေပိုင်ရှင်မှာ စိန်ပွဲစားကြီး ဒေါ်ကျော့ရင်ဖြစ်လေရာ ဦးပရမဝဏ္ဏသိဒ္ဓိ၏ဒါယကာမဖြစ်လေသဖြင့် ဆရာတော်၏အလှူခံမှုကြောင့် လျှဒါန်းခဲ့လေသည်။ သို့ရာတွင် ငွေကြေးကြွယ်ဝသူ တပည့်ဒကာများက ဒေါ်ကျော့ရင်ကို မြေတန်ဖိုးပေးအပ်ခဲ့ကြသည်။ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်တွင် ဘုန်းဘုရားကြီးရုပ်ကလာပ်တော်ကို (၄၅) ရက် ပူဇော်ထားရှိပြီးနောက် ယခု ပေါက်စေတီတည်နေရာသို့ ပင့်ဆောင်ကြလေသည်။ ဘုန်းဘုရားကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်သည် အနုံအသက်မရှိဘဲ ပုပ်သိုးခြင်းအလျင်းမရှိသည်ကိုတွေ့ကြရသည်။ ဘုန်းဘုရားကြီးက ဆရာတော်ဦးစိန္ဓာကို အိပ်မက်ပေးသဖြင့် ရုပ်ကလာပ်တော်ကို ကျွန်းခေါင်းထဲသို့ထည့်ရန်မ,ချီသည့်အခါတွင် ရုပ်ကလာပ်တော်မှာဇောင့်တောင့်ကြီးဖြစ်မနေဘဲ မူလပကတိအတိုင်းပျော့အိနေပါသည်။ ပြောင်းရွှေ့မယူစဉ် ဗိုလ်ကြီးတစ်ဦး၏မျက်နှာနှင့်နီးကပ်သွားမိရာ ဆရာတော်ထံမှ လေချဉ်တက်လေရာ ဘုန်းဘုရားကြီးလေချဉ်နှံ့သည်သူနှာဝသို့ တိုက်ရိုက်ထိတွေ့လေရာ ကြည်ညိုနှံ့သင်းပျံ့သည်ကိုတွေ့ရှိရသည်ဟုဆိုသည်။ ဘုန်းဘုရား၏ရုပ်ကလာပ်တော်မှာ ပုပ်သိုးမှုမရှိခြင်း၊ အသားအရေများ နူးညံ့ပျော့ပျောင်းခြင်း၊ ခြေသည်း၊ လက်သည်းနှင့် မွေးညင်းများရှည်ထွက်လာသည်ကို ဖူးတွေ့ရသည်ဟုဆိုကြပါသည်။ ဘုန်းဘုရားကြီးအား တပို့တွဲလဆုတ်၁၃ရက် ၁-၃-၁၉၆၅ တနင်္လာနေ့ ညနေ (၃) နာရီ (၃၆) မိနစ်အချိန်တွင် ဂူသွင်းခဲ့ကြလေသည်။

ထို့နောက် တပေါင်းလဆန်း ၉ ရက် ၁၁-၃-၁၉၆၅၊ ကြာသပတေးနေ့နံနက် (၉) နာရီချိန်တွင် ကိုးမြောင့်ပေါက်စေတီကို ပန်ကန်ချခဲ့လေသည်။ ၁၃၂၆ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်တွင် ယာယီအာရုံခံတန်ဆောင်း ဆောက်လုပ်ပြီးစီးခဲ့ရာ နောင်တွင်အများပြည်သူပြည်သားများ ဦးဝိဂ်ပူဇော်ရာ ပေါက်စေတီတော်ကြီးနှင့် ပေါက်စေတီကျောင်းတော်ကြီးပေါ် ပေါက်ကာ စည်ပင်ဖွံ့ဖြိုးလာခဲ့လေသည်။ပေါက်စေတီကျောင်းတိုက်အတွင်း ဘုန်းဘုရားကြီး၏ ဓာတ်နန်းတစ်ခုရှိသည်။ ဘုန်းဘုရားရှိစဉ်က သုံးဆောင်ခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ပုံနှင့် မှတ်တမ်းများကိုထားရှိသည်။ ယခုအခါ ဘုန်းဘုရားကြီး၏ ဘုန်းဘုရားဓာတ်နန်းတွင် ဘုန်းဘုရားကြီးရုပ်တုတော်ရှိရာ တကယ့်သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ ထင်မှတ်ရလောက်အောင် လက်ရာမြောက်လှပေ၏။ ဘုန်းဘုရားကြီး၏ဝတ်ရုံသည့်သင်္ကန်းတော်ရုံထားရာ ရင်ဘတ်တော်တွင် ဝတ္ထုငွေများလျှဒါန်းထားသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဘုန်းဘုရားကြီး၏ ရုပ်တုတော်ခြေရင်းတွင် ငွေစက္ကူများနှင့်စုပုံနေသည့် စာရွက်များကို တွေ့ရှိရပါသည်။

ဘုန်းဘုရားကြီးအား ယုံကြည်အားကိုးသူများသည် ဘုန်းဘုရားကြီး ဓာတ်နန်းသို့ လာရောက်ရှိခိုးကာ မိမိတို့

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်မည့်ကိစ္စရပ်များ အောင်မြင်စေရန် လာရောက် တိုင်တည်လျှောက်ထားကြသည်။ အချို့က ပို၍ လေးနက်တိကျမှုရှိစေရန် စာရွက်ပေါ် တွင် မိမိတို့အလိုဆန္ဒရှိရာကိုသော် လည်းကောင်း၊ တောင်းဆိုလိုသောဆုကိုလည်းကောင်း ရေးသားကာ ဘုန်းဘုရားကြီးကို လျှောက်တင်ကြသည်ကို စာရေးသူကိုယ်တိုင် လေ့လာသိရှိခဲ့ပါသည်။ အဓိဋ္ဌာန်အောင်မြင်သူများ၊ အလိုဆန္ဒပြည့်ဝသူများ ပေါက်စေတီတွင် လာရောက်၍ ဆွမ်းဆပ်ကပ်ကြသည်။ ပေါက်စေတီကျောင်းတိုက်အတွင်း အလှူဒါနများ ပြုလုပ်ကြသည်ဟုလည်း သိရှိရပါသည်။ ပေါက်စေတီတွင် ဘုန်းဘုရားကြီး မဟတ်နန်းနှင့်ကပ်လျက် ဘုန်းဘုရား ဗိမာန်တော်ရှိပါသည်။ ဗိမာန်တော်ထဲတွင် (၆) ပေ၊ (၄) ပေအရွယ်အစားရှိ ဘုန်းဘုရားကြီး၏ မတ်ရပ်ပုံတော်ကို ရွှေပေါင်ကွပ်၍ ပူဇော်ထားရှိပါသည်။ ဘုန်းဘုရား၏ ပုံတော်ရှေ့တွင် လှူဖွယ်ပစ္စည်းများ၊ အုန်းငှက်ပျောပွဲများ မပြတ်မလပ် အမြဲဆက်ကပ်လှူဒါန်းလျက်ရှိသည်ကိုလည်း တွေ့ရှိရ၏။ ဘုန်းဘုရားကြီး၏ မဟတ်နန်းနှင့် ဗိမာန်တော်ရှိနေသရွေ့ ဘုန်းဘုရား၏မဟတ်သည် အမြဲကိန်းဝပ်နေမည်ပင် ဖြစ်လေသည်။

ဘုန်းဘုရားကြီးဦးပေါက်ဆိန် (ခ) ဦးဝိဇ္ဇာဓရအရှင်သူမြတ်ကြီး၏ ပုတီးစိပ်နည်း (၄) မျိုးရှိပါသည်။

၁။ အရဟံ ဗုဒ္ဓေါ ဓမ္မော သံဃော
(တစ်ပိုဒ်ဆုံးမှပုတီးတစ်လုံးချပါ)

၂။ အရဟံ ဘဂဝါ မေ သိဒ္ဓိ
(တစ်ပိုဒ်ဆုံးမှပုတီးတစ်လုံးချပါ)

၃။ သြောင်း နမော ဗုဒ္ဓဿ အရဟံ ကဿာသယ အကာလိကော မေ သိဒ္ဓိ
(တစ်ဗုဒ်ဆုံးမှပုတီးတစ်လုံးချပါ)

၄။ အနုဗွာဒိသေသ အသမ္ဘိန္နနိဗ္ဗာန် ဓနံ သိဒ္ဓိမံ
(တစ်ပိုဒ်ဆုံးမှပုတီးတစ်လုံးချ)
ဖြစ်လေသည်။

အထက်ပါ ဘုန်းဘုရားကြီး၏ ပုတီးစိပ်နည်းအား အပိုဒ် (၄) ပိုဒ်အနက် တစ်ပိုဒ်စီတွင် တစ်ပိုဒ်ဆုံးမှ ပုတီးတစ်လုံးစီချကာ ပုတီးပတ်ရေ(၉)ပတ်အထိစိပ်ရမည်ဖြစ်ပါသည်။ စုစုပေါင်း (၄) ပိုဒ်ဖြစ်သည့်အတွက် ပုတီးပတ်ရေ (၉×၄)=၃၆ ပတ်ရရှိမည်ဖြစ်ရာ ကိုးနဝင်းကိုက်ဖြစ်ပါသည်။

ဤပုတီးစိပ်ကို အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ပါက မိမိတို့လိုအင်ဆန္ဒများ၊ စည်းစိမ်ခမ်းသာ၊ ရာထူးဂုဏ်ထူး၊ ငွေကြေးအစရှိသည်တို့သည် မိမိတို့အတိတ်ကံများပွင့်လင်းလာ၍ အလိုရှိသည့်အတိုင်း ပြည့်စုံလိုပါက (၁) သီလဝါရမီ၊ (၂) အဓိဋ္ဌာန်ပါရမီ၊ (၃) သစ္စာပါရမီများကို ဖြည့်ကျင့်ဆောင်ရွက်ပါက ပြည့်စုံလာပါလိမ့်မည်ကို ကိုယ်တိုင်လက်တွေ့ကျင့်ကြံအားထုတ်ခြင်းဖြင့် သိနိုင်ပါသည်။

ပေါက်စေတီတော်သည် ဘုန်းဘုရားကြီး၏ ရုပ်ကလာပ်တော်ကို စေတီတော်အောင်မြေဘက်မှ ဌာပနာထားပြီး ၎င်းအပေါ်မှ ဘုရားရှင်၏ဓာတ်တော်မွေတော်များ၊ ရဟန္တာဓာတ်တော်များကိုထည့်သွင်း ဌာပနာထားပေရာ လူပုဂ္ဂိုလ်များသာမက ရဟန်းပုဂ္ဂိုလ်များပါ ဦးတိုက်ပူဇော်ရှိခိုးနိုင်သည့်ဓာတုစေတီတော်လည်းဖြစ်ပါသည်။ ပေါက်စေတီတော်ကြီးတွင် ဆုတောင်းလိုသူများသည် ဦးစွာပထမ ရတနာသုံးပါးနှင့်တကွ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ကို ကန်တော့ရပါမည်။ ထို့နောက် အနည်းဆုံး ငါးပါးသီလခံယူရပါမည်။ မိမိတတ်စွမ်းနိုင်ပါက ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့ကိုလည်း ဆောက်တည်နိုင်ပါသည်။

ထို့နောက်ဘုန်းဘုရားကြီး၏ပုတီးစိပ်နည်းအတိုင်း တစ်နေ့ကို ပုတီးပတ်ရေ (၂၇) ပတ်ရအောင် စိပ်၍ (၉) ရက်ဆက်တိုက်အဓိဋ္ဌာန်ဝင်ရပါမည်။ အထူးသဖြင့် ဘုန်းဘုရားကြီးအား ကိုယ်တိုင်တိုင်တည် လျှောက်ထား၍ ရည်စူးပြီး လှူဒါန်းအဓိဋ္ဌာန်ဝင်လျှင် ပိုကောင်းပါသည်။ တတ်နိုင်သူများက ကိုးနဝင်းကိုက် (၁၈) ရက်၊ (၂၇) ရက် စသည်ဖြင့် အဓိဋ္ဌာန်ဝင်ပါက ပိုကောင်းပါသည်။ အဓိဋ္ဌာန်ရက်ပြည့်လျှင် အဓိဋ္ဌာန်ဝင်သူက မိမိလိုချင်သောဆုကိုတောင်းဆိုနိုင်ပါသည်။ နှုတ်ဖြင့်သော်လည်းကောင်း စာရေး၍သော်လည်းကောင်း တောင်းဆို၍ တောင်းဆုပြည့်ဝပါက ဘုန်းဘုရားကြီးအား ရည်စူး၍ မည်သည့်အတွက်သော်လည်းကောင်း၊ မည်ကဲ့သို့ လှူဒါန်းမည်ကိုသော် လည်းကောင်း ကိုယ်တိုင်နိုင်သလောက် ဆုံးဖြတ်၍ အဓိဋ္ဌာန်လှူဒါန်းနိုင်ပါသည်။ ထို့နောက် (၃၁) သတ္တဝါအားလုံးတို့အား မေတ္တာပို့အမျှပေးဝေပါ။ ဤသို့ဖြင့် အဓိဋ္ဌာန်များ ပြီးမြောက်အောင်မြင်နိုင်ပါသည်။ အဓိဋ္ဌာန်ကာလအတွင်း သက်သတ်လွတ်စားရန်မလိုပါ။ သီလလုံခြုံရန်နှင့် အဓိဋ္ဌာန်သည့်နေ့ရက်၊ အချိန် မှန်ကန်အောင် မဖျက်မကွက် လုပ်ဆောင်ဖို့သာလိုသည်။

ထို့ကြောင့် မြန်မာပြည်အရပ်ရပ်ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် ရန်ကုန်မြို့သို့ ရောက်ရှိကြပါက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၆) ရပ်ကွက်၊ (၈) မိုင်လမ်းဆုံအနီး ကျိုက်ဝိုင်းဘုရားလမ်း (Junction အနီးဝယ် လက်ရှိညီနောင်ဆရာတော်များဖြစ်ကြသည့် ဆရာတော် ဦးဉာဏနှင့် ဦးပညာသီရိတို့ ဆက်ခံထိမ်းသိမ်းအုပ်ချုပ်လျက်ရှိသည့် ပေါက်စေတီကျောင်းတိုက်သို့ သွားရောက်ကာ ဘုန်းဘုရားကြီးဦးပေါက်ဆိန်၏ဓာတ်အတွင်းရှိ ဘုန်းဘုရားကြီးရုပ်တုအား ကြည်ညိုပူဇော်ကန်တော့ခြင်း၊ ပေါက်စေတီတော်အား ဖူးမြော်၍ဆွမ်းကပ်လှူခြင်း၊ ပန်း ရေချမ်း အမွှေးနံ့များ လှူဒါန်း၍ အဓိဋ္ဌာန်ပြုခြင်း စသည်တို့ဖြင့် မေတ္တာပို့သ၊ အမျှပေးဝေကုသိုလ်ယူနိုင်ကြပါကြောင်း မြတ်စေတသဒ္ဓါတရားဖြင့် ရေးသားပူဇော်လိုက်ပေတော့သည်။

ရွှေချို(အောင် (ငယ်

မှီငြမ်းကိုးကား -

၁။ ဘုန်းဘုရားဘိုးပေါက်ဆိန်ဦးဝိဇ္ဇာဓရ၏ သာသနာပြုခရီးနှင့် သူတို့အဆရာဝင်းတင့်ဦး (ကြဲခင်း) ၂၀၁၂

၂။ ဝိဇ္ဇာဓိရ်ဆရာတော် ဘုန်းဘုရားဦးပေါက်ဆိန်၏သာသနာပြုခရီးနှင့် အံ့ဖွယ်ဖြစ်ရပ်များ အောင်သြဘာ BSc (Geolo ၂၀၁၄။

၃။ ကိုယ်တိုင် လေ့လာ သွားရောက်မြော်ခြင်းမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျောနှစ်သုခ

မနေရလို့ သေကြသောအခါ



လူဘဝ၏ အရေးကိစ္စများကို အကျဉ်းချုံးကြည့်လျှင် စားဝတ်နေရေးအတွက် ဆောင်ရွက်လုပ်ကိုင်နေသမျှကိစ္စအဝဝတို့သည် အသက်ရှင်ရပ်တည်နိုင်ရေးအတွက်ဖြစ်၍ ပရဟိတဆောင်ရွက်၊ လှူဒါန်းပြု၊ သီလရှိ၊ ဘာဝနာပွားကိစ္စများကိုမူ သေရေးအတွက်ဟု ယေဘုယျမြင်ရ၏။

ထို့ကြောင့် လူအဖြစ်၌ ပြုကျင့်ဆောင်ရွက်ဖွယ်အရေးသည် နေရေးနှင့် သေရေးနှစ်ရေးရှိသည်ဆိုရမည်။ ဤနှစ်ရေး၌ ဘယ်အရေးပိုကြီးသနည်း။ သေအချာစဉ်းစားလျှင် သေရေးကပိုကြီးသည်ဟု သိနိုင်၏။ (သို့သော် အဲ့သြရာ မစဉ်းစားကြသည်သာများပါသည်။) ထိုမျှကြီးမားလှသောအရေးကို အေးအေး ခပ်ဖယ်ဖယ်ရှောင်လွှဲ၍ အချိန်ကုန်ခဲ့ပြီး မရဏာပ္ပတ္တိအခါရောက်သော် သေလောက်အောင် ပြောက်သည့်ဝေဒနာကို တွေ့ကြုံရာ၌ ဝေဒနာကို ဘယ်လိုသဘောထားရမှန်း၊ သေခြင်းကိုရင်ဆိုင်ရန်နည်းကိုမူ နည်းနည်းမှမသိသည့်အတွက် ထိုထိုရောဂါဖြစ်စေတဲ့ခါနီးမှာ ဟိုဆေးကောင်းနိုးနိုး ဒီဆေးကောင်းနိုးနိုး၊ ဟိုလူကယ်နိုးနိုး ဒီလူကယ်နိုးနိုး၊ ဟိုနိုးနိုးဒီနိုးနိုးနှင့် ကိုယ်ကျိုးကြီးနည်းကြရတော့၏။ သုဂတိရောက်နိုင်လောက်သည့် ကုသိုလ်တရားရှိသူတချို့များလည်း အနီးနေများ၏။ မသိနားမလည်မှုကြောင့် ဒုဂ္ဂတိသို့ဆိုက်ရောက်ကြရပြန်သည်။ ဤသို့ ကိုယ်ကျိုးနည်းအဖြစ်ဆိုးများ အဘယ်ကြောင့် တိုးတိုးနေရပါသနည်းဟု စဉ်းစားသော် မုချကြုံရမည့် သေခြင်းဘေးကို ကြိုတွေးကြိုပြင်ဆင်ခဲ့ခြင်းမရှိသည်တကြောင်း၊ မိတ်ဆွေကောင်းမပေါင်းမိသည်လည်းတစ်ကြောင်း၊ ဤနှစ်ကြောင်းကြောင့်ဟု အဖြေထွက်ပါသည်။ မှန်ပေ၏။ မိတ်ဆွေကောင်းသည် အလွန်အလွန်အရေးကြီးသည် မဟုတ်ပါလား။ အရေးကြီးပုံမှာ အခြားအာနန္ဒာက မိတ်ဆွေကောင်းသည် မိမိ၏ အကျိုးတစ်ဝက်မျှကို ပြီးစေနိုင်သည်ဟု လျှောက်ထားသော် မြတ်စွာဘုရားရှင်သည် -

ဤသို့မဆိုလင့် အာနန္ဒာ။ မိတ်ဆွေကောင်းသည် မိမိ၏အလုံးစုံအကျိုးကိုပြီးစေနိုင်သည်”

ဟု မိန့်တော်မူ၍ သတိပေးတော်မူခဲ့လေသည်မဟုတ်ပါလော။

ထို့ကြောင့် ဇရာဖီဗီး ဗျာဓိမရဏာနီးသူများ၏ အနီးနေ၊ သံဃာ၊ မြေး၊ မြစ်စသည့်ပုဂ္ဂိုလ်များ မိတ်ဆွေအဖြစ်ပြုကျင့်နိုင်စေရန် အဓိကရည်ရွယ်၍ မရဏာပ္ပတ္တိအခါမှာ မိတ်ဆွေကောင်းတစ်ဦးကြောင့် ကံကောင်းသွားရသူတစ်ဦးအကြောင်း ဖော်ပြလိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟိုတုန်းက ရဟန်းအမကြီးသမီး ချော်လဲ၍ မတော်ရာနား ငုတ်ထိုး၊ ပြည်တည်သည်။ရှက်၍မပြ။ ပြည်ကဝ်းဝိုက်ထဲရောက်မခံနိုင်မှ ဟသ်ာတပြန်ကုသည်။ သွေးသွင်းရမည်ဆိုတော့ အသားမည်းသူသွေးဆိုမသွင်းချင်။ အသားမည်းသွားမှာစိုး၍တဲ့။ လူနာစောင့်ကလည်း သဘောကျလှစေရမည်အပြင် မပြောတတ်။

မိမိန္နတ်မဟသာပြန်လာခဲ့သည်။ နောက်တစ်ရက် အော်ဟစ်လူးလှိမ့်ရင်းကွယ်လွန်သွားသည်တဲ့။ခန္ဓာစွဲအသေလွဲသွားပေဦးတော့ ( )ဟုသနားစုတ်သပ်ရမိသည်။ နောက်ထပ် ဆွမ်းလှူရှင် အဘွားအို ၊ အရိုးကျိုးပေါင်းရောဂါတဲ့။ သားရေပြားအပတ်နှင့် လည်ပင်းလှည့်မရ။ သားမလိမ္မာ၊ သမီးမလိမ္မာများကြားဆန်စက်ဟောင်းအမွေခွဲရေး နားမအေးနိုင်ပဲ သေချင်တယ်ညည်းရင်း သေရရှာပြန်သည်။ သုဂတိလားရန် အကြောင်းမမြင်၊ အလောင်းမြင်ရတော့လည်း ရှဲ့ရှဲ့မဲ့မဲ့။ ဒီတော့ စဉ်းစားမိရပြီ စိတ်မကောင်းဖြစ်ခဲ့ရပြီပဲ။

နောက်ရက်သိပ်မကြာ ကျောင်းဝင်းတစ်ခုထဲ အတူနေသည့် တောထွက် (အသက်ကြီးမှသက်နှံးဝတ်သူ) ဦးပဉ္စင်းအိုကြီး ဗိုက်အောင့်မခံနိုင်၍ ဆေးရုံသွားပြပါသည်။ အစာအိမ်နား အလုံးကြီးရှိသည် ခွဲစိတ်ကုလျှင်လည်း ငွေကုန်သံပြာဖြစ်ရုံသာရှိမည်။ အသက်ရှင်လမ်းက သိပ်မရှိနိုင်ပါတဲ့။ ကျောင်းပြန်လာခဲ့သည်။ ဘုရားကျောင်းဆောင် အလိုလိုပြုတ်ကျသည်။ အိပ်မက်တွေလည်း မကောင်းဟု အားငယ်ရှာ၏။ သမီး အငယ်မနှင့် မြေးအကြီးကလေးက ကျောင်းအလာပိုစိပ်လာသည်။ ဆေးသီးနှံတစ်ခုခုလှူရုံး စကားဖောင်တတ်ကြသည်။ ပြောကြသည်က လူမှုအရှုပ်အထွေး စိတ်မအေးချမ်းဖွယ်များသာဖြစ်တော့သည်။

သမီး၊ မြေး၊ တစ်ဦးဦးလာလျှင် သူမှာပျော်၍ မလာလျှင်မျော်နေပြီး မျှော်၍မှမပေါ် လျှင် ရွာထဲလှမ်းအော် လူကြုံမှာလွှဲရှိသည်။ အရွယ်က ခုနစ်ဆယ့်ရှစ်နှစ်ရောဂါက ပိုပိုဆိုး အထိုင်အထပင်မခို့အောင်နာသည်။ မောသည်ကြောင့် အမြဲညည်းညူနေတော့သည်။ မရဏနီးပြီတည်း။ သည်လိုပုံနှင့်ဆို သုဂတိပျံတော်ပျံမှဖို့ရာထက် ဒုဂ္ဂတိနိုးတော်မူဖို့ရန်သာမြင်ယောင်၏။ မဖြစ်မဖြစ် ရှေးက အနေဝေးများ အခြေမသင့်၍ အသေမတင် အဖြစ်များကန္တေးနေဆဲ။ ယခုတ် အနေနီး သေခါနီး စောင့်ရှောက်သင့်သည်တွေး၍ မေးမိပြောမိရပြီပဲလေ။

"အရှင်ဘုရား၊ ရောဂါဝေဒနာကဆုတ်သလား၊ တန့်သလား၊ တိုးများနေလားဘုရား"

"တိုးတာကတော့ ကိုယ်တော်ရယ် မခံနိုင်တော့ပါဘူး နေ့လား၊ ညလားပါပဲ"

"ဒီလိုဆို အရှင်ဘုရား ကိုယ့်ခရီး ကိုယ်တွေး။ ဆွေချမယ့်အရေးမှန် သမျှ ဖယ်ခွာထားသင့်ပြီပေါ့ဘုရား"

"ဘာတွေဖယ်ခွာရမှာလဲ ဘုရား" တည့်တည့်မေးတော့ တည့်တည့် ဖြေခွင့်ရှင်းခွင့်ရလေပြီမို့။

"တပည့်တော် မေးရပါစေ။ ကိုယ် ချစ်တဲ့သူနဲ့ ကိုယ်မုန်းတဲ့သူ ဘယ်သူက ဒုက္ခပိုဖြစ်စေနိုင်တယ်လို့ ထင်မိပါသလဲ ဘုရား"

"မဖြေတတ်ပါဘုရား"

"ဒါဆို တပည့်တော် ဥပမာတစ်ခု ပြောပြပါ့မယ်။ တစ်သက်လုံး သီလမြဲပြီး လက်ရောက်နိုင်သမျှ အလှူဒါနနဲ့ ပျော်မွေ့ခဲ့တဲ့ အဘိုးကြီးဟာ သေခါနီးမှ ဟဲ့တဲ့ကလေးလိမ့်ကျမယ်ဆိုတဲ့အသံကြားပြီး မြေးလေးဆီစိတ်ရောက်လို့ အိမ်နောက်သစ်ပင်မှာ ပြိတ္တာဖြစ်ခဲ့ရသလိုပါ။ ဟိုတုန်းက တပည့်တော်နဲ့ရင်းနှီးတဲ့ မင်္ဂေးဆိုတဲ့ အမျိုးသမီးဟာ သဘောထားလည်းကြီးသလို ဒါန၊ သီလ၊ ဘာဝနာအဘက်ဘက်ကလည်းရှိပြီမို့ သေပြီးတော့ ဗိမာန်ပေါက် သုဂတိရောက်ပြီးလို့ စိတ်ချနေတာ။ သားလေး သတိရလို့ပါလို့ ပူးကပ်ငိုယိုပြောကာမှ ဒုဂ္ဂတိမှန်းသိကြရ အံ့သြကြရတာ ကိုယ်တွေ့ပါဘုရား"

"သဘောပေါက်ပါပြီ ဘုရား"

ဟု ဆို၍ နောက်တစ်နေ့ မြေးနှင့် သမီး လာပြီးချက်ချင်း ပြန်ဖြစ်ပြီးမို့ အားတက်၏ပြောရပြန်သည်။

"သား၊ သမီး မြေး မြစ်တွေက ဗဟိဒ္ဓ (အဝေးယ်) ဆွေချတွေပါ ဘုရား။ အဖျတ္တဆွေချတွေကလည်းရှိပါသေးတယ်။ ဒီဆွေချတွေကိုပါ ဖယ်ခွာနိုင်မှ ရောဂါဒဏ်ခံနိုင်၊ ဒုဂ္ဂတိကျော်နိုင်ဖြစ်မှာပါ ဘုရား"

"မှန်ပါ ဘယ်လိုဖယ်ခွာရမှာလဲ ဟောပေးပါ။ တပည့်တော်လိုက်နာပါ့မယ် ဘုရား"

တောထွက်ဦးပဉ္စင်းအိုကြီးဟာ ပဋိယတ်လည်း မသင်နိုင်ခဲ့ရှာ။ ပဋိပတ်လည်းမဟုတ်ခဲ့။ လောကီကိစ္စ ပုတီးလောက်နှင့် အချိန်ကုန်ခဲ့ပြီး နောက်အပေါက်ဝကျမှ ကောက်ရိုးတစ်မျှင်းရှာသည်ကို ကရုဏာသက်ရ၏။ ဆွေကောင်းမှန်းသိ၍ပင် တော်နေပြန်သည်တရားဆို နားမတိုးမှာ စိုးရိမ်ရသည်။

"စဉ်းစားဝေဖန်နိုင်ဖို့ အခိုက်လက်ဦးထားပြောပါမည် ဘုရား"

"မှန်ပါ့"

"အရှင်ဘုရားရဲ့ ဒီကြောင်အိမ်ကြီးဘာတွေရှိပါလဲဘုရား"

"ငှက်ပျောသီးရယ်၊ ကိတ်မုန့်ရယ်အင်း ဘီစကစ်ရယ်ရှိပါတယ်ဘုရား"

"နောက်ထပ်ကောဘာရှိသေးသလဲဘုရား"

"အင်း - အောက်ထပ်မှာ ပန်းကန်တွေ၊ ဇွန်းတွေရှိတာပေါ့ ဘုရား"

"ဘာလို့သိတာလဲဘုရား"

"အင်း-တပည့်တော်ထည့်ထားခဲ့ပါ"

"ဟုတ်ပြီ ဘုရား။ နောက်တစ်ခုပေါ့ လူဝတ်ကြောင်ဘဝဆောက်ခဲ့တဲ့ အိမ် ထုပ်၊ လျောက်၊ ဒိုင်း၊ မြား ဘာနေရာမှာ ဘာရှိတယ်သိတယ်မေးပါဘုရား"

"မှန်ပါ့ - သိပါတယ်"

"ကိုယ်တိုင်ဆောက်ခဲ့တော့သိပေါ့နော်"

"ဟုတ်ပါတယ် ဘုရား"

"ဒါဆို ဒီသဘောခန္ဓာကို လည်း စဉ်းစားကြည့်ရအောင်ပါ။ ကိုယ့်ခန္ဓာကိုယ်ဘယ်ကစဘယ်လိုတည်ဆောက်ထားတယ်၊ ခန္ဓာထဲဘာတွေထည့်ထားတယ်ဆိုတာ ဘုရားဟော၊ သူများမကြားဘူးဘဲ သိရဲ့လားဘုရား"

"မသိပါဘုရား"

"ကိုယ်တွင်းအင်္ဂါတွေထည့်တိုင်တည်ဆောက်ခဲ့တာမဟုတ်လို့ ဘုရားဆိုတဲ့ အဖြေထွက်လာတာပါဆိုလွဲပါ့မလားဘုရား"

"ဒါက ရုပ်ခန္ဓာ၊ နာမ်ခန္ဓာလည်း စဉ်းစားကြည့်ပါ။ အခုသိနေတဲ့ (နာမ်ရည်ရွယ်၍ အသိကို ဦးတည်သည်) ဒီအသိစိတ် ဘယ်အချိန်ကစသိလို့ ဘယ်နေရာမှာတည်ရှိနေဆိုတာ ကိုယ့်ဘာသာသိနိုင်ရဲ့လားဘုရား"

"မသိနိုင်ပါဘုရား"

"ဒီလိုဆို ဒီရုပ်၊ ဒီနာမ်တွေဘယ်ကစဖြစ်မှန်းမသိ၊ ဘယ်နေရာမှန်းလဲမသိနဲ့ ကိုယ်တည်ဆောက်တာမဟုတ်၊ ကိုယ့်ပစ္စည်းမဟုတ်တာ ပေါ်လွင်နေတာတွေ့

www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါ"

"ဒီနေရာထိ ကြုံစည်သိကြ အပြီးမှာ ဖန်ဆင်းရှင်ဝါဒတွေ တိတ်ထွင်ဖြစ်ပေါ်လာတာထင်ပါရဲ့ဘုရား။ ဒါပေမယ့် အရှင်ဘုရားတို့၊ တပည့်တော်တို့က ပဋိစ္စသမုပ္ပာဒ်သင်ထားတော့ ကံ ပြုလုပ်ထားတဲ့ကံဖြစ်စေတဲ့ နာမ်ရုပ်အစုပဲဆိုတာသိထားတော့ တော်သေးတာပေါ့ဘုရား"

"မှန်ပါ"

"ဟုတ်ပါပြီတဲ့။ ကံပြုလုပ်တဲ့ဒီနာမ်ခွဲ ဘယ်လိုရပ်တည်ဘယ်လိုဖြစ်တတ်သဲ့။ ရှေ့ဆက်သုံးသပ်ကြည့်မယ်ဆိုရင် အကြောင်းပေါင်းများစွာကို မှီခိုရပ်တည်နေရတယ်ဆိုတာ တွေ့နိုင်ပါတယ်နော်"

"မှန်ပါ"

"ကိုယ်ထဲက အဆုတ်ပျက်လည်းသေ၊ နှလုံးပျက်လည်းသေ၊ အစာအိမ်ပျက်လည်းသေ၊ အခြားအင်္ဂါအစိတ်အပိုင်း တစ်ခုချင်းစီကိုလည်း ပျက်ဖို့ မှီခိုနေရသလို အပြင်ဘက်ကလည်း အစာမှီရ၊ ရေမှီရ၊ နေမှီရ လေမှီရ အခြားအကြောင်းများစွာ မရေမတွက်နိုင်အောင် မှီခိုနေရပြီး တစ်ခုလောက်ပျက်တာနဲ့ ပျက်စီးတတ်လို့ ပျက်စီးဖို့လမ်းအင်မတန်များပါတယ်။

ဒါကြောင့် ကံစိတ်၊ ဥတု၊ အာဟာရဆိုတဲ့ မှီတည်နေရတဲ့ ခန္ဓာတွေဟာ အားနွဲ့လွန်း၊ ပျက်စီးလွယ်လွန်းလို့ နှင်သန်ရပ်တည်နေပုံက အပ်ဖျားပေါ်မှာ ထင်နေတဲ့ မုန်ညင်းစေ့လိုပါပဲလို့ မြတ်စွာဘုရားရှင် ဟောတော်မူခဲ့တယ်မဟုတ်လားဘုရား"

"မှန်ပါ"

"ပြီးတော့ သန်မာနုပျို (၁၆)နှစ်ဆိုတဲ့အရွယ်က ဆံဖြူ၊ သွားကြွေ၊ မျက်စိမှုန်၊ ခါးကိုင်းနဲ့ အိုမင်းမစွမ်းအဖြစ်ကို ရောက်လာရတယ်။ ဒီလိုအိုလာတာကိုယ်အိုချင်လို့လား၊ သူဟာသူအိုလာတာလားဆိုတော့ သူဟာသူအိုလာတာဖြစ်တယ်လား ဘုရား"

"မှန်ပါ"

"အိုပြီးအစာအိမ်အနာပေါက်လာတာကော ကိုယ်နာချင်လို့လား။ သူဟာသူ နာလာတာလား ဘုရား"

"သူဟာသူနာလာတာပါဘုရား"

"နာရောကနောက် သေသွားရင်လား ကိုယ်သေချင်လို့လား၊ သူဟာသူသေတာလားဘုရား"

"သူဟာသူသေတာပါဘုရား"

"ကြောင့် - ဒါဆို ဒီခန္ဓာတွေက ကိုယ့်သဘောတစ်ခုမှမပါဘဲ သူသဘောသူဆောင်သူလမ်းစဉ်သူသွားဖြစ်နေတာပေါ့နော်"

"မှန်ပါ"

"ဒါကြောင့် သူ့ရောဂါ သူ့အနာကို ကိုယ့်ရောဂါ ကိုယ့်အနာ မလုပ်သင့်ဘူးဆိုတာ သဘောနေပြီပေါ့"

"မှန်ပါဘုရား"

"ဒါက ရုပ်ခန္ဓာမို့ထင်ရှားတယ်။ နာမ်ခန္ဓာကတော့ မထင်ရှားဘူး။ ဒါကြောင့် နာမ်-ဓမ္မမှာ ငါထင်တဲ့ဒိဋ္ဌ-အကပ်များတယ်ဆိုပါတယ်။ နာမ်ခန္ဓာလည်း သူသဘောသူလမ်းစဉ်ပါပဲလေ။ နာမ်ကတော့ စောင့်ကြည့်မှ ကိုယ်တိုင်သိရမယ့်သဘောမျိုးပေါ့ဘုရား"

"မှန်ပါ၊ ဘယ်လိုစောင့်ကြည့်ရမှာလဲဘုရား"

"စောင့်ကြည့်ဖို့ အစဦးဆုံး စိတ်ငြိမ်သက်တည်ကြည်အောင်လုပ်ရပါတယ်။ စိတ်ကိုတစ်နေရာတည်းစူးစိုက်ထားရပါတယ်။ စူးစိုက်ထားနည်းအမျိုးမျိုးရှိပြီး အများအားဖြင့်တော့ ပြုလွယ်မြင်လွယ် နှာသီးဖျားမှာ စူးစိုက်ထားပါတယ်။ ရှူသွင်းတဲ့ဝင်လေ၊ ရှိုက်ထုတ်တဲ့ထွက်လေက နှာသီးဖျားကိုထိထိသွားပါတယ်။ အဲဒီလေထိတဲ့နှာသီးဖျားကလေးမှာပဲ စိတ်ကို အတန်ကြာအောင်ထားနိုင်ပြီဆိုရင် ငြိမ်သက်တည်ကြည်လာပါပြီ။ နိမိတ်လည်းထင်လာတတ်ပါတယ်။ နောက်တော့ ငါမဟုတ်တဲ့နာမ်ဓမ္မရဲ့သူသဘောသူဆောင်သူလမ်းစဉ် သူသွားနေတာတွေ့(ခဏာမစဲတဖွဲဖွဲဖြစ်ပျက်နေတာတွေ့) အသေအချာတွေ့ရတာပေါ့ဘုရား"

"သူလမ်းဘယ်လိုပုံစံသွားတာလဲ နည်းနည်းရှင်းပြပါဦး ဘုရား"

ဖြေသူထက် မေးသူကပိုမောပြီမို့ ခဏနားပြီး မောသံရောသံများနှင့်ဆက်ပြောရပြန်သည်။

"မှန်ပါ၊ တပည့်တော် နောက်ထပ်ရှင်းပြပါဦးမယ်ဘုရား။ ရုပ်နှင့်နာမ်၌ ရုပ်ကမသိ နာမ်ကသိ၊ ရုပ်ကမခံစားတတ် နာမ်ကခံစားတတ် ဒီလိုမဟုတ်လားဘုရား"

"မှန်ပါ"

"နာမ်သာမရှိရင် ရုပ်က သစ်သားတုံးလိုဖြစ်နေမှာပဲပေါ့"

"မှန်ပါ"

"ဒီတော့ ရုပ်ခန္ဓာကိုချန်ပြီး ကျန်တဲ့ခံစားတတ်တဲ့သဏ္ဌာ၊ မှတ်သားတတ်တဲ့သဘော၊ ပြုပြင်တတ်တဲ့သဘော၊ သိတတ်တဲ့သဘော အားလုံးက နာမ်တရားချည်းပဲမဟုတ်လား"

(ခန္ဓာငါးပါး-ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါး)

"မှန်ပါ"

"နာမ်တရားတို့မည်သည် တစ်ချိန်တည်း တစ်ပြိုင်တည်း နှစ်ခုပြိုင်မဖြစ်ဘူး။ တစ်ချိန်မှာတစ်ခုသာဖြစ်နိုင်တယ်လို့ နာကြားဖူးတယ်မလား ဘုရား"

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား"

"ဒါဆို ဝင်လေ၊ ထွက်လေကို ရှုမှတ်နေတဲ့ နာမ်တရားဖြစ်ပေါ်နေခိုက်မှာ (နာကျင်ခြင်း) ဝေဒနာဆိုတဲ့ နာမ်တရားက တစ်ပြိုင်နက် တစ်ချိန်တည်းဖြစ်ပေါ်နိုင်ပါ့မလား ဘုရား"

"မပေါ်နိုင်ပါဘုရား"

"ဒီဖြစ်ပုံဆို သမာဓိဖြစ်သလောက် နာကျင်ခြင်းဝေဒနာပျောက်နေမှာ မလွဲဘူးပေါ့"

"မှန်ပါ"

"ဒါက အမှန်တကယ် တရားအားထုတ်ရင် ဦးဆုံးရမယ့် အကျိုးတရားပေါ့။ (စကားညှပ် - ဝိပဿနာအကျိုးကျေးဇူးများ ရေး၍ပြောချင်ကုန်မည်မဟုတ်ပါ။) နောက်တော့ ရုပ်နာမ်တွေရဲ့ သူသဘောသူဆောင် သူလမ်းသူသွားဖြစ်နေတာ မြင်ရတော့ ငါမဟုတ်၊ ငါဥစ္စာမဟုတ်တဲ့ ရုပ်နာမ်သဘောတရားသက်သက်ပဲလို့ ငါစွဲကွာသွားတော့တာပါပဲ"

"ငါစွဲကွာပြီးနောက်ကောဘုရား"

"ငါစွဲကွာပြီး ငါ၊ ငါဥစ္စာလို့ မသိမ်းပိုက်တဲ့နောက်တော့ ဓမ္မအလိုဆောင်ယုံသွားပြီး အဖျိုတွင်ဆွဲချတွေက လွတ်လို့ နိဗ္ဗာန်ချမ်းသာမြတ်အထိ တွေ့နိုင်၊ ရနိုင်ခွင့်ရှိပြီးပေါ့ ဘုရား။ ဒီနည်းနဲ့ ဒီလမ်းမအပေါ် မချော်ဘဲတည့်တည့်သွားရင် လမ်းဆုံးတော့ရွာတွေ့ဆိုသလို ဧကန်မုချတွေ့မယ်၊ ရမယ်ဆိုတာ အဂ္ဂသာဝကဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးက ဒီဂါထာတွေနဲ့ ညွှန်ပြပေးတော်မူခဲ့ပါတယ်။

ထေရဂါထာပါဠိတော်

၁။ သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂံ ဥသုနာ ယထာ
ယေ ပဿန္တိ သမာဓိံ၊ ပရတော နောစ အတ္တတော။

၂။ ယေ စ ပဿန္တိ သဒ္ဓါရေ၊ ပရတော နောစ အတ္တတော။
ပစ္စတ္တမေဝ နိပုဏာ၊ ဝါလဂ္ဂံ ဥသုနာ ယထာ။

၁။ **အာဝုသော** - ငါ့ရှင်တို့၊ ယော -

www.burmeseclassic.com

www.burmeseclassic.com

ရေစကြိုမြို့က ဂုဏ်ယူစရာ ဦးချင်းကျောင်းတော်ကြီး

ကိုတင်လှိုင်(မိတ္ထီလာ)

ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ် (၃) ရပ်ကွက်တွင် အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်ရှိ၏။ မြန်မာနှစ် ၁၂၀ ပြည့်နှစ်တွင် မင်းတုန်းမင်းတရားကြီး၏စာရေးတော်ဝန်ဖြစ်သော ရေစကြိုတိသား ဦးခဲသည် အောင်မြေသာယာကျောင်းကြီးအတွင်းတွင် 'အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်' ကို သံဃာတော်များ ထိုင်းအတွက်လုပ်ပြီး ဆယကဆရာတော်ဦးဝရသမ္ဘောမိအား ဆွမ်းတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့သည်။

အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်တွင် အောက်ပါ ဆရာတော်များ သီတင်းသုံးတော်မူခဲ့ကြသည်။ ဦးဝရသမ္ဘောမိ၊ ရေစကြိုမြို့နယ်၊ ချောင်းဆုံဇာတိ။ ဦးဂန္ဓိသာရ၊ မြိုင်မြို့နယ်၊ ညောင်ပင်ရွာဇာတိ။ ဦးစာရိန္ဒ၊ မြောင်မြို့နယ်၊ ငါးပယ်ရွာဇာတိ။ ဦးဝိလာသ၊ မြောင်မြို့နယ်၊ ငါးပယ်ရွာဇာတိ။ ဦးရဇိန္ဒိ၊ မြိုင်မြို့နယ်၊ ထုံးမရွာဇာတိ။ ဦးသုဒဿန၊ ဆားလင်းကြီးမြို့နယ်၊ သန်းပုရွာဇာတိ။ ဦးဓာတာဝိဒ၊ ရေစကြိုမြို့နယ်။

ကြီးသည် အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်တွင် စာသင်စာချသီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာနှင့် ပရိယတ္တိ၊ ပဋိပတ္တိနှစ်မျိုးလုံးတော်မူကြသော သာသနာပြုဆရာအကျော်အမော် ရေစကြိုဆရာတော်သာသနာတော်သမိုင်းတွင် ထင်ရှားတော်မူခဲ့ကြသော ဆရာတော်များ ဖြစ်သည်။

ယခုအခါ ခုနှစ် ရတနာပုံနေပြည်တော်သစ်ပေါင်းနှစ်စဉ်ခိုက်တွင် အောင်မြေသာယာကျောင်းတိုက်၏ ဦးစီးပဓာနဆရာတော် ဦးဂန္ဓာရတိုက်တွင် (၁၃) နှစ်သားအရွယ်ကတည်းက တပည်ခံယူတော်မူနေထိုင်သည့်မောင်ချင်းသည် ဆရာတော် ဦးဂန္ဓာသာရအား အောက်ပြည့်အောက်ရွာတွင် စီးပွားရှာသွားရန် လျှောက်ထားသည်။ ဆရာတော်က တပည့်ဖြစ်သူ မောင်ချင်း၏ စိတ်ထားကောင်းမွန်မှု၊ ကြိုးစားအားထုတ်မှု၊ ရိုးသားမှုတို့ကိုသိတော်မူ၍ မလွဲမသွေကြီးပွားတိုးတက်မည့်ကလေးဖြစ်မည်ကို မြင်တော်မူ၍ ဆုံးမသွန်သင်ပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို မမေ့မလျော့ရွန်နှင့် အခိုင်ရတိုင်း ဝတ်မဟုတ်စေဘဲ ရွတ်ဖတ်ပူဇော်ရန် ဂုဏ်တော်တစ်ပုဒ်ကို ချီးမြှင့်တော်မူသည်။

ဂုဏ်တော်မှာ

ဩကြောင်းနမောဗုဒ္ဓါသ
ဣတိပိသောဘဂဝါ
ဗုဒ္ဓေနိဝါသစက္ခုဉာဏ်
ဗုဒ္ဓံသရဏံဂစ္ဆာမိ
အရဟံသမ္မာသမ္ဗုဒ္ဓေါ
ဒိဗ္ဗစက္ခုဉာဏ်
ဓမ္မံသရဏံဂစ္ဆာမိ
ဝိဇ္ဇာစရဏသမ္ပန္နော
သုဂတောလောကဝိဒူ
အာသဝက္ခယစက္ခုဉာဏ်
သံဃံသရဏံဂစ္ဆာမိ
အနုတ္တရောပုရိသဒမ္မသာရထိ
သတ္ထာဒေဝမနုဿာနံ
ဗုဒ္ဓေါဘဂဝါတိ။ ။

ဟူသော ဂါထာတော်ကြီး ဖြစ်သည်။

မောင်ချင်းသည် ဆရာတော်ကြီး ချီးမြှင့်လိုက်သော ဣန္ဒာသယဂုဏ်တော်ကို အမြဲမပြတ် ရွတ်ဆိုပြီး အောက်ပြည့်အောက်ရွာ ဖျာပုံနယ်တွင် လယ်ကူလီအလုပ်ကို မပြတ်ကြိုးစားလုပ်ဆောင်သည်။ မောင်ချင်းသည် လုံ့လ၊ ဝီရိယ၊ ဇွဲတို့ဖြင့် လယ်ကူလီအလုပ်ကို ကြိုးစားလုပ်ဆောင်ရာ အသက် (၂၀) အရွယ်တွင် ဖျာပုံသူ လယ်ပိုင်ရှင်သမီး မလှဝင်းနှင့် အကြောင်းဆက်ပေါင်းဖက်ခဲ့သည်။ မောင်ချင်းတို့ဇနီးမောင်နှံသည် တက်ညီလက်ညီလယ်ယာလုပ်ငန်းကို ကြိုးစားလုပ်ဆောင်ရင်း အနန္တောအနန္တငါးပါးနှင့် ဆရာတော်ကြီး ချီးမြှင့်လိုက်သော ဂါထာတော်ကို နေ့ညမပြတ်ရွတ်ဆိုတော်မူရာ စီးပွားမှာ တစ်နေ့တခြား ဒီရေအလားတိုးပွားလာရာ နေ့ချင်းညချင်း သူဌေးကြီးဦးချင်းဘဝသို့ရောက်ရှိလာခဲ့သည်။ သူဌေးကြီးဦးချင်းသည် ကိုယ်ပိုင် ရေယာဉ် မာယလေး သင်္ဘောဖြင့် ရေစကြိုမြို့သို့ မကြာခဏ ရောက်ရှိလာခဲ့သည်။ ငယ်ဆရာရှိရာ အောင်မြေသာယာကျောင်းတိုက်ကြီးတွင် တည်းခိုလေ့ရှိသည်။ ဝန်မင်းကြီးကျောင်းမှာ သက်တမ်း (၅၀) ခန့်ရှိပြီဖြစ်၍ အချို့

www.burmeseclassic.com

www.burmeseclassic.com

နေရာများတွင် ပျက်စီးယိုယွင်းနေသည်ကို သူဌေးကြီးဦးချင်းစိတ်မချမ်းမြေ့ဖွယ်တွေ့မြင်ရသည်။

သူဌေးကြီးဦးချင်းသည် ကျောင်းဆောင်သစ်ဆောင်ဆောက်လုပ်လှူဒါန်းရန် ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်တွင် ငယ်ဆရာဦးဂန္ဓသာရမှာ ပျံလွန်တော်မူကာ ကျောင်းတိုက်ကြီး၏နာယကဆရာတော်မှာ ဦးစာရိန္ဒဖြစ်ပြီး တိုတ်အုပ်ဆရာတော်မှာ ဦးကေသရ ဖြစ်သည်။ ဆရာတော်ဦးကေသရမှာ ဦးချင်း၏တူဖြစ်သည်။

သူဌေးကြီးဦးချင်းသည် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် စိတ်အားထက်သန်စွာဖြင့် အခြားမြို့များရှိ နာမည်ကြီးကျောင်းများကို သွားရောက်လေ့လာ၏။ ထိုအချိန်က ရေစကြိုမြို့အရှေ့ဘက်မြောင်မြို့တွင် သူဌေးကြီးဦးထင်ပေါ်ဆောက်လုပ် လှူဒါန်းထားသော ဝတ်မစွတ်ကျောင်းတော်ကြီးမှာ ခံ့ညားထည်ဝါလှသဖြင့် ထိုဒေသတွင် ထင်ရှားကျော်ကြားလျက်ရှိသည်။ ဦးချင်းသည် ထင်ရှားကျော်ကြားလှသည့် မြောင်မြို့ရှိ ဝက်မစွတ်ကျောင်းတော်ကြီးကို သွားရောက်လေ့လာပြီး ကျောင်းဒါယကာ သူဌေး ဦးထင်ပေါ်နှင့်လည်း တွေ့ဆုံသည်။

သူဌေးဦးထင်ပေါ်က ကျောင်းတော်ကြီးကို မည်သို့ စိတ်ကူးဖြင့် တည်ဆောက်ပုံ၊ လှူဒါန်းမှုအစုစုတို့ကို အသေးစိတ် ရှင်းလင်းပြောပြပြီးနောက် ဦးချင်းအား -

"မိတ်ဆွေကြီး၊ ဝက်မစွတ်ကျောင်းတော်ကြီးလောက်ကြီးတဲ့ ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းနိုင်ပါမည်လား"

ဟု မေးရာ ဦးချင်းက မည်သို့မျှ ပြန်မပြောဘဲ ပြုံးရုံပြုံးလျက် နှုတ်ဆက်၍ပြန်ခဲ့သည်။

ဦးချင်းသည် ၁၂၈၀ ပြည့်နှစ်တွင် အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်အတွင်း ကျောင်းတော်ကြီးကို စတင်ဆောက်လုပ်ခဲ့သည်။ ကျောင်းဆောင်ကြီး ဆောက်လုပ်ရာတွင် မိမိလှူဒါန်းလိုသော ကျောင်းတိုက်အရွယ်အစားနှင့် ကျောင်းတိုက်အကျယ်အဝန်းမှာ မလောက်သဖြင့် အနီးဝန်းကျင်ရှိမြေလွတ်များကို ဝယ်ယူကာ တိုးချဲ့ဆောက်လုပ်လှူဒါန်းခဲ့သည်။ မိမိစိတ်တိုင်းကျ ကျောင်းတော်ကြီးကို (၇) နှစ်ခန့် အချိန်ယူ၍ ဆောက်လုပ်ခဲ့သည်။ ဦးချင်း၏ ကျောင်းတော်ကြီးမှာ ကြီးကျယ်ခြင်း၊ ခမ်းနားခြင်း၊ ရှုချင့်စဖွယ် တင့်တယ် သပ်ရပ်လှပပြီး လေးထပ်ဆောင်၊ သုံးထပ်ဆောင်၊ နတ်လမ်းအသွယ်သွယ်၊ စောင်းတန်းတင်ခုအပါအဝင် လှူဒါန်းမှုအစုစု (၈၆၅,၀၀၀) အပြင် လယ်ဧက (၅၀၀) ကိုလည်း ဝတ္ထုကအဖြစ် လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှုဖြစ်သည်။

၁၂၈၇ ခုဋ္ဌ ကျောင်းတော်ကြီးရေစက်ချလှူဒါန်းပွဲကို စက်သူဌေး ဦးချင်း - ဒေါ်လှဝင်းမိသားစုတို့မှစည်ကားသိုက်မြိုက်စွာကျင်းပရာ ရေစက်ချပွဲသို့ မြောင်သူဌေး ဦးထင်ပေါ်အား ကျေးဇူးပြုသည့်အနေဖြင့် ရွှေဒင်းပြား နှင့် ဖိတ်စာပို့ကာ ဖိတ်ကြားခဲ့သည်။

ရေစကြိုမြို့ ဦးချင်း၏ ကျောင်းတော်ကြီးမှာ မြန်မာပြည်တွင် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး အတုမရှိ ကျောင်းတော်ကြီးဖြစ်၍ ရေစကြိုမြို့သို့ ရောက်ရှိလာသူတိုင်း ဦးချင်း၏ကျောင်းတော်ကြီးသို့ ဝင်ရောက် ကြည့်ရှုကာ ရင်သပ်ရှုမောအံ့ဩခြီးမွမ်းကြသည်။

ဦးချင်း၏ ကျောင်းတော်ကြီးမှာ ၁၃၄၂ ခုနှစ် (၁၉၈၀) ခုနှစ်တွင် ရေစကြိုမြို့ မီးလောင်ကျွမ်းမှုကြောင့် ဦးချင်းမိသားစုမှ လှူဒါန်းခဲ့သော ကျောင်းကြီးမှာ မီးသင့်ခဲ့ရသည်။ ယခုအချိန်တွင် နှစ်ပေါင်း (၁၅၀) ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် ရေစကြိုမြို့ အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်အတွင်း ဦးချင်း၏ ကျောင်းတိုက်ကြီးကို ဘက်စုံပြုပြင်မွမ်းမံလျက်ရှိသည်ကို ဝမ်းသာကြည်နူးဖွယ်တွေ့ရပါသည်။

ရေစကြိုသူဌေးကြီးဦးချင်းသည် မော်ကွန်းမြို့သို့ ပြောင်းရွှေ့ပြီး နောင်တော်ဆရာတော်ကြီးများအား ကျန်းမာချမ်းသာစွာ ဂုဏ်ဓရာ ဝိပဿနာဓုရနှစ်ပါးကိုဖြည့်ကျင့်လျက် ရေစကြိုကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းပြီး သာသနာတော်ထွန်းကားရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး ဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့လှူဒါန်းခဲ့သည်။

သူဌေး ဦးချင်း၊ ဒေါ်လှဝင်းတို့မိသားစုသည် ရေစကြိုကျောင်းကြီးသာမက မော်ကွန်းမြို့နယ် အောင်သို့ ကျောင်းတော်ကြီး၊ မော်ကွန်းမြို့ မ ဝတ္တူကျောင်းတိုက်ကြီးနှင့် အမြတ် ဝတ်တက်ဝတ်ကပ် ပြုလုပ်မြဖြစ် ကြေးသွန်းသကျမာရဇိန်ရုပ်ပွားတော် ကြီးကိုလည်း တည်ထား ကိုးကွယ် သည်။

ရေစကြိုမြို့နယ် လယ်ကူလီ ရတနာသုံးပါးနှင့် အနုန္တောအနန္တ တို့ကို အမြဲမပြတ်ဆည်းကပ်ကိုးကွယ် ဆရာတော်ကြီးခိုးမြွှင့်သော ဂါထာ ကိုလည်း နေ့ညမပြတ်ရွတ်ဆိုဆည်း ကိုးကွယ်သောကြောင့် စက်သူဌေး ဘဝရောက်ရှိလာခဲ့သော စက်သူ ဦးချင်းမိသားစုသည် ကျောင်းတိုက် လေးတိုက်အား နှစ်စဉ် (၁) ဝါဆိုသ တစ်ပါးလျှင် တစ်စုံကျ၊ (၂) တ သင်္ကန်း တစ်ပါးလျှင်တစ်စုံကျ၊ (၃) နှ အရက်ဆွမ်း၊ နေ့ဆွမ်းများကို ထောက်ပံ့လှူဒါန်းလျက် ဗုဒ္ဓသာ တော်မြတ်ကြီးကို ပစ္စယာနုဂ္ဂဟ နှုဂ္ဂဟနှစ်ပါးတို့ဖြင့် သာသနာတော် ကြီးအား ခိုးမြောက်ပွားစေခဲ့ကြ ရေစကြိုမြို့ သူဌေးကြီးဦးချင်းနှင့် ဒေါ်လှဝင်းတို့မိသားစုအား ခိုး ဂုဏ်ယူဝမ်းသာစွာဖြင့် ရေးသား လိုက်ရပါသည်။

ကိုတင်လှိုင်(ခိုတ်ထွေး)

www.burmeseclassic.com

အုံဖွယ်ထူးခြား ကင်းဘုရား

၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ကျွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြင်းပေါက်ကျေးရွာရှိ ရှေးဟောင်း ကင်းဘုရားတစ်ဆူသည် ဧရာဝတီမြစ် အတွင်းသို့ ပြိုကျပျက်စီးခဲ့ကြောင်း သတင်းရရှိပါသည်။ ထိုကျေးရွာသည် မြို့မှ မိုင် (၃၀) ဝေး၍ ပြလို့ကျေးရွာ မှ (၁) မိုင်ခန့်သာဝေးသည်။ အိမ်ခြေ (၁၀၀) ကျော်နှင့် လူဦးရေ (၃၀၀) ကျော် နေထိုင်သောရွာကလေး ဖြစ်ပါသည်။ ရွာထိပ်တွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း၊ ရွာအလယ်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ရွာအတွင်းတွင် ဝန်ဇင်းရာဇာ ဟူသည့် ကျေးရွာစာကြည့်တိုက်ရှိသည်။

ကင်းဘုရား ရေတိုက်စား၍ မပြိုကျမီ ရပ်မိရပ်ဖများသည် နိုင်ငံတော်အစိုးရမှ ပံ့ပိုးငွေ (၂၅) သိန်းနှင့် အလှူခံရရှိငွေ သိန်း (၅၀) ခန့်ဖြင့် သံဟင်္ဂလန်ချောင်းကြီးများမှာ မည်သည့်အရာနှင့်မျှ တွန်းတိုက်မှုမရှိဘဲ လှုပ်ယမ်းနေကြောင်း လူကြီးအချို့၏ ပြောကြားချက်အရ သိရသည်။ ထိုသို့ လှုပ်ယမ်းခြင်းသည် အကောင်းလား၊ အဆိုးလား သူတို့ဝေခွဲမရဖြစ်နေကြသည်။ ပြင်းပေါက်ကျေးရွာမှ ဒေါ်တင်နွယ်ဦး ဆိုသူကိုလည်း နဂါးသိုက်မှ ဝင်ရောက်ပူးကပ်ခဲ့ကြောင်း သိရှိရပါသည်။ ထိုဘုရားတွင် နဂါးအစောင့်အရှောက်များရှိနေသလားဟု ရွာသားများလည်း သံသယဝင်နေကြသည်။

၂၀၁၆ ခုနှစ် နွေဦးအစ မတ်လတွင် ကင်းဘုရားအတွက် မြေထိန်းကျောက်နံရံကြီး ပြုလုပ်ခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အပင်ပန်းခံတည်ဆောက်သောမြေ
ကျောက်နံရံနှင့်အတူ ရှေးဟောင်း
တစ်ဆူပါ ဧရာဝတီမြစ်အတွင်းသို့ ပြ
ရေခဲ့ရသောကြောင့် ဝမ်းနည်းပူ
နေကြရာ မမျှော်လင့်ဘဲ ဝမ်းသာ
အကြောင်းတစ်ခုကဆုံလာပြန်သည်။

ပြလို့ကျေးရွာမှ ဆိုက်ကား
ကိုချက်ကြီးဆိုသူသည် ပြိုကျပုတ်
သွားသော ကင်းဘုရားစေတီတော်
အသစ်တစ်ဖန် ပြန်လည်တည်
ကိုးကွယ်ရမည်ဖြစ်ကြောင်း၊ ဘု
အသစ်တည်ရန် မြေနေရာသည် ယ
စေတီ၏ အရှေ့ဘက်တန်ဆောင်း
ဖြစ်ကြောင်း အိပ်မက်ပေးသည်
ကိုချက်ကြီးမှပြောပြ၏။ နောက်တ
တွင် ကိုချက်ကြီးသည် ပြင်းပေါက်ကျေး
သို့သွား၍ ရပ်မိရပ်ဖများနှင့် တိုင်
ဆွေးနွေးကြသည်။ ကိုချက်ကြီးမှ ဘု
တည်ရန်အိပ်မက်ပေးပုံအား အသေ
ရှင်းပြလေသည်။

ဘုရားတန်ဆောင်းသည် အ
ပေ(၂၀)၊ အနံ (၁၀)ပေ၊ အမြင့် (၁
ခန့်ရှိပြီး တိုင် (၈) လုံးနှင့် ခေါင်
အဆောက်အအုံဖြစ်သည်။ထိုအဆော
အအုံသည် ဘုရားတည်မည့်နေရာ
သည့်အတွက် ဦးရာရွှေပြောင်းမည့်
တွင် ဦးစွာ သံဖိနပ်တိုင် (၈) လုံး
တိုင်းထွာပြီး စီစဉ်ထားသည်။ နော
လူအင်အားဖြင့် တန်ဆောင်းအား
ကြရသည်။

ထူးခြားမှုကတော့ တန်ဆော
အား မဖျက်ဆီးဘဲ လူအင်အားဖြင့်
သည့်အခါ အလွယ်တကူပင် ရွှေ့
ပြီး တိုင်၏အောက်ခြေမှ သံပေါ
သည် တစ်ဖက်မှအသင့်ပြုလုပ်ထား

မိုးဦးအစ ဇူလိုင်လတွင် ထိုစေတီသည် ဧရာဝတီမြစ်ရေလွှမ်းမိုးခံရပြီး မြစ်ရေတိုက်စားမှုကြောင့် စနေထောင့် (အနောက်တောင်) သို့ ပြိုကျသွားခဲ့၏။ ထူးခြားမှုတစ်ခုကတော့ စနေထောင့်ရှိ ခြေသဲ့ခေါင်းသည် ခေါင်းမွေး၊ လည်ဆံ မွေးများမရှိဘဲ ခေါင်းတုံးခေါင်းဖြစ်ကြောင်း ရွာခံလူကြီးအချို့၏ ပြောကြားချက်အရ သိရှိရသည်။ အရှေ့ဘက်မှခံပေါက်မှ ခြေသဲ့နှစ်ကောင်သာကျန်ရစ်ခဲ့သည်။

ပြင်းပေါက်ကျေးရွာသူကျေးရွာသား များသည် သိန်းပေါင်းများစွာအကုန်ကျခံ၊

www.burmeseclassic.com

www.burmeseclassic.com

သံပုပ်မှအပေါက်များဖြင့် အံဝင်ခွင်ကျဖြစ်ကြောင်း အံ့သြဖွယ်တွေ့ရပြန်သည်။ ထိုတန်ဆောင်းအား ပြန်လည်ပြုပြင်ပြီးသောအခါ ပြိုကျပျက်စီးသွားသောဘင်းဘုရားစေတီ၏ထီးတော်၊ ဌာပနာများနှင့် အုတ်ခဲများအား ကုန်းပေါ်သို့ လူအင်အားဖြင့် သယ်ယူရန်စီစဉ်ကြရသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ပြိုကျပျက်စီးသွားသော စေတီ၏ အပျက်အစီးများကို ယာယီတန်ဆောင်းအတွင်းသို့ ရွှေ့ပြောင်းသိမ်းယူရတော့သည်။ စေတီပြိုကျချိန်တွင် စနေထောင့် (အနောက်တောင်) မြစ်ရေစုန်ရာဘက်သို့ တိမ်းစောင်းပြိုကျခဲ့သော်လည်း မြစ်ရေကျချိန်တွင် မြင်တွေ့ရသောအခါ စေတီ၏ထိပ်ပိုင်းသည် ရာဟုထောင့် (အနောက်မြောက်) မြစ်ရေအဆန်ဘက်သို့ ရောက်ရှိနေခြင်းကလည်း အံ့ဖွယ်ထူးခြားမှုတစ်ခုပင် ဖြစ်သည်။ မြစ်ကြမ်းပြင်အောက်တွင် နစ်မြုပ်နေသော စေတီအတွင်းမှဌာပနာများ တွေ့ရှိရသည်။ ထိုဌာပနာများအားပါဝင်ဆင်နွှဲလုပ်အားပေးကြသည်မှာ မမောနိုင်မပန်းနိုင်ဟု ကြားသိရသည်။

ယာယီစံကျောင်း (အာရုံခံတန်ဆောင်း) စွင် မူလထီးတော်၊ ကြေးနှင့် သတ္တုရောစပ်ထားသော ဆင်းတုတော်(၂၃)ဆူ၊ အုတ်ခွက်ဘုရား(၂၃)ဆူ၊ ဆင်းတုတော်၏အပေါ် နှင့်ဘေးတစ်ဖက်စီတွင် ကနုတ်ပန်းများပါသော ဆင်းတုတော်(၁၀၀)ကျော်၊ ဓာတ်တော်အရည်ပျော်ခြင်းများလည်း ဖူးမြော်ခဲ့ရပါသည်။ နောက်ထပ်ထူးခြားမှုကလည်း ပဋ္ဌာန်းနှင့် ဝိုဏ်တရားတော်များ ရွတ်ဖတ်၍မရပါ။ အဘယ်ကြောင့်ဆိုသော် ထိုပဋ္ဌာန်းဝိုဏ်တော်တို့ကြောင့် အစောင့်အရှောက်များမနေနိုင်ကြဟု သိရှိရသည်။

စေတီတော်အသစ်ပြန်လည်တည်ဆောက်ခြင်းအတွက် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းထားသည်။ ကျေးရွာအုပ်စုသံဃာနာယကဥက္ကဋ္ဌ ပြည်ရွာမှ ရှစ်မျက်နှာဆရာတော်ဦးနန္ဒ၊ ပြင်းပေါက်ရွာ ရွာလယ်ကျောင်းဆရာတော် ဦးကောဝိဒ တို့၏ ဩဝါဒကို ခံယူ၍ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်စိုးဝင်း၊ ဘဏ္ဍာဦးဝင်းမြင့်၊ အတွင်းရေးမှူးဦးကျော်ဝင်း၊ ဘဏ္ဍာရေးမှူး ဦးမြဝင်း၊ စာရင်းစစ်ဦးကြည်စိုး၊ အဖွဲ့ဝင်များအဖြစ် ဦးနိုအောင်၊ ဦးမြင့်ရွှေ၊ ဦးမောင်စန်း၊ ဦးကြည်ဝင်း၊ ဦးမြင့်ဇော်၊ ဦးကျော်သူစသည့် ဂေါပကအဖွဲ့ဝင်များ၊ ပြလို့ရွာမှ ကိုချက်ကြီးနှင့်အတူ ဦးပေါက်စ(ခ)ဦးလှမောင်၊ ဒေါ်လှကြည်၊ ဒေါ်ညွှန့်ဝေ၊ မချို၊ မခင်မာထွေး၊ အငယ်မ အစရှိသည့် ရွှေပေါ်ကျွန်းယောဂီအဖွဲ့သားများနှင့် ကျွမ်းကျင်ပန်းရန်ပညာရှင်တို့၏ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် ကူညီဆောင်ရွက်နေကြသည်မှာ ဂုဏ်ယူဝမ်းမြောက်ကြည်နူးမိပါသည်။ ဘုရားတည်ရာတွင် ရပ်နီး၊ ရပ်ဝေး အလှူခံထွက်ခြင်းမရှိဘဲ ဘုရားတည်ရာဌာနသို့ လာရောက် လှူဒါန်းသည့်အလှူငွေဖြင့်သာ ဘုရားတည်နေကြောင်းမြင်တွေ့ခဲ့ရပါသည်။

နောက်ထပ် အံ့ဖွယ်ထူးခြားမှုကတော့ ယာယီအရုံခံတန်ဆောင်းအတွင်းရှိ ကင်းဘုရား၏ ထီးတော်နှင့် ဌာပနာများအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များအား အချိန်အခါအလိုက် အလှည့်ကျကပ်လှူပူဇော်လျက်ရှိကြသည်။ ထိုသို့လှူဒါန်းရာတွင် ကပ်လှူထားသော ဘုရားပန်းအိုးများမှ ပန်းများသည် တစ်ခါတစ်ရံ လေတိုက်ခြင်းမရှိဘဲ လှုပ်ယမ်းနေတတ်ခြင်း၊ ဘုရားသောက်တော်ရေခွက်အချို့တွင် ရေအပြည့်ကပ်လှူထားသော်လည်း နံနက်မိုးသောက်အလင်းရောက်ချိန်တွင် ရေများ သိသာစွာလျော့နည်းနေကြောင်း သိရှိရသည်။ အချို့သောက်တော်ရေခွက်ရေလုံးဝမရှိကြောင်းလည်းထပ်မံသိရပြန်သည်။

ယခုတည်ထားကိုးကွယ်မည့်စေတီပြီးစီးပါက 'လောကချမ်းသာ ဆုတောင်းပြည့်ကင်းဘုရား' ဟူသည့် ဘွဲ့တော်ဖြစ်ပြီး ရွှေထီးတော်အသစ် တင်လှူမည့် ဒါယကာ၊ ဒါယိကာမလည်းအသင့်ရှိနေသည်။ ပြင်းပေါက်ရွာမှ ကိုနိုင်လွင်ဦးနှင့် မမွန်မွန်ဆွေတို့မိသားစုဖြစ်ပြီး ရန်ကုန်မြို့မှ ခေတ်ဆန်သူစားသောက်ဆိုင်ပိုင်ရှင်ဟု သိရပါသည်။ ၂၆-၂-၂၀၁၇ရက်နေ့တွင် အုတ်ခြစ်သည် မြေပြင်အထက် (၂)ပေကျော်အထိလေးထောင့်ပတ်လည်ပြီးစီး၍ အပြင်မှ ရာဇမတ်ကွက်များဖြင့် ကာရံထားပြီး သာသနာ့အလံများ စိုက်ထူထားကြောင်း မြင်တွေ့ခဲ့ရသည်။

၂၆-၂-၂၀၁၇ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးအောင်မြင့်အောင် (ဓာတုဗေဒ) စာရင်းစစ် ဦးမျိုးဝင်း(မျိုးဝင်း-ပြည်)နှင့်အဖွဲ့ဝင်များအဖြစ် ဦးဝိုးမြင့်(မောင်စိမ်းလန်း)၊ မောင်စိမ့်စမ်း(သဲကုန်း) တို့ သွားရောက် လေ့လာစဉ်အခါက နေ့လယ်စာစည့်ခံကျွေးမွေးသော ကိုကျော်နိုဆက်မိသားစုနှင့် ဘုရားတည်ဆောက်ရေးအား ရှင်းလင်းပြောကြားသော လူကြီးမင်းများအားလုံးကို ကျေးဇူးတင် ဂုဏ်ယူပါသည်။

သဒ္ဓါကြည်လင် သူတော်စင်အပေါင်းတို့မူလည်း လောကချမ်းသာဆုတောင်းပြည့်ကင်းဘုရား ဘက်စုံအောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် သဒ္ဓါတရားနည်းများဆို သွားရောက်လှူဒါန်းနိုင်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ပါရမီရှင် အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သူရဇ္ဇမဂ္ဂဇင်းကြီးမှလှူကြီးမင်းများနှင့် စာဖတ်ပရိသတ်တို့အား
အထူးလေးစားလျက်

မျိုးဝင်း(ပြည်)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဝိန်လှိုင် (ကျိုက်လတ်)

ခုနစ်ရက်သားသမီးများအားလုံးအတွက် ဂျာနာပါးပါး

အဖိုးတန်စာပေဆောင်းပါးတစ်ပုဒ်

ယနေ့ ဝိပ္ပတ္တိခေတ်ကြီးတွင် နံနက်အိပ်ရာကထသည်နှင့် ပရိယေသနဝမ်းစာရှေးအတွက် ကိုယ့်မိသားစုအဖို့ အိမ်ပြင်ထွက်၍ ခရီးဝေး၊ ခရီးနီးသွားရ၏။ ဆိုက်ကား၊ ဆိုင်ကယ်၊ တက္ကစီ၊ ဘတ်(စ်)ကားမောင်း၊ ပန်းရန်၊ လက်သမား၊ ကျပန်း၊ အလုပ်သမား၊ သင်္ဘော၊ မော်တော်လက်ပွေ့စွေးသည်၊ လူသုံးပစ္စည်းရောင်းသော ဆိုင်ပေါင်းစုံ၊ အစိုးရရုံးဝန်ထမ်းအမှုထမ်းများ၊ ကုမ္ပဏီအမျိုးမျိုး၊ ဘဏ်အစုံစုံ၊ ဆေးရုံ၊ ဆေးခန်းလူတန်းစားအားလုံးတို့သည် အိမ်အပြင်ထွက်ပြီး အလုပ်လုပ်ကြရ၏။ အိမ်စောင့်မိသားစုများလည်း အိမ်တွင်ကျန်ခဲ့ကြသည်။

နံနက်ပိုင်း သတင်းစာ၊ ဂျာနယ်များ၊ ဖွေ့စ်ဘွဒ်မှသတင်းများ၊ သတင်းကြေငြာချက်များ၊ စွေးသတင်းများမှတစ်ဆင့် နိုင်ငံအနှံ့ မီဒီယာပေါင်းစုံတို့၏ကြေညာချက်များတွင် လုယက်မှုများ၊ ယာဉ်တိုက်မှုများ၊ မုဒိမ်းမှု၊ အဆောက်အအုံပေါ် မှပြုတ်ကျခြင်း၊ ရုပ်ပြေးနစ်မြုပ်ခြင်း၊ အိမ်ပေါ် တက်သတ်ခြင်း၊ မီးရှို့သတ်မှုများ စသော အမင်္ဂလာသတင်းဆိုးများကို နေ့စဉ်ကြားသိနေရခြင်းမှာ ဗြဟ္မစိုရ်တရားကင်းမဲ့နေကြသော ယနေ့ ဝိပ္ပတ္တိခေတ် (ဖောက်ပြန်ချို့ယွင်းပျက်စီးခြင်း၊ အသိအလိမ္မာမရှိ၊ သတိဝီရိယမရှိသဘပြုမှု၊ ပြောဆိုမှု၊ ကြံစည်မှု၊ မကောင်းသောလုံ့လဖြင့် အားထုတ်လုပ်ကိုင်ခြင်းများကြောင့် ယနေ့ခေတ်တွင် နံနက်အိမ်မှထွက်သည်နှင့် ကျောမလုံ၊ သရဏဂုံ ရွတ်ပြီးမှ ဟင်းချရတော့သည်။ ကားစီးသည်ကအစ၊ ကားတိုက်၊ ကားမှောက်၊ ဆိုင်ကယ်တိုက်၊ ဓားနှင့်ထိုး၊ လုယက်၊ အိမ်ပေါ်တက်၊ နေ့ခင်းကြောင်တောင် မိသားစုတွေသတ်သွား၊ ကိုယ့်အသက်ကိုယ့်ခန္ဓာဘယ်တော့ထွက်မလဲ၊ ဘယ်တော့ပျက်မလဲမသိရကိန်းလန့်စာစားဘဝ၊ ဘယ်တော့ကိုယ်ခန္ဓာပျက်မည်၊ ဘယ်အချိန်သက်ပြတ်ကိန်းကြုံမည်မသိရ။ ဘယ်အရပ်ဒေသသွားလျှင် ဘာဖြစ်မည်မသိ။

အသက်အရွယ်အရ ရောဂါဝေဒနာနှင့်ကြုံရသည့်အခါတွင်လည်း ရောဂါပျောက်မှပျောက်ပါ့မလား မိသားစုများ၊ ဆေးရုံဆေးခန်းများသို့သွားကြရသည့် အခါများတွင် စိတ်ပူပင်သောကရောက်ကြရသည်။

❑ ခန္ဓာပျက်ကိန်း

ရောက်ဆဲအသက်တည်၊ မွေးနံ့ ဂျီဟ်သက်ရော၊ (၃) နှင့်မြှောက်၊ (၉)နှင့် စားပါ။ (၆) သို့မဟုတ် (၀) ကြွင်းလျှင် ခန္ဓာပျက်ကိန်းရှိ၏။

ရောက်ဆဲအသက်တည်၊ မွေး[illegible] နှင့်ရော၊ (၆) နှင့်မြှောက်၊ (၈) နှင့်စား[illegible] (၆) သို့မဟုတ် (၀)ကြွင်းလျှင် သို့မဟုတ် (၄) ကြွင်းလျှင် သေလောက်အော[illegible] ရောဂါကို ခံစားရမည်။

❑ အနော်ရထာမင်းစော (သက်ပြတ်ကိန်း)

ရောက်သက်တည်းထား၊ နှောင်း[illegible] ဆယ့်နှစ်၊ စားလစ်အဋ္ဌ၊ ကြွင်းသော[illegible] မှာ၊ ဇကာကစ၊ အသည်းကျအောင်၊ ပြု[illegible] ဒီသာ၊ လက်ယာရစ်ရေ၊ ဇသေနေ[illegible] သိလောကမာ၊ မသွားရာရပ်၊ ကြည်အ[illegible] သည်မူ၊ ညှိဖြူဆရာ၊ ညွှန်ပြမှာသည်[illegible] ရာဇာမရဏာ၊ သက်ပြတ်ကိန်း။

ရှေးအစဉ်အဆက်က . ရုတ်[illegible] ပညာရှိ ဆရာတော်ကြီးများ၊ လူပညာ[illegible] သက်ကြီးပုဂ္ဂိုလ်များက နောင်လာနော[illegible] သားများအတွက် မြန်မာ့ပညာတစ်[illegible] ကို စုံစုံစေ့စေ့ လေ့လာပြီး လက်တွေ့[illegible]

မြတ်စွာဘုရား၏သက်တော် (၈၀) နှစ်
မွေးနံ့ သောကြာ ဂျီဟ်သက် ၂၁ နှစ် - ရော

၁၀၁
× ၃ မြှောက်
၃၀၃ | ၃၃
၂၂
၂၂

၆ ကြွင်း (ခန္ဓာပျက်ကိန်း)၊

မြတ်စွာဘုရား၏သက်တော် = ၈၀နှစ်
မွေးနံ့သောကြာနှင့်ရော + ၆
၈၆
မွေးနံ့သောကြာနှင့်မြှောက် ×၆
(၈)နှင့်စား ၅၁၆ | ၆၄
၄၈
၃၆
၃၂
၄ ကြွင်း သေလောက်အောင်ရောဂါခံစား[illegible]

မြတ်စွာဘုရားခန္ဓာပျက်ကိန်းတွက်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ရောက်သက်တည်ထား- အနော်ရထာမင်းစော အသက် ၆၃ နှစ်၊
နှောင်းဆယ့်နှစ် - ရောနှောကိန်း ၁၂
စားလစ် အဋ္ဌ (၇၅ + ၈) ၇၅
ကြွင်းသေသမှာ (၇၅ + ၈) = ၃ ကြွင်း
ကောကစအသုဉ်းကျအောင် - ၃ ကြွင်း - တောင်အရပ်
ပြုဗွာဒိသာလစ်ယာရစ်ရေ အောင်သာမြစ်ကမ်းခြေ
ဧသနေ့ထိ။ ။



နှံသော အတွေ့အကြုံပညာရပ်ကို ဆက်ဆင့်ကမ်းပေးခဲ့ခြင်း ဖြစ်ပေသည်။

ထိုပညာရပ်မှာ ခန္ဓာဗျက်ကိန်းနှင့် သက်ပြတ်ကိန်းတွက်နည်းနှစ်ရပ် ဖြစ်၏။ မိမိအိမ်မှ ခရီးထွက်သည့်အခါ ရပ်နီးမည်သည့်ခရီးထွက်သည်ဖြစ်စေ၊ ရှောင်သင့်သည့်အရပ်ကို ရှောင်ခြင်းဖြင့် တွေ့ကြုံရမည့်ဥပဒ်အန္တရာယ်များမှ လွတ်မြောက်နိုင်ပေသည်။

မိမိတို့၏ မိသားစုများအတွက် ကောင်းသည်းကောင်း၊

မိမိတို့၏ ကျေးဇူးရှင်ပုဂ္ဂိုလ်များအတွက် လည်းကောင်း၊

မိမိတို့၏အဆွေခင်ပွန်းမိတ်သဟာများအတွက် လည်းကောင်း၊

ထိုမကောင်းသော အနိဋ္ဌာရုံကိန်းများ လွတ်မြောက်ကြစေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ကြပါစေသတည်း။

ခုနစ်ရက်သားသမီးများအားလုံး ဝိပ္ပတ္တိခေတ်နှင့်မကြုံကြုပါစေသောင်။

ခုနစ်ရက်သားသမီးများအားလုံး သမ္မတ္တိတရားလေးပါးနှင့်ပြည့်စုံကြပါစေ။

ဝိပ္ပတ္တိတရားလေးပါး-ဖောက်ပြန်ချို့ယွင်းပျက်စီးခြင်းကို ဝိပ္ပတ္တိဟုခေါ်၏။

၁။ ကာလဝိပ္ပတ္တိ-မကောင်းသော လူတို့ပေါ်များသောလက်ထက်ကာလဖြစ်ခြင်း။

၂။ ဂတိဝိပ္ပတ္တိ - အပါယ်လေးဘုံ၌ဖြစ်ရခြင်း (ချမ်းသာကင်းသောဘုံ)

၃။ ဥပဓိဝိပ္ပတ္တိ - ယုတ်ညံ့သော အတ္တဘောကိုရခြင်း၊ အဆင်းမလှ၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း။

၄။ ပယောဂဝိပ္ပတ္တိ-အသိအလိမ္မာမရှိ၊ သတိဝိရိယမရှိဘဲ ပြုမူပြောမှုဆိုမှု၊ ကြံစည်မှု၊ ဒုစရိုက်လုပ်ငန်းများကို ကာယက်၊ ဝစီက်၊ မနောက်တို့ဖြင့်ပြုလုပ်မှု။

သမ္မတ္တိတရားလေးပါး - ကောင်းသောပြည့်စုံခြင်းကို သမ္မတ္တိဟုခေါ်၏။

၁။ ကာလသမ္မတ္တိ-ကောင်းသော လူတို့ပေါ်များသော လက်ထက်ကာလအချိန်ဖြစ်ခြင်း။

၂။ ဂတိသမ္မတ္တိ - ကောင်းသော ဂတိနှင့် ပြည့်စုံခြင်း။ လူ၊ နတ်၊ ဗြဟ္မာလောကတို့၌ဖြစ်ခြင်း။

၃။ ဥပဓိသမ္မတ္တိ - ကိုယ်အဆင်းသဏ္ဌာန်ပြည့်စုံလှပခြင်း။

၄။ ပယောဂသမ္မတ္တိ - ကောင်းသောတရားတို့၌ လုံ့လပြုခြင်း၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းစွာ ကျင့်အပ်သောအကျင့်ကိုကျင့်ခြင်းနှင့် ပြည့်စုံခြင်း ဖြစ်ပေသည်။

ဆရာဦးစိန်လှိုင် (ကျိုက်သင်း)

www.burmeseclassic.com

www.burmeseclassic.com



ရာဇာ-သွေးမွန်
ဒေရဝါဒဗုဒ္ဓဘာသာလူမှုရေးရာထဲက ကြောက်စရာ စိမ်ရောင့်မှု

မိမိသည် မန္တလေးမြို့က ထုတ်ဝေသည့် ရတနာပုံသတင်းစာ (ဇူလိုင်လ ၅/၂၀၁၄) စာမျက်နှာ (၇) တွင်ပါရှိသော 'သတင်းခေါင်းစီး 'အရက်အလွန်အကျွံများယစ်နေသူက ဇနီးနှင့်မြေးကို လည်ပင်း ညှစ်၍သတ်ဖြတ်' ဟု ဖော်ပြထားသည့်သတင်းတစ်ပုဒ်ကို ဖတ်မိလိုက်သည်။ ဤသတင်းနှင့်ပတ်သက်၍ မိမိတွင် တွေးစရာမြင်စရာ၊ သံဝေဂယူစရာ အများကြီးရလိုက်သည်ဟု ပြောချင်ပါသည်။

သတင်းစာမှာပါလာသောသတင်းမှာ ရှည်လှသည်မဟုတ်။ ထို့ကြောင့် လည်း တစ်လုံးတစ်ပါဒမကျန် ပြန်လည်ဖော်ပြလိုက်ပါမည်။ သို့မှလည်း စာဖတ်သူတို့ မိမိပြောလိုသည်ကို သဘောပေါက် နားလည်နိုင်ကြမည်ဖြစ်သည်။

သတင်းမှာ -

လားရှိုး ဇူလိုင် ၄

လားရှိုးမြို့နယ် အိနိုင်းကျေးရွာတွင် အရက်အလွန်အကျွံများယစ်နေသူ တစ်ဦးက ဇနီးနှင့် မြေးဖြစ်သူတို့ကို လည်ပင်းညှစ်၍သတ်ဖြတ်ခဲ့သော မှုခင်းတစ်ရပ် ဇူလိုင် ၄ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမြို့နယ် အိနိုင်းကျေးရွာနေ ဦးညွန့်မောင်သည် ယင်းနေ့က အရက်အလွန်အကျွံသောက်စားမူးယစ်ခဲ့ပြီးနောက် ည (၁၀) နာရီခန့်တွင် နေအိမ်၌အိပ်ပျော်နေသော ဇနီးဖြစ်သူ ဒေါ်ညိုနှင့် မြေးတော်စပ်သူမချစ်ငြိမ်းသူတို့ကို လည်ပင်းညှစ်သတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါသတင်းအရ အိနိုင်းကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုင်းထွန်းကျော်က အခင်းဖြစ်ပွားရာနေအိမ်သို့ သွားရောက်ကြည့်ရှုရာ ဒေါ်ညိုမှာ အိပ်ခန်းတွင် ခုတင်ပေါ်၌ သေဆုံးနေပြီး မချစ်ငြိမ်းသူမှာ နေအိမ်ရှေ့ ဘုရားစင်အနီးကြမ်းပြင်ပေါ်တွင် သေဆုံးနေသည်ကို တွေ့ရသည်။ ဦးညွန့်မောင်က ၎င်း သတ်ခဲ့မိကြောင်းပြောဆိုသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးက လားရှိုးမြို့မရဲစခန်းသို့ သွားရောက် သတင်းပို့ တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိနိုင်းကျေးရွာ လားရှိုးမြို့နယ်နေသူ ဦးညွန့်မောင်ကို လားရှိုးမြို့မရဲစခန်းက (၆) ၁၀၈/၂၀၁၄ ပြစ်မှုပုဒ်မ - ၃၀၂ ဖြင့် အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သတင်းရရှိသည်။

❑

သတင်းတွင်ပါရှိသောပုဂ္ဂိုလ်ကို မိမိအဖို့ အရင်းအနှီးကြီးတော့မဟုတ်သော်လည်း တစ်ဦးနှင့်တစ်ဦးသိမြင်ကာ မေးထူးခေါ်ပြောရှိခဲ့ဖူးပါသည်ဟု ဆို၍မျှသာဖြစ်သည်။ မိမိစတင်သိစဉ်က အဆိုပါကျေးရွာသည် တပ်မတော်က စခန်းထားရှိပါသည်။ တပ်စုတစ်စုအင်အားဖြင့် ကိုယ်တိုင် စခန်းမှူးတာဝန်ယူကာ ထိန်းကွပ်နေခဲ့ဖူးသည်။

ရွာလယ်ဟုဆိုရမည့် ဘုရားကုန်းထက်တွင်ပင် မူလက တပ်စခန်းအဆောက်အအုံများ အမာထားရှိသည်။ တပ်စိတ်နှစ်စိတ်ခန့် တပ်စုရုံးအဖွဲ့ရှိသည်။ ဘုရားကုန်းသော်လည်း ထိုစဉ်က အုတ်ဆွေးမြေ့အဖြစ်သာရှိသည့်ဘုရားပျက်ကုန်းသာ ဘုရားကုန်း (၀၊) စခန်းကုန်း၏တင်တွင် မူလတန်းကျောင်း၊ ထိုမှ ရွာလူအိမ်များ၊ သို့ဖြင့် လားရှိုးမှ ကားအတိုင်းလာပါက ရှေ့ဦးစွာ သင်တံတား၊ ၎င်းမှကျော်သည်နှင့် လူနေမြားဖြတ်လာပြီး စခန်းကုန်း၊ စာကျောင်း၊ လူနေအိမ်များ၊ ရွာစွန်ဆန်စက်၊ ထိုမှ ငါးရက်တစ်စေ့ ဝိုင်းဖြင့် ရွာကိုအဆုံးသတ်ထားပါသည်။ ရွာတန်းရှည်ဟုလည်း ဆိုနိုင်ပါသည်။ ကားလမ်းအတိုင်းဆက်လက်သွားနားဆိုင်း၊ မန်စံ၊ နမ့်တောင်ကုန်းရွာထိုမှတစ်ဆင့် နမ့်တူမြို့သို့ရောက်ရှိဖြစ်သည်။

ကာလက ၁၉၈၅-၈၆ ခန့်ကသည်။ အဆိုပါ အိနိုင်းလုံတွင် စခန်းမှူးတာဝန်ကျစဉ်က အခြေကိုသိသာနိုင်ရန်ရေးပြနေခြင်း ဖြင့်ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဦးညွန့်မောင်သည် ရှမ်းပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com

လာရောက်အခြေချနေထိုင်လျက်ရှိသော မြန်မာစစ်စစ်ဖြစ်သည်။ အဘယ်မျှအနေကြာခဲ့သည်တော့မသိ၊ ရှမ်းစကားကိုမူ ဒေသခံ ရှမ်းတိုင်းရင်းသားတစ်ယောက်နှယ်ပြောနိုင်သူဖြစ်သည်။ ဇာတိနေရပ်ကိုမူ မိမိမစဉ်စုဖူးပါ။

မိမိ၏စခန်းအရှေ့ ကားလမ်း၏ တစ်ဖက်ညာဘက်ကျကျတွင် တဲသာသာ သစ်ဝါးနေအိမ်တွင် သူတို့မိသားစုနေထိုင်ကြသည်။ ထို့ကြောင့်လည်း တွေ့နေမြင်နေကျဖြစ်ရာ မေးထူးခေါ်ပြောအဆင့် သာသိကျွမ်းသူဟုဆိုနေရခြင်း ဖြစ်ပါသည်။ သူ့ကို မိမိသတိထားမိသည့် အကြောင်းက ဘုရားဆင်းတုတော်ကြောင့်ဟု ဆိုရပါမည်။ သူ၏နေအိမ်နှင့် မလှမ်းမကမ်းဟုဆိုရမည့်နေရာတွင် ကျယ်ဝန်းသော ရှမ်းဘုန်းတော်ကြီးကျောင်းရှိသည်။

ထိုကျောင်းဝင်းရှေ့ ကားလမ်းနံဘေးတွင် ဟတ္ထမုဒြာထူးခြားသော တင်ပျဉ်ခွေရုပ်ပွားဆင်းတုတော်တစ်ဆူရှိသည်။ ရုပ်ပွားတော်၏အရွယ်အစားမှာ ဇာတိလူ၏ပမာဏထက်အနည်းသာကြီးသည်ဟုခန့်မှန်းပါသည်။ ပလ္လင်ထက်ဝယ် တင်ပျဉ်ဖွဲ့ခွေထိုင်နေဟန် ဖြစ်သည်။ ရုပ်ပွားတော်မှာ ကားလမ်းဘက်မျက်နှာမူထားခြင်းမဟုတ်ဘဲ ကျောင်းဘက်သို့ မျက်နှာမူထားသည်။ ကားလမ်းမှကြည့်က ကျောခိုင်းနေသောအနေအထားဖြစ်သည်။

မိမိပြောလိုသောကိစ္စမှာ ဆင်းတုတော်၏မုဒြာသွင်ဟန်ဖြစ်သည်။ ဘယ်လက်တော်မှာ ရွှေရင်ဘတ်တော်တွင် လက်ဝါးဖြန့်လျက်ကပ်ထားသည်။ ညာလက်တော်မှာ နောက်ကျောသို့ပို့ထားပြီး လက်ဝါးဖြန့်လျက်ကပ်ထားပါသည်။ ဤသို့သောမုဒြာမျိုး မိမိမည်သည့်နေရာ၊ စာအုပ်၊ မှတ်တမ်းများတွင်မှ မတွေ့ဘူးပါ။ အထူးအဆန်းဖြစ်နေသဖြင့် ထိုစဉ်ကပင် အပျော်တမ်းကင်မရာ မိမိတွင် အဆင်သင့်ရှိနေသဖြင့် ဓာတ်ပုံပင်ရိုက်ထားလိုက်ပါသေးသည်။(သို့သော်လည်း ကာလအားဖြင့် နှစ် (၂၀) ခန့်ကြာမြင့်ပြီဖြစ်၍ ဓာတ်ပုံကိုရှာမရနိုင်တော့ပါ။)

မိမိမှတ်မိသမျှရေးပြနေခြင်းဖြစ်သည်။ ထိုရုပ်ပွားဆင်းတုတော်ကိုထုလုပ်သူမှာ ကျွမ်းကျင်သောပန်းတမော့ပညာရှင်မဟုတ်။ ဦးညွှန့်မောင်ကိုယ်တိုင်က အစမှအဆုံးတိုင် ထုလုပ်သည်ဟုဆိုပါသည်။ မည်သူတို့ကိုတွန်းချက်မှမပါဘဲ မိမိသဘော မိမိဆန္ဒစိတ်ရှိသည့်အတိုင်း ထုလုပ်ထားခြင်း ဖြစ်သည်။ ကျွမ်းကျင်သော ပန်းတမော့လက်ရာမဟုတ်မှန်းလည်း သိသာထင်ရှားစွာ ကြမ်းတမ်းအချိုးမညီ၊ သေသပ်မှုမရှိ။ မိမိတွေ့စဉ်က ထုံးသင်္ဃန်းပင်မတွေ့မိဟု ထင်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ကိုယ်စား ကြည်ညိုစွာ ရှိခိုးဦးတင် ဖူးမြော်ကြရမည့်ဆင်းတုတော်တစ်ဆူကို ထုလုပ်ရမည့်အလုပ်သည် တာဝန်ကြီးမားလှသည်။ အထက်လမ်း၊ အောက်လမ်း၊ မန္တရ၊ တန္တရယှက်နွယ်သောကိစ္စရပ်များ၊ ကျိန်စာနှင့်ထုလုပ်ကြခြင်းများကို ဆည်းကပ်ကိုးကွယ်မှုများယွင်းပါက မျိုးနိုးတစ်နွယ်လုံးကိုပါ အန္တရာယ်ပေးတတ်ကြောင်း ရှေးထုံးစဉ်လာ လောကီကျမ်းများတွင် မိမိလေ့လာဖတ်ရှုဖူးပါသည်။ နောက်ဆုံး မြန်မာ့အစဉ်အလာအတိုင်း ထုလုပ်ခဲ့သည့်ဆိုစေကာမူ ကိုယ်တျင့်သီလမြဲမြံစွာစောင့်ထိန်းသော ပန်းတမော့၊ ပန်းပုဆရာများထုလုပ်သည့် ဘုရားဆင်းတုတော်ကို ကိုးကွယ်ခြင်းက တန်ခိုးကြီးမား အကျိုးများပေးသည်ဟုလည်းဆိုသည်။

ဤသည်မှာ အဆိုပါပုဂ္ဂိုလ်ကို မိမိစတင်တွေ့သိစဉ်က အခြေအနေဖြစ်သည်။ စေတီပုထိုးများ၊ ဆင်းတုတော်များ ထုလုပ်ကိုးကွယ်ကြရာ၌ ဤသို့ဗရမ်းဗတာမဟုတ်နိုင်သည်ကိုတော့ မိမိပြောလိုပါသည်။ လူတကာတို့ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးစားစွာ



www.burmeseclassic.com

ဦးချကန်တော့ရမည်ဆင်းတုတော်တစ်ဆူသည် မည်မျှ စေတနာ၊ သဒ္ဓါတရားရှိ၍ တည်ထားသည်ဟုဆိုစေကာမူ အနည်းဆုံး ကြည်ညိုဖွယ်ဖြစ်အောင် တည်ထားဖို့တော့လိုမည်ဟု မိမိယုံကြည်ပါသည်။ သို့ဖြစ်မလာက အများဆိုပြောကဲ့ရဲ့စရာဖြစ်လာသော် လူတို့၏နှလုံးဝယ် ကုသိုလ်ပွားမလာဘဲ အကုသိုလ်ဖြစ်တတ်ပါသေးသည်။

ယင်းနောက်ပိုင်း နှစ်ကာလ ဘဝအပြောင်းအလဲများစွာ ကျော်လွှားပြီး ခုနှစ်အားဖြင့် ၂၀၁၀ပြည့်နှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် အီနိုင်းကျေးရွာသို့ တစ်ဖန်ပြန်လည်ရောက်ရှိဖို့ကြံလာသည်။ နှစ်(၂၀)ကျော်၊ (၂၅)နှစ်ခန့်ဟု ဆိုရပါမည်။ ကုန်းမြေတွင် တပ်စခန်းလည်းမရှိတော့ပါ။ မိမိမှာ ယခုတစ်ကြိမ်ရောက်ရှိသည်မှာ စစ်မှုထမ်းဘဝမဟုတ်တော့ပါ။ ယူနီဖောင်းချွတ်အရပ်ဝတ်ဝတ်ကာ ဘဝတစ်ဖြစ်လဲ မြို့နယ်သတင်းထောက် သတင်းဆောင်းပါးရေးသားသူ ဂျာနယ်လစ်အဖြစ်ရောက်ခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာသို့ရောက်ရခြင်းမှာလည်း ထူးခြားသောရုပ်ပွားတစ်ဆူကြောင့် ဖြစ်သည်။ ရောက်ဖူးသော တပည့်တစ်ယောက်ထံမှ ရုပ်ပွားတော်ပုံကို တွေ့မိသည်။ ထိုမှ သာမန်ဟတ္ထမုဒြာမှခွဲထွက်နေသောထူးခြားမှုကို စိတ်ဝင်စားကာ တကူးတက သွားရောက်လေ့လာမိခြင်း ဖြစ်သည်။ လားရှိုးနှင့်လည်း အလှမ်းမဝေးလှသဖြင့် ဆိုင်ကယ်တစ်စီး၊ ကင်မရာတစ်လုံးဖြင့်သွားဖြစ်သည်။

သို့ဖြင့် ရည်ရွယ်သည့်အတိုင်း ထူးခြားမှုကို တွေ့ရှိမှတ်တမ်းပြုကာ အများပြည်သူသို့ ဘုန်းရောင်ဂျာနယ်မှ တစ်ဆင့် တင်ပြခဲ့သည်။ (ထို့ကြောင့် အကျယ်မရေးတော့ပါ) တည်ထားသော ဘုရားပုံတော်မှာ ယခင်က ပုံတော်မုဒြာမျိုးတော့မဟုတ်။ ယင်းနေရာတွင်လည်း ဘာမှမရှိတော့ဘဲ ယခင်က စခန်းကုန်း(ဝါ)ဘုရားကုန်းဟုဆိုသောကုန်းမြင့်နေရာတွင် တည်ထားပါသည်။ ယခင်ပုံတော်ထက်လည်း သုံးလေးဆခန့်မက ကြီးမားပါသည်။ ရွှေရောင်ဝင်းဝါနေပါသည်။ လက်တော်မုဒြာသွင်ပြင်ဟန်မှာလည်း ယခင်ကကဲ့သို့ ရင်ဘတ်၊ နောက်ကျောကပ်ထားခြင်းမျိုးမဟုတ်တော့ဘဲ ညာလက်တော်က ပုံမှန်ရှေ့ချထားပြီး ဘယ်လက်ကမူ သပိတ်ပုံကိုတင်ထားဟန်ဖြစ်ပြီး သပိတ်နေရာတွင် ရွှေအိုးကိုတင်ထားပါသည်။ လူသိများသော ဆရာဦးမောင်မောင်အေးတို့၏ ဦးရွှေအိုးဘုရားပုံဟန်မျိုး ဆင်ဆင်တူဖြစ်သည်။ ဝါစိမ်းနီတော့မဟုတ်။ ဆိုခဲ့သည့်အတိုင်း ရုပ်ပွားတော်တစ်ဆူလုံး ရွှေဝိန်းချထားခြင်း ဖြစ်သည်။ (ပုံကိုမူ မိမိ၏သတင်းဓာတ်ပုံသိမ်းဆည်းထားသောစီဒီခွေတွင် ပြန်လည်တွေ့ရှိသဖြင့် ကူးယူပေးပို့လိုက်ပါသည်။)

တည်ထားသူမှာ ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သော ဦးညွန့်မောင်ဆိုသူပင်ဖြစ်ပါသည်။ ကိုယ်တိုင်ဒီဇိုင်းဆွဲ၊ ကိုယ်တိုင်ဦးဆောင်တည်ထားခြင်းဟုဆိုပါသည်။ ထိုစဉ်ကစ မိမိမှာ ဘုရားပုံတော်နှင့်ပတ်သက်၍ လေ့လာထားဖူးသဖြင့် လွဲမှားနေမှုများကို သံသယဝင်မိပါသည်။ သို့ဖြင့် ဘုရားစေတီတည်ထားမှုသမိုင်းအရ မိမိတို့မြန်မာများ၏ ယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အမြဲရှိနေတတ်သည်မဟုတ်။ ရံဖန်ရံခါ ဇနပုဒ်ကျေးရွာများသို့ ဒေသစာရီကြွချီလေ့ရှိသည်။

ယင်းသို့သောအချိန်အခါမျိုးတွင် ဘုရားမြတ်စွာ၏ တရားမဓမ္မများ နာယူကြည်ညိုဦးချလို၍ ရပ်ဝေးမှ တကူးတကရောက်လာကြသူတို့ ကျောင်းတော်တွင် ဘုရားရှင်မရှိဖြစ်ရ၏။ ဤသည်ကို ညတော်အာနန္ဒာကလျှောက်ထားသဖြင့် ဓာတ်တော်ကိုပူဇော်သော ဓာတုစေတီ၊ ဗုဒ္ဓ၏တရားမဓမ္မများကို မှတ်သားသိမ်းထားသော ဓမ္မစေတီ၊ ဘုရားရှင်အား ရည်စူး၍ ဆင်းတုထုလုပ်ထားသော ဥဒ္ဒိဿစေတီဟူ၍ စေတီများတည်ထားပူဇော်နိုင်ကြောင်း ဗုဒ္ဓမြတ်စွာ၏ဟောကြားချက်များတွင် တွေ့ရသည်။

ယနေ့ မျက်မှောက်ခေတ်ကာလတွင် ထုဆစ်သွန်းပြုရာပညာရှင်တို့သည် ရှေးခေတ်မြန်မာမှု၏ ရုပ်တု၊ ရုပ်လုံးအချို့ယူ၊ ပုံစံစနစ်မယှက်သွင်ဟန်အတိုင်း နည်းမှန်လမ်းမှန် ဆောင်ရွက်ကြစေသင့်သည်ဟု မိမိယူဆပါသည်။ မိမိတို့၏ အတွေ့နောမတိဖြင့် အများတကာ ကြည်ညိုကိုးကွယ်ရန်အတွက် တန္တရမန္တရအစီအရင်များ ထွေရောယှက်တင်မပါဝင်သင့်ပါ။

ရုပ်ပွားဆင်းတုတော်ကိုးကွယ်မှုတွင် အဂုတ္တရပါဠိတော် စတုက္ကနိပါတ်၊ ရူပသုတ်၌ ပမာဏလေးပါးကိုပြဆိုထားပါသည်။ ရူပပွမာဏ၊ ရုပ်အဆင်းအပေါ် ပမာဏပြု၊ ကြည်ညိုသောပုဂ္ဂိုလ်သည် အချိုးအားဖြင့် သုံးချိုးနှစ်ချိုးရှိကြောင်း ဆိုထားသည်။ ထို့ကြောင့် ရုပ်ဆင်းသွင်မှုအပေါ် ကြည်ညိုသူကများပါသည်။ ဘုရားဆင်းတုချင်းတူစေကာမူ ပြုသွယ်မှသာ လူတို့ဓမ္မတာ ကြည်ညိုချင်ကြပါသည်။ မြတ်ဘုရားနှင့် ဂုဏဝယဝဒုဒ္ဓိကြီးမားကြသောသူတို့အား စိတ်ဖြင့် ပြစ်မှုကျူးလွန်မိကြလေ့ရှိသည်ထိုသူတို့အဖို့ ကြောက်မက်ဖွယ်ကောင်းလှစွာသော စိမ်ရေသင့်စေသည့် ဆိုးဒဏ်ကို ခံစားရတတ်ကြောင်း မိမိဆိုခြင်း ဖြစ်ပါသည်။

မိမိသည် ဘာသာရေးကိုမိမိနားလည်အစဉ်အလာတွင် အများတကာနည်းမျိုးမျောနေစဉ်က စိမ်ရေသင့်မှုကိုင်စွဲများကို ကြားဖူးနားဝရှိရုံသာရှိနေခဲ့သည်ဤမျှ ကြောက်မက်ဖွယ်ကောင်းသည်မသိနားမလည်။ ထိုရောအခါ မျက်တစ်ဆေမကြောက်ဖြစ်နေခဲ့သည်။ မြန်လူနေမှုအဝန်းအဝိုင်း၏ သွန်သင်ဆုံးမသမားရိုးကျဆန်စွာ နေထိုင်ကြပြင်ခဲ့သည်ဟု ဆိုရပါမည်။

မိဘတို့၏သွန်သင်ဆုံးမမှုကိုလည်း အလေးဂရုမပြု။ ဘာသာသာသနာ့အရိပ် မည်မျှအေးမြသည်၊ ထိုထက်သံသရာသို့တိုင် အလင်းပြမီးတိုင်မပေလား။ မူလက မှန်ဝါးဝါးမျှသာ အကိုပေးနိုင်စွမ်းခဲ့သည်။ မျက်မွေးတစ်အမိုက်ဖုံးသောငယ်ဘဝကို ဖြတ်ခဲ့သည်။ လူမည်ကာမတ္တဟုဆိုရပါလူဘဝ၏ တတိယအပိုင်းအကန်ရောက်ရှိခဲ့လေမှ မိမိခေါင်းထက်မှအနေသော ဘာသာသာသနာ၏ ဓမ္မဆရိပ်ကို ကျေးဇူးတင်သောမျက်လုံးကြည့်မိခြင်း ဖြစ်လေသည်။ သို့အမှုမဲ့အမှတ်မဲ့ စရိုက်ဆိုးများ ပယ်ပြုသည်။ မူနှစ်ဝါးသောဘဝလျှောက်မှ ထွက်ပြုလာသော သင်ခန်းစာအလင်းဟုဆိုရပါမည်။

သို့ဖြင့် မိမိသည် စိမ်ရေမည်သံသရာဝဋ်အပြစ်သည် မည်မျှကြီးမက်ဖွယ်ကောင်းသည်ကို စာအုပ်စာများ၏ကျေးဇူးဖြင့် သိရှိနားလည်သည်။ မိမိနည်းတူ လူတို့အတော်များလည်း ဤသို့သော စိမ်ရေအပြစ်များ ကျူးလွန်မိမှန်းမသိ ကျူးမိနေမည်ထင်ပါသည်။ စိမ်ရေအချို့တို့မှာ ပြစ်မှုးလိုသည်ဖြစ်မပြစ်မှုးလိုသည်ဖြစ်စေ ပြုမိမှာခံကြရမည်သာဖြစ်သည်။ လောစိမ်ရေသင့်မှုဆိုသည်မှာ လောမျိုးပေမို့ သံသရာပြစ်မှု မလွတ်ကြပါ။ ဖြစ်လေဖြစ်ထရှိသော် သင့်မှုများမှာ မိအိုဖအို့ကို

www.burmeseclassic.com

www.burmeseclassic.com

ဆိုများအဂါရဝမှုများဖြစ်သည်။ ရတနာသုံးပါး၊ အမိအဖ၊ ဆရာသမားနှင့် အတူတကွ နေထိုင်သွားလာမှု ရှည်လျားကြာခြင်းရာက ယင်းသို့ပြုမိများကြလေ့ရှိသည်။ ဤသည်ကို အမိအဖ စိမ်ရေသင့်သည်ဟု ဆိုသည်။

ပြစ်မှုမျိုးမှာ ကြီးကြီးမားမား မဟုတ်သော်လည်း ပြုပါများက အိုးစရည်းခွက်၊ မိုးရေစက်ကျလားသို့ အမှားများ ပြည့်လျှံလာတတ်သည်။ ဘုရားကျောင်းဝင်းအတွင်း ဖိနပ်စီး၊ ထီးဆောင်းအမှုမျိုး၊ လောကလူရွှာအလေ့အထ အမှုအကျင့်အရွေ့က မိမိတို့ကိုယ် မိမိတို့ မှားမှန်းမသိမှားနေကြသည်။ အမှန်မကဲ့ ဘုရားကျောင်းမြေ ဖြတ်သန်းသွားလာလျှင် ကြည်ညိုစိတ်ဖြင့် ဖိနပ်ချွတ်၊ ထီးရုတ်သွားပါက သွားရင်းလာရင်း ခရီးသွားဟန်လွဲ မိမိတို့၏ အတွင်းစိတ်သန္တာန်မှာ အမှန်အမြတ်ထားကုသိုလ်ဘုရားများတိုးပွားလာမည်သာဖြစ်သည်။

မြန်မာ့ဆေးလောကတွင် စိမ်ရေသင့်ခြင်းအကြောင်းတရားများ အထင်အရှားပြဆိုထားပါသည်။ မြေအတွင်းနစ်မြုပ်နေသော ဓာတ်တော်မွေတော်များ၊ ပျက်စီးဆင်းတုတော်များအပေါ် ဖြတ်သန်းကျော်မိခြင်းများ၊ တရားဓမ္မပိဋကတ်တော်များ သိမ်းဆည်းမှုအားနည်း၍ ပျက်စီးလွင့်နေသည်ကို နင်းကျော်မိများခြင်းများ၊ ရဟန်းသံဃာတော်တို့၏ အသုံးအဆောင် သပိတ်ကွဲ၊ သင်္ကန်းစုတ်၊ ယပ်ဆောင်၊ ထီး၊ ဖိနပ်မှစပြီး မြေဦးတင်ကျန်နေသည်ကို ခြေဖြင့်ခတ်မိ၊ နင်းကျော်ခြင်းများ၊ ရတနာသုံးပါးနှင့်စပ်သည့် ကြေး၊ ရွှေ၊ ငွေ၊ ကျောက်၊ ခတ်ပြာများ သင်္ကြား ထောပတ်၊ ဘောဇဉ်များ ယူဆောင်သုံးစွဲမိခြင်းနှင့် ရတနာသုံး အပါအဝင် မိဘ၊ ဆရာသမားတို့ အဆိုးအဖျားကိုစားသောက်မိခြင်းများ၊ ထိုကဲ့သို့ ၎င်းတို့၏အိပ်ရာထိုင်ခင်း အပေါ် တက်ရောက်မိခြင်း၊ အရိပ်ကို ကျော်မိခြင်း၊ လိမ်လည်လှည့်ဖြားသောစကားပြောဆိုမိခြင်း၊ နှုတ်လှန်ပြောဆိုမိခြင်းများ၊ တန္တရ မန္တရဆရာများ စီရင်မြှုပ်နှံထားသော အင်းအမည်တို့ကို ကျော်နင်းမိခြင်း၊ အမှုအခုခုတွင် မတော်မတရား သက်သေခံမိခြင်း၊ နတ်ကောင်းနတ်မြတ်တို့ကို အမှားလွဲကျူးမိခြင်းတို့သည် ကြီးမားသော စိမ်ရေသင့်မှု၏ အရင်းခံတရားများ ဖြစ်သည်။

ဤသည်ကို သိရှိနားလည်သဖြင့် ၎င်း၏ အတိတ်ကံလအပိုင်းအခြားမှ အမှု အနေအထိုင် ကျင့်ကြံခဲ့သည့် စရိုက်များကို ပြန်လည်ငဲ့ကွက်သုံးသပ်မိပါက မိမိတို့၏အမှား၊ အမှန်ကို သိရှိနားလည်နိုင်ကြမည် ဖြစ်ပါသည်။ ကိစ္စအတော်များများသည် မှားမှန်းမသိမှားနေကြခြင်းဖြစ်သည်။ ခေတ်ရေစီးအတိုင်းမျောပါနေသော လူနေမှုစရိုက်တို့သည်လည်း မှန်မှားစာရားဓမ္မပိုင်ရှင် ဗုဒ္ဓ၏ နှုတ်ကပါင်္ဂလာ အဆုံးအမတို့ကို အလေးဂရုပြုကာ မိမိတို့ဘဝကို ပဲ့ပြင်ထိန်းကျောင်းကြဖို့လိုသည်။

စိမ်ရေသင့်ရမှုကိစ္စများမှာ ယခုမှ သာမဟုတ်၊ ဘုရားရှင်ပွင့်တော်မမူမီကပင်ရှိနေခဲ့သည်သာဖြစ်သည်။ ဤသည်ကို ဗြာဟ္မဏတို့အလိုအားဖြင့် အညစ်အကြေးတို့ပေကျံကပ်ငြိနေလျှင် သန့်ရှင်းသောရေဖြင့် ဆေးကြောလိုက်ပါက သန့်ရှင်းသွားသည့်ပမာ မိမိတို့သည်လည်း စိတ်၏အသွင်သဏ္ဌာန်တွင် ပြုမိမှားနေခဲ့သောဘေးဥပဒ်တို့ကို ဝန်ချတောင်းပန်သမှုပြုကာ ရေကို ဂါထာမန္တန်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ပျောက်ကင်းနိုင်သည်ဟု ယုံကြည်ကြသည်။ သို့မဟုတ်က စိမ်ရေသင့်ခြင်း၏ အကျိုးဆက်များအဖြစ် စိမ်ရေသင့်သူအဖို့ ဘဝတစ်ခုလုံး လူဖြစ်ရှုးလူညွှန့်တုံးကာ ကြောက်မက်ဖွယ်ဘဝအဆုံးသတ်ရမှာဖြစ်သည်။ ကျန်းမာရေးပျက်စီးခြင်း၊ အခြေအရံပျက်စီးခြင်း၊ စီးပွားပျက်စီးခြင်း စသော ဗျသနတရားများ ဆိုက်ရောက်တတ်ပါသည်။

ယင်းသို့သောအဖျက်တရားများမှာ ဝဋ်နာကံနာကဲ့သို့ ကုစားမရဖြစ်တတ်သည်။ ထို့ကြောင့် စွဲကပ်လာသော နာတာရှည်ရောဂါကို ပျောက်ကင်းစေရန် စီးပွားပျက်လျှင် အောင်မြင်တိုးတက်စေရန်၊ ကံနိမ့်ပါးလျှင် ကံမြင့်၊ ကံတံခွန်လွှင့်ထူနိုင်ရန် တစ်ခုတည်းသောနည်းလမ်းက စိမ်ရေချခြင်းသာ ဖြစ်သည်။ မိမိတို့၏အတိတ်မှ ခြေလှမ်းအမှားများကို သိမြင်သင်ခန်းစာရယူ၍ အနာဂတ်အတွက် ပြုပြင်မည်မှာမှန်သော်လည်း ဖြစ်ပျက်ပြီးသောအကြောင်းတရားဆိုးများကို မည်သို့ပယ်ဖျောက်ကြရမည်နည်း။ မိမိတို့ မြန်မာမှုနယ်ပယ်တွင် နည်းနာရှိပါသည်။

ဝိုးဝိုးဗီဇွောဆရာ၊ ဓာတ်ဆရာ မဟုတ်ဘဲ ဂိုဏ်းဆရာဆိုပါက တန္တရ မန္တရဂါဒသာဖြစ်ပေသည်။ ဆေးကျမ်းများကို လေးစားသောအားဖြင့် ရှေးမင်းဧကရာဇ်များ နန်းတက်သိဘိုက်မသွန်းမီ ပညာရှိပုရောဟိတ်တို့က အစီအရင်ပြုကာ စိမ်ရေချပေးလေ့ရှိကြောင်းတွေ့ရသည်။ လက်ရှိတွင် သာသနာတော်ဘောင်အတွင်းဝင်ရောက်တော့မည့် ရှင်သာမဏေလောင်းလျာများကို လောကခံလူဘဝကရိုက်ခတ်ခဲ့သော စိမ်ရေသင့်ခဲ့ရမှုများကို ကင်းစင်စေရန်နှင့် သာသနာတော်၌ ကုသိုလ်စိတ်ဖြင့်ပျော်မွေ့ကြစေရန် စိမ်ရေချပေးကြလေ့ရှိ၏။ ထို့နောက် လူတို့ဓမ္မတာ အာဝါဟဝိဝါဟ ထိမ်းမြားမင်္ဂလာအခါများတွင်လည်း မိသားစုတစ်အိုးတစ်အိမ် ထူထောင်လုပ်ကိုင်ကြရာတွင် စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းစေရန်၊ ဘဝလျှောက်လမ်း ဖြောင့်တန်းကြစေရန်တို့အတွက် တတ်သိနားလည်သော ဘိသိက်ဆရာများက ဥဒကသိဒ္ဓိမင်္ဂလာဖြင့် စိမ်ရေချဂါထာများ ရွတ်ပွားပေးလေ့ရှိပြန်ပါသည်။

အမှန်မှာ စိမ်ရေသင့်သည့်အယူအဆသည် ဘုရားဟောကျမ်းလာ မြတ်ဗုဒ္ဓ၏ နှုတ်ကပါင်္ဂထွက်အယူအဆတော့မဟုတ်။ ဗုဒ္ဓမပွင့်ထွန်းမီကပင်ရှိနေခဲ့သော ဗြာဟ္မဏတို့၏ ဥဒကသိဒ္ဓိအယူများသာဖြစ်သည်ဟု အထက်တွင်ဆိုခဲ့ပြီးဖြစ်သည်။ ဥဒကသိဒ္ဓိဟူသည်မှာ ရေဖြင့် သန့်ရှင်းစင်ကြယ်စေခြင်းဟု ပါဠိအလိုအားဖြင့် ဆိုထားပြီးလည်းဖြစ်သည်။ ရေစင်သွန်းမှု၊ ပရိတ်ရေပက်ဖျန်းမှု၊ ရေမန်းသောက်စေမှု၊ နောက်ဆုံး သင်္ကန်ရေပက်ဖျန်းကစားမှုသည်ပင် ဤသို့သော ဥဒကသိဒ္ဓိအယူအဆ၌အကျုံးဝင်ကြသည်။

ဤသို့သော အယူအဆသည် ရှေးပဝေသဏီကပင် မြန်မာ့လူနေမှုအဝန်းအဝိုင်းတွင် စိမ့်ဝင်ပျံ့နှံ့နေခဲ့ကြောင်း၊ ဆေးဂိုဏ်း၊ အင်းဂိုဏ်း၊ သိဒ္ဓိဂိုဏ်း၊ ဣန္ဒိဂိုဏ်းဆိုသည်များက တွင်တွင်ကျယ်ကျယ်ပင်အသုံးပြုနေကြကြောင်း တည်တောဆရာတော်အရှင်မြတ်၏အမေးအဖြေစာတစ်ပုဒ်တွင် လေ့လာမှတ်သားမိပါသည်။ စိမ်ရေချရာတွင် ရှေးဦးစွာ စိမ်ရေသင့်သူက မိမိလွန်များမိသည်ကို ဝန်ချတောင်းပန်ရပါမည်။ စိမ်ရေသင့်နေသူသည် သန့်ပြန့်သောအဝတ်အစားကို ဝတ်ဆင်လျက် မိမိတို့၏နေအိမ်ဘုရားဆောင်ရှေ့တွင်ဝတ်ပြုလျက် ငါးပါးသီလခံယူဆောက်တည်ရမည်။

ထို့နောက်မှ စိမ်ရေချပေးမည့် ပုဂ္ဂိုလ်က ဦးစွာ တနင်္ဂနွေမှ စနေထိ နေ့သင့်ခုနစ်ပါးသောသစ်ရွက်(သစ်ခက်)နှံ့သင့်ပန်းခုနစ်မျိုး၊ ကမ္ဘာဆောင်ပန်းဟု ဆိုသော ခယား၊ ကုက္ကို၊ မြေစာ၊ သီး၊ သပြေ၊ ထန်း၊ အုန်းတို့ကို ဖလားတွင်စိုက်ထိုးပါ။ ရေကိုမူ ဘုန်းကြီးကျောင်းမှ (၀၊) မိုးရေ (၀၊) စင်ကြယ်သောရေကို ပိတ်ဖြူဖြင့် သုံးကြိမ်သုံးခါစစ်၍ထည့်

www.burmeseclassic.com

ရွှေငွေစများ ဖလားတွင်းသို့ ထည့်လိုက ထည့်နိုင်ပါသည်။

ဘုရားရှင်ပွားဆင်းတုတော်အား ဆီမီးနှင့်ပူဇော်ပါ။ ထို့နောက်မှ စိမ်ရေသင့်ထားသူကို လက်ယာရစ်ရစ်ပတ်ကာ ရေဖလားကို လက်ဝဲလက်ဖြင့်ကိုင်၊ ပန်းသစ်ခက်ကို လက်ယာလက်ဖြင့်ဆုပ်လျက် ဖလားမှရေကို ပန်းသစ်ခက်ဖြင့် ဆွတ်ဖျန်းပေးရမည်။ ဦးဆောင်ပုဂ္ဂိုလ်က စိမ်ရေချစာများကို ရွတ်ပွားရပါမည်။ မူအမျိုးမျိုးရှိသည့်အနက် မူတစ်ခုကို ထုတ်နှုတ် ဖော်ပြလိုက်ပါသည်။

❑ *သီတာရေဖျန်း၊ အေးစိမ့်ချမ်းမှု၊ ပန်းမျိုးခုနစ်ပါး၊ ခယားကုက္ကို၊ စိမ်းညို မြေစာ၊ သောကြာနံသီး၊ ထည့်ပြီး တစ်ခန်း၊ ညွှန့်လန်းသပြေ၊ မသွေ ထန်းအုန်း၊ သုံးသုံးသမျှ၊ ကမ္ဘာ့ ဆောင်ပန်း၊ ထုံးတမ်းရှိရာ၊ ဘုရား စိမ်ရေ၊ တရားစိမ်ရေ၊ သံဃာစိမ်ရေ၊ မာတာပိတာ၊ အမိအဖစိမ်ရေ၊ ဆရာ သမားစိမ်ရေ၊ စိမ်ရေရှိသမျှ အပေါင်း၊ မကောင်းအန္တရာယ်၊ ကိုယ်ဝယ်မရောက်၊ ဖြစ်စေသောဝ်။*

ဦ - ဘဒ္ဒကမ္ဘာ၊ ပေါ်ဦးစွာက၊ သဒ္ဓါကြည်ဖြူ။ လူတို့ပြည်မှာ၊ ကပ် ရောက်လာသည့်၊ ရောဂါအပေါင်း၊ မကောင်းအိပ်မက်၊သက်သည့်အနေ့၊ ဤစိမ်ရေကို၊ မသွေတကယ်၊ ရန်မျိုး ကွယ်အောင်၊ ပယ်မည်ယခုလာ သတည်း။

ဦ - ဘုရား၊ တရား၊ သံဃာ၊ ရတနာ မျိုး၊ ပုထိုးဂူကျောင်း၊ တန်ဆောင်း ဇရပ်၊ ပြာသာဒ်စေတီ၊ သရီကိုယ်စား၊ သိမ်ကျောင်းများလည်း၊ ပြစ်မှား တစ်၊ နှင်းကျော်မိ၍၊ သင့်သည့် အနေ၊ ဤစိမ်ရေသည်၊ မသွေခဏ၊ လျောစေသားဝ်။

ဦ - ပုဆိုးကြွက်ခဲ၊ မလွဲဝတ်ဆင်၊ မီးနေအိမ်အောက်၊ အလျောက်အလျား၊ သွားမိချေဖူး၊ တထွေဘူး-ဖရုံ၊ ဝင်တုံပေငြား၊ လှေကားလက်ကသုံး၊ ကုန်းလှိုးမီက၊ သင့်သည့်အနေ့၊ ဤစိမ်ရေလည်း၊ မသွေခဏ၊ လျောစေသားဝ်။

ဦ- ရွှေငွေဖန်ပန်၊ ကျောက်သံပတ္တမြား၊ ဇလားလင်ပန်း၊ တစ်ခန်းအလျောက်၊ ယောက်မယောက်ချို၊ စားဖိုခံလောက်၊ မှောက်ခုံမှောက်နှင့်၊ အလျောက်အခင်း၊ ဝက်စားကျင်းနှင့်၊ အခင်းသွားထား၊ တိုင်မိမှား၍၊ သင့်ငြားတစ်ထွေ၊ စိမ်ရေလည်း၊ မသွေခဏ၊ လျောစေသားဝ်။

ဦ - အဘိုးအဘွား၊ အမိအဖ၊ စသည့် တစ်ထွေ၊ ဤစိမ်ရေသည်၊ မသွေခဏ၊ လျောစေသားဝ်။

ဦ - ဒုဿကုဏ်၊ ဥက်မျိုးစသား၊ မိုးဝတိန်ညင်း၊ ဥက်ပျင်းစင်ရော်၊ ဥက်တော်ဥဒေါင်း၊ မကောင်း၊ ခင်ပုပ်၊ ဥက်ယုတ်ဥတ်မာ၊ မြည်လာညီးညည်း၊ အသံမစဲ၊ လက်ဝဲလက်ယာ၊ ဥက်တကာလည်း၊ ဝေးရာလွှင့်၍ ပျောက်စေသားဝ်။

ဦ- သမင်ဒရယ်၊ ချေငယ်စိုင်ဆတ်၊ ဖွတ်ပုတတ်နှင့်၊ သားမြတ်ထူးထွေ၊ ရေနေအမျိုး၊ မြွေဆိုး မြွေဟောက်၊ ငန်းပြောက်ငန်းကြီး၊ စပါးကြီးငင်း မြွေ၊ ငန်းတော်ရေက၊ မြွေဆိုး စသည်၊ ကြောက်စရာမြင်ချေ၊ ဤ စိမ်ရေလည်း၊ မသွေခဏ လျောစေသားဝ်။

ငါးဖြာရန်သူ၊ ဆယ်ဆူသောဒဏ်၊ ရှစ်တန်သောအပြစ်၊ အညစ်ဆယ်ပါး၊ နှစ်ဆယ့်ငါးဘေး၊ ကင်းဝေးစေရာ၊ ဆယ့်ခြောက်ဖြာနှင့်၊ ကင်းကွာဥပါဒ်၊ မကပ်ဒဂ္ဂတ်သ၊ ဆနဝုတ်၊ မရှိကိုယ်ဝယ်၊ လွှင့်မျောက်ပြယ်သည်၊ မတွယ်ရှင်းကွာဝေးစေသားဝ်။ သုခချမ်းသာ၊ ကိုယ်၌သာလျင်၊ မကွာအမြဲရှိစေသားဝ်။

မာယကွန်ခွာ၊ အသုရာနှင့်၊ ဒေဝါဒေဝ၊ စသည့်ကျော်သောင်း၊ နတ် အပေါင်းတို့၊ ကောင်းကျိုးချမ်းသာ ပေးစေသားဝ်။

တနင်္ဂနွေ၊ တနလာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ ခုနစ်ရက်မွေးဖွား၊ ယောကျ်ား မိန်းမ ဟူသမျှလည်း၊ မြင်ကစုံမက်၊ ရန် ဝယ်ထွက်သို့၊ မဖျက်မေတ္တာ မျှစေသားဝ်။

သူကျင့်သူပြု၊ ပညာမူလည်း၊ မယုတ်မယိုင်၊ မခိုင်နက္ခတ်၊ စန်းပြတ် လှန်းပြတ်၊ နဝင်းပြတ်နှင့်၊ ဂြိုဟ်ပြတ် ဂြိုဟ်ငင်၊ ဂြိုဟ်ဆင် ဂြိုဟ်နှင်း၊ ဂြိုဟ်ချဉ်းဂြိုဟ်စီး၊ လင်္ကာဂြိုဟ်သွား၊ မြေပ်ထားအင်းပျက်၊ အိပ်မက်အပေါင်း၊ မကောင်းအသံ၊ ဥက်ပျံဥက်ဝဲ၊ ကြွက်ခဲသမျှ၊ ဂြိုဟ်ပါပနှင့်၊ ဆနဝုတ်၊ မရှိကိုယ်ဝယ်၊ လွှင့်မျောက်ပယ်၍၊ မတွယ်ရှင်းကွာဝေးစေသားဝ်။

အူနုအူသိမ်၊ အဝိန်အညော်၊ နာသော်အပေါင်း၊ မကောင်းသောစိမ်ရေ၊ မကောင်းသောဥပဒ်အန္တရာယ်၊ မကောင်းသောဘေးဒဏ်တို့သည်၊ ဗုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား၏၊ တန်ခိုးတော်အားဖြင့်လည်းကောင်း၊ ဓမ္မာနုဘာဝေန၊ တရားတော်၏၊ တန်ခိုးအားဖြင့် လည်းကောင်း သံဃာနုဘာဝေန၊ သံဃာတော်၏ တန်ခိုးတော်အားဖြင့် လည်းကောင်း ဝိနာသန္တု - ပိန်းကြားဖက်တွင် မတင်သကဲ့သို့ လျင်မြန်စွာ ပျောက်ကြပါစေကုန်သတည်း။

အချို့သော စိမ်ရေချေးသည် ဆရာတော် လူပုဂ္ဂိုလ်တို့သည် စိမ်ရေ မည့်နေ့၏ အရုဏ်တက်ချိန်တွင် ပန်းကြီး (၁၁) သုတ်ကို ဖလားရေခဲ့ အခြားသောသံဃာတော်များနှင့်အ ရွတ်ဆိုကြသည်။ ထို့နောက်မှ ဦးဆော သူတစ်ဦးတည်းက နေထွက်သည်အ ပထဝီဇယမန္တန်၊ ပရိတ်၊ ဓာရဏပရိ စက်ဂါထာတို့ကို ရွတ်ဖတ်သရဇ္ဈာ သည်ဟုဆိုသည်။ စိမ်ရေသင့်သူ့ပုဒ္ဓဏ္ဍသုတ်ပရိတ်ဖြင့် ထပ်မံရွတ်ဆို အဆုံးသတ်ပေးရလေ့ရှိပါသည်။ သာ မကောင်းသော ရလဒ်ဆိုးမှ ကင်းဝေးစေနိုင်ကြမှာ ဖြစ်ပါသည်။

စိမ်ရေသင့်သည့်အဖြစ်သည် ဘဝရရှိထားကြသူတို့အဖို့ အထူးသ ရှောင်ရှားကြရန် လိုအပ်ပါသည်။ မိ ပြစ်မိမှားနေကြသော သံသရာဝဋ်ဆင် ဘေးဆိုးရမည့် စိမ်ရေသင့်မှုမျိုး ရောက်နိုင်ကြရန် အလေးဂရုပြုကြ ပါသည်။ အမှုမဲ့အမှတ်မဲ့မနေသင့် အပြစ်သည် ယခုဘဝမက နောင်ဘ တိုင် ကျယ်ဝန်းစွာရောက်တတ်ပါသ လောကလောကီအပြစ်၊ သံသရာအ ဟူ၍ ရှိကြသည်တွင် စိမ်ရေသင့်မှု လူတို့ဆိုကြလေ့ရှိသော နောင်ခ နောင်ခါစေးမဟုတ်၊ ယင်းသို့ဆို၍ ယနေ့အပြစ်များသည် အချိန်ခ ဒုက္ခနှင့် ရင်ဆိုင်ကြရလေ့ရှိသည်။ ပါပုဂ္ဂိုလ်ကဲ့သို့ ကျောချလေမှ ဓားမ သိတတ်ကြသူများအဖို့ နောင်တ အလွန်နောင်းနေပြီဖြစ်ပါမည်။ မည် အကျိုးမရှိနိုင်တော့ပါ။ ဤသည်က ၏ကိုယ်တွေ့များမှ သင်ခန်းစာရ ဘဝသံသရာလမ်း ဖြောင့်တန်းစွာ ကျောင်းလျောက်လှမ်းနိုင်ကြရန် ရေးသားလိုက်ရပါသည်။

ရာမညသော

ကျမ်းကိုး -

တည်တော်ဆရာတော်၏ ဗုဒ္ဓဝါဒဆိုင်ရာအမေးအ ဆရာနန္ဒမိုးကြယ်၏ မြန်မာ့သမိုင်းဝင် သမိုင် သော ဖြစ်ရပ် (၁၀၀) စာရေးသူကိုယ်တွေ့ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးရွာအင်ဝရှိ စေတီတော်

သစ်လုံးထွင်းရုပ်ပွားတော်ကြီး

စိုးရာဇာကျော်

အုံမွယ်ထူးခြား ကျွန်းသစ်လုံးကြီးတစ်ထွင်း ဗုဒ္ဓရုပ်ပွားတော် (ရွှေရုပ်တော်ဘုရားကြီး)

ပေါင်းတည်မြို့နယ်မှ ပဲခူးရိုးမ သဿိုသွားရာ ပေါင်းတည် - မှတ္တိုင်းပေါ် သို့ခရီးသွားခဲ့ရာ ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု မြို့ကြီးကျေးရွာတွင် ပေ (၄၀) ခန့်ရှိ ကျွန်းတုံးကြီးကို မတ်ရပ်ရုပ်ပွားတော်ထွင်းထု ကိုးကွယ်ထားရှိကြောင်း တွေ့ရှိရသဖြင့် ကြည်ညိုဖွယ်ရာ ရေးသားတင်ပြရပါသည်။

စာရေးသူသည် ရွှေရုပ်တော်ဘုရားကြီးကျောင်းတိုက်ဆရာတော်ဖြစ်တော်မူသော (ယခုတတိယဆရာတော်) ရွှေဉာဏောဘာသနင့် တွေ့ဆုံခဲ့ပြီး ဆရာတော်၏ ခွင့်ပြုပြောကြားချက်အရ အောက်ပြုလိုက်ရသည်မှာ -

သာသနာတော်နှစ် ၂၄၇၁ ခုနှစ်၊ ဗုဒ္ဓသာသနာနှစ် ၁၂၈၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ညတွင် မြို့ကြီးကျောင်းဆရာတော်အား နတ်သိကြားများ အိပ်မက်ပေးခဲ့ပုံမှာ ကျောင်းရှေ့ဥပစာ ရွှေရုပ်တော်ရုပ်ပွားတော်ကြီးတည် ကိုးကွယ်လျှင် ဘုန်းတန်ခိုးကြီးမား ကုသိုလ်တရားများတိုးပွားစေခြင်း၊ ကိုယ်ဘေးရန်ကင်းဝေးခြင်း၊ မင်္ဂလာအထောက်အပံ့ဖြစ်ရခြင်း စသည့် အကျိုးများရရှိနိုင်မည်ဟု အိပ်မက်ခဲ့ပါသည်။

သီတင်းကျွတ်လပြည့်ကျော်၁ရက်နေ့တွင် ကျွန်းရွာလူကြီးများကို စုဝေးစေပြီးနောက် ဆရာတော်က အိပ်မက်ကို ရှင်းပြခဲ့ရာ ပေါင်းတည်မြို့မှ သစ်ကုန်သည်ကြီးဦးကျောက်က သစ်ကုန်သည်ကြီး ဦးဘိုးဖေထံတွင် ဝယ်ယူခဲ့သည်။ သစ်လုံးကြီးမှာ ပေါင်းတည်မြို့အရှေ့ယွန်းယွန်း အင်တိုင်းဆင်းတောကြီးထဲတွင်ရှိပြီး သွားရောက် သယ်ဆောင်ရမည်ဖြစ်ကြောင်း ဦးဘိုးဖေက ညွှန်းဆိုပြောပြီး ဂင်တိတ် ကျွဲလှည်း (၇)ပိန်းဘီးတပ် (၂) စီးကို ပေါင်းတည်ဘူတာရုံရှေ့တွင်နေထိုင်သော ဦးတောက်ကစီစဉ်ပေးခဲ့သည်။ သန်မာထွားကျိုင်းသော ကျွဲကြီး(၄)ကောင်ဖြင့် စီစဉ်ပေးခဲ့သည်။

၁၂၈၉ ခုနှစ်၊ တပို့တွဲလပြည့်နေ့ နံနက် (၅)နာရီအချိန်တွင် ကျွန်းသစ်လုံးရှိရာ အင်တိုင်းဆင်းရွာသို့ မြို့ကြီးရွာဆရာတော် ဦးကိတ္တိနှင့် ဒကာ၊ ဒကာမ (၃၀) တို့က တောကြီးကို လမ်းထွင်ရှင်းသူကရှင်းပေးပြီး၊ ထမင်းဟင်းချက်သူတို့ကချက်ကြပြီး လိုက်ရှာခဲ့ကြရာတွင်



ရွှေရုပ်တော်ရုပ်ပွားတော်ကို ရထားသံလမ်း (၄) ချောင်းဖြင့် ပုံပိုးထားသည့် ပန်းပုအင်တေတိုင်များ

မြေကြီးအတွင်း ယိုယွင်းပျောပြည့်နေသော သစ်လုံးကို အင်တေဖုံးအုပ်ပြီး ကြာပတ္တမ်ဖော်ဆောင်ထားပုံ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပွားတော်တည်ရှိရာ မြိုကြီးရွာ

သစ်လုံးထွင်းရုပ်ပွားတော်၏ တန်ဆောင်းအဝင် တံခါးပေါက်မုခ်ဦး

မြိုကြီးရွာ တတိယဆရာတော် အသျှင်ဉာဏောဘာသ

မတွေ့ရှိခဲ့ပေ။ ရှာမတွေ့သည့်အဆုံးတွင် ဒေသခံရွာသားတစ်ဦးကို အကူအညီတောင်းပြီး ချုံနွယ်၊ ဝါးရုံတို့လွှမ်းခြုံနေသည့် ပယ်စောင်းချိုင့်အတွင်း၌ တွေ့ရှိခဲ့ကြသည်။ တွေ့ရှိခဲ့ပြီး လူအင်အား (၃၀) ဖြင့် လှိမ့်ယူဆွဲဆောင်ပြီးနောက် မြေပြင်အရောက်တွင် ဆရာတော်က မိမိကျောင်းမှ ပင့်ဆောင်လာခဲ့သော ဓာတ်တော် (၃) ဆူကို ကျွန်းလုံးကြီး၏အတွင်းသို့ ထုထွင်းဖောက်လုပ်ပြီး ဌာပနာအဖြစ် ပူဇော်ခဲ့၊ အဓိဋ္ဌာန်ပြုခဲ့သည်။

ဤကဲ့သို့ အဓိဋ္ဌာန်ပြုပြီး ဌာပနာပြီးနောက် ကျဲလှည်း(၂)စီးပေါ် သို့ တင်ဆောင်ရာ ချောမောစွာရောက်ရှိခဲ့ပါသည်။ နေ့လယ်(၁)နာရီတွင် အင်တိုင်းဆင်းရွာသူရွာသားများက လှည်းကိုဆွဲသူဆွဲ၊ တွန်းသူကတွန်းဖြင့် ခြောက်လုံးပြူးရွာမှ မဲခေါင်ရွာ၊ အင်းကြီးရွာ၊ မကျီးကုန်းရွာတစ်လျှောက် ဆက်လက် သယ်ဆောင်ရာတွင်လည်း ရွာမှ ကျေးရွာသူကျေးရွာသားများက ပို့ဆောင်သယ်ယူပေးကြသည်။

ယင်းသို့ဖြင့် ကျွန်းဟိုင်းရွာသို့ ညနေ (၅) နာရီတွင်ရောက်ရှိပြီး တစ်ည ရုပ်နားအပူဇော်ခံကာ ဆက်လက်သဏ္ဌာဆောင်ယူရာ ခေမံရွာသို့ ရောက်ရှိအပူဇော်ခံခဲ့သည်။ ခေမံရွာမှ ဆက်လက်ပင့်ဆောင်လာခဲ့ရာ မြို့ကြီးရွာသို့ နံနက် (၉) နာရီတွင် ရောက်ရှိခဲ့ပါသည်။

ကျွန်းသစ်လုံးကြီးမှာ အလျား (၃၆) ပေ၊ အချင်း (၁၀) ပေ၊ လုံးပတ် (၃၀) ပေ၊ တန်ချိန် (၄၀) ခန့်ရှိပါသည်။ တန်ဖိုးမှာ (၁)တန်လျှင် ငွေဒင်္ဂါး(၁၀)နှုန်းဖြင့် ဝယ်ယူခဲ့ရခြင်း ဖြစ်သည်။

၁၂၈၉ ခုနှစ်၊ တပေါင်းလတွင် ပေါင်းတည်မြို့နေ ဦးစိန် (မန္တလေးသား) က မန္တလေးမြို့မှ နာမည်ကျော် ပန်းပုဆရာကြီး ဦးဘာဇင်နှင့်အဖွဲ့ကို ငှားရမ်းပေးပြီး ထုလုပ်ခဲ့ရာ ဉာဏ်တော် (၁၈) တောင်၊ ပေအားဖြင့် (၂၇)ပေရှိပြီး ပန်းပုထုလုပ်တန်ဖိုးမှာ တစ်တောင်လျှင် ငွေ ဒင်္ဂါး (၁၀၀) နှုန်းဖြင့် ငွေဒင်္ဂါး (၁၈၀၀) ကုန်ကျခဲ့ပါသည်။

ဘုရားကြီးထုထွင်းပြီးစီးသောအခါ သူကြီးဟောင်း ဦးဘိုးရှင်၊ ဒေါ်ငွေစိန်နှင့် ဦးမောင်လေး (ပေါင်းတည်) တို့က ရွှေစင်ရွှေသားသင်္ကန်းကပ်လှူပူဇော်ပြီး ဓမ္မာရုံကြီး တည်ဆောက် လှူဒါန်းခဲ့ပါသည်။ သာသနာတော်နှစ် ၂၄၇၃ ခုနှစ် ကောဇာနှစ် ၁၂၁၁ခုနှစ်တွင် တည်ထားမှုပြီးစီးခဲ့ပါသည်။

၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လတွင် ဟောင်းနွမ်း ပျက်စီးနေသော တိုက်ခန်းများကို မြို့ကြီးကျေးရွာမှ ပန်းရန်ဆရာဦးရွှေရ၊ ဒေါ်ချောသားသမီးမြေးတော်တို့က ပြုပြင်ခဲ့ပါသည်။

တတိယမြောက်ဆရာတော်အရှင် ဉာဏောဘာသလင်္ကာထက်တွင် ရုပ်ပွားတော်၏ ခြေတော်နှစ်စုံအောက်တွင်သော မြေတွင်းရောက်သစ်လုံးဆွေးပျက်စီးနေသဖြင့် မီးရထားသံလမ်းချောင်းကို မြေတွင်းထိုးစိုက်ထည့်သွင်းရုပ်ပွားတော်ကြီးကို ပုံပိုးထောက်ပံ့ခဲ့ရပြီး ခြေတော်နှစ်စုံကို အင်္ကျီဖုံးအုပ်ခဲ့သလို ရထားသံလမ်း (၄) လုံးကိုလည်း အင်္ကျီတမွှမ်းမံပြီး ပန်းပုဖော်ဆောင်ခဲ့သည်။

ပေါင်းတည်စွယ်တော်ပွဲသို့ ရောက်ကြသူများအခါသင့်၏။ ပေါင်းတည်မြို့သို့ရောက်ရှိကြသူများ ကြည်ဖူးမြော်စေလိုနိုင်ပါရန်အတွက် ဆောင်ရွက်လိုက်ရပါသည်။

စီးရီးတင်ဆက်သူ

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုအုန်းသွင်

ကံ-ဥာဏ်-ဝိရိယ

လူတစ်ယောက်၏ဘဝ ကြီးပွားချမ်းသာရေးအတွက် ကံ၊ ဥာဏ်၊ ဝီရိယဟူသော အချက်သုံးချက်လိုပါသည်။

ကံချည်းသက်သက်ကို အားကိုး၍ရေပါ။ ကံကိုယုံပြီးဆူးပုံမနင်းရာဟူသော မြန်မာစကားရှိပါသည်။

ဥာဏ်ချည်းသက်သက်ကိုလည်း အားကိုး၍မရပါ။ ကံမရှိဥာဏ်ရှိတိုင်းမွဲဟူသော မြန်မာစကားလည်းရှိပါသေးသည်။

ဝီရိယချည်းသက်သက်လည်းပဲ အားကိုး၍မရပါ။ ဥာဏ်မပါသောဝီရိယသည် နွားမဦးချီတွင် နို့ညှစ်သကဲ့သို့ရှိသည်ဟူသော မြန်မာစကားလည်းရှိပါသေးသည်။

ဤတွင် ကံအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ စေတနာနှင့်တကွ ပြုသောအမှုကို ကံဟုခေါ်ပါသည်။ ကံအမျိုးမျိုးရှိသည့်အနက် အတိတ်ကံနှင့် ပစ္စုပ္ပန်ကံအကြောင်းကို တင်ပြပါမည်။ အတိတ်ကံတွင် ပဉ္စာနန္တိရိယကံစသည့် ကြီးလေးသော အကုသိုလ်ကံနှင့် ဈာန်မဂ်ဖိုလ်စသည့် ကုသိုလ်ကံတို့ကို ပြုပြင်ဖျက်ဆီး၍မရပါ။ ထိုသို့မဟုတ်သောကံမျိုးကိုပြုပြင်၍ရပါသည်။ ကြားဖူးသော အကြောင်းအရာတစ်ခုကို တင်ပြပါမည်။

နေးကရွာတစ်ရွာတွင် ပစ္စည်းဥစ္စာအသင့်အတင့်ရှိသူတစ်ဦး၏ ဇနီးမှာ ကိုယ်လေးလက်ဝန်အရင့်အမာရှိသည်။ ထိုကလေး၏ အတိတ်ကံမှာ မွေးပြီး (၇)ရက်အတွင်း ဥပေဿဒကဖြင့်သေနိုင်သည်။ မသေလျှင် အသက်ရှည်ရှည်နေနိုင်သည်ဟူ၍ ဖြစ်၏။ ထိုကလေး၏ကံကိုသိသော ကုဝေရခေါ် ဗေဿဝဏ်နတ်မင်းကြီးသည် ဆုအဖြစ်ပေးရန်ရှိသောဘီလူးတစ်ကောင်အား ထိုကလေးကိုမွေးပြီး (၇) ရက်အတွင်း စားခွင့်ရှိသည်။ (၇) ရက်လွန်သောစားခွင့်မရှိဟု ဆိုပြီး ပေးလိုက်သည်။

ထိုကလေး၏မိဘကိုးကွယ်သော ဆရာဘုန်းတော်ကြီးကလည်း ထိုကလေး၏ကံကြမ္မာကိုသိသည်။ ထို့ကြောင့် သူဒကာကြီးအား -

ကလေးမျက်နှာမြင်ခါနီးမှ မွေးပြီး (၇)ရက်လွန်သည်အထိ အိမ်တွင် သံဃာတော်များ အလှည့်ဖြင့် အသံမစဲပရိတ်ရွတ်ရမည်ဟု မိန့်ကြားသည်။ မိန့်ကြားသည့်အတိုင်းရွတ်ရာ တန်ခိုးကြီးသော နတ်များ ပရိတ်နာလာကြသဖြင့် ကလေးအနားကို ဘီလူးမကပ်နိုင်ပေ။ (၇) ရက်လွန်သော ဘီလူးမစားရတော့ ကလေးလည်း အသက်ရှည်ရှည်နေသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကား အတိတ်ကံကို ပစ္စုပ္ပန်ကံဖြင့် ပြုပြင်လိုက်ခြင်းသာဓကပင် တည်း။

ကံ၊ ဉာဏ်၊ ဝီရိယနှင့်ပတ်သက်ပြီး ငယ်စဉ်က အဘွားပြောသော ပုံပြင်တစ်ခုကို တင်ပြလိုပါသည်။ ပုံပြင်ဆိုသော်လည်း အလွန်ပင် သင်ခန်းစာယူသင့်ပါသည်။

ရှေးအခါက မြစ်ကြီးတစ်စင်း၏ ဘေးတွင် မြို့ကလေးတစ်မြို့ရှိပြီး ထိုမြို့တွင် နဝလီ (ကန်တင်လေ့ကြီး) သုံးစင်းပိုင်သည့် သူဌေးတစ်ဦးရှိသည်။ သူတွင် အရွယ်ရောက်ပြီးသော မကြီးနှင့် မငယ်ဆိုသူ သမီးနှစ်ယောက်ရှိသည်။

တစ်နေ့တွင် -

သူဌေးကြီးက သူ့သမီးနှစ်ယောက်အား ချမ်းသာခြင်းဆိုတာ ဘယ်အပေါ်မှာတည်သလဲဟု မေးပါသည်။

မကြီးက -

"မိဘအပေါ်မှာတည်ပါတယ်။ မိဘကြောင့် ချမ်းသာရတာပါ"

ဟု ဖြေသည်။

အငယ်က -

"ကိုယ်ပိုင်အရည်အချင်းဖြစ်တဲ့ ကံ၊ ဉာဏ်၊ ဝီရိယအပေါ်မှာ တည်ပါတယ်။ မိဘကြောင့်ချမ်းသာတာမခိုင်မြဲပါဘူး။

ဟု ဖြေပါသည်။

သူဌေးကြီးက မကြီး၏အဖြေကို သဘောကျပါသည်။

ထို့ကြောင့် -

"သမီးကြီးကို - ငါ့တပည့်ရင်း လေ့သူကြီး (ပဲနင်း) နဲ့ ထိမ်းမြားပေးပြီး ရွာတွေအားလုံးကို လွှဲပေးမယ်။

သမီးငယ်က လေ့သားတွေထဲက သဘောကျသူကိုရွေး။ အရင်းအနှီးအဖြစ် ဝိန်းကောလေ့(လေ့ငယ်ကလေး)တစ်စင်း ပေးလိုက်မယ်။ (၇) ရက်စာရိက္ခာပေးလိုက်မယ်။ ကိုယ့်ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ချမ်းသာအောင် ဖန်တီးပေးတော့"

ဟု ပြောသည်။

လေ့သားထဲမှ မငယ်သဘောကျနေသူရှိသည်။ ရုပ်ရည်သန့်ပြန့်သည်။ ယောကျ်ားပီသသည်။ ရိုးသားကြိုးစားပြီး စိတ်ထားကောင်းသော မောင်ငယ်ဆိုသူဖြစ်၏။ သူဌေးကြီးက မကြီးကို လေ့သူကြီး၊ မငယ်ကို လေ့ထိုးသားဖြင့် ထိမ်းမြားပေးပြီး မငယ်အား ဝိန်းကောလေ့ငယ်နှင့် (၇) ရက်စာရိက္ခာပေးပြီး လွှတ်လိုက်သည်။

မငယ်တို့ဇနီးမောင်နှံ ခေါင်းချင်းဆိုင်တိုင်ပင်ပြီးနောက် မြစ်ကမ်းဘေးရှိ မြို့ရွာများသို့ ဝိန်းကောလေ့ငယ်ဖြင့် နဝလီသယ်နေသူများထဲမှာ (၁၀) ဦးထဲ ချဉ်းကပ်ပြီး ဖောက်သည်တစ်ဦးစီခွဲပေးရန် တောင်းပန်ကြသည်။ သူဌေးကြီးနှင့်ချထားသော သူဌေးသမီးလည်းဖြစ်၊ ရည်ရည်ငံငံလည်း တောင်းပန်ပြောဆိုသဖြင့် အားလုံးက သနားပြီး အားလုံးက တစ်ဦးစီခွဲဝေပေးလိုက်ရာ သူတို့တစ်ခေါက်စာရသွားကြသည်။

အခစားနဝလီသယ်ရင်း တွက်ခြေကိုက်မည်ထင်သည့်ကုန်များကိုပါ ဝယ်ရောင်းကြသည်။ ရုပ်ရည်သန့်ပြန့်ခြင်း၊ အပြောအဆိုနူးညံ့သိမ်မွေ့ခြင်းတို့ကြောင့် ဖောက်သည်များရကြသည်။

မကြီးမှာလည်း လေ့သူကြီးနှင့် ထိမ်းမြားပြီးနောက် သွေ့ခောက်နောက် ဆဲထုံးပါဆိုသည့်အတိုင်း လေ့သူကြီးနှင့် အတူ လေ့ကိုသာအိမ်လုပ်ပြီးနေရသည်။

သူဌေးအမူအကျင့်အတိုင်း ဝတ်ကောင်းစားလှတို့ကိုသာ စီစဉ်ဆင်သည်။ တစ်ခါဝယ်ပြီး မလျှော်တော့ဘဲ ရေထဲပစ်ချလိုက်သည်။ သူတို့လှေကြီးနောက်က ပါလာသော မငယ်ကဆယ်ယူပြီး လျှော်ဖွပ်ကာ အဟောင်းရောင်းသည့်ဆိုင်သို့ ပြန်သွင်းရာ တစ်ဖက်တစ်လမ်းက ဝင်ငွေရနေပြန်သည်။

မကြီးက စည်းစိမ်ယစ်မူးပြီး ရတနာသုံးပါးကိုမေ့နေသော်လည်း မငယ်က လှေပေါ်တွင်ပင် အချိန်မှန် ဘုရားကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူပူဇော်သည်။ ဘုရားရှိခိုးသည်။ ငါးပါးသီလလုံအောင်ထိန်းသည်။

သို့ဖြင့် မကြီး ကလေးတစ်ယောက် ရသည်။ ကလေးကျင်ကြီးကျင်ငယ်စွန့်သည့်အနှီးနှင့် ကလေးအင်္ကျီအဟောင်းများကိုလည်း ရေထဲသို့သာပစ်ချသည်။ မငယ်ဝင်ငွေတိုးပြန်သည်။

သုံး၊ လေးနှစ်ကြာသည်အထိ မငယ်တို့တွင် သားသမီးမထွန်းကားသေးပေ။ ငွေကြေးလည်း အတော်စုဆောင်းမိနေပြီ။ ထိုစဉ် မြို့တစ်မြို့မှဖောက်သည်သည် ဇာတိဒေသသို့ ပြန်ရန်အကြောင်းပေါ်သဖြင့် သွေးသားပမာရင်းနှီးသော မငယ်တို့ကို ၎င်း၏ကုန်စုံဆိုင်ကိုဝယ်ရန် ကမ်းလှမ်းသည်။ မငယ်တို့က လေ့ပါရောင်းလွှင့်သော်မှ ငွေအနည်းငယ်လို နေသည်။ ဆိုင်ရှင်က လိုငွေကို (၁) နှစ်အတွင်းဆပ်ရန် ကတိကဝတ်ထားပြီး ရောင်းချသွားသည်။ မငယ်တို့က လေ့တစ်စင်းအိမ်တိုင်ဘဝမှ အတည်တကျဘဝဖြစ်သွားသည်။ သားသမီးလည်းသည်။ (၆) နှစ်ခန့်ကြာသွားပြီ။

ကံ၊ ဉာဏ်၊ ဝီရိယတို့ အကျိုးပြအလတ်တန်းစားသူဌေးဘဝကိုရရှိသွားကြသည်။

မငယ်တို့ အခြေချသောမြို့ မိဘများနေသောမြို့နှင့်ဝေးသည်ကကြောင်း၊ မိဘလေ့များ သူတို့မြို့ကို ကြသည်ကတစ်ကြောင်းကြောင့် (၆) လုံးလုံး မိဘနှင့်အဆက်ပြတ်နေကြ

မငယ်က -

"မိဘများနဲ့ အဆက်ပြတ်နေ (၆) နှစ်ရှိပြီ။ အခုအခြေကျနေပြီဆိုမိဘများကို သွားကန်တော့ဖို့အချိန်ပြီ။ ဘာပဲဖြစ်ဖြစ် မိဘကျေးဇူးကအနန္တပဲ"

ဟု သူ့ဇင်ပွန်းအားပြောပြီး များကိုသွားကန်တော့ရန်ပြင်ကြသည်။

မငယ်မိဘများ လွန်ခဲ့သည့် လောက်ကပင် ကံဆိုးမိုးမှောင် ဘဝပျက်သွားကြသည်ကို မငယ်တို့ လိုက်ပေ။ ပထမလေ့တစ်စင်း ဟုတ် ရုတ်တရက်မုန်တိုင်းကျပြီး သွားသည်။ နောက် မကြာမီပင် လေ့ကို-ပင်လယ်ဓားပြများနှစ်မြှ သည်။ နောက်မလှေးမနှောင်းပင် ခင်ပွန်းအုပ်ချုပ်သောလှေကျောက် နှင့်တိုက်မိပြီးနစ်မြုပ်သွား၏။ ကံ ၍ အသက်မသေကြ။ ထိုအချိန် အိမ်တွင်ကျန်ခဲ့သောမိဘများက လောင်ပြီး အဝတ်တစ်ထည်ကိုယ် ဖြင့် အသက်လုပြေးရသည်။

မကြီးခင်ပွန်းက အခြား လေ့တွင် အခစားအဖြစ် ဝင် မိသားစုဆင်းဆင်းရဲရဲနေထိုင်စား ကြရသည်။ မကြီးတို့ကတော့ တွင်သာနေကြပြီး မိဘများက ဖြင့်နေရသည်။

မငယ်တို့ ရောက်သွ အကြောင်းစုံကိုသိရပြီး မိဘ သူတို့အိမ်သို့ပင့်လာခဲ့ပြီး ရိုသေ လုပ်ကျွေးသည်။

မငယ် ဖခင်သူဌေးကြီး

"သမီးငယ်ပြောတာ လူတိုင်းရဲ့ တကယ့်အားကိုးရာ ကံ၊ ဉာဏ်၊ ဝီရိယပဲ"

ဟူ၍ မှတ်ချက်ချပါသည်

အားလုံးကံဉာဏ်ဝီရိယ

ရောင်းဆုံ

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျောက်စိုး ခင်ပွန်းကြီး(၁၀)ပါးကို ဖြစ်မှားမိလေသလား

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်တဲ့အတွက် ဘာသာရေးနဲ့ ဆက်နွယ်နေတဲ့ ခင်ပွန်းကြီးဆယ်ပါးကိုသိကြသူတွေများပါတယ်။ သိသေးသူတွေလည်းရှိကောင်းရှိနိုင်ပါတယ်။

ဗုဒ္ဓဘာသာမှာက ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာမြတ်သုံးပါးဟာ အာနအကျဆုံးပါ။ အနှစ်ချုပ်က ရတနာမြတ်သုံးပါးပါပဲ။ သို့သော်လည်း အနန္တဘေးပါးမှာကျတော့ မိဘနဲ့ ဆရာသမားပါ ပူးတွဲပြီးရှိခိုးကြပါတယ်။

အနန္တဘေးပါးအပြင် ခင်ပွန်းကြီးဆယ်ပါးဆိုတာလည်း ရှိပါသေးတယ်။ အချို့ကျတော့ ခင်ပွန်းကြီးဆယ်ပါးပါ ဘုရားကန်တော့တိုင်းထည့်ပြီးရှိခိုးလေ့ရှိတယ်။ အဲဒီလိုရှိခိုးနေရင် ကြားရတဲ့ ကျွန်တော်ဟာ ပီတိဖြစ်ရပါတယ်။ ဟိုး သည်ငယ်ကတည်းက အစဉ်အလာ ယူက်ရှိခိုးလေ့ရှိတာ မဒမ်ကျော်စိုးပါ။ ကြာတော့ ကျွန်တော်ပါအလွတ်ရလာခဲ့တယ်။ အဲဒီမှာ ကျွန်တော်လည်း ခင်ပွန်းကြီးဆယ်ပါးပါထည့်ပြီးတော့ ရှိခိုးကန်တော့ပါတော့တယ်။ ကျွန်တော်က မြန်မာလိုပဲကန်တော့တာပါ။

ပါဠိလိုကတော့ -

ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓေါစ
အရဟာ အဂ္ဂသာဝကာ။
မာတာပိတု ဂုရု သဒ္ဓာ၊
ဓမ္မဒေသကာ စ ဒါယကာ။
ဣမေ ဒသ မဟာဂုဏော၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။
လို့ ဆိုပါတယ်။

ပါဠိလိုတော့မက်တော့ပါဘူး။

မြန်မာလို -

၁။ ဘုရားတဗည့်တော်သည် . . သံသရာမှစ၍ ယနေ့တိုင်အောင် သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားခဲ့မိသည်ရှိသော် ထိုအပြစ်တို့အား ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏။

၂။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ပစ္စေကဗုဒ္ဓါအရှင်ကိုယ်တော်မြတ်ကြီးတို့အပေါ်၌၊

၃။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာအရှင် ကိုယ်တော်မြတ်ကြီးတို့ အပေါ်၌၊

၄။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ရဟန္တာအရှင်ကိုယ်တော်မြတ်ကြီးတို့အပေါ်၌၊

၅။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်တို့အပေါ်၌၊

၆။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ဖခင်တို့အပေါ်၌၊

၇။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော လိမ္မာစေရန်ကျိုးကြောင်းပြ၍ ဆုံးမတတ်သော လောကီဆရာသမားတို့အပေါ်၌၊

၈။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဆည်းပူးဖြည့်ကျင့်လျက်ရှိကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်၊ မိမိထက် သိက္ခာကြီးသောပုဂ္ဂိုလ်တို့၏အပေါ်၌၊

၉။ ဂုဏ်ကျေးဇူးကြီးမားသောကုန်သော တရားဓမ္မတို့ကိုပေးကမ်းပြောပြသဆိုဆုံးမတတ်သော လောကုတ္တရာဆရာသမားတို့၏အပေါ်၌၊

၁၀။ ထမင်းတစ်လုတ်၊ရေတစ်မှုတ် စသည်ဖြင့် ပေးကမ်းခြီးမြှင့် ထောက်ပံ့ခဲ့ဖူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့အပေါ်၌ ကာယကံ ဝစီကံ မနောကံ တည်းဟူသော ကံသုံးပါးဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့အား ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ကန်တော့ပါ၏. . .

လို့ နေ့စဉ်ရှိခိုးပါတယ်။

ခင်ပွန်းကြီးဆယ်ပါးဆိုရာမှာ ကျန်တဲ့(၉) ပါးကို အနန္တဘေးပါးမှာပေါင်းထည့်လို့ရနိုင်ကောင်းပေမယ့် နံပါတ် (၁၀) ဖြစ်တဲ့ ထမင်းတစ်လုတ်၊ ရေတစ်မှုတ်ကျေးမွေးထောက်ပံ့ဖူးသူ ဆိုရာမှာကျတော့ ရှည်လျားတဲ့သံသရာမဆိုထားနဲ့ လက်ရှိပစ္စက္ခဒိဋ္ဌဘဝမှာတောင် ဒီရဲ့ကျေးကျေးဇူးတွေက အလွန်များပြားတာကိုတွေ့ကြရပါလိမ့်မယ်။ အလူးတွေ၊ မင်္ဂလာတွေ၊ အိမ်တက်တွေ၊ ကင်ပွန်းတပ်တွေ၊ အန္တရာယ်ကင်း၊ ပရိတ်ဆွမ်းတွေ၊ မွေးနေ့တွေ စတဲ့ဒီသာတွေစသဖြင့် အလွန်ပဲများပြားလှပါတယ်။ ဘဝတစ်လျှောက် မရေတွက်နိုင်အောင် များပြားကြမှာပါ။ မြန်မာဓလေ့တွေမှာ ခင်လို့မင်္ဂလို့ ကြဲလို့ လက်ဖက်ရည်၊ ထမင်းစတာတွေကျွေးကြတာကလည်း ထုံးစံပါ။ တစ်လုတ်မက အဝအလင်စားခဲ့ကြတဲ့ကျေးဇူးတွေဆိုတာ တောင်လုံပုံနေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုတစ်လုတ်စားဖူးသူကျေးဇူးဆိုတာတွေရှိပေမယ့် လူဆိုတာ ပုထုဇဉ်တွေမို့ အလိုကျတာရှိမယ်၊ အလိုမကျတာရှိမယ်။ အလိုမကျဘူးဆိုရင်တော့ ရှိခဲ့တဲ့ကျေးဇူးကို မထောက်ထားဘဲ ကဲသုံးပါးနဲ့ ပြစ်မှားစော်ကားမိကြတာများပါတယ်။ ဒီအခါမှာ နံပါတ် (၁၀) မှာပါတဲ့ ကျေးဇူးရှင်ကို ပြစ်မှားစော်ကားမိလို့ အပြစ်သင့်ပါပြီ။ လောကအခေါ် ပြောရရင်တော့ ခင်ပွန်းကြီးဆယ်ပါးထဲက ဒါယကာစိမ်ရေသင့်တယ်ခေါ် ရမှာပေါ့။ ဒါကလက်ရှိဘဝပစ္စက္ခမှာနော်။

ထို့ရည်လျားလှတဲ့ သံသရာက ခင်ပွန်းကြီးဆယ်ပါးထဲက တစ်ပါးပါးကို ပြစ်မှားထားခဲ့ရင် သို့မဟုတ် အများအပြားပြစ်မှားထားခဲ့ရင် ဒီရှေ့ပြစ်မှားထားခဲ့တဲ့ကံတွေဟာ သံသရာအဆက်ဆက် အရိပ်လိုလိုက်နေမှာ သေချာပါတယ်။ ဒီအခါမှာ ခင်ပွန်းကြီးဆယ်ပါးရဲ့ ဒဏ်သင့်ခြင်းကို ခံစားကြရမှာမလွဲပါဘူး။

လူဖြစ်သော်လည်း လူချင်းမတူတာတွေရှိတယ်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့်ပေါ့လေ တစ်ခုခုချို့ယွင်းနေတတ်တယ်။ ဒီလိုတွေဖြစ်လာတာဟာ အကြောင်းမဲ့မဟုတ်ပါဘူး။ အကြောင်းအကျိုးဆိုတာရှိတယ်။

တစ်ခါက မိတ်ဆွေတစ်ယောက် ကပြောပြဖူးတဲ့ယ်။ သူ့မိတ်ဆွေတစ်ဦးဟာ ကျန်းမာရေးအစဉ်သည့်ဖျင်းနေတယ်တဲ့။ အဲဒါ သူက သူ့မိတ်ဆွေကို မင်း ခင်ပွန်းကြီးဆယ်ပါးဒဏ်များသင့်နေသလားမသိပါဘူး။ ခုဘဝမှာ မသင့်တောင် သံသရာကပြုခဲ့လို့ သင့်နေတာလဲဖြစ်နိုင်တယ်။ အဲဒါ ခင်ပွန်းကြီးဆယ်ပါးကို ပွဲထိုးပြီး ကန်တော့ကြည့်ပါ။ ဒဏ်လွတ်ပြီး ကျန်းမာလာနိုင်ပါတယ်လို့ အကြံပေးတော့ သူ့မိတ်ဆွေက ပွဲဆယ်ပွဲထိုးပြီး လှိုက်လှိုက်လှဲလှဲခင်ပွန်းကြီးဆယ်ပါးကို ကန်တော့ပါတယ်။ ကန်တော့ပြီး မကြာမီမှာပဲ သူ့မိတ်ဆွေ ကျန်းမာရေး ကောင်းသွားကြောင်း ပြောပြသွားဖူးပါတယ်။

ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိတယ်ဆိုရင်တော့ ဒဏ်ဆယ်ပါးပြန်သင့်ပါတယ်။ အဲဒါတွေက -

၁။ ကိုယ်ခန္ဓာပျက်စီးယိုယွင်းမယ်။
၂။ စီးပွားဥစ္စာတွေပျက်စီးဆုံးရှုံးမယ်။
၃။ ဆွေမျိုးတွေပျက်စီးမယ်။
၄။ ရူးသွပ်ခြင်းဝေဒနာစွဲကပ်မယ်။
၅။ နှုနာစတဲ့လူတောမတိုးတဲ့ရောဂါဖြစ်မယ်။
၆။ အစွပ်စွဲခံရပြီး မင်းပြစ်မင်းဒဏ်သင့်မယ်။
၇။ မီးလောင်ကာ အရာရာဆုံးရှုံးမယ်။
၈။ ဖျားနာခြင်းစတဲ့ကျန်းမာရေးတွေချူချာမယ်။
၉။ ဒဏ်ပေးခြင်းတွေခံရမယ်။
၁၀။ သူများနဲ့တရားပြိုင်ရင် အမြဲရှုံးမယ်။

ဆိုတဲ့ကြောက်စရာဒဏ်ဆယ်ပါးပါပဲ။ ပြုမိတာဘာမှမကြာလိုက်ပေမယ့် ခံရမယ့်ဒဏ်က ကြောက်ဖွယ်ရာပါ။

ကျွန်တော်တို့တွေ ညနေတိုင်း အင်ကြင်းပန်းစာပေရွေ့က သစ်ဆိပ်ပင်အဝိုင်းမှာထိုင်ကြတဲ့အခါ ဓမ္မမိတ်ဆွေကိုအောင်မြင့်ဆွေက သူသိလိုတဲ့ ဓမ္မအကြောင်းအရာတွေ မေးလေ့ရှိပါတယ်။ တစ်နေ့မှာ ခင်ပွန်းကြီးဆယ်ပါးမှာပါတဲ့ နံပါတ် (၁၀) က ထမင်းတစ်လုတ် ရေတစ်မှုတ်ဆိုရာမှာ ကျွန်တော်တို့ကို ဆွမ်းကပ်တွေဖိတ်ကြားတဲ့ဟာတွေပါလားလို့ မေးပါတယ်။ ပါတာပေါ့လို့ပြောတော့ အေးဗျာ-နောင်များဆို ဆွမ်းကပ်တွေမှာ လိုက်မစားမှဖြစ်တော့မှာလို့ ဆိုပါတယ်။

ဒါက သူသဘောအမှန်ကိုပြောခြင်းပါ။ ကျွန်တော်တို့မြန်မာတွေဆိုတာ ကအလှူဒါနအလွန်ပြုကြတဲ့လူတွေကိုး။ တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာအလွန်များကြတာပါ။ လို့ရင်ဟုတ်ရဲ့၊ မလိုရင် ပြစ်မှားတတ်ကြတာ ပုထုဇဉ်တွေရဲ့ ထုံးစံကိုး။ ဒီတော့ ကိုအောင်မြင့်ဆွေပြောတာ အလွန်မရှိပါဘူး။

သို့သော်လည်း ကိုယ့်အကြောင်းကိုယ်သိတယ်ဆိုရင်၊ နွေစဉ်ခင်ပွန်းကြီးဆယ်ပါးကို လှိုက်လှဲစွာကန်တော့မယ်ဆိုရင်တော့ ကန်တော့ခြင်း၊ဝန်ချတောင်းပန်ခြင်းကြောင့် သို့မဟုတ် မပြစ်မှားခြင်းကြောင့် အကျိုးဆယ်ပါးရနိုင်ပါတယ်။

အဲဒါတွေက-

၁။ အစာရေစာပေါများခြင်း၊
၂။ ရောက်ရာအရပ်မှာလေးစားအပူဇော်ခံရခြင်း၊
၃။ ရန်သူမျိုးငါးပါးနဲ့ကင်းဝေးခြင်း၊
၄။ လူချစ်လူခင်ပေါများပြီး မျက်နှာပွင့်ခြင်း၊
၅။ ပရိသတ်အလယ်မှာ တင့်တယ်ထည်ဝါစွာနေနိုင်ခြင်း၊
၆။ ကောင်းသတင်းများနဲ့ ကျော်စောခြင်း၊
၇။ အခွေအရံ အသင်းအပင်းတွေ ဖေါများခြင်း၊
၈။ စီးပွားဥစ္စာတွေဖွံ့ဖြိုးတိုးတက်ခြင်း
၉။ ဘေးဒုက္ခကြုံကြိုက ကူညီမည့်အလွယ်တကူပေါခြင်း၊
၁၀။ သားကောင်းသမီးမွန်များရရှိခြင်း

ဆိုတဲ့ကောင်းကျိုးရလဒ်တွေပေါ့။ လူတွေရာထူးစည်းစိမ်တွေပြည့်တယ်ဆိုတာ အကြောင်းမဲ့မဟုတ်ပါဘူး။ သူတို့ရဲ့ ကောင်းမှုတွေကြောင့်ပါ။ လောကမှာ အဘက်ဘက်ကပြည့်စုံတယ်ဆိုတာ ရှိတော့ရှိပါတယ်။ ဒါပေမယ့် ရှားပါတယ်။ သံသရာအဆက်ဆက်ပြုခဲ့တဲ့ကံတွေဆိုတာ မမြင်ရပေမယ့် အကျိုးဆက်တွေကြောင့် လူတွေ သင့်ကြရခြင်းလို့ ဆိုနိုင်ကောင်းပါတယ်။ အဲဒါကြောင့် ခင်ပွန်းကြီးဆယ်ပါး မပြစ်မှားမိအောင် အထူးဂရုစိုက်ကြရဖြစ်ပါတယ်။

အများဆုံး ပြစ်မှားနိုင်ကြတာ အတူနေကြရတဲ့ မိခင်၊ ဖခင်တွေ ကျေးဇူးပြုဖူးသော ပုဂ္ဂိုလ်ရယ်ပါ။ ခင်ပွန်းကြီးဆယ်ပါးမှာ တစ်ပါးတည်းတော့ ပြစ်မှားမိကြမှာများပါတယ်။ တွေသက်ရှိထင်ရှားရှိနေပါက ကံသုံးနဲ့ ကန်တော့ရင်ရနိုင်ပါတယ်။ မိဘမရှိကြတော့ဘူးဆိုရင်တော့ အနှစ်ချုပ်ကို ရှိခိုးကန်တော့ရင်၊ ခင်ပွန်းကြီးဆယ်ပါးကို ရှိခိုးကန်တော့ရင် ရနိုင်ကောင်းတယ်။

ခင်ပွန်းကြီးဆယ်ပါးထဲက ဆယ်ပါးဒဏ်သင့်လို့ ကျန်းမာရေး၊ စီးပွားရေး၊ မကောင်းဘူးလို့ အထင်ရှိနေရင် ဘုရားကျောင်းဆောင်ရှေ့မှာ ခုံတန်းချပြီး မိမိတတ်နိုင်တဲ့လှူဖွယ်ဝတ္ထုတွေပေါ့လေ။ သောက်တော်ရေဆယ်ပန်းဆယ်ပွင့်၊ ဆီမီးဆယ်တိုင်၊ ဆယ်ပါက ကန်တော့ပွဲဆယ်ပွဲ စသည်ပေါ့လေ။ ခုံပေါ်မှာတင်ပြီး သံဃာက ခင်ပွန်းကြီးဆယ်ပါးကို ပူဇော်ပါ။ ပစ္စည်းကောင်းဖို့ထက် ကောင်းဖို့အထူးလိုအပ်ပါတယ်။ ပြုမှ တစ်ခုချင်းစီ ခင်ပွန်းကြီးဆယ်ပါးတောင်းပန်ဝန်ချ ကန်တော့ပါ။ မေတ္တာပို့ပြီး အမျှဝေပါ။

ဒါဆိုရင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတွေ ကောင်းလာပါလိမ့်မယ်။

ချမ်းမြေ့

နေပြည်တော်ကောင်

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါန(မန္တလေး) လင်းယဉ်ရွာသူ မစောဦး စစ်ကိုင်းနှစ် (၇၀၀)

စစ်ကိုင်းနှစ် (၇၀၀) ပြည့်အတွက် အမှတ်တရပွဲများ၊ အထိမ်းအမှတ်၊ စာပေ၊ ဂီတ၊ အနုပညာရှင်များ၊ သမိုင်းသုတေသီများ လူပ်ရှားနေကြတာကို သတိပြုမိပါသည်။

စာရေးသူ ဆားတောင်နားက သစ္စာရွှေဂူမှာရောက်နေ၏။ သစ္စာရွှေဂူနားက လင်းယဉ်ရွာ (၀၆) မစောဦးမွေးခဲ့တဲ့ရွာ၊ မိဖုရားတစ်ပါးထွက်ပေါ်ခဲ့တဲ့ရွာ။

ဆားတောင်မှ လင်းယဉ်ရွာသည် (၅) မိုင်ဝေးပါသည်။ ကတ္တရာလမ်းခင်းထား၏။ အစိုးရလား၊ ကိုယ်ထူကိုယ်ထ ဆိုတော့ သာသနာပိုင် (ရွှေကျင်) ဆရာတော်ကြီး ဦးအင်္ဂါယခင်းထားတာတဲ့။

လင်းယဉ်ရွာသစ်၊ ရွာတောင်းစောဦး၊ သီဟသူ၊ စစ်ကိုင်းနှစ် (၇၀၀) သည့်တို့သည် စိတ်ဝင်စားဖွယ်ဖြစ်လာသောကြောင့် လေ့လာမိတော့သည်။

ပုဂံမင်းဆက် (၅၅) ပါးရှိ၏။ ပုဂံပျက်တော့ သတ္တရာဇ် ၆၆၇ ခုနှစ်တွင် ညီနောင်(၃)ပါးတို့၌ အကြီးဆုံးဖြစ်သော အသခ်ယာမင်း မြင်စိုင်းတွင် နန်းတည်နေ၏။ ညီလတ် ရာဇသင်္ကြန်သည် မက္ခရာမြို့မှာနေ၏။ သီဟသူကမင်းလယ်မှာနေသည်။

စစ်ကိုင်းမြို့သည် နန်းတည်အကြောင်းကို အဓိကရေးမှာဖြစ်သောကြောင့် သီဟသူကိုသာကွက်၍ တင်ပြရပေတော့မည်။

ပင်းယမြို့ကို (၃)ကြိမ်တည်ရ၏။ ပထမအကြိမ်တည်တော့ ဇူတော်သစ်ဘုရားရှင် ဆပ်သွားဖူးတိုင်အောင် ရေကြီး၍ပျက်၏။ ဒုတိယအကြိမ် လိပ်အိမ်တိုင် တက်၍ပျက်၏။ တတိယအကြိမ် အိမ်တိုင်းတက်၍ပျက်၏။ ဘီလူးပန်းနီပန်၍ ဝင်လာသောအခါ အုတ်ခဲနှင့်ပစ်လျှင် လူတို့မူးဝေဖျားနာသေဟောက်ပြန်သည်။

ထိုစဉ် 'တောင်းလျှင် လျင်လျင်တောင်း၊ ရောင်းလျှင် လျင်လျင်ရောင်း၊ အရေးမကောင်း၊ ဒဏ္ဍီဏသို့ပြောင်း' တဘောင်ပေါ်လာ၏။

သာသနာတော်စောင့်နတ်မင်းတို့က ဤအရပ်တွင် မြို့မတည်လိုသောကြောင့်ပြုသည်ဟု တဘောင်ကဆို၏။

ထိုအခါ အဝတည်ရာ သန်လျက်ကျွန်းတောင် သင်းပန်းအရပ်သို့ ပြောင်းရွှေ့၍ တည်ကြ၏။ ရွှေစည်ခုံဘုရားအခြေကို တူးသောအခါ ရွှေပန်းပင်ရ၍ ၆၇၄ တပေါင်းလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင်တည်သည်။ ရွှေပန်းရသောကြောင့် ပန်းရဟုတွင်သည်။

နောင်အခါ ပင်းယဟုတွင်ခဲ့သည်။ သီဟသူသည် နန်းကျဘုရင် ကျော်စွာ၏ မိဖုရား မိစောဦးကိုယူ၍ ဖွားစောအမည်နှင့် တောင်နန်းစံမိဖုရားကြီးမြောက်သည်။

မြောက်နန်းမတော်မိဖုရားသည် မစောဦး (လင်းယဉ်) ရွာသူ ကလေးတစ်ယောက်အမေမုဆိုးမ ဖြစ်၏။ သီဟသူတောကစားထွက်ရင်းက တွေ့ခဲ့သည်။ မြင်မြင်ချင်းပင် တပ်မက်ရလောက်အောင် မစောဦးအလှကို မောင်ဖေငယ်က ဤသို့တေးထပ်ဖြင့်စပ်ခဲ့သည်။

❑ ကုမ္ဘာရီ နုဖတ်ဖတ်
တစ်ခုလပ်သာအင်
ဂူမှတ်ဖို့ စာတင်ပီ
ရာဇဝင်ထင်ရှား
ရွှေမိုးသောက် လင်းယဉ်ရွာမှာ
ရှင်းလင်ကွာ မိန်းမတစ်ပျိုး
တရုဖျာ အမျက်ဖျာသည်

မစောဦး တည်ထားခဲ့သော သက်တော်ရမြတ်စွာဘုရား
(မိုးသောက်ရွာ-အဖေရွာ)

မစောဦး တည်ထားခဲ့သော သက်တော်ရမြတ်စွာဘုရား
(လင်းယဉ်ရွာသစ်-အမေရွာ)

www.burmeseclassic.com

www.burmeseclassic.com

ရွက်စရာအင်အား
အထက်ပါ လင်းသားမို့
၅နှစ်သာပြု၏ပြု။
ပရိယေသန ဝမ်းရေးကြောင့်
လှမ်းကြွမြန်းသားအဓိအတူ
ပင်းယ ဒီဇမ္ဗူမှာ
သီဟသူထွက်ဆဲမို့
လက်ခန်မြင့်လျှင်
သိမ်းပိုက်လိုက်လျှင်
တစ်ခုလပ်မို့ နန်းပြင်ပြီး
ရေဖျန်ပင်ခံဝံပါရဲ့လေ။ ။

မှန်နန်းရာဇဝင်မှာ မစောဦးကို မုဆိုးမဟုဆိုထား၏။ ကလေးက (၂) နှစ်သားဟု ဆိုပါသည်။ တေးထပ်ထဲမှာ ကလေးက (၅) နှစ်သား တစ်ခုလပ်ဟု ဆိုပါသည်။

မစောဦး၏ ပထမအိမ်ထောင်က စစ်ကိုင်းနားက မကျီးဇင်ရွာသားဖြစ်၏။ မောင်သာမြတ်၊ ဘ(ဦးသာဘေ)တို့သည် မစောဦးကို ရွှေမန်းကျည်းတောင်၊ ကျားခေါင်းလက်ကောက်တို့နှင့် တင်တောင်းခဲ့ပါသည်။ မစောဦးသည် မိဖုရားဖြစ်မယ် ဇာတာပါခဲ့တော့ ကွဲကြရပါသည်။

မြောက်နန်းမတော်မိဖုရားမှ သားတော် အသခ်ယာစောယွမ်း၊ သမီးတော် စောပုလဲတို့ကို ဖွားမြင်ခဲ့ပါသည်။ သမီးတော်စောပုလဲမွေးဖွားပြီးမှ မြောက်နန်းမတော်ရ၏။ ရတနာပုံဒေဝီဘွဲ့ရခဲ့ပါသည်။

လောကနီတိကျမ်းပြုပုဂ္ဂိုလ် စတုရင်္ဂလအမတ်ရေးဖွဲ့ခဲ့သောရတုတွင် -

❑ ရန်မင်းဒေဝီ ဟိုရွှေဆီက
သားသည်မော်ကွန်း သမိုင်းထွန်းခဲ့
မြကွန်းလက္ခာ ထက်မြန်မာဝယ်
ဧရာရေဝိုင်း သံတံတိုင်ဟု
သစ်ကိုင်းရွှေတည် မြို့နန်းတည်သည်
ဂုဏ်ရည်တင့်ရွှန်း ဘုန်းတော်ထွန်းသာ
စောယွန်းရာဇာ အသခ်ယာ၏
မာတာမိခင် ကျေးဇူးရှင်သည်
အဋ္ဌဒေါ်တို့ ရတနာပုံဟု
ပြည့်စုံဂုဏ်ထူး မစောဦးကား
ကြည်နူးခံပယ် တွန်တင့်တယ်သည့်
ရင်ဝယ်ပေါက်ဖွား တရဖွားကို
နောက်ပါအတူ ခေါ်ဆောင်ယူ၍
သင်ဖြူသက်မွေး ခေါင်းရွက်ခွေးဖြင့်
ရပ်ဝေးကုန်သွယ် မြို့ပင်လယ်မှ
ရောင်းဝယ်နေစဉ် ဘုရင်တစ်ဆူ
သီဟသူက ကြည်ဖြူနှစ်သက်
ရွှေရေစက်ကြောင့် စုံမက်သိမ်းပိုက်

ထင်းယင်ရွာ ရွှေကျင်သာသနာတိုင်
စံကင်းဆရာတော်ဘုရားကြီးဓိဋ္ဌာန်

ရွှေကျင်သာသနာတိုင် ဝါဆိုဆရာတော်ကြီး
မွေးရာဇာဒိပ် (ထင်းယင်ရွာ)

တော်ဝင်ထိုက်သည့် မင်္ဂိုဠ်ရွှေနီ မဟေသီကို ဒေဝီထွင့်ထား မိဖုရားကို တောက်ကြွားဂုဏ်အင် ရာဇဝင်ဝယ် စာတွင်ခုတိုင် မမေ့နိုင်အောင် ဘုန်းလှိုင်ဖွားရာ လင်းယဉ်ရွာဟု ကျဉ်နေရာသိမ် အိမ်နေရာ ဘုရား ဆိုအားဖြင့် တည်ထားထွန်းပ သက်တော်ရဟု ဘွဲ့သင့်ကြသော ဂုဏ်စေဖြာသည့် တေဇာထွန်းသည့် ဘုရား. . . ဘုရား. . . ဘုရား။

တောင်နန်းမိဖုရားကြီးမှ ဥဇနာ၊ ကျော်စွာ၊ နော်ရထာ သားတော် (၃)ပါး ဖွားမြင်သည်။

သီဟသူသည် သားတော်အငယ် အသခ်ယာစောယွမ်းကို အလွန်ချစ်ဟန်တူ၏။ ချစ်သော် သားတော်အကြီးများ၏ပြိုင်မခံရအောင်၊ သားတော်ကြီးများ ကမဆန့်ကျင်ရအောင် သံခင်းတမန်ခင်း ဆန်ဆန် အသခ်ယာစောယွမ်း မြောက်စားခဲ့တာ တွေ့ခဲ့ရသည်။

တစ်နေ့တွင် သီဟသူသည် သားတော်အကြီးကို ခေါ်ယူစဉ် ဆုံး အလုံးအရင်းကိုမေး၏။ သားတော် တိုက်ဆင် (၁၀၀)၊ မြင်း (၈၀၀)၊ ခွ တန်ဆာအပြည့်အစုံနှင့် သူရဲကော (၁၀၀၀) ဟု ဖြေ၏။

"ငယ်မင်းငယ်၊ နင့်မှာ ဆ အလုံးအရင်း အတိမ်မှန်သည်"

"ကျွန်တော်တွင် ရှင်အရ ပစ်၍ အထိန်းသားနှင့် (၈) ကို ဟု ဆို၏။

သီဟသူသည် သားတော် စစ်အင်အားကို သိရသောအခါ လျှင် နှိပ်စက်ခံရမည်ကို စိုးရိ ပရိယာယ်သုံးကာ အစ်ကို ဆင်ကောင်း၊ မြင်းကောင်း၊ ခ ထံတောင်းခိုင်း၏။ နောင်တော်

www.burmeseclassic.com

www.burmeseclassic.com

ညီတော်အတွက် လျှောက်ပေးကြသော အခါ ဆင်ကောင်မြင်းကောင်ရတော်မူ၏။

ဆင်ကောင်းမြင်ကောင်းရသော အခါ နောက်တစ်ကြိမ် ရွှေတော်ရပ်၍ စစ်ကိုင်းအရပ်ကို တောင်းခိုင်းပြန်၏။ ဗိဿ တွင် စစ်ကိုင်းမြို့ကို တည်သည်။ မြောက်ဘက်တစ်လွှားကို လက်နက်နှိုင်ငံ ပြုတော်မူ၏။

သီဟသူသည် သားတော်စောယွန်းငယ်ကို လုပ်ရည်ကြံရည်တို့ကို စမ်းလို၍ သားတော်ကြီးဥဇနာကို မိန့်၏။

"ငယ္မွမ်းငယ်သည် စားကျေးစား သက်ရသောအခါ ငါကခေါ်သော်လည်း လာ။ သင်တို့လင်မယားကို ယူခဲ့။ ဆင်မြင်းဗိုလ်ပါထားခဲ့"

ဥဇနာသည် စောယွမ်းငယ်ကို တိုက်ရန် ရွှေကြက်ယက်ကကူးတော်မူသောအခါ သီဟသူသည် သားတော် စောယွမ်းထီ လျှို့ဝှက်၍ ရွှေကြက်ယက်ဆီး၍ ခံဟု မိန့်ကြားလိုက်လေသည်။ ရွှေကြက်ယက်မှတိုက်သောအခါ ဥဇနာ ပြဿဒ်ပျက်၏။

သားတော်လတ် ကျော်စွာကို -

"ငယ္မွမ်းငယ်သည် စားကျေးစား သက်ရသောအခါ ငါကခေါ်သော်လည်း လာ။ သင်တို့လင်မယားကို ယူခဲ့ေ။ ဆင်မြင်းဗိုလ်ပါထားခဲ့"

ကျော်စွာသည် တပါယ်ထောက်ရစ်ကတူး၍ တိုက်ရန် စီစဉ်၏။

သီဟသူသည် ငယ္မွမ်းငယ်ထံ သူလွှတ်၍ တပါယ်ထောက်ရစ်ကဆီး၍ ခံရန် မိန့်ကြားလိုက်၏။ ကျော်စွာတပ်သည် ပျက် ပြန်၏။

စောယွမ်းသည် သီရိအသခ်ယာ စောယွမ်းဘွဲ့ကို ခံယူလိုက်သည်။ ဘဂ္ဂာရုဇ် ၆၈၀ တွင် ထောင်သင်းအစုနှင့် မြင်း(၉)သင်းဖွဲ့တော်မူသည်။

တမာခါးမြင်း	(၁၅၀)
ပြင်စည်မြင်း	(၁၅၀)
ယူတော်မူမြင်း	(၁၅၀)
လက်ရွေးကြီးမြင်း	(၁၅၀)
လက်ရွေးငယ်မြင်း	(၇၀)
ကြောင်သင်းမြင်း	(၅၀)
မြင်းသည်ကြီးမြင်း	(၃၀)
ခက်လုံးမြင်း	(၃၀)
ခွေးစွတ်မြင်း	(၃၀)

စုစုပေါင်း မြောက်ဘက်ကိုးစီးမြင်း (၈၁၀) ကို ဖွဲ့တော်မူသည်။

မြို့ကံကျွေးစေကျွန်ဟူ၍လည်း သင်းအစုဖွဲ့တော်မူသည်။ ယခု တိုင် စစ်ကိုင်းတွင် ထောင်သင်းစုတွင်နေသေး၏။

အသခ်ယာစောယွမ်းသည် ဘုန်းလက်ရုံး၊ အာဏာနှင့်ပြည့်စုံ၏။ ရဟန်းရှင်လူအပေါ် ဝင်းထွက်သားကဲ့သို့ သနားကြင်နာ၏။ အိမ်နီမှ် (၁၄)၊ စည်းစိမ် (၈) နှစ်၊ (၂၂) နှစ်မှာ အနိစ္စရောက်၏။

စစ်ကိုင်းမင်းဆက် တရဖျား၊ ရွှေတောင်စာက်၊ ကျစွာမင်း၊ နော်ရထာမင်းရဲ့တရဖျားငယ်၊ မင်းပြောက်ဖြစ်၏။ သက္ကရာဇ် ၇၂၆၊ ကဆုန်လတွင် စစ်ကိုင်းပျက်၊ နယုန်လတွင် ပင်းယပျက်၏။ တပေါင်းလတွင် အင်းဝမြို့တည်၏။

ယခုအခါ လင်းယဉ်ရွာသည် ရွာသစ်၊ ရွာဟောင်းယူ၍ နှစ်ရွာဖြစ်နေ၏။ မိဖုရားမွေးသောရွာနှင့် ပတ်သက်၍ သူ့ရွာငါရွာစိတ်ဝမ်းကွဲကြ၏။ သို့သော်လည်း ဘုရားနှင့်သိမ်က သက်သေဖြစ်၏။

ခေတ်ပျက်သောအခါ ရွာများပေါင်းကြရ၏။ ရွှေကြရ၏။ ဖျက်ကြရ၏။ ထိုအခါ ရွှေမိနောက်မိသက်ကြီး ရွယ်အိုတို့စကားဖြင့် ချင့်ချိန်ကြရ၏။

လင်းယဉ်ရွာတွင် မိဖုရား မစောဦးမွေးဖွား၏။ နောက်ရွှေကျင်သာသနာပိုင် ဆရာတော် စံကင်းဆရာတော်နှင့် ဝါဆိုဆရာတော်ကြီးဦးအဂ္ဂိယတို့ တစ်ရွာထဲက ရှားရှားပါးပါး (၂) ပါးထွက်တော်မူ၏။

ယခုအခါ လင်ယဉ်၊ လင်ယဉ်ရွာသစ်၊ မိုးသောက်၊ ရှမ်းကုန်း၊ ကုန်ကြီးဟူ၍ (၅) ရွာရှိ၏။

ပင်းယခေတ်က လင်းယဉ်ရွာ၊ မိုးသောက်ရွာ၊ ကွမ်းခြံရွာ၊ ရွာတော်၊ ရွာသစ်ကုန် ဟူ၍ ဖြစ်၏။

တလိုင်းကို တိုက်သောအခါတွင် လင်းယဉ်ရွာကိုဖျက်၍ လင်းယဉ်၊ မိုးသောက်ပေါင်းကြ၏။ ခေတ်ပြန်ကောင်းသောအခါ ကိုယ့်ရွာကိုယ်ပြန်ကြ၏။

လင်းယဉ်က မိမိနေရာဟောင်းကို ပြန်သောအခါ လင်းယဉ်ရွာသစ်ဖြစ်သွား၏။ မပြောင်းဘဲကျန်နေသောရွာက လင်းယဉ်ဖြစ်လာ၏။ လင်းယဉ်ရွာသစ်မှာ မစောဦးကိုမွေး၏။ ဘုရားနှင့်သိမ် အထောက်အထားရှိ၏။ လင်းယဉ်ရွာမှာ စံကင်းဆရာတော်နှင့် ဝါဆိုဆရာတော်တို့ ဖွားမြင်၏။ အထောက်အထားရှိ၏။

လင်းယဉ်ရွာသစ်ပြန်ပြောင်တာပင် နှစ် (၁၀၀) ပြည့်ပွဲပြုလုပ်ခဲ့ကြသည်။

□ ရွှေလင်းယဉ် ရွာသစ်မို့

သာသနာစစ် မဏ္ဍိုင်
ခါမလစ် အကြံပိုင်တယ်
ကံအပြိုင်တူညီ
ရွာအသက်ဖြင့် ရှည်ကြာပီ
နှစ်ရေမှာ ထုံးတမ်းရာပြည့်
ကုရုတိုင် နိုဂုံးပမာလို့
မဟော့ရွာသို့
ရွှေလင်းယဉ်ဇာတိမို့
ရာဇာဘိသုံးထွေ
စစ်ကိုင်းတည် ယွန်းရာဇာရယ်နဲ့
မိဖုရားထွက်သည့်ကျက်သရေ
သာသနာဖက်ကြည့်ပြန်လေသော်
ပြည့်လျှံဝေ ဘိဓေဟု
တိုင်းရင်း ဂုရုဆရာတော်
သက်ရာကကျော်
မြစ်ကင်းမှန်စွာဖော်လျှင်
ကမ္ဘာကျော်ဂုဏ်လွှမ်းပါလို့လေ
၁၃၄၇ တွင် တွေးဖွဲ့မှန်
ဆုံးနိုင်ဘူးလေ။ ။

လင်းယဉ် ပြန်ပြောင်းသည့် နှစ် (၁၀၀) ပြည့်တွင် စပ်ဆိုခဲ့ကြသည်။

လင်းယဉ်ရွာသည် ဘိုးတော်ဘုရားခေတ်တွင် ဆားအကောင်းဆုံး ဘုရင်သုံးထွက်ရွာနေရာ ဖြစ်လေသည်။ ယခုတိုင် ဆားချက်လုပ်ငန်းတွေ့နိုင်ပါသေးသည်။

ဝါဆိုဆရာတော်ဘုရားကြီးသည် လင်းယဉ်ရွာကို ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ထောက်ပံ့၏။ ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်ပေး၏။ အထက်တန်းကျောင်းရှိ၏။ ဒီနှစ် တက္ကသိုလ် ဝင်တန်းအောင်ချက်ကောင်း၏။

ယခု ဆောင်းပါးရေးသားရာတွင် လင်းယဉ်ရွာမှ ဦးဖိုးငယ် (၈၄) နှစ်၊ အဘွားတစ်ဦး (အမည်မမေးလိုက်ရ) တို့မှ အာဂုံဆောင်ထားသော ရတု၊ တေးထပ်၊ လင်္ကာများရွတ်ပြပြီး မှတ်မိသလောက် ပြောပြကြပါသည်။

ဦးဖိုးငယ်ထံမှ ပုဂံမှနှင့်လိုက်သော အရည်းကြီးများ ထိုနယ်တစ်ဝိုက် ကျက်စားခဲ့ကြသည်။ (၈) ကျိပ်ရှိသည်ဟု သိရပါသည်။ အသခ်ယာစောယွမ်းတက်မှ အားလုံးပျောက်ကုန်သည်ဟု ဆိုပါသည်။

မစောဦးအမွေရွာနေရာ လင်းယဉ်ရွာတွင် အိမ်နေရာဘုရား၊ ကျိနေရာတွင် သိမ်သမုတ်ခဲ့သည်။ အဖေရွာ မိုးသောက်ရွာတွင် ဘုရားတစ်ဆူတည်ထားခဲ့ပါသည်။

အင္ဂ်ုန(မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

အေးချမ်းအောင်(ရမည်းသင်း)

ရေယုန်နှင့်မျှစ်



"အစ်ကိုကြီး ခဏ"

ဌေးမောင်ခေါ် သံကြောင့် သူအိမ်ဘက်လှမ်းကြည့်ရင်း -

"ဘာလဲဟေ့ လက်ဖက်ရည်တိုက်ချင်လို့ခေါ်တာလား"

ဟု ကျွန်တော်ကအချွန်းလေးနှင့် ပြောလိုက်ရတော့ -

"တိုက်မှာပေါ့ဗျ။ အခွံန်ရရင် ခဏလောက်အိမ်ဝင်ခဲ့ပါလား"

"အခွံန်ကတော့ရတယ်မဟုတ်ဘူးပေါ့။ အကြောင်းထူးရှိလို့လား"

အိမ်ရှေ့ရောက်သည်နှင့် ကျွန်တော့် အမေးကို ဌေးမောင်ကဖြေ။

"လာဗျာ - အိမ်ပေါ် တက်ပါဦး"

အိမ်ပေါ် ရောက်သည်နှင့် -

"ကဲပြော ဘာဖြစ်လို့လဲ။ မင်းမျက်နှာကြည့်ရကွာ ရှုံ့မဲ့နေတာပဲ"

ဌေးမောင်ကို ကျွန်တော်ကြည့်ရင်း ယင်းကဲ့သို့ပြောလိုက်တော့ -

"အစ်ကိုကြီး၊ ကျွန်တော့်မှာ ရေယုန်တွေပေါက်နေလို့ဗျာ။ အဲဒါဆေးနည်းလေးများ ပြောပြနိုင်မလားလို့ပါ။ အလုပ်ပျက်နေတာလည်း လေးငါးရက်ရှိနေပြီဗျာ"

"ငါက ဆေးဆရာမှမဟုတ်တာ ဌေးမောင်ရာ"

"မဟုတ်ဘူးလေဗျာ၊ အစ်ကိုကြီးက နယ်တကာစုံအောင်သွားလာဖူးတဲ့သူ။ လူပေါင်းစုံနဲ့နှစ်တွေအများကြီးနေလာခဲ့တာဆိုတော့ ရေယုန်နဲ့ပတ်သက်တဲ့ဆေးနည်းဗဟုသုတလေးများရှိမလားလို့ပါ"

"အေးပါကွာ - အခုမင်းရေယုန်က ဘယ်မှာပေါက်နေတာလဲ"

"ဗိုက်မှာဗျာ၊ ယားအောင့်နာနာကြီးနဲ့ အနေရလည်းတအားခက်တာ"

ဌေးမောင်က အကျိုကြယ်သီးတွေဖြုတ်၍ ဗိုက်တွင်ပေါက်နေသော ရေယုန်တွေကိုပြလေသည်။ ရေယုန်တွေက လက်ဖဝါးလောက်ရှိသည်။ ရေယုန်တွေကို ဌေးမောင်စိတ်ပျက်လက်ပျက်ကြည့်ရင်း -

"ဆေးတွေလည်းစုံနေပြီ အစ်ကိုကြီး မပျောက်ဘူးဗျာ"

"ဘာဆေးတွေလုပ်တာလဲ"

"ပျဉ်းသီးခေါက်ကို ဆန်ဆေးရည်နဲ့သွေးလိမ်းတယ်၊ သက်သာရုံပဲ။ မရတာနဲ့ လင်းယုန်ငှက်ခြေထောက်သွေးလိမ်းတာလည်းမရဘူး။ ပျဉ်းသီးခေါက်သွေးလိမ်းတာက သက်သာသလိုရှိတာနဲ့ အခု ပျဉ်းသီးခေါက်ပဲလိမ်းထားတာ"

(မှတ်ချက် - ပျဉ်းသီးခေါက်မှာ ပျဉ်းကတိုးအပင်မှအသီးကို ခေါ်ခြင်းဖြစ်သည်။)

"ပျဉ်းသီးခေါက်လည်း ပျောက်တဲ့သူပျောက်ပါတယ်။လူတိုင်းတော့မပျောက်ဘူးပေါ့။လင်းယုန်ငှက်ခြေထောက်လည်း ပျောက်တဲ့သူပျောက်ကြပါတယ်။ လူတိုင်းမပျောက်တာတော့ ဟုတ်တယ်။

တစ်ယောက်နဲ့တစ်ယောက် သွေးသားတွေက မတူကြဘူးလေ။ အခြားသူပျောက်ပေမယ့် ကိုယ့်ကျတော့ပျောက်ချင်မှပျောက်မယ်"

"အဲဒါကြောင့် အစ်ကိုကြီးများ ရေယုန်ပျောက်တဲ့ဆေးနည်းသိထားတာများရှိမလားလို့ အစ်ကိုကြီးလာတာမြင်တာနဲ့ ခေါ်လိုက်တာ"

"အင်းပါ ရေယုန်ပျောက်တဲ့ဆေးနည်း ငါသိထားတာရှိပါတယ်။ မင်းနဲ့ အပ်စပ်ရင်တော့ ပျောက်မှာပေါ့ကွာ"

"ဟုတ်-ဟုတ်ကဲ့ဗျာ ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရာ"

ဌေးမောင်မိန်းမက ရေနွေးကြမ်းနှင့် လက်ဖက်သုပ်လာချပေးသည်။

"ကဲ - သောက်ဗျာ အစ်ကိုကြီး။ လက်ဖက်သုပ်လည်းစားဦး။ ဆေးနည်းက ခက်ခက်ခဲခဲကြီးလား"

"မခက်ပါဘူးကွာ၊ တောင်ပေါ်ကရင်တိုင်းရင်းသားတွေဆီက ရခဲ့တဲ့ရေယုန်ပျောက်တဲ့ဆေးနည်းကွ။ ဒီနည်းနဲ့ ရေယုန်ဖြစ်တဲ့လူတိုင်း ပျောက်တာတော့ ငါ့ လက်တွေ့ပဲ"

"ဟုတ်ကဲ့-ဘယ်လိုဆေးနည်းလဲ"

"ဝါးပင်ကပေါက်တဲ့မျှစ်။ ဘယ်လိုမျှစ်ဖြစ်ဖြစ်ကွာ ရတယ်။ ဝါးပင်မျှစ်ကိုချိုးလိုက်။ မျှစ်ကြီးရင်ခုတ်ပေးအဲလိုချိုးတာတို့၊ ခုတ်တာတို့လုပ်လိုက်ရင် မျှစ်ကနေ ရေလိုအရည်တွေထွက်လာလိမ့်မယ်။ အဲဒီမျှစ်ကထွက်လာအရည်ကို ရေယုန်ဖြစ်နေတဲ့နေရာသုတ်လိမ်းပေးလိုက်ရုံပဲ။

တစ်နေ့ကိုသုံးကြိမ်သုတ်လိမ်းလိုက်ရင် နှစ်ရက်၊ သုံးရက်အတွင်း တွေကပ်မြီးပျောက်ကင်းသွားလိမ့်မယ်။ ယုံယုံကြည်ကြည်သာလုပ်ပေတော့။ ငယာခင်းဘေးချောင်း ကမ်းပါးဝါးရုံဝင်မျှင်တွေ့မနေ့ကမြင်ခဲ့တယ်"

"ကျေးဇူးပဲ အစ်ကိုကြီး။ အကိုင်ပျက်တာထက် ဝေဒနာခံစားတာက ဆိုးတယ်"

ကျွန်တော်လည်း ရေနွေးကြမ်းလက်ဖက်သုပ်စားသောက်ပြီး ပြန်ခဲ့သည်။

(၃) ရက်ရှိတော့ ဌေးမောင်ဆိုင်မိကြွယ်တစ်ယောက် ပြောင်းဖူးတွဲကြီး၍ ရောက်လာသည်ပဲ့။ ကျွန်တော်က

"ဟဲ့-မိကြွယ်၊ပြောင်းဖူးလာရောတာလားဟ"

"မဟုတ်ပါဘူး အစ်ကိုကြီးလက်ဆောင်လာပေးတာ။ ကိုဌေးရေယုန်တွေပျောက်သွားပြီတော့။ အကြောင့် ကျေးဇူးတင်လို့လာပေးတာ"

"ဌေးမောင်ကဘာလို့သူကိုယ်မလာရတာလဲဟ"

မိကြွယ်က ရယ်ကျဲကျဲနှင့် -

"အလုပ်ပျက်တာများနေလို့ (၄) နာရီကတဲ့ညက တောတက်ပြီအစ်ကိုကြီး။ ညနေ သူပြန်ရောလာဦးမယ်လို့ မှာလိုက်သေးအစ်ကိုကြီး၊ ထားခဲ့ပြီနော်"

"ညော် - အေးအေး"

ကျွန်တော့်ရင်မှာ ပီတိတွေကျန်ရစ်ခဲ့ပါသည်။

အေးချမ်းအောင်(ရမည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာဦးကျောက်ဖြစ်ရုပ်ကြွင်းတွေဖြစ်တဲ့ ဂေါ်ရန်ဂျီကျွန်းကတောင်ဆွယ်တွေကို လက်လှမ်းမီသလောက် မုန်တိုင်းတွေဖြစ်တဲ့ ပုသိမ်မြို့ကို တည့်တည့်ဝင်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး၊ အရှေ့တောင်အာရှမှာ နာမည်ကြီးတဲ့ ဆူနာမီ၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးကိုဝင်မွှေတဲ့နာဂစ်မုန်တိုင်း၊ မာလာမုန်တိုင်းတွေနဲ့ ထိပ်တိုက်တိုးခဲ့သေမယ့် မပျက်စီးခဲ့ပါဘူး။ ပြောရမယ်ဆိုရင် ကျွန်တော်တို့လက်လှမ်းမမီတဲ့ ကမ္ဘာမုန်တိုင်းကြီးအမျိုးမျိုးကို ကြုံကြုံခံပြီး အခုအချိန်အထိရှိနေသေးတာပါ။ ဒါကြောင့် ကမ္ဘာဦးကျောက်ဖြစ်ရုပ်ကြွင်းလို့ အမည်တပ်လိုက်ရင် မမှားနိုင်ပါဘူး။ ဒါတွေကို လေ့လာချင်တယ်၊ ကြည့်ချင်တယ်ဆိုရင်တော့ ဂေါ်ရန်ဂျီကျွန်းကို သွားမှတွေ့နိုင်ပါလိမ့်မယ်။

အခု မြန်မာနိုင်ငံအတွင်းကဟန်လင်း၊ ဝိဿနိုး၊ သရေခေတ္တရာ စတဲ့ နေရာတွေကို ယူနက်စကိုအဖွဲ့က ကမ္ဘာ့အမွေအနှစ်စာရင်းမှာထည့်ထားတယ်မဟုတ်ပါလား။ အခု ဂေါ်ရန်ဂျီကျွန်းက ကျောက်ဖြစ်ရုပ်ကြွင်းတွေကိုလည်း ယူနက်စကိုအဖွဲ့က မသိသေးလို့ပါ။ သက်သေခံဓာတ်ပုံတွေနဲ့ ဖြတ်သန်းလာခဲ့တဲ့ ရာစုနှစ်တွေကိုသာဖော်ပြပြီး အကြောင်းကြားလိုက်မယ်ဆိုရင်တော့ ဂေါ်ရန်ဂျီကျွန်းကတောင်တွေကို ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းမှာ ကျိန်းသေထည့်ထားပါလိမ့်မယ်။

ဂေါ်ရန်ဂျီကျွန်းက သဘာဝကျောက်လွှာတွေ အခုအချိန်အထိရှိနေတာ နိုင်ငံတော်အစိုးရကောင်းလို့ ကျန်နေတာပါ။ အနောက်ဥရောပကဆိုရင် အနှစ် (၃၀) ဂရန်ရတာနဲ့ ဘီလပ်မြေထုတ်ဖို့ အသင့်စောင့်နေကြတယ်လေ။ ဒါပေမယ့် အစိုးရက ဘာဖြစ်လို့ခွင့်မပြုသလဲဆိုရင် ဂေါ်ရန်ဂျီကျွန်းကတောင်တွေဟာ သဘာဝအလှောက် ပင်လယ်နဲ့ မြေပြန့်ကို ပိုင်းခြားထားလို့ မြေပြန့်ဘက်ဟာ လေကွယ်နေကြောင်း၊ တစ်

စိုးတွန်း(ဥပဒေ)

ကမ္ဘာဦးကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခြင်း



မြဝတီစေတီတော်နှင့် ဘုရားချိုင်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

မြဝတီတောင်ထိပ်မှ ဘုရားချိုင်မြင်ကွင်း

ငှက်သိုက်ကလပ် (ယခင်က ငှက်များနေသော်လည်း လူများက ငှကသိုက်များနှိုက်ယူမှုကြောင့် ယခုအချိန်တွင် ဘာငှက်မှမရှိတော့ပါ)



သဘာဝအလျောက်ဖြစ်နေသည့် ကျောက်ဖိနပ်

အရွှေဘက်မှ မြဝတီတောင်အတက်မုခ်ဦး

ညအခါ လသာသည့် လသာကျောင်

အဖြစ် အလွန်အသုံးဝင်နေကြော
ဒါ့အပြင် ဂေါ်ရန်ဂျီကျောက်တော
တွေက လေကိုကာဆီးထားလို့ နံ
ကျေးရွာအုပ်စုတစ်ခုလုံး မုန်တိုင်
တည့်တည့်မတိုးတော့ပါဘူး။ သ
ဘေးဒဏ်ကို ကာကွယ်နိုင်ခြင်
အချက်တွေရှိနေလို့ အစိုးရက ပြ
တွေအတွက် ဘယ်သူက ခွင့်
တောင်းခွင့်မပြုခဲ့တာပါ။

သက္ကရာဇ် ၂၀၀၀ လောက်
ပြီး တစ်စတစ်စနာမည်ကြီးလာတဲ့
ကတော့ ဂေါ်ရန်ဂျီကျန်းပါပဲ။ ပြ
ပြည်တစ်လွှားက နေရာတော်တော
များကို ခရီးထွက်တယ်ဆိုတာ
ပြုပြင်ထားတဲ့နေရာတွေကို သွ
ကြတာပါ။ အခု ခရီးစဉ်ကတော့
ပြုပြင်ထားတဲ့နေရာတွေကို သွ
မဟုတ်ပါဘူး။ ရာစုနှစ်ပေါင်းများ

နာရီ (၆၀)၊ (၇၀) တိုက်တဲ့မုန်တိုင်းတွေ ပင်လယ်ထဲမှာ ဘယ်လိုပဲတိုက်တိုက် ဂေါ်ရန်ဂျီကျွန်းရဲ့အတွင်းပိုင်း ဘုရားချိုင်ဟာ လှိုင်းရောလေပါငြိမ်သက်နေပါတယ်။

တောင်တန်းကြီးတွေက လေကို ကာကွယ်ပေးသလိုဖြစ်နေလို့ ဘုရားချိုင်ဟာ လေခိုဒေသလေးဖြစ်နေတယ်လေ။ အဲဒါကြောင့် ပင်လယ်ကမ်းရိုးတန်းက စက်လှေတွေမှန်သမျှ ခေတ္တခိုနားရာ

www.burmeseclassic.com

www.burmeseclassic.com

အခုအချိန်အထိ ဘာတစ်ခုမှမပျက်စီးသေးဘဲ တည်ရှိနေတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေကို တစ်ဝကြီးလေ့လာလို့ရအောင် သွားကြည့်တဲ့ခရီးစဉ်ပါပဲ။

ဂေါ်ရန်ဂျီကျွန်းကို မလေ့လာခင် ဒီကျွန်းကို ဘာကြောင့် ဒီနာမည်ပေးလိုက်သလဲဆိုတာကိုပြောပြချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သီပေါမင်းလက်ထက်မှာပဲ အင်္ဂလိပ်ကိုလိုနီလက်အောက်ကိုရောက်ခဲ့တာတော့ လူတိုင်းသိကြမှာပါ။ ကိုလိုနီနယ်ချဲ့တွေဟာ သူတို့ပိုင်ပြီဆိုရင် မြေပုံတွေဆွဲကြ၊ နယ်နိမိတ်တွေသတ်မှတ်ကြတယ်လေ။ ဒီလိုမြေပုံရေးဆွဲရေးအဖွဲ့တွေ ဂေါ်ရန်ဂျီကျွန်းနားရောက်လာတော့ ဒေသခံတွေကို -

"ဒီကျွန်းကိုဘာကျွန်းလို့ခေါ်သလဲ သူကလေး

လို့မေးတော့ -

ဒေသခံတွေက ဘာနာမည်မှမရှိတဲ့ကျွန်းကြီးဖြစ်နေလို့ မဖြေတတ်ဖြစ်နေတာ။ နောက်တော့ ဒီကျွန်းကြီးရဲ့ သောင်စပ်မှာ နားအေးပါးအေး ဝါးကျောင်းလေးနဲ့ သီတင်းသုံးတဲ့ ကိုရင်ကြီးကို သတိရပြီး ခပ်လွယ်လွယ် ကိုရင်ကြီးကျွန်းလို့ ဖြေလိုက်တယ်။

ကိုလိုနီစစ်ဗိုလ်ကြီးက ကိုရင်ကြီးကျွန်းကို သူ့နားထဲမှာ ဂိုရင်ဂျီးကျွန်းလို့ကြားတာဖြစ်လိမ့်မယ်။ ဒီစစ်ဗိုလ်ကြီးက မှတ်ကြားတဲ့အတိုင်း (GAW YAN GYI ISLAND) ဂေါ်ရန်ဂျီကျွန်းလို့အမည်ပေးလိုက်တာ ဒီနာမည်ကြီးက အခုအချိန်အထိမပျောက်တော့ပါဘူး။ ဒီနေရာကို ကူးလူမျိုးတွေလာလို့မှည့်ခဲ့သလားဆိုတော့ လိုက်ရှာကြည့်ပါသေးတယ်။ ကူးဆိုလို့ တစ်ယောက်တလေးတောင် မတွေ့ခဲ့ပါဘူး။ ဒါကြောင့် ကူးလူမျိုးတွေနေခဲ့လို့ မှည့်ခဲ့တဲ့အမည်တော့မဟုတ်တာ သေချာသွားပြီ။ အင်္ဂလိပ်စစ်ဗိုလ်ကြီး အကြားအာရုံကြားခဲ့တဲ့အတိုင်းမှည့်ခဲ့လို့ ဒီနာမည်ကြီးကတွင် သွားတာပါ။

ဂေါ်ရန်ဂျီကျွန်းလို့မှည့်ခေါ်ခဲ့တဲ့အဆုံးက အခုအချိန်ရောက်တဲ့လူတွေနဲ့ ကျွန်းလည်းမဟုတ်ပါလားလို့ ထင်ရောဖြစ်နေမှာပါပဲ။ ဒါပေမယ့် နှစ်ပေါင်းများစွာက သီခြားရပ်တည်တဲ့ကျွန်းဖြစ်ပါတယ်။ မြေပြန့်တောင် ဝါးနှစ်ပြန့်လောက် မြစ်မကျယ်မက သဲချောင်းကဖြတ်စီးနေတာ သတ္တဝါတွေမှန်သမျှ အဲဒီတောင်ကနေပြီးဖြတ်မောင်းလို့ရအောင်

ကျောက်ထက်ညီး

သဘာဝကျောက်ခြေထောက် (ဘယ်)

သဘာဝကျောက်ခြေထောက် (ညာ)

သဘာဝအလုကျောက်ဖြစ်ရုပ်ကြွင်းများ

www.burmeseclassic.com

www.burmeseclassic.com

အလူးလုပ်လျှင် ပန်းကန်များ ခေတဝုးထိုရသည့် ပန်းကန်တိုက်
(ယခုအခါ အများက ယူပြီး ပြန်မထားသောကြောင့် ပန်းကန်များ မရှိတော့ပါ)

ပန်းကန်တိုက်ကြီးအား အနီးကပ် မြင်တွေ့ရစဉ်

သဘာဝအလှကျောက်ဖြစ်ရုပ်ကြွင်းများ

သဘာဝအလှောက်ဖြစ်နေသည့် ကျောက်လိုဏ်ခေါင်း

ရောကနက်ပါတယ်။ ရေစစ်ဆိုရင်တော့ ဒီသဲခြောင်းက လူတစ်ရပ်ကျော်နက်တာပါ။ နှစ်တွေကြာလာတော့ ရေစီးကြမ်းတဲ့ ဒီသဲခြောင်းဟာ တဖြည်းဖြည်းကောလာတယ်။

ပထဝီဘာသာမှာ ဆယ်နှစ်တစ်ကြိမ် မှုခင်းပြုပြင်ပြောင်းလွဲခြင်းသဘောပါပဲ။ နောက်ဆုံး ပင်လယ်ရေမဖြတ်နိုင်တဲ့အထိ သဲထုကြီးကထူလာပါလေရော။ ဒါကြောင့် အခုအချိန်မှာ ဂေါ်ရန်ဂျီကျွန်းနဲ့ နံသာပုကျေးရွာအုပ်စုဟာ တစ်ဆက်တည်းဖြစ်သွားပါပြီ။ အခုအချိန်မှာတွေ့တဲ့လူတွေအနေနဲ့ ဂေါ်ရန်ဂျီကို ကျွန်းလို့ ဘယ်သူမှသိကြမှာမဟုတ်ပါဘူး။

သဲမြေတွေပြည့်နေတဲ့တောင်ခြေအကွေ့လေးကိုတော့ ဘုရားချိုင့်လို့ ဒီဘက်ခေတ်မှာ အမည်သစ်ကလေးမှည့်ထားလိုက်ပါပြီ။ ကျွန်းအကြောင်း၊ ဘုရားချိုင့်အကြောင်း ရှင်းပြပြီးတော့ သွားလာရေးဘက်ကိုဆက်ပြီးဖော်ပြပေးပါ့မယ်။ ဂေါ်ရန်ဂျီကျွန်းကို လာမယ်ဆိုရင် ကိုယ်ပိုင်ကား၊ လိုင်းကား၊ အော်ကားစတဲ့ (၃) မျိုးစလုံးနဲ့သွားလို့ရတယ်။

လိုင်းကားကိုအသုံးပြုမယ်ဆိုရင် မြန်မာတစ်ပြည်လုံးက စိတ်ဝင်စားတဲ့တိုင်း ရန်ကုန်ကိုအရင်ဆုံးလာရပါမယ်။ နောက် လှိုင်သာယာအဝေးပြေးဂိတ်ကသွားပြီး ကံထုးအောင်ဖြစ်ဖြစ်၊ မြတ်မိုးကားဖြစ်ဖြစ်စီးလိုက်ပါ။ ငရုပ်ကောင်းမြို့ကိုရောက်ရင် ကြွေချိုင်ကူးတို့စက်ကို (၁၅) မိနစ်လောက်စီး၊ နံသာပုကူးဆိပ်ကိုရောက်ရင် ဆိုင်ကယ်ကယ်နီဆစီးပြီး ဘုရားတောင်ခြေကိုလာလိုက်ရင် ဒီသွားနည်းက ဖုန်နည်းနည်းသက်သာပါတယ်။

ကားငှားလာရင်တော့ ကားဆရာက လမ်းကျွမ်းပြီးသားဖြစ်လို့ လမ်းပြဖို့မလိုတော့ပါဘူး။ ကိုယ်ပိုင်ကားနဲ့လာမယ်ဆိုရင် အရင်ဆုံး ရန်ကုန်ကနေ ပုသိမ်မြို့ကို အရင်မောင်းလာပါ။ ပုသိမ်ရောက်ရင် ပုသိမ်ကြိုးတံတားကိုကူး သလပ်ခွာမြို့လေးကိုကျော်၊ ငွေတောမှော်တင်လမ်းသုံးခွဆုံရောက်တဲ့အခါ မှော်တင်လမ်းခွဲကိုရွေးပြီးမောင်း၊ ဆက်တဲ့လမ်းဘေးမှာ ဒီပါရဲ့ဘုရားဝင်းဆိုက်၊ သင်္ကန်းတောင်တောရကျောင်း စတာတွေဖြတ်လာရင် လမ်းမမှားတော့ပါဘူး။ ငရုပ်ကောင်းတောင်မြို့ကနေရင် ငရုပ်ကောင်းမြို့ကိုမရွေးဘဲ နံသာပုလမ်းကို ရွေးရပါမယ်။ (၁၂)မိုင်ခန့်

www.burmeseclassic.com

www.burmeseclassic.com

ဆက်ပြီးမောင်းရပါဦးမယ်။

ဒီ(၁၇)မိုင်ကတော့ ဖုန်လမ်းကြီးပါပဲ။ မှန်ပါတဲ့ကားဆိုရင် မှန်တွေကိုပိတ်ပြီးမောင်းပါလို့ အကြံပြုပါရစေ။ လိုက်ထရပ်ကားလို နောက်ပွင့်ကားတွေဆိုရင်တော့ ခေါင်းကို ပဝါနဲ့ဖြစ်ဖြစ်၊ စောင်နဲ့ဖြစ်ဖြစ်ပေါင်းထားဖို့လိုပါလိမ့်မယ်။ ဖုန်တွေဘယ်လောက်များသလဲဆိုရင် ချောင်တယ်လှပါတယ်ဆိုတဲ့ မိန်းကလေးဆောင် မျက်စိနှစ်ပေါက်နဲ့ပါးစပ်ပေါက်ပြင်ရမှာပါ။ ကျန်တဲ့နေရာတွေမှန်သမျှနံတွေကကပ်နေလို့ လူကနေ မျောက်ကြီးတစ်ကောင်လိုဖြစ်သွားပါလိမ့်မယ်။ ခရီးဆုံးတာနဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်ရတဲ့လမ်းပါပဲ။

နံသာပုရွာကိုရောက်ရင် ဂေါ်ရန်ဂျီကျွန်းကိုရောက်ပြီလို့ မထင်လိုက်ပါနဲ့။ သွားမြင်ရုံမြင်ရတာပါ။ အဓိကတည်းခိုနေရာကိုရောက်တာပါ။ ရေမိုးချိုးတည်းတွေထားပြီး ဆိုင်ကယ်တက္ကစီနဲ့ဆက်တော့မှ ဂေါ်ရန်ဂျီကျွန်းကိုရောက်ပါလိမ့်မယ်။ တည်းခိုတဲ့နေရာတွေကတော့ ပေါမြဲပေါပါပဲ။ ဒေသခံတွေလုံးချင်းအိမ်ကလေးတွေ နေရာတိုင်းလိုဆောက်ထားပေးပါတယ်။ ထမင်းဆိုင်းတွေ၊ ပင်လယ်စာတွေစားချင်တယ်ဆိုရင်လည်း သူတို့ကိုမှာလိုက်၊ ချက်ပြုတ်ပေးပါလိမ့်မယ်။ တည်းတဲ့နေရာမှာ နားအေးပါးအေးတည်းချင်ရင် သာပုရွာဘက်မှာတည်း။ လှိုင်းသံနဲ့ပင်လယ်လေရူးချင်ရင်တော့ ပလွင်ချိုင့်ဘက်မှာတည်း။ တည်းခိုရေးအတွက်ကအခက်အခဲမှမရှိပါဘူး။ ဂေါ်ရန်ဂျီကိုလေ့လာဖို့လာတဲ့သူဆိုရင်တော့ အိပ်နဲ့ မပြည့်စုံပါဘူး။ အနည်းဆုံးလောက်တည်းမှ နေရာစုံရောက်တယ်။

ဒီဒေသရောက်ရင် ထူးခြားတဲ့ခို့နည်းနဲ့လည်းတည်းလို့ရပါသေး။ ဒါကတော့ TENT ဆိုတဲ့ ယာယီလေးတွေငှားပြီး တည်းခိုဖို့အကြံပါ။ ဒေသခံတွေမှာ TENT လေးအဆင်သင့်ဆောင်ထားပ တယ်။ လုံးမှာ (၃) ယောက်တော့ကာပါယ်။ သောင်ပြင်မှာ TENT လေးလွှတ်လပ်လပ်တည်းပြီး ကြယ်ကြည့်မလား၊ လှိုင်းသံလေးကိုခံပြီးအိပ်မလား၊ အာတိတ်အက်စ်ကီးမိုးတွေလို ကိုယ့်အိမ်လေးစရာကမ္ဘာလေးတည်ဆောက်လို့ အခြားခရီးစဉ်တွေနဲ့ သိသိ



www.burmeseclassic.com

www.burmeseclassic.com

ယခင် သဲချောင်းကြီးမှ ယခု ဘုရားချိုင်နေရာတွင် စာရေးသူနှင့်ဝန်းတို့ ရောက်ခဲ့စဉ်

အလွန်ကြည်လင်သည့် ပင်လယ်ရေကြောင့်
ပင်လယ်ကြမ်းခင်းအား ဖောက်မြင်ရသည့် လိပ်ချိုင်ကမ်းခြေ



ဂေါ်ရင်ဂျီကျွန်း တည်နေရာပြမှုံ

သာသာကြီးကွဲပြားသွားတာကို ကိုယ်တိုင်သိလာမှာပါ။

ကမ္ဘာဦးကျောက်ဖြစ်ရုပ်ကြွင်းတွေကို စတင်လေ့လာဖို့ ခရီးစဉ်စလိုက်ပြီဆိုရင် ဘုရားကိုတော့ အရင်ဆုံးဦးတိုက်သင့်တာပေါ့။ မိမိတည်းတဲ့နေရာကနေ ဘုရားချိုင်ကို တက္ကစီငှားလာပါ။ ဂေါ်ရန်ဂျီကျွန်းကြီးထဲက အမြင့်ဆုံးကျောက်တောင်ကြီးကို မြဝတီတောင်လို့ မှည့်ထားပါတယ်။ စေတီတော်ရဲ့ဘွဲ့အမည်ကလည်း မြဝတီစေတီတော်ပါပဲ။ဒီစေတီတော်ကို မြဝတီတောင်ရဲ့အမြင့်ဆုံးတောင်ထိပ်ဖြစ်တဲ့ (၂၇၅) ပေမြင့်တဲ့ နေရာမှာ တည်ထားခဲ့တာပါ။

စတင်တည်တဲ့နှစ်ကတော့ မြန်မာနှစ် ၁၃၂၃ ခု ဖြစ်တာကြောင့် စေတီတော်ရဲ့သက်တော်ဟာ (၅၆) နှစ်ရှိပြီတယ်။ အခုအချိန်မှာတော့ ဉာဏ်တော် (၁၈) ပေရှိနေပါပြီ။ အဘဘိုးတော်အောင်မင်းခေါင်က ဂေါ်ရန်ဂျီကျွန်းသာသနာတော်ထွန်းလင်းတောက်ပရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဓာတ်ပန်းချခဲ့တာပါ။ ဒီဒေသနဲ့ပတ်သက်တဘောင်လည်းချမှတ်ပေးခဲ့ပါတယ်။

အဲဒီတဘောင်ကတော့ 'ရေသောင်တံတားဖြစ်စေ၊ မှော်ကိုးလမ်းပွင့်လျှင်ဖြစ်စေ ဂေါ်ရန်ဂျီကျွန်းသာသနာပွင့်ထွန်း၍ ကြက်ပျံမကူးကားလိမ့်မည်' ဆိုတဲ့ တဘောင်အခုအချိန်မှာတော့ ဒီတဘောင်နှစ်ဒီဒေသဟာ တော်တော်လေးကိုကနေပါတယ်။ ရွှေအပိုင်းတွေမှာတသလို ဂေါ်ရန်ဂျီကျွန်းနဲ့ နံသာပုရာတံတားခင်းလိုက်သလို အခုအခတစ်ဆက်တည်းဖြစ်နေပါပြီ။ မှော်မှော်ဆိုတာက သဇင်မှော်၊ ဇီးမှော်၊ မှော်၊ ညောင်မှော်၊ ကျွဲသိပ်မှော်၊ မှော်၊ နတ်မှော်၊ ပန်းမှော်၊ မှော်တင်မှော်ကိုးမှော်လည်း တကယ်လမ်းတာကြောင့် တဖြည်းဖြည်းစည်ကာနေပါပြီ။

ဂေါ်ရန်ဂျီကျွန်းဒေသမှာထူးတဲ့ ဝိသေသ (၅) မျိုးလည်းရှိပါတဲ့ ဒါကတော့ အိမ်မွေးတိရစ္ဆာန်ကြက်ဂေါ်ရန်ဂျီတောင်မှာခေါ်ထားရင်တော့မှမတွန်တော့ပါဘူး။ အဲဒီကြက်ရွာထဲပြန်ခေါ်သွားမှပြန်ပြီးတွန်ပါတဲ့ ဒါကတော့ ပထမထူးခြားတဲ့အချက်ဒုတိယထူးခြားချက်ကတော့ အင်္ဂတေတွတဲ့နွားနှစ်ကောင်ကို ဂေါ်တောင်ခြေမှာ တစ်နေကုန်ထားတောင် လုံးဝမတွေ့တော့ပါဘူး။

တတိယ ထူးခြားချက်ကတော့ ဒီကျွန်းမှာ အဆိပ်မှုန်သမ္မပုတ်ကြောင်း လိပ်ချိုင်မှာအမြဲနေတဲ့ ဦးကိုယ်တိုင် အင်ဒရင်းဆေးရည်နဲ့ အခွေးအကောင်(၃၀)လောက်စာမယ့် ဘာမှမဖြစ်ခဲ့ပါဘူး။ ဒီကျွန်းလယ်ယာနဲ့နွားကျောင်းတဲ့အလုကိုင်တဲ့ ဦးဝင်းမောင်က သူ့ပြောထဲကို ကျေးတွေဆင်းလို့ အရောတဲ့အစာကို ကျေးကွေးကွေးအဆိပ်မမိခဲ့ပါဘူး။ ဒါကြောင့် ဂေါ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်းပေါ်မှာ အဆိပ်မှန်သမျှ ပျက်ပြယ်တယ်လို့ သိနေကြတာပါ။

စတုတ္ထထူးခြားချက်ကတော့ဖြင့် အဆိပ်ရှိတဲ့မြွေမှန်သမျှ လူကိုရန်မမူကြပါဘူး။ ဒီကျွန်းပေါ်မှာ ငှက်ပျောစိုက်ပြီးစားတဲ့ ဦးတဆစ်နဲ့ သူဇနီး မချေဆိုရင် မြွေကိုတက်နင်းမိတာတွေ၊ လက်နဲ့ကိုင်မိဘာတွေကြုံခဲ့ပေမယ့် မပေါက်ခဲ့လို့ အခုအချိန်ထိ အသက်ရှင်လျက်ရှိပါတယ်။

ပဉ္စမထူးခြားချက်ကတော့ ရေချိုထွက်ပါတယ်။ ဒီအချက်တွေကတော့ ဂေါ်ရန်ဂျီကျွန်းရဲ့ ထူးခြားတဲ့ ဝိသေသ (၅)မျိုးပါပဲ။

ခုတော့ ဘုရားချိုင်က ဂေါ်ရန်ဂျီကျွန်းနဲ့ နံသာပုကျေးရွာအုပ်စုတို့ဟာ ဆစ်ဆက်တည်းဖြစ်သွားလို့ ဧရာဆိုင်ခန်းတွေနဲ့ လူစည်နေပါပြီ။ ဘုရားချိုင်ရဲ့ တက်ကျွန် ပင်လယ်ရေစပ်စပ်မှာ စာရေးဆရာ ဇနီးတို့ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ပါသေးတယ်။ အရှေ့ဘက်မုခ်ဦးကတော်မယ်ဆိုရင် ပုံပါအတိုင်း တွေ့မြင်ရမယ်။ အိမ်ကြီးတစ်လုံးစာလောက်တဲ့ ကမ္ဘာဦးကျောက်နှစ်လုံးကြားကနေ ဆင်းလိုက်ပါ။ လူကြီးတွေအတွက် အမောပြေကျောက်ထိုင်ခုံလည်း အသင့်ရှိနေပါတယ်။

တောင်ထိပ်ကိုရောက်ဖို့ လှေကားထစ် (၄၂၀)ကျော်တက်မှ တောင်ထိပ်ကို ရောက်ပါလိမ့်မယ်။ ကျွန်တော်နဲ့အတူ လိုက်ခဲ့တဲ့ဆရာဝန်တစ်ဦးက 'ဒီတောင်ထိပ်ကိုရောက်အောင်တက်နိုင်ရင် ဒီလူနာ့လုံးရောဂါ၊ သွေးတိုး၊ အဆုတ်ရောဂါတွေမရှိတာ သေချာသွားပြီဗျ' လို့ ပြောပါတယ်။ ပုံ (၁၄) ကတော့ နံသာပုကျေးရွာအုပ်စုကြီးကို တောင်ထိပ်ကနေ မြင်တွေ့ရတဲ့မြင်ကွင်းပါပဲ။ ပုံ (၁၅) ကတော့ တောင်ရဲ့ အမြင့်ဆုံးနေရာက ဆီစေတီတော်ကို ကြည်ညိုဖွယ်ရာ မြင်တွေ့ရတဲ့မြင်ကွင်းပဲဖြစ်ပါတယ်။

အခုတင်ပြခဲ့တာက မြဝတီကျွန်းကြီးကို အရှေ့ဘက်ကနေတက်တဲ့လမ်းခရီးကို ဖော်ပြခဲ့တာပါ။ ကျွန်တော်ရဲ့သမီး မသူသူဟန်နဲ့အဖွဲ့က ခြေကျင်နဲ့ တောင်တက်အသင်းကြီးပြီးတော့ ဂေါ်ရန်ဂျီကျွန်းကြီးရဲ့ အနောက်ဘက်ကနေတက်ကြတယ်လေ။ ဂေါ်ရန်ဂျီကျွန်းရဲ့အနောက်ဘက်ခြမ်းက ပင်လယ်ရေကြည်လွန်းတာကြောင့် သဘာဝကျောက်သားတွေကို ဒီအတိုင်းတွေ့ရပါတယ်။

အရင်ဆုံး ဂေါ်ရန်ဂျီကျွန်းကြီးရဲ့ လိပ်ချိုင်ကို စတ်လှေနဲ့လာရပါမယ်။ လိပ်ချိုင်လို့ ဘာဖြစ်လို့ခေါ်သလဲဆိုရင် လူသူမရောက်ခင်က လိပ်တွေတက်ပြီး ဥတွဲနေရာဖြစ်လို့ ခုအချိန်အထိ လိပ်ချိုင်လို့ခေါ်နေတာပါ။

မြဝတီတောင်ကို အနောက်ဘက်က ခြေကျင်တက်မယ်ဆိုရင် လိပ်ချိုင်နောက်ဘက်က အုန်းခင်းလေးကို အရင်ဖြတ်ရပါမယ်။ အုန်းခင်းလွန်တော့ ဂေါ်ရန်ဂျီကျွန်းရဲ့တောင်ချိုင့်ဝမ်းကနေ ကမ်းခြေ

တောင်အတက်တွင် လူကြီးများ အမောပြေထိုင်ရန် ကျောက်ထိုင်ခုံ



လိပ်ချိုင်ကမ်းခြေ

မြဝတီတောင်အတက် သဘာဝသဲထမ်း

www.burmeseclassic.com

www.burmeseclassic.com

ထိပ်ချိုင်ကမ်းခြေမှ မြဝတီတောင်အား အနောက်ဘက်မှတက်ရန် အုန်းခင်းထဲမှ မြတ်လာနေစဉ်

အုန်းခင်းထဲမှ တောင်ချိုင့်ဝှမ်းအား မြတ်ကျော်နေသည့် စာရေးသူ၏သမီး မသူသူဟန်နှင့် အဖွဲ့များ

မြဝတီတောင်အား အရှေ့ဘက်လမ်းနှင့် အနောက်ဘက်လမ်းဆုံနေရာ

တောင်ချိုင့်ဝှမ်းမှ ကမ်းခြေဘက်သို့ ဖောက်ထွက်လာစဉ်

သဘာဝအလျောက်ဖြစ်ပေါ်နေသည့် တောင်တက်လမ်း

ဘက်ကိုဖောက်ပြီးထွက်ရပါမယ်။ကမ်းခြေဘက်ရောက်ရင် သဘာဝလူသွားလမ်းကနေ မြဝတီတောင်တက်ခရီးကိုစပါပြီ။ သဘာဝအလျောက်ဖြစ်ပေါ် နေတဲ့လူသွားလမ်းကနေ တောင်ခုလပ်အထိသွားလို့ရတဲ့လမ်းပါပဲ။ လေ့လာချင်တယ်ဆိုရင် မဟာဂါလို့ဏ်ဂူကိုဝင်ပြီးကြည့်လို့လည်းရပါတယ်။အရှေ့ဘက်နဲ့ အနောက်ဘက်ပေါင်းဆုံတဲ့လမ်းကို သမီးသူသူဟန်က အမှတ်တရခေတ်ပုံရိုက်ထားပါတယ်။ စာရေးသူကတော့ ဘုရားကဆင်းတော့မှ ပဲ့ထောင်ဌားပြီး ကမ္ဘာဦးကျောက်ဖြစ်ရုပ်ကြွင်းတွေကို ကြည့်လည်းကြည့်၊ မှတ်တမ်းတင်ပုံလည်းရိုက်ခဲ့ပါတယ်။

❑ လသာကျောက်(ခ)လသာခွက်

ဂေါ်ရန်ဂျီကျွန်းကစထွက်တာနဲ့ မြင်ရတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းပါပဲ။ လသာကျောက်လို့ ဘာဖြစ်လို့အမည်တွင်သလဲဆိုရင် လသာတဲ့ညမှာ ဒီကျောက်ခွက်ကြီးကလည်းလင်းနေလို့ လသာကျောက်လို့ခေါ်တာဖြစ်နိုင်ပါတယ်။

❑ သုံးပွင့်ဆိုင်လိုဏ်ဂူ

အိမ်တစ်လုံးစာခန့်ရှိတဲ့ ကျောက်လွှာနှစ်ခုကြားကဝင်သွားမှရောက်စက်လေ့ပေါ် ကမဆင်းဖြစ်လို့ လည်းမရိုက်ခဲ့ရပါဘူး။

❑ ကျောက်လက်ညှိုး

ပုံထဲမှာမြင်ရတဲ့အတိုင်း လက်တစ်ချောင်း မိုးပေါ် ကိုထောင်နေတဲ့ မြင်ရုံနဲ့ သိနေကြမှာပါ။

❑ ငှက်သိုက်ကလပ်

ရှေးယခင်က ငှက်တွေအလုပ်ပြီးနေတာကို လူတွေက ငှက်လာလာနှိုက်ကြလို့ ဒီဘက်ခေတော့ ဘာငှက်မှမနေတော့ပါအမည်ပဲကျန်ခဲ့ပါတယ်။

❑ ကျောက်ဖိနပ်

ခွံ့ထဲခွံ့ထဲမှာစီးတဲ့ဘွတ်ဖိနပ်လို့ ကျောက်ဖိနပ်လို့နာမည်ပေးထားဖြစ်နိုင်ပါတယ်။

ကျောက်လိုဏ်ခေါင်း

ဒေသခံတွေက လူဖောက်သဘာဝအလျောက်ဖြစ်တာလို့ အချိန်ထိ အငြင်းပွားတုန်းပါပဲ။ ကပ်လေ့လာကြည့်တဲ့အခါ အလျောက်ဖြစ်တာက ပိုပြီးမှန်မယ်။

www.burmeseclassic.com

www.burmeseclassic.com

❑ ကျောက်ဖြစ်ရုပ်ကြွင်းများ

လူတွေက ပြုပြင်ဖန်တီးတာထက် လုလှုပပဖြစ်နေတဲ့သဘာဝအလှကျောက်ဖြစ်ရုပ်ကြွင်းတွေပဲဖြစ်ပါတယ်။

ကျောက်မောင်နမ

ကျောက်တစ်လုံးနဲ့တစ်လုံး လက်လံ(၁)လဲကျောက်လောက်ဝေးပြီး ရေထဲမှာ သီးခြားရပ်တည်နေလို့ ကျောက်မောင်နှမလို့ အမည်ပေးတာဖြစ်မှာပါ။

❑ ပန်းကန်တိုက်

အဝေးမြင်ကွင်းဟာတံပုံနဲ့အနီးကပ်ခိုက်ထားတဲ့ပုံပါပဲ။ ရှေးယခင်က အလှူလုပ်ရင် အဲဒီကျွန်းလေးပေါ်က ပန်းကန်တွေကိုင့ားပြီးလုပ်လို့ရပါတယ်။ ဒီဘက်ခေတ်ရောက်တော့ လူတွေကင့ားပြီးပြန်မို့လို့ ဘာတစ်ခုမှမရှိတော့ပါဘူး။ ဒါပေမယ့် ပန်းကန်တိုက်လို့ အမည်ကတော့ ခုအချိန်အထိ အတည်ဖြစ်နေပါတယ်။

❑ ကျောက်ခြေထောက်

လူတစ်ယောက်ရဲ့ခြေထောက်နဲ့ တူပြီး ဘယ်တစ်ဖက်ညာတစ်ဖက်ရှိနေတာပါ။ ဒီကျောက်ခြေထောက်ကိုတော့ သွင်ချိုင်ဘက်မှာ တွေ့ရနိုင်ပါတယ်။

ဒါကြောင့် ဒီဒေသကိုလေ့လာရင် ကျောက်ဖြစ်ရုပ်ကြွင်းတွေကို လေ့လာမယ်။ ချိုင်တွေဖြစ်တဲ့ လိပ်ချိုင်၊ ကြွေချိုင်၊ ဟင်္သာချိုင်၊ ပလွင်ချိုင်တွေကိုလည်း လေ့လာမယ်။ ကျွန်းတွေအနေနဲ့က ဆန်းမထားကျွန်း၊ သစ်ယောင်းကျွန်း၊ မိချောင်းခေါင်းကျွန်း၊ စပါးထားကျွန်းနဲ့ တိုက်ကြီး (၃) လုံးကိုလည်း လေ့လာလို့ ရပါတယ်။ နေရာတွေများနေလို့ (၁)ည (၂)ညအိပ်ပြီးသွားမှ ပြည့်စုံပါလိမ့်မယ်။

ပြောဖို့တစ်ခုကျန်ပါသေးတယ်။ အဲဒါကတော့ မြဝတီတောင်အနောက်မြောက်ဘက် တစ်ဖာလုံလောက်အကွာမှာရှိတဲ့ လင်းနို့ဂူကြီးပဲဖြစ်ပါတယ်။ တစ်ချိန်ကတော့ သင်္ဘောပေါင်းများစွာနဲ့ လင်းနို့ချေးတွေထုတ်လို့ရတဲ့ဂူကြီးပါပဲ။ သွားမယ်ဆိုရင်တော့ အားကောင်းတဲ့ လက်နှိပ်ဓာတ်မီးရယ်၊ ရွှံ့နွံထဲမှာစီးတဲ့ ဖိနပ်ရယ်၊ တုတ်တစ်ချောင်းရယ်ဆောင်သွားစေချင်ပါတယ်။ လင်းနို့ရှိရင် မွေ့လည်းရှိတတ်လို့ပါ။ ဒီလင်းနို့ဂူဟာ တော်တော်ကြီးတဲ့ဂူကြီး ဖြစ်ပါတယ်။ မွေ့တွေရှိပေမယ့် သူတို့ကိုမသတ်ရင် ဘာမှရန်မူတာမရှိပါဘူး။ ပေ (၂၀) ထက်တော့ကျော်ပြီးမဝင်ပါနဲ့။ ဂူပေါက်ဓတ္တုအမှုန်းကြီးရှိလို့ လမ်းမှားတတ်ပါတယ်။

ဒီလောက်ဆိုရင် ဂေါ်ရန်ဂျီကျွန်း ဒေသတစ်ခုလုံးစုံသွားပါပြီ။ ဒီဒေသကို ရောက်လို့ ညဘက်ရောက်ရင် ပင်လယ်ထဲမှာ မီးရောင်စုံတွေတွေ့ရပါလိမ့်မယ်။ အမှတ်မဲ့ဆိုရင် သီတင်းကျွတ်ပွဲတော်နဲ့တောင် မှားယွင်းနိုင်ပါတယ်။ ဒါကတော့ ကမ်းခြေစောင့်ရေတပ်စစ်သင်္ဘောကြီးတွေကထွန်းထားတဲ့ မီးရောင်တွေပါ။ နေ့ဘက်မှာတော့ စစ်သင်္ဘောတွေရှိမှန်းတောင် သတိမထားဖြစ်ပါဘူး။ ညဘက် အထိနေလိုက်မှ မီးရောင်စုံထွန်းထားတဲ့ မြင်ကွင်းကို လှလှပပမြင်ရပါလိမ့်မယ်။

ဂေါ်ရန်ဂျီကျွန်းကိုလေ့လာမယ်ဆိုရင် နွေရာသီက အကောင်းဆုံးပါပဲ။ မိုးရာသီဆိုရင်တော့ ကိုယ်ပိုင်ကားတွေ အဆင်မပြေနိုင်ပါဘူး။ ငရုပ်ကောင်းတောင်မြို့နဲ့ နံသာပုကျေးရွာလမ်းကြီးဟာ ဖုန်လမ်းဖြစ်လို့ မိုးရွာရင်မကောင်းတော့ပါဘူး။ တောင်ကျချောင်းသုံးချောင်းလောက်က တံတားလည်း မဆောက်ရသေးပါဘူး။ သွားချင်တယ်ဆိုရင်တော့ ငရုပ်ကောင်းမြို့ကနေ ကြွေချိုင်သွားတဲ့လမ်းကိုအသုံးပြုရင်တော့ အဆင်ပြေပါလိမ့်မယ်။ သိပ်မကြာခင်မှာတော့ ကွန်ကရစ်လမ်းကြီးလည်းဖြစ်တော့မှာပါ။ အဲဒီအချိန်ရောက်မှ နွေ၊ မိုး၊ ဆောင်းသွားလို့အဆင်ပြေနိုင်ပါတယ်။

စိုးထွန်း (ဥပဒေ)

ကြွေချိုင်မှ နံသာပုရွာသွားလမ်း (၁)

ကြွေချိုင်မှ နံသာပုရွာသွားလမ်း (၂)

ကြွေချိုင်မှ နံသာပုရွာသွားလမ်း (၃)

မြဝတီတောင်တက်ခရီးအစ

www.burmeseclassic.com

www.burmeseclassic.com

ငွေဝင်လာဘ်ရှင် သဗ္ဗဃယမင်္ဂလာအင်းအစီအရင်

(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)

တို့ရတနာဆရာဇေယျာလင်းဝ

ကျွန်ုပ်တို့ လောကလူသားများအဖို့ အသက်ရှင်ရပ်တည်ရေးက အဓိကဖြစ်ပါသည်။ သို့အသက်ရှင်ရပ်တည်ရေးအတွက် စားဝတ်နေရေးအရေးသုံးပါးပြည့်စုံဖို့လိုအပ်ပါသည်။ စားဝတ်နေရေးပြည့်စုံသည့်အပြင် ကိုယ်စိတ်ကျန်းမာချမ်းသာရန်လည်းလိုပါသေးသည်။ ထို စားဝတ်နေရေး၊ ကျန်းမာရေးစသော အရေးကိစ္စအဝဝအတွက် အခြေခံဟုပြောနိုင်သလို ပဓာနအဓိကမရှိမဖြစ်လိုအပ်သည်က 'ငွေ ငွေ ငွေလောကမှာ ငွေဟာလေ' ဟုဆိုသော အသုံပြုငွေကြေးပါပေ။ Money Makes everything ဟုပါ အနောက်တိုင်းသားတို့ပြောကြသည်။ ငွေရှိလျှင် အရာရာဖြစ်နိုင်သည်ဟု ဆိုလေခြင်းပင်။ တူနှစ်ကိုယ် မည်မျှပင်ချစ်ချစ်၊ မည်မျှပင်သံယောဇဉ်ရှိကြရှိကြ၊ မည်မျှတွယ်တာကြတွယ်တာကြ ထိုက်သင့်သော ဥစ္စာငွေကြေးမပြည့်စုံလျှင် သာယာသောအချစ်ရေး၊ အိမ်ထောင်ရေးများကို ဖြောင့်ဖြောင့်ဖြူးဖြူးရှည်ကြာတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန် ခဲယဉ်းလှကြပေမည်။ တူနှစ်ကိုယ်တဲအိုပျက်မှာနေရ၊ ရွှေပုံပေါ်မှာစံရချစ်တာချစ်တာပဓာန ဆိုသည် တကယ့်လက်တွေ့ဘဝလောကဝယ် ရာနှုန်းပြည့် မှန်ကန်ရန် ခဲယဉ်းလွန်းလှပါသည်။

လူတို့တွင် ရုပ်ပိုင်းဆိုင်ရာချမ်းသာမှုနှင့် စိတ်ပိုင်းဆိုင်ရာချမ်းသာမှု ဟူ၍ရှိကြရာ ရုပ်ပိုင်းဆိုင်ရာချမ်းသာမှုကိုပေးစွမ်းနိုင်သော ဥစ္စာဓနငွေကြေးထိုက်သင့်စွာ မပြည့်စုံကြလျှင် စိတ်ပိုင်းဆိုင်ရာချမ်းသာမှုကို အပြည့်အဝရရှိရန် မလွယ်ကူ မပြည့်စုံနိုင်သည်ကို အားလုံးခန့်မှန်းသိနိုင်ကြမည်ထင်ပါသည်။ (ဤနေရာ၌ ကျွန်ုပ်ပြောနေသည်မှာ သာမန်ပုထုဇဉ်လူသားများအတွက်သာဖြစ်ပြီး အရိယာသူတော်စင်များအတွက်မူကား မှန်ကန်နိုင်မည်မဟုတ်ပါချေ။) သို့ဖြစ်ရာ ကျွန်ုပ်တို့လောကလူသားများအဖို့ စားဝတ်နေရေး၊ ကျန်းမာရေး အဝဝသောအရေးကိစ္စတွေအဆင်ပြေအောင် နည်းမျိုးစုံကြိုးစားလုပ်ကိုင်ကြရသည်။ မိမိတို့၏အသိပညာ၊ အတတ်ပညာ၊ ငွေကြေးအရင်းအနှီး၊ မိတ်ဆွေအပေါင်းအသင်း၊ စီးပွားဖက် စသဖြင့် အခြေအနေအရပ်ရပ်ပေါ်မူတည်လျက် ကြိုးစားရုန်းကန်လှုပ်ရှားနေကြရပေသည်။ ထို အခါ မိမိတို့ကာယ၊ ဘဏ္ဍာ၊ လုံလု၊ ဝီရိယအားလျော့စွာ ကြိုးစားသော်လည်း အဆင်ပြေအောင်မြင်ကြသူများရှိသကဲ့သို့ အဆင်မပြေကြသူများလည်း များစွာရှိကြပေသည်။

ထိုသုခဒေတ် မျက်မှောက်ကာလ အခါသမယကိုကြည့်သော် လူတစ်ဦးတစ်ယောက်ချင်းမဆိုထားနှင့် တစ်တိုက်ဟာလုံး ကမ္ဘာထိပ်ပိုတန်းနိုင်ငံကြီးများကအစ စီးပွားရေးကပ်ဆိုက်လျက် အကျပ်အတည်းဖြစ်နေကြသော အချိန်မျိုးပါပေ။ ကျွန်ုပ်တို့လို နိုင်ငံငယ်လေးများ၊ မဖွံ့ဖြိုးသေးသော နိုင်ငံသားများကား ဆိုဖွယ်ရာမရှိ။ သို့ဖြစ်ရာ ကျွန်ုပ်သည် ခုနစ်ရက်သားသမီးအပေါင်းတို့အား မိမိနှုတ်ကမေတ္တာပို့နေရုံနှင့်မပြီး။ ကျွန်ုပ်လေ့လာလိုက်စားနေသော မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့မှ မည်သည့်နည်း၊ မည်သည့်အစီအရင်မျိုးကို ဖော်ထုတ်ပေးလျှင်ကောင်းမည်နည်းဟု စဉ်းစားမိပါသည်။

သို့နှင့် တစ်နေ့သို့ ဓမ္မယဇာတကဝတ္ထုတော်များကိုဖတ်ရာတွင် ဓမ္မပဒဒေသနာတော် (၃၈၇) ပါ ဘုရားရှင်ကိုယ်တော်တိုင် နှုတ်ဖြင့်ဟော်ကြားခဲ့သော ဒေသနာတော် ဂါထာတော်ဖြစ်ပြီး ယခု ကျွန်ုပ်တို့ သဗ္ဗဃယမင်္ဂလာဂါထာဟူလည်းကောင်း၊ အချို့က ငွေဝင်ဂါထာဟု လည်းကောင်း လူသိများထင်ရှားလှသည့် ဘုရားရှင်ကိုယ်တော်တိုင် နှုတ်တော်မြွက် ဓမ္မပဒဒေသနာတော် အမှတ် (၃၈၇) ခေါ် ငွေဝင်လာဘ်ရှင် သဗ္ဗဃယမင်္ဂလာဂါထာတော်ကို ဂန္ဓာရီဝိဇ္ဇာမယလောကီပညာဖြင့် စိစစ်သော ငွေဝင်လာဘ်ရှင် သဗ္ဗဃယမင်္ဂလာဂါထာအင်းအစီအရင်ထူးကို ဖော်ထုတ်ပြရန် စိတ်ကူးမိပြီး ဤဆောင်းပါးခုနစ်ရက်သားသမီး အပေါင်းအား တို့၏ အကျိုးစီးပွားအလို့ငှာ ပညာဖော်ထုတ်လိုက်ရပေသည်။

ထိုငွေဝင်လာဘ်ရှင်သဗ္ဗဃယမင်္ဂလာဂါထာအကြောင်းကို ဂဃနဏများရှိသလို မသိသေးသူအချို့အတွက် ဂါထာတော်နောက်ခံသမိုင်းအကြောင်း သိသင့်သိထိုက်သလောက်သိရန် အားဖြင့် ဖော်ပြမှသာလျှင် ပိုမိုလေးနယုံကြည်သက်ဝင်လာသလို ဤဂါထာတော်၏ နောက်ခံသမိုင်းကို ဖတ်ရှုရာရှင်ကိုကြည်ညိုစိတ်များတဖွားပေါ်လာကာ စာဖတ်ရင်း ဘုဉာဏ်ဘဝနာပွားရာရောက်သဖြင့် စာဖတ်ရင်း ကုသိုလ်ရရှိနိုင်ပေ၏။ ဤဆောင်းပါးမှ ကျွန်ုပ်သည် ဤဂါထာတော်ဖြင့်ကို ဖန်တီးစီရင်ထားသော အင်အရင်နှစ်မျိုးကို ဖော်ပြမည် ဖြစ်ပါသည်။

ငွေဝင်လာဘ်ရှင် သဗ္ဗဃယမင်္ဂလာဂါထာတော်ကြီး

၁။ ဒိဂါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ
ဈာယီ တပတိ ဗြဟ္မဏော။
၂။ အထသဗ္ဗမဟောရတ္တိ၊
ဗုဒ္ဓေါတပတိတေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
၃။ နမက္ကာရာနုဘာဝေန၊
သဗ္ဗေပူရေန္တသက်ဟု။

(မူကွဲတစ်ခုကား အပိုဒ်တကိယစာ၌ သန္နဒ္ဓေါခတ္တိယော အစား သန္နဒ္ဓေါ ခတ္တိယော သုံးနှုန်းထားသည်လည်းရှိပါသည်)

အခါတစ်ပါး ညနေဆ
အခါ နေဝင်၊ လထွက်နေဝင်

www.burmeseclassic.com

www.burmeseclassic.com

သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရား အား မင်းမြွက်တန်ဆာငါးပါးဖြင့် မှူးမတ်ဗိုလ်ပါခြံရံနေသော ကောသလ မင်းကြီးနှင့် ပရိသတ်အပေါင်းတို့က ဖူးမြော်နေစဉ် ကာနဒါယီ ရဟန္တာရှင် မြတ်ကလည်း ထိုအခါခိုန် ဈာန်သမာပတ် ဝင်စားနေသည်ကို တွေ့ရသောကာလ ရှင်အာနန္ဒာကိုယ်တော်ကြီးက အလွန် ကြည်ညိုစိတ်ဖြစ်သဖြင့် ဘုရားရှင်အား လျှောက်ထားလေသောအခါ -

"နေမင်းသည် နေ့အခါ၌ ထွန်းလင်းနိုင်ပေ၏။ လမင်းသည် ညအခါ၌ ထွန်းလင်းပါပေ၏။ မင်းတို့သည် မိမိမြွက်တန်ဆာငါးပါးတို့ဖြင့် တင့်တယ်နေပါပေ၏။ ရဟန္တာအရှင်မြတ်တို့သည် ဈာန်သမာပတ်ဝင်စားသောအခါ ရဟန်းတို့၏ကျက်သရေဖြင့် တင့်တယ်၏။ သို့ရာတွင် အရဟံအစ အဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်မြတ်တို့နှင့် ပြည့်စုံတော်မူပြီးလျှင် လူမင်းနတ်မင်း ဗြဟ္မာမင်း အမင်းမင်းတို့၏ ဦးဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားရှင်တို့မှာမူကား နေ့ရောညဉ့်ပါ အခါမလပ် ဘုန်းကျက်သရေအပေါင်းတို့နှင့် တုန်ရိုင်းမဲ့တင့်တယ်သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်တော်မူပါပေ၏"

ဟူသောသဘောအနက်အဓိပ္ပာယ် ကိုဆောင်သည့် အထက်ပါဂါထာကို ခိန်မြွက်တော်မူပါပေ၏။

သို့ဖြစ်၍ ဤဒဂါထပတိအစချီ သဗ္ဗဇယမင်္ဂလာဂါထာခေါ် ငွေဝင် ဂါထာတော်မြတ်သည် ဓမ္မပဒလာ ဘုရားရှင်ကိုယ်တော်တိုင် နှုတ်တော် မြွက်ဂါထာဖြစ်သဖြင့် မူလဘူတကိုက် ဘန်ခိုးကြီးသည့် ဘုရားအာဏာစက် တော်ဝင်ဂါထာတော်မြတ်ဖြစ်ပါသည်။ ထို့ကြောင့် ဤဂါထာတော်မြတ်ကို ဂန္ဓီရ ဓာမယပညာရှင်တို့က နည်းအမျိုးမျိုး ကြဆျက် အင်းစမအစီအရင်များ ပြုစီ ဖန်တီးစီရင်ထားခဲ့ကြပါသည်။ ဤမူမက ဤဂါထာတော်ကို မြန်မာပြည် သာသနာပြုအကျော်ဟု ထင်ရှားခဲ့ သော ရသေ့ကြီးဦးခန္တီလည်း သာသနာ့ အကျိုးငှာရေးအလျှုခံရာတွင် ဤဂါထာ တော်မြတ်ကို ဆောင်ယူအသုံးပြုခဲ့သည် ဆိုပါသည်။ ဂါထာတစ်သောင်း အင်း ထားတစ်ကွက်ဟူသော စကားနှင့် ညီ ဆောင်ယူရွတ်ဖွားလျှင်ပင် အကျိုး ရသော ဂါထာတော်မြတ်ဖြစ်လေရာ ဝိဇ္ဇာမယအင်းစမပညာဖြင့် အင်း အရင်းအဖြစ် စီရင်ဆောင်ယူနိုင်လျှင် ကား အထူးအကျိုးတန်ခိုးသိဒ္ဓိကြီးမားစွာ အကျိုးပေးလေမည်မှာကား ယုံမှားသံသယ ဖြစ်ဖွယ်မရှိတော့ချေ။ သို့အားလျော်စွာ ဤဆောင်းပါးဖြင့် ငွေဝင်လာဘ်ရွှင် သဗ္ဗ ဇယမင်္ဂလာအင်းအစီအရင်တို့ကို ခုနစ် ရက်သားသမီးအပေါင်းတို့အကျိုးငှာမျှ ဝေတင်ပြလိုက်ပါသည်။

၁။ ငွေဝင်လာဘ်ရွှင် သဗ္ဗဇယမင်္ဂလာဂါထာအင်းအစီအရင် (၁)

ကျွန်ုပ်တို့၏ မြန်မာ့ဝန္ဓာရီဝိဇ္ဇာ မယအင်းစမပညာရပ်တွင် ရှေးပညာရှိ ကဝိအမော်ကြီးတို့သည် သဗ္ဗဇယမင်္ဂလာ ဂါထာကို အင်းအစီအရင်ဖြင့် စီရင်ထား ရှိခဲ့ကြပါသည်။ အလွန်အစွမ်းထက်လှရကား ဘုရားစေတီတို့၌ ဌာပနာလျှင် ရောင်ခြည်တော်ပင် ကွန့်မြူလေသည်ဆိုပါသည်။

ဤအင်းဆန်ဂါထာတော်မှာ မူလ ဖော်ပြပါဂါထာတော်နှင့် ကွဲလွဲချက်ရှိသဖြင့် ထပ်မံဖော်ပြလိုက်ပါသည်။

၆	၃	၂၆	၁၃	၈	၁၅	၂၈
အာ	တ	ယိ	တိ	စ္စော	ဒုန္ဒိ	ပ
၂၅	၁၂	၉	၄	၂၃	၁၈	၉
စ္စာ	ဘာ	ဒိ	ပ	တ	နန္ဒ	ရ
၂	၃	၂၄	၁၁	၁၄	၂၇	၁၆
ဝါ	တိ	တိ	မာ	စ	တိ	မာ
၂၃	၄၄	၁	(နံ)	၁၇	၁၀	၁၉
ဘာ	ပ	ဒိ		သ	တ္ထိ	ဒ္ဓေါ
၄၈	၃၇	၄၆	၃၄	၃၂	၃၉	၃၀
သာ	မ	တေ	တ	ကော	ရ	ဗြ
၄၅	၂၂	၃၅	၃၈	၄၁	၂၀	၃၃
တိ	ယော	သ	ဟော	ဗု	ခ	အ
၃၆	၄၃	၄၂	၂၉	၃၁	၁၁	၂၀
ဗ္ဓ	ဇ	ဒ္ဓေါ	တ္ထိ	ထ	ဟ္မ	တ္ထိ

အင်းဆန်ဂါထာ

၁။ ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိစန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊
စ္စာယိ တပတိ ဗြဟ္မကော။

၂။ အထသဗ္ဗမဟောရတ္တိ၊
ဗုဒ္ဓေါ တပတိ တေဇသာ။ ။

ဤနေရာတွင် ဤအင်းဆန်ဂါထာ မှ ဓမ္မပဒအလာရှိသည့်ဂါထာ အမှတ် (၃၈၇) ပါ အတိုင်းသာဖြစ်ပြီး ယခု မျက်မှောက်ကာလ ကျွန်ုပ်တို့ဆောင်ယူ ရွတ်ဖွားနေကြသည့် အထက်ဖော်ပြပါ ဂါထာသော်ကား နှောင်းပညာကြီးများ ကြည်ညိုစိတ်ဖြင့် ဖြည့်စွက်ရေးသား စီရင်ခဲ့ကြသည့်မူဖြစ်ပါကြောင်း။

ဤအင်းကိုစီရင်ရာတွင် -

၁။နေ့ကောင်းရက်သာလည်းဖြစ်၊ အဝင်နက္ခတ်၊ သိဒ္ဓိ၊ လာဘာတစ်ခုခုစုတ် ကြိုက်သောကာလ၌ စီရင်ရပါမည်။

၂။ စီရင်သောကာလ ဘုရားကို ကန်တော့ပွဲပူဇော်၊ ပွဲထဲတွင် ငွေစတင် နိုင်သလောက်ထည့်ပူဇော်ပါ။ (ဘုရားနှင့် ငွေမသက်ဆိုင်သော်လည်း ဓာတ်သဘော အရထည့်ခြင်းသာ။)

၃။ သက်သက်လွတ်ဆွမ်း၊ သစ်သီး ဆွမ်းများကပ်ပါ။

၄။ဆောင်ယူမည့်သူ၏နေ့နံအညွှန့်၊ ပန်းတို့ကို ဆက်ကပ်ပါ။

ဥပမာ တနင်္လာသားဆိုမူ ကံ့ကော် (၁၅) ညွှန့်စံသဖြင့်-

၅။ အင်းကို အင်းဆန်ဂါထာဖြင့် (၁၀၈) အုပ်စုတ်ပါ။

အင်း၏အကျိုးကား -

နတ်တို့ ချစ်ခင်လေးမြတ်စောင့်ရှောက်၏။ လက်ဖွဲ့ထိုး၍ဆောင်သော် ဘုန်းတန်ခိုးကြီး၏။ ထင်ရှားကျော်ကြားစေ၏။ စီးပွားလာဘ်လာဘတိုးပွားစေ၏။ ဘုရား၌ဌာပနာသော် ဘုရားရောင်ခြည်တော်ကွန့်မြူး၏ ဟု ဆိုထားပါသည်။ ယုံကြည်စွာ ဆောင်ယူလုပ်ကိုင်ကြပါလေ။

၂။ ငွေဝင်လာဘ်ရွှင် သဗ္ဗဇယမင်္ဂလာအင်းအစီအရင် (၂)

ယခု ဖော်ပြအံ့သော အင်းတော်ကြီးမှာ မူလ တကယ်တန်ခိုးကြီးလှသော သဗ္ဗဇယမင်္ဂလာဂါထာတော်ကြီးနှင့် တွဲလျက် ကမ္ဘာတည်စမအကွရာစမကြီးများဖြစ်ကြသော စ၊ ဓ၊ ဇ၊ ဝ စမအက္ခရာကြီးလေးလုံး၊- ကြီးလေးကြီးအထူး အက္ခရာစမကြီးများဖြစ်ကြသော တ၊ ဃ၊ ဏ၊ ဋ အက္ခရာစမကြီးဆေးလုံး၊ ကုလားမသားသုံးယောက်ဖွား ရွှေသားညီနောင် တုမရှောင် ဟူသောအဆို့နှင့်လာသော ဋ၊ သ၊ ဥ၊ ခ ခေါ် အထူးအက္ခရာစမကြီးလေးလုံးတို့နှင့်တွဲဖက်ကာ မြန်မာ့ဝိဇ္ဇာမယအင်းစမပညာဖြင့် အထူးပြု၊ ဖန်တီးစီရင်အုပ်သော အစီရင်ထူးတစ်ခုဖြစ်ပေ

www.burmeseclassic.com

သည်။

ဤဌေဝင်လာဘ်ရွှင်သဗ္ဗဇ္ဈယမင်္ဂလာအင်းအစီအရင် (၂) ၏ အင်းဆန်ဂါထာမှာလည်း မူရင်းဂါထာတူသော်လည်း ဤဂါထာအား နောက်ဆက်တွဲတွဖက်စပ်ဆိုသီကုံးစီရင်ထားသောဂါထာစာသားတို့မှာမူကွဲဖြစ်နေသဖြင့် ဤအင်းဆန်ဂါထာကိုလည်း သိခြားဖော်ပြအပ်ပါသည်။

ဌေဝင်လာဘ်ရွှင်သဗ္ဗဇ္ဈယမင်္ဂလာအင်းအစီအရင် (၂) ၏ အင်းဆန်ဂါထာနှင့် အင်းဆန်များမှာ -

၁။ ဒိဝါတပတိအာဒိစ္စော၊
ရတ္တိမာ ဘာတိစန္ဒိမာ။
သန္နဒ္ဓေါခတ္တိရောဘာတိ၊
စျာယီ တပတိ ဗြဟ္မဏော။

၂။ အထ သဗ္ဗ မဟောရတ္တိ၊
ပုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

၃။ ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောန္တု သဗ္ဗဒါ။

၄။ က-ဃ-ဏ-ဥ၊ စ-ဓ-ဗ-ဝ၊ ဋ-သ-ည-ခ။

ဤအင်းအား သေချာစွာလေ့လာကြည့်ပါက မူလအင်းမကြီးတွင် အင်းကွက်ခွဲပေါင်း(၁၂)ကွက်ရှိပြီး အင်းကွက်ခွဲတစ်ကွက်ချင်းတွင် အင်းကွက်စိပ် (၉) ကွက်စီရှိလေသဖြင့် ဤအင်းမှာ အင်းကွက်စိပ်ပေါင်း (၁၀၈) ကွက် (၁၀၈ နဝင်းကိုက်) ရေးဆွဲစီမံထားသောအင်း ဖြစ်ပေသည်။

(၁၂ × ၉ = ၁၀၈၊ တစ်နည်းအလျား လိုက် ၆ ကွက် × ဒေါင်လိုက် ၁၈ = ၁၀၈ကွက်)

အင်းဆန်များရေးသွင်းရာ၌ -

၁။ ပူးတွဲနမူနာမှာ ပြထားသည်အတိုင်း အင်းကွက်ခွဲငယ် (၁၂) ကွက်ကို အမှတ်စဉ်ထိုးထားသည့်အတိုင်း အစဉ်လိုက်ရေးသွင်းရမည်ဖြစ်ပြီး အင်းကွက်ငယ်တစ်ခုချင်း၌လည်း ဂါထာအင်းဆန်များကို လက်ယာရစ်ခရုပတ်ရေးသွင်းရမည်ဖြစ်ပါသည်။ အားလုံးပြီးမှ အက္ခရာစမကြီးများကို ဖြည့်စွက်ရေးသွင်းခွားရမည်ဖြစ်ပါသည်။ နမူနာအင်း (၂) ကွက်ကိုသေချာစွာကြည့်ပါက သိမြင်သဘောပေါက်လောက်မည်ဖြစ်ပေသည်။

အင်းစီရင်ပုံကား အထက်အစီအရင် (၁) တွင် ဖော်ပြသည့်အတိုင်းနေ့ရက်၊ နက္ခတ်၊ စုတ်ကြိုက်တို့အတိုင်း ဖြစ်ပြီး ဘုရားကို လှူဒါန်းပူဇော်မှုမှာလည်း အတူတူပင်ဖြစ်ပါသည်။

အင်းကို အင်းဆန်ဂါထာနှင့်ပင် (၁၀၈) အုပ်စုတ်ရပါမည်။

အင်း၏ အကျိုးသွားမှာလည်း အထက်အစီရင် (၁) ပါအတိုင်း ဖြစ်ပါသည်။

သို့သော် ဤအစီအရင်(၂)မှာကား အထူးအက္ခရာစမကြီးများတွဲဖက်စီရင်ပြုလုပ်ထားသဖြင့် ပိုမိုလျင်မြန်သိသာစွာ အကျိုးပေးပေသည်။ ဘုရားရှင်၏နှုတ်မြွက်တော်ဂါထာမြတ်ကို ဂန္ဓာရီဝိဇ္ဇာမယလောကီပညာများဖြင့် သူတော်စင် သိဒ္ဓိ၊ မဟိဒ္ဓိရှင်၊ ပညာရှိကဝိအမော်တို့ ကြံဆထားရစ်ခဲ့သောပညာမို့ အထူးယုံကြည်စွာ စီရင်ဆောင်ယူအပ်သော အင်းအစီအရင်များဖြစ်ကြပါသည်။

အထူးသော်ကား စီးပွားပျက်နေသူများ၊အိပ်မက်အတိတ်နိမိတ်မကောင်းသူများ၊ ကံဇာတာမှေးမှိန်နေသူ
အောင်မြင်ကျော်ကြားလိုသူများ၊
လာဘ်တိတ်၊ လာဘ်ပိတ်နေသ
ထင်မြင်ခံစားနေရသူများ၊
အရာမထင်၊ လူပင်ပန်းသလောက်
မခံစားရသူများစီရင်ဆောင်ယူအ
အင်းများဖြစ်ပါကြောင်း ကောင်
သော မနောသီကာရဖြင့် စေတန
ပညာမျှဝေ တင်ပြလိုက်ပါသည်။

သီသူ
မသီသူတော်
အနန္တစကြဝဠာအနန္တသ
ဓမ်းသာ
မေတ္တာမူ

ဘိုရေတာနာ-ဆရာလေ
(ကတ္တိပါဒိနပ်စီး၊ ရွှေထီး

www.burmeseclassic.com

www.burmeseclassic.com

မင်းရှိန်အောင်
သာယာဝတီမြို့ဟောင်း တစ်ဖွဲ့တစ်စောင်း



သာယာဝတီမြို့ဟောင်းက ရွှေဟောင်းစေတီပျက်တစ်ဆူ

၂၀၁၆ - ၂၀၁၇ စပ်ကူးမပ်ကူး ကာလတုန်းက စာရေးသူသည် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်အရှေ့ဘက်ကြော မှန်ပင်ထူးအုပ်စု လက်ပန်ဖြူရွာသို့ စာရေးသူ ရောက်ရှိနေခဲ့သည်။ ဘာကယ်တော့ လက်ပန်ဖြူရွာသည် စာရေးသူဖခင်၏ဇာတိချက်ကြွေ မွေးရပ်ရွာဖြစ်၏။ စာရေးသူဖခင် ဆယ်ကျော်သက်အရွယ် ဂျပန်ခေတ်တုန်းက ဘီအိုင် အေတပ်ဖြင့် ရခိုင်သို့ ရောက်ရှိသွားကာ လွတ်လပ်ရေးရှိပြီးနောက်တွင် စာရေးသူဖခင်သည် ဇာတိရပ်မြေကို ပြန်မရောက်နိုင်တော့ဘဲ ရခိုင်မှာပင် အစိုးရဝန်ထမ်းအဖြစ် ဝင်ရောက် ထမ်းဆောင်နေခဲ့၏။ စာရေးသူဖခင် ပို၍ မပြန်ဖြစ်သွားသည်က စာရေးသူ၏မိခင်နှင့် တွေ့ဆုံကာ အိမ်ထောင်ပြုဖြစ်သွားပြီး ရခိုင်မှာပဲ အခြေစိုက်နေထိုင်ဖြစ်သွားခဲ့သည့်အတွက်ဖြစ်သည်။ သူ၏မွေးရပ်ဇာတိမြေ လက်ပန်ဖြူရွာကို ဧည့်သည်သွားဧည့်သည်လာပဲရှိနေခဲ့သည်။ အသက် (၇၇) နှစ်အရွယ်တွင် ရခိုင်မှာပဲခေါင်းချခဲ့သည်။

စာရေးသူတို့မောင်နှမသည်လည်း ရခိုင်မှာနေခဲ့စဉ်တုန်းက လက်ပန်ဖြူရွာသို့ရောက်ခဲ့လှသည်။ စာရေးသူတို့ ဘဝ ခုနှစ်မှာ ရန်ကုန်သို့ပြောင်းရွှေ့အခြေချထိုင်ပြီးမှသာ လက်ပန်ဖြူရွာသို့ ခရီးကနှင့်စာလျှင် ခပ်စိတ်စိတ်ရောက်ခဲ့သည်ဟု ဆိုရပေမည်။ သို့သော် ဟောင်းလှသောရက်ပိုင်းမျှသာနေဖြစ်သည်။

ယခုတစ်ခေါက်မှာတော့ စာရေးသူသည် လက်ပန်ဖြူရွာတွင် ရက်ကြာကြာ ကျခဲ့၏။ နေဖြစ်ခဲ့ရသည့် အကြောင်းရင်းသည်း စာရေးသူဖခင်၏ညီမအငယ်အသက် (၉၁) နှစ်အရွယ်ရှိပြီးဖြစ်သော ဒေါ်လေးဒေါ်သန်းတင်ကျန်းမာရေးတဲ့ပြီး သေမင်းနှင့်စစ်ခင်းနေရပြီဖြစ်သောကြောင့် တစ်စုံတစ်ရာအကူအညီများပေးနိုင်မလားဆိုပြီး ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

နန်းဦးစေတီတော်

ယုမကုန်စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ပြိုပျက်နေသော စေတီတော်များ

သာယာဝတီမြို့ဟောင်းက ရရှိသော ရှေးဟောင်းပစ္စည်းများ

နန်းဦးစေတီအထက်ပစ္စယံတွင် သိမ်းဆည်းထားသော အုတ်ခွက်ဘုရားများ

စာရေးသူ လက်ပန်ဖြူရွာကိုရောက်တိုင်း မဖြစ်မနေ စပ်စပ်စုစုသွားရောက်လေ့လာခြင်းသည့်အရာတစ်ခုကတော့ လက်ပန်ဖြူရွာနှင့် မနီးမဝေးမှာ တည်ရှိသော သာယာဝတီမြို့ဟောင်းကိုပင်ဖြစ်၏။ စာရေးသူ အရင့်အရင် လက်ပန်ဖြူရွာကိုရောက်ရှိခဲ့စဉ်တုန်းက ထိုသာယာဝတီမြို့ဟောင်းကို သွားရောက်လေ့လာချင်သော်လည်း အချိန်ဆင်းရဲလှသဖြင့် မရောက်ဖြစ်ခဲ့ပါ။ ယခုတော့ စာရေးသူ၏စိတ်ကူးအိပ်မက်ကိုအကောင်အထည်ဖော်နိုင်ပေပြီ။

တစ်နေ့သောအခါတွင် ရှားဖြူကုန်းကျေးရွာအုပ်စုကျေးရွာအုပ်ချုပ်ရေးမှူး ကိုကျော်သန်းက သူ၏မော်တော်ဆိုင်ကယ်ဖြင့် ခေါ်ဆောင်ကာ စာရေးသူအား သာယာဝတီမြို့တော်ဟောင်း၏အမှတ်တရနေရာတချို့အား လိုက်ပြသည်။ ယခုအခါ၌ ကြိုပင်ကောက်ရိုးအရှေ့ဘက်ကြောကျေးရွာအများစုသည် ကျေးရွာချင်းဆက်မြေသားလမ်းများတစ်စုံတရာအတိုင်းအတာထိကောင်းမွန်နေသောကြောင့် သွားလမ်းလာလမ်းသာယာနေသည်။ ထို့ကြောင့် မော်တော်ဆိုင်ကယ်များ၊ မော်တော်ကားများက တစ်နှင့်ပျားပန်းခတ်နေသည်။

ထို့ကြောင့် စာရေးသူတို့မော်တော်ဆိုင်ကယ်သည် မြင်းရိုင်းတောင်ကောင်လို အသွင်မျိုးမဟုတ်သော်လည်း မြင်းမလိမ္မာတစ်ကောင်၏ပုံစံဖြင့် ခရီးနှင်ခဲ့သည်။ ရှားဖြူကုန်းရွာလွန်၍ တာလမ်းပေါ် တက်၍ မြို့လယ်ချောင်းဘက်ကိုဦးတည်၍ ခရီးနှင်နေတစ်နေရာအရောက်၌ ကိုကျော်သန်းက -

"ဟိုမှာတွေ့လား၊ မှိုင်းပျပျမြင်ရတဲ့ရွာဟာ မြို့တွင်းရွာပဲ။ အဲဒီရွာကျွန်တော်တို့သွားနေကြတာ"

ပြီး ဆက်လက်သွားရင်းနှင့် -

"ဟိုမှာကြည့်လိုက်ဆရာ။ ထန်းမို့သွယ်တန်းနေတဲ့တောတန်းတွေကိုလား"

ဟုတ်ပါပေသည်။ ကိုကျော်သန်းညွှန်ရာကို ကြည့်လိုက်တော့ သစ်ငယ်တွေ ချုံနွယ်တွေနှင့် ကုန်းမို့မို့တန်းများကိုတွေ့မြင်ရပေသည်။

"မြင်တယ်လေ၊ အဲဒါဘာလဲ"

"အဲဒါတွေက သာယာဝတီဟောင်းရဲ့မြို့ရိုးတန်းပဲ ဆရာ။ အဲမြေကြီးကို တူးဆွရင်း ပြက်ကျယ်ကျယ်အုတ်ချပ်ပြားကြီးတွေကို တွေ့ရတယ်ဆရာ"

ကိုကျော်သန်းသည် ပြောပြဆိုနှင့် ဆိုင်ကယ်ကိုရပ်ကာ မြို့ဝိုင်းဆိုသော ထိုတောတန်းကုန်းမို့မို့သို့ စာရေးသူအား ဦးဆောင်ခေါ်သွားသည်။ထိုနေရာသို့ရောက်တော့ ထင်ပဲ အုတ်ပြားချပ်ခဲနီများကို အကောင်းတိုင်းသော်လည်းကောင်း တစ်ဝက်ပျက်နီးပဲ့ကြေနေသည်ကိုလည်းကောင်း မြေကြီးထဲ၊ ချုပုတ်ထဲ ဖုံးတစ်ဝက်တစ်ဝက်အတိုင်းသော် လည်းကောင်း တွေ့မြင်ရသည်။ ကြုံကြိုက်တုန်း ခဲ့ဖူးတာပြောရလျှင် ထိုပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com

ရှေ့က မြင်နေရသော ကုန်းမိုသစ်ပင်အုပ်သည် သာယာဝတီမျော်စင်အကြောင်းအကျန်ဖြစ်သည်

မြင်နေရသော ကုန်းမိုတောတန်းသည် သာယာဝတီမြို့ရိုးတံတိုင်းဖြစ်သည်

ဘုရားငါးဆူတန်းတစ်နေရာ

ဘုရားငါးဆူတန်းတစ်နေရာ

"ဟိုရွာလေ ဆရာရဲ့၊ ဘာဖြစ်လို့လဲ"

ကိုကျော်သန်းက မနီးမဝေးရှိ ကျေးရွာကို လက်ညှိုးထိုးပြပြောလိုက်သည်။

"ဟိုလေ ကိုကျော်သန်းရဲ့၊ ဒီလိပ်ဥကုန်းရွာနားမှာ မျော်စင်ကြီးတစ်ခုရှိတယ်မဟုတ်လား။ကျွန်တော်လက်ပန်ဖြူရွာကိုလာတိုင်းတွေ့နေကျလေ၊ ဘယ်နားမှာလဲ"

"ဟုတ်သားပဲ၊ ကျွန်တော်ပြဖို့မေ့နေတယ် ဟိုမှာဆရာ"

ကိုကျော်သန်းသည် ပြောပြောဆိုဆို နှင့် ချွန်ထွယ်ဝိတ်ပေါင်းတွေလွှမ်းမိုးနေသော တောင်ကမူတန်းကို ညွှန်ပြသည်။

"ဟုတ်ပါ့မလား။ ကျွန်တော် ဟိုတုန်းက တွေ့ခဲ့တာက မြင့်မြင့်မားမားကြီး။ စေတီပျက်တစ်ဆူလိုလေ။ အခုတော့ တောင်ပူစာလိုတောင်ခေါ်မရဘဲ တောင်ပို့သာသာလေးပါလား။ ဘယ်လိုဖြစ်တာလဲ"

ဟုတ်ပါပေသည်။ စာရေးသူလွန်ခဲ့သောအနှစ် (၂၀) လောက်တုန်းက လက်ပန်ဖြူရွာကို အလည်လာတုန်းက ဤနေရာတွင် ပြည်မြို့သရေခေတ္တရာက ဘောဘောကြီးဘုရားစေတီတော်အရွယ်လောက်ရှိသော မျော်စင်ကြီးတစ်ခုကိုတွေ့မြင်ခဲ့ဖူးသည်။ ဒေသခံခရီးသွားဖော်တို့က သာယာဝတီမြို့ဟောင်းမျော်စင်ကြီးဟု အားရပါးရဂုဏ်ယူဝင့်ကြွားစွာ ပြသပြောဆိုခဲ့ကြသည်။ ယခုတော့ ခြတောင်ပို့သာသာဟုဆိုရမလားမသိ။

ကိုကျော်သန်းက စိတ်မလောင်း

ကိုကျော်သန်းသည် ဆိုင်ကယ်ကို ဆက်လက် မောင်းနှင်ရန်အား ယူလိုက်သည်။ ထိုအခါ စာရေးသူက -

"ခဏနေပါဦး ကိုကျော်သန်းရဲ့။ လိပ်ဥကုန်းရွာက ဘယ်နားမှာလဲ"

ရွာတ တချို့လယ်သမားတို့ လယ်ခဲ့ပြုပြင်မွမ်းမံကြသောအခါတွင် ပွားချပ်များ၊ အုတ်ကျိုးအုတ်ပဲ့များ အထပ်လိုက်အထပ်လိုက်မကြာခဏ ရှိတတ်သည်ဆိုဧ။

www.burmeseclassic.com

www.burmeseclassic.com

သောအမူအရာဖြင့် -

"ဒီလိုရှိတယ်ဆရာရေ၊ ဟိုလေးငါးနှစ်လောက်ကပေါ့။ ရှေးဟောင်းအမွေအနှစ်တန်ဖိုးကိုမသိတဲ့လူတစ်စုက ဒီမျော်စင်ကြီးကိုဖြိုဖျက်ပြီး အုတ်ချပ်ပြားကြီးတွေကို လမ်းခင်းပစ်လိုက်ကြတာ အရမ်းကို နှမြောစရာကြီး။

ဒီဟာနဲ့ပတ်သက်ပြီး ပြဿနာတို့ ရှည်ဖြစ်လိုက်ကြတာဘယ်ပြောကောင်းမလဲ။ အနှစ်ချုပ်လိုက်တော့ သာယာဝတီမျော်စင်ကြီးဆုံးရှုံးသွားတာပဲ အဖတ်တင်တယ်ဆရာရေ"

ကိုကျော်သန်းနှင့် စာရေးသူတို့သည် စိတ်မကောင်းစွာဖြင့် မြို့တွင်းရွာကို ဆက်လက်၍သွားကြပါသည်။ သိပ်မကြာမီမှာပင် စာရေးသူတို့သည် မြို့တွင်းရွာသို့ ရောက်ရှိခဲ့ကြသည်။ မြို့တွင်းရွာလယ်လောက်ကိုရောက်တော့ မော်တော်ဆိုင်ကယ်ကို ခြံဝင်းတစ်ခုသို့ တွန်းသွင်းရင်းဖြင့် -

"ဦးကြည်စိုးမရှိဘူးလား၊ ဦးကြည်စိုး"

"ဩော် - ကိုကျော်သန်းပါလား။ ဧည့်သည်လည်းပါတယ်။ အိမ်ထဲဝင်ပါဦး။ ဦးကြည်စိုးက အနောက်ပဲခင်းကိုသွားတယ်"

အမျိုးသမီးတစ်ဦးက အိမ်ထဲထွက်လာပြီး ဖိတ်ခေါ်စကားဆိုလေသည်။

"မဝင်တော့ဘူး။ မဒမ်ကြည်စိုးရေ၊ ဧည့်သည်ကို ဘုရားငါးဆူတန်းနဲ့ နတ်ကွန်းတွေဆီကို၊ ခေါ်သွားမလို့"

ကိုကျော်သန်းသည် ပြောင်ပြောင်နောက်နောက်ပြောဆိုရင်းဖြင့် ကိုကျော်သန်းနှင့် စာရေးသူတို့ ထိုခြံထဲကထွက်လာကြသည်။

"သွားနှင့်တော့ ကိုကျော်သန်းရေ ဦးကြည်စိုးကို ခေါ်ခိုင်းလို့လွှတ်လိုက်မယ်"

မဒမ်ကြည်စိုးက လှမ်းပြောလိုက်သည်။

စာရေးသူသည် ကိုကျော်သန်း၏ ဦးဆောင်မှုဖြင့် ရွာရိုးလျှောက်သွားခဲ့သည်။ သိပ်မကျယ်လှပေမယ့် မိုးရာသီတွင် ရေစီးသန်ရေကြီးလျှံနိုင်ဖွယ်ရှိသော ရေစပ်စပ်နှင့်ထူးခြောင်းကိုကျော်ဖြတ်ရသည်။ ထူးခြောင်းကိုကျော်ဖြတ်သော သစ်သားတံတားက ပတ္တလားနှင့်တူလှပေသည်။ ဤထူးခြောင်းက မြို့တွင်းရွာကိုဖြတ်သန်းကာ မြို့လယ် ချောင်းကြီးသို့ စီးဝင်နေသည်။



သာယာဝတီမြို့ဟောင်း - မြောက် ၁၈. ၂၈၇၀၇၀၊ အရှေ့ ၉၅. ၇၅၇၂၇၂



သာယာဝတီနန်းတော်သားတို့ သုံးစွဲခဲ့သည်ဆိုသော နန်းသားကန်

သိပ်မကြာမီမှာပင် ဘုန်းကြီးကျောင်းခြံဝင်းထဲရသော ပရိဝုဏ်သို့ ဝင်ရောက်လိုက်ရသောအခါတွင် ရွှေရောင်တဝင်းဝင်းနှင့် ယူမကုန်စေတီတော်လေးကို တွေ့လိုက်ရသည်။ ထိုယူမကုန်စေတီတော်သည် ရှေးဟောင်းစေတီတော်ငယ်တစ်ဆူဖြစ်ပြီး မကြာလှသောအချိန်က အသစ်ပြုပြင်မွမ်းမံပြီး ရွှေရည်သုတ်ဝင်းပစေခဲ့သည်ဟူ၏။

ယူမကုန်စေတီတော်၏အနီးတွင် ကျောင်းတိုင်နှစ်ဆယ်ကျော် သံ... နီးပါးခန့်ရှိသော ပျဉ်စီပျဉ်ထော... ကြီးကျောင်းအိုကြီးတစ်ခုကိုတွေ့... ကျောင်းကြီးသလောက် သီတင်း... ရဟန်းသံဃာက ရှားပါးလှပုံပေ... ထိုဘုန်းကြီးကျောင်းကိုတွေ့... သာမန်ဇရပ်ကြီးတစ်ခုထက်ကြီး... စွာသော သစ်သားအဆောက်... တစ်ခုကိုတွေ့လိုက်ရ၏။ ထို... အဆုံးရှေ့ အလယ်ကောင်တွင် သ...

www.burmeseclassic.com

www.burmeseclassic.com

ရှင်မအောင်ဖြူနတ်စီသွေးဆောကန် (နတ်ပသသောနေရာ) တချို့က စတေးသောနေရာဟုလည်းခေါ်ကြသည်

ကိုင်တစ်တိုင်ထူထားသော တွင်းခေါင်းတစ်ခုကို တွေ့ရှိရသည်။ ကိုကျော်သန်းကို ဘာလဲဟုမေးကြည့်တော့ -

"ဖျာလိပ်နတ် ရှင်မအောင်ဖြူကို အသိများတဲ့ ရှင်မအောင်ဖြူနတ်နန်းလေ ဆရာ။ ရှင်မအောင်ဖြူနတ်ပွဲကျရင် ဒီတွင်းကြီးထဲမှာ နတ်ပူဇော်ပသမှုတွေပြုကြတယ် ဆရာ"

ထိုသို့ ရှင်းပြပြီးနောက် မနီးမဝေးရှိ အမျိုးသမီး ရှင်နတ်နန်းကို ခေါ်ဆောင်သွားသည်။ သုံးမြို့ရှင်နတ်နန်းသည် ရှင်မအောင်ဖြူနတ်နန်းနှင့် မတိမ်းမယိမ်းရှိသည်ဟု ထင်မြင်မိသည်။ သတိပြုမိတာကတော့ ထိုနတ်နန်းများတွင် နတ်ပန်းများ၊ နတ်နန်းစောင့်များကို မတွေ့ရှိခြင်းပင် ဖြစ်သည်။

စာရေးသူနှင့် ကိုကျော်သန်းတို့သည် ထိုမှတစ်ဆင့် ဘုရားငါးဆူတန်းကြွားကြသည်။ ပဲခင်းများကို ကျော်ရှိ ချိန္ဒယ်ပိတ်ပေါင်း၊ ကန်သင်း၊ ကမူများကို ဖြတ်သန်းတိုးဝှေ့သွား ဘုရားငါးဆူတန်းကိုရောက်ရှိကြ

ဘုရားငါးဆူတန်း ဆိုသည်မှာ မဟုတ်။ ဆယ်တောင်ထက်မနိမ့် သစ်ပင်ချိန္ဒယ်မြေသားတို့ဖြင့် ဖုံးနေသော ပျက်စီးယိုယွင်းနေသည့် ဘောင်းစေတီပုထိုးငါးဆူ သို့မဟုတ် အများတစ်စုတဝေးတည်ရှိနေနေရာဌာနပင် ဖြစ်သည်။ စာရေးသူ ဘုရားငါးဆူတန်းကိုလှည့်ပတ်ရိုက်နေစဉ် မြို့တွင်းရွာသားတိုးရောက်ရှိလာသည်။

ကြည့်စိုးသည် စကားပြောသူတစ်ဦး ဖြစ်သည်။ သူတို့၏ရွာသည် သာယာဝတီမြို့တော်အတွင်းဘက်တွင် ကျရောက်

ရှင်မအောင်ဖြူကျိန်စာကြောင့် ဖြစ်ပေါ်ထားသော မြို့လယ်ချောင်း

အမျိုးသမီး အပျိုလေးများ ရှင်မအောင်ဖြူဖျာလိပ်နတ် ပေးနေကြပုံ

နေသောတစ်ခုတည်းသောရွာဖြစ်ကြောင်း အနီးပတ်ဝန်းကျင်က လက်ပန်ဖြူ၊ ရွာဖြူကုန်း၊ လိပ်ဥကုန်း၊ သပြေရုံ၊ အလယ်ကုန်း၊ ရွှေပန်းတော၊ လက်ပန်တော၊ ဥယျာဉ်ကြီး၊ ကန်ဦး၊ ကြခတ္တန်းရွာတို့သည် သာယာဝတီမြို့တော်ဟောင်းနေရာကို အပြင်ဘက်မှ ဝန်းရံခတ်နေသော ကျေးရွာများသာဖြစ်ကြကြောင်း၊ ပြီတိသျှကိုလိုနီခေတ်က ဤမြို့တွင်းရွာသည် မြို့တွင်းသစ်တောကြီးပိုင်းကြောင့် အတော်ကြီးကို စည်ကားသိုက်မြိုက်ခဲ့ကြောင်း၊

ယခုမြို့လယ်ချောင်းတံတားသစ်အနီးက သံတံတားပျက်ကြီးသည် ဤမြို့တွင်း သစ်တောကြိုးဝိုင်းက ထုတ်လုပ်သည့် သစ်လုံးများကို သယ်ယူပို့ဆောင်ရန် အတွက် ၁၉၁၆ ခုနစ်က တည်ဆောက်ခဲ့သော သံတံတားကြီးဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီး ရောင်စုံသောင်းကျန်းသူများထကြွသောကာလတွင် ဗုံးခွဲဖျက်ဆီးခြင်းခံခဲ့ရကြောင်း စသည်ဖြင့် ခရားရေလွှတ်တတွတ်တွတ်ပြောဆိုခဲ့ကြပြီးနောက်တွင် ကိုကျော်သန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်စိုးတို့သည် မြို့တွင်းရွာထဲက ထူးခြားသော အိမ်တစ်အိမ်သို့ စာရေးသူ အားခေါ် ဆောင်သွားခဲ့သည်။ ထူးခြားသည်ဆိုသည်က ထိုအိမ်တွင် မြို့တွင်းရွာဝန်းကျင် (၀၆) သာယာဝတီမြို့ဟောင်းတစ်ခွင်က ပုံစံအမျိုးမျိုးဖြင့် ရရှိခဲ့သော ရှေးဟောင်းပစ္စည်းများဖြစ်ကြသော အုတ်ခွက်ဘုရားများ၊ မြေဆေးတံများ၊ မြေဟာသာအလေးများ၊ ခဲဆန်ချောင်း (ခဲသတ္တုချောင်းများ) စသည်တို့ကို နေရာကျဉ်းကျဉ်းကလေးတွင် ပြတိုက်သဖွယ် စနစ်တကျခင်းကျင်းပြသသော ကြောင့် ဖြစ်သည်။

ထိုပြတိုက်အိမ်သည် ဦးမြင့်ဝေဆိုသူ၏အိမ်ဖြစ်ကြောင်းသိရှိခဲ့ရသည်။ ထို ဦးမြင့်ဝေမှာ စာရေးဆရာတစ်ဦးဖြစ်သလို အပျော်တမ်းသမိုင်းသုတေသီတစ်ယောက်လည်း ဖြစ်သည်။ အထူးသဖြင့် သာယာဝတီမြို့တော်ဟောင်းသုတေသန၌ နှင့်ပတ်သက်၍ အလွန်ခရေဇီဖြစ်နေသူတစ်ဦးဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။ သို့အတွက်ကြောင့် ဦးမြင့်ဝေသည် ဦးမြင့်ဝေ (ကြို့ပင်ကောက်) ကလောင်အမည်ဖြင့် 'ကြို့ပင်ကောက်အရှေ့က သာယာဝတီမြို့ဟောင်း' ဆိုသော သမိုင်းသုတေသနစာအုပ်ကို ထုတ်ဝေဖြစ်ခဲ့ဟန်တူသည်။ သို့သော် စာရေးသူသည် ဦးမြင့်ဝေဆိုသူနှင့် မတွေ့ဆုံဖြစ်ခဲ့ပါ။ စာရေးသူရောက်ရှိစဉ် သူသည် ကြို့ပင်ကောက်မြို့သို့ရောက်ရှိနေသောကြောင့် ဖြစ်သည်။

ဤသာယာဝတီမြို့တော်ဟောင်းနှင့်ပတ်သက်၍ အနည်းနှင့်အများ ရေးသားသောစာအုပ်စာတမ်းအချို့ရှိနေပါသည်။ ယင်းတို့မှ ထင်ရှားရာပြောရလျှင် ဆင်ဖြူကွန်းကျော်လှိုင်ဦး၏ ရန်အောင်မြင့် ကျစ္စာဘုရားသမိုင်း ဦးလှဒင် (အမျိုးသား)၏သာယာဝတီသမိုင်း၊ မောင်မောင်လှမြင့်၏ သာယာဝတီ (၃) မြို့၊ ယဉ်ဃည်မွန်၏ ပဲခူးလမ်းညွှန်(ရှေးဟောင်းသုတေသန) ဃဉ်ကျေးမှုဝန်ကြီးဌာန၏ ကြို့ပင်ကောက်မြို့နယ် သာယာဝတီမြို့ဟောင်းသို့ ကွင်းဆင်းလေ့လာမှု (ပြည်ဌာနစု) အစီရင်ခံစာတို့ပင် ဖြစ်သည်။

ယခုခေတ်ကာလ၌ သာယာဝတီမြို့ဟု ပြောလိုက်လျှင် ပဲခူးတိုင်းဒေသကြီး၏ အနောက်ဘက်ခြမ်းက သာယာဝတီခရိုင်မြို့တော် သာယာဝတီမြို့ကို ပြေးမြင်ကြပါလိမ့်မည်။ အဆိုပါ ခရိုင်မြို့တော်ဖြစ်သော သာယာဝတီမြို့ကို ဗြိတိသျှကိုလိုနီအစိုးရက ၁၈၇၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အဆိုပါ သာယာဝတီမြို့၏ မူလနာမည်ရင်းမှာ ရွာကြီးကုန်းမြို့ ဖြစ်သည်။ ထိုရွာကြီးကုန်းဟူသောအမည်နာမကို ဗြိတိသျှအင်္ဂလိပ်တို့အဖို့ ခေါ် ရပြောရမလွယ်မကုဖြစ်နေသဖြင့် အနီးအနားက ခေါ် ဆိုရချောမွေ့သော မီးရထားဘူတာရုံငယ်တစ်ခု၏ အမည်နာမကိုယူငင်၍ မြို့ကို ပြောင်းလဲ၍ နာမည်ပေးလိုက်သည်။ ထိုအမည်မှာ တခြားမဟုတ်။ သာယာဝတီပင် ဖြစ်သည်။ ထိုမီးရထားဘူတာရုံငယ်ကို သာယာဝတီဟုအမည်နာမပေးခဲ့ရသည်ကလည်း ကြို့ပင်ကောက်မြို့နယ်ထဲက သာယာဝတီမြို့ထောဟောင်းကို အမှတ်တရအနေဖြင့်(၀၆)အောက်မှေသတိရသည့်အနေဖြင့် မှည့်ခေါ်ခြင်း ဖြစ်သည်ဟုဆို၏။

ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ဝေသော မြန်မာ့စစ်သွေးမြန်မာ့စစ်ရေးစာအုပ်တွင် ပုဂံပြည်ရှင် အနော်ရထာမင်းကြီးလက်ထက်က စစ်သည်များပေးဆက်ရသည့် ထောင်စုမြို့၊ ရာစုမြို့၊ ဆယ်စုမြို့တို့တွင် မပါဝင်ဘဲ ညောင်ရမ်းမြို့၊ မြို့လှမြို့၊ သလွန်မြို့၊ သာဝတ္ထိမြို့တို့လို စစ်သည်များ မပေးဆက်ရသည့် မြို့ငယ်ပြငယ်အဖြစ် သာယာဝတီမြို့ကို ဖော်ပြထားသည်ကို တွေ့ရှိရသည်။

စိတ်ဝင်စားစရာတစ်ခုက တရုတ်မှတ်တမ်းတချို့အရ သရေခေတ္တရာပြည်မြို့၏ တံခါးပေါက်(၁၂)ပေါက်တွင် တစ်ခုသောတံခါးပေါက်၏အမည်နာမသည် သာယာဝတီတံခါးပေါက်ဟုခေါ်ဆိုခဲ့သလို ဆင်ဖြူရှင်ဘုရင့်နောင်မင်းကြီး တည်ဆောက်သော ဟံသာဝတီနေပြည်တော်ကမ္ဘာဇလာဒီနန်းတော်အနောက်ဘက်မြို့ရိုးတံခါးများတွင် ကလေးတံခါး၊ မိုးနဲတံခါး၊ ညောင်ရွှေတံခါး၊ သိန္နီတံခါးတို့နှင့်အတူ သာယာဝတီတံခါးလည်း ပါဝင်သည်ဟု ရာဇဝင်သမိုင်းမှတ်တမ်းတချို့အရ သိရှိရသည်။ ရှင်းလင်းအောင် ဆိုရလျှင် ကလေးတံခါးကို ကလေးမြို့အကြီးအကဲက တာဝန်ယူတည်ဆောက်ပေးရသလို သာယာဝတီမြို့တံခါးကို သာယာဝတီမြို့အကြီးအကဲက တာဝန်ယူ တည်ဆောက်ပေးရသည်။ ဆိုချင်သည်က အဆိုပါ သာယာဝတီတံခါးတို့က သာယာဝတီမြို့တည်ရှိမှုကို တစ်စုံတစ်ရာအတိုင်းအတာထိ ပြဆိုနေသည်ဟူခြင်းပင် ဖြစ်၏။

တစ်ခါ ရှေးဟောင်းကျမ်းတစ်ဆူဖြစ်သော ဇမ္ဗူဒီပဥ်းဆောင်းကျမ်းထဲတွင် သာယာဝတီနယ်ကား အရှေ့ကို[illegible]သော် ကုန်းခေါင်ရိုးမ၊ တောင်ကို[illegible]သော် လိုင်မြို့မြေ၊ အနောက်ကို[illegible]သော် ဧရာဝတီ၊ မြောက်ကိုလားသော် တရုတ်ပေါ် မြေနှင့်ကျောခိုင်း၏ဟု[illegible]ပါရှိသည်ကို တွေ့ရသည်။

အများအားဖြင့် သာယာဝတီ[illegible]ကို ယနေ့ ပြည်ခရိုင် သာယာဝတီ[illegible]အဝန်းအဝိုင်းဟု မှန်းဆကြသည်။ [illegible]က ဇီးကုန်းမြို့နယ်၊ နတ္တလင်းမြို့[illegible]ကြို့ပင်ကောက်မြို့နယ်၊ အုတ်ဖိုမြို့[illegible]မင်းလှမြို့နယ်၊ မိုးညှိမြို့နယ်အ[illegible]အဝန်းဟုယူဆကြသည်။ ယနေ့သာ[illegible]ဝတီခရိုင်ထဲတွင် သာယာဝတီ၊ လ[illegible]တန်း၊ မိုးညှိ၊ မင်းလှ၊ အုတ်ဖို၊ ကြို့[illegible]ကောက်၊ ဇီးကုန်း၊ နတ္တလင်း စသော[illegible]နယ်များ ပါဝင်နေသည်ဖြစ်၏။ ထ[illegible]ရာတစ်ခုကို ထောက်ပြပြောရလျှင် [illegible]မြို့နယ်ထဲက ရေကင်းမင်းကြီး[illegible]သည် ထိုစဉ်တုန်းက ဧရာဝတီမြစ်[illegible]ခြေတွင် တည်ရှိနေခဲ့သည်။ ရေကင်း[illegible]ကြီးဒေသတွင် ဘုရင့်ရေတပ်စခန်း[illegible]စိုက်ရှိနေခဲ့သည်။ ထိုရေကင်းမင်း[illegible]ဒေသကို ဒုတိယသာယာဝတီမြို့၊ [illegible]သာယာဝတီမြို့၊ လောကဇေယျ[illegible]မြို့ဟု ခေါ် ဝေါ် သမုတ်ခဲ့ကြသေး[illegible]ယခုအခါ၌ မြစ်သောင်ထွန်း[illegible]ကုန်းတွင်းဒေသဖြစ်နေလေပြီ။ [illegible]အရေးကြီးသောအချက်တစ်ခုက [illegible]မြန်မာနိုင်ငံကို တည်ဆောက်[illegible]အလောင်းဘုရားမင်းကြီး ထူ[illegible]သည့်ကုန်းဘောင်မင်းဆက်တွင် [illegible]မြောက်မင်းဖြစ်သော သီရိပဝရ[illegible]လောကာဓိပတိဝိဇရာဓမ္မရာဇာ[illegible]ဘွဲ့ခံ ရွှေဘိုမင်းခေါ် ငယ်မည် [illegible](၁၈၃၇-၁၈၄၆) သည် နှစ်ဉာ[illegible]က ဤသာယာဝတီနယ်ကို အ[illegible]သဖြင့် သာယာဝတီမင်းသားဟု [illegible]ခဲ့သည်။ ရာဇဝင်မှတ်တမ်းမှာ[illegible]သာယာဝတီမင်းအဖြစ် ဖော်ပြ[illegible]က များလှပေသည်။

တစ်ဖက်၌လည်း သာယာ[illegible]တော် သာယာဝတီနယ်သည် နတ်ရှင်မအောင်ဖြူနတ်၊ သုံးမြို့[illegible]ခြောတစ်တောင်မောင်မဲခေါင်း [illegible]လော်ရှိန်းတို့ကြောင့် အကျော်[illegible]ပိုရှိသည်ဟုထင်သည်။တစ်နည်း[illegible]နတ်ယုံကြည်မှုဓလေ့ကြောင့် [illegible]ဝတီမြို့၊ သာယာဝတီနယ်ကို [illegible]သည်ဟု ဆိုချင်ပါသည်။

တိတိပပပြောရလျှင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ရှင်မအောင်ဖြူကြောင့် မြန်မာနိုင်ငံတစ်ခွင်တစ်ပြင် တိုင်းအနှံ့ပြည်အနှံ့သိရှိနေကြသည်ဟု ထင်သည်။ နှေးနှေးတုန်းက သိပ်မကြာခင်ကာလအထိ ဆယ်ကျော်သက်မိန်းမပျိုယောကျ်ားတို့သည် စုဝေးကြပြီး အခန်းတစ်ခုထဲဝင် အလုပ်တိတ်ကာ ဖျာလိပ်တစ်ခုအား အမျိုးသမီးထဘီ၊ အင်္ကျီ ဝတ်ပေး၊ ဆံထုံးတပ်ပေး၊ ပန်းများ ပန်ဆင်၊ အမွေးနုံသာပက်ဖျန်းကာ ရှေ့တည့်တည့်တွင် မှန်၊ ကျောက်ပျဉ်၊ သနပ်ခါးတုံးများချပြီးနောက် မိန်းကလေးနုစဉ်းက မျက်နှာချင်းဆိုင်ထိုင်ကြပြီးလျှင် ဖျာလိပ်အောက်ခြေကို မြဲမြံမြဲမြံကိုင်ပြီးလျှင် နားလည်သူတစ်ဦးက ဖျာလိပ်နတ် ရှင်မအောင်ဖြူပင့်ဆောင်ဝင်ရောက်စေသည်ဟူ၏။ တခြားမိန်းကလေးတို့က ထိုဖျာလိပ်ကိုင်ထားသော မိန်းကလေးတို့အား ဦးဝန်းလျက် ကျဉ်းကျဉ်းယှဉ်ထိုင်နေရသည်ဟူ၏။

နတ်ပင့်ဆောင်၍ နတ်ဝင်လာလျှင် ထိုဖျာလိပ်သည် ယိမ်းထိုးဝှေ့ယမ်းသုပ်ရှားလာသည်ဟူ၏။ တစ်ခါတစ်ခါ၌ သုပ်ရှားမှုသည် ကြမ်းတမ်းလှသဖြင့် ကိုင်ဆောင်သူများ မနိုင်မနင်း ဂယိမ်းဂယိုင်ဖြစ်သွားရသည်ဟူ၏။ ဖျာလိပ်သုပ်ရှားမှုတည်ငြိမ်လျှင် မိန်းကလေးတို့သည် သူတို့၏အချစ်ရေး၊ အိမ်ထောင်ရေးကို မေးမြန်းကြသည်။ ချစ်သူရှိသောအရပ်၊ အိမ်ထောင်ဖက်အရပ်ကိုမေးကြသည်။ မှားလျှင်ဘယ်နှချက်ရိုက်ပေးပါ၊ နန်းလျှင် ဘယ်နှချက်ရိုက်ပေးပါဟု မေးသည်။ ထိုအခါ ဖျာလိပ်ကအသက်ဝင်သည့်ပမာ သက်ဆိုင်ရာမိန်းကလေးရွေးချယ်ရိုက်ခတ်ကြ၏။ တိုက်ဆိုင်လျှင် တခြားမိန်းကလေးတို့က ပွင့်လင်းစွာ ရယ်မောကြသည်။ ဖျာလိပ်က အရပ်ကိုယိမ်းယိုင်ညွှန်ပြလျှင် တိုက်ဆိုင်ရာအရပ်ဒေသသို့ ယောကျ်ားတွေ လှုပ်ရှားရယ်မောကြ၏။ ထိုဖျာလိပ်နတ်မေးသည်ကို ယောကျ်ားတွေက ဖွင့်ပြောမြင်စေရဟု ဆို၏။ အကယ်၍ အချောလင့်ဘဲ တွေ့မြင်သွားပါက ရှင်မအောင်ဖြူက ယောကျ်ားတွေကို မုန်းတီးဖွယ် ထွက်သွားလေ့ရှိသည် ဆို၏။ ထိုသို့ဆိုစေ ဖျာလိပ်နတ်ရှင်မအောင်မြင်မှုကိုမေးခဲလေ့သည် မြန်မာပြည်တစ်ခွင်တွင် ရိုးရာယုံကြည်မှုတစ်ခုအနေဖြင့် တစ်စုံတစ်ရာအတိုင်းအတာအထိ ယုံကြည်နေခဲ့သည်ကို ငြင်းပိတ်ဖုံးကွယ်ရန်မည်မထင်ပါ။

ဖျာလိပ်နတ် ရှင်မအောင်ဖြူ၏ အကြောင်းကို တူးဆွကြည့်လျှင် သုံးမြို့ရှင် သတိုးနော်ရထာမင်းပါလာမည်။ ခင်ပွန်းသည် အမိတ္တောဒနအမတ်ပါလာမည်။ သားတော်ဖြစ်သော ခြေရာတစ်တောင်မောင်းမဲခေါင် ပါလာမည်။ ရန်သူတော် သာယာဝတီမြို့ဝန်မင်းပါလာမည်။ အခါတော်ပေး ဇောတိပါလပုဏ္ဏားတော်ကြီးပါလာမည်။

သက္ကရာဇ် ၈၈၈ ခုနှစ်တွင် အင်းဝရွှေပြည်ကို သိုဝန်ဘွားမင်းဖျက်သောကြောင့် အင်းဝရွှေနန်းတော်မင်းမျိုးမင်းနွယ်များလွတ်မြောက်မည်ထင်သောနေရာများသို့ထွက်ပြေးကြရာတွင် ပုဂံမြို့စား အနွယ် မောင်မောင်ကြီးနှင့် ညီအစ်ကို မောင်နှမနောက်လိုက်နောက်ပါအခြွေရံတို့သည် နွေးပုဂံပြည်ရှင်မင်းတစ်ပါးဖြစ်သော ကျစွာမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် ကျစွာစေတီတော်နှင့် မဇေလွန်းလှသည့် ပဲခူးရိုးမတောင်ခြေရှိ ဦးတစ်ရာ (ဥတ္တရာ) မြို့ဟောင်းအနီးသို့ ရောက်ရှိခိုလှုံလာကြသည်။ သူတို့ခိုလှုံရာအရပ်ရှိ ဇင်္ဂါလိရွာအကြီးအကဲ၏သမီး ခဝါသီနှင့် မောင်မောင်ကြီးသည် လက်ထပ်ထိမ်းမြားပြီး ထီးသစ်နန်းသစ်တိုင်းသစ်ပြည်သစ် တည်ထောင်ရန် စီစဉ်လေတော့သည်။

ပုဂံမြို့စားအနွယ် မောင်မောင်ကြီးသည် သတိုးနော်ရထာဘွဲ့ခံယူပြီးလျှင် ကြင်ရာတော် ခဝါသီက ဥတ္တရဝါသီမဟာဒေဝီမိဖုရားခေါင်ကြီးအဖြစ် ခံယူကာ သက္ကရာဇ် ၈၈၉ ခု၊ ကဆုန်လတွင် ရွှေပြည်သာယာဝတီထီးနန်းကို တည်ထောင်တော်မူလေသည်။ မှတ်သားစရာတစ်ခုက သာယာဝတီပြည်ရှင် သတိုးနော်ရထာမင်းသည် သာယာဝတီမြို့အပြင် တိမ်ညိုမြို့၊ ကျောက်စောင်းမြို့ကိုပါ ပိုင်ဆိုင်ခဲ့သဖြင့် သုံးမြို့ရှင်ဘွဲ့ကိုပါ ရရှိခဲ့သည်။ တချို့က သာယာဝတီမြို့၊ တိမ်ညိုမြို့၊ ကျောက်စောင်းမြို့မဟုတ်ဘဲ သာယာဝတီမြို့၊ တိမ်ညိုမြို့၊ ဝက်လှမြို့သာဖြစ်သည်ဟု တချို့ကဆိုကြ၏။ နောင်တွင် သာယာဝတီပြည်ရှင် သတိုးနော်ရထာမင်းကို သုံးမြို့ရှင်ဟု လူသိပိုများခဲ့သည်။

သုံးမြို့ရှင်ဟုပြောလျှင် ဆက်နွယ်၍ ပြောရမည်များရှိလာသည်။ သာယာဝတီပြည်ရှင် သတိုးနော်ရထာမင်းခေါသုံးမြို့ရှင်သည် သာယာဝတီနေပြည်တော်ကို တည်ဆောက်သောအခါတွင် အဓိကမြို့ရိုးတိုင်ကို ထူမတ်ရာ ထူမတ်၍မရဘဲ အကြိမ်ကြိမ်လဲပြိုနေသဖြင့် ဖြစ်ရသည့်အကြောင်းရင်းကို ပညာရှိ ဇောတိပါလပုဏ္ဏားတော်အား မေးမြန်းလေသည်။ ထိုအခါ ဇောတိပါလပုဏ္ဏားတော်က ဤမြို့ရိုးတိုင်အား အောင်မြင်စွာ စိုက်ထူလိုလျှင် တနင်္ခနွေနေ့၊ တနင်္ခနွေခြိန်၊ တနင်္ခနွေထောင့်မှ နာမည်တွင် အောင်ပါသော တနင်္ခနွေသမီးအမျိုးသမီးတစ်ဦး ဖျာလိပ်အား ပွေ့လျက်လာလျှင် မင်္ဂလာအခြိန်အခါကျရောက်သည်ဖြစ်၏။ ထိုအမျိုးသမီးကို စုဝေး၍ မြို့ရိုးတိုင်ကိုထူစိုက်လျှင် အောင်မြင်ပြီးစီးရုံသာမက သာယာဝတီနေပြည်တော်သည်လည်း သာယာဝပြောစည်ပင်ပါလိမ့်မည်ဟု ဤသို့ဆက်တင်လေသည်။

တိုက်တိုက်ဆိုင်ဆိုင် မဲအောင်ဖြူဆိုသော မိန်းမပျိုတစ်ဦးသည် အစားအသောက်ချက်ပြုတ်ရာ ဒယ်အိုးကို ခေါင်းမှာတင်ရွက်၊ နားနေလဲလျောင်းအိပ်စက်စရာ ဖျာလိပ်တစ်ခုကို လက်မောင်းကြားတွင်ညှပ်ကာ တနင်္ခနွေနေ့ တနင်္ခနွေအခြိန်တွင် တနင်္ခနွေထောင့်မှ လာရောက်လျက် မြို့ရိုးတိုင်ထူစိုက်နေသည့်နေရာအနီးမှဖြတ်သန်းသွားမိလေသည်။

တကယ်တော့ မအောင်ဖြူသည် သတိုးနော်ရထာမင်း၏တူတော် အမိတ္တောဒနအမတ်၏ ကြင်ရာတော်ဖြစ်သည်။ သာယာဝတီမြို့ဝန်မင်းသည် သူ၏သမီးတော်ကို အမိတ္တောဒနအမတ်က လက်ထပ်ယူစေလိုသော်လည်း သူ၏သမီးတော်အား လက်မထပ်ဘဲ သာမန်အရပ်သူ မအောင်ဖြူအား လက်ဆက်ထိမ်းမြားယူသွားသဖြင့် မြို့ဝန်မင်းက အမိတ္တောဒနအမတ်အား အပြစ်မရှိအပြစ်ရှာ ချောက်တွန်းကာ ထောင်သွင်းအကျဉ်းကျစေလေသည်။

ထိုအခါ ရပ်ဝေးတွင်နေထိုင်သော မအောင်ဖြူသည် သူမလင်ယောကျ်ားသတင်းကြားသောအခါ သာယာဝတီမြို့ပေါ်မှာနေထိုင်လျက် သူမလင်ယောကျ်ားနေစဉ်လိုလိုတွေ့ဆုံရန်အလို့ငှာ ဖျာများ၊ အိုးများကို သယ်ဆောင်လျက် သာယာဝတီမြို့သို့လာခဲ့ရာတွင် ထန်းသီးကြော်ခိုက် ကိုးပျံခိုက်ဆိုသလိုပင် မြို့ရိုးတိုင်ထူသည့်အနီးမှ ဖြတ်သန်းသွားမိသဖြင့် မြို့ဝန်မင်းကလည်း သူရန်ငြိုးဖွဲ့သူ အမိတ္တောဒနအမတ်၏ ကြင်ရာဇနီးမှန်းသိသောအခါတွင် ခွင့်သာခိုက်တွင် မကျူးချင်ရင် အနှိုးနှင့်ပြင်ရှိသလားဆိုသလိုပင် တနင်္ခနွေသမီး မအောင်ဖြူကို ဆောလျင်စွာဖမ်းဆီးပြီး မြို့ရိုးတိုင်တွင်းကို ပစ်သွင်းစေး မြို့ရိုးတိုင်ကိုအောင်မြင်စွာထူစိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤနေရာမှာ လိုရင်းတိုရှင်းပြောရလျှင် မအောင်ဖြူသည် သေခါနီး၌ သူမအား အတင်းအဓမ္မဖမ်းဆီးကြသူများအား ဒေါသအမျက်ထွက်ခဲ့သဖြင့် သေလွန်သောအခါတွင် ကမ္မဇဇိဒ္ဓိတန်ခိုးအသင့်အတင့်ရှိသော ဘီလူးမဖြစ်သွားခဲ့လေသည်။ မအောင်ဖြူဘီလူးမသည် ထောင်အကျဉ်းကျနေသော သူမ၏ လင်ယောကျ်ားအမိတ္တောဒနအမတ်ကို သူမ၏တန်ခိုးဖြင့် ယူဆောင်ကာ တောနက်တစ်ခု၏ဂူတစ်ခုတွင် ပေါင်းသင်းနေထိုင်လေသည်။ မအောင်ဖြူသည် ဘီလူးမဘဝနှင့်ပင် ခြေရာတစ်တောင်မောင်မဲခေါင်ကို မွေးဖွားခဲ့သည်။

ခြေရာတစ်တောင်မောင်မဲခေါင် အရွယ်ရောက်လာသောအခါတွင် တောနက်ထဲမှာ မိခင်ဘီလူးမဖြင့် မနေလိုဘဲ လူတို့နေရာမြို့ရွာတွင် နေထိုင်လိုသဖြင့် ဖခင်အမိတ္တောဒနနှင့်တိုင်ပင်ပြီး မိခင်ဘီလူးမအလစ်တွင် ထွက်ပြေးကြရာ မိခင်ဘီလူးမ မအောင်ဖြူသည် ရင်ကွဲနာကျသေကာ နတ်စိမ်းဖြစ်သွားရချေတော့သည်။ ထိုအခါ မအောင်ဖြူနတ်သည် သူ၏လင်ယောကျ်ား၊ သူ၏ သားအပါအဝင် သူ့အား မြို့ရိုးတိုင်တွင် စတေးသတ်ဖြတ်ခဲ့လေသောသူများနှင့်တကွ ယောကျ်ားဟူသမျှကို မုန်းတီးခဲ့လေသည်။

ခြေရာတစ်တောင်မောင်မဲခေါင်သည် ဟံသာဝတီမြို့အနားရောက်ရှိသွားသောအခါတွင် သူဖခင်အမိတ္တောဒနနှင့် မိခင်မအောင်ဖြူတို့အပေါ်၌ ရက်စက်ယုတ်မာမှုများကို သိရှိသွားသောအခါတွင် ဤကိစ္စကြီး၌ အဓိကတရားခံသည် သံးမြို့ရှင်သတိုးနော်ရထာမင်းပဲဟု ယုံကြည်စွပ်စွဲကာ ကလဲ့စားခြေလိုစိတ်ပြင်းထန်လာခဲ့သည်။

ထို့ကြောင့် ခြေရာတစ်တောင်မောင်မဲခေါင်သည် သံးမြို့ရှင်သတိုးနော်ရထာမင်းထံ ချဉ်းကပ်ရန် အမျိုးမျိုးကြိုးစားရာ မအောင်မမြင်ဖြစ်နေခဲ့သည်နောက်တွင် သရေခေတ္တရာပြည်မြို့ရွှေဆံတော်ဘုရားရင်ပြင်ပေါ် သို့တက်ရာ ရွှေဆံတော်ဘုရားအားမတ်တပ်ရပ်လျက်ပင် လက်အုပ်ချီရှိခိုးသစ္စာပြု၍ သံးမြို့ရှင်သတိုးနော်ရထာမင်းအား မိဘတို့အတွက် လက်စားခြေရပါလို၏ ဆုတောင်းရာသူ၏ခြေရာသည် တစ်မိုက်ခန့်နစ်ကျွဲခဲ့ရသည်ဟူ၏။ ထို့နေရာကို ငုံအုပ်လျက် ဂူတစ်ခုပြုလုပ်ထားလိုက်သည် ဆို၏။ ထိုဂူကို ခြေရာတစ်တောင်မောင်မဲခေါင် ဂူဟု ခေါ်တွင်ကြလေသည်။ ထိုခြေရာတစ်တောင်မောင်မဲခေါင်ဂူကား ပြည်မြို့ရွှေဆံတော်ဘုရားရင်ပြင်တော်၏အရှေ့ဘက်စောင်းတန်းအနီးတွင် ယနေ့တိုင်တည်ရှိနေသေးသည် ဖြစ်၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် သာယာဝတီမြို့အနီးတွင် လော်ရှိန်းအမည်ရှိသောဆင်ရိုင်းကြီးတစ်ကောင်မွေးနောက် သောင်းကျန်းနေရာ ဘယ်သူမှ မဖမ်းဆီးနိုင်ဘဲဖြစ်နေသဖြင့် ခြေရာတစ်တောင်မောင်မဲခေါင်က ဦးနှောက်ကိုသုံး၍ ခဲခဲယဉ်းယဉ်းဖမ်းဆီးလျက် သံးမြို့ရှင်သတိုးနော်ရထာမင်းကို ဆက်သလေသည်။ သတိုးနော်ရထာမင်းက သူ့အား ဆင်တော်ထိန်းအဖြစ်ခန့်ကာ အတွင်းလူအဖြစ် အနီးကပ်ထားလေ၏။ သို့သော် အကြံအစည်ဖြင့် ချဉ်းကပ်လာသော ခြေရာတစ်တောင်မောင်မဲခေါင်က အခွင့်အရေးရသည်နှင့် သံးမြို့ရှင် သတိုးနော်ရထာက လုပ်ကြံသတ်ဖြတ်လိုက်လေသည်။ သို့နှင့် သံးမြို့ရှင်သတိုးနော်ရထာသည် အယူတမ်း၍ ~နတ်စိမ်းဖြစ်ကာ သံးမြို့ရှင်နတ်အဖြစ်ထင်ရှားလေသည်။

သံးမြို့ရှင်နတ်၊ ဖျာလိပ်နတ်ရှင်မအောင်ဖြူတို့ကြောင့် ပိုမိုလူသိများသော သာယာဝတီမြို့ဟောင်းသည် ကြို့ပင်ကောက်မြို့၏ အရှေ့ဘက် (၈) မိုင်ခန့်အကွာ ကျစွာစေတီ၏ အနောက်ဘက် (၃) မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် (၁၈) ဒီဂရီ (၂၉) မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၅) ဒီဂရီ (၇၆) မိနစ်တွင် တည်ရှိသည်။ သာယာဝတီမြို့ဟောင်း၏ ပုံသဏ္ဌာန်သည် စက်ဝိုင်းပုံလည်းမဟုတ်၊ အလျားရှည် အနံကျဉ်းသောပုံလည်းမဟုတ်။ ကျိုက္ကသာမြို့ဟောင်း၊ လက္ခန်းဗျည်းမြို့ဟောင်း၊ ဒုဇရစ်မြို့ဟောင်း၊ စစ်တောင်းမြို့ဟောင်းတို့လို သဘာဝပထဝီမြေပြင်အနေအထားက ပေးနှင်ထားသည့်အတိုင်း လှေ့လိုက်၍ပေါင်းဆင်သလို လိုက်လံတည်ဆောက်ထားသော မြို့ပြတစ်ခုဖြစ်နေသည်ကိုတွေ့ရှိရသည်။

ထိုသာယာဝတီမြို့ပြ၏ အနေအထားသည် အရှေ့ဘက်မြို့ရိုးနှင့် အနောက်ဘက်မြို့ရိုးမှာ ပေ (၇၇၀၀) (၁. ၄၆) မိုင်ခန့် ကွာဝေးပြီး အနောက်ဘက်မှာ အကျယ်ဆုံး (၂၉၅၀) ပေခန့် အရှေ့ဘက်မှာ အကျယ်ဆုံးပေ (၄၀၀၀) ခန့် တောင်နှင့် မြောက်အကျဉ်းဆုံးနေရာမှာ ပေ (၁၃၅၀) ခန့်ရှိလျက် မြို့ရိုးတွင်း ဧရိယာမှာ စုစုပေါင်း (၃၉၅) ဧကမျှကျယ်ဝန်းသည်ဟု ဆိုထားသည်။ ဘုရားငါးဆူ၊ နန်းဦးစေတီ၊ ယူမကန်စေတီ၊ သုံးမြို့ရှင်နတ်ကွန်း၊ ဖျာလိပ်နတ်ရှင်မအောင်ဖြူနတ်ကျွန်းတို့နှင့်အတူ မြို့တွင်းရွာတစ်ရွာလုံးသည် သာယာဝတီမြို့ဟောင်း၏မြို့ရိုးအတွင်း၌ ကျရောက်နေသည်ဆို၏။ ပြီး သာယာဝတီမြို့ရိုးပြင်တစ်ဝိုက်တွင်လည်း ဘောဘောကြီးစေတီ၊ ကြာနီကန်စေတီ၊ ကျောက်ဆစေတီ၊ လှူမကုန်စေတီ စသော စေတီပုထိုးများအပြင် မြို့ရိုးတံတိုင်းပျက်များ မျှော်တော်စင်၊ လက်နက်တိုက်၊ ကုန်တိုက်၊ ဆင်တော်လော်ရှိန်း၏ဆင်းကန်စသော နေရာဌာနများစွာ ရှိနှင့်နေသည်ဟု ဆိုကြပါသေးသည်။

လှည်းဝင်ရိုးသဲတည်ညံ့ ပုဂံဘုရားပေါင်း၊ သဇင်ပန်းခိုင်တလိုင်လှိုင် ရခိုင်ဘုရားပေါင်း၊ မမလေးဆံဆေးတောင် မတ္တရာဘုရားပေါင်းဟုဆိုလိုကြသလိုပင် ကျီးကန်းအော်ရွာတဲအာအာ သာယာဝတီဘုရားပေါင်းဟုဆိုထားရာ သာယာဝတီ၌ ၂၂၈၇၁၁ ဆူ (၀၆) သာယာဝတီဘုရားပေါင်း နှစ်သန်းနှစ်သိန်းတသောင်းရွှမ်းထောင့်ခုနစ်ရာတစ်ဆယ့်တဆူရှိသည်ဟုဆိုရာရောက်နေပါသည်။ ဤဘုရားစေတီပုထိုးများသည် (၃၉၅) ဧကမျှသာရှိသော သာယာဝတီမြို့တွင်း၌ ရှိနိုင်ဖွယ်ရာမရှိ။ သာယာဝတီနယ်တစ်ခွင်ဆို့တော့ ဖြစ်နိုင်လောသည်ဟု ဆိုနိုင်ဖွယ်ရှိသည်။ နတ္တလင်မြို့အရှေ့က မျှော်တော်တောင်စေတီ၊ ဇီးကုန်းမြို့အရှေ့ဘက်က ဘောစန်းစေတီ၊ ကြို့ပင်ကောက်မြို့အရှေ့ဘက် ကျစွာစေတီ၊ အုတ်ဖိုမြို့အရှေ့ဘက်ရှိ ကျောက်ဖြူတောင်စေတီ၊ မင်းလှအရှေ့ဘက်ကကျောက်တံခါးစေတီတို့ပါထည့်သွင်းရေတွက်ရမည်ထင်သည်။

ကျီးကန်းအော်ရွာတဲအာအာဆိုတစ်ခုကိုသွားသတိရသည်။ သာယာဝတီမြို့ဟောင်းသည် ကျီးကန်းနှင့်ဆက်နွယ်မှုရှိသလားဟူ၍ပင် ဖြစ်၏။ အဲဒီသည့်စကားတစ်ခုက မအောင်ဖြူစတေးခဲ့၍ မြို့ရိုးတိုင်ကို အောင်မြင်စွာကိုက်ထူလိုက်သည့်နှင့်တစ်ပြိုင်နက် တစ်ကောင်ကိုကိုက်ခဲ့လာသောကျီးကန်းတစ်ကောင်သည် ထိုမြို့ရိုးတိုင်ထိပ်ဖြတ်ခနဲလာနားကာ ကိုက်ခဲ့လာသော တီကောင်ကို ထိုတိုင်ထိပ်တွင်ခဲ့ဝမ်းမြောက် ရွှင်လန်းသောအသွင်ဖြင့် တအာအာမြည်ကျွေးလျက်ချထားသော တီကောင်ကို အားရပါးရကောက်ကြွေး

www.burmeseclassic.com

www.burmeseclassic.com

ရွှင်မြူးနေသည့်ဟန်ကို အားလုံးတို့တွေ့မြင်လိုက်ရသည်ဟူ၏။ ဤသည်ကို ပညာရှိတို့က ကိုးကန်းသည် သာယာစွာ အော်မြည်ခြင်းတွင် သာယာဟူသော စကား၊ဝလင်စွာစားရသည်၌ ဝဟူသော စကား၊ ကိုက်ခဲလာသော တီကောင်မှ တီဟူသောစကား။ ၎င်းစကားသုံးရပ်ကို ပေါင်း၍ သာယာ+ဝ+တီ=သာယာဝတီ ဖြစ်လာရသည်အတွက် ထိုမြို့ကို သာယာဝတီမြို့ဟု အမည်နာမတွင်ရစ်စေလေသည်။

မတူကွဲပြားသောတခြားအယူအဆတစ်မှာ ထိုမြို့ဝန်းကျင်၌ အနှစ်သာရနှင့်ပြည့်ဝနေသော သစ်ပင်ကြီးဝါးပင်ကြီးတို့က တံတိုင်းစောင်းရမ်းသဖွယ် ဝိုင်းရံကာဆီးပြီး ပြည့်စုံသော အဓိပ္ပာယ်ဆောင်သည်ဟူ၏။

ထင်ရှားအောင်ဆိုရလျှင် -

သာရောစသော ဝတီယောစာတိ သာရာဝတီ။ ယော ရတ္တသမူဟော - အကြင်သစ်ပင်ဝါးပင်အပေါင်းတို့သည်၊ သာရ - အနှစ်ရှိသည်လည်း၊ ဟောတိ-ဖြစ်၏။ ဝတီယောစ-စောင်းရမ်းတံတိုင်းသည်လည်း၊ ဟောတိ-ဖြစ်၏။ ဣတိသဒ္ဒ - ထိုအနှစ်ရှိသောသတ္တိကြောင့်၊ သောရတ္တသမူဟော-ထိုသစ်ပင်အပေါင်းဟူသည်ရာဌာနသည်၊ သာရာဝတီ-သာရာဝတီမည်၏။

သာရာဝတီယော ယဿ အတ္ထိ သာရာဝတီ။ ယဿ နဂရဿ-အကြင်မြို့အား၊ သာရာဝတီယော - အနှစ်ရှိသော စောင်းရမ်းတံတိုင်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိတသ္မာ - ထို့ကြောင့်၊ တဿ နဂရဿ - ထိုမြို့သည်၊ သာရာဝတီ - သာရာဝတီမည်၏။

သာရာဝတီယော ယဿတိ သရာ

သာယာဝတီ ဝတ္ထုဗ္ဗေ ရကာရဿ ရဲကတ္တာ သာယာဝတီတိ ဝေါဟ

ယဿနာဂရဿ - အကြင်မြို့၌၊ **သာရ** - ရတနာခုနစ်ပါးအပါအဝင် ဆန်းသစ်ဝါး စသော ရတနာအနှစ်တို့ **အတ္ထိသန္တိ** - ရှိကုန်၏။ **ဣတိသဒ္ဒ** - ရတနာခုနစ်ပါးဆန်စပါးသစ်ဝါး စသော ရတနာအနှစ်ရှိရာ၏။ အဖြစ်၌ **တံနဂရံ** - ထိုမြို့သည်။ **သာရာဝတီ** - သာရာဝတီမည်၏။ **သာယာဝတီ** - သာရာဝတီဟူ၍၊ **ဝတ္ထုဗ္ဗေ** - ဆိုအပ်၏၊ **ရကာရဿ** - ရအက္ခရာ၏၊ **ရဲကတ္တာ** - ယက္ခရာကိုပြု၍၊ **သာယာဝတီတိ** - သာယာဝတီဟူ၍၊ **ဝေါဟရန္တာ** - ခေါ်ဆိုနေကြကုန်၏။

စသဖြင့် ပညာရှိတို့က ဝိဂြိုဟ်ပြုထားသည်ကို တွေ့ရှိရပေသည်။ လိုရင်းဆိုရလျှင် အနှစ်သာရတို့နှင့်ပြီးပြည့်စုံသောမြို့ဟု အဓိပ္ပာယ်ဆောင်သည်။ သာရာဝတီမှ သာယာဝတီသို့ ဝေါဟာရအဆင့်ဆင့်ပြောင်းလဲသွားခဲ့ရသည်ဟူ၏။ ထို့ကြောင့် သာယာဝတီ၏မူလနာမည်သည် သာရာဝတီဖြစ်သည်ဆိုခြင်းကိုပင် ဖြစ်၏။

မည်သို့ပင်ဆိုစေကာမူ ယနေ့ သာယာဝတီမြို့ဟောင်းသည် လူသားတို့၏ ဥပေက္ခာချောင်ကွေ့တစ်ခုတွင် ကွယ်ဝှက်၍နေရရှာသလိုပင်။ သို့တစေလည်း ဒေသခံသမိုင်းသုတေသီလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သော ဦးမြင့်ဝေ (ကြို့ပင်ကောက်) လို တက်ကြွလှုပ်ရှားသူတချို့က သာယာဝတီမြို့ဟောင်းသမိုင်းမှန်ပေါ် ပေါက်ရေးအတွက် လုံ့လဥဿဟပြုနေကြပါပြီ။ သို့သော် သရေခေတ္တရာမြို့၊ ဗိဿနိုးမြို့၊ ဟန်လင်းမြို့တို့လို ကံကောင်းထောက်မမှုမရှိသေး။

စာရေးသူသည် ကြို့ပင်ကောက်မြို့အရှေ့ဘက်ကြော လဲက်ပန်ဖြူရွာကို ရောက်ခိုက် သာယာဝတီမြို့ဟောင်းကို လေ့လာရာတွင် မြို့တွင်းရွာဝန်းကျင် တစ်ခွင်ကိုသာရောက်ရှိနိုင်ခဲ့သည်။ ဆိုခဲ့သလိုပင် ရှင်မအောင်ဖြူနတ်ကွန်း၊ သုံးမြို့ရှင်နတ်ကွန်း၊ မအောင်ဖြူ၊ သွေးဆေးကန်၊ ယူမကုန်စေတီ၊ ဘုရားငါးဆူတန်းကိုရောက်ခဲ့သည်။ သမိုင်းသုတေသီ စာရေးဆရာဦးမြင့်ဝေ (ကြို့ပင်ကောက်)၏အိမ်က ရှေးဟောင်းပစ္စည်းများကို လေ့လာကြည့်ရှုပြီးနောက် မနီးမဝေးရှိ နန်းဦးစေတီကို သွားရောက်ဖူးမြော်ခဲ့ရသည်။ ထူးခြားချက်တစ်ခုက ထိုနန်းဦးစေတီမှာ ရှေးဟောင်းစေတီပျက်တစ်ဆူကို ပြုပြင်မွမ်းမံထားခြင်းဖြစ်ပြီး အထက်ပစ္စယံတွင် ရှေးဟောင်းအုတ်ခွက်ဘုရားများကို စနစ်တကျသိမ်းဆည်းထားသည်ကို ကျေနပ်ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရသည်။

မပြောဖြစ်သေးသော ထူးထူးဆန်းဆန်းမြင်တွေ့ခဲ့ရသည့်အရာတစ်ခုရှိသည်။ စာရေးသူကို Guide လုပ်ပေးသောရွာဖြူကုန်းကျေးရွာအုပ်စုကျေးရွာအုပ်ချုပ်ရေးမှူး ကိုကျော်သန်း မရမကရှာဖွေပြသ၍ စာရေးသူတွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

စာရေးသူတို့ ဘုရားငါးဆူတန်း ရောက်ရှိခဲ့စဉ်တုန်းက မနီးမဝေးရှိပဲခင်းများကြား ချွန်ယပ်တိတ်ပေါင်း၊ ငှက်ပျောပင်များကြားတွင် ပုန်းခိုနေသော တွင်းပျက်ထစ်ခုကို မနည်းကြိုးကိုရှာဖွေ၍ တွေ့ရှိခဲ့ရသည်။ ကိုကျော်သန်းက နန်းသားကန်ဟု ပြောသည်။ သာယာဝတီနန်းတော်သားတို့ အသုံးပြုခဲ့သောရေကန်ဟုဆိုလိုပုံပေါ် သည်။ ဘာပဲဖြစ်ဖြစ် ပြုပြင်ထိန်းသိမ်းထားဖို့ကောင်းသည်။

သို့ဖြစ်သည့်တိုင် စာရေးသူသည် အချိန်မပေးနိုင်သောကြောင့် ဘောဘောကြီးစေတီ၊ ကြာနီကန်စေတီ၊ ကျောက်ဆုံစေတီ၊ လျှုမကုန်စေတီရှိသောနေရာများသို့မရောက်ရှိနိုင်ခဲ့။ စာရေးဆရာ တက္ကသိုလ် မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၏ဇာတိရွာ ရွှေပန်းတောရွာအနီး ဆင်တော်လှော်ရှိန်း၏ကျုံးတော်နှင့်လက်နက်တိုက်ရှိရာသို့ မရောက်ရှိနိုင်ခဲ့ပါ။ ဘုရင့်ဥယျာဉ်ဖြစ်ခဲ့သော ဥယျာဉ်ကြီးရွာကိုလည်း အသေအချာ မလေ့လာဖြစ်ခဲ့ပါ။ နောက်တစ်ကြိမ်လာဖြစ်မှပဲ စေ့စပ်သေချာစွာ လေ့လာမည်ဟု အမှတ်အတေးထားရုံမှတစ်ပါး အခြားမရှိပြီ။

မအောင်ဖြူစတေးခံရချိန်းနီးတွင် ဤမြို့ဤနယ်တွင် ဆင်ကောင်းမြင်းကောင်းမထွက်ပါစေနှင့်။ မြို့လယ်မှာ ချောင်းပေါက်ပါစေလို့ ကျိန်တွယ်ဆုတောင်းခဲ့သည်ဆို၏။ ဆင်ကောင်းမြင်းကောင်းထွက်ခဲ့သလား မထွက်ခဲ့သလား မပြောတတ်။ မြို့လယ်ချောင်းဟုအမည်နာမရှိသော် ချောင်းတစ်ခုကတော့ သာယာဝတီမြို့ဟောင်းကို ဖြတ်သန်းစီးဆင်းနေသည်ကတော့ အမှန်ပင်။ ဤရာဇဝင်မြို့လယ်ချောင်း၊ ဂန္ဓဝင်မြို့လယ်ချောင်းကတော့ သာယာဝတီမြို့ဟောင်းနှင့် ပတ်သက်ပြောစရာတွေ တစ်ပုံတစ်ခေါင်းရှိနေမှာတော့အမှန်ပင်။

မင်းရှိန်အောင်

ကျမ်းကိုး -

၁။ ဆင်ဖြူကျွန်းကျော်လှိုင်ဦး၏ ရန်အောင်မြင်ကျွန်းစေတီတော်ကြီး သမိုင်း။

၂။ ဦးမြင့်ဝေ(ကြို့ပင်ကောက်)၏ ကြို့ပင်ကောက်အရှေ့က သာယာဝတီမြို့ဟောင်း

www.burmeseclassic.com

www.burmeseclassic.com

မိုးရာသီ အဝတ်များခြောက်သွေ့စေရန် နေပြည်တော်ကျော်ကျော်စိုး

ကျွန်တော်တို့မြန်မာနိုင်ငံတော်ဟာ နွေ၊ မိုး၊ ဆောင်း ဆိုတဲ့ ရာသီဥတုသုံးခုကို ပိုင်ဆိုင်တဲ့နိုင်ငံတော်ပါ။ မိုးရာသီရောက်ပြီဆိုတာနဲ့ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံတော်ဖြစ်တာမို့ စိုက်ကြပျိုးကြ နဲ့ အားတက်သရော ဆောင်ရွက်ကြတာပေါ့စရာကြီးပါ။ ဝါဆိုလဆိုတာ သစ်ပင်တွေစိုက်ပျိုးတဲ့လမို့ နှစ်စဉ်တိုင်းပြည်ကြီးစိုပြည်အောင် သစ်ပင်ပေါင်းများစွာစိုက်ပျိုးကြတာဟာလည်း အလွန်ဝမ်းမြောက်ဖို့ကောင်းပါတယ်။

မိုးရာသီဆိုတာ မိုးနည်းရပ်ဝန်းဒေသရှိတယ်။ မိုးများရပ်ဝန်းဒေသရှိတယ်။ မိုးများရပ်ဝန်းဒေသတွေမှာကျတော့ မိုးကတစ်စီစီရွာနေတတ်တော့ကာ နေရောင်ခြည်မရနိုင်ဘဲ အမြဲဘဲစွတ်စိုနေတော့ရှိတယ်။ အပင်တွေအတွက် ကောင်းပေမယ့် အဝတ်လျှော်ရတဲ့ အိမ်ရှင်မတွေအထွက်တော့ အဲဒီစွတ်စိုမှုဟာ ဒုက္ခကိုဖြစ်စေပါတယ်။ ဘာလို့လဲဆိုတော့ အဝတ်တွေလျှော်ထားထာက မခြောက်သွေ့နိုင်လို့ပါဘဲ။

အဲဒီလို စွတ်စိုတဲ့မိုးရာသီရောက်ပြီဆိုတာနဲ့ အဝတ်တွေဟာ နေရောင်ခြည်မရတာကြောင့် တစ်ရက်လှန်းလည်းမခြောက်၊ နှစ်ရက်လှန်းလည်းမခြောက်နဲ့ အဝတ်တွေမှိုတက်ကုန်ကြတော့တာပါပဲ။ မှိုကအမည်းအစက်အပြောက်လေးတွေပါ။ ကြာလေပွားလေပွားလာပြီး တစ်ထည်လုံးအကျည်းတန်ကုန်တော့တာပါ။ ဒါကို ဖားဥလေးတွေနဲ့တူလို့ ဖားဥစွဲတယ်လို့အလွယ်ခေါ်ကြပါတယ်။ ဒါတင်မကပါဘူး။ ပုပ်အဲ့အဲ့ဟောင်စပ်စပ်အနံ့ပါ မှိုနဲ့အတူစွဲလာတာပါပဲ။

အဲဒီမှိုနဲ့မှိုန့်ကို မိုးများရပ်ဝန်းဒေသတွေမှာ အဓိက ဖြတ်ကျော်ကြရတာကတော့ သားသည်မိခင်များပါပဲ။ အရွယ်မရောက်သေးတဲ့ကလေးတွေဟာ အန္တီးနဲ့နေကြရတာ။ တစ်နေ့တစ်နေ့အန္တီးတွေတစ်ပုံတစ်ပင်ကိုလျှော်ဖွပ်ပြီး အချိန်မီအသုံးပြုနိုင်အောင်၊ အန္တီးတွေခြောက်အောင် မိခင်တွေက ဆောင်ရွက်ကြရတယ်။ ပြီးတော့ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေရဲ့ အဝတ်တွေကလည်း အစဉ်အမြဲလျှော်ဖွပ်နေရတာပါ။ ဒါတွေ ခြောက်ဖို့အထူးလိုအပ်ပါတယ်။ အဲဒီတော့ အဝတ်တွေခြောက်အောင် မီးသွေးမီးဖိုပေါ်မှာ ခြင်းကျားအကြီးကြီး အုပ်ပြီး အောက်ဆုံးကအန္တီးတွေ၊ အပေါ်က အကျီ၊ ဘောင်းဘီတွေ မီးတစ်မီးကုန်အောင်ကင်ထားရခြင်းပါ။ ခြင်းကျားပေါ်မှာ အထပ်ထပ်ကင်ထားတဲ့ အဝတ်တွေ မီးငွေ့နဲ့ခြောက်ကုန်လေ့ရှိတယ်။ ဒီလိုနည်းနဲ့ မိုးရာသီရဲ့စွတ်စိုမှုကို သားသည်မိခင်တွေ ဖြတ်ကျော်ကြရခြင်းပါ။

တောင်တန်းဒေသတွေနဲ့ ကျွန်တော်တို့မိုးကုတ်ဆိုတာ အမြဲစိမ်းသစ်တောတွေနဲ့ မိုးရာသီဆိုရင် အမြဲစွတ်စိုတဲ့ဒေသပါ။ နေရောင်ခြည်ဆိုတာ မြင်ရခဲပါတယ်။ ဒီတော့ တောရောမြို့ပါအဝတ်မီးကင်တဲ့ ခြင်းကျားကြီးတွေ အိမ်တိုင်းနီးပါးရှိကြပါတယ်။ သားသည်မိခင်တွေက ခြင်းကျားကြီးတွေနဲ့ အဝတ်တွေမီးကင်ပြီးခြောက်သွေ့အောင်ဆောင်ရွက်ကြရတယ်။ ဒါကလည်း ဓလေ့ပါပဲ။ အခြားနည်းလမ်းမှမရှိတာ။ မီးခိုးစော်နည်းနည်းနံ့တာကလွဲရင် အဝတ်တွေဖားဥစွဲမှာ၊အပုပ်နံ့ထွက်မှာမပူရတော့ပါဘူး။

၂၀၁၁ မှာ ကျွန်တော့်မွေးဇာတိနေပြည်တော် ပြန်ကပြေးကို ပြန်ရောက်ပါတယ်။ နေပြည်တော်ဟာ နွေးတုန်းက သစ်တောကြီးတွေဖုံးလွှမ်းခဲ့ဖူးတဲ့နေရာတွေပါ။ နောင်တစ်ခေတ်မှာ သစ်တောတွေ ပြုတ်ပြုတ်ပြုန်းပြီး လွင်တီးခေါင်သဖွယ်ဖြစ်ခဲ့ရတယ်။အဲဒီမှာ နွေးတုန်းကလို မိုးမကောင်းတော့ဘဲ မိုးခေါင်ရပ်ဝန်းသဖွယ်ဖြစ်လာခဲ့တယ်။ အပူရှိန်လည်းမြင့်မားလာခဲ့တယ် အညာဆန်သွားတာပါ။

၂၀၁၃ ခုနှစ်မှာ နိုင်ငံတော်က နေပြည်တော်ကြီးစတည်ပြီး သစ်တောပြန်လည် ထိန်းသိမ်းလိုက်တဲ့အခါ ယခုအခါမှာတော့ သစ်ပင်သစ်တောတွေပြန်လည်ရှင်သန်ထမြောက်လာတာကြောင့် နေပြည်တော်ဒေသဟာ မိုးရာသီမှာ နေတောင်ကောင်းကောင်းမမြင်ရပါဘဲ မိုးတဖွဖွရွာသွန်းနေတဲ့ စွတ်စိုဒေသပြန်ဖြစ်ခဲ့ ပါပြီ။

အဲဒါကြောင့် ကျွန်တော့်အဝတ်တွေ၊ ဦးထုပ်တွေ မခြောက်နိုင်ဘဲ ဖားဥစွဲကုန်ပါတယ်။ မိုးကုတ်မှာသုံးတဲ့ခြင်းကျားကြီးတွေ သတိရပေမယ့် ဒီမှာက အဲဒီလေ့မှမရှိကြတာ ဒီတော့ ဘာမတတ်နိုင်ပါဘူး။ စွဲလည်းစွဲပေါ့ဟုတ်ဖူးလား။

အင်္ကျီတွေ၊ ဦးထုပ်တွေ ဖားဥကုန်တော့ ဈေးမှာရောင်းတဲ့အစွန်းခွဆေးထုပ်တွေဝယ်ပြီး ချွတ်ကြည့်တယ် ကျွန်တာသာရတယ်။ ဖားဥနဲ့ ငှက်ဖေစေးကိုတော့ လုံးဝချွတ်လို့မရပါဘူး။ ဒီနဲ့လက်လျှော့ရပါတယ်။

နောက်တော့ အကြံတစ်ခုရတယ်။ ၂၀၁၆ မိုးရာသီမှာပါ။ ဦးထုပ်ကောင်း၊ အဝတ်ကောင်းတွေဝတ်ပြီး ပြီးရင် မလျှော်ဖွပ်လို့မရပါဘူး။ လျှော်ရပါတယ်။ လျှော်ဖွပ်ပြီးတာနဲ့ အဝတ်တွေအပြင်မှာ ရေစစ်ပြီးတာနဲ့ အပေါ်ဆွဲထားတဲ့ပန်ကာဝန်းကျင်မှာ ပန်ကာရွက်နဲ့လွှတ်အောင် လည်ပတ်ကြဖန်ခဲ့ပါတယ်။ ခိုတ်ပြီးရင် ပန်ကာဖွင့်ထားလိုက်တာပါပဲ။ ခိုတ်နဲ့ဆိုရင်တော့ အဝတ်တွေလေရိုက်တဲ့အခါ တလုပ်လှုပ်နဲ့ လေနဲ့ရေငွေ့တွေ မှုတ်ထုတ်တာမို့ သာလောက်မိုးရွာနေပါစေ စွတ်စိုနေပါစေခြောက်သွေ့သွားတော့တာပါ။ အားဖြင့် အလွန်ကြိုးမကြာပါဘူး။ တာနဲ့ မီးပူလေးသာတိုက်လိုက်ပါ။ ဖားဥစွဲခြင်း၊ အချဉ်ပေါက်လို့ ပုပ်စော်နံခြင်း အဝတ်ပျက်စီးခြင်းဘေးတွေက လွတ်မြောက်တာ တွေ့ရခြင်း ကျွန်တော်လက်တွေ့ကျင့်သုံးနေပါတယ် ကျင့်သုံးလို့ စိတ်ချမ်းသာရပါတယ်။

ဒီနေရာမှာ ပြောလိုတာက စစ်မီးပါ။ ပန်ကာလည်ပတ်ဖို့ဆိုတာ လျှပ်စစ်မီးရှိမှရတာပါ။ တိုင်းပြည် လျှပ်စစ်မီးသုံးနိုင်တာက (၂၆) နှုန်းသာရှိတယ်ဆိုတော့ ဒါဟာ လူတိုင်းနဲ့လက်လှမ်းမမီနိုင်သေးဘူး ဆိုလာပြားတွေ အသုံးပြုရင်း ရကောင်းရမယ်ထင်ပါတယ်။

ချမ်းမြေ့ပြာ

နေပြည်တော်ကလေ့ကာ

www.burmeseclassic.com

www.burmeseclassic.com

အသစ်တွေ့ရှိသော ကျောက်စာတစ်ချပ်

ပန်းခြံထူးလှ(ရှေးဟောင်းသုတေသန)

အမြင့်တောင်စေတီတော် အမှတ် (၅) ကို သန့်ရှင်းရေးပြုလုပ်နေစဉ် ၂၄-၈-၂၀၁၆ နေ့ ညနေ (၅) နာရီခန့် လျှပ်လှုပ်ခတ်နေသည့်အချိန် ကျောက်စာတစ်ချပ်ကို တွေ့ရှိရ၏။ ကျောက်စာတွေ့သည့်အချိန်တွင် တောင်တစ်ခုလုံး ဘဒိန်းဒိန်းမြည်ဟိန်းသံကိုပင်ကြားရ၍ ကျောက်စာကိုမပြောင်းရွှေ့ဘဲထားခဲ့ရပါသည်။ နောက်တစ်ရက်နေ့တွင်သာ လူအင်အား(၉)ဦးဖြင့် မြောက်ဦးနှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ပြောင်းရွှေ့ထိန်းသိမ်းခဲ့ရပါသည်။

ကျောက်စာကို စေတီတော်တောင်ဘက်ခြေရင်းတွင် မှောက်၍ မြှုပ်နေသည်ကို တွေ့ရှိရပါသည်။ ကျောက်စာ၏လှန်နေသည့်ဘက်အပျက်အစီးများပြီး မှောက်နေသည့်ဘက် အကောင်းပကတိတွေ့ရရပါသည်။

ကျောက်စာမှာ အမြင့်(၇၀)စင်တီမီတာခန့်၊ အကျယ် (၈၀) စင်တီမီတာခန့်နှင့် အထူ (၁၈) စင်တီမီတာခန့်ရှိပါသည်။ ကျောက်စာမှောက်နေသည့် မျက်နှာစာကြောင်းရေ (၂၃) ကြောင်းပါရှိပြီး လှန်၍တွေ့ရှိရသည့်ဘက်တွင် စာကြောင်းရေ (၂၁) ကြောင်းပါသည့် ကျောက်စာဘက်တွင် လက်ယာဘက်အောက်ထောင့်မှပဲနေသည်ကို တွေ့ရှိရပါသည်။ စာကြောင်းရေ (၂၁) ကြောင်းပါသည့် ကျောက်စာမျက်နှာတွင် လက်ဝဲဘက်မှပဲနေသည်ကို တွေ့ရှိရပါသည်။ ကျောက်စာ၏ အရေးအသားမှာ ရခိုင်သုံး ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးထိုးထားသည့် ကျောက်စာတစ်ချပ်ပင် ဖြစ်ပါသည်။ ကျောက်စာမူရင်းဖတ်ရှုမှုမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ကျောက်ချပ်မှောက်ထားသော မျက်နှာဘက်မှ ကျောက်စာဖြစ်ပါသည်။

၁။ ကိုဝ်ပရိတ်ဖတ်လျှက်
၂။ ငကောင်မှုကိုဝ်မသုတ်မသင် မပြု မပြင်မူကာ
၃။ အပဲလှ်ပါးငရဲလာစိသော အဝိစိ အထဲ ငရဲခံရလိစိသော
၄။ ကွငါလှုသောကောင်မှုအကျိုဝ်ကား အောက်ကား အဝိစိအထ
၅။ က်ဘဝက်တိုင်အောင် ငါဝိ၏ အောက်ကနကားအထက်သိကြား စတု
၆။ လောကပါလနတ်သား လှ်ယောက်သသနာစောင့်နတ်တိုဝ် ကိုဝ်လှ်ငါ
၇။ ဝိ၏၊ ရိမာနီသောဆဲကုဋ္ဌိကြြင်မာနိသော ဧကုဋ္ဌိကိုဝ်လှ်ငါဝိ၏ထိုဝ်မှ
၈။ တပါလူနတ်ငြဟ္မာသတဝါတိုဝ် ကိုဝ်လှဲငါဝိ၏။ ငါ၏မိခင်ဘခင် ကိုဝ်လှ်
၉။ ငါဝိ၏မြိကြြမသုံတရိကိုဝ်လှ်ငါဝိ၏ မြိကြြမသုံတရိည်ငကိုဝ်သက် သိပြု

မှောက်လျက်တွေ့ရှိသည့်ကျောက်စာမျက်နှာကို မှင်ကူးခြင်း ကူးထားစဉ်

ကျောက်စာကူးနေစဉ်

အမြင့်တောင်စေတီ(၅)မှကျောက်စာရှာဖွေစဉ်

www.burmeseclassic.com

www.burmeseclassic.com



မျိုဝ်စုၤ် သိလိစိသော၊ သ
ငုတ်မျိုဝ်စုၤ်သိလိ
၂၃။ စိသော။ ။

အထက်ဖော်ပြပါကျောက်
ကျိန်စာ၊ အမျှအတန်းဝေစာ၊ ဆု
စာ၊ ဆုပေးစာများ ရေးသားထား
ကို တွေ့ရှိရပါသည်။ လက်ရှိ
အသားဖြင့်ရေးသားဖော်ပြရလျှင်-

'ကိုပရိတ်ဖတ်လျက် ငါ
ကို မသုတ်မသင် မပြုမပျင်
အပါယ်လေးပါး ငရဲသွား
အဝေစိထဲ ငရဲခံရလေစေသော
လျှံသောကောင်းမှုအကျိုးကား
ကား အဝေစိအထက်ဘဝက်တိုင်
ငါအမျှပေးပါ၏။ အောက်မှာ
အထက်မှာ သကြား စတုလော
နတ်မင်းကြီးလေးယောက်နှင့်
စောင့်နတ်တို့ကိုလည်း ငါအမျှ
၏။ ရေမှာနေသော ဆယ်ကုဋေ
မှာနေသော ကိုးကုဋေကိုလည်
ပေးဝေ၏။ ထိုမှတပါး လူနတ်
သတ္တဝါတို့ကိုလည်း ငါအမျှ
ငါ၏မိခင်ဖခင်ကိုလည် ငါအမျှ
၏။ မြေကြီးမသုန်ရှေ့ကိုလည်း
ပေးဝေ၏။ မြေကြီးမသုန်ရှေ့ ငါ
သေပြုစေသော နောင်လာနော
ပုဂ္ဂိုလ်မြတ်တို့သည်လည် ငါ
ထောက်ပင့်ပါစေသော၊ ငါ
ကောင်းမှုရစေသော၊ ငါ၏
တိကာတို့လည် ဘုရားလာ

၁၀။ စိသောနောင်လာသောပုဂ္ဂိုလ်မြတ်တိုဝ်သ့်လ့်ငကောင်မုကိုင်ချိပင်ပါစိသော

၁၁။ ငါနှအတူကောင်မှုရစိသော။ ငါ၏ဆွေမျိုဝ်ညာတကာတိုဝ်ကိုဝ်လ့်ဘုရာတိကာ

၁၂။ ကျောင်တိကာလ့်ခံပါရစိသော။ စံပကားပါသော ငါဆွေငါမျိုဝ်တိုဝ်သ့်လ့်ငကောင်မှ

၁၃။ ကိုဝ်သုတ်သင်ပါစိသော်။ ငါကောင်မုကိုဝ်သုတ်သင်ပြုပြင်၍ ချိပင်ပါသောသူတိုင်ဝ်

၁၄။ သေ၊ ဆင်းရဲသားသော် သထိသုကြွဖြစ်စိသော။ အမတ်သားသော အမတ်ဖြစ်ပစိ

၁၅။ သာ။ မင်သားသော်မင်ဖြစ်ပစိသော။ မင်သော် စကြွာရတနာရတက်ပစိ(-)

၁၆။ ငါလှူခဲသောငကောင်မှုကိုဝ် ဖျက်သောသူကား သူဆင်ရဲဖျက်မှုကား မစာမဲ

၁၇။ တတ်မသောက်ရတတ် ဖုံစခွက်လက်စွဲစိသောအမတ်သာ (-) မဲ

၁၈။ တ်ဖျက်မှုကာ ထိုင်ဆင်ရဲသားကဲသိုဝ်မစားရတတ် မသောက်ရတတ် ဖုံခ (--) လက်စွဲ

၁၉။ စီရသောမင်းသားမင်မြို့ ဖျက်မှုကား မင်မဖြစ်ပဲ တစနှစ်ကဲချိဝ် အဝိစိနှ(-) ခံလိစိသော

၂၀။ မင်တ့်ဖျတ်မုကာ မင်နုမင်ဝဲမင် ဆင်ရဲဖြစ်၍ အဝိစိနှစ်ခံလိစိသော (-) ဆိတ်မျိုဝ်ခဲ

၂၁။ ၍သိလိစိသော။ အစွဲ (-)မျိုဝ်ရှုံ၍ သိလိစိသော။ ဥခြိုဇ်မျိုဝ်၍ သိလိစိသော

၂၂။ ထားမျိုဝ်ခွတ်၍ သိလိစိသော လှံ

www.burmeseclassic.com

www.burmeseclassic.com

ကျောက်စာတူးဖော်ပြီး၍ မတင်နေစဉ်

တကာလည်ခံပါရစေသော၊ စွမ်းပကား ပါသော ငါဆွေငါမျိုးတို့သည်လည် ငါ ကောင်းမှုကို သုတ်သင်ပါစေသော၊ ငါ ကောင်းမှုကို သုတ်သင်ပြုပြင်၍ ချီးမြှင့် ပါစေသော၊ သူတို့သည် ဆင်းရဲသွား သော် သူဌေးသူကြွယ်ဖြစ်စေသော၊ အမတ်သားဖြစ်တော် အမတ်ဖြစ်ပါစေ သော၊ မင်းသားဖြစ်သော်မင်းဖြစ်ပါစေ သော၊ မင်းဖြစ်သော် စက္ကြာရတနာတတ် ပါစေသော၊ ငါလှူခဲ့သော ငါကောင်းမှု ကို ဖျက်သောသူကား သူဆင်းရဲဖျက်မှု ကား မစားရ မသောက်ရဘဲ ဖုံးထောင်း ယာစကာခွက်လက်ဆွဲစေသော၊ အမတ် သားဖျက်မှုကား ထိုဆင်းရဲသားကဲ့သို့ စေး၍ မသောက်ရဘဲ ဖုံးထောင်းယာ စကာခွက်လက်စွဲစေသော၊ မင်းသားမင်း ချီးဖျက်မှုကား မင်းမဖြစ်ပဲ တစပြင်၌ ကဲ့သို့ အဝေစိနှစ်ခံလေစေသော၊ မင်းတို့ ဖျက်မှုကား မင်းနှ၊ မင်းဝဲ၊ မင်းဆင်းရဲဖြစ် ၍ အဝေခြံခံလေစေသော၊ အဆိတ်မျိုး ခံ၍ သေလေစေသော၊ အစွဲ (-) မျိုချဲ့ ၍သေလေစေသော၊ ဦးဏှိမျိုး၍ သေ သေစေသော၊ ဓါးမျိုးခုတ်၍သေလေစေ သော၊ လုံမျိုးစုး၍သေလေစေသော၊ သစ် ပွတ်မျိုးစုး၍ သေလေစေသော ဟူ၍ ရေးသား ဖော်ပြလိုက်ရပါ သည်။

နောက်တစ်မျက်နှာ၏ လှန်ထား သော ကျောက်ချပ်မှ ကျောက်စာမှာ ကား အောက်ပါအတိုင်း တွေ့ရှိရပါ သည်။

၁။ (-----) လာ (-----)
၂။ (-----) ယကာ (-----)
၃။ (-----) စိုဝ်၏ (-----) ခြော
၄။ က်ဆက်မြောက် (-----) ကျောင်
သခ် (-) ဝ် (-)
၅။ (-----) သောဝ် (-----)
၆။ (-----) ထိုဝ်ထိုဝ်ရွှင်တော်
၇။ (-----) ရှာ (-----) အ (----
-) သေ (-) ခြာသ (--)
၈။ (-----) တောင်နက် (--) စသ်
ကုမင် (--) တ
၉။ (-----) ကြိသောမျက်လှ် (-)
တာတိုဝ်အသစ်တဖန်လုတ်တတ်
ပြင်
၁၀။ (-) ဝ်လုတ်တော် တကာတော် (-
----)ခမဲတောဆွဲတောမျိုဝ်တော
လ (--)
၁၁။ ဆာဓိပတိဆရာတောသာ မင်မြတ်
ဘိုဝ်အကြောင်ရာတော်လျောက်
တင်
၁၂။ (-----) ကောင်မှုဖြစ်စိဟူ၍ ပြင်
ချောင်နှိုက်လယ် ၅သျှိုင်လှူ၍ (-
-)
၁၃။ သောဝ်ဆရာသခ (-) ၍ (----)
ချသ့်ကာဝေါတော်ခိတာစွစဲလည်
(-) ဉ်
၁၄။ (-----) သာလယ်ကိုဝ်ထိုင်ဝ်ဆြာ
ခ (-) ဉ် (-----)
၁၅။ (-----) ၉ တောင်၏ငါးတင် (---
--)
၁၆။ (-----) ရာဟင်ရာ (-) တြခွ (-
----)
၁၇။ (----------)
၁၈။ (----------)
၁၉။ (----------)
၂၀။ (----------)
၂၁။ (-----) ဉ်တွ (-----) ထိ (---)

ဤကျောက်စာမျက်နှာကို လက်ရှိ အရေးအသားဖြင့် ပြန်ရေးသားရန် အဖျက်အဆီးများသောကြောင့် ခက်ခဲ လှပါသည်။ မြင်သည့်အတိုင်းသာ အထက်တွင် ရေးသားဖော်ပြလိုက်ပါ ၏။ ဤကျောက်စာနှစ်မျက်နှာစလုံး၏ ဝေါဟာရသုံးစွဲပုံ၊ ဝါကျတည်ဆောက်ပုံ၊ စာပိုဒ်ဖွဲ့စည်းပုံတို့မှာ အလွန်သေသပ်လှ ပပါသည်။ အရေးအသားပေပြစ်မှု စံပြု လောက်ပါသည်။ ယခုခေတ် ဖန်တီးရေး သားနေကြသော ရခိုင်စာအရေးအသား များ၌ လုံးဝမတွေ့ရှိရပေ။ ကျောက်စာ တစ်ချပ်လုံးတွင် ရခိုင်လေသံ၊ ရခိုင်ဝေါ ဟာရ၊ မြောက်ဦးခေတ်လယ်၏ အစော ပိုင်းရခိုင်အရေးအသားများကို တွေ့ရှိရ ပါ၏။ ယင်းတို့ တချို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

အပဲလှ်ပါး	= အပါယ်လေးပါး
ငရဲလာစိသော	ငရဲလားစေသော
အဝိစိ	= အဝေစိ
လိစိ	= လေစေ
ငါပိ၏	= ငါပေး၏
ငါပိ၏	= ငါဝေ၏
ရိမာနီသော	= ရေမှာနေသော
ကြိုင်မာနိသော	= ကုန်းမှာနေသော
မြကြိမသုံတရိ	= မြေကြီးမသုန်ရွေ့
ချိလှ်	= သည်လည်
ပြုပြင်	= ပြုပျင်
ချိပင်	= ချီးမြှင့်
သထိသုကြွ	= သူဌေးသူကြွေ
ဖြစ်စိသော	ဖြစ်စေသော
သိလိစိသော	= သေလေစေသော
ဉဒြိဇ်	= ဦးဏှိ
ထားမျိုဝ်ခွက်	= ဓါးမျိုးခုတ်
လုံမျိုဝ်စု	= လုံမျိုးစုး

အထက်ဖော်ပြပါ ကျောက်စာနှင့် ရခိုင်မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဉီးသာ ထွန်းရေးသားခဲ့သော 'ရှေးဟောင်းရခိုင် ကျောက်စာများ' စာအုပ် စာမျက်နှာ (၂၁) တွင် ရေးသား ဖော်ပြထားသော ခြင်းကို အမြင့်တောင်ဘုရား ကျောက်စာ နှင့် ဆက်နွယ်နိုင်မည်လားဟု ခန့်မှန်းမိ ပါသည်။ အရေးအသားများ တချို့တူညီ နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ခြင်းကိုက်အမြင့်တောင်ကျောက်စာတွင် သက္ကရာဇ် ၈၉၁ ခုဟု ဖော်ပြပါရှိသည် ကို တွေ့ရှိရပါသည်။

အနန္တောအနန္တငါးပါးကို ထာဝရ
ဦးထိပ်ပန်ဆင်ကန်တော့လျက်

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

www.burmeseclassic.com

www.burmeseclassic.com

သန့်ဇင်

လရောင်မြူးတဲ့ယ
ဂမ္ဘီရဆန်သော

လဆန်း ၆ ရက် လတစ်ခြမ်းကွေးလေးသည် အနောက်မယွန်းတယွန်းမှ ငွေရောင်အလင်းတန်းများအားဖြာချပေးနေသည်။ ချပ်ရိုးကြားကုန်းစောင်းမှ ဒဟတ်ပန်းဖြူဖြူတို့က သင်းရနံ့များလွှင့်ထုတ်လျက်။ မိုးမရွာသည်မှာ သုံးရက်ခန့် ရှိပြီဖြစ်၍ ချပ်ကြားသည် ခြောက်သွေ့၍နေပါသည်။ မိုးရွာလျှင် ရေစီးပြီး မိုးတိတ်သွားလျှင် ရေပျောက်သွားသော ချပ်ကြားမှသဲကုန်းမို့မို့သည် မြေစာမြက်ချို့တို့ ရွှက်နုတက်၍ စိုစိုလေးပေါက်နေကြသည်။

တင်ထွန်းသည် လွယ်အိတ်အား စလွယ်သိုင်းလွယ်ထားပါသည်။ လွယ်အိတ်ထဲမှာက တုတ်မီးသုံးတောင့်ထိုး၊ ဘတ်ခွန့် လောက်စလုံးများ၊ ခါးကြားမှာ တောခုတ်ဓားအား တစောင်းထိုးထားပြီး လက်မှာတော့ မှိန်းကိုကိုင်ထားသည်။ သူသည် ချပ်ကြားကုန်းစောင်းမှာပေါက်နေသော ရှားပင်ကြီးအောက် နဘူးချိုဘေးကပ်လျက်ထိုင်ပြီး လရောင်ဖြာကျနေသောချပ်ကြားမှ သဲကုန်းမို့မို့အား စူးစိုက်ကြည့်နေသည်။ ထိုနေရာမှာ ချပ်ကြားဆိုသော်လည်း ဝါးနှစ်ရိုက်ခန့်ကျယ်ပြီး ကမ်းပါးကုန်းစောင်းတွင် နဘူးချို၊ ဘိန်းနွေ့ချို၊ ဒဟတ်ချို့များဖြင့် ရှုပ်ထွေးလျက်ရှိသည်။

လရောင်သည် သဲကုန်းမို့မို့အား လင်းလက်စွာဖြာကျနေသဖြင့် သူဝိရိယကြီးစွာစောင့်နေခြင်းဖြစ်သည်။ သူထင်သည့်အတိုင်းပင် မကြာမီတွင် ကုန်းစောင်းနဘူးချို့ထဲမှ ယုန်ညိုနှစ်ကောင်သည် ပြေးထွက်လာပါတော့သည်။ ယုန်နှစ်ကောင်သည် သဲကုန်မို့မှ မြေစာမြက်ညွှန့်မြက်ချို့ညွှန့်များအားစားလိုက်၊ ဘေးပတ်ဝန်းကျင်အားကြည့်လိုက်ဖြင့် ရှိနေကြသည်။ တစ်အောင့်ကြာ၍ စားပြီးသွားသောအခါ ဖြာကျနေသောလရောင်အား ယုန်နှစ်ကောင်က မော့ကြည့်လိုက်သည်။ လရောင်သည် ယုန်နှစ်ကောင်အား မြူဆွယ်နေလေပြီတည်း။ ယုန်နှစ်ကောင်သည် ဖြူဖွေးလင်းလက်နေသောလရောင်အားတွေ့ပြီးမော့ကြည့်နေသည်။ ထို့နောက် ထခုန်လိုက်ကြသည်။ ဝိုင်းကြီးပတ်ပတ်ဒူဝေ
သကဲ့သို့ သဲကုန်းမို့မို့အား ဝိုင်
ပြေးကြသည်။ ထို့နောက် ခုန်
ဖြင့်ကကြပါတော့သည်။ ယု
လရောင်အောက်မှာ မြူးနေ
တည်း။ တင်ထွန်းကြည့်ကောင်
ဖြင့်ကြည့်ရင်း ပြုံးမိသည်။

အင်း - ဒီယုန်တွေ လ
နိုက်ကလပ်က ဒစ္စကိုလိုက်
နေလားမသိဘူး။ ဒန့်ဆွဲနေကြ
လည်း စိတ်ထဲမှပြောမိသည်။
ယုန်သတ္တဝါသည် မီးရောင်ကို

www.burmeseclassic.com

www.burmeseclassic.com

ကျသည်။ လရောင်ဖွေးဖွေးမြင်လျှင် မြူးတတ်သည့်သဘောရှိသည်။ ထိုနှစ်ကောင်သည် အထီးအမစုံတွဲဖြစ်သည်။

အင်း - ဒီယုန်နှစ်ကောင် အင်္ဂလိပ်အထီးအမတွေ ငြိဒီယိုထဲကလို ရင်ချင်းအပ်ပြီးက,နေရင်ကောင်းမှာ၊ ဒါမှ ငါ့မိုန်းက နှစ်ကောင်လုံးထုတ်ချင်းပေါက်သွားမှာ'

ယခုတော့ ယုန်နှစ်ကောင်သည် တင်ထွန်းတွေးသလို ရင်ချင်းအပ်၍မတ်မဆွဲပါ။ နှစ်ကောင်သား ခုန်ပေါက်နေကြ၍ ယုန်ညိုအထီးကြီးကိုပဲ မိုန်းနှင့်ထိုးဖို့ပြင်လိုက်သည်။ သူပုန်းနေသော နဘူးချုံနှင့် သဲကုန်းမို့မို့သည် ဆယ်ပေခန့်သာကွာဝေးသဖြင့် မိုန်းဖြင့်လှမ်းထိုးလျှင် ကောင်းကောင်းမီသည်။ တင်ထွန်းသူလက်ကိုသူယုံသည်။ တစ်ကောင်ကိုထိုးလျှင် တစ်ကောင်က ချဲ့ထဲပြေးမှာသေချာသည်။ ဘတ်ခွဖြင့်လိုက်ပစ်လျှင်လည်းမီမှာမဟုတ်။ ဒီတော့ ယုန်ထီးကိုသေချာအောင်ပစ်ရတော့မည်။ နဘူးချုံအကွယ်မှ အသဲမကြားအောင်ထွက်ပြီး အသာရပ်လိုက်၏။ ညာလက်မှ အသွားချွန်မြနေသောမိုန်းအား အသာဆလိုက်ပြီး ယုန်ထီးကြီးအား ချိန်လိုက်သည်။ ယုန်နှစ်ကောင်ကတော့ နိုက်ကလပ်ထ

www.burmeseclassic.com

www.burmeseclassic.com

မှာ စိတ်ကြဆေးသောက်၍ လောက
ကြီးအားမေ့ပြီး စိတ်လွတ်ကိုယ်လွတ်က,
နေသောမိန်းကလေးတွေကဲ့သို့ ပတ်ဝန်း
ကျင်အား သတိမထားကြတော့ပါ။

"ဦး. . . ဒုတ်"

"ဖရူး. . . ဖတ်. . ဖတ်. . ဖတ်"

ယုန်ထီးကြီးမှာ မှိန်းတန်းလန်းကြီး
စိုက်ဝင်နေပြီး တုတ်တုတ်မလှုပ်တော့။
ယုန်မလေးကတော့ ချပ်ရိုးစောင်း၍
ဒဟတ်ချုံထဲသို့ ပြေးဝင်သွားပါတော့
သည်။ ညဘက်ကလည်းဖြစ်ပြန်၊ ခွေး
ကလည်းပါမလာ၍ ဒီယုန်မက်ကောင်း
သွားခြင်း ဖြစ်သည်။ တင်ထွန်း မှိန်းကို
ဆွဲနုတ်၍ ယုန်ထီးကြီးအား နားရွက်
နှစ်ဖက်မှဆွဲမ,ကာ ဆကြည့်လိုက်သည်။

'အင်း-အနည်းဆုံးနှစ်ပိသာတော့
ရှိမယ်ထင်တယ်။ ရောင်းမနေတော့ဘူး။
အသားမစားရတာကြာပြီ။ တစ်နေ့တစ်
နေ့ ဘိလပ်ချဉ်ပေါင်ရွက်၊ ပဲပြုတ်၊ ငရုတ်
သီးစိမ်းထောင်းနဲ့ နှစ်ပါးသွားနေရတာ၊
တစ်ခါတလေ တောကောင်လေးရတုန်း
အူစိုပါရစေတော့။ဟင်းတစ်ခွက်လောက်
ဖယ်ထားပြီး ကိုလေးကုလားနဲ့ ကိုကြီး
ဌေးတို့ကို ချက်အရက်နှစ်လုံး လောက်
ဝယ်ခိုင်းပြီးမြည်းရမယ်။ ယုန်သားဆီ
ပြန်နဲ့ ချက်အရက်လိုက်ပဲ!'

သူဟာသူ တစ်ယောက်တည်း
ပြောပြီး ယုန်နားရွက်ကိုပူးချည်၍ မှိန်း
ထိပ်မှာချိတ်ကာ မှိန်းကိုထမ်းပြီး ရွာဘက်
သို့ထွက်လာခဲ့တော့သည်။ ရှားပင်ကြီး
ပေါ်မှ ဇီးကွက်တစ်ကောင်က တင်ထွန်း
အား တကွစ်ကွစ်အသံပေးရင်း ခိုးကျူး
ထောမနာပြု၍နေလျက်။ လကွေးသည်
အနောက်အရပ်သို့ အတော်ပင်စောင်း
နေချေပြီ။

ဒဟတ်ပန်းဖြူဖြူကလေးများက
လေအသင့်မှာမွှေးပျံ့လျက်။

❑

ဆွမ်းခံပြန်ချိန်ကို ရောက်တော့
တင်ထွန်း ထန်းပင်ရှိသမျှအကုန်တက်ပြီး
သွားပြီ။ သက်ကယ်ခြံလမ်းဆုံရှိ ထန်း
ရည်တဲထန်းတောသည် ထန်းပင်ဆယ်
ပင်ခန့်ရှိသည်။ ထန်းတောရှင်က ထန်း
ရည်ကို ထန်းလျက်မချက်။ ပတ်ဝန်းကျင်
ရွာများမှာ ထန်းရည်သမားများသည်။
သည်တော့ ထန်းတက်သမား တင်ထွန်း
အား နေ့တွက်တစ်နေ့နှစ်ထောင်ပေး၍
ထန်းပင်တက်စေသည်။ တင်ထွန်းက
လည်း သူသောက်ဖို့ထန်းရည်ကလည်းရ၊
နေ့တွက်လည်းရတော့ ကြိုးစားပြီး
တက်ပေး၏။ ထန်းရည်ရောင်းသည့်
ကိုသာမောင်သည် တည်ပင်မှအခေါက်
များအား သံဆုံထဲတွင်ထုထောင်းနေ
သည်။ သူမိန်းမက တည်ခေါက်အမှုန့်
များအား ထန်းရည်မြူအိုးများအတွင်း
နည်းနည်းချင်းထည့်နေ၏။

ထန်းရည်ထဲတည်ခေါက်မထည့်
လျှင် ထန်းရည်သည် အချဉ်ပေါက်မြန်
သည်။ သောက်သူများ ဝမ်းပျက်ဝမ်း
လျှောဖြစ်တတ်သည်။

"တင်ထွန်းရေ၊ တောထဲသွားတုန်း
တည်ပင်တွေ့ရင် အခေါက်ခွာခဲ့ပါဦး။ ငါ့
မှာ တည်ခေါက်ကုန်ခါနီးပြီ"

"အင်းပါ။ ကျုပ်တွေ့ရင်ခွာခဲ့ပါ့
မယ်။ ဆေးဖိုးကွမ်းဖိုးလေးတော့ပေးပေါ့
ဗျာ"

"နင်ကလည်းဟယ် တစ်စီးပွား
တည်းပဲဟာကို ပိုက်ဆံတောင်းနေရသေး
တယ်"

ကိုသာမောင့်မိန်းမက လှမ်းပြော
လိုက်သည်။

"ကျုပ်ခွာလို့ရတဲ့တည်ခေါက်တွေ
ကို စိုင်ပြင်စွေးထဲသွားရောင်းရင် ပိုက်ဆံ
ရတယ်နော်"

ကိုသာမောင့်မိန်းမက မျက်စောင်း
လှမ်းထိုးသည်။

သူတို့လိုတောသူတောင်သားဆို
သည်မှာ တောထဲမှသစ်ဖုသစ်မြစ်၊တော
အသီးအနှံများအား စိုင်ပြင်လိုစွေးမှာ
သွားရောက် ရောင်းချပြီး အိမ်အတွက်
လိုအပ်သည့် ဆန်၊ ငရုတ်သီး၊ ကြက်သွန်၊
ငါးပိ၊ ဆားပြားလေးများဝယ်ရသည်
မဟုတ်ပါလား။

တင်ထွန်းမိန်းမ ဂေါက်သီးမသည်
လည်း အိမ်မှာအငြိမ်နေရသည်မဟုတ်။
တောင်သူကြီးတွေအိမ်ကအလုပ်ရှိလျှင်
နံနက်စောစောသွားရသည်။ နံနက်စာ
အဆာပြေကျွေး၊ တစ်မနက်တစ်ထောင်၊
မွန်းတည့်ခါနီး အလုပ်သိမ်းရသည်။
ပေါင်းနုတ်၊ ပေါင်းရှုပ် ဟာဟီရအကုန်လုပ်
ရသည်။ အလုပ်မရှိသည့်နေ့ တောထဲ
ထွက်ပြီး မှိုနုတ်မျှစ်ချိုးဟင်းရွက်ခူးရ
သည်။

တစ်နေ့တာအလုပ်များပြီးကြလျှင်
တောင်သူကြီးဦးသန်းအောင်အိမ်မှာစုပြီး
တီဗွီကြည့်၊ ရေနွေးကြမ်းသောက်ရင်း
ထွေရာလေးပါးစကားပြောကြသည်မှာ
တောခလေ့ဖြစ်သည်။တောင်သူကြီးအိမ်
ဆိုတော့ ရေနွေးကြမ်းအခါးရည်လေး၊
လက်ဖက်ချင်းလေးဆီနိုင်နိုင်ဖြင့်တည်
ခင်းနိုင်သည်။ မိုးလေဝသသတင်း၊ နိုင်ငံ
ရေးပါတီများသတင်း၊ ပဲစေ့း၊ နှမ်းစေ့း
ရောက်တတ်ရာရာပြောကြ၏။ ဦးသန်း
အောင်၏သားအကြီး မောင်ထွန်းက -

"ကိုတင်ထွန်းကြီး၊ ခင်ဗျ
သတင်းတစ်ခုပေးမယ်။ ဟင်းစား
ကျုပ်တို့တစ်ခွက်စာပေးမှာလား"

"မောင်ထွန်းရာ၊ ငါတော
အကောင်ပလောင်လေးရလာရင်
တို့အိမ်အတွက် ဟင်းတစ်ခွက်
တာပဲမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ဒီလိုဗျ
ယာခင်းပဲစဉ်းငုံခင်းကိုသိတယ်
လား"

"ဘာလဲ၊ ကျွန်းသုံးပင်ယာ
တာမဟုတ်လား"

မောင်ထွန်းတို့အဘိုးမုဆိုး
ခဲ့သည့် စည်းရိုးစပ်က ကျွန်းပင်
ပင်ပေါက်နေသည့်ယာကိုခေါ်ကြ
သည်။ သခွပ်ပင်ယာ၊ ဖျောက်ဆိ
ရှားပင်ကုန်းစသည်ဖြင့် သစ်ပင်မှ
အမှတ်အသားလုပ်၍ သူတို့အသ
က ယာခင်းများအားခေါ်လေ့ရှိ

"ကျုပ်ယာခင်းစည်းရိုးအစပ်
ပုတက်တွင်းတွေအများကြီးတွေ့တ
"မောင်ထွန်းရာ ကြည့်လုပ်
မြွေပွေးတွင်းနဲ့များနေပါဦးမယ်
"ခင်ဗျားကလည်း
ပုတက်တွင်းက အသိသာကြီးပ
ဖြစ် ကျုပ်ထယ်ထိုးနေတုန်း ခင်ဗျ
ခဲ့။ ရရင် တစ်ခွက်ထောင်းစာ
တော့ပေးရမယ်နော်"

"မင်း ငါ့ကိုကူလေ၊ ပေး

❑

မိုးကာလဆိုသော်လည်း
လျှင် အညာနွေသည့်စွေ့စွေ့ပြ
ခဲပြန်ခိုချိန်လွန်လာခဲ့ပြီဖြစ်သည်
သည်ထက်ပြင်းလာ၏။ နွားများ
ကြွေသည်။ မောင်ထွန်း သူနွားများ
ထယ်ရေးမှဖြတ်၍ ထန်းပင်အော
ချည်ထားလိုက်သည်။ မြေအ
ကြောင့် ထယ်ရေးငင်ထားသော
သည် နီစွေးစွေးအရောင်ပေါ်
ထယ်စောင်းများအလျားလိုက်ခွဲ
ထနေကြသည်။ မနက်ဖြန် ငါး
နှင့်ကိုင်လိုက်လျှင် မြေပဲကြ
သည်။

ခပ်ဝေးဝေးဆီမှ လာ
တင်ထွန်းကိုမြင်ရသည်။ အ
သော ခွေးကလေးနီတွတ်သည်
မှာ အစာကောက်နေသော ခ
တို့အား လိုက်ခြောက်နေသည်

"ခင်ဗျားကနောက်ကျ
ဗျာ၊ ကျုပ်နွားနေမောနေပြီ
သိမ်းတော့မလို့"

"ငါလည်းထန်းတက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

မလို့ပါကွာ။ မင်းဦးလေး ကိုလေးကုလား ထန်းတောထဲလာရစ်နေလို့ ကြာသွားတာ"

"ကိုလေးကုလား ဘာလာလုပ်တာလဲ"

"ထုံးစံအတိုင်းပေါ့ကွာ၊ ထန်းရည်သောက်ချင်လို့တဲ့။ ကောင်းကောင်းမသောက်ဘူး၊ သူ့ကိုထန်းရည်မတိုက်ရင် ထန်းပင်ပေါ် ကမြူအိုးတွေ လေးခွနဲ့ပစ်မယ်လုပ်နေလို့ ငါချော့မော့ပြီးထန်းရည်ထဲမှာ တစ်မြူတိုက်ပြီးထားခဲ့ရတယ်"

မောင်ထွန်းက တင်ထွန်းအား ယာမြောက်ဘက်စည်းရိုးစပ်နားခေါ်သွားသည်။ ထိုနေရာသည် သန်း၊ ဒဟတ်၊ သိန်းနွဲ့၊ နဘူးချဲ့များနှင့် ရှုပ်ထွေးနေသော နေရာဖြစ်သည်။ သူတို့အညာဒေသတလင်၊ စိုင်ပြင်၊ ဒီပဲရင်းဒေသသည် အောက်ပြည်အောက်ရွာကဲ့သို့ လယ်ဘင်းများ တစ်ဆက်တစ်စပ်တည်းရှိမနေ။ ယာခင်းများက ဟိုသည်တစ်ကွက်၊ အိမ်ခြံတောဟုခေါ်သော ရွာ၊ ထနောင်း၊ သနပ်ခါးရိုင်း၊ သန်း၊ ဒဟတ်ပင်များနှင့် ချဉ်များရောထွေးပေါက်နေသော ကုန်းဆင်း၊ လျှိုကြား တောအုပ်လေးများက ဆင်ကွက်စီဖြင့် ပြန့်ကျဲလျက်ရှိသည်။ ဘုထပ်သော်ငါးပင်များကလည်း ရှည်မတ်ပင်၊ ခဲပင်များနှင့်ရောထွေးလျက်။ အိမ်ခြံတောများသည် သုံး၊ လေးမျှကျယ်သည်။ အိမ်ခြံတောဟုခေါ်ခြင်းမှာ ထိုတောပိုင်ရှင်ရှိ၍ဖြစ်သည်။ ဆက်နေသောသစ်ပင်များအား ထင်း၍သွားခုတ်ခြင်းမပြုရပါ။ ရှေးဒမာများက အမြော်မြင်ကြီးစွာဖြင့် အိမ်အတွက်အသုံးတည့်အောင် ကျွန်း၊ ပျဉ်း၊ ပျဉ်းမပင်ကြီးများစိုက်ခဲ့ကြသေး၏။ အနှစ်သုံး၊လေးဆယ်ကြာသောအခါ သားသမီးမြေးများက အိမ်ထောင်ရှိ၍ အိမ်ခွဲနေသောအခါ အိမ်ဆောက်ရန်ဟူဆိုပြီးစိုက်ခဲ့ခြင်းဖြစ်သည်။ ထိုတောအုပ်လေးများရှိသဖြင့် သမင်၊ တောကြောင်၊ တောခွေး၊ ဖွတ်၊ ယုန်၊ ပွေး စသည့် တောကောင်များက ခိုအောင်းနေကြသည်။ လူပျိုသည့် ပြောင်းခင်း၊ ပဲခင်းများထိုသတ္တဝါများ၏ အစာဖြစ်ပါ၏။ လူတို့ကလည်း အကောင်ပတောဟင်းစာလိုချင်လာလျှင် ထိုတောင်လေးများအား ရှာဖွေဖမ်း၏။ သဘာဝဂေဟစနစ်ဆိုသည်အရာကိုခေါ်ခြင်း ဖြစ်သည်။

တချုတ်ပြည်က မြွေပွေး၊ မြွေလိုချင်၍ စေးကောင်းပေးဝယ်အခါ မြန်မာပြည်မြေလတ်ဒေသမှ မုဆိုးများနှင့် တောသူတောင်သားတို့ မြွေကို အငမ်းမရဖမ်းကြပြီး တရုတ်ပြည်သို့ပို့ကြသောအခါ မြွေတွေရှားသွား၏။ ထိုအခါ ကြွက်အုပ်ကြီးတွေ များပြားလာပါတော့သည်။ ကြွက်တွေ နှင်ပဲဆတိုးပွားမလာအောင်ထိန်းထားသည်က မြွေ၊ သိမ်း၊ စွန့်ငှက်များနှင့် ဇီးကွက်များကြောင့်ဖြစ်သည်။ ဒါက သဘာဝတရားကြီး၏ ထိန်းညှိချက်ချိန်ခွင်လျှာဖြစ်ပါသည်။ အညာဒေသမှာကတော့ စိုက်ခင်းတွေထဲ ကြွက်ကျသည်မှာ မရှိလှပါ။

"ကိုတင်ထွန်း၊ ဒီမှာလေဗျာ ပုတတ်တွင်းတွေ"

ယာစည်းရိုးစောင့်၌ မြောက်ဘက်ကိုဦးတည်နေသောတွင်းလေးများကို တွေ့ရသည်။

"မင်းဟာက မပွေးတွင်းတွေဖြစ်နေပါဦးမယ် မောင်ထွန်းရာ"

"ခင်ဗျားကလည်း မုဆိုးလုပ်ပြီး ပုတတ်တွင်းနဲ့မွေတွင်းမခွဲခြားတတ်ဘူးလား"

"ခွဲတတ်ပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ်သတိထားရတာပေါ့"

မွေတွင်းဝသည် ဝိုင်းဝိုင်းလေးဖြစ်၍ ပုတတ်တွင်းဝဖုသည် ရှည်မျောမျောဖြစ်ပြီး တွင်းဝတွင် ကျစ်စာခဲများစုပုံနေတတ်၏။ ပြီးတော့ များသောအားဖြင့် မြောက်ဘက်သို့မျက်နှာလှည့်ထားတတ်ကြသည်။ မိုးလေကျလာလျှင် တောင်၊ အနောက်တောင်က လေတိုက်ပြီး မိုးရွာသောကြောင့် ပုတတ်လေးများက သူတို့တွင်းဝအား မြောက်သို့ဦးတည်ပြီး ရေများလာလျှင် ရေမဝင်နိုင်ရန် ကျစ်စာခဲများဖြင့်ကာထားခြင်းဖြစ်သည်။

"ငါတူးမယ်၊ မင်းကအရှေ့တောင်ယွန်းယွန်းမှာထိုင်စောင့်။ ကယ်ပေါက်က ထွက်လာရင် နွားရိုက်တံနဲ့ရိုက်ထည့်လိုက်။ နီတွတ်၊ မင်းက အနောက်ချုံစပ်ကထိုင်စောင့် ကြားလား ငါ့သား"

သူ့ခွေးလေးနီတွတ်အား ချုံစပ်မှာထိုင်စောင့်ဖို့ ခေါင်းပုတ်ပြီးမှာနေသည်။ ခွေးလေးက သခင့်စကားကိုသိသည်ဆိုပြီး အမြီးနန့်၍ အချက်ပြသည်။

တင်ထွန်း ပုတတ်တွင်းအား တူးရွင်းငန်းပြားဖြင့်စတူးသည်။ တွင်းဝတစ်လျှောက်သဲစပ်စပ်မှာ ပုတတ်ခြေရာလေးများတွေ့ရသဖြင့် ပုတတ်ရှိမှာသေချာသည်။ပုတတ်သည် ပုတ်သင်ညှိကဲ့သို့အကောင်မျိုးဖြစ်ပြီး အရောင်မှာ နီကြောင်ကျားဖြစ်သည်။ ဟင်းချက်စား၍မကောင်း၊ မီးကင်ပြီးထောင်း၍ ကြက်သွန်ဖြူ၊ ငရုတ်သီးဆီသတ်ပြီး ကြော်စားရသည်။ ချိုစိမ့်၍ အလွန်စားကောင်းသည်။ ယာစည်းရိုးအစပ် မြောက်ဘက်စောင်းတွင် ပုတတ်တွင်းလေးများက အစီအရီရှိနေကြသည်။ ထိုစည်းရိုးသည် ဖြတ်သွားဖြတ်လာသိပ်မရှိကြ။ အရှေ့ရွာဘက်မှ ကျောက်မဲတောရွာကိုဖြတ်ပြီး လက်ပံအရှေ့၊ လက်ပံတောင်ရွာသို့ လည်းကောင်း၊ မုံရွာ၊ ရေဦး၊ တန့်ဆည်ကားလမ်းမကြီးသို့ဆင်းလိုသော ရွာသားများက မောင်ထွန်းယာခင်းတောင်ဘက်ကျွန်းပင်ကြီးများအောက်မှသာသွားကြသည်။

တင်ထွန်းက ပုတတ်တွင်းအား တူးရွင်း၊ ငန်းပြားဖြင့်စတူးသည်။ တူးသံတဒုတ်ဒုတ်ကြောင့် မောင်ထွန်းထိုင်နေသည့်ယာခင်းစပ်မြေကြီးသည် မို့များပွင့်သကဲ့သို့ စု၍တက်လာသည်။ ဆောင့်ကြောင့်ထိုင်ရင်း ဆေးပေါ့လိပ်ဖွာနေသော မောင်ထွန်းက ခွေးဟောင်သံကြောင့် အမှတ်တမဲ့ မြေကြီးအားငဲ့ကြည့်လိုက်သည်။

"ဟာ- ကိုတင်ထွန်း၊ ကယ်ပေါက်က ကျူပ်ထိုင်နေတဲ့အောက်မှာဗျ။ ဒီကောင်တိုးထွက်လာပြီ"

"ထွက်လာရင်လိုက်ဖမ်း"

တင်ထွန်း အော်ပြောနေရင်းက ပုတတ်သည် ကယ်ပေါက်မြေကြီးအား ထိုးခွဲ၍ ယာခင်းထဲသို့ ထွက်ပြေးပါတော့သည်။

သို့သော် ပုတတ်လေးခမျာ ဝေးဝေးမပြေးနိုင်ပါ။ယာခင်းမြေသည် ထယ်ထိုးထားသောကြောင့် အကွဲကြောင်းများဖြင့် အစိုင်အခဲတွေဖြစ်နေသောကြောင့် ချိုင့်ခွက်များထူပြောသောကားလမ်း၌ အိမ်စီးကားငယ်လေးမောင်းသကဲ့သို့ ဖြည်းလေးစွာဖြစ်နေ၏။

ပုတတ်ငယ်သည် မညီမညာသဲပြင်မှာ ခြေကားရားလက်ကားရားပြေးနေရ၍ တရွတ်ဆွဲနေသည်။ ထိုသို့ပြေးရင်းဖြင့် ပုတတ်မှာ ရုတ်တရက်ရပ်သွားသည်။ ပြေးရင်း မေ့ပြီး ပုတတ်မှာ ရပ်နေခြင်း ဖြစ်သည်။ ပုတတ်မှာ မေ့တတ်သောသတ္တဝါ ဖြစ်သည်။

"ပုတ် ပုတ် ပုတ် ပုတ်"

ခွေးကလေး နီတွတ်က ဟောင်ရင်းပြေးလာပြီး လက်နှင့်ပုတ်ချလိုက်သောအခါ ပုတတ်မှာပက်လက်လန်ရင်း ကီစွမ်းသွားပါတော့သည်။

"မောင်ထွန်းရာ၊ ငါ့ခွေးကမှ အားကိုးရသေးတယ်"

"တော်ပါပြီ ကိုတင်ထွန်းရယ်၊ ကျူပ်ဟာကျူပ် ကန်သင်းစပ်မှာ ဆေးလိပ်ထိုင်သောက်ပါတော့မယ်။ ခင်ဗျားဟာခင်ဗျားတူးတော့"

www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်သွားသော မောင်ထွန်းအားကြည့်ပြီး ကိုတင်ထွန်း တဟားဟားရယ်ရင်း ပုတက်တွင်းများအား ဆက်တူနေသည်။ မောင်ထွန်း ဆေးပေါ်လိပ်ဖွာရင်း ကိုတင်ထွန်း ပုတက်တူးသည်ကို ငေးကြည့်နေစဉ် ထိုင်နေသည့်အောက်မှာ ရွှံစိရွှံစိဖြစ်လာ၏။ သူကိုတစ်ခုခုကလာထိုးနေခြင်း ဖြစ်သည်။ တဖြည်းဖြည်းအရှိန်ပြင်းလာသောအခါ -

"ကိုတင်ထွန်း၊ ကျွပ်အောက်မှာ ဘာကောင်လာထိုးနေလဲမသိဘူးဗျ"

ကိုတင်ထွန်းလှမ်းကြည့်လိုက်တော့ မောင်ထွန်းထိုင်နေသည့်အောက်မှာ မြေကြီးတွေပွထလာသည်ကို တွေ့လိုက်ရသည်။

"ဟေ့ကောင် မောင်ထွန်း၊ မင်းပုဆိုးကိုချွတ်ပြီးအုပ်ထားလိုက်၊ မြန်မြန်လုပ်"

မောင်ထွန်းလည်း ကိုတင်ထွန်းအော်ပြောသဖြင့် မတ်တတ်ရပ်ပြီး ပုဆိုးချွတ်ချလိုက်သည်။ သူ့ပုဆိုး မြေကြီးပေါ်သို့ပုံကျသွားသောအခါမှာတော့ မြေကြီးထဲမှတိုးထွက်လာသောပုတက်မှာ ပုဆိုးနှင့်လုံးထွေးရှိနေပါတော့သည်။ခွေးလေးနှိတွက်ကပြေးလာပြီး ပုဆိုးရော ပုတက်ပါ ထိုးဟပ်လိုက်သည်။

"ဟဲ့ခွေး ဟဲ့ခွေး - သွားပါပြီ ငါ့ပုဆိုး"

ပုဆိုးနှင့်လုံးထွေးနေသောပုတက်သေသွားမှ နီတွတ်က ကိုက်ထားရာမှလွှတ်ချလိုက်သည်။ ပုတက်သေနှင့်အတူ မောင်ထွန်းပုဆိုးကတော့ ခွေးသွားစွယ်ကြောင့် စုတ်ပြဲသွားရ၏။

"ကိုတင်ထွန်းရာ၊ ပုတက်ထောင်းစားရဖို့အရေး ကျွပ်ပုဆိုးတစ်ထည်ဆုံးပါပြီ။ ဒီမှာကြည့်ပါဦး"

"ဟား ဟား ဟား မောင်ထွန်းရယ်၊ မင်းက မြို့သားလိုလို၊ တောသားလိုလို စပ်ကြားဖြစ်နေတော့ မင်းအဖြစ်ကပုံမကျပါဘူးကွာ။ မင်းဟာမင်း နွားတွေကိုသိမ်းပြီးပြန်ပါ။ ငါ ဒီမှာနောက်ထပ်တစ်ကောင်နှစ်ကောင်လောက်ရပြီးရင် မင်းအိမ်ကိုလိုက်လာခဲ့ပါ့မယ်"

အတွင်းခံဘောင်းဘီတိုလေးနှင့် ရှဲ့မဲ့နေသော မောင်ထွန်းအားကြည့်ပြီး ကိုတင်ထွန်းမှာ မရယ်စဲမနေနိုင်တော့ပါ။ ပုဆိုးစုတ်ကိုပြန်ဝတ်ပြီး နွားများသိမ်း၍ ပြန်သွားသောမောင်ထွန်းအားကြည့်၍ ကိုတင်ထွန်းမှာ ဟားတိုက်ပြီး ကျန်ရစ်ခဲ့ပါသည်။

❑

ထန်းပင်မှထန်းရည်ကျသည့်ရာသီကုန်ပြီ။ ထန်းတောမှ ကိုသာမောင်သည်ပင်လျှင် စိုင်ပြင်စွေးထဲသွားပြီး မုန့်လုပ်ထန်းလျက်များအား တင်းတောင်းနှင့်ချိ၍ဝယ်ပြီး လှည်းနှင့်တိုက်လာ၏။ တောတွင်းမှ သူ၏ဆိုင်လေးကိုအားပေးနေကြသော သောက်သုံးသူများအား မိတ်မပျက်စေရန် ထန်းရည်မရသောအခါ ထန်းလျက်အရက်ချက်ရောင်းပါသည်။ ထိုအခါ တင်ထွန်းလည်း အလုပ်ပြုတ်လေပြီတည်း။

မောင်ထွန်းတို့ခြံဝိုင်းထဲ တမာပင်ကြီးအောက်တွင် မောင်ထွန်းတို့မိသားစုနှင့် ရွာထဲမှလူအချို့ ဝိုင်းဖွဲ့ပြီးစကားပြောနေကြသည်။ ညနေစောင်းပြီဖြစ်၍ ရွာသူအပျိုတစ်သိုက်သဲ့လည်း ကိုရီးယားကားကြည့်ရန် မောင်ထွန်းတို့အိမ်သို့ စုလာကြသည်။ မောင်ထွန်းအဖေဦးသန်းအောင်သည် တောင်သူကြီးဖြစ်၍ ယာခင်းဧကပေါင်းများစွာပိုင်သဖြင့် ရွာအနေဖြင့် မွားစွာချမ်းသာသူဟုဆိုနိုင်ပါသည်။ အိမ်မှာ တီဗွီ၊ အောက်စက်ရှိသည်။ မီးစက်ရှိသည်။ ဆိုလာပြားဖြင့် ဘက်ထရီကိုအားသွင်းထားနိုင်၏။ အဝိစိတွင်းပါတူးထား၍ အိမ်ခြေအနည်းငယ်သာရှိသော သူတို့ရွာလေးအတွက် အပန်းဖြေရာ သတင်းစုံရာ၊ သောက်ရေသုံးရေအတွက် မှီခိုရာဖြစ်ပါသည်။

တင်ထွန်းသည် တမာပင်ကြီးအားမှီ၍ မျောက်မှိုင်မှိုင်နေပါသည်။

"ကိုတင်ထွန်း၊ ဘာဖြစ်တာလဲ။ ဘာလဲ မသောက်ရသေးလို့လား"

"မဟုတ်ပါဘူးကွာ၊ ထန်းရည်က မထွက်တော့ ငါထန်းပင်မတက်ရတော့ဘူးလေ။ အလုပ်မရှိတော့ ငါ့မိန်းမ ဂေါက်သီးမက နေ့တိုင်းပွစိပွစိနဲ့ပူဆူနေတာပဲ။ စိတ်ညစ်တယ်ကွာ"

"မင်းအလုပ်မရှိရင် မနက်ပိုင်း မောင်ထွန်းနဲ့ တောထဲလိုက်သွားပါလား။ ငါ တစ်နေ့ကို တစ်ထောင်ပေးမယ်။ ငါ့သားကို ပိုင်းကူကွာ လုပ်မလား"

"ဦးသန်းအောင်ရယ်၊ ကျွပ်ကို နှစ်ရာလောက်တော့ တိုးပေးပါဗျာ။ ဂေါက်သီးမက မနက်ဆို ခင်ဗျားဆီမှာ ပိုက်ဆံတစ်ထောင်လာတောင်းသွားရင် ကျွပ်ဘာနဲ့သွားသောက်မလဲ"

ဦးသန်းအောင်သည် တင်ထွန်းအားကြည့်ပြီး စိတ်နည်းနည်းညစ်သွားသလို သနားလည်းသွားမိ၏။ ဤအရပ်ဒေသမှ တောသူတောင်သားများသည် ငွေတစ်ထောင်ဆိုလျှင် ညမနက်စာ ဆန်ဖိုး၊ ဆီဖိုးလေး လုံလောက်ကြပါသည်။ မိသားစုသုံးယောက်အတွက် သိပ်မပူရလှပါ။ပဲက အိမ်တိုင်းလိုလိုမှာရှိကြတောကန်စွန်း၊ တောချဉ်ပေါင်းယာခင်းတောစပ်မှာဆူးလို့ရသည်။ သီးစိမ်းပင်တွေက အိမ်တိုင်းလိုလိုသည်။ ပြီး မျှစ်နှင့်စားလို့ရသည့် အရွက်များက တောထဲမှာအနှံ့။ ဒီကြတောင်ထန်းဥကလေးများရလာတစ်ပြည်လေး၊ ငါးထောင်ရသေးမြို့တစ်ပိဿာသုံးထောင်၊ မျှစ်တစ်ခုနှစ်ရာစွေးရှိ၍ တစ်မနက်ခင်း ထွက်ပြီး မြို့နှတ်၊ မျှစ်ချိုးသော် ငါးငါးခြမ်းလေး၊ ခရမ်းချဉ်သီးနှင့် ခနိုင်ကြ၏။ ယာမရှိကိုင်းမရှိသည့်လူတွေသာ ဖားကန့်သွား၊ ရွှေတောနောက်ဆုံး အဆက်အသွယ်ရှိသူမလေးရှားထွက်သဖြင့် တောလည်း အလုပ်သမားကရှားလာ၍ ဤသို့ဖြင့် ကိုတင်ထွန်းသည် တောကြီးဦးသန်းအောင်၏အိမ်မှာ အလုပ်သမားဖြစ်လာသည်။ သူ့ဂေါက်သီးမက တောထဲမှစ်ခိုးလျှင် အိမ်မှာဝိုင်းလာကူပြီး ထမင်းဝိုင်းချက်၊ အဝတ်ကူလျှော်ပေးကစားသည့်ထဲကဟင်းတစ်ခွက်ထည့်လိုက်လျှင် သူတို့သားအမိသားယောက် စားသောက်ပါသည်။

❑

"ကိုတင်ထွန်း ခင်ဗျားလွှထဲကဘာတွေလဲဗျ"

"မင်းယာအနောက်စပ်မှာ တောင်ပို့တွေ့လား။ အဲဒီမှာ ဖွတ်တစ်ကောင်အောင်နေ

"ဖွတ်လို့မပြောစမ်းပါနဲ့ဗာ ကောင်လို့ခေါ် စမ်းပါ"

"မင်းတို့ကလည်း အယူပြန်ပြီ။ ဖွတ်သားဆီပြန်ဆိုရင် ဦးသန်းအောင်က သိပ်ကြိုက်

တောင်သူကြီးဦးသန်းအောဝက်သား၊ အမဲသားမစားဖေကောင်သားများဖြစ်သော ဖွတ် တောကြောင်တို့အား အလွန်လူငယ်မုဆိုးတွေကလည်း တောကြောင်များရလာလျှင် အောင်အိမ်သို့ လာရောင်းလာရောင်းတိုင်း၀ယ်၏။

"နေပါဦး၊ ငါဖွတ်ရလို့ စပ်စပ်လေးနဲ့ချက်ရင် မင်းကဘူးလား"

"ဟီး ဟီး-အဲလိုချက်ရင်မယ်"

တင်ထွန်းက မောင်ပြီး ယာအနောက်စပ်လှူထည့်

www.burmeseclassic.com

www.burmeseclassic.com

သည်။ တောင်ပို့သည် ဖွတ်လည်ပင်းရာများကြောင့် ပြောင်ချောချ နေပါသည်။

"တွေ့လား ဖွတ်တွင်းဝ၊ ဟိုဘက်က သစ်ငုတ်ဆွေးအုံထဲမှာ ပုရွက်ဆိတ်အုံကြီးရှိတယ်။ မင်းတို့ယာနားမှာ ခြံတောင်ပို့တွေများတယ်။ မင်းတောင်ယာခင်းခဲ့ရင်း ခြံတောင်ပို့ကိုဖြိုပြီး ထယ်နဲ့ထိုးတော့ ခြံသံခဲတွေရတယ်မဟုတ်လား။ ရန်ကုန်က မင်းယောက်ဖ စာရေးဆရာလာတုန်းကတောင် ခြံသံပေးလိုက်သေးတယ်လေ။ ဒီကောင်ကြီးက ဒီတောင်ပို့တွင်းထဲမှာလာအောင်းနေပြီး သူအတွက် ရိက္ခာတွေကောင်းကောင်းရသို့ နှပ်နေတာ"

တောင်ပို့တွင်းဝမှ သစ်ဆွေးအုံဘက်မြေပြင်တစ်လျှောက် ဖွတ်ခြေရာများကိုလည်းတွေ့ရပါသည်။ တင်ထွန်းသေးဖက်ထောက်ပြီး ဖွတ်တွင်းဝအား ကြည့်သည်။ သူနမ်းတော့ သူခွေးသေးနီတွတ်ကပါ လိုက်နမ်းသည်။ ခွေးသည် ဖွတ်နံ့ရသွား၍လားမသိ၊ ခြေစုံရပ်နောက်တွန့်၏။

"ဝုတ်"

"ဟဲ့ နီတွတ် ပါးစပ်ပိတ်နေ"

ခွေးသံကြောင့် ဖွတ်ထွက်မလာကိုစိုး၍ဖြစ်သည်။ သူတို့တောင်ပို့သုံးလှမ်းမှ ရှားပင်အောက်သို့ပြန်ကြသည်။

"ကိုတင်ထွန်း၊ ခင်ဗျားဘယ်လိုလာလဲ"

"အသာနေစမ်းပါ။ ငါ့မှာပစ္စည်းစုံသဲ့"

ထိုစဉ် ကိုလေးကုလားသည် ငိုက်စိုက်ဖြင့် သူတို့ရှိရာသို့လာနေပါ

"ဟေ့ကောင် တင်ထွန်း တပည့်ခင်း ဘာတွေလုပ်နေတာလဲ။ ဆရာသည်း ပြောပါဦး။ မင်းက အစ်ကို့အမှာအလုပ်ရသွားလို့ ငါ့ကိုကန်လာလား။ ဟေ့ကောင် ကျောက်မဲချောကမုဆိုးကြီးဦးဘရီအမွေပေးခဲ့သည်အစ်ကိုတွေ့အတူတူပါကွ။ ငါတောင်သူကြီးပါကွ။ ငါ့အစ်ကိုလို ဘာတွေရှိပါတယ်"

ဆောင်ထွန်းက ပြုံးစိစိဖြင့် ဦးလေးအား ကြည့်နေပါသည်။

"ဟူးတိုးတိုး - ကိုလေးကုလားလားတာလား။ ခင်ဗျားအသံဖွတ်ကကြောက်ပြီး တွင်းထဲကမှာမဟုတ်ဘူး။ ခင်ဗျားဘယ်ခံရလို့ မနက်ခင်းကြီးမှုးလာရ

"ဟေ့ကောင် တောင်သူကွ၊ မြေပဲရှိရင်၊ နှမ်းရှိရင် ပိုက်ဆံရှိတယ်။ မိန်းမက ပိုက်ဆံမပေးဘူးနော်၊ ကိစ္စမရှိဘူး။ နှမ်းတစ်ပြည်လွယ်အိတ်ထဲကိုထည့်သွားရင် အရက်သုံးလုံးလောက်ရတယ်"

ကိုတင်ထွန်း. ကိုလေးကုလားကို ကြည့်လိုက်သောအခါ လွယ်အိတ်ထဲမှ ချက်အရက်ပုလင်းကို တွေ့နေရသည်။ တင်ထွန်းမျက်နှာ ချက်ချင်းပြောင်းသွားသည်။

"ဟီးဟီး - ဆရာသမားကလည်း၊ ဒီမှာ တပည့်ကြီးဖွတ်ထောင်နေတာ၊ ရရင် ဖွတ်သားနဲ့မြည်းမယ်လေ"

"အေး ကောင်းတယ်။ မင်းဆရာငါအရက်သောက်ရတာ အမြည်းမရှိတော့ လျက်ဆားနဲ့မြည်းခဲ့ရတယ်။ ရအောင်ဖမ်း"

"အဲဒါဆို လွယ်အိတ်ထဲကပုလင်းထုတ်ပြီး နည်းနည်းတိုက်"

အကုန်လုံးတော့ မသောက်နဲ့နော်၊ တစ်စိတ်လောက်ပဲသောက်။ ဖွတ်သားဟင်းကျက်ရင်သောက်ဖို့ချန်ထား"

ကိုလေးကုလားလက်ထဲမှပုလင်းအားအမြန်ယူ၍ မော့ပြီး တဝုဝ်ဝုဝ်မြည်အောင် သောက်ချလိုက်သည်။

"အား- လည်ချောင်းထဲမှာပူဆင်းသွားတာပဲ။ မောင်ထွန်း ရေဘူးပေးစမ်းပါ"

တင်ထွန်း ရေအမြန်မော့၍ ဆေးပေါ့လိပ်တစ်လိပ်အား မီးညှိလိုက်သည်။ ကိုလေးကုလားဆီမှအရက်ကိုသောက်ရလျှင် ဇိမ်ဆွဲသောက်၍မရ။ ကိုယ်ကတစ်ငုံသာသောက်ရတုန်း သူက ကုလားဆိုသည့်အတိုင်း ကုလားမော့မော့၍ ငတ်ပေါင်းများပြီ ဖြစ်သည်။

တင်ထွန်း လွယ်အိတ်ထဲမှ အမဲရွက်ခြောက်အစကြီးထုတ်လိုက်သည်။ အမဲသားအရွက်စကြီးသည် မခြောက်သေးသဖြင့် ညှီစို့စို့အနံ့ထွက်နေသည်။ ထို့နောက် လွယ်အိတ်ထဲမှ နှိုင်လွန်ကြီး ခွေအားထုတ်လိုက်သည်။ ကြိုးအစတွင် ငါးမျှားချိတ်ကြီးက နည်းတာကြီးမဟုတ်။ ချင်းတွင်းမြစ်ထဲမှာ ငါးမြင်း၊ ငါးတန်ရုစ်ပိသာ၊ ကိုးပိသာဖမ်းသည့် ငါးမျှားချိတ်ကြီး ဖြစ်သည်။ အမဲရွက်စ၌ ငါးမျှားချိတ်အား သေချာစွာချိတ်ပြီးသော် ဖွတ်တွင်းဝမှာ သွားထားလိုက်သည်။ ပြီးနောက် ကြိုးတစ်ဖက်စအားဆွဲယူ၍ ရှားပင်မှာချည်လိုက်၏။ ပို့နေသောကြိုးခြောက်တောင်ခန့်အား တွင်းဝနှင့်မလှမ်းမကမ်းတွင် အသာခွေထားလိုက်သည်။

"လာလာ၊ ရှားပင်အနောက်နားမှာသွားနေမယ်။ အသာစောင့်ကြည့်ရအောင်။ ဒီကောင် အမဲသားအနံ့ရရင် မနေနိုင်ဘူး ထွက်လာမှာ"

တင်ထွန်းတို့ ရှားပင်အကွယ်မှာထိုင်ပြီး တောင်ပို့အား စောင့်ကြည့်နေကြသည်။

"ကိုလေးကုလား၊ ပုလင်းထုတ်ဗျာ၊ ကျုပ်အာမခွဲတ်ဘူးဖြစ်နေတယ်"

"ဟေ့ကောင်၊ ညနေသောက်ဖို့ မကျန်ဘဲဖြစ်နေဦးမယ်"

"ခင်ဗျားကျတော့ တဲမှာတဝသောက်လာပြီး ကျုပ်က တစ်ငုံလောက်နဲ့ကျေနပ်ရမှာလား"

"ကုန်သွားရင်ဘယ်လိုလုပ်မလဲ"

"ထပ်ဝယ်မယ်ဗျာ"

"မင်းပိုက်ဆံရှိလို့လား"

"တောထဲမှာဟုတ်ရှိရင် တင်ထွန်းအတွက်ပိုက်ဆံရှိတယ်သိလား"

"ဟုတ်၊ သားတိုး၊ မယားခိုး . . . အရက်သမားတွေဟာ နတ်ပြည်မှာ"

"ဘာလဲဗျ၊ ခင်ဗျားစကားက"

"ဟုတ်တဲ့သူ၊ ဝက်တို့ကြက်တို့ အသားတိုးအောင်မွေးတဲ့သူ၊ သူများမယားခိုးတဲ့သူတွေဟာ သေရင် ငရဲပြည်ရောက်မှာကွ။ ငါတို့အရက်သမားတွေက အရက်တာသောက်တာ သူတော်ကောင်းတွေပို့ သေရင် နတ်ပြည်ရောက်မှာ။ အသူရာနတ်ပြည်ဆိုတာ မင်းကြားဖူးလား။ အဲဒီနတ်ပြည်မှာ နတ်တွေက ငမူးတွေချည်းပဲ။ (၂၄)နာရီမူးနေကြတာ။ လူပြည်ကငမူးတွေသေတော့ အဲဒီနတ်ပြည်ကိုအကုန်ရောက်ကုန်ကြတာ"

ဦးလေးဖြစ်သူ ကိုလေးကုလား စကားကြောင့် မောင်ထွန်း ဟက်ဟက်ပက်ပက်ရယ်မိတော့သည်။ ဖွားဖွတ်မည့် တင်ထွန်းမှာ သူ့စကားနှင့်သူ ချောင်ပိတ်မိနေ၏။

"ဟေ့ကောင် တင်ထွန်း၊ မင်းဆရာက ငါကွ။ ဆရာကိုလာပြီးစာပေါ်ရေမကျော်နဲ့"

သူ့အရက်ကိုသောက်ရဖို့အရေးတင်ထွန်းမှာ အပြောအဆိုခံနေရပါတော့သည်။

"ဟေ့ဟေ့ စကားများမနေကြနဲ့။ နှိုင်လွန်ကြိုးခွေကြိုးပါသွားပြီ"

"ဝုတ် ဝုတ် ဂီး ဂီး"

ခွေးကလေးနီတွတ်သည် တောင်ပို့ရှိရာသို့ တစ်ဟုန်ထိုးပြေးသွားပြီး တွင်းဝမှာ ထိုးဟောင်နေပါတော့သည်။ အမဲသားအရွက်စကြီးတွင်းဝမှာမရှိတော့။ ကြိုးစမှာ တွင်းထဲဝင်သွားပြီဖြစ်သည်။ တင်ထွန်း အမြန်သွား၍ ကြိုးစအား အလိုက်သင့်ကိုင်ပြီး လျှော့ပေးလိုက်သည်။ ဖွတ်ကြီးသည် အမဲသားအနံ့ရ၍

www.burmeseclassic.com

www.burmeseclassic.com

တွင်းထဲမှထွက်လာပြီး အမဲသားအရွက်စအား ထိုးဟပ်၍ မျိုချလိုက်သဖြင့် ငါးမျှားချိတ်ပါ ဖွတ်ဝိုက်ထဲရောက်သွားပါတော့၏။

ဖွတ်တို့၊ မိကျောင်းတို့ဆိုသည်မှာ အစာအားဝါးမစား။ ထိုးဟပ်၍ တစ်ခါတည်းမျိုချသည်ဖြစ်သောကြောင့် ငါးမျှားချိတ်မိနေလျှင် ပြန်အန့်ထုတ်ဖို့ မလွယ်တော့။ ကြိုးတင်းသွားတော့ တင်ထွန်း ကြိုးစအား သေသေချာချာကိုင်၍ တစ်ချက်ဆောင့်ဆွဲလိုက်သည်။ သေချာသွားပါ၏။ ငါးမျှားချိတ်သည် ဖွတ်လည်ချောင်းထဲမှာ စူးဝင်နေပြီဖြစ်ပါသည်။ ဖွတ်ကြီးကနာသဖြင့် တွင်းထဲမှ အားကုန်ခြေလက်များကန်၍ ရုန်းသည်။ တွင်းကိုကန်၍ ရုန်းနေသဖြင့် တော်ရုံဆွဲ၍မရ။

"ဟေ့လူတွေ လာပြီဝိုင်းဆွဲဦး။ ဖွတ်ကသန်တယ်၊ တွင်းကို ခြေကန်ထားတယ်"

နိုင်လွန်ကြီးကို သူတို့သုံးယောက် ဝိုင်းဆွဲသောအခါ ဖွတ်ကြီးမှာ ငါးမျှားချိတ်ဆူးသည့်ဒဏ်မခံနိုင်၍ဖြည်းဖြည်းချင်းပါလာသည်။ ဤသို့ဖြင့် ဖွတ်ကြီးတောင်ပို့အပြင်ဘက်ရောက်လာသည်။

"ဝုတ် ဝုတ် ဂီး ဂီး"

"ခွီး ခွီး ခွီး ဘုတ် ကိန် ကိန် ကိန်"

ဖွတ်ကြီးအား ခွေးကလေးနီတွတ်က ပြေးခဲရာ ဖွတ်ကြီးက အမြီးနှင့်သိမ်းရိုက်လိုက်သဖြင့် နာလွန်းသဖြင့် တကိန်ကိန်အော်၍ လူတွေဘက်ပြန်ပြေးလာသည်။ ဖွတ်သည် အမြီးအလွန်သန်သည့် သတ္တဝါဖြစ်သည်။ ဖွတ်ကြီးသည် ရှေ့လက်နောက်ခြေများဖြင့် မြေပြင်ကိုအားယူ၍ စူနက်နေပါသည်။

"အောင်မာ-ဒီဖွတ်ကများ။ ငါရိုက်မယ် တင်ထွန်း"

အရက်မူးနေ၍ ယိုင်ထိုးနေသော ကိုလေးကုလားက ဖွတ်ကြီးအား လှည်းထောက်ဖြင့်ရိုက်မည်ပြု၏။

"ဦးကုလား မလုပ်နဲ့၊ ကိုတင်ထွန်း ခင်ဗျားသွားရိုက်၊ ကျုပ်တို့ဆွဲထားမယ်"

"ဖုန်း ဖုန်း ဖုန်း"

ကိုတင်ထွန်းက လှည်းခွထဲကဆွဲဖြင့် သုံးလေးချက်ဆင့်ရိုက်လိုက်ရာ ဖွတ်ခမျာ စင်းစင်းသေပါတော့သည်။ ခွေးလေးနီတွတ်ကတော့ နာလွန်း၍ညည်းနေရှာပါသည်။

❑

"ကိုတင်ထွန်း၊ ရှင် မနက်က ပွေးတစ်ကောင်ရလာတာ ဘကြီးဦးအေးကို ရောင်းလိုက်တယ်ဆို။ ကျွန်မတို့မှာတော့ တစ်နေ့တစ်နေ့ ပဲပြုတ်၊ မျှစ်ပြုတ်၊ ငရုတ်သီးစိမ်းထောင်းပဲစားနေရတာ။ တစ်ခါတလေ တောကောင်လေးရတုန်း အသား ဟင်းစားပါရစေဦး။ တကတဲ့ လွန်လွန်းတယ်။ ဘယ်လောက်ရသလဲ ပို့ကဆဲပေး"

"ငါလည်း မင်းတို့သားအမိကို ချက်ကျွေးဖို့ယူလာတာပါကွာ။ ဘကြီးအေးက ကျွန်းမာရေးမကောင်းတော့ ပွေးသားက ဆေးဖက်ဝင်တယ်ဆိုပြီး အတင်းတောင်းနေလို့ ငါအားနာနာနဲ့ ရောင်းလိုက်ရတာပါ။ မင့်ဘယ်သူပြောတုံး"

"ဘယ်သူရှိရမှာလဲ၊ ရှင့်ဆရာကိုမောင်ထွန်းပေါ့။ နင့်ယောကျ်ား ပွေးရောင်းတာ ငွေနှစ်ထောင်ရတယ်ဆိုပြီး ကျွန်မကိုပြောသွားတယ်"

"မောင်ထွန်းဆိုတဲ့ကောင်ကတော့ ငရွှန်ပဲ"

"ရှင် ဘာမှဆင်ခြေပေးမနေနဲ့၊ ဘယ်မှာလဲ အဲဒီပို့ကဆံနှစ်ထောင် ခုပေး"

"ငါ ကိုလေးကုလားနဲ့ အရဲက်သောက်လိုက်တာ တစ်ထောင်ကုန်သွားပြီ၊ တစ်ထောင်ပဲကျန်တော့တယ် ရော့"

"ရှင် လက်ပံတောင်ကားဂိတ်က ဒေါ်ဖွားကြီးထမင်းဆိုင်မှာ ကျွန်မမျှစ်ဖိုးတွေသွားတောင်းပေး။ မျှစ်ခုနစ်ပိဿာဖိုး ငွေလေးထောင့်ကိုးရာ ရအောင် တောင်းခဲ့။ အဲဒီပို့ကဆံထဲက အရက်ဝင်သောက်မလာနဲ့။ လျှော်လို့ကတော့ ရှင် ညကျရင် ကျွန်မနဲ့လာမအိပ်နဲ့၊ နွားတဲမှာသွားအိပ်"

"တင်ထွန်းရေ၊ ငါလည်းလိုက်ခဲ့မယ်။ ပြီးတော့ လက်ပံရွာထဲ အရက်ဝင်သောက်ကြတာပေါ့။ မူးအောင်သောက်ပြီး နွားတဲထဲဝင်အိပ်တာကမှ ဇိမ်ရှိသေးတယ်။ မင်းမိန်းမနဲ့မင်းသွားအိပ်လည်း မင်းအတွက် ဘာမှထူးမလာပါဘူးကွာ။ နားငြီးတာသာ အဖတ်တင်တာပဲ"

"ဦးကုလား၊ ရှင် ကျွန်မယောကျ်ားကို ဘာမြောက်ပေးနေတာလဲ။ အသက်ကြီးပြီး အချိန်မစီးဘူး"

"နင်က ငါ့ကိုဘာပြန်ပြောနေတာလဲ၊ ငါလုပ်လိုက်ရသေဦးမယ်"

ကိုလေးကုလားက ထန်းပလပ်ခြောက်ကြီးဆွဲပြီးရိုက်မည်ပြုတော့မှ ဂေါက်သီးမ ကလေးချီပြီးထွက်သွားပါတော့သည်။

တင်ထွန်းနှင့် ကိုလေးကုလား ရွာအနောက်ဘက်လမ်းအတိုင်းလျှောက်လာကြပြီး ကိုးနဝင်းတောရကျောင်းရှေ့ ရောက်တော့ ကိုးနဝင်းဆရာတော်မတ်တတ်ရပ်နေသည်ကိုတွေ့ရသည်။

"တင်ထွန်း မင်းဆက်သွား ငါ့ကန်ဘောကပတ်ပြီးလိုက်လာခဲ့မယ်၊ ကိုမြင့်ရင် ဆရာတော်ကြီးဆုံနေမယ်"

ဆရာတော်ကြီးအား ကိုကုလားသည် အလွန်ကြောက်သော်လည်း အရက်မသောက်ဖို့ ဆရာတော်ကြီးဆုံးမရာ သောက်မြဲသောက်နေသော်လည်း ဆရာတော်ကြီးက တွေ့တိုင်းဆူသော်လည်း ဆရာတော်ကြီးသည် မုံရွာ၊ ဘုတလင်၊ ဒီပဲရင်းနယ်တစ်ကြောတွင် အလွန်လူသိများသော ကြီးသဖြင့် ကိုးကွယ်ဆည်းကပ်အလွန်ပေါများပါသည်။ ကိုလေးကုလားကတော့ ရေကန်ဘေး ဆူးချဲမှာ တိုးပြီးရှောင်ထွက်သွားသည်။ တင်ထွန်းက ဆရာတော်ကြီးရှေ့ ကုပ်ကုပ်ခြောင်းသွားပြီး ပုဆစ်တုပ်၍ ရှိခိုးလိုက်သည်။

"တပည့်တော် ကျောက်ခဲကြီးရွာက တင်ထွန်းပါ ဘုရား"

"အေး အေး၊ သာဓု သာဓု ဒါနဲ့နေပါဦး မင်းဘယ်သွားမလို့လဲ"

"လက်ပံတောင်ရွာကိုသွားမလို့ ဘုရား"

"မင်းမှာအချိန်ရရဲ့လား၊ ငါခိုင်းမလို့"

ဆရာတော်ကြီးက တင်ထွန်းသေသေချာချာစူးစိုက်ကြည့်၍ မေးသည်။ ဆရာတော်ကြီးသည် တော်စကားမပြော။ စကားအလွန်နည်း ဆရာတော်ကြီးစကားပြောမိန့်ကြားလည်း ထူးခြားမှုတစ်ခုခုပါတတ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒိုလ်ချုပ်များပင် ဆရာတော်ကြီးကြောက်ရွံ့ရိုသေကြသည်။

"ခိုင်းပါဘုရာ တပည့်တော်မယ်"

"မိုးရွာထားလို့ ငါ့ကျောင်းလမ်းမှာပွက်ထနေတယ်။ ကျောင်းထဲမှာ ပြုန်းကျောက်ပုံရှိတယ်။ နဲ့ရွက်ပြီး လမ်းကိုပြည့်အောင်ခင်းလား"

"တင်ပါ့ဘုရား၊ လုပ်ပါ့မယ်"

တင်ထွန်း ဆရာတော်အမိန့်အား မလွန်ဆန်ရဲပါ။ ကျောင်းထဲမှ ပြုန်းကျောက်များအား ထည့်ပြီး ကျောင်းအဝင်လမ်း ပွတ်သောနေရာများအား ဖြန့်ခင်းနေသည်။ ကိုလေးကုလားကတော့ ဝေးမှ တင်ထွန်းအဖြစ်ကိုကြည့်

www.burmeseclassic.com

ရွာဘက်သို့ပြေးပါတော့သည်။ ပြုန်းကျောက်ဆယ်တောင်းခန့်ခင်းပြီးသောအခါ ပြီးသွား၏။ ဆရာတော်ကြီးအားဦးချကန်တော့လိုက်သည်။ ဆရာတော်ကြီးက ကျောင်းသားတစ်ယောက်လာပေးသော ငှက်ပျောသီးတစ်ဖီးအား တင်ထွန်းကိုစွန့်၏။

"ကောင်းကောင်းသွား၊ ငါ့ကိုမမေ့နဲ့"

ဆရာတော်ကြီး၏ ထူးခြားသောမိန့်မှာချက်အား တင်ထွန်းခေါင်းထဲစွဲသွားသည်။ ငှက်ပျောသီးအား တစ်လုံးခြင်းဖြုတ်စားလာရင်း လက်ပံရွာဘက် ထွက်လာခဲ့ပါသည်။

❑

တင်ထွန်းမိဘများခြံဝိုင်းထဲရှိ သူ့လင်မယားနေသောတဲလေးရှေ့ ကွပ်ပျစ်ပေါ် တွင် တင်ထွန်းတို့လင်မယားလှဲနေကြသည်။ ညဉ့်ဦးယံမှာ ရွာလေးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ ရွာဘောင်ဘက်လျှိုကြားထဲမှ တောခွေးတို့ အူနေကြသည်။ မန်ကျည်းပင်ကြီးပေါ် မှ ဇာတ်အုပ်ရန်ဖြစ်နေကြ၏။ လသည် အလွန်သာနေသည်။ တိမ်ကင်းစင်သောကောင်းကင်၌ ကြယ်များက ကောင်းကင်အနှံ့ စိန်မှုန်များကြဲထားသကဲ့သို့ရှိသည်။

"ကိုတင်ထွန်း၊ လကြီးကအရမ်းသာတယ်နော်"

"လသာတော့ဘာဖြစ်သလဲ၊ မင်းလည်း အဆန်းလုပ်နေပြန်ပြီ"

"လသာတော့ လွမ်းစရာကြီးပေါ့။ ပါယောက်ျားရယ် အိပ်ကြရအောင်။ ကြည့်ရတဲ့ကိုရီးယားကားမှာ မင်းနဲ့မင်းသမီးက သိပ်ချစ်ကြတာပဲ။ ကျွန်မကို အဲသလိုချစ်သလား"

"နေစမ်းပါဦး ဂေါက်သီးမရယ်၊ လည်း အရေးထဲ။ ငါစဉ်းစားနေတာ ဒီလောက်လသာနေရင် ယုန်ဖမ်းပြီ။ တောထဲသွားပြီး ယုန်ထိုးလို့ အနည်းဆုံးလေးငါးကောင်ပဲ"

"မသွားနဲ့ယောကျ်ားရယ်၊ လာပါကြရအောင်"

"နေဟာ၊ ငါတောထဲသွားပြီးယုန်ကြိုးမယ်။ ငါသုံးဖို့ပိုက်ဆံပြတ်နေ

တင်ထွန်းက လွယ်အိတ်လွယ်၊ တစ်လက်ယူ၊ မြှားတစ်ချောင်း ထွက်သွားပါတော့သည်။

"ပြန်မလာနဲ့၊ ကိုယ့်မိန်းမကို ခေါ်သွားမသိဘူး"

ဂေါက်သီးမအသံအား တင်ထွန်း မကြားတော့ပါချေ။ သူ့ခြေလှမ်းများက ရွာတောင်ဘက်တောစပ်သို့ ဦးတည်နေပါသည်။ တင်ထွန်း စဉ်းစားမိပါသည်။ သူတို့တောထဲတွေမှာ အထာလေးတစ်ခုရှိသည်။ သူတို့တွေက သားကောင်ကြီးလိုက်သည့်မုဆိုးကြီးတွေမဟုတ်သော်လည်း တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်များကို ယုံကြည်ကြသည်။ သူတို့ရွာက မုဆိုးကြီးဦးဘရီ၊ မုဆိုးကြီးဦးအေးတို့ပြောနေသည့် ဆိုစကားတစ်ခုရှိသည်။ သားကောင်ရချင်လျှင် တောထိုင်လိုက်တဲ့။ တောတိုင်သည်ဆိုသည်မှာ ကိုယ့်သားကောင်လိုက်မည့်ကွင်းအား အရှေ့၊ အနောက်၊ တောင်၊ မြောက်သတ်မှတ်၍ ခွင့်တောင်းခြင်းဖြစ်သည်။ ဤစဉ်းအတိုင်း ခွင့်မကျော်ဘဲ တောလိုက်လျှင် သားကောင်ရသည်။

သို့သော် စဉ်းကျော်သွား၍ မဖြစ်။ စဉ်းကျော်လျှင် ကွင်းကြမ်းလျှင်ကြမ်းသလောက်ခံရတတ်သည်။ သတိတော့အလွန်ထားရ၏။

တင်ထွန်းတောစပ်သို့ရောက်လာသည်။

"တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်ကြီးများခင်ဗျာ။ ကျွန်တော် ကျောက်မဲတောရွာသား ငတင်ထွန်း ယုန်လိုက်ပါတော့မယ်။ ကျွန်တော်ကတိပြုတဲ့စဉ်းအတွင်းမှာပဲ တောလည်ပါ့မယ်။ အရှေ့လားသော် သက်ကယ်ခြံတောစပ်၊ အနောက်လားသော် ကိုးနဝင်းဘုန်းကြီးကျောင်းစပ်၊ တောင်လားသော် ဦးမြချပ်ရိုး၊ မြောက်လားသော် မူးရိုး၊ ဤအဝန်းအဝိုင်းမှာ ယုန်လိုက်ပါမယ်။ ကျွန်တော့်မှာပါလာတဲ့ဆေးပေါ့လိပ်နဲ့ ကွမ်းယာကို ဆက်သပါတယ်"

ပါလာသော ဆေးပေါ့လိပ်နှင့် ကွမ်းယာအား ရှားပင်ခွကြားသို့ တင်လိုက်သည်။

သူ တောင်ဘက်သို့ ထွက်လာခဲ့သည်။ လရောင်သည် ဖြူဖွေးလင်းလက်၍ လောကတစ်ခွင်လုံးအား အလင်းဓာတ်ပေးနေ၏။ ရှေ့မှာမြင်နေရသော အုတ်ဖိုတောင်ကြီးပင်လျှင် လရောင်အောက်မှာ ထင်းထင်းကြီးမြင်တွေ့နေရသည်။ တွေ့ပါပြီ။ ကျောက်စရစ်ကုန်းသန့်ခါးပင်တွေကြား သဲပြောင်ပြောင်မှာ ယုန်နှစ်ကောင်ခုန်ပေါက်နေကြသည်။ ယုန်တွေသည် လရောင်အားဘာထင်နေသည်မသိ၊ မြူးပြီးကနေကြသည်။ တစ်ကောင်နှင့်တစ်ကောင် ပြေးတမ်းလိုက်တမ်းဆော့လိုက်၊ ခုန်လိုက်၊ မြေပြင်မှာလူးလိမ့်လိုက်ဖြင့်ဆော့ကောင်းတုန်း။ တင်ထွန်းလက်ထဲမှ မိုန်းအားဆ၍ချိန်လိုက်သည်။

"ဝုန်. . . ဒုတ်. . . ခွီး. . . ခွီး"

ယုန်တစ်ကောင် ပို့န်းချက်မိပြီး ထုတ်ချင်းခုတ်သွားသည်။ နောက်ယုန်တစ်ကောင်က ချာဘက်သို့ပြေးသည်။

"ဝိုး. . . ဖလပ်. . . ဖုတ်"

လေးခွအမြန်ထုတ်၍ ပစ်ထည့်လိုက်၏။ လောက်စာလုံးက ယုန်ခေါင်းကိုထိ၍ သွေးများရဲခနဲဖြာထွက်သွားသည်။ ယုန်ကိုပြေးကောက်လိုက်ရတော့ ယုန်အသက်မရှိတော့။ မိုန်းသွားမှာမိနေသောယုန်အားဖြုတ်၍ သွေးတွေအား သစ်ရွက်များနှင့်သုတ်ပြီး လွယ်အိတ်မှာချည်လိုက်သည်။ သူတောင်ဘက်ဆက်သွားရင်း ဦးမြချပ်ရိုးနားရောက်လာသည်။ ဦးမြ၏ယာခင်းအနီး လျှိုချောင်းလေးအား ဦးမြချပ်ရိုးဟုခေါ်ကြခြင်းဖြစ်သည်။

"ဂိုး. . . ဖလပ်. . . ဖလပ်"

"ဟာ - သောက်ခွေး၊ ဟာ - ငှက်စုတ်တော့ လေးခွနဲ့ပစ်လိုက်ရ"

ရုတ်တရက် သူ့ရှေ့မှဖြတ်ပျံသောမိန့်ငှက်တစ်ကောင်ကြောင့် တင်ထွန်းလန့်သွားသည်။ မိန်သည် ညောင်ပင်ကြီးပေါ် သို့နားလိုက်ပြီး သူ့အား မျက်လုံးကြီးပြူးပြီးကြည့်နေသည်။ ညောင်ပင်ရိပ်အလွန် မြက်ခင်းစပ်မှာ ယုန်သုံးလေးကောင်မြက်စားနေကြသည်။ သူလက်နှိပ်ဓာတ်မီးအားထုတ်ပြီး ဖွင့်၍ မီးကစားလိုက်သည်။ ယုန်များက ဓာတ်မီးရောင်အားလိုက်ကြည့်ကြပြီး မြက်စားရပ်သွားသည်။ သူ့ရှေ့သို့ခြေတစ်လှမ်းလှမ်းလိုက်၏။

"ဖျောက်"

သစ်ကိုင်းခြောက်အားတက်နင်းမိ၍ အသံထွက်သွားသည်။ ထိုအသံကယုန်များအား သတိပေးလိုက်သကဲ့သို့ဖြစ်သွားပြီး ဦးမြချပ်ရိုးထဲ ဆင်းပြေးကြပါတော့သည်။ တင်ထွန်း ချပ်ရိုးထဲဆင်းလိုက်သောအခါ ယုန်တွေက ကုန်းစောင်းအတိုင်းတက်ပြေးပြီး ဦးမြချပ်ရိုးအလွန် ပဲစဉ်းငုံခင်းထဲပြေးဝင်ကြတော့သည်။ မိုးဦးကောင်းသဖြင့် ပဲစဉ်းငုံခင်းကအောင်လှသည်။ လူခါးခန့်ပင်ရောက်နေကြလေပြီ။ တင်ထွန်း ဓာတ်မီးအလင်းရောင်ဖြင့် ပဲစဉ်းငုံခင်းထဲတိုးဝင်ပြီး ပြေးဝင်သွားသောယုန်များအားရှာသည်။ ပဲစဉ်းငုံခင်းများသည် အပင်အပေါ် ပိုင်းမှာသာ အခက်အရွက်များဖြင့်ရှုပ်ထွေးလှသော်လည်း အပင်ခြေရင်းဘက်မှာတော့ ပင်စည်များက တစ်တန်းတည်းဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com

ခြင်ကွင်းရှင်းလှသည်။ အပင်ခြေများသို့ ဓာတ်မီးကိုဝင့်၍ ထိုးကြည့်လိုက်သည်။ ဓာတ်မီးရောင်အောက်မှာ စူးရှတောက်ပနေသောမျက်လုံးအစုံအား တွေ့လိုက်ရသည်။ သူ ယုန်ထင်၍ မိုန်းကိုမြှောက်လိုက်၏။ ရုတ်တရက်သတိရ၍ မြှိန်းပြန်ချပြီး စဉ်းစားလိုက်သည်။ ယုန်မျက်လုံးက ဒီလောက်မတောက်ပါဘူး။

"ရှူး ရှူး"

"ဟာ- မြွေကြီး"

မြွေဟောက်ကြီးသည် စူးရှသောမျက်လုံးအစုံဖြင့် သူ့အားစိုက်ကြည့်နေပြီး ထောင်နေသောပါးပျဉ်းအား နောက်သို့ရွှဲ၍ အသင့်ဖြစ်နေသည်။

"ဘုရား ဘုရား ငါ ရှေ့လှမ်းလိုက်လို့ကတော့ ဒီကောင်ကြီး ငါ့ကိုအတွယ်ပဲ"

သူ ခြေလှမ်းပြန်ဆုတ်ပြီး ပဲစဉ်းငုံခင်းထဲမှဏ္ဍက်ဖို့ပြင်သည်။ ပဲစဉ်းငုံခင်းသည် အတန်းလိုက်စိုက်ထားသောကြောင့် အပင်တန်းနှစ်တန်းကြားမှ တိုးထွက်လျှင်လွယ်၏။ သူသစ်ကိုင်းများကို ဖယ်ပြီး ထွက်မလို့အလုပ် -

"ဟာ - ဘာတွေလဲဟ"

အပင်တန်းကြားမှာ မြွေပွေးပေါက်ကလေးတွေ တန်းလန်းတန်းလန်းဖြင့် တရွေ့ရွေ့သွားနေကြသည်။

"မဖြစ်ဘူး ဟိုဘက်ကထွက်မှ"

အပင်တန်းသုံးလေးတန်းကျော်ခွ၍ တခြားနေရာမှထွက်ဖို့ပြင်သည်။ ပဲစဉ်းငုံခင်းကြားမှထွက်ဖို့ကြိုးစားနေရင်း သူသတိရလိုက်သည်။ သူရောက်နေသည့်နေရာက ဦးမြချပ်ရိုးကျော်ခဲ့ပြီး တောင်ဘက်ပဲခင်းထဲဖြစ်နေသည်။ သူ စည်းကျော်ခဲ့ပြီတည်း။

"ဂစ်. . . ဂစ်. . . ဂစ်"

ညဉ့်ငှက်တွေကလည်း အော်ဟစ်ဆူညံလွန်းလှသည်။

ဘုရား ဘုရား မြွေတွေ့ တွေ့နေရပြီ။ နည်းတဲ့ကောင်တွေမဟုတ်ဘူး။ မိန်းမရေ ငါယုန်မလိုက်ဘဲ မင်းခဲ့အတူ အိပ်နေရင် ဒါမျိုးကြုံရမှာမဟုတ်ဘူး"

မဆီမဆိုင် အိမ်မှာကျန်ခဲ့သည့် မိန်းမအား တ,လိုက်သေးသည်။ ပဲစဉ်းငုံခင်းထဲက တိုးထွက်မလို့လုပ်နေစဉ်-

"ဝှီး. . . ဖလပ်. . . ဖလပ်. . . ဘုတ်"

မြွေတစ်ကောင် ကောင်းကင်မှပြုတ်ကျလာခြင်းဖြစ်သည်။ ညဉ့်ငှက်ကမြွေကို ခြေသည်းများဖြင့်ကုပ်ချိလာပြီး ဘာမှန်းမသိ သူရှိနေသည့်နေရာရောက်မှ လွှတ်ချလိုက်ခြင်း ဖြစ်သည်။

"ဟဲ့- သောက်ခွေး မပွေးကြီးဟ"

မြွေပွေးကြီးက ငှက်ဆိတ်ထားသည့်ဒဏ်ရာကြောင့်မသေသေးဘဲ ဒေါသကြီးပြီး နီးစပ်ရာကိုရမ်းပြီးပေါက်နေသည်။ တင်ထွန်း အလွန်ကြောက်လာနေသည်။ ညဉ့်နက်သန်းခေါင် ကွင်းအလယ်မှာသူတစ်ယောက်တည်း အဖော်ကလည်းမပါ။ သူဘာဆက်လုပ်ရမှန်းမသိ။ ဒီညမှ မြွေတွေကလည်း ဘယ်ကပေါ်လာမှန်းမသိ။ ပဲစဉ်းငုံခင်းကလွတ်သွားရင်တောင် အိမ်အပြန်လမ်းမှာ မြွေနှင့်လွတ်ကင်းပါ့မလား။ ပဲစဉ်းငုံခင်းထဲ ငုတ်တုတ်ထိုင်ချလိုက်သည်။ ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် တစ်စုံတစ်ခုအား တွေးမိလိုက်သည်။ မနက်က ကိုးနဝင်းဆရာတော်ကြီးကျောင်းရှေ့မှာ ဆရာတော်ကြီးပြောခဲ့သည့်စကား 'ငါ့ကိုမမေ့နဲ့' ဟုတ်ပြီ။

"ဆရာတော်ကြီးဘုရား၊ တပည့်တော်ကိုကယ်ပါဦး။ တပည့်တော် ဒုက္ခတွေ့နေလို့ပါဘုရား"

တင်ထွန်းသည် ကိုးနဝင်းတောရကျောင်းဘက်သို့ ဦးချွန်တော့၍ ကြောက်ကြောက်နှင့် ကုန်းအော်နေပါသည်။ အော်လိုက်ပြီးနောက် ကြောက်စိတ်အနည်းဝယ်ပြေသွားသည်။

"ချွတ်. . . ချွတ်. . . ရှပ်. . . ရှပ် ရှပ်"

"ဟာ- ဘာလဲဟ၊ ဘာကောင်လာပြန်ပြီလဲ"

သူ အသံလာရာသို့ ဓာတ်မီးထိုးကြည့်လိုက်သည်။ဓာတ်မီးရောင်အောက်မှာ စိမ်းဖန့်ဖန့်မျက်လုံးတစ်စုံအား တွေ့လိုက်ရပါသည်။ သေသေချာချာကြည့်လိုက်တော့ နှုတ်သီးရှည်ရှည်၊ အမြီးဖွာဖွာနှင့် မြွေပါကြီးတစ်ကောင်ဖြစ်နေသည်။ မြွေပါကြီးသည် သူ့ရှေ့ ပဲစဉ်းငုံပင်တွေကြားဖြတ်ပြေးပြီး ပါးပျဉ်းထောင်၍ မာန်ဖီနေသောမြွေဟောက်ကြီးအား ခုန်အုပ်လိုက်သည်။

"ခွီး. . . ခွီး. . . ဂီး. . . ရှူး"

မြွေဟောက်ကြီးက မြွေပါအား လှမ်းပေါက်လိုက်ရာ မြွေပါက နောက်ဆုတ်ခုန်ရှောင်ပြီးနောက် ခုန်၍ မြွေဟောက်ကြီး၏ ဦးခေါင်းအား ကုတ်ခဲထားပါသည်။ မြွေဟောက်ကြီး၏ရှည်လျားသောခန္ဓာကိုယ်ကတွန့်လိမ်ပြီး မြွေပါအားပတ်သည်။မြွေပါက မြွေဟောက်ဦးခေါင်းအား မလွတ်တမ်းကိုက်ခဲထားရာ မြွေပါအားခွေရစ်ထားသောမြွေကိုယ်လုံးကြီးပြေလျော့လာပြီး တုတ်တုတ်မလှုပ်တော့ပါ။ မြွေဟောက်အားကိုက်သတ်ပြီးနောက် မြွေပါသည် မြွေ[illegible]များရှိရာဘက်သို့ ပြေးပြန်ပါသည်။ [illegible]ပွေးတွေက မြွေပါပြေးလာသည်ကိုတွေ့၍ နံဘေးပဲစဉ်းငုံပင်တွေကြားထဲ ဆွေ[illegible]ဝင်ပြေးကြသည်။

တင်ထွန်း အသိစိတ်ဝင်လာပြီး မြွေပါပြေးသည့်နောက် လိုက်ပြေးသည်။ ပဲခင်းအပြင်ဘက်ရောက်တော့ မြွေကြီးသည် သူ့အားတစ်ချက်လှည့်ကြည့်ပြီး ပဲခင်းထဲသို့ဝင်ပြေးသွားသည်။ တင်ထွန်းလည်း ဦးမြချပ်ရိုးအားဖြတ်ဆင်းကျော်မဲတောရွာဘက်သို့ ခြေသုတ်၍ပြေးတော့သည်။ရွာထိပ်ဆော[illegible]မှ ခရာထိုင်အမောဖြေပြီး ကိုးနဝင်းတောရဘက်သို့လှည့်၍ ဒူးထောက်ထိုးပြီး အကြိမ်ကြိမ်ကန်တော့မိပါသည်။

"ကျေးဇူးကြီးလှပါတယ် ဆရာတော်ကြီးဘုရား"

သူတဝေါကတော့ -

"ဂေါက်သီး၊ ဟဲ့ - ဂေါက်သီး ထစမ်း"

တင်ထွန်းမိန်းမ အိပ်ဖျော်နေ[illegible]လန့်နိုးလာသည်။ တင်ထွန်းက [illegible]ခွက်တောင်း၍ သူ့မရေခပ်ပေးသည်။

"ရှင်ဘာဖြစ်လာတာလဲ"

"ကံကောင်းလို့မသေတယ်မိန်းမရယ် ဆရာတော်ကြီးကယ်လို့။ [illegible]စကားနားထောင်ပြီး ယုန်ထွက်မလိုက်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

"ကဲပါ၊ ရှင်အခုဘာမှမဖြစ်[illegible]မဟုတ်လား။ ဟင်- ယုန်ကြိုးနှစ်[illegible]ကလည်း အကြိုးကြီးတွေ့။ [illegible]ပိသာတော့ရှိမယ်။ စိုင်ပြင်ထင်[illegible]မှာသွားသွင်းလိုက်ရင် နှစ်သောင်[illegible]သုံးသောင်းတော့အသာလေးပဲ။ [illegible]လာပါ ယောကျ်ားရယ်၊ ရှင်[illegible]တယ်။ မိန်းမ ချောသိပ်မယ် အိပ်[illegible]

တင်ထွန်းတို့တဲလေးမှ ဖ[illegible]တိုင်မီးသည်ငြိမ်းသွားပါသည်။ လ[illegible]အား တိမ်မည်းပုပ်တို့ဖုံးအုပ်သွား[illegible]ရွာကလေးသည် လရောင်ပျော့[illegible]မှောင်သွားပါတော့သည်။ တင်ထွ[illegible]လင်မယားတဲပုတ်လေးမှ ဂေါက်သီး[illegible]ခိုးခိုးခစ်ခစ်ရယ်သံသည် တိုးတိုး[illegible]လွင့်လာ၏။ နွားတင်းကုပ်ခေါင်မိုး[illegible]စစ်တကောင်းကြက်ဖကြီးက အ[illegible]တဖျပ်ဖျပ်ခတ်၍ တွန်လိုက်သည်[illegible]ရွာလုံးရိုက်ကြက်များ တစ်ကောင်ပြီး[illegible]ကောင်ဆင့်ကဲတွန်ကြသည်။

လင်းကြက်တောင်ဆော[illegible]ပကောလား။

www.burmeseclassic.com

www.burmeseclassic.com

ရောမြေကျော်ဝေ

မှတ်သားဖွယ်ရာကွမ်းတစ်ရာနှင့် ကျွန်တော်၏အာဘွားချစ်သောစစ်ပင်ရွာ

နွေဦးရာသီကျောင်းပိတ်ရက်တွင် ကျွန်တော် မူလတန်းကျောင်းသား (၄) တန်း စာမေးပွဲဖြေပြီး၍ အဘွားဒေါ်အုံးနှင့်အတူ စစ်ပင်ကျေးရွာသို့ လိုက်သွားခဲ့ပါသည်။ အဘွားသည် မုဆိုးမဆိုသော်လည်း စကော၊ ဆန်ခါရက်သောတတ်ပညာနှင့် အသက်မွေးဝမ်းကြောင်းခဲ့ပါသည်။ ၎င်းဝါးမှထွက်သောဆန်ခါရက်ခြင်းအတတ်ပညာအပိုးကွယ်လွန်ပြီးသည့်နောက်တွင် လုပ်ကိုင်စားသောက်ရခြင်းပါ။ ဘွားတ ကွမ်းကို အလွန်ကြိုက်သလို ကွမ်းဖက်ဆေးလိပ်ကိုလည်း အလွန်သောက်ပါသည်။ မြို့တွင် ပြောင်းဖူးစားနှင့် ဆေးရိုး၊ ဆေးမှုန့်၊ မန်ကျည်းမှည့်တို့ကိုဝယ်လာပြီး ပြောင်းဖူးဖက်များကို တစ်ရွက်ချင်းနေလှန်းပြီးမှ အဝတ်သန့်သန့်ဖြင့်သုတ်၍ဖြန့်ပြီး စကာထဲတွင် ထပ်ထားပါသည်။ ဆေးရိုးများကို နုပ်နုပ်စဉ်းပြီး မန်ကျည်းမှည့်ဖြင့်နယ်ပြီးနေလှန်းရာတွင် အနေတော်ဖြစ်မှ စကောတစ်ချပ်ထဲတွင်ထည့်ပြီး ဆေးမှုန့်များနှင့်ထပ်၍နယ်ပြီးမှ ပြောင်းဖူးဖက်ထဲသို့ထည့်ပြီး ဆေးလိပ်လိပ်ပါသည်။ အထက်ကားရှိအောက်ပိုင်းရှူးသော ပြောင်းဖူးဖက်ဆေးလိပ်သည် အဘွားအတွက် တစ်ရှူးတစ်ရှိုက်ဖြင့် စကော၊ ဆန်ခါရက်ခြင်းအလုပ်ကို အမောပြေစေပါသည်။ ကျွန်တော်သည် အဘွား၏ဆေးလိပ်လိပ်ပုံလိပ်နည်းကို သေချာစွာ မှတ်တောင်မခတ်စိုက်ကြည့်နေမိသောအခါ အဘွားက -

"ဟဲ့ - ငကျော်၊ လူလေးကြီး မင်းဆေးလိပ်မသောက်ရဘူးနော်။ မင်းတို့အရွယ်က ငယ်သေးတယ်။ ဆေးလိပ်သောက်ရင် ပညာရေးအတွက် ထိုင်းမှိုင်းစွာတ်ဆလို ဉာဏ်ရည်မထက်ဘူး"

ဟု အဘွားက ဆုံးမပါသည်။ အဘွားသည် ကျွန်တော်ကိုဆုံးမပြီး အိမ်၏အနောက်ဘက် ကွမ်းခြံထဲသို့သွားပြီး ကွမ်းပင်များကို ရေလောင်းနေပါသည်။ ကျွန်တော်က အဘွား၏ရေတွင်းကလေးမောင်းနှာတွင်ရပ်ပြီး အဘွားခူးပေးသောကွမ်းရွက်များကိုယူပြီး-

အဘွားက ဆေးလိပ်တွင်မကဘူး၊ ကွမ်းပါဝါးဦးမယ်ပေါ့။ အဘွားကွမ်းဝါးရင် ကွမ်းဝါးဖတ်ကလေးကိုလောသားကိုကျွေးပါ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုသောအခါ အဘွားက ဘာ ပြောတယ်မှတ်လဲ။

"ဟဲ့- ငကျော်၊ မြို့ကျောင်းသား ဆိုတာ ကွမ်းလည်းမစားရဘူးကွယ့်။ ကွမ်းစားရင် လျှာထူပြီး စာဆိုတဲ့အခါမှာ ထစ်ထစ်ဒုန်းအဖြစ်တတ်တယ်။ အဘွားမြေးအတွက် ဖန်ဘူးထဲမှာ ထန်းလျက်ရှိတယ်။ သံဘူးထဲမှာ ပဲကြီးလှော်ရှိတယ်။ စားချင်တဲ့အခါခိုန်စားပေါ့ကွယ်"

ဟု အဘွားကပြောပြီး ကျွန်တော် လက်ထဲမှကွမ်းရွက်များကိုယူ၍ ရေဆေးပြီး အိမ်ပေါ် ရောက်မှ ကွမ်းအစ်ထဲသို့ ထည့်လိုက်ပြီး-

"ဟောတော့် ကွမ်းသီးလည်းကုန်နေပါပေါ့လား။ အပုလေးတို့ ကွမ်းသီးပင် ကကွမ်းသီးကိုဝယ်ထားတာ၊ စိန်မောက်က ခုထိလာမပို့သေးဘူး။ ရှားစေး၊ ထုံးနဲ့ ကွမ်းစားဆေးကတော့ မဝယ်သေးလည်းရပါတယ်"

ဟု အဘွားက တစ်ယောက်တည်းစကားပြောပြီး -

"ကွမ်းစားချင်တာက ခက်တယ်။ လူလေးကြီးငကျော်၊ မင်းအိမ်မှာခဏနေဦး။ အဘွား အပုလေးတို့ဘက်ကို ကွမ်းသီးသွားယူဦးမယ်"

ဟု ပြောပြီး ထွက်ခွာသွားလေသည်။

ကျွန်တော်သည် အဘွား၏ကြေး ကွမ်းအစ်၊ ငွေထုံးဘူး၊ သံကွမ်းညှပ်တို့ကို သေချာစွာကြည့်ပြီး ဆေးလိပ်ကတစ်ဖျိုး၊ ကွမ်းကတစ်ဖျိုး သူ့အတွဲနဲ့သူကတော့ လိုက်ပါပေ့။ အဘွားတစ်ယောက် နာရီဝက်လောက်ကြာတော့ ကွမ်းသီးခိုင်အတွဲလိုက်ကိုယူလာပြီး အိမ်၏ခေါင်းရင်းဘက် ဘုရားကျောင်းဆောင်အောက် တွင်ထောင်ထားပြီး ကွမ်းသီးစိမ်းတစ်လုံးကိုဖြုတ်ပြီး အခွံခွာ၍ ကွမ်းညှပ်ဖြင့် အနေတော်အစိတ်ကလေးများကိုညှပ်ပြီး ကွမ်းအစ်၏အပေါ် ဆုံးအံထဲတွင်ထည့်၏။ ကွမ်းအစ်ဝမ်းဗိုက်ထဲမှ ကွမ်းရွက်နှစ်ရွက်ကိုထုတ်ယူပြီး ဖင်ဖြတ်ခေါင်းဖြတ်ပြီး ကွမ်းရိုးကို ဘေးသို့ချထားသောအခါ ကျွန်တော်သည် မနေနိုင်မထိုင်နိုင် အဘွားချထားသောကွမ်းရိုးကိုကောက်ယူပြီး ပါးစပ်ထဲသို့ထည့်မည်အပြုတွင် အဘွားက လျင်မြန်စွာ ကျွန်တော်၏ လက်ထဲမှ ကွမ်းရိုးကိုလုယူပြီး-

"ဒီကလေးတော့ သံတွယ်တော့မှာပဲ။ ကွမ်းရိုးက ကြမ်းခင်းပေါ် ချထားပေမယ့် ဖုန်တွေပေနေတယ်။ အဘွား မြေးစားချင်ရင် ကွမ်းအစ်ထဲကကွမ်းရွက်မှာဖြတ်စား"

ဟုပြောပြီး ထုံးနှင့်ရှားစေး၊ ကွမ်းစားဆေး၊ ကွမ်းသီးတို့ကိုထည့်ပြီး ကွမ်းကို အားရပါးရဝါးလေတော့သည်။ ကွမ်းခြံထဲသို့ အခြားအိမ်များမှကြက်များ လာယက်သဖြင့် ကျွန်တော်က ကြက်များကို လေးခွတစ်လက်ဖြင့် ခြောက်လှန့်ရသေးသည်။ အဘွားသည် လယ်တီ၊ ဓာတ်သမျှောင်၊ အင်းမရွာများသို့ စကော၊ ဆန်ခါများရောင်းထားသော အကြွေးငွေကို တောင်းရမ်းရန်အတွက် ကျွန်တော်ကို အိမ်စောင့်ခိုင်းထားသဖြင့် အဘွားဒေါ်သန်းစိန်၏ သားဖြစ်သူ ကျွန်တော်နှင့်အသက်ရွယ်တူ မောင်တင်ထွန်းကိုခေါ်ပြီး မောင်တင်ထွန်းက ကားမောင်းတမ်းကစားတတ်သလို ကျွန်တော်ကလည်းရထားမောင်းတမ်းကစား ခဲ့ကြသည်။ တင်ထွန်းသည် နီကြင်ကြင် သွားများပေါ်အောင်ရယ်ပြီး အဘွား ကွမ်းအစ်ထဲမှကွမ်းကိုတစ်ယာပြီးတစ်ယာ ဝါစားရင်း -

"ဟေ့ကောင် ကျော်ဝေ၊ မင်းကွမ်းစားမလား၊ ငါယာပေးမယ်လေ။ ကွမ်းက ဆေးမထည့်တဲ့စားရင် မမူးပါဘူးကွာ။ ငါတို့ကွမ်းစားပြီးရင် ကွင်းထဲကိုသွားကြမယ်။ ဒီပိုးဥတူးရအောင်။ ဒီပိုးဥတစ်ကျင်းဆိုရင် ဥ (၅)လုံးက (၉)လုံးအထိရှိတယ်ကွ။ ဆင်ကောင်၊ တုပ်ကောင်၊ အီကွေးဆိမ့်ကောင် (၃) မျိုးရှိတယ်ကွ။ အီကွေးဆိမ့်ကောင်က ထင်ပိုးထက်အရသာရှိတယ်ကွ။ ကြော်စားလို့တတော့ အရမ်းကောင်းမှကောင်း"

တင်ထွန်းက ဒီပိုးဥတူးရန် ကျွန်တော့်ကို မဲဆွယ်နေသော်လည်း ကျွန်တော်က ဒီပိုးဥဆိုတာ ဘာမှန်းမသိ။ သူ့ပြောလို့သာနားထောင်ရသည်။

"နေပါဦးကွာ၊ အဘွားပြန်လာမှသွားကြတာပေါ့။ မင်းပြောတဲ့ ဒီပိုးဥဆိုတာ မင်းပြောလို့သာကြားဖူးတာ၊ ငါတစ်ခါမှမတွေ့ဖူးဘူး။ စားလည်းမစားဖူးဘူးကွ"

"မင်းတို့မြို့သားတွေ တို့ သားတွေလောက် ခေတ်မမီသေးဘူးကွာ။ ဒီပိုးဥဆိုတာ နောက်ခေါင်းကောင်က ဥဥပြီး သူ့သားပေါက် နောက်ခေါင်း(နွားချေး)တွေနဲ့ ရစ်ပတ်ပြီးထားတဲ့ ဝိုင်းစက်တဲ့အိမ်ကလေးတစ်ကောင်ကို ဥတစ်လုံး၊ ဥတစ်လုံး မင်းတို့မြို့မှာရောင်းတဲ့ ကတ္တီပါတောင်တစ်လုံးလောက်ရှိတယ်ကွ။ အဲဒီဥကိုတူးယူပြီးခွဲကြည့်ရင် အတောင်လက်စုံပြီး နွားချေးပိုးထိုးပုံပေါက်ကောင်ဆိုရင် မစားရဘူး။ ဆင်လို့ခေါ်ပြီး လွတ်ပေးလိုက်။ တုပ်ဆိုတာ နီနီဝါဝါအရောင်တောက်ပြီး မွေးရေးရေးလေးပေါက်ခါစအကြောက်စားရင်ဆိမ့်တယ်။ ပုရစ်ကြော်ရသလိုပဲ။ အီကွေးဆိမ့်ကောင်ဆိုတော့ ထင်းပိုးကောင်လိုပဲ။ ဗွေးအိအိကွေးကွေး ဖြူဖြူဖွေးဖွေးလေးကိုကြော်စားလို့ကတော့ အရမ်းဆိမ့်ကောင်းမှကောင်း။ တို့ရွာမှာ ရည်နဲ့ဆိုဆေးပဲ။ အဘဦးဖိုးခိုင်ဆို အမြဲမှာထားတာ။ကိုရွှေသီးတို့ကိုတို့ စစ်ပင်ကိုအလည်လာရင် လိုက်တူးပြီး ကြော်ကွေးနေကြတာ။ ငါနဲ့က အသက်ခြင်းအရွယ်တူလေ။ ငါက မင်းထက်ဝါကြီးတယ်ကွ။ မင်းဦးလေးလေ။ မင်းအဖေနဲ့က အစ်ကိုနှစ်ဝမ်းကွဲတော်တယ်လေ။

တင်ထွန်းကလည်း စကားသည်မှာ ရေပက်လို့ပင်ဝင်မည်မဟုတ်။ ကျွန်တော်ကလည်း အဘွားအမျှော်ရသည်မှာ လည်တဆန့်ဆန့်။ တင်ထွန်းနှင့်နှစ်ယောက် စကားရင်းမှ ကွမ်းအစ်ဆီသို့ လက်ရောက်ပြီး ကွမ်းနှစ်ရွက်ကိုထုတ်ယူပြီး ခေါင်းဖြတ်မပြုလုပ်တော့ဘဲ ထုံးကို လက်ညှိုးဖြင့် တစ်ကော်ကော်ဆင့်ထားသောကွမ်းရွက်အပေါ် သုတ်ပြီး ကွမ်းသီးစိတ်လေးစိတ်ကို ၍ လုံးထွေးပြီးယာ၍စားပြီးကွမ်းကို ပစ်ခနဲပစ်ခနဲ ထွေးပြီး -

"ဟေ့ကောင် တင်ထွန်း၊ မင်းတဲ့ဒီပိုးကောင်ဆိုတာ နွားချေးပိုးတာ၊ ငါမစားရဲပါဘူးကွာ။ အဲဒီပိုးထိုးကောင်က စုန်းမတွေကအဆောင်ပြီး ညဘက်မှာ အိမ်ထွက်လေ့ရှိတယ်လို့ ငါ့အမေတတယ်တွ။ အဲဒီနွားချေးပိုးထိုးရင် တဒီဒိနဲ့အော်မြည်ပြီးလာသကလည်း နွားချေးနဲ့ကပြင်းထန်

www.burmeseclassic.com

www.burmeseclassic.com

တို့က အဝင်မခံဘူး။ တံမြက်စည်းနဲ့ရိုက်ချပြီး လွှင့်ပစ်လိုက်တာပဲ။ အဲဒီ နံနံစော်စော်နွားချေးပိုးကောင်ရဲ့ဥထဲကအကောင် ပေါက်ကိုတော့မစားရဲပါဘူးကွာ။ မင်းတို့တောသားတွေပဲ မရွံ့မရှာစားတတ်ကြတယ်"

ဟု ကျွန်တော်ကပြောသောအခါ တင်ထွန်းသည် -

"ဟေ့ကောင် ကျော်ဝေ၊ ဟောဟို မှာ မတင်တင်ဝင်းနဲ့ မိမဲလာနေပြီကွ။ ဒီဟာမတွေက ငါနဲ့အဆင်မပြေဘူး။ ဘုန်းဘောက်ကွ။ သူတို့ ဒေါ်အုန်းတင်ဆီကို သာကြတာ။ ဧကန္တ ပြောင်းဖူးဖက်ဆေးလိပ်လာချေးတာနဲ့တူတယ်။ မင်းပဲကြည့်ပြီး အဆင်ပြေအောင်ပြောလိုက်တော့။ ငါ ဒီပိုးဥတူးရအောင် သွားတော့မယ်"

ဟု တင်ထွန်းပြောဆိုပြီး ထွက်သွားလေသည်။ ကျွန်တော် ကွမ်းစားပြီး ထုံးပေါက်သလို ကွမ်းလည်းမူးပါသည်။ ခွက်နှာနှင့်တစ်ကိုယ်လုံး ချွေးများထွက်ပြီး တအေ့အေ့ပျို့အန်ပါသော်လည်း ထွေးနှင့်နှပ်များသာထွက်ကျပြီး ခေါင်းကြေးခြင်းကမပြေပါ။

"ဟဲ့ ကျော်ဝေ၊ နင်ကလည်း ကွမ်းစားတတ်ဘဲနဲ့ ကွမ်းစားတော့ မူးတာပဲ။ နင်စားတဲ့ကွမ်းသီးက ကွမ်းသီးစိမ်းသားလေ။ ကွမ်းသီးက ကွမ်းမစားတတ်ရင် အစိမ်းကမူးတယ်"

ဟု မတင်တင်ဝင်းက ပြောဆိုပြီး ကျွန်တော်၏ဇက်ကို နှိပ်နယ်ပေးသလို ပုခုံး(၀ါ) မဝင်းဝင်းကြည်ကလည်း ကွမ်းစားခဲ့ကို ရှူခိုင်းလိုက်၊ကွမ်းညှပ်ကိုရှူခိုင်းလိုက်နှင့် ကျွန်တော်အတွက် သူတို့နှစ်ယောက် အလုပ်ရှုပ်ကြပါသည်။ ကွမ်းမူးသက်သာသလိုရှိပေမယ့် ထုံးပေါက်ကတော့ အခံရခက်လှပါသည်။အပူပေယ်ကိုစားလို့မရပါ။ ကျွန်တော်၏ခေါင်းကွဲ မိကြည်ကြည်ငြေးက -

"ဟဲ့ အစ်ကိုကြီး၊ နင်ကွမ်းမူးတာကို အမေယ့်သူတွေပေါ်သား။ ဟိုကောင်မ အမေအုံးတင်အိမ်ကို ဘာလုပ်တာလဲ။ ဧကန္တ - နင်ရှိလို့လာတာပေါ့"

ဟုဆိုသောအခါ ညီမဖြစ်သူ ကြည်ကြည်ငြေးကို ကျွန်တော်သည် မီးဆုပ်နှင့် ခပ်ဖွဖွခေါင်းကိုထိုးပြီး -

"ဟဲ့ - နင်စကားပြောတာကြည့် သူတို့က မောင်နှမတွေလိုခင်မင်တာ။ တော်ကြာ ကြားသွားလို့ (မဲမှီ) ရိုက်သွားဦးမယ်"

ဟု ပြောလိုက်သောအခါ မိကြည်

ကြည်ငြေးက -

"အောင်မာ အစ်ကိုကြီးက မိမဲကို မဲမှီတဲ့။ မဲမှီစိတ်ဆိုးမှာတော့စိုးတယ်ဆိုတော့ မတင်တင်ဝင်းစိတ်ဆိုးမှာကိုရော အစ်ကိုကြီးတွေးပြီးမကြောက်ဘူးလား"

"တယ်- ဒီကောင်မလေးပြောလေ ကဲလေပါပဲလား။ ငါစိတ်ထဲမှာ သူတို့နှစ်ယောက်ကို နင်တို့နဲ့မခြား မောင်နှမတွေလိုပဲ သဘောထားပါတယ်။ ငါ့မှာ အခြားဘာစိတ်ကူးမှမရှိပါဘူး။ ကွမ်းပေါက်ထုံးမူး အဲလေ မှားလို့ ထုံးပေါက်ကွမ်းမူးသူငယ်ချင်းတွေပေါ့"

ဒီစစ်ပင်ရွာမှာ တစ်ခါကငယ်ဘဝအမှတ်တရလေးတွေပေါ့။

အဘွားပြန်လာမှ အဘွားက -

"ကွမ်းမူးရင် ငါ့မြေးမှတ်ထား။ သကြားဖြစ်ဖြစ် ဆန်ဖြစ်ဖြစ် လွယ်ကူရာကိုဝါးစား။ ကွမ်းမူးတာ သက်သာတယ်"

ဟုပြောပါသည်။

နောက်တစ်နည်းမှာ ခရမ်းချဉ်သီးမှည့်တစ်လုံးကိုဝါးစားပါ။ သို့မဟုတ် မန်ကျည်းမှည့်နှင့်သကြားကိုနယ်ပြီးစားလျှင်လည်း ကွမ်းမူး၊ ကွမ်းသီးမူးခြင်းကပျောက်ပါသည်။

ထုံးပေါက်တာကလည်း လွယ်ပါတယ် ငါ့မြေးရယ်တဲ့။ မုန်ညင်းဆီကို သုတ်ပြီး လေးညှင်းပွင့်ကို ကိုက်လျှင်လည်းပျောက်ပါသည်။နောက်တစ်နည်းမှာ ထုံးပေါက်သောလျှာပေါ် သို့ အုန်းဆီသို့မဟုတ် ဟူးဖယောင်းကိုလည်း သုတ်လိမ်းခြင်းဖြင့်ပျောက်ပါသည်ဟု အဘွားကပြောပါသည်။

အမှတ်တရလေးတွေပါ။

ကွမ်းမူးစဉ်က မဝင်းကြည်ပေးခဲ့သော ကွမ်းညှပ်ကို အခါခါနမ်းခြင်းဖြင့် ကွမ်းမူးခြင်းသက်သာခဲ့ပါသည်။ ဂဒ္ဓိရဆန်လှပါပေသည်။ တချို့လူတို့ ကွမ်းစား၍မူးလျှင် နီးစပ်ရာသံထည်ပစ္စည်းတစ်ခုခုကို နမ်းရှူခြင်းဖြင့် သက်သာသည်ကို ကျွန်တော်တွေ့ခဲ့ဖူးပါသည်။ ဆေးတံသောက်သောသူ၊ ဆေးရွက်ကြီးကိုငုံသူ၊ ဆေးပြင်းလိပ်သောက်သောသူ၊ ကွမ်းစားလျှင် ဆေးရွက်၊ ဆေးပေါင်းထည့်စားသူတို့ကို အံ့သြမိပါသည်။ သြော် - သူတို့ မမူးတတ်ပေစွ။ ဆေးရွက်၏အန္ဓကို ပင်မခံနိုင်သော ကျွန်တော်သည် အမူးရောဂါဝေဒနာခံစားရမှာ ကြောက်မိပါ၏။ ကွမ်းစားဆေးသောက်နှစ်မှုရောက်ဟု အမေက မကြာခဏပြောသဖြင့် အဖေသည်လည်း ကွမ်းနှင့်ဆေးလိပ်ကို ဖြတ်ခဲ့သဖြင့် အသက် (၈၀) အထိ နေသွားရပါသည်။

လူတွေကပြောကြပါသေးသည်။ မအိုဆေးကိုမမှီဝဲလျှင် လူရာမဝင်ဘူးတဲ့။ က- ကြည့်လေ၊ မအိုဆေး ဟူသော သေရည်သေရက်ကို မှီဝဲသူတို့ လူဘဝတွင် သက်တမ်းပြည့်နေရတဲ့သူကရှားလှပါသည်။ အမှည့်တဝင်းဝင်းဖြစ်ပေမယ့် အကင်းကတော့ တဖြိုက်ဖြိုက်ပင်မဟုတ်ပါလား။ ရခဲလှသောလူဘဝကို အသုံးချတတ်လျှင် ဘုရားတရားမြဲသူတို့၊ ရတနာသုံးပါးကို တန်ဖိုးထားသူတို့သည် အိုပင်အိုသော်လည်း ကံငါးပါးကိုလုံကြွလျှင် အမှည့်တဝင်းဝင်းဖြင့် ဘဝသာယာလှပပေပါလိမ့်မည်။ကံငါးပါးကိုမလုံ သောက်သောက်စားစား လူမင်းသားဟု အမည်ခံပြီး တွေ့မရှောင် မထူးဇာတ်ခင်းပြီး မိုက်တယ်ဆိုတာ လွယ်ပါတယ်ဆိုသော လူငယ်တချို့အတွက်ကတော့ မအိုဆေးကိုသုံးစွဲလျှင် အကင်းတဖြိုက်ဖြိုက်ဖြင့် ပင် ဘဝနိဂုံးချုပ်ရလေတော့သည်။

ကျွန်တော်မှတ်မိသည့်လွန်ခဲ့သောနှစ် (၅၀)ကျော် ရွှေခေတ်က ကွမ်းစားသူတို့အတွက် မှတ်သားလောက်သောကဗျာကလေးတစ်ပုဒ်ကတော့ -

၁ တံတားဦးကကွမ်းနုဝါ၊
ငမြာကဆေး၊
ကွမ်းသီးတောင်ငူနှင့်
ကိုင်းထုံးဖြူပြည်ရှားသာဝါးလို့ထွေး
ကွမ်းစားသူတို့အတွက် ယဉ်ကျေးသောကဗျာလေးတစ်ပုဒ်ပါ။

အဓိပ္ပာယ်မှာ တံတားဦးရွာက ကွမ်းနုနုဝါဝါလေးကို၊ စစ်ကိုင်းက ထုံးဖြူပြည်မြို့က ရှားစေး၊ ငမြာရွာက ဆေးနဲ့ တောင်ငူကကွမ်းသီးနဲ့ရောပြီး စားလိုက်လျှင် အသာလေးပဲဝါးပြီးထွေးရပါသတဲ့။

စစ်ပင်ရွာကလေးက ကွမ်းကြိုက်သော အဘွားဒေါ်အုံးတင်သို့ အမှတ်တရ

ဧရာမြေကျင်ဝေ

www.burmeseclassic.com

www.burmeseclassic.com

သူကို အများက ဗိုလ်ပုဟု ခေါ်ကြသည်။ တပ်မတော်မှ ဗိုလ်မဟုတ်သလို မည်သည့်ဌာနတွင်မျှ ဗိုလ်မလုပ်ခဲ့ပါ။

နာမည်အရင်းက ဦးပု ဖြစ်၏။ သို့သော် သူအသက် (၂၀) လောက်က လူသတ်မှုဖြစ်ခဲ့သည်။ ရှေ့တန်းရဲဘက်ပါသွား၏။ အလုပ်ကပင်ပန်းသည်၊ ထမင်းကမဝတဝစားရသည်။ ဒီဒဏ်ကို သူမခံနိုင်။ ထို့ကြောင့် သူအမြတ်တနိုး ထားသော ရွှေဆွဲကြိုး (၁) ကျပ်ခွဲသားကို ဆိုင်ရာပိုင်ရာအား ပူဇော်ပသလိုက်၏။

ထို့ကြောင့် နောက်နေ့မှစ၍ အလုပ်ကြမ်းမလုပ်ရတော့။ တုတ်တစ်ချောင်းကိုင်၍ ရဲတစ်ဦးနှင့်အတူ အလုပ်လုပ်သောထောင်သားများကို အုပ်ချုပ်ရသည်။ ထိုအချိန်မှစ၍ သူနာမည်ကို ဗိုလ်ပုဟု ခေါ်ကြပါတော့သည်။

ဗိုလ်ပုအသက် (၆၅) နှစ်ကျော်ပါပြီ။ တစ်ခါတစ်ရံဆုံမိကြလျှင် သူဘဝတစေ့တစောင်းကို ပြောပြတတ်သည်။ ယခု ပစ္စုပ္ပန်အခြေအနေတွင် ဗိုလ်ပုတို့စီးပွားရေးနှမ်းပါးပါသည်။ မြေပေါက်၊ ထင်းပေါက်၊ တံငါ၊ ရေထမ်း၊ ပန်းရန်၊ လက်သမား၊ လယ်ထဲယာထဲနှင့် အခြားကြုံရာကျပန်းအလုပ်များကိုတွေ့မရှောင်လုပ်ခဲ့သည်။ သူဘဝအကြောင်းများကို ပြောပြရာတွင် ဗဟုသုတများသလို တစ်ခါတစ်ရံ ဂန္ဓီရဆန်၏။ လျှို့ဝှက်သည်းဖိုဆန်သောအကြောင်းများလည်း ပါရှိပါသောကြောင့် စာဖတ်သူများ ဗဟုသုတရစေခြင်းငှာ သူပြောပြသည်များကို ဆီလျော်အောင် ရေးသားလိုက်ပါသည်။

ကျုပ်အသက် (၁၈) နှစ်လောက်မှာ ရန်ကုန်တက်ပြီး အလုပ်လုပ်တာပေါ့။ ပန်းရန်လုပ်တယ်။ ခေါင်းဆောင်လင်မယားက သဘောကျလို့ သူတို့နဲ့အတူ နေခိုင်းတယ်။ စုမိဆောင်းမိရှိတာပေါ့။ အဲဒါတွေရွှေတိုင်ဒေစလုပ်ထားတယ်။

အဲ - တစ်ခုရှိတာက ခေါင်းဆောင်ကမူးလာရင် ဆိုးတယ်ဗျာ။ သူမိန်းမနဲ့သမုတ်တယ်။ ကျုပ်ကအရက်မသောက်ဘူး။ သူမိန်းမကလည်း ရှောင်ခိုင်းတယ်။ ဒီလိုနဲ့ကြာလာတော့ သည်းမခံနိုင်တော့ဘူး။ သူနဲ့အတူ အရက်သောက်ရင်း သူ့ကိုမူးအောင်တိုက်တယ်။ သူလည်းမူးရော သူ့ကိုသတ်ပြီး အချုပ်ထဲတန်းဝင်ခဲ့တာ။ ထောင်ကျတော့ ရဲဘက်ပါသွားတာ ပင်ပန်းလိုက်တာဗျာ။ အစားဆင်းရဲ အနေဆင်းရဲနဲ့လုပ်ရတာက အလုပ်ကြမ်း အရှင်လတ်လတ် ငရဲစခန်း ရောက်နေတာ။ အဲဒါ ဆွဲကြိုးလေးနဲ့လာဘ်ထိုးလိုက်တော့ သက်သာသွားတယ်။

သာယာဝတီထောင်ကလွတ်လာတော့ သာယာဝတီမြို့ထဲမှာ ဘယ်ကိုသွားလို့သွားရမှန်းမသိဘူး။ လက်ထဲမှာလည်း လမ်းစရိတ်ကမရှိဘူး။ အဲဒါနဲ့ လူစုစုမြင်တဲ့ နေရာသွားကြည့်တော့ ရှမ်းဆရာကြီးတစ်ဦး မျက်လှည့်ပိုင်းပြနေတာ။ မျက်လှည့်ဆရာက ပရိသတ်ထဲက တစ်ယောက်လောက်ကူညီပါဆိုလို့ ဝင်သွားခဲ့တယ်။ မျက်လှည့်ဆရာက တစ်ယောက်တည်းရယ်။ သူ့ကိုကူညီလုပ်ကိုင်ရင်း ခင်သွားတယ်။ နောက်ဆုံးမှာ မျက်လှည့်ပြရင်း သူအပြန် ရှမ်းပြည်ကို ခေါ်လို့လိုက်သွားတယ်။

သူမှာ သမီးသုံးယောက်ရှိတယ်ဗျ။ ရုပ်ချောချောတွေပေါ့။ သူသမီးအငယ်ဆုံးက ကျုပ်နဲ့ရွယ်တူလေ။ အငယ်ဆုံးသမီးက တစ်နေ့ ကျုပ်ကိုမေးတယ်။ သူ့ကိုချစ်လားတဲ့။ ကျုပ်က ဘယ်လိုအဖြာဖြာယ်နဲ့မေးမှန်းမသိတော့ ထိန်းဖြေရတာပေါ့။ အင်း-မောင်နှမတွေလို ချစ်ပါတယ်လို့ဖြေလိုက်တော့ သူက ပြုံးနေတယ်။ သူတို့နဲ့နေရတာ သစ္စာရှိရတယ်၊ သတိထားရတယ်။ နို့မို့ မလွယ်ဘူးဗျ။ သူတို့ကပညာစမ်းတယ်။

တစ်ည သူတို့နဲ့ထိုင်ပြီး စကားပြောနေတော့ သူတို့ကစမ်းတယ်။ အိပ်ချိန်ရောက်လို့ ထိုင်ရာကထတော့ ထမရဘူး။ ဖျာနဲ့တင်ပါးနဲ့ကပ်နေတယ်။ မသိမသာပြန်ထိုင်လိုက်၊ ထကြည့်လိုက် ဘယ်လိုမှမကွာဘူး။ သူတို့ကရယ်ကြတယ်။ မလုပ်ပါနဲ့ဗျာ။ ကျွန်တော်အိပ်ချင်နေလို့ပါ။ မနက်ကျရင် ဆရာခိုင်းတာလုပ်စရာရှိလို့ပါဆိုမှ ထိုင်ရာကနေ ထလို့ရတော့တယ်။

အဲဒါ ဆရာကြီးကိုပြောပြတော့ ဆရာကြီးကပြောတယ်။ ငါ့တပည့်ရယ် ဒါကအလွယ်လေးရယ်တဲ့။ အဲဒီလိုထမရရင် ခြေဆင်းလိုက်။ ခြေသလုံးပေါ်ကျနေတဲ့ပုဆိုးစကို အဲဒီလို လက်ဖဝါးနဲ့အပေါ် ဘက်ကိုပွတ်ပြီးလိပ်တင်ခဲ့။ ဒီကပုဆိုးလိပ်တင်တာ အပေါ်ဘက်တက် လာလေလေ လုပ်ထားတဲ့ ပညာသည် (အမျိုးသမီး)ရဲ့ လုံချည် (ထဘီ) စလည်း လိပ်တက်လန်တက်လာလေပေါ့ကွ စမ်းကြည့်ပေါ့ဗျာတဲ့။

ဟုတ်ပါ့ဗျာ ညကျတော့ ကြီးသမီးတစ်ယောက်က အောင်လုပ်ထားပြန်ရော။ အဲဒါနဲ့ ကြီးပြောတဲ့နည်းအတိုင်း ပုဆိုးစကို လိပ်တင်လိုက်တာ လည်း အပေါ်ဘက်လိပ်တက် ပန်းပေးပါပြီရပ်ပါတော့ဆိုမှ တော့ဆိုမှ ရပ်လိုက်တော့ တယ်။

ရှမ်းတိုင်း ပညာမတတ်သူ မတတ်ပေမယ့် လက်ဖက်ထု တတ်တယ်ဆိုတာ အဲဒီက တစ်နေ့ လူတစ်ယောက် လက် ကလေးကို အပ်ချောင်းလေးထိုး ကိုရောက်လာတယ်။ လူတစ် သတ်ပေးပါဆိုပြီး လက်ဖ ဆရာကြီးကိုပေးတယ်။ ဆရာ တယ် မင်းကိုလုပ်တာ ဘယ်နှ ဆိုတော့ သုံးခါရှိပြီတဲ့။ အေး- လုပ်ပေးမှာနော်၊ သုံးကြိမ်မပြည့ သေမှာနော်လို့ပြောလိုက်တယ်

မကျေနပ်လို့လာပြီး သ

www.burmeseclassic.com

www.burmeseclassic.com

စိုးလင်းနေအောင်

(မြို့ငယ်အောင်)

ဝိုလ်ပု

ခဏခဏပဲလို့ဆရာကြီးကပြောတယ်ဗျ။ ဟိုမှာကြည့်လိုက်ဆိုပြီးတော့ပြတာ ထရံတစ်ပြင်လုံး အပ်ချောင်းတွေစိုက် (ထိုး) တာအများကြီးဗျ။ လူတစ်ယောက် အပ်တစ်ချောင်းတဲ့။ ဟုတ်တယ်ဗျာ နောက်နေ့ သတ်ခိုင်းတဲ့လူ သေသွားတယ်လို့ သတင်းကြားတယ်။ အဲဒီလိုလုပ်ပေးတာက တစ်ဖက်လူက မတရားလုပ်ရင် သည်းခံရတယ်။ နှစ်ခါလောက်အလုပ်ခံရတာဆိုရင် လုပ်ခိုင်းတဲ့လူသေရောဗျ။ သုံးကြိမ်သုံးခါပြည့်မှသတ်ပေးလို့ရတာဗျ။ အဲဒီကစလို့ လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်တယ်ဆိုတဲ့စကားပေါ် လာတာဗျ။ ရှမ်းပြည်နယ်မှာ မသာချေးတာ ကိုယ်တွေ့မြင်ခဲ့ဖူးတယ်ဗျာ။ ဆရာကြီးကိုလာပြီး အကူအညီတောင်းရင်လုပ်ပေးတယ်။ တစ်နေ့ မသာအိမ်က လာပင့်လို့ ဆရာကြီးနဲ့ လိုက်သွားရတယ်။

ဟိုကျတော့ မသာကို ထိုင်ခိုင်းတော့ မသာက ငုတ်တုတ်ထထိုင်တယ်။ ပါးစပ်က ဘာမှမပြောဘူး။ မသာကို သနပ်ခါးလိမ်းပေး၊ ပန်းပန်ပေး၊ အင်္ကျီပြောင်းပြန်ဝတ်ပေးတယ်။ မတ်တတ်ရပ်ဆိုတော့ မသာကထတယ်။ ရှေ့ကသွားဆိုတော့ သချိုင်းကိုရှေ့ကသွားတယ်။ လူတွေကနောက်ကလိုက်တာပေါ့။ • သူမြုပ်မယ့် တွင်းနှုတ်ခမ်းနားမှာရပ်နေပြီး တွင်းထဲကို လဲကျသွားရော။ ဘယ်သူမှ အကူအညီမပေးရဘဲ သေပြီးသားလူကို အသက်သွင်းပြီး မသာချေးတာကို မြင်ခဲ့ရတယ်။

ဂျပန်ခေတ်က ဟိုဘက်ရွာကိုသွားစရာကိစ္စရှိလို့ သူသမီးနှစ်ယောက် ချည်မန်းကွင်းစွပ်ပြီး ကြက်တူရွေးယောင်ဆောင်လိုက်တယ်။ အောက်ကနေခြေကျင်သွားရင် ဂျပန်အန္တရာယ်ကရှိလို့ ကောင်းကင်ကလွှတ်လိုက်တာ။ ဟိုဘက်ရွာကပြန်လာတော့ ဂျပန်တွေကရှိသေးလို့ မဆင်းနဲ့ဦး။ သစ်ပင်ပေါ်မှာနေဆိုပြီး မာဂဓစကားနဲ့ လှမ်းပြောတယ်တဲ့။ နောက်တော့ အန္တရာယ်ကင်းမှဆင်းခဲ့ဖို့ အကြောင်းပြောပြီး ချည်မန်းကွင်းကို ချွတ်လိုက်မှ လူပြန်ဖြစ်သွားတာလို့ ဆရာကြီးက ပြောပြတယ်ဗျ။

သုံးနှစ်ပြည့်လို့သာပြန်ဖို့လုပ်ရတာ ဘာမှလည်းသင်မပေးဘူး။ ဆရာကြီးကတော့ ငါတပည့်ပညာစုံပြီပြန်တော့တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ရေမန်းပြီးတိုက်တယ်။ကွမ်းယာကျွေးတယ်။ ခေါင်းကို လက်နဲ့သုံးကြိမ်သပ်ခွတယ်။ အဲဒါပညာပေးတာတဲ့။ လမ်းစရိတ်ဆိုပြီး ပိုက်ဆံတစ်မတ်ပေးလိုက်တယ်။ လမ်းမှာဘာစားစားဘာဝယ်ဝယ် ဘာလုပ်လုပ် အဲဒီပိုက်ဆံတစ်မတ်ကိုထုတ်ပြလိုက်တဲ့။ ဟုတ်ပါဗျာ၊ ထမင်းဆိုင်ဝင်ပြီး ထမင်းစားတယ် ပိုက်ဆံတစ်မတ်ထုတ်ပြလိုက်တာနဲ့ နေနေရတယ်၊ ရတယ်မပေးနဲ့လို့ပဲပြောပြော လွှတ်ကြတယ်။ လမ်းမှာကြုံက်တာဝယ်စားပြီး ဒီလိုနဲ့ရွာပြန်ရောက်လာတာ။

အဲဒီ ပိုက်ဆံတစ်မတ်လေး မရှိတော့ဘူးဗျာ သူခိုးခိုးလို့ပါသွားပြီ။

ဒီလိုနဲ့ ငါတော့ ပညာမစုံသေးဘူးဆိုပြီး နာမည်ကြီးပညာရှင် (ပညာသည်) အမျိုးသမီးကြီးတစ်ဦးဆီ ပညာထပ်ယူပြန်တယ်။ ဒီပညာရပ်တွေနောက်မှကျွပ်ပြောပြမယ်ဗျာ။

အဲဒီမှာ ပညာလာယူတဲ့လူတွေဟာ မထိန်းနိုင်ရင် သေတယ်လို့ကြားတယ်ဗျ။ ကျွပ်ဝင်သွားတော့ ပတ်ဝန်းကျင်ကလူတွေက ကျွပ်ကိုသေတော့မှာပဲဆိုတဲ့သဘောနဲ့ ကြည့်နေကြတယ်။ သူဆီရောက်တော့ ဘာလုပ်လာတာလဲလို့မေးတယ်။ ပညာယူချင်လို့ပါဆိုတော့ အေးအေး-သင်ပေးတာပေါ့၊ အေးအေးဆေးဆေးနေ ဘာမှမပူနဲ့တဲ့။ အမေက တစ်ယောက်တည်းနေတာတဲ့။

ညအိပ်တော့ အိမ်ရှေ့ခန်းမှာ မအိပ်နဲ့တဲ့။ အမေနဲ့အတွင်းထဲဝင်အိပ်ဆိုလို့ ဝင်အိပ်ရတယ်။ သတိတော့ထားရတာပေါ့။ သန်းခေါင်ကျော်ကျော် လောက်မှာ ကျွပ်မြင်လိုက်ရတော့အုံသြသွားတယ်ဗျာ။ ညက အမေကြီး ကျွပ်ဘေးမှာအိပ်နေတာနော်။ အခုမြင်နေရတာက (၁၈) နှစ်သမီးအရွယ် အမျိုးသမီးတစ်ဦး။ ခြေသလုံးသားကြီးတွေပေါ်ပြီးလုံးကြီးပေါက်မှပေါ့ဗျာ။ မီးရောင်အောက်မှာ ခြေသလုံးသားတွေ ဖွေးဖွေးလှုပ်နေတာ စိတ်ထဲမှာ တစ်မျိုးကြီးဗျ။ နောက်တော့မှ သတိဝင်လာပြီး စိတ်ကို ထိန်းရတယ်။ ခုနစ်ရက်လောက်အမျိုးမျိုး စမ်းပြီးမှ ပညာပေးတာဗျ။ ဆေးပညာတွေရော၊ အောက်လမ်း၊ အထက်လမ်းတွေရော ပညာတွေစုံခဲ့တာပေါ့ဗျာ။

အလုပ်ကလည်း စုံခဲ့တယ်ဗျာ။ အရွယ်ကောင်းတုန်းက မှော်ဘီအရှေ့ကတောင်ပေါ်မှာ မီးသွေးဖုတ်ခဲ့ရသေးတယ်။ တောကောင်တွေနဲ့လား၊ တွေ့ရတာပေါ့။ ဝက်စွယ်နီလား တွေ့ဖူးတယ်။ တစ်ကိုယ်လုံးနီနေတာ သားသုံးကောင်နဲ့ ဘယ်လိုမှပစ်လို့မရဘူး။

တစ်နေ့တော့ ကွင်းပတ်ခြောင်းတောင်ဖျားမှာ အဲဒီဝက်ကိုပစ်ဖို့လုပ်ကြရော။ ပစ်မယ့်မုဆိုးက သူ့အိမ်နားက လူတွေကို ဘယ်သူမှဘာကိစ္စရှိရှိလိုက်မလာဖို့ပြောခဲ့တာ။ ညကျတော့ သူတပည့်တစ်ယောက် သူ့သားသုံးယောက်နဲ့ ဆားတွင်းကိုလိုက်လာတာ။ အဲဒါကို ဝါရင့်မုဆိုးက လင့်စင်ပေါ် ကနေသိလေတော့ တည့်တည့်ချိန်ပြီးပစ်လိုက်တာ သေသွားတော့ ဝက်မကြီးနဲ့သူ့သားဝက်သုံးကောင်ဖြစ်နေတာတွေ့ရတယ်။

နောက်တောဝက်အစွယ်နီတွေ့ပြန်ရော။ မုဆိုးက ခြေသုတ်ကိုင်းနဲ့ထောင်ထားတာ ခြေသုတ်ကိုင်းမှာမိပြီး ဝက်က ဝါးရုံကြားမှာညှပ်နေရော။ ဝါးရုံကြားညှပ်နေတော့ လုံနဲ့ပိုင်းထိုးကြတာပေါ့။ ဝက်စွယ်နီတိုင်းမပြီး(ဝီး)ပါဘူးဗျာ။

တောမှောက်တာတွေ၊ တောခြောက်ခံရတာတွေရှိတာပေါ့။ ကလေးတွေ သက်ကယ်ကျင်းတောထဲဝင်းပုန်းနေတာ တစ်နေ့လုံးတစ်ညလုံးရှာမရကြဘူး။ နောက်တစ်နေ့ တောင်းပန်မှ အဲဒီရှင်းလင်းနေတဲ့ သက်ကယ်ကျင်းတောထဲမှာပဲ ပြန်တွေ့ရတယ်။

တောင်ပိုင်လား၊ ရှိတာပေါ့။ တောင်ပိုင်ဖမ်းတာတောင်ကြုံခဲ့ဖူးတယ်။ တောင်ပိန္နဲပင်ကြီးတစ်ပင် အကြီးကြီးပဲ မီးသွေးဖုတ်ဖို့ချိုင်းတာပေါ့ဗျာ။ အဲဒီအပင်က ဘယ်သူမှမလဲရဲဘူး။ အဲဒါကို ကျွပ်တို့ကမသိဘူးဗျာ။ မသိတော့ အပိုင်ပဲဆိုပြီးချိုင်းတာပေါ့။ တစ်ကိုင်းချန်ထားဦးဆိုတာကို ချိုင်းတဲ့ကောင်က တစ်ကိုင်းမှမချန်ဘူး၊ အကုန်ချိုင်းပစ်တာ။

ညကျတော့ သစ်ပင်ချိုင်းတဲ့ကောင် ဘာမှမဖြစ်ဘဲ မထနိုင်တော့ဘူး။ တစ်ဖွဲ့လုံးကိုလည်း အိပ်မက်ပေးတယ်။အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့ တောင်ပိုင်ကြီးတဲ့။ သူ့ကိုခွင့်မတောင်းဘဲ သစ်ပင်ချိုင်းလို့တဲ့ဗျ။ သူ့ကို တောင်းပန်မှကျေနပ်မယ်ဆိုလို့ ကြက်တင်မြောက်ပြီး တောင်းပန်မှ သက်သာသွားတာ။ မတောင်းပန်ရင် အသေသတ်ပစ်မှာတဲ့။

တောထဲတောင်ထဲနေရင်းဌက်ဖျားမိရော။ ရွာပြန်လာရင်း ရထားကအဆင်းမှာ ပလက်ဖောင်းပေါ် လဲကျသွားတော့ အနားကလူတွေကဝိုင်းပြီး ဆေးရုံတင်ပေးတာ။ ဟုတ်တိပတ်တိ ဌက်ဖျားပြတ်သွားတယ်လို့မမှီဘူး။ အလုပ်ကြမ်းကြမ်းလုပ်ရင် ဌက်ဖျားပြန်တက်ပြန်ရော။ နောက်ဆုံးမှာ စစ်ဆရာဝန်တစ်ဦးပြောတယ်။ ဌက်ဖျားကို ခွေးသားပိသာကို ငရုတ်ကောင်း (၅) ကျပ်နဲ့ရောချက်စားတဲ့။ အရက်နဲ့သောက်အဲဒါနဲ့ပျောက်သွားရော။ ခွေးကိုမီးမြိုက်မချက်နဲ့ မီးမြိုက်ရင် သေခွေးကိုအရေခွံစုတ်ချက်တဲ့။

သက်သာလာတော့ မီးသွေးတော့ဘူး။ ရေထမ်းရောင်းတယ်။ ပေါက်ရောင်းတယ်။ ရေထမ်းမြစ်ကျောက်ဒိုင်က ဒိုင်မှူးတစ်ယောက်ဟိုအနာဗျာ တိုနာပြောပါတော့။ ပိုင်းအုံနေတာ။ ဒိုင်မှူးလည်းတော်ခံစားနေရတယ်။ ကျွပ်မှာဆေးခြောက်တစ်ခေါက်ယူခဲ့မယ်ဆိုပြီး ကျတော့ မိန်းမကိုယ်အမွေးကိုတယ်။ မီးရှို့ပြီး ပုလင်းထဲထည့်ကို ရေနဲ့ဖျော်လိုက်တယ်။ အဲဒီကိုယူသွားတာ သောက်လိုက်ချက်ချင်းသက်သာသွားလို့ဗျာ ကျေးဇူးတွေတင်လွန်းလို့ အဝတ်တွေ၊ စားစရာမုန့်တွေ၊ ဆီတို့လျှဲလိုက်တာဗျာ။ ပိုက်ဆံတော့ လက်မခံဘူးဗျ။

ရေထဲမိုးထဲရှာတာလားပေါ့ တံငါသည်ပေါ့ဗျာ။ ပုဇွန်စမ်းတာတောင် (၁) နာရီကြာအောင် ရေငုပ်နိုင်တယ်။အချင်းရာရင် ရေနည်းနည်းသောက်(မျိုချ)လိုက်။ ရေထဲမှာဆီဂျင်ပါတယ်လေ။ ရေထဲမှာနှီး (၅၀) သားလောက်ကို ကုန်ချည်နိုင်တယ်။ ရေ (၁၅) လံထောနိုင်တာပေါ့။ ပိုက်ချက်အသစ်ပိုက်လမ်းတွေရှင်းရင် ကျွပ်ကိုတာဗျ။ ရေအောက်က သစ်တုံးကို ကြိုးချည်ပေးရုံနဲ့ (၆၀၀၀) ရတယ်။

တစ်ခါတော့ ရေအနက်လောက်က သစ်ခေါင်းထဲငုပ်ပြီးနှိုက်တာ ပုစွန်တွေအားကြီးရတာ အဲဒီမှာ ကျွပ်အပေါ် ကနေ ရိုက်ကြည့်လိုက်တော့ ငါးရွေးကြီးဗျ။ ကျင်းကို လာနှိုက်လို့ အပေါ် ကနေတာ ရေထဲမှာမြင်နေရတယ်။

နောင်လာနောက်သားလို့ရအောင်ဆိုပြီး လက်နဲ့လှမ်းတော့ ဖက်လို့မမီဘူးဗျ အကြီးအရွယ်က(၁၂)တောင်ရှည်တယ်။ တို့က ရေငုပ်ရင် ဓားမြှောင်ကိုထိုးထားတာ။ အဲဒါနဲ့ ငါးရွေးကြီး

www.burmeseclassic.com

www.burmeseclassic.com

(အစာလေည်းဆေး၊ ဆေးလေည်းအစာ)

ရောဂါလည်းပျောက် လျှာလည်လောက်သည့်

ရသာစုံလင် ဆေးပက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)

စာရေးသူတို့၏နိုင်ငံသည် ရေမြေဟောတောင်သဘာဝပြည့်စုံကြွယ်ဝပေါများလှသလို ရာသီဥတုရေမြေသဘာဝကိုမီတည်ပြီး ရာသီစာဒေသထွက်အာဟာရပြည့်ဝပြီး အရသာပြည့်စုံသည့် ရာသီစာအသီးနှံစားဖွယ်ရာများလည်း ပေါကြွယ်ဝလှပါသည်။

ယခုလို မိုးဦးကျကာလများမှာဟာ ပဲခူးရိုးမတစ်ကြောသစ်တောတိုင်း တောင်ပေါ်ဒေသ အင်ပင်များ ပေါက်ရောက်သည့်တောင်ကုန်း၊တောင်တောင်စောင်းအရိပ်ကျသောနေဒေသများတွင်သာပေါက်ရောက်တွေ့လေ့ရှိပြီး အာဟာရဓာတ်ပြည့်ဝ၍ အသားနှုတ်ခံတွင်းတွေ့စေ၏။ ရာသီစားဖွယ်အာဟာရထစ်မျိုးဖြစ်သော အဉ်များလှိုင်လှိုင်ကြီးပေါ်ထွက်လို့လာ

အမှန်ကတော့ အင်ဥလို့သာအခေါ်ခေါ်နေကြပေမယ့် အင်ပင်သောဥမဟုတ်ဘဲ နွေရာသီသာသောက်လုံး အရွက်ကြွေချခဲ့သော အင်ပင်မှအင်ရွက်ခြောက်များကနေပြီး ရာသီအခါသမယမှာ ရေအစိုဓာတ်ဆောက်လာပြီး မြေကြီးထဲကမှိုမျိုးစေ့ထက်ကြွနိုးထလာကာ အင်ရွက်ဆွေးများတွင် သန္ဓေတည်ပြီးဖြစ်ပေါ်လာသော မှိုမျိုးရင်းဝင်မှိုတစ်မျိုးကို အင်ဥဟုခေါ်ခြင်း ဖြစ်ပါသည်။

အပေါ်ယံအခွံအရောင်မည်းမည်းနှင့် ဥအလုံးလေးများကဲ့သို့ အကြီး အငယ်အရွယ်စုံဖြစ်ဖြစ်လာပြီး အနှံ အရင့်အပေါ်မူတည်ပြီး အရသာအလေး အပေါ့အနည်းငယ်ကွာခြားချက်လေးရှိတတ်ကြပါသည်။

အချို့က အင်ဥနုနုလေးများကိုပို၍နှစ်သက်ကြပြီး အချို့က အင်ဥအရင့်ကို စားကောင်းသည်ဟု မှတ်ယူကြသည်လည်းရှိပါသည်။ ရာသီစာဖြစ်သော အင်ဥကို လူအတော်များများကနှစ်သက်စွာစားသုံးကြသောကြောင့် အင်ဥပေါ်ခိုနိုတွင် ဈေးကောင်းပေး၍ ဝယ်ယူစားသုံးကြရပါသည်။

အင်ဥမှာပါဝင်နေသည့် ကျန်းမာရေးအကျိုးပြု အာဟာရဓာတ်များကို ကြည့်မယ်ဆိုလျှင် အင်ဥဟာ မှိုမျိုးရင်းဝင်သဘာဝရာသီစာမှိုဥမျိုးဖြစ်လို့ မှိုမှာပါဝင်သော ပရိုတင်းဓာတ်နှင့် အမိုင်နိုအက်စစ်ဓာတ်များပေါများစွာပါဝင်နေ၍ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုကိုအားပေးစေပါသည်။

အခြားသော ကယ်လစီယမ်ဓာတ်၊ မီးစုန်းဓာတ်နှင့် မှိုမှာကဲ့သို့ အင်တီအောက်ဆီးဒင့်၊ အကျိုးပြုဓာတ်များလည်း ပါဝင်နေသဖြင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကျိုးပြုရာသီစာစားဖွယ်အာဟာရကောင်းတစ်ခု ဖြစ်ပါသည်။

သို့သော် အင်ဥတွင့်တစ်ခုသတိပြုရမှာကတော့ ယူရစ်အက်စစ်ဓာတ်မြင့်မားစေတဲ့ ပျူရင်းအာနိသင်ရှိသော မြေထွက်ပစ္စည်းမှိုဥမျိုး ဖြစ်သောကြောင့် ဂေါက်ရောဂါအခံရှိသူများအတွက်ကတော့ ရှောင်ကြဉ်သင့်ပါသည်။

ဒါ့အပြင် အင်ဥတွင် သွေးအားကိုထောက်ပံ့အားပေးသော သံဓာတ်ကလည်း ပါဝင်နေပါသေးသည်။ အင်ဥကို စားသုံးပေးလျှင် အထက်ဖော်ပြပါအကျိုးပြုအာဟာဓာတ်များ၏ အစွမ်းအာနိသင်ကြောင့် ခန္ဓာကိုယ်ကျန်းမာဖွံ့ဖြိုးဖို့ အကျိုးပြုပါသော်လည်း အင်ဥနှင့်တွဲဖက်၍ မစားသုံးသင့်တဲ့ အသီး၊ အရွက်၊ သား၊ ငါးများကိုလည်းသိရှိ၍ သတိပြုဆင်ခြင် စားသောက်နိုင်စေရန် လိုအပ်ပါသည်။

အင်ဥနှင့်တွဲဖက်၍ မစားသုံးသင့်သောအစားအစာများမှာ -

၁။ တည်းသီး

သို့ကို မားမြောင်နဲ့ခွိုနိုပြီးတစ်ဆုံးလိုက်တာ ငါးရွေးကြီးက ပီးခနဲ သစ်တုံးနားကပြေးထွက်သွားရော။ ကြောက်ကြောက်နဲ့အမြန်လေထရတာပေါ့။ နောက်နေ့ကျငါးရွေးကြီး ရွှေကျင်မှာသွားပြီးနေရော။ အဲဒီကစလို့ ကျွဲပုစွန်ဘုရားဘုန်းကြီးတော့ဖူးတာပေါ့။ ခင်ဗျားရဲ့စရောက်တော့ ရွာအနောက်ဘက်မှာ သရဲတစ်ကောင်အိပ်နေသတဲ့။ သူခြေထောက်က ဇရပ်တစ်တောင်လောက်ပိုထွက်နေသူပ်ကတွေ့လည်း တွေ့ရော ဟေ့ကောင် ထထ၊ ဒါမင်းနေရာမဟုတ်ဘူး။ သွား မင်းနဲ့ သင့်တော်ရာနေရာသွားနေဆိုပြီး ဟိုလမ်းခွဲနားက လက်ပံပင်ကြီးကိုပို့လိုက်တာ”

သူက ခပ်တည်တည်ပင်ပြောနေပါသည်။ ထိုဇရပ်ကား သရဲခြောက်သည်ဟုတော့ ကြားဖူး၏။ သို့သော် ကိုယ်တိုင်မတွေ့ဖူးပါ။

ဗိုလ်ပုပြောပြသော ဆေးနည်းများကို စာရေးသူက မဂ္ဂဇင်းများတွင် ရေးသားဖူးပါသည်။ ထိုအခွိုန်တွင် ဗိုလ်ပုမိန်းမက အိမ်မှာသွားပိုးခွဲမည့် ဇည့်သည်ရောက်နေတယ်ဟုလာခေါ်နေသည်။ သူက သွားပိုးများခွဲပေးပါသည်။ သူကိုယ်တိုင်ကမူ သွားတစ်ဝက်လောက်မရှိတော့ပါ။

စကားကလည်း မပြတ်သေးပါ။ သူကလည်းထပ်ပြောချင်နေသည်။မိန်းမက ထပ်ကာထပ်ကာခေါ်နေသည်။

“ကိုစိုးလင်းရေ၊ ဇာတ်လမ်းကမဆုံးသေးဘူးဗျ။ ခဏာက်မှ ဇာတ်လမ်းဆက်တာပေါ့ဗျာ”

ဟူ၍ မိန်းမနောက်သို့ လိုက်သွားပါတော့သည်။

သမ္မာဆန္ဒပြည့်ဝကြပါစေ

စိုးလင်းအောင်(မြန်အောင်)

www.burmeseclassic.com

www.burmeseclassic.com

၂။ ပလောပီနံ့ဥ
၃။ ကြက်ဟင်းခါးသီး
၄။ ကြောင်လျှာသီး
၅။ ဆူးပုပ်ရွက်
၆။ ပဲငါးပိ
၇။ ကဏန်းသား
၈။ ဖားသား
၉။ ဒူးရင်းသီး
၁၀။ ချောကလက်
၁၁။ မျှစ်ချဉ်
၁၂။ ပုစွန်ချဉ်၊ ငါးချဉ်

စသောအစားအစာများနှင့်အတူ တွဲဖက်၍ အင်ဉကိုမစားသုံးကြရန် သတိပြု ဆင်ခြင်သင့်ပါသည်။

အကယ်၍ သတိမမူ၍တွဲဖက်စားသုံးမိခဲ့သော် အထက်လုံအောက်လျှောဝမ်းပျက်၊ အော့အန်ခြင်းမှသည် အစာအဆိပ်ဖြစ်ခြင်းအထိ အန္တရာယ်ဖြစ်ပေါ်စေတတ်ပါသည်။အချို့ကတော့ ရှားရှားပါးပါး မို့ကို ထမင်းကြမ်းနဲ့ အချဉ်တည်ပြီးစားကြသလို အင်ဉကိုလည်း အချဉ်တည်ပြီး စားတတ်ကြသူများလည်းရှိကြပါသည်။

ဤသို့ အင်ဉ (သို့) မို့တို့ကို အချဉ်တည် စားသုံးကြသည်မှာလည်း အစာအဆိပ်သင့်မှုဖြစ်နိုင်ခြေအလွန်များပြားပါသောကြောင့် အထူးသတိပြုရှောင်ကျဉ်စေလိုပါသည်။

ထို့အတူ အချို့သော နာတာရှည်ရောဂါအခံကြီးမားသူများလည်း အင်ဉကို အထူးသတိပြု ရှောင်ကြဉ်သင့်ပါသည်။

သွေးတိုး၊ နှလုံး၊ လေငန်းနှင့် ဆီးချို၊ သွေးချိုရောဂါရှင်များ ဂေါက်ရောဂါရှိသူများ၊ လေးဖက်နာ၊ အဆစ်ရောင်ရောဂါအမျိုးမျိုးရှိသူများနှင့် အသည်းရောဂါ၊ ကျောက်ရောဂါရှိသူများ အင်ဉကို လုံးဝရှောင်ကြဉ်သင့်ပါသည်။

မရှောင်ကြဉ်မိပါက အစားတစ်လုတ်နဲ့ အသက်အန္တရာယ်ကိုပေးစေနိုင်ပါသည်။ ဖော်ပြပါ နာတာရှည်ရောဂါအခံရှိကြသူများမှလွဲပြီး ပုံမှန်ကျန်းမာရေးကောင်းမွန်သူများနှင့် ငယ်ရွယ်နုပျိုသူများကတော့ အင်ဉကိုစားသုံးပေးကြမည်ဆိုလျှင် အလွန်အရသာကောင်းမွန်ပြီး အားအင်ကို ပေးစွမ်း၍ ခန္ဓာကိုယ်ဖွံ့ဖြိုးကြံ့ခိုင်မှုကို အလွန်အထောက်အကူပေးသည်။ ရာသီပေါ်ထူးခြားကောင်းမွန်လှသည့်စားဖွယ်ရာမျိုးဖြစ်ပါသည်။

ထိုကဲ့သို့ အရသာကောင်းမွန်လှသောရာသီပေါ် အစားစာတစ်ခုဖြစ်သော အင်ဉကိုစားဖွယ်ရာအဖြစ်စီမံချက်ပြုတ်နိုင်မှာ -

၁။ နုသည့် အင်ဉလေးများကို သေချာရွေးချယ်ပြီး ရေနှင့်ပြောင်စင်အောင် ဆေးကြောပြီး ရေစပ်ကျင်းလေးနှင့် အငန်အရသာ၊ ဟင်းခတ်မှုန့်တို့ကို သင့်တင့်ရုံထည့်ပြီး ကျက်အောင်ပြုတ်ပြီး ပါးပါးလိုးရ၍ ကြက်သွန်နီ၊ သံပရာ၊ ဆီချက်တို့ဖြင့် သုပ်၍စားမည် ဆိုလျှင် လွန်စွာ အနံ့အရသာနှင့် ပြည့်စုံလှသည့် နှုတ်မြိန်စရာအသုပ်ဟင်းပွဲဖြစ်ပါတော့သည်။

၂။ အင်ဉများကို ရေနှင့်ပြောင်စင်အောင်ဆေးကြောပြီး ထက်ခြမ်းခွဲ၍ ကြက်သွန်ဖြူ၊ နီတို့ကို ပါးပါးလှီးပြီး ဆီသတ်၍ ဆီပြန်နူးအောင်ချက်စားကြသလို အချို့က အင်ဉကို ပါးပါးလှီးပြီး မန်ကျည်းရွက်နု၊ ငရုတ်သီးစိမ်း၊ မျှင်ငါးပိ အနည်းငယ်ထုည့်၍ ချဉ်စပ်ချက်စားကြသည်လည်းရှိကြပါသည်။

စာရှုသူများ မိမိတို့အ
စီမံချက်ပြုတ်၍စားသုံးနိုင်စေ
ပေးလိုက်ပါသည်။ -

သို့ပါ၍ -

မြန်မာ့ရေမြေတောတော
ထဲမှ မိုးဦးကျကာလရာသီအ
မှာသာ တစ်နှစ်တစ်ခါပေါ
တတ်သော ရွှေမြန်မာတို့ ကြိုက်
စွာစားသုံးကြသည့် ရာသီစာအ
အင်ဉ၏ကောင်းကျိုးဆိုးပြစ်
စုံလင်စွာကို စာရေးသူ သိမီသမ
လိုက်ပါသည်။

သတ္တဝါအများစားသုံ
ကျန်းမာရွှင်လန်

ရေးသ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဘလောစကိန္ဒ။

တစ်ချိန်က ပခုက္ကူနယ်တစ်ဝိုက်၌ ကျော်ကြားခဲ့သည်။ ကောင်းသောသတင်းနှင့်ထင်ပေါ်ကျော်ကြားခြင်းတော့ မဟုတ်။ ဘုန်းကြီးရူးကြီးဟုသာ။

ဘုန်းကြီးပုံစံမြင်က တစ်စက်လေးမှ ကြည်ညိုစရာမရှိ။ အထင်ကြီးစရာတစ်ကွက်မမြင်။ တောထွက်ရဟန်းကြီးပုံ။

မျက်နှာက ရှုံ့ရှုံ့မဲ့မဲ့၊ မဲ့ခွက်ခွက်၊ အသားညိုညို၊ ပိန်ပါးပါး၊ မျက်လုံးပြူးပြူး အရုပ်ပုပျပ်ပျပ်၊ ဥပမိရုပ်က ပြောင်ချော်ချော်၊ ဖြစပ်စပ်။

စကားပြောတော့ တောင်စဉ်ရေရာ အဆက်အစပ်မရှိ။

သင်္ကန်းက ပိုကရိုက်ညစ်ထေးထေး၊ စုတ်စုတ်ပြတ်ပြတ်၊ သင်္ကန်းတစ်ထည်လုံး မီးလောင်ပေါက်၊ အဖာအထေး၊ အစွန်းထင်းအကွက်နှင့်။ သူပုံကြည့်က အော့နလုံးနာချင်စရာ။

သူကိုတွေ့လိုလျှင် တောရကျောင်းသုံးပင်ထည်ကျောင်းလေးနှင့်။ သင်္ကယ်မိုး၊ ထရံကာ၊ မလုံမခြုံ။ ဆန်မှန်နိုင်၊ ကျောင်ဝိုင်းထဲတွင် ထုံးသင်္ကန်းဖွေးဖွေးနှင့်ကိုးတောင်ပြည့်စေတီတစ်ဆူကြာရှိသည်။ သိမ်တော့မရှိ။

သည်။ အထင်ကြီးမှာကြောက်သည်။ သူ့ကို အထင်မြင်သေးပြီး ဘယ်သူမှ အနားမကပ်စေချင်။ တစ်ခါတလေ မျက်စိလည်ပြီး ယောင်မှားကပ်သူများကို အနားမနေနိုင်အောင် ဘေးပြောဘုတောနှင်လွှတ်တတ်သည်။

သူကျင့်စဉ်က နေ့စဉ်သမထထိုင်သည်။ အမိဌာန်ဝင်သည်။ ပုတီးစိပ်သည်။

ရဟန်းဝိနည်းသိက္ခာနှင့်အညီတော့ မနေတတ်။ သိမ်မဝင်၊ ဥပုသ်မပြု၊ ဒေသနာမကြား၊ အခြားရဟန်းများနှင့် ရောထွေးယှက်တင်မနေ သီးခြားနေသည်။

ထို့ကြောင့် သူ့ကို ဘုန်းကြီးခေါ်ရမလား၊ ရသေ့ဆိုရမလား၊ ကိုရင်ကြီးပဲ ပြောရမလားတော့ မသိ။

တစ်နေ့ရာတည်း စွဲစွဲမြဲမြဲမနေ။ ခြေထောက်ဖုပါလေ့ရှောသလားမသိ။ တိုသည်အနှံ့လျှောက်သွားတတ်သည်။

တစ်ချိန်က လူဝတ်ကြောင်ဘဝတွင် သူအမည်က ဖိုးရွှတ်။ ရွာသေးလူရွင်တော်ကြီး။ ယခု အများမြင်တွေ့နေသည်က ဘုန်းကြီးရူးကြီး။ 'ဘလောစကိန္ဒ'တဲ့။

(၂)

သူများထက်ထူးအရူး။

ထူးမှဆန်းသည်။ ဘလောစကိန္ဒက လူတွေနှင့်အပေါင်းအသင်းမလုပ်။ ရင်းရင်းနှီးနှီးမနေ။ ဒကာရင်းဆရာရင်းမထား။ လူတွေချည်းကပ်မခံ။ သူတစ်ကိုယ်ရေတစ်ကာယနေသည်။ သူစိတ်ထင်ရာ လှည့်ပတ်သွားလာနေသည်။ ပါးစပ်ကလည်း ထင်ရာလျှောက်ပြောနေတတ်၏။

(ပွင့်ဖြူ) အောင်သိန်းဝင်း

ဘုန်းကြီးရူးနှင့်လှေလူး

သူက နေ့စဉ် ဆွမ်းခံစားသည်။ [illegible]သမထား။ မှန်းဆွမ်းခံသည်။ ခုနစ်အိမ်နှင့်သာ။ မရလျှင် ဘဉ်းမပေး။ သင်္ကန်းရောက်သောက်သည်။ ထိုနေ့ [illegible]မသုံးဆောင်ရတော့ ပတ္တပိုဏ်ဘဉ်း [illegible]တတ်သည်။

သည်သို့ ခြိုးခြံ၊ ချွေတာ၊ အဆင်း [illegible]အင်ခံသည်။ သူပိုင်သင်္ကန်း၊ ပစ္စည်း [illegible]များစားစားမရှိ။

သင်္ကန်းသုံးထည်၊ အိုးတစ်လုံး၊ [illegible]တစ်ချပ်၊ ကြေးစည်တစ်ခုပဲရှိသည်။ [illegible]အိုးသစ်သားတုံးတစ်ခုနှင့်။ သူက [illegible]နှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီး [illegible]လူများစု သူ့ကိုချဉ်းကပ်မှာစိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com

သောအခါ ပမာမခန့် ဂရုမစိုက်ဟန်နှင့်-

"ဈေးဦးတောင်မပေါက်သေးဘူး။ ခုမှစကြော်တာကိုယ်တော်။ ကိုယ်တော် စွမ်းရင် အိုးကင်းထဲကြိုက်သလောက် နှိုက်ယူစား"

ဟု အပြောင်အပြက်ပြောလိုက်၏။

"တကယ်ပြောတာလား ဒကာမကြီး။ ဒါဖြင့် ကောင်းပြီလေ စားရသေးတာပေါ့"

ဟု ပြောပြောဆိုဆို ဆီဒယ်အိုးဆီပူထဲက အကြော်များလက်ဖြင့်နှိုက်၍ တဂျွမ်းဂျွမ်းကောက်ဝါးနေတော့၏။

အကြော်သည် အဒေါ်ကြီးမျက်လုံးပြူးသွားပြီး ပါးစပ်အဟောင်းသားဖြစ်သွား၏။

ဆီပူ၊ မုန့်ပူ သူမို့မပူသည့်အလား။

(၃)

တစ်ခါကလည်း -

ဘလောစကိန္နရွာထဲပေါက်ချလာ၏။ အိမ်တစ်အိမ်ဝိုင်းထဲတွင် သူအလိုရှိသော ရှားသစ်တိုင်ကြီးသွားမြင်၏။

ရှားတိုင်ကြီးမှာ အတော်ကောင်း၏။ အခွံခွာပြီးရွေဆဲ၊ ဖြောင့်စင်းနေသည်။ လုံးပတ် (၄) ထွာဆိုင်ခန့်ရှိမည်။ အနှစ်ချည်းပင်။ အရှည် (၁၄) တောင်နီးပါးခန့်ရှိသည်။

ဘလောစကိန္နက သစ်ရွေနေသူနားလာပြီး-

"ဒကာကြီး အဲဒီသစ်တုံးကြီးမလှူချင်ဘူးလား။ ဘုန်းကြီးအသုံးလိုလို့။ ရောင်းရင်လည်း တန်ရာတန်ကြေးပေးဝယ်ပါ့မယ်။ ဘယ့်နယ်လဲ"

အမေးကို အဆိုပါလူက သစ်ရွေနေရင်း ဘုန်းကြီးတစ်ချက်မော့ကြည့်ပြီး ပမာမခန့် အထင်မြင်သေးစွာဖြင့် -

"ကိုယ်တော် ထမ်းယူနိုင်ယူသွားလေ"

ပြောမိ၏။

"ကောင်းပြီလေ၊ ဒကာကြီး တကယ်ပြောတာနော်"

ဟု ပြောပြီး ရှားနှစ်တုံးတိုင်ရှည်ကြီးကို အသာလေးထမ်းမ,ထွက်သွားလေသည်။ ယူနိုင်ယူလေဆိုသော ဒကာမှာ အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားနှင့်ကျန်ခဲ့သည်။

(၄)

တစ်နေ့သော့အခါ -

ဘလောစကိန္နအား တုတ်ပြီး၊ မားပြီးသည်ဆိုပြီး ရွာထဲက အရက်သမား၊ လူရမ်းကားတစ်စု သူနေထိုင်သော ကျောင်းရောက်လာကြသည်။

ဘလောစကိန္နက -

"ဘာကိစ္စရှိလို့လဲ ဒကာတို့"

အမေးကို သူတို့အုပ်စုထဲက ခေါင်းဆောင်ဖြစ်ဟန်တူသူက -

တပည့်တော်တို့ အရှင်ဘုရားဆီက တုတ်ပြီးမားပြီးဆေးအဆောင်လက်ဖွဲ့တောင်းချင်လို့ပါဘုရား"

ထိုသူ့အပြောကို ဘလောစကိန္နက သဘောကျ၍ -

"တဟားဟား"

နှင့်ရယ်မောပြီး -

"ဘယ်လိုလူက ကျွပ်ကိုချောက်ချချွန်တွန်းလုပ်လိုက်ပြန်ပြီလဲ။ ကျွပ်မှာ ဘာအဆောင်ဘာလက်ဖွဲ့မှမရှိဘူး"

အပြောကို မကျေနပ်၍ သူတို့အချင်းချင်း မျက်စပစ်အချက်ပေးပြီး ဘလောစကိန္နကို ကြိမ်းမောင်းဖြင့်အထပ်ထပ်ချည်နှောင်ပြီး ဝိုင်းရိုက်တော့၏။

ဘလောစကိန္နက သူတို့လုပ်သမျှ ဘာမှပြန်မပြော။ ငုံ့ခံ၏။ ခွန်းတုံ့မပြန်။ ငြိမ်ခံ၏။ တော့်ကြုပါတော့ မပြော။ ကြောက်ပါပြီမဆို။ သူတို့စိတ်ရှိတိုင်းရိုက်နှက်ကာ ပစ်ထား၍ ကျောင်းပေါ် သူတို့လိုချင်ရာ မွှေနှောက်ရှာပြီး ကျောခိုင်းထွက်ခွာသွားကြ၏။

မကြာမီ သူတို့အပြန်လမ်း၌ ဘလောစကိန္နကို ခြေလက်တို့၌ ကြိုးမရှိ။ ပကတိ အကောင်းအတိုင်း ဘာဒဏ်ရာဒဏ်ချက်မှမတွေ့ရဘဲ မြင်တွေ့ရ၏။ မျက်နှာက တည်တည်နှင့်။

သူတို့အတော်အံ့သြကြောက်လန့်သွားကြသည်။

(၅)

နောက်တစ်ခု အတွေ့အကြုံမှာ-

မြစ်တစ်ဖက်ကူးတဲ့မည့်ကူးတို့လေ့ကို ဘလောစကိန္နက တားစီး၏။ လေ့ပေါ်၌ လူအပြည့်။

သူက အရေးကြီးကိစ္စရှိနေ၌ မဖြစ်မနေလိုက်ပါရမည့်အကြောင်း မေတ္တာရပ်ခံသည်။ ထို့ကြောင့် လေ့သမားကစီးခွင့်ပြုတင်ဆောင်ခဲ့သည်။ ဘလောစကိန္နက လေ့ပေါ်၌ ပါးစပ်ကငြိမ်ငြိမ်မနေ။ တောင်ပြောမြောက်ပြောနှင့် တောင်စဉ်ရေမရပြောနေ၏။ လေ့ပဲ့ကိုင်က လေ့ထိုးသားအနားခေါ်ပြီ တိုးတိုးတိုင်ပင်နေ၏။ ပြီး- ဘုန်းကြီးလူးကြိုး ဘလောစကိန္နကို လေ့လူးချင်ဟန်ဆောင်ပြီး ရေထဲတွန်းချခဲ့သည်။ ဘလောစကိန္နက မြစ်ရေလယ်တွင် မြုပ်ချည်ပေါ်ခဲ့ကျန်ရစ်ခဲ့သည်။ သွားပြီ၊ ဇာတ်သိမ်းအရူးကြီးဝင့်ကျွတ်ပြီ။ ဘာတတ်နိုင်တုန်း။ လေ့သမားကြီးပုံက ခပ်ပြုံးပြုံးအောင်မြင်ဝင့်ကြွားဟန်။

သို့သော် သူတို့လေ့ကမ်းဆိုက်၌ ကုန်းပေါ် ကမ်းပါးထိပ်တွင် ဘလောစကိန္နလူးလားခေါက်ပြန်လမ်းလျှောက် ဈောဈေက သူမဟုတ်သက်နှံးစပင်ရေမစို။ ဘာမှမဖြစ်ခဲ့သလေ့သမားနှင့် ခရီးသည်များ အံ့သြကုန်ကြသည်။

(၆)

ထို့အဖြစ်အပျက်များ ဖြစ်ပြီးသည့်နောက် ထို့နောက်၌ ဘလောစကိန္နပျောက်ခြင်းမလှပျောက်သွားသည်။ သေသလား၊ ရှင်သလား ရာဇဝေါက်သလား၊ အသေထွက်အရှင်ထွက်လား၊ ဝိဇ္ဇာလားမသိတော့။

သို့သော် တစ်ချိန်က ဘလောစကိန္နကို ယခုတွေ့မြင်ရသူက အောမြို့နယ် မြို့လှသူ မပန်နှင့် အိမ်ထောင်ခဲ့သော ပခုက္ကူသား ပန်းရန်ဆရာထွန်းပင်ဖြစ်သည်။

ဘလောစကိန္နကို ကိုယ်တိုင်မဟုတ်။ ဘုန်းကြီးလေး 'ဦးကုသလ' ဓာတ်စီးနေသော ဓာတ်စီးဝိဇ္ဇာအဖြစ်သာ။ ဘလောစကိန္နကဲ့သို့နေရာအတကျမနေ။ ဖင်မမြဲ။ မြစ်အနောက်ကမ်း အင်းမရွာတွင် ကျောင်းသည်။ ရွှေပန်းတော-ကြိုးကြာတွင် ကျောင်းရှိသည်။ အောင်ကိုသိန်းကုန်းဘုရားတွင် သီတင်းသည်။

နဖဲလှည့်သာသနာပြုဘုရားနေသော ဘလောစကိန္နဓာတ်စီးကြီးဦးကုသလကား ယခုအခါ (၉၇) နှစ်ကျော်ပြီ။ သို့သော် (၂၀) ကျော် လူငယ်လေးအလားတပည့်ဆိုင်ကယ်နောက်က မပြတ်ရစ်စီးနေဆဲ။

မိစ္ဆာတို့လမ်းဝယ် ဝိဇ္ဇာတို့အနေပြီကော။

အောင်သိန်းဝင်း(ဂျင်)

(နောင်အလျဉ်းသင့်လျှင် ဘလောစကိန္နဓာတ်စီးပြီး ဘုန်းကြီးဘုရားတည်၊ ပြုပြင်ပုံရေးဆွဲပုံ)

www.burmeseclassic.com

www.burmeseclassic.com

ဆံကေသာအထုပ်ဝိုင်ရှင် ဗိဿနိုးမယ်တော်
(ပန်ထွာဘုရင်မ) ၏ ရုပ်ရည်အဆင်းအား
ဤသို့တွေ့ရသည်

ကြည့်မှန်တွင် ကိုယ်ထင်ပြထားသော
ဗိဿနိုးမယ်တော်၏ ဦးခေါင်းတော်၊
ဗောင်းတော်၊ ခေါင်းတော်ပုံ

မဟာမြိုင်ဦးသုတ
ဗိဿနိုးမြို့ဟောင်းသို့သွားရောက်စဉ်
ကိုယ်ထင်ပြခဲ့သော ရင်ခွင်ဝိုက်ယက္ခမယ်တော်

ကလေး-ဝင်းသူ

ဗိဿနိုးမယ်တော်၏အတိတ်နိမိတ်ပြုပုဗ္ဗနိမိတ်များ

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တော်ဆိုလဆန်း ၁၁ ရက်နေ့ တနင်္ဂနွေ နံနက် (၈) နာရီ၊ (၅၅) မိနစ်အချိန် အနောက်မှအရှေ့သို့မြေငလျင်လှုပ်ခတ်၍ ဗိဿနိုးပန်ထွာဘုရင်မခန္ဓာကိုယ် မဟာမြိုင်ဗဟိုချက်မ ဗိဿနိုးမြောင်မှန်သည်၊ မမှန်သည် သစ္စာတိုင်သည်ရှာ သုံးကြိမ်တုန်လှုပ် အောင်စည်သို့ ပုဗ္ဗနိမိတ်အတိတ်တော်ပြနေရာ။

(အသျှင်ပုညသေဋ္ဌ)

ဤနေရာသည် ဒုတိယအောင်မြေ (ပထမအောင်မြေ ဇမ္ဗူထွဋ်ခေါင်းတော်) တောင် လေးကျွန်းရန်အောင်တည်ရာ ဒီပါအေးမြတောင်ကုန်းပြင်။ ဗိဿနိုးပန်ထွာအတိတ်နိမိတ်ပြ လေ့လာသုတ္တံသိစေအောင် သာခန္ဓာဝန်ချပုပ္ပနိမိတ်များ။

ဆရာတော်သာသနာပဋ္ဌာန်းဆက်
မဟာမြိုင်ဦးသုတ
၁၂-၁၂-၂၀၁၂)

အထက်ပါမှတ်တမ်းများရေးသားသာစများကို မဟာမြိုင်တောရရေးသူ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ရောက်ရှိသွားစဉ်က ဓာတ်ပုံးယူခဲ့သော မဟာမြိုင်တောရရှိ ယ်တော်၏ အတိတ်နိမိတ်ပြ၊ ပြသောနေရာများဖြစ်ပါသည်။

ပထမပုဗ္ဗနိမိတ်ပြသောနေရာမှာ ယခု (၁၈၈) တောင်အမြင့်ဆောင်သည့် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီးတည်ထားသည့် ဒီပါအေးမြကုန်းတော်ဖြစ်ပြီး ဒုတိယပုဗ္ဗနိမိတ်ပြသောနေရာမှာ ယခု ဗိဿနိုးမယ်တော်နန်းတော်တည်ရှိရာနေရာ ဖြစ်သည်။ ထိုနန်းတော်တည်ရှိရာနေရာသည် 'ဗိဿနိုးမယ်တော် မဟာမြိုင်တောရ၌ ခန္ဓာဝန်ချသွားခဲ့ရာနေရာ ဖြစ်ပါသည်။ ထိုနေရာများဟုတ်၊ မဟုတ်၊ မှန်၊ မမှန် (၃) ကြိမ်တိုင်တိုင် သစ္စာပြု၍ တိုင်တည်ရာ ဟုတ်မှန်ကြောင်းကို မြေငလျင်လှုပ်ခတ်၍ အောင်စည်တီးကာ (၃) ကြိမ်စလုံးပင် ပုဗ္ဗနိမိတ်ပြသည်ဟုဆိုပါသည်။ ထိုပုဗ္ဗနိမိတ်ပြနေရာများကို သစ်သား၊ သွပ်ပြားတို့တွင် စာရေးပြ၍ မှတ်တမ်းရေးထားခြင်း ဖြစ်ပါသည်။

ဗိဿနိုးမ့ယ်တော် ခန္ဓာဝန်ချရာနေရာတွင် သစ်သားအခေါင်းပုံမြေမြှုပ်ထားပြီး ထိုနေရာသစ်ပင်တွင် မှတ်တမ်း

ဗိဿနိုးမယ်တော် 'ပန်ထွာဘုရင်မ' အဖြစ် စိုးစံခဲ့သော တောင်တွင်းကြီးမြို့အနီးက
ဗိဿနိုးမယ်တော်မြို့ဟောင်း

www.burmeseclassic.com

www.burmeseclassic.com

ဗိဿနိုးမယ်တော် ခန္ဓာဝန်ချရာနေရာကို မြေငလျင်လုပ် အောင်စည်တီးခြင်း သုံးကြိမ်တုန်လှုပ်ပြခဲ့သော အထိမ်းအမှတ် 'ပြည်တော်ဝင်မင်းဆောင်မောင်း'

ဗိဿနိုးမယ်တော် ခန္ဓာဝန်ချသွားရာ မဟာမြိုင်တောရအတွင်းက ကပျွဲပင်ရင်းနေရာကိုထည်း ဤသို့မှတ်တမ်းမြုဆက်ကြပါသည်

ဗိဿနိုးမယ်တော် စံပြန်ရာ ကလေးတပြိုမှယ် မဟာမြိုင်တောရထဲ့ ထာရောက်လေ့ထားနေကြသော ရဟန်းရှင်လူများ

စာများရေထိုးထားပါသည်။ ထိုနေရာ ဗိဿနိုးမယ်တော်သည် ဒွတ္တာဘော်ဆေး ကြီးထံ မိဖုရားအရာမခံလိုခြင်းဖြင့် ထွက်ပြေး လာရာ ဤမဟာမြိုင်တောရအရောက် တွင် အစာတော်ရေတော်ပြတ်၍ ခန္ဓာဝန် သွားသောနေရာဖြစ်ပါသည်။

ထို့ကြောင့် ဗိဿနိုးမယ်တော် ခေါ် ပန်ထွာဘုရင်မကြီးသည် ယခု မဟာမြိုင်တောရ ဤဌာနရှိခြင်း သာသနာပြုနေသော သဲဖြူဆရာတော် ကို ဘုရားတည်စေကာ သာသနာပြု ရှိနေပါသည်။ ထိုမဟာမြိုင်တော ဗိဿနိုးမယ်တော်စံမြန်းနေကြောင်း လည်း ပုဗ္ဗနိမိတ်များတစ်ခုပြီးတစ်ခု နေသည်ကို တွေ့ရှိနေရပါသည်။

ထိုပုဗ္ဗနိမိတ်တို့မှာ -

၁။ဗိဿနိုးမယ်တော်၏ ကျောင် ရုပ်တုများတွေ့ရှိရခြင်း။

၂။ဗိဿနိုးမယ်တော်ပုံ သစ်နွယ် ထိုးပုံတွေ့ရှိရခြင်း။

၃။ဗိဿနိုးမယ်တော်နန်းရှိရာသို့ ငန်းအဖြစ်ရောက်ရှိပြသခြင်း။

၄။ဗိဿနိုးနန်းတော်နေရာသို့ ယ ကြီးပုံဆောင်၍ နေခြင်း။

၅။ဗိဿနိုးမယ်တော်၏ အခြေ နွယ်တော် ဆံကေသာရှင်အ များ နန်းတော်သို့ရောက်ရှိ

၆။မဟာမြိုင်ဦးသုတအား ဗိဿ တော်မှ (စန္ဒမုခီယက္ခ) သ အား ရင်ခွင်ပိုက်၍ ပြ ဖြစ်ပါသည်။

ဂန္ဓာရီခရီးသည် ဦးသု ဗိဿနိုးမယ်တော်၏ထူးခြား သုတေသနပြု၍ မှတ်တမ်းနေ ဖြစ်ပါသည်။ သူသည် မဟာမြိ တွင်လှည့်လည်သွားလာနေထိ မက မဟာမြိုင်တောရအနီး မှာ၊ ဗိဿနိုးမယ်တော် ပန်ထွ အဖြစ် စိုးစံနေထိုင်ခဲ့သော ကြီးမြို့အနီးက ဗိဿနိုးမြို့တော် ပါ သွားရောက် ကြည့်ရှုလေ့ မှတ်တမ်းပြုနေသူတစ်ဦးဖြစ်

ကျွန်တော်မဟာမြိုင်တော ရှိစဉ်က ဦးသုဇာကိုမတွေ့ခဲ့ရ မြိုင်တောရတွင် ဦးသုတမ ထားသော ဗိဿနိုးမယ်တော် ရာနေရာမှတ်တမ်းစာကိုသာ သည်။

ကျွန်တော် မဟာမြိုင် ပြန်အလာအပြီး (၁) နှစ်အ

www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ ညနေ (၂) နာရီခွဲအချိန်၌ မဟာမြိုင်သုတေသီဦးသုတသည် စာရေးသူထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါသည်။ ဤသို့ရောက်ရှိလာခြင်းမှာ ကလေးမြို့တွင် သပြေညိုဆေးရုံ ဖွင့်ထားသော ဒေါက်တာယဉ်ယဉ်ဦး (ကလေးမြို့ဆေးရုံကြီး)ကလမ်းညွှန်လိုက်၍ ဖြစ်သည်ဟု သိရှိရပါသည်။

အဆိုပါ မဟာမြိုင်ဦးသုတက သူ တောင်တွင်းကြီးမြို့သို့ သွားရောက်ခဲ့သောမှတ်တမ်း၊ ဗိဿနိုးမြို့ဟောင်းပုံတော်များနှင့် ဗိဿနိုးမယ်တော် ပုပ္ပန်မိတ်ပြခဲ့သောပုံတော်များကို ပြသပါသည်။ စာရေးသူမှ ထိုပုံတော်များကို ဓာတ်ပုံရိုက်ယူထားလိုက်ပါသည်။ ထိုပုံတော်များနှင့်ပတ်သက်၍လည်း မေးမြန်းခွင့်တမ်းပြုထားလိုက်ပါသည်။ ထိုပုံတော်များကား အထက်တွင်ရေးသားဖော်ပြထားသည့်ပုံတော်များဖြစ်ပါသည်။

၁ ပုပ္ပန်မိတ်တွေ့ရှိသူများ

၁။ ဗိဿနိုးမယ်တော်၏ကျောက်ဆစ်ရုပ်တု (ပရိုင်းမိတ်) တစ်ခုကိုလည်း မဟာမြိုင်တောရအတွင်းမှ ဦးသုတက ရရှိခဲ့ပါသည်။ ထိုသို့ရရှိစဉ် ပရိုင်းမိတ်ကျောက်ဆစ်မှာ ကိုယ်တုံးလုံးအင်္ဂါစုံနှင့်ဖြစ်သည်။ ကိုယ်တုံးလုံးဖြစ်နေ၍ အဝတ်ဝတ်ပေးပါဟု ဦးသုတအား အိပ်မက်ပေးသဖြင့် ထိုကျောက်ဆစ်ရုပ်ကို အဝတ်ဝတ်ပေးထားရပါသည်ဟုဆိုပါသည်။

၂။ ဗိဿနိုးမယ်တော်သစ်နွယ်တွင်းထိုးပုံတော်ကို မဟာမြိုင်တောရရှိသစ်ပင်တစ်ပင်ပေါ်တွင် ဆင်သေဆရာတော်က စတင်တွေ့ရှိခဲ့ပါသည်။ ယောနယ်က ဓာတ်ပုံဆရာကလေးတစ်ဦးကသည်း ဘုရားတည်လုပ်အားပေးလာရင်း တွေ့ခဲ့ရသည်ဟု စာရေးသူကို ပြောပြပါသည်။

၃။ ဗိဿနိုးမယ်တော်သည် သူမအတွက် ဆောက်လုပ်လုပ်ထားသော နန်းတော်ရှိရာသို့ မြွေငန်းသဏ္ဌာန်ဆောင်၍ လာရောက်ခဲ့ပါသည်။ ထိုသို့ လာရောက်စဉ် မဟာမြိုင်ဦးသုတက တွေ့ရှိ၍ ဓာတ်ပုံရိုက်ယူထားခဲ့ပါသည်။

၄။ ထို့အတူ ဗိဿနိုးမယ်တော်သည် လိပ်ပြာကြီးဟန်ဆောင်၍ ရောက်လာပြီး နတ်နန်းတွင် အတန်ကြာကပ်နေသည်ကို မဟာမြိုင်ဦးသုတမှ တွေ့ရှိ၍ ဓာတ်ပုံရိုက်ယူမှတ်တမ်းပြုထားပါသည်။

ဗိဿနိုးမယ်တော်၏အောင်နန်းပထွင်ရှိရာ (နန်းတော်ရှိရာ) နေရာကို သရင်းချောင်းဆရာတော်၊ သံဃာဆရာတော်တို့ တွေ့ရှိခဲ့သော ဧပါအေးကုန်းမြေတွင် လေးကျွန်းရန်အောင်စေတီကြီး တည်ထားတော်မူစဉ်



ဗိဿနိုးမယ်တော် နတ်နန်းဆောင်တွင် ဗိဿနိုးမယ်တော်အတွက် အဝတ်အစား၊ အိပ်ရာ၊ ခုတင်များကိုပါ အပြည့်အစုံထားပေးပါသည်

ဗိဿနိုးမယ်တော် စံမြန်းရာ မဟာမြိုင်တောရအတွင်းက နတ်နန်းဆောင် (ဤနတ်နန်းဆောင်ကို ရန်ကုန်မြို့ဦးကိုဝိ၊ ဒေါ်မာလာဝင်း 'ဆောင်မြင့်တွန်း'ကားကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည်)

www.burmeseclassic.com

www.burmeseclassic.com

မဟာမြိုင်တောရဟူ တွေ့ရှိရသည့် ဗိဿနိုးမယ်တော်၏ကျောက်ဆစ်ရုပ်တု

မဟာမြိုင်တောရသစ်ပင်တစ်ပင်တွင်တွေ့ရသည့် ဗိဿနိုးမယ်တော်သစ်နွယ်ကွင်းထိုးပုံတော်

မဟာမြိုင်ဦးသုတမှ ဗိဿနိုးမယ်တော်၏ အတိတ်ဘဝဓိတ် ပုပ္ပါဒိတ်များကို စာရေးသူ ရှင်းလင်းပြောပြနေစဉ်

ဗိဿနိုးမယ်တော်သည် သူမအတွက် ဆောက်လုပ်ပေးထားသော နတ်နန်း (နန်းတော်နေရာ) သို့ မြင်ခွင့်အသွင်ဆောင်၍ ရောက်ရှိထားစဉ်

ဗိဿနိုးမယ်တော်သည် လိပ်ပြာကြီးဟန်ဆောင်၍ နန်းတော်သို့ လာရောက်နားနေစဉ်

၅။ မဟာမြိုင်တောရသို့ ဗိဿနိုးမယ်တော်သည် အခြေအရံများနှင့်အတူ ထွက်ပြေးလာခြင်း ဖြစ်သည်။ ထို့ဘဝ အခြေအရံများသည် မဟာမြိုင်တော အနီးရှိ ခဲကြီး၊ ကိုင်း၊ ကိုင်းရွှေတော ယုစလယ်၊ အောင်ချမ်းသာ၊ ဆင်အိုင်မ၊ သတ္တယ်ကျည်း၊ ဝေပုံကော ကြီး၊ ချင်းကျောင်း စသည့် ကမော မြို့နယ်ရှိ ကျေးရွာများနှင့် ရွှေဘို အတွင်းရှိ စိမ်းတန်း၊ ကောတ် ပြင်းကိုင်းကျေးရွာများတွင် လယ်သ တောသူမများအဖြစ် ရှိနေကြပါသ ထိုကျေးရွာများရှိ လယ်သူမ ဗိဿနိုးမယ်တော်ကဲ့သို့ပင် ဆံပင် ဆံကေသာအလှပိုင်ရှင်များ ဖြစ် သည်။ သူတို့တစ်တွေသည်လည်း မဟာမြိုင်တောရှိ ဗိဿနိုးမယ် နတ်နန်းသို့ လာရောက် ပူဇော်ကန် ကြပါသည်။ ထိုဗဿနိုးမယ် အခြေအရံ ဆံကေသာအလှပိုင်ရှင် ကိုလည်း မဟာမြိုင်ဦးသုတက ရှိုက်ယူမှတ်တမ်းပြုထားပါသည်။

၆။ မဟာမြိုင်တောရှိ ဗိဿ မယ်တော်ရှိကြောင်းကို ပို၍ခိုင်ခိုင် သိရှိရန်အတွက် မဟာမြိုင်ဦးသုတ ဗိဿနိုးမယ်တော် ပန်ထွာဘုရင် စိုးစံနေထိုင်ခဲ့သော တောင်တွင်း အနီးရှိ ဗိဿနိုးမြို့ဟောင်းသို့လည် ရောက်လေ့လာခဲ့၏။ ၁၂-၁၂ ခုနှစ်က ဖြစ်သည်။

ထိုသို့ သွားရောက်လေ့လာ ပန်ထွာဘုရင်မတည်ထားခဲ့သော ရောင်စေတီတော်၊ သမိုင်းဝင် ရွာနှင့် ရန်ပယ်ချောင်းကွဲကို

www.burmeseclassic.com

www.burmeseclassic.com



ဒီဿနိုးမယ်တော်၏အခြေအရံများဖြစ်ခဲ့သော ကလေးဝန့်ဌေဘိုမြို့နယ်အတွင်းကျေးရွာများမှ ဆံကေသာအလှပိုင်ရှင်လယ်တောသူများကလည်း နန်းတော်ရှိရာသို့လာရောက်ဂါရဝပြုနေကြစဉ်

တောင်တွင်းကြီးဘူတာမှ ရထားစီး၍ ဒီဿနိုးမြို့ဟောင်းသို့သွားရသည်(၁၅ မိုင်ကွာဝေးသည်)

ပြန်ခါနိုးအခါ၌ ဇရပ်တစ်ဆောင်အိပ်တဲခိုရာ ဇရပ်တစ်ဆောင်ထဲမှဆည်းလည်းလေရှေ့တိုးသံတည်း၍ သွားကြည့်လိုက်ရာ ရင်ခွင်ထဲမှသွေးငယ်ကို ရင်ခွင်ပိုက်နေသည့် မယ်တော်ပုံကို တွေ့ရှိခဲ့ရပါသည်။ ထဲထဲကကလေးငယ်မှာ ဒီဿနိုးမယ်ဖြစ်သည်။ ထိုရင်ခွင်ပိုက်ယက္ခမယ်ပုံကိုလည်း မဟာမြိုင်တောရတွင် ထုလုပ်ထားပါသည်။

၇။ မဟာမြိုင်တောရ၌ ဒီဿနိုးတော်၏အောင်နန်းပလ္လင်ရှိကြောင်းသင်းချောင်းဆရာတော်မှ စတင်ခဲ့ပါသည်။ ထိုနေရာမှာ ယခုစေတီကြီးတည်ထားတော်မူသည့် ဒီပါနန်းမြေ ဖြစ်ပါသည်။

၈။ ဒီဿနိုးမယ်တော်၏နန်းတော်နေရာကိုလည်း သဲဖြူဆရာတော်ကခဲ့ပါသည်။ ထိုနေရာမှာလေးကျွန်းဆောင်စေတီတော်ကြီးတည်ထားတော်မူသည့်နေရာ ဖြစ်ပါသည်။

၉။ ထို့ပြင် ဒီဿနိုးမယ်တော် သစ္စာပြုထားသော ထူးခြားသည့် သစ်ပင်များကိုလည်း သက္ကယ်ကျင်းရွာ သုဿန်ဆရာတော်မှတွေ့ရှိခဲ့ရသည်ဟု သိရပါသည်။

၁၀။ ဒီဿနိုးမယ်တော်၏ပုံအားနန်းဆောင်တွင်ထားရှိပူဇော်ရန်အဓိဋ္ဌာန်ပြုရာ နန်းဆောင်တွင်ထားရှိသည်ကြည့်မှန်ပေါ်၌ ဒီဿနိုးမယ်တော်၏ကိုယ်ထင်ပြပုံတော်ပေါ်လာပါသည်။ ထိုပုံတော်တွင် ဒီဿနိုးမယ်တော်၏ ဦးခေါင်းပေါ်၌ ဒေါင်းရုပ်ပုံသရဖူဆောင်း၍ပေါ်လာပါသည်။ ထိုသို့ ဦးခေါင်းတော်၌ ဗောင်းတော်ဒေါင်းတော်ပါပေါ်လာခြင်းကလည်း ထူးခြားမှုတစ်ခုဟုဆိုကြပါသည်။ ထို့ဦးခေါင်းတော်၌ ဗောင်းတော်ဒေါင်းတော်ပေါ်လာသည်ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ ည (၁၉း၀၅) နာရီခွဲခန့်တွင်တွေ့ရှိရ၍ ဓာတ်ပုံမှတ်တမ်းပြုရိုက်ကူးထားကြပါသည်။

ထိုကြည့်မှန်တွင် ကိုယ်ထင်ပြပေါ်လာသည့်အတိုင်း ဒီဿနိုးမယ်တော်ပုံထုလုပ်၍ ဒီဿနိုးမယ်တော်နန်းတော်တွင် ထုလုပ်ကိုးကွယ်ထားကြပါသည်။ နှစ်စဉ်နှစ်တိုင်း တပေါင်းလဆို ပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြုလုပ်ကြပါသည်။

❑ ဒီဿနိုးမယ်တော်၏ရုပ်ရည်အဆင်း

ဒီဿနိုးမယ်တော်၏ ရုပ်ရည်အဆင်းမှာ ပန်ထွာဘုရင်မဖြစ်ခဲ့စဉ်က ရုပ်ရည်အတိုင်း ဆံကေသာအလှပိုင်ရှင်တစ်ဦးဖြစ်ခြင်း၊ အသားအရောင်မှာ ဥသျှစ်သီးနှစ်အရောင်အဆင်းကဲ့သို့ရှိခြင်း၊ ဒီဿနိုးမယ်တော်လာလျှင် ပန်းရန့်များသင်းပျံ့နေခြင်း၊ သူမနှစ်သက်သော အရောင်မှာ ပန်းနုရောင်အဝတ်အစားများဖြစ်၍ နန်းတော်တွင် ထိုအရောင်ပါအဝတ်အစားများကိုထားပေးပါသည်။ ခုတင်မွေ့ရာအစုံပြုလုပ်ပေးထားပါသည်။

ဒီဿနိုးမယ်တော်၏အရုပ်အမြင့်ပေမှာ (၇) ပေရှိသည်။ တောင်တွင်းကြီးမြို့အနီး ဒီဿနိုးမြို့တွင် စိုးစံစဉ်ကပုံစံအတိုင်း ဖြစ်သည်။

❑ ဒီဿနိုးမယ်တော်၏ပလ္လင်နေရာ

ဒီဿနိုးမယ်တော်သည် ထီးကျိုးစည်ပေါက်ပြည်ပျောက်၍ ဒီဿနိုးမြို့မှထွက်ပြေးလာရာ ယခုမဟာမြိုင်တောရသို့ရောက်ရှိလာခဲ့ပါသည်။ မဟာမြိုင်သို့ပြေးဝင်လာသောလမ်းမှာ သံတောင်ဖြူတောင်ဟုသိရပါသည်။ ထိုမှ မောက်ခတောင်၊ ဝေဘုံတောင်၊ ပေါင်းချောင်းတို့၏အလယ်ဗဟိုတွင် နန်းပလ္လင်စိုက်၍နေသည်ဟု သိရပါသည်။ ထိုနန်းပလ္လင်ရှိရာနေရာကိုလည်း သူတော်သိမဟာမြိုင်ဦးသုတက စာရေးသူကို ပုံဆွဲပြသွားခဲ့ပါသည်။



ဒီဿနိုးမယ်တော်ပလ္လင်ရှိရာနေရာပြပုံ

ကလေးကင်းသူ

www.burmeseclassic.com

www.burmeseclassic.com

၇။စစ်ကြောင်းကြီးငါးကြောင်းနှင့်အရက်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်ကာလကား နေရာဒေသတစ်ခို့တွင် စစ်ကြောင်းကြီးငါးကြောင်းစီမံကိန်းချ၍ ဆောင်ရွက်ခဲ့ကြသည်။

စစ်ကြောင်းကြီးငါးကြောင်းမှာ -

၁။ နိုင်ငံရေးစစ်ကြောင်း၊

၂။ စစ်ရေးစစ်ကြောင်း၊

၃။ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေး စစ်ကြောင်း၊

၄။ စီးပွားရေးစစ်ကြောင်း၊

၅။ လူမှုရေးစစ်ကြောင်းတို့ပင် ဖြစ်၏။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ပါတီယူနစ်၏ဦးဆောင်လမ်းညွှန်မှုကိုခံယူလျက် မြို့နယ်ကောင်စီမှဦးစီးပြီး ရွှေကျင်မြို့နယ်မြောက်ခြမ်း ပျဉ်ရေကြီးရွာကြီးသို့ စစ်ကြောင်းကြီးငါးကြောင်း ချီတက်ကြ၏။

အချိန်က ဇွန်လပထမပတ် မိုးများဖြိုင်ဖြိုင်ရွာနေသောကာလ။

နိုင်ငံရေးစစ်ကြောင်းမှူးအဖြစ် ရွှေကျင်မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ၊ ရဲဖန်ရံခါတွင် ပါတီယူနစ်အတွင်းရေးမှူး ဦးမင်းအောင်တို့က ခေါင်းဆောင်၏။ စစ်ရေးစစ်ကြောင်းတွင် ရွှေကျင်မြို့ခလရ (၅၇) တပ်ခွဲ (၁) မှ ဗိုလ်ကြီးအုန်းမောင်က ခေါင်းဆောင်၏။ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားမှုစစ်ကြောင်းတွင် မြို့နယ်ရဲမှူးအိုင်ပီဦးတင်ကခေါင်းဆောင်၏။

စစ်ပွားရေးစစ်ကြောင်း၌ ကုန်သွယ်ရေးမန်နေဂျာဦးချိုက ခေါင်းဆောင်၏။

လူမှုရေးစစ်ကြောင်းတွင်တော့ ကျန်းမာရေးမှူး ဦးမိုးဟန် စာရေးသူက ခေါင်းဆောင်၏။

ထိုစစ်ကြောင်းကြီး (၅) ကြောင်းတွင် လူအင်အားတပ်မတော်နှင့်ပြည်သူရဲတပ်ဖွဲ့မပါ (၃၀) ကျော်မျှရှိ၏။

ဖျဉ်ရေကြီးတွင် ဦးသြဘာဘုန်းတော်ကြီးကျောင်း၌ စခန်းချကြ၏။

ခရလ(၅၇)မှ တပ်ရင်းမှူး ဗိုလ်မှူးသိန်းမောင်က စစ်ကြောင်းကြီးငါးကြောင်းတွင်လိုက်လာကြသော တပ်မတော်သားများ ပြည်သူရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ အရက်သေစာမသောက်စားရန် တင်းတင်းကျပ်ကျပ်တားမြစ်ထား၏။

စာရေးသူ ခေါင်းဆောင်သော လူမှုရေးစစ်ကြောင်း၌ တိမ်မွေးကုဆရာဝန်ဦးသိန်းမြင့်၊ မြို့နယ်ဌာနာမှူးဦးလှဝေ၊ အနာကြီးရောဂါတိုက်ဖျက်ရေးမှူး ဦးအောင်မြင့်၊ သားဖွားဆရာမဒေါ်မြမြဝင်း၊ ဂျင်မီး၊ ဒေါ်မြင့်မြင့်ဝင်း၊ နော်ချဲလေတို့ ပါဝင်၏။

နံနက် မိုးလင်းလျှင် တပ်မတော်မှ လက်ဖက်ရည်အချို့မတ်ခွက်ကြီးတစ်ခွက် လူတိုင်းကိုတိုက်ကျွေး၏။

နံနက် လက်ဖက်ရည်သောက်ပြီး ကိုယ့်လုပ်ငန်းကိုယ် ဆောင်ရွက်ကြရန် ကွင်းဆင်းကြရ၏။

သားဖွားဆရာမများက ရွာထဲရှိကိုယ်ဝန်ဆောင်သည်များ ရှာဖွေရ၏။ စာရင်းပြုစု၏။ ဆေးဝါးမှုလိုလျှင်ပေးရ၏။

တိမ်မွေးကုဆရာဝန်ဦးသိန်းမြင့်က ခိုင်းနွှား၊ ကျွဲနွားများကို ကာကွယ်ဆေးထိုးရ၏။

ဌက်ဖျားဦးလှဝေက ဌက်ဖျားရောဂါသည်များကိုသွေးဖောက်၍ SLIDE ပြားယူရ၏။ အနာကြီးရောဂါကု ဆရာဦးအောင်မြင့်က စာရေးသူနှင့်အတူ စာသင်ကျောင်းများတွင် ကျောင်းသူ ကျောင်းသားများတစ်ဦးချင်းကို ကျန်းမာရေးစစ်ဆေးရ၏။

အနာကြီးရောဂါတွေ့ရှိပါက ဆေးပေးဆေးတိုက်ရ၏။ မှတ်တမ်းတင်ထားရ၏။

ညဘက်တွင် ညနေ (၆)နာရီမှ (၉)နာရီထိ ဗိုင်အစိုးရမူလတန်းကျောင်း၊ ပျဉ်ရေကြီးရွာအစိုးရမူလတန်းကျောင်း၊ အင်းပလာရွာအစိုးရမူလတန်းကျောင်းများတွင် ရွာထဲရှိ လူငယ်မောင်မယ်များအား ကြက်ခြေနီ

www.burmeseclassic.com

www.burmeseclassic.com



အောင်စကြာ

အရှင်သုဓမ္မသာရ

(ဥပစာ-ဝိဇ္ဇာ)အငြိမ်းစားကျန်းမာရေးမှူး

အရက်သမား ၂ အကောင်းတစ်ခဏ အမှားအနှစ်

www.burmeseclassic.com

www.burmeseclassic.com

သင်တန်းပေးရ၏။

နံနက်စာကို ဘုန်းတော်ကြီးကျောင်းသို့ပြန်ပြီး ပဲဟင်းဖြင့် ဝန်ထမ်းအားလုံးစားရ၏။ ညစာကိုတော့ အသားဟင်းတစ်မျိုးမျိုးဖြင့်ကျွေးမွေး၏။

အမျိုးသမီးသားဖွားဆရာမလေးများကိုတော့ ဘုန်းတော်ကြီးကျောင်းနာမှ ဥက္ကဋ္ဌကပင် နံနက်စာ၊ ညစာကိုကျွေးမွေးဧည့်ခံ၏။

တပ်မတော်မှ နေ့စဉ်ကျွေးမွေးပါသဖြင့် ခရီးစရိတ်နှင့်နေ့တွက်မရကြပါ။

စစ်ကြောင်းမှူးဗိုလ်ကြီးအုန်းမောင်က တောင်ငူဇာတိ မုဆိုးဖို (လူပျိုကြီး) ဖြစ်၏။ အသောက်အစားဝါသနာပါ၏။ တပ်ရင်းမှူးက အရက်လုံးဝမသောက်ရဟု ဆိုပါသဖြင့် အခက်တွေ့နေရ၏။

စာရေးသူတို့ ဝန်ထမ်းအကြီးအကဲတချို့သည် မိမိဝန်ထမ်းများအား လစာထုတ်ပေးရန် တစ်လတစ်ခါ ရွှေကျင်မြို့သို့ပြန်ရ၏။

ကျန်းမာရေးဝန်ထမ်းများအား လစာထုတ်ပေးပြီး စာရေးသူသည် ပျဉ်ရေကြီးစစ်ကြောင်းသို့ ပြန်ရ၏။

ရွှေကျင်မြို့နယ် မဝတဥက္ကဋ္ဌ ဗိုလ်ကြီးတင်စိုးက စာရေးသူအား အာမီရမ်(၃)လုံး လက်ဆောင်ပေးထား၏။

စာရေးသူသည် ရွှေကျင်ပြည်သူ့ဆေးဆိုင်မှ BPI ထုတ် ဘားပလက်ဆေးရည်ပုလင်းကြီးများကို ဝယ်သည်။ ထိုဘားပလက်ဆေးရည်များကို အခြားပုလင်းလွတ်တွင် ပြန်ထည့်ပြီး အာမီရမ်အရက်ကို ဘာပလက်ဆေးရည်ပုလင်းကြီးများထဲသို့ ပြန်လောင်းထည့်၏။

ဤသို့အားဖြင့် အာမီရမ်အရက်(၃) ပုလင်းသည် ဘားပလက်ဆေးရည်ပုလင်းထဲသို့ရောက်သွားပါတော့၏။

ပျဉ်ရေကြီးစစ်ကြောင်းသို့ ပြန်ရောက်သောအခါ -

"ဗိုလ်ကြီးရေ၊ ဗိုလ်ကြီးအတွက် လက်ဆောင်ကောင်းယူလာတယ်"

"ဘာလက်ဆောင်တွေလဲ ဆရာဦးမိုးဟန်ရဲ့"

"ညစာထမင်းစားတော့ သိရမှာပေါ့"

ဗိုလ်ကြီးအုန်းမောင်က ဆွမ်းစားကျောင်းတွင် သူ၏ BESTMAN နှင့် အတူတူနေ၏။

ကြေးနန်းစကားပြောဆရာလည်း အတူတူနေ၏။ တပ်ထဲမှ စီကျူကြီးကို Burpexအရည်တစ်ပုလင်းလက်ဆောင်ပေး၏။

ထိုနေ့ညနေမှစ၍ စာရေးသူသည် ဗိုလ်ကြီးအုန်းမောင်နှင့်အတူတူ ညစာစားရတော့သည်။ စီကျူကြီးက ကြက်သည်းကြက်မြစ်များကို စာရေးသူအတွက် သီးသန့်တစ်ပွဲလုပ်ပေး၏။

ဗိုလ်ကြီးအုန်းမောင်က အားဆေးရည်ဘားပလက်ပုလင်းကြီး (အာမီရမ်ထည့်ထား) ကို ထမင်းစားစားပွဲပေါ်တွင် တင်ပြီး လက်ဖက်ရည်တစ်ပန်းကန်ဖြင့် ရေမရောဘဲသောက်ပါတော့၏။

"ဆရာမိုးဟန်ရေ၊ ခုမှ ထမင်းစားကောင်းသောက်ကောင်းတော့တယ်ဗျာ။ ခင်ဗျားကိုတစ်သက်မမေ့ပါဘူးဗျာ"

စာရေးသူ၏ ဘားပလက်ရည်ဆေးရည်သည် ဝန်ထမ်းများထံပါကူးစက်သွားပါတော့၏။

၉။ လယ်သမားများအရက်

တောင်သူလယ်သမားများ လယ်ထဲဆင်းရတော့မည်။

ခရစ်(၅၇)မှ တပ်ရင်းမှူးနှင့်တကွ မြို့နယ်မှ ပါတီကောင်စီဝင်များသည် စစ်ကြောင်းကြီးငါးကြောင်း စခန်းချရာ ပျဉ်ရေကြီးရွာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေကြ၏။

ဝိုင်ရွာ၊ ပျဉ်ရေကြီးရွာ၊ အင်းပလာရွာ၊ ညောင်ပင်ကြီးရွာသစ်ရွာတို့မှ လယ်သမားတို့လည်း အစည်းဝေးပွဲဖိတ်ကြားထားပါသဖြင့် တက်ရောက်နေကြသည်။ လယ်သမားအင်အား (၂၀၀) ကျော်မျှရှိ၏။

ထိုစည်းဝေးပွဲတွင် လူမှုရေးစစ်ကြောင်းမှူးစာရေးသူက အခမ်းအနားမှူးပြုလုပ်၏။

စစ်ကြောင်းမှူးများက မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းများကို လယ်သမားများအား တင်ပြကြ၏။

တောင်သူလယ်သမားများက တင်ပြစရာရှိသည်များကို ပြန်လည်၍ တင်ပြကြရန် စာရေးသူက ဖိတ်ခေါ် ရ၏။

အင်းပလာရွာမှ စောကျော်လှတို့ တိမ်းကုဆရာဝန်က စာတမ်းတင်ရန် စာတစ်စောင်ကိုကြိုတင်ရေးပေးထား၏။

လယ်သမားလူငယ် စောကျော်လှကိုလည်း ကြိုတင်ပြီး သုံး၊ လေးခေါက်ဖတ်ပြခိုင်း၏။

အခမ်းအနားမှူးလုပ်သူ စာရေးသူက -

"လယ်သမားကြီးများ ခင်ဗျား၊ ကျေးဇူးရှင်ဦးကြီးများ ခင်ဗျား။ ယခုလို မြို့နယ်မှ လူကြီးများ ရောက်ရှိနေ[illegible] မိမိတို့ရဲ့လိုအပ်ချက်များကို မ[illegible] မရွံ့ ပွင့်ပွင့်လင်းလင်း တင်ပြနိုင်[illegible] ခင်ဗျား။ တင်ပြစရာရှိလျှင် တ[illegible] ခင်ဗျား"

တိမ်းကုဆရာဝန်ဦးသိန်း[illegible] စောကျော်လှကို မျက်ရိပ်မျက်[illegible] လိုက်၏။

"ဥက္ကဋ္ဌကြီးခင်ဗျား၊ တွန်[illegible] အင်းပလာရွာမှလယ်သမားစော[illegible] တင်ပြစရာအနည်းငယ်ရှိပါတယ်[illegible]

ကရင်တိုင်းရင်းသားစော[illegible] မတ်တတ်ရပ်လိုက်၏။ သူအ[illegible] တွင် အဆင်သင့်ထည့်ထားသော[illegible] ဖြူလေးကိုထုတ်လိုက်၏။

အစည်းအဝေးခန်းမကြီးတ[illegible] ငြိမ်ဆိတ်နေ၏။ စောကျော်လှတို့ [illegible] စိုက်နေကြသည်။ ဝိုင်းကြည့်[illegible] သည်။

လယ်သမားကြီးများက [illegible] လယ်သမားစောကျော်လှဘာများ[illegible] ခြားခြားလယ်သမားအရေးတင်ပြ[illegible] ဟု အာရုံပြုနေကြပါတော့၏။

တပ်ရင်းမှူးကြီးနှင့်တကွ [illegible] ကောင်စီမှ ပုဂ္ဂိုလ်ကြီးများ[illegible] လယ်သမား လူငယ်ကရင်အမျ[illegible] စောကျော်လှကို အာရုံစိုက်နေ[illegible] ကြည့်နေကြ၏။

စောကျော်လှသည် စာ[illegible] လေးကို လက်နှစ်ဖက်ဖြင့်ဖြန့်လ[illegible] ပြီးမှ ကရင်အမျိုးသံဝဲဝဲဖြင့် သူ[illegible] ဖတ်ပြပါတော့၏။

"ဥက္ကဋ္ဌခင်ဗျား၊ ကျွန်တော်[illegible] ကရင်တိုင်းရင်းသားများဖြစ်ကြ[illegible] ကျွန်တော်တို့ကရင်တိုင်းရင်းသား[illegible] ထုံးစံအတိုင်း လယ်ထဲကိုင်းထဲ[illegible] ရင် ကွင်းပိုင်ကြီးကို အရက်[illegible] တင်မြှောက်ရပါတယ် ခင်ဗျား။

ယခု ဥက္ကဋ္ဌကြီးများက [illegible] အတွင်းတွင် အရက်လုံးဝမချက်[illegible] ကြေညာထားပါသဖြင့် ကျွန်[illegible] ကရင်တိုင်းရင်းသားများ အရက်[illegible] ပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား ကွင်းပိုင်[illegible] အရက်နှံမပသရရင် ကျွန်တော်တို့ [illegible] အမျိုးသားလယ်သမားကိုင်းသ[illegible] လယ်ယာလုပ်ငန်းခွင်ကို မဆင်နွှဲ[illegible] ပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား ဤကိစ္စ[illegible] သို့ဆောင်ရွက်ရမည်ကို ကျ[illegible] လယ်သမားများ ပြန်လည်ဖြေရှင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျား"

အစည်းအဝေးခန်းမကြီးတစ်ခုလုံး အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားပါတော့၏။

တပ်ရင်းမှူးကြီးနှင့် ပါတီကောင်စီမှ ပုဂ္ဂိုလ်ကြီးများ ခေါင်းချင်းဆိုင်လျက် ခပ်တိုးတိုးညှိနှိုင်းတိုင်ပင်နေကြ၏။

မကြာခင် ပါတီယူနစ်ဥက္ကဋ္ဌ ဦးကျော်မောင် မတ်တတ်ထလိုက်ပါ၏။

"လယ်သမားကျေးလက်ဦးကြီးများ ခင်ဗျာ၊ လယ်ယာလုပ်ငန်းဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ အသက်သွေးကြောပါ ခင်ဗျား။

ဆန်စပါးစိုက်ပျိုးရေးဟာ စီမံချက်နဲ့ ဆောင်ရွက်ရပါတယ် ခင်ဗျား။ လယ်သမားကြီးများ၊ လယ်ယာလုပ်ငန်းခွင်သို့ ဆင်းလို့တော့မဖြစ်ပါခင်ဗျား။ ယခုပဲ တပ်ရင်းမှူးကြီးနဲ့ ကျွန်တော်တိုင်ပင်ဆိုက်ပါတယ် ခင်ဗျား။

အင်းပလာရွာမှ ကရင်အမျိုးသား လယ်သမားလူငယ် စောကျော်လှတင်ပြ အရက်ချက်ခြင်းကို တစ်အိမ်ထောင်စု အစိတ်သားခန့်ချက်နိုင်ကြောင်းနှင့် ရှင်းလိုက်ပါတယ်ခင်ဗျား"

ပရိသတ်လယ်သမားများတို့ထံမှ ခုခံဩဘာသံများဆူဆူညံသွားပါတော့၏။

ထိုနေ့မှစ၍ အင်းပလာရွာတွင် အရက်ချက်သူများ ပြန်လည်ချက်တော့၏။

အရက်ဆိုသည်မှာ အစိတ်သားရှိမရပါ။ အနည်းဆုံးဆန်အရက်အိုးတစ်လုံးတွင် (၄) လုံးမျှတော့ရပါ၏။

ဦးလှကြီးအုန်းမောင်၏ဘားပလက်သည်ပုလင်းထဲတွင်တွင် အင်းပလာမီးတောက်ဆန်အရက်များရောက်တော့၏။

စောကျော်လှကို စာတမ်းရေးပေးတို့မွေးကုဆရာဝန် ဦးသိန်းမြင့်ကို ဦးလှကြီးအုန်းမောင်က သူနှင့်ညစာထမင်းဝိုင်းသို့ လာစားရန်ဖိတ်ကြားတော့၏။

ထိုနှစ်မှာ မိုးကလည်းရွာ၏။ ရေမြေတက်ကြွ၏။ ရေတွေကလည်း၏။

ထမ်းတော်သားများ၏ ရေပူထဲ ရေပြာလက်ဆေးရည်ချို့နှင့်ရေစပ် အင်းပလာရွာမှ မီးတောက်များဖြည့်လာပါလေတော့

အရက်ကြိုက်ကြသူများကတော့ တိမ်းကုဆရာဝန် ဦးသိန်းမြင့်နှင့် ကရင်စောကျော်လှတို့ကို အထူးကျေးဇူးတင်ရှိသွားကြပါတော့သည်။

၁၀။ဘုရားဂေါပကလူကြီးတစ်ဦးနှင့်ဝီစကီအရက်

ဘုရားဂေါပကလူကြီးနှင့် စာရေးသူလည်း အလွန်ရင်းနှီးပါ၏။ သူ့အိမ်သို့ မကြာမကြာဖိတ်ကြားပြီး ထမင်းလည်း အကြိမ်ကြိမ်ကျွေးဖူးပါ၏။

ဘုရားဂေါပကလူကြီးသည် မျိုးဂိုး စဉ်ဆက်ချမ်းသာကြွယ်ဝ၏။ နှစ်ထပ်တိုက်ကြီးနှင့် မိသားစု နေထိုင်လျက်ရှိ၏။

တိုက်အပေါ်ထပ်တွင်တော့ ရေခဲသေတ္တာရှိ၏။

ထိုရေခဲသေတ္တာထဲတွင် ဝီစကီအရက်ပုလင်းက အစီစီအရီရှိရှိ၏။

ထိုဘုရားဂေါပကလူကြီးမှာ နှလုံးသွေးပေါက်ကျဉ်းရောဂါရှိ၏။

ထိုဂေါပကလူကြီး၏ပြောပြချက်အရ သူ့ကိုဆေးကုသပေးနေသော ဆရာဝန်ကြီးတစ်ဦးက ထမင်းမစားမီ ဝီစကီတစ်ပက်ကို ရေနှင့်ရောသောက်ပါ၏။

စာရေးသူ၏ရှေ့မှာပင် သောက်ပါ၏။ ဝီစကီတစ်ပက်သောက်ပြီးတော့ ဂေါပကလူကြီးက စာရေးသူကိုပြောပြပါ၏။

"ဒီအရက်ကအဝင်ကောင်းတယ်ဗျာ။ သူ့ကိုသောက်ပြီးရင် သွေးလေညီညွတ်တယ်ဗျာ။ စားလို့လည်းဝင်တယ်ဗျာ"

ထိုဘုရားဂေါပကလူကြီး၏အသက်က (၆၀) နီးပါးမျှရှိနေပါ၏။

"အရက်ဆိုတာ သောက်တတ်ရင် ဆေးဗျ။ မသောက်တတ်ရင်တော့ အောပဲဗျ"

စာရေးသူက ကျေးလက်ကျန်းမာရေးမှူးဖြစ်ပါသဖြင့် ဒုံဇရစ်ရွာမှာသာ နေထိုင်ရ၏။ ရွှေကျင်မြို့ ၄၀ သို့ လစာထုတ်သည့်အခါ၊ အစည်းအဝေးပွဲပြုလုပ်သည့်အခါလောက်သာရောက်လေ့ရှိပါ၏။

ဘာကြောင့်မှန်းတော့ မသိပါ။ အဆိုပါ ဘုရားဂေါပကလူကြီးလေဖြတ်ခံရပြီး အိပ်ရာထဲမှာလဲနေပြီဟု သိရပါတော့၏။

နောက်တစ်လလောက်ကြာတော့ ဆုံးပါးသွားရကြောင်း ထပ်မံသိရှိရပါ၏။

နောက်ဆက်တွဲသိရသည့်သတင်း တစ်ခုမှာ ထိုဘုရားဂေါပကလူကြီးသည့် အရက်ကိုစွဲသွားပါသဖြင့် လေဖြတ်ထားသည့်အချိန်မှာပင် ဝီစကီကိုမှန်မှန်သောက်ပြီးမှ သေဆုံးသွားရကြောင်းပါပဲ။

အရက်သည် သစ္စာရှိပါ၏။ လူတန်းစားမခွဲခြားတတ်ပါ။ ဆင်းရဲသားသောက်လည်းမူးယစ်၏။ သူဌေးသောက်လည်းမူးယစ်၏။ ဘုရားလူကြီးသောက်လည်းမူးယစ်၏။ မည်သူပဲသောက်သောက် အရက်ကမျက်နှာမလိုက်ပါ။

ပထမတော့ နည်းနည်းခွက်ပုန်းသောက်၏။ နောက်တော့စွဲလာ၏။ များလာ၏။ နောက်ဆုံးတော့ လေဖြတ်၍အရက်၏ခေါ်ဆောင်ရာသို့လိုက်သွားရပါတော့၏။

၁၁။ လူမိုက်နှစ်ဦးတို့ အရက်သောက်ပြိုင်ပွဲကြီး

စာရေးသူသည် ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့၏။

၁၉၅၈ ခုနှစ်၊ စက်တင်ဘာလတွင် ဆွဲဇန်အလယ်တန်းပြကျောင်းဆရာ(J.A.P) ရာထူးဖြင့် အလုပ်ဝင်လုပ်ပါ၏။

(၃) နှစ်ခန့် ကျောင်းဆရာအလုပ်ကိုလုပ်ပြီး ရန်ကုန်သို့တက်လာသည်။ ရန်ကုန်မြို့တွင် ပုဇွန်တောင်ရပ်ကွက် ရေကျော်ပိုင်း ဇီဇဝါလမ်း တိုက်နံပါတ် (၆) တွင် ဦးလေးအိမ်တွင်နေထိုင်ရ၏။

ရန်ကုန်ရောက်ပြီး လွယ်လွယ်ကူကူပါပဲ ပညာရေးမင်းကြီးရုံး၊ ကာယပညာဒါနတွင် အောက်တန်းစာရေး (L.D.C) ရာထူးကိုပြန်ရပါ၏။

ညနေဘက်တွင် ဗိုလ်တစ်ထောင်တွင်ဖွင့်လှစ်ထားသော လုပ်သားများကောလိပ်ကိုတက်ရ၏။

ဦးလေးဦးဘရှင်သည် နိုးကုမွကီမှအငြိမ်းစားယူပြီး မိသားစုနှင့်တကွ ဒိုက်ဦးမြို့သို့ပြောင်းရွှေ့သွားပါတော့၏။

စာရေးသူသည် ရေကျော်ရပ်ကွက် ရေကျော်လမ်းမကြီးပေါ်တွင်တည်ရှိသော ပြည်ထောင်စုဘော်ဒါဆောင်တွင်ဌားရမ်း၍နေရပါတော့၏။

ရေး မီးအစုံ၊ ခုတင် တစ်ခန်းလျှင် တစ်လမှာ ဘော်ဒါဆောင်ကြေးက (၁၅) ကျပ်ပဲပေးရ၏။ လုပ်သားများကောလိပ်ကျောင်းလခကလည်း တစ်လမှ (၁၅) ကျပ်သာရှိ၏။

စာရေးသူရရှိသော အောက်ခံနိုး စာရေးလစာ (၁၂၆)ကျပ်၊ (၁၅) ပြား

www.burmeseclassic.com

သည် ထမင်းဖိုး၊ လက်ဖက်ရည်ဖိုးနှုတ်သော်လည်း ကျန်နေပါသေး၏။

စာရေးသူတာဝန်ထမ်းဆောင်နေရသော ကာယပညာဒါနသည် ရန်ကုန်ကျောင်းပေါင်းစုံပြေးခုန်ပစ်အသင်းကြီးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ရပါ၏။

မြန်မာတစ်နိုင်ငံလုံးရှိကျောင်းများသို့ ဘောလုံးများ၊ ခြင်းလုံးများကိုလည်း ပို့ပေးရ၏။

ကာယပညာဌာနတွင် အားကစားပစ္စည်းမျိုးစုံရှိ၏။ လှံတံ၊ သံပြား၊ သံလုံး၊ ကြက်တောင်ရိုက်ဘက်မင်တန်၊ စားပွဲတင် တင်းနစ်၊ လက်ဝှေ့ထိုးအိတ်၊ ခြေကန်ဘောလုံး၊ ဘော်လီဘော၊ ဘက် (စ) ကက်ဘော၊ ဝိတ်တံနှင့် ဝိတ်ပြားများ စသည်တို့ဖြစ်၏။

ရုံးဖန်ရံခါ စာရေးသူသည် ဝိတ်တံနှင့် ဝိတ်ပြားများကိုယူပြီး ကာယဖွံ့ဖြိုးရန်လေ့ကျင့်ပါ၏။

အထကကျောင်းသားဘဝတုန်းကလည်း လေ့ကျင့်မှုရှိခဲ့၏။ စာရေးသူ၏ အရပ်လည်း (၅) ပေ၊ (၉) လက်မရှိ၏။ ထိုစဉ်က ပေါင်ချိန်ဝိတ်က (၁၂၀) သာရှိ၏။

အထူးသဖြင့် ရင်အုပ်ပိုင်းကားပြီး ဖွံ့ဖြိုးရန်နှင့်လက်မောင်းကြွက်သားကြီးရန် ဝိတ်မလေ့ကျင့်ပါ၏။

ထိုစဉ်အချိန်က စာရေးသူ၏ လက်မောင်းသည် (၁၂) လက်မအထိရှိ၏။ အရပ်နှင့် လက်မောင်း၊ ရင်အုပ်ပါကြီးထွားလာပါသဖြင့် ခန္ဓာကိုယ်မှာ အချိုးအဆစ်ပြေပြစ်လှ၏။

ထိုခေတ်ကာလ ရုပ်ရှင်မင်းသားများသည် ကာယအားကစားလုပ်ကြ၏။

ယခုကာလကဲ့သို့ ပိန်ခြောက်ခြောက်များမဟုတ်ကြပါ။

တစ်နေ့သဌ္ဌ ညတစ်ည။

ထိုညက ယနေ့တိုင်မမေ့နိုင်သောညတစ်ည ဖြစ်၏။

ကာယပညာဌာနမှ အလယ်တန်းပြဆရာတစ်ဦးသည် ပညာအုပ်ရာထူးအဆင့်သို့ တိုးမြှင့်ခံရ၏။

ထိုရာထူးတိုးပညာအုပ်သည်ကား ရန်ကင်းမြို့တိုက်ခန်းတွင် နေထိုင်၏။

သူနှင့် ရင်းနှီးလှသော ကျောင်းဆရာများ၊ ရုံးဝန်ထမ်းများအား သူ၏ ရန်ကင်းတိုက်ခန်းတွင် ညစာစားပွဲဖြင့် ဧည့်ခံကျွေးမွေးပါ၏။

ထုံးစံအတိုင်း သေရည်သေရက်လည်း ပါဝင်ပါ၏။

မန္တလေးရမ်၊ ဆော်ဒါ၊ ရေခဲအမြည်းပေါင်းစုံတို့ဖြင့် ညစာမစားမီ ညှော့ခဲပါ၏။ သောက်တတ်သူများက သောက်ကြပြီး မသောက်တတ်သူများက ညစာကို စောစောစားပြီးပြန်ကြ၏။

ထိုယမကာဝိုင်းတွင် စာရေးသူလည်း အငယ်ဆုံးဖြစ်၏။ အသက်အားဖြင့် (၂၃) နှစ်သာရှိပါ၏။

ပညာအုပ်သည် စာရေးသူအား မန္တလေးရမ်တစ်ပက်ကို ရေခဲရောပြီး ဆော်ဒါစပ်၍ထည့်ပေးပါ၏။ နည်းနည်းပါးပါးတော့လုပ်ပေါ့ဗျာ။

"ငါညီလေးက မင်းကြီးဆီကိုယ်ရေးအချက်အလက်တွေတင်ပေးလို့ အခုလိုရာထူးတိုးရတာ ကျေးဇူးရှင်လေးရဲ့။ တစ်ခွက်တစ်ဖလားတော့လုပ်ပေါ့နော်"

စာရေးသူတို့သောက်ဝိုင်းမှာ ဆရာဦးလှထွန်း (J.A.T) အသက် (၄၀) ခန့် ပါဝင်၏။

ဆရာဦးလှထွန်းက ခေသူမဟုတ်၊ ရန်ကုန်ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲတွင် ဘောလုံးဒိုင်လူကြီးဖြစ်သည်။ အောင်ဆန်းကွင်းတွင်လည်း ဒိုင်လူကြီးဖြစ်၏။သန်မာ၏။သွက်သွက်လက်လက်ရှိ၏။ စိတ်ကလည်းနည်းနည်းဆတ်တတ်၏။ ယမကာကိုလည်း ကြိုက်ပုံပေါ်၏။ စာရေးသူတို့ဝိုင်းတွင် သောက်သူ (၆) ဦးရှိ၏။ ဆရာဦးလှထွန်းက လက်သွက်လှ၏။ မန္တလေးရမ် (၂) ပက်ဝင်သွားသည်ကို တွေ့ရ၏။

သေရည်သေရက်၏ထုံးစံအတိုင်း အရက်က သစ္စာရှိ၏။ သောက်သုံးသူတိုင်းကို လူတန်းစားမခွဲ မူးယစ်စေ၏။

စကားပြောပုံတွေ သွက်လက်လာကြ၏။ အပေါင်းအသင်းဆရာများက ဒိုင်လူကြီးဆရာဦးလှထွန်းကို နောက်ပြောင်လာကြ၏။

ဘော်လီဘောနည်းပြဆရာဖြစ်သော (ကာယပညာဆရာ) ဦးမြထွန်းက တစ်ပက်လောက်ပဲဝင်ပါသေး၏။အာသွက်လျှာသွက်ဖြစ်လာပါတော့၏။

ကာယပညာအုပ် ဆရာချစ်ကတော့ ဆေးတံသောက်ပြီး ယမကာမသောက် အမြည်းပဲစားပါ၏။ ဆရာချစ်၏အမည်အပြည့်အစုံက ဦးချစ်ညွှန့်ဦးဖြစ်၏။

အမျိုးသမီးကာယပညာရပ်ဆရာမ ဒေါ်လီလီစံဌေးနှင့်ဆရာမများက ညစာစားပြီး စောစောစီးစီး ပြန်သွားကြလေပြီ။

"ဟေ့ - ဒီဝိုင်းမှာ ဆရာလုပ်အရက်ပြိုင်သောက်ရဲသူဘယ်သူရှိလာ

ကာယပညာအုပ် ဦးချစ်ညွှန့်စထောင်လိုက်ပါ၏။

အချိန်က ည (၈) နာရီတိတိ

"ကျွန်တော်တို့ ကာယပညာရုံးအဖွဲ့က ကိုမိုးဟန်နဲ့ ဆရာဦးလှကို ပြိုင်ခိုင်းမယ်"

ရုံးအုပ်စာရေးကြီး ဦးအောင်ပြောလိုက်၏။

စာရေးသူက မန္တလေးရမ်(၃) လောက်ဝင်နေပြီဖြစ်ပါ၏။ အခြိန်အနည်းငယ်ရလာနေပါပြီ။ အငယ်ဆုံးဖြစ်ပါသဖြင့် လူကြီးစကားဝိုင်းများဝင်မပါဘဲ နားထောင်သာလုပ်နေ၏။

ဘော်လီဘောနည်းပြဆရာလူကြီးဦးမြထွန်းက ဝင်လာပြန်၏

"ကဲ-ကိုမိုးဟန်၊ ဆရာဦးလှနဲ့ ပြိုင်သောက်ကြမယ်လား။ တွန်းက ဒိုင်လူကြီးလုပ်မယ်ဗျာ"

"လှထွန်းတို့ကတော့ ဘယ်ဖြစ်နောက်မဆုတ်တတ်တဲ့ကောင်

ဆရာဦးလှထွန်း၏အာဃာရင်းသန်သန်စကား။

"ဘယ်လိုလဲ ကိုမိုးဟန် ပြိုင်မလား"

စာရေးသူကိုမေးကြလေပြီ

"ဘယ်လိုပြိုင်ရမှာလဲခင်ဗျား

"ဟော့ဒီ မန္တလေးရမ်ကို မရောဘဲ တစ်ဖန်ခွက်အပြည့်ထပ်မယ်။ အဲဒီဖန်ခွက်ထဲကအရက်ကို တည်းသောက်ပြရမယ်။ ခွက်တည်ရဘူး။ သောက်နိုင်သူက အနိုင်ရသူကို တနလ်္ဂနေ့ ရုံးတက်ရင် (၃) လုံးဖိုးပေးရမယ်"

ဤစကားကိုဝင်ပြောသူ ဦးချစ်ညွှန့်ဦးဖြစ်ပါ၏။

"စိန်လိုက်လေ ကြာသလား ဆရာဦးလှထွန်း၏ အောင်အောင်မြင်မြင်။

"ကဲ - ကိုမိုးဟန် ဘယ်လိုလဲ

"စိမ်တာပေါ့ ဆရာတို့ရဲ့

စာရေးသူသည် ဖြည်းဖြည်းထပြီး ရေအိမ်သွားပါ၏။ မိုးမူး၊ မမူးဟန်ကြည့်ခြင်းဖြစ်၏။

ရေအိမ်ထဲမှာ စောစောသောက်ထား၊ စားထားသမျှ လက်ထိုးပြီးအန်လိုက်၏။ ဗိုက်သေးသည့်အသားဖြစ်သဖြင့် ရင်ထဲမှာပေါ့သွားပါ၏။ မူးလေ

www.burmeseclassic.com

အနည်းငယ်ပြေသွားရပါ၏။

ရေအိမ်မှာ မျက်နှာသစ်၏။ ကိုယ်လက်သန့်ရှင်း၏။ ပြီးမှ ယမကာဝိုင်းသို့ ပြန်လာ၏။ ထိုအချိန်တွင် ည (၈) နာရီခွဲတိတိ အချိန်ဖြစ်နေပါ၏။

"ဒီဖန်ခွက်ထဲမှာ မန္တလေးတော့ အပြည့်ထည့်ထားပြီနော်။ ဖန်ခွက်က (၂)လုံး ရှယ်တူဆိုက်တူပဲ။ ကြိုက်တဲ့ ဖန်ခွက်ကို ရွေးကြေပါ။ ဝမ်း၊ တူး၊ သရီးဆို ပြီးတူသောက်ရမယ်နော်"

ဒိုင်လူကြီးက စနေလေပြီ။ စာရေးသူသည် ဖန်ခွက်ထဲမှာ ရေခဲတုံးလေးတစ်တုံးကို ပါးစပ်ထဲသို့ထည့်လိုက်၏။ ဆရာဦးလှထွန်းက ပလုတ်ကျင်းနေ၏။

"စမယ်၊ ဖန်ခွက်ကိုယ်စီကိုင်ကြ"

ဒိုင်လူကြီး၏စကား။

"ဝမ်း၊ တူး၊ သရီး"

ဒိုင်လူကြီးကအမိန့်ပေးနေလေပြီ။ စာရေးသူသည် ပါးစပ်ထဲမှရေခဲတုံးလေးကို မျက်မမြော်မီ အရက်ဖန်ခွက်ကိုကိုင်တဖြည်းဖြည်းချင်းမျိုချပါတော့၏။ ဖန်ခွက်ထဲမှအရက်အားလုံးကုန်သွားပါ ရေခဲကြောင့်သိပ်မပူပါ။

ဆရာဦးလှထွန်းသည် ဖန်ခွက်ထဲမှ အရက်တစ်ဝက်ရောက်သောအခါ ရှေ့ဆက်မသောက်နိုင်တော့ဘဲ ထိုးအန်တော့၏။

လက်ခုပ်သြဘာသံများကဆူဆူညံ။ ထို့အရက်သောက်ပြိုင်ပွဲကြီး စာရေးသူအား အနိုင်ပေးပါတော့

အချိန်က ည (၉) နာရီခန့်ရှိလေ စာရေးသူသည် ရန်ကင်းမှရေကျော် ပြန်ရမည်ဖြစ်ပါ၏။ အိမ်ရှင် ပညာအိမ်မှ ကြက်သားနှင့် ခေါက်ဆွဲထုပ်ဆယ်ကိုယူပြီးအဆောင်ကျမှစားမည် ပြန်လာခဲ့ပါ၏။

ထိုခေတ်ကာလကား ဘတ်(စ်)များသည် ည (၁၀) နာရီအထိပြေး၏။

ခန့်တင်းမှတ်တိုင်မှ သိမ်ဖြူလည်း စိန့်ပေါလ်ကျောင်းမှတ်တိုင်သို့ ကားစီးရမည်ဖြစ်၏။ အဆင်သင့် သာသောဘတ်(စ်)ကားပေါ် တက် လူချောင်လှပါ၏။ ခရီးသည် လောက်ပဲရှိ၏။

ကားပေါ်မှာ လေကတဟူးဟူး ၏။ မှတ်တိုင်တစ်ခုပြီးတစ်ခု ထွက်လိုက်ဖြင့် နောက်ဆုံးတွင် ကားမကြီးပေါ်ရှိ စိန့်ပေါလ် မှတ်တိုင်သို့ ရောက်လာ၏။

စာရေးသူသည် ကားပေါ်မှ ဣန္ဒြေရရပဲဆင်းလိုက်၏။

နည်းနည်းတော့ ရီဝေဝေဖြစ်နေလေပြီ။ လမ်းတစ်ဖက်သို့ကူး၏။ လမ်းတစ်ဖက်တွင် ဘရန်ဂွန်ဗင်ကျောင်းကို ကာရံထားသောအုတ်နံရံကြီးရှိ၏။

ထိုအုတ်နံရံကြီးဘေးတွင် အပေါ်သွား၏။ ပြီး-အုတ်နံရံကိုမှီပြီးထိုင်ချလိုက်မိ၏။ နောက်ပိုင်း သတိမရတော့ ပစ်လဲချပြီး ပလက်ဖောင်းပေါ်မှာ အိပ်ပျော်သွားပါ၏။

အမှန်ပါပဲ မုသားမပါပါ။

ထိုခေတ်ကာလကား တနင်္ဂနွေနေ့တွင် အင်္ဂလိပ်ရုပ်ရှင် (MORNING SHOW) နှင့် ည (၉) နာရီခွဲပွဲ (NIGHT SHOW) ရှိပါ၏။

ညပွဲကြည့်ပြီး ပန်းဆိုးတန်းဘက် မှပြန်လာကြသော လူငယ်တစ်စုသည် စာရေးသူမူးလဲပြီး အိပ်ပျော်နေသည်ကို တွေ့ကြပါသဖြင့် ဝိုင်းထူကြ၏။

စာရေးသူကို ဘယ်မှာနေပါသလဲဟု ဝိုင်းမေးကြပြီး ရေကျော်လမ်းထဲက ပြည်ထောင်စုဘော်ဒါဆောင်အထိလိုက်ပို့ကြ၏။

ရေကျော်လမ်းထိပ်မှ မောင်အေးကဖီးက မပိတ်သေးပါ။

စာရေးသူ၏နံပါတ်(၂၁)ပတ်ကား ဖောင်တိန်နှင့် လက်တွင်ပတ်ထားသော ROMA နာရီလေးတစ်လုံးမရှိတော့ပါ။

နောက်နေ့တနင်္လာနေ့ ရုံးတက်ရပါမည်။ သို့သော် ရုံးမတက်နိုင်ပါ။ ညက အဆောင်သို့ (၁၂) နာရီမှပြန်ရောက်ပြီး အိပ်ပျော်၍ မနက်မိုးလင်းတော့ အရက်နာကျနေပါ၏။

ကိုယ်လက်တွေမလှုပ်ချင်အောင် နာကျင်နေ၏။ ကိုက်ခဲနေ၏။ အန်ပါ၏။ မူးဝေဝေပြန်နေပြီး ဘာမှာလည်းမစားချင်တော့ပါ။

ပြည်ထောင်စုဘော်ဒါဆောင်တွင် ဝါရင့်အရက်သမားကြီး ကိုတင့်ဆွေ (ဖောင်တော်သီ) က စာရေးသူအား သူ၏လက်ကျန်အရက်တစ်ပက်ကိုလာ တိုက်ပါ၏။

"မှတ်ထား ငါညီ၊ အရက်နာကျရင် အရက်နဲ့ပဲပြန်ကုရတယ်ကွ"

သူတိုက်၍ အရက်တစ်ပက်ကို သောက်လိုက်ပါမှ နေသာထိုင်သာရှိသွားပါတော့၏။

ထိုနေ့မှစ၍ စာရေးသူသည် အရက်ဆိုလျှင် ကြောက်ရွံ့သွားပါတော့၏။

အရက်သမားအကောင်းတစ်ဇာအမှားအနှစ်ထုပါပဲလား။

အရက်နာကျနေသဖြင့် တနင်္လာနေ့တွင် ရုံးမတက်နိုင်တော့ပါ။ အင်္ဂါနေ့မှ ရုံးတက်နိုင်ပါ၏။

တနင်္လာနေ့က ရုံးခွင့်စာမတင်ရပါသဖြင့် အင်္ဂါနေ့တွင် ထုချေလွှာတင်ရပါတော့၏။

အရက်သောက်ပြိုင်ပွဲကြီး၏အကျိုးကား-

၁။ (၂၁) ပတ်ကား ဖောင်တိတ်ဆုံးရခြင်း။

၂။ ROMA လက်ပက်နာရီလေးဆုံးရခြင်း။

၃။ ခွင့်စာမတင်မိ၍ ထုချေလွှာတင်ရခြင်း။

အကျိုးများကိုသာခံလိုက်ရပါတော့၏။

အရက်သမားအကောင်းတစ်ဇာအမှားအနှစ်ထုပါပဲဆိုတာ ဥပက္ခာဖြစ်ရပ်မှန်ပါပဲ။

၁၂ရာဇဝင်တင်သည့် အရက်သမားရှင်ဘုရင်နှစ်ပါး

မြန်မာ့သမိုင်းရာဇဝင်တွင် လူတိုင်းကြားဖူးသော တပင်ရွှေထီးမင်းသည် မင်းပျို့လေးတစ်ပါး ဖြစ်၏။

သူရသတ္တိလည်းရှိ၏။ တိုင်းပြည်အပေါ် သစ္စာလည်းရှိ၏။ လူချစ်လူခင်လည်းပေါ်များ၏။

တောင်ငူမြို့ (ကေတုမတီ) တွင် နန်းထိုင်၏။ ထန်းရည်ကြိုက်၏။ တပင်ရွှေထီးတန်းတောဟုပင် ရှိပါ၏။

ပေါ်တူဂီလူမျိုး ဇေဇ်ကာ (ခေါ်) ဒီဘရဲတိုသည် သဘော်များဖြင့် မြန်မာပြည်သို့ ကုန်ကူးသန်းလာရာမှ သန်လျင်မြို့ကို အပိုင်စီးသွားပါတော့၏။

လူအင်အား၊ လက်နက်အင်အား၊ သဘော်အင်အား၊ အမြောက်များတင်ဆောင်ထားသည့် သဘော်ဖြစ်ပါသဖြင့် ဗမာ့ဘုရင့်တပ်မတော် တပ်သားများကရုတ်တရက် ဝင်မတိုက်နိုင်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ပေါတူဂီဇင်ကာက အင်အားသာနေ၏။

ထိုရေတပ်သင်္ဘောကပ္ပတိန်ဖြစ်သူ ပေါတူဂီလူမျိုး ဒီဘရစ်တို(ခေါ်)ဇင်ကာသည် တောင်ငူမြို့သို့ချီတက်ပြီး ကေတုမတီဘုရင် တပင်ရွှေထီးဘုရင်နှင့် နီးစပ်အောင် ပေါင်းသင်းပါတော့၏။

ကေတုမတီဘုရင်ကို အနောက်နိုင်ငံထွက် သေရည်သေရက်များတိုက်ကျွေးပါတော့၏။ တပင်ရွှေထီးသည် ရန်သူကို မိတ်ဆွေထင်ပြီး အရက်စွဲသွားပါတော့၏။

နောက်ဆုံး ကေတုမတီနိုင်ငံတော်ကြီးကိုပင် မအုပ်ချုပ်နိုင်တော့ဘဲ ဘုရင့်နောင်ကျော်ထင်နော်ရထာကို အပ်ပြီး အုပ်ချုပ်ခိုင်းရပါတော့၏။

အရက်ကြိုက်သောဘုရင်လည်း သန်လျင်မြို့သို့ပါသွားပါတော့သည်။ ဒီဘရစ်တို၏ လှည့်ကွက်ထဲသို့ရောက်သွားရပါ၏။

နောက်ဆုံးတော့ အသက်ပင်ဆုံးရှုံးခဲ့ရပါ၏။

ဤကား မြန်မာနိုင်ငံတော်၏ အရက်ကြိုက် ဘုရင်တစ်ပါး၏ ပုံရိပ်များပင်တည်း။

အီဂျစ်နိုင်ငံ ရောမမြို့ကြီးတွင် အနုပညာသမား၊ အရက်ကြိုက်သမား ဘုရင်တစ်ဦးရှိခဲ့၏။ သူ့အမည်ကား နီးဂိုးဘုရင်ပင် ဖြစ်၏။

တယောထိုးဝါသနာပါ၏။တယောလည်းထိုးတတ်၏။ ကဗျာစပ်လည်း ဝါသနာပါ၏။ ကဗျာကိုလည်း စပ်ဆို၏။ မီးရောင်ကိုသဘောကျ၏။

တစ်နေ့သ၌ နီးဂိုးဘုရင် အရက်တွေမူးနေ၏။ မိခင်အရင်းကိုပါ မိဖုရားမြှောက်၏။

ရောမစစ်သူကြီးကိုခေါ်ပြီး ရောမမြို့ကြီးတစ်မြို့လုံးကို မီးရှို့ခိုင်း၏။ စစ်သူကြီးလည်း ဘုရင့်အမိန့်အတိုင်း လုပ်ရ၏။

နီးဂိုးဘုရင်သည် မျော်စင်တစ်ခုပေါ် သို့တက်ပြီး ရောမမြို့ကြီးမီးလောင်နေသည်ကို သဘောကျ၍ တယောထိုးနေပါတော့၏။

အရက်ကြောင့် ရူးသွပ်သွားရသော သမိုင်းတင်ဘုရင်တစ်ပါးဖြစ်ကြောင်းပါပဲ။

သေရည်သေရက်သည် လူသားများ၏ဦးနှောက်ကို ထိခိုက်စေ၏။ ရူးသွပ်စေပါ၏။

၁၃။ မြန်မာ့အနုပညာရှင်များ

မြန်မာ့ဆိုင်းတွင် အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ပြဇာတ်မင်းသား၊ ဇာတ်သမား၊ စာရေးဆရာ စသည်တို့သည်လည်း အရက်ကြောင့်ပင် ဘဝပျက်စီးခဲ့ရသူများရှိခဲ့ကြပါ၏။

အနုပညာရှင်အမည်များကို လူတိုင်းသိရှိပါ၏။ ထုတ်ဖော်ရေးသားရန် မသင့်လျော်ပါ။

ထိုအနုပညာရှင်များသေဆုံးသွားရသော်လည်း ထိုသူတို့၏မျိုးဆက်များ၊ ဆွေမျိုးများက ယနေ့တိုင်ရှိနေပါသေး၏။

ထင်ပေါ် ကျော်ကြားမှုကို လူတိုင်းလိုချင်ကြ၏။ ထိုထင်ပေါ်မှုနောက်ဘက်တွင် အဆိပ်ရှိနေပါ၏။

ဤအကြောင်းကို ရုရှားကဗျာဆရာတစ်ဦးက ကဗျာရေးသားဖူးပါ၏။

FAMOUS

FAMOUS IS HONEY.
HONEY MADE BY BEEN.
IT HAS A STING.

ထင်ပေါ် ကျော်ကြားမှုသည် ပျားရည်ကဲ့သို့ ချိုမြိန်ပါ၏။

အဲဒီပျားရည်ကို ပျားကောင်က ထုတ်လုပ်ပေးပါ၏။

ဒါပေမယ့် အဲဒီပျားကောင်မှာ အဆိပ်ရှိနေပါ၏။ ထင်ပေါ်မှုနောက်မှ အဆိပ်အန္တရာယ်ရှိနေ၏။

အနုပညာသမားတချို့တလေသည် ထင်ပေါ်ကြားလာလျှင် မထိန်းသိမ်းနိုင်ဖြစ်ကြရ၏။

တချို့က ယမကာကိုစွဲလမ်း၏။
တချို့က ဘိန်းဖြူကိုစွဲလမ်း၏။
တချို့က ရာဂကာမကိုစွဲလမ်း၏။

အနောက်တိုင်းတိုင်းပြည်ကြီးတစ်ခုမှ ကဗျာကျော်အဆိုတော် ပလက်စလေသည် ဘိန်းဖြူနှင့်ပင် သူ့ဘဝကိုနိဂုံးချုပ်ရ၏။

နာမည်ကြီးရုပ်ရှောရုပ်ရှင်မင်းသမီး မွန်ဂိုသည် ဘိန်းဖြူနှင့်ပင် သူ့ဘဝကိုနိဂုံးချုပ်ရ၏။

မြန်မာနိုင်ငံတွင်လည်း အမည်ဖော်ပြ၍မကောင်းသော စာရေးဆရာတချို့သည် အရက်ကြောင့်ပင် ဘဝပျက်ခဲ့ရ၏။

သေရည်သေရက်ကို အနောက်နိုင်ငံများတွင် အမည်အမျိုးမျိုးတပ်၍ချက်ကြ၏။ ထုတ်ဝေကြ၏။ ရောင်းချကြ၏။ အမြတ်အစွန်းတွေလည်းရရှိကြ၏။

ပြင်သစ်ပြည်အရက်၊ ရုရှားပြည်အရက်များသည် နာမည်ကြီးလှ၏။

အရက်ကို ဆေးအဖြစ် သောသုံးသူများရှိကြသလို ဘေးအကျိသောက်သုံးသူများလည်းရှိကြ၏။

ဘယ်နည်းနှင့်ပဲသောက်သောအရက်သည် လူတို့၏စိတ် (သည်းဖြောဆီးပစ်၏။

သောက်ပါများလာလျှင် ကျန်းမာရေးကို ထိခိုက်လာ၏။

ကိုယ်တွင်းရှိ INTERNAL ORGANS များကို ပျက်စီးစေပါ၏။

ဦးနှောက်၊ အဆုတ်၊ အသည်း၊ အစာအိမ်၊ အူသေး၊ အူကျောက်ကပ်၊ သရက်ရွက်၊ မျိုးပွားများကိုပါ တစ်နည်းနည်းဖြင့်ပျက်စီးပါ၏။

ဘီယာကိုများများသောက်ပြန်းသေရောဂါကို မြန်မြန်ဖြစ်စေတိုင်းမှလာသော နိုင်ငံခြားအရက်မျိုး အကောင်းစားပဲဖြစ်ဖြစ်၊ တန်ပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံတွင်ချက်ဆန်အရက်၊ ထန်းလျက်အရက်ပြည်နယ်၊ ကချင်ပြည်နယ်ဘက်သော ကချင်အရက်၊ ရှမ်းအရက်လည်း သောက်လျှင်မူး၏။ သတိမေ့၏။ ဦးနှောက်အသိထိခိုက်၏။

ကိုယ်ခန္ဓာကျန်းမာရေးကို စေပါ၏။ အရက်ဟူသမျှ မတော်

၁၄။ သေရည်သေရက်သောက်သောသံယာများ

ဂေါတမဘုဒ္ဓဘုရားရှင်သည် ထင်ရှားရှိတော်မူစဉ်ကာလ ပြည်သား လူငယ်(၆)ဦးတို့သည် အကိုင်မလုပ်ချင်ကြသဖြင့် သူ(၆) ဦးတို့ တိုင်ပင်ပြီး ရဟန်းဝင်လာကြ၏။

ရည်ရွယ်ချက်က မင်္ဂိုလ်အတွက်မဟုတ်။ အနေချောင်ချောင်၏၊ ဘာမှမလုပ်ရဘဲနှင့် ဟူသော ရည်ရွယ်ချက်ဖြင့် ဘောင်သို့ဝင်လာကြ၏။

လူငယ် (၃) ဦးက ရှင်သာမဏေ ရာထူးမှာ တပည့်ခံယူ၏။ သာမဏေကြ၏။

လူငယ် (၃) ဦးက ရှင်သာမဏေ လာန်ထံမှာ တပည့်ခံယူကြ၏။

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ ရဟန္တာကြီးမထေရ်ထံများ တပည့်ခံယူကြ၏။

(၃) နှစ်ကြာမျှ ဝိနည်းများကိုသင်ယူကြရ၏။ ရဟန်းဘဝဖြင့် (၃) ဝါရကြသောအခါ ရဟန်း (၆) ပါးတို့သည် (၃)ပါးစီ အုပ်စု (၂) စုဖွဲ့၍ ရဟန်းသံယာများကိုစုကြ၏။

တစ်စုက သာဝတ္ထိပြည်နှင့်ဝေးကွာသောတောရွာကြီးတစ်ရွာမှာ သီတင်းသုံးကြ၏။

ထိုအုပ်စု (၂) စုကို 'ဆဗ္ဗဂ္ဂိရဟန်း' အုပ်စုဟုခေါ်ကြ၏။ ရဟန်း(၆)ပါးအုပ်စုပင်ဖြစ်ပါ၏။

ထိုရဟန်းများသည် မြတ်စွာဘုရားပညတ်ထားသော ဝတ်နည်းများကို လိုက်မနာကြ။ မဂ်ဖိုလ်ဝိပဿနာဘာဝနာအလုပ်ဆိုလျှင် စဉ်းတောင် စဉ်းစားကြပါ။

ရှင်သာရိပုတ္တရာ၏ တပည့်များဖြစ်ခဲ့သော ထိုဆဗ္ဗဂ္ဂိရဟန်းအုပ်စုသည် သာဝတ္ထိပြည်ကြီးနှင့် ဝေးကွာလှသောတောရွာကြီးတွင် တစ်ရွာတည်း အဖွဲ့အစည်းတစ်ခုတည်ထောင်၍လွတ်လွတ်လပ်လပ်နေကြ၏။

ထိုရဟန်းတို့သည် ညနေခင်းကျသွင် (၂) ထပ်သင်္ကန်းကြီးကိုခင်းကြ၏။ သင်္ကန်းကြီးပေါ်မှာထိုင်လျက် သေရည်သေရက်သောက်ကြ၏။ ညစာကိုလည်း စားကြ၏။

မာတုဂါမအမျိုးသမီးလေးများနှင့် သီချင်းဆို၍ တွဲကခုန်ကြ၏။

ထိုဆဗ္ဗဂ္ဂိရဟန်းအုပ်စုသည် ဝိနည်းသတ်တော်များမလေးစား။ တောရွာကြီးတွင် နေချင်သလိုနေထိုင်ကြ၏။

တစ်နေ့သ၌ ထိုတောရွာကြီးအတွင်းသို့ သင်္ကန်းကို သေသေသပ်သပ်မဝတ် ကျန်ခြေရရဖြင့် ကြွဝင်လာသော ရဟန်းတော်လေးတစ်ပါးကို ရွာလူကြီးတစ်ဦးက တွေ့လိုက်ရ၏။

ထိုရဟန်းတော်လေးသည် သူတို့ကဲ့သ ဘုန်းကြီးရဟန်းများနှင့် မတူဘဲ ကြွယ်မ်းနေသည်ကို တွေ့မြင်ရပါသဖြင့် ရွာလူကြီး ထိုရဟန်းလေးနောက်သို့လိုက်လာ၏။

ထိုရဟန်းတော်လေးကို ဖူးမြော်ကန်တော့၏။ (ဘယ်ကိုကြွမှာလဲ) ဟူသည်း မေးလျှောက်၏။ ရဟန်းတော်လေးက မြတ်စွာဘုရားထံသွားဖူးမည်ဖြစ်ကြောင်းပြောပြ၏။

ထို့ကြောင့် ထို၁ကာတော်က သူတို့ရွာမှ ဆဗ္ဗဂ္ဂိရဟန်းဆိုးများအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားပေးရန် မှာကြားလိုက်ပါတော့၏။

ထိုရဟန်းတော်လေးသည် သာဝတ္ထိပြည် မြတ်စွာဘုရားသီတင်းသုံးတော်မူသည့် ဇေတဝန်ကျောင်းတော်ကြီးသို့ ရောက်သောအခါ ထိုရဟန်းဆိုးဆဗ္ဗဂ္ဂိရဟန်းများအကြောင်းကို လျှောက်ထားပါတော့၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရှင်သာရိပုတ္တရာ၏တပည့်များဖြစ်နေပါ၍ နောက်ပါသံဃာ (၁၀၀) နှင့်အတူတူ ရှင်သာရိပုတ္တရာကို ကြွခိုင်းပြီး သူ့တပည့်များကို ဆုံးမခိုင်းရပါတော့၏။

ဆရာရှင်သာရိပုတ္တရာကြွလာသော်လည်း ထိုဆဗ္ဗဂ္ဂိရဟန်းတို့သည် မူးမြူး၊ သောက်မြသောက်၊ စားမြစား၊ ကမြက၊ ဆိုမြဆိုကြလျက် မြူးထူးပျော်ပါးနေကြသည်ကို မျက်မြင်ပဲတွေ့ရှိရပါတော့၏။

ထို့ကြောင့် ထိုရွာကြီးမှ ထိုဆဗ္ဗဂ္ဂိရဟန်းများအား နှင်ထုတ်လိုက်ရပါတော့၏။

တချို့သည် လူထွက်၏။ တချို့က လည်းလူမထွက်ကြဘဲ အခြေးတစ်နေရာသို့ ပြေးကုန်ကြ၏။

ထိုအချိန်မှ စတင်၍ မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတော်များအား သံဃာဒိတ်ထိပ် (၁၃) ပါးကို ပညတ်ပေးရပါတော့၏။

ဤသေရည်သေရက်သည် မြတ်စွာဘုရားရှင်မပွင့်မီက ပေါ်ပေါက်လာရပြီး ယခုတိုင်အောင်လည်း အရက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးထွက်ရှိနေပါသေး၏။

ဤသေရည်သေရက်ကို တာဝတိံသာနတ်ပြည်တွင် သိကြားမင်းဖြစ်ခဲ့ကြဖူးသော အသုရာနတ်များသည်လည်း ရွှေခွက်ဖြင့် ရာထူးမစွန့်မီ တာဝတိံသာနတ်ပြည်မှာပင် သောက်ခဲ့ပါသေး၏။

နောက်မှ သေရည်သေရက်မူးနေကြသော အသုရာနတ်များတို့ နောက်ရောက်ရှိလာသည့် သိကြားမင်းသစ် (ဦးမယ) တို့အဖွဲ့က ခြေထောက်နှစ်ချောင်းကိုကိုင်ပြီး မြင်းမိုရ်တောင်ပေါ်မှ ပစ်ချခဲ့ရ၏။

မြင်းမိုရ်တောင်ခါးပန်းရောက်မှ အမူးပြေကြရ၏။ ထိုအရက်သေစာသောက်ကြသော အသုရာနတ်တို့သည် မြင့်မိုရ်တောင်၏အောက်ခြေကလိုက်ကြီးတွင်ရှိသောယူဇနာတစ်သောင်းကျယ်ဝန်းသည့် အသုရာနတ်ပြည်တွင် နေထိုင်ကြ၏။

ဤသေရည်သေရက်သည် လူပြည်တွင်ပင်မက တာဝတိံသာနတ်ပြည်မှာပင်ရှိနေကြောင်း၊သောက်ကြကြောင်း ဗုဒ္ဓစာပေများတွင် ဖတ်ရှုကြရပါ၏။

မည်သည့်နေရာမှာပဲရှိရှိ၊ အရက်သေစာကိုသောက်သုံးသူသည် မသောက်ရမနေနိုင်ဖြစ်လာလျှင် အရက်သမားဟုသာ ခေါ်ဆိုရပါတော့၏။

သေရည်သေရက်ကို စွဲလမ်းလာသော ထိုပုဂ္ဂိုလ်သည် မည်သူပဲဖြစ်ဖြစ်-

၁။ ကျန်းမာရေးထိခိုက်လာ၏။
၂။ မှတ်ဉာဏ်တွေ့အားနည်းလာ၏။
၃။ အရက်အကြောက်တရားကိုမထိန်းသိမ်းတော့ပါ။
၄။ ပရိသတ်ထဲသို့မဝင်ရဲတော့ပါ။
၅။ လူတကာ၏ကဲ့ရဲ့ခြင်းကိုခံရတော့၏။
၆။ စီးပွားရေးလည်းပျက်ရ၏။
၇။ အိမ်ထောင်ရေးလည်းပျက်ရ၏။
၈။ မိမိ၏မွေးထားသော သားသမီးလေးတွေလည်း မျက်နှာငယ်ရရှာ၏။
၉။ အရက်သမား၏သားတွေ၊ သမီးတွေဟု လူတကာက သတ်မှတ်ကြပါ၏။
၁၀။ ဤဘဝမှာပင် ရူးသွပ်နေရ၏။
၁၁။ သေလျှင် အပါယ်သို့ကျရမည်။
၁၂။ သေရည်သောက်သူသည် ဘဝပေါင်း (၁၀၀၀) ရူးသွပ်ရပါဦးမည်။

အရက်သမားသည် ကောင်းလျှင်လည်း တစ်ခဏပါ။ အမှားတွေအဆိုးတွေကတော့ အနန္တပါပဲ။

ဗုဒ္ဓဘာသာတိုင်းပြည်တွင် အရက်ဆိုင်များ တစ်နေ့တခြား တောရော မြို့ပါမကျန် ရောင်းချလာကြသည်မှာလည်း အထင်အရှားပါပဲ။

တချို့ဆိုလျှင် ဘုန်းတော်ကြီးကျောင်းတိုက်တွေမှာပင် ထန်းရည်ဆိုင်များဖွင့်ရောင်းချနေသည်ဟု ကြားသိရပါ၏။

တိုင်းပြည်အုပ်ချုပ်ရသော၊ တာဝန်ယူရသော အစိုးရပိုင်းသည် ဤသေရည်သေရက်နှင့် မူးယစ်ဆေးဝါးကိစ္စများကို ပညာလည်းပေး၊ တစ်ဖက်မှလည်း ထိထိရောက်ရောက် ကိုင်တွယ်နိုင်ရန် လိုအပ်ပါကြောင်း။

အောင်စကြာ-
အရှင်သုမင်္ဂလာ(ဥပစာ-ဝိဇ္ဇာ)
အငြိမ်းစားကျန်းမာရေးမှူး

www.burmeseclassic.com

www.burmeseclassic.com

သခ်ီရဗုဒ္ဓသား

သောင်းပြောင်းထွေလာသိစရာ ၃ ချက်ဟုတ် ကျွန်ုပ်သိသမျှ ပြန်လည်ဖောက်သည်ချခြင်း

❑ နိဒါန်း

သောင်းပြောင်းထွေလာသိစရာ
ကျွန်ုပ်စာရေးသူသခ်ီရဗုဒ္ဓသားအ
စာပဒေသာဟု အမည်တပ်ချင်ပါသ
ဆောင်းပါးလည်းမမည်၊ ဝတ္ထုဇာတ်လ
တွေချည်းပဲမဟုတ်သဖြင့် စာပဒေသ
ဟု အမည်တပ်လိုခြင်းဖြစ်သည်။ ကျွ
၏စာပဒေသာတွင် ဆောင်းပါးမျာ
အရေးသားများပါသလို ဝတ္ထုဖတ်သ
သုတရသခံစားရမည့် ဝတ္ထုဇာတ်လ
အရေးသားများလည်းပါမည်ဖြစ်ပြော
ဦးစွာပထမ ပဏာမအနေဖြင့် နိဒါန်း
အပ်ပါသည်။

❑ ရည်ရွယ်ချက်

မြန်မာပြည်သူပြည်သားအား
သူရဇ္ဈစာဖတ်ပရိသတ်အားလုံး ကျွ
စာရေးသူ သခ်ီရဗုဒ္ဓသား လေ့လာ
သားထားသလောက်ကိုသိစေချင်
ဆန္ဒမွန်ဖြင့် ဤသောင်းပြောင်းထွေ
သိစရာ သို့မဟုတ် ကျွန်ုပ်သိသမျှ ပြန်
ဖောက်သည်ချခြင်း (၁) ကို ရေးသ
စာဖတ်ပရိသတ်ထံ အရောက်ပို့ခြင်း
ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁။ အချိန်ကိုဖဲ့ပေးရခြင်း

ကျွန်ုပ်သည် . အသက်အားဖြင့် (၆၀) နှစ်ကျော်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ယခုအချိန်သက်တမ်းအားဖြင့် ဆုတ်ကပ်ခေတ်ကြီး၌ ကျွန်ုပ်သည် အသက်ရှင်သန်ရန် သက်တမ်းအားဖြင့် သိပ်မကြာလှတော့ သာသနာနှစ် ၂၅၆၀ ပြည့်နှစ်ဖြစ်သဖြင့် ပညာရှိများက ယခုအချိန်သည် လူအသက် (၇၅) နှစ်ပျမ်းမျှသက်တမ်းပင်မရှိတော့ဟုသတ်မှတ်သည်ကို ကျွန်ုပ်သိရှိရသဖြင့် သေလမ်း (မရဏလမ်း)နှင့် နီးစပ်လာပြီဟု ဆိုရမည်။

ကျွန်ုပ်ကား ဒီအသက်အရွယ်၊ ဒီအချိန်ကာလ၌ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဘာဝနာများကို အားသွန်ခွန်စိုက်၍ ဘဂ်စွမ်းရှိသလောက် လုပ်ဆောင်ရမည့်အချိန် ဖြစ်သည်။

ကျွန်ုပ်သည် ဤစာပဒေသာကို ရေးသားရာတွင် တရားဒေသနာများ ကြားခြင်းနှင့် သမထ၊ ဝိပဿနာဘာဝနာပွားများခြင်းအချိန်များထဲမှ ဖွဲ့ယူ၍ ရေးသားရခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် သမထ၊ ဝိပဿနာတရားတော်များ ကြား၍ ပွားများအားထုတ်ခြင်းသီးသန့် အချိန်များထဲမှ စာဖတ်ပရိသတ်ကို ကျွန်ုပ်သိသမျှ ပြန်လည်ဖောက်သည်ချ ခြင်းအားဖြင့် တရားဓမ္မများကို သောင်းကျွန်းထွေလာသိစရာအဖြစ်ရေးသား၍ ပေးဝေခြင်း ဖြစ်ပါသည်။

၂။ ရည်မှန်းချက်ပန်းတိုင်

ဤစာပဒေသာဖြင့် စာဖတ်ပရိသတ်အား ဓမ္မဒါနပြုရခြင်းအကျိုးအကြောင်း ကျွန်ုပ်သည် ယခုဂေါတမရှင်တော်မြတ်ဘုရား၏ သာသနာတွင်း၌ ခန္ဓာပြတ်စဲ၍ နိဗ္ဗာန်မျက်မှောက်ပြုရပါစေသား။ ယခု ဘဝ၌ နိဗ္ဗာန်သို့မရောက်ဘဲ သံသရာ၌ ထပ်လက် လည်ပတ်ခဲ့ရသည်ရှိသော် ဘဒ္ဒကမ္ပာ၌ နောက်ဆုံးပွင့်တော်မူ အရိမေတ္တေယျမြတ်စွာဘုရားအား တွေ့၍ နိဗ္ဗာန်ရောက်ကြောင်း တရား ကြားကာ သာဝကတစ်ပါးအဖြစ် ကွန်သို့ဆိုက်ရောက်ရသူဖြစ်ရပါစေလို ကား ရည်မှန်းချက်ပန်းတိုင်ကိုထား ဤစာပဒေသာကို ရေးသားရခြင်း ဖြစ်ပေသည်။

၃။ သာသနာ့အကျိုးကြောင်းကျားများ

အချို့သောပုဒ္ဓဘာသာသူနာကို ကြားကား ပုဒ္ဓဘာသာသာသနာကို ထောင်ဝင်မလေ့လာနိုင်ကိုင်ချွတ်ချွတ် မသိသဖြင့် မိမိကိုယ်ကိုမိမိ သောတာပန်ဟု အထင်ကြီးနေတတ်ကြသည်။ ထိုသူများ သောတာပန်ဖြစ်၊ မဖြစ် တိုင်းတာရန် ပေတံ၊ ကိုက်တံတစ်ခုကို စာရေးသူဦးစွာပထမ ရေးသားပါမည်။

သောတာပန်ဖြစ်၊ မဖြစ် ပေတံ၊ ကိုက်တံမဖော်ပြမီ မိမိသည် ကလျာဏပုထုဇဉ်ဖြစ်နေ၊ မနေ ဦးစွာပထမသိရန်ကား အလွန်အင်မတန်မှ အရေးကြီးလှပေသည်။

ကလျာဏပုထုဇဉ်သည်ပင် မိမိသိသောတရားကို မိမိသိသလို တစ်ပါးသူကိုလည်းသိစေချင်သည်။ ဒါနဘဏ်လိုပြုလျှင်အကျိုးရှိမည်။ သီလမကျိုးမပေါက် မပြောက်မကျားအောင် မည်ကဲ့သို့ စောင့်ထိန်းရမည်။ သမထ၊ ဝိပဿနာဘာဝနာပွားများလျှင် အပါယ်ပိတ်ပြီး နိဗ္ဗာန်တံခါးကိုခေါက်တာနှင့် တူသည့်အတွက် ဝိပဿနာဘာဝနာပွားများလျှင် နိဗ္ဗာန်သို့ဦးတည်နေကြောင်း ကလျာဏပုထုဇဉ်သည်သိပြီးဖြစ်သဖြင့် အချို့သော ကလျာဏပုထုဇဉ်များသည် မိမိရပြီးသော ကလျာဏပုထုဇဉ်နှင့် သောတာပန်မင်္ဂလမ်းမှသည် အထက်မင်္ဂဖိုလ်များသို့ လျှောက်လှမ်းနိုင်ကြစေရန်အတွက် ယခုခေတ်၌ တရားဓမ္မကိုမိမိကိုယ်တိုင်ဟောတတ်လျှင် ဟောပြောပြီး မဟောမပြောတတ်ပါက တရားဓမ္မကထိကအကျော်အမော် သံဃာတော်များပင့်ဖိတ်လျက် တရားဓမ္မသဘင်များ ကျင်းပပေးခြင်း၊ တရားစာပေများရေးသားခြင်း၊တရားခွေ (CD, VCD) ခွေများ ဓမ္မဒါနလှူဒါန်းခြင်းနှင့် မိမိတတ်နိုင်သမျှကို သာရေး၊ နာရေးများ၌ တရားစာအုပ်ငယ်များလှူဒါန်းခြင်းကား ကလျာဏပုထုဇဉ်ပင် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထိုသူများသည် ကလျာဏပုထုဇဉ်မှ စူဠသောတာပန်၊ မဟာသောတာပန်နှင့် ရဟန္တာအထိ လျှောက်လှမ်းနေကြပြီး နိဗ္ဗာန်တူသော ရည်မှန်းချက်ပန်းတိုင်ကို လှေကားထစ်တက်သလို တက်လှမ်းနေသူချီးဖြစ်ကြသည်။

ထိုကလျာဏပုထုဇဉ်များကို အန္ဓဘာလပုထုဇဉ်ကြီးများနှင့် အန္ဓပုထုဇဉ်များက မျက်မှန်းကျိုးတတ်၏။ သူတစ်ပါး အထင်ကြီးအောင်လုပ်နေသူဟု ကဲ့ရဲ့ပြစ်မှားတတ်ကြသည်။ တစ်ချို့သောအခါက စာရေးသူ သခ်ါရပခုံသားသည်လည်း ထိုသူများထဲမှတစ်ဦးအပါအဝင်ဖြစ်ခဲ့ဖူးသော အန္ဓဘာလလူမိုက်ကြီးတစ်ဦးပင်ဖြစ်ခဲ့ဖူး၍ စာရေးသူကဲ့သို့ အကုသိုလ်ကို အလကားမယူမိကြစေရန် သတိမူရန် အတွက် ရေးသားရခြင်းဖြစ်ပေသည်။

ကလျာဏပုထုဇဉ်များပင် ထိုမျှလောက်၊ တင်နိုင်လျှင်တင်နိုင်သလောက် ကုသိုလ်ယူချင်ကြပါက သောတာပန်နှင့် အထက်မင်္ဂဖိုလ်များကား ကုသိုလ်ယူရာ၌ ဆိုဖွယ်မရှိ အံ့ဩလောက်ပေသည်။ မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ်က လူပုဂ္ဂိုလ်သောတာပန်ကြီးများအကြောင်း စာဖတ်ပရိသတ်ဗဟုသုတရစေလိုခြင်း အကျိုးငှာနှင့် ထိုလူပုဂ္ဂိုလ်များကဲ့သို့ သာသနာပြုနိုင်ကြစေရန် စာရေးသူ လေ့လာသိမိသမျှ ပြန်လည်ဖောက်သည်ချပါဦးမည်။

❑

ဂေါတမရှင်တော်ဘုရား သက်ရှိထင်ရှားရှိစဉ်က လူပုဂ္ဂိုလ်သောတာပန်ကြီးများထဲမှ၊ ကျော်ကြားလှသော သောတာပန်များထဲမှ စာရေးသူသိရှိသော သောတာပန်လူပုဂ္ဂိုလ်အချို့ကို ကောက်နုတ် ရေးသားသွားပါမည်။

ထိုသူများမှာ -

၁။ ရာဇပြိုတ်ပြည့်ရှင် ဘုရင်မင်းမြတ် ဗိမ္ဗိသာရ

ဝေဠုဝန်ကျောင်းတော်ကြီးအား မြတ်စွာဘုရားအားလှူဒါန်းသည်။ ဝေဠုဝန်ကျောင်းတိုက်ကို မြတ်စွာဘုရားအား ရေစက်ချလှူဒါန်းသောအခါ၌ မဟာပထဝီမြေကြီးသည် တုန်လှုပ်၏။ ယင်းကဲ့သို့ တုန်လှုပ်ခြင်းသည် မြတ်စွာဘုရားသာသနာ ဤကမ္ဘာမြေပြင်၌အမြစ်တွယ်ပြီဟု မဟာပထဝီမြေကြီးက မြေလျင်လှုပ်၍ ကောင်းချီးပေးခြင်း ဖြစ်သည်။ အခြားကျောင်းတော်ကြီးများလှူသောအခါ၌ မြေလျင်လှုပ်၍ ကောင်းချီးပေးခြင်းမရှိဟူ၍ ဗုဒ္ဓဝင်ကဆိုထားသည်ကို သောင်းကျွန်းထွေလာသိစရာဗဟုသုတအဖြစ် စာဖတ်ပရိသတ်များသိစေရန် ရေးသားအပ်သည်။

၂။ အနာထပိဏ်သူဌေး

ငယ်နာမည် သုဒတ္တအမည်ပျောက်ကာ အနာထပိဏ္ဍကခေါ် အမည်သုံးမျိုးရ အနာထပိဏ်သူဌေးကြီးကား သာဝတ္ထိပြည်၌ ဇေတဝန်ရွှေကျောင်းတော်ကို လှူဒါန်းသည်။ ဤနေရာ၌ အနာထပိဏ်သူဌေးကြီးသည် သုဒတ္တအမည်ပျောက်ကာ အနာထပိဏ္ဍကအမည်ခေါ် ကြွေး

www.burmeseclassic.com

www.burmeseclassic.com

ခြင်းနှင့် အနာထပိဏ်သူဌေးကြီး၏ ကျောင်းအလှူအကြောင်းသိကောင်းစရာများကို ဆက်လက်၍ ရေးသားသွားပါမည်။

❑

❑ လာလော့ သုဒတ္တ

အနာထပိဏ်သည် ဒါနနှင့်ပတ်သက်၍ မြတ်စွာဘုရား၏ အဆုံးအမ မနာကြားရသေးမီကပင် သူပြုသောဒါနသည် ပုဒ္ဓဘာသာစစ်စစ်ဒါန ဖြစ်သည်။ အနာထပိဏ်သည် သာဝတ္ထိပြည်သားကုန်သည်ဖြစ်၏။ အလှူဒါန၌ရက်ရောရုံသာမက ကြင်နာတတ်သူလည်းဖြစ်ပေသည်။ စားရမဲ့သောက်ရမဲ့များကို အမြဲတမ်း ရက်ရက်ရောရောပေးကမ်းတတ်သူ ဖြစ်၏။ ထို့ကြောင့် သူ၏ငယ်နာမည် အရင်းဖြစ်သော သုဒတ္တအမည်ပျောက်၍ အနာထပိဏ္ဍိကဟုအမည်တွင်လာသည်။ အနာထပိဏ္ဍကဆိုသည်မှာ ကိုးကွယ်ရာမဲ့တို့အား ပေးကမ်းစွန့်ကြဲသူဟူ၍ ဖြစ်သည်။

အနာထပိဏ်သည် သာဝတ္ထိမှ ရာဇဂြိဟ်သို့ ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် သူ၏ယောက်ဖဖြစ်သူ ရာဇဂြိဟ်သူဌေးအိမ်၌တည်းခိုသည်။ အနာထပိဏ်၏ယောက်ဖက မြတ်စွာဘုရားအား ဆွမ်းကပ်ရန် စီစဉ်နေသည့်အချိန်ကျမှ အနာထပိဏ်သည် လောကဘဲ့ မြတ်စွာဘုရားပွင့်တော်မူကြောင်းကိုသိရသည်။ မြတ်စွာဘုရားသည် ရာဇဂြိဟ်အပြင်ဘက် သုသာန်အနီး သီတဝနတောအုပ်၌ သီတင်းသုံးနေတော်မူကြောင်း အနာထပိဏ်သိလျှင်သိချင်း တောအုပ်သို့သွားလိုသည့်ပါရမီ၏နှိုးဆော်ချက်အရ နံနက်၌ မြတ်စွာဘုရားနှင့် သံဃာတော်များ ဆွမ်းကပ်ချိန်အထိမစောင့်နိုင်ဘဲ ညဉ့်တွင်းချင်း သီတဝနတောအုပ်သို့သွားလေ၏။

အနာထပိဏ်သည် မြတ်စွာဘုရား ဆီသို့သွားစဉ် လမ်း၌ စဉ်းစားလာ၏။

"ဤလောက၌ ဘုရားအမည်ခံသူ ပေါများလှသည်။ ဂေါတမမြတ်စွာဘုရားသည် ဘုရားအစစ်အမှန်ဖြစ်ပါက ငါ၏ငယ်နာမည် သုဒတ္တအမည်ခေါ်၍ နှုတ်ဆက်လျှင် ကောင်းလေစွ"

ဟု စိတ်ကူးကြံစည်လာသည်။ သုဒတ္တဟုအမည်ခေါ်ပါက ဆည်းကပ်ကိုးကွယ်မည်ဟု တွေးတောလာခဲ့၏။

မြတ်စွာဘုရားသည် အနာထပိဏ်၏စိတ်အကြံကိုသိတော်မူ၍ အနာထပိဏ်လာနေသည်ကိုမြင်သောအခါ စင်္ကြံလျှောက်နေရာမှ ထိုင်တော်မူပြီးလျှင် အနာထပိဏ်၏ငယ်နာမည် သုဒတ္တကို တရင်းတနှီးခေါ်လိုက်သည်ကား -

"လာလော့. . . သုဒတ္တ"

ဟူ၍တည်း။

အနာထပိဏ်သူဌေး ဝမ်းမြောက်သွားပြီ။

ထိုမှအစပြု၍ မြတ်စွာဘုရားသည် သစ္စာလေးပါးတရားတော်မြတ်ကို ဒါနမှအစပြုကာ အစဉ်အတိုင်းဟောကြားတော်မူ၏။ ထိုအခါ အနာထပိဏ်သည် ရုပ်နှင့် နာမ်ကိုခွဲခြား၍ သိသောနာမရူပပရိစ္ဆေဒဉာဏ်နှင့် အကြောင်းအကျိုးကိုသိသော ပရိဂ္ဂဟဉာဏ်ကိုရလေ၏။ ထိုအခါ၌ အနာထပိဏ်သည် ရုပ်နာမ်တို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုသိသော ဝိပဿနာဉာဏ်ရလေသည်။ ထို့နောက် မဂ်ဉာဏ်ကိုရသည်။ ထိုအခါ အနာထပိဏ်သည် နိဗ္ဗာန်ကိုမြင်လေပြီ။ ဒိဋ္ဌဇုဇ္ဇိစိကိစ္ဆာပြုတ်ကာ သောတာပန်တည်သွားလေသည်။

အနာထပိဏ်သည် သောတာပတ္တိမဂ်ကို ရ၍ သောတာပန်အရိယာဖြစ်သွားသောအခါ၌ အကြံဉာဏ်ကောင်းရပြန်လေ၏။ သာဝတ္ထိပြည်၌ ကျောင်းဆောက်၍လှူရန် ဖြစ်သည်။ သူသည် ကုန်သည်ဖြစ်၏။ ဓမ္မာထိကမဟုတ်၍ သူသီသလိုအသိမျိုးကို ပြန်၍ပြောပြနိုင်စွမ်းမရှိပါပေ။ ထို့ကြောင့် အရိယာသစ္စာကို လောကအားဖြန့်ဝေရန် သူကြံစည်သည့်အကြံစည်ကား ဇာတိမွေးရပ်မြေကို ဗဟိုပြု၍ မွေဒါနပြုရန် သာဝတ္ထိပြည်၌ ဇေတဝန်ရွှေကျောင်းတော်ဆောက်လုပ်လှူဒါန်းလိုခြင်း ဖြစ်သည်။ အရိယာသစ္စာကို မြတ်စွာဘုရားမှတစ်ဆင့် ဖြန့်ဝေခြင်းပင် သောတာပန်အရိယာတစ်ဦး၏ပြုယုံ့အနေဖြင့် သုဒတ္တခေါ် အနာထပိဏ္ဍိကခေါ် အနာထပိဏ်သူဌေးကြီး၏ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လုပ်ရပ်တို့ကား ကျွန်ုပ်၏စာဖတ်ပရိသတ် အကျိုးတစ်စုံတစ်ရာရလျှင် ဤစာစုရေးသားရခြင်း၏ ကျွန်ုပ်၏ဆန္ဒတစ်ခု ပြည့်ဝပါပြီဟု ရေးသားရင်း နောက်ထပ် လူပုဂ္ဂိုလ် သောတာပန်များအကြောင်း ကျွန်ုပ်သိသမျှ ပြန်လည် ဖောက်သည်ချပါဦးမည်။

ကျွန်ုပ်၏ စာဖတ်ပရိသတ်သည် အနာထပိဏ်ကိုသိသလို ပုဒ္ဓဘာသာမှန်က သိသူများလှပေသည်။

သို့အတွက်ကြောင့် (၇) နှစ်သမီးဘဝတည်းကပင် သောတာပန်တည်ခဲ့သော ဝိသာခါကျောင်းအမကြီးအကြောင်း အကျယ်ရေးရန်မလိုသည့်အတွက် စာပရိသတ်အသိနည်းလိမ့်မည်ဟု ကျွန်ုပ် ထင်မြင်မိသည့် ကျောင်းဒကာသောပန်သုံးဦးအကြောင်းကို ရေးသားသွားမည်။ ထိုသုံးဦးကား ကောသမ္ဗီပြည်သူများဖြစ်သည့် ယောသိတာရုံကျောင်းဆောက်လှူသည့် ယောသကသူဌေး ပါဝါရိကာရုံကျောင်းဆောက်လှူသည့် ပါဝါရိကသူဌေးနှင့် ကုက္ကုဋာရုံကျောင်းဆောက်လှူသည့် ကုက္ကုဋသူဌေးတို့ ဖြစ်သည်။

ဤနေရာ၌ ကျွန်ုပ်ရေးသားသည့် အကယ်ဒမီမင်းသား ဇာတ်လိုက်ကောင်းကား ယောသိတာရုံကျောင်းဆောက်လှူသည့် ယောသကသူဌေးဖြစ်သည်။ ကျွန်ုပ်၏ဇာတ်လိုက်မင်းသားကား သပ္ပတ်အူကဲ့သို့ရွှမ်းထွေးလွှမ်းသဖြင့် ကျွန်ုပ်၏စာဖတ်ပရိသတ်စိတ်ရှည်ထား၍ သည်းညည်းခံဖတ်ကြပါစေရန်သာ ရေးသူ ကျွန်ုပ် မေတ္တာရပ်ခံအပ်သည်။

ယောသကသူဌေး၏ ဇာတ်လမ်းကိုမရေးသားခင် ယောသကသူဌေးဘဝနှင့်ဆက်စပ်မည့်ကဗျာလေးတစ်ပုဒ်ကို ကျွန်ုပ်၏ ဤစာပဒေသာစာမူဦးစွာပထမ ရေးသားအပ်ပါသည်။ ထိုကဗျာလည်း စာပဒေသာ၏အဲရသာကို ခံစားရပေလိမ့်မည်။ စာပဒေသာဟူသည် ကျွန်ုပ်အနေဖြင့် (၁၂) မျိုးခွဲခြားသုံးစွဲအရသာရှိစေရန်အတွက် အောက်ပါ ဒဿနကဗျာလေးကို စပ်ဆိုရေးခြင်း ဖြစ်ပါသည်။

❑ တန်ပြန်ဝင့်

တစ်ခါန်ကမူ၊ အကုသိလ်အမှု
ငါပြုခဲ့၍၊ သပ္ပတ်အူလိုငါရွှမ်းခဲ့
ထိုသပ္ပတ်အူရွှမ်း အကုသိလ်အကြောင့်-ထိုဝဋ်အကျိုး ငါခံစား
တန်ပြန်ဝင့်ကတည့်တည့်ထိပြေး၍မလွတ်ပါတကား။

❑

ကောသမ္ဗီပြည်သား ယောသကသူဌေး၏ ဇာတ်လမ်းအစကား ခြေတစ်ဘုရား လောကဘဲ့မဟုတ်မီ သာသနာတော်က အလကပ္ပတိုင်းတွင် ကူးစက်ရောဂါတစ်မျိုးဖြစ်ပွားလေသည်။ ထိုရောဂါဖြစ်ပွားလျှင် ကုရာနတ္တိ ဆေးမပြေးခြင်း၊ လွတ်ရာရှောင်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးဟု ထိုခေတ်က ယူဆကြသဖြင့် အမျိုးသားတစ်ယောက်သည် မိမိ၏ဇနီး၊ မိမိသားငယ်တို့နှင့်အတူ သားငယ်ကို အဖတစ်လှည့်၊ အမိတစ်လှည့် ပွေ့ချီ၍ ပြေးကြသည်။ လမ်းတွင်ရိက္ခာပြတ်ကာ အစာငတ်၍ အားအင်ကုန်ခန်းလေပြီ။ အဖတစ်လှည့်ရောက်သောအခါ သားငယ်ကိုစွန့်ထားခဲ့၏။ အမိသည် သားငယ်ပါမလာသည်ကိုသိသောအခါ ခင်ပွန်းဖြစ်သူ လမ်းဘေးစွန့်စွန့်စပ်စပ်ခဲ့ကြောင်း သိရှိ၍ အကြီးအကျယ်ပြဿနာတက်ကာ သားငယ်အတွက် ပူပန်သွားပြီး ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်သူနှင့်အတူ ခရီးမဆက်လိုဟု ဇနီးက ခင်ပွန်းကိုပြောလေသည်။ ခင်ပွန်းသည်က ဇနီးအား ပြန်လည်တောင်းပန်ပြီး သားငယ်ကိုပြန်ခေါ်၍ မိသားစုသုံးယောက်ခရီးဆက်ခဲ့ကြ၏။

မိသားစုသုံးယောက်သည် ညနေချမ်းအချိန်၌ နွားကျောင်းသားတဲတစ်တဲသို့ရောက်လေသည်။ နွားကျောင်းသားတဲတွင် မြင်မြင်သမျှ ပရိသတ်အများအား နှိုးယနာများဖြင့် ဧည့်ခံခြင်းမင်္ဂလာပြုလုပ်နေ၏။ မိသားစု (၃)ယောက်ကား ဆာနေကြ၏။ သားငယ်သည် ဖြစ်ဖြစ်မြောက်မြောက်စားနိုင်သူမဟုတ်။ ဇနီးသည်ကလည်း အတိုင်းအရှည်ဖြင့်သင့်ငှဲ့ရုံသာစားသည်။ ခင်ပွန်းဖြစ်သူသည် အတိုင်းအထက်အလွန်စားသောအခါ အာမကြေဖြစ်၍ ထိုညဥ့်တွင်ကွယ်လွန်သွားခဲ့၏။ မသေဆုံးမီ နှိုးယနာစားစဉ်က နွားကျောင်းသားခွေးကား နှိုးယနာများ ဝဝလင်လင်စားနေသည်ကိုမြင်ပြီး သူတင်တစ်လှည့်ပြတ်တစ်လှည့်အသက်ရှူရသည်။ ထို့ကြောင့် သူ၏ဘဝသည် ဘဝလောက်ပင် အကျိုးပေးမကောင်းဘဲ အယုမှားပြီး ခွေးဘဝကို စိတ်ညစ်သွားသည်။ ထို့ကြောင့် ကွယ်လွန်သောအခါ ခွေးမ၏ဝမ်းဗိုက်၌ ပဋိသန္ဓေယူ၏။

အချိန်အားဖြင့် လစေ့သောအခါ ခွေးမကြီးက မွေးဖွားလေသည်။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါတစ်ပါးကို နေ့စဉ်ဆွမ်းခံကြွရန် ဆွမ်းသွား၏။ ပစ္စေကဗုဒ္ဓါသည် နွားကျောင်းသားတဲပေါ်တွင် ဆွမ်းဘုဉ်းပေးသည်။ ဆွမ်းဘုဉ်းပေးတိုင်း ပစ္စေကဗုဒ္ဓါသည် ခွေးငယ်အား ဆွမ်းချကျွေးသည်။ ထို့ကြောင့် ခွေးငယ်ကား ပစ္စေကဗုဒ္ဓါသဲယောဇဉ်တွယ်မိ၏။

နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါ သီတင်းသုံးရာသွားတိုင်း တောအုပ်ထဲသို့ ခွေးငယ်လေးကိုခေါ်၍ သွားလေ့ရှိသည်။ တစ်ခါတစ်ရံ နွားကျောင်းသားသည် ခွေးငယ်ကိုလွှတ်၍ ပစ္စေကဗုဒ္ဓါကို ပင့်ခိုင်းတတ်၏။ ခွေးငယ်ကား လူဘဝမှ လာသောခွေးငယ်ဖြစ်၍ လိမ္မာသည်။ ယဉ်ကျေး၏။ ပစ္စေကဗုဒ္ဓါအပေါ် ကြည်ညိုရှိ၍ တွယ်တာသည်။

ပစ္စေကဗုဒ္ဓါသည် ဝါကျွတ်သောအခါ အခြားတစ်ပါးသို့ကြွတော်မူသည်။ ခွေးငယ်သည် ပစ္စေကဗုဒ္ဓါအပြီးတိုင်ကြွသွားပြီဟုသိသဖြင့် နှလုံးကွဲ၍သေလေသည်။ ပစ္စေကဗုဒ္ဓါအပေါ် ကြည်ညိုသောကောင်းမှုနှင့် ပစ္စေကဗုဒ္ဓါကို တစ်ခါတစ်ရံ ဆွမ်းစားကြွရန်ပင့်ခြင်းနှင့် ပစ္စေကဗုဒ္ဓါသီတင်းသုံးရာတောအုပ်သို့ နွားကျောင်းသားတဲမှပြန်လည်ပို့ဆောင်ခြင်းကုသိုလ်အဝဝကြောင့် ခွေးငယ်သည် သေလွှင့်သေချင်း တာဝတိံသာနတ်ပြည်၌ နတ်သားသွားဖြစ်၏။ နတ်သား၏အမည်မှာ ယောသကဖြစ်သည်။ အကုသိုလ်ကံ၊ ကုသိုလ်ကံအရှိန်အဝါကား သောတာပန်မတည်မချင်း ခွေးဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဒုဂ္ဂတိလားလိုက်၊ သုဂတိလားလိုက် သံသရာလည်နေပေသည်။ သောတာပန်မတည်မချင်း စိတ်မချရကြောင်း ယောသကက သက်သေခံနေသည်။

သာဝတ်သာနတ်ပြည်မှ ယောသကနတ်သားသည် နတ်သက်ကြွေသောအခါ၌ လူလာဖြစ်သည်။ သူသည် သားငယ်ကို လမ်းဘေးစွန့်ပစ်ခဲ့ခြင်းဝဋ်ကြွေးပြန်လည်ဆပ်ရန်အတွက် လူပြည်၌ လူလာဖြစ်သောအခါ ပြည့်တန်ဆာမဝမ်းတွင်ပဋိသန္ဓေနေရ၏။ ပြည့်တန်ဆာမတို့၏အစဉ်အလာအတိုင်း သမီးမိန်းကလေးမွေးလျှင်ပြုစု၍ သားယောကျ်ားလေးမွေးလျှင်စွန့်ပစ်၏။ မိခင် ပြည့်တန်ဆာမသည် သားငယ်ယောသကကို အမှီကပ်ပုဂ္ဂိုလ်စွန့်ပစ်သည်။ကံဟူသည် တူသောအကျိုးကိုပေး၏။ ထိုယောသကသည် အတိတ်ဘဝက သားငယ်ကို စွန့်ပစ်ခဲ့စဉ်တုန်းက တစ်ကြိမ်သာဖြစ်သော်လည်း ပြည့်တန်ဆာမသားဘဝ၌ ထိုသူငယ်သည် စွန့်ပစ်၍သေကြောင်းကြံစည်ခံရခြင်းခုနစ်ကြိမ်ခံရ၏။ အမှီကပ်ပုံကြား၌စွန့်ပစ်ခံရသဖြင့် ကိုးများပိုင်းပိုင်းလည်နေသော ယောသကသူငယ်လေးသေကြောင်းကြံစည်ခံရပုံအဖုံဖုံကို စာဖတ်ပရိသတ်သိရအောင် ကျွန်ုပ်ရေးသားပြပါမည်။ စွန့်ပစ်ခံရပုံများကား ဤသို့တည်း။

ယောသကသူငယ်ကို အမှီကပ်ပုံမကောသမ္မိသူဌေးကြီး၏အလုပ်သမားမှူးက ကောက်ရ၍ မွေးစားလိုက်သည်။ ကောသမ္မိသူဌေးကြီးက အလုပ်သမားမှူးထံမှလွဲပြောင်းရယူလိုက်၏။ အကြောင်းကား ပုရောဟိတ်ပုဏ္ဏားဇ၏ ဟောပြောချက်ကြောင့် ယောသကသူငယ်ကို သူဌေးကြီးလွဲပြောင်းရယူလိုက်ခြင်း ဖြစ်သည်။ ပုရောဟိတ်ပုဏ္ဏားဇ၏ ဟောပြောချက်ကား ဤသူငယ်သည် တစ်ချိန်လူလားမြောက်လာသောအခါ ကောသမ္မိ၌ သူဌေးတစ်ယောက်ဖြစ်မည်ဟူသော ဟောပြောချက်ကြောင့်ပင်တည်း။

ကောသမ္မိသူဌေးကြီး၏အကြံအစည်ကား သူ၏ဇနီးသည်ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်၍ သမီးမိန်းကလေးမွေးလျှင် မိမိ၏သမီးကို ယောသကသူငယ်နှင့် အချိန်တန်အရွယ်ရောက်လာသည့်အခါ ထိမ်းမြားလက်ထပ်ပေးရန်ဖြစ်ပြီး သားယောကျ်ားလေးမွေးလျှင် ယောသကကိုကိစ္စတုံးသတ်ပစ်ရန်ဖြစ်၏။ သူသည် အတ္တဝါဒီသမားဖြစ်၏။ ယောသက၏ကံကြမ္မာကို ဖန်တီးချင်သလိုဖန်တီးရန် အားထုတ်လေပြီ။ ထိုသို့ဖန်တီးလျှင်ရမည်ဟု ကောသမ္မိသူဌေးကြီး၏ယုံကြည်မှုကား ဥပါဒါန်နှင့် ဘဝကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ကို နားမလည်သဖြင့် သူ၏ပျက်စီးရာပျက်စီးကြောင်းကို သူကိုယ်တိုင် ဖန်တီးနေကြောင်း ဆက်၍ရေးသားပါမည်။

ယောသက၏ကုသိုလ်ကံအကျိုးနှင့် ကောသမ္မိသူဌေးကြီး၏ အကုသိုလ်ကံအားပြိုင်လွန်ဆွဲကြပုံကို နောက်လတွင် ထည့်သွင်းရေးသားမည့်အပြင် ကောသမ္မိပြည်၌ ဂေါတမမြတ်စွာဘုရား သာသနာ အခြေတည်ပုံအပြင် နေ့တစ်ဝက်ဥပုသ်ကြောင့် သုဂတိလားရပုံအစုံအလင်ကို သောင်းပြောင်းထွေလာသိစရာ(၂)အဖြစ် စာရေးသူသခင်ရဇဒုံသားသိသမျှကို စာရှုသူများအား ပြန်လည်ဖောက်သည်ချပါမည်။

စာဖတ်ပရိသတ်အား
အစဉ်လေးစားလျှက်
ဉာဏ်ပေါက်နိဒ္ဒာန်ရောက်ကြပါစေ

သခင်ရေဒုံသား

မှီငြမ်း -

ဆရာကြီးဦးရွှေအောင်၏
ဗုဒ္ဓ (သို့မဟုတ်) အနှိုင်းမဲ့

www.burmeseclassic.com

www.burmeseclassic.com

မြောက်မှ တောင်သို့ စီးဆင်းနေသော သံလွင်မြစ်၏ အနောက်စူးစူး အရပ်သို့ သံလွင်မြစ်မကြီးမှခွဲထွက်သွားသော သံလွင်မြစ်လက်တက်သည် ကျိုက္ခမီပင်လယ်ပြင်အတွင်းသို့ စီးဝင်သွားပါသည်။ မြစ်လက်တက်၏ဘေးတစ်ဖက်တွင် ဒီရေတောများ၊ ခနိပင်များဖြင့် စိမ်းစိုနေပါသည်။ ဒီရေတော၏အတွင်းဘက်တွင် စပါးစိုက်ခင်းများ၊ ခရမ်းရှည်သီး၊ ခရမ်းချဉ်သီး၊ ဒန့်သလွန်ပင်နှင့် ငှက်ပျောပင်များလည်း စိုက်ပျိုးဖြစ်ထွန်းပါသည်။

မြစ်လက်တက်၏ လက်ဝဲဘက်ကမ်းတွင် ငှက်ပျောတောကျေးရွာ၊ ပျဉ်းမကုန်းကျေးရွာ၊ မိုးမခမြို့ငယ်ကျေးရွာနှင့် ကုက္ကိုတန်းကျေးရွာတို့ ရှိပါသည်။ မြစ်ကမ်းတစ်လျှောက်တွင် တည်ထားသောကျေးရွာများဖြစ်၍လည်း လယ်ယာစိုက်ပျိုးရေးနှင့် ပဲမျိုးစုံသီးထပ်စိုက်ပျိုးလုပ်ကိုင်ကြပြီး သံလွင်မြစ်ကြီးကိုမှီ၍ ငါးဖမ်းခြင်းနှင့် နွားမွေးမြူရေးလုပ်ငန်းများလည်း တွဲဖက်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ အထူးသဖြင့် ရွာ၏အမည်များကို သစ်ပင်အမည်များ ရွေးချယ်ပေးထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ရွာလေးရွာ၏ လူနေအိမ်ခြေမှာ တစ်ရွာနှင့်တစ်ရွာ လွန်စွာကွာခြားနေခြင်းမရှိဘဲ ရွာတစ်ရွာလျှင် အိမ်ခြေ (၁၅၀) မှ (၂၀၀) စွန်းစွန်းမျှသာရှိကြပါသည်။ ရွာလေးရွာတွင် မိုးမခမြို့ငယ်ကျေးရွာသည် အိမ်ခြေ (၂၀၀) စွန်းစွန်းမျှရှိသော ရွာတစ်ရွာဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းများမဟုတ်သည်တို့ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ် (၅၀) ခန့် သာရှိပြီး အိမ်အတော်များများမှာ ဝါးထရံ ဝါးတိုင်၊ ဝါးသဲပွတ်ခင်း၊ ကျူထရံများကာရံ၍ ခနိဖက်မိုးထားသော အိမ်များ၏ သန့်ရှင်းလှပသပ်ရပ်နေမှုများသည် မိုးမခမြို့ငယ်ကျေးရွာ၏ လူနေမှုစနစ်ကို ဖော်ပြနေပါသည်။

ကျေးရွာအုပ်ချုပ်ရေးတွင် ရွာကြီးတစ်ဦးနှင့် အဖွဲ့ဝင် (၅) ဦးပါဝင်သောအဖွဲ့ဖြင့် အုပ်ချုပ်သောကျေးရွာတစ်ရွာလည်းဖြစ်ပါသည်။ သစ်အမျိုးသွပ်မိုး၊ ဝါးထရံကာ၊ အလျား ပေ (၄၀) အနံ (၂၀) ပေ၊ အမြင့် (၁၀) ရှိ အိမ်

www.burmeseclassic.com

www.burmeseclassic.com

မောင်လွမ်းမိုး (ချောင်းဆို) စွန့်စိုးသူ၏ မြင့်မြတ်နလုံးသားမော်ကွန်း



မူလတန်းကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှအပ အများပိုင်အဆောက်အအုံလုံးဝမရှိသည့် မှဲ့ဖြိုးတိုးတက်မှု အလွန်နည်းပြီး မြို့နယ်အုပ်ချုပ်ရေးနှင့်ဝေးကွာသော ကမ်းရိုးတန်းကျေးရွာ ဖြစ်ပါသည်။ မိုးမခမြို့၌ ကျေးရွာဝန်းကျင်တွင် ကြခတ်ဝါးအပင်များ ဝန်းရံနေပြီး ရွာတံခါးတစ်ခုနှင့်ကင်းတဲတစ်လုံးဖြင့် လုံခြုံရေးကင်းစောင့်ရပါသည်။ လုံခြုံရေးကိစ္စအရေးပေါ်လျှင် ကင်းတဲမှအချက်ပေးသံချောင်းခေါက်ပြီး နေအိမ်များမှလည်း ဝါးပိုးဝါးဖြင့်ပြုလုပ်ထားသော ဓာလတက်ဖြင့်အချက်ပေးပြီး သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် အရွယ်ရောက်သူကလေးသူငယ်များ၊ အမျိုးသမီးများမှအပ အရွယ်ရောက်သူ အမျိုးသားအားလုံး တုတ်၊ ဓား၊ လှံ၊ ဂျင်ဂလိများကိုင်ဆောင်၍ လျှို့ဝှက်သတ်မှတ်နေရာများတွင်အသင့်ရှိနေကြရပါသည်။ အရေးပေါ်လူနာနှင့် ငါးရှာသူများမှအပ ည (၇) နာရီထိုးလျှင် ရွာတံခါးပိတ်ပြီး တားမြစ်ထားသည်။ သံလွင်မြစ်မှခွဲထွက်လာသောမြစ်လက်တက်မှတစ်ဆင့်ထပ်မံခွဲထွက်သွားသော ချောင်းရိုးတစ်ခုသည် ရွာထိပ် စည်းရိုးဘေးရွာအနီးမှ ဖြတ်ဝင်လျက်ရှိနေပါသည်။

မိုးမခမြို့၌ချစ်စရာအကောင်းဆုံးသော ရွာဓလေ့တစ်ခု ဖြစ်ပါသည်။ လယ်ယာမြေများ ရိတ်သိမ်းပြီးသည့် ပွင့်လင်းရာသီတွင် ကျေးရွာလုံးကျွတ်စုပေါင်းရဟန်းခံပြုပွဲနှင့် ဘုံကထိန်ပွဲများကို ရိုးရာလေ့ဖြစ်သော အိုးစည်ပုံမောင်းများဖြင့် ရွာတွင်းလှည့်လည်ကြပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဆံချ။ ပရိတ်တရားတော်များ နာယူ၍ သာသနာ့ဘောင် ဝင်ရောက်ကြသည်။ နောက်တစ်နေ့နံနက်တွင် ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတို့ကို ရေစက်သွန်းချအမျှဝေကြပြီး ရွာချင်းဆက်ကျေးရွာများဖြစ်သော ငှက်ပျောတော၊ ပျဉ်းမကုန်းနှင့် ကုက္ကိုတန်းကျေးရွာများမှ ဧည့်သည်တော်များအား လိုလေသေး

www.burmeseclassic.com

www.burmeseclassic.com

မရှိ ထမင်းရည်ချောင်းစီးလျှုဒါန်းကြပါသည်။ ညပိုင်းတွင် ဇာတ်ပွဲများငှားရမ်းကပြခြင်းမရှိပါ။ ထိုနေ့တွင် ကာလသားသမီးများသည် သစ်လွင်လှပသော အဝတ်အစားများဖြင့် စုပေါင်းလှည့်လည်ပွဲများကို ပျော်မဆုံးမော်မဆုံးဆင်ယင်ကျင်းပကြပါသည်။ ရွာသားတစ်ယောက် မကျန်လှည့်လည်ကြ၍ အလွန်စည်ကားပါသည်။

ကျေးရွာသည် ကျောက်နှင့်မြေသားများ စနစ်တကျခင်းထားသဖြင့် ညက်ညောကာဖြောင့်ဖြူးနေပါသည်။ ဖြောင့်တန်းသောလမ်းတစ်ဖက်တစ်ချက် တွင်တည်ဆောက်ထားသောနေအိမ်များသည် ခေတ်မမီပေမယ့်လည်း ညီညာသန့်ရှင်းသပ်ရပ်၍ ကိုယ့်ဝင်းကိုယ့်ခြံနှင့်မို့ တစ်မျိုးကြည့်၍ကောင်းပါသည်။ ရွာချောင်းရိုးတစ်လျှောက်တွင် မိုးမခပင်နှင့်လမုပင်များစွာ အစီအရီပေါက်နေသည်မှာ စိမ်းစိုနေပါသည်။ ဒီရေတော ဖြစ်၍လည်း သမဲ့ပင်များပေါပါသည်။ ရွာယေလေးတစ်ရွာပင် ဖြစ်စေကာမူ သူဘဝသူအလှနှင့်သူမို့ နေချင့်စဖွယ် သာယာလှပသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

အထူးသဖြင့် နွားရိုင်းသွင်းချိန်ဟု ဆိုသော ညနေ ဆည်းဆာဝင်လုလု နေရောင်ခြည်မှ ထွက်ပေါ်လာသော ရောင်စဉ်များဖြင့် ရောင်စုံတောက်ပနေသော တိမ်တိုက်များစွာတို့၏ ဘယ်ပန်းချီရေး၍မမီသော ညနေခင်း အလှပများ ကွန့်မြူးချိန်တွင် ရေချိုးကြသည့်အတွက် ရွာ၏ချောင်းရိုးထိပ်တွင် အမျိုးသားနှင့် အမျိုးသမီးရေချိုးဆိပ်များ သီးခြားဆောင်ရွက်ထားရှိပါသည်။ ကျေးတောရွာများ၏ မြန်မာမှုနှင့်ဓလေ့ထုံးတမ်းများကိုလည်း နှစ်သက်မြတ်နိုးထိန်းသိမ်းကြသူများလည်း ဖြစ်ကြပါသည်။ တောက်ပနေသော ရောင်စုံတိမ်တောင်များ နောက်ခံထားသည့် မိုးမခမြို့၏ရေချိုးဆိပ်သည် မိုးမခမြို့၏ စွဲမက်စရာအကောင်းဆုံး၊ အလှပဆုံး သောပုံရိပ်များသာ ဖြစ်ပါသည်။

အခန်း (၂)

"တိုးမောင်ရေ ဟင်းစားလေးပါရင် ပြောပါကွယ်"

"တိုးမောင်ရေ တို့အိမ်လည်းဝင်ပါဦး"

"အစ်ကိုတိုးမောင်ကြီး၊ နှင်းမြတို့ အိမ်ကိုလည်း ဝင်လို့ရတယ်နော်"

အရပ် (၅) ပေ (၈) လက်မခန့်၊ နီကြင့်ကြင့်အသားအရောင်နှင့် ပါးမြိုင်းမွေးမထူမပါး၊ ယောကျ်ားဟန်ပီပီသသ ရှိပြီး အသက် (၄၀) နီးနီးခန့်ရှိမည်ဟု ခန့်မှန်းရသူတစ်ယောက် ဝါးခမောက် တစ်လုံးဆောင်းထားပြီး လက်ယာဘက် ပခုံးတွင် ငါးမျိုးစုံ (၅) ပိသာခန့်ဝင်ဆံ့မည့် ပလိုင်းကြီးတစ်လုံး၊ လက်ဝဲဘက် ပခုံးတွင် အလျား (၃၀) ပေခန့် အနံပေ (၂၀) ကျော်ခန့်ရှိမည့် အကွက်စိပ်စိပ် ပိုက်တစ်ထည်ထမ်းလျက် ရွာတွင်းသို့ ဝင်လာသူသည် တိုးမောက်တစ်ယောက် ပါပဲ။ ရွာသားအားလုံး သူ့ကိုခင်မင်ကြပါသည်။ တိုးမောင် ဆယ်ကျော်သက် အရွယ်တွင် မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် တစ်နှစ်အတွင်း ကွယ်လွန်သွား၍ ဘကြီးတော်စပ်သူ ရွာဦးကျောင်းဆရာတော်မှ စောင့်ရှောက်ပေးထားပြီး မိဘများပိုင်သော အလျား (၆၀) ပေ၊ အနံ (၃၀) ကျော်ခန့်ရှိမည့်ခြံတွင် တစ်ကိုယ်တည်းနေထိုင်ပါသည်။ တိုးမောင်၏အိမ်သည် စာဖွဲ့လောက်အောင် ခမ်းနားထည်ဝါမှုမရှိပါသော်လည်း ခေါင်းရင်းပိုင်းတွင် အတုမရှိ မြတ်ဗုဒ္ဓ၏ပုံတော်ပန်းချီကားတစ်ချပ်၊ သောက်တော်ရေဆီမီး၊ ပန်းအစုံနှင့်မို့ တင့်တယ်နေပါသည်။ နေအိမ်သည် မိဘပိုင်နေအိမ်ကြီးအားဖျက်၍ လူတစ်ယောက်နေ၍ ရရုံသာ ပြန်လည် ဆောက်လုပ်ထား၍ သန့်ရှင်းသပ်ရပ်နေပါသည်။ တိုးမောင်၏ ခန်းဝင်ပစ္စည်းများသည် ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည် သာရှိပြီး ဆေးလိပ်ကြိုက်သူပီပီ အိပ်ရာဘေးတွင် မီးခြစ်တစ်လုံးနှင့် ဆေးလိပ်ပြာခွက်တစ်ခွက်၊ သောက်ရေအိုးတစ်လုံး သာရှိပါသည်။

ထမင်းချက်ပြုတ်ရန်အတွက် အိမ်၏ အနောက်တွင် ကျပ်ခိုးစင်တစ်ခု၊ ပန်းကန်တစ်ချပ်နှင့် ဟင်းပန်းကန်လုံးတစ်လုံး၊ ဇွန်းတစ်ချောင်းသာရှိပြီး မြေသားပေါ်တွင် အုတ်နီခဲများဖြင့် ပြုလုပ်ထားသော မီးဖိုတစ်လုံး၊ ပြီးတော့ အိမ်အနောက်ဘက်မြေလွတ်၌ ကြက်ဟင်းခါး၊ ဘူးနှင့် ခဝဲစင်တစ်စင်၊ ခြံပတ်လည်တွင် သဘော်နှင့် ကင်ပွန်းချဉ်အပင်များ ပတ်လည်စိုက်ပျိုးထားပြီး သပ္ပတ်သီးပင်များကို ခြံစည်းရိုးပတ်လည်မွမ်းမံစိုက်ပျိုးထားသည်မှာ စိတ်ဝင်စားဖွယ်အလွန်ကောင်းပါသည်။ ခြံစည်းရိုးသီးနှံများကိုလည်း လှည့်လည်ရောင်းချခြင်းမပြုဘဲ လိုအပ်သူများလာဝယ်လျှင် ရောင်းသကဲ့သို့ အိမ်နီးချင်းများမှ လာရောက် တောင်းရမ်းလျှင်လည်း စိတ်ကောင်းသူပီပီ အခမဲ့ကူညီပေးတတ်၍လည်း လူချစ်လူခင်ပေါများသူ ဖြစ်ပါသည်။ ငါးဖမ်းခြင်းအလုပ်ကို ကျွမ်းကျင်တစ်ဦးဖြစ်၍ လျှို့ဝှက်စွာ သိမ်းဆည်းတတ်သူတစ်ဦးလည်းဖြစ်ပါသည်။

တိုးမောင်၏အလုပ်သည် ရေခိုန်တွင် အကွက်စိပ်စိပ်ပိုက်များနှင့် အတွင်းချနင်းထားပြီး ချောင်းထဲဝါးတိုင်များစိုက်ထူ၍ ရေပြည့်လာလျှင် အခိုန်တွင် ရှဉ့်နွံအတွင်းချနင်းထားသော ပိုက်ကိုတိုင်ဖျားအထိ ဆွဲယူချည်နှောင်၍ ချောင်းလက်တက်အားပိတ်ထားသောအခါ ချောင်းအတွင်းရှိ ငါးများသည် ရေစစ်ခိုန်တွင် ထွက်ပေါက်မရှိ ချောင်းဝရှိကာရံထားသောပိုက်တွင် လုံးထွေးနေသည်ကို တစ်ကောင်ချင်း၌ အသင့်ပါလာသော ပလိုင်းတွင် လိုက်သည့်အလုပ်ပါပဲ။ အိပ်ခိုန်၊ နားအလွန်နည်းပြီး မိုးရွာရွာ၊ နေပူပူ တက်ခိုန်၊ ရေစစ်အခိုန်တိုင်း မနားမနေ လုပ်ကိုင်ရသည့်အတွက် အလွန်ပင်ပန်းပါသည်။

တစ်နေ့တာပင်ပန်းနွမ်းနယ်သမျှကို အသင့်ပါလာသော သောက်ရေဘူးမှရေကို တဝသောက်၍ ဆေးလိပ်ကြိုက်သူပီပီ ဆေးပေါ့လိပ်ကို မီးရှို့သောက်သည်မှအပ အရက်သောက်အပျော်အပါးလိုက်စားမှုမရှိပါ။ ဆေးလိပ်သော်လည်း သူဝန်သူထမ်းပြီး သူလျှော်၍ အေးချမ်းစွာနေထိုင်သူဖြစ်သည့်အပြင် ကျေးရွာ၏လူမှုရေးကိစ္စများတွင်လည်း တိုးမောင်မပါလျှင်မပြီးသလောက်ပင်။ တည်ခံဧည့်သော ယောကျ်ားကောင်းယောက်အဖြစ်၍လည်း လူချစ်လူခင်များပါသည်။ အထူးသဖြင့် မိုးမခအပျိုချောချောလေးများသည် တိုးမောင်အား အလွန်စိတ်ဝင်စားကြပြီး ခင်မင်ကြသော်လည်း တိုးမောင်သည် သမျှ မိန်းကလေးများနှင့် ရေယှက်တင်နေထိုင်တတ်သူမဟုတ်သလည်း မိန်းမပျိုလေးများက တိုးမောင်ကို စိတ်ဝင်စားကြပါသည်။ တိုးမောင်သည် ဆွတ်လျှင်ညွတ်ချင်သူတွေပေါများလှသော

အခန်း (၃)

တိုးမောင်သည် အသက် (၂၅) နှစ်ပျိုကြီးဖြစ်လာပါပြီ။ ရွာရေးကိစ္စများ တွေ့ကြုံလာသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ရွာသူကြီးဦးရွှေအေးနှင့် ကော်မတီဝင်များအား နေ့ညမနား အချိန်ပြည့် ကူညီပေးခဲ့သည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူမှုရေးကိစ္စလိုအပ်ချက်များကိုလည်း ညည်းညူခြင်းမရှိ အကူအညီများပေးတတ်သူလည်းဖြစ်သဖြင့် တစ်ရွာလုံး၏ ချစ်ခင်လေးစားမှုကို အပြည့်အဝရရှိထားသူလည်းဖြစ်ပါသည်။

တိုးမောင်၏ဇာတာစန်းလင်းတက်သာသည်လို့ ဆိုရမှာလားမသိပါ။ ရွာသူကြီးဦးရွှေအေးနှင့် ကော်မတီဝင်များသည် တိုးမောင်၏ မိဘဆွေမျိုးမရှိ၊ အထီးကျန်နေမှုကို အဆင်ပြေစေလို၍ ဘဝကြင်ဖော်ဆေးပေးမီးယူအဖြစ် ရွာတောင်ပိုင်းမှ တိုးမောင်ကဲ့သို့ ရိုးသားစင်ပြီး မိရိုးဖလာကျေးရွာဓလေ့ဝိုင်းများကို လုပ်ကိုင်ဆောင်ရွက်တတ်သူ မိဘမဲ့တစ်ဦးဖြစ်သော ရုပ်ရည်ဇာတာအသင့်အတင့်ရှိသည့် ကော်မတီဦးလေးမောဝ်၏ တူမဖြစ်သူနှင့် တတ်ထပ်ပေးရန်အတွက် တိုးမောင်အား ယူဆွေးနွေးခဲ့ပါသည်။

"ဗျာ-နှင်းမြနဲ့လား ကြည့်လုပ်ကြဦးဗျာ။ ကျွန်တော်တစ်ယောက်တည်း မသာခဲ့တာ နှစ်တွေလည်းကြာခဲ့ပါပြီ။ သားတကျလည်း ဖြစ်နေပါပြီ၊ မဖြစ်ဘူးလို့ထင်ပါတယ်။ ကျွန်တော် တစ်ယောက်တည်းပဲနေရပါစေဗျာ"

"ဘယ်ဟုတ်မလဲ တိုးမောင်ရယ်။ ဆိုတာ သီးချိန်တန်သီးပြီး ပွင့်ချိန်တန်ပွင့်ကြရတဲ့ဓမ္မတာတွေကို လွန်ဆန်လို့ရဘူးလေ။ တစ်နေ့နေ့မှာ အိုခြင်း၊ ရောဂါတွေနဲ့ရင်းမှာလေ။ အခုအခါမှာ ကျန်းမာနေတုန်းမို့ ဘဝကြင်ဖော်မရှာယ်လည်း ဝေဒနာတစ်ခုခုအပြင်းအထန်ခံစားလာရတဲ့အခါမှာ မင်းအပေါ် ကြင်ကြင်နာနာနဲ့ပြုစုစောင့်ရှောက်မယ့် ဘဝကြင်ဖော်တစ်ဦးဦးတော့ ရအောင်ရှာဦးမှာပါ။အဲဒီအခါမှာ ဆွေမျိုးနီးနှင်းမရှိတဲ့ မင်းအတွက် ပိုပြီးတော့ ခက်တာပေါ့။ စဉ်းစားပါဦးကွာ"

တိုးမောင်ထံမှ စိုးစဉ်မျှသော အသွက်မလာပေမယ့် တဆတ်ဆတ် ခေါ်နေသော တိုးမောင်၏ရင်ခုန်သံကို ကောင်မှအပ မည်သူမျှကြားနိုင်မှာ မဟုတ်ပါ။

"အခုချက်ချင်း အဖြေမပေးချင်နေပါ။ တို့တွေက မင်းကို တူသားတယောက်လို သဘောထားပြီးတော့ ပြောနေကြတာပါ။ အသေအချာ စဉ်းစားပြီးမှ အဖြေပေးပါ။ တို့

နောက်ထပ်တွေ့ကြသေးတာပေါ့"

ရွာသူကြီးသည် တိုးမောင်၏ ပခုံးကိုပုတ်၍ရင်နှီးချစ်ခင်စွာဖြင့်ပြောလိုက်ပါသည်။ ဆယ့်ငါးရက်ခန့်ကြာမည် ထင်ပါသည်။ တစ်နေ့တွင် သူကြီးအိမ်သို့ တိုးမောင်ရောက်လာပါသည်။ ပါးမြိုင်းမွေးများရိတ်သိမ်းလိုက်သောအခါတွင် ယောကျ်ားကောင်းတစ်ယောက်၏အသွင်ဖြင့် ခံညားနေသောတိုးမောင်ကို သူကြီးဦးရွှေအေး အံ့ဩြစွာမြင်တွေ့လိုက်ရပါသည်။

"ဟေ့ - တိုးမောင် လာလေကွာ။ အခုလို ပါးမြိုင်းမွေးတွေရိတ်သိမ်းလိုက်တော့လည်း ငါ့တူက လူချောကြီးတစ်ယောက်ပါပဲ။ နှင်းမြတွေ့ရင်တော့ ငြင်းနိုင်မှာမဟုတ်ပါဘူးကွာ"

"အို - သူကြီးကလည်းဗျာ"

တိုးမောင်၏နှလုံးသားတွင် အချစ်ဆိုသောအရာသည် ကိန်းအောင်းနေခဲ့ပါပြီ။ လူပျိုပေါက်စအရွယ်လေးကဲ့သို့ မျက်နှာတစ်ပြင်လုံးနီမြန်း၍ ရှက်သွေးကြွယ်နေသည်မှာ ကလေးငယ်တစ်ဦးလိုပါပဲ။ သူ့ရင်တွေတဆတ်ဆတ်တုန်ခါနေမည်ထင်ပါသည်။

"နှင်းမြလက်ခံတယ်ဆိုရင် သူကြီးတို့ကြိုက်သလို စီစဉ်ကြပါတော့။ ဟောဒီမှာ မင်္ဂလာပွဲအတွက် မင်္ဂလာကြေးငွေ ငါးသောင်းလောက်ရှိမယ်ထင်ပါတယ်"

(ထိုခေတ်ထိုအချိန်တွင် လက်ဖက်ရည်တစ်ခွက်သည် နှစ်ဆယ့်ငါးပြားနှင့် နေ့စားအလုပ်သမားငှားရမ်းခ သုံးကျပ်နှင့်တစ်ဆယ့်ငါးပြားဖြစ်ပြီး ရွှေတစ်ကျပ်သားဈေး၊ သစ်တစ်တန်ဈေး၊ စပါးတင်းတစ်ရာဈေးနှင့် ခိုင်းနွားတစ်ရှဉ်း၏ ဈေးနှုန်းသည် ကျပ်သုံးရာမျှသာရှိသည်) ထွန်းမောင်၏မင်္ဂလာကြေးသည် မနည်းလွန်း၊ မများလွန်းသော သင့်တင့်သည့် ငွေကြေးဖြစ်သည်။ ရွာသူကြီးဦးရွှေအေးမှ ဦးဆောင်၍ ရွာဦးကျောင်းဆရာတော်၏ရှေ့မှောက်တွင် လက်ဖက်ရည်နှင့်မုန့်များ ကျွေးမွေးပြီး အကျဉ်းချုံး၍ မင်္ဂလာပွဲလေးတစ်ခုကို အောင်မြင်စွာ ကျင်းပလိုက်ကြပါသည်။ တိုးမောင်သည် နှင်းမြတို့နေအိမ်တွင် ခေတ္တသွားရောက်နေထိုင်စဉ်အတွင်း သူပိုင်သော ခြံပိုင်းလေးအတွင်း မိသားစုနေထိုင်နိုင်မည့် အရွယ်တော်နေအိမ်အသစ်တစ်လုံးကို တည်ဆောက်၍ နှင်းမြနှင့်အတူနေထိုင်ခဲ့ကြပါသည်။

တိုးမောင်တို့ လင်မယားသည် ငါးဖမ်းရာတွင်လည်းအတူတူ၊ ခြံထွက်သီးနှံများကိုလည်း ယခင်ကဲ့သို့မဟုတ်မူဘဲ နှင်းမြကိုယ်တိုင် စျေးဇင်းခေါင်းရွက်၍ လှည့်လည်ရောင်းချခြင်းကြောင့် ဝင်ငွေပိုမိုရရှိလာ၍ ပိုမိုအဆင်ပြေလာပါသည်။

တိုးမောင်နှင့် နှင်းမြတို့၏အိမ်ထောင်ရေးသည် အဆင်ပြေချောမွေ့ပါသည်။ အသော်က်အစား၊ အပျော်အပါး ကင်းသော တိုးမောင်နှင့်မောင်တစ်ထမ်းဆိုလျှင် မယ်တစ်ရွက်ကြိုးစားလုပ်ကိုင်မှုများကြောင့်လည်း စီးပွားရေးလည်း ယခင်ထက် ပိုမိုစုဆောင်းလာနိုင်ခဲ့၏။ တိုးမောင်တို့ဇနီးမောင်နှံ ရွှေလက်တွဲ၍ ချစ်ပွဲဝင်လာခဲ့ကြသည်မှာ ရွက်တောင်းကြွေညောင်း လတပေါင်းရာသီ (၃)ကြိမ်တိုင်ခဲ့ပါပြီ။ သားသမီးရတနာထွန်းကားမှုမရှိ၍ စီးပွားရေးလုပ်ငန်းများကိုသာ တစ်ကိုယ်တစ်တန် ဆောင်ရွက်နေကြပါသည်။

တစ်နေ့တွင် တိုးမောင်နှင့် နှင်းမြတို့ သူတို့တားဆီးထားသော ချောင်းပိတ်ပိုက်မှဖမ်းမိထားသော ငါးများကို ဖမ်းဆီးနေချိန်တွင် ကြမ္မာဆိုးတစ်ခု ဖီတ်ခေါ်ခြင်းမပြုပါဘဲနှင့် ဝင်ရောက်လာခဲ့ပါသည်။

"အို - မြွေကိုက်တယ်"

နှင်းမြ ဒါပဲပြောနိုင်ပါသည်။ ကုန်းကွ၍ ငါးဖမ်းနေရာမှ တစ်စုံတစ်ယောက်သောသူသည် နှင်းမြ၏နောက်ကျောကို သိုင်းဖက်၍ ဆွဲချလိုက်သည့်နှယ် နှင်းမြ၏ကိုယ်သည် ရေစပ်စပ်သာရှိသော ချောင်းရိုးအတွင်း နောက်ပြန်လဲကျသွားပါသည်။

"နှင်းမြ"

တိုးမောင်သည် အံ့ဩြတုန်လှုပ်စွာဖြင့် နှင်းမြကိုခေါ်ယူသော်လည်း နှင်းမြထံမှတုံ့ပြန်သည့်အသံထွက်မလာခဲ့ပါ။ နှင်းမြ၏ခန္ဓာကိုယ်အား ရွံ့နွံတွင်းမှတွဲယူပွေ့တင်လိုက်ပြီး ရင်ခုန်သံတိုးနားတောင်ကြည့်ပါသည်။ နှင်းမြ မြွေဆိပ်ဝင်၍

www.burmeseclassic.com

မိန်းမောနေသည်မှအပ အသက်ရှင်နေဆဲ။ မိုးမခမြို့ငယ်ကျေးရွာသည် ကျန်းမာရေးဆေးခန်းမရှိသည့်အတွက် မြွေကိုက်ခြင်းကိုကုသနိုင်သော ရွာဦးကျောင်းဆရာတော်ထံ အမြန်ရောက်ရှိစေရန် နှင်းမြအား ပခုံးဖြင့်ထမ်း၍ ရွာအတွင်းဝင်ခဲ့ပါသည်။

"အရှင်ဘုရား နှင်းမြထစ်ယောက် မြွေကိုက်ခံရလို့ ကယ်တော်မူပါဘုရား"

"ဟယ်-နှင်းမြမြွေကိုက်ခံရတယ် ကွယ်"

"နှင်းမြမသေပါစေနဲ့"

"နှင်းမြအသက်ပြန်ရှင်ပါစေ"

နှင်းမြမြွေကိုက်ခံရသည့်သတင်းသည် တောမီးလောင်သလို တစ်ရွာလုံးပျံ့နှံ့သွားပါသည်။ ရွာသားတွေအုန်းအုန်းကျက်ကျက်ဖြင့် ဆရာတော်ကျောင်းသို့ ရောက်လာကြပါသည်။ ဆရာတော်သည် ဘုရားဆောင်ရှေ့ရှိ နှင်းမြလဲလျောင်းရာနေရာသို့ ကြွရောက်လာပြီး နှင်းမြ၏နှလုံးခုန်သံကိုနားထောင်ကြည့်နေပါသည်။ နှင်းမြ၏နှလုံးခုန်သံစည်းချက်လုံးဝမကြားရတော့။မျက်အိမ်ကိုဖွင့်ကြည့်လိုက်သောအခါ မျက်အိမ်သည် လုံးဝလှုပ်ရှားမှုမရှိကြောင်း တွေ့ရပါသည်။ တစ်ကိုယ်လုံးလည်း မြွေဆိပ်များတက်၍ ညိုမည်းနေပါသည်။

"အိမ်း - ဒကာလေးရေ၊ နှင်းမြအ သက်မရှိတော့ဘူးကွယ်။ အေးလေသတ္တဝါတစ်ခု ကံတစ်ခုပေမို့ ကံတရားရဲ့အလှည့်အပြောင်းက ဆိုးလှချေရဲ့ကွယ်"

ဆရာတော်သည် စကားတစ်ခွန်းသာမိန့်ကြားပြီး ဘုရားဆောင်အတွင်းသို့ ပြန်ကြွသွားပါသည်။ တိုးမောင်၏နှလုံးအိမ်သည် တစ်စစီကြွေမွပျက်စီးသွားပါပြီး သူချစ်သောဇနီးမယားဇော်၏အလောင်းကိုပွေ့ပိုက်၍ ပြင်းပြင်းထစ်ထစ်ငိုကြွေးနေပါသည်။ နှင်းမြ၏အခြေအနေကိုလာရောက်ကြည့်ရှုကြသည့် ရွာသားများသည်လည်း တားမနိုင်ဆီးမရ ငိုကြွေးနေကြပါသည်။ သေခြင်းတရားဆိုတာ အိမ်တံခါးမခေါက်ဘဲ၊ မဖိတ်ခေါ်ဘဲ ရောက်လာတတ်တာမျိုးမို့ ဘယ်တော့သေမှာလဲ၊ ဘာရောဂါနှင့်သေမှာလဲ၊ ဘယ်နေရာမှာသေမှာလဲ၊ ရုပ်အလောင်းကို ဘယ်နေရာမှာမြှုပ်နှံရမှာလဲ စသည်စသည်ဖြင့် မသိခြင်းတွေနှင့် ရှင်သန်လာခဲ့ရသော လူဘဝသည် သေခြင်းနိဂုံးအဖြစ် အဆုံးသတ်ခဲ့ရပါလား။

"ကဲ-အငိုတွေရပ်လိုက်ကြပါတော့ အချိန်ရှိတုန်း သရဏဂုံတင်ပြီးအလောင်းမြေချတဲ့အလုပ်လုပ်လိုက်ကြရအောင်"

ဆရာတော်သည် အသုဘပို့ဆောင်သူများအား သရဏဂုံသီလများပေး၍ အသုဘကမ္မဋ္ဌာန်းရှုသည့် တရားတော်အကျဉ်းကို ဟောကြားခဲ့မြင့်ပါသည်။

"အနိစ္စဝတသင်္ခရာ၊ ဥပ္ပါဒဝယဓမ္မိနော၊

ဥပ္ပဇ္ဇိတ္ဝာ၊ နိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ"

အကြောင်းအတန်တန် ပြစ်မှားရုပ်နာမ်အသစ် ဖြစ်ဖြစ်သမျှ သခါရတို့သည် စင်စစ်ဧကန်အမှန် မမြဲလေကုန်စွတကား။ အဖြစ်သဘော၊ အပျက်သဘောတို့ အတောမသတ် အထပ်ထပ်အထွေထွေ လည်ပတ်၍နေကြကုန်၏။ အကြောင်းအားလျော်စွာ ပေါ်လာပြီး၍ ရုတ်တရက် ချုပ်ပျက်ကြကုန်၏။ အဖြစ်အပျက် အမြဲသည့် ရုပ်နာမ်နှစ်ဝသခါရတို့၏ ကင်းရာကုန်ရာ ငြိမ်းအေးစွာတည့် နိဗ္ဗာနဓာတ် အမြိုက်ရပ်သည် ဖြစ်ပျက်မစဲ အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ ချမ်းသာပေစွတကား။

သာဓု သာဓု သာဓု။

အခန်း (၄)

"ဟဲ့ - တိုးမောင်၊ ဇနီးမယားသေသွားလို့ စိတ်မချမ်းသာဖြစ်နေတာတွေ့မပြောလိုပါဘူး။ ဒါပေမယ့်လည်းကွာ အသောက်အစားလေးလျော့ပါဦး"

"ဟုတ်ကဲ့ပါသူကြီးရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပေးကြပါဗျာ။ နှင်းမြကိုဆုံးရှုံးလိုက်ရတဲ့အတွက် ကျွန်တော့်ဘဝတစ်ခုလုံး ပျက်စီးသွားပြီဗျာ။ ကျွန်တော် ဘယ်လိုနေရမှာလဲ"

အရက်ကို မသောက်တတ်သော တိုးမောင်တစ်ယောက် နှင်းမြသေဆုံးပြီးကတည်းက နေ့နှင့်ညကူးလျှင်သာကူး

မည်။ ပုလင်းထောင်ရုံလောက်နှင့် တော့ပါဘူးဟု ပြောလာသောသူ တိုးမောင်ပါပဲ။ နေ့စဉ်လုပ်နေကျ ပိတ်ပိုက်အလုပ်ကိုမလုပ်ဘဲ အသောက်သာ နေ့နှင့်ညကူးအောင်သောက်ပြီး နေပါသည်။

အရှင်ဘုရား နှင်းမြကိုပြန်ခေါ် ပါဘုရား"

"နှင်းမြရေ၊ မင်းကတော့ ငါ့ကို ခွာပစ်သွားပြီဖြစ်လို့ ငြိမ်းချမ်းနေမှာ နော်။ ငါ့အပေါ် မှာတင်ကျန်နေခဲ့တဲ့ ရဲ့အချစ်တွေကိုပ ါ မင်းသိမ်းပိုက်လိုက်ပြီလားကွာ။ အခုတော့လူရယ်လို့ဖြစ်လာပြီး လောကကြောင်း ဘာမှမသိသေးတဲ့ (၁၀) သားအရွယ်မှာပဲ တစ်ကောင်ကြွက်ခဲ့ရတဲ့ငါ။ အခုလည်း မင်းမရှိတဲ့ဘဝငါဟာ တစ်ကောင်ကြွက်။ အေးလေ ဇာတ်သိမ်းခန်းကျတော့လည်း တစ်ကောင်ကြွက်ဟာ တစ်ကောင်ကြွက်ပါပဲ"

နှင်းမြမရှိသော နေအိမ်အရာရာခြောက်သွေ့နေပါလေသည်။ ဘုရားပန်းများလည်းညှိုးနွမ်း၍ ကပ်သူမရှိ၊ ဆီမီးနှင့်သောက်စေရန် ကပ်မည့်သူမရှိခြင်းကြောင့် အိမ်သည် ကျက်သရေမင်္ဂလာကင်းမဲ့နေသည်။ အိပ်ရာဘေးတွင် အရက်နှင့်ဆေးလိပ်တို့များ ပြန့်ကျဲနေပါသည်။ တိုးမောင်သည် အိပ်ချိန်၊ နားချိန်ချိန်များပျက်ကွက်နေသည်မှာ (၁) ကြာခဲ့ပြီဖြစ်သည့်အတွက် အသားများခန်းခြောက်လာပြီး ပါးပြိုင်းခဲသည် မျက်နှာတစ်ပြင်လုံးမှ ထူထပ်ပြီး ဆပင်များလည်း ကုပ်အထိရှည်လာပြီး မည်းနက်တောက်ပြောသော်ဆပင်မှာ ဆီမလိမ်းခြင်းနှင့် အပူချိန်များစွာထိခြင်းကြောင့် မဆိုးဘဲနှင့် နီကြင်ကြင့်အရောင်ရှိပါသည်။ တိုးမောင်၏တည်ကြည်ပြီး ယောကျ်ားကောင်းတစ်ယောက် သွင်ပြင်လက္ခဏာများ ပျောက်ဆုံးသည်။ အဲကျည်းတန်သူတစ်ဦးလာပါသည်။

"တိုးမောင်၊ မင်း ဒီတိုင်းပဲ တော့မှာလားကွာ။ မင်းဟာ လက်နှလုံးရည်တွေနဲ့ပြည့်စုံနေခဲ့တဲ့ကောင်းတစ်ယောက်ပါ။ နှင်းမြရဲ့ဘူး၊ မခွေးရဲ့ဘူး၊ မတွမ်းတလည်းမပြောချင်ပါဘူး။ လွန်ပါတယ်တမ်းတပါ။ ဒါပေမယ့် မင်းဘဝ

www.burmeseclassic.com

www.burmeseclassic.com

အသက်ရှင်စွာရပ်တည်ဖို့လည်းလိုသေးတယ်လေ။ ဒါမှလည်း ရပ်ကျိုးရွာကျိုးနဲ့မင်းချစ်တဲ့ရွာသူရွာသားတွေရဲ့အကျိုးအတွက် မင်းမှာလည်းတာဝန်ရှိသေးပါလားဆိုတဲ့ အတွေးလေးတွေပြန်ပြီး ဖြည်းစားပါဦး"

"ဟုတ်ပါတယ်၊ သူကြီးပြောတာနှုန်ပါတယ်။ ကျွန်တော်ဘဝရှင်သန်လှုပ်ရှားနိုင်ဖို့အတွက် ကျွန်တော်အလုပ်တွေအများကြီးလုပ်ရဦးမှာလေ။ ဒီအတိုင်းသွားနေရင် လမ်းလျှောက်ရင်း လမ်းမျောက်သွားမယ်ဆိုတာလည်းကျွန်တော်သိပါတယ်။ ဒါပေမယ့်လည်း သူကြီးရယ်၊ သူကြီးတို့မြင်ချင်သလို ကျွန်တော်ပြုပြင်ပါ့မယ်။ ပြီးတော့လေ တွယ်တာစရာမရှိတဲ့ ကျွန်တော့်ဘဝကို ကျွန်တော်ခုစိတ်ဝင်စားနေတဲ့ကျေးရွာအတွက် ကျွန်တော့်အသက်နဲ့လဲလှယ်ပြီး ပေးဆပ်ဝံ့တဲ့သူတစ်ယောက်ဖြစ်စေရမယ်လို့ ကတိပေးပါတယ်။ သစ္စာလည်းဆိုပါတယ်။ ဒါဆိုရင် ကျေနပ်ပါတော့"

"မင်းရဲ့စကားတွေကိုကြားရတာလည်းသာတယ်။ မင်းအတွက်လည်း ဂုဏ်ယူမဆုံးပါဘဲကွယ်။ တကယ်တော့မင်းဟာ တန်ဖိုးမဖြတ်နိုင်တဲ့ယောကျ်ားကောင်းတစ်ဦးပါပဲကွယ်။ ငါ့တူကြီးသက်ရှည်၊ ကျန်းမာ၊ ဘေးရန်ကွာပါစေကွယ်"

ရွာသူကြီး ဦးရွှေအေး၏ထိန်းကျောင်းပဲ့ပြင်မှုများကြောင့် အလုပ်ကို ခွန်လုပ်ကိုင်နေပါသော်လည်း နှင်းမြသဆုံးပြီးခါစအချိန်များလို စိတ်လွတ်ယိုယိုလွတ်နေထိုင်ခြင်းမျိုး မဟုတ်တော့ဘဲ အလွန်ပင်ပန်းသည့်နေ့များတွင်သာ စိတ်ခွက်မျှလောက်သာ သောက်သုံးပြီး ထိန်းကျောင်းလာခဲ့ပါသည်။ ပြုပြင်၍ရသည့်သေခြင်တရားမှအပ ကျန်သည့်အကြောင်းအရာတွေသည် အကြောင်းအကျိုးပါချုပ်သွားကြပြီး အကြင်နာတရားတို့သည် အကြောင်းကြောင့်သာ ပေါ်လာကြသည်မဟုတ်ပါလော။

အခန်း (၅)

တပေါင်းလဆုတ်၏မှောင်ရီဝိုးဝါးအချိန်တစ်ည။

အလင်းရောင်အားနည်းသောညဆိုမှပဲ တစ်ခါတစ်ခါ လေနှင့်ကပါလာသော တိမ်စိုင်တိမ်ခဲများ၏ ဖုံးလွှမ်းမှုကိုခံလိုက်ရသဖြင့် သစ်ပင်များ ဆိုင်းသောနေရာတချို့တွင် အလင်းရောင်သည် ကွက်တိကွက်ကျားမှောင်

နှင့်မည်းမည်း ည (၉) နာရီကျော်ကျော် ခန့်ရှိမည်ဟု ခန့်မှန်းမိပါသည်။ တိုးမောင်သည် ချောင်းပိတ်ပိုက်မှရလာသော ငါးထည့်ထားသည့်ပလိုင်းနှင့်ချောင်းပိတ်ပိုက်ကို ဝါးလုံးအနေတော်တစ်ချောင်းတွင် ရှေ့နောက်ခွါတ်ဆွဲ၍ ထုံးစံအတိုင်း ရွာအပြင် အရက်ဆိုင်တွင် ခေတ္တနားပြီး တစ်နေ့တာပင်ပန်းလာခဲ့သမျှကို အရက်ဖန်ခွက်တစ်လုံးဖြင့် ဖြည်းဖြည်းချင်းစုပ်၍ ဆက်ရက်မင်းစည်းစိမ်ခံနေပါသည်။

အရက်ဆိုင်အတွင်း အခြားစားပွဲတစ်လုံးတွင် မျက်နှာစိမ်းဧည့်သည် ငါးဦး ဝိုင်းဖွဲ့၍အရက်သောက်နေကြပါသည်။ အရက်သောက်နေရင်းဖြင့် တစ်ဖက်စားပွဲသို့စွေစောင်းချကြည့်လိုက်မိပါသည်။ တစ်ဖက်စားပွဲမှ လူစိမ်းတစ်ဦးသည် မိမိအားအကဲခတ်ကြည့်နေသည်ကိုတွေ့ရပါသည်။ ကျန်လူများသည် မည်သည့်အကြောင်းပြောဆိုနေကြသည်ကို မသိရပေမယ့် အချင်းချင်းဦခေါင်းထိလုမတတ် တီးတိုးပြောနေကြသည်ကို တွေ့မြင်လိုက်ရပါသည်။

မျက်နှာစိမ်းများ၏ လှုပ်ရှားမှုများသည် နှိုးသားမှုမရှိသည်ကို တိုးမောင်၏အတွေးစိတ်တွင်သိနေသည်။ တိုးမောင်ဘာလုပ်ရမှာလဲ စိတ်တွေရှုပ်ထွေးနေပါသည်။ မျက်နှာစိမ်းများကို ကိုယ်ယောင်ဖျောက်ဖို့ဆိုတာ အရက်ဆိုင်ရှေ့မှာ လမ်းတစ်လမ်းတည်းမို့ ခက်ခဲပါသည်။ သူတို့၏လက်တွင် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည်မှာ သေချာပါသည်။ မျက်နှာစိမ်းများသည် တိုးမောင်တို့၏မိုးမခမြို့သို့ တစ်ခုခုသောကိစ္စဖြင့်လာရောက်သည်ကို ခန့်မှန်းမိသော်လည်း မည်သည့်ကိစ္စဆိုတာ တိုးမောင်မသိပါ။

တိုးမောင်သည် အရက်ဖန်ခွက်ထဲမှ လက်ကျန်ကို တစ်ကြိမ်တည်းခွက်ကြမ်း မော့သောက်လိုက်ပါသည်။ ပူရှူ၍ခါးသက်သက်အရသာသည် တိုးမောင်၏လည်ချောင်းမှတစ်ဆင့် အစာအိမ်အတွင်းသို့စီးဝင်သွားသောအခါ သွေးခုန်နှုန်းတွေမြန်လာပါသည်။ ပြီးလျှင် သူ၏ပစ္စည်းများယူ၍ အရက်ဆိုင်မှထွက်လာပါသည်။ တိုးမောင်၏ခြေလှမ်းများသည် ပုံမှန်လျှောက်နေရာမှ မြန်နှုန်းကိုမြှင့်လိုက်ပြီး အနောက်သို့ငဲ့စောင်း၍ ကြည့်လိုက်သည်။ ရှေ့ဝါးသုံးပြန်ခန့်မှာ ကင်တာကို လှမ်းမြင်နေရပါသည်။ ဒုတိယအကြိမ် အနောက်ဘက်သို့ကြည့်လိုက်သောအခါ အရက်ဆိုင်တွင်တွေ့ရသောမျက်နှာစိမ်းငါးဦးအနက်မှ သုံးဦးသည် သေနတ်လွယ်လျက်။ ကျန်နှစ်ဦးမှာ ဓားရှည်များကိုင်ဆောင်ထားကြသည်ကို မှုန်ဝါးဝါးလရောင်အောက်တွင် အထင်အရှားမြင်ရပါသည်။ တိုးမောင်၏ ရင်ခုန်သံပို၍မြန်လာပါသည်။ အသားစိုင်တွေတဖျတ်ဖျတ်တုန်ခါနေပါသည်။ ရွာတံခါးနှင့် ဓားတစ်ပြန်ခန့်တွင် တိုးမောင်ကိုမီလာပါသည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူသည် တိုးမောင်၏ လည်ကုပ်ကို နောက်မှ သိုင်းဖက်ဖျစ်ညှစ်ထားပြီး သူ၏ နောက်ကျောလက်ဝဲဘက်အား သေနတ်ဖြင့် ဖိကပ်ထားသည်ကိုလည်း သိနေပါသည်။

"ဟေ့ကောင် ရွာတံခါးဖွင့်ခိုင်းလိုက်စမ်း။ မင်းဆီက အော်သံထွက်လာခဲ့ရင် မင်းကိုသတ်ဖစ်လိုက်မယ်။ ဉာဏ်မများနဲ့"

တိုးမောင်သိလိုက်ပါပြီး မျက်နှာစိမ်းများသည် သူတို့ရွာအား ဒုက္ခပေးမည့်နှတ်မိစ္ဆာတွေပါပဲ။

'ငါဘာလုပ်ရမှာလဲ။ ငါ့ကြောင့် ငါ့ရွာနဲ့ ရွာသူရွာသားတွေရဲ့အသက်၊ အိုးအိမ်စည်းစိမ်တွေမပျက်စီးစေရဘူး။ ဖြစ်ချင်ရာဖြစ်ကွာ ဒီအချိန်မှာ ငါတစ်ယောက်ရဲ့အသက်နဲ့ တစ်ရွာလုံးအသက်အိုးအိမ်စည်းစိမ်နဲ့လဲလှယ်ရတော့မှာပဲ။ ဒါဟာ နိုင်ငံသားကောင်းတစ်ဦးရဲ့တာဝန်နဲ့ သစ္စာတရားပဲ။ ဒီအတိုင်းအသေခံမယ့်အစား တွန်းလှဲတိုက်ခိုက်ပြီး အသက်ကိုပေးလျူရတာ တန်ဖိုးလည်းရှိတယ်၊ ဂုဏ်လည်းယူရမယ်"

ဖန်ခွက်တစ်ခွက်လောက်သောက်ထားသော အရက်ရှိန်သည် လျော့ကျလာခဲ့ပြီး လှုပ်ရှားနေသောစိတ်များကို ထိန်းချုပ်နိုင်ရန် အသက်ရှူနှုန်းကို ရှည်ရှည်ရှူသွင်းလိုက်သောအခါ စိတ်တွေတဖြည်းဖြည်းနှင့်တည်ငြိမ်လာပါသည်။ တိကျပြတ်သား၍ ခိုင်မာသောဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်း အကောင်အထည်ဖော်ဆောင်လိုက်ပါသည်။

"ရွာထဲကိုသူပုန်တွေဝင်လာကြပြီ"

"အိမ်တိုင်းထွက်ပြီး ခုခံကာကွယ်ကြ"

www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်း"
"ဒေါင် ဒေါင် ဒေါင်"
"တုံ့ တုံ့ တုံ့"

တိုးမောင်သည် ရွာတံခါးအတွင်းသို့ ဝင်ရောက်သည်နှင့် အင်အားရှိသမျှ ဖျစ်ညှစ်၍ နှိုးဆော်လိုက်ပါသည်။ တိုးမောင်၏အသံနှင့်အတူ သေနတ်သံ၊ သံချောင်းခေါက်သံ၊ ကလေးတက်အသံများ တစ်ရွာလုံး ဆူဆူညံညံပေါ်ထွက်လာပါသည်။ ကင်းသမားများက အဆိပ်လူများတပ်ဆင်ထားသော ဂျင်ဂလီနှင့် တုတ်၊ ဓား၊ ဝါးခွန်များ၏အောက်တွင် ရန်သူအားလုံး ကျဆုံးကုန်ကြပါသည်။ မိုးခမြိုင်၏ဇာတိသွေးတက်ကြွမှုနှင့်စည်းလုံးညီညွတ်မှုများကြောင့် သောင်းကျန်းသူများ၏ရန်ကို တွန်းလှန်၍အောင်ပွဲခံခဲ့ကြပါပြီ။ လက်နှိပ်မီး၊ မီးတုတ်များ၏ အရောင်အောက်တွင် လုက်ဝဲဘက်နောက်ကျောမှဝင်လာသော ကျည်ဆန်သည် တိုးမောင်၏အရှေ့လက်ဝဲရင်အုံတွင် ပွင့်ထွက်၍ နှလုံးသားတွေပဲ့ကြွေပြီး ရဲရဲတုတ်နီမြန်းသော သွေးအိုင်အတွင်း သူချစ်သောရွာနှင့် ရွာသူရွာသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို အလဲအထပ်လုပ်၍ စွန့်ငွေ့စွန့်စားပြီး သွေးဖြင့်မော်ကွန်းရေးထိုး၍ ပေးဆပ်ခဲ့ပါသည်။ တိုးမောင်၏နှိုးဆော်သံသည် ရွာထဲတွင်ဝေ့ဝဲလွင့်ပျံနေဆဲပါပဲ။ ကမ္ဘာကြီးပျက်သုဉ်းသည်အထိ ပျောက်ပျက်သွားမည်မဟုတ်ပါ။

"ညော်-တိုးမောင်ရယ် တို့တစ်ရွာလုံးရဲ့အသက်၊ အိုးအိမ်စည်းစိမ်တွေဟာ မင်းပေးလိုက်တဲ့ အမွေတွေပါပဲကွယ်။ ကျေးဇူးကြီးမားပါပေတယ်"

"တိုးမောင်ကြီးဟာ တကယ် မိုးမခမြိုင်ရဲ့သူရဲကောင်းကြီးပဲနော်"

"ကောင်းရာသုဂတိလားပါစေတော်"

"ညော်-တိုးမောင်နဲ့နှင်းမြတို့လင်မယားဘဝဟာ ကံတူအကျိုးပေးနဲ့ဇာတ်သိမ်းသွားလိုက်ကြပြီးကိုး။ ဂုဏ်ယူစရာလည်း ဂုဏ်ယူတာပေါ့။ တိုးမောင်မရှိတာ တို့ရွာအတွက်အကြီးမားဆုံးသောဆုံးရှုံးမှုတစ်ခုပဲ"

မိုးမခမြိုင်၏ လမိုက်ည အနိဋ္ဌာရုံမြင်ကွင်းသည် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ပါသည်။

အခန်း (၆)

တိုးမောင်၏ရုပ်အလောင်းအား မြေချသင်္ဂြိုဟ်မည့်နေ့ဖြစ်ပါသည်။ မိုးမခမြိုင်သုသာန်တွင် တိုးမောင်၏ရုပ်အလောင်းကို ဂူသွင်းသင်္ဂြိုဟ်မည့်နေ့ဖြစ်သည့်အတွက် လှည်းနေလေအောင်း မြင်ဇောင်းမကျန် ရွာလုံးကျွတ် အသုဘလာရောက်သူတွေဖြင့် သုသာန်မြေတစ်ခုလုံးတွင် အုန်းအုန်းကျွက်ကျွက်ဖြစ်နေကြပါသည်။သရဏဂုံတင်မည့်အလောင်းစင်တွင် တိုးမောင်အလောင်းမှာ ပက်လက်အနေအထားဖြင့် မျက်နှာတစ်ကွက်သာပေါ်၍ တစ်ကိုယ်လုံးရောင်စုံပန်းမျိုးစုံဖြင့် ဖုံးအုပ်၍ပြင်ဆင်ထားပါသည်။ ရွာဦးဆရာတော်မှ သရဏဂုံသီလများပေး၍ အသုဘရွက်မွှေ့ခန်းရွတ်ဖတ်ကြားအကျဉ်းကို ချီးမြှင့်ပြီး ကွယ်လွန်သူအား ရည်စူး၍ အမျှပေးဝေခြင်းများ ဆောင်ရွက်ပြီး နောက် ရွာသူကြီး ဦးရွှေအေးမှ စကားအနည်းငယ်ပြောဆိုရာတွင် အသုဘဆိုတာ တင့်တယ်သည့်အလုပ်မဟုတ်၍ အနိဋ္ဌာရုံဖြစ်ပေမယ့်လည်း ဒီနေ့သည် မိုးမခမြိုင်တစ်ရွာလုံး ဆင်းရဲတွင်းကျရောက်တော့မည့်အချိန်တွင် တိုးမောင်၏ရဲရင့်သော်အတွေး၊ မြင့်မြတ်နှလုံးသားနှင့်ဇာတိသွေးပြပြီး စွန့်ငွေ့စွန့်စားစွာ အသက်နှင့် အလဲအထပ်လုပ်၍ မိုးမခမြိုင်ကို ကယ်တင်ခဲ့တဲ့အတွက် တိုးမောင်သည် မိုးမခမြိုင်၏ သူရဲကောင်းတစ်ယောက်အဖြစ် ချီးမြှင့်ထိုက်သူတစ်ဦးဖြစ်ကြောင်းနှင့် တိုးမောင်အား နောက်ဆုံးနှုတ်ဆက်အလွမ်း၊ ဂုဏ်ပြုအလွမ်းဖြင့် နှုတ်ဆက်ကြစေလိုကြောင်း ပြောကြားလိုက်ပါသည်။

"မိုးမခမြိုင်သူရဲကောင်းတိုးမောင်ကောင်းရာသုဂတိသို့ရောက်ပါစေ"

"မိုးမခမြိုင်သူရဲကောင်းတိုးမောင်ကို ဂုဏ်ပြုကြ"

အသုဘပို့ဆောင်သူများ၏အသံသည် တစ်ရွာလုံးအထိသာမက (၃၁)ဘုံတိုင်အောင် လေထဲတွင်ဝေ့ဝဲလွင့်ပျံသွားမှာ သေချာပါသည်။ သခ္ခိုင်းဇရပ်အနီးညောင်ညိုပင်ကြီးမှ ငှက်မျိုးစုံတို့သည် ပျံထွက်သွားကြပါသည်။ မိုးမခမြိုင်သူရဲကောင်းတိုးမောင်၏ အုတ်ဂူသည် တိုးမောင်ချစ်သောနှင်းမြ၏မြေပုံဘေးတွင် ယှက်လျက်ထားရှိသည့်အတွက် တိုးမောင်နှင့်နှင်းမြတို့နှစ်ဦး ဖြစ်လေရာဘဝတိုင်းမှာ တစ်ကောင်တွက်ဘဝမလွတ်မြောက်သွားမည်ဟု မျှော်လင့်ယုံကြည်နေမိပါတော့သည်။

မေတ္တာရည်လျက်

မောင်လွင်မိုး(ချောင်းဆို)

နတ်မောက်မင်းသန့်နှင့် မျက်မှန်ကြည်လင်စေပို့

ယခုတင်ပြလိုသော နည်းနေ
မျက်မှန်သုံးမက ကြည့်မှန်မှာ
ကြည်လင်အောင်ပြုလုပ်ဆောင်ခဲ့
ပါသည်။

ပြုလုပ်နည်းမှာ မသိလျှင်ခက်
လည်း သိလျှင်အလွန်လွယ်ပါသည်

ပထမနည်းမှာ -

ကွမ်းယာဆိုင်မှ ထုံးရည် သို့
မဖောက်ထုံးကို ရေနှင့်ပျစ်ပျစ်
မှန်မျက်နှာပြင်ကို သုတ်လိမ်း
နေပူတွင်ခြောက်အောင်ထား၊
သွေ့သွားပြီးဆို့မှ သုတ်လိမ်းထား
ထုံးများကို ဖယ်ပစ်ပါ။ ပြောင်
အဝတ်နှ၊ တစ်ရူးစက္ကူနှဖြင့် သုတ်
ကြည်လင်သောကြည့်မှန်ဖြစ်သွား
မည်။

ဒုတိယနည်းမှာ -

ကျွန်ုပ်တို့ နေ့စဉ် အသုံး
သော သွားတိုက်ဆေးကို အသုံး
ပြုသည်။ သွားတိုက်ဆေးတိုင်းသည်
တို့၏သွားများကို ကြွေရောင်
ကြည်လင်ဖြူဖွေးစေသည်မဟုတ်
ငှင်းသွားတိုက်ဆေး(မည်သည့်သွား
ဆေးအမျိုးအစားမဆို အသုံး
သည်။ စာရေးသူသုံးနေကျနှ
သည်) ကို မျက်မှန်အတွင်းအ
လိမ်းပြီး အသာအယာပွတ်
ပေးလိုက်ပါ။ ကြည်လင်ကြည်
သော မျက်မှန်လေးဖြစ်လာ
အထူးမှာ မျက်မှန်သည်
မှန်စစ်ဖို့လိုပါသည်။ ဖိုက်
ကော်သားမှန်ဆိုလျှင် မပြု
မရပါ။ မှန်သားမှန်အစစ်သာ
ရပါသည်။

ကြည်လင်အေ

နတ်မောက်မ

www.burmeseclassic.com

www.burmeseclassic.com

ရွှေစိုး
ဂန္ဓဗ္ဗ

ဤဗုဒ္ဓသာသနာတော်မြတ်ကြီး၌ တန်ခိုးတေဇော်အာနုဘော်တော်ကြီးများလှသော ဒေဝါနတ်မင်းကြီးများသည် လည်းကောင်း၊ ဒေဝီဒေဝီသမ္ဘတ်ခေါ် နတ်မယ်တော်ကြီးများသည်လည်းကောင်း အထင်အရှားရှိကြပါပေကုန်၏။ ထိုနတ်မင်းကြီးများ၊ ဒေဝီနတ်မယ်တော်ကြီးများသည် စတုမဟာရာဇ်၊ တာတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ဝသဝတီ၊ ငြဟ္မာပြည်တည်းဟူသောနတ်ပြည်တို့၌ မိမိတို့ကံအရ စံမြန်းနေကြ၏။ ထိုနတ်ဒေဝါ၊ နတ်ဒေဝီတို့တွင် လူပြည်၌ဖြစ်ကြကုန်သော လူသားတို့နှင့် ဆက်သွယ်မှုများရှိကြ၏။ အချို့ကား ဆက်သွယ်မှုမရှိကြ။ လူသားတို့နှင့်ဆက်သွယ်လျက်ရှိသော ထင်ရှားသည့် နတ်ဒေဝါ၊နတ်ဒေဝီတို့တွင် ဂန္ဓဗ္ဗနတ်တို့သည် အပါအဝင် ဖြစ်ကြ၏။

ဂန္ဓဗ္ဗနတ်တို့သည် စတုမဟာရာဇ်နတ်မျိုးနွယ်တွင် ပါဝင်သောနတ်များဖြစ်၏။ ထို့ဂန္ဓဗ္ဗနတ်တို့သည် အတီးအမှုတ်၊ အကအခုန်တို့ အထူးကျွမ်းကျင်သောနတ်များ ဖြစ်ကြ၏။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအစရှိသော စရိယာအရှင်မြတ်တို့ကို မိမိတို့ကျွမ်းကျင်သော အတီးအမှုတ်၊ ဂီတစုံ၊ အကအခုန်တို့ဖြင့် ထူးခြားစွာလှူဒါန်းသောနတ်များ ဖြစ်၏။ အနုဝညာရှင်နတ်ဒေဝါနတ်ဒေဝီများဖြစ်ကြ၏။ တိမ္ဗရုပ၊ ပဉ္စသိခနတ်သားများ၊ သိရိဝံစွာဒေဝီ၊ သူရဿတီဒေဝီနတ်သမီးတို့သည် ဂန္ဓဗ္ဗနတ်များထဲ၌ အကျုံးဝင်ကြသည်။ ထို့ဂန္ဓဗ္ဗနတ်နွယ်တို့တွင် ကုသိုလ်ကံအားနည်းသောနတ်တို့လည်းရှိကြသေး၏။ ကုသိုလ်ကံအားနည်းသော ဂန္ဓဗ္ဗနတ်တို့သည် နတ်ဘုံနတ်နန်း နတ်ဗိမာန်တို့တွင် စံနိုင်ကြရသည်မဟုတ်ဘဲ လူ့လောကရှိ တောနက်၊ တောင်မြင့်ပါး၊ တောစိုးသစ်ပင်တို့၌ အမှီပြုနေထိုင်ကြရတတ်၏။ လူတို့ကြည်ဖြူ၍ပေးသောနတ်ကွန်း၊ နတ်ဆောင်တို့တွင်လည်းနေကြရ၏။

ဂန္ဓဗ္ဗနတ်မျိုးဟူသည် ရွှေစိုးတို့ ဗုဒ္ဓဘာသာဝင် မြန်မာတို့လောကမှာသည်ရှိကြသည်မဟုတ်။ ကမ္ဘာအရပ်ရပ်ရှိ လူမျိုးအတော်များများတွင်ရှိကြသောနတ်များ ဖြစ်၏။ အထူးသဖြင့် ကမ္ဘာအရှေ့ဖျားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်နိုင်ငံများ၌ ဂန္ဓဗ္ဗနတ်များကို သီးခြားနတ်မျိုးနွယ်အဖြစ် တွေ့ရှိရ၏။ ထိုအထဲတွင် အိန္ဒိယနိုင်ငံရှိ ဟိန္ဒူသာသနာအစဉ်အလာနတ်များနှင့် တိဗက်တို့၏မဟာယာနဗုဒ္ဓဘာသာအယူအဆလာနတ်များတွင် ဂန္ဓဗ္ဗနတ်တို့သည် လူသိများလှ၏။

www.burmeseclassic.com

www.burmeseclassic.com



အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဂန္ဓဗ္ဗနတ်တို့တွင် တန်ခိုးကြီး အဆင့်မြင့်နတ်များနှင့် တန်ခိုးမှိန် အဆင့်နိမ့် ဂန္ဓဗ္ဗနတ်များလည်းရှိကြရာ တန်ခိုးကြီးအဆင့်မြင့်နတ်တို့သည် မိမိတို့၏ကုသိုလ်ကံအားလျော်စွာ ဖြစ်ပေါ်လာသော ဘုံဗိမာန်တို့တွင် နတ်တို့၌ဖြစ်သော့စည်းစိမ်ကို စံစားကြရပြီး အထက်ထက်သော နတ်မင်းကြီးတို့အား အဆို၊ အတီး၊ အကတို့ဖြင့် ဖြေဖျော်ကာ ချမ်းသာစွာနေကြရ၏။ ပဥ္စသီခနတ်မင်း၊ တိဗ္ဗရူနတ်မင်း၊ သူရဿတီနတ်သမီးစသည်တို့သည် အထက်နတ်ဘုံစံထင်ရှားလူသိများသော ဒေဝါ၊ ဒေဝီများ ဖြစ်ကြ၏။ တန်ခိုးရှိန်စော်မှေးမှိန်အားနည်းသော ကံငယ် ဂန္ဓဗ္ဗတို့မှာ တောနက်ကြီးများ၊ ထောင်ချောက်ကြီးများ၊ ဂူဟောင်းကြီးများ၊ ရေဟောင်းဘုရားပျက်များ၊ ရတနာသိုက်များ၊ ဖုန်းဆိုးမြေခြောက်များကို အမှီပြု၍ တိရစ္ဆာန်ယောင်ဆောင်ခြင်း၊ တိရစ္ဆာန်ဦးခေါင်းနှင့် လူခန္ဓာကိုအသွင်ရှိခြင်း၊ လူသားများယောင်ဆောင်ကာ ရွာတည်၍ ညမြင်နေ့ပျောက်အသွင် ဖျောက်ကာနေကြရ၏။ ဤသည်ကိုယုံကြသူလည်းရှိမည်။ မယုံကြည်ကြသူလည်းရှိမည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အာဇာစက်တော် ဌာပနာပေးတော်မူထားသော အာဇာနဉ်ယသုတ်ပရိတ်တော်၌ လည်းကောင်း၊ မဟာသမယသုတ်တော်၌ လည်းကောင်း ဂန္ဓဗ္ဗနတ်တို့အကြောင်း ထည့်သွင်းဟောတော်မူထားသောကြောင့် ရွှေစိုးကတော့ [illegible] နတ်တို့ရှိကြောင်း ယုံကြည်သူများ [illegible] တွင် ပါဝင်၏။

အာဠာနာဋိယသုတ်တော် [illegible] လျှင် ထိုဂန္ဓဗ္ဗနတ်တို့ကို တော [illegible] မင်းကြီးက အုပ်ချုပ်တော်မူ၏။ [illegible] ရဋ္ဌနတ်မင်းကြီးသည် မြင်းမိုရ် [illegible] အရှေ့ဘက်ခါးပန်းတွင် စံမြန်း [illegible] စကြဝဠာအတွင်းရှိ ဂန္ဓဗ္ဗနတ်အား [illegible] ထိန်းသိမ်းအုပ်ချုပ်နေကြောင်း [illegible] ထား၏။

ထို့ကြောင့် ဂန္ဓဗ္ဗနတ်ဆိုသည် [illegible] ဓတရဋ္ဌနတ်မင်းကြီးကိုသိပြီးအာ [illegible] သားဖြစ်နေကြပါလိမ့်မည်။ သို့ [illegible] ရွှေစိုးတို့လူသားများအတွက် [illegible] နတ်မင်းကြီးကို သိရုံအာရုံ [illegible]

www.burmeseclassic.com

www.burmeseclassic.com

မပြည့်စုံသေး။ အဘယ်ကြောင့်ဆိုသော် ဂန္ဓဗ္ဗနတ်သည် ရွှေစိုးတို့လူသားများနှင့် အရောနှောဆုံး၊ အထိအတွေ့များဆုံး သောနတ်ဖြစ်သောကြောင့် ထိုနတ်မျိုးနွယ်များကိုသိထားသင့်၏။ အထူးသဖြင့် ဂန္ဓိရပညတ်တော်အား ယုံကြည်၍ လေ့လာ လိုက်စားလျက်ရှိကြသော မရင့်ကျက်သေးသည့် ဝါန၊ ဝါငယ် ပါရမီရှင့်လူငယ်များအနေဖြင့် စိန္တာမယညာဏ်၊ ဘာဝနာမယညာဏ်တို့အား အထောက်အပံ့ဖြစ်စေသည့် သုတာမယညာဏ်ဖြည့်ဆည်းခြင်းအနေဖြင့် သိထားသင့်သည်ဟု ထင်ပါသည်။ ထို့ကြောင့် လူငယ်ပါရမီရှင်များအတွက် အထူးရည်စူးလျက် အနည်းငယ် ထပ်လောင်း၍ ဖော်ပြပါဦးမည်။

ဂန္ဓဗ္ဗနတ်မျိုးတွင် အပိုင်းနှစ်ပိုင်းခွဲခြားပြီး သတ်မှတ်ထားပါသည်။ ထိုအပိုင်းနှစ်ပိုင်းမှာ အထက်နတ်ကြီးများအပိုင်းနှင့် အောက်နတ်များအပိုင်းဟူ၍ ဖြစ်၏။ အထက်နတ်ကြီးများဟူသည် ဘုံစဉ်စံလျက် နတ်၌ဖြစ်သော အစားအစာ၊ နတ်၌ဖြစ်သော အသုံးအဆောင်၊ နတ်၌ဖြစ်သော ဘုံဗိမာန်၊ နတ်၌ဖြစ်သော အခွေအရံတို့နှင့်တကွ ကုသိုလ်ကံကြောင့်ဖြစ်သော နတ်တို့၏ဒေဝက္ကဒ္ဓိခေါ် နတ်တန်ခိုးတို့ဖြင့် ချမ်းသာစွာစံကြရသောနတ်ကြီးများ ဖြစ်ကြ၏။

အောက်နတ်ဆိုသည်မှာ ဂန္ဓဗ္ဗနတ်မျိုးနွယ်ဝင်နတ်များပင် ဖြစ်သော်သည်း နတ်တို့၏ ဂုဏ်မြောက်သော အဆောင်အယောင်၊ အသုံးအဆောင်၊ နန်ဦးကွန်ခါဒါဒ်တို့မရှိတဲ့ ကုသိုလ်ကံအားနည်းသောတန်ခိုးမျိုး၊ ကမ္မဇိဒ္ဓိသာသာ တန်ခိုးမျိုးမျှလောက်သာရှိသောနတ်များ ဖြစ်၏။

အထက်နတ်ကြီးတို့သည် ဘုရား၊ ဘုရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ကြည်ညိုယုံကြည်အားကိုးကပ်ကြ၏။ သူတော်ကောင်းတို့ကို ကြည်ညိုစွာကူညီကြ၏။ အောက်နတ်တို့သား ရတနာမြတ်သုံးပါးကို မကြည်ညိုကြ။ သူတော်ကောင်းတို့ကိုနှောင့်ယှက်တတ်၏။ အောက်တန်းစားလောကီဂန္ဓိရရာတို့၏လက်ကိုင်တုတ်အခိုင်းအစေအဖြစ် အသုံးခံရတတ်၏။ ထို့ကြောင့် ရတနာကုံသုံးပါး ဘီလတော်မြတ်ကို အောက်တည်ထိန်းသိမ်းက ဗောဓိဆုပန်ဆီရှင်တို့အနေဖြင့် ထိုအောက်နတ်မျိုးကို သတိပြုဆင်ခြင်ကာ မေတ္တာဖြင့် ကောင်းစေရာကောင်းစေကြောင်း ကူညီနိုင်အောင် အားထုတ်သင့်လှသည်။ အထက်နတ်တို့ထံတွင် အကူအညီယူပြီး အောက်နတ်တို့ကို မေတ္တာပြုကာ ကယ်တင်ကြရန် အာရုံထား၍ ကျင့်စဉ်များကို ကြိုးစားကြသင့်၏။ ထို့ကြောင့် အထက်ဂန္ဓဗ္ဗနတ်ကြီးများနှင့် အောက်ဂန္ဓဗ္ဗနတ်ငယ်များကို ရွှေစိုး လေ့လာမိသမျှ မျှဝေပါမည်။

ရွှေစိုးတို့ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် ပဉ္စသီခနတ်ဒေဝါ၊ တိဗ္ဗရုနတ်မင်း၊ သူရိယဝစ္ဆသာနတ်သမီး၊ မာတလိနတ်သား၊ သိခန္ဒီနတ်သားတို့ကို ကြားဖူးပြီးဖြစ်ကြပါလိမ့်မည်။ ထိုနတ်များသည် ဂန္ဓဗ္ဗနတ်မင်းများဖြစ်ကြပြီး အထက်နတ်ကြီးများဖြစ်၏။ ထိုနတ်ကြီးများတွင် အမှုထမ်းနတ်များလည်းရှိကြ၏။ အခွေအရံများစွာလည်းရှိကြ၏။ ပဉ္စသီခနတ်မင်းသည် ဦးခေါင်း၌ ဆံထုံးငါးထုံးရှိ၏။ ထို့ကြောင့် ပဉ္စသီခဟုခေါ်ခြင်း ဖြစ်၏။ အချို့ကလည်း ဦးခေါင်းငါးလုံးရှိသော နတ်မင်းဟုဆိုကြ၏။ ပဉ္စသီခနတ်ဒေဝါသည် စောင်းတီးအလွန်တော်သည်။ သိကြားမင်းနှင့် အသူရာနတ်မင်းတို့၏ ဖြစ်စဉ်က အသူရာတို့ကျန်ရစ်ခဲ့သော ဗေလုဝနတ်စောင်းကြီးကို သိကြားမင်းက ခိုးမြှင့်သဖြင့်လက်ခံရရှိခဲ့သူ ဖြစ်၏။ ပဉ္စသီခနတ်မင်းသည် ထိုဗေလုဝနတ်စောင်းကြီးတီးခတ်သည်ကို ကြားရသောနတ်တို့သည် နတ်ဘဝကိုပင် တဒင်္ဂမေ့သွားမတတ် ခံစားကြရသည်ဟု ဆို၏။ ထို့ကြောင့် နတ်တို့သနင်းသိကြားမင်းကြီး၏သဘင်ပွဲတော်တို့၌ ပဉ္စသီခနတ်ဒေဝါသည် သူ၏လက်စွဲတော် စောင်းကြီး ဗေလုဝကို တီးခတ်ကာ ဖျော်ဖြေရ၏။

ပဉ္စသီခနတ်ဒေဝါက ဗေလုဝနတ်စောင်းကြီးကို တီးခတ်စဉ်တွင် နတ်ဒေဝ

www.burmeseclassic.com

တာတို့၏လောကတွင် အလှစံတင်ပြီး အကတွင်အထွတ်ရသည့် သူရိယဝစ္ဆသာနတ်ဒေဝီအလှက သိကြားမင်းကြီး၏ရွှေတော်မှောက်တွင် အကတော်သွင်းရ၏။ ပဉ္စသီခနတ်ဒေဝါ၏ ဗေလုဝစောင်းသံနှင့် သူရိယဝစ္ဆသာဒေဝီတို့၏ အလှအကတို့ ချိတ်ဆက်မိလှသဖြင့် သိကြားမင်းကြီးနှင့်တကွ နတ်မင်း၊ နတ်သား၊ နတ်သမီးအပေါင်းတို့မှာ မိန်းမောကြရကုန်၏ဟုဆို၏။ ထိုသိရိဝစ္ဆသာနတ်ဒေဝီကား ကိုပွဲရှုဒေဝါနတ်မင်းကြီး၏ သမီးတော် ဖြစ်ပေသည်။

တစ်ခုသော သိကြားမင်းကြီး၏ သဘင်တော်ပွဲ၌ ပဉ္စသီခနတ်ဒေဝါက ဗေလုဝစောင်းတော်ကြီးကို တီးခတ်ပြီး သူရိယဝစ္ဆသာဒေဝီအလှက အကဖြင့် သိကြားမင်းနှင့် နတ်ပရိသတ်ကြီးကို ဖျော်ဖြေရလေသည်။ ထိုပွဲတွင် ဗေလုဝနတ်စောင်းနှင့် ပဉ္စသီခနတ်ဒေဝါသည် အကဒေဝီ သူရိယဝစ္ဆသာနတ်သမီး၏ အလှနှင့်အကတွင် စိတ်ဝင်ကာ အလွန်စွဲလမ်းသွားမိလေတော့သည်။ သို့သော်စောင်းတော်ရှင် ပဉ္စသီခနတ်ဒေဝါသည် သူ၏မေတ္တာကို သူရိယဝစ္ဆသာနတ်သမီးအောင့် ပြောခွင့်မရနိုင်ရှာပေ။ အကြောင်းမှာ အကဒေဝီသူရိယဝစ္ဆသာနတ်သမီးသည် မာတလိနတ်မင်း၏သားတော်တစ်ပါးဖြစ်သော သိခန္ဒိနတ်သားနှင့်ချစ်ကျွမ်းဝင်နေသောကြောင့် ဖြစ်သို့သော် ဗေလုဝစောင်းတော်ရှင်ပဉ္စသီခနတ်ဒေဝသည် ဗုဒ္ဓရှင်တော်မြတ်၏ပတ်သက်သောသာသနာရေးဆောင်ရွက်ချက်များနှင့် ဝန္ဒပွနတ်အပေါင်းသည်သည့်နတ်သားကမျှ ယှဉ်ပြိုင်နိုင်စွမ်းမရှိအောင် ကောင်းမြတ်သော စေတီးအတတ်ကြောင့် လည်းကောင်း သီခနတ်ဒေဝါ စုံမက်နေသော သူ့ဝစ္ဆသာဒေဝီကို ပဉ္စသီခနတ်ဒေဝါဆုတော်အဖြစ် ချီးမြှင့်တော်မူလိုက်သည်။ ဤကား ထင်ရှားသော ဝန္ဒပွနတ်မင်းများထဲမှ တချို့၏ဒဏ္ဍာရီဆန်ဆန်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်၏။

ကုသိုလ်ကံနည်း၍ တန်ခိုးလွန်းဘဲ ကမ္ဘဇီဒွီသာသာတန်ခိုးဝင်နေကြရသော ဝန္ဒပွအောက်နတ်များအကြောင်းကိုလည်းရေးချင်းစင်စစ်အားဖြင့် တန်ခိုးသော ဝန္ဒပွအောက်နတ်ငယ်များအကြောင်းကို ပိဋကတ်တော်များအကျယ်တဝင့်မပါသော်လည်း ကျမ်းများ၊ လောကီဝန္ဆရပညာအကြံများတွင်မူဆန်းဆန်းပြားပြားသိနေရ၏။ ဝန္ဒပွအောက်နတ်သည် ဘုံစဉ်စံ၊ ဗိမာန်စံများတောနက်ကြီးများ၊ တောခေါင်ကြီးဂူများ၊ စွန့်ပစ်အဆောက်အအုံများတွင် မှီတွယ်နေထိုင်ကြရ၏။ ထဲတောင်ထဲ၊ ဂူထဲ စသည်ဖြင့် မှီတွယ်ရာပိုင်နက်ထဲသို့ ကျရောက်လာသော လူသားများကိုမျက်စိဖမ်းစားတတ်ကြ၏။ အခါတောလည်မှဆိုးများ၊ ထင်းခုတ်ခုတ်သွားကြသူများတွေ့ကြုံတတ်တောချောက်ခြင်းမျိုးသည် လူသားဖန်ဆင်းနိုင်သလို တိရစ္ဆာန်များလည်းဖန်ဆင်းနိုင်ကြ၏။ အခေါ် ကျတ်သတ္တဝါဟုဆိုကြသတ္တဝါများသည်လည်း ဝန္ဒပွပါဝင်သည်ဟု ဆရာစကားဖွင့်၏။

အထက်ဝန္ဒပွလည်း

www.burmeseclassic.com

www.burmeseclassic.com

အောက်ဆုံးလည်း မကျရောက်သော ဂန္ဓဋ္ဌနတ်မျိုးနွယ်များလည်းရှိသေး၏။ ယင်းဂန္ဓဋ္ဌနတ်တို့သည် တောတောင်များကိုမှီ၍ နေထိုင်ကြ၏။ သူတော်စင် သူတော်မြတ်တို့နှင့်လည်း ချဉ်းကပ်ဆက်ဆံတတ်ကြ၏။ တောမှိရဟန်းများ၊ ရသေ့များ၊ ယောဂီများကို ကူညီစောင့်ရှောက်တတ်၏။ ၎င်းဂန္ဓဋ္ဌနတ်တို့သည် ရန်မွေးကြွေင်သောသစ်ပင်များကို မှီတွယ်စောင့်ရှောက်တတ်၏။ အမွေးအကြိုင်ကို နှစ်သက်၏။ အလှအပကို နှစ်သက်၏။ တောနက်ကြီးများတွင်ပေါက်ရောက်တတ်သော နံ့သာဖြူ၊ နံ့သာနီ စသော နံ့သာပင်များ၊ သဇင်နီ၊ သဇင်နက်၊ သစ်ခွနက်၊ ဂမုန်းနက်၊ ဂမုန်းအမျိုးမျိုး၊ ဆေးပင်အမျိုးမျိုး၊ သစ်အမြစ်တေ၊ ဝါးအမြစ်တေအမျိုးမျိုးတို့ကို စောင့်ရသော နတ်များသည် ဂန္ဓဋ္ဌနတ်မျိုးနွယ်များဖြစ်၏။ ထိုနတ်များသည် အလယ်အလတ်နတ်များဖြစ်၏။ သီလ၊ သမာဓိ၊ ပညာဖြင့် ပြည့်စုံပြီး နှလုံးသားဖြူစင်သူတို့ကို ကောင်းကျိုးပေးတတ်ကြ၏။ ဂန္ဓိရပညာရှင်အချို့တို့က ထိုပန်းပေါင်း၊ ဂမုန်းပေါင်း၊ အမြစ်တေပေါင်းတို့ကို ဆေးဝါးအဖြစ်ရောင်းချသူများတို့ဖြင့်စီရင်က အသုံးချတတ်ကြသေး၏။

ဗုဒ္ဓရှင်တော်မြတ်ကြီး၏အာဏာတော်များဖြစ်ကြသည့်မဟာသမယသုတ်တော်၊ ဓာရဏာပရိတ်တော်၊ ပရိတ္တာလပရိတ်တော်၊ အာဋာနာဋိယသုတ်တော်၊ ဥပ္ပတသန္တိပါဠိတော်တို့ကို ပြည့်ရွှေလှော်ပါက ဂန္ဓဋ္ဌတို့ရှိကြောင်း၊ ထင်ခံနိုင်ပေမည်။

ရွှေစိုးတို့ဗုဒ္ဓသာသနာတော်ကြီးအလွန်ထင်ရှားသော သာသနာတော်သုတ်တော်မြတ်တစ်ဆူဖြစ်တော်သော မဟာသမယသုတ်တော်သည် ရှင်တော်မြတ်ကြီးကိုယ်တော်တိုင်က ထုတ်၍ ရဟန္တာအရှင်မြတ်တို့ကို ဆက်ပေးတော်မူသော နတ်စာရင်းတော်မြတ်တစ်ဆူဖြစ်တော်မူလေသည်။ ထိုသာသနာတော်ဝင် နတ်ဒေဝတာဒေဝီတို့စာရင်းတွင် ဂန္ဓဋ္ဌနတ်များလည်းပါဝင်ကြသည်ကို လေ့လာတွေ့ရှိရ၏။

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် သက္ကတိုင်း ကပိလဝတ်ပြည်တော်၌ ငါးရာမျှသော ရဟန္တာတို့နှင့်အတူတကွ သီတင်းသုံးတော်မူစဉ် စကြဝဠာလောကတိုက်သောင်းတို့မှ နတ်ဗြဟ္မာတို့သည် ဗုဒ္ဓရှင်တော်မြတ်ကြီးနှင့်တကွ ရဟန္တာအရှင်မြတ်တို့ကိုဖူးမြော်ခြင်းအလို့ငှာ စည်းဝေးရောက်ရှိလာကြလေသည်။

ထိုသို့အားဖြင့် နတ်ဗြဟ္မာတို့စည်းဝေးမိသောအခါ ဗုဒ္ဓရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက -

"ရဟန်းတို့၊ နတ်ဗြဟ္မာအပေါင်းတို့၏အမျိုးအမည်ကိုပြောကြားပေအံ့။ ထိုစကားကို နာကြလော့၊ ကောင်းစွာနှလုံးသွင်းကြလော့၊ ဟောပေအံ့"

ဟု မိန့်တော်မူပြီး ထိုနေရာသို့ ရောက်လာစည်းဝေးကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့၏အကြီးအကဲအမည်နာမအမျိုးအနွယ်တို့နှင့်တကွ အခွေအရံဖြစ်သော နတ်တို့၏အမည်နာမကိုဟောကြားတော်မူလေသည်။ ယင်းသို့ဟောကြားတော်မူရာတွင် ဂန္ဓဋ္ဌနတ်တို့၏အကြီးအကဲနတ်မင်းကြီးနှင့်တကွ အခွေအရံဖြစ်သော နတ်တို့၏အမည်နာမနှင့် အရေအတွက်တို့ကိုပါ ခြုံငုံမိအောင် ဟောကြားတော်မူခဲ့လေသည်။

❑ ပုရိမဋ္ဌ ဒိသံရာဇာ၊
ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊
မဟာရာဇာ ယသဿိသော၊
ပုတ္တာပိ တဿဗဟဝေါ၊
ဣန္ဒနာမာ မဟာဗလာ။
ဣဿိမန္တော့ဇုတိမန္တော့၊
ဝဏ္ဏဝန္တော့ယသဿိနော။
မောဒမာနအဘိက္ကာမုံ၊
ဘိက္ခူနံသမိတိဝံနံ။ ။

အရှေ့အရပ်ကို အုပ်စိုးသော ဂန္ဓဋ္ဌနတ်တို့၏အရှင် ဓတရဋ္ဌနတ်မင်းကြီးသည် များသောအခြံအရံရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တောရဟန်းတို့၏အစည်းအဝေးသို့ဝမ်းမြောက်ဝမ်းသာလာရောက်ကုန်၏။

တစ်ဖန် -

"စိတ္တသေနောစဂန္ဓဗ္ဗော၊
နဋ္ဌောရာဇာဇနေသဘော။
အာဂုံပဥ္စသိခေစေဝ၊
တိမွရူသူရိယမစ္ဆသာ။
ဇတေစညေစ ရာဇာနော၊
ဂန္ဓဗ္ဗာသဟရာဇုတိ။
မောဒမာနာအဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိဝံနံ။

စိတ္တမည်သော ဂန္ဓဗ္ဗနတ်၊ သေနမည်သော ဂန္ဓဗ္ဗနတ်၊ စိတ္တသေနမည်သော ဂန္ဓဗ္ဗနတ်၊ နဋ္ဌရာဇမည်သောနတ်၊ ဇနေသဘမည်သောနတ်၊ ပဥ္စသိခမည်သောနတ်၊ တိမွရူမည်သောနတ်၊ သူရိယဝစ္ဆသာမည်သောနတ်သမီး။

ဤဆိုခဲ့ပြီးသော ဂန္ဓဋ္ဌနတ်တို့သည်လည်းကောင်း၊ တစ်ပါးသောနတ်တို့သည်လည်းကောင်း၊ နတ်မင်းကြီးတို့နှင့်အတူ မဟာတောရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာလာရောက်ကြကုန်၏။

မဟာသမယသုတ်တော်၌ ဂန္ဓဋ္ဌနတ်တို့ထဲမှ အကြီးအကဲနတ်မင်းကြီးများနှင့် အခွေအရံ ဂန္ဓဋ္ဌနတ်တို့၏အမည်အနွယ်တို့ကို ခေါ်ဆိုကာ ဟောကြားထားခဲ့တော်မူ၏။ တစ်ဖန် အာဋာနာဋိယသုတ်တော်၌လည်း -

❑ ပုရတ္ထိမသ္မိ ဒိသာဘာဂေ၊
သန္တိဘူတာ မဟိဒ္ဓိကာ။
တေဝိအမေနုရက္ခန္တု၊
အရောဂေန သုခေနစ။

အရှေ့မျက်နှာအရပ်၌ တန်ခိုးကြီးသောဂန္ဓဋ္ဌနတ်တို့ရှိကြကုန်၏။ ထိုနတ်တို့သည် ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်တစိုက်စောင့်ရှောက်ကြပါစေကုန်သတည်းဟူ၍ဟောတော်မူထားရာ ဤစကြဝဠာလောကကြီးအတွင်း၌ ထိုထိုသောဂန္ဓဋ္ဌနတ်တို့သည် အမှန်တကယ်ရှိကြပြီး ဂန္ဓဋ္ဌနတ်တိုင်းသည် မိမိတို့ပြုခဲ့ဖူးသောကုသိုလ်အရှိန်အဟုန်ကိုလိုက်၍ တန်ခိုးတေဇော်အာနုဘော်အနိမ့်၊ အမြင့်ရှိကြကြောင်း ထင်ရှားလှပေသည်။

ထို့ကြောင့် အထက်ဖော်ပြပါလေ့လာတွေ့ရှိချက်များကို အကြောင်းပြုပြီး ရွှေစိုးသည် ဒါန၊ သီလ၊ ဘာဝနာမှုများပြုပြီးဟိုင်း ဂန္ဓဋ္ဌနတ်အပေါင်းတို့ကို ခြုံငုံ အာရုံပြုပြီး လေးလေးနက်နက်အမျှပေးဝေလေ့ရှိပါသည်။ စာဖတ်သူမမြဲမိတ်ဆွေတို့သည်လည်း ဤဆောင်းပါးကို ဖတ်မိပြီး ပိုမိုကျယ်ပြန့်စွာလေ့လာကာ လူသားတို့၏ နေ့စဉ်ဘဝနှင့်မကင်းနိုင်သော ဆက်ဆံမှုများရှိနေကြသည့် ဂန္ဓဋ္ဌနတ်အစားစားကို အမှန်တကယ်ရှိနေသည်ဟု ယုံကြည်ပါက လေးနက်စွာ မေတ္တာပို့သဆက်ဆံနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးကျော့
နှက်ကျိန်စာကြမ္မာသင့်

"မေစိန်၊ နင့်အကောင်ကော"

အိမ်ဘေး အုန်းပင်အောက်တွင် တံမြက်စည်းသင်သတ်နေသော မေစိန်ရှေ့လာရပ်ပြီး လောရွှည်ကြီး (ခေါ်) သိန်းအောင်က လာမေး၏။

"ဘယ်ထွက်သွားပါလိမ့်။ ခုနတင် တံမြက်စည်းလုပ်ဖို့ အုန်းလက်ခြောက် တွေချိုင်ပေးထားခဲ့သေးတယ်။ ဘယ်ပျောက်. . . "

"ဟဲ့-ကိုယ့်ယောကျ်ား၊ ဘယ်သွားမှန်းတောင်မသိဘူးလားဟဲ့"

"ကျွန်မမှပြောမသွားတာ"

"ပြောသွားမှလား မေစိန်ရဲ့၊ မိန်းမဆိုတာ ကိုယ့်ယောကျ်ားအခြေအနေ အရိပ်အကဲကိုကြည့်နေတတ်ရတယ်ဟ။ ငါ့ယောကျ်ား ဘယ်အပိုင်းသွားလဲ။ ဘယ်သူနဲ့ပေါင်းသင်းနေလဲ၊ ဘယ်မိန်းကလေး. . . "

"ဟင် - ကိုကြီးအောင်စကား အဆန်းပါလား။ ကိုကိုထွန်းက ဘာသတင်း. . . "

ဒါကျတော့ ချက်ချင်း နင်မျက်ကလူး ဆန်ပျာဖြစ်သွားပြီမဟုတ်လား ဟဲဟဲ"

"ဟုတ်. . . ဟုတ်တယ်၊ ကိုယ့်ယောကျ်ားကိုယ်ချစ်လို့ပေါ့တော်"

"ဟဲဟဲ-နင်တို့လင်မယားသိပ်ချစ်ကြမှန်းသိလို့တမင်စတာပါဟ။ ငါ့ကို နင့်ဘကြီးဦးထော်က မောင်ထွန်းသွားရှာကြပါ ခိုင်းလိုက်လို့ပါ"

"စကားကိုကောင်းကောင်းမပြောဘူး (×××)။ လူကိုလာ. . . "

"ဟဲ့ - ငါပင်လယ်ထွက်မလို့ နင့် ပါးစပ်က. . . "

အရပ်ရှည်၍ တစ်ရွာလုံးက လောရွှည်ကြီးဟု ခေါ်ကြသော သိန်းအောင်ကြီးက မေစိန်ကိုအော်လိုက်သဖြင့် မေစိန် ရုတ်တရက် ဘွာဘွာခတ်ပြီး ပါးစပ်ပိတ်သွား၏။

"ဘကြီးက ကိုထွန်းကို ဘာလုပ်ဖို့ ရှာခိုင်းပါလိမ့်"

"အဲဒါငါပြောမလို့ပါဟ၊ နင်တို့လည်းကြားမှာပါ။ ခုတစ်လော မြို့ကလူတွေ တို့ဆီလာပြီး ပေါင်းခရုခွံတွေလိုက်လိုက်ဝယ်နေကြတယ်ဆိုတာလေ"

"ကြားပါ့တော်၊ ပေါင်းခရုခွံတင်လား စံပန်းသီး၊ ခုံညင်းဦးဆန်၊ ကျောက်ပွင့်ကျောက်ခက်တွေပါ ဆင်းဝယ်နေကြ

www.burmeseclassic.com

www.burmeseclassic.com

ာယ်ဆို။ အဲဒါတွေ သူတို့ဘာလုပ်ကြ
ဲ့ မသိဘူးနော်”

“ဘာလုပ်ကြမလဲ၊ တစ်ဖက်နိုင်ငံ
သွားရောင်းရင် စျေးကောင်းရတယ်
။ အဲဒါကြောင့် ငါတို့ မြို့နှိမ်ကျွန်းကျွန်း
ကြီး ပေါင်းခရုကြီးတွေသွားကောက်
လို့၊ ပေါင်းခရုခွံကြီးတစ်လုံးဆို လေး၊
ငါးဆယ်ရတယ်တဲ့။ ဒါ အသားကိုရောင်း
တာမပါသေးဘူး၊ အခွံတင်ပြောတာ။
ခရုသားပေါင်းသားဆို မြို့ကစားသောက်
ဆိုင်တွေမှာ လူကုံထံတွေမှစားနိုင်တာ
တဲ့။ ဟိုတစ်လောက သူသားလေးရှင်ပြု
ဖို့ ရိက္ခာသွားဝယ်တဲ့ ကိုကြီးအေးသောင်
ပြောသွားတယ်။ နင်စဉ်းစားကြည့်၊ နင့်
ဘကြီးလေသာဆို ခရုပေါင်းကောင်ရာ
ချီထောင်ချီဆံ့မှာဟ”

သူတို့ပြောနေကြသည်မှာ အမှန်
ပင်ဖြစ်သည်။ ယခုကာလ၌ မြို့ကလူများ
သည် ကျွန်းတွေကိုဆင်းပြီး ခရုပေါင်း
ကောင်ကြီးတွေကို စျေးကောင်းပေး၍
ဝယ်နေကြ၏။ ယခင်က သူတို့အရပ်တွင်
လွှင့်ပစ်ထားကြသော ခရုခွံပေါင်းခွံတွေ
ပါ တန်ဖိုးရှိမှန်းသိလာကြ၏။ ခရုသား
ပေါင်းသားတွေကိုလည်း မြို့ပေါ်က
စားသောက်ဆိုင်ကြီးတွေမှာ ပင်လယ်စာ
ဟု အထွတ်အမြတ်စားသောက်တတ်
လာ ကြသည်။

ထို့ကြောင့်လည်း လောဘရှိသူ၊
အကွက်မြင်သူများသည် ခရုခွံ၊ ပေါင်ခွံ၊
ခုံညင်းဝိုးဆန်ကအစ သူ့ထက်ငါဦး

www.burmeseclassic.com

www.burmeseclassic.com

ကျားကုတ်ကျားခဲလိုက်ဝယ်လိုက်ကောက်နေ ကြ၏။

"အဲဒါ နှင့်ယောကျ်ားပြန်လာရင် ငါ့ဆီလွှတ်လိုက်ပါဦး။ ကဲ-ငါပြန်မယ်။ နှင့်ဘကြီးနဲ့ ငါ ပင်လယ်ထွက်ဖို့ ထွေရာကမာပြင်ဆင်စရာရှိသေးတယ်"

"အေးအေး"

ဟူသော မေစိန်စကားမဆုံးမီပင် လောရှည်ကြီးသိန်းအောင် သူတို့အိပိုင်းဘက်ထွက်သွားသည်။

လောရှည်ကြီးထွက်သွား၍မကြာမီမှာပင် မေစိန်ယောကျ်ား လှထွန်းကွန်တစ်ပိုနှင့် ရောက်လာ၏။

"ရှင် ဘယ်သွားနေတာလဲ"

"ငါ ကိုကြီးသာအောင်ဆီမှာ ကွန်သွားငှားတာ။ ညနေကျ ကျောက်ပြင်ချောင်းဝမှာ ကွန်သွားပစ်မလို့"

"ရှင်ကွန်သွားပစ်မှာအသာထားဦး။ စောစောကတင် ရှင့်ကို ဘကြီးထော်ရှာခိုင်းလို့တဲ့။ လောရှည်ကြီးလာရှာသွားသေးတယ်"

"ငါသိခဲ့ပါပြီဟာ၊ လောရှည်ကြီးမိန်းမနဲ့ အရီးအုန်းတို့အိမ်နားမှာ ငါတွေ့ခဲ့ပါပြီ။ မြွေနွံလွှိန်ကျွန်းကို ပေါင်းကြီးခရု ကောက်သွားကြမယ့်ကိစ္စမဟုတ်လား"

"ဟုတ်တယ်တဲ့ တော်"

"ကျွန်းခြောမြေခြောမလိုက်ချင်ပါဘူးဟာ"

"ဟင် - ရှင် မလိုက်ရှင်ဘူး"

သူမိန်းမ မေစိန်က အလိုမကျသလိုမေးလိုက်သဖြင့် လှထွန်း ဇဏ်ငိုင်သွား၏။

မြွေနွံလွှိန် (မြွေကျွန်း) ဆိုသည်မှာ သူတို့ရပ်ပြကျွန်းအနောက်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်ထဲမှ လူမနေသော ကျွန်းတစ်ကျွန်းဖြစ်သည်။ သူတို့လိပ်ခမော်ရွာက လေ့နှင့်သွားလျှင် မြွေနွံလွှိန် (ခေါ်) မြွေကျွန်းကို ရေသင့်လေသင့်ပင် သုံးလေးနာရီသွား၏။ ရေဆန်လေဆန် သာဆိုလျှင် ငါးနာရီ၊ခြောက်နာရီခရီး။ ပြီး သူတို့လိပ်ခမော်ရွာကြားနှင့် မြွေနွံလွှိန်ကျွန်းကြားတွင် ရေပဲ၊ ရေကတော့၊ ကျောက်ဆောင်၊ ကျောက်တန်းတွေနှင့် ရေဆွဲစည်းပေါက်တွေလည်းပေါသည်။ ကျွန်းပတ်ပတ်လည်တွင် ကျောက်ဆောင်၊ ကျောက်တန်း၊ ကျောက်ပြင်တွေနှင့် ရေမြုတ်ကျောက်တန်းတွေလည်းပေါများသဖြင့် လှေဆိပ်လှေကပ်လည်းခက်သည်ဟု သွားဖူးသူများပြောကြသည်။

နာမည်နှင့်လိုက်အောင် မြွေဆိုးတွေလည်း အလွန်ပေါ၏။ မြွေနွံလွှိန်မှ မြွေများသည် ပါးစပ်ပေါက်သေးသေး၊ ကိုယ်လုံးကြီးကြီးတွေနှင့် နေ့အခါ မှက်စိမမြင်သဖြင့် ညညမှထွက်တတ်သော နတ်မြွေ ပြိတ္တာကြီးများဟုလည်း သူတို့အရပ်ကယုံကြည်ကြသည်။ ထို့ကြောင့် မြွေနွံလွှိန်မှာ လူသူအရောက်အပေါက်နည်းသည်။ တော်တော်တန်တန်လူများလည်းမသွားရဲကြ။

လူသူအရောက်အပေါက်နည်း၍လည်း မြွေနွံလွှိန်ကျွန်းတွင် မြွေပေါသလို အလေ့ကျပေါက်နေကြသော အုန်းသီး၊ ဩဇာသီးနှင့် ပေါင်းခရု၊ ငါးတွေမှာ ဘယ်ကျွန်းဘယ်နေရာနှင့်မျှမတူအောင် ပေါများလှ၏။ သို့သော်လည်း ပင်လယ်ရေလှိုင်း၊ မုန်တိုင်း မြစ်ပင်လယ်တို့၏ အထာကို နောကျေနေသောတံငါသည်ကြီးများသာ တစ်နှစ်တစ်ခါလောက် ဩဇာသီးပေါ်ခိုနိုတွင်သွားကောက်တတ်ကြသည်။

မြွေနွံလွှိန်က ဩဇာသီးများမှာ ရှောက်သီးလုံးလောက်ရှိပြီး အရသာလည်းအလွန်ကောင်းသည်။ နတ်ကွန်းမို့ နတ်ဩဇာဟုပင် တင်စားပြောကြသည်။ ဩဇာသီးသွားကောက်ရင်း အိုးပုတ်လောက်၊ အုန်းသီးလောက်ရှိသော ခရုပေါင်းကောင်းများကိုလည်းကောက်လာကြသည်။ ယခင်က ခရုပေါင်းကောင်းများမှာ တန်ဖိုးလည်းမရှိသဖြင့် ဟင်းစားလောက်သာ အနည်းအကျဉ်းယူလာတတ်ကြသည်။ သို့သော် ကြီးလွန်းသော ပေါင်းခရုများကို လူတိုင်းလည်း မစားရဲကြ။

ကျွန်းပတ်လည်တွင် ကျောက်ပြင်၊ ကျောက်တန်း၊ ကျောက်ခွက်၊ ရေအိုင်များမှ လူကြီးပေါင်းလောက်၊ လက်မောင်းလောက်ရှိသောငါးများကိုလည်း ကွန်

နှင့်ပစ်၊ မျှားနှင့်ချိတ်မျှားရန်ပင်[illegible] ကျောက်ပြင်ထဲကရေအိုင်များတွင် [illegible] ဝက်၊ တစ်နာရီဆင်းဖမ်းကြရုံနှင့် ပိ[illegible] နှစ်ဆယ်၊ သုံးဆယ်ကိုရတတ်ကြ[illegible]

အုန်းသီးမှာ သူတို့အရ[illegible] လည်းပေါသဖြင့် မြွေနွံလွှိန်က အုန်း[illegible] လှေအလေးခံ၍ မည်သူမျှယူမလာ[illegible] ကြ။ ဩဇာသီးကောက်သွားသူမျာ[illegible] လည်း မြွေနွံလွှိန်ကဩဇာသီး၊ ငါးမျာ[illegible] သာ နာရီပိုင်းအတွင်း ခူးဆွတ်ဖ[illegible] နေ့ချင်းပြန်လာတတ်ကြသည်။ ည[illegible] ညနေမှ မြွေပြိတ္တာကြီးများကိုကြော[illegible] မည်သူမျှမနေရဲကြ။ မနက်သွား ည[illegible] သာ။

ထို့ကြောင့်လည်း ယခု [illegible] တတ်သူ လှထွန်းက မြွေနွံလွှိန်ကို [illegible] ခရုကောက်ရန် လောရှည်ကြီးလာ[illegible] သည်ဆိုသော သူမိန်းမစကားကို[illegible] သွားခြင်းဖြစ်သည်။

ဤသည်ကို သူမိန်းမက -

"ဘာလဲ၊ ရှင်ကဩဇာသီး[illegible] ချိန်မဟုတ်လို့ မလိုက်ချင်တာ[illegible] မလိုက်ချင်လည်း ညနေကျ ဘကြီး[illegible] ကိုသွားပြောလိုက်ဦး။ ဘကြီး[illegible] တခြားလူရှာရဦးမှာပေါ့"

"အေးပါ"

လှထွန်းက 'အေးပါ' ဆို[illegible] လေးလေးပင်ပင်ကို မေစိန်က နှုတ်[illegible] ချင်သည်။ သူယောကျ်ားမှာ [illegible] တကာ ရိုးလွန်းအေးလွန်းလှ[illegible] ထို့ကြောင့်လည်း မေစိန် လှထွန်း[illegible] လိုက်ပြေးစဉ်က မိဘနှစ်ပါးနှင့် တ[illegible] လုံးတစ်မျိုးလုံးက ခွဲပင်ခွဲခဲ့ကြသော[illegible] သို့သော် မေစိန်ကလည်း ရိုးလွန်း[illegible] လွန်းသောလှထွန်းကိုပင် သေမလော[illegible] ချစ်ခဲ့၍ နှစ်ခါပြန်ခိုးရာလိုက်ခဲ့ဖူး[illegible]

ခုဆိုလျှင် သားလေးလား[illegible] လေးလားမသိရသေးသော လှထွန်း[illegible] ကိုယ်ပွားလေးပင် မေစိန်[illegible] ရောက်နေပြီ။ ဤသည်တို့ကြောင့်[illegible] စောစောက လောရှည်ကြီးသိန်း[illegible] စသွားခဲ့ခြင်းဖြစ်သည်။

ပုဆိုးပိုင်းတစ်ပိုင်းကို ပခုံးပေ[illegible] ၍ ချက်ချင်းပင် သူဘကြီးအိမ်ဘက်[illegible] သွားသော လှထွန်း၏နောက်ကျော[illegible] ကိုငေးကြည့်ကာ မေစိန် ပြုံးနေမိ[illegible] သူယောကျ်ားကို မည်သူက မည်သို့[illegible] ပြော ညားပြီးကြသည်မှာလည်း [illegible] ကျော်သာရှိသေးသဖြင့် မေစိန် [illegible] မမြင်နိုင်ပါ။

မကြာမီမှာပင် လှထွန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဘကြီးထော်အိမ်က ပြန်ရောက်လာ၏။

"ပြောထားခဲ့ပလား"

"မလိုက်ချင်ဘူးပြောရမလားလို့ ငါ့ကိုဆူလိုက်တာဟာ။ ဒီလိုငွေရပေါက်ခြောင်တာ မင်းဘယ်မှာကြားဖူးလို့လဲတဲ့။ ငါတို့နဲ့ မြို့နှင်ကျွန်းကျွန်းကို သုံးလေးခေါက်လိုက်။ လိုက်ရင် မင်းမိန်းမလက်ကောက်ဝတ်မှာ လက်ကောက်တစ်ရန်တိုးမလာဘူးလားတဲ့။ မင်းတစ်မိုးတစ်နွေငါးရှာခဲ့တာ ကျောမှာဆားပေါက်နေပြီ။ လက်ကောက်တစ်ရန်စာရလို့လားတဲ့။ ငါကတိုယ့်တူကိုဖျာသားမို့ခေါ်တာ။ငါနဲ့သာဆိုလိုက်ချင်တဲ့လူတွေ ရွာမှာဖုတ်သတ်လို့တောင်မကုန်ဘူး။ ဘာဘာညာညာနဲ့ ငါ့ကိုဆူလိုက်တာဟာ"

"ဟုတ်တော့လည်း ဟုတ်တာပဲတော့။ ဘကြီးက အဲသလို အကွက်မြင်သုပ်တတ်ကိုင်တတ်လုပ်ရဲကိုင်ရဲလို့လည်း ခုလို လယ်ပိုင်ရှင် လေ့ပိုင်ရှင်ကြီးဖြစ်လာတာပေါ့။ ဒါပေမယ့် ကျုပ်ကတော့ တော့်သဘောပါ။ မလိုက်ချင်ဘူးပြောထားခဲ့သည်းပြီးတာပဲ။ ကျုပ်မှာ အမေတို့ဆင်းထားတဲ့ လက်ကောက်တစ်ရန်ရှိပါတယ်တော်။ ကျုပ်က. . . "

"ကျုပ်က မိန်းမကို လွှက်ကောက်တစ်ရန်ဆင်ပေးနိုင်မယ်ဆိုလို့ လိုက်ပါ့မယ်ပြောထားခဲ့ပြီ။ ဟီ ဟီ ဟဲ ဟဲ"

"ဟီး ဟီး ဟင်း ဟင်း ဟင်း ဘိုး"

မေစိန်နှင့်လှထွန်းတို့၏ ရယ်မောသံကြဲသံမှာ ဘင်္ဂလားအော်ကြီးမှင်းဆူသံကိုပင် လွှမ်းသွားသလားထင်ရသည်။

❑

နံနက် လေးနာရီမထိုးမီကပင် မြို့ပြုလိုက်မည့် သူယောကျ်ား လှထွန်းတွက် မေစိန်က ထမင်းထုပ်ပြီးပြီ။

တစ်ခါမှ ဤလိုအချိန်တွင် ထမင်းဘူးကြသောလင်မယားနှစ်ယောက်နှာချင်းဆိုင်၍ အရက်ထမင်းစားနေကြသည်။

ထိုအချိန်တွင် လောရှည်ကြီးအောင် အိမ်ရှေ့ရောက်လာပြီး -

"ဝေး - လှထွန်း၊ ငါတော့သွားနှင့်မင်းလေ့ဆိပ်လိုက်လာခဲ့။ ခုနှင်း လေသင့်ရေသင့်ထွက်ကြမယ်။ မင်းဘကြီးထော်အကြောင်းမင်းချစ်မမသိပါတယ်နော် ဟဲဟဲ"

ဟု အော်ပြောသွားသည်။

သူမိန်းမျက်နှာကို တစ်ချက်ကြည့်ကာ ပန်းကန်ထဲကထမင်းပင်မကုန်ခဲ့။ ထမင်းထုပ်ဆွဲပြီး လေ့ဆိပ်ကို ပြေးချလာခဲ့၏။

လေ့ပေါ်တက်လာသော လှထွန်းကို ကျန်တင်က -

"မင်းကအထုပ်တွေဘာတွေနဲ့ပါလား။ ဘာအထုပ်တုံးဟ"

ဟု ဆို၏။

"ထမင်းထုပ်လေ ကိုကြီးကျန်တင်"

"ထမင်းထုပ်က ဘာလုပ်မှာလဲ"

"ကျွန်းမှာနေ့လယ်စားဖို့လေ"

"အ,ပါ့ ငါ့ကောင်ရာ။ တိုရောက်ရင် ချက်စားကြမှာပေါ့ကွ။ တို့လေ့မှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှံနဲ့ သောက်ရေကအစ ဟိုမှာတွေ့လား သုံး၊ လေးရက်စာ ရိက္ခာအပြည့်။ မင်းမိန်းမထုပ်ပေးလိုက်တဲ့ငါးပိဖုတ်နဲ့ထမင်းကြမ်းဘာလုပ်မှာလဲ။ ဟိုရောက်ရင် ငါးသဒိတ်၊ ငါးလက်ခွာသားအစိုအစိမ်းတွေပေါလွန်လို့။ အူစားမလား၊ ဥစားမလား။ ကံကောင်းရင် ဝံလင်္ဂဝံလင်္ဂသားတွေတောင်စားကြရဦးမှာ"

ကျန်တင်ပြောမှ ဦးထော်ကြီး လေ့ဝမ်းထဲတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်နှင့် ပလတ်စတစ်သောက်ရေဘူးကြီးတစ်လုံးကိုပါသတိထားမိလိုက်၏။

မြို့နှင်ကျွန်းတွင် ရေချိုမရှိသဖြင့် သောက်ရေဘူးယူလာကြသည်ကတော့ သဘာဝကျသည်။ သို့သော် မနေ့ညနေက လှထွန်းထင်ခဲ့သည်မှာ သူတို့ဆီက မြို့နှင်ကျွန်းသွားသူများအစဉ်အလာအတိုင်း နေ့ချင်းပြန်ဟုသာထင်ခဲ့၏။ ယခုမူ သုံးလေးရက်စာ။ ဦးထော်ကြီးဦးဆောင်လာသော မြို့နှင်ကျွန်းသွားပေါင်းကြီးခရုကောက်အဖွဲ့တွင် လှထွန်းမှာ အငယ်ဆုံးဖြစ်သဖြင့် ဘာမှပြန်မပြောတော့ဘဲ လေ့ရွက်၊ လေ့တက်တို့ကိုသာ ကူဆွဲလော့ခတ်ကာ သူတို့ရွာ လိပ်ခမော်ဆိပ်က ထွက်ခွာလာကြလေသည်။

သူတို့သည် မျှော်မှန်းထားသည့်အတိုင်း လေသင့်ရေသင့်ဖြင့် နံနက်နေထန်းတစ်ဖျားအမြင့်မှာရောက်လာကြသည်။ လေ့ကို လှိုင်းရေလွှတ်ရာသို့ တွန်းတင်လာကြ၏။ သူတို့မှာ ပေါင်းခရုကြီးတွေ တစ်လေ့မပြည့်မချင်း မြို့နှင်ကျွန်းတွင် တစ်ည၊ နှစ်ညကြာသင့်ကြာမည်ဖြစ်သဖြင့် ဒီရေ(ဖြူး)လွှတ်သော လေကွယ်ကျောက်ဆောင်ကြီးနှင့် ကသစ်ပင်တောစနားကို ဦးထော်ကြီးက စခန်းနေရာချပေးသည်။

ကျန်တင်နှင့် သာမြင့်တို့က ဒီရေကျသွားသော ကျောက်ပြင်ရေခွက်ထဲကငါးတွေကိုဆင်းဖမ်းကာ ချက်ချင်းပင် နံနက်စာကို တာဝန်ယူချက်ပြုတ်လိုက်ကြသည်။ ဦးထော်ကြီး၊ လောရှည်သိန်းအောင်နှင့် လှထွန်းတို့က ဒီရေကျသွားသော ကျောက်တန်း၊ ကျောက်ပြင်ပေါ်ဆင်းပြီး ပေါင်းခရုကြီးတွေကို ခြင်းတွေကိုယ်စီနှင့် လိုက်ကောက်ကြသည်။ သူတို့ထင်လာခဲ့သလိုပင် အိုးပုတ်လောက်၊ အုန်းသီးလောက်ရှိသော ပေါင်းခရုကြီးတွေမှာ ကျောက်ဆောင်ကြား၊ ကျောက်ပြင်၊ ကျောက်တန်းတွေအကြိုအကြားမှိုကောက်သလိုကောက်၍ ရနေကြသည်။

ပေါင်းခရုကြီးတွေ တစ်ခြင်းပြည့်သွားတိုင်း လေ့ဝမ်းထဲသွားသွန်ထည့်ကြ၏။ လေ့ပေါ်တွင် ပေါင်းခရုကြီးများတွားမတက်နိုင်အောင်ကို ကြိုတင်ပြင်ဆင်လာကြသော မျက်ကွင်းဝါးကပ်တွေနှင့် အုပ်ဖိထားကြသည်။ သူတို့သုံးယောက် တစ်မနက်လိုက်ကောက်ကြသည်မှာ ပေါင်းခရုကြီးအလုံးငါးဆယ်နီးပါးရလေသည်။

ပေါင်းခရုကြီးများ၏အခွံတွေမှာ အရောင်ပြိုးပြိုးပြက်ပြက် အချွန်အတက် အမို့အခုံးတွေနှင့်မို့ တစ်ခွံလျှင် လေးငါးဆယ်မကရနိုင်သလို ခရုပေါင်းကြီးတစ်လုံး၏အသားမှာလည်း ငါးကျပ်သား၊ တစ်ဆယ်သားရနိုင်သဖြင့် အားလုံးလောဘဇောနှင့် အပျော်ကြီးပျော်သွားကြသည်။

ကျန်တင်နှင့် သာမြင့်တို့ချက်ထားကြသော ငါးဟင်းများမှာလည်း အစပ်အဟပ်တည့်သဖြင့် ဆန်တစ်ပြည်ချက်ပင်မလောက်ဖြစ်သွားကြသည်။ ဦးထော်ကြီးကလည်း ဟင်းချက်ကောင်းသော ကျန်တင်နှင့်သာမြင့်ကို ခီးကျူစကားဆိုလိုက်ရာ -

"ဘကြီးထော်၊ ညနေစာကျရင် ပေါင်းခရုစေ့အစပ်ချက်တစ်ခွက်ထပ်ဖြည့်လိုက်ဦးမယ်ဗျ"

"ဗော့ကောင် ဟေ့ကောင် ပေါင်းခရုတွေတော့ ချမ်းသာပေးပါကွာ။ ကျောက်ဖြူမြို့က စားသောက်ဆိုင်တွေမှာ ပင်လယ်စာတွေသိပ်စွေးကောင်းနေတယ်တဲ့။ ငါးဟင်းအစပ်ချက်၊ အစိုချက်၊ အစိမ်းကင်လောက်ဆို တော်ပါပြီ မောင်ရာ"

ကျန်တင်မှာ ဘာပဲလုပ်လုပ် အလွန်အကျွံလုပ်တတ်မှန်းသိသဖြင့် လောရှည်ကြီးသိန်းအောင်ကလည်း -

www.burmeseclassic.com

"ဟေ့ကောင် ခရုအဆန်တွေတော့ မလုပ်လိုက်ပါနဲ့ကွာ။ တို့အထဲမှာ အရေးအကြီးဆုံးက လှထွန်းမိန်းမလက်ကောက်တစ်ကွင်းရဖို့ လိုတယ်။ ဒီကောင်က သူ့မိန်းမကို လက်ကောက်တစ်ကွင်းဆင်ပေးနိုင်မယ်ဆိုမှ တို့နဲ့ မလိုက်ချင်လိုက်ချင်လိုက်လာတာဟ။ နို့မို့ ကုပ်နဲ့ဆွဲခေါ်လို့တောင် မမိစိန်အနားကခွာချင်တဲ့ကောင်မဟုတ်ဘူး"

အငယ်ဆုံး လှထွန်းကို ဝိုင်းစကာ ထမင်းပွဲမှာ တဝါးဝါးဖြစ်နေကြသည်။ သူတို့ ထိုသို့မျော်ရွှင်နေကြသည်ကိုလည်း အပြစ်မဆိုသာ။ တစ်မနက် လူသုံးယောက်သွားကောက်ထားသော ပေါင်းကောင်၊ ခရုကောင်တွေမှာ လေးငါးထဲသုံးပုံတစ်ပုံခန့်ပင် ရှိနေပြီ။

ထို့ကြောင့်လည်း ထမင်းစားပြီးသည်နှင့် လူငါးယောက် ချက်ချင်းပင် ကျောက်တန်းကျောက်ပြင်မှ ရေပေါ်ရေအောက် ပေါင်းခရုကြီးများကိုလိုက်ကောက်ပြီး တစ်ခြင်းပြီးတစ်ခြင်း လေ့ဝမ်းထဲသွန်ထည့်နေကြသည်။

နေမွန်းစောင်းကြီးလောက်တွင် ညနေစာထမင်းချက်ရန် တာဝန်ယူထားကြသော ကျန်တင်နှင့် သာမြင့်တို့က ထမင်းချက်ရန်တက်လာကြစဉ် မနက်က ထမင်းဝိုင်းကိုသတိရ၍ -

"ဘကြီးထော်၊ ညနေအတွက် ခရုစေ့ဟင်းတစ်ခွက်စပ်စပ်လေးချက်ထားလိုက်ရမလား"

ဟု နောက်ထားခဲ့သေးသည်။

❑

နေလုံးကြီးက မြို့နှိုင်ကျွန်းရှိတောင်ပေါ် မေးတင်စတွင် ပေါင်းခရုကောက်နေကြသော ဦးထော်ကြီး၊ လောရှည်သိန်းအောင်၊ လှထွန်းတို့က ခရုခြင်းကိုယ်စီနှင့် စခန်းနားပြန်တက်လာကြစဉ် ကသစ်ပင်တောစပ်ကျောက်ဆောင်ကြီးများပေါ် ဝံလက်ဝှက်ကြီးများ ဝဲပျံအော်ဟစ်နေကြသည်ကို လှမ်းမြင်ကြရသည်။

"ဒီကျွန်းဝံဂျက်ကြီးတွေလည်း တယ်ပေါပါလား ဘကြီး။ အိပ်တန်းတက်ဝဲပျံနေကြတာဟာလည်း တစ်မျိုးပါလား။ ကျီးကန်းတွေ အသိုက်ပျက်လို့ အော်ဟစ်ထိုးဆိတ်နေကြသလိုပဲ"

ဟု လောရှည်ကြီးက သူတို့စခန်းဘက် လှမ်းကြည့်၍ ပြောလိုက်၏။

"ဒီကျွန်းက လူသူမနီးတော့ ဝံဂျက်ကြီးတွေပေါ်တာပေါ့ကွ။ ဝံဂျက်တွေသာ

မဟုတ်ဘူး၊ မြွေတွေလည်း အလွန်ပေါတယ်တဲ့။ မင်းတို့ညကျရင် သတိဝီရိယနဲ့ မီးဖိုကြီးဖိုပြီးအိပ်ကြရလိမ့်မယ်"

ဦးထော်ကြီးမှာ ဤမြို့နှိုင်ကျွန်း၌ ညသာမအိပ်ဘူးသော်လည်း ယခင်က တစ်နှစ်တစ်ခေါက် နှစ်ခေါက်ရောက်ဖူးထားသူဖြစ်သဖြင့် သတိပေးစကားဆိုသည်။ ဦးထော်ကြီးတို့သုံးယောက် စခန်းနားရောက်လာကြချိန်တွင် သူတို့စခန်းပေါ် လာဝဲနေသော ဝံလက်မကြီးတစ်ကောင်ကို ကျောက်ဆောင်ပေါ်ကတက်ခြောင်းနေသောကျန်တင်က မူတ်ပြောင်းနှင့်ပစ်ချလိုက်သည်ကို မြင်လိုက်ကြရသည်။

ကြက်မတမ်းမသာသာရှိသော ဝံလက်ဝှက်ကြီး သဲပြင်ပေါ် မူတ်ဆူးတန်းလန်းနှင့်ထပျံရန်ကြိုးစားနေစဉ် ကျန်တင်သည် ကျောက်ဆောင်ပေါ်က ချက်ချင်းခုန်ဆင်းလိုက်ကာ ဝံလက်မကြီးကို ခုန်အုပ်ပြီး လည်ပင်းလိမ်သတ်လိုက်သည်။ ကျန်တင်က ဝံလက်မကြီးတစ်ကောင်အား ဝါးပြောင်းနှင့်ပစ်ချသတ်လိုက်သော်လည်း ကျန်ဝံလက်အကောင်လေးငါးဆယ်တို့မှာ ပို၍ဆူညံစွာအော်ဟစ်လာကြပြီး ကျန်တင့်ခေါင်းပေါ်ကို လည်း အတင်းဝင်ထိုးဆိတ်ကြသည်။

သူခေါင်းပေါ် အတင့်ရွှာပျံဝဲထိုးဆိတ်လာကြသော ဝံဂျက်ရိုင်းကြီးများကို ကျန်တင်ကဝါးပြောင်းနှင့်လှမ်းရိုက်သည်။ ထိုအခါမှ ဝံဂျက်များသည် မိုးပေါ်ပျံတက်ကာ အော်ဟစ်နေကြပြန်သည်။

"ဟဲ့ဟဲ့-ဘကြီးထော်၊ခရုစေ့စပ်စပ်ဟင်း ဘာလုပ်တော့မှာလဲဗျ။ ဝံဂျက်သားဝဲစားကြထော့မှာပေါ့။ ဟေ့ကောင် သာမြင့်၊ မြန်မြန်အမွေးနုတ်ပြီးဖုတ်ချက်ချက်ကွာ။ ညနေစာအတော်ပဲ"

ယခုမှ ပေါင်းခရုကောက်ရာက တက်လာကြသော ဦးကြီးထော်တို့ကျန်တင်၏ သွက်လက်ချက်ချာမှုနှင့် လိုရမည်ရ မြွေပါးကင်းပါးဆောင်ယူသော ဝါးမှုတ်ပြောင်းနှင့် ဝံလက်ဝှက်ဖမ်းသည်ကို မြင်လိုက်ကြသောအခါ အံ့သြသွားကြသည်။ ထို့ထက်အံ့သြရကောင်းသည်မှာ ညနေစာထမင်းဝံလက်ဝှက်ဥကြော်နှစ်ပန်းကန်လည်း အပြည့်အမောက်ပင်။

"ဟ- ကြက်ဥကြော်တွေလားကျန်တင်ရာ မင်းကြက်ဥတွေလည်းလာ. . .

"မဟုတ်ပါဘူး ဘကြီးထော်ရဲ့ ဝံဂျက်ဥကြော်တွေလေဗျာ"

"ဟယ်- တယ်ဟုတ်ပါလား။ ဂျက်ဥကြော်တေ မင်းတို့ဘယ်လိုလုပ်ကြလဲ"

"ပြောမနေနဲ့ ဘကြီးထော်ရယ် ကသစ်ပင်တောထဲမှာ ဝံဂျက်သိုက်များများစားစား ကျူပ်တို့ငါးယောက် တစ်လလို့တောင်ကုန်မှာမဟုတ်ဘူးဗျို့။ ကျွန်တော်တို့ထမင်းချက်ဖို့တာကြတော့ ကသစ်ပင်တောထဲမှာ ဝံဂျက်တွေ့လို့ ပစ်ဖမ်းမယ်သွားကြတွေ့လာခဲ့ကြတာဗျ။ ဒါဝံလက်အသိုက်နှစ်သိုက်က ဥခြောက်ဆယ်သေးတယ်။ နောက်အသိုက်တွေကြီး အများကြီးကျန်သေးတယ်ဗျ"

"ဟဲဟဲ - အေးကွ၊ အဲဒါကြောင့် ငါကလည်း မင်းတို့ရွေးခေါ်လာတာ၊ ဒီလို. . .

"ဒါလေးလည်း ဆေးဖြစ်ပါလာသေးတယ်ဗျ ဟီးဟီး။ ဂျက်ဥနဲ့ ဘကြီးထော်က လူကြီးမြည်းလိုက်ဗျ ဟဲဟဲ"

ကျန်တင်သည် လှေထဲကပုလင်းကိုဆွဲထုတ်လာကာ ဦးကြီးကို ဦးဦးဖျားဖျားစတိုက်၏။ ဂျတို့ကိုက်လာရာ သူတို့အထဲတွင် အဖြစ်သော လှထွန်းအလှည့်ရောသည်။ ကျန်တင်တို့က်သောအလှထွန်းက ငြင်းပယ်လိုက်သည်။

"ဒီကောင်က အကောင်းအကောင်းဖြစ်မယ့်ကောင်မဟုတ် မင်းမသောက်ရင် သာမြင့်ချတော့"

ကျန်တင်က သူ့အကောင်းလုပ်လို့ အကောင်းကောင်မဟုတ်ဘူးဆိုသော ကျန်စကားကို ဦးထော်ကြီးကတော့သည်။

မေစိန် ကိုယ်ဝန်ရှိ

www.burmeseclassic.com

www.burmeseclassic.com

လှထွန်းက ဝံငှက်ဥကြော်နှင့် ဝံသားကို လည်း မစား။ သူမိဘတို့၏အစဉ်အလာ စကားက ဇနီးသည်ကိုယ်ဝန်ရှိနေချိန်တွင် သူတစ်ပါးအသိုက်အမြုံ၊ သူတစ်ပါးသားသမီး၊ သူတစ်ပါးသားမယား၊ တိရစ္ဆာန်တို့၏အသိုက်အမြုံကို မဖျက်ဆီးကောင်း၊ ဥကိုလည်းမစားကောင်းဟု ဆုံးမစကားကိုသတိရ၍ ခရမ်းသီးငရုတ်သီးဟင်းတို့နှင့်သာဝိုက်ဖြည့်လိုက်သည်။

"အောင်မာ-ဟော့ကောင်၊ မိစိန်မှာ လိုက်လို့လား။ ဒီမှာ ဘကြီးထော်တစ်ယောက်လုံးပါပါတယ်ဟ။ ဒီလိုကျွန်းပေါ်မှာ အစားအသောက်ပေါပေါနဲ့နေရရင် ငါတို့တော့ အိမ်ကကောင်မတွေကိုတောင် သတိမရပါဘူးကွာ။ ဖြစ်နိုင်ရင် ဝံလက်ဌက်ကြီးသား၊ ဝံလက်ဌက်ဥစားပြီး တစ်သက်လုံးတောင် ဒီကျွန်းပေါ်နေသိုက်ချင်စမ်းပါ့ကွာ။ ဟာ-ဒီငှက်တွေ အတင့်ရဲလှချေလား။ တောက်- အိုးထဲသင့်ဖို့ မနက်ဖြန်တောင် တစ်ရက်တလေစောင့်နိုင်တော့တဲ့အကောင်တွေ သိကြရော့ပေါ့ကွာ။ သာမြင့် ငါပန်းကန်ကို ဆေးထားလိုက်တော့"

စောစောက ဝါးပြောင်းနှင့် သူသိုက်ရိုက်၍ မိုးပေါ်ပျံဝဲတက်သွားကြသော ဝံလက်ဌက်တွေမှာ သူတို့ထမင်းစားနေကြရာ ခေါင်းပေါ် လာဝဲထိုးဆိတ်သာကြပြန်၍ ကျန်တင်က ဝါးပြောင်းဆွဲပြီး လိုက်ရိုက်ပြန်၏။ သူလိုက်သာဖြင့် ဝံငှက်များသည် မိုးပေါ်တက်သွားကြပြန်၏။ အချိန်မှာလည်း နေဝင်ချိန်ပြုပြီဖြစ်သဖြင့် ဝံလက်ဌက်အုပ်ကြီးကလည်း ပြန်မလာကြတော့ဘဲ သူတို့၏အသိုက်အမြုံရှိရာ ကသစ်ပင်တောထဲသွားကြလေ၏။

❑

မြွေနှင်ကျွန်းတွင် ပေါင်းခရုကြီးတွေ ပေါသည်မဟုတ်။ ဝံလက်သား၊ ဝံငှက်ဥတွေကိုလည်း အလွန်ပယ်စားခဲ့ကြတစ်ညနှစ်ရက်ကောက်ရုံနှင့် လှည်းသွား၏။ ထို့ကြောင့် ယနေ့ညနေမင်းကို စောစောစားကာ ရေသင့်ပြန်ကြရန် လှေကို ရေစပ်သို့တွန်းချကြသည်။

ထိုအချိန်မှာပင် နေ့ခင်းနေ့လယ်ရောရာမှပြန်လာကြသော ဝံငှက်သည် ဦးထော်ကြီးတို့ဆီ ဝဲပျံအော်သွားကြပြန်၏။ ဦးထော်ကြီးတို့ပြန်လာတော့မည်ကိုသိ၍လား။ ဤတစ်ခါအတင်းပင်ဝင်ထိုးဝင်ဆိတ်လိုက်ကိုက်ကြတော့သည်။ ဝံလက်ဌက်ကြီးအကောင်လေးငါးဆယ်အော်မြည်ထိုးဆိတ်ဝိုင်းကိုက်ခြင်းကို မမျှော်လင့်ဘဲခံနေကြရသဖြင့် လူတွေမှာ တော်တော်နှင့် မြွေနှင်ကျွန်းမှ မထွက်ခွာနိုင်ဖြစ်နေကြသည်။

နောက်တော့ လူတွေကလည်း ဝံလက်ဌက်အုပ်ကြီးများအတင်းထိုးဆိတ်ဝင်ကိုက်နေကြသည့်ကြားက လှေကို ရေထဲတွန်းချလာကြရာ လူတွေ အရပ်ထောက်မမီတမီဖြစ်တော့မှ လှေပေါ် ကို တွယ်တက်ပြီး ပင်လယ်ထဲခတ်ထွက်လာကြ၏။ ထိုအချိန်ထိလည်း ဝံငှက်ကြီးတွေက လိုက်လံထိုးဆိတ်အော်ဟစ်၍ လိုက်ပါလာကြတုန်း။ ဦးထော်ကြီးတို့ကလည်း ဝံလက်ဌက်တွေကို တွက်နှင့်ရိုက်၊ ဝါးပြောင်းနှင့်ရိုက်၊ ဓားနှင့်လှမ်းခုတ်လုပ်ကြရာ ဝံငှက်အချို့မှာလည်း သေသည့် အကောင်ကသေ၊ ခြေကျိုး၊ အတောင်ကျိုး၍ ရေထဲကျသည့်အကောင်ကကျနှင့် ဦးထော်ကြီးတို့ ရေရိုးနားရောက်၍ မှောင်ကြီးမည်းကြီးရောက်တော့မှ သူတို့အသိုက်အမြုံရှိရာ မြွေနှင်ကျွန်းဘက်အော်ဟစ်၍ ပြန်သွားကြသည်။

"ဒီအတိုင်းဆို သန်းခေါင်ကျော်လို့တောင် ရွာပြန်ရောက်ပါ့မလား။ ခုဘယ်..."

"ဟဲ့"

ဝံလက်ဌက်အုပ်ကြီးနှင့် နပန်းလုံးတိုက်ခိုက်ရိုက်သတ်နေခဲ့ကြရ၍ အချိန်တစ်နာရီကျော်၊ နှစ်နာရီခန့် အချိန်ကုန်ခဲ့ကြရာ ခရီးဖင့်သွားသည်ကို လှထွန်းက စကားလုပ်ပြောလိုက်ရာ ဦးထော်ကြီးမှာ ကမန်းကတန်းဟန့်လိုက်ရ၏။

သဘောမှာ ပင်လယ်ခရီးသွားများအတွက် ရွာရောက်မည့်အချိန်ကို မမေးကောင်း၊ မပြောကောင်း၊ စကားမထွက်ကောင်းဟူသော သဘောကြောင့်ပင်။ ထိုအချိန်မှာပင် နှစ်နှစ်စပ်လေ့ရှိက်ကို ရုတ်တရက် ပြောင်းပြန်ဖြတ်တိုက်သွားသော လေရဟတ်တစ်လုံးကြောင့် လှေနံတစ်ဖက်စောင်းသွားသည်။ လောဘတကြီးနှင့် အလွယ်ကောက်၍ရသောပေါင်းကြီးခရုကြီးများကို မဆုံရင်ကာတင်လာကြသောလှေထဲ ရေတွေဝင်သွားသည်။

"ဟဲ့ဟဲ့-ရွက်ကိုတည့်ကြပါဦးဟ"

တက်မကိုင်ဦးထော်ကြီး၏စကားမဆုံးမှာပင် နောက်ထပ် လေရဟတ်လေပွေကြမ်းကြီးတစ်လုံးသည် ဦးထော်ကြီးတို့၏လှေကို ကိုင်မွှေ့ပစ်လိုက်သလို ချာချာလည်သွားလေသည်။

အမှန်မှာ သူတို့ မြွေနှင်ကျွန်းကမထွက်ခွာမီကပင် အနောက်တောင်ဘက်ယွန်းယွန်းတွင် တိမ်နီတစ်ကြောင်းပင်လယ်ပြင်ထဲကလွင့်တက်နေသည်ကို ဝံလက်ဌက်တွေနှင့် ရှုပ်ယှက်ခတ်လုံးပန်းနေခဲ့ကြရသဖြင့် သူတို့သတိမထားမိခဲ့ကြ။

ဘင်္ဂလားပင်လယ်ပြင်ကြီးထဲတွင် ဤသို့တိမ်နီထွန်းပြီဆိုလျှင် လေပွေလေရဟတ်တစ်လုံးသည် မကြာမီမုချရောက်လာတော့မည်ဆိုသည်ကို ပင်လယ်သွားလေ့သူကြီးတိုင်း သိကြ၏။ ပင်လယ်ကြီး၏မာယာမှာ ခုနီလို့ခုဝါတယ်ပြာချင်ပြာမျိုင်းတော့အချို့' ဆိုသလို အပြောင်းအလဲမြန်လှသည်။ ပကတိငြိမ်သက်နေသောရေပြင်သည် လေပွေလေရဟတ်လာပြီးဆိုလျှင် မျက်တောင်တစ်ခတ်လျှပ်တစ်ပြက်အတွင်း၌ပင် လိုင်းလုံးကြီးတွေတောင်လိုမြင့်သွားကာ ရေပြင်ရှိအရာဝတ္ထုမှန်သမျှကို ပင်လယ်ကြမ်းခင်းပြင်အောက်သို့ အရောက်ရိုက်ချပစ်တတ်သည်။

ထို့ကြောင့်လည်း အပြောင်းအလဲမြန်ဆန်သော ပင်လယ်သွားတို့၏စိတ်မချရမှုကို 'စစ်ထွက်ယောက်ျား၊ မြွေသမားနှင့်၊ ရေသွားခရီး၊ ဆင်စီးတမျှ၊ စိတ်ကဘယ်ခါ၊ မချရဘူး' ဟု ရှေးရှေးပညာရှိများ အဆိုရှိခဲ့လေသည်မဟုတ်ပါလား။

ဦးထော်ကြီးတို့လှေကို လေပွေရဟတ်ကြီးက မွှေ့ယမ်းပစ်လိုက်သော အခါ လိုင်းလုံးကြီးတွေကလည်း ဒေါသတကြီးနှင့် ပင်လယ်ကြမ်းခင်းပြင်အောက်အရောက်ပေါက်ချလိုက်လေသည်။ လှေပေါ်မှလွင့်စဉ်သွားသော လူငါးယောက်ထဲမှ လှထွန်းတစ်ယောက်ကိုသာ သူတို့ရွာနှင့် သုံးလေးမိုင်ဝေးသော မလှကျွန်းရွာအောက် သဲသောင်ပြင်တွင် နောက်တစ်နေ့မနက်၌ မျှောက်လျက် သတိမေ့တွေ့ကြရလေသည်။

မလှကျွန်းရွာသား တံငါသည်များက လှထွန်းအား ကျောက်ဖြူမြို့ဆေးရုံကို ချက်ချင်းသွားတင်ပို့ကြသည်။ မြွေနှင်ကျွန်းသွား ပေါင်းခရုကောက်အဖွဲ့မှ အသက်ရှင်ကျန်ရစ်သူဆို၍ လှထွန်းတစ်ယောက်သာဖြစ်လေသည်။

ကျန်လူလေးယောက်ကို မူကားအလောင်းပင်ရှာမရခဲ့ကြပေ။

ဒိုးကျော့

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြင့်မောင်မောင်
အချစ်ကိုမှီသော သောကဝေနာ

(ရန်ကြီးအော်)

(၁)

မဒ္ဒဝမင်းကြီးသည် တိုင်းသူပြည်သားများအပေါ် လွန်စွာသနားကြင်နာတော်မူတတ်သည့်ဘုရင်မင်းမြတ်တစ်ပါး အဖြစ် အတိုင်းတိုင်းအပြည်ပြည်အနှံ့ကျော်ကြားလေ၏။

အခါတစ်ပါး၌ တိုင်းကြပ်မင်းကြီးအား မနာလိုကြသော လူတစ်စုက တိုင်းကြပ်မင်းကြီးသည်- တိုင်းပြည်ကို ပုန်ကန်၍ ဗိုလ်ပါရဲမက်များစုဆောင်းလျက်ရှိပါသည်ဟု မဒ္ဒဝမင်းကြီးအား သံတော်ဦးတင် လျှောက်ထားကြသည်။ ရှေ့နောက်ဆင်ခြင်နိုင်စွမ်းရှိသော မဒ္ဒဝမင်းကြီးသည် ထိုစကားဟုတ်၊ မဟုတ်ကို အကြိမ်ကြိမ်အထပ်ထပ်စုံစမ်းစစ်ဆေးကြည့်သောအခါ တိုင်းကြပ်မင်းအား မတရားစွပ်စွဲထားခြင်းကို တွေ့ရသဖြင့် တိုင်းကြပ်မင်းအားအပြစ်မဲ့ခွင့်လွှတ်တော်မူခဲ့သည်။ ထို့ကြောင့် တိုင်းကြပ်မင်းကြီးသည် မဒ္ဒဝမင်းအားအလွန်ချစ်ခင်ကြည်ညိုသောကြောင့် အသက်ဆယ့်ခြောက်နှစ်မျှသာရှိသေးသော သမီးချောကလေးအား မင်းကြီး၏ခြေရင်း အလုပ်အကျွေးအခစားအဖြစ် ဆက်သခဲ့လေသည်။

တိုင်းကြပ်မင်း၏ သမီးလေးသည် အသက်၏ငယ်ရွယ်ခြင်း၊ အရေအဆင်းကောင်းခြင်းတို့ကြောင့် ဝဏ္ဏသိဂ်ီဟူသော အမည်ဖြင့် မိဖုရားငယ်အဖြစ် မြှောက်စားခြင်းခံရလေသည်။

မင်းကြီးသည် မိဖုရားငယ်ဝဏ္ဏသိဂ်ီအား အလွန်ချစ်ခင်လွန်းသဖြင့် အလိုလိုက်တော်မူသည်။ ဝဏ္ဏသိဂ်ီကလည်း မင်းကြီးအလိုလိုက်ခြင်းကို အရေးယူ၍ လိုချင်တာမှန်သမျှ မေ ပူဆာတတ်လေသည်။

ဘုရင်မင်းမြတ်တို့မည်သည် နေ့တိုင်း မှူးကြီးမတ်ရာသေနာ နှင့် တွေ့ထိညီလာခံရမြဲဖြစ်၏။ ဗိုလ်ပါအစုံအလင်ဖြင့် ညီလာခံသို့ မိဖုရားငယ်တို့ လိုက်ပါရခြင်း ချေ။ အကန့်တော့်ခံညီလာခံမှိုင်း အဘိသိက်တော်ခံမိဖုရားပါ တွဲ ညီလာခံရတတ်ပေသည်။

မိဖုရားငယ်ဝဏ္ဏသိဂ်ီသည် လိုက်ပါခွင့်မရှိသော ညီလာခံသ အလွန်လိုက်ပါလိုလှသည်။ ထို့ကြော မိမိအဆောင်သို့ မင်းကြီးကြွချီလာ အခါ ညီလာခံသဘင်ဆင်ယင်ကျ သည်ကို အလွန်မြင်ဖူးချင်၍ လိ ခွင့်ပြုရန် အတန်တန်ပူဆာခဲ့သည်။

နှမတော်ရဲ့၊ ညီလာခံ ကိုယ်ထက်အသက်သိက္ခာပညာကြီး တဲ့ပုဂ္ဂိုလ်များရဲ့အမြင့်ပလ္လင်ထက် ရတာမို့ မိဖုရားငယ်ပါလာခဲ့ရင် လျော်ဘူး။ ဒါကြောင့် ညီလာခံ ဆင်ယင်ရာဌာနကိုမလိုက်ချင်ပါနဲ့

ဟု အကြောင်းပြပြောဆိုခဲ့

သို့ရာတွင် ဝဏ္ဏသိဂ်ီကား ရွယ်သူမျှဖြစ်၍ မင်းကြီးပြောပြ အကြောင်းအကျိုးစကားကို နား ချေ။ မိမိကို မချစ်လေသောကြောင့ မခေါ်ခြင်းဖြစ်သည်ဟု နှဲ့ဆိုးစ လေသည်။ မချစ်လို့ဆိုသော မင်းကြီးမကြားချင်။ ဝဏ္ဏသိ မင်းကြီးအလွန်ချစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် -
"ကဲ - ဒီလောက်လိုက်ချင်ရင်
လိုက်ခဲ့ပေတော့"

ခစားယောကျ်ားတို့သည် မင်းရင်ပြင်ဝယ်
ဒူးကိုတုပ်၍ ကိုယ်ကိုညွှတ်ကိုင်းကာ
ဦးခေါင်းကို နန်းကြမ်းပြင်နှင့်ထိအောင်
ငြိမ်သက်စွာ ခစားနေကြလေသည်။
လျှောက်ထားရန်အလှည့်ကျမှ တစ်ဦး
ချင်းလျှောက်ထားရသောကြောင့် နန်း
ရင်ပြင်၌ မင်းပရိသတ်များသော်လည်း
ဆူညံခြင်းမရှိ ငြိမ်သက်လျက်ရှိကြသည်။
ထိုတည်ကြည်ငြိမ်သက်မှုကိုဖောက်ဖျက်
သူတစ်ဦးကားရှိ၏။ ထိုသူကား မဒ္ဒဝ
မင်းကြီး၏အချစ်တော် အသက်တမျှ
အချစ်ဆုံး ဝဏ္ဏသီဒေဝီဖြစ်ပေသည်။
ဝဏ္ဏသီဒေဝီသည် မဒ္ဒဝမင်းကြီး၏
လက်ဝဲဘက် ပလ္လင်ထက်ဝယ် ငြိမ်ငြိမ်

ဟု ညီလာခံသို့လိုက်ရန် ခွင့်ပေး
တော်မူလိုက်သည်။
ညီလာခံသဘင်၌ တော်နေရာတော်၊
နေရာဒူး မိမိတို့ရာထူးအလျောက်
နေကြသော မင်းပရိသတ်ကား
ဆွန်များပြားလှ၏။ အားလုံးသောမင်း

www.burmeseclassic.com

www.burmeseclassic.com

သက်သက် ဒူးတုပ်ကာထိုင်လျက်ရှိပါ၏။ သို့ရာတွင် ဝဏ္ဏသိဒ္ဓိ၏မျက်လုံးကား အငြိမ်မနေပါချေ။ များပြားသောမင်းပရိသတ်တို့အား ထိုမှဤမျှ အပြန်ပြန်အလှန်လှန်ကြည့်နေသည်။ မင်းပရိသတ်တို့၏ရှေ့တန်းတွင် ပုရောဟိတ်သားအဖတို့ ခစားနေကြသည်။ ပရောဟိတ်၏သား ဥပပရောဟိတ်သည် အသက်အရွယ်နှစ်ဆယ်ကျော်ခန့်သာရှိသေး၏။

ဓာတ္တသိုလ်ပြည်မှ ပြန်လည်ဆိုက်ရောက်လာသည်မှာ မကြာသေးချေ။ ပြည့်ဖြိုးဝါဝင်းသောအသား၊ ဝင်းလက်တောက်ပသောမျက်လုံး၊ နုနယ်သောအရွယ်တို့ကြောင့် ထိုမင်းပရိသတ်အလယ်ဝယ် ရွှေဟင်္သာမင်းသဖွယ် တင့်တယ်လှလေသည်။

ဝဏ္ဏသိဒ္ဓိသည် မင်းပရိသတ်များကို အပြန်ပြန်အလှန်လှန်ကြည့်နေရာမှ ရှေ့တန်း၌ခစားနေသော ပရောဟိတ်၏သားကိုမြင်ရသောအခါ သူမ၏မျက်လုံးသည် အခြားသို့မရွေ့တော့ဘဲ ပရောဟိတ်၏သားကိုသာ အဖန်ဖန်တလဲလဲကြည့်နေတော့သည်။ သို့သော် ထိုအချိန်တွင် ပရောဟိတ်၏သား လျှောက်တင်ရန်အလှည့်မဟုတ်သေးသဖြင့် မျက်နှာကို ပြည့်ပြည့်ဝဝ မမြင်ရသေးချေ။ ပြည့်ပြည့်ဝဝမမြင်ရသေးပါသော်လည်း ချောမွေ့လှပသောမျက်နှာရှင်ဖြစ်လိမ့်မည်ဟူ၍ကား စိတ်တွင်းက သူသိနေသည်။ ထို့ကြောင့် မျက်နှာကိုမြင်ရအောင် ပရောဟိတ်သားကို မျက်ခြည်မပြတ်ကြည့်နေလေသည်။

(၂)

ဝဏ္ဏသိဒ္ဓိ၏ အလိုဆန္ဒပြည့်ဝပါလေပြီ။ မဒ္ဒဝမင်းကြီးသည် တစ်ဦးပြီး တစ်ဦးမေးသင့်မေးထိုက်သောအကြောင်းများကို မေးမြန်းခဲ့ရာမှ ပရောဟိတ်သား၏သားအလှည့်သို့ အမေးရောက်သောအခါ ပရောဟိတ်သားသည် ဦးခေါင်းကို ငုံ့ထားရာမှ မျက်နှာကိုမော့၍ လက်အုပ်ချီကာ လျှောက်တင်လိုက်လျှင်ပင် အပေါ်မှဝီးကြည့်နေသော ဝဏ္ဏသိဒ္ဓိနှင့် မျက်လုံးချင်း တိုက်ဆိုင်မိကြလေတော့သည်။

ဝဏ္ဏသိဒ္ဓိ၏မျက်လုံးနှင့်ဆုံလျှင်ဆုံချင်း ဤအမျိုးသမီးကား မဒ္ဒဝမင်းကြီး၏ချစ်မင်းသေ ဇနီးသက်ထား မိဖုရားပါတကား။ နောက်တစ်ဖန် ငါပြန်၍ကြည့်ရန်မသင့်ဟု သတိဖြင့်ချုပ်တည်းကာ မျက်နှာကိုအောက်သို့ချလိုက်လေသည်။ ထို့ကြောင့် ဝဏ္ဏသိဒ္ဓိနှင့်ပရောဟိတ်တို့မြင်ခြင်းကား တစ်ကြိမ်တစ်ခါတည်းသာဖြစ်ပါ၏။ သို့သော် ထိုတစ်ကြိမ်တစ်ခါကား ပြင်းထန်စွာအဆိပ်ပါသောမြားဖြင့် တစ်ကြိမ်ထိခံရသော သမင်ငယ်တစ်ကောင်မျှသာ ဖြစ်ပါလေတော့သည်။

ပရောဟိတ်၏သားသည် ညီလာခံသဘင်မှ အိမ်ပြန်ရောက်လျှင် မည်သူကိုမျှ စကားမပြောနိုင်တော့ဘဲ တိုက်ခန်းအိပ်ရာထက် ကိုယ်ကိုပစ်ချလိုက်တာကာမဒေဝနတ်သား၏ဖမ်းစားခြင်းကိုခံလိုက်ရလေတော့၏။ ထမင်းစားချိန်ကျလျှင် မယ်တော်ပုဏ္ဏားကြီးက သားအိပ်ရာအခန်းတွင်းသို့ ဝင်ရောက်လာပြီးလျှင်-

"သား၊ သား ထတော့လေ။ ဘယ့်နယ် အချိန်အခါမဟုတ် အိပ်နေရတာလဲ။ နေမကောင်းလို့လားဟင်"

ဟု မေးလာသည်။

"နေကောင်းပါတယ် မေမေ၊ နည်းနည်းညည်းစိစိဖြစ်နေလို့ပါ"

"ထမင်းစားကြရအောင်လေ။ ဟို မှာ ပြင်ပြီးကုန်ပြီ၊ ထတော့နော် သား"

"သား ထမင်းမဆာဘူး။ မေမေ တို့သာ စားကြပါတော့"

"အို - ဘာကြောင့်မဆာရတာတုံးကွယ်။နေများမကောင်းလို့လား။ မှန်စမ်းသား နဖူး။ အို-ကိုယ်လည်းမပူပါဘူး။ သားဘာဖြစ်တာလဲ။ မေမေ့ကိုပြောပြစမ်း"

"သားဘာမှမဖြစ်ပါဘူး မေမေ။ ညည်းစိစိဖြစ်နေလို့ပါ။ ဆာမှစားပါ့မယ်။ မေမေတို့သာစားနှင့်ကြပါ"

"အေးအေး - ဒီလိုဆို မေမေတို့စားနှင့်ကြတော့မယ်နော်"

"ဟုတ်ကဲ့ - မေမေတို့သာစားနှင့်ကြပါဗျာ"

(၃)

ပရောဟိတ်သား အိပ်ရာထက်၌လဲ၍ အာဟာရပြတ်ခဲ့သည်မှာ (၂) ရက်ရှိခဲ့ပေပြီ။ မိခင်ကြီးသည် အလွန်စိုးရိမ်သဖြင့် ဆေးဆရာသမားတော်များကို ခေါ်ယူစမ်းသပ်ရာ ဆေးဆရာသမားတော်ကြီးများက မည်သည့်ရောဂါမျှမရှိဟုဆိုသည်။ သို့ရာတွင် (၂) ရက်၊ (၃) ရက်အာဟာရပြတ်ခဲ့သဖြင့် ကိုယ်ကာယနွမ်းလျက်နေချေပြီ။ ထို့ကြောင့် မိခင်ကြီးသည် သားအတွက် စိတ်မအေးနိုင်သဖြင့် ဖခင်ဖြစ်သူ ပုဏ္ဏားကြီးအား -

"ရှင့်သားကိုဒီလိုပဲကြည့်နေမှာလား။ သားလေးက ဘာဖြစ်တာတော့။ ဒီလိုနဲ့ ကျွန်မရဲ့သားလေးရော နဖူးရတော့မယ်ထင်တယ်"

ဟု မျက်ရည်လည်ရွဲဖြင့်ပြောလေ၏။

"အေးကွ ငါလည်းစဉ်းစားနေပဲ။ ဒီကောင် ဘာဖြစ်တာလဲလို့။ စမ်းသပ်ကြည့်တော့လည်းဘာရောဂါမှမတွေ့ဘူး။ ဒီတော့ ဒီအကောင်ရောဂါဖြစ်နေပြီလို့ ငါထင်တယ်"

"ဘယ်လိုစိတ်ရောဂါလဲ ပြောကြီးရယ် လုပ်ပါဦး"

"စိတ်ရောဂါဆိုတာ တစ်ယောက်ကို စွဲလမ်းပြီးဖြစ်တဲ့ရောဂါပေါ့ကွယ်။ ဒီအရွယ်မှာ ဒီရောဂါမျိုးတတ်တာပဲ။ သားကရွတ်တတ်တော်တော်နဲ့မေးလို့ရလိမ့်မယ်မထင်။ သို့ပေမယ့် ဒီရောဂါရင်းပေါ် အောင်ရတော့မှာပဲ အမေကြီးရေ"

"ဒီလိုဆို မြန်မြန်မေးပါ။ သူတာရှိရင်လည်း မောင်ကြီးတို့တွန်စီစဉ်ပေးရမှာပေါ့ ဟုတ်ဖူးလား"

"အင်း - မင်းသားအတွက် စီစဉ်ပေးလို့ဖြစ်များမှဖြစ်ပါ့မလား"

"ဘာကြောင့် များမဖြစ် မောင်ကြီးရဲ့။ ဘယ်နည်းနဲ့မဆို အောင်စီစဉ်ပေးရမှာပေါ့"

"ဘာကြောင့်မှမဟုတ်ပါဘူး မင်းသားက ပြောချင်မှပြောမှာမို့ပါ"

"မပြောပြောအောင် လုပ်လေ ဟာ မောင်ကြီးတို့ယောကျ်ားများတာ အမေဖြစ်သူက မေးရမှာမကောင်းလွန်းလို့ပါ။ ဘာပဲဖြစ်ဖြစ် ကျွန်မကိုယ် မေးလိုက်ချင်ပြီ"

"မေးရအောင် မေးပေါ့ မယ်မင်းကြီးမ စိတ်အေးအေးသာနေပါကွယ်"

(၄)

ပုဏ္ဏားကြီးသည် သားအိပ်အခန်းတွင်းသို့ဝင်ရောက်၍ သားနဲ့၌ထိုင်ချလိုက်ပြီးလျှင် သား၏နဖူးလက်ဝါးဖြင့်စမ်းကြည့်လိုက်သည်။

"သားဘာဖြစ်နေတာလဲတုံး ဖေဖေ့ကိုပြောစမ်းပါဦး"

"သား ဘာမှမဖြစ်ပါဘူး မေ

"မင်းဟာက ဘာမှမဖြစ်ဘူး ဆိုတယ်။ အိုဝ်ရာကမ္မဏ၊ အစား မစားဆိုတော့ခက်တယ်သားရယ် ဖြစ်တာကိုပြောပါ။ ဖေဖေတို့တာ

www.burmeseclassic.com

www.burmeseclassic.com

သလောက်လုပ်ပေးမှာပေါ့ သားရဲ့"

"သား ဘာမှမဖြစ်ပါဘူး ဖေဖေ။ သားဘာမှမဖြစ်ပါဘူး"

"သားဘာမှမဖြစ်ဘူးဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဖေဖေရယ်"

"ဘာမှမဖြစ်ပါဘူးလို့ သားက ပြောပေမယ့် သားဖြစ်နေတာကို ဖေဖေသိပါတယ်။ ဖေဖေသိတာကိုပြောပြမယ် ယောကျ်ားချင်းပဲကွာ။ သား ဘူးမကွယ် ရဘူးနော်"

"ဘာပြောမှာလဲဖေဖေ၊ သားဘူးမကွယ်ပါဘူး ကတိပေးပါတယ်"

"အေး - ဟိုတစ်နေ့ကညီလာခံမှာ ငြင်းတရားကြီးရဲ့ မိဖုရားငယ်လေးပါခဲ့တယ်လေ။ သားမှတ်မိရဲ့မဟုတ်လား"

"မှတ်မိပါတယ် ဖေဖေ"

"အဲဒီမိဖုရားလေးကို ဖေဖေက အကဲခတ်နေတယ်ကွယ်။ မိဖုရားငယ်လေးဟာ သားကိုကြည့်ပြီး ညို့ယူစားနေတယ်။ စပါးကြီးမြွေညို့ခံရတဲ့သားကောင်ဟာ စပါးကြီးမြွေရဲ့ခံတွင်းသာယာဖွယ်ထင်ပြီးဝင်ရောက်သေရသလို မသတ္တဝါရဲ့အညို့ကိုခံရတဲ့ယောကျ်ားသားကောင်ဟာလည်း သတ္တဝါအပေါ် သာယာဖွယ်ထင်ပြီး သက်နှင်းကြရတယ်။ အခုလည်း သားဟာ မိဖုရားငယ်ရဲ့အညို့ကိုခံနေရတာတယ်မဟုတ်လား။ ဖေဖေ့ကို ပြောကောင်းဘူး။ ဟုတ်ရင်ဟုတ်သလို့ပြောစမ်း"

"မှန်စွာပြောပါ့မယ်။ဟုတ်ပါတယ် ဖေဖေ"

"အေး ဒီတော့ ဖေဖေပြောပြမယ်နော်။ လောကမှာ အညို့ဓာတ်ကို အညို့ဓာတ်တစ်ခုနဲ့ပယ်ရင် ပြေပျောက်နိုင်တယ်။ သားအညို့ခံနေရတဲ့ မိဖုရားလေးဟာ ယဉ်သူမဟုတ်ဘူး။ ကာမပိုင်လင်းနေတယ်။ ဒီတော့ မိဖုရားလေးလို အာလုပတဲ့ အပျိုကလေးတွေမှာအများကြီးရှိတယ်။ ဘယ်သူငယ်သလဲပြော။ မရရအောင် အဖေးမယ်။ ကိုယ်နဲ့မတန်တဲ့မိဖုရားတော့ မရည်မှန်းနဲ့ပေါ့သားရယ်"

"သားသိပါတယ် ဖေဖေ၊ မိဖုရားလွတ်လပ်သူမဟုတ်ပါဘူး။ သူ့မှာရမယ်လို့ မမျှော်မှန်းဝံ့ပါဘူး။ ဖေဖေရယ် သားဟာ ဝဋ်သားမဲသိပါဘူး။ ရမှာမဟုတ်သိပါလျက် စွဲမက်တဲ့စိတ်ကို ဖြေမရပါဘူး။ သူ့ကိုမရရင် အသက်စွန့်ဖို့အတွက် သားအရဲသင့်ဖြစ်နေပါတယ်။ သူမှတစ်ပါး ဘယ်မိန်းမကိုမှလည်း သားမရချင်ပါဘူး ဖေဖေ"

"အို-သားရယ် ဘယ်လိုပြောလိုက်တာလဲ။ မိန်းမတစ်ဦးတစ်ယောက်အတွက် ဒီလောက်အနစ်နာမခံသင့်ပါဘူး။ မေမေတို့၊ ဖေဖေတို့ကို သနားပြီး ဒီအစွဲအလမ်းကြီးကို စွန့်ပစ်စမ်းပါဦးကွယ်"

"ဒီအစွဲအလမ်းကို စွန့်ပစ်ချင်ပါတယ်ဖေဖေ၊ ဒီလောက်မိုက်တဲ့အကောင်ကို မသနားပါနဲ့တော့ ဖေဖေရယ်။ ဒီကောင်သေသွားတော့ တစ်မီးငြိမ်းအေးတယ်လို့သာ စိတ်ကိုဖြေကြပါတော့"

"အို-သားရယ်၊ ဖေဖေတို့ဘယ်လို ဖြေလို့ရမှာလဲ။ မင်းကို တို့ကအသက်တမျှချစ်နေရတာပါကွာ"

(၅)

ပုရောဟိတ်ပုဏ္ဏားကြီးသည် သားအား ဖျောင်းဖျပြောဆို၍မရသောအခါ လွန်စွာ စိတ်အကြံအိုက်သွားလေသည်။ သားသည် ငယ်စဉ်ကစ၍ အလွန်စိတ်ကြီး၏။ တစ်စုံတစ်ခုကိုလိုချင်လျှင် မရရအောင်တောင်းတတ်သည်။ တောင်း၍မရလျှင် ထမင်းစားဘူးဟု အငတ်တိုက်ပွဲဆင်နွဲတတ်လေသည်။ သူအငတ်တိုက်ပွဲဆင်နွဲခဲ့လျှင် သူရချင်သောပစ္စည်းကို ဖြစ်သည့်နည်းဖြင့် ရှာဖွေပေးကြရသည်။ ရချင်သည့်ပစ္စည်းမရသမျှ ထမင်းမစားခဲ့ပါချေ။

အခုလည်း အငတ်တိုက်ပွဲဆင်နွဲပြန်ချေပြီ။ ရချင်သည့်ပစ္စည်းကို ဘယ်လိုဆောင်ယူပေးနိုင်ပါမလဲ။ ဤအကြောင်းကို မိခင်ပုဏ္ဏေးမကြီးသိပါက အလွန်ပူဆွေးရှာပေလိမ့်မည်။ သူ့ကိုတွင် ဤသားလေးတစ်ယောက်တည်းတာရှိသည်မဟုတ်ပါလား။

ထို့ကြောင့် ဤအကြောင်းကို ပုဏ္ဏေးမကြီးအား အသိမပေးဘဲ မဒ္ဒဝမင်းကြီးအား တိုက်ရိုက်လျှောက်ထားမှတော်ချေမည်။ ဤကိစ္စကို မဒ္ဒဝမင်းကြီးမှတစ်ပါး မည်သူမျှဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါချေ။ ထို့ကြောင့် ပုရောဟိတ်ပုဏ္ဏားကြီးသည် ညှိုးငယ်သောမျက်နှာဖြင့် မဒ္ဒဝမင်းကြီးထံမှောက်ဝင်ရောက်ခဲ့သည်။

မဒ္ဒဝမင်းကြီးသည် ဆရာပုရောဟိတ်အား နေရာထိုင်ခင်းပေးပြီးနောက်-

"အချိန်အခါမဟုတ် ဘာကိစ္စကြောင့်လာတာလဲဆရာ။ ဆရာမျက်နှာလည်း မကောင်းပါလား"

ဟု မေးတော်မူသည်။ မဒ္ဒမင်းကြီးက ချိုသာစွာမေးသော်လည်း ပရောဟိတ်ကြီးကား ချက်ချင်းပါးစပ်မှအဖြေမပေးနိုင်မီ မျက်ရည်မိုးတဖြိုင်ဖြိုင်ယိုစီးလာပြီး ရှိုက်ကြီးတငင်ငိုနေတော့သည်။

"ဘယ်လိုဆင်းရဲဒုက္ခကြုံတွေ့နေရပါသလဲဆရာ ပြောပါ။ တတ်နိုင်သလောက် ကူညီပေးပါ့မယ်"

"အရှင်မင်းမြတ် အကူအညီမလိုပါ။ စိတ်ထဲမအောင့်နိုင်သောကြောင့် သာ အရှင်မင်းမြတ်ထံလာပြီးငိုကြွေးမိပါတယ်။ သည်းခံတော်မူပါ"

"ဘယ်လိုများမအောင့်နိုင်တာလဲဆရာ။ ဖွင့်ပြောပြစမ်းပါဦး"

"ပြောရန်အလိုခက်ပါတယ် အရှင်မင်းမြတ်၊ မပြောပြပါရစေနဲ့တော့"

"အို - မပြောလို့ဘယ်ဖြစ်မှာလဲ။ ပြောသင့်တာပြောမှပေါ့ ဆရာ"

"မှန်ပါ ပြောဖို့မသင့်လို့ပါ ဘုရား"

"ပြောသင့်တယ်ဖြစ်စေ၊ မပြောသင့်တယ်ဖြစ်စေ ပြောပါဆရာ။ သင်နဲ့ကျွန်ုပ်ဟာ ပညာသင်ဖက်ချင်းလည်းဖြစ်တယ်။ သင့်ထံမှာ ကျွန်ုပ်ပညာသင်ယူခဲ့တာကြောင့် ဆရာတပည့်လည်းဖြစ်တယ်။ ဘာမှလျှို့ဝှက်စရာမလိုပါဘူး။ ပွင့်ပွင့်လင်းလင်းသာပြောပါဆရာ"

"မှန်ပါ၊ ကိစ္စက ကျွန်တော်မျိုးရဲ့သား မောင်ဘဒ္ဒိယကိစ္စပါ အရှင်"

"ဟင် - မောင်ဘဒ္ဒိယက ဘာဖြစ်နေလို့တုံး ဆရာရဲ့"

"မောင်ဘဒ္ဒိယကိစ္စကိုပြောပြရမှာ အင်မတန်ဝန်လေးလှပါတယ် အရှင်မင်းမြတ်"

"ဝန်မလေးပါနဲ့ဆရာ၊ ပြောမှာသာပြောစမ်းပါ"

"အရှင်မင်းမြတ် နားနဲ့မနာဖဝါးနဲ့သာနာတော်မူပါ။ လွန်ခဲ့တဲ့လေးရက်မြောက်က ညီလာခံသဘင်မှာ မိဖုရားငယ် ဝဏ္ဏသိဂ္ဂီ ထွက်စံတော်မူပါတယ်။ ဝဏ္ဏသိဂ္ဂီရဲ့အဆင်းသဏ္ဌာန်ကိုမြင်ရတဲ့ဘဒ္ဒိယဟာ ဝဏ္ဏသိဂ္ဂီကိုစွဲလမ်းတဲ့စိတ်ကြောင့် အိမ်ရောက်ရောက်ချင်း အိပ်ရာတွင်းဝင်ပြီးအိပ်ပါတယ် အရှင်မင်းမြတ်။ ယနေ့ လေးရက်ရှိသွားပါပြီ။ ဘဒ္ဒိယဟာ အိပ်ရာထဲကလည်းမထ၊ အစားလည်းမစားပါဘူး။ အခြားအမျိုးသမီးများနဲ့ လှည့်ပတ်ပြောဆိုပါသော်လည်း ဝဏ္ဏသိဂ္ဂီကိုမှမရရင် လူဘဝမှာနေရတာ ဘာမှအကျိုးမရှိပါဘူး။ သေရတာပဲကောင်းပါတယ်။ သေပါစေ သူ

www.burmeseclassic.com

ကိုမသနားကြပါနဲ့။ လူမိုက်တစ်ယောက် ရှင်းသွားတယ်လို့သာ အောက်မေ့တော် မူကြပါဆိုပြီး ဘယ်လိုချော့မော့လို့မှမရ အောင်ဖြစ်နေပါပြီ။

သည်အတိုင်းသာဆိုရင် ဘဒ္ဒိယ ကွယ်လွန်မှာသေချာနေပါပြီ။ သေသူက အရေးမကြီးပါဘူး။ ကျွန်တော်မျိုးမှာ ဒီသားတစ်ယောက်တည်းသာရှိတာမို့ သားသေရင် ကျွန်တော်မျိုးများပါ သေရ မလောက်ဆင်းရဲနေပါပြီ။ ဒီအကြောင်းကို ဘယ်သူ့ကိုမျှပြောလို့မဖြစ်ပါဘူး။ ပုဏ္ဏားမကြီးကိုတောင်မှ ကျွန်တော်မျိုး မပြောပါဘူး။ မပြောဘဲနဲ့လည်းမနေနိုင် ပါဘူး။ ဒါကြောင့် ကျွန်တော်မျိုးနဲ့ရင်းနှီး တဲ့ အရှင်မင်းကြီးထံ လာရောက်ရင်ဖွင့်ရ ခြင်းဖြစ်ပါတယ် ဘုရား"

"အို - ဆရာရဲ့သားအရေးက လည်း ခက်လှပါလား။ ချစ်တဲ့ရည်းစား သူတစ်ပါးနှင့်ပြောရဲနဲ့တောင်မခံနိုင်ဘူး တဲ့။ ကိုယ်ချစ်တဲ့မယားကျတော့ ဘယ် မှာ သူတစ်ပါးလက်ဝကွက်ပြီးအပ်ရက် ပါ့မလဲ ဆရာ။ ဒီတော့ ဒီလိုလုပ်ကြစို့၊ ဝဏ္ဏသိဂီကိုတော့ မတေးနိုင်ဘူး။ ဝဏ္ဏ သိဂီအစား သူကြိုက်တဲ့အမျိုးသမီးနှစ် ယောက်ပေးမယ်။ ကြိုက်တာသာပြော ပစေ ဟုတ်လား ဆရာ"

"မှန်လှပါ။ အလွန်ကျေးဇူးတင်လှ ပါတယ်။ သို့သော်လည်း ဒီစကားမျိုး သူ့ကိုပြောပြီးပါပြီ မရပါဘူး။ ဝဏ္ဏသိဂီ ကိုမှမရရင် အသက်စွန့်တော့မယ်ချည်း ပြောနေပါတယ်။ ရှိပါစေတော့ အရှင် မင်းမြတ်။ ဒီလောက်မိုက်တွင်းနက်လှတဲ့ အကောင်သေတာပဲ အေးပါတယ်။ ကြောင့်ကြမစိုက်ကြပါနှင့်စို့"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမှာလဲ ဆရာ၊ လူငယ်ဆိုတာ ဒီလိုပဲ တစ်ယူသန် ဖြစ်တတ်ကြတာဟာ ဓမ္မတာပဲမဟုတ် လား။ မိန်းမတစ်ယောက်အတွက်နဲ့ လူ အဖိုးတန်တစ်ယောက် ဆုံးရှုံးရခြင်းဟာ အလွန်နှမြောစရာကောင်းလှပါတယ်။ လောကကိုအကျိုးပြုနိုင်တဲ့ လူအဖိုးတန် တစ်ယောက် မဆုံးရှုံးရအောင် ဝဏ္ဏသိဂီ ကို ခုနစ်ရက်ပေးမယ်။ ခုနစ်ရက်ထက် ပိုမပေးနိုင်ဘူး။ ခုနစ်ရက်စေ့ရင် နန်း တော်ကို ပြန်ပို့ပေးရမယ်။ အဲဒါကို သဘောတူရင် ဘယ်သူမှမသိအောင် ဝဏ္ဏသိဂီကို တိတ်တဆိတ်ခေါ် သွား။ ခုနစ်ရက်စေ့ရင် တိတ်ဆိတ်ပြန်ပို့ပေးရ မယ်။ ဒီအစီအစဉ်သဘောကျမကျ ဘဒ္ဒိယကို မေးကြည့်ပါ။ သဘောကျရင် ဒီအတိုင်းလုပ်တာပေါ့ဆရာ"

"အရှင်မင်းမြတ် အရှင်မင်းမြတ်ရဲ့ ကြီးမြတ်တဲ့စိတ်ဓေတနာကို ကျွန်တော် မျိုးရိုခိုးပါတယ်။ သို့သော်လည်း လောက မှာ စစ်နဲ့ အချစ်ဟာ သစ္စာကတိမတည် ပါဘူး။ စစ်ဟာ မိမိဘက်ကနိုင်မယ်ဆိုရင် သစ္စာကတိကိုမကြည့်ဘဲ အနိုင်တိုက် တတ်ပါတယ်။ အချစ်ဟာလည်း ထို့အတူ သစ္စာကတိကိုအလေးမထားဘဲ မှားယွင်းတတ်ကြပါတယ်။ ဒါကြောင့် မလိုက်လျောသင့်တာကို အရှင်မင်းမြတ် လိုက်လျောတော်မမူပါရန် ကျွန်တော် မျိုးလျှောက်ထားပါတယ် ဘုရား"

ဆရာ၊ ကိုယ်တော်ဟာ အသက် တမျှ ချစ်တဲ့မိဖုရားကို သူအသက်ကိုင့် ညှာပြီးပေးထားတာကပဲ။ ကိုယ်တော့် အပေါ်မှာကတိသစ္စာမပျက်တန်ကောင်း ပါဘူး။ သူ့ကိုမေးမြန်းပြီး ကတိတည်မယ် ဆိုရင် ဝဏ္ဏသိဂီကို ခုနစ်ရဲက်သူထံထား လိုက်တာပေါ့"

(၆)

(၇) ရက်ပြည့်ခဲ့လေပြီ။ မဒ္ဒမင်း ကြီး ဤယနေ့ မိမိရင်ခွင်အတွင်းသို့ချစ် သူသက်ထားပြန်ရောက်လာလိမ့်မည်ဟု တိတ်တခိုး မျှော်လင့်တော်မူခဲ့သည်။ မျှော်လင့်သည့်အတိုင်း ချစ်သူကား ပါမလာ။ ပရောဟိတ်ပုဏ္ဏားသည်သာ ရှိုက်ကြီးတင်ငိုယိုရှ ဆိုက်ရောက်လာ တော့သည်။

"အရှင်မင်းမြတ် ကျွန်တော်မျိုးကို သတ်တော်မူပါ"

"အို ဘယ်ကြောင့်ပါလဲ ဆရာ"

"စောစောကတင် ကြွေတင်ပြီး ကျွန်တော်မျိုးလျှောက်ထားတယ်မဟုတ် ပါလား။ အချစ်နဲ့စစ်ဟာ သစ္စာကတိမရှိ ဘူးလို့၊ ယခုကျွန်တော်မျိုး၏သားဘဒ္ဒိယ ဟာ (၇) ရက်လည်မယ့်ညမှာ ဝဏ္ဏသိဂီ ကို ခိုးယူကာ တိတ်တဆိတ်ထွက်ပြေး သွားပါပြီ။ မြို့အနှံ့၊ နယ်အနှံ့ စုံထောက် ရှာဖွေသော်လည်းမရတော့ပါ။ တိုင်းတစ် ပါးသို့ထွက်ပြေးသွားကြဟန်ရှိပါတယ်။ ဒါကြောင့် အပြစ်အတွက် ကျွန်တော်မျိုး ကိုသတ်တော်မူပါ အရှင်မင်းမြတ်"

ပရောဟိတ်၏တင်လျှောက်သံကို ကြားသောအခါ မဒ္ဒဝမင်းကြီး၏မျက်နှာ ညိုးကျသွားသည်။ မျက်လုံးပတ်ဝန်းကျင် ဦပင်လျှင် မျက်ရည်စို့၍လာသည်။ သို့ရာတွင် မင်းကြီးသည် ရာဇကျွန်ဖြစ်ကို ထိန်းသိမ်းတော်မူပြီးလျှင် -

"ဆရာရယ်၊ သားမကောင်းတာနဲ့ အဖကိုသတ်ရမယ်လို့ ကိုယ်တော်တရား မမျှက်ချင်ပါဘူး။ ရှိစေတော့ နိုး တော့။ သူတို့ပျော်ရွှင်နိုင်ကြ အရာအားလုံးကို ငါကိုယ်တော်ခွင့် ပါ့မယ်"

"အမလေးဗျ အမလေး ဘု မယ့် ကိုဇယ်တော်ကြီး ကျွန်တော်မျိုး ပူဇော်ပါတယ်ဘုရား"

(၇)

မဒ္ဒဝမင်းကြီးသည် ဥပပ ဘဒ္ဒိယနှင့် ဝဏ္ဏသိဂီတို့အပေါ် အ ခွင့်လွှတ်လိုက်သည်။ သူတို့မောင် ရွှင်ချမ်းမြေ့နိုင်ကြပါစေဟုလည်း တော်မူလိုက်သည်။

ပြင်ပပတ်ဝန်းကျင်အခြင် မဒ္ဒဝမင်းကား ကြည်ညိုဖွယ်၊ ပူ ကောင်းလှသော မင်းကောင်းမ မှန်ပါသည်။ သို့ရာတွင် မင် အသည်းနှလုံး၌ကား ချစ်ဒဏ် လေပြီ။ ဝဏ္ဏသိဂီသည် ငါ့ကိုမခ ချစ်သောသူနောက်သို့ ကောက် ပါအောင်လိုက်သွားခြင်းဖြစ်၍ လည်း သူ့ကိုချစ်ဖို့မလိုဟု အ အပြစ်နှင့်ချေဖျက်သော်လည်း မရ။ အချစ်ကိုမှီသော သောက နှလုံးသွေးသည်ယိုဇ်။ ထိုနှလုံးသွေး ကြီးစွာသော ဝမ်းသွေးသွန်ရော ဖြစ်လာ၍ ဆေးဆရာသမား ပေါင်းများစွာဖြင့် ကုသကြရ၏။

သို့ရာတွင် ကုရင်းကုရင် သည်းထန်လာသောကြောင့် သမားတော်ကြီးများလက်လွှတ် အခြေအနေသို့ရောက်ခဲ့လေပြီ။

ထိုအခါ ဘုရားအလောင် သေနကမည်သောအမတ်ဖြစ်၏ သာရိပုတ္တရာအလောင်းသည် မည်သောအမတ်ဖြစ်၏။ အရှင် လာန်အလောင်းသည် အ သောအမတ်ဖြစ်၏။ ထိုအမတ် သုံးဦးတို့သည် နန်းတွင်းတ စည်းဝေး၍ မင်းကြီး၏ရော အနေကို တိုင်ပင်ကြ၏။

(၈)

ဘုရားအလောင်းသေန က ဆို၏။

"အဆွေအမတ်မင်းတို့ မင်းကြီးမှာ တစ်စုံတစ်ရာ အ မရှိပါဘူး။ မယားအတွက် စိတ် သွေးသွန်ခြင်းဖြစ်တဲ့ဖ်။ ရေ တဲ့ရှိန်ကို ရေဖြင့်ဆေး

www.burmeseclassic.com

စိတ်ကြောင့်ဖြစ်တဲ့ ရောဂါကိုလည်း စိတ်နဲ့ပင်ကုသမှုဖြစ်ပါလိမ့်မယ်။ ငါတို့ မင်းကြီးဟာ လွန်စွာတရားပြည့်ဝတဲ့မင်းဖြစ်တယ်။ တရားရှင်ဖြစ်တဲ့ မင်းတစ်ပါးကို အသုံးမကျတဲ့မယားအတွက် မသေစေချင်ဘူး။ ဒါကြောင့် ဥပါယ်တံမျဉ်နဲ့ ကုသကြရအောင်။ ယခု မြို့တွင်းမှာ သန်လျက်မျိုတဲ့မျက်လှည့်ဆရာတစ်ဦး ရောက်နေလေရဲ့။ ထိုမျက်လှည့်ဆရာကို မင်းရင်ပြင်မှာအပြခိုင်းပြီး မင်းကြီးကို ကြည့်ရှုစေရရင် ဥပါယ်တံမျဉ်ကောင်းတစ်ခုရရှိလိမ့်မယ်လို့ယူဆတယ်။ အဲဒါကြောင့် သန်လျက်မျိုတဲ့မျက်လှည့်ဆရာကို မည်သည့်နေ့ မည်သည့်အချိန် နန်းရင်ပြင်မှာပြသဖို့စီစဉ်ကြပါ။ထိုမျက်လှည့်အဖွဲ့ကို ဘုရင်မင်းမြတ် ကြည့်ချင်လာအောင် ကွန်ပ်တို့ လျှောက်တင်ထားပါ့မယ်”

ဟု ပြောဆိုလေ၏။

ဘုရားအလောင်းတော် သေနကအမတ်မင်း၏ အစီအစဉ်ကို သဘောတူညီကြသည်ဖြစ်၍ ချိန်မဆိုင်းဘဲ ကောင်းမြတ်သောနေ့ရက်ရွေးကာ နန်းရင်ပြင်၌ ခွက်လှည့်ဆရာကိုပြသစေလေသည်။

(၉)

ဘုရင့်နန်းရင်ပြင်ပိုလ်ထုအလယ်၌ ခွက်လှည့်ဆရာသည် ပဏ္ဏကတိုင်း၌ ဖြစ်၍ အသွား (၃၃) လက်သစ်ရှိသော ဓားလွစွာသော သန်လျက်ကြီးကို ညာဘက်ဖြင့်ဆုပ်ကိုင်ကာ သူ၏ခံတွင်းဝသို့ ဖြည်းဖြည်းချင်း ထိုးသွင်းလျက် ဂွတ်ဖြည်သံနှင့်အတူမျိုချလိုက်၏။ မဒ္ဒဝမင်းသည် သန်လျက်မျိုသူကိုသေချာကြည့်ရှုပြီးနောက် အာယုရအမတ်ဘက်သို့မှုန်ှာလှည့်၍ -

“အမောင်အာယုရ၊ သန်လျက်ကို မြိုတဲ့အတတ်ထက် ခက်ခဲသောအတတ်ဟောကြီးမှာရှိပါသလား”

ဟု မေးတော်မူ၏။

“အရှင်မင်းမြတ်၊ သန်လျက်မျိုတယ်ဆိုတာ မျက်လှည့်မျှသာဖြစ်၍ ခက်ခဲသောအတတ်မဟုတ်ပါ။ သန်လျက်ကို ပြောထက် အဆအရာအထောင်မက ခက်တာတွေရှိပါတယ်ဘုရား”

“သန်လျက်မျိုပြတာထက်ခက်တာများတုံး အမောင်အာယုရရဲ့”

“မှန်ပါ။မိမိအလွန်ချစ်မြတ်နိုးသောအရာဝတ္ထုကို သူတစ်ပါးကိုပေးမယ်လို့ကြံစည်ခြင်းက သန်လျက်မျိုပြတာထက် ခက်ပါတယ်ဘုရား”

အာယုရ၏အဖြေစကားကိုကြားရသောအခါ မင်းကြီး၏စိတ်၌ -

‘အလို - ဟုတ်ပေသားပဲ။ ငါဟာ အလွန်ချစ်မြတ်နိုးတဲ့မိဖုရားကိုပေးမယ်လို့ ကြံစည်ခြင်းဟာ အလွန်ခဲယဉ်းတဲ့ ကြံစည်ခြင်းပါတကား’

ဟု အကြံဖြစ်လာ၍ စိုးရိမ်ခြင်းသောကတရားသည် အတန်ငယ်ခေါင်းပါးခြင်းသို့ရောက်လေသည်။ ထို့နောက် မင်းကြီးက ပဏ္ဏာသအမတ်အား -

“အမတ်ပဏ္ဏာသ၊ ချစ်ခင်နှစ်သက်တဲ့အရာဝတ္ထုကိုပေးမယ်လို့ ကြံစည်တာထက်ခက်ခဲတာများကော ရှိပါသေးသလား”

ဟု မေးတော်မူ၏။

ထိုအခါ ပဏ္ဏာသအမတ်က -

“မင်းကြီး၊ ချစ်ခင်နှစ်သက်တဲ့အရာဝတ္ထုကိုပေးမယ်လို့ ကြံစည်တာထက် အမှန်တကယ်ပဲပေးမယ်လို့ နှုတ်ကမြွက်ဆိုခြင်းက ပို၍ခက်ပါတယ်ဘုရား”

ဟု လျှောက်ထား၏။

ပဏ္ဏာသအမတ်၏အဖြေစကားကို ကြားရသောအခါ -

‘အင်း - ငါဟာ ပရောဟိတ်ရဲ့သား ဘဒ္ဒိယကို မိဖုရားပေးမယ်လို့ဆိုလိုက်တယ်။ အလွန်ခက်ခဲတဲ့အလုပ်ကို ငါလုပ်လိုက်တာပါလား’

ဟု ဆင်ခြင်စိတ်ဖြစ်ပေါ်လာ၍ စိုးရိမ်ခြင်းသောကတရားသည် သူ့ကိုယ်၌ကင်းပါး၍သွားလေသည်။ ထို့နောက် မင်းကြီးက -

“အမောင်ပဏ္ဏာသ၊ အလွန်ချစ်ခင်နှစ်သက်တဲ့အရာဝတ္ထုကို အမှန်တကယ်ပေးမယ်လို့ဆိုတာထက် ခက်ခဲတာများကောရှိသေးသလား”

ဟု ထပ်ဆင့်မေးတော်မူပြန်၏။

ထိုအခါ ပဏ္ဏာသအမတ်က -

“မင်းကြီး၊ အလွန်ချစ်ခင်နှစ်သက်တဲ့ အရာဝတ္ထုကို အမှန်တကယ်ပေးမယ်လို့ပြောဆိုတာထက် အမှန်တကယ်ပေးလိုက်ခြင်းက ပိုမိုး၍ ခက်လှပါတယ် ဘုရား”

ဟုလျှောက်ထား၏။

ပဏ္ဏာသအမတ်၏အဖြေစကားကို ကြားရသောအခါ မဒ္ဒဝမင်းကြီး၏စိတ်၌-

‘အလို ငါဟာ ပရောဟိတ်ရဲ့သားကို မိဖုရားပေးမယ်လို့ဆုံးရုံးမှုမက အမှန်တကယ်ပဲပေးမိလိုက်တယ်။ ငါဟာ ပိုမိုခက်ခဲတဲ့အလုပ်ကိုလုပ်လိုက်ခြင်းပါတကား’

ဟု စဉ်းစားမိရင်း သူ၏ကိုယ်၌ စိုးရိမ်ခြင်းသောကတရားတို့ကင်းပါး၍လာလေ၏။ ထို့နောက် မင်းကြီးသည် သေနကသုခမိန်အား -

“အမောင်သေနက မိမိအလွန်ချစ်ခင်နှစ်သက်တဲ့အရာဝတ္ထုကိုပေးခြင်းထက် ခက်ခဲတာများကောရှိပါသေးသလား”

ဟု မေးတော်မူပြန်၏။

ထိုအခါ သေနကသုခမိန်က လက်အုပ်ချီမိုးပြီးလျှင် -

“မဒ္ဒဝအနွယ်ဖြစ်တော်မူတဲ့ အရှင်မင်းမြတ်၊ သူတော်ကောင်းဖြစ်တဲ့ပုဂ္ဂိုလ်ဟာ နည်းတဲ့ဝတ္ထုကိုဖြစ်စေ၊ များပြားတဲ့ဝတ္ထုကိုဖြစ်စေ စွန့်ကြဲပေးကမ်းလှူဒါန်းပါတယ်။ စွန့်ကြဲပြီးကာမှ ကိုယ့်ပစ္စည်းကို နှာမြောတသတဲ့စိတ်နဲ့ ငါပေးမိတာမှားပြီလို့ နောင်တဖြစ်တတ်ကြပါတယ်။ အဲဒီလို နောင်တမဖြစ်ရအောင် မိမိစိတ်ကို ထိန်းသိမ်းနိုင်ခြင်းဟာ အလွန်တရာခဲယဉ်းလှပါတယ်ဘုရား”

ဟု လျှောက်ထားလေ၏။

သေနကသုခမိန်စကားကိုကြားနာရသော မဒ္ဒဝမမင်းကြီးသည် -

‘ငါသည် လောကမှာ ပြုလုပ်ဖို့အလွန်ခဲယဉ်းလှတဲ့ ဒုက္ကရတရားလေးပါးကို အောင်မြင်စွာ ပြုလုပ်ခဲ့ရလေပြီ။ ငါပြုခဲ့တဲ့အမှုကား စိုးရိမ်ပူဆွေးငိုကြွေးရန်မဟုတ်။နှစ်သက်ကြည်နူးဝမ်းမြောက်ဖို့သာ ဖြစ်ပေတယ်’

ဟုအလွန်တရာဝမ်းမြောက်သောစိတ်ဖြစ်ပေါ်လာသောကြောင့် စိုးရိမ်ခြင်းကြောင့်ဖြစ်သော သွေးဝမ်းလွန်ရောဂါသည် နေရောင်ခြည်များဖြင့်ခြောက်ခန်းသောနှင်းပေါက်ကဲ့သို့ ကင်းပျောက်ချမ်းသာရာရတော်မူလေသည်။

❑ *မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ။ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲ၊ ကြံမရဲရှင့်၊ ကြံခဲစွာဘိ၊ ကြံသည်ရှိလည်း၊ မငြိမနား၊ မနွှန်အား ဖြင့်၊ အသွားမတုံး၊ ထိလျှင်ဆုံးမျှ၊ သုံးဆယ်သုံးတန်၊ လက်သစ်ပြန်သည့်၊ သန်လျက်မားကို၊ ထင်ရှားပြက်ပြက်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊ မေးမည်မြွက်ခဲ၊ မြွက်ဟပဲလျက်၊ ရဲရဲရင့်ရက်၊ အပေးခက်ရှင့်၊ ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နောင်တမပူ၊ ခဲစွယ်ဟူ၏။*

မယဒေဝပိုဒ်ရေ (၂၈၅)

ဘုန်းမြင့်မောင်မောင်(ရန်ကုန်ဒေသခံ)

www.burmeseclassic.com

www.burmeseclassic.com

ထွန်းတောက်

လူနီလေးနှင့်တောဝက်ကြီး

ကျွန်တော်လူပျိုအရွယ်က ထူးဆန်းသောအကြောင်းအရာတစ်ခုကို ကြားဖူးလိုက်သည်။ မြန်မာသင်္ဘောလား၊ နိုင်ငံခြားသင်္ဘောလား သင်္ဘောကြီးတစ်စင်းသည် ပင်လယ်ခရီးသွားရင်း လေမုန်တိုင်းမိပြီး ပန်ကာဝင်ရိုးကျိုးကာ ဦးတည်ရာမဲ့မြောနေရာမှ ကျွန်းကြီးတစ်ကျွန်းကို ကပ်လေသည်။

ထိုကျွန်း၌ လူနှင့်တူသော အကောင်လေးများရှိ၏။ ထိုအကောင်ကလေးများသည် နှစ်နှစ်၊ သုံးနှစ်အရွယ် အစားခန့်သာရှိကြသည်။ သူတို့ပြောကြသောစကားသည် ကြက်တူရွေးသံနှင့်တူသည်။

လူနှင့်တွေ့စတွင် ကြောက်လန့်ပြီး ကျူးတောပန်းတောထဲသို့ဝင်ပြေးကြသော်လည်း အတန်ကြာသောအခါ သိပ်ပြီးကြောက်လန့်ဟန်မရှိတော့ဘဲ သင်္ဘောကြီးကို တွန့်ချဉ်းကြသည်။ စားစရာများကိုပစ်ချပေးလျှင်လည်း ကောက်ယူစားသောက်ကြသည်။

သင်္ဘောသားများ ထိုနေရာမှခွာ၍ နောက်ကျွန်းကြီးတစ်ကျွန်းကိုရောက်ကြရာတွင် ထိုကျွန်း၌ မြောက်မြားစွာသော ဆိတ်နှင့်နွားများကို တွေ့ကြရပြန်သည်။ ထိုဆိတ်၊ နွားများကို သတ်ဖြတ်ကာ ရိက္ခာအဖြစ် အသားခြောက်ပြုလုပ်ပြီး ထွက်ခွာလာကြရာတွင်လည်း ထိုလူပုလေးများ၏ကျွန်းကို ရောက်သွားပြန်သည်။

ထိုကဲ့သို့လည်နေကြရာ သုံးနှစ်ကြာပြီးမှ ပင်လယ်ကူးသင်္ဘောကြီးတစ်စင်း၏အကူအညီဖြင့် နေရပ်သို့ပြန်ရောက်လာနိုင်ကြသည်။

နေရပ်သို့ ပြန်ရောက်လာကြပြီးနောက် အစိုးရ၏အကူအညီဖြင့် လူပုကလေးကျွန်း၊ ဆိတ်နွားကျွန်းများကို သွားရောက်ရှာဖွေကြသော်လည်း အစအနမျှကိုပင် မတွေ့ရဟုဆိုသည်။

ဤသတင်းသည် ဘယ်ကမှန်းမသိပေ။ သတင်းစာလား၊ ရေဒီယိုလား (ထိုအချိန်က တီဗွီမပေါ်သေးပေ။) ရှေးကျလွန်းသောကြောင့်ပင် သင်္ဘောမှာဆက်သွယ်ရေးကိရိယာများ မပါရှိလေသလား။ သို့တည်းမဟုတ် သာမန်ငါးဖမ်းကုန်တင်ပြည်တွင်းကျေးလက်သင်္ဘောမျှသာဖြစ်၍ပင် ထိုထိုကိရိယာများမပါရှိလေသလား ကွဲကွဲပြားပြားမသိရပေ။

ယခု ကျွန်တော် တင်ပြမည်မှာ ထိုအကြောင်းနှင့် အနည်းငယ်မျှဆင်တူသည်။ ထိုအကြောင်းအရာသည် ပင်လယ်ကျွန်းမှာဖြစ်ပြီး ကျွန်တော် ယခုတင်ပြမည်မှာ ပဲခူးရိုးမတောနက်ကြီးထဲမှာဖြစ်သည်။ အလုံးစုံမတူသော်လည်း အနည်းငယ်ဆင်သောကြောင့် ယှဉ်ပြလိုက်သည်။

❑

စမ်းချောင်းကလေးထဲသို့ဝင်လိုက်သည်နှင့် နေဝင်စအချိန်ကဲ့သို့ အလင်းရောင်များမှေးမှိန်သွားသည်။ ဟိုဘက်သည်ဘက် ကျောက်ကမ်းပါးယံကြီးများကဆီးနေပြီး လူတစ်ဖက်မကကြီးသောခက်အုံကောင်းသည့်သစ်ပင်ကြီးများက စမ်းချောင်းလေးကို အုပ်မိုးထားသောကြောင့်ဖြစ်သည်။

စမ်းချောင်းလေး၏အတွင်းပိုင်းသို့ ဖာလုံဝက်ခန့်ဝင်လိုက်ကြသည်နှင့် ရှဲ့မြေဆန်သော သဲအိုင်လေးတစ်အိုင်။ ထိုသဲအိုင်၏အထက်ဆီတွင် ရွှက်အုံကောင်းသော မိကျောင်းကွမ်းဖတ်တောများ ဝန်းရံနေသည့် ငွက်အိုင်ကြီးတစ်ခုကို တွေ့ရသည်။

ထိုငွက်အိုင်မှာ အတန်ငယ် ကျယ်ပြီး အိုင်အလယ်တွင် အပင်မောက်လေးများရှိကာ အပင်လေးလည်းပေါက်၍ရှိ၏။ အပေါ် ကြည်လင်သောကြောင့် ငှက်များရေချိုးနေကြသည်။

ဤနေရာသည် ပဲခူးရိုးတောနက်တစ်နေရာ ဖြစ်သည်။ ချောင်းလေးသည် ဝိတ်ချောင်းလက်တက်ဖြစ်သည်။ ဝိတ်ချောင်းမှိုင်ကျော်၊ ခြောက်မိုင်ခန့်မှ ခပေါင်းချောင်းကိုရောက်ပြီး တစ်ဆင့် ခပေါင်းရိုး၏ ထင်ရှားတံဘက်ကွေ့ရွာကိုရောက်နိုင်သည်။

ကျွန်တော်သည် ငါးတန်းသားအရွယ်ကပင် နွေရာသီကျောင်းတိုင်း အဖေနှင့် ဘကြီးဦးဆင်စခန်းကိုသွားနေလေ့ရှိသည်။

ဘကြီးက တောင်ငူမြို့သစ်ဝါးအရောင်းအဝယ်ကိစ္စကို ယူနေပြီး အဖေက အဓိုးရထံမှ ၅ ဝယ်ယူထားသောသစ်ကွက်များ သမား၊ သစ်ခုတ်သမားများနှင့် ရသည်။

တပေါင်း၊ တန်ခူး၊ ကဆုန်

www.burmeseclassic.com

www.burmeseclassic.com

ပြင်းသည့် နွေနှောင်းရာသီများမှာသာ
သီဥတုအခြေအနေကိုကြည့်ပြီး ဆင်
ကို အနားပေးလေ့ရှိသည်။ ဆင်
သည်မှာ အအေးကြိုက်သောတိရစ္ဆာန်
စ်၍ သိပ်ပြီးအပူဒဏ်ကိုမခံနိုင်ကြ
ထို့ကြောင့် ပူပြင်းသောရာသီကို
က်တိုင်း ဆင်များအား အနားပေး
သည်။

ထိုအခါ ဤကဲ့သို့ အစာပေါသော
ပြင်းသို့လာနေကာ ဆင်ကျောင်း
ွင့်လှစ်ထားကြရသည်။ ဆိုခဲ့သည့်
း ကျွန်တော်လည်း နွေရာသီ လူ၊
ကျောင်းပိတ်တိုင်း ဆင်ကျောင်းစခန်း
သို့လာနေမြဲဖြစ်သည်။

ဆင်ကျောင်းစခန်းတွင်နေစဉ်က
အတွင်း၌ ဆင်စီးအတတ်ပညာများကို
သင်ယူကာ ရိုးပေါက်စမ်းချောင်းကြီးများ
တွင် ငါးဖမ်း၊ ငါးန့်က်၊ လောက်လေးဖြင့်
ဒုက်ပစ်၊ ဆင်ဦးစီးမှုဆိုးများနှင့် တူမီး၊
နှစ်လုံးပြူး၊ ဒူးလေး၊ လင်းလေးများဖြင့်
အမဲလိုက်၊ ဒုက်ထောင်၊ ကြောင်ထောင်
စသော တောနေမှုဆိုးများ၏ အတတ်
ပညာကိုလည်း သင်ယူသည်။

ကျွန်တော်သည် ဤနည်းဤနှယ်
ပင် တစ်နွေလုံး တောဟော်လေးလုပ်နေ
ပြီး မိုးကြွမ်ကြွမ်းကျ၍ ကျောင်းပြန်ဖွင့်
ကာနီးမှ တောင်ငူမြို့ကို ပြန်လေ့ရှိသည်။
ဤသို့နေရသည်ကိုလည်း ဆင်းရဲသည်၊
ပင်ပန်းသည်ဟုမထင်ဘဲ ဟော်ရွှင်ဖွယ်
ကောင်းသောနေ့သစ်ကလေးများဟု၍
ပင်ထင်မှတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

"ဦးပေါတာက စခန်းမှာနှစ်လုံးပြူးရှိလျက်နဲ့ ဘာဖြစ်လို့ ဒူးလေးပဲယူလာရသလားဗျ"

ကျွန်တော်က ဆင်ဦးစီးမှဆိုးကျော်ဦးပေါတာအားမေးလိုက်သည်။

ဦးပေါတာ ဘာမှမပြောသေးဘဲ သူဒူးလေးကြီးကိုသာ စိုက်ကြည့်နေသေးသည်။

ထို့နောက်မှ -

"မောင်ထွန်းရီမင်းမသိပါဘူးကွာ။ ဒီဒူးလေးက မင်းအစ်ကိုမောင်တင်မောင်တို့လူစုကိုင်နေကြတဲ့ နှစ်လုံးပြူးတို့၊ တူမီးတို့ထက် အသုံးတည့်တယ်ကွ။ နေရာတကာသုံးလို့ရတယ်လေ"

"ဒါကြောင့်ခွင်ကျယ်တယ်ပေါ့"

"အင်း"

ဟု ဆိုကာ ဦးပေါတာက ခေါင်းညိတ်သည်။

ကျွန်တော် အသံတိုးတိုးဖြင့် တစ်ချက်ရယ်လိုက်ပြီး -

"မဟုတ်တာ ဦးပေါတာရယ်၊ ဒူးလေးကသာ ခွင်ကျယ်နေရင် ဘယ်သူက သေနတ်ကိုင်နေတော့မှာလဲဗျ။ စစ်တပ်၊ ရဲအဆုံး ဒူးလေးချည်းသုံးနေကြတော့မှာပေါ့ ဟင်"

ဦးပေါတာက ကွမ်းရွက်ကို ထုံးတို့ရင်း -

"မင်းမသိလို့ပြောနေတာ"

"ကိုင်း - ဆိုစမ်းပါဦး၊ ဒူးလေးခွင်ကျယ်ပုံကို"

ဦးပေါတာ ကွမ်းသီးတစ်ဆုပ်ကို ပါးစပ်ထဲပစ်ထည့်လိုက်ရင်း -

"ဒူးလေးက ငှက်၊ ရှဉ့်၊ မျောက်စတဲ့ သားကောင်ငယ်လေးတွေကိုပစ်လို့ ရနိုင်သလို ချေ၊ ဆတ်၊ တောဝက်၊ ဝက်ဝံစတဲ့သားရဲသားကောင်ကြီးတွေကိုလည်း အဆိပ်လူးမြားနဲ့ ပစ်လို့ရတယ်လေ။ နှစ်လုံးပြူး၊ တူမီးစတဲ့ သေနတ်ကြီးတွေနဲ့ သားကောင်ငယ်တွေကိုပစ်လို့ ကျည်ထိရင်တောင်ဘာကိုစားတော့မှာလဲ။ ကျည်စားလို့ကုန်ရော၀ဲမဟုတ်လား။ ကျည်မထိရင်လည်း အသံမြည်တာနဲ့ တောလန့်ပြီး သားကောင်ကြီးတွေထွက်မပြေးဘူးလား။ သားကောင်ငယ်တွေကိုမပစ်ဘဲ သားကောင်ကြီးတွေကိုသာလိုက်ရှာလို့မရရင်လည်း အချည်းနီးမဖြစ်ဘူးလား။ ငါလည်း ထည့်တွက်ဦးမှပေါ့ကွ"

ကျွန်တော်က အသံတိတ်ကိုယ်တွေတုန်အောင်ရယ်လိုက်သည်။

ဦးပေါတာက ထပ်ရှင်းပြသည်။

"ငါက မင်းပြောသလို လူဆိုးဖမ်းတဲ့ရဲမဟုတ်သလို တိုက်ပွဲတိုက်တဲ့ စစ်သားလည်းမဟုတ်ဘူးလေ။ မုဆိုးပဲဟာ။ မုဆိုးက လူဆိုးလည်းဖမ်း၊ တိုက်ပွဲလည်းတိုက် အမဝစရံသက်သက်ပဲ။ ဒီတော့ မုဆိုးအဖို့ မင်းပြောသလို အမဲပစ်ရာမှာ ခွင်ကျယ်တဲ့လက်နက်ကို သုံးတာက အကောင်းဆုံးပဲပေါ့"

ကျွန်တော်က တစ်ချက်ပြုံးပြီး ခေါင်းညိတ်သည်။

"မင်း ငါ့လက်နဲ့ငါ့မြားဆိပ်ကိုယုံသလား"

"ဗျာ - ဘယ်လိုမေးတာလဲ"

"ငါလက်ဖြောင့်တာနဲ့ ငါ့မြားဆိပ်ပြင်းထန်ပုံကိုပြောတာ"

"ဒါတော့ ကျွန်တော်ဘယ်သိမလဲဗျ။ ဦးပေါတာက လက်တွေ့ပြမှသိမှာပေါ့"

"ကောင်းပြီ၊ ဒီလိုဆိုရင် ဒီနေ့ အမဲငယ်လေးတွေကိုမဝစ်တော့ဘဲ အနည်းဆုံး တောဝက်တို့၊ ဆတ်တို့လောက် အကောင်ကြီးတွေကိုပစ်ပြီးပဲ လက်တွေ့ပစ်ပြမယ်"

ကျွန်တော်က ခေါင်းညိတ်သည်။

"ကိုင်း - ဒီလိုဆိုရင် မင်းဆေးသောက်၊ ကွမ်းစားလုပ်ချင်လုပ်။ နေခေါင်းပေါ်ရောက်လုပြီ။ အထက်ပွက်အိုင်ကြီးဆီ အမဲတွေရေသောက်၊ ပွက်လူးဆင်းကြတော့မယ်။ တို့က အဲဒီမှာပဲ အမဲသွားစောင့်ကြမှာဆိုတော့ အနှံ့ထွက်တတ်တဲ့ ဆေး၊ ကွမ်းကိစ္စတွေကို ဒီနေရာမှာ အပြီးရှင်းထားခဲ့ရမှာ"

ဦးပေါတာကိုယ့်ဘာသာရှင်းပေါ့။ ကျွန်တော်က ဆေးလည်းမသောက်၊ ကွမ်းလည်းမစားဘူးလေ"

"ဟုတ်ပြီ၊ ဒါဆိုရင်ခဏနေဦး"

ဟု ဆိုကာ ဦးပေါတာက ကွမ်းဖတ်ကိုအကုန်ထွေးထုတ်လိုက်ပြီး ရေငုံ၊ ရေသောက်လုပ်နေလေသည်။ ကျွန်တော်လည်း စမ်းရေကို လက်ခုပ်နှင့် သုံး၊ လေးကြိမ်ခပ်သောက်လိုက်သည်။

"ကိုင်း- အထက်ပွက်အိုင်ကြီးဆီကိုသွားကြစို့"

အောက်ပွက်အိုင်မှာ သိပ်ပြီးမကြီးပေ။ အောက်ပွက်အိုင်နှင့် အထက်ပွက်အိုင်အကြားတွင် အလဲနှစ်ဆယ်မျှသာခြားသည်။ အောက်ပွက်အိုင်မှာ သဲဆန်ပြီး အိုင်တွင် ကျောက်တုံးကျောက်တန်းလေးများလည်းရှိနေ၍ ရှဉ့်ရည်ကြိုက်သော သားကောင်များ ဆင်းအိပ်ရန်လည်း အဆင်မပြေနိုင်ပေ။

အောက်ပွက်အိုင်နှင့် အထက်ပွက်အိုင်အကြားတွင် ချုံပုတ်လေးပုတ်လည်းခြားနေသည်။ ဦးပေါတာ သည် အထက်ပွက်အိုင်ကိုသွားလျှင် ကမ်းနဖူးမှာရပ်ကာ ပွက်အိုင်ပတ်ဝန်းကျင်အနေအထားကို ကြည့်သည်။ သားကောင်များဆင်းလာပြီး အောက်ပွက်လူးမည့်နေရာကိုချိန်ဆကာ ပစ်ကောင်းရန်ငှင်မည့်အနေအထားကို ချိန်နေပုံရ၏။ ထို့နောက် ပွက်အိုင်အတွင် သုံးလေးမြွာဖြစ်နေသောဆောင်ကြီးတစ်ခုကို လက်ညှိုးထိုးပြကျွန်တော့်ကို အလျင်တက်ခိုင်းသည်။ ဦးပေါတာက သစ်ခက်များကို တပိုက်ကြီးချိုးယူပြီး နောက်မှတက်သည်။

ထို့ကြောင့် ကျွန်တော် ကျောက်ဆောင်ကြီးပေါ်ကိုရောက်သည်။ ကျောက်ဆောင်ကြီးသည် အိုင်ကြီးကို အုပ်မိုးနေဘိသို့ရှိနေသော အိုင်ကြီး၏ ဟိုဘက်အစပ်သည် ကျောက်ဆောင်ကြီးပေါ်မှ ဆယ်ကျော်မျှသာလှမ်းသည်။

မုဆိုးကြီးဦးပေါတာက ကွေးကွဲကွဲကြောင်းများထဲသို့ သစ်ခက်များထိုးစိုက်ကာ သားရဲသားကောင်ဖြုန်းခနဲကြည့်၍ မမြင်နိုင်အောင် ထားလိုက်သည်။ ထို့နောက် ဦးပေါတာက သစ်ရွက်တစ်ရွက်ကို မှိုင်းမြောက်တင်ကာ မြေသို့ပြန်ကျအထိ စိုက်ကြည့်နေသည်။

"ဦးပေါတာဘာလုပ်တာလဲ"

"လေဘယ်ဘက်ကလာနေလို့ကြည့်တာ"

သစ်ရွက်က ကျောက်ဆောင်ကြီး၏ အနောက်ဘက်သို့ ကျသွားသည်။ ထို့ကြောင့် လေအရှေ့မြောက်ဘက်မှလာနေသည်ဟု သိနိုင်သည်။ အရှေ့မြောက်ဘက်ခြမ်းသည် သိပ်ချုံမရှပ်ဘဲ ခပ်ရှင်းရှင်းဖြစ်သည်။

ဦးပေါတာလည်း အရှေ့ကိုထောင့် လေညာဘက်ကိုကြည့်ကာ ကျွန်တော်တို့တက်နေကြသောဆောင်ကြီးကိုကြည့်လိုက်လုပ်နေသည်။ ထို့နောက် တစ်ချက်၊နှစ်ချက်ခေါင်းညိတ်သည်။

"လေအောက်လေညာအခြေအနေဘယ်လိုနေမှာလဲ ဦးပေါတာ"

ဟု ကျွန်တော်က မေးလိုက်သည်။

"အဆင်ပြေပါတယ်။ တို့ရှိနိုင်တဲ့လေအောက်ဘက်ကုန်းသည်

www.burmeseclassic.com

www.burmeseclassic.com

တွေမလာလောက်ဘူး။ လေအောက်ဘက်က တောရှင်းနေတဲ့အတွက် လာခြင်းလာရင် ကျား၊ ကျားသစ်စတဲ့ သားရဲတွေက တောင်ကြောတန်း/တောရှင်းတဲ့ဘက်တွေကပဲ ပတ်ဝန်းကျင်တွေ အမဲတွေကို အကဲခတ်ရင်းသွားလာတတ်တာ"

"ဟာ-ကျွန်တော်တို့လေအောက်ဘက်ကလာတာဆိုတော့ ပိုမဆိုးဘူးလားဗျ။ ကျားသားရဲတွေက ကျွန်တော်တို့အနံ့ကို တန်းရသွားရင်လေ"

"ဘာလို့ဆိုးမှာတုံး၊ ကျားတွေက အနံ့မှမသိတာ။ ကျားတွေမှာ နှာခေါင်းမပါဘူးလေ"

"ဩော်"

ကျွန်တော် ဦးပေါတာ၏မျက်နှာကို စိုက်ကြည့်နေသည်။ တဒှံတသြလည်း ဖြစ်သွားမိသည်။ ကျားများမှာ နှာခေါင်းပေါက်မပါဟု သိလိုက်ရသည်။

"ဒါဆို ကျားတွေမှာဘာနဲ့အသက်ရှူတုန်း"

"ဟာ-ပါးစပ်ကရှူတာပေါ့ကွ။ မင်းတော်တော်မေးတာပဲ။ တော်ပြီတော်ပြီ၊ အမဲစောင့်နေတုန်း စကားပြောနေလို့ကောင်းဘူး"

ကျွန်တော် သက်မတစ်ချက်ကိုချလိုက်သည်။ ခေါင်းလည်းတစ်ချက်နှစ်ချက်ညိတ်သည်။ ကျားများမှာ နှာခေါင်းပေါက်မပါသည့်အကြောင်းကို ယခုမှကြားဖူးသည်။ ဆက်မေးချင်သေးသော်သည်း အမဲစောင့်နေချိန်ဖြစ်၍ မမေးဖြစ်တော့ပေ။

ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်နေသည်။ နေခေါင်းပေါ် သို့ရောက်နေချိန်ဖြစ်၍ လေပြိမ်သောကြောင့် သစ်ရွက်သေတိုးသံမျှကိုပင် မကြားရပေ။

ရံခါ ဌက်ကလေးတို့၏ အသံကို ကြားရသည်။ သစ်ရွက်အုံကြားတွင် ရှဉ့်ကလေးများကိုင်းလျှောက်နေကြသည်ကို သုပ်လှုပ်ရွရွမြင်နေရသည်။

ဌက်ကလေးများ ပွက်အိုင်ကြီး၏ အပေါ်က သစ်ပင်ပေါ်ကိုရောက်လာပြီး တစ်ကိုင်းပြီးတစ်ကိုင်းဆင်းလာကြကာ အပေါ် ရေကြည်လင်နေသော အိုင်ခွက်ဆီ တသစ်ကိုင်းမှာနားကာ ပတ်ဝန်းကျင်ကို ကြည့်ရှုအကဲခတ်ရင်းက ရေသောက်၊ ရေချိုးလုပ်ကြသည်။ ရေချိုးပြီးနောက် ကိုယ်ကရေစိုများကို တဖြုန်းဖြုန်းခါထုတ်နေသည်။

တစ်အောင့်အကြာတွင် နောက်ဆုံး တောင်ကြောဆီကဆူဆူညံညံဖြင့် ရှဉ့်တွတ်သံများကို ကြားလာရသည်။ ထို့ကြောင့် ကျွန်တော် ဦးပေါတာကြီးကို အသံတိတ်မေးငေါ့ပြီး မေးလိုက်သည်။

"ကျားဖြစ်မယ်"

ဟုပြောကာ ဦးပေါတာလည်း ရှဉ့်တွတ်သံကြားသည့်ဘက်ကို ငေးကြည့်နေသည်။ ရှဉ့်တွတ်သံများလည်းအဆက်မပြတ် ကျွန်တော်တို့ဘက်သို့ တန်းလာနေလေသည်။

"မင်း အခုလို ရှဉ့်အဆက်မပြတ်တွတ်လာနေတဲ့အကြောင်းကို သိလားမောင်ထွန်းရီ"

"ဘယ်သိမလဲဗျ၊ ဦးပေါတာပြောမှသိမှာပေါ့"

"ကျားဆိုတဲ့သားရဲနို့ကတ သူ့ကိုမြင်လို့ ရှဉ့်တွတ်ရင် အဲဒီနေရာက ချက်ချင်းလမ်းရှောင်သွားလေ့ရှိတယ်လေ။ အခုလမ်းရှောင်ခြင်းရှိဘဲ တန်းလာနေသံကိုကြားနေရတာက သူအမဲရှာနေတာမဟုတ်ဘဲ ရေသောက်ဖို့လာနေတဲ့သဘောဖြစ်လို့ လမ်းမရှောင်ဘဲ တန်းလာနေတာဖြစ်တယ်"

ဦးပေါတာ စကားဆက်ဖြတ်ပြီး မေးထိုးပြ၍ ကျွန်တော်ကြည့်လိုက်ရာ ကိုးတောင်ခန့်ရှိသော ကျားနီနက်ကြီးတစ်ကောင်သည် ခပ်ယို့ယို့အမူအရာဖြင့် လျှောက်လာနေတာကိုတွေ့လိုက်ရသည်။

ထို့ကြောင့် ကျွန်တော်လည်း ခေါင်းကြီးသွားလေသည်။ ကျွန်တော်သည် ဆိုခဲ့သည့်အတိုင်း ငါးတန်းကျောင်းသားအရွယ်ကပင် ဆင်ဦးစီးများနှင့် တောထဲလာနေကာ မုဆိုးလုပ်နေခဲ့ဖူးသော်လည်း တောခြောက်၊ အမဲထမ်းအဆင့်သာသာမျှရှိသည်။ ကျားရဲကြီးများကိုမဆိုထားဘိ ။ ဆတ်၊ ပြောင်၊ တောဝက်စသော အမဲကြီးများကိုပင် မပစ်ဘူးသေး၊ မပစ်ဘူးပေ။

ထို့ကြောင့် ယခု ကျားနီနက်ကြီး

တစ်ကောင်ကို မျက်ဝါးထင်ထင်ရှင်းရှင်းကြီးမြင်လိုက်ရ၍ ခေါင်းကြီးရာမှ တုန်ပင်တုန်သွားမိသည်။ ကျားကြီးသည် ဖြောင့်ဖြောင့်တန်းတန်းမလာဘဲ သူ၏ရင်ဘတ်ဘယ်ညာကိုကြည့်လိုက်၊ ပတ်ဝန်းကျင်များကို အကဲခတ်ကြည့်လိုက်နှင့်သာလာနေသည်။

ကျားကြီးသည် ကျွန်တော်တို့နှင့် ဆယ့်ငါးလံကွာ ပွက်အိုင်ကြီးနှင့် အလံနှစ်ဆယ်လောက်အကွာသို့ရောက်လျှင် ရပ်တန့်သွားပြီး ထိုင်လိုက်၏။ ထို့နောက် ပွက်အိုင်ကြီးကိုစိုက်ကြည့်နေလေသည်။

ထိုအချိန်၌ ကျားကြီး၏မျက်လုံးများမှာ မူလနှင့်မတူတော့ဘဲ စိမ်းလိုက်၊ ဝါလိုက်၊ ပြာလိုက်၊ နီလိုက်အရောင်များအမျိုးမျိုးပြောင်းနေလေ၏။ ထို့ကြောင့် သာ၍ပင် ကြောက်စရာကောင်းနေလေသည်။

ကျွန်တော်တို့ပုန်းခိုနေကြသည်ကို ကျားကြီးမမြင်နိုင်၍ တော်သေးသည်။ ကျွန်တော်နှင့် ဦးပေါတာမှာ ကျောက်ကွဲကြီးနှစ်ခုအကြားမှသာရှိနေကြသည်။ သစ်ခက်များကိုလည်း ကာရံထား၍ ကျားကြီးမြင်နိုင်ရန် အကြောင်းမရှိပေ။

ကျားကြီးသည် တစ်အောင့်ကြာအောင် ပတ်ဝန်းကျင်များကို အကဲခတ်ကြည့်နေပြီးနောက် အိုင်စပ်သို့ဆင်းကာ ရေသောက်လေ၏။

ကျွန်တော်က ဦးပေါတာကို လက်ကုပ်ကာ ကျားကြီးအားပစ်သတ်ရန် မေးထိုးပြ၏။ ဦးပေါတာက ခေါင်းခါလိုက်ပြီး

"အသားစားမရတဲ့အကောင်ကို ဘာလို့ပစ်မှာလဲ"

ဟု တိုးတိုးပြန်ပြောသည်။ ကျားကြီးလည်း ရေသောက်ပြီးနောက် လျှာဖြင့် နှုတ်ခမ်းပါးနားကိုသပ်ရင်း တစ်ဖက်ကုန်းဆွယ်သို့တက်ကာ တောထဲသို့ဝင်သွားလေသည်။

ထို့နောက် နာရီဝက်ခန့်အကြာတွင် ဒုန်း ဒုန်း ဟူသောအသံကိုကြားလိုက်ရပြီး ခြေပေါက်တစ်ကောင်ဆင်းလာပြန်သည်။ ခြေပေါက်လည်း အိုင်စပ်သို့ရောက်ပြီးနောက် ရေ့ဘေးညာကို တစ်အောင့်မျှ အကဲခတ်ကြည့်နေပြီး ရေကိုကုန်းသောက်လေသည်။

ကျွန်တော်လည်း ဦးပေါတာ ဘာမျှမလုပ်ဘဲနေသည်ကိုကြည့်ကာ -

"ပစ်လေ"

ဟု မြွှာလိုက်သည်။

"ဒီအကောင်လည်း လယ်သေး

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ငါ့မြားစေးရဲ့အစွမ်းမင်းပြချင်လို့ ဒီထက်ကြီးတဲ့အမဲကောင်ကြီးတစ်ကောင် ကောင်ရောက်လာတော့မှပစ်မယ်”

ဟု တိုးတိုးပြန်ပြောသည်။

သိပ်ပြီးမကြာလိုက်။ ချေပေါက်တောထဲသို့ဝင်သွားပြီးနောက် ဆယ်မိနစ်ခန့်အကြာမှာပင် လေညာဘက်ကုန်းဆီက တောတိုးသံများနှင့်အတူ တောဝက်တစ်အုပ်ဆင်းလာနေကြလေသည်။

ကျွန်တော်တို့ တောဝက်အုပ်ကို စိုက်ကြည့်နေကြရင်း အထူးအဆန်းတစ်ခုကို တွေ့လိုက်ကြရသည်။ သုံးနှစ်သားခန့်လူကလေးတစ်ယောက် ခေါင်းဆောင်ဝက်ကောင်ကြီး၏ကျောပေါ်တွင် စီး၍ပါလာလေသည်။ ထို့ကြောင့် ကျွန်တော်နှင့် ဦးပေါတာတို့မှာ တအံ့တသြဖြစ်နေကြသည်။

အမြင့်နှစ်ပေခန့်ရှိသည်။ နီကြင်ကြင်အမွေးများဖုံးလွှမ်းနေသည်။ အခြားသော တောသတ္တဝါများနှင့် မတူပေ။ လူကလေးတစ်ယောက်နှင့်ခွဲမရအောင် တူသည်။ အမွေးနီများဖုံးလွှမ်းနေသည်မှသာ ထူးသည်။

လူစင်စစ်လည်းမဖြစ်နိုင်။ ကလေးတစ်ယောက်ဆိုလျှင်လည်း ဤအရွယ်သည် တောဝက်ကြီးကိုစီးပြီးသွားနေနိုင်သော်အနေအထားမရှိပေ။ ဤမျှနက်သော တောထဲ၌လည်း လူသူရှိအံ့မထင်ပေ။

တောနက်ထဲမှ ထူးဆန်းသော သတ္တဝါတစ်မျိုးပေလော။ တောဝက်များနှင့် သင့်မြတ်တတ်သည့် သရဲသဘက်၊ ဘီလူး၊ မှင်စာ စသော နာနာဘာဝများပေလော။ ကျွန်တော် မစဉ်းစားတတ်အောင်ဖြစ်နေသည်။

ဦးပေါတာလည်း ထိုအကောင်လေးကိုသာ စိုက်ကြည့်နေသည်ကိုတွေ့ရသည်။ သူမျက်နှာမှာလည်း အံ့သြရိပ်များထင်ဟပ်နေသည်။

“ဦးပေါတာ ဒါ ဘယ်လိုအကောင်မျိုးလဲဗျ။ လူတော့မဖြစ်နိုင်ဘူးလို့ထင်တယ်”

“မပြောတတ်ဘူးလေ”

“လူနဲ့တော့ အတော်တူတယ်ဗျ”

ဦးပေါတာကခေါင်းညိတ်ပြီး-

“ဒီကောင်မျိုး တောနက်ကြီးတွေထဲမှာရှိတတ်တာတော့ ကြားဖူးတယ်ကွ။ လက်တွေ့အကောင်အထည်ကို ခုမှမြင်ဖူးတာ”

“အေးဗျာ- အတော်ထူးဆန်းစာပဲ။ နာနာဘာဝများဖြစ်မလားဘဲနော်”

“ဖြစ်ချင်လည်းဖြစ်မှာပဲ။ နာနာဘာဝမဟုတ်တဲ့ ထူးဆန်းတဲ့သတ္တဝါတစ်မျိုးလည်း ဖြစ်ချင်ဖြစ်မယ်”

ကျွန်တော်ကခေါင်းညိတ်သည်။

“ရှေးမုဆိုးကြီးတွေ အခြားတောနက်ထဲကိုရောက်ဖူးကြတဲ့လူတွေလည်း ဒီလိုအကောင်မျိုးကို တွေ့ဖူးကြတယ်လို့ ကြားဖူးတယ်ကွ။ လူတိုင်းတော့မဟုတ်ဘူး။ တချို့တလေ တွေ့ဖူးကြတယ်လို့ ဆိုတယ်”

“လူကိုများ အန္တရာယ်ပေးနိုင်မလားဗျာ”

“လူကိုအန္တရာယ်ပေးတယ်လို့တော့ မကြားဖူးဘူးကွ။ ဒါပေမယ့် အတိအကျတော့ မပြောနိုင်ဘူးပေါ့”

ကျွန်တော်နှင့်ဦးပေါတာ နှစ်ကိုယ်ကြား တိုးတိုးပြောကာ ဝေဖန်နေကြသည်။

“ဦးပေါတာ ပစ်မှာလား၊ မပစ်ဘူးလား”

“စောင့်နေမှတော့ ပစ်ရမှာပဲ”

“ပစ်မယ်ဆိုရင် ဖြစ်ချင်ရာဖြစ်အဲဒီလူနီလေးစီးနေတဲ့တောဝက်ကြီးကို ပစ်ဗျာ”

“အေးနော၊ ဒါမှ ဘယ်လိုမျိုးလဲဆိုတာ သိချင်သိရမှာ”

ဟု ဆိုကာ ဦးပေါတာသည် လူနီလေးခွစီးနေသော တောဝက်ကြီး၏ လက်လှုပ်အသည်းပုံကိုချိန်ရွယ်ပြီး သူ၏အဆိပ်လူးမြားကို ပစ်လွှတ်လိုက်လေသည်။

ဦးပေါတာ၏မြားဆိပ်က အတော်လေးပြင်းထန်ပုံရသည်။ ပစ်မှတ်ကိုတည့်တည့်ကြီးထိမှန်သဖြင့် တောဝက်ကြီးသည် ‘ဂျီ’ ဟု တစ်ချက်သာအော်နိုင်ခဲ့ပြီး ထခုန်ကာ ထိုနေရာမှာပင်ဝပ်ကျသွားပြီး အကြောဆွဲနေလေသည်။ အခြားတောဝက်များလည်း ဖရိုဖရဲဖြစ်ကာ ပြိုကွဲထွက်ပြေးသွားကြသည်။

လူနီလေးလည်း တောဝက်ကြီး၏ကျောပေါ်မှ လွှင့်စဉ်ကျသွားပြီး ချက်ချင်းပြန်ထကာ တအံ့တသြဖြစ်နေလေသည်။ ကြောက်လန့်သောအမူအရာဖြင့် ပတ်ဝန်းကျင်များကိုအကဲခတ်ပြီးလည်းကြည့်နေသည်။ ထို့နောက် အကြောဆွဲနေသော တောဝက်ကြီးကို တစ်ချက်မျှငေးကြည့်ကာ လျင်မြန်စွာ ကမ်းပါးယံသို့ပြေးတက်ပြီး တောထဲသို့ဝင်သွားလေသည်။

ကျွန်တော်နှင့် ဦးပေါတာလည်း မျက်ခြည်မပြတ် စိုက်ကြည့်နေကြသည်။ တစ်အောင့်ကြာအောင်စောင့်ကြည့်နေ၍ အခြေအနေအားလုံးတည်ငြိမ်သွားဟု ကျောက်တုံးကြီးပေါ် မှဆင်းနေကြချိန်မှာပင် လူနီလေးပြန်ရောလာသည်။

လက်မှာ နွယ်လိုလို၊ သစ်လိုလိုတစ်ခုကိုင်ပါလာသည်။ အမွေးများကိုခွေပြီး တောဝက်ကြီး၏ပါးစပ်ကို သို့ဖြဖထည့်သည်။ ဝက်ကိုယ်မှာစိုနေသော အဆီပိပ်လူးမြားကိုဆွဲနုတ်လည်း ချိုးခြေကာ လွှင့်ပစ်လိုက်သော်လည်း တောဝက်ကြီး၏ကိုယ်ကို လက်နှင့်ကာ ဂါထာမန္တန်ရွတ်သလိုလည်း တီးရွတ်သည်။

တစ်အောင့်လေးအတွင်းမှာပင် တောဝက်ကြီး နာကျင်ကိုက်ခဲသော်အောည်းကာ လူးလှိမ့်ပြန်ထသည်။ ကိုယ်မှာပေကျံနေသောခွေးများကို ခါထုတ်လိုက်သည်။ ထို့နောက် တောဝက်ကြီးအကောင်းအတိုင်းဖြစ်သွားပြီး သူ့အဖော်တောဝက်အုပ်ဆီသွားကြသည့် တောလမ်းအတိုင်းဆက်လိုက်သွားသည်။

လူနီလေးလည်း နွယ်လိုလို သစ်လိုလို ဆေးပင်ကိုကိုင်ကာ တောဝက်ကြီး၏နောက်မှ ဆက်လိုက်သွားလေသည်။

ကျွန်တော်သည် တောဝက်နှင့် လူနီလေးတို့ တောထဲသို့ ပျောက်ကွယ်သွားကြသည်အထိ ကြည့်နေပြီးမှ သက်ဗတစ်ချက်ကိုချကာ ပြန်လှည့်လာအားကြည့်သည်။ ဦးပေါတာလည်း နေသည်။ ထို့နောက် တစ်ချက်နှစ်ချက် ခေါင်းခါလိုက်သည်။ ဘာကြောင့်တော့မသိ။

ဦးပေါတာ၏မျက်နှာမှာ သောအာရုံတစ်ခု ထင်ဟပ်နေသော်ကျွန်တော်ထင်သည်။ မူလအခြားနားချက်တစ်ခုရှိနေသည်ကိုသိသည်။

ထို့နောက် ဦးပေါတာ ပြောင်းသွားပြီး ထိုနေရာမှာပင် လေးနှင့်မြားကိုချိုးခြေကာ လွှင့်လေသည်။

ထွန်း

စာကြွင်း

ဘကြီးချစ်၏ အလားတူ လေးအကြောင်းကို ဆက်ရန်နှင့် ဤ၌ဤ၍မျှသာ။

www.burmeseclassic.com

www.burmeseclassic.com

ရောတိပ်ကျော် (မအူပင်) အဖော်လေးယောက်နှင့် ခရီးသွားခြင်း

ကျန်ခဲ့တဲ့ အနှစ် (၂၀) ဝန်းကျင် လောက်ကဖြစ်ပါသည်။ ထိုနှစ်ပိုင်းတွင် မြို့နှင့်မိုင်ပေါင်းများစွာဝေးသော ရွှေဘိုစွန်လေးသို့ စာရေးသူတစ်ယောက်တည်း ကွင်းလမ်းကနေ ခြေကျင်ခရီးဖြင့် နေပူစပ်ခါးထဲမှာ မမောနိုင်မပန်းနိုင်ဖြင့် ခရီးပြင်းနှင်နေရပါသည်။ရာသီဥတုကလည်း အလွန်ပူသောရာသီဥတုမို့ စာရေးသူတစ်ယောက်တည်း အားတင်းပြီး အမြန်တစ်လှည့် အနေးတစ်ခါဖြင့် ခရီးဆက်နေပါသည်။

စာရေးသူတို့က မြို့ပေါ်မှာနေပါသည်။ ထိုအချိန်ကလည်း စာရေးသူရဲ့ အသက်က (၁၅) နှစ်၊ အနှစ် (၂၀) လောက်ပဲရှိပါသေးသည်။ရွှေဘိုစွန်လေးမှာရှိသည့် မိဘများ၏လယ်ယာအမွေ အနှစ်များကို အခြားအစ်ကို၊ အစ်မတွေကို အမွေများခွဲဝေပြီးသဖြင့် စာရေးသူအတွက်ရရှိသော လယ်မြေ (၁၀)ဧကကို စာရေးသူရဲ့အစ်မတစ်ဝမ်းကွဲတော်စပ်သူ ကြည်ကို သီးစားခပေး၍ လုပ်စားစေခြင်း ဖြစ်ပါသည်။ စာရေးသူရဲ့မေမေက စာရေးသူ ကျောင်းမတက်ခင်အချိန်ကသည်းကပင် ဆုံးသွားခြင်း ဖြစ်သည်။

ဒါကြောင့်မို့လို့လည်း ဖခင်သည်သာ အမွေနေရာမှာရော အဖေ့နေရာမှာပါ စာရေးသူကို တာဝန်ကျေစေခဲ့ပါသည်။ ထိုအချိန်တုန်းက စာရေးသူရဲ့ဖေဖေက စာရေးသူအသက်အရွယ်ရောက်လာရင် စားဝတ်နေရေးမချို့တဲ့စေရန် မိဘတို့၏ သဘောသဘာဝအတိုင်း သားသမီးများကို ဆင်စီးပြီးမြင်းရဲတာကိုပဲ မြင်စေချင်တဲ့ စိတ်ဆန္ဒတစ်ခုတည်း ဖြစ်ပါသည်။ အဲဒါကြောင့်မို့လို့ပဲ အရွယ်မရောက်သေးသည့် လူမမည်လေး (စာရေးသူ) အတွက် နောင်ရေးကိုတွေးပြီး အစ်မဝမ်းကွဲ ဒေါ်ကြည်ကြည်စီမှာ သီးစားခဖြင့်လုပ်ကိုင်စေခြင်း ဖြစ်ပါသည်။ အခု စာရေးသူအရွယ်ရောက်လာပြီဖြစ်သော်လည်း စာရေးသူလက်ဝယ်သို့ပြန်ရောက်မလာသေးတော့ အခု သီးစားခနှင့် လယ်တာဝန်ကျေစပါးကို နိုင်ငံတော်ကို တာဝန်တာတန်းကျေအောင်ရောင်းချနိုင်ရေးအတွက်၊ ထိုအတွက် နှစ်ခုအတွက် အခုသွားနေရခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ စာရေးသူ အပင်ပန်းခံပြီးသွားနေရခြင်းမှာလည်း ထိုအချိန်အခါက တောင်သူလယ်သမားများကို မိမိတို့လုပ်ကိုင်သော လယ်ဧကအလိုက် နိုင်ငံတော်ကို တာဝန်ကျေစပါးများကို ပြည့်မီအောင် ရောင်းပေးနေရသော အချိန်အခါ ဖြစ်ပါသည်။ တာဝန်မကျေလျှင်အဖမ်းအချုပ်ခံရပါသည်။ တာဝန်မကျေပွန်သဖြင့် အဖမ်းအချုပ်ခံရသော တောင်သူများသည် ပြေစာပေါက်ထွက်ပြီးသားတောင်သူများသာ ဖြစ်ပါသည်။ သီးစားခပေးပြီးလုပ်တဲ့သူများနှင့် မသက်ဆိုင်ပါ။ ထို့ကြောင့်မို့ အသက် (၇၀) ကျော် (၈၀) အတွင်းမှာ ရောက်နေပြီဖြစ်သော စာရေးသူ၏ ဖခင်ကြီးကို တာဝန်ကျစပါးမပေးနိုင်အဖြင့် အဖမ်းအချုပ်မခံစေလိုပါ။ ထို့ကြောင့်မို့ မိမိရဲ့လယ်ကို သီးစားခပေးပြီးလုပ်နေသော အစ်မဝမ်းကွဲ ဒေါ်ကြည်ကြည်ဆီကို သွားရခြင်းဖြစ်ပါသည်။ ထိုအချိန်အခါက အခုအခါလို ကားလမ်းများမဖောက်ရသေးသည့်အတွက် လယ်ကွင်းပြင်တွေထဲကနေ မိမိလိုရာခရီးကိုသွားနေရသောအချိန်အခါ ဖြစ်ပါသည်။

စာရေးသူသည် ထိုကဲ့သို့ ခရီးကြမ်းများကို သိပ်ပြီးမသွားဘူးပေ။ ညကလည်း စာမေးပွဲကနီးပြီဆိုတော့စာကျက်တာအချိန်လွန်သွားသဖြင့် အိပ်ရေးမဝဖြစ်နေရာ အခုမှ ခရီးပန်းတာနှင့်ရောပြီးတော့ အိပ်ချင်သလိုလိုဖြစ်လာသည်။

"ဦး . . . နေကလည်းပူပြင်းလွန်း

www.burmeseclassic.com

www.burmeseclassic.com

နေမိသည်။ ဒေါသတွေလည်းထွက်နေမိသည်။ တစ်ခဏချင်းနှင့်ပဲ စာရေးသူရဲ့ စိတ်သည် အပင်ကြီးအောက်မှပြေးထွက်သွားပြီး ရှေ့ကနေ မိမိသွားမည့်လမ်းခရီးကို ဆက်လက်ပြီးလျှောက်ရန် ဖြစ်သည်။ အားတင်းပြီး အလျင်အမြန်လျှောက်သော်လည်း ခရီးတမရောက်သလိုဖြစ်နေပါ သည်။

ရှေ့ဆက်ပြီး စာရေးသူသွားရင်း သွားရင်းနှင့် အလွန်ဝေးလံသော နေရာသို့ရောက်နေပါသည်။ စာရေးသူရောက်နေသောနေရာသည် မရောက်ဘူးသလိုလို၊ လမ်းမမှတ်မိသလိုလို၊ ခါတိုင်း သွားဖူးလာဖူးသောနေရာမဟုတ်မှန်းကို သိနေသလိုလိုပဲ။ နေကလည်းအလွန်ပူ၊ နေပူသည့်အတွက် ဖခင်ကရောဘူးကိုယူသွားဖို့ပြောတာတောင် အပျင်းကျပြီး မယူခဲ့မိတာ အခုတော့ ရေဆာတာ အတော်ဆိုးတာပဲ။ ရေတောင်းသောက်ရအောင်ကလည်း ဘယ်ရေအိုင်၊ ဘယ်ရွှံးတွင်ချောင်းမှမတွေ့ရ။ ဘယ်အိမ်၊ ဘယ်တဲတစ်လုံးမှမတွေ့ရ။ ခက်တာမှ အကြီးအကျယ်ကိုခက်တာပဲ။ လမ်းကပျောက်နေရတဲ့အထဲ ရေကဆာသေး။ အထက်ကောင်းကင်ကြီးပေါ်က နေမင်းကြီးကလည်း သူတစ်စင်းတည်းမှပူနေတာ ဟုတ်ပါလေစ။ အသားတွေကျက်မတတ် ပူလောင်လှသည်။ စာရေးသူ တစ်ယောက်တည်း လမ်းလျှောက်လာရင်း မြည်တွန်တောက်တီးနေမိပါသည်။

ထိုတွင် အနောက်မှ အသံကြားလို့ စာရေးသူသည် အသံကြားရာဘက်သို့ တစ်ချက်လှည့်ပြီးကြည့်လိုက်မိတော့ မိမိအနားမှာ လူလေးယောက်က ဘယ်အချိန်ကတည်းက ကပ်လျက်သားပါလာမှန်းမသိ တွေ့လိုက်ရပါ၏။

ပထမဆုံးလူက စာရေးသူကို နှုတ်ဆက်ပြီး မိတ်ဖွဲ့နေပါသည်။ ထိုလူက အရပ်အရှည်ရှည်၊ အသားကညိုညို၊ ရုပ်ရည်ကခပ်ကြမ်းကြမ်းနှင့်မို့ အနည်းငယ်တော့ စိုးရွံ့မိသား။ ကျန်သုံးယောက်ကတော့ ဘာစကားမှလည်းမပြော၊ ပြုံးလည်းမပြုံး၊ ရယ်လည်းမရယ်ကြဘဲနှင့် ဟိုအဝေးကိုပဲကြည့်ပြီးနေကြပါသည်။

ပထမလူက -

"ကျွန်တော်က အဲဒီလိုကြမ်းကြမ်းတမ်းတမ်းလမ်းတွေကို ဘယ်ရောက်ရောက်လျှောက်နေရတာကိုက သိပ်ကို ပျော်တာပဲ။ သူများတွေ ကျွပ်လိုပဲ လျှောက်နေရရင်လည်း ကျွပ်က သိပ်ပြီး ဝမ်းသာတာပဲ။ ဟား. . . ဟား. . . ဟား. . . ဟား"

ပထမလူက သူပြောချင်သောစကားများကို အတိုင်းအတာဘောင် အကန့်အသတ်မရှိဘဲနှင့် ပြောချင်တာပြောပြီး ဝမ်းသာအားရနှင့် ရယ်နေပါသည်။ စာရေးသူက ထိုသူရဲ့အပြောအဆိုအပြုအမူတွေကို စာရေးသူ၏စိတ်ထဲ သဘောမကျသော်လည်း ဘာစကားကိုမှမပြောမိ။ အံ့ပါရဲ့ဗျာ - ဒါလောက်လမ်းခရီးကကြမ်းပြီး ဒါလောက်ကြီးဝေးနေ၊ ပူပြင်းနေရတဲ့ကြားမှာ ဒီလူကလာပြီးပျော်မြူးနေရတယ်လို့။ ဒီလူရူးများနေလားမသိဘူး။ သူ့ကြည့်တော့လည်း တက်ကြွနေတာပဲ။ ဘယ်လိုလူစားလဲမသိ။ စာရေးသူက အခု လမ်းပေါ်မှာ လမ်းလျှောက်ရင်းနှင့် လမ်းပျောက်နေသလိုဖြစ်နေ၏။ ဘယ်ဘက်ကိုသွားရမှန်းမသိရတဲ့အထဲ အဲဒီလူကို လက်သီးနှင့် သာထိုးပစ်လိုက်ချင်သည်။

နောက်တစ်ယောက်က ဒုတိယလူ။ အသားကဖြူစင်စင်နှင့်။ ရေနူးနေတဲ့အသားကျနေတာပဲ။ စာရေးသူ ဒုတိယလူကိုကြည့်ပြီး အကဲခတ်နေစဉ် တောင်ဘက်မိုးကောင်းကင်ပြင်ကြီးမှ တရိပ်ရိပ်နှင့်တက်လာသော မိုးကောင်းကင်ပြင်ကြီးကိုကြည့်ပြီး စာရေးသူအံ့သြနေမိပါသည်။ တရိပ်ရိပ်နှင့်အော်ပြီးပြေးလွှားလာသော် မိုးရေမိုးစက်တို့သည် အုန်းလက်တံမြက်စည်းတံများဖြင့် လူအသားကို ရိုက်နေသလိုမျိုး ခံစားရပါသည်။ ထိုအချိန်မှာ တစ်ချိန်လုံးတမှိုင်မှိုင်တွေတွေနှင့်တွေဝေနေသူ ထိုဒုတိယမြောက်လူက ရုတ်တရက်ထခုန်ပြီး -

"ဒီတစ်ခါတော့ငါ့အလှည့်ရောက်ပြီကွ။ ဒီတစ်ခါ ငါပျော်ရမယ့် အလှည့်ကွ။ ကျွပ်က ရေဆိုအလွန်ကြိုက်တာ။ မြစ်ရေ၊ ချောင်းရေ၊ မိုးရေ ပင်လယ်ရေ၊ သမုဒ္ဒရာထဲကရေ ဘာရေပဲဖြစ်ဖြစ် သန့်ရှင်းတဲ့ရေတွေဆို ကျွပ်က သိပ်ပြီးကြိုက်တာ။ ဒါပေမယ့် သဲသဲမဲမဲနဲ့ ဒီလိုမျိုး ကမ်းမခြင်လမ်းမခြင်နဲ့ရွာနေတဲ့ ဒီလိုမျိုးမိုးကိုမှ ပိုပြီးတော့ ကြိုက်နှစ်သက်တာ။ သဘောကျတာ။ ဘယ်လောက်အထိရွာမလဲ။ တစ်နေ့လုံးရွာမလား တစ်နေ့လုံးကြိုက်တယ်။ တစ်သက်လုံးရွာမလား တစ်သက်လုံးကြိုက်တယ်။ ပျော်တယ် ပျော်တယ် ဟား. . . ဟား. . . ဟား. . . ဟား. . . "

စာရေးသူက မိုးရွာထဲမှာ ခုန်ပေါက်ပျော်မြူးနေသောထိုလူကိုကြည့်ပြီး ဒေါသတွေထွက်နေပါသည်။ ဒီလူက တော်တော်မသိတတ်တဲ့လူဘဲ။ လူ ဖြင့် တော်ကြာပူလိုက်၊ တော်ကြာလိုက်နဲ့ သေရတော့မယ်။ သူ ကြည့်စမ်းပါဦး ပျော်နေလိုက် လောကကြီးမှာ မရှိတာထက် ခက်တယ်ဆိုတာတယ်မှန်ပါလား။ ဒီလူတွေနဲ့ ငါဖြင့် ဘယ်အထိအ နေရဦးမလဲ မသိဘူး။ သူများတွေ ရွာလို့ ခိုနားစရာရှိရင် ခိုနား အခုဟာက ကွင်းထိုးထိုးကြီးမှာ ခိုစရာမရှိ၊ အားကိုးစရာမရှိ။ ဒီအနှစ်တော့ ငါဖြင့်ဒုက္ခပဲ။ သူတို့တွေ သူမင်းသူချင်းလုပ်ကြမယ်ဆိုတော့ သဘောကိုသူတို့ဆောင်နေကြ ပဲ။ အတော်လေးကို စိတ်ပျက်မိ

ရပ်ထဲရွာထဲမှာ ဒီလိုမျိုး တဲ့အတွက်ကြောင့် ရေတွေလှုံ့ တွေပျက်စီး၊ လယ်တွေယာတွေ တောင်ပေါ် တောင်အောက်ဒေသ လည်း မြေတွေပြိုကျ၊ အန္တရာ တွေကြ၊ ဘေးတွေသင့်ကြ၊ ခေါင်းပါးမှုတွေဖြစ်ကြနဲ့ အတော် ဒုက္ခရောက်အောင်ဖြစ်နိုင်တဲ့သ နဲ့ရွာတဲ့မိုးကိုများ သူကကြိုက် သူကနှစ်သက်တယ်လို့ စာရေး အပြစ်ဆွဲနေမိသည်။

နောက်တစ်ယောက်က အသားမည်းပြတ်ပြတ်နှင့် အသားမ နီစပ်စပ်နှင့်။ ဆံပင်ကကောက် အတော်တော့ စကားကတော့ မကောင်းတဲ့လူမျိုးပဲ။ စောစောက နိုင်အောင် ရွာသွန်းချနေသော် ယခုအခါ သူမဟုတ်သလို မျက် သလိုမျိုးနှင့် လှည့်စားသွားတာ တော့ တစ်ခဏချင်းနှင့် အသား မတတ် ပူပြင်းလာပါသည်။ အဲဒီ မြောက်လူက သူဝတ်ထားတဲ့ အောက်ပိုင်းက လုံချည်တို့ကိုဆွဲ ကိုယ်ခန္ဓာတစ်ခုလုံးမှာ ဘောင် ထည်ပဲရှိတယ်။ အဲဒီလူက ခုန် ပျော်မြူးနေရင်း -

"ဒို့ကတော့ ဒီလိုတအား မျိုးကို တကယ်ပဲကြိုက်တာ။ တို့ ဒီလိုအပူထဲမှာ လျှောက်နေရရင် နေရရင် တအားပဲပျော်တာပဲ။ အစပ်အစားအစာလေးတွေကို အချိန်မျိုးမှာ သောက်လိုက်ရရင် အာဟာရပြည့်ဝမှာပဲ။ သူ ခင်ဗျားကော ဒီလိုမျိုး ကျွန်တော် တဲ့အစားအစာမျိုးမကြိုက်တတ်

ထိုသူက စာရေးသူကို မ

www.burmeseclassic.com

www.burmeseclassic.com

မေးနေခြင်း ဖြစ်ပါသည်။ စာရေးသူက ဘာမှပြန်မပြောဘဲ သဘောမကျဟန်ဖြင့် ခေါင်းပဲခါယမ်းပြလိုက်ပါသည်။

ဘယ်လိုဘယ်လိုလူတွေနဲ့ လာတွေ့နေမှန်းမသိဘူး။ ဒါလောက်ပူရတဲ့အထဲ အပူအစပ်စာစားပြီး ပျော်ချင်သေးတယ်လို့။ ဘယ်လိုလူတွေမှန်းကို မသိ။ ဟိုတစ်ယောက်ကျပြန်တော့ ခရီးကြမ်းကြမ်းကို ဘယ်လောက်လျှောက်ရလျှောက်ရတဲ့။ နောက်တစ်ယောက်ကတော့ မိုးဘယ်လောက်များများ ရေထဲမှာဆို သိပ်ပျော်တာပဲတဲ့။ အခုလူကျပြန်တော့ နေပူထဲမှာ အာပူလျှာပူစားချင်တာမ်တဲ့။ ဘယ်လိုတွေဖြစ်နေပြီလဲ ဘာတွေလဲ။ ငါပဲရူးနေပြီလား၊ သူတို့ပဲရူးနေတာလား။ စာရေးသူလမ်းသွားရင်း ရေရွတ်နေမိပါသည်။

စာရေးသူ၏ နောက်နားဆီမှ တရှဲရှဲနှင့် ဘဲငန်းသံလိုလိုအသံမျိုးကို ကြားလိုက်ရပါသည်။ စာရေးသူကို အဲဒီလူက ဟိုမိုးကောင်းကင်ကြီးပေါ်ကို လက်ညှိုးထိုးပြပြီး -

"ဟိုမှာကြည့်လိုက် ဒီတစ်ခါကျွန်တော့်အလှည့်ပဲတွေ့လား"

စာရေးသူက ထိုသူညွှန်ရာသို့ကြည့်လိုက်တော့ ဟုတ်ပါရဲ့၊ နေမင်းကြီး၏အလင်းရောင်သည် တဖြည်းဖြည်းနှင့် အမောင်သန်းလာပြီး ကောင်းကင်ကြီး တစ်ပြင်လုံး နီညိုရောင်အဆင်းရှိသော အလုံးအခဲကြီးက တဖြည်းဖြည်းနှင့်ရွေ့ဆင်းလာပြီး လေမုန်တိုင်းကြီးတိုက်ခိုက်ပါတော့သည်။ ထိုအချိန်မှာ စာရေးသူနှင့် အခြားအဖော်သုံးယောက်တို့သည် ပြင်းထန်သောလေမုန်တိုင်းကြီး၏နောက်သို့ပါမသွားစေရန် မြေပြင်ပေါ်၌ ဝပ်နေကြရပါသည်။ ထိုစတုတ္ထမြောက်လူကတော့ တစ်ယောက်တည်း မြူးထူးခုန်ပျံနေပြီး အပျော်ကြီးပျော်နေပါသည်။

"ငါလိုချင်တာ ဒါမျိုးမဟုတ်ဘူး။ ဒါနဲ့ ပြင်းထန်တဲ့ဆိုင်ကလုံးမုန်တိုင်းမျိုးမှ ကြိုက်တာ။ ဒါပေမယ့်လည်း ငါလိုချင်တာမရတော့ ရသမျှကလေးနဲ့ပဲ ပျော်သွားဦးမယ် ဟားဟားဟား"

မကြာမီ တဖြည်းဖြည်းနှင့် ပြင်းထန်သောလေမုန်တိုင်းကြီး တိုက်ခိုက်ရာမှနေ တဖြည်းဖြည်း ငြိမ်းအေးသွားပြီး ကောင်းကင်ပြင်၌ ညိုမည်းရောင်များ တဖြည်းဖြည်းနှင့် ပျောက်ကွယ် လွင့်စဉ်သွားကြပြီး သူရိယနေမင်းကြီးကလည်း လျော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ အလင်းအားကိုပေးစွမ်းနေပါသည်။

ထိုစဉ် အဖော် (၄) ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သည်တစ်ခါတော့ (၄)ယောက်စလုံးက -

"ကဲ-မိတ်ဆွေကြီး၊ ကျွပ်တို့ကိုယ်စီကြိုက်နှစ်သက်တဲ့အာဟာရအကြိုက်တွေနဲ့ ပျော်မြူးကြလိုပြီးပါပြီ။ ဒါကြောင့်မို့ ကျွပ်တို့အားလုံးတ ကျွပ်တို့နေတဲ့နေရာကိုပြန်ကြဖို့ မိတ်ဆွေကြီးသိအောင်နှုတ်ဆက်တာပါ"

ထိုစဉ် စာရေးသူက -

"ခင်ဗျားတို့ကဘယ်လိုပြန်ကြမှာလဲ"

"ကျွပ်တို့နေတဲ့အိမ် ကျွပ်တို့ပြန်ကြမှာပါ"

"ခင်ဗျားတို့က ဘယ်မှာနေကြတာလဲ"

"ကျွပ်တို့အားလုံးက ခင်ဗျားနဲ့အတူနေကြတာလေ ခင်ဗျားမသိဘူးလား"

စာရေးသူက ခေါင်းကို တွင်တွင်ခါယမ်း၍ -

မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ ခင်ဗျားတို့ကိုလည်း ကျွပ်က တစ်ခါမှ မတွေ့ဖူးဘူး။ ခင်ဗျားတို့လို အလူးတွေနဲ့လည်း ကျွပ်မနေနိုင်ဘူး"

"ကျွပ်တို့က လူးတာမဟုတ်ဘူး။ ခင်ဗျားကသာလူးတာပါ။ မြတ်စွာဘုရား ကဟောထားတာ မုထုဇဉ်တွေက အလူးတွေချည်းပဲ"

"ခင်ဗျားထင်သလို မဟုတ်ဘူး။ ကျွပ်တို့က ကျွပ်တို့သဘာဝအတိုင်းနေတာပါ"

"မနေနဲ့ မနေနဲ့၊ ကျွပ်နဲ့လာမနေကြနဲ့"

စာရေးသူစကားဆုံးသည်နှင့် -

"ကဲ - သူငယ်ချင်းတို့ရေ အချိန်သိပ်မရှိတော့ဘူး။ တို့အိမ်တို့ပြန်ကြစို့"

ဟု ပြောပြီး စာရေးသူ၏ ကိုယ်ခန္ဓာကို ဝိုင်းဖက်ပါတော့သည်။ စာရေးသူလည်း လုံးလည်ချာပတ်လည်အောင် မွေ့ယမ်းခါရမ်းပြီး မူးနောက်နေတုန်းမှာ ပထမဦးဆုံးလူက -

"ငါက ပထဝီဓာတ်ကွ"

ဒုတိယလူကလည်း -

"ငါက အာပေါဓာတ်ကွ"

တတိယလူက -

"ငါကအပူဓာတ်ကိုတအားကြိုက်တဲ့ တေဇောကွ"

"ငါကတော့ ဝါရောဓာတ်ကွ"

ဆိုပြီး တစ်ဦးချင်းဆီက မိမိတို့၏ အမည်များကို ဖော်ဆောင်ပြီး စာရေးသူ၏ ကိုယ်ခန္ဓာအတွင်းကို တိုးဝင်ပျောက်ကွယ်သွားပါတော့သည်။

စာရေးသူလည်း ရုန်းရင်းကန်ရင်းနှင့် -

"မလာနဲ့ မလာနဲ့၊ ငါ့ဆီကိုမလာနဲ့။ မင်းတို့ကို ငါမသိဘူး။ မင်းတို့ကအလူးတွေ။ မင်းတို့နဲ့ ငါအတူမနေနိုင်ဘူး သွား . . . သွား . . . သွား"

စာရေးသူ ခေါင်းမိုက်ပြီးထားသော သစ်မြစ်မှချော်ကျကာ လန့်နိုးသွားပါသည်။ စာရေးသူ သတိရလိုက်ကြည့်လိုက်တော့ မိမိပတ်ထားသော စီတာဇင်အော်တို နာရီမှာ နေ့လယ် (၃) နာရီခန့် ဖြစ်နေပါသည်။ စာရေးသူသည် ကုတ္တိပြစ်ပေါ်ကို ဦးခေါင်းအုံးပြီး (၂) နာရီခန့်လောက်ကို အိပ်ပျော်သွားကြောင်းသိလိုက်ပါသည်။

စာရေးသူ အိပ်နေရာမှ ထထိုင်ပြီး ပြုံးနေမိပါသည်။ ငါအိပ်မက်မက်နေတာပါလား။ စာရေးသူ ဆင်ခြင်မိတာက မိမိနှင့်တကွ ရုပ်နှင့်နာမ်စစ်ခုတွဲနေသော သက်ရှိ၊ သက်မဲ့ ဝတ္ထုပစ္စည်းမှန်သမျှ ဓိညာဏ်၊ နာမ်ရုပ်၊ သင္ခေယတနာ၊ ဖဿ၊ ဝေဒနာဟူ၍ ခန္ဓာငါးပါးနှင့်တည်ဆောက်ထားသော ခန္ဓာအိမ်ကြီးအတွင်းမှာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဆိုတဲ့ ဓာတ်ကြီးလေးပါးတို့သည် ခန္ဓာအိမ်ကြီးနှင့်အတူ ယှဉ်စီတွဲနေကြပြီးတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့မှပြီး သူသဘောသူဆောင် သူအလုပ်သူလုပ်နေကြတာပါလားရယ်လို့။ စာရေးသူလည်း အခုလို ဒေါသ၊ မောဟ၊ မာန်မာနတွေဖုံးလွှမ်းပြီး အဝိဇ္ဇာနှင့်တဏှာကိုမပယ်သတ်နိုင်သရွေ့တော့ ကိလေသာတွေဖုံးလွှမ်းပြီး ကိလေသာရေလျှဉ်ကြောမှာ နှစ်မြောပြီး မြတ်စွာဘုရားရှင်ဟောကြားဆုံးမဓမ္မသည့် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာသုခသို့ ရောက်ရာလမ်းကြောင်းကို လွယ်လွယ်ကလေးနှင့် ရောက်နိုင်လိမ့်မည်မဟုတ်ဟု သတိသံဝေဂရှုပွားရင်း မိမိရှေ့ဆက်သွားရန် ကျန်သေးသည့် ခရီးလမ်းကို ဆက်လက်ပြီးလျှောက်လှမ်းခဲ့ပါတော့သည်။

ဤစာစုကိုဖတ်ရသော စာဖတ်သူမှန်သမျှ သတ္တဝါခပ်သိမ်း တရားကိန်းငြိမ်းအေးကြပါစေသောဝ်။

သဗ္ဗေသတ္တာအဝေရာဟောန္တု

ဇောတိမ်ကောင်းမအုပ်

www.burmeseclassic.com

www.burmeseclassic.com

(၁)

လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့၏ဆည်းကပ်ကိုးကွယ်ရာဆရာတစ်ဆူဖြစ်တော်မူသော သဗ္ဗညုတဉာဏ်ရှင်မြတ်ဗုဒ္ဓဘုရားသခင်ကိုယ်တော်သည် စကြဝဠာတိုက်တစ်သောင်းအတွင်းတွင် မှီတင်းနေထိုင်ကြသော သုံးဆယ့်တစ်ဘုံသားတို့၏ ဘဝဖြစ်စဉ်ကို အကုန်အစင်ဆင်ခြင်သိရှိတော်မူပါပေ၏။

ထို့ပြင် သစ္စာလေးပါးမြတ်တရားနှင့် ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)ကိုလည်း ဆရာမကူ သယမ္ဘူရွှေဉာဏ်တော်ဖြင့် ပိုင်းခြားထင်ထင် ထိုးထွင်းသိမြင်တော်မူပါပေ၏။ သို့ဖြစ်၍ သမ္မာသမ္ဗုဒ္ဓါဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေသည်။

ပုဒ္ဓဘာသာဝင်အပေါင်းတို့သည် မြတ်စွာဘုရားဟောကြားခဲ့သော (၃၁)ဘုံကို သက်ဝင်ယုံကြည်ကြပေသည်။ လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ကို သုဂတိဘုံဟုလည်းကောင်း၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံများကို ဒုဂ္ဂတိဘုံဟုလည်းကောင်း ပိုင်းခြားသိရှိထားပေသည်။ထိုဘုံများတွင် လူဘုံသည် အပါယ်လေးဘုံမှ ပြိတ္တာနှင့် အသုရကာယ်များနှင့်လည်းကောင်း၊ ထင်ရှားစွာတွေ့မြင်နိုင်သော တိရစ္ဆာန်များနှင့်လည်းကောင်း ရောထွေးယှက်တင်ရှိနေသည်ကို တွေ့မြင်နိုင်ကြပေ၏။ ထိုအထဲတွင် အပါယ်ဘုံသားများဖြစ်သောပြိတ္တာအသုရကာယ်တို့မှာမူ လွယ်ကူစွာတွေ့မြင်နိုင်ခြင်းမရှိပေ။ အကြောင်းတိုက်ဆိုင်လျှင်ကား အံ့သြလောက်စွာ တွေ့မြင်ကြ ကြပေသည်။

(၂)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ တစ်ခုသောနံနက်ခင်း ဖြစ်ပေ ဝိုလ်ကြီးတင့်ဝေသည် အခြေးအ အရာရှိအဆင့်သို့ တိုးမြှင့်ခန့်ထား အရာရှိဖြစ်လာပေသည်။အရာ သဖြင့် အုပ်ချုပ်မှုဌာန၏ တာဝန်

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းဝေ
(ပြည့်)

ဆရာမလေး သောကအေးမြို့

အထက်ဌာနကြီးများသို့တင်ပြရန် ဦး၊ ရေး ထောက်ဆိုင်ရာပြန်တမ်းများကို အုပ်ချုပ်မှုအရာရှိကိုယ်စား လက်မှတ် ရေးထိုးနေရပေသည်။ ပြန်တမ်းများမှာ လည်း များပြားလှပေသည်။ ပြန်တမ်း များကို ကွမ်းကျင်မှုမရှိသော်လည်း

းကို အုပ်ချုပ်မှုအရာရှိကိုယ်စား တစ်ခါ တစ်ရံ တာဝန်ယူရပေသည်။ ယခုအခါ တွင်လည်း အုပ်ချုပ်မှုအရာရှိနှင့် နည်းပြ ချုပ်တို့ ယာယီတာဝန်ထွက်ခွာသွားသဖြင့် တပ်တွင် တပ်မှူးဆေးမှူးပိုလ်ကြီးနှင့် ဒုလ်ကြီးတင့်ဝေတို့သာ ကျန်ရှိပေသည်။ ဒုံရာတွင် တပ်မှူးမှာ နံနက်(၈)နာရီခန့် ပင် အစည်းအဝေးတက်ရောက်ရန် ကစ) ပြည်သို့ ထွက်ခွာသွားခဲ့ပြန်ပေ သည်။ ထိုအခါ လတ်တလောပြဿနာ များကိုဖြေရှင်းရန်တာဝန်မှာ ဗိုလ်ကြီး တင့်ဝေ၏ပခုံးပေါ်သို့ ကျရောက်ခဲ့ပေ သည်။

လတ်တလောပြဿနာများတွင်

www.burmeseclassic.com

www.burmeseclassic.com

သက်ဆိုင်ရာစာရေးများ၏ ကျွမ်းကျင်မှုကို ယုံကြည်စွာဖြင့် လက်မှတ်ရေးထိုးနေခြင်းဖြစ်ပေသည်။ ထိုသို့ရေးထိုးနေစဉ် ရုံးစည်းရုံးဝင်းအတွင်းသို့ အမျိုးသမီးနှစ်ဦး ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရပေ၏။

ထိုအမျိုးသမီးနှစ်ဦးအနက် တစ်ဦးမှာ မူလတန်းကျောင်းအုပ်ဆရာမလေးဖြစ်ပြီး ကျန်တစ်ဦးမှာ ကျောင်းသားမိခင် ဖြစ်ပေသည်။ ဝိုလ်ကြီးတင့်ဝေသည် ပြန်တမ်းများအား လက်မှတ်ရေးထိုးနေစဉ်မှာပင် ရုံးခန်းအတွင်းသို့ ရောက်ရှိလာကြပြီး ရှေ့တွင်ရပ်နေကြ၏။ ဝိုလ်ကြီးတင့်ဝေကား ခေါင်းမော့မကြည့်နိုင်သေးပေ။ ပြန်တမ်းများကိုသာ ပြီးအောင် လက်မှတ်ရေးထိုးနေလေသည်။

ထိုအချိန်တွင် ကျောင်းသားမိခင် ဖြစ်သူ မသန်းတင်ထံမှ ငိုရှိုက်သံကိုကြားရသဖြင့်၊ ခေါင်းမော့ကြည့်လိုက်သောအခါ ကျောင်းသားမိခင် မသန်းတင်ငိုရှိုက်နေသကဲ့သို့ ကျောင်းအုပ်ဆရာမကလေးမှာလည်း မျက်နှာမကောင်းလှပေ။

ထိုအခါ ဝိုလ်ကြီးတင့်ဝေမှ -

"ဆရာမလေးတို့ ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေ၏။ ဝိုလ်ကြီးတင့်ဝေထင်ထားသည်မှာ ကျောင်းသားမိခင်နှင့် ဆရာမကလေးတို့ စကားများခဲ့သည်ဟု ထင်မြင်ယူဆသဖြင့် မေးခြင်းဖြစ်လေသည်။ ဆရာမလေးက ဝိုလ်ကြီးတင့်ဝေမေးသည်ကိုမဖြေမီပင် ကျောင်းသားမိခင် မသန်းတင်က -

"ဝိုလ်ကြီး၊ ကျွန်မသားလေး ကျောင်းတက်နေရင်း ပျောက်သွားလို့ လာသတင်းပို့တာပါ။ ဝိုလ်ကြီးတို့ကူညီပါဦး"

ဟု ပြောကာ ငိုနေပြန်လေ၏။

"အယ်လို ပျောက်သွားတာလဲ ဆရာမလေးရယ်၊ ပြောပြပါဦး"

ဟု ဝိုလ်ကြီးတင့်ဝေက မေးသောအခါ ဆရာမကလေးမှ -

"ဒေါ်သန်းတင်ရဲ့သားကလေးက ကျောင်းပျော်အရွယ်ပါ။ အသက်(၃)နှစ်ကျော်လောက်ပဲရှိပါသေးတယ်။ သူငယ်တန်းမှာပဲ ကျောင်းပျော်အနေနဲ့ စာရင်းထည့်ထားပါတယ်။ (၉) နာရီကျောင်းတက်တုန်းကရှိပါသေးတယ်လို့ အတန်းပိုင်ဆရာမလေးကပြောပါတယ်"

"ဒါဖြင့် ဘယ်အချိန်လောက်က ပျောက်သွားတာလဲ"

ဟု ဝိုလ်ကြီးကမေးသောအခါ-

"အတန်းပိုင်ဆရာမကလေးပြောတာကတော့ (၉)နာရီခွဲလောက်မှာ အိမ်သာတက်ချင်တယ်ဆိုလို့ လွှတ်လိုက်ရာက ပြန်ဝင်မလာလို့သွားကြည့်တာမတွေ့လို့ကျွန်မကိုလာအကြောင်းကြားတာပါ"

ပြောပြလေ၏။

ထို့နောက် ဝိုလ်ကြီးတင့်ဝေမှ-

"အဲဒီကလေးက အိမ်ကို ဆရာမတို့မသိဘဲ ပြန်တတ်တဲ့အကျင့်ရှိသလား။ ကျောင်းမှာကောပျော်ရဲ့လား"

ဟု မေးပြန်လေ၏။

ထိုအခါ အတန်းပိုင်ဆရာမလေးက-

"အဲဒီလိုတော့ မပြန်တတ်ပါဘူး။ စကားနည်းတယ်။ အေးအေးနေတတ်တယ်။ ဒါပေမယ့် ဒီတစ်ခါတော့ အိမ်မှာပြန်သွားသလားဆိုပြီး ကျွန်မတို့ လူလွှတ်ပြီးမေးပါတယ်။ ဒါကြောင့်မို့ ဒေါ်သန်းတင်လည်း စိတ်ပူပြီး ကျွန်မတို့ကျောင်းကိုရောက်လာပါတယ်။ကျောင်းအတွင်းမှာတော့ သေသေချာချာရှာကြည့်ပြီးပါပြီ မတွေ့ပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်မလည်း စိတ်ပူပြီး ဝိုလ်ကြီးတို့ထံကို အကူအညီလာတောင်းတာပါ"

ဟု တစ်ဆက်တည်းပြောလေတော့၏။

ထိုအခါ ဝိုလ်ကြီးတင့်ဝေသည် တပ်အဝင်အထွက်ဂိတ်များသို့ဖုန်းဆက်၍ စုံစမ်းလေ၏။ အဝင်အထွက်ဂိတ်များကမထွက်သေးကြောင်း သတင်းပို့သဖြင့် စိုးရိမ်စိတ်ဝင်လာလေ၏။ ထိုဒေသပတ်ဝန်းကျင်သည် မြွေဆိုးပေါသောဒေသဖြစ်ရာ တောကြိုတောကြားဝင်သွားသဖြင့် မြွေနှင့်တွေ့ပြီး အန္တရာယ်ကြုံပြီလော။ ဒါမှမဟုတ် ကျောင်းတွင်းမပျော်သဖြင့် သင့်တော်ရာအဆောက်အအုံအတွင်း ဝင်ရောက်အိပ်နေပြီလော ဟုလောပေါင်းများစွာဆွေးတောပါသော်လည်း တိကျသောအဖြေကားထွက်မလာပေ။

အချိန်မှာ နံနက် (၁၀) နာရီခန့်ရှိလေပြီ။ ဤမူထင်သာမြင်သာအချိန်တွင် ကလေးတစ်ယောက်ပျောက်ဆုံးရသည်မှာမဖြစ်နိုင်ပေ။ ဒီကလေးကိုတွေ့ရမည်၊ တွေ့မှဖြစ်မည်ဟု စိတ်ဆုံးဖြတ်ကာ -

"ကဲ-မသန်းတင်လည်း ဒီလောက် စိတ်သောကရောက်မနေပါနဲ့။ ဆရာမလေးလည်း စိတ်မကောင်းဖြစ်မနေပါနဲ့။ ဆရာတွေ၊ ရဲဘော်တွေနဲ့ ပိုင်းဝန်းရှာဖွေရင် တွေ့ရမှာပေါ့"

ဟု နှစ်သိမ့်ကာ တာဝန်ရှိ အုပ်ချုပ်နှင့် ဆက်သားတစ်ယောက် တစ်ပါး ရုံးမှာရှိသောဆရာများနှင့် အချို့ကိုပြောက်နေသော ကလေး အားရှာဖွေရန် ကျောင်းအုပ်ဆရာမ အတူ ကျောင်းသို့စေလွှတ်လိုက်လေ၏။

(၃)

ထိုအချိန်တွင် ဝိုလ်ကြီးတင့်ဝေသည် မိမိတို့ငယ်စဉ်က ကြားသိခဲ့ကလေးများ တူပုန်းတမ်းကစားခဲ့ နတ်ဝှတ်ခြင်းအကြောင်းကို ပြောပြလေသည်။ သို့ရာတွင် ယခုပျောက်နေခြင်းမှာ တူပုံန်းတမ်းကစားမှ ပျောက်သွားခြင်းမဟုတ်ပေ။ တက်နေရင်း ပျောက်ဆုံးခြင်းဆန်းကြယ်လှပေ၏။ မိမိငယ်ကာမှ သီချင်းဆန်းနှင့်တိုးလေပြီတောနေမိပေ၏။

ဤမူလန်းကျောင်းကလေးသက်၍ သမိုင်းကြောင်းကို လှုပ်မီသမျှ စဉ်းစားကြည့်သော်ထူးခြားချက်တစ်ခုကို တွေးမိလေ၏။ မိမိတို့တပ်ရင်းသို့ရောက်ရှိလာသော (၅)နှစ်ခန့်ရှိပေပြီ။ ယခင်က ကျောင်းဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့သော မူလတန်းကျောင်းအုပ်ကြီး ဦးသည် ဤမူလတန်းကျောင်းနှင့် သားများအပေါ်တွင် အလွန်သံကြီးသူဖြစ်လေသည်။ သို့ရာတွင် သောက်စားခြင်းကို နှစ်သက်လွန်းစွဲလမ်းစွာသောက်သုံးခဲ့ရာမှ ရောင်အသားဝါရောဂါစွဲကပ်တော့သည်။ ရောဂါပြင်းထန်အခါ ကျောင်းသို့စာသင်ရန် မတော့ပေ။

သို့ဖြစ်၍ စာသင်မပျက်တပ်တွင်းမူလတန်းကျောင်းရှိ ခဲ့ချက်ပြုတ်စားရန် အိုးခွက်ပန်းနှင့်အတူ ပြောင်းရွှေ့နေထိုင်ခဲ့ထိုအခါ တပ်မှူးမှ ဤသို့နေထိုင်ခွင့်မပြုကြောင်း၊ ရောဂါပျောရန်အတွက် ဆေးရုံတက်သင့်တို့ကို အကြံပေးပြီး ပြန်သွားသည်။ သို့ဖြစ်၍ ကျောင်းအုပ်ဦးဟန်မြင့်လည်း မငြင်းသာသောဇာတိမြို့ကလေးသို့ ပြန်သွားခဲ့မကြာမီ သေဆုံးခဲ့ပေသည်။ ဒီတွင် သူ၏စိတ်အစဉ်သည် ကျောင်းကလေးနှင့် ကျောင်းများအပေါ်တွင် စွဲလမ်းခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ခဲ့မည်ကို ဗိုလ်ကြီးတင့်ဝေ စဉ်းစားမိလေသည်။

ဤမူလတန်းကျောင်းလေးတည်ရှိရာ ဤတပ်ရင်းသည် တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ခန့်သာရှိပေဦးမည်။ တပ်မတည်မီက တောထူထပ်သောတောင်ကုန်းငယ်များ တောင်ကြားလွင်ပြင်များသာရှိသဖြင့် လူဆိုးလူမိုက်များ ခိုအောင်းသောနေရာများရှိခဲ့သည်ဟု ကြားဖူး၏။ တခြားထူးခြားသောဖြစ်စဉ်များကို မကြားခဲ့ပေ။ တပ်တည်ထောင်ပြီးနောက်ပိုင်းမှသာ စည်ပင်ခဲ့ဖြိုးလာခဲ့ပေသည်။

ထိုသို့အတွေးနယ်ချဲ့နေစဉ် နာရီကိုကြည့်မိရာ (၁၁) နာရီထိုးပေတော့သည်။ ကလေးပျောက်ရှာဖွေနေသောအဖွဲ့မှ အကျိုးအကြောင်းသတင်းပို့ခြင်းရှိသေးပေ။ ဗိုလ်ကြီးတင့်ဝေလည်း နေက်ပိုင်း ရုံးဆင်းရန်ပြင်ဆင်လေတော့၏။ ရုံးဆင်းမည်ဆိုသော်လည်း အိမ်သို့ပြန်သေးဘဲ မူလတန်းကျောင်းကလေးရှိရာသို့ထွက်ခဲ့လေ၏။ ကွန်ကရစ်လမ်းဆောင့်ချီးသို့ရောက်သောအခါ ကျောင်းသားလေးအားရှာဖွေနေသော တပ်ကြပ်ကြီး (၃) ဦး ပြန်လာသည်ကို တွေ့ရလေ၏။ ထိုဆရာတို့၏မျက်နှာတွင် ပျော်ရွှင်ခြင်း ဝမ်းနည်းခြင်းအမူအရာတို့ကိုမတွေ့ရပေ။ တစ်ခုခုကို စဉ်းစားနေကြဟန်တူသည်။

ဗိုလ်ကြီးတင့်ဝေလည်း အနီးသို့ရောက်လာသောအခါ ထိုဆရာများသတင်းပို့သည်ကိုမစောင့်နိုင်တော့ဘဲ -

"ကဲ-ဆရာတို့ ကလေးပျောက်ရှာဘယ်လိုအခြေအနေရှိသလဲ"

ထိုအခါ ဆရာများက -

"ဟုတ်ကဲ့ - ဗိုလ်ကြီး၊ တွေ့ပါပြီ။ သေမယ့် တော်တော်ထူးဆန်းနေလို့ ကျွန်တော်တို့လည်း စဉ်းစားနေတာနဲ့ ဗိုလ်ကြီးကိုမြင်တာတောင် အမြန်သတင်းပို့ဖို့ သတိမရကြဘူး"

ဟု ပြောကြလေ၏။

ထိုအခါ ဗိုလ်ကြီးတင့်ဝေက -

"ဘယ်လိုထူးဆန်းလို့လဲ၊ ပြောကြစမ်း"

ဟု ထပ်ခါမေးလိုက်လေ၏။

ထိုအခါ ဆရာတစ်ဦးက -

"ကျွန်တော်တို့အဖွဲ့တွေ လူခွဲပြီး ကျောင်းရဲ့နောက်ဘက်ရှိ တောင်ကုန်းတစ်ခုလုံးကို တောတွေအနှံ့ ရှာဖွေနေကြတော့အဖွဲ့တွေက အသုံးမပြုဘဲထားတဲ့ အခန်းလွတ်တွေမှာ ရှာဖွေကြတယ်။ ဆရာမတို့ကတော့ ကျောင်းဝင်းအတွင်းမှာပဲ ထပ်ရှာကြတယ်။ အဲဒီလိုနဲ့ အခုဆယ့်တစ်နာရီထိုးတော့ မတွေ့သေးလို့ နေ့လယ်မှဆက်ပြီးရှာမယ်။ ထမင်းစားချိန်ရောက်ပြီလို့ ဆရာမတို့နဲ့ပြောပြီး ပြန်လာခဲ့တယ်။ ကျောင်းရဲ့အနောက်ဘက်ရောက်တော့ မသန်းတင်က သားလေးရေ မောင်သန့်ဇင်ရေလို့ အော်ခေါ်ပြီးငိုတော့တာပဲ ဗိုလ်ကြီးရေ။ အဲဒီအချိန်မှာ ကျောင်းဆင်းခေါင်းလောင်းကလည်း ထိုးပြီဆိုတော့ ကလေးတွေကလည်း ပြေးထွက်လာကြတယ်။

အဲဒီအချိန်မှာ အမေ၊ အမေဆိုပြီး ခေါ်သံကြားလို့ တောင်စောင်းဘက်လှည့်ကြည့်လိုက်တဲ့အခါ ပြေးထွက်လာတဲ့ကလေးတစ်ယောက်ကို တွေ့ရပါတယ်။ အဲဒီတော့မှ ကျွန်တော်တို့လည်း အားလုံး အံ့အားသင့်ပြီး ဟောဒီမှာ ပျောက်နေတဲ့ ကလေးတွေ့ပြီဟေ့လို့ အချင်းချင်းသိအောင်အော်ပြောလိုက်ကြပါတယ်။ ကလေးကလည်း မသန်းတင်ဆီကို ပြေးသွားပါတယ်။ မသန်းတင်ကလည်း ကလေးကိုတွေ့ရတော့ မငိုတော့ဘဲ ပြေးပြီးဖက်ထားပါတယ်။ ဆရာမကလေးကလည်း ကျောင်းထဲကအမြန်ထွက်လာပြီး မသန်းတင်တို့သားအမိအနားသွားပြီး ကလေးနဲ့စကားပြောနေတာ တွေ့ရပါတယ်"

ဟု ရှည်လျားစွာ ပြောပြလိုက်လေ၏။

ဗိုလ်ကြီးတင့်ဝေ နောက်ထပ်ကြားသိရသည်မှာ မိခင်ဖြစ်သူမသန်းတင်က-

"သားဘယ်သွားနေတာလဲ"

ဟု မေးသောအခါ -

"ဘယ်မှမသွားပါဘူး၊ ဟိုမှာကျည်းပင်အောက်မှာရပ်နေတာပါ"

ဟု လေးတွဲ့စွာပြောလေ၏။

ထိုအခါ မသန်းတင်က -

"သားကို အမေနဲ့ ဒီငိုဦးတို့လိုက်ရှာနေတာ မတွေ့ဘူးလား"

ဟု မေးပြန်၏။

"သားတွေ့ပါတယ်။ ဒါပေမယ့် သားကို ထူးလို့မရအောင် မည်းမည်းကြီးက သားပါးစပ်ကိုပိတ်ထားတယ်။ မင်းမသွားနဲ့။ မင်းကိုဖမ်းမလို့လိုက်ရှာနေကြတာ။ ထူးလည်းမထူးနဲ့ဆိုပြီး သားကိုဖက်ပြီးကွယ်ထားတယ်"

ဟု ပြောကြောင်း သိခဲ့ရပေသည်။

မသန်းတင်မှာ သားကိုပြန်တွေ့သဖြင့် ဝမ်းသာကြည်နူးမိပေ၏။ ထိုနည်းတူစွာ ကျောင်းအုပ်ဆရာမကလေးနှင့် လုပ်အားပေးဆရာမများလည်း ဝမ်းသာမျော်ရွှင်ကြပေ၏။ သို့သော် ထိုထူးဆန်းသောအဖြစ်အပျက်ကို တွေးတောကာ စိတ်ထဲမှာ သံသယဖြစ်နေကြလေ၏။ ထိုသံသယရှင်းစေရန် ကုသိုလ်ကောင်းမှုပြုလုပ်ကာ အမျှအတန်းပေးဝေကြမည်ဟု တိုင်ပင်ဆွေးနွေးကြလေ၏။ နောက်ရက်သတ္တပတ်တွင် တပ်တွင်း မူလတန်းကျောင်းကလေး၌ သံဃာတော် (၃)ပါး ပင့်ဖိတ်၍ ပရိတ်တရားတော်များ ရွတ်ဖတ်သရဏဂုံယ်ကြပြီးနောက် မေတ္တာပို့ အမျှပေးဝေကာ ဆွမ်းဆက်ကပ်လှူဒါန်းကြလေသည်။

မေတ္တာပို့ အမျှပေးဝေ ရေစက်ချရာတွင် ဆရာတော်မှ ဤကဲ့သို့ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကောင်းမှု၏အဖို့ဘဝကို သုံးဆယ့်တစ်ဘုံ၌ ကျင်လည်နေကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား လည်းကောင်း၊ ဤတပ်ရင်းတွင် တာဝန်ထမ်းဆောင်နေကြသော အရာရှိ အရာခံအကြပ်စစ်သည်မိသားစုအပေါင်းတို့အား လည်းကောင်း၊ အထူးသဖြင့် ဤတပ်တွင်း မူလတန်းကျောင်းတွင် ပညာသင်ကြားနေကြသော ဆရာ၊ဆရာမများနှင့် ကျောင်းသားကျောင်းသူအပေါင်းတို့အား လည်းကောင်း၊ ဤမူလတန်းကျောင်းဝင်းနှင့် ပြင်ပပတ်ဝန်းကျင်တွင် မှီခိုနေထိုင်ကြကုန်သော နတ်မြတ်နတ်ကောင်းများနှင့် မြင်အပ်မမြင်အပ်သော ဝေနေယျသတ္တဝါအပေါင်းတို့အားလည်း ကောင်း အမျှ အမျှ အမျှ ပေးဝေပါကုန်၏။ အားလုံး အကျွန်ုပ်တို့နှင့်အတူ အမျှရ၍ ဝမ်းသာကြသည်၊ ချမ်းသာကြသည် ဖြစ်ကြပါစေသော်။ လက်ရှိဘဝမှမြင့်မြတ်သောဘဝသို့ရနိုင်ရောက်နိုင်သောပုဂ္ဂိုလ်များဖြစ်ကြပြီးလျှင် အဆုံးဘဝ နောင်ကာလ၌ မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်နိုင်သောပုဂ္ဂိုလ်များဖြစ်ကြပါစေကုန်သတည်းဟု ရေစက်ချတရားနာကြားကြပြီးလျှင် အမျှသုံးကြိမ်ဝေ၍ သာဓုသုံးကြိမ်ခေါ်ဆိုလိုက်ကြလေ၏။

ထိုနေ့မှစ၍ တပ်တွင်း မူလတန်းကျောင်းကလေးမှ ကျောင်းအုပ်ဆရာမကလေးသည် စိတ်အေးချမ်းသာစွာဖြင့် ကျောင်းသူကျောင်းသားများအား ပညာသင်ကြားနိုင်ခဲ့ပေတော့သတည်း။

ငြိမ်းဝေ (ပြည်)

www.burmeseclassic.com

www.burmeseclassic.com

မင်းသန့်(ဒီးကုန်း)ကျော်
ဘဝကြားနေတဲ့ညီမလေး

တစ်နေ့သဋ္ဌ ကျွန်ုပ်တို့နေထိုင်ရာ ရပ်ကွက်တွင် ရေကြီးလေသည်။ တစ်မြို့လုံးရေကြီးခြင်းဖြစ်ရာ ကျွန်ုပ်တို့နေထိုင်သောအိမ်အတွင်းသို့လည်း ရေများဝင်လေသည်။ နေအိမ်အတွင်း ရေမဝင်နိုင်စေရန် မြေကြီးများဖို့ထားသော်လည်း မကြုံစဖူး ထူးကဲသည့်ရေကြောင့် အိမ်အတွင်း ရေများဝင်ခြင်းဖြစ်ရာ ရေပြန်ကျသွားသောအခါ မီးဖိုဆောင်အတွင်း ရေများဝင်သောကြောင့် ရွှံ့ဗွက်များထကာ မြင်မကောင်းအောင်ဖြစ်နေ၏။

ထို့ကြောင့် မီးဖိုဆောင်ကိုပြင်ဆင်ရန် ရပ်ကွက်ထဲမှလက်သမားဆရာလေးမောင်ကျော်သူရကို ငှားရမ်းရလေသည်။ နောက်ဖေးမီးဖိုဆောင်တစ်ခုလုံးကို ဘေးမှအုတ်ပတ်ကားတက်ပြီး သမံတလင်းခင်းမည်ဖြစ်ရာ ကျော်သူရနှင့် သူညီဖြစ်သူ ကျော်သီဟနှင့် အလုပ်သမားအကူအဖြစ် ခေါ်ထားသော မောင်ဝဏ္ဏာလည်းပါလာလေသည်။

ကျော်သူရသည် လက်သမားလုပ်ငန်း၊ ပန်းရန်လုပ်ငန်းတို့ကို စွယ်စုံလုပ်နိုင်သူဖြစ်ရာ ကျွန်ုပ်ပြင်ဆင်လိုသည့် အတိုင်း တစ်ပတ်ခန့်လောက်အကြာတွင် ပြင်ဆင်ပြီးသွားလေသည်။

ပြင်ဆင်မှုများ ပြီးစီးသောအခါ လက်သမားအဖွဲ့အား ကျွန်ုပ်၏ဇနီးမှ မုန့်ဟင်းခါးချက်ကျွေးရာ ကျော်သူရသည် သူဇနီး မနှင်းဖွေး၊ သမီးလေး နန်းသူဇာ ကျော်တို့နှင့်အတူ ညီဖြစ်သူ ကျော်သီဟနှင့်တကွ ကိုဝဏ္ဏာတို့ပါလာကြလေ၏။

ကျော်သူရ၏သမီးလေးမှာ ဖြူဖြူဖွေးဖွေးနှင့် ချစ်စရာကလေးဖြစ်ပြီး တစ်နှစ်အရွယ်ခန့် ရောက်နေပြီဖြစ်လေသည်။ စကားတစ်ခွန်းစနှစ်ခွန်းစပြောတတ်နေပြီဖြစ်ပြီး တီတီတာတာနှင့် အလွန်ချစ်စရာကောင်းလေသည်။

ကျော်သူရက -

"ဆရာ၊ ဒါ ကျွန်တော့်သမီးလေးလေ။ နန်းသူဇာကျော်လို့ နာမည်ပေးထားတယ်။သူကသိုက်ကလာတာဆရာ"

"ဟေ - သမီးလေးက ချစ်စရာလေးပဲ။ သိုက်ကလာတယ်ဆိုတော့ ဘာအထောက်အထားအရပြောတာလဲ"

"ပြောရရင်တော့ အရှည်ကြီးပဲဆရာ"

"ကဲ - မုန့်ဟင်းခါးစားကြ၊ စားပြီးတော့ပြောပေါ့။ ငါလည်း စာရေးစရာကုန်ကြမ်းရတာပေါ့ကွာ"

ကျော်သူရတို့အဖွဲ့သည် မုန့်ဟင်းခါးစားကြလေသည်။ စားပြီးသောအခါ ရေနွေးကြမ်းဝိုင်း၌ထိုင်ကြရင်း ကျော်သူရက -

"တိုက်ရိုက်သက်ဆိုင်တဲ့သူက ဒီကကျွန်တော့်ညီ ကျော်သီဟပါ။ သူအကုန်ပြောပြပါလိမ့်မယ်။ သူကသိုက်ကလွတ်လိုက်တဲ့လူဝင်စားပါ ဆရာ။ သိုက်ကနေ ရွှေဒင်္ဂါးတွေလည်းပေးလိုက်သေးတယ်။ ကျွန်တော်တို့သိမ်သွားပြင်ပေးတဲ့ ဘုန်းကြီးကျောင်းက ဆရာတော်က [illegible] နဲ့ မလှမ်းမကမ်းမှာရှိတဲ့ [illegible] စေတီ ကီးကို အသစ်ပြန်တည်[illegible] ရွှေဒင်္ဂါးတွေကိုလှူလိုက်တယ်။ [illegible] တော်က သိုက်နဲ့ပတ်သက်လို့[illegible] နိုင်နင်းတယ်ဆရာ။ ဘုရားပြန်[illegible] လည်း အခုပြီးတော့မယ်။ ဌာပနာ[illegible] ကို မနက်ဖြန်မှာကျင်းပမယ်။ ကျွန်[illegible] တို့မိသားစုက အဖေတို့အဘွား[illegible] ကတည်းကကိုးကွယ်လာခဲ့တဲ့သူ[illegible] ဌာပနာဖို့ထည့်လှူမလို့ ဆရာ။ [illegible] ကျွန်တော်တို့သွားမလို့ ဆရာလိုက်[illegible] လိုက်ခဲ့ပါလား"

ကျွန်ုပ်မှာ လေငန်းရောဂါ[illegible] နေရာ လမ်းကောင်းစွာမလျှောက်[illegible] သေးပါ။ မည်သည့်နေရာမျှသွား[illegible] မရောက်သည်မှာ ကြာပါပြီ။ [illegible] တစ်ခါ ပင်စင်ထုတ်ရန် ဘဏ်သို့[illegible] ပင် ဆိုက်ကားနှင့်သွားနေရ၍ [illegible] ဖိတ်သောဌာပနာပိတ်ပွဲသို့လိုက်[illegible] မဟုတ်ပါ။

"ငါကတော့ ဘယ်လိုကြီး[illegible] ကွာ မင်းမြင်တဲ့အတိုင်းပဲ။ မင်း[illegible] ကြပါ။ ဘုရားအတွက် အလှူ[illegible] ပေးလိုက်မယ်လေ။ မင်းပြောတဲ့ [illegible] ရဲ့သိုက်ဇာတ်လမ်းကလေးကို[illegible] ပြောပြပါကွာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - ဆရာ၊ ကျော်သီဟ ပြောပါလိမ့်မယ်"

ဤသို့ဖြင့် ကျော်သီဟသည် သူတွေ့ကြုံရသောသိုက်အကြောင်းအပြည့်အစုံကို ကျွန်ုပ်အားပြောပြရာ သူပြောသမျှကို လိုက်လံရေးမှတ်ရပါသည်။ အချို့နေရာတွင် ကျော်သူရက သူနှင့်သက်ဆိုင်သည့်အကြောင်းပါလာပါက ဝင်၍ ထောက်ပေးပါသည်။

ကျော်သီဟ ပြောပြသော ဇာတ်လမ်းမှာ ဆန်းကြယ်၍ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် အနည်းငယ်ပြုပြင်ရေးသား၍ သူရဇနစာဖတ်ပရိသတ်ကြီးသို့ တင်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

ညသည် ပိန်းပိတ်အောင်မှောင်နေ၏။

လကွယ်ရက်ဖြစ်၍ လမထွက်သေး။ ကောင်းကင်တွင် ကြယ်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းလက်နေလေသည်။

တလောတလောတွင် ဧးကွက်အော်သံနှင့် တစီစီအော်မြည်နေသော ပိုးမွှားကလေးများ၏အော်သံက ညအမှောင်ကိုခွင်း၍ ထွက်ပေါ်လာလေသည်။

ကျော်သီဟသည် မှောင်ကြီးထဲတွင် တစ်နေရာသို့ဦးတည်သွားနေ၏။

သူသည် အိပ်ရာပေါ်တွင် အိပ်ပျော်နေခဲ့၍ အပြင်မှခေါ်သံကြား၍ထကြည့်ရာ အိမ်ပေါက်ဝတွင် အဝတ်ဖြူဖြူနှင့် မိန်းကလေးတစ်ယောက်က သူ့ကို လက်ယပ်ခေါ်နေသည်ကို မြင်ရလေသည်။ မည်သို့ဖြစ်သည်မသိ သူမခေါ်နေရာသို့လိုက်သွားလိုစိတ်သည် တားမရဆီးမရ ဖြစ်ပေါ်လာလေသည်။

သို့ဖြင့် ကျော်သီဟ မိန်းကလေးခေါ်ရာနောက်သို့ တရွေ့ရွေ့နှင့်လိုက်ပါလာခဲ့လေရာ တောစပ်ကလေးတစ်ခုသို့ရောက်လာလေသည်။ တောစပ်ကလေးတွင် သစ်ပင်ကြီးများတန်းစီ၍ပေါက်နေလေရာ အုပ်ဆိုင်းပြီး သစ်ပင်များ၏အလယ်တွင် လူသွားလမ်းကလေးကို မှုန်ဝါးဝါးမြင်ရလေသည်။

မိန်းကလေးက ရှေ့ကလမ်းပြ၍ သွားနေလေရာ ကျော်သီဟက နောက်မှလိုက်သွားလေသည်။

မကြာမီ ရှေ့ခပ်လှမ်းလှမ်းတွင် မီးရောင်လဲ့လဲ့များလင်းလက်နေသည်ကို မြင်ရလေသည်။ မီးရောင်များနှင့်နီးလာသောအခါတွင် ထိုမီးရောင်များမှာ အဆောက်အအုံကြီးတစ်ခု၏ ပြတင်းပေါက်များမှ လျှံကျလာသော မီးရောင်များဖြစ်ကြောင်း တွေ့ရလေသည်။

အဆောက်အအုံကြီးအဝင်ဝတွင် လူသန်ကြီးနှစ်ဦးက အဝင်တံခါး၏တစ်ဖက်တစ်ချက်တွင် မတ်တတ်ရပ်အနေအထားဖြင့် လက်ထဲတွင် လှံကဲ့သို့သော လက်နက်တစ်ခုစီကိုကိုင်၍ စောင့်နေကြသည်ကိုတွေ့ရလေသည်။

ထို့ပြင် သူတို့သည် အင်္ကျီဇလာဖြင့် သျှောင်ကိုတစောင်းထုံးထားပြီး ပုဆိုးကို ခါးတောင်းကျိုက်ထားကာ ပေါင်တွင် ထိုးကွင်းမင်ကြောင်များထိုးထားကြောင်း တွေ့မြင်ရလေသည်။

ကျော်သီဟ တံခါးဝသို့ရောက်သောအခါတွင် ရှေ့မှသွားနှင့်သော မိန်းကလေးက တံခါးကို လက်ပြလိုက်ရာ တံခါးကြီးမှာ တကျွိကျွိမြည်၍ပွင့်သွားလေသည်။ မီးရောင်များသည် အပြင်သို့လျှံထွက်လာလေသည်။

ဤသည်တွင်မှ ကျော်သီဟသည် သူ့ကိုလာခေါ်သော မိန်းကလေးမှာ ရှေးခေတ်က အဝတ်အစားများဖြင့် ခြောမောလှပသူကလေးဖြစ်ကြောင်း သိရလေ၏။

အဆောက်အအုံအတွင်းပိုင်းမှာ အပြင်နှင့် ကွာခြားလှစွာ ပြင်ဆင်ထားလေသည်။ နံရံများတွင် မီးတုတ်ကြီးများကိုထွန်းညှိထားပြီး မည်သည့်ရန်ဟုမပြောနိုင်သောရန်တစ်မျိုးဖြင့် တစ်ခန်းလုံးသင်းပျံ့လျက်ရှိလေသည်။

အခန်း၏ထိပ်ဆုံးတွင် ဘုရားခန်းတစ်ခုရှိပြီး ရွှေအဆင်းဖြင့်ဝင်းပနေသော ဘုရားတစ်ဆူကို ဖူးတွေ့ရလေသည်။ ဘုရားရှေ့တွင် အလင်းတိုင်များထွန်းညှိပူဇော်ထားပြီး အဘိုးအိုတစ်ဦးသည် ဝတ်ဖြူစင်ကြယ်ဖြင့် တိတ်ဆိတ်စွာ ဘုရားဝတ်ပြုနေသည်ကို တွေ့ရလေသည်။ အဘိုးအို၏နောက်တွင် မိန်းမပျိုလေးတစ်ဦးသည် ပုဆစ်ဒူးတုပ်ထိုင်ကာ အဘိုးအိုနည်းတူ ဘုရားဝတ်ပြုနေသည်ကို တွေ့ရလေသည်။

ကျော်သီဟသည် သူ့ကိုခေါ်လာသောမိန်းကလေးနှင့်အတူထိုင်၍ ဘုရားဝတ်ပြုလိုက်ကြသည်။ ဘုရားဝတ်ပြုပြီးနောက် မိန်းကလေးသည် ပျောက်ကွယ်သွားလေ၏။

အဘိုးအို၏နောက်မှ မိန်းမပျိုကလေးသည် ဘုရားဝတ်ပြုပြီး၍ထလာကာ ကျော်သီဟထံ လျှောက်လာလေ၏။ အနီးသို့ရောက်သောအခါ အသံတိုးတိုးဖြင့် -

"မောင်ကြီးရောက်လာပြီနော်"

ကျော်သီဟသည် အာစေးထည့်ထားသကဲ့သို့ ဘာမှပြန်မပြောနိုင်ချေ။

"မောင်ကြီးကို ညီမတော်ခေါ်လိုက်တာပါ။ လာပါ ဟိုဘက်ခန်းကို သွားကြရအောင်"

တစ်ဖက်ခန်းသို့ရောက်သောအခါ နံရံများကိုလည်းကောင်း၊ ပရိဘောဂများကိုလည်းကောင်း ရွှေများဖြင့်မွမ်းမံခြယ်သထားပြီး အချို့နေရာများတွင် ကျောက်သံပတ္တမြားများမြှုပ်နှံထားကြောင်း တွေ့ရလေသည်။ ထိုကျောက်သံပတ္တမြားတို့ကို မီးရောင်ဟပ်ရာမှ အလင်းရောင်တလက်လက်နှင့်ထွက်ပေါ်နေလေသည်။

"လာ - မောင်ကြီး၊ ဒီမှာထိုင်"

မိန်းမပျိုကလေးက ကျော်သီဟကို ထိုင်ခုံတစ်လုံးတွင် ထိုင်ခိုင်းသည်။ သူမကိုယ်တိုင်လည်း ဘေးတစ်ခုပေါ်တွင်ထိုင်လိုက်သည်။

ယခုမှ ကျော်သီဟသည် မိန်းကလေးကို သေသေချာချာကြည့်ရာ ခြောမောလှပသူကလေးဖြစ်ကြောင်း တွေ့ရလေသည်။ သူမသည် ရှေးကအဝတ်အစားများနှင့်ဖြစ်ပြီး ဆံတစ်ပတ်လျှိုထုံးကာ ပန်းပန်ခန္ဓာကိုယ်တွင်လည်း လက်ဝတ်များညွတ်နေအောင်ဝတ်ဆင်ထားကို တွေ့ရလေသည်။

"ကျုပ်ကို ဘာလုပ်မလို့ခေါ်လာတာလဲ"

"မောင်ကြီးကအမှုမဲ့အမှတ်လို့ပါ။ ဒီနေရာကိုခေါ်လာတာ မဟုတ်ပါဘူး။ အရင်တုန်းကလည်း လာဖူးပါတယ်။ ပြန်စဉ်းစားပါဦး"

မိန်းမပျိုကလေးပြောသည်လေသည်။ ကျော်သီဟအိပ်ပျော်တွင် တစ်စုံတစ်ယောက်ကခေါ်ဤနေရာသို့ ယခင်က တစ်ခြောက်သည်။

"မောင်ကြီးနဲ့ညီမတော်လေးမောင်နှမပါ။ မောင်ကြီးက အိုဘက်ခန်းမှာ ဘုရားဝတ်ပြုညီမတော်လေးတို့ရဲ့ဘိုးဘိုးကြီးပဲ။ ညီမတော်တို့ကတော့ သူတွေဆိုပါတော့။ မောင်ကြီးအရင်တုန်းက ဒီသို့က်နန်းနာမည်က ကိုဒီပလို့ခေါ်တယ်လေးနာမည်က နန်းသူဇာတဲ့။ ကက လူပြည်ကိုသွားချင်လှတယ်ဘိုးဘိုးကခွင့်ပြုပေးလိုက်တာ။ (၂၀) ပြည့်ရင် ပြန်လာခဲ့ရမယ်မှာ အိမ်ထောင်မပြုရဘူးလို့မှာလိုက်မမှတ်မိတော့ဘူးလား"

ကျော်သီဟ ပြန်စဉ်းစားအခေါက်တွေမှာ ဤနေရာတုန်းကလည်း ဤကဲ့သို့ပင် သတိရဖူးပြီ။

"အရင်အခါတွေ့တုန်းက မောင်ကြီးကို သတိပေးခဲ့ပေးအဲဒီအခါတွေတုန်းက ညီမတော်ကိုယ်တိုင်လာတာမဟုတ်ဘူး စောင့်ဘီလူးကြီးတွေကိုပဲ

www.burmeseclassic.com

www.burmeseclassic.com

ပြောခိုင်းခဲ့တာပါ။ အခု မောင်ကြီးက အသက် (၂၀) ပြည့်ခါနီးဖြစ်ဆိုတော့ အရေးကြီးလာလို့ ညီမတော်လေးကိုယ်တိုင်ခေါ်ပြီးပြောရတာပါ။ မောင်ကြီးဒီကိုပြန်လာရင် ဒီတစ်ခါ ညီမတော်လေး လွှဲပြည်ကိုသွားရမယ့်အလှည့်ပဲ"

ကျော်သီဟသည် သူ့အသက်ကို ပြန်လည် ဆန်းစစ်လိုက်၏။ သူသည် အသက် (၁၉)နှစ်ပြည့်ခဲ့ပြီ။အသက်(၂၀) ပြည့်ရန် လပိုင်းမျှသာလိုတော့သည်။ အသက်(၂၀)ပြည့်လျှင် သိုက်နန်းကိုပြန်လာရမည်ဆိုသောကြောင့် သူခွေးများ ပြန်လာလေသည်။

"ပြန်မလာလို့မရဘူးလား"

"မရဘူးမောင်ကြီး၊ အဲဒီအချိန်မှာ မောင်ကြီး အသာတကြည်နဲ့ပြန်မလာရင် ညီမတော်လေး သိုက်ချုပ်ကြီးကို ဘင်ပြီး လိပ်ပြာနုတ်ယူရပါလိမ့်မယ်"

ထိုအချိန်တွင် တစ်ဖက်ခန်းမသိုက်ချုပ်ဘိုးဘိုးကြီးသည် ဘုရားဝတ်ပြုဒါယကာဖြင့်ထလာပြီး သူတို့ထံလျှောက်လာနေသည်ကို မြင်ရလေသည်။

သူတို့အနီးသို့ရောက်သောအခါ ခေါင်းစဉ်းစဉ်းလုံး မတ်တတ်ရပ်၍ အရိုအသေးပေးလိုက်ကြသည်။

သိုက်ချုပ်ကြီးက -

"ဒီလိုမလုပ်ပါနဲ့ မောင်ဒီပ၊ မင်းဘ မောင်ဒီပဘဝမှာတုန်းက လူပြည်သွားချင်လှချေရဲ့ဆိုလို့ ဘိုးဘိုးခွင့်ပြုခဲ့တယ်။ လူပြည်မှာ နှစ်ပေါင်း (၂၀) နေရရင် တော်ရောပေါ့။ မင်းပြန်ကိုပြန်ခဲ့ရမယ်။ အသာတကြည်မဟုတ်ခဲ့ရင် ဘိုးယ်တိုင်လိပ်ပြာနုတ်ယူရလိမ့်မယ်"

"မလာဘူး မလာဘူး၊ ခင်ဗျားတို့ ခင်ဗျားတို့ သိုက်နန်းမကလို့ ဘာပဲပြစ်ကျုပ်မလာဘူး။ ကျုပ်တို့ညီအစ်ကို အမေအိုကြီးကိုလုပ်ကျွေးနေတာ။ ကျုပ်တို့သားအမိညီအစ်ကိုချစ်ခြင်းကို ခွဲကြပါနဲ့"

ကျော်သီဟအသံကုန်ဟစ်အော်ပြီး သူ့အနားမှချာခနဲလှည့်ကာ အပေါက်ဝပြေးထွက်လာခဲ့လေသည်။

အပေါက်ဝတွင်စောင့်နေကြသောသိုက်ကြီးနှစ်ယောက်အနက် တစ်ယောက်ကျော်သီဟကိုကုပ်မှဆွဲမြှောက်လိုက်သူနှင့်မျက်နှာချင်းဆိုင်လိုက်လေ၏။ ထိုသူတွင်မှ လူသန်ကြီး၏ မျက်နှာကို ကျော်သီဟ အနီးကပ်မြင်တွေ့လိုက်ရသည်။ မျက်ထောင့်နီကြီးတွေနှင့် သူ့ကိုကြည့်နေပြီး ပါးစပ်မှလဲညည်း အစွယ်တို့ပြူးထွက်နေလေရာ ကျော်သီဟသည် ကြောက်လာတာ -

"အမလေး ဘီလူးကြီးတွေ ဘီလူးကြီးတွေ ကယ်ကြပါဦးဗျ"

ကျော်သီဟ မျက်စိမှိတ်ကာ အသံကုန်ဟစ်အော်လိုက်သည်။

(၂)

"အမလေး-ဘီလူးကြီးတွေ၊ဘီလူးကြီးတွေ ကယ်ကြပါဦးဗျ"

ကျော်သီဟသည် ဇောချွေးများပြန်လာကာ အိပ်နေရာမှထထိုင်လိုက်လေသည်။ သူဘေးတွင်အိပ်နေသောအစ်ကိုကျော်သူရက သူ့ကိုလှုပ်နိုးလျက်ရှိလေသည်။

ကျော်သူရသည် မိခင်နှင့်ညီလေးအား ဦးစီးဦးဆောင်ပြုလုပ်၍ လုပ်ကွေးနေသူ လက်သမားနှင့်ပန်းရန်ဆရာဖြစ်လေသည်။ ယနေ့လည်း မြို့ငှားသာယာရွာသို့ အလုပ်သွားရန်ရှိနေ၍ စောစောနိုးနေခြင်း ဖြစ်လေသည်။ သူလက်သမားအဖွဲ့တွင် ကျော်သီဟနှင့်အတူ ဘေးအိမ်မှ ကိုဝဏ္ဏတို့ပါဝင်လေသည်။

"ညီလေး ညီလေး မင်း အိပ်မက်ဆိုးတွေမက်ပြန်ပြီလား"

ကျော်သီဟသည် ချက်ချင်းဘာမှမပြောနိုင်။ ပတ်ဝန်းကျင်ကိုကြည့်ကာ -

"ဟုတ်တယ်၊ ကျွန်တော်အိပ်မက်မက်နေတာ အစ်ကို။ အိပ်မက်သာဆိုတယ် တကယ်ဖြစ်နေသလိုပဲဗျ။ ဘီလူးကြီးတွေ အမလေး-ကြောက်လိုက်တာ"

ကျော်သီဟသည် သောက်ရေအိုးရှိရာသို့သွားကာ ရေကိုတစ်ခွက်ပြီးတစ်ခွက်ခပ်သောက်လိုက်လေသည်။

ကျော်သီဟ၏အမေ ဒေါ်ညွှန့်သည် တစ်ဖက်ခန်းတွင်အိပ်နေရာမှ သူတို့ရှိရာသို့ကူးလာပြီး -

"လူလေး ကျော်သီဟ၊ ဘာဖြစ်နေတာလဲ။ အိပ်မက်ဆိုးတွေမက်ပြန်ပြီလား"

"ဟုတ်တယ် အမေ၊ ခုတစ်လောအဲဒီအိပ်မက်မျိုးတွေမက်တာ တစ်ကြိမ်ထက်တစ်ကြိမ်စိပ်စိပ်လာတယ်"

"ဟိုသိုက်ကဆိုတဲ့အိပ်မက်လား"

"ဟုတ်တယ် အမေ၊ သားကို အသက်(၂၀)ပြည့်ရင် ပြန်လာရမယ်တဲ့"

ဒေါ်ညွှန့်သည် ကျော်သီဟကိုကြည့်ကာ သက်ပြင်းချလိုက်ပြီး-

"ဒါကိုစိတ်ထဲမထားပါနဲ့သားရယ်၊ သားငယ်ငယ်ဟိုလွန်ခဲ့တဲ့ငါးနှစ်ကတည်းက သိုက်ကြီးဖြတ်ပြီး သက်တမ်းတိုးပေးခဲ့တယ်မဟုတ်လား"

အမေပြောသည်မှာ မှန်ပါသည်။ သူ (၁၅)နှစ်သားလောက်တုန်းက ထိုအိပ်မက်မျိုးကို မကြာခဏမက်သဖြင့် အမေ့ကိုပြောပြခဲ့ရာ အမေသည် ရွာထဲမှ နတ်ကတော် ဒေါ်လှလှစိန်နှင့် နတ်ကနားပွဲပေးကာ သိုက်ကြီးဖြတ်ခဲ့ဖူးပါသည်။

ကျော်သီဟသည် နတ်ကနားပွဲကိုပြန်လည်သတိရကာ မြင်ယောင်လာ၏။

ဒေါ်လှလှစိန်သည် ပွဲချီအများဆုံးကရသော နတ်ကတော်ဖြစ်လေသည်။ သူဟောပြောသည်မှာမှန်သဖြင့် ကျန်းမာရေး၊ လူမှုရေးမှစ၍ အကူအညီလိုအပ်သူများသည် ဒေါ်လှလှစိန်နှင့် နတ်ကနားပွဲပေးကြလေသည်။

နတ်ကနားပွဲပေးစဉ်က အမေ၏အမေဖြစ်သူ အမေကြီးရှိသေးသည်။ အမေကြီးသည် အသက် (၇၀) ခန့်ရှိပြီဖြစ်ပြီး မြန်မာ့ဆိုင်းကို အလွန်ဝါသနာပါသဖြင့် နတ်ကနားပွဲများနှင့် ဆိုင်းနှင့်ဧည့်ခံသောပွဲများသို့ အမြဲသွားရောက်နားထောင်လေ့ရှိလေသည်။

မြန်မာ့ဆိုင်းစစ်စစ်သည် နတ်ကနားပွဲများတွင်သာရှိတော့သည်ဟုခံယူထားသောအမေကြီးသည် နတ်ကနားပွဲများကို မလွတ်တမ်း သွားရောက်လေ့ရှိလေသည်။

ယခုလည်း သူမြေးကျော်သီဟကို သိုက်ကြီးဖြတ်မည့် နတ်ကနားပွဲတွင် အမေကြီးသည် ရှေ့ဆုံးမှနေရာယူကာ အကျအနထိုင်ပြီး ဆေးပေါ့လိပ်ကြီးဖွာကာ ကြည့်ရှုနေလေသည်။

ဒေါ်လှလှစိန်တို့နတ်ကတော်အဖွဲ့သည် နံနက်ပိုင်းမှစကာ (၃၇) မင်းနတ်များကို စုံလင်အောင်ပင့်ပြီး ပသကြလေသည်။ ထမင်းစားပြီး နေ့လယ်ပိုင်းတွင်ကား ကျော်သီဟကို သိုက်ကြီးဖြတ်ပြီး သက်တမ်းတိုးမြှင့်မည့် အစီအစဉ်ကို စတင်ကြလေသည်။

နတ်ကနားပွဲကျင်းပရာ မဏ္ဍပ်အတွင်း စောင်ပန်းပုခက်တစ်လုံးဆိုဆင်ကာ ကျော်သီဟအား ပုခက်အတွင်းအိပ်စေပြီး နတ်ကတော်က သက်ဆိုင်ရာသိုက်မှသိုက်ချုပ်ကို ကျော်သီဟသည် သိုက်မှလာသူဖြစ်၍ သိုက်မှပြန်ခေါ် နေကြောင်း၊ ဤမျှအသက်ငယ်ငယ်လေးဖြင့် လူပြည်မှထွက်ခွာမသွားလိုသေးကြောင်းမှစ၍ ဖွဖွနဲ့နဲ့ပြောဆိုတောင်းပန်ကာ ပုခက်ကို လွှဲပေးလေသည်။

ကျော်သီဟသည် ခဏအတွင်း အိပ်ပျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နတ်ကတော်ကမူ သူတာဝန်ရှိသည့်အတိုင်း သိုက်နန်းမှ သိုက်ချုပ်ကြီးကို တောင်းပန်တိုးလျှိုးကာ လူပြည်တွင် ဆက်လက်နေထိုင်ခွင့်ပြုရန် အသက်တိုးမြှင့်ပေးရေးကို ပြောဆိုနေလေသည်။

နတ်ကတော်သည် ပုခက်ကိုလွှဲကာ သိုက်ချုပ်ဘိုးဘိုးအား မည်မျှပင် တောင်းပန်တိုးလျှိုးသော်လည်း အခြေအနေသည် ထူးခြားမလာချေ။ ကျော်သီဟမှာ အိပ်ပျော်နေဆဲဖြစ်၏။ အချိန်မှာ နေဝင်ရီတရောအချိန်သို့ ရောက်နေလေပြီ။

ဤတွင် ကျော်သီဟ၏ဖခင်သည် ဒေါ်လှလှစိန်နှင့်လွဲထား၍မဖြစ်တော့ဟု ယူဆလသည်။ ကျော်သီဟ၏မိခင်သည် တရွတ်ရွတ်နှင့်ငိုကြွေးနေလေသည်။

ကျော်သီဟ၏ဖခင်သည် ရွာထဲသို့အမြန်သွားကာ အသက်ကြီး၍ အနားယူနေသောနတ်ကတော်ကြီးဒေါ်ဖွားစိန်ကို သွားရောက် အကူအညီတောင်းခံလေ သည်။

ဒေါ်ဖွားစိန်သည် အသက်(၈၀) ခန့်ရှိပြီး မျက်စိမှုန်၍ နားလည်းလေးလာလေပြီ။ ဒေါ်လှလှစိန်သည် သူမ၏များစွာသောတပည့်များထဲမှ တပည့်တစ်ဦးဖြစ်လေသည်။

ကျော်သီဟအဖေက အကူအညီတောင်းခံသောအခါ တောင်ဂေးကလေးထောက်ကာ လိုက်ပါလာလေသည်။ နတ်ကနားပွဲသို့ ရောက်သောအခါတွင် ဒေါ်လှလှစိန်ကို ဘေးသို့ဖယ်နေစေပြီး သိုက်ချုပ်ဘိုးဘိုးကိုပင့်လေသည်။

သိုက်ချုပ်ဘိုးဘိုးရောက်မလာဘဲ သိုက်နန်းသူတစ်ဦးဝင်ရောက်လာပြီး -

"နင်တို့ကဘာလိုချင်လို့လဲတဲ့"

ကျော်သီဟ အမေကြီးက -

"ကျွန်တော်မရဲ့မြေးလေးကို ပြန်ခေါ်နေတာကိုရုပ်သိမ်းပြီး ပြန်ခေါ်နေလို့ သက်တမ်းတိုးမြှင့်ပေးဖို့ တောင်းပန်ပါတယ်"

"အခုသိုက်ကပြန်လွှတ်လိုက်တာ လူပြည်မှာ အသက်(၂၀)ပဲနေခွင့်ပြုလိုက်တယ်မဟုတ်လား။ အခုဘယ်လိုဖြစ်တာလဲ"

"အခု (၁၅) နှစ်သားရှိနေပါပြီ။ နောင် (၅)နှစ်ပဲလူပြည်မှာနေရမှာဆိုရင် ဘာကောင်းကျိုးတွေမှလုပ်နိုင်မှာမဟုတ်ဘူး။ သာသနာလည်းပြုနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် သာသနာပြုနိုင်အောင် သက်တမ်းတိုးပေးပါ"

ထိုအခါတွင် ဒေါ်လှလှစိန်သည် ကန်တော့ပွဲကိုမြှောက်၍ တရိုတသေ ထပ်မံ တောင်းပန်လေသည်။

ထိုအခါ သိုက်နန်းသူဝင်ရောက်ပူးကပ်နေသောဒေါ်ဖွားစိန်က -

"ကဲဟဲ - နင့်လက်ဖဝါးပေး"

အမေကြီးက ညာဘက်လက်ဖဝါးကိုဖြန့်၍ ရှေ့သို့ထုတ်လိုက်သည်။

ဒေါ်ဖွားစိန်က သူ၏ညာဘက်လက်ဖဝါးဖြင့် အမေကြီး၏လက်ဖဝါးကို ဖြန်းခနဲမြည်အောင်ရိုက်လိုက်သည်။

"အဲဒီလက်ဖဝါးမှာ သူနေရမယ့် အသက်တွေ့လိမ့်မယ်။ ကဲ - ငါပြန်မယ်"

သိုက်နန်းသူထွက်သွားသောအခါ ဒေါ်ဖွားစိန်သည် လွဲထားသောပုခက်ကို ရုပ်တန့်လိုက်ပြီး ကျော်သီဟကိုလက်ဖြင့် ဦးခေါင်းမှခြေဖျားအထိ (၃)ကြိမ်သပ်ချလိုက်သည်။ ထို့နောက် ပူးကပ်နေသော သိုက်နန်းသူထွက်သွားလေသည်။

ကျော်သီဟသည် ချက်ချင်းသတိရလာကာ မျက်လုံးများဖွင့်ကြည့်လေသည်။

အမေကြီးသည် သူမ၏လက်ဖဝါးကိုဖြန့်ကြည့်လိုက်ရာ မျက်စိမှုန်သဖြင့် မြန်မာဂဏန်းများလိုလို မဝိုမသပေါ်နေသည်ကို လက်ဖဝါးတွင်တွေ့ရလေသည်။ ဒေါ်ညွှန့်သည် အမေကြီးအနားသို့ကပ်လာကာ -

"အမေ၊ ဘယ်လောက်နေရမယ်လို့ရေးထားသလဲဟင်"

"သိပ်မသဲကွဲဘူး သမီး၊ (၆)လိုလို တွေ့ (၈) လိုလိုတွေတော့ တွေ့ရတယ်။ ဒါပေမယ့်အေ ငါမြေးလေး အခုထက်ပိုပြီးအသက်ရှည်ရှည်နေရမယ်လို့ယုံတယ်"

ဒေါ်ညွှန့်သည် ကျော်သီဟသက်တမ်းတိုးမြှင့်နေထိုင်နိုင်ရန် နတ်ကနားပွဲလည်း ပေးပြီးပြီ၊ သိုက်ကြီးလည်းဖြတ်ပြီးပြီဖြစ်၍ ယခုထက် အသက်ရှည်ရှည်နေရမည်ဆိုသည်ကိုပင် ကျေနပ်နေလေပြီ။

နတ်ပွဲပေးပြီး (၂)နှစ်ခန့်အကြာတွင် ကျော်သီဟအမေကြီးဆုံးသွားလေသည်။ ကျော်သီဟ၏အဖေလည်း မနှေးမနှောင်းပင်ဆုံးပါးသွားလေသည်။

ကျော်သူရနှင့်ကျော်သီဟတို့သည် မိခင်ကြီးဒေါ်ညွှန့်ကိုလုပ်ကျွေးရင်း အတူတကွနေထိုင်ကြလေသည်။

(၃)

ကျော်သူရက -

"အမေ၊ သားတော့ ဒါတွေကို အယုံအကြည်မရှိဘူး။ ငယ်ငယ်ရွယ်ရွယ်ဆိုရင် သိုက်ကလာတယ်လို့ပဲပြောနေကြတယ်။ ညီလေးက ဖွိဖွိယိုသိုက်တာကြည့်ပြီး စိတ်စွဲလမ်းပြီးမက်တာလည်းဖြစ်နိုင်တာပဲ"

"ဒီလောက်ထိတော့ စွဲလမ်းမယ်မထင်ပါဘူးကွယ်။ သူမက်တဲ့မက်တွေက အိပ်မက်နဲ့မတူဘူးတာတွေဖြစ်နေသလားထင်ရတယ်လို့ပြောတာမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် အမေရယ်။ ဒါထက် သားတို့ အခုမြို့သားဘုန်းကြီးကျောင်းက အဆောက်အအုံတွေပြင်ဆောက်မယ့်ကိစ္စကိုသွားတာမယ်။ ဒီနေ့လာမယ်ပြောထားတယ်"

"သွားရမှာပေါ့ သားရယ်။ ကလူကြီးတွေက တကူးတကလာပြီး သွားတဲ့ကိစ္စပဲ"

မနေ့က မြို့သာယာရွာဘုန်းကျောင်းဥပဇ္ဈာယ်ဆရာတော်ကြီးက ကျော်သူရထံ လာရောက်၍ သူ့ကျောင်းဝင်းအတွင်းရှိသိမ်မှာလည်းသဖြင့် အသစ်ပြန်ဆောက်ရန် ကျော်သူရတို့လက်သမားအဖွဲ့ကို ရောက် ငှားသွားလေသည်။

အဖွဲ့ဝင်လူကြီးတစ်ဦးက -

"ဘိလပ်မြေအိတ်တွေ၊ ကျောက်တွေ၊ အုတ်တွေလည်း ဝယ်ထားပြီးပြီ။ နေ့ကောင်းရက်သာပြီး ပြုပြင်ဖို့ပဲရှိတော့တယ်။ နက်ရက်ရာဇာပဲ။ ကိုကျော်သူရတို့ အားတယ်မဟုတ်လား"

"ဟုတ်ကဲ့ - လုပ်လက်စတွေလေးက မနေ့ကပြီးသွားပါပြီ။ ကျွန်တော်တို့လာခဲ့မယ်လေ။ နက်မနက်စောစောရောက်အောင်လာခဲ့မယ်"

ကျော်သူရသည် လက်ခေါင်းဆောင်ဖြစ်၏။ ပန်းရန်လုပ်လည်း နိုင်နင်းလေသည်။ ကျော်သီဟသည် သူ့အဖွဲ့ဝင်သံလက်ကိုင်ဖြစ်ပြီး နောက်အလုပ်တစ်ဦးဦးကာ လုပ်ငန်းများလုပ်နေကျဖြစ်လေသည်။ နောက်အလုပ်သမားမှာကား သူတို့အားကိုဝဏ္ဏဖြစ်လေသည်။ လက်သမားငန်း လုပ်ရန်ပါလာပါက ကိုကျော်တိုင်လုပ်လေသည်။

သို့ဖြင့် ညီအစ်ကိုနှစ်ယောက်သည် မျက်နှာသစ်၊ ကိုယ်လက်သန့်ပြီး အမေကြော်ပေးသော ထမင်းကိုစားကာ သူတို့ဘေးအိမ်မှ ထွက်လာခဲ့ပြီး စက်ဘီးတစ်ယောက်တစီးဖြင့် မြို့သာယာရွာသို့ ထွက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်။

ကိုဝဏ္ဏသည် ကျော်သူရတို့နှင့် ညီအစ်ကိုလို ခင်မင်ရင်းနှီးနေသူတစ်ဦး ဖြစ်ပြီး ဘိလပ်မြေ၊ သဲကျောက်တို့ကို မဆလာဖျော်ပြီး လိုအပ်သည့်နေရာသို့ သယ်ပို့ရသူတစ်ဦး ဖြစ်လေသည်။

ကိုဝဏ္ဏတွင် မနှင်းဖွေး ဟူသော ညီမတစ်ယောက်ရှိ၏။ မိဘများမရှိတော့ သဖြင့် မောင်နှမနှစ်ယောက် ချစ်ခင်ကြင်နာစွာ အတူနေကြလေသည်။

ကိုဝဏ္ဏသည် ကျော်သူရတို့နှင့် အလုပ်သွားခါနီးတွင် ဒေါ်ညွန့်ကိုမှာလေသည်။

"အဒေါ်၊ ညီမလေးကိုစိတ်ချမယ်နော်။ အဒေါ် နဲ့ထားခဲ့ပါရစေ"

"စိတ်ချသွားပါ သားရယ်၊ ခါတိုင်းသည်း ဒီလိုသွားနေကျပဲ။ အဒေါ် စောင့်ရှောက်ထားလိုက်ပါမယ်"

လက်သမားပစ္စည်းနှင့် ပန်းရန်စ္စည်းများကို စက်ဘီးတစ်စီးစီ၏နောက်တွင် အထုပ်များထုပ်ကာ မျှ၍တင်ဆောင်လာကြလေသည်။

လမ်းတွင် ကျော်သီဟသည် ခါင်းထဲမကြည်မလင်ဖြစ်နေ၏။ ညက မြင်မက်ခဲ့သောအိပ်မက်ထဲက မိန်းမပျိုလေးကိုသာ မြင်ယောင်နေလေသည်။ ဘဝတောင်းက သူ့ညီမလေးဟုပြော၏။ သဲသဲချာချာမသိရဘဲ သံယောဇဉ်စိမ်းသလိုလိုဖြစ်နေ၏။ သူမသည် သိက်ထဲမှ သိုက်နန်းသူကလေး ဖြစ်၏။ တော့ သူတို့ကိုအုပ်ချုပ်နေသော သိက်ချုပ်ဆိုသော ဘိုးဘိုးကြီးရှိသေး၏။ နတ်ကနားပွဲပေး၍ သိုက်ကြီးဖြတ်အသက်တိုးတောင်းစဉ်က သက်တမ်းမြင့်ပေးသွားပြီဖြစ်ကြောင်း လူကြီးများပြောပြ၍ သိရ၏။ ထိုစဉ်က သိုက်ချုပ်ဘိုးကြီးကြွလာ၍ သက်တမ်းတိုးပေးသွားကြောင်းလည်း ပြောပြကြ၏။ သော် သူကိုယ်တိုင် လိပ်ပြာနုတ်၍ ခေါ်မည်ဟုလည်း ပြောသေးသည်။ သက်တမ်းတိုးပေးခဲ့ခြင်းကို မေ့နေလေသလား၊ မမှတ်မိလေသလားဟု အမျိုးမျိုး တွေးတောလေသည်။

ကျော်သီဟသည် တွေးရင်းစိတ်ရှုပ်လာလေသည်။

"အင်း - စိတ်ရှုပ်စရာတွေမတွေးတော့ကောင်းပါတယ်လေ"

သူတို့သည် စက်ဘီးတစ်ယောက်စီးဖြင့်လာခဲ့ကြရာ ရှေ့တွင် သူတို့လုပ်လုပ်ရမည့် မြိုင်သာယာရွာကြီးတော်ကြီးကျောင်းကိုမြင်ရလေ၏။

(၄)

မြိုင်သာယာဘုန်းကြီးကျောင်းသည် ရွာနှင့်တစ်မိုင်ခန့်ဝေးလေသည်။ ရှေးက လယ်ပိုင်ရှင်တစ်ဦး လှူဒါန်းသွားသော လေးကေခန့်ကျယ်ဝန်းသည့်မြေပေါ်တွင် ဆောက်ထားသောကျောင်း ဖြစ်၏။ ကျောင်းဝင်းအတွင်း သစ်ကြီးဝါးကြီးများ ပေါက်ရောက်ကာ အလွန်အေးချမ်းတိတ်ဆိတ်နေလေသည်။

ကျော်သူရတို့အဖွဲ့ ကျောင်းဝင်းအတွင်းဝင်လိုက်သောအခါ ကျောင်းတွင်မွေးထားသောခွေးများက စုပြုံရောက်ရှိလာပြီး ဆူညံစွာဟောင်လေသည်။

ထိုအခါ ဆွမ်းစားကျောင်းဆောင်ထဲမှ ကပ္ပိယကြီးထွက်လာပြီး ခွေးများကို မောင်းနှင်လေသည်။ ခွေးများရှင်းလင်းသွားသောအခါ ကပ္ပိယကြီးက -

"သိမ်ပြင်ကြမယ့်ည့်သည်လက်သမားဆရာလေးတွေနဲ့တူတယ်။ လာပါ လာပါ၊ကျောင်းပေါ် ကိုသွားကြတာပေါ့။ ဥပဇ္ဈာမ္ဘုကအဖွဲ့တွေလည်းရောက်နေကြတယ်"

ကပ္ပိယကြီးသည် ကျော်သူရတို့ကို ကျောင်းပေါ် သို့ ခေါ်သွားလေသည်။ ဆရာတော်ကို ကျော်သူရတို့သည် ဝတ်ဖြည့်လိုက်သည်။

"တပည့်တော်တို့ ရောက်ပါပြီ ဘုရား"

"အေးအေး - ကျောင်းကတော့ ရှေးတုန်းကကျောင်းပဲ ဒကာလေးရဲ့။ အဆောက်အအုံတွေကပြင်ဖို့လိုနေပြီ။ လောလောဆယ် သိမ်ကိုပြင်ရမယ်။ သိမ်က ဘုန်းကြီးတွေအတွက် အလွန်အရေးပါတယ်မဟုတ်လား"

"တင်ပါဘုရား"

"သိမ်ကိုခုလက်ရှိအဆောက်အအုံကို ဖျက်ပစ်မယ်။ ပြီးရင် အုတ်ပတ်ကားတက်မယ်။ နှစ်ထပ်ဆောက်မယ်။ ဘုရားကျောင်းဆောင်ကို အပေါ်ထပ်မှာသီးသန့်လုပ်မယ်"

"တင်ပါဘုရား"

"တကယ်တော့ ကျောင်းဟိုဘက်မလှမ်းမကမ်းမှာ ရှေးဟောင်းစေတီဟောက်တစ်ဆူရှိတယ်။ အဲဒါပြန်ပြီးတည်ချင်တာ။ လောလောဆယ် ရန်ပုံငွေမပြည့်သေးလို့ ဘာမှမလုပ်နိုင်သေးဘူးဖြစ်နေတယ်။ အနယ်နယ်အရပ်ရပ်ကအလှူရှင်တွေလှူဒါန်းထားတာ နည်းနည်းတော့ရနေပြီ။ ဒါပေမယ့် ဒါနဲ့ မလုံလောက်သေးဘူး။ ဘုရားတစ်ဆူတည်တယ်ဆိုတာ ငွေသိန်းပေါင်းများစွာ ကုန်ကျမှာကွယ့်။ လောလောဆယ်တော့ သိမ်ကိုပဲ ပြင်လိုက်မယ်"

"တင်ပါဘုရား"

"ကပ္ပိယကြီး၊ ဒီဒကာလေးတွေကို ဆွမ်းစားကျောင်းမှာနေရာချပေးလိုက်ပါ"

ကျော်သူရတို့ ဆွမ်းစားကျောင်းတွင် အထုပ်အပိုးများချပြီးသောအခါ ခေတ္တနားပြီး လုပ်ငန်းစကြလေသည်။

ရှေးဦးစွာ သိမ်အဆောက်အအုံတောင်းကိုဖျက်ရမည်ဖြစ်ရာ ရွာထဲမှလုပ်အားပေးမည့်လူကြီးလူငယ်များရောက်ရှိလာကြလေ၏။ သူတို့သည် ရှေးဦးစွာ သိမ်တွင်မိုးထားသောသွပ်မှာကို ခွာချကြ၏။ ထို့နောက် ဆက်လက်၍ ဘေးနံရံများအဖြစ်ကာထားသောပျဉ်များကိုခွာရ၏။

သူတို့ ဤသို့တက်ညီလက်ညီဖြင့် ဆောင်ရွက်နေချိန်တွင် ကျောင်းဝင်းထဲသို့ တုတ်တုတ်ကားကလေးများဖြင့် လည်းကောင်း၊ မြင်းလှည်းဖြင့်လည်းကောင်း၊ ဆိုက်ကားဖြင့်လည်းကောင်း၊ မိန်းမ၊ ယောကျ်ားဧည့်သည်များ တဖွဖွရောက်လာကြသည်ကို တွေ့ရ၏။

ဧည့်သည်များတွင် အရွယ်မရောက်သေးသောကလေးများ၊ လူငယ်လူရွယ်လေးများပါရှိကြောင်း တွေ့ရလေသည်။ ထို့ပြင် အုန်းသီးများ၊ ဗီးကြမ်းငှက်ပျောသီးများကို ခြင်းကြီးခြင်းငယ်များဖြင့် သယ်ယူလာကြသည်ကိုလည်း တွေ့ရလေသည်။

ကျော်သူရက သိမ်ဖျက်နေသူ လူငယ်တစ်ဦးကို -

"ဧည့်သည်တွေကခကာခကာလာတယ်နော်။ အုန်းသီး၊ငှက်ပျောသီးတွေလည်းပါတယ်။ ဘာလုပ်ကြတာလဲဗျ"

"ခင်ဗျားမသိသေးဘူးထင်တယ်။ ကျွန်တော်တို့ ဆရာတော်က သိုက်နဲ့ဆိုင်တဲ့ကိစ္စတွေမှာ ကျွမ်းကျင်နိုင်နင်းတယ်ဗျ။ လူငယ်လေးတွေကိုခေါ်လာတာကတော့ သူတို့က သိုက်ဆက်ပါလာလို့ သိုက်ကြီးဖြတ်တာတို့ဘာတို့လုပ်တာထင်တယ်။ ကျွန်တော်တို့ဆီမှာ အုန်းသီး၊ ငှက်ပျောသီးကရှားတော့ သူတို့တစ်ပါတည်းယူလာကြတာပါ"

"ဟုတ်လား၊ ဒီလိုဆိုရင်တော့ ကျွန်တော့်ညီကျော်သီဟကို ဆရာတော်ထံအပ်ပြီး သိုက်ဆက်ပါ၊ မပါ စစ်ဆေးပေးဖို့ လျှောက်ရဦးမယ်။ သူက သိုက်ဘာလာတာဆိုလို့"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဆိုရင်တော့ ဆရာတော်ကို လျှောက်ပြီး လုပ်သင့်တာလုပ်လိုက်တာကောင်းတယ်ဗျို့"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း အစကတော့ အယုံအကြည်မရှိပါဘူး။ ဒါပေမယ့် ညီလေးမက်တဲ့အိပ်မက်တွေက တကယ်ဖြစ်နေသလိုပဲလို့ပြောတယ်။ လွန်ခဲ့တဲ့ (၅) နှစ်လောက်ကပဲ အိမ်မှာ နတ်ကနားပွဲပေးပြီး သိုက်ဆက်ဖြတ်တာတို့ဘာတို့လုပ်ခဲ့သေးတယ်"

"ကျွန်တော်တို့ရွာမှာလည်း နတ်ကနားပွဲပေးပြီး သိုက်ဆက်ဖြတ်တာလုပ်ပြီးတဲ့မိသားစုရှိတယ်။ ဒါပေမယ့် အဲဒါနဲ့ မရဘူးဗျ။ ဘာပြလို့လဲမသိဘူး။ ဆရာတော်လုပ်ပေးမှပဲအောင်မြင်တော့တယ်"

သူတို့အလုပ်လုပ်ရင်း စကားပြောနေစဉ် ကပ္ပိယကြီးက ကျော်သူရတို့အား ထမင်းစားရန် လာရောက်ခေါ်လေသည်။

သိမ်အဟောင်းဖျက်သည့်ကိစ္စကနံနက်ပိုင်းတွင်ပြီးသွားလေ၏။

(၅)

နေ့ခင်းပိုင်းတွင် အုတ်များစီ၍ဖောင်ဒေးရှင်းချကြ၏။ ကိုဝဏ္ဏသည် ဘိလပ်မြေ၊ သဲနှင့်ကျောက်တို့ကို အချိုးကျရောစပ်ကာ မဆလာဖျော်ပေးရ၏။ ပြီးနောက် ဗန်းဖြင့်ထည့်ကာ ကျော်သီဟထံသယ်သွားရလေသည်။ ကျော်သီဟသည် မဆလာများကို သံလက်နှင့်ကော်ကာ အုတ်များကြားတွင် ထည့်ရ၏။ ကျော်သူရက ပြတင်းပေါက်များတပ်ဆင်ရန်အတွက် ဘောင်များခွေနေလေသည်။

ညနေပိုင်းတွင်ရေချိုးကာ ကပ္ပိယကြီးကွေးမွေးသောထမင်းကိုစားပြီးနောက် သူတို့အဖွဲ့သည် ဆရာတော်ကိုဖူးတွေ့ရန် ကျောင်းပေါ်သို့တက်သွားကြလေသည်။

ဆရာတော်ကိုဝတ်ဖြည့်ပြီးသောအခါ ကျော်သူရက -

"တပည့်တော်လျှောက်ပါရစေဘုရား"

"ဘာများလဲ ဒကာလေးရဲ့"

"ဟောဒါ တပည့်တော်ရဲ့ညီကျော်သီဟပါဘုရား။ သူကသိုက်ကလာတယ်လို့ပြောနေကြတယ်။ အိပ်မက်လည်း မကြာခဏမက်ပါတယ်။ သူကိုသိုက်ကပြန်ခေါ်နေတယ်လို့ပြောပါတယ်။ သိုက်ကလာတာမှန်၊ မမှန် စစ်ဆေးပေးပါဘုရား"

ဆရာတော်သည် ကျော်သီဟကို စူးစူးစိုက်စိုက်ကြည့်ပြီး -

"ဟုတ်တယ်ကွယ်၊ ဒီဒကာလေး သိုက်ဆက်ပါတယ်။လူပြည်ကိုခွင့်ပြုချက်နဲ့လာရသူပေပဲ"

ကျော်သူရက ကျော်သီဟကို ကြည့်လိုက်သည်။

ကျော်သီဟသည် အိပ်မက်အကြောင်းလျှောက်ထားမှဖြစ်မည်ဟုတွေးကာ -

"မှန်လှပါ၊ တပည့်တော်အိပ်မက်တွေ မကြာခဏမက်ပါတယ်ဘုရား။မက်တိုင်း တပည့်တော်ကို အသက်(၂၀)ပြည့်ရင် သိုက်ကိုပြန်လာရမယ်လို့ပြောနေပါတယ်"

ထိုအခါ ဆရာတော်က -

"အရင်တုန်းက သိုက်ကြိုးဖြတ်တာတို့၊ သက်တမ်းတိုးတာတို့လုပ်ဖူးသလား"

"မှန်ပါ၊ လွန်ခဲ့တဲ့ (၅)နှစ်လောက်က နတ်ကနားပွဲပေးပြီး နတ်ကတော်နဲ့ သိုက်ကြိုးဖြတ်ကူးပါတယ်ဘုရား"

"သူက အခု အသက် (၂၀)ပြည့်ဖို့ ဘယ်လောက်လိုသေးသလဲ"

"လာမယ့် ကဆုန်လဆန်း၁၄ရက် နေ့မှာ အသက် (၂၀) ပြည့်ပါမယ်"

"နတ်ကနားပွဲပေးပြီး သိုက်ကြိုးဖြတ်တယ်ဆိုတာ သိပ်မသေချာဘူး ဒကာလေးရဲ့။ မရတာများတယ်။ အေးလေ - ဘုန်းကြီးဆီမှာ သိမ်ပြင်ဖို့လာတဲ့အခိုက် သိမ်ကိုပြီးအောင်ပြင်ကြပါ။ ပြီးတော့မှ ဒီဒကာလေးရဲ့ကိစ္စကို ဘုန်းကြီးလုပ်ပေးပါမယ်"

"မှန်ပါ၊ ဝမ်းသာလှပါတယ်ဘုရား"

ကျော်သူရတို့သည် ဆရာတော်ကိုဝတ်ဖြည့်ကာ ကျောင်းပေါ်မှဆင်းလာကြပြီး ဆွမ်းစားကျောင်းသို့ပြန်ကြလေသည်။

ကျော်သီဟသည် အိပ်ချင်စိတ်မရှိသေးသဖြင့် ဆွမ်းစားကျောင်းအပြင်တွင် ရှိသော သရက်ပင်ကြီးအောက်၌ရှိရိုက်ထားသော ခုံတန်းကလေး၌ထိုင်ကာ စဉ်းစားနေလေသည်။

လသာရက်ဖြစ်၍ ကောင်းကင်တွင် လမင်းကြီးကထိန်ထိန်သာနေလေသည်။ လောကကြီးတစ်ခုလုံးသည် အေးမြသော လရောင်အောက်တွင် ငြိမ်သက်နေလေသည်။ ကျောင်းသည် ရွာနှင့်ဝေးသဖြင့် ရွာမှအသံများကိုမကြားရဘဲ တိတ်ဆိတ်နေ၏။

ညမွေးပန်းနံ့ကလေးသည် လေအဝှေ့တွင် တစ်ချက်တစ်ချက်ပါလာသော ညီမလေးအကြောင်းကို သူစားနေ၏။ သူ လူဘဝကပြန်လာ ညီမလေးက လူပြည်သို့ တစ်လူ့ရမည်ဟုပြောလိုက်၏။ လူပြည်ချင်လှသောညီမလေးကို သူသနားသည်။

သို့သော် သူသိုက်သို့ပြန်သွား သူ့မိခင်ကြီးနှင့် အစ်ကိုကျော်သူ မခွဲနိုင်ပါ။ ပြီး သူတို့ဝမ်းနည်းကြေ မည့်အဖြစ်ကိုလည်း မမြင်ရက်ပ။

ထိုအခိုက်တွင် ကျောင်း မှားသည် ကျောင်းဝင်ပေါက်သို့ ကာ တစ်ပြိုင်နက်ထိုးဟောင်းလေ ကျော်သီဟသည် ကျောင်းအဝ ပေါက်သို့ ရုတ်တရက် လှည့်ကြည့် ၏။

တံခါးဝတွင် မိန်းမပျိုတစ် ရပ်တန့်နေပြီး သူ့အား လက်ယ နေသည်ကိုတွေ့ရ၏။ မိန်းမပျို မှားသည်လည်းကောင်း၊ အဝ မှားသည်လည်းကောင်း လေ တွင် တလွှင့်လွှင့်ရှိနေလေသည်

မိန်းမပျိုက သူ့အား ခေါ်နေလေသည်။

ကျော်သီဟသည် မိန်း သွားလိုစိတ်များ တဖွားဖွားပေ လာသဖြင့် နေရာမှထ၍ ကျော် ဆီသို့ လာခဲ့လေသည်။

အနီးသို့ရောက်သောအခ ပျိုက လာလမ်းသို့ပြန်လှည့်၍ ကို လိုက်လာစေလိုသောအမူ သွားလေသည်။ ကျော်သီဟသည် စဉ်းစားမနေတော့ဘဲ မိန်းမပျို လိုက်လာခဲ့လေသည်။

ကျောင်းနှင့်အတန်ဝေး သို့ရောက်သောအခါ ချဲ့နွယ်ပင် များဖြင့်ထူထပ်စွာဖုံးအုပ်နေ မြင့်မြင့်ကြီးတစ်ခုကိုတွေ့ရ

မိန်းပျိုက -

"အဲဒီကုန်းမြင့်မြင့်ကြီး ကစေတီကြီးတစ်ဆူပေါ့။ ညီမတော်လေးနဲ့ ငယ်စဉ်အ အဲဒီအနီးအနားမှာရှိတဲ့ဝန် ဘုရားကိုပန်းတွေလှူခဲ့ကြတာ

ကျော်သီဟသည် ယခ ကလေး၏မျက်နှာကို ကြည့် မှဘဝဟောင်းက ညီမလေး သည်ကိုတွေ့ရ၏။

"ကျုပ်ကို ဘာလို့

www.burmeseclassic.com

www.burmeseclassic.com

လဲ"

"မောင်ကြီးကိုပြစရာရှိလို့ပါ။ ဟိုမှာကြည့်ပါ"

ကျော်သီဟသည် သိုက်နန်းသူလေးပြသည့်နေရာသို့ ကြည့်လိုက်သည်။

ကျယ်ပြန့်လှသောကျောက်ပြားကြီးပေါ်တွင် အရုပ်ကလေးများကို လရောင်တွင်မြင်ရလေသည်။

အရုပ်ကလေးများမှာ အဘိုးကြီးရုပ်၊ အဘွားကြီးရုပ်၊ မိန်းကလေးရုပ်၊ ယောကျ်ားလေးရုပ်များ စုံလင်စွာပါရှိ၏။ မိန်းကလေးရုပ်နှင့် ယောကျ်ားလေးရုပ်များမှာ ကလေးရုပ်ကလေးများဖြစ်လေသည်။ အချို့မှာထိုင်လျက်၊ အချို့မှာ မတ်တတ်ရပ်လျက်၊ အချို့မှာ တစောင်းလဲလျက်အနေအထားအမျိုးမျိုးဖြင့်တွေ့ရလေသည်။

အချို့အရုပ်များမှာ ခြေလက်အင်္ဂါစုံလင်စွာပါရှိပြီး အချို့မှာ ဦးခေါင်းပြတ်လျက်၊ အချို့မှာ ခြေများလက်များပြတ်လျက် အမျိုးမျိုးဖြစ်နေလေသည်။

အရုပ်ကလေးများကို ကျော်သီဟသည် လရောင်တွင် ကောင်းစွာမြင်နေရလေသည်။

"အဲဒါ ဘာတွေလဲ"

"ဒီကုန်းမြင့်မြင့်ကြီးအောက်မှာ ညီမတော်တို့သိုက်နန်းရှိတယ်။ တစ်နည်းအားဖြင့် ဘုရားပျက်ကြီးရဲ့အောက်မှာပေါ့။ ဒီအရုပ်တွေကတော့ သိုက်နန်းမှာနေသွားတဲ့သူတွေပဲ။ အရုပ်ကလေးတွေဟာ တစ်ခါတစ်ခါမှာ ထပြီးအော်တတ်တယ်။ အဲဒီလိုအော်သံကြားရင် မုန့်ပဲသရေစာတစ်ခုခုကျွေးရတယ်"

ကျော်သီဟသည် အံ့အားသင့်စွာဖြင့် အရုပ်ကလေးများကို ကြည့်လိုက်၏။

"မောင်ကြီး သိုက်နန်းကိုပြန်လာတဲ့အခါ ဒီအရုပ်ကလေးတွေကိုလည်း စာနာသနားပြီး သူတို့ကို အစာရေစာကျွေးရမယ်နော်"

"ကျုပ်ကတော့ သိုက်နန်းကိုပြန်လာမှာမဟုတ်ဘူး"

"ဒီလိုမလုပ်ပါနဲ့ မောင်ကြီးရယ်၊ သိုက်ချုပ်ကြီးသိရင် စိတ်ဆိုးနေပါမယ်"

"ကျုပ် လွန်ခဲ့တဲ့(၅)နှစ်က အိမ်မှာလူကြီးတွေက နတ်ကနားပွဲပေးပြီး သိုက်ဆက်ဖြတ်တယ်၊ အသက်တိုးပေးတယ်လို့ပြောတယ်။ သိုက်နန်းကဘိုးဘိုးကြီးကိုယ်တိုင်လာတယ်လို့ပြောတယ်"

"အဲဒီတုန်းက သိုက်ချုပ်ဘိုးဘိုးကြီးမရှိပါဘူး။ ညီမတော်လေးလာတာပါ။ မောင်ကြီးကိုကြည့်လိုက်တော့ ပုခက်ထဲမှာ အိပ်ပျော်နေတာလည်းတော်တော်ကြာနေပြီ။ ကြာရင် ပြန်ပြီးနိုးလာမှာမဟုတ်တော့ဘူး။ အဲဒါ မောင်ကြီးကို သနားလို့ ညီမတော်လေးဝင်လာတာပါ။ ညီမတော်လေးနဲ့ မောင်ကြီးရဲ့အမေကြီးနဲ့ လက်ဖဝါးချင်းရိုက်ပြီး အသက်တိုးပေးလိုက်တယ်ဆိုတာလည်း အမေကြီးကျေနပ်အောင်လုပ်လိုက်တာပါ။ တကယ်တော့ သိုက်ချုပ်ဘိုးဘိုးကြီးကလွဲလို့ ညီမတော်လေးလိုသိုက်နန်းသူက ဒါကိုလုပ်နိုင်စွမ်းမရှိပါဘူး။ အဲဒါယုံပါ"

ကျော်သီဟသည် ယခုမှရှင်းသွားတော့၏။

ထိုကြောင့်ပင် သူ့ကို အသက်(၂၀)ပြည့်ပါက သိုက်သို့ပြန်လာရမည်ဟုပြောနေခြင်းပင် ဖြစ်လေသည်။

"ကဲကဲ- မောင်ကြီးလည်း သိုက်ကိုပြန်လာခါနီးနေပါပြီ။ မောင်ကြီးပြန်လာမှ ညီမတော်လေးက လူပြည်ကိုသွားရမှာဆိုတော့ ညီမတော်လေးကိုသနားသဖြင့် လူပြည်သွားခွင့်ပေးပါ။ ကဲ- မောင်ကြီးလည်း ဒီလမ်းအတိုင်းပြန်ပေတော့၊ ညီမတော်လေးလည်းပြန်တော့မယ်"

သိုက်နန်းသူလေးမှာ တောလမ်းကလေးအတိုင်းဝင်သွား၍ မကြာမီပျောက်ကွယ်သွားလေသည်။

ကျော်သီဟသည် နဖူးမှချွေးများပြန်လာ၏။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် သစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်ပြီး သိုက်နန်းသူလေးပြောလိုက်သောစကားများကိုစဉ်းစားနေ၏။ စဉ်းစားရင်းပင် စိတ်မောလူမောဖြစ်နေ၍ သစ်ပင်ကိုမှီလိုက်ပြီး အိပ်ပျော်သွားလေတော့သည်။

(၆)

သရက်ပင်ကြီး၏ခြေရင်းတွင်အိပ်ပျော်နေသော ကျော်သီဟကို ကိုဝဏ္ဏသည် လှုပ်နှိုးလိုက်၏။

"ဟေ့ကောင် ကျော်သီဟ၊ လာ-အထဲမှာသွားအိပ်ရအောင်။ တော်ကြာအအေးတွေဘာတွေမိနေဦးမယ်"

"ဟင် - ကျွန်တော်အိပ်ပျော်သွားတာလား"

"ဟုတ်တယ်၊ မင်းအိပ်ပျော်နေတာတွေ့လို့ ငါလာခေါ်တာ"

"ဒီမှာ ကိုဝဏ္ဏ၊ ခင်ဗျားကို ကျွန်တော်ပြောစရာရှိတယ်"

"ဘာပြောမှာလဲ"

"ခုန ကျွန်တော် ကျောင်းပြင်ပကိုထွက်သွားခဲ့တယ်။ အိပ်မက်နေတာလား၊ တကယ်လားဆိုတာ ခွဲခြားမရအောင်ကို မြင်ကွင်းတွေက ပီပြင်လွန်းတယ်။ အဲဒါ ကျွန်တော်တို့အားတဲ့တစ်နေ့မှာ အဲဒီနေရာကိုသွားရအောင်။ အစ်ကို့ကိုမပြောနဲ့နော်"

"စိန်လိုက်လေ ငါလိုက်ခဲ့မယ်"

(၇)

သူတို့သည် သိမ်အားဆက်လက်တည်ဆောက်နေရာ ကျော်သူရခွေနေသောပြတင်းတံခါးပေါင်များမှာ ပြီးစီးလုဖြိုဖြစ်လေသည်။ ကျော်သီဟနှင့်ကိုဝဏ္ဏတို့သည် အုတ်နံရံကိုဆက်၍လုပ်ကြ၏။ ပြတင်းပေါက်ပြုလုပ်မည့်နေရာကိုချန်လုပ်၍ အုတ်စီရသဖြင့် တွင်ကျယ်လေသည်။

သိမ်အောက်ထပ်မှာ ရက်အနည်းငယ်အတွင်းပြီးသွားလေသည်။ အထက်ထပ်ကိုပြုလုပ်ရန်အတွက် အုတ်များစီရန်နှင့် ပန်းရန်ကိုင်ရန်မှာ ငြမ်းဆင်ရမည်မို့ ငြမ်းများဆင်ကြလေသည်။ ငြမ်းကို ခိုင်ခံ့အောင် ဝါးလုံးများကို အုန်းဆံကြိုးများဖြင့် ချည်နှောင်ရလေသည်။

ကျော်သူရက -

"နက်ဖြန်မနက်မှာ ငါမြို့ကိုသွားစရာရှိတယ်။ ပြတင်းပေါက်တွေက မှန်တွေတပ်မှာဆိုတော့ မှန်တွေကိုသူနေရာနဲ့သူမှန်အောင်တပ်ဖို့ကအရေးကြီးတယ်။ ပြီးတော့ အတိုင်းအထွာလည်း မှားလို့မရဘူး။ ငါကိုယ်တိုင် မြို့ကမှန်ဆိုင်ကိုသွားပြီး မှန်တွေဖြတ်ရမယ်။ ဒီကလူကြီးတစ်ယောက်လည်းပါမယ်"

"အစ်ကိုက ဘယ်တော့ပြန်လာမှာလဲ"

"သိပ်မကြာဘူး၊ တစ်မနက်ပဲနေခင်းမှာပြန်ရောက်မယ်။ ငါမရှိတုန်း တတ်နိုင်သရွေ့ အုတ်တွေစီထားလိုက်ကြ"

"ဟုတ်ကဲ့"

ကျော်သူရ ပြတင်းပေါက်မှန်များဝယ်ရန် နောက်နေ့နံနက်စောစောတွင် လူကြီးတစ်ဦးနှင့်အတူ မြို့သို့ထွက်သွားလေသည်။

ဆရာတော်လည်း အရက်ဆွမ်းကျွေးသောအိမ်တစ်အိမ်သို့ ကပ္ပိယကြီးနှင့်အတူကြွသွားသဖြင့် ကျောင်းတွင် ကျော်သီဟနှင့် ကိုဝဏ္ဏသာကျန်ရှိလေသည်။

ကျော်သီဟသည် မနေ့ကတွေ့သောနေရာသို့သွားရန် ကိုဝဏ္ဏကို

www.burmeseclassic.com

www.burmeseclassic.com

အဖော်ခေါ်လေသည်။

ကျော်သီဟသည် မနေ့ကသူတွေ့ခဲ့ခြင်းခဲ့ရခြင်းများသည် အိပ်မက်မဟုတ် တကယ်ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်ဆိုလျှင် ကျောက်ပြားပေါ် မှအရုပ်ကလေးများကို တွေ့ရပေလိမ့်မည်။ အရုပ်ကလေးများက တစ်ခါတစ်ခါအော်· တတ်ကြောင်း၊ အော်လျှင် မုန့်ပဲသရေစာတစ်ခုခုကျွေးရကြောင်း သိုက်နန်းသူလေးကပြောသွားခဲ့သည်။

ထို့ကြောင့် ကျော်သီဟသည်. အရုပ်ကလေးများတွေ့လျှင် ကျွေးရန် အတွက် ငှက်ပျောသီးအမှည့်များနှင့် မုန့်ထုပ်များကိုယူလာခဲ့၏။ ထိုငှက်ပျောသီးများနှင့် မုန့်များသည် ဆရာတော်အား အများကပ်လှူထားရာမှ ဆရာတော်က သူတို့စားရန် မနေ့ကစွန့်လိုက်ခြင်းဖြစ်လေသည်။ မည်သူမျှမစားရသေးသဖြင့် ဤအတိုင်း ကျန်နေခြင်း ဖြစ်လေသည်။

နံနက်စောစောတွင် သူတို့နှစ်ဦးသည် ကျောင်းဝင်းထဲမှထွက်လာခဲ့ကြလေသည်။ ငှက်ပျောသီးနှင့်မုန့်ထုပ်များကို ကျော်သီဟကဆွဲလာလေသည်။

ကျော်သီဟသည် သူသွားခဲ့သည့် လမ်းကိုမှတ်မိနေရာ ပထမကျောင်းဝင်း တံခါးမှထွက်ပြီးနောက် လမ်းကလေးအတိုင်း လိုက်ခဲ့ကြလေသည်။ လမ်းကလေးဆုံးခါနီးတွင် နောက်သို့လှည့်ကြည့်လိုက်ရာ သူတို့အလုပ်လုပ်နေသောဘုန်းကြီးကျောင်းကိုမြင်ရလေသည်။

ဆက်လျှောက်လာ၍ လမ်းလေးဆုံးသောအခါ ချုံနွယ်ပိတ်ပေါင်းများဖုံးအုပ်နေသော ကုန်းမို့မို့ကိုမြင်ရလေသည်။ ရှေးအခါကရှိခဲ့ဖူးသော ဘုရားနေရာဖြစ်ပေလိမ့်မည်။

သစ်ပင်ကြီးများသည် အုပ်ဆိုင်း၍နေ၏။

ကျေးငှက်သံကလေးများကိုကြားနေရလေသည်။

သစ်ပင်များမှထိုးကျသောအရိပ်ကြောင့် ထိုနေရာတွင် အေးမြနေလေသည်။

ကုန်းမို့မို့အနီးတွင်ချုံပင်အခြောက်များဖုံးအုပ်နေသော ကျောက်ပြားအစွန်းကိုမြင်ရသဖြင့် ကျော်သီဟသည် သူတွေ့ခဲ့ရသည့်နေရာဟုတ်၊ မဟုတ်သိရရန် ဝါးလုံးခြောက်တစ်ခုကိုကောက်၍ ထိုချုံနွယ်ပင်များကိုတွန်းလိုက်လေသည်။ချုံနွယ်များဘေးသို့ရှဲသွားသောအခါတွင် အောက်တွင် ကျောက်ပြားကြီးတစ်ချပ်ကို တွေ့ရလေသည်။ ကျောက်ပြားပေါ်တွင် သူတွေ့ခဲ့ရသည့်အတိုင်း အရုပ်များကိုတွေ့ရလေသည်။ ထို့ကြောင့် သူတွေ့ခဲ့ရခြင်းများသည် အမှန်တကယ်ရှိနေကြောင်း ကျော်သီဟ အံ့ဩစွာသိရလေတော့သည်။

ထိုစဉ် ကျောက်ပြားပေါ်ရှိအရုပ်များထဲမှအသံများကို မပီမသကြားရလေသည်။ ငိုညည်းသံလိုလို၊ စကားပြောသံလိုလို၊ ကလေးငိုသံလိုလိုဖြင့် အသံများကြားရရာ ကျော်သီဟတို့သည် တဖြည်းဖြည်း ကြောက်စိတ်ဝင်လာလေသည်။

ထိုစဉ် သိုက်နန်းသူလေးပြောခဲ့သောစကားကို ပြန်လည်အမှတ်ရလာလေသည်။ အရုပ်များထဲမှအော်သံများကြားရပါက အစာကျွေးပေးရကြောင်း ပြောခဲ့လေသည်။ သူကိုယ်တိုင်လည်း မုန့်များယူလာခဲ့သေးသည်။

ထို့ကြောင့် ကျော်သီဟနှင့်ကိုဝဏ္ဏတို့သည် ငှက်ပျောသီးမှည့်များကို ဖဲ့ခွေခြင်း၊ မုန့်ထုပ်များကိုဖောက်ခြင်းများပြုလုပ်ကာ ငှက်ပျောသီးနှင့် မုန့်များကို အရုပ်ကလေးများရှေ့တွင် လိုက်လံချပေးကြလေသည်။

ထိုစဉ် ကျော်သီဟနားထဲ၌ -

"သာဓုပါ မောင်ကြီးရယ်၊ အရုပ်ကလေးတွေ ငိုညည်းသံကြားလို့ ညီမတော်လေးထွက်ကြည့်နေတာ။ အခုလို မုန့်လေးတွေကျွေးလိုက်တော့ အသံတွေတိတ်သွားတာပေါ့"

သိုက်နန်းသူလေးပြောလိုက်သောစကားသံကို ကြားရလေသည်။

သိုက်နန်းသူလေးကိုတော့ မမြင်ရပါ။

ကိုဝဏ္ဏပါလာလို့ ကိုယ်ထင်မပြတာဖြစ်မှာပါဟုတွေးလိုက်၏။ ထိုစဉ် သိုက်နန်းသူလေး၏အသံကို ကြားရပြန်လေသည်။

"မောင်ကြီးကို ကျေးဇူးပြုရဦးမယ်။ ဒီကအပြန်လမ်းမှာ ညီမတော်လေး မောင်ကြီးအတွက် အထုပ်တစ်ထုပ်ချထားတယ်။ ဒီဟာကိုပေးတာ ဘိုးဘိုးလည်းသိတယ်။ အဲဒါယူသွားပြီး တစ်ဝက်ကို ဆရာတော်ပြုပြင်မယ့် ရွှေဟောင်းဘုရားမှာလှူပါ။ ကျန်တာကို မောင်ကြီးတို့သုံးပါ"

ကျော်သီဟသည် သိုက်နန်းသူလေးအသံကြောင့် ကိုဝဏ္ဏကိုလှည့်ကြည့်လိုက်၏။ ကိုဝဏ္ဏက ဘာသံမှမကြားရသည့်ပုံဖြင့် ငှက်ပျောသီးနှင့်မုန့်များကိုသာ စေ့စေ့ငေါင် လိုက်လံချပေးနေသည်ကို တွေ့ရလေသည်။

သူတို့မုန့်များပေးဝေလှူဒါန်းသည့်အချိန်မှစ၍ အရုပ်ကလေးများမှ မည်သည့်အသံမျှ မကြားရတော့ဘဲငြိမ်သက်သွားလေသည်။

ကျော်သီဟတို့သည် ထိုနေရာမှခဏသာနေပြီး ကျောင်းသို့ပြန်လာလေသည်။ အပြန်လမ်းတွင် သိုက်သူလေးက အထုပ်တစ်ထုပ်ချထားဆိုသဖြင့် လမ်းသွားရင်း သတိနှင့်လာခဲ့လေသည်။

"ကိုဝဏ္ဏ၊ ဒီနေရာကို ကွန်တကယ်ရောက်ခဲ့တာဗျ။အိပ်မက်ဘူး"

"ဟေ-ထူးဆန်းလိုက်တာ အကလေးတွေက ဟိုတစ်ခါလည်းတွေ့ပဲလား"

"ဟုတ်တယ်၊ တွေ့တယ်။ ကြောင့် တွေ့ရင်ကျွေးရအောင်လို့ တို့ ငှက်ပျောသီးတို့ယူလာတာပဲ"

နှစ်ယောက်သား စကားတပြောနှင့်လျှောက်လာရာ ကျော်သည် လမ်းပေါ်မှာချထားသောအကလေးတစ်ထုပ်ကို ခလုတ်တိုက်သည်။

အထုပ်ကိုကောက်ယူလိုက်အခါ အထုပ်မှာ များစွာမကြီးလက်ကိုင်ပဝါလေးဖြင့်ထုပ်ထားတွေ့ရှိရ၏။

အထုပ်ကို ဖြေကြည့်လိုက်အခါ အထဲတွင် ရွှေဒင်္ဂါး (၉)ပြားကိုရလေသည်။

ကိုဝဏ္ဏသည် အံ့ဩလျက် ဒင်္ဂါးများကိုကြည့်ကာ -

"ဟော့ကောင် မင်းကို သိုက်တဲ့ပစ္စည်းတွေနဲ့တူတယ်။ ရွှေဒင်္ဂါးလည်း ဝင်းအိနေတာပဲ။ မင်းတော့

"သိုက်နန်းသူလေးကပြောဒီအထဲကတစ်ဝက်ကို ဘုရားမှာတဲ့၊ ကျန်တာကိုသုံးပါတဲ့။ အဲဒီသံကို ငါပြတ်ပြတ်သားသားကြားရတယ်"

ကျော်သီဟသည် ရွှေဒင်္ဂါးများကိုပြန်ထုပ်၍ လက်ထဲတွင်ကိုင်ကျောင်းသို့ပြန်လာကြလေသည်။

"ဒါတွေကို အစ်ကိုကိုအပ်ထားရမယ် ဆရာတော်ကိုအပ်ထားရမယ်"

(၈)

ကျောင်းသို့ပြန်ရောက်သောအခါ သိမ်အပေါ် ထပ်ကို အုတ်များကိုဝဏ္ဏက ဘိလပ်မြေ၊ သဲ၊

www.burmeseclassic.com

www.burmeseclassic.com

ကို မဆလာဖျော်ကာ ဗန်းထဲထည့်ပြီး ကျော်သီဟထံသို့ ယူသွားရလေသည်။ ကျော်သီဟသည် ငြမ်းပေါ်သို့တက်ကာ စီထားသောအုတ်များကြားတွင် မဆလာများကို သံလက်ဖြင့်ကော်ပြီးထည့်လေ၏။

အပေါ်ထပ်ကို အုတ်စီရာတွင် ငြမ်းသည် အရေးကြီးလေသည်။ ငြမ်းဆင်သည်မှာ မခိုင်လျှင်ပြုတ်ကျပြီး ဒုက္ခရောက်နိုင်လေသည်။

သူတို့ ထမင်းစားနားချိန်တွင် ကျော်သီဟနှင့် လူကြီးတစ်ဦးသည် မြို့မှ မှန်များဝယ်ယူပြီးပြန်လာလေသည်။

"မင်းတို့အုတ်စီတာ တော်တော်ပြီးနေမှပဲ"

"အစ်ကို အမေ့ဆီကို ဝင်ခဲ့သေးသလား"

"မဝင်ရပါဘူးကွာ၊ မှန်က အရေးကြီးနေတော့ မှန်ကိုပြီးအောင်ဝယ်လိုက်တာပဲ။ မှန်က အချပ်ကြီးကို ကိုယ်လိုချင်တဲ့ အရွယ်အစားရအောင်ဖြတ်ရသေးတယ်လေ"

"ဩော် - အစ်ကိုခဏ၊ အစ်ကို့ကို ပြစရာရှိတယ်"

ကျော်သီဟသံ့သည် ကျော်သူရကို သူရလာသောရွှေဒင်္ဂါးများကိုပြသလေသည်။ ထို့နောက် သိုက်နန်းသူလေးပြောကြားလိုက်သောစကားများကို ကျော်သူရအား အားလုံးပြောပြလေသည်။

"အင်း - ထူးဆန်းလိုက်တာ၊ သိုက်ဝင်စားတဲ့လူတွေကို သိုက်ကရွှေတွေ တွေပေးတယ်လို့ အရင်ကကြားသာ ကြားဖူးတာ။ ခုတော့ လက်တွေ့ဖြစ်နေ ဒါတွေကို ဆရာတော်ကိုအပ်ထားရမယ်"

"ကျွန်တော်လည်း အဲဒီလိုပဲ ထင်ပါရတယ် အစ်ကို"

ညစာစားပြီးချိန်တွင် ကျော်သူရသည် ရွှေဒင်္ဂါးထုပ်ကလေးကိုယူကာ အိမ်ပေါ် သို့သွားပြီး ဆရာတော်ကို ဖြည့်ပြီးနောက် ကျော်သူရက ဆရာတော်အား အကျိုးအကြောင်းအားလုံး ရှင်းပြထားလေသည်။ ဆရာတော်သည် ရွှေဒင်္ဂါးများကိုယူကြည့်ပြီး -

"အင်း- တော်တော်ရှေးကျတဲ့ရွှေတွေပဲ။ ခုနှစ်သက္ကရာဇ်ကိုကြည့်ရတာ တုန်းဘောင်ခေတ်ကလက်ရာတွေ ထင်ပါတယ်။ ဘုရား"

"ဒီပစ္စည်းတွေဟာ ကျော်သီဟကို သိုက်ကပေးလိုက်တဲ့ပစ္စည်းတွေပဲ။ ဘုန်းကြီး ဆီမှာမအပ်ပါနဲ့။ မြို့ကိုပြန်ပြီး ဒကာ လေးတို့မိခင်ကို အပ်ထားလိုက်ပါ"

ကျော်သီဟသည် နောက်တစ်နေ့ အလုပ်သိမ်းပြီးနောက် ညနေဘက်တွင် စက်ဘီးဖြင့် မြို့သို့ပြန်ကာ ရွှေဒင်္ဂါးများကို မိခင်ကြီးဒေါ်ညွန့်အားပြသ၍ သူ မည်ကဲ့သို့ရသည်ကိုရှင်းပြပြီး ပေးအပ်ထားလိုက်လေသည်။

"အေး- အဲဒီပစ္စည်းတွေကို အမေသိမ်းထားလိုက်မယ်။ တစ်ဝက်ကို ဘုရားမှာလှူပြီး ကျန်တဲ့တစ်ဝက်ကိုသုံးလို့ဆိုပေမယ့် အမေတို့မှာ သားတို့ရှာလို့ရတဲ့ ငွေနဲ့သုံးလို့စွဲလို့လုံလောက်ပါတယ်ကွယ့်၊ အပိုမလိုပါဘူး။ လှူသာလှူချင်တာပါ။ ဒါကြောင့် သူတို့ပေးတဲ့ရွှေဒင်္ဂါးတွေကို ဘုရားမှာအကုန်လှူပါမယ်ကွယ်"

"ဒါဆို သားပြောမယ် အမေ။ သားတို့သိမ်ပြင်နေတဲ့ကျောင်းနဲ့ မနီးမဝေးမှာ ပျက်စီးပြိုကျနေတဲ့ ရှေးဟောင်းစေတီတစ်ဆူရှိတယ်။ ဘုန်းကြီးက ပြန်ပြီးပြင်တည်မလို့ ငွေမလုံလောက်သေးလို့နေရတာ။ ဘုန်းကြီးက သိုက်နဲ့ပတ်သက်လို့လည်း ကျွမ်းကျင်နိုင်နင်းတယ်။ သိမ်ပြင်ပြီးသွားရင် သားကိုလည်း သိုက်ကြီးဖြတ်ပေးမယ်လို့ပြောတယ်။ အဲဒီကျတော့ အမေလည်း လာလေ။ သားတို့ အဲဒီမှာလှူလိုက်ကြရအောင်"

"ကောင်းတာပေါ့ သားရယ်။ နို့-လွန်ခဲ့တဲ့ (၅) နှစ်လောက်က မင်းအမေကြီးရှိတုန်းက ရွာထဲကနတ်ကတော် ဒေါ်လှလှစိန်နဲ့ နတ်ကနားပွဲပေးပြီး သိုက်ကြီးဖြတ်ပြီးအသက်တိုးပေးထားတာပဲ။ ခုဘာဖြစ်လို့လဲ"

"အဲဒီတုန်းက မသေချာဘူးအမေ၊ သိုက်ချုပ်ကြီးကြွမလာဘဲ သိုက်နန်းသူ တစ်ယောက်ပဲဝင်လာတာတဲ့။ အဲဒီ သိုက်နန်းသူကလည်း ဘဝဟောင်းက ကျွန်တော့်ညီမတော်စပ်ခဲ့တယ်လို့ပြောတယ်။ သူက အမေကြီးကျေနပ်အောင်လို့ လက်ဝါးချင်းရိုက်ခဲ့တာလို့ပြောတယ်။ တကယ်တော့ ဘာအသက်မှမတိုးရသေးဘူး အမေ"

"နို့ - ဆရာတော်ကတကယ်စွမ်းရဲ့လား"

"သိုက်နဲ့ပတ်သက်ဆက်နွယ်နေတဲ့ မိသားစုတွေ နေ့စဉ်မပြတ် ကျောင်းကို လာပြီးသိုက်ကြီးဖြတ်နေကြတာပဲအမေ၊ တကယ်စွမ်းတယ်လို့ ရွာထဲကလူတွေ ပြောကြတာပဲ"

"အေးအေး - အလုပ်ပြီးရင်သာ အမေ့ကိုလာခေါ်လှည့်၊ အမေလည်းလာမယ်။ ရွှေဒင်္ဂါးတွေကိုလည်း ဘုရားပြင်ဖို့ ဆရာတော်ကိုလှူရမယ်"

"ဟုတ်ကဲ့ အမေ၊ ဒါဆို သားပြန်တော့မယ်နော်"

ကျော်သီဟသည် ကျောင်းသို့ပြန်ရောက်သောအခါတွင် မိခင်ကြီးပြောပြလိုက်သောစကားများကို အစ်ကိုကျော်သူရကို ပြန်လည်ပြောပြလေသည်။

(၉)

ထိုနေ့ အလုပ်သိမ်းသောအခါ ကျော်သူရသည် သူညီလေးကျော်သီဟ အကြောင်းကို စဉ်းစား၏။ ကျော်သီဟသည် သိုက်ကလာသည်ဆိုသည်ကို သူယုံရမလိုဖြစ်နေ၏။ ယုံကြည်ရန် အကြောင်းကား ရွှေဒင်္ဂါးများသည် သက် သေပြနေ၏။ ဤသို့ဆိုသော် သူ အသက်(၂၀)ပြည့်လျှင် တကယ်ပဲသိုက်ကိုပြန်ရတော့မည်လား။ သူမသိသေးသော၊ သူဉာဏ်ဖြင့်လိုက်မမီသောအဖြစ် အပျက်များသည် လောကၻ၌ တကယ်ရှိသေးကြောင်း တဖြည်းဖြည်းသဘောပေါက်လာလေသည်။

ထိုသို့ဆိုလျှင် ကျော်သီဟကိစ္စကို သူဘယ်လိုလုပ်ရမည်နည်း။ လာမည့် ကဆုန်လဆန်း ၁၄ ရက်နေ့ဆိုလျှင် ကျော်သီဟသည် အသက် (၂၀) ပြည့်ပြီဖြစ်၏။ ယခု တပေါင်းလဖြစ်၍ ကျော်သီဟ အသက် (၂၀) ပြည့်ရန် သိပ်မလိုတော့ချေ။ ထိုကိစ္စကို ဆရာတော်က အမြန်လုပ်ပေးစေလို၏။ သို့သော် သိမ်ပြင်ပြီးမှဖြစ်မည်ဟုပြောရာ သိမ်ပြီးရန် ရက်သိပ်မလိုတော့ချေ။

ဟိုဟိုသည်သည်တွေးတောရင်း ကျော်သူရသည် မှေးခနဲအိပ်ပျော်သွားရာ အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် ပုဆိုးခါးတောင်းကျိုက်ထိုးကွင်းမင်ကြောင်များထိုးထားသော လူသန်ကြီးနှစ်ဦးသည် ကျော်သူရထံ ရောက်လာပြီး စကားပြောလေသည်။လူသန်ကြီးနှစ်ဦးစလုံးသည် ဆံပင်အရှည်နှင့်ဖြစ်ပြီး သွေးငှက်ကိုတစောင်းထုံးထားလေသည်။ အင်္ကျီဝတ်ထားခြင်းမရှိ၍ ရင်အုပ်သားလက်မောင်းသားကြီးများမှာ ဖုထစ်နေလေသည်။ လက်ထဲတွင်လည်း လှံကဲ့သို့သောလက်နက်တစ်ခုစီကိုင်ထားလေသည်။

"လက်သမားဆရာလေး၊ မင်းကို သတိပေးချင်လို့လာခဲ့တာ။ မင်းတို့သိမ်အထက်ထပ်ကို အုတ်စီနေကြတယ်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ မင်းတို့ဆင်ထားတဲ့ငြမ်းတွေကမခိုင်ဘူး။ လူတက်တဲ့နေရာမှာကြိုးတွေပြတ်နေတယ်။ အဲဒီကြိုးပြတ်နေတဲ့နေရာကိုတက်မိရင် လက်သမားဆရာရဲ့ညီလေးပြုတ်ကျလိမ့်မယ်။ အန္တရာယ်အရမ်းများတယ်။ စစ်ဆေးပြီး ကြိုးတွေပြန်ချည်လိုက်ဦး။ နန်းသူဇာပြောခိုင်းလို့လာပြောတာ”

လူသန်ကြီးနှစ်ဦးသည် သူ့ရှေ့မှ ချာခနဲလှည့်ထွက်သွားကြသည်။ ရှေ့နားအရောက်တွင် တစ်ဦးကပြန်လှည့်လာပြီး-

“ပြောဖို့တစ်ခုကျန်နေတယ်။ မင်းတို့သိမ်ပြုပြင်တဲ့နေရာမှာ ဘာဘေးအန္တရာယ်မှမရှိအောင် တို့နှစ်ယောက်လာစောင့်နေတယ်။ သိုက်ချုပ်ကြီးလွတ်ထားထားလို့ သိမ်အပေါ် ထပ်မှာအမြဲရှိတယ်”

ကျော်သူရသည် အိပ်ရာမှနိုးလာ၏။ အိပ်မက်ကို ပြန်စဉ်းစားလိုက်သော် ငြမ်းဆင်ထားတဲ့ကြိုးတွေပြတ်နေသည်ဟုပြောသွားသည်။ ခုချက်ချင်း သွားစစ်ဆေးကြည့်လိုက်လျှင်ကောင်းလိမ့်မည်ဟု စဉ်းစားကာ အနီးရှိဓာတ်မီးကလေးကိုယူပြီး မည်သူကိုမျှမနှိုးတော့ဘဲ တစ်ဦးတည်း သိမ်ရှိရာဆီသို့ ထွက်လာခဲ့လေသည်။

ညသည် မှောင်မည်းတိတ်ဆိတ်နေ၏။ ကျောင်းရှိခွေးများသည် ကျော်သူရတို့ကို မျက်မှန်းတန်းမိနေပြီဖြစ်၍ မဟောင်တော့ချေ။ သူသည် ဓာတ်မီးကလေးအလင်းရောင်ဖြင့် သိမ်ရှိ ငြမ်းများကို စစ်ဆေးလေ၏။

တွေ့ပါပြီ။ ကျော်သီဟ ငြမ်းပေါ်သို့တက်၍ အုတ်များကို မဆလာလောင်းသောနေရာတွင်ချည်ထားသော အုန်းဆံကြိုးများသည် ပြတ်တောက်နေလေသည်။ သူကိုယ်တိုင် သေချာစွာချည်နှောင်ထားခဲ့ရာ ယခုကဲ့သို့ပြတ်တောက်နေခြင်းအတွက် သူအလွန်အံ့သြနေလေသည်။ ကြိုးများပြတ်ခြင်းမှာ ကြွက်များကိုက်ဖြတ်၍လည်းဖြစ်နိုင်သဖြင့် နံနက်လင်းမှ ကြိုးအသစ်ပြန်ချည်တော့မည်ဟု ဆုံးဖြတ်ပြီး သူပြန်လာခဲ့လေသည်။

နံနက်လင်းသောအခါ ကျော်သူရက ကျော်သီဟနှင့် ကိုဝဏ္ဏတို့အား ကြိုးများ ခိုင်ခံ့အောင်ပြန်ချည်ရန်ပြောလေသည်။

“အစ်ကို၊ ဒီနေရာက မနေ့ကအကောင်းပဲ။ အခု ကြိုးတွေပြတ်နေတာ အစ်ကိုဘယ်လိုသိတာလဲ”

“ညက ငါအိပ်မက်မက်လို့ကွ၊ ဒါနဲ့ ချက်ချင်းလာကြည့်တာ။ လာကြည့်ပေလို့ပဲ။ နို့မို့ မင်းမနက်ပိုင်းအလုပ်လုပ်လို့ အပေါ် တက်လိုက်ရင်ပြုတ်ကျမှာ”

“တော်ပါသေးရဲ့ဗျာ”

ကျော်သူရက သူတို့ကို ညကမြင်မက်သောအိပ်မက်အကြောင်း ပြောပြလိုက်လေသည်။

(၁၀)

အလုပ်နှားချိန်တွင် ကျော်သူရသည် ဆရာတော်ထံသွားကာ ညကမက်ခဲ့သည့်အိပ်မက်အကြောင်းနှင့် ငြမ်းမှာချည်ထားသောကြိုးများလည်းပြတ်နေကြောင်းလျှောက်ထားလိုက်သည်။

“ကြိုးပြတ်တာကိုပြောပြီး တပည့်တော်တို့ကို အလုပ်လုပ်ရာမှာအန္တရာယ်မရှိအောင် စောင့်ရှောက်နေတယ်လို့ လည်းပြောသွားပါတယ်ဘုရား”

“အင်း - ဖြစ်နိုင်ပါတယ်။ သူတို့သိုက်နေရာရဲ့အပေါ်မှာ ရှေးဟောင်းဘုရားတစ်ဆူရှိတယ်။ အဲဒီဘုရားကို ဘုန်းကြီးကလည်း ပြုပြင်ချင်နေတာ။ ဝတ္ထုနည်းနေသေးလို့သာစောင့်နေရတာ။ အဲဒါကို သိုက်ချုပ်ကြီးကလည်းသိတယ်။ ဘုန်းကြီးဆီတစ်ခါနှစ်ခါလောက်ရောက်လာပြီး ဘုရားပြင်နိုင်အောင် သူကူညီမယ်လို့ပြောသွားတယ် ဒကာလေးရဲ့။ အခု ငြမ်းမှာကြိုးပြတ်တာကိုလာပြောတာလည်း ကျော်သီဟလိမ့်ကျမှာစိုးလို့ပဲ။ ကျော်သီဟက သူတို့ဆီပြန်လာရမယ့်လူလို့ သတ်မှတ်ထားတာကိုး”

“မှန်ပါ။ သူလာတော့ ကိုယ်ထင်ပြသလား ဘုရား”

“မဟုတ်ဘူးကွယ်၊ ဒကာတစ်ယောက်ကို ပူးပြီးပြောတာပဲ”

“မှန်ပါ။ တပည့်တော်ရဲ့ညီရခဲ့တဲ့ရွှေဒင်္ဂါးတွေကိုလည်း အမေက အားလုံးကို ဘုရားပြင်ရာမှာ ထည့်ဝင်လှူဒါန်းမယ်လို့ပြောပါတယ်ဘုရား”

“အင်း - သာဓု သာဓု သာဓု”

ကျော်သူရတို့သည် သိမ်တစ်ခုလုံးကို အုတ်ပတ်ကားတက်ခြင်း၊ ပြတင်းပေါက်တပ်ဆင်ခြင်း၊ သွပ်မိုးခြင်း စသည့် လုပ်ငန်းများကိုဆောင်ရွက်ကြရာ (၅)ရက်ခန့်ကြာသောအခါ ပြီးစီးသွားလေ၏။

ကျော်သီဟက သိမ်ကိုဆေးသုတ်လေသည်။ အားလုံးပြီးစီးသွားသောအခါ ကျော်သူရက ကျော်သီဟအား -

“ညီလေး၊ မင်းအိမ်ကိုပြန်ပြီး နောက်နေ့မနက်မှာ အမေ့ကိုခေါ်ပြီးပြန်လာခဲ့။ ရွှေဒင်္ဂါးတွေပါယူခဲ့ဖို့ပြောနော်”

ညနေပိုင်းသို့ရောက်သောအခါ ကျော်သီဟသည် ကိုဝဏ္ဏနှင့်အတူ သို့ပြန်ကြလေသည်။

အိမ်ရောက်သောအခါ သိမ်မြို့ပြီဖြစ်ကြောင်း အမေ့ကိုပြောကာ -

“အမေ သားတို့နဲ့အတူ နက်ဖြန်မနက်မှာ ကျောင်းကိုလိုက်ခဲ့ပါ။ ပျော (၅) ဖီး၊ အုန်းသီး (၁)လုံးနဲ့ လိုတဲ့ဖယောင်းတိုင်တို့ အမွေးတိုင်တို့ယူခဲ့ပါ။ ဟိုမှာ ဒုက်ပျောသီး အုန်းသီပ်ရှားတာပဲ”

“အေးအေး - မနက်စောစောထရေးကိုသွားပြီး လိုတာတွေအားလုံးလာခဲ့မယ်”

“ရွှေဒင်္ဂါးတွေရောယူခဲ့နော်”

“အေးပါ၊ အမေတို့လည်း သူ့ပြင်ရာမှာလှူရတာပေါ့။ အားလုံးမယ်”

ထိုအချိန်တွင် ကိုဝဏ္ဏနှင့်နွေးတို့ရောက်ရှိလာပြီး -

“ကျော်သီဟ ငါညီမလေးဖွေးလည်း လိုက်လိမ့်မယ်”

“ဟာ - ကောင်းတာပေါ့၊ လည်း အဖော်ရတာပေါ့”

မနှင်းဖွေးက -

“ဟိုနေ့က ကိုကျော်သူရတွေလာဝယ်တယ်လို့ ကြားရတယ်၊ ကိုရောက်တာတောင် ငါတို့ဆီဘူး”

“မဟုတ်ပါဘူးဟာ၊ မှန်အနေကြီးနေလို့လို့ပြောပါတယ်”

“အေးပါ - ငါကစတာပါလေ မနက်ဖြန် ငါပါလိုက်မယ်”

(၁၁)

နောက်တစ်နေ့နံနက်ရောကျော်သီဟ၊ ဒေါ်ညွှန့်၊ ကိုဝဏ္ဏနှင့်လေးဖြစ်သူ မနှင်းဖွေးတို့သည် များနှင့် အုန်းသီး၊ ဒုက်ပျောသီးများအလင်ယူဆောင်၍ မြို့ငြိုင်သာသားကြလေ၏။ ကျော်သီဟနှင့်တို့သည် စက်ဘီးတစ်ယောက်နှင့်ဖြစ်ပြီး ဒေါ်ညွှန့်နှင့် မနှင်းဆိုက်ကားစီးကြလေသည်။

မြို့ငြိုင်သာယာဘုန်းကြီးကျောင်းရောက်သောအခါ ကျော်သူရပြီး ပစ္စည်းများကိုယူကာ ဆရာသွားကြလေ၏။

ဒေါ်ညွှန့်နှင့်မနှင်းဖွေးတို့သီး၊ ဒုက်ပျောသီးများနှင့် တစ်ပွဲပြင်ကြလေသည်။ မ

www.burmeseclassic.com

www.burmeseclassic.com

မှာပင် ရွာရှိ ဥပတ္ထမ္ဘကအဖွဲ့ဝင်များနှင့် ရွာသား(၃)၊ (၄)ဦးတို့ ရောက်ရှိလာကြလေသည်။

သူတို့အားလုံးသည် ဆရာတော်အား ဝတ်ဖြည့်ပြီးနောက် -

"တပည့်တော်တို့အမေပါဘုရား၊ ညီလေးကို သိုက်ကြိုးဖြတ်ဖို့ ဆရာတော် ဆောင်ရွက်ပေးပါဘုရား"

ဆရာတော်က -

"သိုက်ကလာတယ်ဆိုတာ ဒီဒကာလေးမဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ် ဘုရား။ သူက လာမည့်ကဆုန်လဆန်း ၁၄ ရက်နေ့မှာ အသက်(၂၀)ပြည့်ပါမယ်ဘုရား။ အဲဒါသိုက်ကပြန်ခေါ် နေလို့ ဆရာတော်ကယ်ပေးပါဘုရား"

"အေးလေ၊ ကယ်ပေးရမှာပေါ့။ ဒကာလေးရှေ့ကိုတိုးလိုက်"

ကျော်သီဟသည် ရှေ့ကိုတိုးလိုက်ပြီး လက်အုပ်ချီထားလိုက်သည်။

ဆရာတော်သည် နှုတ်မှ တစ်စုံတစ်ရာရွတ်ဆိုကာ မေတ္တာပွားများလိုက်သည်။ ပြီးနောက် -

"ကဲ - သိုက်ကတာဝန်အရှိဆုံး သိုက်ချုပ်ကြိုးကို ဘုန်းကြီးဖြတ်ခေါ် လိုက်တယ်။ ကြွလှုမ်းခဲ့ပါတော့"

ခဏအကြာတွင် ရွာထဲမှရောက်နေကြသောရွာသားများထဲမှတစ်ဦးသည် အသားများတဆတ်ဆတ်တုန်လာကာ ဆရာတော်အား လက်အုပ်ချီလိုက်၏။

ထိုရွာသား၏အရိပ်လက္ခဏာကို ကြည့်လိုက်ခြင်းအားဖြင့် တစ်စုံတစ်ဦး ဝင်ရောက်ပူးကပ်နေပြီကိုသိသောဆရာတော်သည် -

"ကဲ- အခုရောက်လာတာ ဘယ်သူလဲဆိုတာ ပြောပါဦး"

"တပည့်တော် သိုက်ကပါဘုရား"

"သိုက်ကဆိုတာသိပါတယ်။ဘယ်ဆင့်လဲဆိုတာကိုပြောပါ"

"သိုက်ချုပ်ပါဘုရား"

ဆရာတော်သည် အနည်းငယ်ပြုံးလောင်သန်းသွားပြီး -

"သိုက်ချုပ်ကြီး : ဘုန်းကြီးဆီဆက်လာရပြန်ပြီနော်"

"တင်ပါ့ ဘုရား၊ ဘုန်းရှင်ကံရှင်တော်မူလို့ တပည့်တော်မနေနိုင်တဲ့အချင်းရောက်လာရကြောင်းပါ"

"အေးအေး - ကောင်းပြီ၊ ဒီသူကိုသိသလား"

ဆရာတော်က ကျော်သီဟကို မေးထူးထိုးပြကာ မေးလိုက်သည်။

ထိုအခါ သိုက်ချုပ်ကြိုးဝင်ပူးနေသောရွာသားက-

"သိပါတယ် ဘုရား၊ မောင်ဒီပပါ"

"မောင်ဒီပမဟုတ်တော့ဘူး ဒကာကြီးရဲ့၊ ကျော်သီဟဖြစ်နေပြီ။ဒါကလည်း သိုက်ချုပ်ကြိုးတို့က လူပြည်ကိုသွားခွင့်ပြုထားတဲ့သူငယ်ပေပဲ။ ဘုန်းကြီးမေတ္တာရပ်ခံချင်တာက သူ့ကိုပြန်မခေါ်ဘဲ သိုက်နဲ့အဆက်ဖြတ်ပေးပါ။ လူပြည်မှာ သက်တမ်းစေ့နေပြီး သာသနာပြုပါစေဦး"

"မှန်လှပါ၊ သိုက်ထဲမှာလည်း လူပြည်ကိုလာဖို့ အလှည့်ကျတော့မယ့်သူရှိပါတယ်ဘုရား။ သူကတော့ မောင်ဒီပရဲ့ ညီမလေး နန်းသူဇာပါ။ မောင်ဒီပပြန်ရောက်မှ သူကလာရမှာပါဘုရား"

"အေးလေ - ဟုတ်တော့ ဟုတ်ပါတယ်။ ဘုန်းကြီးမေတ္တာရပ်ခံချင်တာက ကျော်သီဟကိုလည်း လူပြည်မှာ သက်တမ်းစေ့နေနိုင်အောင် ကူညီပေးပါ။ လူပြည်ကိုလာချင်တဲ့နန်းသူဇာကိုလည်း လာခွင့်ရအောင်လုပ်ပေးလိုက်ပါလို့ပြောချင်တယ်"

"တပည့်တော် , စဉ်းစားပါရစေဘုရား"

"စဉ်းစားမနေပါနဲ့၊ အချိန်က သိပ်မရှိတော့ဘူး။ တကယ်တော့ လူပြည်ဆိုတာ ကုသိုလ်၊ အကုသိုလ်အကုန်လုပ်လို့ရတဲ့နေရာပဲ။ လူပြည်မှာ သက်တမ်းစေ့နေပြီး သာသနာပြုချင်လို့ဆိုတာလည်း ကောင်းတဲ့အလုပ်ကိုလုပ်ဖို့တောင်းဆိုတာပဲ။ လူပြည်ကိုလာချင်တယ်ဆိုတာလည်း ဒီသဘောပါပဲ ဒကာကြီး"

သိုက်ချုပ်ကြိုးဝင်ပူးနေသောရွာသားသည် အဖြေကိုမပေးသေးဘဲ အတန်ကြာစဉ်းစားနေ၏။ ပြီးမှသက်ပြင်းချကာ အားမတန်၍ မာန်လျှော့ရသည့် ပုံမျိုးဖြင့် -

"မှန်ပါ၊ မောင်ဒီပကို သက်တမ်းစေ့နေနိုင်အောင်လုပ်ပေးဖို့ သဘောတူပါပြီဘုရား။ နန်းသူဇာကိုလည်း တစ်ချိန်ချိန်မှာလွှတ်ပေးလိုက်ပါမယ်ဘုရား"

"ကဲကဲ - သိုက်ချုပ်ကြိုးကို ကျေးဇူးတင်ပါတယ်။ မကြာခင်မှာ ပြိုကျပျက်စီးနေတဲ့ နွေဟောင်းစေတီကြီးကိုလည်း ပြန်လည်ပြုပြင်တော့မှာပါ"

ဤတွင် ဒေါ်ညွှန့်ကဝင်၍လျှောက်ထားလေသည်။

"ဆရာတော်ဘုရား၊ သိုက်ကပေးလိုက်တဲ့ရွှေဒင်္ဂါးတွေကို တပည့်တော်တို့ဘုရားပြုပြင်ရာမှာ ထည့်သွင်းလှူဒါန်းလိုက်ပါမယ်ဘုရား။ သိုက်ချုပ်ကြိုးရောက်နေတုန်း သိအောင်ပြောပြပေးပါဘုရား"

"ကဲ - သိုက်ချုပ်ကြိုးရေ ကြားတဲ့အတိုင်းပဲ။ မောင်ဒီပ တစ်ဖြစ်လဲ ကျော်သီဟရဲ့အမေခေါ်ညွှန့်က သူသားရထားတဲ့ရွှေဒင်္ဂါးတွေအားလုံးကို ဘုရားမှာလှူပါမယ်တဲ့။ သိုက်ချုပ်ကြိုး သာခုခေါ်ပါဗျာ။ ပြီးတော့ ဒီကုသိုလ်ကိုလည်း သိုက်နန်းကပုပ္ပါလ်တွေသိအောင် အမျှပေးဝေလိုက်ပါဦး"

"မှန်ပါ၊ သာခုခေါ်ပါတယ်ဘုရား။ တပည့်တော်ကိုပြန်ခွင့်ပြုပါဦးဘုရား"

"အေးအေး - ကောင်းပြီ ပြန်ပေတော့။ အားလုံး ကျန်းမာချမ်းသာကြပါစေကွယ်"

သိုက်ချုပ်ကြိုးထွက်သွားသောအခါ ဝင်ပူးနေသောရွာသားသည် တုန်တုန်ယင်ယင်ဖြင့် ဆရာတော်အား ဦးသုံးကြိမ်ချပြီး နောက်သို့ပက်ခနဲလန်သွားလေသည်။

ဘေးမှရွာသားများက ထိုသူကို ယပ်ခပ်ပေးခြင်း၊ ရေတိုက်ခြင်းများ ပြုလုပ်ပေးကြလေသည်။ ထိုရွာသားအား ဆရာတော်က ရေမန်းများဖြင့် ပက်ဖျန်းပေးလေသည်။

ဆရာတော်က -

"ဒကာလေးကိုလည်း ကျေးဇူးတင်ပါတယ်။ ခုနတုန်းက ဒကာလေးကို သိုက်ချုပ်ကြိုးဝင်ပူးတာပဲ"

ရွာသားသည် ကြောင်စေးစေးဖြင့် ပတ်ဝန်းကျင်မှလူများကို ကြည့်နေလေသည်။

ဆရာတော်က -

"ကဲ - ကျော်သီဟ၊ ကိစ္စတော့ပြီးသွားပြီ။ သိုက်ကလာချင်တဲ့လူလည်း လာလို့ရပြီပေါ့။ သိုက်ချုပ်ကြိုးကိုစိတ်ချပါ။ သူက ကတိတည်ပါတယ်။ ဘုန်းကြီးနဲ့ အကြိမ်ကြိမ်ဆက်ဆံဖူးပါတယ်။ ဒကာလေး လူပြည်မှာနေသရွေ့ စိတ်ထားဖြူစင်အောင်ထား၊ ကုသိုလ်ကောင်းမှုတွေများများလုပ် ကြားလား"

"မှန်လှပါ ဘုရား"

ကျော်သီဟ၏အမေသည် လက်ကိုင်ပဝါဖြင့်ထုပ်ထားသောရွှေဒင်္ဂါး (၉) ပြားကို ဆရာတော်လက်သို့ ဆက်ကပ်လှူဒါန်းလေသည်။

"အရှင်ဘုရား ပြန်လည်ပြုပြင်ကိုးကွယ်မယ့်ဘုရားအတွက် တပည့်တော်မတို့မိသားစုက လှူဒါန်းပါတယ်ဘုရား"

"အေးကွယ် သာဓု သာဓု သာဓု"

ဆရာတော်သည် သာဓုသုံးကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆို၍ ရေစက်ချတရား ခိုးမြှင့်ကာ ဒေါ်ညွန့်ကို ရေစက်ချစေလေသည်။

ရေစက်ချပြီးသည့်နောက် ဆရာတော်ဏ ရွှေဒဂီးထုပ်ကို ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌသို့ ပေးအပ်ထားလေသည်။

ဆရာတော်က ဆက်လက်အမိန့်ရှိလေသည်။

"ဟိုတစ်ခါ သိုက်ချုပ်ကြီးလာတုန်းကပြောဖူးပါတယ်။ နွေဟောင်းဘုရားကို ပြန်လည် ပြုပြင် တည်ဆောက်တဲ့အခါ သူလည်းလှူဒါန်းပါမယ်လို့ပြောတယ်။ ဒီလိုနည်းနဲ့ သူလှူဒါန်းလိုက်တာကိုး"

ကျော်သူရတို့သည် သူတို့လုပ်ငန်းတာဝန်များပြီးဆုံးပြီဖြစ်သဖြင့် ဥပတ္ထမ္ဘကအဖွဲ့ထံမှ လုပ်ခများရှင်းယူပြီး ပစ္စည်းများသိမ်းကာ ပြန်လာခဲ့ကြလေသည်။

ထိုအချိန်မှစ၍ ကျော်သီဟသည် သိုက်နှင့်ပတ်သက်သော အိပ်မက်များ မမက်တော့ချေ။

သို့ရာတွင် ကျော်သီဟစဉ်းစားနေသည်မှာ သူကတော့ သိုက်ကိုပြန်မသွားရတော့သဖြင့် ဝမ်းသာအားရရဖြစ်သော်လည်း ဘဝခြားနေသော သူညီမလေးက သိုက်ထဲတွင်ရှိနေသေးသည်။ သူသည် သူညီမလေးကိုသတိရလှပါသည်။ လူပြည်ကိုလာချင်လှသော ညီမလေးအတွက်တော့ စိတ်မကောင်းပါ။လူပြည်ကိုလွတ်တော့မည်ဟု သိုက်ချုပ်ကြီးက ပြောသွားသည်။ အနေးနှင့်အမြန်သာ လူပြည်ရောက်လာပါစေဟု ဆုတောင်းနေမိပါတော့သည်။

(၁၂)

နောက်တစ်လခန့်ကြာသောအခါ ဒေါ်ညွန့်သည် ကိုဝဏ္ဏကိုခေါ်၍ တိုင်ပင်လေသည်။

"မောင်ဝဏ္ဏ၊ အဒေါ်တစ်ခုပြောမလို့။ မင်းမိဘတွေမရှိတော့တဲ့နောက် အဒေါ်ကပဲ မောင်ဝဏ္ဏတို့မောင်နှမကို စောင့်ရှောက်ခဲ့တယ်ဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ် အဒေါ်၊ ပြောမှာသာ ပြောပါ"

"မင်းသူငယ်ချင်းကျော်သူရလည်း အရွယ်ရောက်လာပြီ။ မင်းညီမလေး မနှင်းဖွေးလည်း အရွယ်ရောက်လာပြီ။ သူတို့ချင်းလည်း ရင်းနှီးပြီးသား၊ သံယောဇဉ်ရှိပြီးသားဆိုတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသလို သူတို့နှစ်ယောက်ကို ပေးစားလိုက်ချင်တယ်။ မင်းသဘောကိုပြောပါကွယ်"

"အဒေါ် ပြောတာ မှန်ပါတယ်။ ကိုကျော်သူရလိုလူမျိုးနဲ့ဆို ကျွန်တော်က ငြင်းစရာမရှိပါဘူး။ ညီမလေးကိုမေးကြည့်ပါရစေဦး"

"မေးပါ မေးပါ။ မေးကြည့်တော့ကောင်းတာပေါ့ကွယ်"

ကိုဝဏ္ဏက ထိုအကြောင်းကို မနှင်းဖွေးအားမေးသောအခါ -

"ကိုကျော်သူရက ငယ်ငယ်ထဲက ရင်းနှီးပြီးသားပဲ အစ်ကို။ ပြီးတော့ အသောက်အစားလည်းမရှိ၊ အလောင်းအစားလည်းမရှိ နို့နို့သားသားလုပ်ကိုင်စားသောက်နေတာ ညီလေးတို့သိသားပဲ။ အစ်ကိုကျေနပ်တယ်ဆိုရင် ညီမလေး မငြင်းပါဘူး။ ကိုကျော်သူရကို ညီမလေး တွေ့ပါဦးမယ်"

နွေခင်းပိုင်း လူရှင်းချိန်တွင် ကျော်သူရနှင့် မနှင်းဖွေးသည် တွေ့ဆုံကြလေသည်။

မနှင်းဖွေးက -

"အစ်ကို၊လူကြီးချင်းတွေစီစဉ်တာကို သိတယ်မဟုတ်လား"

"သိပါတယ်ကွာ၊ အစ်ကိုလည်း ဒီကိစ္စကို ညီမလေး ဘယ်လိုသဘောထားသလဲဆိုတာမေးမလို့ပါ'

"လူကြီးချင်းသဘောတူလို့သာ လက်ထပ်လိုက်ပြီး အစ်ကိုက ညီမကို ချစ်မချစ်မမသိရဘဲနဲ့"

"ဩော် - ဒါလား၊ အစ်ကို ညီမကို ချစ်ပါတယ်ကွာ။ ငယ်ငယ်လေးကတည်းက အတူသွားအတူစားနေလာတာ သံယောဇဉ်ဖြစ်ပြီး ညီမကိုသိပ်ချစ်တာပဲ"

မနှင်းဖွေးသည် မျက်နှာကလေး ရှက်သွေးဖြန်းသွားပြီး -

"ချစ်တယ်ဆို ဘာလို့ ဟိုတုန်းက ဒီစကားကိုမပြောတာလဲ"

ကျော်သူရက မနှင်းဖွေး၏လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး -

"ဒါတော့ ကိုဝဏ္ဏကြီးကိုအားနာလို့ပါ"

မနှင်းဖွေးက သူ့လက်ကလေးများကိုရုတ်သိမ်းကာ -

"ဟွန်း သွားပါ"

ကျော်သူရနှင့် မနှင်းဖွေးသည် မင်္ဂလာပွဲကိုအကျဉ်းရုံးကာ ကျင်းပလိုက်ကြ၏။ ဘုန်းတော်ကြီးများကိုပင့်ဖိတ်၍ ဆွမ်းကျွေးကာ ဧည့်ပရိသတ်များကို မုန့်ဟင်းခါးဖြင့် ဧည့်ခံလေသည်။

ကျော်သူရသည် မနှင်းဖွေးအပေါ်တွင် ညီမလေးတစ်ယောက်လို၊ ဇနီးတစ်ယောက်လို ယုယကြင်နာစွာဖြင့် ပေါင်းသင်းလေသည်။

ကျော်သူရတို့လက်ထပ်ပြီး တစ်လခန့်အကြာတွင် မနှင်းဖွေးသည် အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် သွေးခေါင်အဝတ်အစားဖြင့် မိန်းကလေးတစ်ယောက်သည် မနှင်းဖွေးတို့အိမ်သို့ရောက်လာပြီး

"ကျွန်မ အမေတို့နဲ့လာနေပါရစေရှင်"

ဟု ပြောလေသည်။

မနှင်းဖွေးသည် မိန်းကလေးအား ကြည့်လိုက်ရာ လှပချောမောသော ရုပ်ပိုင်ဆိုင်ပြီး ဆံပင်ကလည်း ဒူးခေါက်အောင်ရှည်ကာ မျက်နှာကလေးများကောင်းနေပြီး အလွန်ချစ်ဖွယ်ကောင်းကြောင်းတွေ့ရသည်နှင့် တော်ရုံရင်ကောင်းမှာပဲဟုစဉ်းစားမိသည်။

"လာနေပါ သမီးလေးရယ် အဝမ်းသာအားရကြိုဆိုပါတယ်"

မိန်းကလေးသည် မနှင်းဖွေးကို ပြေးလာကာ ဖက်ထားလေသည်။ မနှင်းဖွေးကလည်း မိန်းကလေးအား ပြန်ဖက်ထားလိုက်လေသည်။

မနှင်းဖွေး အိပ်ရာမှနိုးလာသောအခါတွင် ကျော်သူရအား အိပ်မက်အကြောင်းပြောပြလေသည်။

"အစ်ကို အစ်ကို ထပါဦး။ ညီမအိပ်မက်မက်တယ်အစ်ကို။ အိပ်မက်ထဲမှာ လှပတဲ့မိန်းကလေးတစ်ဦးက ညီမကို တို့နဲ့လာနေချင်လို့တဲ့"

"မင်းကလာနေပါလို့ပြောလိုက်လား"

"ပြောလိုက်တာပေါ့။ ညီမကယောက်အပြန်အလှန်ဖက် တောင်ကြေးတယ်"

ကျော်သူရက ဝမ်းသာအားရ

"အဲဒါ ညီမ ကိုယ်ဝန်ရောဆိုတဲ့အဓိပ္ပာယ်ပဲ။ တို့တော့ မိသားတော့မယ်ကွ"

ဤသတင်းကို ကျော်သီဟရသောအခါတွင် သူသည် တစ်၏။ ယခု မနှင်းဖွေးရတော့မည်သည် သိုက်မှ လူပြည်သို့လာလို့ဘဝခြားနေသော သူညီမလေးနဲ့ဖြစ်ပါစေတော့ဟု ဆုတောင်းနေသည်။

သို့မှသာ မောင်နှမနှစ်ယောက်ပြန်လည်ဆုံစည်းရပေလိမ့်မည်။ တစ်ခါ ပြန်လည်ဆုံစည်းရသည့် မောင်နှမမဟုတ်တော့ဘဲ ထူးခြားဖြင့် ပြန်လည်ဆုံစည်းရတော့ပေသတည်း။

မင်းသန့်ကျော်(

www.burmeseclassic.com

www.burmeseclassic.com

မြဝင်း(ဒဿန)

ငါးမင်းသစ္စာ မိုးတွေ့ရှာ

၁။

သင်္ကြန်ရက်အတွင်းက မိတ်ဆွေ
ရောက်လာပါသည်။ ထိုမိတ်ဆွေ
ရောက်လျှင်ရောက်ချင်း ဤသို့
စပါသည်။

"ဘယ်လိုမှ မအောက်မေ့ပါနဲ့
အကူအညီတောင်းချင်လို့ လာခဲ့
"

"ဘာအကူအညီများလဲဗျာ"

ပြောပြပါမယ် ဆရာ၊ သင်္ကြန်
ရက်လောက်က ကျွန်တော့်ဆီ
ကို အညာက ကျွန်တော့်ဦးလေးတော်
တစ်ဦး ရောက်လာပါတယ်။ သူတို့ဆီမှာ
မနှစ်က မိုးဦးမိုးလယ်မကျလို့ သီးနှံ
တွေမစိုက်လိုက်ရဘူးတဲ့။ အခုနှစ်လည်း
မနှစ်ကလိုဖြစ်မှာစိုးလို့တဲ့။ ငါးရံ့မင်း
ပရိတ်ရွတ်ကြဖို့ အကြံပြုသူတွေကလည်း
အကြံပြုကြသတဲ့။ ခက်တာက ငါးရံ့မင်း
ပရိတ်စာအုပ်ကလည်း အလွယ်တကူ
ရှာမရဘူးတဲ့။ ငါးရံ့မင်းပရိတ်စာအုပ်
ကလေးစီစဉ်ပါ။ ကုန်ကျသမျှကိုလျှဒါန်း
ပါ့မယ်ဆိုတဲ့ အလှူရှင်ကလည်းပေါ်လာ
သတဲ့။ ငါးရံ့မင်းပရိတ်စာအုပ်မှာ ငါးရံ့
မင်းပရိတ်ဖြစ်ပေါ်လာပုံ၊ ငါးရံ့မင်းပရိတ်
ပါဠိတော်၊ ပါဠိတော်နိဿယ၊ မြန်မာပြန်၊
နောက်ရွတ်ဖတ်ပုံရွတ်ဖတ်နည်း အစရှိ
တွေပါတဲ့ ငါးရံ့မင်းစာအုပ်ကလေးထုတ်
ချင်လို့လာခဲ့တာတဲ့။ ကျွန်တော့်ဦးလေး
တော်က အဲဒီလိုပြောတော့ ကျွန်တော်
က ဆရာ့ကိုပြေးမြင်တယ်။ ဆရာ့ဆီမှာ
တော့ ငါးရံ့မင်းပရိတ်နဲ့ပတ်သက်တဲ့စာ
တွေစုဆောင်းပြီးရှာမှပဲလို့ တွေးမိလို့ပါ။
အဲဒါအကူအညီတောင်းချင်လို့လာခဲ့တာ
ပါ"

"သိပ်ကောင်းတဲ့ စိတ်ကူးပဲဗျာ"
ကျွန်တော်ကူညီပါ့မယ်။ ကျွန်တော့်လက်မှာ

www.burmeseclassic.com

www.burmeseclassic.com

ငါးရံမင်းပရိတ်နဲ့ သက်ဆိုင်တဲ့စာတွေ စုဆောင်းထားတာရှိပါတယ်"

"ငါးရံမင်းပရိတ်တွေက ပရိတ်ကြီး စာအုပ်တွေမှာ မပါဘူးလား ဆရာ"

"ပရိတ်ကြီးစာအုပ်တိုင်းမှာတော့ မပါဘူးဆရာ။ ပါတဲ့စာအုပ်တွေမှာတော့ ပါပါတယ်။ ကျွန်တော်ဖတ်ဖူးသလောက်တော့ ပြည်မြို့ ဇေတိကာရုံ ပါဠိတတ္တသိုလ်ကျောင်းတိုက်ကထုတ်ဝေတဲ့ 'ဇေတိကဝတ်ရွတ်စဉ်' မှာတော့ ငါးရံမင်းပရိတ်တော်နဲ့ပတ်သက်လို့ အတော်ပြည့်စုံအောင်ဖော်ပြထားတာတွေ့ရပါတယ်။ 'မင္ဂလာဇဝရိတ္တ' လို့ ပြထားပါတယ်။ မင္ဂလာတော့ ငါးပေါ့ဗျာ။ ရာဇာမင်းပေါ့ဗျာ။ မင္ဂလာဇဝရိတ္တဆိုတော့ ငါးမင်းပရိတ်ပေါ့။အဲဒီမှာလည်း မင္ဂလာဇဝရိတ္တ (သစ္စကဏ္ဏ)၊ မင္ဂလာဇဝရိတ္တ (သီလကဏ္ဏ) ဆိုပြီး ကဏ္ဍ (၂) ခုခွဲပြီး ပြထားပါတယ်။ ကျွန်တော်တို့ရွတ်ဖတ်နေတဲ့ 'ပုနာပရံ ယဒါဟောမိ၊ မင္ဂလာဇ မဟာသရေ' အစခံတဲ့ ငါးရံမင်းပရိတ်ဟာ 'သစ္စာကဏ္ဏ'မှာ ပြထားတဲ့ပရိတ်ဖြစ်ပါတယ်။ ဇေတိကဝတ်ရွတ်စဉ်မှာ ငါးရံမင်းပရိတ်ပါဠိတော်၊ ပါဠိတော်နိဿယ၊ ငါးရံမင်းပရိတ်တော်ဖြစ်ပေါ် လာပုံပစ္စပ္ပန်ဝတ္ထုနဲ့ အတိတ်ဝတ္ထုလည်း ပါတယ်။ နောက်ငါးရံမင်းပရိတ်တော်ဇကပိဒ်ရတဲ့ မော်ကွန်းလည်းပါတယ်။ အတော်စုံပါတယ်။အဲဒီအတိုင်းယူရင်လည်းရပါတယ်။ ပြောရင်းသတိရလာပြီ။ ဆရာကြီးမင်းသုဝဏ်ရေးတဲ့ (၅၅၀)ဇာတ်ပင်လယ်ပေါင်းချုပ်ထဲမှာ ငါးရံမင်းပရိတ်တော်ဝတ္ထုပါတယ်။ ဆရာကြီးမင်းသုဝဏ်က 'ငါးမင်းသစ္စာမိုးတွေရွာ'လို့ ခေါင်းစဉ်တပ်ထားတယ်။ ဆရာက ကလေးတွေဖတ်ရင် အလွယ်တကူနားလည်အောင်ရေးထားတာပါ။ ငါးရံမင်းပရိတ်တော်ဝတ္ထုနဲ့ ပတ်သက်လို့ ဆရာ့မှာအတိုင်းယူရင်လည်းရတယ်"

"ဆရာသဘောကျသလို စီစဉ်ပါ"

"နောက်သတိရလာတာရှိသေးတယ်။ လယ်တီဆရာတော်ဘုရားကြီး စီရင်တဲ့ မိုးကမ္ဘဝါစာတမ်းနှင့်ငါးရံမင်းပရိတ်ပါဠိတော်ရော နိဿယပါပါတယ်။ နိဿယက အင်မတန်ရှင်းပါတယ်။ နိဿယကို လယ်တီဆရာတော်ဘုရားကြီးရဲ့မူအတိုင်းယူလိုက်ရင် ဖတ်ရတာရှင်းလင်းလွယ်ကူလိမ့်မယ်ထင်ပါတယ်"

"ဆရာ သဘောကျသလို စီစဉ်ပါ ဆရာ"

"အဓိကကတော့ ငါးရံမင်းပရိတ်ပါဠိတော်နဲ့ နိဿယပါပဲ။ ကျွန်တော်ပြောပြခဲ့တဲ့အတိုင်း ထုတ်နုတ်စီစဉ်ပေးပါ့မယ်။ တစ်ပတ်လောက်တော့စောင့်ဗျာ။ နှစ်ဆန်း ၁ ရက်နေ့အထိ ကျွန်တော့်မှာ မအားမလပ်အောင်ဖြစ်နေတယ်"

"ရပါတယ်ဆရာ။ ဆရာကူညီတာကိုပဲ ကျေးဇူးတင်မဆုံးဖြစ်မိပါတယ်"

ထို့နောက် ထိုမိတ်ဆွေသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားပါသည်။

၂

မိတ်ဆွေ ပြန်သွားပြီးနောက် ကျွန်တော်သည် ဆိုင်ရာစာအုပ်များကို ရှာ၍ ငါးရံမင်းပရိတ်စာအုပ်ကလေးကို စီစဉ်ပါသည်။ နှေးဦးစွာ ဆရာကြီးမင်းသုဝဏ်၏ 'ငါးမင်းသစ္စာမိုးတွေရွာ' ကိုယူပါသည်။ ထို့နောက် လယ်တီဆရာတော်ဘုရားကြီး၏ မိုးကမ္ဘဝါစာတမ်းနှင့် ငါးရံမင်းပရိတ်တော်စာအုပ်ပါ ငါးရံမင်းပရိတ်ပါဠိတော်နှင့် နိဿယကိုယူပါသည်။ ထို့နောက် ဇေတိကဝတ်ရွတ်စဉ်ပါ ငါးရံမင်းပရိတ်တော်ဇကပိဒ်ရတဲ့ မော်ကွန်းကိုယူပါသည်။

❑ ငါးမင်းသစ္စာမိုးတွေရွာ

အခါတစ်ပါး၌ ကောသလတိုင်းတွင် မိုးသည်ခေါင်၏။ ကောက်ပင်တို့သည် ညှိုး၏။ ဟိုဟိုသည်သည် တွင်ရှိသော ရေအိုင်များ၊ ရေကန်များခန်း၏။ ဇေတဝန်ကျောင်းတော်တံခါးမုခ်အနီးရှိ ဇေတဝန်ရေကန်တော်တွင်လည်း ရေသည် ပြတ်၏။ ရွှံနွံတွင် တိုးဝင်ခိုအောင်နေရသော ငါးလိပ်တို့ကို ကျီးငှက်၊ စွန်ငှက်တို့သည် ခွန်ထက်သောနှုတ်သီးတို့ဖြင့် ထိုးဆိတ်သုတ်ယူကာ ရုန်းကန်တွန့်လိမ်စဉ် မျိုစားကြ၏။ ထိုအခြင်းအရာကို မြင်တော်မူသောအခါ မြတ်စွာဘုရားသည် မဟာကရုဏာသက်တော်မူ၍ မိမိ၏တန်ခိုးတော်ဖြင့် မိုးကိုရွာစေအံ့ဟု ကြံတော်မူကာ ညီတော်အာနန္ဒာကို မိန့်တော်မူ၏။

အာနန္ဒာ၊ ရေသနုပ်ကိုယူခဲ့လော့။ ဇေတဝန်ရေကန်၌ ရေချိုးအံ့။

အရှင်ဘုရား၊ ရေကန်၌ ရေပြတ်နေပါ၏။ ရွှံနွံမျှသာရှိပါသည်ဘုရား။

အာနန္ဒာ၊ ဘုရားတို့၏ စွမ်းအားမည်သည်ကားကြီးမြတ်စွာ။ ရေသနုပ်ကိုသာယူခဲ့လော့။

ထိုအခါ ညီတော်အာနန္ဒာသည် ရေသနုပ်ကိုယူ၍ ဆက်၏။

မြတ်စွာဘုရားသည် ရေသန့်စင်တစ်ဖက်အစွန်းကို ခါးမှာဝတ်ရွက်တစ်ဖက်အစွန်းကို ကိုယ်မှာပြီးလျှင် ရေသပွာယ်အံ့ဟု အာလေ့ကား၌ ရပ်တော်မူ၏။ ထို့နောက် သိကြားမင်း၏ ပဏ္ဍုကမြကျောက်ဖျာသည် ခက်မာသိမ်လာသဖြင့် လူပြည်ကိုလှမ်းပြီးလျှင် ဘုရားသည် ရေသပွာယ်သည်ကိုမြင်၍ မိုးနတ်သားတို့ကို လျက် မိန့်တော်မူ၏။

အမောင်မိုးနတ်သား၊ ဘုရားသည် ရေသပွာယ်ရောက်၌ရပ်တော်မူ၏။ သွား၍ ကောသလတစ်တိုင်း ရေရလုံလောက်အောင် မိုးကိုစေပါလော့။

ကောင်းပါပြီ - အရှင်နတ်မင်း ဤသို့ ဝန်ခံပြီးလျှင် မိုးနတ်သားသည် တိမ်ပုဆိုးတစ်ထည်ကိုလည်း တိမ်ပုဆိုးတစ်ထည်ကိုရုံပြီးလျှင် သီချင်းကိုဆိုကာ အလှေသို့ နှေးနှေးပြေးလေ၏။

တစ်ခဏချင်းတွင်းပင် အထပ်ထပ်တက်လာ၏။

လျှပ်များတဝင်းဝင်းလက်၊ မိုးများတခြိမ်းခြိမ်းလျှံ၊ ရေအိုးကိုမှောက်ချလိုက်သကဲ့သို့ မိုးကြီးအနှံ့အပြားရွာလာ၏။ ဇေတဝန်ကန်သည်လည်း ပြည့်လာ၏။

ထိုအခါ မြတ်စွာဘုရားသည် ကန်တွင်းဆင်း၍ ရေသပွာယ်ပြီးလျှင် ဂန္ဓကုဋိသို့ဝင်တော်မူ၏။ ဤသို့ ရေနေသတ္တဝါများတို့ကို မိုးကောင်းမှု ကယ်တင်တော်မူသော မြတ်စွာဘုရားသခင်၏ ကရုဏာတော်အကြောင်း တော်များ ပြောဆိုခဲ့ကြပုံ တရားသဘင်သို့ မြတ်စွာဘုရားကြွလာလျှင် တော်များက တောင်းသော နှေးကလည်း ဤသို့ ငါးများကို ရေလတ်ဘေးမှ တော်မူခဲ့ဖူးကြောင်း အကြို ကို ဆောင်ယူပြောတော်

www.burmeseclassic.com

www.burmeseclassic.com

❑ အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဤကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်တည်ရှိရာအရပ်၌ပင်လျှင် ချွန်ယပ်ဝိတ်ပေါင်းတို့ဝန်းရံနေသော ရေအိုင်တစ်အိုင်တွင် ဘုရားအလောင်းတော်သည် ငါးအပေါင်းခြံရံကာ ငါးမင်းဖြစ်လေ၏။ ထိုအခါ တစ်ခုသောနွေရာသီတွင် မိုးကြိုးစွာခေါင်၏။ ကောက်ပင်တို့ညှိုး၏။ ရေအိုင်တို့ခန်း၏။ ငါးလိပ်တို့သည် ရွံ့နုံတွင်ထိုးဝှေ့၍ခိုအောင်းကြရ၏။ ကိုးငှက်စသည်တို့သည် စုဝေးပျံလာကြကာ ရေခန်းငါးလိပ်တို့ကိုနှုတ်သီးတို့ဖြင့် ထိုးကော်ဆိတ်ဆွကာ စားမျိုကြ၏။

ထိုအခါ ဘုရားလောင်းငါးမင်းသည် ဆွေမျိုးအပေါင်း၏ဒုက္ခကိုမြင်၍ ငါမကယ်လျှင် ဤအမျိုးသားများ ပျက်စီးကြရလေတော့အံ့။

ငါသည် မှန်သောသစ္စာစကားကို ဆို၍ မိုးကိုရွာစေပြီးလျှင် ဤအမျိုးသားတို့ကို ကယ်တင်အံ့ဟုဆိုကာ ညီမည်းသော ရွံ့နုံထဲမှယက်ထွက်၍ မယ်ကယ်နှစ်ညီခွက်အဆင်းရှိသော ငါးကြီးသည် သန့်စင်သောပဉ္စင်္ဂြားနီနှင့်တူသည့်မျက်စိတို့ကိုဖွင့်၍ မိုးကို မော့ကြည့်ပြီးလျှင် မိုးနတ်သားနှင့် စကားဆို၏။

"အို - ပဇ္ဇုန်နတ်၊ ငါသည် အမျိုးသားတို့အတွက် စိတ်ဆင်းရဲ၏။ သီလရှိသော ငါစိတ်ဆင်းရဲနေရပါလျက် အသင်သည် အဘယ့်ကြောင့် မိုးကိုမရွာစေပါသလဲ။ ဇာတ်တူသားစားသောအမျိုးဥပင်ဖြစ်လင့်ကစား ဆန့်စေခန့်မျှသောငါးကိုပင် ငါသည် စားဖူးသည်ဟု မရှိပါ။

အခြားသတ္တဝါတို့ကိုလည်း သတ်ဖူးသည်မဟုတ်။ ဤမှန်သောသစ္စာစကားကြောင့် မိုးကိုရွာစေ၍ ငါ၏အမျိုးသားတို့ကို ကယ်တင်ပါတော့ဟုဆိုလျက် အစေအပါး နောက်လိုက်ငယ်သားကို ခိုင်းစေသည့်ပမာ ပဇ္ဇုန်နတ်မင်းကို ခိုင်းစေလိုရကား ဤဂါထာကိုရွတ်ဆိုလေ၏။

ဂါထာ

အဘိနတ္ထနယ ပဇ္ဇုန္န၊
နိဓိကာယဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊
မဏ္ဍေ သောကာ ပမောစယ။

မြန်မာ

မိုးနတ်ဒေဝ၊ ပဇ္ဇုန်၊
ကျိုးကျိုးကျိမ်းကျိမ်း၊ ခြိမ်းပါတော့။
ကြိုးတို့ပိုင်နက်၊ ဖျက်ပါလော့။
ကိုးစိတ်နောက်အောင်၊
နှောင့်ပါလော့။
ငါတို့ပျော်အောင်၊ ဖျော်ပါလော့။
ဤသို့ ဘုရားအလောင်းတော်သည် အစေအပါးနောက်လိုက်ငယ်သားကို ခိုင်းစေသည့်ပမာ ပဇ္ဇုန်နတ်မင်းကို ခိုင်းစေခြင်းဖြင့် ကောသလတိုင်းတစ်တိုင်းလုံး၌ မိုးကိုရွာစေပြီးလျှင် သတ္တဝါတို့၏အသက်ကို ကယ်တင်တော်မူလိုက်လေသတည်း။ ။

❑

❑ ငါးရံမင်းပရိတ်တော်ပါဠိ

၁။ ပုနာပရံ ယဒါဟောမိ၊
မဇ္ဈရာဇာ မဟာသရေ။
ဥဏ္ဏော သူရိယ သန္တာပ၊
သရေ ဥဒက ခီယထိ။
၂။ တတော ကာကာစ ဂိဒ္ဓာစ၊
ကင်္ခ ကုလလ သေနကာ။
ဘက္ခ ယန္တိ ဒိဝါရတ္တိ
မဏ္ဍေ ဥပနိသီဒိယ။
၃။ ဧဝံ စိန္တ သတံ တတ္ထ၊
သဟ ဉာတိ ဟိဝိဠိတော။
ကေနနုခေါ ဥပါယေန၊
ဉာတိဒုက္ခာ ပမောစယေ။
၄။ ဝိစိန္တယိတွာ ဇမတ္ထံ၊
သစ္စံအဒဿ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိ၊
ဉာတိန် တံ အတိက္ခယံ။
၅။ အနုဿရိတွာ သတံ ဓမ္မံ၊
ပရမတ္ထံ ဝိစိန္တယံ။
အကာသိ သစ္စ ကိရိယံ၊



ယံ လောကေ ဓုဝသဿတံ။
၆။ ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တောသ္မိ စိညတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊
ကေပါဇာမွိ ဟိသိတံ။
ဧတေန သစ္စဝဇ္ဇေန၊
ပဇ္ဇုန္နော အဘိဝဿတု။
၇။ အဘိနတ္ထယ ပဇ္ဇုန်၊
နိဝိကာယဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊
မဏ္ဍေ သောကာ ပမောစယ။
၈။ သဟကတေ သစ္စဝရေ၊
ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊
ခဏေန အဘိဝဿထ။
၉။ ဇဂ္ဂဝံ သစ္စဝရံ၊
ကတ္တာ ဝိရိယမုတ္တမံ။
ဝဿာပေသိ မဟာမေဃံ၊
သစ္စတေဇ ဗလသိတော။
သစ္စေန မေ သမောနုတ္ထိ၊
ဇသာ မေ သစ္စ ပါရမိ။
(ငါးရံမင်းပရိတ်တော်ပါဠိပြီး၏)

၁။ ပုနာပရံယဒါ - လွန်လေပြီးသောအကြင်အခါ၌၊ **မဟာသရေ** - ကောသတိုင်း သာဝတ္ထိပြည် ဇေတဝန်ရေကန်ရေအိုင်ကြီး၌၊ **အဟံ** - ငါသည်၊ **မစ္ဆရာဇာ** - ငါးတို့ကို သရဖြတ်ခိုးမြောက်တတ်သော ငါးရံမင်းသည်၊ **ဟောမိ** - ဖြစ်လေ၏။ **တဒါ**-ထိုငါးရံမင်းဖြစ်သောအခါ၌၊ **ဥဏ္ဏော** - နေပူရှိန်ပြင်းပြသောအခါ၌၊ **သရေ**- ငါးတို့နေရာရေအိုင်ကြီး၌၊ **ဥဒကံ** - ရေသည်၊ **သူရိယသန္တာပေ သူရိယသန္တာပေန** - နေပူရှိန်ပြင်းပြခြင်းကြောင့်၊ **ခီယထ-ခီယတ္ထ** - ကုန်းခန်းခြောက်သွေ့ခဲ့လေပြီ။

၂။တတော - ထိုရေကန်းခြောက်သွေ့ပြီးသည်မှ (**ဘယရာဘဂေ** - နောက်အဖို၌) **ကာကာစ** - ကျီးတို့သည်လည်းကောင်း၊ **ဂိဒ္ဓာစ** - လင်းတတို့သည်လည်းကောင်း၊ **ကင်္ကာစ**-ဥဒျိုင်းတို့သည်လည်းကောင်း၊ **ကုလလသေနကာစ** - သိမ်းစွန်တို့သည် လည်းကောင်း၊ **ဥပနိသီဒိယ** - ညွှန်ပျောင်း၌နေကုန်၍၊ **မဏ္ဍေ**- ငါးတို့ကို၊ **ဒိဝါရတ္တိ**- နေ့ည၌မပြတ် အခါခပ်သိမ်း။ **ဘက္ခယန္တိ** - နှုတ်သီးတို့ဖြင့် ထိုးဆွယူငင်ကာ စားမျိုကြကုန်၏။

၃။အဟံ-ငါသည်၊ **တတ္ထ**- ထိုအခါ ထိုရေအိုင်ကြီး၌၊ **ဉာတိဟိ**- အဆွေအမျိုးဖြစ်သောငါးအပေါင်းတို့နှင့်၊ **သဟ**-အထူး

www.burmeseclassic.com

တလ့၊ **ဝိဇ္ဇိတော** - ညှဉ်းဆဲနှိပ်စက်စားမျိုခံရသည်ဖြစ်၍၊ **တေနဥပါယေန** - အဘယ်သို့သောအကြောင်းဖြင့်၊ **ဥတိ-** ဆွေမျိုးဖြစ်သောငါးတို့ကို၊ **ခုက္ခာ-** ဆင်းရဲခြင်းဘေးမှ၊ **ပမောစယေနေဓေါ** - လွတ်မြောက်စေရပါအံ့နည်း။ **ဧဝံ** - ဤသို့၊ **စိန္တေသိ** - ကြံစည်လေပြီ။

၄။အဟံ- ငါသည်၊ **ဝိစိန္တယိတ္ထာ-** ကြံစည်ပြီး၍၊ **ဓမ္မဋ္ဌာ-**တရားသဘောနှင့်မကင်းမယွင်းကောင်းမွန်သောအကျိုးရှိသော၊ **အယဿယံ** - ငါးအပေါင်းတို့မျိုခိုအားကိုးရာဖြစ်သော၊ **သန္တံ** - သစ္စာတရားတော်ကြီးကို၊ **အန္ဒသ အန္ဒသံ** - ကောင်းစွာမြင်လေပြီ၊ **သစ္စေ** - သစ္စာတရားတော်ကြီး၌၊ **ဌတွာ** - တည်၍၊ **ဥတိန်** - ဆွေမျိုးဖြစ်သောငါးတို့၏၊ **တံ အတိက္ခယံ** - ထိုသေကျေပျက်စီးခြင်းကို၊ **ပမောစယိ** - လွတ်မြောက်စေလေပြီ။

၅။ သတံ-သူတော်ကောင်းတို့၏၊ **ဓမ္မ**-သတ္တဝါတို့အား မညှဉ်းဆဲ မနှိပ်စက်မသတ်ဖြတ်ခြင်း ဟူသော၊ **အဟိသန** - တရားတော်ကို၊ **အနုဿရိတ္ထာ-** အောက်မေ့ဆင်ခြင်၍၊ **ပရမတ္တံ** - ဖြူစင်မြင့်မြတ်မချွတ်မှန်ကန်ခြင်းသဘောရှိသောသစ္စာတရားတော်ကြီးကို၊ **ဝိစိန္တယံ-ဝိစိန္တံ ယန္တော** - ငါ၏စိတ်တွင် အထူးကြံဆင်ခြင်၍၊ **လောကေ**- လောကဌာ၌၊ **ယံ- အဟိသနဓမ္မံ** - သတ္တဝါတို့အား မညှဉ်းဆဲ မနှိပ်စက်မသတ်ဖြတ်ခြင်းတည်းဟူသော အကြင် အဟိသနတရားတော်သည်၊ **ဓုဝသဿတံ** - မချွတ်မြဲမြံစွင့်စွဲမှန်၏။ **တံ အဟိသနဓမ္မံ-**ထိုအဟိသနတရားတော်ကို၊ **ဝိစိန္တယံ-ဝိစိန္တံ ယန္တော** -ငါ၏စိတ်တွင် အထူးကြံဆင်ခြင်၍၊ **သစ္စကိရိယံ-** သစ္စာဓိဋ္ဌာန်မူခြင်းကို၊ **အကာသိ** - ပြုလေပြီ။

☐ ငါးရံ့မင်းသစ္စာပြုပုံ

၆။ ယတော- အကြင်အခါမှ၊ **ပဋ္ဌာယ** - စ၍၊ **အတ္တာနံ-** ဝိမိကိုယ်ကို၊ **အဟံ-** ငါသည်၊ **သရာပိ** - အောက်မေ့၏။ **ယတော-** အကြင်အခါမှ၊ **ပဋ္ဌာယ-** စ၍၊ **ဝိညုတံ** - သိကြားလိမ္မာသည်၏အဖြစ်သို့။ **အဟံ** - ငါသည်၊ **ပတ္တော** - ရောက်သည်။ **အသ္မိ-** ဖြစ်၏။ **သဒ္ဓိစ္စ-** သေစေလိုသော စေတနာရှိသည်ဖြစ်၍၊ **ကေပါဏမွိ** - အသက်ရှိသောသတ္တဝါတစ်ကောင်တလေမျှကိုလည်း၊ **ဟိသတိ-** ဇာတ်တူသားစားသောအမျိုးဌဖြစ်လျက် ညှဉ်းဆဲနှိပ်စက်စားမျိုဖူးသည်ကို၊ **အဟံ-** ငါသည်၊ **နာဘိဇာနာမိ-** မသိ။ **တေန သစ္စဝဇ္ဇေန-** ဤသို့အမှန် ဆိုအပ်သော သစ္စာစကားကြောင့်၊ **ပဋ္ဌန္တော-** ပဋ္ဌန်မည်ရ မိုးမေဃသည်၊ **အဘိဝဿတု-** ခဏမတြာ ထစ်ကြိုးခ၍ ရွာပါစေသတည်း။

၇။ပဋ္ဌန္တ - ပဋ္ဌန်မည်ရ မိုးမေဃ၊ **တွံ** - သင်သည်၊ **အဘိတ္ထာနယ** - ယခုမတြာ ထစ်ကြိုးခ၍ ရွာပါလော့။ **ကာကဿ** - ညှဉ်းဆဲတတ်သည့် ကိုးစသောရန်သူသတ္တဝါအပေါင်း၏၊ **နိဝိ-** စားသောက်ဖွယ်ဖြစ်သောဥစ္စာနှစ်ကို၊ **နာသယ** - မိုးရေဖုံးလွှမ်းသောအားဖြင့် ဖျက်ဆီးပါလော့။ **ကာတုံ** - ညှဉ်းဆဲတတ်သည့် ကိုးစသော ရန်သူအပေါင်းကို၊ **သောကာယ-** ငါးတို့ကို သတ်ဖြတ်ညှဉ်းဆဲခွင့်မရသဖြင့် စိုးရိမ်ခြင်းဖြစ်စိမ့်သောငှာ၊ **မစ္ဆ-** ငါ၏အဆွေအမျိုးဖြစ်သော ငါးတို့ကို၊ **သောကာ-** ငါတို့တစ်တွေသေရတော့အံ့ဟူသော စိုးရိမ်ခြင်းမှ၊ **ပမောစယ** - ယခုချက်ချင်း လွတ်ကင်းပါစေလော့။

☐ သစ္စာတန်ခိုးနှင့်ပါရမီဖြစ်ပုံ

၈။ သစ္စဝရေ - မြတ်သောသစ္စာတော်ကြီးကို၊ **သဟကတေ** - ပြုအပ်သည်နှင့်တစ်ပြိုင်နက်၊ **ပဋ္ဌန္တော** - ပဋ္ဌန်မည်ရ မိုးမေဃသည်၊ **အဘိဂဇ္ဇိယ** - ထစ်ကြိုး၍၊ **ထလဋ္ဌ** - ကြည်းကုန်းမြင့်ကို လည်းကောင်း၊ **နိန္နဋ္ဌ** - ရှိုင့်ဝှမ်းရာချိုင့်ကို လည်းကောင်း၊ **ပူရေန္တော** - ပြည့်လျှံလျက်၊ **ခဏေန**-တစ်ခဏခြင်းဖြင့်၊ **အဘိဝဿထ**- ရွာချလေပြီ။

၉။ ဥတ္တမံ- ဆွေမျိုးဖြစ်သောငါးတို့၏ သေဘေးကင်းလွတ်ရေးဖြစ်၍ မွန်မြတ်လှသော၊ **ဝိရိယ**- ပျင်းရိမနေ ဘေးလွတ်ကြောင်း ရှာဖွေကြိုးကုတ်လုံ့လစိုက်ထုတ်အပ်သော ဝိရိယကို၊ **ကတ္တာ** - ပြုပြီး၍၊ **ဇဝပ္ပံ**- သေဘေးမှကင်းလွတ်စေတတ်သဘောမြတ်ရှိသော၊ **သစ္စဝရံ** - အမှန်ဆိုအပ်သစ္စာမြတ်ကို၊ **ကတ္တာ**- ပြုပြီး၍၊ **သစ္စတေဇေဃသိတော**-သစ္စာတန်ခိုးစွမ်းကိုမှီ၍၊ **မဟာမေဃံ** - သည်းထန်သောမိုးကြီးကို၊ **အဟံ** - ငါသည်၊ **ဝဿယိသိ** - ရွာစေခဲ့ပြီ။ **မေ**- ငါ၏၊ **သစ္စေန-** သစ္စာတရားနှင့်၊ **သမော** - တူသောတရားသည်၊ **နတ္ထိ** - မရှိ၊ **မေ** - ငါ၏၊ **သောပါရမီ-** ဤပါရမီသည်၊ **သစ္စပါရမီ-** သစ္စပါရမီဖြစ်သတည်း။

☐ ငါးရံ့မင်းပရိတ်တော်ကေဝိဒ်ရတုမော်ကွန်း

သိစိမ့်နောင်လာ။ ။မော်ကွန်းသာဝိမ့်၊ မြတ်စွာဝိနော၊ တို့ဘုန်းမော်လျှင်၊ တည်တော်မူရာ၊ ထိုအခါဝယ်၊ မရွာမဖြိုး၊ ခေါင်သည့်မိုးကြောင့်၊ မျိုးမျိုးမှားစွာ၊ သတ္တဝါနှင့်၊ အစားအစာ၊ ကောက်[illegible]တို့၊ ပျက်ပြားထွေထွေ၊ ဖြစ်ခဲ့ပေ၍ [illegible] မလှဘဝ၊ သုဂတသည်၊ တုမရွှာ [illegible] ကာဖြင့်၊ ရွာလာစေအောင်၊ ကြ[illegible] ဆောင်လျက်၊ ကန်ဘောင်နိုးမှာ [illegible] ကာလျှင်၊ ချစ်စွာညီတော်၊ ကနန်[illegible] အမိန့်တော်ထုတ်၊ ရေသနုပ်ကို၊ [illegible] ဟုတ်ချင်း၊ ယူစေလျှင်းက၊ နတ်မင်း[illegible] ရာ မြက္ကောက်ဖျာလျှင်၊ တင်းမာခဲ့[illegible] ပဋ္ဌန်ခေါ်၍၊ ရှင်တော်ဘုန်းမိုး၊ ရေ[illegible] ၏၊ မိုးကို ခုခါ၊ ရွာစေပါဟု၊ အာ[illegible] ပြင်းပြ၊ အမိန့်ချကြောင့်၊ ဒေဝပုတ္တ[illegible] တိမ်ခြံလျက်၊ ကခုန်မြူးထူး၊ ရေ[illegible] သီကျူးပြေးသွား၊ ခဏအားဖြင့်၊ [illegible] တိမ်လိပ်၊ တရိပ်ရိပ်နှင့်၊ တသိပ်သိပ်[illegible] ရွာတုံနဲကြောင်း၊ အလဲ့မှန်စွာ၊ လွန်[illegible] သာသည့်၊ ပေါ်လာဝတ္တု။ အကြောင်း[illegible] ၍၊ ပေါင်းစုတစ်ခု၊ မိန်းလှစ်ပြသည့် [illegible] ရာဇာ၊ မည်သည်ဟုဖြင့်၊ ဂုဏ်ဝါ[illegible] ဤပရိတ်ကို၊ မလိပ်မလည်း၊ နှံ့[illegible] ဖြင့်၊ သိပ်သည်းကျန်၊ မချွတ်ရ[illegible] ရွတ်ကြလိုသူ၊ မှားဇိုလ်လုတို့ ဖြ[illegible] ကိုယ့်သီလတို့၊ ပထမဈာန်၊ အ[illegible] လျက် သုတ်သင်ပြီးကာ၊ စား[illegible] မပါသားငါး၊ သက်လွတ်စားလျက် [illegible] များမွေတွာ၊ ကရုဏာဖြင့်၊ အတ္တ[illegible] ပါဠိ၊ ယုတ်မလပ်အောင်၊ သပ်ရပ်[illegible] ရွတ်မှသာလျှင်၊ တေဇာတန်ခိုး [illegible] တိုး၍၊ ရွာဖြိုးလိမ့်မည်၊ မိန်းတိုင်[illegible] သည်၊ ယုံကြည်မှတ်သားရွတ်ကြ[illegible]

(၃)

ကျွန်တော်သည် အထက်၌ မင်းပရိတ်တော်'စာအုပ်၌ ဖော်ပြ[illegible] စာများကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆွေရောက်လာလျှင် မိတ်ဆွေ[illegible] စာများကိုပေး၍ ငါးရံ့မင်းပရိ[illegible] မရွတ်ဆိုမီ လုပ်ဆောင်ရမည့် အ[illegible] များကို ရှင်းပြရပါဦးမည်။ မိုးရွာ[illegible] ရွာစေရန် ငါးရံ့မင်းပရိတ်ရွတ်ဆို[illegible] သူသည် ငါးရံ့မင်းပရိတ်တော်[illegible] ရတုမော်ကွန်းတွင် လာသည့်အ[illegible] ရှေးဦးစွာ သီလဆောက်တည်[illegible] သက်သတ်လွတ်စားရမည်။ မေတ္တာ[illegible] မည်။ ထို့ပြီးနောက်မှ ငါးရံ့မင်း[illegible] တော်ကို ရွတ်ဆိုရမည်။ ထို့သို့ရွတ်[illegible] တေဇာတန်ခိုး ဝေဖြာတိုးရှ[illegible] မည်ဖြစ်ကြောင်း ရှင်းပြမည်ဖြစ်[illegible]

ငါးမင်းသစ္စာမိုးကြီးရွာရှ[illegible] အေးချမ်းပါစေသော်။

မြဝင်း([illegible]

www.burmeseclassic.com

www.burmeseclassic.com

မင်းခန့်ကိုကို (RUBY LAND)
ရောဝတီမြစ်နံဘေးက လုံခြုံရေးကင်းထောက်ခံတပ်မြို့
ယိုးဒယား
မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်း

မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်း မြေသားမြို့ရိုး

ထူးခေါ်တွေ့ရှိသည့် အုတ်ချပ်များ

လူဦးရေတိုးတက်လာမှု လူတို့၏ ဖျက်ဆီးမှု၊ သဘာဝဘေးဒဏ်များအပြင် အနာဂတ်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အစီအစဉ်များ ချမှတ်ဆောင်ရွက်ထားခြင်းမရှိသဖြင့် မြန်မာ့မြေပေါ်မှ ပျောက်ကွယ်သွားနိုင်သည့် မြို့ဟောင်းတစ်မြို့မာ မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်းတစ်မြို့ဖြစ်လေသည်။

မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်း

မိုင်းမော - ဝိန်းကျွမ်မြို့ဟောင်းသည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မိုင်းမော်မြို့နယ် စန်းကားကျေးရွာအုပ်စုတွင် တည်ရှိသည်။ မြောက်လတ္တီကျွန် (၂၄ ၁၄ ၅၁) နှင့် အရှေ့လောင်ဂျီကျွန် (၉၇ ၁၈ ၁၁) အကြား စစ်သုံးပြေပုံညွှန်းအမှတ် (၉၂ ၆ ၇) တွင် တည်ရှိသည်။ ရေလိုယာမှာ (၂၁ ဒသမ ၆၆) ဧကခန့်ရှိပြီး အရှေ့၊အနောက် အလျား (၁၃၆၉) ပေခန့်၊ တောင်၊မြောက်အနံ (၇၉၂) ပေခန့်ရှိကာ မြို့တံခါးပေါက် (၂) ပေါက်ရှိသည်။ မြို့ရိုးအပြင်ဘက်ပတ်လည်ကျွံးမြောင်းရှိသည်။

ခုံခြုံရေးကင်းထောက်ခံတပ်မြို့

ဒေသခံ တိုင်းရင်းသားတို့က တပ်ဆမ်တာမြို့ဟု ယခုတိုင် ခေါ်ဝေါ်ကြသော မိုင်းမော - ဝိန်းကျွမ်မြို့ဟောင်းကို အေဒီ ၁၄ ရာစု ခေတ်ဦးပိုင်းတွင်တည်ထောင်ခဲ့၏။ စောဝ်ဆမ်တာသည်မှာ ရွှေလီ(နမ့်မာဝ်း) မြစ်ဝှမ်းကို အခြေပြုသော ရှေးဟောင်းမောရှင်းပြည်နယ် (Mao - Kingdom) ဘုရင် ဆောခန်မဟန်ဘွား) (အေဒီ ၁၃၁၁ - ၁၃၆၄)၏ တော် ဖြစ်သည်။ ဆောခန်ဖသည် မိုင်းဒေသတွင် နန်းစိုက်စိုးစံခဲ့ပြီး ၁၃၁၄) ခုနှစ်တွင် စယ်လန့်ပြောင်းရွှေ့နန်းစိုက်ခဲ့သည်။ စောဝ်ဆမ်တာအား မိုးကောင်းအပိုင်စားစေခဲ့ပြီး (အေဒီ ၁၃၁၅) တက္ကဝတပြားစီဖြစ်နေသော ထောင်ငယ်များကို စုစည်းသိမ်းသွင်းခဲ့သည်။ အေဒီ ၁၃၁၇ ခုနှစ်တွင် တရုတ်လက်အောက်ကျရောက်နေသော နောင်ဆေးပြည် (နန်ချောင်ပြည်)ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး တရုတ်မင်းများနှင့် စစ်ပေါင်းမှု ရပ္ပနိုင်ခဲ့သည်။ ကျယ်ပြန့်သော မောလက်နက်နိုင်ငံတော်ကို ထူထောင်ရာတွင် မိုးကောင်း၊ မိုးညှင်း၊ မိုးမိတ်၊ ဘောင်သွယ်၊ ညောင်ရွှေ၊ သိန်း၊ သီပေါ်၊ မိုးပြဲ၊ မိုးနဲ့ စသော ရှမ်းစော်ဘွားမင်းပြည်ဟောင်းများသည် မောကိုးပြည်ထောင်အဖြစ် ပါဝင်ခဲ့သည်။

ဘုရင့်နောင်မင်းတရား (အေဒီ ၁၅၅၁-၁၅၈၁) လက်ထက်တွင် မောကိုးပြည်ထောင်ကို မြန်မာ့လက်နက်နိုင်ငံတော်အဖြစ် သိမ်းသွင်းခဲ့သည်။

စောဝ်ဆမ်တာသည် မိုးကောင်းမြို့ကို စော်ဘွားအဖြစ် အုပ်ချုပ်စဉ် ခမ်းတီးလုံ(ပုတာအို) ဒေသအား မြောက်ပိုင်းကုန်းမြင့်ဒေသမှ တိဗက်လူမျိုးများ ဝင်ရောက်ကျူးကျော်လွှမ်းမိုးလာသည်ကို ဒေသခံ ခမ်းတီးရှမ်းတိုင်းရင်းသားတို့ကမကျေနပ်သဖြင့် မိုးကောင်းစော်ဘွား

www.burmeseclassic.com

ဝိုင်းမော-ဝိန်းကျွန်မြို့ဟောင်းမှ ထူးခေါ်ရရှိသည့် (ဦးခေါင်းပါ) ဆင်းဆုတစ်ဆူ

ရွှေဟောင်းဓနရာတည်ရှိရာဒေသ

စောဝ်ဆမ်တာထံ အကူအညီတောင်းခံခဲ့ရာ စော်ဘွားဆမ်တာက တပ်အလုံးအရင်းဖြင့် ပူတာအိုသို့ ချီတက်ခဲ့သည်။ တိဗက်တို့က စောဝ်ဆမ်တာ၏ စွမ်းရည်ကိုသိရှိထား၍ ရင်မဆိုင်ဝံ့ဘဲ ပြန်ဆုတ်သွားကြသည်။ အေဒီ ၁၃၁၇ ခုနှစ်တွင် နန်စော(ယူနန်)နယ်ကို လည်းကောင်း၊ (အေဒီ ၁၃၂၁) ခုနှစ်တွင် ဝေသာလီနယ်ကို လည်းကောင်း စည်းရုံးစုစည်းတည်ထောင်နိုင်ခဲ့သည်။

စောဝ်ဆမ်တာသည် မောကိုးပြည်ထောင်အတွင်း စည်းရုံးသိမ်းသွင်းခဲ့သော နယ်မြေစုများကို အရှေ့ဘက်ယူနန်နယ်မှ မွန်ဂိုများ၊ မင်တရုတ်များ ကျူးကျော် တိုက်ခိုက်လာမည့်ရန်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းလမ်းကြောင်း အချက်အချာကျသောနေရာတွင် လုံခြုံရေးကင်းထောက်ခံတပ်မြို့အဖြစ် တည်ဆောက်ခဲ့သည်။

❑ မျက်လုံးသုံးလုံးသခင်

စောဝ်ဆမ်တာ (ခေါ်) စောဝ်ခွန်ဆမ်လုခူမိန်းသည် မိုးကောင်းကိုအခြေပြု၍ မောကိုးပြည်ထောင်ကို နောင်တော်ဆေခန်ဖကိုယ်စား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ယူရသောကြောင့် ကိုးမြို့ရှင်အဖြစ် လည်းကောင်း၊ မိုးကောင်းအရှင်ကြီးဟူ၍လည်းကောင်း၊ ဒေသခံရှမ်းတိုင်းရင်းသားများက ဘိုးဘွားစဉ်ဆက် မှတ်သားခေါ်တွင်ခဲ့ကြသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်နှစ်သွယ်ကြားဒေသရှိ ရှမ်းကျေးရွာများတွင် ထုံးတမ်းစဉ်လာအရ ရွာဦးထိပ်ရှိ အရှင်ကြီးနတ်စင်တွင် ပူဇော်ပသရာ၌ စောဝ်ဆမ်လုခူမိန်းဟု အမည်ထည့်သွင်းတိုင် တည်ခြင်းပြုကြဆဲ ဖြစ်သည်။

စောဝ်ဆမ်တာ ဆိုသည်မှာ မျက်လုံးသုံးလုံးသခင်ဟု အဓိပ္ပာယ်ရသည်။ မျက်လုံးနှစ်ခုအကြား နဖူးအလယ်တည့်တည့်တွင် မဲ့ရှင်တစ်လုံးရှိပြီး ရုတ်တရက်ကြည့်ပါက မျက်လုံးသုံးလုံးရှိသည်ဟု ထင်ရသဖြင့် မျက်လုံးသုံးလုံးသခင်(စောဝ်ဆမ်တာ)ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

❑ မြို့ပျက်မြို့ဟောင်း

လွန်ခဲ့သည့်နှစ်ပေါင်း (၆၈၀)နှစ်ခန့်သက်တမ်းရှိခဲ့သော မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်းသည် ၁၃ ရာစုအကုန် မိုင်းမောပြည်တွင် ဘုရင်ဆေခန်ဖ (အေဒီ ၁၃၁၁-၁၃၆၇)အုပ်ချုပ်စဉ် ညီတော်စောဝ်ဆမ်တာအား မိုးကောင်းမြို့စော်ဘွားအဖြစ် အုပ်ချုပ်စကာလတွင် မွန်ဂိုများ၊ မင်တရုတ်များ ကျူးကျော်ရန်ကို ကာကွယ်နိုင်ရန်အတွက် မိုင်းမောရွာကြီးအနီး ဝိန်းကျွမ်ကင်းထောက်ခံတပ်မြို့ကိုတည်ဆောက်ခဲ့ပြီး ၁၃၆၇ ခုနှစ် တရုတ်-မြန်မာစစ်ပွဲဖြစ်ပွားစဉ် ကောင်းတုံခံတပ်တိုက်ပွဲကြောင့် စစ်ရှုံးလာခဲ့သောတရုတ်တို့သည် မိုင်းမော၊ ခတ်ချိုလမ်တစ်လျှောက် အစာငတ်ရေငတ်ဖြင့် လုယက်စားသောက်ခြင်းကြောင့် ဒေသခံများ မခံနိုင်ထွက်ပြေးသွားကြသဖြင့် တောဖုံးသွားပြီး မြို့ပျက်အဖြစ်သို့ ရောက်ရှိသွားလေသည်။

❑ ယဉ်ကျေးမှုဇုန်

၂၀၀၉ ခုနှစ် မတ်လ ၁၆ ရက်စွဲဖြင့် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတာ... ကျောင်းတိုက်ဆရာတော်မှ မိုင်းဝိန်းကျွမ်မြို့ဟောင်းအား ... သူတေသနပြုပြီး ဇုန်နယ်မြေသတ်... ပေးရေးမေတ္တာရပ်ခံစာတင်ပြခဲ့... ကချင်ပြည်နယ်အေးချမ်းသာယာ... ဖွံ့ဖြိုးရေးကောင်စီက ကွင်းဆင်း... ညွှန်ကြားချက်အရ ကချင်ပြည်... ယဉ်ကျေးမှုပြတိုက်မှ လက်ထော... ကြားရေးမှူး ဒေါ်ကေထွဲဘူ ... ၂၀၀၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်... ပထမအကြိမ် ကွင်းဆင်း... သည်။

၂၀၀၉ ခုနှစ်၊ မေလ ၁ ... တွင် ရွှေဟောင်းသုတေသန အ... ပြတိုက်နှင့် စာကြည့်တိုက်... (မြောက်ပိုင်း)မန္တလေးမှ ဒုတိယ... ရေးမှူး ဦးမြတ်ဆွေနှင့်အဖွဲ့ ... အကြိမ် လာရောက် ကွင်းဆင်း... ပြီး ၂၀၀၉ ခုနှစ်၊ မေလ ၅ ရက်... ရွှေဟောင်းသုတေသန အ... ပြတိုက်နှင့် စာကြည့်တိုက်... (မြောက်ပိုင်း)မန္တလေးမှ ဒုတိယ... ရေးမှူးချုပ်ဦးစိန်ဝင်းနှင့်အဖွဲ့ ... အကြိမ် သုတေသနပြုကွင်းဆင်း... ကာ မြေစာရင်းဦးစီးဌာနနှင့် ... ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှ... စီစဉ်ဆောင်ရွက်ခဲ့သည်။

❑ ယဉ်ကျေးမှုအမွေအနှစ်ဒေသ

ပြည်နယ်နှင့်တိုင်းအဆင့်... မှုအမွေအနှစ်ဒေသတစ်ခု... ရွှေဟောင်း မိုင်းမော-ဝိုင်းကျွမ်... အား တူးဖော်သုတေသနပြု... ဘဲ မျက်မြင်ကွင်းဆင်းစုံ...

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမောင်မောင်သန်း
(ရုပ်ရှိခြင်းဓာတ်ခန္ဓာ)

မြို့ဟောင်းအတွင်း အလျား (၁၄) လက်မ၊ အနံ (၇) လက်မ၊ အထူ (၁၄) လက်မရှိ အုတ်ချပ်များ၊ အုတ်ကြွပ် အမိုးပြားများ၊ အုတ်ကြွပ်အမိုးအခုံး အခွက်များ အနှံ့အပြားတွေ့ရှိသဖြင့် အုတ်အဆောက်အအုံဖြစ်နိုင်သည်ဟု သိရှိရသည်။ မြို့ဟောင်းအတွင်းတည် ဆောက်ခဲ့သော လူနေအဆောက်အအုံများသည် သစ်လုံးတိုင်၊ အုတ်ချပ်၊ အုတ်အမိုးများဖြင့် အသုံးပြုခဲ့သည်ဟု ခန့်မှန်းသိရှိရသည်။ မြေတားမြို့ရိုး၊ ကျုံးမြောင်းများနှင့် ရှာဖွေတွေ့ရှိခဲ့သော မြေဆေးတံ (၄) ခု၊ ဆင်းတုတစ်ဆူ (ဦးခေါင်းတော်မပါ) တို့ကလည်း ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ သိသာထင်ရှားအရေးပါသောအချက်များဖြစ်လေသည်။

၂၀၁၀ ပြည့်နှစ်၊ ဧပြီ ၅ ရက်နေ့တွင် အမိန့်ကြော်ညာစာအမှတ် (၃/၂၀၁၀)ဖြင့် မိုင်းမော-ဝိန်းကွမ်မြို့ဟောင်းအား ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone) အဖြစ် ထုတ်ပြန်သတ်မှတ်ခဲ့သည်။

ဝိန်ခေါ်မှုကြုံတွေ့နေရ

ယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်သည့် မိုင်းမော-ဝိန်းကွမ်မြို့ဟောင်းအား နေစံတကျ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အစီအစဉ်ချမှတ်နိုင်မှုမရှိသေးခြင်း၊ မြို့ဟောင်းတည်နေရာသည် ဧရာဝတီမြစ်ကမ်းနှင့် (၂) မိုင်ခန့်ကွာဝေးပြီး မြေပြင်ညီညာ၍ နုန်းတင်မြေနှလွှာပြင်ဖြစ်သည့်အတွက် တစ်ခါတစ်ရံ မြစ်ရေလွှမ်းမိုးခံရတတ်ပါက ရေလွှမ်းမိုးပြီး သဲနုန်းမြေနှံမှုကြောင့် ပျောက်ကွယ်သွားနိုင်ခြင်း၊ တာစန်-စန်းကား-ခတ်ချို-ဝိုင်းဖော်သွားသည် မြို့ဟောင်းအနီး ဖြတ်သန်းသွားသဖြင့် ဒေသဖွံ့ဖြိုးလာပြီး လမ်းတိုးချဲ့လုပ်ပါက အနည်းနှင့်အများ မြို့ဟောင်းအား ပျက်စီးမှုရှိလာနိုင်ပြီး မြို့ဟောင်းဧရိယာအတွင်း တောင်သူများ၏ သီးနှံစိုက်ပျိုးနေထိုင်ခြင်းများကလည်း ကြွင်းကျန်ရစ်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါကြောင်း။

မင်းခန့်ကိုကို (RUBY LAND)

ကြွေးကြော်သံ -

ရှေးဟောင်းသုတေသနနှင့် အမျိုးသားယဉ်ကျေးမှုဦးစီးဌာန၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသမှတ်တမ်းပုံစံ

(၅) ကြွေမ်မြောက် -
ထီဖွင့်ပွဲကြိုးနီးလာပြန်ပါပြီ။

တနင်္္ဂနွေသားသမီးများ

ဇူလိုင်လ ၄၊ ၈၊ ၁၂၊ ၁၆၊ ၂၂၊ ၂၇ ရက်များမှာ ထီးထိုးပါ။

တစ်နေ့ရွှေးပါ။ ဘုရားငါးဆူပြည့်အောင်သွားဖူးပါ။ ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပန်းပေါင်းစုံ (၅) မျိုးနဲ့ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဩဂုတ်လမှာ ၆၊ ၄၊ ၀၊ ၇ ဂဏန်းများ ကံစမ်းနေပါသည်။

တနလာသားသမီးများ

ဇူလိုင်လ ၅၊ ၁၃၊ ၁၆၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။ ဘုရားရှင်ကို သစ်သီး (၃)မျိုးနဲ့ ဆွမ်း (၃) ပွဲကပ်လှူပြီး သရဏဂုံကို အဓိဋ္ဌာန်ပုံတိုးစိပ်ပါ။ (၃) ရက်ပြည့်အောင် ပူဇော်ပြီးမှ ထီထိုးပါ။

ဩဂုတ်လမှာ ၅၊ ၄၊ ၈၊ ၇ ဂဏန်းများ ကံစမ်းနေပါသည်။

အင်္ဂါသားသမီးများ

ဇူလိုင်လ ၆၊ ၁၄၊ ၁၆၊ ၂၀၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား စံပယ်ပန်းများနှင့် ဝေနေအောင်ပူဇော်ပါ။ နေ့တိုင်း အသစ်လဲပေးပါ။ (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။

ဩဂုတ်လ ၆၊ ၄၊ ၈၊ ၂ ၉ ဂဏန်းများ ကံစမ်းသည်။

ဗုဒ္ဓဟူးသားသမီးများ

ဇူလိုင်လ ၇၊ ၁၅၊ ၁၆၊ ၂၁၊ ၂၇ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုရွှေးပါ။ဘုရား(၆)ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ စံပယ်ပန်းတွေဝေနေအောင်ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဩဂုတ်လမှာ ၄၊ ၈၊ ၆၊ ၇ ဂဏန်းများ ကံစမ်းပါသည်။

ကြာသပတေးသားသမီးများ

ဇူလိုင်လ ၈၊ ၁၆၊ ၁၉၊ ၂၂၊ ၂၇ ရက်များမှာ ထီထိုးပါ။

သရဏဂုံ-၃၀ ကို အဓိဋ္ဌာန်အနည်းဆုံး (၇) ရက် (၉) ရက်ဝင်ပြီး ပုတီးစိပ်ပါ။ ပြည့်မှထီထိုးပါ။

ဩဂုတ်လမှာ ၆၊ ၅၊ ၄၊ ၈၊ ၂ ဂဏန်းများ ကံစမ်းပါသည်။

သောကြာသားသမီးများ

ဇူလိုင် ၉၊ ၁၀၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူကိုသွားပါ။ အနည်းဆုံး (၁) နာရီပြည့်အောင် ရင်ပြင်တော်မှာ တံမြက်စည်းလှည်းပါ။ ပြီးမှ လက်ဆေးပြီး ဘုရားဝတ်ပြုပါ။ အပြန်မှာ ထီထိုးပါ။

ဩဂုတ်လမှာ ၆၊ ၄၊ ၈၊ ၇ ဂဏန်းများ ကံစမ်းပါသည်။

စနေသားသမီးများ

ဇူလိုင်လ ၁၁၊ ၁၆၊ ၁၈၊ ၂၁၊ ၂၇ ရက်များမှာ ထီထိုးပါ။

နေ့ချင်းပြန်ခရီးဝေးသွားသူတစ်ယောက်ယောက်ကို ထီထိုးဖို့ ငွေပေးလိုက်ပြီး ထီထိုးပေးလာဖို့ အကူအညီတောင်းလိုက်ပါ။

ဩဂုတ်လမှာ ၅၊ ၄၊ ၈၊ ၂၊ ၉ ဂဏန်းများ ကံစမ်းနေပါသည်။ ၎င်း ဂဏန်းများ ပြောပြလိုက်ပါ။

ဤလတွင် -
၁၆-၇-၂၀၁၇ တနင်္္ဂနွေနေ့နှင့် ၂၇-၇-၂၀၁၇ ကြာသပတေးနေ့များမှာ (၇) ရက်သားသမီး မည်သူမဆို ထီထိုးဖြစ်အောင်ထိုးပါလေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြေသား)

www.burmeseclassic.com

www.burmeseclassic.com



တောမြို့လေးတွင် ဝန်ထမ်းငယ်ဖြင့် တာဝန်ကျစဉ် အလုပ်နားသည့်နေ့တစ်ည ညဉ့်နက်သန်းခေါင် အိမ်ရှေ့မှ အသံပြဖြင့် မိန်းမကြီးတစ်ယောက် ဆရာလေး၊ ဆရာလေးဟုအော်ခေါ်နေ၏။

ဇနီးသည်က ဦးစွာအသံကြား၍ ကျွန်တော့်အား တစ်ဆင့်နှိုးပြန်၏။ ပုတီးပြီး၍ အိပ်ရာဝင်စမျက်လုံးများက ပေစပ်စပ် စိတ်ကမကြည်လင်။ နာရီကြည့်တော့ ည (၁၂) နာရီထိုး။ ခြံပြင်မှ အော်ခေါ်သူအားထွက်တွေ့ရာ ကုန်စိမ်းရောင်းသော ဒေါ်ပုဖြစ်လေ၏။

ညကြီးမင်းကြီးမို့ ဘယ်မှမလိုက်ချင်၊ ဆင်ခြေပေးဖို့ထွက်တွေ့ရ၏။

"ဘွားတော် ဘာကိစ္စလဲ ညကြီးမိုးချုပ်ဗျာ"

ဒေါ်ပုသည် စိုးရိမ်သည့်မျက်နှာဖြင့် ပျာပျာသလဲပုံဖြစ်နေလေ၏။

"ဆရာလေး၊ အိမ်ကိုလိုက်ခဲ့ပေးပါ။ သမီးကြီးမွေးနေလို့ အနေကြီးလို့ပါ။ အခုလိုက်ခဲ့ပေးစမ်းပါ"

"ဘွားတော်ရာ မိုးချုပ်လှပြီဗျ မနက်မှလာခဲ့မယ်"

"မလုပ်ပါနဲ့ ဆရာလေးရယ် သမီးတကယ်မွေးနေတာ သတိမရဘူး။ ကယ်ပါ ဆရာလေးရယ် အခုလိုက်ခဲ့ပေးပါ"

ဒေါ်ပုပုံစံသည် တကယ်ဖြစ်မှန်းသိသာ၏။ နို့စင်းစွာအကူအညီတောင်းမှန်းသိ၏။ မလိုက်လျှင်လည်း အိမ်ရှေ့ကခွာမည်မထင်။ သို့ဖြင့် သမီး၏မွေးနေ့နှင့် အသက်မေးပြီး အိမ်ပေါ်တက်၊ ဘုရားဝတ်ပြု၍ သူတော်ကောင်းတို့ထံ အပ်နှံလိုက်၏။

ဆေးလွယ်အိတ်ကလေးယူကာ ဓာတ်မီးနှင့် နှစ်ဦးသား ဒေါ်ပုအိမ်ထွက်ခဲ့ရ၏။ လမ်းတွင် ဒေါ်ပုအား အကျိုးအကြောင်းမေးလိုက်၏။

"သမီးက အခုဘယ်လိုဖြစ်နေတာလဲ"

"မွေးနေတာဆရာလေးရဲ့။ အိမ်ကို သာရောက်ချင်လှပြီ"

ဒေါ်ပု၏ ခြေလှမ်းက မပြေးရုံတစ်မည်ဒုန်းသွားသော်လည်း မိမိက ပုံမှန်။ သူစိတ်လောနေမှန်း မိမိသိသော်လည်း ဒါမျိုးကိစ္စတွေ ရှေ့ကတစ်ပုံကြီးတွေ့ခဲ့လေတော့ မိမိက မစိုးရိမ် ပုံမှန်သာ။ အိမ်မှာလုပ်သင့်တာလုပ်ခဲ့ပြီးပြီ။ ဘယ်လိုပညာသည်ကမှ အသက်နှင့် ခန္ဓာမနုတ်ယူနိုင်။ ရတနာသုံးပါးလျှို ဝိဇ္ဇာတွေလျှို သာသနာစောင့်နတ်တွေလျှို ဆင့်ကဲဆင့်ကဲလျှိထားတဲ့ အသက်ကို ဘယ်လိုပညာသည်က နုတ်ယူနိုင်မည်နည်း။ ဒီထက်ကြီးမြတ်သောသူမရှိ။ ဒါကြောင့် ဒေါ်ပု၏သမီးအပေါ် စိတ်မပူမိပေ။

(စကားညှပ်လို့ မိမိမျက်စိရှေ့မှာ ပယောဂမှန်ရင် မိုးလောက်ကြီးပါစေသူနိုင်တဲ့ ကြွားလုံးထုတ်တဲ့ဆရာတွေတွေ့တယ်။ ကိုယ်သင်ထားတဲ့ပေါက်ဆေး အထီးအမတောင်မသိတဲ့သူတွေကြွားတာပြောပါတယ်။ လူတွေအထင်ကြီးအောင် အာသံလွှာသံဟိတ်တွေဟန်တွေသုံး တလွဲဆရာတွေ ခုအများကြီးရှိနေတယ်။ မိမိတို့ဆိုလျှင် ကြွားဖို့နေနေသာသာ အပြီးတောင်မဟရဲဘူး။ အထက်က ပုဂ္ဂိုလ်တွေအပေါ် အလွန်ကြောက်ရတယ်။ မမှားရဲဘူး။ ကိုယ်နိုင်တဲ့ဝန်ပဲထမ်း။ နေ့စဉ် စရဏရှိဖို့ပဲမှာတယ်။)

"ကဲပါဗျာ စိတ်မပူပါနဲ့။ လောလောဆယ်ဖြစ်ပုံလေးပြောဦးမှ"

"ညနေပိုင်းက သူအစ်ကိုနဲ့စကားနည်းနည်းများတယ်။ မိသားစုထမင်းဝိုင်းစားတော့လည်းအကောင်း။ တစ်နာရီလောက်ကြာတော့ ပါးစပ်ကတတွတ်တွတ်ပြောသံကြားတယ်။ မအိပ်ဘဲထိုင်ပြောနေတာ။ စောစောလေးကသူ့သွားတာ မျက်ဖြူလန်နေတာတွေ့ပြီး ကြီး အသက်မှရှင်ပါဦးမလား လို့ပြီ။ ဒါနဲ့ ဆရာလေးဆီ အပြေးရတာ"

အညိုကတော့ရှိပြီ။ အကြောင်းများ ဆက်စပ်မည်အဖြေကမပေါ်။ စကားပြောရင်း အိမ်ခြံစည်းရိုးကပ်လာ၏။ ခြံတံခါးဖြစ်သလို ခြံစည်းရိုးခြံဝတွင် ရှိ အိမ်ပတ်ဝန်းကျင် အကဲခတ်၏။

အိမ်ရှေ့တိုင်ဝင်တော့ မီးခွက်အလင်းရောင်ရေးရေး ပတ်လည် မြေစိုက်အိမ်

www.burmeseclassic.com

www.burmeseclassic.com

တစ်တောင်အမြင့်ဝါကြမ်းခင်း၊ ဘေး နှစ်ဖက်နောက်ကျောကပ်ကာ အိမ်ရှေ့ မုတ်နှာပွင့် ဟောင်းလောင်းပွင့်ဖြစ်၏။ အိမ်တောင်ဘက်အဖီချ၍ တစ်ခန်းက မီးဖိုဆောင် ကျန်တစ်ခန်းမှာ ခုတင်ကြမ်း တစ်ခုပေါ်မှ ပက်လက်ဆန့် တောင့်တောင့် တင်းတင်းသတိမေ့မြောနေသောမိစုမှာ

စိုးမင်းစု

(မြောက်စည်း-ရွာသစ်)

ခပ်ညည်းညည်းဆေးတွေဆိုး
သိုက်မြေပေါ်နေ
ဒုက္ခလှလှတွေတဲ့မိသားစု

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုလုပ်သူက မိစု ခေါင်းရင်း ထိုင်လို့ ကျွန်တော့်အား အားကိုးသည့် အကြည့်နှင့်ကြည့်နေပြန်သည်။ ညီမ အငယ်ဆုံးလေးက မိစုခြေရင်းမှာ သူ အစ်မခြေထောက်လေးကိုင်လျက်သား ငေးနေရှာ၏။

ဘွားတော်အား ရေတစ်ခွက် တောင်း၊ မေတ္တာရဖြေင့် မိစု၏နဖူးအား ထောက်၍ အမိန့်ပြန်လိုက်သည်နှင့် စတ္တန့်ပိုင်းအကြာ မိစုမှာ ကောက်ခနဲ ထထိုင်၍ -

"အမေ"

ဟု အော်လျက် သားအမိနှစ် ယောက် ဖက်၍ငိုပွဲဆင်ကြလေ၏။ မိစု သတိရပြီမို့ စိတ်ပူစရာမလိုတော့ပေ။ မနက်ဖြန်မှသာ ဆက်လုပ်ရပေမည်။

ညနက်သန်းခေါင် ဆေးမကုအပ်ပေ။ စောင့်ရှောက်သောပုဂ္ဂိုလ်တို့အား အချိန်ပေးရပါမည်။ သူတို့တွင် သိတင်းသီလ ပုတီးအလုပ်ချိန်များရှိကြောင်း မိမိသိထား၍ဖြစ်ပေ၏။ ဒေါ်ပုအား စကား အပိုမပြောချင်။ အိမ်ပတ်ပတ်လည် ဓာတ်မီးနှင့်ဝေ့ကြည့်ရာ အိမ်အနောက် တောင်ထောင့်တွင် လူ(၃)ယောက်ဖက် ခန့် မန်ကျည်းပင်ကြီးတစ်ပင်တွေ့ရ၏။ ဒေါ်ပုအား နုတ်ဆက်လိုက်ပါ၏။

"ကဲ - ဒေါ်ပု ကျွန်တော်ပြန်မယ်"

ဘွားတော် ပျာပျာသလဲတားပြန်လေ၏။

"မပြန်ပါနဲ့ဦး ဆရာလေး။ သမီး လေးအခြေအနေ ဘယ်လိုမှန်းမသိဆိုတော့..."

"ဘာမှမဖြစ်တော့ဘူး။ လုပ်စရာရှိတာ မနက်မှလုပ်ရအောင် ညနက်လှပြီ။ ကဲ - ဘွားတော် မနက်စောင်းမှာမို့လား မိစုက မနက် (၈) နာရီလောက် အိမ်လာခဲ့တော့"

မိစုခမျာ မျက်နှာငယ်လေးနှင့် ခေါင်းညိတ်ပြ၏။ သူတို့အိမ်မှအပြန် လမ်းတစ်လျှောက် စဉ်းစားမိလေ၏။ ဒေါ်ပုယောကျ်ားမတွေ့။ သူသားကြီးက လည်း ကာလသားလိုလို အလုပ်အကိုင် မရှိ အရက်လေးတမြမြ။မိစုတစ်ယောက် သာ အားကိုးရသူ။ အငယ်ဆုံးလေးက ကျောင်းသား။ ကုန်စိမ်းရောင်းအသက် မွေးသောမိသားစု။ အခု မိစုကိုဘယ်သူ တွယ်တာလဲ။ မန်ကျည်းပင်ကလူတွယ် တာလား အဖြေကမပီပြင်။ အတွေးရပ်တော့ အိမ်ရှေ့ရောက်ပြီ။

ထိုနေ့ သန်းခေါင်ယံ ဘုရားဝတ် ပြု၍ ဤဖြစ်စဉ်အား သူတော်ကောင်း တို့ထံ အကြောင်းပြု၍ အိပ်ရာဝင်ခဲ့၏။

မှေးခနဲ အိပ်ပျော်သွားလေ၏။

ဟောင်းနွမ်းနေသော နှစ်ခန်းပတ် လည်အိမ်၏ အောက်တည့်တည့် မြေ အနက် (၁၀) ပေခန့်အကွာ ပေ(၂၀)ခန့် ရှိသောမြေတိုက်ခန်းတစ်ခုတွေ့၍ အံ့သြ သွား၏။ အိမ်ပုံစံက မိစုတို့အိမ် ဟုတ် ၏။ ဒါ မိစုတို့အိမ်အောက်တည့်တည့် ကဟာပဲ။ သတိထား၍ကြည့်ရာ ထူးထူး ဆန်းဆန်း လူနှစ်ယောက်နှင့် မြွေကြီး တစ်ကောင်အားတွေ့၍ ကြက်သီးထ မိလေ၏။ သူတို့ ဘယ်သူတွေလဲ စူးစမ်း ကြည့်လေရာ -

အနက်ရောင်ရှမ်းဝတ်စုံ ခေါင်း ပေါင်းပေါင်းလျက်၊ ဓားရည်နှစ်လက် ကြက်ခြေခတ်လွယ်လျက် မိမိအား စူးစူး စိုက်စိုက်ကြည့်နေ၏။ သူတို့အနီးက မြွေကြီးက အကြီးကြီး။ သောက်ရေအိုး လောက်လုံးပတ်နှင့် ကျောက်သေတ္တာ လိုလို ပေပွနေသော သေတ္တာ (၃) လုံး အားလေးကြည့်ဆဲတွင် မြွေလိုအကောင် မှ ပါးပျဉ်းထောင်၍ သူပါးစပ်မှ မီး တောက်မီးလျှံများ မှုတ်ထုတ်လွှတ်ရာ မိမိ၏ခန္ဓာကိုယ် နွေးခနဲခံစားရအပြီး အိပ်ရာမှလန့်နိုးလေတော့၏။

မိစုနှင့်ခွိန်းထားသဖြင့် မနက်ပိုင်း သူအား အသင့်စောင့်ပေးရလေ၏။ (၈)နာရီခန့် မိစု ကျွန်တော်အိမ်ရောက်၍ ဘုရားဝတ်ပြုကာ အသင့်စောင့်နေရာ ၏။ ဘုရားခန်းရှေ့ မိစုနှင့်မျက်နှာချင်း ဆိုင် အရိပ်အကဲခတ်တော့ ထူးခြားချက် တွေ့ပြီ။ အကျီလက်တိုဝတ်ထားသော မိစု၏ လက်ဖျံ၊ လက်မောင်း၊ လက် ကောက်ဝတ်တွင် ဆေးမှင်ကြောင်အနက် ဖြင့် အင်းကွက်များ၊ စာမများအကွာရာ များတွေ့၍ မိမိအံ့သြမိလေ၏။ သူရဲ့ ဆေးမင်ကြောင်အား တွေ့သည်နှင့် (×××) ဂိုဏ်းမှဆေးများ ဖြစ်ကြောင်း မိမိသိလေ၏။

(စကားချပ် ယခု (×××) ဆေးမင် ကြောင်အမည်းဖြင့် ဆေးဆရာလုပ်နေ သူပေါင်း ခုစာရေးချိန်အထိ အမြောက် အမြားရှိလေ၏။ မိစုတို့မိသားစုနှင့် တစ်အိမ်လုံးခင်မင်သော်လည်း သူတို့ မိသားစုအကြောင်း မိမိအကုန်မသိ၍ မေးရလေ၏။

"မိစု၊ နင်တို့မိသားစု ဘယ်နှယောက်လဲ ငါကိုပြောစမ်း"

မိစုအသက် (၂၀)၊ မိမိက (၂၆) နှစ်ခန့်မို့ နင်နဲ့ငါသာသုံးရလေ၏။

"အမေရယ်၊ အစ်ကိုရယ် ရယ်၊ ညီမလေးရယ် လေးယောက်"

"နင့်အဖေလည်း မတွေ့ပါ"

"အဖေက လွန်ခဲ့တဲ့ (၅) ယောက်က ဆုံးသွားပြီ ဆရာလေး"

"အေးဟာ - စိတ်မကောင်းစရာ ဒါနဲ့ နင့်အစ်ကိုက ကာလသားကြီး ငါဖြင့် မူးကြောင်ကြောင်ပဲတွေ့နေတာ"

"အစ်ကိုက ကာလသားကြီး မဟုတ်ဘူး။ မနှစ်က မိန်းမနဲ့တွဲတာ။ မယားကိုတအားနိုင်တာ။ အရှာတယ်။ တအားရိုက်တယ်။ ယောက်မကမနေရဲတော့ သူ့ရွာပြန်ရှာတာ။ အစ်ကိုက ဆိုးလွန်းဆရာလေးရယ်"

"ဒီလိုလား သိပေါင်။ ငါတာ သားမှတ်လို့"

မိစုလက်မှ ဆေးမင်ကြောင်းကြားဖြတ်မေးလိုက်၏။

"မိစု နင့်ကိုမေးမယ် မှန်နှိုက် ဒီဆေးမင်ကြောင်တွေဘယ်သူပေးတာလဲ"

ဝင့်ကြွားသည့်အသံဖြင့် ခနဲဖြေ၏။

"အဖေထိုးပေးတာ ဆရာလေး အဖေက ဆေးဆရာကြီး၊ ပုတီးနေ့တိုင်းပုတီးစိပ်တာ။ အဖေတာအားဖြစ်ချင်တာ။ အခု အဖေတော့ ဝိဇ္ဇာဖြစ်မှာပဲ ဆရာလေး"

မိစု သူ့အဖေအကြောင်း ခန်းဖွင့်လေပြီ။ ကျွန်တော်က အစ်ရမရှိ။ သိဒ္ဓိပေါက်တဲ့ဆေးဆရာ မနေ့ညက မိစု ဘာကြောင့်မေ့ဆေးတင်ထားတဲ့မိစုဟာ ဆရာမမီစုအဖြေ တက်တက်စင်လွဲနေပြီ။

ဒီဂိုဏ်းနာမည်ကြားကတည်း ဒီပညာအကြောင်းအတွင်းကြေပြီးသား။ ဒုတိယဆရာက ဂိုဏ်းအကြောင်း၊ ဆေးတွေအကြောင်း ပြသင်ပြပေးထားပြီ ဖြစ်လေ၏။

မိစုမျက်နှာကြည့်၍ သော်လည်း ပစ်ပစ်ခါခါမပြောရက်

"ဩော် - နင့်အဖေကဆေးကြီးကိုး။ နင့်အစမကိုမှာလည်း တွေတွေ့တယ်။ အဲဒါကော နင့်ထိုးပေးတာပဲလား"

မိစု မငြင်းပေ။ ဟုတ်ကြောင်း၏။

"ဟုတ်တယ် ဆရာလေး အပါဝင် တစ်အိမ်လုံး အဖေထိုးတာ။ ရပ်ကွက်ထဲမှာ အဖေ

www.burmeseclassic.com

www.burmeseclassic.com

အများကြီးရှိသေးတယ် ဆရာလေး"

သူ့အဖေရဲ့ဂိုဏ်း မြင့်ပြီးရင်းမြင့်လေလေ ကျွန်တော်က ဖွဲ့ဆန့်ကွဲသာထင်လေလေ။ သူ့အဖေရဲ့ပညာထင်သလိုမဟုတ်ဆိုတာ မိစုကိုပြောရပေမည်။

"ဩော် - ဒီလိုလား။ ဒါဆိုတပည့်တပန်းတွေနဲ့ တကယ့်ဆရာကြီးပဲ ထားလိုက်တော့။ နင့်တို့အဖေရဲ့ပညာကို ငါသိတယ် တဲ့တိုးမပြောချင်ဘူး။ ပုတ်ခတ်သလိုထင်မှာစိုးလို့ အရိပ်အမြွက်ပြောတယ်။ နင့်ဟာနင် စဉ်းစားဆုံးဖြတ်ပေါ့ဟုတ်လား။

မနေ့ည (၁၂) နာရီက နင့်အမေငိုကိုလာခေါ်တယ်။ နင်သတိမေ့နေတယ်။ ငါရောက်တော့ နင်ချက်ချင်းသတိရတယ် ဒါခဏထား။

နင်က နင့်အဖေရဲ့ပညာကောင်းကြောင်း အမွှမ်းတင်တယ်၊ ဂုဏ်တင်တယ်။ ဒါဆို ဆေးထိုးထားတဲ့နင်လည်း ဆေးဆရာမပဲ။ အတိုက်အစွဲတစ်ခုကြောင့် ဆေးဆရာမက ဘာလို့သတိမေ့ရတာလဲ။ ဆေးကောင်းဆေးမြတ်ဆိုရင် ဘာမှမဖြစ်နိုင်ဘူး နင်စဉ်းစား။ ချက်တစ်ချက် နင်တို့အိမ်ငါရောက်တာ နင့်အစ်ကိုက သတိမေ့နေတဲ့ နင့်ခေါင်းရင်းထိုင် ပွစိပွစိရွတ်နေတာ ငါတယ်။ ငါ သူ့နားရောက်မှ ဘေးဖယ်တာ နင့်အစ်ကိုလည်း ဆေးဆရာပဲ။ သေသတိမေ့နေတော့ ဘာလို့မကုနိုင်တာလဲ။ နောက်တစ်ချက် နင့်တို့အမေလည်း ဆရာမကြီးပဲ။ နင်သတိမေ့တာ သူလည်း ဟိုဟာဒီဟာရွတ်ကုမှာ နင်သတိမရဘူး။ သူကော ဘာလို့မကုနိုင်တာလဲ ဒီမှာ အဖြေပါသွားပြီ"

မိစုခမျာ မျက်လုံးလေးကလယ်လယ် သနားစရာ အားငယ်သွားပုံရတယ်။ ထိုစဉ် မိစုခန္ဓာကိုယ်ဂနာမငြိမ်သုပ်ရွရွဖြစ်၍ ဘေးဝဲယာနောက်ကြည့်နှင့်။ ဒီနေ့ ည့ေသည်အားမရှိ မြေပဲလှော်သည်နှစ်ဦးသား။ သူများက ကျွန်တော့်မိသားစုဝင်ဆိုသို့။ မိစုထံမှအသံထွက်လာပြီ။

"အဖေ အဖေ ဟုတ်တယ် အဖေ့ဆီသွားတယ်။ ကျွန်မအနားမှာ အဖေရှိသေးတယ် ဆရာလေး။ အဖေနဲ့ကျွန်မစကားပြောတယ် ကူပါဦး ဆရာလေး"

မိစု ကယောင်ကတမ်းပြောနေ၍ ဆရာဆုံးမထားရပြန်၏။

"ဟုတ်ကဲ့လားဟာ၊ မဖြစ်နိုင်ပါ ခေါင်းတယမ်းယမ်းဖြင့် စိုးရိမ်တကြီးပြောနေရှာ၏။

"ဟုတ်တယ် ဆရာလေး။ အဖေမှ အဖေ့ကျွန်မသိတယ်။ အဖေ့ကွမ်းနဲ့ရတယ်။ သူဝတ်နေကျ အဝတ်ဖြူ ပရုတ်လုံးနဲ့ရနေတယ်။ ကျွန်မနားထဲမှာ သမီးလို့ခေါ် သံကြားတယ် ဆရာလေး။ အဖေ့ကိုကူပါဦးဆရာလေး။ ကျွန်မတောင်းပန်ပါတယ် အဖေနဲ့စကားပြောပါရစေ"

ပြောရင်း ဝမ်းနည်းနေရှာ၏။ စကားများပင်ဆိုနင့်နေ၏။ မျက်ရည်တွင်တွင်ကျ၍ အားကိုးသည့်အကြည့်မှန်း မိမိသိသည်မို့ တွေ့လည်းပေးချင်သည်။ တွေ့လည်းမပေးချင်။ တွေ့ပေးလိုက်လို့ သူတို့အဖေ ကောင်းတဲ့ဘဝရောက်လျှင် မိစုဝမ်းသာမည်၊ ဖျော်မည်။ တွေ့ပေးလိုက်လို့ သူ့အဖေဘဝဆိုးနေလျှင် ဒီကောင်မလေး ငိုမည်၊ စိတ်ဆင်းရဲရမည်။

တွေ့ပေးသင့်၊ မပေးသင့် စဉ်းစားသည့်အခါ မိစုနှင့်အပေးအယူရလျှင် တွေ့ပေးမည်။ ခိုင်းတာမရလျှင် တစ်မျိုးစီစဉ်မည်။ မိစုအား စကားခေါ် လိုက်၏။

"ငါက နင့်အဖေရဲ့တွေ့ခွင့်ပေးချင်တယ်။ နင်စိတ်မခိုင်မှာစိုးလို့။ ဒီလိုဟာ နင့်အဖေကကောင်းတဲ့ဘဝရောက်နေရင် နင့်စိတ်ချမ်းသာမှာပဲ။ အဲ့-မကောင်းတဲ့ဘဝရောက်နေရင် နင်ကအသံပြုကြိုးနဲ့ငိုရင် မမိုက်ဘူးဟာ။ ပတ်ဝန်းကျင်ရှိသေးတယ်။ ကောင်းရင်ကောင်းမယ်၊ မကောင်းရင်မကောင်းဘူး "အသံပြုနဲ့အော်မငိုဘူး ဆိုရင် တွေ့ပေးမယ် ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့-ကျွန်မစိတ်ထိန်းပါ့မယ် ဆရာလေး။ အဖေနဲ့တွေ့ခွင့်ပေးပါ"

မိစုအသံကတိမ်ဝင်နေပါသည်။ မျက်ရည်ပိုင်းလျက်ကြည့်နေရှာ၏။ မိစုထက်အရင်တစ်ခါက စင့်တုံရွာက အမျိုးသမီးတစ်ယောက် ဓာတ်ဖွင့်ဆေးကုပေးတုန်း အော်ကြီးဟစ်ကျယ် အသံပြုကြိုးနှင့်အော်ငိုပါရော။ အသံကျယ်ကြီးနှင့်အော်ငိုတော့ ဘေးအိမ်ကလူတွေရောက်လာ၏။ ဘာဖြစ်ကြတာလဲပေါ့။

ဆရာနှင့် ကျွန်တော် ဒီတုန်းက မျက်နှာပျက်ခဲ့ရဖူးသည်။ ဒီမိန်းမအော်ငိုတာက သူ့ယောကျ်ားက ကိုယ်ထင်ပြတာ။ သူတို့အိမ် အိမ်သာထောင့်မှာ သူ့ယောကျ်ားက ပြိုတ္တာဖြစ်နေတာသိလို့ အော်ငိုတာ ဖြစ်၏။ အဲဒီအမျိုးသမီးဟာ ဆေးလည်းကောင်းကောင်းကုမသွားပေ။ သူ့ယောကျ်ားနာမည်တ,ပြီး တစ်လမ်းလုံး ရွာအထိအော်ငိုသွားတာ။ တကယ့်စိတ်ပျက်စရာကြုံဖူးထားလို့ ပြောရလေခြင်း ဖြစ်၏။

မိစုကို သူ့အဖေနှင့်တွေ့ပေးလိုက်မည်။ ဓာတ်ဖွင့်တွေ့ပေးရမည်လား။ နာမ်စီးတွေ့ပေးရမည်လား စဉ်းစားသည့်အခါ ဓာတ်ဖွင့်တွေ့ပေးဖို့ ဆုံးဖြတ်လိုက်ရ၏။ မိစုတဒီတစ်အိမ်လုံးလုပ်ကျွေးနေရှာတဲ့ အမျိုးကောင်းသမီးဖြစ်လေတော့ သေချာပေါက် ဓာတ်ပွင့်မည်။ ဤနေရာ၌ ဓာတ်ဖွင့်ခြင်းဆိုသည် အမြင်ဓာတ်ဖွင့်ကုသသည့်စနစ်ဖြစ်လေ၏။

လူတိုင်းလူတိုင်း ဓာတ်မပွင့်ပေ။ အထူးသဖြင့် အမျိုးကောင်းသမီးစာရင်းဝင် (၈) ဦးသော မိန်းကလေးတို့သည် ကိုယ့်ကာမကိုယ်ပိုင်သည့်အတွက်ကြောင့် သူတော်ကောင်းတို့ စောင့်ရှောက်ရ၏။ ဘုန်းကံကြီး၏။ ထို့ကြောင့် ဓာတ်ဖွင့်ရလွယ်ကူလေ၏။ ကျန် (၁၂) ဦးသော အမျိုးသမီးတို့ကား ဓာတ်မပွင့်နိုင်ချေ။ ခက်ခဲလှချေ၏။

ဦးစွာ သူသင်ယူထားသော ပညာမှ ဆေးစောင့်များအား အရင်ဖယ်ထုတ်ပေးရမည်။

"ကဲ မိစု၊ နင့်မှာစောင့်နေတဲ့ ဆေးစောင့်တွေ ငါ့ကိုအပ်ဟာ"

လိုလိုလားလားအပ်လေ၏။

"ဟုတ်ကဲ့ - အပ်ပါတယ် ဆရာလေး"

အစောင့်များအား သီးခြားခွဲချုပ်ထားရလေ၏။

မိစု၏အသက်နှင့်ခန္ဓာအားချုပ်၍ ရတနာ (၃) ပါး၊ ဘိုးတော်၊ ဘွားတော်များ၊ သာသနာစောင့်နတ်တို့အား ဆင့်ကဲဆင့်ကဲ လျှဒါန်းထားလိုက်၏။ မိစုနှင့် အပေးအယူစကားစရလေ၏။

"မိစု၊ ငါပြောထာ သေချာလုပ်နော်"

"ဟုတ်ကဲ့ - ဆရာလေး"

"လက်အုပ်ချီ ဘုရားကိုအာရုံပြုထား။ မျက်စိမှိတ်။ ငါမဖွင့်ခိုင်းမချင်း မျက်စိပိတ်ထား။ ပြီးရင် အမြင်ဓာတ်တွေပေါ်မယ်။ ဒီအခါ ဟိုကပြောတဲ့စကားပြန်ပြော။ နင်က စိတ်ထဲကလှမ်းသာမေး။ ဘာမှမကြောက်နဲ့သေချာလုပ်နော်"

"ဟုတ်ကဲ့ - ဆရာလေး"

မိစုသည် လက်အုပ်ကလေးချီ ဘုရားအာရုံပြုနေစဉ် မိမိက -

ဥံ သဲ့သာရ စက္ကဝိဒ္ဓံသဲ့ အစဉ့်လျက် စမလေးလုံးဂါထာ၊ ကွရှဲမျက်ဂါထာဖြင့် ဓာတ်ဖွင့်လိုက်ရာ မိစုထံမှ

www.burmeseclassic.com

www.burmeseclassic.com

အသံထွက်လာ၏။

အဖြူရောင်ပိတ်ကားကြီးမြင်ရတယ် ဆရာလေး”

အိုကေ - အပြည့်မလင်းပေမယ့် တစ်ဝက်တော့လင်းသေးသည်။ မိမိကျေနပ်လိုက်၏။ စောစောက သူ့အဖေအား မိမိဖမ်းချုပ်ထားရာမှလွတ်ပေးလိုက်လေ၏။ မိစုအား သတိပေးလိုက်ရ၏။

“မိစု သေချာကြည့် ရောက်နေပြီ” ပြောလို့ဆုံးကာရှိသေး မိစုထံမှ ငိုရှိုက်သံထွက်ပေါ် လာလေ၏။

“ဟင် အဖေ. . . အဖေ အဟင့် . . . အဟင့်. . . အီး. . . ဟီး. . . ဟီး”

မိစုခမျာ အပေးအယူမှေသွားပုံရ၍ စိတ်မထိန်းနိုင်ရှာပေ။ မျက်ရည်ကျ၍ ငိုပွဲဆင်နေ၏။

“ဟေ့ - စောစောက နင့်ကိုပြောထားတယ်လေ မငိုနဲ့။ နင်ငိုရင်မောင်းထုတ်လိုက်မှာ”

ငိုရှိုက်သံသိမ်း၍ အတောသတ်ရှာလေ၏။ သနားစရာ မိစု။ သူ့အဖေ ဘဝကူးမကောင်းမှန်းသိ၍ ငိုခြင်းသာဖြစ်လေ၏။

“ဟုတ်ကဲ့ မငိုတော့ပါဘူး။ ရှေ့မှာ အဖေရောက်နေပါပြီ”

“ဘယ်လိုပုံစံလဲ သေချာကြည့်ပြော”

“အဝတ်ဖြူဟောင်းဟောင်းနွမ်းနွမ်းနဲ့ မျက်ကွင်းညိုညို အားအင်ချိနဲ့နေတဲ့ပုံပါ”

“သူ့ကိုစိတ်ထဲကမေးလိုက်။ အဖေ အခုဘယ်ဘဝရောက်နေတာလဲလို့မေး။ ပြောလိမ့်မယ်”

မိစုသည် စိတ်ထဲမှ သူ့အဖေအား လှမ်းမေးအပြီးတွင် ငိုသံပါဖြင့်ပြောရာလေ၏။

“အသူရကာယ်ဘုံရောက်နေတာတဲ့ ဆရာလေး။ အဖေလေ သနားပါတယ်”

“အပိုတွေမပြောနဲ့။ ဘာပြောချင်လို့လဲ၊ ဘာတွေလုပ်ပေးရမှာလဲ စိတ်ထဲကမေးလိုက်”

မိစု နှုတ်ခမ်းမှတလှုပ်လှုပ်ဖြင့်မေးပြီးသောအခါ -

“သူပညာယူတာမှားတဲ့အကြောင်း သိစေချင်လို့ တမင်လာခဲ့တာလို့ပြောတယ် ဆရာလေး”

“အေးအေး - ကဲ မိစုတို့အဖေ ခင်ဗျားပြောချင်တာသမီးကိုအကုန်ပြောပြလိုက်ဗျာ”

ထိုအချိန် မိစုသည် မိန်းမထိုင်မှ ဆောင့်ကြောင့်ထိုင်ပုံပြောင်းကာ ဘုရားသို့ ဦးသုံးကြိမ်ချ၍ ယောကျ်ားသံဖြင့် မိမိအား ပြောလေတော့၏။ မိစုအဖေသည် အမြင်ဓာတ်ဖွင့်ပေးရာမှ အားမရသည်ထင်၏။ သူကိုယ်တိုင် သူသမီးအား ဝင်စီး၍ပြောတော့၏။

“ဆရာပြောတာတွေ၊ ဆရာထင်တာတွေအကုန်ဟုတ်ပါတယ်။ ကျွန်တော့် နာမည်မောင်စိန်ပါ။ အခု အသုရကာယ်ဘုံမှာဒဏ်အခတ်ခံနေရပါပြီ။ ကျွန်တော့် ပညာကို အထင်ကြီးခဲ့ပါတယ်၊ လေးစားခဲ့တယ်၊ တပည့်တွေများခဲ့တယ်၊ ဝိဇ္ဇာဖြစ်ချင်စိတ်နဲ့ ကျွန်တော့်ကြီးစားခဲ့တယ်။ ပုတီးလည်းကြိုးစားခဲ့ပါတယ်။ ကျွန်တော် အဖြစ်ချင်ဆုံးက ဝိဇ္ဇာပါ။

ဒီပညာဟာ ဝိဇ္ဇာဖြစ်တဲ့ပညာမဟုတ်မှန်း သေမှသိရပါတယ်။

ကျွန်တော့် တစ်မိသားစုလုံး ပညာပေးထားမိပါတယ်။ ကျွန်တော့်လို မခံစားစေလိုတာကြောင့် ဆရာ့ကို အကူအညီလာတောင်းတာပါ။ မနေ့ညက သမီး မိစုသတိမေ့အောင် ကျွန်တော် ကိုယ်တိုင် အစားဝင်လိုက်တာပါ။ ဒီလိုမှ မလုပ်ရင် သူတို့မိသားစု ဆရာနဲ့တွေ့မှာ မဟုတ်တော့ပါဘူး။ ဆရာနဲ့တွေ့မှ သူတို့ပညာတွေပျက်လို့ရမှာပါ။ ညက ကျွန်တော့်ရဲ့အပြုအမူအတွက် ခွင့်လွှတ်ပါ ဆရာ။

ပြီးတော့ ကျွန်တော့်အိမ်ထဲမှာ အတိုက်တွေရှိသေးတယ်။ ကျွန်တော် အသက်ရှိစဉ်ကတည်းက ဒီအတိုက်တွေရှိနေပြီးသားပါ။ ကျွန်တော့်ပညာနဲ့မရှင်းနိုင်ပါဘူး။ ဆရာကရှင်းပေးပါ ခင်ဗျား”

သူပြောသောစကားများသည် ကျွန်တော်သိနေသောအကြောင်းများဖြစ်၍ စိတ်မကောင်းမိပေ။

“ဟုတ်ကဲ့ - အခုလို သတိလာပေး

တာကောင်းပါတယ်။ အခုခင်ဗျား ကျွန်တော် ဘာအကူအညီပေးရမယ် ဆိုလိုတာက ခင်ဗျားကျွတ်တာ အောင်ပေါ့။ ခင်ဗျားမိသားစုကိုပေးမယ်”

ဒီတော့ သူက ခေါင်းတယမ်းယမ်း နှင့် တရှုပ်ရှုပ်ငိုလေတော့၏။

“ကျွန်တော်ဒဏ်အခတ်ခံနေပြီ။ နေခံညစ်ဘုံမှာ နေ့စဉ်ကျောက်ရင်တစ်ရာ ကြိမ်ဒဏ်သင့်နေရပြီ။ ညာဉီးဆိုတဲ့အော်သံနဲ့ ကြိမ်တန်းချင်းအရိုက်ခံနေရပါတယ်။ ဘာမှလုပ်လို့မရပါဘူး။ နှစ်ပေါင်းလောက်ဒဏ်ပေးမယ်ဆိုတာလည်းဘူး။ ကျွန်တော့်လို မိသားစုဒဏ်ခံရမှာစိုးလို့ တမင်လာခဲ့ရတာပါ။

အထက်က ခွင့်ပြုလို့ ဝင်ပြန်းလာခဲ့ရပါတယ်။ ဆရာ့ကိုပါတယ်။ မိသားစုကိုစောင့်ရှောက်ဆရာရဲ့ မေတ္တာရေ တစ်ခွက်လိုကျွန်တော်ပြန်ရတော့မယ်”

မေတ္တာရေအား မောင်စိန်သို့တိုက်လိုက်ရာ မိစု ဟာဟာသဲသဲပြန်၏။

“အဖေ အဖေ အဖေလာပြီ အဖေ ဘာပြောသွားသေးလဲ လေး အဖေ့ကိုကယ်ပါဦး။ အဖေ ရောက်နေတာ ကျွန်မသိတယ်”

မိစုလည်း ဟာဟာသဲသဲလည်း သူမျက်နှာမှာ လန်းဆန်းသူ့အဖေအကြောင်း အရိပ်အမြွက်ရာ မျက်ရည်ဝဲနေ၏။

“နင့်အဖေပညာမှားတဲ့အကြောင်းပြောတယ်။ နင့်တို့တစ်အိမ်လုံး ပေါက်ထားတာ ငါကဖျက်ပေးဖို့ အညီတောင်းတယ်။ အဲဒါ နင့်တို့ပင်ဦး နေမြင့်နေပြီ။ ဒီအသိမ်းရော့မယ်။ စွေးထဲသွားတူမနက်ဖြန် နင့်အမေနဲ့ပြန်လာလား”

ခေါင်းညိတ်ပြန်သွားအား၍ သနားနေမိ၏။ ဘက်သွားပေမယ့် အကျပ်ရိုက်မိမိဖြစ်လေ၏။ ဆေးတွေပျက်သူ့အမေ လက်ခံပါ့မလား။ လည်း ပြဿနာမကြီးပေ၊ ကသူတို့အိမ်အောက်က ဘယ်လိုလုပ်ရမည်နည်း။ ရှင်းဖို့ခက်နှင့် စိတ်ရှုပ်ရလေ။

ဉာဏ်မီသမျှတွေးသော်ကဒီနေရာ စေတီပျက်လျှ

www.burmeseclassic.com

www.burmeseclassic.com

ထောင့်က မန်ကျည်းပင်က သက်တမ်း
ရာချီနေပြီ။ ဖြစ်နိုင်ခြေဘုရားပျက်ဟုသာ
ဉာဏ်မီလေ၏။ သိုက်စောင့်များက
မသေးပေ။ ရှမ်းစောင့်နှစ်ယောက်ထက်
နတ်နဂါးက ပို၍ကြောက်စရာကောင်း
လေ၏။ နဂါးပေါ် ရက်ရှိလေရာ လဆန်း၊
လဆုတ် တစ်လနှစ်ကြိမ်အနည်းဆုံးပေါ်
လေ၏။ နဂါးတို့သည် သိုက်မှာ အသက်
ရှူ လှုပ်ပြည်မှာအင်္ဂေ့ထုတ်လေတော့
ဒီအိမ်ထဲကမိသားစု နဂါးငွေ့မသင့်ဘဲ
နေ။

ဒီအိမ်ဝင်းထဲ သူတို့မိသားစု နှစ်
ပေါင်းမည်မျှနေပြီးသည်မသိ။ လက်ရှိ
မျက်မြင်အရ ဘာစီးပွားမှမရှိ။ တစ်နေ့
လုပ်တစ်နေ့စား။ နေအိမ်က ထန်းလက်
မိုး ထန်းသားတိုင် ထရံ (၃) ဖက်ကာရှေ့
ကြည့်ဟောင်းလောင်း။ တစ်တောင်
အမြင့် ဝါးကြမ်းခင်း။ သေတ္တာအဟောင်း
(၃) လုံးမှလွဲ၍ ဘာပစ္စည်းမှမရှိပေ။

မိစု အစ်ကိုလင်မယား ကွဲခြင်း
သည် သိုက်စက်မလွတ်နိုင် ဒီအိမ်မှာ
သင်မယားအတူမအိပ်နိုင်။ အောက်က
သိုက် တိုက်ရိုက်ဒုက္ခပေးမည်သာ။
ကားက သူတို့တစ်မိသားစုလုံး သိုက်
ဆက်တစ်ယောက်မှမတွေ့ခြင်းဖြစ်လေ
မီ တစ်ဖန် စုန်းပယောဂ၊ နတ်ပယောဂ
ကြည်းကင်းနေပြန်၏။

အဆိုးဆုံးက သင်ထားသော
သောကြောင့် လမိုင်းမိ၍ ပိတ်မိနေခြင်း
ဖြစ်၏။ ဆိုလိုသည်မှာ စောင့်ရှောက်
သောအစောင့်များသည် ခပ်ညံ့ညံ့။
ညံ့တည့်ပြောရလျှင် အထက်ပိုင်း
စောင့်အရှောက် တစ်ဦးမျှမပါပေ။

ဒီပညာကြောင့် သာမန်လူတို့
ကို ဘုန်းပိုနိမ့်၏။ မထင်ပေါ်မကျော်
ကြားအောင်မြင်။ မိမိတွေ့ဖူးသလောက်
ကြီးတလေမျှ ကြီးကျယ်သူမရှိလေ။
တစ်ဖန် အထက်သာသနာစောင့်
မစောင့်ရှောက်ကုန်။ သိဒ္ဓိရှင်များ
လေ၏။ ခုနစ်ရက်သားသမီးတို့
ခင်မနှစ်သက် ဝိယစန်းသုဉ်းလေ
သီလတွေစောင့်၊ ပုတီးတွေစိပ်။
ဆန်တွေဝင် သတ်သတ်လွတ်တွေ
ကြွင်း ပြင်းပြင်းထန်ထန်ကျင့်သောသူ
တလေ တွေ့ဖူး၏။ ဗေဒင်လေး
စားနိုင်ရုံသာ ဆေးကုမစွမ်းပေ။
သည်လွန်းသောကြောင့် ဘဝ
ကောက်လုံးအပြင် သံသရာဆက်
ရပေမည်။

ယခုလည်း မိစုအဖေဟာ အငယ်
(သ) နှစ်သမီးလေးကို (၅) နှစ်သမီး
အရွယ် အနည်းဆုံး ဆေးတစ်ပြောက်
တင်ခဲ့ပေလိမ့်မည်။ အဖေ၊ အစ်ကို၊ မိစု
ညီမလေး သူတို့ခမျာ တစ်ဘဝလုံးကံစန်း
ပိတ်မိနေမည်သာ။

အိမ်အောက်က သိုက်ကနဂါးငွေ့
သင့်၊ အစောင့်တွေက ကလိ၊ ဆေး
စောင့်တွေက ခပ်ညံ့ညံ့ အရင်တလည်း
ဒုက္ခပေးမယ်၊ အခုလည်း ဒုက္ခပေးမယ်၊
နောင်လည်း ဒုက္ခပေးမယ်။ ဒီမိသားစု
ဒီအိမ်မှာ ဆက်နေသရွေ့ စီးပွားမဖြစ်
နိုင်။ လူတွေလည်း ဒုက္ခရောက်မယ်။
ဒီသားအမိတွေလာရင် မိမိဘယ်လိုပြော
ရပါ့ အကြံအိုက်လှပေ၏။

ထို့နေ့ည နေပိုင်း မိစုတို့သားအမိ
အိမ်ပေါ် အသင့်ရောက်လာ၏။ မိစုက
သူ့အမေအား အရိပ်အမြွက်ပြောထား
လောက်ပေမည်။ ဒီသားအမိနှင့်အတူ
ဘုရားခန်းတွင် မျက်နှာချင်းဆိုင်လိုက်
၏။

"ကဲ ဘွားတော်၊ သမီးက ပြောပြီး
ပြီထင်ပါရဲ့။ ဘာလုပ်ပေးရမလဲ ပြော"

သမီးက မအေမျက်နှာကြည့်
အမေ့မျက်နှာက မူန်တုံတုံ အစာမကြေ
သည့်ပုံထင်၏။

"ကျွန်မက ဘာမှမဖြစ်ဘူး။ သမီး
မစုပဲဖြစ်တာ။ သူကိုသာ ဆရာလေးကု
ပေးပါ"

ထင်သည့်အတိုင်း သူပညာအား
ဖုံးကွယ်လေပြီ။ မိစုကိုသာထိုးထည့်
လိုက်၏။ ဒါမျိုးကြုံလာလျှင် ဆရာက
အလိုက်သိရမည်။ သူကမလိုလျှင်
မျက်ကွယ်ပြုရလေ၏။ ဇွတ်အတင်း
မနှိုးဆော်အပ်ပေ။ မိမိက အလိုက်သိသူ
မို့ ခပ်ပြုတ်ပြုတ်ပြောလိုက်၏။

"ကောင်းပြီ၊ မိစုတစ်ယောက်ပဲ
လက်ကျန်ရှင်းလိုက်မယ်"

ဒေါ်ပုသည် ခေါင်းညိတ်လျက်
ကောက်ကာငင်ကာ အိမ်ပြန်သွားလေ
၏။

"ကဲ မိစု၊ နင့်အမေကလစ်ပြီ။ သူ
ပညာမက်တုန်း။ နင်ကော ဒီပညာမက်
တုန်းလား။ ရှေ့က နင့်အဖေခံထားရပြီ
နော် ကြောင်မနေနဲ့"

ထိုအခါမှ မိစုခမျာ မျက်နှာငယ်
ဖြင့် အဖြေပေးလေ၏။

"ကျွန်မ မမက်တော့ဘူး ဆရာ
လေး။ အဖေက မဟုတ်ဘဲနဲ့ ဒီအထိလာ
မပြောဘူး။ အဖေ့ကိုယုံတယ်။ ဒီပညာ
ဖျက်ပေးပါ"

"အေး - နင်မလိုမှဖျက်လို့ကောင်း
တာ။ ဆေးမင်ကြောင်တော့ မပျက်ဘူး
နော်။ အစောင့်ခွာမယ်။ ဆေးအာနိသင်
ပျက်မယ်။ မိုင်းလမိုင်းတွေအအုပ်မခံရ
တော့ဘူး။ မိမွေးဖမွေးအတိုင်းဖြစ်သွား
မယ် ဟုတ်ပြီလား။

"နင့်ကို ဆေးဖျက်ပေးတယ်ဆို
တာအကြောင်းရှိတယ်။ နင်ကတစ်အိမ်
လုံးစာရှာကျွေးနေတာငါသိတယ်။အမေ
မောင်နှမတွေလုပ်ကျွေးနေတဲ့ အမျိုး
ကောင်းသမီးဖို့ သနားလို့ လုပ်ပေးမှာ။
ဒီကိစ္စခဏထား။

စောစောက နင့်အမေကို မပြော
လိုက်ရဘူး။ ပြောလည်း နင့်အမေကယုံ
ချင်မှယုံမှာ။ နင့်ကိုတော့ပြောပြမယ်
နားထောင်"

ငေးငေးကြောင်ကြောင်နားထောင်
နေသော မိစုအား ငေါက်၍ပြောရပြန်
၏။

"ဟဲ့ - ငါပြောတာ ကြားရဲ့လား
ဖြေဦးမှပေါ့ဟ"

"ဟုတ် - ကြားပါတယ် ပြောပါ
ဆရာလေး"

"နင့်တို့အိမ်အောက်တည့်တည့်
မှာ ဘုရားသိုက်ရှိတယ်။ ဥစ္စာစောင့်
တွေနဲ့။ ဒီအိမ်မှာ နေလို့ကတော့ နင်တို့
မိသားစု နာလန်မထူဘူး၊ ဒုက္ခမျိုးစုံတွေ့
နေမှာပဲ။ အဲဒါ နင်တို့ဘာလုပ်ကြမလဲ
ပြောစမ်း"

မိစုခမျာ မျက်လုံးပြူး၍ အံ့သြ
မှင်တက်နေ၏။ မိစုလည်း အရင်ကမသိ၊
ခုမှသိတာမို့ သူလည်း ကြောင်သွားပေ
မည် ထိတ်လန့်မှုလည်းရှိပေမည်။

"ဆရာလေး တကယ်ပြောတာ
လား"

"အေး - တကယ်၊ ဘယ်လိုလုပ်
ပေးရမလဲ ငါလည်းစဉ်းစားနေတာဟ"

"အဲဒီသိုက်ရှိတာကျွန်မမသိဘူး။
အဖေ၊ အမေကလည်း မပြောဖူးဘူး။ ခုမှ
သိတာ။ သိုက်ရှိတာဆိုရင် ကြောက်စရာ
ကြီး ဆရာလေး"

မိစုအား မိမိ၏အကြံပေးကြည့်
လိုက်လေ၏။

"အေးဟ-မနေကောင်းဘူး။ သူတို့
က ရွေးနှုတ်ပေါင်းများစွာကနေလာတာ
သူတို့အိမ်ပဲ။ သူတို့မြေ သူတို့ပိုင်တာ။
နင်တို့က နောက်မှရောက်တဲ့သူတွေ။ ဒီ
တော့ သူတို့ကဘယ်ကြည်ဖြူပါ့မလဲ
မနေနိုင်အောင်လုပ်နေမှာပဲဟ။နင်တို့
မိသားစု ဒီအိမ်မှာ မနေသင့်တော့ဘူး။
ငါ့အကြံကတော့ ရပ်ကွက်အစွန်မှာ
မြေတစ်ကွက်ဝယ် အိမ်အသစ်ဆောက်
ဒါအကောင်းဆုံးပဲ။ စေးချိချိမြေကောစ်

www.burmeseclassic.com

ကွက်ဝယ်လိုက်ဟာ"

"ပိုက်ဆံမရှိဘူး ဆရာလေးရဲ့"

"နင်ကလည်းဟာ အခုအိမ်ဝင်းရောင်းရင်ရတာပဲ ငွေတောင်ပိုဦးမယ်။ အိမ်လည်းကောင်းကောင်းနေရမယ်။ အရင်းနှီးလည်းပိုရမှာပဲ မကောင်းဘူးလား"

မိစုငိုင်သွားပြီ။ ဒီကိစ္စက သူ တစ်ယောက်တည်းမပြီးပေ။ အမေနှင့် တိုင်ပင်ရဦးမည်။ သူက ဆင်ခြင်စပေးလေ၏။

"အမေက တစ်ယူသန်ဆရာလေးရဲ့။ သူယောကျ်ားရှိစဉ်ကနေလာတာဆိုတော့ နှာမြောရှာမှာ။ ကျွန်မမေးကြည့်မယ် ဆရာလေး"

"အေး - နင့်အမေကိုသေချာမေး။ နင့်စိတ်ထဲမှာ သံသယရှင်းအောင် တစ်ခါတည်းပြလိုက်မယ်။ လက်အုပ်ချီဘုရားအာရုံပြုထား"

မိစုအား ဓာတ်ဖွင့်လိုက်ရာ အသံထွက်လာလေ၏။

"ကျွန်မတို့အိမ် တွေ့တယ် ဆရာလေး"

"အေး - အိမ်အောက် သေချာကြည့်လိုက်"

"အဝတ်ဖြူ ခေါင်းပေါင်းနဲ့ ပုတီးကြီးဝတ်ထားတယ်။ တောင်ဝှေးနဲ့လူသူတော်ကြီးတွေ့တယ်"

"အေး - ရပြီ၊ ဝတ်ချလိုက်တော့"

မိစုဘုရားဦးသုံးကြိမ်ချ၍ ကြောင်နေရှာ၏။ စောစောက မန်ကျည်းပင်ကပုရွိုလ်မှာ သိုက်ချပ်ဘိုးဘိုးတစ်ယောက်မှန်း မိမိသိလိုက်၏။ ဒီအိမ်ရဲ့အနီးဝန်းကျင်ကအိမ်တွေမှာ တခြားသိုက်များရှိနေသေး၏။သိုက်ချပ်ဘိုးဘိုးတစ်ယောက်သည် အနီးအနားမှ သုံးလေးသိုက်အား တစ်ယောက်တည်း ဦးစီးစောင့်ရှောက်လေ့ရှိ၏။

မိစုခမျာ အသားများတုန်၍ ကြောက်နေမှန်း ပေါ်လွင်နေ၏။

"ကဲ - အခု နင်တတ်ထားတဲ့ပညာတွေဖျက်မယ်။ အစောင့်တွေအပ်ပြီးသားဆိုတော့ စမယ်"

မိမိသည် အမိန့်ပြန်၊ အင်းတိုက် ပညာစက်များဖျက်လိုက်၏။ အစောင့်များအား ဘေးကင်းရာလွှတ်အပြီး မိစုဆေးပျက်၍ အစောင့်ခွာလေ၏။ မေတ္တာရေတိုက်အပြီး မိစုအားသတိပေးလိုက်ရ၏။

"ကဲ - မိစု.နင်တို့အိမ်အကြောင်းသိပြီနော်။ ပေါ့သေးသေးမဟုတ်ဘူး။ ဘယ်သူမှလျှောက်မပြောနဲ့။ သိတာကိုယ့်စိတ်ထဲထား။ နင့်အမေပြောကြည့်လိုက် ငါ့ကိုအကြောင်းပြန်။ နင့်ရောဂါပျောက်ပြီ။ ဆေးလည်းပျက်ပြီ။ ကဲ - ပြန်တော့"

မိစုသည် မိမိအား ကန်တော့၍ အိမ်ပြန်သွား၏။ နောက်တစ်နေ့ (၁၀) နာရီမှာ ဒေါ်ပုနှင့်မိစု အိမ်ရောက်လာတယ်။ မိမိက အိမ်ထဲဝင်ကတည်းက ဒေါ်ပုအားဖြတ်မေးလိုက်၏။

"ဒေါ်ပု မိစုကအိမ်ဝင်းအကြောင်းပြောတယ်မို့လား"

"ဟုတ်တယ် ပြောတယ်။ ဒီအိမ်က ကျွန်မမခွာနိုင်ဘူး။ ဒီအိမ်က ကျွန်မယောကျ်ားရှိကတည်းက နေလာတာကြီးကြီးမားမားဘာမှမဖြစ်ခဲ့ဖူးဘူး။ မိစုပြောတာလည်း ကျွန်မမယုံနိုင်ဘူး။ ကျွန်မယောကျ်ားလည်း ဆေးဆရာ။ တစ်လုံးမှမပြောပြခဲ့ဘူး။ အဲဒါကြောင့် ကျွန်မက မစိုးရိမ်ဘူး၊ စိတ်လည်းသန့်တယ်။ ဒါကြောင့်မို့ပါ"

ဒေါ်ပုသည် တစ်ခုပြီးတစ်ခု ပညာနှင့်တစ်မျိုး၊ ယောကျ်ားနှင့်တစ်မျိုး ခံ့ပိုက်ချေပနေတာ မိမိသိပြီးသား။ ဒီဘွားတော်ဟာ သူကိုယ်သူ အခုထိ အထင်ကြီးနေတုန်းပဲ။ သို့ဖြင့် အနည်းငယ်သာ ပြောပြလိုက်ရ၏။

"အေးဗျာ၊ ဒါကခင်ဗျားအပိုင်း။ ကျွန်တော်က ကလေးတွေပါ အန္တရာယ်ကင်းစေချင်လို့ အကြံပေးတာ။ ဘာမှမဖြစ်ဘူးဆိုလည်း ပြီးတာပေါ့။ အခုဟာက အခက်တွေ့နေတာရှိတယ်ဗျ။ ဆေးကုပြီးရင် အိမ်နဲ့ခြံဝင်းကို ရှင်းပေးရသေးတယ်။ ခု အိမ်ဝင်းကသိုက်ခံနေတယ် ရှင်းလို့မရဘူးဗျ။ ဒီတိုင်းဆို ကျွန်တော် ရှင်းမပေးနိုင်ဘူး"

ဒေါ်ပု စိတ်တွင် ဇဝေဇဝါဖြစ်မှာ မှန်၏။ သူယောကျ်ားပညာနှင့်မိမိပညာ ဘယ်ဟာ သာသည်မသိ။ သူဆေး၊ မိမိဆေး ဘယ်ဟာမြတ်သည် မခွဲခြားနိုင်။ ဒါကို အပြစ်ကြီးတစ်ခုလို မိမိမမြင်ပေ။ လူအတော်များများက အစွဲအလမ်းကြီးကြသည်။ ယခု အစွဲအလမ်းက ဆေးပညာ၊ သူ့လင်ကိုယ်တိုင်သင်ပေးထားတဲ့ပညာဖို့ သူမြတ်နိုးပေမည်။အလွယ်တကူ ဖျောက်ဖျက်ဖြစ်ဖို့ ခက်ခဲလှပေမည်။

"ဆရာလေးအိမ်မရှင်းပေးလည်း ကျွန်မ ဘာမှမဖြစ်ပါဘူး။ သမီးမိစုကို သာ ကယ်ပေးပါ"

ဒေါ်ပုထံမှ ပြတ်သားသည့်အဖြေမို့ မိမိလက်လျှော့လိုက်ရ၏။

"ကဲ-ဒါဆို မိစုကိုပဲ အပြီး ပေးလိုက်တော့မယ်။ ခင်ဗျားသွားတာ သွားတော့"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါ ဆရာလေး"

နှုတ်ဆက်ထွက်သွားသော အမေ ကျောပြင်ကြည့်ရုံ၊ သတစ်ပါး ဘာမှမတတ်နိုင်တော့ပေ။

ဒေါ်ပုအား အိမ်နှင့်ခြံ တကူ ရှင်းမပေးနိုင်ခြင်းသည် နေ့၍ဖြစ်၏။ ရှေးနှစ်ပေါင်း ကြာခဲ့သည့်သိုက်မှန်း မိမိတင် သူတို့အိမ်သူတို့ယာစုရားပစ္စည် ရောက်နေသောအဖွဲ့ဒီသိုက်အား ရပ်ခံ၍ ရွှေမည်ဆိုလျှင် ရ ရွှေမည်ဟုဆိုသော်လည်း အိမ် ဘက်ကပ်လျက် အိမ်လွတ်နဲ့ သ မြောင်းလှ၏။

သူတို့အိမ်ရှေ့တည့်တည့ တောင်ဘက်ကလမ်း၊ အနော နှင့်မြောက်ဘက်က သူတို့လို အိမ်ခြံများ။ လွတ်လပ်သော နေရာပင်မရှိလေ။

ခံသာရုံအနေ အိမ် သိုက်အလွတ် မြောက်ဘက် ရပ်လျှင် အကောင်းဆုံးဖြစ် ရွှေပြီးလျှင်လည်း သိုက်မြေအ ထားဖို့မသင့်။ ဥပမာ ဒီသိုက် ညစ်ညမ်းတဲ့အမှိုက်ပုံ၊ အိမ် တန်း၊ အမှတ်မထင် အ မိလျှင်တောင် သိုက်တ မဟုတ်။ အတွယ်ခံရမှာသေ

ဒေါ်ပု၏အိမ်အား ပေ။ မိစုတို့ညီအစ်မနှစ် ကယ်ထုတ်ပေးရတော့မည်။ မကျေနပ်လျှင် ဆိုးတဲ့အကြောင် အားပြောပြဖို့ အကြိမ်ကြိမ် သည်။ သူကိုယ်ဘွဲ့ကမလိုသ ထိမ်ချန်ရခြင်း ဖြစ်၏။

"ကဲ - မိစု နင့်ကို ပေးမယ်။ နင်တစ်ယောက် ဒီအိမ် နင်မရှိရင် ထင်း အမေနဲ့ အစ်ကိုက ဟန် အငယ်ဆုံးမိန်းကလေးလည် မယ်။

ငါပြောပြီးပြီနော် နင် အစ်ကို ဘာဖြစ်ဖြစ် ငါ နင်တို့ညီမနှစ်ယောက်တည် မနက်ဖြန် အုန်းသီးတစ် သီးသုံးဖီး လှလှပပဝယ်ခဲ့ မယ်။ သူတို့နဲ့ နင်တို့ညီ

www.burmeseclassic.com

www.burmeseclassic.com

အပေးအယူလုပ်မယ်။ ဒါမှ နင်တို့ညီ အစ်မ လူတန်းစေ့နေသွားရမှာ။ ကဲ - ပြန်တော့"

မိစုသည် မိမိအား ကန်တော့၍ အိမ်မှပြန်တော့ သူကိုသနားနေမိ၏။ သူက ကျွန်တော့်အိမ် နေ့စဉ်လိုလိုအဝင် အထွက်ရှိသူ၊ သားငယ်သမီးငယ်တွေ သူ့အိမ်အလည်ခဏခဏခေါ်ထိန်းနေသူ၊ တစ်အိမ်လုံးအပေါ် အမျိုးရင်းလို့စိတ် ထားရှိသူ ဖြစ်လေ၏။ ရံဖန်ရံခါ မိမိဆေးကုတဲ့အခါ အလည်ရောက်တတ်သေး၏။ အသက်နှစ်ဆယ်ဝန်းကျင် အပျိုဖား ဖား ခန္ဓာကိုယ်က သန်သန်မာမာ ထွားထွား ဝဝတုတ်တုတ် အသားလတ်နှင့် ပါးနှစ်ဖက်က ဖောင်းဖောင်း၊ မျက်စိ ပေါက်ကျဉ်းလို့ မျက်တောင်ကပေကပ် ကပ်၊ ဆံပင်က နီကြင့်ကြင့်ကျိုးတိုးကျဲတဲ့ ထိပ်ကဆံပင်ကခေါင်းရွက်ရလွန်းတော့ ပြောင်နေသလို၊ မျက်နှာက သနပ်ခါး မပါသည့်အခါက အမြဲတမ်းလိုလိုမို့ မလှ မပမျက်နှာပိုင်ရှင်မို့ သနားရလေ၏။

ကာလသားတွေ သူ့အနားမကပ်။ သူခမျာနေ့ညနားချိန်သိပ်မရှိ၊ အမြဲတမ်း ဈေးရောင်းနေရတော့ အလုပ်နှင့်ပြတ် သည်မရှိပေ။ သူသည် မိမိအား ဆရာ တစ်ယောက်ထက် အဖေလိုသဘော ထားကြောင်း ဖွင့်ဟလေ၏။ သူ့ကို ဒီစက်ကွင်းကမရရအောင်ကယ်ထုတ်ရ ပေမည်။

နောက်တစ်နေ့မနက် တောင်း တစ်လုံးရွက်၍ မိစုအိမ်ရောက်လာ၏။ ဒုက်ပျောသုံးဖီး၊ အုံးတစ်လုံးယူ၍ ဒီနေ့ည (၉) နာရီ ညီအစ်မနှစ်ယောက်အတူ လာဖို့ မှာလိုက်ရ၏။

စကားချပ် - မိစုတို့ညီအစ်မအား ည (၉) နာရီခေါ် ရခြင်းမှာ သိုက်နှင့် အပေးအယူလုပ်ဖို့ အကောင်းဆုံးအချိန် တစ်ခုဖြစ်၍ ဓာတ်ပိုင်းဆိုင်ရာ ပိုမိုထိ ရောက်သည့်အတွက် အချိန်ရွေးရခြင်း ဖြစ်လေ၏။ ဥပမာအားဖြင့် နဂါးစာ ကွေးမည်ဆိုလျှင် ည (၉) နာရီမှအစပြု၍ ကွေးလျှင် အကျိုးကြီးလှပေ၏။

အုပ်ထိန်းသူများလည်း ပါရမည်။ ညနက်သန်းခေါင် ဆေးကုခြင်းသည် သင့်ကြောင်း စောစောမှပြောခဲ့ဖူးပြီ။ ယခု ည (၉) နာရီအချိန်သည် သူနာ အတွက် မသင့်မှန်းသိ၏။ သို့သော် ဆေးသိုက်နှင့်ဆက်စပ်နေသည့်အတွက် သီးသန့်ဖောက်ထွက်သည့်ကိစ္စသာဖြစ်၏။ သိုက်နှင့်ဆက်စပ်မှသာ သီးသန့်လုပ်ပေး သော အချက်တစ်ခုသာ ဖြစ်ပေသည်။

အခြားပယောဂကုထုံးများအတွက်မူ မနက်၊ နေ့၊ ညဦးယံထက် အချိန်မပို့သင့်ပေ။ အထူးသဖြင့် ညပိုင်း ပယောဂ လုံးဝ (လုံးဝ) မကုအပ်ပေ။

ဆက်စပ်တွေးသည့်အခါ ကူညီ စောင့်ရှောက်နေသောသိဒ္ဓိရှင်များ ပုတီး ခန်းရှိသေး၏။ ဆရာလုပ်သောသူပုတီး ခန်းရှိသေး၏။ ဆေးကုပေးရမည့်သူက အမျိုးသမီးဆိုလျှင် ပို၍ဖိအားရှိလေ၏။ သူနာအမျိုးသမီးသည် အရွယ်ရှိသူ၊ အပျို၊ တစ်ခုလပ်၊ မုဆိုးမ၊ အိမ်ထောင် သည်ဖြစ်လျှင် အုပ်ထိန်းသူပါကတစ်မျိုး၊ အုပ်ထိန်းသူမပါလျှင် သူနာနှင့်ဆရာ နှစ်ယောက်တည်း၊ ဘေးကပရိသတ်မရှိ လျှင်ပို၍ ဆိုးသေး၏။ သူနာမိန်းကလေး က ဆရာအပေါ် ယုံကြည်မှုကင်းနေလျှင် ဆေးကမစူး။ တစ်ဖန် သူနာမိန်းကလေး က ယုံကြည်တယ်ထား ဘေးအမြင် မသင့်တော်။ ဣန္ဒြေသိက္ခာထိခိုက်တတ်၍ ဖြစ်လေ၏။

မိန်းကလေးအတွက်လည်း ငဲ့ရမည်။ ဆရာအတွက်လည်း ငဲ့ရမည်။ ညပိုင်းအရေးပေါ် လုပ်ပေးလို့ရပေ၏။ သူနာသက်သာလျှင် လိုအပ်တာညွှန်၍ နောက်တစ်နေ့မှသာ ဆက်ကုသင့်၏။

ဒုတိယဆရာက မိမိအား သတိ ပေးခဲ့ဖူး၏။

"ညပိုင်းဆေးကုတာ အန္တရာယ် များတယ်ကွ။ အချိန်လွန်ရင် ကိုယ့် အတွက် ပုတီးလျော့သွားတယ်။ တစ်ခါ တလေ ည (၁၂) နာရီကျော်တော့ ဟို ဘက်နေကူးသွားတယ်။ ပုတီးက မစိပ် လိုက်ရဘူး။ ကိုယ်က စေတနာထားမိ လိုက်တာ အဲဒီစေတနာက ဝေဒနာပဲကွ။ ငါဆိုရင် အရင်ကလည်း ကြိမ်နဲ့အရိုက် ခံရတယ်။ အခုထိ အရိုက်ခံရတုန်း။ ငါ ကိုယ်က အမှတ်သည်းခြေမရှိတာ။ ပုတီး ပျက်ရင် အဲဒီညအရိုက်ခံရတာပဲ။ မင်း လည်း ငါလိုဖြစ်မှာစိုးလို့ ညပိုင်း ဆေး ကုတာမလုပ်နဲ့။ အရေးပေါ်ကလွဲရင် ဆေးကုမလိုက်နဲ့"

ညပိုင်း (၈) နာရီကျော်တော့ မိစု တို့ညီအစ်မနှစ်ယောက်ထဲ အိမ်ရောက် လာ၏။ ညီအစ်မနှစ်ယောက်အား ဘုရား၊တရား၊သံဃာလှူသိဒ္ဓိရှင်တွေထဲ လှူ။ သာသနာစောင့်နတ်တွေလှူအပြီး လက်ဝါးစာမရိုက် အမိန့်ပြန်၏။ သိုက် ချုပ်ဘိုးဘိုးထံ သိုက်ပွဲအပ်၍ ညီအစ်မ (၂) ယောက်အား စောင့်ရှောက်ခိုင်းရ လေ၏။

ညီအစ်မနှစ်ယောက်အား အိမ်မ တွင် မအိပ်ခိုင်းဘဲ မီးဖိုဆောင်အခန်းတွင် အိပ်ဖို့ မှာရ၏။ လက်ဖွဲ့မှားပေး၍ အမဲ သားမစားဖို့မှာရင်း ဆေးကုပြီးလေ၏။

မိစုတို့ညီအစ်မ ဆေးကုပြီးလို့ တစ်လခန့် သာ ကြာဦးမည်။

မိခင်ဒေါ်ပု လေဖြတ်၍ အိပ်ရာ ထက်လဲလေ၏။ သားအကြီးက လူရိုက် မှုနှင့် အချုပ်ကျလေ၏။ သူတို့သားအမိ နှစ်ယောက် တစ်ပြိုင်တည်းထိခိုက်လေ ၏။

သောကပွေ့သူက မိစုပင်။ မျက် ရည်နှင့်မျက်ခွက်မပြတ်စိတ်ဆင်းရဲနေ ရှာ၏။ မိမိထံ သူ့အမေအား ကယ်ပေးဖို့ အကြိမ်ကြိမ်တောင်းပန်ရှာ၏။ သူ့အမေ ကိစ္စ ထင်သလောက်မလွယ်။ မထိခင် မိမိအကြိမ်ကြိမ်သတိပေးခဲ့ပြီးပြီ။ ကိုယ့် ပညာ ကိုယ်အထင်ကြီး တခြားပညာ ဖွဲ့ဆန်ကွဲထင် ခုလဲပြီ ဘယ်လိုထမလဲ မိမိ ပင် ပယ်ထားပြီ။

မိစုခမျာ အမေ့တွက် ဆေးဖိုး၊ အစ်ကိုအတွက် ရုံးခွိန်း မီးလိုပူပင်လယ် ဝေနေရှာ၏။ မိမိလည်း ငွေကြေးမချမ်း သာ။ မွားမကြာ အစ်ကိုထောင်ကျသွား လေ၏။ အမေကတော့ အိပ်ရာထဲမှာ သာ။ မည်မျှပေးဆပ်ရမည်နည်း။

ဤစာစုလေးသည် စာဖတ်သူများ အတွက် အကြံပေးသက်သက်အဖြစ် ရေးသားပါသည်။ ပေါက်ဆေးပညာ သင်လျှင် အလိမ်အညာ ကင်းစေလို သည့်စေတနာ၊ ဆေးကုသည့်အခါ ဆရာ ကောင်းတို့ထံ မှီဝဲစေလိုသည့်စေတနာ ခပ်ညည်းညည်းဆေးဆရာများထံ ယခုလို သိုက်စွဲပယောဂ လုံးဝ လုံးဝ မကုနိုင် ကြောင်းသိစေလိုသည့် စေတနာမေတ္တာ များနှင့် သတိပေး နှိုးဆော်လိုက်ရပေ သည်။

စိုးမင်း (မြောက်စည်းချောသစ်)

စကြွင်း -

တောမြို့လေးတွင် ဝန်ထမ်းငယ် ဘဝဖြင့် သိုက်နှန်းရှိသော မြေပေါ်နေ ထိုင်သော၊ ဆေးညွှန်းများသင်ယူမိသော မိသားစုဒုက္ခတွေ့ရပုံအား ဖြစ်ရပ်မှန် အတိုင်း ရေးသားပါသည်။

www.burmeseclassic.com

မောင်သန်းခေါ်
(ထားဝယ်)

နတ်ပုံတော်များနှင့်
နတ်ပုံတော်များကိုလိပ်ပြာသိပ်ခြင်း

❑ **နတ်ပုံတော်များ**

မြန်မာ့ရိုးရာ နတ်ကိုးကွယ်ယုံကြည်မှုဓလေ့သည် ကြာမြင့်လှပြီဖြစ်သော်လည်း ပုံတော်၊ ပုံစားဖြင့် ထုလုပ်ကိုးကွယ်မှုသည် ပုဂံခေတ်ထက်စောနိုင်မည်မဟုတ်ချေ။ နတ်ကိုးကွယ်မှုသည် အင်းဝခေတ်တွင် ပိုမိုကျယ်ပြန့်လာ၍ နတ်ပုံတော်စားကိုးကွယ်မှုသည် ပြောင်ရမ်း၊ အင်းဝခေတ်တွင်မှ ပေါ်ပေါက်လာခဲ့ဟန်တူသည်ဟု ခန့်မှန်းရပေသည်။ ခရစ်နှစ် ၁၇၈၅က ဗဒုံမင်း (ဘိုးတော်ဘုရား) ထုလုပ်ခဲ့သည့် မဟာဂီရိဦးတင့်တယ်နှင့် နှမတော် တောင်ကြီးရှင်နတ်တို့၏ ပုံတော်များမှာ ကိုယ်မပါ မျက်နှာသာ ပါရှိကြသည်။

ရှေးအခါက ပုံတော်အစား သက်တော်အောင်းဘူးဟုခေါ်သည့် ယွန်းနှင့် ပြုလုပ်ထားသော ရေဘူးသဏ္ဌာန်ဘူး၏ အဝကို ငွမ်းနှင့်ဆို့ထားသည်။ နတ်၏ အသက် သို့မဟုတ် လိပ်ပြာသည် ဘူးထဲတွင် အောင်းလျက်ရှိသည်ဟု ယူဆကြပုံရ၏။ ပုံတော်ဟူ၍မရှိဘဲ သက်တော်အောင်းဘူးသာရှိသည့် နတ်အများအပြားပင်ရှိသည်။ အမေရေယဉ်ကဲ့သို့ ပုံတော်ရှိသည့်နတ်များပင် သက်တော်အောင်းဘူးရှိနေသည်ကို တွေ့ရသည်။

ရှေးခေတ်အခါက ပုံတော်များသည် သေးငယ်ပြီး မလှမပနှင့်အချိုးအစားကျနမှုမရှိပါ။ ယခုခေတ်ပုံတော်များမှာ လူသားအရွယ်အထိ ပြုလုပ်လာပြီး အလွန်ချောမောလှပအောင် ခြယ်မှုန်းထားသည်။ နတ်ရုပ်များထုလုပ်ရာတွင် များသောအားဖြင့် ယမနေသားကိုအသုံးပြုပြီး ယခုအခါ အလွယ်တကူရနိုင်သည့် ကျွန်းသားကို အသုံးပြုလာကြသည်။ သို့သော် ချေး(ကြေး)များသူများက ယမနေသားဖြင့်ထုလျှင် ရလျှင် မနေဟူ၍လည်းကောင်း၊ ကျွန်းသားဖြင့်ထုလျှင် ကျွမ်းသည်ဟူ၍လည်းကောင်း နိမိတ်ပုံယူကြပြီး စံကားသားနှင့်ထုကြသည်လည်းရှိ၏။

အသင့်ထုလုပ်ပြီး နတ်ပုံများကို

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(သုံးဆယ်)

စလောင်သောင်းဝ

သွေးတိုးသူများအတွက်

သွေးတိုးသူများ၊ အစားရှောင်နေရသူများ သွေးမတိုးတော့ဘဲ အစားရှောင်စရာမလိုသည့်ဆေးနည်းမှာ ဒန့်သလွန်အပင်မှထွက်ရှိသည့်အစေးကိုယူ၍ ငရုတ်ကောင်းစေ့အရွယ်အလုံးလေးများလုံးပြီး တစ်နေ့ (၃)လုံး ပုံမှန်စားပေးခြင်းအားဖြင့် သွေးတိုးရောဂါ သက်သာ ပျောက်ကင်းနိုင်ပါသည်။ လက်တွေ့စမ်းသပ်ကြည့်ပါ။

❑ အင်ပျောက်နည်း

ငါးခြောက်၊ ငါးပိကောင်များ စားမရအောင်ငန်နေလျှင် ဤနည်းဖြင့် ပြုလုပ်နိုင်ပါသည်။ ပထမ ငန်နေသည့် ငါးခြောက်ကို ဓားဖြင့်စဉ်း၍ ရေဇလုံထဲထည့်ပါ။ ၄၈နာရီခန့်ကြာအောင် စိမ်ထားပါ။ ငါးမိနစ်ပြည့်လျှင် ရေကိုသွန်၍ ရေကောင်းဖြင့်ဆေးကြော်ပြီး ကြော်ချက်စားပါက ယခင်အတိုင်း ငန်မနေဘဲ အငန်ပေါ့သွားပါလိမ့်မည်။

❑ ဟင်းနှုးအောင်ချက်နည်း

ဟင်းနှုးအောင်ချက်နည်းမှာ သား၊ အမဲသား၊ ကြက်သား စသော အသားများချက်ရာတွင် ရေများများ ထည့်၍ ကွမ်းသီးခြမ်းထည့်ပြီးချက်ပါက ဟင်းနှုးလွယ်ပါသည်။

❑ ကြက်ဥအခွံခွာနည်း

ကြက်ဥ၊ ဘဲဥများကို အလွယ်တကူ အခွံခွာလို့ရသည့်နည်းမှာ ကြက်ဥ ကို ရေထည့်၍ ဆားအနည်းငယ်ထည့် ပြီးပြုတ်ပါက အခွံခွာရာတွင် အလွယ် လွယ်ကူပါသည်။

စလောင်သောင်း(သုံးဆယ်)

အလွယ်တကူဝယ်ယူကြသကဲ့သို့ ငွေကြေးတတ်နိုင်သူများက စိတ်တိုင်းကျ ထုလုပ်စေသည်လည်းရှိသည်။ ထိုသို့ပုံတော်ထုလုပ်လျှင် ကန်တော့ပွဲပေး၍ ထုလုပ်ရသည်။

❑ နတ်ပုံတော်များကိုလိပ်ပြာသိပ်ခြင်း

မန္တိုင်းကောင်း နွိုင်းကောင်း မြတ်စွာဘုရားပုံတော်များကို ကိုးကွယ်ရန် အနေကဇာတင်ရသကဲ့သို့ ထုလုပ်ပြီး သောနတ်ပုံတော်များကိုလည်း အသုံးမပြုမီ အသက်ဝင်စေရန် နတ်လိပ်ပြာသိပ်ရသည်။ နတ်လိပ်ပြာသိပ်ရာတွင် ပုံတော်ပိုင်ရှင်က ကနားပေးရသည်။ ကနားပေးရာ၌ ထုံးစံအတိုင်း ပြုလုပ်ရပြီး လိပ်ပြာသိပ်မည့်ပုံတော်ကို နတ်စင်ရှေ့တွင်ထားရသည်။ နတ်လိပ်ပြာသိပ်ရာ၌ ချည် (၇) မျှင် စလွယ်၊ စမောင်းများလည်း ကန်တော့ပွဲနှင့်ပြင်ထားရသည်။ နတ်လိပ်ပြာသိပ်ရန် ကနားပေးသည့်အခါ ထုံးစံအတိုင်း အချို့ကလည်း ဖိတ်စာဖြင့်ဖိတ်ကြသည်။ တချို့ကလည်း ပါးစပ်ဖြင့်ပင် ဖိတ်ကြသည်။ များသောအားဖြင့် နတ်ဆရာအိမ်တွင် ပြုလုပ်ကြသည်ကများသည်။

နတ်မင်းကြီးများလိပ်ပြာသိပ်၊ ကန်တော့ကနားမင်္ဂလာ ဖိတ်ကြားလွှာ

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဘုရားသခင်ကိုယ်တော်ကြီးအား ဦးထိပ်ထား၍ ရတနာသုံးပါး၊ မိဘဆရာတို့၏ဂုဏ်ကို ခိုလှုံဝင်တွားလျက် အထက်ဘုံတော်သိကြားမင်းနှင့်တကွ သာသနာတော်စောင့်နတ်မင်းကြီးလေးပါး၊ ဝိဇ္ဇာရှစ်သောင်း၊ ဒေဝီမယ်တော် အပေါင်းတို့နှင့်တကွ အောင်ပင်လယ်ဘုံတော်မန္တလေးဘုံတော်တောင်သမန်ဘုံတော်၊ မြင်းဖြူရှင်အဖေကြီး၊ အရှေ့နေထွက်ဘုရင်ကိုးမြို့ ရှင်အဖေကြီးနှင့် နှမပုလဲယဉ်၊ အနောက်နေဝင်ဘုရင် အမေရေယဉ်နှင့်တကွ ပုပ္ပားမယ်တော်နှင့် သားတောင်ပြုန်းအရှင်နှစ်ပါးနှင့် ပခန်းဦးမင်းကျော်တို့ကို ဦးထိပ်ထား၍ အမိကဆိုင်သောရိုးရာနတ်အဖေကဆိုင်သောရိုးရာ၊ ရိုးရာအရှင်သခင်များကို ဦးထိပ်ပန်သပြီး အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း ထီးဆောင်းနတ်မင်း အပေါင်းတို့ကို ဒေဝဒါန ဗလိနတ်စာစုံလင်စွာဖြင့် ပူဇော်ပသမည်ဖြစ်ပါသောကြောင့် မန္တလေးမြို့၊ ဘုရားကြီးဈေးအရှေ့ဘက် နတ်ဆရာ. . တို့ကို အမှူးထား၍ သား. . . . တို့က ကြွရောက်ပါရန် (၃) ရက်သားသမီးနှင့် နတ်မိတ်ဆွေအပေါင်းတို့အား မေတ္တာတော် ရှေ့ထား၍ လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အချို့က အထက်ပါအတိုင်း ဖိတ်စာဖြင့် ဖိတ်ကြပါသည်။ ပုံတော်လိပ်ပြာသိပ်သည့်ကနားတွင် ကနားသမားစဉ်အတိုင်းပင်ဖြစ်၍ ထူးခြားသည်မှာ လိပ်ပြာသိပ်မည့်ပုံတော်ကို နတ်ဆရာက စလွယ်၊ စမောင်းဆင်ပေးပြီး အောက်ပါ ဂါထာကို ရွတ်ဆိုကြသည်။

ဥံ - ဒေဝဒေဝါ၊ နတ်တ... လူသူခေါ်ရာမလိုက်ပါနှင့် ရတနာဆင်မြင်း၊ ဗိုလ်ခပ်... တမင်မနေ လာလျှင်ဇေ... ဥံဧဝံမာမာ၊ ဧဝဧဥံ။

ဥပမာ မြင်းဖြူရှင်ပုံတော်... လိပ်ပြာသိပ်မည်ဆိုလျှင် နတ်... မြင်းဖြူရှင်ပုံတော်ကို နတ်... မြင်းဖြူရှင်ပေးပြီး မြင်းစိုင်း၍ သွား... ထိသည်မျိုးကိုလည်း မြင်တွေ့... သည်။

နတ်ကို ပုံတော်၊ ပုံစား... အလွန်တာဝန်ကြီးပါသည်။ ... ရေတော်ဆက်နေရသည်။ နေ... စားတော်စာဆက်ရပါသည်။ ... သည် အသုဘမှပြန်လာလျှင် ... စားမလဲဘဲ တရော်ကင်းပွန်းပြဲ ... မလျှော်၊ ရေမသန့်စင်ဘဲ ပုံတော်... ရှေ့သို့ မသွားရပါ။ အကယ်၍ ... ပုံစားရှိသောအိမ် သို့မဟုတ် ... တည်းအောက်တွင် အသုဘကို... မဖြစ်မီ ပုံတော်များကို ကြွ... သည်။ မရွှေ့မိဘဲ အသုဘကို... လျှင် ထိုပုံတော်များကို မီး... ဆိုကာ အချို့ကလည်း တရော်... ဖြင့် ချိုးရေတော်သုံးပြီး ပြန်... လည်း အချို့ကမူ မီးကျော်သည့်... များကို ဆက်လက်မပေးသော...

မောင်သန်းဆွေ (...

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံ-မောင်မောင်အေး

ဂိုဆိပ်သင့်လျှင်

ယခုလို မိုးဦးကျရာသီတွင် တောတောင်ဒေသအနှံအပြားနှင့် ရွာနီးဝန်းကျင်တို့တွင် မို့အမျိုးမျိုးပေါက်ကြ၏။ မို့တို့တွင် စားကောင်းသောမို့မျိုးရှိသလို အဆိပ်ရှိသောမို့များလည်း ပေါများလှ၏။ အဆိပ်ရှိသောမို့မျိုးကိုစားသုံးမိလျှင် အသက်အန္တရာယ်ဖြစ်နိုင်သလို တစ်ခါတစ်ရံ စားကောင်းသောမို့မျိုးသည်ပင် အကြောင်းအမျိုးမျိုးကြောင့် အဆိပ်သင့်တတ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်က ကြေးမုံသတင်းစာတွင် မို့ဆိပ်သင့်သော သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရ၏။ အိမ်တစ်အိမ်တွင် လူခြေတိတ်သော ညအိပ်ချိန်တွင် တစ်အိမ်သားလုံး ဆေးဘားဘားဖြင့် ရယ်နေကြသောအသံသည် အဆက်မပြတ်ထွက်ပေါ်နေသဖြင့် အိမ်နီးချင်းများသံသယဖြစ်ကာ ထိုအိမ်သို့ တက်၍ကြည့်ကြ၏။ သူတို့တွေ့ရသည်က ဧည့်ခန်းဦးလဲကျကာ လူမှန်းမသိအတောမသတ်ရယ်မောနေကြသောသားစုဖြစ်၏။ ထို့ကြောင့် အိမ်နီးချင်းတို့တပင် ဆေးရုံသို့အမြန်ပို့ပေးကြရ၏။ ဆရာဝန်၏ စစ်ဆေးချက်အရ အဆိပ်ရှိသောမို့မျိုးချက်စားမိသည်ဟု ဖတ်လိုက်ရသည်။

တောတောင်အရပ်ရပ်တွင် မြေပေါ်မြေအောက်ဓာတ်သတ္တုသယံဇာတများ လေ့လာရှာဖွေကြရသော ကျွန်တော်တို့ ဘရေ (ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး)ဝန်ထမ်းများလည်း အောတောဒေသတို့တွင် ကျင်လည်ရာဖြင့် တောမှရသော ဟင်းသီးဟင်းရွက်၊ မှှစ်၊ မို့တို့ကိုသာ စားသောက်ကြရပါသည်။

တစ်ခါတစ်ရံ မို့ချည်းသာ အဆိပ်သင့်တတ်သည်မဟုတ်ဘဲ ဟင်းသီးဟင်းရွက်မှလည်း အဆိပ်သင့်တတ်ပါသည်။ ၁၉၈၆ ခုနှစ်က သပိတ်ကျင်းမြို့နယ် ဓာတ်ကိုက်ဧရိယာတွင် ဖော့စဖိတ်သယံဇာတလေ့လာရှာဖွေနေသော ဘူမိဗေဒအရာရှိကို အံ့ကျော် (ယခု အငြိမ်းစား) တို့ ဘူမိဗေဒအဖွဲ့သည် အတို့အမြှေပ်လုပ်စားရသော ခတ်ချိည်ွန့်ထဲတွင် ကွေးညွှန့်ပါလာသည်ကို သတိမထားမိကြဘဲ စားသောကြောင့် မူးဝေအော့အန်ကာ ဇရပ်ကွင်းရွာရှိ ဒေါက်တာနေလမင်း၏ ဆေးခန်းသို့ပို့ရဖူး၏။

ခတ်ချိည်ွန့်နှင့် ကွေးညွှန့်သည် ခွဲမရအောင်တူပါသည်။ သေသေချာချာကြည့်ပါမှ ကွေးညွှန့်ကရွက်နုပေါက်စလေးသုံးခုပါ၍ ခတ်ချိက ရွက်နုပေါက်စတစ်ခုသာပါ၏။

ကျွန်တော်၏မြေတိုင်းဌာနစုဖွဲ့ဖြစ်သူသည် ညောင်လေးပင်မြို့နယ် ဖဒိုရွာသား ဦးစောထူးဝါး ဖြစ်၏။ အများက ဖထီးဟုပင်ခေါ်ကြသည်။ ဖထီးစောထူးဝါးသည် မှှစ်တို့၊ မို့တို့ကို အလွန်ကြိုက်သူ ဖြစ်၏။ ၁၉၈၆ ခုနှစ်ကပင် ဖြစ်၏။ သပိတ်ကျင်း (၅) မိုင် စခန်းဖော့စဖိတ်လုပ်ကွက်များတွင် မြေတိုင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် မေလ၏နေ့တစ်နေ့၌ တောထဲမှ ဖက်ဆွတ်မို့များရခဲ့၏။

စခန်းပြန်ရောက်လျှင် ညစာအတွက် မို့ဟင်းချက်စားကြ၏။ ကျွန်တော်က တစ်ကိုယ်တော်ချက်စားသူဖြစ်၍ ဖထီးတို့အဖွဲ့နှင့် မစားပါ။ ညစာထမင်းကို မို့ဟင်းဖြင့်စားပြီးသောအခါ ဖထီးစောထူးဝါးရော အတူစားကြသူနှစ်ယောက်ပါဇာတ်တွေ့လေးလာပြီး မအိပ်ချင်ပါဘဲလျက် မျက်လုံးတွေမဖွင့်နိုင်တော့ချေ။

ဖထီးစောထူးဝါးသည် မို့ဆိပ်သင့်ပြီဟုသိလိုက်၏။ ထို့ကြောင့် ကျွန်တော်ကို လှမ်းခေါ်ကာ -

"လုပ်ပါဦး ဆရာမောင်အေးရေ၊ ကျုပ်တို့မျက်လုံးတွေဖွင့်မရတော့ဘူးဗျ။ မို့ဆိပ်သင့်ပြီထင်တယ်"

ဟု ဆိုပါသည်။

ကျွန်တော်က ဟိုစပ်စပ်ဒီစပ်စပ်ဖြင့် တိုင်းရင်းဆေးများကိုလည်းလေ့လာနေသူဖြစ်ကြောင်း ဖထီးက သိသောကြောင့်ခေါ်၍ အကူအညီတောင်းခြင်းဖြစ်ပါသည်။

သုံးယောက်စလုံးပင် မျက်စိဖွင့်မရတော့ဘဲ အိပ်ရာတွင်လဲနေကြပါသည်။ ကျွန်တော်လည်း ဖထီးထူးဝါးတို့အခြေအနေကို နားလည်လိုက်ပါပြီ။ ထို့ကြောင့် သံပန်းကန်ပြားတစ်ချပ်ယူကာ မီးဖိုထဲမှ မီးကျီးခဲသုံးလေးခဲကို မီးညှပ်ဖြင့်ယူထည့်၍ နန္တင်းမှုန့်ပါယူခဲ့ပြီး ဖထီးတို့ကိုထိုင်ခိုင်း၏။

ထိုင်နေသူ၏ မျက်နှာအောက်နားတွင် မီးကျီးခဲသံပန်းကန်ပြားချကာ နန္တင်းမှုန့်များကို မီးကျီးခဲပေါ် ဖြူးချပေး၏။ ထိုအခါ နန္တင်းမှိုင်းများငယ်ထိပ်ဆောင့်တက်အောင်ရှူခိုင်း၏။ ငါးကြိမ်မျှရှူပြီး ခဏနေတွင် ဇက်လေးခြင်းများပျောက်ကာ မျက်လုံးပါဖွင့်နိုင်ကြပါတော့သည်။

"တာဇလု ဆရာမောင်အေးရေ"

ဟု ဖထီးက ကျေးဇူးစကားဆိုရင်း တိုင်းရင်းဆေးနည်းတို့အား ချီးမွမ်းစကားဆိုပါသည်။

ဓာတ်ပုံ-မောင်မောင်အေး

www.burmeseclassic.com

www.burmeseclassic.com

မင်းပြည်

အရှင်မောတ်

"ဆရာပြည့်"

အားရပါးရအော်ခေါ်ပြီး ရယ်ပြီး
ဝင်လာတဲ့ ကိုမိုး။ လက်ထဲမှာ အ
တွေနဲ့ကြည့်ပါဦး။

"ဆရာပြည့်လုပ်ပေးလိုက်တာ အ
နေကောင်းသွားပြီ။ ကျေးဇူး ကေ
ထိုင်ပါတောင် မပြောရသေး
သူက ထိုင်လိုက်ပြီ။

"ဆရာပြည့်ရာ အံ့ရော၊ ဘယ်
မှအစာလည်းမစား၊ စကားလည်း
ဘဲသူဟာသူမှိန်နေတဲ့သူဟာ ကြက်
ဘေးမဲ့လွှတ်ပေးပြီးရော နေခင်း
ညနေထဖိုင်တော့တာပဲ။ အခု အ
စားပြီ ဆရာပြည့်။ မနေ့ကခုထိ
ဆိုတော့ ထမင်းမကျွေးရဲသေး
ဆန်ပြုတ်ကျလည်း အမေကမသော

www.burmeseclassic.com

www.burmeseclassic.com

ချင်ဘူး။ ဒီနေ့တော့ ထမင်းစားပြီ။ သူ ဝမ်းတွေသွားပြီတဲ့။ လေတွေလည်း တအားလည်တာပဲတဲ့”

“ကောင်းပြီပေါ့ ဒါဆို”

“ဆရာပြည့်ရေ ကောင်းပါမှ. . . ။ အမေက နေမကောင်းရင် တအားစိတ် တိုတာ”

ကိုမိုး ဝမ်းသာနေတာတွေက ရင် ထဲကိုလာပြီးကူးစက်သွားလို့လားမသိပါ ဘူး။ ကိုမိုးကိုကြည့်ရင်း ကျွန်တော်ပျော် နေမိတယ်။ ပို့ပျော်တာက ဘေးနားမှာ ထိုင်နေတဲ့ အဖေ့ကြောင့်ပေါ့။ ကျေနပ် တဲ့အပြုံးနဲ့ အားရပါးရပြုံးပြီး သားလုပ်တဲ့ လူကိုကြည့်နေတယ်လေ။

ကိုမိုးနဲ့စကားပြောရင်း ကျောင်း တုန်းက သူငယ်ချင်း ခင်အေးဟန်ကို သွားသတိရတယ်။ သူလည်းလာတုန်းက ယဲ့ယဲ့ပဲ။ သူ့ယောကျ်ားကိုတွဲလို့ ဖြူဖြပ် ဖြူရော်နဲ့။ စကားက လေသံပဲများတယ်။ သူက်က နံတူဘေးမဲ့လွတ်ရမယ်ကံလေ။ လွတ်ခိုင်းလိုက်တာပေါ့။ ငါးကြီးတွေ တစ်တောင်လောက်အရွယ် ငါးကောင် လောက်စေ့းမဆစ်ခိုင်းဘူး။ ခင်အေးဟန် ယောကျ်ားဆို တက်ကြွနေတာပဲ။ ချက်ချင်းဝယ်လွတ်မယ်ဆိုပြီး သွားကြ တော့တာပဲ။

နောက်နေ့ကျ ခင်အေးဟန်လာ တယ်လေ။ သရက်သီးမှည့်ပေါနေတဲ့ အချိန်ဆိုတော့ စိန်တစ်လုံးတွေနဲ့။ ‘နင် ကလည်းဟယ် လက်ဆောင်တွေဘာတွေ မလိုပါဘူး။ တို့တွေက ငယ်သူငယ်ချင်း တွေပဲ’ လို့ ပြောတာတောင်မရဘူး။

ကျေးဇူးတင်လွန်းလို့တဲ့။ သူ ယောကျ်ားက ဘာပြောလဲသိလား။ ခင်အေးဟန်ပေးတဲ့လက်ဆောင်က နည်း တောင်နည်းသေးတယ်တဲ့။ ဆေးဖိုးတွေ ဆိုမနည်းတော့ဘူး ကုန်တာတဲ့။သူလည်း ရင်ဝမ်းဖြစ်တာပဲ။ လေတွေကျပ်ပြီးနေ လို့ ဘာဖြစ်လို့ဖြစ်မှန်းမသိဖြစ်နေတာ။ လက်ဝင်ခဲ့ တာကတော့ ပြည်မှာနေတဲ့ သူငယ် ချင်းပဲ။ နေထွန်း တဲ့။ သူက သွေးတိုး မရှိဘဲ ခေါင်းမူးမူးနေတာ၊ အရက်ရော ဆေးလိပ်ပါ မသောက်တဲ့သူ။ ဘာလို့မူး မူးနေလဲမသိဘူး။ သူလာ တွက်တော့ သူက်မှာ လည်း ခင်အေးဟန်လိုပဲ သူများအသက် ကယ်ရမယ့်ကံ။

သူကတော့ နံတူမဟုတ်ပေမယ့် သူ့ကိုလည်း ‘သတ်မယ့်ဆဲဆဲကြက်အရှင် နှစ်ကောင်ကို စေ့းမဆစ်ဘဲဝယ်၊ မင်းခြေ ရင်းမှာခြင်းထဲထည့်ထား။ အစာကျွေး။ နှစ်နာရီလောက်ကြာရင် ဘေးမဲ့လွတ်လို့ ရတဲ့နေရာမျိုးမှာ ဘေးမဲ့သွားလွတ်လိုက်’ ဆိုပြီး ပြောလိုက်ရတယ်။

တော်တော်ပြောယူရတယ်။ ‘ငါ ခေါင်းမူးတာနဲ့ ကြက်ဘေးမဲ့လွတ်ရတာ ဘာဆိုင်လို့လဲ သူငယ်ချင်း’ တဲ့။ သူက ဒါပဲသိတာကိုး။ သူနာမည် စနေရဲ့ဂြိုဟ် တြိရန်းဟာ တနလ်ာလေ။ ဒီနှစ်ထဲမှာ သူခြေတွေ့၊ခါးတွေသိပ်မကောင်းချင်ဘူး ဖြစ်ပြီးမှ ခေါင်းမူးမူးနေတာတဲ့။ အာရုံ ကြောတွေများထိုင်းနေလားမသိပါဘူး။ တြိရန်းဂြိုဟ်ဟာ ဒုက္ခပေးရင် ဒီပြင်ဂြိုဟ် နဲ့မတူဘူး။ သူကိုအရင်ရှင်းထားရင် ကျန် တာသက်သာတယ်။ ရှင်းတယ်ဆိုတာက ဒီဂြိုဟ်ကျေနပ်အောင် ဂြိုဟ်ပြေနံပြေ ပေါ့။

ဒါကြောင့် ကြက်နှစ်ကောင်လွတ် ခိုင်းလိုက်တာကို နေထွန်းနားရှင်းအောင် ဘယ်လိုလုပ်ရှင်းပြလို့ရပါ့မလဲ။ ဒါပေ မယ့် လက်ပေါက်ကတ်ပြီး နှစ်ခါသုံးခါ ငြင်းခဲ့တဲ့ သူငယ်ချင်း လွတ်ရှာပါတယ်။

ရက်နှစ်ဆယ်လောက်ကြာတော့ ဖုန်းဝင်လာတယ်။

“သူငယ်ချင်းရေ ကျေးဇူးကမ္ဘာပါ” တဲ့။ သူတော်တော်နေကောင်းနေပြီတဲ့။

ကျွန်တော်လည်း သဘောကျလို့ သူငယ်ချင်းကို စ,လိုက်ပါတယ်။

“မင်းခေါင်းမူးတာနဲ့ မင်းကြက် လွတ်တာနဲ့ ဘာဆိုင်လဲကွ”

ဆိုတော့ -

“သူငယ်ချင်းရာ ငါက သိချင်လို့ မေးတာ။ အမေးမတတ်ဖြစ်သွားတာ တောင်းပန်ပါတယ်ကွာ”

တဲ့ ရယ်ကျဲကျဲနဲ့ ပြောတယ်။

ဟိုတစ်လောကတော့ စိတ်နည်း

www.burmeseclassic.com

www.burmeseclassic.com

နည်းတိုသွားတာနဲ့ သူငယ်ချင်းတစ်ယောက်ကို စကားမပြောဘဲနေခဲ့မိသေးတာရှိသေးတယ်။

သူငယ်ချင်းက တက္ကသိုလ်တုန်းက သွားအတူလာအတူ။ သူမိန်းမတော်တော်နေမကောင်းဖြစ်လို့လာတာ။ သူမိန်းမဆို ရုပ်တောင်မပေါ်ဘူး။ ဟိုလူကသေမယ်ပြော၊ ဒီလူကသေမယ်ပြောလို့ဆိုပြီး စိတ်ဓာတ်တွေလည်းကျလို့။

တွက်ကြည့်လိုက်တော့ မဖြစ်နိုင်ပါဘူး။ ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ဗြိုဟ်တွေရှိနေတာပဲ။ ဒီတော့ သူနဲ့နံတူကို ဘေးမဲ့ပေးဖို့ပဲ စဉ်းစားလိုက်ပါတော့တယ်။ သူငယ်ချင်းမိန်းမက ခင်နွေး။

ဒီတော့ နံတူ ကဏန်းအရှင် အကောင်နှစ်ဆယ်လောက်လွှတ်ခိုင်းလိုက်ပါတယ်။ ဒါပေမယ့် သူကျတော့ သူက်အရ နှစ်ခါလွှတ်ခိုင်းလိုက်ရပါတယ်။ ကြိုးနဲ့တုပ်ထားတဲ့ကဏန်းတွေကို ကြိုးတွေဖြေပေးပြီး ရေအရှင်မှာလွှတ်ပေးဖို့ပါပဲ။

သူတို့နှစ်ခါလွှတ်ပြီးတော့ ရက်လေးနည်းနည်းခွာပြီးပေါ် လာပါတယ်။

သူငယ်ချင်းကိုရောက်ရောက်ချင်း-

"နေကောင်းသွားပြီမို့လား"

ဆိုတော့ အင်တင်တင်နဲ့။ ခေါင်းကမညိတ်ချင်သလိုလိုဘာလိုလိုနဲ့။ သူမိန်းမကြည့်တော့ ကောင်းနေပြီ။ မျက်နှာတွေဘာတွေပြည့်လို့။

သူငယ်ချင်းက ဘာပြောလဲဆိုတော့ -

"သူက်ကလည်းကောင်းတယ်ကွာ" တဲ့။

"ကဏန်းတွေလည်းလွှတ်ပြီးနောက်နေ့ သူ့အမေရဲ့မောင်ရောက်လာတယ်" တဲ့။

"သူက ဘာတွေညာတွေတတ်တယ်" တဲ့။

"မှိုင်းခံ(မှိုင်းကိုင်)စက္ကူမှာ အင်းချပြီး ဖယောင်းတိုင်မှာပတ်ထွန်းပေးလိုက်တာ သူတော်တော်ကောင်းသွားတယ်" တဲ့။

ခင်နွေးက်ကိုသိပါတယ်။ သူက်မှာ အင်းအကျိုးမပေးပါဘူး။ ဘာကြောင့် ကောင်းသွားတယ်ဆိုတာ ဝန်မခံချင်တဲ့ သူငယ်ချင်းကိုပြုံးကြည့်နေလိုက်ပါတယ်။ စကားမပြောချင်လို့ပါ။

"ကောင်းပါတယ်၊ ငါ့ကြောင့် မင်းတို့ ကဏန်းတွေဝယ်ရ၊ သွားလွှတ်ရနဲ့ အလုပ်တွေရှုပ်သွားရတာ ငါစိတ်တောင် မကောင်းဘူး"

လို့ခပ်တည်တည်ပြောလိုက်တော့ ခင်နွေးက သဘောပေါက်သွားပုံရတယ်။

"အဲလိုမဟုတ်ပါဘူး။ ခင်နွေးက ပိုသိပါတယ်၊ ခံစားရတဲ့သူပဲ။ ကဏန်းတွေတစ်ကြိမ်လွှတ်ပြီးထဲက စကောင်းလာတာပါ။ နောက်နေ့ ဦးလေးလာပြီး မီးထွန်းတာကလည်း အမေကပြောလို့ထွန်းတာပါ။ အစ်ကိုလုပ်ပေးလို့ကောင်းသွားတာ ခင်နွေးသိတာပေါ့။ နှစ်ခါလွှတ်လည်းပြီး အခုအစ်ကိုမြင်တဲ့အတိုင်းစားကောင်းအိပ်ကောင်းဖြစ်နေပြီ။ ခင်နွေးတောင်းပန်ပါတယ်၊သူစကားမပြောတတ်တာကို" တဲ့။

အဲဒီတော့မှ သူငယ်ချင်းကလည်း-

"သူပထမတစ်ခါလွှတ်ပြီးထဲက ကောင်းသွားတာကို ငါခွဲပြီးမပြောတတ်ဖြစ်သွားတာ တောင်းပန်ပါတယ် သူငယ်ချင်းရာ" တဲ့။

"မင်းလုပ်ပေးတဲ့ကျေးဇူးပါ" တဲ့။

ကျွန်တော် ရယ်နေလိုက်ပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။ လင်ရောမယားရော စကားမှားမှန်းသိပြီး တောင်းပန်လိုက်ကြတာမှ. . . ။ အဲသလိုလည်းကြုံရပါသေးတယ်။

ဒီလိုမျိုးသူများအသက်တွေကယ်ရတာ၊ အသက်ခံရတော့မယ့်ဆဲဆဲသတ္တဝါလေးတွေရဲ့ အသက်တွေကယ်ရတာ ဘယ်လိုကြည်နူးမှန်းမသိပါဘူး။ ကိုယ်တိုင်လည်း တစ်လတစ်ခါလောက် အမြဲတမ်းကယ်ပါတယ်။ အရှင်လွှတ်ပေးပါတယ်။

မိတ်ဆွေတွေကိုလည်း လိုအပ်ရင် အဲဒီလိုလွှတ်ဖို့တိုက်တွန်းပါတယ်။ အဓိကတော့ ကျန်းမာရေးပါပဲ။ ကျန်းမာရေးအတွက် တတ်နိုင်တဲ့ဘက်ကလေးကနေ အကြံဉာဏ်ပေးပြီး ကြိုးစားပေးနေတာပါ။ ဒီလိုလွှတ်ပြီး ကျန်းမာသွားကြတဲ့ ကုသိုလ်ရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။

သူတို့ကိုလည်း ကျန်းမာအောင် အထူးမေတ္တာပို့ပေးရပါတယ်။ သူတို့ ကျန်းမာအောင် မေတ္တာပို့ပြီဆိုတာနဲ့ သူတို့ အရှင်လွှတ်တဲ့ငါးလေးတွေ၊ ငှက်လေးတွေ၊ ကြက်လေးတွေက အလိုလိုပါပြီးသားပါ။

ဒီကုသိုလ်ကြီးတွေကို ရွှေအုတ်ပလွှင်စေတီတော်မြတ်ကြီးကနေ (၃၁)ဘုံကို မေတ္တာပို့၊ အမျှဝေလေ့ရှိပါတယ်။

ဟိုတစ်လောလေးက အဖေညီလေးတစ်ယောက်ဖြစ်တဲ့ အစ်ကိုကြီး ဦးကျော်ဝင်းဇော်လိုက်ပို့လို့ သားအဖနှစ်ယောက် ဒေးစွန်ပါတောင်တော်ကို ခဲ့ရပါသေးတယ်။သွားတာက အကြိုက် ဘဘဘိုးမင်းခေါင်ပုံတော်လို့ အဲဒီက ပညာရှင် ကိုရန်နိုင်ဆိုတာပါ။

ဒေးစွန်ပါမရောက်ခင် လမ်းကိုကားမောင်းပြီး တော်တော်ဝင်သွားတော့ ဒေးစွန်ပါတောင် 'ပါစွန်ပါ' ကို ရောက်ခဲ့ရပါတယ်။

အင်မတန်မှဆိတ်ငြိမ်အေးပုရစ်အော်သံလေးတွေပဲ ကြားတောရစခန်းပါ။ အစ်ကိုကြီး ဝင်းဇော်တို့မိသားစုထီးတော်တင် စေတီတော်မြတ်ကိုရွှေရောင်တင်ဖူးတွေ့ရပါတယ်။ ထွက်ရပ်ပေါက်တော်ကြီးများပုံတော်တွေ၊ ဝိဇ္ဇပုံတော်တွေ၊ တောင်ပိုင်ဘုရားပုံတော်တွေ၊ မယ်တော်တွေပုံတော်သိုက်နန်းရှင်ပုံတော်တွေဆိုရင် အသက်ဝင်နေသလား အောက်တယ်။

'သိုက်နန်းရှင်များ ဘုရားသောလမ်း' ဆိုပြီး မုခ်ဦးလေးထားတဲ့လမ်းလေးဆို ကြည့်နေတောင် မျက်ရည်ဝဲမိပါတယ်။ ရောက်တော့ မေတ္တာအထူးပို့အတန်းတွေအထူးဝေရပါတယ်။ မှာ ကြက်ကလေးတွေကတွန်အော်လိုက်ကြနဲ့. . . ။

ဩော် - ငါ့ကြောင့် သူတွေ အကောင်ပေါင်းများစွာ ချမ်းသာသွားကြရတာကိုလာပြီးကောင်းချီးပေးကြတာနဲ့ တူတကြက်ကလေးတွေကို ပြုံးကြည့်တယ်။

သူတော်စင်နယ်မြေများ အပူမှမရှိလောက်အောင် ဆိတ်ငြိမ်လွန်းလှပါတယ်။

ပြီးတော့မှ ဆံတော်ရှင် တောင်တော်ကို ရောက်ပါတယ်။ တော်မြတ်ကြီးကို သားအဖသုံးကန်တော့ပွဲတွေနဲ့ ပူဇော်ကြပါတော့မှ နေ့စဉ်အဓိဌာန်ပြစ်ချသမယသုတ်' (၃) ကြိမ်ရွတ်ပြီး ပူဇော်မယ်လို့အလုပ် စေတီကြီးထီးတော်ဆီက ခေါင်းလောင်းထဲ အသံအကျယ်ကြီးမြည်နေတာကကြည့်ပြီး ကျွန်တော့်ကိုပြုံးပြ

မဟာသမယသုတ် ရွတ်ပြီးတွေပို့၊ အမျှဝေလိုက်တဲ့အခါ တနင်္ဂနွေထောင့် တနင်္ဂ

www.burmeseclassic.com

နိုင်သစ္စာ(နတ်မောက်)
သွေးတိုးအတွက် ဘေးဆိုးမရောက်စေရန်

သွေးချို၊ ဆီးချို၊ သွေးတိုးရောဂါသည် ဆေးရုံ၊ ဆေးခန်းတိုင်းတွင် များစွာကုသနေရသောရောဂါဖြစ်နေပါသည်။ အစားစုံ၊ ဆီမျိုးစုံ၊ အသားစုံ၊ အသီးစုံများစားကြသောကြောင့်ကြရာမှဖြစ်လာသောရောဂါများဟု အကြမ်းဖျင်းဆိုနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ရောဂါသိဆေးရှိဆိုသကဲ့သို့ ရောဂါအမျိုးမျိုးအတွက် ဆေးဝါးအစုံ၊ နိုင်ငံအစုံမှထုတ်လုပ်ရောင်းချပြီးသုံးစွဲကြရာ ပျောက်ကင်းသူတွေရှိသလို မပျောက်ကင်းသူတွေလည်း များစွာရှိခဲ့ပါသည်။ ဆေးဇ၏ ဘေးထွက်ဆိုးကျိုးများခံစားရပြီး အသက်ဆုံးသွားသူတွေကိုပါ တွေ့မြင်ကြားသိရပါသည်။

မြန်မာ့ရေမြေတောတောင်ထွက်နှံတွေကိုက်မြစ်သီးသစ်ဥသစ်ဖုများနှင့် ဆေးဝါးများသည် ဘေးထွက်ဆိုးကျိုးရှိသလောက်နီးပါး ကောင်းမွန်သည်ကို သုံးစွဲသူတိုင်းသိပါသည်။ သို့အတွက်လည်း ကျွန်တော့်အနေဖြင့် မြန်မာ့ရိုးရာဆိုင်းရင်းဆေးဝါးများကို ဝါရင့်သမ္ဘာရင့်အတွေ့အကြုံရင့်သူ ဆရာကြီး၊ ဆရာဆေးများထံ လက်တွေ့ တွေ့ဆုံမေးမြန်းခဲ့သားပြီး ကြိုးစားရေးသားတင်ပြပါသည်။

သေချာသည်မှာ မြန်မာ့ဆေးဝါးများသည် ငွေကုန်ကြေးကျနည်းပါးပြီး တာရှည်စွဲစားလျှင် ရောဂါအမြစ်ပြတ်ပျောက်ကင်းကာ သက်တမ်းစေ့အသက်ရှည်နိုင်သည်မှာ အမှန်ပင် ဖြစ်ပါသည်။

ယခု တင်ပြလိုသော သွေးတိုးအတွက် ဆေးနည်းသည် အရပ်ဒေသမရွေး၊ ရာသီမရွေး၊ လူမျိုးဘာသာမရွေး အသုံးပြု ပျောက်ကင်းနိုင်သဖြင့် နေသားတင်ပြပါသည်။

နေအိမ်တိုင်း မြေကွက်လပ်တွင် ကိုင်းချိုးချစိုက်စိုက်၊ အစေ့ကိုစိုက်စိုက် ရနိုင်သော ဒန့်သလွန်ပင်သည် သွေးတိုး၊ သွေးချို၊ ဆီးချိုအတွက် ဆေးပင်ဖြစ်ပါသည်။

ဒန့်သလွန်ရွက်ကို နေ့စဉ်ကြော်ချက်စားသောက်ပေးခြင်းဖြင့် သွေးတိုး၊ သွေးချို၊ ဆီးချိုပျောက်ကင်းနိုင်ရုံမက မျက်စိကိုပါ အားကောင်းစေပါသည်။

သွေးအလွန်တိုးလာလျှင် ဒန့်သလွန်ရွက်ရင့်ရင့်များ ရေဆေး၊ ကြိတ်ခြေအရည်ညှစ်ယူပြီး ဟင်းသောက်ဇွန်းနှစ်ဇွန်းသောက်ပေးလိုက်ပါ။ သို့မဟုတ် ဒန့်သလွန်စေ့ သုံး၊ လေးစေ့ဝါးစားပြီး ရေသောက်လိုက်ပါ။ ချက်ချင်းသွေးတိုးကျစေပါသည်။

ကြက်သွန်ဖြူသည် နေရာဒေသမရွေး အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ နေ့စဉ် ထမင်းစားတိုင်း ကြက်သွန်ဖြူ နှစ်ဉ၊ သုံးဉမြုပ်စားပေးရာ သွေးတိုးကို ကျစေ၊ ပျောက်စေပါသည်။ မဟတ္တမဂဒ္ဓိသည် ကြက်သွန်ဖြူစား၍ သွေးတိုးကိုနိုင်ကာ သက်ရှည်ကျန်းမာခဲ့သည်ဟု ပြောဆိုခဲ့ပါသည်။

သံပရာသီးသည် လူတိုင်းနှင့်သင့်သော ဆေးဖက်ဝင်အသီးဖြစ်ပါသည်။ သံပရာသီးကိုလေးစိတ်စိတ်၍ မတ်ခွက်ထဲထည့်ကာ ရေနွေးပူပူအပြည့်လောင်း၍ ခွက်ကိုပိတ်ထားပါ။ ငါးနာရီကြာလျှင် ထိုရေကိုသောက်၍ သံပရာသီးကို စားပေးပါ။ သုံးလတိတိ နေ့စဉ်ထိုကဲ့သို့ သောက်စားပေးပါ။သွေးတိုး၊ အဆီကျပြီး ရောဂါအမြစ်ပြတ်ပျောက်ကင်းစေပါသည်။

ဆေးခါးပင်သည် အလေ့ကျပေါများစွာပေါက်သောအပင်ဖြစ်ပါသည်။ နေ့စဉ် ဆေးခါးနှစ်ရွက်ကို ရေနွေးမတ်ခွက်တစ်ခွက်နှင့် စိမ်သောက်ပေးပါ။ လေးဆယ့်ငါးရက်မှန်မှန်သောက်လျှင် သွေးတိုး၊ သွေးချို၊ ဆီးချိုလုံးဝပျောက်ကင်းပါသည်။

ဆိုခဲ့သည့်နည်းများထဲမှ မိမိလက်လှမ်းမီရာ တစ်နည်းနည်းအသုံးပြုခြင်းဖြင့် သွေးတိုးအတွက် ဘေးဆိုးမရောက်ဘဲ သက်တမ်းစေ့ ကျန်းမာချမ်းသာလန်းဖြာစွာ နေထိုင်နိုင်ပါသည်။

အားလုံးကိုလေးစားစွာဖြင့်

နိုင်သစ္စာ(နတ်မောက်)

သတ်တုံးကမှမရဘူးတဲ့ တောပန်းတောင်ပန်းနဲ့မွေးသွားလိုက်တာမှ သားနှစ်ယောက် တစ်ယောက်မျက်နှာ သစ်ယောက်ကြည့်ပြီး တော်တော်နဲ့ ပြေးမပြောဖြစ်ပါဘူး။

အဖေက 'အောင်ပြီ'ဆိုပြီးထပြော သည်။

ကျွန်တော်လည်း အသက်တွေ ရလုတဲ့ကုသိုလ်တွေကို အထူးမေတ္တာ အမျှဝေလိုက်ပါတယ်။

ဒီခရီးကလည်းထူးဆန်းတယ်။

မဟာသမယသုတ်တော်ကြီးကို နေ့ (၉) ကြိမ် (၉) ရက် အဓိဋ္ဌာန်တောင်ပြီး နောက်နေ့မှာ အစ်ကိုကြီးလာပြီး ဒီတောင်တော်မြတ်ကို ပို့တာဖြစ်ပါတယ်။

စိတ်ချမ်းချမ်းသာသာနဲ့ ဘုရားဖူးရပါပြီ။

မေတ္တာပို့၊ အမျှတွေဝေရပါပြီ။

သူများအသက်တွေကယ်ပြီးတော့ အရှင်လွတ်ပေးနေရတဲ့ကုသိုလ်ကြီးတွေကို အမျှပေးဝေနိုင်ပါပြီ။ ပီတိတွေဖြစ်ရပါတယ်။

ဒီလို အရှင်လွတ်ပေးလွန်းတဲ့ကုသိုလ်ကြောင့် ဒီတန်ခိုးကြီးဘုရားဖူးရရုံမက မဟာသမယသုတ်တော်ရွတ်ပြီး သာသနာတော်စောင့်နတ်ကြီးတွေ၊သိုက်နန်းရှင်တွေ၊ တောင်ပိုင်ဘီးဘိုးကြီး၊ ရက္ခစိုး၊ ဘုမ္မာစိုး၊ အာကာသစိုးနတ်ကြီးများကို မေတ္တာပို့ အမျှဝေနိုင်ခဲ့ပါပြီ။ ထူးခြားမှုလည်းကြုံခဲ့ရပါပြီ။

ဒီလိုထူးခြားမှုတွေကို ကျေးဇူးရှင် ရွှေအုတ်ပလွင်ဆရာတော်ဆီရောက်တာနဲ့ လျှောက်တင်တော့မှာပါ။

'မဟာသမယသုတ်တော်' ကို အလွတ်အာဂုံရွတ်ပြီး ကြည်ညိုနိုင်အောင် ဆရာတော်ကိုယ်တိုင် လမ်းညွှန်ပြီး ကြိုးစားကျက်ခိုင်းခဲ့တာလေ။

နောက်နေ့...

မော်ဘီမြောင်းတကာစံပြကျေးရွာက ကျွန်တော် အမြဲတမ်း အဓိဋ္ဌာန်ဝင်ကုသိုလ်ယူလေ့ရှိတဲ့ ရွှေအုတ်ပလွင်စေတီတော်မြတ်ကြီးကို သွားပြီးဦးတိုက်ရင်း၊ နောင်တော်ဆရာတော်ကိုသွားကန်တော့ရင်းလျှောက်ရဦးမယ်ဆိုတဲ့ဝိတီနဲ့....

အဓိဋ္ဌာန်တွေဝင်ရင်းကြိုးစားရင်း

ပင်းပြည်

www.burmeseclassic.com

www.burmeseclassic.com

ဖူဂျီတောင်စောင့်နတ်မင်းကြီးက ပြောမှားဆိုမှားရှိလို့ စိတ်ဆိုးသွားပြီထင်ပါရဲ့။ မိုးတွေပဲသွန်ချရွာပေးနေလေ၏။ သူပိုင်မိုးသည့်တောင်ကြီးကိုမမြင်ရအောင် မိုးသက်မုန်တိုင်းတွေနှင့် ဖုံးကွယ်ထားလိုက်ပါပြီ။ ဂျပန်လာပြီး ဖူဂျီတောင်ကိုမှမမြင်ရဘဲ ပြန်ရရင်တော့ မနိပ်ဘူး။ တောင်စောင့်နတ်မင်းကြီးရယ် ဖူဂျီကို မျက်ဝါးထင်ထင်မြင်ရအောင် တစ်ခါလောက်လေးပဲပြပေးပါ။ ဘယ်လိုပဲဆုတောင်းပေမယ့် မိုးကပိုသည်းလာ၏။ မိုးသည်းသည်းမှာပဲ နေ့လယ်စာစားဖို့ ရှခင်းသာဟုရေးထားသည့်ဆိုင်မှာဝင်နားကြသည်။ မိုးနှင့်အတူ လေစာလည်းထန်သမို့ ထီးလည်းဆောင်းမရတော့ဘဲ ဆိုင်ထဲကို ပြေးဝင်ခဲ့ကြရ၏။ ထိုဆိုင်၏ မှန်ပြတင်းကျယ်ကြီးတွင် မိုးစက်များတဖြောင်းဖြောင်းရိုက်ခတ်ထိမှန်နေပေါ့။ နေပွင့်ချိန်ဆိုလျှင် ဒီမှန်ပြတင်းကနေ ဖူဂျီတောင်ကြီးကို ငေးကြည့်ရင်း စားသောက်နိုင်သတဲ့။

ခုတော့. . . ။

စားသောက်ပြီးတဲ့တိုင် မိုးကားမစဲသေး၊ ဝိုလို့တောင်သည်းလာသလိုပါ။ အဲသည်နောက် စိတ်ပျက်ပျက်နှင့်ပဲ ခရီးပြန်ဆက်ကြပါသည်။ မကြာခင်မှာ လမ်းပေါ် တစ်နေရာ၌ ဂိုတမ်းဘစျေးဝယ်စင်တာ (Gotemba Premium Outlets) ကို ဝင်ရောက် လေ့လာ စျေးဝယ်ကြ၏။ ကားရပ်နားရာမှ ကားလမ်းနှင့်ရထားလမ်းဘေးကနေဖြတ်ပြီး မိုးရွာထဲမှာဝင်သွားရတာပါ။ ဖူဂျီတောင်ကြီးကိုသာမြင်ယောင်နေပြီး နာမည်ကျော် အမှတ်တံဆိပ်နှင့်ပစ္စည်းသစ်တွေကို စိတ်ဝင်စား၍မရပါ။ မိုးရယ်တိတ်ပါတော့လို့သာ တောင်စောင့်နတ်မင်းကြီးထံ ဆုတောင်း နေခဲ့ပေါ့။

မိုးရွာထဲမှာ ကားဖြင့်ဆက်လာ ခရီးနှင်ရင်း မွန်းလွဲပိုင်းသို့ရောက်လာ မိုးကလည်းစဲသွားပါပြီ။ မိုးစဲသွား ဝမ်းသာမိပေမယ့် ဖူဂျီတောင်ကြီး တော့ မြင်နိုင်လောက်ဦးမယ်မထင်ပါဘူး။ သည်လိုနှင့် ရွာလေးတစ်ရွာ တားရပ်လိုက်၏။ ရွာအဝင်မှာ စိုးမိုး

ကိုချမ်း
(ဆေး-၂)

ညို့ငင်တတ်သော တောင်ပေါ်လမ်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တောင်ထွတ်က ဖွေးဖွေးကြီးပေါ် နေရဲ့။

"အိုး . . . ဖူဂျိ၊ ဖူဂျိ"

ခရီးသည်အားလုံး ဝမ်းသာအားရ အော်မိကြသည်။

"အဲဒါကြောင့် ဂျပန်ရာသီဥတု ဟာ ခုလွန်ခဲ့ပြီပဲ"

လို့ လမ်းညွှန်ကပြောလိုက်၏။

ခရီးသည်တစ်ဦးက အလူးကို လင်လုပ်ရသလိုပဲလို့ ခပ်ထိထိပြောတော့ အားလုံးရယ်ကြသည်။ အင်း - ခုတော့ ရယ်နိုင်ပြီပေါ့။ ဖူဂျိတောင်စောင့်နတ်မင်းကြီး စိတ်ပြေသွားပြီထင်ရဲ့လို့လည်း အချင်းချင်းပြောကြ၏။

ကားရပ်နားရာဘေးကဆိုင်လေးမှာ သစ်သီးတွေရောင်းသည်။ အထူးသဖြင့် ပန်းသီး။ ဖူဂျိမီးတောင်မြေမှာ စိုက်သည့် ပန်းသီးဟာ အရမ်းနာမည်ကြီးတယ်လို့ ဂျပန်လမ်းညွှန်ကပြော၏။ ပန်းသီးခပ်ကြီးကြီးမှ ယန်း (၅၀)ဆိုတော့ မြန်မာငွေ (၅၀၀) ကျော်လေးပဲမို့ ဈေးလည်း သင့်တင့်သားပါပဲ။

သို့သော် မြန်မာလမ်းညွှန်က -

"ကျွန်တော် စားကြည့်ဖူးတယ်၊ သိပ်တော့လည်းမဟုတ်ပါဘူး။ မြန်မာပါးစပ်နဲ့တော့ အထူးကောင်းတဲ့အရသာလို့ မဆိုနိုင်ဘူး"

လို့ တိုးတိုးမြောလိုက်၏။

ထိုဆိုင်လေးဘေးမှာတော့ ကျူးလစ်ပန်းတွေကို အရောင်စုံနေအောင် တွေ့လိုက်ရသည်။ မိန့်စ်က နယ်သာလန် - အမ်စတာဒမ်ရောက်တုန်းကတောင် မမြင်ခဲ့ရသည့်ကျူးလစ်တွေ။ ပြီးတော့ ကျွန်တော်ကြိုက်ပြီး စိတ်ဝင်စားနေမိသည့် ကမဲလီးယား (Camellia)ပန်းချဲ့တွေလည်း တွေ့ရ၏။ ပန်းအကြောင်း တော်တော်နားလည်သည့်လမ်းညွှန်က -

"လက့်ဖတ်ပန်းလို့ ခေါ် တယ်။ တရုတ်ဘက်ကဝင်လာလို့ မြန်မာပြည်မှာလည်းရနေပြီ"

လို့ ပြောပါသည်။

ဒဖော်ဒယ်(Deffodil)ပန်းဝါဝါလေးလည်း အများကြီးမြင်ရ၏။

ရွာလေးထဲ လမ်းလျှောက်ဝင်လာကြတော့ ညနေစောင်းအကျနေမှာ လှလိုက်တဲ့ရွာလေး။ အိပ်မက်ထဲရောက်နေသလိုလို။ ရွာလမ်းတစ်လျှောက် ပန်းပင်တွေ၊ အကိုင်းအခက်တွေညှပ်ပြီး ပြုပြင်ထားတဲ့ သစ်ပင်လှလှတွေ၊ ကျောက်တုံးဥယျာဉ်တွေနှင့်အတော်ကြည့်ကောင်း၏။ ကားတာယာဟောင်းထဲ ချောမြေမည်းမည်းတွေထည့်ပြီး အပွင့်လှလှပင်ပုလေးတွေစိုက်ထားသည့်စိတ်ကူးကိုလည်း သဘောကျမိသည်။ ဝါးခြံစည်းရိုးနိမ့်နိမ့်၊ မြက်ခြောက်ထူထူမိုးကာ ဂျပန်ကွက်စက္ကူတံခါးတပ်တစ်ထပ်အိမ်လေးတွေ တွေ့ရ၏။ ဝါးထည် ခြင်း၊ တောင်း၊ ပလိုင်း၊ စကော၊ ဆန်ခါ စသည့် ဝါးထည်လက်မှုပစ္စည်လေးတွေရောင်းသည့် ဆိုင်လေးတွေမှာ မြက်ဖျာခင်းထိုင်ခုံရှည်တွေချထားသည်။ ဒီရွာဟာ အမျိုးသားသဘာဝရတနာအဖြစ် ၁၉၇၄ ခု၊ မေလထဲတသတ်မှတ်ခဲ့သည့် ဖူဂျိတောင်ခြေက နာမည်ကျော် ရှေးဟောင်းရွာလေး အိုရှိနို့(Oshino)ပါ။ မကြာခင်မှာပဲ အိုရှိနို့၏ ထင်ရှားလှကြာသော ကြည်လင်လှသည့်ရေ (Crystal water) ရှိရာ ကန်ရှေ့ရောက်သွားပါတော့သည်။ ကန်အောက်ခြေမှာ ရေစီးနှင့်အတူကခုန်နေသည့်ရေမှော်ပင်ရှည်တွေ၊ ကူးခပ်နေသည့်ငါးလေးတွေကိုတောင် မြင်နေရအောင် ကြည်လိုက်သည့်ရေ။ သည်ရေကလည်း နှယ်နှယ်ရရမဟုတ်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဖူဂျိတောင်၏(Hakkai Springs - Wakuike) စမ်းရေကန်က ကြည်လင်လှသည့် ထိုရေကို ၁၉၈၃ခုနှစ်မှာ အမေရိကန်၊ နာဆာအာကာသလွန်းပျံယာဉ် ချယ်လင်ဂျာက ကမ္ဘာမြေကြီး၏ စံပြရေအဖြစ် သယ်ဆောင်သွားခဲ့ပြီး လကမ္ဘာ၊ အာကာသ ဝန်းကျင်မှာဖြန့်ကြက်ကာ စမ်းသပ်မှုလုပ်ခဲ့တော့ နှင်းပွင့်တွေဖြစ်သွားခဲ့ပေါ့။ ရှေးစကားအရတော့ သည်စမ်းရေဟာ (Konohanasakuya Hime) နတ်မင်းကြီး၏တန်ခိုးစွမ်းအားနှင့် စတင်ပန်းထွက်ခဲ့သည်ဟုဆိုကြ၏။ ရေကန်ဘေးက ရေညှိတွေထူထဲစွာကပ်ညှိနေသည့် သစ်ပင်များ၏အနီးမှာတော့ အမျိုးသားသဘာဝရတနာအဖြစ် သတ်မှတ်ထားသည့် (To-kushaka-Kyuo) နတ်မင်းကြီးစံရာနတ်တွင်းကို တွေ့နိုင်ပါသည်။

အိုရှိနို့ရွာလေးက ဖြန်ထွက်လာတော့ ဖူဂျိတောင်ကြီးကို ဝင်းဝင်းပပ တည်တည်ငြိမ်ငြိမ်ကြီးမြင်ဖူးလိုက်ရပြီမို့ အားလုံးပဲကျေနပ်သွားကြသည်။ သို့တိုင်လည်း ကားလမ်းတစ်လျှောက် တရိပ်ရိပ်ပြေးနေသည့် တောတောင်တွေကြားကပဲ ဖူဂျိတောင်ကြီးကို မမှိတ်မသုန်လှမ်းကြည့်နေကြဆဲပါ။ ပြန်ပြီးပျောက်သွားမှာစိုးရိမ်သည့် စိတ်တွေနှင့်ပေါ့။ ဖူဂျိက ကြည့်မဝနိုင်အောင် စွဲလမ်းစေတာကိုလည်း သတိပြုမိသွား၏။

မကြာခင်မှာ တစ်ညတာတည်းခို ရမည့် (Hotel Regina, Kawaguchi) ဟိုတယ်ကိုရောက်ရှိလွှားပါသည်။ ဟိုတယ်အဝင်လမ်းအကွေ့မှာ ဖူဂျိတောင်ကြီးကို ဘွားခနဲ အနီးကပ်ပြန်မြင်လိုက်ရတော့ ဒါ ဖူဂျိတောင်ခြေတစ်နေရာသိလိုက်ရ၏။ ဟိုတယ်ရှေ့မှာ ကားလိုက်တော့ ကိုယ်နေရမည့်အခန်း ဖူဂျိတောင်ကြီးကို ကျောခိုင်းအခြေးကမျက်ဖြစ်နေမလား စိုးရိမ်ကြပြန်သည်။ သို့ပေမယ့် လူတိုင်းတိုင်းကနေ ဖူဂျိကိုမြင်ရအောင် ဟိုကို စနစ်တကျနေရာချွေးပြီး စီဆောက်ထားတာမို့ အားလုံးပေါ်ကြ၏။ ပိုကောင်းတာက အခန်းတိုအပြင်ဘက်ကို ဝရန်တာလေးတွေထားပေးလို့ အထုပ်ထွေပစ်ချိုးသည်အားလုံးပဲ ဝရန်တာကို အပြေးကြည့်ကြ၏။ ဖူဂျိတောင်ကြီးကို ဘေးမှာထားပြီး ထင်းထင်းကြီးသလိုမို့ လူတိုင်းဟာ ကင်မရာတစ်လုံးဖြစ်နေကြရဲ့။

တည်းခိုရာဟိုတယ်ဆင်ထက်ကလှမ်းကြည့်တော့ ဟိုတယ်အနောက်တောလမ်းလေးရှိသည်။ ထိုလမ်းလေးမှ တောင်ပေါ် တက်သွားတော့ တောင်ကြောပေါ် ရောက်မည်။ ထိုကြောအဆုံးမှာ ဖူဂျိတောင်ကြီးသာလား။ ဘယ်လောက်အကွာအဝေးပါလဲ။ ဘယ်လောက်ကြာကြာသွားလျှင် ဖူဂျိတောင်ခြေကိုရောက်တွေးကြည့်မိသည်။ တောင်ပေါ်လေးကို ပျောက်လိုက်၊ ပေါ်လိုက် အတော်မြင့်မြင့်တက်သွားသည်အထိ နေရ၏။ နက်ဖြန်မနက်အိပ်ရာထပြီး တောင်ပေါ် လမ်းလေးဆီသွားရမည်။

ထိုနေ့က ဟိုတယ်မှာစားသောက်ညစာကလည်း ထူးခြားလှပခရီးသည်အားလုံး ဂျပန်နို့ရောကိမိုနို့ဝတ်ပြီး ထမင်းစားဆင်းလာလမ်းညွှန်ကကြိုပြောလိုက်၏။ တိုင်းမှာ ချစ်သူစုံတွဲတွေအတွက် နှင့်ပန်းရောင်ကိမိုနို့နှစ်စုံပေးထားကျွန်တော်တို့က အမျိုးသားဘယောက်မို့ ကိုယ့်မှာ အခန်းဖော်ပြီး ကျန်သည့်ပန်းရောင်ကို ဝတ်၏။ ညစာစားခန်းရောက်မှ အဝတ် ကိမိုနို့အပြာနှင့်ပြန်လဲတော့ တာဝန်ကျေပြီး နွေးထွေးဂျပန်စားသောက်ခန်းဝန်ထမ်းရှာလို့ အဝတ်မှန်ဝတ်နိုင်သွား

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စာတွေကို ဂျပန်စတိုင်လ် မြေခွက်လေးတွေအဖုံးပါသည့်ခွက်လေးတွေ၊ ယွန်းဗျပ်လေးတွေနှင့်ထည့်ပြီး တည်ခင်းသည်။ မြို၊ အသီးအရွက်၊ ပဲသီးစိမ်းတောင့်လေးတွေ၊ အသားစိမ်းငါးစိမ်းတွေ၊ တို့ဖူး၊ သောက်စရာပဲနို့ရည်စိမ်းဖန်ဖန်၊ အချိုပွဲအတွက် ဂျယ်လီပန်းနရောင် ပျော့ပြပြအတုံးလေးတွေအားလုံးဟာ အရောင်စုံပြီး ခင်းကျင်းထားတာကိုက လှနေ၏။ အသားလွှာစိမ်းတွေနှင့် တို့စားစရာ ဝါဆာဘီ၊ အချဉ်ရည်၊ ငံပြာရည်တွေကလည်း ပိုအရောင်စုံအောင် ဖြည့်စွက်ပေးနေသလိုပါ။ အစိမ်းနုနုခြောက်ထောင့်ပန်းကန်ပြားထက်ကရေခဲတုံးအချိုင့်ထဲမှာ ငါးစိမ်းလွှာရဲရဲလေးတွေ ထည့်ထားတာ အနုပညာဆန်လိုက်တာ။ ဂျပန်တွေဟာ အလှအပကို အတော့်ကို နူးနူးညံ့ညံ့ ခံစားတတ်တာပါပဲလား။ ထမင်းကတော့ ရှုံးဆန်လိုခပ်စီးစီးလေး။ ငါးစိမ်းစားကျင့်မရှိ၊ စားလည်း မစားရဲ၊ စားဖို့လည်းတွန့်နေပေမယ့် ရောက်ရာအရပ်မှာ ဒေသအစားအစာဆို ကြိတ်မှိတ်စားကြည့်တတ်သည့် ကိုယ့်အကျင့် အတိုင်း ငါးစိမ်းလွှာတွေ တူနှင့်ညှပ်၊ အချဉ်ရည် ဝါဆာဘီမွှန်မွှန်တွေနှင့်တို့ပြီး မျက်စိမှိတ်ပါးစပ်ထဲသွင်းပြီး ဝါးချလိုက်တော့ ထွေးထွေးလေးလုံးဝင်သွား၏။ လျှာထဲမှာပျော်သွားတယ်ဆိုတဲ့ခံစားမှုမျိုး မြိန်ရေယှက်ရေတော့မဖြစ်ခဲ့ပါဘူး။

ညအိမ်ရောဝင်ခါနီးမှာတောင် မှန်ပြတင်းပေါက်ကျယ်ကြီး၏ ယင်းလိပ်ကို ဖွင့်ကာ ယောင်ပြီး ဖူဂျီတောင်ကို ရှာကြည့်မိသေးရဲ့။ ဩော်- ဒီလောက်ကြီးသည့်တောင်ကြီးကို ဆလိုက်မီးထိုးထားတာမှမဟုတ်တာ။ မဟုရာကောင်းကင်မှာ နှင်းဖုံးတောင်ထွတ်ကြီးကို ဖွေးဖွေးကြီးမြင်ရမယ်လို့ထင်မိတာ ကိုယ့်အမှားပါ။ သို့သော်လည်း ဒီလိုကြည့်ချင်မိသွားတဲ့စိတ်ဟာ ဖူဂျီရဲ့ညှို့ငင်ချက်ပါပဲလေ။ ဘာပဲဖြစ်ဖြစ် ဖူဂျီတောင်ကြီးကို ခုကင်သေးမှာထားပြီး အိပ်လိုက်ရတယ်လို့ ကြည်နူးမိရဲ့။ တစ်ပြိုင်တည်းမှာပဲ ဖူဂျီဟာ မီးငြိမ်းတောင်မဟုတ်ဘဲ အသက်ဝင်နေဆဲမို့ နောက်ဆုံးပေါက်ကွဲခဲ့တာကသည်း နှစ်သုံးရာပဲရှိသေးလို့ တကယ်လို့များ နောက်တစ်ကြိမ်ပေါက်ကွဲတာဟာ သုံးဖြစ်နေရင်ကောလို့လည်း တွေးမိရဲ့။ ဝေမယ့် မကြောက်မိပါဘူး။ ဖူဂျီကို ကြောက်သည့်စိတ်ထက် ချစ်သည့်စိတ်တို့များနေလို့ ဖူဂျီနှင့်အတူ ပျော်ပျော်ကြီးနေလိုက်မယ်လို့ပဲ စိတ်တုံးတုံးချကာ အိပ်ရာထက်မှာလဲလျောင်းရင်း ပြတင်းပေါက်ကို ငေးကြည့်နေမိပါတော့သည်။ လသာရက်များဆိုရင်တော့ လရောင်ပိုးဝင်းဖြင့် ဖူဂျီတောင်ကြီးကို မြင်ရလေမလား။ ဖူဂျီယာမမှ မီးခိုးငွေ့များကတောင်ပတ်လည်ကို ရစ်သိုင်းထားလေမလား။ ဖူဂျီတောင်ထွတ်မှာ ရစ်ပတ်နေသည့် ဒဏ္ဍာရီဆန်လှသည့်တိမ်မျှင်များ။

❑

သူမိခင်ဆုံးသည့်နေ့မှာ အသက် (၂၀) ပြည့်သွားသည့် သမီးပျိုအတွက် ဖခင်အိုကြီးက ရင်လေးလို့နေမိသည်။ သမီးဟာ သူ့အမေမရှိစဉ်ကတည်းက သူ့ရဲ့ကောင်းမင်းသားခြောက်ပါး၏ ကမ်းလှမ်းချက်ကိုလည်း မိအိုဖအို့များအား ပြုစုလိုသဖြင့် ငြင်းဆိုခဲ့သူဖြစ်၏။ သူမအထက်က အစ်ကို၊ အစ်မတွေအားလုံး အိမ်ထောင်ရက်သားကျသွားသဖြင့် သူမသာ အဖေ၊ အမေတို့ကိုပြုစုပါရစေဟု အတန့်တန်တောင်းဆိုခဲ့သည်။ နွားအို နောက်ကျသမီးလေးကို သူ့အမေသွေးမဆုံးခင်လေးကမှ မွေးဖွားခဲ့သဖြင့် သူ့အထက်ကသားသမီးတွေထက်လည်း သူကယ်လွန်းခနရာ မသိသူများက မြေးမလေးလားဟုပင် မေးတတ်ကြ၏။ ခု အမိမဲ့ခ်ိန်မို့ ဖခင်က သမီးကိုဝိုလို့ပင် စိတ်မချဖြစ်လာမိသည်။ ငါများသေသွားရင် ဒီတောင်ပေါ် အိမ်လေးမှာ သမီးလေးတစ်ယောက်တည်းကျန်နေခဲ့ရရှာမှာဟု အခါခါတွေးကြည့်ရင်းသက်ပြင်းတွေသာချမိပေါ့။

ကြီးစဉ်ငယ်လိုက်မင်းသား (၆) ပါးလုံးက သမီးယေ်ကိုချစ်မြတ်နိုးကြသဖြင့် အမိဆိုရမည့်စကား၊ အဖဆိုရမည့်စကားမခွဲခြားနိုင်တော့ဘဲ သူတို့ထဲကတစ်ဦးဦးကို ရွေးချယ်ပါလားသမီးရယ်ဟု ဖခင်ကြီးက လမ်းစဖွင့်ပေးမိ၏။ သမီးထွေးကတော့ ခေါင်းကိုတွင်တွင်ခါရင်း ဖခင်ကို မျက်လုံးခွဲကြီးတွေဖြင့်သာ ငေးကြည့်နေသည်။ ဖခင်ကြီးက တိုက်တွန်းချိန်မရသည့်အခါ ဖျောင်းဖျပြောဆိုပြန်၏။ အကျိုးအကြောင်းဖြင့်ဆင်ခြင်နိုင်အောင် ဖျောင်းဖျချမရသောခါ စိတ်ဆိုးမာန်ဆိုးဖြစ်ပြလိုက်ရသေးသည်။

ညည်းတစ်ယောက်တည်း တော လမ်းလေးအဆုံးက မြက်ခြောက်မီးအိမ်ထဲမှာ ဘယ်လိုနေခဲ့မလဲ၊ စဉ်းစားဉာဏ်နည်းတဲ့ အမိုက်မ"

သည်လိုဖြင့် ဝါးခုတ်သမားဖခင်အိုကြီးလည်း အလုပ်ပင်ပန်းကြမ်းတမ်းခဲ့မှု၊ အသက်အရွယ်ကြီးရင့်လာမှုတို့ကြောင့် ကိုယ့်ဒုးကိုယ်မသယ်နိုင်အောင် အိုမင်းချည့်နဲ့လာတော့၏။ စိုးရိမ်သောကဖြင့် သမီးထွေးကလေးအတွက် ပူပန်ကြောင့်ကြနေရရှာသည်။

နွေနှောင်းညနေခင်းတစ်ခုမှာ သမီးငယ်သည် အိမ်၏လသာဆောင်ကနေ ကောင်းကင်ကိုငေးကြည့်နေလေသည်။ ဖခင်ကြီးလည်း အိမ်နံရံကိုအားပြုရင်း သမီးလေးအနားသို့ တရွေ့ရွေ့တိုးလာခဲ့၏။

"အိုတိုးစံ (အဖေ) ပြောတာကို လက်ခံပြီး အိမ်ထောင်ရက်သားပြုလိုက်ပါတော့လားကွယ်။ သမီးအတွက် အိုတိုးစံသေဖို့တောင်စိတ်မဖြောင့်ဘူးသမီးရယ်"

ဖခင်အို၏ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းမပေးနိုင်သည့်တိုင် ဖခင်ကြီးပူပင်သောတကင်းပေးပြီး စိတ်ချလက်ချခေါင်းချနိုင်အောင် အမှန်တရားကိုပြောပြဖို့ သမီးထွေးလေးမှာ တာဝန်ရှိလာသည်မို့ ဖခင်ကြီးမျက်နှာကို မကြည့်ရက်တော့ဘဲ မျက်လွှာချကာ ဖွင့်ချပြောပြလိုက်တော့သည်။

"အိုတိုးစံ၊ သမီးပြောပါရစေ။ အမိအဖတို့ရဲ့မွေးကျေးဇူး၊ ကျွေးကျေးဇူးတွေကို သမီးအမြဲစွဲမှတ်လေးစားပါရဲ့။ ဒါပေမဲ့ သမီးရဲ့အိမ်ဟာ တကယ်တော့ လမင်းကြီးမှာပါ၊ ဒီတောကြီးမျက်မည်းထဲမှာမဟုတ်ပါဘူး။ တောထဲမှာ ဦးဦးသားသားဝါးခုတ်ရင်းလုပ်ကိုင်စားသောက်နေတဲ့ အဖေ၊ အမေတို့ကို စောင့်ရှောက်ကူညီဖို့ အဲဒီကောင်းကင်တစ် နေရာက နေ သမီးကိုပို့လိုက်တာမို့ နောက်လပြည့်တဲ့အခါ သမီးကိုပြန်လာခေါ်တော့မှာပါ။ အချိန်ကျလာရင် ဘယ်သူမှတားဖို့ မတတ်နိုင်ပါဘူး၊ အိုတိုးစံလည်း သမီးကို စိတ်ချလက်ချထားသွားပါတော့"

ဖခင်ကြီးလည်း မယုံနိုင်လောက်အောင် အံ့သြခြင်းကြီးစွာဖြစ်ကာ

"အိုတိုးစံ စိတ်သက်သာအောင် ကြံဖန်ပြီး နှင်ပြောနေတာမဟုတ်လား၊ နင်ဟာ ငါ့သမီးပဲ။ နင့်ကို ဘယ်သူ့ဆီတို့မှ ငါပေးမလွှတ်နိုင်ဘူး။ အရှင်းတောရဲ့ လမင်းကြီးကို သွားအတူအညီတောင်းမယ်၊ ငါ့သမီးကိုဘယ်သူမှလာယူလို့မရဘူး"

ဟု သမီးစိတ်မွန်ကာ အော်ဟစ်ပြောဆိုလိုက်၏။

သမီးပျိုကို လောကကြီးအလယ်မှာ တစ်ဦးတည်းထားရစ်ခဲ့ရမှာ စိတ်ချသည့်စိတ်ထက် ကိုယ့်သမီးကို ခွေးတစ်ပဲ့ထံမပေးလိုက်နိုင်သည့် ဖခင်တစ်ဦး၏

www.burmeseclassic.com

သောကများသာ စိုးမိုးနေလေတော့၏။ သို့ဖြင့် ရွှာနီးချုပ်စပ်ကို အကူအညီလှမ်းတောင်းကာ ကေရာဇ်မင်းထံ မိမိတို့ဘဝကို တင်ပြလျှောက်ထားပြီး အသနားခံခဲ့လေသည်။

တိုင်းသူပြည်သားများ၏သောကကို မိမိရင်မှဖြစ်သော သောကနှယ်ခံယူသဘောထားသည့် ကေရာဇ်မင်းကြီးကလည်း-

"ကောင်းကင်မှလာခေါ်မည့် အဲဒီအချိန် လပြည့်ရက်ကျရင် ဝါးခုတ်သမားရဲ့တောင်ပေါ် ရွှာကို ရဲမက်တပ်တစ်တပ်စေလွှတ်ပေးမယ်။ ကြောင့်ကြကင်းပြီး စိတ်အေးချမ်းသာနေရစ်ပါ"

ဟု ပြန်ကြားကတိပေးလိုက်ပါသည်။

ထိုလပြည့်နေ့ ညနေ နေညိုချိန်ရောက်သည့်တိုင် ကောင်းကင်ကြီးဟာ ပြာနှမ်းမှိုင်းမှုန်နေ၏။ လပြည့်ဝန်း၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေးပေ။ ရွှေရောင်ကြယ်သေးသေးလေးတွေသာ ကောင်းကင်ယံမှာ ကျိုးတိုးကျဲတဲ မှေးမှေးမှိန်မှိန်ရှိနေပါသည်။ သို့သော် အပ်ချည်ကြိုးနှယ် သေးမျှင်လှသည့် ငွေမှင်တန်းလေးတစ်တန်းတော့ မိုးကုပ်စက်ဝိုင်းအစပ်ဆီမှာ နေလုံးကြီးဝင်တာနှင့် ပေါ်ထွက်လာနေ၏။ ညဘက်သို့တူးလာလေလေ၊ အမှောင်ထုပိုမိုအားကောင်းလာလေလေ ငွေရောင်အတန်းလေးက ချည်မျှင်အရွယ်မှသည် ဖဲကြိုးပြားနှယ်ရှိလာကာ ပိုမိုကျယ်ကျယ်လာပြီး ပို၍လည်းကောက်ပလာ၏။ ယင်းငွေမှင်တန်းလေးကို မော့မော့ကြည့်ရင်း သမီးထွေးလေးလည်း ပိုပိုဝမ်းနည်းလာမိလေတော့သည်။

ဖခင်အိုကြီးမှာလည်း -

"သမီးငယ်လေးပြောတာ အမှန်တကယ်ပဲလား။ ဒီနေ့ ငါ့သမီးကိုလာခေါ်ကြတော့မှာလား။ ငါ့နှလုံးသည်းပွတ်ကို သူတို့ဖြုတ်ယူသွားတော့မှာလား။ ငါတစ်သက်လုံး အရိပ်တကြည့်ကြည့် ချစ်လာခဲ့ရတဲ့ သမီးထွေးလေးဟာ ငါ့သမီးမဟုတ်ဘူးလား"

စသဖြင့် အတွေးတို့ယောက်ယက်ခတ်လျက် သောကဗျာပါဒတွေဆူဝေနေ၏။

ကေရာဇ်မင်းကြီးကလည်း သတိတရဖြင့် ကတိအတိုင်း တပ်တွေပို့လွှတ်လိုက်ရာ (၁၀၀၀) လောက်သော ရဲမက်တွေက အိမ်အမိုးပေါ် ကိုလှမ်းကြည့်ရင်း အိမ်ပတ်လည်မှာစောင့်ကြပ်နေကြသည်။ နာမကျန်းဖြစ်နေသည့်အဘိုးကို မထိတ်မလန့်အောင်လည်း သတိထားကြဖို့ မင်းကြီးက ရဲမက်များကိုမှာလိုက်သဖြင့် ချောင်းဟန့်သံပင်မရှိ တိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြ၏။ အိမ်ဘေး ဝါးရုံတောမှလေတိုးသံနှင့် ဝါးရွက်ချင်းပွတ်တိုက်သံမျှသာပဲ ရဲရဲမြည်နေပါသည်။

ပထမလပြည့်ည။ သမီးထွေးလေးလည်း လသာဆောင်မှ လထွက်လာမှာကို မသိမသာစောင့်ကြည့်နေမိ၏။ ဖခင်ကြီး၏ဖျော့တော့လာသောအသက်ရှူသံကိုလည်း ကောင်းစွာ သတိထားမိရာ ဝမ်းနည်းစိတ်များလိပ်လိပ်တက်လာနေပါတော့သည်။ တောင်ထိပ်သစ်ပင်ဖျားမှာ ငွေလဝန်းကြီးလည်း တဖြည်းဖြည်း နေးကွေးစွာထွက်ပေါ် လာပါပြီ။ သမီးငယ်လေးလည်း လဲလျောင်းနေသည့်တိုင် အိပ်မပျော်ရှာသော ဖခင်ကြီးအနားသို့ ခြေဖွဖွနင်းကာ သွားလိုက်ပါသည်။ အိုတိုးစံ၊ အိုတိုးစံဟုလည်း ရင်ထဲမှအော်ခေါ်နေမိ၏။ ညင်သာသော သမီးထွေးလေး၏ခြေသံကိုမျှမကြားရသည့်တိုင် အဘိုးအိုလည်း သမီးလေး အနားကပ်လာသည်ကိုသိနေပါသည်။ ဝါးခြမ်းပြားလိုပါးလှပ်နေပြီဖြစ်သော သူ့လက်လေးတွေကိုပင့်သူ မှမနိုင်တော့သည့်တိုင်-

"မင်းယူလာတဲ့အမျော်တွေအတွက် ကျေးဇူးတင်ပါတယ် သမီးလေးရယ်"

လို့ ပါးစပ်လှုပ်ရုံမျှ တိုးတိုးပြောပြီး နောက်ဆုံးထွက်သက်နှင့်အတူ ဝါးခုတ်သမားအဘိုးအိုကြီး သေဆုံးသွားပါတော့သည်။

သမီးထွေးလေးလည်း ဖခင်ကြီး၏ လက်ဖဝါးနှစ်ဖက်ကိုပူးကိုင်ကာ ရင်ဘတ်ပေါ် သို့ အသာအယာတင်ပေးလိုက်ပြီး နောက် ဖခင်ကြီးဘက်သို့ လက်အုပ်ချီရင်း အသံမထွက်သော ငိုရှိုက်ခြင်းဖြင့် တအိအိငိုကြွေးလိုက်လေ၏။

ထိုစဉ် လမင်းကြီးလည်း မိုးကောင်းကင်ယံသို့ တရွေ့ရွေ့မြင့်မြင့် တက်လာနေပါသည်။ ဝါးရွက်လေတိုး သံပင်မကြားရလောက်အောင် လောကကြီးက တိတ်ဆိတ်နေပြန်၏။ မိုးကောင်းကင်ထက်မှ လင်းလက်သည့်အလင်းရောင်တန်းတစ်ခု ခြေအပြေပေါ်သို့ တံတားခင်းလိုက်သလို ထိုးကျလာပေါ့။ တောက်ပဝင့်ကြွားသည့် ချုပ်တုံစုံတွေနှင့် မရေမတွက်နိုင်သော ရဲမက်တွေ မတ်တတ်ထရပ်လိုက်စဉ်မှာ လေပြည်၏ ရွေ့ကဲ့ဝဲထွက်လာသော ဦးဦးငွေ့တွေလို နဂါးငွေ့များနှင့်ထိတွေ့လိုက်သည့် အခါ စစ်သည်အားလုံးပဲ မလှုပ်မရှား သည့်ကျောက်ရုပ်တွေဖြစ်သွားကြသည်။

အလင်းတန်းနှင့် အတူတူသည့် ကောင်းကင်တမန်ခေါင်းဆောင်က မင်းသမီးလေးလို တည်ငြိမ်စွာရပ်နေသည့် သမီးငယ်လေးရှေ့မှာလာရပ်၊ မျက်လုံးထောင့်မှ မျက်ရည်တစ်စက်လိမ့်ချလိုက်ရင်း 'အသင့်ပါပဲ'လို မိန့်လေးကပြောလိုက်သည်။ ခေါင်းဆောင်က သေးငယ်သည့်ခွက်ကလေးကိုပေးရင်း 'ဒါဟာ မေ့တတ်ခြင်းရေဆင်မ' ဟု တိုးညင်းစွာ သွေးတစ်လုံးချင်းပီသစွာ ပြောပြသည်။ ကလည်း ထိုခွက်လေးကို တိတ်ဆိတ်အသာအယာယူပြီး တည်တည်ငြိမ်ငြိမ် မော့သောက်ချလိုက်၏။ ခေါင်းဆောင်က မနက်ခင်းနှင်းမြူလို ဖြူဖွေးအဖွေးအတောင်တွေပါသည့် တစ်စုံဖြင့် သူမ၏ဝန်းကိုညင်သာ ထွေးပွေ့လွှမ်းခြုံပေးလိုက်ပြန်သူမ၏ဝတ်စုံသစ်နှင့်အတူ ငယ်လေး၏မြေပေါ် ကဘဝတစ်ခု သူမထံမှ မှေးမှိန်ပျောက်ပျယ်သွား၏။ တောင်ပံတစ်စုံအား ညံ့သတဖျတ်ဖျတ်ခတ်ရင်း ညင်၏ကောင်းယံသို့ သူမပျံတက်သွားပေ့။ လရောင်၌ ဝေ့ဝဲနေသော နှင်းမြူအကြား သူမပျံဝဲရောက်ရှိသွားတောင်ပံဖြူ မြူနှင်းနှင့်တိမ်လွှာတို့ ရောယှက်ရင်း ဖူဖွိတောင်ထိပ်လွှင့်ပါးရောက်ရှိသွားလေ၏။ ဖူဖွိထိပ်တွင်ညိုလျက်ရှိသော လပြည့်ပြည့်ရွှန်းသော လပြည့်ဝန်းထဲသို့ တိုးဝင်ရောက်ရှိသွားသောအခါ သည် လမင်း၏အပျိုစင်ပြန်ဖြစ်သွားသည်။

❑

စိတ်လှုပ်ရှားစွာ မနက်အစောအိပ်ရာမှနိုးလာသည်။ မိုက်ထားမျက်ခွံကြားမှပင် အလင်းရိပ်ရိပ်တို့ နေရသလိုရှိနေ၏။ မြူနှင်းတွေတောင်ပံတစ်စုံလား၊ လရောင်ကျွန်တော် ရုတ်ခြည်းဝေခွဲမရ၊ မိုက်ထားဆဲလား၊ မျက်လုံးပွင့်နေသလည်းမသိ။ အတန်ငယ် ကယောယက်ဖြစ်ပြီးမှ ဘယ်နှနာရီရှိပြီလဲ ချင်လာသဖြင့် မျက်လုံးဖွင့်ပြာမှိုင်းမှိုင်းမြင်ကွင်းကျယ်ကြီးကို လိုက်ရသည်။ ညက ခန်းဆီးလုံးအထူကိုဖွင့်ပြီး ဟိုတယ်အပြင်ဘက်

www.burmeseclassic.com

www.burmeseclassic.com

ငေးရင်းအိပ်ခဲ့သည်ပဲ။ အလို-အရွက်ဦး အမှောင်ထုပျောက်လုလုမှာ ဖူဂျီတောင်ကြီးက ကိုယ့်မျက်စိရှေ့တွင် အေးစက်စက်ကြီးမားမားမတ်မတ်တည်ရှိနေရဲ့။ အပြာနုနုနှင့် မီးခိုးမှိုင်းမှိုင်းရောစပ်နေသည့် ခပ်မှန်မှန်အရောင်များ၏ထိပ်တွင် နှင်းဖုံးတောင်ထွတ်ကိုမြင်လိုက်ရသည်။တောင်ထိပ်ဖျားက နှင်းမတင်သည့် ကျောက်စွန်းညိုညိုတွေကိုတောင် မြင်နေရသလိုပါပဲ။ ထိုတောင်စွန်းတွင် ရစ်သီနေသော အဖြူလွှာများမှာ တိမ်တိုက်တွေလား၊ လရောင်စွန်းထင်းနေတာလား။ ဖြူဆွတ်ဆွတ်အမွေးအတောင်တွေလား။ လှလိုက်တာလို့ ငေးကြည့်နေရင်းမှပဲ လူးလဲထရင်း မှန်ပြတင်းကျယ်တစ်ဖက်မှာ စုပြုံနေသည့် ခန်းဆီးထူထူတွေကိုထိုးခွဲကာ ဝရန်တာဆီထွက်ကြည့်လိုက်မိ၏။ ဒါ - ပန်းချီကားမဟုတ်ဘူး၊ ဓာတ်ပုံမဟုတ်ဘူး။ ပြီးတော့ မြန်မာပြည်လည်း မဟုတ်ဘူး။ ဖူဂျီတောင်ကြီးကိုလှမ်းမြင်နေရသည့်အရပ်၊ ဂျပန်ပြည်တစ်နေရာ၊ ဒူဂျီယာမတောင်ခြေ။ အိပ်မက်မဟုတ်ဘူးနော် တကယ့်နှင်းဖုံးတောင်ကြီး။

အတန်ကြာ ငေးကြည့်ငြိမ်သက်နေမိရင်းမှ အေးစိမ့်လာလို့ အခန်းထဲပြန်ဝင်လိုက်သည်။ အိပ်ရာထဲပြန်လဲရမည့် အချိန်မဟုတ်။ ဖူဂျီတောင်ကြီးနှင့်နီးနိုင်သမျှနီးမည့်နေရာကို ရနိုင်သမျှအချိန်မှာသွားကြည့်ရမည်ပဲ။ ရေချိုးခန်းထဲဝင်ကာ ရေနွေးရောပြီး ခပ်သွက်သွက်ရေချိုး ပစ္စည်းတွေသိမ်းပြီး အိတ်ဆွဲဆင်းခဲ့သည်။ အခန်းမှထွက်ခါနီးမှာ အခန်းဖော်ကိုခေါ်ခဲ့ပြီး တစ်ခါတည်းသွားနှင့်ပြီလို့ပြောလိုက်သည်။ အခန်းပြန်မတက်တော့ဘူး။

အောက်ဆုံးထပ် ဟိုတယ်ဧည့်ခန်းမှာလည်း ဖူဂျီတောင်ပုံပန်းချီကားကြီးကြီးကို တွေ့ရသည်။ အိတ်ကို လျှောက်ပြဇာနမှာအပ်ခဲ့ပြီး ဟိုတယ်ဘေးက တောလမ်းလေးဆီ လျှောက်ကြည့်ဖို့ စိတ်ကူးလိုက်၏။ မှန်တံခါးမကြီးကို ဖွင့်လိုက်တော့ အပြင်မှာ အတော်အေးတာပဲ။

ဟိုတယ်အထွက်နားမှာ ကျောက်ကြီးတွေ၊ မြက်စည်းတိုင်တွေ၊ ဝါးရောင်ကျောက်လက်ရန်းတွေနှင့် တန်ဆာဆင်ထားသည့် ကျောက်တုံးဥယျာဉ်ငယ်လေးတို့ကို တွေ့ရသည်။ ကြမ်းခင်းမှာခင်းထားသည့်ကျောက်ခဲသေးသေးလေးတွေကလည်း ခြောက်ရည်ကျောက်ခဲအနက်နဲ့ ကျောက်ခဲဖြူဖြူသေးသေးလေးတွေကို အကန့်လိုက်အရောင်ကစားပြီး ခင်းထားရဲ့။ အနားမှာတော့ ခရမ်းရောင်၊ မရန်းစေ့ရောင်၊ အဖြူနဲ့ပန်းရောင် နဲ့ပန်း-ပီကျူးနီးယား (Petunia) အပွင့်လေးတွေ ထည့်စိုက်ထားတဲ့ သစ်သားစည်ကလေး။

ဟိုတယ်ရှေ့ကနေ (၁၄-၅) ထပ်လောက်ရှိသည့် ဟိုတယ်ကိုပြန်မော့ကြည့်လိုက်ချိန်မှာ ဝရန်တာကနေ ဖူဂျီကိုထွက်ပြီးကြည့်နေကြသည့်ခရီးသည်တွေကိုတွေ့ရ၏။ အချို့ကတော့ ဖူဂျီတိုလှမ်းပြီး ဓာတ်ပုံတွေရိုက်နေကြသည်။ ဂျပန်ကို အတူထွက်ခဲ့သည့် သူငယ်ချင်းတို့ဇနီးမောင်နှံလည်း ညဝတ်ကိမိုနိုဝတ်စုံတွေနှင့်ပင် ဝရန်တာမှထွက်ပြီး ဖူဂျီကို လှမ်းငေးနေကြရဲ့။ သူတို့ ကျွန်တော့်ကို မခေါ်ကြ။ သူတို့မြင်ရင်တော့ ကျွန်တော် ခုလိုထွက်လာတာကို တားမြစ်လိမ့်ဦးမည်။ ဖူဂျီတောင်ကြီးနှင့်ပတ်သက်သည့် ကိုယ့်ခံစားချက်များကို သူတို့နားလည်လိမ့်မည်မဟုတ်။ သို့သော် ကျွန်တော်တို့အားလုံး ကိုယ့်နည်းနှင့်ကိုယ် ဖူဂျီတောင်ကြီး၏ညှို့ငင်မှုတွင်တွယ်ငြိနေကြ၏။

ဟိုတယ်ဝင်းအရှေ့မှာတော့ တောလမ်းလေးရှိသည်။ အစိမ်းရောင်နောက်ခံမှာ ချဉ်ပေါင်ရွက်လို မောဟယ်လ်ရွက်နစ်ရွက်ပုံအမှတ်အသားနှင့် အနက်ရောင်သစ်သားလမ်းညွှန်မှတ်တိုင်လည်းတွေ့ရ၏။ ဂျပန်နှင့် အင်္ဂလိပ်စာအညွှန်းတွေနှင့်မှတ်တိုင်က ဝဲယာနှစ်ဖက်ကို ညွှန်ပြနေပါသည်။တိုကိုင်းသဘာဝတောတောင်လမ်းကြောင်း (Tokai Natural Trial) နယ်မြေဟုရေးထိုးထား၏။(၀. ၆) ကီလိုမီတာသွားလျှင် ဖူဂျီဧည့်သည်ဌာန (Fuji Visitor Center) ကိုရောက်ပြီး နောက်တစ်ဖက်ကိုသွားလျှင်တော့ (၀. ၉) ကီလိုမီတာအတွာမှာ (Kawaguchiko Sogo-koen) ဥယျာဉ်ရှိသတဲ့။ တောစပ်က ချယ်ရီရိုင်းပင်တွေ၊ အသီးနှံနှံလေးတွေနှင့်ချဲပင်တွေကို ငေးကြည့်ရင်း စဉ်းစားနေမိသည်။ ဟိုတယ်မှာမနက်စာမစားတော့တဲ့ တောလမ်းလေးကိုလျှောက်တက်ရင်တောင်မှ ကိုယ်ရသည့်အချိန်က အသွားအပြန် တစ်နာရီခွဲကျော်မျှသာရှိချိမ့်မည်။ ဟုတ်ပြီ။ တောင်တက်လမ်းလေးအတိုင်း နာရီဝက်တက်ပြီး ကားထွက်ချိန်အမီ ပြန်ဆင်းလာခဲ့မည်။ ဖူဂျီတောင်ကြီးနှင့် နာရီဝက်ခြေကျင်လှမ်းစာမျှနီးရလည်း နည်းသလား။

ဟိုတယ်ရှေ့ကလမ်းလေးအတိုင်း ဆက်လျှောက်လာရင်း လမ်းနှင့်မီးရထားကုန်းကျော်လိုက်ခေါင်းအဆုံးမှာပြန်လှည့်လိုက်၏။ လိုက်ခေါင်းဘေးတွင် တောင်ပေါ်တက်သည့်လမ်းစကို မြင်ရသည်။ တောလမ်းလေးကို စမတက်ခင်မှာဘဲ ရထားလမ်းဘေးဆီမှ မောင်းလာသည့် ကားတစ်စီးနှင့်ဆုံသည်။ မနေ့က ညစာစားခန်းမှာ ကိုယ့်ကို ကိမိုနိုအင်္ကျီပြန်လဲပေးတဲ့ဝန်ထမ်း။ သူကားလေးသူမောင်းပြီး မနက်စာကွေးဖို့ အလုပ်ဝင်လာသည်ထင်ရဲ့။ သူလည်း ကိုယ့်ကို မှတ်မိကာ ကားမောင်းရင်းမှ ခေါင်းလေးညွှတ်ပြီး နှုတ်ဆက်သွားရဲ့။

တောလမ်းလေးမတက်ခင် လမ်းထိပ်တွင် ချယ်ရီပင်တစ်အုပ်ကိုတွေ့လိုက်ရသည်။ အပွင့်တွေတဝေဝေနှင့် လှလိုက်သည့်ဖြစ်ခြင်း။ ဆွဲခြင်းအလွတ်လေးကိုလက်မှာချိတ်ရင်း ကားလမ်းအတိုင်းလျှောက်လာသည့် ဂျပန်မလေးတစ်ဦးကိုတွေ့သဖြင့် ဓာတ်ပုံရိုက်ပေးဖို့ အကူအညီတောင်းရာ သူခြင်းလေးကိုချပြီး ကိုယ့်ကင်မရာကိုယူကာ နှစ်ပုံသုံးပုံလောက်ရိုက်ပေးရှာသည်။ ခြင်းလေးတည်ထွတ်ညွတ် ခါးလေးတကိုင်းကိုင်းဖြင့် နှုတ်ဆက်ရင်း ကင်မရာပြန်ဇပေးတော့ ဘုရားရေ၊ ကျွန်တော်မှင်သက်သွားရဲ့။ သူမဟာ ဖူဂျီယာမမီးခိုးငွေ့များနဲ့အတူ ဖူဂျီတောင်ထိပ်ပေါ်လွင့်ပါးသွားတဲ့ လရဲ့အပျိုစင်မလေးဖြစ်နေပေါ့။

တောလမ်းလေးသို့ ကိုယ်ဆက်တက်ခဲ့သည်။ ညက မိုးရွာထားဟန်ရှိသဖြင့် လမ်းတွေက ရွှဲနေဖြင့်ချောနေ၏။။ကားလမ်းမဟုတ်သဖြင့် ကျောက်တုံးတွေကဇလုံးဇလု။ တောင်ကွေ့လေးတစ်ခုတွင်တော့ ကိုယ့်ရှေ့ကနေ တောင်ပေါ်သို့တက်နေသော ရိုးရာကိမိုနိုဝတ်စုံမီးခိုးဖျော့နှင့် ဂျပန်အဘိုးကြီးတစ်ဦးကိုတွေ့ရသည်။ သူ့ကိုကျော်တက်ရင်း ပြုံးပြကာ ခေါင်းညွှတ်နှုတ်ဆက်ကြည့်တော့ သူကလည်း ခေါင်းပြန်ညွှတ်ပြသည်။ သို့သော် အရယ်အပြုံးမရှိ။

နောက်တစ်ကြိမ် ထပ်မံကြုံစားသည့်သဘောဖြင့် ကျွန်တော်ကထပ်ပြုံးပြရင်း ကျော်တက်နေသောကိုယ့်ခြေလှမ်းကိုနှေးကာသူ့ရှေ့မှာရပ်လိုက်သည်။ ဂျပန်ကြီးက ဘာမှမပြောလိုဟန်ဖြင့် ကျွန်တော့်ကိုကွေ့ရှောင်ရင်း မျက်နှာလွှဲလိုက်၏။ ကျွန်တော်က ဘာမှမဟုတ်ပါဘူး၊ လမ်းကြုံသွားရမှာမို့ နှုတ်ဆက်တာပါလို့ ကြိုးစားပြောပြသည်။ ကိုယ့်ကိုမျက်လုံးပင့်ကြည့်သော်လည်း သူမမေ့နှာမှာ အပြောင်းအလဲမရှိ ခပ်တည်တည်ပင်။ ကျွန်တော် ဆက်လက်လျှောက်ရင်း

www.burmeseclassic.com

www.burmeseclassic.com

တောလမ်းလေးကိုတက်ခဲ့သည်။ လူအသွားအလာနည်းပါးဟန်ရှိသောတောလမ်းလေးမှာ ကျောက်တုံးတွေက ပိုပြီးပြောင်ချောလာ၏။ အဖြစ်အပျက်တွေကမြန်ဆန်လွန်းလှသည်။ ခပ်သုတ်သုတ်တက်ခဲ့ရင်း တစ်နေရာမှာတော့ ဟန်ချက်ပျက်ကာ ကျွန်တော်လဲကျသွားတော့သည်။ ခပ်မတ်မတ် ကျောက်ချောလမ်းလေးမို့ တလိမ့်ခေါက်ကွေးကျသွားလေ၏။

❑

"တကယ်တော့ ဒီလမ်းကို လူကလေးမတက်သင့်ဘူးလို့ အိုဂျီးစံထင်တယ်"

ခပ်လေးလေးပြောလိုက်သော သူ့ကို နားမလည်နိုင်သောမျက်လုံးများဖြင့် ကျွန်တော် ငေးကြည့်နေလိုက်သည်။ လဲပြိုကျသွားသော ကျွန်တော့်ကိုထူမတွဲယူပြီး လမ်းဘေးကျောက်တုံးကြီးတစ်တုံးမှာထိုင်စေရင်း ဂျပန်ကြီးကဖေးဖေးမမပြောလာ၏။ သူ့ကိုယ်သူလည်း အဘိုး(အိုဂျီးစံ)ဟုသုံးနှုန်းသဖြင့် ခဏတွင်းမှာပင် သူနှင့် ကျွန်တော် ရင်းနှီးသွားကြသည်။ တကယ်တော့ အိုဂျီးစံသည်ကြင်နာဖော်ရွေသောအမျိုးသားကြီးသာ ဖြစ်ပါသည်။

"ဒီတောင်ပေါ်လမ်းဟာ အဆုံးလည်းမရှိဘူး။ ဘယ်မှာဆုံးတယ်ဆိုတာလည်း ဘယ်သူမှမသိကြဘူး။ ဖူဂျီစံ (Fuji-san) (ဖူဂျီတောင်) ကိုရောက်မရောက်ဆိုတာကလည်း ဒဏ္ဍာရီလာပါပဲ။ ဖူဂျီယာမ ဒါမှမဟုတ် ဖူဂျီနိုယာမလို့သိကြတဲ့ ဖူဂျီစံရဲ့မူလအမည်ကိုကထာဝရာဝလို့ အဓိပ္ပာယ်ရတဲ့ အိုနု (Ainu)လေ။ လူကလေးသိထားသမျှကတော့ ဖူဂျီစံဟာ (၁၂၃၈) ပေ (၃၇၇၆) မီတာရှိတဲ့ ဂျပန်မှာ အမြင့်ဆုံးတောင်။ နှစ်(၆)သောင်းအလွန်လောက်ကတည်းက ပထမဆုံးပေါက်ကွဲမှုတွေနဲ့အတူ ပထမဆုံးတောင်ထွတ်တွေဖြစ်ပေါ်ခဲ့တဲ့ ၁၇၀၇ ခုနှစ်မှာ နောက်ဆုံးပေါက်ကွဲခဲ့ကြကတည်းက ငြိမ်ပြီးမြဲနေတဲ့မီးတောင်။ ဖူဂျိုကို ရိုးရိုးကတော့ပုံစံ မီးတောင်ကြီးတစ်ခုအသွင်မြင်နေရပေမယ့် အမှန်က (Komitake)။ ကိုဖူဂျိ (Ko Fuji)နဲ့ ရှင်းဖူဂျိ (Shin Fuji) ဆိုတဲ့ သီးခြားမီးတောင်သုံးခုပေါင်းထားတာ။ မကြာမီကာလ နှစ်(၁၀၀၀၀)အလွန်လောက်ကပဲ ဖူဂျိအသစ် ရှင်ဖူဂျိ(New Fuji)ပထမဆုံးပြန်လည်အသက်ဝင်လာပြီး အဲဒီထဲက ဆက်လက်ကာ တစ်ခါတလေ အင်္ဂေတလူလူနဲ့ ပေါက်ကွဲလုလုဖြစ်နေတတ်တဲ့ မီးတောင်မြို့ကြီး။ ဖူဂျိစံဟာ ကျက်သရေရှိရှိလှပတဲ့ ကတော့ပုံသဏ္ဌာန်နဲ့ ကမ္ဘာတစ်ဝန်း ကျော်ကြားလာခဲ့ပြီး ဂျပန်ရဲ့ အထွတ်အမြတ် သင်္ကေတလို့မှတ်ယူကြတယ်။ ဒါပဲမဟုတ်လား"

အိုဂျီးစံက ခပ်နက်နက်မီးတောင်ချော်ကျောက်တုံးတစ်တုံးကို အသာကောက်ယူလိုက်ပြီး မရယ်မပြုံးစကားဆက်ပြန်၏။

"ဒါပေမယ့် အိုဂျီးစံတို့ဂျပန်တွေအကြားမှာတော့ ဒီတောင်ကြီးနဲ့ပတ်သက်ပြီး ကိုယ်ပိုင်ခံစားမှုဆစ်ခုခုရှိကြတယ်။ တောင်ပေါင်းများစွာသောဂျပန်တွေဟာ တောင်ထွတ်မှာရှိတဲ့ နတ်ကွန်းကို နွေရာသီတိုင်း တက်ရောက်တတ်ကြတယ်။ ဖူဂျိစံကို ဝိညာဉ်ပိုင်းဆိုင်ရာ အလေးအမြတ်ထားရာတောင်အဖြစ် မှတ်ယူထားတဲ့ ဖူဂျိတိုဂိုဏ်းရဲ့ ဘုံကျောင်းနဲ့နတ်ကွန်းတွေဟာ တောင်ခြေကနေ မီးတောင်ဝအနားစုန်းအထိတိုင် အောင်ရှိကြရဲ့။ တောင်တက်ခြင်းဟာ ရွေးအခါကတည်းက ဘာသာရေးအလေ့အထတစ်ခုပေါ့။

၉ ရာစုကတည်းက ဖူဂျိတောင်ကိုပူဇော်တဲ့ အဓိကနတ်ကွန်း (the Sengen)(Asama)ပတ်လည်မှာ ဖူဂျိနိမိယာလိုမြို့တွေ တိုးတက်ဖွံ့ဖြိုးလာခဲ့တယ်။ တိုကူဂါဝါကာလအစောပိုင်း ၁၉၂၅ ခုမှာ အုပ်ချုပ်သူ တိုကူဂါဝါ (Tokugawa Ieyasu) ဟာ နတ်ကွန်းအတွင်းပိုင်းဝတ်ပြုပူဇော်တဲ့ခန်းမနဲ့ မျော်စင်ဂိတ်တွေကို အပိုင်းလိုက် ပြန်လည်တည်ဆောက်ခဲ့တယ်။ နတ်ကွန်း၊ ဘုရားကျောင်းနဲ့ လှပတဲ့ပန်းဥယျာဉ်တွေ ကဆွဲဆောင်ခဲ့လို့ ဘုရားဖူးတွေ အများအပြားစုပြုံကျလာပြီး ဖူဂျိစံတစ်ဝိုက်မှာ ပိုမိုစည်ပင်လာခဲ့တယ်။

ဒီမီးတောင်ကြီး ပေါက်ကွဲရာကစီးကျလာတဲ့ချော်ရည်လမ်းကြောင်းတွေကို တမံတုတ်လိုက်တော့ ဖူဂျိစံရဲ့ကန်ငါးကန်ဖြစ်လာတယ်။ အဲဒီကန်တွေက ရေပေးလို့၊ မြေအောက်ရေနဲ့စမ်းချောင်းတွေပေါများလို့ ဝါးတွေတောထနေပြီး စတ္တူလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ နို့ထွက်ကုန်တွေဖြစ်ထွန်းတယ်။ ချော်မြေတွေကြောင့် သီးနှံတွေအောင်မြင်တယ်။

အဲဒီကန်တွေရဲ့ရေပြင်မှာ ဖူဂျိစံရဲ့ အရိပ်ထင်နေတော့ လှလွန်းလို့ ကမ္ဘာတစ်ဝန်းကလာကြည့်ကြတယ်။ တောထူတဲ့နေရာတွေမှာ ရေပူစမ်းအပန်းစခန်းတွေရှိပြီး ခရီးသွားလုပ်ငန်းစည်ပင်ဖွံ့ဖြိုးလာတယ်။ ခရီးသည်ရေ

"ခရီးသွားလုပ်ငန်း၊ ခရီးသည် ခရီးသည်"

"အိုး -ဟုတ်ပါရဲ့၊ ကျွန်လည်း ဖူဂျိတောင်ကြီးရဲ့ဆွဲဆောရောက်လာတဲ့ခရီးသွားတစ်ဦးပါ အို - ဘုရားရေ၊ ကျွန်တော် ဒီပေါ်လမ်းက ပြန်ဆင်းရတော့ကျွန်တော့်ကို ခရီးသွားဖော်တွေနေ ရောမယ်။ ဦးတင်ခဲ့ပါတယ် အိုဒါနဲ့ အိုဂျီးစံက ဒီတောင်ပေါ်မှာနေလား ခင်ဗျာ"

သူ ကျွန်တော့်ကို မျက်နှာနှင့်စိုက်ကြည့်လိုက်ပြီး -

"ဟုတ်တယ်။ ကျွပ်ဒီတောင်လမ်းအဆုံးမှာနေတယ်။ ဝါးခုတ်သလေ။ ကျွပ်မှာ သမီးလေးတစ်ယောက်တယ်။ ခုနကပဲ လူကလေးကို ရိုက်ပေးခဲ့သေးတယ်လေ။ ခု မနက်အတွက် တောင်အောက်မှာမုန့်သွားတာ"

"ဗျာ"

ကျွန်တော် ပါးစပ်အဟောင်နှင့် ငေးကြောင်သွားသည်ကို စိုက်ကြည့်နေ၏။ ပြီးမှ ပထမဆုံးအဖြစ် ဟက်ဟက်ပက်ပက်ရယ်ကာ ချော်ရည်ကျောက်ခဲနက်နက်ကို ကောက်ကိုင်လိုက်သည်။

"အိုဂျီးစံဟာ တို့ကျိုတယ်အငြိမ်းစား ဘူမိဗေဒပညာရှင်တစ်ဒါချော်ရည်ကျောက်ခဲဆိုတာ လူသိပါတယ်နော်။ ဘူမိဗေဒသမားတော့ ပင်စင်ယူပြီးလည်း ကျောက်တွေ၊ တောင်တွေ၊ တောင်ပေါ်လမ်းကို မနက်တိုင်းတာပါ။ ကျန်းမာရေးအရလည်းတာပေါ့။ ဒါပေမယ့် လူကလေးသတိထားပြီးဆင်းသွားနော်၊ လမ်းမယ်။ ကျွပ် တောင်ပေါ်လမ်းကို တက်လိုက်ဦးမယ်။ အိုးဂျီးစံတာပေါ်လမ်းက ဝါးခုတ်သမား ဝါးခုတ်သမား၊ ဟား. . . ဟား"

ကိုချမ်း(ဆော

စာကိုး -

ဂျပန်ရိုးရာ နတ်သမီးပြည် သမားရဲ့သမီး(The Bamboo Daughter)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအချိန်ဇယား
ရိုးရိုးအောင်(ကဋ္ဌ)

ဓနသိဒ္ဓိနက္ခတ်စနစ်ယှဉ်ခြင်း၊ ဓနသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ခြင်း၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်း၊ ၎င်းအခါသုံးပါး ထပ်ခြင်းတို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုဒီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဇယန္တမန္တန်ကြီး အပါအဝင် ဓနံလာဘံဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာရရှိမည်မှာ မုချဖြစ်ပါသည်။ ၇ - ၈ - ၂၀၁၇ နေ့၊ နေ့လယ် (၂း၅၄) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ကို စတင်ဝင်ရောက်မည်ဖြစ်ပြီး ၈-၈-၂၀၁၇ နေ့ နံနက် (၂း ၅၃း ၃၃) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်မည် ဖြစ်သည်။ ၎င်းနေ့ နေ့လယ် (၂း၅၄) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ စတင်ထွက်ခွာမည်ဖြစ်သည်။

၇-၈-၂၀၁၇ နေ့ (၁၈း၅၁း၃၃) မှ (၂၀း၅၁း၃၃) နာရီအတွင်း လင်္ဂသည် ဓနိသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ပြီး (၈-၈-၂၀၁၇)နေ့ နံနက် (၁း၀၀း၁၁) နာရီမှ (၁း၁၅း၄၇)နာရီအတွင်း ဓနိသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

လင်္ဂဖြတ်ကျော်ချိန်			မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်		
ရက်	စဝင်ချိန်	စထွက်ချိန်	ရက်	စဝင်ချိန်	စထွက်ချိန်
၁	၁၉း ၁၅း ၀၉	၂၁း ၁၅း ၀၉	၁	၁း ၃၈း ၄၃	၁း ၄၃း ၁၉
၂	၁၉း ၁၁း ၁၃	၂၁း ၁၁း ၁၃	၂	၁း ၃၄း ၄၁	၁း ၃၉း ၂၃
၃	၁၉း ၀၇း ၁၈	၂၁း ၀၇း ၁၈	၃	၁း ၃၀း ၃၈	၁း ၃၅း ၂၇
၄	၁၉း ၀၃း ၂၁	၂၁း ၀၃း ၂၁	၄	၁း ၂၆း ၃၅	၁း ၃၁း ၃၀
၅	၁၈း ၅၉း ၂၅	၂၀း ၅၉း ၂၅	၅	၁း ၂၂း ၃၂	၁း ၂၇း ၃၄
၆	၁၈း ၅၅း ၂၉	၂၀း ၅၅း ၂၉	၆	၁း ၁၈း ၀၃	၁း ၂၃း ၃၉
၇	၁၈း ၅၁း ၃၃	၂၀း ၅၁း ၃၃	၇	၁း ၁၄း ၀၇	၁း ၁၉း ၄၄
၈	၁၈း ၄၇း ၃၇	၂၀း ၄၇း ၃၇	၈	၁း ၀၀း ၁၁	၁း ၁၅း ၄၇
၉	၁၈း ၄၃း ၄၁	၂၀း ၄၃း ၄၁	၉	၀း ၅၆း ၁၅	၁း ၁၁း ၅၁
၁၀	၁၈း ၃၉း ၄၅	၂၀း ၃၉း ၄၅	၁၀	၀း ၅၂း ၁၉	၁း ၀၇း ၅၅
၁၁	၁၈း ၃၆း ၄၉	၂၀း ၃၆း ၄၉	၁၁	၀း ၄၈း ၂၃	၁း ၀၃း ၅၉
၁၂	၁၈း ၃၂း ၅၃	၂၀း ၃၁း ၅၃	၁၂	၀း ၄၄း ၂၇	၀း ၅၉း ၀၃
၁၃	၁၈း ၂၈း ၅၇	၂၀း ၂၈း ၅၇	၁၃	၀း ၄၀း ၃၁	၀း ၅၅း ၀၇
၁၄	၁၈း ၂၄း ၀၀	၂၀း ၂၄း ၀၀	၁၄	၀း ၃၆း ၃၅	၀း ၅၁း ၁၁
၁၅	၁၈း ၂၀း ၀၄	၂၀း ၂၀း ၀၄	၁၅	၀း ၃၂း ၃၉	၀း ၄၇း ၁၅
၁၆	၁၈း ၁၆း ၀၈	၂၀း ၁၆း ၀၈	၁၆	၀း ၂၈း ၄၃	၀း ၄၃း ၁၉
၁၇	၁၈း ၁၂း ၁၂	၂၀း ၁၂း ၁၂	၁၇	၀း ၂၄း ၄၇	၀း ၃၉း ၂၃
၁၈	၁၈း ၀၉း ၁၆	၂၀း ၀၈း ၁၆	၁၈	၀း ၂၀း ၅၁	၀း ၃၅း ၂၇
၁၉	၁၈း ၀၅း ၂၀	၂၀း ၀၄း ၂၀	၁၉	၀း ၁၆း ၅၅	၀း ၃၁း ၃၀
၂၀	၁၈း ၀၁း ၂၄	၂၀း ၀၀း ၂၄	၂၀	၀း ၁၂း ၅၉	၀း ၂၇း ၃၄
၂၁	၁၇း ၅၇း ၂၈	၁၉း ၅၆း ၂၈	၂၁	၀း ၀၉း ၀၃	၀း ၂၃း ၃၉
၂၂	၁၇း ၅၃း ၃၂	၁၉း ၅၂း ၃၂	၂၂	၀း ၀၅း ၀၇	၀း ၁၉း ၄၄
၂၃	၁၇း ၄၉း ၃၆	၁၉း ၄၈း ၃၆	၂၃	၀း ၀၁း ၁၁	၀း ၁၅း ၄၇
၂၄	၁၇း ၄၅း ၄၀	၁၉း ၄၄း ၄၀	၂၄	၂၃း ၅၇း ၁၅	၀း ၁၁း ၅၁
၂၅	၁၇း ၄၁း ၄၄	၁၉း ၄၀း ၄၄	၂၅	၂၃း ၅၃း ၁၉	၀း ၀၇း ၅၅
၂၆	၁၇း ၃၇း ၄၈	၁၉း ၃၆း ၄၈	၂၆	၂၃း ၄၉း ၂၃	၀း ၀၃း ၅၉
၂၇	၁၇း ၃၃း ၅၂	၁၉း ၃၂း ၅၂	၂၇	၂၃း ၄၅း ၂၇	၀း ၀၀း ၀၃
၂၈	၁၇း ၂၉း ၅၆	၁၉း ၂၈း ၅၆	၂၈	၂၃း ၄၁း ၃၁	၂၃း ၅၇း ၀၇
၂၉	၁၇း ၂၅း ၅၉	၁၉း ၂၄း ၅၉	၂၉	၂၃း ၃၇း ၃၅	၂၃း ၅၃း ၁၁
၃၀	၁၇း ၂၁း ၀၃	၁၉း ၂၀း ၀၃	၃၀	၂၃း ၃၃း ၃၉	၂၃း ၄၉း ၁၅
၃၁	၁၇း ၁၈း ၀၆	၁၉း ၁၇း ၀၆	၃၁	၂၃း ၂၉း ၄၃	၂၃း ၄၅း ၁၉

www.burmeseclassic.com

www.burmeseclassic.com

ထွန်းကျော် အိမ်ထောင်ကျခဲ့သောအခါ မိဘအိမ်မှာပင်အတူနေထိုင်ခဲ့ကာ တစ်စီးပွားတည်းအတူဝိုင်းလုပ်ဝိုင်းစားဖြင့် နေထိုင်လာခဲ့လေသည်။ ထိုစဉ်က ထွန်းကျော်က သားအကြီးဆုံးဖြစ်သဖြင့် အိမ်အလုပ်ကို ဖခင်ကြီးနှင့်အတူ လုပ်ကိုင်ပေးခဲ့လေသည်။ သူ၏ညီ၊ ညီမတို့က ငယ်ရွယ်ကြသေးသဖြင့် အထိုက်အလျောက်သာ ပံ့ပိုးနိုင်ကြလေသည်။

ထွန်းကျော်တို့မှာ ထိုသို့နေထိုင်လာခဲ့ကြရင်း သားကလေးတစ်ယောက်နှင့် သမီးငယ်လေးတစ်ယောက်ထွန်းကားလာခဲ့လေသည်။

"ဒီမှာ ကိုထွန်း၊ ကျွန်မတို့မိဘအိမ်မှာ အိုးမခွဲဘဲ အတူနေအတူစားပြီးလုပ်ကိုင်နေထိုင်လာခဲ့ကြတာလည်း အခုဆိုရင် သားလေးနဲ့သမီးကလေးတွေတောင် တိုးပွားလာခဲ့ပြီနော်။ ဒါပေမယ့် ကျွန်မတို့မှာ ဝိုင်းလုပ်ဝိုင်းစားဘဝနဲ့နေလာခဲ့ကြတာဆိုတော့ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ကိုယ်ပိုင်စီးပွားရေး ဘာမှမရှိခဲ့ကြဘူးလေ။ အခုဆိုရင် ကိုထွန်းရဲ့ညီတွေလည်း လုပ်နိုင်ကိုင်နိုင်ရှိလာခဲ့ကြပြီဆိုတော့ ကျွန်မတို့ဘာသာ သီးသန့်ကိုယ်ပိုင်အိမ်နဲ့ကိုယ်ပိုင်စီးပွားရေးလုပ်ကြတော့မှဖြစ်တော့မယ်လေ။ ဒီသားနဲ့ သမီးတို့ ကြီးပြင်းလာကြရင်လည်း ကျောင်းစရိတ်တို့၊ အဝတ်အစားတို့က လိုအပ်လာကြမယ်မဟုတ်လား။ ရှင့်ရဲ့ညီ၊ ညီမတွေ အိမ်ထောင်ရက်သားကျခဲ့ကြရင်လည်း နေဖို့ထိုင်ဖို့ အခက်တွေ့ကြလိမ့်မယ်။ ဒီတော့ ကျွန်မတို့ ကိုယ်ပိုင်အိမ်ကလေးနဲ့သီးခြားခွဲနေကြရင် အားလုံးအတွက် အဆင်ပြေကြမယ်လို့ထင်တယ်ရှင့်"

"အေးလေ၊ မင်းက နောင်အရွယ်သဖြင့် မျှော်မှန်းပြီးပြောလာတာဆိုတော့ဖြစ်သင့်ပါတယ်လေ။ ငါတို့မိဘတွေကိုဖွင့်တိုင်ပင်ပြီး ခွဲနေဖို့စီစဉ်ကြတာပေါ့ကွာ"

မိသားစုများများစားစားနေထိုင်ကြခြင်းက ဝိုင်းလုပ်ဝိုင်းစားဖို့ကောင်းသလောက်ကောင်းငြားသော်လည်း အရှည်နေထိုင်ကြဖို့ဆိုတာမဖြစ်နိုင်ပေ။ ယခု ထွန်းကျော်တို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်သူတို့ပါနှင့် လေးယောက်ရှိလာပြီ

www.burmeseclassic.com

www.burmeseclassic.com

သည်။ နောင် ကိုထွန်းကျော်၏ ညီ၊ ညီမများပါ အိမ်ထောင်အသီးသီးပြုလာခဲ့ကြလျှင် မိဘများအိမ်ပေါ်တွင် ချွေးမတွေ၊ သမက်တွေတိုးပွားလာကြမည်။ ကလေးတွေတစ်ပြုံကြီးဖြစ်လာမည်။ သူ့ကလေးကိုယ့်ကလေး မသင့်မတင့်ဖြစ်ကြလျှင် စိတ်ဝမ်းတွေကွဲလာကြမည်ပင်။ မသင့်မတင့်ဖြစ်လာခါမှ အိမ်ခွဲပြီးနေခြင်းထက် သင့်သင့်မြတ်မြတ်ဖြစ်နေချိန်တွင် အိမ်ခွဲနေကြခြင်းက အကောင်းဆုံးဖြစ်မည်ဟု သာမြင်လာခဲ့ကြလေသည်။

"သားတို့က နောင်အရွယ်ကိုတွေးပြီး အိမ်ခွဲနေလိုကြတာကတော့ အဖေတို့မိဘများအနေနဲ့ ဘာမှမပြောလိုပါဘူး။ အကယ်၍ အိမ်ခွဲနေမယ်ဆိုရင် မိဘတို့ဝတ္တရားရှိတဲ့အတိုင်း လယ်ပွဲအချို့နဲ့ နွားတစ်ရှဉ်းခွဲပေးပြီး လုပ်စားကိုင်စားနိုင်အောင် ထူထောင်မတည်ပေးလိုက်ပါ့မယ်လေ။ ဒါနဲ့ သားတို့က အိမ်ခွဲနေကြမယ်ဆိုတော့ ယောကျ္ဍမိဘတွေနဲ့ သွားပေါင်းနေကြမှာလား။ သီးသန့်အိမ်ဆောက်နေကြမှာလားကွယ့်"

"ကျွန်တော်တို့ဘာသာ သီးခြားအိမ်ဆောက်ပြီးနေကြမှာပါ အဖေ"

"ဒီလိုဆိုရင် အိမ်ဆောက်ဖို့ မြေနေရာရွာရဦးမှာပေါ့"

"ထွေထွေထူးထူး ရှာစရာမလိုပါဘူး အဖေ။ ဟိုရွာအနောက်ဘက်က ခြံကျယ်ကြီးကိုရောင်းမယ်လို့ကြားပါတယ်။ အဲဒီခြံကြီးကိုဝယ်ပြီး အိမ်ဆောက်နေထိုင်ကြမှာပါ အဖေ"

"ဟင် - အဲဒီခြံကြီးကလူမနေတာဘဲ နှစ်တွေအကြာကြီးပစ်ထားခဲ့လို့ သစ်ပင်ချုံပင်တွေပေါက်ပြီး တောဖြစ်နေတာပဲ။ ပြီးတော့ ဒီခြံကြီးက မြေကြမ်းလို့ ဘယ်သူကမှမဝယ်ရဲဝင်မနေရဲတဲ့ခြံကြီးပဲကွယ့်။ တခြားမြေနေရာရှာပါလားသားရယ်"

"အို - သားကတော့ အဲဒါတွေအယုံအကြည်မရှိပါဘူး။ ဒီခြံကြီးဟာ ကျယ်လည်းကျယ်ဝန်းတယ်။ စေးလည်းချိတယ်။ ပြီးတော့ အဖေတို့အိမ်နဲ့လည်း သိပ်လှမ်းတာမဟုတ်လေတော့ သားကတော့ သဘောကျတယ် အဖေ။ နေထိုင်သူတွေရဲ့အပြုအပြင်နဲ့ ခြံကြီးဟာ ရှင်းလင်းယူလိုက်ရင် ခြံထဲမှာ ဟင်းသီးဟင်း



www.burmeseclassic.com

www.burmeseclassic.com

ရွက်ပင်တွေ၊ ပန်းအလှပင်တွေတောင် စီးပွားဖြစ်စိုက်နိုင်လာမှာပါအဖေ။ ဝယ်ပြီး အိမ်ဆောက်နေသူတို့ကသာ အဓိကကျတာပါ အဖေ”

“အေးလေ၊ သားတို့စိတ်သန့်ရင်လည်း ဝယ်ပြီးနေကြပေါ့လေ။ ခြံကြီးကတော့ ကျယ်ဝန်းပြီး စေးသက်သာတာတော့ အမှန်ပဲကွယ့်”

မကြာမီအချိန်တွင် ထွန်းကျော်လည်း နေ့စားအလုပ်သမားနှစ်ယောက်ငှားရမ်းကာ ထိုခြံကြီးထဲရှိ သစ်ပင်၊ ပေါင်းပင်၊ မြက်ပင်၊ နွယ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေတော့သည်။ လူမနေသည်ကလည်း ကြာနေပြီး ပြုပြင်ရှင်းလင်းမည့်သူကင်းမဲ့နေခဲ့ခြင်းကြောင့် ခြံကြီးထဲ၌ တောဖြစ်နေသောပေါင်းပင်များအား လေးငါးရက်ကြာသည်အထိ ခုတ်ထွင်ရှင်းလင်းကြရသည်။ မြွေများကင်းများလည်း မကြာခဏတွေ့သဖြင့် သတိထားပြီး ရှင်းလင်းကြရသည်။

“ဟာ- ခြံကြီးက အခုလိုခုတ်ထွင်ရှင်းလင်းလိုက်တော့လည်း ကောင်းသားပါလား”

“အေးလေကွာ၊ ပျက်အစဉ်ပြင်ခဏလို့ဆိုထားတယ်မဟုတ်လား။ မရှင်းလင်းဘဲထားခဲ့တာ ကြာလာတော့ တောကြီးဖြစ်ပြီး ဖြတ်မသွားရဲမဝင်ရဲဖြစ်ခဲ့ကြရတယ်လေ။တချို့က ကိုယ်မဝင်ရဲမဖြတ်ရဲတာကို ခုတုံးလုပ်ပြီး ဒီခြံကြီးက တစ္ဆေသရဲခြောက်သယောင်ယောင် လေသံလွှင့်ကြသေးတာကလား”

“ဟုတ်တယ်နော်၊ အဲဒီလိုတွေ လူပြောသူပြောတွေများလာတော့ ဟုတ်များဟုတ်လေသလားဆိုပြီး သံသယစိတ်တွေဝင်ကုန်ကြရောလေ”

ထွန်းကျော်က သူဝယ်ခဲ့သော ဤခြံကြီးအား အပြောင်ရှင်းလင်းသည်။ မြက်၊ အမှိုက်၊ သစ်ကိုင်းသစ်ခက်တို့ကို ခြောက်သွေ့အောင်ထားပြီးမှ မီးပုံရှို့ခဲ့သည်။ မီးလောင်ကျွမ်းသွားခဲ့သဖြင့် ခြံကြီးမှာ သန့်ရှင်းသွားခဲ့တော့သည်။

“ဟေ့ - ထွန်းကျော်၊ မင်းကတော့ တကယ့်ကောင်ပဲနော်။ လူတကာက မဝယ်ရဲတဲ့ဒီခြံကြီးကိုဝယ်ခဲ့တယ်။ ပြီးတော့ ရှင်းလင်းခဲ့တယ်။ အခု ခြံထဲမှာ အိမ်တစ်လုံးနေဖို့ဆောက်နေပြန်ပြီ။ မင်းတကယ်ကောနေမှာလားကွ”

“ဟာ - ဘယ့်နယ်မေးပါလိမ့် ဦးစံလှရယ်၊ ကျုပ်နဲ့ ကျုပ်မိသားစုနေထိုင်ဖို့ ဆောက်နေတာလေဗျာ”

ထွန်းကျော်က သရဲတစ္ဆေကို ကြောက်တတ်သူမဟုတ်။ ထွန်းကျော် အိမ်ထောင်မကျမီက မိဘများနှင့်အတူ နေထိုင်ကာ ဝိုင်းလုပ်ဝိုင်းစားရှိနေစဉ် အခါက တစ်နေ့တွင် မိုးတွင်းစာအတွက် ထင်းတုံးအခြောက်တုံးတစ်တုံး တောထဲသို့သွားဆွဲခဲ့လေသည်။

“ဟာ - ဒီမြောင်စောင်းမှာ ပျဉ်းကတိုးတုံးတစ်တုံးရှိနေတာပဲ။ စွတ်လမ်းပေါ် ကိုဆွဲတင်ရမှာခက်ခဲလို့ ဘယ်သူမှ ဆွဲမယူကြပါလား”

ထိုပျဉ်းကတိုးအခြောက်တုံးမှာ နှစ်ပင်အတော်ကြာနေပြီ ဖြစ်သည်။ အကာများကျနေပြီဖြစ်သော အနှစ်တုံးပင်ဖြစ်၍ နေပေပြီ။ ဖြတ်တောက်ပြီး လွှနှင့် ပိုင်းဖြတ်ကာ ပေါက်ခဲ့လိုက်လျှင် အဆိုက်ခံသော ထင်းတုံးခြမ်းများရရှိလာမည်ပင်။ ပျဉ်းကတိုးထင်းက တခြားထင်းများလိုမဟုတ်။ ထင်းခြောင်းသုံးခြောင်းလောက်နှင့် ထမင်းတစ်အိုးကျက်အောင် တည်နိုင်သည်။ တခြားထင်းအသားများလို ထင်းခြောင်းတွေတစ်ပြုံကြီးထိုးဆိုက်ပေးစရာမလိုပေ။

“အင်း- ဒီပျဉ်းကတိုးတုံးဟာ စွတ်လမ်းဘေးမြောင်စောင်းမှာရှိနေပြီး ဟိုတောင်ပေါ် အဝေးကြီးသွားဆွဲစရာမလိုဘဲ ဒီအနီးအနားလေးတင်ဆွဲယူရနိုင်မှာပဲ။ ဒီတော့ ငါ ဒီပျဉ်းကတိုးတုံးကိုပဲ ရအောင်ဆွဲယူမှပဲ”

ထွန်းကျော် ထိုတုံးကိုသေချာဆင်းကြည့်သည်။ တုံးက မြောင်စောင်းတွင် မြေကြီးထဲသို့ တစ်ပိုင်းဝင်နေသည်။ မြေကြီးတွေပေါက်ထုတ်ပေးလျှင် တုံးမှာ မြေကြီးထဲမှပေါ် ထွက်လာမည်။ ပြီးလျှင် နွားတွေဆင်းပြီးဆွဲနိုင်အောင် မြောင်စောင်းကို မြေနည်းနည်းညီသွားအောင် မြေပေါက်ပြီးညီပေးလိုက်လျှင် နွားတွေနှင့်ဆင်းပြီး စွတ်လမ်းပေါ် ကိုဆွဲတင်လို့ရနိုင်မှာပဲဖြစ်သည်။ ထိုသို့စဉ်းစားမိကာ ထိုနေ့က တောထဲမှထင်းခြောက်ကိုင်းများ လှည်းပေါ် ခုတ်တင်ပြီး အိမ်ပြန်မောင်းလာခဲ့တော့သည်။ နောက်နေ့မနက်၌ ပေါက်တူးပါယူလာကာ ထိုမြောင်စောင်းရှိ ပျဉ်းကတိုးတုံးကို တူးဖော်ခဲ့၏။ တုံးဘေးနှစ်ဖက်တွင်လည်း နွားများဆင်းဆွဲနိုင်အောင် မြေညှိဖို့ပေးလေသည်။

“ကဲ- မြေတော့ညှိပြီးသွားပြီ။ နွားတွေနဲ့ တုံးကိုဆင်းဆွဲတင်ကြည့်မှပဲ”

“ဆုတ် ဆုတ် ဆုတ်ကြစမ်းကွာ။ ငါမြေညှိထားပါတယ်ကွ။ မြောင်ထဲမကျပါဘူး။ ရဲရဲဆုတ်ကြစမ်းပါ”

နွားများကိုဆုတ်စေ၍ တုံးကို သံကြိုးချည်ကာ စွတ်ထမ်းပိုးတွင်ခိုင်နွားနှစ်ကောင်ကို အရှိန်နှင့်ဆွဲတင်သည်။

“ဟုတ်ပြီ ဟုတ်ပြီဟေ့။ တုံးနေပါလာပြီ။ ဆွဲကြစမ်းကွာ”

အရှိန်နှင့်မောင်းတင်လိုက်သည်။ တုံးလည်း စွတ်လမ်းပေါ် ရောက်ခဲ့သည်။

“ကဲ- နီးနီးလေးနဲ့တင် ပျဉ်းတုံးတစ်တုံးရလိုက်တယ်။ ဟန်တူတာ”

ထိုတုံးကိုလှည်းစခန်းသို့ဆွဲလှည်းပေါ် တင်၍ သံကြိုးနှင့်ပတ်အိမ်သို့မောင်းလာခဲ့တော့သည်။

ညနေစောင်းတွင်မှ ပြန်လာရခြင်းဖြစ်၍ တောထဲတွင်နေပေပြီ။ လူပြတ်ပေမယ့် ဒီလမ်းသွားနေကျလမ်းဖြစ်ခြင်းကြောင့် အတွက် ပြဿနာမရှိပေ။ တခြည်လှည်းစခန်းမှလွန်လာကာ တောကွင်းဘက်သို့ ထွက်ခါနီးလာပေါ့

“ဟဲ့နွားတွေ၊ ခပ်သွက်သွက်ကြစမ်းပါကွာ နေဝင်သွားပြီတော်ကြာ မိုးချုပ်မှောင်သွားရင် မသိကျင်မှန်းမသိနဲ့”

ထွန်းကျော် သူနွားနှစ်ကောင်ခပ်သွက်သွက်မောင်းလာနေ၏။ ညောင်ပင်ကြီးကိုလွန်လျှင် ရောက်တော့မည်။ ထိုစဉ် လှည်းပေါ် တင်ထားသော ပျဉ်းကတိုးထိပ်ဘက်က အပေါ် ဘက်သို့သဖြင့် နွားများ ကုန်းရုန်းနေကြသည်။

“ဟင်-ဒီလှည်းဦးကိုသေချာပြီးမှ သံကြိုးချည်ထားတာပါ။ နောက်ကိုမရွေ့ပါဘူး။ လှည်းဦးမှေ့ပြီးမှေ့သွားရပါလိမ့်”

ထွန်းကျော် သူလှည်းပေါ် သေချာစွာကြည့်မိလိုက်သည်။ နောက်ဖြီးစွန်းမှထွက်နေသော အရင်းဘက်တွင် ခပ်မည်းမည်း တစ်ကောင်ဟက်ထိုင်လိုက်နေသူဝေဝေဝါးဝါးမြင်တွေ့လိုက်ရသည်။

“ဩော်- ဒီညောင်ပင်မှာတဲ့အစောင့်က ငါ့လှည်းပေါ် ရဲနောက်စွန်းပေါ် တက်ထိုင်နေလှည်းဦးပေါ့သွားခဲ့တာကိုး။ ကြောက်မယ်များထင်လို့လား ကြံသေးတာပေါ့ကွာ”

ထွန်းကျော်လည်း ခပ်သွက်သွက်မောင်းလို့

www.burmeseclassic.com

www.burmeseclassic.com

ခွထိုင်ထားနေရင်းက လက်ထဲမှကြိမ်လုံးကို လက်နှစ်ဖက်နှင့် မိမိရရဆုပ်ကိုင်လိုက်ပြီး တုံးအနောက်မှ ထိုမည်းမည်း သတ္တဝါအား နောက်ပြန်ရိုက်ချလိုက်တော့သည်။ ခေါင်းအုံးတစ်လုံးကိုရိုက်လိုက်ရသည့်အလား အိခနဲရိုက်မိသွားခဲ့သည်။ ညည်းတွားသံကြီးက တစ်ဆက်တည်းထွက်ပေါ် လာခဲ့သည်။

"အီး . . . ဟီး . . . အီး"

"ဟင် - မှတ်ဟ၊ ငါ့ကိုခြောက်ချင်ဦး။ အခုတော့ မိမိရရကိုနောက်ပြန်ရိုက်ချက်နဲ့ခံလိုက်ရပြီ မဟုတ်လား"

ထွန်းကျော်လည်း သူလှည်းကို ရွာအရောက်မောင်းလာသည့်တိုင်အောင် နောက်တစ်ကြိမ်ထပ်၍ မည်းမည်းအစောင့်ကောင်ကြီး လှည်းပေါ် တက်ထိုင်လာသည်ကို မတွေ့ရတော့ပေ။

❑

ထွန်းကျော် သူ့ခြံကြီးကိုရှင်းလင်းပြီးသွားလျှင် တစ်ခြမ်းတွင် အိမ်တစ်လုံးနှင့် တင်းကုပ်တစ်လုံးကပ်ဆောက်လိုက်၏။ ကျန်တစ်ခြမ်းကိုအလွတ်ထားကာ နှင်းဆီပန်းများစိုက်ရန် မြေပြုပြင်ခဲ့သည်။ တစ်ခါက ရန်ကုန်မှ သူ့အဒေါ်အိမ်တွင် အလည်သွားခဲ့စဉ်က သူ့အဒေါ်စိုက်ထားသောနှင်းဆီခြံတွင် ပိုင်းလုပ်ကူခဲ့ရင်း နှင်းဆီပင်စိုက်နည်းများသိရှိလာခဲ့ခြင်းဖြစ်သည်။ နှင်းဆီပန်းပွင့်လာလျှင် ဈေးကောင်းရရှိကာ ရောင်းမလောက်နိုင်သည်ကို သူသိထားသဖြင့် သူ့ခြံပိုင်ရှိသောအခါ နှင်းဆီပင်များစိုက်ရန် ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။

"ဟင်- ခြံရဲ့နောက်ဘက်အစွန်မှာ တောင်ပိုကြီးကရှိနေတာပဲ။ ဒီတောင်ပို့ကိုပေါက်ထုတ်ပစ်ရင် နှင်းဆီပင်တွေ တိုးခဲ့စိုက်နိုင်လာမှာပဲ"

ထွန်းကျော် ပေါက်တူးယူကာ ထိုတောင်ပို့ကြီးအား ပေါက်ထုတ်ပစ်ရန် ပြင်ခဲ့၏။

"ဟင်"

"တောင်ပို့ကြီးရဲ့အောက်ခြေမှာ ကြီးတစ်တွင်းရှိနေပါလား။ ပြောင်နေလေတော့ မြွေများနေခဲ့တာများ အို - မြွေနေတာဆိုရင်လည်း နှင်းဘူး။ ငါတောင်ပို့ကြီးကိုပေါက်ပြီး မြေကြီးတွေနဲ့ ဒီတွင်းကြီးကိုပိတ်ပစ်လိုက်မှပဲလေ"

ကြာမီတွင် တောင်ပို့ကြီးအား ထုတ်လိုက်ကာ တွင်းပြောင်ချောလည်း မြေကြီးများနှင့်ပိတ်ဆို့လိုက်သဖြင့် မြေပြင်ညီညာသွားခဲ့တော့သည်။ ထို့နေရာအထိ နှင်းဆီပင်လေးငါးဆယ်ပင်အထိ ထပ်စိုက်နိုင်လာမည်ပင် ဖြစ်လေသည်။

နောက်နေ့မှစ၍ သူ့ခြံတစ်ပိုင်းအား မြေများကို မြေပေါင်များပေါက်ဖို့ ခဲ့လေသည်။ ထိုမြေပေါင်များတွင်နှင်းဆီကိုင်းများအား အတန်းလိုက်တန်း၍ တစ်ပင်နှင့်တစ်ပင်ကို တစ်လံလောက်ခြားကာ စိုက်ပေးရမည်။ နှင်းဆီပင်များကပွားလာမည်။ ကိုင်းများဖြာထွက်ပြီး ရှင်သန်ကြီးထွားလာကြကာ အဖူးအငုံများထွက်လာကာ ဖူးပွင့်လာကြမည်သာ ဖြစ်သည်။

ဒီကနေ့ ထွန်းကျော်လည်း ရန်ကုန်ရှိ သူ့အဒေါ်ထံသို့လာခဲ့လေသည်။ ညနေပိုင်းတွင် ရောက်လာခဲ့လေသည်။

"ဟဲ့- ငါ့တူကြီး၊ မင်းတစ်ယောက် တည်းလား"

"ဟုတ်ကဲ့ အဒေါ်၊ အဖေကလိုက်တော့လည်ချင်သားဗျ။ စပါးတွေကနယ်နေတာတန်းလန်းဖြစ်နေလို့ မလိုက်လာနိုင်ခဲ့ဘူးလေ"

"သူတို့နေကောင်းကြစာယ်မဟုတ်လားကွယ်"

"ကောင်းကြပါတယ် ဒေါ်လေးရယ်"

"မင်းတို့ကအိမ်ခဲ့နေကြပြီဆို"

"ဟုတ်ကဲ့၊ အခု ကျွန်တော်တို့ဝယ်ပြီးနေတဲ့ခြံကြီးကကျယ်တော့ တစ်ခြမ်းမှာလူနေပြီး ကျန်တစ်ခြမ်းကို နှင်းဆီပန်းပင်တွေစိုက်ဖို့ မြေပြုပြင်ထားခဲ့ပြီးပြီလေ။ အဲဒါ နှင်းဆီကိုင်းတွေဝယ်ရအောင် ကျွန်တော်လာခဲ့တာပဲ"

"ဟာ - ကောင်းတာပေါ့ကွယ်။ နှင်းဆီပန်းကဖြစ်လာရင်ရောင်းမလောက်နိုင်တဲ့ပန်းမျိုးပဲ။ ခဏလေးနဲ့ကြီးပွားတဲ့အလုပ်ကွယ်။ မင်းနှင်းဆီပန်းကိုင်းတွေကို ငါ့ခြံထဲကတင်ခုတ်ယူလို့ရပါတယ်ကွယ်"

ထွန်းကျော်လည်း အဒေါ်၏ နှင်းဆီခြံမှပင် နှင်းဆီကိုင်းများခုတ်ယူကာ ကြိုးနှင့်စုစည်းပြီး မြွေခွံအိတ်ထဲထည့်သည်။ မြွေခွံအိတ် သုံးလေးလုံးရသောအခါ သူ့ခြံထဲစိုက်နိုင်ရန် နှင်းဆီကိုင်းများရခဲ့ပြီဖြစ်၍ ရွာသို့ပြန်သယ်လာခဲ့လေတော့သည်။

'အင်း - ငါ မိုးမကျမီ လယ်ထဲမဆင်းရခင်မှာ နှင်းဆီကိုင်းတွေကို အပြီးစိုက်ပျိုးလေမှပဲ။ ငါ လယ်ထဲလည်းဆင်းရော နှင်းဆီတွေလည်းပွင့်လာကြပြီး စတရောင်းနိုင်လာမှာပဲ'

ထိုရည်မှန်းချက်နှင့် မြေပေါင်များပေါ်တွင် တစ်လံစီခြားကာ နှင်းဆီကိုင်းများကို စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းအလုပ်များကို လုပ်ကိုင်နေခဲ့လေသည်။

နေ့ခင်းတွင် တစ်နေကုန်တကုန်းကုန်းနှင့်လုပ်ခဲ့ရသဖြင့် ညဘက်ရောက်လာလျှင် ညစာစားသောက်ကာ စောစောအိပ်ရာဝင်၍နားခဲ့လေသည်။

"ဟေ့ကောင် ထွန်းကျော်၊ မင်းက ငါတို့မိသားစုနေတဲ့တောင်ပို့ကြီးကိုလည်း ဖြိုဖျက်ပစ်သေးတယ်။မြေကြီးတွေလည်း ပေါက်ဖို့လိုက်လို့ ငါ့ရဲ့သားသမီးတွေတွင်းထဲမှာပိတ်မိနေပြီး အစာတက်ရေတက်နဲ့ သေလုမြောပါးဖြစ်ကုန်ကြပြီလေ။ ငါ့သားသမီးတွေတစ်ခုခုသာဖြစ်ခဲ့ရင်တော့ မင်းနဲ့ မင်းရဲ့ မိသားစုကိုလည်း ငါချမ်းသာပေးမှာ မဟုတ်ဘူး။ ဒီတောင်ပို့ဟာ ငါနေထိုင်ခဲ့တဲ့နေရာပဲ။ မင်းတို့ကို ငါဘာအနှောင့်အယှက်မှမပေးဘဲနဲ့ ငါ့တောင်ပို့ကိုဖျက်ခဲ့တယ်။ ပြီးတော့ ငါတို့နေတဲ့တွင်းကြီးကိုလည်း ပိတ်ဖို့ခဲ့တယ်။ အဲဒါ အမြန်ဆုံး ပြန်ဖော်ပြီးဖွင့်ပေးပါ"

"ဟင် - ငါ့ကိုတောင်ပို့စောင့်ကသူကလေးတွေ တွင်းထဲမှာပိတ်မိခဲ့ပြီး အစာတက်ရေတက်ဖြစ်ခဲ့ကြတယ်။ အမြန်ပြန်ဖွင့်ပေးပါလို့ အိမ်မက်ပေးလာတာပါလား။ ငါကတော့ ဒီတောင်ပို့ကြီးရှိနေတဲ့အတွက် နှင်းဆီပင်တွေစိုက်နိုင်ဖို့နေရာကျယ်လာအောင်ရည်ရွယ်ပြီး ဖြိုခဲ့မိတာပဲ။ တောင်ပို့စောင့်ရှိနေတာကို ငါမှမသိခဲ့ရတာပဲ။ အခု သူ့သားသမီးတွေအစာတက်ရေတက်တွေဖြစ်ပြီးဒုက္ခရောက်နေကြတယ်ဆိုပါလား။ တစ်ခုခုဖြစ်ခဲ့ရင် ငါ့မိသားစုကိုလည်း တန်ပြန်ဒုက္ခပေးမယ်တဲ့။ မဖြစ်ဘူး၊ ငါ အမြန်ဆုံးတွင်းကြီးကိုပြန်ဖော်ပေးလိုက်မှပဲ။ ဒါမှ သူ့သားသမီးတွေဝင်ထွက်လို့ရကြပြီး အစာရေစာ စားသောက်နိုင်ကြမှာပါလား"

ထွန်းကျော်လည်း နောက်နေ့မနက်တွင် သူ့အဖေအိမ်သို့သွားကာ ညက တောင်ပို့စောင့်ပေးလာခဲ့သောအိပ်မက်အကြောင်းကို ပြောပြခဲ့လေသည်။

"အင်း - တစ်ခုခုအန္တရာယ်မပေးဘဲ အိပ်မက်ပေးပြီး တွင်းကြီးကိုပြန်ဖွင့်ခိုင်းတာပဲ တော်လှပြီကွ။ တောင်ပို့မှာနေခဲ့ကြတာဆိုတော့ ကျတ်တွေပဲပေါ့ကွာ။ မိမိကို အန္တရာယ်မပြုဘူးဆိုရင် တော့နေကြပါစေကွာ"

"ဟာ - ဖြစ်ပါ့မလား အဖေရာ၊ တော်တော်ကြာ သားတို့မိသားစုကိုလွှတ်ပေးလာရင် အခက်တွေ့မှာပေါ့"

www.burmeseclassic.com

ခွဲမ်းထက်နှောင်
ခြေဖနောင့်အရိုးကျိုးပေါင်းတက်ခြင်း
ခြေဖနောင့်အတက်ထွက်ရောဂါကိုသဘာဝနည်းဖြင့်ကုသခြင်း
(Heel Spondylostis)



ခြေဖနောင့်တွင် အရိုးကျိုးပေါင်းတက်ခြင်းကြောင့် နာကျင်မှုကို အချိန်တိုင်း အစဉ်အမြဲခံစားနေရတတ်ပါသည်။ အများအားဖြင့် လမ်းအလွန်လျှောက်ရသူများ၊ ခုန်ပျံပြေးလွှားသူများဖြစ်သည့် ခြေထောက်ဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုရသူများ မဖြစ်မပွားရန် ရှောင်ရှားလိုသည့်ရောဂါဖြစ်ပါသည်။ သို့သော်လည်း ခြေထောက်ကို အလွန်အသုံးပြုနေရသူများ၊ တစ်နေကုန်မတ်တတ်ရပ်အလုပ်လုပ်ပြီး ခြေထောက်ပေါ် အားပြုရပ်နေမှုများသည် ခြေဖနောင့်အရိုးထွက်ခြင်းကြောင့် နာကျင်ခံစားနေရမှုများကို ပို၍ သာခံစားနေရပါသည်။ အရိုးကျိုးပေါင်းတက်ခြင်း တစ်နည်းအားဖြင့် ခြေဖနောင့်အရိုးထွက်ခြင်းသည် ကယ်လီစီယမ်များစုပုံနေမှုကြောင့် သေးငယ်သည့် အရိုးလေးသည် ခြေဖနောင့်အရိုး၏ ပုံမှန်မဟုတ်သည့် မျက်နှာပြင်ကိုလွန်၍ ထိုးထွက်နေခြင်း (သို့) ပုံသဏ္ဌာန်မမှန်ကန်သည့်ဖွဲ့စည်းခြင်းဖြင့် သေးငယ်သည့် အရိုးခြေဖနောင့်၏အရိုးတွင် ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ အရိုးသေးလေးများဖြစ်ပေါ်မှုသည် နာကျင်မှုမဖြစ်ပေါ်တတ်၍ လူအများက အရိုးကျိုးပေါင်းတက်ခြင်းကို တစ်ခါတစ်ရံ သတိမထားမိကြပါ။

သဘာဝနည်းဖြင့် အရိုးကျိုးပေါင်းတက်ခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ ပထမအဆင့်အနေဖြင့် အရိုးကျိုးပေါင်းတက်ရခြင်း၊ ခြေဖနောင့်အရိုးဘာကြောင့်ထွက်ရသည်ကိုလေ့လာရမည်ဖြစ်ပါသည်။

ခန္ဓာကိုယ်မှ အရိုးများအလိုအပ်သည့် ကယ်လီစီယမ်များပေးမှုများသည် ခြေဖနောင့်အောက်စုပုံကျရောက်နေခြင်းကြောင့်ဖြစ်ပေါ်ကယ်လီစီယမ်များ စုပုံကျရောက်သည် အရိုးများအနက် သေးငယ်အရိုးများကို အစွန်းထွက်စေခြင်း ပုံပန်းသဏ္ဌာန်မကျသည့်အနေအမျိုးဖြင့် ခြေဖနောင့်တွင် သေးငယ်အရိုးများ တဖြည်းဖြည်း ကြီး

"ဒီလိုရှိတယ်ကွ၊ တချို့လယ်ပွဲတွေမှာ ကျတ်ဆိုတဲ့ပရသားကောင်တွေရှိနေကြတာပဲ။ လယ်ရှင်ကို ဒုက္ခမပေးဘဲ စောင့်ရှောက်ပေးကြအောင် ကိုးကိုဘုတ်ရှိသေး၊ ဘုတ်ကိုကိုးရိုသေဆိုတဲ့စကားလို အပြန်အလှန် အသိအမှတ်ပြုထားတဲ့ သဘောနဲ့ လယ်ဝင်လယ်ထွက်အချိန်အခါတွေမှာ ကြက်သားဟင်းချက်ပြီး ထမင်းနဲ့ လယ်ထဲမှာလာပြီး ကျွေးမွေးပေးခဲ့ကြတယ်လေ။ ဒီလိုတွေ အပြန်အလှန်ပြုခဲ့ကြလို့ လယ်ရှင်ဟာ လယ်ထဲမှာ အန္တရာယ်ကင်းရှင်းစွာနဲ့ လယ်လုပ်ကိုင်နိုင်ခဲ့တယ်။ စိုက်ထားတဲ့သီးနှံတွေလည်း အပျောက်အရှအဖြတ်အစင်မရှိခဲ့ဘူးကွ။ မင်းလည်း မင်းခြံထဲမှာ နှင်းဆီပန်းတွေ စိုက်ထားမှာဆိုတော့ လူဝင်မခိုးအောင်၊ ကျွဲနွားတွေဝင်ပြီးမဖျက်ဆီးလေအောင် သူတို့ကိုကျွေးမွေးပေးပြီး စောင့်ရှောက်ခိုင်းထားပေါ့ကွာ။ မင်းတို့မိသားစုကိုလည်းကြောက်အောင်လန့်အောင်မလုပ်ကြဖို့ပါ ပြောထားပေါ့ကွာ"

သူဖခင်ကြီး အကြံပေးလာသည့် အတိုင်း တွင်းကြီးထဲဝင်တိမ်မနေကြသော ကျတ်မိသားစုအား အစာငတ်ရေငတ်ပြီး ဒုက္ခမရောက်ကြစေရန် ပြန်လည်တူးဖော်ပြီးဖွင့်ပေးခဲ့သည်။

"ကဲ - သင်တို့နေထိုင်တဲ့တွင်းကြီးကို ပြန်တူးဖော်ပေးခဲ့ပါပြီ။ သင်တို့ကိုလည်း နှစ်စဉ်မှာတစ်ကြိမ်၊ နှစ်ကုန်မှာတစ်ကြိမ် ပုံမှန်ကျွေးမွေးပေးပါ့မယ်။ ကျုပ်ရဲ့နှင်းဆီခြံကိုလည်း ရန်သူမျိုးငါးပါးဘေးကလွတ်ရအောင် စောင့်ရှောက်ပေးကြပါ။ ကျုပ်နဲ့ ကျုပ်ရဲ့မိသားစုကို ကြောက်အောင်လန့်အောင် ဘာအန္တရာယ်မှမပေးကြပါနဲ့။ အဲဒီလိုနေသွားကြမယ်ဆိုရင် ကျုပ်ခွင့်ပြုထားပါ့မယ်။ ဒီလိုမှမဟုတ်ဘဲ အန္တရာယ်ပြုလာကြမယ်ဆိုရင်တော့ ကျုပ်ခြံမြေထဲမှာမထားတော့ဘဲ နိုင်ရာ

ပုဂ္ဂိုလ်တွေနဲ့ အပြီးနှင်ထုပ်ရပါ

မကြာမီရက်တွင် ထွ

လည်း ကြက်ဖိုကြက်မနှစ်

၍ ကြက်သားဟင်းချက်ကာ

တ့ကွ ထိုတောင်ပို့နားသို့ယူ

ကာ တောင်းကို ယောက်

ခေါ်လိုက်ပြီး ကျွေးမွေးပေးခဲ့

"ဟာ - ယင်မစိမ်း

ရောက်လာကြပြီး ဝိုင်းအုံ

သောက်နေကြပါလား။

တွေဟာ ဒီတောင်ပို့တွင်

ကြတဲ့ ကျတ်မိသားစုတွေ

ထွန်းကျော်လည်း

ကိုတွေ့မြင်ကာ တွင်းပိတ်မိ

တော်ရေတော်ဖြစ်ခဲ့ကြသော

တို့ ငတ်မွတ်နေကြရာမှ

ထမင်းဟင်းတို့ကို

ရောက် စားသောက်ခဲ့

ယုံကြည်ခဲ့လေတော့သည်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းဝင် ဖြစ်ပါသည်။

ခြေဖနောင့်အရိုးထွက်ခြင်းကို အရိုးများအတက်ထွက်ခြင်း (Osteophytes) ဟုလည်း သိရှိကြပြီး မနာကျင်တတ်ပါ။ အများအားဖြင့် လူအများသည် အရိုးပေါင်းတက်ခြင်းရောဂါဖြစ်ပွားနေကြောင်းလည်း နာကျင်မှုမရှိသဖြင့် သတိထားမိတတ်ကြပါ။

အဘယ်ကြောင့် ခြေဖနောင့်အရိုးကျိုးပေါင်းဖြစ်ရသနည်း

ခြေထောက်၏ ခြေဖနောင့်သည် အဖြတမ်း ပွတ်တိုက်စားခံနေရ၏။ အပြေးသမားများ၊ လမ်းလျှောက်နေရသူများသည် လေ့ကျင့်ခန်းရပ်ဆိုင်းသည့်အခါ (သို့) အကြောင်းအမျိုးမျိုးကြောင့် လေ့ကျင့်ခန်းများမပြုလုပ်နိုင်သည့်အခါ၌ အရိုးဖွဲ့စည်းမှုအစိတ်အပိုင်းအားလုံးသည် သဘာဝအရဖြစ်ပေါ် တိုးတက်နေကြပြီး ကယ်လီစီယမ်များစုပုံ၍ အရိုးပေါင်းဖြစ်ခြင်းဖြစ်သည်။ ပွတ်တိုက်ခံကြောင့် တစ်ရှူးများ၊ အရိုးများကုန်ဆုံးသွားသကဲ့သို့ အစားထိုးဝင်ရောက်မှုများလည်း သဘာဝအလျောက်ပုံမှန်ဖြစ်ပေါ်နေကြ၏။ ခန္ဓာကိုယ်ရှိတစ်ရှူးများနှင့်ဆက်သွယ်မှုများရှိသည့် အရိုးများ၏ဆံ့မ်ားလည်း ဆုံးရှုံးမှုဖြစ်ပေါ်စေပါသည်။ ထိုဆုံးရှုံးမှုနေရာများတွင် ကယ်လ်စီယမ်ဖြစ်ပေါ် စုပုံနေမှုများက ခြေဖနောင့်အရိုးအတက်ထွက်ခြင်းကို ဖြစ်ပေါ်စေ၏။

အများအားဖြင့် နာကျင်မှုကိုမခံစားရသဖြင့် ရောဂါလက္ခဏာများ မပြတတ်ပါ။ နာကျင်မှုကိုမပြသနည်းဆိုသော် အရိုးတက်သည် ချွန်ထက်သော ပုံသဏ္ဌာန်မရှိပါက အရိုး၏ပတ်ဝန်းကျင်ရှိ တစ်ရှူးများကို ရွှေ့လျားလိုက်တိုင်း ထိခိုက်စေခြင်းမဖြစ်စေပါ။ သို့သော်လည်း အရိုးအတက်သည် ချွန်ထက်နေပါက ရွှေ့လျားနေတိုင်း အရိုး၏ပတ်ဝန်းကျင်ရှိ အသားတစ်ရှူးများကို ဖြတ်တောက်ထိခိုက်ခံနေပါသည်။

ခြေဖနောင့်အရိုးထွက်ခြင်းသည် ကယ်လီစီယမ်စုပုံမှုသဘာဝအလျောက် အရိုးဖွဲ့စည်းမှုဖြစ်စဉ်ကြောင့် ဖြစ်ပါသည်။ အရိုးများဖြစ်ပေါ်မှုသည် ချောမွေ့နေတတ်သော်လည်း တစ်ခါတစ်ရံ ပတ်ဝန်းကျင်အသားတစ်ရှူးများအပေါ် ထိခိုက်မှုဖြစ်ပေါ်စေပါသည်။ ထို့အခါ ခြေဖနောင့်သည် ပြေးလွှားသည့်အခါ၊ လမ်းလျှောက်သည့်အခါ နာကျင်မှုကို ခံစားရ၏။ နာကျင်ရခြင်းမှာ တစ်ရှူးအသားစအမျှင်များအနိုးတွင် အရိုးအသစ်များဖြစ်ပေါ်မှုနှင့် အရိုးနှင့် တစ်ရှူးအသားများက ကြားခံစပရိန်ကုန်ရှင်းတဲ့သို့ ဖြစ်ပေါ်မှုများကြောင့် ဖြစ်ပါသည်။ ထိုနေရာတွင် နာကျင်မှုကို ဖြစ်ပေါ်စေပါသည်။

ထို့ပြင် တစ်ရှူးများကြီးထွားမှုများသည်လည်း ခြေဖနောင့်ရှိ နေရာများတွင်နေရာယူမှုများကြောင့် အရိုးအကြောများကို ကျဉ်းမြောင်းစေသည့် အတွက် နာကျင်ရခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ဖြစ်ပေါ်မှုကြောင့် ဖိအားသက်ရောက်ခံရသည့် ခြေထောက်ရှိ နေရာများတွင် နာကျင်ခြင်း၊ ရောင်ရမ်းခြင်း၊ နီရဲခြင်းများဖြစ်ပေါ်ပြီး လေ့ကျင့်ခန်းလုပ်မှုအပေါ် ဆိုးဝါးစွာသက်ရောက်စေပါသည်။ နာကျင်ခြင်းသည် ချွန်ထက်သည့်အရာဖြင့် ထိုးနှက်နေသကဲ့သို့ ညဘက်တွင် ပိုမိုနာကျင်ခံစားရပါသည်။ သို့သော်လည်း နာကျင်မှုခံစားရမှုများကို ခြေထောက်များလှုပ်ရှားခြင်း၊ အားကစားလေ့ကျင့်ခြင်း၊ ပြေးလွှားခြင်း၊ ခုန်ပျံခြင်းဖြင့် သက်သာစေပါသည်။

ရောဂါဖြစ်ခြင်းအကြောင်းအရင်းများ

၁။ အားကစားသမားများ၊ ဘောလုံး၊ တင်းနစ်၊ ပြေးလွှား၊ လမ်းလျှောက်သူများတွင် ပိုမိုဖြစ်တတ်၏။

၂။ မတော်သည့်ဖိနပ်များ ဝတ်ဆင်ခြင်း၊ တင်းကျပ်စွာ ဝတ်ဆင်ထားခြင်း။

၃။ ဒေါက်မြင့်ဖိနပ်စီးသည့် အမျိုးသမီးများ၊ ကျပ်သည့်ဖိနပ်၊ ခြေဖနောင့်အပေါ် ဖိအားသက်ရောက်စေမှုများ။

၄။ ဖိနပ်မပါ အချိန်ကြာစွာ မတ်တတ်ရပ်နေရသူများ။

၅။ ကိုယ်ဝန်ဆောင်မိခင်များနှင့် အလေးချိန်များသည့်အရာတို့ကို သယ်ဆောင်နေရသူများ။

၆။ ခန္ဓာကိုယ်အလေးချိန်ပိုနေသူများ။

၇။ မြင့်သောနေရာ၊ အထက်အမြင့်တွင်နေရသူများ၊ အမြင့်တက်နေရသူများ။

၈။ အချိန်တိုအတွင်း ခန္ဓာကိုယ်အလေးချိန်ကျရန် အပြင်းအထန် ပြေးလွှားနေရသူများ။

www.burmeseclassic.com

www.burmeseclassic.com

ခ မည်သို့ကုသမည်နည်း

ရောဂါခံစားနေရပါက အနားယူရန် လိုအပ်ပါသည်။ ရေခဲအိုခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တရားထိုင်ခြင်းများဖြင့် ပြုလုပ်နိုင်ပါသည်။ သို့သော်လည်း လုပ်ဆောင်နိုင်ရန် မတတ်နိုင်သူများအတွက် အခက်အခဲဖြစ်တတ်ပါသည်။ များစွာသောလူများသည် နေ့စဉ်မိမိ၏ စားဝတ်နေရေးအတွက် လုံးပမ်းနေရခြင်းကြောင့် ကုသနိုင်မှုကိုမပြုလုပ်နိုင်ကြပါ။ တစ်ခါတစ်ရံ ဆရာဝန်များနှင့် ပြသကုသရာတွင် နာကျင်မှုဝေဒနာပမျှောက်စေရေးအတွက် ဆေးပါးများကို မှီဝဲခဲ့ရာမှ ဘေးထွက်ဆိုးကျိုးအဖြစ် အစာအိမ်ရောဂါ၊ အစာအိမ်မသွေးသိုခြင်းရောဂါများကို ခံစားခဲ့ရတတ်၏။ အနောက်တိုင်းဆေးကုသမှုနည်းသည် ဆေးထိုးသွင်းခြင်းဖြစ်ပါသည်။ သို့သော်လည်း ခြေဖနောင့်အသားထူသည့်အတွက် နာကျင်မှုခံစားရ၏။ တစ်ခါတစ်ရံ ဓာတ်မှန်ရိုက် (X-ray) ၍ ခွဲစိတ်ပြီးထုတ်ပစ်ကြပါသည်။

ဂ သဘာဝအားဖြင့်ကုသခြင်း

များစွာသောလူအများ ခြေဖနောင့်အရိုးထွက်ခြင်းကြောင့် နာကျင်ခြင်းကို ကုသရာတွင် ဘေးထွက်ဆိုးကျိုးနည်းပါးစွာဖြင့် သဘာဝနည်းဖြင့် ကုသနိုင်ခဲ့ကြပါကြောင်း အထောက်အထားများတွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ ဖြစ်ပွားခဲ့သောလူအများက ငွေကုန်ကြေးကျလည်းနည်းပါး၍ အောက်ပါ နည်းလမ်းများကို ရွေးချယ် အသုံးပြုလာခဲ့သည်။

၁။ သဘာဝရောင်ရမ်းခြင်းကို ဆန့်ကျင်ပစ္စည်းများကို အသုံးပြုခြင်း

ချင်းနှင့်နနွင်းသည် ရောင်ရမ်းခြင်းကို ဆန့်ကျင်သည့် သတ္တိရှိခြင်းကြောင့် အရိုးကျိုးပေါင်းတက်ခြင်းကို ရွေးချယ် အသုံးပြုခြင်း ဖြစ်၏။ ထိရောက်မှုရှိခြင်းနှင့် ဘေးထွက်ဆိုးကျိုးနည်းပါးမှုကြောင့် အချိန်ယူပြီး ဘဝနေထိုင်မှုပုံစံကိုပြုပြင်ကာ လေ့ကျင့်ခန်းတစ်ခုခုပြုလုပ်၍ ချင်းနှင့် နနွင်းကို အချိန်ကြာမြင့်စွာသုံးဆောင်ရမည် ဖြစ်ပါသည်။ ချင်းကို တစ်ကြိမ် (၅၀၀) မီလီဂရမ်မှ (၁၀၀) မီလီဂရမ်၊ တစ်နေ့ (၃) ကြိမ်နှင့် နနွင်းကို (၄၀၀) မီလီဂရမ် နေ့စဉ်စားသုံးရမည် ဖြစ်ပါသည်။

၂။ဗီတာမင်ဘီ-12(B_{12}) ကိုအသုံးပြုခြင်း

ခန္ဓာကိုယ်အတွင်း ဗီတာမင်ဘီ-12 ဓာတ်လျော့နည်းပါက အရိုးများချို့ယွင်းပြီး ခြေဖနောင့်နာကျင်မှုကို ခံစားရတတ်၏။ အခွံပါသည့်ငါး၊ ခရု၊ ခုံးကောင်၊ အသည်းများစားသောက်ခြင်း သို့မဟုတ် ဖြည့်စွက် ဗီတာမင်ဘီ-12 ဆေးများသောက်သုံးရပါမည်။ ဗီတာမင်ဘီ-12 သည် ဥဏ်ကောင်းစေပြီး ခန္ဓာကိုယ်စွမ်းအင်ကို ဖြည့်ပေးစေနိုင်ပါသည်။

၃။အိုမီဂါ-3ဖက်တီးအက်စစ်ကို အသုံးပြုခြင်း

အိုမီဂါ-3 ဖက်တီးအက်စစ်သည် နာကျင်ရောင်ရမ်းခြင်းကို ပျောက်စေ၏။ ငါးကြီးဆီ၊ ပင်လယ်ငါးကြီး၏အသည်းမှထုတ်ယူသောအဆီသည် အိုမီဂါ-3 ဖက်တီးအက်စစ် များစွာ ပါဝင်သည်။ နေ့စဉ် ငါးကြီးဆီစားသုံးခြင်းဖြင့် နာကျင်ခြင်းနှင့် ရောင်ရမ်းခြင်းတို့မှ သက်သာစေနိုင်ပါသည်။

၄။ ရေခဲထုပ်ကပ်ပေးခြင်း

ရောင်ရမ်းနာကျင်ခြင်းများကို ရေခဲထုပ်ဖြင့် ဖနောင့်တွင်ကပ်ပေးခြင်း၊ ရေခဲနေသည့်ပုလင်းဖြင့် ခြေဖဝါးကို လှိမ့်ပေးခြင်းတို့ ပြုလုပ်နိုင်ပါသည်။ နာကျင်မှုဝေဒနာကို သက်သာစေပါသည်။

၅။ ရေနွေးနှင့်ဆားခါးရောစပ်ပြီးစိမ်ခြင်း

ရေနွေးနှင့်ရေစိမ်ခြင်း၊ ရေချိုးခြင်းများသည် ပင်ပန်းသည့်နေ့များတွင် ခန္ဓာကိုယ်ကို အညောင်းအညာပြေစေပါသည်။ ဆားခါးမဂ္ဂနီစီယမ်ဆာလဖိတ်သည် ရောင်ရမ်းခြင်းနှင့် နာကျင်ခြင်းကို ပယ်ပျောက်စေသည့်အာနိသင်ရှိသည်။ ရေနွေးဖြင့် ဆားခါးကိုရော၍ ရေချိုးပြီး ခြေဖနောင့်ကို နှိပ်နယ်ပေးခြင်းဖြင့် သက်သာစေနိုင်ပါသည်။ ရေနွေးနှင့် ဆားခါး ရောစပ်ထားသည့် ဇလုံထဲသို့ ခြေဝါးထည့်၍ လည်စိမ်နိုင်ပါသည်။

၆။ လက်ချားရည်ထဲတွင်စိမ်ခြင်း

လက်ချား (Borax) အမှုန့်ကို ရေနွေးဖြင့်ရောစပ်ပြီး ဖနောင့်မြုပ်သည် အထိစိမ်ထားရပါသည်။ နာကျင်မှုသက်သာလာပါက ရေဖြင့်ဆေးကြောပြီး ခြောက်သွေ့ရန် ပြုလုပ်ရပါမည်။

၇။ ဆေးကြိတ်ထုပ်ထိုးခြင်း (Herbal Poulice)

ဂေါ်ဖီထုပ် (သို့) မုန်ညင်းမွှေးများကို အဝတ်ဖြင့်ထုပ်ခြေမွှပြီး ရေနွေးဖြင့် အပူပေး၍ နာကျင်သည့်နေရာများကို ကြာရှည်ထုပ်ပေးရပါမည်။ နာကျင်မှုသက်သာလာသည်အထိ လုပ်ဆောင်ရန် ဖြစ်၏။

၈။ ပန်းသီးဗီနီကာ (Apple cider vinegar)

ပန်းသီးဗီနီကာသည် ရောင်ခြင်းကို ပျောက်စေသည့်အာနိသင်ရှိသည်။ ပန်းသီးဗီနီကာအနည်းငယ်ကို သောက်ခြင်း၊ ပန်းသီးဗီနီကာဆွတ်ထားသည့်အဝတ်ကို ပူနွေးစေပြီးကပ်ပေးခြင်းများ ပြုလုပ်နိုင်သည်။

၉။ ဆီဖြင့်နှိပ်ပေးခြင်း (Oil massage)

ခြေဖနောင့်ကိုအပူပေးထားသည့် ဆီဖြင့်လိမ်းကျံကာ နှိပ်ပေးခြင်းသည် သက်သာစေပါသည်။ အုန်းဆီ၊ ဆီ၊ မုန်ညင်းဆီ၊ လိုင်နံဆီတစ်မျိုးမျိုးဖြင့် လိမ်းပြီးနှိပ်ပေးနိုင်ပါသည်။ ဆေးလက်ပတ်ကိုလည်း အသုံးပြုနိုင်၏။ ဆီများသည် ပွတ်တိုက်စားမှုကိုကာကွယ်ပေးပြီး ခြေထောက်သက်သောင့်သက်သာဖြစ်စေပါသည်။

၁၀။ ဆေးဖက်ဝင်ဖော်ရည် (Herbal Bath)

သဘာဝလက်ဖက်စိမ်းရည်၊ ဓာတ်တိုးဆန့်ကျင်သည့် အာနိသင်ရှိသော ရောင်ရမ်းခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ ကိုယ်ခံခုခံအားမြှင့်စေပါသည်။ နေ့စဉ်သောက်သုံးရမည်။

၁၁။ ပလတ်စတာကပ်ပေးခြင်း

တင်လဲရည်နှင့် ဆော်ဒါ၊ ပန်းသီးဗီနီကာတို့ကိုရောစပ်ပြီး ပလတ်စတာကဲ့သို့ ကပ်ထားခြင်းဖြစ်၏။ ဆေးအုံထားပါက ပူနေမည်ဖြစ်ပြီး ခြေဖနောင့်သွေးခြင်းကို ပျောက်ကင်းစေပါသည်။

ခြေထောက်များသည် ခန္ဓာကိုယ်၏အလုပ်ကို အများဆုံးလုပ်ရသော အစိတ်အပိုင်းဖြစ်ပါသည်။ တစ်နေ့တာ မတ်တတ်ရပ်ကာ အလုပ်လုပ်နေရသူများသည် ခြေထောက်အပေါ် ဒဏ်သက်ရောက်မှုများကြောင့် ခြေဖနောင့်ရိုးထွက်ခြင်း၊ ခြေဖနောင့်နာကျင်ခြင်းများ ရရှိပါသည်။ ထိုသူများအတွက် ငွေကုန်ကြေးကျများသည့် နည်းလမ်းများကို ရှာဖွေဖတ်ရှုပြီး တစ်ဆင့်ပြန်လည် ကုသသားအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရာသီစက်ဝန်းဟာ သစ္စာရှိစွာဖြင့် နှန်မှန်လည်ပတ်လို့နေပါတယ်။ ညောင်-ဘာလိုလို နွေအေးချမ်းမြမြရှိလှတဲ့ဆောင်း ဘစ်လရဲ့ ဒီဇင်ဘာလကိုတောင်ရောက် တော့မှာပါပဗျာလား။ နှစ်တစ်နှစ်ရဲ့ ကောင်းမှုလုပ်ဆောင်ခဲ့သမျှအားလုံးကို ဒုက်ပြုပြီးနှတ်ဆက်တဲ့လ။ မတော်တဆ ယုပ်မှားကိုင်မှား ပြောမှားဆိုမှားတွေကို လည်း ဦးနှောက်နှင့်ဆင်ခြင်ပြီး ပြုပြင် ရောရှိတာတွေကို ပြုပြင်၊ အမှားကိုမြင် သွင် အမှန်ကိုပြင်ဖို့ မကောင်းမှုဒုစရိုက် အကျင့်ဆိုးတွေကို လာမည့်နှစ်သစ်သို့ သယ်ဆောင်မသွားမိဒစဖို့ သတိပေးနေ တဲ့လ။

သည်ဒီဇင်ဘာရဲ့ ဆောင်းလကို ရောက်လာပြီဆိုသည်နှင့် သက်ဆိုင်ရာ စာသင်ကျောင်းအသီးသီးတွေမှာ ကံကု လက်လှည့် (ကျွန်တော်တို့ခေတ်မှာ တော့ ကံကုဆဲနှင့်စာရေးရခြင်းမရှိပါ။ ကျောက်တံနှင့်ခဲတံကိုသာ လက်လှည့် အသင်ခံရပါသည်) ဆုံးမပြုပြင် အနန္တ ဝိုင်းဝင် ကျေးဇူးရှင် သင်ဆရာ၊ ဆရာမ ကြီးများကို ပူဇော်ကန်တော့ကြတဲ့ပွဲတွေ ကို ကျင်းပကြစမြဲပါ။



ပန်းပြိုင်လယ်-စိန်ဝင်း

လက်ဆယ်ကြိမ်မြောက် ပြိုးလျက်ပါဆရာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာ၊ ဆရာမကြီးများကို ပူဇော်သည်ပွဲ။ တစ်နည်းအားဖြင့် သည်ကျောင်းမှာ စာသင်ကြားပြသပေးခဲ့ဖူးသည့် သက်ပြည့်ပင်စင်ယူ အငြိမ်းစားဆရာ၊ ဆရာမကြီးများကို သည်ကျောင်းမှာပဲ ပညာရည်နှိုးချိုသောက်စိုခဲ့ကြတဲ့ တပည့်ဟောင်းအချို့တွေရဲ့စေတနာသဒ္ဓါတရား အပြည့်နဲ့ လှူဒါန်းထည့်ဝင်ထားသည့် ခွေးနဲစာပစ္စည်းလေးတွေ၊ ငွေကြေးတွေနဲ့ အာမိသာပူဇာမြောက်အောင်လို့ လက်ဆယ်ဖြာမိုး ရှိခိုးကန်တော့ကြရမှာပါ။

ဂန္ထဝင်အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ အသီးတစ်ရာအညာတစ်ခုဆိုတဲ့ သီချင်းထဲကလို 'ခေါင်းလောင်းသံ တည်ညံပေးတဲ့ရွာကျောင်းကို ပြေးမြင်မိပေ... သတိရနေတယ်သူငယ်ချင်းရေ။ တို့များငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကလေ... လက်ချင်းယှက်ကာပြေးကာလွှားကာ' ဆိုတဲ့ ကိုယ်တက်ခဲ့တဲ့ ကျောင်းက လက်ချင်းတွဲလည်ပင်းဖက်ပြီး အတူသွားအတူလာအတူစာကျက်ခဲ့ရတဲ့ သူငယ်ချင်းတွေ၊ ငယ်ပေါင်းဆွေတွေကို အထူးသတိရနေမိတာတော့ အမှန်ပါပဲ။

ဟိုးငယ်ငယ်တုန်းကဆို ဆင်းရဲတာတွေ၊ ချမ်းသာတာတွေ၊ ဂုဏ်တွေ ပကာသနတွေ၊ အရောင်တွေမရှိခဲ့ပါဘူး။ တကယ့်ကို ဖြူဖြူစင်စင်နဲ့ ခင်မင်ခဲ့ရတဲ့သူငယ်ချင်းတွေဟာ အခုအခါမှာတော့ လူဘဝရဲ့ဇာတ်ခုံအသီးသီးမှာ ရောက်ရာနေရာ ကျရာတာဝန်၊ သင့်တော်ရာအလုပ်တွေနဲ့ ဘဝပေးအခြေအနေအရ လှုပ်ရှားရုန်းကန်လို့ အဆင်ပြေသလို ကပြနေကြရပြီပေါ့"

ဟုတ်တယ်လေ၊ ဒီကျောင်းတော်ကြီးက မွေးထုတ်လိုက်တဲ့ တပည့်တွေဟာ သောင်းသိန်းမကရှိလှရောပေါ့။ ဒီအထဲမှာ စစ်ဘက်ဆိုင်ရာတွေ၊ ဆရာဝန်ကြီးတွေ အင်ဂျင်နီယာတွေ၊ ကျောင်းဆရာ၊ ဆရာမတွေ၊ ကုန်သည်ပွဲစားတွေ၊ စားရေဆရာတွေ၊ အယ်ဒီတာကြီးတွေ၊ ထုတ်လုပ်သူတွေ၊ ဂီတအနုပညာရှင်ကြီးတွေ၊ အရာရှိအရာခံတွေ၊ နိုင်ငံဝန်ထမ်းတွေ၊ လက်လုပ်လက်စားတွေဆိုတဲ့သူတွေဟာ အလွှာစုံမှာ အသီးသီးရှိနေကြပြီလေ။

ဒီနေရာမှာ ဆရာ့ထက်တော်တဲ့ တပည့်တွေ၊ ဆရာနဲ့တန်းတူညီတဲ့ တပည့်တွေ၊ ဘဝမှာဒေနွေကြေးပြည့် ပြည့်စုံစုံနဲ့ ရာထူးရာခံမြင့်မားလို့ ဝင့်ဝင့်ကြွားကြွားရှိနေတဲ့သူတွေကို သိရမြင်ရကြားလိုက်ရတော့ ပီတိတွေတလှေကြီးနဲ့ မုဒိတာတွေတသီတတန်းကြီးပွားခဲ့ရပေတယ်။ အဲ - ကျောင်းကတည်းက ဆိုးဆိုးပေပေ တေတေမိုက်မိုက်နေခဲ့တဲ့ သူငယ်ချင်းဟောင်း မောင်တို့တစ်တွေကို အမှတ်မထင်တွေ့မြင်မိခဲ့ရပြန်တော့လည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်လို့ သနားကရုဏာတွေသက်မိခဲ့ရပြန်ပါရော။

ဘာတတ်နိုင်မှာလဲလေ။ ဆရာတွေဆိုတာ ဆာပည့်အားလုံးကို တန်းတူညီတူ စေတနာစူ မေတ္တာအတူထားခဲ့ကြတာချည်းပါပဲ။ ဘယ်တပည့်ကိုတော့ ဖြင့် သာစေ၊ တတ်စေ၊ တော်စေဆိုတဲ့ ကွက်ကျားမိုးရွာခဲ့တာမျိုး မရှိခဲ့ပါဘူး။ အားလုံးကို အညီအမျှပေးဝေခဲ့တာ။ နာယူတတ်သူတွေ၊ လေ့လာကြိုးစားကျက်မှတ်သူတွေဟာ ရခဲ့ကြတာပါ။ ပညာလေ့ကားတစ်ထစ်ချင်းကို ခလုတ်တိုက်သင်းကင်းရှင်းစွာနဲ့ ထူးချွန်မှုဂုဏ်ထူးသရဖူတွေဆောင်းပြီး အထက်ရောက်တဲ့အထိ တက်လှမ်းနိုင်ခဲ့ကြပါတယ်။

တချို့တွေကျပြန်တော့ ပေးကားပေးဆိုမှရဆိုတော့ကာ အဲဒီမှာဘဝချင်းတွေလည်း ခြားနားခဲ့ကြရပြန်ပါတယ်။ ဒါတွေဟာလည်း လောကရဲ့ဓမ္မတာဆိုတဲ့ ဖြစ်မြဲသဘောတွေပဲပေါ့လို့ စောကြောရတော့မှာပေါ့။ ကဲ - ထားတော့။ ပြောချင်တာက ဆရာဆုံးမတာကို မနာခံနိုင်တဲ့၊ မနာယူလိုတဲ့ တပည့်တွေဟာ ဘဝခရီးကြမ်းမှာပင်ပန်းကြမ်းလွန်စွာနဲ့ လျှောက်လှမ်းကြရမှာတော့ အမှန်ပဲပေါ့။

ပန်းပဲဆရာအထူးမခံရတဲ့ သံတုံးဟာ လက်နက်ကောင်းတစ်ခုဖြစ်မလာနိုင်ပါဘူး။ ကျောက်ဆစ်ဆရာအဖြတ်အဆစ်အထွဋ်အထွင်းမခံရတဲ့ ကျောက်တုံးဟာလည်း လှပတဲ့ အရုပ်ကောင်းတစ်ခုဖြစ်မလာနိုင်ပါဘူးရယ်လို့ ပထမရွှေကျင်ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမအတိုင်း တပည့်ကောင်းသူကောင်းဖြစ်ဖို့ဆိုရင်တော့ ဆရာကောင်းတပည့်ဖြစ်ဖို့လည်းလိုပါတယ်။ ဆရာကောင်းရဲ့ အဆုံးအမကို လေးစားလိုက်နာခံယူတတ်ဖို့ဆိုတာဟာလည်း အရေးကြီးလှပေတာပေါ့။

ဒီနေရာမှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဆိုတာ ကြီးတယ်၊ ငယ်တယ်၊ ရွယ်တယ်၊ လတ်တယ်ရယ်လို့မဟုတ်ပါဘူး။ အမှားကိုမြင်လို့ပြင်ပေးရင် ဆရာလို့ မှတ်ယူရမှာပါ။ တစ်ခါတလေ မဂ္ဂင်းတွေကို ကိုယ်ရေးပို့လိုက်တဲ့စာ[illegible]မှာ သတ်ပုံတွေမှားတာ၊ သဒ္ဒ[illegible]အသိုတွေမှားတာ၊ အယူအဆ[illegible]တွေ ပါသွားခဲ့ဖူးတာပါပဲ။ [illegible]မဂ္ဂဇင်းအသီးသီးက အယ်ဒီ[illegible]တွေက ပြင်ဆင်ပြီးဖော်ပြပေး[illegible]တွေရှိနေပါတယ်။ ကိုယ့်စာမူကို [illegible]ပြန်ဖတ်ကြည့်မိတော့မှ -

ဩော် - ငါရဲ့အမှားကိုပြင်[illegible]ဆရာအယ်ဒီတာကြီးတွေကို [illegible]တင်လိုက်တာဗျာဆိုတဲ့ ရင်ထဲက [illegible]တိတ်စကားတွေဆိုမိခဲ့တာ အမှန်။ အယ်ဒီတာပြင်ပေးလို့ အမှန်ခြင်း[illegible]စာရေးဆရာဟာ ရှက်စရာမဟုတ်[illegible]ဒီလိုပဲ တပည့်က ဆရာရဲ့အဆုံး[illegible]ခံယူရတာဟာလည်း ရှက်စရာ[illegible]ပါ။ ဂုဏ်ယူစရာသာ ဖြစ်တယ်ဆို[illegible]သာကေတစ်ခုနဲ့ ကောက်နုတ်[illegible]ချင်ပါတယ်။

- မြတ်စွာဘုရားရဲ့လက်ယာ[illegible]အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး[illegible]အဆုံးအမခံယူပုံလေးဟာ လွန်[illegible]အတုယူစရာကောင်းလွန်းလှပါတယ်[illegible]

တစ်နေ့သောအခါမှာ အရှင်[illegible]ရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ သတ်[illegible]ထားပုံဟာ မညီမညွတ်ဖြစ်နေပါတယ်[illegible]ဒါကို သူကိုယ်သူတော့ အမှတ်တခဲ့[illegible]မို့ မသိလိုက်ဘူးပေါ့။ အဲဒါကိုမြင်[illegible]ခုနစ်နှစ်အရွယ် သာမဏေငယ်လေး[illegible]သေသေချာချာကြည့်ပြီးတော့ -

"အရှင်ဘုရား၊ အရှင်ဘုရား[illegible]သက်နီးဝတ်ရုံထားပုံဟာ ပုံပန်းမတူ[illegible]မညာရှိလှပါတကား"

ဆိုပြီး လက်အုပ်ကလေးခ[illegible]လျှောက်ထားပြောဆိုလိုက်တာပါ။ [illegible]လို ကိုရင်ငယ်လေးရဲ့လျှောက်ထားပြော[illegible]ဆိုချက်ကို မထင်မှတ်ဘဲ ကြားလိုက်[illegible]တော့ အရှင်သာရိပုတ္တရာမထေရ်မြတ်[illegible]ကြီးဟာ လူမမည်ကိုရင်လေးက [illegible]ဒီလိုမျိုးဆရာလုပ်တာကောင်းသလား[illegible]ဆိုတဲ့အတွေးချော့သဘောထားမျိုး လုံး[illegible]မရှိသလို အပြစ်တင်တာမျိုး၊ မထိမဲ့မြ[illegible]မြင်တာမျိုးလည်းမရှိပါဘူး။ သင့်တော်[illegible]တစ်နေရာကိုသွားပြီး ကောင်းမွန်[illegible]သေသပ်အောင် သက်နီးကိုပြန်လည်[illegible]ဝတ်ရုံလိုက်ပါတယ်။

သေသေသပ်သပ်ဝတ်ရုံပြီးတော့[illegible]မှုပြောလိုက်တဲ့ သာမဏေငယ်လေး[illegible]ပြန်ကြွလာပြီး ရပ်လျက်ကပင်လက်အုပ်ချီလျက် -

"သည်လောက်လှလျင်သင့်လှော်

www.burmeseclassic.com

www.burmeseclassic.com

ပါပြီလား ဆရာ”

ဆိုပြီး ရိုရိုသေသေနာခံမှတ်ယူခဲ့တာဟာ တကယ့်ကိုအတုယူမှတ်သားစရာပါ။

အဲဒီနေ့မှာပဲ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက -

“(၇) နှစ်အရွယ် သာမဏေငယ်ကလေးကပင် ဆုံးမလာလျှင် ထိုအဆုံးအမကို ဦးခေါင်းထက်မှာ ခံယူချင်ပါသည်”

ဟူ၍ ကျူးရင့်တော်မူခဲ့ပေတာ့ပေါ့။

(သပြေကန်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးနိဿယသစ် စာ-၁၉၀)

ဆရာတို့ရဲ့ ဆိုဆုံးမခဲ့တဲ့စကားတွေကို နာခံတတ်တဲ့ တပည့်တွေရဲ့နားထဲမှာ ပဲ့တင်သံတွေအဖြစ်ပြန်ကြားနေမိကြမှာပါ။ တပည့်တွေကို လူကောင်းလူတော်ဖြစ်စေဖို့ ဂေါရဝေါစဆိုတဲ့ ရိုသေထိုက်သူကို ရိုသေတတ်ဖို့၊ နံဝါတောစ ဆိုတဲ့ မိမိကိုယ်ကိုနိမ့်ချတတ်တဲ့ တပည့်မျိုးဖြစ်ဖို့ရာလည်းလိုပါတယ်။

မြတ်စွာဘုရားရဲ့သားတော်လည်းဖြစ်၊ ဘုရင့်သွေးဒုနမင်းကြီးရဲ့မြေးတော်လည်းဖြစ်၊ မြတ်သောသာကီဝင်းမျိုးလည်းဖြစ်တဲ့ အရှင်ရာဟုလာသာမဏေငယ်လေးရဲ့ နံဝါတောစ ဆိုတဲ့ မိမိကိုယ်ကိုနိမ့်ချနိုင်မှုဟာလည်း အတုယူရောတစ်ခုပါပဲ။

ရာဟုလာသာမဏေငယ်ကလေး (၇)နှစ်သားအရွယ်တုန်းကပါပဲ။ မြတ်စွာဘုရားရှင်ဟာ သားတော်ရဲ့သိက္ခာပုဒ်မှာ ယုတ်မယွင်းစေခြင်းအလို့ငှာ ရာဟုဝေါဒသုတ်ဒေသနာဖြင့် မပြတ်ဆုံးမတော်မူခဲ့ပါတယ်။ အရှင်ရာဟုလာရဲ့ အဆုံးအမလွယ်ပုံလေးဟာလည်း သတိပြုရောတစ်ခုပါပဲ။

ရာဟုလာသာမဏေငယ်လေးဟာ နံနက်အာဟာရစောထလို့ သဲတွေကိုလက်ခုပ်ဖြင့် ကျိုးပြီး -

“ဘုန်းတော်ကြီးမြတ်လှသောဘုရားအထံမှ လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာအရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့၏အထံမှလည်းကောင်း ဤသဲဆုံးမှုလောက်သော ဩဝါဒစကားကို နေ့ရုပါမူကား ငါ့အားကောင်းရာ၏”

ဟု တောင့်တလေ့ပြု၏။

ဥပဇ္ဈာယ်ဆရာတို့ ဆုံးမသောဘုပုဒ်တို့ကိုလည်း တစ်ဆဲဖျားမျှမြိုမိပါးရလေအောင်ကျင့်၏။ ထိုကြောင်းအရာကို များစွာသောသံယာတို့သိလေလျှင် တရားသဘင်၌ ရှင်ရာဟုလာအား များစွာ ချီးမွမ်းကြကုန်၏။ ဒီလို ရာဟုလာသာမဏေလေးရဲ့ အဆုံးအမခံယူပုံဟာ အားကျစရာပါ။

ရာဟုလာရဲ့ မိမိကိုယ်မိမိနှိမ့်ချပုံရယ်၊ ပညတ်ချက်၊ သိက္ခာပုဒ်ကို လေးစား လိုက်နာ ကျင့်ကြံမှုကိုလည်း သတိထားမိတာလေးရှိနေပါသေးတယ်။

ရာဟုလာသာမဏေဟာ (၇) နှစ်အရွယ်မှစ၍ (၁၈)နှစ်အရွယ်ရှိသည်တိုင် အောင် ပြက်ရယ်ပြုစကားကို ဆိုခဲ့ဖူးသည်မရှိ။ မိမိဇာတိမာန်ဖြင့်ခက်ထန်တင်းမာခြင်းကိုလည်း ရဲခါမျှမပြု။ ရဟန်းသံဃာတို့အား လူ၊ သာမဏေတို့နှင့် တစ်မိုးတစ်ရံတည်းသောကျောင်းဝယ် အရဏ်တက်အောင်မအိပ်အပ်ဟူသော သိက္ခာပုဒ်ကို ပညတ်သောအခါ သံဃာတော်တို့ကို ငဲ့ညှာသောအားဖြင့် အရှင်ရာဟုလာသည် မြတ်စွာဘုရား၏ ဝစ္စကုဋီ၌သာဝင်၍ အိပ်နေလေ၏။ ထို့အခြင်းအရာကို မြတ်စွာဘုရားသခင် တွေ့မြင်တော်မူ၍ အကြောင်းကိုမေးပြီး သိတော်မူသောအခါ များစွာသော ပရိယာယ်တို့ဖြင့် ချီးမွမ်းတော်မူခဲ့ဖူးပေသည်။

(ဇိနတ္ထပကာသနီကျမ်း-နှာ-၂၃၅)

နောက်တစ်ခုက အမိအဖ၊ ဆရာသမားတွေ ဆိုဆုံးမတာကို မနာယူလိုသူတွေအတွက် သတိပြုစရာလေးတစ်ခုကို ထုတ်ပြချင်ပါတယ်။

အဲဒီကတော့ မြတ်စွာဘုရားရှင်ရဲ့ငယ်ကျွန်တော်ဖြစ်တဲ့ အရှင်ဆန္ဒဟာ ဘုရားကိုချစ်ပြီး တရားမကျင့်တဲ့အတွက် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်မှာ ဘာတရားထူးကိုမှမရရှာပါဘူး။ ရဟန်း သံဃာတော်များကိုလည်း ရိုသေလေးစားခြင်းမရှိပါဘူးဆိုပဲ။

ဒီတော့ ဘုရားရှင်က သူပရိနိဗ္ဗာန်စံဝင်တော်မူပြီးတဲ့အခါ အရှင်ဆန္ဒကို ငြဟ္မဒဏ်ပေးရစ်ကြဟု မိန့်တော်မူခဲ့တယ်။ ငြဟ္မဒဏ်ဆိုတာ အရှင်ဆန္ဒက ဘာတွေပဲပြောပြော ရဟန်းတို့ကပြန်မပြောရ၊ မဆုံးမရ၊ မသွန်သင်ရ၊ သူလုပ်ချင်တာတွေလုပ်ပါစေ။ ဂရုမစိုက်ဘဲထားရတဲ့ဒဏ်ဖြစ်ပါတယ်။

အရှင်အာနန္ဒာက အရှင်ဆန္ဒကို ငြဟ္မဒဏ်ပေးကြောင်း မိန့်တော်မူလိုက်တဲ့အခါမှာတော့ အရှင်ဆန္ဒဟာ -

“ရဟန်းသံဃာတော်များတို့ကတပည့်တော်ကို ဒီလိုဆုံးမတော့ဘူးဆိုလျှင်တော့ တပည့်တော်ကိုသတ်လိုက်တာပါပဲဘုရား”

လို့ပြောပြီး ထိုနေရာမှာပဲ မူးမိုက်လို့လဲကျသွားပါတော့တယ်။

ဒါတွေဟာ တပည့်ဝတ်ထဲကဆုံးမနာယူလို့ဆိုတဲ့စကားကို ကိုယ်စားပြုလိုက်တာပါ။ တကယ်တော့ တပည့်ဆိုတာ ဆိုဆုံးမလွယ်တဲ့ သောဝစတဂုဏ်နဲ့ပြည့်စုံဖို့လိုပါပေတယ်။

တပည့်ဝတ္တရားငါးပါးဆိုတဲ့ -

၁။ ခရီးကြိုလတ်၊ ဆည်းကပ်ခံစား၊ စကားနာယူ၊ ကြည်ဖြူလုပ်ကျွေး၊ လေးလေးသယ်ယူ၊ ဝတ်ငါးဆူ ပြုမူ မချွတ် တပည့်ဝတ်။

လို့ ဆိုထားပေတာပါ။ အဓိပ္ပာယ်အကျယ် ဖွင့်ဆိုရပါလျှင် -

၁။ ဆရာလာနေတာမြင်လျှင် နေရာမှ ထ၍ ခရီးဦးကြိုဆိုရမည်။

၂။ ဆရာထံပါးခစားဆည်းကပ်ရမည်။

၃။ ဆရာပြောစကားကိုသင်ကြားနာယူမှတ်သားရမည်။

၄။ ဆရာသမားကို ရိုသေစွာလုပ်ကျွေးရမည်။

၅။ ဆရာသမားထံမှ အတတ်ပညာကို လေးလေးစားစားသင်ယူရမည်လို့ ဆိုလိုတာပါ။

ဒီနေရာမှာ ကြိုတင်တောင်းပန်ချင်တာက ‘မိကျောင်းမင်းရေကင်းပြ’ ‘ဘုန်းကြီးစာချ’ ဆိုတာမျိုးတော့မဟုတ်ရပါ။ ဆရာတွေကို ဆရာမလုပ်ဝံ့ပါ။ သူငယ်ချင်းကျောင်းဆရာတွေနဲ့ နောင်အနာဂတ်မှာ ပညာရေးတာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမယ့်သားတို့သမီးတို့ကျောင်းဆရာတွေကို ညွှန်းဆိုလိုပြောချင်တာပါ။

ဆရာဆိုတာ ဆရာနဲ့တူရမယ်တဲ့ မှန်ပေတာပေါ့။

❑ သီဿာနံ ဟိတံ အာစရကိတိ အာစရိယော။



www.burmeseclassic.com

www.burmeseclassic.com

သိသာနံ - တပည့်တို့၏၊ ဟိတံ-အစီအပွားကို၊ အာစရတိတိ- ရွေးရွေးကျင့်တတ်၏။ ဣတိ - ထို့ကြောင့် အာစရိယော - အာစရိယ ဆရာမည်ပါပေ၏တဲ့။ ဆရာတွေက မိမိတပည့်တို့ရဲ့ အစီးအပွားကို အမြဲရွေးရွေးပြီး အမြဲတစေကျင့်ကြံရမယ်လို့ ဆိုလိုတာပါ။ အစီးအပွားဆိုရာမှာလည်း စာတတ်မြောက်ရေးတစ်ခုတည်းကိုသာ စိုက်လိုက်မတ်တတ်ကျင့်ကြံနေရုံ မဟုတ်ပါဘူး။ တပည့်တို့ရဲ့လိမ္မာရေးခြားရှိရေးကိုလည်း အဓိကထားပြီး သင်ပြပေးကြရမှာပါ။ ဆရာဆိုတာ 'စာကိုလည်းသင်၊ လူလည်းပြင်' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျင့်ကြံရမှာ။ တပည့်ကောင်းဖြစ်ဖို့၊ သူတော်ကောင်းဖြစ်ဖို့က ပထမဦးစားပေးပြီး စာတတ်ဖို့က ဒုတိယဦးစားပေးရမှာပါ။

အမရပူရ တောင်မြို့ကျမ်းပြုအကျော် အရှင်ဇနကာဘိဝံသရဲ့ကျောင်းစည်းကမ်း(၁၀)ချက်ထဲမှာ စိတ်ကောင်းရှိဖို့က နံပါတ် (၁) ဖြစ်ပြီး စာတတ်ဖို့ကတော့ နောက်ဆုံးနံပါတ် (၁၀) မှာထားတာ သတိထားမိကြမှာပါ။ ဆိုလိုတာကတော့ လူကောင်းလူတော်တွေဖြစ်နေကြဖို့ပါပဲ။ တပည့်တိုင်းကို သူကောင်းတွေဖြစ်ဖို့ရာ အဓိကထားတာပါ။ စာတွေတတ်ပြီး သူကောင်းမဖြစ်ဘဲ သူယုတ်ဖြစ်သွားရင် ပိုပြီးမခက်ပေဘူးလား။

ဒါကြောင့်လည်း ဆရာဆိုတာ-

> ရွေးရွေးမေတ္တာကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းသွင်မသို့၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က ဆုံးမတတ်သူ၊ ဆရာဟူလော့

ရယ်လို့ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်မှာ ဖွင့်ဆိုဆွန်းပြထားပေတာပေါ့။

ဆရာ ဆိုတာ တပည့်တွေအပေါ်မှာ မေတ္တာရေ့ထားရမယ်၊ ကရုဏာထားရမယ်၊ လမ်းမှားရောက်တပည့်တွေရဲ့ဆိုးပြစ်တွေကို ကြားမယ်၊ သိမယ်၊ မြင်တွေ့မယ်ဆိုရင် မသိယောင်ဆောင်ပြီး မိမိဝမ်းထဲမှာ သိမ်းဆည်းသိုဝှက်မထားဘဲ ဆိုဆုံးမတတ်သူဖြစ်ရမယ်။ ဒါမှသာ ဆရာဝီသတဲ့ဆရာဖြစ်ပေမယ်ပေါ့။

ဆရာတွေကို ဆီမီးတိုင်နဲ့ပမာ ပြုကြတယ်။ လောကကြီးတစ်ခွင်လုံးကို ပညာအလင်းတွေဖြန့်ကြက်လို့ အမှောင်တွေ ပယ်ခွင်းပေးသူတွေတဲ့။ ပြီးတော့ ဥယျာဉ်မှူးပမာ မြတ်ဆရာလို့ဆိုပြန်ပါတယ်။ ဥယျာဉ်မှူးဟာ ပန်းခူးပြီး သူ



အသုံးချဖို့ဖြစ်တည်လာတာ မဟုတ်ပါဘူး။ သူပျိုးထောင်ပြုစုလိုက်တဲ့လှသော၊ မွှေးသောပန်းကလေးတွေ မည်းနွမ်းဖို့၊ ပွင့်သောပန်းလှပြီး လှသောပန်းတွေ မွှေးနေဖို့ဆိုတာ ဥယျာဉ်မှူးဆရာရဲ့ ဆန္ဒတွေပါပဲ။

တစ်ပြားမရှိ၊ တပည့်မရှား၊ ဝိတိတွေစားပြီး အားရှိတဲ့ဆရာတွေရှိသလို ခါးချည့်တဲ့ဆရာတွေလည်းမနည်းလှပါဘူး။ ဒါကြောင့်လည်း ဆရာတွေကို စားသွေးကျောက်နဲ့ပမာခိုင်းလို့ နှိုင်းဆိုကြပြန်ပါတယ်။

ဒီနေရာမှာ ကျွမ်တို့ ဟသ်တက ကဗျာဆရာ သစ်အောင်ခိုင်ရဲ့ -ကဗျာလေးတစ်ပုဒ်ကိုမြေးပြီး အမှတ်ရလိုက်မိပါတယ်။ ကဗျာလေးက 'အသွေးခံကျောက်' တဲ့။

> တစ်ချက်ဝဲ၊ တစ်ချက်ပါး
> အချက်များတော့ ခါးခွက်၊
> စားတွေထက်ဖို့။

ဟုတ်တာပေါ့လေ၊ ခါးချည့်တဲ့ဆရာတွေ အားရှိဖို့တော့ တပည့်တွေရဲ့အသိတရားပေါ်မှာ တည်မှီနေတာပေါ့နော်။ ဆရာတွေရဲ့စေတနာဟာ သူ့ခါးအခွက်ခံပြီး ထက်မြက်တဲ့တပည့်တွေအဖြစ် တောက်ပြောက်လင်းလက်ဖို့တော့ မျှော်လင့်ချက်တွေရှိနေကြပေတာပေါ့။ ဟိုးငယ်ငယ် သေးသေးကွေးကွေး ဝယ်းကလေးကစပြီး ကမ္ဘာလုံးကြီးအထိ ကြည့်တတ်မြင်တတ်ဖို့ အသိဉာဏ်သော့တွေပေးပြီး ဆရာဆိုတဲ့ အေးမြတဲ့အရိပ်အောက်ရောက်အောင်သွားစေချင်တာကလည်း ဆရာရဲ့စေတနာတွေပါပဲ။

ဆာဝီလျံအော်စလာက -

"အောင်မြင်တဲ့ဆရာ ဆိုတာ အမြင့်နေရာကနေပြီး နို့သက်ခံစို့နေတဲ့ တပည့်တွေကို ပညာရည်လောင်းချေး

နေတာမဟုတ်ဘူး။ ဆရာဆို တကယ်တော့ ဝါရင့်သမ္ဘာရင့်တ ဖြစ်ပြီး ကိုယ့်ထက်ငယ်ရွယ်သူတ ကူညီလိုစိတ်ပြင်းပြနေသူဖြစ်တယ် တဲ့လေ။

ဒါဆို ဆရာကောင်းတစ်ယော ဖြစ်ဖို့ရာ ဦးစွာ တပည့်ကောင် ယောက်ဖြစ်ဖို့ လိုတယ်ဆိုတာ အသေအချာပဲပေါ့။

ဥယျာဉ်မှူးဆရာတွေ ပြ ထောင်ပေးလိုက်တဲ့ အသီးအပွင့ အားလုံးဟာ ချိုမြိန်လှပနေတာ မဟုတ်ပါဘူး။ ပိုးစားလောက်ကိုက် ညှပ်သီးဖျင်း၊ သီးကင်းတွေလည်း တတ်တာပါပဲ။ ကြယ်မစုံတဲ့ညက် ဝင်းပတဲ့လမင်းရဲ့တန်ဖိုးကို နားလ ရတဲ့သူတွေဟာ ကရုဏာသက်စရ အဖြစ်ရောက်သွားတတ်ကြတာပ

ကဲ - ထားပါတော့လေ။ ဒီ ကနေ ပြောချင်တာလေးတစ်ခုကို ရွာပဲဆိုပါရစေ။

နှင်းတွေဝေနေတဲ့ ဒီ ဆောင်းလမှာ တစ်နှစ်တစ်ခ ရမယ့် ဆရာကန်တော့ပွဲကို အတ ရာဖိတ်ချင်တာပါပဲ။ သူကချင် ငါကဆင်းရဲလို့၊ သူတို့က ဝုတ် တွေ၊ ရာထူးရာခံတွေပြည့်နေလို့ လက်လှမ်းမှီ ပါးစပ်လှမ်းရမှာမို့လို့ ကအရောင်တွေတောက်ပြောင်ထ လို့၊ ငါကမှေးမှိန်စုတ်ချာလို့ဆို ခဝါချပြီး ဆရာတွေကို အတူတူက ကြပါစို့ကွာ။ ငွေကြေးဓနမပ လက်ဆယ်ဖြာယှက်မို့လို့ ရှိုးက လိုက်နိုင်တယ်ဆိုရင်တောင် တွေက ကြည်နူးနေကြမှာပါ။

တို့ကစ်တွေဟာ တို့ ဘာသာ၊ သာသနာကောင် ဆောင်ရွက်ကြတဲ့နေရာမှာ မထူ ကိုခွဲထုတ်၊ တူတာတွေကိုတ အဓိကကတော့ အများအတ စေနဲ့ပေါ့လို့ဆိုတဲ့ တို့များရဲ့ဆ ကို နားဆင်ဦးညွတ်လို့ အ နိုင်မယ့်စနစ်ကိုကျင့်သုံးပြီး အ စစ်စစ်တွေကို လှစ်ပြဖော်ကျ

ကျေးဇူးရှင် သ
မြင့်ဆရာ၊ ကြားဆရာအ
လက်ဆယ်ဖြာမိုး

ပန်းမြင့်လ

www.burmeseclassic.com

www.burmeseclassic.com

မျိုးတင့်(ညောင်လေးပင်)

ဒေးစွန်ပါက ရသေ့ကြီးပြောသော အာဟာရသိဒ္ဓိပြီးတဲ့ ဆေးမြင်းခွာ



စာရေးသူသည် 'အရွက်မဟုတ်တဲ့ အစွမ်းထက် သိဒ္ဓိဝင်ဆေးမြင်းခွာ' စာအုပ်ကို ၂၀၁၅ ခုနှစ်တွင် ဇွန်လက ရေးသားထုတ်ဝေခဲ့ပါတယ်။ ဒီစာအုပ်နဲ့ ပတ်သက်ပြီး ယနေ့ခေတ် လက်ကိုင်ဖုန်းတွေပေါနေတော့ ဟိုကဒီက စိတ်ဝင်တစားမေး ကြမြန်းကြပါတယ်။ တချို့လည်း လူကိုယ်တိုင် လာရောက်ပြီး ဆွေးနွေးကြပါတယ်။ ရောဂါပျောက်ကင်းသူများက ဝမ်းသာကျေးဇူးတင်ကြောင်းပြောကြလို့ ဝမ်းမြောက်ဝိတိဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် ဦးခေါင်းက ဗောက်တွေပျောက်ကင်းသွားပြီး ဆံပင်နက်ကို ပိုင်ဆိုင်ခွင့်ရတဲ့မိန်းကလေးများ အတော်များပါတယ်။ လည်ပင်းကျိုးပေါင်း၊ ခါးရိုးကျိုးပေါင်းသမားတွေကလည်း ဝမ်းသာစကားဆိုကြတယ်။

ဒီကြားထဲ စာရေးသူရဲ့စာအုပ်ထဲမှာမပါဘဲ ဆေးညွှန်းကို စမ်းသပ်သုံးစွဲခဲ့တဲ့ ရန်ကုန်မြို့က သင်္ဘောသားကြီး ဦးထွန်းဝင်းဆိုသူအကြောင်းကို တင်ပြလိုပါတယ်။ သူပြောတာက ဆေးမြင်းခွာစာအုပ်ကိုဖတ်ပြီး ကျန်းမာနုမျိုစေတယ်ဆိုလို့သောက်ကြည့်ခဲ့တာသူမှာ စွဲကပ်နေတဲ့နှလုံးရောဂါဟာ သိသိသာသာပျောက်ကင်းသွားတယ်လို့ သတင်းစကားပြောလာပါတယ်။ အင်္ဂလိပ်ဆေးအမျိုးမျိုးကိုသုံးနေရာက ဆေးမြင်းခွာကိုဖော်စပ်သုံးစွဲရာမှာ ရောဂါပျောက်ကင်းခဲ့ပါကြောင်း ဝမ်းမြောက်ဝမ်းသာပြောလည်းပြောတယ်။ သူ့ကိုယ်တိုင်လည်း စာရေးသူထံကို (၂)ခေါက်ရောက်လာပြီး လက်ဆောင်ပစ္စည်းတွေပေးခဲ့ပါတယ်။

တကယ်တော့ ဦးထွန်းဝင်းဟာ အသက် (၇၆) နှစ်ရှိပါပြီ။ စာရေးသူရှိရာ မဒေါက်မြို့ကို လာရတာ မလွယ်ပါဘူး။ မိုင် (၁၀၀) ကျော်ဝေးတဲ့ခရီးပါ။ သူက ကျေးဇူးစကားဆိုချင်လို့ အရောက်လာခဲ့တာပါတဲ့။ စာရေးသူက သူ့ကို အသက်ကြီးသူဖြစ်လို့ ကျန်းမာရေးအတွက်မလာခဲ့ဖို့ ပြောခဲ့ပါသေးတယ်။ သူက ဝမ်းသာလွန်းလို့ ကျေးဇူးစကားပြောဖို့လာခဲ့တာပါတဲ့။ ဒုတိယတစ်ခေါက်ကတော့ မလိုပါဘူးဆိုတဲ့ ကြားကလက်ဆောင်ပစ္စည်းတွေ သယ်ယူလာခဲ့ပါတယ်။

စာရေးသူအတွက် ဝမ်းသာစရာက သူရဲ့ခန္ဓာနဲ့ရင်းပြီးသိရတဲ့ နှလုံးရောဂါသက်သာပျောက်ကင်းခြင်းဆိုတာပါပဲ။ ဒီအချက်ကို စာဖတ်သူများထံကို သတင်းစကားပါးခွင့်ရလို့ ဝမ်းသာရတာပါ။ ဆေးမြင်းခွာနဲ့ပတ်သက်ပြီး နောက်ထပ်မံသိရှိခွင့်ရတာကလည်း ထူးဆန်းအံ့သြစရာပါ။ ဒါကိုတင်ပြပါ့မယ်။

တစ်နေ့ စာရေးသူဆီကို ဒေးစွန်ပါက ရသေ့ကြီးဦးဒီပဟာ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ဖြစ်တာမို့အလည် ရောက်လာခဲ့ပါတယ်။

သူက -

"ဆရာရေးတဲ့ အရွက်မဟုတ်တဲ့ အစွမ်းထက်သိဒ္ဓိဝင်ဆေးမြင်းခွာစာအုပ်ကို ဖတ်ရတယ်ဗျ။ ကောင်းတော့ကောင်းတယ်။ မစုံသေးဘူးဗျ"

လို့ပြောလာပါတယ်။

စာရေးသူက -

"ဦးရသေ့ရယ် လိုတာရှိရင်လည်း ပြောပြပါဦး။ စာဖတ်သူတွေအတွက် အကျိုးရှိရင် ကောင်းတာပေါ့ဗျာ"

ဟု ပြောလေရာ ထုံးစံအတိုင်း ဦးရသေ့သည် ဦးခေါင်းကိုမော့လျက် -

"အိမ်း - ပြောရတာပ"

ဟု အာလုပ်စကားပြုပါတယ်။

"ကျွဲပတို့ ဒေးစွန်ပါတောင်ရိုးမှာ တရားအားထုတ်ခဲ့တဲ့ ဆရာအရှင်များရဲ့ စကားကို မှတ်သားထားသမျှပြောရမှာပ။ ရသေ့တွေဆိုတာ တချို့လူတွေက ဆန်အလှူခံပြီးစားတယ်။ အိပ်လိုက်၊ စားလိုက်၊ အင်္ဂရတ်လိုလို၊ သမထလိုလို၊ မှော်လိုလိုနဲ့ ဟန်ပြသမားတွေလို့ ထင်ကြတယ်ဗျ။ မရှိဘူးတော့မဟုတ်ပါဘူး။ ရှိရင်ရှိမှာပေါ့ဗျာ။ တကယ်အလုပ်လုပ်တဲ့ ရသေ့တွေကတော့ ရက်ရှည်လများ အစာအာဟာရကို သိုမှီးမထားနိုင်လို့ သိဒ္ဓိပြီးစေတဲ့အာဟာရကို မှီဝဲဖို့စိစဉ်ကြရတယ်ဗျ။

ကျွဲရဲ့ဆရာအရှင်တွေလက်ထက်ကတည်းက ခင်ဗျားရေးတဲ့သိဒ္ဓိဝင်ဆေးမြင်းခွာအကြောင်း ကောင်းကောင်းသိ၊ ကောင်းကောင်းအသုံးချခဲ့ကြတာလေ"

"ဘယ်လိုများလဲဗျာ အဓိန့်ရှိပါဦး"

"ဒီလိုဗျ၊ ဆေးမြင်းခွာတွေဟာ ရွှေထွက်တဲ့ ဒေးစွန်ပါက လျှို့မြောင်တွေထဲမှာ ဒီနေ့ခေတ်အထိ ပေါက်ရောက်ရှင်သန်နေတာပါ။ အဲဒီဆေးမြင်းခွာဥတက်တွေကိုရေစင်အောင်ဆေးရတယ်။ ပြီးတော့ အမှုန့်လုပ်ရတယ်။ ဆေးမြင်းခွာဥတက်အစို့ (၁) ဝိဿာ (၃၀) ကျပ်သားကိုမှ အခြောက်လှန်းရင် (၃၀)သားလောက်သာရတာဗျ။ အေး-အဲဒီအမှုန့် (၅၀) သား၊ ဆန် (၄) ပြည်၊ ပျားရည် (၅၀) ကျပ်သားရောပြီး ရေခန်းထမင်းချက်ထားရတယ်။ အဲဒါကို ရှေးခေတ်က တောင်ပေါ် သားတွေ မနက်မှာ (၂)လုတ်လောက် နံနက်စာအာဟာရအဖြစ် သုံးဆောင်ထားရင် တစ်နေ့ကုန်ထမင်းမစားဘဲ အလုပ်လုပ်နိုင်ကြတယ်ဗျ။ ထမင်းတွေကို တာရှည်ခံအောင် ထမင်းခြောက်လှန်းပြီး လိုသလိုမှီဝဲကြတာပေါ့ဗျာ။

ကျွဲပတို့ကျတော့ ကောက်ညှင်းရယ်၊ ဆေးမြင်းခွာရယ်၊ ပျားရည်ရယ် (၃)မျိုးကို ကောက်ညှင်းဆန် (၄) ပြည်၊ ဆေးမြင်းခွာမှုန့်၊ ပျားရည် (၅၀)သားစီနဲ့ ရောသမပြီးတော့ ကောက်ညှင်းကျည်ထောက်ဖုတ်လို့ စုဆောင်းထားတာပေါ့ဗျာ။ နေ့တိုင်း တစ်လုတ်တစ်ဆုပ်လောက်စားပြီး ရေသောက်လို့ရင် လန့်ချီပြီး တရားအလုပ်အားထုတ်ဖို့ ပြည့်စုံလုံလောက်သွားပါရောလားဗျာ။ ဒါကြောင့် ခင်ဗျားစာအုပ်ထဲမှာ သိဒ္ဓိဝင်ဆေးမြင်းခွာအကြောင်းရေးရာမှာမပြည့်စုံဘူးလို့ ကျွဲပကပြောရတာပါဗျာ"

လို့ နိဂုံးချုပ်ခဲ့ပါတယ်။

စာရေးသူလည်း ရသေ့ကြီးဦးဒီပကို များစွာကျေးဇူးတင်လှသောကြောင့် နဝကမ္မဝဏ္ဏဂွေ (၅၀၀၀) ကို လှူဒါန်းခဲ့ပါတယ်။ ရသေ့ကြီးလည်း ရှည်လျားစွာဆုပေးရင်း ဒေါက်ခြာကြီးဆောင်း၊ တောင်ဝှေးကိုထောက်ရင်း ပြန်လည်ထွက်ခွာသွားခဲ့ပါတော့တယ်။

မေတ္တာရည်လင်္ဂ

မျိုးတင့်(ညောင်လေးပင်)

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဇူရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

မဟာပဏ္ဍိတဥာဏ်ဓြဇဂိုဏ်းချုပ်

ပါရမီရှင်ဆရာကြီးဦးထွန်းမြင့်

ပဏ္ဍိတဆရာဦးအေးဒွေ

ပ အသံကြားရုံနဲ့ ဘာဖြစ်နေသလဲ အားလုံးသိနိုင်တဲ့ပညာ

"ဆရာကြီး မနေ့တုန်းက ပါဠိဂိုဏ်းစဉ်တွေနဲ့ မတြာတွေအကြောင်း ပြောမယ်လို့ဆိုခဲ့ပါတယ်။ အဲဒီကနေစပြီး ပြောပေးပါခင်ဗျ"

"အေးအေး-မှတ်မိပြီ။ တို့ပါဠိစာပေရဲ့သဒ္ဒါမှာပါတဲ့ ဂိုဏ်းစဉ် (၈) ပါး ဆိုတာ မင်းမှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့ - မှတ်မိပါတယ်"

"အဲဒီဂိုဏ်း (၈) ပါးဆိုတာ တစ်ခုချင်းစီမရှင်းတော့ဘူး။ ဒါမှမင်းကိုသင်တဲ့ကိစ္စက မြန်မြန်ပြီးမှာ။ မဟုတ်လို့က တော့ နှစ်ပေါက်သွားမယ်။ အခုတော့ သဘောလောက်ကိုပဲ ချုပ်ပြီးပြောမယ်။ အဲဒီ မတ်ဘုံဇေဆိုတဲ့ ဂိုဏ်း (၈) ပါးမှာ ဣန္ဒဂိုဏ်း (၄) ပါးနဲ့ အနိဋ္ဌဂိုဏ်း (၄)ပါး ဆိုတာမှတ်မိတယ်နော်။ အဲဒီဣန္ဒဂိုဏ်း၊ အနိဋ္ဌဂိုဏ်းဆိုတာတွေက မတြာတွေကြောင့်ဖြစ်ပေါ်လာရတာပဲ။ ဥပမာကွာ နှစ်မကြာသုံးလုံးတွဲတဲ့ ဗျည်းသရတွေဆိုဘယ်လို၊ နှစ်မတြာတစ်လုံးတွဲတဲ့ဗျည်းသရတွေဆိုဘယ်လို စတဲ့တွဲစပ်မှုတွေကနေပြီး ကောင်းကျိုးဆိုတဲ့ ဣန္ဒဂိုစ္ဆတွေ၊ မကောင်းကျိုးဆိုတဲ့ အနိဋ္ဌဂိုစ္ဆတွေဖြစ်လာရတယ်မဟုတ်လား။ အဲဒီကနေဆင့်ပွားပြီး အကြောင်းအရာတစ်ခု၊ နာမည်တစ်ခု၊ ကဗျာတစ်ပိုဒ်၊ သီချင်းတစ်ပုဒ်ကြားလိုက်တာနဲ့ ကောင်းတယ်၊ မကောင်းဘူး၊ ဘာဖြစ်မယ်၊ မဖြစ်ဘူး ဘယ်လိုအကြောင်းအရာဖြစ်မယ် စတာတွေကို အတပ်သိနိုင်တယ်၊ အတပ်ဟောနိုင်တယ် မောင်ထွန်းမြင့်ရဲ့"

"ဘယ်လို ဟောနိုင်တာမျိုးလဲ ဆရာကြီးရဲ့။ ကျွန်တော်သဘောပေါက်အောင် ဥပမာလေးနဲ့ဆောင်ပြီးပြောပြပါလား။နောက်ပြီး ဒီဂိုဏ်းစဉ် မတြာသဘောတရားတွေနဲ့ပဲ ဟောနိုင်တာလား။ နောက်ပြီး တစ်ခုစဉ်းစားမိတာက နာမည်တစ်ခု၊ ကဗျာတစ်ပိုဒ်၊ သီချင်းတစ်ပုဒ် စတဲ့ အသံဆိုင်ရာအကြောင်းခြင်းရာတစ်ခုထဲကို ကြားရုံမျှနဲ့ အခြေအနေကြောင်းခြင်းရာအားလုံးကို သိနိုင်တယ်ဆိုတော့ အတော်လေးကို အံ့သြဖို့မကောင်းဘူးလား။ ကျွန်တော်ကတော့ အဲဒီလိုဟာမျိုး သိဖို့နေနေသာသာ ကြားတောင်မကြားမိဘူး။ ကုန်ကုန်ပြောရရင် ဖြစ်နိုင်မယ်လို့တောင် မစဉ်းစားမိဘူးဆိုတာ ဝန်ခံပါ ဆရာကြီး"

"အေး- မင်းအနေနဲ့ကတော့ အသံတစ်ခုကြားရုံ၊ ပညတ်တစ်ခုကြားရုံနဲ့ တိတိကျကျ ဟောနိုင်ပြောနိုင်မယ်ဆိုတော့ အံ့သြလောက်မှာပေါ့ကွယ်။ ဒီပညာရပ်ကလည်း သရောဒယပညာရဲ့ အစိတ်အပိုင်းတစ်ခုပဲ။ မင်းလည်း သရောဒယပညာကို ခြုံယူတတ်မြောက်သွားရင် ဒီလိုပဲ တကယ့်ကိုဟောနိုင်ပါလိမ့်မယ်"

"ဟာ - တကယ်လား ဆရာကြီး"

"အသေအချာပဲပေါ့ကွယ်"

"ဝမ်းသာလိုက်တာခင်ဗျာ၊ နောက်ပြီး အဲဒီသဘောကိုပိုပြီးနားလည်သွားအောင် တစ်ဆင့်တက်ပြီးရှင်းပြပါလား"

"မင်းကတော့ တကယ့်ကို သီချင်တတ်ချင်တဲ့ကလေးပေပဲ။ ကောင်းပါလေ့ကွယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာကြီးက ဖြစ်စဉ်တစ်ခုကို ပြောပြမယ်။ အဲဒီဖြစ်စဉ်ကို နားထောင်ပြီး မင်းဘာသာမင်းလည်း စဉ်းစားကြည့် တဖြည်းဖြည်းသဘောပေါက်လာလိမ့်မယ်။ အ ပျက်ကတော့ ဒီလိုကွယ့်။ သရော ပညာရှင်ဆရာကြီးတစ်ယောက်ဟာ ဆီမှာ ပညာဆည်းပူးဖို့ ရောက်ရှိ တပည့်တွေကို ဒရောဒယပညာသင် ခဲ့တယ်။ ဒါပေမယ့် တပည့်တွေ တချို့တလေသောတပည့်တွေဖြင့် သရောဒယပညာဟာ သိပ်ကြီး တယ်။ တွက်ချက်စရာမလိုဘဲ ကွက်တွေကို ဒက်ခနဲဟောနိုင် နာမည်တစ်ခုကြားတာနဲ့ဟောနိုင် အသံတစ်ခု ကြားတာနဲ့ ဟောနိုင် ဆိုတာတွေကို ယုံရခက်ခက်နဲ့ တွေ့ရှိနေကြတယ်။ သူတို့တွေ အပေါ် သံသယရှိနေတယ်ဆို လည်း ဆရာကြီးက သတိပြု ဒါကြောင့် တစ်နေ့ တပည့် သရောဒယပညာသင်ကြားပေး ပေါ် စေ့ရောင်းတဲ့ကလေးတစ် ရဲ့ 'ဟောဒီကမုန့်ဖက်ထုပ်' ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

ရှေးရောင်းတဲ့အသံကို ကြားလိုက်ရလို့
ဆရာကြီးဟာ သူတပည့်တွေကိုကြည့်
ထိတ်ပြီးတော့ စကားတစ်ခွန်းကိုပြော
လိုက်တယ်ကွယ့် မောင်ထွန်းမြိုင်ရဲ့"

ဟု ပြောပြီး ဆရာကြီးဦးရာမန်း
သည် သူ၏ စကားစကိုဖြတ်ထားလိုက်
၏။

ထိုအခါ မောင်ထွန်းမြိုင်လည်း
သိုဇောပြင်းပြလာသဖြင့် -

"အဲဒီဆရာကြီး ပြောလိုက်တဲ့
စကားတစ်ခွန်းဆိုတာ ဘာစကားများ
လဲ။ ဆရာကြီးရဲ့သိချင်လိုက်တာ"

"ဒီလို မောင်ထွန်းမြိုင်ရဲ့။ အဲဒီ
ဆရာကြီးရဲ့ စကားတစ်ခွန်းဆိုပေမယ့်
အမှန်ကတော့ လက်တမ်းထုတ်လိုက်တဲ့
ဟောချက်တစ်ခုဆိုရင်တော့ ပို့မှန်မယ်"

"ဘယ်လိုဟောချက်များလဲခင်ဗျ"

"ဆရာကြီးဟောလိုက်တာကတော့
အခုလမ်းပေါ် မှာ မုန့်ဖက်ထုပ်ရောင်းနေ
တဲ့စျေးသည်ကလေးရဲ့အဖေဖြစ်သူဟာ
သူ့ရဲ့အိမ်မှာသေနေပြီလို့ ဟောချက်
ထုတ်လိုက်တယ်ကွယ့်။ အဲဒီဟောချက်
ကိုကြားလိုက်ရတဲ့တပည့်ဖြစ်သူတွေဟာ
တအံ့တသြတထိတ်တလန့်ဖြစ်သွားကြ
တယ်။ တချို့ကလည်း ဟုတ်ပါ့မလား
ဆိုတဲ့ သံသယမျက်လုံးနဲ့ ဆရာကြီးကို
ကြည့်တဲ့လူလည်းရှိတယ်။ ဒါကြောင့်
ဆရာကြီးက သူတပည့်တစ်ယောက်က
နေတစ်ဆင့် စျေးရောင်းနေတဲ့ မုန့်ဖက်
ထုပ်သည်လေးကို ခေါ်ခိုင်းလိုက်တယ်
ကွယ့်။ မုန့်ဖက်ထုပ်သည်လေးအိမ်ပေါ်
ရောက်လာတော့ ဆရာကြီးလည်းမုန့်
ဖက်ထုပ်တွေကိုဝယ်လိုက်တယ်။ ဆရာ
ကြီးရဲ့တပည့်များလည်းစျေးသည်လေး
ကို အကဲခတ်နေကြတယ်။ ခဏနေ
တော့ ဆရာကြီးက စျေးသည်ကောင်
လေးကို ကလေး၊ မင်းအဖေ အိမ်မှာ
ဆုံးပြီနော်လို့ မေးလိုက်တယ်။ ဆရာကြီး
အဲဒီလိုမေးလိုက်တာကို ကြားလိုက်ရ
တယ်ဆိုရင်ပဲ ကောင်လေးဟာ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

မျက်ဆန်ပါပြူးပြီး ဆရာကြီးကိုကြည့်နေတယ်။ စကားလည်း တော်တော်နဲ့ပြန်မပြောနိုင်အောင်ပါဘဲ။ အတန်ကြာတော့မှ ကောင်လေးလည်း ဘကြီး၊ ဘကြီးက ကျွန်တော့်အဖေ အိမ်မှာဆုံးသွားတာကို ဘယ်လိုလုပ်ပြီးသိတာလဲ ခင်ဗျ။ ကျွန်တော်ရဲ့အိမ်ကိုလည်း ဘကြီး မသိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဒီအရပ်ကမှမဟုတ်တာ။ ဟိုးအဝေးကြီးကလာတာကိုသိတယ်ဆိုတော့ အံ့သြလွန်းလို့ပါခင်ဗျလို့ ပြောလိုက်ကွယ့်

ဟု ပြောလိုက်သောအခါတွင် မောင်ထွန်းမြိုင်လည်း စိတ်ဝင်စားလွန်းသဖြင့် -

"အဲဒီတော့ ဆရာကြီးက ဘယ်လိုပြန်ပြောသလဲတင်"

"ဒီမှာတင် ဆရာကြီးက ကလေးမင်းရဲ့ကျန်တဲ့မုန့်ဖက်ထုပ်တွေကိုအကုန်ဝယ်လိုက်မယ်ကွယ်။ ဘာမှစိတ်ပူပင်သောကမရှိတော့နဲ့ကွယ့်။ ဘကြီးမေးတာကိုသာဖြေပါ။ မင်းအဖေ မကြာခင်ကအိမ်မှာပဲသေသွားတယ်မဟုတ်လား လို့မေးလိုက်တယ်။ အဲဒီမှာတင် စေ့းသည် ကောင်လေးလည်း ကျွန်ုပါအောင်ငိုချလိုက်ပြီးတော့ ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အဖေအိမ်မှာမကြာသေးခင်ကပဲ ဆုံးသွားတာမှန်ပါတယ်။ အခုရောင်းတဲ့ မုန့်ဖက်ထုပ်တွေကို အဖေမဆုံးခင်ကတည်းက ရောင်းဖို့ပြုတ်ထားမိတယ်။ နောက်မကြာပါဘူး၊ အဖေကကောက်ကာငင်ကာ ဆုံးသွားခဲ့ပါတယ် ဘကြီး။ အဲဒီတော့ မတတ်နိုင်တော့ပါဘူး။ လုပ်ထားတဲ့မုန့်ဖက်ထုပ်တွေလည်း အလဟဿမဖြစ်အောင်၊ အသုဘစရိတ်လေးလည်းရအောင်ဆိုပြီး အခုလိုမုန့်ရောင်းထွက်တာပါလို့ စေ့းသည်ကလေးက ပြောလိုက်တယ်ဆိုရင်ပဲ ဆရာကြီးရဲ့တပည့်တွေဟာ ဟင်ခနဲဟာခနဲဖြစ်သွားကြတယ်ကွယ့်။ အဲဒီမှာတင် တပည့်တွေဟာ သရောဒယပညာနဲ့ပတ်သက်ပြီး ယုံကြည်ချက်အပြည့်အဝနဲ့အင်တိုက်အားတိုက်လေ့လာပြီးတော့ တကယ့်ပညာရှင်တွေဖြစ်သွားကြတယ်ကွယ့်။ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ဘာကြောင့် ဘယ်လိုဆိုတာ မင်းကထပ်မေးလာနိုင်တယ်။ ဒါကြောင့် ကြိုပြီးပြောထားမယ်။ မောင်ထွန်းမြိုင် မင်းသရောဒယကို သင်ရိုးကျွတ်အောင်သင်ပြီးရင်သိလိမ့်မယ်။ ဒါမှမဟုတ် ဒီကြားထဲ မင်း ဘာသာမင်း စဉ်းစားကြည့်ရင်လည်း အဖြေပေါ်လာပါလိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာကြီး။ ကျွန်တော် ရအောင်စဉ်းစားကြည့်ပါမယ်။ ဆရာကြီးပြောတဲ့အကြောင်းကို ကျွန်တော်တော့ အရမ်းကို စိတ်ဝင်စားတာပါပဲခင်ဗျ၊ နောက်ဒီလိုအဖြစ်အပျက်မျိုးတွေရှိရင်လည်းပြောပြပါဦး"

"အင်း - ပြောပြရရင်တော့ ဇာတ်လမ်းတွေက အများကြီးပဲ။ အဲဒီဇာတ်လမ်းတွေပြောနေတာနဲ့စာသင်တဲ့ဘက်မရောက်နိုင်လှဘဲရှိတော့မယ်။ ကဲပါ မင်းကျေနပ်အောင် ငါပြောပြပါမယ်။ ဒါပေမယ့် ဇာတ်လမ်းကိုတော့ အတိုချုပ်ပြီးပြောမယ်နော် မောင်ထွန်းမြိုင်"

"ဟုတ်ကဲ့ပါ ဆရာကြီး ရပါတယ်။ ကျွန်တော့်ရဲ့ရည်ရွယ်ရင်းအဓိကကတော့ ပညာရပ်ရဲ့သဘောကို ခြုံငုံသိချင်တာပါပဲ"

"ဒီလိုဆိုရင် ဆက်ပြောမယ်။ မင်း မျက်ဖြေလက်ာဆိုတာ ကြားဖူးလား။ သူတည်းတစ်ယောက် ကောင်းရာရောက်ဖို့ သူတစ်ယောက်မှာ ပျက်လင့်ကာသာမမှတာတည်း ဆိုတာလေ"

"ဟုတ်ကဲ့ ကြားဖူးတာပေါ့။ ကြားဖူးတာမှ တော်တော်ကို ကြားဖူးပါတယ်။ အဲဒီမျက်ဖြေလက်ာက ဘာဖြစ်လို့လဲ ဆရာကြီး။ သရောဒယပညာနဲ့ပတ်သက်လို့လား"

"ရှေးသရောဒယပညာရှင်ကြီးတွေက အဲဒီမျက်ဖြေလက်ာကို သရောဒယပညာနဲ့ သုံးသပ်စိစစ်ကြည့်တော့ ဒီလက်ာဟာ ဖတ်လို့အင်မတန်ကောင်းပေမယ့် ဖွဲ့ပုံရေးသားပုံနဲ့ပတ်သက်လို့ကတော့ မကောင်းဘူး။ ဂိုဏ်းသင့်နေတယ်။ ဂိုဏ်းမလွတ်ဘူးလို့ ဆိုခဲ့ကြတယ်ကွယ့်"

"အဲဒီလို ဂိုဏ်းမလွတ် ဂိုဏ်းသင့်နေတော့ဘာဖြစ်သလဲ ဆရာကြီး။ နည်းနည်းရှင်းပြပါဦး"

"ဒီလိုကွယ့်၊ ကိုယ်ရေးဖွဲ့တဲ့လက်ာတစ်ပိုဒ် ကဗျာတစ်ပုဒ်ဟာ တွဲစပ်သင့်တဲ့အကြောင်းအရာတွေ၊ စည်းကမ်းတွေနဲ့ ညီညွတ်ရတယ်။ အကယ်၍ မညီမညွတ်ဖြစ်ခဲ့မယ်ဆိုရင်တော့ ကိုယ်ရေးဖွဲ့စပ်ဆိုထားတာ ဘယ်လောက်ပဲကောင်းကောင်း၊ ဘယ်လောက်ပဲလူကြိုက်များများ ဒီရေးဖွဲ့တဲ့လူပုဂ္ဂိုလ်ဟာ ဂိုဏ်းမလွတ်ဘူး။ ဂိုဏ်းမလွတ်ဘူးဆိုတာ ဘေးသင့်တတ်တာပေါ့ကွယ်"

"အခုပြောတဲ့မျက်ဖြေလက်ာရေးဖွဲ့ခဲ့တဲ့ပုဂ္ဂိုလ်ရောဘာဖြစ်သွားလဲ ခင်ဗျ"

"ပြောရရင်တော့ တိုက်ဆိုင်တာပဲပြောပြော မောင်ထွန်းမြိုင်ရေ၊ အဲလက်ာရေးစပ်တဲ့အမတ်ကြီးက မင်းမင်းဒဏ်တစ်ခုကြောင့် သေဒဏ်ပေးတယ်။ သူသတ်ကုန်းကိုလည်းခေါ်သွားရတယ်။ အဲဒီမှာ အမတ်ကြီးက ဘုရဲ့ အမျက်တော်ပြေပါစေတော့ဆိုရည်ရွယ်ချက်လည်းပါချင်ပါမယ်။ ဘုရားကို တရားပြဆုံးမချင်တဲ့ ရည်ရွယ်ချက်လည်းပါချင်ပါမယ်။ ဒါမှမဟုတ် သူ့အမှန်တကယ်ခံစားရတဲ့ခံစားချက်လည်းပါချင်ပါမယ်။ ဒီမျက်ဖြေလက်ာလက်တမ်းရေးစပ်ပြီး ဘုရင့်ဆီပို့လိုက်တာပဲ။ ဒါပေမယ့် အကြောင်းကြောင့် ဘုရင်ကြီးဟာ အနည်းငယ်ကြန့်ကြာပြီးမှဖတ်ခဲ့ရတာဖတ်ပြီးပြီးချင်းပဲ အမတ်ကြီးကို သေးက လွတ်စေအမိန့်ချခဲ့တယ်။ ဒါကံဆိုးချင်တော့ သူသတ်သမားအမတ်ကြီးကို ကွပ်မျက်ပြီးသွားဘယ်လိုမှ မတတ်နိုင်တော့ဘူးဖြစ်ရှာတယ်"

"တော်တော်စိတ်မကောင်းစရာဘဲ။ သရောဒယပညာဟာ ဒီတောင်မှပဲ လေးနက်သလား ဆရာကြီး"

"လေ့လာရင်လေ့လာသလောက်ကျွမ်းကျင်ပိုင်နိုင်ရင် ပိုင်နိုင်သလောက် နက်ရှိုင်းတာပေါ့ကွယ်"

"ဒါနဲ့ ဆရာကြီး ဒီပညာဟာ ခရီးတို့၊ တဘောင်တို့၊ စနည်းတို့၊ ဘယ်ဆိုတာတွေနဲ့ကော ပတ်သက်သလား"

"ပတ်သက်ပါဘိကော မောင်ထွန်းမြိုင်ရယ်။ သရောဒယပညာထဲမှာလည်း တက္ကာလိကစက်ဆိုရင် နာရီပိုင်း ပိုင်းထိတောင်စိတ်ဖြာသုံးသပ်လို့ရတယ်။ ဒါကြောင့် အခါလည်းပေးလို့ရတယ်။ နိမိတ်တို့၊ စနည်းတို့၊ တဘောင်တို့ကိုလည်းပေးလို့ရတယ်။ ဒါကြောင့် ရှေးဘုရင်တွေလက်ထက်ကတည်းက အလုပ်တစ်ခုလုပ်ဖို့၊ အခါရဖို့အတွက် သက်ဆိုင်ရာသတ်မှတ်ထားတဲ့နေ့ရက် အခါတော်ကြားဝန်တွေ၊ အမှုထမ်းကသွားပြီး စောင့်ဆိုင်းနေကြရတယ်။ သတ်မှတ်တဲ့အချိန်အခါမှာ သတ်မှတ်တဲ့နေရာကို သံခမောက်ဆောင်းယောက်ရောက်လာတာတို့၊ ဆောင်မိန်းမတစ်ယောက်ရောတာတို့ စတဲ့နိမိတ်တွေ ပေါ်ပေါ်တွေကို မင်းကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့-ကြားဖူးပါတယ်ခင်ဗျာ။ ဒါက ဘယ်လိုဖြစ်တာပါလဲ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါက ဒီလို။ သက်ဆိုင်ရာပညာရှင်တွေ သတ်မှတ်ထားတဲ့ ဘုရားတည်တဲ့ကိစ္စမျိုး၊ မြို့သစ်နန်းသစ်စတည်တဲ့ကိစ္စကြီးတွေလုပ်ဆောင်ဖို့အချိန်အခါသတ်မှတ်ထားတယ်။ အဲဒီအချိန်မှာစပြီး လုပ်မယ်ပေါ့ကွယ်။ ဒါပေမယ့် ဒီယူထားတဲ့အခါတော်ဟာ အမှန်တကယ်ကျိန်းသေမယ့်အခါ ဟုတ်၊ မဟုတ်ဆိုတာကို နိမိတ်ထပ်ကောက်ရတယ်။ အခါရောနိမိတ်ပါ တစ်ထပ်တည်းကျမှ အစစ်အမှန်လို့ ခံယူလုပ်ဆောင်ကြတယ်။ ဒါကြောင့် မြန်မာ့ပညာတွေလွယ်ပါ့မလားကွယ့်။ အခါနဲ့နိမိတ်တွဲလို့ကတော့ အဲဒီအခါတော်ပေးပုဂ္ဂိုလ်ဟာ ဘယ်လွယ်ပါ့မလဲ။ ဒကာသင့်ခံရမယ်ကွယ့်။ ဒါကြောင့် အခါတော်ပေးတဲ့ပုဂ္ဂိုလ်ဟာ အခါတော်လည်းပေးရမယ်။ အဲဒီအခါတော်မှာ ဘယ်လိုနိမိတ်လာမယ်တွေ့မယ်ဆိုတာလည်း ကြိုတင်အဟောထုတ်ထားရတယ်။ ရှင်းရှင်းပြောရရင်တော့ ကိုယ့်ဟောချက်နဲ့ ကိုယ့်အသက်ခန္ဓာဟာ လောင်းကြေးထပ်ထားရသလိုပါပဲ။ အဲဒါကြောင့်လည်း တော်ရုံတန်ရုံ ကမ္ဘောက်ကခြောက်ပညာလောက်နဲ့လုပ်လို့ရပါမလားကွယ့်။ ဘာပဲဖြစ်ဖြစ် ဒီပညာရှင်တွေဟာ သူတို့ပညာကိုယုံလို့ ဒီလိုလုပ်နိုင်တာပေါ့။ ပညာကလည်း ဘကယ်စစ်မှန်တာကိုသိတယ်လေ"

"ဟုတ်ပါတယ် ဆရာကြီး၊ ဒါကို ဘုရင် ပညာရပ်ရဲ့စစ်မှန်မှုကိုလည်း သိနိုင်သလို ပညာရှင်ရဲ့ကျွမ်းကျင်ပိုင်နိုင်စွမ်းရည်ကိုလည်း သိနိုင်တာပေါ့။ ဒါပေမယ့် လိုကိစ္စမျိုးမှာထိသွားတတ်တာမျိုးရောခဲ့ဘူးလား"

"ရှိတာပေါ့ မောင်ထွန်းမြိုင်ရယ်၊ ရှင်မှာရှိတဲ့မြောက်ဦးမြို့တည်တုန်းက ဆို။ အဲဒီကိစ္စကိုကိုင်တွယ်လုပ်ကိုင်ရတဲ့ ပုဂ္ဂိုလ်က ဆရာကြီးဦးမြဝါပဲ။ အဲဒီမြောက်ဦးမြို့စတည်ဖို့အခါလည်း ပြီးပြီ။ နိမိတ်ကလည်း အဲဒီအခါမှာ ကသပတေးသားရောက်လာရမယ်။ ဒါအဲဒီကြာသပတေးသားကို စတေးရင်ခွဲ၊ အူကိုထုတ်၊ အဲဒီအူနဲ့မြို့ပတ်ထားရမယ်ဆိုတဲ့စီရင်ရမယ့်အချက်လည်း ပါပြန်သေးတယ်။ အဲဒီမှာ ဆရာကြီးဦးမြဝါကိုယ်တိုင်ကလည်းပဲ ကသပတေးသားပဲကွယ့်။ အဲဒါနဲ့ အခါရောက်တဲ့အချိန်မှာစောင့်တာပေါ့"

"စောင့်တော့ ဘယ်လိုဆက်ဖြစ် ဆရာကြီး၊ ဆက်ပါဦး"

"အဲဒီနေရာမယ် အစီအရင်ပြုရမယ့်ပုံစံကလည်း အကြောင်းအရင်းကလည်း နှစ်မျိုးဖြစ်လာမယ်။ အခြေအနေကလည်း နှစ်မျိုးဖြစ်နေတယ်။ တစ်ခုက မြို့အချက်အချာမြေပြန့်နေရာနဲ့ တစ်ခုက မြို့အစွန်ဖြစ်မယ့်တောင်စောင်းတစ်ခုပေါ် နေရာ ဒီနေရာနှစ်ခုစလုံးက မြို့အတွက် ဘူမိနက်သန်တွေဖြစ်နေတယ်။ အဲဒီမှာ မြို့ရဲ့မြေပြန့်နေရာမှာ နိမိတ်ရရင် မြို့ဟာ မြို့သက်ရှည်မယ်။ တောင်စောင်းပေါ်မှာ ဖြစ်ရင် မြို့ဟာ အင်အားကြီးမားမယ်။ဒါပေမယ့် မြို့သက်ကတော့ တိုမယ်။ ဒါပေမယ့် ဦးမြဝါရဲ့တွက်ချက်မှုအရတော့ တောင်စောင်းပေါ် က နိမိတ်ဟာ ဖြစ်နိုင်ခြေကပိုများနေတယ်။ အဲဒါကြောင့် ဦးမြဝါက စဉ်းစားတယ်။ အရေးကြီးတာက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့အနာဂတ်ကောင်းမွန်ဖို့အတွက် မြို့သက်ရှည်ဖို့က အဓိကပဲလေ။ မြို့သက်ရှည်တယ်ဆိုတာက တစ်နည်းအားဖြင့်တော့ သက်ဆိုင်ရာဘုရင်တွေရဲ့ နန်းသက်ရှည်တာပဲမဟုတ်လား။ဒါကြောင့် နောက်ဆုံး ဦးမြဝါက လူမျိုးရဲ့အနာဂတ်အတွက် ရေရှည်တည်တဲ့ဖို့ကိုရွေးခဲ့တယ်။ အဲဒီမှာတင် ဦးမြဝါကသူ့လူတွေကိုမှာတယ်။ ငါဒီနေရာမှာပဲသေမယ်။ ငါသေရင် ငါ့ကိုလဲကျတဲ့နေရာမှာပဲမြှုပ်ဖို့ အတန်တန်မှာခဲ့ပြီး သူ့ရင်ကို သူ့ဘာသာသူ့ဓားနဲ့ခွဲတယ်။ ပြီးတော့ သူ့အူကိုဆွဲထုတ်တယ်။ အူတစ်ဖက်စတို့ ပန်ကင်ဒတ်မှာရိုက်ခဲ့ပြီး သူ့အူတွေကိုထုတ်ပြီး မြို့ကိုပတ်တဲ့ပုံစံမျိုးလုပ်တယ်။ နောက်ဆုံးတော့ အူတွေကိုဆွဲထုတ်ရင်း နောက်ဆုတ်ရင်းနဲ့ ဦးမြဝါဟာလဲကျသွားတယ်။ အမှန်တော့ ဦးမြဝါလဲကျတဲ့နေရာမှာပဲ သူ့ကိုမြှုပ်နှံပြီး မြို့ကိုစတည်ရမှာပဲ။ ဒါပေမယ့် ဘုရင်က ဦးမြဝါအလောင်းကို အဲဒီနေရာမှာပဲ မြှုပ်နှံရမယ်ဆိုတာ လက်မခံနိုင်ဘူး။ တကယ့်ပုဂ္ဂိုလ်၊ တကယ့်ပညာရှင်ကြီးအတွက် ဒီလိုသေးသေးနုတ်နုတ်နဲ့ဆိုတာကို လက်မခံနိုင်ဘူး။ ဒါကြောင့် ကြီးကြီးကျယ်ကျယ်နဲ့ တောင်စောင်းပေါ် မှာပဲ မြှုပ်နှံခဲ့တယ်။ သင်္ဂြိဟ်ခဲ့တယ်။ ဝိမာန်ဆောက်ခဲ့တယ်။ ဘုရားတည်ခဲ့တယ်ကွယ့် မောင်ထွန်းမြိုင်ရဲ့"

ဟု ဆိုလိုက်ရာ မောင်ထွန်းမြိုင်က -

"ဆရာကြီးဦးမြဝါရဲ့အကြောင်းကြားရာတာ ကြက်သီးထလိုက်တာ ဆရာကြီးရယ်။ တကယ့်ကို အားကျဖို့အတုယူဖို့လည်းကောင်းပါတယ်။ ဒါနဲ့ ဆရာကြီးက ဦးမြဝါအကြောင်း ဇာတ်လမ်းမစခင်တုန်းကပြောခဲ့ပါတယ်။ ဘာတဲ့ - တက္ကာလိကစက်ဆိုလားပဲ။ အချိန်ကာလ နာရီ မိနစ်အထိ ပိုင်းခြားတွက်ချက်နိုင်တယ်ဆိုတာလေ။ အဲဒီတက္ကာလိကစက်ဆိုတာကလည်း သရောဒယပညာပဲလား ဆရာကြီး"

"အေး-ဟုတ်တယ်၊ တက္ကာလိကစက်ဟာ သရောဒယထဲမှာပါတယ်။ ဒါပေမယ့် သရောဒယပညာထဲမှာ တကယ်တမ်းပြောကြစတမ်းဆို စက်တွေက အများကြီးပဲရှိတယ်။ တက္ကာလိကစက်အပြင် သဗ္ဗတောဘဒြစက်တို့၊ နရစက်တို့၊ ပထဝီဂုဟ်စက်တို့၊ ဝဏ္ဏသရစက်တို့စတဲ့စက်တွေမြောက်မြားစွာရှိတယ်။ ပြောရင်တော့ အများကြီးပဲ"

"အများကြီးပဲ ဟုတ်လား ဆရာကြီး။ ဘယ်နှစက်တောင်ရှိတာလဲ ဆရာကြီး"

"အကြမ်းဖျင်း ပြောရရင်တော့ သရစက်ပေါင်းက (×××) စက်ရှိတယ်။ အဟောစက်တွေက စက်ပေါင်းရှစ်ဆယ်လေးစက်လောက်ရှိတယ်။ ဒါပြင် အစီအမံတွေပြုလုပ်တဲ့ ဘူမိစက်ပေါင်းဟာ ဆိုရင် ရှစ်ဆယ့်လေးစက်တောင်ရှိတယ်ကွယ့်"

"အဲဒါတွေက ကျမ်းဂန်အထောက်အထားအကိုးအကားနဲ့အခိုင်အမာရှိတာလား ဆရာကြီး"

"ဟ-ရှိတာပေါ့ကွ။ အဲဒီစက်တွေကို သရောဒယသရဒွေးဆိုတဲ့ကျမ်းထဲမှာပါတယ်။ နောက် မင်းရမှာပါကွာ။ ငါ့ဆီမှာ အဲဒီကျမ်းရှိပါတယ်။ အဲဒီကျမ်းတွေကို ဘိုးတော်ဗဒုံမင်းလက်ထက် မြန်မာနှစ် ၁၁၄၇ ခုနှစ်လောက်ကတည်းက မောင်းထောင်သာသနာပိုင်ဆရာတော်ကြီးကိုယ်တိုင် မြန်မာပြန်ကိုရေးထားပါတယ်။ နောက်ပြီး သရောဒယဋီကာကြီးဆိုတာတောင် ပေမူနဲ့ရှိသေးတယ်ကွ။ သရောဒယဋီကာကြီးမှာတော့ စက်ပေါင်းတစ်ထောင်တောင်ပါတယ်ကွယ့်"

"ဟာ - သရောဒယပညာက ဒီလောက်ကြီးကျယ်တာပဲလား။ အံ့ဩစရာကြီးနော်"

"မအံ့ဩနဲ့ဦး မောင်ထွန်းမြိုင်၊ ဒီပညာဟာ ဒါတင်မကဘူး အများကြီးလုပ်လို့ရတယ်။ ဥာဏ်ကြီးရင်ကြီးသလိုကျယ်ပြန့်နိုင်တယ်။ ပမာဆိုပါတော့ကွာ တိုင်းနိုင်ငံမြို့ပြပြည်ရွာတစ်ခုကိုတုန်လှုပ်အောင်လည်းလုပ်နိုင်တယ်။ ချောက်ချားအောင်လည်းလုပ်လို့ရတယ်။ တည်ငြိမ်အောင်လည်းလုပ်လို့ရတယ်။ သေးခွံမ်း

www.burmeseclassic.com

www.burmeseclassic.com

နိုင်သစ္စာ(နတ်မောက်)
စည်းစိမ်ချမ်းသာကိုရစေ-တည်စေသော အင်းတော်စီရင်နည်း

	ယ	သ	ဝ	ဇ	
ယ	သံ	လ	သ	ပါ	
တော	ဒီ	သ	သ	သေ	
ယု	ဟံ	န	ဇေ	ယ	
ဒံ	ဂ	သံ	ယ	မာ	
	တ္ထော	မ	ဒ္ဓ	တေ	

လူတိုင်းလူတိုင်းသည် စည်းစိမ်ချမ်းသာကို ရလိုကြပါသည်။ ချီးသော စည်းစိမ်ချမ်းသာကိုလည်း တည်မြဲလိုကြ၏။ သို့အတွက် စည်းစိမ်ချမ်းသာကို ရစေတည်စေသော အင်းတော်ကြီးစီရင်နည်းကို ဖော်ထုတ် ရေးသား တင်ပြအပ်ပါသည်။ သိပြီးသူ၊ စီရင်ဆောင်ထားပြီး သူများအနေဖြင့် ခွင့်လွှတ်စေလိုပါသည်။ မသိသေးသူ၊ ဝါသနာထုံသူ၊ ဘဝတူ အချင်းချင်းများသိစေလိုသော စေတနာသာ အဓိကဖြစ်ပါသည်။

ဤအင်းတော်ကြီးကိုစီရင်မည့်သူသည် (၉)ရက်တိတိ သက်သတ်လွတ်စား၊ ငါးပါးသီလကို လုံအောင်ထိန်း၍ မေတ္တာပို့၊ အမျှဝေခြင်းပြုပြီးမှ စီရင်ပါသည်။

အင်းစီရင်ရန်အတွက် ရွှေပြား၊ ငွေပြား၊ သတ္တုပြား သုံးလက်မပတ်လည် ပြုလုပ်ထားရန်လိုပါသည်။ ရွှေဝန်းထိမ်၊ ငွေပန်းထိမ်ဆရာများကို အပြားခတ်ခိုင်း၍လုပ်လျှင် အကောင်းဆုံးဖြစ်ပါသည်။

စီရင်သည့်နေရာသည် မိမိနေအိမ်ဘုရားခန်းတွင် လည်းကောင်း၊ မိဓိတို့ ဒေသရှိ တန်ခိုးကြီးဘုရားတစ်ဆူဆူ၏ ရှေ့တွင်လည်းကောင်း စီရင်လျှင်ရပါသည်။

အချို့သူများမှာ ကြေးနီပြား၊ ကြေးဝါပြား၊ ခဲပြားနှင့် စီရင်ရေးဆွဲသည်ကိုလည်း တွေ့ဖူးပါသည်။ ဆရာတစ်ဦးကတော့ ကြေးကမ္ဘဝါပြားတွင် စီရင်ဆောင်ထားသည်ကို တွေ့မြင်ဖူးပါသည်။ မိမိယုံကြည်သလို၊ စိတ်ကြည်သလို ပြုလုပ်နိုင်ပါသည်။ ပြဿနာမရှိပါ။

စီရင်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အင်းဆန်မှာ -

- ယသပါဒေသ သံယုတ္တော၊
- ယသဂန္ဓဗ္ဗသေဝိတော၊
- ယသတေဇေနဇာလိတော၊
- ယသဒီဒံ နမာမဟံ။

ဖြစ်ပါသည်။

အထက်ပါအတိုင်း အင်းကွက်ကို မကျိုးမပေါက်အောင်ရေးဆွဲပြီး အင်းဆန်ကို မြင်းသွားအတိုင်း ရေးသွင်းကာ ဖော်ပြခဲ့သည်။ အင်းဆန်ဖြင့် (၃၅) စုတ်ပြီးဆောင်ထားနိုင်ပါသည်။

အင်းပြားကို ပရိတ်ချည်ဖြင့်သိုင်းလက်ဖွဲ့ထိုးကာ ညာလက်မောင်းတွင် ပတ်၌လည်းကောင်း၊ လည်ပင်း၌လည်းကောင်း ဆောင်နိုင်သကဲ့သို့ မိ၏ ရွှေသေတ္တာ၊ ငွေသေတ္တာ၊ ရတနာသေတ္တာ၊ ပိုက်ဆံအိတ်များထဲတွင် အင်းလိုက်ထည့်၍လည်းကောင်း ဆောင်နိုင်ပါသည်။

တစ်နေ့တခြား စည်းစိမ်ချမ်းသာများ သိသာစွာတိုးစေပြီး ချီးမွမ်းစည်းစိမ်သာများ တည်မြဲကာ သာယာပြု၊ လှုနိုင်တန်းနိုင်သောပုဂ္ဂိုလ်ထူးထားဖြစ်လာစေပါသည်။

နိုင်သစ္စာ(နတ်မောက်)

သာယာဝပြောအောင်လည်းလုပ်လို့ရတယ်။ ဒါတင်မကဘူး လူတစ်ဦးတစ်ယောက်ကိုသော် လည်းကောင်း၊ လူအများကိုသော် လည်းကောင်း ကောင်းအောင်လည်းလုပ်လို့ရတယ်၊ မကောင်းအောင်လည်းလုပ်လို့ရတယ်။ ကုန်ကုန်ပြောရရင် မြို့ပြပြည်ရွာကြီးတစ်ခုလုံးကို တောင် မီးလောင်တိုက်သွင်းပစ်လို့ရတဲ့ ပညာတွေပဲ။အင်မတန်မှလည်းကြောက်ဖို့ကောင်းတယ်"

"ဒီလိုလုပ်နိုင်တယ်ဆိုတာ စောစောကပြောခဲ့တဲ့ ကောဓတ်တို့၊ နရစတ်တို့လိုဟာမျိုးလား"

"စက်တွေကိုသုံးတဲ့နေရာမှာ တစ်ခုချင်းလည်းသုံးသလို စက်အများကိုအများကိုလည်း လိုရာလိုရာဆွဲယူပြီး တစ်ခါတည်းထပ်သုံးလိုက်တာပေါ့ကွယ်။ ပို့အားကြီးတာပေါ့။ အစွမ်းပြင်းတာပေါ့။ ဒါနဲ့ စောစောကစကားပြတ်သွားတယ်။ အနေကြီးလို့ အဲဒီကားကိုပြန်ကောက်ရဦးမယ်။ မင်းလည်းသဘောပေါက်မှာပါ။ ဒီပညာကို လောကကြီးအတွက် ကောင်းအောင်လုပ်လို့ရတယ်။ ဆိုးအောင်လည်းလုပ်လို့ရတယ်ဆိုတာကို"

"ဟုတ်ကဲ့-သဘောပေါက်ပါတယ်၊ သတိနဲ့ ဉာဏ်ပညာနဲ့ ဦးစီးပြီးလုပ်ရမှာပေါ့နော်"

"ဟုတ်တယ် မောင်ထွန်းမြိုင် အဲဒါပြောချင်တာ။ ကိုယ်ကသင်ပေးလိုက်ပြီး တပည့်ဖြစ်သူက မတော်မတည့်အသုံးချမိရင် အဲဒီအပြစ်တွေအကုသိုလ်တွေက ဆရာပေါ်မှာလည်းသက်ရောက်လာမှာဧကန်ပါပဲ။ဒါကြောင့် ရှေးသရော ဒယပညာရှင်ကြီးတွေက ဒီပညာတတ်တာကို လူသိမခံဘူး။ လျှို့ဝှက်ထားကြတာ။ တော်ရုံလူကို သင်မပေးကြဘူး။ တပည့်လုပ်မယ့်သူရဲ့စိတ်အစဉ်ကိုကြည့်ပြီး သူ့ကိုအသေးစိတ်လေ့လာပြီးတော့မှ သင်ပေးကြတာပဲ။

ဒါကြောင့်လည်း ဒီနေ့အထိ ဒီပညာဟာ ငုပ်တွယ်နေတဲ့ပညာဖြစ်နေတာလေ။ သဘောကတော့ ဆရာတပည့်နှစ်ယောက် အထူးလျှို့ဝှက်သင်ကြားပို့ချပေးရတဲ့ အန္တေဝါသိကလမ်းစဉ်လို့ဆိုရမယ်။ လူတိုင်းကိုလည်း မပေးသင့်ဘူး။ သင်မပေးအပ်ဘူးလို့တာပဲ။ အဲဒါကြောင့်မို့လို့ ငါတောင်မင်းကို တစ်ဦးတည်းသောတပည့်အဖြစ် သင်ကြားပြီး အမွေဆက်ခံသူအဖြစ် ချယ်ရွေခြင်းပဲ"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် တိတိကျကျလိုက်နာပါ့မယ်။ ဒီပညာဘယ်သို့သော အကြောင်းအရာ၊ ကိစ္စအစီအရင်ပဲဖြစ်ဖြစ် ပညာရှိဆရာကြီးတို့ရဲ့မျက်နှာကို ထောက်ပါ့မယ်လို့လည်း ကတိသစ္စာပြုပါတယ် ဆရာကြီး"

"အေးကွယ်-ခုလိုကြားလိုက်တော့ ဝမ်းသာလိုက်တာကွယ် သာဓု သာဓု၊ ကိုင်း - ဒီနေ့တော့ ဒီလောက်နားလိုက်ကြစို့လား"

ရွှေလဆက်...

ပထမံရေးဦး...

www.burmeseclassic.com

www.burmeseclassic.com

သရဉ်းသက်တွန်းလင်း (အာယုဇဝဒ)

ဝိဇ္ဇာဓရမြို့မှာအဂ္ဂိရတ်ပညာ

၁ နတ်မတောင်ရပ်ဝန်းမှ ဗုဒ္ဓဘာသာ အနာဂတ်အလားအလာ

ယခုလတွင် ဖော်ပြနေကျ အကြောင်းအရာအများနှင့် ပတ်သက်မှု မရှိသော သီခြားအကြောင်းအရာတစ်ခု ကို ဖော်ပြရန်အကြောင်းတိုက်ဆိုင်လာ ပါသဖြင့် ကြားဖြတ်သဘော တင်ပြရ ခြင်းကို စာရှုသူများအနေဖြင့် နားလည် ခွင့်လွှတ်ပေးပါရန် ဦးစွာပထမ တောင်းပန်အပ်ပါသည်။

အထက်ပါခေါင်းစဉ်ကိုဖတ်ကြည့် လျှင်ပင် ဤဆောင်းပါး၏ ရည်ရွယ်ချက် ကို ထောက်ချင့်နိုင်မည် ဖြစ်ပါသည်။ ကြာမီကသွားခဲ့သော ခရီးတစ်ခု၏ ပြန်မဟုတ်သော အတွေ့အကြုံများ ဆွေးကြုံခံစားခဲ့ရပါသဖြင့်လည်းကောင်း၊ ထိခံစားချက်အရလည်း ပြန်လည်ဖော်ပြ ရန် နှိုးဆော်ပါသဖြင့် လည်းကောင်း၊ ဤအပြင် မိမိတို့ဘာသာသာသနာ၏ အနာဂတ်အတွက် သတိပြုရန်၊ ဆောင်ရန်၊ ရှောင်ရန်၊ ကြိုတင်ကာကွယ်ရန် အရေး ကြီးသောအကြောင်းအချက်များပါရှိနေ သဖြင့် လည်းကောင်း ဖော်ပြရခြင်းဖြစ် ပါသည်။ မိမိတို့ဘာသာဝင်များသည် သမာရိုးကျအမြင်များအပြင် အခြား သောရှုထောင့်များမှ ရှုမြင်သုံးသပ်သင့် ကြောင်းယူဆပါသဖြင့် ဤနတ်မတောင် ရပ်ဝန်းခရီးသွားဆောင်းပါး၏ သက်ဆိုင် ရာ အတိတ်၊ ပစ္စုပ္ပန်သမိုင်းတို့ကိုပါ ယှဉ်တွဲဖော်ပြသဖြင့် လိုအပ်သည်ထက် အနည်းငယ်ကျယ်ဝန်းသွားရကြောင်းကို လည်း ကြိုတင်အစီရင်ခံအပ်ပါသည်။

ယခုဆောင်းပါး၌ နတ်မတောင် ရပ်ဝန်းဟူ၍ ခေါင်းစဉ်တပ်ဖော်ပြထား သော်လည်း ဤရပ်ဝန်းတစ်ခုတည်းကို သာဆိုလိုခြင်းမဟုတ်ကြောင်းကိုလည်း နားလည်စေလိုပါသည်။ ဤသို့ ဖြစ်စဉ် မျိုး၊ ဖြစ်ရပ်မျိုး၊ အဖြစ်အပျက်မျိုး၊ ရှိသမျှ သော မြန်မာနိုင်ငံ၏ အစိတ်အပိုင်းဝင် ရပ်ဝန်းတိုင်းကိုလည်း ဆိုလိုခြင်းဖြစ်ပါ သည်။

မိမိတို့သည် လွန်ခဲ့သည့် အနှစ် (၂၀)ကျော်ကာလကအတည်းက အလေ့ အကျင့်တစ်ခုရှိခဲ့၏။ ထိုအလေ့အကျင့် မှာ နွေရာသီကဲ့သို့သော ပွင့်လင်းရာသီ၊ ခရီးသွားရာသီသို့ ရောက်လေတိုင်း မြန်မာနိုင်ငံအနှံ့ ဘုရားဖူးသွားရောက် ခြင်းပင် ဖြစ်၏။ အထူးသဖြင့် မြန်မာနိုင်ငံ ၏သွားရေးလာရေးခက်ခဲလှသော တော တောင်များအတွင်းရှိ ဘုရားစေတီ၊ပုထိုး၊ သိမ်ကျောင်းစသည့်သာသနိကဆိုင်ရာ နေရာများ၊ ထူးခြားသည့် ဘူမိနက်သန် နေရာများသို့ မရောက်ရောက်အောင် သွားလိုသော၊ ဖူးမြော်လိုသောစိတ်ဆန္ဒ ကြောင့်လည်း မရောက်ရောက်အောင်၊ မဖြစ်ဖြစ်အောင် သွားရောက်လေ့ရှိပါ သည်။ သို့သော် ထိုကဲ့သို့ များပြားလှစွာ သော ဘုရားဖူးအတွေ့အကြုံ၊ ခရီးသွား အတွေ့အကြုံရှိပါသော်လည်း ဆောင်းပါး တစ်စောင်တစ်ဖွဲ့မျှ ရေးသားခဲ့ဖူးခြင်းမရှိ ပါ။ ယခုဘုရားဖူးခရီးစဉ်တွင်မှပြန်လည် ဖွင့်ချပြလိုသောဆန္ဒကကြီးမားစွာရှိ၍ သဖြင့် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏အမြင့်မားဆုံးတောင်ထွတ်များအပေါ်မှ ထူးခြားသောဗုဒ္ဓသင်္ကေတ

အထက်တွင် ဖော်ပြသကဲ့သို့ မိမိသည် ဘုရားဖူးခရီးထွက်ရခြင်းကို အထူးပင် နှစ်ခြိုက်လှပါသည်။ ဤသို့ ဘုရားဖူးသွားရခြင်းတွင်လည်း တောင်ဆွယ်တောင်တန်းတောင်ထွတ်များတို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ဖူးမြော်ကြည်ညိုရခြင်းကို ပို၍ပင် ဘဝင်ကျနှစ်ခြိုက်ကြည်နူးမိသည်ဟု ခံစားရပါသည်။

ထိုသို့ ဖြစ်ခြင်းအတွက်ကိုလည်း သုံးသပ်ကြည့်မိပါသည်။ မိမိသည်ပင် ဗုဒ္ဓဝင်ဘာသာဝင်ဖြစ်၍လော၊ ဗုဒ္ဓအပေါ် ၌ ကြည်ညိုခြင်းရှိနေသောကြောင့်လော မပြောတတ်ပေ။ မည်သည့်နေရာ၊ မည်သည့်ဌာနမျိုးတွင်မဆို ဗုဒ္ဓနှင့် ပတ်သက်သော ရုပ်ပွားတော်ဆင်းတု၊ စေတီပုထိုး စသည့် သာသနိကဆိုင်ရာ ဗုဒ္ဓသင်္ကေတတစ်ပါးပါးကိုတွေ့လေလျှင် ကြည်နူးနှစ်သိမ့်ခြင်းဖြစ်၏။ ဝမ်းမြောက်ဝမ်းသာနှစ်ထောင်းအားရခြင်းမျိုးလည်း ဖြစ်ပါသည်။ အကယ်၍ အဆိုပါဖူးတွေ့ရသော ဗုဒ္ဓသင်္ကေတများတွင် လက်ရာကောင်းခြင်း၊ ပြောင်မြောက်ခြင်း၊ ခမ်းနားခြင်း၊ ကြီးကျယ်ခြင်းတို့ပါ ရောစွက်နေသည့်အနုပညာလက်ရာ၊ ဗိသုကာလက်ရာများကိုပါ ပေါင်းစပ်၍ ဖူးမြော်ခြင်းမျိုးဖြစ်ပါက ပို၍သောကြည်နူးနှစ်သိမ့်ခြင်း၊ နှစ်ထောင်းအားရဝမ်းမြောက်ခြင်းမျိုး ခံစားရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ဗုဒ္ဓသင်္ကေတတို့၏ လောကရှိ အခြားသောမည်သည့်အရာတို့နှင့်မျှမတူသော၊ မရှိနိုင်သော တစ်မူထူးခြားသည့် ဝိမုတ္တိရသနှင့် အနုပညာ ဗိသုကာပညာလက်ရာတို့ကြောင့်ဖြစ်ပေါ်လာသည့် ဂုဏ်မြောက်သည့်ရသတို့ ပေါင်းစပ်လိုက်သဖြင့် ပို၍သောစိတ်ခံစားမှုဆိုင်ရာထူးခြားသည့်ရသတစ်မျိုးကို ဖန်တီးဖြစ်ပေါ် စေသောကြောင့်ဟုဆိုရပါမည်။

ထို့မှတစ်ဖန် တောင်ဆွယ်တောင်တန်းတောင်ထွတ်များပေါ်မှ ရုပ်ပွား၊ ဆင်းတု၊ ဘုရား၊ စေတီ၊ ပုထိုး စသည့် ဗုဒ္ဓသင်္ကေတများတွင်ကား အထက်ဖော်ပြပါ ရသအပေါင်းတို့ထက် ပို၍လွန်ကဲစွာ ဝမ်းမြောက်ကြည်နူး နှစ်သိမ့်ခြင်းဖြစ်ရခြင်းအကြောင်းမှာ ဗုဒ္ဓသင်္ကေတတို့၏ ဝိမုတ္တိသဘောဆောင်သည့် ရသနှင့်အနုပညာရသ၊ ဗိသုကာပညာဆိုင်ရာရသတို့အပြင် တောင်စဉ်တောင်တန်းတောင်ထွတ်တို့၏ဂုဏ်မြောက်သောရသတို့ပါ ပေါင်းစပ်ခြင်းကြောင့်ဟု ထင်ပါသည်။ အမှန်တကယ်လည်း မြင့်မားလှသော တောင်ဆွယ်တောင်ထွတ်များအပေါ်မှ ရုပ်ပွား၊ ဆင်းတု၊ စေတီ၊ ပုထိုးများ စသည့် ဗုဒ္ဓသင်္ကေတတို့သည် ပို၍ကြည်နူးနှစ်သိမ့်သော ခံစားမှုများကို ဖြစ်ပေါ် စေပါသည်။

အဆိုပါအကြောင်းကြောင့် တောင်ဆွယ်တောင်တန်းတောင်ထွတ်များတို့တွင် ဂုဏ်မြောက်သောရသများ ကိန်းအောင်းတည်ရှိနေရခြင်းအကြောင်းရင်းကို လေ့လာစေကြောကြည့်သင့်သည်ဟု ထင်ပါသည်။

တောင်တို့သည် မြင့်လေပို၍ထူးခြားလေဖြစ်၏။ တောင်များကိုအသုံးပြုခြင်းနှင့်ပတ်သက်၍ ဤနေရာတွင် လောကီဆိုင်ရာကိစ္စများအား စာလေးမည်စိုး၍ ချန်ထားခဲ့ပါမည်။ လောကီလွန်ဆိုင်ရာကိစ္စများကို စဉ်းစားကြည့်ပါက ခေတ်အဆက်ဆက် သူတော်စင်များ၏အဆိုအရ တရားကျင့်သည့်ကိစ္စရပ်များတွင် တောင်ပေါ် တွင်ကျင့်ခြင်းက ပို၍ တရားရလွယ်ကြောင်း၊ သမာဓိရနိုင်ကြောင်း မိန့်ကြားခဲ့ပါသည်။ ပညာရှင်တို့၏အဆိုအရလည်း တောင်ပေါ် တို့သည် မြေပြန့်ရပ်ဝန်းတို့ထက် ပို၍အသက်ရှည်ကျန်းမာစေသောဓာတ်များ၊ အရွယ်တင်နုပျိုစေသောဓာတ်အပြင် အထူးကြံခိုင်စေသောဓာတ်များလည်း တည်ရှိကြောင်း အခိုင်အမာဆိုကြပါသည်။

အထက်တွင်ဖော်ပြခဲ့သော ကြံ့ခိုင်စေသောဓာတ်သည် တောင်များနှင့် မည်သို့ဆက်စပ်ပါသနည်းဟု ထေဖန်ရန် ရှိပါသည်။ တောင်များမှဖြစ်ပေါ် စေသော ကြံ့ခိုင်စေသောဓာတ်ဟူသည်မှာ တောင်များကို မတက်ရောက်မီ မိမိအနေဖြင့် တက်မှတက်နိုင်ပါ့မလားဟူသည့်စိတ်သည် တောင်မြင့်လေ၊ မတ်စောက်လေ ပို၍ဖြစ်ပေါ် လေမျိုး ဖြစ်ပေါ် တတ်၏။ ထို့အခြေအနေတွင် မိမိကိုယ်ကိုမိမိ အားပေးပြီး ဖြည်းဖြည်းချင်းစိတ်ခွန်အား သတ္တိမွေးမြူကာတက်သွားပါက နောက်ဆုံးတောင်ထိပ်ပေါ် ရောက်ပြီး တောင်ကြီးဖဝါးအောက်ခံစားမှုမျိုး၊ ထူးခြားစွာခံစားရသည့် အောင်နိုင်မှုမျိုး စသည့်တို့ခံစားရပြီး ကြံ့ခိုင်မှု၊ သန်စွမ်းမှုတို့ဖြစ်စေပါသည်။ အဆိုပါ ကြံ့ခိုင်မှု၊ သန်စွမ်းမှုတို့သည် မိမိ၏ရုပ်ပိုင်းရော နာမ်ပိုင်းကိုပါ အကျိုးပြုသည့် ကြံ့ခိုင်သန်စွမ်းမှုမျိုး ဆိုင်ရာကျင့်စဉ်ပင်ဖြစ်တော့၏။

ထို့အပြင် တောင်နှင့်ပတ်သက်၍ တရုတ်နိုးရာခီကုန်း၊ ထိုက်ချီ၊ ရှောင်းစသည့်ပညာရှင်များကလည်း ဤကဲ့သို့များ အောင်မြင်ရန် အဓိကအားသည့် ချီဓာတ်သည် မြင့်မားသောတောင်ထိပ်များတွင် အားအကောင်းဆုံးဟု ဆိုကြပါသည်။ ယောဂပညာရှင်ကလည်း ယောဂကျင့်စဉ်၏ အဓိကအချက်ဖြစ်သော အသက်ရှူခြင်းဆိုင်ရာကျင့်စဉ်အတွက် ပရာဏာဓာတ်အထူးပင်အရေးကြီးသည်ဟုသတ်မှတ်ထိုပရာဏာဓာတ်သည်လည်း တောင်တောင်တန်းတောင်ထွတ်တို့၏ထိပ်သည် ပရာဏာဓာတ်အားအကောင်းဆုံးကျင့်ကြံ၍ အပေါက်မြောက်နိုင်ဆုံးကြ၏။

ထို့အတူ ဗုဒ္ဓဘာသာတို့၏သမကျင့်စဉ် အာနာပါနကျင့်စဉ်တို့အတွဝင်လေ၊ ထွက်လေတို့ သက်ဆိုင်တောင်များကို အားပြုကြ၏။ ထုံးအစဉ်အလာများအရလည်း ဗုဒ္ဓသူတော်စင်များ အကျင့်မြတ်လင်းလိုက်မည်ပုဂ္ဂိုလ်များ၏ ဘူမိနေရာဒေသရွေးချယ်မှုတွင် တောကို ဦးစားပေး၍ ရွေးချယ်ကြခြင်းထို့ကြောင့် တောင်များသည် အသည်။ သဘာဝပတ်ဝန်းကျင်ပလည်း တောင်များကိုမရှိမဖြစ်ထိရမည် ဖြစ်၏။

ထို့အပြင် တောင်ထိပ်များဘေးပတ်ဝန်းကျင်တောတောင်များသို့ ကြည့်ရှုရသည့်လည်း ခိုင်မရသော်တစ်မူထူးခြားသည့်ရသကို ပေးစွမ်းနိုင်ပါသည်။ ထိုတောပေါ်မှ ရှုမြင်ရသည့်ရသသည် ကြအေးမြလတ်ဆတ်သောလေတောသန့်ရှင်းစွဲကိုက်ရခြင်းနှင့်အတူ အမြင်အရလည်း သဘာဝရှုခင်းပန်းတစ်ချပ်ကဲ့သို့ ခံစားရနိုင်ပါသည်။ အကြားအာရုံတွင်လည်း အခြားများတွင် မကြားနိုင်သော သဘာတိုးသံ သစ်ပင်သစ်ရွက်များအလေဖြတိုးသံ၊ ကျွေးငှက်သာ၏။ တွန်ကျူးအော်မြည်သံ စသည်သောအသံမျိုးစုံကို သဘာဝတီးဝိုင်းကြီးသဖွယ်ထောင်တတ်မျိုးဖြစ်လျှင် ပို၍ပိပြင်စွာခံစားဖြစ်ပါသည်။ သို့အတွက် ဤလူသား၏ မျက်စိ၊ နား၊ စသည့် အာရုံငါးပါးစလုံး

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး မနောဓောတ်ဖြစ်သည့်စိတ်ကိုပါ မည်မျှပြောင်းလဲနိုင်မည်ကိုကား မှန်းဆကြည့်နိုင်ပါသည်။

ဤမျှဆိုလျှင် တောင်ထိပ်များပေါ်ရှိ ဘုရားစေတီစသည့် ဗုဒ္ဓသင်္ကေတများအား ဖူးမြော်ရသည့်ရသကိုနားလည်ခံစားနိုင်မည်ဖြစ်၏။ ထို့ကြောင့်လည်း မရောက်ဘူးသေးသည့် ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့နယ်ရှိ နတ်မတောင် (ခေါ်) ဝိတိုရိယတောင်နှင့် ပတ်သက်တွေ့ထိခဲ့ရမှုများကို ဖော်ပြအပ်ခြင်း ဖြစ်ပါသည်။ နတ်မတောင်ထိပ်ပေါ်တွင် တည်ထားသောစေတီတော်၏ ဘွဲ့တော်မှာ ဇိနမာန်အောင်စေတီတော်ပင် ဖြစ်ပါသည်။

❑ နီးရက်နှင့်ဝေးနေရသောချင်းပြည်နယ်

ချင်းပြည်နယ်သည် လွန်စွာဝေးကွာသောနေရာတွင်တည်ရှိခြင်းကြောင့် မဟုတ်ဘဲ သဘာဝရေမြေအနေအထားအရ မြင့်မားလှသော တောင်စဉ်တောင်တန်းကြီးများက တံတိုင်းကြီးများသဖွယ် ကာရံထားသောကြောင့်သာ သွားရေးလာရေးခက်ခဲပြီး ခရီးဖင်ကြန့် ကြာရခြင်းဖြစ်ပါသည်။ ချင်းပြည်နယ် တောင်ပိုင်းဆိုလျှင် အစွန်ဆုံး ယောနယ်နှင့် အပိုင်းအခြားအဖြစ် ဖိုးခေါင်တောင်တန်းနှင့် ချင်းရိုးမတောင်တန်းတို့က ပိုင်းခြားထားပါသည်။ အဆိုပါ ယောနယ်ဆိုသည်မှာ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်၊ ဆောမြို့နယ်တို့ကို ပေါင်းစုံ၍ ခေါ်ထားသော အမည်နာမသင်္ကေတလည်းဖြစ်ပါသည်။

ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့နယ်နှင့် နယ်မြေချင်းထိစပ်နေသော ယောမြို့များတွင် ပါဝင်သော မြို့နယ်မှာ ဆောမြို့ဖြစ်ပါသည်။ ဆောမြို့နယ်၏ထင်ရှားသောတန်ခိုးကြီးဘုရားမှာ ရှင်မာလဲဘုရားဖြစ်ပါသည်။ ဆောမြို့များတွင် နေထိုင်သောလူမျိုးများကို လေ့လာကြည့်ပါကလည်း ရှေးမြန်မာကြီးများ၏ အမူအကျင့်ဓလေ့စရိုက်သွင်ပြင်များကိုတွေ့ရပါသည်။ ဥပမာအားဖြင့် တောင်သား ဟူသော ထီးလင်းနယ်ခံလူများကို လေ့လာကြည့်လျှင် သူတို့သည် ရှေးခေတ်ပျူလူမျိုးများမှဆင်းသက်လာသူများ ဖြစ်ကြောင်း တွေ့ရပါသည်။ သူတို့၏သမိုင်းအရ သူတို့သည် မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ပန်းတောင်းဒေသရှိ ပုပ္ပားဒေသမှ နိုင်ငံရေးပယောဂကြောင့် ယခုဒေသသို့နယ်မြေပြောင်းရွှေ့သွားသော ပျူလူမျိုးများဖြစ်ကြောင်းသိရှိနိုင်၏။

ထို့အတူ ချင်းပြည်နယ်တောင်ပိုင်းရှိ ကန့်ပက်လက်၊ မတူပီ၊ မင်းတပ်နယ်များရှိ ချင်းတိုင်းရင်းသားဟူသည်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့လာသော ပျူလူမျိုးများဖြစ်နိုင်ခြေရှိကြောင်းကို များစွာသော အထောက်အထားများအရ ကောက်ချက်ချနိုင်ပါသည်။ သာဓကအားဖြင့် ယောနယ်ရှိ တောင်သားစကား၊ ချင်းစကား၊ ပျူစကားတို့သည် အတော်များများပင် ဆက်စပ်နီးနွယ်နေပါသည်။

ရှေးခေတ်ပျူလူမျိုးတို့ တရိုက်မတ်မတ် ဝတ်စားဆင်ယင်ခဲ့သော ပျူပုတီး၊ ပျူလည်ဆွဲ၊ ပျူနားတောင်းတို့ကိုလည်း လက်ရှိချင်းပြည်နယ်တောင်ပိုင်းရှိ ချင်းတိုင်းရင်းသားများကလည်း စွဲစွဲလမ်းလမ်းဝတ်ဆင်ကြသည်ကို တွေ့ရှိရ၏။ ပျူလူမျိုးတို့ နားတောင်းဝတ်သကဲ့သို့ ချင်းတိုင်းရင်းသားတို့လည်း နားတောင်းဝတ်၏။ ထို့အတူ အခြားသော ဝတ်စားဆင်ယင်မှုဆိုင်ရာအပြင် အဆင်တို့သည် တူညီကြ၏။ အဝတ်အစားဆင်ယင်ပုံသဘောတရားတို့တွင်လည်း ပျူလူမျိုး၊ ချင်းတိုင်းရင်းသား၊ တောင်သားလူမျိုးတို့သည် မနီးမဝေးစွဲတူညီကြ၏။ ထိုကဲ့သို့ ဆင်ယင်မှုဖဉ်ကျေးမှုဓလေ့သည်ပင် ရှေးမြန်မာတို့နှင့်တူညီမှုများရှိကြ၏။

ချင်းတိုင်းရင်းသားတို့သည် မူလက စာပေရှိကြ၏။ နောက်ပိုင်းတွင် ဆက်သွယ်ရေး၊ သွားရေးလာရေးခက်ခဲသော တောင်ပေါ်ဒေသတွင် နေထိုင်ရခြင်းဖြစ်သဖြင့် တစ်စထက်တစ်စ စာတတ်သူတို့ လျော့ပါးပျောက်တွယ်သွားပြီးနောက်ပိုင်းတွင် အဆိုပါစာပါပျောတ်ကွယ်သွားရခြင်းမျိုး ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ရှေးခေတ်ချင်းတိုင်းရင်းသားတို့၏ပျောက်ကွယ်သွားရသည်ဟူသော စာပေသည် ပျူစာပေဖြစ်ရန် များစွာနီးစပ်လှပါသည်။ ထို့ကြောင့် တစ်ဆင့်တက်၍ စဉ်းစားကြည့်လျှင် ချင်းတိုင်းရင်းသားတို့သည် တောင်ပေါ်ပျူလူမျိုးများဖြစ်ရန် အကြောင်းများစွာရှိပါသည်။ ထို့အတူ ဘာသာရေးနှင့် ပတ်သက်ပြီးစဉ်းစားကြည့်လျှင် အထက်ပါကောက်ချက်အတိုင်းသာဖြစ်မည်ဆိုပါက ပျူလူမျိုးတို့သည် ဗုဒ္ဓဘာသာကိုသာ ယုံကြည်ကိုးကွယ်သဖြင့် ရှေးခေတ်ချင်းလူမျိုးတို့၏ မူလကိုးကွယ်သည့် ဘာသာမှာလည်း ဗုဒ္ဓဘာသာပင်ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် ဗုဒ္ဓဘာသာသည် ချင်းတောင်တန်းဒေသနှင့်လည်းကောင်း၊ ချင်းတိုင်းရင်းသားတို့နှင့်လည်းကောင်း အတိတ်ကာလရှေးနှစ်ပေါင်းထောင်ချီကတည်းက အတိတ်ကံဆက်၊ အကြောင်းဆက်၊ ပဋ္ဌာန်းဆက်များ အခိုင်အမာရှိပြီးသားဟု ဆိုရမည်ဖြစ်ပါသည်။ ထိုမှတစ်ဖန် ဆက်စပ်စဉ်းစားပြန်လျှင်လည်း မြန်မာလူမျိုးတို့၏ ဆင်းသက်ပေါက်ဖွားရာလမ်းကြောင်းအရလည်း ပညာရှင်တို့၏အဆိုအရ မြန်မာတို့သည် ပျူသားပျူမြေးတည်းဟု မိန့်ခဲ့ကြသလိုပင် ချင်းတိုင်းရင်းသားတို့သည်လည်း ပျူသားပျူမြေးများပင်ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါသောကြောင့် ပျူသားပျူမြေးများဖြစ်သော မြန်မာတို့နှင့်ချင်းတို့သည် ပထဝီဝင်ဒေသန္တရဆိုင်ရာနေထိုင်အခြေစိုက်ခုကွဲပြားသဖြင့်လည်းကောင်း၊ အနေဝေးသဖြင့်လည်းကောင်း၊ သီးခြားတိုင်းရင်းသားများဟူသောအသွင်မျိုးဆောင်သွားခြင်းသာဖြစ်နိုင်ပါသည်။ အမှန်တကယ်တွင်မူ မြန်မာနှင့် ချင်းတို့သည် တစ်အုတ်ဆင်းညီရင်းအစ်ကိုမောင်နှမရင်းချာများဖြစ်နိုင်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာလည်း ပြည့်ဝကုံလုံလေ့လာမှုမရှိသေးဘဲ စိတ်ထင်သလို ကောက်ချက်ဆွဲခဲ့ကြသော အမည်ခံသမိုင်းဆရာ၊ မနုဿဗေဒဆရာစသည့် ပုဂ္ဂိုလ်များကြောင့် ပို၍ဝေးကွာစေသော အကြောင်းများကို ပေါ်ပေါက်စေခဲ့ခြင်းဖြစ်ပါသည်။

ထို့အတွက် မြန်မာနှင့် ချင်းတိုင်းရင်းသား၊ ချင်းတောင်တန်းတို့သည် အနေဝေးကြသော်လည်း သွေးချင်းက အလွန်အင်မတန်ပင် နီးလှပါသည်။ ထို့အတူ ယုံကြည်ကိုးကွယ်ရာ မူလအခြေခံအကြောင်းတရားတွင်လည်း ပဋ္ဌာန်းဆက်ချင်း နီးကပ်စွာသောဆက်စပ်မှုကိန်းသေရှိရမည်ဟုလည်း ယုံကြည်မှတ်ပိုက်မိပါသည်။

သို့ပါသောကြောင့် သွေးနီးချင်းဖြစ်သော ချင်းတိုင်းရင်းသားတို့နေထိုင်ရာ ချင်းတောင်တန်းတို့ကိုလည်းကောင်း၊ လှပပြီး ထူးခြားသော ဂုဏ်ထူးဝိသေသတို့နှင့်ပြည့်စုံသည့်တောင်ဇလပန်းတို့ ပွင့်ရာမြေကိုလည်းကောင်း၊ ကြီးကျယ်သော သစ္စာတရား၏ သင်္ကေတကိုယ်စားပြုသည့် လေးစားအားအောက်ချင်ဂုဏ်တို့၏ ပေါ်ပေါက်ဒေသ

www.burmeseclassic.com

www.burmeseclassic.com

ကို လည်းကောင်း၊ ရင်သပ်ရှုမောဖွယ်ကောင်းလှသော သဘာဝရှုခင်းတို့ကြွယ်ဝရာ အဖျိုစင်မြေပတျာအပေါင်းတို့၏ ဂုဏ်သတင်းကြောင့် ရှေးမဆွက ပင် သွားလိုသောဆန္ဒက ပြင်းစွာတည်ခဲ့ပါသည်။ "ထိုသို့တည်စေရန်လည်း ဆရာဦးသိန်းဖေမြင့်၏ ချင်းဝိသေသတိုင်း သမိုင်းအစ' ဟူသည့်စာအုပ်ကလည်း နှိုးဆော်ပေးခဲ့သည်ထင်ပါသည်။ ထိုအကြောင်းကြောင့် ချင်းတောင်တန်းများတွင် အဝင်အပါဖြစ်ပြီး အမြင့်များဆုံးသော မြေသားတောင်ထွတ်ကြီးဖြစ်သော နတ်မတောင်ကြီး၏ ခမ်းနားကြီးကျယ်သောဥပဓိရုပ်ကိုလည်း မျက်မြင်ကိုယ်တွေ့တဝကြီးကြည့်ရှုဂုဏ်ပြုလိုလှပါ သည်။

နတ်မတောင်ကြီးသည် ချင်းပြည်နယ်၏ ကြီးကျယ်သော ဥပဓိရုပ်ဖြစ်စေသလို မြန်မာနိုင်ငံ၏ ကြီးကျယ်သော ဥပဓိရုပ်လည်းဖြစ်ကာ အရှေ့တောင်အာရှဒေသကြီးတစ်ခုလုံး၏ ဂုဏ်ထူးဆောင်ရာမြေမဟာလည်း ဖြစ်ပါသည်။ အဆိုပါ နတ်မတောင်ကို တိုလိုနီခေတ်က ဝိတိုရိတောင်ဟုခေါ် ဆိုခဲ့သလို ချင်းတိုင်ရင်းသားတို့၏ ဘာသာစကားအရလည်း ခေါ်နူးစုန်မ်ဟု ခေါ်ဝေါ်ကြပါသည်။ အဓိပ္ပာယ်မှာ 'ခေါ်' သည် အရပ်ဒေသ ဟူသည့်အဓိပ္ပာယ်ရပြီး 'စုန်မ်' ဟူသည်မှာ 'တောင်ထွတ်ကြီး' ဟူသည့် အဓိပ္ပာယ်ဆောင်ကာ 'နူး' ဟူသော ဝေါဟာရမှာ မိခင်သဘော၊ နတ်သမီး သဘောသက်ရောက်စေသဖြင့် ခေါ်နူးစုန်မ်ဃည် မိခင်နတ်သမီးရှိသည့်အရပ်ဒေသမှ တောင်မကြီးဟူသည့်အဓိပ္ပာယ်ဖြစ်ပါသည်။ မြန်မာအမည် နတ်မတောင်မှာလည်း ထိုသဘောပင်သက်ရောက်စေပါသည်။

ထိုအဓိပ္ပာယ်များ၏မြေပြင်ပထဝီအမှန်တကယ် တည်ရှိမှုများအရလည်း နတ်မတောင်မကြီးအား အရံတောင်များအဖြစ် မြင်းဟီတောင်၊ ရွှေရှင်တောင်၊ မှန်ပြတောင်၊ ကန်ပက်လက်တောင်၊ ရိုင်ခီတောင်၊ လေဟူးတောင်၊ မြေစားတောင်တို့ကလည်း ဝန်းရံခစားနေသကဲ့သို့ရှိနေပါသည်။ ထို့ကြောင့်လည်း နတ်မတောင်၏ တင့်တယ်သော ပသာဒဂုဏ်သည် ပို၍သာထွန်းပြောင်သကဲ့သို့ရှိနေပါတော့၏။ ထိုကဲ့သို့ ဂုဏ်အပေါင်းနှင့် ပြည့်စုံလှစွာသော နတ်မတောင်၏ တောင်ထိပ်ပေါ်တွင် တည်ရှိနေတော်မူသော ဇိနမာန်အောင်ဘွဲ့အမည်တော်ရှိမူသည့် စေတီတော်အား ဖူးမြော်ကြည်ညိုလိုက်ရခြင်းဆိုင်ရာ ဝိတိသုခ၊ ဇဝွတာစသည်တို့သည် မည်မျှအထိ လေးနက်စွာသော အကျိုးသက်ရောက်မှုများရှိနိုင်မည်ကို ခန့်မှန်း၍ သိနိုင်ပါတော့သည်။

❑ သရက္ခန်၊ သီဟိုဠ်ရှင်၊ စွယ်တော်လေးဆူ၊ သရုပ်မှခဲဉီးမှသည် နတ်မတောင်သို့

မိမိတို့ဘုရားဖူးအဖွဲ့သည် ပြီးခဲ့သောနွေရာသီ မြန်မာနှစ်သစ်ကူးကာလ၏ တစ်ခုသောညချမ်းတွင် စကင်နိယာကားကြီးဖြင့် စတင်၍ ခရီးထွက်ခဲ့ပါသည်။ ရန်ကုန်-နေပြည်တော်-ပုဂံသို့ သွားရာ ပြန်ပြူးကျယ်ဝန်းလှသောလမ်းမကြီး၏ဘေးဝဲယာတစ်ဖက်တစ်ချက်ရှိ ညရှုခင်းအလှများကို ထိန်ထိန်သာနေသောလ၏ အလင်းရောင်အောက်တွင် ကားမှန်ပြတင်းမှတစ်ဆင့် အထင်းသားစမြင်နေရပါသည်။

ထိုသို့အမြန်လမ်းပေါ် သွားနေရင်း ဤခရီးစဉ်၏ သွားရောက်ရမည့်နေရာဒေသ၊ ဖူးမြော်ရမည့်ဘုရားစေတီပုထိုးအကြောင်းကိုစဉ်းစားမိပြီး ကြည်နူးနှစ်သိမ့်မှုဖြစ်ရသကဲ့သို့ မနှေးမနှောင်းပင် အမြန်လမ်းမကြီးတွင် ဖြစ်ပေါ်လေ့ရှိသော အကြောင်းအရာများကိုတစ်လှည့် စဉ်းစားမိသောအခါတွင်ကား ပူပန်ကြောင့်ကြခြင်းမျိုးလည်း ဖြစ်ရပြန်ပါသည်။

ထိုလမ်းမကြီးပေါ်တွင် ဖြစ်ပေါ်လေ့ရှိသော အကြောင်းအရာများကလည်း စုံလင်များပြားလှပါမည်။ ဤလမ်းမကြီးဖွင့်လှစ်ခဲ့သော နှစ်ကာလ ဘာမှမကြာသေးဟုပင် ဆိုရပါမည်။ သို့သော် ဤလမ်းမကြီးပေါ်တွင်ဖြစ်ပွားခဲ့သော ထိခိုက်သေကျေပျက်စီးမှုများကဒုနှင့်ဒေးဟုပင်ဆိုရပါမည်။ ထိုဖြစ်စဉ်များကြောင့် လူအသေအပျောက်နှုန်းကလည်း အခြားသောမည်သည့်နေရာနှင့် မျှမတူလောက်အောင် စံချိန်တင်ထားတော့၏။ ဤကဲ့သို့ ဆိုးဝါးစံချိန်တင်ရသည့်အကြောင်းရင်းကိုလည်း တစ်ဆက်တစ်စပ်တည်း သုံးသပ်စဉ်းစားကြည့်မိ၏။

လမ်းစဖောက်ကတည်းကဆိုရပါမူ လမ်းတည်ဆောက်မှု အင်ဂျင်နီယာပိုင်း၊ နည်းပညာပိုင်း၊ နည်းစနစ်ပိုင်း၊ လုပ်ငန်းကျွမ်းကျင်မှုအပိုင်း၊ ဝညာရှင်အပိုင်း စသည့် အစစအရာရာတွင် အားနည်းချက်၊ လိုအပ်ချက်၊ မှားယွင်းချက်များ မြောက်မြားစွာရှိခဲ့ပါသည်။ အထဲတွင် ပို၍အဆိုးဝါးဆုံးဖြစ်စေသော အချက်ကား အဂတိလိုက်စားမှုများ ဒဏ်ရာဒဏ်ချက်များပင် ဖြစ်၏။

ဤနေရာတွင် ဆိုလိုသောအဂတိလိုက်စားမှုဟူသည်ကား သုံးစွဲသော ပစ္စည်းများစံချိန်မမီမှု၊ အရည်အသွေးမပြည့်မီမှု၊ ကိုယ်ကျိုးရှာခိုးယူမှုတို့ ဆိုလိုခြင်းမျိုးထက်မကသောအကြောင်းအရာများစွာကလည်းရှိနေပါသေးသည်။ ဤအပိုင်းက အစိုးရနှင့်ပတ်သက်သော အပိုင်း (၀၁) အစိုးရမှတာဝန်ခံရသော အပိုင်းဖြစ်၏။

အခြားတစ်ဖက်ကား လူထု တာဝန်ခံရသောအပိုင်းဖြစ်၏။ ထိုအထဲတွင်ကား လမ်းသုံးစွဲသူများအပိုင်း ထိုအမြန်လမ်းမကြီးဖြတ်သန်းသွားတစ်လျှောက်ရှိ ဒေသခံများအပိုင်း၏။ လမ်းသုံးစွဲသူများတွင် ခရီးသွားများ၊ ယာဉ်မောင်းများဟူ၍ အဓိဝင်၏။ ဤနေရာ၌ ခရီးသည်များအကြောင်းကား ဆာမည်နေရာမှသာပါ၏။ အဓိကမှာ ယာဉ်မောင်းများဖြစ်သူတို့သည် အရည်အချင်းပြည့်စည်းကမ်းလိုက်နာမှု၊ ကျန်းမာရေးမွန်မှုစသည့် အဓိကိုအပ်သောအချက်များ ပြည့်စုံရမည်ဖြစ်သင့်၏။ သို့အဆိုပါအထေးပြေးလမ်းမတွင် လုပ်နည်းသူ၊ ယာဉ်စည်းကမ်း၊ လမ်းကမ်းနှင့်ယာဉ်မောင်းမကျွမ်းကျင်စည်ကမ်းမလိုက်နာသူများ များစွာနေရ၏။ သာဓကအားဖြင့် ကီလို မီတာထက်ပိုမောင်းရသော လမ်း သတိပေးဆိုင်းဘုတ်ကြီးများ များစွာပါလျက် များစွာပို့မောင်းနေကြ၏။

ဤနေရာတွင် ယခုမိမိသော ကားကြီး၏ ယာဉ်အမြန်နှုန်းလည်း သတိပြုမိသဖြင့် ဘေးဘီဝဲစူးစမ်းကြည့်လိုက်သောအခါ သတ်ကီလိုမီတာထက်ပိုနေကြောင်း သဖြင့် စိုးရိမ်မိပြန်ပါသည်။

ယခုကားပေါ်တွင် ပါလာသော ခရီးသည်အားလုံး၏အသက်သည် မောင်းထံတွင်အပ်ထားရသည့်သဖြစ်၏။ ထို့ကြောင့် သတ်မှတ်နှုန်းအသည့်အလား မြန်နှုန်းအပြင် ယာဉ်မောင်းအိပ်မငိုက်ပါစေနှင့် လက်လွတ်မဖြစ်ပါစေနှင့်၊ စိတ်ဖြစ်စရာအကြောင်းများထပ်မံစေနှင့်ဟူ၍ ထပ်ဆင့်ဆုတောင်း ဤအချက်ကား သိသာမြင်သာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နေနေနိုင်ရည်
(တိုင်းရင်းဆေးပညာ)

ပြုံးပါပျော်ပါ ကျန်းမာမှာ

ပုဂ္ဂိုလ်အတော်များများတို့ဟာ နေထိုင်မကောင်းဖြစ်တာနဲ့ ချက်ချင်း ဆိုသလို ဆရာဝန်တွေနဲ့တွေ့ဖို့ စိတ်စောတတ်ကြပါတယ်။ ဒါပေမယ့် တချို့ ရောဂါဝေဒနာတွေဟာ စိတ်လှုပ်ရှားမှုကြောင့်၊ စိတ်သောကဖိစီးမှုကြောင့်ဖြစ်ရတဲ့ စိတ္တသမုဋ္ဌာန်အကြောင်းကို အမှုမဲ့အမှတ်မဲ့နေမိတတ်ကြပါတယ်။

ယနေ့ခေတ် ဆေးသိပ္ပံသုတေသနပြုမှုများရဲ့ တွေ့ရှိချက်အရ ကလေးသူငယ်များမှအစ လူရွယ်လူလတ်နဲ့ လူကြီးပိုင်းတွေမှာဖြစ်ရတဲ့ရောဂါတော်တော်များများဟာ စိတ်ပိုင်းဆိုင်ရာဆန္ဒမပြည့်ဝမှုတွေ၊ မကျေနပ်မှုတွေအပေါ်မှာအကြောင်းရင်းခံတယ်လို့ သိလာရပါတယ်။

ဒီအကြောင်းအချက်ကို တိုင်းရင်းဆေးပညာရှုထောင့်ကနေ သုံးသပ်ရင် လည်း မှန်ကန်နေတယ်ဆိုတာ တွေ့ရပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာသာမက တရုတ်တိုင်းရင်းဆေးပညာကလည်း စိတ်လှုပ်ရှားမှု၊ ဆန္ဒမပြည့်ဝမှုတွေဟာ ရောဂါအမျိုးမျိုးကိုဖြစ်စေတယ်လို့ ဆိုထားပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀) ကျော်က ပေါ်ပေါက်ခဲ့တဲ့ 'ဟောင်တီနေ့ကျင်း' (ဘုရင်ဝါကြီး၏ ဆေးပညာလမ်းညွှန်ကျမ်း) ကြီးကလည်း ဒီအကြောင်းကို ဖော်ပြထားပါတယ်။ သူ့အဆိုအရ အတွင်းအင်္ဂါကြီး (၅) ရပ်ပေါ် ထူးခြားတဲ့ အကျိုးသက်ရောက်မှုတွေကိုပြုတဲ့ စိတ်ပိုင်းဆိုင်ရာအကြောင်း (၅) ရပ်ရှိကြောင်း၊ ပျော်ရွှင်မှုဟာ နှလုံးကို လွှမ်းမိုးထားကြောင်း၊ ဒေါသဟာ အသည်းကို လွှမ်းမိုးပြီး စိတ်စွဲလမ်းကြောင့်ကြမှုကတော့ သရက်ရွက်ကိုလွှမ်းမိုးပါကြောင်း၊ စိတ်ညစ်ခြင်းကတော့ အဆုတ်ကိုလွှမ်းမိုးပြီး ကြောက်လန့်မှုက ကျောက်ကပ်ကို လွှမ်းမိုးကြောင်းသိရပါတယ်။ ဒါဟာ ကိုယ်ခန္ဓာအပေါ် စိတ်က ဘယ်လိုလွှမ်းမိုးပြီး ရောဂါကျရောက်စေတယ်ဆိုတာကို ပြသရာရောက်ပါတယ်။

အချက်တို့ ဖြစ်၏။

မသိနိုင်သောအချက်ကား အဆိုပါ ယာဉ်မောင်း၏ ကျန်းမာရေးအခြေအနေပင် ဖြစ်၏။ ပြင်ပကြည့်ရုံမျှဖြင့် မည်သို့မျှမသိနိုင်သောအချက်များစွာရှိနိုင်သေး၏။ ထိုသူသည် အလွန်အကျွံသွေးတိုး၊ ဆီးချို၊ သွေးချိုရှိသလား ဟူသည့်အချက်မျိုး ဖြစ်၏။ အကယ်၍ သွေးတိုး၊ ဆီးချိုများ ရုတ်တရက်ဆောင့်ဆိုးလျှင် မူးဝေမှိုက်ခြင်းမှသည် သတိလစ်မေ့မြောဦးနှောက်ကြောပြတ်သည်အထိဖြစ်နိုင်၏။ လမ်းဘေးသို့ကားဆွဲကပ်နိုင်၏။ တစ်စုံတစ်ရာနှင့်တိုက်မိနိုင်၏။ ယာဉ်မောင်းလိုင်စင်ကြီးထုတ်ပေးသူင် အေအိုင်ဒီအက်၊ ဘီပို၊ စီပို စသည်ပေါ်ပြီးမှ ကင်းရှင်းမှ လိုင်စင်ပေးသည်ဆိုသော်လည်း အဆိုပါရောဂါရှိသူများအခြွင်းလမ်းမကြိုးပေါ် ရှိ ခရီးသည်တင်ကားကြီးများပေါ်တွင် အကြောင်းသိဆတ်သိယာဉ်မောင်းများကို မကြာခဏဆွဲနေရပါသည်။ ဤသူများ မည်ကဲ့သို့ ငိုင်စင်ရပါသနည်း။ အဖြေကားရှင်းပါသည်။ လာဘ်ပေးလာဘ်ယူမှုဖြင့် ဥပဒေအောင်အားလုံးကိုကျော်သွားခြင်းကား မြေကြီးလက်ခတ်မလွဲပါ။

ဒေသခံများဘက်ကလည်း လမ်းပေါ်သို့ စည်းကမ်းမဲ့ဝင်ရောက်ခြင်း၊ ဆိုင်ကယ်၊ ထော်လာကျီမောင်းခြင်း၊ ကွဲနွာ၊ ကျောင်းခြင်းတို့အပြင် ရံခါ လေးခွခဲ့ စသည်များဖြင့် ပစ်သူကလည်းမရှားရှိနေပါသည်။ ထို့အပြင် ကားမမှောက်၊ မှောက်အောင်၊ ဘေးဒုက္ခတွေ့အောင် လုပ်ပြီး ပစ္စည်းလုယက်မှုများ၊ ဓားပြတိုက်မှုများကလည်း မကြာခဏဖြစ်ပေါ်တတ်ပါသည်။

လမ်းစည်းကမ်းထိန်းသိမ်းမှု လုံခြုံရေးတာဝန်ယူမှုများကလည်း အားနည်းလှပါသည်။ အထက်ပါ အကြောင်းအားလုံးကို ခြုံငုံသုံးသပ်ပါက နိုင်ငံတော်အစိုးရမှအစပြုပြီး လမ်းအသုံးပြုသူများအလယ်၊ ဒေသခံများအားလုံးတို့သည် မိမိတို့တာဝန်ယူရမည့်တာဝန်တို့အား တာဝန်မခံရုံမျှမက တာဝန်မဲ့လုပ်ရပ်များ၊ ဥပဒေဘောင်ကျော်မှုများ၊ ဥပဒေကိုပေယျာလကန်ပြုမှုများ၊ စည်းကမ်းမလိုက်နာမှု၊ တမင်ဖောက်ဖျက်မှုများကြောင့် အထက်ဖော်ပြပါ မလိုလားအပ်သောအရာများ၊ အဆမတန်များပြားလှသောထိခိုက်သေကြေပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရခြင်းဖြစ်သည်ဟူသော အကြမ်းဖျင်းကောက်ချက်ဆွဲနိုင်ပါသည်။

ထိုကောက်ချက်အကြောင်းအရာကို ယခုကဲ့သို့ဖော်ပြရခြင်းမှာ မထူးဆန်းတော့သည့် ဤလိုကိစ္စမျိုးကို ရေးကြီးခွင့်ကျယ်လုပ်ပြီးဆိုနေခြင်း မဟုတ်ပါ။ ယခု မိမိတို့သွားရောက်မည့် နတ်မတောင်ရပ်ဝန်း အပါအဝင်ဖြစ်သော ချင်းပြည်နယ်တွင် တွေ့ကြုံလာရလတ္တံ့သော စည်းကမ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စီမံခန့်ခွဲမှုဆိုင်ရာ များစွာသော အားနည်းချက်များကြောင့် အနာဂတ် ဗုဒ္ဓသာသနာတော်အတွက် မည်မျှထိခိုက်ခံရနိုင်သည့် အကြောင်းတရား ပိုမိုထင်ရှားစေရန် ရေးသားရခြင်းဖြစ်ပါသည်။

ရွှေလဆက်ဖတ်ပါရန်

ဆရာဦးဆက်ထွန်းလင်း(အာယုဒ္ဒေ)

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြောင့်ရောဂါဖြစ်ရတယ်ဆိုရာမှာလည်း ဆံပင်ဖြူတာလောက်ကစပြီး အသက်ကိုရန်ရှာတဲ့ရောဂါကြီးတွေအထိကို အမျိုးမျိုးဖြစ်နိုင်ပါတယ်။ သုတေသီဆေးပညာရှင်တွေအနေနဲ့က ရောဂါကာကွယ်ရေးနဲ့ ကျန်းမာရေးမှာ စိတ်လှုပ်ရှားမှုအခြေအနေတွေဟာ အတော်လေးပဲ အရေးပါအရာရောက်တယ်ဆိုတာ တွေ့လာရပြီဖြစ်ပါတယ်။

ဒါကြောင့် ရှုပ်နဲ့နာမ်အပြန်အလှန် အကျိုးသက်ရောက်မှုကို ထိန်းကွပ်နိုင်တာနဲ့အမျှ ရုပ်ဗျိုကိုယ်နှုပြီး အသက်ရှည်စေမယ်ဆိုတဲ့သီအိုရီတစ်ခုကိုတောင် ဖော်ထုတ်ခဲ့ကြပါတယ်။ ဒီနေရာမှာ အရာရာကို ယောနိသောမနသိကာရလို့ခေါ် တဲ့ အသင့်တင့်နှလုံးသွင်းနိုင်မှု၊ ကျေနပ်ရောင့်ရဲနိုင်မှု၊ ခွင့်လွှတ်နိုင်မှုတွေဟာ မရှိရင်မဖြစ်တဲ့ အားဆေးကြိုးတွေ၊ ရောဂါကာကွယ်ဆေးကြိုးတွေပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ထင်ရှားတဲ့နှေဟောင်းတရုတ်အဆို့အမိန့်တစ်ရပ်ကိုသွားသတိရမိပါတယ်။

ရယ်မောခြင်းသည်
သင့်အား (၁၀)နှစ်ပြန်လည်နုပျိုစေပြီး
သောကသည်
သင့်ဆံပင်များကိုဖြူစေသည်။

လို့ ဆိုထားပါတယ်။

ဒီပြင် မွတ်စလင်ဘာသာဝင်များရဲ့ တမန်တော် မိုဟာမက်က -

ပြုံးရွှင်ချိုသာစွာ
ဆက်ဆံခြင်းသည်
အလှူဒါနပြုသည်မည်၏။

ဆိုပြီး မိန့်ဆိုခဲ့တာကိုလည်း မှတ်သားထားသင့်ပါတယ်။

ဗုဒ္ဓဘုရားရှင်ကတော့ -

လောကခံကို
မတုန်လှုပ်တဲ့စိတ်ထားခြင်းဟာ
မင်္ဂလာတစ်ပါးဖြစ်တယ်။

လို့ မိန့်တော်မူခဲ့ပါတယ်။

ခေတ်မီဆေးသုတေသနလုပ်ဆောင်ချက်တွေက ကျန်းမာရေးကိုထိခိုက်စေတဲ့အချက်တွေ အများကြီးရှိတဲ့အနက် စိတ်လှုပ်ရှားလွယ်ခြင်းဟာ သိပ်အရေးကြီးတဲ့အချက်ဖြစ်ကြောင်း ဖော်ပြထောက်ခံလျက်ရှိပါတယ်။

တစ်ခါတစ်ရံ စိတ်လှုပ်ရှားတာလောက်က မထောင်းတာလုပေမယ့် ကာလကြာရှည်စိတ်ညစ်ခြင်းကြောင့်ကြခြင်း၊ ပူဆွေးခြင်း၊ မနာလိုခြင်း၊ မုန်းတီးခြင်း၊ ဘဝင်မြင့်စိတ်ကြီးဝင်ခြင်း၊ ဒေါသကြီးခြင်း၊ လောဘကြီးခြင်းစတဲ့အကုသိုလ်စေတသိက်တွေဖိစီးပါများခဲ့ရင်တော့ သွေးတိုးခြင်း၊ နှလုံးအားနည်းခြင်း၊ ရင်ကျပ်ခြင်း၊ အစာအိမ်လေနာထာ၊ မျက်စိရေတိမ်ဖြစ်ခြင်း၊ အရေပြားရောဂါဖြစ်ခြင်းတွေသာမက ကင်ဆာရောဂါတွေပါဖြစ်လာရပါတယ်။

အထူးသဖြင့် အမျိုးသမီးအဖို့ စိတ်လှုပ်ရှားမှုအခြေအနေကိုလိုက်ပြီး ခမ္မတာထိမ်ခြင်း၊ ချုပ်ခြင်း စတဲ့မီးယပ်ရောဂါတွေထူပြောလာရပါတယ်။ တရုတ်နိုင်ငံက ဆေးသုတေသနပြုချက်အရဆိုရင် အစာအိမ်ရောဂါရှင်တွေရဲ့ (၇၀) ရာခိုင်နှုန်း၊ ခေါင်းကိုက်၊ ဇက်ထိုးရောဂါရှင်တွေရဲ့ (၉၀) ရာခိုင်နှုန်းဟာ စိတ်လှုပ်ရှားမှု၊ စိတ်တင်းကျပ်မှုအခြေအနေတွေနဲ့ ဆက်စပ်နေကြောင်း တွေ့ရပါတယ်။

နောက်ဆုံးပေါ် သုတေသနလုပ်ငန်းနဲ့ စူးစမ်းမှုတွေက စိတ်အခြေအနေဆိုးဖြစ်တဲ့ စိတ်လှုပ်ရှားမှုနဲ့စိတ်တင်းကျပ်မှု၊ ဖိစီးမှု (Emotion and Stress) တွေ ပေါင်းစပ်လိုက်တဲ့အခါ ဦးနှောက်ကနေထုးခြားတဲ့ဟော်မုန်းရည်တစ်မျိုးကိုထုတ်လွှတ်လိုက်ကြောင်း၊ အဲဒီဟော်မုန်းဓာတ်ရည်ဟာ ခန္ဓာကိုယ်ရဲ့ ခုခံမှုအားစနစ် (Immune Syetem) ကို အားပျော့သွားစေကြောင်း၊ ဒီပြင်ဖောက်ပြန်တဲ့ကလာပ်စည်းတွေအဖြစ် ကင်ဆာကလာပ်စည်းတွေ ပေါက်ဖွားလာစေကြောင်း စတာတွေကို ဖော်ထုတ်တွေ့ရှိလာပြီ ဖြစ်ပါတယ်။

ပျော်ရွှင်ကြည်နူးခြင်း၊ မေတ္တာထားခြင်းနဲ့တကွ ငြိမ်းချမ်းအေးမြနေတဲ့စိတ်အခြေအနေဟာ လူတစ်ယောက်ရဲ့ ကျန်းမာရေးကောင်းမွန်နေတဲ့စိတ်အခြေအနေကို အထူးပဲထိန်းသိမ်းပေးပါတယ်။ လူတွေစိတ်ရွှင်လန်းချမ်းမြေနေတဲ့အချိန်မှာ သူတို့ရဲ့ ဗဟိုအာရုံကြောအဖွဲ့ (Central Nervous Systerm) နဲ့တကွ အလိုအလျောက် အာရုံကြောအဖွဲ့ (Auto - nomic Nervous System) တွေကောင်းကောင်းအလုပ်လုပ်တာနဲ့အမျှ ကိုယ်တွင်းဇီဝဖြစ်ပျက်မှု (Metabolism) အခြေအနေတွေဟာ ပုံမှန်ရှိနေပါတယ်။ ဝမ်းမီးဟာလည်း သမခြေမှာရှိနေပါတယ်။

ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့စကားလိုပါပဲ။ ဝမ်းမီးညီမျှကောင်းမွန်နေတာနဲ့အမျှ ခန္ဓာကိုယ်ကြီးဟာ အာဟာရပြည့်ဝပြီးကျန်းမာနေမှာဖြစ်ပါတယ်။ ခံတွင်းကောင်းပြီး မေတ္တာတန်ခိုးကြောင့် ကောင်းကောင်းမွန်မွန် အိပ်နေဝဝလည်း အိပ်စေပါတယ်။ ခန္ဓာကိုယ်လည်း ပေါ့ပါးသွက်လက်နေပါတယ်။ မှတ်ဉာဏ်နဲ့ အတွေးအခေါ်ဟာလည်း ထက်မြက်နေပါမယ်။

နောက်ထပ် မနုဿဗေဒသုတေသနပြုချက်များအရ အကောင်းမြင်ဝါသနာတွေနဲ့ သောကနည်းပြီးပျော်တော်နေတတ်သူတွေဟာ အခြားသူတွေထက် အသက်ပိုရှည်ကြတာကို တွေ့လာရပြန်ပါတယ်။ တရုတ်နိုင်ငံမှာ အသက် (၁၀၀) ပတ်ဝန်းကျင် ဘိုးသက်ရှည်တွေကို တွင်းဆင်းသုတေသနပြုစာရေးကောက်ကြရာမှ အဘိုးအဘွား (၃၇၂) ဦး အနက် (၃၆၅) ဦး၊ တစ်နည်းအားဖြင့် (၉၈) ရာခိုင်နှုန်းဟာ အကောင်းမြင်သမားတွေ၊ ပျော်ပျော်နေတတ်သူတွေဖြစ်နေတာကို တွေ့ရပါတယ်။

အမေရိကန်နိုင်ငံ တပ်မတော်ဆေးရုံတစ်ရုံက ပြုလုပ်တဲ့ ဆေးသုတေသနတစ်ရပ်ကလည်း ဒဏ်ရာချင်းတူရာကုသမှုချင်းတူရင် စစ်အောင်နိုင်တဲ့ဘက် က စစ်သည်တွေရဲ့ ဒဏ်ရာကအမြောက်မြန်ပြီး စစ်ရှုံးတဲ့ဘက်က စစ်တွေရဲ့ ဒဏ်ရာတွေက အပျောက်နှေးကြောင်း (Complication) ခေါ် တဲ့ ဆင့်ပွားဝေဒနာတွေ အဖြစ်များကြောင်း ဖော်ထုတ်တွေ့ရှိထားပါတယ်။

ဆေးရုံတွေပေါ်က ခွဲစိတ်လူနာတွေကိုလိုက်ကြည့်ရင်လည်း စိတ်ဓာတ်အခြေအနေကောင်းတာနဲ့အမျှ ခွဲစိတ်ဒဏ်ရာအကျက်မြန်ပြီး ရောဂါအဖောက်မြန်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ တချို့စိတ်ဓာတ်သိပ်ကောင်းတဲ့လူနာများဟာ ရောဂါအခြေအနေက မျော်လင့်ချက်ကင်းမဲ့နေပေမယ့် အသက်မသေပျောက်ကင်းသွားတာတို့လည်း တွေ့ရတတ်ပါတယ်။ တစ်ခါက ကင်ဆာရောဂါရှင်တစ်ဦးကို ဆရာဝန်တွေစမ်းသပ်ပြီး ခြောက်လသာခံတော့မယ်အကြောင်းပြောပါတယ်။

စိတ်ဓာတ်အင်အားကောင်းလူလူမမာက မသေမီ ခြောက်လအတွင်း ပျော်ပျော်နေမယ်ဆိုပြီး ကမ္ဘာလှည့်ခဲ့ထွက်ခဲ့ပါတယ်။ လမ်းမှာ သူသေသွားရင် အလွယ်တကူထည့်နိုင်အောင် အလောင်းထည့်တဲ့ ပလတ်စတစ်အိတ်ကြီးတစ်အိတ်အဆင်သင့်ဝယ်ပြီး သူငှားလေးတစ်ပါတည်းယူသွားခဲ့ပါတယ်

www.burmeseclassic.com

ကမ္ဘာ့နေရာအသီးသီးမှာ သူပျော်ရင် ပျော်သလောက်နေပြီး စိတ်လွတ်လက်လွတ်သွားလာနေတဲ့အတွက် သူ့ရောဂါကိုတောင်သူမေ့နေခဲ့ပါတယ်။ လူမှုရေးလုပ်ငန်းတွေလည်း ကြဲကြိုက်ရင်ကြဲကြိုက်သလို ဝင်ရောက်လုပ်ကိုင်ပေးခဲ့ပါသေးတယ်။ ဒီလိုနဲ့ ပျော်ပျော်ပါးပါးကြီး ခရီးလှည့်လို့ဝမ္မအိမ်ပြန်ခဲ့ပါတယ်။ အိမ်ရောက်လို့ ရက်တွက်ကြည့်တော့မှ သူခရီးထွက်ခဲ့သောအချိန် တစ်နှစ်ကျော်ကြာမြင့်ခဲ့တာ တွေ့ရပါတယ်။ (၆) လနဲ့ သေမယ်ဆိုပြီး အခုတစ်နှစ်ကျော်လာတာတောင် မသေသေးလို့ သူက ဆရာဝန်ဆီသွားပြန်ပြပါတယ်။

ဆရာဝန်တွေက သူ့ကိုစစ်ဆေးပြီးတဲ့အနောက် အရင်က ဒုက္ခပေးနေတဲ့ကင်ဆာအကျိတ်ဟာ အခုရှာမတွေ့တော့ဘူးလို့ တအံ့တသြအဖြေပေးကြပါတယ်။ ဒီတော့ သူလည်း အိမ်ပြန်လာပြီး အလောင်းထည့်တဲ့အိတ်ကြီးကို ရောင်းပစ်လိုက်ပြီး ပျော်ပျော်ပါးပါးပဲ ဆက်လက်နေထိုင်ခဲ့ပါတယ်။ အဲဒီဖြစ်ရပ်မှန်ဇာတ်လမ်းလေးကိုကြည့်ရင် စိတ်ဓာတ်တန်ခိုးဘယ်လောက်ကြီးမားတယ်ဆိုတာ မှန်မှန်ကန်ကန်လောက်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားရှင်ကလည်း စိတ္တေန နိယတေ လောကော ဆိုပြီး စိတ်ဟာ လောကကြီးကို စိုးမိုးကြောင်း ဟောကြားတော်မူခဲ့ပါတယ်။ ဒီပြင် လူအများကြီးဖူတွေ့ဖူးတာတစ်ခုက ရောဂါကျွမ်းနေတဲ့ လူမဓာတစ်ယောက်ဟာ မသေနိုင်သေးဘဲ အလေးမှာရောက်နေတဲ့ သူတွေ့ချင်နေတဲ့သူတစ်ဦး မရောက်မချင်းစောင့်နေနိုင်တာပဲ ဖြစ်ပါတယ်။

တွေ့ချင်တဲ့သူကိုတွေ့ပြီး မှာချင်တာလေးမှာပြီးတာနဲ့ ချက်ချင်းလိုလို သေဆုံးသွားတတ်ပါတယ်။ ဒါဟာလည်း စိတ်ဓာတ်အင်အားက ရောဂါအခြေအနေကို လွှမ်းမိုးတဲ့အခြေအနေတစ်ရပ်ဖြစ်ပါတယ်။ စိတ်ဓာတ်အခြေအနေမကောင်းခဲ့ရင်တော့ ဘာမှမဟုတ်လောက်တဲ့ရောဂါဝေဒနာကလေးနဲ့ပဲ သေဆုံးတတ်ကြပါတယ်။ ဒါကြောင့် ရောဂါကင်းပြီး ကျန်းမာနေစေရေးမှာသာမက ရောဂါဖြစ်ခဲ့ရာက သက်သာပျောက်ကင်းချမ်းသာရေးမှာလည်း စိတ်ဓာတ်ဟာ အထူးပဲအရေးကြီးပါတယ်။

ဒီလိုဆိုရင်ဖြင့် မေးစရာရှိလာပါပြီ။ လူတစ်ယောက်ဟာ အပြုစိတ်ထားရှိနေအောင် ဘယ်လိုလုပ်ရမလဲလို့ မေးလာကြလိမ့်မယ် ထင်ပါတယ်။ အောက်ပါအချက်တွေကတော့ အပြုစိတ်ထား (Positive Mind) ရရှိနိုင်စေရေးအတွက် အကြံပြုချက်အချို့ ဖြစ်ပါတယ်။

၁။ လူမှုကျင့်ဝတ်သိက္ခာတရားကို လေးနက်စွာ ခံယူနိုင်အောင် ပျိုးထောင်ပါ။ သိက္ခာရှိရှိနေပါ။ လူတွေမှာ အတ္တနည်းတာနဲ့အမျှ၊ စိတ်ဓာတ်ရင့်ကျက်တာနဲ့အမျှ ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်မြော်မြင်ပြီး အကောင်းမြင်ရှုထောင့်ကို ပိုင်ဆိုင်လာရပါတယ်။ စိတ်ဓာတ်မြင့်မားလာပါတယ်။ မနာလိုခြင်း၊ ဝန်တိုခြင်း၊ သူတစ်ပါးဆင်းရဲတာကို မြင်လိုခြင်း၊ သူတစ်ပါးကို အပြစ်မြင်တတ်ခြင်း၊ သူတစ်ပါးမကောင်းသတင်းကြားလိုခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်ထောင်ခြင်း၊ စိတ်ကြီးဝင်ခြင်း၊ ဘဝင်မြင့်ခြင်း ၊ စိတ်ပူပန်ကြောင့်ကြခြင်း၊ စိတ်လှုပ်ရှားလွယ်ခြင်း တို့ဟာ အပျက်စိတ်ထားတွေဖြစ်လို့ဖြစ် မိမိကိုယ်ပေါ်မှာ ပေါ်ပေါက်လာတာနဲ့ ချက်ချင်း သတိနဲ့ထိန်းပြီး ပယ်ဖျောက်ပစ်ပါ။ နည်းနည်းလက်ခံရင် နည်းနည်းဒုက္ခတွေ့ပါမယ်။ များများလက်ခံရင် ရောဂါများများဖြစ်လာပါလိမ့်မယ်။

၂။ လောကကို ရှုမြင်ရာမှာ အမြင်မကျဉ်းပါစေနဲ့။ ရှုထောင့်စုံကနေ ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ပါ။ အသေးအဖွဲတွေကို စာဖွဲ့မနေပါနဲ့။ ဝေဖန်မှုမလွန်ကဲပါစေနဲ့။ ကိုယ်ချင်းစာစိတ်မွေးပါ။

၃။ အလုပ်ကိုချစ်ပါ။ လှုပ်ရှားလုပ်ကိုင်နေရမှုကိုသာယာပါ။ တစ်စုံတစ်ခုအတွက် အလုပ်လုပ်နေရတာကို မြတ်နိုးပါ။ အလုပ်မှာပျော်အောင်နေပါ။ လူမှုပတ်ဝန်းကျင်ကို အကျိုးတစ်စုံတစ်ရာပြုနိုင်အောင် ကြိုးစားပါ။ အကျိုးပြုနိုင်တာနဲ့အမျှ ပီတိခံစားရပါမယ်။ ပီတိဟာ အစားထိုးစရာရှာမရတဲ့ နာမ်အာဟာရဖြစ်ပါတယ်။ အလုပ်မရှိရင် အလိုလိုအားငယ်တတ်လာပါတယ်။ ဒါကြောင့် ရုပ်နာမ်နှစ်ထွေဖွဲ့ဖြိုးတိုးတက်နေအောင် အလုပ်တစ်ခုခုကို ပျော်ပျော်လုပ်ကိုင်ပါ။

၄။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဟာ ရုပ်ခန္ဓာကိုသာမက နာမ်ခန္ဓာကိုပါ သန်စွမ်းဖျတ်လတ်စေပါတယ်။ လူတစ်ယောက်ဟာ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေရင်ဖြစ်စေ၊ ကြေကွဲဝမ်းနည်းပူဆွေးမှုဖြစ်နေရင်ဖြစ်စေ၊ တစ်စုံတစ်ခုကိုမကျေမနပ်နဲ့ တန်ခိုးခံစားနေရင်ဖြစ်စေ၊ ဒေါသဖြစ်နေရင်ဖြစ်စေ၊ အကောင်းဆုံးဆေးကတော့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုခုကို ထပြီးကောက်လုပ်လိုက်ခြင်းသာဖြစ်ပါတယ်။ ဒီဥအကျိုးခံစားရကြောင်း လက်တွေ့လုပ်ကြည့်ရင်သိရပါလိမ့်မယ်။

၅။ မိတ်ဖွဲ့ပါ။ လူအများကို၊ သူတစ်ပါးကို ခင်တတ်မင်တတ်ပါစေ။ ရောက်ရာပတ်ဝန်းကျင်မှာ အများနဲ့ရောနှောနိုင်ပါစေ။ မတူသလိုမတန်သလိုမနေပါနဲ့။ ကိုယ့်ကိုယ့်ကိုယ်အားငယ်နှိမ်ချပြီး ချောင်ကုပ်ပြီးလည်းမနေပါနဲ့။ အလိုက်အထိုက်ရောရောနှောနှောနေတတ်ပါစေ။ မိမိအခက်အခဲပြဿနာတွေကို မိတ်ဆွေထံမှာ ဖွင့်ချတိုင်ပင်ပါ။ ရှင်းလင်းပြီးပေါ့ပါးသွားပါလိမ့်မယ် ကောင်းမြတ်တဲ့အကြံဉာဏ်နဲ့ လမ်းစကိုလည်း တွေ့လာနိုင်ပါတယ်။

၆။ စိတ်ဝင်စားမှုနယ်ပယ်ကိုကျယ်ကျယ်ဖွင့်ထားပါ။ ဝါသနာတစ်ခုတည်း မဟုတ်ဘဲ အတော်အသင့်စုံပါစေ။ ပန်းချီဆွဲခြင်း၊ စာရေးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ သီချင်းဆိုခြင်း၊ ဂေါက်သီးရိုက်ခြင်းစတဲ့ မြောက်မြားလှစွာစေသော ဝါသနာလုပ်ငန်းတွေထဲက မိမိနဲ့အပ်စပ်မယ့်ဝါသနာလုပ်ငန်းသုံး၊လေးခုလောက် လုပ်ပေးပါ။ ရုပ်ခန္ဓာအတွက်ရော နာမ်ခန္ဓာအတွက်ပါ အထူးပဲကောင်းပါတယ်။ တေးဂီတ စတဲ့ အနုပညာတစ်ရပ်ရပ်ကို လေ့လာလိုက်စားပါ။ အပြုစိတ်ထားအမှန်ပေါ် ပေါက်လာပါလိမ့်မယ်။ စိတ်လည်း ရိုင်းစိုင်းကြမ်းတမ်းရာက နူးညံ့သိမ်မွေ့လာပါလိမ့်မည်။

အနှစ်ချုပ်အနေနဲ့ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ အသက်ရှည်ရှည်နေရဖို့အတွက် မိမိရဲ့စိတ်လှုပ်ရှားမှုတွေကို နိုင်နိုင်နင်းနင်းထိန်းနိုင်အောင် လေ့ကျင့်ပို့ထောင်ပေးရပါမယ်။ ယောနိသောမနသိကာရကို နှလုံးသွင်းပြီး သောကကင်းကင်း စိတ်တင်းကျပ်မှု၊ ဖိစီးမှုကင်းကင်းနဲ့နေပါ။ ဟာသအမြင်နဲ့ပျော်တတ်ရွှင်တတ်အောင်ပြုံးတတ်ပါစေ။ အမြဲပြုံးပျော်ရွှင်ပျနေပါ။ သောကဝန်ထုပ်ဝန်ပိုးကိုလွယ်မထားပါနဲ့။ ဘေးမှာပစ်ချထားလိုက်ပါ။ မေ့ထားလိုက်ပါ။ ဒီအတွက်ရရှိလာမယ့် အကျိုးကတော့ အသက်ရှည်ခြင်းပဲဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။

ဒေါ်နေနိုင်နိုင်ညည် (တိုင်းရင်းဆေး)
ကိုးကားချက် -
ဒေါက်တာအောင်နိုင်
(သုတအဖြာဖြာတိုင်းရင်းဆေးသမား)

www.burmeseclassic.com

www.burmeseclassic.com

❑ ကျောက်မျက်နယ်မြေလုံခြုံရေး

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံတော် လွတ်လပ်ရေးရ၏။ ထိုစဉ်က ပါလီမန်ဒီမိုကရေစီခေတ်ဖြစ်ရာ ဝန်ကြီးချုပ် ဦးနုအုပ်ချုပ်သဖြင့် ဦးနုအစိုးရခေတ်ဟု ခေါ်ကြ၏။ အခြေအနေအရ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်အာဏာကို တပ်မတော်မှ လွှဲပြောင်းယူပါသည်။ တပ်မတော်စစ်ဦးစီးချုပ်ကား ဗိုလ်ချုပ်ကြီး နေဝင်းဖြစ်၍ ထိုခေတ်အား ဗိုလ်ချုပ်နေဝင်းခေတ်ဟု ခေါ်ဆိုကြပါသည်။

၁၉၆၉ ခုနှစ်တွင် မိုးကုတ်ပတ္တမြား မြေကျောက်လုပ်ကွက်များအား ပြည်သူပိုင်သိမ်းလိုက်ရာ ကျောက်မျက်နယ်မြေ ထိန်းသိမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူပါသည်။

ထို့နောက် ကျောက်မျက်နယ်မြေ ထိန်းသိမ်းရေးအား ပြည်သူ့ရဲ့မှတာဝန်ယူစောင့်ရှောက်ပြန်ပါသည်။ ထိုစဉ်က ပြည်သူ့ရဲတို့သည် ကာကီရောင်ယူနီဖောင်းများဝတ်ကြသဖြင့် မိုးကုတ်နယ် တစ်ခွင် လှည့်လည်စောင့်ရှောက်ရသော ပြည်သူ့ရဲတို့အား ဒေသခံတို့က ရဲဝါဟု ခေါ်ကြလေ၏။

ထိုမှတစ်ဖန် ကျောက်မျက်နယ်မြေများအား တပ်မတော်မှပြန်လည်တာဝန်ယူကာ ကာလကြာမြင့်စွာစောင့်ရှောက်ပြန်ပါသည်။ ထို့နောက်တွင်မူ မန္တလေး ရွှေစာရံစခန်းသစ်၌ မိုးကုတ်ကျောက်မျက်လုံခြုံရေးအတွက် အထူးသင်တန်း ပို့ချလေ့ကျင့်ပေးထားသော လုံထိန်းခေါ် ရဲများက လွှဲပြောင်းတာဝန်ယူကာ စောင့်ရှောက်ပြန်ပါသည်။ ထိုလုံထိန်းရဲတို့ကမူ ရိုင်ဖယ်၊ စတင်းစသော ရှေးဟောင်းလက်နက်များ မကိုင်ဘဲ အမ်(မ်)၁၆ စသော ခေတ်မီလက်နက်တို့ကိုင်ဆောင်လေ၏။

ထို့ပြင် တခြားရဲတို့ကဲ့သို့ ကာကီရောင်မဝတ်ဘဲ အပြာရောင်ဝတ်စုံတို့ကို ဝတ်ဆင်သဖြင့် ဒေသခံတို့က ရဲပြာဟု ခေါ်ကြပြန်လေ၏။ ထိုလုံထိန်းခေတ်လည်း အတန်ကြာပါသည်။

၁၉၈၅ ခုနှစ်တွင်မူ တပ်ရင်းပေါင်းများစွာမှ သက်ကြီးစစ်သားများ ဒဏ်ရာအနည်းငယ်ခို့ယွင်းသောလုပ်နိုင်ကိုင်နိုင်သောစစ်သားများအား စုစည်းလျက် တပ်မတော်ကျောက်မျက်ထုတ်လုပ်ရေးအဖွဲ့ ဖွဲ့စည်းကာ မိုးကုတ်၌တပ်ရင်းတစ်ရင်းစိုက်လျက် အခြေချလာလေ၏။ ထိုအဖွဲ့အား ဒေသခံတို့က သက်ကြီးအဖွဲ့ဟု အမည်ခေါ်တွင်လေ၏။

ထိုကျောက်မျက်တပ်ရင်း၌ အသက် (၇၀)ကျော်မှသည် အသက်(၃၀)ဝန်းကျင် အထိအသီးသီးပါကြကာ မိုးကုတ်နယ်တစ်ခွင်၏ကျောက်မျက်လုံခြုံရေးတာဝန်နှင့်ကျောက်မျက်ထုတ်လုပ်ရန်ပါ တာဝန်ယူသဖြင့် လုံထိန်းရဲများ ဌာနေသို့ပြန်ကြရပါသည်။ သို့နှင့်ပင် သက်ကြီးခေတ်ရောက်လာလေ၏။

စစ်တပ်ခေတ်၊ ရဲဝါခေတ်၊ စစ်တပ်ခေတ်၊ လုံထိန်းရဲပြာခေတ်၊ သက်ကြီးခေတ်တူ၍ ကျောက်မျက်လုံခြုံရေးတာဝန်ယူရသောကာလအား လူတို့က ခေါ်ဝေါ်သုံးစွဲကြလေ၏။

ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်းတွင် ဒေသခံတို့သည် ကျောက်တွင်းအားမှောင်ခိုတူးကြရရာ တာဝန်ရှိသူတို့အနေနှင့် ခိုးတွင်းဟုခေါ်ပါသည်။ မိုးကုတ်မြေတစ်ခွင်သည် ကျောက်တူးခြင်းမှလွဲ၍ ဘာမှလုပ်ကိုင်မရသလို ကျောက်တူးခြင်းအလုပ်မှလွဲ၍လည်း ဘာမှမလုပ်တတ်ကြပါ။ သို့ကြောင့် ကျောက်တွင်းကို ခိုးတူးကြရပါသည်။ လာဖမ်း၍ မိခဲ့သော် ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့် ထောင်

(၉) လကျခံရပါသည်။ လာဖမ်းသော် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်ပြေးရလေ၏။ ပြေးနိုင်မှလွတ်မဟေ့ နော်ဆိုသော စကားသည် ထိုစဉ်က ကျောက်မျက်တူးသူတို့အတွက် အမှန်ပင် အရေးပါသောစကား ဖြစ်ချေ၏။ နောက်ကျတဲ့ခြေထောက်သစ္စာဖောက်ဟု သဘောထားတာကျောက်တူးသူတိုင်း မပြေးဖူးသူဟူ၍ မရှိပါ။ ခလုတ်တိသင်း၊ ကျင်း၊ ချိုင့်၊ ဘာမှမမြင်ဘဲအကျောက် အကန်ပြေးဖူးသူချည်းဖြစ်၏။ ထိုသည်ကား ဘဝတစ်သက်မေ့ရက်စရာမရှိခဲ့။

သက်ကြီးစစ်သားတို့မှာ လက်နက်မဲ့မဟုတ်ပါ။ ဂျီတူး၊ နေဝင်း၊ စတင်းကာဘိုင် စသော အပေါ့စားလက်နက်ငယ်များ တပ်ဆင်ထားပြီး ကျောက်မျက်လုပ်ကွက်များတွင် ကျောက်တူးခေနများချလျက် ကျောက်တူးရန် ပြင်ဆင်ကြပါသည်။ ဘယ်သွားသွားသေနက်ကိုယ်ဖြင့် သက်ကြီးစစ်သားတို့ကို တွေ့နေရသည်။ သို့အတွက် ခိုးတွင်းတူးသူတို့ မချောင်ကြပါ။ သူတို့သည် တွင်းလုပ်ကွက်များ၌ အခြေချနေထိုင်ကြ၍ ဖြစ်သည်။

ရောက်စဉ်က သူတို့သည် ကျောက်ကိုဘယ်လိုတူးရမှန်းမသိကြပါ။ အထက်မှစေလွှတ်၍ လာရောက်လာရသည်၊ ကျောက်ဟူသည် ဖြူသည်၊ မည်းသည်သူတို့မသိကြပါ။ ထိုအခါ သူတို့သည် ဒေသခံတို့ကိုပေါင်းကာ တွင်းဆရာထားလျက် တွင်းပညာသင်ကြရ၏။ ရွှေပညာ၊ ဖောက်ထွင်းပညာသင်ကြရသည်။ ထိုအခါ ဒေသခံတို့နှင့်ရင်းနှီးကျွမ်းဝင်လာကြသည်။ သူတို့လည်း လုပ်ပုံကိုင်ပုံနားလည်လာကြပါသည်။

❑ ကြင်နာတတ်သောသက်ကြီးများ

အနေကြာလာသောအခါ ဒီဒေသကလူတွေ ဒါလုပ်မှထမင်းစားရမှာပါလားဆိုသည်ကို အများစုက သိရှိလာကြကာ သနားစိတ်ဖြင့် နားလည်ပေးသဖြင့် ဒေသခံတို့ ပြန်လည်ခင်ဆွေကြပါသည်။ ကြာလာသည်နှင့်အမျှ ဒေသခံတို့နှင့် ရေတွက်ကူးလူးတာ

www.burmeseclassic.com

www.burmeseclassic.com

မိသားစုများပမာ ရင်းနှီးကျွမ်းဝင်လာကြပါသည်။

သက်ကြီးစစ်သားကြီးများတွင် မိသားစုများပါလာရာ မိုးကုတ်ဝန်းကျင်၌ အခြေချနေထိုင်ခြင်း၊ မိုးကုတ်သူမိုးကုတ်သားများနှင့် အိမ်ထောင်ကျခြင်းကြောင့် မိုးကုတ်၌ သူတို့၏သားသမီးများ အခြေကျကုန်သည်လည်းရှိ၏။

သက်ကြီးဟုခေါ်သော်လည်း ဒဏ်ရာအနည်းငယ်ရသောစစ်သားငယ်များလည်းပါရှိရာ မိုးကုတ်၌အိမ်ထောင်ကျကုန်သည်လည်းရှိ၏။ ထို့ပြင် ဒေသခံတို့၏ အကူအညီသည် သူတို့၏ ကျောက်မျက်ထုတ်လုပ်ရေးတွင် များစွာအရေးပါအရာရောက်သဖြင့် မေတ္တာဖြင့် လုပ်အားပေးအကူအညီခေါ်လျှင် ဒေသခံတို့က စေတနာပါပါအင်တိုက်အားတိုက် ကူညီလုပ်အားပေးကြ၏။ ထို့အခါ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသကဲ့သို့ မိသားစုများပမာ ရင်းနှီးကြရပါသည်။ ချစ်ခင်လေးစားကြပါသည်။

သို့ကြောင့် မှောင်ခိုတည်းဟူသော ခိုးတွင်းခေတ်၌ ကျောက်တူးသူအချင်းချင်းရိုင်းပင်းစာနာစိတ်ကြောင့် သက်ကြီးခေတ်တွင် ဒေသခံတို့အနေနှင့်လုပ်ကိုင်ရသည်မှာအချောင်ဆုံးဟုဆိုနိုင်ပါသည်။ သူတို့သည် ကျောက်မျက်နယ်မြေစောင့်ရှောက်ရေးတာဝန်ယူထားရသလို တစ်ဖက်မှလည်း ကျောက်မျက်ထုတ်လုပ်ရန်အတွက် ဒေသခံတို့ကဲ့သို့ နေ့စဉ်တွင်းဆင်းကြရပါသည်။ သို့အတွက် လှည့်လည် ဖမ်းဆီးခြင်းအလုပ်အားသိပ်မလုပ်ကြတော့ပေ။ အထက်မှ ညွှန်ကြားသည့်အခါ၌သာ ကျောက်မျက်နယ်မြေများလှည့်လည်ရှင်းလင်းမှုပြုလေ၏။

❑ တွင်းဆရာကိုထွေး

"ကဲ - ကိုထွေးရေ လာဗျာ"

"ဟုတ်ကဲ့ - ဆရာကြီး"

ကျောက်မျက်ထုတ်လုပ်ရေးစခန်းသည် ကျပ်ပြင်ရှိ ပင့်ကူတောင်လုပ်ကွက်စခန်း၌ ဖြစ်သည်။ တွင်းဆရာ ကိုထွေးအား ကျောက်မျက်ထုတ်လုပ်ရန်အတွက် အကူအညီခေါ်ထားခြင်း ဖြစ်သည်။ ဖောက်တွင်းပညာအား သက်ကြီးတို့



နေပြည်တော်ကျောက်ကျောစိုး ပြကျောက် ၁၇

www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းကျင်မှုသိပ်မရှိသေးရာ ကျပ်ပြင်မှတွင်းဆရာ ကိုထွေးအား လုပ်အားပေးခေါ်၍ ခိုင်းခြင်း ဖြစ်သည်။

ကိုထွေးသည် ခြေလက်မျက်နှာ၌ ပေနေသော ကနယ်ခေါ် ရွှံ့မြေတို့ကို သဘောမွှေးကြောနေခြင်း ဖြစ်သည်။ ဆရာကြီး ဖိုးသီးသည် ကျောက်ပေါက်မာသက်သက်ကလေးပါသော ခဲ့ညားသည့်အသွင်ရှိသည့် ဤတွင်းစခန်း၏ အကြီးအမှူး ဖြစ်သည်။ ဆရာကြီး ဖိုးသီသည် တပည့်များအလွန်ကြောက်ရသောဆရာကြီး ဖြစ်သည်။ စကားသိပ်ပြောလေ့မရှိတဲ့ ကွမ်းဝါးနေတတ်ပြီး လက်သံအလွန်ပြောင်သောဆရာကြီးဖြစ်သဖြင့် အားလုံးကလေးစားရိုသေကြ၏။

ကိုထွေးရောက်လာသောအခါ -

"ကဲ - ဆရာရေ၊ ဆရာ့ရှေ့မှာပဲ ကျောက်ပေါက်သွန်မယ်ဗျာ"

ဟု ပြောကာ ကျောက်ပေါက်ဝါးဘူးအား ပန်းကန်ပြားထဲသွန်ထည့်လိုက်လေ၏။ ကျောက်တို့ ရဲခနဲပေါ်လာပါသည်။ ရေတို့ကို ပန်းကန်ပြားစောင်း၍ သွန်ချလိုက်သောအခါ ကျောက်တို့ အဝိအပြင်မြင်ရပါတော့သည်။

"ဆရာကြီးဒီဖြုန်းမဆိုးဘူးနော်။ ကျောက်အတော်ကျသားပဲ"

"ဟုတ်တယ်ဗျ"

စစ်သားကြီးများသည် မိမိတို့လုပ်အားဖြင့်ရလာသော ကျောက်မျက်ပတ္တမြားတို့ကိုကြည့်ကာ အပြုံးပန်းတို့ဝေနေကြလေ၏။ ဆရာကြီး ဖိုးသီးနှင့် ကိုထွေးတို့သည် ကျောက်တို့ကို အစီးနှင့် အမြီးခွဲနေကြလေ၏။ အစီးကျောက်မှာ (၄)ပွင့်ဖြစ်ကာ အမြီးကျောက်တို့မှာမူ အများအပြားဖြစ်သည်။ ထိုကျောက်တို့အား ကျောက်မျက်တပ်ရင်းတွင် သွားအပ်ရမည် ဖြစ်သည်။ တပ်ရင်းမှူးကား ဗိုလ်မှူးသန်းလွင်ဖြစ်ကာ အားလုံးသော တပည့်တို့က ကွယ်ရာ၌ ခေါင်းဖြူဟုခေါ်ကြ၏။ ဗိုလ်မှူး၏ခေါင်းကား ဆံပင်တို့ ဆွတ်ဆွတ်ဖြူနေ၍ ဖြစ်သည်။ ဗိုလ်မှူးကား သဘောမနောပြည့်ဝသူဖြစ်ကာ အားလုံးက လေးစားရိုသေကြပါသည်။

"ကဲ - ကိုထွေး ဒီလေးပွင့်ထဲက ခင်ဗျားလုပ်အားခအနေနဲ့ ကြိုက်တဲ့ တစ်ပွင့် ယူဗျာ"

ဟု ယူခွင့်ပြုသောအခါ ထိုလေးပွင့်ထဲမှ အကောင်းဆုံး အလှဆုံး အပြစ်ကင်းဆုံးဟု ယူဆရသော ကျောက်တစ်ပွင့်ကိုနှိုက်ကာ -

"ဆရာကြီး ကျွန်တော်ဒီအပွင့်ယူမယ်ဗျာ"

ဟု ပြောလေ၏။

"ယူဗျာယူ။ ခင်ဗျားမှာလည်း မိသားစုနဲ့စားဝတ်နေရေးကရှိသေးတယ်။ နက်ဖြန်လည်း နောက်မကျစေနဲ့နော်။ ကျုပ်တို့ ကိုးနာရီလောက်စဆင်းကြရအောင်"

"စိတ်ချပါဆရာကြီးရယ်"

"အေးဗျာ၊ ကဲ - သွားတော့"

ဟု ခွင့်ပြုလိုက်သည်နှင့် ကိုထွေးသည် ကျောက်မျက်ထုတ်လုပ်ရေးစခန်းမှထွက်ခဲ့လေတော့၏။ ဤကျောက်အား အပြန်လမ်းတွင်ရှိသည့် ရစ်ချထာပွဲတွင် ဝင်၍ ရောင်းရပေတော့မည်။

ရစ်ချထာပွဲကား ညနေမှပြုလုပ်သော ကျောက်စျေးဖြစ်သည်။ ညနေ၏ နေပဏ္ဍာသည် အဝါရောင်မဟုတ်တော့ဘဲ အနီရောင်သို့ပြောင်းသဖြင့် ကျောက်နီပတ္တမြားများအား ပို၍ အရည်အသွေးလှစေသော ပဏ္ဍာဖြစ်သည်။ သို့ကြောင့် အတော်အတန်ကျောက်သည် ရစ်ချပဏ္ဍာလှ၍နေတတ်လေ၏။ ထို့ကြောင့် ကျောက်ကုန်သည်တို့ကလည်း မျက်လှည့်ပြသကဲ့သို့လှနေကြသော ကျောက်တို့ကို မျက်စိချ၍ဝယ်ကြလေ့ရှိသည်။ မျက်စိချခြင်းဟူသည်မှာ စျေးနှိမ်ခြင်း ဖြစ်သည်။

□ အထင်နှင့်အမြင်

ရစ်ချထာပွဲရောက်သော် ကိုထွေးသည် ပါးစပ်ထဲမှ ကျောက်ကိုထုတ်ကာ အမျိုးသမီးကုန်သည်တစ်ဦးအား ပြလိုက်၏။ အမျိုးသမီးသည် အောက်မှထာခံကာ ကျောက်ကို နေပဏ္ဍာနှင့်ထောင်၍ ကြည့်ရှုစစ်ဆေးနေ၏။

ထာဟူသည်မှာ ကြေးပန်းကလေးဖြစ်သည်။ ကျောက်ကြည့်သော် ထာခံထားရ၏။ မတော်တဆချော်၍ လွတ်ကျသော် ထိုကျောက်သည် ထာထဲသို့ပြုန်းကျ၍ ထာမခံခဲ့သော် မတော်တဆလွတ်ကျပါက ကျောက်သည် ခုန်၍လွင့်စဉ်သွားတတ်ရာ ရှာရန်ခက်ပါသည်။ ထိုအခါတွင် ကျောက်ကုန်သည် တောင်းသည့်စျေးနှင့် လျော်ရတတ်လေသည်။ သို့ကြောင့် ထာခံသည်ကများ၏။

"တွင်းဆရာရဲ့ကျောက်က အရည်တော့မဆိုးပါဘူး။ အရွယ်လည်းသင့်ပါတယ်။ အသားကျတော့ကြေလွန်းအားကြီးတယ်"

"ဟုတ်ရဲ့လားဗျာ"

"ကဲပါ ရော့၊ နေပဏ္ဍာနဲ့အသေအချာကြည့်ပါဦး"

ဟု ပေးသဖြင့် နေပဏ္ဍာတွင် အသေအချာကြည့်မိပါသည်။ ကျောက်သည် အပြစ်အနာအဆာများပါနိုင်လုံခြောအဆင့်သာရှိကြောင်းသိရသည်။ အပြစ်တစ်ချက်ငြိသော် အစားဖြစ်နိုင်သေး၏။ ယခုသော် အစားကျောက်ပင် မဖြစ်ပါ။

အကောင်းဆုံး၊ အလှဆုံး၊ အပြစ်အကင်းဆုံးဟူ၍ အထင်ရှိကာယူလာသောကျောက်သည် အဘယ်ကြောင့် အပြစ်တွေပါနေရသနည်း။ သူတို့နေတွင် ကျောက်များထောင်၍ ကြည့်ရှုစစ်ဆေးသော်မကောင်းတတ်၍ မကြည့်ရဲပါ။ အလကားရသည့်နွားသွားဖြတ်ကြည့်သည်ထင်မည်စိုး၍ လုံးဝမကြည့်။ ကိုထွေး၏မျက်စိသည် ကျောက်လုပ်ငန်းဖြင့်ကြီးပြင်းခဲ့ရာ တစ်ချက်ကြည့်လိုက်မျှဖြင့်ပင် ဘယ်ကျောက်ကောင်း၏ မကောင်း၏သိနိုင်စွမ်းရှိသောမျက်စိများဖြစ်သည်။ အကောင်းဆုံးကို ရွေးယူသော်လည်း အဘယ်ကြောင့်အပြစ်ပေါ်ဖြင့်ဖြစ်နေရပါသနည်း။ လုံးချောစေးဖြူဆိုသော် ဤကျောက်သည် ဆန်ဖိုးဆိုးစေးဖိုမျှတရုံသာရပါတော့မည်။ကျောက်ကောင်းမဟုတ်တော့ပေ။ သို့ကြောင့် သက်ပြင်းကိုချမိပါသည်။

"တွင်းဆရာမြင်တယ်နော်။ ဘယ်လောက်ရောင်းပေးမလဲ"

"ငါးသောင်းဗျာ"

"အို-ဒါကလုံးချောစေးလေ။ တွင်းဆရာတောင်းတာက အစားစေးဖြစ်နေတယ်"

"ကြည့်ပေးပေါ့ဗျာ၊ တောင်းတော့က ရောင်းစေးမှမဟုတ်တာ"

"ကဲရှင်၊ ရှင့်လည်းလာဘ်ဦးလာဘ်ဖျား ကျွန်မလည်း လာဘ်ဦးလာဘ်ဖျား ငါးထောင်ထားပေးနော်"

"အိုဗျာ-အရည်အသားအရွယ်ဒီလောက်ကောင်းတာ နှစ်သောင်းတော့ပေးပါဗျာ။ လုံးချာကအဆင့်မြင့်လုံးချော်တော့ဖြစ်ပါတယ်"

"ကျွန်မ တစ်သောင်းပေးမယ်။ ဒါကလည်း ကျွန်မမှာအစပ်ရှိလို့ပါ။ ခါကျွန်မပေးနိုင်တာ စျေးကုန်နော်။ တွင်းဆရာပြခွင်တယ်ဆိုရင် ထာပွဲထဲမှာလိုက်ပြပါ။ ဝိုပေးတဲ့လူရှိရင်ရောင်းလိုက်ပါ"

ဟု ဆိုကာ ကျောက်က ကိုထွေးလက်ထဲသို့ပြန်အပ်ပါသည်။တစ်သောင်းထက်စျေးပိုပေးရန် အလားအလာမရှိတော့ကြောင်း ကိုထွေးသိပါသည်။ ထာပွဲထဲရှိ ကျောက်ကုန်သည်တို့၏မျက်စိ

www.burmeseclassic.com

www.burmeseclassic.com

များကား ကွန်ပျူတာမျက်စိများဖြစ်ကြလေ၏။ တိုင်ပင်ထားသလားအောက်မေ့ရလောက်ပင် ကျောက်စေ့းပေးမှုတူညီနေတတ်သည်ကိုတွေ့ရ၏။ ထိုသို့ မျက်စိနှိုင်ပါက ကျောက်လေ့ကတွင် တိုး၍ခရပါ။ ဘယ်အရည်အသွေး၊ ဘယ်အရွယ်၊ ဘယ်လိုအမျိုးအစား၊ ဘယ်စေ့းဟူသည်ကို နောကျေအောင် အလုပ်ကသင်ထားသူများဖြစ်ကြသည်။ မိုးကုတ်၌ ကျောက်မျက်သင်တန်းဟူ၍ မရှိပါ။ မိရိုးဖလာလုပ်ကိုင်ရင်း တတ်မြောက်နေခြင်းဖြစ်သည်။

တွင်းသမားတို့မှာမူ အရွယ်အရည်အသားတို့ကိုသာ နားလည်ပါသည်။ အတည်တကျမရှိသော ကျောက်မျက်တို့၏ စေ့းနှုန်းတို့ကိုကား နားမလည်ကြပါ။ ရာကျောက်၊ ထောင်ကျောက်၊ သောင်းကျောက်၊ သိန်းကျောက်ဟူ၍သာ အကြမ်းဖျင်းခန့်မှန်းနိုင်သော်လည်း မည်၍မည်မျှဟူ၍ လုံးဝမခန့်မှန်းတတ်ကြပါ။

ယခုလည်း သောင်းကြီးကျောက်ဟုမှန်းကာ ယူလာသောကျောက်သည် အထက်နှင့်အမြင်လွဲကာ တစ်သောင်းသာတန်သောကျောက်ဖြစ်၍နေလေပြီ။ တစ်သောင်းဟူသည် အစပ်ထုပ်ရှိ၍သာ ပေးခြင်းဖြစ်ပြီး အခြားကုန်သည်တို့ကို ပြော် လေးငါးရှစ်ထောင်သာပေးမည်ဖြစ်ကြောင်း ကိုထွေးသဘောပေါက်ပါသည်။ကုန်သည်အမျိုးသမီးသည် အဆုံးစွန်စေ့းပေးကာ ရဲရဲလွတ်ရဲသဖြင့် ကျောက်သည် စေ့းကုန်ပြီဖြစ်ကြောင်း သိသဖြင့် ပြန်လည်အပ်နှံပါသည်။

"ကဲဗျာ၊ တစ်ထောင်တော့ပိုပေးပါ။ အစ်မကိုအပ်ပါတယ်"

"အို-မလုပ်ပါနဲ့။ ကျွန်မစေ့းကုန်ပေးထားပြီးသားပါ။ အထုပ်ဖြည်ခဲ့ရပါ။ အမြတ်မရှိပါဘူး။ တစ်သောင်းဆိုယူလိုက်မယ်"

"ကဲ - ယူတော့ဗျာ"

ဟု ပြောကာ အပ်လိုက်ပါသည်။

ကုန်သည်အမျိုးသမီးသည် လှပသောအိတ်လေးထဲမှ ပိုက်ဆံတစ်သောင်းကိုက်ကာ ကျောက်ဖိုးချေပါသည်။ ထာပွဲထဲတွင်မူ ကျောက်ကုန်သည်များ၊ ကျောက်ပွဲစားများ၊ တွင်းသမားများ၊ စေ့းသည်များဖြင့် ခေတ္တစည်ကားနေလေ၏။ရစ်ချထာပွဲကား ညနေထာပွဲအဖြစ်ကျော်ကြား၏။

▫ မဟုတ်တန်ရာ

"ဘယ်လိုလဲ ကိုထွေး၊ မနေ့က ကျောက် အတော်အိုကေတယ်မဟုတ်လား"

"ဆရာကြီးရယ်၊ တစ်သောင်းတောင် မနည်းရောင်းယူရပါတယ်ဗျာ"

"ကိုထွေးရယ်၊ ကိုထွေးကို တွင်းဆရာစုလွတ်လွတ်ကျွတ်ကျွတ်ပေးတာပါ။ ကိုထွေးမိသားစုအဆောင်ပြေရင် ကျွပ်တို့အားလုံးကျေနပ်ပါတယ်ဗျာ။ ဒိုင်လှို့မလုပ်ပါနဲ့။ မနေ့က ကိုထွေးကိုပေးလိုက်တဲ့ကျောက်ဟာ အားလုံးထဲမှာ အလှဆုံးအကောင်းဆုံးပါ"

"ဟုတ်ပါတယ်။ မှန်တာဝန်ခံရရင် ကျွန်တော် အလှဆုံးကျောက်ကိုလောဘတကြီးရွေးယူသွားတာပါ။ ဒါပေမယ့် ဆရာကြီးရေ ကျောက်က နေပထွာမှာကြည့်တော့ အပြစ်ဗရွယ်နဲ့လုံးချောကြီးဖြစ်နေတယ် ဆရာကြီးရေ"

"မဟုတ်တန်ရာပါဘူး ကိုထွေးရယ်။ ကျွပ်အမြင်မှာတော့ ကျောက်က ကျောက်စစ်ကျောက်ကောင်းပဲ"

"ကျွန်တော်လည်း အဲဒီလို ယူဆတာပါပဲ။ လက်တွေ့ကျတော့ အစစ်မဆိုထားနဲ့ အစားစေ့းတောင်မရဘဲ လုံးချောစေ့းပဲရတာဆရာကြီးရဲ့။ တစ်သောင်းကို တစ်ထောင်လေးတိုးခိုင်းတာတောင်တိုးမပေးဘူး။ ဆရာကြီးပြချင်တဲ့နေရာသွားပြပါတဲ့ဗျ"

"တစ်သောင်းပေးပြီး လက်လွတ်တဲ့သဘောပေါ့"

"ဟုတ်ပါတယ်၊ ကျနော်တဲ့နေရာတွေလိုက်ပြရင် ရှစ်ထောင်လောက်ပဲပေးကြမယ်ဆိုတာလို့ တစ်သောင်းနဲ့အပ်လိုက်ရတယ် ဆရာကြီး။ ကျွန်တော်မိုးကုတ်သားပါ။ လုံးဝမလိမ်ပါဘူး"

"ယုံပါတယ် ကိုထွေးရယ်၊ ဖြစ်မှဖြစ်ရတယ်ဗျာ။ ကိုထွေးမယူချင်လို့ ကျနော်ခဲ့တဲ့ ကျောက်သုံးပွင့်စလုံး အပြစ်အနာအဆာကင်းတဲ့ ကျောက်အစစ်တွေဗျ။ အားလုံးသိန်းကျောက်တွေချည်းပဲ"

"ဟုတ်လား၊ ဝမ်းသာပါတယ် ဆရာကြီးရယ်။ ကျွန်တော့်မိသားစုကံနဲ့ တပ်မတော်ကြီးတစ်ခုလုံးရဲ့ကံဆိုတာကဆီးစေ့နဲ့မြင်းမိုရ်တောင်လို ကွာချင်တိုင်းကွာတာပဲဗျာ။ အကောင်းဆုံးကျောက်က အညံ့ဆုံးဖြစ်ရတယ်ဆိုကတည်းက ကံချင်းမယှဉ်သာဘူးဆိုတာ ကျွန်တော် လုံးဝသဘောပေါက်သွားပါတယ်"

"အင်းလေ-ဒါလည်းဖြစ်နိုင်ခြေရှိပါတယ်။ ကိုထွေးစိတ်ကြိုက်ရွေးယူသွားသမျှ ကျောက်တွေတိုင်းဟာ ထောင်ကြီးသောင်းကလွဲပြီး ဖြစ်လေ့မရှိတာ ကျွပ်အမြဲသတိထားမိတယ်"

"ဟုတ်တယ် ဆရာကြီးရေ၊ တွင်းစောင့်နတ်တွေကိုက ကျွန်တော့်မျက်စိကို လှည့်စားတာနေမှာ။ မျက်စိထဲအကောင်းဆုံးလို့ပြပေမယ့် တကယ့်လက်ထဲရောက်တော့ မကောင်းတဲ့ကျောက်တွေဖြစ်ဖြစ်နေတတ်တယ်။ ဒါကလည်း ကျွန်တော်တို့ကံပေါ့ ဆရာကြီးရယ်"

ထိုစဉ် ရဲဘော်တစ်ဦးမှ သတင်းလာပို့သည်။

"ဆရာကြီးတွင်းဆင်းဖို့ အားလုံးအသင့်ဖြစ်နေပြီ"

"ကောင်းပြီ ရဲဘော်၊ ခုပဲ ငါနဲ့ကိုထွေးတို့လာခဲ့မယ်"

"ဟုတ်"

ဟု ပြောကာ ဆလုပ်ရိုက်ပြီး ရဲဘော်တွင်းဆီပြန်သွားလေ၏။

▫ စမြေပါဖြူန်းကြော

ဖြူန်းသည် စမြေနီကြောမှသည် စမြေပါဖြူန်းကြောသို့ ပြောင်းသွားသဖြင့် ကိုထွေးအကြိုက်တွေ့လျက်ရှိ၏။ ဤစမြေပါဖြူန်းကြောသည် ဤကွက်ရပ်၌ အကောင်းဆုံးဖြူန်းဖြစ်ကာ ကျောက်ကြီးကျောက်ကောင်းတို့ပါတတ်အောင် ဖြူန်းဖြစ်လေ၏။ ဤရေ ဤမြေ၌မွေး၍ ဤရေ့ဤမြေ၌ တွင်းတူး၍ လုပ်ကိုင်စားနေသော ကိုထွေးအဖို့ ဤကွက်ရပ်မှာ အကြောင်းကို သိပြီးဖြစ်ရာ ဤစမြေပါဖြူန်း၌ ကျောက်ကြီးကျောက်ကောင်းပါနိုင်ကြောင်း သဘောပေါက်ပါသည်။

သို့သော် ဤဖြူန်း၌ ကျောက်ကြီးကျောက်ကောင်း ပါနိုင်ကြောင်းကိုမူ နောက်လိုက်ရဲဘော်တို့ကိုပြောပြခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ကျောက်ကြီးကျောက်ကောင်းပါနိုင်သည်ဟု ပြောပြထားပြီး မတော်တဆ ကျောက်ကြီးကျောက်ကောင်းမပါခဲ့သော် သံသယဖြစ်မည်စိုးရိမ်၍ဖြစ်သည်။ ထို့ကြောင့် ရေငုံနှုတ်ပိတ်၍ စိတ်ထဲ၌သာထား၏။

အခြားအကြံတစ်ခုမှာ ကျောက်ကြီးကျောက်ကောင်းခေါ် သိန်းကြီးကျောက်ပါခဲ့ပါက အလစ်သုတ်ရန်ရည်ရွယ်ထား၍ဖြစ်သည်။ မစားလောက်မသောက်လောက်နှင့် သူဌေးကြီးမဖြစ်နိုင်သော ကျောက်တို့ကိုမူ နာမည်ဖျက်ခ၍ အလစ်မသုတ်ချင်ပါ။ လူတစ်လုံးသူတစ်လုံးဖြစ်နိုင်သောကျောက်တွေ့ပါက သုတ်မည်ဟု ရည်ရွယ်ထားလေ၏။

အကယ်၍သာ ဤဖြူန်း၌ ကျောက်ကြီးပါတတ်သည်ဟုပြောမိသော် တွင်းဆေး၍ မိမိစကာလှည့်လျှင် များစွာသော မျက်စိတို့သည် မိမိစကာလှည့်ရာ၌ ဝိုင်း

www.burmeseclassic.com

ဝန်းကြည့်နေကြပေလိမ့်။ ထိုအခါ ဦးရန်မချောင်လှပေ။ ထိုသို့သောအကြံအစည်များကြောင့် စမြေဝါဖြူန်းအား သဘောကျသော်လည်း သာမန်လုပ်ရိုးလုပ်စဉ်သာလုပ်လျက်ရှိပေ၏။

ကိုထွေးက ဖြူန်းပေါက်ကာ တာယာပုံးထဲထည့်ပေးရ၏။ နောက်လိုက်ရဲဘော်တို့က အဆင့်ဆင့်သယ်ကာ အပေါ်သို့ စက်သီးဖြင့် ဆွဲတင်ကြရ၏။ ဖြူန်းတို့ကို ဖြူန်းတလင်းၦပုံ၍ထားရ၏။ အပေါ်တွင် ဆရာကြီးဖိုးသီးကိုယ်တိုင်ကြီးကြပ်လှုပ်ရှိပါသည်။ ရံဖန်ရံခါတွင်မူ တွင်းထဲဆင်းကာ တွင်းအခြေအနေ၊ ဖြူန်းအခြေအနေကြည့်တတ်၏။ လုပ်ငန်းကား တွင်ကျယ်မှုရှိပါသည်။

❑ ရိုးသားခြင်းနှင့် မရိုးသားခြင်း

"ငါ့အဖြစ်က အဲဒီလိုတွေချည်းဖြစ်နေရတယ် သူငယ်ချင်းရာ"

"မောင်ထွန်း၊ မင်းအဖြစ်က ပေးကားပေး၍မရ၊ ကျေးကားကျေး၏မဝဆိုတာလိုဖြစ်နေစာပေါ့ကွာ"

"အေးပါဆိုကွာ၊ မင်းပဲစဉ်းစားကြည့်။ စိတ်တိုင်းကျယူခိုင်းတိုင်း ငါစိတ်ကြိုက်ချည်းရွေးယူခွင့်ရတယ် အိုက်တူး။ ဒါပေမယ့်ကွာ ငါလက်ထဲရောက်တာနဲ့ ကျောက်တွေက အဆင်မပြေဖြစ်ဖြစ်ကုန်တတ်တာကွ။ မင်းကျပြန်တော့လည်း အဆင်ပြေလိုက်တာ အိုက်တူးရာ"

"အေးလေ၊ မင်းနဲ့ငါမတူတာတွေရှိတယ် မောင်ထွေးရ"

"ဘာများလဲ အိုက်တူးရ"

"သက်ကြီးတွေ မင်းတို့ငါတို့တွင်းဆရာတွေကို ပေးနေတယ်ဆိုတာက နေ့တိုင်းမဟုတ်ဘူး။ သုံးလေးမုန်ဆေးမှ တစ်ခါလောက်ပေးတာလေ။ မင်းနဲ့ငါ မတူတာက မင်းတို့ဆရာကြီး ဖိုးသီးက မင်းစိတ်ကြိုက်ယူခွင့်တာယူဆိုပြီးပေးတယ်။ ဒီတော့ မင်းကအကောင်းဆုံးကို ရွိုက်ယူတတ်တယ်။ ဒါပေမယ့် ကျောက်ကိုယ့်ဆီရောက်တော့ကာ ကျောက်က မကောင်းတဲ့ကျောက်ဖြစ်နေတတ်တယ်။ အဲဒီလို ·မင်းက အားမနာလျှာမကျိုး အကောင်းဆုံးကိုယူတယ်ဆိုတော့ သူတို့စိတ်ထဲမှာ ကျေနပ်ခွင့်မှ ကျေနပ်မယ်။ အဲဒီမကျေနပ်ခြင်းကမင်းယူခဲ့တဲ့ကျောက်ကို အသွင်ပြောင်းစေတယ်လို့ ငါထင်တယ်"

"ဒါကတော့ သူတို့က ခွင့်ပြုတာကိုးဟ"

"ပြော်-ဟေ့ကောင် တော်နေရာတော်၊ ဒူးနေရာဒူးတဲ့ဟ။ ကိုယ်နဲ့သင့်ရာလောက်ယူရင် တော်ရောပေါ့ဟာ။ မတန်ရာမအပ်ရာယူတော့ မင်းမှာ ရတနာကထိုက်ဦးမှကိုးကွ"

"အေးဟ - ဒါလည်းဟုတ်တယ်"

"မင်းနဲ့ငါမတူတာက ငါ့ကျတော့ ဆရာကြီးသောင်းဖေက သူ့စိတ်ကြိုက်နှိုက်ပြီးမှ ကြည့်ကြည့်ဖြူဖြူပေးတာကွ။ ငါဆို မကြာမကြာသိန်းကျောက်ရောင်းစားရတယ်။ ခုဆို ငါအိမ်တောင်ဆောက်ပြီးပြီလေ၊ မင်းလည်းအမြင်ပဲ။ ငါသဘော ငါဆန္ဒနဲ့တောင်းလည်းမတောင်းဘူး။ ယူလည်းမယူဘူး။ အေး - မင်းနဲ့ငါကွာတာက ရိုးသားခြင်းနဲ့ မရိုးသားခြင်းဘဲ။ ရိုးသားခြင်းဟာ စားမကုန်ဘူးတဲ့ကွ"

"ဘာလဲ၊ မင်းက ငါ့ကို မရိုးသားဘူးလို့ဆိုလိုတာလား"

"မဆိုလိုပါဘူး။ အမှန်တော့ တွင်းဆရာကြွေကိုတာယူပါဆိုလာရင်တောင် မင်းက ဆရာကြီးတို့ပေးချင်တဲ့ကျောက်ပေးပါဗျာလို့တောင်းသင့်တာ။ ငါအဲဒီလိုတောင်းခဲ့တာ ဟေ့ကောင်။ သူတို့စေတနာသန့်သန့်နဲ့ပေးလာရင် အဲဒီကျောက်ဟာ သူတို့ ကျေကျေနပ်နပ်နဲ့ပေးလို့ အသွင်ပြောင်းမသွားနိုင်တော့ဘူးပေါ့ကွာ။ ဒီတော့ သူတို့လည်းကျေနပ်၊ ကိုယ်လည်း အကျိုးရှိပေါ့။ နောက်ဆို အဲဒီလိုစမ်းကြည့်ကွာ"

"အေးလေကွာ၊ ဒါဆိုလည်း မင်းပြောသလို ငါကျင့်သုံးကြည့်မယ် အိုက်တူးရာ။ နက်ဖြန် အကောင်းဆုံး စမြေဝါဖြူန်းဆေးမှာကွ"

"အဲဒီကွက်ရပ်မှာ စမြေဝါတွေ့လို့ကတော့ ကျောက်ကြီးကျောက်ကောင်းရတာနဲ့အတူတူပဲဟေ့ကောင်။ ကျောက်ကြီးရရင် မင်းကိုအောက်မြီးတွေပေးမှာသေချာတယ်။ အောက်မြီးတွေရလည်း မဆိုးပါဘူးကွာ"

"သူတို့နဲ့လုပ်ရတာ ကိုယ့်ဟာကိုယ် လုပ်တာထက်ထောင်ကိုက်ပါတယ်ကွာ။ ကိုယ့်ဟာကိုယ်လုပ်ရင် ပြေးရလွှားရနဲ့ အလုပ်ကိုဖြောင့်ဖြောင့်မလုပ်ရတာ မင်းလည်းအသိပဲကွာ။ ကံမကောင်းလို့ အဖမ်းခံရရင် ထောင်ကကျဦးမှာ။ မင်းတို့ငါတို့ကို ယုံယုံကြည်ကြည်နဲ့ အလုပ်ပေးထားတာပဲ ကျေးဇူးတင်ရမယ်ကွ"

"အေး - ဟုတ်ပါတယ်ကွာ"

"မောင်ထွေး၊ ငါပြောတာမမှေ့နဲ့နော်။ သူတို့စိတ်ကြိုက်သာပေးခိုင်းဟုတ်ဦးလား"

"အေးပါဟာ၊ အေးပါ"

ကိုထွေးနှင့်အိုက်တူးတို့မှာ ကျပ်ပြင်းသားများဖြစ်ကြပြီး သက်[illegible] တို့၏တွင်းဆရာလုပ်နေကြသူများ [illegible] သည်။ ညချမ်း ကျပ်ပြင်လ[illegible] တိုင်း လမ်းလျှောက်ရင်း စ[illegible] ကြခြင်း ဖြစ်ပေ၏။

❑ လက်မတစ်ဆစ်ခန့်ပတ္ထမြားကြီး

'တော်ပြီ-လောဘမကြီး[illegible] အိုက်တူးလို ပေးသမျှသာယူ[illegible] ဟူသောအတွေးသည် [illegible] စိတ်၌ဖြစ်ပေါ် လှုပ်ရှိသည်။

'ကျောက်ကြီးကျောက်[illegible] တွေ့ရင်ရော'

ဟူသော အတွေးကလည်း [illegible] စပ်ဖြစ်ပေါ် လာပြန်ရာ -

'တစ်သက်မှာတစ်ခါရ[illegible] ကြုံတောင့်ကြုံခဲကျောက်ကြီး[illegible] ကောင်းတွေ့ရင်တော့ ရအောင်[illegible] မယ်။ အခုမွေနေတဲ့ဖြူန်းက အ[illegible] ဆုံးဖြူန်းပဲ'

ဟု တွေးမိပြန်လေ၏။

သက်ကြီးစဉ်းတို့သည် [illegible] ဖြူန်းကို ပေါက်ပြားကိုယ်စီဖြင့်တ[illegible] ဖြောင်းခုတ်၍မွေနေကြ၏။ မကြာ [illegible] ဖြစ်ပေတော့မည်။ မွေနေသူတို့ [illegible] စမြေဝါဖြူန်းရောင်မှကြောင့် ရွှဲရည်[illegible] ကနယ်ရည်တို့နှင့် ပေတုံ၍နေ၏။ [illegible] အားစင်း၍မုန်များနှစ်ကြိမ်ထုတ်ပြီး [illegible] တတိယအကြိမ်ဆွဲတင်အပြီးတွင် [illegible] ဦးဥ သဲပုံကြီးဖြစ်သွားတော့၏။ တ[illegible] တို့အမွှေတာဝန်ပြီးသော် တွင်းဆရာ [illegible] သဲလှည့်ရလေ၏။ ကိုထွေးသည် သ[illegible] အား စကာထဲ ပေါက်ပြားဖြင့်ဆွဲထည့်[illegible] သော် လှည့်ရန်ပြုထား[illegible]သာ ရေ[illegible] စကာကိုစတင်လှည့်လေ၏။ ပထမခ[illegible] သဲကြမ်းများထုတ်ပြီးသော် ကျောက်[illegible] ပါလိပါငြား စကာကိုချက်ကပ်လှည့်ကြ[illegible] လိုက်လေ၏။ ချက်ကပ်လှည့်ပြီးသော် ရေဖိုင်အေး၌ စကာအတင်တွင် ချက်[illegible] လှည့်ခြင်းကြောင့် ပါလာသော ပတ္ထမြား ကြီးသည် စကာလယ်၌ ထင်းထင်းကြီး ဇပါ နေလေ၏။ ထိုအခါ အလျင်အ[illegible] ပင် ကျောက်ဖြူန်းကောက်လွှင့်သည့် ပြုကာ ကျောက်ကြီးအား လက်တွင်း[illegible] ၍ယူလိုက်ပြီး ဂျင်းဘောင်းဘီအနားလိ[illegible] ဟန်ပြုကာထည့်၍ လိပ်လိုက်လေ၏။ [illegible] သော် ကျန်တစ်ပါဆက်၍ လိပ်လိုက်ပြီး လေ၏။

သဘောရိုးသော စစ်သားကြီး[illegible] သည် ရိုးသားစွာအမှတ်တမဲ့ကြည့်နေကြ ပါသည်။ အမှန်တကယ် ဘောင်းဘီလိ[illegible] သည်ထင်မှတ်ကြလေ၏။ ရိုးသားသော

www.burmeseclassic.com

www.burmeseclassic.com

ကိုထွေးအပေါ် ၌လည်း မထင်တတ်ကြပါ။

ကျောက်ကြီးအား ဘောင်းဘီထဲထည့်လိပ်ပြီးသဖြင့် စိတ်ထဲတွင်ကျေနပ်ပြုံးပျော်၍နေလေ၏။ လုံးချောဖြစ်သွားစေဦးတော့ သိန်းချီရနိုင်သောကျောက်ကြီးပါပေ။အရည်ပြောစရာမလိုသကဲ့သို့ အရွယ်ကလည်း လက်မခန့်ရှိသော ကျောက်ကြီးဖြစ်ရာ ဤတစ်ချီတော့ပွဲပေပြီဟု ထွေးနေမိလေသည်။ သို့ကြောင့် ဘောင်းဘီအနားကို သေချာအောင် ထပ်မံလိပ်ပြန်ပါသည်။

သဲကိုဆတ်၍ ကျောက်များ အလယ်၌ထိုင်ရန် အကြိမ်ကြိမ်ပြုပြီးသော် ကိုထွေးသည် ကျောက်ရွေးရန် လက်ခတ်တုတ်ဖြင့် စောင့်နေသော ဆရာကြီး ဖိုးသီးရှေ့ရှိ သံဖက်ခုံ၌ စကာကိုလွှဲကာ -

"လက်ဦးစကာကျောက်ကြီးပါဟေ့"

ဟု ပြောပြီး ဂွမ်းခနဲမှောက်ကာ ရေကြည်တစ်ခွက် ဖြန့်လောင်းလျက် စကာကိုလှန်လိုက်လေ၏။

"ဟင်"

"ဟာ"

"အို"

စသဖြင့် ကိုထွေးမှအစ အားလုံးထွက်ပေါ် လာလေ၏။ အဘယ်ကြောင့်ဆိုသော် လက်မတစ်ဆစ်ခန့်ရှိသောနီရဲသောပတ္တမြားကြီးသည် ကျောက်ငယ်လေးများ၏အလယ်၌ ကြွားကြွားဝံ့ဝံ့ပေါ်နေ၍ဖြစ်သည်။ ဆရာကြီးသည် ကျောက်ကြီးအား ကောက်ယူကာ နေတွင်ထောင်ကြည့်လိုက်ပြီး -

"ကိုထွေးပါးစပ် လာဘ်ကောင်းတယ်ဗျာ။ ပြောတဲ့အတိုင်းကိုပါလာတာဗျ။ လှချက်တော့ မကျန်ပါဘူးဗျာ"

ဟု ဆို၏။

"ဟင်"

ဆိုသည်မှာ ကိုထွေး၏နှုတ်မှ ထွက်လာသောအာမေဍိတ်သံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူယူထားသော ဘောင်းဘီအိတ်ထဲမှ ကျောက်ကြီးနှင့် ခွဲမရအောင်ချွတ်စွပ်တူနေသောကျောက်ဖြစ်၍ဖြစ်သည်။ သို့ကြောင့် လိပ်ပြာလုံစွာဖြင့် လိပ်ထားသောဘောင်းဘီအနားလိပ်ကို ပြန်လိပ်သလိုနှင့်စမ်းကြည့်လိုက်လေ၏။ ထည့်ထားသောနေရာအားမပျက်မာမာအလုံးကလေးကိုစမ်းမိသဖြင့် စိတ်အေးသွားကာ ဒါမျိုးပုံစံတူကျောက်က နှစ်ပွင့်ပါလာတာနေမှာ။ အပြင်မှာ လူတွေအပြားပူးမွေးသလိုနေမှာပေါ့ ဟူ၍ တွေးမိလေ၏။ သို့သော် ကျောက်လောကဌ အရွယ်တူ၊ ပုံစံတူ၊ အရည်တူဖြစ်ရန်ဟူသည်မှာ မလွယ်လှပေ။

တစ်စကားပြီး တစ်စကာမှောက်နေပါသော်လည်း ကျောက်ငယ်များသာပါပြီး ကျောက်ကြီးမပါတော့။ သို့ကြောင့် ဒီဖြုန်းကကျောက်ကြီးနှစ်ပွင့်ပဲပါတာပဲဟု ကိုထွေး တွေးမိ၏။ ရလာသောနောက်မြီးကျောက်တို့ကား မနည်းလှပေ။ အစီးရသော် အမြီးများပေးလိမ့်မည်ဟုလည်း မျှော်လင့်ထားပါသည်။

သို့သော် မျှော်လင့်သလိုဖြစ်မလာပါ။

ဆရာကြီးက -

"ကဲ - ကိုထွေးရေ၊ ဒီအမြီးထဲကကြိုက်တဲ့တစ်ပွင့်ယူဗျာ"

ဟု ခွင့်ပြု၏။

ထိုအခါ ကျောက်ကြီးရထားသော ကိုထွေးက -

"ဆရာကြီးပေးချင်တာပေးဗျာ။ ကျွန်တော့်ဟာကျွန်တော်ယူရင်ကျောက်ကောင်းမရတတ်ဘူးဗျ"

ဟု ဆို၏။

ထိုအခါ ဆရာကြီး က အမြီးထဲမှ သုံးကာရက်ခန့်ရှိသော လှပသည့် ကျောက်တစ်ပွင့်နှိုက်ပေးလိုက်လေ၏။ ဘာပဲပေးပေး ကိုထွေးကျေနပ်ပါသည်။ ဘောင်းဘီအိတ်ထဲတွင် ကျောက်ကြီးရှိနေသည်မဟုတ်ပါလား။ သို့နှင့် ကိုထွေးပြန်ခဲ့ပါသည်။

ပြကျောက်

ကိုထွေး၏ခြေလှမ်းတို့က သွက်၍နေပါသည်။ တွင်းလုပ်ကွက်နှင့်ဝေးရာကို ရောက်ခဲ့သော် လမ်းဘေးရှိ ခဲလုံးကြီးတစ်လုံးတွင်ထိုင်ကာ သူရလာသော ကျောက်ကိုထုတ်ကြည့်ရန် ဘောင်းဘီလိပ်ကို ဖြည်းဖြည်းချင်းဖြေ၏။ မာကျောနေသောကျောက်အား အောက်ကျမည်စိုး၍ လက်ဖြင့်ထိန်းကာ အသာအယာယူ၍ကြည့်လိုက်ပါသည်။

ဟာ

ကိုထွေးမျက်လုံးပြူးသွားလေ၏။ လက်တို့တုန်ယင်လျက်ရှိသည်။

"မဟုတ်ပါဘူး။ ကျောက်ကြီးကို ကောက်ပြီး အသေအချာလိပ်ထည့်လိုက်တာပါ။ ဘယ်လိုဖြစ်တာပါလိမ့်တော်"

ဟူ၍လည်း နှုတ်မှရေရွတ်လေ၏။ အဘယ့်ကြောင့်ဆိုသော် ဘောင်းဘီလိပ်ထဲ၌ပါလာသည်မှာ ကနယ်ခေါ် ရွှံ့မာတုံးကလေးဖြစ်နေသောကြောင့်ဖြစ်ပေ၏။ ကျောက်စစ်ကျောက်ကောင်းဖြစ်သောပတ္တမြားကြီးကား စကာမှောက်ရာသို့ပြန်ရောက်သွားခြင်း ဖြစ်ပေ၏။ မျက်လှည့်ပြသည့်အလား ဆန်းကြယ်စွာကြုံရသောကိုထွေးသည် ယူကျုံးမရပူဆွေးသောကဖြစ်နေရလေ၏။

ပြကျောက်ဟူသော ထိုသဘောကို မိုးကုတ်သားဖြစ်သော ကိုထွေးအဖို့ သိပြီးဖြစ်ပါသည်။ရချင်လိုသောလောဘဇောဖြင့် ခိုးဝှက်ပါသော်လည်း ဘုန်းကံချင်းမတူသောအခါ ပြကျောက်ကြီးသည် ကိုထွေးကို ပြရုံပြကာ ပြက်ရယ်မြူလိုက်ခြင်း ဖြစ်ပေ၏။ တပ်မတော်ကြီး တစ်ရပ်လုံး၏ကံနှင့် ကိုထွေးမိသားစု၏ကံကား မနှိုင်းအပ်မနှိုင်းရာပါပေ။ကိုထွေးသည် ခဲပေါ် တွင်ထိုင်ကာ ငိုင်၍နေလေ၏။ အတော်နှင့်မဖြေသိမ့်နိုင်ပေ။ ဤ၌ဤမျှလှသောကျောက်မျိုးအား ဒီတစ်သက်ဒီတစ်ခါသာ မြင်ဖူး၍ဖြစ်ပေ၏။ တစ်သက် မျက်စိထဲက ထွက်တော့မည်မဟုတ်ပေ။

ကိုထွေးသည် ကနယ်တုံးကလေးအားကိုင်ကာ အသေအချာကြည့်ပြီး အဝေးသို့လွှင့်ပစ်လိုက်လေ၏။

ပြီးမှ -

"ပြကျောက်ဆိုတာဒါပဲနေမှာ။ ငါ့ကိုပြရုံပြပြီး အပ္ပနာလုပ်လိုက်တာပဲ။ တော်ပြီ။ အိုက်တူးပြောသလို လောဘတက်လို့မကိုက်တော့ဘူး။ သူတို့ပေးသမျှယူတာပဲကောင်းတယ်။ အင်းလေ ကံချင်းမှမတူတဲ့ဟာ။ သူတို့က အများကံပဲ။ သူတို့ပေးလိုက်တဲ့ကျောက်ပဲ ထာပွဲမှာသွားရောင်းတော့မယ်"

ဟု ထွေးကာ ကိုထွေးသည် ရစ်ခြုံထာပွဲဆီ ဦးတည်၍သွားလေတော့၏။ ပြကျောက်၏သဘောကား ပြောမယုံကြုံဖူးသူတို့သာသိကြပါသည်။

၈၈ အရေးအခင်းပြီးသော် မကြာမီသောကာလ၌ မိုးကုတ်ကျောက်တွင်းဖက်စပ်လိုင်စင်များချပေးရာ ကျောက်မျက်ထုတ်လုပ်ရေးတပ်ရင်းလည်းပြန်သိမ်းသွားပါတော့သည်။ ဖက်စပ်ခေတ်ဝယ် နယ်မြေထိန်းသိမ်းစောင့်ရှောက်ရန် လုံထိန်းရဲတို့ တစ်ဖန် ပြန်၍ရောက်လာပြန်၏။ ခေတ်တို့ကား လွဲမှားမောဖွယ်ပါပေ။

ချမ်းမြေ့ကြေးပါလေ

နေပြည်တော်ကျောက်ရှာဦး

www.burmeseclassic.com

www.burmeseclassic.com

လှမြင့်

(ရန်ကုန်တက္ကသိုလ်)

မန္တလေး မြတောင်ရွှေကျောင်းတော်ကြီး မိဖုရားစုံဖုရားလေး

မန္တလေး(ရတနာပုံ)ခေတ် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် မန္တလေးနေပြည်တော်သည် လူဦးရေနှစ်သိန်းနီးပါးသာရှိခဲ့သော်လည်း ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်တော်မူသော ကျောင်းတိုက်ကြီးပေါင်း (၁၅၄) တိုက်နှင့် ကျောင်းဆောင်ပေါင်း (၁၂၅၇) ကျောင်း၊ သံဃာတော်ပေါင်း (၃၀၀၀၀)ကျော်ရှိခဲ့သည်။ ယင်းကျောင်းတိုက်ကြီးပေါင်း (၁၅၄) ကျောင်းတွင် မြတောင်ရွှေကျောင်းတော်ကြီးသည် အထင်ရှားဆုံး ဖြစ်သည်။

မန္တလေးနေပြည်တော်ကြီးတွင် မင်းတုန်းမင်းတရားကြီးအုပ်စိုးစဉ်အခါ မြန်မာနှစ် ၁၂၂၉ ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် ကြံခင်းမြို့၌ သီတင်းသုံးနေတော်မူသော သီလသမာဓိနှင့်စာပေတွင် ထွန်းပြောင်ထင်ရှားခဲ့သော ဆရာတော် ဦးအာလောကအား မန္တလေးနေပြည်တော်သို့ ပင့်ဆောင်ခဲ့သည်။ မင်းတုန်းမင်းကြီး၏ကုသိုလ်တော်ဖြစ်သော ရွှေကျင်ငါးတိုက်အနက် အရှေ့ဘက်ဆုံး မဏိသေလာရာမတိုင်း၌သီတင်းသုံး၍ သံဃာအပါး (၂၀၀)၊ (၃၀၀)ကို နေ့စဉ် စာချတော်မူခဲ့သည်။ မန်လည်မြို့နှင့်မြတောင်မြို့နှစ်မြို့ကို အပိုင်စားရသော သမီးတော်စုဖုရားလတ်ကိုလည်း ဆရာတော်ဦးအာလောကကို အသက်ထက်ဆုံး ကိုးကွယ်ရမည်။ ဆရာတော်၏ အဆုံးအမ ဩဝါဒကို တစ်သက်လုံးနာခံရမည်။ ဤဆရာတော်သည် သမီးတော်၏ဆရာတော်အရင်း ဖြစ်သည်ဟူ၍ အမိန့်ရှိခဲ့သည်။

မြန်မာနှစ် ၁၂၄၁ ခုနှစ်တွင် မန္တလေး(ရတနာပုံ)ထီးနန်းကို သီပေါမင်းဆက်ခံအုပ်စိုးခဲ့ပြီး နန်းသိမ်းပွဲခံတော်မူသည်။ စုဖုရားလတ်သည် သီပေါမင်း၏ မိဖုရားခေါင်ကြီးဖြစ်လာခဲ့သည်။ ၁၂၄၁ ခုနှစ်မှာပင် သီပေါမင်းသည် မိဖုရားခေါင်ကြီးစုဖုရားလတ်၏ဆရာရင်း ဦးအာလောကအတွက် အတုမရှိတိုက်တော်၏ အရှေ့ဘက်တွင် အရှေ့မှန်ကျောင်းဟုခေါ်ဆိုသော မဟာစံလွှတ်ဝေယန်မှန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းစေခဲ့ရာ ၁၂၄၃ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ သီပေါမင်းသည် မဟာစံလွှတ်ဝေယန်မှန်ကျောင်းတော်ကြီးကို ရွှေပြိန်းချလှူဒါန်းခဲ့ရာတွင် အပြင်ဘက်တွင်သာ ရွှေချထားပြီး အတွင်းဘက်တွင်မူ ရွှေချထားခြင်းမရှိသဖြင့် မိဖုရားခေါင်ကြီးလည်း ဆရာတော်အတွက် သေးနုပ်နေသဖြင့် ယခုကျောင်းထက် သာလွန်ကောင်းမွန်သော ကျောင်းတော်ကြီးတစ်ကျောင်းကို ထပ်မံ ဆောက်လုပ် လှူဒါန်း၍ စီစဉ်ခဲ့၏။ ၁၂၄၄ ခုနှစ်တွင် မိဖုရားခေါင်ကြီးစုဖုရားလတ်သည် အနောက်ပြင်ရတနာဘုမ္မိရပ်မှ ပခန်းမင်းသမီး၏ ဥယျာဉ်ကြီးကိုဝယ်ယူပြီး လှေသင်းအတွင်းဝန်မင်းကို ကြီးကြပ်စေလျက် မြတောင်ကျောင်းသစ်ကြီးကို ဆောက်လုပ်စေခဲ့သည်။

ယင်းသို့ အနောက်ပြင်တွင် မိဖုရားခေါင်ကြီးစုဖုရားလတ်သည် ကျောင်းသစ်ကြီးဆောက်လုပ်လှူဒါန်းသည့်အ
မှုကြီးမတ်ရာများကလည်း မိဖုရားကြီး၏ ကုသိုလ်တော်ကို ဝန်းရံ
အရံကျောင်းတော်ကြီးများကို ဆောက်
လုပ်လှူဒါန်းခဲ့လေသည်။ မြတောင်
ကျောင်းကြီးကို အလယ်ဗဟိုပြု၍
ဘက်မျက်နှာတွင် စားတော်ဝန်
ကျောင်းနှင့် ဒေးဝန်းအကောက်ဝန်
မောင်ခိုန်ကျောင်း၊ တောင်ဘက်မှ
တွင် သူရဲဝန်မင်းမောင်ခေါင်ကော
သူရဲဝန်မင်းမောင်လုံးကျောင်း၊
ဘက်မျက်နှာတွင် အကောက်ဝန်
ကျောင်းနှင့် ကောင်ဟန်ဝန်မင်း
အနောက်ဘက်မျက်နှာတွင် အ
မြို့ဝန်မင်းကျောင်းနှင့် ဖောင်ဝန်
ကျောင်း ဟူ၍ အရပ်လေးမျက်
အရံကျောင်းဆောင်နှစ်ဆောင်ကြီး
ပေါင်းရှစ်ဆောင်ဆောက်လုပ်လှူ
ကြသည်။ယင်းကျောင်းဆောင်ရှစ်
သည် အနီခံရွှေရေးကျောင်းဆော
ဖြစ်ကြသည်။ ယင်းအနီခံရွှေ
ကျောင်းဆောင်ရှစ်ဆောင်အနက်
ဘက်မျက်နှာမှ စားတော်ဝန်
ကျောင်းနှင့် ဒေးဝန်အကောက်ဝန်
၏ ကျောင်းနှစ်ဆောင်သည် ဦး
ခဲ့သောကြောင့် ၁၂၄၄ ခုနှစ်တွင်
တော်ဦးအာလောကသည် စား
မောင်ခဲ၏ကျောင်းသို့ပြောင်းရွှေ
သုံးတော်မူခဲ့သည်။

မြန်မာနှစ် ၁၂၄၄ ခုနှစ်၊ တ
တွင် မိဖုရားခေါင်ကြီးစုဖုရားလတ်
မြတောင်ရွှေကျောင်းတော်ကြီးကို
ဆောက်လုပ်စေခဲ့သည်။ ရွှေကျော
၏ အရှေ့ဘက်တွင် ဘုရားဆောင်
ဆောင်) ဟု ခေါ်ဆိုသော ပြာ
ဆောင်၊ အလယ်ကောင်တွင် အ
မကြီး၊ အနောက်ဘက်တွင် ကုသိုလ်
တော်ဆောင် ဟူသော အဆောင်
သုံးဆောင်ကို ဘုံအဆင့်ဆင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com

သီးခြားသုံးဝိုးဖြင့် ကြမ်းတစ်ပြေးတည်း အပေါ် ၌ ဝဲ၊ ယာ၊ ရှေ့၊ နောက်စမြင်များခံပြီး နရားကပ်ကျွန်းတိုင်ကြီး (၂၆၄) တိုင်ဖြင့် တည်ဆောက်ခဲ့သည်။ မြတောင်ရွှေကျောင်းကြီး၏ နရားကပ်ကျွန်းတိုင်ကြီး (၂၆၄) တိုင်ဖြင့် ခမ်းနားစွာတည်ဆောက်ခဲ့ပုံကို 'မြတောင်တိုင်ပေါင်းရွှေသီးခေါင်း' ဟူ၍ ဆိုရိုးစကားပြုခဲ့ကြသည်။

မြတောင်ရွှေကျောင်းတော်ကြီးတွင် စုလစ်မွမ်းချွန်၊ အပြောက်အမွမ်းများ၊ တုရင်၊ မှန်ကင်းများကို လက်ရာအလွန်မြောက်သည့်ပန်းပုလက်ရာများနှင့်ထုဆစ်ထားသည်။ ဗုဒ္ဓဝိုဏ်း၊ ဓမ္မဝိုဏ်း၊ သံဃဝိုဏ်း၊ ရာဇဝိုဏ်း ဟူ၍ သူ့အဆင့်နှင့်သူတည်ဆောက်ခဲ့သည်။ ကျွန်းသားဖြင့် ထွင်းထုထားသော ပန်းပုလက်ရာများအဖြစ် ပြာသာဒ်ဆောင်ကြီးပတ်ပတ်လည်၌ ပြင်ပ ဝဲ၊ ယာများတွင် ငါးရာငါးဆယ်ဇာတ်တော်များကို ရုပ်လုံးဖော်ထုလုပ်ထားသည်။ အတွင်းမာရဘင်၊ တိုင်ဖူးများတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ ရုပ်လုံးပန်းပုများနှင့်ထုလုပ်ထားသည်။ ကြမ်းခင်းပျဉ်ကြိုးများ၏ အောက်ဘက်တွင်လည်း ပန်းပုရုပ်များထွင်းထုထားသည်။ ထို့ကြောင့် ကျောင်းတော်ကြီး၏ အောက်သို့ဝင်ပြီး ကြမ်းပြင်များကိုမော့ကြည့်လျှင် နရားရုပ်ကြီးများကိုကပ်ထားသောတိုင်ထောက်များ၏ အထက်ကြမ်းပြင်၌ တွေ့မြင်ရသည်။

ယင်းသို့ ပန်းပုလက်ရာများဖြင့် တန်ဆာဆင်ပြီးနောက် အဖိုးအတန်ဆုံးဖြစ်သော ဇမ္ဗူရာဇရွှေသားများဖြင့် မြေပြင်သံပန်တလင်းမှသည် ထိပ်ဆုံး ဘုံပြာသာဒ်၏ ငှက်မြတ်နား၊ စိန်ဖူးများအထိ အတွင်း၊ အပြင်မကျန် ရွှေပိန်းချမွမ်းမံခဲ့သည်။ ဘီလူးပန်းဆွဲများ၊ ရွှေတိုင်လုံးကြီးများ၏ ခါးပန်းဆီးများ၊ ခါးပတ်များ ဗီတာန်မျက်နှာကြက်များတွင်လည်း ဖန်မှန်များဖြင့် ပုလဲရောင်၊ မြရောင်၊ ပတ္တမြားရောင်ဖြင့် ဖျိုးဖျိုးဖျပ်ဖျပ်စီခြယ်တန်ဆာဆင်ခဲ့သည်။ ယုတ်စွအဆုံး ကုဋေတွင်သုံးသောကနုတ်များကိုပင် ရွှေကနုတ်များထားရှိခဲ့သည်။ မိဖုရားခေါင်ကြီး စုဖုရားလတ်၏ မြတောင်ရွှေကျောင်းကြီးတည်ဆောက်ခဲ့သည့် တန်ဖိုးငွေပမာဏအလျှောတော်ငွေကို သမ္ဘရာသီးတစ်လုံးဖိုး = (၅၀၇၆၈၅၅၆) ကျပ် (ငါးသန်းခွဲခြောက်ဆယ်ခြောက်သောင်း ဆိုရိုးပြုမှတ်တမ်းတင်ခဲ့ သည်။

မြတောင်ရွှေကျောင်းကြီး၏အရပ်လေးမျက်နှာတွင် အရံကျောင်းဆောင်နှစ်ဆောင်စီဖြင့် စုစုပေါင်းရှစ်ဆောင်ကို အနီခံရွှေရေကျောင်းဆောင်များဖြင့်ဝန်းရံပြီး ထောင့်လေးထောင့်တွင်လည်း စပယ်ထပ်ယူပြီး ဆောင်လေးဆောင်တွဲ၊ ဝါဆိုကျောင်းလေးကျောင်းဖြင့် ဝန်းရံတည်ဆောက်ခဲ့သည်။ ထို့ကြောင့် မြတောင်ရွှေကျောင်းတော်ကြီးကို မိဖုရားခေါင်ကြီးစုဖုရားလတ်သည် ဗဟိုမြတောင်ကျောင်းကြီးနှင့်အတူ ဝန်းရံကျောင်း (၁၂) ကျောင်း စုစုပေါင်း ကျောင်း (၁၃) ကျောင်းဖြင့် ခမ်းနားစွာ တည်ဆောက်လှူဒါန်းခဲ့သည်။

မိဖုရားခေါင်ကြီးစုဖုရားလတ်သည် ကပ္ပိယ (၆၀) ကိုလည်း လစာရိက္ခာများချီးမြှင့်၍ မြတောင်ရွှေကျောင်းကြီး အတွက် ကပ္ပိက (၁၀) ဦး၊ အရံကျောင်း (၈)ကျောင်းတွင် ကပ္ပိယ(၃)ဦးစီ၊ ထောင့်ကျောင်းလေးကျောင်းတွင် ကပ္ပိယ (၁) ယောက်စီ၊ လေးမျက်နှာမဟာရာဇမုခ်ပေါက်များတွင် မုခ်တစ်ပေါက်လျှင် (၅) ယောက်စီ ဆရာတော်ဦးအာလောကထံပါးတွင် အမြဲတမ်းကပ္ပိယ (၂) ဦးထား ရှိပေးခဲ့သည်။

မိဖုရားခေါင်ကြီး စုဖုရားလတ် ဆောက်လုပ် လှူဒါန်းတော်မူခဲ့သော ကျောင်းတော်ကြီးကို မြတောင်တိုက် ဟူ၍ခေါ် ဆိုခြင်းမှာ စုဖုရားလတ်သည် မင်းတုန်းမင်းကြီး၏သမီးတော်ဘဝကပင် မန်လည်မြို့နှင့် မြတောင်မြို့ကိုအပိုင်စားရသဖြင့် မြတောင်ကျောင်းတိုက် ဟူ၍ခေါ် ဆိုခဲ့ခြင်း ဖြစ်သည်။ မြတောင်ကို ပါဠိဝေါဟာရအရ 'မဏိသေလာ' ဟုခေါ် ဆိုသဖြင့်လည်း မဏိသေလာရာမ မြတောင်ကျောင်းတိုက်ဟူ၍လည်းခေါ် ဆိုခဲ့သည်။ မြတောင်ကျောင်းတိုက်ကြီးကို မြေပြင်သမံတလင်းမှ ထိပ်ဆုံး ဘုံပြာသာဒ်အဖျားအထိ အတွင်း၊ အပြင် အပြည့်အဝရွှေပိန်းချထားသောကြောင့် 'ရွှေကျောင်းကြီး' ဟူ၍လည်း ခေါ် ဆိုကြသည်။ အရပ်သူအရပ်သားများကလည်း လွယ်လွယ်ကူကူပင် 'ကျောင်းတော်ကြီး' ဟု ခေါ် ဆိုခဲ့ကြ၏။ နိုင်ငံခြားသားသုတေသီများကမူ မိဖုရားခေါင်ကြီးကျောင်း (Queen's Monastery) ဟူ၍ ဝိသေသပြုခဲ့ကြသည်။ မြတောင်ကျောင်းကြီးကို ရွှေအပြည့်ရွှေပိန်းချခဲ့သာမက မှန်များဖြင့် စီခြယ်ထားသောကြောင့်လည်း မြတောင်မှန်ကျောင်းဟူ၍လည်းခေါ် ဆိုသတ်မှတ်ခဲ့သည်။

မြတောင်ရွှေကျောင်းတော်ကြီးကို မြန်မာနှစ် ၁၂၄၄ ခုနှစ်၊ တပေါင်းလတွင် စတင်တည်ဆောက်ခဲ့ပြီး ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလတွင် မဟာရာမံတိုင်းမှလွဲ၍ အားလုံးပြီးစီးခဲ့သည်။ ထို့ကြောင့် မြတောင်ကျောင်းတိုက်ကြီးကို ၁၂၄၇ ခု၊ တန်ဆောင်မုန်းလအကုန်တွင် ကျောင်းလွှတ်ပုံကြီးကျင်းပရန် သတ်မှတ်ခဲ့သည်။ ကျောင်းလွှတ်ပွဲဟူသည် မင်းနှင့်မိဖုရားနှစ်ပါးစလုံး ထွက်တော်မူကြီးအစီအစဉ်ဖြင့်ထွက်တော်မူ၍ ကျောင်းတော်ကြီးကို ဦးဦးအုပ်ချုပ်တော်မူမည့် မင်းဆရာတော်ကြီးအား တင်လှူရေစက်ချ အပ်နှံသည့် ပွဲဖြစ်၏။

သို့သော် မြန်မာနှစ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက် (ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်) ညနေ (၃) နာရီ မြတောင်ဆရာတော်ဘုရားကြီး ဦးအာလောက စာဝါချခါနီးအချိန်တွင် ဗြိတိသျှတပ်သားများသည် ဂေါဝန်ဆိပ်ကမ်းမှ မန္တလေးနေပြည်တော်သို့ချီတက်သိမ်းပိုက်ခဲ့သည်။ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့အား ဗိရိုလှည်း (၂) စီး၊ ထီးဖြူတော် (၂) လက်အုပ်မိုး၍ ကာနယ်စလေဒင် ဦးဆောင်သော ဗြိတိသျှတပ်များက နန်းချမဲ့ဆီး၍ သူရိယသဘော်ဖြင့် ခေါ် ဆောင်သွားခဲ့သည်။ မြတောင်ရွှေကျောင်းတော်ကြီး၏ ကျောင်းဘေးလမ်းမပေါ် သို့ရောက်သည့်အခါတွင် -

"ဆရာတော်ဘုရား၊ တပည့်တော်မတို့သွားရပြီဘုရား"

ဟူ၍ လက်အုပ်ချီရင်း မိဖုရားခေါင်တို့လူစုက လှည်းပေါ် မှကန်တော့နှုတ်ဆက်ရှိခိုးသွားခဲ့ကြသည်။ မိဖုရားခေါင်ကြီး စုဖုရားလတ်နှင့် သီပေါမင်းတို့ သည် မြတောင်ရွှေကျောင်းတော်ကြီးကို ကျောင်းလွှတ်ပုံ (၀၀) ရေစက်ချလှူဒါန်းပွဲပြုလုပ်ခွင့်မရခဲ့ပေ။

ထိုသို့ သီပေါမင်းနှင့် စုဖုရားလတ် မိဖုရားတို့ ပါတော်မူခဲ့သည်ဖြစ်ရပ်ကို မြတောင်ကျောင်းတိုက်ဝင်းအတွင်းရှိ စားတော်ဝန်ဦးခဲကျောင်း၏လက်ရန်းပေါ်မှ ကိုယ်တိုင် ကြုံတွေ့ မျက်မြင်ကြည့်ရှုခံစားခဲ့ရသော (၁၀) နှစ်သားအရွယ် မောင်လွန်း (သခင်ကိုယ်တော်မိုင်း) ၏ ရင်တွင်း၌ တစ်သက်မမေ့နိုင်သောနာကြည်းခံစားချက်ဖြစ်ခဲ့ရသည် ဟူ၍ ဆရာကြီးသခင်ကိုယ်တော်မိုင်းကိုယ်တိုင် ဖွင့်ဟဝန်ခံပြောဆိုခဲ့သည်။

သမြင့် (ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com

မျိုးအောင်(အောင်မြေ)
"ပေတကင်းသင်း" ကို ခြေရာကောက်သော်

မြန်မာ့ ဂန္ဓိရ ဝိဇ္ဇာမယအင်းပညာတွင် အစီအရင်တစ်ခု ပြုလုပ်တော့မည်ဆိုပါက သက်ဆိုင်ရာ အင်းကွက်ဇယားနှင့်တကွ အင်းဆန် ဟူ၍ သတ်မှတ်ထားသော ဗျည်းအက္ခရာများ၊ သရအက္ခရာများနှင့် ကိန်းဂဏန်းများလိုအပ်ပါသည်။

ဗျည်း၊ သရအက္ခရာများနှင့်ဖွဲ့စည်းထားပြီး အင်းဆန် ဟူ၍ သတ်မှတ်အပ်သောအရာများထဲတွင် -

၁။ မြတ်ဗုဒ္ဓဟောကြားခဲ့သော ဝိဋကတ်သုံးပုံလာဂါထာများ။

၂။ ရတနာသုံးပါး၊ အနန္တောအနန္တဂါးပါးစသော လက်စုံမိုးအပဲသည့် ပုဂ္ဂိုလ်များနှင့်သက်ဆိုင်ပြီး ဝိဇ္ဇာမယအင်းပညာရှင်များ စီရင်ရေးသားထားခဲ့သော ပါဠိဂါထာ၊ မန္တန်၊ မန္တရားများနှင့်

၃။ စကားဝှက်စာသားများဖြင့်ဖော်ညွှန်းရေးသားထားခဲ့သော လက်မှားဟူ၍ ယေဘုယျအားဖြင့် (၃) မျိုး တွေ့ရှိရပါသည်။

အထက်ပါ (၃) မျိုးအနက် နံပါတ် (၃)ဖြစ်သော စကားဝှက်စာသားများဖြင့် ဖော်ညွှန်းရေးသားထားခဲ့သော လက်မှားတွင် -

၁။ တွေးဆကြံစည်ရယူရမည့် အင်းဆန်လက်မှား၊ (ဥပမာ - ဂဠုန်ပုတ်သင်ကိုက်အင်းဆန်လက်)နှင့်

၂။ အက္ခရာကို နံသင့်ဂဏန်း ကောက်ယူ၍ ထည့်သွင်းရမည့် အင်းဆန်လက်မှား ဟူ၍ (၂)မျိုး(၂)စားကို ထပ်မံ တွေ့ရှိရပါသည်။

ဝိဇ္ဇာမယလောကဂန္ဓိရပညာနယ်ပယ်တွင် ပညာရှင်များအသုံးများခဲ့ကြသည့် အင်းအစီအရင်တစ်ခုဖြစ်သော ပေတကင်းသင်းအင်းနှင့်ပတ်သက်သည့် ထူးခြားချက်တစ်ခုကို ဖော်ထုတ်ရေးသားသွားမှာ ဖြစ်ပါသည်။

ဆရာတော်ဦးရေဝတ ရေးသားခဲ့သော လက်တွေ့ပယောဂအင်းကျမ်းကြီး စာမျက်နှာ (၂၃၅) တွင် ပါရှိခဲ့သော ပေတကင်းသင်းအင်းကို အင်းဆန်လက်မှာ အနေဖြင့် 'ပေတကင်းသင်း၊ ဝက်နင်းခွာပြန်၊ တန်လန်မကော၊ နင်တကယ်လော' ဟူ၍ အက္ခရာစာဖြင့် ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။ (ပုံ - တကိုကြည့်ပါ)

အထက်ပါ အင်းဆန်လက်မှာသည် နောက်တစ်မျိုးအနေဖြင့် အက္ခရာကို နံသင့်ဂဏန်းအဖြစ် ကောက်ယူထည့်သွင်းရမည့် အင်းဆန်လက်မှာအမျိုးအစားထဲတွင် ပါဝင်နေပါသည်။ ထို့ကြောင့် အင်းဆန်အနေဖြင့် နံသင့်ကောက်ယူ၍ အသုံးပြုမည်ဆိုပါက '၅၃၆၊ ၄၃၂၊ ၃၄၅၂ ၃၃၂၄' ဟူ၍ ဂဏန်း (၁၆) လုံး ပါဝင်ကြောင်း တွေ့ရှိနိုင်ပါသည်။

ထို့ပြင် သံလျက်မှော်ဆရာတော် ရေးသားခဲ့သော ဗားမဲ့လက်တွေ့ကျမ်း တတိယတွဲ၊ စာမျက်နှာ (၈၀) တွင် 'ပေတကင်းသင်း၊ ဝက်နင်းခွာပြန်၊ တန်လန်မကော၊ နင်တကယ်လော၊ လုံလှဆို နှင့် တကယ်လော' ဟူ၍ အင်းရဲလက်မှာ အဖြစ် ထပ်မံတွေ့ရှိရပါသည်။ ထူးခြားချက်မှာ 'လုံလှဆို့နှင့် တကယ်လော' ဟူသောအပိုဒ်ပါဝင်လာခြင်း ဖြစ်သည်။ နံသင့်ဂဏန်းအဖြစ် ကောက်ယူပါက ဂဏန်း (၂၃) လုံးအနေဖြင့် တွေ့ရှိရမည်။

ပေတကင်းသင်းအင်းဆန်လက်ကို နံသင့်ဂဏန်းအင်းတစ်ကွက်အဖြစ် ဦးရေဝတ ရေးသားခဲ့သော လက်တွေ့ပယောဂအင်းကျမ်းကြီး စာမျက်နှာ (၂၃၅) တွင် တွေ့ရပြန်သည်။ ထိုသို့ ထပ်မံတွေ့ရှိရမှုတွင် အက္ခရာစာဖြင့် ထည့်သွင်းထားခြင်းမဟုတ်ဘဲ နံသင့်ဂဏန်းဖြင့် ၅ အင်းဆန်အနေဖြင့် တွေ့ရှိရခြင်းလည်း ဖြစ်ပါသည်။ (၅ × ၅ - ၂၅ ကွက်ဖြစ်သော်လည်း အလယ်တွင် (နံ) ပါသောကြောင့် အင်းဆန်ဂဏန်း (၂၄) လုံး ထည့်သွင်းရမည်ဖြစ်ပါသည်)

သို့သော် ဆရာတော်ဦးရေဝတ၏ ပယောဂအင်းသင်းအက္ခရာအင်းဆန်လက်တွင်မူ ဂဏန်း (၁၆) လုံးသာ တွေ့ရှိသောကြောင့် နံသင့်ဂဏန်းအင်းတွင် အင်းဆန်ဂဏန်း (၂၄) ကွက်ရှိနေသော အခါ သံလျက်မှော်ဆရာတော်၏ (၂၃) လုံးရှိသည့် အင်းရဲလက်ကို ထည့်သွင်းကြည့်ပါမည်။

'၅၃၆၊ ၄၃၂၁၊ ၃၄၅၂ ၃၃၂၄' အပြီးတွင် (၅) ဟူသော ကြာသပတေးနံသင့်ဂဏန်းတစ်လုံးကို ရှာဖွေတွေ့ရှိရပါသည်။ (ပုံ-ခကိုကြည့်ပါ) အကွက်နံပါတ် (၁၇) တွင် (၅) ဟူသော ကြာသပတေးနံသင့်ဂဏန်းတစ်လုံး ထည့်သွင်းပြီးနောက် 'လုံလှဆို့နှင့်တကယ်လော' ဟူသော (၄၄၃၃၂၂၂၄) ကိုဆက်၍ထည့်သွင်းခြင်းအားဖြင့် (၂၄) လုံးပြည့်ရရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် ပေတကင်းသင်း၊ ဝက်နင်းခွာပြန်၊ တန်လန်မကော၊ နင်တကယ်လော' ဟူသော စာပိုဒ်အား နှင့် 'လုံလှဆို့နှင့်တကယ်လော' ဟူသော စာပိုဒ်ရှေ့တွင် ကြာသပတေးနံသင့်



www.burmeseclassic.com

www.burmeseclassic.com

ကောက်ယူရမည့်အကွာရာစာလုံးတစ်လုံး ရှိမည်မှာ ဖြစ်ပါသည်။

စာရေးသူတွေ့ရှိခဲ့ရသောတွေ့ရှိသောမူသည် မှန်ကန်ပါ၏၊လောဟူသော မေးခွန်းကိုပင် ဆရာတော် ဦးရေဝတ၏၊ လက်တွေ့ပယောဂအင်းကျမ်းကြီး စာမျက်နှာ (၂၃၅) လာ နောက်ထပ်နံသင့် ဂဏန်းအင်းတစ်ကွက်တွင် ထပ်မံထည့်သွင်းကြည့်ရာတွင်လည်း မှန်ကန်ကြောင်းတွေ့ရှိရပါသည်။ (ပုံ - ဂ ကို ကြည့်ပါ။)

အထက်ပါ တွေ့ရှိမှုအပြီး စာရေးသူစဉ်းစားခဲ့ရာတွင် သံလျက်မှော်ဆရာတော်သည် လည်းကောင်း၊ ဆရာတော် ဦးရေဝတသည် လည်းကောင်း ချွတ်ယွင်းမှုတစ်ခု (သို့) ကျန်ရစ်မှုတစ်ခုကိုပြုလုပ်မည့်ပုဂ္ဂိုလ်များ မဟုတ်ကြပါ။ သို့သော်လည်း ပညာရှင်ကြီးများအနေဖြင့် ဝိဇ္ဇာမယနလောကီပညာများကို လွယ်ကူစွာ ရရှိနိုင်အောင် ထားရစ်ခဲ့မည့်သူများတော့မဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုပညာများသည် မိမိတို့အလို ရှိအပ်၊ တောင့်တအပ်သောကိစ္စများကို ပြီးမြောက်အောင်မြင်စေနိုင်သော ပညာရပ်များဖြစ်သောကြောင့်ဟု ဆိုနိုင်ပါသည်။

မဟာဘရဖူမဠ္ဠကျမ်း စာမျက်နှာ (၁၀) ၌ မကောင်းသောအကုသိုလ်လုပ်ငန်း၊ မကောင်းသောအကျိုးတရားမပြုရဟု အထက်ဆရာများဆိုခဲ့သည်။ ကမ္ဘာတစ်သိန်းပတ်လုံး အဝီဇိငရဲ၌ခံရလေမည်ဟူ၍ ဂန္ဓဖုနတောင်ထိပ်၌ သီတင်းသုံးရသော ရှင်ရသေ့အား စေတုတ္တရာမင်းသားသည် ရွှေစင်တစ်သိန်းပေး၍ ကောသမ္ဗီမင်းသမီးအား ရစိမ့်သောဌာဆောင်ရွက်ပေးပါဟု လျှောက်အပ်၍ ရှင်ရသေ့သည်လည်း မကောင်းကျိုးကံစီရင်လျက် ဆောင်ရွက်သော် တစ်ညဉ့်နှင့်ပင်ရလေ၏။ ဤသို့ရသည်ရှိသော်မင်းသမီးအား ပင်လယ်တွင်းသို့ သံကြိုးဖြင့် ဖွဲ့နှောင်လျက်ပစ်ချလေ၏။ အရိန္ဒမမင်း၏ဆရာဖြစ်သော ရှင်ရသေ့သည် ဗုံလွန်သော် အဝီစိသို့လားလေ၏ဟု ဥဒါဟာရုဏ်နှင့်ပါ ဖော်ပြခဲ့သည်။

အထက်ပါဥဒါယရုဏ်၌ မကောင်းကျိုးကံစီရင်လျက် ဆောင်ရွက်သော်ဟူသော စာကြောင်းတစ်ကြောင်းပါရှိသည်ကို သတိပြုမိသင့်ပါသည်။

ထို့ကြောင့် ဝိဇ္ဇာယာနလောကီပညာရပ်များကို မကောင်းကျိုးကံဖြင့် စီရင်ဆောင်ရွက်မည်ဆိုပါက ကံ၊ ကံ၏အကျိုးဟူသော ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ချက်အတိုင်း လားရာဂတိ မကောင်းဖြစ်မည်ကား အသေအချာပင် ဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရသော် စာရေးသူတွေ့ရှိခဲ့သောအရာသည် အင်းသွားမျှသာဖြစ်သောကြောင့် အခြားသောအစီအရင်များ၊ လုပ်ထုံးလုပ်နည်းများ၌ မည်မျှဂုဏ်ထားခဲ့မည်ဆိုသည်မှာ စဉ်းစားရှုပင် ရပါသည်။ ထို့ကြောင့်လည်း နည်းကား မခက်၊ လုပ်ပုံခက်၏ ဟူသော ဆိုရိုးစကားသည် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ ပညာတွင်ရှိနေခြင်းသာ ဖြစ်ပါတော့သတည်း။

ပေတကင်းသင်းအကွာရာအင်း (ပုံ-က)

	(ပေ)	ကော	ခွာ	
မ	နင်း		တ	နင်း
(လော)		နံ		
ဝက်	လန်		တ	ကင်း
	ကယ်	သင်း	တန်	

	(၁)	၁၂	၃	
၁၁	၆		၂	၁၃
(၁၆)		နံ		၈
၅	၁၀		၁၄	၄
	၁၅	၄	၉	

ပေတကင်းသင်းနံသင့်ဂဏန်းအင်း (ပုံ-ခ)

၂	၃	၃	၃	(၅)
၄	၂	၃	၄	(၄)
၃	၆	နံ	၅	၃
၄	၅	၃	၂	၄
၄	၃	၃	၂	၂

၃	၃	(၁)	၁၂	၃
၁၀	၁၅	၂	၁၉	(၂၄)
၃	၄	နံ	၅	၁၃
၁၆	၁၁	၆	၃	၁၈
၅	၂	၁၇*	၁၂	၄

ပေတကင်းသင်းနံသင့်ဂဏန်းအင်းနောက်တစ်ကွက် (အင်းသွားမတူ) (ပုံ-ဂ)

၄	၃	၅	၂	၃
၄	၅	၄	၂	၃
၄	၅*	နံ	၃	၃
၄	၂	၂	၂	၅
၄	၆	၃	၃	၃

၁၈	၆	(၁)	၁၂	၃
၁၆	၁၁	၁၉	၃	၂
၅	၁၇*	နံ	၃	၁၃
၁၀	၁၅	၂၆	၃	၈
(၂၄)	၄	၉	၁၄	၂၂

မျိုးအောင် (အောင်မြေ)

ကိုးကားစာအုပ်များ -

၁။ လက်တွေ့ပယောဂအင်းကျမ်းကြီး၊ ဦးရေဝတ၊ ကျားပိဋကတ်စာအုပ်တိုက်၊ ဒု-ကြိမ်၊ ၁၃၂၀ ခုနှစ်

၂။ မဟာသရဖူမဠ္ဠသာကျင်း (၉)စောင်တွဲ။

၃။ ဗားမဲ့လက်တွေ့ကျမ်း၊ သံလျက်မှော်ဆရာတော်၊ ဆန်းလိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုးအုန်းသွင်

သရဏဂုံတည်ခြင်း

"တစ်နေရာတည်းမှာ မရွေ့မလျားထိုင်နေသူနဲ့ လမ်းလျှောက်နေသူရဲ့ ခရီးဆုံးပန်းတိုင်ဟာ မတူပါဘူး။ သက်မဲ့အရာဝတ္ထုနဲ့ သက်ရှိတို့ရဲ့အဆုံးသတ်ခြင်းဟာလည်း မတူပါဘူး။ သက်မဲ့အရာဝတ္ထုဟာ ပျက်စီးသွားရင် တစ်ခါတည်း အဆုံးသတ်သွားတယ်။ သက်ရှိကျတော့ အဲဒီလို အဆုံးမသတ်ဘူး။ လမ်းလျှောက်သူဟာ ခြေလှမ်းကို တစ်လှမ်းပြီးတစ်လှမ်းကြွေးစားအားထုတ်ရတယ်။ အဲဒီကြိုးပမ်းအားထုတ်မှုရဲ့ အရှိန်နဲ့ ရှေ့ကိုတစ်လှမ်းပြီးတစ်လှမ်း ဆက်သွားနေတာ။ အဲဒီကြိုးပမ်းအားထုတ်မှုဆိုတာ ပြုလုပ်ခြင်းပဲ။ ပြုလုပ်ခြင်းဆိုတာကံပဲ။ အဲဒီကံရဲ့အရှိန်နဲ့ တစ်လှမ်းပြီးတစ်လှမ်းဆက်နေတာ။ သတ္တဝါတွေဟာ ပြုလုပ်ကြတယ်။ ပြုလုပ်တဲ့အတွက် ပြုလုပ်တဲ့အကျိုးအဖြစ် တစ်ဘဝပြီး တစ်ဘဝဆက်နေမှာပဲ။ ကံရှိနေသမျှ ဘဝရှိနေမှာပဲ"

နောက်နေ့ ဦးထွန်းလာသောအခါ ကျွန်တော်က ကံ၊ ကံ၏အကျိုးသဘာဝကို အထက်ပါအတိုင်း စကားစပ်လိုက်ပါသည်။

"ထို့နောက် အဲဒီကံ၊ ကံရဲ့အကျိုးကို ယုံကြည်ခြင်းဟာ သဒ္ဓါပဲ။ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ လိုအပ်ချက်က အဲဒီ ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းနဲ့ ရတနာသုံးပါးကို ယုံကြည်ခြင်းပဲ။

ဒီယုံကြည်ချက်နှစ်ရပ်ဟာ အပြန်အလှန်ဖြစ်နေတယ်။ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်မှ ရတနာသုံးပါးကိုယုံကြည်မှာ။ ရတနာသုံးပါးကိုယုံကြည်မှ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှာ။ ရတနာသုံးပါးမှာ အဓိကက ဘုရားပဲ။ တရားဆိုတာ ဘုရားက ရှာဖွေတွေ့ရှိတဲ့ သဘာဝတရားအစစ်အမှန်၊ သံဃာဆိုတာ အထူးသဖြင့် ထေရဝါဒသံဃာဆိုတာ ဘုရားရဲ့ အဆုံးအမကို လိုက်နာကျင့်သုံးပြီး ဘုရားဟောထားတဲ့ တရားကို လေ့လာသင်ယူပြီး၊ ဘုရားဟောထားတဲ့ တရားကိုဖြတ်ခြင်း၊ ဖြည့်ခြင်း၊ ပြင်ခြင်း မလုပ်ဘဲ မူလအတိုင်း ပြန်လည်ကြားပေးသူများ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ ရှေးဦးစွာ အဲဒီယုံကြည်ချက်နှစ်ခုရှိပြီးမှ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူကြလေ့နေကြမှန်ကန်တယ်။

မိရိုးဖလာအရ မိဘတို့ဟာ ဗုဒ္ဓဘာသာဖြစ်ခဲ့လို့ ဗုဒ္ဓဘာသာဖြစ်ရတာ၊ သရဏဂုံရဲ့အဓိပ္ပာယ်ကိုဘဲ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဖြစ်ရတာ လေ့နေကျမှုမရှိဘူး။ သရဏဂုံကို ပါဠိလို ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိလို့ ဆောက်တည်ရတယ်။ ဗမာလိုတော့ ဘုရားကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာကို ကိုးကွယ်ရာ ဆည်းကပ်ပါ၏လို့ အဓိပ္ပာယ်ရတယ်။ ဒီနေရာမှာ 'ကိုးကွယ်'ဆိုတဲ့အဓိပ္ပာယ်သိဖို့လိုတယ်။ 'ကိုး' ဆိုတာက အကာတာ။ 'ကွယ်' ဆိုတာ အကာကွယ်တာ။ 'အကာအကွယ်'ပေးဖို့အားကိုးလို့ အဓိပ္ပာယ်ရတယ်။ ဘာကိုအ

www.burmeseclassic.com

www.burmeseclassic.com

အကွယ်ပေးဖို့လဲဆိုရင် 'သံသရာဝဋ်ဆင်းရဲကို အကာကွယ်ပေးဖို့' လို့ ဆိုလိုတယ်။ တစ်နည်းပြောရရင် 'သံသရာဝဋ်ဆင်းရဲကလွတ်မြောက်အောင်ကယ်တင်ပေးဖို့အတွက် အားကိုးတာ' လို့ ဆိုလိုတယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့ပန်းတိုင်ဟာ သံသရာဝဋ်ဆင်းရဲကလွတ်မြောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းပဲ။

အဲဒီအတွက် မြတ်စွာဘုရားမှာ အရည်အချင်းရှိသလားဆိုတာကို သိဖို့လိုတယ်။ သံသရာကလွတ်မြောက်ဖို့ဆိုတာ 'ဘာ့ကြောင့်သံသရာမှကျင်လည်ရလဲ၊ ဘယ်လိုလုပ်ရင်သံသရာကလွတ်မလဲ' ဆိုတာကိုသိမှ လွတ်မြောက်အောင်လုပ်ပေးနိုင်မယ်။ အဲဒီအတွက် သဘာဝတရားကို အမှန်တိုင်းသိဖို့လိုတယ်။ သဘာဝတရားအားလုံးကို အမှန်အတိုင်းသိသူဟာ လောကမှာ ဘုရားတစ်ဆူပဲရှိတယ်။ ဘုရားရဲ့အရည်အချင်းအားလုံးကို ဘုရားကလွဲပြီးဘယ်သူမှမသိနိုင်ဘူး။ ဘုရားဟောထားလို့အကျဉ်းချုပ်ကလေးသိရတာ။ ဒါကို ဘုရားဂုဏ်တော် (၉)ပါးလို့ ခေါ်တယ်။

အဲဒီဂုဏ်တော်(၉)ပါးကို ကျွန်တော်မြန်မာလို အကျဉ်းချုပ်ပြီးပြောမယ်။

၁။ နတ်၊ လူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်း။

၂။ သဘာဝတရားအားလုံးကို အမှန်အတိုင်းသိခြင်း။

၃။ အသိတရား၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူခြင်း။

၄။ ကောင်းသောစကားကိုသာပြောတော်မူတတ်ခြင်း။

၅။ လောကသုံးပါးကိုသိတော်မူခြင်း။

၆။ သတ္တဝါတို့ကို နိဗ္ဗာန်ပို့တတ်တဲ့လှည်းမှူးကြီးဖြစ်တော်မူခြင်း။

၇။ နတ်၊ လူတို့၏ ဆရာအစစ်ဖြစ်တော်မူခြင်း။

၈။ သစ္စာလေးပါးကိုသိတော်မူခြင်း။

၉။ ဘုန်းတော် (၆) ပါးနဲ့ပြည့်တော်မူခြင်း တို့ဖြစ်တယ်။

အဲဒီအထဲက သဘာဝတရားကို အမှန်အတိုင်း ခွဲခြမ်းစိတ်ဖြာပြီး သိခြင်းဆိုတဲ့အကြောင်းကို တစ်ခုပဲသာဓက ထုတ်ပြမယ်။ အဲဒါရှုပ်ရဲ့သဘာဝကို အပြည့်အစုံ ခွဲခြမ်းစိတ်ဖြာပြခြင်းပဲ။ ဘုရားတစ်ဆူပဲကိုယ်တိုင်သိပြီး ဒီလိုခွဲခြမ်းစိတ်ဖြာပြနိုင်တယ်။ ဒီအကြောင်းကို ဝိပဿနာကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရဲ့ ခုနစ်ရက်တရားစခန်းစာအုပ်က ထုတ်နုတ်ပြမယ်။

ရုပ်ရဲ့အစ မြူမှုန်ကတဲ့။ မြူမှုန်ကို ကြီးရှေ့ - ငယ်နောက်ဆိုပြီး လေးဆင့်ခွဲထားတယ်။ အကြီးဆုံးက ရထမြူလို့ ခေါ်တယ်။ ဖုန်တောထဲ မြင်းလှည်းဖြတ်မောင်းရင် ဖုန်ထမယ်။ ကိုယ်မှာလာကပ်မယ်။ မျက်စိကောင်းရင် တစ်မှုန်ချင်းတောင်မြင်ရမယ်။ အဲဒါရဲ့ သုံးဆယ့်ခြောက်စိတ်တစ်စိတ်စာကို တင္ခဏိမြူလို့ ခေါ်တယ်"

"ဘာနဲ့ခွဲမလဲ"

ဟု ဦးထွန်းကဖြတ်မေးပါသည်။

ကျွန်တော်က -

"မြတ်စွာဘုရားက ထူးတဲ့အသိဉာဏ်နဲ့ခွဲတယ်။ သိပ္ပံဆရာတွေက ခေတ်မီတဲ့ကိရိယာတွေနဲ့ခွဲတယ်။ သိပ္ပံဆရာတွေခွဲတဲ့အကြောင်းကို ပြီးမှပြောမယ်။ ကျွန်တော်တို့ကတော့ စိတ်နဲ့ပဲခွဲလိုက်ကြရအောင်။

အဲဒီတင္ခဏိမြူကို ဒီအတိုင်းမမြင်ရဘူး။ မနက်နေတက်ချိန် နေရောင်ခြည်လာရာဘက်က အိမ်ပြတင်းပေါက်ကို ဖွင့်လိုက်ရင် နေရောင်ခြည်ထိုးဝင်လာမယ်။ အဲဒီနေရောင်ခြည်ထဲမှာမြင်ရတဲ့ လက်လက်လက်လက်နဲ့မြင်ရတဲ့မြူမှုန်ပဲ။ အဲဒါရဲ့ သုံးဆယ့်ခြောက်စိတ်တစ်စိတ်စာကို အဏုမြူလို့ခေါ်တယ်။အဲဒါကိုတော့ အင်မတန်အင်အားကြီးတဲ့ မှန်ဘီလူး၊ မှန်ပြောင်းတွေနဲ့ကြည့်မှပဲ မြင်ရတယ်။ အဲဒါရဲ့သုံးဆယ့်ခြောက်စိတ်တစ်စိတ်စာကို ပရမာဏုမြူလို့ခေါ်တယ်။ အဲဒါကျတော့ ဘာနဲ့မှကြည့်လို့ မမြင်တော့ဘူး။ မြတ်စွာဘုရားက ထူးခြားတဲ့ဉာဏ်တော်နဲ့မြင်တာ။ ဒါကို မြတ်စွာဘုရားက အရှိန်အဟုန်လို့ ဟောတော်မူတယ်"

"မမြင်ရတာလည်း ရုပ်ပဲလား"

ဟု ဦးထွန်းက ဖြတ်မေးပြန်ပါသည်။

ကျွန်တော်က -

"အသိမရှိတာမှန်သမျှဟာ ရုပ်ပဲ။ အသံကို၊ အနံ့ကို၊ အရသာကို မမြင်ရဘူး။ ဒါပေမယ့် အဲဒါတွေဟာရှိနေတယ်လို့ သိတဲ့ရုပ်ပဲ။

အဲဒီပရမာဏုမြူထဲမှာ ဓာတ် (၈) ပါးပါတယ်။ ဓာတ်ဆိုတာ သတ္တဝါမဟုတ်ဘူး။ ပြုလုပ်ဖန်တီးထားတာမဟုတ်ဘူး။ သူ့သဘောသူဆောင်နေတဲ့သဘာဝတရားလို့ အဓိပ္ပာယ်ရတယ်။ အဲဒီဓာတ်(၈)ပါးကို မဟာဘူတ်ဓာတ်ကြီး (၄) ပါး၊ မှီငြမ်းဓာတ်(၄)ပါးဆိုပြီး နှစ်ပိုင်းခွဲထားတယ်။ မဟာဘူတ်ဆိုတာ အလွန်အမင်းကြီးကျယ်ပြီး အံ့သြဖွယ်တည်ရှိခြင်းလို့အဓိပ္ပာယ်ရတယ်။မမြင်ရလောက်အောင် သေးငယ်တာကို ဘာလို့ဒီလိုပြောရသလဲဆိုရင် အဲဒီမြူမှုန်တွေနဲ့ ဒီကမ္ဘာကြီးကိုဖွဲ့စည်းထားတာပဲ။ ကျွန်တော်တို့မျက်မှောက်မှာ ဒီကမ္ဘာထက်ကြီးကျယ်တာရှိသေးသလား။ ပြီးတော့ အံ့သြဖွယ်ရာ တောင်ထွတ်ကြီးတွေ၊ သမုဒ္ဒရာကြီးတွေ တည်ရှိနေတယ်မဟုတ်လား။

မဟာဘူတ်ဓာတ်ကြီး (၄) ပါးကို ပါဠိလို ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော တဲ့။ ဗမာလို မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီး (၄) ပါးဆိုတာပေါ့။ ပထဝီရဲ့ သဘောက အစိုင်အခဲ၊ အခြားဓာတ်များရဲ့တည်ရာမှီရာ၊ မာခြင်း၊ ပျော့ခြင်း။ အာပေါက ယိုစီးခြင်း၊ ဖွဲ့စည်းခြင်း။ ဝါယောက ထောက်ကန်ခြင်း၊ ဖိညှစ်ခြင်း၊ တွန်းကန်ခြင်း။ တေဇောက ပူခြင်း၊ အေးခြင်း၊ ရင့်ကျက်စေခြင်းသဘောတို့ ဖြစ်တယ်။

မှီငြမ်းဓာတ်လေးပါးဆိုတာ ပါဠိလို ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့ ဖြစ်တယ်။ ဗမာလို အဆင်းသဏ္ဌာန်၊ အနံ့၊ အရသာ၊ ဩဇာသတ္တိတို့ ဖြစ်တယ်။ ဩဇာသတ္တိဆိုတာ အကောင်းကိုဖြစ်စေ၊ အဆိုးကိုဖြစ်စေ အကျိုးတစ်ခုကိုဖြစ်စေတယ်။

အဲဒီ ဓာတ် (၈) ပါးဟာ ခွဲလို့မရဘူး။ တစ်ခုနုတ်လိုက်ရင် ကျန်တာမရှိတော့ဘူး။ ဥပမာ မြေဓာတ်ကို နုတ်လိုက်ရင် သူ့သဘောက အခြားဓာတ်များရဲ့ တည်ရာမှီရာဖြစ်လို့ သူမရှိရင် ကျန်တာမရှိနိုင်တော့ဘူး။ အာပေါကလည်း သူကစုစည်းပေးထားလို့၊ ဝါယောကလည်း မပြိုကွဲအောင် သူကဖိညှစ်ထားလို့၊ တေဇောကလည်း ခိုင်မာအောင် သူက ရင့်ကျက်စေထားလို့။ ဒါကြောင့် တစ်ခုမရှိရင် ကျန်တာမရှိတော့ဘူး။ သူတို့မရှိရင် မှီငြမ်းဓာတ်လည်း အလိုလိုမရှိတော့ဘူးပေါ့။

အဲဒီဓာတ်(၈)ပါးဟာ ဖောက်ပြန်တတ်တဲ့သဘောရှိတဲ့အတွက် အလျင်အမြန် အရှိန်အဟုန်နဲ့ဖောက်ပြန်ပျက်စီးနေတယ်။ ဘယ်လောက်မြန်သလဲဆိုရင် တစ်စက္ကန့်ကို ကုဋေငါးထောင်ပိုင်းလိုက်ရင် တစ်ပိုင်းဟာ ရုပ်ရဲ့သက်တမ်းပဲ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်းတရားလေးပါးနဲ့ ချက်ချင်းပြန်ပြီးအစားထိုးဖြစ်နေတာမို့ပျက်မှန်းမသိရဘူး။

ကဲ- ဒီနေ့ ဒါလောက်နဲ့ နားဦးစို့။ သိပ္ပံဆရာတွေရဲ့ ခွဲစိတ်ပုံကို မနက်ဖြန်မှပြောရအောင်"

ချောင်းဆံုးသူငယ်

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသော)

လိုအပ်သူများအတွက်သာ

ကိုတိုး -
မော်လမြိုင်မြို့ -

စာထည့်တာ ရောက်ပါတယ်။ ဒါပေမယ့် ထည့်လာတဲ့စာထဲမှာ တစ်ပတ် အတွင်းပြန်ပို့ပေးပါဆိုတော့ ပို့တော့ ပြန်ပို့ချင်ပါတယ်။ အဲဒီလောက်တော့ မအားပါဘူးခင်ဗျ။ ကျွန်တော်လည်း စာရေးရတဲ့အလုပ်ရှိပါတယ်။ ဧည့်သည် တွေနဲ့တွေ့ရတဲ့အလုပ်လည်းရှိပါတယ်။ ရက်အကန့်အသတ်နဲ့ကျတော့မဖြစ်နိုင် တော့လို့ပါ။ ဘုရားသွားပြီး အဓိဋ္ဌာန် ပုဂီးတွေစိပ်ရတာကလည်း တစ်နေ့ကို လေးနာရီလောက် အချိန်ယူရပါတယ်။ အခု ဒီနေရာကနေစာပြန်လိုက်ပါတယ်။

အိမ်မှာ ကလေးက တနင်္လာရှိနေ လို့ ငှက်ကျွေး၊ ခွေးကျွေးလို့မရဘူးဆိုတာ မဟုတ်ပါဘူး၊ မဆိုင်ပါဘူး။ ကျွေးလို့ ကလေးကိုသွားပြီးမထိခိုက်ပါဘူး။ ကျွေး ပါ။ ရပါတယ်။ ကလေး တနင်္လာနဲ့ ခွေး ကျွေး၊ ငှက်ကျွေးတာ ဘာမှမဆိုင်ပါဘူး။ ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တချို့လည်းမေးကြပါတယ်။ အိမ်က အမေက တနလ်ာဖြစ်နေတော့ ငှက်တွေဘာတွေကျွေးလို့ရပါ့မလားဆိုပြီး ရပါတယ်၊ မဆိုင်ပါဘူး။ ဟိုးတုန်းက ကျွန်တော်ခဏခဏရေးခဲ့ဖူးပါတယ်။ ခွေးကျွေးတဲ့အခါ မိဘနဲ့သင့်ပစ္စည်းကို ခင်းမကျွေးရဘူးဆိုတာ ပြန်ရှာကြည့်ရင် တွေ့ပါလိမ့်မယ်။ အဲဒါသာရှောင်ရတာပါ။

ဒါတောင်မှ ယတြာသဘောနဲ့ ကျွေးမှုပါ။ တချို့ဆို ခွေးလေးတွေကို အိုးကြီးအိုးငယ်နဲ့ ထမင်းဟင်းတွေထည့်ပြီး ဖက်တွေခင်းပြီးကျွေးကြသူတွေတွေ့ဖူးပါတယ်။ ဒါက ကုသိုလ်ပိုင်းပါ။ အဲဒါကျ ယတြာမဟုတ်တော့လို့ ဘာနဲ့ခင်းခင်းပြောစရာမလိုတော့ပါဘူး။ ခုကိုတိုးပြောတာကတော့ ကျွေးလို့ရပါတယ်။ ဘာမှထိခိုက်စရာအကြောင်းမရှိပါဘူး။ စိတ်ထဲမှာ သန္ဓါတရားနဲ့ မေတ္တာစိတ်အပြည့်နဲ့ကျွေးတာပဲ ရပါတယ်။

❑

မချစ်ချစ် -
ရေနံချောင်းမြို့ -

ဒေါ်ကြော့ကို အနောက်တောင်အရပ်မှာ နှင်းဆီပန်းတစ်ပွင့်တည်းထိုးထားခိုင်းလိုက်ရုံနဲ့ ဒေါ်ကြော့ မတောင့်မတ မကြောင့်မကြနေသွားရတာမျိုး မချစ်ချစ်လည်း လုပ်မယ်ဆိုရပါတယ်။

ဝုဒ္ဓဟူးနေ့တစ်ရက်ကို ရွေးပါ။ မနက် (၁၀)နာရီခွဲကနေ (၁၂)နာရီကြားမှာ နှင်းဆီပန်းကိုထားပါ။

အိုးလှလှလေးတစ်လုံးထဲကို ရေထည့်ပြီး နှင်းဆီပန်းလေးတစ်ပွင့်ထိုးထားပါ။ မည်းပါစေနဲ့။ နွမ်းတာနဲ့ အသစ်လဲပေးပါ။ နှင်းဆီပန်းစထိုးတဲ့နေ့မှာ အနိုင်စကားတွေမပြောမိအောင်တော့ သတိထားပါ။ ညည်းသံညူသံလေးနည်းနည်းလျှော့ထားပါ။ အပူမကူးပါစေနဲ့။

စထိုးတဲ့နေ့သာ အချိန်တွေ အခါတွေနဲ့ စီရင်ရတာဖြစ်ပေမယ့် နွမ်းလို့ အသစ်လဲရင် အချိန်အခါမလိုပါဘူး။ အဆင်ပြေသလို အသစ်လဲပါ။ နှင်းဆီပန်းအစစ်ပဲဖြစ်ရပါ့မယ်။ ပလတ်စတစ်နှင်းဆီပန်း၊ စက္ကူနှင်းဆီပန်းမရပါဘူး။ အတုမလုပ်ပါနဲ့။

❑

မရတနာလှိုင် -
အောင်ပန်းမြို့ -

သူများတွေကို နာမည်နဲ့လိုက်အောင် ရတနာကျောက်တွေဝတ်ခိုင်းတာ၊ ဥပမာ - သန္တာမြင့်ဆိုရင် သန္တာကျောက်ကို နားနှစ်ဖက်မှာပန်ခိုင်းတာတို့၊ နီလာမြင့်၊ နီလာအောင်ဆိုရင်လည်း နီလာကျောက်ကို နားမှာပန်ခိုင်းတာရှိတယ် ဟုတ်ပါတယ်။

သမီးက ဘယ်လိုရတနာမျိုးကို နားမှာပန်ရမလဲ ဒါမှမဟုတ် ဆွဲသီးဆွဲရမလဲဆိုပြီး အကြံတောင်းလို့ အကြံပြုရမယ်ဆိုရင် -

သမီးက ဘယ်လိုရတနာကျောက်ဖြစ်ဖြစ် များများဝတ်ရင်ရပါတယ်။ ရတနာတွေပေါများကြွယ်ဝတဲ့အဓိပ္ပာယ်ပါ။

ဒါပေမယ့် အကောင်းဆုံးကတော့ အဲဒီလိုကျောက်မျက်ရတနာတွေထက် စာရင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာမြတ် (၃)ပါးကိုလှိုက်လှိုက်လဲ့လဲ့ကြည်ညိုပါ။သရဏဂုံ (၃)ပါးကို သေချာအာရုံပြုကြည်ညိုပြီး ပုတီးစိပ်ပါ။ စားလည်း သရဏဂုံ၊ သွားလည်း သရဏဂုံ၊ အလုပ်လုပ်နေရင်းနဲ့လည်း သရဏဂုံကို အာရုံပြုနိုင်သလောက် ပြုပြီး ပါးစပ်ကပါရွတ်ဖတ်ကြည်ညိုနေပါ။ အိပ်မပျော်ခင်လည်း သရဏဂုံကိုပဲ နှလုံးသွင်းပြီးရွတ်နေပါ။ အာရုံပြုကြည်ညိုနေပါ။ ဒါဆို ရတနာတွေလှိုင်နေတဲ့သဘောပါပဲ။ ကျောက်မျက်ရတနာလှိုင်နေအောင်ဝတ်ထားတာထက် ရတနာမြတ် (၃)ပါးဂုဏ်ကျေးဇူးတော်ကို စားရင်း၊ သွားရင်း၊ နေရင်းထိုင်ရင်း၊ လျောင်းထိုင်ရပ်သွားမှာ ရွတ်ဖတ်ကြည်ညိုနေတာက ပိုမြတ်ပါတယ်။ ရတနာမြတ် (၃)ပါးပဲလွှမ်းနေပါစေ။ သမီးဆန္ဒတွေထူးထူးခြားခြားပြည့်လာပါလိမ့်မယ်။

❑

ကျော်ကျော်ဝင်း -
ပုသိမ်မြို့ -

ဒီလိုမေးတာနဲ့ပတ်သက်ပြီး ခဏခဏအကြံပြုရေးပြခဲ့တာ အကြိမ်ပေါင်းမရေမတွက်နိုင်တော့ပါဘူး။ ပြန်ရှာဖတ်ကြည့်ပါ။ တနလ်ာသားမို့ ဗုံလုံသီး၊ ဖလတောင်ဥ၊ မရမ်းသီး၊ မလိုင် မစား ဆိုတာ ဟိုးတစ်ဖက်စွန်းရောက်သွားပြီ။ မဆိုင်ပါဘူး။ အစားအသောက် အစားအသောက်လိုပဲစားပါ။ ပန်းသီး လိမ္မော်သီးရောစားလည်း ဘာမှမဖြစ်ဘူး။ သဘာဝကို သဘာဝလိုပဲခြင့် ပကတိကို ပကတိအတိုင်းပဲမြင်ပါ။ မှမဖြစ်ပါဘူး။ စားပါ၊ ရပါတယ်။ ထူးခြားခြားပြုလုပ်ရတဲ့ကိစ္စဆိုရင်သာ သတိထားရတာဖြစ်ပါတယ်။ အရင်က ခဏအကြိမ်ပေါင်းမနည်းရေးပြခဲ့ဖူးတယ်။ စောလှ-လှေဆန်ဆိုတာ ဝိတ်နဲ့သာဆိုင်ပါတယ်။

ဒီလိုဆို မင်းလှမှာနေတဲ့ တနလ်သားသမီးတွေ မုံရွာတို့၊ မန္တလေးပြလို့တို့၊ ပင်လောင်းတို့မှာနေတဲ့ တနလ်သားသမီးတွေဆိုရင် ခက်သွားမှာပေါ့ မဆိုင်ဘူး။ သူမြို့သူဒေသမှာနေနေသူဟာ ပကတိပဲ၊ ဝိကတိမဟုတ်ဘူး မင်းလှနေတဲ့သူက မုံရွာသွားလည်း မှမဖြစ်ပါဘူး အများပိုင်ပဲ။ တစ်ခုနှိုက အဲဒီလို နံတွဲမြို့ရွာဒေသတွေစီးပွားသွားရှာမယ်ဆိုရင် အခက်အခဲကြုံရတတ်တဲ့သဘောကို ပြောတာဖြတ်သွားဖြတ်လာ ဘာမှမဖြစ်ပါဘူး ခဏတစ်ဖြုတ်သွားလည်း ဘာမှမဖြစ်ဘူး။အကြံအစည်ပြုရင်သာ အခက်အခဲဖြစ်တဲ့သဘောပါ။

ခုနပြောတဲ့စားတာ သောက်တာတွေနဲ့ကျ မဆိုင်တော့ပါဘူး။

❑

ဦးစံဝင်း -
မန္တလေးမြို့ -

ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်။ ဦးစံဝင်း မေတ္တာပို့သသလို ဦးစံဝင်းမိသားစုလည်း ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာပြည့်စုံပါစေ မေတ္တာပို့တယ်။ ရေးတဲ့စာလေးတွေဖတ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

သရဏဂုံ - ၃၀ အပြင် တခြားမစိပ်ဘဲ အဲဒီသရဏဂုံ-၃၀ကိုပဲ တစ်မတ်မတ်စိပ်ဖို့ လေးလေးစားစားအကြံပါရစေ။

ဟုတ်ကဲ့ - ပြောလေ့တော့မရှိဘူး။ ဒါပေမယ့် ဦးစံဝင်းကလည်း အတတကယ်သိချင်နေတော့ ကျွန်တော်ပြောလိုက်ပါ့မယ်။

ကျွန်တော်တို့ပြောနေကျခံကားပါတယ်။ ရှင်ဥပဂုတ္တမထေရ်အရှင်ဥတကြီးရဲ့စံကျောင်းတော်၊ ဂုဏ်သီလရုဟန်မထေရ်အရှင်မြတ်ကြီးရဲ့စံကျောင်းတော်

www.burmeseclassic.com

ဆိုတာရှိပါတယ်။ အဲဒီလိုစံကျောင်းတော်တွေမှာ ရွှေသင်္ကန်းကပ်ပူဇော်တာ ခုဆိုရွှေဆေးနဲ့ပူဇော်တာ အဲဒီလိုပူဇော်ပါ။ စံကျောင်းတော်လင်းနေအောင်၊ လှပ်စစ်မီးလင်းနေအောင်၊ ဝင်းနေအောင် ပူဇော်ပေးပါ။ ကြုံတဲ့နေရာမှာ ကြုံသလို ပူဇော်ပါ။ ဒါ ဦးစံဝင်း သိပ်သိချင်နေတဲ့ ပညာခန်းပါပဲ။

ကျေးဇူးတင်ပါတယ်။

❑

ဒေါ်လှ -
ပန်းတနော် -

ဘုရားဆောင်ကမီးလုံး လင်းအားကောင်းတာကိုလဲပြီးပူဇော်ပြီးတဲ့နောက် ပိုင်း ကျန်းမာရေးကောင်းလာတယ်၊ သားသမီးတွေနဲ့ ပိုပြီးအဆင်ပြေလာတယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်။

ရပါတယ်၊ ဒေါ်လှရဲ့မိတ်ဆွေတွေကိုလည်း ဒီလိုပူဇော်ဖို့ပြောပေးလိုက်ပါ။ သူတို့လည်း ကျန်းမာရေးတွေကောင်းပြီး မိသားစုပျော်ရွှင်ချမ်းမြေ့မှာပါ။ ကိုယ်က ပြောပေးလိုက်ရင် ကိုယ်လည်းကုသိုလ်ရသလို သူတို့အတွက်လည်းအကျိုးရှိလို့ ပြောပေးလိုက်ပါ။

ဟုတ်ကဲ့ - ကလေးငိုတာ ဆွဲဆွဲငင်ငင် အူတူတူအသံမျိုးကြီးနဲ့ငိုနေတတ်တာကတော့ မကောင်းပါဘူး။ တစ်ခါဆွဲဆွဲငင်ငင်ငိုရင် ဆယ့်ငါးမိနစ်လောက်ကြာတယ်ဆိုတော့ ဒေါ်လှပြောတဲ့ ဒေါ်လှရဲ့ညီမမြေးလေးဟာ သုံးနှစ်သားလောက်ပဲရှိသေးတယ်။ ငိုင်းမချော့ကြဘူးလား။ ဒီအရွယ်လေးက ငိုင်းချော့ရမှာပါ။ သူမြတ်နိုးတဲ့ ကစားစရာလေးတွေပေးထားပါ။ ရိုက်စရာမလိုပါဘူး။ အကြမ်းပတမ်းဆုံးမရမယ့်အရွယ်လေးလည်း မဟုတ်ပါဘူး။ ဒါဒီလိုငိုတာကို စောစောက အလိုလိုက်ပြီးခွင့်ပြုထားကြပါလိမ့်မယ်။ ဒါကြောင့် တဖြည်းဖြည်းနဲ့ ငိုတတ်သွားတာနေမှာပါ။ ကလေးသဘာဝ ချော့ရင်ရပါတယ်။

မြင်ဖူးပါတယ်။ ဟုတ်ပါတယ်၊ ဒေါ်လှပြောသလိုပါပဲ။ အဲဒီလို ဆွဲဆွဲငင်ငင်အူတူတူအသံနဲ့ ငိုတတ်တဲ့ကလေးရှိတဲ့အိမ်မှာ သူ့ဘိုးအေတွေ၊ဘွားအေတွေအင်မတန်မှ ချူချာကြပါတယ်။ မိဘတွေလည်း ဘာမှလုပ်လို့ကိုင်လို့ အဆင်မပြေကြပါဘူး။ သူတို့ကတော့ ဘွားအေက အရမ်းအလိုလိုက်လွန်းတာကနေစပြီး ကလေးက အဲသလိုဖြစ်သွားတာပါ။ ကလေး အဲသလိုဖြစ်လာတော့မှ သူ့

ကြောင့်လိုလိုကိုယ့်ကြောင့်လိုလိုတွေဖြစ်ကုန်တာပါ။

ခုနပြောသလိုမျိုး ကလေးကို မရရအောင်ပြုပြင်ပေးလိုက်တာတောင်မှ ဘိုးအေ၊ ဘွားအေ ခုထိကုနေရတုန်းပါ။ မိဘတွေကတော့ နည်းနည်းအဆင်ပြေစပြုလာပါပြီ။

ကလေးသဘာဝအတိုင်း ဝါးခနဲငိုတာ ဘာမှမဖြစ်ပါဘူး။ ဒီလို ဆွဲဆွဲငင်ငင်နဲ့ အသံကလှိုင်ပြီး ဒေါ်လှ တင်စားပြတဲ့ပုံစံမျိုးငိုတာဆိုရင်တော့ ရအောင်ချော့ပါ။ မဖြစ်သင့်တာတွေမဖြစ်တော့ဘူးပေါ့။

❑

မချိုချိုလင်း -
စစ်ကိုင်း -

ဘုရားရှင်ကို သောက်တော်ရေကပ်ပြီး ယပ်တော်သွင်းပူဇော်တာ ဘယ်လိုပူဇော်ပူဇော်ရပါတယ်။ ကိုယ်ကြည်ညိုတာပဲလေ၊ ပူဇော်ပါ။ ကျောင်းဆောင်အပြင်ကမို့ ပူဇော်လို့မရဘူးဆိုပြီး ပြောကြတာကိုနားယောင်ပြီး မပူဇော်ရင် ကိုယ်ပဲကုသိုလ်မရတာရှိမယ်။ ဘာမှအကျိုးမရှိပါဘူး။ ပြောတဲ့သူမပူဇော်ချင်ရင်နေပါစေ။ ဒါကသူ့ဆန္ဒပါ။ ကိုယ်ကယုံယုံကြည်ကြည်နဲ့ ပူဇော်ပါ။ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတော်တွေကို ဦးထိပ်ထားအာရုံပြုကြည်ညိုပြီး ယပ်တော်ကို တစ်ချက်ချင်းသွင်းပူဇော်ပါ။ ဖြည်းဖြည်းပူဇော်ပါ။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားလှတဲ့ ဆရာတော်ဘုရားကြီးများကို ဆွမ်းကပ်လှူပူဇော်တဲ့အခါ ဘေးနားက ယပ်ဖြည်းဖြည်းလေးခပ်ပြီး ကြည်ညိုနေသလိုမျိုးပေါ့။

ချိုချိုလင်းရဲ့အစ်မကိုလည်း ဒီလိုပဲ ယပ်တော်သွင်းပူဇော်ခိုင်းပါ၊ ရပါတယ်။ ငေးလဲတဲ့နေရာတစ်နေရာမှာ နေထိုင်ကြသူတွေဆိုရင် တချို့ ဓာတ်ပုံကို ခေါင်းရင်းမှာပူဇော်ထားရသူတွေရှိကြပါတယ်။ အဲဒီဓာတ်ပုံပုံတော်ကို အာရုံပြုကြည်ညိုပြီး ယပ်တော်သွင်းပူဇော်ရင်း အောင်မြင်လာကြတဲ့သူတွေများနေပါပြီ။ ဂုဏ်ကျေးဇူးတော်တွေကိုကြည်ညိုပြီး နှလုံးသွင်းပြီးပူဇော်ပါ။ ဓာတ်ပုံရယ်လို့ မကြည့်ပါနဲ့။

ဒီနေ့ပူဇော်ရင် မနက်ဖြန်ဆိုနှစ်ရက်ရပါပြီ။

မပူဇော်သေးရင် ဘာမှမရသေးပါဘူး။

ဒါကြောင့် ပူဇော်လို့မရဘူးဆိုတာ နားယောင်ပြီး မပူဇော်ဘဲမနေပါနဲ့။ လိုက်လိုက်လဲလဲကြည်ညိုပြီး ပူဇော်ပါ။

❑

မငြိမ်း -
ကျောက်ပန်းတောင်း -

ဆိုင်ခန်းအရှာခက်နေတဲ့ကိစ္စက မငြိမ်းကိုယ်တိုင်လည်း နေရာရွေးနေလို့ဆိုတာ မငြိမ်းစာထဲမှာပါပြီးသားပါ။

အဆင်ပြေပြေနေရာလည်းဖြစ်တယ်။လူလည်း စည်ကားတယ်၊ ပစ္စည်းတွေထားလို့သိုလို့ အဆင်လည်းပြေတယ်ဆိုရင် အရမ်းကြီးစဉ်းစားမနေပါနဲ့။

ဒီလိုမှမဟုတ်ဘဲ သိပ်ခက်ခဲနေသေးရင် -

သောကြာနေ့တစ်ရက်ကိုရွေးပါ။ တစ်နေ့ခင်းလုံး အဆင်ပြေတဲ့အချိန်တွေမှာ ခွေးကျွေးပါ။ တစ်နေကုန်နီးပါး ခွေးကျွေးပါ။ တစ်ရက်၊ နှစ်ရက်အတွင်း ဆိုင်ရသွားပါလိမ့်မယ်။

❑

လိုအပ်နေတဲ့ကွက်လပ်လေးတွေကို ဖြည့်ပေးလိုက်တာဖြစ်ပါတယ်။

အခုဖြေပေးထားတဲ့ပုဂ္ဂိုလ်တွေမေးထားကြတာလေးတွေက အများသူငါအကျိုးရှိပြီး လိုအပ်ရင်ပြုလုပ်လို့ရတာတွေသာဖြစ်ပါတယ်။ အန္တရာယ်ရှိသွားစေနိုင်တာမျိုးတွေမရှိပါဘူး။

ဒါကြောင့် စုပေါင်းပြီး အကြံပြုပေးလိုက်ပါတယ်။

တူရာတူရာလေးတွေကိုစုပြီးအကြံပြုရတာမို့ အချိန်နည်းနည်းယူရတာကို မေတ္တာအပြည့်အဝနဲ့ နားလည်ပေးပါလို့ -

မေတ္တာစကားပြောကြားရင်း -

ဆရာဦးမောင်မောင်သန့်
(ခင်ကိုအေးမြေလေး)

www.burmeseclassic.com

www.burmeseclassic.com

သူကြီးဦးဘိုးဒင်သည် ခံတက်အရွေ့ရှား၊ အနောက်ရှာ၊ ကံသစ်ကုန်း၊ သစ်ချိုကုန်း၊ ယင်းမာကုန်းရွာများကို အုပ်ချုပ်ခွင့်ရသည်။

သံတောနှင့်မုန်းတောနှစ်ရွာသည် အိမ်နီးချင်းမြို့နယ်တစ်ခုမှရွာများဖြစ်ပြီး ထိုရွာသူရွာသားများဆန္ဒအရ အုပ်ချုပ်ခွင့်ရပါသည်။

သီပေါမင်းလေးပါတော်မူပြီးနောက် အင်္ဂလိပ်များအုပ်ချုပ်နေချိန်ဖြစ်ပါ၏။

သူကြီးဦးဘိုးဒင်အိမ်ဝိုင်းက နှစ်ကေနီးပါးကျယ်သည်။ ခံတက်အနောက်ရွာအလယ်ဝိုင်းမှာရှိ၏။ အုတ်ဖိနပ်ခံပျဉ်ထောင်သွပ်မိုးနှစ်ထပ်အိမ်ကြီး ဖြစ်ပါ၏။ အပေါ် ထပ်တစ်ခုလုံးပျဉ်ချပ်များကာရံထားသော်ငြား အောက်ပိုင်းတစ်ခုလုံး ဟာလာဟင်းလင်းဖြစ်၏။တန်းလျားနှစ်ချပ်၊ စားပွဲတစ်လုံး၊ ဗီရိုတစ်လုံးနှင့် အညာပက်လက်ကုလားထိုင်တစ်လုံးတို့ အောက်ထပ်မှာရှိသည်။

အညာကုလားထိုင်၏အနီးတွင် အသားစားပွဲဝိုင်းအသေးလေးတစ်လုံးထားသည်။ သူကြီးဦးဘိုးဒင်က အညာကုလားထိုင်လေးမှာ အမြဲထိုင်ပြီး စားပွဲဝိုင်းလေးပေါ်မှ ရေနွေးကြမ်းနှင့် အမဲခြောက်ကြော်များကို နှစ်သက်စွာစားသောက်နေတတ်ပါ၏။

စားပွဲဝိုင်းသေးသေးလေးနောက်မှာ တပည့်လက်ဝါးကြီးက အမြဲရပ်လျက် အနေအထားဖြင့် သူကြီးဦးဘိုးဒင်လိုအပ်သမျှ လုပ်ကိုင်ပေးသည်။ လက်ဝါးကြီးလက်ထဲမှာ ဝါးရင်းတုတ်အတိုတစ်ချောင်းကိုင်ထားလေ့ရှိသည်။

အပေါ် ထပ်ပျဉ်ချပ်များကို ရေနံချေးများဖြင့် မွှေးအိနေအောင်သုတ်ထားသည်။ ထို့အတူ အိမ်ဝိုင်းအဝင်တံခါးကြီးကိုလည်း ပျဉ်ချပ်များဖြင့်ပြုလုပ်ထားပြီး ရေနံချေးများထူပြီးနေအောင်သုတ်ထားပြန်သည်။

ဝါးဝင်းထရံအမြင့် လက်ခုပ်တစ်ဖောင်ဖြင့် ကာရံထားသည်။

အိမ်ဝိုင်းမြေပြင်တစ်ခုလုံး အမှိုက်သစ်ရွက်မရှိ။ အစဉ်သဖြင့်သန့်ရှင်းနေပါသည်။

သူကြီးဦးဘိုးဒင်က ရွှေစလွယ်ရခြောက်လုံးပြူးသေနတ်၊ နှစ်လုံးပြူးသေနတ်ကိုင်ဆောင်ခွင့်ရသူ ဖြစ်သည်။

သူကြီးကို အသံမဖေးဘဲ အိမ်ဝိုင်းတွင်းဝင်လာငြားအံ့ ထိုသူသည် လက်ဝါးကြီး၏ဝါးရင်းတုတ်တိုဖြင့် ပစ်ပေါက်ခြင်းခံရမည်။ ဝင်ခွင့်ရသော် အိမ်ဝင်ပေါက်မှာ ဖိနပ်ချွတ်ထားခဲ့ရသည်။ ဖိနပ်မချွတ်မိ စီးနင်းဝင်လာခဲ့မိသော် ဝါးရင်းတုတ်ဖြင့်ပေါက်ခြင်းခံရမှာ သေချာသည်။

သူကြီးဦးဘိုးဒင်အိမ်ဝိုင်းကား အဟန့်ကြီးသည်။ အရှိန်ကြီးသည်။ တော်ရုံတန်ရုံလူ မဝင်ရဲမထွက်ရဲ။

ဦးဘိုးဒင်တွင် မိန်းမလေးယောက်တရားဝင်ယူထားသည်။

သူကြီးကတော်လေးယောက်ပင် ဦးဘိုးဒင်ရှေ့လာလျှင် ခပ်လှမ်းလှမ်းမှာ ဖိနပ်ချွတ်ထားခဲ့ပြီးမှလာရသည်။

ပထမမယား၊ ဒုတိယမယားနှစ်ယောက်က ညီအစ်မအရင်းဖြစ်လျက် ခံတက်အနောက်ရွာသူများ ဖြစ်သည်။ တတိယမယားက ယင်းမာကုန်းရွာသူ၊ စတုတ္ထမယားအငယ်ဆုံးက သံတောရွာသူဖြစ်သည်။

နှစ်ထပ်အိမ်ကြီးနှင့် ကပ်လျက် အနောက်ဘက်မှာ ကပ်မိုးကပ်ကာအုတ်ဖိနပ်ခံ နှစ်ခန်းသုံးခန်း မီးဖိုဆောင်ရှိ၏။ မီးဖိုဆောင်ရှေ့မနီးမဝေးတွင် ရေတွင်းတစ်လုံးရှိ၏။

မယားလေးယောက် မတည့်မရှိ၊ အစဉ် ချစ်ချစ်ခင်ခင် အတူနေကြ၏။ လုပ်ဆောင်ဖွယ်ရာ၊ ဆောင်ရွက်စရာရှိလျှင် အတူတူလုပ်ကြကိုင်ကြရ၏။

မီးဖိုဝင်အတူတူချက်ကြပြုတ်ကြရ၏။ အဝတ်အတူလျှော်ကြရ၏။

ဦးဘိုးဒင် ပွဲတက်သွားရာတွင် အလှည့်ကျလိုက်ပါခွင့်ရပါသည်။

သူကြီးဦးဘိုးဒင်သည် အသက် ငါးဆယ်မျှသာရှိသေး၏။ လွန်စွာချောမော၏။ အသားအရေဖြူစင်၏။ နက်မှောင်သောမျက်ခုံး၊ တောက်ပသောမျက်လုံးများရှိ၏။ ကိုယ်ကာယလွန်စွာထွားကျိုင်းသန်မာကျစ်လျစ်သည်။

အထူးသဖြင့် ဆံပင်အုပ်ကောင်းသည်။

သွေ့ာင်တစောင်းဖြင့် လွန်စွာခံညားကြည့်ကောင်းသူ ဖြစ်ပါသည်။ သို့သော် သူကြီးဦးဘိုးဒင်ပြုံးလာလျှင် အလွန်ကြောက်စရာကောင်းပါ၏။

တစ်စုံတစ်ခု ရက်စက်မှုပြုချင်လာလျှင် မျက်နှာက တဖြည်းဖြည်းပြုံးလာတတ်၏။ မတရားမှုကိုမကြိုက်။ တရားခြင်းကိုသာ နှစ်ခြိုက်သူဖြစ်ပါ၏။

ရွာသူရွာသားများအားလုံး ခင်ကြောက်ရိုသေကြသည်။

သူကြီးတပည့် လက်ဝါးကြီး အသက် (၁၆) နှစ်ဝန်းကျင်မျှရှိ၏။ အသားမည်း၏၊ နဖူးမောက်၏။ ကာယထွားကျိုင်းခြင်းက အရွယ်နှင့်မလိုက်အောင်ပင်။

ထို့ထက် လက်ဝါးကြီးက နားရင်းမဟုတ်။ သူညာလက်ဖဝါးသည် တကာထက်ကြီး၏။ လက်မက ထောင့်အပြားကြီး၏။ ပုံမှန်အစားမဟုတ်။ သို့ဖြစ်၍ လက်ဝါးကြီး အမည်ရ၏။ အမည်တွင်ပါ၏။

လက်ဝါးကြီးသည် ခုနစ်ရွာသားမဟုတ်။ ဒေသသားမဟုတ်ပါချေ။

သူကြီးဦးဘိုးဒင်အတွက် လက်ဝါးကြီးသည် စိတ်ချရသူဖြစ်၏။ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်ဝင်း
(လှတော)

ခုနစ်ရွာသူကြီးဦးဘိုးဒင်နှင့်
သူ့တပည့် လက်ဝါးကြီး

www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်၏။ အလိုသိသူဖြစ်ပါ၏။

မည်သူနှင့်မျှ ဆက်ဆံရေးမပြေ ပြစ်မကောင်းဘြား လက်ဝါးကြီးသည် ဦးဘိုးဒင်အတွက် ပြေပြစ်ညက်ညောသူ ဖြစ်ပါ၏။

သူကြီးဦးဘိုးဒင်သွားလေရာသို့ လက်ဝါးကြီးပါ၏။

နှစ်ထပ်အိမ်ကြီးနောက်ခြံစည်းရိုး အစပ်မှာ သက်ကယ်မိုး ထန်းသားတိုင် ထန်းသားအချဉ်နှင့် မြင်းဇောင်းရှိ၏။ သန်မာထွားကျိုင်းသော မြင်းလေး ကောင်ရှိ၏။

သူကြီးဦးဘိုးဒင်က ပုဆိုးတွင် သားရေခါးပတ်အပြားကြီးပတ်၏။ ခါး ပတ်မှာ ခြောက်လုံးပြူးချိတ်၏။ သန်မာ ထွားကျိုင်းသောမြင်းတစ်ကောင်ကိုစီး၏။

သျှောင်တစောင်းနှင့် လွန်စွာ ကြည့်ကောင်း၏။

ထို့အတူ လက်ဝါးကြီးက မြင်း တစ်ကောင်နှင့်လိုက်၏။ လက်ဝါးကြီးက နှစ်လုံးပြူးသေနတ်ကြီးကိုလွယ်ထား၏။ ဓားလွယ်တစ်ခုပါ၏။ ဝါးရင်းတုတ်တစ် ချောင်းထိုးထားသေး၏။

သို့စင်လျက် -

လူဖိုက်လူရမ်းကားများကို ဆုံးမ စရာရှိလျှင် ခြောက်လုံးပြူး၊ နှစ်လုံးပြူး ဓားရှည်ကိုမသုံး။ ဝါးရင်းတုတ်ကိုသုံး၏။

အသုံးများသည်က လက်ဝါးကြီး လက်ဖြစ်၏။ လက်ဝါးကြီးဖြင့်ရိုက်မိလျှင် မခံနိုင်။ ရိုက်ချက်ပြင်း၏။

ဦးဘိုးဒင် လက်ခုပ်တစ်ချက်တီး လျှင် နာရံကျင်ရုံမျှသာ လက်ဝါးကြီးရိုက်၏။ နှစ်ချက်တီးလျှင် ဆေးရုံ၊ ဆေးခန်း ရောက်မည်ဖြစ်၏။

သုံးချက်တီးလျှင် လက်ဝါးကြီးက အသေရိုက်သည်။

❑

ရွာဦးကျောင်းဆရာတော်သည် သူကြီးဦးဘိုးဒင်၏ အစ်ကိုအကြီးဆုံးဖြစ်ပါ၏။

ဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာ တတ်၏။ အနာကုအလွန်ကောင်းသည်။ ဆရာတော်သီတင်းသုံးရာ သုံးခန်းပတ် လည်အသားကျောင်းကြီးက ဦးဘိုးဒင် မိဘများ ဆောက်လုပ် လှူဒါန်းထား ခြင်းဖြစ်၏။

ဦးဘိုးဒင်တို့ညီအစ်ကိုနှစ်ယောက် မျှသာရှိ၏။ လယ်ဧကများစွာပိုင်ဆိုင်ပါ သော လယ်ပိုင်ရှင်များဖြစ်၏။

အဆက်ဆက် ချမ်းသာကြွယ်ဝခဲ့ ကြသူများဖြစ်ပါ၏။

ရှင်ပြု၊ နားသအလှူပွဲတွင် ညီ အစ်ကိုနှစ်ယောက်စလုံး သက်နီးဝတ်ခဲ့ ကြ၏။ သာသနာ့ဘောင်မှာပျော်ခဲ့ကြ ၏။

မိဘနှစ်ပါး အသက်အရွယ်ရလာ ချိန် -

အစ်ကိုက (၁၆) နှစ်၊ ညီက (၁၄) နှစ်။ ညီဖြစ်သောဦးဘိုးဒင်လုပ်တတ်လဲခဲ့ ရ၏။ အစ်ကိုဖြစ်သူက သက်နီးမြဲခဲ့၏။

ရွာဦးကျောင်းဆရာရင်း ဆရာ တော်ကြီးပျံလွန်တော်မူသွားချိန် အစ်ကို ဖြစ်သူကို ကျောင်းအပ်ခံရ၏။အမိအဘ များနှင့် ဦးဘိုးဒင်တို့က ပစ္စည်းလေးပါး ဒကာများဖြစ်ခွင့်ရခဲ့ပါသည်။ အမိအဘ များကွယ်လွန်ချိန် ဦးဘိုးဒင် ဆက်ခံလှူ ဒါန်းရပါသည်။

ဦးဘိုးဒင်သည် တစ်ဦးတည်း သောသားကဲ့သို့ အတွင်းပစ္စည်း အမွေ အနှစ်၊ လယ်ယာများအားလုံးပိုင်ဆိုင်ရရှိ ခဲ့၏။

ရွာတောင်ပိုင်းတွင် အမိအဘများ အိမ်ပိုင်ရှိ၏။ ထိုအိမ်ပိုင်းမှာပင် လှည်း နွားအစုံအလင်ထားလျက် ဘထွေးဘကြီး များ၊ ညီဝမ်းကွဲများက သီးနှံစပါးကျီသွင်း သည်အထိ ပိုင်းဝန်းကူညီလုပ်ကိုင်ပေးကြ ပါသောကြောင့် ဦးဘိုးဒင်သည် အသုံး လိုလျှင် ထုတ်ယူရောင်းချရုံသာ ဖြစ်ပါ သည်။ တောင်သူလုပ်ငန်းကို ပြန်မကြည့် ရပါ။

ပင်ကိုက ချမ်းသာကြွယ်ဝသည်မို့ ဦးဘိုးဒင်သည် လာဘ်တစ်စုံတစ်ရာ လက်ခံယူခြင်းမျိုးမရှိပါချေ။ မတရား ခြင်းကို အလွန်ပင် စက်ဆုပ်မုန်းတီးသူ လည်း ဖြစ်ပါ၏။

အပြစ်ပေးရာတွင်လည်း နော့က် ပြန်မကြည့်သူ ဖြစ်၏။

သို့သော် မတရားအစွပ်အစွဲခံရ သူများ၊ အနိုင်ကျင့်ခံရသူများက ရွာဦး ကျောင်းဆရာတော်လျှောက်ထားအကူ အညီတောင်း၍ အစ်ကိုဆရာတော်က ခေါ်ယူတွေ့ဆုံ ညှိနှိုင်းဩဝါဒပေးလျှင် ကောင်းစွာနာခံပြီး လွှတ်ပေးတတ်ပါ သည်။

ရပ်ရေလွှာရေလှ ရွာမှာအမဲဝက် ပေါ်လျှင် အကောင်းဆုံးအသားနှစ်တွဲ သူကြီးအိမ်ပို့ရသည်။ တိုင်မှာလာချိတ် ရ၏။ တိုင်တွဲဟုခေါ်ပါသည်။

ထိုမှတစ်ပါး အခြားလာဘ်များကို လက်ခံလေ့မရှိ။

အမှန်တရားအတွက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဆောင်ရွက်ပေး သည်။

ကိုယ်တိုင်ကလည်း သဘောရင်း စိတ်ရင်းကောင်းသူဖြစ်ပါ၏။ အလှူ အတန်း အပေးအကမ်းလည်းကောင်း ၏။

သူကြီးဦးဘိုးဒင်သည်လည်း ဗေဒင် ပညာ၊ တိုင်းရင်းဆေးပညာတတ်၏။ အစီအရင်အဆောင်ကောင်းများရှိခဲ့ ရ၏၊ ပိုင်ဆိုင်ထား၏။

အစ်ကိုရင်းဆရာတော်ထံမှလည်း ပညာရ၏။

ထို့ထက် ဦးဘိုးဒင် ပထမမယား ဒုတိယမယားညီအစ်မများ၏ အမိအဘ များသည် ဗေဒင်ပညာ၊ တိုင်းရင်းဆေး ပညာတွင် နာမည်ကြီးများဖြစ်ပါသော ကြောင့် ယောကျ်ားမများထံမှလည်း ပညာ အမွေ ဦးဘိုးဒင် ရရှိသည်။

စိတ်ရင်းသဘောရင်းကောင်းသူ ဖြစ်ငြား ဦးဘိုးဒင်ပြုံးလာလျှင် အလွန် ကြောက်စရာကောင်းလာသည်ကတော့ အမှန်ပင်ဖြစ်၏။

ပို၍ပြုံးလေ ပို၍ကြောက်စရာ ကောင်းလေ။ သူကြီးဦးဘိုးဒင်သည် ပြုံးခဲသူတစ်ယောက်ဖြစ်ပါ၏။

ပထမမယားနှင့် သားနှစ်ယောက် ဒုတိယမယားနှင့် သားတစ်ယောက် တတိယမယားနှင့် သမီးတစ်ယောက် အားလုံး သားသမီးလေးယောက်ပွားခဲ့ ခဲ့၏။

သံတောရွာသူ စတုတ္ထမယားနှင့် သားသမီးမရပါ။

သားသမီးအားလုံး မန္တလေးရွှေ့ တော်ပို့လျက် ကျောင်းအိပ်ကျောင်း စား ဘော်ဒါကောင်းကောင်းထားလျက် ခေတ်ပညာများသင်စေ၏။ ကျောင်းပိတ် ရက်သော်မှ ရွာကိုပြန်လာမခံပါ။

မန္တလေးတွင် အစ်မဝမ်းကွဲတစ် ယောက်ရှိ၍ ထိုအစ်မဝမ်းကွဲက ထူ တူမများကို အနီးကပ်စောင့်ရှောက်ပေး ခြင်းမျိုးလည်းရှိပါ၏။ သွန်သင်ဆုံးမခဲ့ ခြင်းများလည်းရှိပါသည်။

လက်ဝါးကြီးကိုလည်း ဦးဘိုးဒင် က သားရင်းပမာသဘောထားပါသည်။ လက်ဝါးကြီးက ဦးဘိုးဒင်သားကြီးနှင့် အသက်တူဖြစ်နိုင်သည်။

ရွာဦးကျောင်းဆရာတော်အောက် ပြည်အောက်ရွာအလှူမှုပင့်သဖြင့် ကြွ၏။ ဦးဘိုးဒင်အမိဘက်မှ ဆွေမျိုးများ အောက်ပြည်အောက်ရွာမှာရှိနေပါသည်။

ဆရာတော်အောက်ပြည်အောက် ရွာတွင် တစ်လနီးပါးသီတင်းသုံး၏။ ဆွေမျိုးများကို တရားတော်များဟော ချီးမြှောက်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်အပြန် အောက်ပြည် အောက်ရွာမှ လေးနှစ်အရွယ်ကလေး တစ်ဦးပါလာသည်။ လေးနှစ်အရွယ် ယောကျ်ားလေးဖြစ်၏။

ထိုကလေးက လက်ဝါးကြီးဖြစ်သည်။ အမိအဘများဆုံးပါး ပျက်စီးခြင်းဖြစ်၏။ လက်ဝါးကြီးသည် ကြမ်းတမ်းစရိုက်ဆိုးရှိပါသောကြောင့် ဆွေမျိုးများက မနှစ်သက်။ မကွေးမမွေး မစောင့်ရှောက်လိုကြ။ ရွာနီးကိုးပေါက်သွားလာနေသူဖြစ်၏။

ဆရာတော်က ဗေဒင်လက္ခဏာပညာဖြင့် စစ်ဆေးကြည့်၏။ အကုသိုလ်အားကောင်းသူအဖြစ် တွေ့ရ၏။

လက်ဝါးကြီးကို အကုသိုလ်တရားနည်းပါးအောင် လိမ္မာယဉ်ကျေးသူဖြစ်အောင် ဆုံးမမွေးမြူမည်ဟု သတ်မှတ်ခေါ်ဆောင်လာခြင်း ဖြစ်သည်။

လက်ဝါးကြီးတွင် သူမတူအောင် ညာဘက်လက်ဖဝါးသည်ကြီး၏။ လက်မသည် လေးထောင့်အပြားဖြစ်လျက် ကြီးလှ၏။

ထိုညာလက်ဖဝါးသည်ပင် လက်ဝါးကြီးဟုအမည်ရစေလျက် အကုသိုလ်တရားများဖြစ်တည်အောင်အားပေးနေပါ၏။

ရွာဦးကျောင်းကို လက်ဝါးကြီးရောက်၍ တစ်ပတ်မျှပင်မကြာ။ နံနက်ကျောင်းခွေးများအစာကျွေးချိန် ကျောင်းခွေးကြီးတစ်ကောင်က ကျောင်းခွေးငယ်များကို အနိုင်ကျင့်ကိုက်ခဲလုယက်စားသောက်သဖြင့် ထိုခွေးကြီးကို လက်ဝါးဖြင့် ခေါင်းရိုက်ရာ နေရာမှာပင် သေဆုံးသွား၏။

ရွာဦးကျောင်းဆရာတော်လည်း စိတ်မချမ်းမသာဖြစ်ရ၏။

လက်ဝါးကြီးကို အနီးမှာပင်ထားလျက် စောင့်ရှောက်ဆုံးမသွန်သင်ပေးရ၏။ နောင်တွင် သက်နံးဆီးပေးလျက် ဘာသနာဘောင်မှာနေထိုင်ရန်ပင် ရည်ရွယ်သည်။

ဦးဘိုးဒင်က ဆွမ်းချိုင့်ပို့ရင်း လက်ဝါးကြီးကိုတွေ့သွား၏။

လက်ဝါးကြီးကို မွေးစားလိုပါကြောင်းလျှောက်ထား၏။ ဆရာတော်က ခွင့်မပြုပါ။ အကျိုးထက် အပြစ်များခြိမ့်မည်ဟု ဩဝါဒပေးလျက် လျှောက်ထားချက်ကိုပယ်၏။

ဦးဘိုးဒင်သည် လက်ဝါးကြီးကို သဘောကျနှစ်သက်၏။ အစာကောင်းကောင်းကျွေးလျက် အဝတ်အထည်ကောင်းများဆင်သည်။

လက်ဝါးကြီးကလည်း ဦးဘိုးဒင်ကို ချစ်ခင်လာ၏။

ဆရာတော်၏ အဆုံးအမ၊ ဦးဘိုးဒင်၏ ပြုစုယုယမှုနှင့် လက်ဝါးကြီး တစ်သွေးတစ်မွေးဖြစ်လာ၏။ တည်ငြိမ်ကျန်ခဲ့ရလာ၏။

လက်ဝါးကြီး ရွာဦးကျောင်းရောက်ပြီး (၁၀) နှစ်အကြာ (၁၄) နှစ်အရွယ် အားကောင်းမောင်းသန် လူပျိုဖြစ်ချိန် အလျှင်းသင့်တိုင်း မွေးစားခွင့်လျှောက်ထားပါသဖြင့် ဆရာတော် ခွင့်ပြုပေးလိုက်ပါ၏။

ဦးဘိုးဒင်က လက်ဝါးကြီးကို ကိုယ်ခံပညာသင်ပေး၏။ မြင်းစီးသင်ပေးခဲ့၏။ အနီးမှာပင်ထား၏။ လူရေးလူရာ နားလည်အောင်သင်ပြ၏။ အဆောင်ကောင်းများ စီရင်ပေး၏။

လက်ဝါးကြီးမှာ ရုပ်ရည်ကြမ်းတမ်းသည်မှအပ ကျေးဇူးကိုသိတတ်သူ၊ သခင်အလိုကိုသိသူဖြစ်လာ၏။

❑

အိမ်ပိုင်းထဲ လက်ဝါးကြီးရောက်လာချိန် ဦးဘိုးဒင်နှင့် သံတောသူ စတုတ္ထမယား မရသေး။ သံတောရွာနှင့် မုန်းတောရွာ နှစ်ရွာအုပ်ချုပ်ခွင့်မရသေး။ ငါးရွာအုပ်သူကြီးမျှသာ ဖြစ်၏။ ခုနစ်ရွာအုပ်သူကြီးမဖြစ်သေး။

သံတောရွာနှင့်မုန်းတောရွာသည် ကျောက်စရစ်မြေများသာ ဖြစ်သည်။ စားပင်သီးပင်မဖြစ်ထွန်း။ ပဲစင်းငုံအနည်းငယ်သာ စိုက်နိုင်ပျိုးနိုင်ပါ၏။

ဆိတ်၊ သိုး အများစုက မွေးမြူကြသည်။

နှစ်ရွာစလုံး စရိုက်ကြမ်းသည်။ အခြားရွာများထွက်၍ ဓားပြတိုက်၊ နွားခိုး၊ လုယက်သူတွေများသည်။ ကြီးမားသောသံပန်းပဲဖိုကြီးများရှိပြီး ဓား၊ လှံ သံထည်ကောင်းများထွက်ရှိသည်။ မြို့ကြီးများပို့ပြီး ရောင်းချ၏။ အကြိုက်များသည်။

ဓားကောင်းတစ်လက်၊ လှံကောင်းတစ်လက်ရရန် ကြိုး၍မှာထားရ၏။ လန့်ဒဲ့၍၍ စောင့်ရသည်။

သံတောရွာတွင် ဘဒင်ဆိုသူ သောင်းကျန်းနေ၏။ အလုပ်အကိုင် အတည်တကျမရှိ။ သောက်စားမူးယစ် လုယက်တိုက်ခိုက် ဝိုလ်ကျနေ၏။

ဘဒင်မှာ ဘဒင်ဆိုသော ညီတစ်ယောက်ရှိ၏။ ဘဒင်မှာလည်း ဝိုလ်တစ်ဝိုလ်ဖြစ်၏။ လုယက်ခြင်းဖြင့် အသက်မွေး၏။

ညီအစ်ကိုနှစ်ယောက်ပေါင်းလည်းပြီး အနိုင်ကျင့် ဝိုလ်ကျသည်လည်းခဲ့၏။ တစ်ဦးတစ်ယောက်တည်းလည်း အလုပ်လုပ်၏။

ညီအစ်ကိုနှစ်ယောက်စလုံး မယားများ၏။ အတည်တကျ ပေါင်းသင်းခြင်းမရှိ။ သားပျို သမီးပျိုမရှောင်၊ သူများသားမယားအလွတ်မပေး။ အရက်ကြိုက်သည်လည်း တူ၏။

ဘဒင်က တုတ်၊ ဓား ပြီးသည်ဆို၏။ အဆောင်ကောင်းရှိကြောင်းသိထားကြ၏။ ညီ ဘခင်ဖြစ်သူပင် ဘဒင်ကို ကြောက်ရ၏။

သံတော၊ မုန်းတောနှစ်ရွာစလုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရ၏။ လုန်ဝံသူမရှိ။

သူ့မယားနှင့် အိပ်စက်ပျော်ပါးလိုသည်ဆိုက သူလင်မှာ တိမ်းရှောင်ပေးရသည်။ မတိမ်းရှောင်က သတ်ပစ်သည်။ ထိုအကျင့် ညီအစ်ကိုနှစ်ယောက်စလုံးမှာ ရှိသည်။

သံတောရွာအနောက်ဝိုင်း သားအမိသုံးယောက်ရှိ၏။ နို့သားစွာ ကြုံရာကျပန်းအလုပ်လုပ်ကြရ၏။ ပန်းပဲဖို့မှ သံထည်များရောင်းပြီးပေးယူလျက် အခြားမြို့ရွာများ ထွက်ရောင်းကြရသည်။ သားမောင်ညို၊ ညီမ နှင်းခင် လက်ချည်ကြ၏။ စားနိုင်သောက်နိုင်ပါ၏။

မောင်ညိုနှင့် ဘဒင်မှာ စာသင်ဖက်ဖြစ်ခဲ့၏။ သူငယ်ချင်းဖြစ်ခဲ့၏။

သို့စင်လျက် မောင်ညိုညီမနှင်းခင်ကို ညီအစ်ကိုနှစ်ယောက်စလုံး ရချင်နေ၏။ မောင်ညိုသဘောတူသူနှင့်ယူရမည်ဟု ညီအစ်ကိုနှစ်ယောက် သဘောတူထား၏။

ဘဒင်က မောင်ညိုနှင့် သူငယ်ချင်းဖြစ်၍ သူရမည်သေချာသည်တွက်ထား၏။

သံတောသူ နှင်းခင်ကား လှသွေးကြွယ်စအလှကြီးလှ၏။ (၁၅) နှစ်ကျော် (၁၆) နှစ်အဝင်ရွယ် ညိုစိမ့်စိမ့်အသား၊ မျက်ဝန်းကြည်လင်ချိုသာသောမျက်နှာ၊ ခန္ဓာကိုယ်အချိုးအဆစ်ကျသဖြင့် သံတော၊ မုန်းတောကာလသားများ နှစ်သက်လို ချင်ကြငြား ညီအစ်ကိုနှစ်ယောက်ရန်ကြောင့် နှင်းခင်အပါးကို မချဉ်းဝံ့မကပ်ဝံ့။

ဘဒင်နှင့်သဘောတူလျှင် ဘခင်ကသတ်မည်၊ ဘခင်နှင့်သဘောတူလျှင် ဘဒင်ကသတ်ချိမ့်မည်။ မောင်ညို ဒုက္ခရောက်ပြီ။ ကြုံရာမရဖြစ်ရပြီ။ အမေနှင့်ကြီးက မျက်ရည်နှင့်မျက်ခွက်။

www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုသည် ညီမ နှင်းခင်ကို ညီအစ်ကိုနှစ်ယောက် မည်သူနှင့်မျှမပေး စားလိုသည်မှာ အမှန်ဖြစ်၏။

မောင်ညိုဆုံးဖြတ်ရန် (၃)ရက် အချိန်ပေးထား၏။

နှစ်ရက်ကြာသွား၏။ မောင်ညို မဆုံးဖြတ်နိုင်သေး။ သုံးရက်မပြည့်မီ ညနေပိုင်း မောင်ညို သံတောမှပျောက်သွား၏။

သံတောနှင့် ခံတက်အနောက်ရွာက (၇)မိုင်မျှဝေး၏။ ကြားမှာ နတ်မြစ်ခြားထား၏။ တျောက်တော၊ သံတောကို ဖြတ်ခဲ့ရ၏။ နွေလဖြစ်၍ ရေစပ်စပ်ကို ကျော်ခဲ့ရ၏။

သူကြီးဦးဘိုးဒင်အိမ်ပိုင်းရောက်ခဲ့၏။

ဖြစ်ကြောင်းကုန်စင်ပြောပြ အကူအညီ မောင်ညိုတောင်းသည်။ နောက်တစ်နေ့ နံနက်သည် မောင်ညိုအဖြေပေးရမည့်နေ့ဖြစ်၏။

မောင်ညို သံတောမှ ညနေပိုင်း ပျောက်သွားကြောင်း၊ နတ်မြစ်ကိုဖြတ်သွားကြောင်း၊ ခံတက်ရွာဘက်သွားမည်ထင်ရကြောင်း ဘဒင်ကို မျက်နှာလိုမျက်နှာရသတင်းပေးသူရှိ၏။

ဘဒင် တောက်ခေါက်သည်။ ညပိုင်းကသောက်ထားသဖြင့် ခေါင်းကတစစ်စစ်ကိုက်နေသည်။ အရက်တစ်လုံးထပ်ချ၏။ ခေါင်းရင်း ဓားဆယ်လက်ခန့် ရှိသည်။ အထဲမှ အကောင်းဆုံးဓားရှည်တစ်လက်ရွေးယူပြီး တစ်ယောက်တည်း ထွက်လာ၏။

နတ်မြစ်ကမ်းမှ ဘဒင်စောင့်မည်။ ဘဒင်ထွက်လာသည်နှင့် နောက်မှ သံတော၊ မဲတောနှစ်ရွာစလုံးမှ ရွာသူရွာသားများ အုံနှင့်ကျင်းနှင့်ပါလာ၏။ သတင်းစကားကိုလည်း ကြားသိထားကြရ၏။

ဘဒင်တစ်ယောက်သာ နယ်လွန်နေသဖြင့် ပါမလာ။

နေမင်းပြုစ အလင်းရောင်ကောင်းစွာရရှိချိန် နတ်မြစ်တစ်ဖက်ကမ်းမှ မြင်းသုံးစီး တရကြမ်းနင်းလာသည်။

မြင်းနှစ်စီးက ဘေးချင်းယှဉ်လျက်စီးလာ၏။ နောက်မြင်းမှာ မောင်ညိုဖြစ်သည်။

ဦးဘိုးဒင်သည် ခါးမှာ ခြောက်လုံးပြူးခိုတ်လျက် မျက်နှာက အေးချမ်းနေ၏။ တွေ့မြင်ရသမျှ ဦးဘိုးဒင်ပြူးယောင်သန်းနေသည်။ လက်ဝါးကြီးက ဓားလွယ်နှင့် ဝါးရင်းတုတ်တစ်ချောင်းသာပါ၏။ နှစ်လုံးပြူးသေနတ်ပါမလာ။ လက်ဝါးကြီးမျက်နှာက အုံ့မှိုင်းနေသည်။ တင်းနေသည်။

နတ်မြစ်အနောက်ဘက်ကမ်းကို မြင်းသုံးစီးတက်လာ၏။

ဦးဘိုးဒင် လက်ဝါးကြီးတို့နှင့် ဘဒင်တို့သုံးဦးသားဆုံကြပြီ။

ဦးဘိုးဒင်နှင့် လက်ဝါးကြီးတို့က မြင်းပေါ်မှမဆင်း။ ဘဒင်က ကိုင်ထားသောဓားရှည်ကိုဆသည်။ ဓားရေးပြသည်။

"အတော်ပဲဟေ့ - ဟောသည် ငါ့ဓားက လူနှစ်ဆယ့်လေးယောက်သွေးပဲစွန်းသေးသဟ။ အခု နှစ်ဆယ့်ငါးယောက်ခြောက်ဟု။ အင်း-မဟုတ်သေးဘူး နှစ်ဆယ့်ခြောက်ယောက်မှပ။ ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်ပါနဲ့။ သူကြီးဦးဘိုးဒင် ခင်ဗျားနယ်လည်း မဟုတ်ဘူးနော။ အသာလှည့်ပြန်ရင် အသက်ချမ်းသာပေးလိုက်မယ်"

ဟု ဘဒင်အော်ပြောသည်။ ရပ်ကြည့်နေ၏။

ဦးဘိုးဒင်နှင့် လက်ဝါးကြီးတို့က မလှုပ်။ မည်သည့်စကားမျှပြန်မဆို ပြန်မပြော။

ဦးဘိုးဒင် လက်ခုပ်သုံးချက်တီးပြီး မြင်းကိုနောက်ဆုတ်သည်။

ထိုအချိန် လက်ဝါးကြီးမလှုပ်သေး။ ဓားရှည်မဆွဲ ဝါးရင်းတုတ်လည်း မကိုင်။ မြင်းပေါ်မှာ အခန့်သာထိုင်လျက်။

ဘဒင်ပြေးပြီး လက်ဝါးကြီးကို စလွယ်သိုင်းဓားရှည်ဖြင့်ခုတ်လေသည်။ လက်ဝါးကြီးက မြင်းကိုရှေ့တိုးလိုက်ပြီး သူ့လက်ဖဝါးဖြင့် ဘဒင်ဓားကိုခံသည်။

ဘဒင်၏ဓားဖြောင့်ခနဲကျိုးသွားသည်။ ဘဒင်ရှေ့တိုင်က်အလာ ဘဒင်ကျောကို လက်ဝါးကြီးဖြင့် ရိုက်ချလိုက်၏။

ဘဒင်မှာ အားခနဲတစ်ချက်မျှသာ အော်နိုင်လျက် နတ်မြစ်ကမ်းမှ အောက်လိမ့်ဆင်းသွားပြီး ရေစပ်မှာရပ်သွား၏။

ဘဒင် အသက်မရှိတော့။ ပါးစပ်နှာခေါင်းနားများမှ သွေးများပန်းထွက်လျက်မြင်ရ၏။ တစ်ခဏမျှငြိမ်နေ၏။

လက်ဝါးကြီးက သူ့လက်ဝါးကြီးကို ကျွန်လက်တစ်ဖက်ဖြင့်ပွတ်သပ်ရင်း-

"ဘဒင်ရာ နင်မသိရန်ကော၊ နင်တုတ်ဓားပြီးသလို ငါလည်း တုတ်ဓားပြီးသဟ"

ဟု ဘဒင်အလောင်းကို ငဲ့ကြည့်ရင်းပြောသည်။

နွေခေါင်ခေါင်ဖြစ်ပါလျက် ဝုန်းခနဲဝုန်းခနဲ နတ်မြစ်ရေကကျလာသည်။ ရေများဒလဟောဆင်းလာသည်။ အဟုန်ကောင်းကောင်း တဝဲဝဲပေးလာသည်။

အနောက်မြောက်ထောင့်တိမ်မှိုင်းညို့နေပါလေ၏။ မိုးရွာဦးမည်။

ဘဒင်၏အလောင်းကောင်ကို တော့။ နတ်မြစ်ရေလှိုင်းများသော လိမ့်ဆင်းပါသွားသည်။

"သူကြီးဦးဘိုးဒင် သက်သေ ကျော်ရှည်ပါစေ"

ဆိုသော သံတော၊ မဲတောရွာသားများအသံ တစ်ခဲနက်ပေါ် လာသည်။

လူအုပ်ထဲမှ နှင်းခင်နှင့်အတူ သူက မောင်ညိုရှိရာ ပြေးထွက်လာ၏။ မောင်ညို မြင်းပေါ် ကဆင်းပြီး ရ၏။ နှင်းခင်က အစ်ကိုဖြစ်သူကို ၏။

"တစ်တောရွှင်းသွားပြီ၊ ညီ ရယ် မငိုပါနဲ့တော့"

ဟု မောင်ညိုဖြေသိမ့်စကား သည်။

သူကြီးဦးဘိုးဒင်တို့ သံတော တစ်လကြာမျှ နေထိုင်သွား၏။

သံတော၊ မဲတောနှစ်ရွာစလုံး ကျေးရွာခေါင်းဆောင်များက စလုံးအုပ်ချုပ်မှုကိုသဘောတူပါကြောင်း ဦးဘိုးဒင်ကို ပြောကြားခဲ့ကြ၏။

ဦးဘိုးဒင် ခနစ်ရွာအုပ်သူကြီး လာ၏။ ထို့အပြင် နှင်းခင်သည်လည်း သူကြီးဦးဘိုးဒင်၏ စတုတ္ထမယားအဖြစ် လာ၏။ မိခင်ကြီးနှင့် မောင်ညိုတို့ သဘောတူပေးစားလိုက်ကြခြင်းဖြစ်၏။

ဘဒင်ညီ လူဆိုးလူမိုက်ဘဝင် သံတောကို ပြန်မလာတော့ပြီ။

အင်္ဂလိပ်ကို တော်လှန်ခဲ့ကြောင် ကျပန်များဝင်လာ၏။ ထိုမှတစ်ဖန် ရွာများထွက်ပြေးရပြန်သည်။

စစ်မျက်နှာကျပန်တို့ အလုံးအရင်းနှင့် ဆုတ်ခွာနေကြ၏။ နတ်မြစ်ကြောင်း တစ်လျှောက် မြစ်ရိုးအတိုင်း ကျပန်များ ပြေးလာသည်။ တွေ့သမျှရွာ မီးရှို့၊ သတ်၊ လုယက်လာကြကြောင်း သတင်းစကားကြားကြရ၏။

သူကြီးဦးဘိုးဒင်က မိန်းမများ၊ လွတ်ရာကျွတ်ရာ ပိုင်ဆိုင်သမျှပစ္စည်းများနှင့်အတူ ပို့ထား၏။

ဘဒင်ညီ ဘဒင်က ကျပန်စကား ပြန်ဖြစ်လျက် မြစ်ရိုးမှာ ကျပန်တပ်အုပ် အရင်းနှင့်ရောက်လာတော့မည်ဆိုကြောင်း ရွာသားတစ်ဦးက သတင်းပေးခဲ့၏။

ဦးဘိုးဒင်က တပ်ရွာလုံး မောင်းထ

www.burmeseclassic.com

www.burmeseclassic.com

လူစုခေါ်သည်။

လူနှင့်လက်နက်မမျှ၍ ခုခံ၍မဖြစ်ကြောင်း၊ ဂျပန်က ကျားနာဖြစ်ကြောင်း ခြင်္ဂမြင်ရာကိုက်မည်ခဲမည်ဖြစ်ကြောင်း အသိပေးလျက် ရွာမှ အားလုံး တိမ်းဦးသည်။

အချို့ရွာသူရွာသားများက လူသူလက်နက်စုပြီး ငါးရွာအုပ်စု ညီညီညွတ်ညွတ် ခုခံတိုက်ခိုက်လိုကြကြောင်းပြောကြား ဦးဘိုးဒင် လက်မခံပါ။ သို့ဖြင့် တစ်ရွာလုံး တိမ်းရှောင်ပုန်းနေစေသည်။

တစ်ရွာလုံး တိတ်ဆိတ်နေ၏။ ခွေးဟောင်သံမျှပင် မကြားရ။

နေထန်းတစ်ဖျားအချိန် နတ်မြစ်ဘက်မှဖုန်လုံးကြီးများ အပေါ်ဘက်ပုံတက်လာ၏။ စစ်ဖိနပ်သံများကြားရ၏။

ဘင်ဦးဆောင်သောဂျပန်တပ်ဖွဲ့တစ်ခုသည် ခံတက်အနောက်ရွာဘက် ဦးတည်လာနေပြီဖြစ်ကြောင်း ဦးဘိုးဒင်ကို ကင်းသမားက အပြေးလာပြီးပြော၏။

မကြာမီ ရွာဦးကျောင်းကို တပ်စခန်းချလိုက်ပြီး ရွာမထဲဖြန့်ထွက်လာသည်။ နွားတွေ့နွားဆွဲ၏၊ ကြက်တွေ့ ကြက်ဖမ်း၏။

ရွာသူရွာသား တစ်ဦးတလေမျှ မတွေ့။

သူကြီးအိမ်ဝိုင်းတစ်ခုလုံးကို ဘင်ဦးဆောင်၍ ဝိုင်းလိုက်ကြသည်။

ဦးဘိုးဒင်နှင့်တပည့်လက်ဝါးကြီးတို့ကို အိမ်ရှေ့ဝိုင်းအတွင်းတွေ့၏။

ဘင်မျက်နှာကပြုံးနေ၏။

အစီကိုဘင်အတွက် လက်တုံ့ပြန် လက်စားချေနိုင်ပြီ။ ရက်ရက်စက်စက်သတ်ဖြစ်မည်မှာ ဘင်မျက်နှာပေါ်ပေါ်နေ၏။

သူကြီးဦးဘိုးဒင်လည်း ပြုံးနေ၏။

ဆရာတပည့်နှစ်ဦး မည်သည့် လက်နက်မျှ မကိုင်မဆောင်။ ဂျပန်ဗိုလ် တစ်ဦး၊ ဘင်နှင့် ဂျပန်တပ်သားများက သူကြီးရှေ့မှာရပ်မိကြပြီး အိမ်ဝိုင်းတစ်ခုလုံး ဂျပန်တပ်သားအပြည့်နေရာယူထားပြီးပြီ။

အိမ်အောက်ထပ်၊ အပေါ်ထပ် အားလုံး မွှေနှောက်ရှာဖွေခဲ့ကြပြီ။

မည်သည့်ပစ္စည်းမျှမရ၊ မတွေ့။

"ဩ - ခနိုင်မယ်ထင်လို့စောင့်နေကြသလား။ အခြားသူတွေလို ဘာဖြစ်လို့ မတိမ်းမရှောင်ကြတာလဲ။ သတ္တိကတော့ အောချရလောက်ပါပေရဲ့။ အင်း- သေမယ့်ရက်ကရောက်လာသကိုး"

ဘင်က ဦးဘိုးဒင်မျက်နှာကို စေ့စေ့ကြည့်ရှုင်းပြော၏။

"မင်းက ငါ့အစ်ကိုဘင်ကိုသတ်ခဲ့တယ်။ မင်းလည်း ငါ့အစ်ကိုလို့သေရမယ်။ မင်းဘာပြောချင်သေးလဲ"

ဟု လက်ဝါးကြီးကို ဘင် စူးစူးရဲရဲကြည့်ပြီးကြိမ်း၏။

လက်ဝါးကြီးကား မလှုပ်။

ဦးဘိုးဒင်ကား ပို၍ပြုံးလာ၏။

ဂျပန်ဗိုလ်က စကားနှစ်ခွန်း သုံးခွန်း အော်၏။ ဘင်က ဂျပန်လိုပြန်ဖြေသည်။ ဂျပန်ဗိုလ်ပြုံးသည်။ ခါးမှဓားရှည်ကို ဆွဲထုတ်လိုက်သည်။ ဂျပန်ဗိုလ်လက်မှဓားရှည်ကို ဘင်က ဂျပန်လိုပြောပြီး တောင်းယူသည်။

ဘင်လက်မှာ ဓားရှည်ရောက်သွားပြီ။

ဂျပန်ဗိုလ်က လက်ပိုက်ပြီး ပြုံးကြည့်နေပါ၏။ ဂျပန်စစ်သားများက ဝိုင်းပြီး ဘက်နှက်ဖို့ရန် အသင့်ပြင်ဆင်နေ၏။

ဦးဘိုးဒင်အပြုံးကား ဝင်းလက်ခဲ့ညားလှစွာ -

ဂျပန်ဗိုလ်သည် ပြုံးနေရာမှ မျက်နှာတည်သွား၏။

သူကြီးနှင့်သူတပည့်နှစ်ဦးစလုံး ကြောက်ရွံ့တန်မပြ မတွေ့။ သူကြီးဆို သူက အပြုံးမပျက်၊ သူတို့တွင် မည်သည့် လက်နက်မျှမရှိ။

ဂျပန်ဗိုလ် အံ့ဩနေသည်။ ပြီး နောက် အော်ဟစ်လျက် အမိန့်ပေးသည်။

ဂျပန်စစ်သားများ ဘက်နက်များ ဖြင့်ချိန်လျက်ပြေးအဝင် ဘင်က လက်ထဲမှဓားရှည်ဖြင့် လက်ဝါးကြီးကို ခုတ်ပိုင်းရန်အတက် -

သူကြီးဦးဘိုးဒင်ခေါင်းမှ သျှောင်ထုံးကိုဖြေချပြီး ဆံပင်များကို တစ်ချက်ယမ်းခါလိုက်ပြီး လက်ခုပ်သုံးချက်အတီး လက်ဝါးကြီးက ဘင်ဓားရှည်ဝင်မလာမီ ဘင်ရင်ဘတ်ကို လက်ဝါးကြီးဖြင့် ပြင်းပြင်းရိုက်လိုက်သကဲ့သို့ လက်ပိုက်ရပ်နေသောဂျပန်ဗိုလ်ကိုလည်း နားထင်နားသယ်တည့်တည့် ပြင်းပြင်းရိုက်ထည့်လိုက်သည်။ တစ်ဆက်တည်းပင် အနီးဆုံး ဂျပန်စစ်သားသုံးဦးကို မျက်နှာများဖြတ်လျက် ရိုက်ချက်ပြင်းပြင်းရိုက်ထည့်လိုက်သည်။

ဂျပန်စစ်သားများ ဘက်နက်ကြီးများကိုင်လျက် နောက်ပြန်လဲကျသွားသည်။ ဘင်က ဦးဘိုးဒင်ရှေ့တည့်တည့်ကို မှောက်ရက်ကျသည့်နည်းတူ ဂျပန်ဗိုလ်က နားနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့်ဖိကိုင်လျက် စူးစူးဝါးဝါးအော်ပြေးသွားရင်း ဝင်ပေါက်မှာလဲကျသွား၏။

ဂျပန်စစ်သားများ အံ့အားသင့်အံ့ဩလှစွာ နောက်ကိုဆုတ်သွားခိုန်-

ဘင်သည် ခေါင်းပိုင်းတစ်ခုလုံးကြေ၊ သွေးချင်းချင်း နား၊ ပါးစပ်၊ နှာခေါင်းပေါက်များကထွက်လျက်သေပြီ။ နောက်ပြန်လဲကျသွားသောစစ်သားသုံးဦးက မျက်ဖြူကြီးများလန်လျက် မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီပြီး အသက်မရှိကြတော့။ စစ်ဗိုလ်မှာ ဦးခေါင်းခွံတစ်ခုလုံး ကွဲအက်လျက် သွေးများထဲမှာ ဦးနှောက်များပြန့်ကျဲ၍ မြင်မကောင်းစွာသေပေပြီ။

ဂျပန်စစ်သားများဝိုင်းအော်သံပြိုင်ပေးပြီး ဘက်နက်များခိုင်လျက် အားလုံးပြေးဝင်ထိုးခုတ်ရန်ပြင်ဆင်ချိန် သူကြီးဦးဘိုးဒင်က လက်ဝါးကြီးခါးကို လက်တစ်ဖက်ဖြင့်ဖက်ခုန်ထွက်သွားပါသည်။

မြင်ကွင်းရှေ့မှာ ဆံပင်ဖားလျားနှင့် သူကြီးဦးဘိုးဒင်၊ တပည့်လက်ဝါးကြီးတို့ပျောက်သွားပါသောကြောင့် အိမ်ဝိုင်းကြီးတစ်ခုလုံး အပ်တစ်ထောက်အမျှ မကျန် ဂျပန်စစ်သားများရှာခဲ့ကြသည်။

အိမ်ကြီးအောက်ထပ်၊ အထက်ထပ်၊ မီးဖိုဆောင်နှင့် မြင်းဇောင်းအားလုံး ရှာ၏။ သူကြီးဦးဘိုးဒင်နှင့် တပည့်ဖြစ်သူ လက်ဝါးကြီးတို့ကို မတွေ့ကြ။

ဂျပန်များက မီးတင်ရှိလိုက်ကြပါသောကြောင့် အိမ်မ၊ မီးဖိုဆောင်နှင့် မြင်းဇောင်းအားလုံး မီးဟုန်းဟုန်းလောင်ပြီ။

ဂျပန်စစ်တပ်ကြီးတစ်ခုလုံး ဒေါသကြီးစွာ တစ်အိမ်ဝင်တစ်အိမ်ထွက် ရှာတစ်ခုလုံးနှင်းပြီးရှာသည်။ မည်းမည်းမြင်ရာ သေနတ်ဖြင့်ပစ်သဖြင့်လည်း သေနတ်သံများဆူညံနေ၏။ တစ်အိမ်ဝင် ရှာဖွေမတွေ့ မီးတိုက်၊ နောက်တစ်အိမ်ဝင်။

အရှေ့၊ အနောက်ရွာအဆုံး အိမ်များအားလုံးမီးတိုက်သဖြင့် ညတစ်ညလုံးဝင်းထိန်နေသည်။

ပုန်းနေသောတိမ်းနေသောသူများက မူလရွာနှင့်နီးသောခြံစည်းရိုးအစပ်များမှာဖြစ်၏။ တစ်အိမ်ပြီးတစ်အိမ် မီးညွှန့်အတက် ဝေးရာတပ်ဆုတ် ထပ်တက်၊ နတ်မြစ်အနောက်ဘက်ကမ်းသို့ တိုင် ကူးပြေးရ၏။

ပြေးရင်းလွှားရင်း တို့ရွာသူကြီးနှင့် သူတပည့်တော့်သွားရှာပြီဟု သတ်မှတ်တွေးမိကြသည်။ မိသားစုဝင်များအလုံးလိုမှီငိုသည်။

www.burmeseclassic.com

ညသည် နေ့အလားလင်းချင်းနေပါ၏။

ဂျပန်တပ်မကြီး မြေလှန်ရှာနေသည်ကို နတ်မြစ်တစ်ဖက်ကမ်း ပြေးရင်း လွှားရင်းမှပင် မြင်နေကြရ၏။မည်းမည်းမြင်ရာ ပစ်ခတ်နေသည်ကိုလည်းတွေ့ကြရ၏။

ပြေးရင်းပြေးရင်း ချိုင့်ဝှမ်းများရှိရာရောက်ခဲ့ကြ၏။

ငိုသူငို တက်သူတက် လဲသူလဲ ကွဲသူကွဲ အပြိုပြိုအလဲလဲ။

ဂျပန်စစ်ကားပြန်ဘခင်ကို ကျိန်ဆဲနေခဲ့ကြ၏။ သူကြီးနှင့် လက်ဝါးကြီးအတွက်လည်း ရင်ထုမနာ နှမြောတသဖြစ် ကြရ၏။

နံနက်လင်းအားကြီးခိုက် ခံတက်အနောက်ရွာသားဖြစ်သ နွားလဲနွားထပ်အရောင်းအဝယ်လုပ်သောဘညွန့်ရောက်လာ၏။

ခပ်ဝေးဝေးမှပင် ရွာမီးလောင်နေသည်ကိုမြင်ရ၏။ ရိုးရိုးမီးလောင်သည် ထင်သဖြင့် လှည်းမောင်းမပျက်မောင်းဝင်သည်။ ဂျပန်များအော်ပြီးပြေးလာမှ လှည်းပေကခုန်ချ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင်ပြေးခဲ့ရကြောင်း သေနတ်ဖြင့် လှမ်းပစ်ခံရသေးကြောင်း ပြောဆို၏။ အပေါ်ပိုင်းတစ်ခုလုံး ချွေးအလိမ်းလိမ်း၊ ဖုန်အမှိုက်အလိမ်းလိမ်း၊ ကြောက်ရွံ့လှစွာသေးပါမိပါသောကြောင့် အောက်ပိုင်းပုဆိုးတစ်ခုလုံး သေးများဖြင့် ရွဲရွဲနစ်နစ် သေးနံ့တထောင်းထောင်းဖြစ်၏။

ဘညွန့်အဖြစ်က ငိုအားထက်ရယ်သားသန်စရာ။

သို့သော် ဘညွန့်နှင့်အတူ သတင်းကောင်းတစ်ခုပါလာသည်။ ထိုသတင်းကား ရွာသူရွာသားအားလုံးနှင့် မိသားစုများသိချင်နေသော ကြားချင်နေသော သူကြီးဦးဘိုးဒင်နှင့် တပည့် လက်ဝါးကြီးအကြောင်းဖြစ်ပါသည်။

အားလုံး ဘညွန့်အနီးမှာ ဝိုင်းအုံလျက် တစ်ယောက်တစ်ပေါက်မေးခဲ့ကြ၏။ ဘညွန့်ကလည်း စိတ်ရှည်လှစွာဖြေခဲ့ရပါ၏။

ခံတက်အနောက်ရွာ မြောက်စူးစူး နှစ်မိုင်အကွာမှာ အရှေ့အနောက်တန်းလျက် ပေတစ်ရာကျောက်လမ်းရှိသည်။ ထိုကျောက်လမ်းဖြင့် အနောက်တည့်တည့်လာခဲ့ပါက နှမသစ်ရွာလမ်းမြောက်ဘက်တွင်ရှိ၏။ နှစ်မိုင်နီးပါး အကွာအဝေးရှိ၏။

နှမသစ်ရွာက ခံတက်အနောက်ရွာ၏ အနောက်မြောက်ထောင့်ကျသည်။

နှမသစ်ရွာမဝင်မီ မနီးမဝေး လမ်းမတောင်ဘက်တွင် ကိုးတောင်ပြည့်ဘုရားတစ်ဆူရှိ၏။ စေတီမြတ်ရှေ့မှာ သွပ်မိုး အုတ်ခင်း အာရုံခံတန်ဆောင်းတစ်ခုရှိပါ၏။

ဘုရားဝိုင်းကား ကေဝက်နီးပါး အကျယ်ရှိသည်။ တရုတ်စံကားပင်၊ မုန်ကျည်းပင်၊ သရက်ပင်နှင့် ထန်းပင်များပေါက်ရောက်နေပါသည်။

နှမသစ်ရွာအနောက်ဘက်အလွန် တစ်မိုင်အကွာမှာ ကျောက်တိုင်ရွာရှိသည်။ ဘညွန့်သည် ကျောက်တိုင်ရွာမှာ နွားလဲနွားထပ်လုပ်ပြီးပြန်လာ၏။ လှည်းနောက်မှာ နွားမသားအမိဆွဲလာသည်။ လှည်းကို ဖြည်းဖြည်းမှန်မှန်မောင်းခဲ့သည်ဆို၏။

နှမသစ်ရွာကိုဖြတ်၏။

ကိုးတောင်ပြည့်ဘုရားဝိုင်းအနီးကို ရောက်လာ၏။ဘညွန့်အကြည့်က ဘုရားဝိုင်းကို နွားမောင်းရင်းရောက်ခဲ့၏။

ဘညွန့် အံ့အားသင့် အံ့ဩသွား၏။ အမြင်မှားသလားဟုလည်းအောက်မေ့၏။ ပို၍သေချာအောင် လှည်းကိုရပ်ပြီး ကြည့်ခဲ့သေးသည်ဆို၏။

ခုနစ်ရွာသူကြီးဦးဘိုးဒင်က ဆံပင်ဖားလျားနှင့် အာရုံခံတန်ဆောင်းရှေ့ရပ်နေ၏။ ဆံပင်ကိုဆွဲပြီး သျှောင်ထုံးနေ၏။ ပြီးနောက် တန်ဆောင်တိုင်ဘေးမှ တံမြက်စည်းတစ်ချောင်းကိုဆွဲယူသည်။ တရုတ်စံကားပင်အောက်မှ အမှိုက်သရိုက်သစ်ရွက်များကို လှည်းကျင်းနေ၏။

လက်ဝါးကြီးက ထန်းခေါက်တောင်းတစ်လုံးဖြင့် အမှိုက်ပုံများမှ အမှိုက်များကို ကျုံးထည့်နေသည်။

လက်ဝါးကြီးရှေ့မှာ အမှိုက်ပုံသုံးလေးပုံမျှရှိနေပါ၏။

စစဦး ဘညွန့်လှည်းထက်မှဆင်းပြီး သူကြီးနှင့် တပည့် လက်ဝါးကြီးကိုသွားတွေ့နှုတ်ဆက်ဦးမည်။ အပြန်လိုက်ချင်လျှင် လှည်းပါကြောင်းပြောမည်ဟု စိတ်ကူးမိသေး၏။

နောက်မှ ရွာရောက်ရန်ဝေးသေးသည်။ နေမဝင်မီရောက်ချင်သည်။ သူကြီးနှင့်သူ့တပည့်မှာ မြင်းပါနိုင်သည်။ မမေးမတွေ့တော့ဟု အောက်မေ့လျက် လှည်းကိုမောင်းထုတ်လာသည်။

နွားများကိုကြိမ်တို့ကာသွက်သွက်မောင်းလာရင်း ဘညွန့် တွေးလာ၏။

သူကြီးနှင့်လက်ဝါးကြီးတို့မှာ မြင်းပါလိမ့်မည်ထင်၏။ အနီးအပါးသစ်ပင်များမှာ မြင်းတွေချည်ထားတာမတွေ့လားဟုလည်း တွေးသည်။

လှည်းကိုပြန်ကွေ့မောင်းလှည်း၏။ နည်းနည်းလှမ်းလာပြီလည်း

အင်း- သည်နေရာက ခံတက်နီးနီးမှမဟုတ်ပေမယ့် သူကြီးနှင့် တပည့် စီးစရာမြင်းပါမှာပါ။ မြင်းလာမှာမဟုတ်ပါဘူး။ ငါမမြင်တာမှာပါ"

ဟု ဖြေသိမ့်တွေးတော်လာ ဘညွန့် လှည်းကိုဆက်မောင်းခဲ့ရကြောင်း ပြော၏။

ဘညွန့်က "နှမသစ်ရွာအနောက်ဘက်ကိုးတောင်ပြည့်ဘုရားဝိုင်းမှာ ထူးဦးဘိုးဒင်က တံမြက်စည်းတစ်ချောင်းနဲ့ တရုတ်စံကားပင်အောက်မှ သစ်ရွက်များ၊ အမှိုက်သရိုက်များလှည်းကျင်းကြောင်း၊ လက်ဝါးကြီးက ထန်းခေါက်တောင်းတစ်လုံးဖြင့် အမှိုက်ပုံမှ အမှိုက်များကျုံးထည့်နေကြောင်း၊ လက်ဝါးကြီးရှေ့ အမှိုက်ပုံသုံးလေးပုံရှိကြောင်း မြင်တွေ့ခဲ့ရသမျှ အမှန်ဖြစ်ကြောင်း ဘညွန့်ကိုနှိုက်၍ လည်းပြော၏။ အာမခံ၍လည်းပြော၏။

အဆိုပါသတင်းစကားဖြင့် သူကြီးဦးဘိုးဒင်မိသားစုများ၊ ဆွေမျိုးများ၊ တပည့်တပန်း ရွာသူရွာသားများသည် "ဘညွန့်ရယ်၊ နင့်ဟာဟုတ်မှဟုတ်ရဲ့လားဟယ်။ မှန်ရောမှန်ရဲ့လားဟယ်" နှင့် စကားတဆွတ်ဆွတ်ဆိုကြလျက် ပြုံးရယ်လာနိုင်ကြ၏။

ဖြစ်နိုင်လျှင် ညတွင်းချင်း နှမသစ်ရွာအနီးက ကိုးတောင်ပြည့်ဘုရားဝိုင်းသို့ ပြေးပြီးကြည့်ချင်ကြ၏။ သူကြီးဦးဘိုးဒင်နှင့် လက်ဝါးကြီးတို့ကို တွေ့ချင်ကြ၏။

ဘညွန့်ကလည်း မခံချိမခံချက်ပြောနေ၏။

ဖြစ်နိုင်လျှင် ညတွင်းချင်း လှည်းပေါ်တင်ပြီး နှမသစ်ရွာအနီးက ကိုးတောင်ပြည့်ဘုရားဝိုင်းကို ဘညွန့်ပို့ပေးချင်သည်။

တရုတ်စံကားပင်ကြီးအောက်မှ တံမြက်စည်းတစ်ချောင်းဖြင့် အမှိုက်လှည်းကျင်းနေပါသော သူကြီးဦးဘိုးဒင်၊ အမှိုက်ပုံများရှေ့က ထန်းခေါက်တောင်းတစ်လုံးဖြင့် အမှိုက်ကျုံးနေပါသော လက်ဝါးကြီး။

ဘညွန့်က 'ကြည့်ကြဗျား၊ ကြည့်ကြဗျား' ဟု ပြလိုက်ချင်ပါသည်။

မမတ္တာဖြင့်

ကိုဇော်ပင်း (လှတော)

www.burmeseclassic.com

ဦးအောင်မင်း
နေ့စဉ်သုံး လက္ခဏာပညာ

ချစ်သူဟောင်းက မိမိထံပြန်လာဟုမည်လား

ဇနီးဟောင်း၊ ခင်ပွန်းဟောင်း၊ သူငယ်ချင်းဟောင်းတို့သည် အတိတ်တစ်ချိန်က ဆက်ဆံပေါင်းသင်းခဲ့ဖူးသောသူများပင် ဖြစ်သည်။

အများအားဖြင့် ချစ်သူကွဲ၊ အိမ်ထောင်ကွဲတို့သည် ချစ်သူဟောင်း (သို့) ဇနီး ခင်ပွန်းဟောင်းဆီသို့ ပြန်လာခြင်းထက် ချစ်သူ၊ အိမ်ထောင်ဖက်အသစ်ထပ်မံရှာခြင်းကို ပိုမိုပြုလုပ်ကြသည်။

လက်ဝါးပြင်ပါ လမ်းကြောင်းနှင့်လက္ခဏာတည်ဆောက်ပုံများအားလေ့လာ၍ ချစ်သူဟောင်း၏ရုပ်ပိုင်းစိတ်ပိုင်းအခြေအနေတို့အား တွက်ချက်ပေးနိုင်သည်။

ချစ်သူ၊ အိမ်ထောင်ဖက်ဟောင်းတို့၏အခြေအနေနှင့်ပတ်သက်၍ ဘယ်သန်၊ ညာသန်မဟုတ်ဟော လက်ဝါးပြင်အား စစ်ဆေးပေးပါ။

အကယ်၍ ချစ်သူ၊ အိမ်ထောင်ဖက်အဟောင်းနှင့် ပြန်လည်ပေါင်းဖက်မည့်အနေအထားဖြစ်ပါက ဘယ်သန် (သို့) ညာသန်ဖြစ်သော လက်ဝါးပြင်၌ ဖော်ပြပေးမည်ဖြစ်သည်။

ထို့နောက် လက်ဆန်းအောက်ခြေ ဗုဒ္ဓဟူးဂြိုဟ်ခုံရှိ ရေပြင်ညီလမ်းကြောင်းများအား စစ်ဆေးပေးပါ။ အဆိုပါလမ်းကြောင်းများ ရှည်လျားနေသည်ဆိုပါက ဆက်ဆံရေးကာလတာရှည်မည့် သဘောကိုရည်ညွှန်းပြီး ၎င်းလမ်းကြောင်းများ ထင်ရှား-နက်ရှိုင်းနေပါက ဆက်ဆံရေး၌ လေးနက်သည့်သဘောကိုဖော်ပြသည်။

တစ်ဖန် လက်သူတွေ့အောက်ခြေအား လေ့လာပါက အဝိုလိုဂြိုဟ်ခုံပေါ်တွင် ကြက်ခြေခတ်ရှိနေပါက ခင်ပွန်းဟောင်း (သို့) ဇနီးဟောင်းဖြစ်သူက မိမိထံပြန်လည်ချဉ်းကပ်ရန် နှောင့်နှေးနေမည်ဖြစ်ကြောင်းဖော်ပြ၏။ အကယ်၍ စနေဂြိုဟ်ခုံ (သို့) အဝိုလိုဂြိုဟ်ခုံပေါ်မှ လမ်းကြောင်းသည် တနလာဂြိုဟ်ခုံအားဖြတ်နေပါက ချစ်သူဟောင်းလက္ခဏာတွင်လည်း လက်သူကြွယ်အောက်၌ ကြက်ခြေခတ်ရှိနေမည်ဖြစ်သည်။

အကယ်၍ ရှည်လျားသောနှလုံးလမ်းကြောင်းပေါ်တွင်အစက်အပြောက်ရှိနေပါက ချစ်သူဟောင်းရှိခဲ့သည့်အနေအထားကို ရည်ညွှန်းသည်။

နှလုံးလမ်းကြောင်းပေါ်မှ ကောင်းကျိုးပေးသောအမှတ်သင်္ကေတများမှာ ကြက်ခြေခတ်၊ စက်ဝိုင်း၊ ဘဲဥပုံ၊ လေးထောင့်ကွက်၊ တြိဂံပုံ၊ ပန်းရောင်အစက်အပြောက်တို့ပင် ဖြစ်သည်။

အကယ်၍ နှလုံးလမ်းကြောင်းပေါ်တွင် အပြာရောင်၊ အဖြူရောင်အစက်အပြောက်ခက်ရင်းခွအမှတ်သင်္ကေတ၊ ဂရစ်ကွက်၊ သံစကားကွက်များ ပါရှိနေခဲ့ပါက ချစ်သူ၊ အိမ်ထောင်ဖက်ဟောင်းနှစ်ဦးတို့အကြား ရင်နာစရာ၊ ထိခိုက်စရာများစွာရှိနေမည့်အခြေအနေကို ရည်ညွှန်းသည်။

သင်သည် ချစ်သူ၊ အိမ်ထောင်ဖက်အဟောင်းနှင့်ပြန်လည်တွေ့ဆုံရန် အခြေအနေရှိပါက လက်ဝါးပြင်၌ ပန်းရောင်အစက်အပြောက်များ၊ ကြက်ခြေခတ်များ၊ စက်ဝိုင်းပုံအမှတ်အသားများ၊ လေးထောင့်ကွက်များပေါ် လာမည်ဖြစ်သည်။

အကယ်၍ လက်ဝါးပြင်ပါ နှလုံးလမ်းကြောင်းပေါ်တွင် အမည်းရောင်အစက်အပြောက်များရှိနေပါက ပြန်လည်ပေါင်းဖက်ရန်ကိစ္စများ ကြိုးစားသလောက်အောင်မြင်နိုင်မည်မဟုတ်ပါ။

နှလုံးလမ်းကြောင်းရှည်လျားဖြောင့်တန်းပြီး အတွင်းနက်နက်ဖြင့် ထင်ရှားနေပါက ပြန်လည်ပေါင်းဖက်ရေးကိစ္စတိုင်း ကြိုးစားသလောက် အောင်မြင်မှုရရှိတတ်သည်။

ဦးခေါင်းလမ်းကြောင်းခွဲ (ဆို့မဟုတ်) ဦးခေါင်းလမ်းကြောင်းသည် တိမ်လွှန်းပြီး ချိန်းကြိုးပုံစံရှိနေပါက ချစ်သူ၊ အိမ်ထောင်ဖက်တို့အကြား ပြဿနာပိုမိုရှုပ်ထွေးစေမည် ဖြစ်သည်။

အကယ်၍ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းခွဲရှိနေပါက တောင်းမွန်သော ဆက်ဆံရေးအခြေအနေ၊ ပြန်လည်ဆန်းသစ်သော အခြေအနေတို့အား ဖော်ပြသည်။ တစ်ဖန် အဝိုလိုဂြိုဟ်ခုံပေါ်မှဆင်းလာသော လမ်းကြောင်းအားတွေ့ရပါက ၎ကာင်းသောနိမိတ်လက္ခဏာဖြစ်ကြောင်း ရည်ညွှန်းသည်။

၎င်းပြင် ကံလမ်းကြောင်းပေါ်မှ ဆင်းလာသော လမ်းကြောင်းခွဲအားတွေ့ရပါက တာဝန်ရှိခြင်း၊ တာဝန်ယူတတ်ခြင်း၊ မျှော်လင့်ခြင်းတို့အား ရည်ညွှန်းသည်။ ကြာသပတေးဂြိုဟ်ခုံပေါ်မှ လမ်းကြောင်းခွဲသည် ချစ်သူ၊ အိမ်ထောင်ဖက်နှင့် သဘောထားကွဲလွဲသည့်သဘော၊ နှလုံးသားရေးရာကိစ္စ၌ အငြင်းပွားတတ်သည့် သဘောတို့ကို ရည်ညွှန်းသည်။

အကယ်၍ အသက်လမ်းကြောင်းဆီမှ ခွဲထွက်လာသောလမ်းကြောင်းအား စစ်ဆေးပါက ချစ်သူ၊ အိမ်ထောင်ဖက်တို့အဖြစ်မှ ကွဲကွာရသည်ထိ ပြဿနာများစွာ အဖြေရှင်းရတတ်ကြောင်း ကိုယ်စားပြုသည်။ လမ်းကြောင်းခွဲတိုင်းလိုလို ပြဿနာအား ရည်ညွှန်းသည့် မကောင်းသည့်လက္ခဏာမဟုတ်ပါ။

လမ်းကြောင်းခွဲတို့၏သဘာဝအရ ပြဿနာအား ရည်ညွှန်းတတ်သည်။

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကိစ္စများ

လက္ခဏာပညာအထောင့်အရေးဘဝတစ်သက်တာအတွင်း အချစ်ရေး၊ အိမ်ထောင်ရေးများက အရေးပါသလို အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကိုလည်း အဓိကကျသော အခန်းကဏ္ဍအဖြစ် ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်အကိုင်ကောင်းရရှိခြင်း၊ ထီပေါက်ခြင်းတို့အား လက်ဝါးပြင်ပါ လမ်းကြောင်းများကပင် ဖော်ပြပေးသည်။

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ငွေကြေးရရှိမှုအခြေအနေ

လက်ဝါးပြင်အား လေ့လာရာ၌ လက်ပုံသဏ္ဌာန်အရွယ်အစား၊ ဖြက်အကျယ်အဖြင့်နှင့် လက်ချောင်းတို့၏ တည်ဆောက်ပုံများ၊ လက်ချောင်းတို့၏ တိုခြင်း၊ ရှည်ခြင်းနှင့် လက်ချောင်းရိုး အနေအထားများကိုပါ သေချာစွာခွဲခြား လေ့လာရမည်ဖြစ်သည်။

သင်သည် လက်မအား စတင် လေ့လာပါက လက်မအား လက်ဝါးပြင်မှ (သို့) ကျန်ရှိလက်ချောင်း (၄) ချောင်းနှင့် ဝေးရာသို့ မည်မျှကားနိုင်သည် ဆိုသည်ကို ဦးစွာလေ့လာပေးပါ။

လက်ညှိုးမှ လက်မဖြန့်ကားထားသည့် ကြားထောင့်သည် အသုံးအခွဲ ရက်ရောသူ (လက်ဖွာသူ) ဖြစ်ကြောင်း ဖော်ပြသည်။ ယင်းမှာ လက်ညှိုးနှင့် လက်မကြားထောင့်ကျယ်ဝန်းခြင်းကြောင့် ငွေကြေးများအားအလွယ်တကူမဆုပ်ကိုင်ထားနိုင်သည့်သဘော၊ ငွေယိုပေါက်ဖြစ်နေသည့်သဘောတို့ကို ရည်ညွှန်းသည်။

အကယ်၍ အထက်ဖော်ပြပါ လက်ညှိုး၊ လက်မကြားရှိထောင့်သည် ကျဉ်းမြောင်းလွန်းနေပါက နှမြောတွန့်တိုတတ်သူ၊ ကပ်စေးနဲသူဖြစ်ကြောင်း ဖော်ပြခြင်းသာ ဖြစ်သည်။

လက်ညှိုး၊ လက်မကြားထောင့် ကျဉ်းမြောင်းသူတို့၏သဘာဝရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာ လုပ်ကိုင်တတ်ပြီး ဝင်ငွေပုံမှန်ရရှိခြင်းအပေါ် နှစ်သက်ပျော်ရွှင်နေတတ်သူများအဖြစ် တွေ့ရတတ်သည်။ ၎င်းပြင် ငွေကြေးအပေါ် သေချာစွာ စိစစ်တတ်သူဖြစ်ခြင်းကြောင့် မိမိက ငွေချေး၍ အတိုးနှုန်းယူခြင်း၊ မိမိက အခြားသူထံမှ ငွေချေးခြင်းတို့အား သေချာစနစ်တကျလုပ်ကိုင်တတ်သူ၊ ချေးထားသောငွေဖြင့် အခြားလုပ်ငန်းများလုပ်ကိုင်တတ်သူ၊ ရင်းနှီးမြှုပ်နှံထားတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

တစ်ဖန် လက်မလက်ချောင်းအား နှိပ်ကြည့်ပါက အရေပြားမည်သို့လှုပ်မြဲနစ်ခြေနှုန်းသည်၊ နှိပ်လိုက်သည်နှင့် အချိန်တိုအတွင်း ပြန်ကန်တတ်သည်တို့ သိရှိရန်လုပ်ပေးသင့်သည်။

လက်မရှိအရေပြား လျင်မြန်စွာ ပြန်ခုန်းပါက ကျန်းမာရေးကောင်းခြင်းကို ရည်ညွှန်းပြီး လက်မအားဖိ၍ ပြန်တွန်းကန်မှု နှေးကွေးပါက ကျန်းမာရေးမကောင်းခြင်းကို ဖော်ပြသည်။ ထိုအနေအထားသည် ပင်ပန်းသောအလုပ်များအား ခေတ္တခဏနားထားရန် အသိပေးနေခြင်းလည်းဖြစ်သည်။

လက်ညှိုးအား လေ့လာပါက လက်ချောင်းရိုးအဆင့်အလိုက် တစ်ခုနှင့် တစ်ခုအချိုးညီညီရှိမရှိစစ်ဆေးပေးပါ။

လက်ညှိုးသည် ကြာသပတေးဂြိုဟ်အား ကိုယ်စားပြုပြီး အရာရာဦးဆောင်ရသည့်သဘော လိုအပ်သလို စွန့်စားရသည့်သဘောတို့ကို ရည်ညွှန်းသည်။

လက်ခလယ်လက်ချောင်းအား လေ့လာပါက လက်ခလယ်သည် စနေဂြိုဟ်အား ကိုယ်စားပြုပြီး ၎င်းလက်ချောင်း ရှည်လျားဖြောင့်တန်းနေပါက ငွေကြေးကိစ္စများ၌ စည်းစနစ်ရှိသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ စနေလက်ချောင်း (လက်ခလယ်) သည် လက်ညှိုးရှိရာဘက်သို့ ငိုက်နေပါက မိမိတစ်ကိုယ်ရည် တစ်ကာယအတွက် ရှာဖွေလုပ်ကိုင်စားသောက်တတ်သူဖြစ်ကြောင်း ဖော်ပြပြီး စနေလက်ချောင်းက လက်သူကြွယ်ဘက်ဆီသို့ငိုက်နေပါက ကိုယ်ပိုင်အစွမ်းအစဖြင့် ဖန်တီးနိုင်စွမ်းရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ လက်ခလယ်ထိပ်ဖျားလေးထောင့်ကျနေပါက အလုပ်ကြမ်းလုပ်ကိုင်ရသူ(အလုပ်ကြမ်းသမား)အဖြစ် ဖော်ပြပြီး လက်ခလယ်ထိပ်ဖျားဝိုင်းခြင်း (သို့) ချွန်ခြင်းပုံစံဖြစ်နေပါက လုပ်ငန်းသဘာဝအရ ကိုယ်ကာယစိုက်ထုတ်သည့်လုပ်ငန်းများနှင့်အကျိုးပေးသူဖြစ်ကြောင်း ဖော်ပြသည်။

လက်သူကြွယ်အားလေ့လာရာ၌ ပထမဆုံးလက်ချောင်းရိုး သိသိသာသာ တိုတောင်းနေပါက မွေးရာပါအထုံပါရမီအရ အစွမ်းအစကောင်းများရှိသူ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအောင်မြင်သူ၊ ငွေရတနာပစ္စည်းများရောင်းဝယ်သူဖြစ်ကြီးပွားချမ်းသာတတ်ကြောင်း ရည်ညွှန်းသည်။



Figure 9: Palmistry for career and money

www.burmeseclassic.com

လက်သန်း၏ အနေအထားအား စိစစ်ရာ၌ အခြားသောလက်ချောင်းများနှင့်မတူဘဲ ထင်ရှားပေါ်လွင်နေလျှင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့်အခြေရှိသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ ဗုဒ္ဓဟူးဂြိုဟ်ကိုယ်စားပြုလက်ချောင်း (လက်သန်း) သည် ရှည်လျားနေပါက ဝင်ငွေကောင်းသောလုပ်ငန်းများအားပိုင်ဆိုင်သူ ဖြစ်ကြောင်း ရည်ညွှန်းဖော်ပြပြီး တိုတောင်းသော လက်သန်းဖြစ်ပါက ဘဝအစပိုင်းမှာပင် ငွေကြေးအခက်အခဲများစွာကြုံတွေ့ရတတ်ကြောင်း ချို့တဲ့သောဘဝဖြင့်ပင်ကြီးပြင်းလာရကြောင်း ဖော်ပြသည်။

အကယ်၍ လက်သန်းသည် လက်သူကြွယ်ရှိရာသို့ ငိုက်နေပါက ဖန်တီးနိုင်စွမ်းအားကောင်းပြီး ချမ်းသာသောဘဝကိုပိုင်ဆိုင်ရသူ၊ လက်တွေ့ကျကျပြောဆိုလုပ်ကိုင်တတ်ခြင်းကြောင့် ဘဝတွင် အောင်မြင်မှုအဆင့်ဆင့်ကို တက်လှမ်းရယူနိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

လက်ဝါးပြင်ရှိငွေကြေးရရှိပိုင်ဆိုင်နိုင်မှုကို လက္ခဏာတည်ဆောက်ပုံများ

ငွေကြေးရရှိနိုင်မှုအခြေအနေအမျိုးမျိုးသည် လက်ဝါးပြင်ပါဂြိုဟ်ခုံများနှင့် တိုက်ရိုက်ပတ်သက်လျက်ရှိသည်။ လက်ဝါးပြင်အား အောက်ပါအတိုင်း စတင်လေ့လာပေးပါ။ လက်ညှိုးအောက်ခြေရှိ ကြာသပတေးဂြိုဟ်ခုံအား အရွယ်အစားမည်မျှရှိသည်ကို လေ့လာပါ။ ထို့နောက် ငွေကြေးရရှိမှုပြသော လမ်းကြောင်းများ၊ အမှတ်အသားသဏ္ဌာန်များ၊ အစက်အပြောက်များနှင့်အရောင်တို့အား ဆက်လက် လေ့လာပါ။

ထို့နောက် လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံအား လေ့လာပါ။ စနေဂြိုဟ်ခုံပေါ်ရှိလမ်းကြောင်းများ၊ အမှတ်အသားများနှင့် စနေဂြိုဟ်ခုံနေအရွယ်အစားတို့အား လေ့လာပေးပါ။ စနေဂြိုဟ်ခုံအရွယ်အစား၊အကျယ်အဝန်းနှင့် အခြေတို့အား အခြားသောဂြိုဟ်ခုံများနှင့် နှိုင်းယှဉ်ပေးပါ။

ထို့နောက် လက်သူကြွယ်အောက်ခြေရှိ သေးငယ်သောအမှတ်အသားနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့အား လေ့လာပါ။ လက်သူကြွယ်အောက်ခြေရှိ တနင်္ဂနွေဂြိုဟ်ခုံအားလေ့လာပြီးနောက် လက်သန်းအောက်ခြေရှိ ဗုဒ္ဓဟူးဂြိုဟ်ခုံအား ဆက်လက်လေ့လာပေးပါ။ ၎င်းဂြိုဟ်ခုံအရွယ်အစားနှင့် အမှတ်သင်္ကေတများအား ဆက်လက်လေ့လာပေးပါ။

ထို့နောက် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့အကြားရှိ အင်္ဂါဂြိုဟ်ခုံအား ဆက်လက် လေ့လာပေးပါ။

လက်ဝါးပြင်ပါ အဓိကလမ်းကြောင်း (၃) ခုအနက် ထိပ်ဆုံးရှိ (နှလုံးလမ်းကြောင်း) နှင့် အလယ်ရှိ (ဦးခေါင်းလမ်းကြောင်း) တည်ဆောက်ပုံတို့အား စိစစ်ပေးပါ။ ထို့နောက် ယူရေးနပ်စ်ဂြိုဟ်ခုံအား လေ့လာပေးပါ။

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့အဆုံးသတ်နေရာ၌ မည်သည့်ဂြိုဟ်ခုံရှိသည်ကို စစ်ဆေးပေးပါ။

အကယ်၍ ကြာသပတေးဂြိုဟ်ခုံသည် သိသိသာသာကြီးမားနေပါက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တိုင်း၌ ဦးဆောင်သူ၊ အကြီးအကဲဖြစ်ရသူ၊ ခေါင်းဆောင်နိုင်သော အရည်အသွေးပါရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။ ကြာသပတေးဂြိုဟ်ခုံသည် အများအားဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်၌ အောင်မြင်သူဖြစ်ကြောင်း ဖော်ပြသော်လည်း မကောင်းသောအခြေအနေတစ်ရပ်မှာ သင့်ရည်မှန်းချက်များ မရောက်မီအထိ အခက်အခဲတားအဆီးများရှိနေကြောင်း၊ အရည်အချင်းအားစမ်းသပ်ခံရတတ်ကြောင်း ဖော်ပြသည်။

စနေဂြိုဟ်ခုံသည်လည်း အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အတွက် အရေးပါသောဂြိုဟ်ခုံ ဖြစ်သည်။ စနေဂြိုဟ်ခုံသည် သက်ဆိုင်ရာလက်ဝါးပိုင်ရှင်၏တာဝန်သိစိတ်ရှိခြင်းကို ဖော်ပြသည်။ အကယ်၍ စနေဂြိုဟ်ခုံဆီသို့ ထောင်တက်နေသောလမ်းကြောင်းကို တွေ့ရပါက တာဝန်ယူတတ်စိတ်ရှိသူဖြစ်ကြောင်းဖော်ပြပြီး စနေဂြိုဟ်ခုံကြီးမားနေပါက ဥပဒေစည်းမျဉ်းများလိုက်နာတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ စနေဂြိုဟ်ခုံသေးငယ်ပါက မကောင်းသောလက္ခဏာအဖြစ် မမှတ်ယူသင့်ပါ။ စနေဂြိုဟ်ခုံသေးငယ်ခြင်းသည်လည်း အခြားထူးခြားသော အရည်အသွေးများအား ဖော်ပြသည်။

အကယ်၍ အပိုလိုဂြိုဟ်ခုံ (သို့) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ကြွယ်ပုံစံအမှတ်အသား၊ ခက်ရမ်းခွအမှတ်အသားနှင့် တြိဂံပုံစံများပါရှိနေပါက ငွေကြေးကိစ္စများ၌ ဆုံးရှုံးမှုများတတ်ကြောင်း ဖော်ပြသည်။

ထို့နောက် ကံလမ်းကြောင်းပေါ်တွင် ကြယ်အမှတ်အသားပါ၊ မပါ စိစစ်ပြီး လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံပေါ်သို့ ထောင်တက်နေသောလမ်းကြောင်းရှိမရှိ စစ်ဆေးပါ။ အကယ်၍ အထက်ပါအတိုင်းဖြစ်နေပါက ငွေကြေးကိစ္စများ၌ အောင်မြင်ခြင်း၊ အမွေရရှိခြင်းတို့ကို ရည်ညွှန်းသည်။

အပိုလိုဂြိုဟ်ခုံ၏ အရွယ်အစားသည် သက်ဆိုင်ရာ လက်ဝါးပိုင်ရှင်၏ အထုပါရမီကျွမ်းကျင်မှုတို့အား စီးပွားရေးနှင့်အောင်မြင်ခြင်း၊ ငွေကြေးကိစ္စမှန်သမျှ၌ ကံကောင်းခြင်းတို့ကို ရည်ညွှန်းသည်။

အပိုလိုနှင့်ဆိုင်သောစွမ်းရည်နှင့် စနေနှင့်ဆိုင်သော စွမ်းရည်တို့ကြောင့် အလုပ်အကိုင်ဆိုင်ရာ အင်တာဗျူးတိုင်း၌ ရွေးချယ်ခံရမည်သာဖြစ်သည်။ အကယ်၍ အပိုလိုဂြိုဟ်ခုံပေါ်တွင် ကောင်းသောအမှတ်သင်္ကေတများပါရှိနေပါက စီးပွားရေးသဏ္ဌာန်ရေးဆိုင်ရာကိစ္စတိုင်း၌ ကံကောင်းနေပြီး နေ့စဉ်ဝင်ငွေရရှိနေပါမည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံအရွယ်အစားသည် ကြီးမားနေပါက သင့်ရည်မှန်းချက်အတွက် ဆက်ဆံရေးနှင့်ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ အဆင့်ပြေချောမွေ့နေပါမည်။ ဗုဒ္ဓဟူးဂြိုဟ်ခုံအရွယ်အစားသည် ဆရာဖြစ်နိုင်သောလက္ခဏာ၊ ဆေးဆရာဖြစ်နိုင်သောလက္ခဏာကိုလည်း ရည်ညွှန်းသည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေခတ်တစ်ခုပါရှိနေပါက စီးပွားရေးအရအကျိုးတူပူးပေါင်းလုပ်ကိုင်မည့်သူတွေ့လာရမည်ဟု ဖော်ပြသည်။

အကယ်၍ ၎င်းဂြိုဟ်ခုံပေါ်တွင် လေးထောင့်ကွက်တစ်ခု ပါရှိနေပါက ရရှိထားသောဘဝနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တို့အကြားတွင် သင့်တင့်မျှတမှုရှိကြောင်း ဖော်ပြသည်။

ထို့နောက် အင်္ဂါဂြိုဟ်အား ဆက်လက်လေ့လာပါက ဘယ်သန်(သို့)ညာသန်ဖြစ်သောလက်ပေါ်မှ အင်္ဂါဂြိုဟ်ခုံသည် အလုပ်အကိုင်အား တစ်စုံတစ်ရာ မထိခိုက်အောင် ကာကွယ်စောင့်ရှောက်နိုင်သူ၊ သည်းခံစိတ်ကြီးမားပြီး မာန်မာနအား ချိုးနှိမ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

အင်္ဂါဂြိုဟ်ခုံပေါ်တွင်ကောင်းသောအမှတ်သင်္ကေတနှင့်အစက်အပြောက်

www.burmeseclassic.com

www.burmeseclassic.com

များ၊ ကောင်းသောအရောင်များပါရှိနေပါက လုပ်ကိုင်ကြံစည်သမျှ လုပ်ငန်းအားလုံး အောင်မြင်ကြောင်း ဖော်ပြသည်။ သို့သော်လည်း မကောင်းသော အမှတ်သင်္ကေတများပေါ်လာခြင်း ရှိမရှိ သိရှိနိုင်ရန် လက်ဝါးပြင်အား မကြာခဏ စစ်ဆေးပေးပါ။ ဘယ်သန် (သို့) ညာသန်မဟုတ်သော အခြားလက်တစ်ဖက်မှ လက်ဝါးပြင်ပေါ်တွင်ရှိသည့် အဂ်ါဂြိုဟ်ခုံသည် မည်သို့သောဖိအားများရှိနေသည်ဟုတိုင် စီမံဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မည့် သဘောကို ဖော်ပြသည်။ အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် သေးငယ်သော ယူရေးနပ်စ်ဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်နေပါက ဖန်တီးနိုင်စွမ်းနှင့် တီထွင်နိုင်စွမ်းများ လက်တွေ့ကျကျ တိုးတက်မှုရှိသည့် သဘောကို ရည်ညွှန်းသည်။

သောကြာဂြိုဟ်ခုံသည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် အလိုဆန္ဒအမျိုးမျိုးကို ကိုယ်စားပြုထားသည်။

အကယ်၍ သင်သည် ဝင်ငွေနှင့် ထွက်ငွေမျှတသူ၊ အသုံးနှင့်အဖြုန်းမျှတသူဖြစ်ပါက လက်ဝါးပြင်ရှိ သောကြာဂြိုဟ်ခုံပေါ်၌ ကောင်းသောအစက်အပြောက်နှင့် အမှတ်သင်္ကေတများ ပေါ်ပေါက်လာမည်ဖြစ်သည်။ အကယ်၍ သင်သည် ငွေကြေးဖြုန်းတီးမှုသက်သာရှိပါက သောကြာဂြိုဟ်ခုံပေါ်၌ မကောင်းသော အစက်အပြောက်နှင့် နိမိတ်မကောင်းသောအရောင်များပေါ်ပေါက်လာမည်ဖြစ်သည်။

ချမ်းသာခြင်းဆီသို့ ဦးတည်သော လမ်းကြောင်းများ

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အတွက် မည်သည့်လမ်းကြောင်းက ပိုမိုအရေးပါဆုံးဖြစ်သည်ကို စစ်ဆေးရန် လိုအပ်သည်။ ထိုသို့ စစ်ဆေးရာ၌ အဓိကလမ်းကြောင်းဖြစ်သော ဦးခေါင်းလမ်းကြောင်း၊ နှလုံးလမ်းကြောင်းနှင့် အသက်လမ်းကြောင်းဟူသည့် လမ်းကြောင်း (၃) ခုအား စစ်ဆေးရန်လိုအပ်သည်။ ပြီးနောက် လက်ခလယ်အောက်ခြေ စနေဂြိုဟ်ခုံဆီသို့ ထောင်တက်နေသောလမ်းကြောင်းနှင့်လက်သန်းအောက်ခြေ ဗုဒ္ဓဟူးဂြိုဟ်ခုံဆီသို့ ထောင်တက်နေသောလမ်းကြောင်းများ ရှိ၊ မရှိစစ်ဆေးပေးပါ။

ထို့နောက် စနေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ပေါ်၌ အစက်အပြောက်၊ ကြယ်၊ တြိဂံ၊ ခက်ရင်းခွပုံသဏ္ဌာန်များ ပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

အကယ်၍ နှလုံးလမ်းကြောင်းတွင် လမ်းကြောင်းခွပါရှိပြီး၎င်းက စနေဂြိုဟ်ခုံအောက်မှအစပြုခြင်း (သို့) ၎င်းဂြိုဟ်ခုံတွင် အဆုံးသတ်ခြင်းရှိ၊ မရှိစစ်ဆေးပါ။ အကယ်၍ နှလုံးလမ်းကြောင်းက နေရာမှန်ကန်စွာ တည်ရှိနေပါက ငွေကြေးကိစ္စများ အဆင်ပြေ ချောမွေ့မည်ဖြစ်ကြောင်း ဖော်ပြသည်။ အသက်လမ်းကြောင်းတည်ဆောက်ပုံတိမ်ခြင်း၊ နက်ခြင်းသည် လက္ခဏာရှင်၏ ကျန်းမာရေးအခြေအနေအကောင်း၊ အဆိုးကို ရည်ညွှန်းသည်။

နက်ရှိုင်းထင်ရှားသော အသက်လမ်းကြောင်းသည် အခြေအနေတစ်ရပ်အပေါ် အာရုံစိုက်ဆောင်ရွက်နိုင်ပြီး အချိန်တိုအတွင်း မှန်ကန်သောအဆုံးအဖြတ်ချပေးနိုင်သူဖြစ်ကြောင်းရည်ညွှန်းသည်။

အကယ်၍ အသက်လမ်းကြောင်းတိမ်ပြီး မှိန်ပျနေပါက အလုပ်အကိုင်ကောင်းတစ်ခုရရှိရန် အားမွှိတ်ကြိုးစားရတတ်ကြောင်း ဖော်ပြသည်။

ထို့နောက် လက်ခလယ်အောက်ခြေတစ်လျှောက်ရှိနေသော ကံလမ်းကြောင်းအား စစ်ဆေးပါ။ ၎င်းလမ်းကြောင်းပေါ်၌ပါရှိသော အမှတ်သင်္ကေတနှင့်အစက်အပြောက်များက ကောင်းကျိုး၊ ဆိုးကျိုးပေးနိုင်သည်ကို ခွဲခြားပေးပါ။ အကယ်၍ အသက်လမ်းကြောင်းတည်ဆောက်ပုံတိမ်ပြီး ကွင်းဆင်းကြိုးပုံစံရှိနေပါက (သို့) အပြတ်အတောက်ရှိသော လမ်းကြောင်းဖြစ်နေခဲ့ပါက မကောင်းသောအခြေအနေတစ်ရပ်ပင်ဖြစ်သည်။ အထူးသဖြင့် ငွေကြေးရာဖွေမှု၌ အခက်အခဲရှိနေခြင်းကို ရည်ညွှန်းသည်။

အကယ်၍ ကံလမ်းကြောင်းတွင် မကောင်းသော အမှတ်သင်္ကေတများပါရှိခဲ့ပါက အစိုးရိမ်ကြီးစရာမလိုဘဲ ငွေကြေးဖြင့် စွန့်စားရသောလုပ်ငန်းများ မလုပ်မိစေရန်သာ သတိပြုရမည်ဖြစ်သည်။ ကံလမ်းကြောင်း၌ မကောင်းသော အမှတ်သင်္ကေတများရှိနေစဉ် အတွင်း မကောင်းမှန်းသိလျက်နှင့် ရုန်းမထွက်နိုင်သောလုပ်ငန်းများအား မလုပ်မိစေရန် ကောင်းသောလုပ်ငန်းများကိုသာ ရွေးချယ်လုပ်တတ်ရန် အရေးတကြီးလိုအပ်သည်။

ဦးခေါင်းလမ်းကြောင်းသည် ကြေးဆိုင်ရာကိစ္စများအပေါ် မည်စည်းစားသည်ကို ရည်ညွှန်းသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် စနေဂြိုဟ်ခုံအောက်၌ အဆုံးသတ်ပါက ငွေကြေးရရှိမှုကြောင့် ခေါင်းမာတတ်သူ၊ မာနထောင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် ကံလမ်းကြောင်းနှင့်ဝေးကွာနေကာ ငွေကြေးကိစ္စများအတွက် အတိုင်ခံလိုအပ်ကြောင်း ရည်ညွှန်းသည်။

ဦးခေါင်းလမ်းကြောင်း၊ ကံလမ်းကြောင်းနှင့် ဗုဒ္ဓဟူးလမ်းကြောင်းတို့ ပေါင်းစပ်ပြီး တြိဂံပုံဖြစ်လာပါက ငွေကြေးရရှိမှုကိုဖော်ပြသည့် တြိဂံအသေးသတ်မှတ်ရမည်ဖြစ်သည်။ အဆိုပါတြိဂံအရွယ်အစားကြီးမားလေ ငွေကြေးရမည့် အခြေအနေများ ပိုမိုအားကောင်းလေဖြစ်ပါသည်။

မည်သည့်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်က အကောင်းဆုံးဖြစ်သနည်း

လက်ဝါးပြင်တည်ဆောက်ပုံသည် လက်ဝါးပိုင်ရှင်တို့၏ ကိုယ့်ပိုင်အသေးလက္ခဏာ၊ ကျွမ်းကျင်မှုနှင့်ဆောင်ရည်တို့အား ဖော်ပြပေးသည်။ လက်ဝါးပြင်တည်ဆောက်ပုံကြီးမားပြီး လက်ချောင်းများ တိုတုတ်စွာတုံးတိနေပါက (သို့) လက်သည်းခွံများ ကျယ်ပြန့်ကြီးမားနေပါက အနိမ့်စား လက်ပုံစံအဖြစ် သတ်မှတ်ရသည့် အနိမ့်စားလက်များသည် အများအားဖြင့် ကြမ်းတမ်းကြီးမားပြီး လက်ဝါးပြင်ပါလမ်းကြောင်းများတို့ကာ ထင်ရှားမရှိ မှိန်ပျနေတတ်သည်။ အနိမ့်စား လက်ဝါးပိုင်ရှင်များအား ဥယျာဉ်မှူးများ၊ ရတနာပစ္စည်းရောင်းဝယ်သူများ၊ ပိုက်ပြင်ပိုက်ဆက်ဆရာများ၊ သတ္တုထည်ပစ္စည်းများလုပ်ကိုင်ထုတ်လုပ်သူများ၊ တိရစ္ဆာန်များနှင့်တွဲဖက်၍ အလုပ်လုပ်သူများအဖြစ် တွေ့ရတတ်သည်။

လက်ဝါးပြင်တည်ဆောက်ပုံတွင် ထောင့်ကျခြင်း (သို့) လေးထောင့်လက်ချောင်းများရှိခြင်း၊ အရေပြားတွေ့မြွေခြင်းလမ်းကြောင်းများ ထင်ရှားနေရှိခြင်းခြင်းရှိနေပါက အရာရာလက်တွေ့ကျကျလုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်ကြောင်း ဗီသုကာပညာရှင်၊ ဒီဇိုင်နာကျောင်းဆရာ၊ မန်နေဂျာများအဖြစ် လုပ်ကိုင်ခွင့်ရကြောင်း ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

လက်ဝါးပြင်တည်ဆောက်ပုံလေးထောင့်ကျခြင်း (သို့) ကျယ်ပြန့်သောထောင့်မှန်စတုဂံပုံရှိခြင်း၊ အရိုးဆက် (အဆစ်) နေရာများကြီးမားခြင်း၊ လက်ချောင်းထိပ်ဖျားများပြားနေခြင်း ဖြစ်ပါက ဇွန်းပြားပုံရှိသောလက်အဖြစ် သတ်မှတ်နိုင်သည်။ အဆိုပါ လက်မျိုးတွင် ထူထဲသော လမ်းကြောင်းများပါရှိတတ်သည်။ လက်ချောင်းထိပ်ပြားနေသည့် (ဇွန်းပြားပုံ) လက်ဝါးပိုင်ရှင်များအား အင်ဂျင်နီယာ၊ ကွန်ပျူတာပရိုဂရမ်ရေးသူ၊ လက်သမား၊ ပန်းချီဆရာ၊ ဂီတပညာရှင်၊ မတ္တင်းနစ်၊ ပရောဂျက်မန်နေဂျာများအဖြစ် တွေ့ရတတ်သည်။

အကယ်၍ လက်ဝါးတည်ဆောက်ပုံ တြိဂံပုံဖြစ်နေပြီး လက်ချောင်းများ ရှည်လျားနေသည်ဆိုပါက ကတော့ပုံလက်အဖြစ် သတ်မှတ်ရသည်။ ကတော့ပုံရှိလက်များသည် အမြင်အရ ကျက်သရေရှိပြီး ကွေ့ကောက်သောလမ်းကြောင်းများ ပါရှိနေတတ်သည်။

ကတော့ပုံရှိ လက်ဝါးပိုင်ရှင်များအား ပန်းချီကျော်များ၊ ဒီဇိုင်နာကောင်းများ၊ အလှဆင်ပညာရှင်များ၊ စာရေးဆရာ၊ ရှေ့နေ၊ ပြဿနာဖြေရှင်းပေးနိုင်သူများအဖြစ် တွေ့ရတတ်သည်။

လက်ဝါးတည်ဆောက်ပုံသည် ရှည်လျားပြီး ဘဲဥပုံလက်ချောင်းများပါရှိနေပါက (ဘဲဥပုံလက်ချောင်းများသည် အရိုးဆက်၊ အဆစ်များအားသိသာပေါ်လွင်စေပါက) ဒဿနိကဗေဒပညာရှင်၊ အတွေးအခေါ်ပညာရှင်တို့၏လက်ဟန်ခေါ်ဆိုသတ်မှတ်နိုင်သည်။ အဆိုပါ လက်ဝါးပုံစံတွင် ထင်ရှားနက်ရှိုင်းသော လမ်းကြောင်းများ ပါရှိတတ်သည်။

ဘဲဥပုံလက်ချောင်းပိုင်ရှင်များအား တီထွင်သူ၊ ကုထုံးတစ်ခုခုကို ကျွမ်းကျင်ထားသော ဆရာဝန်၊ ဝေဖန်ရေးသမားကောင်းများ၊ စာရေးဆရာ၊ အတွေးအခေါ်ပညာရှင်၊ သိပ္ပံပညာရှင်များအဖြစ် တွေ့ရတတ်သည်။

လက်ဝါးတည်ဆောက်ပုံရှည်လျားပြီး ဝိန်းသွယ်သောလက်ချောင်းများပါရှိနေပါက စိတ်နယ်လွန်တန်ခိုးရှိသူ၊ အကြားအမြင်ပေါက်သူတို့၏ လက်ပုံစံအဖြစ် သတ်မှတ်နိုင်သည်။ အဆိုပါ လက်အမျိုးအစားသည် အများအားဖြင့် အသားရေချောမွေ့ပြီး မှိန်ပျသောလမ်းကြောင်းငယ်များစွာ ပါဝင်တတ်သည်။

ဖော်ပြပါ လက်ဝါးပိုင်ရှင်များအား စိတ်ပညာရှင်၊ ကဗျာဆရာ၊ စိတ်နယ်လွန်ဖြစ်ရပ်များအားလိုက်စားတတ်သူ၊ အကြားအမြင်ပေါက်သူ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ တွေးခေါ်ပညာရှင်တို့အဖြစ် တွေ့ရတတ်သည်။

လက်ဝါးပြင်တည်ဆောက်မှုပုံစံ (၂) မျိုး၊ (၃)မျိုး ပါဝင်ပေါင်းစပ်နေသည့် (သို့) လက်အနေအထားပုံစံမျိုးစုံရောပြွမ်းပါဝင်နေသည့်လက်မျိုးကို ရောနှောပုံစံရှိလက်အမျိုးအစားအဖြစ် သတ်မှတ်နိုင်သည်။

အဆိုပါလက်ဝါးပုံစံရှိသူများသည် ဘဝတစ်သက်တာအတွင်း မည်သို့သော အသက်မွေးဝမ်းကျောင်းမျိုးကိုမဆို လုပ်ကိုင်နိုင်စွမ်းရှိကြသည်။

လက်ဝါးတည်ဆောက်ပုံအမျိုးမျိုးအား လေ့လာနိုင်ရုံမက လက်ဝါးပြင်ပါဂြိုဟ်ခုံနှင့် လက္ခဏာအရေးအကြောင်းများ၊ ထင်ရှားသောအမှတ်သင်္ကေတနှင့် အစက်အပြောက်များကိုပါ သေချာစွာ စိစစ်ရမည်ဖြစ်သည်။

ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ကောင်းသော အမှတ်သင်္ကေတများရှိပါက လုပ်ငန်းတစ်ခု ကုမ္ပဏီတစ်ခု၏ အရေးကြီးပုဂ္ဂိုလ် (CEO) အဖြစ်ရပ်တည်နိုင်သူဖြစ်ကြောင်းရည်ညွှန်းပြီး လက်ခလယ်အောက်ဘက် နေဂြိုဟ်ခုံပေါ်တွင် ကောင်းသော အမှတ်သင်္ကေတရှိပါက အဖွဲ့အစည်းတစ်ခု၏ အခရာကျသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ အဝိုလိုဂြိုဟ်ခုံပေါ်တွင် ကောင်းသောအမှတ်သင်္ကေတများရှိနေပါက အနုပညာရပ်ဌာနသူဖြစ်ကြောင်းရည်ညွှန်းပြီး လက်သန်းအောက်ခြေပုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကောင်းသော အမှတ်အသားများရှိနေပါက ဉာဏ်ရည်အား အဓိကအသုံးပြုရသည့် ကျောင်းဆရာ၊ စာရေးဆရာ၊ ဆေးဝါးပညာရှင် အလုပ်များဖြင့် အကျိုးပေးမည်ဖြစ်သည်။

တစ်ဖန် တနင်္ဂလာဂြိုဟ်ခုံပေါ်တွင် ကောင်းသောအမှတ်လက္ခဏာများပါရှိပါက ပန်းချီပညာရှင်၊ အကြံပေးအရာရှိ၊ ကောင်ဆယ်လာ၊ အတိုင်ပင်ခံ၊ ကုထုံးတစ်ခုခုဌာနကျွမ်းကျင်သူများအဖြစ် တွေ့ရတတ်သည်။

ဘဝအခြေအနေပြင်မှာခြင်း၊ ရာထူးတိုးတက်ခြင်းဆိုင်ရာလက္ခဏာတည်ဆောက်ပုံများ

ဝင်ငွေကောင်းစွာရရှိခြင်းကိုဖော်ပြသည့် တြိဂံအရွယ်အစားကြီးများပါက ဝင်ငွေကောင်းသော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များဖြင့် အကျိုးပေးသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ ကံလမ်းကြောင်းမှခွဲထွက်လာသော လမ်းကြောင်းများသည် ထင်ရှားနက်ရှိုင်းစွာရှိနေပါက ဩဇာအာဏာရှိသောရာထူးနေရာ၌ လုပ်ကိုင်ခွင့်ရမည့်သူဖြစ်ကြောင်းနှင့် အခွင့်အရေးကောင်းများက မိမိအား ရှေ့တွင်ကြိုဆိုနေမည်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ကံလမ်းကြောင်းပေါ် မှလမ်းကြောင်းခွဲများသည် အလုပ်အကိုင်ကောင်းများရရှိခြင်းကို ရည်ညွှန်းပြီး ကံလမ်းကြောင်း၌ လမ်းကြောင်းခွဲများမပါရှိပါက (သို့) လမ်းကြောင်းခွဲသည် လက်ဝါးပြင်အောက်သို့ဆင်းနေပြီး အသက်လမ်းကြောင်းဆီသို့ တိုင်ရောက်ရှိနေခဲ့ပါက အလုပ်အကိုင်ပြောင်းလဲတတ်ခြင်း၊ သတိထားစရာများ နေခြင်းတို့ကို ရည်ညွှန်းသည်။

ထီပေါက်နိုင်သောအခြေအနေရှိပါသလား

အဝိုလိုဂြိုဟ်ခုံပေါ်တွင် ကြယ်ပုံစံအမှတ်သင်္ကေတ၊ တြိဂံနှင့် ခက်ရင်းခွပုံစံတို့ ပါရှိနေပါက လက်ခလယ်ဆီသို့ ထောင်တက်နေသော ကံလမ်းကြောင်းပေါ်၌ ကြယ်ပုံစံအမှတ်အသားရှိသကဲ့သို့ပင် အကျိုးပေးကောင်းသော၊ ထီပေါက်နိုင်သောလက္ခဏာ ဖြစ်သည်။

မိသားစုရေးရာကိစ္စများ

အချို့သောလက်ဝါးပြင်များ၌ပါရှိသောလမ်းကြောင်းများသည် အတွင်းနက်နက် ထင်ရှားပေါ်လွင်ပြီး ဘဝတစ်သက်တာလုံးအထိ တာရှည်နေတတ်သည်။ အချို့လက်ဝါးပြင်များကမူ လမ်းကြောင်းများပေါ်လွင်ထင်ရှားနေရာမှ တဖြည်းဖြည်း မှေးမှိန်သွားတတ်သည်။

လက်ဝါးပြင်ပါ သေးငယ်သော အမှတ်သင်္ကေတများသည် ကြီးမားသောကိစ္စရပ်များကိုပင် ဖြစ်စေတတ်သည်။

မိမိတစ်ဦးတည်းနှင့်ဆိုင်သောကိစ္စရပ်များအား ဘယ်သန် ညာသန် မဟုတ်သောလက်ဝါးပြင်၌ တွေ့ရှိရသည်။ မိသားစုဆိုင်ရာကိစ္စများအား ဘယ်သန် (သို့) ညာသန်လက်ပေါ်၌ တွေ့ရှိရသည်။

မိသားစုဆိုင်ရာကိစ္စများအား ဘယ်သန် (သို့) ညာသန်ဖြစ်သောလက်ဝါးပြင်တစ်ခုတည်းကပင် ဖော်ပြတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဆရာသခင်နှင့်စကားထိုင်ပြောနေစဉ် လူတစ်ယောက်ရောက်လာ၏။ ထိုလူကို ကျွန်ုပ်မသိပါ။ ဆရာသခင်သည် သောက်နေသော လက်ဖက်ရည်ကိုကုန်အောင်သောက်လိုက်ပြီး ကိုင်းဖန်ခွက်ကြီးအား ဘေးနားသို့သပ်ရပ်စွာချလိုက်ရင်း -

"ဘာအခါလဲကွ"

"သောရီအခါပါ ဆရာ"

ဤမျှသာ စပေးလိုက်၏။ ကျွန်ုပ်သိပါသည်။ သူတပည့်ကို နံတော်စဉ်နှင့်ပွဲထုတ်ချင်နေပုံရ၏။ ကျွန်ုပ်ကလည်း ဇောင်းထဲကမြင်းလွှတ်လိုက်သလို အတွေးများ ဆက်တိုက်တွေးရင်း -

"သူဟာ သူ့ကို အထင်သေးကြသူတွေက ပြန်ပြီးအသိအမှတ်ပြုရတဲ့အထိ အောင်မြင်လာလိမ့်မယ် ဆရာ"

"ငါပဲ အဲဒါ"

"ဗျာ"

လမင်းဆေးပေါ်လိပ်ကိုဖွာနေရာမှ ဆေးလိပ်ခွက်လေးထဲသို့ ပြာခွေလိုက်ရင်း အားရပါးရရယ်ပါတော့သည်။ ရယ်နေရင်း ထိုသူကိုကြည့်၍ -

"ကဲ - ကြားလား အဲဒါပဲ"

ဟု ပြောလိုက်၏။

အဟောခံရသူသည် ကျွန်ုပ်ကို တစ်လှည့်၊ ဆရာ့ကိုတစ်လှည့်ကြည့်ရင်း ဘုမသိဘမသိနှင့်လိုက်ပြုံးနေ၏။

"ဒီကောင် ဗဟိုဈေးမှာတုန်းက ဘာအလုပ်မှမည်မည်ရရမလုပ်ဘူးလေ။ သူ့အမေဆိုလည်း သူ့ကိုပြောမနိုင်ဘူး။ မင်းအမေ ငါ့ဆီခဏခဏလာတိုင်းသလိုပေါ့။ ငါကလည်း သူ့ကိုတွေ့တဲ့နေရာတုတ်တယ်။ မင်း အလကားကောင်ပဲဆိုပြီး ငါ့နားကိုအကပ်မခံဘူး။ ခု ဒီကောင်က ကားနဲ့ဘာနဲ့ဖြစ်နေပြီ။ ဟိုးလမ်းထိပ်မှာ သူ့ကားရပ်ပြီး သူ ငါ့အိမ်ကို ခြေကျင်လျှောက်လာတာဒါ။ ဟိုနေ့က တစ်ခါလာသေးတယ်။ ပိုက်ဆံတော်တော်များများ ပေးသွားပါတယ်။ ထပ်လာပေးဦးမယ်ပြောသွားတာ ခုရောက်လာတယ်ပေါ့ကွာ။ လုပ်ငန်းတွေအဆင်ပြေနေပြီပေါ့"

ကျွန်ုပ်လည်း ယခုမှ ပြုံးမိတော့၏။

ဆရာသည် မည်သည့်အခါမှ အိုက်တင်ခံလေ့မရှိ။ ပိုက်ဆံကန်တော့သည်ဟုမည်သည့်အခါမှမပြော။ ပိုက်ဆံလာပေးတယ်ဟုသာပြော၏။ ရိုးသားဖြူစင်လွန်းလှပါသည်။

"မင်းဟောကိန်းက ငါ့တည့်တည့်ပဲ"

"ကျွန်တော်. . . ဟို. . . ဘယ်လိုသဘောနဲ့မှ. . . "

"ဟေ့ကောင် - ပညာက ပညာပဲကွ ရှုပ်မနေနဲ့။ ဟောရမှာ မင်းအလုပ်။ ဟုတ်တယ်၊ ငါ သူ့ကိုအထင်မကြီးခဲ့ဘူး။ အခု သူကြိုးစားမှုကို ငါလက်ခံတယ်။ အဲဒါဟုတ်တယ်လေဘာဖြစ်လဲ။ ငါတင် မကဘူး၊ ငါ့မိတ်ဆွေတွေကပါ ဒီကောင့်ကို အထင်သေးခဲ့ကြတာကွ"

ပြောရင်း ထိုသူကိုကြည့်၍ ရယ်နေပြန်၏။

အမှန်က ကျွန်ုပ်ကို ပြောရဲဆိုရဲတွေးရဲမြင်ရဲအောင် ဆရာသခင်လေ့ကျင့်ပေးနေခြင်းဖြစ်၏။ ယခင်ကဆို ဤလိုမျိုးမကြုံဘူးခဲ့။ ယခု ကျွန်ုပ်မှာ ပြောရဲဆိုရဲရန် လမ်းစများပွင့်လာပါပြီ။

ဆရာသခင်၏ပွဲထုတ်မှု၊ လေ့ကျင့်ပေးမှုများ တဖြည်းဖြည်းများလာပြီဖြစ်၏။ နံတော်စဉ်ပညာ၏ နက်ရှိုင်းပုံများကို ကျွန်ုပ်အလွန်စိတ်ဝင်စားလာ၏။ စိတ်ဝင်စားလောက်အောင် ဆရာသခင်ကိုယ်တိုင်သုံးသပ်ပြ၏။ ကျွန်ုပ်ကို အနားတွင်ထားပြီး လူများကိုဟော သည့်အခါ နံတော်စဉ်ဟောကိန်းများ ပို့ဟောပြ၏။

နံတော်စဉ်ဟောကိန်းသည် အလွန်မှ နူးညံ့သိမ်မွေ့လှ၏။ နံတော်စဉ်ဟောကိန်းကို ပိုင်ပိုင်နိုင်နိုင်ဟောလာသည့်အခါ အကြောင်းအရာလေးတစ်ခုကို စီကာပတ်ကုံး ပြောနေလားထင်ရ၏။ နံတော်စဉ်ဟောကိန်းတွင် ယကြာသိပ်မရှိပါ။ ဖြစ်နေသော ဖြစ်စဉ်နှင့် လိုက်လျောညီထွေအောင် ဇာတ်ထိုင် ပြောဆိုပြုမူရခြင်းသည်ပင်လျှင် ယကြာဖြစ်၏။ များသောအားဖြင့် ရွှင်ပျဖတ် သရဖျာယ်ရသည်သာ များ၏။

တိုင်ထူ၍ဟောရသောဟောကိန်းများနှင့်မတူတော့ပါပေ။

ကျွန်ုပ်သည် -

အင်္ဂါဝိဇ္ဇာပညာများထဲမှ ဓာတ်သွားဓာတ်ပြန်ကိုသင်ရင်း ဤသို့ နံတော်စဉ်သင်လိုက်ရသည့်အခါ ပထမတွင် ဝေဝေတေတေဖြစ်သွား၏။ 'အုန်း-ဘောင်-ကြင်-သူ' တည်းဟူသော ဓာတ်သွား၏ သတ္တိများ၊ 'အောင်-လံ-တေ-ဇ' တည်းဟူသော ဓာတ်ပြန်၏သတ္တိများကိုသင်ယူနေရစဉ်က လက်တွေ့များစွာစမ်းခဲ့၏။ ခံလည်းခံခဲ့ရ၏။ တစ်ခါတလေ လူမှာ မချိုနိုင်မကယ်နိုင်နှင့် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ခံခဲ့ရ၏။ ဆရာက ဘာမှမပြောပါ။ ကျွန်ုပ် လက်တွေ့စမ်းခြင်းများကို မသိချင်ယောင်ဆောင်ပေး၏။ ဖြစ်လာပြီဆိုသည်နှင့် ယောက်ျားပဲကွာ. . . ဟုသာပြော၏။ အထက်နံသုံးလုံးကိုအဆောင်၊ အောက်နံသုံးလုံးကို အရှောင်၊ အထက်နံသုံးလုံးကိုအရှောင်၊ အောက်နံသုံးလုံးကို အဆောင်အစွဲစိ 'သောကြာသိချင်း - ကျူးညွှင်းသံသာ-စန္ဒရာတစ်ကြောင်း-ကြေးခေါ်ညောင်းလျက်' ဟူသော လက်ရာများကြားဝယ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမောင်မောင်သန့်

(ရန်ကုန်အစိုးရဗဟုသုတစာကြည့်တိုက်)

ပညာရှင်

ကျွန်ုပ်မှာ ဟုတ်တိပတ်တိနှင့်ဝေတေတေဖြစ်နေရသည်သာများ၏။

ဤသို့ ဝေတေတေဖြစ်နေရင်းမှ သည် နံတော်စဉ်သင်လာရပြန်လေရာ ကျွန်ုပ်မှာ လူကြီးမိဘရှေ့တွင်သာ စာအော်ကျက်နေသော်လည်း တကယ့်တကယ်မေးလျှင် ဟိုယောင်ယောင်ဒီယောင်ယောင်ဖြစ်နေသောကလေးတစ်ယောက်သို့နှယ်။

နေ့ရောညရော ဦးနှောက်ကို အနားမပေးရဲတော့၊ အချိန်ပြည့်တွေးနေရတော့၏။ သွားလည်းအင်္ဂါဇာ၊ လာလည်းအင်္ဂါဇာ၊ စားလည်းအင်္ဂါဇာ၊ အိပ်လည်း အင်္ဂါဇာဖြစ်နေပါတော့သည်။

"လူလေး"

"ဗျာ"

"တို့ဗဟန်းတုန်းက မစိန်ဆင့်ရဲ့ သားလေး ဒါ"

"ဩော် - ဟုတ်ကဲ့"

မစိန်ဆင့်သားဆိုသူမှာ ကျွန်ုပ် ထက်ကြီးပြီး အစ်ကိုကြီးဟုခေါ်ရမည့် အရွယ်ဖြစ်၏။ ပုံမှာ ညှင်းသိုးသိုးအောက်သိုးသိုးနှင့် ကျွန်ုပ်ကို ခပ်စောင်းစောင်းမပြုံးချင်ပြုံးချင်နှင့်ကြည့်နေ၏။ ကျွန်ုပ်ကလည်း အင်္ဂါဇာပညာဝါသနာကြီးသူဝီဝီ အချိန်ကိုအကဲခတ်ထား၏။ စန္ဒြာအခါ သူစပြောလျှင် ကျွန်ုပ်ပြောမည်။ သူစမပြောလျှင် ကျွန်ုပ်ပြောရန် အကြောင်းမရှိ။

"သူမှာကိစ္စလေးတစ်ခုဖြစ်နေလို့ သား"

"သူ့ကိစ္စကိုသူပြောရင် သားကြောပါ့မယ် အမေ"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - မောင်လှမြင့်၊ ပြောလိုက်လေ"

"ဟုတ်တယ် - အစ်ကို့မှာ ကိစ္စလေးတစ်ခုဖြစ်နေလို့ပါ။ အမေက ဒေါ်ကြီးသိန်းဆီလွှတ်လိုက်တာ"

ကျွန်ုပ်သူ့ကိုတစ်ချက်ကြည့်လိုက်ပြီး -

"လူထွက်တတ်တယ်ဗျ။ ခင်ဗျားမှာ အိမ်ထောင်ရှိလား"

"ခု - အဲဒီကိစ္စပဲ။ အမျိုးသမီးက မပေါင်းတော့ဘူးလုပ်နေလို့"

"မပေါင်းတော့ဘူးဆိုတာနဲ့တင် မပြီးဘူး၊ ထွက်ကိုထွက်လိမ့်မယ်"

စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိ၊ ကျေနပ်သလိုလို မကျေနပ်သလိုလိုနှင့် ဝိတ်ပြောလိုက်၏။

"ဟုတ်တယ် - ထွက်ပြီးသွားပြီ။ မနည်းလိုက်ပြန်ခေါ်ထားရတယ်။ ခုတစ်ခါထပ်ပြီးမပေါင်းတော့ဘူး သွားမယ်လုပ်နေလို့ ဒေါ်ကြီးသိန်းပါဝိုင်းပြောပေးဖို့ အမေကလွှတ်လိုက်တာပါ"

"ဟိဒင်းလေ သားရယ်၊ တို့ဗဟန်းတုန်းက စိန်ဆင့်တို့က ငါးထပ်ကြီးမှာ။ အခု သူ့မိန်းမအမေမကျန်က ဗဟန်းစေးမှာ မျှစ်ရောင်းတာ။ သူက မကျန်သမီးနဲ့ အိမ်ထောင်ကျတာ။ မကျန်တို့က သားတို့ငယ်ငယ်က အိမ်မှာ စားအိမ်သောက်အိမ်။ ဒါကြောင့် အမေ့ကိုလာခေါ်ခိုင်းလိုက်တာ"

"အမေလိုက်သွားစရာမလိုပါဘူး၊ ဒီအစ်ကိုကိုယ်တိုင် သူများအိမ်ကိုဆင်းသွားပြီး ခစားသွားနေလိုက်ရင်ပြီးပါတယ်"

"ဟုတ်လား"

"ဟုတ်တယ် အမေ"

"ကဲ - လူလေးပြောသလိုသာနင်လုပ်။ လူလေးက ဒါဆို ဒါလိုက်တော့၊ စိန်ဆင့်ကိုပြောပြလိုက်။ ငါလည်း ခုမလိုက်ပေမယ့် လာတော့လာဦးမှာပါ"

"ဟုတ်ကဲ့ ဒေါ်ကြီး - ဟို ယခြာတွေဘာတွေလုပ်ဖို့. . ."

"ခု ကျွန်တော်ပြောတဲ့အတိုင်းသာလုပ်။ ဆယ့်ငါးရက်လောက်သွားနေလိုက်တော့။ အဲဒါ ခင်ဗျားမိန်းမဆင်းမယ်ပြောမှာမဟုတ်တော့ဘူး"

"ဩော် - ဟုတ်ကဲ့ - အေးအေးပါ"

တစ်လခန့်မရှိတရှိဖြစ်လောက်မည်။

ကျွန်ုပ်က ပညာသင်ရင်း၊ စေးထွက်ရင်းနှင့် ကိုယ့်အလုပ်နှင့်ကိုယ်မအား ၍ ဘာကိုမှအမှတ်မထားပါ။ တစ်မနက် အမေသည် ငါးခြောက်ပြားတစ်ပြားကို စက္ကူနှင့်ပတ်ကိုင်ထားရင်း ကျွန်ုပ်ကိုလာပြ၏။ မစိန်ဆင့်၏သားသည် သူ့မိန်းမငြိမ်သွားသောကြောင့် အမေ့ကို ငါးခြောက်ပြားလာပေးရင်း ကျွန်ုပ်ကို ကျေးဇူးတင်ကြောင်းပြောသွားကြောင်း အမေပြောပြ၏။ ကျေနပ်ပါသည်။ အမေ့ကို ဂါရဝထား၍ ကျေနပ်ပါ၏။

နံတော်စဉ်အဟောများ ကျွန်ုပ်၏ အသွေးထဲအသားထဲ ပုံ့နှံ့လာချေပြီ။

"အစ်ကို"

"ဟေ"

"ကျွန်တော့်ညီမလေးကိစ္စကိုနည်းနည်းလောက်"

ကျွန်ုပ်နှင့် အတန်အသင့်ရင်းနှီးသော သိန်းတန်ဖြစ်၏။ သူတွင် ညီမရှိကြောင်းကြားသော်လည်း မမြင်ဘူးပါ။ အခါမှာ စန္ဒြေအခါပင်။

"မင်းညီမအိမ်ထောင်ရှိလား"

"ရှိတယ် အစ်ကို"

"အေး - သူတို့ကွဲတတ်လို့မေးတာ"

"ကွဲနေတယ် အစ်ကို"

"မင်းညီမလက်ထဲ ပို့က်ဆံတော်တော်မရှိတာဘဲ၊ လက်ချည်းပဲ"

"ဟုတ်ပါ့အစ်ကိုရာ၊ ကျွန်တော်တို့ပဲပြန်ခေါ်ထားပြီး တင်ကျွေးနေရတယ် ကလေးနှစ်ယောက်နဲ့။ ခုလာတာ သူ့ကို အမေက ကြီးတော်ကြီးတစ်ယောက်အိမ်မှာ အလုပ်သွားလုပ်ခိုင်းရမလား၊ မြေပဲပြုတ်ရောင်းခိုင်းရင် အကျိုးပေးမလား အဲဒါသိချင်လို့ အစ်ကို့ဆီ. . ."

"ဟာ - ငါလည်း စေးသည်ဘဝကနေ ဟောနေရပါလား"

"လုပ်ပါ အစ်ကိုရာ၊ အစ်ကိုပြောတတ်တာ ကျွန်တော်တို့ကြားတယ်"

"ကဲ - အလုပ်ပဲသွားလုပ်ခိုင်းလိုက်ပေါ့ကွာ။ သူ့ယောကျ်ားလည်းထွက်၊ သူလည်းထွက်ပေါ့"

နံတော်စဉ်သည် စဉ်းစားလေလေ၊ နံတော်စဉ်နှင့်ဆိုင်ရာအကြောင်းများဝင်လာလေလေဖြစ်ရာ ကျွန်ုပ်မှာနံတော်စဉ်ဟောကိန်းများနှင့်သာ ပဲ့တင်ထပ်နေတော့၏။

❑

ကျိုက္ကဆံဘုရားကြီးအားသွားမဖူးရသည်မှာ ကြာပြီဖြစ်၏။

တစ်နေ့ -

ကျိုက္ကဆံဘုရားအနီး ကျောက်စာတိုင်ဘုရားသို့ မသွားရမနေနိုင်လောက်အောင်သွားချင်စိတ်များပြင်းပြလာသောကြောင့် ရောက်အောင်သွားလိုက်၏။

'အင်း - ငါ့ဆရာကို ငါမပေးနိုင်တဲ့ ကျိုက္ကဆံစေတီတော်ကြီးရယ်၊ ကျောက်စာတိုင်ဘုရားရယ်၊ ဟိုဘက်နားက သင်္ကန်းကျွန်းလမ်းမကြီးဘက်ကိုသွားတဲ့လမ်းမှာရှိတဲ့ တစ်ဖက်ယဝဲတဲလေးထိုးပြီးရောင်းနေတဲ့ စုတ်ချာချာထမင်းဆိုင်လေးရယ် ငါနဲ့ တော်တော်ကင်းသွားခဲ့တာကြီး။ အင်း - အဘကိုသတိရလိုက်တာ'

စိတ်များမှာ တောင်စဉ်ရေမရသွေ့ရှားနေပြီး တစ်ကိုယ်တည်းရေရွတ်ရင်း သင်္ကန်းကျွန်းလမ်းမကြီးဘက်ကိုသွားသောလမ်းအား ငေးမျှော်ကြည့်နေမိ၏။

"ဟဲ့ဟဲ့ - ဟိုကလေး"

"ဟာ - အန်တီပန်း"

"အေး - ဘာရပ်လုပ်နေတာလဲ။ တူပါတယ်လို့ ငါကြည့်နေတာ။ ကလေးတစ်ယောက်ထဲလား"

"ဟုတ်ကဲ့ - အန်တီပန်း"

"ဆရာစိန်ကြီးကော"

အန်တီပန်းနှင့်အတူ မသိမသာလမ်းလျှောက်လိုက်လာရင်း -

ပြောရန်စကားများ ဆို့နှင့်နှင့်ဖြစ်နေ၏။ ငါးမိနစ်ခန့်လျှောက်သည်နှင့် အန်တီပန်းတို့စေးရောင်းသောလမ်းသေးမနက်စေးလေးဆီ ရောက်လာပြီး အန်တီပန်း၏သမီးမနှင်းကို လှမ်းမြင်လိုက်၏။ မနှင်းပင်လျှင် ပန်းသည်ကြီးလုံးလုံးဖြစ်နေချေပြီ။

"ဟာ - ဟေ့ကောင်"

"ဗျာ - ကိုခြစ်၊ ကြာပြီနော် မတွေ့တာ"

"အေး - လာလေကွာ၊ ခုံယူထိုင်"

ကျွန်ုပ်၏မျက်လုံးတို့ မနှင်းဆီရောက်နေ၏။ ဝယ်သူများနှင့် စကားပြောရင်း စေးရောင်းနေသော မနှင်းသည် ဟိုဟိုဒီဒီကြည့်ရင်း ကျွန်ုပ်ကိုမြင်သွားပြီး အားရပါးရပြုံးပြ၏။ အန်တီပန်းက သူ့ဘေးဝင်ထိုင်လိုက်ပြီး ကျွန်ုပ်ကို လှမ်းမေးငေါ့ပြသောကြောင့် မနှင်းလေးထလာ၏။ လူငယ်တွေရဲ့သဘာဝကို နားလည်ပေးတဲ့အန်တီပန်း။

"မနှင်း"

"ရှင် အစ်ကို - ပျောက်ချက်သားကောင်းနေလိုက်တာ"

"အေး - အစ်ကိုစေးထွက်ဘွင်းနေတယ်၊ မနှင်းလိုပေါ့။ အမေ့ကိုလုပ်ကျွေးနေတယ်။ ပြီးတော့ ယွန်းကိုရောက်သွားတာလည်းပါတယ်။ မနှင်းဆို

www.burmeseclassic.com

ဘက်ကိုမလှည့်မိတာ"

"အစ်ကို ဘူးသီးကြော်စားမလား၊ မနှင်းကျွေးမယ်"

"ကောင်းသားပဲ. . . . ကိုခြစ်"

"သွားပါကွာ မင်းတို့ပဲစားကြ။ ငါက ထမင်းကြော်တီးပြီးပြီ"

ဘူးသီးကြော်ဆိုင်မှာ အလွန်လေးလှ၏။ ခြေလှမ်းငါးလှမ်းခြောက်လှမ်းမျှ လျှောက်ရုံနှင့်ရောက်ပြီ။ စားပွဲလေးဘက်ကွေ့လာသော လမ်းလေးထိပ်ဖြစ်၏။ သူလည်း တစ်ဖက်ယပ်တဲလေးနှင့်ကြော်သော အကြော်ဆိုင်လေးဖြစ်၏။ ခွေးခြေလေးများယူထိုင်လိုက်ကြပြီး မနှင်းက သူ့အမေကို ဘူးသီးကြော်တစ်ခုကိုင်၍ လှမ်းမြွှောက်ပြ၏။ အမေစားဦးမလား ဟူသည့်သဘောဖြစ်ပြီး အနံတီပန်းက ခေါင်းခါပြ၏။ ညည်းတို့ပဲစားပါဟူသော သဘော။

"မနှင်းဆံပင်ကြီးကကောင်းလိုက်တာ အရင်အတိုင်းပဲနော်။ နက်မှောင်နေတာပဲ"

"ဟုတ်လား - ခေါင်းဖြီးရင်တော့ တအားကျွတ်တယ် အစ်ကို။ အရင်လို မဟုတ်တော့ဘူးလေ"

"အရင်လိုမဟုတ်တော့ဘူး၊ ဘယ်လိုမဟုတ်တာလဲ"

"စားပါ အစ်ကိုစား"

ဘူးသီးကြော်သာစားနေရသည်၊ ခရေချဉ်မတို့ဖြစ်။ မနှင်းကို အကဲခတ်ကြည့်နေမိ၏။

"မနှင်း. . . မနှင်း အိမ်ထောင်ကျခဲ့တယ်အစ်ကို"

"ဟင်. . . "

စားနေသော ဘူးသီးကြော်များ ပြန်အန်ထွက်လာလေမလားအောက်မေ့လိုက်ရ၏။ လက်ထဲမှာကိုင်ထားသော ဆလတ်ရွက်က အချဉ်ရည်ပန်းကန်ကို ကျော်ပြီး တို့နေမိသလိုဖြစ်နေ၏။

"အိမ်ထောင်. . . ကျခဲ့တယ်ဆိုတော့. . "

"ဟုတ်တယ် အစ်ကို၊ သုံးလလောက်ပဲပေါင်းပြီးကွဲသွားပြီ။ အမေလုံးဝသဘောမတူဘူး။ အရက်လည်းသောက်တယ်၊ ညီမကိုလည်း ထုလိုက်ရိုက်လိုက်နဲ့ အမေပဲပြန်ခွဲလိုက်တာ"

"ယူတုန်းက အနံတီပန်းသဘောတူလို့လား"

"တူတယ်လို့မဟုတ်ပါဘူး။ ဘယ်လိုဘယ်လိုနီးစပ်သွားမှန်းလဲ မနှင်းလည်း မပြောတတ်တော့ပါဘူး အစ်ကိုရယ်။ တစ်ခါမှလည်း တွဲသွားတွဲလာမရှိပါဘူး။ လူကြီးတွေကတစ်ဆင့် နားဖောက်ပြီးမှ ယူတာ"

"ဘယ်ကလဲ"

"မနှင်းတို့မြို့ကပဲ၊ ဝါးခယ်မက"

"မနှင်းက ဝါးခယ်မမပြန်တော့ဘူးလား။ ပြန်မတွေ့ဘူးလား"

"သူက မနှင်းနဲ့ကွဲပြီး နောက်အိမ်ထောင်ထပ်ပြုသွားပြီ။ ဝါးခယ်မမှာ တောင်မရှိတော့ဘူး။ မနှင်းကလည်း နှိပ်စက်လွန်းတော့နာတယ်"

ယခုမှတလေးအကျိုးများချရောင်းနေသောသူ၏လက်မှနာရီကို လှမ်းကြည့်လိုက်၏။ စနေ့နှောအခါ။ မှတ်ဟဲ့ဟု စိတ်ထဲမှာတွေးနေလိုက်ပါတော့သည်။ အင်းနံတော်စဉ်မှန်မှန်လွန်းဟုစဉ်းစားနေ၏။ နံတော်စဉ်ကို တဖြည်းဖြည်းကြောက်သထက်ကြောက်လာ၏။ အကြောင်းအရာများသည် နံတော်စဉ်ကိန်းနှင့် ဘယ်လိုမှပြေးမလွတ်ပါလားဟု စဉ်းစားနေမိ၏။

"အစ်ကို စားလေ၊ ဘာတွေတွေးနေလဲ"

စိတ်ထဲမှာ 'ဩော် - ဒါကြောင့် မနှင်းလေး အရင်ကပုံစံနဲ့နည်းနည်းလေး ကွာသလိုဖြစ်နေတာကိုး။ ဘဝအတွေ့အကြုံက သတ္တိတွေမွေးပေးလိုက်ပြပဲ။ ကောင်းပါတယ်၊ နှိုးသားဖြစ်လွန်းတဲ့သူသတ္တိရှိရမှာပေါ့' ဟု စိတ်ထဲမှပင် ခိုးကျူးရင်း ခေါင်းညိတ်နေလိုက်မိပါ၏။

"အစ်ကိုရောအိမ်ထောင်ကျပလား"

"မကျသေးပါဘူး မနှင်းရယ်၊ အမေ့ကိုလုပ်ကျွေးနေတာပါ"

"ဩော် - အစ်ကို့ကြည့်ရတာ အရင်တုန်းကနဲ့မတူတော့ဘူး"

"ဘာဖြစ်လို့လဲ"

"အရမ်းငြိမ်လာသလိုပဲ၊ ခပ်တည်တည်ကြီးဖြစ်နေသလိုပဲ။ ပညာတွေတော်တော်သင်လာတဲ့လူလိုပဲ။ တို. . . ပညာတွေတတ်နေသလိုမျိုးကြီး။ မနှင်းလည်းပြောတတ်ဘူး အဲလိုကြီး"

"နည်းနည်းပါးပါးပါ"

"အစ်ကိုပြောတာ မနှင်းမှတ်မိပါတယ်။ ဟိုဘက်ကျောက်စာတိုင်နားမှာ လမ်းလျှောက်ကြတုန်းကလေ ဒီနားက သခ္ခိုင်းနားဖြတ်သွားတိုင်း မနှင်းကိုသတိရတယ်ဆိုတာ"

ပြောရင်း အသံလေးများထွက်အောင်ရယ်နေ၏။ ကျွန်ုပ်လည်း ရယ်လိုက်၏။

"မနှင်းက အစ်ကိုနဲ့လမ်းလျှောက်တာ မှတ်မိသားပဲ"

"မှတ်မိတာပေါ့၊ မနှင်းက ဘယ်သူနဲ့မှ အဲလိုလျှောက်ဖူးတာမဟုတ်ဘူး။ အစ်ကိုနဲ့ပဲလျှောက်ခဲ့ဖူးတာ"

အလွန်ရိုးသားသောမနှင်းလေးကို ကြည့်ပြီး လောကဓံတရားကို စောစောစီးစီးခံခဲ့ရရှာတာပါလားဟု စိတ်မကောင်းဖြစ်သွားမိ၏။

"အေးနော် - တို့နှစ်ယောက် လျှောက်တာ ဟိုဘက်နားလေး"

"ဟုတ်တယ် အစ်ကို"

ဘူးသီးကြော်လေးစားလိုက်၊ ဒန်ခရားအိုးလေးထဲမှရေနွေးကို မြေပန်းကန်လေးထဲ ငဲ့သောက်လိုက်လုပ်နေသော မနှင်းလေးကို ကျွန်ုပ်ခပ်စွေစွေကြည့်ရင်း သနားနေမိ၏။ မထင်ပါ၊ ဤမျှတည်ငြိမ်အေးချမ်းသူလေး အိမ်ထောင်ကျသွားမည်မထင်ပါ။ ကျပြန်တော့ ခမျာမှာ မကောင်း။

မနှင်းလေးသည် ကျွန်ုပ်အတွက် ဖြူစင်သောညီမလေးအဖြစ်သို့ရောက်ရှိသွားခဲ့ပါပြီ။

ကျွန်ုပ်လည်း ဘာမထွေရာလေးပါး ဆက်မပြောတော့ပြီဖြစ်၍ မနှင်းလည်း ဆိုင်ပြန်သွားပြီဖြစ်၏။ နံတော်စဉ် စန္ဒြာအခါပြေးမလွတ်ပါလားဟု ခေါင်းတညိတ်ညိတ်လုပ်နေမိသောကြောင့် ဟိုဟိုဒီဒီလှည့်ကြည့်လိုက်ရပြန်၏။ ခပ်လှမ်းလှမ်းမှ ဒေါ်ဘကြီး။

ကိုငယ်တို့နှင့် အမျိုးမကင်းသော ဒေါ်ဘကြီးကို သွားနှုတ်ဆက်လိုက်၏။ ဒေါ်ဘကြီးက ဤစေ့းလေးတွင် ဘဲသားရောင်းသူဖြစ်ပြီး သူ့သားကို သူအလွန်ချစ်၏။

"ငါတောင် ဟိုနေ့က မထွေးစိန်တို့ကိုတွေ့တော့ မင်းကိုမေးနေရသေးတယ်။ အသုပ်ဖောက္ခမက ဆန်ရောင်းတာလေ"

"သိတယ်လေ ဒေါ်ကြီးဘဲ"

"အေး - သူ့ကိုစကားစပ်လို့ ဦးစိန်ကြီးအကြောင်းပြောရင်း သူကလည်း တိမ်ဘုရင်ကြီးနဲ့ခင်တဲ့လူဆိုတော့ တိမ်ဘုရင်ကြီးက မင်းအကြောင်းညွှန်းလို့ အိမ်သွားကြသေးတယ် အသုပ်နဲ့"

အသုပ်ဟူသည် ဒေါ်ဘကြီး၏ သားဖြစ်၏။ ခေါက်ဆွဲသုပ်ရောင်းကြသောကြောင့် သူမိန်းမကိုရော သူ့ကိုရော အသုပ်ဟုခေါ်ကြခြင်း ဖြစ်၏။

"ဟိုရောက်တော့ မင်းအမေနဲ့တွေ့တယ်။ မျက်ခုံးကြီးတအားကောင်းတာပဲနော်၊ စံပယ်တင်မဲ့ကြီးနဲ့။ ငယ်ငယ်ကဘယ်လောက်များချောလိုက်လဲလေးသူ

www.burmeseclassic.com

www.burmeseclassic.com

နော်”

“အမေက အရမ်းချောတာ။ ကျွန်တော်တို့ အရွယ်ရောက်တဲ့အထိ အမေ့ကို ယောကျ်ားတွေက မျက်တောင် မခတ်ကြည့်ကြတုန်း”

ကျွန်ုပ်က ဘဝင်ခပ်မြင့်မြင့်နှင့် ရင်ကိုကော့၍ ပြောလိုက်ရာ ဒေါ်ဘဲကြီး အတော်သဘောကျနေ၏။

“မင်းအမေကပြောတယ်၊ မင်း ပုပွားဆိုလားသွားနေတယ်ဆိုလား”

“ဟုတ်ကဲ့ ဒေါ်ကြီးဘဲ၊ ဘာကိစ္စရှိလို့လဲ”

“ဟို- အသုပ်ယောကျ်မမှာ အလုပ်သမားအခက်အခဲဖြစ်လို့”

“အခုရလိမ့်မယ်ပြောလိုက်”

ဒေါ်ဘဲကြီးသည် ကျွန်ုပ်အား ဖျတ်ခနဲကြည့်လိုက်ပြီး -

“အေးအေးဟဲ့ ရပြီ - တစ်နေ့ကပဲရပြီ။ အဲဒီအလုပ်သမားမရလို့ မင်းဆီလာတာ၊ ကတည်းတော် ဘယ်လိုသိလိုက်ပါလိမ့်”

နံတော်စဉ်ပညာခန်းပင် ဖြစ်ပါသည်။

တစ်ထိုင်တည်းနှင့် နံတော်စဉ်ပညာခန်း၏ ကျယ်ဝန်းနက်ရှိုင်းလှပုံ၊ ဟိတ်အားကြီးမားပုံ အလွန်အားကောင်းပုံကို ကိုယ်တိုင်လက်တွေ့သိလိုက်ရပြီဖြစ်၍ ကျွန်ုပ်မှာ အင်္ဂလိပ်ပညာခန်းလာ နံတော်စဉ်ပညာခန်းအား လက်အုပ်ချီ၍ ဦးခိုက်နေမိပါတော့၏။

ကိုကြီးသက်စိုးတို့သည် ကျွန်ုပ်ကို အလွန်နွေးထွေးစွာ ဧည့်ခံကြ၏။ မေးကြမြန်းကြ၏။ ကျွန်ုပ်ကလည်းကူညီပါသည်။ ကိုငယ်တို့၊ မထွေးစိန်တို့ဆိုလျှင် ကျွန်ုပ်ကိုမြင်သည်နှင့် မျက်ရည်ကျ၏။ အဘစိန်ကို သတိရကြသောကြောင့် တော်တော်နှင့်စကားမပြောဖြစ်။ မထွေးစိန်က ကျွန်ုပ်ကို ထုလိုက်၊ ရိုက်လိုက်၊ ငိုလိုက်နှင့် ကိုယ့်အစ်ကိုတွေ၊ အစ်မတွေကို ပစ်ထားတယ်ဟု တွင်တွင်ပြော၏။ ကျွန်ုပ်လည်း မျက်ရည်မကျမိအောင် မနည်းထိန်းထားရပါသည်။

စွေးလေးဘက်ဆီသို့ မကြာမကြာ ရောက်သွားသော်လည်း ခုနောက်ပိုင်း သွားရသည်မှာ ရင်ထဲတွင် ရှင်းနေပြီဖြစ်၏။ ဘာခံစားချက်မှမရှိတော့ပါ။

“မင်း. . . သူ့ကို”

“ဟုတ်ကဲ့”

“ငွေဝင်အောင်လုပ်ပေးလိုက်စမ်း၊ သူ့အတိုင်းအတာနဲ့သူပေါ့ကွာ”

“ဟုတ်ကဲ့”

တစ်နေ့ -

ဆရာသခင်၏ရှေ့တွင်ထိုင်နေသော လူအတွက် ကျွန်ုပ်ကို ဆရာကိုယ်တိုင် ခိုင်းလိုက်ခြင်း ဖြစ်၏။

“အစ်ကို့နာမည်အရဆို အိမ်ရဲတောင်ဘက်မှာ ငါးမွေးတဲ့ဖန်ချိုင့်ကြီး ကြီးတစ်လုံးထားပြီး ရေကိုကြည်နေအောင်ထည့်ထားလိုက်”

“ရပြီလား၊ အဲလောက်ဆို”

“ရပြီလေ”

“စိတ်မရှိနဲ့နော်”

“ဟုတ်ကဲ့ - ပြောပါခင်ဗျ”

“အစ်ကိုက အဆောင်တွေမှအားကြီးပဲ။ လက်ဖွဲ့ဆို စလွယ်လက်ဖွဲ့တောင် ရှိတယ်။ အစီအရင်တွေနဲ့ မီးထွန်းရတာတွေလည်း အများကြီးလုပ်နေတဲ့လူ။ ဒီတော့ ဒါလောက်ကြီးတွေလုပ်နေတာတောင်မှ လာဘ်တွေပိတ်နေတဲ့ဥစ္စာအခု ဟဲဟဲ”

ဆရာ့အား တစ်ချက်ကြည့်လိုက်ပြီး -

“ရေဖန်ချိုင့်ထားရုံနဲ့ဆိုတော့”

ဆရာ ဘာမှမပြော။ ငြိမ်ပြီးနားထောင်နေ၏။

“ဟုတ်ကဲ့ - ကျွန်တော်က ပညာကိုယုံတဲ့သူပါ။ ခုချိန်မှာတော့ ရေဖန်ချိုင့်ထားရုံလေးပဲလားဆိုတာပြောပေမယ့် မကြာခင်မှာ ရေဖန်ချိုင့်ထားရုံလေးနဲ့ ဒါလောက်တောင်ဖြစ်လာပါလားဆိုတဲ့ စကားကို အစ်ကိုပြောင်းပြီးပြောလာပါလိမ့်မယ်”

ဤတစ်ကြိမ်တွင် ပြုံးလိုက်သော ဆရာ၏အပြုံးမှာ ကျွန်ုပ်အတွက် အလွန်တန်ဖိုးကြီးမားသော အားဆေးသောက်လိုက်ရသည်သို့နှယ် အားအင်များပြည့်သွားတော့၏။

တစ်ပတ်ပင်မကြာပါ။

ထိုလူသည် ကိစ္စတစ်ခုအဆင်ပြေသွား၍ ဆရာ့အား လာကန်တော့၏။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကျွန်ုပ် ကျေနပ်ပါသည်။ ဟိုညလေးကို လက်ဖက်ရည်တိုက်ခင်လို့ဟု ကျွန်ုပ်ကို မေးကြောင်း ဆရာကပြောပြ၏။ ဆရာက မင်းဘာတိုက်တိုက်သောက်မယ့်ကောင်မဟုတ်ဘူး။ ငါ့တပည့်လေးက သူ့အလုပ်သူလုပ်သွားတာပါ။ မင်းအသိအမှတ်ပြုသွားပြီမို့လား။ အေး - ပြီးတာပဲဟု ပြောလိုက်၏။

ယခုနောက်ပိုင်းတွင် အစီအရင်များအလွန်ပေးခိုင်းလေရာ ကျွန်ုပ်လည်း အစီအရင်ပေးသူဓာတ်ရိုက်သမားလုံးလုံး ဖြစ်နေချေပြီ။ ဆရာသည် ဖြူသည်ညို သည် ဘာမှမပြောတော့။ လက်တွေ့ဆရာသာတွင်တွင်ခိုင်းတော့၏။

ဒေါ်လှိုင်ဟူသော မုဆိုးမတေးအား အရှေ့အရပ်တွင် ကြေးအိုးကုံကော်ညွှန်များဝေဖြာနေအောင်ထိုးလိုက်ရာ ဒေါ်လှိုင်မှာ ကြွေးများတစ်စပြန်ရလာသည့်အပြင် လာသမျှလွန်းသည်ဟု ဆရာ့အားလာပြောသော ဆရာ့မျက်နှာကို ကျွန်ုပ်မမေ့နိုင်ပါ။ စုန့်များပေါ်လာအောင်ပြုံးနေသည်မှာ မပြီးတော့။

နံတော်စဉ်ပညာခန်းအရ - ဆရာ့စကြာဂိုရွှတ်ပြီး အဓိဌာန်ဝင်ခိုင်းရာထူးတက်သွားသူတစ်ယောက်ကြောင့် ကျွန်ုပ်မှာ ဆရာ့တပည့်များကြားသို့ မျက်နှာကြီးသွား၏။

ဆရာသခင်သည် ထွေရာလေးလှောက်ပေးရင်မကြိုက်။ တစ်ခုတောင်တစ်မျိုးကောင်းကို သာ ပေးရလေ့ရှိ၏။ ပညာနှင့် အတော်ချိန်ပြီးမှ ဒေါ်ဘဲကြီးပေးရ၏။

တစ်ခါက လူတစ်ယောက်ကို သပြေညွှန်များသွားလှူခိုင်းပြီး တံခြိုစည်းလှည်းခြင်း၊ ခြေထောက်မကောင်းသူကိုဒါန်းပြုခြင်း၊ ဌာန်လွှတ်ခြင်း၊ ပုထိုစိပ်ခိုင်းခြင်းများပြုလုပ်ခိုင်းလေရာ -

“မင်းဟာ ဟိုလူတော့မပြောတတ်ဘူး။ ငါဆို ဘာမှမလုပ်တော့ဘူး။ မနေနဲ့”

ဟု လက်လေးတခါခါနှင့်ပြောပြီးရယ်နေ၏။

“ဘယ့်နှယ်ကွာ - မပြီးနိုင်ဘူး၊ အမယ်ကများလိုက်တာ၊ တစ်ခုထဲမှအောင်မှ မပစ်နိုင်ရင် ဘာလုပ်မှာလဲ”

ဟုပြောပြီး ဆုံးမ၏။

ယခုနောက်ပိုင်း သင်ရသည်မှာ အတွေးအခေါ်များ အလွန်များ၏။ ကျွန်ုပ် ဉာဏ်မမီသော်လည်း ဆရာသိမဆူတော့။

နူးညံ့စွာနဲ့ မာကျောခြင်းများ -
အေးချမ်းစွာ ပူလောင်ခြင်းများ -
တိတ်ဆိတ်စွာ ပြောဆိုခြင်းများ -
ငြိမ်သက်စွာ လှုပ်ရှားခြင်းများ -
အလွန်ဝေးသော အနီးဆုံး -
အနာကပ်ပြီး မိုင်ပေါင်းကုဋေခြင်းများ -

လျှောက်သော်လည်း မရောက်ခြင်းများ -

စသည့်စကားလုံးများမှာ စာစဉ်ပြီးတစ်မျိုးကြားနေရ၏။ သရာက စီး

www.burmeseclassic.com

www.burmeseclassic.com

ပတ်ကုံးပြောသော်လည်း ကျွန်ုပ်က နားထောင်သမားသက်သက်သာဖြစ်ပြီး လိုက်မှတ်ရန် ဉာဏ်မမီဖြစ်နေရ၏။ နားထောင်ကောင်းလှသော်လည်း ဆရာပြောပြီးလျှင် ဘယ်ကစပြီးဘာမှန်းမပြောတတ်တော့။

နင်းကြမ်းပညာခန်းကို သင်စဉ် အတွေးအခေါ်များနှင့်ယှဉ်ပြီးပြောပြ၏။ နင်းသင့်မှနင်းရသော နင်းကြမ်းသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အကျိုးကျေးဇူးများပြီး မနင်းသင့်ဘဲနင်းလိုက်သောနင်းကြမ်းမှာ ဘေးထွက်ဆိုးကျိုးများပုံများကို လက်တွေ့များစွာနှင့်ပြ၍ သင်ပေး၏။ အတော်သတိထားရပြီး အတိမ်းအစောင်းမခံသော အင်္ဂဝိဇ္ဇာပညာခန်းဖြစ်၏။

လူတစ်ယောက်၏ဘဝကို သာသာလေးတိုးတက်ပြောင်းလဲသွားနိုင်သလို လျှင်မြန်စွာ ထိခိုက်ဆုတ်ယုတ်သွားနိုင်ခြင်းများလည်းဖြစ်သွားနိုင်၏။ ထိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းအတွက် ခိုင်ဆရာခြင်းသည် နင်းကြမ်းပညာအတွက် အဓိကကျသော အတွေးအခေါ်ဖြစ်ပါတော့သည်။ မမှားအောင် သတိထားရသောပညာခန်း ဖြစ်၏။ အလွန်အစွမ်းထက်လှသောပညာခန်းဖြစ်၏။ ကိစ္စကြီးငယ်တော်တော်များများ အောင်မြင်လှ၏။ ပေါ့ပေါ့ပါးပါးနှင့်ပြုလုပ်နိုင်သော လေးလေးနက်နက်ရှိလှသည့်ပညာခန်းဖြစ်၏။ နင်းတက်ခြင်းဟူသည် နင်းကြမ်းပညာကိုဆိုလေသလားဟု ကျွန်ုပ်မကြာမကြာတွေးမိ၏။

နင်းကြမ်းနင်း၍မရသောအချိန်ကို ကျွန်ုပ်ရွေးချယ်လိုက်ပြီး နင်းကြမ်းကို စိမ်ပြေနပြေနင်းကြည့်လိုက်၏။ တစ်နေကုန် ဘာမှမဖြစ်ပါ။ ညနေစေ့းထွက်ရန် ဒက်ဆန်းကားနှင့်အသွား ကားဘရိတ် အုပ်လိုက်ရာ အလယ်တန်းခွေခြေပုများနှင့်ထိုင်နေသောနောက်မှလူကိုဆောင့်မိပြီး သူလည်း ပါးစပ်ပေါက်သွား၏။ ကျွန်ုပ်လည်း သူ့သွားနှင့်ထိသောအရှိန်နှင့် ခေါင်းပေါက်သွားပြီး ဖူးရောင်သွား၏။ မသိသေး။

စေ့းဗန်းခင်းရောင်းရာ စေ့းဦးလန်လန်နေ၍ မနည်းဖောက်ရ၏။ ထို့နေ့က အထည်နှစ်ထည်ပျောက်သွားပါသည်။ဖြန့်ကြည့်မယ်နော်ဟုတစ်ယောက်ကဖြန့်လိုက် အခင်းပေါ် ပုံလိုက် ဖြန့်အုပ်လိုက်နှင့် လေး၊ ငါးထည်ဖြန့်အုပ်ပြီး မကြိုက်ဟုဆိုကာ ထသွားကြ၏။ ပြန်ခေါက်သိမ်းမှ ဖြန့်အုပ်သောအောက်မှ ခေါက်၍ အိတ်ထဲထည့်ခင်းထားသော အကျီနှစ်ထည်ပါသွားကြောင်းသိရတော့သည်။ မပြီးသေး။

ည (၉) နာရီ (၄၅) အိမ်ပြန်ရန် ဒတ်ဆန်းစောင့်နေစဉ် ကားဂိတ်မှာ ရန်တွေ့ဖြစ်ကြ၏။ ဘာကိစ္စမှန်းမသိ။ ခဲများ၊ အအေးပုလင်းများ ပလူပျံလာသောကြောင့် ကျွန်ုပ်လည်း တော်တော်ခပ်လှမ်းလှမ်းဝေးဝေး တိုက်ကြားသို့ ပြေးရှောင်ရပါသည်။ အချောင်ထိသွားပြီး ခေါင်းပေါက်သွားကြသူများ နှစ်ဦးလောက်လှမ်းမြင်နေရ၏။

ရန်ဖြစ်ကြလျှင် တိုပစ်ဒီပေါက်နှင့် မဆိုင်သူများထိခိုက်တတ်လေရာ ကျွန်ုပ်က ဖြစ်သည်နှင့် ခပ်ဝေးဝေးပြေးရောင်ထား၍ တော်ပါသေးသည်။ တော်ကြာ စေ့းအလာထိပ်ပေါက် စေ့းအပြန် ခေါင်းပေါက်ဖြစ်နေမှာစိုးရသည်။

အကြောင်းတရားများတို့က်ဆိုင်၍ လူသူများတတ်သောနေရာဖြစ်၍ဟု စိတ်ထဲမှစဉ်းစားလိုက်ပြီး နင်းကြမ်းနင်း၍မရသောအချိန်ကို နောက်တစ်ကြိမ် စမ်းပြန်၏။

ညနေပိုင်းထိ ဘာမှမဖြစ်သေး။

စေ့းဗန်းခင်းရောင်းနေစဉ် အလွန်ဒေါင်ကောင်းသောလူသုံးယောက်သည် မူးမူးနှင့် အထည်များလာဖွ၏။ မကြိုက် မကြိုက်ဟုဆိုကာပုံထားပြီး သုံးယောက်လုံး မတ်တတ်ရပ်၍ ကျွန်ုပ်အား 'ဘာလဲ သူငယ်ချင်း၊ မကျေနပ်ဘူးလား' ဟု ရိုင်ဝေဝေမျက်လုံးများနှင့်ပိုင်းကြည့်ပြီးပြောနေကြ၏။ ကျွန်ုပ်လည်း စလွယ်သိုင်းလွယ်ထားသောလွယ်အိတ်ကို နောက်ဘက်သို့ဆွဲလှည့်လိုက်ပြီး မတ်တတ်ရပ်လိုက်၏။

"ညီလေး တို့ကစေ့းသည်၊ သည်းခံရမယ်။ သူကြိုက်မှ သူဝယ်ပစေပေါ့။ မင်းဘာမှဖြစ်စရာမလိုဘူး"

ဖရေဇာတွင်စေ့းရောင်းကြသူများလေးစားကြသော အထည်သည်အစ်ကို ကြီးသည် ကျွန်ုပ်နားလာကပ်၍ပြော၏။ သူက ကျွန်ုပ်နှင့်တစ်ဆိုင်ကျော်။ နေရာလု၍ ခြောက်ယောက်တစ်ယောက်ရိုက်ခဲ့ရစဉ်က သူကိုယ်တိုင်ဦးတူးခဲ့၏။ ယခု သူတားပြီ။

ကျွန်ုပ်လည်း စဉ်းစားပါသည်။ ခဏခဏရန်ဖြစ်နေလျှင် သူများမေတ္တာပျက်မည်။ အော့ကြောလန်မည်။ ကိုယ်ထိသွားလည်းမကောင်း၊ သူတို့ကိုလုပ်မိလျှင်လည်းမကောင်း။ အမေ့ကိုမြင်ယောင်လာ၏။ ဘေးနားရပ်ပြီး ကျွန်ုပ်၏ လက်ကိုကိုင်ထားသော အစ်ကိုကြီးအား ပြုံးပြလိုက်ပြီး ရန်လိုနေသောသုံးဦးဘက် လှည့်၍ -

"ကျေနပ်ပါတယ်အစ်ကို။ အစ်ကို တို့က လာအားပေးတာပဲ၊ စိတ်ကြိုက်မတွေ့လို့ မဝယ်ဖြစ်တာ ကျွန်တော်သိပါတယ်။ ကျေနပ်ပါတယ်"

ဟု ပြန်ပြောလိုက်၏။

ထိုသုံးယောက်ထဲမှ တစ်ယောက်သည် ကျွန်ုပ်ကို သေချာကြည့်ပြီး -

"ညီလေး သွားမယ်နော်၊ ကျေးဇူးပဲ"

ဟုဆို၍ သူလုနှစ်ယောက်ကိုခေါ်သွားတော့၏။ ကျွန်ုပ်ကိုလက်ကိုင်ထားသောအစ်ကိုကြီးသည် ယခုမှ သက်ပြင်းချ၏။ အအေးဆိုင်ရှင်အစ်ကိုကြီးက ဘေးနားမှာရပ်ကြည့်နေပြီး -

"ဒါပေါ့ကွ - သူကြိုက်မှ သူဝယ်ပစေပေါ့ ဟုတ်တယ်"

ဟု ထောက်ခံ၏။

ကျွန်ုပ်ကျေနပ်ပါသည်။ နင်းကြမ်းပညာခန်း၏ လက်တွေ့စူးရှုပုံများကို လက်တွေ့ ကိုယ်တိုင်သိလိုက်ရ၍ ကျေနပ်သွားပါတော့သည်။ ဆရာသခင်၏ပြောစကားအဆိုအမိန့်အရ နင်းကြမ်းသည် မဖြစ်နိုင်ဟု ထင်ထားသောကိစ္စများ တော်တော်အောင်မြင်တတ်ကြောင်း ကျွန်ုပ်သိလာ၏။ ဘာရောဂါဖြစ်နေမှန်းမသိ၍ နင်းကြမ်းခင်းလိုက်ရာ ပညာနှင့် တိုက်ခံထားရခြင်းများ၊ ပြုစားခံထားရခြင်းများအလိုလိုပေါ် လာပြီး သူနှင့်သူနှင့် ဆိုင်ရာနေရာများတွင် ကုသပျောက်ကင်းသွားကြသူများ၏။အန္တရာယ်ကင်းခြင်းသည် မည်သို့ကင်းကင်းဖို့သာအဓိကဖြစ်၏။

လူတစ်ယောက်ဆိုလျှင် သူ့အားရာထူးတက်ရန် ဟန့်တားခံထားရ၏။ အကြောင်းအမျိုးမျိုးကြောင့်မတက်ဖြစ်။ ထိုသူအား ဆရာကိုယ်တိုင် နင်းကြမ်းအစီအရင်ပြုခိုင်းပြီး ၎င်းနင်းကြမ်းပေါ်တွင်ထိုင်၍ သရဏဂုံကို အာရုံပြုခိုင်း၏။ သာမန်အတွေးအမြင်အနေအထားမှသည် အလွန်နက်ရှိုင်းသော အတွင်းစိတ်အထိရောက်အောင် အာရုံပြုခိုင်း၏။ ပြီးမှ အလွန်နက်ရှိုင်းသောစိတ်ကိုနှလုံးသွင်းပြီး သူ၏အကြီးအကဲများကို မေတ္တာအထူးပို့ခိုင်း၏။ ထိုသူသည် အသားအရေမှအစ ဝင်းတောက်ကြည်လင်လာပြီး မကြာမီရာထူးတက်သွားပါတော့သည်။

ကျွန်ုပ်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်၍ ဆရာစီရင်လိုက်ပုံနင်းကြမ်းကို နှလုံး

www.burmeseclassic.com

သားထဲတွင်စွဲသွားလေတော့၏။

နင်းကြမ်းသည် အလွန်ကျယ်ဝန်း၏။ အချိန်နှင့်ချက်ချင်းနင်းရသောနင်းကြမ်းသာမက ရက်ရှည်ခင်းရသောနင်းကြမ်းလည်းရှိ၏။ ကျွန်ုပ်ကစဉ်းစား၏။ ဒီအရွက်အခက်လေးတွေဆီကို နင်းတဲ့လူရဲ့ မကောင်းတဲ့အရိပ်အငွေ့အသက်တွေ ဘာလို့စီးဝင်သွားတာပါလိမ့်ဟု စဉ်းစားကြည့်၏။ နင်းကြမ်းခင်းရင်းကျန်းမာလာသူတစ်ယောက်ခင်းထားသည့် နင်းကြမ်းများအား မသိမသာလှမ်းယူပြီး ကိုယ်တိုင် ကြိုးနှင့်ချည်၍ ရေသွားမျှောပေးစဉ်က အကောင်းသားနေရင်းကနေ ပါးစပ်မှာ အပူနာကြီးများပေါက်လာရာ တစ်ပတ်ခန့် ထမင်းမစားနိုင်ဘဲ ဆန်ပြုတ်သောက်ခဲ့ရ၏။

နင်းထွက်သွားခိုင်းသူ၏ နင်းကြမ်းအားယူ၍ ဖယ်ပေးလိုက်ရာ ထိုနေ့တစ်နေ့လုံး ရန်များလိုက်သည်ဖြစ်ခြင်း။ ရန်မဖြစ်အောင် မနည်းရှောင်နေရ၏။

ထိုထူးဆန်းမှုကို အံ့သြလွန်း၍၊ သုတေသနပြုချင်လွန်း၍ နင်းကြမ်းရွက်များဆီ အည့်များစီးဆင်းသွားပုံကို အချိန်ပြည့် သတိထားကြည့်နေမိပါသည်။ အရွက်အခက်များမှတစ်ဆင့် အည့်များထုတ်လိုက်ပုံမှာ အင်အားကောင်းလှချည်လားဟု သစ်ရွက်လေးများကိုကိုင်ရင်း တွေးနေမိ၏။ ဩော် - ဒါကြောင့် 'ဆပွတ်ဂြိုဟ်' အားကိုယူကြတာကိုး။ ဆပွတ်နံသင့်ပုဂ္ဂိုလ်ကလုပ်ပေးရင် ပြုသူရော အပြုခံရသူပါ အောင်မြင်တာတို့၊ အန္တရာယ်ကင်းတာတို့ကြုံရတာကိုးဟု စဉ်းစားခြင်းများစိပ်လာ၏။

အရွက်အခက်များနင်း၍ထွက်ရသော နင်းကြမ်းအစိအရင်းကို လူကြိုက်များ၏။ ဆရာသခင်ထံလာကြလျှင် ဆရာ နင်းကြမ်းနင်းချင်သေးတယ်ဟု အပြောများကြ၏။ နင်တို့လိုတုန်းက ငါလုပ်ပေးခဲ့တယ်လေ။ ခု မလိုဘဲ သွားမလုပ်နဲ့ဟု တားရ၏။

ဟုတ်၏။ လတ်တလောနင်းထွက်ရသောနင်းကြမ်းသည် ထူးထူးခြားခြားကိုအောင်မြင်၏။

သို့သော် -

နင်းကြမ်းတွင် မနင်းအပ်သောနံများဟု တားမြစ်ချက်ရှိ၏။ ဆရာသခင်သင်ပြမှ သိရပါသည်။

ကျွန်ုပ်က အရွက်အခက်မှန်လျှင် အကုန်နင်း၍ရသည်ဟု အထင်ရောက်နေလေရာ ဆရာသင်ပြမှ မနင်းသင့်သောအရွက်များ။ မနင်းသင့်သောနံများသိရပါတော့သည်။

ဆရာသခင်ကို ဦးထိပ်ထားပါသည်။ အလွန်မှယုံကြည်ပါသည်။

သို့သော် မနင်းသင့်သောအရွက်များကို စမ်းကြည့်ချင်လွန်း၍ ကျွန်ုပ်အား အလွန်ခင်သောသူငယ်ချင်းတစ်ယောက်ကို ဖွင့်တိုင်ပင်ကြည့်၏။ သူငယ်ချင်းသည် ကျွန်ုပ်ကို အလွန်ခင်သည့်အပြင် လက်တွေ့ဆန်သောသူဖြစ်ရကား နှစ်ယောက်သားတိုင်ပင်ပြီး နင်းကြမ်းအစီအရင်စတော့သည်။

သူ နင်းကြမ်းနင်းထွက်ပြီး ဘာမှမကြာခင် သူ့အဖေ ရုတ်တရက် ကိုယ်များပူလာပြီးဖျားသောကြောင့် ကျွန်ုပ်မှာ သူ့အဖေအတွက် ဆေးခန်းပြေးရန်ပိုင်းကူပေးရပြန်တော့၏။ နှစ်ကြိမ်၊ သုံးကြိမ်ခန့်စမ်းပြီးမှငြိမ်သွား၏။ အင်း - မနင်းသင့်တဲ့အရွက်တွေဆိုတာရှိနေပါလားဟု ငြိမ်သွားပါတော့သည်။

ရုတ်တရက်နင်းရသောနင်းကြမ်း၊ အချိန်ယူ၍ခင်းရသောနင်းကြမ်းအပြင် -

နင်းကြမ်းမှန်းမသိပြုလုပ်သွားရသည့်နင်းကြမ်းများကို လက်တွေ့သင်ကြားလာရပါများသော် အတော်သတိထားတတ်လာပြီဖြစ်၏။ နင်းကြမ်းသတ္တိသည် တုန်လှုပ်မှုများသူ၊ အားငယ်စိတ်များသူများအတွက် အားဆေးဖြစ်၏။ အလွန်ထိရောက်၏။ ရင်ဆိုင်ယှဉ်ပြိုင်ပြောဆိုရသည့်အခါ လုံးဝကွာသွား၏။

ကျွန်ုပ်သည် ဆရာသခင် သူမိတ်ဆွေများ၊ တပည့်များကိုပေးလေ့ရှိသည့် အတိုင်း နင်းကြမ်းထိုင်၍တရားထိုင်ခိုင်းခြင်း၊ ပုထိုးစိပ်ခိုင်းခြင်း၊ ရွတ်ဖတ်ခိုင်းခြင်းသာ အပေးများ၏။

သားသမီးက နင်းကြမ်းနင်းသွားပြီး မိဘအား ကိုယ်ပြောချင်ရာပြော၍ မရပုံများ ထူးဆန်းစွာတွေ့ရ၏။ ထိုအခါ ကျမှ ဩော် - ပညာခန်းများဟာ သူ့အကန်နဲ့သူစွမ်းကြတာပါလားဟုတဖြည်းဖြည်းမြင်တတ်လာပါတော့သည်။

နင်းကြမ်းသည် စွမ်းလှပါ၏။ သို့သော် သူများထံမှငွေကို လွယ်လွယ်ချေးပြီး ငွေရှင်ကို ပြန်မပေးချင်၍ နင်းကြမ်းနင်းသွားလျှင်မအောင်မြင်ကြောင်းလည်းတွေ့လာရ၏။

ကိုယ်ကလည်း မောက်မာသေး၊ ကိုယ်ကလည်း ရိုက်နှက်ဆဲဆိုသေး၊ မြဿနာဖြစ်သည့်အခါ တစ်ဖက်သားကိုထပ်နိုင်ချင်၍ နင်းကြမ်းနင်းသွားသူသည်လည်း လုံးဝမအောင်မြင်ပါ။

တွေ့ရပါများလာသော် ကျွန်ုပ်တွေးတော့၏။

ဩော် - အရွက်အခက်လေးတွေမှာ မှန်ကန်တဲ့ဓာတ်တွေရှိနေတယ်ထင်တာဟုတ်ပါလား။ မတရားမှုကို ဒီအရွက်အခက်လေးတွေကတောင် အားမေးလား၊ အသိအမှတ်မပြုပါလားဟု ကြည့်စွာတွေးနေမိပါတော့သည်။ တွေးမြင်လာလေ ပညာကိုပိုကြောက်လာဖြစ်လာတော့၏။

ဆရာသခင်သည် မကြာမကြာပြောပြ၏။

'အထက်ဆောင်ပန်း အောက်နင်းကြမ်းမှားရင် လုံးဝနာလန်မထူတော့ဘူးနော်'

ဟု မကြာမကြာပြောပြ၏။

နင်းကြမ်းပညာရပ်ကို လက်တွေ့သင် လက်တွေ့သိလာရတော့မှ အရွက်အခက်များ အလွန်စွမ်းပါလားဟု လန့်လာတော့၏။ သွားရင်းလာရင်း အကြောင်းမှမရှိဘဲ သစ်ကိုင်းများခဲခြင်း၊ ခုတ်ပစ်ခြင်း လွယ်လွယ်မလုပ်တော့။ တော်ရုံ အကြောင်းကိစ္စသည် နင်းကြမ်းနှင့်ပင် ပြီးပြည့်စုံ၏။ မမှားသာ အရေးကြီးပါသည်။

အရွက်အခက်များ၏ အသက်ကို သိလာလေလေ မှားမှာကြောက်လာလေလေဖြစ်နေရပါတော့သည်။

ဆရာသည် ဉာဏ်နံ့သောကွန်အား ရှုထောင့်အမျိုးမျိုးမှ သင်ပြပေးပညာတစ်ကွက်သင်လျှင် ထိုပညာနှင့် ဆက်နွယ်သော အတွေးအခေါပါလာ၏။ တောင်းခြင်းကိုပြလျှင် ထွက်ဆိုးကျိုးဖြစ်နိုင်ပုံကိုပါပြ၏။ အကူပြုပုံကိုပြလျှင် ဆိုးကျိုးဖြစ်လာနိုင်ပုံကိုပြ၏။ ရှုထောင့်တစ်ခုမှပြလေ့မရှိ။ ကွန်ဉာဏ်မမှီသော်လည်း သိပ်မဆုတော့တစ်ခါတစ်ခါ ကျွန်ုပ်ပင်လျှင် အံ့အားသင့်လောက်အောင် အလွန်စိတ်ရှည်သင်ပြပေး၏။

မဖြစ်နိုင်သည်များကို မပြုလုပ်ရဆရာအမြဲဆုံးမ၏။

ဆရာ့ထံသို့ နေ့စဉ်နီးပါးလိုလိုရောက်သွားသော်လည်း ပညာမေးဖြစ်သည့်ရက်များတွင် ဆရာနှင့်လမ်းလျှောက်လေ့ရှိ၏။

ဆရာသခင်ထံတွင် အင်္ဂပ်ပညာများသင်နေရင်းနှင့် -

ကွန္တာသယဒေဝယက္ခမနုဿာနှုတ်ကတောက်လျှောက်ရွတ်ဆိုပါသည်ညောင်ပင်ကြီးများအောက်သို့သွားလေးဆယ့်ငါးခေါက်ရွတ်ဖြစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com

လည်းရှိ၏။ တစ်ရက်တည်းတွင်သာ ရွှတ်ခြင်း ဖြစ်ပါသည်။ စေးထွက်ရသေး သောကြောင့် နေ့ရက်ရှည်မရွှတ်နိုင်ပါ။ ရွှတ်ချင်စိတ်ရှိလျှင် သွားရွှတ်လိုက်ပါ သည်။

လူမှာ အင်္ဂါဝိဇ္ဇာပညာနှင့်ကြည့် လိုက် နံတော်စဉ်နှင့်ချိန်လိုက် မန္တန်ရွတ် လိုက်နှင့် တော်ရုံနှင့် စကားမပြောဖြစ် တော့ပါ။

"ဟဲ့ - မောင်မောင်သန်း"

"ဗျာ - အစ်မလှ"

"နင့်ကို ဟိုးကေတုမတီလမ်းထိပ် က အောင်မောင်းလာခေါ်တယ်"

"ဟုတ်လား အစ်မ၊ ဘာကိစ္စများ လဲမသိဘူး"

"မသိဘူး - ဘကြီးမျှင်အိမ်မှာ မျက်စိမမြင်တဲ့ ဘယ်သူဆိုလား ဒီရက်ထဲ မှာ ညနေပိုင်း ညနေပိုင်း ရောက်ရောက် လာလို့ဆိုလား"

အစ်မလှစကားကိုနားထောင်ရင်း သိလိုက်ပြီဖြစ်၏။ ကျွန်ုပ်နှင့် ကေတုမတီ လမ်းတွင် တစ်ခါဆုံခဲ့ဖူးသော ဆရာအနဲ့ ဖြစ်လောက်မည်။ ဆရာအနဲ့ကို အလွန် တွေ့ချင်သေးကြောင်း၊ ဒီတစ်ခါလာရင် ငါ့ကိုလာပြောပေးပါဟု သူငယ်ချင်း အောင်မောင်းကို ပြောထားခြင်းအား အမှတ်ရလိုက်၏။

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော် ညနေကျ စေးမထွက်ခင် ခဏဝင်လိုက် မယ်"

"အေး"

ဘကြီးမျှင်သည် ကျွန်ုပ်ကိုမြင် သည်နှင့် အားရပါးရပြုံးပြီး နှုတ်ဆက် ၏။ ခေါင်းရင်းနားမကျတကျတွင် ဆရာ အနဲ့အား လှမ်းတွေ့လိုက်ပါပြီ။ ကျွန်ုပ် နားသို့ ဘကြီးမျှင်တိုးတိုးကပ်ပြီး -

"သွား သွား - သူကလည်း ဓာတ် ကျမှလာတာကွ။ ခု ဒီနေ့ပါဆို သုံးရက်ရှိ ပြီ။ လာလိုက် ထိုင်လိုက် ပြန်လိုက်ပဲ။ သူဓာတ်ကျရင် သူလာတယ်။ ဓာတ် မကျရင် ခေါ်လို့မရပြန်ဘူး။ အဲလိုပဲထိုင် နေတာပဲ။ မေးလည်း ပြောချင်မှပြော တာ။ သွားသွား - မင်း သူ့ဆီလာတာ မို့လား"

"ဟို. . . အဘကိုလည်း သတိရ လို့ပါ အဘရယ်"

"ငါ့ဆီက ကွမ်းတစ်ယာညက်ဆို ရောက်တယ်လေ။ သူက တစ်ခါတစ် လေမှဆုံရတာ သွားသွား"

ဆရာအနဲ့နှင့် အနီးကပ်ဆုံနေရာ ခေါက်တံခါးမကြီးထောင့်လေးတွင်ထိုင် လိုက်၏။ ဆရာအနဲ့သည် အသံကို တစ်ချက်သတိထားလိုက်ပုံရ၏။

"ဆရာ နေကောင်းလား ဆရာ"

"ကြော့် - အုန်းအုန်း - ကောင်း တယ် ကောင်းတယ်"

ဘာမှထပ်မပြော၍ ကျွန်ုပ်လည်း ခပ်ဆိတ်ဆိတ်ပင် ဆက်ထိုင်နေလိုက်၏။ ဆရာအနဲ့သည် အလွန်အေးချမ်းလှ၏။

"တစ်ခါဆုံဖူးတယ်"

"ဟုတ်တယ် ဆရာ၊ ဆုံဖူးတယ်။ ဟိုဘက် ကေတုမတီလမ်းဘက်မှာ"

"အုန်းအုန်း - ဟုတ်တယ်"

တိတ်ဆိတ်သွားပြန်၏။ မျက်သား ဖြူဖြူများပေါ်လာအောင် မျက်လုံးကို ပင့်လိုက် ချလိုက်လုပ်ရင်း -

"မကြာခင် ဟိုးအဝေးကိုသွားဖို့ရှိ တယ်နော် တောင်တစ်ခုကို"

"ဟုတ်ကဲ့ - သင်္ကြန်တွင်းတိုင်း ပုပ္ပားမှာ အဓိဌာန်သွားဝင်ပါတယ်ဆရာ၊ အခု သင်္ကြန်နီးလာပြန်ပြီ။ ဟုတ်ပါတယ် အဓိဌာန်သွားမှာပါ"

"အန်း - အဲဒီမှာ လူတစ်ယောက် ကို မစော်ကားမိစေနဲ့။ သူ့မှာလည်း သူ့ အလင်းရောင်နဲ့သူရှိတယ်။ နင့်မှာလည်း ဂဏန်းတွေအများကြီးနဲ့ ပညာရှိတယ်။ ဒါပေမယ့် နင်မသိတာ သူသိတယ်၊ သွား မပြောနဲ့"

အင်္ဂါဝိဇ္ဇာပညာကို ဆိုလိုမှန်း ကျွန်ုပ် ချက်ချင်းသိလိုက်သော်လည်း မစော်ကားဖို့စကားကြောင့် ကျွန်ုပ်ရင်ထဲ လှုပ်လှုပ်လှုပ်ဖြစ်သွား၏။

"ဟုတ်ကဲ့ပါ ဆရာ - ကျွန်တော် ဆင်ခြင်ပါ့မယ်"

"အန်းအုန်း - ကောင်းတယ် ကောင်းတယ်၊ အများကြီးကောင်းလာ မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"မင်းမှာ ဟိုး တောင်တစ်ခုကရ လာတဲ့ပညာရှိတယ်။ မကြာသေးခင်က ဒီအောက်ပြည်ကလူတစ်ယောက်ဆီက လည်း ပညာတစ်ခုရထားတယ်"

အဘိုးသံကိုသွားကန်တော့ခဲ့စဉ်က တောင်သုံးလုံးမှ ဘုန်းဘုန်းတစ်ပါး ဦးမြင့်လိုက်သော 'စိန္ဓာမဏိမန္တန်ကြီး' နှင့် ကျွန်ုပ်ကိုထိန်းခဲ့သည့် အစ်ကိုကြီးကူးယူ ခိုင်းခဲ့သော ဣန္ဒာသယဒေဝဃဏ္ဌမန္တန် ကြီးတို့ကို ဆိုလိုဟန်ရှိသည်။

"ဟုတ်ကဲ့ - ရထားပါတယ် ဆရာ"

"နင့်အလုပ်ကိုနင်လုပ်နော်၊ နင့် အားကိုပဲ နင်ရှိအောင်လုပ်။ သူများအား ကိုမငဲ့နဲ့။ သူများ နင့်နားမလာရင် နင် အလကားကောင်ဖြစ်သွားမယ်"

ဆရာအနဲ့သည် မင်းပြောလိုက် နင်ပြောလိုက်နှင့် တစ်ခွန်းချင်းပြောနေ ၏။ ရင်ခေါင်းသံနှင့်ပြောနေသည်ဖြစ်၍ အသံမှာ ရှင်းပြီး အလွန်အောင်မြင်၏။ ဆရာအနဲ့ပြောလိုက်သည်ကို ကျွန်ုပ်နား လည်ပါသည်။ ကျွန်ုပ်၏ ဆရာအရှင် သည် ပညာရပ်များခိုးမြှင့်ပြီး ပညာစက် ကြိုးသွင်းပေးခဲ့စဉ်က ပြောခဲ့ဖူးပါသည်။

ကိုယ်တိုင်ကျင့်ယူသည့် ကိုယ့်အ ကျင့်မှရလာသော အားသည်သာ စိတ် အချရဆုံး အကောင်းဆုံးဖြစ်ကြောင်း၊ တစ်စုံတစ်ဦးကိုမှီပြီး ရပ်တည်ရသော အားအစွမ်းသည် ထိုတစ်စုံတစ်ဦး၏ အကူအညီကို အကြောင်းတစ်ခုခုကြောင့် မရတော့ပါက ကိုယ့်မှာဘာအစွမ်းမှရှိ တော့မည်မဟုတ်ကြောင်း ပြောပြဆုံးမ ခဲ့ဖူးပါသည်။

ဆရာအရှင်၏ဆုံးမစကား၊ အင်္ဂါ ဝိဇ္ဇာဆရာသခင်၏ ဆုံးမစကားတို့မှာ ကိုယ်ပိုင်စွမ်းအားအတွက်သာ လမ်းညွှန် ကြသည်ဖြစ်၍ ကျွန်ုပ်လည်း ကိုယ်ပိုင် အကျင့်ကိုသာ တစိုက်မတ်မတ်ကျင့်နေ ပါသည်။ မန္တန်ကြိုးများရွတ်သည်မှာ နှုတ် က တစ်ခုခုရွတ်နေမှ နေတတ်သော အကျင့်၊ မန္တန်ကြိုးများကိုမြတ်နိုးသော အကျင့်ကြောင့်သာ ဖြစ်ပါသည်။ မန္တန် ရွတ်ပြီး တစ်စုံတစ်ဦးကိုခိုင်းရန် မရည် ရွယ်ပါ။ ခိုင်းနိုင်လောက်သောအားလည်း မရှိပါ။ ခိုင်းနိုင်လောက်သောအားများရ လာလျှင်လည်း ခိုင်းမည်မဟုတ်ပါ။ မေတ္တာပို့၊ အမျှအတန်းဝေခြင်း မိတ်ဆွေ ဖွဲ့ကာ ခင်ခင်မင်မင်နေခြင်းများသာ ကျွန်ုပ်ဝါသနာပါပါသည်။ မည်သူ့ကိုမျှ မည်သည့်အကြောင်းကြောင်းနှင့်မှမခိုင်း လိုပါ။ မေတ္တာကိုခံယူပါတယ်၊ စောင့် ရှောက်မှုကိုခံယူပါတယ်ဟုသာ ပြောရုံ တိုင်တည်တတ်၏။

ကျွန်ုပ်လည်း ဆရာအနဲ့ကြည့်

www.burmeseclassic.com

ရင်း သန်လျင်ဆာဒူးဂုမှ ဘာဘာကြီးကို သတိရနေ၏။ မေတ္တာလှမ်းပို့နေမိ၏။

"မင်းသွားတာတစ်ခုရှိသေးတယ်၊ မြေကြီးထဲမှာ. . . "

"သန်လျင်က လိုက်ဂူဘုရားနဲ့တူတယ် အနဲ"

"အန်း - ဟုတ်တယ်။ အဲဒီမှာ ဒီလိုပဲကျင့်နေတဲ့ သူတော်စင်တစ်ပါးရှိတယ်။ အရမ်းမြတ်တဲ့နေရာ"

"ဟုတ်တယ် ဆရာ၊ ဘာဘာကြီး ရှိတယ်။ ဒီက ဘကြီးမျှင်တို့လည်းသိတယ်၊ ရောက်ဖူးတယ်"

"အေး - ခဏခဏသွား"

"ဟုတ်ကဲ့"

"ဘုရားကို နင့်အသက်ရှူတိုင်း သတိရ"

"ဟုတ်ကဲ့ ဆရာအနဲ"

"ကောင်းကောင်းနေ - ဘုရား ကောင်းကောင်းထားလိမ့်မယ်"

ဒိန်းခနဲဖြစ်သွားပြီး ဆရာအနဲ၏ မျက်နှာကို ရုတ်တရက်မော့ကြည့်လိုက်၏။ ဘာဘာကြီးမိန့်ခဲ့ဖူးသော တန်ဖိုးမဖြတ်နိုင်သည့်စကား ဖြစ်၏။ ဘာဘာကြီးများကြွလာလေသလားဟု ဆရာအနဲကို အကဲခတ်နေလိုက်၏။ သန်လျင်ရှိ ဆာဒူးဂုမှ ဘာဘာကြီးအကြောင်းကို တွေးပြီး ဘာဘာကြီး နေကောင်းရဲ့လား ဟု ယခုစက္ကန့်ပိုင်းအတွင်း သတိရရုံရှိသေး ယခုချက်ချင်း ဆရာအနဲနှုတ်မှ ဘာဘာကြီးစကားထွက်လာ၏။

ဆရာအနဲသည် ပြုံးယောင်ယောင်လေးတစ်ချက်ပြုလိုက်ပြီး ခေါင်းငုံ့ထား၏။ နောက်ထပ် ဘာမှမပြောတော့ပြီဖြစ်၍ ကျွန်ုပ်လည်း အလိုက်သိစွာ ထပြန်ခဲ့ရပါတော့သည်။

လူတစ်ယောက်ကို မစော်ကားဖို့ သတိပေးလိုက်သော ဆရာအနဲ၏စကားကိုသာ ဘာမှန်းမသိသေး၍ နားထဲတွင် ပဲ့တင်ထပ်နေ၏။

❑

"ဒကာကြီးတို့များ ရန်ကုန်ပြန်ရောက်ပြီဆိုတာနဲ့ ဦးပဉ္စင်းတို့ကို တစ်ခါတည်းမေ့ရော။ စာလေးဘာလေးတောင် ထည့်ဖော်မရဘူး"

ပခုံးပေါ်မှ တဘက်လေးကိုယူ၍ ခေါင်းကိုခြွေးသုတ်ရင်း ကျွန်ုပ်ကိုပြောလိုက်သော ဘုန်းဘုန်းဦးနိုဘာ၏ ခြေထောက်အား ခေါင်းနှင့်ထိ၍ ကန်တော့လိုက်၏။

"တင်ပါဘုရား၊ ဘုန်းဘုန်းအပြစ်ဆိုသင့်ပါတယ် ဘုရား။ တပည့်တော် အလုပ်များလွန်းလို့ စာမထည့်ဖြစ်ခဲ့ပါဘုရား။ တာဝန်မကျေခဲ့ပါဘူး"

"ဩော် - အလုပ်များလို့ပဲလေ။ တာဝန်မကျေဘူးလို့ မယူဆပါဘူး"

"တင်ပါဘုရား"

ဦးပဉ္စင်းဦးနိုဘာသည် ပြုံး၍ ကျောင်းထဲဝင်သွားပြီး တစ်အောင့်ကြာသော် သော့တွဲလေးလာပေး၏။ နံပါတ် (၉) ဂူ၏သော့လေး ဖြစ်၏။ ကျွန်ုပ်က သော့လေးကို ရိုသေစွာယူနေစဉ် ဦးပဉ္စင်း ဦးမောင်မောင်ကြွလာ၍ ထိုင်ရှိခိုးလိုက်ပါသည်။

"ဒကာကြီး၊ နည်းနည်းဝိန်ပြီး အသားတွေမည်းသွားလားလို့"

"တပည့်တော် အလုပ်နည်းနည်း ပင်ပန်းလို့ပါ ဘုရား"

"အေးအေး - ထုံးစံအတိုင်းပဲပေါ့။ အဓိဋ္ဌာန်ရက်မစခင် ခုဘယ်နှရက်လို သေးလဲ"

"မနက်ဖြန်တစ်ရက်ပဲလိုပါတော့တယ်"

"အေး - မဝင်ခင် ဒီမှာပဲလာစား"

"တင်ပါ၊ ကျေးဇူးကြီးပါတယ် ဘုရား"

ဘုန်းဘုန်းနှစ်ပါး ပြန်လှည့်ထွက်သွား၍ ကျွန်ုပ်လည်း ရန်ကုန်ထမင်းဆိုင်ဘက်လှည့်လိုက်၏။

"ဟာ - ကိုမောင်သန်း၊ လာလိုက်ရင် ရက်ကတပ်နေတာပဲ။ သကြိန်တွင်း ဒီမှာပဲမို့လား"

"ဟုတ်ကဲ့"

"လာလေ - ထမင်းစားပြီးပြီလား။ သင်္ဘောသီးမှည့်တွေလည်းရှိတယ် အတော်ပဲ"

ရန်ကုန်ထမင်းဆိုင်တွင် ထမင်းစားရင်း ရွေးဟောင်းနှောင်းဖြစ်များ၊ အာလာပသလွှာပများ ပြောဖြစ်၏။ ကျေးဇူးရှိသောမိသားစုဖြစ်၍ ကျွန်ုပ် အလွန်လေးစားရပါသည်။

"ဘယ်လိုလုပ်ပေးရမလဲ၊ အသီးလာလာပို့ပေးရမလား။ ဟို (၉)ပဲမို့လား"

"အဲဒီဂူမှာပဲ၊ ရတယ် လာမပို့နဲ့တော့။ လိုသလောက်ယူသွားလိုက်မယ်လေ"

"အေးအေး - အိုကေ အိုကေ"

ရန်ကုန်ထမင်းဆိုင်ပိုင်ရှင်သည် လူလုံးလူဖန်တောင့်သော "ကလေးတစ်ယောက်ကို ကျွန်ုပ်နှင့်အဖော်ထည့်ပေးလိုက်ပြီး နံပါတ် (၉) ဂူအား ရှင်းလင်းသန့်ရှင်းပေးရန် မှာလိုက်၏။ ထိုလူငယ်လေးက 'အစ်ကိုနေ - အစ်ကိုနေ' ဟုဆိုကာ သူဟာသူ သိမ်းကျုံးလုပ်၏။ ထန်းချောဖျာကြီးကိုထုတ်၊ ဖုန်များခါ။ ပင့်တူအိမ်များရှင်းနှင့် အတော်လုပ်နိုင်၏။ တစ်အောင့်လောက်ကြာသော် ထိုလူငယ်လေးသည် သောက်ရေအိုးသဲအိုးလေးတစ်လုံး ရေထည့်၍ အဖုံး၊ ဒန်ခွက်လေးနှင့်မ,လာ၏။ ရန်ကုန်ဆိုင်ရှင်လေး လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်လည်း တစ်ဖက်ကဂူလေးကိုလှမ်းကြည့်ပြီး အစ်ကိုမောင်မောင်လေးကို သတိရနေ၏။ ဘယ်ဆီမှာများ ဂန္ဓာရီခရီးရှည်ကြီးတွေလှည့်နေသည်မသိ။ အစ်ကိုမောင်မောင်လေး အောင်မြင်ပါစေဟု မေတ္တာလှမ်းပို့နေလိုက်၏။

"ဟေ့ကောင် - မင်းတို့ဘက်ထဲ ဖုန်ခါတာကြည့်ခါကွ"

အသံကြား၍ နံပါတ် (၈) ဂူဘက် လှည့်ကြည့်လိုက်ရာ ယောဂီအကြီး ယောဂီလုံချည်ဝတ်ထားသော လူတစ်ယောက်ဖြစ်၏။ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိလောက်၏။ ကျွန်ုပ်ကို မကျေမနပ်နှင့် စိုက်ကြည့်နေ၏။

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမလဲ၊ နည်းနည်းနောနောဖုန်တွေမဟုတ်ဘူး လှိမ့်ဝင်လာတာ။ ဒီမှာ တရားထိုင်လို့မရဘူးကွ။ မင်းတို့လုပ်ချင်တိုင်းလုပ်လို့ရတဲ့နေရာထင်နေလား"

"ဘယ်သူကဘာတွေပြောနေလို့ အဲလောက်ထိပြောနေတာလဲ"

"မင်းတို့လုပ်ပုံကြည့်လေ၊ လူများချောင်းတွေမတရားလှိမ့်ဆိုးပြီး ဘယ်မှနေလို့မရတော့ဘူး။ ဘယ့်နှယ် - ဖြည်းဖြည်းလေးလုပ်မှပေါ့တဲ့"

"ဟိုကလေး အားပါပါလုပ်လိုက်လို့ဖြစ်သွားတာ ကျွန်တော် တောင်းပန်တယ်ဗျာ"

ထိုသူသည် ဒေါသအမှက်ခြောင်းခြောင်းထွက်နေသောမျက်လုံးနှင့် ကျွန်ုပ်ကိုကြည့်ပြီး ခါးထောက်ရင်း ဂူထဲပြန်ဝင်သွားပါတော့သည်။ နားထဲတွင် ဆရာအနဲ၏စကားဝင်လာ၏။

'သူတစ်ယောက်ကို မစော်ကားစေနဲ့။ သူမှာလည်း သူ့အလင်းရောင်နဲ့ ရှိတယ်။ နင်မသိတာ သူသိတယ်။ သူ့မပြောနဲ့' ဟူသောစကား ချက်ချင်းသဘောပေါက်လာ၏။

ရေးဆက်ချစ်
ဆရာဦးမောင်မောင်သန်း
(ငိုကိုအေးမြစေသား)

www.burmeseclassic.com

မင်းရှိန်အောင်

၂၀၁၇ ခုနှစ်၊ သိပ္ပံရာသီပြောင်း

မနုဒိန်းဇာတာဟောကိန်း

(၁၇-၈-၂၀၁၇) နေ့မှ (၁၆-၉-၂၀၁၇) နေ့အထိကာလ



၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်၊ နံနက် (၁း၃၈း၁၀) နာရီအချိန်တွင် တနင်္ဂနွေပြိုဟ်သည် ကရကဋ်ရာသီမှ သိဟ်ရာသီသို့ စတင်ဝင်ရောက်ချိန်၌ ဥဒယလဂ်သည် မေထုန်ရာသီမှာ (၂၇) ဒီဂရီ၊ (၄၈) မိနစ်တွင် ထွက်ပေါ်သည်။ ၎င်းကို သိဟ်ရာသီ စူဠသကြန်ဇာတာဟုလည်း ခေါ်သည်။

ဤဇာတာ၏ ထူးခြားချက်မှာ ရာဟုပြိုဟ်နှင့်တနင်္ဂနွေပြိုဟ်တို့ (၁) ဒီဂရီ အတွင်း ပူးထပ်ကာ ယူရေနပ်ပြိုဟ်က တနင်္ဂနွေပြိုဟ်ကို (၁၂၀) ဒီဂရီမြင်ထားသည်။ ဗုဒ္ဓဟူးပြိုဟ်က နက်ပကျွန်းပြိုဟ်ကို (၁၈၀) ဒီဂရီအမြင်ဖြင့် မြင်ကာ တနလာပြိုဟ်က စနေပြိုဟ်ကို (၁၈၀) ဒီဂရီမြင်ထားသည်။ သောကြာပြိုဟ်က ကြာသပတေးပြိုဟ်ကို၊ ကြာသပတေးပြိုဟ်က ပလူတိုပြိုဟ်ကို၊ နက်ပကျွန်းပြိုဟ်က တနလာပြိုဟ်ကို (၉၀) ဒီဂရီအမြင်ဖြင့်မြင်ကြကာ အင်္ဂါပြိုဟ်က စနေပြိုဟ်ကို၊ တနင်္ဂနွေပြိုဟ်က စနေပြိုဟ်ကို၊ ကြာသပတေးပြိုဟ်က ကိတ်ပြိုဟ်ကို၊ စနေပြိုဟ်က ယူရေနပ်ပြိုဟ်ကို (၁၂၀) ဒီဂရီအမြင်ဖြင့် မြင်ထားကြသည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် နယ်စပ်ရေးရာနှင့် လုံခြုံရေးဆိုင်ရာ၊ တိုင်းရင်းသားအရေး၊ အမျိုးသားရေး၊ ဘာသာရေး၊ ဥပဒေရေး၊ အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးတို့နှင့်နီးနွယ်သောပဋိပက္ခဖြစ်မှု၊ အကြမ်းဖက်ဖြစ်မှု၊ ဝိရောဓိဖြစ်မှု၊ ဝိဝါဒကွဲပြားမှု၊ သဟဇာတမဖြစ်မှုများကို အစိုးရအဖို့ ရင်ဆိုင်ဖြေရှင်းရမှုရှိနေဦးမည်။ အထူးသဖြင့် နယ်စပ်နှင့်လုံခြုံရေးဆိုင်ရာနှင့် တိုင်းရင်းသားဆိုင်ရာတို့က ပိုနေမည်။ ရွှေ့ပြောင်းနေထိုင်သူများအရေး၊ ဒုက္ခသည်စခန်းများအရေး၊ အရပ်ဘက်လူအဖွဲ့အစည်းများအရေးတို့နှင့်ဆက်နွယ်နေသော တံလှယ်ရိုက်ခတ်တက်ကြွလှုပ်ရှားမှုများကို တင်းတင်းမာမာတွေ့ရလိမ့်မည်။

အစိုးရအဖွဲ့အဖို့ အောင်မြင်မှုအချို့ရရှိခဲ့သလို အကျောက်အကန်ဖြေရှင်းရမှုလည်းရှိရလိမ့်မည်။ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးတို့၌ ဖိအားပေးခံရမှု၊ ရေလာမြောင်းပေးတွန်းခဲ့ရမှုများရှိမည်။ လွှတ်တော်၌ သဘာထားချင်း ထပ်တူမကျနိုင်သော အငြင်းပွားရမှုရှိပြီး ခက်ခက်ခဲခဲဆုံးဖြတ်ချက်ချရမှုများရှိမည်။ နိုင်ငံတော်အဆင့် ထိပ်သီးပုဂ္ဂိုလ်တစ်ဦး၏ ကျန်းမာရေးအတွက် စိုးရိမ်ရသလို မတော်တဆ ထိခိုက်နိုင်ဖွယ်ရာလည်းရှိသည်။

ငွေကြေးစီမံခန့်ခွဲရေး၊ ချေးငွေ၊ စာရင်းဇယားနှင့် ဘတ်ဂျက်၊ အခွန်အကောက်နှင့်ပတ်သက်၍ ငြင်းခုံစရာများတွေ့ရမည်။ မိဒိယာဆိုင်ရာဆက်သွယ်ရေးဆိုင်ရာတို့၌ အောင်မြင်မှုတချို့ရရှိသော်လည်း အစိုးရအဖွဲ့၊ လွှတ်တော်တို့နှင့်ဆက်ဆံရေး အဖုအထစ်မာမာကျောကျောဖြစ်တတ်သည်။ မိဒိယာလောက၊ နိုင်ငံရေးလောကနှင့်နီးနွယ်သောထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

အလုပ်သမား၊ လယ်သမားတို့ပါဝင်သော အခြေခံလူတန်းစားတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်နီးနွယ်သောတောင်းဆိုမှုများကို ခက်ခက်ထန်ထန်ဖော်ထုတ်လာသလို အစိုးရအပေါ်၌ ဝေဖန်ထောက်ပြသော တက်ကြွလှုပ်ရှားသူများ၏ အရေးဆိုမှုများက ပြင်းထန်လာလိမ့်မည်။ အမျိုးသမီး၊ ကလေးသူငယ်၊ မူးယစ်ဆေးဝါးနှင့် နွယ်ယှက်နေသော ရာဇဝတ်မှုခင်းများကလည်း ခေါင်းထောင်လျက်ရှိနေဦးမည်။ မြေယာဆိုင်ရာမှုခင်းများက ဆက်လက်ရှိနေဦးမည်။

ရာသီဥတုကောင်းသလိုလိုရှိကြသော်လည်း ရုတ်တရက် ရေကြီးရေလျှံခြင်း၊ မြေပြိုတောင်ပြိုခြင်း၊ လေပြင်းတိုက်ခိုက်ခြင်းရှိမည်။ စိုက်ပျိုးရေးကောင်းသင့်သလောက်မကောင်းပါ။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

မင်းချမ်းမြေ

(ဝတ္ထုတိုပေါင်းချုပ်)

သွပ်သေတစ်ပဲ ရွှေတစ်လုံးဦး ဖမ်းတိုင်းမရ လွန်ခက်လုပ်၏

(သွပ်ဖမ်းဆရာ ကိုယ်တွေ့ကြုံခဲ့ရာ အံ့သြဖွယ်ရာ ဇာတ်လမ်းပမာ)

သွပ်ဖမ်းဝိဇ္ဇာဆရာ ဖမ်းချုပ်ပေးလိုက်တဲ့ သွပ်၊ ပြဒါး၊ သွပ်၊ မီးခဲရွှေဝါရောင်ဓာတ်သားများသည် အကြောင်းမသိတဲ့သူများဆိုရင် တကယ် အခေါက်ရွှေတုံးလို့ ထင်မိကြမှာမလွဲပါ။

သို့သော် အရောင်အဆင်းဝါဝင်း၍ ကျက်သရေတင့်ပါသော်လည်း ရိုက္ခာထောက်စားလင်းအတွက် ကိတ်နဲ့စပ်ဟပ်တဲ့၍မရသေးပါ။ အကြောင်းမှာ ၎င်းရွှေဝါရောင်သွပ်မီးခဲဓာတ်သားသည် လုံထဲထည့်ပြီး ဒီအပေါ်က လက်ချားချော်ထည့်ပြီး ကြိုက်တဲ့မီးနဲ့မီးပြင်းထိုးနှိုင်ပါသည်။ မီး (၇)အုပ်၊ (၈)အုပ် စိတ်ကြိုက်ထိုးပြီးလုံဖုံးဖွင့်ကြည့်လိုက်လျှင် -

ရွှေဝါရောင် ဝိတောက်ပွင့် (၄/၅) ချက်ရိုက်ပြပြီး ပြင်ပမှ လေတွေ့လိုက်တာနဲ့ ဖတ်ခနဲ ဓာတ်အပေါ်ယံအညှော်ချက်ချင်းခဲသွားပြီး ရုတ်ခံနေပေတော့သည်။

သူ့အကြောင်းသိရအောင် မီးသွေးချတဲ့သံဂေါက်နဲ့ ချော်အရည်တော်နေတဲ့လုံထဲကို သံဂေါက်နဲ့ ထိုးကြည့်လိုက်ရင် အောက်က ဓာတ်သားမာခဲပြီး ရုတ်တင်းခံနေတာကို ဂေါက်ခနဲ အပေးပြီး သိသာစွာပြနေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကဲ - ဒီလောက်တောင် ရုတ်တင်းပြီး မာန်တင်းခံနေတဲ့ဓာတ် သူကပဲတင်းနိုင်မာနိုင်မလား၊ ငါကပဲ မီးနဲ့နိုင်အောင် ထိုးသတ်ပြီးပေျာ့အောင်လုပ်နိုင်မလား ဆိုတဲ့စိတ်နဲ့ ၎င်းသွပ်နဲ့ သွပ်၊ ပြဒါးတဲ့ဓာတ်သား (၁) ကျပ်သားစီဖြတ်ပြီးဓာတ်လုံးတည်၍ လုံပေါင်း (၃၀/၄၀) ခန့် မီးသွေး (၁၄/၅) တင်းကုန်အောင်ထိုးခဲပါသော်လည်း ရုတ်ကခံမြဲခံနေပေ၏။

ဒါဆို နောက်တစ်နည်းကြံပြီး သူ့ကို ယမ်း+ဆား+လက်ချား+ဇဝက်သာ ချော်ဆေးချက်ပြီး လုံ(၃၀/၄၀)လောက် ထိုးပြန်သည်။ ဒါကျတော့ ဓာတ်သားက နဂိုဓာတ်လုံးထက် ပိုပြီးကျစ်ခဲလာသည်ကိုတွေ့ရသည်။ လုံ (၃၀) လောက် ထိုးလိုက်တာ ဓာတ်သား (၁) မူးသားလောက်လျော့သွားပြီး (၁) ကျပ်၊ မူးတင်းသားကျန်နေသည်။

သို့သော် ၎င်းဓာတ်ကို လက်ချား ချော်သီးသန့်နဲ့ ထိုးကြည့်လိုက်ရင်တော့ ရုတ်က ယခင်လိုပဲ တင်းခံနေပြန်တော့သည်။

ဒီလောက်တောင်ဖြစ်လှတာ ဒင်းကိုတော့ဖြစ်ချင်တာဖြစ် လုံခြောက်ချည်ပဲထိုးမယ်ဆိုပြီး ချော်မပါ လုံပိတ်ပြီး လုံခြောက်ကို စိတ်ကြိုက် မီးပြင်း (၁၅) လုံလောက်ထိုးကြည့်လိုက်ပြန်တော့ ဓာတ်သားက (၁) ရွှေသားတောင် မလျော့ဘဲ လမျက်နှာပြင်လို ကျောက်ပေါက်မာတွေထလာပြီး ညှိညှစ်ညှစ်ဖြစ်သွားလေသည်။

ထိုအခါ သူ့ကို လက်ချားချော်နဲ့ (၁) လုံ (၂) လုံပြန်ထိုးကြည့်လိုက်တော့ ယခင်လိုပဲ ရုတ်ခံနေပါသည်။ ကဲ - ဒီလောက်တောင် ပြုမရပြင်မရ ပေကတ်ကတ်နဲ့ ရုတ်တင်းခံနေတဲ့ဓာတ်ကို နာနဲ့လှည့်ချက်မယ်ဆိုပြီး ဓာတ်ရဲ့အလေး (၂) ဆ နာထည့်ပြီး နာနဲ့ချက်ပြန်တော့ ထည့်လိုက်တဲ့ နာ (၂) ဆကပါ ကြွပ်ဆတ်ဆတ်ဖြစ်ကုန်ပြီး နာကြွပ်ဆတ်က တစ်ထပ်၊ သွပ်ဓာတ်သားက တစ်ထပ် ဖြစ်နေလေတော့သည်။

ဒါနဲ့ နာကြွပ်ဓာတ်သားတွေကို အသာရိုက်ခွဲပြီး သွပ်နဲ့သွပ်ပြဒါးတွဲဓာတ်သားဓာတ်လုံး (၂) လုံးကို စိတ်ကုန်သွားပြီး လှည့်မကြည့်တော့ဘဲ တစ်နှစ်ခန့် လောက် ပစ်ထားပြီး အခြားသောအာရုံရတဲ့ဓာတ်လမ်းတွေကိုသာ လုပ်ဆောင်နေပါတော့သည်။

ဒီလိုနဲ့ တစ်နေ့မှာတော့ အစပိုင်းမှာပြောခဲ့တဲ့စာရေးသူနဲ့အတူ ဓာတ်ဖမ်းခဲ့တဲ့မိတ်ဆွေရဲ့ပရဆေးဆိုင်မှာ လုံသွားဝယ်နေတုန်း ကိုယ်ချောင်းရောဂါ။ အနာကြီးရောဂါတွေကို ဆေးကုပေးတဲ့ အနှဘုရင် ဆိုတဲ့ ဘွဲ့ပေးထားတဲ့ ဆေးဆရာတစ်ပိုင်း၊ အဂ္ဂိရတ်ဆရာတစ်ပိုင်းဖြစ်နေတဲ့ဆရာတစ်ဦးနဲ့ စာရေးသူရဲ့မိတ်ဆွေ ပရဆေးဆိုင်ရှင်က မိတ်ဆက်ပေးလို့ အသိဖြစ်သွားပြီး အဂ္ဂိရတ်ဓာတ်လမ်းတွေအကြောင်း စကားစမြည်ပြောကြလေသည်။

"ဆရာ အခု ဘာဓာတ်ဆေးတွေ ဖော်ဖို့လာဝယ်တာလဲ"

"အခြားမဟုတ်ပါဘူး၊ ကျွပ်အမြဲလက်စွဲသုံးနေတဲ့ (၁၀) ပါးနဝင်းဓာတ်ဆေးဖော်ဖို့ လာဝယ်တာပါ"

"ဆရာကလည်း ပြောတော့ (၁၀) ပါးဆိုပြီး ဘယ်လိုဖြစ်လို့ နဝင်းဆေးခေါ်တာလဲ။ နဝင်းဆေးဆို (၉) ပါးပဲဖြစ်ရမှာပေါ့"

"ဩော်-ဒီလိုဗျာ၊ ဆေးပစ္စည်းဝယ်ရတာက (၁၀) မျိုး၊ (၁၀) ပါးပါတာပေမယ့် ဆေးချက်တဲ့အခါမှာတော့ ဓာတ်ဆေး (၉) ပါးကို ထောင်းထုအမှုန့်ပြုပြီး ကျန်တဲ့ (၁) ပါးကို ရေနဲ့စိမ်ပြီး အဲဒီဆေးရည်နဲ့ပြန်ချက်ရလို့ (၁၀) ပါးနဝင်းဆေးလို့ ခေါ်ရတာပါ"

"ကဲပါ ဆရာရယ်၊ မိတ်ဆွေရင်းလို့ သဘောထားပြီးသေချာလေးရှင်းအောင် ပြောပြပါလား ဆရာရယ်"

"အေးလေ-ပို့မယ်ပို့လည်း ကူးတို့ရောက်အောင်တော့ပို့ရတော့မှာပေါ့"

"(၁၀) ပါးနဝင်းဆေးဆိုတာက စိန်၊ ဆေး၊ ကန့်၊ ဝက်၊ ထုံး၊ ဟင်း၊ လက်၊ ယမ်း၊ ဆား၊ ကျောက်ချဉ်စွက်။

လက်ာအရ -

၁။ စိန်
၂။ ဆေးဒါန်း
၃။ ကန့်
၄။ ဇဝက်သာ
* (ထုံး - မဖောက်ထုံး (၁၀) ဝိဿာ ရေနှစ်ပုလင်းနဲ့စိမ်ပါ။)
၅။ ဟင်းရိုင်းနီ
၆။ လက်ချား
၇။ ယမ်းစိမ်း
၈။ ဆား
၉။ ကျောက်ချဉ် (၁) ကျပ်သားစီ။

ဒီနေရာမှာ စာရေးသူ၏ အမူအကျင့်အတိုင်း တပည့်ခံပြီဆိုရင် နည်းမကျန်အောင် အသေးစိတ် မေးမြန်းစူးစမ်းတတ်သည်မို့ -

"ကဲပါ - ဆရာရယ်၊ လက်တွေ့နဝင်းဆေးချက်တဲ့နည်းပါ တစ်ပါတည်း ခြီးမြှင့်ပေးခဲ့။ ကျွန်တော် တကယ်စိတ်ဝင်တစားနေလို့ပါ"

"လုပ်ပြီဗျာ၊ ဟင်းစားလည်းပေးကွန်ချက်လည်းပြခိုင်းနေပါပြီ။ ကျွပ်က လည်း တကယ်စိတ်ဝင်စားပြီး တကယ် လက်တွေ့လုပ်မယ့်သူဆိုရင် နည်းမချန် အကုန်ပေးတတ်တာနဲ့တော့ကိုက်နေပြီဗျာ။ ခင်ဗျားက စေ့စေ့ပေါက်ပေါက် တကယ်မေးတတ်တော့ တကယ်လုပ်မယ့်သူလို့ ယုံကြည်ပါတယ်။

ဒီ (၁၀) ပါး နဝင်းဆေးဆိုတာ အဂ္ဂိရတ်သမားအတော်များများသိသလိုလိုနဲ့ တကယ်မသိတဲ့ဆေးဗျာ"

သူ့ကိုတကယ်နည်းစနစ်တကျသိရှိပြီး နဝင်းဆေးသားကျအောင် ဖော်နိုင်ချက်နိုင်ပြီဆိုခဲ့ရင် သွပ်နဲ့ပြဒါးမျက်တောင်မခတ်နိုင်အောင် ချုပ်သတ်နိုင်တဲ့ဆေးကောင်းဆေးမြောက်တစ်ပါးပါပဲ"

သူက ဒီလိုပြောလိုက်တော့ စာရေးသူက ဖိုးကျိုင်းတုတ် အဟုတ်ဝမ်းသာသွားတာပေါ့။ ကိုယ့်မှာက ချော့မရ ခြောက်မရတဲ့သားသမီးလိုဖြစ်နေတဲ့ သွပ်နဲ့သွပ်ပြဒါးတွဲ ရုတ်ခံနေတဲ့ဓာတ် (၂)လုံးက လက်ရှိပစ်ထားရတာဆိုတော့ ဘယ်ဝမ်းမသာဘဲရှိပါ့မလဲ။

"ကဲပါ-အခု ဆရာထမင်းနဲ့လယ်စာ ကျွန်တော့်အိမ်မှာလိုက်စားပြီးတော့ အခု ဆရာဝယ်ခဲ့တဲ့ ဓာတ်ဆေးတွေကို ယူလာခဲ့ပြီး ကျွန်တော့်အိမ်မှာ ပစ္စည်းကိရိယာအစုံရှိတယ်ဆိုတော့ အိမ်မှာ တစ်ခါတည်း ဆရာ့ရဲ့(၁၀)ပါးနဝင်းဆေးကိုချက်ပြီးမှ ပြန်ယူသွားပေါ့။ ဒါမှ ကျွန်တော်လည်း ဆရာရဲ့လက်တွေ့ကိုသိမြင်ရမှာဆိုတော့ ပိုအဆင်ပြေသွားတာပေါ့ ဆရာ"

"အေးပါဗျာ၊ ထမင်းကျွေးပြီး နည်းယူမယ့်သူက အဆင်သင့်ဆိုတော့ ကျွပ်က ငြင်းလို့ဘယ်ကောင်းပါတော့မလဲဗျ"

ဒီလိုနှင့် စာရေးသူရဲ့အိမ်သို့ ချိတက်လာခဲ့ပါတော့သည်။

ရွှေလတွင်
ဆက်လက်တင်ပြပေးပါမည်

မင်းချမ်းမြေ (ပုဒ်ဒိုင်)

www.burmeseclassic.com

ဂျမ်းမုဆိုးဦးရှင်ကြီးဟုဆိုသဖြင့် (၃၇) မင်းနတ်တို့တွင် တစ်ပါးအပါအဝင် ဖြစ်သော ရေနေဗိုင်ဦးရှင်ကြီးနတ်ဟူ၍ မမှတ်ယူစေလိုပါ။ ကျွန်တော်ရေးသော ဂျမ်းမုဆိုးဦးရှင်ကြီးသည်ကား သက်ရှိလူတစ်ဦးဖြစ်သော ဌက်ပျောတောရွာမှ ဦးရှင်ကြီးဆိုသူဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။ ဌက်ပျောတောရွာဟူသည် ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် ရခိုင်ရိုးမကြီး၏အရှေ့ခြမ်းတောင်ခြေရွာလေးတစ်ရွာ ဖြစ်ပါသည်။ ရခိုင်ရိုးမကြီးအရှေ့ခြမ်းတွင် ချောင်းဖျား ခံ၍ စီးဆင်းလာခဲ့သော ကညင်ချောင်းသည် တပ်ကုန်း၊ ကျွဲဇင်း၊ ဌက်ပျောတော၊ လိပ်ပေါင်ဆွဲ ဆိုသော ရွာများ အနီးမှဖြတ်သန်းသော ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပါသည်။

ကညင်ချောင်းဘေးတွင် မဲဇလီကုန်းနှင့် အခြားသောရွာများရှိသေးသော်လည်း ကျွန်တော်မသိသောကြောင်း မဖော်ပြခြင်းပါ။ ကျွဲဇင်းရွာနားတွင် ကညင်ချောင်းအတွင်းသို့ စီးဝင်သော ချောင်းလက်တက်တစ်ခုသည် နီပဆေးချောင်းဟု အမည်တွင်ပါသည်။ နီပဆေးချောင်းရိုးအတိုင်း အထက်သို့ (၅) မိုင်မျှ ဆန်တက်လျှင် တောင်ကြားတစ်နေရာ၌ ကျောက်မီးသွေးကြောလေ့လာရာဖွေရေးလုပ်နေသည့် ဘူမိဗေဒကွင်းဆင်းအဖွဲ့၏ စခန်းချရာကို ရောက်ပါသည်။

ကျွန်တော်တို့အဖွဲ့ ရောက်ရှိစဉ် ၁၉၇၉ - ၈၀ ခုနှစ် က ပုသိမ်-မုံရွာလမ်းမကြီး မဖောက်လုပ်ရသေး။ ထို့ကြောင့် မဲဇလီကုန်းမြို့လေးမှ ရခိုင်ရိုးမတောင်ခြေရှိ ကျွဲဇင်းရွာရောက်သည်အထိ ခရီးကို ဆိုက်ကားဖြင့် (၅) နာရီခန့်ကြာအောင်သွားရပါသည်။ ဤမျှဝေးသည့် ခရီးကို ပထမဆုံး ဆိုက်ကားစီးဖူးခြင်း ဖြစ်ပါသည်။ ဆိုက်ကားဆရာတို့လည်း လမ်းတွင် ဘီးပေါက်ခဲ့သော်၊ တစ်ခုခု ချို့ယွင်းခဲ့သော် ပြုပြင်ရန်ပစ္စည်းအပြည့်အစုံပါကြရပါသည်။ လမ်းတစ်လျှောက်လုံး ထိုင်စီးရသည်မဟုတ်ဘဲ ဆင်းသည့်အခါဆင်း၍ ကူတွန်းသည့် အခါလည်း တွန်းပေးရပါသည်။ ကျွဲဇင်းရွာရောက်လျှင် ဆိုက်ကားလမ်းလည်း ဆုံးခန်းတိုင်လေပြီတည်း။

ဆိုက်ကားလမ်းဆုံးသော်လည်း ဘူမိဗေဒအဖွဲ့စခန်းချရာသို့ မရောက်သေးပါ။ ကျွဲဇင်းရွာဥက္ကဋ္ဌကြီးဦးသန်း၏ အိမ်တွင် တစ်ထောက်နားပြီးမှ တောတွင်းသို့ခရီးဆက်ရမည် ဖြစ်ပါသည်။ ဦးသန်းတို့မိသားစုကလည်း အလွန်ပင် စေတနာသစ္စာတရားကောင်းလှပါသည်။ ဘူမိဗေဒအဖွဲ့မှ ရောက်လာသမျှ ဝန်ထမ်းတိုင်းကို ကျွေးမွေးဧည့်ခံသည်မှာ တည်းခိုသူပင် အားနာရသည်အထိ သဘောကောင်းလှပါသည်။ ရောက်လာသမျှ ဝန်ထမ်းတိုင်း ဥက္ကဋ္ဌကြီးအိမ်တွင် မတည်းခိုဘူးသူရှားပါသည်။

ယခင် ကျွန်တော်တို့ငယ်စဉ်တဦးပန်းရည်၏ပထဝီဝင်ဘာသာရပ်တွင် မြန်မာပြည်၏ တစ်ခုတည်းသော ကျောက်မီးသွေးတွင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝကျောက်မီးသွေးတွင်းတစ်ခုသာလျှင် သင်ကြားခဲ့ရသလို ထိုတစ်နေရာသည်သာရှိသည်ဟုလည်း သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ပြီးနောက်ပိုင်းတွင် သိပ္ပံပညာ၏ ဆောင်ပုဒ်တစ်ခုဖြစ်သည့် ရှာဖွေလေ့တွေ့ရှိလေ ဆိုသော စကားအတိုင်း မြန်မာဘူမိဗေဒပညာရှင်များ Geologist က တောတောင် အရပ်ရပ်လှည့်လည်၍ မြေပေါ်မြေအောက် သယံဇာတများလေ့လာရှာဖွေသောအခါ အဖိုးထိုက်သယံဇာတထွက်ရှိရာ နေရာဒေသအများအပြားတွေ့ရှိခဲ့ရပါသည်။

မြန်မာဘူမိဗေဒပညာရှင်များရှာဖွေတွေ့ရှိသော ကျောက်မီးသွေးထွက်ရှိရာ ဒေသအတော်များများအနက်မှ

သိပ်ကျင်းကျော်ကျော်ထွန်း

ဂျမ်းမုဆိုးဦးရှင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ရသော ဒေသတို့မှာ လားရှိုး-တန့်ယန်းသွားလမ်းရှိ နမ့်ပေါင်စျေးကုန်းရွာအနီးမှ နမ့်မကျောက်မီးသွေးတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်မှ ဓားသွေးကျောက်ချောင်းကျောက်မီးသွေးတွင်း၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြစ်ကမ်းအနီးမှ ကောမပြင်ကျောက်မီးသွေးတွင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းပင်လောင်း တီကျစ်ကျောက်မီးသွေး၊ ယောနယ် လောင်းရှည်အနီး နွားမတောင်တန်းမှ ကျောက်မီးသွေးကြောများ၊ ဆေးမင်းတောမြို့နယ်ခွဲ ရေရှင်ရွာအနီးမှကျောက်မီးသွေးကြောနှင့် ယခု ကျွဲဇင်းကျောက်မီးသွေးတို့ ဖြစ်ပါသည်။

ယခု ရောက်ရှိနေသော ကျွဲဇင်းကျောက်မီးသွေးလေ့လာရေးဧရိယာသည် ရခိုင်ရိုးမကြီးဖြစ်သည့် အတိုင်း သစ်တောဝါးတောကြီးများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည့် အတွက် သစ်ကျား စသော သားကောင်ကြီးများလည်း ပေါများပါသည်။ ကျွန်တော်တို့ ဘူမိဗေဒကွင်းဆင်းအဖွဲ့အတွက် သက်ဆိုင်ရာ မြို့နယ် အာဏာပိုင်အဖွဲ့အစည်းမှ လုံခြုံရေးစီစဉ်ပေးပါသည်။ ညဘက်ဆိုလျှင် ကျား တစ်သံများကြားရသလို နံနက်ဝေလီဝေလင်းတွင်လည်း အလွန်ပင်ကြည်နူးစရာကောင်းသော ဒေါင်းအိုးဝေသံကို နားဆင်ရင်း အိပ်ရာထခဲ့ကြပါသည်။

ဘူမိဗေဒအခြေစိုက်စခန်းပြုလုပ်ထားသောနေရာသည် နီပဆေးချောင်းလေး၏ အနောက်ဘက်ကမ်းတွင်ဖြစ်သော်လည်း သောက်သုံးရန်ရေကလုံးဝမရှိပါ။ စခန်းချရာဝန်းကျင်၌သာမဟုတ်ဘဲ နီပဆေးချောင်းတစ်လျှောက်လုံးပင် ရေမရှိသောနေရာများပါသည်။ စခန်းတွင် ချက်ပြုတ်ရန်နှင့် သောက်ရေကို စခန်းအထက်ပိုင်း ပေ (၁၀၀၀) ခန့် အကွာမှ ရေထွက်ကလေးတစ်ခုတွင် သွားရောက်ခပ်ရပါသည်။တစ်ပတ်တစ်ခါ ရေချိုး၊ အဝတ်လျှော်ရန် (၅) မိုင်ကျော်ဝေးသည့် ကျွဲဇင်းရွာအနီးမှ ကညင်ချောင်းကြီးသို့ သွားကြရပါသည်။

ဘူမိဗေဒစခန်းဝန်းကျင်၌ ရေမရှိမှုကြောင့် အလုပ်သမားများသည်

www.burmeseclassic.com

www.burmeseclassic.com

စခန်းနှင့် မိုင်ဝက်ခန့်အကွာ နီပဆေး ချောင်းအထက်ရေစမ်းနားတွင် သွားရောက်နေကြ၍ အလုပ်ဆင်းခိုန်ရောက်မှသာ ဘူမိဗေဒစခန်းသို့ လာကြပါသည်။ အလုပ်သမားများလာခိုန်တွင် သောက်ရေတစ်ထမ်းသယ်ခဲ့ရပါသည်။ ထိုသောက်ရေတစ်ထမ်းအတွက် ကွင်းဆင်းအဖွဲ့၏တာဝန်ခံ ဘူမိဗေဒအရာရှိကြီးမှ ငွေ(၅)ကျပ်ပေးပါသည်။ ထိုစဉ်က လက်ဖက်ရည်တစ်ခွက်လျှင် ပြား(၅၀) ခေတ်ဖြစ်ရာ ရေတစ်ထမ်း (၅) ကျပ်သည် မနည်းပါချေ။

ရေစမ်းနားတွင် သွားရောက်နေကြသောအလုပ်သမားများဟုဆိုသောကြောင့် အများကြီးမထင်ပါနှင့်။ သုံးယောက်တည်းပါ။ ငယ်ရွယ်သူများက သူတို့ရွာမှ မနက်လာ၊ ညပြန်အလုပ်ဆင်းကြ၍ အသက်ကြီးသော ဦးငှက်ရိုး၊ ဦးဘအောင်၊ ဦးရှင်ကြီးဆိုသော အဘိုးကြီး (၃) ယောက်သာ ရွာသို့မပြန်နိုင်၍ ရေထွက်နားတွင်သွားရောက်နေကြခြင်းဖြစ်ပါသည်။

ဦးငှက်ရိုးဆိုသူက ၁၉၆၃ - ၆၄ ခန့်က ကွန်မြူနစ်ပါတီဝင် တောခိုသူရဲဘော်ငှက်ရိုး။ နာမည်ကြီး၏။ ပါတီအပေါ် သစ္စာရှိ၏။ အမိန့်ကို နာခံတတ်၏။ ဗိုလ်လုပ်သူ၏ အားထားရသော လက်ရုံးလည်းဖြစ်၏။ တစ်နေ့ တစ်ဖက်ရန်သူ (တောခိုအချင်းချင်း) တပ်မှ ရဲမေတစ်ဦး လက်ရဖမ်းမိ၏။ သူသေကိုယ် သေတိုက်ခိုက်နေရချိန်ဖြစ်ရာ ဖမ်းမိသော တစ်ဖက်ရန်သူရဲမေအား စစ်ဆေး၍ သေဒဏ်ချမှတ်ခံရ၏။ နောက်တစ်နေ့ ညနေတွင် သေဒဏ်ပေးမည်ဖြစ်သောကြောင့် ညတွင် လုံခြုံသောအချုပ်ခန်း၌ ချုပ်နှောင်ကာ ပါတီအပေါ် သစ္စာရှိသော၊ အမိန့်နာခံတတ်သော၊ လက်ရုံးတစ်ခုအဖြစ် အားကိုးရသော ရဲဘော်ငှက်ရိုးအား အထူးတာဝန်ပေးကာ စောင့်ကြပ်စေ၏။ လွတ်ပြေးလျှင် ပစ်သတ်ခွင့်ပါပေးထား၏။

ကင်းစောင့်ရာ၌ကိုင်သောရိုင်ဖယ်သေနတ်ကို လှဲစွပ်ပါတပ်ထားစေ၏။ အားကိုးရသော လက်ရုံးတစ်ဆူဖြစ်သူ ရဲဘော်ငှက်ရိုးကိုယ်တိုင် ကင်းစောင့်သည်ဖြစ်၍ တာဝန်ရှိသူတို့ စိတ်ချလက်ချ အိပ်ကြ၏။ အသောက်အစားလေးလည်းပါသဖြင့် မနက်လင်းနေဖင်ထိုးမှ အိပ်ရာကနိုးကြ၏။ အိပ်နေရာမှ မထသေးဘဲ -

"ဟေ့ ရဲဘော် ငှက်ရိုး"

ဟု ဗိုလ်လုပ်သူက အော်ခေါ်၏။ တုံ့ပြန်သံမကြားရ။ သို့ဖြင့် ဒီကောင် တစ်ညလုံးကင်းစောင့်ရလို့ လင်းမှအိပ်နေပုံရတယ်ဆိုကာ ထပ်ခေါ်ပြန်၏။ မိမိအသံသာ ပဲ့တင်ပဲ့လာ၏။ ရဲဘော်ငှက်ရိုးထံမှ တုံ့ပြန်မှုနှုတ်ထွေ။ စိတ်မရှည်တော့၍ အူဇီယစ္စတိုဆွဲကာ အချုပ်ခန်းရှိရာထွက်ခဲ့၏။

အချုပ်ခန်းအား ပုစွန်မျက်လုံးပမာ ပြူးထွက်အောင်ကြည့်ရင်း -

"ဟောဗျာ"

တစ်ခွန်းသာအော်နိုင်၏။ ခေတ္တမျှ မှင်တက်မိကာငေးကြည့်ရင်း သတိဝင်လာသောကြောင့် ဒိုင်းခဲ့ သေနတ်တစ်ချက်ပစ်ဖောက်တပ်လှန့်လိုက်ကာ အချုပ်တရားခံရဲမေနှင့် ငှက်ရိုးတို့ လွတ်မြောက်ထွက်ပြေးပြီးဖြစ်ကြောင်း ကြေညာကာ တောနင်းရှာကြ၏။ ရန်သူရဲမေနှင့်ငှက်ရိုးတို့အတောင်ပါလေသည်လားမသိ။ ခြေရာပင်ရှာမတွေ့တော့ချေ။ နောက်မှကြားရသည်ကား ချစ်သူရဲကောင်းကြီး ရဲဘော်ငှက်ရိုးနှင့် သေဒဏ်အကျဉ်းသူရဲမေတို့ အလင်းဝင်ကာ လက်ထပ်လိုက်ကြသည် ဟူ၏။

ခုတော့ အချစ်သူရဲကောင်းကြီး ရဲဘော်ငှက်ရိုးတစ်ယောက် အိုကြီးအိုမ အရွယ်ရောက်မှ သမီးအပျိုပေါက်မလေး တစ်ယောက်နှင့် ကျွန်တော်၏ဆာဗေးအဖွဲ့တွင် ပင်ပန်းကြီးစွာ တောခုတ်တောရှင်းအလုပ်ဝင်လုပ်နေရပါလေပြီ။ သူဇနီး ရဲမေက သူတို့သားအဖကိုထားခဲ့ကာ ကိုယ်ယောင်ဖျောက်သွားသည်ဟု မှတ်ရှည်ဝဲလျက်ဆိုရှာပါသည်။

အဘိုးကြီးသုံးယောက်သည် သူနည်းသူဟန်ဖြင့် ထူးခြားသူများဖြစ်သည်။ ဦးရှင်ကြီးကို ကျမ်းမဆိုးဟုခေါ်ကြသော်လည်း 'ကျန်း' ဟူသောစကားလုံးကို ကျွန်တော်မသိပါ။ ကျွန်တော်သိသော ကျမ်းက အင်္ဂလိပ်စာလုံး Jam ဖြစ်၍ သစ်သီးယို၊ ညှပ်သည်၊ ကျုပ်သည်။ ကျမ်း (ကျမ်း) တုံးခုသည်တို့ဖြစ်ရာ မုဆိုးနှင့် မဆိုင်ပါချေ။ သို့သော် အထက်ခေါင်းစဉ်ပါ ကျမ်းမုဆိုးဦးရှင်ကြီး၏စွမ်းရည်ကို မကြာခင်သိခဲ့ရပါသည်။

ဦးဘအောင်၊ ဦးရှင်ကြီး၊ ဦးငှက်ရိုးတို့နေသောနေရာသည် နီပဆေးချောင်းအထက်ကွေ့တစ်နေရာမှရေထွက်ကလေးနားတွင်နေကြသည်။ သို့သော်လည်း တဲထိုး၍နေကြသည်မဟုတ်ပေ။ ချောင်ဘေးတောင်ဆွယ်မြေပြန့်နေရာလေးတစ်ခုတွင် လူ(၃)ယောက်အိပ်သာ ရုံမျှ ကျောက်ခဲအမိုက်သရိုက်များလှည်း ရှင်းလင်းထားကာ ကျောချလောသော်ဝါးကပ်ရက်၍ မြေပေါ် အဆင့်မလုပ်ဘဲအိပ်ခြင်း ဖြစ်သည်။ အိပ်ရာဘေးပတ်လည်တွင် အမြင့်တစ်တောင်ခန့်ရှိမည်။ ဝါးလုံးတန်းလေးတစ်ခုသာ စည်းအဖြစ်ကာထားခြင်းရှိသည်။

ကျား၊ ကျားသစ်၊ မြွေ စသော သားကောင်ကြီးများပေါသည့် ရခိုင်ခြေတောနတ်ကြီးထဲတွင် ဝါးလုံးတန်းလေးတစ်ခုသာ ပတ်လည်တွင် ကာရံစည်းထားသည့်အတွင်း စိုးရိမ်ပူပန်မှုတစ်စွာအိပ်ရခြင်းသည် တော်ရုံတန်ရုံ သူမဟုတ်သလို ဂန္ဓိရသဘောသက်ရောသည့်မန္တန်အား အကြွင်းမဲ့ ယုံကြည်လည်းပါပေသည်။ လက်နက်ဆိုလို့ တို့ တောခုတ်ဓားမသာရှိသည်။ သို့သော်ဓားကို လက်နက်အဖြစ် အသုံးပြုဖို့ကား အပ်ဟု ဦးရှင်ကြီးက ရှင်းပြပါသည်။ ဦးရှင်ကြီးတို့အိပ်သည့်နေရာကိုလှည့်ပတ်ကြည့်သော ကျွန်တော်ပင် ကြက်သီးမိပါသည်။

"ဆရာကျော်ရေ၊ ဒီထက်မကတွေ့ရှိသေးတယ်ဗျ။ တစ်ခါတစ်ရံ ရွာထဲဝေးတဲ့တောနက်ကြီးထဲမှာ ဆတ်သားကောင်ကြီးတွေရတယ်။ အသားစိမ်းတွေလည်း သယ်ယူလို့မနိုင်အောင် ဒီတော့ ကျပ်စင်လုပ်ပြီး မီးကင်ခဲ့ကျပ်တင်ရတယ်။ ခြောက်တော့ ရွာသယ်နိုင်သမျှယူပြီး ကျန်တာကို စည်းခဲ့ပြီး ဒီအတိုင်းထားခဲ့တယ်။ နောက်တနေ့မှ လာယူပေါ့။ တောထဲမှာ စည်းခဲ့ထားခဲ့တဲ့ အသားခြောက်တွေကို နွေတစ်ကောင်ကြောင်တစ်ပြိုးမှလာစားဘူး ဆရာကျော်ရဲ့။ မယူတော့ဘူး။ စားလို့သောသတ္တဝါတွေစားကြဆိုပြီးခြောစားကြတယ်"

ဟု သူ၏မုဆိုးစည်းကိုရှင်းပြသည်။

ထိုမှမကြာမီရက်အတွင်း ကည်ချောင်းနှင့်မဝေးလှသော တောင်ဆွယ်လေးပေါ်ရှိ မြို့တောင်စေတီဘုရားပွဲသွားရာမှ ပျောက်ဆုံးနေသည့် ဘူမိဗေဒအရာရှိလေးတစ်ဦးနှင့် လက်ထောက်ဆာဗေယာ မောင်ထွန်းမြင့်တို့အား ထောင်း၌ (၃) ရက်တိတိ လိုက်လံရှာဖွေကြရာတွင် ဦးရှင်ကြီးတို့သုံးယောက်ကရောက်ရာ၌အိပ်ကာ ဝိုင်းဝန်းရှာဖွေခဲ့သည်။ မောင်ထွန်းမြင့်တို့နှစ်ဦးကို ရှာတောင်ကြီး၏ မြောက်ဘက်ဘေးနေရာသဘာဝလိုဏ်ဂူကြီးအတွင်းမှ ပြန်လည်

www.burmeseclassic.com

တွေ့ရှိရပါသည်။ သူတို့ပြောစကားအရ ဘဝဟောင်းမှ ချစ်သူခေါ် သွားသည်ဟု ဆိုပါသည်။

ကျွန်တော်တို့ဘူမိဗေဒကွင်းဆင်းအဖွဲ့၏တာဝန်ခံ ဘူမိဗေဒအရာရှိကြီး ဦးထွန်းစိန်သည် ဘာသာခြားပင်ဖြစ်သော်လည်း ရိုးရာအယူအဆများ၊ ယုံကြည်မှုဓလေ့ထုံးစံများ၊ ဂန္ဓိရသဘောများကို အလေးထားလိုက်နာသူဖြစ်ခြင်းကြောင့် ဆာဗေယာမောင်ထွန်းမြင့်နှင့် ဘူမိဗေဒအရာရှိလေး ကျော်ကိုနိုင်တို့ နတ်ဝှက်သလို ထူးဆန်းစွာ လိုက်ဂူကြီးထဲရောက်သွားပြီးသည်မှစ၍ ကွဲလွဲရွာသို့သွားရန်ကိစ္စရှိလျှင် အဖော်မပါဘဲ မသွားရဟု တင်းကျပ်စွာ တားမြစ်ထားသလို၊ ညရေးညတာတွင် ပရလောကသားများလာလျှင် မြန်နိုင်အောင်ဆိုကာ ထမင်းချက်မောင်ပုတို့အား စခန်းတွင်းခွေးတစ်ကောင်မွေးထားခိုင်းသည်။

စခန်းတွင် ခွေးရောက်လာသည်မှာ ပြဿနာကိုဖိတ်ခေါ်လိုက်သလိုဖြစ်သွားပါသည်။ ပရလောကသားများကို ခွေးကမြင်၊ မမြင် မသိရသော်လည်း ခွေးရောက်လာသည်ကို ကျားသစ်ကမြင်သွားသည်။ ထို့ကြောင့် ညဘက်တွင် ခွေးကို ကျားသစ်က လာခြောင်းပါတော့၏။ ခွေးကိုခြောင်းသည်က အကြောင်းမဟုတ်။ လူကိုကုတ်သွားပါက ဒုက္ခရောက်ချေမည်။ ထို့ကြောင့် ဂျမ်းမုဆိုး ဦးရှင်ကြီးကို အကူအညီတောင်းရတော့သည်။

ဦးရှင်ကြီးသည် ကျားသစ်လာရောက်ခြောင်းသောနေရာဘက်မှ သွားလမ်းလာလမ်းကို အသေအချာလေ့လာပြီးမှ လက်မောင်းအရင်းခန့်တုတ်သည့် တင်းဝါးကျတ်တစ်လုံး ခုတ်ပါသည်။ တင်းဝါးကျတ်ဆိုသည်မှာ ပုံမှန်တင်းဝါးကဲ့သို့ အခေါင်းပေါက်မကျယ်ဘဲ အခေါင်းပေါက်ကျဉ်း၍ အသားထူကျတ်နေသော ဝါးဖြစ်ပါသည်။ ထိုတင်းဝါးကျတ်ကို အရင်းပိုင်းပါအောင် (၈) ပေခန့်ဖြတ်လိုက်ပါသည်။

ဖြတ်ယူလိုက်သော တင်းဝါးကျတ်အရင်းပိုင်းအား ကျားသစ်လာရာလမ်းနှင့် အနီးဆုံးရှိ ဝါးရုံပင်များကြားတွင် မြေပြင်မှသုံးပေခန့်အမြင့် ကျားသစ်၏ လက်ပြင်နေရာခန့်အမြင့်လောက်မှ ဝါးပင်များကြား (၂) ပေ၊ (၃) ပေခန့်ထိုးညှပ်ကာ လုံးဝလှုပ်ရှားမှုမရှိရန် နှိုးဖြင့် အထပ်ထပ်ချည်နှောင်လိုက်သည်။ ဝါးလုံးအရင်းပိုင်းကို သားကောင်လာမည့် လမ်းနှင့်အပြိုင် (မျဉ်းပြိုင်) ထိုးသွင်းရခြင်းဖြစ်သည်။ ထိုအခါ ကျွန်နေသောအပိုင်းသည် အနည်းဆုံး (၆) ပေခန့်ရှိမည်။

ထို့နောက် အသားထူထူဝါးတစ်လုံးမှ (၆) ပေအရှည်၊ ငြင်း (၃) လက်မခန့် ဝါးခြမ်းစိတ်တစ်ခုရရန် အသေအချာခွဲစိတ်ယူရသည်။ရလာသော ဝါးစိတ်ကို အဖျားဘက်တွင် လုံသွားကဲ့သို့မြည့်နေအောင်ချွန်ကာ ထိပ်ဖျားကို မီးရှို့၍ မာကျောအောင်လုပ်သည်။ ဝါးလုံးတံ၏ အရင်းပိုင်းကို ဗထက်ခြိုက်ကဲ့သို့ခွက်နေအောင် ဓားဖြင့်ပြုပြင်ထားသည်။

ဝါးရုံကြား သို့မဟုတ် စီစဉ်ထားသောနေရာတွင် ချည်နှောင်ထားသော တင်းဝါးကျတ်အဖျားပိုင်းကို သားကောင်လာရာလမ်းနှင့် ဆန့်ကျင်ဘက်ရှန်းကန်အားအကောင်းဆုံးနေရာအထိ ဆွဲကွေး၍ ထိန်းချုပ်တိုင်မောင်းခလုတ်နှင့် ချိတ်ဆက်ထားကာ ဝါးလုံးတံ၏ဗထက်ခြိုက်ခွက်နေရာ သို့မဟုတ် ဒစ်ခွနေရာနှင့် တိကပ်ချည်နှောင်လိုက်သည်။

လုံးတံအသွားပိုင်းသည် သားကောင်လာရာလမ်းသို့ ထောင့်မှန်အနေအထားလောက် ကွက်တိချိန်ပြီးဖြစ်နေသည်။ လုံးတံသွားလမ်းလွဲချော်မှုမရှိစေရန် ထိန်းချုပ်တိုင်ဖြင့် ချိန်ဆထိန်းချုပ်ထားသည်။

သားကောင်သည် စီစဉ်ထားသော လမ်းအတိုင်းဝင်လာစေရန် တစ်ဖက်တစ်ချက်မှ သစ်ကိုင်းသစ်ခက်၊ ဝါးကိုင်းစသည်တို့ခုတ်၍ ချထားကာ တစ်ကောင်လျှောက်သာရုံ လမ်းကြောင်းပေးထားသည်။

လုံးတံအသွားတည့်တည့်လောက်တွင် သွယ်တန်းထားသောကြိုးငယ်လေးတစ်ချောင်းရှိ၏။ ကြိုးတစ်ဖက်စကို ထိန်းချုပ်ခလုတ်နှင့် ချိတ်ဆက်ထားရှိသည်။ ကြိုးတန်း၏အမြင့်သည် သားကောင်ရင်အုပ်ပိုင်းခန့်သာရှိသဖြင့် သားကောင်ဝင်လာလျှင် မလွဲတမ်းထိုးမိမည်ဖြစ်၏။

ဝါးလုံးတံထိုးလွှတ်မည့် တင်းဝါးကျတ်ပိုင်းနှင့် အထိန်းခလုတ်တို့သည် သံညှပ်ကြွက်ထောင်ချောက်နှင့် အလားသဏ္ဌာန်တူသည်။ သံညှပ်မောင်းရိုက်တံနေရာတွင် ဝါးလုံးတံတပ်ထားခြင်းသဘောပင် ဖြစ်ပါသည်။

ဦးရှင်ကြီးသည် သူစိတ်တိုင်းကျ ဂျမ်းပြုလုပ်ပြီးချိန်ဝယ် ညနေ (၅) နာရီထိုးပြီးဖြစ်၍ တာဝန်ခံကြီးမှ ဒီစခန်းမှာပင် ညစာစား၍ ဒီမှာပင်အိပ်ရန်ခိုင်းပါသည်။ ညစာစားပြီးသောအခါ ဦးရှင်ကြီး၏အစီမံအတိုင်း ထမင်းချက်မောင်ပုတို့လည်း ခွေးကို မီးဖိုဘေးတွင် ကြိုးချည်ထားသဖြင့် တအီအီအော်နေပါသည်။

ယနေ့ည ဂျမ်းမုဆိုးဦးရှင်ကြီး၏ အစွမ်းကိုသိလိုသဖြင့် ညစဉ် ဂီယာတီးလေ့ရှိသော ဘူမိဗေဒအရာရှိလေးများဖြစ်သည်။ ကျော်ကိုကိုနှင့်ကိုအောင်ဝင်းတို့ပင် ဂီတာမတီးတော့ဘဲ အိပ်ရာထဲလှဲလျောင်းရင်း အသံဗလံကိုနားစွင့်နေကြသည်။ နီပဆေးချောင်း၏ တစ်ဖက်ကမ်းတွင်ရှိသော လုံခြုံရေးဆရာတို့လည်း ဆိတ်ငြိမ်နေကြသဖြင့် သူတို့လည်း ထို့အတူပင်ဟု တွေးမိပါသည်။

လူသံများ တိတ်ဆိတ်နေသဖြင့် တောင်၏ သရဖ်သဏ္ဌာန်များ ပို၍ဝိပြင်လာပါသည်။ နီပဆေးချောင်းဒီးလေးထဲမှ ခင်ပုပ်ငှက်မြည်သံသည်ပင် စိတ်ကို တစ်မျိုးတစ်မည်ခံစားရစေသလို တောင်ဒီးပေါ်မှ အူလူလူလူ. . . ဟုအော်တတ်သော အမည်မသိ ညဉ့်ငှက်ကလည်း တို့တွေတောနက်ကြီးထဲမှာရောက်နေပါလားဟု အတွေးဝင်စေပါသည်။ ချောင်းအထက်ပိုင်းရေထွက်ဆိမှ ချေဟောက်သံက တောင်နှစ်လုံးကြားဖြစ်၍လားမသိ ပဲ့တင်သံပါပို့လာပါသည်။

ထိုစဉ်မှာပင် ဂျမ်းထောင်ထားရာတောင်ကြောဆီမှဇီးကွက်. . . ဇီးကွက်ဟုလန့်အော်ရင်း ပျံသွားပုံရသော ဇီးကွက်သံကြောင့် ကျားသစ်လာချေဖြီလားဟု လူတိုင်း ကြက်သီးထရင်းတွေးနေကြဆဲ။

"ဖြောင်း. . . ဂရား. . . ဂရား ဝုန်း. . .

ဟူသော ဟိန်းဟောက်သံ၊ ဂျမ်းရိုက်သံကြောင့် အားလုံးလှုပ်လှုပ်ရွရွဖြစ်ကုန်ကြသဖြင့် -

"ဆရာတို့အသံမပြုကြပါနဲ့။ လူသံမကြားရင် ကျားသစ်အားလျော့ပြီး ဇီဝိန်ချုပ်သွားမှာပါ"

ဆိုသောဦးရှင်ကြီး၏ သတိပေးသံကြောင့် အားလုံးငြိမ်သွားကြပါသည်။

မနက်လင်းသောအခါမှသွားကြည့်ကြရာ ဂျမ်းဝါးလုံးတံကြီးသည် ဝမ်းဗိုက်ကို ထုတ်ချင်းဖောက်ကာ တစ်ဖက်သို့ (၁) ပေခန့်ထွက်၍ သေနေသော ကျားသစ်ထီးကြီးတစ်ကောင်ကို တွေ့ကြရပါသည်။ နောင်တွင်လည်း ဦးရှင်ကြီး၏ ဂျမ်းလက်နက်ဖြင့် ချေသား (၃) ကြိမ်စားခဲ့ရပါသတည်း။

သပိတ်ကျင်း-ကျော်ကျော်သွန်း

www.burmeseclassic.com

www.burmeseclassic.com

လူမိုး(ပညာရေး) နိုင်းမြစ်ကမ်းမှလွမ်းရပ်သာ

(အာနန်းဆက်ဆောင်းပါး)

(ယခင်လမှအဆက်)

(၆)

၁၉၁၇ ခုနှစ်ဦး၊ မတ်လဆန်းပိုင်းတွင် ဂျာမန်ကိုင်ဇာဘုရင်ရေတပ်မတော်မှရေငုပ်သင်္ဘောများသည် ကြားနေနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများမှလူစီးသင်္ဘောများ၊ ကုန်တင်သင်္ဘောများကို အရှိန်အဟုန်မြှင့်၍ တိုက်ခိုက်ခဲ့သည်။ ဗြိတိသျှနှင့် မဟာမိတ်တို့ကမူ အမေရိကန်ပြည်ထောင်စုသည် မလွဲမသွေ ပထမကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာမည်ဟု မျှော်လင့်ထားကြသည်။ ဤသို့မျှော်လင့်ထားသည့်အတိုင်း ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စုသည် ပထမကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာခဲ့ပြီး ဗြိတိသျှနှင့်မဟာမိတ်တို့အား အနောက်ဘက်စစ်မျက်နှာတွင်ကူညီရန် ခြေလျင်တပ်မကြီးများကို ဥရောပသို့ စေလွှတ်ခဲ့သည်။

ဥရောပအနောက်ဘက်စစ်မျက်နှာသို့ရောက်ရှိလာသော အမေရိကန်ပြည်ထောင်စုမှ တပ်မကြီးများသည် မဟာမိတ်တပ်များနှင့် ပူးတွဲ၍ ဂျာမန်စစ်ကြောင်းများကို ပြင်းပြင်းထန်ထန် ဒီးဒန်း ယမ်းကုန်တိုက်ခဲ့တော့သည်။ ဤသို့ ဥရောပအနောက်ဘက်စစ်မျက်နှာတွင် မဟာမိတ်တပ်များနှင့် ဂျာမန်ကိုင်ဇာဘုရင်တပ်များ ကျားကုတ်ကျားခဲ ခိုက်နေစဉ် ဒေါ်ရော်သီအပါအဝင် လန်ဒန်မြို့သို့ ခေတ္တရောက်ရှိခဲ့သည်။ လန်ဒန်မြို့တော်ကြီးက သူယခင်တ

www.burmeseclassic.com

www.burmeseclassic.com

ထိုင်ခဲ့သော လန်ဒန်မြို့တော်ကြီးနှင့်မတူတော့။ ယခင်ကသို့ အသံဗလံ ဆူဆူညံညံကြားရသော မြို့တော်ကြီးမဟုတ်တော့။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေပြီ။

စတိုးဆိုင်ကြီးများ၊ ပြဇာတ်ရုံများ၊ ကပွဲရုံများ၊ ကျောင်းများပိတ်ထားခဲ့သဖြင့် လမ်းများပေါ်တွင် လူသွားလူလာရှင်းလျက်ရှိနေသည်။ အကြောင်းကြီးငယ်ရှိ၍ သွားကြရသူများမှာလည်း မျက်နှာညှိုးညှိုးငယ်ငယ်သောကဝေဒနာအဖြာဖြာခံစားရသည့်အသွင်ဆောင်နေသည်။ မိသားစုတိုင်းမှာ ရှေ့တန်းစစ်မျက်နှာရောက် ဆွေမျိုးသားချင်းများအတွက် ပူပင်သောကပရိဒေဝမီးတောက်လောင်လျက်ရှိကြသည်။

ဒေါ်ရော်သီအယ်ဒီအဖို့ ဦတိသျှပြတိုက်ကြီးပိတ်ထားခဲ့ရပြီဖြစ်ရကား မိမိအိမ်တွင်သာ အီဂျစ်ပြည်သမိုင်းနှင့် ဆိုင်သောစာအုပ်စာတမ်းများ၊ အီဂျစ်နေ့ဟောင်းယဉ်ကျေးမှုနှင့် ပတ်သက်သောစာအုပ်များကိုသာ ဖတ်ရှုခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်။

ဤသို့အခြေအနေတွင် ဂျာမနီနိုင်ငံအတွင်းကျန်ရစ်ခဲ့သော နိုင်ငံရေးသမားများသည် မိမိတို့ပါတီအာဏာရရှိရေးအတွက် အချင်းချင်းမညီမညွတ်ကွဲအက်ရေးနှင့် ခွဲထွက်ရေးဖြစ်ပွားလာခဲ့၏။ အထူးသဖြင့် ဆိုရှယ်ဒီမိုကရက်ပါတီနှင့် ရီပတ်ဘလစ်ကင်ပါတီဝင်များသည် ပထမကမ္ဘာစစ်ကြီးရပ်စဲရေး၊ ငြိမ်းချမ်းရေးရရှိရေးကို လှုံ့ဆော်ခဲ့ကြသည်။ သို့သော် ရှေ့တန်းစစ်မျက်နှာတွင်မူ ကိုက်အနည်းငယ်သိမ်းပိုက်နိုင်ရေးအတွက် ဂျာမန်တပ်မတော်သားထောင်ပေါင်းများစွာမှာ နိုင်ငံအတွက် အသက်ပေးပူဇော်ခဲ့ရသည်။သို့ဖြစ်ရကား ဂျာမန်ပြည်သူအများမှာ ဒုက္ခခါးစည်းခံရပြီး စိတ်ဓာတ်ပျက်ပြားလာခဲ့တော့၏။

ဂျာမနီနိုင်ငံ ဘာလင်မြို့တော်တွင် အမှထမ်းပေါင်းစုံ သပိတ်မှောက်မှုများ၊ ပြည်သူလူထုအတွင်း ဆူပူအုံကြွမှုများဖြစ်လာခဲ့သည်။ နှစ်လတာရှည်လာ

www.burmeseclassic.com

www.burmeseclassic.com

သော သွေးချောင်းစီးသည့်စစ်ပွဲကြီး၏ စစ်စရိတ်များမှာ တရိပ်ရိပ်တက်လာခဲ့ရာ ဂျာမနီနိုင်ငံမှာ ဒုက္ခသောကတွေဝေခဲ့ရသောနိုင်ငံဖြစ်လာသည်။ ကုန်စေးနှုန်းများမှာ အဆမတန်ကြီးမားလာခဲ့ပြီး ဂျာမနီနိုင်ငံသုံးငွေများ တန်ဖိုးကျဆင်းလာခဲ့ရ၏။

၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလတွင်မူ ဂျာမနီနိုင်ငံမြို့အကြီးများတွင် အနှုံးအညံ့ခံလိုသူများ ဒုန့်ဒေးပေါ်လာသည်။ ကိုင်ဇာဘုရင်တပ်မတော်အတွင်းမှအရာရှိကြီးများကလည်း အပြင်ဂယက်ရိုက်ခတ်မှုကြောင့် အချင်းချင်းသဘောထားကွဲလာခဲ့ရတော့၏။ ဂျာမနီနိုင်ငံ လက်နက်ချရေးမချရေးနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံအတွင်း ဆူပူမှုများတရိပ်ရိပ်တက်လာတော့၏။

နောက်ဆုံးတွင် ဂျာမနီနိုင်ငံသည် မဟာမိတ်တို့ထံ လက်နက်ချ အနှုံးပေးခြင်းဖြင့် ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ရသည်။ ဤစစ်ကြီးကား ရှုံးသည့်နိုင်ငံများကလည်း စစ်ရှုံးသဖြင့် ဒုက္ခဝေဒနာအဖြာဖြာတက်လာခဲ့သည်။ စစ်နိုင်သောမဟာမိတ်နိုင်ငံများမှာလည်း စစ်ကြီး၏ ဒဏ်ရာဒဏ်ချက်ကြောင့် လူထုမှာ သောကဝေဒနာအဖြာဖြာဆုံလာခဲ့ရ၏။

ဗြိတိသျှတို့သည် ပထမကမ္ဘာစစ်ကြီးကို ဦးဆောင်တိုက်ခိုက်ခဲ့ရသည်။ စစ်အောင်သောနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဗြိတိသျှလူငယ်လူရွယ်အများမှာ နိုင်ငံအတွက် အသက်ပေးလှူခဲ့ရသည်။ ထိုစဉ်က မှတ်တမ်းများအရ အင်္ဂလန်နိုင်ငံတွင်နေထိုင်ကြသော အင်္ဂလိပ်မိသားစုအများမှာ သား၊ အစ်ကို၊ ညီ၊ ဖခင်တို့မှာ ဤစစ်ကြီးကြောင့်ကျဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့်ကြုံရသဖြင့် သောကဝေဒနာအဖြာဖြာနှင့်ရင်ဆိုင်ကြရသည်။ စစ်ကြီးဖြစ်ပွားနေစဉ်က တစ်နေ့လျှင် စစ်စရိတ်ငွေ ပေါင်ငါးသန်းနှင့်ငါးသိန်းကုန်ကျခဲ့ရာ လေးနှစ်နီးပါးတိုက်ခဲ့ရသည့်အတွက် စစ်စရိတ်ငွေပေါင်း ပေါင်သန်းပေါင်းများစွာကုန်ကျခဲ့ရပြီး ဗြိတိသျှနှင့် နေမဝင်သော အင်ပါယာကြီး၏နိုင်ငံအများမှ အရာရှိ အရာခံ၊ အကြပ်၊ တပ်သားပေါင်း သန်းချီ၍ သေဆုံးခဲ့ရသည်။

စစ်ကြီးမဖြစ်ပွားမီကမူ အင်္ဂလန်နိုင်ငံမှာ စူပါပါဝါနိုင်ငံကြီးတစ်နိုင်ငံဖြစ်ခဲ့ရကား ကမ္ဘာ့နိုင်ငံအသီးသီးမှမော့ကြည့်ခဲ့ရသည့်နိုင်ငံဖြစ်ခဲ့၏။ သို့သော် စစ်ကြီးပြီးဆုံးသည်နှင့် စစ်ကြီး၏ဒဏ်ရာဒဏ်ချက်များကို ပြည်သူလူထုမှာ ခါးစည်း၍ ခံရ၏။ စစ်ကြီးဒဏ်ကြောင့် အလုပ်လက်မဲ့များ၊ စစ်ကြီးအတွင်း ထိခိုက်ဒဏ်ရာရခဲ့သော စစ်ပြန်ဒုက္ခိတများ၊ ကုန်စေးနှုန်းအဆမတန် မြင့်တက်လာမှုကြောင့် စားရမဲ့သောက်ရမဲ့ဖြစ်လာသည့် ဆင်းရဲသားအလုပ်လက်မဲ့များ၊ စစ်ကြီးအတွင်း အကြောင်းအမျိုးမျိုးကြောင့် မိဘများကွယ်လွန် တွယ်ရာမဲ့အားကိုးရာမဲ့ကလေးငယ်များ၊ အကျင့်စာရိတ္တပျက်ပြားမှုများ၊ ဖောက်ထွင်းမှု၊ လုယက်မှု၊ ခိုးမှု၊ ပြန်ပေးဆွဲမှု၊ ဓားပြတိုက်မှု၊ လာတ်စားမှုများထူပြောလာခဲ့သည်။ ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးအတွင်းရှိ နိုင်ငံအများအပြားတွင်လည်း နိုင်ငံရေးမငြိမ်မသက်မှုများကြုံတွေ့ရ၏။

ဤသို့သောအခြေအနေအရပ်ရပ်ကြုံတွေ့နေရစဉ် ဒေါ်ရော်သီအယ်ဒီသည် ဖခင်ဖြစ်သူ၏ဆန္ဒအရ ဒုက္ခတွေပင်လယ်ဝေနေသော လန်ဒန်မြို့တော်ကြီးသို့ အဒေါ်ဖြစ်သူနှင့်ပြန်ရန် ပြင်ဆင်ခဲ့ရသည်။ ဒေါ်ရော်သီအယ်ဒီအဖို့ ဆူဆက်ပြည်နယ်ရှိ အဘွားဖြစ်သူ၏ ယာတော်စံအိမ်တွင် စစ်ပြေးအဖြစ် နေထိုင်ရသည့်ရက်များသည် သူ့အဖို့ ပျော်ရွှင်ဆုံးရက်များဖြစ်ခဲ့သည်။ အဘွားဖြစ်သူ၏အလုပ်သမားများ၊ မိတ်ဆွေအများကမူ ဒေါ်ရော်သီမှာ ခေါင်းမာသူ၊ ထူးဆန်းသော မွေးရာပါစိတ်စွမ်းအင်ရှိသူ၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုကို တစ်ဖက်ကမ်းခပ်တတ်မြောက်သူ အီဂျစ်အမျိုးသမီးတစ်ဦးဝင်စားသူ၊ ဆန့်ကျင်ဘက်လိင်အပေါ် စိတ်မဝင်စားသူအဖျို တစ်ဦးဟု ယူဆထားကြသည်။

(၁၄) နှစ်အရွယ် ဒေါ်ရော်သီအယ်ဒီမှာ ထိုစဉ်က တစ်ကြိမ်တစ်ခါမြင်ရုံနှင့် တစ်သက်မေ့မရအောင် ထူးခြားသောရုပ်အဆင့်ရှိသူ၊ စူးရှထက်မြက်သောမျက်လုံးရှိသူ၊ အီဂျစ်ရှေးဟောင်းအရုပ်စာများကို လေ့လာကျက်မှတ်လိုသည်မှအပ အခြားအဖျိုပေါက်များကဲ့သို့ အလှအပပြင်ဆင်ရေးကို စိတ်မဝင်စားသူဟုလည်း ထင်မှတ်ခဲ့ကြသည်။

၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလနောက်ဆုံးရက်သတ္တပတ်တွင် ဒေါ်ရော်သီအယ်ဒီသည် လပေါင်းများစွာကွဲကွာနေသော မိခင်နှင့်ဖခင်ဖြစ်သူတို့ထံ ပြန်ရောက်လာသည်။ လန်ဒန်မြို့တော်ခြေနင်းမိသည်နှင့် ရိုးတွင်းခြင်ဆီခိုက်အောင်အေးလှသည့်ဒုက္ခကို စတင်ခံစားရတော့၏။ လန်ဒန်မြို့တော်၏ နာမည်ကျော် မြူနင်းကမ္ဘလာကြီးသည် ဖုံးအုပ်လျက်ရှိရာ မြို့တော်တစ်ဝိုက် အညောင်းပြေလမ်းလျှောက်တွက်ရန်ကိုပင် လက်လျှော့ထားရ၏။ စာသင်ကျောင်းများမှာလည်း ပြန်လည်ဖွင့်ရန် ပြင်ဆင်နေဆဲဖြစ်သဖြင့် ဒေါ်ရောသီအယ်ဒီအဖို့ ကျောင်းတက်ရန်မဖြစ်နိုင်တော့။

လန်ဒန်မြို့တော်ကြီးသည်ကား အပြောင်းလဲကြီးပြောင်းလဲခဲ့ပြီဖြစ်သည်။ ပထမကမ္ဘာစစ်ကြီးမဖြစ်ပွားမီကအခြေအနေနှင့် ကွာခြားသွားခဲ့ပြီ။ စစ်ကြီးအတွင်း ဂျာမန်ကိုင်ဇာဘုရင် လေတပ်မတော်မှ ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ပျက်စီးသွားသော အဆောက်အအုံအချို့မှာ သံရက်မကြီးများထိုးထိုးထောင်ထောင်နှင့် မြင်မကောင်းအောင် တွေ့ကြရသည်။ ကင်စင်တန်စကွဲယားပန်းခြံလမ်းရှိ သစ်ကြားသီးပင်များ၊ ဝိုးမခပင်များ၊ ဝက်သစ်ချပင်များမှာ မီးလောင်ထားသဖြင့် မည်းနက်နေတော့သည်။

ဒေါ်ရော်သီအယ်ဒီ ချောကလက်ဝယ်နေကျစတိုးဆိုင်ကလေးများ၊ လမ်းထောင့်များရှိ သတင်းစာဂျာနယ်ရောင်းသောဆိုင်ကလေးများ၊ အမျိုးသားများအတွက် ဆေးလိပ်၊ စီးကရက်ဆိုင်ကလေးများလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ခဲ့ကြပြီ ဖြစ်၏။ ပန်းရောင်းသည့်ဆိုင်ကလေးများနေရာတွင် ပြိုကျနေသောအုတ်ပုံများက နေရာယူထားသည်။ မြို့သူမြို့သားများနှင့် တာဝန်ရှိသူများသည် လန်ဒန်မြို့တော်ကြီးကို ပြန်လည်ထူထောင်ရန် ကြိုးစားဆောင်ရွက်နေကြရသည်။

ဗြိတိသျှအမျိုးသားပြတိုက်ကြီးမှာလည်း လန်ဒန်မြို့တော်အား ကိုင်ဇာဘုရင် လေတပ်မတော်မှ ဗုံးကြဲတိုက်ခိုက်စဉ် တန်ဖိုးမဖြတ်နိုင်သောထိုနေ့ကိုမူ ဒေါ်ရော်သီအယ်ဒီသည် မည်သည့်အခါမှ မေ့နိုင်တော့မည်မဟုတ်ပေ။ ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ၏ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည်။ ထိုနေ့တွင် ဆင်တိုင်းမရွာတတ်သောမိုးသည် နံနက်စောစော ဒေါ်ရော်သီအယ်ဒီ အိပ်ရာမှနိုးလာသည့်အချိန်ကပင် ညှိုညှိုမှိုင်းမှိုင်း ဆင်ပြင်လျက်ရှိသော တိမ်တောင်တိမ်လိပ်များနှင့်လျော်အောင် သဲသဲမဲမဲရှိတော့၏။ ချိန်ခါမဲ့ရွာသွန်းသောမိုးသည် မစဲနိုင်။ မိုးသက်လေကလည်း တဝီဝီအော်မြည်ကာ ဒေါ်ရော်သီအယ်ဒီ၏ အိပ်ခန်းနံရံများကို လှုပ်ခတ်လျက်ရှိနေ

www.burmeseclassic.com

သည်။

ထက်ကောင်းကင်ပြင်၌ ကြောက်ခမန်းလိလိ တပြောင်ပြောင်တဝင်းဝင်း တလက်လက် တဖျပ်ဖျပ်လက်လျက်ရှိသော လျှပ်စီးတို့နှင့်အတူ မိုးကြိုးပစ်သံ၊ ထစ်သံ၊ မိုးချုန်းသံတို့မှာ မရပ်မစဲ ထစ်ချုန်းလျက်ရှိနေသည်။ အေးစိမ့်သောလေသည် ရာသီဥတုကိုပူ၍အေးစေလိုသည့်အလား တိုက်ခတ်လျက်ရှိ၏။ သို့ဖြစ်၍ တံစက်မြိတ်မှ တတီတီ တတာတာအော်မြည်ကြသောစာကလေးများ၏အသံ၊ အိမ်ကြီး၏အောက်ထပ် ထမင်းစားခန်းဘက်မှ အိမ်စေများ၏ အသံကို မကြားရဟု ထင်မိသည်။ ဒေါ်ရော်သီသည် ကိုယ်လက်သန့်စင်၍ သူညအိပ်ရာဝင်ချိန်က ဖတ်ရှုခဲ့သော အီဂျစ်နိုင်ငံသမိုင်းစာအုပ်ကြီးအား သူဖခင်စာကြည့်ခန်းသို့ပြန်ထားရန်စာကြည့်ခန်းဘက်သို့ လျှောက်လာခဲ့သည်။

အိမ်ကြီးတစ်အိမ်လုံး ကျောချမ်းဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အပြင်တွင်မူ သဲသဲမဲမဲရွာနေသောမိုးသည်ရုတ်တရက် တိတ်သွားသော်လည်း မိုးသက်လေကမူ တဝိုဝိအော်မြည်ကာ မှန်လည်ပြတင်းများကို တိုးဝှေ့လျက်ရှိနေသည်။

ဒေါ်ရော်သီအယ်ဒီအဖို့ ထိုရက်သတ္တပတ်သည် ထူးခြားသောရက်သတ္တပတ်ဟု ထင်မိသည်။ အဘယ်ကြောင့်ဆိုသော် ထိုရက်များအတွင်း ညစဉ်ညတိုင်း အီဂျစ်နိုင်ငံ အဘိုက်ဒိုမြို့တော်ဟောင်းကြီးမှ အိုဆီရစ်နတ်ဘုရားကျောင်း၊ အိုက်ဆစ်မယ်တော်ကြီး၏ နတ်ဘုရားကျောင်းနှင့်ပတ်သက်သောအိပ်မက်များကို မက်ခဲ့သည်။ တစ်ခါတစ်ရံ အီဂျစ်နိုင်ငံ၏သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော လူဇာမြို့တော်ဟောင်းသို့ သူရောက်ရှိသွားသောအိပ်မက်ကိုမြင်မက်သည်။ ဤမြို့ဟောင်းကြီးသည် မှတ်တမ်းများအရ အီဂျစ်နိုင်ငံ၏ ရှေးအကျဆုံးမြို့တော်ဟောင်းဖြစ်သည်ဟု သမိုင်းသုတေသီများနှင့် ပထဝီဗေဒပညာရှင်အများက တညီတညွတ်ဆိုခဲ့ကြသည်။ ဒေါ်ရော်သီအယ်ဒီဖတ်ခဲ့ရသောမှတ်တမ်းများအရ ထိုမြို့ဟောင်းကြီးသည် မုခ်ဦးပေါင်းတစ်ရာရှိသည်ဟုသိရ၏။

သူမက်သည့်အိပ်မက်များအားလုံးနီးပါးမှာ ပျက်စီးယိုယွင်းနေသော ကျောက်တိုင်ကြီးများ၊ ပြိုကျနေသော ကျောက်သားနံရံများတွင် ရေးထိုးထားသော အီဂျစ်လူမျိုးတို့၏ ဘဝကူးလမ်းညွှန်ကျမ်း (Book of Dead) မှ မန္တန်များ၊ နံရံဆေးရေးပန်းချီကားများအကြောင်းများဖြစ်နေသည်။

သူအိပ်မက်တစ်ခုကမူ ဆန်းလှသည်ဟု၊ ဒေါ်ရော်သီအယ်ဒီက ထင်မိသည်။ ယင်းအိပ်မက်တွင် သူသည် စိမ်းမြမြစွန့်ပလွဲပင်တန်းများနှင့် ကန္တာရပင်များဝန်းရံနေသော ကျေးရွာကလေး တစ်ရွာအနီးရှိ ပျက်စီးနေသော နတ်ဘုရားကျောင်းနှင့် သခ္ခိုင်ဂူများအနီးရှိ လူသွားလမ်းအတိုင်း လျှောက်သွားနေသည်။ ထိုလမ်းကလေးတစ်ဖက်တစ်ချက်တွင် မျက်စိတစ်ဆုံးကျယ်ဝန်းသော ဝါးခင်းအခွံကိုတွေ့မြင်နေရပြီး ခပ်လှမ်းလှမ်းတွင် စူးရှတောက်ပသောနေပူရှိန်ကြောင့် တလက်လက်တောက်နေသော တသွင်သွင်စီးသည့် နိုင်းမြစ်ကြီးကိုမြင်နေရသည်။ သူနားတွင် နိုင်းမြစ်အတွင်း စုန်ဆန်သွားလာနေသော လှေငယ်များမှ အီဂျစ်ရေလုပ်သားများ၏ လွှမ်းမောတသဖွယ်ကောင်းသော တေးသီချင်းသံကိုကြားနေရသည်။ နိုင်းမြစ်ပြင်အား ဖြတ်သန်းတိုက်ခတ်လာသောလေပြည်တွင် ပဝိုင်းရပ်(စ်)ကျူပင်များ၏ အနံ့လွှင်လွှတ်ရှိနေသည်။ ခပ်လှမ်းလှမ်းရှိ ဆူးချဲပင်များ၊ ကန္တာရမင်္ဂနာအလယ်တွင်မူ အီဂျစ်နတ်ဘုရားကျောင်းပျက်တစ်ခုကို တွေ့ရသည်။ ဤတွင် ဒေါ်ရော်သီအယ်ဒီသည် အိပ်ရာမှလန့်နိုးလာတော့၏။

ဤအိပ်မက်ကို မြင်မက်ခြင်းသည် သူ နေ့စဉ် တစိုက်မတ်မတ်ဖတ်ရှုနေသော အီဂျစ်နိုင်ငံသမိုင်းစာအုပ်၊ အီဂျစ်လူမျိုးတို့၏ ဘဝကူးလမ်းညွှန်စာအုပ်၊ အီဂျစ်နိုင်ငံခရီးသွားလမ်းညွှန်စာအုပ်နှင့် အီဂျစ်နိုင်ငံပိရမစ်များအကြောင်းရေးသားထားသောစာအုပ်များကြောင့်ဟု ထင်မိသည်။ သို့သော် ထိုအိပ်မက်ကို ထပ်တလဲလဲမြင်မက်လာသောအခါတွင်မူ ဒေါ်ရော်သီအယ်ဒီအဖို့ အံ့ဖွယ်သရဲဖြစ်လာသည်။

သူမိခင်ဖြစ်သူကလည်း ဒေါ်ရော်သီအိပ်ခန်းဘက်မှ မကြာခဏ သူနားမလည်သော ဘာသာစကားဖြင့် စကားပြောသံများကြားရသည်ဟု သူမစွတာရှုဗင်အား ထုတ်ဖော်ပြောဆိုမိခဲ့သည်။ မစွတာရှုဗင်ကမူ မစွက်ကရှိလင်းအယ်ဒီ၏အကြားအာရုံလွဲမှားခြင်းသာဖြစ်မည်ဟု ထင်မိသည်။

အိပ်ပျော်နေစဉ် လမ်းထလျှောက်သည့် ထူးဆန်းသောအကျင့်တစ်ခု ဒေါ်ရော်သီအယ်ဒီ ရရှိလာပြန်သည်။ သူ အိပ်ရာမှ လမ်းထလျှောက်သည်နှင့် အီဂျစ်ရှေးဟောင်းဝတ်စုံဝတ်ဆင်ထားသောအီဂျစ်အမျိုးသားတစ်ဦးကိုတွေ့ရသည်ဟု အိမ်စေများကပြောကြသော်လည်း မစ္စတာရှုဗင်ကမူ အိမ်စေအများသည် ဒေါ်ရော်သီအယ်ဒီအား အနီးကပ်နေရသူများဖြစ်ရကား သူအီဂျစ်ရှေးဟောင်းစာလေ့လာမှုအီဂျစ်ရှေးဟောင်းစာတတ်မြောက်မှုများရှိသည့်အချက်က သူတို့စိတ်အပေါ် ကိုင်းညွှတ်သဖြင့် အမြင်အာရုံလွဲမှားခြင်းသာဖြစ်ပေလိမ့်မည်ဟု မှတ်ယူထားသည်။

အီဂျစ်အမျိုးသားပြတိုက်ကြီး ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ဒေါ်ရော်သီအယ်ဒီသည် ပြတိုက်ဘက်သို့ ခြေဦးလှည့်ခဲ့တော့၏။ အီဂျစ်အမျိုးသားယဉ်ကျေးမှုပြခန်းတာဝန်ခံဖြစ်သူ ဒေါက်တာ ဝေါလေ(စ်)ဘတ်(ဂ်)ကမူ ဒေါ်ရော်သီအယ်ဒီအား အမျိုးသားပြတိုက်မြေအောက်ခန်းရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ၊ မံမီအလောင်းများ၊ ခေါင်းတလားများ၊ အီဂျစ်ကျူရိုးပုရပိုက်များကိုပါ စိတ်ကြိုက်လေ့လာခွင့်ပြုခဲ့၏။

၁၉၂၀ ပြည့်နှစ်တွင် ဒေါ်ရော်သီအယ်ဒီသည် တစ်ဆယ့်ခြောက်နှစ်အရွယ် အပျိုပေါက်ဖြစ်လာခဲ့သည်။ ဆက်လက်၍ ကျောင်းတက်ခြင်းမပြုတော့ဘဲ ငြိတိသျှအမျိုးသားပြတိုက်ကြီးသို့ နေ့စဉ်သွားရောက်၍ ဒေါက်တာဝေါလေ့(စ်)ဘတ်(ဂ်)ထံ အီဂျစ်ရှေးဟောင်းစာပေများကို သင်ယူသည်။ ဒေါက်တာဝေါလေ့(စ်)ဘတ်(ဂ်)ကလည်း အရိပ်ပြအကောင်ထင်သော သူတပည့် ကျော် ဒေါ်ရော်သီအယ်ဒီအား ငြိတိသျှပြတိုက်ကြီးရှိ အီဂျစ်အမျိုးသားရှေးဟောင်းပြခန်းရှိ အီဂျစ်ကျူရိုးပုရပိုက်များနှင့် မြေအောက်ခန်းတွင် အနှစ်နှစ်အလလသိမ်းဆည်းထားသော ကျူရိုးပုရပိုက်များအား လေ့လာဖတ်ရှုခွင့်ပြုခဲ့၏။

ဒေါ်ရော်သီအဖို့ ထိုစဉ်က အပျိုပေါက်များနှင့်မတူ။ ခင်မင်သော အမျိုးသားမိတ်ဆွေလည်းမရှိ၊ အလှပြင်ဆင်ခြင်းလည်းမရှိ။ အဝတ်အစားအသစ်အဆန်းကိုလည်း စိတ်မဝင်စား။ သို့ဖြစ်၍ ပတ်ဝန်းကျင်တွင် ထူးဆန်းသောမိန်းမပျိုကလေးတစ်ယောက်ဟု ယူဆထားကြသည်။

ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်မှာ နှစ်နှစ်နီးပါးရှိခဲ့ပြီဖြစ်သော်လည်း စစ်ကြီးဖြစ်ပွားခဲ့သဖြင့် ခံစားရသော ဒုက္ခ

www.burmeseclassic.com

ဝေဒနာအများကိုမူ စစ်နိုင်ငံခြဖစ်သော အင်္ဂလန်နိုင်ငံလုထုမှာ ခါးစည်းရှိခံစားခဲ့ရသည်။ တစ်ချိန်က စူပါပါဝါနိုင်ငံတော်ကြီးဖြစ်သော၊ နေမဝင်သောအင်ပါယာကြီးကိုပိုင်ဆိုင်သောလက်နက်နိုင်ငံတော်ကြီး၏ စီးပွားရေးအခြေအနေမှာယိုင်လာသည်။ ဒေါ်ရော်သီအယ်ဒီ၏ ဖခင်ဖြစ်သူ နာမည်ကျော်အပ်ချုပ်ဆိုင်ပိုင်ရှင် မစ္စတာရွှေဝင်း၏ စီးပွားရေးအခြေအနေမှာလည်း စစ်ကြီးမဖြစ်ပွားမီက အခြေအနေသို့ ပြန်မရောက်ခဲ့။

နာမည်ကြီးအုပ်ချုပ်စက်ပိုင်ရှင်နှင့် အဝတ်အစား အသစ်အဆန်းပုံစံအမျိုးမျိုးကိုတီထွင်နိုင်သူဟု နာမည်ကျော်ကြားလူသိများသော မစ္စတာရွှေဝင်မှာ သူ့သမီး ဒေါ်ရော်သီအယ်ဒီကဲ့သို့ ခပ်ဆန်းဆန်းလူတစ်ယောက်ဟုဆိုရမည်ဖြစ်၏။ သူမည်သို့မည်ပုံ နာမည်ကျော်အပ်ချုပ်ဆိုင်ပိုင်ရှင်နှင့် အဝတ်အစားသစ်ပုံစံထုတ်သူဖြစ်လာသည်ကို မည်သူမျှမသိ။

အမှန်အားဖြင့် မစ္စတာရွှေဝင်သည် ညကလပ်တစ်ခုတွင် ပဉ္စလက်ပြကွက်များပြသသည့်အလုပ်ဖြင့် ကျော်ကြားခဲ့ဖူးသည်။ ထိုစဉ်က သူ့အား ပဉ္စလက်ဆရာ ဘရင်ဒမ်ဒယ်(လ်)ဟု လူသိများခဲ့၏။ သို့ဖြစ်၍ သူဝါသနာမှာ လူအများအား ကပြဖျော်ဖြေခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ ပဉ္စလက်ပြပွဲများနှင့်ပြဇာတ်များ တွဲဖက်ဖျော်ဖြေခဲ့သည်ဟူလည်း ဆိုကြ၏။ အတော်အသင့် အရွယ်ရောက်ရှိလာမှပင် အဝတ်အစား အသစ်အဆန်းထွင်သည့်ဖက်ရှင်လောကသို့ ကူးပြောင်းလာခြင်း ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးအတွင်းကပင် အဝတ်အစားဖက်ရှင်လောက မေးမိုန်လာခဲ့သည်။ ပထမတွင်မူ ကမ္ဘာစစ်မီးကြီး၏ ဂယက်ရိုက်ခတ်မှုများကြောင့်ဟု မစ္စတာရွှေဝင်က ထင်မှတ်ခဲ့၏။ ပထမကမ္ဘာစစ်ကြီး ပြီးဆုံးလာခဲ့သော်လည်း အဝတ်အစား ဖက်ရှင်လောကသည် ပထမကမ္ဘာစစ်ကြီးကာလကို မယှဉ်နိုင်မေးမိုန်လာခဲ့ရာ မစ္စတာရွှေဝင်အဖို့ အခြားစီးပွားရေးလောကကို ခြေလှမ်းရတော့မည်လောဟု စဉ်းစားလာခဲ့သည်။

ပထမကမ္ဘာစစ်ပြီးတွင် ထူးထူးခြားခြားအမြတ်အစွန်းရလာပြီး စီးပွားရေးသမားများမျက်စိကျလာသောလုပ်ငန်းမှာ ရုပ်ရှင်လုပ်ငန်းဖြစ်လာသည်။ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးသမားအများသည် ရုပ်ရှင်လောကသို့ ခြေစုံဝင်ခဲ့သည်။ ထိုစဉ်က သတင်းများအရ အချို့ ရုပ်ရှင်ကားကြိုးများသည် အမြတ်အစွန်းစွဲစွဲပို့ရလာသည်ဟူသော သတင်းများလည်းထွက်လာသဖြင့် မစ္စတာရွှေဝင်အဖို့ ရုပ်ရှင်လောကသို့ ကူးပြောင်းအခြေချရတော့မည်လောဟု စဉ်းစားလာခဲ့သည်သာမက သူနှင့်စိတ်တူသဘောတူမိတ်ဆွေများနှင့် လည်း တိုင်ပင်ခဲ့သည်။ ပင်ကိုဝါသနာကပင် ဇာတ်စင်ပေါ် တက်၍ပြသရသည့်အလုပ်ကို ဝါသနာပါသူဖြစ်ရကား ရုပ်ရှင်ဇာတ်ကားထုတ်လုပ်ရေးလုပ်ငန်းကို စိတ်ဝင်စားလာသည်မှာ ဘာဆန်းသလဲဟု ဆိုရပေတော့မည်။

ဗြိတိသျှပြတိုက်ကြီးသို့ နေ့စဉ်ပုံမှန် သွားရောက်ခဲ့သော ဒေါ်ရော်သီအယ်ဒီကမူ ယခင်နှင့်မတူ ရုတ်တရက်ပြောင်းလဲနေသော စီးပွားရေး၊ နိုင်ငံရေးအခြေအနေများ၊ လူမှုရေးအခြေအနေများကို အကဲမခတ်မိ။ သူအဖို့ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုလေ့လာရေးကိုသာ စိတ်ဝင်စားလာခဲ့သည်။ တစ်နေ့တွင် အဘိုက်ဒိုးမြို့ဟောင်းကြီးတွင် လေ့လာခဲ့ကြသော ဗြိတိသျှ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုလေ့လာရေးအဖွဲ့၏ အစီရင်ခံစာနှင့် အဘိုက်ဒိုးမြို့ဟောင်းအနီးရှိ ပထမမြောက် ဆက်တီဘုရင်ကြီး၏ သချိုင်းဂူကို တူးဖော်လေ့လာခဲ့သည့်မှတ်တမ်းနှင့် ပထမမြောက် ဆက်တီဘုရင်ကြီး၏ မိမိအလောင်းအား တွေ့ရှိရမှုအကြောင်း အသေးစိတ်ရေးသားထားသည့်မှတ်တမ်းများကို ဖတ်ရှုခဲ့ရာမှ ဒေါ်ရော်သီအယ်ဒီသည် အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းရှိ အဘိုက်ဒိုးမြို့တော်ဟောင်းသို့ သွားရောက်ကြည့်ရှုလိုသည်ဟု ဖခင်ဖြစ်သူ မစ္စတာရွှေဝင်အား ဇွတ်ပူဆာခဲ့သည်။ မစ္စတာရွှေဝင်နှင့် ဇနီးဖြစ်သူ ဘရော်လင်းရွှေဝင်အယ်ဒီတို့ကမူ သူတို့အချစ်တော်သမီးကလေး၏အစွဲအလမ်းကိုဖျောက်ရန် စဉ်းစားခဲ့ကြတော့၏။

သို့ဖြစ်၍ စိတ်ပြေလက်ပျောက် အင်္ဂလန်နိုင်ငံတစ်နံတစ်လျားခရီးထွက်ရန်စီစဉ်ခဲ့သည်။ မစ္စတာအယ်ဒီရွှေဝင်အဖို့ ပထမကမ္ဘာစစ်ပြီး အင်္ဂလန်နိုင်ငံ၏ အခြေအနေအရပ်ရပ်ကိုလည်းကောင်း၊ သူစိတ်ပျက်နေသော သူကိုယ်ပိုင်စီးပွားရေးကို နာလန်ထူစေမည့်နည်းလမ်းများကိုလည်းကောင်း ရှာဖွေစီစဉ်နိုင်ရန် မိသားစုခရီးထွက်ခဲ့ကြတော့၏။

ဒေါ်ရော်သီအယ်ဒီအဖို့ အင်္ဂလန်နိုင်ငံတစ်နံတစ်လျား ပထမဆုံးအကြိမ် ခရီးထွက်ခဲ့ရခြင်းသာ ဖြစ်သည်။ သူ ပထမဆုံး လန်ဒန်မှခွဲခွာခြင်းမှ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားနေစဉ် စစ်ပြေးသည်အဖြစ် သူ့အဘွားနေထိုင်သော ဆူဆက်ပြည်နယ်သို့ ခရီးထွက်ခဲ့ရသူ့ဘဝ သူစိတ်တွင်မူ သူသည် ဗြိတိသျှအမျိုးသားမိသားစုမှဖွားမြင်လာသည့် ဗြိတိသျှ အမျိုးသမီးငယ်တစ်ဦးဖြစ်သော်လည်း သူကိုယ်သူ ဗြိတိသျှနွယ်ဖွားဟုထောင်ကြွားအရှုံးပြည်သူတစ်ဦးဟုယူဆထားသည်။ သူစိတ်တွင် ဗြိတိသျှလူမျိုးတို့သည် နည်းလမ်းအမျိုးမျိုးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှေ့သောနိုင်ငံများကို အကာအကွယ်ပေးသည် ဟူ၍လည်းကောင်း၊ ခေတ်မီတိုးတက်စေရန်ဟု အကြောင်းပြကာ တူးဇာတ်သွင်းခဲ့သည်ဟု လည်းကောင်း ခြိုးထားသည်။

ခရီးထွက်ရာတွင် သူ့ဖခင်ကိုယ်ပိုင် ဖို့ဆီဒင်မော်တော်ကားနှင့် ခရီးထွက်ခြင်း ဖြစ်သည်။ ပထမကမ္ဘာစစ်ကြီးကြောင့် အင်္ဂလန်နိုင်ငံ၏ စီးပွားရေးမူရေး၊ နိုင်ငံရေးအခြေအနေအရပ်ရပ်တိုးတက်မှုမှာ အမေရိကန်ပြည်ထောင်စုနှင့်နှိုင်းဆလျှင် နှေးကွေးပြီး ခေတ်နောက်ကျကျန်ရစ်ခဲ့သလောဟု ဒေါ်ရော်သီအယ်ဒီကထင်မိသည်။ စစ်ပြီးစ အင်္ဂလန်နိုင်ငံတစ်နံတစ်လျားတွင် မီးရထားလမ်းများ၊ အဝေးပြေးလမ်းမကြီးများဖောက်နိုင်ခဲ့သဖြင့် ဆက်သွယ်မှုကွန်ရက်မှာ ပထမကမ္ဘာစစ်ကြီးခေတ်နှင့်မတူ ထူးခြားခြား တိုးတက်လာခဲ့သည်။

လန်ဒန်မြို့မှ သူတို့မိသားစုခရီးထွက်လာခဲ့သည်မှာ နှစ်ရက်ခန့်ရှိပြီးသည်။ သူတို့မိသားစုခရေထွေဝင်ရောက်ကြသည့်မြို့များရှိ စာကြည့်တိုက်၊ ပြတိုက်မှန်သမျှ ဒေါ်ရော်သီအယ်ဒီသည် ရောက်ခဲ့ပြီး အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုနှင့်ပတ်သက်သောစာအုပ်စာတမ်းများကို ကြည့်ရှုလေ့လာသည်။ ရေးရှုဝင်အယ်ဒီမှာ သမီးဖြစ်သူ၏ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအပေါ်တွင် ကောင်းကောင်းနှင့် လေ့လာနေသည်ကို ယခင်ကထက် ပိုရှိအကဲခတ်မိသည်။

ဒေါ်ရော်သီအဖို့ အင်္ဂလန်နိုင်ငံလယ်ကွင်းများ၊ ယာတောများ၊ တောင်တွင်းစီးနေသောစမ်းချောင်းများ၊ နွားကျက်များ၊ တောအုပ်များ၏ရှုခင်းသည် သူပထမကမ္ဘာစစ်ကြီးအတွင်း စစ်ပြေးအဖြစ် ဆူဆက်ပြည်နယ်တွင် နေသည့်ရှုခင်းများနှင့်တူနေသည်ကိုတွေ့၏။ ပူနွေးသောလေတသွဲ့သုန်တိုက်သဖြင့် ဖုန်များသည် လမ်းတော်

www.burmeseclassic.com

ကလေး၏ ပြတင်းပေါက်မှ တိုးဝှေ့ဝင်ရောက်လာသဖြင့် ဒေါ်ရော်သီတို့မိသားစုနှင့် ပစ္စည်းများအပေါ်တွင် ဖုန်မှုန့်များ သဲများကပ်နေသည်။

လမ်းခရီးတစ်နေရာတွင် မစ္စတာ ရွှေဇင်အယ်ဒီသည် သူမော်တော်ကား ကလေးကို ခေတ္တကြုံကြာစွာရပ်နားထားခဲ့သည်။ ဒေါ်ရော်သီသည် အိမ်ဖော်တစ်ဦးနှင့်အတူ မော်တော်ကား ကလေးပေါ်မှဆင်းပြီး လမ်းဘေးတစ်လျှောက် တောပန်းကလေးများကိုခူးခြင်း၊ အညောင်းပြေလမ်းလျှောက်ခြင်း ပြုလုပ်ခဲ့သည်။

ဤသို့ဖြင့် ဒေါ်ရော်သီအယ်ဒီတို့မိသားစုသည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့၏။ ထိုမြို့ကလေးအဝင်ရှိ ချောင်းငယ်ကလေးပေါ်ရှိ ချောင်းကူးတံတားကို မော်တော်ကားကလေး ဖြတ်စပြုသောအခါ တံတားဘေးတစ်ဖက်တစ်ချက်ကို ဒေါ်ရော်သီအယ်ဒီသည် လှမ်းကြည့်နေမိသည်။ နေရောင်ခြည်အောက်ရှိ ချောင်းရေပြင်သည် တသွင်သွင်တလှုပ်လှုပ် လူးလွန့်လှုပ်ရှားနေသည်။ ရေနုည်းစပြုနေသဖြင့် ပေါ်ထွန်းနေသော သောင်ခုံကလေးများကို မြင်တွေ့နေရ၏။ တောက်ပသောသဲပွင့် သဲလွှာများ၏မြင်ကွင်းကို မြင်သည်နှင့် ဤမြင်ကွင်းမျိုးကို မြင်ခဲ့ဖူးသလိုရှိလာသည်။ မည်သည့်နေရာတွင် သူမြင်ခဲ့ဖူးသနည်း။

မမှတ်မိတော့။ မြင်ခဲ့ဖူးသည်က သေချာနေသည်။ ပြန်လည်စဉ်းစားမိသောအခါ သူငယ်စဉ်ကစ၍ ယနေ့ထိ မကြာခဏမက်သောအိပ်မက်ကို သွားသတိရသည်။ ထိုအိပ်မက်ကား အီဂျစ်နိုင်ငံ အဘိုက်ဒိုးမြို့ဟောင်းကြီးရှိ အိုဆီရစ်နတ်ဘုရားကျောင်းမှမြင်ရလေ့ရှိသည့် နိုင်းမြစ်၏ရှုခင်းပင်ဖြစ်၏။ အဘိုက်ဒိုးမြို့တော်ဟောင်းကြီးမှာ နတ်ဘုရားအိုဆီရစ်အားမွေးဖွားသည့် ဇာတိမြို့ဖြစ်ပေသည်။

(၇)

ဒေါ်ရော်သီအယ်ဒီသည် ဤရှုခင်းကိုမြင်တွေ့ရသည်နှင့် သူငြိတိသျှအမျိုးသားပြတိုက်ကြီးရှိ အီဂျစ်ယဉ်ကျေးမှုပြခန်းသို့ မကြာခဏသွားရောက်ခဲ့စဉ်က ပါမောက္ခ နာဗယ်လီ ရေးသားပြုစုသော 'အဘိုက်ဒိုးမြို့ဟောင်းရှိ ဖာရိုဘုရင်တို့၏သချိုင်းဂူများ' ဟူသော စာအုပ်ကို ဖတ်ရှုခဲ့ရသည်ကို သွားသတိရသည်။ အောက်(စ်)ဖို့(ဒ်)တက္ကသိုလ်ကျောင်းတိုက်ကြီးမှ အီဂျစ်ရှေးဟောင်းသုတေသီ ပါမောက္ခနာဗယ်လီမှ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းမှတာဝန်ခံ ဒေါက်တာ ဝေါလေ(စ်)ဘတ်(ဂ်)ကဲ့သို့ သူဘဝကို အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသန တွင် မြှုပ်နှံထားခဲ့သူ ဖြစ်သည်။

နိုင်းမြစ်ကမ်းရှိ အီဂျစ်လူမျိုးတို့အထွတ်အမြတ်ထားသော အဘိုက်ဒိုးမြို့တော်ဟောင်းကြီးတွင် နှစ်ပေါင်းများစွာနေထိုင်ပြီး ရှေးဟောင်းသုတေသန လုပ်ငန်းကို တစိုက်မတ်မတ်ပြုလုပ်ခဲ့ရာ ခရစ်နှစ် ၁၉၀၃ ခုနှစ်တွင် ပထမမြောက် ဆက်တိုဘုရင်ကြီး၏သချိုင်းဂူနှင့် မိမိရှုပ်အလောင်းကိုတွေ့ခဲ့သည်သာမက ယင်းသချိုင်းဂူကြီး၏အဝင်တွင် တန်ခိုန် (၁၀၀) ကျော်ခန့်လေးမည်ဟုယူဆရသော လူတို့ထွင်းထားသည့် ကျောက်တုံးကြီးများကိုတွေ့ရာ အင်္ဂလန်နိုင်ငံ အော(ဝ်)ဘာရီတွင်တွေ့ရသော ကျောက်တုံးကြီးများ၊ စတုန့်ဟင်(ဂ်)တွင်တွေ့ရသော ကျောက်တုံးကြီးများနှင့် တူညီနေသည်ကိုတွေ့ရသည်ဟုဆိုသည်။ အင်္ဂလန်နိုင်ငံတွင် တွေ့ရသော ကျောက်တုံးအစုအဝေးများမှာမူ စက်ဝိုင်းသဏ္ဌာန်အစုအဝေးဖြင့် တွေ့ရတတ်ပြီး မှတ်တမ်းအရ ဤတိသျှ ကျွန်းများတွင် ဤသို့ ကျောက်တုံးကျောက်စက်ဝိုင်းမျိုး (၉၀၀) ခန့်ရှိပြီး အရွယ်အစားအမျိုးမျိုးရှိသည်။ ပညာရှင် သုတေသီများကမူ ဤကျောက်တုံးစက်ဝိုင်းများမှာ ဒရုဝမ် Dɪvɪd လူမျိုးနွယ်များက တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒရုဝမ် ဆိုသည်မှာ ခရစ်တော်မပေါ်မီ ရာစုနှစ်ပေါင်းများစွာက ဥရောပတိုက်အနောက်ဝိုင်းနှင့် ဗြိတိန်နိုင်ငံများတွင်နေထိုင်ခဲ့ကြသော ကဲ(လ်)တဲ့ လူမျိုးနွယ်များထဲမှ ဘုန်းတော်ကြီးများ ဖြစ်ကြသည်။

ဤသို့ ကျောက်တုံးကျောက်ပြားများဖြင့်ပြုလုပ်ထားသောစက်ဝိုင်းများ၏ လျှို့ဝှက်ချက်မှာ ရာစုနှစ်ပေါင်းများစွာ လူတို့၏စိတ်ကို မချင့်မရဲဖြစ်စေသည်။ ဒေသခံလူအများကမူ လူများအား ဒုက္ခပေးနိုင်စွမ်းရှိသည် ဟူ၍လည်းကောင်း၊ ရောဂါဝေဒနာများအား ပျောက်ကင်းအောင်ကုသပေးနိုင်သည် ဟူ၍ လည်းကောင်း၊ သားဆုပေးနိုင်စွမ်းရှိသည်ဟူ၍ လည်းကောင်း ယုံကြည်ခဲ့ကြသည်။ စူးစမ်းလေ့လာသူအများကမူ အထက်ဖော်ပြပါ ကျောက်တုံးစက်ဝိုင်းထဲမှနေရာတိုင်းသည် နေမင်းဥတ္တရယဉ်စွန်းတန်းနှင့် ဒီက္ခဏယဉ်စွန်းတန်းသို့ရောက်ရှိခဲ့ကဲ့သို့သောနေရက်များတွင် နေမင်းထွက်ခိုက်၊ ဝင်ခိုက်ကို မြင်နိုင်သောနေရာများဖြစ်သည်ဟု ဆိုသည်။ ထိုကျောက်တုံးစက်ဝိုင်းများ၏အတွင်းဘက်တွင် ထူးဆန်းသော တွင်းပေါင်း (၅၆) တွင်းသည်လည်း ရစ်ဝိုင်းလျက်ရှိသည်ကို တွေ့ရသည်။ ထိုတွင်းများကို ၁၇ ရာစုနှစ်များအတွင်းက ဗြိတိသျှအမျိုးသား ဂျွန်အော်ဘရီဆိုသူက စတင်တွေ့ရှိခဲ့၍ အော်ဘရီတွင်းများဟု ခေါ်ဝေါ်ကြ၏။

အင်္ဂလန်နိုင်ငံမှ နက္ခတ္တဗေဒပညာရှင်အများကမူ ဤကျောက်တုံးစက်ဝိုင်းများသည် အမှန်ပင် နက္ခတ်ကြည့်ရှုလေ့လာရေးစခန်းများဖြစ်နိုင်သည်ဟု ဆိုကြ၏။ မစ္စတာရွှေဇင်အယ်ဒီကမူ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသာ တစိုက်မတ်မတ် စိတ်ဝင်စားနေသော ဒေါ်ရော်သီအယ်ဒီအား ဤကျောက်တုံးစက်ဝိုင်းများ၊ အော်ဘရီတွင်းများကို လေ့လာစေခြင်းဖြင့် ဗြိတိသျှလူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုကို အထင်ကြီးစေလိုသည်။ သို့ဖြစ်၍ သူတို့မိသားစု ဂေါ့(တ်)ရှိင်ယာပြည်နယ်သို့ရောက်ရှိခဲ့သည်နှင့် အထက်ဖော်ပြပါ ကျောက်တုံးစက်ဝိုင်းများ၊ အော်ဘရီတွင်းများတည်ရှိသည့် ဆော်ဇရီလွင်ပြင်သို့ ဝင်ရောက် ကြည့်ရှုလေ့လာကြသည်။ ဒေါ်ရော်သီအယ်ဒီသည် သူငြိတိသျှအမျိုးသားပြတိုက်ကြီးတွင် အီဂျစ်ရှေးဟောင်းသမိုင်းကို လေ့လာခဲ့စဉ်က ဖတ်ရှုခဲ့ရသော အီဂျစ်နိုင်ငံမှ ဟီဗရိုပိုလစ်ကျောက်တိုင်ကြီးများ၏ အကြောင်းသွားသတိရခဲ့သည်။

ထို ကျောက်တိုင်ကြီးများသည် တစ်ဆယ့်ခြောက်ပေမြင့်၍ အလေးချိန် (၃၅) တန်လေးသည်ဟု ဆိုသည်။ ထို ကျောက်တိုင်တန်းများသည် အီဂျစ်ရှေးဟောင်းလူမျိုးတို့ 'Ra' သူရဇနတ်ဘုရားအား ပူဇော်ပသခြင်းပြုသည့်နေရာတွင် ရှိရာ အင်္ဂလန်နိုင်ငံမှ ဤစတုန်းဟင်(ဂ်) (ခေါ်) ကျောက်တုံးစက်ဝိုင်းများသည် အီဂျစ်ရှေးဟောင်းလူမျိုးတို့၏ 'Ra' ရား(ခေါ်)သူရဇနေမင်းအား ကိုးကွယ်သည့် ဓလေ့ယဉ်ကျေးမှု ရေစီးကြောင်း၏ အငွေ့အသက်များဟု ယူဆသည်။

(ဆက်ရန်)

လှမိုး(ယူကြေး)

www.burmeseclassic.com

မြင်သာ-သောင်းတင်

သူ့စိတ်ဓာတ်မျိုး အတုခိုး

ဖြစ်ရပ်ဆန်းတွေဆိုတာ မထင်မှတ်ဘဲဖြစ်ကြတာများတယ်လေ။ ယခုစာရေးသူ တင်ပြချင်တာကလည်း စာရေးသူနဲ့ ပတ်သက်နေတဲ့ မထင်မှတ်သောဇာတ်လမ်းလေးတစ်ပုဒ်ရဲ့ ဖြစ်ပျက်မှုလေးလို့ပဲဆိုပါရစေတော့။

ဒီလိုပါ။ စာရေးသူဟာ ၁၉၆၅-၆၆ ခုနှစ်က ဗဟိုပြည့်သူဝန်ထမ်းကျောင်း (ဖောင်ကြီး) မှ သင်တန်းဆင်းခဲ့တဲ့ ရဲအရာရှိတစ်ဦးဖြစ်ပါသည်။ သင်တန်းကာလပြီးဆုံးလို့သင်တန်းဆင်းကြတဲ့အခါ ကျွန်တော်အပါအဝင် သင်တန်းဆင်းရဲအရာရှိ(၆)ယောက် မော်လမြိုင်ခရိုင်မှာ တာဝန်ကျခဲ့ပါသည်။ ဒီသူငယ်ချင်း(၆)ယောက်ဟာ ဒေသအသီးသီးတွေမှာ လှည့်ပတ်တာဝန်ထမ်းဆောင်ခဲ့ရာမှ အခုစာရေးနေသောအချိန်တွင် စာရေးသူတစ်ယောက်တည်းသာ သက်ရှိထင်ရှားရှိနေပါတော့သည်။ ဒီသူငယ်ချင်း(၆)ယောက်အနက် အောင်သိန်း၊ ချစ်ငွေ၊ ကြည်လိုင်တို့ဟာ တိုက်ပွဲကျလို့ တိုင်းပြည်အတွက် အသက်ပေးလှူသွားကြပြီး မင်းဟန်နှင့် သိန်းဇံတို့ကတော့ တာဝန်ထမ်းဆောင်နေစဉ်အချိန်မှာပင် မကျန်းမာ၍ ကွယ်လွန်သွားခဲ့ကြပါသည်။

စာရေးသူအနေနှင့် သံဝေဂတရား

တွေအမျိုးမျိုးရရှိခဲ့ပြီး [illegible]က် တရားစခန်း

တွေ အသီ[illegible]ခဲ့ရာမှ ၂၀၁၂

[illegible]သနှ့်ရိပ်သာ

[illegible]ရောက်စဉ်

[illegible]က်ဆရာ

[illegible]'သူ့စိတ်

[illegible]'တော်

[illegible]သို့

[illegible]

[illegible]မှာ

[illegible]ရိုက်နှိပ်ပြည့်

[illegible]အများသည်

[illegible]ပစ်ဝင်ခဲ့သည်။ ထိုစဉ်

အားထုတ်လျက် တစ်ဖက်ကလည်း အားလပ်သောအချိန်များတွင် ဝါသနာပါသည့် စာပေရေးသားခြင်းများကို အများအကျိုးအတွက် ရေးရှုရ၍ မိမိတွေ့ကြုံခဲ့ရသော မှတ်သားစရာဖြစ်ရပ်ဆန်းများအားရေးသားခဲ့ရာ မဂ္ဂဇင်းအချို့တွင် ပါရှိခဲ့ပါသည်။ ထိုသို့ ဘိုးဘွားရိပ်သာတွင် နေထိုင်၍ စာပေရေးသားခြင်းများပြုနေစဉ် ယခုရေးသားဖော်ပြသည့် ဖြစ်ရပ်ဆန်းလေးမှာ ဘိုးဘွားရိပ်သာမှာပင် ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါသည်။ ထိုတွေ့ကြုံခဲ့ရသောဖြစ်ရပ်ဆန်းမှာ ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သော မဟာစည်တရားစခန်းဝင်စဉ် ၂၉-၄-၂၀၁၂နေ့ အင်းတကော်ဆရာတော်ဟောကြားလိုက်သော 'သူ့စိတ်ဓာတ်မျိုးအတုခိုး' ဆိုသည့် တရားတော်နှင့် အလားသဏ္ဌာန်တူညီနေပါသောကြောင့် ယခုခေတ် မြန်မာအမျိုးသမီးများ သင်ခန်းစာသဖွယ် အတုခိုးမှတ်သားစေခြင်းငှာ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို စာပန်းချီခြယ်မှုန်းရေးသားလိုက်ခြင်း ဖြစ်ပါကြောင်း။

❑

ကျောက်တန်းဘိုးဘွားရိပ်သာ။

ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ပါဒကြီးကျေးရွာအနီး ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်မြတ်ကြီး၏တောင်ဘက်မုခ်ဦးတွင် သန့်ရှင်းသပ်ရပ်ခဲ့ညားစွာဖြင့် ရှေးဘုရားစေတီတော်နှစ်ဆူကြား မြတ်ဗုဒ္ဓ၏အရိပ်အောက်တွင် အေးဆေးစွာရပ်တည်နေသော ဘိုးဘွားရိပ်သာ။

ထိုဘိုးဘွားရိပ်သာသို့ SKY NET (MNTV) ရုပ်သံလိုင်း တံဆိပ်ပါရှိသော မော်တော်ကားတစ်စီးဝင်ရောက်လာပြီး ကားပေါ်မှ အသက် (၂၅) နှစ် (၃၀) ကြားလောက်ဟု ခန့်မှန်းရသော လူငယ်လူရွယ်အမျိုးသား၊ အမျိုးသမီးများ ဖျတ်လတ်တက်ကြွစွာဖြင့် ကားပေါ်မှဆင်းလာကြ၏။ ထို့နောက် ရုပ်သံလိုင်းရိုက်ကူးမည့်ပစ္စည်းများကို ကားပေါ်မှချပြီး ရိပ်သာအတွင်းဝင်ရောက်သွားကြ၏။ သူတို့ကိုကြည့်ရသည်မှာ ဝါသနာပါသည့်လုပ်ငန်းတစ်ခုအား စိတ်ဝင်တစားနှင့်ပြုလုပ်ကြရတော့မည့်သူများသဖွယ် ပျော်ရွှင်ကြည်နူးတက်ကြွလျက်။

ရိပ်သာအုပ်ချုပ်ရေးမှူးဖြစ်သော ဦးမြင့်အောင်မှ (MNTV) ရုပ်သံလိုင်းအဖွဲ့အား ဆီးကြိုပြီး သူ၏ရုံးခန်းအတွင်းခေါ်ဆောင်လျက် ဘိုးဘွားရိပ်သာဖြစ်ပေါ်လာရသည့်ရာဇဝင်သမိုင်းကြောင်းနောက်ခံများကို စိတ်ရှည်စွာရှင်းပြနေ၏။

ရိပ်သာမှ လာရောက် မှီခိုနေထိုင်ကြသည့်ဘိုးဘွားတွေကတော့ လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုးရှိကြကြောင်းနှင့် ဝန်ထမ်းဟောင်း အရာရှိတွေရှိသလို ဆိုဖြူခေါင်းကိုင်းနားတွေထိုင်းပြီး စမ်းတင်းဝါးနှင့်သွားလာလှုပ်ရှားနေတဲ့ ဘိုးဘွားတွေလည်းရှိကြပါကြောင်း။စာပေဝါသနာပါသူများလည်းရှိပြီး တစ်ဖက်မှကမ္မဋ္ဌာန်းဘာဝနာတရားအားထုတ်လျက် တစ်ဘက်မှလည်း ဗဟုသုတရသစာပေများရေးသား၍ မဂ္ဂဇင်းတိုက်များသို့ပေးပို့နေကြတဲ့သူများလည်းရှိပါကြောင်း စသည်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

များဖြင့် ရှင်းပြနေသည်ကို (MNTV) ရုပ်သံလိုင်းအဖွဲ့က စိတ်ဝင်တစားနားစွင့်နေကြပါ၏။

ထို့နောက် ဘိုးဘွားရိပ်သာအနေအထား၊ ဘိုးဘွားဆောင်ညှဉ်ခန်း၊ ဘုရားခန်း၊ စာကြည့်ခန်း ထမင်းစားဆောင် စသည်များကို အနေအထားအမျိုးမျိုးဖြင့် ရိုက်ယူကြပြီးနောက် ဘိုးဘွားများနှင့်တွေ့ဆုံမေးမြန်းခန်း ရုပ်သံရိုက်ကူးရန် ပြင်ဆင်နေကြ၏။

"ဆရာသောင်း၊ အုပ်ချုပ်ရေးမှူးက ရုံးခန်းခဏလောက်ကြွပါတဲ့"

ဝန်ထမ်းတစ်ဦးက ကျွန်တော်နေထိုင်ရာ အဘိုးဆောင်သို့လာရောက်ခေါ်၍ အုပ်ချုပ်ရေးမှူးရုံးခန်းသို့လိုက်သွားသောအခါ -

"လာ - ဆရာသောင်း၊ ဒီအဖွဲ့က SKYNET (MNTV) ရုပ်သံလိုင်းက ပုဂ္ဂိုလ်တွေပါ ကျွန်တော်တို့ဘိုးဘွားရိပ်သာနဲ့ ပတ်သက်ပြီး ရုပ်သံရိုက်ကူးကြမယ်လေ။ ပြီးတော့ ဘိုးဘွားတွေနဲ့တွေ့ဆုံမေးမြန်းခန်းတွေ ရိုက်ကူးထုတ်လွှင့်မှာဖြစ်တဲ့အတွက် ဆရာသောင်းက အဘိုးများရဲ့ကိုယ်စားတွေ့ဆုံမေးမြန်းခြင်းကို ဖြေကြားပေးစေလိုပါတယ်"

အုပ်ချုပ်ရေးမှူးစကားဆုံးသောအခါ ကျွန်တော် အုပ်ချုပ်ရေးမှူးညွှန်ပြသော ထိုင်ခုံတွင်ဝင်ထိုင်လိုက်ရာမှစပြီး ဤစိတ်ဝင်စားဖွယ်ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်ပေါ် လာရခြင်း၏ နိဒါန်းအစလို့ပဲ ဆိုလိုက်ပါရစေတော့။

❑

သူမနာမည်က ပန်းသခင်တဲ့။ အသက်က (၂၅)၊ (၂၆)ဝန်းကျင် (MNTV) ရုပ်သံလိုင်းမှာ SCRIPT WRITERတာဝန်ယူထားသူ။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ရုပ်ရှင်နှင့် ပြဇာတ်(ဇာတ်ညွှန်း)ဖြင့် ဘွဲ့ရရှိထားသူ၊ အေးဆေးတည်ငြိမ်ရင့်ကျက်တည်ကြည်သော ကျွန်ုပ်အလှပိုင်ရှင် အမျိုးသမီးငယ်။ ကျွန်တော်က အသက် (၇၀)ကျော်။ ဒီရိပ်သာမှာနေထိုင်ပြီး တရားဘာဝနာကျင့်ကြံအားထုတ်လျက် တစ်ဖက်ကလည်း မိမိဖြတ်သန်းခဲ့ရသော ဘဝခရီးတစ်လျှောက် အတွေ့အကြုံများကို အများအကျိုးအတွက် ဝါသနာပါသည့် ရသစာပေများရေးသားခြင်းဖြင့် အချိန်ကို တန်ဖိုးရှိစွာအသုံးချနေသူ။

ပန်းသခင် ကျွန်တော့်ကိုတစ်ချက် မော့ကြည့်လိုက်၏။ သူမ၏ ရွှန်းလဲ့လဲ့မျက်လုံးများက လေးစားသည့်အကြည့်များဖြင့်။ သူမတာဝန်ကလည်း ရုပ်သံလိုင်း၏ SCRIPT WRITER ဆိုတော့ စာပေရေးသားခြင်းကို ဝါသနာပါသူတစ်ယောက်အနေဖြင့် တစ်ထိုင်တည်းမှာဘဲ ဒီကလေးမနှင့် ကျွန်တော်တို့အကျမ်းတဝင် ရင်းနှီးခင်မင်မှုရှိသွားကြတာပေါ့။

ရုပ်သံရိုက်ကူးရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခြင်းအခန်းကဏ္ဍရိုက်ကူးပြီးသောအခါ ပန်းသခင်သူတို့အဖွဲ့က အချိန်သမီးတစ်ယောက်နှင့် ကျွန်တော်နေထိုင်ရာ အဘိုးဆောင်သို့ရောက်လာ၍ တစ်နာရီနီးပါးသမျှ ကျွန်တော့်ကိုဖခင်တစ်ယောက်သဖွယ် စကားတွေအားရအောင်ပြောဆိုပြီးပြန်သွား၏။ ပန်းသခင်ကလည်း သောကြာသမီးတဲ့။ ကျွန်တော်နှင့်မွေးဖွားသည့်နေ့ချင်းတူနေသူ။ နောက်ပိုင်းတွင် ပန်းသခင် ကျွန်တော့်ထံ မကြာခဏဖုန်းဆက်၍ သာကြောင်းမာကြောင်း၊ လိုအပ်တာရှိလျှင် မှာကြားရန်နှင့် တစ်ခါတစ်ရံ လူကြုံဖြင့် စားစရာသောက်စရာများ၊ ဆေးဝါးများကိုပို့ပေးလာ၏။

ဒီလိုနှင့် (၆) လကျော်ခန့်ကြာသောအခါ ပန်းသခင် အားလပ်သောနေ့တစ်နေ့ ကျွန်တော့်ဆီရောက်လာ၏။ ပန်းသခင်နှင့်အတူ လူငယ်သဘာဝသူမနှင့် မတိမ်းမယိမ်းအမျိုးသားတစ်ဦးပါလာ၏။ အသက်အား ဖြင့် (၂၇)၊ (၂၈) လောက်ခန့်မှန်းရ၏။ ပန်းသခင် သူမနှင့်ပါလာသော လူငယ်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေး၏။

"ဘဘ၊ သူကသမီးနဲ့အနီးကပ်ဆုံးအဖော် ကိုမင်းသူတဲ့။ သမီးတို့ရုပ်သံလိုင်းမှာပဲအလုပ်လုပ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေပေါ့။ လွန်ခဲ့တဲ့ (၂) နှစ်လောက်ကတည်းက ရင်းနှီးနေကြတာပါ"

ကျွန်တော် ပြုံးပြလိုက်၏။ သဘောပေါက်ကြောင်းလည်း ခေါင်းညိတ်ပြလိုက်၏။

"အင်ကို့ဒီဘဘက အရင်ဝန်ထမ်းဟောင်းအရာရှိတစ်ယောက်။ ခုအသက် (၇၀) ကျော်လာတော့ ဒီရိပ်သာမှာလာရောက်ပြီး တရားဘာဝနာကျင့်ကြံအားထုတ်လို့ တစ်ဖက်ကလည်း အားလပ်တဲ့အချိန်တွေမှာ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ပတ်သက်ပြီး ပညာပေးရသာစေတွေ့ရေးသားနေတယ်။ ပန်းရဲ့ဖခင်တစ်ယောက်လိုသဘောထားပြီး ဒီဘဘရဲ့ လိုအပ်တာတွေကို ပန်းက ပံ့ပိုးကူညီပေးနေတယ်လေ"

ထိုအခါ ပန်းသခင်ရဲ့အကြောင်းကို မိုင်းသူဆိုသူက လေးစားစွာဖြင့် ဦးခေါင်းညွှတ်၍ အရှိအသေပေးလိုက်၏။

"ပန်းကလည်း ဒီရုပ်သံလိုင်းရဲ့ SCRIPT WRITER ဆိုတော့ ဝါသနာခိုင်တူလို့ပေလားတော့မသိဘူး။ တစ်ခဏချင်းမှာပဲ သားအဖလိုခင်မင်သွားကြလို့ ဘဘရဲ့လိုအပ်တဲ့ဆေးဝါးကအစ အားအသောက်တွေကို လူကြုံနဲ့ပို့ပေးနေတာ အစ်ကိုရဲ့"

ထိုအခါ လူငယ်က -

"ကောင်းတာပေါ့ ပန်းရယ်။ ဒီလိုအသက်အရွယ်ကြီးတဲ့အဘိုးတစ်ယောက်ကို ကူညီပေးနေတာဆိုတော့ ပန်းလည်း ကုသိုလ်ရတာပေါ့"

ဒီလိုနှင့် အားလပ်သောနေ့များမှာ မောင်မင်းသူနှင့် ပန်းသခင်ချစ်သူတို့နှစ်ယောက် မကြာခဏ ကျွန်တော့်ဆီရောက်လာကြ၏။ လိုအပ်သောဆေးဝါးများ၊ စားစရာသောက်စရာများလည်း ပါလာသည်။ မောင်မင်းသူကိုလည်း ပန်းသခင်ကဲ့သို့ပင် သားတစ်ယောက်သဖွယ် သဘောထားဆက်ဆံမိနေ၏။ ဒီလိုနှင့် (၁) နှစ်ခန့်ကြာသောအခါ ပန်းသခင် ကျွန်တော့်ထံ တစ်ယောက်တည်းရောက်လာ၏။ ကျွန်တော်က မောင်မင်းသူ ဘာလို့ပါမလာတာလဲ၊ နေထိုင်မကောင်းလို့များလားဟု မေးလိုက်သောအခါ -

"သမီးတို့နှစ်ယောက် အယူအဆတွေကွဲလွဲနေကြတယ် ဘဘ။ ဒါကြောင့် အခုတော့ တစ်ယောက်နဲ့တစ်ယောက် မေးတစ်ခွန်းခေါ် တစ်ခွန်းလောက်ပါပဲ"

ကျွန်တော် အနည်းငယ်စိုးရိမ်မိသွား၏။ ဒါကြောင့် ကျွန်တော်က -

"သမီးဘဘကိုရိုင်းတယ်လို့မထင်ဘူးဆိုရင် ဘဘတစ်ခုလောက်မေးချင်တယ်"

ပန်းသခင်က မေးမြန်းရန် ခွင့်ပြုလိုက်သဖြင့် -

"သမီးနဲ့ မောင်မင်းသူ ဘယ်လိုတွေဖြစ်သွားကြတာလဲဆိုတာ ဘဘသိခွင့်ရှိရင် သိပါရစေ"

ပန်းသခင်က -

"ဒီအကြောင်းတွေ ဘဘကိုပြောပြချင်လို့ သမီးလာခဲ့တာပါ"

ဆိုပြီး ဖြစ်ပျက်ခဲ့ကြတဲ့ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြလိုက်တာက -

❑

www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ပန်းရာ ဒီကိစ္စတော့ ကိုယ် သဘောမတူနိုင်ဘူး။ ကိုယ် ပန်းကို ဘယ် လောက်ချစ်တယ်ဆိုတာ ပန်းသိပါ စယ်။ ဒီအလုပ်က ပန်းလုပ်ရမယ့်ကိစ္စ မဟုတ်ပါဘူး။ ပန်းသေသွားပြီးရင် ပန်းကို ကြည့်ပြီးလိုအပ်တာတွေလုပ်ပေးဖို့ ကိုယ့် မှာအခွင့်အရေးမရှိတော့ဘူးလား။ ပန်းရဲ့ ရုပ်ကလာပ်ကို ကိုယ်ဘယ်လိုလုပ်ပြီး ပစ်ထားရက်ပါ့မလဲ ပန်းရယ်။ ဒါတော့ ကိုယ်သဘောမတူဘူးကွာ"

ချစ်သူတို့နှစ်ယောက် အချေအတင် စကားတွေပြောဆိုနေကြချိုပြီ။

"မဟုတ်သေးဘူး အစ်ကို၊ ပန်း ခန္ဓာကိုယ်ကို ဆေးတက္ကသိုလ် (၁) မှာ လှူမယ်ဆိုတာက ဆေးကျောင်းသား တွေ ပညာတိုးပွားကြမယ်လေ။ ဒီပညာ နဲ့အများအကျိုးအတွက် တစ်ဖက်တစ် လမ်းက အသုံးချကြမှာပေါ့။ ပန်းခန္ဓာ ကိုယ်ကိုခွဲစိတ်လို့ ပညာတွေလေ့လာပြီး တဲ့အခါ သက်ရှိထင်ရှားရှိနေကြတဲ့လူ သားတွေ မကျန်းမာလို့ ကုသကြရတဲ့ အခါမှာ အများကြီးအထောက်အပံ့တွေ ရသွားနိုင်တာပေါ့။ ပန်းကသေသွားပြီ လေ။ ပန်းအတွက်ကတော့ ခန္ဓာကိုယ် ကို အများအကျိုးအတွက် လှူဒါန်းလိုက် တဲ့ဒါနကုသိုလ်က ပန်းနဲ့တစ်ပါတည်းပါ လာမှာပါ၊ အစ်ကိုရယ်"

ပန်းသခင် သူမချစ်သူ ကိုမင်းသူ တားချ်မရ။ သူမရဲ့ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ထား ပြီးဖြစ်နေပေပြီ။

"မဟုတ်ဘူးလေ။ ပန်းစဉ်းစား ကြည့်၊ ကိုယ်ချစ်ရတဲ့သူတစ်ယောက်သေ ဆုံးသွားပါပြီတဲ့။ အလှပဆုံးပြင်ဆင်လို့ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းတွေက နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ လွမ်းသူ ပန်းခွေတွေပိုင်းရံလို့ စည်ကားသိုက်မြိုက် စွာ မီးသင်္ဂြိဟ်ချင်တာပေါ့"

ပန်းသခင် သူမရဲ့ချစ်သူ စကား အဆုံးမှာတော့ အားရပါးရရယ်မော လိုက်ပြီးနောက် -

"ဒီမှာ အစ်ကို၊ ရုပ်ပိုင်းဆိုင်ရာဆို တဲ့ ဓာတ်ကြီးလေးပါးအလုပ်မလုပ်တော့ တဲ့ ဒီရုပ်အလောင်းကောင်ကြီးဟာ အဆင်းအာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ၊ ရသအာရုံ၊ အထိအတွေ့အာရုံ၊ မနော အာရုံတွေကို ဖမ်းယူပေးနိုင်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွါရ (၆) ပေါက်ကလည်း အလုပ်မလုပ် တော့ဘူးလေ။ ဒီတော့ ခံစားခြင်း၊ မှတ် သားခြင်း၊ စေ့ဆော်တိုက်တွန်းပြုပြင်ခြင်း၊ သိရှိခြင်းဆိုတဲ့ နာမ်ပိုင်းဆိုင်ရာ နာမ်ခန္ဓာ (၄) ပါးကလည်း ဒီရုပ်အလောင်းကြီးကို စွန့်ခွာလို့သွားကြပြီလေ။ ဒီတော့ကာ အဆင်းအာရုံပန်းမျိုးစုံနဲ့ ရနံ့အာရုံပန်း ပေါင်းစုံတွေကို ဒီရုပ်အလောင်းကောင် ကြီးက ဘယ်လိုခံစားနိုင်တော့မှာလဲ အစ်ကိုရယ်။ သေဆုံးသွားပြီးဖြစ်တဲ့ ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာအလုပ် တွေမလုပ်တော့တဲ့ ရုပ်အလောင်းကောင် ကြီးကကော အစ်ကိုတို့ကို ဘယ်လိုများ ကျေးဇူးတင်နိုင်ပါ့မလဲနော်။ သေဆုံး သွားပြီးဖြစ်တဲ့ ပန်းအတွက် ရည်စူးပြီး အလှူဒါနပြုတာက ပန်းရောက်လေရာ ဘဝတိုင်းမှာ အစ်ကိုတို့ လှူဒါန်းတဲ့ ကုသိုလ်အကျိုးကို ရရှိနိုင်ပါသေးတယ် အစ်ကိုရာ"

သွားပြီ။ ချစ်သူတို့နှစ်ယောက် သဘောထားတွေကွဲလို့ အချေအတင် စကားတွေပြောကုန်ကြပြီ။ တဖြည်းဖြည်း နှင့် ကျောချင်းကပ်လို့ လမ်းခွဲသွားကြ ပြီပေါ့။ ပန်းသခင်ကလည်း သူ့ရည်ရွယ် ချက်ကို တစ်ပြားသားမှမလျော့တဲ့အပြင် ခန္ဓာတစ်ခုလုံးကို ဆေးတက္ကသိုလ် (၁) မှာ လှူဒါန်းလိုက်တဲ့နေ့တစ်နေ့တည်းမှာ ပဲ သူမရဲ့မျက်ကြည်လွှာကိုပါ မျက်စိ အထူးကုဆေးရုံကြီးမှာ လှူဒါန်းလိုက်ပါ ပြီ။ (၂) နှစ်ကျော် (၃) နှစ်နီးပါးလက် တွဲခဲ့ကြတဲ့ချစ်သူတွေ၊ ဌာနတစ်ခုတည်း မှာ အတူအလုပ်လုပ်ကိုင်ပြီး ဘဝခရီး တစ်လျှောက် ဘယ်လောက်ပင်ကြမ်း ကြမ်း အချစ်ပန်းတွေမခွန်းခဲ့ကြတဲ့ချစ်သူ တို့ (၂) ယောက် သဘောထားတွေ မတိုက်ဆိုင်တဲ့အခါမှာတော့ တဖြည်း ဖြည်းနဲ့ အနေစိမ်းသွားကြပြီ။ အခုတော့ ခပ်တန်းတန်းမေးတစ်ခွန်းခေါ် တစ်ခွန်း ဆိုတဲ့အဆင့်။ ကိုမင်းသူတစ်ယောက် ကုမ္ပဏီတစ်ခုကအမှီးသမီးတစ်ယောက် နဲ့ အတူသွားအတူလာလို့ဖြစ်နေကြပြီ။ ကိုမင်းသူ ပန်းသခင်ကို တမင်ရွဲ့ပြတာ လား သို့မဟုတ် တကယ်ပဲ ပန်းသခင်ကို စိတ်ကုန်သွားတာလားဆိုတာကိုတော့ ကာယတံရှင်တွေသာအသိဆုံးပါ။

ပန်းသခင်ကတော့ ချစ်သူနဲ့ခွဲ လိုက်ရတဲ့အတွက် ခံစားချက်ဆိုတာမပြ။ သူမ ခုအချိန်မှာအဓိကထားပြီး ဆောင် ရွက်နေတာကခွင့်တစ်ပတ်ယူပြီး တာမွေ (၆) ထပ်ကြီးနားက 'ရွှေမင်းဝံသာသနာ့ ရိပ်သာ' မှာ တရားစခန်းဝင်ပြီး သတိ ပဋ္ဌာန်မြတ်တရားကိုကြိုးစားပြီး ကျင့်ကြံ အားထုတ်လျက်။

❑

"သမီးတို့အဖြစ်ကတော့ ဒါပါပဲ ဘဘ။ ခုလည်း ဘဘကိုလာနှုတ်ဆက် ပြီး ကန်တော့ချင်တာရယ်၊ သမီး အခု သင်္ကြန်ရုံးပိတ်ရက်တစ်လျှောက်လုံး ရွှေမင်းဝံသာသနာရိပ်သာမှာ တရား စခန်းဝင်ရောက်မှာဖြစ်တဲ့အတွက် ဘဘ ကို ကန်တော့ချင်လို့ သမီးလာခဲ့တာပါ။ သမီးရဲ့လက်ကိုင်ဖုန်းလည်းပိတ်ထား လိုက်ပြီ"

ထို့နောက် သူမခန္ဓာတစ်ခုလုံး လှူဒါန်းခဲ့သောကြောင့် ဆေးတက္ကသိုလ် (၁) မှ ဝုဏ်ပြုလွှာစာရွက်၊ မျက်စိအထူး ကုဆေးရုံကြီးမှ ဝုဏ်ပြုလွှာစာရွက်တွေ ကို ထုတ်ပြပါ၏။

ကျွန်တော်တစ်ခုပဲမေးလိုက်မိ၏။

"သမီး၊ မိဘတွေကကော သမီး ခုလိုဆောင်ရွက်တာ သဘောတူရဲ့လား"

ထိုအခါ ပန်းသခင်က -

"သမီးတို့မှာ မိခင်မရှိတော့ဘူး ဖခင်နဲ့နေတာပါ။ သမီးအပါအဝင်မောင် နှမသုံးယောက်ရှိပါတယ်။ အားလုံးက အလုပ်ကိုယ်စီနဲ့ပါ။ အဖေက အရင်က ဝန်ထမ်းဟောင်းတစ်ယောက်ဆိုတော့ သူ့ရဲ့ဝင်စင်ငွေနဲ့အားလုံး မြည့်စုံနေပါ တယ်။ သမီးစိတ်သဘောအတိုင်း ဆောင်ရွက်ပါလို့လည်း အဖေကခွင့်ပြု ထားပါတယ်။ မွန်မြတ်ကောင်းမွန်တဲ့ ကိစ္စဆောင်ရွက်တာပဲ ဘဘရယ်။ မိဘ တွေအနေနဲ့ ခွင့်ပြုပြီးသားပါ"

တဲ့ ပန်းသခင် ကျွန်တော့်ခြေရင်း တွင် ထိခြင်းငါးပါးနှင့် ရှိသေစွာ ရှိခိုး ကန်တော့ပြီး ပြန်သွား၏။

သင်္ကြန်ရက်တွေ ပြီးဆုံးသွားတဲ့ အခါ ကျွန်တော်ဖုန်းဆက်ကြည့်ပါသေး သည်။ ဖုန်းပိတ်ထားကြောင်းသာ ပြန် ကြားလာသည့်အတွက် ကျွန်တော်နှင့် ပန်းသခင်တို့အဆက်အသွယ်ပြတ်သွား ခဲ့ပါသည်။

❑

'လေးစားတယ် ပန်းသခင်၊ ခိုးကျူး တယ်၊ ဝုဏ်ပြုတယ်၊ တန်ဖိုးထားတယ်'

ဒီစကားသံတွေကတော့ ကျွန်တော့် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာက ထွက်ပေါ် လာတဲ့စကားသံတွေပါ။

ချစ်သူနဲ့အကြောင်းအမျိုးမျိုးတွေ ကြောင့်ကွဲသွားကြတဲ့အခါ မိမိချစ်သူက အခြေးတစ်ယောက်နဲ့တွဲပြု၊ မိမိကလည်း မခံချင်စိတ်နဲ့ ရွဲဖယ်ပြီးတော့ အခြား တစ်ယောက်နဲ့တွဲပြု၊ နောက်ဆုံးမှာ ဟိုမရောက်ဒီမရောက် ဘဝတွေမှောက်ကြ

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ယနေ့အမျိုးသမီးငယ်တွေအများကြီး ပါ။ ဒီအထဲမှာ ပန်းသခင်ဆိုတဲ့ အမျိုးသမီးမပါ။ ချစ်သူနဲ့သဘောထားချင်း မတိုက်ဆိုင်လို့ ကွဲသွားတဲ့အခါ မြတ်ဗုဒ္ဓရဲ့ရင်ခွင်ထဲအငြိမ်းဓာတ်များနှင့်အေးချမ်း စွာတရားအားထုတ်နေတာက ပန်းသခင်ပါ။ ပန်းသခင်ရဲ့ရုပ်ရည်ရူပကာက လူတိုင်းလက်ခံနိုင်တဲ့ရုပ်ရည်မျိုး အေးအေးတည်ငြိမ်ရင့်ကျက်တည်ကြည်တဲ့ကွန်ဖြေ အလှပိုင်ရှင်၊ ဂုဏ်သက္ကာကိုတန်ဖိုးထားတဲ့အမျိုးသမီး။

ပန်းသခင်ပြန်သွားတော့ ယနေ့ခေတ်အမျိုးသမီးငယ်အချို့ရဲ့ အဖြစ်အပျက်တွေက ကျွန်တော့်မျက်စိထဲမြင်ယောင်လာမိတာပေါ့။ မိမိတို့ရဲ့အလှအပကို အများကြည့်ရှုခံစားနိုင်ဖို့ ဖေ့စ်ဘုတ်တွေမှာတင်လို့တင်၊ ရင်ခုန်တင်းတယ်မူးစွာနှင့် အဆင်းအာရုံကာမဂုဏ်ကို ခံစားကြရအောင် လူအများကို ပြသကြတယ်မဟုတ်ပါလား (ခန္ဓာကိုယ်ပေါ်က အလှအပဆိုတာ တကယ်တော့ လှည့်စားခြင်းတစ်မျိုးပါ။)

ခန္ဓာရဲ့ အလှအပကြောင့် ပြည့်တန်ဆာမဖြစ်ခဲ့တဲ့ အမျိုးသမီး (၂) ယောက် ဘုရားရှင်လက်ထက်က ဖြစ်ပျက်မှုလေးကို ကျွန်တော်သတိရနေမိ၏။ ဝေသာလီမြို့က အမွေပါလီနှင့် ရာဇဂြိုဟ်မြို့က သီရိမာ။ သူမတို့ (၂) ဦးစလုံးက ခန္ဓာအလှပိုင်ရှင်တွေ။ ဒီခန္ဓာအလှအပကြောင့် ကာလသားတွေတရှိတ်မက်မက်စွဲလမ်းစေတဲ့ညှို့ငင်အားအပြည့်အဝ ဖိုသတ္တဝါတွေကို ရမ္မက်သွေးကြစေပြီး အလွမ်းမိုးကြီးလွမ်းမိုးနိုင်ခဲ့တာကြောင့် နောက်ဆုံးမှာတော့ အများပိုင်ပြည့်တန်ဆာမတွေဖြစ်ခဲ့ကြရလေသည်။ ပြည့်တန်မ ဆိုသော အကျိုးတရားကို ဘာကြောင့်ရရှိသွားခဲ့ကြပါသလဲ။ ခန္ဓာရဲ့စွဲမက်စရာကောင်းတဲ့ အလှအပတည်းဟူသော အကြောင်းတရားကြောင့်ပေါ့။

ခုကျွန်တော်တွေ့ခဲ့ရတဲ့ ပန်းသခင်ကတော့ အတုမရှိ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတော်အတိုင်း ခန္ဓာကြီးရဲ့ဖောက်ပြန်တတ်တဲ့အပြစ်တွေကိုမြင်လို့ ဒုက္ခသစ္စာ ဆိုတဲ့ ဒီခန္ဓာကြီးတစ်ခုလုံးကို အများအကျိုးအတွက် လှူဒါန်းလိုက်ပြီလေ 'ဒု' က စက်ဆုပ်စရာ၊ 'ခ' ကအသုံးမကျတာ၊ 'သစ္စာ' က အမှန်တရားမဟုတ်ပါလား။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားခဲ့တယ်လေ။

'ခင်ဗျားတို့ ခန္ဓာရရှိထားတာဟာ ဖြစ်ဒဏ်ပေးခံရတဲ့သဘောပါ' တဲ့။

ကျွန်တော်ဆက်ပြီးစဉ်းစားမိနေပြန်၏။ ရခဲလှတဲ့လူဘဝကို ရောက်ရှိလာကြတဲ့ လူတိုင်းလူတိုင်း မွေးဖွား၊ အရွယ်ရောက်၊ ကျောင်းနေပညာသင်၊ စီးပွားရှာ၊ အိမ်ထောင်ပြု၊ ကာမဂုဏ်အာရုံခံစား၊ မျိုးဆက်ဖြန့်နဲ့ပျော်နေမော်နေလိုကြတာများ။ ငါပဲ၊ ငါ့ခန္ဓာကိုယ်နဲ့ ငါ့အရည်အချင်းတွေပဲ၊ ငါ့စွမ်းဆောင်မှုတွေပဲဆိုတဲ့ ငါစွဲသက္ကာယဒိဋ္ဌိကြီးနဲ့ အရွယ်ရှိတုန်းတအရွယ်နဲ့မာန်၊ ရာထူးရှိတုန်းကလည်း ရာထူးရဲ့မာန် ပစ္စည်းဥစ္စာရှိတုန်းကလည်း ပစ္စည်းဥစ္စာရဲ့မာန်တွေက စိတ်သန္တာန်မှာ နေရာယူလို့ ငါဆိုတဲ့မာန်ကို ဟန်ပါပါ နယ်ချဲ့ရင်း အတ္တစွဲ၊ ဒိဋ္ဌိစွဲတွေနဲ့အောက်ခြေလွတ်ပြီး ပျော်နေလိုက်ကြတာ။ (ဒီအထဲမှာ ကျွန်တော်လည်းပါခဲ့သည်။)

အခု ပန်းသခင် အသက် (၃၀) ပင်မပြည့်သေး။ အေးဆေးတည်ငြိမ်ရင့်ကျက်သောဣန္ဒြေဖြင့် အလှပိုင်ရှင်မိန်းကလေး။ သူမှာဘာမာန်တရားမှမရှိ။ ချစ်သူနဲ့ကွဲသွားလို့ နှင်ဘာလဲ၊ ငါဘာလဲဆိုတဲ့မာန်တရားမထား။ သူ့ရည်ရွယ်ချက်၊ ခံယူချက်၊ ဆုံးဖြတ်ချက်အတိုင်း ခန္ဓာတစ်ခုလုံးနဲ့ မျက်ကြည်လွှာကို အများအကျိုးအတွက် သက်ဆိုင်ရာလှူဒါန်းလိုက်၏။ ပြီးတော့ မြတ်ဗုဒ္ဓရင်ခွင်တရားအရိပ်မှာ အငြိမ်းဓာတ်များဖြင့် အေးဆေးတည်ငြိမ်လျက်။

❑

နေ့တစ်နေ့။

ဒီနေ့တစ်နေ့ဟာ ကျွန်တော့်အတွက် မေ့မရနိုင်တဲ့ နေ့တစ်နေ့ပါ။ ဘာကြောင့်လဲဆိုရင် ကျွန်တော်ရိပ်သာမှာ (၃) နှစ်ကျော်နေခဲ့ပြီး ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်နေတဲ့သူတစ်ယောက်ပါ။ အဲဒီနေ့က ကျွန်တော့်သမီးကမွေးတဲ့ ကျွန်တော့်မြေးမိန်းကလေး (၂) ယောက် ကျွန်တော့်ဆီရောက်လာတယ်။ ဘွဲ့ရပညာတတ်အရွယ်ကောင်းလေးတွေပါ။ မတွေ့ရတာကြာတာရယ်၊ ကျွန်တော့်ကို ကန်တော့်ချင်တာရယ်ကြောင့် ရောက်လာကြတာပါ။ သက်ဆိုင်ရာမှာ ခွင့်တောင်းပြီး ရန်ကုန်နယ်နိမိတ်အတွင်းကဘုရားတွေ လိုက်ပို့ချင်လို့ ကျွန်တော့်ကိုခေါ်သွားကြတယ်။ အိမ်မှာ တစ်ရက်နားလို့ နောက်နေ့တွေမှာ ရန်ကုန်မြို့တွင်းက ဘုရားပွဲလိုက်ပို့ကြတယ်။ ရွှေတိုဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ရမယ့်နေ့။ ဓာတ်လှေကားနဲ့ ရွှေတိုဂုံကုန်းတော်ပေါ် တက်သွားရတာ အေးအေးဆေးဆေးပါပဲ။ ကျွန်တော့်မြေး (၂) ယောက်ကတွဲပြီး ကုန်းတော်တစ်ပတ် စေတီတော်မြတ်ကြီးကို ဖူးမြော်ရတာ ကြည်နူးစရာ။ ဒီကြည်နူးရေမြင်ကွင်းနဲ့အတူ အာရုံခံတန်ဆောင်းတွေ အသီးသီးမှာ ရဟန်းသံဃာတွေ၊ သင်ကြီးရွယ်အို့တွေ၊ သီလရှင်တွေနဲ့ လူငယ်လူရွယ် အမျိုးသားအမျိုးသမီးတွေ တရားရှုမှတ်နေကြတာတွေက ကျွန်တော့်စိတ်နှလုံးကို အေးချမ်းသွားစေခဲ့ပါတယ်။ မြောက်ဘက်မုခ်ရောက်တော့ ခရာန်လိုက်ပြီး အာရုံခံတန်ဆောင်းထဲဝင်လိုက်တယ်။ ဒီတန်ဆောင်းက ဂေါတမဗုဒ္ဓဟိန်းအောင်းစံပယ်တဲ့နေရာတန်ဆောင်းဖြစ်တာရယ်၊ သောတာထောင့်အရပ်ဖြစ်တာရယ်ကြောင့် ခေတ္တခရာအပန်းဖြေပြီး တရားရှုမှတ်ချင့်ဝင်လိုက်တာပါ။ တန်ဆောင်းအတွင်း သံဃာတော်တွေအတွက် သတ်မှတ်ထားတဲ့နေရာရဲ့နောက်ဘက် မြတ်ဗုဒ္ဓမျက်နှာတော်စိုက် ဖူးမြင်တွေ့ရှိနိုင်မည့် နေရာမှာထိုင်လိုက်၏။ ကျွန်တော့်နောက်မှာတော့ ကျွန်တော့်လို သက်ကြီးရွယ်အို့တွေနဲ့ လူအများ ဘုရားရှိခိုးနေကြတယ်။ကျွန်တော့်မြေးလေးနှစ်ယောက်က တရားရှုမှတ်နေတဲ့ သီလရှင်တစ်ပါးရဲ့မနီးမဝေးမှာထိုင်လို့ ဘုရားရှိခိုးနေကြကြောင်း တွေ့ရှိလိုက်ရတဲ့အတွက် ကျွန်တော်လည်း အေးအေးဆေးဆေး တရားရှုမှတ်နေလိုက်၏။ ရိပ်သာမှာနေစဉ်ကတော့ တရားတစ်ကြိမ်ရှုမှတ်လျှင် တစ်နာရီကျော်ကျော်ကြာသည်။ တစ်ခါတစ်ရံ သမာဓိအားတွေကောင်းသဖြင့် ဝိပဿနာဉာဏ်တွေဝင်လာတဲ့အခါမှာဆိုရင် နှစ်နာရီလောက်လည်း ကြာသွားတတ်၏။ ရိပ်သာမှာ တစ်နေ့(၄)ကြိမ် တရားရှုမှတ်ခဲ့တယ်။ ခုတော့ မြေးလေးတွေပါနေတာကြောင့် (၁၅)မိနစ်လောက်သာ တရားရှုမှတ်လို့ တရားရပ်နားပြီး နောက်ကိုလှည့်ကြည့်လိုက်တော့

"ဟင်"

ကျွန်တော် မမှားပါ။ ကျွန်တော့်မျက်စိနှစ်ဖက်စလုံး ခွဲစိတ်ထားသဖြင့် လူငယ်တစ်ယောက်လို အမြင်အားတွေကောင်းနေပါသည်။ အပ်ချည်နှင့်အပ်ပေါက်ထိုးနိုင်တဲ့အစောင့်ထိ အမြင်အားကောင်းပါသည်။ ဆရာဝန်ကြီးကိုယ်တိုင် စမ်းသပ်ပြီး ပြုလုပ်တပ်ဆင်ထားတဲ့ မျက်မှန်ကလည်း အနီး၊ အဝေးအမြင်တွေကောင်းနေတာပေါ့။ စာရေးစာဖတ်

www.burmeseclassic.com

နေတဲ့သူတစ်ယောက်လေ။ ကျွန်တော့် မျက်စိကို ကျွန်တော် ယုံကြည်ပြီးသား။

ပန်းသခင်။

သီလရှင်ဝတ်စုံနှင့် ပန်းသခင်။ ကြည်လင်အေးမြကြွေနွေးရှိလှတဲ့ မျက်နှာက ဆံတွေဝယ်လို့ စိမ်းစိုရောင်သန်းနေသည့်ဦးခေါင်းနှင့် လိုက်ဖက်ညီပေစွ။ သီလရှင်ဝတ်စုံနှင့်ဆိုပြန်တော့ ကျက်သရေမင်္ဂလာရှိလှတဲ့ပန်းသခင်။ ယောဂီရောင်မျက်နှာသုတ်ပဝါလေးကို ပခုံးတစ်ဖက်တွင်တင်ပြီး တရားရှုမှတ်နေပုံက ယနေ့ထက်တိုင် ကျွန်တော်မျက်လုံးအိမ်က မထွက်သေး။ ပန်းသခင်ဘဝ ပြောင်းသွားပြီ။ လူဝတ်ကြောင်နှင့် ပန်းသခင်မဟုတ်တော့။ မြတ်ဗုဒ္ဓရဲ့သမီးတော် ပန်းသခင်။ သီလရှင်ဝတ်စုံနှင့် မြတ်ဗုဒ္ဓရဲ့အငြိမ်းဓာတ်ကြီးအောက်မှာ မလှုပ်မယှက် တရားရှုမှတ်နေသည့် ပန်းသခင်ကို ကျွန်တော် အကဲခတ်လို့ ကြည့်ချင်တာကြောင့် တစ်လဲကျော်ကျော် အကွာလောက်ရှိ အာရုံခံတန်ဆောင်း၏တိုင်အနီး ထိုင်ချလိုက်ပြီးနောက် မြေးလေး(၂)ယောက်ကို အနီးအနားလှည့်ပတ်ပြီးကြည့်ကြရန် တိုးတိုးပြောရှာလိုက်၏။ ကျွန်တော်ထိုင်ပြီး ပန်းသခင်ကို မမှိတ်မသုန်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေမိပါသည်။ မြေးလေး (၂) ယောက်ကလည်း ကျွန်တော် နားနားနေနေထိုင်နေစေလိုသည့်သဘောနှင့် ကျွန်တော်အနီးအနားတစ်ဝိုက်လျှောက်ကြည့်နေကြ၏။

ပန်းသခင် တရားရှုမှတ်နေသည့် အနေအထားက မိန်းမထိုင်ထိုင်လျက် အနေအထား ခါးကမတ်မတ်ဖြောင့်ဖြောင့်တန်းတန်း ဦးခေါင်းကနောက်လည်းမလန်ရှေ့လည်းမစိုက် တည့်တည့်မတ်မတ်၊ ဘယ်ဘက်လက်ဖဝါးအပေါ် ညာဘက်လက်ကထပ်ထားလျက် ပေါင်ပေါ် တင်ထား၏။ မျက်နှာအနေအထားကိုကြည့်လိုက်တော့ ကြည်လင်အေးမြပြီး နူတ်ခမ်းအစုံက ပြုံးယောင်သန်းနေပေမယ့် တည်တည်ကြည်ကြည်ဒီအနေအထားမျိုးကို ကျွန်တော်သိလိုက်ပါပြီ။ ဘာကြောင့်သိတာလဲဆိုရင် ကျွန်တော် ကိုယ်တိုင် ဒီတရားလမ်းကြောင်းပေါ် ရောက်နေတာ (၅) နှစ်ဆိုတဲ့ကာလပင် ကျော်လို့လာပါပြီ။ ၂၀၁၂ ခုနှစ် မဟာစည်တရားရိပ်သာမှာ ရက်ရှည်တရားစခန်းဝင်ရောက်တရားပြဆရာတော်ကြီးများရဲ့ သွန်သင်ပြသတဲ့အတိုင်း တရားတော်ကိုရှုမှတ်တဲ့အပြင် ဉာဏ်စဉ်များလည်း အထပ်ထပ်နာယူခဲ့တဲ့သူတစ်ယောက်ပါ။ ယနေ့အထိလည်း ရိပ်သာမှာ ကျင့်ကြံရှုမှတ်ပွားများအားထုတ်လျက်ပါ။ အသိနှင့်အကျင့်ကိုလည်း ထပ်တူညီမျှဖြစ်သည်အထိ ကြိုးစားနေသူဖြစ်ပါသည်။ သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တွေလည်း ဆရာတော်ကြီးတွေရဲ့ကျေးဇူးတော်တွေကြောင့် အသင့်အတင့်ရရှိနေပြီလည်းဖြစ်ပါသည်။ (အပြည့်အဝ ရရှိထားသူဟု ကျွန်တော် မဆိုလိုပါ။)

မဟာစည်တရားတော်က သတိပဋ္ဌာန်ဝိပဿနာတရားတော် ဖြစ်ပါသည်။ ပန်းသခင် တရားစခန်းစတင်ဝင်ရောက်သွားတာကလည်း တာမွေခြောက်ထပ်ကြီးနားက ရွှေမင်းဝံသာသနာ့ရိပ်သာ ဖြစ်တာကြောင့် မဟာစည်ရဲ့လက်ခွဲဖြစ်လို့ မဟာစည်နည်းစနစ်အတိုင်းပါပဲ။

ဝိပဿနာဆိုတာ စိတ်အလုပ်ပါ။ အဲဒီစိတ်ကို ပုံဖော်ပေးနေတာက မဂ္ဂင် (၈) ပါးမှာပါတဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင် (၅) ပါးဖြစ်ပြီး အဲဒီမဂ္ဂင် (၅) ပါးအရှည်ကြာနဲ့ ရှုမှတ်သွားတာပဲဖြစ်ပါတယ်။ အရှုခံကတော့ ခန္ဓာ(၅)ပါးပေါ့။ ဒါကို ခေါင်းအေးအေး စိတ်အထိုင်ကျကျလေးနဲ့ အရှုခံအဖြစ် ပင်တိုင်ကမ္ဘာန်းအာရုံဖြစ်တဲ့ (ဖောင်းမှု)၊ (ပိန်မှု) ဖောင်းအာရုံ၊ ပိန်အာရုံကို သတိကပ်ပြီး ရှုမှတ်တာပဲဖြစ်ပါတယ်။ အဲဒီလိုရှုမှတ်သွားတဲ့အခါ သတိပဋ္ဌာန်လေးပါးဖြစ်တဲ့ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတရားတွေကို သတိကပ်ပြီး ခန္ဓာ (၅) ပါးမှာပေါ်လာတဲ့အချိန်တိုင်း ပေါ်တဲ့နေရာတိုင်းမှာ သတိလေးနဲ့ရှုမှတ်နေတာပဲဖြစ်ပါတယ်။ ဒီလိုရှုမှတ်နေရင်းနဲ့ သမာဓိအားတွေကောင်းလာတဲ့အခါ ဣန္ဒြေငါးပါးလည်း ပြည့်စုံလာမှာဖြစ်ပါတယ်။ ဣန္ဒြေငါးပါးပြည့်စုံလာရင် ဗိုလ်ငါးဗိုလ်ဖြစ်တဲ့ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တွေဟာ အားကောင်းလာပြီးနောက် သတိဗိုလ်က မည်သည့်ဗိုလ်မျှ အစွန်းထွက်မှုမရှိအောင်ထိန်းညှိပြီး ရှုမှတ်ပွားများနေခြင်းသာဖြစ်ပါတယ်။ ကြာလာတဲ့အခါမှာတော့ ခန္ဓာအတွင်း ရုပ်သဘာဝလက္ခဏာ၊ နာမ်သဘာဝလက္ခဏာတွေကိုမြင်လာပြီး ရုပ်သဘာဝတရား နာမ်သဘာဝတရားတွေဟာ ခန္ဓာအတွင်းအလုပ်လုပ်နေကြပုံ၊ ထိုအခါ ရှည်ကြာကတစ်ဆင့် အာရုံတွေအဆင့်ဆင့်ပြောင်းသွားပြီး နာမရူပပရိစ္ဆေဒဉာဏ်နှင့် ထိုဉာဏ်အားကောင်းလာတဲ့အခါ ဒိဋ္ဌိဝိသုဒ္ဓိရှည်ကြာတွေက အားကောင်းသောသည်ထက်ကောင်းလာတဲ့အခါ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကခ်ီင်္ခဝိတရဏဝိသုဒ္ဓိများဖြစ်လာကာ ဆက်လက်ပြီး ခန္ဓာမှာ ဉာဏ်စိုက်လို့ ရှုမှတ်နေပါက ရုပ်နာမ်သဘောတွေပေါ်ပေါက်လာပြီး ပျောက်ပျောက်သွားရှု မမြဲဆင်းရဲ ငါကောင်မဟုတ်ဟု သုံးသပ်ဆင်ခြင်မိလာတဲ့ သမ္မသနဉာဏ် စသည်ဖြင့် အာရုံတွေကပြောင်းပြောင်းသွားတဲ့အပေါ် ရှုကွက်ထဲကပြန်ကွက်တွေကို ရှုဉာဏ်ကသိသိသွားတဲ့သဘောတရားတွေသာဖြစ်ပါသည်။ (ဒါဟာ ကျွန်တော် ရှုမှတ်နေခြင်းရဲ့ အတိုချုပ်လိုရင်းကိုသာဖော်ပြခြင်းဖြစ်ပါတယ်။)

အဲဒီလိုရှုမှတ်နေတဲ့ သတိပဋ္ဌာန်လမ်းကြောင်းမှာတော့ အနှောင့်အယှက်အပိတ်အဆို့အတားအဆီးတွေကတော့ ကျိန်းသေတွေ့ရမှာပါ။ အဲဒီအနှောင့်အယှက်တွေက -

ကာမစ္ဆန္ဒနီဝရဏ ဆိုတဲ့ လိုချင်တပ်မက်တဲ့လောဘတရား၊ ကိလေသာ (၁၀) ပါးရဲ့ထိပ်ဆုံးကဖြစ်တဲ့ လောဘလို့ အမည်ရတဲ့ တဏှာရဲ့လက်စွဲပါ။ တရားရှုမှတ်နေသူကို အပြင်းထန်ဆုံး အနှောင့်အယှက်ပေးပါတယ်။ သမာဓိတည်လို့မရလောက်အောင် အနှောင့်အယှက်ပေးပါတယ်။

ဗျာပါဒနီဝရဏ-ကိလေသာ(၁၀)ပါးမှာပါတဲ့ ဒေါသရဲ့လက်စွဲကိုဖွဲ့စီးလှုယ်ပါ။ ရန်ငြိုးတွေ၊ မနှစ်သက်ဖွယ်တွေကို တုံ့ပြန်လက်စားချေလိုတဲ့သဘာဝတရားတစ်ခုပါ။

ထိနမိဒ္ဓနီဝရဏ - သူဝင်လာရင် လေးလံထိုင်းမှိုင်းပျင်းရိတဲ့သဘောတွေဖြစ်လာတာပါပဲ။

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ - သူဝင်လာရင် စိတ်တွေပူပန်လာတယ်။ လုပ်ခဲ့မိတာတွေကို နောင်တတွေရနေမယ်။ စိုးရိမ်စိတ်တွေဝင်လာမယ်။ စိတ်တွေလှုပ်ရှားပျံ့လွင့်လာမယ်။

ဝိစိကိစ္ဆာနီဝရဏ - သူကတော့ ယုံမှားခြင်းပါ။ ကိုယ်အားထုတ်နေတဲ့တရားကိုပင် မယုံချင့်တဲ့အထိဖြစ်လာတတ်ပါတယ်။ သံသယတွေလည်းတစ်ခုပြီးတစ်ခုနေရာယူလာတယ်။

ဒီနီဝရဏတရား (၅) ပါးက တရားရှုမှတ်နေသူရဲ့လမ်းကြောင်းမှာ မရှိတ

www.burmeseclassic.com

ကာဆီးကာဆီးလုပ်နေပြီး အနှောင့်အယှက်တွေပေးလာတာပါ။ ဒီနိဝရဏတွေဝင်လာရင် သူတို့တို့ အနိုင်ယူနိုင်ဖို့က တစ်ခုပဲရှိတယ်။ (စိတ်အေးအေးလေးထားပြီး ရှုမှတ်လိုက်ရုံသာဖြစ်ပါတယ်။) ပျာယာခတ်ပြီး ရှုမှတ်လို့မရပါ။ ဒေါသစိတ်၊ မကျေနပ်စိတ်တွေကြောင့် စိတ်ပျက်သွားတတ်ပါတယ်။ စိတ်အေးအေးထားသတိကပ်ပြီး ရှုမှတ်လိုက်တဲ့အခါ သူတို့ထွက်သွားပါလိမ့်မယ်။ (တစ်ခုသတိထားရမှာက သူတို့ဝင်လာရင် ဝင်လာမှန်းသိလိုက်ဖို့ကတော့ လိုပါတယ်။) မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်ရဲ့ နိဝရဏတရားတွေကို ရှုမှတ်ဆင်ခြင်ပုံအပိုင်းမှာလည်း ဟောကြားပြီး နည်းပြထားပါတယ်။

မိမိဘက်ကလည်း ဝိုလ် (၅) ဝိုလ်အားတွေဖွံ့ဖြိုးတိုးတက်ဖို့တော့ လိုပါတယ်။ ဒီလိုအနှောင့်အယှက်အတားအဆီးအပိတ်အဆို့တွေကို ရှုမှတ်လို့အနိုင်ယူနိုင်ပြီဆိုရင် ရှုမှတ်နေတဲ့တရားသမားဟာ ရှုဉာဏ်ရဲ့အသိစိတ်တွေက ကျေနပ်လို့ မျက်နှာဟာ ကြည်လင်ဝင်းပ နှုတ်ခမ်းကလည်း ပြုံးယောင်သန်းနေတတ်ပါတယ်။ (ဒါဟာ စာရေးသူဘာဝနာတရားပွားများတဲ့အခါ ဖြစ်ပေါ် လာတဲ့လက်တွေ့ဖြစ်ရပ်လေးသာ ဖြစ်ပါတယ်။) သို့သော် ဒီလိုဖြစ်လာမှုကိုလည်း အရှုခံထားပြီး ဆက်လက်ရှုမှတ်နေဖို့တော့လိုပါတယ်။

အခု ပန်းသခင်အနေအထားက ရှုကွက်ထဲကပြချက်တွေကို စိတ်ဝင်တစားကြည့်ရှုမှတ်နေပြီး ခန္ဓာမှာဉာဏ်စိုက်လို့ ရှုမှတ်နေတဲ့ အနေအထားမျိုးဆိုတာ ကျွန်တော် အကဲခတ်မိနေပါပြီ။ ပန်းသခင်ရဲ့ တရားရှုမှတ်မှုအခြေအနေကို ကျွန်တော့်မှာ ရရှိပြီးသား သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တွေနဲ့ ကြည့်ရှုနေမိပါတော့သည်။ ပန်းသခင် ဘယ်အချိန်ကတည်းက တရားရှုမှတ်နေတာ ကျွန်တော်မသိပါ။ ကျွန်တော်အကဲခတ်ကြည့်ရှုနေမိသည်ကပင် မိနစ် (၃၀) ကျော်နေပေပြီ။ ပန်းသခင် ဝိပဿနာအရှိန်တွေ၊ တက်ဉာဏ်တွေမြင့်လာသည်ထင်ပါသည်။ ခါးကမတ်သည်ထက်မတ်၊ ဖြောင့်တန်းလို့ ဦးခေါင်းကတည့်တည့်မတ်မတ်၊ သူ့သမာဓိစွမ်းအားတွေနဲ့ ခန္ဓာကြီးရဲ့ရုပ်သဘော၊ နာမ်သဘော၊ ရုပ်သဘာဝ၊ နာမ်သဘာဝတွေရဲ့ လှုပ်ရှားဖြစ်ပျက်မှုတွေကို ရှုဉာဏ်ကမြင်နေရလို့ စိတ်ဝင်စားစွာ ရှုမှတ်နေတဲ့ပုံစံလက္ခဏာအနေအထားမျိုး။

ဟုတ်ပါတယ် - ဝိပဿနာတရားတော်ကို ရှုမှတ်နေတဲ့အချိန် ဝိပဿနာဉာဏ်တွေဝင်လာရင် စိတ်ကနှောင့်ယှက်ပြီး ရုပ်လက္ခဏာတွေပါလိုက်ပြီး ပြောင်းနေတတ်ပါတယ်။ နိဝရဏတွေကို တိုက်ဖျက်နိုင်ပြီဆိုရင်တော့ နှုတ်ခမ်းကပြုံးယောင်သန်းနေပေမယ့် တင်းတင်းရင်းရင်းတည်တည်ကြည်ကြည်အနေအထား၊ ဒီအနေအထားတွေကို ပန်းသခင်ဆီမှာ ကျွန်တော့်တွေ့နေရပါတယ်။

ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဟောကြားချက်ကလေးကို ကျွန်တော် သတိရမိနေပါတယ်။ မသေခင်ဘာလုပ်ကြမလဲ ဆိုတဲ့တရားတော်မှာ အတိတ်ကိုအရိပ်လိုမခေါ်ပါနဲ့။ လှန်တွေးပြီးတော့လည်း ပြန်ဆွေးပြီး မနေပါနဲ့တဲ့။ မြတ်စွာဘုရားရှင် ထပ်ကာထပ်ကာ သတိပေးထားတာကလည်း အတိတ်ခန္ဓာကို အစဉ်မလိုက်ရာ။ (အတိတ်ခန္ဓာသည် ဖြစ်ခဲ့ပြီးပြီ) အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ (အနာဂတ်ခန္ဓာသည်လည်း ဖြစ်မလာသေး) ပစ္စုပ္ပန်ပေါ် ဆဲဖြစ်နေသော ခန္ဓာငါးပါးဥာဏ်လည်း မတွယ်တာ မနစ်မွန်းရာတဲ့။ ပန်းသခင် ဒီတရားတော်တွေကို လိုက်နာလို့ကျင့်ကြံအားထုတ်နေပေပြီ။ အတိတ်ကဖြစ်ခဲ့တဲ့ဇာတ်ကြောင်းကို လှန်တွေးပြီးတော့ ဆွေးမနေ။ အနာဂတ်ခန္ဓာကိုလည်း မတောင့်တ၊ ပစ္စုပ္ပန်ပေါ် ဆဲခန္ဓာ (၅) ပါးကိုလည်း သတိပဋ္ဌာန်တရားလမ်းကြောင်းပေါ် တင်ပြီး ဖြစ်ပျက်မှုတွေကို ဝိပဿနာဉာဏ်နဲ့ကြည့်လို့ တွယ်တာနစ်မွန်းပြီးမနေတော့ပါ။

မီး (၁၁) ပါးဆိုတာ အခြားကလာတာမဟုတ်ပါ။ ကိုယ့်စိတ်ထဲကထွက်ပေါ် လာတာပါ။ ဒီမီးကို ငြိမ်းသတ်ဖို့အတွက် သတိပဋ္ဌာန်တရားတော်ကတာဝန်ယူပါတယ်။ သတိပဋ္ဌာန်တရားတော်လို ရှုမှတ်ပွားများနေတဲ့ ယောဂီဟာ -

၁။ စိတ်စင်ကြယ်မှုဖြစ်လာမည်။
၂။ ဝိုးရိမ်ပူပန်ငိုကြွေးခြင်းတို့မှ လွတ်မြောက်နိုင်မည်။
၃။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းတို့မှ ချုပ်ငြိမ်းလာမည်။
၄။ အရိယာမဂ်အဆင့်ဆင့်ရလာမည်။
၅။ နိဗ္ဗာန်ကိုမျှော်မှော်ပြုနိုင်မည်။

လို့ မြတ်စွာဘုရားရှင်ရဲ့သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ အာမခံချက်ပေးထားပါတယ်။ ဒီ (၅) ချက်ထဲက နံပါတ် (၄)နဲ့ နံပါတ် (၅) ကို ခဏဖယ်ထားလိုက်ပါဦး။ အလွန်မမီနိုင်သေးရင်တောင် နံပါတ် (၁)၊ (၂)၊ (၃) အချက်တွေနဲ့ ပြည့်စုံနေရင်ပဲ လောကီလူမှုရေးနယ်ပယ်မှာ ဘယ်လောက်နေထိုင်လို့ကောင်းလိုက်မလဲ။ တာ မှန်းဆတွက်ကြည့်နိုင်ပါတယ်။

စိတ်ဆိုတာ ခန္ဓာတစ်ခုလုံးအစွမ်းအရှိဆုံးပါ။ အာရုံ (၆) ပါးနဲ့ တိုက်ကွာနေတဲ့စိတ်ဆိုတာမရှိပါ။ စိတ်ကြယ်လှယ်နေကြတာကတော့ စေတသိကတရားတွေပါ။ စိတ်ချမ်းသာခြင်း၊ စိတ်မချမ်းသာခြင်းဆိုတာတွေက စေတသိကနဲ့တွဲမှဖြစ်လာတာပါ။ (ရေတာ သဘာဝအလျောက် ဖြူနေပေမယ့် အရောင်ဆိုးလိုက်လျှင် ဆိုးလိုက်သည့် အရောင်တိုင်းပြောင်းသွားသလိုပါပဲ။) စိတ်နားမှာအမဲကပ်ချောင်းနေတာက ကုသိုလ်စေတသိကအာရုံနဲ့အကုသိုလ်စေတသိကအာရုံတွေပဲ ဖြစ်ပါတယ်။ စိတ်ကိုလွှမ်းမိုးခြယ်လှယ်နေကြတာက စေတသိကတွေပဲပေါ့။ ပေါင်းတတ်ရင် စိတ်ရဲ့ကူဖော်ဖြစ်သလို မပေါင်းတတ်ရင် စိတ်ရဲ့လောင်းဘက်ပြန်ကာ စိတ်ကို မီးတောက်စေနိုင်ပါတယ်။ ဒါကြောင့် ပန်းသခင် ဒီစိတ်ကို သတိပဋ္ဌာန်တရားမြတ်နဲ့ အမြဲမပြတ် လုံလုံခြုံခြုံ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့အကြောင်းတရားကြောင့် ခုလိုမွန်မြတ်တဲ့ အကျိုးတရားရသွားတာပါ။ မပေါင်းတတ်တဲ့သူတွေအဖို့ကတော့ ချစ်သူနဲ့ကွဲကြလို့ ဘဝတွေပျက်ကြလေလွင့်ကြနဲ့ အများကြီးပါ။

အမြတ်ဆုံးတွေနဲ့ ပတ်သက်လို့ အာဠဝကရဲ့မေးမြန်းချက်ကို မြတ်စွာဘုရားရှင် ဖြေကြားလိုက်တာက ပညာဇီဝ ဇီဝတ မာဟုသေဋ္ဌံ (အသိလိမ္မာဉာဏ်ပညာဖြင့် အသက်ရှင်နေရခြင်းသည်သာ အမြတ်ဆုံးပါတဲ့။) ဒီအတိုင်းသာ ပန်းသခင် ဆက်ပြီး အသိလိမ္မာဉာဏ်ပညာတွေနဲ့အသက်ရှင်လို့ မြတ်ဗုဒ္ဓရဲ့ရင်ခွင်အတွင်း ဝိပဿနာတရားတော်ကို ဆက်လက်ကြိုးစား ရှုမှတ်ပွားများအားထုတ်သွားမယ်ဆိုပါက -

(အရှုခံက ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာ (၅) ပါး။ ရှုဉာဏ်က မဂ္ဂသစ္စာ၊ ဒီမဂ္ဂသစ္စာလမ်းကြောင်းပေါ်မှာ ဆက်ပြီးရှုမှတ်ပွားများနေရင် သမုဒယသစ္စာဘက် အာရုံမလှည့်ဖြစ်တော့တဲ့အတွက် သမုဒယသစ္စာကိုပယ်နိုင်သွားမှာဖြစ်တာကြောင့် နိရောဓသစ္စာကို အရှုဉာဏ်ဖြတ်တဲ့ မဂ္ဂသစ္စာကခေါ် သွားမှာပါ။ နိရောဓသစ္စာဆိုတဲ့အချိန်မှာတော့ နိရောဓသစ္စာ

www.burmeseclassic.com

ထင်ကျော်စွာ(ဂန္ဓိရဏ္ဍာ)
ဘယ်သက်ရောက်လျှင်အမှန် သူဌေးဖြစ်ဖို့အချိန်တန်

ယနေ့ဆယ်စုနှစ်တိုင်းတစ်ခုချင်း အစစအရာရာပြောင်းလဲနေသောကမ္ဘာကြီးတွင် ခေတ်ကာလအလျှောက် မှတ်ရလွယ်ကူသော အနောက်တိုင်း စကားဆိုတစ်ခု တင်ပြချင်ပါသည်။

'သင်သည် သမိုင်းကြောင်းမှ အောင်မြင်မှုများကို လေ့လာ ဆည်းပူးလျှင် အောင်မြင်မှုများထဲတွင် ပိတ်မိနေကိန်းရှိသည်'

ဟု ဒီဘိုးနိုးက ဆိုလေသည်။

မည်သည့်အရေးကိစ္စပင်ဖြစ်စေ အောင်မြင်ကျော်ဖြတ်ဖို့ဆိုလျှင် ကိုယ့်အရင် ရှေးကလူတွေဘယ်လိုလုပ်ယူခဲ့သလဲဆိုတာ အရင်လေ့လာရပေမည်။ သို့မှသာ အချိန်တိုတိုလိုရင်းရောက်ပါလိမ့်မည်။ လူအများစုကို မေးကြည့်ပါ။ သူဌေးမဖြစ်ချင်တဲ့သူရှိပါသလားဆိုလျှင် ရှိပါသည်ဟု ဖြေသူရှားပါလိမ့်မည်။ ယခု သူဌေးအမြန်ဖြစ်ရန် ကျင့်ကြံမှုလိုအပ်ချက်နှင့်တကွ သူဌေးအင်္ဂါ၊ အလတ်၊ အကြီးဖြစ်မည့် (၇) ရက်သားသမီးတို့၏ သက်တမ်းဇယားတို့ကို တင်ပြပေးပါမည်။ ကံကောင်းထောက်မလျှင် သင်သည် သူဌေးအမျိုးအစားတစ်ခုဝင်နိုင်သည့် သက်တမ်းနှင့် နီးစပ်မှုကြုံကာ ယခုပေးမည့်နည်းလမ်းများ ကျင့်သုံးခြင်းဖြင့် ရတနာပုံဆိုက်ကိန်းကြုံရပေတော့မည်။

ရှေးဦးစွာ စာရှည်များသို့ မိမိတို့ယ်ကို စိတ်အားမငယ်စေရန် တင်ပြလိုပါသည်။ ဟင်နရီဖို့ဒ်မှာ တစ်ခေတ်တစ်ချိန်တုန်းက ကမ္ဘာ့မော်တော်ကားလောကကို ဦးဆောင်သူတစ်ဦးပါ။ ကမ္ဘာကျော် ဟင်နရီဖို့ဒ်ဟာ ငယ်ငယ်က အင်မတန်ဆင်းရဲနွံချွတဲ့ဘဝနှင့် ကြီးပြင်းခဲ့ရသူပါ။ ကျောင်းစရိတ်မတတ်နိုင်သဖြင့် ကျောင်း၏ဝေယျာဝစ္စတွေကိုပင်ပန်းကြီးစွာလုပ်ကိုင်ပြီးမှ လုပ်အားခနှင့် စာသင်စရိတ်ကြေးစားခဲ့ရသည်။ အင်မတန်ချမ်းအေးသည့်ရာသီဥတုမှာ မီးလုံဖို့ကျောက်မီးသွေးဖိုး မတတ်နိုင်ခဲ့ပေ။သူတစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေတာကို လက်ဖဝါးချင်းနာနာပွတ်ပြီး အချမ်းဖြေခဲ့ရသူပါ။ အနွေးထည်တစ်ထည်ဝယ်ဖို့ မပြောနှင့်၊ တစ်နေ့တစ်နေ့ သူများလွှင့်ပစ်ထားတဲ့ အာလူးအပုပ်အရိတွေကနေ ပုပ်တဲ့ရိတဲ့နေရာကို လီးဖယ်ပြီး ကျန်တဲ့ အာလူးသားကိုမှ မီးဖုတ်ပြီး သူဝမ်းဗိုက်အနိုင်နိုင်ဖြည့်ခဲ့ရသူ။ လက်ရှိအခြေအနေနှင့် ငယ်စဉ်ကအခြေအနေနိုင်းယှဉ်ကြည့်လိုက်ပါ။ ပြီးထော့ သင်နှင့်ပေါ့။ ဘယ်နည်းနှင့်မဆို ယခု ဤစာရှည်သူက သာလွန်နေလောက်ပါသည်။ ဒါကြောင့် ဖို့ဒ်ဘယ်နည်းနှင့် ကြီးစားတယ်၊ ဘယ်လို အတွေးအခေါ်တွေကြောင့် ချမ်းသာကြွယ်ဝလာတယ်ဆိုတာကိုပဲ သဘောပေါက်ဖို့လိုပါသည်။ ဒါက ကိုယ့်ကိုယ်ကိုယ်တက်လှမ်းနိုင်ဖို့ အားဆေးတစ်ခုအဖြစ်သာ မှတ်သားပါဦး။

နပိုလီယံဟေးလ်ဆိုတဲ့လူရွယ်ဟာ ပထမဆုံးအတွေ့အကြုံအနေနှင့် 'ချမ်းသာကြွယ်ဝစေသော သဘောတရားစာအုပ်' ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုခေတ်က ရောင်းအကောင်းဆုံးစံချိန်တင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း (၃၀) ကျော် ရရှိခဲ့သည်။ ထုတ်ဝေသည့် အကြိမ်ပေါင်း တစ်ဒါဇင်ထက်မနည်း ပြန်လည်ထုတ်ဝေခဲ့ရာ ဒေါ်လာ သန်း (၅၀၀) ကျော်အထိရရှိခဲ့၏။ ထိုစာအုပ်တွင် ဖော်ပြသော 'ချမ်းသာကြွယ်ဝခြင်းဆိုတဲ့ ချုပ်ငြိမ်းခြင်းနဲ့အတူ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာတွေလည်း တစ်ပြိုင်တည်းချုပ်ငြိမ်းသွားပြီဖြစ်တဲ့အတွက် အဲဒီအချိန်ဟာ သစ္စာလေးပါး တစ်ပြိုင်တည်းဆုံစည်းဖြစ်တဲ့အချိန်ပဲဆိုတာ ဖြစ်သွားမှာပါ။)

ခု ပန်းသခင် ကြိုးစားလို့ တရားအားထုတ်နေတာ ဒီအဆင့်ကိုရောက်ရှိဖို့ ဦးတည်မျှားနေပြီရောလား။ ကျွန်တော်မမှီတ်မသုန်သော မျက်လုံးအစုံဖြင့် ကြည့်နေရင်း ကျွန်တော့်စိတ်သန္တာန်မှာ ဝိပဿနာအသိတွေဝင်ရောက်လာပြီး သုံးသပ်ဆုံးဖြတ်ဆန္ဒပြုမိလိုက်တာက -

သတိသမ္ဗဇ္ဈင် အမြဲယှဉ်သောစိတ်ဖြင့် မြတ်ဗုဒ္ဓ၏ရင်ခွင်အတွင်း အေးရိပ်၌ ထာဝရချွေးသိပ်သွားနိုင်ပါစေတော့ ပန်းသခင်ရယ်လို့။

❑

ကျွန်တော် ပန်းသခင်ကိုကြည့်ပြီး တရားသဘောတွေဆင်ခြင်နေလိုက်တာ ဘယ်လောက်ကြာသွားပြီဟု မခန့်မှန်းနိုင်တော့။ ကျွန်တော့်မြေး(၂)ယောက် ကျွန်တော့်နားရောက်လာပြီး တွေဝေးမောပြီး ပန်းသခင်ကိုကြည့်နေတဲ့ ကျွန်တော့်အား လက်တို့လိုက်မှ သတိတွေဝင်လာပြီး နေရာမှဖြည်းညင်းစွာထလို့ ပန်းသခင်ကိုကျောခိုင်းလိုက်ပါတော့သည်။ ပန်းသခင်ကတော့ ကျွန်တော် စတင်တွေ့ရှိခဲ့သည့်အနေအထားထက်ပင် ပို၍ပို၍ ခါးမတ်မတ်ခေါင်းတည့်တည့်နှင့် တရားတော်ထဲ နစ်မြုပ်နေလျက်။

ဘုရားကုန်းတော်ပေါ်က ကျွန်တော်တို့မြေးအဘိုးတွေဆင်းလာသောအခါ မြေးလေးတွေ ကျွန်တော့်ကိုမေးလာကြပြီပေါ့။

"ဘိုးဘိုး ဒီသီလရှင်ကိုစိုက်ကြည့်နေတာတစ်နာရီလောက်ကြာသွားတယ်။ သမီးတို့ဘိုးဘိုးကို အဝဲခတ်ကြည့်နေတာ သီလရှင်နဲ့ ဘိုးဘိုးသိလို့လား"တဲ့။

မြေးလေးတွေကို တကူယ်ဖြစ်ရပ်လေးနဲ့ လှုက်တွေ့ဆုံးမဖို့ ကျွန်တော် အခွင့်အရေးရသွားပါပြီ။ ဒါကြောင့် ကျွန်တော်နဲ့ပန်းသခင်တို့ရဲ့ဇာတ်လမ်းလေးကို အစမှအဆုံး မြေးလေးတွေကို ပြောပြလိုက်ပြီးနောက်-

"သမီးတို့လည်း သူလိုစိတ်ဓာတ်မျိုးအတုခိုးကြပါ"

လို့ ပန်းသခင်တစ်ယောက် မြတ်ဗုဒ္ဓ၏ ရင်ခွင်အတွင်း အငြိမ်းဓာတ်များဖြင့် ထာဝရချွေးသိပ်သွားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်။

(ကျောက်တန်းဘိုးဘွားရိပ်သာသို့ လာရောက် (MNTV) ရုပ်သံရိုက်ကူးကြသော ရုပ်သံလိုင်းမှ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။)

မြင့်သာသောင်းသင်

www.burmeseclassic.com

www.burmeseclassic.com

အတွက် နည်းလမ်း (၁၂) ချက်' ပါရှိလေသည်။ ထို (၁၂) ချက်မှ လက်တွေ့ မဖြစ်မနေလိုက်နာဆောင်ရွက်အပ်သည့် အချက် (၃) ချက် ဆက်လက်တင်ပြပေးပါမည်။

အမှတ်စဉ် (၄)အချက်တွင် -

□ စိုးရိမ်စိတ်ကင်းမဲ့ခြင်း

စိုးရိမ်စိတ်၊ သောကစိတ်အမျိုးအစားများအရ -

(၁) ဆင်းရဲမှာစိုးရိမ်ခြင်း၊
(၂) သူများအပြစ်ပြောမှာစိုးရိမ်ခြင်း၊
(၃) မမာမကျန်းဖြစ်မှာစိုးရိမ်ခြင်း၊
(၄) သူများမုန်းမှာစိုးရိမ်ခြင်း၊
(၅) မလွတ်လပ်မှာစိုးရိမ်ခြင်း၊
(၆) အိုမင်းမစွမ်းမှာစိုးရိမ်ခြင်း၊
(၇) သေရမှာ စိုးရိမ်ခြင်း

တို့ ဖြစ်သည်။

ထိုစိုးရိမ်စိတ်များရှိက ချမ်းသာကြွယ်ဝမှုမရရှိနိုင်ပါဟု ဆိုပါသည်။ ဒါကြောင့် စိုးရိမ်စိတ်လုံးဝကင်းမဲ့အောင် ဖျောက်ဖျက်ပစ်ရပါမည်။

အမှတ်စဉ် (၇) တွင် ဖော်ပြချက်မှာ 'စေတနာအကျိုးပေးခြင်း' ဖြစ်သည်။ 'စေတနာကောင်းလို့ ကံကောင်းသည်' ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားရပါမည်။ မြန်မာလူမျိုးတွေမှ အကြောင်းကြောင့် အကျိုးပေးတယ်လို့ ယုံတယ်မထင်ပါနှင့်။ အနောက်တိုင်းသားတွေမှာလည်း အယူရှိပါသည်။

ကိုယ့်လိုပဲ ချမ်းသာကြွယ်ဝစေချင်တဲ့ စေတနာ သဒ္ဓါတရားတွေဟာ ကိုယ့်ကိုပြန်ပြီး အကျိုးပေးမှာမလွဲပါဘူးတဲ့။ နောက်အချက် (၁၁) ဖြစ်တဲ့ 'သူတစ်ပါး အပေါ် နားလည်နိုင်ရန်လိုအပ်ခြင်း' ကို ရှင်းပြချင်ပါသည်။ သူတစ်ပါး၏အမှုအကျင့်စရိုက်တွေကို သဘောပေါက်နားလည်ထားရပါမည်။ လူတွေ၏ပဓာနကျတဲ့အချက်တွေအပေါ် မှာ မူတည်ပြီး ဆက်ဆံဆောင်ရွက်ရပါမည်။ အသေးစိတ်ရလျှင် တော်တော်လေးကျယ်ဝန်းပါသည်။ ဘာပဲဖြစ်စေ သိထားရမှာမို့ မှတ်တမ်းလေးလုပ်ပါ။ ကိုင်တွယ်ရတာ လွယ်လာပါလိမ့်မည်။

(၁) မေတ္တာခံစားမှု
(အားလုံးအပေါ် မှာတိုင်းတာပါ)
(၂) ဖို့-ခံစားမှု
(၃) မ-ခံစားမှု
(ထိစပ်နေသော လူပုဂ္ဂိုလ်အားလုံး)
(၄) စိတ်လွတ်လပ်မှု၊
(၅) ရုပ်ပိုင်းလွတ်လပ်မှု

(အောက်လက်ငယ်သားမကျန်တန်းတူပေါင်းဖက်သူများပါ)။
(၆) ဒေါသခံစားမှု၊
(၇) ကြောက်စိတ်ခံစားမှု
(ဖျောက်ဖျက်ပစ်နိုင်ဖို့ အရေးယူရန်)

အထက်ပါ (၇) ချက်ကို တန်းစီရေးမှတ်၍ (၎င်) သည် တစ်ချက်ချင်းနှင့် ညီညွတ်အောင်နေနိုင်ပြီထား။ ဘာပြင်ရမှာပါလဲလို့ ကောက်ချက်ချပါ။ သင်တိုးတက်လာပါလိမ့်မည်။ ချမ်းသာကြွယ်ဝခြင်းအတွက် နည်းလမ်း (၁၂) ချက်မှ လက်တွေ့ဆောင်ရွက်ရန်မှာ -

(၁) စိတ်ကောင်းထားခြင်း၊
(၂) ခန္တာကြံ့ခိုင်ခြင်း
(ကျန်းမာရေးထိန်းသိမ်းမှု)
(၃) ပေါင်းသင်းဆက်ဆံရေးပြေပြစ်ခြင်း၊
(၄) စိုးရိမ်စိတ်ကင်းခြင်း၊
(၅) အောင်မြင်မည့် အလားအလာမျှော်မှန်းချက်ရှိခြင်း၊
(၆) ယုံကြည်ချက်၊
(၇) စေတနာအကျိုး၊
(၈) လုပ်အားကို မြတ်နိုးတန်ဖိုးထားခြင်း၊
(၉) အရာရာပွင့်လင်းခြင်း၊
(၁၀) မမောက်မာအောင်ထိန်းသိမ်းခြင်း၊
(၁၁) သူတစ်ပါးအပေါ် နားလည်ခြင်း၊
(၁၂) တည်ဆောက်ဆဲ စီးပွား၊ ပညာလုံခြုံတောင့်တင်းခြင်း

တို့ ဖြစ်သည်။

ထိုစာအုပ်တွင် နဝိုလီယံဟေးလ်က အညွှာကိုကိုင်ပြထားသေးသည်။

ပထမဆုံးဖယ်ရှားရမည့်အချက် ဖြစ်သည်။ ယင်းမှာ ဖြစ်မှဖြစ်ပါ့မလားဆိုသည့် သံသယစိတ်ပင်။ ဟေးလ်၏ အသုံးအနှုန်းဖြင့်ပြောရလျှင် စတင်တီထွင်ဖြတ်သန်းသူသည် ကနဦးအစမှာ ကွင်းစိမ်းတစ်ခုရောက်သွားလေ့ရှိပါသည်။ ဒီလူတွေဟာ ဖြစ်မှဖြစ်ပါ့မလားဆိုသည့် ကွင်းစိမ်းကျော်ဖြတ်နိုင်ကြသည်။ ပမာပြပါစို့။ အယ်ဒီဆင်နှင့် ဖို့ဒ် နောက်ပြီးတော့ ရွှိက်ညီနောင်တို့သည် လျှပ်စစ်မီးသီး၊ ကားလုပ်ငန်း၊ လေယာဉ်တီထွင်မှုတွေမှာ ကွင်းစိမ်းကျော်ဖြတ်ခဲ့ကြရသည်။ သူဌေးဖြစ်ဖို့ အညွှာကို သိပြီးပါက နားလည်နေရမည့်အသိတစ်ခုလိုပါသည်။ ရောင်ပြန်ဟပ်နိယာမဖြစ်ပါသည်။

အီမာဆန်းဆိုသော ပညာရှင်ကဤသို့ တိုက်တွန်းပါသည်။

'ဘာပဲဖြစ်ဖြစ် သင့်အနေနှင့် တစ်ခုခုကို ပြုလုပ်ဆောင်ရွက်လိုက်တိုင်း သင်သည် လုပ်ဆောင်မှုစွမ်းအင် တထစ်ချရပါလိမ့်မည်'

ဟုပင် ဖြစ်သည်။

ရောင်ပြန်ဟပ်မှုနိယာမ ဆိုတာ ဒါပါပဲ။ လုပ်ရဲဖို့၊ လုပ်ဖြစ်ဖို့ပဲလိုပါသည်။ ရှေ့ဆက်ပြီး ဘယ်လိုကျင့်သုံးရမည်ဆိုသည်ကို ရှင်းပြပါမည်။ စကားပြောခြင်း ပြောရသော် နေဥစ္စာချမ်းသာကြသူများဟာ အခြားလူများရဲ့ ကူညီဆောင်ရွက်မှုမပါဘဲနှင့်ဖြစ်မလာကြပေ။ တစ်နေရာကတစ်နေရာ ရွှေ့လျားကူးပြောင်းဖို့မလွယ်ဆွဲရခဲ့ရတာတွေရှိနေမှာ ဖြစ်သည်။ ဘယ်လိုလွယ်ဆွဲယူပြီး ဘယ်လိုလွယ်ဆွဲပြီးပြန်ပေးရသလဲဆိုတာ ရှင်းပြချင်ပါသည်။

သေသေချာချာ သဘောသရုပ်ပေါက်အောင် နားလည်ဖို့ အရေးကြီးပါသည်။ အလွတ်ကျက်မှတ်ထားစေချင်ပါသည်။ ပြီးတော့ သင်လိုလားသူတစ်ဦးစနစ်ဦးကို ပြန်ပြောရပါမည်။ မှတ်မိသွားသလား သင်ကိုယ်တိုင်လည်း (၎င်) သူများကို ဆရာလုပ်ပြီးပြီ။ တကယ်ဆရာဖြစ်အောင်လုပ်ရမှာပါလားလို့ သတိရလိုက်ပါ။ အလွတ်ကျက်မှတ်ရမှာကတော့ သည်လိုပါ။

□ လူချမ်းသာတွေဟာ လက်နှစ်ဖက်ကိုသုံးပြီး လှေကားတက်ကြပါသည်။ သူ့လက်တစ်ဖက်က အပေါ် ကို ရောက်နေတဲ့လူကိုလှမ်းဆွဲပြီး အထက်ကိုဆက်တက်ဖို့ပါ။ ကျန်တဲ့လက်တစ်ဖက်ကတော့ မိမိနည်းတူ အောက်ကတက်လာတဲ့သူကို လှမ်းဆွဲပြီးကူညီဖို့ပဲ ဖြစ်သည်။

သူဌေးဖြစ်နည်းလမ်းတို့နှင့် ခုနစ်ရက်သားသမီးတို့ သူဌေးဖြစ်နိုင်မည့် အသက်အပိုင်းအခြားတို့ကို ကျွန်ုပ်အနေဖြင့် ဆက်လက် တင်ပြပေးပါမည်။ ရေရာသေချာသော လောကီနည်းပညာတစ်ရပ်ဖြင့် တွက်ချက်တင်ပြပေးပါကြောင်း မိုးရွာဒေသမှ ဝန်ခံပါသည်။

နဝိုလီယံဟေးလ်၏စာအုပ်အပြင် မှတ်သားဖွယ်ရာ အလွန်ကောင်းသော အဆိုအမိန့်ကိုရှာဖွေစုဆောင်း၍ စာချစ်ပရိသတ်သို့ လက်ဆင့်ကမ်းမျှဝေလိုပါသည်။ ကျွန်ုပ်အနေဖြင့် အနောက်တိုင်း အဆိုအမိန့်အချို့ ဆွဲထုတ်တင်ပြရခြင်းမှာ အနောက်တိုင်းအယူဝါဒများအားလုံးသွတ်သွင်းလိုရှိ ရေးသားခြင်းဟု အပြင်မမှားစေချင်ပါ။ မြန်မာသုံး၊ ကမ္ဘာသုံး အားလုံးခြုံမိစေချင်သောစေတနာမေတ္တာ

www.burmeseclassic.com

သူဌေးဖြစ်အသက်ငယ်း

နေ့သား	သူဌေးကြီး	သူဌေးလတ်	သူဌေးငယ်
တနင်္ဂနွေ	၆၊ ၄၈၊ ၇၉၊ ၈၆၊ ၈၇၊ ၉၃၊ ၁၀၀၊ ၁၀၁၊ ၁၀၈	၅၆၊ ၆၃၊ ၇၀	၄၀၊ ၇၁၊ ၇၈၊ ၉၂
တနလာ	၃၁၊ ၆၂၊ ၆၉၊ ၈၁၊ ၁၀၀	၇၀၊ ၇၇၊ ၈၄၊ ၉၁	၃၉၊ ၄၇၊ ၅၃၊ ၅၄၊ ၆၁၊ ၇၈၊ ၉၂၊ ၉၉
အင်္ဂါ	၃၀၊ ၃၇၊ ၄၄၊ ၄၇၊ ၅၈၊ ၈၃	၁၄	၂၂၊ ၃၆၊ ၅၃၊ ၆၀၊ ၆၃၊ ၆၇ ၈၄၊ ၉၅၊ ၈၂
ဗုဒ္ဓဟူး	၁၁၊ ၄၄၊ ၅၁၊ ၅၂၊ ၆၅၊ ၆၆၊ ၇၃	၂၁၊ ၂၈၊ ၃၅၊	၅၊ ၃၆၊ ၄၃၊ ၇၄
ကြာသပတေး	၂ ၉၊ ၁၀၊ ၁၇၊ ၄၈၊ ၈၃	၉၁	၁၊ ၁၃၊ ၁၈၊ ၂၅၊ ၂၆၊ ၃၉၊ ၄၀၊ ၄၄၊ ၄၇
သောကြာ	၆၊ ၁၃၊ ၆၅၊ ၇၃၊ ၇၉၊ ၈၀၊ ၈၇၊ ၁၀၄	၃၅၊ ၄၆၊ ၅၆	၄၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၆၊ ၅၀၊ ၅၂
စနေ	၂၇၊ ၃၄၊ ၄၈၊ ၁၀၀၊ ၁၀၈	၃၅၊ ၄၆၊ ၅၆	၄၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၆ ၅၀၊ ၅၂
ရာဟု (နေ့၁၂ နာရီ ဗုဒ္ဓဟူးဖွား)	၉၊ ၂၃၊ ၃၀၊ ၆၈၊ ၇၇၊ ၁၀၀	၁၄၊ ၁၀၅	၁၊ ၂၅၊ ၂၂၊ ၃၄၊ ၉၆

အရင်းခံသာ ဖြစ်ပါသည်။ ကွက်ကွက်ကွင်းကွင်းနှင့်မြင်စေလိုသောဆန္ဒကို သဘောပေါက်ကြလျှင်ဖြင့် တင်ပြရကျိုးနပ်မည်ထင်ပါသည်။

လွန်ခဲ့သော နှစ် (၂၀) ခန့်က ဟောခန်းဖွင့်၍ဟောပြောစဉ် မြန်မာဗေဒင်၊ ကမ္ဘာသုံးဂဏန်းဗေဒင်၊ တရုတ်ဖန်ရှိး (ခေါ်) ဖုန်းရွှေဗေဒင်တို့နှင့်ပါ ဟောပြောပေးခဲ့၍ ပရိသတ်က 'စုံလင်တော့ အကုန်မြင်တာပေါ့ဆရာရယ်' လို့ ပြောစမှတ်ပြုသလိုပါပဲ။

က - မှတ်သားဖွယ်ကောင်းတဲ့ အဆိုအမိန့်ပြောပြရအောင်။

"ခင်ဗျားကို ပြန်မပေးနိုင်မယ့်လူ တစ်ယောက်ကို ခင်ဗျားတစ်ခုခုလုပ်မပေးခဲ့ဘဲနှင့် သည်နေ့ ခင်ဗျား ယခုလို အောင်မြင်နေမှာမဟုတ်ပါဘူး"

ဂျွန်ဘန်းယန်က ဆိုခဲ့ပါသည်။

က - ဘယ်နှယ့်ရှိပါစ။ နောက်ကြားဖူးအောင်ပြောပြချင်ပါသည်။

"ခင်ဗျားအတွက် ဘာမှပြန်မပေးနိုင်တဲ့လူအတွက် ခင်ဗျားလုပ်ပေးရင် ခင်ဗျား (မီးဖင်စ်ရွှေလက်) တကယ်ရတော့မှာပဲ"

က - ဒါတွေကိုမှတ်သားမိပြီဆိုလျှင်တော့ ပုံဝတ္ထုတိုလေးတစ်ပုဒ်ကို နာကြားပြီး မေတ္တာတရား၏ရောင်ပြန်ဟပ်မှုအကြောင်းတရား မှတ်သားလိုက်ကြရအောင်လား။

တစ်ခါတုန်းကပေါ့။ ပစ်(စ်)ဘာ့(ဂ်)မြို့တော် ကုန်တိုက်တစ်ခုထဲကို အိုမင်းတဲ့မိန်းမကြီးတစ်ယောက်ဝင်လာသည်။ အရောင်းကောင်တာကို တစ်ခုပြီးတစ်ခု လျှောက်ကြည့်နေပါသည်။ အရောင်းဝန်ထမ်းတွေကတော့ လုံးဝရှုမစိုက်ပါ။ ခပ်နွမ်းနွမ်းဆိုတော့ စပ်စုမေးမှာကြောက်ကြပုံပဲ။ ကောင်တာတစ်ခုက လူငယ်လေးတစ်ယောက်ကတော့ အပြုံးနှင့် နှုတ်ခွန်းဆက်သည်။ ဖော်ရွေစွာမေးသည်။ ကိစ္စမရှိပါ။ အပြင်မှာမိုးရွာနေလို့ မိုးခိုရုံသက်သက်ပါတဲ့။ လူငယ်ကလေးက ဂုလားထိုင်တစ်ခုချပေးလို့ နားခိုအပြီး ယုယုယယတွဲကိုင်၍ ပလက်ဖောင်းအထိပို့ပေးခဲ့သည်။ သည်အမျိုးသမီးကြီးက အရောင်းစာရေးလူငယ်ရဲ့ အမည်လိပ်စာတောင်းပြီး ပြန်သွားပါသည်။

သည်လိုနှင့် လအနည်းငယ်ကြာတော့ ကုန်တိုက်ပိုင်ရှင်ထံ သူဌေးကြီး အင်ဒရူးကာနယ်ဂီဆီက စာရောက်လာပါသည်။ စာထဲမှာ အရောင်းစာရေးလူငယ်ကို စကော့တလန်ရဲတိုက်ကြီးပြင်ဖို့၊ တန်ဖိုးရှိတဲ့အလုပ်ပေးဖို့ပါတဲ့။ အဲဒီရဲတိုက်ကြီးရဲ့ အစုရှယ်ယာဝင်ဟာ သူခဲ့ချပေးခဲ့တဲ့ အမျိုးသမီးကြီးပါပဲ။ အစုရှယ်ယာရဲ့ငါးဆယ်ရာခိုင်နှုန်းကို လူငယ်လေးကိုခွဲပေးပါသေးသည်။ သည်အမျိုးသမီးကြီးကတော့ သံမဏိသူဌေးကြီး ကာနယ်ဂီရဲ့အမေဖြစ်ပါသတဲ့။

ကျွန်ုပ်ပြောလိုသည်မှာ -

ချမ်းသာကြွယ်ဝသူဖြစ်ဖို့ဆိုလျှင် လူအများအပေါ်မှာ သန့်စင်တဲ့မေတ္တာတရားထားရပါလိမ့်မည်။

လောကီနည်းဖြင့် နောက်ဆုံးမှတ်ဖို့ကတော့ သူဌေးဖြစ်မယ့် အသက်ငယ်းပါ။

ကြံဆောင်ကာတွေးအကြံပေး
သူဌေးဖြစ်ကြပါစေဟော်
ထင်ကျော်ရှား (ကဗ္ဗဒေသ)

www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းကောင်းဖြစ်ရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းရေး

မောင်မြင့်ဘွား(မော)

ဧတဒဂ္ဂဆရာတော်ထံ ရဟန်းခံပြီးနောက် တရားအားထုတ်နေသော ဦးကုသထ (ဦးဆေဝင်)

မွန်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ဖိတ်ကြားလို့ ၂၄-၁၀-၂၀၁၆ ရက်နေ့က ကျွန်တော် ဟောပြောပွဲတစ်ခု ဒုတိယအကြိမ် သွားပြောပေးခဲ့ရတယ်။ ပထမတစ်ခါ ဟောပြောခဲ့တုန်းက အပြည်ပြည်ဆိုင်ရာအဖျိုးသမီးများနေ့ အထိမ်းအမှတ်အနေနဲ့ ကျား-မ တန်းတူမတူဆိုတဲ့ခေါင်းစဉ်နဲ့ပါ။ ဒီတစ်ခါပြောရမယ့် 'ဝန်ထမ်းများ ပြည်သူ့အကျိုးထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေနှင့် အဂတိလိုက်စားမှုကင်းရှင်းရေး'ကို ဘာအတွက်ပြောပေးရမှာလဲဆိုတော့ ပြည်နယ်ဦးစီးမှူးက အခုလိုရှင်းပြပါတယ်။

ပြီးခဲ့တဲ့လက ပြည်နယ်တိုင်းအသီးသီးက ဌာနဆိုင်ရာအရာရှိတွေနေပြည်တော်မှာလုပ်တဲ့ Workshop တစ်ခုသွားတက်ရတယ်။အခုပေးထားတဲ့ခေါင်းစဉ်နဲ့ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြတယ်။ ကိုယ့်ပြည်နယ်တိုင်းကိုပြန်ရောက်သွားတဲ့အခါ ကိုယ့်ဌာနတွေမှာ ဒီခေါင်းစဉ်နဲ့ပဲ Workshop တွေလုပ်ဖို့ ညွှန်ကြားချက်ရှိပါတယ်။ မွန်ပြည်နယ်မှာ တခြားဘယ်ဌာနမှ ဒီ Workshop ကိုမလုပ်ကြသေးဘူး။ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး လုံးဝကင်းရှင်းပါတယ်လို့ မဆိုနိုင်တောင် အနည်းဆုံးလို့ပြောနိုင်တဲ့ ကျွန်တော်တို့ ဌာနက အရင်ဆုံးစလုပ်တာပါ။ ဆရာဟောပြောပွဲပြီးရင် ဝန်ထမ်းတွေအစုခွဲပြီး ဆွေးနွေးကြပါမယ်။ ဆွေးနွေးပွဲရလဒ်တွေကို စုစည်းပေါင်းစပ်ပြီး အထက်ကို ပြန်တင်ပြရမှာပါ"

ဒီဟောပြောပွဲအကြောင်းကြားတဲ့ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးစွဲရှိတဲ့ မော်လမြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးကလည်း သူဌာနမှာလည်း ဒီအကြောင်းပြောပေးဖို့ဖိတ်လို့ ၃၁-၁၀-၂၀၁၆ရက်နေ့မှာ သွားပြောပေးခဲ့တယ်။ ဟောပြောပွဲဖိတ်တုန်းက 'ကျွန်တော့်ဌာနကဝန်ထမ်းတွေကို ဒုတိယခေါင်းစဉ်နဲ့ ပတ်သက်လို့ သိပ်တောင်ပြောစရာမလိုပါဘူး'လို့ပြောခဲ့ပါတယ်။ ကျွန်တော့်ကိုဖိတ်ကြားခဲ့တဲ့ ဒီဌာနအကြီးအကဲနှစ်ဦးရဲ့ သူတို့ဌာနအပေါ် တာဝန်ခံပြောဆိုနိုင်မှုကို ကျွန်တော်ဖြင့် အလွန်လေးစားမိပါတယ်။

ဒီဟောပြောချက်နှစ်ခုကိုပေါင်းပြီး စာပြန်ရေးပါတယ်။ ဟောပြောချက်တွေကို စာပြန်ရေးတတ်တဲ့ ကျွန်တော့်ကို ရေးဖော်ဘော်ဒါတွေက နှစ်သီးစားလို့ ကျိစယ်ကြပါတယ်။ နှစ်သီးမကလို့ သုံးလေးသီးစားရရင်လည်း ကောင်းတာပဲ မဟုတ်ပါလား။

❑

အားလုံးပဲ မကောင်းမှုရှောင် ကောင်းမှုဆောင်ခြင်းဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။

❑အလုပ်ရုံဆွေးနွေးပွဲ

အရင်ဆုံး Workshop ဆိုတာကို 'ဆွေးနွေးပွဲ'လို့မဆိုဘဲ ဘာဖြစ်လို့ 'အလုပ်ရုံဆွေးနွေးပွဲ'လို့ နာမည်တပ်သလဲဆိုတာကို စဉ်းစားကြည့်ရအောင်ပါ။ ဝပ်ရှော့လို့ပြောလိုက်တာနဲ့ဘာကိုပြေးမြင်သလဲ။

"မော်တော်ကားဝပ်ရှော့"

ကားပျက်ရင် ဝပ်ရှော့ပို့တယ်။ ဘယ်နေရာကပျက်တယ်ဆိုတာ အဖြေရှာပြီးကောင်းအောင်ပြင်တယ်။ လဲဖို့လိုမယ့်ပစ္စည်းတွေလဲမယ်။ ကားထိခိုက်လို့ ပိန်သွားချိုင့်သွားရင် ဘော်ဒီထုတဲ့ အလုပ်ရုံကိုပို့ပါတယ်။ ကားကတော့ မပျက်ပါဘူး။ မောင်းလို့ရနေပါတယ်။ ဒါပေမယ့် ကြည့်မကောင်းလို့ ကြည့်ကောင်းအောင်ထုရပါတယ်။ တစ်ခုသတိထားရမှာက နာအောင်တမင်ထုတာမဟုတ်ပါဘူး။ ကြည့်ကောင်းလာအောင်ထုတာဖြစ်တယ်။ ဒီထုတယ်ဆိုတဲ့ စကားလုံးသုံးရတာ သိပ်တော့မကောင်းပါဘူး။ ဒါကို ကျွန်တော်က 'ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူမှု' လို့မြင်ပါတယ်။ ပျက်နေတာကို ပြင်ရအောင်လို့ သတိပေးခြင်းဖြစ်ပါတယ်။

ဘော်ဒီထုပြီးရင် ပြီးပြီလား။ ဘယ်ပို့ရသေးလဲ။

"ဆေးမှုတ်တဲ့ရုံကိုပို့ရပါတယ်"

အဲဒါက 'ဌာနတွင်းမှမြင်ခဲ့သင်တန်းတွေ၊ ဆုကြေးနှင့်ဂုဏ်ထူးဆောင်ဆုခံမြင့်တား၊ ရာထူးတိုးပေးတာ'တွေပါပဲ။ ဒါကြောင့် အလုပ်ရုံဆွေးနွေးပွဲဆိုတာ ပျက်နေတာကို ကောင်းအောင်ပြင်ဖို့၊ ကောင်းနေရင်လည်း ပိုပြီးကြည့်ကောင်းအောင်မွမ်းမံဖို့ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြတာ ဖြစ်ပါတယ်။ ဒီကနေ့ ဟောပြောပွဲကို ကျွန်တော် အခုပြောခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲ Workshop တစ်ခုလို သဘောထားရင် ကျွန်တော်တို့အားလုံးရဲ့အချိန်ကုန်ရက်ဖျိုးနပ်မယ်ထင်ပါတယ်။

ပထမခေါင်းစဉ်ဖြစ်တဲ့ ဝန်ထမ်းများ ပြည်သူ့အကျိုး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုတာကို ပိုပြီးကျစ်လျစ်သွားအောင် ဝန်ထမ်းကောင်းဖြစ်ရေးလို့ ခေါင်းစဉ်တပ်ချင်ပါတယ်။ ပြည်သူ့အကျိုး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်တတ်တဲ့ ဝန်ထမ်းတွေဟာ ဝန်ထမ်းကောင်းတွေပဲ ဖြစ်ပါတယ်။

❑ဝန်ထမ်းဟူသည်

'ဝန်ထမ်း' ဆိုတာကို အဘိဓာန်က အစိုးရအမှုထမ်းလို့ ဖွင့်ဆိုပါတယ်။ အင်္ဂလိပ်လိုပြောရင်တော့ Government servant ပေါ့။ ဒီမိုကရေစီခေတ်မှာ အစိုးရကို ဘယ်သူက ရွေးကောက်တင်မြှောက်တာလဲ။

www.burmeseclassic.com

www.burmeseclassic.com

"ပြည်သူကပါ"

ဟုတ်ပါတယ်။ ပြည်သူက ပြည်သူကို ကိုယ်စားပြုဖို့ တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရဟာလည်း ပြည်သူဝန်ကို ထမ်းရတဲ့ ပြည်သူ့ဝန်ထမ်း (Public servant) ပဲဖြစ်တယ်။ ဒါကြောင့် အစိုးရဝန်ထမ်းဆိုတာနဲ့ ပြည်သူ့ဝန်ထမ်းဆိုရာမှာ ဘယ်ဟာက ပိုပြီးအဓိပ္ပာယ်ရှိသလဲ"

"ပြည်သူ့ဝန်ထမ်း"

'ပြည်သူကြားက ပေါက်ဖွားလာတဲ့ပြည်သူတစ်မတော်သည် ပြည်သူနှင့် တစ်သားတည်းရှိနေရမည်' ဆိုတာ ကြားကောင်းအောင်ပြောတာမျိုး မဟုတ်ဘဲ တကယ်ရှိနေရမှာဖြစ်သလို ပြည်သူ့ဝန်ထမ်းဆိုတာလည်း ပြည်သူနှင့်တစ်သားတည်းရှိနေမှာဖြစ်ပါတယ်။ ဝန်ထမ်းဆိုတာလည်း ပြည်သူပဲဖြစ်လို့ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်ခြင်းဟာ ကိုယ့်အကျိုးကိုကိုယ်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

ဝန်ထမ်းဆိုတာကို အခုလို အဓိပ္ပာယ်ဖွင့်ပြီး စဉ်းစားကြည့်ရအောင်ပါ။

ဝန်ထမ်းများသည် 'ပြည်သူများ'၏ ဝန်ကို ပေါ့ပါးသွားစေရန် ထမ်းဆောင်ပေးရသူများ၊ ပြည်သူများ၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနေရသူများဖြစ်သည်။ အခု ဒီအခမ်းအနားတက်ရောက်လာသူတွေထဲမှာ သားသမီးမရှိကြဘူးလား"

"ရှိပါတယ်"

"ကိုယ့်သားသမီးကို ကိုယ်တိုင်စာသင်ပေးနိုင်ရဲ့လား"

"မပေးနိုင်ပါဘူး"

"ဒီတော့ ကိုယ့်သားသမီးတွေ စာသင်ဖို့ ဘယ်သူတွေဆီအပ်ရသလဲ"

"ဆရာ၊ ဆရာမတွေဆီ အပ်ရတယ်"

"ဆရာ၊ ဆရာမတွေကလည်း သားသမီးတွေနေမကောင်းဖြစ်တဲ့အခါ ဘယ်သူ့ဆီသွားရသလဲ"

"ဆရာဝန်၊ ဆရာမတွေဆီသွားရတယ်"

"ဒီလိုနည်းနဲ့ ပြည်သူအားလုံးဟာ သူဝန်ကိုယ့်ဝန်အလှည့်ကျထမ်းနေကြရတာပဲဖြစ်တယ်"

□ ဝန်ထမ်းကောင်းဖြစ်ရေး

"ဝန်ထမ်းကောင်းဖြစ်ရေးအတွက် လိုအပ်တဲ့အချက်လေးတွေ တစ်ခုချင်း စဉ်းစားကြည့်ရအောင်ပါ။

၁။ တာဝန်ရှိမှု - ဌာနတစ်ခုမှာပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့တစ်ခုခုမှာပဲဖြစ်ဖြစ် အဆင့်တိုင်းမှာ သတ်မှတ်ထားတဲ့ တာဝန်တွေရှိကြပါတယ်။ တာဝန်ရှိမှုဟာ အရေးကြီးပါတယ်။ အဲသလိုမှ မသတ်မှတ်ထားရင် ဘာတာဝန်မှမရှိသလိုနေတဲ့သူတွေ များလာပါမယ်။ 'တာဝန်ရှိမှု' တွေအားလုံးထဲမှာ အရေးအကြီးဆုံးက 'ဌာနတစ်ခုရဲ့ ကောင်းကျိုးဆိုးကျိုးသည် အဲဒီဌာနက ဝန်ထမ်းအားလုံးမှာ တာဝန်ရှိသည်' ဆိုတာပါပဲ။

၂။ တာဝန်သိမှု - တာဝန်ရှိမှုအပေါ် တာဝန်သိမှုကမလိုက်လာပြန်ရင်လည်း တာဝန်မရှိတာနဲ့ အတူတူပဲဖြစ်ပါတယ်။ တာဝန်သိမှုထဲမှာ ကိုယ်လုပ်ရမယ့်အလုပ်ကို သိခြင်းအပြင် လုပ်ဖော်ကိုင်ဖက်တွေရဲ့တာဝန်ကို သိခြင်းလည်းပါပါတယ်။ ဒါမှလည်း သူတာဝန် ကိုယ့်တာဝန်ခွဲခြားပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်ဒီအချက်ကိုပြောရတာလဲဆိုရင် တချို့လူတွေဟာ ကိုယ်နဲ့မဆိုင်တဲ့ တခြားလူတွေရဲ့ လုပ်ငန်းတာဝန်တွေမှာဝင်ပြီး စွက်ဖက်တတ်လို့ပါ။ ဒီနေရာမှာစွက်ဖက်တာနဲ့ ကူညီတာမတူဘူးဆိုတာကို ခွဲခြားနားလည်ဖို့လိုပါတယ်။

ဝန်ထမ်းကောင်းဖြစ်ရေးမှာ အခုပြောခဲ့တဲ့ 'တာဝန်ရှိမှု' နဲ့ 'တာဝန်သိမှု' ဟာ အခြေခံအားဖြင့် အရေးအကြီးဆုံးဖြစ်တယ်။ တာဝန်ရှိမှုကို လေးလေးနက်နက်သိရပါမယ်။

၃။ တာဝန်ယူမှု-တာဝန်ရှိတာကို တာဝန်သိတဲ့အတိုင်း တာဝန်ယူဖို့လိုပါတယ်။ တာဝန်ယူတယ်ဆိုတာ အလုပ်တာဝန်ခွဲဝေယူခြင်း ဖြစ်ပါတယ်။ သစ်ပင်တစ်ပင်မှာ ပဉ္စင်းပါးလို့ခေါ်တဲ့ အစိတ်အပိုင်း (၅)မျိုးရှိတယ်လို့ဆိုတယ်။ အပင်တစ်ပင်ရဲ့ အောက်ဆုံးအပိုင်းက စပြီး ပြောကြည့်ရအောင်ပါ။ ဘာတွေလဲ။

"အမြစ်၊ ပင်စည်၊ အရွက်၊ အပွင့်၊ အသီး"

အပင်တစ်ပင်ရှင်သန်ကြီးထွားဖို့ အတွက် အမြစ်မှာလည်း အမြစ်တာဝန်၊ အရွက်မှာလည်း အရွက်တာဝန်ဆိုပြီး အားလုံး တာဝန်ကိုယ်စီရှိကြပါတယ်။ အမြစ်မသန်ရင် အပင်မသန်သလို၊ ပင်စည်တို့ အရွက်တို့ ခြောက်သွားရင်လည်း အပင်သေတာပါပဲ။

၄။ တာဝန်ကျေပွန်မှု - တာဝန်ရှိတာကို တာဝန်သိတဲ့အတိုင်း တာဝန်ယူပြီးရင် အဲဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ဖို့လိုလာပါတယ်။ မိမိလုပ်ရမယ့်အလုပ်တာဝန်တွေကို ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဟာ တာဝန်ကျေပွန်ခြင်းပဲ ဖြစ်တယ်။ တာဝန်ကျေဖို့ဆိုရင် တာဝန်ကို စိတ်ပါလက်ပါ ထမ်းဆောင်ရမှာဖြစ်တယ်။

၅။ တာဝန်ခံမှု - ဘယ်အလုပ်မှာပဲဖြစ်ဖြစ် တာဝန်ခံမှုဟာ အမြင့်မားဆုံး ဂုဏ်သိက္ခာပဲဖြစ်တယ်။ ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက်ဟာ သူ့ဌာနကို အပြည့်အဝ တာဝန်ခံရပါတယ်။ ကိုယ့်အလုပ်ကို ကိုယ်တာဝန်ခံတဲ့သူဟာ လုပ်ငန်းမှာ အပြစ်အနာအဆာ ချို့ယွင်းချက်ရှိခဲ့ရင် ဘယ်သူ့ကိုမှ လက်ညှိုးမထိုးအပြစ်မဖို့ပါ။ တာဝန်ခံမှုဟာ အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်မှာသာရှိတာမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲရှိပါတယ်။ စက်ရုံတစ်ခုမှာ လုပ်သားများ (ဖိုမင်) က လုပ်သားတွေကို တာဝန်ခံရသလို ဌာနမှူးက သူ့ဌာနကို တာဝန်ခံရပါတယ်။ စက်ရုံမှူးကတော့ စက်ရုံတစ်ခုလုံးကို တာဝန်ခံရပါတယ်။

ဝန်ထမ်းကောင်းဖြစ်ရေးအဆင့်တွေကို ပြန်တွေးကြည့်ရင် အရင်ဆုံးက တာဝန်ရှိမှု၊ ပြီးရင်တာဝန်သိမှု၊ အဲဒီနောက်မှာ တာဝန်ယူမှု၊ တာဝန်ကျေပွန်မှု၊ တာဝန်ခံမှုတို့ရှိရမှာဖြစ်ပါတယ်။

တောင်ကိုးရီးယားနိုင်ငံမှာ သင်္ဘောနစ်မြုပ်တုန်းက လေ့လာရေးခရီးထွက်လာတဲ့ ကျောင်းသူကျောင်းသား (၂၀၀) သေဆုံးခဲ့တယ်။ အဲဒီခရီးကို ဦးဆောင်ခေါ်လာတဲ့ကျောင်းဆရာဟာ သူကိုယ်သူသတ်သေသွားတယ်။ အမြင့်မားဆုံးတာန်ခံမှုပါပဲ။ ပညာရေးဝန်ကြီးကလည်း ရာထူးကနုတ်ထွက်သွားခဲ့တယ်။ ကျွန်တော်တို့ဆီမှာ အဲသလို တာဝန်ခံမှုမျိုးရှိရဲ့လား။

□ ခွေးခေါင်းထုတဲ့ကိုဇာပု

ဝန်ထမ်းကောင်းဆိုတဲ့ခေါင်းစဉ်ကို စဉ်းစားလိုက်တာနဲ့ ကျွန်တော့်ခေါင်းထဲ အရင်ဆုံးပေါ် လာတာက လမ်းစဉ်ပါတီ ခေတ်က ရှေ့သို့စာစောင်တစ်ခုမှာပါတဲ့ ခွေးခေါင်းထုတဲ့ ကိုဘပုအကြောင်းပါပဲ။ ကိုဘပုဟာ မီးရထားဌာနက အောက်ခြေကာယလုပ်သားတစ်ဦး ဖြစ်တယ်။ သူ့တာဝန်က မီးရထားသံလမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးရပြီး ဇလီဖားတုံးမှာ မြဲနေအောင်ကုပ်ထားရဲ့ သံစို့တွေ ကြွတက်နေတာတွေ့ရင် ဘယ်ပေါင်တူကြီးနဲ့လိုက်ထုရတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

သံစိုကို ဘေးတိုက်ကြည့်ရင် ခွေးခေါင်းနဲ့ တူလို့ မီးရထားလောကမှာ ခွေးခေါင်းလို့ နာမည်ပေးထားတာ ဖြစ်တယ်။

တစ်နေ့မှာ ကိုဘပုဟာ ခွေးခေါင်းတွေကို အားနဲ့မာန်နဲ့လိုက်ထုရင်း တစ်နေရာအရောက်မှာ သူထုလိုက်တာ ရထားသံလမ်းဟာ နှစ်ခြမ်းကွဲထွက်သွားပါတယ်။ သက်ဆိုင်ရာကို သတင်းပို့ပြီး သံလမ်းကို အရေးတကြီးပြန်ပြင်လိုက်ရ ချိန်မှာ လုပ်ဖော်ကိုင်ဖက်တွေက ကိုဘပု တစ်ယောက်တော့ သံလမ်းကိုကွဲအောင် ထုလို့ အရေးယူခံရတော့မှာပဲလို့ ပြောဆိုကြပါတယ်။

နှစ်ပတ်လည်ဝန်ထမ်းစုံညီအစည်းအဝေးမှာ လူကြီးတွေက ကိုဘပုကို ဆုငွေနဲ့ ဝန်ထမ်းကောင်းလက်မှတ် ချီးမြှင့်ပါတယ်။ ကိုဘပုဟာ သူ့တာဝန်ကို မလစ်ဟင်းစေရဘဲ အားသွန်ခွန်စိုက် ထမ်းဆောင်ခဲ့လို့ နဂိုက အက်ရာရှိနေတဲ့သံလမ်းဟာ ကွဲသွားတာဖြစ်တယ်။ ဒါကို အချိန်မီမပြင်ဆင်နိုင်လို့ ရထားလမ်းချော်ပြီး တိမ်းမှောက်ခဲ့ရင် ရထားတွဲတွေ ပျက်စီးမယ့်အပြင် ခရီးသည်တွေလည်း အသက်အန္တရာယ်ထိခိုက်မှုတွေ ဖြစ်လာနိုင်ပါတယ်။ ကိုဘပုလို အောက်ခြေကာယလုပ်သားတစ်ဦးရဲ့တာဝန်ဟာ သူ့နေရာနဲ့သူ အရေးပါနေတာကို ပြသလိုက်တာပဲ ဖြစ်တယ်။

အင်ဂျင်တစ်လုံးမှာ တပ်ထားတဲ့ မူလီတစ်လုံးကို အရေးမကြီးပါဘူးဆိုပြီး ဖြုတ်ထားလို့ရသလား။

"မရပါဘူး"

ဘာကြောင့်လဲ။

"ကျန်တဲ့ အစိတ်အပိုင်းတွေပါ လိုက်ပြီးပြုတ်ထွက်ကုန်ပါမယ်"

ဒီလိုပါပဲ၊ ဌာနတစ်ခုမှာရှိတဲ့ ဝန်ထမ်းတိုင်းဟာ သူ့နေရာနဲ့သူ အားလုံး အရေးပါကြတာကို ခံယူထားဖို့ လိုပါတယ်။

❑ ဒွေစာရင်းမင်းကြီးဦးဘခင်

အင်္ဂလိပ်ခေတ်က မောင်ဘခင်ဆိုတဲ့လူငယ်လေးတစ်ယောက်ဟာ ဒွေစာရင်းမင်းကြီးရုံးမှာ အောက်တန်းစာရေးရာထူးနဲ့စပြီးအလုပ်ဝင်ခဲ့တယ်။ သူ့ရဲ့ ရိုးသားမှု၊ ကြိုးစားမှုနဲ့ လုပ်ငန်းတာဝန်အဆင့်ဆင့်တွေကို နားလည်တတ်ကျွမ်းအောင် ဆည်းပူးခဲ့တာကြောင့် အောက်တန်းစာရေးကနေ အထက်တန်းစာရေး၊ ရုံးအုပ်၊ အရာရှိငယ်ဆိုပြီး ရာထူးအဆင့်ဆင့်တက်လာလိုက်တာ နောက်ဆုံး အဲဒီ

ကျော်ရှုးတော်ရှင် တော့ဆရာတော်ကြီးနှင့် ဦးဘခင်

ဌာနရဲ့အမြင့်ဆုံးရာထူးဖြစ်တဲ့ ဒွေစာရင်းမင်းကြီးအဖြစ်နဲ့ အငြိမ်းစားယူခဲ့တယ်။ အငြိမ်းစားယူပြီးတာတောင်မှ နိုင်ငံတကာနဲ့ ဆက်သွယ်တဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အတိုင်ပင်ခံအကြံပေးအနေနဲ့ ဆက်လက် လုပ်ဆောင်ခဲ့တယ်။

အခုနားထောင်နေကြတဲ့အထဲမှာ အဆင့်အသီးသီးနဲ့ ဝန်ထမ်းတွေပါကြတယ်။ ဒွေစာရင်းမင်းကြီး ဦးဘခင်ကို နမူနာယူပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်တဲ့ရာထူးတာဝန်တွေကိုယူနိုင်အောင် ကြိုးစားကြမေ့ချင်ပါတယ်။ ပြောနေကျစကားရှိတယ်။ မဖြစ်သေးတာပဲရှိတယ်။ ဒါကိုဆက်ပြောရင်. . .

မဖြစ်နိုင်တာမရှိဘူး

ဟုတ်ပါတယ်၊ ဖြစ်ချင့်တဲ့စိတ်နဲ့ ဖြစ်အောင်ကြိုးစားရင်ဖြစ်တာချည်းပါပဲ။

ဒွေစာရင်းမင်းကြီးဦးဘခင်ရဲ့လက်ဖျားခါလောက်တဲ့ ရိုးသားမှုတစ်ခုကို ကြည့်ရအောင်ပါ။ ဂျပန်ခေတ်မှာ ဂျပန်တွေဝင်လာတော့ ရန်ကုန်မြို့ကို ဗုံးတွေချလို့ ဒွေစာရင်းမင်းကြီးရုံးမီးလောင်သွားတယ်။ အင်္ဂလိပ်တွေလည်း ထွက်ပြေးသွားကြတယ်။ အဲဒီအချိန်မှာ ဦးဘခင်ဟာ အဓိုးရပိုင်ငွေကို အသက်နဲ့လဲပြီး လုံခြုံအောင်ထိန်းသိမ်းခဲ့တယ်။ ဂျပန်ကို တော်လှန်ပြီး အင်္ဂလိပ်ပြန်ဝင်လာတဲ့ အချိန်မှာ ဦးဘခင်ဟာ အဲဒီငွေတွေကို တစ်ပြားမကျန်ပြန်အပ်ခဲ့တယ်။

ဒီနေရာမှာ စဉ်းစားကြည့်ပါ။ ဒီငွေအားလုံး မီးလောင်ဆုံးရှုံးသွားပြီလို့ ပြောလိုက်လို့ရတယ်။ ဘယ်သူကမှ အရေးယူမှာမဟုတ်ဘူး။ ဒါပေမယ့် ဦးဘခင်ဟာ သူ့ပို့က်ဆံမဟုတ်တာကို တစ်ပြားမှမလိုချင်ခဲ့ဘူး။ ဦးဘခင် ဘာကြောင့် အခုလောက်ထိ ရိုးသားရသလဲဆိုရင် သူဟာ တရားသမားစစ်စစ် တစ်ယောက်ဖြစ်လို့ပဲ။ ဦးဘခင်ဟာ ဝေဘူဆရာတော်ဆီမှာ ရဟန်းဝတ်နဲ့ တရားအားထုတ်ခဲ့တယ်။ သူ့ရုံးခန်းအပေါ်ထပ်မှာ ဘုရားခန်းထားပြီး သူ ဝန်ထမ်းတွေ မနက်ရုံးမတက်ခင် ဘုရားဝတ်တက် တရားထိုင်ကြရတယ်။

ရန်ကုန် အင်းလျားမြို့ငြိမ်းမှာလို့ IMC အတိုကောက်ခေါ်တဲ့ တရားစခန်းတစ်ခုရှိတယ်။ အရှည်က International Meditation Centre ပါ။ အပြည်ပြည်ဆိုင်ရာ ပဋိပတ္ထိတရားစခန်းကို စတင် ဘည်ထောင်သူ ဆရာကြီးဦးဘခင်ဟာ အဲဒီတရားစခန်းမှာ နိုင်ငံခြားသားတွေကို တရားပြခြင်းဖြင့် ကမ္ဘာ့ကို ဝိပဿနာတရား ပြန့်ပွားအောင် အားထုတ်ခဲ့တယ်။

❑ မိုးလေဝသဦးထွန်းလွင်

၁၉၇၁ ခုနှစ်က ကွယ်လွန်သွားခဲ့တဲ့ဆရာကြီးဦးဘခင်လိုပဲ နိုးသားကြိုးစားတဲ့နေရာမှာ နမူနာယူထိုက်တဲ့ သက်ရှိထင်ရှားပုဂ္ဂိုလ်တစ်ဦးရှိပါတယ်။

မြန်မာနိုင်ငံမှာ မိုးလေဝဒနဲ့ ပတ်သက်လာရင် တစ်နိုင်ငံလုံးသိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ။

"ဦးထွန်းလွင်"

ဟုတ်ပါတယ်။ ၂၀၁၂ လောက် တုန်းက ကျွန်တော်တို့ မွန်ပြည်နယ် ကွန်ပျူတာအသင်းတွေကဖိတ်ကြားလို့ ဦးထွန်းလွင် မော်လမြိုင်ကို ဟောပြောပွဲတစ်ခုအတွက်လာခဲ့ပါတယ်။ သူနဲ့စကားစမြည်ပြောရင်း ဦးထွန်းလွင်က သူ့အကြောင်းကို ပြောပြရာမှာ သူဟာ မန္တလေးတက္ကသိုလ်ကနေ ရူပဗေဒ အဓိကနဲ့ ဘွဲ့ရပြီးတော့ မိုးလေဝသဌာနမှာ အငယ်တန်းတိုင်းတာရေးမှူးအနေနဲ့ အလုပ်စဝင်ခဲ့တယ်။ အဲဒီရာထူးဟာ သာမန်အောက်တန်းစာရေးအဆင့်နဲ့ အတူတူပဲဖြစ်တယ်လို့ ဆိုတယ်။

ဦးထွန်းလွင်ဟာ အငြိမ်းစားယူတော့ မိုးလေဝသဦးစီးဌာနအမြင့်ဆုံးရာထူးဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်အဆင့်နဲ့ပါ။ ဦးထွန်းလွင်ရဲ့ ပညာကို တစိုက်မတ်မတ်ကြိုးစားလေ့လာဆည်းပူမှုကြောင့် အငြိမ်းစားယူပြီးတာတောင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကလုပ်တဲ့ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲတွေကို ဖိတ်ကြားခြင်းခံရတဲ့ ကမ္ဘာသိမိုးလေဝသ ပညာရှင်တစ်ဦး ဖြစ်ပါတယ်။

ဆရာကြီးဦးဘခင်တို့၊ ဦးထွန်းလွင်တို့လို မိမိဌာနအတွက် အကောင်းဆုံး တာဝန်ထမ်းဆောင်သွားသူတွေကို ဝန်ထမ်းကောင်းလို့သတ်မှတ်ရင် ဝန်ထမ်းကောင်းဆိုတာကို အခုလို အဓိပ္ပာယ်ဖော်ဆောင်နိုင်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

'ဝန်ထမ်းကောင်းဟူသည် နိုးသားကြိုးစား၍ နိုးကြားစွာ ပညာရှာပြီး မိမိဌာနအကျိုးကို ကျရာနေရာမှာ စွမ်းစွမ်းတမံ ထမ်းဆောင်သူ ဖြစ်သည်'။

□ ယာဉ်ထိန်းတပ်ကြပ်ကြီးခင်မောင်မြင့်

ရန်ကုန်မြို့မှာ မြန်မာတစ်ပြည်လုံးကသိတဲ့ ယာဉ်ထိန်းရဲတစ်ယောက်ရှိတယ်။ အဲဒါဘယ်သူလဲ။

"ဦးခင်မောင်မြင့်ပါ"

ဟုတ်ပါတယ်၊ ကျွန်တော် ဒီဟာ ပြောချက်အတွက် အချက်အလက်တွေ စုနေတုန်း Face book ပေါ်မှာ သတင်းတစ်ပုဒ်ကို ဓာတ်ပုံနဲ့တကွ ဖတ်လိုက်ရတယ်။

'သီတင်းကျွတ်ခါသမယတွင် မိဘဘိုးဘွားများအား နေရပ်ပြန်၍ ဂါရဝပြုရန်အတွက် နိုးသားကြိုးစားသော ယာဉ်ထိန်းတပ်ကြပ်ကြီး ခင်မောင်မြင့်အား မုရန်ကုန်-စစ်တွေ-ရန်ကုန်အသွားအပြန် လေယာဉ်လက်မှတ်အား အခမဲ့စီစဉ်ပေးခြင်းဖြင့် ဂုဏ်ပြုအပ်ပါသည်' တဲ့။ ဒီသတင်းကို ကြားသိရတဲ့အတိုင်း ဝမ်းသာကြမှာပါ။

တပ်ကြပ်ကြီး ခင်မောင်မြင့်ရဲ့တာဝန်ကျေပွန်မှုကို နိုးသားကြိုးစားသောဆိုပြီးစကားလုံးငါးလုံးထဲနဲ့ ဖော်ပြခဲ့တယ်။ ရန်ကုန်မြို့ ခမ္မစေတီမီးပွိုင့်မှာ နေပူပူ မိုးရွာရွာ မိမိတာဝန်ကို မိမိကျေပွန်စွာထမ်းဆောင်ရင်း ပြည်သူတွေကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံတတ်တဲ့ ဦးခင်မောင်မြင့်ကို လူအများက သတိထားမိရာက ဝိုင်းဝန်းဂုဏ်ပြုခြီးကျူးခဲ့ကြတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့.တပ်ဖွဲ့ရဲ့ ဂုဏ်ကိုဆောင်သူအဖြစ် ဂုဏ်ပြုဆုနဲ့ ရာထူးတိုးပေးခဲ့တယ်။ ပုဂ္ဂလိကဆေးရုံတစ်ခုကလည်း ဦးခင်မောင်မြင့်ရဲ့ ကျန်းမာရေးဆေးစစ်မှုကို ရာသက်ပန် အခမဲ့ဆောင်ရွက်ပေးမယ်လို့ ကမ်းလှမ်းခဲ့တယ်။

ဒါဟာ မိမိတာဝန်ကို နိုးသားကြိုးစားစွာ ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းကောင်းတစ်ယောက်အပေါ် ပြည်သူက ပြန်လည် အလေးထားအသိအမှတ်ပြုခြင်းပဲ ဖြစ်တယ်။

□ သူနာပြုဆရာမကြီးအမိုး

အငြိမ်းစားပါမောက္ခသမားတော်ကြီးဒေါက်တာအောင်ခင်(ခွဲစိတ်)ပြောပြခဲ့တဲ့ သူနာပြုဆရာမကြီးအမိုးအကြောင်းကလည်း စိတ်ဝင်စားစရာပါပဲ။ ၁၉၅၅ ခုနှစ်နှောင်းပိုင်းမှာ ဆရာကြီး ဒေါက်တာအောင်ခင်ဟာ သထုံဆေးရုံကို ခရိုင်ဆရာဝန်ကြီးအဖြစ် ရောက်ရှိခဲ့တယ်။ အဲဒီဆေးရုံတစ်ခုလုံးက အမိုးလို့ခေါ်တဲ့ အရပ်မြင့်မြင့်၊ ရုပ်ရည်ကြမ်းကြမ်းနဲ့ ကရင်အမျိုးသမီး သူနာပြုဆရာမကြီး အမိုးဟာ နားနေတယ်မရှိဘဲ အလုပ်နဲ့ လက်မပြတ်အောင်လုပ်တတ်ပါတယ်။ ဒါပေမယ့် ဆရာကြီးဒေါက်တာအောင်ခင် မျက်စိထဲမှာ လုပ်ပုံကိုင်ပုံအချိုးမကျဘူးထင်ပြီး အမြဲတမ်းဆူပူကြိမ်းမောင်းခဲ့ပါတယ်။ အဲဒီအခါမျိုးမှာ အမိုးဟာ ဘာတစ်ခွန်းမှပြန်မပြောဘဲ ခေါင်းငုံ့ခံနေတတ်ပါတယ်။

တစ်နေ့မှာ ဆရာကြီး ဒေါက်တာအောင်ခင်ကို တခြားဆရာမကြီးတစ်ဦးက အမိုးအကြောင်းကို အခုလိုပြောပြတယ်။

'အမိုးဟာ ငယ်ငယ်တုန်းက ဖြူဖြူချောချောပါ ဆရာကြီး။ အမိုးတောင်ငူဆေးရုံမှာ တာဝန်ကျနေတုန်း ဂျပန်ဝင်လာတော့ တခြားဆရာဝန်၊ သူနာပြုတွေအားလုံးထွက်ပြေးသွားကြပေမယ့် အမိုးတစ်ယောက်တည်း လူနာတွေနဲ့အတူ ကျန်နေပြီး လူနာတွေကို တတ်စွမ်းသမျှ ပြုစုစောင့်လျှောက်ခဲ့ပါတယ်။ ဂျပန်တွေက အမိုးကို ရက်ရက်စက်စက်ညှဉ်ပမ်းလိုက်ကြတာ အမိုးခမျာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရတဲ့အထိပါပဲ။ တကယ်တော့ အမိုးဟာ အင်မတန်မှစိတ်ကောင်းနှလုံးကောင်းရှိသူပါဆရာကြီး'

ပြောနေရင်းမှာ အဲဒီဆရာမအသံဟာ တိမ်ဝင်သွားပြီး ခေါင်းပါငုံ့သွားပါတော့တယ်။

ဒီစကားတွေ ကြားရတဲ့အခါ ဆရာကြီး ဒေါက်တာ အောင်ခင်ဟာ အတော့်ကို စိတ်ထိခိုက်သွားပြီး အမိုးအပေါ် သူမညှာမတာပြောခဲ့တာတွေ အတွက် နောင်တရမိတယ်။ နောက်တော့ အမိုးအလုပ်တွေကိုပါ ဝိုင်းကူလုပ်ရင်း ခင်ခင်မင်မင်နေခဲ့တယ်။ သူ့ဘဝမှာ အခွင့်ကြုံလာရင် အမိုးလိုပဲ လူနာတွေကို အနစ်နာခံပြီး ကယ်တင်နိုင်တဲ့သူဖြစ်အောင် ကြိုးစားမယ်လို့လည်း စိတ်ဆုံးဖြတ်လိုက်တယ်။

(၈၈) အရေးအခင်းကာလမှာ အုပ်ချုပ်ရေးပျက်ပြားသွားလို့ ရန်ကုန်ဆေးရုံကြီးက ဝန်ထမ်းအတော်များများ အလုပ်မဆင်းကြတော့တဲ့အခါ ကျန်နေတဲ့ဆရာဝန်နဲ့ သူနာပြုတွေကို ဆရာကြီး ဒေါက်တာအောင်ခင်က စုံးခေါ်ငင်ပြီး ဆရာတို့တစ်တွေ အမိုးတာဝန်ကိုဆက်ယူရအောင်လို့ ပြောလိုက်ပါတယ်။ ဒီစကားကို နားမလည်နိုင်ဖြစ်နေတဲ့သူတို့ကို ဆရာကြီးက အမိုးအကြောင်းကို ပြောပြလိုက်တယ်။ ဆရာကြီးဒေါက်တာအောင်ခင်နဲ့အဖွဲ့ဟာ နောက်သုံးရက်လုံးလုံး သွေးသံရဲရဲနဲ့ လူနာတွေကို နေ့ရောညပါ ပြုစုကုသစောင့်ရှောက်ခဲ့ကြတယ်။

မိမိတာဝန်ကို အသက်နဲ့လဲပြီး ထမ်းဆောင်ခဲ့တဲ့ အမိုးရဲ့ဖြူစင်မြင့်မြတ်တဲ့လုပ်ဆောင်ချက်ဟာ တခြားသူတွေအတွက်ပါ အတုယူလေးစားစရာဖြစ်ခဲ့ပါတယ်။ နောက်အနှစ် (၃၀) အကြာ ဆရာကြီး ဒေါက်တာအောင်ခင်ဟာ အမိုးနဲ့ ပြန်လည်ဆုံစည်းခဲ့နိုင်မှာတော့ အမိုးဟာ အဆုတ်နှစ်ဖက်စလုံးမှာ တီဘီရောဂါပိုးတွေအပြည့်ပြန့်ပွားပြီး ရောဂါကျွမ်းနေတာတွေ့ရတယ်။ ဆရာကြီးက အမိုးကို ရန်ကုန်ဆေးရုံကြီး အထူးကုသခန်းမှာထားပြီး ကုသပေးပေမယ့်လည်း နောက်နှစ်ရက်အကြာမှာ အမိုးဟာ ဆုံးပါးသွားခဲ့တယ်။ လူနာတွေဆီကနေ တီဘီရောဂါပိုးကူးစက်ခံရနိုင်တာကိုသိသိကြီးနဲ့အမှုမထားခဲ့တဲ့ပြုစုစောင့်ရှောက်ခဲ့တဲ့ အမိုးရဲ့မေတ္တာကရုဏာတရားကကြီးမားလှပါတယ်။ (ဘဝဆေးရုံဇာတ်လမ်းစုံ၊ ပါမောက္ခဒေါက်အောင်ခင် (ခွဲစိတ်)၊ ပန်းဝေဝေစာပေ၊ ၂၀၁၂-ဖေဖော်ဝါရီ၊ ပထမအကြိမ်)

သထုံသားဖြစ်တဲ့ကျွန်တော်လည်း ခပ်ငယ်ငယ်က နေမကောင်းဖြစ်တဲ့အခါ မိဘတွေက သထုံဆေးရုံကြီးဝင်းသူနာပြုတန်းလျားမှာနေတဲ့ အမိုးဆီခေါ်သွားတတ်တာ။ အမိုးဆေးပေးဆေးထိုးလိုက်ရင် နေကောင်းမြန်တာတွေကို သတိရနေတဲ့အတွက် အခုလို အမိုးအကြောင်းဖတ်ရတော့ ပိုပြီးစိတ်ထိခိုက်ရပါတယ်။

တပ်ကြပ်ကြီးခင်မောင်မြင့်နဲ့သူနာပြုဆရာမကြီး အမိုးတို့အကြောင်းကြားသိရပြီးတဲ့နောက်မှာတော့ 'ဝန်ထမ်းကောင်း ဟူသည် မိမိတာဝန်ကို စိတ်စေတနာကောင်းဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်တတ်သူ' လို့ သတ်မှတ်လိုက်မိပါတော့တယ်။

မောင်ပွင့်ဥဒ္ဒက်(မောဂ)

ဝန်ခံချက် -

အတွေးအမြင်မဂ္ဂဇင်း (အောက်တိုဘာ ၂၀၁၇၊ မတ်) တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'ပြည်'ဆိုတာက ကျောက်တစ်လုံး ရွာလေးကိုညွှန်းလိုက်တာပါ။ 'ထွက်ကြေး' ဆိုတာက ကိုစံထွေးနဲ့ ကိုသိန်းဟန်တို့ နှစ်ယောက်က တစ်ယောက်ယောက်ရှုံးတာနဲ့ ရှုံးတဲ့သူက အလိုက်သိစွာ ရွာကနေထွက်ရမယ့်ပွဲတော်ဖြစ်တာကြောင့် ပြည်ထွက်ကြေးအလောင်းအစားလို့ နာမသညာတတ်လိုက်တာပါပဲ။

ဒီပြဿနာဖြစ်တဲ့နေရာကတော့ ရိုးမတောင်ရိုးထဲက ကျောက်တစ်လုံး ရွာလေးမှာပါ။ ကျောက်တစ်လုံးကို အမှီပြုပြီး ရွာနာမည်လည်း ကျောက်တစ်လုံးရွာ၊ စေတီတော်ကလည်း ကျောက်တစ်လုံးစေတီ။ ဒီစေတီမှာ သီတင်းသုံးတဲ့ ဘုန်းတော်ကြီး ဦးစဏ္ဍာတောင် ကျောက်တစ်လုံးဘုန်းကြီးလို့ပဲ ခပ်လွယ်လွယ် ခေါ်နေကြပါတယ်။ ဒီရွာလေးမှာ စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ အစိုးရမူလွန်ကျောင်း စတာတွေ ပြည့်စုံနေပေမယ့် မပြည့်စုံတာက ရေပြဿနာပါပဲ။ အဝိစိတွင်းတွေဘယ်လောက်တူးတူး ရေထွက်တယ်လို့ကို မရှိခဲ့ပါဘူး။

ကျောက်တစ်လုံးစေတီတော်နဲ့ ဘုန်းတော်ကြီးကျောင်းမှာ ရေတွေအလှူပယ်သုံးနိုင်ဖို့ အလှူရှင်(၃)ဦးပေါ် ပေါက်ဖူးပါတယ်။ တူးတာမှ တနည်းရှိတိုင်းက ကျောက်ခဲ့စက်တွေသုံးပြီးတူးကြတာပါ။ ငွေတွေသာသောက်သောက်လဲကုန်သွားတယ်။ ရေကတော့မထွက်ပါဘူး။ ကျောက်တစ်လုံးရွာက ရေလိုချင်ရင် (၄)ဖာလုံလောက်ဝေးတဲ့ ကျောက်ခုတင်ဆိုတဲ့စမ်းပေါက်ကရေရနေလို့ ကျောက်တစ်လုံးရွာလေး တည်မြဲနေတာပါ။

ဘယ်ဘဝကရှေးရေစက်လဲမသိဘူး။ ကိုသိန်းဟန်နဲ့ ကိုစံထွေးက တွေ့ပါပြီဆိုကတည်းက တစောင်းစေးနဲ့ မျက်ချေး။ ကိုသိန်းဟန်က စီးကရက်ကြိုက်ပြီး ကိုစံထွေးက ဆေးလိပ်ငွေ့တောင်မခံနိုင်သူ။ ကားစောင့်နေရင်း အတူတူစောင့်မိတော့ ကိုစံထွေးက ဆေးလိပ်ငွေ့လွတ်ရာ ရှောင်ပေမယ့် မလွတ်။ ကားထဲမှာထိုင်တော့လည်း

မောင်မောင်သန်းထွန်း

ပြည်ထွက်ကြေးအလောင်းအစား

www.burmeseclassic.com

www.burmeseclassic.com



အတူတူ။ ကိုစံထွေး ကားမူးပြီး အန်ပြန်တော့ ကိုသိန်းဟန်က သိပ်မကြည်။ ဒီနှစ်ယောက်က ကျောက်တစ်လုံးရွာရောက်တဲ့အထိလည်း အတူတူကားစီးရင်းဆုံခဲ့ကြသူတွေ။ မျက်မှန်းတန်းမိအောင်တစ်ယောက်နဲ့တစ်ယောက်ကြည့်မရတဲ့အတွဲပါဘဲ။

ကိုသိန်းဟန်အလုပ်က ရွာရောက်တာနဲ့ ကျောင်းအုပ်ကြီးနဲ့အရင်တွေ့ရဦးမှာပါ။ ပြီးတော့မှ ကျောင်းကော်မတီတွေကိုသွားပြီး မိတ်ဆက်ရဦးမယ်။ ကော်မတီကလည်း ကတိအတိုင်း ကိုသိန်းဟန်ကို (၃) လစာကြိုတင်ထုတ်ပေးကြမယ်လေ။ ဘာဖြစ်လို့ ဒီလိုပေးတာလဲဆိုရင် ကြွေးရှိတဲ့လူဖြစ်မှ တော်တော်နဲ့မပြန်နိုင်ပါဘူးတဲ့။ ဒါကတော့ လာတဲ့ကျောင်းဆရာမြနေအောင် ကော်မတီက စီစဉ်ခဲ့တာပါပဲ။ အားလုံးကိစ္စတွေပြီးတော့မှ ကိုသိန်းဟန်က ဘုရားကို

www.burmeseclassic.com

www.burmeseclassic.com

ဦးတိုက်ဖို့ ကျောက်တစ်လုံးစေတီဘက် ထွက်လာခဲ့ပါတယ်။

ကျောက်တစ်လုံးစေတီက လှေကားထစ် (၁၅၀) လောက်တက်ရတဲ့ တောင်ပါပဲ။ မနားဘဲတက်ရင်တော့ အပေါ်ရောက်တာနဲ့ ဟောဟဲဆိုက်နိုင်တာပေါ့။ တောင်ထိပ်မှာတော့ ရွာသားတွေအလှည့်ကျပို့ထားတဲ့ သောက်ရေအိုးက (၃) လုံး။ အမောပြေရေသောက်ရင်း ဒီဒေသမှာ အဝိစိတွင်းမတူးကြဘူးလားလို့ ကိုသိန်းဟန်ကတွေးနေတယ်။ ဘုရားပေါ်ကဆင်းတော့မှ ကျောက်တစ်လုံးဆရာတော် သီတင်းသုံးတဲ့ကျောင်းလေးကိုဝင်လိုက်ပြီး -

"အရှင်ဘုရား ဒီပတ်ဝန်းကျင်မှာ ရေတူးမကြည့်ဘူးလား"

ဟု လျှောက်ကြည့်ရာ ဆရာတော်မှ အားလျော့ထားသည့်လေသံဖြင့် -

"မရှာဘဲဘယ်လာနေပဲ့မလဲဒကာ။ အလှူရှင် (၃) ဦးတောင်ပေါ်ခဲ့တာပဲ။ သူတို့လည်း တနင်္သာရီတိုင်းက ကျောက်ဖောက်တဲ့စက်တွေငှားပြီး တူးကြတယ်လေ။ ပေ (၂၀၀) သာကျော်တယ်။ ရေကမထွက်ဘူး။ အခုဘုန်းကြီးကျောင်းရှေ့က မျက်စိတစ်မြင်နေရာမှန်သမျှ စမ်းပြီးတူးခဲ့တဲ့နေရာတွေကြီးပါပဲ"

ဘုန်းတော်ကြီးဦးစဏ္ဍာမှ ပြောပြနေတာကို ဘေးမှာရှိနေတဲ့ဂေါပကအဖွဲ့ဝင်ဦးစံထွေးက ကြားနေတယ်။ ဒီလူက ကားဒီးရင်း မတည့်အတူနေဆိုသလို နှစ်ယောက်ထိုင်ခုံမှာ အတူတူစီးလာခဲ့သူတွေ။ အခုလို ဘုန်းတော်ကြီးကျောင်းမှာ ဆုံပြန်တော့လည်း ရေပြဿနာက ကိုစံထွေးနားထဲတွင်ကန့်လန့်။ ဆရာတော်စကားဆုံးတာနဲ့ -

"ဟေ့လူ လုပ်မနေနဲ့။ မရနိုင်ဘူး။ ဒီလိုလာပြီးရေအလှူတော်အတွက်ဆိုပြီး အလှူရှင် (၃) ဦးတောင်ပေါ်ခဲ့တာ။ လှူတယ်ဆိုတာ သိန်းနဲ့ချီပြီး လှူတာနော်။ ဘုရားတောင်ခြေက မြေပြန့်တွေဆိုတာ လက်ညှိုးထိုးမလွဲအောင် တူးခဲ့တာဗျ။ ဒါကြောင့် ကျုပ်တို့ကတော့ ရေရှိတဲ့ကျောက်ခုတင်ကနေ ဒီကျောက်တစ်လုံး ရွာအရောက် စက်နဲ့မောင်းပို့တာက ပိုပြီးဖြစ်နိုင်တယ်မဟုတ်လား။ အကွာအဝေးက (၄) ဖာလုံလောက်ဝေးနေလို့ စက်ဘယ်နှလုံးသုံးရင်ရနိုင်သလဲဆိုတာ စဉ်းစားနေတာဗျ။ ရေတူးချင်ရင်တော့ ခင်ဗျားဘာသာတူး"

"ရေတူးတဲ့လူတွေက ရေလိုက်လွဲတယ်ဆိုတဲ့အဖြစ်မျိုးနဲ့ကြုံပြီး အရှာလွဲ

တာမျိုးဖြစ်နေလို့ဖြစ်မယ်။ ရေရှိတဲ့နေရာဆိုရင်တော့ ရနိုင်မယ်ထင်ပါတယ်"

"မယုံရင် လုပ်ကြည့်လိုက်လေ။ ကျုပ်တို့ဘက်ကတော့ ဘာငွေမှမထည့်နိုင်ဘူးနော်။ ဒါကိုတော့ ခုထဲကရှင်းရှင်းလင်းလင်းပြောထားတာပါ"

"ဟုတ်ပါပြီ။ ဘာအကူညီမှမပေးပါနဲ့။ ကျွန်တော့်ကျောင်းက ကလေးတွေအကူအညီနဲ့ပဲ ရအောင်တူးပါမယ်။ တကယ်လို့ ရေထွက်သွားရင်ကော"

"ခင်ဗျားတူးတဲ့ရေထွက်သွားရင် ကျုပ်ကဒီရွာကနေမိသားစုလိုက်ပြောင်းသွားမယ်။ ခင်ဗျားတူးတာ မထွက်ရင်ကော အခုကျောင်းဆရာအလုပ်ကနုတ်ထွက်ပေးမလား"

ဘုန်းတော်ကြီးက မထင်မှတ်တဲ့စကားစစ်ထိုးပွဲမှာ အခုလိုခပ်ကြမ်းကြမ်းခပ်ရမ်းရမ်းဖြစ်လိမ့်မယ်လို့ မထင်မိပါဘူး။ ဒီနှစ်ယောက်က ကားစီးလာကတည်းက ခပ်တင်းတင်း။ အခုလို ရေပြဿနာလည်ဆုံရော နှစ်ယောက်သားပေါက်ကွဲတဲ့အဖြစ်ပါပဲ။ ဘုန်းတော်ကြီးက ပြေရာပြေကြောင်းပြောမယ့်ဈာလုပ်ကိုသိန်းဟန်က -

"စိတ်ချ။ ကျွန်တော့်အလုပ်က အဓိုးရအလုပ်မဟုတ်လို့ ထွက်ရတာလွယ်ပါတယ်။ ရွာဆွဲခန့်ဆရာဆိုတော့ ရေမထွက်တာနဲ့ ကြိုတင်လစာတွေပြန်ပေးပြီး ဒီရွာကနုတ်ထွက်သွားပါမယ်။ ရေရှာချိန် (၇)ရက်နဲ့ ရေတူးချိန် (၁) လပေးရင် ကျွန်တော့်ကိစ္စကလုံလောက်ပါတယ်။ မယုံရင် စာချုပ်ချုပ်ထားပါ။ ကျွန်တော်လက်မှတ်ထိုးပေးပါမယ်"

"အို-စိမ်လိုက်၊ ကျုပ်ကလည်း စိန်ခေါ်ရင် တိမ်ပေါ်တက်တဲ့လူ။ ခင်ဗျားရေထွက်သွားရင် စာချုပ်မှာ ဒါလေးတစ်ချက် ထည့်လိုက်ပါဦး။ ရေရသွားတာနဲ့ ကျုပ်ပိုင်တဲ့ဥယျာဉ်လေးရောင်းပြီး ရေစက်တစ်လုံးဝယ်ပြီးလျှမယ်ဆိုတဲ့စာပိုဒ်ထည့်လိုက်ပါ"

ဒီလိုနဲ့ ရေထွက်ရေး၊ ရေမထွက်ရေးပြဿနာက ကြီးသထက်ကြီးသွားတယ်။ ရွာထဲက ကျောင်းကော်မတီတွေ ရှားရှားပါးပါးရထားတဲ့ကျောင်းဆရာတစ်ယောက် အထုပ်ပိုက်ပြန်ရမှာကိန်းဆိုက်တော့မယ်ထင်တယ်ဟု ပြောနေကြတာပေါ့။ ကိုသိန်းဟန်ကလည်း နည်းနည်းမှမလျှော့။ ကျောင်းဆရာလစ်ရင် ကျောင်းကော်မတီနဲ့ စာချုပ်ချုပ်ခဲ့ရုံးခွန်တော်တဆိပ်ခေါင်းပါတဲ့စာချုပ်အပ်တွေယူလာခဲ့တာပါ။

စာချုပ်ရဲ့ ခေါင်းစီးကို နှစ်ဦးသဘောတူကတိဝန်ခံချက်လို့ရေးလိုက်ပြီး အောက်ဘက်မှာတော့ ကတိပြုသူ (၁) နေရာမှာ ကိုသိန်းဟန်လို့ရေးပြီး ကတိပြုသူ (၂) နေရာမှာ ကိုစံထွေးလို့ရေးလိုက်ပါတယ်။ ပြီးတော့မှ သက်ဆိုင်ရာ မိဘအမည်၊ လူမျိုး၊ ဘာသာ၊ အလုပ်အကိုင်၊ နေရပ်တွေကိုလည်း ပြည့်ပြည့်စုံစုံဖော်ပြထားပါတယ်။

ကတိပြုချက်နေရာမှာတော့ ရေထွက်ခဲ့ရင် ဂေါပကအဖွဲ့ဝင် ကိုစံထွေးက မိမိပိုင်ဥယျာဉ်ကိုရောင်းပြီး ရေစက်ဝယ်ယူရန် လျှူပြီးတာနဲ့ မိသားစုလိုက် မိမိသဘောနဲ့မိမိထွက်ပေးရန်။ ရေမရခဲ့ပါကား ကိုသိန်းဟန်က ကြိုတင်လစာ (၃) လစာကိုပြန်ပေးပြီး မိမိသဘောနဲ့မိမိကျောင်းဆရာအလုပ်က ထွက်ပေးရန် သဘောတူကြောင်းတွေရေးပြီး နှစ်ဦးသား လက်မှတ်တွေထိုးလိုက်ကြတယ်။

အောက်ဘက်မှာတော့ ရောက်လာတဲ့ ဂေါပကအဖွဲ့ဝင်တွေနဲ့ ကျောင်းကော်မတီတွေက အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြတယ်လေ။ ဒီစာချုပ်ကိုတော့ စာချုပ်ချုပ်တဲ့ရက်မပါ။ (၃) ရက်ခွာပြီး တစ်လနဲ့ (၇) ရက်ပြည့်ချိန်မှာ အကောင်အထည်ဖော်မယ်လို့ အားလုံးကသဘောတူပြီး စာချုပ်ကို ဆရာတော်က သိမ်းထားလိုက်ပါတယ်။ (၃) ရက်ခွာတယ်ဆိုတာ ကိုသိန်းဟန်က မြို့ကိုတက်ပြီး လိုအပ်တာတွေဝယ်ဖို့ ရက်ကိုခွာထားတာပါ။

ဒီလိုနဲ့ ကိုသိန်းဟန်နဲ့ မြို့ကပြန်လာတော့ သက္ကြန်အိုးလေး (၃၆) လုံးပါလာတယ်။ အုန်းသီးနဲ့ငှက်ပျောသီးအစိမ်းတွေလည်း မနည်းလှဘူး။ ဖယောင်းတိုင်အမွှေးတိုင်တွေကလည်း အထုပ်ကြီးနဲ့တစ်ထုပ်။ ကိုသိန်းဟန် ဒီလိုလောင်းခဲ့တာက သူမှာစပွန်ဆာရှိတယ်လေ။ မြို့က သူဌေးတစ်ယောက်က တကယ်ရေ

www.burmeseclassic.com

မရှိတဲ့နေရာမှာ ရေရနိုင်ဖို့ တူးမယ်ဆိုရင် အခြိန်မရွေးသာပြောလို့ အားကိုးလေး ကရှိနေတာကိုး။

ရွာသားတွေက ပွဲပြင်တာ မတွေ့ဖူးကြပါဘူး။ ကျောက်တစ်လုံးစေတီခြေရင်းမှာ ထိပ်ဆုံးက သာသနာပွဲ၊ သာသနာပွဲအောက်မှာ ရှင်သီဝလိပွဲနဲ့ ရှင်ဥပဂုတ္တပွဲ။ ဒီနှစ်ပွဲအောက်မှာ ရိုးမသာသနာပိုင်ဦးပညာစက္ကပွဲ။ ဦးပညာစက္ကအောက်မှာတော့ အနောက်ရိုးမ နဂါးတို့ရဲ့အချုပ် ဇေယျသေနနဂါးမင်းပွဲ။ အောက်ဆုံးမှာက တောင်ပိုင်ပွဲ။ ဒီပွဲတွေပြင်ပြီးတော့မှ သင်္ကြန်အိုးလေး(၃၆) လုံးကို ပွဲတွေအောက်မှာစီလိုက်တယ်။ ရွာသားတချို့က ဒီကျောင်းဆရာ ရေတူးတာလည်းတစ်မျိုးပါလားလို့ တီးတိုးတီးတိုးနဲ့ပြောနေကြလေရဲ့။ ကျောင်းအုပ်ကြီးကိုယ်တိုင်လာကြည့်ပြီး -

"ကိုသိန်းဟန်ရယ်၊ သေချာလို့လား။ ဒီလိုနည်းနဲ့ ကိုသိန်းဟန်အစီစဉ်တွင်း ဘယ်နတွင်းလောက်တူးဖူးလဲ"

"ဒီလိုရှိပါတယ်၊ အခုလို အိုးကလေးတွေဝယ်လာတာ ရေစောတ်ဖမ်းဖို့ ဝယ်လာတာပါ။ ကျွန်တော်က အိုးလေး(၃၆) လုံးကို တစ်လုံးနဲ့တစ်လုံး ပေ (၁၀) ပေခွာပြီးထားလိုက်ရင် တစ်နေ့ကို ပေ (၅၀) ပတ်လည် စမ်းသပ်နိုင်တာပေါ့။ ဘယ်လိုစမ်းမှာလဲဆိုရင် ညနေပိုင်း နေဝင်ခါနီးမှာ အိုးဖင်တွေအစိုစာတ်ပျောက်သွားအောင် မီးသွေးမီးဖိုနဲ့ ပထမကင်းရပါ မယ်။ (၁၀) ပေခွာပြီး နေရာချထားဖို့ တိုင်ငုတ်တွေအရင်စိုက်ပြီး တိုင်းငုတ်နေရာကို မြက်တွေရှင်းထားဖို့လည်းလိုပါတယ်။

ဒီလိုနည်းနဲ့ (၃) ရက်လောက်ရှာလိုက်ရင် ပေ (၃၀၀) ကျော်ပတ်လည် ရှာပြီးမှာဖြစ်လို့ ရေရနိုင်တဲ့တစ်နေရာတော့ တွေ့ကိုတွေ့နိုင်ပါတယ်ဆရာကြီး။ အခုလို အစိုစာတ်ပျောက်တဲ့အိုးလေးကို မြေကြီးပေါ် မှောက်ထား။ နောက်နေ့ နေမထွက်ခင်လေးမှာ အိုးလေးတွေရဲ့ အတွင်းကိုယူကြည့်လိုက်။ အောက်က မြေကြီးထုထဲမှာ ရေစောတ်ရှိတဲ့နေရာဆိုရင် အိုးအတွင်းမှာရေတွေသီးနေတယ် ဆရာကြီး။ အဲဒီအိုးဖင်စိုတဲ့နေရာသာတူး။ မထွက်တာမရှိပါဘူး။ ဒီနည်းက ကျွန်တော် လက်တွေ့ အောင်မြင်လို့ စိန်ခေါ်ရဲတာပါ"

ဒီလိုအိုးမှောက်ပြီး ရေငွေ့ရိုက်တဲ့နည်းကိုစမ်းလိုက်တာ (၅) ရက်မြောက်နေ့မှာပဲ ထူခြောမှုကစလာပါပြီ။ ရေရှာဖွေတဲ့လူတိုင်းဟာ တောင်နှစ်လုံးခြောတို့၊ ချိုင့်ဝှမ်းနေရာတို့ကို ရွှေချယ်လေ့ရှိပါတယ်။ အခုအိုးမှောက်ပြီး ရေစောတ်ဖမ်းတဲ့နေရာက ခါးစောင်းလောက်မြင့်တဲ့ တောင်ပူစာက သင်္ကြန်အိုးကို ရေငွေ့အရိုက်ဆုံးပါပဲ။ (၆) ရက်မြောက်နေ့မှာ အဲဒီတောင်ပူစာလေးမှာ (၅) လုံးထားပြီး စမ်းသပ်ကြည့်တယ်။ (၅) လုံးစလုံး ရေတွေသီးနေအောင်စိုပါတယ်။ ဒါကြောင့် (၇) ရက်မြောက်ကို စမ်းသပ်ဖို့မလိုတော့ပါဘူး။ ထူးမယ့်အလုပ်ကိုပဲ ဆက်ရပါတော့မယ်။

ရေတူးမယ့်နေရာက ကျောက်တစ်လုံးစေတီနဲ့တော့ တစ်ဖာလုံလောက် ဝေးပါလိမ့်မယ်။ မူလတန်းလွန်ကျောင်းကလေးနဲ့တော့နီးပါတယ်။ ကျောင်းသားတွေရော ရွာသားတွေပါ စိတ်ဝင်စားတဲ့ပွဲပါပဲ။ ဒီပွဲက သာမန်ရေတူးတဲ့ပွဲမှ မဟုတ်တာ။ ရေထွက်သွားရင် ဂေါပကလူကြီး ဦးစံထွေးက ရွာကနေထွက်ရမှာပါ။ ရေမထွက်ရင်တော့ ကျောင်းဆရာလက်သစ်ကလေးက (၃) လစာပြန်သွင်းပြီး အလုပ်ကထွက်ရပါလိမ့်မယ်။ ဒီပွဲကို စခဲ့တဲ့ ဂေါပကလူကြီးဦးစံထွေးက ဒီလိုပွဲတွေပြင်၊ အိုးကိုမှောက်ပြီးစမ်းတဲ့နည်းနဲ့ ရေရှာတာကို တော်တော်လေးစိတ်ဝင်စားနေတယ်။ ဒါမျိုးကို သူက အခုမှမြင်ဖူးတဲ့သူပါပဲ။

ရေတူးတဲ့အဖွဲ့မှာ ဦးဆောင်တဲ့သူကတော့ ညောင်တုန်းရေနံမြေက ဝါရင့်ပညာရှင်တစ်ဦးက ဦးဆောင်တာပါ။ ကျောက်ဖောက်တဲ့စိန်သွားတွေကို အပိုပါယူလာကြပါတယ်။ တောတောင်



ထဲမှာ လိုမှရှာရမယ်ဆိုရင် ဘယ်လာလွယ်ပါ့မလဲ။ တကယ်တူးကြည့်တော့ ကျောက်ဖျာမရှိသလို သင်ပုန်းကျောက်လောက်သာဖောက်ပြီးတူးနေရတာပါ။ စတူးလို့ (၁၅) ရက်မြောက်တဲ့နေ့မှာပဲ အောက်ကရေကြောကို ဖမ်းလို့မိသွားပါပြီ။ ရေထွက်တာမမြင်ဘူးတဲ့ ကျောက်တစ်လုံးတစ်ရွာလုံးအပြင် အခြားရွာတွေကပါ လာပြီးကြည့်နေလို့ တကယ့်ဘုရားပွဲကြီးလိုဖြစ်သွားပါတော့တယ်။

ရွာသူရွာသားတွေဆိုတာ ပျော်ကြလွန်းလို့ ရေတွေလျှောင်ဖို့ ရေကန်ကြီးပိုင်းတူးလိုက်တာ ဘာကျယ်သလဲ မမေးနဲ့။ ရိုးမတောင်ရိုးထဲမှာ ပင်လယ်လေးတစ်ခု ဘွားခနဲပေါ်လာသလိုပဲ။ ကိုစံထွေးကတော့ ကတိအတိုင်း ရေစုပ်စက်ကြီးတစ်လုံးဝယ်ပြီး လျှုမယ်လို့ ဆရာတော်ကို ကတိပေးပါတယ်။

ကျောက်တစ်လုံးဆရာတော်က -

"မင်းရေစက်လျှုချင်တယ်ဆိုရင်တော့ ဒီရွာမှာပဲနေမှ လျှုခွင့်ပေးမယ်။ ကိုသိန်းဟန်ကိုယ်တိုင်က ဘာပြောသလဲဆိုရင် မင်းကမခံချင်တဲ့စိတ်ဖြစ်အောင် တွန်းပို့လိုက်လို့ အခုလို အရေးတကြီး ဆောင်ရွက်ပြီး အောင်မြင်ခဲ့တာပါ။ သူကိုပြောင်းခွင့်မပေးပါနဲ့တဲ့။ အရှင်ဘုရားက တပည့်တော်တို့ရဲ့ဒိုင်ချုပ်ဖြစ်လို့ ဒိုင်ချုပ်ရဲ့စကားကို စာချုပ်တဲ့တပည့်တော်တို့ကလိုက်နာရမယ်မဟုတ်လားလို့ ကျွပ်ကိုပြောထားလို့ ဘုန်းကြီးကိုယ်တိုင် ပြောင်းရွှေ့ခွင့်မပြုဘူး"

လို့ပြောလိုက်မှ ကိုစံထွေးလည်း မပြောင်းဖြစ်တော့ပါဘူး။ အခုတော့ ကျောင်းဆရာလေး ကိုသိန်းဟန်က ကိုစံထွေးအိမ်မှာပဲနေပါတယ်။

ရေရှာဖွေတဲ့နေရာမှာ ဒီလိုအိုးလေးကို မီးကင်၊ တစ်ညလုံးမှောက်ထား။ မနက်ရောက်တော့ အိုးအတွင်းကြည့်ပြီး ရေဖမ်းတဲ့နည်းဟာ တယ်ဟုတ်ပါလားလို့ ကိုစံထွေးက တော်တော်လေးသဘောကျနေတယ်။ အဝီစိတွင်းကို ကိုစံထွေးစက်ကြီးတပ်ပြီးခါမှာတော့ ရွာထဲမှာ လက်တွဲအညီဆုံးအတွဲဆိုလို့ ကိုစံထွေးနဲ့ ကိုသိန်းဟန်ပဲရှိပါတယ်။

မောင်မောင်သန်းထွန်း

သူငယ်ချင်း ကိုသိန်းဟန်၏ ရိုးမတောင်ရိုးအဝီစိတွင်းတူးခဲ့သည့်ဖြစ်ရပ်မှန် ဇာတ်လမ်းအား ဂုဏ်ပြုရေးသားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်သက်ကျော်

ဝင်ကြွေးတို့တင်ကျေစေချင်

ဝမ်းဗိုက်ထဲမှ ပူလောင်စူးအောင့်သောဒဏ်ကိုအန်တုရင်း လဲလျောင်းနေရာမှ သူထလိုက်၏။ ရုတ်တရက် ခေါင်းထဲမိုက်ခနဲဖြစ်သွားသည်မို့ အတန်ကြာအောင် ထိုင်နေလိုက်မိချေသေးသည်။ ထို့နောက် အားယူ၍ တဖြည်းဖြည်းချင်း ထကာ လျှပ်စစ်ရေနွေးအိုးထဲ ရေဖန်ခွက်နှစ်ခွက်စာခန့်ထည့်လိုက်ပြီး ပလပ်ခေါင်းကို မီးပလပ်ပေါက်ထဲသို့ထိုးထည့်လိုက်လေသည်။ ခဏကြာသည့်အခါ ရေနွေးဆူသွားပြီး ခလုတ်ပြုတ်သွားသောကြောင့် မီးကြိုးကို ပလပ်ပေါက်မှဖြုတ်လိုက်သည်။ အသင့်သောက်နိုင်သည့် ရယ်ဒီမိတ်ကွေကာအုတ်တစ်ထုပ်အား ဖန်ခွက်ထဲသို့ဖောက်ထည့်လိုက်သည်။ ထို့နောက် ရေနွေးအနည်းငယ် ဖန်ခွက်ထဲလောင်းထည့်ကာ ဇွန်းတစ်ချောင်းဖြင့် သမအောင်မွှေလိုက်၏။ ပြီးနောက် ဆေးခန်းမှပေးထားသည့် ဆေးများကို ထုတ်ယူကာ ကနေ့မနက်ခင်းသောက်ရမည့်ဆေးများကို ရွေးထုတ်လိုက်သည်။ ထို့နောက် မျက်နှာသစ်၊ သွားတိုက်သည်။ ပြီးနောက် မုတ်ဆိတ်ကျင်စွယ်တို့ကို ရိတ်သင်လိုက်သည်။ ထို့နောက် ဆေးနှင့် ကွေကာကို သောက်လိုက်ပြီး ရေနွေးဘူးထဲမှ ကျန်နေသော ရေနွေးဖြူအနည်းငယ်ကို ဖန်ခွက်ထဲထည့်ကာ တဖြည်းဖြည်းချင်း မှုတ်သောက်နေမိလေသည်။

တစ်ကြိမ်တွင် ရေအသောက်နှင့် အသက်ရှူခြင်းဆုံမိသွားသောကြောင့် တစ်ချက်သီးသွားပြီး ချောင်းတဟွတ်ဟွတ်ဆိုးသွားသေးသည်။ မျက်ရည်များပင်စို့လာသောကြောင့် သောက်လက်စ ရေနွေးခွက်ကို ခဏချထားလိုက်သည်။ အခန်းထဲတွင် မိနစ်အနည်းငယ်ကြာအောင် လမ်းလျှောက်လိုက်သည်။

ချောင်းဆိုးခြင်းငြိမ်သွားသည့်အခါ ရေနွေးခွက်ကို ကောက်ကိုင်၍ တစ်ဟုန်ထိုးမော့ချလိုက်ပြန်သည်။ ရေနွေးက အနည်းငယ်ပူနေသောကြောင့် ကမန်းကတမ်း ထွေးထုတ်လိုက်ရပြန်သည်။ အာခေါင်ပူသွားသောကြောင့် အနည်းငယ် စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်ရင်း ခပ်တွေတွေငေးငေး ပြတင်းပေါက်အပြင်ကို လှမ်း၍ငေးနေလိုက်မိလေသည်။

မလှမ်းမကမ်းရှိ အပင်ပေါ်မှ ငှက်သိုက်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ ခဏအကြာတွင် ငှက်ခပ်ကြီးကြီးတစ်ကောင် အသိုက်နားတွင်နားလိုက်သည်နှင့် အသိုက်ထဲမှ ငှက်ငယ်လေးသုံးလေးကောင်၏ခေါင်းမျှားပြူထွက်လာသည်ကိုမြင်လိုက်ရသည်။ အသိုက်ဝမှငှက်ကြီးက သူ့နှုတ်သီးမှခွီလာသည့်အစာကို ငှက်ငယ်ကလေးများအား ခွဲကျွေးနေသည်ကို မြင်လိုက်ရသောကြောင့် သူဝမ်းသာဝမ်းနည်းစိတ်နှင့်အတူ သက်ပြင်းမောချလိုက်မိသည်။ ထို့အတူ သူ့အတွေးများသည်လည်း အတိတ်ကို တဒင်္ဂပျံ့လွင့်သွားလေတော့သည်။

သူအိမ်ထောင်ကျတော့ ဘာမှမပြည့်စုံသေးသည်မို့ နှုံးအလုပ်တစ်ဖက်နှင့် နှုံးအားရက်များတွင် ယိုစုံလုပ်ငန်းကို တဆိပ်လေးတစ်ခု စနစ်တကျသတ်မှတ်၍ ထုပ်ပိုးရောင်းချခဲ့လေသည်။ သူတို့မြို့ပေါ်ရှိ မုန့်လက်ကားဆိုင်များတွင် တင်ရုံတွင်သာမက ကျေးရွာများသို့ပါ စနေ၊တနင်္ဂနွေပိတ်ရက်များတွင် စက်ဘီးကယ်ရီယာနောက်၌ ထင်းရှူးသေတ္တာပုံးလွတ်တစ်ခုတင်ကာ ယိုထုပ်များကို ထိုပုံးတွင်ထည့်ပြီး ကားလမ်းသေးတစ်လျှောက်ရှိ ရွာများမှ စားဆိုင်များသို့ တစ်ဆိုင်ချင်း သူထုတ်လုပ်ထားသည့် ယိုစုံထုပ်များကို ဖောက်သည်လိုက်တင်ပေးခဲ့သည်။

သားဦးလေးကိုမွေးဖွားလာသည့်အခါ နွေပိုင်းနှုံးတက်၊ နှုံးကပြန်လာသည့်အခါ ယိုစုံများတစ်ခုပြီးပြီးတစ်ခုထိုးပြီးသော် ညပိုင်းတွင်လည်း အတီးအတနှိုင်လှသော ဇနီးသည်ကို စိတ်မချနိုင်သောကြောင့် ကလေးမျက်နှာကို ခဏခဏကြည့်ကာ ထူးခြားသည့်လက္ခဏာများကို တွေ့ရလေသော် စိတ်အေးလွန်၍ လူကြီး

www.burmeseclassic.com

များကို လွှားလွှားခေါ်ကာပြဖို့ခဲလေသော ကြောင့် အလုပ်ဟာအခြေခံသည်မှာ လည်းအခါခါပင်၊ သို့သော် အကဲဆတ်သည်ဟုရမည်လား။ အလိုက်မသိအမတ်ခံဝါးပင်ရပြန်ရမည်လား။ သေမသိတတ်အောင့်၊ သွင်းစိမ်းစိတ်များကိုကား မလွှဲ၊ ကလေးနေမကောင်းလျှင် သတိယိတိုင် ဆေးခန်းသာပြမည်၊ ကိုယ်တိုင်ဆေးကိုက်မည်၊ ဓိန်းမအားလည်း ကလေးနှင့် သင့်တော်ရေး၊ အစားအသောက်များကို မည်သို့မကဲပြတ်ကျွေးမွေးရမည်ကို ကျွမ်းရမည်။

သူတပါးများကိုဆေးတိုက်လျှင် အချို့က ကဒီကတခွန်းဟည်ဟုပြောကြသည်၊ ကြောခံနိုင်မည်လား၊ ဆေးကခါးလွန်းနေလျှင် ဆေးလျှော်ဆေးကြေးများ ကို ညွှတ်အောင်ကြိုတ်မည်။ ငြီးလျှင် သကြားနှင့်သော်လည်းကောင်း၊ ပူးရည်နှင့်သော်လည်းကောင်း ဖျော်တိုက်မည်။

"သား ဒီဆေးအလေးသောက်လိုက်ရော၊ ဒီဆေးကျော်ကာ မခံပါဘူးတဲ့။ သားဆေးသောက်လို့ အရသာရှိသွားအောင် ဖေဖေဟာရွှေနဲ့ဖျော်ထားတာကွ၊ ဒီဆေးတင်ခွက်လောက်သောကြိုရင် သားဟာဆေးသောက်သာသွားမယ်

www.burmeseclassic.com

www.burmeseclassic.com

သိလား။ နောက်ပြီး သားနေကောင်းသွားရင်လေ ဖေဖေ ခေါက်ဆွဲကြော်ဝယ်ကျွေးမယ်။ နောက်ပြီး သားနေကောင်းသွားရင် မြို့ပေါ်ကကစားကွင်းကိုဖေဖေလိုက်ပို့မယ်နော်။ သောက်လိုက် လူလေးနော်"

ပြီးတော့ အတီးအတ သူမိန်းမက ကလေးများကို ပြောဆိုဆုံးမသည်မှာ မပြေပြစ်လှ။ ထိထိရောက်ရောက်ပြောဆိုနိုင်သည့်အနေအထားမရှိ။ ထို့ကြောင့် ကလေးများအလစ်တွင် သူ့ကိုလည်း သွန်သင်ရသည်က အလုပ်တစ်ခု။

"နင်ကလည်းဟာ ကလေးတွေကို ဆုံးမတာလည်း စကားကောင်းပြောနေတာလား၊ ရန်ဖြစ်နေတာလားမသိရတဲ့ အခြေအနေပါလား။ သားသမီးကိုဆုံးမတာလည်း စကားကောင်းကိုနားလည်လွယ်အောင်ပြောရမယ့်နေရာမှာ နင်က ရန်တွေ့နေတဲ့လေသံနဲ့ ဆုံးမနေမှတော့ ဒီကလေးတွေ နင်ပြောချင်တာကို ဘယ်လိုလုပ်နားလည်ကြတော့မှာလဲ။ မိဘဆိုတာ သားသမီးဆုံးမတဲ့နေရာမှာ ချော့တန်သင့်ချော့၊ ခြောက်တန်သင့်ခြောက်။ ဒီလိုလုပ်သင့်တာပေါ့။ ခုတော့ နင်လုပ်ပုံနေရာမကျသေးပါဘူးဟာ"

ကြာသော် နားလည်လာလိမ့်မည်ထင်ထားသော်လည်း တလွဲနားလည်ကာ ဇနီးက ကလေးများနှင့်ပတ်သက်လာလျှင် ဘာမှပြုပြုပြင်ပြင်ထိန်းထိန်းသိမ်းသိမ်းမလုပ်တော့။

"ဟဲ့-ကလေးတွေက စကားပြောတာရော အမှုအရာတွေပါသိပ်မဟုတ်ပါလား။ ဘာကိုမှလည်းနားလည်သိတတ်မှုမရှိတဲ့ပုံစံကလေးတွေပါလား။ နင် ကလေးတွေကို ဘယ်လိုဆုံးမနေလဲ"

"ဘယ်လိုမှ မဆုံးမဘူး။ ကျွန်မက ကလေးတွေကို ပြေပြေပြစ်ပြစ်ဖြစ်အောင် စကားမပြောတတ် မဆုံးမတတ်ဘူးလေ။ ဒါကြောင့် ကျွန်မကလေးတွေကို မဆုံးမဘူးလေ။ တော်ရှိနေတာပဲဟာ တော်ပဲဆုံးမလိုက်ပေါ့"

"ဟာ-သေတော့မှာပဲ။ ငါမရှိတဲ့အချိန် ကလေးတွေနဲ့နင်ပဲလက်ပွန်းတတီးနေနေတဲ့ဟာ။ နင်ကမဆုံးမရင် ဘယ်သူဆုံးမမလဲ"

"အပြောအဆိုမပြေပြစ်တဲ့ကျွပ်က ဆုံးရင် တော်ကြိုက်မှာမဟုတ်ဘူးလေ။ ဒါကြောင့် မဆုံးမတာပဲလေ"

ထို့ကြောင့် သူတာဝန်မှာ မိသားစုအတွက် ငွေရှာခြင်း၊ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အရေးအားလုံးကို ဦးဆောင်ခဲ့ရပေတော့သည်။

သို့သော် သူကား စိတ်မပျက်။ မိသားစုလူတန်းစေ့နေနိုင်ရေးအတွက် အလုပ်ကိုကြိုးစားလုပ်ကိုင်ရင်း မိသားစုနှင့်ကင်းကွာမှန်းမသိ ကင်းကွာလာခဲ့သည်။ ထိုအချက်များကား မကောင်းကြောင်းကို အလွန်အချိန်နောင်းမှ သူသိမြင်နားလည်ခွင့်လွှတ်ရလိုက်သည်။ သူငွေရှာဖို့ တစ်ခုတည်းကိုသာ အာရုံစိုက်နေခိုက် ရှစ်တန်းအရွယ် သူသားအကြီးကောင်လေးက အရက်ဖြူသောက်သည်ကို သိရှိသွားချိန်တွင် တစ်သက်လုံးကြောင်းကျိုးပြဆုံးမစိတ်ရှည်လာခဲ့သည့် သူ သည်းခံနိုင်မှုများပျောက်ဆုံးကာ ဒေါသတကြီးပေါက်ကွဲခဲ့လေတော့သည်။

ဟန်ပြဆောင်ထားသော ငါးလိပ်ကျောက်အမြီးဖြင့် သူ၏မချိတင်ကဲဒေါသပေါက်ကွဲမှုကြောင့် သားကြီးအား အချက်ပေါင်းများစွာ ရိုက်နှက်နေမိလေသည်။ တစ်ခါရိုက်လိုက်တိုင်း ငါးလိပ်ကျောက်မြီးက တစ်ခါပြတ်ထွက်သောကြောင့် ခြောက်ပေနှင့်ငါးလိပ်ကျောက်အမြီးမှာ နှစ်ပေခန့်သာကျန်ခဲ့လေတော့သည်။ ထိုအချိန်မှ သူသားအား ရိုက်နှက်ဆုံးမခြင်းကို လတ်စသတ်လိုက်သည်။ သို့သော် သူ့ရင်ထဲတွင်ကား တန်ဖို့စိတ်မချမ်းသာမှုတို့က ကျန်ရစ်နေလေသည်။ သူဘဝတစ်သက်တာလုံးကို မိသားစုအတွက် အထူးသဖြင့် သားသမီးများအတွက် မြှုပ်နှံထားခဲ့သည်။

သူကိုယ်တိုင် မိသားစုအတွက်၊ သားသမီးများအတွက် အလုပ်ကိုပင်ပင်ပန်းပန်းလုပ်ကာငွေရှာခဲ့သည်။ အစားအသောက်ကိုခြိုးခြံချွေတာခဲ့သည်။ အရာရာတွင် ကလေးများအားငယ်မိမည်ကို စိုးရိမ်ပြီး သူကသာ အနစ်နာခံခဲ့သည်။ ကလေးများကား သူ့စေတနာ၊သို့မေတ္တာသူ့အနစ်နာခံခြင်းများကို နားမလည်ကြ။ ထိုအခြေအနေများသည် သားသမီးများနှင့် အနီးကပ်ဆုံး အချိန်အများဆုံးနေရသော ဇနီးသည်၏ညံ့ဖျင်းမှုကြောင့်ဖြစ်သည်ဆိုကာ သူဇနီးသည်အားရန်ရှာပြန်လေသည်။

"ကဲ-ဘယ်လိုလုပ်ကြမလဲ။ အစတည်းက ငါပြောခဲ့တယ်။ ဒီအရက်သောက်ဆေးလိပ်သောက်တာမကောင်းပါဘူး မလုပ်ကြနဲ့၊ စမ်းမကြည့်ကြနဲ့လို့လေ။ နောက်ပြီး ဒီလောက်တောင် ငါအပင်ပန်းခံပြီးအလုပ်လုပ်နေတာဟာ မိသားစုအားလုံးအတွက်၊ ငါစတည်ထောင်ထားမိတဲ့ မိသားတစ်စုလုံးအတွက်၊ လူတန်းစေ့နေနိုင်ရေးအတွက်၊ လူကြားသူကြားမှာ မင်းတို့မျက်နှာမငယ်အောင်၊ မသိမ်ငယ်ရအောင် ဖခင်တစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံး ငါ့ဘက်ကဝတ္တရားကျေအောင်လုပ်ကိုင်ပေးနေတယ်ဆိုတာကိုကော မင်းတို့မစဉ်းစားကြမိဘူးလား။ မင်းတို့က နားမလည်တောင် မင်းညီအမေက မင်းတို့ကို နားလည်အောင် သွန်သင်ဖို့တော့ကောင်းတယ်။ အိမ်ထောင်စုတစ်ခုမှာ ဖခင်က မိသားစုအတွက် မျက်နှာမငယ်အောင် ငွေရှာပေးနေ၊ မိသားစုဘဝမသိမ်ငယ်ရအောင် ကြိုးစားပေးနေရင် သားသမီးတွေနဲ့ အနီးကပ်ဆုံး အနီးစပ်ဆုံး အချိန်အများဆုံးနေနေရတဲ့ မိခင်ကတော့ သားသမီးတွေကို မကောင်းတာ၊ မလိမ္မာတာဆိုးသွမ်းအကျင့်ပျက်တာမျိုးမရှိရအောင် ထိန်းသိမ်းလမ်းညွှန်ပေးရမှာပေါ့။ ဖအေကချည်းပဲ အားလုံးကိုလိုက်ပူနေလို့ကိုပြောလိုက်ဆုံးမနေရတာမျိုးကျတော့ နောက်မကျနေသေးဘူးလား"

ထိုအခါတွင် သူထင်ထားသည့်အတိုင်းအတနိုင်သည်ဟူသော ဇနီးသည်က သူ့အားနှုတ်လှန်ထိုးလေတော့သည်။

"ပြော - ပြောပြောတတ်လိုက်တာ။ တစ်သက်လုံး တစ်အိမ်သားလုံးကို ငါရှာကျွေးထားတာပဲဆိုပြီး ငါလုပ်ခိုင်းတာလုပ်၊ ငါပြောတာနားထောင်၊ ငါ့ကို ပြန်မပြောနဲ့ဆိုတဲ့အချိုးမျိုးကို ကြာလာတဲ့အခါ ဘယ်သူသည်းခံနိုင်မှာလဲ။ ကိုယ့်ဟာကိုယ်လည်းပြန်စဉ်းစားကြည့်ပါဦး။ ဘယ်နေရာကြည့်လိုက်ကြည့်လိုက် ရှင်မတားဆီးမဝင်တပင်ထားတဲ့နေရာ၊ သွားဖို့ကြည်ကြည်သာသာခွင့်ပြုတဲ့နေရာကောရှိရဲ့လား။ ကလေးတွေရောကျွန်မရောဟာ ရှင့်ရဲ့ငွေဝယ်ကျွန်တစ်ယောက်ထက်ပိုတဲ့အဆင့်မျိုးမှရခဲ့ရဲ့လား။ တစ်ခါတလေ ကလေးတွေကို ပွဲလမ်းသဘင်လေးများသွားပို့ဖို့ သတိပဲမရတာလား၊ တမင်လျစ်လျူရှုထားတာလားမသိရတဲ့အခြေအနေမျိုးမှာ ကျွပ်က ကလေးတွေကို ပွဲလမ်းသဘင်ပို့ပေးဖို့ အကြောင်းများပြောမိဆိုမိရင်း တဖျစ်တောက်တောက်ပြောမဆုံးနိုင်တဲ့ကြောင်းကျိုးပြစကားတွေ၊ မရိုးနိုင်တဲ့ဆင်ခြေဆင်လက်တွေကြားထဲ ကျွပ်တို့သားအမိအမျိုးမျိုးအချုပ်ချယ်ခံခဲ့ရတယ်။ လိုက်မပို့နိုင်တာထားပါဦး။ ကိုယ့်ဟာကိုယ်သွားလာခွင့်ပေးသလားဆိုတော့ မပေးတဲ့အပြင် ပွဲလမ်းသဘင်သွားရင်တို့ပိုမိန်းမပျက်ဖြစ်တော့မလောက်၊ တန်ဖိုးလုံးဝမရှိတော့သလောက်ထိပြောခဲ့တယ်။ ပွဲလမ်းသဘင်သွားလို့ရှိရင်ပဲ ချက်ချင်းကြီးဆင်းရဲပြီး ခွက်လက်စွဲရမလောက်

www.burmeseclassic.com

အောင်ဖြစ်သွားတော့မတတ်အကြောင်း ပြတယ်။ လူဟာ အမြဲတမ်းချမ်းချမ်းသာသာ မျှားရင် လွတ်လပ်မှုကိုရှာတတ်တယ်ဆို တာကိုကော တော်မစဉ်းစားမိဘူးလား။ နောက်ပြီး ကျုပ်တို့အားလုံးကို တော့် စိတ်တိုင်းကျအုပ်ချုပ်ခဲ့တယ်။ အသုံး မကျလွန်းတဲ့ကျုပ်ဟာ ဒီကလေးတွေနဲ့ လက်ပွန်းတတီးအနီးကပ်အခိုင်အမာ ဆုံးနေရတာတော့ မှန်ပေမယ့် အသုံး မကျတဲ့အမေတစ်ယောက်လို့ ကလေး တွေထင်အောင် ရှင်လုပ်ထားခဲ့တယ်။ ကလေးတွေငယ်ငယ်လေးကတည်းက အဲဒီလိုထင်လာအောင် ဘာကိစ္စပဲဖြစ်ဖြစ် တော့်လက်တော့်ခြေတော့်ဟာတော်လုပ် ခဲ့ကိုင်ခဲ့တာမဟုတ်လား။ အဲဒီတော့ ကျုပ်ဟာ မအေတစ်ယောက်ပေမယ့် အရည်အချင်းမရှိတဲ့မအေတစ်ယောက်၊ အသုံးမကျလွန်းတဲ့မအေတစ်ယောက်မို့ သားသမီးနားဝင်နိုင်လောက်အောင်၊ လိမ္မာရေးခြားရှိလာအောင် ဆုံးမသွန် သင်နိုင်လိမ့်မယ်လို့ ရှင်ထင်တာတော့ ထမင်းရည်ပူလျှာလွဲလုပ်လိုက်တာပဲ လေ”

သူရင်ထဲဆို့နင်သွားသည်။ ဒဏ် ရာရထားသော သားကောင်တစ်ကောင် ၏ မချိမဆံ့ နာကျင်စွာညည်းတွားနေ သလို အဖြစ်မှန်ကို နားလည်စေရန် ရှင်းပြနေချေသေးသည်။

“မဟုတ်သေးဘူးလေဟာ။ တို့ဘဝ တွေဟာ သူညကစခဲ့ရတာမဟုတ်လား။ သူညစာခဲ့ရတဲ့ဘဝတွေအတွက် ရှေ့က ကိန်းဂဏန်းမတိုးနိုင်သေးဘဲ အခြေအ နေမှာ အသွားအလာ အနေအထိုင်အ စားအသောက် အို - အဆုံးပြောရရင် အရာရာကို ဆင်ဆင်ခြင်ခြင်တိုင်းတိုင်း ထွာထွာနေရမယ်၊ နေသင့်တယ်မဟုတ် လား။ နောက်ပြီး နင်တို့အားလုံးကို ဆင်ခြင်တိုင်းထွာနေထိုင်ကြရမယ်ဆိုပြီး ငါ့ဘက်ကတော့ ဘာများဆင်ခြင်တိုင်း ထွာတာမရှိဘဲ နင်တို့ထက်ပိုပြီးအခွင့် အရေးယူခဲ့တာမျိုးရှိခဲ့ဖူးလို့လား။ နောက် ပြီး မလိုအပ်ဘဲ အပိုကုန်ကျစရိတ်မများ ရအောင်ဆိုပြီး ငါဆံပင်ကိုတောင်ညှပ်ခ သက်သာအောင်တစ်နှစ်မှသုံးခါလောက် ညှပ်တာတွေ၊ ခေါင်းကဆံပင်ကို အုန်းဆီ မထည့်၊ ခေါင်းလိမ်းဆီမလိမ်းခဲ့၊ အစား အသောက်ဆိုလည်း ငါ့တစ်ယောက်ထဲ တွက်ထက် မိသားစုတွက် ဦးစားပေး စဉ်းစားခဲ့တာတွေ နင်တို့မသိကြ အသိ အမှတ်မပြုကြ နားမလည်ကြတော့ဘူး လားဟင်”

“တော်ပါတော့ သူတော်စင်ကြီး ရယ်။ ခုမှ ဟိုလူအပြစ်ရှိသလိုလို၊ ဒီလူ အပြစ်မကင်းသလိုလုပ်ပြမနေနဲ့တော့။ အခိုင်ရရင် ပြန်စဉ်းစားကြည့်လိုက်ဦး။ တော့်နောက်ကိုဘယ်သူကမှလိုက်ကြည့် နေဖို့အခိုင်မရှိဘူးလေ။ အဲဒီတော့လည်း တော်ပြောသလိုပဲပေါ့”

သူ ဒေါသဖြင့်တရှိန်ရှိန်ပူလောင် နေရာမှ သူဇနီးသည်၏ နှုတ်လုန်ထိုး သော စကားသံများကို ကြားလိုက်ရ သောအခါ သူနှလုံးသားအား ရေခဲရေ အေးအေးဖြင့် လောင်းချခြင်းခံလိုက်ရ သလို အေးစက်သွားသည်။ သူစေတနာ ကို နားမလည်သည့်ပြင် တန်ဖိုးမထား သောတို့ပြန်မှုန်းကိုမြင်တွေ့လိုက်ရသော ကြောင့် မချိတင်ကဲခံစားလိုက်ရသည်။ အံကိုတင်းတင်းကြိတ်လိုက်သောကြောင့် မေးကြောကြီးများထောင်ထလာသလို ရင်ထဲတွင်လည်း တန့်နှံ့ခံစားနေရချေ တော့သည်။

“မင်းတို့ကိုအရက်သေစာသောက် စားတာဟာမကောင်းပါဘူး။ ငါလည်း မကြိုက်ပါဘူး။ မင်းတို့ ခုအရွယ်ဟာ အညွှန့်တလုလှုနဲ့ အညွှန့်တက်တုန်း အရွယ်မို့ ကိုယ့်အညွှန့်ကို ကိုယ်ပြန်ချီးမိ သလိုဖြစ်မှာစိုးလို့ မသင့်တော်ပါဘူး မလုပ်ကြပါနဲ့လို့ အတန့်တန့်တားနေ လျက်နဲ့ မင်းတို့က ငါ့စကားကိုဂရုမစိုက် လို့လား။ ငါ့စကားကိုအလေးထားစရာ မလိုဘူးယူဆကြလို့လား။ ငါတန့်တန့် တားမြစ်တဲ့ မကောင်းတဲ့ လူငယ်တွေ အတွက် စမ်းကြည့်ဖို့တောင်မသင့်တော် တဲ့ အဲဒီအရက်တွေကို သောက်နေကြ တာလားကွ”

သူစကားကြားသည့်အခါ အရက် မူးနေသော သူသားလတ်က တဟား ဟားဟစ်၍ ရယ်လေသည်။

“ဟားဟားဟား - အဲဒါပေါ့ခွက္ခ တာ။ ဒီအရက်ဟာ အဖေ့အတွက် မကောင်းပေမယ့် ကျွန်တော့်အတွက် ကောင်းနေတယ်လေ။ အဖေမကြိုက်ပေ မယ့် ကျွန်တော်ကြိုက်တယ်။ နောက်ပြီး အဖေက မသောက်ဆင့်ဘူးလို့ထင်ပေ မယ့် ကျွန်တော်ကသောက်သင့်တယ်လို့ ယူဆလို့သောက်တာ။ အဖေမကြိုက်လို့ မသောက်ပေမယ့် ကျွန်တော်ကြိုက်လို့ သောက်တာကိုတော့ အဖေဘာမှမပြော သင့်ဘူးလေ”

သားလတ်၏ တုံ့ပြန်မှုကြောင့် သူစိတ်ထဲတွင် အတော်ကြီးထိခိုက်ခံစား လိုက်ရသည်။ ဒဏ်ရာရထားသော နာကျင်နေသည့်သားကောင်တစ်ကောင် လို နာနာကျင်ကျင် အသံပြုလိုက်သည်။

“ငါဟာ မင်းတို့ကို ဖခင်တစ် ယောက်ရဲ့မေတ္တာ၊ ဖခင်တစ်ယောက်ရဲ့ တာဝန်အရ မကောင်းတာကို မကောင်း ပါဘူးလို့ ကြောင်းကျိုးပြတားမြစ်နေတာ ဟာ မင်းတို့အတွက်ပါ။ဖခင်တစ်ယောက် ဟာ သားသမီးတွေအတွက် ဘေးမကျ ရောက်အောင်၊ ဆုံးရှုံးတဲ့အခြေအနေ တွေလည်း မဆုံတွေ့ရလေအောင် ဆုံးမ လမ်းညွှန်ခွင့်မရှိတော့တဲ့ အခြေအနေ လား။ မင်းတို့ရဲ့ဘဝမှာ ငါဟာ ဖခင်တစ် ယောက်အဖြစ် မားမားမတ်မတ်ရပ်တည် ခွင့်မရှိတော့တဲ့သဘောလား။ ဒါဆို ငါ ဟာ ဒီမိသားစုအားလုံးရဲ့ ဘဝအတွက် အမှိုက်တစ်စဖြစ်နေပြီလား။ ဒါဆို ငါ ဒီအိမ်ကနေစွန့်ခွာ ဒီအရပ်ကနေအပြီး ထွက်သွားပေးလိုက်ရင် ပိုကောင်းမယ်ဆို တဲ့သဘောလား”

သူစကားဆုံးသည့်အခါတွင် သူ မိသားစုများက ဘာမှပြန်မပြောသော်လည်း ထိမထင်ဟန်အကြည့်စူးစူးများ ကြောင့် ရင်ထဲတွင်နင့်သွားမိသလို ဖခင် တစ်ယောက်၏မာနကလည်း တင်းခဲခဲ ဖြစ်သွားရလေသည်။

သူ နာနာကျင်ကျင် ဇလုံးဇထွေး ရေရွတ်ပြောဆိုလိုက်လေသည်။

“ကောင်းပြီလေ၊ ဒီနေ့စကစပြီး မင်းတို့ဘဝမှာ မင်းတို့အဖေသေသွားပြီ လို့သာ သတ်မှတ်လိုက်ကြပေတော့”

ပြောပြောဆိုဆိုဖြင့် သူမျက်စိထဲ တွေ့နေရသော အဝတ်အစားအချို့ကို ကောက်ယူကာ အိတ်တစ်လုံးတွင်လုံး ထွေးထည့်ရင်း အိမ်မှထွက်ခွာလာခဲ့ ပေတော့သည်။ အစောပိုင်းကတော့ သူ ဘဝ၊ သူအဖြစ်အပျက်တွေက ပုထုဇဉ်ပီပီ တရားခံရှာဖွေခဲ့လေ၏။ ဟိုလူကြောင့် ဒီလူကြောင့်ဟူ၍ တရားခံရှာတတ်လေ သည်။ သူအပြစ်မြင်သည့်သူများအပေါ် အလွန်နာကြည်းမုန်းတီးမိသည်။ နောက် ပိုင်းတွင်တော့ သူနည်းနည်းနားလည် လာ၏။ ထို့အဖြစ်အပျက်အားလုံး၏ တရားခံသည် အခြားသူများမဟုတ်။ သူ ကိုယ်တိုင်သာ ဖြစ်သည်။ ဟုတ်သည် လေ။ ဘဝများစွာသံသရာ၌ကျင်လည်ခဲ့ ရစဉ် ဘဝတစ်ခုခုတွင် သူသည် အခြား သူများ၏ ကိုယ်ဆင်းရဲခံစိတ်ဆင်းရဲဖြစ် အောင်ကိုယ်ရောစိတ်ပါပြုမူဆောင်ရွက် ခဲ့ပေလိမ့်မည်။ ထို့အကုသိုလ်များက ယခုဘဝတွင် ပေးဆပ်ခိုင်ကြပေသော ကြောင့်သာ ယခုအခါ သူမည်မျှကောင်း အောင်ပြုမူသောအခြေအနေဖြစ်ပါစေ သူ့အဖို့ အမြဲတမ်းနီးပါးအဆိုးကိုကြုံတွေ့ နေရခြင်း ဖြစ်လေ၏။ ထို့ကြောင့် ဘုရား

www.burmeseclassic.com

ဝတ်တက်ပြီးတိုင်း သူဆုတောင်းတတ်သည်။

"အရှင်ဘုရား၊ ဘုရားတပည့်တော် ယခုချိန်ထိ ကြုံဆုံခဲ့ရသော အဖြစ်အပျက်များသည် ဘုရားတပည့်တော်၏ အတိတ်ဘဝ၊ ဝဋ်ကြွေးများကိုပေးဆပ်ရခြင်းဖြစ်ပါလျှင် ဤမျှနှင့်သာပြေပါစေ။ ကြေပါစေဘုရား။ တပည့်တော်အပေါ် တစ်ယောက်ယောက်က ယခုဘဝတွင် သံသရာစွက်ကြေးဟူ၍ဆိုနိုင်မည့်အပြစ်များကို ကျူးလွန်စော်ကားမိက်များထားမိလျှင်လည်း တပည့်တော်အပြစ်မယူခွင့်လွှတ်ပါ၏။ အကြွေးဟူ၍မသတ်မှတ်ပါအရှင်ဘုရား"

❑

ရုတ်တရက် နှာခေါင်းအတွင်းတိုးဝင်လာသည့် မွေးပျံ့သောဟင်းရနံ့များကြောင့် သူဗိုက်ထဲမှ အူတို့လှုံးလွန့်လှုပ်ရှားလာသကဲ့သို့ အစာအိမ်မှလည်း တဂွီဂွီနှင့် အစာတောင်းခံသံထွက်ပေါ်လာချေတော့၏။ ထိုကဲ့သို့သော လူချင်းတူတူသူချင်းမျှမျှ လူအဆင့်အတန်းမီမီ လူနှင့်သူနှင့်တူသောထမင်းပွဲများ သူနှင့်ကင်းဝေးခဲ့သည်မှာ ဤအရပ်ကိုရောက်လာကတည်းကဖြစ်သည်။ တိတိကျကျဆိုရမူ သူတည်ဆောက်ခဲ့သည့်မိသားစုဘဝကို စွန့်ခွာလာကတည်းကပင် ဖြစ်ပေသည်။ ရုတ်တရက် လိုက်ခဲဝမ်းနည်းမှုကြောင့် သူပါးပြင်ပေါ် သို့ မျက်ရည်စအချို့ စီးကျလာပေသည်။ သူဦးခေါင်းကို ခါယမ်းလိုက်သည်။ အာရုံပြောင်းသည့် အနေနှင့် အစောပိုင်းက သူချထားသည့် ရေနွေးခွက်ထဲသို့ ရေနွေးအနည်းငယ် ထည့်ပြီးသောက်လိုက်သည်။

များသောအားဖြင့် သူ၏ နေ့စဉ်ဘဝအစားအသောက်များမှာ တစ်ခါတစ်ရံမှသာ လမ်းဘေးဈေးပေါသော ထမင်းဆိုင်မှ ခပ်ပေါပေါခပ်ညံ့ညံ့ဟင်းများသာဖြစ်သည်။ ထိုဟင်းများသည် သူ့အတွက်တော့ တကယ့်နတ်သဒ္ဓါဝင်ဖြစ်သည်။ ဟင်းကပေါ့နေလျှင် သူဝယ်ထားသည့်ဆားထုပ်ထဲမှ ဆားနှင့်ဖြူးစားလိုက်ရုံပင်။ ငန်နေမည်ဆိုလျှင်လည်း ထမင်းခပ်များများကို ဟင်းရည်နည်းနည်းဖြင့် နယ်စားရုံမျှဖြင့် အဆင်ပြေသည်။ များသောအားဖြင့်တော့ သူထမင်းကို ဆီဆမ်းဆားဖြူးပြီး ကွမ်းယာဆိုင်များတွင်ရောင်းသည့် တစ်ရာတန်မြေပဲလှော်ထုပ်တစ်ထုပ်သည်လည်း သူအတွက် တစ်နပ်စာဟင်းဖြစ်လျှင်ဖြစ်မည်။ တစ်ခါတစ်ရံ ငှက်ပျောသီးတစ်လုံးသည်လည်း သူထမင်းပွဲတွက်တစ်နပ်စာဟင်းဖြစ်နိုင်သည်။

ထိုစဉ်အခိုက် သူရင်ထဲမှ စူးခနဲထိုးအောင့်လာသောကြောင့် ရေနွေးခွက်ကို နံရံဘေးကြွက်လျှောက်တန်းပေါ် တင်ထားပြီး သူရင်ဘတ်ကို လက်တစ်ဖက်နှင့်အသာအယာပွတ်သပ်နေမိပေသည်။ ခဏအကြာတွင် အနည်းငယ်သက်သာလာသလိုလိုရှိသောကြောင့် မနေ့ညက သူထသောက်ထားသည့် ဆေးလိပ်တိုကို သွားယူလာပြီး ပြတင်းပေါက်ဘေးက ကုလားထိုင်တွင်ထိုင်၍ မီးညှိကာရှိုက်ဖွာနေမိပြန်လေသည်။ တစ်ကြိမ်တွင် ဆေးလိပ်ငွေ့ကိုတအားရှိုက်ဖွာမိသောကြောင့် သီးသွားပြီး ချောင်းတဟွတ်ဟွတ်ဆိုးလာပြီး အသက်ရှူသည့်အခါ တရှိရှိနှင့် သလိပ်သံများပါ ရင်ခေါင်းထဲကထွက်ပေါ်လာလေသည်။

ထိုအခိုက် သူနားထဲတွင် သူရင်နှီးနေကျအသံလိုလို ကြားလိုက်မိသောကြောင့် ပြတင်းပေါက်ပေါင်ကို အားယူ၍ထလိုက်ရင်း အသံထွက်ပေါ်လာသည်ဟုယူဆသည့်လမ်းမပေါ်ကို လှမ်းကြည့်လိုက်သည်။

"အဖေ အဖေ အဖေ"

သို့သော် သူမျက်လုံးထဲတွင် ဘာမှသဲသဲကွဲကွဲမမြင်ရဘဲ ခေါင်းထဲတွင်မိုက်ခနဲဖြစ်သွားသည်။ ထို့နောက်ကြမ်းပြင်ပေါ် သို့ ဟပ်ထိုးလဲကျသွားလေတော့သည်။ ထို့နောက် သူ့သားများ၏ ငယ်ဘဝပြုစုပျိုးထောင်ခဲ့ပုံများအား သူ့အာရုံထဲတွင် ပြန်လည်ထင်မြင်လာသည်။ သားများ ငယ်ရွယ်စဉ် သာယာခဲ့သော မိသားစုဘဝကို ပြန်လည်ထင်မြင်လာမိလေသည်။ ပြီးနောက် သူ့အာရုံထဲတွင် စူးရှတောက်ပလာသောအလင်းတန်းထိုးကျလာပေသည်။

❑

အပေါ် ထပ်မှလဲပြိုကျသံကြောင့် ကျွန်တော်အပေါ် ထပ်သို့အလောတကြီး တက်လှမ်းမိသည်။ အပေါ် ထပ်မှအိမ်ငှားနေထိုင်သည့်အဘ၏အခန်းမှာစေ့ထားသောကြောင့် မေးမြန်းကြည့်ရန် တံခါးအားတွန်းကြည့်လိုက်သည့်အခါ ကြမ်းပြင်ပေါ် ထွင် လဲကျသတိလစ်နေသော အဘအား တွေ့လိုက်ရလေသည်။

"ဟော့ - ဆင်ပေါက်တို့၊ သမန်းကျားတို့၊ ငပေါက်တို့လာကြပါဦးကွ။ ဒီမှာ အပေါ် ထပ်ကဘကြီးသတိလစ်နေတယ်။ လာကူကြပါဦးဟ"

ကျွန်တော့်အော်သံကြောင့် သူတို့ပြေးလာကြသောအခါ ကျောင်းဆရာတို့၏ရွှေမြင့်မိုရ်နာရေးကူညီမှုအသင်း၏ လူနာတင်ယာဉ်အား ခေါ်ခိုင်းလိုက်ပြီး ချောင်းဆုံဆေးရုံသို့ပို့ဆောင်လိုက်လေသည်။ ဆေးရုံသို့ရောက်သည့်အခါတွင် တာဝန်ကျဆရာဝန် ဒေါက်တာခိုင်ကြည်ပြာက -

"ဦးတို့လူနာဆုံးတာ အနည်းဆုံးနာရီဝက်လောက်တော့ရှိပြီ။ သူ့ရဲ့သွင်ပြင်လက္ခဏာတွေကို ကြည့်ရတာတော့ ရုတ်တရက် နှလုံးရောဂါကြောင့်လို့ထင်ရပါတယ်။ ခွဲစိတ်စစ်ဆေးကြည့်ရင်တော့ အသေးစိတ်သိရမှာပါ"

ထို့ကြောင့် ကျွန်တော့်မှာ မရည်ရွယ်ဘဲ အသုဘရှင်ဖြစ်ခဲ့ရလေတော့သည်။ စာပနကို မြေချပြီးသည့်အခါ ကွယ်လွန်သူ ဘကြီး၏အဆက်အသွယ်နှင့် ပတ်သက်၍ သဲလွန်စရလိုရင်း သူ့အခန်းထဲတွင် ကျွန်တော်ရှာဖွေသည့်အခါ ဒိုင်ယာရီဟောင်းလေးငါးအုပ်နှင့် ရေးလက်စဒိုင်ယာရီတစ်အုပ်ကို ရရှိခဲ့လေသည်။ ထိုဒိုင်ယာရီစာအုပ်များတွင် အဆက်အသွယ်လိပ်စာများ၊ ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များ တစ်ခုမျှမပါဘဲ ကွယ်လွန်သူဘကြီး၏ရင်နှင့်ရင်း၍ ရေးသားထားသော ရင်နင့်ဖွယ်အကြောင်းအရာများကိုသာ ဖတ်ရှုလိုက်ရသောကြောင့် သူ၏မိသားစုများ၊ ပတ်သက်ဆက်စပ်သူများအား အကြောင်းမကြားနိုင်ခဲ့ပေ။ ထို့အတူ ဤဘကြီးသည် မည်သည့်အရပ်ဒေသမှလာ၍နေထိုင်ကြောင်း၊ မိသားစုများသည် မည်သူဖြစ်ကြောင်းများကိုလည်း လုံးဝမသိနိုင်ခဲ့ပေ။ ယေဘုယ္ယအားဖြင့် သူမျှော်လင့်တကြီးတည်ဆောက်ခဲ့သော သာယာသည့် မိသားစုဘဝသည် သူထင်ထား၊ သူမျှော်လင့်ထားသလိုဖြစ်မလာဘဲ သားသမီးများနှင့် ဇနီးသည်တို့၏ ကျေးဇူးမသိတတ် နားလည်မှုမဲ့သော ဒဏ်ရာဒဏ်ချက်များကြောင့် နေရင်းရပ်ရွာကို စွန့်ခွာဇာတ်မြို့ပြနေသည့် လူသားတစ်ဦးအဖြစ်သာ သိလိုက်ရပေ၏။ ထို့ကြောင့် သူ့အတွက် ကျွန်တော် အလွန်စာနာကြေကွဲသနားစိတ်များ ဖြစ်ပေါ်လာခဲ့ရ၏။

ရန်သူမျိုးငါးပါးထဲတွင်ပါဝင်သော အိမ်ထောင်ဖက်ဆိုး၊ သားသမီးဆိုးများနှင့် ဆုံတွေ့ခဲ့ရသော သူ့အတွက်လည်း ဘဝဆက်တိုင်း ထိုကြမ္မာဝဋ်ဆိုးမှတ်မကင်းဝေးပါစေကြောင်း ဆုတောင်းပေးလိုက်မိပေတော့သည်။

မြသန်းသက်ကျော်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များလွှေ့ချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ရက်	လုပ်ဆောင်ရန် နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းရွှေ့	စုတ်ဥာဏ်	ဝင်ထွက်ခပါဒ်
၁	ဝိသာခါ	၂ ကန်း	၁၆း၀၈း၄၄	ဝရ	ခပါဒ်
	အနုရာဓ	၂ ကန်း		ဥပါဒ်	ထွက်
၂	အနုရာဓ	၂ ကန်း	၁၈း၄၀း၀၀	အမြိတ္တ	ဝင်
	ဇေဋ္ဌ	၁ ကန်း		လာဘ	ဝင်
၃	ဇေဋ္ဌ	၁ ကန်း	၂၁း၂၀း၀၀	ဥပါဒ်	ထွက်
	မူလ	၁ ကန်း		မိတ္တူ	ထွက်
၄	မူလ	၁ ကန်း	၂၃း၃၃း၄၉	လာဘ	ဝင်
	ပြုဗ္ဗာသာဠှ	၂ မြင်		သိဒ္ဓိ	ဝင်
၅	ပြုဗ္ဗာသာဠှ	၂ မြင်	၁၉း၃၃း၂၀	မိတ္တူ	ထွက်
	အဘိဇိ	×		ကာဏ	ထွက်
၆	အဘိဇိ	×	၀၈း၄၃း၃၈	သိဒ္ဓိ	ဝင်
	ဥတ္တရာသာဠှ	၂ ကန်း		ဝရ	ခပါဒ်
၇	ဥတ္တရာသာဠှ	၂ ကန်း	၀၄း၁၂း၃၈	ကာဏ	ထွက်
	သရဝဏ်	၂ မြင်		အမြိတ္တ	ဝင်
၈	သရဝဏ်	၂ မြင်	၀၅း၂၈း၂၅	ဝရ	ခပါဒ်
	ဓနိသိဒ္ဓ	၁ ကန်း		ဥပါဒ်	ထွက်
၉	ဓနိသိဒ္ဓ	၁ ကန်း	၀၆း၃၇း၁၄	အမြိတ္တ	ဝင်
	သတတိသ	၂ မြင်		လာဘ	ဝင်
၁၀	သတတိသ	၂ မြင်	၀၇း၁၉း၁၉	ဥပါဒ်	ထွက်
	ပြုဗ္ဗာဘဒြပိုဒ်	၂ ကန်း		မိတ္တူ	ထွက်
၁၁	ပြုဗ္ဗာဘဒြပိုဒ်	၂ ကန်း	၀၇း၂၈း၃၁	လာဘ	ဝင်
	ဥတ္တရာဘဒြပိုဒ်	၂ ကန်း		သိဒ္ဓိ	ဝင်
၁၂	ဥတ္တရာဘဒြပိုဒ်	၂ ကန်း	၀၇း၀၄း၅၅	မိတ္တူ	ထွက်
	ရေဝတီ	၁ ကန်း		ကာဏ	ထွက်
၁၃	ရေဝတီ	၁ ကန်း	၀၆း၂၈း၃၄	သိဒ္ဓိ	ဝင်
	အသဝနီ	၁ ကန်း		ဝရ	ခပါဒ်
၁၄	အသဝနီ	၁ ကန်း	၀၅း၂၀း၀၀	ကာဏ	ထွက်
	ဘရဏီ	၂ မြင်		အမြိတ္တ	ဝင်
၁၅	ဘရဏီ	၂ မြင်	၀၄း၀၇း၃၀	ဝရ	ခပါဒ်
	ကြတ္တိကာ	၂ ကန်း		ဥပါဒ်	ထွက်
၁၆	ကြတ္တိကာ	၂ ကန်း	၀၂း၃၀း၃၀	အမြိတ္တ	ဝင်
	ရောဟဏီ	၂ မြင်		လာဘ	ဝင်

ရက်	လုပ်ဆောင်ရန် နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းရွှေ့	စုတ်ဥာဏ်	ဝင်ထွက်ခပါဒ်
၁၇	ရောဟဏီ	၂ မြင်	၀၁း၀၆း၂၈	ဥပါဒ်	ထွက်
	မိဂသီ	၁ ကန်း		မိတ္တူ	ထွက်
	အဠ	၂ မြင်		ကာဏ	ထွက်
၁၈	အဠ	၂ မြင်	၂၁း၄၄း၀၀	သိဒ္ဓိ	ဝင်
	ပုနဗ္ဗသု	၂ ကန်း		ဝရ	ခပါဒ်
၁၉	ပုနဗ္ဗသု	၂ ကန်း	၂၀း၃၄း၁၇	ကာဏ	ထွက်
	ဖုဿ	၂ ကန်း		အမြိတ္တ	ဝင်
၂၀	ဖုဿ	၂ ကန်း	၁၉း၀၂း၅၁	ဝရ	ခပါဒ်
	အသလိသ	၁ ကန်း		ဥပါဒ်	ထွက်
၂၁	အသလိသ	၁ ကန်း	၁၇း၅၄း၁၇	အမြိတ္တ	ဝင်
	မာဃ	၁ ကန်း		လာဘ	ဝင်
၂၂	မာဃ	၁ ကန်း	၁၆း၀၁း၅၆	ဥပါဒ်	ထွက်
	ပြုဗ္ဗဖလဂုနီ	၂ မြင်		မိတ္တူ	ထွက်
၂၃	ပြုဗ္ဗဖလဂုနီ	၂ မြင်	၁၆း၄၈း၀၀	လာဘ	ဝင်
	ဥတ္တရဖလဂုနီ	၂ ကန်း		သိဒ္ဓိ	ဝင်
၂၄	ဥတ္တရဖလဂုနီ	၂ ကန်း	၁၇း၂၂း၄၆	မိတ္တူ	ထွက်
	ဟဿတ	၂ မြင်		ကာဏ	ထွက်
၂၅	ဟဿတ	၂ မြင်	၁၈း၁၂း၂၅	သိဒ္ဓိ	ဝင်
	စိတြ	၁ ကန်း		ဝရ	ခပါဒ်
၂၆	စိတြ	၁ ကန်း	၁၉း၂၂း၀၆	ကာဏ	ထွက်
	သွာတိ	၂ မြင်		အမြိတ္တ	ဝင်
၂၇	သွာတိ	၂ မြင်	၂၀း၂၂း၅၅	ဝရ	ခပါဒ်
	ဝိသာခါ	၂ ကန်း		ဥပါဒ်	ထွက်
၂၈	ဝိသာခါ	၂ ကန်း	၂၁း၃၃း၄၉	အမြိတ္တ	ဝင်
	အနုရာဓ	၂ ကန်း		လာဘ	ဝင်
၂၉	အနုရာဓ	၂ ကန်း	မပြောင်း	ဥပါဒ်	ထွက်
၃၀	အနုရာဓ	၂ ကန်း	၀၁း၄၆း၄၀	အမြိတ္တ	ဝင်
	ဇေဋ္ဌ	၁ ကန်း		လာဘ	ဝင်
၃၁	ဇေဋ္ဌ	၁ ကန်း	၀၄း၂၆း၄၀	ဥပါဒ်	ထွက်
	မူလ	၁ ကန်း		မိတ္တူ	ထွက်

စ-စ-၂၀၁၇၊ အင်္ဂါနေ့ နံနက် ၀၈း၄၇း၁၃ နာရီတွင်လပြည့်ပြီး
၂၂-စ-၂၀၁၇၊ အင်္ဂါနေ့ နံနက် ၀၁း၁၇း၀၉ နာရီတွင် လကွယ်သည်။

ဤဇယားတွင်-
ပြုဗ္ဗာသာဠှနက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠှနက္ခတ် အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟု ယူကာ ထွက်ထားပါသည်။

အသုံးတည့်နိုင်ကြပါစေ

ဦးအောင်စောလှိုင် (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

ဗကော်(နေပြည်တော်) ဖြစ်ရပ်မှန်ကိုအခြေခံသည်

မမထားနှင့် အပါ (မြားနတ်မောင်) မြန်မာရုပ်ရှင်ဖြစ်စေခဲ့သူ

ကျွန်တော်တို့ငယ်ရွယ်စဉ်အခါန်မှစတင်၍ အသက်အရွယ်ကြီးပြင်းလာသည့်တိုင် ရုပ်ရှင်နှင့် ဇာတ်ကားမြောက်မြားစွာကိုကြည့်ရှုခဲ့ကြဖူးပြီ ဖြစ်ပါသည်။ အလွမ်း၊ အသော၊ စွန့်စားခန်း၊ သမိုင်း ရာဇဝင်၊ ဇာတ်တော်လာမှု အစရှိ၍ ခေတ်လွန်စွန့်စားသတ္တဝါကြီးများပါမကျန် ထိတ်လန့်သည်းဖို အစမှီသည်တို့ကိုပါ မချန် ကုန်စင်အောင် ရိုက်ကူးတင်ဆက်မြဲ တင်ဆက်ကြပါဦးမည်။ ထိုအထဲမှ ထူးကဲစွာ ဖြစ်စဉ်အကြောင်းအရာတို့ကို ရေးသားရိုက်ကူးသော ဇာတ်လမ်းများလည်း ပေါ်ထွက်ခဲ့ကြပြီးပြီ။

အချို့လည်း ဝတ္ထုဇာတ်လမ်းကောင်းများထဲမှ ရွေးချယ်တင်ဆက်ပြသကဲ့သို့ အချို့လည်း စိတ်ကူးယဉ်ဆန်ဆန် မိုးပျံမြေလျှိုးဇာတ်လမ်းမျိုးကလည်း ရှိနေပေသေးသည်။ ဤနေရာတွင် ဆိုစကားတစ်ခုကို ပြဆိုညွှန်းပေအုံး။ တခြားမဟုတ်ပါ။ ဖြစ်ရပ်မှန်သည် စိတ်ကူးယဉ်ထက် ဆန်းကြယ်သည်ဟူသော အချက်ပင်။ ရဲဖန်ရဲခါ လောကီထုပ္ပတ်လူတို့ဇာတ်သည် မမျှော်လင့်ဘဲနှင့် တွေးတောဆင်ခြင်ကင်းမဲ့စွာ (သို့) ယုတ္တိယုတ္တာဇာတ်လမ်းကိုအခြေခံလျက် ပေါ်ထွက်ခဲ့သည်မဟုတ်ပါလား။ မြန်မာနိုင်ငံတွင်လည်း ရုပ်ရှင်များစွာ ရိုက်ကူးတင်ဆက်သည့်အထဲမှ ဖြစ်ရပ်မှန်များစွာကိုဖော်ထုတ်ပြသနိုင်စွမ်းမရှိသော်လည်း ရိုးတိုးရိုပ်တိပ်အဖြစ်ဆန်းများကို ပုံဖော်ရိုက်ကူးကြောင်း သာဓကတစ်ခုအနေဖြင့် ပြသပါရစေ။

လွန်ခဲ့သော နှစ်ပေါင်းများစွာက စာရေးဆရာ ဒဂုန်မြတ်လေးနွယ် (ဗိုလ်မှူးအေးငွေ) နှင့် အပါ သို့မဟုတ် ဦးပါကျင် (စာရေးဆရာ မျိုးမြင့်ရန်နောင်) တို့က 'မြားနတ်မောင်' အမည်ဖြင့် ဒဂုန်မဂ္ဂဇင်းသို့ ဝတ္ထုရေးပို့ခဲ့ရာ ၎င်းအမည်ဖြင့် အေဝမ်းဖလင်မှ ရုပ်ရှင်ရိုက်ခဲ့သည်။ ၁၉၆၃ ခုနှစ်လောက်တွင် မြားနတ်မောင်ကိုပင် 'မမထားနှင့် အပါ' အမည်သစ်နှင့် အေဝမ်းမှ ရုပ်ရှင်ရိုက်ခဲ့ပြန်သည်။ ဝတ္ထုရေးဆရာလည်း ခံစားမှုဖြင့်ရေးသည့်အကြောင်းအချက်အလက်မှန်ကန်ရန် အဓိကမထားပေ။ အပါ တစ်ဖြစ်လဲ စာရေးသူ မျိုးမြင့်ရန်နောင်ကလည်း စာရေးဆရာဖြစ်၍ အချို့ကိစ္စများတွင် စိတ်ကူးယဉ်ပြီးပြောပြတာတွေ၊ ရေးတာတွေရှိပါသည်ဟု စာရေးဆရာကြီး မောင်သန်းဆွေ(ထားဝယ်)၏ 'ကုန်းဘောင်အလွန်' စာအုပ်မှ 'မမထားနှင့်အပါ' တို့၏ ဖြစ်ရပ်မှန်ဟု ရေးသားတင်ဆက်ခဲ့ဖူးပါပြီ။

နယ်ချဲ့ဆန့်ကျင်ရေးမင်းသားကြီး သမီးတော်၊ နယ်ချဲ့ဆန့်ကျင်သူ မမထားနှင့် နယ်ချဲ့အလိုတော်ရိ အေဘီအမ်ကျောင်းဆရာကြီး၏သားဖြစ်သူ အပါတို့ အချစ်ဇာတ်လမ်းသည် ဗန်းမော်မြို့မြေတွင် တစ်ခေတ်တစ်ခါက အမှတ်ထင်ထင်ဖြစ်ခဲ့ရာမှ ဆောင်းပါး၊ ဝတ္ထု၊ ရုပ်ရှင်များကြောင့် တိုင်းသိပြည်သိဖြစ်ခဲ့ရသည်မှာလည်း ထိုဖြစ်ရပ်မှန်ရုပ်ရှင်ကြောင့်ပင်။ မြန်မာလူမျိုးဆိုသည်မှာ အင်မတန်ရှက်စရိုး၍ ဖြစ်ရပ်မှန်များစွာပေါ်ထွက်ခဲ့သော်လည်း ရုပ်ရှင်ပိတ်ကားပေါ် သိုးကာသီကာဖော်ပြရုံမျှ မစွမ်းနိုင်ရှာပေ။

သို့ပါသော်ငြား မြန်မာမြေပေါ်တွင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထိုင်း-မြန်မာနယ်စပ်တွင် ဂျပန်ထိုးဖောက်လုပ်ခဲ့သည့် သေမင်းတမန်မီးရထားလမ်းကို အခြေပြု၍ Bridge on the river Kwai ဟူသော 'ကွေးမြစ်ပေါ် ကတံတား'ဇာတ်ကားမဟာကြီး ပေါ်ထွက်လာဖူးသည် မဟုတ်လား။ မဟာမိတ်ဗြိတိသျှစစ်သုံ့ပန်းတို့၏ဘဝကြမ္မာဆိုးကို သိရှိကြရလျှင် စိတ်မကောင်းဖြစ်ကြသဖြင့် တစ်ကမ္ဘာလုံးစစ်သုံ့ပန်းတို့၏ဘဝကံကြမ္မာဆိုးကို သိရှိကြရလျှင် စိတ်မကောင်းဖြစ်ကြသဖြင့် တစ်ကမ္ဘာလုံးကစိတ်ဝင်စားခဲ့ကြသော်လည်း မဟာမိတ်စစ်သုံ့ပန်းများနှင့် အတူ ယှဉ်တွဲအလုပ်လုပ်ရသော 'မြန်မာ ခွေးတပ်'အကြောင်း လူသိနည်းသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ ထိုင်း-မြန်မာမီးရထားလမ်းကိုယ်တွေ့ခွေးတပ်မှတ်တမ်းရေးသားသူ လင်းယုန်သစ်လွင်၏ ရေးသားချက်အရ မြန်မာနိုင်ငံမှ ခွေးတပ် သားပေါင်း ရှစ်သောင်းကျော်သေကျေပျက်စီးသည်ဟု ခန့်မှန်းသိရှိရသည်။

အလားတူ ဖြစ်ရပ်မှန်ကို အခြေခံသော ရုပ်ရှင်တစ်ခုဖြစ်သည့် Railway Man ဟူသောဇာတ်ကားတစ်ကားပေါ် ထွက်ခဲ့ဖူးသည်။ Based on the best selling book ဟူသော ကြေညာစာတမ်းအရ သေမင်းတမန်မီးရထားလမ်းပေါ်တွင် စေခိုင်းသူနှင့် အစေခိုင်းခံရသူတို့ ပဋိပက္ခအကြား စစ်ပွဲကြီးပြီးသွားသော်လည်း အစေခိုင်းခံရသူမှ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် ဗြဟ္မဝိဟာရတရားလက်ကိုင်ထားပုံကို ဖြစ်ရပ်မှန် ပေါ် အခြေပြုပြီး ရိုက်ကူးတင်ဆက်သွားပေသည်။ အော်စကာဆုပိုင်ရှင် Colin Firth နှင့် Nidcole Kidman တို့က ပီပြင်စွာ သရုပ်ဆောင်ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်မှ ခါးသီးသောဖြစ်ရပ်များဖြစ်သည့် (၁၃) နှစ်အရွယ် (Anne Frank ၏ Diary) နေ့စဉ်မှတ်တမ်းကို အခြေခံသောရုပ်ရှင်တစ်ကားလည်းပေါ်ထွန်းခဲ့သေး၏။ ဒါရိုက်တာ ရိုမန်ပိုလန်စကီးသည် ဂျူးဖြစ်ရပ်မှန်အကြောင်း ရိုက်ကူးရာတွင် ပီပြင်သူဖြစ်၏။ သူယိုတိုင်လည်း နာဇီလက်အကျဉ်းခန်းမှ လွတ်မြောက်သူပီပီ ဂျူးလူမျိုး စန္ဒရား

www.burmeseclassic.com

www.burmeseclassic.com

ဆရာတစ်ဦး၏ဖြစ်ရပ်မှန် (The Pianist) ရုပ်ရှင်ကားရိုက်ကူးပြီး အော်စကာရယူသွားသူဖြစ်၏။

အော်စကာ(၇)ဆုရသော ဒါရိုက်တာ စတီဗင်စပီးဗတ်၏ Schindler's List ဖြစ်ရပ်မှန်ဇာတ်သည်လည်း တစ်ခုအပါအဝင်ဖြစ်၏။ ဒုတိယကမ္ဘာစစ်အတွင်း Oskar Schindler အမည်ရှိလုပ်ငန်းရှင်တစ်ဦးသည် သူ့အသက်ကို ပမာဏထားဘဲ နာဇီအကျဉ်းထောင်အတွင်းမှ ဂျူးများအား ကယ်ထုတ်ပေးသည့်ဇာတ်လမ်းပင် ဖြစ်၏။ ဥရောပ၏အမှောင်ညနာရီများကြား သူရသတ္တိရှိစွာလုပ်ဆောင်ပေးသည့် ဖြစ်ရပ်မှန်များသာတည်း။

ဆိုးဝါးသော သဘာဝဘေးအန္တရာယ်ကပ်ဆိုးများနှင့်ပတ်သက်၍လည်း ဖြစ်ရပ်မှန်ရုပ်ရှင်များ ရိုက်ကူးတင်ဆက်ပါသေး၏။ ၂၀၁၂ နှစ်အချိန်က မာယာပြက္ခဒိန်ကြောင့် ကမ္ဘာကြီးပျက်သုဉ်းမည်ဘေးကို (2012 Doomsday) ဟု အမည်သမုတ်ပြီး စိုးရွံ့ထိတ်လန့်ဖွယ်ရာ ရိုက်ကူးလေ၏။ သို့သော် ဖြစ်ရပ်မှန်တော့ဖြစ်မလာခဲ့ပါ။ လူတို့၏ကြောက်ရွံ့စိုးရိမ်မှုတို့ကိုအခြေခံပြီး လေ့လေ့လိုင်းများ၊ မြေငလျင်တုန်လှုပ်မှုများ၊ စကြဝဠာမှ ဥက္ကာပျံကျောက်ခဲများ ကမ္ဘာမြေသို့ လွှင့်စဉ်ပျက်စီးမှုများကိုသာအခြေခံပြီး ခြောက်လှန့်ခဲ့ပြန်ပါသည်။ သို့ပါသော်လည်း ဆုနာမီရေလှိုင်းကဲ့သို့ မကြုံစဖူး ထူးကဲစွာ ဒီရေလှိုင်းတို့ ကမ်းခြေတစ်လျှောက်မြင့်တက်ကာ လူသူအဆောက်အအုံများသေကြေပျက်စီးပြီး အနည်းငယ်ကသာကပ်ဘေးမှကင်းလွတ်ခဲ့ပုံတို့ကို ရိုက်ကူးထားသော The Impossible ကဲ့သို့ ဖြစ်ရပ်မှန်ကားတစ်ကားပေါ် ထွက်လာပေသည်။ အလားတူ ကမ္ဘာ့အမြင့်ဆုံးတောင်ဟု သတ်မှတ်ထားသော ဧဝရက်တောင်သို့တက်ရောက်သည့် လူစွန့်စားတစ်စု နှင်းမုန်တိုင်းအကြားတွင် သေပျောက်ကြပုံကိုလည်း မှတ်တမ်းတင်ရိုက်ကူးထားသည့် Everest အမည်ရှိကားသည်လည်း ဖြစ်ရပ်မှန်ပင်။

အများသိရှိကြည့်ဖူးဖြစ်ကြသောနာမည်ကျော် သရုပ်ဆောင်နှစ်ဦးပါဝင်သည့် Titanic ရုပ်ရှင်ကားသည်လည်း ဖြစ်ရပ်မှန်ကို အခြေပြုရိုက်ကူးထားခြင်းပင် ဖြစ်၏။ မှတ်တမ်းမှတ်ရာများအဖြစ် အပျက်များသည် သင်္ဘောကြီးထွက်ခွာနစ်မြုပ်ပျက်စီးခြင်း အခြေခံကိုယူကာ ဇာတ်လမ်းကျော်ရိုးမပျက်စီးသောအခါကာလများကို ဖော်ပြဖြေရေးအနေဖြင့် ရိုက်ကူးထားခြင်းသာ ဖြစ်၏။ ထူးထူးခြားခြားလေယာဉ်အပိုင်စီးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းဖြစ်ရပ်မှန်များလည်း ရိုက်ကူးတင် ဆက်ပေးသေး၏။ ၎င်းတို့အထဲမှာ အော်စကာဆုတမ်းဝင် Captain Philips အမည်ရှိ သင်္ဘောပြန်ပေးကားသည်လည်း ထင်ရှား၏။ ဖြစ်ရပ်မှန်ကို အခြေပြုထားသည့်အတိုင်း ဆိုမာလီအကြမ်းဖက်ပင်လယ်ဓားပြများမှ အလစ်အငိုက် ဖမ်းဆီးပြန်ပေးဆွဲလူသတ်နေသောအကြောင်းခြင်းရာတစ်ခုပင် ဖြစ်၏။ သင်္ဘောကပ္ပတိန်၏လိမ္မာပါးနပ်မှုသတ္တိရှိမှုကြောင့် ယခင် သင်္ဘောလိုင်းများမှ အည့်ခံအရှုံးပေးခဲ့ရသော်လည်း မလျော့တမ်း ဇွဲလုံ့လတို့ကြောင့် လွတ်မြောက် အောင်ပွဲခံခဲ့ရသည့်ဖြစ်ရပ်မှန်ဇာတ်လမ်းဖြင့် ကမ္ဘာကျော်ခဲ့ရပေသည်။

ကမ္ဘာကျော်ကြား လူထင်ရှားတို့၏ ဖြစ်ရပ်မှန်ဇာတ်လမ်းများစွာ ပေါ်ထွက်လာသေးသည်။ ပြိတိန်နိုင်ငံ၏ ရွှေမင်းသမီးလေးဖြစ်ခဲ့ဖူးသော Piana ဇာတ်လမ်း၊ သံမဏိအမျိုးသမီးကြီး မာဂရက်သက်ချာ တစ်ဖြစ်လဲ The Iron Lady၊ တော်ဝင်ဘုရင်မ (Elizabeth) အစရှိသော အမျိုးသမီးတို့သာမက သရုပ်ဆောင်မင်းသမီး Linda Lovelace အကြောင်း ရိုက်ကူးသည့် Lovelace ဆို ၎င်းသော ဇာတ်ကားအစစ်အမှန်ကိုလည်း ကြည့်ရှုရပေသေးသည်။

ထူးခြားဆန်းကြယ်သော ဖြစ်ရပ်မှန်ကို အခြေခံသော ဇာတ်လမ်းများလည်းရှိပေသည်။ ၎င်းတို့အထဲမှ 'ကတ္တီပါခန်းဆီးနောက်ကွယ်မှပဉ္စလက်ဆရာဟူခေါ်ဆိုသည့် ဟူဒနီအကြောင်းပါပေတည်း။ Houdini အမည်ဖြင့် ၁၉၆၀ကျော်လွန်နှစ်များက တိုနီဘားတင်နှင့် ဂျနက်လေးတို့ ပူးတွဲတည်ထောင်ခဲ့ခြင်း

www.burmeseclassic.com

ဖြစ်သည်။ မှတ်သားဖွယ်အချက်မှာ ဟူဒနီသည် အမှန်တကယ် တမလွန်ကောလသားများနှင့်ပါ။ ဆက်သွယ်နိုင်ခဲ့ပြီဟု ပရိသတ်များက ထင်မြင်လာခဲ့ခြင်း ဖြစ်သည်။ ကွယ်လွန်သူတို့နှင့် ဆက်သွယ်သည့်ပြဿနာက ကျော်ကြားလာရန် ကံကြမ္မာကဖန်တီးခဲ့သည်ဟု ဆိုနိုင်သည်။ ဤကဲ့သို့ ဖြစ်ရပ်များကို အခြေခံကာ ရိုက်ကူးတင်ပြပုံမှာ ဇာတ်လမ်းဇာတ်ကွက်နှင့်မို့ အများကလက်ခံယုံကြည်ကြခြင်းလည်း ဖြစ်သည်။ ၎င်းဇာတ်လမ်းကို အခြေခံပြီး (Death Pefying acts) ဟူသော ဇာတ်ကား တစ်ကားလည်း ဖြစ်တည်လာ၏။

ဖြစ်ရပ်မှန်ရာဇဝင်သမိုင်းများရိုက်ကူးကြသည်ကား ရေတွက်၍မကုန်။ မြတ်စွာဘုရားရှင်ဇာတ်လမ်းများ (Little Buddha)၊ ခရစ်တော်ဇာတ်လမ်းများ (Ten Commandment) အပါအဝင်ဇာတ်လမ်းများ၊ ရှေးဟောင်းဇာတ်လမ်းများ ဖြစ်သည့် ဂျူလီးယက်ဆီဇာ၊ နီရိုးဇာတ်လမ်းများကလည်း ဖြစ်ရပ်မှန်များကို အခြေခံ ရိုက်ကူးတင်ဆက်ထားခြင်းသာ ဖြစ်၏။ မြန်မာရုပ်ရှင်သမိုင်းတွင်လည်း နန်းတွင်း အရေးတော်ပုံကဲ့သို့ ဇာတ်အိမ်ကြီးမား၌ထည်လှသည့် ဖြစ်ရပ်မှန်များလည်းရှိခဲ့သေး၏။ ထိုနည်းအတူ အိမ်နီးချင်း ယိုးဒယားနိုင်ငံကလည်း The Legend of Suriyothai အမည်ရှိ နန်းတွင်းဇာတ်လမ်းကြီးကိုလည်း အသွင်မတူစွာ ရိုက်ကူးတင်ဆက်ခဲ့၏။ တရုတ်ပြည်၏နောက်ဆုံးမင်းဆက်ဟု ခေါ်ဝေါ်သမှတ်သော ပုရိမင်းသားလေး၏ ဇာတ်လမ်းဖြစ်သော The Last emperor အမည်ရှိ နန်းကျဘုရင်၏ ဖြစ်ရပ်မှန်သည်လည်း ဝမ်းနည်းကြေကွဲစရာပါ။

များမကြာသေးခင်က ကျွန်တော်တို့ ကြည့်ရှုခဲ့သော အော်စကာဆုတန်းဝင် The Imitation Game အမည်ရှိ လျှို့ဝှက်စာဖော်နိုင်စွမ်းရှိသော အမျိုးသမီးစိတ်ဝင်စေသည့် ပြိတိသျှပညာရှင်တစ်ဦးအကြောင်း၊ ဆွဲ့အအကြောသေဝင်သေငြားသော်လည်း စွန့်ဦးတီထွင်သူ သိပ္ပံပညာရှင် StephenHawking အကြောင်း ရိုက်ကူးသည့် အော်စကာဆုရ The Theory of everything သည်လည်းကောင်း၊ Face book စာမျက်နှာပေါ် ထွန်းလာစေရန် စိတ်ရည်သန်လျှောက်လှမ်းသူတစ်စုအကြောင်းဖော်ကျူးထားသည့် Scocial Network ကဲ့သို့ ဖြစ်ရပ်မှန်ဇာတ်လမ်းမျိုး apple ကွန်ပျူတာရှေ့ဆောင် Stene Jobs ၏ ဇာတ်လမ်း (Jobs) ကားများပေါ် ထွန်းလာခဲ့ပြီ။ ဤနေရာတွင် ဖော်ပြလိုသည်မှာ ဖြစ်ရပ်မှန်များသည် သူတို့နိုင်ငံ၏ ရုပ်ရှင်ထုးလွန်ဆု အော်စကာရုပ်ကို ပိုင်ဆိုင်ကြသူများပေမို့ ဖြစ်ရပ်မှန်များသာ အများဆုံး ရိုက်ကူးပေသလားဟု စိတ်ထင်မှတ်မှားကြပေမည်။ အမှန်အတိုင်းလည်းသည်အတိုင်းပင် ဖြစ်၏။

ပသို့ဆိုစေ Dallas Buyers Club ကဲ့သို့ AIDS ဆေးမပေါ် ခင်ကတည်းက ကိုယ့်မြင်ကိုယ်စိုင်းစစ်ကိုင်းရောက်ရောက် ဆိုသောလူစားမျိုးရှိနေသေးကြောင့်ကိုလည်း ရိုက်ကူးတင်ပြနိုင်သဖြင့် ခေါင်းဆောင်မင်းသားမှာ အော်စကာဆုပင် ချီတ်သွားလေ၏။ ထို့နှစ်က Foxcatcher ကဲ့သို့ အားကစားအားပေးဇာတ်လမ်းများ၊ တေးဂီတသရုပ်ဆောင်ဖြစ်ရပ်မှန်များကလည်း ထူးခြွန်ဆုရအောင် ကြိုးပမ်းကြသည်မှာမလွဲပါ။ အင်္ဂရောင်အသွေးစုံလင်လှသော အနုပညာလောကကြီးတွင် ပန်းချီနှင့်ပတ်သက်၍လည်း ဖြစ်ရပ်မှန်ကို အခြေခံသော ဇာတ်ကားကောင်းများ ပေါ် ထွက်ဖူး၏။ ၁၇ ရာစု ဟော်လန်နိုင်ငံမှ ပန်းချီကျော်တစ်ဦး၏ ဖြစ်ရပ်မှန်ကို အခြေခံသော (Girl With a Pearl Earring) ပုလဲနားဆွဲနှင့် မိန်းကလေး ဇာတ်ကားသည်လည်း ထင်ရှား၏။ ထူးခြားအံ့သြဖွယ်ဖြစ်ရပ်အမှန်ပန်းချီကားမှာ Big eyes အမည်ရှိ ဇာတ်ကားပင် ဖြစ်၏။ ပန်းချီဆရာမက မျက်လုံးဝိုင်းဝိုင်းကြီးနှင့်သရုပ်ဖော်ပုံကို ဆွဲပြီး ခင်ပွန်းသည်အမည်ခံခိုင်း၏။ နာမည်ကြီးလာတော့မှ ထိုပန်းချီကားများ၏ပိုင်ရှင်မှာ ခင်ပွန်းသည်ဖြစ်နေခြင်းကြောင့် မခံမရပ်နိုင်ကြေကွဲရသည့် ဇာတ်လမ်းဖြစ်ရပ်မှန် ဖြစ်၏။

ယနေ့တ်မှာကြီးသည် စစ်မက်အရေးအခင်းကြောင့် ပေါက်ကွဲလုနီးပါး ဖြစ်နေပုံကိုလည်း မခြင်းမချန်ရိုက်ကူးထားသောဖြစ်ရပ်မှန်များဖြင့် ဖော်ပြထား၏။ အီရန်မှထွက်ပေါ် ပိတ်နေသော သံလုံးအမူထမ်းများ၊ အမိမြေပြန်နိုင်ရေး လှုပ်ရှားဆောင်ရွက်ပုံကို ဖော်ကျူးထားသော Argo နာမည်ရှိဇာတ်ကား အပါအဝင် နစ္စတန်စစ်မြေပြင်တွင် ပိတ်ပိနေသော စစ်တလင်းမှတစ်ကိုယ်တော်ထွင်းဖောက်မှုဖြင့် ကိုယ်လွတ်ရုန်းခဲ့ရသည့်ဖြစ်စဉ် Lone Survior သည်လည်း ဖြစ်ရပ်မှန်ဇာတ်ကားတစ်ကား ဖြစ်ပေသည်။ မကြာမီ အော်စကာပွဲကြီးပွဲချီးဆင်ယင်ပါတော့မည်။ ၂၀၁၅ မှ ပြသသည့် ကားများကလည်း အစီအရီ။ ထိုအထဲတွင်မှ ဖြစ်ရပ်မှန်ကားဟုဆိုကြသော ဇာတ်ကားများလည်း ဆုအသီးသီးကို မျှော်လင့်စောင့်စားနေကြပေဦးမည်။ ကြည့်ခဲ့ရသော ဇာတ်ကားများထဲမှ နာမည်ကျော်ရုပ်ရှင် မင်းသား လီယိုနာဒို ဒီကပရီရို ပါဝင်သရုပ်ထားသော The Revenant ရုပ်ရှင်ကားသည်လည်း ဖြစ်ရပ်မှန်ဇာတ်လမ်းကျော်ရိုးဟု ဆိုချေပြီ။ တစ်ကမ္ဘာလုံးတွင်လည်း ဝက်ဝက်ဆာ အောင်ပွဲခံနေပြီဟု ပြဆိုပါ၏။ နောက်ရုပ်ရှင်တစ်ကားမှာ Will Smith သရုပ်ဆောင်သော Concussion အမည်ခံ ဆေးသိပ္ပံဖြစ်ရပ်မှန်ပင် ဖြစ်သည်။ ဆေးအခေါ် အဝေါ် အားဖြင့် ဦးနှောက်ထိခိုက်နာကျင်ခြင်းဟု အကြမ်းဖျင်းဘာသာပြန်ရပေမည်။ ဖြစ်ရပ်များကား ကုန်ဝင်မကုန်နိုင်။ သို့ပါသော်လည်း စိတ်ထူယဉ်ကားများအတွက် အချိန်ကုန်ခံသေနိုင်သည့် ပရိသတ်များရှိနေသကဲ့သို့ ဤကဲ့သို့ဖြစ်ရပ်မှန်များအပေါ် အခြေခံသည် (Base on The True Story) များ ရိုက်ကူးခြင်းကလည်း ဘဝအမောများပြေပျောက်စေရုံမက ဆင်ခြင်ရှုမှုများ သံဝေဂတရားရနိုင်ပါလိမ့်မည်။ ထိုထက်ပို၍ လက်တွေ့ဖြစ်ရပ်များသည် စိတ်ကူးယဉ်ဇာတ်ဆန်းကြယ်သည် ဟူသောအဆိုတို့ကို ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုခြင်းဖြင့်လည်း သိရှိနိုင်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူ
ဆရာကြီးလှမိုး(ပညာရေး)အား
ဂါရဝဖြင့်

ဇကျော်(နေပြည်တော်)

ကိုးကား-
၁။ ကတ္တီပါခန်းဆီနော်ကွယ်မှ
ပဉ္စလက်ဆရာ
လှမိုး (ပညာရေး)
၂။ ကုန်းဘောင်အလွန်
မောင်သန်းဆွေ (ထားဝယ်)
၃။ ထိုင်း-မြန်မာဓီးရထားလမ်းကိုယ်တွေ့
ချွေးတပ်မှတ်တမ်း
လင်းယုန်သစ်လွင်
၄။ သေမင်းတမန်ရထားလမ်းနှင့်
မြန်မာသွေးချွေးမှတ်တမ်း
မောင်တင်ထွန်း
(သူရဲကောင်းမှတ်တမ်းတင်)

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင့်ဒို့
(ရန်ကုန်အကြည်သိုလ်)

မိန်းယဲ့ဗိ၏နိုင်ယာရီထဲက ပါတော်မူပြီးစ မြန်မာနိုင်ငံအခြေအနေ

၁၃၊ ဇန်နဝါရီ။

ကျောင်းထိုင်ဆရာတော်ကိုယ်တိုင် ဘီဟာ (Bihar) သို့ ရောက်ဖူးသည်။ ကျောင်းတိုက်တွင် ဗောဓိပင်ပျိုးလည်းရှိသည်။ ကောင်းမွန်သောပဋိဋကတ်တိုက်ထားရှိပြီး စာစုစာရင်းကို မှန်မှန်ကန်ကန် ပြုစုထားသည်ကို မြင်တွေ့ခဲ့ရသည်။ ကျွန်ုပ်အနေဖြင့် ရှုပသိဿိမြန်မာပြန်နှင့် ဋီကာကျမ်းတို့ကိုသာ မြင်တွေ့ရသည်။ စာသင်သားများ ကျောင်းတက်ခိုန်သည် ကွဲပြားသည်။ ဗျည်းသရအက္ခရာတို့ကို စတင်သင်ယူရပြီး နောက်ပိုင်းတွင်မှ သန္ဓိကပ္ပ၊ မဟာမင်္ဂလ၊ ဓမ္မပဒနှင့် လောကနီတိကို သင်ယူရသည်။ မဟာမင်္ဂလသုတ်ကို (၁၀) ရက်ကြာလေ့လာရသည်။ ကျောင်းသားတို့သည် ပြဋ္ဌာန်းစာအုပ်ကို အလွှာကျက်မှတ်ရသည်။ ယေဘုယျအားဖြင့် ၎င်းတို့သည် မင်္ဂလသုတ်ကိုပိုင်နိုင်သည်ကို တွေ့ရသည်။ ကျမ်းစာမှ အကြောင်းအရာများကို သွက်လက်စွာဖြင့် ရှင်းလင်းနိုင်သည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။ မြန်မာဘာသာပြန်ကိုလည်း အလွတ်ကျက်မှတ်ကြသည်။ ကျွန်ုရှိသော ကျမ်းစာများကို အခိုန်အတော်ယူ၍ သင်အံကြရသည်။ သင်ယူရမည့် ကျမ်းစာအားလုံးကို ၎င်းတို့ဖတ်နိုင်၊ မဖတ်နိုင်ကိုမူ ကျွန်ုပ် သံသယဖြစ်မိသည်။ ကျောင်းသားတို့သည် ဂိုဏ်းအုပ်ဘိဂန်ဒက် ဘာသာပြန်ဆိုထားသောစာအုပ်ကြောင့် ဗုဒ္ဓဝင်ကိုသိရှိနေကြ သည်။

ကျွန်ုပ်သည် ရဟန်းများအား အသုဘတွင် သရဏဂုံတင်ခြင်း ပြုလုပ်ပါသလားဟု မေးမြန်းကြည့်သည်။ ကျွန်ုပ်သိရသမျှမှာ ရဟန်းတို့သည် အသုဘတွင် ပဋ္ဌသီလနှင့် တိသရဏဂမနတို့ကို ရွတ်ဖတ်ကြသည်။

ကွယ်လွန်သူအား ရည်စူးပြီး ရက်လည်သည့်နေ့တွင် သံဃာတော်များအား ပင့်ဖိတ်ပြီး ဥဒ္ဒကနှင့်သံယုတ္တနိကာယ်နှင့် ပေတဝတ္ထုတို့မှ စာပိုဒ်များကို ရွတ်ဖတ်ကြသည်။

ဂိုလ်ဘတ်က ကျွန်ုပ်ထံ လာရောက်ပြီး ညစာစားဖို့ဖိတ်ကြားသည်။ သူသည် စကားအလွန်များပြီး သူ၏အမူအရာများသည် ရိုင်းပျသည်။ သူ၏ ပညာရေးစနစ်အကြောင်းကိုတတွတ်တွတ်ပြောဆိုသည်။

မစ္စတာဆိုင်းမ်စ် (Symu) လည်း ကျွန်ုပ်ထံလာသည်။ သူနှင့်စကားပြောရသည်မှာ ငြီးငွေ့ဖွယ်ဖြစ်သည်။ သူ့ထံမှ ဗြိတိသျှတပ်သားများ အောင်ပွဲသတင်းကို ကြားသိရသည်။ ဆိုင်းမ်စ်သည်လည်း ဂိုလ်ဘတ်ကဲ့သို့မင် စကားများသူဖြစ်သည်။

ရှေးရိုးစွဲ ဗြိတိသျှအရာရှိအားလုံးသည် အစိုးရ၏လုပ်ရပ်များနှင့် ဘားနတ် (Berward) ၏အုပ်ချုပ်ပုံကို မနှစ်သက်ကြပေ။ မနေ့က မာက်စ် (Marks) က အစိုးရအနေအဖြင့် သတင်းအချက်အလက်များ ထုတ်ပြန်ရာတွင် ပွင့်လင်းမြင်သာမှုမရှိသဖြင့် မြို့တော်တွင် ကောလဟလများ ထွက်ပေါ်လျက်ရှိသည်ဟု ပြောကြားသည်။

ယနေ့တွင် ဟိုတယ်၌ ဥရောပတိုက်သားနှစ်ဦး မန္တလေးတွင် အသတ်ခံရကြောင်း ပြောဆိုနေကြသည်။ မေးမြန်းစုံစမ်းရာတွင် ဗြိတိသျှလူမျိုးဖြစ်သူက မန္တလေးသို့ မသွားရောက်ဖို့ ပြော

www.burmeseclassic.com

ကြားသည်။

ဖော်ချမ်မာ၏ နေအိမ်တွင် ညစာ စားသည်။ ကျွန်တော်တို့သည် ရှားပါးပြီး ပုံမနှိပ်ရသောကျမ်းစာများနှင့် မြန်မာ့ ရှေးဟောင်းပစ္စည်းများအကြောင်းကို ဆွေးနွေးကြသည်။ ဖော်ချမ်မာသည် အရေးပါသော ရှာဖွေတွေ့ရှိချက်များကို မပြုနိုင်ပေ။ သို့ရာတွင် အချို့သောအချက် အလက်များသည် စိတ်ဝင်စားဖွယ် ကောင်းသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ သမိုင်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၏ အခြေအနေသည် စိုးရိမ်ဖွယ်ဖြစ်နေ သည်။ ခံရစ်ယာန်ဝါဒနှင့်အတူ ရပ်တည် နိုင်သော်လည်း အနောက်တိုင်းယဉ်ကျေး မှုနှင့်ယှဉ်ကြည့်မူသည် ဗုဒ္ဓဘာသာကို အလဲထိုးရန် ကြိုးပမ်းနေသည်။

ဘုန်းတော်ကြီးကျောင်းများတွင် သူတို့သည် ဗုဒ္ဓကျမ်းစာမှကောက်နုတ် ချက်များကိုသာ လေ့လာနေကြသည်။ လက်တွေ့ဘဝတွင် အယူသီးမှုများရှိ နေသည်။ အယူသီးမှုများကို အနောက် တိုင်းယဉ်ကျေးမှုက ဖျက်ဆီးလိုက်သည် နှင့်တစ်ပြိုင်နက်တည်း ကိုယ်ကျင့်တရား ဆိုင်ရာသင်ကြားမှုသည်လည်း လျော့ပါး သွားစေနိုင်သည်။

မြန်မာနိုင်ငံတွင်လည်း အိန္ဒိယ နိုင်ငံမှာကဲ့သို့ပင် မကြာမီအချိန်ကာလ တွင် ပညာတတ်လူတန်းစားပေါ် ပေါက် လာဖွယ်ရှိသည်။

ဦးကောသလ္လ။

ကျွန်ုပ်သွားရောက်လည်ပတ်သော ဘုန်းကြီးကျောင်း၏ ကျောင်းထိုင်ဆရာ တော်သည် အိန္ဒိယနိုင်ငံသို့ကြွရောက်ပြီး ဗုဒ္ဓဂယာတွင် ဘုရားဖူးနေသည်။

၁၄၊ ဇန်နဝါရီ။

ယနေ့ Normal School သို့သွား သည်။ ကျောင်းတွင် စာသင်သား(၆၀)ရှိ သည်။ ကျောင်းတွင် ဘုန်းကြီးကျောင်း ပညာရေးအတွက် ဆရာများကိုလေ့ကျင့် ပေးထားသည်။ ဤနေရာသည် ဗုဒ္ဓဝါဒ နှင့် ရှေးဟောင်းအာရုဝန်ကျေးမှုကို လေ့ကျင့်သင်ကြားခြင်းပေးသည့်နေရာ ဖြစ်သည်။ ကျောင်းသားများသည် အင်္ဂလိပ်ဘာသာစကားကို မလေ့လာ ကြပါ။ သူတို့သည် သင်္ခါ၊ အယ်လ်ဂျီ ဘရာ၊ ဂဲဩမေထရီ စသည့်ဘာသာရပ် များနှင့် အိန္ဒိယနိုင်ငံသမိုင်း၊ ပထဝီဝင်၊ အင်္ဂလန်နှင့် မြန်မာ့သမိုင်းတို့ကိုသာ လေ့လာသင်ယူနေကြသည်။

ဒေါက်တာမာက်စ် (Marks) နှင့် နေ့လယ်စာစားကြသည်။ မန္တလေးမှ ထိတ်လန့်တုန်လှုပ်ဖွယ် ကောလဟလ များရောက်ရှိလာသည်။

ငွေတိုက်သို့ သွားရောက်ပြီး ငွေ ထုတ်အမိန့်လွှာဖြင့် ရူပီငွေ (၁၀၀၀) လဲ လှယ်သည်။

မောင်ဘိုးမျှင်နှင့် တွေ့ဆုံသည်။ (မောင်ဘိုးမျှင်သည် မြန်မာသုတေသီ တစ်ဦးဖြစ်ပြီး ပါဠိနှင့် ဗုဒ္ဓဘာသာကို အထူးပြုလေ့လာသူဖြစ်သည်) မန္တလေး တစ်မြို့လုံး ထိတ်လန့်ကြောက်ရွံ့နေကြ သည်။ တစ်မြို့လုံး လုံးဝ ဖျက်ဆီးခံရ သည်။

မြန်မာတို့သည် ဗြိတိသျှတို့၏ သိမ်းပိုက်ခြင်းခံရသည်ကို မလိုလားကြ ပါ။ သူတို့နေဖြင့် ဗြိတိသျှတို့ကို ကြောက် ရွံ့နေကြသည်။ သူတို့အကြောက်ဆုံးမှာ အကြမ်းဖက်ခြင်းနှင့် ယုံကြည်ကိုးကွယ် မှု ဖျက်ဆီးခံရခြင်းပင် ဖြစ်သည်။ ရဟန်း သံဃာတော်များအနေဖြင့် သည်း ဗုဒ္ဓ ဘာသာ၏ကံကြမ္မာကို အထူးသဖြင့် စိုးရိမ်နေကြသည်။

ဓားပြတို့သည် အမှန်စင်စစ်အား ဖြင့် တောပုန်းဓားပြများဖြစ်သည်။ ၎င်း တို့သည် နန်းကျဘုရင်သီပေါမင်း၏ စစ် သည်တော်များဖြစ်ကြသည်။ သီပေါမင်း ဖမ်းဆီးခံရပြီးနောက် ဘုရင့်စစ်သည် တော်အမြောက်အပြားသည် လာရောက် ပြီး လက်နက်ချကြသည်။ အချို့သော စစ်သည်များမှာမူ လက်နက်မစွန့်ဘဲ ဆက်လက် တိုက်ခိုက်ကြသည်။

ဤအမြော်အမြင်ရှိသောမြန်မာ တို့အနေဖြင့်မူ ဗုဒ္ဓဘာသာကျဆုံးခြင်း မရှိဘဲ ပါဠိကိုလေ့လာခြင်းသည်သာ ကျဆုံးခြင်းဖြစ်သည်ဟု ဖြစ်သည်။



သီပေါမင်းသည် ဗြိတိသျှတို့ ပုံဖော်သလို မင်းဆိုးတစ်ဦးမဟုတ်ပါ။

၁၄၊ ဇန်နဝါရီ။

ဂီလ်ဘတ်၏ နေအိမ်တွင် ညစာ စားသည်။ ညစာမှာ စားလို့ကောင်းသော် လည်း စကားဝိုင်းမှာ မထူးခြားပါ။ ညစာ မစားမီ ဂီလ်ဘတ်က ကျွန်ုပ်အား ရွှေဝန်း ထိမ်လက်ရာများကိုပြသ၏။ အနုပညာ လက်ရာကောင်းမွန်လှသည်။ ညစာအ ပြီးတွင် ဆေးလိပ်နှင့် ပြင်သစ်ဝိုင်ဖြင့် ဧည့်ခံသည်။

မာက်စ်က လန်ဒန်မြို့က လူများ သည် ရန်ကုန်ကလူများထက် အထက် မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိကြ သည်ဟုဆိုသည်။ မာက်စ်၏အဆိုကို ဂီလ်ဘတ်က သဘောမတူပါ။ ၎င်းက မန္တလေးမှ ပြန်လာပါက သူနှင့်အတူနေ ထိုင်ပါဟု ဖိတ်ကြားသည်။

၁၅၊ ဇန်နဝါရီ။

ဘီဝန်ဒက်ထံသို့သွားသည်။ ဗုဒ္ဓ ဘာသာရော ပါဠိဘာသာလေ့လာခြင်း ပါ အားလျော့သွားခြင်း မရှိပါ။ မြန်မာ တို့သည် လေ့လာမှုအားနည်းပြီး ရိုးရာ ဓလေ့ထုံးတမ်းများကို လိုက်နာကြရန် ကိုသာ သိရှိကြသည်။

မောင်ဖိုးမျှင်နှင့် စကားပြောကြ သည်။ စိတ်ဝင်စားဖွယ်မကောင်းပါ။ သီပေါမင်းသည် မာက်စ်၏ စာသင် ကျောင်းတွင် စာသင်ဖူးသည်။ သူသည် လူဆိုးမဟုတ်ပါ။ စုဖုရားလတ်ကသာ ကြောက်ဖွယ်ရာ ရက်စက်မှုများပေါ် ပေါက်ခဲ့ရာတွင် အဓိကဖန်တီးသူဖြစ် သည်။ သူမက သီပေါမင်းအား ၎င်းလုပ် ရပ်များလုပ်ဆောင်ရန်ခိုင်းစေခြင်းဖြစ် သည်။ သို့ဖြစ်၍ သီပေါမင်းသည် အပြစ်တင်ခြင်းခံရသည်။

ဘုရင့်အရာရှိများကသာ ကျွန်ဖြစ် ရခြင်းကိုမလိုလားပါ။ ဘုရင့်အရာရှိများ ကို မုန်းတီးကြသော ပြည်သူတို့ကမူ ထို သဘောထားမျိုးမရှိကြပါ။ ဗြိတိသျှ အရာရှိများနှင့် သူတို့၏မပြတ်သားသော မူဝါဒများကြောင့် ဓားပြများပေါ် ပေါက် လာရခြင်း ဖြစ်သည်။ ဘားနတ်သည် ကောင်းမွန်သော အုပ်ချုပ်ရေးသမား တစ်ဦး ဖြစ်သည်။

ဆက်လက်ဖော်ပြမည်

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

1.P.Minayeff, Travels in and Diaries of India and Burma, Calcutta

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် စီးပွားရေးပေါင်ဟောကိန်း

မင်းရှိန်အောင်

ပထမဆယ်ရက်ကာလတွင် ရွှေစျေးကွက်ပုံမှန်မဟုတ်။ အကျဘက်ပိုယိုင်မည်။ ငွေကြေးစျေးကွက် ထိုင်းမှိုင်းနေမည်။ ကျောက်မျက်စျေးကွက်အမြင့်ဘက်ပိုရောက်နေမည်။ စတော့ရှယ်ယာစျေးကွက်တက်စျေးပိုပါမည်။ သစ်နှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း ကျစျေးပိုမိတတ်မည်။ ရေဒီယို၊ လျှပ်စစ်၊ အီလက်ထရွန်နစ်စျေးကွက် ကမောက်ကမဖြစ်နေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ မီဒီယာစာနယ်ဇင်းစျေးကွက်ငြိမ်သော်လည်း စျေးကောင်းမိတတ်မည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားစျေးကွက်မငြိမ်သော်လည်း တက်စျေးမိနိုင်မည်။ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေစျေးကွက် ပုံမှန်မဟုတ်။ စိုက်ပျိုးမွေးမြူရေးစျေးကွက်တက်စျေးရှိသည်။ ရေထွက်ပစ္စည်းစျေးကွက်ငြိမ်နေမည်။ သတ္တုစျေးကွက်ကောင်းမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေစျေးကွက်ကျစျေးမိတတ်မည်။ ငွေကြေးစျေးကွက်ထိုင်းမှိုင်းနေမည်။ ကျောက်မျက်စျေးကွက် အမြင့်စျေးရှိသော်လည်း ရုတ်တရက် ပြောင်းလဲတတ်မည်။စတော့ရှယ်ယာစျေးကွက် တက်စျေးရှိသည်။ သစ်နှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း စျေးကွက်မကောင်း။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ မီဒီယာစာနယ်ဇင်းစျေးကွက်ငြိမ်သက်သော်လည်း စျေးကောင်းမိနိုင်မည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားစျေးကွက် တက်ရိပ်ကျရိပ်ရှပ်ထွေးနေမည်။ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေစျေးကွက် ပုံမှန်မဟုတ်သော်လည်း စျေးကောင်းမိနိုင်သည်။ သတ္တုစျေးကွက်ကောင်းမည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်စျေးကောင်းမိနိုင်သည်။ သတ္တုစျေးကွက်ကောင်းမည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်စျေးကွက်ကောင်းမိသော်လည်း ရေထွက်ပစ္စည်းထုတ်ကုန်အတွက်မူစျေးကွက်ငြိမ်နေမည်။

တတိယဆယ်ရက်တာကာလတွင် ရွှေစျေးကွက် ပုံမှန်မဟုတ်၊ ကျစျေးမိနိုင်မည်။ ငွေကြေးစျေးကွက် တက်ရိပ်ကျရိပ် ရှပ်ထွေးနေမည်။ ကျောက်မျက်စျေးကွက်တက်စျေးမိနိုင်သည်။ စတော့ရှယ်ယာစျေးကွက် အပြောင်းအလဲရှိသော်လည်း တက်စျေးမျှော်နိုင်သည်။ သစ်နှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း စျေးကွက်သိပ်မကောင်းနိုင်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ မီဒီယာ၊ စာနယ်ဇင်းစျေးကွက် ငြိမ်သက်သော်လည်း အခြေအနေကောင်းမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်နှင့်ခရီးသယ်ယူပို့ဆောင်ရေး၊ ယာဉ်ကား အမြင့်စျေးမျှော်နိုင်သည်။ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေစျေးကွက် ဖောက်ပြန်မည်။ သတ္တုစျေးကွက်မငြိမ်သက်သော်လည်း တက်စျေးတွေ့နိုင်သည်။ရေထွက်ပစ္စည်းစျေးကွက်မူမမှန်ဖြစ်နေမည်။ စိုက်ပျိုးမွေးမြူစျေးကွက်အမြင့်စျေးတွေ့နိုင်သည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

ရိုရိုငွေး
အကျွတ်အလွတ်ပွဲမှ ထူးခြားဆန်းကြယ်မှုများ

လဆန်း ၃ ရက်နေ့ ညသန်းခေါင်ယံအချိန်။

သုံးရက်လခုံးမျက်စ ဟူသော စကားနှင့်အညီ လေးကိုင်းသဏ္ဌာန် လကလေးသည် ကောင်းကင်ယံထက်၌ ဖျော့တော့သော အလင်းရောင်ကလေး ဖြင့် ထွန်းလင်းနေသည်။ အိပ်မောကျနေသော ဒေးဒရယ်ကုန်းရွာကြီးပေါ်သို့ လမင်း၏အလင်းရောင် ဖြာဆင်းသော်လည်း အမှောင်ထုက ကြီးစိုးနေသဖြင့် မပီပြင်ဝိုးတဝါးအလင်းသာရှိနေခဲ့၏။

သံချောင်းတို့လူပျိုတစ်သိုက်သည် တစ်ဖက်ရွာဖြစ်သော ဘန်ဘွေးကုန်းရွာမှ အရက်သောက်ပြီးနောက် ဒေးဒရယ်

www.burmeseclassic.com

www.burmeseclassic.com

ကုန်းရွာကြီးသို့ ပြန်လာခဲ့ကြသည်။ ရွာနှစ်ရွာစပ်ကြားတွင် သခြိုင်းကုန်းတစ်ခု ရှိသည်။ ထိုသခြိုင်းကုန်းမှာ ဒေးဒရယ် ကုန်းရွာ၏သခြိုင်းဖြစ်သည်။

သံချောင်း၊ မြမောင်၊ ထွန်းအေးနှင့် ချက်ကြီးတို့ လူပျိုတစ်သိုက်မှာ အရက်သောက်ပြီး ရဲဆေးတင်ထားကြသော်လည်း ဤသခြိုင်းကုန်းနားသို့ရောက်သောအခါ သရဲခြောက်မည်ကို စိုးထိတ်ကြောက်လန့်ကြသည်။ သခြိုင်းကုန်းနားသို့ရောက်ခါနီးအချိန်တွင် -

"အူး. . . အူး. . . အူး"

www.burmeseclassic.com

www.burmeseclassic.com

"အူး. . . အူး. . . အူး"

သခ္ဓိုင်းကုန်းအတွင်း၌ နေထိုင်ကြသည့်ခွေးများက ဆွဲဆွဲငင်ငင်အူလိုက်စဉ် သံချောင်းက -

"ဟေ့ကောင်တွေ သတိထား၊ ခွေးတွေအူနေပြီ"

ဟု ခပ်ကြောက်ကြောက်နှင့်ပြောလိုက်ရာ ချက်ကြီးက -

"ညဘက်ခွေးအူတာအဆန်းလား။ သရဲတစ္ဆေမြင်လို့အူတာနေမှာပေါ့"

သံချောင်း ကြောက်မှန်းသိ၍ စနောက်လိုသည့်အတွက် ဤသို့ပြောလိုက်သည်။

ထိုစဉ် မြမောင်နှင့် ထွန်းအေးက-

"ချက်ကြီးရာ နောက်မနေပါနဲ့၊ သံချောင်းကကြောက်တတ်တယ်ကွ"

"ဟုတ်တယ် ချက်ကြီးရာ၊ ငါ့ကို မနောက်ပါနဲ့။ဟိုတစ်ခါကအဖြစ်အပျက်နဲ့တိုးပြီးကတည်းက ငါကကြောက်သွားတယ်"

မှန်ပေသည်။ ဟိုအရင်အခါက အဖြစ်အပျက်တစ်ခုက သွေးပျက်ချောက်ချားဖွယ်အတိဖြစ်ခဲ့သည်။ ထိုစဉ်က လပြည့်ညဖြစ်၍ ရွှေလသာနေသည်။ သံချောင်းတစ်ယောက်တည်း ဟိုဘက်ရွာကအပြန် သခ္ဓိုင်းကိုဖြတ်ချိန်တွင် ပန်းများကိုဝေအောင်ပန်ပြီး ပါးကွက်ကျားလိမ်းခြယ်ထားသော မိန်းမဝဝတစ်ဦးသည် အခေါင်းတလားကြီးကို ခါး၌ပိုက်ကာ သခ္ဓိုင်းမှထွက်လာပြီး သံချောင်းနောက်သို့ အသားကုန်ပြေးလိုက်ခဲ့သည်။ သံချောင်းလည်း ကြောက်အားလန့်အားဖြင့် အစွမ်းကုန်ပြေးခဲ့ရာ ရွာဦးထိပ်ရှိ ကုက္ကိုပင်ကြီးနားအရောက်တွင် အားပြတ်ကာ သတိလစ်ပြီးလဲကျသွားခဲ့သည်။ နံနက်မိုးလင်းမှ လယ်သမားများကတွေ့ရှိပြီး အိမ်သို့ပြန်ပို့ပေးခဲ့သည်။ အိမ်သို့ရောက်မှ ဆေးဆရာဖြင့် တစ်လခန့် ဆေးကုခဲ့ရသည်။ အမှန်မှာမူကား သူတွေ့ခဲ့သည့် ခေါင်းတလားပိုက်ထားသည့်သရဲမမှာ သရဲစင်စစ်မဟုတ်ပေ။ ဟိုဘက်ရွာက စိတ်ဝေဒနာသည် မစာဥဖြစ်သည်။ သို့သော် လိပ်ပြာလွှင့်မတတ် စိုးထိတ်ကြောက်ရွံ့ခဲ့သောသံချောင်းမှာ မစာဥဟုပြောသော်လည်းမယုံပေ။သရဲမဟူ၍သာစိတ်မှာစွဲထင်ကာ အကြောက်ကြီးကြောက်ခဲ့သည်။

ယခုလည်း ခွေးများအူနေသဖြင့် မြမောင်နှင့် ချက်ကြီးတို့နှစ်ဦး၏ နံဘေးမှ ကုပ်ကုပ်ကလေးလိုက်ပါလာခဲ့သည်။

ထိုစဉ် -

ကောင်းကင်ယံထက်၌ မိုးသားများပိတ်ဖုံးသွားပြီး အမှောင်အတိကျသွားခဲ့သည်။

"သံချောင်းရေ၊ မိုးရွာတော့မယ်နဲ့တူတယ်။ မိုးသားတွေဖုံးသွားပြီ"

"ဟုတ်တယ် - လက်နှိပ်ဓာတ်မီးထွန်းဟေ့"

သူတို့သူငယ်ချင်းအုပ်စုသည် ဤသို့ပြောနေစဉ် ကျယ်လောင်သည့်မိုးထစ်ချုန်းသံကြီး ပေါ်ထွက်လာခဲ့သည်။ မကြာမီ လျှပ်ပန်းလျှပ်နွယ်များလင်းလက်ကာ သခ္ဓိုင်းမြေပေါ် သို့ အလင်းရောင်များဖြာဆင်းလာသည်။

ထိုစဉ် သံချောင်းမှ -

"ဟို ဟိုမှာ - သရဲမ သရဲမ"

ဟူ၍ ကြောက်လန့်စွာပြောလိုက်သဖြင့်လှမ်းကြည့်လိုက်ရာ အုတ်ဂူဖြူဖြူပေါ် တွင် နန်းဝတ်နန်းစားအဝတ်အစားနှင့် မိန်းမတို့တစ်ဦးမတ်တတ်ရပ်နေသည်ကို ထင်ထင်ရှားရှားတွေ့လိုက်ရသည်။

"ဟ. . . ဟ သရဲမ သရဲမ"

ဟူသော အာမေဋိတ်သံနှင့်အတူ သူငယ်ချင်းလေးယောက်တို့ သခ္ဓိုင်းမြေမှ ရွာဘက်သို့ရောက်အောင် ဖနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် ပြေးခဲ့ကြသည်။ သူတို့လေးဦးသည် အိမ်ရောက်သည့်တိုင်အောင် အမောမပြေသေး။ အိမ်ရောက်သည့်အချိန်တွင် နာရီပြန်နှစ်ချက်ထိုးခါနီးဖြစ်၍ ဤအကြောင်းကို ဘာမှမပြောဘဲအိပ်လိုက်ကြသည်။

နံနက်မိုးလင်းသည့်အချိန်တွင် ထိုးတို့အုပ်စုပြန်ဆုံခဲ့ကြသည်။ သူတို့လေးဦးအပြင် ဘကြီးမောင်၊ ဦးကြီးစိုးနှင့် အခြားရွာသားများလည်း ပါဝင်သည်။ ထိုအုပ်စုကို သံချောင်းမှ ညက သရဲခြောက်သည့်အကြောင်းကို ပြန်ပြောပြခဲ့သည်။

"လျှပ်စီးလက်တဲ့အချိန်မှာမြင်လိုက်တာ နန်းတွင်းအဝတ်အစားနဲ့မိန်းကလေးတစ်ဦးပေါ့။ သူ့အဝတ်အစားတွေတလေထဲမှာ တဖျတ်ဖျတ်လွင့်နေတယ်"

"ဒါနဲ့ မင်းတို့ပြောတော့ သရဲမဆို"

"အဲဒါ သရဲမပေါ့။ ဒီလို ညသန်းခေါင်ကျော်အချိန်မှာ ဘယ်လိုမိန်းမတာနန်းဝတ်နန်းစားဝတ်ပြီး အုတ်ဂူပေါ်မတ်တတ်ရပ်နေမှာလဲ"

"ဟုတ်တယ်၊ နန်းဝတ်နန်းစားနဲ့ သရဲမကိုကျုပ်တို့လေးယောက်စလုံးတွေ့တာဗျ"

"အေးပေါ့ကွာ၊ နောက်ဆို ညကြီးမိုးချုပ်အသွားအလာဆင်ခြင်ကြပေါ့"

ထိုသို့ဖြင့် သံချောင်းတို့အုပ်စုတို့ သရဲခြောက်သည့်အကြောင်း တစ်ရွာလုံးပျံ့နှံ့သွားခဲ့သည်။ ထိုသတင်းကို ရွာဦးကျောင်းမှ ဘုန်းတော်ကြီးဦးသောဘိတထံသို့ရောက်သွားခဲ့သည်။

ဘုန်းတော်ကြီးသည် လွန်ခဲ့သောတစ်ပတ်ခန့်က အိပ်မက်မက်ထားသည်ကိုသတိရပြီး 'အင်း - တော်တော်တိုက်ဆိုင်တာပဲ။ ငါ့အိပ်မက်ထဲက ဒကာမလေးများဖြစ်လေမလား' ဤသို့တွေးတောရင်း အိပ်မက်အကြောင်းစဉ်းစားမိသည်။

အိပ်မက်ထဲတွင် -

ဆရာတော် ဦးသောဘိတသည် သခ္ဓိုင်းသို့သွားသည့် မြေနီလမ်းကလေးအတိုင်း လမ်းလျှောက်လာခဲ့သည်။ သခ္ဓိုင်းရှေ့ရှိ ဇရပ်အနီးသို့အရောက်တွင် သခ္ဓိုင်းအုတ်ဂူများကြားမှ မိန်းကလေးတစ်ဦးထွက်လာသည်ကို တွေ့လိုက်ရသည်။ ဤမိန်းကလေးမှာ အဝါရောင်ထိုင်မသိမ်းနှင့် အဝါရောင်ကြိုးကြိုးခိုတ်ကို ဝတ်ဆင်ထားသည်။ သို့သော် သူ၏ အဝတ်အစားများမှာ တောက်ပလင်းဘဲညစ္စမ်းနေသည်။ ထို့ကြောင့် ထူးခြားသောရုပ်သွင်ရှိသည့်မိန်းမကို သတိ

www.burmeseclassic.com

www.burmeseclassic.com

ထားမိသည်။ မကြာမီ ထိုမိန်းမဖျိုလေးသည် ဆရာတော်ကြီးရှေ့မှောက်သို့ ရောက်လာပြီး ဒူးတုပ်ကာထိုင်လိုက်သည်။

"အရှင်ဘုရား၊ တပည့်တော်မကို ကယ်တင်ပေးတော်မူပါ ဘုရား"

"ဒကာမလေးက ဘာတွေဒုက္ခ တွေ့နေလို့တုံး၊ လျှောက်တင်မှသိမှာပေါ့ ဒကာမလေး"

"တပည့်တော်မ လျှောက်တင်ပါ့မယ်ဘုရား၊ တပည့်တော်မဟာ အန္တယ်တော်တစ်ဦးပါ။စစ်ဘေးစစ်ဒဏ်ကြောင့် ပြေးလွှားပုန်းရှောင်နေစဉ်အတွင်းမှာ သေမင်းနဲ့စစ်ခင်းရင်း ကံကုန်ခဲ့ပါတယ် ဘုရား။ နောက်တော့ ဒီနေရာမှာမကျွတ်မလွတ်တဲ့ဘဝနဲ့ ဘဝတူများစွာနဲ့နေခဲ့ရတာ နှစ်ပေါင်း (၄၀၀) ကျော်ပါပြီ ဘုရား။ အခုအချိန်မှာ တပည့်တော်မတို့ မကျွတ်မလွတ်တဲ့ဘဝနဲ့မနေချင်တော့လို့ တပည့်တော်မ အပါအဝင် မကျွတ်မလွတ်တဲ့ဝိညာဉ်များကို အကျွတ်အလွှတ်ပွဲလေးပြုလုပ်ပြီး အမျှအတန်းပေးဝေပေးပါဘုရား"

"အိမ်း - ဒကာမလေးလျှောက်ထားလို့ ဘုန်းကြီးသိရပြီ။ ဒကာ၊ ဒကာမတွေနဲ့တိုင်ပင်ပြီး စီစဉ်ပေးပါ့မယ်"

ထိုသို့လျှောက်ထားပြီးနောက် ထိုမိန်းမဖျိုကလေးသည် တစ်မုဟုတ်ချင်းပျောက်ကွယ်သွားခဲ့သည်။ ဘုန်းတော်ကြီးလည်း နှစ်ပေါင်းလေးရာကျော်လောက်က ကွယ်လွန်ခဲ့တာဆိုတော့ အဝတ်အစားတွေတောင်နွမ်းနေပြီဆိုတဲ့ သဘောကိုပြတာနဲ့တူတယ်' ဤသို့တွေးရင်း အိပ်မက်အကြောင်း စဉ်းစားနေမိသည်။

ယခုတော့ တိုက်တိုက်ဆိုင်ဆိုင် သံချောင်းတို့သူငယ်ချင်းတစ်စုက နန်းဝတ်နန်းစားနှင့်မိန်းကလေးကို သရဲခြောက်နေတာမှာတွေ့သတဲ့။ မဟုတ်မှလွဲရော ငါ့အိပ်မက်ထဲက အန္တယ်တော်ဆိုတဲ့ မိန်းကလေးများလား။ ငါက ဘာမှလုပ်မပေးလို့ ဟိုရွာသားတွေကိုသတိပေးတဲ့ အနေနဲ့ ခြောက်လှန့်တာများလား။ ဒါဆို သူတို့နဲ့တွေ့ပြီး သေသေချာချာမေးရမယ်ဟု တွေးတောမိကာ သံချောင်းတို့အုပ်စုကို ကျောင်းသို့လာရောက်ရန် ခေါ်ခိုင်းခဲ့သည်။

ငင်းတို့အုပ်စု ကျောင်းသို့ရောက်သောအခါ -

"ဒကာလေးသံချောင်း၊ ဟိုနေ့ညက သရဲခြောက်ခံရတယ်ဆို။ သေသေ

ချာချာပြောပြပါဦး"

"တပည့်တော်တို့လေးယောက်ဟာ ဟိုဘက်ရွာက ညသန်းခေါင်ကျော်အချိန်လောက်မှာ ပြန်လာပါတယ် ဘုရား။ သချိုင်းနားရောက်တော့ မိုးတွေရွာပြီး လျှပ်စီးလက်တဲ့အချိန်မှာ နန်းဝတ်နန်းစားနဲ့မိန်းကလေးတစ်ယောက် အုတ်ဂူပေါ်မှာ မတ်တတ်ရပ်နေတာတွေ့ရပါတယ်ဘုရား"

"ဒါနဲ့ အဝတ်အစားက ဘာအရောင်ဝတ်ထားသလဲ"

"သေသေချာချာတော့ မသိပါဘုရား။ ဒါပေမယ့် ခပ်နွမ်းနွမ်းအဝတ်အစားလို့တော့ထင်တာပဲဘုရား"

"အိမ်း - တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒကာကြီးတို့"

"ဘယ်လိုတိုက်ဆိုင်တာလဲဘုရား"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဘုန်းကြီး ထင်တာတစ်ခုတော့ရှိတယ်။ အန္တယ်တော်လို့ပြောကတည်းက ဘုရင့်ရဲ့ဆွေတော်မျိုးတော်ထဲကဖြစ်မယ်။ နှစ်ပေါင်းလေးရာကျော်ပြီလို့လည်း ပြောတော့ သမိုင်းကြောင်းတစ်ခုကို သတိရမိတယ်။ သက္ကရာဇ် ၈၉၅ ခုနှစ်အချိန်လောက်မှာ ဟံသာဝတီထီးနန်းကို တပင်ရွှေထီးနဲ့ သူရဲစစ်သေနာပတိဖြစ်တဲ့ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့တယ်။ အဲဒီအချိန်မှာ ဟံသာဝတီတိုင်းပြည်မှာ မွန်ဘုရင် သူရှင်တကာရွှတ်ပိ အုပ်စိုးခဲ့တယ်။ မွန်ဘုရင် သူရှင်တကာရွှတ်ပိဟာ စစ်ရှုံးသွားတဲ့အတွက် စစ်သည်များနဲ့အတူ ပြည်ဘက်ကိုထွက်ပြေးတိမ်းရှောင်ခဲ့တယ်။ သူရဲ့မိဖုရားခေါင်ကြီးဖြစ်တဲ့ တလပရော်သမီဟာရင်သွေးတော်များ၊ နန်းတွင်းသူနန်းတွင်းသားများနဲ့အတူ ဒီတွံတေးတောကြီးတန်းမှာ ပုန်းအောင်နေခဲ့တယ်။ အဲဒီကမှတစ်ဆင့် ဒေးဒရဲ၊ မရမ်းကုန်းတို့ဘက်ကို ထွက်ပြေးတိမ်းရှောင်ခဲ့တယ်။နောက်တော့ ဖျာပုံဘက်ကို ထွက်ပြေးခဲ့တယ်။ အဲဒီမှာအခြေချပြီး ဟံသာဝတီထီးနန်းကို ပြန်ပြီးတိုက်ခိုက်ဖို့ကြံစည်ခဲ့တယ်။ ဒါပေမယ့် အကြောင်းမလှလို့ ဟံသာဝတီထီးနန်းကို ပြန်မတိုက်နိုင်ခဲ့တော့ဘူး"

"တင်ပါ့ဘုရား"

"ဒီတော့ ဘုန်းကြီးနဲ့ယူဆချက်က အဲဒီတုန်းက အန္တယ်တော်တစ်ပါးပါးဟာ ဒီတွံတေးတောကြီးတန်းမှာ ကံကုန်ခဲ့လေသလား ဒါမှမဟုတ် အခြားအန္တယ်တော်တစ်ပါးပါးလားဆိုတာတော့ အတပ်မပြောနိုင်ဘူး။ ဒါပေမယ့် ဘယ်အန္တယ်တော်ပဲဖြစ်ဖြစ် အခုလက်ရှိအချိန်မှာ မကျွတ်မလွတ်တဲ့ဘဝကိုရောက်နေတဲ့အတွက် ဘုန်းကြီးတို့ကို အကူအညီတောင်းတာပဲ"

"ဒါဆို ဘယ်လိုလုပ်ရင်ကောင်းမလဲ ဘုန်းဘုန်း"

"ကျွဲ့ကတော့ အန္တယ်တော်အပါအဝင် မကျွတ်မလွတ်သေးတဲ့ဝိညာဉ်တွေကိုကျွတ်လွတ်အောင် အကျွတ်အလွှတ်ပွဲလေးတစ်ခုလုပ်ပေးချင်တယ်"

"ဘုန်းဘုန်းမိန့်တဲ့အတိုင်းကောင်းပါတယ်ဘုရား။ ဒါဆို ဘယ်လိုလုပ်ရမလဲဆိုတာမိန့်ပါဦးဘုရား"

"အိမ်း - အကျွတ်အလွှတ်ပွဲလုပ်တဲ့အခါမှာ အဓိကအားဖြင့် အချက်ငါးချက်ရှိတယ်"

"အဲဒီအချက်တွေကိုရှင်းပြပါဘုရား"

"ပထမနံပါတ်(၁)ကတော့ မကျွတ်မလွတ်တဲ့ဝိညာဉ်တွေကိုရည်စူးပြီးပြုလုပ်ရမယ်။ နံပါတ် (၂) ကတော့ အကျွတ်အလွှတ်ပွဲကို ဦးဆောင်ပြုလုပ်သူက အကျွတ်အလွှတ်ပွဲမလုပ်မီတစ်ရက်အလိုမှာ ပွဲလုပ်မယ့်အကြောင်း၊ ဘယ်နေ့၊ ဘယ်အချိန်ဆိုတာ အသံထွက်ပြီး ဖိတ်ခေါ်ရမယ်။ နံပါတ် (၃) အချက်ကတော့ သူတို့အတွက်ရည်စူးပြီး ဆရာတော်တစ်ပါးပါးဆီမှာ လျှုဖွယ်ပစ္စည်းတွေကို ကပ်လှူပူဇော်ရမယ်။ နံပါတ် (၄) အနေနဲ့ ရေစက်ချအမျှပေးတဲ့အချိန်မှာ အဲဒီဝိညာဉ်တွေဟာ ကြားနိုင်တဲ့နေရာမှာ ရောက်ရှိနေရမယ်။ နောက်ဆုံးအချက်ကတော့ သူတို့ရောက်ရှိကြောင်းကို အနံ့အသက်နဲ့ဖြစ်စေ၊ အသံနဲ့ဖြစ်စေ အချက်ပြရမယ်။ ဒီအချက်ငါးချက်နဲ့ပြည့်စုံရင် အကျွတ်အလွှတ်ပွဲအထမြောက်ပြီပေါ့"

"တင်ပါ့ဘုရား၊ ဒါဆိုရင် တပည့်တော်တို့လိုက်လုပ်ပါ့မယ်ဘုရား"

ဤသို့လျှောက်တင်ပြီး သံချောင်းတို့အုပ်စု အိမ်သို့ပြန်လာခဲ့ကြလေသည်။ အကျွတ်အလွှတ်ပွဲကိစ္စကို ရပ်ရွာလူကြီးများနှင့်တိုင်ပင်ခဲ့ရာ ငင်းတို့မှ သဘောတူသဖြင့် လကွယ်နေ့ညဉ့်နာရီ

www.burmeseclassic.com

www.burmeseclassic.com

တွင် အကျွတ်အလွတ်ပွဲပြုလုပ်ရန် ရွာသူရွာသားများ သဘောတူညီခဲ့ကြသည်။ ထိုရွာမှ ရွာသူရွာသားများကလည်း ၎င်းတို့ရွာ၌ ဤအကျွတ်အလွတ်ပွဲကို တစ်ခါမျှမလုပ်ဖူးသဖြင့် လူကြီးလူငယ် ယောကျ်ား၊ မိန်းမ၊ ကလေးမှမကျန် အောင် အားလုံးတစ်ဝက်စီးခဲ့ကြသည်။

လကွယ်နေ့မရောက်မီအချိန်တွင်-

ဘုန်းတော်ကြီး ဦးသောဘိတ ဦးဆောင်သော လူငယ်အဖွဲ့သည် သချိုင်းသို့သွားရာ မြေနီလမ်းကလေးရှိ ချိုင့်များကို မြေဖို့ပေးခြင်း၊ လမ်းညီပေး ခြင်းတို့ ပြုလုပ်ပေးပြီး မြေနီလမ်းလေး တစ်လျှောက်တွင် ကောင်းမွန်သန့်ရှင်း အောင် ဆောင်ရွက်ခဲ့ကြ၏။ ထို့နောက် လမ်းတစ်လျှောက်ရှိ ချုံပုတ်များကိုလည်း ခုတ်ထွင်ရှင်းလင်းပေးခဲ့သည်။ အုတ်ဂူများကိုလည်း ထုံးဖြူဖြူကလေးသုတ်ပေး ကာ သန့်ရှင်းရေးများပြုလုပ်ပေးခဲ့သည်။ ထိုအုတ်ဂူများအကြားရှိ ချုံပုတ်များ၊ သစ်ပင်များကိုလည်း ရှင်းလင်းပေးခဲ့ သည်။ အုတ်ဂူတစ်ခုနှင့်တစ်ခုကြားတွင် မေမြို့ပန်းပင်ကလေးများကို စိုက်ပျိုး ပေးခဲ့သည်။ ယခင်က ချုံနွယ်ပိတ်ပေါင်း များကြားတွင် ရေညှိအထပ်ထပ်တက် နေသည့် အုတ်ဂူမည်းမည်းကြီးများသာ ဖြစ်၍ နေ့ခင်းကြောင်တောင်အချိန်၌ပင် အဖော်မပါဘဲ ထိုသချိုင်းမြေအား မဖြတ် သန်းရဲပေ။ ယခုလို ပြုပြင်လိုက်သည့် အခါ အုတ်ဂူဖြူဖြူကလေးများကြားတွင် မေမြို့ပန်းကလေးများပွင့်နေသည့်ရှုခင်း လေးမှာ ကြောက်စရာအသွင်မှ နှစ်လို ဖွယ်အသွင်သို့ ပြောင်းလဲသွားခဲ့သည်။

ထို့နောက် -

လကွယ်နေ့ညမရောက်မီတစ်ရက် အလိုကပင် ရွာသူကြီးဦးဘအုန်းမှ လကွယ်နေ့ ည (၉) နာရီတွင် အကျွတ် အလွတ်ပွဲပေးမည့်အကြောင်း ဤသချိုင်း မြေ၌ အသံခဲ့စက်ဖြင့် လိုက်လံသတိပေး နှိုးဆော်ခဲ့သည်။

ဤသို့ဖြင့် အကျွတ်အလွတ်ပွဲ ကျင်းပမည့် လကွယ်နေ့သို့ရောက်ရှိခဲ့ သည်။ ည (၈) နာရီခန့်အချိန်ကတည်း က ရွာသူရွာသားများသည် သချိုင်းမြေ သို့ ရောက်ရှိခဲ့ကြသည်။

ထို့နောက် ဘုန်းတော်ကြီး ဦးသောဘိတမှ -

"ဒကာ၊ ဒကာမတို့ အုတ်ဂူပေါ်မှာ ဖယောင်းတိုင်ထွန်းပေးလိုက်ပါ။ နောက် ပြီး ဝိညာဉ်များကို ဤဖယောင်းတိုင်မီး ဖြင့် ဘုရားကိုပူဇော်ပါလို့ ပြောပေးပါ"

"တင်ပါ့ဘုရား"

ရွာသူရွာသားများသည် အုတ်ဂူ များပေါ် သို့ ဖယောင်းတိုင်မီးများထွန်း ပေးလိုက်သည်။ ၎င်းနောက် ဆရာတော် မိန့်သည့်အတိုင်း 'ဤဆီမီးဖြင့် ဘုရားကို ပူဇော်ပါ'ဟုပြောကာ ၎င်းတို့ကိုယ်တိုင် လည်း ဇရပ်ပေါ်တွင် ဖယောင်းတိုင်မီး များထွန်းညှိကာ မီးပူဇော်ခဲ့သည်။

ထိုစဉ် -

အလွန်မွေးကြိုင်သည့်ပန်းရနံ့များ ပေါ်ထွက်လာကာ ဇရပ်တစ်ခုလုံး မွှေး ကြိုင်သွားသည်။ တစ်ခဏအကြာတွင် အလွန်ပုပ်စော်နံသည့်အနံ့တစ်မျိုးပေါ် ထွက်လာခဲ့သည်။

ထိုအချိန်တွင် ဆရာတော်မှ ရွာသူရွာသားများအား -

"ဝိညာဉ်တွေကတော့ အနံ့နဲ့ အချက်ပေးပြီ။ ကိုးနာရီလည်းထိုးပြီဖြစ် လို့ သူတို့ကို အစားအစာကျွေးကြစို့"

"တင်မှ်ဘုရား"

ရွာသူရွာသားများသည် ထမင်း ထုပ်များထည့်ထားသည့်တောင်းများ သယ်ဆောင်ကာ အုတ်ဂူများဆီသို့ယူ ဆောင်သွားခဲ့သည်။ ထမင်းထုပ်များမှာ အမဲသားဟင်းနှင့်ထမင်းကို ငှက်ပျော ရွက်ဖြင့်ထုပ်ထားသည်။ တချို့ထမင်း ထုပ်များမှာ သက်သတ်လွတ်ထမင်းထုပ် ဖြစ်သည်။ ရွာသူရွာသားများသည် အုတ် ဂူများရှေ့တွင် ထမင်းထုပ်ကိုဖွင့်ကာချ ထားပြီးနောက် -

ဤနေရာ၌ရှိသောမကျွတ်မလွတ် တဲ့ဝိညာဉ်များ စားဖွယ်အာဟာရများကို လာရောက်သုံးဆောင်ကြပါ"

ဟု သုံးကြိမ်သုံးခါအော်ပြောခဲ့ သည်။ ထို့နောက် ရွာသူရွာသားများ သည် ဇရပ်အတွင်း၌ စုရုံးထိုင်ကာ အခြေအနေကို စောင့်ကြည့်နေကြ သည်။ တစ်ခဏအကြာတွင် -

လေတဟူးဟူးတိုက်ခတ်လာသည်။ သချိုင်းအတွင်းရှိ သစ်ပင်အကိုင်းများ သည် လေတိုက်ခတ်မှုကြောင့် ယိမ်းနွဲ့ ကာလှုပ်ရှားနေသည်။ မကြာမီအချိန် တွင် သချိုင်း၏အပြင်ဘက်မှ-

"အူး. . . အူး. . . အူး"

"အူး. . . အူး. . . အူး"

ဟူသည့်ခွေးအူသံများကိုအဆက် မပြတ်ကြားရသည်။ ရွာသူရွာသားများ လည်း ခွေးအူသည့်အရပ်ဆီသို့ကြည့်နေ စဉ်-

"ဟော - ခွေးတွေလာနေပြီ"

တစ်စုံတစ်ယောက်က ဤသို့ပြော လိုက်သည်။

မှန်ပေသည်။

ရှေ့ဆုံးမှ ခွေးဖြူတစ်ကောင်ဦး ဆောင်ပြီး ၎င်း၏နောက်တွင် ခွေးများ စွာလိုက်ပါလာသည်။ ခွေးဖြူသည် အုတ်ဂူအကြီးဆုံးရှေ့တွင်ရပ်လိုက်သည်။ ၎င်းခွေးဖြူနောက်မှလိုက်လာသည့်ခွေး များမှာ အုတ်ဂူတစ်ဂူစီ၏ရှေ့၌ အသီး သီးရပ်လိုက်သည်။ ထို့နောက် ခွေးဖြူ သည် ၎င်း၏ရှေ့တွင်ရှိသောထမင်းထုပ် ကို စတင်စားလိုက်ရာ နောက်လိုက်ခွေး များလည်း ခွေးဖြူအတိုင်းစားသည်။

ထိုစဉ် ဆရာတော်မှ -

"မကျွတ်မလွတ်တဲ့ဝိညာဉ်တွေဟာ ခွေးတွေကိုစီးပြီးစားကြတာဖြစ်မယ်"

ထိုသို့မိန့်ကြားပြီးနောက် မေတ္တာ သုတ်ရွတ်ဆိုနေသည်။

တစ်ခဏအကြာတွင် -

"ကိုင်း - ဒကာကြီးတို့ ဘုန်းကြီးကို မကျွတ်မလွတ်တဲ့သူတွေကို ရည်စူးပြီး ဒီသင်္ကန်းများနဲ့ လှူဖွယ်ဝတ္ထုအစုစုကိုလှူ ဒါန်းပြီး တရားအတူတူနာဖို့ ဖိတ်ခေါ် လိုက်ပါ"

ရွာသူရွာသားများလည်း ဆရာ တော်ကြီး၏မိန့်ကြားချက်အတိုင်း -

"ဤသချိုင်း၌ရှိသော မကျွတ်မ လွတ်တဲ့ဝိညာဉ်တွေ၊ ပြိတ္တာတွေ၊ ပုဂ္ဂိုလ် တွေ ဤနေရာသို့ တရားအတူနာရန် ကြွရောက်ဖို့ဖိတ်ခေါ်ပါတယ်"

ဤသို့ပြောပြီး ခေတ္တစောင့်နေခဲ့ ကြသည်။

ထို့နောက် လှူဖွယ်ဝတ္ထုအစုစုကို ကပ်လှူပူဇော်ပြီးနောက် -

"ဤကောင်းမှုအစုစုကို ယခု ရောက်ရှိလာတဲ့ မကျွတ်မလွတ်တဲ့ ဝိညာဉ်များ၊ ပြိတ္တာများနဲ့ ပုဂ္ဂိုလ်များ အားအမျှအတန်းပေးဝေပါတယ် ကုသိုလ် အမျှ အမျှ အမျှ"

"သာဓု. . . သာဓု. . . သာဓု"

ဤသို့ အမျှသုံးကြိမ်ပေးဝေလိုက် သည်။ အမျှဝေခြင်းအဆုံးတွင် -

"အူး. . . အူး. . . အူး"

"အူး. . . အူး. . . အူး"

ဟူ၍ ခွေးများက ဆွဲဆွဲငင်ငင်အူ လိုက်သည်။ ထို့နောက် ခွေးဖြူကြီးသည် အုတ်ဂူရှေ့မှထွက်လာပြီး ဇရပ်ရှေ့တွင် ခေတ္တရပ်ကာ ဘုန်းတော်ကြီးနှင့် ရွာသူ ရွာသားများအား တစ်ချက်လှမ်းကြည့် လိုက်သည်။ ပြီးနောက် ဘုရားလမ်းအ တိုင်းပြန်သွားခဲ့သည်။ ခွေးဖြူနောက်မှ

www.burmeseclassic.com

www.burmeseclassic.com

ခွေးများ အသီးသီးလိုက်သွားရာ မကြာမီ ခွေးအုပ်ကြီးပျောက်ကွယ်သွားခဲ့သည်။

ထိုစဉ် -

ဘုန်းတော်ကြီးသည် -

"အင်း - သူတို့လည်း အမျှရပြီး ကျွတ်တမ်းဝင်သွားပါစေ။ တကယ်လို့ ကျွတ်တမ်းဝင်သွားရင်လည်း ဘုန်းကြီးတို့ကို ထူးခြားတဲ့ဖြစ်ရပ်တစ်ခုခုပြရင် ကောင်းမယ်။ သူတို့ကျွတ်တမ်းဝင်သွားရင် ဘုန်းကြီးတို့အရမ်းဝမ်းသာရမှာပေါ့"

ဤသို့ပြောလိုက်သည်။

သံချောင်းတို့ သူငယ်ချင်းတစ်စုလည်း -

"ဘုန်းဘုန်းမိန့်သလို ကျွတ်တမ်းဝင်သွားရင် ထူးထူးခြားခြားဖြစ်ရပ်တစ်ခုခုပြရင် သိပ်ကောင်းမှာပဲ"

ထိုသို့ပြောရင်း ဇရပ်ပေါ်၌ထိုင်ကာ စောင့်ကြည့်နေမိသည်။

တစ်နာရီခန့်ကြာသည့်တိုင်အောင် မည်သည့်ထူးခြားမှုမျှမရှိချေ။ နာရီကို ကြည့်လိုက်သောအခါ (၁၂)နာရီတိတိ။ သန်းခေါင်ယံအချိန်။

ထိုစဉ် ဘုန်းတော်ကြီးမှ -

"ကိုင်း - သန်းခေါင်ယံအချိန်တောင်ရောက်ပြီ။ ဘုန်းကြီးတို့လည်း ပြန်ကြရအောင်"

"တင်ပါ့ဘုရား"

ထို့နောက် -

ဘုန်းတော်ကြီးဦးသောဘိတသည် အရှေ့မှဦးဆောင်၍ သံချောင်းတို့သူငယ်ချင်းတစ်သိုက်မှာ မီးအိမ်များ၊ လက်နှိပ်ဓာတ်မီးများကိုကိုင်ကာ အနောက်မှလိုက်လာခဲ့သည်။

သူတို့အားလုံး၏စိတ်တွင် ဝိညာဉ်များကျွတ်လွတ်မှုရှိမရှိကို သိလိုလှသည်ထိုသို့ဖြင့် သခြိုင်းမှအထွက် မြေနီလမ်းကလေးသို့ရောက်လာခဲ့ကြသည်။ လမ်းတစ်ဖက်တစ်ချက်တွင် ချုပ်တံကြီးများရှိသဖြင့် မှောင်မိုက်နေသည်။ သခြိုင်းဝသို့အရောက်တွင် -

"ဟိုက် - ဟိုကလာနေတာ ဘာကောင်တွေတုံး"

ဘုန်းကြီးက ဤသို့ပြောလိုက်ရာ ရွာသူရွာသားများသည် မည်သည့်အရာမျှမတွေ့ရသဖြင့် ကြောက်လန့်ကာ -

အရှင်ဘုရား၊ ဘာကောင်တွေတွေ့လို့လဲဘုရား၊ သရဲတစ္ဆေတွေလားဘုရား"

ဟူ၍ တုန်တုန်ခြည့်ခြည့်မေးလိုက်ရာ -

"လိပ်... လိပ်ပြာတွေဝါတွေ"

ဘုန်းတော်ကြီး၏အဖြေဆုံးမိ-

အလွန်လှပသောအရောင်အသွေးစုံလှသည့် ဆင်လိပ်ပြာကြီးတစ်ကောင်သည် တဖျတ်ဖျတ်အတောင်ခတ်ကာ ဆရာတော်ကြီးဆီသို့ ဝဲပျံလာနေသည်ကို တွေ့လိုက်ရသည်။

အရှင်ဘုရား၊ လှလိုက်တဲ့ဆင်လိပ်ပြာကြီးဘုရား။ အရှင်ဘုရားဆီကို ဦးတည်ပြီးလာနေပါတယ်ဘုရား"

မှန်ပါ အရှင်ဘုရား၊ အဲဒီလိပ်ပြာကြီးနောက်မှာ လိပ်ပြာလေးတွေအများကြီးပဲဘုရား"

"အိမ်း - ဟုတ်ပေတယ်"

ဆရာတော်နှင့်ရွာသူရွာသားများ အချိုအချပြောနေစဉ် ဆင်လိပ်ပြာကြီးဦးဆောင်သည့် လိပ်ပြာတန်းကြီးသည် ဆရာတော်အား လက်ယာရစ်ပျံဝဲကာ ရစ်ပတ်နေသဖြင့် ဆရာတော်ကြီးသည် ရှေ့သို့ဆက်မသွားဘဲ ခြေစုံရပ်နေလိုက်သည်။ ဆင်လိပ်ပြာတန်းကြီးသည် ဆရာတော်ကြီးအား သုံးကြိမ်သုံးခါ ရစ်ပတ်ပျံဝဲနေစဉ် ဆရာတော်ကြီးမှ -

"အိမ်း- ဘုန်းကြီးသဘောပေါက်ပြီ။မကျွတ်မလွတ်တဲ့ဝိညာဉ်တွေအတွက် စိတ်ပူပြီး ထူးခြားမှုတစ်ခုခုကိုစောင့်မျှော်နေတာ၊ အခုတော့ သိပြီ။ ကိုင်း - သုံးဆယ့်တစ်ပုံရဲ့ဒုက္ခိတသတ္တဝါတွေကျွတ်တမ်းဝင်ပါစေ။ ဘုန်းကြီးတို့စွမ်းအားလေးနဲ့ အတတ်နိုင်ဆုံးဆောင်ရွက်ပေးပြီးပြီ။ အမျှ အမျှ အမျှ၊ သာဓု သာဓု သာဓု"

ဘုန်းတော်ကြီးနှင့် ရွာသူရွာသားများသည် သာဓုသုံးကြိမ်ခေါ် လိုက်သည်။ လိပ်ပြာတန်းကြီးသည် ဘုန်းတော်ကြီးအား သုံးကြိမ်သုံးခါရစ်ပတ်ပျံသန်းပြီးနောက် တောင်းကင်ပေါ် သို့ပျံသန်းသွားခဲ့သည်။ မကြာမီအချိန်အတောအတွင်း လိပ်ပြာတန်းကြီးပျောက်ကွယ်သွားခဲ့သည်။

သည်တော့မှ ရွာသူရွာသားများနှင့် ဆရာတော်ကြီးသည် မြေနီလမ်းအတိုင်းလျှောက်ခဲ့ကြ၏။လမ်းတစ်လျှောက်တွင် ဆရာတော်ကြီးမှ -

"ဝိညာဉ်တွေရဲ့ဘဝဟာ သနားဖို့ကောင်းတယ်။ သူတို့ရဲ့ရုပ်ကြမ်းကြီးကို ပြချင်တိုင်းပြလို့ရတာ မဟုတ်ဘူး။ ဘုန်းကြီးနဲ့ ရွာသူရွာသားတွေက သူတို့ကို စေတနာထားပြီး ကျွတ်လွတ်တာသိချင်လို့ ပြောလိုက်တော့ သူတို့ကျွတ်လွတ်မှန်းသိအောင် ပြလိုက်တာပဲ"

"ဘုန်းဘုန်းပြောတာ ဟုတ်ပါတယ်ဘုရား။ လိပ်ပြာတွေဆိုတာ နေ့ခင်းဘက်သာ ပျံဝဲတာတွေ့ဖူးတယ်။ ညဘက်ဆိုအိပ်တာပဲ။ ခုတော့ ဘုန်းဘုန်းကို သုံးပတ်တောင်ပတ်တယ်ဆိုတော့ ထူးဆန်းတာပဲဘုရား"

"ဟုတ်တယ် ဒကာတို့ရဲ့၊ တစ်ခါတစ်ခါမှာ ဝိညာဉ်တွေနဲ့ပတ်သက်ရင် သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ်တွေနဲ့ တွေ့ကြုံရတတ်တယ်"

တင်ပါ့ဘုရား၊ ဒါဆိုရင် တပည့်တော်တို့တွေ့ခဲ့တဲ့ အန္တယ်တော်ဆိုတဲ့ ဝိညာဉ်က ခေါင်းဆောင်ပြီး ပျံဝဲပြသွားတာဖြစ်မယ်ထင်ပါတယ်ဘုရား"

"ဒါကတော့ ကိုယ့်အတွေးနဲ့ကိုယ်သာ တွေးခေါ် ဆင်ခြင်ပေါ့ ဒကာကြီးတို့ ရယ်"

ထို့နောက် အသီးသီး ရွာဆီသို့ပြန်လာခဲ့ကြသည်။ သံချောင်းတို့သူငယ်ချင်းတစ်သိုက်၏စိတ်ထဲတွင် သူတို့တွေ့မြင်ခဲ့သော မင်းသမီးသဏ္ဌာန် ဝိညာဉ်သည်...

"အန္တယ်တော်ဟာ ဆင်လိပ်ပြာကြီးအဖြစ်နဲ့ ငါတို့ကိုပြသွားတာလား"

ဟုတ်တယ်ကွ၊ ကျန်တဲ့ဝိညာဉ်တွေဟာ ဆင်လိပ်ပြာကြီးနောက်ကပျံဝဲလိုက်လာတာတဲ့လိပ်ပြာတွေများလား"

မှန်ပေသည်။ ဝိညာဉ်လောကဌ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များစွာရှိသည်။ ယခုကြုံတွေ့ရသည့်အဖြစ်သနစ်သည် အကျွတ်အလွတ်ပွဲမှ ဖြစ်ရပ်ဆန်းကြယ်များဖြစ်ကြောင်းကို သံချောင်းတို့အုပ်စု၏ကိုယ်တွေ့ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုပင်ဖြစ်ပါတော့သည်။

ခင်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန် ဒေါ်ခင်စံသူ (B.Sc)

သြဂုတ်လ ၁ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင် ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမော်တဿ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၃ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သားတနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်အတွက် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၄ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၅ ရက်၊ စနေနေ့ - လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၆ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံ ပူဇေမိ (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၇ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၈ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ခဗ္ဗံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရော ပုရိသဒမ္မသာရထိ (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၀ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့ သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၁ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော(၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၂ ရက်၊ စနေနေ့ - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၃ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၂၊ ၀)။

www.burmeseclassic.com

www.burmeseclassic.com

လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေသား တနလ်၊ သောကြာ။ တစ်နေ့တာ အကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓဟူး (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၄ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေသား တနလ်၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္မဒွေါ (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၅ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေသား တနလ်၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမေတဿ (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေသား တနလ်၊ ကြာသပတေး။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၇ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က မီးခိုရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၈ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေသား တနင်္ဂနွေ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၉ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေသား တနလ်။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၀ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေသား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၁ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေသား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်စေရန် နံနက်အိပ်ရာထ . မြောက်ဘက်သို့လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၂ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေသား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံ ပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က မီးခိုရောင်။ အကျိုးပေးနေသား တနလ်၊ သောကြာ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၄ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေသား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္မဒွေါ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၅ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေသား အင်္ဂါ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဖိနော (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၆ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ တနလ်။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၇ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေသား တနလ်။ စနေ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၈ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေသားမှာ တနလ်၊ ကြာသပတေး။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက် အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂၉ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေသား တနလ်၊ သောကြာ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပေဒါရောင်။ အကျိုးပေးနေသား တနလ်၊ အင်္ဂါ။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၃၁ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြိမ်အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (P.3C)

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး (၃)ပတ် နေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းလှူပွဲ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ မြောက်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'သောကြာ'နဲ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ ဖယောင်းတိုင် (၃)တိုင်ထွန်းညှိပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

လူမှုရေးအတိုက်အခံများသူများ - သမ္မဒေဝ (၁၀၈)ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။

နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်လေးများဝတ်မသွားပါနှင့်။

ကျန်းမာရေး - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာရွတ်မန်းပြီးစားပါ။

ထီကံကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

တနလာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိ တဟိ ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို တောင်အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။

နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အတိတ်ကဇာတ်လမ်းများပြန်ပြောပြီး စကားနိုင်မလုပါနှင့်။ ခိုလေးများကို အစာကျွေးပါ။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို အာဟာရ ဆေး၊ ငွေလှူပါ။

ထီကံကောင်းလိုသူများ - လှည်းနှင့်ရောင်းသောထီသည်များထံတွင် (၄)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

ဌေးကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို သစ်သီးဆွမ်းများလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
ကားရောင်းလိုသူများ - ကား အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အင်္ဂါ' နဲ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်လေးများ ဝတ်မသွားပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။
ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသောထီကားလေးများနှင့်ဆုံပါက (၂)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ဗုဒ္ဓဟူးသားသမီးများ

ဌေးကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - နံနက်ဝေလီဝေလင်းတွင် အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။
လူမှုရေးအတိုက်အခံများသူများ - အိမ်မှ လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍ ရင်ပြင်တော် တံမြက်စည်းလှည်းပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။ ခိုလေးများကို ပဲကျွေးပါ။
ကျန်းမာရေး - ထမင်းစားတိုင်း ဖုဋ္ဌဿဂါထာရွတ်မန်းပြီးစားပါ။
ထီကံကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ကြာသပတေးသားသမီးများ

ဌေးကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - တတိတဟိဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တနလ်းနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'သောကြာ'နဲ့ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ စက်ပစ္စည်းအပြောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဓမ္မာရုံများတွင်အသုံးပြုရန် တံမြက်စည်းများ တတ်အားသရွေ့ဝယ်လှူပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်လေးများ မဝတ်ပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး - စာကလေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။
ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသောထီသည်ထံတွင် (၆)အစ (၆)အဆုံး၊ (၂)အစ (၂)အဆုံး ထီလက်မှတ်လေးများနှင့်ကံစမ်းနေပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅)မျိုးခန့်ဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒီဝါတပတိဂါထာမကြာခဏရွတ်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ယခုလ ဘုရား(၃)ဆူလှည့်၍ ပဌာန်းရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မွေးနံ့မှစ၍ ငြိုဟ်ရှစ်ခွင်လှည့်ပြီး မေတ္တာသုတ်ကို ငြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်လှည်းပါ။ အမှိုက်များကောက်ပါ။
နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောမိပါစေနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။
ထီကံကောင်းလိုသူများ - စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့် လှည့်လည်ရောင်းနေသောထီသည်ထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - တတိတဟိ အစခြီသောဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့်မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို ကြာသပတေးနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ယခုလ ဘုရားစေတီများသို့ မကြာမကြာသွား၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဂုဏ်တော်ပုတီးစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ ပြုပြင်သုံး၍မရနိုင်တော့သည့် စက်ပစ္စည်းအဟောင်း၊အပျက်များကို စွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ကုဋီများရေဆေးခြင်းပြုပါ။
နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူကိုစိတ်ညစ်စေမည့်စကားများမပြောမိပါစေနှင့်။ စကားများလျှင် ကိုယ်ကလျှော့ပါ။
ကျန်းမာရေး - စိတ်ရောဂါဝေဒနာရှင်များကို အာဟာရဒါနတတ်အားသရွေ့ပြုပါ။
ထီကံကောင်းလိုသူများ - ကြာသပတေးသားသမီးများနှင့် ထီစပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ သူကြိုက်တာရွေးချယ်ပါစေ။ ကံကောင်းပါလိမ့်မည်။

ယခုလတွင်-
တနလ်ာစ ကြာသပတေးဝိတ်မှည့်ထားသူများအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုရယူပါ။
ကံပို၊ ချစ်ပြု၊ ခက်မာ

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ဒေါ်သိန်းကျော်

www.burmeseclassic.com

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား။ "မင်းကွန်း တိပိဋကဆရာတော် ဘဒ္ဒဝိစိတ္တသာရာဘိဝံသ"ရဲ့ လက္ခဏာ ပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက် ပစ္စယ် ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန် ဝင်ပြီးမှ စေတီတော်ရဲ့ ဖောင်းရစ် ပေါ်တင်ပြီး ဟောစာတမ်း ရေးခဲ့သည်။ ဆရာတော် ဘုရားကြီးရဲ့ ပျံလွန် တော်မူမယ့်ကာလ နှစ်၊ လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော် ဘုရားသက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါ ဝေဒနာခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇော်တိ သဝေဒမဂ္ဂဇင်း အမှတ်(၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ကျပန်နိုင်ငံမှာ (၉)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာ ပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ သူကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်း သွားမေးတာ ကွက်တိ မှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။အဲဒီတုန်းက ကျွန်တော်ဟာ သာမန် အရောင်း အဝယ် သမားလေး တစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာ ချမ်းမင်းက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော်မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာတစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်း စကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီ လ၊ စာမျက်နှာ - ၁၅၃)



ဆရာချမ်းမင်း(LL.B)

သိပ္ပံလက္ခဏာနှင့် နက္ခတ္တဗေဒ

အမှတ်တရရဲ့ အမှတ်တရ - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ကျပန်လူမျိုး **တာရှီအိတိုစံ** ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာလာရောက် ဆွေးနွေးသွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ်(၅၇)၊ ဇူလိုင်၊ ၂၀၀၂ စာမျက်နှာ-၁၃၂-၁၃၃-၁၃၄-၁၃၅)

"ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(Itti Balanoora)** ဆိုတဲ့ နာမည်ကြီး အဆိုတော် သီချင်းရေးဆရာ ပရိုဂျူဆာကို ဟောပြောခဲ့ ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြွေပ်ထားတဲ့အကြောင်း၊ သူတို့မိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစား ရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေ ကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ကျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူနေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ - ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်-၂၈၈၊ စာမျက်နှာ - ၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

လက္ခဏာပညာပြဋ္ဌာန်း အကွဲအကြည်ခေါ်ဆိုနေနှင့်တဝင်ရောက်စေဘဲ အလစ်လက္ခဏာ အမှတ် (၂)
မကြာမီ ထွက်ပေါ်သွားမည်ဖြစ်သည်

လမ်းညွှန်-ရေစင်မှတ်တိုင်ဆင်းပါ။ မြို့အမှတ် ၃၁-၁၁၊ စံပယ်လမ်း(တတိယမြောက် ဘယ်ဘက် လမ်းသွယ် -ရွှေခတ္တာလမ်း)-၀၆ ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)
Ph-09 8516520

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း
(ရင်ကိုခေါ်ဘဲ့ရသူ)

ပြုစုတွေးခေါ်သူ့သော သူရဇ္ဇလက်ဆောင်

"ဆရာ"

"ဟုတ်ကဲ့"

"ကျွန်မကလေးဘယ်လိုဖြစ်နေလဲ မသိဘူး"

"ဘာဖြစ်လို့လဲ"

"ဇက်ကြီးကျိုးသလိုဖြစ်ပြီး စကားလည်းမပြောဘူး ငူငူကြီး။ ထမင်းဆိုလည်း စားခိုင်းမှစားတယ်"

"သူနာမည်"

"မြင့်မိုရ်ထွဋ်ခေါင်ကော့"

"ဟုတ်ကဲ့ - သူခုနှစ်လေး"

. . . . . .

"ဟင် - ဆယ်လေးနှစ်တောင် မပြည့်သေးပါလား"

"ဟုတ်တယ် ဆရာရယ်၊ ပြောရဆိုရတော်တော့်ကိုဆိုးနေတယ်။ ဆိုးတာမှ ပတ်တုတ်လို့ကိုမရတော့ဘူး။ အပေါင်းအသင်းကောင်းလေးတွေကို ကျတော့ မပေါင်းဘဲ ဆေးလိပ်တမြမြ ပြီးတော့ . . . "

ခေါင်းငုံ့သွားပြီဖြစ်၏။

ကျွန်ုပ်လည်း အခါအလိုအရ ပညာရပ်တစ်ခုခုနှင့်နွယ်လောက်ပြီကို သတိထားမိလိုက်ပါသည်။ သို့သော် အစဉ်းစားရကျပ်သွား၏။ ဒီကလေးအရွယ်သည် ပညာနှင့်ထိခိုက်လောက်ရအောင် သူဟာသူဆော့ကစားနေတတ်သော ကလေးအရွယ်ဖြစ်၍ မဖြစ်နိုင်။ ဒီကလေးအရွယ်ကလည်း တစ်ဖက်သားထိခိုက်လောက်အောင်သွားပြီးစော်ကားမော်ကားတတ်သောအရွယ်မဟုတ်သေး။ သူတစ်ပါး၏ဒီးပွားထိခိုက်လောက်အောင် သွားရောက်စော်ကားတတ်သောအရွယ်လည်းမဟုတ်သေး။

"ဒီကလေးဟာ ပညာစက်တစ်ခုခုထိနေသလိုပဲလို့ ကျွန်တော်ယူဆတယ်။ ဒါပေမယ့် ကလေးဆိုတော့ စဉ်းစားရကျပ်နေတယ်"

ထိုအမျိုးသမီးသည် ကျွန်ုပ်အား တစ်စုံတစ်ခု ပြောသင့်၊ မပြောသင့် စဉ်းစားနေဟန်ရှိ၏။ ပြီးမှ မျက်လုံးစွေကြည့်လိုက်ပြီး -

"ကျွန်မမောင်လေးတစ်ယောက် ကပြောလို့ သူအကျီကို ကြိုးနဲ့တန်းမှာ ဇောက်ထိုးတွဲလောင်းချည်ထားပြီးအောက်က မီးမြှိုက်ရသေးတယ် ဆရာ"

"ဟင် - ဘယ်သူအကျီလဲ"

"မြင့်မိုရ်အကျီ"

ကျွန်ုပ် စိတ်မကောင်းပါ။ အထူးသဖြင့် ကလေးအတွက် စိတ်မကောင်းပါ။

"ဘယ်နှခါလုပ်လိုက်လဲ"

"ငါးခါ။ မီးမြှိုက်တော့လည်းပြောရသေးတယ်၊ ဟဲ့ကောင် - ငါပြောရင် ငြိမ်ဆိုပြီး တောက်လျှောက်ပြောရတယ်"

"ဘာလို့အဲလိုလုပ်တာလဲ"

"ပြောမရလွန်းလို့ဆရာ။ ဆေးလိပ်ကောအရက်ကောဖြစ်နေပြီ။ နေ့ရောညရောဖြစ်နေပြီ။ အဲဒါကြောင့် ပြောစကားနားထောင်အောင်လုပ်ရတာ"

"နားထောင်လို့လား"

"နားတော့ထောင်တယ် ဆရာ။ ဒါပေမယ့် တစ်မျိုးကြီးဖြစ်သွားတယ်။ ခုနပြောသလို ဇက်ကြီးကျိုးပြီး စကားလည်း မပြောတော့ဘူး။ စားလည်းမစားတော့ဘူး။ ဟို အန္ဓကြီးလို. . .

အသံတိမ်သွားပြီး ခေါင်းငုံ့သွားပြန်၏။

ကျွန်ုပ်လည်းတော်တော်စဉ်းစားလိုက်ရပါသည်။

"ကလေးကို ဘုရားတစ်ဆူဆူခေါ်သွား၊ သစ္စာပန်းတွေဝယ်ပေးလိုက်။ သစ္စာပန်းတွေနဲ့ ဘုရားကိုပူဇော်ခိုင်း၊ ဝေနေအောင်ပူဇော်ခိုင်း။ သုံးခါလောက်တော့ သွားရလိမ့်မယ်။ သူ့ကို တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ခိုင်းပြီးမှခေါ်သွား။ ပြီးတော့ မီးမြှိုက်ထားတဲ့သူအကျီလေးကော"

"အဲဒါပဲပေးဝတ်ခိုင်းရတာများတယ်ဆရာ။ လျှော်လိုက်ဝတ်လိုက်နဲ့"

"သူများကိုပေးလိုက်တော့"

"ရှင်"

"သူများကိုပေးလိုက်တော့"

"သူညီကိုပေးလိုက်ရင်ရလား"

"အိမ်ရဲ့အပြင်ဘက်ကိုပဲထုတ်လိုက်ပါ။ တစ်ယောက်ယောက်ကိုပေးလိုက်ပါ။ တချို့အလုပ်ခဝါကြမ်းကြမ်းလုပ်ကြတဲ့ကလေးလေးတွေကိုပေးလိုက်ရင် ရပါပြီ"

❑

"အမယ် - မဝေ"

"ဟုတ် - ဆရာ"

"ကဲ - ပြော"

"မြေးလေ ဆရာ၊ မြေးကိစ္စ"

"ဘယ်လိုဖြစ်လို့လဲ၊ မဝေမြေးလား"

"ဟုတ်"

"ဘာဖြစ်လို့လဲ"

"သူအမေက ဆရာရယ်၊ သူသားအိမ်မကပ်လွန်းလို့ဆိုပြီးဘာတွေနဲ့လဲမသိဘူး၊ ကျွန်မသိရသလောက်တော့ မီးဖိုအောက်မှာ သွပ်ပြားခံပြီး ကလေးအကျီထည့်ထားတယ်။ ပြီးတော့ ခုတင်အောက်မှာတစ်ထည့်ကိုချည်ထားတယ်၊ တွဲလောင်းဇောက်ထိုးကြီး"

"ဟင် - ဘာလို့ မီးဖိုအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

သံပြား. . . ”

“သွပ်ပြား၊ သွပ်ပြား”

“အဲ - သွပ်ပြားခံပြီး ဘာလို့အကျီ
ကိုဖိရတာလဲ”

“ခုနပြောတာလေ၊ အိမ်ကိုမကပ်
လို့။ ကလေးကလည်းကလေးပဲ ဆရာ
ရေ ဆိုးမှဆိုး။ အိမ်ကိုကပ်ကိုမကပ်တာ။
ပိုက်ဆံလာပြန်တောင်းလိုက်၊ နှစ်ရက်

www.burmeseclassic.com

www.burmeseclassic.com

သုံးရက်ဘယ်သွားလို့မသိသွားလိုက်နဲ့။ ဂိမ်းဆိုင်မှာတွေ့တဲ့သူကတွေ့၊ ဟိုနားက ခေါက်ဆွဲကြော်ဆိုင်မှာတွေ့တယ်ပြောတဲ့သူကပြောနဲ့"

"အဲလိုတွေလုပ်တော့ဘာတွေထူးလာလဲ"

"ထူးတာကတော့ အိမ်ကပ်သွားတယ်ဆရာ၊ တကယ်ထူးတယ်။ ဒါပေမယ့် အဲဒီအိမ်ကပ်တဲ့အချိန်ကစပြီး အဖျားကတက်လာလိုက်၊ ကျသွားလိုက်ဖြစ်လို့ မနည်းကုရ။ ပြီးတော့ သူ့ကိုကြည့်ရင် မျက်နှာမှာချွေးသီးချွေးပေါက်ကြီးတွေနဲ့ ဖြူဆုတ်ဆုတ်နဲ့ မျက်လုံးကဝနာမငြိမ်ဘူး။ ဘယ်လိုကြီးဖြစ်နေမှန်းမသိဘူး"

"သူနာမည်"

"အာကာထက်ဝေယံ"

"မလုပ်ပါနဲ့ဗျာ ကလေးကို၊ အသက်ဘယ်လောက်ရှိပလဲ"

"(၁၉) နှစ်၊ ပထမနှစ်တက်နေပြီ"

"ဩော် - မလုပ်ပါနဲ့"

"အင်းလေ - ခုတော့ အိမ်ကပ်ပြီဆိုတော့ သူ့အမေလည်းမလုပ်တော့ပါဘူး။ အဲဒီနေ့မကောင်းဖြစ်ဖြစ်နေတာကြီး"

"မဝေက အစောကြီးထဲကကတားသင့်ပါတယ် ဒါမျိုး"

မဝေ မျက်နှာမဲ့ရွဲ့ပြီး ကိုယ်ကြီးကို နောက်သို့ယိမ်း၍ ကျွန်ုပ်ကို မျက်စောင်းနှစ်ခါသုံးခါထိုးသလိုလုပ်လိုက်ပြီး -

"အမလေး-သိတယ်မို့လား။ သားသမီးတွေက သူတို့သာအသိ၊ သူတို့သာအတတ် ကျွန်မ မပြောချင်ဘူး။ မြေးကလည်းမြေးပဲ၊ အိမ်ကိုမကပ်ဘူး။ ဘာတွေဖြစ်လို့ဖြစ်နေကြမှန်းကိုမသိဘူး။ သူ့အပေါင်းအသင်းတွေက အိမ်ရှေ့လက်ခေါက်မှုတ်ခေါ်လိုက်တာနဲ့ မအေဆီ ပိုက်ဆံတောင်းပြီး နှစ်ရက်၊ သုံးရက် ပျောက်သွားတော့တာပဲ။ မအေခမျာ တစ်ညလုံးလိုလိုထိုင်စောင့်ရင်း အိပ်ရေးတွေပျက်၊ ခမျာမှာထိသလားမမေးနဲ့။ ကြာတော့စိတ်ကညစ်ပြီပေါ့၊ လုပ်ချင်ပြီပေါ့။ အစထဲက သူ့သဘောနဲ့သူလုပ်ချင်တာလုပ်တဲ့သမီးဆိုတော့ သူသွားလုပ်ချင်ရာလုပ်ပြီးမှ ကျွန်မသိရတယ်။ ဒါတောင် မြင်လို့မေးကြည့်မှပြောတာ။ ဘယ်သူ့ကိုအပြစ်တင်လို့တင်ရမှန်းတောင် မသိတော့ပါဘူး ဆရာရယ်"

"ဘယ်သူမှ အပြစ်တင်မနေနဲ့။ မဝေပဲဦးဆောင်ပြီးလုပ်ပေးလိုက်"

"ဘာလုပ်ပေးရမှာလဲ ဆရာ"

"ကလေးကို တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ခိုင်း၊ မဝေက တရော်ကင်ပွန်းခွက်ကို သမ္မဒ္ဓေဆယ်ခေါက်ရွတ်မန်းပေး"

"မန်းပြီး ကျွန်မကလျှော်ပေးရမှာလား"

"မဟုတ်ပါဘူး၊ သူဟာသူလျှော်ပစေ"

"ဩော် - ဟုတ်"

"မီးဖိုအောက်က ကလေးအင်္ကျီကို ဖယ်လိုက်ပါဗျာ"

"ဖယ်ရမလား"

"ဖယ်လိုက်ပါ၊ ကလေးသူဟာသူနေနေပြီပဲ"

"ဖယ်လိုက်လို့ကလေးကပြန်ထွက်နေပြန်ရင် ကျွန်မကိုပဲပြဿနာအရှာခံရဦးမှာ ဆရာ"

"ဒီလိုလုပ်ပါ၊ ကလေးကောင်းဖို့ပဲစဉ်းစားပါ။ ဒီပြင်မတွေးပါနဲ့။ ကလေးအင်္ကျီလေးကို မီခင်က ညာဘက်လက်နဲ့ကိုင်၊ ရင်ခွင်မှာထားပြီးရွတ်ရမယ်။ ရွတ်ရမှာက သမ္မဒ္ဓေဂါထာပဲ။ (၂၇)ခေါက် ရွတ်ရလိမ့်မယ်"

"ဩော် - ဟုတ်"

"ရွတ်ပြီးရင် ဟိုကလေးရဲ့အင်္ကျီတွေထည့်ထားတဲ့ဗီရိုထဲရောပြီးပြန်ထည့်၊ နောက်နေ့ နောက်တစ်ထည်ရွတ်၊ အဲလိုပဲပြန်ထည့်"

"ဩော် - ဟုတ်"

"တစ်လလောက် . . . အဲ . . . နှစ်လလောက်တော့လုပ်ရလိမ့်မယ်။ ကလေးလည်း ညအိပ်ညဉ့်နေကြီးတွေထွက်မှာမဟုတ်တော့ဘူး"

"တော်ပါသေးရဲ့၊ ဒါဆို ပြန်ရင်ဖယ်ပစ်တော့မယ်"

❑

"နယ်ကလာတာပါ။ ညရထားစီးလာတာ"

"ဟုတ်ကဲ့"

"ခု - ဆရာ့ကိုမေးပြီး ရထားနဲ့ပဲပြန်မှာ"

"ဩော်"

"ကိစ္စက ကျွန်တော့်အောက်ညီရဲ့သားကိစ္စပါ"

"ဘာဖြစ်လို့လဲခင်ဗျ"

"အဲဒီဘာဖြစ်နေမှန်းမသိလို့ပါ" အခါအလိုအရ ပညာရပ်တစ်ခုခုနှင့်ပြဿနာနေတတ်သောအခါကိုသွားတွေ့ရပြန်ပါပြီ။ သူ့ကိုတော့ မပြောပါ။

"ကလေးနာမည်"

"ဘုန်းနေဝန်း"

"ဩော် - ဟုတ်ကဲ့။ ဘယ်လိုဖြစ်လို့လဲ၊ နေမကောင်းလို့လား"

"ခဏခဏတက်တက်နေတယ်၊ ငယ်ငယ်ကတော့တက်ဖူးတယ်။ ခုဆိုမတက်တာကြာပြီ။ ခုမှပြန်တက်နေတယ်"

"သူခုနှစ်သိလား"

. . . . . .

"ဟာ - ဆယ်ငါးနှစ်ပဲရှိပါသေးလား၊ ပြည့်တောင်မပြည့်သေးဘူး"

"ဟုတ်တယ် ဆရာ၊ ကျောင်းလည်းမတက်တော့ဘူးဆိုလို့ ဘယ်လိုမှပြောမရလို့ ဒီနှစ်ထုတ်ထားရတယ်။ ရှစ်တန်း"

"ဟာ - တစ်နှစ်နာသွားတာပေါ့"

"ဟုတ်တယ် ဆရာ"

"ဒါ တစ်စုံတစ်ခုနဲ့ပတ်သက်နေလောက်တယ်။ ကလေးကပြောလို့ဆိုလို့ မရဘူးနဲ့တူတယ်"

"အိုး - မရတာမှ မိဘတောင် သူက ဓားကြိမ်းကြိမ်းတာ"

"ဟာ - ဘုရား ဘုရား"

ကျွန်ုပ်သည် ရပ်ဝေးမှလာသောဧည့်သည်အား သေချာကြည့်လိုက်ပြီးပြောသင့်၊ မပြောသင့် ချင့်ချိန်နေမိ၏။ လွဲသွားပြန်လျှင် စိတ်မကောင်းဖြစ်သွားမည်ကိုတွေးမိ၏။

"စိတ်တော့မရှိနဲ့နော်"

"ဟုတ်ကဲ့"

"ခုနပြောတဲ့အထဲမှာ ကလေးဟာကျောင်းလည်းမတက်ချင်ဘူး၊ မိဘကိုလည်း ဓားကြိမ်းကြိမ်းတယ်ဆိုတော့ သူ့မိဘတွေက သူတို့စကားနားထောင်အောင်၊ သူတို့ပြောလို့ဆိုလို့ရအောင်ဆိုပြီး တစ်ခုခုဓာတ်ရိုက်တာမျိုးတို့ဘာတို့များရှိနေမလားလို့"

"အိုး - ရှိပဲ့ ဆရာရယ်၊ သိပ်ရှိ"

"ဘယ်လိုရှိတာလဲ"

"သူတို့အိပ်တဲ့ ခုတင်ခြေရင်းက ခြေသုတ်ခုံနားမှာ တစ်ခါတုန်းက ကလေးဓာတ်ပုံတွေ့လို့ ကျွန်တော်မေးဖူးတယ်။ နတ်စင်မှာ ဓာတ်ပုံကို ဒန်ခွက်တစ်ခုခုနဲ့မှောက်အုပ်ပြီး အပေါ်ကမီးထွန်းရတယ်တဲ့။ နတ်ကိုတိုင်တည်ရတာတဲ့။ သူတို့သွားလုပ်ရင်း ထွက်ကျကျန်ခဲ့တဲ့ဓာတ်ပုံပေါ့"

"ဩော် . . . "

"ဘယ်နှခါလောက်လုပ်လဲ"

"တောက်လျှောက်လုပ်တာ။ ပြီး

www.burmeseclassic.com

www.burmeseclassic.com

တော့ အဲဒီဓာတ်ပုံကိုပြန်ယူလာပြီး ဘယ်အောက်မှာဆိုလည်းထားရသေးတယ်။ အမယ် - ဟုတ်သားပဲ၊ ဘုန်းနေဝန်းဆိုငြိမ်ကျသွားတာပဲ။ ဒါပေမယ့် အဲဒီတက်တက်နေတာကြီးကဆိုးနေတယ်”

❑

မကြာခဏဆိုသလို -

ရောက်ရောက်လာတတ်တဲ့ကိစ္စလေးတွေ၊ အကြောင်းအရာလေးတွေပါပဲ။

ဒီအဖြစ်လေးတွေက ကြိုကြားကြိုကြားဖြစ်နေကြတာတွေရှိနေပါတယ်။ လူမသိသူမသိဖြစ်ဖြစ်နေကြသလို သိကြတာလည်းရှိပါတယ်။

လေ့လာကြည့်လိုက်တဲ့အခါ ကလေးတွေကို စည်းကမ်းစနစ်ကျနအောင် မခိုင်းရက်မပြုရက် မပြောရက်မဆိုရက်ဘဲ မြောက်စားထားသလိုထားရင်းထားရင်းကနေ တဖြည်းဖြည်းအရွယ်လေးရလာပြီး အပေါင်းအသင်းစုံလာတော့ တဖြည်းဖြည်းဘာလုပ်လို့ဘာကိုင်ရမှန်းမသိလောက်အောင်ဖြစ်လာကြတော့တာပါဘဲ။

ဒီကောင်သေမှအေးမယ်၊ ဒီကောင်မြန်မြန်သေမှ၊ ဒီကောင်မသေရင် ငါမြန်မြန်သေမှ ဒီဝဋ်ကကျတ်မယ်ဆိုပြီး ညည်းလွန်းတဲ့သူတွေ တွေ့ဖူးပါတယ်။ အဲဒီညည်းတဲ့သူတွေကိုလေ့လာကြည့်လိုက်တဲ့အခါမှာ ခုနပြောသလို ကလေးကို နင်းကန်အလိုလိုက်၊ အလိုလိုက်တဲ့အတွက် ကလေးက ဘာမှမလုပ်တတ်ဘဲဖြင်း၊ ဖျင်းလွန်းတော့ပျင်း၊ ပျင်းပြန်တော့ ဖျင်းနဲ့ သံသရာလည်တော့တာပါပဲ။ တချို့ဆိုအဲဒီကလေးဖျင်းရတဲ့အဓိကကိစ္စမှာ ကလေးရဲ့အဘိုးအဘွားတွေက ထိပ်ဆုံးကဖြစ်နေပြန်ရော။ ဖအေမအေဆုံးမရင် ဘိုးအေဘွားအေဆီပြေးကပ်၊ အကာအကွယ်ယူ၊ ဟိုက ဟော-ငါ့မြေးကိုမရိုက်နဲ့၊ မပြောနဲ့ဆိုပြီးကာထားတော့ ကလေးက အားကိုး၊ မိဘကိုလူမထင်ဖြစ်လာရာကနေ ခုနလို အရွယ်လေးရလို့ ကြီးလာတော့ အပေါင်းအသင်းမှားသွားတဲ့အခါဆိုးကရော။ အဲဒီအခါတော့ အကာအကွယ်ပေးခဲ့တဲ့ အဘိုးအဘွားတွေဆီပြေးပြောလို့ မရတော့ဘူး၊ သူတို့နဲ့ခွဲခိုင်းသလိုနေရော။

အဲဒီမှာတင် ဒီကောင်သေမှအေးမယ်တို့၊ ငါသေမှအေးမယ်တို့ဖြစ်လာတော့တာပဲ။

အဲဒီနောက်ဆက်တွဲအဖြစ် စောစော ကပြောခဲ့တဲ့ပညာရပ်တွေပါလာတော့တာပါပဲ။

ကျွန်မကလေးဆိုးလို့၊ ကျွန်မကလေးပြောစကားနားမထောင်လို့၊ ကျွန်မကလေးအိမ်မကပ်လို့ဆိုတဲ့အသံတွေထွက်လာပြီဆိုတာနဲ့ ပညာရပ်တွေပါလာပြီ။

အဲဒီမှာ စောစောကလိုမျိုးတွေဖြစ်လာတော့တာပါပဲ။

ဒါ သဘာဝပါ။ တစ်ဖက်မှာသောင်ထွန်းရင် တစ်ဖက်မှာတော့ ကမ်းပြိုမှာပါပဲ။

ငြိမ်အောင်လုပ်ရင်ငြိမ်မယ်။

ဒါမေယ့် ကောင်းသောငြိမ်ခြင်းမဟုတ်ဘူး။

သူ့အသိတရားလေးနဲ့သူ လိမ်လိမ်မာမာဖြစ်သွားပြီးငြိမ်တဲ့အငြိမ်မဟုတ်ဘူး။ အေးအေးချမ်းချမ်းနဲ့ငြိမ်တာမဟုတ်ဘူး။ အားမတန်လို့ မာန်လျှော့ပြီးငြိမ်သွားရတဲ့အငြိမ်။

ဒါဖြင့် ဒီအငြိမ်မှာ ဘေးထွက်ဆိုးကျိုးတွေပါလာမှာပဲ။

ကောင်းသောငြိမ်ခြင်းမှမဟုတ်တာ။

အဲဒီဘေးထွက်ဆိုးကျိုးတွေဟာ အခုပြောပြခဲ့တဲ့ကိစ္စလေးတွေပါပဲ။

ဒါ -

ဒီလမှာပေးချင်တဲ့ သူရွှေလက်ဆောင်ပါပဲ။

တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် အိမ်ကတလေးက ဘယ်လိုဆိုတယ်လို့ပြောလိုက်တာနဲ့ အမလေး - ကျွန်မကလေးတုန်းကလည်း ဒီလိုပဲ၊ ကျွန်မကတော့ဘယ်လိုလုပ်ရလဲသိလား၊ ဟောလိုဟောလိုလုပ်လိုက်ရတယ်။ အဲဒါမှငြိမ်သွားတာတော်ရေဆိုတဲ့စကားတွေကြားဖူးကြမှာပါ။

ကိုယ်တိုင်လည်း ပြောခဲ့ကောင်းပြောခဲ့ဖူးပါလိမ့်မယ်။

အဲဒီလို တစ်ဆင့်စကား ကြားဖူးနားဝတို့ -

မင်းကလေး ဒါလောက်တောင်ဆိုးနေတာ ငါကြားဖူးတာတော့ ဟိုလိုလုပ်ထားလိုက်ရင် ဒီလိုဖြစ်တယ်တို့ဆိုတဲ့ တစ်ဆင့်စကားတို့ အင်မတန် အန္တရာယ်များပါတယ်။

စာအုပ်တွေဘာတွေဖတ်ပြီးလုပ်ကြည့်ရင် အန္တရာယ်များတတ်သလို တစ်ဆင့်စကားနဲ့ဆိုရင်လည်း အန္တရာယ်များနိုင်ပါတယ်။

ဘာလို့အန္တရာယ်များရလဲဆိုတော့ - ဆိုကြပါစို့ - ကလေးတစ်ယောက် အိမ်မကပ်လွန်းလို့ သူ့ကိုငြိမ်အောင် ဓာတ်ရိုက်တော့မယ်ဆိုပါတော့။

ဘယ်လောက်အတိုင်းအတာအထိ ငြိမ်စေချင်တာလဲ။

ကျန်းမာရေးထိခိုက်သွားပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲတဲ့ထိငြိမ်သွားလို့မဖြစ်ဘူးလေ။

ဒါဖြင့် ဘယ်လောက်ထိငြိမ်အောင် ဓာတ်ရိုက်မှာလဲ၊

'တမာ' နဲ့ ရိုက်မှာလား၊ 'ထန်း'နဲ့ ရိုက်မှာလား။ အားပါတာချင်းက အသံထွက်တာနဲ့ကို မတူတော့ပါဘူး။

စနေနံလေးနဲ့ရိုက်လိုက်ဆိုတာနဲ့ စဉ်းစားရပြီ။ ဒါမှမဟုတ် တနင်္လာနံ ကြဲနဲ့ ရိုက်မှာလား၊ ကြိုးနဲ့ရိုက်မှာလား။

ပြီးတော့ အဲဒီကလေးကံမှာ အထွက်အားတွေကောင်းနေလား သတိထားရပါတယ်။ အထွက်အားကောင်းနေတဲ့ကလေးကို အဝင်အငြိမ်ရိုက်ရင် တော်တော်သတိထားရပါတယ်။

ဆန့်ကျင်ဘက်ကို လုပ်ယူရတာမို့ပါ။

ဒီလိုငြိမ်အောင် တခြားနည်းတွေနဲ့လုပ်လိုက်လို့ ငြိမ်ပြီးဘယ်မှမထွက်တော့ဘဲ တစ်ညလုံးမအိပ်တော့တဲ့ ကလေးတစ်ယောက် တွေ့ဖူးပါတယ်။ နေ့နဲ့ညများသွားသလိုပါပဲ။

ဒါကြောင့် ဆန့်ကျင်ဘက်ကိုလုပ်ယူရင် အတော်သတိထားရပါတယ်။ ပေါင်းစပ်လို့မရတဲ့သဘောနှစ်ခုကိုညှိယူရတာပါ။

ပြီးတော့ ကလေးရဲ့ကံမှာကောင်းလာစေနိုင်လား၊ ပုံစံတစ်မျိုးနဲ့ဆိုးသွားစေနိုင်လား ဒါတွေချိန်ဆရပါလိမ့်မယ်။

ပုံစံတစ်မျိုးနဲ့ဆိုးသွားနိုင်ရင်တော့ အထွက်ဓာတ်တို့၊ အငြိမ်ဓာတ်တို့ရိုက်တာတွေဟာ အန္တရာယ်များသွားနိုင်ပါတယ်။

အင်းနဲ့လည်းစွမ်းပါတယ်။

ဖယောင်းတိုင်အစီအရင်နဲ့လည်းစွမ်းပါတယ်။

တခြား လောကီအစီအရင်တွေနဲ့လည်းစွမ်းပါတယ်။

အားလုံး စွမ်းကြတာချည်းပါပဲ။ ဘယ်လိုရိုက်ရိုက် ဓာတ်ထိပြီးစွမ်းကြတာများပါတယ်။

ဒါပေမယ့် သူများကလေးကိုလုပ်ပေးလိုက်လို့ သူများကလေးလိမ္မာသွား

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇမဂ္ဂဇင်းရုံးခန်းနှင့်ဖြန့်ချိရာနေရာ ယခင်လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

စာမူများပေးပို့ရာတွင်

စာတိုက်သတ္တာအမှတ် (၁၀၄၃)

သို့မဟုတ်

ပညာရွှေတောင်စာအုပ်တိုက်

အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

ဦးအောင်မြတ်
စာတည်းချုပ်

တာ၊ ငြိမ်သွားတာကို တစ်ဆင့်ကြားပြီး ကိုယ့်သဘောနဲ့ကိုယ်မလုပ်မိပါစေနဲ့။ သူကလေးအိုပ်တဲ့အိပ်ရာမှာ နှင်းဆီပန်းလှလှလေးထားပေးလိုက်တာနဲ့ သူတလေးငြိမ်ပြီးလိမ္မာသွားတာ ငါကလေးအိပ်ရာမှာလည်း နှင်းဆီပန်းလေးထားလိုက်ဦးမယ်ဆိုလို့မရပါဘူး။ ကံသတ္တိချင်းမတူပါဘူး။

ဒါလေးတော့ အကြံပြုတာပါ။

ပြီးတော့ -

ရှေနားမှာပြောပြခဲ့သလို တစ်ဆင့်ကြားတို့၊ ကိုယ့်သဘောတို့နဲ့လုပ်လိုက်မိလို့ မတော်တဆများ အဲသလိုတွေကြုံရပြီဆိုရင် -

တရော်ကင်ပွန်းခေါင်းလျှော်ရည်ကို ခွက်တစ်ခုထဲဖောက်ထည့်ပါ။ ပြီးရင် သမ္မုဒ္ဓေ (၁၀) ခေါက်ရွတ်ပါ။

ပြီးရင် အဲဒီခေါင်းလျှော်ရည်နဲ့ ကလေးခေါင်းလျှော်ပါစေ။

ပြီးရင် ကလေးအင်္ကျီတစ်ထည်ကို ညာလက်နဲ့ကိုင်၊ ရင်ဘတ်နဲ့ထိထားပြီး သမ္မုဒ္ဓေရွတ်ပါ။ (၁၁)ခေါက်ရွတ်ရင်ရပါတယ်။ အဲဒီအင်္ကျီကို ကလေးပေးဝတ်ပါ။

ညကျတော့ ကိုယ်အိပ်တဲ့အခါ ကလေးရဲ့အင်္ကျီတစ်ထည်ကို ရင်ခွင်မှာ ဖက်ထားပြီးအိပ်ပါ။ ကလေးသူဟာသူ ဘယ်နားလေးမှာအိပ်အိပ် သူ့အင်္ကျီလေးကို ရင်ခွင်မှာထားပြီးအိပ်ပါ။

ဒီလိုလုပ်ရင်းနဲ့ (၁၁)ရက်လောက်ဖြစ်သွားတာနဲ့ ဓာတ်ထိထားရင်ပြေသွားပါပြီ။ ကလေးလဲညည်းကြည်လင်လန်းဆန်းသွားပါလိမ့်မယ်။

အဲဒီအခါကျမှ ကလေးကို ဘုရားစေတီတစ်ဆူဆူခေါ် သွားပါ။

ကလေးဟာ တနင်္ဂနွေဖြစ်ရင် တနင်္ဂနွေထောင့်မှာ တံမြက်စည်းအရင်လှည်းခိုင်းပြီး စနေထောင့်မှာလှည်းခိုင်းပါ။

ကလေးဟာ စနေဖြစ်နေရင် စနေထောင့်မှာအရင်လှည်းခိုင်းပြီးမှ တနင်္ဂနွေထောင့်မှာ လှည်းခိုင်းပါ။

ကလေးဟာ တနလာဖြစ်ရင် တနလာမှာအရင်လှည်းပြီးမှ ကြာသပတေးထောင့်မှာလှည်းပါ။

ကြာသပတေးဆိုရင် ကြာသပတေးထောင့်မှာအရင်လှည်းပြီးမှ တနလာထောင့်မှာလှည်းပါ။

အင်္ဂါဖြစ်ရင် အင်္ဂါထောင့်မှာ အရင်လှည်းပြီးမှ ရာဟုထောင့်မှာလှည်းပါ။

ရာဟုဖြစ်နေရင် ရာဟုထောင့်လှည်း ပြီးမှ အင်္ဂါထောင့်မှာလှည်းပါ။

ဗုဒ္ဓဟူးဆိုရင် ဗုဒ္ဓဟူးထောင့်မှာ အရင်လှည်းပြီးမှ သောကြာထောင့်မှာလှည်းပါ။

သောကြာဆိုရင် သောကြာထောင့်မှာလှည်းပြီးမှ ဗုဒ္ဓဟူးထောင့်မှာလှည်းပါ။

တစ်ကြိမ်တည်းသွားလှည်းတာနဲ့ပြီးပါတယ်။

ဘယ်အချိန်သွားသွား၊ ဘယ်နေသွားသွားရပါတယ်။

ဒါပေမယ့် (၁၁) ရက်ပြည့်ပြီးမှသွားပါ။

သားသမီးအင်္ကျီကို ရင်ခွင်မှာထားပြီး မေတ္တာပို့တာတို့၊

ရင်ခွင်မှာထားပြီး ရွတ်ဖတ်တာတို့ လောက်နဲ့တင် စိတ်ချမ်းသာစရာတွေဖြစ်သွားကြတာများပါတယ်။

မတော်တဆများ တစ်ဆင့်စကားကြားဖူးနားဝဲစကားနဲ့ပြုလုပ်မိရင် အဲဒီအတိုင်းပြုလုပ်လိုက်ပါ။ စိတ်ချမ်းသာသွားပါလိမ့်မယ်။

လေးငါးဆယ်ဦးမက ကြားလာရတာလေးတွေများလာတော့ ဒီသူရဇ္ဇလက်ဆောင်ကို ပေးချင်လာတော့တာပါပဲ။

အခုပေးလိုက်ပါပြီ။

မိသားစုတွေ အပူကင်းကင်းနဲ့ စိတ်ချမ်းသာကြပါစေ။

အေးချမ်းကြပါစေ။

ဆရာဦးမောင်မောင်သန့်
(ရင်ကိုအေးမြစေငြား)

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ကူညီပံ့ပိုးပေးကြပါလိမ့်မည်။ (၁)ဂဏန်း အကျိုးမပေး၍ ရှောင်ပါ။ ခရီးယာယီပေါ်မည်။ ရပ်ဝေးမှ လူမျိုးခြားနှင့်ဆိုင်သည့်လုပ်ငန်းများ အကျိုးပေးပါမည်။ ငွေဝင်နေသော်လည်း အကုန်အကျများသောကာလဖြစ်နေပါသည်။ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးနှစ်ပတ်၊ သုံးပတ်ရအောင်စိပ်ပါ။ အိမ်တွင်းရေးသာယာနေသော်လည်း နှစ်ဖက်ဆွေမျိုးကိစ္စကြောင့် စကားအချေအတင်ပြောရတတ်ပါသည်။ ကျန်းမာရေးကောင်းနေပါမည်။ ယခင်ဖြစ်ဖူးသောရောဂါများ ပြန်ဖြစ်တတ်သော်လည်း စိုးရိမ်စရာမရှိပါ။ ဆီး၊ ဝမ်း၊ လေ မချုပ်အောင် ဝရွစိတ်ပါလေ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများ ကောင်းပါသည်။ သူငယ်ချင်း၊ အပေါင်းအသင်းများနှင့် အချိန်ကုန်မခံပါနှင့်။ လည်တာသွားတာလျှောပါ။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ အဆင်ပြေစေရန် ခိုလေးများကို အစာကျွေးပါ။ ချစ်သူနှင့် ဇာတ်လမ်းဟောင်းများပြောမိပါက စိတ်အခန့်မသင့်ဖြစ်ရတတ်ပါသည်။ အစဟော်မပြောမိအောင်နေပါ။ ထီဝါသနာရှင်များ ထီကံကောင်းသောကာလဖြစ်ပါသည်။ ခရီးသွားရပါက ထီထိုးဖြစ်အောင်ထိုးခဲ့ပါ။ (၆၊ ၇၊ ၃၊ ၀) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါလေ။ ဘာသာရေးကျင့်ကြံအားထုတ်မှုများ မမေ့မလျော့ ဆောင်ရွက်ခြင်းဖြင့် အညှဉ်များကင်းစင်သွားပြီး လိုရာဆန္ဒများပြည့်လာပါလိမ့်မည်။

ယတြာ ။ ။ *တစ်နေ့တည်း ဘုရားငါးဆူပြည့်အောင် သွားမူးပါ။*

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ အတွက်

ဆရာဦးမောင်မောင်သန်း

(ရန်ကုန်၊ အေားဘွဲ့ ၁၈၁၀)

ခုနစ်ရက်သားသမီး

ဟောစာတမ်း

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးကူညီထောက်ပံ့ပေးပါလိမ့်မည်။ (၂) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ ဘာသာရေးတွင် ကြံအားထုတ်မှုများဖြင့် အညှဉ်များကင်းစင်သွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ မင်္ဂလာရှိသော ဘုရားဆောင်၊ ဧည့်ခန်းတို့တွင် ရှင်းလင်းစင်ကြယ်စွာထားပါ။ မင်္ဂလာရှိသောစကားများသာပြောပါ။ ကိုယ်၊ နှုတ်၊ အမူအရာထိန်းပြီး သီလဆောက်တည်နေထိုင်ခြင်းဖြင့် အလုံးစုံသောအခက်အခဲများကို ကျော်လွှားနိုင်ပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာပါမည်။ အတိတ်အခံရန်များရှိနေပါက အိမ်မှ လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍ ရင်ပြည့်တော် တံခြိုစည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းပြုပါ။ ခရီးသွားရန်စီစဉ်ပြီးမှ မသွားဖြစ်တော့၍ နောက်တစ်ကြိမ်စီစဉ်ဖြစ်ပါမည်။ ကျန်းမာရေးကောင်းနေပါမည်။ ပညာရေးကောင်းခနသောကြောင့် ကြိုးစားလျှင် ကြိုးစားသလောက် ထိပ်ဆုံးရောက်သွားမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ အလုပ်တာဝန်များပြားလွန်း၍ အချိန်မပေးနိုင်ဖြစ်ရာ ချစ်ရသူထံမှ လမ်းခွဲစကားများပြောလာတတ်ပါသည်။ ခိုစာမကြာမကြာကျွေးပါ။ စိတ်ဆိုးပြေသွားပါလိမ့်မည်။ ထိထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံထိုးလှည်းနှင့်ရောင်းသောထီသည်တို့တွင် (၄၊ ၈၊ ၅၊ ၁)၊ ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယကြာ ။ ။ *ဘုရားရှင်အား သစ်သီး (၆)မျိုးနှင့် ပူဇော်ပါ။*

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၇) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းကိစ္စများ စိတ်ကသိကအောက်ဖြစ်ရတတ်သည်။ လောင်းကစားကိစ္စများ လုံးဝအကျိုးမပေး၍ ရှောင်လိုက်ပါ။ သူတစ်ပါး၏ လောင်းကစားအောင်မြင်နေမှုကို အားမကျပါနှင့်။ ကိုယ်နှင့်လုံးဝအကျိုးမပေးပါ။ မျှော်လင့်နေသော သတင်းကောင်းများကြားရပါလိမ့်မည်။ စက်ပစ္စည်းအသစ်ဝင်မည်။ ကြီးကျယ်ခမ်းနားသောအလှူမင်္ဂလာပွဲများကြုံမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး အဆင်မပြေ ခဏသာဖြစ်ပါလိမ့်မည်။ နားလည်မှုရရှိလာပါလိမ့်မည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ လေးဖက်နာ၊ ဒူးနာရောဂါများသတိထားပါ။ ထိရောက်စွာ ဆေးကုသမှုခံယူပါ။ လွန်စွာအအေးမခံပါနှင့်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကဏ္ဍများကောင်းနေသော်လည်း စာကိုအချိန်မှန်လုပ်ပါ။ အချိန်မဖြုန်းမိပါစေနှင့်။ အောင်မြင်မှုရရှိလာပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ချစ်ရေးချစ်ရာများ တစ်ဦးနှင့်တစ်ဦးသစ္စာရှိပါ။ သဝန်မတိုပါနှင့်။ မျက်နှာပွင့်လန်းသောကာလဖြစ်ပါသည်။ မမျှော်လင့်ဘဲ မင်္ဂလာကိစ္စစီစဉ်ဖြစ်မည်။ ထိဝါသနာရှင်များအတွက် စက်ဘီး၊ ဆိုင်ကယ်သုံးဘီး၊ ကား၊ စသည်တို့နှင့်လှည့်ရောင်းသောထီသည်ထံမှာ (၆၊ ၃၊ ၂၊ ၅) ဂဏန်းများနှင့် ပြည့်နေအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယကြာ ။ ။ *ဘုရားတစ်ဆူဆူတွင် ကြွယ် (၇) ခွင်လုံးလှည့်၍ ရေသပွတ်လိုက်ပါ။*

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ တနင်္ဂနွေနာမည်ရှင်များလည်း မမျှော်လင့်ဘဲ ကူညီသွားတတ်ပါသည်။ (၅) ဂဏန်း၊ (၂)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဆွေမျိုးသားချင်း၊ ညီအစ်ကိုမောင်နှမများ၊ အဝေးရောက်နေသောသူများနှင့် ပြန်လည်ဆုံတွေ့ရပျော်ရွှင်ဖွယ်နေ့ရက်လေးများဖြစ်ပါသည်။ ကိုယ်ကလည်း ကူညီထောက်ပံ့ပေးရတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာနေစေရန် စကားပြောဆင်ခြင်ရပါမည်။ အမှားပါသွားတတ်ပါသည်။ ကျန်းမာရေးကောင်းပါမည်။ လွန်ကဲစွာ အဆာမခံပါနှင့်။ အလုပ်များနေပါကလည်း အစာကိုအချိန်နှင့်စားပါ။ အစားစားချိန်နောက်ကျ၍ ဝိုက်အောင့်၊ ဝိုက်နာဖြစ်တတ်ပါသည်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေပါသော်လည်း စာကိုမှန်မှန်မလုပ်လျှင်၊ အပျော်အပါးများနေလျှင် အောင်မြင်မှုနှင့် အလှမ်းဝေးနေပါလိမ့်မည်။ သူငယ်ချင်းများနှင့် ကစားချိန်ကစား၊ စာချိန်စာလုပ်မှ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ၊ အပြန်အလှန်သစ္စာရှိဖို့လိုပါသည်။ နှစ်ဦးသားဝေးနေချိန်များရှိတတ်ပြီး နားလည်မှုရှိပေးမှ စိတ်ချမ်းသာရပါလိမ့်မည်။ ခိုစာကျွေးပါ။ ထိထိုးရန်အတွက် ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

ယကြာ ။ ။ *လိုအပ်နေသောသူတစ်ဦးဦးကို ဆန်လှူလိုက်ပါ။*

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်၊ တနလာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ကူညီထောက်ပံ့ပေးပါလိမ့်မည်။ (၃) ဂဏန်း (၇) ဝဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ယခုလအတွင်း သင်တန်းများတက်ရခြင်း၊ ခရီးယာယီမကြာမကြာထွက်ရခြင်းများရှိနေပါသည်။ လုပ်ငန်းခွင်အတွင်း အပြိုင်အဆိုင်အတိုက်အခံများလည်းရှိတတ်ပါသည်။ ငွေနံကောင်းသောကာလ ဖြစ်ပါသည်။ အဘက်ဘက်မှငွေဝင်နေမည်။ အလှူဒါနများလည်းမကြာခဏပြုရတတ်ပါသည်။ လောင်းကစားကိစ္စများရှောင်ပါ။ အကျိုးမပေးပါ။ စက်ပစ္စည်းအတွက် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ စက်ပစ္စည်းမဝင်ပါစေနှင့်။ စိတ်ညစ်စရာကြုံရတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး စိတ်ချမ်းသာမှုရှိစေရန် ကိုယ်ကလျှော့ပေးပါ။ နားလည်မှုရယူပါ။ ကျန်းမာရေးကောင်းပါသည်။ ဒူးနာ၊ လေးဖက်နာဖြစ်နေသူများသက်သာကောင်းမွန်လာမည်။ ဆေးလျှပါ။ ဒုက္ခိတများကိုတွေ့လျှင် ကူညီထောက်ပံ့ပေးပါ။ ပညာရေးကောင်းမည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စိတ်ချမ်းသာပျော်ရွှင်ရမည့်ကာလများဖြစ်ပါသည်။ ထီဝါသနာရှင်များအတွက် သောကြာနံထီဆိုင်များတွင် (၂၂)၊ (၆၆)၊ (၅၅) တို့နှင့်စသောထီလက်မှတ်လေးများကို မင်္ဂလာစုံတွဲလေးများမှ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ(၉)မျိုးလှူလိုက်ပါ။*

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စကားပြောလွန်သွားတတ်၊ မှားသွားတတ်သောကာလဖြစ်၍ထိန်းပြောပါ။ လုပ်ငန်းခွင်အတွင်းရှိသူများ ပင်ပန်းသလောက် အကျိုးခံစားရပါလိမ့်မည်။ စိတ်မတိုပါနှင့်။ အလုပ်မှထွက်ခွင့်လောက်အောင် စိတ်ပင်ပန်းလှုပ်ပင်ပန်းလည်းဖြစ်နေတတ်ပါသည်။ ငွေကြေးကိစ္စများထစ်ငေါ့နေတတ်၍ ဒီဝါတပတိဂါထာကို အားတိုင်းရွတ်နေပါ။ ပြန်လည်အဆင်ပြေလာပါလိမ့်မည်။ လုပ်ငန်းခွင်အသစ်ပေါ်လာတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးစိတ်ကသိကအောက်ကြုံမည်။ မေတ္တာသုတ်ကို နေ့စဉ် ကြိုးသက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ကျန်းမာရေးကောင်းမည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားရှောင်လိုက်ပါ။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေပါသည်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ အတိတ်တအကြောင်းတွေပြန်ပြောရင်း စကားအရှည်အရှင်းဖြစ်တတ်ပါသည်။ အစမဖော်ပါနှင့်။ အေးအေးချမ်းချမ်းဖြစ်အောင်နေပါ။ ခို၊ ကိုး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ထီထိုးရန်အတွက် စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့်ရောင်းသောထီသည်ထံတွင် (၇)ဂဏန်း၊ (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။ ထီကံကောင်းနေပါသည်။

ယတြာ ။ ။ *ဦးခေါင်းကျန်းမာရေးမကောင်းသူကို ဆေး ငွေ၊ အာဟာရလှူပါ။*

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီတောင်းပါ။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေဝင်နေပါသော်လည်း အဖတ်မတင်ဘဲ အကုန်အကျများနေတတ်ပါသည်။ မလိုအပ်ဘဲ ကုန်ကျမှုမခံချင်စေရန် နေ့စဉ် ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။ စကားပြောမလောပါနှင့်။ စကားအရှည်အရှင်းဖြစ်တတ်ပါသည်။ အိမ်ပြင်ခြင်းနှင့် အလှူမင်္ဂလာကိစ္စများ၊ အလှူအတန်းကိစ္စများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါမည်။ စက်ပစ္စည်းနှင့်ဆိုင်သောကိစ္စများ၊ ရုပ်ဝေးမှ စက်ရုံကိစ္စများ ထစ်ငေါ့နေမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး ကိုယ့်ဘက်ကလျှော့ပေးပါ။ စိတ်ချမ်းသာမှုရရှိပါမည်။ ကျန်းမာရေးကောင်းပါမည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ဆီး၊ ဝမ်း၊ လေ မချုပ်ပါစေနှင့်။ ပညာရေးကံများကောင်းပါသည်။ သူငယ်ချင်းများနှင့်စုပြီး စာကျက်ရင်းစာတွေ့ရလာမည်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ မျက်နှာပွင့်လွန်းနေ၍ ချစ်သူ၏သံသယများကို မနည်းဖြေရှင်းနေရတတ်ပါသည်။ ထီဝါသနာရှင်များ ကြာသပတေးသားသမီးများနှင့်စပ်တူထိုးပါ။ ကိုယ်က ဂဏန်းမရွေးဘဲ သူကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *အိမ်မှာရှိသော သစ်ဆွေး သစ်ဟောင်းအပဲ့အရွဲ့များစွန့်ပစ်ပါ။*

ရင်ကိုခေါ်မြေဝေ

ဆရာဦးမောင်မောင်ဦး

www.burmeseclassic.com